
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




## ဘာသာရေးဆောင်းပါးများ


၅ ဝနပတိဂတိကထာ
တောသွားတစ်ဦး၏
တောလားမှတ်စုများ
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
၁၄ "အနာဂတ်တွင်ဖြစ်ပေါ်လာမည့်
အလားအလာများ" စာအုပ်လာ
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏
မိန့်ဆိုချက်
မြဝင်း(ဓနသန)
၁၆ လောကီကိစ္စအဝဝ
စာပေဟူသမျှ
ဖတ်လေမှ ဗဟုသုတကြွယ်ဝကြ(၂)
ဆရာဦးစိန်ထိုင်(ကျိုက်လတ်)
၁၇ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၂၄)
ကံဝင်း
၂၃ ဝွမြို့နယ် ကျို့လီမြို့ မဟာမြိုင်ရွာမှ
သီလ၊ သမာဓိ၊ ဝိပဿနာ
ဂုဏ်သတင်းမွှေးပျံ့ခဲ့သော
ဆရာတော်ကြီးဘဒ္ဒန္တတေဇိန္ဒ
ရွှေချိုအောင်(ငပထီ)
၂၉ ရသေ့ကြီးဦးခန္တီ မန္တလေးတောင်နှင့်
ကမ္ဘာ့အကြီးဆုံးစာအုပ်
ရှာန်လင်းထက်
(စာပေဗိမာန်ဝတ္ထုရှည်ပထမဆုရ)
၄၉ တိုကျိုမြို့တော်က
အဆာကူဆာဗုဒ္ဓဘာသာ
ဘုရားကျောင်းနဲ့
ဗုဒ္ဓရဲ့အရိုးဓာတ်တော်ဌာပနာထားရာ
ဘုံငါးဆင့်သစ်သားဆောင်စေတီ
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)
၆၁ ဓာတ်တော်တောင်သို့
ဒုတိယအကြိမ်
မျိုးညွန့်ဦး
၆၉ ရတနာသုံးရပ် စကြာမြတ်ဖြင့်
ရန်မာန်ခပ်သိမ်းအေးငြိမ်းစေကြောင်း
သုဓ္ဓ(နဝင်းမြို့)
၇၁ ပြုသည့်ကောင်းမှု
တောင်းဆုအထွေထွေ(၆)
ဦးညာဏ်ဇော်
(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)
၇၃ တပ်တောင်သာယာမှ
အနန္တဥပေက္ခာအေးဇေ
မောင်ငြိမ်းအောင်
(အဝံပူ)
၈၃ ဂဏဝိမုတ်ကူးတို့ပထမဂိုဏ်းချုပ်
ဝိငှကတ်တိုက်ဆရာတော်ဘုရားကြီး
မောင်စိမ်းထွေး(ထားဝယ်)
၈၈ သမိုင်းဝင်
ပါးရိုးတော်ဓာတ်စေတီဘုရားသမိုင်း
မဟာနွယ်(မန်းတက္ကသိုလ်)
၉၁ နတ်ဘီလူး၊ ဖုတ်ပြိတ္တာ၊ စုန်းကဝေ
တို့၏ ချစ်ခင်မှုရစေသောဂါထာနှင့်
မနော်မယိဒ္ဓိဂါထာ
မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆုရ)
၉၃ သဘော်ဦးပိုင်းပေါ်တည်ထား
ဆားမလောက်ရွာမှ ကျိုက်ထီးရိုးဘုရား
စိုးရာဇာကျော်
၁၀၁ ကောင်းကျိုးချမ်းသာအဖြာဖြာကို
ဖြစ်စေသောသက်စောင့်ဂါထာ
မောင်ပွင့်ညာဏ်(မောရ)
၁၀၆ မပြီးသေးသောပန်းချီကားတစ်ချပ်
သို့မဟုတ် ရွှေကံကူမိသားစုမှ
ဒုတိယမြောက်တည်ထားကိုးကွယ်
မည့်ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြဒါးရှင်ဆုတောင်းပြည့်စေတီတော်
ဘိုဘို(ရွှေကံကူ)
၁၁၉ လူဖျိုဘုရားရှိသလား
ချစ်ဖိုး(မော်ကျွန်း)
၁၂၃ ဝန်ထမ်းများအပြောင်းအရွှေ့နှင့်
ဇလွန်ပြည်တော်ပြန်ဂါထာ
မနှင်းဆီ(ရေဆင်း-နေပြည်တော်)
၁၃၅ ထိုတောထိုမြေ
ကျွန်တော်တို့တစ်တွေနှင့်
စောမိသွင်(ရန်ကုန်)
၁၃၉ ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး
စီရင်တော်မူသော
မိုးကမ္ဘဝါစာတမ်း
ရဲရဲထွန်း(ဟသာတ)
၁၄၇ သံယံသရဏံဂစ္ဆာမိ
ချောင်းဆုံအုန်းသွင်
၁၇၁ နမ္မာခရုချောင်းကအောင်မြေမှန်ရာ
ဘူးဘုရားသာသနာ့နယ်မြေ
အောင်သာကျော်
၁၇၅ စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ရှိ
ကြက်သွန်ခင်းဆရာတော်၏
ကြည်ညိုဖွယ်ရာဂုဏ်ရည်များ
(ညောင်ရမ်းခေတ်နှောင်း
ကုန်းဘောင်ခေတ်ဦး)
ဓမ္မရတနာအရှင်ဗုဒ္ဓက
၂၂၄ ညောင်လန်းကုန်းဆရာတော်
ဘုရားကြီးအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)


## သုတရသဆောင်းပါး


၅၅ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၃)
ပထမံဆရာဦးစအေးရွှေ
၇၇ တံဆိပ်ခေါင်းအရည်အသွေး
ဆန်းစစ်နည်း
ကြည်ထွင်
၈၉ အခါသုံးပါးစကားဆင်ခြင်
ချောင်းဆုံအုန်းသွင်
၁၀၃ အညာဘုရားပွဲနှင့်
အဝေးကြည့်အနီးကြည့်
ဦးစန္ဒိမာ(စလင်း)
၁၂၀ မြန်မာ့ရှေးဟောင်း
လူမှုရေးပညာရပ်များ(၂)
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၁၂၅ ရှေးဟောင်းသမိုင်းဝင်
ရတနာတန်ဆောင်သိမ်တော်
ကျောက်စာ
ဦးညာဏ်ဇော်
(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)
၁၂၉ လေထုညစ်ညမ်းမှုကြောင့်
ကျန်းမာရေးထိခိုက်မှုများ
စွမ်းထက်နော်


www.burmeseclassic.com

www.burmeseclassic.com


သဘာဝဓမ္မ
**ချောင်းဆုံအုန်းသွင်**
ပရဟိတတဲ့လား
**ခဲမြတ်တင်(အမျိုးသားစာပေဆုရ)**
ပုဂံခေတ်
နရပတိစည်သူမင်းလက်ထက်
ပဋ္ဌမသံယာဂိုဏ်း(သီဟိုဠ်ဂိုဏ်း)ကို
ထူထောင်ခဲ့သောဆပဒမထေရ်
**ထူမြင့်(ရန်ကုန်တက္ကသိုလ်)**
ကြက်၊ ဘဲတွေအမွေးနုတ်လွယ်စေရန်
**နေပြည်တော်ကျော်ကျော်စိုး**
ဘဒ္ဒမာနိုင်ငံတော်သစ်နှင့်
မြစိမ်းရောင်မင်းသမီး
**အောင်ထက်**
**(ရောအနောက်မြို့တော်)**
သရုပါတံခါးသိစရာများ
**သုတော်အိမ်(ဓမ္မသုတေသီ)**
ဒီနယ့်ဗ်၏ဒိုင်ယာရီထဲက
ပါတော်မူပြီးစ
မြန်မာနိုင်ငံအခြေအနေ(၅)
**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**
အလောင်းမင်းတရားဦးအောင်ဇေယျ
နိမိတ်အတိတ်ထူး
**ယောနကဘိုးထောင်**
တန်ခိုးကြီးပေသမျှဒွေ
**စစ်ကြည်(စလင်း)**
အဘအောင်မင်းရှင်၏
နှတ်ဆက်ခေါင်းလောင်းသံ(၁)
**အဏ္ဏဝါလှိုင်း**
နိုင်းမြစ်ကမ်းမှလွမ်းရိပ်သာ
**လှမိုး(ပညာရေး)**
သုနာပရန္တတိုင်း
တောင်စဉ်ခုနစ်ခရိုင်ပြီးနောက်
**မင်းရှိန်အောင်**
မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီးထံ
ဖူးမြော်အသွား
ဥစ္စာစောင့်တို့လိုက်လာလေသလား
**အာကာသ(သာစည်)**
မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၁၄)
**ဝန်းချိုထူးလှ**
**(ရှေးဟောင်းသုတေသန)**
အဆုံးလမ်းကြောင်းနှင့်
မဆုံးလမ်းကြောင်း
**မောင်မောင်အောင်မင်း(ဓသနိက)**
ဝါးရင့်ကိုနီးဖြာကြမလား
**နေပြည်တော်ကျော်ကျော်စိုး**

၃၉၇ မိုးကုတ်ကျောက်မျက်လောကရဲ့
သဘာဝဆက်ဆံရေး(၃)
**မောင်လှိုင်သစ်(မိုးကုတ်)**

**သုရဿတိုင်းရင်းဆေး**

၄၃ ဆေးမသိရင် ကြို့ကြီးထိုးတာ
သေတတ်တယ်
**ဗန်းမော်ညီညွှ**
၄၈ ဆီးကျင်ဆီးချုပ်ခဲ့သော်
လျှပ်တစ်ပြက်ကုသနည်း
**ရှာယီ**
၆၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၈၂ သင့်တစ်သက်တာ
လေငန်း၊ လေဖြတ်ကာကွယ်သည့်
ဓာတ်စာ
**နတ်မောက်မင်းသန့်နိုင်**
၉၀ နွားဦးချိုနာဏ္ဍသို့ကုပါ
**နတ်မောက်မင်းသန့်နိုင်**
၁၄၅ ဗက်ဖျားရောဂါနှင့်
အဖောရောဂါဝေဒနာ
လက်တွေ့ပျောက်ကင်းစေရာ
**ချစ်မှန်းခင်(ကြို့ပင်ကောက်-ထယ်တီ)**
၂၁၂ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၃၀)
**ရွှေနဝင်း(ပုသိမ်)**
၂၄၀ တိုင်းရင်းဆေးခန်းသုံး
ဗွာနသုံးဆေးများအကြောင်း
သိကောင်းစရာ(၂)
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**
၂၈၂ ဆီးချို သွေးချိုကာကွယ်၍
အစာအိမ်ရောဂါပျောက်ကင်းကာ
သွေးပွက်သွေးယားပျောက်စေသည့်
နည်းလမ်းကောင်းတစ်လက်
**နတ်မောက်မင်းသန့်နိုင်**
၃၀၁ ပျဉ်းတော်သိမ်မှ
ဆံကေသာအလှ
**နတ်မောက်မင်းသန့်နိုင်**
၃၈၉ ကြက်သွန်ဖြူနှင့်ပျားရည်စစ်စစ်
**တင်ထွန်း(စက်မှု-၂ ငြိမ်း)**
၃၉၅ တားဆီးမရအောင်သွားနေသော
ဝမ်းပျက်ဝမ်းလျှောရောဂါအတွက်
ဆေးနည်းကောင်းတစ်လက်
**စနေထွန်း(မြစ်သား)**


၄၀၇ ဆေးမဟာဂါကြံဆစ်အရွက်
ဆေးဖက်ဝင်ပုံ
**အဏ္ဏဝါထိုင်း**
၄၁၃ ဥနဲ-ကျီးပေါင်း ကိုယ်ရောင်ပျောက်၏
ဆိုရာဠ
**သိဒ္ဓိဒွေး(လယ်တွင်း)**

**သုရဿဝတ္ထုတို**

၁၅၀ ကြောင်မကြီး၏ဘဝဇာတ်သိမ်း
**အောင်ဆန်းလင်း(ဘီအေ)**
၁၅၄ မိုင်းရှူးရတနာမြေက
အိမ်သာကျင်းဟောင်း
ရတနာသိုက်များ
**ရွှေပြည်စိုး(မိုးကုတ်)**
၁၇၈ အဘချစ်နှင့်တောနက်ထဲက
ငေါင်းလူနီ
**ထွန်းတောက်**
၁၉၀ သချိုင်းပို့မည့်နေ့တွင်မှ
အသက်ပြန်ရှင်လာသူ
**ဓာတ်ပုံမောင်မောင်အေး**
၂၀၆ စမတောင်ကိုရောက်ခဲ့စဉ်က
**ရေနံ့သာ-ခင်လေး**
၂၁၈ မယုံစိတ်ကြောင့်ခံရခြင်း
**သက်ပွ**
၂၄၂ ၂၀၀၈ နာဂစ်အတွေ့အကြုံ
ဘဝအဖုံဖုံ
**အောင်မြင့်ထွန်း(မသုံးလုံး)**
၂၇၈ အဘဘိုးမင်းခေါင်
**ဟိန်းဝေယျာ(စံမြင့်မြတ်)**
၂၉၀ ပြောင်တိုက်တိုက်ပြောင်
သူတော်စင်ကြီးများနှင့်
ငါးမျက်နှာဘုရားမှ
မမြစိမ်း၏သာဓုခေါ်သံ
**အဘဝ(သာသနာ့အလင်းရောင်)**
၃၀၂ ဘုရားနှင့်တရားနှင့်
ကျွန်မ၏အတွေ့အကြုံများ
**မေ(တာချီလိတ်)**
၃၀၈ မရေးချနသတ်မာန်
**ရေနံ့သာအောင်ချမ်းဇော်**
၃၂၆ အိပ်မက်လေလား ပုံပြင်လား
**မင်းသန့်ကျော်(ဇီးကုန်း)**
၃၃၈ ညဉ်ဆိုး
**စိုးထွန်း(ဥပဓေ)**
၃၄၂ ကပ္ပိယကြီးဦးကြာရီးနှင့်
ဂမ္ဘီရနတ်သမီးရုပ်တု
**သန့်ဇင်**
၃၅၄ ပြကျောက်(၁၉)
**နေပြည်တော်ကျော်ကျော်စိုး**


www.burmeseclassic.com

www.burmeseclassic.com








၃၆၆ ဒုတိယအကြိမ်ရောက်ငရဲပြည်နှင့်
စိတ်ချောက်ချားစရာများ
**စိုးမင်း(မြောက်စည်း-ရွာသစ်)**
၃၉၀ ထွက်ရပ်ပေါက်ဦးပဥ္စင်းလေးနှင့်
သုံးဘဝမှ သီလရှင်ဆရာလေး
မထေရီမာလာ
**မနှင်းပွင့်(ပြည်)**


## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၃၀ ပညာရှင်
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**
၃၁၄ ဒုဋ္ဌိကုမ္ဘရမြို့တော် (၁)
**ဖိုးကျော့**


## သုရဿ ပညာရပ်


၁၄၉ မတရားသက်သေများကို
နှုတ်ပိတ်အာစေးထည့်နည်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၁၆၆ ဝိဇ္ဇာရေမြန်မာ့အင်္ဂရတ်ပညာ(၇၉)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၁၈၄ နတ်ဒေဝီမယ်တော်များနှင့်
ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ
**တြိရတနာ-ဆရာဝေယျာလင်း၊**
**(ကဏ္ဍီပါဖိနပ်စီး၊ ရွှေထီးဆောင်၊)**
၂၆၄ သွပ်သေတစ်ပဲ ရွှေတစ်လှည်း
ဖမ်းတိုင်းမရလွှန်ခက်လှ၏(၆)
**မင်းချမ်းမြေ့(ပုသိမ်)**
၂၉၇ (၉)မျိုးသောမွေးနက္ခတ်
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂)၊ ထုံးဘို**
၃၆၂ လက္ခဏယ်နေ့နှင့်
တစ္ဆေပြောသောပီယဆေး
**ပန်းချီတင်အောင်မိုး(ချောက်)**
၃၈၁ အတိတ်၊ အနာဂတ်
ကုန်ဈေးနှုန်းဟောမည့်အတတ်
**ထင်ကျော်စွာ(ဂမ္ဘီရရွှာစု)**
၃၈၆ ပြည့်စုံအောင်ကုသိုလ်ဆက်ခြင်းဖြင့်
**မင်းပြည့်**
၄၀၂ ပညာသင်ကာလအတွေ့အကြုံများ
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**
၄၀၈ နေ့စဉ်သုံးလက္ခဏာပညာ
**ဦးအောင်မင်း၊**


## သုရဿလက်တွေ့အသုံးချ


၂၀၅ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၃၁၂ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၁၃ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**
၃၄၁ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလအတွက်
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်
**ဦးအောင်စောလှိုင်(ပုသိမ်)**
၃၅၂ နေ၊ လနှစ်ပါးဘယ်ညာထားပြီး
ကြီးပွားရေး၊ စီးပွားရေးလုပ်ကြ
**ဘုန်းခေါင်**
၃၆၅ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ တူရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၄၁၄ အလုပ်ကြန့်ကြာနေကြသူများအတွက်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**
၄၁၉ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ**(B.Sc)
၄၂၁ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၂၄ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**ဒုစ်ချုပ်မှူးစာတည်း**
ဒေါ်သန်းသန်း(၁)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလွဲလွဲထွဋ်


**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ နှင်းသဇ္ဇာကျော်၊
ဆန်းထွန်းမြင့်၊
**ရုံးအဖွဲ့**
အေးအေးဝင်း၊ စုမွန်၊ ထွေးမျှော
စိုးစုံ၊ နန္ဒ၊ သဝင်ဦး၊ မြတ်စုမွန်၊ လဲ့စုမွန်
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၈၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်
ဖြန့်ချိရေး-၀၁-၂၄၀၆၉၀
တယ္လုန်းကြော်ငြာ -၀၁-၃၈၈၇၁၈

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**မျှဝေသား**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ဖျွဴးမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကလေး**-ဂါနန်ဒီ၊ ဝီလျံမှာ
**ပဲခူး**- သဝင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**ဓာတ်ရေ** ၁၀၀၀
**ထက်ကာမြန်ဖိုး** ( ၃၅၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

### အိုစာမင်းစား

* အိုသောအခါ စားဖို့ရာ ငယ်ခါ စွမ်းတုန်း ကြုံးစုပါ။
* မင်း၏ ဘဏ္ဍာ ဖြည့်ဖို့ရာ အခွင့်သာ ခိုက်ပိုက်ထားပါ။

လူတို့၏ ခွန်အားနှင့် ကံတရား နှစ်ပါးတက်ချိန်၊ ကျချိန်ကာလခြားတတ်ရာ အရွယ်တက်ချိန် စမ်းထချိန်များကပင် အရွယ်ကျချိန် စမ်းပချိန်များ၌ စားသုံးရန်များ အလုံအလောက်ကုပ်ကျစ်၍ စုဆောင်းထားနှင့်ကြရာသည်။

အကယ်တိတိ တက်ချိန်ဝယ်မေ့၊ အပျော်နောက် စွေ့ခနဲပါသွားရာမှ အသုံးကြွား အဖြုန်းလွှားကာ လုံးပါးပါး သွားစေခဲ့ပါသော် အိုကြီးချက်မ ပင့်သက်လေတဆွဆွ သက်ပြင်းတချချ ဟင်းချ၍ ပင်မရ ဖြစ်တတ်သည်။

မတ်တတ်စာကား အရွယ်ဆောင်သဖြင့် အောင်နိုင်၏။ တုံးလုံးစာကား အရွယ်ကျသဖြင့် တွယ်မရ၊ ဖက်မရ အရှုံးပြနေသောကြောင့် အိုစာကားဖြစ်သလိုစား ထားသာ၏။ မင်းစာကား တောတောအလိုက်၊ မြို့မြို့အလိုက် အခွန်တော်များ လိုက်တက်မြဲဖြစ်ရာကန်တော့ပါသေး ဆို၍မရ၊ မရှိသေးပါပြောလည်းမရ၊ မဖြစ်ဖြစ်သောနည်းဖြင့် ဆောင်နေရသောကြောင့်။

ရာဇတော၀ါ တကာတွင် အမြုတ်ခွန်သည် အစွာဆုံးတည်း။ မြေခွန်၊ အိမ်ခွန်စသည်များကား သရေစာမစားဘဲ စုထားသောမုန့်ဖိုးမျှဖြင့် ပြီးပြေသော်လည်း ဆိုင်းဘုတ်ချိတ်မိသော ကုမ္ပဏီ အရှုံးပေါ်သဖြင့် ကုမ္ပဏီဖျက်သိမ်းပြီးသော်မှ အမြတ်ခွန်အရာရှိ၏ စာအုပ်ထဲဝယ် ဆိုင်းဘုတ်ကား အထင်းသားပင်ရှိနေတတ်ရာ အိမ်ပေါင်၊ မြေပေါင် ဆောင်မဆုံးတော့ပြီ။

မဟာစင်တော်ပေါ် ရောက် အနုပညာရှင် စမ်းပြတ်၊ လက်ပြတ်သွားသဖြင့် အလကားထိုင်သူ ထိုင်ရ၊ ခပ်ပါးပါးကိုင်သူကိုင်ရဖြစ်နေသော်မှ အမြတ်ခွန်အရာရှိ၏စာအုပ်ထဲ၌ကား ရေပန်းစားဆဲပင်ဖြစ်ရာ အနုပညာရှင်တို့ခမျာ ကြွေခြင်္ခွက်၊ အရှက်ငှဲ့ကာ ဟိုဖဲ့သည်ဖဲ့ နောက်ဆုံး လက်မှဲ့ဖြစ်ရကြပြီ။

* အိုစာကားဖြစ်သလိုစား ထားသာ၏။

* မင်းစာကား သနားဇာတာမပါသဖြင့် အားနာလိမ့်မည်မဟုတ်ပြီ။

သို့ကြောင့် ယနေ့တော့ ဝအီသွားပြီ။ နက်ဖြန်အတွက်က ကျန်သေးတယ် ဆိုသော မောင်ပေါက်ကျိုင်းရာဇဝင်ထဲက ကျီးဖို၊ ကျီးမတို့ စကားကဲ့သို့ အအိုသို့ အဆိုက် အိုစာမင်းစာလိုက်မည့်အရေး ပျိုတုန်းက ရှေးရှုစမ်းထဆဲ စုမိဆောင်းမိထားရင် မမေ့သင့်ချေ။

၁၃၆၄ ခု၊
ဆော်သလင်းလပြည့်ကျော်
၁၄ ရက်၊
စံရိပ်ငြိမ်ကျော်တော။



### အထင် ၂

ထင်လင်းမှုပါးရှားသောအရာသည် မထင်မရှား ဟူသောနေရာသို့ ကျရောက်သွားတတ်ရာ အထင်သေးခြင်း၊ ကြီးခြင်း ဆိုသော ထင်နှစ်လုံး၏ အကျယ်ခံရတော့ပြီသာ။ ထိုအရာကား တွေ့နေကျမဖက်၊ အစိမ်းသက်သက်တည်း။

လူတို့တွင် အမျိုးရိုးအားဖြင့်လည်း စည်းခြားခံထားကြရ၏။ ဒေသအားဖြင့်လည်း တစ်ဦးနှင့်တစ်ဦး စည်းခြားခံထားကြရမြဲပင်။

ထိုစဉ် -

လူမျိုးစုတစ်စုထဲသို့ လူမျိုးခြားတစ်ဦး ထူးကဲစွာ ရောက်ရှိသွားသော်၊ ဒေသသစ်တစ်ခုထဲသို့ ဒေသခြားတစ်ဦး ထူးကဲစွာ ရောက်ရှိသွားသော်. . . မကျက်သောအစိမ်းသက်သက်ဖြစ်သွားတော့ရာ အချို့ အထင်ကြီးစိတ်ဖြင့် စိမ်းစိမ်းကြည့်အကြည့်ခံရ၏။ အချို့ ထင်သေးစိတ်ဖြင့် စိမ်းစိမ်းကြည့်အကြည့်ခံရ၏။ ကိုယ့်၌ရှိသောဉာဉ်ဖြင့် ထင်မြင်ချက်ဆွဲ ကွဲလွဲသွားခြင်းများတည်း။

* ထိုကိစ္စ နေမြုပြန့်သားတစ်ဦး အရှေ့ဘက်တောင်သို့ တက်ကြည့်သိရ၏။
* ထိုကိစ္စ မြေပြန့်သားတစ်ဦး အနောက်ဘက်တောင်သို့ တက်ကြည့် သိရ၏။
* ထိုကိစ္စ လွင်ပြင်က အကောင် ချောင်ထဲဝင်ကြည့် အတပ်သိရ၏။

ဘုန်းကြီးဘုန်းကြီး၊ လူလူ မည်သူ



www.burmeseclassic.com

www.burmeseclassic.com



# မဟာဗောဓိမြိုင်ဆရာတော်

ဝနပတိဂတိကထာ

## တောသွားတစ်ဦး၏တောလားမှတ်စုများ

www.burmeseclassic.com

www.burmeseclassic.com


မဆမို နဂိုမဟုတ်တော့ နဂိုင်းမျိုးတိုးဝင်လာခဲ့လျှင် အထင်သေးခြင်း၊ ကြီးခြင်း၊ နှစ်သွယ်ဖြင့် အကျယ်ခံရတော့မည်ကား သေချာသလောက်ပင်။ လွတ်နိုင်ခြေရှိသော လွတ်ပေါက်တစ်ပေါက်ကား တောင်ပေါ်၊ မြေပြန့် ခြေဆန့်ဖူးသူများ အများအပြားရှိသောနေရာတစ်ခုသာ။

အကယ်တိတိ အနေကြာ ရေရာသွားတော့ပါမူကား အထင်ကြီးသင့်သလောက်သူဖြစ်နေက အထင်သေးမိသူများပါ အထင်ကြီးရာအကြား တိုးဝင်သွားတော့ပြီသာ။ အထင်သေးစရာသူဖြစ်နေက အထင်ကြီးမိသူများပါ အထင်သေးအဖွဲ့ဝင်များဖြစ်သွားတော့ပြီသာ။

အကယ်တိတိ ကြီးသင့်လျက်က သေးမြဲသေးနေသေးသော် မာနသွေးလုံးထွေးနေ၍သာ။ တဏှာသွေး၊ မာနသွေးလုံးထွေးခံထားရသော ထိုသူ၌ ငါ့ဖို့နှင့် ငါမှငါ တရားနှစ်ပါး ထွန်းကားနေသောကြောင့်။

*၁၃၆၄ ခု၊ တောင်သလင်းလဆန်း၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

◉



## ရိုးရာ

လမ်းရိုးအတိုင်း ခြေရာနင်း၍ဆင်းလာခြင်းများ. . .

လူသားတို့တွင် ရေ၊ မြေ၊ ဒေသ အခိုးမတူရာအကြားတို့မှ မွေးဖွားလာရခြင်းများဖြစ်ရကား အမျိုးမတူသလောက် အရိုးလည်း မတူညီကြပြီ။ ရိုးမတူသလောက်လည်း မျိုးဉာဉ်များကလည်း မတူညီကြပြီ။

သို့ကြောင့်. . .

မျိုးပု ရိုးပုနှင့် မျိုးရှည် ရိုးရှည်တို့ ခရီးတူသွား၍ ခြေရာမထပ်၊ မျိုးပူ ရိုးပူနှင့် မျိုးအေး ရိုးအေးများလည်း အတူထား၍ သဘောချင်းမဟပ်။ ထိုအခါ မိမိမိမိတို့၏ မျိုးရိုးခြေရာနင်း၊ မိမိ မိမိတို့ချင်း ဘဝအပ်ချင်းနှင်းလျက်က စဉ်လာမပျက် အတွဲနှင့်ဖက်၍ လက်ယှက်ထားကြရတော့သည်။

ရိုးပု ရိုးပုချင်း ခရီးသွား ခြေချလက်ချ စည်းဝါးချင်းကိုက်ကြပြီ။ မျိုးရှည်၊ မျိုးရှည်ချင်း အတူထား မျဉ်းတစ်ပြေးညီ အံကိုက်သွားကြပြီ။ သည့်ပမာ လူမျိုးတိုင်း ဘာသာတိုင်းလျှင် မိဘဘိုးဘွားရှေးရိုးစဉ်လာကို ခြေရာထပ်လျက် ရိုးရာမပျက် ပွဲများ လက်ဆက်ကြရာ. . .

ကုလားမီးနင်းပွဲနှင့် ဗမာမီးပုံးပျံလွှတ်ပွဲ တွဲပေး၍ မရချေ။ ကုလားထမင်းပွဲနှင့် ဗမာထမင်းပွဲများလည်း တွဲကျွေး၍ မရချေ။ ကုလားရိုးရာကား ငှက်ပျောဖက်နှင့် စား၊ လက်ဝါးစောင်း ဇွန်းအရာထား၏။ ဗမာကား ပန်းကန်ခွက်စုံ ဇွန်းအစုံ စားပွဲခုံနှင့် စား၏။

သို့သော် အချုပ်ထောင်တစ်ခုထဲအတွင်း ထောင်သားချင်း ညားပမာ. . . နီးရာစပ်၍ နယ်ရာစားခွက် ပြင်လာနေသော ဤရောရာ ခေတ်သရမ်းကြီးထဲမှ လူမျိုးအစားစားတို့သည်လည်း-

ကုလားနှင့်ဗမာမတို့ အညား မျက်စိမှိတ်၍ ရောစားကုန်ကြပြီ။ အရှေ့တိုင်းသားနှင့် အနောက်တိုင်းသူပေါင်း ခေါင်းမဖော်ဘဲ လှော်စားကုန်ကြပြီ။ အရိုးကွာသဖြင့် ဘယ်လောက်ပင်နာနာ အာသာပြေ ပြီးစတမ်းပေတည်း။

ရိုးဖြစ်လျှင် ရိုး၊ မျိုးခြားမှ ဆန်းသကိုးထင်နေသော ယနေ့ခေတ်. . . ရိုးချင်းရာလျှင် ယားသောကလေး ကျောပွတ်ပေးနည်းဖြစ်၍ ထိသည်မထင်။ ဝဲခြောက်စွဲရိသမား လက်သည်းစောင်းထက်ထက်ဖြင့် ကုတ်ခြစ်ပေးမှ ရောက်သည်ထင်ပမာ. . .

ရိုးခြားလေ အသားပါလေ၊ မျိုးခြားလေ အားပါလေထင်။ အစဉ်မလာသော ရိုးခြားကိုမျှ ခင်နေကြပြီ. . . ဟုတ်စ. . .။

*၁၃၆၄ ခု၊ သီတင်းကျွတ်လဆန်း၁ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

◉

## ဓလေ့

ဓာတ်သဘောအရ အလေ့အကျက်များလာခဲ့သောဓလေ့များ။

လူတို့၌ ဇီဇသတ္တိ၏ဓာတ်သဘောအရ လှုပ်ရှားပြုသကြသောအမူအရာများသည် ဓာတ်ခိုးတို့၏အလေ့အထများ ထင်ရှားစွာ ပါဝင်နေတတ်သည်။

အပူဓာတ်ကြီးစိုးသော အာဖရိကလူမျိုးတို့၏အလေ့နှင့် အအေးဓာတ်လွန်ကဲသော ဥရောပလူမျိုးတို့၏အလေ့ထေ့ပုံချင်းမတူ။ တစ်ဖန်. . .



www.burmeseclassic.com

www.burmeseclassic.com

* ဆင်သော်မှ အာဖရိကဆင်၊ အိန္ဒိယဆင် အသားရောင်ကအစ မဆင်။
* မျောက်သော်မှ ကုလားပြည်ကမျောက်၊ ဗမာပြည်က မျောက်ပုံချင်းသာမျောက်၊ ပုံပေါက် ဟန်ပန်များကျ ဒေသမျိုးရိုး နောက်မှာ။

သည့်အတူ. . .

အိန္ဒိယကထွက်သော ဖာလာ၊ ဇင်းကျိုက်ကထွက်သော ဖာလာ၊ အိန္ဒိယဖြစ် လေးညှင်း၊ ဗမာဖြစ် လေးညှင်း၊ စသည် စသည်များလည်း အသွင်ချင်းလည်းမတူ၊ အပြင်အဆင်ချင်းလည်းမတူ၊ လူ လူချင်းလည်း မတူပမာ. . .။

အတိတ်စိတ်အတိုင်း ယခု ရုပ်ပိုင်းအမူအရာပေါ်ကြသော၊ ယခုရုပ်ပိုင်းဆိုင်ရာ ဓာတ်သတ္တိအရ ယခုစိတ်များအနွယ်လိုက်ကြသော. . . ဒေသအသီးသီးရှိ လူတို့၏မျိုးစုံ ရိုးစုံများလည်း. . .

* အတိတ် စိတ်ဓာတ်အရ ပစ္စုပ္ပန်ရုပ်အလေ့ ထကြရရှာသည်။
* ပစ္စုပ္ပန်ရုပ် အလေ့ထ,ဖက်၍ ပစ္စုပ္ပန်လေ့ကျက်ပေးနေကြရရှာသည်။

အကယ်တိတိ ဘဝတစ်ဖက်ဆက်ကြဦးမည်ဆိုလျှင် ယခု ပစ္စုပ္ပန်စိတ်ဓာတ်အတိုင်းလျှင် အနာဂတ်ဘဝ ရုပ်ဓာတ်များ မူဟန်ပြ၍အလေ့ထကြပေဦးတော့မည်။ ဉာဉ်သတ်ဆေးဖြစ်သော ဝီရိယ၊ သတိ၊ အသိ သုံးမျိုးတို့ဖြင့် ဖော်စပ်ထားသည့် ဆေးတော်ကြီးကို မမှီဝဲသေးသမျှ ရှေ့ဆက်၍ဆက်၍လည်း အလေ့ထကြလေဦးတော့မည်။ ဉာဉ်သတ်ဆေးသုံးသော်မှ ဓာတ်လေ့၊ ဓာတ်ထများက ဘဝဘဝါ ကာလရှည်ကြာစွာ အစွဲနာနေပြီးဖြစ်ရကား ဘုရင်မှတစ်ပါး ကျန်သူများအကင်းမသေတတ်ကြပြီ။ မျောက်ဘဝကလာသော ရဟန္တာ မျောက်အလေ့အထပါဆဲသာ။

သို့တစေလည်း ဓာတ်ငွေ့မှဖြစ်သောဓာတ်လေ့ဆိုတာ ဓမ္မပါပဲဆိုကာ အလေ့ကျပေါက်ပမာ. , . ပေါက်လွတ်ပါစား ပစ်မထားကြသင့်။ ပစ်ထားမိသော် ဓလေ့ပေါ် ဓရှော်တက်စီးလာတတ်ကြရာ မိမျိုးဘက်လည်း မလေ့၊ ဖမျိုးဘက်လည်း မလေ့ ပြာပူလေဝှေ့သို့ဖြစ်သာတတ်ကြသည်။ . . . ဟုတ်စ။

*၁၃၆၄ ခု၊ သီတင်းကျွတ်လဆန်း၁ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

◉

### ထုံးစံ

ထုံးကဲ့သို့ ရိုးသားဖြူစင်ခြင်းကို စံနမူနာယူထားသော ထုံးစံများ။

ဗုဒ္ဓဝါဒီတို့ ဘုရားရှင်အား အာရုံပြု၍ တည်ထားကိုးကွယ်ကြရာ၌ ဘုရားရှင်၏ ဖြူစင်တောက်ပသော စိတ်တော်ကို ထုံးဖြင့်စံနမူနာထား၍ ထုံးဖြူဖွေးဖွေးဖြင့် တည်ထား ကိုးကွယ်လေ့ရှိကြ၏။

တစ်ဖန် ဘုရားရှင်၏ ရွှေကဲ့သို့ ဝါဝင်း၍ လက်သို့ အေးသော ရူပကာယတော်ကို ရွှေဖြင့် စံနမူထား၍ ရွှေသင်္ကန်းကပ်လှူကြပြန်၏။ သို့ကြောင့် ဘုရားဉာဏ်ပူဇော်ရာ၌ ထုံးစံနှင့် ရွှေစံ ဟူ၍စံနှစ်မျိုးရှိကြသည့်ပမာ. . .

လူတို့တွင်လည်း. . .

ရှေးရှေးသော အေးဒေတ်တွင်းရှိ လူတို့၏ရိုးသားဖြူစင်မှုဖြင့် ပြုကျင့်ထားသည်များကို နောင်းခေတ်လူတို့ အတုယူကျင့်သုံးလေသောအခါ ထုံးစံဟူ၍ပင် ဆိုရိုးစကားအမည်ထားရသည်။ ထိုထုံးစံကို သဒ္ဒါမှာ ပညာမစွက်ဘဲ ယူနေကျဟာပဲဆိုကာ အတုမျှ ယူသုံးသွားကြရာ. . .

* ကောင်းမှုဖြင့် ကူးရသော နှစ်ကူးပွဲ ရေတရွှဲရွှဲက ကဲတက်လာပြီ။
* ကောင်းမှုဖြင့် ပူဇော်သော ဘုရားပွဲ ဇာတ်အလဲလဲက ကဲထွက်လာပြီ။

သဒ္ဒါနှင့် တဏှာ စေတနာမိခင်တစ်ဦးတည်းက မွေးသော အမြွှာပူးညီအစ်မတည်း။

သည်သို့သာ ရှေးထုံးကို စံနမူနာထား ကိုယ်လိုရာ ဆွဲကစားနေကြပါလျှင် ထုံးအစား ထုံးအလားသော ပြာပူများက နေရာဝင်ယူလာမည်ဖြစ်ရာ. . . ထုံးစံမှ ရွှေစံသို့ ဘယ်နည်းနှင့်မှ မကူးဆက်နိုင်ကြပြီ။ ယင်းတို့ အစား ပြာပူစံမှ ကြာဖြူလန်သို့သာ ကူးဆက်ခွင့် ရကြတော့မည်။

* ပြာသည် လေတိုက်တိုင်း လွင့်၏။ အပူကား လွင့်ရာနောက်လိုက်၍ ပူမည်။
* ကြာသည် လေပြည်အေးကြောင့် ပွင့်၏။ လေပူပေးက ပွင့်ဖတ်လန်အဆန်ကျွတ်ထွက်သည်။

ယနေ့ လူမျိုးအသီးသီးတို့ ရှေးထုံးကို စံနမူနာထား၍ ရိုးရာပွဲများ ကျင်းပနေတတ်ကြရာ ထုံးကို ရေထည့်ပေး၍ ညသိပ်ထားခြင်း၊ ပြဒါးဓာတ်သက်ထွက်စေခြင်း၊ ချေးညစ်များ၊ ဆင်းစေခြင်းဖြင့် ဖြူစင်သောထုံး၊ လေမလွင့်ထုံး၊ သုံး၍ရသောထုံး ပြုလုပ်နည်းပမာ ကိုယ်ပိုင်ဉာဏ်ဖြင့် ပြုပြင်သုံးသော ထုံးမဟုတ်ကြသောကြောင့် လေတိုးလည်း မခံ၊ အရောင်လည်း မဖြူလွင်၊ ကြည်အေး ဖွေးဆွတ်ခြင်းကား လုံးလုံးကြီးကင်းစင်နေကြလေပြီ. . . ဒုက္ခ။

*၁၃၆၄ ခု၊ သီတင်းကျွတ်လဆန်း၁ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

◉

### မအိပ်မနေ

ညဉ့်သည် နေဒဏ်သင့်ခြင်း မခံရသောကြောင့် နှစ်လိုဖွယ်ကောင်းသော်လည်း သုခလွန်ကဲနေသောကြောင့် မွေ့လျော်မှ မေ့လျော့သို့ ပြောင်းလဲသွားတော့၏။ သို့ကြောင့် မွေ့လျော်ခြင်းကို မွေ့လျော်ခြင်းအတိုင်း ညလုံးပေါက်အရသာ ခံစားလိုသောသူသည် ဓမ္မနှင့်ည တွဲဖက်ကြရမြဲ။

သို့တိုင်လည်း မောဟလွန်ကဲသော အဓမ္မညကို အသိဝိဇ္ဇာလွန်ကဲသောဓမ္မည ဖြစ်လာရန်မှာ သတိ အားမပါကမရနိုင်။ ထိုသတိသည်လည်း ဝီရိယအကူမပါက တံခွန်မထူနိုင်။

သို့ကြောင့် သတိထူထူထောင်ထောင်ဖြစ်လာစေရန် အကူဝင်ပေးရသော. . . ထိုဝီရိယသည် ကိုယ်ခန္ဓာအားဦးစွာထူထောင်ပေးရသည်။ ထိုကိုယ်ခန္ဓာထူထူထောင်ထောင်ဖြစ်လာရန်ကိုကား . . .

* အိပ်နေခြင်းကို ဆွဲထူ ပေးထားရသည်။
* ထိုင်နေခြင်းကိုလည်း ဆွဲထူပေးထားရသေးသည်။

ထိုအခါ မအိပ်မနေ ဟူသော ဝီရိယလက်သုံးနှစ်ခု ရလာစေပြီ။

* အိပ်နေခြင်းအစား သွားလာခြင်းကနေရာဦးထား။
* ထိုင်နေခြင်းအစား ရပ်ထားခြင်းကတာဝန်ဝင်ယူ။

သို့ဖြင့်. . . နေရောင်မလာသေးခင် ခန္ဓာ၏အတွင်းနှင့်အပြင်ရှိ အပူ၊ အအေးများ ကူးလူးဆက်ဆံရာ မွေးညင်းပေါက် တံခါးများ မဖွင့်သေးခင်၊ ထိုသေးခင် နှစ်ခုအတွင်း. . .

အိပ်နေခြင်းကို ဝီရိယက တားမြစ်၍၊ ထိုင်နေခြင်းကိုလည်း ဝီရိယက တားမြစ်၍၊ များများသွား တစ်ခဏ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခဏ ရပ်တန့်ထား နှစ်ပါးဖြင့် ခန္ဓာလှုပ်ရှား၊ သွေး၊ လေလှုပ်ရှားများကိုလည်း ဝီရိယဖြင့် ပြုစီရင်၍...

နှိုးထလာသော အတွင်းဓာတ်တို့၏ဖြစ်ပေါ်လာခြင်း၊ ပျက်ကျသွားခြင်းများကို သတိရှေ့ထား အသိကား နောက်ဝင်။ တစ်ဖန် အသိရှေ့ပို့ သတိနောက်ဝင်တို့ဖြင့် အလုပ်ဝင်ပေးလိုက်သောအခါ...

ညဉ့်၏ မွေ့လျော်ခြင်း၊ ဓမ္မ၏ မွေ့လျော်ခြင်း နှစ်ခု အတူပြုလိုက်ပြီ။ အဓမ္မညအစား ဓမ္မညများ ဖြစ်သွားပြီ။ အိပ်မနေမှ ထိုင်မနေမှ ရသော ည၏ သဘာဝတရားတည်း။

*၁၃၆၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

◉

## မအိပ်မနေ ၂

* ညဉ့်သည် အေးမြသောအလင်းကို ဆောင်ခြင်း။
* နေ့သည် ပူပြင်းသောအလင်းကို ဆောင်ခြင်း။

ထိုသို့ ဝန်ဆောင်မှု နှစ်မျိုးရှိချေရာ...

တစ်ယောက်တည်း တည့်အောင်ပေါင်းပြီး အများကောင်းစေသော ဓမ္မဝန်ဆောင်မှန်သမျှ အေးမြသောအလင်းရှိရာ ညဉ့်သို့သာ ခိုဝင်ကြ၏။ ညဉ့်၌သာ အလုပ်ပိုလုပ်ကြ၏။ လရောင်နှင့်တွေ့ထိရမှ ပွင့်သော ပုဏ္ဏရိက်ကြာပန်းပမာတည်း။

ယင်းသည်...

* အိပ်နေခြင်းကိုလည်း ရှောင်ကြဉ်ရ၏။
* ထိုင်နေခြင်းကိုလည်း ရှောင်ကြဉ်ရ၏။

ထိုနေခြင်းနှစ်မျိုးတို့သည် တစ်နေကုန် ဥတုပူ၊ အာဟာရပူ၊ ကံပူ၊ စိတ်ပူ သွင်းပေးထားခြင်းများကို အအေးဖြင့် ပတ်ဖွဲ့၊ ခန္ဓာပြင်ပသို့ တစ်စိကလေးမျှ ထွက်ခွင့်မပေးဘဲ ညသိပ်ပေးထားသည်နှင့်တူလှရာ...

ဘယ်ကိုမျှ ထွက်ခွင့်မရသော ထိုအပူများသည် အပုပ်ဆန်၍ အထက်သို့ လှန်တက်ကြတော့သည်။ သို့ကြောင့် အရွယ်နှင့်မမျှ ဆံဖြူမည်၊ သွားကျိုးမည်၊ အရေတွန့်မည်၊ ဆီးခိုး ဝမ်းခိုး ထိုးသဖြင့်လည်း မျက်စိမှုန်မည်။ ဥတု၊ အာဟာရ၊ ကံ၊ စိတ်ဟူသော သင်္ခါရပူများနှင့် ဆီးပူ၊ ဝမ်းပူ၊ ခန္ဓာ့အပူ ထိုးစစ်ကြောင်းကြီးနှစ်ခုပေါင်းကြောင့်ကား အသက်ပါတိုစေမည်။

ယင်းကို ယင်းက ရှောင်လိုက်သောအခါ ကျန်းမာ၏။ အရွယ်တင်၏။ အသက်ရှည်၏။ 'အိပ်မနေ အသက်ရှည်' ဆိုစကား ယင်းကိုယင်းကရှောင်လိုက်ရာမှ ထွက်ကျလာသော စကား။

တစ်ဖန်...

ယင်းက စင်္ကြံအမှတ်ဖြင့် သွားလာလှုပ်ရှားပေးကာ ခန္ဓာ့ဖြစ်ခင်းပျက်ရာများကို လေ့လာနေမည်။ သွားလာရာမှ သွေးနိုးလေနိုး အခိုးပွင့်ကြ၊ ဝင်ထွက်ကြကြောင့် အပူကင်း အပုပ်စင်မည်။ ရပ်လျက် အမှတ်ဖြင့် အပြင်ငြိမ်သလောက် အတွင်းလှုပ်ကို သိခွင့်ရ၍ ဓမ္မ၏ သဘာဝအမှန် ဧကန်သိမည်။ သည်အထိ စွမ်းဆောင်နိုင်သွားသော် ထိုယင်းကား ဓမ္မနှင့် ညပူးတွဲပေးရကျိုးနပ်သွားပြီ။ မွေ့လျော်ခြင်းကို မွေ့လျော်ခြင်းအတိုင်း ခံစားခွင့်အထူးရသွားပြီ။

လတစ်စင်းလင်း ကမ္ဘာသို့ ထုတ်ချင်းပေါက်လင်းသွားစေပြီ။

*၁၃၆၄ ခု၊ သီတင်းကျွတ်လစေ့နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

◉

## မနေမနား

* အိပ်နေခြင်း၊ ထိုင်နေခြင်း၊ သွားနေခြင်း၊ ရပ်တန့်နေခြင်း ဟူသော နေခြင်း လေးမျိုးတို့ဖြင့်လည်း မနေ။

တစ်ဖန်...

* အမှတ်လွှတ်ထားခြင်း၊ စိတ်လွှတ်ထားခြင်း၊ ကမ္မဋ္ဌာန်းလွှတ်ထားခြင်း၊ ရဟန်းသိက္ခာလွှတ်ထားခြင်း လေးမျိုးတို့ဖြင့်လည်း မနား။

ထို မနေမနား တရားသမား လမ်းအဆုံးအထိ သွားခွင့်လက်မှတ်ရသွားပြီ။ လမ်းဆုံး ရွာတွေ့ကား ဓမ္မ၏ သူ့ဓလေ့။ လေးညို့မှလွှတ်လိုက်သော မြား၏လမ်းသွားနည်းဖြင့်သွားခြင်းကား တရားသမား၏ဓလေ့။

ထိုမနေ ထိုမနား ထိုတရားရှာသမား...

* ရပ်ခြင်း၊ သွားခြင်းနှစ်မျိုးကို မလွှတ်ခြင်း လေးမျိုးတို့ဖြင့် အနေခိုင်း။
* ထိုင်ခြင်း၊ အိပ်ခြင်းနှစ်မျိုးကိုကား မလွှတ်ခြင်း လေးမျိုးတို့ဖြင့် အနားခိုင်း။

ကိုယ်၏ အလကား နေခြင်းကိုလည်းကောင်း၊ စိတ်၏ အလကားနေခြင်းကို လည်းကောင်း၊ ထိုသို့ အမှိုက်ထဲက ရွှေ ထုတ်ယူနည်းပမာ ထုတ်ယူခိုင်းပါသော် ဘဝသည်လည်း အလှပဆုံး၊ တန်ဖိုးအရှိဆုံးသောဘဝ ဖြစ်လာမည်။ အချိန်များသည်လည်း နက္ခတ်ကောင်းမိသောအချိန်များချည်းဖြစ်လာမည်။

ထိုလူမျိုးသည်သာ...

* လူ့ပြည်လာရောက်ရခြင်း၏ရည်ရွယ်ချက် အထမြောက်သွားသူတည်း။

ထိုလူမျိုးသည်သာ...

* တစ်ဘဝဆို ဆိုသလောက် ခရီးပေါက်မြောက်သွားသူတည်း။

ထိုသူမျိုးသည်သာ...

* ကိုယ့်ကိစ္စ ကိုယ်တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားနိုင်သူတည်း။

အများတို့သည်ကား အများတို့အကျိုး ဟထိုး ထိုးဝင်နေကြကာ အမေ့ဖြင့် မော၊ အမေ့ဖြင့် မျော၊ အမေ့ဖြင့်ပင် ရောနှောနေကြတော့ရာ အများမှ အချို့ကား အမှားထဲသို့၊ အချို့ကား အမှားထဲသို့ သယ်ပိုး ပေးကြ၊ ယူကြချည်းသာ။

ထိုအများတို့ကား အများတို့ အကြား လမ်းမှားဝင်လျက်က နေလိုက်ကြ၊ နားလိုက်ကြ လုပ်နေကြရာ အဆုံးသို့မရောက်။ သည်ဘဝလည်း အစကကောက်၊ ဘဝတိုင်းဘဝတိုင်း နောက်နောက်များလည်း အစကပင်ပြန်ကောက်ကြဦး။

*၁၃၆၄ ခု၊ သီတင်းကျွတ်လစေ့နေ့*
*စံရိပ်ငြိမ်၊ ကျော်တော။*

◉

## သတိပေးစကား

သတိသည် ရှုမှတ်ဆင်ခြင်ခြင်းအောက်မေ့အမှတ်ရခြင်းမျှဖြစ်ရာ... ထိုသတိ လက်ဝယ်ရှိထားသူက အခြားတစ်ပါး ပေး စားလိုသောအခါ စကားဖြင့် နား ကြားပေး ပေးစားရမြဲပင်။ စိတ်အထား စကားသာ ထုတ်ပေးနိုင်သောကြောင့်။

ငါသည်လည်း...

ငါ၌ရှိသော သုတသိ၊ စိန္တသိများ သတိဖြင့် သိမ်းဆည်း သိုမှီးထားခဲ့ရ လုံးဝမရှိသူများနှင့်စာလျှင် အသုံးချမှု



www.burmeseclassic.com

www.burmeseclassic.com

အထိရှိသေး၏။ ဘက်ထရီဓာတ်အား လက်ကျန်ဖင်ကပ်ဖြင့် ဖွင့်ရသော အသံ ချဲ့စက်လောက်အထိမြည်သေး၏။ သဲကွဲမှုကား မပီတစ်ချက် ပီတစ်ချက်မျှ။

သို့တစေလည်း . . .

* ငါ့လို မကြားဘူးသူများ ငါသို့ကြားစေချင်သော စေတနာ၊
* ငါ့လို မရှိဘူးသေးသူများ ငါ့သို့ ရှိစေချင်သောသဒ္ဓါ။
* ငါ့လို မခံစားဘူးသေးသူများ ငါ့သို့ ခံစားစေချင်သော မေတ္တာ။

ဤ သုံးချောင်းထောက်များက ငါ့ဦးခေါင်းအား တီးခေါက်ကြတော့လေရာ ထိုငါသည် ဤလိုတစ်မျိုး၊ ဟိုလိုတစ်ဖုံ အရွယ်စုံ ဆိုက်စုံ ပုံပေးသတိရေးထည့်ခဲ့ရချေ၏။

ထိုသို့ သတိတွင်း သွေးထည့် သတိပေးစကားများရေးထည့်နေရသော်လည်း ငါ့အသက်ကား ခေတ်သက်တမ်းအရဆို ပယ်နဒီ(ပင်လယ်နီဒီ)ဝင်းထဲရောက်နေပြီ။ နောင်နေခွင့်ရဆယ်ဂဏန်းများလောက် ကျန်တော့သည်။

သို့သော် ငါပြန်လည်း လူတွေကား ကျန်ရှိနေရစ်ကြဦးမည်သာ။ ထိုကျန်ရှိလူသားများတွင်လည်း အသိပြည့်ဖြင့် သတိရှိသူကား နည်းနည်းပါးပါး၊ အသိမဲ့ သတိမဲ့ဖြင့် သညာ၊ ပညာလက်နှစ်ဖက်မဲ့များကသာ တိုးပွားလာကြမည်ဖြစ်ရာ ငါ၌ ကျန်ရစ်ကြမည့်သူများသည် . . .

* အရှိကို သတိဖြင့် ပေးထားသော ဤစကားအားလုံး ညီတူမျှတူ ခံစားရစ်ကြ။
* အတည့်ကို သတိဖြင့် ပေးထားသော ဤစကားအားလုံး စိတ်တူ၊ ကိုယ်တူ ခံစားရစ်ကြ။
* စတိကို အသိဖြင့် ပေးထားသော ဤစကား အားလုံး နည်းတူ များတူ ခံစားရစ်ကြ။

ဤသို့လျှင် သတိယူတို့ သတိမူကြရန်ကိုပါ သတိပေးစကားထားခဲ့ပါအံ့။

စင်စစ် သတိလက်ကိုင် ပိုင်ပိုင်ကြီး ရှိတော်မူသော ဘုရားရှင်သော်မှ သူပြန်ကျန်ရစ်နေကြဦးမည့်သူများအား သတိသုံးလုံး (သရဏဂုံ၊ ဒုလ္လဘ၊ ဝယဓမ္မ) ပေးသနား ထားတော်မူခဲ့သေးမဟုတ်လော။

*၁၃၆၄ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## ထက်သန်

ပင်ကိုစိတ်ဓာတ်က ထက်ရသည့်အထဲ နောက်ခံစေတနာ တွန်းအားကပါ သန်နေသူ၌ အခက်တွေ့လျှင် ထန်၊ မတော် တော်သည်အထိ ပုန်ကန်လေ့ရှိကြသည်။ ရာဂ၊ ဒေါသ၊ တက်ရိပ်မကင်းသောစိတ်၏သဘာဝတည်း။

ထိုတွင် ရာဂအား သဒ္ဓါအဖြစ် သတိဖြင့် ထိန်းကျောင်း၊ အကောင်းထိပြောင်းပေး၍ ဒေါသကိုလည်း ပညာအဖြစ် ထိုနည်းငှင်း ပြောင်းပေး၍ သူကောင်းပြုနေရာဝင်ယူလိုသူများသည် အချို့ တောမှီ၊ အချို့သစ်တစ်ပင်ရင်း၊ အချို့ လူသူကင်းဆိတ်ရာ သွားရောက်၍ အများပိုင် သဒ္ဓါ၊ ပညာမှ ကိုယ်ပိုင် သဒ္ဓါ ပညာစစ်ဖြစ်အောင် ကြိုးစားကြရမြဲ။

ထိုစဉ် . . .

တောမှီရဟန်းတစ်ပါးအဖို့ တွေ့ကြုံရမြဲ အခက်အခဲကား တစ်ပါးတည်းနေရာ၌ ဝိနည်း သီလသိက္ခာနှင့် တောထွက် အခက်တွေ့လာခြင်းတည်း။

တောသည် သီလမစင်ကြယ် မျက်စိမှိတ်ရန်ပင် မလွယ်။ သူပုန်၊ မုဆိုး၊ လွတ်ိုက်၊ သစ်ဆွဲမျိုး ဘယ်လိုနေနေ ရုပ်ကျင့်မှုဖြစ်နေ၍ ရန်မမူ။ တောထွက်ရဟန်းကား စိတ်ကျင့်ကျင့်နေသူဖြစ်သဖြင့် တစ်ဖက်နှင့် စိတ်ချင်းမသင့် တစ်ဖက်၏ ခတ်လွှင့်ခြင်းဒဏ် ဧကန်ခံရမည်။

သို့ကြောင့် တစ်ပါးတည်းနေတို့ သင့်မြဲ အာပတ်များဖြစ်သော အကပ်မခံစားမှု၊ ချန်ထားမှု စသည်များ နေ့တစ်လား ညတစ်လား လွှားလာတတ်ကြ၏။ တစ်ဖန် . . . တောတွင်းနေဆို လူအထင်ကြီး လူတို့ခွစီးခြင်းကိုလည်း ခံရတတ်ကြ၏။ မတော် ဌာနေရဟန်းများ၏အတိုက်အခိုက်ပင်ပေါ်လာတတ်ကြသေး။

ထိုအခါ အထက်သမားတွင် တိဟိတ်တိက္ခရှင်ကား ဉာဏ်သမ္ပဇဉ်ဖြင့် သာသာထိန်း၊ ကိုယ့်လှေကိုယ်ငြိမ်အောင် သိမ်းဆည်းပေးနိုင်ကြသေး၏။

ပညာသာရှိ အသိမမိသေးသော ဒွိဟိတ်တိက္ခရှင်များအဖို့ကား . . .

* ဝိနည်းမစွပ် အာပတ်မသင့် လွတ်လွတ်ပင် ကျင့်နိုင်သော ရသေ့အဖြစ်သို့ ဧကန်တောင့်တလာကြပြီ။
* လူသူကင်းဆိတ် ကျိတ်၍ ကျင့်နိုင်သော ဂူအောင်း လူရှောင်သို့ ဧကန်စိတ်ကူးလာကြပြီ။

ထိုသို့ဖြစ်ရခြင်းကား အခြားက မွေသည်မဟုတ်၊ တရားကျင့်သူ တရားစောင့်နတ်က အမြဲလိုက်လံကူနေသဖြင့် အပြင်အပသူ မဝင်သာ။ ဝင်သာသည်မှာ မိမိ၏ထက်စိတ်က အခက်ရန် ပုန်ကန်ခြားနားနေခြင်းမျှသာ။

ထက်စိတ်မငေ့ ရှေ့ရှေ့များကို အားကျ၍ သူတို့လို တုပသူ ခေတ်စမ်းရှင်များကား ရဟန်းအဖြစ်လည်း မဖြူ ရသေ့မှုလည်း မကူး၊ မခက်မထူး ခက်မထူး မထူးဇာတ်ထဲ မြူးလူးနေကြပြီ။ လူမြင် အထင်ကြီးခံရရုံလောက်ဆိုတော်ပြီ။

*၁၃၆၄ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## လဆန်း

လသည် ညတိုင်း ဆန်း၍ချည်း နေ၏။

ထွက်စ,ရက်များတွင် အတက်၏ အရှေ့ဘက်က ချိုင့်ခွက်၊ အကျဘက်၏ နောက်ကြောမှသာ ပြည့်နှက်၍နေ၏။ ဤနည်းဖြင့် ထို အချိုင့်အခွက်လည်း ပြည့်နှက်လာရတော့ကာ လပြည့်ညသို့ ရောက်ခွင့်ရရာ အတက်ညများတစ်လျှောက်လုံး ဆန်း၍ချည်းသာ။

တစ်ဖန် . . .

လပြည့်ကျော် ၁ ရက်မှသည် လကွယ်အထိတိုင်အောင် အတွင်း၌ကား အကျ၏အနောက်အရပ်ကသာ ချိုင့်ခွက်ဖြစ်လာပြီး အတက်၏အရှေ့အရပ်ခေါ် နောက်ကြောကား ပြည့်မြဲပြည့်နှက်လျက်ကသာရှိ၏။ ဤနည်းဖြင့် ထိုအပြည့်အနှက် လက်မပျက် ဆက်လက်ပါရှိရာ လကွယ်သည့်တိုင်ဖြစ်ပြီး ထိုကျရက်များ တစ်လျှောက်လုံးသည် ညစဉ်ပင် အဆန်းချည်းဖြစ်နေချေတော့၏။

ထိုမျှ လသည် အဆန်းချည်းဖြစ်နေသောကြောင့် လူသားတိုင်း မသာလည်းတ၊ သာလည်းတဖြင့် မျက်နှာပန်းပွင့်ခွင့်ရနေ၏။ နေကား မဆန်းသည့်အပြင် အပူအပင်ကိုချည်း တရစ်တွန်းပေးတတ်သောကြောင့် မျက်နှာ မရရှာ။

မျက်နှာပန်းလှ အဆန်းချည်းပြနေသော ထိုလကို အာသာအသီးသီးတို့သည် အမြတ်တနိုး ဘာသာရေးအထိမ်းအမှတ်အဖြစ် အားကိုးကြလေရာ . . .

ဗုဒ္ဓဝါဒီများသည် . . . ဖြစ်ပွင့်လာ



www.burmeseclassic.com

www.burmeseclassic.com

သော ဘုရားရှင်ကပင် နိယတဗျာဒိတ် ယူခြင်း၊ ဖွားခြင်း၊ ပွင့်ခြင်း၊ ပရိနိဗ္ဗာန် စံဝင်ခြင်းများ၌ လည်းကောင်း၊ တစ်ဖန် ပဋိသန္ဓေယူခြင်း၊ တောထွက်ခြင်း၊ ဓမ္မစကြာတရားဖွင့်ဖော်ဟောကြားရာများ၌ လည်းကောင်း၊ ဆန်းပြီးနောက် ပြည့်ဝသည့် လပြည့်များချည်းဖြစ်သဖြင့် ယင်းလပြည့်ကိုလျှင် အမြတ်တနိုး အားကိုးပြုကြ၏။ ပွဲမှန်သမျှ လပြည့်များကိုသာ နေရာအယူများ၏။

ထိုလပြည့်ကား ပြည့်ပြီးနောက် တစ်ဖန် အကျဘက်ရောက်သွားသော်မှလည်း နောက်၌ ပြည့်လျက်က ကျန်နေခဲ့ရာ ပြည့်ချိန်လည်းပြည့်၊ ပြည့်ပြီးနောက်လည်းပြည့်၊ ကွယ်ချိန်တိုင်အောင်လျှင် ပြည့်ပြည့်ကြီးနှင့်ပင်ကွယ်ရမည် ဖြစ်၏။ အတက်လကဲ့သို့ ခွက်သည် တစ်စစပြည့်ရသည်၊ ပြီးပြန်ခွက်မျိုးမဟုတ်။

သို့ကြောင့် လကို တမ်း၍ အဆန်းကြိုက်ချင်း တူညီလျှင် အကျဆန်းကား ပြည့်ပြည့်ကြီးနှင့်ပင် ဆန်းရမည်ဖြစ်ရကား ဗုဒ္ဓဝါဒ ဘုရားသားတော်များရထားသော လကား ပြည့်ဆန်းတည်း။

*၁၃၆၄ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

●

**စိတ်ဆိုး**

အယုတ်စား ကိလေသာများနှင့် ပေါင်းမိများသော စိတ်မှန်သမျှ ဆိုးသွမ်းစိတ်များချည်းဖြစ်ကြရာ 'စိတ်ဆိုး' ဟူသောအမည် ရအပ်ကြသည်သာ။

သို့တစေလည်း ရာဂ၊ မောဟ စသည်များနှင့်ပေါင်းသော စိတ်ကိုဖယ်ထား၊ ဒေါသနှင့်ပေါင်းသောစိတ်ကိုမှ အဆိုးထားရမြဲ။ ယင်းဒေါသစိတ်သည် ပကတိကြည်အေးနေသောစိတ်ကိုလည်း ဖျက်ဆီးပစ်၏။ ပကတိ ပြုံးရွှင်သန့်ပြန့်နေသော မျက်နှာကိုလည်း အရုပ်ဆိုး အကျည်းတန်စေ၏။ ပကတိ နူးညံ့နေသော ကိုယ်အမူအရာ ထားများကိုလည်း ပျက်ပြာစေ၏ကြောင့်။

တစ်ဖန်လည်း ရာဂသည် ယုတ်သော်လည်း တစ်ဖက်ကိုကား လိုလားနှစ်သက်၏။ မောဟကား အားလုံးနှင့် သင့်မြတ်၏။ မာန စသည်များကလည်း တစ်ဖက်နှင့် ယှဉ်ပြိုင်သော်လည်း တစ်ဖက်ကိုကား မထိပါ။ ဒေါသမှာမူကား သူတစ်ဖက်အား ရန်လိုစော်ကား မလိုလား မနှစ်သက်သည့်အပြင် မြစ်မှားခြင်း၊ အပြိုးအတေးထားခြင်း၊ တစ်ဖက်၏ အကျိုးမဲ့နှင့်ပျက်စီးကြောင်းများကိုသာ လိုလားခြင်းများကြောင့် ယင်းကိုလျှင် စိတ်ဆိုးဟူ၍ သီးခြားအပ် ကင်ပွန်းတပ်ပေးလိုက်ကြရသည်။

စင်စစ် ထိုဒေါသသည် ထန်ပြင်းသော ကန်အားသတ္တိ သဒ္ဒအပြည့်ရှိချေရာ ယင်းကို ပေါက်လွတ်ပဲစီးမထား၊ သတိဖြင့် ပြုပြင်ပေးသွားတတ်ခဲ့ပါမူ အရာရာ ထိုးဖောက် ခွဲဖျင် အရှိအရှိ အတိုင်းမြင်နိုင်စွမ်းသောပညာသို့ ပြောင်းဝင်ပေးသွားတတ်သည်သာ။

ဤအချက်ကို သွက်လက်စွာမြင်သော ပညာရှိတို့သည် ဘာမဆို မဟုတ်မခံ ထန်ပြင်းသော ဒေါသကို သတိဖြင့် ညင်သာစွာ ဆုပ်ကိုင်လျက်က ပညာဘက် အကွက်ချပေးကြရာ. . .

* အချို့ကား အတွေးအခေါ်ပညာရှိ စိန္တသီဖြင့် ကဝိတစ်ဆူ လူ၌ထွန်းပေါက်ခဲ့ချေပြီ။
* အချို့ကား ဗဟုသုတပညာရှိ သုတသီဖြင့် ကဝိတစ်ဆူ လူ၌ ဖြစ်ထွန်းခဲ့ချေပြီ။
* အချို့ကား ဝိဇ္ဇာပညာရှိ သုတသီဖြင့် ကဝိတစ်ဆူ လူ၌ ဖြစ်ထွန်းခဲ့ချေပြီ။

ထိုဝိဇ္ဇာမယပညာရှင် အရိယာအစားစား လောကပေါ် ကျော်လွှားနိုင်သူများသည်ကား သူတစ်ပါးအပေါ် မလိုမလားအစား ကိုယ့်လိုပင် သဘောထား၊ ကိုယ့်လိုပင် လိုလားကာ ကိုယ့်လိုပင် မြှောက်စားအားပေးကြတော့ရာ အရိယာဆို လူကလည်း လို ကြည်ညို၊ နတ်ကလည်း လို ကြည်ညို၊ အောက်ရပ်သားများကပင် လို ကြည်ညို၊ အားလုံးပင် ဝိုင်းဝိုင်းလည် မှီခိုခြင်းကိုပင် ခံယူကြရတော့သည်သာ။

*၁၃၆၄ ခု၊ တန်ဆောင်မုန်း လဆုတ် ၁၁ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

●

**ရင်းနှီး**

ငွေကို လက်ရင်းထား၍ ကုန်နှင့်ငွေ နှီးနှောရန် ပေးစားထားခြင်းကို ကုန်သည်များ လေ့လာ လိုက်စားလေ့ရှိကြသည်။

တစ်ဖန် ယင်းငွေနှင့် ကုန်ကိုကြားခံထားလျက်က မိမိဘက်ကို အရင်း၊ အများကိုကား အမြတ်အစွန်း ထွက်ရန်ထား အရောင်းအဝယ် အဖောက်အကားများဖြင့် နှီးနှောဖလှယ်စားခြင်းကိုလည်း ကုန်သည်များ အထူးနှစ်သက်ကြသည်။

* ရင်းနှီး. . . . အရင်းထား၍ နှီးနှောဖလှယ်ခြင်း။
* ရင်းနှီး. . . . . မိတ်ရင်းအဖြစ်ဖြင့် နှီးနှောဖလှယ်ခြင်း။

ထိုနှစ်ခင်း ဘယ်ဒင်းဖြစ်ဖြစ် ကိုယ့်ဘက်ကို လက်ရင်းထား၊ မြတ်စရာရှိ ကိုယ့်ဘက်ကိုသာ အားသာထားခြင်းချည်းသာ။

ကုန်သည်တို့ ကုန်ရောင်း၊ ကုန်ဝယ် လက်လွှဲ ဖလှယ်ရာ၌လည်း ကိုယ်တွက် စရိတ်စက နှုတ်၊ အရင်းနှုတ်၊ လက်ကျန် မည်မျှဟူ၍ စာရင်းကုပ်ပြီးမှသာ ဝယ်လာသော ကုန်ပစ္စည်းတစ်ဖန် ထုတ်ပြန်ရောင်းချခြင်းတည်း။ သို့ကြောင့် . . .

* ဝယ်ယူအားပေးသူတို့ အဆင်သင့် သုံးဆောင်ရေးကား အဖျားအနား။
* မိမိကိုယ်တွက် အမြတ်အစွန်းထွက်ရေးသည်သာ အရင်းအချာ။

လူလူချင်းတို့၌လည်း မိတ်အတွက် အရင်းအနှီးလုပ်ခြင်း၊ စီးပွားရေးအတွက် အရင်းအနှီးလုပ်ခြင်း နှစ်မျိုးရှိရာ ထိုနှစ်မျိုးစလုံးပင် မိမိကိုယ်တွက် အရင်းထွက်ခြင်းပင်ဖြစ်ရာ ယင်းကား ငွေဝင် ငွေရှင်းနေရာ အစားထိုးခံရသော လူပင်လူရင်းပင်တည်း။

ထိုစဉ်. . .

တောဝင်ရဟန်းမျိုးသည် ရောင်းတန်းဝင်၊ ရောင်းပန်းလှအသွင်မြတစ်မျိုးဖြစ်ရာ -

* အကွက်မြင်သူများက တခြားနှင့် ကြေးဖလှယ်ရန် အရင်းအနှီးလာလုပ်တတ်ကြ၏။
* အကွက်မမြင်သူများက အချင်းချင်း မိတ်ဖလှယ်ရန် အရင်းနှီးလာလုပ်တတ်ကြ၏။

အမြတ်ထွက်ကား. . . ငါကိုးကွယ်သော ငါကိုယ်တော်ဟူ၍ သူ့ဘက်အရင်းထားသောသူ၌ အနီးအဝေးလာရောက်သူများထံမှ ကြေးကွက်ဖန် လက်ခံစားသောက်ခွင့်ရသွားခြင်းတည်း။ ယင်းကို အရင်း ငါ့စိုက် ကျိတ်ပိုးလိုက်နည်းဆိုက မများချေ။ ယနေ့ခေတ်စားနေသော တောကောင်မွေးစားနည်းများတွင်တစ်ခု အပါအဝင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

လူအရင်းအနှီးထား ရှာဖွေစားကြရာတွင်. . . ကိုယ်တိုင်၌ လှေထိုးလိုက်ခြင်း၊ တစ်ဖက်၌ကား မိန်းမဖြစ်က ဇိမ်လုပ်ငန်း၊ ယောက်ျားဖြစ်က ဒုစရိုက်မျိုးစုံ၊ ဘုန်းကြီးဖြစ်က တောရဝင်. . . ယင်းတို့ကို အရင်းအနှီးထားခြင်း များတည်း။

*၁၃၆၄ ခု၊*
*တန်ဆောင်မုန်းလဆန်း ၁၃ ရက်။*
*စံရိပ်ငြိမ်၊ ကျော်တော။*

●

## သိပ်

* 'သိပ်'သည် လိုလားသည်ထက် ပိုဝင်ရာ၌ သုံး၏။ သိပ်ကောင်းတာပဲ စသည်။
* 'သိပ်' သည် လိုသည်ထက်ပိုလိုရာတိုင်းတို့၌ပင် သိပ်ထည့်ခြင်း၊ ချွေးသိပ်ခြင်း၊ ချော့သိပ်ခြင်း စသည်ဖြင့် သုံးရိုးပြုကြ၏

ထိုတွင် . . . သိပ်ထည့်ခြင်း၊ နှိပ်ထည့်ခြင်းများသည် တစ်ခုမျှ ဆံ့သောနေရာ၌. နှစ်ခု၊ သုံးခုအထိမျှဆံ့ဝင်ရန် သုံးရိုးပြုကြ၏။ ချွေးသိပ်ခြင်းသည်လည်း မိမိအလိုရှိသောအရာ ထိုသူ၌ရှိနေချေရာ ရှုင့်ရှိ အခွင့်အရေးအနည်းအပါးမှ အများအစားရရန် အမြင်မှားရာမှကျသောချွေး၊ မကျေချမ်းရာမှကျသောချွေး၊ စိတ်ထန်သည်းရာမှကျသောချွေး၊ မကျေချမ်းရာမှကျသောချွေး၊ စိတ်ထန်သည်းရာမှ ကျသောချွေး၊ စိတ်လေအေးအေးပေး၍ ချွေးသိပ်ခြင်းတည်း။

ချော့သိပ်ခြင်းသည်လည်း ချွေးသိပ်နှင့် ဖွာတူတူပင်ဖြစ်၏။ ထူးသည်မှာ ချော့ရာနောက် မျော၊ အိပ်မောကျသွားလေသောအခါ ကြံလိုရာကြံ အဟန့်ချည်းဖြစ်ချေသို့ ရှေးရှုထားခြင်းဖြစ်ရာ ချော့သိပ်သည် အားလုံးထက် အထိနာစေသော လက်နက်ကောင်း။

* အလိုမကျ၊ အားမရ၍ ထကြွနေလေသူ ချော့သိပ်ဖြင့် အရေးယူခံရမည်။
* ကျွန်ဘဝတို့မှ လွတ်မြောက်ရန် ထကြွနေလေသူ ချော့သိပ်ဖြင့် အရေးယူခံရမည်။

ထိုစဉ်. . . ကျွန်အားလုံးတို့တွင် တဏှာကျွန်သည် အစွာဆုံး၊ အနာဆုံးဖြစ်ရာ တဏှာကျွန်ဘဝမှ လွတ်ခွင့်ရရန်. . .

* တဏှာအကူပစ် လူသူများကိုလည်း ဖြတ်ဗွက် ထွက်ရ၏။
* တဏှာအကူပစ် အသုံးအဆောင် ပစ္စည်းများကိုလည်း ဖျင်ထွက်ထွက်ရ၏။
* တဏှာအကူပစ် မိမိလိုအပ်ရာရာကိုလျှင် ဖြတ်ထွက် ထွက်ရ၏။ သို့စဉ်လျက် မိမိရှိ တဏှာပါသောဉာဉ်က လူမြင်လျှင် ကလူချင်၊ မြူချင်လုပ်နေခြင်းဖြင့် 'ဇ' ပြလေ့ရှိရာ . . .

လူဆိုသည်က တဏှာကြီးစိုးချက်ဆိုမီးထတောက်သောအမျိုး။ 'အင်း' သည် 'ဇ' ကြောင့်ပင်။ တောဝင်ဘဝဖြင့် တောအဆင် ဆင်ကကနေသော်လည်း အရေးသိပ်မလှခဲ့။

အရေးမှလှပုံကား. . .

* တစ်နေရာရောက် လာဘ်၊ လူ၊ အကူတို့ဖြင့် ချော့သိပ်သိပ် အိပ်လျက်ကချည်း။
* တစ်နေရာရောက် နောက်လိုက်တို့ အောက်နှိုက်နှိုက်ကာ ချော့သိပ်သိပ် အိပ်ပေးရသည်ချည်း။

သစ်ရိပ်၊ တောရိပ်၊ တအိပ်ထဲအိပ် ဘယ်တော့များမှ နိုးစိတ်ဝင်မည်နည်း။

*၁၃၆၄ ခု၊*
*တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

●

## စုံစမ်း

နည်းစုံ၊ နေရာစုံမှနေ စမ်းသပ်ဖွေရှာ အဖြေလှာထုတ်ကြည့်လိုရာ၌ . . . ထိုစုံစမ်းဆိုသော စကားနှစ်လုံး အသုံးပြုရိုး ရှိ၏။ ထိုသို့စုံစမ်းရာ၌. . .

* ဘက်စုံလှေ့၍ လှေလာသမျှ ဖမ်း၍ အဖြေရှာရခြင်း
* သူလိုရာ ကူထောက် မိတ်အဖြစ် ကမ်းလှမ်း၍ အဖြေရှာရခြင်း။
* လွန်ကဲတက်လာသော အဖြေကို ထုးခတ်၍ အထပ်ထပ် အဖြေရှာရခြင်း။

ဤလှေ့လာခြင်း၊ ထောက်လှမ်းခြင်းအကဲခတ်ခြင်းများအားလုံး အသုံးချပေးရ၏။ ထိုအလုပ်မျိုးကား မင်းတို့၏ အရေးအရာတစ်ပါးရာဇဝတ္ထုရားတည်း။

တစ်ခါက အရှုတစ်ယောက် စိတ်နှုပေါက်ရာ ခြေလှည့် နေထွက်မှနေဝင် တစ်နေရာပြီးတစ်နေရာ သွားလာနေ၏။ လုံခြုံရေးအရ အစောင့်တင်းကြပ်စွာထားရသော နေရာမျိုး၏အနီးလည်း သူရောက်၏။ မသက်ာစရာလူများ နေထိုင်ရာအတွင်း၏ အနီးသို့လည်း သူရောက်၏။ ဒုစရိုက်မှုများ ဖြစ်ပွားတတ်ရာ နေရာကြားများသို့လည်း သူရောက်၏။

ဝတ်ဆင်ပုံကား လျှို့ဝှက်သမားတို့၏ပုံစံ၊ သွားလာပုံကလည်း ဆင်တူ။ သို့သော် ဘယ်သူ့ကိုမှ ဘာမှစကားမပြောသည်ကား အထူး။ ယင်းကို တာဝန်ကျ ပဉ္စမံတပ်ထိန်းကြီးက မျက်စိကျနေရာ. . . သူသွားရာ နောက်ယောင်ခံ၏။ သူ့အကျင့် နည်းမျိုးစုံတို့ဖြင့် ထောက်ကြည့်၏။ သူ့အနီး ကပ်ခွင့်ရကာ အပြောနှင့်အမူရာတို့ကိုကြည့်၍ သူ့စိတ်ခန့်မှန်း၏။ ပစ္စည်း၊ အစားအသောက်၊ ငွေကြေးပေး၍လည်း အစုံ စမ်း၏။

မည်သို့ပင် စုံတကာစေ့ ဝေ့စမ်းစမ်း အရှုကား အရှုပင်။ သို့ကြောင့် အမိုက်ပုံ အနားထိုင်နေသော ထိုအရှုကား ပိုက်ဆံပေး၏။ ထိုအခါ လက်ဝယ်ရောက် ထိုပိုက်ဆံကို သိမ်းမလိုအမူရာပြ၊ ပြီး ပြန်ချထားကာ ကိုင်မြဲ စက္ကူစုတ်များကိုသာ ကိုင်၏။ စက္ကူစုတ်များကိုသာ သူ့လွယ်အိတ်ကြီးထဲထည့်၏။ ဘယ်သူ့ ဘာပြောပြော အရေးမဝင်ချေ။

ပဉ္စမံတပ်ထိန်းကြီး ခေါင်းကုတ်ရပြီ။ 'တယ်လဲ ပီရိလွန်းလှတဲ့ ရူးပေကိုး'။ အရှူး အရူးအတိုင်း အသိုင်းအဝိုင်းမပါ ပြနေပါသော်လည်း အရူးတို့၏မှုတာ အကုန်အစင် မသိရှာသော တပ်ထိန်းကြီး၏သုံးသပ်ချက်တည်း။

သို့နှင့် တစ်နေ ကုန်ခါနီးပြီ။ လူတို့သည်လည်း အိပ်တန်းတက်ရန် အိမ်ပြန်ကြလေပြီ။ ထိုအရူးကြီးလည်း နေ့ခင်းမှုတာ ကုန်ဆုံး၍ ညတွင်းမှုတာ ဆက်လက်လုံးပန်းရန် ခြေဦးတည့်ရာသို့ ထွက်ခွာသွားရာ တပ်ထိန်းကြီးလည်း မယောင်မလည် ပါလာချေ၏။

ထိုစဉ် အရူးကြီး၏ညခင်းမှုတာ အလုပ်သည်ကား လူခေါင်ခေါင် ချောင်ကျရာ ဘုရားနား၊ ကျောင်းအနီး သွားရောက် ကျောစင်းခြင်းပင်တည်း။

*၁၃၆၄ ခု၊*
*တန်ဆောင်မုန်းလပြည့်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

မဟာဗောဓိမြိုင်ဆရာတော်




www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(ဒဿန)

## "အနာဂတ်တွင်ဖြစ်ပေါ်လာမည့်အလားအလာများ" စာအုပ်လာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဖေါ်ပိန့်ဆိုချက်

၁၃၇၉ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်။ ထိုနေ့မနက် နံနက်ခင်းက ကျွန်တော်သည် အိမ်ရှေ့ဝါးရုံရိပ်၌ခင်းထားသော တန်းလျား၌ထိုင်လျက် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး စီရင်သော 'အနာဂတ်တွင်ဖြစ်ပေါ်လာမည့် အလားအလာများ' ကျမ်းစာကိုဖတ်နေစဉ် ဓမ္မမိတ်ဆွေတစ်ဦး ရောက်လာပါသည်။ ထိုဓမ္မမိတ်ဆွေသည်ရောက်လျှင်ရောက်ချင်း ဤသို့စကားစပါသည်။

"မနေ့ကညနေက ကျွန်တော် ရွှေဆံတော်စေတီတော်မြတ်ကြီးညောင်ရေသွန်းပွဲကိုရောက်ပါတယ်။ ဆရာ့ကို မတွေ့ဘူး၊ ဆရာမလာဘူးထင်တယ်"

"ကဆုန်လပြည့်နေ့မှာ ကျွန်တော်တို့ဘုရားကြီးမှာ အခါတော်နေ့ပွဲ (၂)ပွဲကျင်းပပါတယ်။ မနက်ပိုင်းမှာ ဗုဒ္ဓအခါတော်နေ့အခမ်းအနား ကျင်းပပါတယ်။ ညနေပိုင်းမှာ ညောင်ရေသွန်းပွဲအခမ်းအနားကျင်းပပါတယ်။ မနက်ပိုင်းမှာတော့ ဩဝါဒါစရိယဆရာတော်ဘုရားကြီး ကြွတော်မူလာကြတယ်။ ဗုဒ္ဓအခါတော်နေ့ အခမ်းအနားကျင်းပတယ်။ ကျင်းပပြီးတဲ့အခါ ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ ညောင်ရေသွန်းပြီးတာနဲ့ မနက်ပိုင်းအခမ်းအနားပြီးသွားတယ်။ မနက်ပိုင်းအခမ်းအနားကိုတော့ ကျွန်တော်ရောက်ပါတယ်။ ညနေပိုင်းအခမ်းအနားကိုတော့ ကျွန်တော်မရောက်တော့ဘူး။ မျက်စိခွဲပြီးစဆိုတော့ ဂေါပကအဖွဲ့ကို တောင်းပန်ပြီး အိမ်မှာနားနေလိုက်ပါတယ်"

"ညနေပိုင်းညောင်ရေသွန်းပွဲအခမ်းအနားကတော့ တိုးမပေါက်အောင်စည်ပါတယ်။ ဓာတ်လှေကား (၃)ခုနဲ့ဆွဲတင်ပေးနေတာတောင် လူကလျော့မသွားဘူး။ ဓာတ်လှေကားစီးဖို့စောင့်နေတဲ့လူတန်းကြီးက လမ်းမပေါ်ကိုရောက်နေတယ်။ ပထမတော့ ကျွန်တော်လည်း ဓာတ်လှေကားနဲ့တက်မယ်ဆိုပြီး စောင့်ပါသေးတယ်။ နောက်တော့ မစောင့်နိုင်တော့တာနဲ့ မြောက်ဘက်စောင်းတန်းကတက်ခဲ့ရတယ်"



"ညနေဘက်မှာ ရပ်ကွက်အသီးသီးက သမီးပျိုကလေးတွေ ရေအိုးလေးတွေကိုရွက်ပြီး ညောင်ရေသွန်းဖို့ လာကြတာကိုး။ အိုးစည်ဗုံမောင်းတွေပါတယ်။ အကအခုန်တွေပါတယ်။ ပဒေသာပင်တွေပါတယ်။ အဲဒါကြောင့် တိုးမပေါက်အောင်ဖြစ်နေတာ။ မိတ်ဆွေစောင်းတန်းကတက်တာ မှန်တာပေါ့ဗျာ"

"အကြောင်းတိုက်ဆိုင်တုန်းလေး ကျွန်တော်တွေးမိတာလေးပြောရဦးမယ်။ ဓာတ်လှေကားမပေါ်ခင်က ကျွန်တော်တို့အဘိုးအဘွားတွေ စောင်းတန်းကတက်ခဲ့ကြမှာပဲ။ အခု ဓာတ်လှေကားပေါ်လာတော့ စောင်းတန်းက မတက်ချင်ကြတော့ဘူး။ အပင်ပန်းမခံချင်ကြတော့ဘူး။ ဓာတ်လှေကားနဲ့တက်ချင်ကြ



www.burmeseclassic.com

www.burmeseclassic.com

တော့တယ်။ ကျွန်တော်လည်း အဲဒီထဲမှာပါပါတယ်"

"မိတ်ဆွေပြောတာကို ကျွန်တော် ထောက်ခံပါတယ်။ တစ်ခါတစ်ရံ မီးမလာတော့ ခါတ်လှေကားမောင်းလို့မရဘူး။ ဓာတ်လှေကားမောင်းမရရင် စောင်းတန်းကတက်ပေါ့ဗျာ။ မတက်ဘူးဗျ။ မီးအလာကို ပေကတ်ပြီးစောင့်နေကြတယ်။ ကျွန်တော်တို့မြန်မာတွေ အပျင်းထူကုန်ကြပြီလား။ အပင်ပန်းမခံချင်ကြတော့ဘူးလား။ အားမစိုက်ချင်ကြတော့ဘူးလား။ ဘုရားကို သွားမယ်ဆိုကတည်းက ဓာတ်လှေကားတက်မယ်လို့ စိတ်ကူးခဲ့ကြတာ မြန်မာလူမျိုးတွေရဲ့စိတ်ဓာတ်တွေကို မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အခုကျွန်တော်ဖတ်နေတဲ့စာအုပ်ထဲမှာ မထောက်မညာရေးပြထားပါတယ်"

"ဆရာ အခုဖတ်နေတာ ဘာစာအုပ်လဲ ဆရာ"

"မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးတဲ့ 'အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အလားအလာများ' ဆိုတဲ့စာအုပ်ဗျ။ ဒီစာအုပ်ထဲမှာပါတဲ့ ရေးသားချက်တွေပတ်သက်လို့ သူရဿမဂ္ဂဇင်းမှာ ကျွန်တော် ဆောင်းပါးရေးခဲ့ပြီးပါပြီ"

"မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက မြန်မာတွေရဲ့စိတ်ဓာတ်နဲ့ပတ်သက်လို့ ဘယ်လိုများရေးခဲ့ပါသလဲ ဆရာ"

"ကျွန်တော်ဖတ်ပြပါ့မယ်"

(ကျွန်တော်သည် ကတ်ပြားညှပ်၍ မှတ်ထားသောစာမျက်နှာကို လှန်၍ ဖတ်ပြပါသည်)

". . . . စက်ရုံအလုပ်ရုံကြီးများသည် စက်ကြီးများကိုလည်းပတ်စေရာ၌ လျှပ်စစ်ဓာတ်အားကို သုံးကြ၏။ အလုပ်သမားများ နေ့နေ့ညည အလုပ်လုပ်ကြရာ၌လည်း လျှပ်စစ်အားကိုပင် သုံးကြရ၏။

ထိုသို့ မီးအားများ အဆမတန်အသုံးချခံရသောအခါ ဓာတ်တိုင်မှစက်ရုံသို့ ဆက်သွယ်ထားရာ ဓာတ်ကြိုးကြီးများသည် အောက်သို့ပျင်းတွဲကျလာချေတော့၏။ အပူပြင်းအဆမတန်အသွင်းခံနေရသဖြင့် ပျင်းတွဲကျလာခြင်းတည်း။ သည့်ပမာ ယနေ့ခေတ်စားခံနေရသောလူသားများလည်း အပျင်းကြီးပျင်းလာကြပြီး မလုပ်ရသောအလုပ်မျိုးများသာ လုပ်ချင်ကြသည်။ လုပ်ရသောအလုပ်မျိုး မလုပ်ချင်ကြတော့။ လုပ်ရသောအလုပ်မျိုးကား ကိုယ်အားစိုက်၍ လုပ်ရသော အလုပ်ကြမ်းစသည်များတည်း။

ယနေ့လူသားများ စိတ်အရှုပ်ခံမကြံချင်ကြတော့။ သည့်အတူ အာရုံခံစားကြရာတိုင်းတို့၌လည်း အချိန်ကုန်မခံချင်ခြင်း၊ မစောင့်ဆိုင်းချင်တော့ခြင်းအထိ ပျင်းလာနေကြ၏။ တစ်ဖန် အာရုံသစ်ဆီသို့သာ စိတ်အမြဲပို့လွှတ်ထားကြရတော့ကား ပစ္စည်းဖြစ်လျှင် ပစ္စည်းများ မသုံးချင်ကြတော့။ လူချင်းဖြစ်လျှင် သံယောဇဉ်ကြီးလွန်းသူများ မလိုချင်ကြတော့။ ယင်းတို့အစား ဆန်းသစ်ခြင်း၊ လှပခြင်း၊ ပြီးလွယ်စီးလွယ်ခြင်းများကိုသာ အလေးပေးလာကြတော့ပြီ။ တစ်ခါသုံး၊ တစ်ခါပစ် အသစ်ထပ်မျှော်ဆိုသော နည်းပညာသစ်တည်း"

ကျွန်တော်စာဖတ်သည်ကို ခဏရပ်လိုက်သည် ဗမ္မမိတ်ဆွေက ဤသို့ ပြောပါတော့သည်။

"သိပ်မှန်တာပဲဗျာ။ ကျွန်တော်တို့တစ်တွေ အားချိတ်ပြီးလုပ်ရမယ့်အလုပ်ဆိုရင် မလုပ်ချင်ကြတော့။ ခေတ်ပေါ်ပစ္စည်းတွေကလည်း ကျွန်တော်တို့အား စိုက်လုပ်ဖို့မလိုအောင် ပေါ်လာကြတာကိုး"

"ကျွန်တော် ဆက်ဖတ်ကြပါဦးမယ်။ နားထောင်ကြည့်ပါဦး။

ယင်းအချက်အကွက်မြင်လာကြသော ကမ္ဘာ့ထွင်ဆရာကြီးများကလည်း ထိုတစ်ခါသုံး၊ တစ်ခုပစ်၊ အသစ်ထပ်မှာရမည့်ပစ္စည်းမျိုးများချည်းသာ တိုးထုတ်နေကြရာ ယင်းတို့မထွင်ရသေးသော ပစ္စည်းမျိုးဆိုက တစ်ခုသာကျန်တော့သည်။ ယင်းကား အလိုလိုယူ၊ ဝါး၊ ခွံ့၊ သွင်းပေးနေသော ထမင်းဝါးစက်ကြီးပင်တည်း။

ဤကား သိပ္ပံသမားတို့၏အထွင်ကြမ်း"

ကျွန်တော် စာဖတ်သည်ကိုရပ်လိုက်သည်နှင့် ဗမ္မမိတ်ဆွေက အလန့်တကြားပြောပါသည်။

"ဆရာတော်ကြီးက အနာဂတ်ကို လှမ်းမြင်နေရှာသလား။ ဆရာတော်ဘုရားကြီးပြောတဲ့ အလိုလိုယူ၊ ဝါး၊ ခွံ့ သွင်းပေးတဲ့ထမင်းဝါးစက်ကြီးပေါ်မလာဘူးလို့ပြောလို့မရဘူး။ ဆရာတော်ဘုရားကြီးရေးသလို သိပ္ပံသမားတွေက အထွင်ကြမ်းနေတာ။ အဲဒီစက်ကြီးပေါ်လာလို့ရှိရင်လည်း ကျွန်တော်တို့မြန်မာလူမျိုးတွေ အလုအယက်ဝယ်ကြလိမ့်မယ် ထင်ပါတယ်"

"ဆရာတော်ကြီးစာအုပ်အမည်ကိုက အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အလားအလာများတဲ့။ အနာဂတ်မှာဖြစ်ပေါ်လာမှာတွေကို မိန့်ဆိုထားတာ။ အဲဒီလို မိန့်ဆိုတဲ့နေရာမှာလည်း ရှေးခေတ်ကနေပြီး ဒီကနေ့ခေတ်အထိ ခေတ်အလိုက် မြန်မာလူမျိုးတွေရဲ့ပြောဆိုပြုမူနေထိုင်ပုံတွေ ပြောင်းလဲလာခဲ့ပုံတွေကို ရသမြောက်စွာ ရေးပြထားသဗျ။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အင်မတန်ဖတ်သင့်တဲ့စာအုပ်ပါဗျာ"

"ဆရာညွှန်းတာနဲ့ ကျွန်တော်ဖတ်ချင်လာပြီ"

"ဖတ်ချင်ရင်ယူသွားပါ။ ကျွန်တော် ငှားလိုက်ပါ့မယ်"

"ဒီလို စာအုပ်မျိုးငှားလို့မဖြစ်ဘူး။ အပိုင်ဝယ်ဖတ်ပြီးတော့ စာအုပ်စင်မှာ သိမ်းထားရမယ်။ ဒီကအပြန် စာအုပ်ဆိုင်ကိုဝင်ပြီး ဒီစာအုပ်ကို ပူဇော်သွားမယ်"

"သာဓုပါဗျာ၊ သာဓုပါ၊ သာဓုပါ"

ထို့နောက် ဗမ္မမိတ်ဆွေသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး စာအုပ်ဆိုင်သို့ထွက်ခွာသွားပါတော့သည်။



မြဝင်း (ဒဂုန်)

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# လောကီကိစ္စအဝဝ တပေဟုသမျှဖတ်လေမှ ဗဟုသုတကြွယ်ဝကြ

□ ရက်ထူးရက်မြတ်အမြိတ္တစုတ်ရက်ရွေးနည်း

ကျွန်ုပ်တို့ မြန်မာလူမျိုးတို့သည် လူမှုရေး၊ အလှူမင်္ဂလာပွဲသာရေးကိစ္စများတွင် ရက်ကောင်းရက်မြတ်ရွေးချယ်ကြသည့်အခါ များသောအားဖြင့် ရက်ရာဇာကျရောက်သည့်နေ့ကို ရွေးချယ် ဆောင်ရွက်ကြလေ့ရှိကြသည်။ ရက်ရာဇာကျသောနေ့ထက် ပိုမိုကောင်းမွန်သော အမြိတ္တစုတ်ရက် ဟူသည့် ရက်ထူးရက်မြတ်ရွေးနည်းကို စုံစေ့စွာ၊ အများအတွက် ရှာဖွေရေးသားလိုက်ပါသည်။ အမြိတ္တစုတ်ရက်နှင့်ကြုံလျှင် အမှုကိစ္စဟူသမျှ ဆောင်ရွက်ပါလေ။ မကောင်းသောပြဿဒါးရက်များနှင့်ကြုံစေကာမူ အမြိတ္တစုတ်ရက်ဖြစ်ပါက မကောင်းကျိုးများပပျောက်၍ ကောင်းကျိုးများရောက်ရှိမည် ဖြစ်၏။

**ခရီးသွားလျှင် ရှောင်ရှားရမည့် ဒိသာအရပ်များ**

| (နေ့အစဉ်များ) | (ဒိသာကျသောအရပ်) | (နေ့စဉ်) | (လာဘ်နေအရပ်) |
|---|---|---|---|
| တနင်္ဂနွေနေ့ | အနောက်မြောက် | တနင်္ဂနွေ | အရှေ့မြောက် |
| တနင်္လာနေ့ | အရှေ့အရပ် | တနင်္လာနေ့ | တောင်အရပ် |
| အင်္ဂါနေ့ | အနောက်တောင် | အင်္ဂါနေ့ | အရှေ့တောင် |
| ဗုဒ္ဓဟူးနေ့ | မြောက်အရပ် | ဗုဒ္ဓဟူးနေ့ | အနောက်မြောက် |
| ကြာသပတေးနေ့ | အနောက်အရပ် | ကြာသပတေးနေ့ | အရှေ့အရပ် |
| သောကြာနေ့ | တောင်အရပ် | သောကြာနေ့ | မြောက်အရပ် |
| စနေနေ့ | အရှေ့တောင် | စနေနေ့ | အနောက်တောင် |
| ရာဟု၊ ဗုဒ္ဓဟူး၊ မွန်းလွဲပိုင်း | မြောက် | ရာဟု၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း | မြောက် |

**အမြိတ္တစုတ်ရက်များ**

| ကျရောက်ရာရက်များ | ကြုံသည့်နေ့များ | |
|---|---|---|
| လဆန်း၊ လဆုတ်(၁)ရက် | သောကြာနေ့ | အမြိတ္တစုတ်ရက်များ |
| လဆန်း၊ လဆုတ်(၂)ရက် | ဗုဒ္ဓဟူးနေ့ | အမြိတ္တရပ်များ |
| လဆန်း၊ လဆုတ်(၃)ရက် | တနင်္လာနေ့ | အမြိတ္တစုတ်ရက်များ |
| လဆန်း၊ လဆုတ်(၄)ရက် | ကြာသပတေးနေ့ | အမြိတ္တစုတ်ရက်များ |
| လဆန်း၊ လဆုတ်(၅)ရက် | စနေနေ့ | အမြိတ္တစုတ်ရက်များ |
| လဆန်း၊ လဆုတ်(၇)ရက် | အင်္ဂါနေ့ | အမြိတ္တစုတ်ရက်များ |
| လဆန်း၊ လဆုတ်(၈)ရက် | တနင်္ဂနွေနေ့ | အမြိတ္တစုတ်ရက်များ |

□ အမြိတ္တစုတ်ရက်ရွေးလင်္ကာ

*ကော်ပူး၊ နှစ်ဆင်၊ သုံးတွင်ကျား၊ လေးရက်ကား ကြွက်၊ ငါးရက် နဂါး၊ သတ္တအင်္ဂါ၊ ရှစ်မှာ ဂဠုန်၊ ဆန်း၊ ဆုတ် ကြုံ၊ မှတ်ကုန် အမြိတ္တ၊ အမြိတ္တရက်များ တွေ့ကြုံငြား၊ ကောင်းစားခေါင်ထိပ်ကျ* ဟူသော အဆိုလင်္ကာအတိုင်း မည်သည့်လမှာမဆို လဆန်းတစ်ရက်၊ လဆုတ်တစ်ရက် သောကြာနေ့နှင့်ကြုံခြင်း၊ လဆန်းနှစ်ရက်၊ လဆုတ်နှစ်ရက်၊ ဗုဒ္ဓဟူးနေ့နှင့် ကြုံခြင်း၊ လဆန်းသုံးရက်၊ လဆုတ်သုံးရက် တနင်္လာနေ့နှင့်ကြုံခြင်း၊ လဆန်းလေးရက်၊ လဆုတ်လေးရက်၊ လဆုတ်သုံးရက် တနင်္လာနေ့နှင့်ကြုံခြင်း၊ လဆန်းငါးရက်၊ လဆုတ်ငါးရက်၌ စနေနေ့နှင့်ကြုံခြင်း၊ လဆန်းခုနစ်ရက်၊ လဆုတ် ခုနစ်ရက်မှာ အင်္ဂါနေ့နှင့်ကြုံ၍ လဆန်း ရှစ်ရက်၊ လဆုတ် ရှစ်ရက်မှာ တနင်္ဂနွေနေ့ကြုံပါက ထိုသို့သောနေ့များကို ကောင်းစားစေတတ်သော (အမြိတ္တစုတ်ရက်များ) ဟူ၍ မှတ်သားအသုံးပြုနိုင်၏။


ရက်ထူး ရက်မြတ်ဖြစ်သော အမြိတ္တစုတ်ရက်နှင့်ကြုံလျှင် အမှုကိစ္စဟူသမျှ ဆောင်ရွက်ပါ။ မကောင်းသော အချိန်အခါ၊ ပြဿဒါး စသော မကောင်းသောရက်များဖြစ်စေကာမူ၊ အမြိတ္တစုတ်ရက်ဖြစ်ပါက မကောင်းကျိုးပျောက်၍ ကောင်းကျိုးချမ်းသာ ရောက်မည်သာဖြစ်ပေသည်။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)




www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက ရွှေနားပန်စေတီ



ရှေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်

". . စနေနေ့မှာ ရွှေနားပန်ဘုရားကိုရောက်အောင်သွား. . .

စနေထောင့်မှာ မုန့်လုံးရေပေါ် အနည်းဆုံး (၁၀)လုံးကို ဆွမ်းကပ်လှူလိုရာဆုတောင်း၊ ပြီးတော့ သီလယူ၊ မေတ္တာသုတ်ရွတ်ဖတ်ပူဇော်(မရက)စာအုပ်ကြည့်ပြီးရွတ်၊ အရပ်ဆယ်မျက်နှာမေတ္တာပို့ပါ။ ကမ္ဘာစောင့်၊ သာသနာစောင့်နတ်မင်းကြီးများနဲ့ ရွှေနားပန်ဘုရားစောင့်နတ်၊ ရွှေနားပန်ဘိုးဘိုးကြီးများ၊ ကိုယ်စောင့်နတ်ပါမကျန် ပြုသမျှကုသိုလ်ကို အမျှဝေပါ။ သင်ရစရာရှိတဲ့ အကြွေးငွေတွေ အမြန်ရပါလိမ့်မယ်။

၂

ကျွန်တော့်မှာလည်း ငွေရေးကြေးရေးကပြတ်လပ်နေတယ်။ ရှိတဲ့ငွေလေးတိုးပွားဖို့၊ ဆွေမျိုးသားချင်းမကင်းတဲ့ ပန်းရန်ကန်ထရိုက်တာ မတင့်ထံမှာပေးထားတာ။ အတိုးမလာအရင်းမလာနဲ့ ကာလအတန်ငယ်ကြာခဲ့ပါပြီဗျာ။ ကားပွဲစားလုပ်လာတာလည်း အလုပ်မဖြစ်တာ ကြာရောပေါ့။ ဒါနဲ့ ခလုတ်ထိမှ

ကံဝင်း

အမှတ်(၂၇)

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ


# ရှေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်



ရတနာမာန်အောင်စေတီတော်



ရင်ပြင်တော်မှ ဆုတောင်းပြည့်ဘုရား



ရွှေနားပန်စေတီတော် တံခွန်တိုင်




www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစကြာတရားဦးဟောတော်မူပုံ



ရှင်ဥပဂုတ္တရဟန္တာမထေရ်



ဘုရားရှင်ပြင်တော်မှ ရုပ်ပွားတော်တန်ဆောင်း



ရွှေနားပန်ရှင်ပြင်တော်မှ ရှင်သီဝလိရဟန္တာ



ဘုရားအနောက်ဘက်မုခ်တန်ဆောင်း

ဘုရား့တတာပဲပြောပြော၊ ခလုတ်ထိမှ အမိ့တတာပဲဆိုဆို အမေမသေခင်က မှာဖူးတာသတိရပြီး နေ့စဉ် သက်သတ်လွတ်စား 'အရဟံသိဒ္ဓိ' ပုတီးစိပ်ပြီးဘုရားရှေ့မှာ နားပူနားဆာလုပ်ခဲ့ရာမှ ထူးဆန်းစွာ အိပ်မက်မက်တယ်။ ရွှေနားပန်ဘုရား သွားပါဆိုတဲ့ ညွှန်ကြားချက်ရခဲ့ပါတယ်။ ရွှေနားပန်ဘုရားက ဘယ်နားမှာလဲစုံစမ်းတော့ သယ်န်းကျွန်းမှာတဲ့။ သာခုရုပ်ရှင်ခြံနဲ့ အလွန်နီးဆိုကြတယ်။ နောက်တစ်ဦးကတော့ သုဝဏ္ဏအားကစားကွင်းလမ်းဆုံမီးပွိုင့်နားမှာ သာသနာ့မဏ္ဍိုင်ကျောင်းလမ်းညွှန်ဆိုင်းဘုတ်အတိုင်းဝင်သွားရင် ရွှေနားပန်ဘုရား ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ကြောင်း ပြောကြပါတယ်။ ကျွန်တော်နေတာ အုတ်ကျင်း။ အတန်ငယ်တော့ဝေးပါတယ်။ သို့သော်လည်း မရောက်ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီနေ့ သောကြာနေ့ဆိုတော့ မုန့်လုံးရေပေါ် ဆွမ်းကိစ္စအတွက် အိမ်ရှင်မကို ဈေးလွှတ်စီစဉ်ခိုင်းထားလိုက်ပါတော့တယ်။ ဝါဆိုလဆန်း ၈ ရက်၊ ၁-၇-၂၀၁၇ စနေနေ့၊ နံနက်မှာတော့ သယ်န်းကျွန်း ရွှေနားပန်ဘုရားကိုရောက်ရှိခဲ့ပြီး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်မှ အိပ်မက်ဖြင့်ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်ခဲ့ရာ (၉း၃၀) မှာ ပြီးစီးအောင်မြင်ခဲ့ပါတယ်။ အဲဒီလို ရွှေနားပန်ဘုရားမှာ ကောင်းမှုကုသိုလ်ပြုပြီး နောက်နှစ်ရက်အကြာမှာ မတင့်တို့ အိမ်ရောက်လာပြီး အတိုးတွေဆင်သွားပါ

www.burmeseclassic.com

www.burmeseclassic.com


ထီးတော်ပြည့်ရွှေသင်္ကန်းကပ်လှူနေစဉ်


ဘုရားရွှေချရန် ပြင်ဆင်နေကြစဉ်



ဘိုးတော်သိကြားမင်း


ဆင်စီးလာသော အမေကြီးပုံတော်


ပထမဘိုးဘိုးအောင်


ဗြဟ္မာမင်း

တယ်။ နောက်တစ်နေ့မှာ ကားအရောင်းအဝယ်တစ်ခုဖြစ်တယ်။ ပွဲခသုံးဦးခွဲယူကြရပေမယ့် အတော်အဆင်ပြေခဲ့ပါတယ်။ ကျွန်တော့်အတွေ့အကြုံကို စာရေးဆရာက အများသိအောင် ကြည်ညိုသဒ္ဓါပေါက်အောင် ရေးသားတင်ပြမယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာလှပါတယ်"

ရွှေနားပန်ဘုရားနှင့်ပတ်သက်၍ ထူးထူးခြားခြားဖြစ်ရပ်တစ်ခုကို စာရေးသူ၏မိတ်ဆွေ အုတ်ကျင်း မာလာမြိုင်မှာနေ ကားပွဲစား ကိုမျိုးသွင်၏ ကိုယ်တွေ့ကြုံကို တစ်ဆင့်မှတ်သားပြီး တင်ပြအပ်ပါသည်။

စာရေးသူအနေဖြင့်လည်း သူရဿတီ မွေ့ခင်းကြီးမှာ လစဉ် ရန်ကုန်တိုင်းအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများအကြောင်းလေ့လာမှတ်သား လစဉ်ရေးသားနေခဲ့ရာမှ ယခုလတွင် 'ရွှေနားပန်' စေတီတော်အကြောင်းရေးရန် တာဝန်တစ်ခုကို ပေးအပ်လာပြီဖြစ်ပါသဖြင့် အုတ်ကျင်း မာလာမြိုင်မှာနေတဲ့ ကိုမျိုးသွင်၏ ရွှေနားပန်ဘုရားမှာ မုန့်လုံးရေပေါ်ဆွမ်းကပ်ပြီး ငွေကြေးပြတ်လပ်အခက်အခဲတစ်ရပ်ကို လွန်မြောက်လာဘ်ရွှင် ငွေဝင်ပုံကလေးက ထူးဆန်းလှပါ၍ အများပြည်သူ ကြည်ညိုသဒ္ဓါပွားနိုင်ရန် အတုယူဆောင်ရွက်နိုင်ရန် မေတ္တာအနန္တဖြင့် ရိုးသားစွာတင်ပြအပ်ခဲ့ခြင်းပါလေ။

## ❏ ရွှေနားပန်စေတီတော်မြတ်၏ သမိုင်းအကျဉ်း

ခရစ်မပေါ်မီ ဘီစီ ၅၈၁ မှာ သာသနာပြုရသေ့ကြီး ရသေ့ခေါက်လက်ထက်မှစ၍ ကျိုက်ခေါက်စေတီတော်၊ ကျိုက္ကဆံစေတီတော်များနှင့် စေတီမြို့တည်ထားခဲ့ကြောင်း၊ စေတီတော်ရင်ပြင်တော်မှာရှိ မော်ကွန်းကမ္ပည်းစာအရ သိရပါသည်။

ချုံနွယ်များကြားတွင်ပျောက်ဆုံးနေခဲ့ပြီး လူမသိသူမသိ ညှိုးငယ်စွာ စံပယ်နေခဲ့ရပါသည်။ ရှင်စောဗုသိရိမာသောကမင်းကြီးလက်ထက်တွင် ထပ်မံပြုပြင်ခဲ့၍ ရှေးရှေးအခါက 'နဂါးလေးကောင်ခြံရံစောင့်ရှောက်သော' 'ကျိုက်ညီဗား' ဟု ဘွဲ့အမည်တော် တွင်တော်မူခဲ့ပါသည်။ သို့သော်လည်း နောင်းလူတို့က မိဘုရားကြီး 'မယ်ရှုပ်' မင်းသမီး၏ နားတောင်း (နားပန်)ကို ဌာပနာထည့်သွင်းပူဇော်လှူတော်မူသောအကြောင်းကြောင့် 'ရွှေနားပန်'စေတီဟု ယနေ့တိုင် ဘွဲ့အမည်တော်မှည့်ခေါ်တော်မူကြပါသည်။ 'ရွှေနားပန်' စေတီတော်မြတ်၏ ဉာဏ်တော်အမြင့်မှာ သံတောင် (၇၀) ဟု သိရပါသည်။

'ရွှေနားပန်' စေတီတော်မြတ်ကို အလောင်းဘုရားကြီးသားတော် ဗဒုံမင်းလက်ထက် ခရစ် ၁၇၈၂ ခုတွင် ထပ်မံပြုပြင်ကာတည်ထားတော်မူခဲ့ကြောင်း သမိုင်းကဆိုပါသည်။ ထို့ပြင် သာသနာပြုပုဂ္ဂိုလ်ထူး ဘိုးတော်အောင်မင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်ကြီးမှလည်း ကိုယ်တော်တိုင် ဦးဆောင် ထပ်မံ မွမ်းမံပြုပြင်တည်ဆောက်တော်မူခဲ့ကြောင်း ကမ္ပည်းမော်ကွန်းပါအကြောင်းအရာများကို ဖတ်ရှုရာမှသိခဲ့ရပါသည်။

၂၀၀၈ ခုနှစ်၊ မေလ ၂၊ ၃ တို့တွင် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည်ကို အကြောင်းပြု၍ ပြန်လည် မွမ်းမံပြင်ဆင်တည်ဆောက်ခြင်းများ ပြုလုပ်ကြရာတွင် ဘုရားဂေါပကရုံးဆောက်လုပ်ခြင်း၊ ဓမ္မစကြာအာရုံခံတန်ဆောင်းဆောက်လုပ်ခြင်း၊ ဒေဝီမယ်တော်စံနန်းတော်နှင့်တန်ဆောင်းဆောက်လုပ်ခြင်း၊ နောင်တော်ကြီးထီးတော်စေတီ တည်ထားကိုးကွယ်ခြင်း၊ အာရုံခံတန်ဆောင်းလေးဆောင် မုခ်ဝလေးခုဆောက်လုပ်ခြင်းများအပါအဝင် ရုပ်ပွားဆင်းတုတော်များနှင့်တကွ ကိုးကွယ်အပ်သော လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ ပုဂ္ဂိုလ်ထူး ရုပ်တုတော်များ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ ကျောက်စိမ်း၊ မြသပိတ်၊ စိန်ဖူးတော်အသစ်တို့နှင့်တကွ ကောင်းမှုတော်အစုစုကို အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆရာတော်ဘုရား ဘဒ္ဒန္တပညာဒီပဦးဆောင်လမ်းညွှန် တစ်ကျော့ပြန်


သုရဿတီမယ်တော်ကြီး


မိဖုရားကြီးမယ်ရှပ်


နဂါးမယ်တော် ဌာရန္တသီဒေဝီနတ်သမီး


ဝိနရာဒေဝီနတ်သမီး


မထီမေခလာနတ်သမီး


ဂဟာပတီဒေဝီ



ရွှေဒေဝီနတ်သမီး



www.burmeseclassic.com

www.burmeseclassic.com


ရွှေနားပန်ဘိုးဘိုးကြီး



ရွှေနားပန်မှ ဖိုးသူတော်ကြီး


ဘုရားအနောက်ဘက်မုခ်ဦး

ဖွင့်ဖော်မှုကို ဦးထိပ်ထား၍ အဂ္ဂမဟာပဏ္ဍိတဒွိပိဋကာရေ ဒွိပိဋကကောဝိဒ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဩဝါဒခံယူပြီး ဇေကမ္ဘာကုမ္ပဏီလီမိတက် သား၊ သမီး၊ မြေးမိသားစုတို့မှ ပဓာနဒါယကာ မတည်လှူဒါန်းကြပြီး (၇)ရက်သားသမီးအလှူရှင်များ ကုသိုလ်တော်ညီညာပေါင်းစု မြတ်ကောင်းမှု အလှူတော်ကို ရွှေနားပန်ဘုရားဂေါပကအဖွဲ့ဝင်များ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ သောကြာနေ့တွင် အလှူတော် ရေစက်သွန်းချမင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပတော်မူခဲ့ပြီးသကာလ ပြုပြုသမျှ ကုသိုလ်အဖို့ဘာဂကို မိဟောင်းဖဟောင်း၊ ဆရာသမားဟောင်း၊ မိတ်ကောင်းဆွေကောင်း၊ မိတ်ဟောင်းဆွေဟောင်း၊ မျိုးတော်ဟောင်း၊ ဆွေတော်ရှစ်သောင်း၊ မျိုးတော်ရှစ်သောင်းတို့နှင့် ထိုစဉ်က လေဘေးသင့်ပုဂ္ဂိုလ် အပေါင်းအပါအဝင် (၃၁) ဘုံသား ဝေနေယျအပေါင်းအား မေတ္တာပို့သ မျှတပေးဝေအမျှဝေပါသည်။ နတ်လူသာခုခေါ်စေသော်ဝ် . . .။

(မှတ်ချက် - ရွှေနားပန်ဘုရားမော်ကွန်းကမ္ပည်းစာမှ အကိုးအကားပြုရေးပါသည်။)


မြောက်ဘက်မုခ်အနီးမှ ခေါင်းလောင်း


ဘုရားအနောက်မြောက်အရပ်ရှိ ဗောဓိညောင်ပင်

## အဖေကြီး သားသမီးတပည့်များ အခက်အခဲမရှိ အဆင်ပြေသွား

သာသနာပြုပုဂ္ဂိုလ်ကျော် သာသနာရှေ့ဆောင် ဘိုးတော်အောင်မင်းခေါင်ကိုယ်တော်တိုင်ကြွရောက်ပြီး သာသနာတော်ပြန့်ပွားရေးနှင့် အထက်လမ်းလုပ်ငန်းစဉ်များ ဆောင်ရွက်တော်မူခဲ့ကြောင်း သမိုင်းကဆိုပါသည်။ ရှေးမီနောက်မီလူကြီးများက ဘိုးတော်အောင်မင်းခေါင်ကြီးအား ရွှေနားပန်ဘုရားတွင် မကြာခဏတွေ့မြင်ဖူးကြောင်း ပြောပါသည်။ ရွှေနားပန်ဘုရား အရှေ့မုခ်တန်ဆောင်းအနီး တနင်္လာထောင့်တွင် ပုတီးစိပ်ပြီးသွားသော အသက် (၅၀) ဝန်းကျင်ရှိ အမျိုးသားတစ်ဦးကိုတွေ့၍ မိတ်ဆက်ကြည့်ရာ ဦးကြည်နိုင်ဖြစ်ပြီး




www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်မုခ်ဝရှိ အမှတ်တရ



ရွှေနားပန်ကမ္မည်းကျောက်စာ

ပင်ရွှေညောင်လမ်းတွင်နေထိုင်ကြောင်း၊ အပတ်စဉ် ရက်သတ္တပတ်မွေးနေ့ တနင်္လာနေ့တွင် ရွှေနားပန်ဘုရားသို့ ရောက်လာပြီး အကြော်ရသည့်နေ့တွင် ရွှေနားပန်ဘုရားသို့ အကြော်ဆွမ်းကပ်ပြီး ဆင်စီးလာသော သာသနာ့ရှေ့ဆောင် အဖေကြီးဘမင်းခေါင်သို့လည်း အကြော်ကပ်လှူပါကြောင်း၊ အဖေကြီးထိုင်နေရာရှေ့ဆင်ဦးခေါင်းပေါ်တွင် တစ်ခါသုံးပန်းကန်ထဲ အကြော်ထည့်ပြီး ကပ်လှူပါကြောင်း၊ တချို့က အဖေကြီးရှေ့ ဆင်ဦးခေါင်းပေါ်တွင် အဖန်ရည်နှင့် ဆေးပြင်းလိပ်ကပ်လှူထားတတ်ကြကြောင်း၊ အကြော်မရသောနေ့များတွင် ကောက်ညှင်းပေါင်းရလျှင် ကောက်ညှင်းပေါင်းကပ်ပါကြောင်း၊ မရတဲ့အဆုံး ဘုရားဝင်းထဲကမုန့်ဆိုင်မှာ အာလူးကြော်ထုပ်ဝယ်ပြီးတစ်ခါသုံးစက္ကူပန်းကန်တွင်ထည့်၍ ကပ်လှူဒါနပြုသည်ဟု ဆိုပါသည်။ ရွှေနားပန်ဘုရားကြီးနှင့် အဖေကြီးတို့အား ကပ်လှူပြီးပါက ဆီမီး၊အမွှေးတိုင်ကပ်လှူပြီး ဘုရားရှိခိုး၊ သီလယူ၊ ပြီးရင် မေတ္တာပို့၊ အမျှဝေပြီး ပုတီး(၉) ပတ်စိပ်ကြောင်း၊ အပတ်စဉ်ပြုလာသောအခါ ဘဝခရီးမှာ အခက်အခဲမရှိ အေးချမ်းစွာရပ်တည်နေနိုင်ခဲ့ပါကြောင်း၊ ဤဘုရားတွင် အဖေကြီးအား နှစ်ခါတွေ့ဖူးပြီး မိန့်ဆိုပြောကြားစကားမမိန့်ကြားသော်လည်း အဖေကြီးက စောင့်ရှောက်ကြောင်း အထင်အရှားပြ၍ လွန်စွာဝမ်းသာပီတိဖြစ်ရပါကြောင်း စာရေးသူအား ရှင်လန်းတက်ကြွစွာ ရှင်းပြပါသည်။

ရွှေနားပန်ဘုရား အနောက်ဘက်မုခ်ဦးနှင့်ကပ်ရက်တွင် တည်ရှိသော သာသနာ့မဏ္ဍိုင်ကျောင်းသို့ အပတ်စဉ်လိုလိုလာရောက်၍ ပစ္စည်းလေးပါး ဒါယကာမဖြစ်သော ဒေါ်သီစန်းက စာရေးသူကို ပြောပြဖူးပါသည်။ ရာထူးတိုးလိုသော ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ရွှေနားပန်ဘုရားတွင် မကြာခဏ တွေ့မြင်ရကြောင်း၊ ရွှေနားပန်ဘုရားသို့ ပွဲလာလှူကြပါကြောင်း၊ ကန်တော့ပွဲတွင် စာတန်းကလေးကပ်၍ ဘုရားလှူထားသည်ကိုတွေ့ဖူးကြောင်း၊ ကန်တော့ပွဲ တွင် 'သား/ သမီး မောင် (-)၊ မ (-) တို့ ရာထူးတိုး လူကြီးနားပေါက်ပါစေ' အထက်ပါအတိုင်းထူးဆန်းသောစကားကိုဆိုလျက် ပွဲလှူထားသည်ကို သူတွေ့ဖူးကြောင်း၊ ဆိုလိုသည်က ရွှေနားပန် ဟူသော ဘုရားနိမိတ်တော်အရ ရာထူးပေးမည့် လူကြီးနားကိုပေါက်(ကြား)စေရန် လှူဒါန်းပုံရပါကြောင်း၊ တချို့က စာမေးပွဲအောင်ပါစေဆိုပြီး ပွဲလှူသည်ကိုလည်း တွေ့ဖူးကြောင်း၊ ဘုရားနှင့် ဘုန်းကြီးကျောင်း မကြာခဏရောက်သူ ဒေါ်သီစန်းက စာရေးသူကို ပြောပြပါသည်။

'ထို့အပြင် ဘဝပဋ္ဌာန်းဆက်၊ သိုက်ဆက်ရှိသူ အမျိုးသမီးများက မဏိမေခလာနတ်သမီး၊ သူရဿတီမယ်တော်၊ နဂါးမယ်တော် ဣရန္ဓာသီဒေဝီ၊ ဂဟပတီဒေဝီ၊ သီရိဒေဝီ၊ ဝိနရာဒေဝီ နတ်သမီးများသီတင်းသုံးရာ ဘုရားရင်ပြင်တော်ရှိ နတ်သမီးဒေဝီဆောင်သို့ သွားရောက်ကြလျက် အမွှေးနံ့သာများ ကပ်လှူခြင်း၊ ပန်းပေါက်ပေါက်များ ဒါနပြုခြင်းစသဖြင့် ဆုတောင်းကြ၍ အောင်မြင်သူများက မယ်တော် ဒေဝီဝတ်ရုံလွှာ၊ တဘက်ခြုံလွှာများ ကပ်လှူကြကြောင်းလည်း ကြားသိရပါသည်။

ဆုတောင်းပြည့်သည်ဟု ဂုဏ်သတင်း ကျော်ကြားထင်ရှားတော်မူသော ရွှေနားပန်စေတီတော်ကြီးတွင် အဖေကြီး သာသနာ့ရှေ့ဆောင် ဘမင်းခေါင်ကြီးကြွ၍ ဘုရားဖူးလာသူများနှင့် သားသမီးတပည့်အပေါင်းတို့အား မစစောင့်ရှောက်နေတော်မူသည်မှာ လွန်စွာထင်ရှားလှပါသည်။ ဘုန်းတန်ခိုးကြီး ရှေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်သို့ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူလိုပါလျှင် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်တွင် တည်နေတော်မူပါသည်။ စာရှုသူမွေမိတ်ဆွေများ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူကြပါခင်ဗျား။

ထူးခြားသောအတ္တုံထူးကို ရပါလိမ့်မည်။

မေတ္တာများစွာဖြင့်

ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com

ရွှေချီအောင်(ပေလီ)

# ငမြိုနယ်၊ ကျိုက္ကလိမြို့၊ မဟာမြိုင်ရွာမှ သီလ၊ သမာဓိ၊ ဝိပဿနာဂုဏ်သတင်းမွှေးပျံ့ခဲ့သော ဆရာတော်ကြီးဘဒ္ဒန္တတေဇိန္ဒ



ဆရာတော်ကြီးဘဒ္ဒန္တတေဇိန္ဒ



ဆရာတော်ကြီး၏ မဟာဗောဓိကျောင်းတိုက်

စာရေးသူတို့၏ သံတွဲမြို့နယ်တွင် သာသနာ့အာဇာနည် ရဟန်းပုဂ္ဂိုလ်ကြီးများသည် ၁၉၈၄ ခုနှစ်မှ စတင်၍ ပေါ်ပေါက်ခဲ့ပါသည်။ သံတွဲမြို့မှ တောင်ဘက်အရပ်ရှိ(၁၀)မိုင်အကွာတွင် ဆွမ်းပျံလွန်တော်မူသည့် ဆရာတော်ကြီး ဦးသုဇာတ၏ ရုပ်ကလာပ်တော်တည်ရှိပါသည်။ ထို့အတူ ဇလွန်ဆရာတော်ကြီးဦးသုဇာတ၏ နည်းနိဿယအတိုင်း ဆက်လက် ကျင့်ကြံကြိုးပမ်းအားထုတ်သဖြင့် တပည့်ဖြစ်သူ ဦးကဝိန္ဒသည်လည်း ၂၀၁၅ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပြန်ရာ ရုပ်ကလာပ်တော်မှာ မပုပ်မသိုးဘဲ ရဟန္တာဓာတ်တော်များ ကွန့်မြူးခဲ့ပါသည်။ သံတွဲမြို့မှ အနောက်တောင်ဘက် (၁၀) မိုင်အကွာ ဂျိတ္တောလမ်းဆုံအရှေ့မြောက်အရပ်ရှိ ညောင်ဝိုင်းကျောင်းတိုက်ဆရာတော်ဘုရားကြီး ဦးကေတုမှာလည်း ပျံလွန်တော်မူသည့်အခါ မပုပ်မသိုးဘဲ အန္တိမစျာပနပြုချသည့်အခါ ဓာတ်တော်များကျခဲ့သဖြင့် စာရေးသူကိုယ်တိုင် ဖူးမြော်ခွင့်ကြုံခဲ့ပါသည်။

ထိုနည်းတူစွာပင် သံတွဲမြို့နယ် ကျိုက္ကလိမြို့နှင့် သုံးမိုင်အကွာရှိ မဟာမြိုင်ကျေးရွာ (ယခင် ကမ်းနားပြင်ရွာ) ရှိ မဟာဗောဓိကျောင်းထိုင်ဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒမှာလည်း လူအများတို့၏ ကြည်ညိုပူဇော်မှုကိုခံယူရပြီး ဆရာတော်ကြီး၏ အနေအထိုင်၊ အကျင့်သီလ၊ စရဏနှင့် ကျင့်ကြံကြိုးကုတ် အားထုတ်မှုများ၊ ထူးဆန်းသည့်အတွေ့အကြုံသိမြင်ရမှုများကို လေ့လာသုံးသပ်၍ ရဟန္တာဟု အထင်အရှား ကျော်ကြားပါသည်။ ဆရာတော်သည် ဝတ္ထုငွေကို လုံးဝကိုင်ဆောင်မသုံးစွဲသည့်အပြင် အနေအစားဖြိုးခြံ၍ အလိုဆန္ဒနည်းပါးကြောင်း၊ တောရကျောင်းဆောက်တည်၍ ဝိပဿနာ ဓုတင်ဆောင်ပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်း၊ မဟာဗောဓိကျောင်းတိုက်ကြီးအတွင်းရှိ တဲကျောင်းငယ်တွင် သီတင်းသုံးကာ အမြဲတမ်းကမ္မဋ္ဌာန်းတရားအားထုတ်လေ့ရှိကြောင်းနှင့် ပျံလွန်တော်မူသည်အထိ ဝိပဿနာတရားရှုမှတ်မှုမပျက်ကြောင်း ကိုယ်တွေ့သိရှိကြည်ညိုခဲ့ပါသည်။ ဤသို့ တွေ့ကြုံဖူးမြော်သိရှိခွင့်ရသည်မှာလည်း ဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒအား ငပလီကမ်းခြေ မြပြင်ရွာရှိ မြရတနာကျောင်းတိုက်သို့ ကိုယ်တိုင်ပင့်ဆောင်ကာ အကြိမ်ကြိမ်ပူဇော်ခွင့်ရရှိသောကြောင့် ဖြစ်ပါသည်။

❑ ဇာတိချက်ကြွေမွေးရပ်မြေ

မဟာဗောဓိဆရာတော်အလောင်းလျာအား ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ တိမ်ညိုကျေးရွာတွင် ဖခမည်းတော် ဦးရွှေဆန်းနှင့် မယ်တော် ဒေါ်မနီတို့မှ ၁၂၇၀ ပြည့်နှစ်၊ တပေါင်းလပြည့် စနေနေ့တွင် မွေးဖွားသန့်စင်တော်မူခဲ့၏။ မွေးချင်းညီအစ်ကိုမောင်နှမငါးယောက်အနက် တတိယမြောက်သားရတနာဖြစ်လေသည်။ ငယ်နာမည်မှာ မောင်မွေးလှဖြစ်သည်။ ငယ်စဉ်က တိမ်ညိုကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးကေတုထံတွင် ပညာသင်ကြားခဲ့သည်။ အသက် (၁၂) နှစ်အရွယ်သို့ ရောက်ရှိသည့်အခါ

www.burmeseclassic.com

တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရွာဦးကျောင်းဆရာတော်ကြီး ဦးကေတုကိုပင် ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရှင်သာမဏေဘဝဖြင့် ဆရာတော်ထံတွင် စာပေများကို ဆက်လက်သင်ကြားခဲ့ပြီးနောက် အသက် (၂၉) နှစ်အရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုပင် ခံယူပြီး မြောက်ဦးမြို့ ကံစောက်ကျောင်းတိုက် ခဏ္ဍသိမ်တော်တွင် ရှင်ကျောင်းဆရာတော်ဘဒ္ဒန္တပဏ္ဏိတအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သေလည်။ ရဟန်းဘဝသို့ ရောက်ရှိပြီးနောက် ဆရာတော်သည် ပရိယတ်၊ ပဋိပတ်စာပေများဆက်လက်သင်ကြားလိုသဖြင့် ရခိုင်ပြည်နယ်သာမက မြန်မာပြည်အနှံ့ရှိ စာသင်တိုက်ကြီးများသို့သွားရောက်ကာ ပညာဆည်းပူးခဲ့လေသည်။


ဆရာတော်ကြီး၏ရုပ်တုတော်



သံဃာဆောင်များ


မဟာဗောဓိကျောင်းတိုက်မုခ်ဦး

□ ဝေးရပ်ထွက်ကာပညာရှာ

ဦးပဥ္စင်းဦးတေဇနှသည် ရဟန်းဘဝဖြင့် ကံစောက်ရွာဆရာတော်ဘဒ္ဒန္တဝိဇယ(မဇ္ဈာစရိယ) ထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသည်တို့ကို သင်ယူခဲ့လေသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မင်းကျောင်း ရွှေကျင်တိုက်၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ကြိုးစားသင်ယူခဲ့လေသည်။ ထို့နောက် တစ်ဖန် အားရတင်းတိမ်နိုင်ခြင်းမရှိဘဲ ပခုက္ကူမြို့ မဟာဝိဇယရာမကျောင်းတိုက်တွင် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဇောနထံတွင် လည်းကောင်း၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု ဆဋ္ဌသင်္ဂါယနာဉက္ကဋ္ဌ) ထံတော်တွင် လည်းကောင်း ပညာသင်ကြားခဲ့ပါသည်။ ပဲခူးမြို့တွင် စာသင်ရသည်ကို အားမရနိုင်သဖြင့် မုံရွာမြို့ မဟာလယ်တီတိုက် ဒုတိယလယ်တီဆရာတော်ဘုရားကြီးထံတွင်လည်းကောင်း၊ လယ်တီပထမကျော် ဦးကောဝိဒထံတွင် လည်းကောင်း သင်ယူခဲ့ပြန်သည်။ ထိုမှဆက်၍ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတ (အဘိဓဇမဟာရဋ္ဌဂုရု) ထံတွင် လည်းကောင်း၊ မန္တလေးမြို့ ခင်မတန်တိုက်ဆရာတော် ဘဒ္ဒန္တ ဇဂရာဘိဝံသထံတွင် လည်းကောင်း ပရိယတ္တိစာပေများကို လေ့လာဆည်းပူးသင်ယူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

□ ပရိယတ်မှ ပဋိပတ်သို့

ဆရာတော်ကြီး ဦးတေဇိန္ဒသည် ပရိယတ္တိကို နှံ့စပ်အောင် လေ့လာမှတ်သား သင်ယူကြိုးစားခဲ့ပြီးနောက်တွင် သက်တော်ဝါတော်ရလာသည်နှင့်အမျှ ကမ္မဋ္ဌာန်းဝိပဿနာတရားကို လေ့လာပွားများ အားထုတ်လိုသဖြင့် ကမ္မဋ္ဌာန်းနာ ဆရာထပ်ရှာခဲ့လေသည်။ ထို့ကြောင့် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်တွင် လယ်တီဆရာတော်ဘုရားကြီး၏ အာနပါနဝိပဿနာရှုနည်းကို ပထမကျော် ဦးကောဝိဒထံတွင် နည်းနာနိဿယ ခံယူကာ လေ့ကျင့်ပွားများ အားထုတ်တော်မူခဲ့လေ၏။ ထိုမှတစ်ဖန် ရန်ကုန်မြို့သို့ ကြွရောက်၍ တောင်ဥက္ကလာပမြို့နယ် စွန်းလွန်းဂူကမ္မဋ္ဌာန်းတွင် ဝိပဿနာတရားကို နည်းနာခံဆက်လက်အားထုတ်တော်မူခဲ့သည်။ ဆရာတော်သည် ဝိပဿနာတရားကို ပျံလွန်တော်မူသည်ထိ မနေမနားကြိုးစားအားထုတ်တော်မူခဲ့လေ၏။ ထို့ကြောင့် ဝိပဿနာစုတင်ဆောင်ဆရာတော်ကြီးအဖြစ် အများက ကြည်ညိုလေစားခဲ့ကြလေသည်။

□ ပရိယတ္တိပို့ချရာ မဟာဗောဓိကျောင်းမှာ

မြန်မာနှစ် ၁၃၀၀ ပြည့်နှစ်တွင် ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန္တလီမြို့ ကမ်းနားပြင်ရွာ (ယခုမဟာမြိုင်ကျေးရွာ) တွင် ကျောင်းထိုင်နေသည့် နောင်တော်ကြီး ဦးကုသလ၏ ပင့်ဆောင်လျှောက်ထားမှုကြောင့် ကမ်းနားပြင်ကျေးရွာရှိ မဟာဗောဓိကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူခဲ့သည်။ နောင်တော်ကြီး ပျံလွန်တော်မူပြီးနောက် မဟာဗောဓိကျောင်းတွင် ကျောင်းထိုင်အဖြစ် ဆက်လက် သီတင်းသုံး နေထိုင်ကာ တပည့်ဒါယကာ၊ ဒါယိကာမများအား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးဟောကြားတော်မူခဲ့လေသည်။ ဆရာတော်သည် မဟာဗောဓိကျောင်းတိုက်တွင် တပည့်ဖြစ်သူ ဦးပဥ္စင်းဦးခေမာစာရ



ဆရာတော်ကြီး ပုတီးစိပ်နေစဉ်



ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းနေစဉ်



ဆရာတော်ကြီး စင်္ကြံလျှောက်နေစဉ်



ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းနေစဉ်



ယခုထက်ရှိ ကျောင်းထိုင်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

နှင့်အတူ သီတင်းသုံး နေထိုင်တော်မူ၍ ပရိယတ္တိစာသင်တိုက်ကိုပြုစုပျိုးထောင်ခဲ့သည်။ဆရာတော်ကြီးသည် စာသင်သားရဟန်း(၂၀)ကျော်တို့အား မိမိနယ်လှည့်၍ ဆရာတော်ကြီးများထံတွင် နည်းယူသင်ကြားခဲ့သည့် နည်းနိသသယအတိုင်း ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့လေသည်။ တပည့်ဖြစ်သူ ဦးခေမာစာရကလည်း ဆရာတော်ကြီးအား အနီးကပ် ဝတ်ကြီးဝတ်ငယ်ဖြည့်ဆည်း၍အလုပ်အကျွေးပြုတော်မူခဲ့လေသည်။

ထို့ပြင် ဆရာတော်ကြီးသည် ဂွမြို့နယ်လုံးဆိုင်ရာသံဃအဖွဲ့အစည်းတွင် ဂွမြို့နယ် ဝိနည်းဓိုရ်ဆရာတော်ကြီးအဖြစ်လည်းကောင်း၊ ဂွမြို့နယ် ဩဝါဒါစရိယဆရာတော်ကြီးအဖြစ် လည်းကောင်း၊ ဂွမြို့နယ်ဒေသဆိုင်ရာ'ကင်းရုံးပါဝရဏာအုပ်စု' ၏ ဂဏနာယက ဂဏပါမောက္ခဆရာတော်အဖြစ် သာသနာရေးတာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။ ဆရာတော်ကြီးဘဒ္ဒတေဇိန္ဒသည် သာသနာတော်နှစ် ၂၄၉၈ ခု၊ မြန်မာနှစ် ၁၃၁၆ခုနှစ်၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ကျင်းပပြုလုပ်သည့် ဆဋ္ဌမသင်္ဂါယနာ ပထမသန္နိတအစည်းအဝေးသို့ကြွရောက်တော်မူခဲ့လေသည်။

## ❑ တောရဲ့ဆောက်ကာ ဝိပဿနာတရားရှာ

ဆရာတော်ကြီးသည် ကမ်းနားပြင်ရွာ မဟာဗောဓိကျောင်းတိုက်တွင် တပည့်သံဃာတို့အား ပဓုက္ကူနည်းနိသသယဖြင့် ပရိယတ္တိစာပေများကိုအားရအောင် ပို့ချသင်ကြားပေးတော်မူပြီးနောက်တွင် ဦးခေမာစာရနှင့် ကျောင်းကို ခေတ္တလွှဲအပ်ကာ ကြွေချိုင်ရွာ ဒကာ၊ ဒကာမများ၏တောင်းပန်ပင့်လျှောက်ထားမှုကြောင့် ကြွေချိုင်ရွာတွင် ကိုးနှစ်ကြာ သီတင်းသုံးနေထိုင်တော်မူ၍ ကြွေချိုင်ရွာ ဒကာ၊ ဒကာမများကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေးဆုံးမတော်မူခဲ့ပါသည်။ ဆရာတော်ကြီးသည် ကြွေချိုင်ရွာတွင် သီတင်းသုံးနေထိုင်စဉ်အတွင်း ဝိပဿနာတရားကို ကြိုးစားအားထုတ်တော်မူခဲ့လေ၏။ ဆရာတော်ကြီးသည် ကြွေချိုင်ရွာအရှေ့ဘက်ရှိ ရေပေါ်စမ်းတောရနှင့် လေလာတောင်တောရစခန်းများတွင် တောရဆောက်တည်ကာ ဝိပဿနာတရားကို ဓုတင်ဆောင်အားထုတ်တော်မူခဲ့သည်။ သို့ရာတွင် ၁၃၁၀ပြည့်နှစ်တွင် ကမ်းနားပြင်ရွာ မဟာဗောဓိကျောင်းဆရာတော် နောင်တော်ကြီး ဦးကုသလပျံလွန်တော်မူသဖြင့် ကမ်းနားပြင်ရွာ မဟာဗောဓိကျောင်းသို့ ပြန်လည်ကြွရောက်တော်မူခဲ့ရပြန်လေသည်။

ဆရာတော်ကြီးသည် မဟာဗောဓိကျောင်းတွင် မယ်တော်ကြီးအား ပြုစုလုပ်ကျွေးစောင့်ရှောက်ရင်း ဝိပဿနာတရားကိုဆက်လက်အားထုတ်တော်မူခဲ့ပြန်သည်။ ထို့နောက် ကူးတို့လေးရွာတွင် သီတင်းသုံး၍ ကူးတို့လေးရွာ ရေစမ်းတောင်တောရတွင် ကမ္မဋ္ဌာန်းဝိပဿနာတရားကို ဆက်လက်၍ အားထုတ်တော်မူပါသည်။ ကမ်းနားပြင်ရွာ မဟာဗောဓိကျောင်းတွင် သီတင်းသုံးနေထိုင်စဉ်ကလည်း ရွာအနေ့ဘက် ကျိန္တလီချောင်းဖျားပိုင်းရှိ လူသူအရောက်အပေါက်နည်းပါးသော မကူသောင်တောရတွင် ဝိပဿနာတရားတော်ကို ဓုတင်လေးပါးဆောက်တည်၍ တောရကျောင်းဖြင့်တရားအားထုတ်တော်မူခဲ့သည်။ ထိုခေတ်ထိုအချိန်က မကူသောင်တောရတွင် တောကြီးတောင်ကြီးဖြစ်၍ တောနက်လှပေရာ သားရဲတိရစ္ဆာန်များ အလွန်ပေါများ၍ မုဆိုးများမှအပ သာမန်လူပုဂ္ဂိုလ်များ မသွားလာရဲသောနေရာဒေသဖြစ်ခဲ့သည်။ ဆရာတော်ကြီးသည် သားရဲတိရစ္ဆာန်များကို မေတ္တာဓာတ်ပို့သ၍ တရားအားထုတ်ခဲ့ပါသည်။ မကူသောင်တောရတွင် တရားအားထုတ်ခဲ့စဉ် ဆွမ်းကိစ္စအတွက် ချောင်းဖျားရှိ လယ်တဲကိုင်းများသို့ ဆွမ်းခံကြွရောက်လေ့ရှိသည်ဟု ဆိုပါသည်။

## ❑ ဓုတင်ဆောင်ကာ တောထဲမှာ

ဆရာတော်ကြီးသည် တရားအားထုတ်တော်မူရာတွင် လူမနီးသူမနီးတောနက်ကြီးထဲတွင် တစ်ပါးတည်းဆိတ်ငြိမ်စွာဓုတင်ဆောင်၍ တရားအားထုတ်ခြင်းကို နှစ်သက်တော်မူလေ့ရှိသည်။ ဆရာတော်ကြီးသည် ဓုတင်တောရဆောက်တည်ရာတွင် ရုက္ခမူဓုတင်ဆောင်၍အားထုတ်တော်မူလေ့ရှိပါသည်။ ဆရာတော်ကြီးသည် ကျိန္တလီချောင်းဖျားရွာ မကူသောင်ရွာ ကိုင်းတောကြီးထဲတွင် ငါးနှစ်တာမျှ တရားအားထုတ်တော်မူခဲ့သည်။ ထိုမှတစ်ဖန် ရေပေါ်စမ်းတောင်နှင့်လေလာတောင်တောရများတွင် ဆက်လက်အားထုတ်တော်မူပါသည်။ ဆရာတော်ကြီးသည် မိုးကာလလေးလပတ်လုံး ဂါမဝါသီအဖြစ် သီတင်းသုံးတရားအားထုတ်ကာ ဝါကျွတ်သည်နှင့် ဆောင်းရာသီနှင့် နွေရာသီတွင် အရညဝါသီအဖြစ်တောမှီရဟန်းအဖြစ် ဆက်လက်အားထုတ်တော်မူပါသည်။

ဆရာတော်ကြီးသည် တောရဌာနသုံးခုရှိရာ ပထမဌာနမှာ ကျိန္တလီချောင်းဖျားပိုင်းဖြစ်သည့် ခြေကျင်ခရီးတစ်နေ့တာသွားမှရောက်သည့် မကူသောင်တောရဖြစ်ပါသည်။ ဒုတိယတောရဌာနမှာ ဂွမြို့ ကမ်းသာယာဟိုတယ်အနီးတွင်ရှိ ကြွေချိုင်ရွာနှင့် သပြုချောင်းရွာအနီး၊ သံတွဲ-ဂွကားလမ်းမကြီးဘေး လက်ဝဲဘက်ရှိ ရေစမ်းတောင်တောရ ဖြစ်ပါသည်။ တတိယဌာနမှာ ကြွေချိုင်ရွာနှင့် သပြုချောင်းရွာအကြားရှိ အရှေ့ဘက်(၅)မိုင်ခန့်အကွာတွင်ရှိသည့် လေလာတောင်တောရဖြစ်လေသည်။ ပထမတောရဆောက်တည်ရာ မကူသောင်အရပ်သည် ကျိန္တလီချောင်းဖျားဒေသ တောနက်ရာဖြစ်လေသည်။ ဆရာတော်သည် တောရဆောက်တည်သည့်အခါ ခရင်ချောင်း၊ ညောင်ချောင်း စသည့်နေရာများသို့ လယ်တဲကိုင်းတဲများ၊ လုပ်သားများထံတွင် နေ့စဉ်ဆွမ်းခံကြွလေ့ရှိပါသည်။ ရွာသားများက ဆရာတော်ကို ဝါးတဲတည်ဆောက်၍၊ သစ်ရွက်သစ်ခက်များမိုးကာ၍ တောရကျောင်းတည်ဆောက်ပေးကြသည်။ ထိုဒေသတွင် တောနက်သဖြင့် တောရဲတိရစ္ဆာန်များ အန္တရာယ်ရှိသော်လည်း တစ်ပါးတည်းသီတင်းသုံး၍ သစ်တစ်ပင်အောက်၊ ဝါးတစ်ပင်အောက်တွင် ရုက္ခမူဓုတင်တည်ဆောက်၍ တရားအားထုတ်လေသည်။ ဆရာတော်၏တောရကျောင်းတစ်လျှောက်တွင် အနီးအနား၌ ကျားများသည် အိမ်မွေးကြောင်ကြီးများကဲ့သို့ အိပ်စက်နားနေ၍သော် လည်းကောင်း၊ ဆရာတော်စင်္ကြံလျှောက်ရာနောက်သို့တကောက်ကောက်နောက်မှလိုက်ပါ၍သော်လည်းကောင်း နေထိုင်လေ့ရှိသည်ဟု သိမြင်သူရွာသူများက စာရေးသူကို ပြောပြပါသည်။ ကျားတို့သည် ဆရာတော်၏မေတ္တာစွမ်းအားကြောင့် ရန်မမူနိုင်ဘဲ ဆရာတော်၏ တောရကျောင်းပတ်ဝန်းကျင်တွင် ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြခြင်းဖြစ်လေသည်။

## ❑ ကျွဲများပင်မခတ်ဝံ့သောဆရာတော်

ဆရာတော်ကြီးသည် တစ်နေ့တွင် တောရဆောက်တည်ရန်အတွက် ကျိန္တလီချောင်းဖျားဒေသသို့ ကြွရောက်တော်မူခဲ့စဉ် ထူးခြားသောအဖြစ်အပျက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်ခဲ့ပါသည်။ လမ်းတွင် လမ်းကြုံသဖြင့် ကိုရင်တစ်ပါးက ချောင်းဖျားဒေသသို့ ကိုရင်က ဆရာတော်ကြီးနှင့်အတူ လမ်းကြုံလိုက်ပါလာခဲ့လေသည်။ ကွဲရိုင်းအုပ်ကြီးသည် ဆရာတော်ကြီးတို့ကိုမြင်သဖြင့် နှာတဖူးဖူးမှုတ်ကာ ချိုများကိုဝှေ့ယမ်း၍ တရကြမ်းပြေးပါလာကြလေသည်။ ထိုအခြင်းအရာကို မြင်တွေ့ရသည့် ကိုရင်ငယ်သည် အလွန်အမင်းကြောက်ရွံ့၍ထွက်ပြေးရန်ပြုလေသည်။ ဆရာတော်ကြီးကခြေစုံရပ်၍ ကွဲအုပ်ကိုမေတ္တာပို့သလိုက်လေသည်။ ကွဲအုပ်သည် ဆရာတော်ကြီးနှင့်ကိုရင်လေးရှိရာသို့ တစ်ဟုန်ထိုးပြေးလာသော်လည်း ဆရာတော်ကြီးရှေ့နားသို့ရောက်သည့်ဘရိတ်အုပ်သကဲ့သို့ ကွဲများရပ်တန့်ကာ ခေါင်းငုံ့၍ ငြိမ်သက်စွာရပ်နေကြလေသည်။ ကွဲအုပ်ကို ဆရာတော်က ကိုယ့်လမ်းကိုသွားကြရန် လက်ဖြင့်ညွှန်ပြလိုက်သည့်အခါ ကွဲအုပ်သည်နောက်ကြောင်းပြန်သွားသည်ဟု ကိုရင်ငယ်လေးကပြန်ပြောပြသည်ဟု သိရှိရပါသည်။

**ႇ ကောင်းကင်ပြင်မှရဟန်းတော်**

စာရေးသူသည် ဆရာတော်ကြီးအကြောင်းရေးသားတင်ပြနိုင်ရန်အတွက် ကမ်းနားပြင်ရွာရှိ မဟာဗောဓိကျောင်း ဂေါပကအဖွဲ့နှင့်တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။ ဂေါပကအဖွဲ့ ယခင်အတွင်းရေးမှူးဟောင်း ဦးကြွင်းရွှေက အံ့ဩဖွယ်ရာဖြစ်ရပ်တစ်ခုကို စာရေးသူအား ပြောပြခဲ့ပါသည်။ ဆရာတော်ကြီး ကျွန္တလီချောင်းဖျား ကိုင်းတောထဲတွင် တရားထိုင်နေစဉ်ကာလက ဖြစ်ပါသည်။ ကျွန္တလီချောင်းဖျားဒေသတွင် ဘဝင်ဆိုသည့်ရွာတစ်ရွာရှိပါသည်။ ထိုနေရာတွင် ယခင်က ရေအားလျှပ်စစ်ထုတ်လုပ်ရန် လေ့လာခဲ့ကြဖူးသည်။ ဘဝင်ရွာအထက် တစ်မိုင်ခန့်အကွာတွင် လယ်တဲယာတဲများရှိပါသည်။ ၎င်းတို့သည် နွေရောမိုးပါ ဆောင်းရာသီဥတုသုံးပါးစလုံး လယ်တဲ နိုင်မာစွာဆောက်၍ လယ်ယာလုပ်ကိုင်နေသူများ ဖြစ်ပါသည်။

တစ်နေ့တွင် လယ်ထဲမှ မိန်းကလေးငယ်တစ်ယောက်သည် ကောင်းကင်မှ ပျံကြွလာသော ရဟန်းတော်တစ်ပါးကို မြင်တွေ့ရလေသည်။ ထိုရဟန်းတော်၏ မျက်နှာတော်ကို ထင်ထင်ရှားရှားဖူးတွေ့လိုက်ရသည်ဟုဆို၏။ မိန်းကလေးငယ်၏ လက်ညှိုးထိုးအော်ဟစ်ပြောဆိုသံကြောင့် ကိုင်းယာသမားမိသားစုများထွက်ကြည့်ကြသည်။ သို့ရာတွင် ရဟန်းတော်မှာ ထိုနေရာကိုလွန်မြောက်သွားပြီဖြစ်သဖြင့် ရဟန်းတော်၏နောက်ကျောဘက်ကိုသာ ဖူးတွေ့လိုက်ရပါသည်။ ထိုအချိန်သည် ဆရာတော် ဆွမ်းခံကြွလေ့ရှိသည့်အချိန်ဖြစ်သည်။ထိုဖြစ်ရပ်နှင့် အလားတူစွာပင် ကျွန္တလီမြစ်ကူး တံတားဦးရှိ အရှေ့ဘက်လက်ဝဲဘက်မြစ်ကမ်းပါးပေါ်တွင် ကံ့ကော်တောင်ရွာရှိပါသည်။ ထိုရွာတွင် ချင်းတိုင်းရင်းသားများနေထိုင်ကြပြီး အများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်၍ လူနည်းစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။

တစ်နေ့သော ညနေ နေဝင်စအချိန်တွင် ကံ့ကော်တောင်ရွာပေါ်မှ ရဟန်းတော်တစ်ပါး ကောင်းကင်ယံတွင် ကြွချီလာသည်ကို ကစားနေကြသည့် ကလေးငယ်များမြင်တွေ့ရသည်ဟု ဆိုပါသည်။ ကံ့ကော်တောင်ရွာမှ ဦးဘညို၏မြေးခုနစ်နှစ်အရွယ်မိန်းကလေးသည် ရဟန်းတော်ကို ထင်ရှားစွာဖူးမြော်လိုက်ရသည်ဟုဆိုပါသည်။ ကလေးများအသံကြောင့် ရွာသားများထွက်ကြည့်သည့်အခါ ရဟန်းတော်မှာ မြစ်တစ်ဖက်ကို ဖြတ်သန်း၍ မဟာဗောဓိကျောင်းရှိရာသို့ ကောင်းကင်မှကြွသွားသည်ကို နေဝင်စအချိန်တွင် ခပ်ရေးရေးမျှသာ ဖူးတွေ့လိုက်ကြရသည်ဟု ပြောဆိုကြပါသည်။ ဦးဘညိုသည် လမ်းတွင် သံဃာတော်များတွေ့တိုင်း ထိုဆရာတော်ဟုတ်၊ မဟုတ်မေးသည့်အခါ မြေးကမဟုတ်သေးကြောင်း မြေးမလေးက ပြန်ဖြေလေ့ရှိသည်ဟုဆိုပါသည်။

ဤသို့ဖြင့် အတန်ကြာသွားပြီးနောက် ကံ့ကော်တော်ရွာတွင် အလှူပွဲတစ်ခုပြုလုပ်လေသည်။ အလှူရှင်က ဆရာတော်ကိုပါ အလှူသို့ပင့်လျှောက်သဖြင့် အလှူသို့ကြွရောက်လာပါသည်။ ထိုအလှူတွင် ဦးဘညိုနှင့် မြေးမလေးတို့လည်းတရားနာကြားကြသည်။ မြေးမလေးက တရားနာကြားနေရင်း ဆရာတော်ကိုမှတ်မိသွားရာ ကောင်းကင်ယံတွင်တွေ့ရသောသံဃာတော်သည် ယခုတရားဟောနေသည့်ဆရာတော်ကြီးပင်ဖြစ်ကြောင်း ခိုင်ခိုင်မာမာပြောဆိုခဲ့လေသည်။ လူအများက သိရှိပြောဆိုနေကြသော်လည်း ဆရာတော်ကြီး မသိကျိုးကျွန်ပြုကာ ခပ်မဆိတ်သာနေလေ့ရှိပါသည်။ ထိုအကြောင်းကိုအခြေခံ၍ ပတ်ဝန်းကျင်ဒေသကျေးရွာမြို့အနယ်အသီးသီးမှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ဆရာတော်ကြီးထံ အဖူးမြော်ရောက်ရှိကြလေသည်။ ဆရာတော်ကြီးကို ပို၍ကြည်ညိုမှုရှိလာခဲ့ပါသည်။

**ႇ ရဲဝန်ထမ်းကိုမြင့်လွင်ကိုယ်တွေ့**

ဂါတ်စာရေးရဲဝန်ထမ်း ကိုမြင့်လွင်သည် လွန်ခဲ့သောနှစ်(၂၀)ခန့်က တာဝန်ထမ်းဆောင်နေစဉ် ဆရာတော်ကြီး၏ ထူးခြားသည့်ဝိသေသများကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရဖူးလေသည်။ ထိုအချိန်က ကျွန္တလီချောင်း၏ ရွာဘက်ကျသော ချောင်းကမ်းပါးတွင် ဦးလှမောင်၏ မော်တော်ကို လှေဆရာများက တည်ဆောက်နေကြသည်။ မိုးရာသီဖြစ်၍ မော်တော်ကြီးကို အလုပ်တွင်ကျယ်စေရန် အမိုးမိုးထားလေသည်။ ရွာရှိ လူငယ်များက ညအချိန်တွင် မော်တော်အတွင်းဝင်၍ ဖဲရိုက်လေ့ရှိကြသည်။ ကိုမြင့်လွင်က ရဲကင်းလှည့်၍ ဖဲဝိုင်းများကိုဖမ်းရန် ဓာတ်မီးထိုး၍ ရှာဖွေရာမတွေ့သဖြင့် ကမ်းနားပြင်ရွာသချိုင်းဘက်ဆီသို့ ပတ္တရောင်လှည့်ကာ ရဲကင်းသို့ပြန်လာကြသည်။ မိုးရာသီဖြစ်၍ မိုးသဲသဲမဲမဲရွာနေရာ လမ်းတွင်ရှေ့မှ မည်းမည်းဖြင့်သွားလာနေသော လူသဏ္ဌာန်ကိုမြင်သဖြင့် ဓာတ်မီးထိုးကြည့်သည့်အခါ ဆရာတော်ကြီး ဖြစ်ကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍ ဆရာတော်ကြီး၏နောက်မှ လိုက်ပါခဲ့ကြသည်။ ကျောင်းသို့ရောက်ရှိ၍ကြည့်လိုက်သောအခါ ဆရာတော်ကြီး၏ ကိုယ်ခန္ဓာတွင် မိုးရေများစိုစွတ်မှုမရှိကြောင်း တွေ့ရှိရသည်ဟုဆိုပါသည်။

**ႇ ကိုယ်ပျောက်ဆရာတော်**

၁၉၉၀ ပြည့်နှစ်တွင် ကျေးရွာလုံခြုံရေးအတွက် မဟာဗောဓိကျောင်းတိုက်အတွင်း တပ်မတော်မှစခန်းချနေထိုင်ကြသည်။ တပ်တွဲနေစဉ် လုံခြုံရေးအတွက် အမိန့်ကဆောင်ရွက်ကြလေရာ ကျောင်းတွင်းကျောင်းပြင်လုံခြုံရေးကင်းများချထားပြီး စစ်ဆေးမေးမြန်းလေ့ရှိပါသည်။ ထိုအချိန်က ဆရာတော်ကြီးမှာ သုသာန်ဓုတင်ဆောင်နေချိန်ဖြစ်ရာ သချိုင်းသို့သွားရောက်၍ ဓုတင်ဆောက်တည်လေ၏။ ဆရာတော်ကြီး သုသာန်ဓုတင်ဆောင်ရန် ကျောင်းခြံအတွင်းမှ ဝင်ထွက်သွားလာနေသည်ကို မည်သူမျှ ရိပ်စားသိရှိခြင်းမရှိကြပါ။ နေ့ကင်း၊ ညကင်းအထပ်ထပ်စောင့်နေသည့်ကြားမှ ဆရာတော်ကြီးသည် လူမသိသူမသိ သုသာန်သို့ သွားရောက်၍ ဓုတင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်မှာ အံ့ဩဖွယ်ရာတစ်ခုဖြစ်နေလေသည်။

ဆရာတော်ကြီး၏ ဂုဏ်သတင်းကြောင့် လာရောက်ဖူးမြော်သူများပြားလှပေရာ ဆရာတော်ကြီးမှာ အချိန်တိုင်း ဖူးတွေ့မခံနိုင်ချေ။ ဆရာတော်ကြီးတရားအလုပ်ပြီးစီးမှသာ လက်ခံတွေ့ဆုံလေ့ရှိသည်။ လာရောက်ဖူးမြော်သူများကိုလည်း ဆရာတော်ကြီးမှ ပရိတ်ချည်ကြိုးများစွန့်ကြလေ့ရှိပါသည်။ တစ်နေ့သောအခါတွင် ဆရာတော်ကြီးကို ဖူးမြော်ရန် လာရောက်စောင့်ဆိုင်းနေသည့်ဧည့်ပရိသတ်များက ဖွဲကောင်းကောင်းဖြင့်စောင့်ဆိုင်းနေကြပါသည်။ ဆွမ်းစားချိန်ရောက်ရှိသော်လည်း ဆရာတော်ကြီးသည် တဲကျောင်းအတွင်းမှ ထွက်မလာသဖြင့် တပည့်ဒကာတစ်ဦးက အခန်းတံခါးကို တွန်း၍ဝင်သွားခဲ့ပါသည်။ ထိုအခါ သင်္ကန်းလက်လိပ်ထိုးလျက် ချွေးသံတရွှဲရွှဲဖြစ်သည့် ဆရာတော်ကြီးကိုရပ်လျက် တွေ့ရှိရပါသည်။ ဆွမ်းဘုဉ်းရန်ပင့်လျှောက်သည့်အခါ ဆွမ်းစားပြီးကြောင်း မိန့်ကြား၍ မယ်တော်ကြီးရှိရာ တိမ်ညိုရွာသို့ကြွခဲ့ကြောင်း မည်သူ့ကိုမျှ ဤကိစ္စမပြောဘဲ နှုတ်ပိတ်နေပါရန် မှာကြားခဲ့သည်ဟု သိရှိရပါသည်။

**□ မဟာဗောဓိကျောင်းမှ ရောင်ခြည်ဆန်း**

ညအချိန် လူခြေတိတ်ချိန်တွင် ဆရာတော်ကြီး၏ မဟာဗောဓိကျောင်းဆီမှအလင်းရောင်တန်းကြီးများထွက်ပေါ်လေ့ရှိကြောင်း တွေ့မြင်ရသူတို့က ပြောဆိုကြပါသည်။ ဒေသခံများ၏ အဆိုအရ ထိုအလင်းရောင်တန်းထွက်ပေါ်နေချိန်သည် ဆရာတော်ကြီးတရားရှုမှတ်နေသည့်အချိန်အခါနှင့် တိုင်ဆိုင်မှုရှိကြောင်း ပြောပြကြပါသည်။ ကျိန္တလီမြစ်ကူးတံတားကြီးမတည်ဆောက်မီက လူများ၊ ကားများကို ကူးတို့ဖောင်ဖြင့်တင်၍ တစ်ဖက်ကမ်းသို့ကူးကြရပါသည်။ တံတားကြီးစတင်တည်ဆောက်စအချိန်က ပိုင်တိုင်များစရိုက်နေစဉ်အချိန်ကဖြစ်ပါသည်။

အသက် (၃၅) နှစ်ခန့်အရွယ်ရှိ မငြိမ်းရွှေသည် ငါးရောင်းရန် ငါးဖောက်သည်ထံတွင် ငါးဝယ်ယူပြီး ကိုင်းကုံရွာဘက်သို့အပြန်တွင် မဟာဗောဓိကျောင်းခေါင်မိုးဘက်ဆီမှ ငှက်ပျောဖူးသဏ္ဌာန်ရောင်ခြည်တန်းကြီးကို တွေ့မြင်ခဲ့ရသည်ဟု ဆိုပါသည်။ အချိန်မှာ နံနက်(၅)နာရီကျော်ကျော်အချိန် ဖြစ်ပါသည်။

**□ မဂဓစကားတတ်သည့်ဆရာတော်ကြီး**

ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်း ကျီးကန်းများ အုပ်စုဖွဲ့နေထိုင်၍ ဆရာတော်ကြီးက ကျွေးမွေးထားပါသည်။ ကျီးကန်းများသည် ဆရာတော်ပြောသည့်စကားကို နားထောင်လေ့ရှိပါသည်။ ဆရာတော်ကြီးမွေးထားသည့် ကျီးကန်းများကို မည်သူတစ်ဦးတစ်ယောက်မျှ မပစ်ခတ်ရဲကြပါ။ ဆရာတော်က မဂဓစကားဖြင့်အစာကျွေးရန်ခေါ်လျှင် အသံကြားမှ စုရုံးရောက်ရှိလာကြပါသည်။

တစ်ခါက ပြောင်းဖူးယာခင်းရှင်တစ်ဦးက ပစ်ခတ်သဖြင့် ကျီးကန်းများဝိုင်းဖွဲ့အော်မြည်၍ပြန်လာကာ ဆရာတော်ကိုဝိုင်း၍အော်မြည်နေကြပါသည်။ ဆရာတော်က မဂဓစကားကိုနားလည်သဖြင့် -

"နင်တို့ကို ငါမှာတယ်မဟုတ်လား။ သူတစ်ပါးစပါး၊ ပြောင်းခင်းတွေဝင်ပြီး မဖျက်ဆီးရဘူးလို့ မှာထားရက်နဲ့ မင်းတို့က မလိမ္မာဘဲသွားခိုးစားကြတာကိုး"

ဟု ဆုံးမနေသည်ဟုဆိုပါသည်။

**□ သာမညဆရာတော်၏ လမ်းညွှန်စကား**

သာမညတောင်တွင် သာမညဆရာတော်ဘုရားကြီး ဘုန်းတန်ခိုးထွန်းတောက်ခဲ့စဉ် မြန်မာပြည်မှဆရာတော်ဖူးမြော်ရန် သွားရောက်ကြသူများမှာ နေ့ညမပြတ်စည်ကားလျက်ရှိပါသည်။ ဂွမြို့နယ်မှ ဆရာတော်ဖူးသူများသည် သာမညသို့ အရောက်သွားဖူးမြော်ကြပါသည်။

သာမညဆရာတော်ကြီးက -

"ဒကာ၊ ဒကာမတို့ ဘယ်အရပ်ဒေသကလဲ"

ဟု မေးသည့်အခါ -

"ရခိုင်ပြည်နယ် ဂွမြို့ကပါ"

ဟုလျှောက်ထားကြသည်။

ထိုအခါ သာမညဆရာတော်ကြီးက -

"အိမ်း တယ်လည်းခက်ကြကား။ ဆရာတော်ဖူးဖို့ ဒီကိုတကူးတကလာကြရတာကိုး။ သွားရလာရဝေးလွန်းလှပေတယ်။ ဒကာ၊ ဒကာမတို့ဆီမှာလည်း ဆရာတော်ကဲ့သို့ ဆရာတော်ကြီးတစ်ပါးရှိတာပဲ"

ဟု မိန့်မှာလိုက်ကြောင်းသိရှိရပါသည်။

ထိုအချိန်က ဂွမြို့နယ်တစ်ခွင် လူသိထင်ရှားကျော်ကြားနေသည့် ဆရာတော်ကြီးမှာ ဘဒ္ဒန္တတေဇိန္ဒပင် ဖြစ်ပါသည်။ ဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒမှာ နိုင်ငံတော်က ချီးမြှင့်သည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ၁၉၉၉ တွင် ဆက်ကပ်လှူဒါန်းရရှိခဲ့ပါသည်။ ဆရာတော်ကြီးကို နယ်ဝေးကြွချီသည့်အခါ အဆင်ပြေစွာသွားလာနိုင်စေရန် ဦးသိန်းဝင်းမှကားတစ်စီးလှူဒါန်းခဲ့ပါသည်။ သို့ရာတွင် ကားကို ဦးသိန်းဝင်းထံ၌ထားစေ၍ ခရီးဝေးကြွချီမှသာ ကိုသိန်းဝင်းကိုယ်တိုင် မောင်းနှင်ပို့ပေးရလေ့ရှိပါသည်။

ဆရာတော်ကြီးမှာ ဆွမ်းစာချိန်မှအပ ကျန်အချိန်များတွင် အမြဲတရားရှုမှတ်လေ့ရှိပါသည်။ ဆရာတော်ကြီးသည် ကျိန်းစက်မှုနည်းသလို ရသတဏှာကိုလည်း ပယ်သတ်နိုင်သည်ကိုတွေ့ရှိရပါသည်။ ဆရာတော်သည် အသီးအနှံများကိုသာသင့်တော်ရုံ ဘုဉ်းပေးလေ့ရှိပါသည်။ ဆရာတော်ကြီးသည် သက်တော် (၉၀) ကျော်သော်လည်း ခါးကိုင်းခြင်း၊ နားထိုင်းခြင်းမရှိသည့်ပြင် တောင်ဝှေးကိုပင်မသုံးဘဲ ကျန်းမာတောင့်တင်းစွာကြွချီနိုင်ပါသည်။ ဆရာတော်သည် တပည့်ဒကာများကို တရားဟောကြားသည့်အခါတွင် သက်တော် (၉၀) ပြည့်ခဲ့ပြီဖြစ်သော်လည်း အသံမှာ ကြည်လင်ပြတ်သား၍ အသံဩဇာရှိပါသည်။ ဤသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ဝိပဿနာဂုဏ်၊ ကမ္မဋ္ဌာနဂုဏ်၊ ရုက္ခမူမဂ္ဂါစိုတင်ဂုဏ်၊ မေတ္တာတော်ဂုဏ်တို့ကြောင့် ဒေသခံများ၊ လာရောက်ဖူးမြော်ကြည်ညိုသူများက ရဟန္တာဟုဆိုကာ အလွန်တရာကြည်ညိုကြပါသည်။

ဤသို့ ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော ဆရာတော်ကြီးသည် သိက္ခာတော် (၇၇) ဝါ၊ သက်တော် (၉၆) နှစ် ၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက် ၁၅-၃-၂၀၀၅ နေ့တွင် တစ်ဘဝတစ်ခန္ဓာတော်ရုပ်သိမ်း၍ အေးငြိမ်းသော မဟာပရိနိဗ္ဗာန်သို့ကြွမြန်းတော်မူခဲ့ပါကြောင်းနှင့် စာရေးသူကိုယ်တိုင် ဆရာတော်ကြီးအား သံတွဲမြို့ ငပလီကမ်းခြေရှိ မြပြင်ရွာ မြရတနာကျောင်းတိုက်သို့ အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့စဉ် ဝတ်ကြီးဝတ်ငယ်ပြုပူဇော်ရင်း ဇလေ့လာသိရှိရေးသားတင်ပြအပ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပေတော့သည်။

ရွှေချိုအောင်(ငပလီ)



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းတရားကြီးကောင်းမှုတော်
မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား

ချမ်းလှိုင်းထက်

# ရသေ့ကြီးဦးခန္တီ၊ မန္တလေးတောင်နှင့် ကမ္ဘာ့အကြီးဆုံးစာအုပ်

မန္တလေးမြို့ကြီးပေါ်သို့ စတင်ခြေချလိုက်သည်နှင့် ကျွန်ုပ်ကို စတင်မိတ်ဆက်သူကခြင်၊ ဒုတိယက ဆိုင်ကယ်ကယ်ရီ၊ တတိယက ရှုပ်ထွေးများပြားလှသော ဆိုင်ကယ်များ ဖြစ်သည်။ သူတို့အား လိမ္မာပါးနပ်စွာ ရှောင်ကွင်းရင်းဘည်းခိုရာဟိုတယ်သို့ ခရီးနှင်ခဲ့ရသည်။

မန္တလေးသည် တစ်နှစ်နှင့်တစ်နှစ်မတူ။ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေပါသည်။ အစဉ်အလာအရ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ပစ္စုပ္ပန်မြို့ပြလက္ခဏာများဖြင့် အထင်ကရရှိခဲ့သောမန္တလေးသည် ဂန္ဓာလရာဇ်ပြည်ကြီးပေါက်ဖော်တို့၏ ကြီးမားခံ့ထည်သောခြံဝင်းကြီးများ၊ ဟိုတယ်၊ အရောင်းပြခန်းများဖြင့် ဝင်းလက်တောက်ပနေသည်ကို အောင်ပင်လယ်အရှေ့မြို့သစ်များမှနေ၍ ကျွန်ုပ်ချောင်းကြည့်ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ သာသနာ့ဒါယကာ မင်းတုန်းမင်းကြီးသည် သူ၏ရာဇဌာနီမင်းနေပြည်တော်ကြီးဖြစ်ပေါ်လာရန် မူလဌာန အမရပူရမြို့တော်မှ မန္တလေးမင်းနေပြည်တော်ကြီးဖြစ်ပေါ်လာမည့် ယခုနေရာအား မြန်မာနှစ် ၁၂၁၈ ခုနှစ်၊ တပို့တွဲလမှစ၍ မြေနေရာခုတ်ထွင်ရှင်းလင်းပြီး မြို့သစ်၌ တစ်ပြိုင်နက်ပန္နက်ချပြီး တည်ဆောက်ရမယ့် အဆောက်အအုံ (၇) ခု သတ်မှတ်ခဲ့သည်။ (၁) နန်းမြို့ကြီး၊ (၂) ကျုံး၊ (၃) မဟာလောကမာရဇိန်၊ (၄) ပဋ္ဌာန်းတောရွှေသိမ်၊ (၅) အတုမရှိကျောင်း၊ (၆) သုဓမ္မာဇရပ်၊ (၇) ပိဋကတ်တိုက်တော်တို့ကို မြန်မာနှစ် ၁၂၂၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့မှာ တစ်ပြိုင်နက်ပန္နက်ရိုက်ပြီး တည်ဆောက်ခဲ့ပါသည်။




မဟာလောကမာရဇိန်ကုသိုလ်တော်မြတ်စွာဘုရား




www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတောင်ပေါ်ရှိ ရှာဗိတ်ပေးဘုရား



စွယ်တော်တိုက်ဇေါ်ဘုရားကြီး




မန္တလေးတောင်ထက်စောင်းတန်းရှိ သစ်ကနက်ဘုရား

ဤသက္ကရာဇ်အား အကြောင်းပြု၍ 'အောင်ကျော်ချမ်းအေးမန္တလေး' ဟူ၍ လည်းကောင်း၊ 'အုတ်ကျစ်ကျော် အေးမန္တလေး' ဟူ၍ လည်းကောင်း သက္ကရာဇ်အားမှတ်မိစေရန် လင်္ကာတိုလေးအား စပ်ဆိုမှတ်သားခဲ့ကြသည်။

□

နံနက်ဦးနေခြည်သည် နန်းမြို့ ကျုံးအရှေ့ဘက် ရှမ်းတောင်တန်းများပေါ်မှ တစ်စတစ်စထွက်ပေါ်လာပြီး မန္တလာ၏ နံနက်ခင်းကန့်လန့်ကာအား ဖွင့်လှစ်လိုက်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ အရှေ့မြောက်ဘက်နယ်စပ်အလွန်မှ မန္တလေးမြို့ကြီး၏ အချက်အချာနေရာများသို့ နယ်မြေသစ်ဦးစမ်းရှာဖွေအပိုင်သိမ်းယူသူတချို့၏ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နေပုံများကို ကျုံးနံဘေး ပက်လက်ဖောင်းပေါ်တွင် တွေ့ရပါသည်။

ပဝတ္တိသားတွေကျန်းမာရေးလိုက်စားနေသလောက် ဇာတိသားတွေကား နံနက်စောစောမှာ ကျန်းမာရေးထက် ဝမ်းရေးကိုဦးစားပေးနေရလေ၏။ တစ်ဦးစနှစ်ဦးစတော့ တွေ့နေရသည်။ ကျုံးအရှေ့တောင်ထောင့် (စီဒိုးနားထောင့်)မှနေ၍ မြောက်ဘက်သို့မျှော်ကြည့်မိသည်။ နန်းမြို့ရိုး၊ ကျုံးရေပြင်နှင့် မန္တလေးတောင် စသည့် မြင်ကွင်းသုံးခုသည် မျက်မြင်ပန်းချီကားချပ်ထဲတွင် လှပစွာ နေသားတကျ အကန့်လိုက်တည်နေ၏။

ထိုနေရာမှကြည့်ရသောမြင်ကွင်းအား ကမ္ဘာလှည့်ခရီးသည်များ ကျွန်ုပ်တို့လို စာရေးဆရာ၊ ဓာတ်ပုံဝါသနာရှင်များ အလွန်ကြိုက်ကြသည်။ ကင်မရာအား သေချာစွာချိန်ပြီး ဓာတ်ပုံတဖျပ်ဖျပ် ရိုက်နေမိ၏။

ကျွန်ုပ်သည် နန်းမြို့ရိုး၊ ကျုံးရေပြင်နှင့် အဝေးမှာမြင်နေရသောမြေပြင်ထက် စုန့်စုန့်ကြီးထွက်ပေါ်နေသော ပင်လယ်ရေပြင်ထက် အမြင့်ပေ (၉၅၄ ပေ)၊ တောင်ခြေမှ (၇၇၆ ပေ) မြင့်သော မန္တလေးတောင်ကြီးအား ငေး၍ကြည့်နေမိ ပါသည်။ ဤတောင်ကြီးအားကြည့်နေရင်း ကျွန်ုပ်၏စိတ်ထဲ၌ ရသေ့ကြီးဦးခန္တီ၏ပုံရိပ်လွှာသည်လည်းကောင်း၊ တောင်ခြေရှိ မဟာအတုလမာရဇိန်စေတီတော်ကြီး (ကုသိုလ်တော်ဘုရား) နှင့်အတူ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးကိုပါ စီကာစဉ်ကာတွဲလျက် ရေးရေးမြင်လာပါတော့သည်။

□


မန္တလေးနှင့် မန္တလေးတောင်သည် ဒင်္ဂါးပြားပါ ခေါင်းနှင့်ပန်းကဲ့သို့ ခွဲခြား၍မရပါ။ ထို့အတူ မန္တလေးတောင်တော်အား စဉ်းစားမိသည်နှင့် တောင်ခြေရှိ စန္ဒာမုနိဘုရား၊ မဟာလောကမာရဇိန် (ကုသိုလ်တော်) ဘုရားများသည်လည်း ပုလဲတန်ဆာကဲ့သို့ တွဲလျက်ရှိနေပါသည်။ ထိုနည်းတူ မန္တလေးတောင်တော်အားပြောမည်ဆိုလျှင် ရသေ့ကြီးဦးခန္တီသည်လည်း မပါမဖြစ်ပါလာရမည်သာတည်း။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာအနွယ်ဝင် ဗမာစစ်၍

www.burmeseclassic.com

တိုင်းရင်းသားတို့သည် ကိုယ့်ရပ်ကိုယ့်ရွာဒေသ၌ အမြင့်မြတ်ဆုံးနေရာများတွင် ကိုးကွယ်ရာ ဗုဒ္ဓဘာသာ၏ ဘုရားဆင်းတု၊ စေတီပုထိုး၊ ဂူကျောင်း၊ တန်ဆောင်းပြာသာဒ်များအား သဒ္ဓါတရားထက်သန်စွာဖြင့် တည်ထားပြုပြင် ဆောက်လုပ် လှူဒါန်းခဲ့ကြပါသည်။

မြစ်ကမ်းနဖူး တောင်ကုန်းမြင့်မြင့်များတွင် မုဋ္ဌောစေတီများ၊ မြို့ရွာများ၏ အမြင့်ဆုံးအရပ်တွင် စေတီပုထိုးများ တည်ထားခဲ့ကြ၍ 'ရွှေပြောင်ပြောင် တောင်ပေါ်ကဘုရား' ဟူသော တေးသီချင်းလင်္ကာများ ဖြစ်ပေါ်လာပါသည်။ နိုင်ငံအနှံ့ ရွှေသင်္ကန်းအရောင်တလွင်လွင်ဖြင့် ကြည့်ရှုမဆုံး၍ ရွှေရောင်လွှမ်းသော အမိနိုင်ငံ (သို့မဟုတ်) ရွှေနိုင်ငံ ဟုပင် နိုင်ငံခြားသားများက တင်စားခဲ့ကြပါသည်။


ဦးခန္တီတန်ဆောင်းအတွင်း ရှေးဟောင်းရုပ်ပွားတော်များ


မန္တလေးတောင်ပေါ်မှ ကြည်ညိုဖွယ် ရုပ်ပွားဆင်းတုတော်


မန္တလေးတောင်ပေါ်မှ ကြည်ညိုဖွယ် ရုပ်ပွားဆင်းတုတော်

ကျွန်ုပ်တို့နိုင်ငံတွင် ရှေးဘိုးဘေးအစဉ်အဆက်မှ ယနေ့အချိန်အထိ ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအဆောက်အအုံများအား တည်ဆောက်လှူဒါန်းခဲ့ကြသော သာသနာပြုပုဂ္ဂိုလ်ကျော်တို့ရှိခဲ့၏။ ထိုထိုသော ပုဂ္ဂိုလ်ကျော်သူတော်စင်များထဲတွင် 'သာသနဟိတ ဇနာယက ရသေ့ကြီးဦးခန္တီ' အား မိမည့်သူမရှိဟု ထင်ပါသည်။

ရသေ့ကြီးဦးခန္တီ၏ ကြိုးစားဆောင်ရွက်မှုဖြင့် တည်ဆောက်လှူဒါန်းခဲ့သော သာသနိကအဆောက်အအုံ၊ စေတီပုထိုးများမှာ နိုင်ငံအနှံ့ မြို့ပေါင်း (၂၅) မြို့၌ ဌာနပေါင်း (၆၃) ဌာနရှိခဲ့ပါသည်။ ဤမျှ များပြားလှသော စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်၊ ဇရပ်၊ တန်ဆောင်းများအား တည်ထားနိုင်လောက်အောင် ဝတ္ထုငွေကြေးများ ဘယ်ကရသနည်း။

အမှန်မှာ ရသေ့ကြီးဦးခန္တီ၏ အကျင့်သီလစရဏအား ယုံကြည်၍ အများပြည်သူက လှူဒါန်းကြခြင်းပင်ဖြစ်သည်။ ပြည်သူလူထု၏အလှူငွေများဖြင့် မြန်မာပြည် တစ်နံတစ်လျား သာသနိကအဆောက်အအုံများ ဆောက်လုပ်၍ သာသနာပြုခဲ့ခြင်း ဖြစ်ပါသည်။

ရသေ့ကြီးဦးခန္တီ၏ဇာတိချက်ကြွေ မွေးရပ်မြေမှာ နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးရထားလမ်း ညောင်လွန့်ဘူတာအနောက် သုံးမိုင်ခန့်အကွာ ကြိုးကြာအင်းရွာအုပ်စု ရွာသာယာဇာတိဖြစ်ပါသည်။ သစ်ပင်ပန်းမာန်များဖြင့် စိမ်းလန်းစိုပြည်သောကြောင့် ရွာသာယာဟုခေါ်ကြခြင်း ဖြစ်သည်။

ခမည်းတော် ဦးရွှေလှ၊ မယ်တော် ဒေါ်ကံ(ခ)ဒေါ်ခို့ဥတို့မှ တတိယမြောက်သားရတနာဖြစ်သော ရသေ့ကြီးဦးခန္တီ လောင်းလျာ မောင်ကျော်မောင် (ခေါ်) မောင်ဖိုးမောင်အား ၁၂၂၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ နံနက် (၂) ချက်တီးကျော်အချိန်တွင် ဖွားမြင်ခဲ့ပါသည်။

ငယ်ရွယ်စဉ် ကလေးဘဝ၌ မိဘများနှင့်အတူ ရွာသာယာအနီး အင်းကောက်ကွင်းယာလုပ်တဲ၌ နေထိုင်ရင်း နွားကျောင်း၊ မြက်ရိတ်လုပ်ကိုင်ရင်း မိဘများအား ကူညီခဲ့ရသည်။


တစ်နေ့၌ နွားကျောင်းစားကျက်

www.burmeseclassic.com

www.burmeseclassic.com




ရွှေဟောင်းထက်ရာ သစ်တွင်းပန်းချီတံခါး



ရင်ပြင်တော်ပေါ်ရှိ တန်ဆောင်းများ



မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားပုထိုးပုံ



မန္တလေးတောင်ပေါ်ရှိ ဓာတ်တော်တိုက်

ဖြစ်သော အင်္ဂါင်းပင်သာကံ (ခ) ရွာသာကွင်း၌ နွားကျောင်းနေစဉ် နွားမတစ်ကောင်မှ နွားကလေးမွေးပြီး နွားအချင်းကျလာရာ မောင်ဖိုးမောင်သည် နွားအချင်းသွားအကောက် နွားမအကန်ခံရသဖြင့် နဖူးစောင်းတွင် ဒဏ်ရာရခဲ့သည်။ ထိုဒဏ်ရာသည် ရသေ့ကြီးဦးခန္တီအဖို့ သေရာပါဒဏ်ရာဖြစ်ခဲ့ရသည်။

ခမည်းတော် ဦးရွှေလှက ရွာသာယာဇာတိဖြစ်၍ မယ်တော်ဒေါ်ခိုဥမှာ ရမည်းသင်းမြို့ အရှေ့မြောက် (၆)မိုင်ခန့် အကွာမှ သိမ်ကုန်းရွာသူ ဖြစ်သည်။ မောင်ဖိုးမောင် (၉)နှစ်သားအရွယ်တွင် မိသားတစ်စုလုံး သိမ်ကုန်းရွာသို့ရွှေ့ပြောင်းနေထိုင်ကြသည်။ ထိုအခါ မိဘနှစ်ပါးက မောင်ဖိုးမောင်အား သိမ်ကုန်းရွာ ကျောင်းမကျောင်းဆရာတော်ကြီးထံ အပ်နှံလျက် ပညာသင်စေပါသည်။ ဘုန်းတော်ကြီးကျောင်းမှာ ကျောင်းအပ်အပြီး (၁၃)နှစ်သားအရွယ်တွင် မိဘများက ရှင်ပြုမင်္ဂလာပြုလုပ်ပြီး သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ပါသည်။

ရှင်သာမဏေဘွဲ့တော်မှာ ရှင်ခန္တီဖြစ်၏။ မြန်မာနှစ် ၁၂၄၉ ခုနှစ်အရောက် သက်တော် (၂၀) တွင် ခမည်းတော်၊ မယ်တော်တို့က ပစ္စည်းလေးပါးဒါယကာခံလျက် သိမ်ကုန်းရွာကျောင်းမကျောင်းဆရာတော်ကြီးအား ဥပဇ္ဈာယ်တင်လျက် ကျောင်းမကျောင်းခဏ္ဍာသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

ရဟန်းတော် ဦးခန္တီအရှင်မြတ်သည် ရဟန်းသိက္ခာသုံးဝါရသောအခါ အစ်ကိုဝမ်းကွဲတော်စပ်သောဆရာတော် ဦးကေသရ၏ စီစဉ်ညွှန်ကြားချက်အရ မန္တလေး ရွှေမြို့တော်သို့ ရောက်ရှိပြီး လောကုတ္တရာစာပေများကို သင်ကြားလေ့လာခဲ့ပါသည်။


မြန်မာပြည်မှာ ရဟန္တာဟုထင်ရှားကျော်ကြားသော် ညောင်လွန့်တောရဆရာတော်အရှင်မေဓာဝီသည် ရသေ့ကြီးဦးခန္တီနှင့် စာသင်ဖက်၊ စာလိုက်ဖက်ငယ်ပေါင်းကြီးဖော် ဆရာတူတပည့်များဖြစ်ပါသည်။

အရိယျသူတော်စင်ဖြစ်မည့်ပုဂ္ဂိုလ်တို့သည် ငယ်ရွယ်စဉ်ကပင် ကောင်းမြတ်သောပုဂ္ဂိုလ်မိတ်ဆွေကလျာဏမိတ္တတို့




www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်စေတီဘုရားရင်ပြင်ရှိ ရုပ်ပွားဆင်းတုတော်များ



မန္တလေးဆိုးဘိုးကြီးဗိမာန်တော်



မန္တလေးဆိုးဘိုးကြီး

နှင့် တွေ့ဆုံရတတ်ကြောင်း မှတ်သား ရသည်ဖြစ်ပါသည်။ ဦးခန္တီက ညောင်လွန့် တောရဆရာတော်ကြီးထက် ရဟန်းဝါ (၁)ဝါကြီးကြောင်း သိရှိရပါသည်။ရဟန်း တော် ဦးခန္တီ ပညာသင်ကြားခဲ့သော ကျောင်းတိုက်ဆရာတော်များမှာကား မန္တလေးတောင်ခြေမြောက်ဘက် ပထမ ရွှေကျင်ဆရာတော်ကြီး၊ သစ်ဆိမ့်ဆရာ တော်၊ ဘုရားကြီးတိုက်ဆရာတော်၊ တစ်ဖန် စစ်ကိုင်းတောင်ရိုးမှ ထွင့်ခေါင် ဆရာတော်ဘုရားကြီးများထံတွင် ပညာ ရည်နို့သောက်စို့ခဲ့ရသည်ကို ကြည့်ခြင်း အားဖြင့် ရသေ့ကြီးဦးခန္တီသည် လောကုတ္တ ရာစာပေဘက်တွင် အဆင့်မြင့်မားစွာ ပေါက်ရောက်ခဲ့ကြောင်း သိသာပါသည်။

တစ်ဖန် ပဋိပတ္တိအရာ၌လည်း ထို ခေတ်က တောရဂိုဏ်းကြီးအား စတင် တည်ထောင်ခဲ့သူ ရဟန္တာတစ်ဆူဖြစ် တော်မူသော ဘုန်းတော်ကြီးဦးသီလထံ တွင် သမထ၊ ဝိပဿနာကျင့်စဉ်များ အား နည်းခံယူကာ ကြိုးပမ်းအားထုတ် ခဲ့ကြောင်း သိရှိရပြန်ပါသည်။ ထိုသို့ မန္တလေး ရွှေမြို့တော်ရှိ အကျော်ဇေယျ ဆရာတော်ကြီးများထံမှလည်းကောင်း၊ ဘုန်းတော်ကြီးဦးသီလထံမှလည်းကောင်း၊ ပရိယတ်၊ ပဋိပတ်၊ ပရိဝေဓ စသော သာသနာတော်သုံးရပ်အား စွမ်းစွမ်းတမံ အားထုတ်ခဲ့ပြီး မွေးရပ်မြေသို့ပြန်လာပြီး ရမည်းသင်းမြို့ ကန်မြင့်ဆရာတော် ဘုရားကြီးထံ ရောက်ခဲ့ရပြန်ပါသည်။ ဆရာတော်ကြီးထံတွင် သီတင်းသုံးနေ ထိုင်ရင်း တရားဘာဝနာအား ဝီရိယစိုက် ထုတ်၍ ကျင့်ကြံအားထုတ်ခဲ့၏။

တစ်ဖန် ဆရာနှင့်ခွဲခွာပြီး ရွှေဂူ ကန်ပေါက်တောရ၊ နဝင်းတော်ရ၊ ပင်စု ရွှေဆံတော်တောရများ၌ ဇကစာရီတစ် ပါးတည်းနေထိုင်ပြီး ပတ္တပိုဏ်ဆွမ်းတစ် ထပ်သာစား၍ တရားအားထုတ်တော်မူ ခဲ့ပါသည်။

ဤသို့ဖြင့် တရားအားထုတ်ပြီး ခရီးအတန်အသင့်ရောက်လတ်သော် သက်တော်(၃၂)နှစ်၊ သိက္ခာတော်(၁၂)ဝါ အရောက် နှလုံးသွင်းဆင်ခြင်မိသည်မှာ-

'ငါသည် ဘုရားလောင်းလျာ ဈာန်မှာပျော်မွေ့၊ ရသေ့အမော်၊ သုမေဓာရှင်ရသေ့တို့၏ ထုံးကိုနှလုံးမူ၍ များစွာသော ဝေနေယျအပေါင်းတို့အား အပါယ်တံခါးပိတ်စေလျက် လူ့ဘုံနတ် ရွာသွားတံခါးပွင့်စေပြီး နိဗ္ဗာန်သောင်ကမ်း သို့ ပို့ဆောင်ရလျှင် အမှန်ပင်အကျိုးများ လိမ့်မည်'

ဟု ရည်မှန်းကာ ၁၂၆၁ ခုနှစ်ဦး မှာပင် ရဟန်းအသွင်မှ ဈာနလာဘီ တောရပ်မှီ ရသေ့အသွင်သို့ ကူးပြောင်း တော်မူပါသည်။

'ရွှေငွေကိုင်လို့ရအောင် ရသေ့ ဘဝသို့ ကူးပြောင်းသည်' ဆိုသောအယူ အဆမှာ မမှန်ပါ။ ရမ်းပြော၊ မှန်းပြော များသာဖြစ်၏။

ရသေ့အသွင်ကူးပြောင်းပြီးနောက် ယခင် ရဟန်းဘဝတုန်းက အတူနေစာ သင်ဖက် ဦးကုန္ဒာသဘသည် ရသေ့ အသွင်နှင့် ညောင်လွန့်အရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com

သားခိုတောင်၌ သီတင်းသုံးနေကြောင်း သိရ၍ 'ထိုပုဂ္ဂိုလ်သည် ရဟန်းဘဝက ဝိနည်းသိက္ခာနှင့်ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်၍ ရသေ့တို့၏ကျင့်နည်းကို ၎င်းထံမှ နည်းခံဦးမည်' ဟု ကြံစည်ပြီး သားခိုတောင်သို့ ကြွတော်မူပါသည်။ သားခိုတောင်၌ ရသေ့ကြီးဦးခန္တီသည် ရသေ့ကြီးဦးကုန္ဒာ သဘာနှင့် တရားဘာဝနာကျင့်စဉ်စခန်းဆိုင်ရာများဆွေးနွေးပြီးနောက် ရမည်းသင်းအရှေ့ဘက် ရွှေမြင်တင်တောင်၏ အနောက်မြောက်'သေလသောဏ္ဍ'အမည်ရှိ ကျောက်လက်မောင်းကြီးအနီး သစ်ပင်တစ်ပင်အောက်၌ သီတင်းသုံးနေစဉ် သိမ်ကုန်းရွာမှ ကိုမင်္ဂလာ၊ မချပ်တို့ဇနီးမောင်နှံက ကျောင်းငယ်တစ်ကျောင်းကို ဆောက်လုပ်လှူဒါန်း၏။

ထိုကျောင်းသင်္ခမ်းမှာ သီတင်းသုံးနေထိုင်ရင်း ရသေ့ကြီးအား အဖူးအမြော်ရောက်လာကြသော ဒကာ၊ ဒကာမတို့ လှူဒါန်းသော အလှူတော်ငွေများဖြင့် မြန်မာနှစ် ၁၂၆၁ ခုနှစ်မှစတင်၍ ရွှေ မြင်တင်တောင်ပေါ် တောင်ခြေရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများကိုပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းဖြင့် ရသေ့ကြီးဦးခန္တီ၏ မြန်မာပြည်အနှံ့ သာသနာပြုလုပ်ငန်းအား စတင်ခဲ့ပါတော့သည်။

❑


'အသက်ရှည်စေလို မြနန္ဒာရေညီ သန်းတဲ့ မန်းတောင်ရိပ်ခို၊ ခေါင်းလောင်းသံချိုချိုနဲ့ ရွှေပဟိုရ်စည်တော်ဟိန်းတယ်၊ ဘေးရန်ကင်ငြိမ်း'

ထိုတေးသီချင်းတဘောင်သည် မန္တလေး ရတနာပုံ ရွှေမြို့တော်ခေတ်ဦးကပေါ် ထွက်လာခြင်းဖြစ်သည်။မန္တလေးမြို့၏ အရှေ့မြောက်ဘက်ယွန်းယွန်း (၁) မိုင်ခွဲခန့်တွင်တည်ရှိသော မန္တလေးတောင်သည် ရှမ်းရိုးမ၏အဆွယ်အပွားဖြစ်၍ ဧရာဝတီမြစ်နှင့် ရှမ်းရိုးမအကြား မြေပြင်မှ စုန့်စုန့်ထွက်ပေါ်နေသော အသွင်ပြောင်းကျောက်၊ မီးသင့်ကျောက်ထုံးကျောက်တို့ဖြင့် ဖွဲ့စည်းထားသော တောင် ဖြစ်သည်။ ဘူမိဗေဒသဘော တရားအရ နှစ်သန်းပေါင်းများစွာကတည်းက ဖွဲ့စည်းတည်ဆောက်လာခဲ့သောတောင်ဖြစ်သည်ဟု ခန့်မှန်းရ သည်။

ရှေးဟောင်းစာပေများအရ မန္တလေးတောင်သည် ကကုသန်ဘုရားရှင်လက်ထက်တော်တွင် 'စိဏ္ဏာသဝပူရ' ကောဏာဂုဏ်ဘုရားလက်ထက်တော်တွင် 'ဝေလာမပူရ'၊ ကဿပဘုရားရှင်လက်ထက်တွင် 'ပါဒဿပူရ' ဟု အမည်တွင်ခဲ့ပြီး ဂေါတမဘုရားရှင်လက်ထက်တော်တွင် မန္တလေးတောင်ဟု အမည်တွင်ခဲ့ကြောင်းသိရသည်။

မန္တလေးတောင်အကြောင်းအား ပြောရမည်ဆိုလျှင် ရသေ့ကြီးဦးခန္တီ အကြောင်းပြောရသကဲ့သို့ သာသနာဒါယကာ မင်းတုန်းမင်းတရားကြီး အကြောင်းကိုလည်း ချန်လှန်ထား၍ မဖြစ်ပါ။ အနည်းငယ် ထုတ်နုတ်ဖော်ပြ ဖြစ်မည်ထင်ပါသည်။

ရှေးသူဟောင်းတို့၏ စာပေများ



ရှင်ပြင်တော်ပေါ်ရှိ တန်ဆောင်းများ



ရသေ့ကြီးဦးခန္တီရုပ်တု



ရသေ့ကြီးဦးခန္တီရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

အလိုအရ မဟာသက္ကရာဇ် ၁၀၈ ခုနှစ်၌ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝါတော်(၅)ဝါအရ ရက္ခပူရတိုင်း ဓညဝတီပြည် စန္ဒသူရိယမင်းထံသို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီကြွချီတော်မူပြီး မဟာမုနိရုပ်ပွားတော်မြတ်အား ရှင်ငွေ့တော်ပေး၍ တည်ထား ကိုးကွယ်စေခဲ့ပါသည်။

တစ်ဖန် ဝါတော် (၂၀) မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် စန္ဒသူရိယမင်းကို သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူရာ နန်းတော်အတွင်းမှာ မတွေ့ရဘဲ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီး မန္တလေးတောင်ထိပ်တွင် အလွန်လှပသော စန္ဒမုခိနတ်ဘီလူးမဖြစ်နေသည်ကို တွေ့ရပါသည်။ ဤတွင် မဟာတရုဏာသက်တော်မူသောကြောင့် ညီတော်အာနန္ဒာနှင့်အတူ ကောင်းကင်ခရီးဖြင့်ဒေသစာရီကြွချီတော်မူကာ မန္တလေးတောင်ထိပ်သို့ရောက်လျှင် စန္ဒမုခိဘီလူးမသည် မိမိ၏သားမြတ်ကိုလှီး၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းခဲ့ သည်။

ထိုအခါ မြတ်စွာဗုဒ္ဓဘုရားရှင်က သာသနာသက္ကရာဇ် ၂၄၀၀ ကျော်လျှင် ဤနေရာဒေသသည် ရတနာပုံ မင်းနေပြည်တော်ကြီးဖြစ်လတ္တံ့။ ဤဘီလူးမသည်လည်း ဤမင်းနေပြည်တော်ကြီးတွင်ဘုရင်မင်းမြတ်ဖြစ်လတ္တံ့ဟု ဗျာဒိတ်တော် မိန့်မြွက်တော်မူပါသည်။


ထို့ကြောင့် ရှေးပေါရာဏကျမ်းများတွင် ဓညဝတီပြည် စန္ဒာသူရိယမင်း၊ မန္တလေးတောင် စန္ဒမုခိဘီလူးမနှင့် မင်းတုန်းမင်းတရားကြီးတို့သည် တစ်ဦးတစ်ယောက်တည်းမှ ဘဝတွေပြောင်း၍ သံသရာလည်လာခဲ့သည်ဟု ရေးသားဖော်ပြခဲ့ကြပါသည်။

❑

မန္တလေးတောင်တော်ပေါ်တွင် အသောကမင်းကြီး၊ အနော်ရထာမင်းကြီးနှင့် မင်းတုန်းမင်းတရားကြီးတို့သည် စေတီပုထိုးများ တည်ထားခဲ့ကြပါသည်။ အထူးသဖြင့် မင်းတုန်းမင်းတရားလက်ထက်၌ ကဝတ်ဘုရား၊ မယ်ကင်းဘုရား၊ ဓာတ်တော်တိုက်နှင့် ဗျာဒိတ်ပေးဘုရားရုပ်ပွားတော်များ တည်ထားကိုးကွယ်ခဲ့သည်။ ဗျာဒိတ်ပေးဘုရားရုပ်ပွားတော်မြတ်သည် မန္တလေးမြို့ဘက်သို့ မျက်နှာမူနေပြီး လက်ညှိုးညွှန် ဗျာဒိတ်ပေးနေဟန် ထုလုပ်ထားခြင်း ဖြစ်သည်။ ၎င်းရုပ်ပွားတော်နှင့်အတူ ကျွန်းသားတန်ဆောင်း


ရသေ့ကြီးဦးခန္တီကောင်းမှု ဆောင်းတန်းကြီး


ရသေ့ကြီးဦးခန္တီကောင်းမှု သံတန်ဆောင်းကြီးများ


မင်းတုန်းမင်းခေတ် သုစမွှာဝရုပ်များ


မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအနီး ရေလယ်မှော်ရုံနှင့် ရေကန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းရင့် ခရေပင်ကြီးများနှင့် ပိဋကတ်ကျောက်စာတော်များ




ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဖော်ထွန်းကျောက်စာတိုင်



ရတနာပုံမြို့တည်နန်းတည် နှစ်တစ်ရာငါးဆယ်ပြည့် ဖော်ထွန်းကျောက်စာတိုင်

များကို မြန်မာနှစ် ၁၂၂၁ ခုနှစ်၊ နှောင်းတန်ခူးလတွင် မကွေးမြို့စားမင်းကြီး၊ မြတောင်မြို့စား သေနတ်ဝန်ကြီးနှင့် ပခန်းမြို့စားဝန်ကြီးတို့ကိုယ်တိုင် ကြီးကြပ်၍ တည်ထားခဲ့ခြင်းဖြစ်သည်။

ကောဇာနှစ် ၁၂၄၅ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် ရွှေကျီးမြင့်ဘုရားအနီးမှ စတင်လောင်သောမီးသည် မီးရှိန်ပြင်းသောကြောင့် မန္တလေးတောင်တော်တစ်ခုလုံး မီးသင့်လောင်ကျွမ်းခဲ့ရာ ဗျာဒိတ်ပေးဘုရားပါ မီးခခဲ့ရလေသည်။

ဤအဆိုကို တချို့က ငြင်းဆိုကြ၏။



ပိဋကတ်ကျောက်စာတော်များ

မန္တလေးတောင်အားလောင်သောမီးမှာ ရွှေကျီးမြင့်ဘုရားအနီးမှ လောင်ခြင်းမဟုတ်။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပါတော်မူပြီးနောက် အတုမရှိကျောင်းတော်ကြီးနှင့် မန္တလေးတောင်ကို နယ်ချဲ့ဗြိတိသျှတို့က မီးတင်ရှို့ခြင်းဖြစ်သည်ဟု ဆိုကြသည်။ အတုမရှိကျောင်းတော်ကြီးကို အင်္ဂလိပ်စစ်သားများက စစ်တန်းလျားအဖြစ် အသုံးပြုပြီး အဖိုးတန်ပစ္စည်းများအား ခိုးဝှက်ယူငင်ပြီးနောက် တရားခံဖျောက်သည့်အနေဖြင့် ဘုရားမီးမှ စတင်လောင်ကျွမ်းသည်ဟု သတင်းလွှင့်ကြကြောင်း မှတ်သားရပါသည်။

ဤသတင်းသည်သာ မှန်ကန်သည်ဟု ထင်မြင်ယူဆမိပါသည်။

❑

ယခု ဖူးမြော်မြင်တွေ့နေရသော ဗျာဒိတ်ပေး ရုပ်ပွားတော်မြတ်သည် ဆရာတော်ဦးနန္ဒိယမှ ယခင်ပုံစံအတိုင်း ထုလုပ်ပြီး ယခုနေရာမှပင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ထုလုပ်သည့် ကျွန်းသစ်တုံးကြီး၏ ထူးဆန်းမှုကလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ကသာဆိပ်ကမ်း၌ ဘုံဘေဘားမားသစ်ကုမ္ပဏီ ဖောင်အလုပ်သမားများက သစ်ဖောင်တွဲပြီးဆွဲယူစဉ် မည်သို့မျှဆွဲမရသော ကျွန်းသစ်တုံးကြီးအား ဆရာတော်ဦးနန္ဒိယမှ ဘုရားထုလုပ်ရန်အလှူခံပြီး ကန်တော့ပွဲပေး၍ဆွဲမှ မန္တလေးဆိပ်ကမ်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ဤနေရာ၌ သူတော်စင်များ သာသနာပြုလုပ်ငန်းဆောင်ရွက်ရာတွင် ပူးကပ်နှောင့်ယှက်တတ်သော ဣတ္ထိယ

www.burmeseclassic.com

မိန်းမများအကြောင်း အနည်းငယ်တင်ပြလို ပါသည်။

ရသေ့ကြီးဦးခန္တီ မန္တလေးတောင်တွင် သာသနာပြုလုပ်ငန်းများမစတင်မီကနဦး သာသနာပြုနေသူက ဆရာတော်လေး ဦးနန္ဒိယဖြစ်သည်။ ဆရာတော်လေး ဗျာဒိတ်ပေးဘုရားထုလုပ်ပြီး မန္တလေးတောင်ပေါ်သို့ ဝင့်ဆောင်စဉ် စစ်ကဲကြီးတစ်ဦး၏ဇနီးဟောင်းဖြစ်သော စန်းစီခင်လေး ဆိုသူ အမျိုးသမီးတစ်ဦးက သာသနာပြုလုပ်ငန်းမှာ ကူညီပါရစေဟု ဆရာတော်လေး၏အနားတွင် ဆည်းကပ်ကိုးကွယ်နေပါသည်။

စန်းစီခင်လေးဟု အမည်တွင်လာရသည်ကား ဤသို့ဖြစ်၏။ သူမသည် မျက်နှာဖြူအရာရှိများအား ပလူးပလဲလုပ်၍ပေါင်းသင်းပြီး နေ့အခါ မန္တလေးတောင်ပေါ်တွင်အလှူခံ၍ ညအချိန်များ၌ တရုတ်တန်းရှိ ကြေးကြီးဖဲကစားဝိုင်းများတွင် ဖဲကစားလေ့ရှိသည်။

ဖဲကစားလျှင် ဖဲချပ် သုံးနှင့်လေးတို့ကိုဝှက်၍ ကစားလေ့ရှိ၏။ တရုတ်လို ဖဲချပ် သုံးနှင့် လေးတို့အား စန်စီဟုခေါ်သောကြောင့် သူမ၏ နာမည်မှာ စန်းစီခင်လေးဖြစ်လာပါတော့သည်။


စန်းစီခင်လေးသည် ဆရာတော် ဦးနန္ဒိယအပါး ဆည်းကပ်ကိုးကွယ်နေသော်လည်း နောက်ကွယ်တွင်မူ ကောလာဟလသတင်းများလွှင့်၏။

'ဦးနန္ဒိယသည် ရှေးဘုရင်မင်းမှုထမ်းတစ်ဦး၏ သားဖြစ်ခြင်း၊ နန်းတွင်းသူနန်းတွင်းသားများနှင့် ချစ်ကြည်ရင်းနှီးမှုရှိ၍ ကိုးကွယ်ဆည်းကပ်ခံရခြင်းများကြောင့် သူ့ကိုယ်သူ မင်းလောင်းဟုပြောနေသည်။ အင်္ဂလိပ်ကိုပြန်တိုက်ရန် လူစုနေသည်'

ဟု ကောလာဟလသတင်းများလွှင့်ထုတ်ပြီး အင်္ဂလိပ်အရာရှိများအား ကိုယ်တိုင်သတင်းပေးသောအခါ ဆရာတော်လေးဦးနန္ဒိယ ထောင်နန်းစံရပါတော့သည်။

ထိုအခါမှစ၍ စန်းစီခင်လေးသည် မန္တလေးတောင်တစ်ခုလုံး၏ တစ်ဦးတည်းသော သာသနာပြုပုဂ္ဂိုလ်ဖြစ်လာပါတော့သည်။ ဗျာဒိတ်ပေးဘုရားကြီး၏ အနောက်မြောက်ထောင့်တွင် ယခုတိုင်တွေ့မြင်နေရသော အုတ်တိုက်ကိုတည်ဆောက်ပြီး အမျိုးသမီးအခြွေအရံများဖြင့် သာသနာပြုရန်အကြောင်းပြုပြီး အလှူခံပါတော့သည်။


၁၂၆၉ ခုနှစ်၊ တပို့တွဲလတွင်



မန္တလေးတောင်ခြေကြီးနှစ်ကောင်



မင်းတုန်းမင်းမဖြစ်ခင် ယခင်ဘဝ ရှေးမှ ဘီလူးမက ဘုရားရှင်အား သားမြတ်လှူဒါန်းနေပုံ



မန္တလေးတောင်ပေါ်ရှိ ဘီလူးရုပ်တုကြီးများ

ရသေ့ကြီးဦးခန္တီရောက်ရှိလာပြီး သာသနာပြုရန် အခွင့်တောင်းသောအခါ တောင်ခွင်သာသနာပိုင်ဆရာတော်ကြီး ဦးဝိသုဒ္ဓနှင့် ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များက စန်းစီခင်လေးပြုလုပ်နေသောဗျာဒိတ်ပေးဘုရားမှလွဲ၍ အားလုံးပြုပြင်တော်မူပါဟု ခြွင်းချက်ဖြင့် ခွင့်ပြုခဲ့ပါသည်။

ရသေ့ကြီးဦးခန္တီက လက်ဖဝါးတော်ရွှေသို့ဖြန့်ထားသော လာဘမုနိမတ်ရပ်ရှုပ်ပွားတော်တစ်ဆူအား အုတ်ဖြင့်တည်တော်မူပြီး ပြည်လုံးချမ်းသာဘုရားဟုကမ္ပည်းထိုးလျက် သာသနာပြုလုပ်ငန်းအား စတင်တော်မူသည်။ ထို



www.burmeseclassic.com


www.burmeseclassic.com




မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအနီး ရေထည်မွေ့ဆုံနှင့် ရောက်ကြီး



မန္တလေးတောင်ပေါ်မှမြင်ရသော နန်းမြို့ရိုးနှင့် ကျုံးအလှ



နန်းမြို့ရိုးနှင့် ကျုံးအလှ



မန္တလေးတောင်အား နန်းမြို့အရှေ့ဘက်ကျုံးစပ်ပြင်မှ မြင်တွေ့ရပုံ

အခါ စန်းစီခင်လေးအတွက် ရန်သူတစ်ဦး တိုးလာခဲ့လေတော့သည်။ စန်းစီခင်လေးသည် မင်းသမီးများဝတ်သော ပြန့်ထဘီဝတ်လျက် ထဘီအနားကို ယောက်ျားလေးတစ်ယောက်က နောက်မှကိုင်ပြီး တောင့်ပေါ် တက်တိုင်း၊ ဆင်းတိုင်း ရသေ့ကြီးအား မကြားဝံ့မနာသာဆဲဆိုပါတော့သည်။ ရသေ့ကြီးမနေနိုင်အောင်အပုပ်ချဆဲရေးခြင်းပြုပါတော့၏။

စန်းစီခင်လေး၏ အကျင့်စာရိတ္တကိုသိကြသော မန္တလေးမြို့ပေါ် မှလူကြီးများက သာသနအဓိကရုဏ်းဖြစ်လာလိမ့်မည်၊ အရေးယူပေးပါဟု သက်ဆိုင်ရာသို့ တိုင်ကြားချက်အရ သက်ဆိုင်ရာမှ အမိန့်ထုတ်ပြန်ပြီး စန်းစီခင်လေးအား တားမြစ်လိုက်ပါသည်။

နှစ်လခန့်အကြာတွင် စန်းစီခင်လေးမှ မြို့မိမြို့ဖ ဗုဒ္ဓဘာသာလူကြီးတွေကို ဘုရားလူကြီးခန့်ပြီး မန္တလေးတောင်ကိုအုပ်ချုပ်ပေးပါဟု တရားမမှုဆွဲတင်ရာ စန်းစီခင်လေးပင်ရှုံးပါသည်။

စန်းစီခင်လေးက တောင်ပေါ်တွင် စုပုံထားခဲ့သော အုတ်သုံးသောင်းခန့်ကို ရသေ့ကြီးက ဗျာဒိတ်ပေးဘုရားအတွက် ဂန္ဓကုဋိတိုက်ကို တည်လိုက်သောအခါ စန်းစီခင်လေးက ရှေ့နေဦးခင်မောင်ဒွေးကိုခိုးမှု၊ ရသေ့ကြီးဦးခန္တီကို အားပေးကူညီမှုနှင့် တရားစွဲဆိုပြန်ပါတော့သည်။ ထိုအမှု၌လည်း စန်းစီခင်လေးပင် တရားရှုံးဖြစ်ခဲ့ရသည်။

အမှုစစ်ဆေးပုံမှာ တရားရုံးသို့ သွားရောက်၍ စစ်ဆေးမေးမြန်းခြင်းမဟုတ်ဘဲ ပြည်တော်အေးဘုရားအောက်ခြေ စောင်းတန်းအရှေ့ဘက်အနီးရှိ ဇရပ်ပေါ်တွင် တရားသူကြီး၊ ရှေ့နေနှင့် တရားပြိုင်များ မျက်နှာစုံညီ စစ်မေးကြခြင်း ဖြစ်ပါသည်။

စန်းစီခင်လေးကို တရားစစ်ဆေးအနိုင်ရသည့်အတွက် ၎င်းဇရပ်အား ယခုတိုင် အေးဇရပ်ဟုခေါ်တွင်နေကြခြင်းဖြစ်သည်။ ထိုအမျိုးသမီးသည် တရားစီရင်အပြီး တရားရှုံးသောကြောင့် သွက်သွက်ခါအောင်ရှုးသွားပြီး ခါးဝတ်ထဘီမပါဘဲတောင်အောက်သို့ဆင်းပြေးသွားရာမှ ဘဝနိဂုံးချုပ်သွားပါတော့သည်။

သူတော်ကောင်းများအားပြစ်မှားခြင်းကြောင့် ချက်ချင်းလက်ငင်းခံရသော အကုသိုလ်ကျိုးတရားပေတည်း။

စန်းစီခင်လေး၏ အကွက်ဆင် ချောက်တွန်းမှုဖြင့် အဖမ်းခံခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဦးနန္ဒိယမှာလည်း မင်းလောင်းမဟုတ်ကြောင်း သိရသဖြင့် နောက်ထပ်စစ်ဆေးမေးမြန်းခြင်းမပြုရဟူသောအမိန့်ဖြင့် ကန့်ကွက်ရန်မလိုတံဆိပ်တော်ကို အင်္ဂလိပ်အစိုးရက ချီးမြှင့်ပါသည်။ ၎င်းတံဆိပ်တော်၏ အဓိပ္ပာယ်မှာ ကြိုးဒဏ်သေမိန့်ကျခံနေရသောတရားခံများအား ၎င်းတံဆိပ်ရိုက်ပြီး 'အသက်ကိုအလှူခံက ကြိုးမိန့်မှတစ်သက်တစ်ကျွန်းဒဏ်သာခံရပါသည်။ ဖဆပလပါလီမန်ခေတ်အထိ တနင်္ဂနွေနေ့တိုင်း ထောင်အတွင်း တရားဟောရသောဆရာတော် ဖြစ်သည်။

❑ မန္တလေးတောင်နှင့် မြွေကြီးနှစ်ကောင်

မန္တလေးတောင်ပေါ် မြောက်ဘက်စောင်းတန်းအနီးရှိ မြွေကြီးနှစ်ကောင်အား တောင်ပေါ်ဘုရားဖူးလာသူတိုင်း လာရောက်ကြည့်ရှုကြပါသည်။ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ကမ္ဘာလှည့်ခရီးသည်တွေက ဓာတ်ပုံရိုက်ရင်း မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို တစေ့တစောင်းအကဲခတ်ကြည့်ကြ၏။ အဘယ်ကြောင့်ဆိုသော် မြွေကြီးနှစ်ကောင်ရှေ့တွင် တံခွန်၊ တုကြား၊ မုလေးပွားများနှင့် အုန်း၊ ငှက်ပျောပွဲများ စီတန်းနေသောကြောင့်တည်း။

ကျွန်ုပ်သည်လည်း မြွေကြီးနှစ်ကောင်ရှေ့တွင် ကျုံ့ကျုံ့လေးထိုင်ပြီး ကန်တော့ပွဲကပ်ကာ ရှိခိုးဆုတောင်းနေသောမိန်းမပျိုလေးတစ်ဦးအား အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ပါသေးသည်။ သံဖြင့်ပုံသွင်းကာအရည်ကျိုလောင်းထားသော သံမြွေရုပ်ကြီးများက ပါးပျဉ်းခွက်ကြီးများထလျက် ခေါင်းထောင်ပြီး တောင်ပေါ်ရှိဘုရားများအား ဦးခိုက်နေသယောင်ယောင်။

၎င်းမြွေကြီးနှစ်ကောင်သည် မန္တလေးတောင်၏ ဇာတ်လိုက်နှစ်ဦးဖြစ်ပါသည်။ ယနေ့အချိန်အထိ မြွေကြီးနှစ်ကောင်နှင့်ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုးပြောဆိုနေကြသည်မှာ -

ရှေးအခါက မြွေအလမ္ပာယ်ဆရာတစ်ဦးသည် ထိုမြွေကြီးနှစ်ကောင်အား ဆန်တစ်ပြည် ငွေတစ်မတ် အခကြေးငွေယူပြီး အရပ်တကာလှည့်ပြစားနေရာမှ ငြီးစားလာသော ကတိနှစ်စေ့၍လာရောက်လွှတ်ထားသောမြွေကြီးများ ဖြစ်သည်ဟုလည်းကောင်း၊ ဗျာဒိတ်ပေးဘုရားကြီးထုလုပ်ရန် ကျွန်းသစ်တုံးကြီးသယ်မလာစဉ် သစ်ခွံသစ်ခေါင်းကြားထဲ


မန္တလေးနန်းမြို့ရိုး ကျုံးရေပြင်နှင့် မန္တလေးတောင်


မန္တလေးမြို့ရှုခင်း


မန္တလေးမြို့ရှုခင်း


မန္တလေးမြို့ရှုခင်း

www.burmeseclassic.com

www.burmeseclassic.com

တွင်ကပ်ပါလာသော မြွေနှစ်ကောင်ဟုလည်းကောင်း ပြောဆိုနေကြသည်။

မှတ်တမ်းမှတ်ရာများတို့မှာလည်း ဤမြွေကြီးနှစ်ကောင်သည် မန္တလေးတောင်ကိုပြုပြင်ရန် တောရှင်းစဉ် တွေ့ရသော မြွေနှစ်ကောင်ဟုပြောကြ ရေးကြ၏။

ဖြစ်ရပ်မှန်မှာ ရသေ့ကြီးဦးခန္တီသည် စန်စီခင်လေးအား တရားရင်ဆိုင်အနိုင်ရပြီးနောက် ဗျာဒိတ်ပေးဘုရားအနောက်ဘက် ထန်းရွက်မိုးတဲကျောင်းလေးမှာသီတင်းသုံးရင်း မန္တလေးတောင်၊ သာသနာပြုလုပ်ငန်းများအတွက် အလှူခံနေစဉ်ကာလက ညဥ့်အချိန် တရားအားထုတ်နေစဉ် တဲကျောင်းအောက်သို့ ရောက်ရှိလာသော မြွေကြီးနှစ်ကောင်ဖြစ်ပါသည်။ မည်သူ့ကိုမျှရန်မူခြင်းမရှိ။ ရသေ့ကြီးကအစာကျွေးပြီးစောင့်ရှောက်ထားရ၏။

ထိုအချိန်တွင်ပေါ်ပေါက်လာသော တဘောင်သီချင်းတို့မှာ -

'တောင်ပေါ်မှာရေကြီးလို့ ဘုန်းကြီးကလှေလှော်၊ ငါတပည့်ဘိုးသူတော်ရယ် ရောင်ခြည်တော်လွှတ်စမ်းပါလေး' ဟုလည်းကောင်း -

'ဖိုးမောင်ကျူးကျော် မန်းတောင်ရိုးပေါ်၊ သန်းခေါင်ကို လေပြည်ဖြန်းတော့ ချမ်းရှာလိမ့်မယ်' ဟုလည်းကောင်း၊

'ဖိုးမောင်ကျူးကျော် မန်းတောင်ရိုးပေါ်၊ သည်တောင်ကိုဖူးမြော်ကြပါ၊ ပြာသာဒ်နှင့် ဝေဝေဖြာဖူးမြော်ကြပါ' ဟုသော တဘောင်သီချင်းတို့ကို ရုပ်သေးမင်းသမီးဦးဖူးညိုက ရုပ်သေးကပြစဉ် ဘီလူးထွက်တိုင်း သီဆိုခဲ့ကြောင်းသိရပါသည်။ (ဖိုးမောင်မှာ ရသေ့ကြီးဦးခန္တီ၏ ငယ်မည်ဖြစ်ပါသည်။)

'စခန်းခဝေးပေါင်၊ ရွှေမန္တလေးတောင်၊ မြွေကြီးနှစ်ကောင်သွားလို့ကြည့်ရအောင်' ဆိုသော တေးသီချင်းသည် မြန်မာပြည်အနှံ့အပြားသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပြီး မန္တလေးတောင်ပေါ်သို့ မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးများလာရောက်ဖူးမြော်ကြကာ အလှူငွေများ ထူးခြားစွာ ပိုမိုရရှိလာပြီး သာသနိကအဆောက်အအုံများမှာလည်း လျင်မြန်စွာပြီးစီးခဲ့ရပါသည်။

ထိုအခါ ရသေ့ကြီးဦးခန္တီက ဤမြွေကြီးနှစ်ကောင်သည် သွယ်ဝိုက်သောနည်းအားဖြင့် 'မန္တလေးတောင်၏ ဘုရားဒါယကာ၊ ဘုရားဒါယိကာမများဖြစ်သည်' ဟု ထာဝရ မှတ်တမ်းတင်ဂုဏ်ပြုလိုသဖြင့် တောင်ပြင်ကျွန်းလုံး ဥသျှောင်ရပ်ကွက်မှ ဒေါင်းတံဆိပ် သံရည်ကျိုအလုပ်ရုံပိုင်ရှင် ဖိုထောင်ဆရာကြီးဦးဝင်းအား တောင်ပေါ်သို့ခေါ်ယူပြီး မြွေကြီးနှစ်ကောင်အားပြသလျက် မြွေနှစ်ကောင်ပုံကို သံရည်ကျိုပုံစံပြုသွန်းလောင်းပေးရန် တာဝန်ပေးခဲ့ပါသည်။ မြွေကြီးနှစ်ကောင်၏ ပါးပျဉ်းထောင်နေသည်မှာ ရန်လိုနေသည့်ဟန်ပန်အမူအရာ မဟုတ်ပါ။ မြွေတို့၏အလှအပတရား ပေါ်လွင်စေရန်ဟု ရသေ့ကြီး၏ အကြံပေးချက်ဖြင့် သံရည်ကျိုဆရာက ပုံလောင်းထားခြင်း ဖြစ်သည်။

ထို့ကြောင့် ပါးပျဉ်းထောင်နေသောမြွေပုံစံကိုကြည့်၍ စပါးကြီး၊ စပါးအုံးမြွေမျိုးမဟုတ်ပါ။ တောကြီးမြွေဟောက် ငန်းပိတောက် (ခေါ်) ငန်းမြွေကြီးများဖြစ်မည်ဟု စာရေးသူ ခန့်မှန်းမိပါသည်။

ဤမြွေကြီးနှစ်ကောင်ပုံအား ယခုနိမိတ်ကြီးလေးပါးနေရာ၌ ယခင်ကထားရှိရာ ဘုရားဖူးများက မြွေကြီးနှစ်ကောင်အားကြည့်ရှုပြီး တောင်အောက်ပြန်ဆင်းသွားကြသဖြင့် အထက်ပိုင်းရှိ စေတီ၊ ဆင်းတုရုပ်ပွားတော်များအတွက် အလှူငွေရရှိမှုနည်းပါးခြင်းကြောင့် ယခုနေရာသို့ ရွှေ့ပြောင်းထားရှိခြင်း ဖြစ်ပါသည်။

ထူးခြားမှုတစ်ခုမှာကား မန္တလေးတောင်ပေါ်တွင် အရွယ်အမျိုးမျိုး၊ အရောင်အသွေးစုံမြွေများကို မကြာခဏတွေ့ရတတ်ပြီး မတော်တဆကိုက်ခံရသော်လည်း အဆိပ်မတက်၊ အန္တရာယ်မရှိကြောင်း သိရပါသည်။ လူများကလည်း မြွေတွေ့လျှင် သတ်ဖြတ်ခြင်းမပြုကြပါ။

## ❑ မန္တလေးဘိုးတော်ကြီးနှင့် တောင်တော်သခင်မ မရွှေဥ

မန္တလေးတောင်အရှေ့ဘက်စောင်းတန်းတွင်ရှိသော မန္တလေးဘိုးတော်ကြီးသည် ခရစ်နှစ် ၁၀၄၅ ခုနှစ် (မြန်မာနှစ် ၄၀၆ ခုနှစ်) တွင် နန်းတက်သော ပုဂံပြည့်ရှင် အနော်ရထာမင်း တရုတ်ပြည်မှ အပြန် တောင်ပြုံးအရပ်၌ စေတီတည်ရာ အုတ်နှစ်ချပ်လုပ် မှုနှင့်ပတ်သက်၍ ရွှေဖျဉ်းညီနောင်တို့ကို ကျန်စစ်သားမှ ကွပ်မျက်ရာ၌ တာဝန်မကင်းဟုဆိုကာ အထိန်းတော် ပုရောဟိတ်ပုဏ္ဏားဆရာကြီးကို ထိုနေရာ၌ကွပ်မျက်ခံရရာမှ နတ်ဖြစ်ပြီး မန္တလေးဘိုးတော်ကြီးဟု အမည်တွင်လာခြင်းဖြစ်သည်။ မန္တလေးမြို့သူမြို့သားများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ကားအရောင်းအဝယ်ကိစ္စ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဘိုးဘိုးကြီးနတ်နန်းအား ဦးတိုက်မှုတို့ဖြင့် မန္တလေးဘိုးဘိုးကြီးနတ်နန်းသည် အစဉ်စည်ကားလျက်ရှိ၏။

မန္တလေးတောင်၏ မြောက်ဘက်တွင် သခင်မတောင်ရှိလေသည်။ ထိုတောင်အား အပိုင်စားရသူက တောင်တော်သခင်မ မရွှေဥဖြစ်သည်။ မန္တလေးမြို့သူမြို့သားတွေက မရွှေဥဟုခေါ်လျှင် မကြိုက်။မမဥဟုခေါ်ကြသည်။ အောက်ပြည်အောက်ရွာမှ ရှင်မွန်လှဟုခေါ်သည်ကို မန္တလေးအရှေ့ဘက်မှအစပြု၍ ရှမ်းမြောက်တစ်ခွင်မှာ အစ်မတော်စောမွန်လှဟုခေါ်သကဲ့သို့ဖြစ်သည်။ အောက်ပြည်အောက်ရွာမှာ မင်းကြီး၊ မင်းကလေးဟုဘယ်လိုပဲခေါ်ခေါ် တောင်ပြုံးဒေသတစ်ဝိုက်ရောက်လျှင် တောင်ပြုံးမင်းနှစ်ပါးဟုခေါ်မှကြိုက်သကဲ့သို့တည်း။ သူ့အရပ်သူ့ဒေသရောက်လျှင်ဖြင့် လေးစားသမှုနှင့် ပြောဆိုဆက်ဆံပါက မည်သည့်ဘေးဒုက္ခမှမရောက်သည်ကို စာရေးသူအတွက် အတွေ့အကြုံများစွာက သင်ခန်း စာပေးခဲ့ပြီးဖြစ်ပါသည်။ ရွှေဖျဉ်းမင်းညီနောင်ကွပ်မျက်ခံရပြီး နတ်ဖြစ်သွားသောအခါ နတ်သမိုင်းစာအုပ်ပါ အဖြစ်အပျက်အတိုင်း မင်းညီနောင်က မရွှေဥအား ကျားဖြင့်တိုက်သတ်၍ မရွှေဥနတ်ဖြစ်ရရှာသည်။

တစ်နေ့သောအခါ မန္တလေးတောင်ထိပ်၌ ရသေ့ကြီးဦးခန္တီ သီတင်းသုံးနေစဉ် ရုပ်ရည်ချောမောလှပသော အမျိုးသမီးတစ်ယောက် ရောက်ရှိလာပြီး ရွှေထည်ပစ္စည်းများနှင့် ငွေဒင်္ဂါးအမြောက်အမြားလှူဒါန်းသဖြင့် အမည်၊ နေရပ်လိပ်စာအား မေးမြန်းသောအခါ-

"တပည့်တော် မဥပါ ဘုရား"

ဟုလျှောက်ထားပြီး မြောက်ဘက်သို့ဆင်းသွားသဖြင့် ကျောင်းသားတစ်ယောက်ကို နောက်ယောင်ခံအကြည့်ခိုင်းရာ ယခု တောင်တော်သခင်မမရွှေဥနန်းနေရာအရောက် ပျောက်ကွယ်သွားကြောင်း ကျောင်းသားက ပြန်လည်လျှောက်တင်၏။ သို့အတွက်ကြောင့် ထိုနေရာတွင် မရွှေဥ၏ပုံတော်ကိုထားရှိရခြင်း ဖြစ်ပါသည်။

❑

မန္တလေးတောင်ပေါ်မှ အနောက်တောင်ယွန်းယွန်းသို့ လှမ်းမျှော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လျှင်ဖြင့် မင်းဝံတောင်ရိုး၊ မင်းကွန်းတောင်ရိုးတို့ဖြင့် နန်းတော်ကျွန်းရွာ၊ မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အား ဆက်သွယ်ထားသည့် တံတားသားအဖအား မြူခိုးတို့ကြားမှ မြင်တွေ့နေရပါသည်။ စစ်ကိုင်းတောင်ရိုး (မင်းဝံ) ပေါ်မှ ဆွမ်းဦးပုညရှင်စေတီနှင့်တကွ ပတ္တမြားစေတီ၊ လွမ်းစေတီတို့နှင့် အဆူဆူသော စေတီပုထိုးတို့က တောင်ရိုးပေါ်မှာ စီကာစဉ်ကာ အကွက်ချထားသကဲ့သို့ရှိ၏။ ဧရာဝတီမြစ်သည် စစ်ကိုင်းတောင်ရိုးအားဦးခိုက်ပြီး တံတားနှစ်စင်းအောက်မှငုပ်လျှိုးက အနောက်ဘက်သို့ ကွေ့ဝင်သွားပါသည်။ မန္တလေးဘက်ကမ်းမှ ရွှေကြက်ယက်၊ ရွှေကြက်ကျ စေတီနှစ်ဆူနှင့် စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဆွမ်းဦးပုညရှင်စေတီအကြား ဧရာဝတီသည် ရှုပ်ထွေးများပြားလှသောကျောက်မီးသွေးတင်မော်တော်များကို စိတ်ပျက်စွာကြည့်ရင်း အနောက်ဘက် မြင်းမူမြို့နယ်သို့ စီးဆင်းသွားပါသည်။

ကျွန်ုပ်သည် မန္တလေးတောင်ပေါ်မှနေ၍ တောင်အောက်ရှုခင်းများအား ငေးမောနေမိ၏။ ရှေးဟောင်းမင်းနေပြည်တော်ယဉ်ကျေးမှု၊ မြို့ပြမော်ဒန်ခေတ်၊ ဂန္ဓာလရာဇ်ယဉ်ကျေးမှုတို့ဖြင့် ရောထွေးနေသောမန္တလေးသည် ပူပြင်းသော နေရောင်အောက်၌ ခေတ်၏ ပွေ့ကွ အခြေအနေအား မသိချင်ယောင်ဆောင်နေ၏။

တောင်ဘက်သို့ ငုံ့ကြည့်မိသောအခါ ကျောက်တော်ကြီးဘုရား (မဟာသက္ကျမာရဇိန်)၊ စန္ဒာမုနိဘုရားနှင့် မဟာလောကမာရဇိန် (ကုသိုလ်တော်) ဘုရားများအား ဖူးတွေ့ရလေသည်။ ထိုစေတီများတွင်မှ ကျွန်ုပ်စိတ်ဝင်စားမိသည်က ကုသိုလ်တော်ဘုရားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကုသိုလ်တော်စေတီကြီး၏ မဟာရံတံတိုင်းအတွင်း၌ ကမ္ဘာ့ယနေ့စစ်ချိန်တွင် မှတ်တမ်းတင်ခြင်းခံရသော ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးရှိသောကြောင့်တည်း။

မဟာလောကမာရဇိန် (ကုသိုလ်တော်) စေတီသည် မင်းတုန်းမင်းတရားကြီး၏ မန္တလေးမြို့တည် သတ္တဌာနတွင် အင်္ဂါအပါအဝင် ဖြစ်သည်။ (AD-၁၈၅၉) ကောဇာသက္ကရာဇ် ၁၂၂၀ ခုနှစ်တွင်စတင်တည်၍ (AD ၁၈၆၂) ကောဇာသက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် ပြီးစီးသည်။

မင်းတုန်းမင်းကြီးသည် ပဉ္စမသင်္ဂါယနာတင်အပြီးမှာ စိတ်အကြံပေါက်သည်က 'ရှေးက ဘယ်မင်းမှမလှူဘူးတဲ့ အလှူမျိုးကိုလှူမယ်' ဆိုပြီး ပိဋကတ်တော်များကို ကျောက်ထပ်အက္ခရာတင်ပြီး ကျောက်စာတိုင်များကို သီဟိုဠ်စွယ်တော်ကြုတ်ပုံသဏ္ဌာန်ရှိသော လိုဏ်ဂူပြာသဒ်များအတွင်းစိုက်ထူ၍ ကုသိုလ်တော်စေတီ မဟာရံတံတိုင်းအတွင်း တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင် အစဉ်အဆက် ရှေးဦးမြန်မာကြီးများ၊ တိုင်းရင်းသားမျိုးနွယ်များသည် မိမိတို့တတ်ကျွမ်းရာဘာသာစကားဖြင့် ဗုဒ္ဓဘာသာကျမ်းစာ၊ ရာဇဝင်၊ မဟာဝင်၊ အလှူဒါန ရေစက်ချမှုစ၍ သစ္စာကျိန်ဆိုသည့် အကြောင်းအရာအထိ ကျောက်စာ၊ မင်စာ၊ ထိုမှတစ်ဆင့် ပေရွက်ပေါ်မှ မှတ်တမ်းတင်သော ပေပုရပိုက်များ၌ မှတ်တမ်းတင် ရေးထိုးခဲ့ကြပါသည်။

စက္ကူစာရွက်အသုံးပြုမှုပေါ်ပေါက်လာပြီး ပုံနှိပ်စက်ပေါ်လာသော နယ်ချဲ့ဗြိတိသျှ လက်အောက်တွင်မူ ပေပုရပိုက်၊ ကျောက်စာတို့မှေးမှိန်သွားပြီး ပုံနှိပ်ဖြန့်ချိသော စာအုပ်စာတမ်း၊ ကျမ်းစာများဖြင့် မှတ်တမ်းတင်လာကြရာမှ ယနေ့အိုင်တီခေတ်သို့ပင် ရောက်ရှိလာပြီဖြစ်ပါသည်။

သို့သော် -

ပုဂံခေတ် အဦးဆုံး ကျောက်စာဖြစ်သော မြစေတီ (ရာဇကုမာရ) ကျောက်စာ AD ၁၂ ရာစုမှသည် မင်းတုန်းမင်းကြီး၏ကုသိုလ်တော် ပိဋကတ်ကျောက်စာတို့သည် နှစ်ပေါင်းရာထောင်ချီနေသော်လည်း ယနေ့ခေတ်အထိ မပျက်စီးသေးပါ။ ဖတ်၍ရဆဲကူးယူ၍ရဆဲဖြစ်သည်။ မင်းတုန်းမင်းကြီးသည် သူ၏ ကုသိုလ်တော်ကျောက်စာများအား နောင်နှစ်ပေါင်းရာထောင်သောင်းမက တည်တံ့စေချင်သောဆန္ဒရှိဟန်တူပါသည်။

ကျောက်မှာပဲထွင်း၍ရေးရေး၊ စက္ကူမှာပဲရေးရေး စာဟာစာပဲဖြစ်၏။ စာများကိုပေါင်းစုလိုက်တော့ စာအုပ်ဖြစ်လာပါသည်။

အလျား (၅)ပေ၊ အနံ (၃)ပေခွဲ၊ ထု(၅)လက်မ၊ (၆)လက်မရှိ ကျောက်စာရွက်ကြီးပေါင်း (၇၃၀)၊ ရှေ့နောက်စာမျက်နှာပေါင်း (၁၄၆၀) ရှိသော ဤကျောက်စာအုပ်ကြီးကို ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် ကမ္ဘာကျော် ဂင်းနစ်မှတ်တမ်းတင်စာအုပ်တွင် ကမ္ပည်းတွင်ခဲ့ပါတော့သည်။

ကျောက်စာတိုင် (၇၃၀)၊ ရှေ့နောက်စာမျက်နှာ (၁၄၆၀) မှာရှိသော စာများအား စာအုပ်အဖြစ် ရိုက်ထုတ်လျှင် ရှစ်ချိုးဆိုဒ်စက္ကူဖြင့် စာမျက်နှာ (၄၀၀)ခန့်စာအုပ်ကြီးပေါင်း (၃၈)အုပ်ခန့် ထွက်ပေါ်လာနိုင်ပြီး ဤစာများအား သံဃာ(၂၄၀၀) ပါး နေ့ညမနားဘဲ အသံမစဲအလဲအလှယ်နှင့်ရွတ်ဖတ်သည့်အခါ (၅) လနှင့် (၃) ရက်ကြာမှ ပြီးဆုံးသွားခဲ့ရပါသည်။

ကျောက်ချပ်ရေများမှာ -

ဝိနည်းပိဋကတ်တော် (၁၁၁) ချပ်၊

အဘိဓမ္မာပိဋကတ်တော်(၂၀၈)ချပ်၊

သုတ္တန်ပိဋကတ်တော်(၄၁၀)ချပ်

စုစုပေါင်း (၇၂၉) ချပ်၊ မှတ်တမ်းတစ်ချပ်၊ စုစုပေါင်း (၇၃၀) ချပ်ဖြစ်ပါသည်။ အမေလူထုဒေါ်အမာကပြောသည်မှာ တစ်နေ့ (၈)နာရီ မနားတမ်း နေ့တိုင်းမှန်မှန်ဖတ်သွားလျှင် (၁) နှစ် (၃)လလောက်ဖတ်မှ ပြီးနိုင်သည်ဟုဆိုပါသည်။

ပဉ္စမသင်္ဂါယနာမူဖြစ်သော ဤပိဋကတ်သုံးပုံ ကျောက်စာတော်များသည် နှစ်ပေါင်းရာကျော်နေသော်လည်း ပျက်စီးခြင်းမရှိသေးပါ။ မည်သူ့ကိုမဆို ဖတ်ခွင့်၊ ကူးယူခွင့်၊ ဓာတ်ပုံရိုက်ခွင့်ပေးထားပါသည်။

သို့သော် ဤစာအုပ်ကြီးအား ငှားလို့မရပါ။

ပိဋကတ်သုံးပုံအပြင် နေတ္တိကျမ်း၊ မိလန္ဒပဉှာနှင့် ပေဋကောပဒေသတို့ကိုပါ ပါဠိဘာသာဖြင့် ရေးထိုးထားခြင်း ဖြစ်ပါသည်။

မင်းတုန်းမင်းတရားကြီး မန္တလေးမြို့မတည်ခင် အမရပူရ၌ နန်းစံနေစဉ် ရှေးမင်းအဆက်ဆက်က ပေထက်အက္ခရာတင်ခဲ့သော ဘုရားဟောပိဋကတ်သုံးပုံသည် ပုရပိုက်များမှဆက်ကာဆက်ကာ ကူးရေးဖန်များလာ၍ အမှားအယွင်းများ ရှိလာနိုင်သောကြောင့် သူ့လက်ထက်မှာ မှန်ကန်အောင်လုပ်ဆောင်လိုသည့်ဆန္ဒဖြင့် ကောဇာနှစ်၁၂၁၈ ခုနှစ်တွင် အသစ်တစ်ဖန် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး (၃) မျိုးဖြင့် ပေထက်အက္ခရာတင်စေပါသည်။

ပေထက်အက္ခရာမတင်မီ မှန်ကန်မှုရှိ မရှိ သာသနာပိုင်အမှူးပြုတဲ့တံဆိပ်တောရ ဆရာတော် (၄) ပါး၊ စာကြည့်ဆရာတော် (၃၀) ပါး၊ စာတည်းဆရာတော် (၅၀) ပါး၊ ပရိယတ်တတ်သည့် သံဃာတော် (၅၀) ပါးတို့က သေချာစွာစစ်ဆေးကြည့်ရှုပြီး မှန်ပြီဆိုမှ ပိဋကတ်



www.burmeseclassic.com

www.burmeseclassic.com

တိုက်စိုး သွေးသောက်ကြီး၊ တိုက်စောင့်၊ အကြပ်၊ အစုရေး၊ ပိဋကတ်ရေး စသည့် အမှုထမ်း (၁၀၀) ကျော်တို့က ကညစ်၊ စုတ်များဖြင့် ရေးကြရသည်။

ရေးနေခိုက်မှာ အမြဲမပြတ်ကြီး ကြပ်ပြင်ဆင်ကြည့်ရှုဖို့ ဒက္ခိဏာရာမ ဆရာတော်၊ မြင်းဝန်တိုက်ဆရာတော်၊ ဆီးဘန်းနီဆရာတော်တို့က တာဝန်ယူ ကြရပြန်ပါသည်။

ရေးပြီးသောအခါ လွှတ်တော်စာရေး၊ ရုံးစာရေးကြီးတို့က အမှားအယွင်း မရှိရအောင် တည်းဖြတ်ရပြန်ပါသည်။ ပြီးနောက် တံဆိပ်တောရ စာတည်း ဆရာတော်၊ စာကြည့်ဆရာတော်များက တည်းဖြတ်ကြ၊ ဖတ်ရှုကြရပြန်ပါသည်။ ထိုဆရာတော်များဖတ်ရှုပြီးစီးမှ အတည် ပြုလက်ခံပါသည်။

ဤသို့ဖြင့် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး ပိဋကတ်သုံးပုံစာထုပ်ပေါင်း (၂၀၀)ကျော်၊ စာအင်္ဂါနှစ်သောင်းကျော် (တစ်အင်္ဂါ ပေ (၁၂) ရွက်) အား အမရပူရပိဋကတ်တိုက်တော်မှ မန္တလေးတောင်ခြေ ပိဋကတ်တိုက်တော်သို့ (၆) နှစ် အကြာမှာ ပြောင်းရွှေ့ထား၏။

ဤသို့ဖြင့် (၄)နှစ်ခန့်အကြာမှာ ပေထက်မှ ကျောက်ထက်သို့ အက္ခရာ တင်ခြင်းဆန္ဒသည် မင်းတုန်းမင်းတရားကြီး၌ ဖြစ်ပေါ်လာပြန်ပါသည်။

ထိုအခါ မတ္တရာစကျင်တောင်မှ ကျောက်ပြားများကို နန်းတော်ထဲသယ်ယူစေပြီး မှတ်တမ်းတင်ခဲ့သောပိဋကတ်တော်များအား ကျောက်ပြားထက်မှာ ရေးထိုးစေပါသည်။

ဤတွင် ဆရာတော်များဘက်က ကြပ်မတ်ရသည်မှာ-

တောင်ဆောင်တော်မိဖုရားဆရာတော်၊

မြတောင်မြို့စား သေနတ်ဝန်ကြီး ဆရာတော်၊

မြင်းဝန်တိုက်ဆရာတော်ဖြစ်ပြီး -

လူပုဂ္ဂိုလ်များမှာ-

အတွင်းဝန် ခန်းပတ်မြို့စားကြီး မဟာသီရိဥဇနာ၊

အတွင်းဝန် ယောမြို့စားမင်းကြီး မဟာမင်းလှစည်သူ၊

သံတော်ဆင့် ခင်မမင်းဝန် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျသူ (ခေါ်) ပိဋကတ်တော်အုပ် ဦးယံ၊

သံတော်ဆင့် နေမျိုးရာဇစည်သူ၊

အမိန့်တော်ရေးမင်းထင်ဇေယျသူ၊

အသုံးစာရေး နေမျိုးသီရိကျော်သူ တို့ဖြစ်ပါသည်။

ဤကျောက်စာချပ်များအား ကုသိုလ်တော်ဘုရားကြီး၏ ပထမမဟာရံတံတိုင်းအတွင်း(၄၂)ချပ်၊ ဒုတိယမဟာရံတံတိုင်းအတွင်း (၁၆၈)ချပ်၊ တတိယ မဟာရံတံတိုင်းအတွင်း (၅၁၉) ချပ်၊ ကျောက်စာတစ်ချပ်စီကို သီဟိုဠ်စွယ်တော်ကြုတ်ပုံ အုတ်ပြာသာဒ်တစ်ခုစီအတွင်းမှာ မြေဝင်တစ်တောင်စိုက်ပြီး အခိုင်အမာတည်ထားခဲ့ပါသည်။

ပထမမဟာရံတံတိုင်းအတွင်း အင်္ဂါထောင့်၌ ပိဋကတ်သုံးပုံပါဠိတော်များအား ကျောက်ထက်အက္ခရာတင်သည့် အကြောင်းသံပိုင်းမော်ကွန်းနိဂုံးကျောက်စာကြီးတစ်ချပ် ရေးထိုးစိုက်ထူထား၏။ ထို့ကြောင့် စုစုပေါင်း ကျောက်စာချပ် (၇၃၀) ဖြစ်သည်။

❑

မင်းတုန်းမင်းကြီးလက်ထက်တော် ကျောက်ထက်အက္ခရာတင်စဉ်က ထွင်းစာလုံးအချိုင့်ထဲ၌ ရွှေမင်များထည့်ပြီး ရေးသောကြောင့် ရွှေစာလုံးများအဖြစ် တွေ့ကြရသည်။ နှစ်ပေါင်းအတန်ကြာသော် ရွှေမင်များပျက်ကုန်၍ သားတော် သီပေါမင်းလက်ထက်တွင် ရွှေမင်များကို ထပ်ဖြည့်စေခဲ့ပါသည်။

နယ်ချဲ့ဗြိတိသျှတို့ မြန်မာတစ်ပြည်လုံးအားသိမ်းပိုက်ပြီးနောက် ဗြိတိသျှစစ်တပ်များ မန္တလေးတောင်ခြေတစ်ဝိုက် စခန်းချသောအခါတွင် ထိုနေရာတစ်ဝိုက်ရှိ စေတီပုထိုး၊ ကျောင်းကန်များမှ တန်ဖိုးရှိသောပစ္စည်းမှန်သမျှကို ဗြိတိသျှစစ်သားများ လုယက်ယူငင်ကြသည်။ ကျောက်စာတော်များတည်ရှိသော ကုသိုလ်တော်ဘုရားသည်လည်း ရစရာမရှိအောင် ပျက်စီးခဲ့ရသည်။

ဗြိတိသျှစစ်တပ်များ မန္တလေးမြို့အား သိမ်းပိုက်ပြီး (၅)နှစ်အကြာတွင် စေတီပုထိုးများ ပျက်စီးယိုယွင်းလာသည်ကိုသိခဲ့ရသော မန္တလေးနေ ပြည်သူလူထုထဲမှ မြေတိုင်းစာရေးကြီး ဦးအောင်ပန်း ဦးဆောင်၍ နန်းတွင်းမှ မင်းမှုထမ်းဟောင်းများနှင့်တိုင်ပင်ပြီး နယ်ချဲ့အစိုးရအား အရေးဆိုခဲ့ရာမှ စေတီပုထိုးများ ပြုပြင်ခွင့်ရခဲ့ပါသည်။

မင်းတုန်းမင်းတရားကြီး၏ကုသိုလ်တော်ဖြစ်သော မဟာလောကမာရဇိန် စေတီတော်ကြီးသည်လည်း ရစရာမရှိအောင် ပျက်စီးယိုယွင်းနေ၍ ကင်းဝန်မင်းကြီး၊ လှေသင်းအတွင်းဝန်မင်း ညောင်ရွှေစော်ဘွားကြီး ဆာစောမောင် မြေလတ်ဝန် တောင် (၁၅၀) ဗိုလ်၊ မိုးဗြဲ စစ်ကဲတော်ကြီးနှင့်တကွ ရဟန်းရှင်လူ ပုဂ္ဂိုလ်များက ကုသိုလ်တော်ဘုရား အပျက်အစီးများကို ပြည်သူ့အားနှင့် ပြင်ဆင်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။

ကုသိုလ်တော်ဘုရားအားပြင်ဆင်ပြီးနောက် ကျောက်စာတော်များမှာ ရွှေမင်များပျက်စီးနေ၍ မင်နက်များနှင့်ထပ်လိုက်သောအခါ သလင်းကျောက်ဖြူများတွင် မင်နက်ကြောင့် ဖတ်၍ကောင်းလာသည်ကို တွေ့ရပါသည်။

တောင်(၁၅၀)ဗိုလ်နှင့် မိုးဗြဲစစ်ကဲတော်ကြီးတို့က ကျောက်စာဂူတွေကြားမှာ အရိပ်ရစေရန် မယ်ဇယ်ပင်နှင့် ခရေပင်များအား အကွာအဝေးညီစွာ စိုက်ပျိုးခဲ့ပါသည်။

မင်းတုန်းမင်းကြီး၏ကုသိုလ်တော် ပိဋကတ်သုံးပုံပါဠိတော် ကျောက်စာများ စိုက်ထူပြီး နှစ်ပေါင်း (၃၀)ကျော်မှ ပထမဆုံးအကြိမ်အဖြစ် စက္ကူစာရွက်ပေါ်သို့ ပါဠိပိဋကတ်တော်များရိုက်နှိပ်ပြီး စာအုပ်ကြီးများ ထွက်ပေါ်လာပါသည်။

❑

ကျောက်စာတော်များအကြားရှိ ခရေပင်ရိပ်သည် လွန်စွာအေးမြလှသည်။ လေအဝှေ့၌ ခရေပွင့်လေးများက ဝဲကာဝဲကာဖြင့် မြေသို့ခလာကြသည်၊ ခရေပန်းရနံ့က သင်းပျံ့ပျံ့။ ကျွန်ုပ်သည် အေးမြသော ခရေပင်အရိပ်အောက်မှ မထွက်နိုင်အောင်ဖြစ်နေ၏။ အပြင်မှာ ရင်ဆိုင်ရမည့် မန္တလေး၏နေပူဒဏ်ကို ကြောက်ရွံ့နေမိသည်။ နေညိုညိုမှာ မန်းတောင်ရိပ်သည် အစိမ်းရင့်ရောင်ခြယ် နေလေသည်။ ဆိုင်ကယ်များက ကားများကြားတွင် ဟိုတိုးသည်ဝှေ့ဖြင့် အပြေးနှင်လျက်။ သူ့အရပ်နှင့်သူ့ဇာတ်ကတော့ ဟန်ကျနေလေသည်။

တကယ်တော့ မန္တလေးသည် အရင်းခံယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နယ်များမှ တက်လာသောသူတို့၏ ဂျစ်ပဆီစရိုက်၊ ဂန္ဓာလရာဇ်အရှေ့မြောက်တိုင်းသား စပါးကြီးမြွေကြီးများ၏ ဝါးမျိုအောက်တွင် လူးလွန့်လူပ်ရှားနေသော ချိတ်ထဘီနှင့်မိတ်ကပ်အဖွေးသားခြယ်သထားသည့် အမျိုးသမီးတစ်ယောက်ကဲ့သို့တည်း။

ချာန်သင်းထုံး

(စာပေဗိမာန်ဝ တ္တုရှည်ပဋ္ဌမဆုရ)



www.burmeseclassic.com

www.burmeseclassic.com



## ဆေးမသိရင်
# ကြို့ကြီးထိုးတာ သေတတ်တယ်

ဗန်းမော်ညိုညို

လောကမှာ လူ့ရယ်လို့ဖြစ်လာရင် ခန္ဓာကိုယ်အတွင်းမှ မထင်မှတ်ဘဲ ဖောက်ဖောက်လာတတ်တဲ့ရောဂါတစ်မျိုး ရှိပါတယ်။ အဲဒါကတော့ ကြို့ထိုးတဲ့ ရောဂါပါ။ လူဟာ ဘယ်လောက်ပဲ ကျန်းမာကျန်းမာ အတွင်းကလီစာများရဲ့ ဖောက်ပြန်မှုကြောင့် ကြို့ထိုးလာတတ်ပါတယ်။ ကြို့ထိုးတာ နှစ်မျိုးရှိပါတယ်။ ကြို့ကြီးထိုးတာမျိုးနဲ့ ကြို့ငယ်ထိုးတာမျိုး ဖြစ်ပါတယ်။ ကြို့ငယ်ထိုးတာမျိုးဟာ သွားရင်းလာရင်း နေရင်းထိုင်ရင်း စားရင်းသောက်ရင်းဖြစ်တတ်တဲ့ ရောဂါမျိုးပါ။ ရေသောက်လိုက်ရင်ပျောက်သွားတတ်တယ်လို့ ကြို့ငယ်လို့ ခေါ်ခဲ့ကြတာပါ။

ကြို့ကြီးကျတော့ ကြို့ငယ်လို မဟုတ်ဘူး။ ဖြစ်ချင်တဲ့အချိန်မှာကောက်ဖြစ်တတ်ပါတယ်။ တစ်ခါတစ်ခါ ညအိပ်နေရင်းတောင်ဖြစ်တတ်ပါတယ်။ ဘယ်လိုပဲရေသောက်သောက်မပျောက်ပါဘူး။ ကြို့ကြီးအထိုးမြန်လာရင် လူဟာမောလာပါတယ်။ ဘယ်လိုမှကုစားလို့မရနိုင်ဘူး။ ဆေးရုံတင်ပေမယ့် ဆရာဝန်မတတ်နိုင်တဲ့ရောဂါမျိုးဖြစ်ပါတယ်။

အတွေ့အကြုံလေးတစ်ခုပြောဦးမယ်။ စာရေးသူဟာ ဗန်းမော်မြို့ကနေ အလုပ်တာဝန်တစ်ခုနဲ့ မန္တလေးကိုပြောင်းရွှေ့ခဲ့ရပါတယ်။ နေစရာအိမ်မရှိလို့ ဗန်းမော်မြို့ သိမ်မဟာကျောင်းဆရာတော်ကြီးထိုင်ခဲ့ဖူးတဲ့ ထင်းဝင်းအိုးဘိုမြောက်ကျောင်းတိုက်မှာ ဆရာတော်ကြီးမိန့်ကြားချက်အရ နေခွင့်ရခဲ့ပါတယ်။ အဲဒီဆရာတော်က ဦးဉာဏဝံသဖြစ်ပါတယ်။

တစ်ရက်မှာ နေ့ဆွမ်းစားနေအချိန်အတွင်း ဦးပဉ္ဇင်းလေး ဦးကုသလဟာ ကြို့ထိုးလာခဲ့ပါတယ်။ ဆရာတော်က ရေအမြန်သောက်ခိုင်းပါတယ်။ ဒါပေမယ့် ကြို့ထိုးတာဟာ မပျောက်တဲ့အပြင် ပိုပြီးစိပ်လာလို့ ဆရာတော် လန့်သွားပါတယ်။ ဦးကုသလဟာ ကြို့ထိုးတာ မနိုင်လို့ထင်ပါတယ်။ ဆွမ်းစားနေတဲ့ နေကထိုင်ပေါ်မှာလှဲအိပ်လိုက်ပါတယ်။ ဆရာတော်က ရပ်ကွက်လူကြီးများကို ခေါ်ပြီး ဦးကုသလကို ဆေးရုံတင်ခိုင်းလိုက်ပါတယ်။ စာရေးသူကိုယ်တိုင်လိုက်ပါသွားခဲ့ရပါတယ်။ ဆေးရုံမှာ (၂) ရက်ကြာပါတယ်။ လုံးဝထူးခြားမှုမရှိခဲ့ဘူး။ ဦးပဉ္ဇင်းဟာ မောနေပါတယ်။ ကြို့ထိုးတာလည်းမရပ်ဘူး။ ဆရာဝန်ကပြောပါတယ်။ ကျောင်းကိုသာပြန်ခေါ်သွားပါတော့တဲ့။ ကုလို့မရတော့ဘူးတဲ့။ အဲဒါကြောင့် ရပ်ကွက်လူကြီးများနဲ့ စာရေးသူတို့ဟာ ဦးပဉ္ဇင်းလေးကို ကျောင်းကို ပြန်ခေါ်ခဲ့ကြပါတယ်။ ကျောင်းမှာ ဦးပဉ္ဇင်းလေးကို ဝိုင်းပြီးပြုစုနေစဉ် ကားဖြူလေးတစ်စင်း ကျောင်းဝင်းထဲဝင်လာခဲ့ပါတယ်။ ဒကာကြီးတစ်ဦးကားပေါ်မှ ဆင်းလာပါတယ်။ ဝဝတုတ်တုတ်ခံ့ခံ့ ညားညားဖြစ်ပါတယ်။

ဆရာတော်ဦးဉာဏဝံသနဲ့တွေ့တဲ့အခါ -

“ဦးပဉ္ဇင်းလေး အိမ်ကိုဆွမ်းခံမကြွတာ (၃) ရက်ရှိပြီ။ ဘာဖြစ်လို့မကြွလဲဆိုတာ လာစုံစမ်းတာပါဘုရား။ နေမကောင်းများဖြစ်နေလို့များလားဆိုပြီး စိုးရိမ်စိတ်နဲ့ လာခဲ့တာပါဘုရား။ တပည့်တော်နာမည် ဦးသိုက်ထွန်း ဖြစ်ပါတယ်”

ဆရာတော် ဦးဉာဏဝံသသည် ဦးပဉ္ဇင်းလေးရဲ့ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်ပါတယ်။

ဦးသိုက်ထွန်းဟာ ဦးပဉ္ဇင်းလေးကိုသွားကြည့်ပါတယ်။

“ဆရာတော်ဘုရား၊ တပည့်တော်ကို နန္ဒင်းမှုန့်လက်ဖက်စားဇွန်းတစ်ဇွန်းပေးပါဘုရား”

ဒကာတစ်ယောက်က နန္ဒင်းမှုန့် လာပေးပါတယ်။ ဦးသိုက်ထွန်းဟာ ဖန်ခွက်တစ်လုံးထဲမှာ နန္ဒင်းမှုန့်ကို ရေနဲ့ဖျော်လိုက်ပါတယ်။ ဦးပဉ္ဇင်းလေးကို မတ်မတ်ထူလိုက်ပါတယ်။ အဲဒီနန္ဒင်းမှုန့်နဲ့ရေကိုဖြည်းဖြည်းချင်းတိုက်ပေးပါတယ်။ အံ့ဩစရာကောင်းလိုက်တာများ နန္ဒင်းရည်ပိုက်ထဲလည်းရောက်သွားရော ကြို့ထိုးတာ တစ်ခါတည်းရပ်သွားတယ်။ လုံးဝကြို့ပြန်မထိုးလာတော့ဘူး”

ဦးပဉ္ဇင်းဟာ ဦးသိုက်ထွန်းကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။

“ဆရာတော်ဘုရား၊ ဦးပဉ္ဇင်းလေးရဲ့ ကြို့ကြီးထိုးတာ ကောင်းသွားပါပြီ။ အားတွေကုန်ထားတော့ အနားယူပါစေ။ အားရှိတဲ့ဟောလစ်ဝယ်ပို့လိုက်ပါ့မယ်။ ဆရာတော်ဘုရားကို တပည့်တော် လျှောက်ထားပါ့မယ်။ နန္ဒင်းဟာ အဖိုးမဖြတ်နိုင်တဲ့ဆေးတစ်မျိုးပါဘုရား။ ဟင်းထဲမှာလည်းသုံးတယ်။ ဆေးအမျိုးမျိုးမှာလည်း အသုံးပြုကြပါတယ်ဘုရား။ တပည့်တော်ဟာ မိုးကုတ်မှာ ကျောက်တွင်းလုပ်တော့ တစ်ရက်မှာ အခု ဦးပဉ္ဇင်းဖြစ်သလို ကြို့ကြီးထိုးပါတယ်။ ဘယ်ဆရာမှကုလို့မရဘူး။ အဲဒီမှာ တပည့်တော်ကို တွင်းလုပ်သားအဘိုးကြီးတစ်ယောက်က နန္ဒင်းဖျော်ပြီးလာတိုက်ပါတယ်ဘုရား။ ဆန္ဒင်းဖျော်ရည်လည်း သောက်ပြီးရော အဲဒီကြို့ကြီးဟာ ဘယ်ရောက်သွားမှန်းမသိတော့အောင်ကောင်းသွားပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်အသက်ဟာ နန္ဒင်းအသက်ပဲရှိတော့တာပါဘုရား။ တပည့်တော်ကို နန္ဒင်းတိုက်တဲ့ အဘိုးကြီးကိုလည်း အသက်ကယ်ပေးတဲ့အတွက် ငွေတစ်သိန်းကန်တော့လိုက်ပါတယ်ဘုရား။ အမှန်တော့ တပည့်တော်ဟာ နန္ဒင်းရဲ့ဂုဏ်သတ္တိကို အဘိုးကြီးထံမှရရှိခဲ့လို့ အခုလိုကုသနိုင်တာပါဘုရား”

ဦးသိုက်ထွန်းဟာ စကားပြောပြီး ပြန်သွားခဲ့ပါတယ်။ စာရေးသူဟာ ဦးသိုက်ထွန်းရဲ့စကားများကို မှတ်တမ်းတင်ခဲ့ပါတယ်။ စာရေးသူ အငြိမ်းစားယူပြီးနောက် ကြို့ကြီးထိုးတဲ့လူနာ (၁၀) ဦးကို နန္ဒင်းနဲ့ပဲကုလို့ပျောက်ခဲ့ပြီးပါပြီ။ အဲဒါကြောင့် နန္ဒင်းကို အထင်မသေးကြပါနဲ့။ အသက်ကယ်နိုင်တဲ့ ဆေးဖြစ်ကြောင်း ဆင့်ပွားဖြန့်ဝေလိုက်ပါတယ်။

ဗန်းမော်ညိုညို

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ၂ မူလဝဏ္ဏသရစက်နဲ့တွက်ရည်ဒည်းဆိုင်ရာ ပြောင်းလဲမှု သဘောတရား

နံနက်ရောင်နီပျိုးလာခဲ့သည်နှင့် မောင်ထွန်းမြင့်သည် ဆရာကြီးဦးရာမန်း၏အိမ်ရှေ့သို့ပေါ်လာလေ၏။

ထိုအခါ ဆရာကြီးက -

"အတော်ပဲ လာပေ့ မောင်ထွန်းမြင့်၊ ဒီမှာကောက်ညှင်းပြုန်ပေါင်းပူပူလေးနဲ့ ရေနွေးကြမ်းသောက်ဦးလေ"

ဟု ခေါ်သဖြင့် မောင်ထွန်းမြင့်လည်း အိမ်ပေါ်တက်ပြီး ကောက်ညှင်းပြုန်ပေါင်းကို အားရပါးရစားလေ၏။

"ကျွန်တော်ကောက်ညှင်းပြုန်ပေါင်းကြိုက်တာနဲ့အတော်ပဲ၊ အားမနာတော့ဘူး စားမယ်နော်"

"ဟ - စားစမ်းပါဟ။ ငါက မင်းကြိုက်မှန်းသိလို့ လုပ်ထားတာ။ မင်းအတွက်ပဲ။ အခု သရောဒယအပေါ်ကို ကောဘယ်လိုမြင်သလဲ။သင်ရင်းသင်ရင်းနဲ့ကော ဘယ်လိုခံစားချက်ဖြစ်လာသလဲကွယ်"

"ပွင့်ပွင့်လင်းလင်းပြောရရင် ဆရာကြီးရယ်၊ သရောဒယမှာ ရှုပ်ထွေးတာတွေကတော့ အများကြီးပဲ။ အဲ - ဆရာသားကောင်းသာမရှိခဲ့ရင် စိတ်ပျက်စရာတွေကတော့ တစ်ပုံတစ်ပင်ကြီးရှိတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီဟာကို လေ့လာရင်း လေ့လာရင်းနဲ့ ပိုပြီးကြိုက်လာတယ်လို့ ပြောရမှာပါပဲ"

"အေး-ဟုတ်ပြီ၊ အခုပြောပြမယ့်နည်းတွေကနေ ထောက်ပြီး အတ္တောန်တွေ တွက်ယူတာကိုလည်း နည်းနည်းတော့ သတိထားပြီး မှတ်ထားဖို့လိုတယ်။ ဒါမဟုတ်ရင် မျက်စိလည်သွားတတ်တယ်"

"ဟုတ်ကဲ့ - သေသေချာချာမှတ်သားပါမယ် ခင်ဗျ"

"ပထမဆုံး တစ်နှစ်ချင်းစီရဲ့ ကောင်း၊ မကောင်းကို သိချင်တယ်ဆိုရင် အန္တရည်ဒည်းကိုတွက်ပြီး ဘယ်သရပေါ် ရောက်နေသလဲဆိုတာ အရင်ဆုံးကြည့်ရမယ်ကွယ်။ ဥပမာဆိုပါတော့ကွာ တွက်ရအန္တရည်ဒည်းဟာ 'ကသရ'ရတယ်ဆိုပါတော့။ မူလဝဏ္ဏသရစက်ဖြစ်တဲ့ သရငါးလုံးကို အစဉ်အတိုင်းချရေးကြည့်ပေါ့။ ချရေးကြည့်ရင် ဒီပုံစံပေါ်လာမယ်။

| ဗာလ | ကုမာရ | ယုဝ | ဝုဒ္ဓ | မတ |
|---|---|---|---|---|
| အ | က | ဥ | ဧ | ဩ |

အဲဒီမှာ ကသရဟာ ကုမာရအောက်မှာရှိနေတာတွေ့ရမယ်။ အဲဒီကနေ အန္တရည်ဒည်းတွက်ရတဲ့ သရဖြစ်တဲ့ ကသရကို ပထမဆုံးအဖြစ် မူတည်ပြီးတော့ ပုံစံချကြည့်ရင်တော့ ဒီလိုဖြစ်လာလိမ့်မယ်ကွယ်။

| ဗာလ | ကုမာရ | ယုဝ | ဝုဒ္ဓ | မတ |
|---|---|---|---|---|
| အ | က | ဥ | ဧ | ဩ |

ဆိုပြီးတော့ ဖြစ်လာတာတွေ့လိမ့်မယ်။ ဒီတော့ တွက်လို့ရလာတဲ့ အန္တရည်ဒည်းဖြစ်တဲ့ -

က သရက ဗာလအဝတ္ထာန်၊ မူလဝဏ္ဏသရစက်မှာ ကက ကုမာရ။

ဥ သရက ကုမာရအဝတ္ထာန်၊ မူလဝဏ္ဏသရစက်မှာက ဥက ယုဝ။

ဧ သရက ယုဝအဝတ္ထာန်၊ မူလဝဏ္ဏသရစက်မှာက ဧက ဝုဒ္ဓ။

ဩ သရက ဝုဒ္ဓအဝတ္ထာန်၊ မူလဝဏ္ဏသရစက်မှာက ဩက မတ။

အ သရက မတအဝတ္ထာန်၊ မူလဝဏ္ဏသရစက်မှာက အက ဗာလ ဆိုပြီး တွေ့ရမယ်။ အဲဒီမှာ အန္တရည်ဒည်းက တွက်ရတဲ့ က-ဥ-ဧ သရသုံးလုံးဟာ ကောင်းပြီး ဩနဲ့ အ သရတွေဟာ ဝုဒ္ဓနဲ့ မတဖြစ်တဲ့အတွက် မကောင်းဘူး။ ဒီတော့ တွက်လို့ရတဲ့ အန္တရည်ဒည်းကသရဟာ ဗာလအဝတ္ထာန်ပဲ။ မူလဝဏ္ဏသရစက်မှာတော့ က အုပ်စုဟာ ကုမာရအဝတ္ထာန်မှာပဲရှိပေမယ်လို့ အဲဒီမူလဝဏ္ဏသရစက် ကုမာရအောက်မှာရှိတဲ့ က စတဲ့ အကြောင်းအရာအားလုံးဟာ ကုမာရ အားဖြစ်တဲ့ (၃၅) ရာနှုန်းအားကို မရတော့ဘဲ (၂၅) ရာနှုန်းဖြစ်တဲ့ စိုးစဉ်းမျှ ကောင်းခြင်းအဖြစ်ကို ရောက်ရှိသွားတယ်။

တွက်ရတဲ့ အန္တရည်ဒည်း ဥသရဟာ ကုမာရဖြစ်ပြီး မူလဝဏ္ဏသရစက်မှာ ဥ ဟာ ယုဝ အုပ်စုဖြစ်နေတော့ ၎င်းအောက်မှာရှိတဲ့ အကြောင်းအရာအားလုံးဟာ ယုဝအား မရတော့ဘဲ အလယ်အလတ်အားဖြစ်တဲ့ (၃၅) ရာနှုန်းပဲ ကောင်းအားရှိသွားတယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုပဲ အန္တရဥဒည်းကထောက်ရင် တွက်လို့ရတဲ့ ဧ သရဟာ ယုဝဖြစ်ပြီး မူလဝဏ္ဏသရစက် ဝုဒ္ဓရဲ့အောက်မှာရှိတဲ့အကြောင်းအရာတွေဟာ အကောင်းဆုံးသော (၁၀၀) ရာနှုန်းပြည့် အားရှိသွားတယ်။ အဲဒီလို မူလဝဏ္ဏသရစက်မှာရှိတဲ့ ဝုဒ္ဓအဝတ္ထာန်နဲ့ ဧသရတို့ဟာ အန္တရဥဒည်းရဲ့ယုဝမှာသွားကျတတ်တဲ့အတွက် ၎င်းပိုင်တဲ့အကြောင်းအရာတွေဖြစ်တဲ့ ဧသရတို့ ဃ, ၚ, ထ, ပ, ရ, သ အက္ခရာတို့၊ အဖြူရောင်တို့၊ ရိတ္တာတိထိတို့၊ သောကြာနေ့တို့၊ လဆန်း၊ လဆုတ် (၄၊ ၁၉၊ ၁၄) ရက်တို့၊ အချိန် ညနေ (၃း၃၀) မှ (၅း၃၀) အထိတို့၊ (၁၇) လုံးမြောက်နက္ခတ်ကနေပြီး (၂၁) လုံးမြောက်အထိရှိတဲ့နက္ခတ်တို့၊ မြောက်အရပ်တို့၊ ပြိဿာရာသီဒုတိယ (၁၅) ရက်မှ တူရာသီ၊ မကာရရာသီရဲ့ပထမ (၁၅) ရက်အထိစတဲ့ရက်တွေအားလုံး၊ ဝါယောဓာတ်တို့၊ အထိအတွေ့ဖော်ဋ္ဌဗ္ဗ စတဲ့အကြောင်းအရာတွေအားလုံးဟာလည်း (၁၀၀) ရာနှုန်းအားဖြစ်သွားတယ်ကွယ့်။ နည်းနည်းတော့မျက်စိလည်သွားသလား မောင်ထွန်းမြိုင်။ နားမလည်သေးရင် ပြော။ နောက်တစ်ခေါက် ထပ်ရှင်းရမလား"

"ဩော်. . . ဟုတ်ကဲ့-ဆရာကြီး၊ ပထမတစ်နှစ်ခုမှာတော့ မျက်စိနည်းနည်းလည်သွားသလိုပဲ။ ဒါပေမယ့် နောက်ပိုင်းကျတော့ ကောင်းကောင်းရှင်းသွားပါတယ်။ အခုရှင်းပြသွားတဲ့ကောင်းအား (၂၅) တို့၊ (၇၅) တို့၊ (၁၀၀) တို့ရတယ်ဆိုတော့ ဘယ်လိုသုံးတယ်ဆိုတာလေးလည်းသိအောင် လက်တွေ့အသုံးလေးတွေနဲ့ နည်းနည်းတွဲပြီးပြောပြပေးပါလား ဆရာကြီး"

"အေး - ဟုတ်ပြီ ဟုတ်ပြီ အဲဒီလို မေးတာကောင်းတယ်။ ဒါမှ ဘယ်ဟာတွေရှင်းပြဖို့ကျန်လဲ၊ ဘယ်လိုရှင်းပြမှ သဘောပေါက်မှာလဲဆိုတာ စဉ်းစားလို့ရတာပေါ့။ အခု ဥပမာပေးခဲ့တဲ့ မူလဝဏ္ဏသရစက်မှာ ဝုဒ္ဓအဝတ္ထာန်ဖြစ်နေတဲ့ ဧသရဟာ အန္တရဥဒည်းတွက်ပြီးထောက်လိုက်တော့ ယုဝအဝတ္ထာန်ဖြစ်သွားတဲ့အတွက် အဲဒီအကြောင်းအရာဆိုင်ရာ အုပ်စုကြီးတစ်ခုလုံးဟာ (၁၀၀) ရာနှုန်းဖြစ်သွားတယ်မဟုတ်လား။ အဲဒီတော့ အန္တရဥဒည်းဟာ တစ်နှစ်တာကာလပတ်လုံး အဲဒီဧသရပေါ်မှာစီးထားမယ့် ယုဝအဝတ္ထာန်ဖြစ်သွားပြီ။ အဲဒီအထိ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ - ပေါက်ပါတယ် ဆရာကြီး။ ဒါဆို ဒီအန္တရဥဒည်းရှိတဲ့တစ်နှစ်လုံး ဧသရတွေကောင်းတယ်ပေါ့နော်။ ဧသရမှန်သမျှ အကုန်ကောင်းတာလား။ ဥပမာ မြေတို့၊ ငွေတို့၊ ရွှေတို့၊ ရေတို့ ကောင်းတဲ့သဘောလား"

"အဲဒီမှာ တစ်ခုတော့ သတိထားရမယ် မောင်ထွန်းမြိုင်ရဲ့။ ဧသရကောင်းတယ်ဆိုပေမယ့် ဧသရဟာ သူ့ချည်းရပ်တည်လို့ရတာမဟုတ်ဘူး။ ဗျည်းအက္ခရာတွေနဲ့တွဲရတယ်လေ။ အဲဒီလိုတွဲတဲ့နေရာမှာလည်း တွဲလို့ရတဲ့ ဗျည်းအက္ခရာတွေကို အဲဒီဧသရအောက်မှာဖော်ပြထားတယ်မဟုတ်လား။ ဃ, ၚ, ထ, ပ, ရ, သ ဆိုတာတွေလေ အလွယ်တကူတွဲပြရရင် ဧသရနဲ့ ရအက္ခရာကိုတွဲကြည့်ပါလား။ ရွှေတို့၊ရေတို့ရမယ်လေ။ အဲဒီလိုတွဲလိုက်တော့ ဧသရနဲ့ယှဉ်တဲ့ ပြင်ပလောကက ရုပ်ဝတ္ထုပစ္စည်းတွေကိုရပြီလေ။ အဲဒီရုပ်ဝတ္ထုတွေကို လှူမယ်။ 'အစီအရင်တွေလုပ်မယ်။ ယတြာပြုမယ်ဆိုရင် (၁၀၀) ရာနှုန်းအပြည့်အားကို ကိန်းသေမြေကြီးလက်ခတ်မလွဲ အောင်မြင်လိမ့်မယ်ဆိုတာပြောလို့ရနိုင်တယ်ကွယ့်"

"ဒါဆို ဆရာကြီး သာမန် ရာဟုန်ရ, ယတို့နဲ့ပတ်သက်တဲ့ပညတ်ကို ယတြာချေတဲ့ပညာထက် အများကြီးသာတယ်ဆိုရမှာပေါ့နော်"

"ဒါပေါ့ကွယ့်။ သာမန် ရာဟုန်လောက်နဲ့တင်မကတော့ဘူးလေ။ အဲဒီရာဟုန်ကို ပိုအားကြီးတဲ့ ဧသရတို့ဘာတို့ထပ်တွဲတော့ ထပ်အားရှိတာပေါ့။ ပြီးတော့ ဧသရနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေဖြစ်တဲ့ အဖြူရောင်တို့ ရိတ္တာတိထိရှိတဲ့အခါ နေ့အားဖြင့် သောကြာနေ့။ အဲဒီလိုကျန်တဲ့အချက်တွေကိုပါ ပေါင်းထည့်သွားလိုက်ပေါ့။ အဲဒီစုပေါင်းအားသုံးထားတဲ့ ရာဟုန်ယတြာနဲ့သာမန်သုံးရာဟုန်ယတြာတို့ရဲ့ အကျိုးသက်ရောက်မှုဟာ ဘယ်လောက်ကွာသွားမလဲ။ တာသွားမလဲဆိုတာ မင်းဘာသာပဲ စဲတွေးဆကြည့်ပေတော့။ သရောဒယပညာဆိုတာအဲဒါပဲ မောင်ထွန်းမြိုင်။ ဒီမူလဝဏ္ဏသရစက်တစ်ခုထဲမှာတင် ကိုယ်ရည်ရွယ်ရာရောက်အောင် တစ်ကြောင်းတည်းပေါ်ကျအောင်ဆွဲပြီး အသုံးချရင်တောင် တွေ့တယ်မဟုတ်လား၊ အင်မတန်အားကြီးသွားစေတာကလား"

"အဲဒါကိုကော ဆက်ပြီး ပိုမြင့်သထက်မြင့်အောင် ထပ်ပြီးပေါင်းစပ်အစီအရင်ပြုလို့ရသေးလား ဆရာကြီး"

"ဟာ - ရတာပေါ့ကွယ့်။ ဒါဥဒည်းအကြောင်းနဲ့ မူလဝဏ္ဏသရစက်တစ်ခုတည်းပဲရှိသေးတယ်။ သရောဒယစက်တွေက အများကြီးရှိသေးတယ်လေ။ ကျန်တဲ့ ပထဝီဂူမ္ဘစက်တို့၊ နရစက်တို့၊ ကောင္ဍစက်တို့ဆိုတာတွေ အများကြီးရှိသေးတယ်။ အဲဒီအထဲမယ် ခုကိုယ်ပြုမယ့်အစီအရင်နဲ့ပတ်သက်တဲ့အကြောင်းအရာတွေပါရင် ဆွဲယူပြီး အသုံးချလို့ရတယ်ကွယ့်"

"သရောဒယပညာက အတော်ကျယ်ပြန့်တာပဲနော်။ အခုဆရာကြီးပြောတဲ့ ယုဝအဝတ္ထာနဲ့ပတ်သက်ပြီးတော့ရောထပ်ပြီး ကျယ်ကျယ်ပြန့်ပြန့်သုံးလို့ရသေးလား"

"ရတာယ်ကွယ့်၊ ဉာဏ်ရှိရင်ရှိသလိုချဲ့သုံးရင်ရတယ်။ အခုယုဝအဝတ္ထာန်ဆိုပါတော့။ အက္ခရာနဲ့ပတ်သက်တဲ့ ဃ, ၚ, ထ, ပ, ရ, သဆိုတဲ့ အက္ခရာတွေတွေ့တယ်မဟုတ်လား။ တကယ်လို့ အင်းစမတွေစီမံမယ်ဆိုရင် အဲဒီကာလမှာ အဲဒီအက္ခရာတွေ စိုးမိုးတဲ့ အင်းတွေစီရင်ရင် ပိုပြီး အစွမ်းထက်မှာပေါ့။ နောက်ပြီး ယကြီးအလယ်အင်းတို့၊ ၚအလယ်သေအင်းတို့တာတွေလည်း စီရင်လို့ရသေးတယ်။ မင်းဉာဏ်ရှိသလိုသာချဲ့ပြီးစဉ်းစားပေတော့။ နောက်ပြီး ယုဝမှာပါတဲ့ အဖြူရောင်ဆိုပါတော့။ဘုရားကိုပန်းလှူမယ်ဆိုရင် ဒီပြင်ရောင်ရှိတဲ့ ပန်းတွေလှူတာထက် ပိုပြီးအစွမ်းကြီးတာပေါ့။ နောက်ပြီးတော့ကွာ-အဝတ်အစားဝတ်တဲ့အခါမျိုးမှာလည်း အဖြူရောင်အဝတ်အစားမျိုးရွေးဝတ်တာ ပိုမကောင်းဘူးလား။ ကိုယ်နေတဲ့အိမ်တို့၊ ဈေးရောင်းတဲ့ဆိုင်တို့ဆေးသုတ်ရင်လည်း အဖြူရောင်သုတ်တော့ ပိုကောင်းတာပေါ့မဟုတ်ဘူးလား။ တစ်ခါ အရပ်ဒေသဆိုရင်လည်း မြောက်အရပ်ကို ညွှန်တယ်မဟုတ်လား။ ဒါကြောင့် အလုပ်လုပ်မယ်။ ခရီးသွားမယ်ဆို မြောက်အရပ်ကိုသွားလုပ်ရင် ပိုကောင်းတာပေါ့။ ကုန်ကုန်ပြောမယ်ကွာ တရားထိုင်မယ်၊ အဓိဋ္ဌာန်ဝင်မယ်၊ ပုတီးစိပ်မယ်၊ ဘုရားသွားမယ်ဆိုပါတော့ကွာ။ မြောက်အရမ်ကနေပြီး အလုပ်လုပ်ရင် ပိုမကောင်းပေဘူးလား။ တစ်ခါ ယုဝအဝတ္ထာန်မှာ ဝါယောလို့ခေါ်တဲ့ စရေဓာတ်ကြီးစိုးတယ် မဟုတ်လား။ အဲဒီအခါမျိုးမယ် ဝါယောဓာတ်အင်းတွေချတာတို့၊ အလျင်အမြန်ဖြစ်စေလိုတဲ့ အစီအမံတွေစီရင်တာတို့ဆို ပိုမကောင်းဘူးလား။ နောက်ပြီး နေ့တွေမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

သောကြာနေ့က အားကောင်းတဲ့ အဲဒီနေ့မှာ လုပ်ငန်းစမယ်။ ဆိုင်သစ်ဖွင့်မယ်၊ ခရီးသွားမယ်။ ကုန်ရောင်းဝယ်လုပ်ငန်းတွေလုပ်မယ်။ အများကြီးလုပ်နိုင်တာပေါ့။ အချိန်ဆိုရင်လည်း ညနေ (၃း၃၀) ကနေ (၅း၃၀) အကြားမှာ အခါရွေးပြီး လုပ်နိုင်တာပေါ့။ ကျန်တဲ့နက္ခတ်တို့ တိထိတို့ဆိုတာတွေမှာလည်း အဲဒီလိုရွေးပြီး လုပ်ကြည့်။ သုတေသနလုပ်ကြည့်ပေါ့။ ဘယ်လောက်စွမ်းသလဲဆိုတာသိပါလိမ့်မကွယ့်။ ကဲ - အချိန်လေးရှိတုန်း နောက်တစ်မျိုးထပ်ပြောမယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာကြီး"

"ထပ်ပြီးပြောချင်တာက အန္တရဥဒည်းရောက်တဲ့ သရရဲ့အဝတ္ထာန်ကနေ ရေတွက်ရင်ရောက်မယ့်ကုမာရအဝတ္ထာန်ရဲ့အကြောင်းပဲ။ တွက်ရအန္တရဥဒည်းက ကြာသရ ကုမာရ အဝတ္ထာန်ဆိုပါစို့။ ဒါကြောင့် မူလဝဏ္ဏသရစက်မှာ ကြည့်မယ်ဆိုရင်-

| | | | | |
|---|---|---|---|---|
| ဗာလ | ကုမာရ | ယုဝ | ဝုဒ္ဓ | မတ |
| အ | ကြာ | ဥ | ေ | သြ |

ရှိမယ်။

အဲဒီမှာ တွက်ရအန္တရဥဒည်းရောက်သရနဲ့ အဝတ္ထာန်က ဒီလိုဖြစ်သွားမယ်။ တွက်ရအဝတ္ထာန်က ကြာသရဆိုတော့ ကြာကို ဗာလနေရာကနေပြီး စချသွားရင် ဒီလိုရလာမယ်။

| | | | | |
|---|---|---|---|---|
| ဗာလ | **ကုမာရ** | ယုဝ | ဝုဒ္ဓ | မတ |
| ကြာ | **ဥ** | ေ | သြ | အ |

ဆိုပြီး ဖြစ်သွားမယ်။ ဒီတော့ ဥသရဟာ ကုမာရအဝတ္ထာန်မှာရှိမယ်။ မူလဝဏ္ဏသရစက်ကိုပြန်ကြည့်ရင် ဥသရဟာ ယုဝနဲ့တွဲတဲ့အုပ်စုထဲမှာရှိနေတယ်။ အဲဒါကြောင့် မူလအုပ်စုဖြစ်တဲ့ ယုဝအဝတ္ထာန်နဲ့ ဥသရမှာရှိတဲ့ အကြောင်းအရာဖြစ်တဲ့ ဥသရတို့. . . ဂ, ဈ, တ, ယ (ဗ ပသျှ) စတဲ့အက္ခရာတွေ၊ ရွှေရောင်၊ အစိမ်းရောင်တွေ၊ ကြာသပတေးနေ့ဆိုတာတွေ၊ ဇေယျတိထိဆိုတာ လဆန်း လဆုတ် (၁၊ ၈၊ ၁၃) ရက်ဆိုတာတွေ နေ့လယ် (၁၂း၃၀) မှ နေ့လယ် (၂း၃၀) အထိဆိုတဲ့အချိန်တွေ (၁၂) လုံးမြောက်နက္ခတ်ကနေ (၁၆) လုံးမြောက်နက္ခတ်အထိဆိုတာတွေ၊ အနောက်အရပ်ဆိုတာတွေ ကန်ရာသီ၊ တူရာသီ၊ မြိတ္ထာ ဒုတိယ (၁၅) ရက်ဆိုတာတွေ အာခေါတ်တွေ၊ ရှုပစတဲ့အကြောင်းအရာတွေဟာ အန္တရဥဒည်းရောက်တဲ့ ကြာသရကနေ ထောက်ပြီး ရေတွက်ရင် ရောက်နေတဲ့ ကုမာရအဝတ္ထာန်နဲ့ပတ်သက်တဲ့အကြောင်းအရာတွေဟာ ရာနှုန်းအားဖြင့် (၇၅) အားကို ရစေမှာပဲဖြစ်တယ်။ စောစောက ယုဝအဝတ္ထာန်မှာ ဖော်ပြခဲ့သလို အစီအမံတွေပြုနိုင်တယ်ကွယ့်။

ခုဖော်ပြခဲ့တဲ့အကြောင်းတွေဟာ အန္တရဥဒည်းရောက်တဲ့ ကြာသရကနေ ထောက်ပြီး ရေတွက်ပြီးရောက်တဲ့ကုမာရအဝတ္ထာန်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေပဲ။ အခုထိကော ရှင်းရဲ့လား မောင်ထွန်းမြိုင်"

"ဟုတ်ကဲ့ - ခုထိတော့ သဘောပေါက်ပါတယ်။ အလွတ်တော့မရသေးဘူးခင်ဗျ"

"အဲဒါက တဖြည်းဖြည်းနဲ့ ရသွားမှာပေါ့ကွာ။ အခုလောလောဆယ်တော့ နားလည်ဖို့က ပိုအရေးကြီးတယ်။ နားလည်တယ်ဆို နောက်တစ်ခု ဆက်ပြောမယ်။ တတိယအနေနဲ့ ပြောပြမယ့်အကြောင်းကတော့ အန္တရဥဒည်းရောက်နေတဲ့ ကြာသရကနေထောက်ပြီး ဗာလ၊ ကုမာရကိုရေတွက်ရင်း ဗာလကိုရောက်နေတဲ့ ဗာလအဝတ္ထာန်အကြောင်းပဲ။ ဥပမာကွယ် အန္တရဥဒည်းဟာ ကြာသရမှာ ရောက်နေတယ်ဆိုရင် မူလဝဏ္ဏသရစက်မှာဆို ဒီလိုတွေ့မှာပဲလေ။

| | | | | |
|---|---|---|---|---|
| ဗာလ | ကုမာရ | ယုဝ | ဝုဒ္ဓ | မတ |
| အ | ကြာ | ဥ | ေ | သြ |

ဆိုပြီးရှိမယ်။

အဲဒီမှာ တွက်ရအန္တရဥဒည်းကို အခြေတည်ပြီးချကြည့်ရင် ဒီပုံစံရမယ်။

| | | | | |
|---|---|---|---|---|
| ဗာလ | ကုမာရ | ယုဝ | ဝုဒ္ဓ | မတ |
| ကြာ | ဥ | ေ | သြ | အ |

ဆိုတော့ ကြာသရအနေနဲ့ကြည့်ရင် ဗာလအဝတ္ထာန်ဖြစ်ပြီး မူလဝဏ္ဏသရစက်မှာက ကြာသရဟာ ကုမာရ အုပ်စုအောက်မှာရှိနေ တယ်။ ဒီတော့ ကုမာရအဝတ္ထာန်ကြာသရတို့အောက်မှာရှိနေတဲ့ ခ ဇ/ည ဎ န မ ဂ (ဓသျှ) စတဲ့ အက္ခရာတွေ၊ အဝါရောင်၊ ဘဒြာတိထိ၊ တနင်္လာ၊ ဗုဒ္ဓဟူး စတဲ့နေ့တွေ လဆန်း လဆုတ် (၂၊ ၇၊ ၁၂) ရက်စတဲ့ ရက်တွေ၊ နံနက် (၉း၃၀) ကနေပြီး (၁၁း၃၀) နာရီကြားအချိန်တွေ (၇)လုံးမြောက်နက္ခတ်ကနေပြီး (၁၁) လုံးအထိသော နက္ခတ်တွေ၊ တောင်ဘက်စတဲ့အရပ်ဒေသတွေ၊ မေထုန်ရာသီတစ်ဝက်မှ ကရကဋ်၊ သိဟ်အထိရာသီတွေ၊ အာပေါဓာတ်၊ ရသ စတဲ့အကြောင်းအရာတွေအားလုံးဟာ အန္တရဥဒနှည်းကနေတွက်လို့ရတဲ့ ကြာသရကနေထောက်ပြီးရေတွက်ရင် ဗာလအဝတ္ထာန်ရောက်နေတဲ့အကြောင်းအရာတွေဖြစ်သွားတယ်။ အဲဒီအကြောင်းအရာတွေကို အစီအမံတွေ၊ အစီအရင်တွေလုပ်မယ်ဆိုရင် (၂၅) ရာနှုန်းလောက်ပဲ စိုးစဉ်းမျှအကျိုးကိုသာရှိတော့တဲ့သဘောပဲ။ အခုမင်းကို အဝတ္ထာန်တွေနဲ့ပတ်သက်တာတွေကိုပြောတာပြည့်စုံအောင် အဝတ္ထာန်တွေနဲ့ပတ်သက်ပြီး လိုအပ်တာလေးတွေ ထပ်ပြောဦးမယ်"

"ဟုတ်တယ်၊ ကောင်းပါတယ် ဆရာကြီး။ ပိုပြီးပြည့်ပြည့်စုံစုံသိရလေ ပိုကောင်းလေပေါ့"

"အဝတ္ထာန်တွေရဲ့သဘောကတော့ မတအဝတ္ထာန်ထက် ဝုဒ္ဓအဝတ္ထာန်က အားကြီးတယ်။ ဝုဒ္ဓထက် ဗာလကအားကြီးတယ်။ ဗာလထက် ကုမာရက အားကြီးတယ်။ ကုမာရထက် ယုဝကအားကြီးတယ်ကွယ့်။ အကျိုးပေးအနေနဲ့လည်း ဗာလအဝတ္ထာန်ဟာ စိုးစဉ်မျှသော အကျိုးသာပေးတယ်။ ကုမာရအဝတ္ထာန်ဟာ ထက်ဝက်မျှသောအကျိုးကို ပေးတယ်။ အချို့ကျမ်းတွေမှာ သုံးပုံနှစ်ပုံ အကျိုးပေးတယ်ဆိုတယ်။ ယုဝအဝတ္ထာန်ဟာ အလုံးစုံသောအကျိုးကို ပြီးစီးစေတယ်။ ဝုဒ္ဓအဝတ္ထာန်ဟာ အကျိုးကိုယုတ်နွမ်းစေတယ်။ မတအဝတ္ထာန်ဟာ အကျိုးအားလုံးကို ပျက်စီးစေတယ်လို့ ဆိုကြတယ်။ ဒါကြောင့် ဝုဒ္ဓနဲ့မတအဝတ္ထာန်တွေကိုအသုံးပြုခြင်းမရှိကြဘူးကွယ့်။ အဲဒီအဝတ္ထာန်ငါးပါးရဲ့ ကောင်းခြင်း၊မကောင်းခြင်းအကျိုးတရားတွေဟာ အဲဒီအဝတ္ထာန်ပေါ်ရောက်တဲ့ မဟာဥဒည်းနဲ့ အန္တရဥဒည်းတွေရောက်ရှိတဲ့ အချိန်ကာလအတိုင်းအတာအတွင်းမှာ အကျိုးအပြစ်ကို ဖြစ်စေတယ်။ အဲဒါကြောင့် သရတွေရဲ့ကောင်းခြင်း၊ မကောင်းခြင်း အတိုင်းအရှည်ဟာ ကာလအားဖြင့် ကြာမြင့်တဲ့အတွက် ဘာပဲဖြစ်ဖြစ် သရကောင်းဖို့ဟာ အလွန်ကိုပဲအရေးကြီးတယ်ကွယ့်။ ဆက်ပြီးတော့ အဲဒီအဝတ္ထာန်ငါးပါးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ပြောပြမယ်။ ဘယ်လိုလဲ မောင်ထွန်းမြိုင်။ သိပ်ပင်ပန်းနေရင် နောက်နေ့မှ ဆက်ကြတာပေါ့"

"ကျွန်တော်ကတော့ရတယ် ဆရာကြီး။ အခုဆို ရှာန်ဝင်နေတော့ ပိုပြီး

www.burmeseclassic.com

တော့တောင် သိချင်စိတ်ကပြင်းပြနေပါတယ်"

"ကဲ - ဒါဆိုလည်း ဟောဒီမှာ ဆီးထန်းလျက်လေးနဲ့ ရေနွေးကြမ်းပူပူလေးသောက်ပြီး ခဏနားလိုက်ကြမယ်။ ပြီးမှ ဆက်ကြတာပေါ့ကွာ။ ကဲကဲ-ဗာလ အဝတ္ထာန်နဲ့ ပတ်သက်ပြီး စပြောမယ်။

(၁) ဗာလအဝတ္ထာန်ကို ယတြာမူခြင်း၌ လည်းကောင်း၊ စစ်ထွက်ခြင်း၌ လည်းကောင်း၊ အနာရှိသောအခါ၌ လည်းကောင်း ဗာလသရသည် ဖျက်ဆီးတတ်တယ်။ ထိမ်းမြားလက်ထပ်ခြင်းမှာ ကောင်းလည်း မကောင်းလွန်း၊ ဆိုးလည်း မဆိုးလွန်းရှိတတ်တယ်ကွယ့်။

(၂) ကုမာရအဝတ္ထာန်မှာဆိုရင် အမှုခပ်သိမ်းတို့၌လည်းကောင်း၊ ယတြာမူသောကာလ၌ လည်းကောင်း ပြီးပြည့်စုံခြင်းကိုပြုတတ်တယ်။ စစ်မြေပြင်မှာလည်းကောင်း အောင်ခြင်းကိုကောင်းစွာပြုတတ်တယ်လို့ဆိုထားတယ်ကွယ့်။

(၃) ယုဝအဝတ္ထာန်မှာဆိုရင် ကောင်း၊ မကောင်းအမှုတို့၌လည်းကောင်း မန္တန်၊ ယတြာအစရှိသည်တို့မှာ လည်းကောင်း ပြီးစီးစေခြင်း၊ အလုံးစုံသောအကြောင်းအရာတို့ကို ပြီးစီးစေခြင်း၊ အထူးသဖြင့် ယတြာမူခြင်း၌ လည်းကောင်း စစ်ထွက်ခြင်း၌ လည်းကောင်း အောင်ခြင်းကိုပေးစေတတ်ခြင်း။

(၄) ဝုဒ္ဓအဝတ္ထာန်မှာဆိုရင် အလှူပေးခြင်း၌လည်းကောင်း၊ နတ်ပူဇော်ခြင်း၌လည်းကောင်း၊ ဆရာထံမှလျှို့ဝှက်အပ်သော ဗေဒင်၊ မန္တန်ပညာတို့ကို သင်စေခြင်း၌လည်းကောင်းထိုက်တယ်။ စစ်မြေပြင်မှာ ပျက်စီးခြင်းဘေးရောက်ခြင်းကိုပြုတတ်တယ်။

(၅) မတအဝတ္ထာန်မှာဆိုရင် အလုံးစုံသော ထိမ်းမြားခြင်း စသော မင်္ဂလာအမှုတို့၌လည်းကောင်း၊ စစ်ထွက်ခြင်းစသော ရန်ရင်းသောအမှုတို့၌ လည်းကောင်း၊ တစ်စုံတစ်ခုကိုမျှ မပြုအပ်လို့ဆိုထားတယ်ကွယ့်။ တစ်ဆက်တည်း ကျမ်းထဲမှာပါတဲ့ အဝတ္ထာန်ဆိုင်ရာအကြောင်းတွေကို ဆက်ပြောဦးမယ်။ မတ ဝုဒ္ဓ ဗာလ ကုမာရ ယုဝ အဝတ္ထာန်တို့ဟာ တစ်ပါးထက်တစ်ပါး လွန်သောအားရှိကုန်သည်ကို သရတတ်သောသူတို့သည် သိအပ်တယ်လို့ ဆိုထားတယ်။ တစ်ပါးထက်တစ်ပါး အားကြီးခြင်းအကြောင်းတွေကြောင့် သူတစ်ပါးသည် မတသရဒဉ်းမှုစဉ် မိမိသည် ဝုဒ္ဓ ဗာလ ကုမာရ ယုဝ သရများ ဥဒဉ်းမှုသော် အောင်အံ့ဟု ဆိုထားတယ်။ သူတစ်ပါးသည် ဝုဒ္ဓသရဥဒဉ်းမှုစဉ် မိမိသည် ကုမာရ ယုဝ သရဥဒဉ်းမှုသော် အောင်အံ့လို့ဆိုထားတယ်။ သူတစ်ပါးသည် ဗာလ သရဥဒဉ်းမှုစဉ် မိမိသည် ကုမာရ ယုဝ သရဥဒဉ်းမှုသော်အောင်အံ့လို့ဆိုထားတယ်။ သူတစ်ပါးသည် ကုမာရ သရဥဒဉ်းမှုစဉ် မိမိသည် ယုဝသရဥဒဉ်းမှုသော်အောင်အံ့လို့ သရောဒယဋီကာမှာဆိုထားတယ်ကွယ့်။ ဒါ့အပြင် ဗာလမှရေတွက်လို့ ငါးခုမြောက်သောသရသည် အကြင်သူအား ပျက်စီးခြင်းကိုပေးတတ်တယ်လို့ဆိုထားတယ်ကွယ့်"

မှတ်ချက်။ ။ အသရမှစ၍ ဗာလ ကုမာရရေတွက်သော် (၅) ခုမြောက်သရသည် မတ (ဩသရ) ဖြစ်သည်။ ယုဝသရ၌တည်မှု စီးပွားတိုးတက်ခြင်းကိုဖြစ်စေ၏။ ကြွင်းသော ဗာလ ကုမာရ ဝုဒ္ဓသရတို့သည် အလယ်အလတ်သော အကျိုးကိုပေးတတ်ကုန်၏။

မတသရသည် အကျိုးအချင်း ခပ်သိမ်းတို့ကို မပြုအပ်၊ ရှောင်ကြဉ်အပ်၏။

အမည်အစ၌ ယုတ်သောသရ (မကောင်းသောသရ) ရှိမူကား ပျက်စီးအံ့။

အမည်၏အစ၌ လွန်သောသရ (ကောင်းသောသရ) ရှိမူကား အောင်ခြင်းကိုဖြစ်စေတတ်၏။

အမည်အစ၌ သရတူမူကား စစ်သည်နှစ်ဖက်တို့သည် တူသောအောင်ခြင်း၊ ရှုံးခြင်း၊ စေ့စပ်ခြင်းအမှုတို့သည် ရှိတတ်၏။

ဗာလသရချင်းတူမူ နှစ်ဖက်တူကြသည်ဖြစ်အံ့။ ကုမာရသရချင်းတူမူ ထက်ဝက်သောအကျိုးကိုရရှိစေ၏။ ယုဝသရချင်းတူမူပြီးစီးသောအကျိုးကိုရစေတတ်၏။ ဝုဒ္ဓသရချင်းတူမူ အနှောင်အဖွဲ့ကိုဖြစ်စေတတ်၏။ တစ်ပါးသည် တစ်ပါးမှဘေးကိုဖြစ်စေတတ်၏။

ရန်သူသည် မတသရသို့ရောက်သည်ရှိသော်၊ မိမိသည် ယုဝသူတို့ရောက်သည်ရှိသော် ထိုအခါ၌ စစ်ထွက်ခြင်းကိုအားထုတ်ရာ၏။ မချွတ်အောင်ခြင်းကိုဖြစ်စေရာ၏။

ရွှေလဆက်ဖတ်ပါရန်

ပထမံဆရာဦးအေးရွှေ

ရှာယိ

# ဆီးကျင်ဆီးချုပ်ခဲ့သော် လျှပ်တစ်ပြက်ကုသနည်း

သားအငယ်ကောင်က မျက်စိမျက်နှာပျက်နဲ့လာပြောနေပါတယ်။

"အမေ. . . အမေ၊ အစ်ကိုကြီးထွေးဆီးသွားလို့မရဘူးတဲ့"

"အေးအေး"

ဆိုပြီး နှစ်လုံးတည်းသော စကားဆိုလိုက်ရပေမယ့် သူ့သားအကြီးကောင်ကိုစွ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားပြီးသား။ သူ့ခင်ပွန်းသည်ဆုံးပြီးကတည်းက သားကြီးကိုထွေးနဲ့ ဒိုးတူပေါင်ဖက်လုပ်ကိုင်ခဲ့ရတဲ့ ဒေါ်သီ။

"မပူနဲ့ သား၊ အဘဆရာထယ်ရှာဦးကျောင်းဆရာတော်ထံသွားလေရဲ့။ အပြန်ဝင်လာလိမ့်မယ်"

အဘဆရာထယ်လို့ဆိုလိုက်တာနဲ့ ဆီးမသွားနိုင်တဲ့လူတောင်ရှင်လန်းဝမ်းမြောက်သွားတယ်။

ခဏကြာတော့ အဘဆရာထယ်ကို သားအငယ်ကောင်က လှေကလေးနဲ့သွားကြိုတယ်။ မိသားစုတွေကလည်း အိမ်ဝက ဆီးကြိုကြတယ်။ ပြီးတော့ နေရာထိုင်ခင်းပေးပြီး ခဏအကြာ မိခင်ဒေါ်သီက -

"အဘ့မြေးအကြီးကောင် ဆီးချုပ်လို့ကြည့်ပေးပါဦးနော်"

ဒေါ်သီရဲ့မိဘများလက်ထက်ကတည်းကကုလာတဲ့ တိုင်းရင်းမြန်မာဆေးဆရာကြီး။

"ဒါလေးတွေက မခဲယဉ်းပါဘူးကွယ်။ ကဲ - အငယ်လူက ခြံထဲက မြင်းခွာရွက်လက်တစ်ဆုပ်လောက်ခူးပြီး သတ္တုရည်ရအောင်လုပ်ပြီးတော့ သကြားဇွန်းတစ်ကော်နဲ့ ရောသောက်လိုက်ရင် ပျောက်ပေါ့ကွယ် မှတ်ထားကြ။ နောက်ပြီး နေပူစပ်ခါးပြန်လာပြီး ရေမချိုးကြနဲ့၊ ရေကူးရင်း ကျင်ငယ်မစွန့်ကြနဲ့။ ဆီးအောင့်မထားနဲ့ကွယ့် ဂရုစိုက်ကြ၊ ယောကျ်ားမှာ ဆီးတဲ့ကွယ်"

ဆရာထယ့်စကားများမှတ်သားကြကာ အစ်ကိုကြီးကိုထွေးကို မြင်းခွာရွက်သတ္တုရည်နဲ့ သကြားတိုက်ပြီး (၂)နာရီခန့်အကြာမှာဆီးသွားနိုင်ခဲ့တယ်။ ကိုကြီးထွေးက ဆရာကြီးရဲ့နေရပ်ကိုမှန်းကာ ကန်တော့နေပါတော့တယ်။

ရှာဒင်



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်နိုင်ငံဟာ အာရှမှာ ဗုဒ္ဓသာသနာရောက်ရှိခဲ့ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ ရှင်တိုဘာသာရေးက ဂျပန်တွေကို ပိုမိုလွှမ်းမိုးသွားပြီး ဗုဒ္ဓဘာသာက မှေးမှိန်နေရဲ့။ ရှင်တိုဘာသာကိုယ်တိုင်မှာလည်း ဗုဒ္ဓဘာသာထုံးဓလေ့တွေ ရောထွေးဝင်ရောက်နေပြီး ဗုဒ္ဓဘာသာဝင်တွေလည်း ဂျပန်မှာ မပျောက်မပျက်သီးသီးသန့်သန့် ရှိနေဆဲပါ။ ဂျပန်ဗုဒ္ဓဘာသာဟာ မဟာယာနဂိုဏ်းတွေရဲ့ လွှမ်းမိုးမှုအောက်မှာ ရှိနေပါတယ်။ ဂျပန်နိုင်ငံရဲ့မြို့တော် တိုကျိုဟာ မြို့တော်အသစ်ကြီးမဟုတ်ဘဲ ယခင်အီဒိုမြို့ကို အမည်ပြောင်းပြီး ခေတ်မီအောင်ပြုလုပ်ထားတာမို့ တိုကျိုမှာ ရှေးက ဗုဒ္ဓဘာသာဘုရားကျောင်းအဟောင်းတွေလည်းရှိနေဆဲပါ။

# တိုကျိုမြို့တော်က
# အာဆာကူဆာ-ဗုဒ္ဓဘာသာဘုရားကျောင်းနဲ့
# ဗုဒ္ဓရဲ့အရိုးဓာတ်တော်ဌာပနာထားရာ ဘုံငါးဆင့်သစ်သားစေတီ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ဒီနေ့တော့ တည်းခိုရာ ရှင်ဂျူကုဟိုတယ်ကနေ တိုကျိုမြို့တော်တစ်ခွင် လှည့်လည်သွားရောက်ပြီး လည်ပတ်ဖို့ ခရီးသွားကားကြီးနဲ့ မနက်ပိုင်းမှာထွက်ခဲ့ကြပါတယ်။

ပထမဆုံးအနေနဲ့ တိုကျိုရဲ့ ရှေးအကျဆုံးဘုရားကျောင်းတစ်ခုဖြစ်တဲ့ အာဆာကူဆာဘုရားကျောင်း (Asakusa Temple) ကို သွားရောက် လေ့လာဖူးမြော်ပြီး အဲဒီနားကဘုရားဈေးမှာ အမှတ်တရပစ္စည်းလေးတွေ ကြည့်ရှုစမ်းရင်း ဈေးဝယ်ထွက်ကြပါတယ်။ ရှေးဟောင်း[illegible]ဆောက်



တိုကျို-အဆာကူဆာဘုရားကျောင်းကြီးရဲ့ ဓာတ်တော်ဆောင်ဘုရားခန်း



အဆာကူဆာဘုရားကျောင်းဝင်းမှ ဗုဒ္ဓဆင်းတုနဲ့ ဗောဓိသတ္တဘုရားလောင်းရုပ်တုများ



အဆာကူဆာဘုရားကျောင်းဝင်းမှ ဗုဒ္ဓဆင်းတုနဲ့ ဗောဓိသတ္တဘုရားလောင်းရုပ်တုများ



အဆာကူဆာဘုရားကျောင်းဝင်းမှ ဗုဒ္ဓဆင်းတုနဲ့ ဗောဓိသတ္တဘုရားလောင်းရုပ်တုများ



အဆာကူဆာဘုရားကျောင်းဝင်းမှ ဗုဒ္ဓဆင်းတုနဲ့ ဗောဓိသတ္တဘုရားလောင်းရုပ်တုများ



www.burmeseclassic.com


www.burmeseclassic.com



အဆောက္ကူဆာဘုရားကျောင်းဝင်းထဲက
ဘုံခုနစ်ဆင့် သစ်သားစေတီကျောင်း



တိုကျို-အဆောက္ကူဆာဘုရားကျောင်းကြီးရဲ့
မြင်ကွင်းအစုံဖို



တိုကျို-အဆောက္ကူဆာဘုရားကျောင်းထဲက
ကံကောင်းခြင်း ငါးရုပ်တံခွန်တိုင်ကြီး



အဆောက္ကူဆာဘုရားကျောင်းဝင်းထဲက
ဘုံခုနစ်ဆင့် သစ်သားစေတီကျောင်း၊



တိုကျို-အဆောက္ကူဆာ ဗုဒ္ဓဘာသာ •
ဘုရားကျောင်းသို့ အဝင်ဂိတ်နဲ့နတ်ရုပ်ကြီးများ



တိုကျို-အဆောက္ကူဆာ ဗုဒ္ဓဘာသာ
ဘုရားကျောင်းသို့ အဝင်ဂိတ်နဲ့နတ်ရုပ်ကြီးများ

အအုံရဲ့ ရှေးဟောင်းဂိတ်ဖြစ်တာနဲ့အတူ ဘုရားကျောင်းကြီးအဝင်လမ်းကလေးက အဆောက်အအုံတွေမှာလည်း (Amuse) ပြတိုက်၊ (Mottainai) စံချိန်မီ ဂန္ထဝင် ရှေးဟောင်းလက်ရာမွန်အထည်ဆိုင်ဆိုတဲ့ ဆိုင်းဘုတ်မျိုးတွေတွေ့ရပါတယ်။ ဘုရားကျောင်းဝင်းထဲကိုဝင်ဖို့ ဂိတ်ပေါက်အနီရောင်၊ နီတဲမွန် (Nitemon) ဂိတ်ကနေဖြတ်သန်းပြီး ဝင်ရောက်ကြရတယ်။ ဘုရားကျောင်းဝင်းကို အနီရောင်ဆေးသုတ်ထားတဲ့ သစ်သားတန်းတွေနဲ့ပြုလုပ်ထားတဲ့ ဝင်းနံရံတွေခတ်ထားပါတယ်။



အဆောက္ကူဆာဘုရားကျောင်း အနောက်ဘက်ကဂိတ်နဲ့ အဆောင်တန်ဆာများ

- ရှိုဂန်-တိုကူဂါဝါ ဝင်ရောက်ဖူးမြော်တဲ့ နီတဲမွန်ဂိတ်ပေါက်ကြီး


ဂျပန်ရိုးရာဟန်နဲ့ ဂိတ်ပေါက်နီနီရဲရဲ




www.burmeseclassic.com

www.burmeseclassic.com


တိုကျို-အဆောကူဆာဘုရားကျောင်းကြီးရဲ့ အဆင်တန်ဆာများ


တိုကျို-အဆောကူဆာဗုဒ္ဓဘာသာဘုရားကျောင်းသို့ အဝင်ဂိတ်


တိုကျို-အဆောကူဆာဗုဒ္ဓဘာသာဘုရားကျောင်းအတွင်းပိုင်းသို့အဝင်

ကြီးရဲ့တစ်ဖက်တစ်ချက်စီမှာတော့ ဂျပန်ဘုရားကျောင်းတွေဝင်တိုင်း မြင်တွေ့နေရမြဲဖြစ်တဲ့ သစ်သားပန်းပုရုပ်ကြီးနှစ်ရုပ်ရှိနေကြပါတယ်။ ဂိတ်ပေါက်ဝမှတ်တိုင်က အညွှန်းစာလေးမှာတော့ (ဒီနတ်ကွန်းကိုရှေးအခါက ရှိုဂန်တစ်ဦးဖြစ်တဲ့ တိုကူဂါဝါ(Tokugawa)လာရောက်ဖူးမြော်စဉ်မှာအသုံးပြုဖို့ ဂိတ်အဖြစ် ၁၆၁၈ ခုနှစ်မှာ တည်ဆောက်ခဲ့တာပါတဲ့။ ဂိတ်အမည်က နိတဲမွန် (Nit-emon) ဂိတ်ဖြစ်ပြီး နိုင်ငံတော်အစိုးရက အရေးပါတဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ပိုင်ဆိုင်မှု


အဆောကူဆာဘုရားကျောင်းဝင်းမှ
ဖုန့ဆင်းတုနဲ့
ဗောဓိသတ္တဘုရားလောင်းရုပ်တုများ


တိုကျို-အဆောကူဆာဘုရားကျောင်းမှ
ကြေးအမွေးတိုင်ခွံကြီး



www.burmeseclassic.com

www.burmeseclassic.com



တိုကျိုမြို့တော်မှာ တည်းခိုခဲ့ရတဲ့ ဟိုတယ်မှ အဆင်အယင်များ




တိုကျို-အဆာကူဆာ ဗုဒ္ဓဘာသာ
ဘုရားကျောင်းအတွင်းပိုင်းသို့အဝင်



တိုကျို-အဆာကူဆာဘုရားကျောင်းကြီးရဲ့မြင်ကွင်းအစုံဖုံ



အဆာကူဆာဘုရားကျောင်း
အနောက်ဘက်ကဂိတ်နဲ့ အဆင်တန်ဆာများ



တိုကျို-အဆာကူဆာဘုရားကျောင်းကြီးရဲ့အဆင်တန်ဆာများ

အဖြစ် သတ်မှတ်ပေးထားခဲ့တယ်) တို
ရေးသားဖော်ပြထားရဲ့။ ဒီဘုရားကျောင်း
ကို တိုကူဂါဝါ-ရှိုဂန် လာရောက်လည်
ပတ်ဖူးမြော်တဲ့အခါဝင်ဖို့ အထူးတည်
ဆောက်ခဲ့တဲ့ဂိတ် ဖြစ်ပါတယ်။ လမ်းထိ
မီးပွိုင့်ကို ဖြတ်သန်းဝင်ရောက်ခဲ့
ကတည်းက ဒီဂိတ်ရဲ့အညွန်းကို ဖော်
ထားတာလည်း တွေ့ခဲ့ရပါသေးတယ်။

ဂိတ်ပေါက်နီနီကြီးရဲ့တစ်ဖက်တစ်
ချက်စီမှာတော့ ပျားအုံပုံသံဆန်ခါကွ
တွေနဲ့ကာရံထားတဲ့ သစ်သားနတ်ရုပ်ကြီး
တွေရှိပါတယ်။ မျက်ထောင့်နီကြီး
မဟုတ်ဘဲ မျက်ဆန်ဖြူဖြူကြီးတဖွေဖွေ
နဲ့မာန်ဆောင်နေတဲ့ နတ်ရုပ်ကြီးတွေ
ခက်ထန်လှပါတယ်။ ဘာသာရေးဆိုင်
အဆောက်အအုံတွေရဲ့အဝင်ပေါက်
ဘက်တွေမှာ အစောင့်နတ်ရုပ်တွေ

www.burmeseclassic.com


www.burmeseclassic.com



တိုကျို-အာစာကူဆာဘုရားကျောင်းမှ မီးပုံးနီကြီးများ



တိုကျို-အာစာကူဆာဘုရားကျောင်းမှ မီးပုံးနီကြီးများ



တိုကျို-အာစာကူဆာဘုရားကျောင်းမှ နီယိုနတ်ဘုရင် သစ်သားရုပ်ကြီးများ



[illegible]တော်မှာ တည်းခိုခဲ့ရတဲ့ ဟိုတယ်မှ အဆင်အယင်များ



အာစာကူဆာဘုရားကျောင်း၊ အနောက်ဘက်ကဂိတ်နဲ့ အဆောင်တန်ဆာများ



အာစာကူဆာဘုရားကျောင်း၊ အနောက်ဘက်ကဂိတ်နဲ့ အဆောင်တန်ဆာများ

[illegible]လေ့ကိုမကြာခဏတွေ့ရတတ်တယ်။ [illegible]ပြည်နယ်က ဘုရားစေတီတွေမှာ [illegible]တ်ထမ်းထားတဲ့ နတ်ဘီလူး [illegible]ရုပ်တွေရှိသလို သီရိလင်္ကာနိုင်ငံ [illegible] သာသနိကအဆောက်အအုံတွေမှာ [illegible] ချောမောလှပတဲ့ အစောင့်နတ်သား [illegible]ရုပ်တွေရှိပါတယ်။ ဂျပန်မှာ [illegible] သစ်သားရုပ်ကြီးတွေကိုသုံးတယ်။ [illegible]င်းထိပ်မှာ ဆံထုံးထုံးပြီး ချပ်ဝတ် [illegible]တွေဝတ်ဆင်ကာ ခါးထောက် [illegible]ကြတဲ့နတ်ရုပ်တွေမှာ သစ်သားကို [illegible]ထားတယ်လို့ မထင်ရလောက် [illegible]င်ဘဲ ဝတ်ရုံကြီးတွေက လွင့်ပါးပြန့် [illegible]ကြရဲ့။ လက်ရာကောင်းလွန်းလို့ [illegible]နေသလိုပါ။

ဂိတ်ပေါက်ကြီးကို ဖြတ်သန်းပြီး ကျော်ဝင်လာတော့ ဘုရားကျောင်းဝင်းကြီးရဲ့ညာဘက်မှာ ရိုးရာဟန်အဖြူရောင်မုခ်ဦးတိုင်နဲ့ အဲဒီနောက်ခပ်လှမ်းလှမ်းမှာ ဘုံအဆင့်ဆင့်နဲ့ အဆောက်အအုံလေးတစ်ခုထပ်တွေ့ရတယ်။ ဒါကတော့ အမင်္ဂလာသဘောဆောင်မယ်ထင်ပါတယ်။

## ❑ ဆော်န်ဆောဂျိ (Sonso-ji) ဘုရားကျောင်းကြီး

အဲဒါတွေကိုကျော်ပြီး လျှောက်ဝင်သွားလိုက်တဲ့အခါမှာတော့ အမိုးကော့ကော့မည်းမည်းကြီးနဲ့အုပ်မိုးထားတဲ့ အနီရဲရဲသစ်သားထည်ဘုရားကျောင်းကြီးကို ထည်ထည်ဝါဝါ လှမ်းတွေ့လိုက်ရပါတယ်။ ဘုရားကျောင်းကြီးဟာ နှစ်ထပ်ဖြစ်ပေမယ့် ခပ်နိမ့်နိမ့်အောက်ထပ်ကို ပိတ်ထားပြီး အပေါ်ထပ်ကိုသာ တိုက်ရိုက်တက်သွားနိုင်တဲ့ အုတ်လှေကားထစ်အကျယ်ကြီးတွေနဲ့အတက်လမ်းကိုစီစဉ်ထားတယ်။အတက်လမ်းလှေကားကနေ အပေါ်ထပ်ဝရန်တာတွေအထိ ဘုရားကျောင်းပတ်ပတ်လည်ကို သစ်သားလက်တန်းနီနီကြီးတွေဝန်းပတ်ထားပါတယ်။ အမိုးကော့တွေရဲ့အစွန်းက သစ်သားထုပ်တန်းအဖျားတွေမှာတော့ ထိပ်အုတ်အဝိုင်းတွေနဲ့ အဆုံးသတ်ထားရဲ့။(အဲဒီလို ထုပ်တန်းထိပ်အုတ်အဝိုင်းတွေကို မြန်မာနိုင်ငံအထက်ပိုင်း တကောင်း




www.burmeseclassic.com

မြို့ဟောင်းအနီးက ကွင်းတွေထဲမှာရှိတဲ့ အဆောက်အအုံတွေမှာလည်းတွေ့ခဲ့ရဖူးပါတယ်။)

အတက်လှေကားကျယ်ကြီးအပေါ်ကအမိုးမှာတော့ ဂျပန်စာလုံးမည်းကြီးတွေကို စုတ်နဲ့ရေးသားထားတဲ့ ရောမစက္ကူမီးပုံးနီနီအကြီးကြီးတွေ၊ ရွှေရောင်စာလုံးနဲ့ စက္ကူမီးပုံးမည်းမည်းတွေကို ချိတ်ဆွဲထားရဲ့။ အဝင်လှေကားထစ်တွေရဲ့တစ်ဖက်တစ်ချက်မှာတော့ ဂျပန်ဘုရားကျောင်းတွေရဲ့ထုံးစံအတိုင်း သစ်သားနတ်ရုပ်ကြီးတွေရှိနေပြန်ပေါ့။ ဆော်န်ဆောဂျိ(Sonso-ji) ဘုရားကျောင်းကြီးအတွက် အစောင့်နတ်ရုပ်ကြီးတွေဖြစ်ပြီး ယင်းတို့ကို (the Houzou-Mon)ဂိတ်ပေါက်မှာ တပ်ဆင်ထားပါတယ်။ မီးပုံးတွေရဲ့အောက်ကျောက်လှေကားဆင့်တွေမှာတော့ ခရီးသွားတွေ အဖွဲ့လိုက်ဓာတ်ပုံရိုက်နေကြရဲ့။ လှေကားထစ်တွေရဲ့အရင်းကြမ်းပြင်မှာတော့ ကြီးမားလှပြီး အစိမ်းရောင်သုတ်ထားတဲ့ ပန်းအိုးကြီးတွေ၊ ရေစည်ပိုင်းပြုတ်ကြီးတွေရှိနေကြပါတယ်။

အဲဒီ ဘုရားကျောင်းအဝင်၊ ဂိတ်ပေါက်အဝင်တွေမှာ အစောင့်အဖြစ်ထားလေ့ရှိတဲ့ ဂျပန်ဘာသာရေးဓလေ့သုံး၊ ရှေးရိုးရာ နတ်ဘုရင်ရုပ်ကြီးတွေမှာ မျက်နှာထားပုံဟန် နှစ်မျိုးနှစ်စားရှိပါတယ်။ ပါးစပ်ဟထားဟန်နဲ့ ပါးစပ်စေ့ထားဟန်တို့ပါ။ နတ်ဘုရင်ရုပ်-နီအောအု(Ni-Ou)ဟာ ပါးစပ်ပိတ်ထားဟန်နတ်ရုပ်မျိုးဖြစ်ပြီး ၁၉၆၄ခုနှစ်မှာ ပန်းပုဆရာ (Muraoka Kyusaku) က ဆိုက်ပရုပ်


တိုကျို-အဆာကူဆာဘုရားကျောင်းကြီးရဲ့အဆင်တန်ဆာများ


တိုကျို-အဆာကူဆာဘုရားကျောင်းအတွင်းမှ ပန်းပြပွဲ


တိုကျို-အဆာကူဆာဘုရားကျောင်းမျက်နှာကြက်မှပန်းချီကားကြီးများ


တိုကျို-အဆာကူဆာဘုရားကျောင်းမျက်နှာကြက်မှပန်းချီကားကြီးများ


အဆာကူဆာဘုရားကျောင်းဝင်းက ရိုးရာဂျပန်ဘုရားဈေးလေး


အဆာကူဆာဘုရားကျောင်းဝင်းက ရိုးရာဂျပန်ဘုရားဈေးလေး

www.burmeseclassic.com

သားနဲ့ ထွင်းထုခဲ့တာပါ။ ဒီရုပ်တုကြီးဟာ (၅. ၄၅)မီတာအမြင့်ရှိပြီး ကီလိုဂရမ် (၁၀၀၀) နီးပါးမျှ အလေးချိန်ရှိပါတယ်။

ဘုရားကျောင်းကြီးအတွင်းဘက်ကို ဆက်လက်ပြီး ဝင်ရောက်ခဲ့ကြတယ်။ အခန်းဖွဲ့ထားခြင်းမရှိဘဲ ခန်းမကျယ်ကြီးတစ်ခုသာရှိနေရဲ့။ အနီရောင်နဲ့ရွှေရောင်တွေလင်းလက်နေတဲ့ဘုရားစင်ကြီးရှိပေမယ့် ဆင်းတုတော်မရှိပါဘူး။ဓာတ်တော်မွေတော်တွေသာပူဇော်ထားပုံရပါတယ်။ အမွှေးတိုင်တွေစင်တွေ၊ ရွှေရောင်ကြာရိုး၊ ကြာရွက်၊ ကြာဖူး၊ ကြာငုံ၊ ကြာပွင့်တွေနဲ့ ရွှေပန်းအိုးကြီးတွေကိုတော့ ဘုရားစင်ရဲ့တစ်ဖက်တစ်ချက်မှာ ပူဇော်ထားပါတယ်။

ဘုရားကျောင်းကြီးရဲ့မျက်နှာကြက်နီနီမှာတော့ အသွေးအရောင်စုံနဲ့ အမွှေးအတောင်တွေနဲ့ ဇာမဏီငှက်ပုံ၊ လေမှာလွင့်ပျံနေတဲ့ ကြာပန်းကိုင် ဆံရစ်ဝိုင်းနဲ့နတ်သားပုံ၊ ကြာပန်းတွေထည့်ထားတဲ့ဗျပ်ကိုင်ထားတဲ့နတ်သားပုံ ပန်းချီကားကြီးတွေကို ကပ်ထားပါတယ်။ ဖျာနှစ်ချပ်စာလောက်ရှိပြီး အတော်ကြီးကာ လက်ရာမြောက်လှတဲ့ပန်းချီကားကြီးတွေပါပဲ။

### ◻ ဗုဒ္ဓရဲ့အရိုးဓာတ်တော်ဌာပနာထားတဲ့ ဘုံငါးဆင့်-သစ်သားဆောင်စေတီ

အဆာကူဆာရဲ့နံဘေး ရှေ့နားဆီမှာတော့ ဘုံငါးဆင့်အမြင့်နဲ့ သစ်သားဆောင်စေတီ(Five Storied Pagoda)ကို ဖူးတွေ့ရပါမယ်။ အနက်ရောင်မှတ်တိုင်အညွှန်းမှာတော့ ဒီသစ်သားဆောင်ဘုံမြင့်စေတီကို ၁၉၇၃ ခုနှစ်က ပြန်လည်တည်ဆောက်ခဲ့ပြီး (၅၃) မီတာကျော်ကျော်မြင့်ပါသတဲ့။ ဘုံမြင့်သစ်သားဆောင်တွေဟာ လေးထောင့်တိတိ အမိုးကော့တွေပါတဲ့ အရွယ်အစားတူ အထပ်(၅)ထပ်ကို ဆင့်ဆင့်ပြီး တည်ဆောက်ထားတာမို့ လေးထောင့်ကျောက်တိုင်ကြီးစိုက်ထူထားသလို တည်ရှိနေပါတယ်။မြန်မာနိုင်ငံက အုတ်စေတီတွေလိုအပေါ်ကို တဖြည်းဖြည်းသေးပြီး ရှူးသွားတဲ့ပုံသွင်မျိုးမဟုတ်ပါဘူး။ ဒီစေတီ



အဆာကူဆာဘုရားကျောင်း။
ကျောက်ခုံထက်မှ သံဓာတ်ရုပ်ငှက်ငယ်လေးများ



အဆာကူဆာဘုရားကျောင်းဝင်းက
နီးရာဂျပန်ဘုရားဈေးလေး



အဆာကူဆာဘုရားကျောင်းဝင်းက နီးရာဂျပန်ဘုရားဈေးလေး



အဆာကူဆာဘုရားကျောင်းဝင်းက နီးရာဂျပန်ဘုရားဈေးလေး




အဆာကူဆာဘုရားကျောင်းဝင်းက နီးရာဂျပန်ဘုရားဈေးလေး



အဆာကူဆာဘုရားကျောင်းဝင်းက နီးရာဂျပန်ဘုရားဈေးလေး




www.burmeseclassic.com

www.burmeseclassic.com



အဆာကူဆာဘုရားကျောင်းဝင်းက မိခင်မေတ္တာရဲ့ ကျောက်ရုပ်တုလေး



တိုကျို-အဆာကူဆာဘုရားကျောင်းအတွင်းမှ ဂျပန်ထုံးစံအရ မီးပုံးကြီးများ



အဆာကူဆာဘုရားကျောင်းရှေ့ရှိ ကျောက်စရစ်ခင်းထားသောကွင်း

ရှေ့က အညွှန်းစာဆိုင်းဘုတ်အရ စေတီရဲ့ထိပ်ဆုံး ပဥ္စမမြောက်အဆင့်အထပ်မှာ သီရိလင်္ကာနိုင်ငံ သီဟိုဠ်ကျွန်းက ဓမ္မလက်ဆောင်အဖြစ်ပေးထားတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့အရိုးဓာတ်တော်ကို ဌာပနာထားတယ်လို့ သိလိုက်ရပါတယ်။ အဲဒီသစ်သားဆောင်စေတီတော်ဘုံဆင့်တွေအပေါ်ကိုတော့ အများပြည်သူတွေတက်ခွင့်မရှိပါဘူး။ စေတီဘုံငါးဆင့်ရဲ့ထိပ်ဆုံးမှာတော့ စက်ဝိုင်းပုံ(၉)ဆင့်ဆင့်ထားတဲ့ ထီးတော်ပုံတိုင်နဲ့ အထွတ်တင်ထားပါတယ်။ အဲဒီစေတီတော်ရဲ့အရင်းက အဆောင်အပြင်ဘက်တစ်လျှောက်မှာတော့ အရောင်အသွေးစုံလှတဲ့ ပန်းမျိုးစုံကို တိုယာမ၊ တိုနာမိ (Toyama) (Tonami) သစ်သားစည်တွေနဲ့ စိုက်ပျိုးပြသထားတာတွေ့ရတယ်။ ပန်းအများစုကတော့ ကျူးလစ်ပန်းတွေဖြစ်ပြီး အဝါရောင်၊ အနီရောင်၊ ခရမ်းရောင်တွေရှိပြီး အရောင်စုံမြင်တွေ့ရလို့ ပျော်သွားပါတယ်။ ကျူးလစ်ပန်းက ကိုယ်တို့မြန်မာလူမျိုးတွေအတွက် ဓာတ်ပုံတွေထဲမှာကလွဲလို့ အပြင်မှာမမြင်တွေ့နိုင်တဲ့ပန်းပါ။ မလှမ်းမကမ်းမှာတော့ ချင်းပြည်နယ်ရဲ့ အမှတ်တရပန်းဖြစ်တဲ့ တောင်ဇလပ်ပန်းတွေကို စည်နဲ့စိုက်ပျိုးထားတာလည်း တွေ့ရပါတယ်။ အဲဒီဘေးကွက်လပ်အစပ်မှာတော့ ဓာတ်တိုင်တစ်တိုင်လောက်မြင့်တဲ့တိုင်မှာ အဝတ်နဲ့လုပ်ထားတဲ့ ငါးရုပ်ကြီးကိုချိတ်ဆွဲထားရဲ့။ အဝတ်ငါးရုပ်ကြီးဟာ ခေါင်းပွဖြစ်ပြီး လေတိုက်တဲ့အခါ ငါးပါးစပ်ပေါက်ထဲကနေလေဝင်ပြီး လေတံခွန်လိုလွင့်နေမှာပါ။ ကံကောင်းခြင်းတွေကိုသယ်ဆောင်တဲ့ ငါးရုပ်ကြီးဖြစ်ပါတယ်။

- **အဆာကူဆာဘုရားကျောင်းဝင်းအတွင်းက နှစ်ပတ်လည်ပွဲများ**


ဒီအဆာကူဆာဘုရားကျောင်းဝင်းကြီးရဲ့ (၁၂) လရာသီပွဲတော်တွေစာရင်းမှာတော့ ဒီစေတီဘုံမြင့်ဆောင်ရဲ့ ပန်းခင်းပြပွဲလည်း ပါဝင်နေတာ တွေ့ရပါတယ်။

အဆာကူဆာဘုရားကျောင်းဝင်းအတွင်းမှာ နှစ်ပတ်လည်လုံးလုံး ကျင်းပနေကြတဲ့ပွဲတွေကိုလည်း လမ်းညွှန်မြေပုံနဲ့အတူဖော်ပြထားပါတယ်။ စိတ်ဝင်စားစရာ မတ်လမှာကျင်းပတဲ့ ဆုမိဒါပန်းခြံ ချယ်ရီပန်းပွဲတော်၊ ဧပြီလရဲ့ (Kong-Kong) ဖိနပ်ပြပွဲ၊ (Crying Sumo) ဖလားပြိုင်ပွဲ၊ မေလရဲ့ (Takara-no-Mai)အက၊ (Ofujisan) အိုးစိုက်ပန်းပင်



www.burmeseclassic.com

www.burmeseclassic.com



တိုကျို-အဆာကူဆာဘုရားကျောင်းအတွင်းမှ ပန်းပြပွဲ



တိုကျိုမြို့တော်မှာ တည်းခိုခဲ့ရတဲ့ ဟိုတယ်မှ အဆင်အယင်များ



တိုကျိုမြို့တော်မှာ တည်းခိုခဲ့ရတဲ့ ဟိုတယ်မှ အဆင်အယင်များ



အဆာကူဆာဘုရားကျောင်းအထွက်လမ်းပေါ်က လူဆွဲလှည်းများ

ဈေး၊ ဇွန်လရဲ့ (Torikoe) ညပွဲတော်၊ ဇူလိုင်လရဲ့ ဆုမိဒါမြစ်မီးရှူးမီးပန်းပြပွဲ၊ ဩဂုတ်လရဲ့ (Taio Firewood) နှိုအကတွေ၊ အဆာကူဆာ (Samba) ကာနီဗယ်ပွဲ၊ အောက်တိုဘာရဲ့ အဆာကူဆာ ဂန္ဓမာပန်းပြပွဲ ရွှေနဂါးအကများ၊ နိုဝင်ဘာရဲ့ (Shirasagi-no-mai) ကြိုးကြာဖြူအက၊ (Tori-no-ichi) ဝါးထွန်ခြစ်ပွဲ၊ ဒီဇင်ဘာရဲ့ နှစ်သစ်ကူးခေါင်းလောင်းထိုးပွဲတွေကို တွေ့ရပါတယ်။

ဘိုင်းဆင့်သစ်သားဆောင်စေတီရှေ့မှာ ဓာတ်ပုံတွေရိုက်ကြပြီးတဲ့နောက် ရှေ့ကို ဆက်လက် လျှောက်လှမ်းခဲ့ကြပြန်တယ်။ အဆာကူဆာဘုရားကျောင်းရှေ့မှာတော့ ကွက်လပ်ကျယ်ကြီးရှိပါတယ်။ကွက်လပ်ကိုအဝင် ဘယ်ဘက်မှာတော့ ခြေလက်တွေဆေးတဲ့နေရာနဲ့ ရုပ်တုကြီးရှိတယ်။ရုပ်တုကြီးဟာ ကြေးသွန်းရုပ်ဖြစ်ပြီး စစ်သူကြီးလို ခံ့ညားတဲ့ဝတ်စုံကြီးကိုဝတ်ဆင်ထားကာ ကြာပွင့်ကြီးပေါ်မှာ ရပ်နေပါတယ်။ မြေမှာထောက်ထားတဲ့ ဓားရှည်တစ်လက်ကို လက်နှစ်ဖက်နဲ့ဆုပ်ကိုင်ပြီး လက်တွေကိုဆန့်တန်းထားတယ်။ သူ့ခြေရင်းက ကြာပွင့်ထဲမှာတော့ နဂါးတွေဟာ အမောက်တထောင်ထောင်နဲ့ တွန့်လိမ်နေကြပေါ့။

ကွက်လပ်ကျယ်ရဲ့ အဆုံးသတ်မှာတော့ ကန့်လန့်ဖြတ်တည်ရှိနေတဲ့ ဂိတ်မုခ်ဦးကြီးတစ်ခုရှိပြန်တယ်။ ဟိုဇို-မွန်ဂိတ် (Hozo-Mon Gate) ပါတဲ့။ အဲဒါကို ဘုရားကျောင်းဂိတ်အဖြစ်တည်ဆောက်ခဲ့ပြီး အလားတူပဲ ယင်းမှာ ဆန်နဲဆောဂျိ(Sensoji)ဘုရားကျောင်းကြီးရဲ့ အဖိုးတန်လှတဲ့ ဗုဒ္ဓတရားတော်ကျမ်းမြတ်သုတ္တန်(sutras)တွေကို သိုမှီးထားပါတယ်လို့ လမ်းညွှန်တိုင်မှာ ရေးထိုးဖော်ပြထားပါတယ်။ မုခ်ဦးရှေ့မှာတော့ အနက်ရောင်ဂျပန်စာလုံးတွေရေးဆွဲထားတဲ့ စက္ကူမီးပုံးတွေတန်းစီချိတ်ထားတဲ့အတန်းသုံးတန်းကိုဆင့်ပြီးထောင်ထားတာတွေ့ရတယ်။ စာလုံးတွေဟာ တစ်လုံးနဲ့တစ်လုံးမတူပါဘူး။ ဘာစာတွေရေးထားတယ်၊ ဘာအဓိပ္ပာယ်နဲ့ချိတ်ဆွဲထားတယ်ဆိုတာတော့ သိခွင့်မရခဲ့ပါဘူး။


ဟိုဇို-မွန်ဂိတ်ကို အိုတာနီ ယိုနေတာရို (Ohtani Yonetaro) လှူဒါန်းခဲ့တဲ့ ငွေတွေနဲ့ ၁၉၆၄ ခုနှစ်ကမှ တည်ဆောက်ခဲ့တာပါ။ဂိတ်ရဲ့အပြင်ပန်းအသွင်အပြင်ကို အစောပိုင်းအီဒိုခေတ်ကာလဟန်မျိုးနဲ့ ဒီဇိုင်းထုတ်ခဲ့ပါတယ်။ ဒါဟာ သံကူကွန်ကရစ်ဂိတ်ဖြစ်ပြီးတော့ အမြင့် (၂၁.၇) မီတာ၊ အကျယ် (၂၁.၂) မီတာနဲ့ အနက် (၈.၂) မီတာရှိတယ်။ ဂိတ်ရဲ့အရှေ့ဘက် အနိမ့်ပိုင်း လက်ဝဲနဲ့လက်ယာနှစ်ဖက်မှာ (Nishikito Shinkan) နဲ့ (Muraoka Kyusaku) တို့ ပြုလုပ်ဖန်တီးပေးခဲ့တဲ့ သစ်သားထည်ရုပ်တုတွေဖြစ်တဲ့ နီယို(Neo)နတ်ဘုရင် (Deva Kings) ရုပ်တုတွေကိုလည်း ထိန်းသိမ်းထားရှိပါတယ်။

ဂျပန်ဗုဒ္ဓဘာသာကျောင်းတော်တွေရဲ့ထုံးစံအတိုင်းပဲ ကြီးမားတဲ့မြက်ဖိနပ်ကြီးကိုလည်း ဂိတ်ရှေ့နံရံမှာ ချိတ်ဆွဲထားတယ်။

ဒီဂိတ်ကို (Taira no Kimimasa) က ၉၄၂ ခုနှစ်မှာ ပထမဆုံးတည်ဆောက်ပေးခဲ့တာပါ။ နီရိုရုပ်တုတွေ

ထည့်သွင်းထားသိုလာခဲ့စဉ်ကတည်းက စလို့ ယင်းကို အလားတူပဲ နီအို-မွန် (Nio-Mon) နတ်ဂိတ် (Deva Gate) လို့ သိရှိ ထင်ရှားလာခဲ့ပါတယ်။ ယင်းကို ဖန်တီးဖြစ်ခဲ့ပြီးနောက်မှာ ယင်းအဆောက်အအုံဟာ အကြိမ်ပေါင်းများစွာ မီးလောင်ကျခဲ့ပြီး အကြိမ်ပေါင်းများစွာလည်း ပြန်လည်တည်ဆောက်လာခဲ့ကြရတယ်။ ၁၆၄၉ ခုမှာတော့ ဒီဘုရားကျောင်းဂိတ်ကို အမြင့်နှစ်ထပ်ရှိ မျှော်စင်ဂိတ်အဖြစ် ဂုဏ်ယူစွာ ပြန်လည်တည်ဆောက်ခဲ့ကြပြန်ပါတယ်။ အဲဒီမျှော်စင်ဂိတ်ဟာလည်း ၁၉၄၅ ခုနှစ်မှာ လေကြောင်းတိုက်ခိုက်ဗုံးကြဲမှုတွေကြောင့် လောင်ကျွမ်း ပျက်စီးခဲ့တဲ့တိုင်အောင် ယင်းဟာ ဂုဏ်ယူဝင့်ကြွားစရာ ခံ့ညားထည်ဝါတဲ့ အသွင်အပြင်တစ်ခုအဖြစ် ဂုဏ်ယူခဲ့ကြရပါတယ်ဆိုတဲ့ ရှင်းလင်းချက်ကိုလည်း တွေ့ရပါတယ်။

ဂိတ်ရဲ့နောက်ဘက်နားမှာတော့ ဇရပ်ငယ်တစ်ဆောင်ရှိပြီး အမွှေးတိုင်ထွန်းတဲ့ ကြေးတဲ့ဇရာမကြေးအိုးကြီးတွေ။ ကြေးပန်းအိုးကြီးတွေကိုလည်း အဆောင်ရှေ့မှာတွေ့ရတယ်။ ကမာကုရ ကြေးဆင်းတုတော်ကြီးရှေ့မှာလည်း ခုလိုပဲ ကြေးကြာဖူး၊ ကြေးကြာပွင့်တွေနဲ့ ကြေးပန်းအိုးကြီးတွေ တွေ့ခဲ့ဖူးတော့ ဂျပန်တွေဟာ တစ်ချိန်တုန်းက ကြေးထည်အတတ်ကိုလည်း အတော်ကျွမ်းကျင်စွာ အသုံးပြုခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီအဆောင်ဘေးမှာတော့ ကြာမှော့က်၊ ကြာလန်တွေနဲ့လုပ်ထားတဲ့ ကြာပလ္လင်ပေါ်မှာထိုင်တော်မူကာ ညာလက်တော်မှာ ကြာရိုးကိုကိုင်ပြီး ကြာဖတ်ကြီးက ပခုံးနဲ့ဦးခေါင်းတော်ကိုအုပ်မိုးထားတဲ့ ထိုင်တော်မူကြေးဆင်းတုတစ်ဆူကိုလည်း ဖူးတွေ့ခဲ့ရတယ်။ လက်ဝဲလက်တော်မှာတော့ ရေစင်အိုးငယ်တစ်လုံးရှိနေပါတယ်။ ယင်းရဲ့ဘေး မလှမ်းမကမ်းမှာတော့ ဘယ်ဘက်ခြေကို ကြာပွင့်တစ်ပွင့်ပေါ် ချကာထိုင်ကာ လက်အုပ်ချီပြီး မျက်လွှာချထားတဲ့ ဘုရားလောင်းပုံတော် ကျောက်ရုပ်တုတစ်ခုလည်းတွေ့ရတယ်။ ဦးခေါင်းကို ခပ်ပြောင်ပြောင်တုံးထားပုံက သာမန်လူတစ်ယောက်အတိုင်း အဆင်အယင်၊ အတွန့်အတက်မပါဘဲ ခပ်ရှင်းရှင်းမို့ ယနေ့ခေတ် ကိုရင်လေးတစ်ပါးထိုင်နေပုံနဲ့တူနေရဲ့။ ယင်းရုပ်တုနောက်ဘက်မှာ ဂျပန်စာတွေရေးထိုးထားတဲ့ သစ်သားဆိုင်းဘုတ်အနက်ရောင်တစ်ခုရှိပေမယ့် ဖတ်ပြမယ့် လမ်းညွှန်မရှိလို့ ဘာရုပ်တုဆိုတာ မသိခဲ့ပါဘူး။


တိုကျို-အာဆာကုဆာဘုရားကျောင်းကြီးရဲ့ အဆင်တန်ဆာများ


အာဆာကုဆာဘုရားကျောင်း အနောက်ဘက်ဝင်ဂိတ်နဲ့ အဆင်တန်ဆာများ

- **ကျောက်ဥယျာဉ်တွေကြားက ဗုဒ္ဓဆင်းတုတော်နဲ့ ဘုရားလောင်းဗောဓိသတ္တရုပ်တုတော်များ**

ဘုရားကျောင်းဝင်းရဲ့ နောက်ဆုံးစည်းရိုးနားမှာတော့ စိမ်းဖန့်ဖန့်သစ်ရွက်တွေနဲ့ အနက်ရောင်ပင်စည်ရှိ သစ်ပင်တွေတန်းစီပေါက်နေတဲ့ တောအုပ်လေးရှိပါတယ်။ ဆင်းတုရုပ်တုတွေကိုလည်း အဲဒီတောအုပ်အောက်က ကျောက်ဥယျာဉ်လေးတွေကို ဝန်းပတ်ထားတဲ့ အလှတန်ဆာဆင်ညှပ်ထားတဲ့ချုံပင်တန်းတွေအကြားမှာ တွေ့ခဲ့ရတယ်။သစ်ပင်တွေနဲ့အတူစိုက်ထူထားတဲ့ ကျောက်တိုင်အပြားတွေလည်းရှိပါတယ်။ကျောက်တိုင်အချို့ဟာ ကြာဖတ်တစ်ဖတ်ပုံရှိပြီးတော့ တစ်ဖက် မျက်နှာပြင်မှာတော့ ကပ်လျက်ထွင်းထုထားတဲ့ရုပ်လုံးကြွမတ်ရပ်ဆင်းတုတော်တွေရှိပါတယ်။ ဆင်းတုတော်တွေရဲ့လက်တော်တွေဟာ ရင်ဘတ်ပေါ်မှာ နေပေမယ့် ရုပ်တုတော်တွေရဲ့ ရင်ဘတ်ပေါ်ကိုဖြတ်ပြီး အနက်ရောင်ဂျပန်စာတွေရေးထားတဲ့ ပိတ်စဖြူတွေပတ်ထားတာ လက်တော်ထားရှိတဲ့ အနေအထားကို မသိနိုင်ခဲ့ပါဘူး။ ပိတ်ဖြူပေါ် ကစာတန်းတွေဟာ အလှူမှတ်တမ်းစာတွေလား ဆုတောင်းစာတွေလား၊ကျမ်းစာကောက်နုတ်ချက်တွေလား။

အဲဒီမှာ ဗုဒ္ဓရုပ်ပွားတော်ခပ်ကြီးကြီးနှစ်ဆူလည်းရှိပါတယ်။ ဘုရားလောင်းအဝ ရုပ်တုတော်နှစ်ဆူဖြစ်ပြီး

www.burmeseclassic.com

လက်ျာဘက်မှာ ဗောဓိသတ္တ-အဝလောကီတေသွာရ (Avalokiteshvara) နဲ့ လက်ဝဲဘက်မှာ ဗောဓိသတ္တ(Seshi)တို့ ဖြစ်ပါတယ်။ ယင်းတို့နှစ်ဆူစလုံးဟာ (၂. ၃၆) မီတာ ဉာဏ်တော်မြင့်ကြပါတယ်။ ၁၆၈၇ ခုမှာ ယနေ့ခေတ် (Gunma) စီရင်စုဖြစ်တဲ့ (Tatevbayashi)မှ (Takase Zenbee) က သူ့ကို ကူညီခဲ့တဲ့ ဆန်လက်ကားကုန်သည်မိသားစုရဲ့ ကျေးဇူးအကြွေးကို ပြန်လည်တုံ့ပြန်ပေးဆပ်ဖို့ ဒီဆင်းတုတော်တွေအနက် အဝလောကီတေသွာရ (the Avalokiteshvara) ကို ဖခင်အတွက်နဲ့ (Seishi)ကို သားအတွက်ကို ပြုလုပ်တည်ထားခဲ့ပါတယ်ဆိုတဲ့ စာညွှန်းကိုလည်း ဆင်းတုတော်နှစ်ဆူဘေးမှာ စိုက်ထူထားတာတွေ့ရှိ ဖတ်ရှုခဲ့ရပါတယ်။ ရုပ်တုတော်တွေကို ကြေးနဲ့ပဲ သွန်းလုပ်ထားပြီး ကြာမှောက်၊ကြာလန် ကြာပလ္လင်တွေပေါ်မှာ ထိုင်တော်မူနေကြတာပါ။ တစ်ဆူက လက်တော်နှစ်ဖက်ကို ရင်ဘတ်တော်ရှေ့မှာ လက်အုပ်ချီထားပါတယ်။ နောက်တစ်ဆူကတော့ လက်ယာဘက်လက်တော်မှာ ထိပ်မှာ အလုံးတစ်လုံးပါတဲ့ တုတ်တံတစ်ခုကို ကိုင်ထားပြီး လက်ဝဲဘက်လက်တော်ကို ရင်ဘတ်ရှေ့မှာ အဘယမုဒြာလို လက်ဝါးဖြန့်ပြီး ဘေးရန်ဆီးကာနေပုံထားရှိပါတယ်။ နှစ်ဆူစလုံး အတွန့်အရေးအထပ်ထပ်ပါတဲ့သင်္ကန်းတော်တွေကို ရင်ဘတ်ဖော်ပြီးရုံထားကြတယ်။ ဦးခေါင်းတော်တွေထက်မှာတော့ ဆံတော်ရှည်ကို ခပ်ချွန်ချွန်ထုံးဖွဲ့ထားပါတယ်။

အဲဒီဘုရားလောင်းရုပ်တုတော်တွေရဲ့ နောက်ကျောအနိမ့်ပိုင်းမှာတော့ ဓရုဒမုဒြာနဲ့ မတ်တတ်ရပ်နေတဲ့ကျောက်သားဆင်းတုတော်တစ်ဆူကို သစ်ပင်အောက်မှာတွေ့ရတယ်။ ကြာဖတ်နောက်ခံနဲ့ မတ်တတ်ရပ်တော်မူနေတဲ့ ကျောက်သားဆင်းတုတစ်ဆူနဲ့ ခြေတစ်ဖက်ချပြီးထိုင်နေတဲ့ ဗောဓိသတ္တကျောက်ဆင်းတုတွေလည်း မလှမ်းမကမ်းမှာရှိနေပြီး ရင်ဘတ်တွေပေါ်မှာ သင်္ကန်းလို အနီရဲရဲပိတ်စတွေကပ်လှူထားရဲ့။ ဘာအဓိပ္ပာယ်နဲ့ အနီရောင်ပိတ်စတွေကိုသုံးသလဲသိချင်မိပါတယ်။

## မိဘမေတ္တာကို ပီပြင်စွာဖော်ကျူးနိုင်တဲ့ ကျောက်ရုပ်တု

လက်ယာဘက်လက်မှာ အရိုးရှည်တံ တင်းပုတ်တစ်ခုကိုင်ထားကာ ဦးခေါင်းတော်နောက်မှာ ကြာဖတ်အကြီးကြီးတစ်ဖတ်မှီထားတဲ့ လက်ဝဲဘက်ခြေတော်ကိုချထိုင်နေတဲ့ခပ်ကြီးကြီးကျောက်ဗောဓိသတ္တဘုရားလောင်းတစ်ဆူလည်းတွေ့ရပြန်တယ်။ ဘုရားလောင်းပုံရှေ့နားဆီမှာတော့ ဘာအတွက်ထားရှိတဲ့ ရုပ်တုမှန်းမသိပေမယ့် အတော်ကလေး သဘောကျမိတဲ့ရုပ်တုတစ်ခုကို မြင်လိုက်ရတယ်။ သားငယ်ကိုကျောပိုးပြီး သားကြီးကထွေးပွေ့ထားတဲ့ မိခင်တစ်ဦးပုံ ကျောက်ရုပ်ပါ။ အောက်ကနေ မိခင်ကို အားကိုးတကြီးမော့ကြည့်နေတဲ့ သားကြီးရုပ်ကို အပြည့်မထုလုပ်ဘဲ ဦးခေါင်းလေးသာထုလုပ်ပြီး အောက်ပိုင်းကို ကျောက်ရိုင်းတုံးအတိုင်းထားရှိပေမယ့် အတော့်ကိုပီပြင်ပါတယ်။ ဆံပင်အလယ်ခွဲကာ မျက်နှာကို မျက်လုံးအောက်ချပြီးထုလုပ်ထားတဲ့ မိခင်ရုပ်ရဲ့ မျက်နှာကလည်း အေးငြိမ်းပြီးတည်ကြည်လှရဲ့။ သားအမိသုံးဦးလုံးရဲ့ပုံတွေကို ကျောက်တုံးတစ်တုံးထဲမှာပဲ ထွင်းထုထားတာပါ။ မိခင်ရင်ခွင်ရဲ့နွေးထွေးမှု၊ မိဘရဲ့အရိပ် အတော့်ကို မိဘမေတ္တာကို ပီပြင်စွာဖော်ကျူးနိုင်တဲ့ရုပ်တုပါ။ ရုပ်တုတစ်ခုလုံးကို အနက်ရောင်အဝတ်နဲ့အုပ်ကာ အနီရဲရဲသိုးမွေးရှောတစ်ခု အပေါ်ကရုံပေးထားတာကလည်း ရဲရင့်တဲ့ အမေ့စိတ်ဓာတ်ကို ထပ်လောင်းအားဖြည့်ဂုဏ်ပြုနေသလိုပါပဲ။ အဲဒီ မိခင်နဲ့ ကလေးရုပ်တုရှိရာ ကျောက်ဥယျာဉ်ငယ်လေးရဲ့ပတ်ပတ်လည်မှာတော့ သူတို့မိသားစုပုံ လိုကိုပါတဲ့ပိတ်စအနီတွေချိတ်ဆွဲထားတာကလည်း ရဲရဲကိုတောက်လို့။

ကြာပွင့်ပေါ်မှာမတ်တတ်ရပ်နေတဲ့ ကြေးဆင်းတုတော်တစ်ဆူကိုလည်း ထင်းရှူးပင်တွေကြားကကျောက်ဆောင်ငယ်တစ်ခုပေါ်မှာ ဖူးတွေ့လိုက်ရပြန်ပါတယ်။ ဦးခေါင်းတော်နောက်မှာ စက်ဝိုင်းပုံရောင်ခြည်တော်တစ်ခုပါရှိပြီး ဘယ်ဘက်လက်တော်မှာ ကြာဖူးကိုင်ထားရဲ့။ သင်္ကန်းတော်တွေဟာ အတွန့်အခေါက်တွေများများနဲ့တွဲလောင်းကျနေပါတယ်။ ဦးခေါင်းတော်မှာ ဗောင်းထုပ်လို ခပ်မြင့်မြင့်တစ်ခုရှိနေပုံက တရုတ်ဆင်းတုရုပ်တုတွေနဲ့ တူလှတယ်။ ထင်းရှူးပင်အုပ်လေးကိုကျော်လိုက်တဲ့အခါမှာတော့ ဘုရားဈေးကိုရောက်သွားပါတယ်။ ဈေးဆိုင်တန်းတွေရဲ့ ဟိုးအဝေးခပ်လှမ်းလှမ်းမှာတော့ တိုကျိုမိုးမြင့်မျှော်စင်ကြီးကို အမှတ်တမဲ့မြင်လိုက်ရတယ်။

## ◻ အဆောက်အဦသာ ဘုရားဈေး

မျက်နှာဖုံးတွေ၊ ဂျပန်ယပ်တောင်တွေ၊ ဂျပန်မီးပုံးတွေ၊ ဂျပန်ကင်ဇိုဓားရှည်တွေ၊ ဆာမူရိုင်းပုံတွေ၊ ဂျပန်ရိုးရာအစားအစာတွေ၊ ကီမိုနိုဝတ်စုံတွေ၊ ရိုးရာလက်မှုထည်အရုပ်လေးတွေ လက်ဆောင်ပေးစရာ တိုလီမိုလီကလေးတွေရောင်းချတဲ့ တစ်ထပ်အဆောက်အအုံတွေနဲ့နှစ်တန်း၊ သုံးတန်းနဲ့ ဈေးရုံအရှည်ကြီးပါ။ ဘုရားဈေးဆိုပေမယ့် ကိုယ်တို့ဆီမှာလို အော်ဟစ် ဆွဲလွဲပြီး အတင်းခေါ်၊ အတင်းရောင်းတာတွေမလုပ်ပါဘူး။ ဆိုင်တန်းတွေဟာ စည်းကမ်းရှိရှိနဲ့ ဆိုင်ပြင်ကို အစွန်းမထွက်အောင် ဆိုင်တွင်းမှာသာ သေသေသပ်သပ်ခင်းကျင်းထားလို့ ဈေးတန်းတစ်ခုလုံးဟာ ရှင်းလင်းသပ်ရပ်နေပါတယ်။ လမ်းတွေကလည်း ရှင်းသန့်ပြီး အမှိုက်တစ်စမရှိတာမို့ အတုယူဖို့ကောင်းလိုက်တာ။

ဘုရားကျောင်းအထွက်လမ်းနားက ကျောက်ခုံကျောက်တန်းတွေပေါ်မှာ သံမဏိငှက်ရုပ်လေးတွေနဲ့ တန်ဆာဆင်ထားတာကို တွေ့လိုက်ရပြန်တယ်။ အလွန်ချစ်ဖို့ကောင်းပါတယ်။ ဘုရားကျောင်းဝင်းက ပြန်အထွက်မှာတော့ အဝင်ဂိတ်မှာ လန်ချားတစ်စီးကို ခရီးသည်တင်ပြီးဆွဲလာနေတာ တွေ့လိုက်ရပါတယ်။ ဗလကောင်းကောင်း ဂျပန်လန်ချားသမားတစ်ယောက်က သူ့ဗလတွေကိုဖော်ပြနိုင်တဲ့ ဘောင်းဘီတို၊ စွပ်ကျယ်လက်ပြတ်၊ အသားကပ်ခပ်ကျပ်ကျပ်တွေကို ဖုထစ်ကျပ်ထုပ်နေအောင်ဝတ်ဆင်ပြီး လိင်အသားပေးဟန်နဲ့ လန်ချားဆွဲနေရဲ့။ အမျိုးသမီးတွေက လန်ချားပေါ်မှာစီးကြလို့။ ဒါလည်း ခေတ်ပေါ်ဆွဲဆောင်မှုတစ်ခုထင်ရဲ့။ လမ်းဘေးမှာတော့ ကျောက်စရစ်ခဲတွေချည်းခင်းထားတဲ့ ဂေါက်ကွင်းလေးတစ်ခုကိုလည်း ရှားရှားပါးပါး ရနိုင်သမျှနေရာလေးမှာ ဖော်ထုတ်လုပ်ပေးထားတာတွေ့ရတယ်။

အဲဒီနောက်မှာတော့ ဆက်လက်ပြီး တိုကျိုရဲ့အထင်ကရဖြစ်တဲ့ တိုကျို-မိုးမြင့်သစ်ပင်(Tyokyo Sky Tree)ကို သွားကာ တက်ရောက်ကြည့်ရှု လေ့လာကြတယ်။ တိုကျိုမြို့တော်ရဲ့ မိုးကောင်းကင်အမြင့်ပေါ်မှာ လေထဲလမ်းလျှောက်သလို ရင်ခုန်ဖွယ်ခြေလှမ်းများကိုတော့ မမေ့နိုင်အောင်ဖြစ်ခဲ့ရပေါ့။

**ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)**



www.burmeseclassic.com

www.burmeseclassic.com

# မဟာနွယ်(မန်းတက္ကသိုလ်)
# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်



ကတိသစ္စာတည်သောခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခုဖြစ်ပါ၏။

ဤကမ္ဘာပေါ်တွင် ပေါက်ရောက်သမျှသောနွယ်မြက်သစ်ပင်တို့သည်ကား ဆေးပင်များသာဖြစ်ကြပါ၏။ ဆေးပင်တို့ကို ခေါ်ဆိုကြရာ၌ တစ်ဒေသနှင့် တစ်ဒေသခေါ်ဝေါ်ခြင်းမှာ ကွဲပြားကြ၏။ တစ်ခါတစ်ရံမှာ ဆေးတစ်ပင်တည်းကိုပင် အမည်နာမနှစ်မျိုးဖြင့် ခေါ်ဆိုကြပါ၏။

ဒေသန္တရစကား မကျွမ်းကျင်ပြန်လျှင်လည်း ဆေးပင်ကို ရှာဖွေရာ၌ အခက်အခဲတွေ့ရ၏။ အချို့သောဆေးပင်တို့ကို ဆေးသဒ္ဒါတို့၌ တစ်မျိုးတစ်ဖုံခေါ်ဆိုကြပြန်၏။

သာဓကပြရလျှင် လူတိုင်းက မြွေဆေးပင်ဟု အသိများသောဆေးပင်ကို ပလောင်သေဆေးပင်ဟု ခေါ်ဆိုကြပါ၏။ သာမန်ရပ်ကွက်ကျေးရွာတိုင်းတွင် အဆိပ်ထန်သောမြွေကင်းတို့ရှိကြ၏။ ထိုအဆိပ်တို့ကိုနိုင်စေရန် ပလောင်သေဆေးပင်ကို ရှာဖွေကြပါ၏။ ပလောင်သေဆေးပင်ကို တိကျစွာမသိကြသဖြင့် ရှာဖွေ၍မရရှိကြပါ။ အခက်အခဲများစွာဖြင့် တွေ့ကြုံခဲ့ရပါ၏။ ပတ်ဝန်းကျင်တွင်နေထိုင်သောသူတို့ကို မေးမြန်းစုံစမ်းကြပါ၏။ သူတို့ထံမှလည်း ဆေးပင်၏နာမည်ကိုပင် မကြားဘူးပါကြောင်းပြောကြားကြပါ၏။

လူအများနှင့်ထိတွေ့နိုင်သောဆေးတစ်ပင်ကို တင်ပြပါမည်။ ဆေးပင်၏အမည်မှာ ပင့်ကူထိပ်ပိတ် ဖြစ်ပါ၏။

□ **ဆေးပင်၏ပုံသဏ္ဌာန်**

ပင့်ကူထိပ်ပိတ်ပင်သည် တစ်နှစ်ခံအပင်ငယ်မျိုးဖြစ်၏။ (၂)ပေကျော်ကျော်ခန့်မြင့်၏။ အပင်အပေါ်ပိုင်း၌ အကိုင်းအလက်အခက်အရွက်အသစ်အပွင့်တို့ပေါ်ထွက်လာ၏။ အောက်ပိုင်းအကိုင်းတို့ကွေးညွတ်လျက်ရှိ၏။ တစ်ပင်လုံးကိုခြုံကြည့်လျှင် ဘုံ(၇)ဆင့်ရှိသောပြာသာဒ်နှင့်တူပါ၏။ ပင်စည်အနံ့အမွှေးများရှိ၏။

အရွက်မှာ ရွက်ဆိုင်ထွက်၏။ အလျား သုံးလက်မခန့်ရှည်ပြီး အနံတစ်လက်မခန့်ကျယ်၏။ လုံ့စွပ်ပုံသဏ္ဌာန်ရှိ၏။ အဖျားချွန်၊အရင်းသွယ်၏။ ရွက်နား၌ ညီညာသောအထစ်ကလေးများရှိ၏။ ရွက်ညှာတို၏။

အပွင့်မှာ ပင်လုံးထိပ်ဖျားမှထွက်သော ပွင့်ခိုင်တစ်ခုစီပေါ်တွင်ပွင့်သည်။ အပွင့်ဖြူကလေးများသည် ပွင့်ဖတ်အုံအတွင်း၌ (၅၀) မှ (၁၅၀) အထိရှိ၏။ အဖြူရောင်ပွင့်ဖတ်လေးများ၏အဖျား၌ အညိုရောင်ရှိ၏။ ပွင့်ဖက်လွှာကလေးများ ကြွေကျသွားသော်လည်း ပွင့်ဖတ်အုံပန်းအိုးသဖွယ်ကြွင်းကျန်ခဲ့၏။ နတ်တော်၊ ပြာသိုလတွင်ပွင့်၏။ ပွင့်ဖတ်အုံသည် သုံးဆင့်ရှိသဖြင့် တချို့ဆရာတို့က ဆေးသုံးဆင့်ဟု ခေါ်ကြပါ၏။ အသီးမှာ ပွင့်ဖတ်အုံအတွင်း၌ အစေ့ကလေးများရှိ၏။ တပို့တွဲလ၊ တပေါင်းလတွင်သီးပါ၏။

သဘာဝအလျောက် အလေ့ကျပေါက်ရောက်သောဆေးပင်ဖြစ်ပါ၏။

□ **အသုံးပြုရမည့်အစိတ်အပိုင်းများ**

အရွက်နှင့်ပဥ္စငါးပါး ဖြစ်ပါ၏။

□ **ဆေးဂုဏ်သတ္တိ**

ပင့်ကူထိပ်ပိတ်ဆေးပင်သည် ပူစပ်၏။ ချို၏။ ဆိမ့်၏။ ငန်၏။ ဝမ်းကိုသက်စေ၏။ နှုတ်ကို မြိန်စေ၏။ လေသလိပ်ကိုကြေစေ၏။ ကိုယ်တစ်ခြမ်းသေရောဂါကို ပျောက်ကင်းစေ၏။ အရွက်သည် ချိုသောအရသာရှိ၏။ ခြောက်သွေ့၏။ သည်းခြေကိုပွားစေ၏။ကိုယ်ရေဝါရောဂါဖြစ်ခြင်း၊ ဖောရောင်ခြင်း၊ ဆီးလွန်ရောဂါဖြစ်ခြင်း၊ အဖျားရောဂါဖြစ်ခြင်းတို့ကို ပျောက်ကင်းစေ၏။

ဖျားနေသောသူအတွက် အရွက်ကိုကြိတ်ပါ။ သတ္တုရည်ရပါလိမ့်မည်။ ယင်းသတ္တုရည်တွင် အိမ်ပင့်ကူသေတွဲအခွံတစ်ကောင်ကိုညက်စွာကြိတ်ပြီးထည့်ပါ။ ပိတ်ပါးနှင့်စစ်ယူပါ။ ဖျားနေသောလူနာအား မျက်စဉ်းခတ်ပေးပါ။ အဖျားပြတ်ပါ၏။ ငှက်ဖျားလည်းပြတ်ပါ၏။ လက်တွေ့။

□ **ဆေးအသုံးပြုရန်**

ပင့်ကူထိပ်ပိတ်အရွက်သည် မြွေဆိပ်ကိုနိုင်နင်း၏။ ပင့်ကူထိပ်ပိတ်အရွက်ကို ကြိတ်၍ရသော သတ္တုရည်ကိုတိုက်ပေးပါ။ နှာခေါင်းအတွင်းသို့လည်း ထည့်ပေးပါ။ မြွေဆိပ်များကျ၏။

ပင့်ကူထိပ်ပိတ်အရွက်ကို ကြိတ်၍ရသောသတ္တုရည်၌ ပိတ်ချင်းသီးအမှုန့်အနည်းငယ်ရောသောက်သော် အကြောအဆစ်ရောင်သောရောဂါ ပျောက်ကင်းပါလိမ့်မည်။ အရွက်ကို ကြိတ်၍ရသောအရည်ကို လိမ်းပေးပါက ယားယံသောဝေဒနာပျောက်ကင်းပါ၏။

□ **ပဥ္စငါးပါး**

ဆေးပင်၏ပဥ္စငါးပါးကို ကြိတ်ပါ။ ရရှိသောသတ္တုရည်၌ ငရုတ်ကောင်းမှုန့်အနည်းငယ်ရောစပ်၍ နဖူးကိုသုတ်လိမ်းပေးပါက ခေါင်းကိုက်ရောဂါပျောက်ကင်းပါလိမ့်မည်။

ပင့်ကူထိပ်ပိတ်ပဥ္စငါးပါးအရည်တွင် လက်ချားမီးပေါက်မှုန့်၊ ပျားရည်အနည်းငယ်ရောစပ်၍ တိုက်ပေးသော် သူငယ်နာချောင်းဆိုးရောဂါပျောက်ကင်းပါလိမ့်မည်။

ပင့်ကူထိပ်ပိတ်အပင်ကို ပြုတ်ပါ။ ပြုတ်ရည်၌ လေးညှင်း (၁) ပွင့်၊ (၂)ပွင့်ထည့်၍သောက်သော် အဖျားရောဂါပျောက်၏။ ကိုယ်သားကိုယ်ရေဝါသောရောဂါနှင့်သက်ခန်းသောရောဂါအတွက် ပင့်ကူထိပ်ပိတ်အပင်ကိုပြုတ်ပါ။ ပြုတ်ရည်ကိုသောက်ပါ။ အပင်ကိုအရည်ညှစ်၍သောက်ခြင်း၊ အမြစ်ကိုသွေးသောက်ခြင်း၊ တစ်ပင်လုံးကိုကြိတ်ပြီး အရည်ညှစ်သောက်ခြင်း အရွက်၊ အပွင့်၊ အသီးတို့ကို ပြုတ်တို့စား၊ သုပ်စား၊ ချက်စားခြင်းဖြင့် အထက်ပါရောဂါတို့ပျောက်ကင်းချမ်းသာနိုင်ပါ၏။

မှတ်ချက် - ဆေးအဖြစ်အသုံးပြုရာတွင် သကြားအနည်းငယ်ထည့်၍ အသုံးပြုပေးပါ။

စစ်မှန်သောမေတ္တာ၊ စေတနာ၊ သစ္စာတရားများဖြင့် အားလုံးကျန်းမာချမ်းသာကြပါစေ။

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

မျိုးညွန့်ဦး

# ဓာတ်တော်တောင်သို့ ဒုတိယအကြိမ်

မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ရန်ကင်းတောင်၊ ဖိုလ်ဝင်တောင် စသည့် ဘုရားစေတီများဖြင့် တန်ခိုးကြီးလှသော တောင်များကဲ့သို့ ကျောက်ဆည်မြို့အနီး ရှိဓာတ်တော်တောင်သည်လည်း သဘာဝ လိုဏ်ဂူတော်ကြီးအတွင်းရှိ ရှေးဟောင်း ဆင်းတုတော်များကြောင့် တန်ခိုးကြီးလှ ပါသည်။


မန္တလေးတွင် တာဝန်ထမ်းဆောင် ခဲ့စဉ်က ကျွန်တော့်ရုံးခန်းဝရန်တာပေါ်မှ နေ၍ မန္တလေးတောင်ပေါ်ရှိဘုရားစေတီ များကို နေ့စဉ်ဖူးတွေ့ခဲ့ရပါသည်။

ယခုတစ်ဖန် ကျောက်ဆည်မြို့သို့ ဒုတိယအကြိမ် ပြန်လည် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသောအခါတွင် လည်း ကျွန်တော့်ရုံးခန်း ဝရန်တာပေါ်မှ နေ၍ ဓာတ်တော်တောင်ပေါ်ရှိ ထုံးဖွေး ဖွေးစေတီကလေးကို ဒုတိယအကြိမ် ပြန် လည်ဖူးတွေ့ခွင့်ရသဖြင့် အတိုင်းမသိ ကြည်နူးပီတိဖြစ်ရပြန်ပါသည်။

ကျွန်တော်သည် ဓာတ်တော် တောင်ခြေရှိ ဦးစီးရုံးကြီးတစ်ခုတွင် [illegible] တာဝန်ထမ်း ဆောင်ခဲ့သဖြင့် ထိုစဉ်ကလည်း ဓာတ် တော်တောင်ပေါ်သို့ အကြိမ်ကြိမ်တက် ရောက်ပြီး ကုသိုလ်ကောင်းမှုပြုခဲ့ဖူးပါ သည်။

ထိုဒေသမှ ရန်ကုန်မြို့သို့ ပြောင်း ရွှေ့မိန့်ကျသောအခါ အညာဒေသ ရေမြေတောတောင်သဘာဝနှင့် ဖော်ရွေ ပျူငှာသော ဒေသခံတို့ကို အောက်မေ့ သတိရနေခဲ့ပါသည်။


ပူပြင်းခြောက်သွေ့သော အညာ နေပူပူအောက်မှ ဖုန်လုံးကြီးများ တထောင်းထောင်းထနေသော နေ့စဉ်



ဓာတ်တော်တောင်လိုဏ်ဂူအတွင်းရှိ အကြီးမားဆုံး လျောင်းတော်မူရုပ်ပွားတော်ကြီး



ဓာတ်တော်တောင်လိုဏ်ဂူအတွင်းရှိ အကြီးမားဆုံး လျောင်းတော်မူရုပ်ပွားတော်ကြီး



လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ



ဓာတ်တော်တောင်လိုဏ်ဂူအတွင်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော်တောင်လိုဏ်ဂူအတွင်းတစ်နေရာ




ဓာတ်တော်တောင်လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ



ဓာတ်တော်တောင်လိုဏ်ဂူအတွင်းတစ်နေရာ



ဓာတ်တော်တောင်လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ



လျောင်းတော်မူရုပ်ပွားတော်ကြီးအား ဂူပေါက်ဝမှ အပေါ်စီးမှတွေ့ရပုံ

ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဦးစွာ တွေ့ကြပြီး လှူဖွယ်များကို လှူဒါန်း ကြပါသည်။

ဆရာတော်သည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်ကတည်းက ဤ ဓာတ်တော်တောင်ကြီးပေါ်သို့ ရောက်ရှိ ပြီး သာသနာပြုခဲ့ကြောင်း သိရပါ သည်။ ထိုစဉ်က ဓာတ်တော်တောင် လိုဏ်ဂူကြီးမှာ ယခုကဲ့သို့ လူသိမများ ပါ။ တောင်ပေါ်သို့တက်ရန် လမ်း မရှိသေးပါ။ ဓာတ်တော်တောင် တစ်ခုလုံး တောကြီးပကတိဖြစ်နေ ပြီး ထိုဂူကြီးမှာလည်း ချုံနွယ်ပိတ် ပေါင်းများ ဖုံးအုပ်နေကြောင်းသိရပါ သည်။

ဆရာတော်ရောက်စက ဂူကြီး အတွင်း မြင်စိုင်းခေတ် ရှေးဟောင်း ရာမြတ်စွာဘုရားနှင့် ရဟန္တာအရှင် မြတ်တို့၏ ရုပ်ပွားတော်များကို ဖူးတွေ့ ရသဖြင့် သဒ္ဓါကြည်ညိုစိတ်ထက်သန်စွာ ဖြစ်ပေါ်လာပြီး ဒေသအာဏာပိုင်များ နှင့် ဒေသခံလူထု၏ အကူအညီကိုရယူ ကာ သာသနာပြုလုပ်ငန်းများ စတင်ပြု လုပ်ခဲ့ရာ ယနေ့မြင်တွေ့ရသည့်အတိုင်း သာသနိကအဆောက်အအုံများ တိုးပွား လာပြီး သာသနာ့နယ်မြေဖြစ်လာကာ ဘုရားဖူးများတသဲသဲလာရောက်ဖူးမြော် ကြကြောင်းသိရပါသည်။



www.burmeseclassic.com




ဓာတ်တော်တောင်အတက်လမ်းတစ်နေရာ



ဓာတ်တော်တောင်လိုဏ်ဂူအတွင်းသို့ ဆင်းသက်ရာ ဓာတ်လှေကားကြီး



ဓာတ်တော်တောင်လိုဏ်ဂူအဝင်ဝ



ဓာတ်တော်တောင်ပေါ်မှ တွေ့ရသော ယာခင်းများ

ဒွိ ကျေးမင်း၊ နာဠက ဆင်မင်းနှင့် စိုင်ယယ်ညီနောင်တို့သည် ဘုရားရှင်ကို ဖူးမြင်ကြရသဖြင့် အလွန်ကြည်လင်ရွှင်လန်းသော ပီတိစေတနာတို့ဖြစ်ပေါ်ကုန်ကြကြောင်းသိရပါသည်။

ထိုစဉ်အခါက ဤတောင်၏ အမည်မှာ ကုမုဒတောင်ဟုခေါ်တွင်ပြီး ဤတောင်တော်မှ တာနှစ်ထောင်ခန့် ဝေးကွာသောအရပ်တွင် ပျူ၊ ကမ်းယံ လူမျိုးတို့နေထိုင်ကြပြီး ထိုသူများသည် ဘုရားရှင်ကိုဖူးတွေ့ကြရသဖြင့် အလွန် ရွှင်လန်းဝမ်းသာစွာ တရားတော်ကိုနာ ကြားပြီးလျှင် သရဏဂုံတည်ခဲ့ကြကြောင်း သိရပါသည်။

ဤလိုဏ်ဂူတော်ကြီးအတွင်းဝယ် ဗောဓိကုက္ကိုပင်ရင်း ရတနာပလ္လင်ထက်တွင် ပွင့်တော်မူသော ကကုသန် မြတ်စွာဘုရား၏သပိတ်တော်နှင့်ဓာတ်တော်၊ ရေသဖန်းပင်ရင်း ရတနာပလ္လင်ထက်၌ ပွင့်တော်မူသော ကောဏာဂုံ မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော်၊ ဗောဓိပညောင်ပင်ရင်း ရတနာပလ္လင်ထက်၌ ပွင့်တော်မူသော ကဿပ မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော် ဓာတ်တော်တို့တည်ရှိနေကြောင်း၊ ဂေါတမ ဘုရားရှင်က အရှင်အာနန္ဒာမထေရ်အား ဗျာဒိတ်စကားထားတော်မူခဲ့ကြောင်း သိရပါသည်။ ဤကဲ့သို့ ဘုရားအဆူဆူတို့ ဓာတ်တော်များ တည်ရှိနေသဖြင့် ဓာတ်တော်တောင်ဟု အမည်တွင်နေ ခြင်းဖြစ်နိုင်ပါသည်။

ဂေါတမမြတ်စွာဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဤဓာတ်တော်တောင် လိုဏ်ဂူတော်ကြီးသို့ အရှင်ကဿပ မထေရ်အမျိုးရှိသော ရဟန္တာမထေရ် မြတ်တို့ ကြွချီတော်မူလာပြီး မြတ်စွာ ဘုရားရှင်သည် ဥတ္တရကုရုဉ်မြောက်အရပ် သို့ ဦးခေါင်းတော်ပြုလျက် ပစ္ဆိမဒိသာ အနောက်အရပ်သို့ မျက်နှာလှည့်ထားပြီး လျှင် လက်ယာနံပါးဖြင့် ကျိန်းစက်တော် မူရာပရိနိဗ္ဗာန်စံဝင်တော်မူဟန်ကို နောင် အခါ သာသနာတော်အတွင်း၌မဖူးမတွေ့ ရကုန်သော ဝေနေယျပုဂ္ဂိုလ်အပေါင်း တို့အား သက်တော်ထင်ရှားဘုရားသခင်



www.burmeseclassic.com
www.burmeseclassic.com


www.burmeseclassic.com



ဓာတ်တော်တောင်ပေါ်မှ တွေ့မြင်ရသော စွန့်ရဲအင်း၊



ဓာတ်တော်တောင်အား အဝေးမှ ဖူးတွေ့ရပုံ



ဓာတ်တော်တောင်အား အဝေးမှ ဖူးတွေ့ရပုံ

ကို ဖူးတွေ့ရသည့်အလား သာသနာ ငါးထောင်တိုင်တိုင် တည်စေခြင်းငှာ ရည်သန်တော်မူလျက် ရဟန္တာမထေရ် မြတ်တို့၏တန်ခိုးတော်ဖြင့် ရုပ်ပွားတော်ကို အဓိဋ္ဌာန်တော်မူခဲ့ကြောင်း သိရပါသည်။

ထိုအခါ သိကြားမင်းနှင့်တကွ စတုလောကပါလနတ်မင်းကြီးတို့သည် လည်းကောင်း၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ စသော ပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ချက်ချင်းသက်ဆင်းရောက်ရှိကြပြီးလျှင် လိုဏ်ဂူအတွင်း၌ အထက်ပါ ဘုရားရှင်ရုပ်ပွားတော်ကြီးကို ပူဇော်ခဲ့ကြကြောင်း သိရပါသည်။

ကျွန်တော်နှင့်ဒေါက်တာနိုင်ညီတို့ နှစ်ယောက် ဂူအတွင်းသို့ရောက်သော အခါ အထက်ပါလျောင်းတော်မူရုပ်ပွားတော်ကြီးကို လိုဏ်ဂူကြီး၏အလယ်တွင် ကြီးမားထင်ရှားသပ္ပာယ်စွာဖူးတွေ့ရပါသည်။ ဤဆင်းတုတော်ကြီးကို စက်ဝိုင်းခြမ်းသဏ္ဌာန်အုတ်အမိုးဖြင့်သေသပ်လှပ တင့်တယ်စွာ မိုးထားသောကြောင့် ဂူမျက်နှာကြက်မှကျလာသော ရေစက်ရေပေါက်များ၊ လင်းနို့ချေးများနှင့် အမှိုက်သရိုက်များမှကာကွယ်ပြီးဖြစ်နေပါသည်။

ကျွန်တော်တို့နှစ်ယောက် အဆိုပါ လျောင်းတော်မူ ဆင်းတုတော်ကြီးကို ကြည်ညိုစွာဖူးမြော်ကန်တော့ကြပြီးနောက် ကျန်ဆင်းတုတော်များကို ဆက်လက် ဖူးမြော်ကြပါသည်။

ဤလိုဏ်ဂူကြီးအတွင်းတွင် မုဒြာ အမျိုးမျိုးဖြင့် ဆင်းတုတော်များကို ဖူးတွေ့ရပြီး ရှေးဟောင်းဖျောက်ဆိပ်ပုင်ရွာကားလမ်းဘေးတွင် တည်ရှိပါသည်။ မြင်စိုင်းနန်းဦးစေတီအပါအဝင် စေတီပုထိုးအဟောင်းအပျက်များကို လွမ်းမောဖွယ်ရာ ယနေ့တိုင်တွေ့မြင်နိုင်ပါသေးသည်။ မြင်စိုင်းနန်းဦးစေတီကြီးမှာမူ ယခုအခါ အလှူရှင်များ၏စုပေါင်းကုသိုလ်ကြောင့် ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။

ဤဓာတ်တော်တောင်လိုဏ်ဂူကြီးမှာလည်း မြင်စိုင်းမြို့ဟောင်းနှင့် မဝေးသဖြင့် ၎င်းခေတ်က လက်ရာဆင်းတုတော်များ ဤလိုဏ်ဂူကြီးထဲတွင် တည်ရှိနေခြင်းဖြစ်နိုင်ပါသည်။

ကျွန်တော်တို့နှစ်ယောက် ဂူကြီးထဲမှပြန်ထွက်လာကြပြီး ပတ်ဝန်းကျင်တောတောင်တစ်ခွင်ကို လှေ့လာကြည့်ရှုလိုက်သောအခါ နွေရာသီဖြစ်သောကြောင့် နေကျဲကျဲတောက်ပူနေသော်လည်း ရွက်နုများထွက်နေသည့်အချိန်ဖြစ်သည့်အတွက် တောတောင်သစ်ပင်များစိမ်းစိုနေသည်ကို မျက်စိအေးစွာတွေ့ရပါသည်။ မိုးကောင်းကင်ပြာပြာကြီးအောက်တွင် ပင်လုံးကျွတ်ပွင့်နေကြသော စိန်ပန်းနီပင်၊ စွယ်တော်ပင်၊ ပျဉ်းမပင်၊ ငုဝါပင်တို့၏ အနီရောင်၊ အဖြူရောင်၊ ခရမ်းပြာရောင်၊ အဝါရောင် စသည့် သဘာဝဆေးရောင်ခြယ်များကြောင့်

www.burmeseclassic.com

အရောင်အသွေးတို့စုံလင်နေပြီး တောတောင်တစ်ခုလုံး ရှုမငြီးအောင်လှနေပါတော့ သည်။

လိုဏ်ဂူကြီးနှင့် မျက်နှာချင်းဆိုင်တောင်စောင်းပေါ်တွင် ခမ်းနားသောဆောက်လက်စ နှစ်ထပ်ဓမ္မာရုံသစ်ကြီးနှင့် သစ်လွင်တောက်ပသော သိမ်တော်တို့ကို တွေ့ရှိရပါသည်။ ဤတောင်ကြီးပေါ်တွင် ဤမျှထုထည်ကြီးမားပြီးမြန်မာမှုလက်ရာတို့ဖြင့် တင့်တယ်နေသောသာသနိကအဆောက်အအုံများကိုတည်ဆောက်နိုင်သောဆရာတော်၏ဦးဆောင်မှုကို လေးစားချီးကျူး ပူဇော်မိပါသည်။ အလေးအပင်ပစ္စည်းမပါသောလူလွတ်များပင်မနည်းတက်နေရသော ဤတောင်ပေါ်သို့ ထိုအဆောက်အအုံများဆောက်လုပ်ရန် အုတ်ခဲကျောက်နှင့် ဆောက်လုပ်ရေးပစ္စည်းများကို မည်ကဲ့သို့ သယ်ယူကြပါလိမ့်ဟု တွေးမိပါသည်။ ဤတောင်ပေါ်သို့တက်ရန် ကားလမ်း လှည်းလမ်းလည်းမရှိပါ။ ဆောက်လုပ်ရေးပစ္စည်းများကို လူအားဖြင့် သယ်ဆောင်ကြရခြင်းသာ ဖြစ်ပါသည်။ တောင်တက်ဘုရားဖူးများက တောင်ခြေတွင် စုပုံထားသော အုတ်ခဲနှင့် သဲများကို မိမိတို့နိုင်သလောက် တစ်နိုင်တစ်ပိုင်သယ်ဆောင်ပြီး တောင်ပေါ်သို့ပို့ပေးခြင်းဖြင့် ကုသိုလ်ယူကြပါသည်။

တောင်ပေါ်တွင် စေတီပုထိုးများ၊ ...ရုံဘုရား၊ သံဃာဆောင်၊ ဆွမ်းစားဆောင်၊ အုတ်ရေလှောင်ကန်ကြီးနှင့် ...တန်ဆောင်း စသည့် သာသနိကအဆောက်အအုံများကို သူနေရာနှင့်သူ တွေ့ရှိရပါသည်။ ၎င်းအဆောက်အအုံများရှေ့တွင် စေတီငယ်တစ်ဆူတည်ထားသော တောင်ကုန်းငယ်တစ်ခု ...ရှိနေသောကြောင့် ၎င်းသာသနိကအဆောက်အအုံများကို တောင်အောက်...မြင်ရပါ။ သို့သော် ညအခါတွင်မူ ...အဆောက်အအုံများကို မီးထွန်းထားသော မှိန်ပျပျမီးစက်အလင်းရောင်ကို ...တောင်အောက်မှတွေ့မြင်ရပါသည်။

ကျွန်တော်တို့ နှစ်ယောက်လည်း ...စေတီငယ်၏ ရင်ပြင်ပေါ်တွင် ...ဆောက်ဖူးမြော်ကြပြီး ပတ်ဝန်းကျင်...ကြည့်လိုက်လျှင် လေယာဉ်ပျံပေါ်မှ ...သကဲ့သို့ မိုးကောင်းကင်ပြာပြာ ...အိမ်လွှာတိမ်လိပ်များ၏အောက် ...အဝေးမှ မီးခိုးခေါင်းတိုင်တလူ ...အလပ်မြေစက်ရှု၊ ဟိုးအဝေးမှ ...စိမ်းကျယ်ပြန့်စွာဖြင့် စွန်ရဲအင်း၊ အိမ်စုစုကလေးများ၊ သစ်ပင်လေးများ၊ လမ်းကြောင်းကလေးများဖြင့် ဖွဲ့စည်းထားသော ဖွဲ့စည်းထားသော ရွာငယ်ကလေးများ၊ စိမ်းမြကော်ဇောခင်းထားသကဲ့သို့ဖြစ်နေသောအကွက်ကျကျ ယာခင်းများကို အရုပ်လေးများသဖွယ် မြင်ကွင်းကျယ် တွေ့မြင်နေရသည်မှာ အသေးစိတ် ရေးဆွဲထားသောရုပ်ကြွမြေပုံစာရွက်ကြီးကိုဖြန့်ကြည့်နေသည့်နှယ် မျက်စိပသာဒရှိလှပါသည်။

စွန်ရဲအင်းကို ရှေးအခါက 'ကုမုဒရေအိုင်'ဟု အမည်တွင်ပြီး အာဠာရက္ခအမည်ရှိသော နတ်မင်းကြီး၏ သားတပည့်များဖြစ်ကြကုန်သောငါးရာသော နတ်ဘီလူးတို့ပျော်မွေ့ရာရေအိုင်တစ်ခုဖြစ်ခဲ့ကြောင်းသိရပါသည်။ ရှေးအခါကတည်းက ကြာမျိုးငါးပါးတို့ဖြင့် ပြည့်စုံပြီး ရေသည်လည်း အလွန်သန့်ရှင်းစင်ကြယ်သောကြောင်း သိရပါသည်။ ထိုနတ်ဘီလူးတို့သည် ဓာတ်တော်ရတနာသိုက်နှင့်တကွ ထိုတောင်တော်ကိုအမြဲမပြတ် စောင့်ကြပ်ကြကြောင်း သိရပါသည်။ ယခုအချိန်ထိ စွန်ရဲအင်းရေပြင်ထဲတွင် ပဒုမ္မာကြာများဖြင့် တင့်တယ်သာယာနေပါသေးသည်။ ယခုအခါ စွန်ရဲအင်းတွင် အမှီပြုနေထိုင်သော မယ်ညို၊ ရေဘဲနှင့် ငှက်မျိုးစုံတို့ကြောင့်လည်းကောင်း၊ သဘာဝရှုခင်းသာယာအေးချမ်းလှသောကြောင့်လည်းကောင်း၊ အနားယူ အပန်းဖြေစရာနေရာတစ်ခုအဖြစ် လာရောက်သူများ အလှဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားနေပါသည်။

ဓာတ်တော်တောင်ထိပ်တွင်တော့ လေတဟူးဟူးတိုက်ခတ်နေသောကြောင့် ကျွန်တော်တို့နှစ်ယောက်လည်း စေတီရင်ပြင်ပေါ်မှဆင်းခဲ့ကြပြီး ဓာတ်တော်တောင်အနှံ့လှည့်လည်ကြည့်ရှုလေ့လာကြကာ ဆရာတော်၏ ကျောင်းတွင် ပြန်နားကြပါသည်။ ထမင်းစားချိန်ရောက်နေသည့်အတွက် ဆရာတော်ကျွေးသော ဘုန်းကြီးကျောင်းဆွမ်းပေါင်းဟင်းနှင့် အညာထမင်းကို မောမောဆာဆာနှင့် မြိန်ရှက်စွာ စားသောက်ကြရပါသည်။ ဆရာတော်က တောင်ပေါ်တက်လာသမျှ ဘုရားဖူးတို့ကို ဤသို့ပင်ထမင်းကျွေးလေ့ရှိကြောင်းသိရပါသည်။ ထို့နောက် ဆရာတော်ကို ဝတ်ပြုနှုတ်ဆက်၍ တောင်အောက်သို့ပြန်ဆင်းခဲ့ကြပါသည်။

ကျွန်တော်တို့နှစ်ယောက် တောင်အောက်သို့ စောင်းတန်းအတိုင်းပြန်ဆင်းခဲ့ကြရာ အဆင်းမှာ အတက်ကဲ့သို့မောပန်းခြင်းမရှိဘဲ အချိန်တိုနှင့် တောင်ခြေသို့ရောက်ပါသည်။ တောင်ခြေရင်းစောင်းတန်းအဆုံးတွင် ကွင်းပြင်ကျယ်ကြီးကိုတွေ့ရပါသည်။ ၎င်းကွင်းပြင်ကျယ်ကြီးမှာ နှစ်စဉ် တပေါင်းလဆန်း ၈ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ကျင်းပလေ့ရှိသော ဓာတ်တောင်တော်ဘုရားပွဲကျင်းပရာ ကွင်းပြင်ကျယ်ကြီး ဖြစ်ပါသည်။ ဤဒေသတွင် ပထမအကြိမ်တာဝန်ထမ်းဆောင်ကတည်းက ဤဘုရားပွဲကိုကြုံဖူးပါသည်။ ဘုရားပွဲချိန်တွင် ပတ်ဝန်းကျင်ရွာနီးချုပ်စပ်မှ အမိုးတပ်နွားလှည်းများဖြင့်လာကြပြီး လှည်းဝိုင်းကြီးများ ဝိုင်းဖွဲ့ကာ လှည်းများအောက်တွင် စားကြအိပ်ကြပြီး ဘုရားပွဲကိုဆင်နွှဲကြပါသည်။ ဤဘုရားပွဲသို့ လာရောက်မှသာ ၎င်းတို့၏သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ဘုရားပွဲသို့လာရောက်ရန် ပျက်ကွက်ခဲ့ပါက သီးနှံများဖြစ်ထွန်းမှုမရှိဟု အယူရှိကြောင်း သိရပါသည်။ ဒေသခံရွာသူရွာသားတို့အိမ်တွင်လည်း အဝေးမှလာသော ဆွေမျိုးဉာတကာတို့ဖြင့် စည်ကားနေပြီး လာသမျှဧည့်သည်တို့ကို မုန့်အချိုထမင်းဟင်းတို့ဖြင့် တည့်ခင်းဧည့်ခံကာ ညနေစောင်းလျှင် ဝတ်ကောင်းစားလှများဝတ်၍ ပွဲဈေးတန်းအတွင်းလှည့်လှည်ကြပါသည်။ ဗလာဇာတ်ပွဲ၊ ပွဲဈေးတန်း၊ ချားရဟတ်များနှင့်ကြည့်ချင်ပွဲများကြောင့် ရောင်းသူဝယ်သူပွဲကြည့်သူတို့ဖြင့် အလွန်ပင်စည်ကားသော ဘုရားပွဲကြီးဖြစ်ပါသည်။

ဓာတ်တော်သမိုင်းကြောင်းအရ နတ်နဂါးတို့သည် လျောင်းတော်မူဆင်းတုတော်ကြီးကို ဖူးမြော်ကြည်ညိုရန်လာကြကုန်သော သူတော်ကောင်းအပေါင်းတို့အား မပြိုမငြင်သောက်သုံးနိုင်ကြစေရန် ရေအိုင်ရေထွက်တို့ကို နဂါးပြည်မှနေ၍ရေကြောကို ဥမင်ပြုပြီးဖန်ဆင်းခဲ့ကြရာ ဓာတ်တော်တောင်ခြေတွင် ရေထွက်တစ်ခုနှင့် တောင်ခြေမှ မြောက်ဖက်နှစ်ဖာလုံခန့်ဝေးသောနေရာတွင် ရေထွက်တစ်ခုခု စုစုပေါင်းရေထွက်နှစ်ခုဖြစ်တည်သည်ဟုသိရပါသည်။

ကျွန်တော်တို့ နှစ်ယောက်သည် ဓာတ်တော်တောင်ခြေရှိ ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ရေထွက်ကို ပထမဦးစွာလေ့လာကြပါသည်။ ကြည်လင်သန့်စင်သောရေများသည် သပြေပင်ခြေရင်းမှ အလိုအလျောက်ထွက်နေသောကြောင့် သပြေရေထွက်ဟု အမည်တွင်ခဲ့ကြောင်း

www.burmeseclassic.com

သိရပါသည်။ယင်းနေရာတွင် ယခုအခါ စေတီတည်ထားသဖြင့် စေတီအောက်မှ ရေများထွက်နေသည်ကို အမြင်ဆန်းစွာ တွေ့ရပါသည်။ ယင်းရေကိုသွယ်ယူပြီး ဘုရားဖူးများ သောက်သုံးရန်အတွက် အုတ်ရေကန်များဖြင့် ဖြည့်ဆည်းထားရှိပါသည်။ ၎င်းသပြေရေထွက်ကို အစွဲပြုပြီး တောင်ခြေရှိရွာကို သပြေဝန်းရွာဟု ခေါ်ပါသည်။

တောင်ခြေမှ နှစ်ဖာလုံခန့်ဝေးသော အင်ကြင်းတောင်ဘုန်းကြီးကျောင်းဝင်းထဲတွင်လည်း ညောင်ပင်ကဲ့သို့ကြီးမားပြီး အရိပ်အာဝါသကောင်းမွန်သော သစ်ပင်ကြီးတစ်ပင်၏အောက်ခြေမြေပြင်မှ သန့်စင်ကြည်လင်သောသဘာဝရေများ သုံးနေရာခွဲ၍ တပွက်ပွက်ထွက်နေသည်ကို မျက်မြင်တွေ့ရသည်မှာလည်း အံ့ဩစရာကောင်းလှပါသည်။ ထိုအရပ်ကို ရှေးအခါက ကုဋ္ဌာရေထွက်ဟုခေါ် ဆိုခဲ့ကြကြောင်း ခတ်တော်သမိုင်းအရသိရပြီး ယခုအခါ ကတိုးရေထွက်ဟုခေါ်ကြပါသည်။ ယင်းရေထွက်သုံးနေရာမှ ရေများကို မြောင်းများဖြင့် သွယ်ယူပြီး ဘုရားဖူးများချိုးရန် အုတ်ရေကန်များဖြင့် သိုလှောင်ထားရှိပါသည်။ ၎င်းကုဋ္ဌာရေထွက်ကိုအစွဲပြု၍ ခတ်တော်ကတိုးရွာဟု အမည်တွင်နေပါသည်။

သပြေဝန်းရွာနှင့် ခတ်တော်ကတိုးရွာတို့မှာ ကျောက်ဆည်ခရိုင်ပတ်လမ်း၏တစ်ဖက်တစ်ချက်စီတွင် တည်ရှိနေကြပြီး ခတ်တော်တောင်ကြီး၏ ခြေရင်းတွင်ရှိနေကြသောကြောင့် တောင်တော်ကြီးနှင့်အပြန်အလှန်အကျိုးပြုနေကြသောရွာနှစ်ရွာဖြစ်ပါသည်။ ဒေသခံရွာသူရွာသားများမှာ မြေပဲ၊ နှမ်း၊ ငရုတ်စသော ယာခင်းထွက်သီးနှံများနှင့် ဆီးသီး၊ သခွားမွေး၊ သရက် စသောဥယျာဉ်ခြံထွက်သစ်သီးဝလံများ စိုက်ပျိုးခြင်းဖြင့် ရိုးသားစွာ အသက်မွေးကြသူများ ဖြစ်ကြပါသည်။ အညာသူအညာသားများပီပီ ဖော်ရွေပျူငှာကြပြီး ဘာသာရေးကိုင်းရှိုင်းကာ တစ်ဖက်သားကို ကူညီလိုကြသူ၊ အလှူအတန်းရက်ရောသူများ ဖြစ်ကြပါသည်။

အဆိုပါ ကတိုးရေထွက်တည်ရှိနေသော အင်ကြင်းတောင်ဘုန်းကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိဝံသမှာ သက်တော်ငယ်ရွယ်သေးသော ကျောင်းထိုင်ဆရာတော်တစ်ပါးဖြစ်ပါသည်။ ဆရာတော်၏ စီစဉ်မှုဖြင့် ဤကတိုးရေထွက်တွင် ကျွဲ၊ နွား၊ ခွေး



စသောတိရစ္ဆာန်များ မနှောင့်ယှက်နိုင်စေရန်အတွက် ခိုင်ခံ့သောအကာအရံများ ပြုလုပ်ထားပါသည်။ အဆိုပါ ရေထွက်အနီးတွင် တည်ရှိနေသော သစ်ပင်ကြီးအောက်ရှိ အမိုးနှင့်အခင်းတို့သာရှိပြီး အကာမရှိသော ကျောင်းဆောင်ကြီးအတွင်းရှိသင်ဖြူးဖျာပေါ်တွင် ကျွန်တော်တို့နှစ်ယောက် ခေတ္တနားရင်း ငြိမ်းအေးခြင်း၏အရသာကိုခံစားနေမိကြပါသည်။ ရေထွက်၏အအေးဓာတ်၊ သစ်ပင်ကြီး၏ အရိပ်အာဝါသ၊ လတ်ဆတ်သန့်ရှင်းသော လေပြည်လေညင်းနှင့်သာသနာ့နယ်မြေ၏ဆိတ်ငြိမ်အေးချမ်းမှုတို့ကြောင့် ရင်ထဲတွင် ငြိမ်းချမ်းကြည်လင်နေပါသည်။

တကယ်တော့ ကျောက်ဆည်ခရိုင်သည် အနော်ရထာမင်းကြီးလက်ထက်ကတည်းက ရေမြေသဘာဝကောင်းမွန်သော လယ်တွင်းကိုးခရိုင်ဖြစ်ခဲ့ပြီး ပုဂံနေပြည်တော်၏ဆန်ရေစပါးပေါ်ကြွယ်ဝသော စပါးကျီဖြစ်ခဲ့ပါသည်။ ထို့အပြင် ဗုဒ္ဓဘာသာသာသနာတော်ထွန်းကားခဲ့သဖြင့် ထင်ရှားသော ရဟန်းတော်များပေါ်ထွန်းခဲ့သလို တန်ခိုးကြီးစေတီပုထိုးမြောက်မြားစွာလည်းတည်ရှိနေပါသည်။ အနော်ရထာမင်းကြီး၏ကောင်းမှုတော်များဖြစ်ကြသော ရွှေသိမ်တော်ဘုရား၊ ရေသာလျှောင်းမြတ်စွာဘုရား၊ ရှင်ပင်ဆပ်သွားမြတ်စွာဘုရားနှင့် ပုဂံခေတ်လက်ရာ တစ်မုတ်ရှင်ပင်ရွှေကူကြီးစေတီတော်တို့မှာ တန်ခိုးကြီးပြီး ထင်ရှားပါသည်။

ရေခံမြေခံကောင်းသောကျောက်ဆည်ခရိုင်တွင်တည်ရှိသော ခတ်တော်တောင်သည်လည်း သဘာဝပတ်ဝန်းကျင်မပျက်စီးသေးသောကြောင့် နေချင့်စဖွယ်ကောင်းသောဒေသတစ်ခုဖြစ်နေပါသေးသည်။

အညာဒေသ၏ သင်္ကေတများဖြစ်သော ဆီးချုံများနှင့် တမာပင်၊ ထနောင်းပင်များကို လက်ညှိုးထိုးမလွဲတွေ့မြင်နေရသလို ထိုင်ဝမ်ဆီးသီးခြံများ၊ သခွားမွေးခြံများ၊ စိန်တစ်လုံးသရက်ခြံများကလည်း နယ်မြေဒေသကို ကျက်သရေတင့်စေပါသည်။ အစိမ်းရောင်ပွပွချိုချိုထိုင်ဝမ်ဆီးသီးများ၊ အလုံးကြီးပြီး မွှေးချိုသော သခွာမွှေးသီးများနှင့် နာမည်ကျော်စိန်တလုံးသရက်သီးများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချကြရသဖြင့် ဒေသခံများမှာ စားဝတ်နေရေးချောင်လည်ကြပါသည်။

စွန်ရဲအင်းအရှေ့ဘက်ကမ်းစပ်အနီးရှိနွားမျိုးမြှင့်တင်ရေးသုတေသနခြံကြီးမှ နို့စားနွားလှလှကြီးများနှင့် နွားနောက်များကို စားကျက်မြက်ခင်းကြီးထဲတွင် လွှတ်ကျောင်းထားသည်ကိုကြည့်ရသည်မှာလည်း ခတ်တော်တောင်နှင့် အင်းရေပြင်အလှကို တစ်မျိုးတစ်ဖုံ ပြီးပြည့်စေပါသည်။ နွားနောက်များမှာ ချင်းပြည်နယ်မှ ဝယ်ယူမွေးမြူထားကြောင်းသိရပါသည်။ ရာသီဥတုမတူသော်လည်း နွားနောက်များ ဝဖြိုးကျန်းမာနေသည်ကို တွေ့ရသည်မှာ အားရစရာကောင်းလှပါသည်။

စွန်ရဲအင်းအလှ၊ ခတ်တော်တောင်အလှ၊ ဒေသခံများ၏ ဖော်ရွေပျူငှာမှုနှင့် သားငါးသစ်သီးဝလံပေါများမှုတို့ကြောင့် ခတ်တော်တောင်တစ်ဝိုက်ကား သာယာအေးချမ်းလှပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးမြို့တော်ကြီးနှင့်မဝေးလှဘဲ ရေမြေတောတောင်သဘာဝအလှကြီးလှပြီး အေးချမ်းသာယာသော ခတ်တော်တောင်ဒေသသို့ စာရှုသူများကို ရောက်ဖူးစေချင်လှပါသည်။

ကျွန်တော့်လို နိုင်ငံ့ဝန်ထမ်းတစ်ယောက်အဖို့ ခတ်တော်တောင်သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိပြီး တာဝန်ထမ်းဆောင်ခွင့် ရရှိသည်မှာ ကုသိုလ်ထူး၍သာဖြစ်မည်ဟု ယူဆမိပါသည်။ ကျွန်တော်ခတ်တော်တောင်ကို လွမ်းမိပါသည်။ တတိယအကြိမ်ပြန်ရောက်ချင်ပါသေးသည်။

မျိုးညွန့်ဦး

မှီငြမ်း-

ခတ်တော်တောင် သာသနာပြု ဆရာတော်ထံမှ ဖတ်ရှုရသော ခတ် တော်တောင်သမိုင်းစာအုပ်ကို ကိုးကား မှီငြမ်း ရေးသားထားပါသည်။



www.burmeseclassic.com


www.burmeseclassic.com

တစ်နေ့သ၌-

ကျွန်ုပ်နှင့် တူလိုသားလိုသွေးသားအရင်းအချာပမာ တပည့်တစ်ယောက်သည် အခြေခံပညာအထက်တန်းကျောင်းတွင် ရူပဗေဒပညာဘာသာရပ်ကို တာဝန်ယူသင်ပြရသောဆရာတစ်ယောက်ဖြစ်ပါသည်။

စာချစ်သူများသိပြီးဖြစ်သည့်အတိုင်း အခြေခံပညာရေး မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် နှစ်စဉ်ပညာရည်ချွန်ဆုများပေးအပ်ခြင်းနှင့် စုံညီပွဲတော်များကျင်းပခဲ့ကြပါသည်။ မိမိတို့ကျောင်းဘက်စုံပညာရည်တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြခန်းများပါ ပူးတွဲကျင်းပသည့်ကျောင်းများလည်းရှိပါသည်။

အထက်ကဖော်ပြခဲ့သည့် အထက်တန်းပြဆရာ တပည့်လူငယ်သည် ပညာရေးစုံညီပွဲတော်တွင် ပြခန်းတစ်ခု၌ တာဝန်ခံ၍ ဦးဆောင်ခဲ့ရသူဖြစ်ပါသည်။ ထိုပြခန်းတွင် တာဝန်ယူရသည့်ကိစ္စရပ်မှာ ကွန်ပျူတာနှင့်ပတ်သက်သည့် ပညာဆိုင်ရာများကို ကျောင်းသူကျောင်းသားများနှင့် မျက်စိကြီးနားကြီးသည့်ကျောင်းသားမိဘများကို ကွန်ပျူတာနှင့်ပတ်သက်






www.burmeseclassic.com

www.burmeseclassic.com

၍ လက်လှမ်းမီသမျှ အရပ်ရပ်သော အကြောင်းများကို ရှင်းလင်းပြသရသူလည်း ဖြစ်သည်။

ထိုစဉ်အခါက ယခုလက်ရှိအနေ အထားလောက်အထိ ကွန်ပျူတာများ ပြည့်စုံခြင်းမရှိသေးသည့်အချိန်အခါလည်း ဖြစ်နေပေသည်။ ထို့အတွက် ကွန်ပျူတာ သုံးစွဲရသော ဌာနတစ်ခုမှ သက်ဆိုင်ရာ အကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် ကွန်ပျူတာတစ်လုံးကို ငှားရမ်းအသုံးပြုခဲ့ရပါသည်။

ကြုံရပြီ။

ပြပွဲပြီး၍ ပစ္စည်းများကို ကဏ္ဍအလိုက်သိမ်းဆည်းရပါသည်။ ထိုသို့ သိမ်းဆည်းရာတွင် မမျှော်လင့်ဘဲ ဌာနတစ်ခုမှငှားရမ်းခဲ့သောကွန်ပျူတာမှပစ္စည်းအစိတ်အပိုင်းတစ်ခု ပျောက်ဆုံးသွားသည်ကို သိရှိရပါသည်။ ကျောင်းအုပ်ဆရာကြီးနှင့် ကွန်ပျူတာငှားခဲ့သည့်ဌာနသို့ အသိပေး၍ အပ်နှံခဲ့ပါသည်။

တပည့်ကျောင်းဆရာမှာ ရိုးသားသူဖြစ်ပြီး ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းသူလည်း ဖြစ်သည်။ ကွန်ပျူတာမှ ပျောက်ဆုံးသွားသည့် ပစ္စည်းငယ်တစ်ခုအတွက် မိမိမှာ တာဝန်ရှိကြောင်းနှင့် ပျောက်ဆုံးမှုအတွက်ကင်းလွတ်ခွင့်မပေးနိုင်ပါက မိမိလစာမှ လစဉ်လျော်သွားမည်ဖြစ်ကြောင်း ရိုးသားစွာဖြင့် တင်ပြလျှောက်ထားခဲ့ပါသည်။

တစ်ဖက်ကလည်း မိမိရိုးသားစွာလုပ်ဆောင်သော်လည်း မိမိတွင်တာဝန်မကင်းဖြစ်နေသည်ကို လုံးဝကင်းလွတ်သွားရန်အတွက် ဘုရားဟောသည့် တရားဒေသနာတော်များမှ အားကိုးရန် ပုဗ္ဗဏှသုတ်တော်လာသော ယံ ဒုန္နိ မိတ္တံ အစချီသော ဗုဒ္ဓါမ္မောသံဃာဂါထာတော် သုံးပုဒ်ကို ယုံကြည်ကိုးစားစွာဖြင့် မပြတ်မလပ် စိတ်အာရုံတွင် နှလုံးသွင်း၍ရွတ်ခြင်း၊ ဂါထာတစ်ပုဒ်လျှင် ပုတီးတစ်ပတ်ကျဖြင့် ပုတီး (၃) ပတ်စိပ်ခြင်းတို့ကို ပြုလုပ်ရန် ကျွန်ုပ်မှ ပြောပြခဲ့ရပါသည်။

(လွန်ခဲ့သော (၁၀) နှစ်ခန့်က ဖြစ်ပါသည်။)

ကျွန်ုပ်တပည့်သည် ကျွန်ုပ်လမ်းညွှန်ပေးသည့်အတိုင်း ရတနာသုံးရပ်စကြာမြတ်ဖြင့် ရန်မာန်ခပ်သိမ်းအေးငြိမ်းစေခဲ့ပါသည်။

ကျွန်ုပ် လမ်းညွှန်ခဲ့သည့်အတိုင်း ကျွန်ုပ်ထံလာရောက်ပြီး အကူအညီလာရောက်တောင်းခံသည့်နေ့မှစ၍ (၃) လ လောက် ကြာမြင့်သည်အထိ နေ့စဉ် ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဝေနေယျများစွာတို့အား မေတ္တာပို့သခြင်း၊ သက်ဆိုင်သူများအားလုံးကို မေတ္တာပို့ခြင်းတို့ကို ပြုလုပ်ပြီး ဂါထာတစ်ပုဒ်လျှင် ပုတီးတစ်ပတ်ကျဖြင့် ပုတီး (၃) ပတ် နေ့စဉ် စိပ်ပါသည်။

နောက် မိမိပြုဖွယ်အားလုံးကို သစ္စာပြု၍ဆုတောင်းခံပါသည်။ ဝေနေယျများစွာအလုံးတို့အား ကုသိုလ်အမျှပေးပါသည်။ ဤသို့ ယုံကြည်မှုအားအပြည့်ဖြင့် ဆောင်ရွက်ခဲ့ရာ အထက်တွင် ပြဿနာပေါ်ခဲ့သော ကွန်ပျူတာမှ ပျောက်ဆုံးသွားသည့် ပစ္စည်းအတွက် လုံးဝပေးလျော်ရခြင်းမရှိကြောင်း၊ ကင်းလွတ်ခွင့်ပြုကြောင်း တရားဝင်အသိပေးအကြောင်းကြားခြင်းကိုခံရပါသည်။

ကျွန်ုပ်တပည့်ရောက်လာပြီး ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဖြစ်စဉ်များကို ပြန်လည်ပြောပြခဲ့ကြပါသည်။ ကျွန်ုပ်တပည့်ပြန်သွားသောအခါတွင် စိတ်ကူးတစ်ခု ပေါ်လာခဲ့ပါသည်။ ကျွန်ုပ်သည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ မျက်စိကျန်းမာရေး ညှိုးဖျင်းလာပါသည်။ မျက်စိအထူးကုဆရာဝန်ဖြင့် စစ်ဆေးရာတွင် အသက်အရွယ်ကြောင့်ဖြစ်ကြောင်း၊ စာရေးစာဖတ်ပြုလုပ်ရာတွင် နားနားနေနေ ပြုလုပ်ရန်နှင့် အလင်းရောင်ကောင်းစွာရသောနေရာတွင်သာ စာရေး၊ စာဖတ်လုပ်ရန် အကြံပြုပြီး မျက်စဉ်းနှင့် ဆေးဝါးများပေးလိုက်ပါသည်။

မျက်စိကိုအကြောင်းပြုပြီး စာရေးခြင်းနည်းပါလာခဲ့၏။ ယခုအကြောင်းကိစ္စတစ်ခုပေါ်လာသည့်အတွက် စာချစ်သူမိတ်ဆွေများ ဒေသနာတော်လာ ပရိတ်ပဌာန်းတို့တွင် ပါရှိသော ဂါထာများကိုမှန်သက်ကြသည့် အမျိုးကောင်းသား၊ အမျိုးသမီးတို့အတွက် ဆန္ဒရှိသူများကျင့်ကြ၊ ဆောင်ရွက်နိုင်ကြစေရန် ဤကျင့်စဉ်ကို ရေးသားရခြင်း ဖြစ်ပါသည်။

အခွင့်သင့်၍ တင်ပြရမည်ဆိုလျှင် ကျွန်ုပ်တပည့်သည် နိစ္စဓူဝကျင့်ဝတ်ဖြင့် ယနေ့တိုင် ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

နှစ်သက်လိုလားသူများအတွက် (ပရိတ်တော်ကိုရွတ်ဖတ်ရန် အဆင်မပြေသည့်စာချစ်သူမိတ်ဆွေများ)ကိုရည်ရွယ်၍ လွယ်ကူချောမွေ့စေရန် ဂါထာသုံးပုဒ်ကို ပါဠိတော်အတိုင်း အောက်တွင် ရေးသားဖော်ပြပေးလိုက်ပါသည်။

ဂါထာတော်များ

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ
သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါ နုဘာဝေန ဝိနာသမေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ။
ယော စာမနာပေါ သကုဏဿ
သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ
သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသမေန္တု။

*(သီရိမင်္ဂလာပရိတ်တော်ဝတ်ရွတ်စဉ်ပုဗ္ဗဏှသုတ်မှ)*

ဂါထာတော်သုံးပုဒ်ကို ပုဒ်၊ ပါဠိ အသံတို့ကို ပီသစွာ ဖြည်းဖြည်းချင်းရွတ်ပါ။ စာရေးသူအကြိုက်တင်ပြရလျှင် ဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) လုံးပုတီးကုံးကို အသုံးပြုကာ ပုတီး (၃) ပတ်စိပ်သင့်ကြောင်းကိုလည်း အကြံပြုပါသည်။

ပုတီးသုံးစွဲရာတွင် (၁၀၈) လုံးဖြင့် စီမံသော ဂုဏ်တော်ပုတီးများစွာရှိပါသည်။ ထိုပုတီးများမှာ မွှေးနံ့ပုတီး၊ အညွှန့်နံ့ပုတီး၊ ပဒ္မပွတ်နှင့် ဆပွတ်ပုတီး၊ မိတ်ဖက်ပုတီး၊ ခါတ်ပုတီး၊ ဖြိုဟ်စဉ်ပုတီးစသည်ဖြင့် အမျိုးမျိုးရှိရာတွင် ယခု ဂါထာတော်များကို ပုတီးစိပ်ရန်အတွက် ဖြိုဟ်ရှစ်ခွင်ပုတီးကိုသာ 'စာရေးသူ၏ အတွေ့အကြုံများအရ အသုံးပြုသင့်ကြောင်း ထပ်လောင်း အကြံပြုလိုက်ပါသည်။

ယုံကြည်ခြင်းသည် မိမိကိစ္စကို အောင်မြင်စေသည့် အကြောင်းအထောက်အပံ့ကောင်းတစ်ခု ဖြစ်သည်ကို ခံယူရပါမည်။

စာချစ်သူ မိတ်ဆွေများအနေဖြင့် မည်သည့်အကြောင်းမျိုးနှင့် တွေ့ကြုံရသည်ဖြစ်စေ၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် အောင်မြင်မှုကိုရရှိနိုင်သည့်အတွက် သင်နှင့်အတူ သင့်မိတ်ဆွေများကိုပါတိုက်တွန်းစေလိုကြောင်း မေတ္တာရှေ့ထား၍ ထပ်ဆင့်အကြံပြုပေးလိုက်ပါသည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

သုဒ္ဓ(နှ



www.burmeseclassic.com

www.burmeseclassic.com

□ **ထားဝယ်မြို့ ယောသိတာရုံဆရာတော်ကြီး၏ဆုတောင်း**

ထားဝယ်မြို့ ယောသိတာရုံဆရာတော်ကြီးသည် ယောသိတာရုံစာသင်တိုက်ကြီးကို တည်ထောင်၍ (၄၆) နှစ်တိုင်တိုင် စာပေပို့ချရာတွင် ပါစိတျာဒိပါဠိအဋ္ဌကထာကို ပါဠိဘာသာဖြင့်(၁၀)နှစ်ပို့ချသင်ပြပေးခဲ့ပါသည်။ ထိုပါဠိပို့ချစဉ်များကို ဝိနယပါဠိပါရဂူကျမ်းအမည်ဖြင့် ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။ ထို ဝိနယပါဠိပါရဂူကျမ်းကို ဂါထာ (၅) ပုဒ်ဖြင့် နိဂုံးအုပ်၍ အဆုံးသတ်ထားရာ ရှေ့ဂါထာ (၄) ပုဒ်ဖြင့် ကျမ်းပြုဆရာနှင့် ကျမ်းအကြောင်းကို ဖော်ပြထားပြီး နောက်ဆုံးဂါထာတစ်ပုဒ်ဖြင့် ဆုတောင်းကို ဖော်ပြထားပါသည်။ ယောသိတာရုံဆရာတော်ကြီး၏ ရှားပါးသောစာလက်ရာဖြစ်သော ဝိနယပါဠိပါရဂူကျမ်း၌ ပါဝင်နေသော ထူးခြားသော ဆုတောင်းကို ဖော်ပြပေးလိုက်ပါသည်။

'လူတို့၏ ကျင့်ကြံအားထုတ်မှုအစွမ်းအားကြောင့် အခါခပ်သိမ်း ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။ ညီညွတ်စွာ အသက်မွေးနိုင်ကြပါစေ။ ရတနာသုံးပါး၏ တန်ခိုးတော်ကြောင့် လောကကြီးအေးချမ်းပါစေ။ ရာသီဥတုလည်း ကောင်းမွန်ပါစေ။

□ **ရွှေသိမ်တော်တောရဆရာတော်ကြီး၏ဆုတောင်း**

မုံရွာခရိုင် ကနီမြို့ ရွှေသိမ်တော်တောရဆရာတော်ကြီးအရှင်သောဘိတမထေရ်မြတ်သည် ယောဂီပါရဂူကျမ်းနှင့် သစ္စပါရဂူကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။ ထိုတွင် အလွန်လေးစားမြတ်နိုးကြသောတပည့်အပေါင်းတို့ တောင်းပန်လျှောက်ထားကြသည်ဖြစ်၍ ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်ကာ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးတို့ကို အကျယ်တဝင့်တန်ဆာဆင်ပြီး သစ္စပါရဂူကျမ်း ပြုစုခဲ့ရာ ၁၂၉၃ ခုနှစ်၊ ကဆုန်လဆုတ် ၄ ရက်နေ့၌ ပြီးစီးခဲ့ပါသည်။ ထိုသစ္စပါရဂူကျမ်း၏နိဂုံးကို စုဏ္ဏိယပါဠိဖြင့် ပြဆိုထားပြီး ဂါထာ(၃)ပုဒ်ဖြင့် ကျမ်းပြုဆရာတော်၏အာသီသကို ပြဆိုထားပါသည်။ ထိုဂါထာ (၃) ပုဒ်တွင် ရှေ့(၂)ပုဒ်ဖြင့် သစ္စပါရဂူကျမ်းကို သဒ္ဓါစိတ်ဖြင့် ကြည့်ရှုကြရန် တိုက်တွန်းထားပြီး နောက်ဆုံးဂါထာဖြင့် ရယူလိုသော

(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)

# ဦးဉာဏ်ဇော်
## ပြုသည့်ကောင်းမှု
## တောင်းဆုအထွေထွေ (၆)



(၄)

www.burmeseclassic.com

www.burmeseclassic.com

ဆုကို ပြဆိုထားပေသည်။ ရွှေသိမ်တော်တောရဆရာတော်ကြီး၏ဆုတောင်းကို ဖော်ပြလိုက်ပါသည်။

'ဤသစ္စပါရဂူကျမ်းကို ရေးသားရသော ကောင်းမှုကြောင့် လည်းကောင်း၊ အခြားသော ကုသိုလ်အများကြောင့် လည်းကောင်း၊ ဤယခုဘဝပစ္စက္ခ၌သာလျှင် နှောင့်နှေးခြင်းမရှိ ဆောလျင်စွာ အသခ်တဓာတ် နိဗ္ဗာန်မြတ်သို့ ရောက်ရပါလို၏'။

**□ သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ပဋ္ဌာနာ**

သန်လျင်တောရဓမ္မဝါဒီဆရာတော်ကြီးသည် သတ္တဝါများအပါယ်ဘေးကြီးမှ အပြီးတိုင် လွတ်မြောက်၍ အရိယာဘုံတို့၌ အမြဲတမ်း ခိုလှုံနိုင်ဖို့ရာအတွက် မဟာသတိပဋ္ဌာန်သုတ်တော်လာ သတိပဋ္ဌာန်လေးပါးကို အခြေခံကာ ရုပ်ကမ္မဋ္ဌာန်းရှုနည်းအစုံ၊ နာမ်ကမ္မဋ္ဌာန်းရှုနည်းအစုံကိုဖော်ပြထားသည့်အရိယာဘုံသွားဉာဏ်လှေကားကျမ်းကြီးကို ရေးသားစီရင်တော်မူခဲ့သည်။ အခန်းကြီး (၃) ခန်း၊ ဝိနိစ္ဆယကြီး (၄)ခန်းတို့ဖြင့် တန်ဆာဆင်အပ်သော ထိုကျမ်းကြီးကို သာသနာ ၂၅၀၃ ခု၊ ကောဇာ ၁၃၂၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက် အင်္ဂါနေ့၊ ၉-၆-၅၉ တွင် စတင်ရေးသားခဲ့ရာ တစ်နှစ်စေ့သော သာသနာ ၂၅၀၄ ခု၊ ကောဇာ ၁၃၂၂ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူး ၂၅-၅-၆၀ ညဉ့် (၁၂) နာရီသန်းခေါင်ယံတွင် နိဂုံးတိုင်ရောက် ပေါက်မြောက်အောင်မြင်ခဲ့ပါသည်။ ထိုကျမ်းကြီးကို ရေးသားစဉ်က အခြားသော ကမ္မဋ္ဌာန်းအားထုတ်နည်းများကို ဝေဖန်ပိုင်းခြားသုံးသပ်ချက်များ ပါဝင်သော်လည်း နှစ်ပေါင်း (၅၀) ကျော် ကြာညောင်းပြီးသည့်နောက် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင်မူ အငြင်းပွားဖွယ်ရာထိုဝေဖန်ချက်များကို ချန်လှပ်၍ ဓမ္မဝါဒီဆရာတော်ကြီး၏ မူဝါဒသက်သက်ကိုသာ ဖော်ပြထားပေသည်။

ဓမ္မဝါဒီဆရာတော်ကြီးသည် 'အရိယာဘုံသွား ဉာဏ်လှေကားကျမ်းကြီး'ကို ဂါထာ (၅) ပုဒ်တို့ဖြင့် နိဂုံးအုပ်ထားပြီး ရည်မျှော်တောင့်တချက်ပဋ္ဌာနာကိုသီးခြားပြဆိုထားပေသည်။ နိဂုံးဂါထာများဖြင့် ကျမ်းစာပေါ်ထွက်ရာ တိုင်းနယ်၊ကျမ်းစာပြုရာဌာန၊ ကျမ်းစာပါသဘာဝ၊ ကျမ်းစာရေးသားသူနှင့် ကျမ်းစာပြီးဆုံးချိန်တို့ကို တိတိကျကျဖော်ပြထားသည်။ ကျမ်းပြုဆရာသည် သူ၏အမျိုးကို မဟာနွယ်ရိုးသူကောင်းမျိုးဟု ဖော်ပြထားသည်။ ဓမ္မဝါဒီဆရာတော်ကြီး၏ တစ်မူထူးခြားသော ရည်မျှော်တောင့်တချက် ပဋ္ဌာနာကို ဖော်ပြပေးလိုက်သည်။



'အပါယ်ဘုံဖယ်ရှား သုဂတိဘုံနှင့် အရိယာဘုံတို့ဘက်သို့ ခိုလှုံတက်သွားရန် အကျင့်မှန်သက်သက်တို့ကိုကွက်၍ ပြရာ ဤကျမ်းစာ၌ ဗုဒ္ဓမိန့်ဟ ဓမ္မာနုဓမ္မလမ်းစဉ်မကျလေသည့် အဓမ္မသက်ဝင် အတ္တနောမတိအထင်ဖြင့် တင်ပြမိပါ မလျော်ကန်ရာအဖြာဖြာတို့သည် အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိကုန်ငြားအံ့။ အတ္တနောမတိဖြင့် တင်ပြမိရာ ကျမ်းဂန်မှာမထင် အဓမ္မသဘောသို့ဝင်သွား ထိုထိုမလျော်ကန်ရာအစားစားတို့သည် ပညာရှိတို့ကလည်း ချေဖျက်၊ အလိုလိုလည်း ကြွေကျသက်၍ ခဏတည် မနေ လျင်လျင်ကြီး ပျောက်ပျက်ကွယ်လွင့်၍ သွားကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် ဓမ္မာနုဓမ္မသက်ဝင် ကျင့်လမ်းပြအတိုင်းထင်ကုန်သည်။ အကယ်မမှား မူလစေတနာထားအတိုင်း တရားလမ်းဖြစ်စဉ်မှန်ကန်မှုသာ ဝင်ကုန်ငြားအံ့။ ဓမ္မာနုဓမ္မလမ်းစဉ်ကျသည့် ရှိရှိသမျှအရာ ထိုထိုသောနည်းပြကထာတို့သည် မဟာကပ်အဆုံးတစ်ကမ္ဘာပတ်လုံးသာလျှင် လူနတ်အများချမ်းသာအစဉ်ပွားနိုင်အောင် ငွားငွားစွင့်စွင့်အနေ မားမားကြီးမြင့်ကာ ထွန်းတင့်တောက်ပနေကြပါစေသတည်း။ မြန်မာမက တစ်ကမ္ဘာလုံးကပင် ပေါ်လာသမျှကျင့်စဉ်အဝဝတို့၌ ဓမ္မနှင့် အဓမ္မ ဘယ်ပုံအနေကိုပြကြသည်ဟု ယထာဘူတထင်ထင် လမ်းမှန်မြင်အောင် ဆင်ခြင်မလစ်ရှေးစိစစ်နိုင်ကြပါစေကုန်သတည်း။ မြန်မာအစ တစ်ကမ္ဘာလုံးကပင် အဓမ္မဝါဒစက်ဆုပ်ကြ၍ ဓမ္မဝါဒီကိုယ်စိတ်သန့်ရှင်း ဉာဏ်ရောင်ခြည်လင်းနိုင်ကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။ သွယ်သွယ်မှောက်မှား ဖယ်ရှောင်ရှားကြပြီး ဘုရားအလိုနှင့်အညီ တရားကိုယ်စီသာတည်နေ ကြည်နေနိုင်ကြပါစေကုန်သတည်း။

**□ ထိန်တောဆရာတော်ကြီး၏ဆုတောင်း**

မန္တလေး ရတနာပုံ ပထမမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းတရားလက်ထက် သုဓမ္မာတော် သာသနာပြုအဂ္ဂါဘိဇေယသာသနနာယကမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သင်္ဂဇာဆရာတော်ကြီး၏တပည့် ကဝိန္ဒဓမ္မာလင်္ကာရအမည်တော်ရှိသောဆရာတော်ဘုရား၏ အန္တေဝါသိက ဓမ္မန္တေဝါသိကဖြစ်သော ထိန်တောဆရာတော် ဘဒ္ဒန္တတေဇဝန္တ (အဂ္ဂမဟာပဏ္ဍိတ) မထေရ်သည် မူလဓမ္မဝိသောဓနီကျမ်း စသောကျမ်းပေါင်းများစွာကို ပြုစုရေးသားခဲ့ရာ အညဝါဒီဝါဒဝိဘဉ္ဇနီပကဟူသောကျမ်းသည်လည်း အပါအဝင်ဖြစ်လေသည်။ ထိန်တောဆရာတော်ကြီးသည် ပရဝါဒီအယူရှိသောရသေ့တစ်ဦးသည် မြတ်စွာဘုရားရှင်ကို ပရိဗ္ဗိဇ်ရဟန်းဟု စွပ်စွဲသောအဖြစ်မှ လွတ်ကင်းစင်ကြယ်အောင် ရေးသားခဲ့ခြင်း ဖြစ်သည်။ အညဝါဒီဝါဒဝိဘဉ္ဇနီပကကျမ်း၏နိဂုံးတွင် ဂါထာ(၃)ပုဒ်ပါရှိရာ ရှေ့နှစ်ပုဒ်ဖြင့် ကျမ်းပြုဆရာနှင့် ကျမ်းပြီးစီးရာအချိန်ကာလတို့ကို ပြဆိုထားပြီး နောက်ဆုံးဂါထာဖြင့် ကျမ်းပြုဆရာ၏ မွန်မြတ်ကြီးကျယ်လှသော ဆန္ဒတော်ကို ထုတ်ဖော်အသိပေးခဲ့ပေသည်။

'ဓမ္မိဿရ ဓမ္မသာမိ မုနိအစစ်ဖြစ်တော်မူသော ငါတို့၏ဘုရားရှင်ကို ပရိဗ္ဗိဇ်ရဟန်းဟု ပရဝါဒီအယူရှိသော ရသေ့တစ်ဦးက စွပ်စွဲသောအဖြစ်မှလွတ်ကင်းစင်ကြယ်အောင် ပြဆိုတတ်သော ကျမ်းကို ရေးရသော ဤကုသိုလ်ကြောင့် အနာဂတ်ကာလ၌ မိစ္ဆာဒိဋ္ဌိနှောင့်ယှက်ခြင်းမရှိသောဘုရားဖြစ်ရပါလို၏။ သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲမှ အေးငြိမ်းရာနိဗ္ဗာန်သို့ရောက်စေပါအံ့'။

ဆရာတော်ကြီး၏ မွန်မြတ်လှသော ဆန္ဒတော်ကား ကြည်ညိုအားကျဖွယ်ပေတည်း။

ဦးဉာဏ်ဇော်(သာမဏေကျော်)

မြောစရိယာ၊ M.A)



www.burmeseclassic.com

www.burmeseclassic.com

# မောင်ငြိမ်းအောင်(အင်ပူ)
# တပ်တောင်သာယာမှ
# အနန္တဥပေက္ခာအေးစေတီ

သစ်ပင်၏အရိပ်သည် အေးချမ်း၏။ ထို့ထက် ဆွေမျိုးမိဘတို့၏ အရိပ်သည် အေးချမ်း၏။ ထို့ထက် ဆရာသမားတို့အရိပ်သည် အေးချမ်း၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့အရိပ်သည် အေးချမ်း၏။ ထို့ထက် ဗုဒ္ဓသာသနာတော်၏အရိပ်သည် အလွန်အေးချမ်း၏ဟု လောကနီတိတွင်လာရှိသည့်အတိုင်း ကျွန်ုပ်တို့၏ မြန်မာပြည်ကား မြတ်ဗုဒ္ဓ၏ အဆုံးအမအရိပ်အာဝါသအောက်ဝယ် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားတို့ဖြင့် ရှေးနှစ်ပေါင်းများစွာကပင် ရှင်သန်နေထိုင်ခဲ့ကြသည် မဟုတ်ပါလော။

ရှေးအတီတေကာလကစ၍ နိုင်ငံအဝန်းလုံး ဘုရား၊ တန်ဆောင်း၊ ဇရပ်ကျောင်း စသည့် သာသနာ့အဆောက်အအုံများကား ဗုဒ္ဓသာသနာနေလိုလလိုထွန်းပခြင်း၏ လက္ခဏာများပါပေ။

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် ကွင်းကောက်မြို့နယ် ကုန်းပြင်အုပ်[illegible] တပ်တောင်ပေါ်ရှိ အနန္တဥပေက္ခာအေး[illegible]စေတီသို့ [illegible]ရောက်ရှိခဲ့ပါ[illegible]။ စေတီ[illegible]တည်နေသည့်တပ်[illegible]တောင်ကို မြောက်ဘက်တွ[illegible] တန်ခိုးပြတော[illegible]နှင့် နံ့ကသူဂူ[illegible] [illegible]ဘက်တွ[illegible] စစ်စီးတောင် (ဝါ) စစ်ခေ[illegible]တောင်၊ အရှေ့ဘက်တွင် ဘုရားချောင်ရွာ၊ ရွာသာကုန်းချောင်း၊ ဆားတွင်းချောင်းနှင့် အနောက်ဘက်တွင် ချင်းချောင်းတို့က ဝန်းပတ်တည်ရှိပါသည်။ ဘုရားချောင်ရွာနှင့် (၃) မိုင်ခန့်ကွာဝေး၍ တောရိပ်တောင်ရိပ်များဖြင့် စိတ်နှလုံးအေးမြချမ်းသာစေသောနေရာတစ်ခုဖြစ်ပါသည်။


အနန္တဥပေက္ခာအေးစေတီတော်ကို တည်တော်မူသော ဆရာတော်ဘုရားကြီးမှာ အင်ပူမြို့နယ် ကွင်းကောက်မြို့ ဝမ်းဘဲဟသ်ာကျေးရွာတွင် သီတင်းသုံးတော်မူသော သက်တော်(၈၄)၊ ဝါတော်(၆၄) ဝါရ ဘဒ္ဒန္တဉာဏောဘာသဆရာတော်ဘုရားကြီး ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးမှာ မေတ္တာဘာဝနာကို အထူးပွားများအားထုတ်၍ လမ်း၊ တံတား၊ ဇရပ်၊ တန်ဆောင်း၊ ကန်၊ ကျောင်းများကို အဟောင်းပြုပြင်၊ အသစ်တည်ဆောက်၍ သာသနာပြုနေသောဆရာတော်ဘုရားကြီးဖြစ်ပါသည်။ 'တစ်ယောက်တည်းနေရင် သတိနဲ့နေ၊ အများနဲ့နေရင် မေတ္တာနဲ့နေ' ဟု အမြဲဆုံးမတတ်ပါသည်။ လပြည့်ကျော်ဥရက်နေ့တိုင်း အဓိဋ္ဌာန်ဖြင့် ပရိတ်တော်များရွတ်ဖတ်ပြီး ပရိတ်ရေ၊ ပရိတ်ကြိုးများ






[illegible]င်မှန်းလပြည့်နေ့ည အနန္တမေတ္တာစေတီတော်အား ဆီမီးပူဇော်ရာမှ တွေ့မြင်ရသော ထူးဆန်းသည့်မီးလုံးကြီး



ဝမ်းဘဲဟသ်ာရွာမှ အနန္တမေတ္တာစေတီတော်

www.burmeseclassic.com



တည်တော်မူမည့် အနန္တဥပေက္ခာစေတီတော်ပုံ



တည်ကာစ အနန္တဥပေက္ခာစေတီတော်အား ဆီမီးပူဇော်ထားပုံ



တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့ည တည်ကာစ အနန္တဥပေက္ခာစေတီ ဆီမီးပူဇော်ရာမှ ထွက်ပေါ်လာသော ထူးခြားသည့် ရောင်စဉ်တန်းကြီး



ဘဲအင်းဆရာတော်ဘုရားကြီးဘဒ္ဒန္တဥဒေဘာဘာသ

စွန့်ကြဲ၍ သတ္တဝါတို့အပေါ် မေတ္တာစိတ်ဖြင့် ကူညီကယ်မလျက်ရှိ၏။ အဓိဋ္ဌာန်ပရိတ်ရွတ်ပွဲများ ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၂၁၇) ကြိမ်ရှိခဲ့ပြီ ဖြစ်ပါသည်။


ဘုရားသာသနာ လွန်မြောက်၍ သိကြားသာသနာသို့ရောက်ခဲ့ပြီဖြစ်ရာ ဗြဟ္မစိုရ်တရား (၄) ပါးကို စေနေယျာအပေါင်းတို့ အမှတ်ရစေရန် ရည်ရွယ်ပြီး စေတီတော်(၄)ဆူတည်ခဲ့ပြီ ဖြစ်ပါသည်။ အနန္တမေတ္တာစေတီတော်ကို ဝမ်းဘဲဟာသာကျေးရွာတွင် လည်းကောင်း၊ အနန္တဂုဏာစေတီတော်ကို ဒူးယားအပိုင် တလုတ်ကုန်းတွင် လည်းကောင်း၊ အနန္တမုဒိတာစေတီတော်ကို လေးမျက်နှာမြို့နယ် ကျောက်မောင်နှမတွင် လည်းကောင်း တည်ထားတော်မူခဲ့ပြီး ယခု စတုတ္ထမြောက်ဖြစ်သည့် အနန္တဥပေက္ခာအေးစေတီကို တပ်တောင်တွင် တည်တော်မူနေပြီ ဖြစ်ပါသည်။

'(၃၆)တောင် အမြင့်ဆောင် တပ်တောင်တို့ဘုရား' ဟု ဆရာတော်ဘုရားမိန့်ဆိုသည့်အတိုင်း ဉာဏ်တော် (၃၆) တောင်ရှိစေတီကြီးနှင့် အရံစေတီ(၃၆)ဆူကို ဝန်းရံကာ တည်တော်မူမည် ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ ခုနစ်ရက်သားသမီးများ၏ အများပေါင်းစု လှူဒါန်းကြသည့် ကောင်းမှုတော်စေတီကြီးဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးအား ပုဂ္ဂိုလ်တစ်ဦးမှ ဘုရားမတည်ရသေးသော တပ်တောင်ပေါ်တွင်ဘုရားတစ်ဆူတည်ရန် အိပ်မက်ထဲ၌ နှိုးဆော်တိုက်တွန်းတော်မူပါသည်။ အနီးဝန်းကျင်တွင် တပ်တောင်အမည်နှင့်တောင်ကိုမေးမြန်းစုံစမ်းကြရာ စစ်စီးတောင်၏ဘေးတွင် ဂျပန်ခေတ်က ဂျပန်တပ်များတပ်စွဲခဲ့သောတောင်ကို တပ်တောင်ဟုခေါ်ဆိုကြကြောင်း၊ တောင်ခြေတွင် ယခင်က ချင်းရွာကြီးတစ်ရွာရှိခဲ့ကြောင်း သိရှိခဲ့ကြပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် စောင်ပုခက်နှင့်ကြွတော်မူ၍ နေရာကိုရှာဖွေခဲ့ရာ ၁၃၇၃ ခုနှစ်၊ နှစ်ဆန်း ၂ ရက်နေ့တွင် နေရာကို အတည်ပြုနိုင်ခဲ့ပြီး ၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားတည်မည့်နေရာကို ပန္နက်ရိုက်ခဲ့




www.burmeseclassic.com

www.burmeseclassic.com



...ဝေးရပ်နီးမှဘုရားဖူးများတည်းခိုနိုင်ရန် တပ်တောင်ပေါ်၌ထပ်မံဆောက်လုပ်ထားသည့်တိုက်ကျောင်း



တပ်တောင်ပေါ်မှာတည်ထားသော အနန္တဥပက္ခာအေးစေတီ၏ တည်ကာစအခြေအနေ



အနန္တဥပက္ခာအေးစေတီတည်ရာတွင် တပ်တောင်ပေါ်တွင် နေထိုင်ကြသော
ဆရာတော်ဘုရားကြီး၏တပည့်ဒကာ၊ ဒကာမများ


သည်။ ၁၃၇၅ ခုနှစ်တွင် စတင်၍ အုတ်မြစ်ချခဲ့သည်။

ဆရာတော်ကြီးအား ကြည်ညို လေးစားသူတို့ အထူးပေါ်များလှသဖြင့် တောင်ခြေမှအုတ်များကို မြင့်မားမတ်စောက်သောတောင်ပေါ် အထိ တမျော် တပါး လက်ဆင့်ကမ်းသယ်ယူကာ အုတ်မြစ်ချခဲ့ပါသည်။ မိုးတွင်းအခါ လမ်းအသွားအလာခက်ခဲခြင်း၊ တောင်ဆင်းတောင်တက်လမ်းဖြစ်ခြင်းတို့ကြောင့် လမ်းကို (၃)ကြိမ်တိုင်တိုင် ဖောက်လုပ်ခဲ့ရပြီ ယခုအခါ တောင်ပေါ်သို့ တိုက်ရိုက်တက်ရောက်နိုင်ပြီ ဖြစ်ပါသည်။ ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ စတုတ္ထမြောက်တည်တော်မူမည့် အနန္တဥပက္ခာအေးစေတီတွင် ထူးဆန်းစွာရရှိသည့် ဘဲဥအမြုတေကိုထည့်သွင်းဌာပနာသွားမည်ဟု ဆရာတော်ဘုရားကြီးမှ မိန့်တော်မူပါသည်။

ရာသီဥတုနှင့် လမ်းပန်းအခြေအနေကြောင့် တည်ဆောက်ရေးများ နှောင့်နှေးခဲ့ရသော်လည်း ယခုအခါ ဆက်လက်တည်တော်မူနေပြီ ဖြစ်သည်။ ပြီးခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ညတွင် ပန်းတင်ခုံသာပြီးသေးသော အနန္တဥပက္ခာအေးစေတီ၌ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။ လူသူကင်းဝေးသော တပ်တောင်ပေါ်၌ ဆီမီးရောင်တို့မှာ တောလုံးတောင်လုံးခွင်းကာ အလင်းဆောင်လျက်ရှိနေပုံကား ကြည်နူးစရာကောင်းလှပါသည်။ မီးပုံးလွှတ်တင်သည်ကို ဓာတ်ပုံရိုက်လိုက်ရာ စေတီ၏ ဗဟိုချက်ပိန္နဲတိုင်မှ အပြာရောင်ရောင်စဉ်တန်းကြီး ကောင်းကင်သို့ထိုးတက်သွားသည်ကို ဓာတ်ပုံထဲတွင် ထူးဆန်းစွာတွေ့ကြရသည်။ အနန္တဥပက္ခာအေးစေတီတော်မှာ တပ်တောင်ပေါ်တွင် သာသနာ့အလင်းရောင်ကို ဗြဟ္မာဘုံခေါင်အထွတ်ဆီသို့ ဆောင်ညွှတ်မည့်သဘောလားဟုတွေးမိကြည်နူးမိပါသည်။

ရပ်ဝေး၊ရပ်နီးမှလာရောက်ဖူးမြော်ကြသော ဝေနေယျာအပေါင်းတို့အတွက် ညအိပ်ညနေအလွယ်တကူနေနားနိုင်ရန်အတွက် တပ်တောင်ပေါ်တွင် ဇရပ်၊ တိုက်ကျောင်းများ ဆောက်လုပ်ထားပါသည်။ ယခင်က ရေရှားပါးခဲ့သော်လည်း ယခုအခါ ပေ (၃၀၀၀) ကျော်ဝေးသည့် တောင်အောက်မှရေကို စက်လေးလုံးဖြင့် အဆင့်ဆင့်သွယ်ယူ၍ အလွယ်တကူရရှိခဲ့ပြီ ဖြစ်ပါသည်။ လာရောက်ကြသော လူပရိသတ်အပေါင်းတို့အား တပ်တောင်

www.burmeseclassic.com





တပ်တောင်ပေါ်မှ အဆောက်အအုံများ

ပေါ်တွင်နေထိုင်၍ သာသနာပြုလုပ်ငန်းအား ပါဝင်ဆောင်ရွက်နေသော ဂေါပကအဖွဲ့ယ ကြီး ဦးတင်အောင်၊ ဒေါ်သန်းလှမိသားစုတို့မှ စားဝတ်နေရေးစီစဉ်ပေးလျက်ရှိပါသည်။

ညအခါ တပ်တောင်ပေါ်ရှိ အနန္တဥပက္ခာအေးစေတီနှင့် တစ်ဖက်တောင်ပေါ်ရှိ စစ်စီးတောင်(ဝါ)စစ်ဆေးတောင်စေတီမှလျှပ်စစ်မီးများလင်းထိန်နေပုံမှာ လူသူအရောက်အပေါက်နည်းပါးသောအနောက်ရိုးမပေါ် ဝယ် ဝမ်းသာကြည်နူးစရာမြင်ကွင်းပင် ဖြစ်ပါသည်။ သူတော်ကောင်းသူမြတ်လောင်းတို့ ဇာ ရားရှာရာဖြစ်သော အနောက်ရိုးမပေါ်၌ သာသနာကား တစ်စတစ်စထွန်းကားလာနေပြီဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့အနေနှင့် အနန္တဥပက္ခာစေတီကြီးနှင့် အရံစေတီများတည်တော်မူရာတွင် ငွေအား၊ လူအား၊ အကြံဉာဏ်အားဖြင့် ပါဝင်လှူဒါန်းနိုင်ကြပြီး အရံစေတီတစ်ဆူလျှင် (၆) သိန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့၊ ကုန်းပြင်အုပ်စု၊ တပ်တောင်ပေါ်တွင် သာသနာ့အခေါင်အချာတစ်ခုဖြစ်လာမည့် အနန္တဥပက္ခာစေတီသို့ ပုသိမ်-မုံရွာလမ်း နံ့ကသူတံတားအနီး ချောင်းဂွရွာမှတစ်ဆင့်ကား၊ ဆိုင်ကယ်များဖြင့် ကုန်းလမ်းမှလွယ်လင့်တကူ လာရောက်ပူဇော် လှူဒါန်းနိုင်ကြပါရန် လမ်းညွှန်တင်ပြလိုက်ရပါသည်။

မောင်ငြိမ်းအောင် (အင်္ဂပူ)


အနီးရွာများမှ လုပ်အားပေးမြင်ကွင်း၊


ထမ်းများဖောက်လုပ်စဉ်မြင်ကွင်း၊


အနီးရွာများမှ လုပ်အားပေးမြင်ကွင်း၊

www.burmeseclassic.com

# ကြည့်လွှင် တံဆိပ်ခေါင်းအရည်အသွေး ဆန်းစစ်နည်း

စာပို့တံဆိပ်ခေါင်းတစ်လုံး၌ ပင်ကိုမူလအရည်အသွေးများရှိသည်။ ထိုအရည်အသွေးများမှာ တံဆိပ်ခေါင်းရောင်းဝယ်ရာ၌ များစွာအကျိုးသက်ရောက်မှုရှိသည်။ ထို့ကြောင့် တံဆိပ်ခေါင်းဝါသနာရှင်တစ်ယောက်အနေဖြင့် မိမိစုဆောင်းထားသော တံဆိပ်ခေါင်း၏ အရည်အသွေးဆိုင်ရာအခြေအနေ ဆန်းစစ်ကြည့်ရှုနည်းကို သိရှိထားသင့်သည်။ ဤသို့မဟုတ်ပါက မိမိရောင်းချမည့် သို့မဟုတ် ဝယ်ယူမည့် တံဆိပ်ခေါင်း၏ဈေးနှုန်းမှာ မများကြောင်း သို့မဟုတ် မနည်းကြောင်း မည်ကဲ့သို့ချင့်ချိန်တွက်ဆနိုင်ပါမည်နည်း။ ယခုဤဆောင်းပါးမှာ တံဆိပ်ခေါင်းတစ်လုံး၏ အရည်အသွေးအခြေအနေကိုဆန်းစစ်ပုံ၊ ဆန်းစစ်နည်းများတင်ပြထားရာ လက်တွေ့ကျင့်သုံးရန်နည်းလမ်းကောင်းများဖြစ်ပြီး ဤနည်းပုံစံများကို အခြားဝါသနာရှင်တို့ကိုလည်း ဗဟုသုတအဖြစ် ဖြန့်ဝေပေးနိုင်သည်။

**❑ တံဆိပ်ခေါင်းအရည်အသွေးအခြေအနေ**

အိမ်၊ ခြံ၊ မြေ ရောင်းဝယ်သူများက အိမ်၊ ခြံ၊ မြေပေါက်ဈေးကို ညွှန်ပြပြောဆိုရာ၌ "တည်နေရာ" (Location) ဟူသည့်စကားလုံးကို အဖန်တလဲလဲသုံး၍ ဈေးစကားပြောဆိုလေ့ရှိသည်။ အိမ်၊ ခြံ၊ မြေတစ်ခု၏ တည်နေရာမှာ ပေါက်ဈေးအပေါ်၌ များစွာအကျိုးသက်ရောက်သောကြောင့် ဖြစ်သည်။ ထို့အတူ တံဆိပ်ခေါင်းရောင်းဝယ်သူများကလည်း တံဆိပ်ခေါင်းတစ်လုံး၏ ပေါက်ဈေးပြောဆိုရာတွင် "အခြေအနေ" (Condition) ဟူသော စကားလုံးကို ထည်လဲသုံးစွဲ၍ ဈေးစကားပြောဆိုလိမ့်မည် ဖြစ်သည်။ တံဆိပ်ခေါင်းလောက၌ တံဆိပ်ခေါင်းတစ်လုံးမှာ အခြားတစ်လုံးနှင့် အချက်အလက်အားလုံး တူညီနေသော်လည်း အခြေအနေကွာခြားမှုကြောင့် ပေါက်ဈေးတွင် များစွာကွာဟမှုဖြစ်သွားတတ်ခြင်းကြောင့် ဖြစ်သည်။ တံဆိပ်ခေါင်းနှင့်ပတ်သက်သောအခြေအနေဟူသည်မှာ ထိုတံဆိပ်ခေါင်း၏ အရည်အသွေးကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာပြရမည်ဆိုပါက တစ်ကြိမ်တစ်ခါမှ တံဆိပ်ခေါင်းအယ်လ်ဘမ်၌ မကပ်ဘူးသေးသော အလွန်သန့်ပြန့်သည့်တံဆိပ်ခေါင်းတစ်လုံးမှာ အမေရိကန်ဒေါ်လာ (၅၀၀) ဈေးပေါက်သည်ဟုဆိုပါသော်လည်း ထိုကဲ့သို့သော မျိုးတူတံဆိပ်ခေါင်းတစ်လုံးကို အမေရိကန်ဒေါ်လာ (၅၀) ဖြင့်လည်း ဝယ်ယူရရှိနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်လာ (၅၀) ဖြင့် ဝယ်ယူရရှိနိုင်သော တံဆိပ်ခေါင်းမှာ အရည်အသွေးညံ့ဖျင်းလှသော အခြေအနေတွင်ရှိနေသောကြောင့် ဖြစ်သည်။ ဒေါ်လာ(၅၀၀) တန်သော တံဆိပ်ခေါင်းမှာမူ အရည်အသွေးနှင့်ပတ်သက်၍ အပြစ်ဆိုဖွယ်ရာမရှိအောင် ကောင်းမွန်လှလေသည်။ သို့ရာတွင် ဤစာဖတ်သူ တံဆိပ်ခေါင်းဝါသနာရှင်အနေဖြင့် တန်ဖိုးသိပ်မကြီးလှသောတံဆိပ်ခေါင်းများကိုသာ စုဆောင်းလေ့လာနေသူဖြစ်ပါက ယခုတင်ပြသည့် တံဆိပ်ခေါင်း၏ "အခြေအနေ" ကို အလေးထားပြီး ထည့်သွင်းစဉ်းစားရန် မလိုပါချေ။ အဘယ်ကြောင့်ဆိုသော် တန်ဖိုးမကြီး၊ မရှားပါးသော သာမန်တံဆိပ်ခေါင်းများမှာ တစ်မျိုးနှင့်တစ်မျိုး ပေါက်ဈေးကွာဟမှုနည်းပါးသောကြောင့် ဖြစ်သည်။ သို့သော် ငွေကြေးတတ်နိုင်လာပြီး တန်ဖိုးကြီးတံဆိပ်ခေါင်းများကို ကိုင်တွယ်စုဆောင်းမည်ဆိုပါက ယခုဖော်ပြလျက်ရှိသည့်တံဆိပ်ခေါင်းတစ်လုံး၏"အရည်အသွေးအခြေအနေ"ဆိုသည်မှာ ထိုတံဆိပ်ခေါင်း၏တန်ဖိုးပေါ်တွင် များစွာသက်ရောက်လျက်ရှိသည်ကိုသိရှိလာမည်ဖြစ်၏။ထို့ကြောင့် တံဆိပ်ခေါင်းအရည်အသွေးအခြေအနေ ဟူသည်ကို သတိပြုအလေးထားရန် များစွာလိုအပ်ပေသည်။ သို့ရာတွင် ဤအခြေအနေဟူသည့် အချက်တစ်ချက်တည်းပေါ်တွင် အစွဲကြီးစွဲလမ်းပြီး အာရုံစိုက်နေရမည်ဟုမဆိုလိုပေ။ ဤသို့ဆိုလျှင် တံဆိပ်ခေါင်းအရည်အသွေးအခြေအနေဟူသည်မှာ အမှန်တကယ် မည်သည်ကို ဆိုလိုပါသနည်း။ "အရည်အသွေးအခြေအနေ" ဟူသည်မှာ တံဆိပ်ခေါင်းတစ်လုံးတွင်ပါရှိသော ဗဟို၊ စက္ကူပတ္တာချိတ်ခြင်း (Hinging)၊ အလယ်ဗဟိုကျခြင်း၊ အနားသားမာဂျင် (Margin)၊ သစ်လွင်မှု (Freshness)၊ အပ်ပေါက်ရာ (Perforation)၊ ဖျက်နှိပ်ရာများ (Cancellations) နှင့် အပြစ်အနာအဆာ (Fault) တို့ စုပေါင်းပါဝင်သောအချက်ကို ခေါ်ဝေါ်ပါသည်။ တံဆိပ်ခေါင်းတစ်လုံးတွင်ရှိသော ဖော်ပြပါအချက်များ၏ ကောင်း၊ မကောင်း၊ သင့်၊ မသင့် စသည့် အတန်းအစားများ ခွဲခြားခြင်းကို အဆင့်သတ်မှတ်ခြင်း (Grading) ဟု ခေါ်သည်။

**❑ ရှေးဟောင်းတံဆိပ်ခေါင်းများကို ကိုင်တွယ်နည်း**

တန်ဖိုးရှိတံဆိပ်ခေါင်းအများစုမှာ ရှေးဟောင်းတံဆိပ်ခေါင်းများ ဖြစ်ကြသည်။ ရှေးဟောင်းတံဆိပ်ခေါင်းများကို စုဆောင်းတော့မည်ဆိုပါက ထိုတံဆိပ်ခေါင်းများကို ထိန်းသိမ်းကိုင်တွယ်စောင့်ရှောက်နည်းများကိုသိထားရမည်။ ရှေးဟောင်းတံဆိပ်ခေါင်းများမှာ "အထိမခံ ရွှေပုဂံ" များဖြစ်ကြသည့်အလျောက် ထိုတံဆိပ်ခေါင်းများကို ကလိခြင်း၊ လက်ဆော့ခြင်းများ မပြုလုပ်မိပါစေနှင့်။ တံဆိပ်ခေါင်း၏အသွင်အပြင်ကိုလည်း ပိုမိုကောင်းအောင် မပြုပြင်ပါနှင့်။ ထိုသို့ပြုလုပ်ခြင်းများမှာ အလွန်အန္တရာယ်များလှသည်။ တံဆိပ်ခေါင်းအခြေအနေ ပိုမိုကောင်းမွန်မလာဘဲ ပိုမိုဆိုးရွားဖို့သာရှိသည်။ ပို့စကတ်၊ စာအိတ်များမှ ရှေးဟောင်းတံဆိပ်ခေါင်းများကို တတ်နိုင်သမျှမခွာပါနှင့်။ လက်ရှိအခြေအနေအတိုင်းထားခြင်းက ပိုကောင်းပါသည်။ စာတိုက်အမှတ်အသားများပါရှိပါက ထိုပစ္စည်းများမှာ တန်ဖိုးပိုမိုတက်စေပါသည်။ တစ်လုံးနှင့်တစ်လုံးကပ်နေသော တံဆိပ်ခေါင်းများ သို့မဟုတ် အယ်လ်ဘမ်စာမျက်နှာနှင့်ကပ်နေသော တံဆိပ်ခေါင်းများကို ခွဲထုတ်၊ ခွာထုတ်ရန် မကြိုးစားပါနှင့်။ ထိခိုက်မိပြီး တံဆိပ်ခေါင်းတန်ဖိုးကျဆင်းသွားနိုင်သောကြောင့်ဖြစ်သည်။ တံဆိပ်ခေါင်းများကို ပိုမိုလှပလာစေရန် သန့်စင်ခြင်းများ မပြုလုပ်ပါနှင့်။ ဤသို့ပြုလုပ်ခြင်းဖြင့် တန်ဖိုးကျမည်သာဖြစ်သည်။ ရှေးဟောင်းတံဆိပ်ခေါင်းများ



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပတ်သက်လာလျှင် ဘာမှပြုပြင်ခြင်း၊ ပြောင်းလဲခြင်းများ မပြုလုပ်ခြင်းက အကောင်းဆုံးဖြစ်ပါသည်။ အတွေ့အကြုံရှိသော တံဆိပ်ခေါင်းဝါသနာရှင်ကြီးနှင့်ဆုံတွေ့မှ မည်သို့မည်ပုံ ကိုင်တွယ်ပြုလုပ်သင့်သည်ကို နည်းနာခံယူပါလေ။ လုပ်ကိုင်နည်းအသေးစိတ်ကို ပြသပါလိမ့်မည်။

## ❏ တံဆိပ်ခေါင်းနောက်ကျောမှကော်

မသုံးရသေးသော တံဆိပ်ခေါင်းအရည်အသွေးအခြေအနေများအနက် တံဆိပ်ခေါင်း၏နောက်ကျောမှကော်မှာ အရေးအကြီးဆုံးအချက်အနေဖြင့် ပါဝင်သည်။ ကော်နှင့်ပတ်သက်သော တံဆိပ်ခေါင်းအခြေအနေများကို အောက်ဖော်ပြပါ အဆင့်ခွဲခြားနည်းများဖြင့် သတ်မှတ်ထားသည်။

(၁) **မူလကော်** Original Gum (OG) - တံဆိပ်ခေါင်းပြုလုပ်စဉ် မူလအစကတည်းကပါရှိသောကော်ကို ဆိုလိုသည်။ ၂၀ ရာစုခေတ်နောက်ပိုင်းကာလအထိ တံဆိပ်ခေါင်း၌သုံးသောကော်မှာ gum arabic နှင့် dextrin တို့ဖြင့် ပြုလုပ်ပြီး ချောမွေ့တောက်ပြောင်သောမျက်နှာပြင်ကို ဖြစ်ပေါ်စေသည်။ နောက်ပိုင်းခေတ်များ၌ အသုံးပြုသောကော် (Polyvinyl alcohol) မှာမူ အရောင်မဲ့ပြီး ချောမွေ့လှသည်မဟုတ်ပေ။ မူလကော်ပါရှိသော တံဆိပ်ခေါင်းမှာ တန်ဖိုးရှိလှသည်။ တံဆိပ်ခေါင်းနောက်ကျော မျက်နှာပြင်တစ်ခုလုံး မူလကော်ပါရှိပါက တစ်ဝက်တစ်ပျက်သာမူလကော်ပါရှိသည့်တံဆိပ်ခေါင်းထက် များစွာ တန်ဖိုးကြီးမားကွာဟလေ့ရှိပါသည်။

(၂) **စိုထိုင်းခြင်းခံရသောကော်** Tropical Gum - ဆိုရာ၌ ရေ သို့မဟုတ် ရေငွေ့ထိပြီး ကော်အချို့ ပျက်စီးသွားသောကော်မျိုးကိုခေါ်သည်။ ထိုအခါမျိုး၌ မျက်နှာပြင်ချောမွေ့တောက်ပြောင်မှုလျော့နည်းပြီး အရောင်ပြယ်သွားလေ့ရှိသည်။ အရောင်ပျက်ရာ၌ မျက်နှာပြင်တစ်ခုလုံးဖြစ်စေ၊ ဗက်တီးရီးယားများကြောင့် အကွက်ငယ်များစွန်းထင်း၍ဖြစ်စေ ပျက်စီးနိုင်သည်။

(၃) **ပြောင်ချောလာသောကော်** Glazed Gum - မျက်နှာပြင်အချို့တစ်ဝက်အရည်ပျော်ပြီးနောက် ပြန်လည်တင်းမာလာကာ မှန်ရောင်တောက်လာသောအခြေအနေကိုခေါ်သည်။ စိုထိုင်းခြင်း၊ ထိန်းသိမ်းမှုညံ့ဖျင်းခြင်းတို့ကြောင့် ဖြစ်လေ့ရှိသည်။ ဤသို့ဖြစ်ခြင်းကြောင့် တံဆိပ်ခေါင်းတန်ဖိုးအပေါ်တွင် အကျိုးသက်ရောက်ခြင်းမှာ မည်မျှပြောင်ချောတင်းမာလာခြင်းရှိသည်၊မရှိသည်အပေါ်တွင် မူတည်သည်။

(၄) **ထိခိုက်ခံရသောကော်** Disturbed Gum (DG) -ဤအခြေအနေမျိုးကို တံဆိပ်ခေါင်းနှင့် စက္ကူပတ္တာ (hinge) ကိုခွာထုတ်ရာ၌ ရေ၊ ရေငွေ့တို့ကိုသုံးခြင်းဖြင့် ကော်အချို့မှာ ညစ်ထေးပြီး တစ်ခါတစ်ရံ မျက်နှာပြင်တစ်ခုလုံး ညစ်ပေကျန်စေသော အခြေအနေကို ခေါ်သည်။

(၅) **ကော်မရှိ** No Gum (NG) - တံဆိပ်ခေါင်းနောက်ကျောတွင် ကော်မရှိသောအခြေအနေကို ခေါ်သည်။ "ကော်မရှိ" ဟူသည့် အသုံးအနှုန်းမှာ မူလကော်ပါရှိခဲ့သော်လည်း နောက်ပိုင်း၌ တစ်နည်းနည်းဖြင့် ဖယ်ရှားလိုက်သောကြောင့် ကော်မရှိသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ခြင်းကို ဆိုလိုသည်။ ထုတ်ဝေစဉ်က ကော်လုံးဝမပါရှိသော တံဆိပ်ခေါင်းကို ကော်မပါ (Without Gum) သို့မဟုတ် ကော်မဲ့ (Ungummed) ဟုသုံးစွဲပြီး ကော်မရှိဟူ၍ သုံးစွဲခြင်းမပြုပေ။ ဆိုလိုသည်မှာ ပြုပြင်ထားခြင်းကြောင့် "ကော်မရှိခြင်း" ဟူသည့်အခြေအနေကို ပေါ်လွင်စေရန်ဖြစ်သည်။

(၆) **ပြန်လည်သုတ်ထားသောကော်** Regummed (RG) - တံဆိပ်ခေါင်း၏ မျက်မြင်အခြေအနေ ပိုမိုကောင်းမွန်ရန် ရည်ရွယ်၍ ကော်ထပ်မံသုတ်ထားသော အခြေအနေမျိုးဖြစ်သည်။ မူလကော်ပါရှိသကဲ့သို့အထင်ရှိစေရန် လုပ်ဆောင်ထားခြင်း ဖြစ်သည်။ ထပ်မံသုတ်ထားသောကော်ဟုဆိုရာ၌ လတ်တလောသုတ်ထားခြင်းမဟုတ်ဘဲ နှစ်များစွာကပင် သုတ်လိမ်းခဲ့ခြင်းမျိုးဖြစ်သည်။ တံဆိပ်ခေါင်းပညာမှာ အခြားပညာရပ်များကဲ့သို့ ပြုပြင်ထိန်းသိမ်းခြင်းကို အားပေးသည့်ပညာရပ်မဟုတ်ပေ။ ကော်ထပ်မံသုတ်ခြင်း၊ အပ်ပေါက်ရာထပ်မံဖောက်ခြင်း . . . စသည့်လုပ်ရပ်များကိုပြုပြင်ထိန်းသိမ်းခြင်းဟု မသတ်မှတ်ပေ။ စင်စစ် ထိုလုပ်ရပ်များကို မူလအခြေအနေကိုပျက်ပြားအောင်ပြုလုပ်ခြင်းများဟုသာ ခံယူသည်။ အဘယ်ကြောင့် ကော်သုတ်လိမ်းကြသနည်းဆိုသော် မူလကော်ပါရှိသည့် တံဆိပ်ခေါင်း၏ပေါက်ဈေးက များစွာကြီးမြင့်ကွာဟသောကြောင့် ဖြစ်သည်။

## ❏ တံဆိပ်ခေါင်းတွင် စက္ကူပတ္တာကပ်ချိတ်ခြင်း

တံဆိပ်ခေါင်းဝေါဟာရတစ်ခုဖြစ်သည့် Hinging ( စက္ကူပတ္တာကပ်ချိတ်ခြင်း) ကို မြန်မာဘာသာဖြင့် အမျိုးမျိုးပြန်ဆိုခဲ့ကြပြီးဖြစ်သည်။ ယခု ဤဆောင်းပါး၌ hinge ကို စက္ကူပတ္တာဟူ၍ သုံးနှုန်းသွားမည်ဖြစ်သည်။ ၂၀ ရာစုခေတ်လယ်အထိ ဝါသနာရှင်တို့က တံဆိပ်ခေါင်းများကို အယ်လ်ဘမ်စာမျက်နှာပေါ်တွင် စက္ကူပတ္တာများဖြင့် ကပ်ခဲ့ကြသည်။ လက်သန်းနှစ်ဆစ်အရွယ်ရှိသော စက္ကူရေပါးဖြင့် တံဆိပ်ခေါင်းနောက်ကျောနှင့် စာမျက်နှာတွင်ကပ်ကြခြင်း ဖြစ်သည်။ ယခုအခါ ရှေးဟောင်းတံဆိပ်ခေါင်းအများစုမှာ စက္ကူပတ္တာရာ (hinge mark) ထင်ကျန်ရစ်သည်ကို တွေ့ကြရမည်။ ထို့ကြောင့် တံဆိပ်ခေါင်း၏ မူလကော်အခြေအနေကောင်းလေ တံဆိပ်ခေါင်းတန်ဖိုးမြင့်လေဖြစ်သည်။ အလွန်ရှေးကျသောစက္ကူပတ္တာများမှာ သာမန်စက္ကူအမျိုးအစားသာဖြစ်ပြီး ရရာ၊ ကြုံရာကော်ဖြင့် တံဆိပ်ခေါင်းတွင် သုတ်လိမ်းခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် အလွန်ရှေးကျသော တံဆိပ်ခေါင်းများမှ စက္ကူပတ္တာများကို ခွာယူရမလွယ်ကူခြင်းဖြစ်သည်။ ဆိုးရွားသည်မှာ ခွာယူရာ၌ တံဆိပ်ခေါင်းကို ထိခိုက်ပျက်စီးစေပြီး ပိုမိုဆိုးရွားသည်မှာ တံဆိပ်ခေါင်း၏ စက္ကူသား (စက္ကူစ) ကွာထွက်လာခြင်း ဖြစ်သည်။ ထိုအခါ တံဆိပ်ခေါင်းပေါ်တွင် ပါးလွှာသောနေရာငယ်လေး ကျန်ရစ်ခဲ့သည်။ တံဆိပ်ခေါင်းပညာအလိုအရ ထိုပါးလွှာသောနေရာငယ်ကို "ပါးလွှာရာ" (Thin) ဟု ခေါ်ပါသည်။ နောင်အခါ၌ စက္ကူပတ္တာများကို စီးပွားဖြစ်ထုတ်လုပ်လာသော်လည်း ထိုစက္ကူပတ္တာများကို ခွာယူရာ၌လည်း တံဆိပ်ခေါင်းကိုပျက်စီးစေပြန်သည်။

စက္ကူပတ္တာများကို တံဆိပ်ခေါင်းမှ ခွာယူလိုပါက အကောင်းဆုံးနည်းမှာ ရေစိမ်၍ခွာယူခြင်း ဖြစ်သည်။ ရှေးခေတ်စက္ကူပတ္တာများကိုမူ ခွာယူရန်ခက်ခဲပါလိမ့်မည်။ တံဆိပ်ခေါင်းနောက်ကျော၌ ကော်လုံးဝပျက်ပြယ်သွားခြင်းက ကော်ကြောင့် စက္ကူပတ္တာရာထင်ပြီး ပျက်စီးခြင်းနှင့် နှိုင်းစာသော် တော်ပေသေးသည်ဟု ယူဆရမည်။ ထို့ကြောင့်ပင် အလွန်ရှေးကျသောတံဆိပ်ခေါင်းများ၌ မူလကော်တွေ့ရှိရန်ခဲယဉ်းခြင်း ဖြစ်သည်။ နော



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းခေတ်များတွင် လွယ်လင့်တကူ ခွာယူနိုင်သော (peelable) စက္ကူပတ္တာများကို တီထွင်ကြသည်။ ထိုသို့တီထွင်ပြုလုပ်နိုင်ခဲ့ကြသည့်တိုင် စက္ကူပတ္တာရာ (hinge mark) မှာတော့ ထင်ကျန်ရစ်ခဲ့လေ့ရှိသည်။ ယနေ့အခါတွင် တံဆိပ်ခေါင်းဈေးကွက်၌ မည်သည့်အခါကမျှ စက္ကူပတ္တာချိတ်ကပ်ခြင်း မပြုလုပ်ခဲ့သော (never-hinged) တံဆိပ်ခေါင်းများက ဈေးကောင်းရနေသည်မှာ မဆန်းလှပေ။ ကော်မရှိတံဆိပ်ခေါင်း၊ ကော်ပြန်လည်သုတ်ထားသော တံဆိပ်ခေါင်းတို့ကိုမူ လျှော့ဈေးဖြင့် ရောင်းချကြသည်။

လွယ်လင့်တကူ ခွာယူနိုင်သော စက္ကူပတ္တာများဖြစ်နေပါစေ တံဆိပ်ခေါင်းမှခွာယူရန်ခက်ခဲနေပါက ဇွတ်ဆွဲခွာရန် မကြိုးစားပါနှင့်။ တံဆိပ်ခေါင်းကို ထိခိုက်ပြီး တန်ဖိုးကျနိုင်သောကြောင့် ဖြစ်သည်။ တစ်ချက်ဆွဲခွာ၍မရပါက ဤအတိုင်းသာ ထားလိုက်စေလိုသည်။ ဤသို့ထားလိုက်ခြင်းက ပါးလွှာသော တံဆိပ်ခေါင်း (thinned stamp) ဘဝသို့ ရောက်သည်နှင့်နှိုင်းစာသော် တော်ပေသေးသည်ဟုခံယူချက်ထားစေလိုသည်။ တံဆိပ်ခေါင်းများကို ကိုင်တွယ်ရာ၌ တံဆိပ်ခေါင်းကိုင် ဇာဂနာ (stamp tongs) ဖြင့်သာ ကိုင်တွယ်ပါလေ။ လက်ဖြင့်ကိုင်တွယ်လိုက်၍ မပျောပလောက်သော လက်ရာ၊ ဆေးရောင်ကျွတ်ရာ စွန်းထင်းပါက တံဆိပ်ခေါင်းတန်ဖိုး ကျဆင်းနိုင်သည်ကို သတိပြုစေလိုသည်။

❑ ကော်နှင့် စက္ကူပတ္တာဆိုင်ရာ အဆင့်သတ်မှတ်ခြင်းများ

အောက်ဖော်ပြပါကော်နှင့် စက္ကူပတ္တာဆိုင်ရာ အဆင့်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပုံ(က)ကို ကြည့်ရှုလေ့လာစေလိုသည်။ ပုံ(က)တွင် အရောင်ရင့်ပြထားသောနေရာများမှာ "ကော်" ဖြစ်သည်။ အင်္ဂလိပ်အတိုကောက်များမှာ တံဆိပ်ခေါင်းပညာဆိုင်ရာ ကမ္ဘာသုံး "အတိုကောက်" (abbreviatious) များ ဖြစ်၍ အသေအချာ မှတ်သားစေလိုသည်။

(၁) **စက္ကူပတ္တာကပ်တွယ်ခြင်းမရှိသော တံဆိပ်ခေါင်း** Never Hinged (NH) - တစ်ကြိမ်တစ်ခါမှစက္ကူပတ္တာဖြင့်ကပ်ခြင်းမရှိသော တံဆိပ်ခေါင်းကို ဆိုလိုသည်။ ကော်ထပ်မံသုတ်ထားသော တံဆိပ်ခေါင်းကို စက္ကူပတ္တာဖြင့် ကပ်ဖူးခြင်းမရှိသော တံဆိပ်ခေါင်းဟု ခေါ်ဝေါ်သုံးစွဲလေ့မရှိပေ။

(၂) **စက္ကူပတ္တာဖြင့် အတော်အသင့်သာကပ်ခဲ့သော တံဆိပ်ခေါင်း** Lightly Hinged (LH) - စက္ကူပတ္တာဖြင့်ကပ်ခဲ့သော အစွန်းရာ၊ အထင်းရာကို အထောက်အထားအဖြစ်မတွေ့ရလောက်အောင် မသိသာသည့် အခြေအနေရှိသောတံဆိပ်ခေါင်းကို ခေါ်သည်။

(၃) **စက္ကူပတ္တာထူထဲစွာကပ်ခဲ့သော တံဆိပ်ခေါင်း** (Heavily Hinged (HH) - စက္ကူပတ္တာကို တံဆိပ်ခေါင်းနှင့် တွယ်ကပ်လျက်ရှိပြီး လွယ်ကူစွာခွာထုတ်၍မရသော တံဆိပ်ခေါင်း သို့မဟုတ် စက္ကူပတ္တာရာကို သိသာ၊ မြင်သာစွာ စွန်းထင်းနေသည်ကို တွေ့ရသော တံဆိပ်ခေါင်းကို ခေါ်သည်။

(၄) **မူလကော်တစ်စိတ်၊ တစ်ပိုင်းပါရှိသော တံဆိပ်ခေါင်း** (Part Original Gum (Part OG) - တံဆိပ်ခေါင်းနောက်ကျော၌ မူလကော်တစ်စိတ်တစ်ပိုင်းသာ ပါရှိသော တံဆိပ်ခေါင်းကို ခေါ်သည်။ မူလကော်မရှိရခြင်းမှာ စက္ကူပတ္တာခွာယူရာ၌သော် လည်းကောင်း၊ စွတ်စိုသော အရာနှင့် ထိတွေ့ခဲ့ခြင်းကြောင့်သော် လည်းကောင်း ဖြစ်နိုင်သည်။

❑ **တံဆိပ်ခေါင်းဒီဇိုင်းအလယ်ဗဟိုကျခြင်း**

တံဆိပ်ခေါင်းတစ်လုံး၏ အရည်အသွေးအခြေအနေကို ဆန်းစစ်ရာ၌ တံဆိပ်ခေါင်း၏ နောက်ကျောမှ "ကော်" မှာ အရေးကြီးသကဲ့သို့ တံဆိပ်ခေါင်းအရှေ့မျက်နှာပြင်မှ ဒီဇိုင်းပုံ "အလယ်ဗဟိုကျခြင်း" (Centering) မှာလည်း အရေးပါလှသည်။ အလယ်ဗဟိုကျခြင်းဆိုသည်မှာ တံဆိပ်ခေါင်း၏ ဒီဇိုင်းနှင့် နံဘေးအနားသားမာဂျင် (margin) တို့၏ နှိုင်းယှဉ်သောတည်နေရာကိုဆိုလိုသည်။ အနားသားမာဂျင်နှင့် ဒီဇိုင်းတို့ အချိုးညီညီရှိလေ မျက်စိပသာဒပိုမိုရှိလေ ဖြစ်သောကြောင့် ဖြစ်သည်။ တံဆိပ်ခေါင်းတစ်လုံး၌ အနားသားမာဂျင်နှင့်ဒီဇိုင်းပုံတို့မှာ အချိုးညီမျှစွာတည်ရှိနေသော အခြေအနေရှိပါက ထိုတံဆိပ်ခေါင်းကို အလယ်ကျ(well-centered)တံဆိပ်ခေါင်းဟုခေါ်သည်။

အလယ်ဗဟိုကျမှုနှင့်ပတ်သက်၍ အဆင့်ခွဲခြားပုံများကို အောက်ပါအတိုင်း ဖော်ပြထားသည့် တံဆိပ်ခေါင်းဒီဇိုင်း အလယ်ဗဟိုကျမှုနှင့် ပတ်သက် သော ပုံ(ခ)ကို ကြည့်ရှု၍လေ့လာရန်ဖြစ်သည်။ ပုံ(ခ)တွင် ပြသထားသော အရောင်ရင့်နေရာများမှာ "ဒီဇိုင်းပုံ" ဖြစ်သည်။

(၁) **အလွန်ကောင်းသောတံဆိပ်ခေါင်း** Extremely Fine (EF) - တွင် တံဆိပ်ခေါင်းဒီဇိုင်းမှာ အလယ်ဗဟို၌ တိတိကျကျတည်ရှိပြီး အနားသားမာဂျင်များကလည်း အချိုးအစားညီညာလှသည်။

(၂) **ကောင်းသောတံဆိပ်ခေါင်း** Very Fine (VF) တွင် တံဆိပ်ခေါင်းဒီဇိုင်းမှာ တံဆိပ်ခေါင်း၏ အလယ်ဗဟို၌ အလောတော်ကျရောက်နေသည်။

(၃) **သင့်သော တံဆိပ်ခေါင်း** Fine (F) တွင် တံဆိပ်ခေါင်းဒီဇိုင်းမှာ အလယ်ဗဟိုတွင် ကွက်တိမကျပေ။ သို့ရာတွင် အပ်ပေါက်ရာများအပေါ်အထိလည်း ဒီဇိုင်းကမကျရောက်ပေ။

(၄) **သာမန်တံဆိပ်ခေါင်း** Average (AVG) - တွင် ဒီဇိုင်းမှာအလယ်ဗဟို၌မရှိပေ။ အပ်ပေါက်ရာများအထိ ဒီဇိုင်းကရောက်နေခြင်း သို့မဟုတ် ဒီဇိုင်းကို အပ်ပေါက်ရာအလိုက်ဖြတ်ထားခြင်းမျိုးကို တွေ့ရမည်ဖြစ်သည်။

တံဆိပ်ခေါင်းဈေးကွက်ကြော်ငြာများ၌ F-VF စသည်ဖြင့် ဖော်ပြလေ့ရှိရာ ဖော်ပြပါ F နှင့် VF အဆင့်နှစ်ဆင့်ကြားတွင်ရှိသော အဆင့်ရှိတံဆိပ်ခေါင်းကို ညွှန်ပြဆိုလိုခြင်း ဖြစ်သည်။ ကြော်ငြာများ၌ ထိပ်တန်းအကောင်းဆုံး (Superb) ဟူသည့်စကားလုံးမှာ တံဆိပ်ခေါင်းဒီဇိုင်းသည် အလယ်ဗဟိုတည့်တည့်၌ကျရောက်နေပြီး အခြားသော လက္ခဏာများအားလုံး ပြီးပြည့်စုံသော တံဆိပ်ခေါင်းမျိုးကို ဆိုလိုသည်။ ၁၉ ရာစုခေတ်များက ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းအားလုံးနီးပါးမှာ ဒီဇိုင်း အလယ်ဗဟိုကျလေ့မရှိပေ။ သို့ရာတွင် ခေတ်သစ်တံဆိပ်ခေါင်းအားလုံးတွင် ဒီဇိုင်းမှာ အလယ်ဗဟို၌သာရှိကြသည်။

❑ **တံဆိပ်ခေါင်းအရည်အသွေးဆိုင်ရာ အခြားအချက်များ**

(၁) **အရောင်** (Colour)

တံဆိပ်ခေါင်းတစ်မျိုး၏ ရှိသင့်၊ ရှိအပ်သောလက္ခဏာဖြစ်သည့်အလျောက် တံဆိပ်ခေါင်းတစ်လုံး၌ အရောင်တောက်ပမှု၊ စိုပြည်မှု မည်မျှရှိသည်ကို ဆန်းစစ်ရမည်ဖြစ်သည်။ တံဆိပ်ခေါင်းတစ်လုံး၏အရည်အသွေးကို ဆန်းစစ်ရာ၌ ဟောင်းနွမ်းလာသည့် တံဆိပ်ခေါင်းဖြစ်သည်နှင့်အမျှ အရောင်သစ်လွင်



www.burmeseclassic.com

www.burmeseclassic.com

တောက်ပမှုနှင့် အရောင်ထင်ရှားပြတ်သားမှုတို့မှာ ပိုမို၍အရေးပါလာတော့သည်။ တံဆိပ်ခေါင်းအဟောင်းများမှာ နှစ်ကာလကြာလာသည့်အလျောက် အရောင်မှိန်လာပါသည်။ စက္ကူက ဝါကြင့်လာသည်။ ဆေးမင်ရောင်တို့ကအရောင်ဖျော့လာသည်။ အရောင်ကိုအကဲဖြတ်ရာ၌ တံဆိပ်ခေါင်းထုတ်ဝေခဲ့သည့် ခုနှစ်နှင့် မည်မျှကြာမြင့်ကွာဝေးသည်ဟူသည့် အချက်ကို ထည့်သွင်းစဉ်းစားရမည်။ တံဆိပ်ခေါင်းတစ်လုံး၏ အရောင်ကို ဆန်းစစ်ရာ၌ ထိုတံဆိပ်ခေါင်းနှင့် မျိုးတူတံဆိပ်ခေါင်းများ၏အရောင်နှင့်လည်း နှိုင်းယှဉ်ကြည့်ရပါမည်။ ဈေးကွက်၌ အရောင်နှင့် ပတ်သက်လာလျှင် "တောက်ပခြင်း"၊ "သစ်လွင်ခြင်း"၊ "ပြတ်သားခြင်း"၊ "စိုပြည်ခြင်း" စသည့် စကားလုံးများကိုသုံး၍ ဈေးခေါ်လေ့ရှိကြသည်။ ဤစကားလုံးများမှာ တံဆိပ်ခေါင်းအဟောင်းများတွင်သာ အသုံးပြုကြလေ့ရှိပြီး တံဆိပ်ခေါင်းအသစ်များ၌ သုံးလေ့သုံးထမရှိကြပေ။

**(၂) သစ်လွင်မှု** (Freshness)

တံဆိပ်ခေါင်းအဟောင်းတစ်လုံးမှာ စာတိုက်မှ ထုတ်ဝေခဲ့သည့်အခြေအနေနှင့် မည်မျှနီးစပ်ပါသနည်း။ အသစ်အတိုင်းရှိသည့် တံဆိပ်ခေါင်းဒီဇိုင်းမှာ စက္ကူပေါ်တွင်ပေါ်လွင်ပြီး သစ်လွင်မှုကိုဖြစ်စေပါသည်။ ထို့အတူ ဟောင်းနွမ်းနေသော တံဆိပ်ခေါင်းတစ်လုံးအဖို့ သစ်လွင်မှုဟူသည့်အခြေအနေကို ထိုတံဆိပ်ခေါင်းပေါ်တွင်တွေ့ရှိရန် ခဲယဉ်းလှပါသည်။ တံဆိပ်ခေါင်းပညာဗဟုသုတရှိကြသောဝါသနာရှင်တို့က အပေါ်စားစက္ကူ ကတ်ပြားတို့ဖြင့် ပြုလုပ်ထားသော အယ်လ်ဘမ် သို့မဟုတ် တံဆိပ်ခေါင်းသိမ်းစာအုပ် (stamp stock book) များတွင်သိမ်းဆည်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသောဝါကြင့်ကြင့်ညှိုတိုတိုအရောင်သန်းနေသည့် တံဆိပ်ခေါင်းများကို မဝယ်ကြဘဲ ရှောင်ရှားလေ့ရှိသည်။

**(၃) အနားသားမာဂျင်** (Margins)

တံဆိပ်ခေါင်း၏ အနားသားမာဂျင် အထူ၊ အပါးဟူသည်မှာ အလယ်မှ ဒီဇိုင်းပုံနှင့် အနီးအဝေးပေါ်တွင် မူတည်သည်။ ထူးခြားသည်မှာ ပုံမှန်ထက် ပိုမိုကျယ်သော (ထူသော) အနားသားမာဂျင်ရှိသည့် တံဆိပ်ခေါင်းများကို ဝါသနာရှင်တို့က တန်ဖိုးထားကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။ မာဂျင်ကျယ်လေ တံဆိပ်ခေါင်းမှာ နှစ်သက်ဖွယ်ဖြစ်လေဟု ယူဆကြသောကြောင့်ဖြစ်သည်။ အချို့မာဂျင်များမှာ အလွန်တရာကြီးမားသောကြောင့် "ရောမမာဂျင်" (Jumbo Margin)ဟုခေါ်ကြသည်။ မာဂျင်ကို အကဲဖြတ်ရာ၌ မျိုးတူတံဆိပ်ခေါင်းများ၏ မာဂျင်နှင့် နှိုင်းယှဉ်ကြည့်ရမည် ဖြစ်သည်။ ပုံ(ဂ)မှာ ပုံမှန်နှင့် ရောမအနားသားမာဂျင်ပါရှိသော တံဆိပ်ခေါင်းနှစ်လုံးဖြစ်သည်။

**(၄) ဖျက်နှိပ်ရာ** (Cancel, Cancellation)

တံဆိပ်ခေါင်းပေါ်၌ ထင်ကျန်ရစ်သော ကောင်းမွန်သည့် ဖျက်နှိပ်ရာဟူသည်မှာ သပ်ရပ်ထင်ရှားပြီး တံဆိပ်ခေါင်းဒီဇိုင်းကို မည်သို့မျှအနှောင့်အယှက်ပေးခြင်းမရှိဘဲ ဒီဇိုင်းကို ပေါ်လွင်အောင်တွေ့မြင်စေနိုင်သည့် ဖျက်နှိပ်ရာမျိုးကိုခေါ်သည်။ တရားဝင်ထုနှိပ်ခဲ့သော ဖျက်နှိပ်ရာမျိုးလည်း ဖြစ်ရပါမည်။ ဝါသနာရှင်တို့က စာတိုက်သို့ မေတ္တာရပ်ခံချက်ဖြင့်တောင်းဆိုပြီး ထုနှိပ်သော ဖျက်နှိပ်ရာမျိုးနှင့် လုပ်ကြံဖန်တီးထားသောဖျက်နှိပ်ရာမျိုးကိုမဝယ်ဘဲ ရှောင်ကြဉ်လေ့ရှိကြသည်။အထူးသဖြင့် တန်ဖိုးကြီးတံဆိပ်ခေါင်းပေါ်၌ ထုနှိပ်ထားသော ထိုကဲ့သို့သောဖျက်နှိပ်မျိုးကို စိုးရွံ့ကြသည်။ မသုံးရသေးသော တံဆိပ်ခေါင်းတစ်မျိုးနှင့် ထိုတံဆိပ်ခေါင်းနှင့် မျိုးတူသုံးပြီး တံဆိပ်ခေါင်းတို့မှာ ဈေးကွက်၌ ပေါက်ဈေးမကွာဟပါက ထိုကဲ့သို့သော လုပ်ကြံဖန်တီးထားသည့်ဖျက်နှိပ်ရာအတုများကို တွေ့ရှိရတတ်သည်။ ထို့ကြောင့် တံဆိပ်ခေါင်းဈေးကွက်၌ ဖျက်နှိပ်ရာနှင့် ပတ်သက်လာလျှင် "တရားဝင်" ဟုတ် မဟုတ်၊ "ခေတ်ပြိုင်" (အစစ်နှင့် တစ်ချိန်တည်း)ဟုတ်၊ မဟုတ်ဟူသည့် စကားလုံးများမှာ ဖျက်နှိပ်ရာနှင့်ပတ်သက်၍ ဆန်းစစ်ရာ၊ စစ်ကြောရာများ၌ မကြာခဏသုံးလေ့ရှိကြသည်။ တစ်ခါတစ်ရံ၌ အရောင်ပါသောဖျက်နှိပ်ရာ(အနက်ရောင်မဟုတ်)နှင့် အထူးထုနှိပ်ပေးသောဖျက်နှိပ်ရာတို့က ဈေးပိုကောင်းလေ့ရှိကြသည်။ သို့ရာတွင် ကလောင်ဖြင့်ခြစ်ထားသောမင်ရာ(ဖျက်နှိပ်ရာ)ပါသောတံဆိပ်ခေါင်းများက (အထူးအခြေအနေတစ်ရပ်မရှိပါက) ဈေးကောင်းရလေ့မရှိပေ။ အခွန်တံဆိပ်တုံးဖြင့် ဖျက်ထားခြင်း၊ မေတ္တာရပ်ခံချက်ဖြင့် ဖျက်ထားခြင်း (Cancel to order CTO) များက ဈေးနည်းလေ့ရှိကြသည်။ ပုံ(ဃ)၌ ပြသထားသည်မှာ အနည်းငယ်သာ ထုနှိပ်ထားသောဖျက်နှိပ်ရာနှင့် ထူထဲစွာထုနှိပ်ထားသော ဖျက်နှိပ်ရာနှစ်မျိုးကို ပြသထားခြင်း ဖြစ်သည်။

**(၅) အပ်ပေါက်ရာများ** (Perforations)

တံဆိပ်ခေါင်းတစ်လုံး၌ အပ်ပေါက်ရာ ခွေးသွားစိတ်များ (teeth) မှာ ညီညာပြည့်စုံနေပါက အကောင်းဆုံးဖြစ်သည်။ ရှေးဟောင်းတံဆိပ်ခေါင်းအများစုမှာ မညီညာသောအပ်ပေါက်ရာများရှိကြသည်။ သို့သော် ထိုအခြေအနေကို အပြစ်အနာအဆာဟူ၍ မယူဆကြပေ။ တစ်ခါတစ်ရံ၌ စွန်းထွက်နေသော ခွေးသွားစိတ်များက အရှည်၊အတိုမတူညီကြပေ။ ထိုကဲ့သို့သော ခွေးသွားစိတ်မျိုးကို "အရှည်" "အတို" ဟူ၍ ခွဲခြားခေါ်ဝေါ်ကြသည်။ တစ်ခါတစ်ရံ၌မူ ခွေးသွားစိတ်တစ်ခုနှင့်တစ်ခုမှာ အလှမ်းကွာပြီးကျဲနေတတ်သည်။ ထိုကဲ့သို့သော အပ်ပေါက်ရာကို မူမမှန်အပ်ပေါက်ရာဟုခေါ်သည်။ အပ်ပေါက်ရာအခြေအနေကို အကဲဖြတ်ရာ၌ ရှေးဟောင်းတံဆိပ်ခေါင်းများအတွက် လျှော့ပေါ့စဉ်းစားပေးသင့်သည်။ အပြစ်တင်ရန်ဆန္ဒမစောပါနှင့်။ ခေတ်သစ်အပ်ပေါက်ရာများနှင့် တန်းတူထား၍ မစဉ်းစားသင့်ပေ။

အပ်ပေါက်ရာဖြည့်စွက်ခြင်း (Re-perforating) ဟူသည်မှာ တံဆိပ်ခေါင်းတစ်လုံးကို ကြည့်ပျော်ရှုပျော်ဖြစ်ပြီး ခွေးသွားစိတ်များညီညာ၍ ဒီဇိုင်းအလယ်ကျသယောင်ဖြစ်ပေါ်လာစေရန် အပ်ပေါက်ရာကိုဖြတ်တောက်ခြင်း၊ ဖြည့်စွက်ပြီး ရှည်လာရန် ပြုလုပ်ခြင်းမျိုးကိုခေါ်သည်။ ထိုသို့ပြုလုပ်ထားသော တံဆိပ်ခေါင်းများမှာ ကက်တလောက်ဈေးထက် ပိုမိုနည်းပြီးသာ ဈေးပေါက်လေ့ရှိသည်။ ပုံ(င)၌ပြသထားသည်မှာ မညီညာသော အပ်ပေါက်ရာပါသော တံဆိပ်ခေါင်းနှင့် ပုံမှန်တံဆိပ်ခေါင်းပုံတို့ ဖြစ်သည်။


**❑ တံဆိပ်ခေါင်းအပြစ်အနာအဆာများ**

တံဆိပ်ခေါင်းတစ်လုံးတွင် စုတ်ပြဲခြင်း၊ ပါးလွှာခြင်း၊ အပ်ပေါက်ရာမပါခြင်း၊ တွန့်လိပ်ခြင်း၊ ပွန်းရာထင်ခြင်း၊ ပဲ့ရွဲ့ခြင်း၊ စွန်းထင်းခြင်း၊ အရောင်ပြယ်ခြင်း၊ မှိန်ရောင်ထပြီး ပြောင်ချောလာခြင်း (glazed)၊ ရေငွေ့ထိခြင်း သို့တည်းမဟုတ် တံဆိပ်ခေါင်းကို ထိခိုက်ပျက်စီးစေနိုင်သော မည်သည့်အကြောင်းအချက်ကိုမဆို တံဆိပ်ခေါင်းနှင့်ဆိုင်သော အပြစ်အနာအဆာများ (Faults) ဟုခေါ်သည်။ အသေးအဖွဲ အပြစ်အနာအဆာတို့၌




www.burmeseclassic.com

www.burmeseclassic.com




ပုံ (က) - တံဆိပ်ခေါင်းနောက်ကျောမှကော်ကို ပြထားသောပုံများ ဖြစ်သည်။ အရောင်ရင့်သောနေရာများမှာ ကော်ရာများ ဖြစ်သည်




ပုံ (ခ)-တံဆိပ်ခေါင်းဇီဇိုင်းပုံနှင့် အနားသားမာဂျင်ပုံကိုပြသသောပုံများ ဖြစ်သည်။ အရောင်ရင့်သောနေရာများမှာ ဒီဇိုင်းပုံ ဖြစ်သည်




ပုံ (ဂ) - ပုံမှန်တံဆိပ်ခေါင်းနှင့် ရောမအနားသားမာဂျင်ရှိသော တံဆိပ်ခေါင်းနမူနာပုံ



ပုံ (ဃ) - အနည်းငယ်ထုနှိပ်ထားသော ဖျက်နှိပ်ရာနှင့် ထူထဲစွာ ထုနှိပ်ထားသော တံဆိပ်ခေါင်းနမူနာပုံ




ပုံ (င) - ပုံမှန်တံဆိပ်ခေါင်းနှင့် အပ်ပေါက်ရာ မညီညာသော တံဆိပ်ခေါင်းနမူနာပုံ



ပုံ (စ) - အပြစ်အနာအဆာပါသော တံဆိပ်ခေါင်းနမူနာမှာ ဖေါ်လာသုံးရာစီတန်သော်လည်း တန်ဖိုးမဲ့သွားခြင်း ဖြစ်သည်

…နှံ့ကြေခြင်း၊ ခွေးသွားစိတ်များ ခေါက်…ခြင်း စသည်တို့ ပါဝင်သည်။ ၁၉ ရာစု…တ် တံဆိပ်ခေါင်းအားလုံးနီးပါးတွင် အပြစ်အနာအဆာကင်းလွတ်ခြင်းမရှိ…ည်မှာ ရှားပါးလှသည်။ ရှေးဟောင်းပို…လေ၊ အပြစ်အနာပါရှိရန် အကြောင်း…များပြားလေဖြစ်သည်။ အပြစ်အနာအဆာမပါသောတံဆိပ်ခေါင်းကို "အနာအဆာမဲ့တံဆိပ်ခေါင်း" (Sound) ဟုခေါ်သည်။ ဈေးနှုန်းအတွက် အဆင့်များခွဲခြားရာတွင် အနာအဆာပါသောတံဆိပ်ခေါင်းနှင့် အနာအဆာမဲ့တံဆိပ်ခေါင်းတို့မှာ လုံးဝယှဉ်၍မရနိုင်ပေ။ အနာအဆာပါသောတံဆိပ်ခေါင်း၏ ဈေးနှုန်းမှာ ၄င်းအောက်ခြေမှာသာရှိသည်။

ပါးလွှာသော တံဆိပ်ခေါင်းများ (thins) များမှာ စက္ကူပတ္တာကို ခွာရာ၌ ဂရုတစိုက်မခွာခဲ့၍ ပါးလွှာခဲ့ရခြင်း ဖြစ်သည်။ ထိုပါးလွှာနေသောနေရာကို တံဆိပ်ခေါင်းနောက်ကျောမှကြည့်ပါက အသေအချာ မြင်တွေ့နိုင်သည်။ ထို့ကြောင့် ထပ်မံ၍ မှာကြားလိုသည်မှာ တန်ဖိုးကြီး တံဆိပ်ခေါင်းများမှ စက္ကူပတ္တာများကို မခွာကြရန်ဖြစ်သည်။ ကျွမ်းကျင်သူနှင့်



www.burmeseclassic.com

www.burmeseclassic.com

# သင့်တစ်သက်တာ လေငန်း၊ လေဖြတ်ကာကွယ်သည့်ဓာတ်စာ

နတ်မောက်မင်းသန့်နိုင်

အလွန်လွယ်ကူပြီး လူတိုင်းပင် အလွယ်အသာ ဆောင်ရွက်နိုင်သည့် ဆေးဓာတ်စာ ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေတော်တော်များများသည် ဤဆေးဓာတ်စာကို ပြုလုပ်စားသုံးနိုင်ကြသဖြင့် အစာရှောင်ရန်မလိုအောင် အစွမ်းထက်လှပါသည်။

ဤဓာတ်စာဆေးသည် သွေးအတွင်းမှ အဆီပိုများကို ခြေဖျက်ပြီး သွေးလေလည်ပတ်မှုကို အထူးမှန်ကန်စေသဖြင့် ဘယ်သောအခါမှ လေငန်း၊ လေဖြန်း၊ လေဖြတ်မဖြစ်အောင် ထက်မြက်စွာ ကာကွယ်ပေးနေပါသည်။ လေငန်း၊ လေဖြတ်ဖြစ်သူများပင် စားသုံးပြီးနောက် သိသိသာသာ ကောင်းမွန်လာသည်ဟု ပြန်လည်သိရပါသည်။

လေငန်း၊ လေဖြန်း၊ လေဖြတ် ကာကွယ်လိုသူများ တစ်လတစ်ကြိမ်သာ စားပေးပါ။ ရောဂါဖြစ်နေသူများ တစ်ပတ်တစ်ကြိမ်ပြုလုပ်စားပေးပါ။ဓာတ်စာဆေး ပြုလုပ်နည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ရှောက်သီးရင့်ရင့်တစ်လုံးနှင့် ပရဆေးဆိုင်မှ ငရုတ်ကောင်းစေ့ကို ဈေးမဆစ်ပဲဝယ်ယူပါ။ ထို့နောက် ရှောက်သီးကို ထက်ခြမ်းခွဲပြီး တစ်ခြမ်းကို မြေကြီးထဲ တူးမြှုပ်ပါ။ ကျန်တစ်ခြမ်းကို စားမည့်သူ၏ အသက်ထက်တစ်ခုပိုပြီးပါးပါးလှီးပါ။ စားမည့်သူသည် အသက်(၄၀)နှစ်ဆိုလျှင် (၄၁)ခု လှီးယူပါ။ ထို့အတူ ငရုတ်ကောင်းစေ့ကိုလည်း စားမည့်သူ၏အသက်ထက် တစ်စေ့ပိုယူ၍ မှန့်အောင်ထောင်း၍ လှီးထားသော ရှောက်သီးအလွှာလေးများနှင့် သမအောင်နယ်ကာ တစ်နေကုန် ဖြည်းဖြည်းချင်းစားပါ။ ဆေးစားသည့်နေ့ ရေမချိုးရပါ။

အထက်ပါ ဓာတ်စာဆေး တစ်လတစ်ကြိမ်ပြုလုပ်စားခြင်းဖြင့် သင့်တစ်သက်တာ လေငန်း၊ လေဖြန်း၊ လေဖြတ် လုံးဝမဖြစ်ဘဲ ကာကွယ်ပြီးဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ*

**နတ်မောက်မင်းသန့်နိုင်**

---

တွေ့မှခွာယူစေလိုသည်။ တံဆိပ်ခေါင်းမှ ခေါက်ရိုးကျိုးနေသောနေရာကိုလည်း လွယ်ကူစွာမြင်တွေ့နိုင်သည်။ ထိုကဲ့သို့ ဖြစ်နေခြင်းမှာ အနာအဆာဖြစ်ခြင်းသာ ဖြစ်သည်။ တစ်ခါတစ်ရံ၌ အနာအဆာများကို ဖုံးကွယ်ထားလေ့ရှိသည်ကို တွေ့ရသည်။ ခေါက်ရိုးကျိုးနေသော တံဆိပ်ခေါင်းကို မီးပူဖြင့်ဖိတိုက်ခြင်း (ironing)၊ အရောင်ပျောက်ရန် အရောင်ချွတ်ဆေးသုံးခြင်း (bleaching)၊ အပေါက်ရာနှင့် ပါးလွှာရာများကိုဖာထေးခြင်း၊ ကွာထွက်သွားသောနေရာများတွင် တံဆိပ်ခေါင်းနှင့် အရောင်တူဆိုးဆေး၊ မင်တို့ဖြင့် ခြယ်သခြင်း စသည်ဖြင့် ပြုပြင်ကြလေ့ရှိသည်။ သို့သော် ထိုတံဆိပ်ခေါင်းများမှာ အနာအဆာစာရင်းတွင်သာဝင်ပေလိမ့်မည်။

သို့ရာတွင် ဖော်ပြပါ ပြုပြင်ထားမှုများကို လွယ်လင့်တကူမတွေ့ကြရပေ။ ထို့ကြောင့် ရှေးဟောင်းတံဆိပ်ခေါင်းများကို တစ်လုံးချင်း အသေအချာ ဂရုပြုစစ်ဆေးကြရပါမည်။ အထူးသဖြင့် တန်ဖိုးကြီးတံဆိပ်ခေါင်းများကို ကျကျနန စစ်ဆေးရပါမည်။ယခုအခါ၌ အနောက်နိုင်ငံများတွင် ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လျက်ရှိသည်။ ထိုဝန်ဆောင်မှုပေးသူတို့က တံဆိပ်ခေါင်းတစ်လုံးကို အပြစ်အနာအဆာ ရှိ၊ မရှိ စစ်ဆေးပြီး ထိုတံဆိပ်ခေါင်းအတွက် "အဆင့်" သတ်မှတ်ပေးသည်။ အဆင့်အမှတ်ပေးစနစ်တွင် နံပါတ်များသုံးကာ သတ်မှတ်ခြင်း ဖြစ်သည်။ အမှတ်(အဆင့်) (၁၀၀) မှာ အကောင်းဆုံးဖြစ်သည်။ဆက်လက်၍ သက်ဆိုင်ရာ တံဆိပ်ခေါင်းအတွက် အရည်အသွေးဆိုင်ရာထောက်ခံစာထုတ်ပေးသည်။ ထိုဝန်ဆောင်မှုစနစ်မှာ မည်မျှကျယ်ပြန့်စွာ ထွန်းကားလာမည်ကိုမူ မသိပေ။ သို့ရာတွင် တံဆိပ်ခေါင်းစတင်စုဆောင်းသူများအဖို့ ထိုထောက်ခံစာများအပေါ်တွင် ယုံကြည်ပုံအပ်ရန်မသင့်ပေ။ ပုံ (၈) မှာ အပြစ်အနာအဆာပါသောတံဆိပ်ခေါင်းပုံများ ဖြစ်သည်။

□ **နိဂုံးချုပ်ရသော်...**

ဤဆောင်းပါးမှာ ရန်ကုန်မြို့ရှိ ငွေကြေးတတ်နိုင်ပြီး ပြည်တွင်း၊ ပြည်ပ ရှေးဟောင်းတန်ဖိုးကြီးတံဆိပ်ခေါင်းများကိုဝယ်ယူစုဆောင်းနေကြသော ဝါသနာရှင်များအတွက် အဓိကထား ရေးသား ပြုစုထားခြင်း ဖြစ်သည်။ ဆောင်းပါးတွင် ဖော်ပြထားသော တံဆိပ်ခေါင်းအရည်အသွေးဆိုင်ရာ အချက်အလက်များ ဆန်းစစ်နည်းများ၊ ဂရုပြုရန်အချက်များမှာ အမှန်တကယ် လက်တွေ့အသုံးကျသောနည်းလမ်းများဖြစ်ပြီး လိုက်နာသင့်ပါသည်။ မိမိစုဆောင်းထားသော ရှေးဟောင်းတန်ဖိုးရှိတံဆိပ်ခေါင်းများကို တစ်လုံးချင်း အသေးစိတ် လေ့လာရန် အကြံပြုလိုပါသည်။ ဤဆောင်းပါးကို ဖတ်ရှုလိုက်နာခြင်းဖြင့် မလိုလားအပ်သောတံဆိပ်ခေါင်းဆိုင်ရာပျက်စီးဆုံးရှုံးမှုများလျော့ပါးစေရန် ဆန္ဒပြု ပြန်ဆိုရေးသားထားခြင်း ဖြစ်သည်။

**ကြည်လွင်**


**ကိုးကားမှုများ**

၁။ ကျော်မြင့်မောင် (၂၀၀၉) 'စီးပွားဖြစ်တံဆိပ်ခေါင်းစုဆောင်းနည်း' ထိပ်တန်းစာပေ၊ ရန်ကုန်မြို့။

၂။ S.R Datz (2009) "Stamp Collecting" General Trade Corporation, Loveland, Colorado.




www.burmeseclassic.com

www.burmeseclassic.com

# မောင်စိမ်းထွေး(ထားဝယ်)

# ဂဏဝိမုတ်ကူးတို့ပထမဂိုဏ်းချုပ် ပိဋကတ်တိုက်ဆရာတော်ဘုရားကြီး

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်တွင် နေတစ်ဆူလတစ်ဆူအသွင် ထူးချွန်ထင်ရှား သာသနာပြု အာဇာနည်ပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်သော ဂဏဝိမုတ် တချွန်တော်ရ ကူးတို့ဂိုဏ်းကြီး၏ ဦးစီးနာယက သမုဋ္ဌာပက ဂဏသာမိ ဂဏာစရိယ ကျေးဇူးတော်ရှင် ပိဋကတ်တိုက်ကျောင်းဆရာတော်ဘုရားကြီး ဦးဣန္ဒဝံသအရှင်မြတ်၏ ထေရုပ္ပတ္တိဘဝဖြစ်စဉ်အကြောင်းတစေ့တစောင်းကို သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်များ ကြည်ညိုနိုင်ရန် အကျဉ်းရုံး တင်ပြလိုပါသည်။

## ဆင်ဖြူတဘောင်

ထားဝယ်ဒေသ အောက်ပုပွားခေါ် စပါးတောင်တန်းသို့ အရှင်ဣန္ဒဝံသ (ဘုန်းကြီးရွှေဆင်) ပိဋကတ်တိုက်ဆရာတော်နှင့် ယင်းဆရာတော်ကြီး၏ မူလကျေးဇူးရှင် ဆရာရင်း အရှင်သာရမဏ္ဍသာ (ဘုန်းကြီးရှင်ထွန်း) ဆရာတပည့်နှစ်ပါးတို့ မကြွရောက်လာမီအချိန်က ပေါ်ပေါက်ပြောဆိုကြသောတဘောင်ရှိသည်။

*ပုပွားတောင်အောက် ဆင်ဖြူရောက်*
*ဆင်ဖြူချည်လောက် နွယ်မပေါက်*
*ပေါက်သည့်နွယ်လည်း မချည်လောက်။*

*အောက်ရွှေပုပွား တောင်တလွှားမှ*
*ကြေငြားညီနောင် တစ်ပွင့်တည်း*
*ပွင့်လိုပြောင်။*


## ငယ်ဘဝ

တဘောင်ပေါ်ပြီး မကြာမီတွင် ထားဝယ်မြို့ ကညံ့ရပ် မြို့အုပ်မင်းဦးခွေးဖြူ မင်းကတော် ဒေါ်မြတ်အေးတို့တွင် ကောဇာနှစ် ၁၁၉၃ ခုနှစ်၊ တော်သလင်းကျွတ်လပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၌ သားရတနာဖွားသန့်စင်၍ မောင်ရွှေဆင်ဟုမှည့်၏။ မောင်ရွှေဆင်သည် နောင်အခါ ပိဋကတ်တိုက်ဆရာတော်ကြီးဖြစ်မည့်သူတည်း။

၁၂၀၀ ပြည့်နှစ် မောင်ရွှေဆင် ခုနစ်နှစ်အရွယ်တွင် မြေတိုက်ကျောင်းဆရာတော် ဘုန်းကြီးရှင်ထွန်းထံ ပညာဆည်းပူးသင်ကြားရာ ဘုန်းသမ္ဘာပညာပြည့်စုံမည့် ကြွန်အင်လက္ခဏာရှိကြောင်း သိရှိတော်မူသဖြင့် ၁၂၀၂ ခုနှစ် (၉) နှစ်သားအရွယ်ရောက်လျှင် အမရပူရ မင်းနေပြည်တော်သို့ စာပေသင်ကြားရန် ဆရာတပည့်ကြွတော်မူသည်။ ထိုအချိန်က အမရပူရဒုတိယမြို့တည်နန်းတည် ရွှေဘိုမင်းခေါ် သာယာဝတီမင်း နန်းစံချိန်ဖြစ်သည်။

## တိပိဋကဓရ ပထမအကျော်စာတော်ပြန်ဘွဲ့

၁၂၀၅ ခုနှစ်၊ မောင်ရွှေဆင် အသက် (၁၂) နှစ်၌ သုဓမ္မာစာပြန်ပွဲသဘင် ဝင်ရောက်ဖြေဆိုရာ အထစ်အငေါ့အထောက်အမ အကျအန အမေ့အလျော့ လုံးဝကင်းစင်လျက် သုဓမ္မာအလယ်မင်းပွဲသဘင်၌ မကြောက်မရွံ့ ရဲစွမ်းသတ္တိ



အမိုးတော်တာတ်စေတီမြတ်



ကူးတို့ဗိသုစ္စါရုံစံကျောင်းဆေါ်သီတင်းသုံးတော်မူသော ရွှေပေါင်မိန်ဘုရားအား ဖူးမြော်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်တိုက်တော်အား နံ့သာထည်ဝါစွာ တွေ့မြင်ရပုံ



ပိဋကတ်တိုက်ကျောက်စာသမိုင်း




စေတီမြတ်သိမ်ဆင်းတုတော်



ရွှေမင်ပန်းချီနှင့် ပေပုရပိုက်ထည့်ဗီရို
(ကူးတို့ပိဋကတ်ရုံစံကျောင်း)



ညောင်တော်(၁၈)ယောက်မ ရေးဟောင်းနီးဘုရား
(ကူးတို့ပိဋကတ်ရုံစံကျောင်း)





ပိဋကတ်တိုက်ဆရာတော်ဘုရားကြီးပန်းပုရုပ်ထု

ခြင်္သေ့မင်း၏ ရဲရင့်ရှိသကဲ့သို့ မတွယ်မငြိ
အံ့ဖွယ်ရှစ်ပါးရှိသော ကရဝိက်ငှက်မင်း
၏အသံကဲ့သို့ သာယာစွာသောအသံဖြင့်
သုံးသွယ်သော ပိဋကတ်ကို ဒိုးဒိုးဒေါက်
ဒေါက်အာဂုံပြန်ဆိုနိုင်သည်။ ထိုအခါ
ဆရာတော် သံဃာတော်များနှင့် လူသူ
ပရိသတ်အပေါင်း လက်ပမ်းပေါက်ခတ်
အုတ်အော်သောင်းတင်း ချီးမွမ်းသြဘာ
ပေးကြလေသည်။

ထိုသို့ အကျော်ဇေယျသတင်း
နန်းတွင်းပရိသတ်တိုင်အောင် တစ်ဆင့်
စကားကြားသိသောအခါ နန်းတော်တွင်း
သို့ အခေါ်စေလွှတ်၍ ဒုတိယအကြိမ်
ပြန်ဆိုစေရာ ရှေးနည်းပမာ ပြန်ဆိုရ
သည်။ မောင်ရွှေဆင်အား မင်းတရား
သမီးတော်ကြီး(နောင်အခါ မင်းတုန်းမင်း
၏ တောင်ညာစံမိဖုရားခေါင်ကြီး စကြာ
ဒေဝီ) က ဆုလာဘ်တော်များနှင့် တကွ
ကမ္မဝါစာပထမအကျော်စာတော်ပြန်ဘွဲ့
ချီးမြှင့်ပြီးနောက် သမီးတော်



www.burmeseclassic.com

www.burmeseclassic.com





ဂဏာဝိမုတ်-စာချွန်တော်

ရှင်သာမဏေအဖြစ်သို့ သွတ်သွင်း၍ သာသနာ့အမွေခံယူစေပါသည်။ တနင်္ဂနွေသားဖြစ်၍ ရှင်ဣန္ဒဝံသဘွဲ့တော်မှည့်သည်။ ကိုရင်ရှင်ဣန္ဒဝံသ ပညာဆက်လက်သင်ကြားနေစဉ် ၁၂၀၈ ခုနှစ်၌ ပုဂံမင်း နန်းတက်၏။ ၁၂၁၂ ခုနှစ် အသက် (၁၉) နှစ်ပြည့်သောအခါ ဘွဲ့တော်ရ သာသနာပိုင်ဆရာတော်ကြီး ဦးဥေ ယျ ခမွကို ဥပဇ္ဈာယ်ပြုလျက် မွေးစားမယ်တော်မင်းသမီးကြီးကိုယ်တိုင် ရဟန်းမယ်တော်အဖြစ်ခံယူကာ အမရပူရမြို့ မဟာဝိဇယာရာမသိမ်တော်ကြီးတွင် မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိတော်မူသည်။

## ❑ ဆင်ဖြူတော်တစ်စီးပိဋကတ်သုံးပုံ

သာယာဝတီမင်းတရားလက်ထက် ကျောင်းသား၊ သာမဏေ၊ ပုဂံမင်းလက်ထက် ပဥ္စင်းခံ၍ မင်းတုန်းမင်းနန်းစံသော ၁၂၁၄ ခုနှစ်တွင် ရဟန်းသိက္ခာဝါရှိနှင့်ပြီးသောအရှင်ဣန္ဒဝံသသည် မင်းသုံးဆက်တိုင်တိုင် ပညာသင်ကြားပြီးနောက် ၁၂၁၉ ခုနှစ် ရဟန်းသိက္ခာ (၅) ဝါအရတွင် ဆွေတော်မျိုးတော်၊ ညီတော်၊ မယ်တော်တို့နှင့်တကွ လူသူမိတ်သတ်အပေါင်းကို တရားရေအေးတိုက်ကျွေးလိုသောအာသီသဖြစ်ရကား မင်းနှင့်မိဖုရား၊ ဗိုလ်ချုပ်စစ်ကဲနာခံအစရှိသူတို့၏လောဘသက္ကာယအပေါင်းတို့ကို မငဲ့မကွက် လွတ်လွတ်စွန့်ပစ်တော်မူပြီး ဆရာအရှင်သာရမဥ္ဇူသာနှင့်အတူ ဇာတိ ထားဝယ်သို့ စုန်ဆင်းကြွရောက်တော်မူသည်။ (လူကြီးသူမအများကမူ ဆရာတော် အရှင်သာရမဥ္ဇူသာသည် မိမိတပည့်ကို တိတ်တဆိတ်ခေါ်လာခဲ့ရသည်ဟု အဆိုရှိခဲ့ပါသည်။)

များမကြာမီ ဆင်ဖြူတော်တစ်စီး နေပြည်တော်မှ ဒူရကတိုင်း ထားဝယ်မြို့သို့ ပိဋကတ်သုံးပုံဆောင်လျက် ထွက်ခွာသွားလေပြီဆိုသောသတင်းမှာ အမရပူရ နေပြည်တော်၌ တောမီးကဲ့သို့ လျင်မြန်စွာ ပျံ့နှံ့သွားလေတော့သည်။ ထားဝယ်တွင် မူလဆရာတော်အရင်း၏ ကညွှ ရပ် မြေတိုက်ကျောင်း၊ ၎င်းမှတစ်ဖန် ကူးတို့ကျောင်းတွင် စာပေပို့ချသီတင်းသုံးနေထိုင်တော်မူသည်။

နေပြည်တော်၌ ပိဋကတ်သုံးပုံနှင့် နိကာယ်ကြီးများကို ဒိုးလိုမွှေလာခဲ့သော အရှင်ဣန္ဒဝံသသည် ကူးတို့ကျောင်း ရောက်ခါစတွင် ပါဠိတော်အဋ္ဌကထာ ကျမ်းကြီးကျမ်းခိုင်တို့ကို ပို့ချခွင့်မရဘဲ ကျောင်းသားသာမဏေရဟန်းငယ်များအား စာပေပရိယတ္တိသင်ကြားရေးကို အခြေခံကစတင်၍ပို့ချရသည်။ ကူးတို့ကျောင်း၌ သီတင်းသုံးနေစဉ် ဝိသတိ ဝိသဇ္ဇနာကျမ်းကို ရေးသားပြုစုတော်မူသည်။ ထို့နောက် ကူးတို့ရွာအရှေ့ဘက် အောက် ပုပွားတောင်ခေါ် စပါးတောင် ခြေရင်း တောရဝါးကျောင်း၌ သာသနာပြု သီတင်းသုံးသည်။

## ❑ တဘောင်နှင့်အညီ

'ပုပွားတောင်အောက်ဆင်ဖြူရောက်' တဘောင်အရ ပုပွားတောင်(စပါးတောင်) ခြေရင်းသို့ ဘုန်းကြီးရွှေဆင် (အရှင်ဣန္ဒဝံသ) ဟူသော ဆင်ဖြူတော်ရောက်ရှိခြင်းပင် ဖြစ်သည်။ ထိုသို့ ဘုန်းကြီးရွှေဆင်ရောက်ရှိလာချိန်တွင် ဘုန်းကြီးရွှေဆင်အား သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတော် သုံးသွယ်အရာတွင် တုနှိုင်းယှဉ်နိုင်သောပုဂ္ဂိုလ် မပေါ်ပေါက်ပေ။ ဤသည်ပင် 'ဆင်ဖြူချည်လောက် နွယ်မပေါက်' တဘောင်၊ သီလသမာဓိပညာအရာ ထူးချွန်ပုဂ္ဂိုလ်များပေါ်ပေါက်လာပါ၏။ သို့သော် ဘုန်းကြီးရွှေဆင်အား မတုပြိုင်နိုင်သဖြင့် ပေါက်သည့်နွယ်လည်း မချည်လောက်တဘောင်တို့ နှင့်ကိုက်ညီနေပြန်သည်။

'အောက်ရွှေပုပွားတောင်တလွှားမှာ စံပြြီးညီနောင်၊ တစ်ပွင့်တည်း၊ မီးလိုပြောင်' တဘောင်အရ အရှင်သာမဥ္ဇူသာသည် အရိုးတောင်ကျောင်း၊ အရှင်ဣန္ဒဝံသည် ကနိုင်းဒါကျောင်းဆရာတပည့်နှစ်ပါး တောရဆောက်တည်လျက် ပြိုင်တူသာသနာပြုကြသော်လည်း ဆရာ၏နာမည်မပေါ်ထွက်မထင်ရှားဘဲ တပည့်တစ်ဦးတည်းသာထင်ရှားသည်ဟု ဆိုလိုပါသည်။

## ❑ ပိဋကတ်တိုက်ကျောင်း

မန္တလေး ရတနာပုံ နေပြည်တော် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းနှင့် ရဟန်းမယ်တော်ကြီး စကြာဒေဝီ၊ စိန်တုံးမိဖုရားကြီးနှင့် ဘဏ္ဍာစိုး သုသီရိ သိင်္ဂါတို့လှူဒါန်းသော ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာများ၊ ပေမူများနှင့်အခြားကျမ်းစာအစုံစုံကို ထားရှိပူဇော်ရန်အတွက် ထားဝယ်မြို့ တလိုင်းထိန်ရပ်နေ ဦးစစ်ထိုင်-ဒေါ်ကျော့တို့က ၁၂၄၇ ခုနှစ်တွင် နှစ်ထပ်တိုက်အုတ်ကျောင်းကြီး တစ်ဆောင်ကို ပြာသာဒ်၊ စုလစ်မွမ်းချွန်နှင့် ထီးတော်တင်လှူကာ ဆောက်လုပ်လှူဒါန်းသည်။ အုတ်ကျောင်းကြီးအပေါ်ထပ်တွင် ပိဋကတ်တော်ကျမ်းစာများ၊ အောက်ထပ်တွင် (၃) ပေအမြင့်ရှိသော


www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရားကြီး၏တင်ပျဉ်ခွေရုပ်လုံးတော်ကို ကျွန်းသစ်ဖြင့် ထုလုပ်ပူဇော်ထားရှိပါသည်။ ထိုအခါမှစ၍ ကူးတို့/ကနိုင်းဒါတောရကျောင်းအခေါ် အဝေါ် တစ်စတစ်စ ရွေ့လျောကာ ပိဋကတ်တိုက်ကျောင်းဟူ၍သာ ယနေ့အထိတွင် ရစ်နေပေသည်။ဦးကုဏ္ဍဝံသအရှင်သူမြတ်သည်လည်း ပိဋကတ်တိုက်ဆရာတော်ဟု လူသိများထင်ရှားသည်။ ပိဋကတ်တိုက်ကျောင်းကြီးတောင်ဘက်၌ ပိဋကတ်တိုက်ကျောက်စာသမိုင်းရေးထိုးထားသောကျောက်စာတိုင်ရှိသည်။

## ❑ ပိဋကတ်တိုက်ဆရာတော်

ဆရာတော်သည် ပိဋကတ်စာပေကို ချောက်ချားစေနိုင်သော ပါရမီထူးအရှင်မြတ်ကြီးဖြစ်သော်လည်း ကျမ်းဂန်ရေးသားမှုများစွာမပြုနိုင်။ ကိုယ်ကျင့်တရားအလုပ်၌သာ အချိန်ပေးတော်မူလေ့ရှိပေသည်။ နေ့ဘက်တွင် စာဝါများပို့ချပေးပြီး ပိဋကတ်တိုက်ကျောင်းမှ အရှေ့တောင်အရပ် (၂) မိုင်အကွာရှိ သစ်ချိတ်တောင်တော၌ရစခန်းသို့ ညနေတိုင်း တစ်ပါးတည်း ကြွရောက်လျက် သမဏဓမ္မကို အားထုတ်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အလွန်အမင်း အောက်မေ့ နှလုံးသွင်းတော်မူသည်။ မုန့်ပဲသရေစာဆွမ်းဟင်းတို့ကို ဆွမ်းတော်မကပ်လှူဘဲ ဘုဉ်းပေးတော်မူလေ့မရှိပေ။ ထိုစဉ်က ပိဋကတ်တိုက်ကျောင်းသို့ သွားရေးလာရေးမလွယ်ကူသဖြင့် ဆန်၊ ဆီ၊ ဆေး၊ ဆား တစ်ခါတစ်ရံ ပြတ်လပ်မှုကြုံရလျှင် ကပ္ပိယကိုရင်ကြီးများက ရွာဆင်း၍ ဆွမ်းခြောက်အလှူခံထွက်ရန် လျှောက်ထားလျှင် ခွင့်မပြု။ ဘုရားအာရုံပြု၍ သာရှိခိုးစေ၏။ နောက်တစ်နေ့တွင် စားသောက်ဖွယ်ရာများ လှည်းကြီးလှည်းငယ်နှင့် ရောက်ချလာတော့သည်။

ဆရာတော်သည် ကျေးငှက်တို့၏ စကားကိုနားလည်သည်ဟုဆို၏။ တစ်ခါက ဆွမ်းစားကျောင်းအနီး သရက်ပင်ပေါ်မှ ကျီးနှစ်ကောင်တအားအားအော်သံကြားလေလျှင် -

"ကျီးမောင်နှံကတော့ ပြောနေတယ်။ တောင်ပူစာအရှေ့ဘက်နားမာလကာချုံပင်အောက်မှာ ချေတစ်ကောင် သေနေတယ်ဆိုပါလား"

ဟု အမိန့်ရှိသဖြင့် ကျောင်းသားများသွားကြည့်သောအခါ ချေသေကိုတွေ့ကြသည်။

တစ်ခါသော် ကျောင်းသားငယ်တချို့တစ်ဖက်နှင့်တစ်ဖက် အားကျမခံ-

"ဟဲ့ ကောန်သား၊ ဟဲ့ကောန်သား၊ မျစ်နှာမာဇမား၊ မျစ်နှာမာသံကွေ့ဘ့စေ့၊ ဘားတောင်န်ခေရင်းကေ့"


ထားဝယ်သံ ချပ်ထိုးလေလျှင် ကျောင်းတိုက်ရှိရဟန်းသာမဏေကျောင်းသားအားလုံးတို့အား -

"တပည့်တို့မှတ်ထားကြ၊ ဆရာတော်ရဲ့မွေးနှစ်က ၁၁၉၃ ဖြစ်တယ်။ ၁၂၉၃ မှာ အသက် (၁၀၀) ပြည့်မယ်။ ဆရာတော်မရှိပေမယ့် နှစ် (၁၀၀) ပြည့်ချိန်မှာ သံချောင်းကျောက်စရစ်ခဲတို့နဲ့ပြုလုပ်ထားတဲ့ မျက်နှာတော်ကို စပါးတောင်ခြေရင်းမှာ လူအများဖူးမြင်ကြရလိမ့်မယ်ဆိုတဲ့အတိတ်နိမိတ်ကွယ့်"

ဟူ၍ မိန့်တော်မူသည့်အတိုင်း ၁၂၉၃ ခုနှစ်တွင် စပါးတောင်ခြေရင်း၌ လောကသရဖူလှေကျောင်းတော်မူဘုရားကြီးကို အုတ်မြစ်ချတည်တော်မူသည်။

တစ်နေ့ ကျမ်းတတ်အကျော်တလိုင်းမော်ဆရာတော် အရှင်သုမန (ဘုန်းကြီးသိုင်း) ငယ်နုစဉ်က ဆရာတော်ဘုရားကြီးအား စာစမ်းရန် ကြံစည်လျက် ပိဋကတ်ကျမ်းအစုံထဲက အခက်ခဲဆုံးထင်သောအချက်များကို စီစဉ်လာခဲ့၏။ ရောက်သော် တစ်ခွန်းမျှမဟမီ စီစဉ်လာသည့်အချက်များကို ဆရာတော်ဘုရားကြီးက ဘယ်ကျမ်းက ဘယ်လို၊ ဟိုကျမ်းကဘယ်နည်း၊ အဘယ်ဆရာတော်က ဘယ်လို၊ ဟိုဆရာတော်က ဘယ်နည်း စသဖြင့် သဒ္ဒါနည်း အဘိဓမ္မာနည်းမျိုးစုံ ယူဆပုံတို့ကို ရှင်းလင်းမိန့်ကြားတော်မူလိုက်ရာ စာစမ်းရန်လာသော တပည့်အရှင်သုမနမှာ ပါးစပ်အဟောင်းသားဖြင့် ပြစ်မှားမိသော မိမိ၏မနောကံအတွက် လွန်စွာထိတ်လန့်သွားရလေသည်ဟူ၏။

တစ်နေ့နံနက် (၉) နာရီလောက်တွင် ဆရာတော်ဘုရားကြီးစံကျောင်းပေါ် အနားယူနေတော်မူစဉ် တပည့်ဖြစ်သူ အရှင်သီလက ပရိယတ္တိသာသနာတော်ထွန်းကားအောင် ပြုစုနိုင်ရန်



အမိုးတော်စာတိစေတီမြတ်ကမ္ပည်းကျောက်စာ

www.burmeseclassic.com

ထားဝယ်မြို့ပေါ်၌ စာသင်တိုက်တည်ခွင့် လျှောက်ထားလေသည်။ မိမိ၏ဥပဇ္ဈာယ် ယူအကျင့်သီရှိသော တပည့်ဖြစ်ပြီး စာပေပို့ချမှု၌ စိတ်ရှည်၍ သာသနာ့ ဝန်ထမ်းစိတ်ရှိကြောင်း ဆရာတော် ဘုရားကြီး ထူးထူးခြားခြားအမှတ်ထား တော်မူသည့်အလျောက် မည်သည့် အားကိုးနှင့် စာသင်တိုက်တည်မှာလဲ အမေးရှိသည်ကို အရှင်သီလက 'မိမိ သပိတ်ကိုအားကိုးပြီး တည်မှာပါဘုရား' ဟု ပြန်လည်လျှောက်ထားလေသော အခါ သာဓုသုံးကြိမ်ခေါ်၍ -

"ဘုရားသားတော်စစ်ပါပေတယ်။ အာဇာနည်ပီသပါပေတယ်။ ကြိုးစားပြီး သာသနာတော်တော်ကိုပြုစုကြ။ သာသနာ တော်ကြီးတိုးတက်မှ နတ်လူတို့ချမ်းသာ ရာရကြမှာ"

ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဆုံးမ ဩဝါဒမိန့်ကြားတော်မူခဲ့ပေသည်။

(နောင်အခါ အရှင်သီလမှာ ထားဝယ်မြို့ ဇေယျဝတီစာသင်ကျောင်း တိုက် ပထမဆရာတော်ဘုရားကြီးဖြစ် တော်မူ၏။)

ပိဋကတ်တိုက်ဆရာတော်ဘုရား ကြီးသည် သီလသမာဓိအလွန်ခိုင်ကျည် ပြီး ပညာဉာဏ်ထက်မြက်သည်။ သမဏ ဓမ္မကို အမြဲမပြတ် ကျင့်ကြံအားထုတ် တော်မူသည်။ ထို့ကြောင့်ပင်ထင်၏။ မိမိ ပျံလွန်တော်မူမည့်နေရက်နှင့် အချိန်ကို တစ်လခန့်ကြိုတင်၍ မိန့်ကြားထားတော် မူသဖြင့် ဆရာတော်ဘုရားကြီးပျံလွန် တော်မူပြီးနောက် တစ်နာရီတိတိအကြာ တွင် ဂူသွင်းသင်္ဂြိုဟ်နိုင်ခဲ့ပေသည်။

- **ဂဏဝိမုတ်စာချွန်တော်ရ ပိဋကတ်တိုက်ဆရာတော်**

၁၂၅၈ ခုနှစ်၊ သီတင်းကျွတ်လ ဆန်း ၉ ရက်နေ့စွဲဖြင့် ပခန်းသာသနာပိုင် ဆရာတော်ဘုရားကြီးထံမှ ပိဋကတ်တိုက် ဆရာတော်ကြီးတစ်ပါးကိုသာ ဂဏ ဝိမုတ်အရာထားကြောင်း ပထမစာချွန် တော်၊ ၎င်းနှစ် နတ်တော်လဆုတ်၁၃ရက် နေ့စွဲဖြင့် ဆရာတော်ကြီးနှင့် ကူးတို့ဂိုဏ်း ဝင် သံဃာတော်များကိုပါ ဂဏဝိမုတ်အရာ ထားကြောင်း ဒုတိယမြောက် စာချွန် တော်တို့ကို လက်ခံရရှိတော်မူသည်။

ဘုန်းတော်အလွန်တရာကြီးမြတ် တော်မူလှသော အနာဝရဏမဟာဝဇိရ သောဉာဏ်တော်တို့ဖြင့် ခြံရံအပ်သော သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏သားကြီးဩရသ အရှင် မဟာကဿပ စသော ရဟန္တာအရှင်မြတ် တို့၏သိဿာနုသိဿဖြစ်တော်မူကြကုန် သော ရှေးရှေးသော သာသနာပိုင်ဆရာ တော်ကြီးတို့ကဲ့သို့ သာသနာတော်မြတ် ဝန်ကိုရွက်ဆောင်တော်မူသော အတုမရှိ ကျောင်းတိုက်သမ္မုတိသာသနာပိုင်ပခန်း ကြီးဆရာတော် အမိန့်တော်ရှိသည်။

- **နန္ဒာသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု**

ထားဝယ်မြို့ ကူးတို့တောရပိဋကတ် တိုက်ကျောင်းနေ အရှင်ဣန္ဒဝံသကို ကူးတို့ဂိုဏ်းသံဃာတို့နှင့်အတူ ၁၂၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် နေ့ ဂဏဝိမုတ်အရာထားတော်မူသည်။ ဂိုဏ်းချုပ်၊ဂိုဏ်းအုပ်၊ဂိုဏ်းထောက်ဆို၍ အဆင့်အဆိုမရှိစေနှင့်။ ချမ်းသာစွာ ဂန္ထ ဓူရ၊ ဝိပဿနာဓူရတာရားနှစ်ပါးကို ပွားများ အားထုတ်နေထိုင်စေ။

*(စာချွန်တော်မူအတိုင်း)*

- **အရိုးတော်ဓာတ်စေတီမြတ်**

ပိဋကတ်တိုက်ကျောင်းမှ ကိုက် (၃၀၀) ခန့်အကွာ အထက်ကုန်းမြင့်စွယ် မြေမြတ်တွင် ကျေးဇူးရှင် ဆရာတော် ဘုရားကြီး သက်တော်ရာပြည့်အထိမ်း အမှတ် လောကသရဖူလျှောင်းတော်မူ ဘုရားကြီးကို ၁၂၉၃ ခုနှစ်၊ နတ်တော် လဆုတ်၃ရက်နေ့တွင် မြေတိုက်ကျောင်း ဆရာတော်ဦးဣသိန္ဒထေရ်မြတ် အုတ်မြစ် ချတည်တော်မူသည်။ လျှောင်းတော်မူ ဘုရားကြီးမျက်နှာမူရာအရှေ့တည့်တည့် ကုန်းမြင့်အောက် မြေကွက်လပ်၌ ပိဋကတ် တိုက်ဆရာတော်ဘုရားကြီး၏ အရိုး တော်ဓာတ်စေတီမြတ် တည်ရှိသည်။ စေတီ၏ အနောက်တောင်ထောင့်တွင် ဆရာတော်ဘုရားကြီးပျံလွန်တော်မူသည် မှစ၍ အရိုးတော်စေတီမြတ်တော်တင်လှူ သည့်တိုင်အောင် ခုနှစ်၊ လ၊ ရက်တို့ကို အမှတ်အသားထားသော ကမ္ပည်း ကျောက်စာရှိသည်။

၁၂၇၉၊ တပေါင်းလဆန်း ၂ ရက် တနင်္လာနေ့နံနက် ပန္နက်ရိုက်၍ ၎င်း လဆုတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၉) နာရီအချိန် ရွှေတောင်ဆရာတော် အကြီးအမှူးပြု၍ ဆရာတော်သံဃာ တော် ရဟန်းပရိသတ်၊ လူပရိသတ် အပေါင်းတို့သည် ရှစ်ရပ်ရှစ်ရွာရှစ်ဌာန၌ ရွှေအုတ်၊ ငွေအုတ်၊ ကြေးအုတ်တို့ဖြင့် အုတ်မြစ်ချကြောင်း၊ ၁၂၈၀ ပြည့်နှစ် နှောင်းတန်ခူး လဆုတ် ၂ ရက်၊ ဗုဒ္ဓဟူး နေ့ နံနက်(၉) နာရီအချိန်တွင် သရီရ ဓာတ်တော်၊ ရုပ်ပွားတော်ဆင်းတုတော် များစွာပဋိစ္စသမုပ္ပါဒ်တို့ကို ပထမဌာပနာ ခြင်း၊ အထူးအားဖြင့် သတ္တဌာနပုံတော် နှင့်တကွ ဘိုးတော်၊ ဘွားတော်၊ ခမည်း တော်၊ မယ်တော်၊ သားတော်၊ လက်ယာ ရံ၊ လက်ဝဲရံ စသော ပုံတော်အပေါင်း တို့ကို သင့်လျော်သောနေရာတော်များ တွင် နောက်ထပ် (၁၃) ကြိမ်၊ စုစုပေါင်း (၁၄)ကြိမ်ဌာပနာခြင်းကိုပြုကြောင်း၊ ၎င်း အရိုးအိုးစေတီတော်၏ ပမာဏ စတုရန်း အကျယ်ထုတ်ချင်းပေါက် သံတောင်(၅၀) တစ်ပေစွန်း၊ ပန်းအိုးခြသေ့်တုံး အဆုံး သံတောင် (၆၀) တစ်ပေစွန်းရှိ၍ ဉာဏ် တော်အမြင့် သံတောင် (၅၀) တစ်ပေ စွန်းရှိကြောင်း၊ ၁၂၈၂ ခုနှစ် တပေါင်း လဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့နံနက် (၉) နာရီအချိန် ထီးတော်တင်၍ အောင်မြင် ကြောင်း ဖတ်ရှုမှတ်သားရပါသည်။

ဆရာတော်ဘုရားကြီးဦးဣန္ဒဝံသ အရှင်သူမြတ်ထေရ်သည် ပိဋကတ်တိုက် ကျောင်း၌ ၁၂၄၉ ခုနှစ်မှ ပျံလွန်တော်မူ သည့် ၁၂၇၉ ခုနှစ်အထိ နှစ်ပေါင်း (၃၀) တိုင်တိုင် သီတင်းသုံးတော်မူပြီး သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၇) ဝါ၊ သာသနာနှစ် ၂၄၆၁ ခုနှစ်၊ ခရစ်နှစ် ၁၉၁၇ ခုနှစ်၊ မြန်မာနှစ် ၁၂၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် နေ့ နံနက် (၁၀) နာရီ၊ (၁၅) မိနစ်တွင် တိတ်ဆိတ်ငြိမ်သက်စွာ တရားနှလုံးသွင်း လျက် ဘဝနတ်ထံပြောင်းကြွစံတော်မူခဲ့ ပါသည်။ ဥတုဇရုပ်ကလာပ်အလောင်း တော်မြတ်ကို ယင်းနေ့နံနက် (၁၁) နာရီ၊ (၁၅) မိနစ်အချိန် ဂူသွင်းသင်္ဂြိုဟ်ပြီးစီး မူပေသတည်း။

မောင်စိမ်းထွေး (ထားဝယ်)

ကျမ်းကိုး -

၁။ ဂဏဝိမုတ်စာချွန်တော်ရ ကူးတို့ နိကာယသာသနာ့ဝင်ကျမ်း ဆရာတော်ဘဒ္ဒန္တကောသလ္လ (မော်စရိယ)

၂။ လောကသရဖူ လျှောင်းတော်မူဘုရား ကြီးသမိုင်း ဦးကျော်စိုး၊ သာသနာ့ဓဇ သီရိပဝရ (မော်စရိယ)

၃။ ကူးတို့ကျောင်း ဂေါပကအဖွဲ့ဝင် ဦးမောင်ဝင်းပြောပြချက်

၄။ ကိုယ်တိုင်ကွင်းဆင်းလေ့လာမေးမြန်း ချက်များ



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင် ပါးရိုးတော်ဓာတ်စေတီဘုရားသမိုင်း

## မဟာနွယ်(မန်းတက္ကသိုလ်)

### ❑ ဘုရားဒါယိကာမပတ္တမြားဒေဝီစောမဲကျီ

ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်း (ဝမ်းဘဲကျွန်း) ရမ်းဗြဲမြို့နယ် ကျောက်ချောင်းတိုက်နယ်၏ကျက်သရေဆောင် ပါးရိုးတော်ဓာတ်စေတီတော်ကို မိဖုရားပတ္တမြားဒေဝီစောမဲကျီသည် ရခိုင်ကောဇာနှစ် ၈၉၅ ခုနှစ်တွင် တည်ထားတော်မူခဲ့ပါသည်။

### ❑ ဓာတ်တော်၏တည်နေရာ

ကျောက်ချောင်းတိုက်နယ် ကျောက်နဂါးကျေးရွာအုပ်စု ကုန်ပေါင်ကျေးရွာ၏ မြောက်ဘက် တောင်တော်ပေါ်တွင် တည်ရှိပါသည်။

### ❑ ဝိုင်းရံခစား တောင်တော်များ

အဆိုပါ တောင်တော်ကို အဖိုးတောင်၊ ငလုံးဂိတ်ကေတောင်၊ သိမ်တောင်၊ တောင်ညိုတောင်၊ သင်မနီတောင်၊ ပက်ကြည်တောင်နှင့် ကျောက်စရိန်တောင်တို့က ဝိုင်းရံခစားလျက်ရှိကြပါသည်။

### ❑ ဘုရားတည်ထားပန်းရန်များ

ပါးရိုးတော်ဓာတ်စေတီတော်မြတ်ကို ပန်းရန်ဆရာဦးရွှေသီးနှင့်အဖွဲ့တို့က တည်ထားခဲ့ကြပါသည်။

### ❑ ဓာတ်တော်အား ပြုစုကြရာ များသံယာ

မိဖုရား ပတ္တမြားဒေဝီ စောမဲကျီ တည်ထားခဲ့သော ဘုရားစေတီတော်မှာ မိုးဒဏ်လေဒဏ်နှင့်အပူဒဏ်တို့တိုက်ခတ်ဖျက်ဆီးကြသဖြင့် အနည်းငယ် ပျက်စီးယိုယွင်းလာခဲ့ပါသည်။

ထိုအခါ ကျောက်ချောင်းတိုက်နယ် လက်ပံပြင်ကျောင်းဆရာတော် (သဒ္ဓတ်နီတောင်တောရဆရာတော်) ဘုရားကြီးက စတင်ပြုစုမွမ်းမံစောင့်ရှောက်လာခဲ့ပါသည်။

သဒ္ဓတ်နီတောင်တောရကျောင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ကျောက်ချောင်းတိုက်နယ် အနောက်ရွာကျေးရွာအုပ်စု ဇော ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တဥတ္တ မဟာထေရ်မြတ်က ဆက်လက် ပြု စောင့်ရှောက် ထိန်းသိမ်းလာခဲ့ပါသည်

ဇောမိကျောင်းဆရာတော်ဘုရားကြီးဘဒ္ဒန္တဥတ္တမမဟာထေရ်ပျံလွန်တော်မူပြီးနောက် ကျောက်နဂါးကျေးရွာအုပ် ပြားကျောင်းဆရာတော်ကြီး သီဟိုဠ်ပြ ဘဒ္ဒန္တမဟိန္ဒမဟာထေရ်မြတ်မှဆက်လ ပြုစုမွမ်းမံစောင့်ရှောက်ထိန်းသိမ်းလာ ပါသည်။

### ❑ သိမ်တော်သမုတ်ခြင်း

ဘဒ္ဒန္တမဟိန္ဒမဟာထေရ်မြတ်သ ရခိုင်သက္ကရာဇ် ၁၂၉၄ ခု၊ တပို့တွဲလဆ ဆယ့်ငါးရက်နေ့တွင် စေတီတော် မြောက်ဘက် တောင်တော်ပေါ် သိမ်တော်ကိုသမုတ်ခဲ့ပါသည်။ ထိုတော ကို သိမ်တော်တောင်ဟု ခေါ် ဆိုခဲ့



ပါးရိုးတော်ဓာတ်စေတီတော်အား အဝေးမှ ရှုမြင်ရပုံ



ပါးရိုးတော်ဓာတ်စေတီတော်အား လှေကားမုခ်ဘောဇောင်းမှ ရှုမြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဆရာတော် ဘဒ္ဒန္တ မဟာထေရ် ပျံလွန်တော်မူပြီးနောက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တမေဓာဝီမဟာထေရ်မြတ်က ဆက်လက်ပြီးပြုစုစောင့်ရှောက်ထိန်းသိမ်းလာခဲ့ပါသည်။

ဘဒ္ဒန္တမေဓာဝီမဟာထေရ် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း အောင်လှပြင်ကျေးရွာအုပ်စု အောင်လှပြင်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသမဟာထေရ်က ဆက်လက် ပြုစုစောင့်ရှောက် ပြုပြင်မွမ်းမံလာခဲ့ပါသည်။

❑ ဓမ္မာရုံကျောင်းတော်ဆောက်လုပ်ခြင်း

ရခိုင်ကောဇာနှစ် ၁၃၃၂ ခုနှစ်၊ ဘဒ္ဒန္တအဂ္ဂဝံသမထေရ်သည် ပါးရိုးတော်ဓာတ်တော်၏အောက်ပစ္စယံရင်ပြင်တော်ပေါ်တွင် ဓမ္မာရုံကျောင်းတော်ကို ဆောက်လုပ်ခဲ့ပါသည်။

❑ သဒ္ဓါဒါနရှင်လန်းမှန်သက်န်း

ဘဒ္ဒန္တအဂ္ဂဝံသမထေရ်သည် ရခိုင်ကောဇာသက္ကရာဇ် ၁၃၃၄/၃၅ ခု၊ တန်ခူးလတွင် မှန်သက်န်းတော်ကို ဓာတ်တော်လုံးပတ်ပြည့်သည်အထိ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက်တွင် ကျောက်နဂါးကျေးရွာအုပ်စု ကျောက်နဂါးကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတမထေရ်နှင့် ကျောက်ချောင်းတိုက်နယ်မှသံဃာတော်အရှင်မြတ်များက ကြီးကြပ်ကွပ်ကဲစီမံတော်မူ၍ ကျောက်ချောင်းတိုက်နယ်ဂေါပကအဖွဲ့မှတစ်ဖန် မှန်သက်န်းတော်ကို ရခိုင်ကောဇာသက္ကရာဇ် ၁၃၄၆ ခုနှစ်၊ တပို့တွဲလတွင် ဆက်ကပ် လှူဒါန်းခဲ့ကြပါသည်။

ရခိုင်ကောဇာသက္ကရာဇ် ၁၃၄၇ ခု၊ တပို့တွဲလတွင် ပါးရိုးတော်ဓာတ်စေတီတော်မြတ်၏ရင်ပြင်ပေါ်တွင် တိုက်နယ်သံဃာတော်အရှင်မြတ်များက ကြီးကြပ်ကွပ်ကဲကာ ကျောက်ချောင်းတိုက်နယ် ပါးရိုးတော်ဓာတ်ဂေါပကအဖွဲ့မှ ကြွေပြားများကိုစတင်ပြီးခင်းခဲ့ကြပါသည်။

❑ ဘဒ္ဒန္တရာဇိန္ဒမဟာထေရ်

ကျောက်နဂါးကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတမထေရ်နှင့်ကျောက်ချောင်းတိုက်နယ်ရှိ သံဃာတော်အရှင်မြတ်များက လျှောက်ထား တောင်းပန် ပင့်ဖိတ်သောကြောင့် ဆရာတော်ဘဒ္ဒန္တရာဇိန္ဒမဟာထေရ်သည် ပါးရိုးတော်ဓာတ်စေတီတော်မြတ်အနီး ကျောင်းတော်ကြီးတွင်



ပါးရိုးတော်ဓာတ်စေတီတော်အား လှေကားရင်းတည့်တည့်မှ ဖူးမြင်ရပုံ



သိမ်တော်အတွင်း၌ သီတင်းသုံးနေသော ဗုဒ္ဓဘုရားရှင်များနှင့် ရဟန္တာ၊ ပဥ္စဝဂ္ဂီငါးဦး

ရခိုင်ကောဇာသက္ကရာဇ် ၁၃၄၇ ခုနှစ်၊ ဝါဆိုလတွင်သီတင်းသုံးကာ စေတီတော်မြတ်အား ပြုစုစောင့်ရှောက်ထိန်းသိမ်းလာခဲ့ပါသည်။

❑ ဘဒ္ဒန္တရေဝတမထေရ်

ဘဒ္ဒန္တရာဇိန္ဒမထေရ် ပျံလွန်တော်မူပြီးနောက် ကျောက်နဂါးကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတနှင့်ကျောက်ချောင်းတိုက်နယ်မှ သံဃာတော်အရှင်မြတ်များက လျှောက်ထား ပင့်ဖိတ်ချက်ကြောင့် ဘဒ္ဒန္တရေဝတမထေရ်မြတ်သည် ရခိုင်ကောဇာသက္ကရာဇ် ၁၃၅၁ ခုနှစ်၊ ဝါဆိုလတွင် စေတီတော်အနီး ကျောင်းတော်ကြီး၌ သီတင်းသုံးကာ စေတီတော်မြတ်ကြီးအား ပြုစုစောင့်ရှောက်ထိန်းသိမ်းလာခဲ့ပါသည်။

❑ ပဋ္ဌာန်းအသံနယ်လုံးညံ့

အဖိုးတောင်ကျောင်း၌ ခေတ္တတစ်ဝါဆိုကာ သီတင်းသုံးခဲ့သော ဆရာတော် ဘဒ္ဒန္တနန္ဒကမဟာထေရ် (ယခုအချိန်ပြင်ကျောင်း)ဆရာတော်က အကျိုးတော် ဆောင်ရွက်၍ ကျောက်ချောင်းတိုက်နယ်ရှိ သံဃာတော်အရှင်မြတ်များက ပါးရိုးတော်ဓာတ်စေတီတော်ရင်ပြင်ပေါ်တွင် ရခိုင်ကောဇာသက္ကရာဇ် ၁၃၄၈ ခု ကဆုန်လဆန်း ၁၁ ရက်မှစ၍ လပြည့်နေ့အထိ (၅) ရက်တိုင်တိုင် ပဋ္ဌာန်းဒေသနာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ကြပါသည်။

ထိုနှစ်မှစတင်၍ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲတော်ကိုလည်း နှစ်စဉ်နှစ်တိုင်း စည်ကား သိုက်မြိုက်စွာ ကျင်းပလာခဲ့ကြပါသည်။ ပဋ္ဌာန်းဒေသ



www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်မင်းသန့်နိုင်

# နွားဦးချိုနာ ဂရုစိုက်ကုပါ

နွားများ ဦးချိုနာသည် ဂရုတစိုက် မကုသလျှင် ပျက်စီးတတ်သည့်အခြေအနေအထိ ဆိုးရွားတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဦးချိုအနာမှ ပိုးဝင်လောက်တက်ပြီး ဦးခေါင်းအတွင်းပိုင်းအထိ အလွယ်တကူ ထိခိုက်တတ်သောကြောင့်ဖြစ်သည်။ အရွယ်ကောင်း၊ အင်အားပြည့်ဖြိုး၊ သွက်လက်ဖျတ်လတ်သောခိုင်းနွားကြီးများ၊ နွားသိုးနွားပျိုများ ဦးချိုအနာကြောင့် ပျက်စီးသွားလျှင် မိမိအတွက်သာမက တိုင်းပြည်အတွက်ပါ လုပ်ငန်းစွမ်းအား၊ အုတ်တစ်ချပ်သဲတစ်ပွင့်ဆိုသလို ဆုံးရှုံးမှုဖြစ်ရပါသည်။ သို့အတွက် နွားဦးချိုနာဖြစ်လာလျှင် ဂရုစိုက်ကုပါဟု။

နွားများဦးချိုနာဖြစ်ရခြင်းသည် သူ့အလိုအလျောက်ဖြစ်ပေါ်လာသောအနာမဟုတ်ပါ။ထိခိုက်မှုတစ်ခုခုကြောင့်သော်လည်းကောင်း၊ တစ်ကောင်နှင့်တစ်ကောင် ဝှေ့ရာမှလည်းကောင်း အဖြစ်များပါသည်။ ဖြစ်တောင့်ဖြစ်ခဲအခြားအကြောင်းတစ်ခုမှာ နွားသည် ရာသီဥတုအပြောင်းအလဲကြောင့် မကျန်းမာ၊ အစားပျက်၊ ပိန်လှီသွားသောအခါ ဦးချိုသည် အရစ်ရစ်ပြီး တိုးထွက်ရရာ ထိုအရစ်မှ ဦးချို၏အပေါ်ယံအခွံမာသည်ကျွတ်ထွက်သွားပြီး ဦးချိုအနုမှ သွေးထွက်အနာဖြစ် လောက်တက်လာတတ်ပါသည်။ ထို့ပြင် နွားဦးချိုလှပအောင်လှီးဖြတ်ပြုပြင်ရာမှ ပြုပြင်သူမကျွမ်းကျင်လက်လွန်သွားသဖြင့် အနာဖြစ်တတ်ပါသည်။ (ဥပမာဆိုရလျှင် နွားဦးချိုကျွတ်ခြင်းသည် လက်သည်း၊ ခြေသည်းကျွတ်သည့်သဘောမျိုးဖြစ်ပြီး နွားဦးချိုပြင်ရာ လက်လွန်သွားခြင်းသည် ဆံပင်ညှပ်ရာမှ ဓားထိသွားခြင်းမျိုးဖြစ်ပါသည်။ ဥပမာပေးရတာ သိပ်တော့မကောင်းပါ။ မြင်လွယ်အောင်ရေးပြခြင်း ဖြစ်ပါသည်။)

မည်သို့ပင်ဖြစ်စေ နွားဦးချိုနာဖြစ်လာကြုံတွေ့လာရပါက ပိုးမဝင်လောက်မတက်စေရန် အောက်ပါစည်းဆေးအမြန်ဆုံးပြုလုပ်စည်းပေးထားပါ။ တစ်ကြိမ်စည်းပေးထားလျှင်ပြီးပါသည်။

မြန်မာဆေးရွက်ကြီးခြောက်လက်တစ်ဝါးခန့်အမှုန့်ကြိတ်ပါ။

ပရုတ်လုံးတစ်လုံး၊ ထန်းလျက်တစ်လုံးကြိတ်ပါ။

ကွမ်းစားထုံးသင့်အောင်ထည့်ပါ။

အထက်ပါ ဆေးအမည်များ သမအောင်နယ်မွှေပြီး ဦးချိုအနာဦးချိုပတ်လည်သုတ်လိမ်းအုံစည်းပေးထားလိုက်ပါ။ အနာပျောက်ကင်းခြောက်သွေ့သွားသောအခါ စည်းထားသည့်ပတ်တီး အလိုအလျောက်ကျွတ်ထွက်သွားပါလိမ့်မည်။ လက်တွေ့ ဦးချိုကျွတ်သော၊ ဦးချိုနာဖြစ်သောနွားများစွာကို အသုံးပြုပျောက်ကင်းခဲ့သောစည်းဆေး ဖြစ်ပါသည်။ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် တင်ပြရေးသားလိုက်ပါသည်။

*တိုးတက်ကြီးပွားကြပါစေ*

နတ်မောက်မင်းသန့်နိုင်

---

နာတော်အသံမှာလည်း ကျောက်ချောင်းတိုက်နယ်တစ်ခုလုံးသို့ပျံ့နှံ့ကာ နာကြားကြရပါသည်။

ပါးရိုးတော်ဓာတ်တော်၏ဘုရားပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာ ပဌာန်းပွဲတော်နှင့်အတူ ကျင်းပလာကြပါသည်။

**❑ သိမ်တော်ဆောက်ရာမင်္ဂလာချိန်ခါ**

ဘဒ္ဒန္တနန္ဒကမဟာထေရ်မြတ်သည် ပြားကျောင်းဆရာတော် သီဟိုဠ်ပြန် ဘဒ္ဒန္တမဟိန္ဒမဟာထေရ် သမုတ်တော်မူခဲ့သော သိမ်တော်ကြီးကိုလည်း သိမ်အဆောက်အအုံဆောက်လုပ်ရန် ရခိုင်ကောဇာသက္ကရာဇ် ၁၃၄၉ ခု၊ တပို့တွဲလဆန်း ၁၅ ရက်နေ့တွင် သိမ်တော်ကြီးကို ပန္နက်တင်အုတ်မြစ်ချကာ ဆောက်လုပ်ခဲ့ကြပါသည်။

**❑ ပန်းရန်ထွန်းပြောင် ဦးမှဲ့ထွန်းအောင်**

အုတ်တိုက်သိမ်တော်ကြီးကို ခံ့ညားထည်ဝါစွာဆောက်လုပ်ကြသော ပန်းရန်ဆရာများမှာ ဆရာဦးမှဲ့ထွန်းအောင်နှင့်အဖွဲ့ ကလန်ကြန်းကျေးရွာ ကျောက်ဖြူမြို့နယ် ဖြစ်ကြပါသည်။

**❑ ဘုရားဆင်းတုတည်ထားမြဲ**

ရခိုင်ကောဇာသက္ကရာဇ် ၁၃၅၀ ပြည့်နှစ်၊ တပို့လတွဲလပြည့်နေ့တွင် သိမ်တော်ကြီးအတွင်း ဘုရားတည်ရန် ပလ္လင်တော်အုတ်မြစ်ကိုချခဲ့ကြ၏။ အဆိုပါပလ္လင်တော်ပေါ်၌ ဇမ္ဗူပတိမင်းချုတ်ခန်း၊ ဘုရားရုပ်တုတော်တစ်ဆူကို ပထမစတင်တည်ခဲ့ကြပါသည်။

ထိုဘုရားရှင်၏လက်ဝဲတော်ဘက်၌ မေ့စကြာတရားဟောနေဟန် ဘုရားရုပ်တုတော်မြတ်တစ်ဆူကို ဒုတိယထပ်မံတည်ခဲ့ကြပြန်ပါသည်။ ဇမ္ဗူပတိချုတ်ခန်းဘုရားရုပ်တုတော်မြတ်၏လက်ယာတော်တွင် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူပုံ ဆင်းတုတော်မြတ်တစ်ဆူကို တည်ထားခဲ့ပြန်ပါသည်။

**❑ ပန်းရန်တော်သူ ဦးကျော်ဖြူ**

ဆင်းတုတော်ဘုရားများကို တည်ကြသော ပန်းရန်ဆရာများမှာ ဆရာဦးကျော်ဖြူနှင့်အဖွဲ့၊ နံဂါးကျေးရွာ လေးတောင်တိုက်နယ်၊ ရမ်းဗြဲမြို့နယ်တို့ ဖြစ်ကြပါသည်။

မိဖုရား ပဏ္ဍမြားဒေဝီ စောမဲကျိ တည်ထား ကိုးကွယ်ခဲ့သော ပါးရိုးတော်ဓာတ်တော်စေတီတော်ကား တစ်ခါတစ်ရံ ရောင်ခြည်တော်ကွန့်မြူးခြင်း၊ ညဥ့်အချိန်တွင် ဘုရားဖူးနေကြသော ရဟန်းလူတို့ကို တွေ့မြင်ရခြင်း စသော အဖြစ်ဆန်းတို့ကို ကြုံတွေ့ရပေသည်။

မည်သို့ပင်ဆိုစေ မိဖုရားပဏ္ဍမြားဒေဝီစောမဲကျိ တည်ထားခဲ့သော ဘုရားများအနက် တန်ခိုးကြီးသောဓာတ်တော်စေတီတော်တစ်ဆူ ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုပါသည်။ ပါးရိုးတော်အထွတ်ရောင်ခြည်လွှတ်နေသောဓာတ်တော်ကို လာရောက်ဖူးမြော်ကြည်ညိုကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

မဟာနွယ်(မန်းတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

(စာပေဗိမာန်စာမူဆုရ)

# မောင်မောင်မိုးအောင်

## နတ်ဘီလူး၊ ဖုတ်ပြိတ္တာ၊ စုန်းကဝေတို့၏ ချစ်ခင်မှုရစေသောဂါထာနှင့်မနောမယိဒ္ဓိဂါထာ



**စမကြီးလေးလုံးဂါထာတော်**

❑ စက္ခုမာစရ မာစိဏ္ဏော၊
မမ္မညူ မမ္မသာမိကော။
ဗလုပေတော ဗလမရော၊
ဝရဒေါ ဒေတု မေ ဝရံ။

**စက္ခုမာ** - မံသပညာနှစ်ဖြာသော စက္ခုနှင့် ပြည့်စုံတော်မူထသော၊ **စရံ** - စရဏတရား တစ်ဆယ့်ငါးပါးကို၊ **အာစိဏ္ဏော** - အမြဲမပြတ် လေ့ကျင့်တော်မူအပ်ပြီးထသော၊ **မမ္မညူ** - တရားအားလုံး သိမ်းကျုံးသိမြင်တော်မူပြီးထသော၊ **မမ္မသာမိကော** - တရားပိုင်ရှင်ဖြစ်တော်မူပေထသော၊ **ဗလမရော** - ကိုယ်တော်အင်အား ဆယ်ပါးကိုလည်း ဆောင်တော်မူထသော၊ **ဝရဒေါ**-မြင့်မြတ်သမှု နိဗ္ဗာန်ဆုကိုလည်းပေးတော်မူတတ်သော- မြတ်စွာဘုရားရှင်သည်၊ **မေ** - အကျွန်ုပ်အား၊ **ဝရံ** - ကောင်းကျိုးစုစုမြတ်သောဆုကို၊ **ဒေတု** - လျင်စွာမနှေးပေးသနားတော်မူပါ အရှင်ဘုရား။

ဤဂါထာသည် ဘုရားဂုဏ်တော်များကို ဖွဲ့ဆိုထားပြီး ထိုဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော ဘုရားရှင်အား ကောင်းမြတ်သောဆုကို ပေးသနားရန် လျှောက်ထားသောဂါထာ ဖြစ်သည်။

'စက္ခုမာ၊ မမ္မညူ၊ ဗလုပေတော၊ ဝရဒေါ'

ဟူသော ဂါထာ (၄) ပါဒ၏ အစရှိ ပါရှိသော အက္ခရာလေးလုံးကို ကောက်ယူ၍ စ၊ မ၊ ဗ၊ ဝ ဂါထာဟု အတိုကောက်ခေါ်ကြသည်။

ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လောကီသိဒ္ဓိအမျိုးမျိုးတို့ ရရှိစေနိုင်ပါသည်။ နေ့စဉ်ရွတ်ဖတ်ပူဇော်ပါက လောကီရေးရာကိစ္စ၊လောကုတ္တရာရေးရာကိစ္စများ၌ အလွန်အကျိုးများသည်။ အခေါက် (၁၀၀၀) ရွတ်ပြီး ပုတီးစိပ်ပါက အန္တရာယ်ကင်းသည်။ စီးပွားလာဘ်လာဘတိုးတက်သည်။ကြံသမျှအောင်၍ ဆုပ်သမျှကိစ္စပြီးစီးသည်ဟု ရှေးဆရာအစဉ်အဆက်တို့ ပြောဆိုမှတ်တမ်းတင်ခဲ့ကြသည်။

ဤဂါထာသည် လောကဓာတ်တစ်ခုလုံး အသာဆုံး၊ အမြတ်ဆုံးဖြစ်သော မြတ်စွာဘုရား၏ ဂုဏ်တော်ကို ထုတ်ဖော်ရွတ်ဆိုခြင်းဖြစ်၍ အကန့်အသတ် အတိုင်းအဆမရှိ အသာဆုံးအမြတ်ဆုံးသောအကျိုးကို ရရှိစေပြီး မဂ်ဖိုလ်နိဗ္ဗာန်အထိ အဆင့်ဆင့်သော အကျိုးထူးကို ရရှိနိုင်သည်။

**'ဧ'ကိုးချက်ဂါထာ**

❑ ဧကစိတ္တံ ဝိစိန္တေတွာ၊
ဧကမ္မံ သုနိသတိ၊
ဧသေတော ဧသမောလောကေ၊
ဧကရာဇတိပါကဋော။
ဧသတိ သမ္မာ သမ္ဗုဒ္ဓံ၊
ဧသတိ ဓမ္မမုတ္တမံ၊
ဧသတိ မဂ္ဂမုဂ္ဂယှ၊
ဧသတိ ပန တေနမော။

**ဧသတော** - နိဗ္ဗာန်ရောက်ကြောင်းတရားကို ရှာမှီးတတ်သောသူအား၊ **ဧသမောလောကေ** - ရှာမှီးအပ်သောသဘောရှိသော လောကဓာတ်တစ်ခွင်လုံး၌၊ **ဧကရာဇတိ** - ပြိုင်သူဘက်ကင်းတစ်ဆူတည်းသောမင်းဟူ၍၊ **ပါကဋော**- ထင်ရှားကျော်ကြားတော်မူသော၊ **ယော**- အကြင်မြတ်စွာဘုရားသည်၊ **ဧကစိတ္တံ**- တစ်ခုတည်းသော ကောင်းမြတ်သော အကြံအစည်ကို၊ **ဝိစိန္တေတွာ** - ကြံစည်တော်မူပြီး၍၊ **ဧကမ္မံ** - နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတစ်ခုကိုသာ လျှင်၊ **သုနိသတိ** - ကောင်းစွာ ညွှန်ပြဆုံးမတော်မူပေ၏။

**တံ သမ္မာ သမ္ဗုဒ္ဓံ** - ထိုမြတ်စွာဘုရားကို၊ **ယော** - အကြင်သူသည်၊ **ဧသတိ** - ရှာမှီး၏။ **ဓမ္မံ** - ဘုရားဟောဖော်တရားတော်ကို၊ **ဧသတိ** - ရှာမှီး၏။ **ဥတ္တမံ** - ဘုရား၏ တပည့်တော်မြတ်ကို၊ **ဧသတိ**- ရှာမှီး၏။ **ဥဂ္ဂယှ** - စွဲမြဲသမှု အာရုံပြု၍၊ **မဂ္ဂံ** - နိဗ္ဗာန်ရောက်ခန်း ခရီးလမ်းကို၊ **ဧသတိ** - ရှာမှီး၏။ **ဥဂ္ဂယှ** - စွဲမြဲသမှု အာရုံပြု၊ **မဂ္ဂံ** - နိဗ္ဗာန်ရောက်ခန်း ခရီးလမ်းကို၊ **ဧသတိ** - မှီး၏။ **ဧသတော** - ထိုထိုအရာရာကို ရှာမှီးတော်မူသော၊ **တေ** - ရှင်တော်ဘုရားအား၊ **နမော** - သက္ကစ္စ ရိုကျိုး တပည့်တော်၏ ရှိခိုးခြင်းသည်၊ **အတ္ထု** - ဖြစ်ပါစေသတည်း။

ဤဂါထာသည် ရှေးပညာရှိကြီးများ 'ဧ' ကိုးချက်ပါအောင် စီထားသော ဂါထာ ဖြစ်သည်။ ဘုရား၊တရား၊သံဃာ ရတနာသုံးပါးကို ရှာမှီး၍ ကိုးကွယ်ဆည်းကပ်ပုံကို ဖော်ပြသောဂါထာ ဖြစ်သည်။ ဤဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်ပညာတိုးပွားသည်။ မှတ်ဉာဏ်ကောင်းသည်၊ ပေးကမ်းချီးမြှောက်လှူသူများနှင့်အမြဲတွေ့ဆုံတတ်သည်။ ကောင်းသောစကားကို အမြဲကြားရတတ်သည်။ ကောင်းသောအိပ်မက်ကို အမြဲမြင်မက်ရတတ်သည်။ လာဘ်လာဘရွှင်သည်။ လောကီ၊လောကုတ္တရာနှစ်ဖြာလုံးအတွက် ကောင်းကျိုးများသည်ဟု ဆရာအစဉ်အဆက် မှတ်သားပြောဆိုခဲ့ကြသည်။

ဤဂါထာသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှာမှီး၍ ရှိခိုးပူဇော်ကန်တော့ပုံကို ဖော်ပြထားသော ဂါထာဖြစ်၍ ယုံကြည်စွဲမြဲစွာ ရွတ်ဖတ်ပူဇော်ပါက ဖော်ပြခဲ့ပြီးသော အကျိုးတရားများထက် သာလွန်မြင့်မြတ်သော အကျိုးတရားကို ဧကန်ရရှိနိုင်သည်။

**မနောမယိဒ္ဓိဂါထာ**

၁။ အနေက သတာ သမ္ဗုဒ္ဓါ၊
ဥပ္ပန္နာ ဘယနာသကာ။
မမံ သီသေ ပတိဋ္ဌန္တု၊
ရက္ခန္တု တေ မမံ သဒါ။

၂။ သုခါဝဟံ သတံဓမ္မာ၊
တိဋ္ဌန္တု ဟဒယေ မမံ။
အမေ့တေ ပါလယန္တု၊
သုခံ ဒေန္တု မမံ သဒါ။

၃။ သမ္ဗုဒ္ဓါနံ အရဟန္တာ၊
တေဇဝန္တော တတော တတော။
တေ မေ အံသေ ပတိဋ္ဌန္တု၊
ပါလယန္တု မမံ သဒါ။

၁။ **အနေကာသတာ** - ရေတွက်မရများပြားလှကုန်သော၊ **ဘယနာသကာ** - ဘေးရန်အပေါင်း ဖျက်ဆီးတော်မူတတ်ကုန်သော၊ **သမ္ဗုဒ္ဓါ** - ဘုရားရှင်တို့သည်၊ **ဥပ္ပန္နာ** - ပွင့်တော်မူကြလေကုန်ပြီ။ **တေ**- ထိုဘုန်းတော်သခင် ဘုရားရှင်တို့သည် **မမံ** - အကျွန်ုပ်၏၊ **သီသေ** - ဦးခေါင်းရတနာမြတ်အင်္ဂါ၌၊ **ပတိဋ္ဌန္တု** - တည်နေတော်မူကြပါစေကုန်သတည်း။ **တေ**- ထိုဘုန်းတော်သခင်ဘုရားရှင်တို့သည်၊ **မမံ**- အကျွန်ုပ်ကို၊ **သဒါ** - အခါခပ်သိမ်း၊ **ရက္ခန္တု** - အန္တရာယ်ဘေးကင်းစင်ဝေးအောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

၂။ **သုခါဝဟံ** - ချမ်းသာကိုဆောင်တတ်ကုန်သော၊ **သတံ** - ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့၏၊ **ဓမ္မာ** - မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟုဆယ်တန်သော တရားတော်မြတ်တို့သည်၊ **မမံ** - အကျွန်ုပ်၏၊ **ဟဒယေ** - စိတ်နှလုံး၌၊ **တိဋ္ဌန္တု** - တည်နေတော်မူကြပါစေကုန်သတည်း။ **တေ** - ထိုတရားတော်တို့သည်၊ **အမေ့** - အကျွန်ုပ်တို့ကို၊ **ပါလယန္တု** - ဘေးရန်ကင်းပျောက်ချမ်းသာရောက်အောင်စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ **သဒါ** - အခါခပ်သိမ်း၊ **မမံ** - အကျွန်ုပ်အား၊ **သုခံ**- ချမ်းသာကို၊ **ဒေန္တု** - ပေးသနားတော်မူကြပါစေကုန်သတည်း။

၃။ **သမ္ဗုဒ္ဓါနံ** - ဘုရားရှင်တို့၏၊ **တေဇဝန္တော** - ဘုန်းတန်ခိုးတေဇော်အာနုဘော်ရှိကြကုန်သော၊ **အရဟန္တာ** - ရွှေရင်တော်နှစ်သားတော်စစ်ဖြစ်ကြသော ရဟန္တာအရှင်မြတ်တို့သည်၊ **တတော တတော** - ထိုထိုအရပ်မျက်နှာတို့၌၊ **သန္တိ**- ထင်ရှားရှိတော်မူကြကုန်၏။ **တေ** - ထိုရဟန္တာသခင်အရှင်မြတ်တို့သည်၊ **မေ** - အကျွန်ုပ်၏၊ **အံသေ** - ဝဲယာနှစ်ဖက် ပခုံးထက်၌၊ **တိဋ္ဌန္တု** - တည်နေတော်မူကြပါစေကုန်သတည်း။ **သဒါ** - အခါခပ်သိမ်း၊ **မမံ** - အကျွန်ုပ်ကို၊ **ပါလယန္တု** - ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

ဤဂါထာများသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ မိမိတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၌ကိန်းဝပ်စံပယ်တော်မူကြ၍ ဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်တော်မူကြပါရန် လျှောက်ထားသောဂါထာများဖြစ်သည်။

ဤဂါထာများကို ရွတ်ဖတ်ပူဇော်သူတိုင်း စိတ်အလိုပြီးစီးသောကြောင့် မနောမယိဒ္ဓိဂါထာများဟု ခေါ်သည်။ သာလွန်မင်းတရားကြီး၏ ဆရာတော်၊ သာသနာပိုင် သံဃရာဇာဖြစ်တော်မူသည့်တောင်ဖီလာဆရာတော်ဘုရားကြီးသည် နေထွက်၊ မွန်းတည့်၊ နေဝင် တစ်နေ့ (၃) ကြိမ် အမြဲရွတ်ဖတ်တော်မူသောဂါထာများ ဖြစ်သည်။ ဘေးအန္တရာယ် အထူးကင်းရှင်းသည်၊ ဂါထာများ၏ ဆိုလိုရင်းအနက်အဓိပ္ပာယ်များကို အာရုံပြုဆင်ခြင်၍ လေးလေးစားစား ရွတ်ဖတ်ပူဇော်ပါက အစိန္တေယျဂုဏ်နှင့်ပြည့်စုံသော ရတနာသုံးပါးအား ပူဇော်ပြီးဖြစ်၍ မကြံစည်အပ်မကြံစည်နိုင်သော အကျိုးထူးများကို ရရှိနိုင်သည်။ ယုံကြည်စွာ ပူဇော်ရွတ်ဖတ်ကြပါလေ။

**သဗ္ဗသိဒ္ဓိဂါထာ**

၁။ သဗ္ဗေ ဒေဝါစ ယက္ခာစ၊
ဘူတာ ပေတာစ ဇောဂနီ။
ရာဇမေတ္တာ မနုဿာစ၊
သဗ္ဗေ ဒေဝါ ဝိနာ မေန္တု။

၂။ ဒိသွာဝ ပိယတော စိတ္တံ၊
ပုတ္တောဝ သိနေဟံ မမ။
ဗုဒ္ဓဿ အာနုဘာဝေန၊
သဒါ ဟောန္တု ပိယာ မမ။

၁။ **သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **ဒေဝါစ** - နတ်တို့သည် လည်းကောင်း၊ **ယက္ခာစ** - ဘီလူးတို့သည် လည်းကောင်း၊ **ဘူတာပေတာစ** - ဖုတ်ပြိတ္တာတို့သည် လည်းကောင်း၊ ဇောဂနီတို့သည် လည်းကောင်း၊ **ရာဇာမေတ္တာစ** - မင်းအမတ်တို့သည် လည်းကောင်း၊ **မနုဿာစ** - လူတို့သည် လည်းကောင်း၊ **သဗ္ဗေ** - ခပ်သိမ်းကုန်သော၊ **ဒေဝါစ** - နတ်တို့သည်လည်းကောင်း၊ **မမ** - အကျွန်ုပ်ထံသို့ **ဝိနာမေန္တု**-ညွတ်ကြစေကုန်သတည်း။

၂။ **တေသံ**- ထိုပုဂ္ဂိုလ်တို့၏၊ **စိတ္တံ**- စိတ်သည်၊ **ပိယတော** - ချစ်သောအားဖြင့်၊ **ဒိသွာဝ** - ကြည့်၍သာလျှင်၊ **မမ** - အကျွန်ုပ်အား၊ **ပုတ္တောဝ** - သားကဲ့သို့ **သိနေဟံ** - ချစ်ခြင်းကို၊ **ကရောန္တု**-ပြုကြပါစေကုန်သတည်း။ **ဗုဒ္ဓဿ** - မြတ်စွာဘုရား၏၊ **အာနုဘာဝေန** - တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ **မမ** - အကျွန်ုပ်အား၊ **သဒါ** - အခါခပ်သိမ်း၊ **ပိယာ** - ချစ်မြတ်နိုးကြကုန်သည်၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း။

ဤဂါထာများသည် နတ်ဘီလူး ဖုတ်ပြိတ္တာ၊ စုန်းကဝေများနှင့် ရှင်ဘုရင် မှူးမတ်၊ တိုင်းသူပြည်သား လူအများတို့သည် လေးလေးစားစား စိတ်ညွတ်ကြ၍ မြင်လျှင်မြင်ချင်း သားအရင်းကဲ့သို့ ချစ်ခင်ကြပါစေ။ ဘုရားရှင်၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် အခါခပ်သိမ်း ကျွန်ုပ်အပေါ် ချစ်ခင်ကြပါစေဟု ဘုရား ဂုဏ်တော်ကို အာရုံပြု၍ အားလုံး၏ ချစ်ခင်မှုကို ခံယူနိုင်ရန် မေတ္တာတောင်း သောဂါထာများ ဖြစ်သည်။

ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြု၍ ဤဂါထာများကို လေးလေးစားစား ယုံကြည်စွာ ရွတ်ဖတ်ပါက လူ နတ်အားလုံး၏ ချစ်ခင်မြတ်နိုးမှုအပြင် အရာခပ်သိမ်း ပြီးစီးအောင်မြင်နိုင်သည်။ ထို့ကြောင့် ဤဂါထာကို သဗ္ဗသိဒ္ဓိဂါထာဟု ရှေးဆရာတို့အမည်ပေးခဲ့ကြသည်။

မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆု)

မှီငြမ်း -

ဗုဒ္ဓဘာသာလက်စွဲကျမ်း



www.burmeseclassic.com

www.burmeseclassic.com


# သဘော်ဘဦးပိုင်းပေါ်တည်ထား ဆားမလောက်ရွာမှ ကျိုက်ထီးရိုးဘုရား

စိုးရာဇာကျော်

ရန်ကုန်မြို့မှ ညောင်တုန်းမြို့သို့ သွားရောက်ခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းတိုင်ကျေးရွာမှလွန်သော် မဲဇလီကျေးရွာသို့ရောက်ရှိပြီး မဲဇလီရွာမှအလွန် ဆားမလောက်ကျေးရွာအုပ်စု ညောင်ပင်သာရွာအနီး ရန်ကုန်-ညောင်တုန်း မော်တော်ကားလမ်း၏နံဘေးတွင် ရေယာဉ်တစ်စီးကို အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထားပြီး သဘော်ဘဦးပိုင်းတွင် ကျိုက်ထီးရိုးဆံတော်ရှင်စေတီ၏ပုံတော်အတိုင်း ထူးခြားစွာတည်ဆောက်ထားသည်ကို တွေ့ရှိခဲ့ရသည်။

ဆားမလောက်ကျေးရွာသို့ရောက်ရှိသောအခါ ဓမ္မာရုံမှဦးလှမြင့်နှင့်တွေ့ဆုံမေးမြန်းပြီး ကျိုက်ထီးရိုးစေတီတော်တည်ထား ကိုးကွယ်ရခြင်း၏ အကျိုးအကြောင်းကို မေးမြန်းရာ တည်ထားခဲ့သော ဘုရားဒါယကာရှိရာ ရန်ကုန် - ပုသိမ်ကားလမ်း အမှတ် (၂၀၉) တွင်ရှိ ဦးပေါ်ဆန်း၏အိမ်သို့ရောက်ရှိခဲ့ပြီး ၎င်းမှ ဘုရားတည်ရခြင်းအကြောင်းကို ပြောပြခဲ့ပါသည်။


ဦးပေါ်ဆန်း၊ ဇနီး ဒေါ်နီလာ၊ သမီး မသဲစန္ဒာဦး၊ သားမောင်ဖိုးမိုးအောင် (ဟိန္ဒူလူမျိုးမိသားစု အောင်မေတ္တာမုန့်နှင့်အအေးဆိုင်) တို့သည် မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်သို့ သွားရောက်ဖူးမြော်ပြီး အမှတ်တရအဖြစ် ဆိုင်မှ မှန်ပေါင်ကျောင်းဆောင် ကျိုက်ထီးရိုးစေတီပုံတူတော်ကို ဝယ်ယူလာခဲ့ပြီး အိမ်ရှိဘုရားကျောင်းဆောင်တွင် တင်ထားကိုးကွယ်ခဲ့ရာ ၁၈-၈-၂၀၁၅ ရက် အင်္ဂါနေ့ ညနေ (၆း၃၀) နာရီတွင် မှန်ကျောင်းဆောင်ထဲတွင်ရှိသော ကျိုက်ထီးရိုးစေတီပုံတူသည် မှန်ကျောင်းဆောင်အတွင်း အခင်းမှနေ၍ အပေါ်ထက်သို့ ထူးခြားစွာကြွတက်လျက် ငှက်မြတ်နားတော်ပုံတူသည် မှန်ကျောင်းဆောင်အထက် မျက်နှာကြက်အပိတ်နှင့်ထိပြီး ကျိုးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် အိမ်နီးချင်းများကိုခေါ်ယူပြသရာ အိမ်နီးချင်းများက ကိုင်ကြည့်ရမလားဟု ပြောသောအခါ ကျွန်တော်၏ဇနီးနှင့် သားသမီးများ ဖူးမြော်ပြီးမှကိုင်ကြည့်ပါဟု ပြောပြပြီး ည (၁၀) နာရီတွင် ဘေးပတ်ဝန်းကျင်အိမ်များက လာရောက်ပြီး



သဘော်ဘဦးပိုင်းတွင်တည်ထားသော ကျိုက်ထီးရိုးဆံတော်ရှင်ပုံတူစေတီ



ပုံတူစေတီ၊ စုပေါင်းဌာပနာခဲ့သော ဗုဒ္ဓဆင်းတုနှင့် ဓာတ်တော်များ



ပူးတွဲဌာပနာသည့်ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com




မင်းကျောင်းဆောင်အောက်ခြေမှမြင့်တက်နေပုံ




ဆရာတော်



စေတီတည်ပြီးသော ဌာပနာပိတ်ပွဲတွင် ပရိသတ်များကိုတွေ့ရှိရပုံ



ဌာပနာတိုက်အတွင်းမှ ပုံတူစေတီ



ဆရာတော်ကြီးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ

မှန်ကျောင်းဆောင်ကို ကိုင်တွယ်ကြည့်ရှု စစ်ဆေးရာ ယခင်ကကဲ့သို့ပင် မြောက်တက်လျက်ရှိသည့်အတိုင်း တွေ့ရသည်။ မအူပင်မြို့သို့ရောက်ရှိနေသောသားလည်း ကျောင်းတက်နေ၍ ဆိုင်ကယ်ဖြင့် သွားရောက်ခေါ်ယူရာ နံနက် (၂) နာရီတွင်ရောက်ရှိ၏။ နံနက် အရုဏ်ဆွမ်းကို မိသားစုကပ်လှူပြီး မိုးလင်းထိ ဘုရားကို ကြည်ညိုခဲ့ကြသည်။

နံနက်မိုးလင်းသောအခါ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အကြောင်းကြားရာ လာရောက်ကြည့်ရှုပြီး ဒီအတိုင်းထားပြီး ညောင်တုန်းမြို့ တောင်ညိုဆရာတော်ကို သွားရောက် လျှောက်ထားရန် မှာကြား၏။ ဆရာတော်ထံ သွားရောက်လျှောက်ထားခဲ့ပြီး ပြန်ရောက်လာချိန်တွင် အိမ်၌ ဦးပေါ်ဆန်း အိမ်ထဲဝင်မရနိုင်အောင်ပင် ဘုရားလာဖူးကြသူများပြည့်လျှံနေပါတော့သည်။ အုပ်ချုပ်ရေးမှူး၏ စီမံပေးမှုအရ ရဲစခန်းမှ စခန်းမှူး၊ ရဲ (၄) ယောက်နှင့်အတူ ရွာအကျိုးဆောင်လူငယ်များလုံခြုံရေးစီမံပေးခဲ့ရာ ဘုရားဖူးလာကြသူများက အလှူငွေများလှူဒါန်းပေးအပ်ကြရာ ဦးပေါ်ဆန်းက လက်မခံပေ။

ထိုစဉ် ရပ်ကွက်အုပ်ချုပ်ရေး[illegible] က -

"မင်းလက်မခံရင်နေ ငါဘုရား[illegible] တွေ စိတ်ချမ်းသာအောင် အလှူခံ[illegible] ချထားမယ်။ ရတဲ့ငွေကို ဆံတော်[illegible] ကျိုက်ထီးရိုးဘုရားကို သွားလှူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရွှေသက်န်းဆက်ကပ်မယ်"

ဟု ပြောပြီး ငွေဖလား (၃) လုံး ဝယ်ယူပြီးချထားလိုက်သည်။—

"ငါ ဘုရားမှာ အမိဋ္ဌာန်ပြုမယ်။ အလှူငွေအများကြီးရရှိခဲ့ရင် တို့ရွာမှာ ကျိုက်ထီးရိုးပုံတူစေတီကို အများစုပေါင်းပြီးတည်ကြမယ်ကွာ"


ဟု ပြောပြီး အလှူခံကော်မတီ (၁၅) ဦး ဖွဲ့စည်းပြီး အလှူခံရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ စည့်ပင်သာယာ၊ မီးသတ်ဦးစီး၊ လဝကတို့မှ လာရောက်စစ်ဆေးကြ၏။ နောက်ဆုံးတွင် ရကတ စစ်ဌာနချုပ်မှ (၉) ဦးအဖွဲ့ လာရောက်စစ်ဆေးခဲ့ကြပြီး ၁၉-၈-၂၀၁၅ ရက်နေ့တွင် တောင်ညိုဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရာ ဆရာတော်က ရပ်ကွက်အုပ်ချုပ်ရေးမှူးအား အမှန်ကနေ အမှားမဖြစ်ဖို့ ငွေကြေးကိစ္စကို သေချာစွာ စီမံဆောင်ရွက်ဖို့၊ မညီညွတ်ရင် အန္တရာယ်ရှိနိုင်ကြောင်းနှင့် ဒီအတိုင်းအပ္ပဖော်ခံထားပြီး ဒါယကာကြီးကိုယ်တိုင် စောင့်ရှောက်ရန် မှာကြားခဲ့သည်။ ဤသည်မှစပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ စည်ကားလာပြီး လှူဒါန်းသမှုပြုခဲ့ကြသည်။

၇-၉-၂၀၁၅၊ တနင်္လာနေ့တွင် ဦးပေါ်ဆန်း ဦးဆုံးသောအိပ်မက်တွင် ငယ်ရွယ်လှပသော အမျိုးသမီးပျို(၂)ဦး အိမ်ရှေ့တွင်လာ၍ရပ်နေပြီး -

သာသနာပြုရန် အဆင်သင့်ဖြစ်နေပြီလား။ မဏ္ဍပ်ထိုးပြီး အကျယ်တဝင့်ပြုလုပ်နေသည်ကို မကြိုက်ပါကြောင်း နောက်တစ်ခါထပ်လာဦးမည်။ မဏ္ဍပ်များကိုလည်း ဖျက်သိမ်းပေးပါဟုပြောပြီး ပြန်ထွက်သွားသည်ကို မြင်မက်ခဲ့သည်။

ဤအိပ်မက်ကို တောင်ညိုဆရာတော်ကြီးထံသို့ ၈-၉-၂၀၁၅ ရက်နေ့တွင် သွားရောက် လျှောက်ထားခဲ့ရာ တောင်ညိုဆရာတော်က ဇောမိကျောင်းဆရာတော် ဘဒ္ဒန္တယသဂန္ဓာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) သည် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ဖြစ်၍ သက်တော်၊ ဝါတော်၊ ပညာတော်အရ ကြီးမြတ်သူဖြစ်၏။ ကောင်းစွာသိရှိနိုင်သူဖြစ်သဖြင့် ဇောမိကျောင်းဆရာတော်ထံသို့ စေလွှတ်လိုက်ပါသည်။ ၉-၉-၂၀၁၅ ရက်နေ့တွင် ကံ့ကော်ရိပ်ထမင်းဆိုင်ရှင်နှင့်အတူသွားရောက်လျှောက်ထားရာ ဆရာတော်ကြီးက -

"အမျိုးသမီး (၂) ဦးဟာ သိုက်



ဆရာတော်ဦးဆောင်ပြီး စေတီတည်မည့်နယ်မြေသို့ ပုံတူစေတီ ပင့်ဆောင်လာစဉ်



စေတီတည်ထားပြီး ကျင်းပသော တရားပွဲ

နန်းကလာကြသူများ ဖြစ်တယ်။ အခုကစပြီး ဘုန်းကြီးတာဝန်ယူမယ်။ ဘုန်းကြီးစကားကိုသေချာနားထောင်။အကြောင်းထူးပေါ်လာခဲ့ရင် ဘုန်းကြီးကိုလာသာပြော။ ဘုန်းကြီးခွင့်ပြုချက်မရဘဲ ဘာမှမလုပ်ကြနဲ့"

ဟု မိန့်ကြားခဲ့သည်။

၁၉-၉-၂၀၁၅ ရက်နေ့ နေ့လယ် (၂) နာရီတွင် ဦးပေါ်ဆန်းသရဏဂုံပုတီးစိပ်ပြီး ခေတ္တအိပ်ပျော်သွားရာ မြတ်စွာဘုရားကိုယ်တော်တိုင် မြစ်ကမ်းဘက်မှ ကွင်းပြင်ကိုဖြတ်ပြီး ကြွလာသည်ကို တွေ့မြင်ရပြီး ဦးခေါင်းတော်တွင် (၁၀) ပေခန့် စက်ဝိုင်းဝန်းကြီးရောင်စုံဖြာထွက်ပြီး ကုန်းပေါ်သို့ကြွရောက်လာသည်ကို ဦးပေါ်ဆန်း တစောင်းအိပ်နေရာမှ မြင်နေရာ ထပြီး ဘုရားရှင်ထံသို့ လက်အုပ်ချီ၍ လျှောက်လာခဲ့ရာမှ တည့်တည့်ရောက်ရှိရာတွင် ဘုရားရှင်၏ မျက်နှာတော်သည် မန္တလေးမဟာမြတ်မုနိရုပ်ရှင်တော်၏ မျက်နှာတော်ဖြစ်နေသည်ကို အံ့သြစွာတွေ့ရှိရပြီး ဘုရားရှင်ထံသို့ ဆက်လက် လျှောက်လှမ်းလာခဲ့ရာတွင် ဘုရားရှင်သည် ပျောက်ကွယ်သွားပြီး သင်္ဘောကြီးတစ်စီးကုန်းပေါ်တွင်ရောက်ရှိနေကာ မီးရောင်စုံလင်းနေ၍ သင်္ဘောကြီးပေါ်တွင် လူများစွာတွေ့ရှိရသည် အခါ အပေါ်ထပ်သို့တက်ရန်အတွက် လှေကားရှာနေစဉ် အိပ်နေရာမှလန့်ပြီး နိုးသွားခဲ့ပါသည်။

ယင်းညမှာပင် နန်းဦးသီလရှင်ကျောင်းတိုက်မှ ဆရာကြီး၊ ဆရာလေးများကို ပင့်ဖိတ်ပြီး ဓမ္မစကြာနှင့် ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ခဲ့ပါသည်။ နောက်နေ့တွင်တော့ အိပ်မက်ကို ဇောမိကျောင်းဆရာတော်ဘုရားကြီးအား သွားရောက်လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက ဦးပေါ်ဆန်းအား -

"ခြောက်ရင်လည်း မကြောက်နဲ့၊ ခြောက်ရင်လည်းမခြောက်နဲ့၊ အာရုံ

www.burmeseclassic.com



ဦးပေါ်ဆန်းမိသားစု



ဦးပေါ်ဆန်းအား ဗွာပနာပွဲတွင် တွေ့ရပုံ

ပြီး စိပ်ပုတီးမစိပ်ပါနဲ့။ အဆင်မသင့်ရင် ရှုံးသွမ်သွားနိုင်တယ်။ နောက်ပိုင်းမှာ ဘိုးတော် သို့မဟုတ် ရသေ့ သို့မဟုတ် လူပုဂ္ဂိုလ်တွေလာဦးမယ် လက်မခံနဲ့။ လက်ခံလိုက်ရင် နောက်ဆို ပုဂ္ဂိုလ်မျိုးစုံ ဝင်လာမယ်။ အဲဒီချိန်ရောက်ရင် ပြန်ထုတ်ရခက်ခဲမယ်။ ဘုန်းကြီးမသိဘဲ ဘာပွဲမှမတင်နဲ့။ ကိစ္စပေါ်ရင် လာခဲ့ပါ။ ဘုန်းကြီး စီစဉ်ပေးမယ်"

ဟု ပြောဆိုမိန့်ကြားရာမှ ရွာသို့ ပြန်လာခဲ့ကြသည်။

၉-၁၀-၂၀၁၅၊ သောကြာနေ့ နေ့လယ် (၃) နာရီခန့်တွင် ခံ့ညားပြီး နှာခေါင်းအရုပ်ဆိုးနေသည့် အင်္ဂလိပ် လူမျိုးပုံစံအညိုရောင်ဝတ်ဆင်ထားသည့် လူတစ်ဦး ရောက်ရှိလာခဲ့သည်။ ထိုသူ၏ နှာခေါင်းသည် ပုံမှန်နှာခေါင်းထက် လက်လေးလုံးလောက်ရှည်ထွက်နေပြီး နှာခေါင်းထိပ်တွင် အထွတ်အထွတ်များ ရှိနေပါသည်။ ယင်းနောက် ဘုရားကို ဓာတ်ပုံရိုက်ပြီး ဦးပေါ်ဆန်းတို့ ဇနီးမောင်နှံနှင့်စကားပြော၍ နိုင်ငံခြားတွင် ဗုဒ္ဓသာသနိကနေရာများသို့ ရောက်ရှိ ဖူးကြောင်း ဓာတ်ပုံများကို ထုတ်ကာ ပြသပါသည်။ ယင်းနောက် မနက်ဖြန် ကျိုက်ထီးရိုးဆံတော်ရှင်သို့ သွားမည်၊ နောက်နေ့ မဟာမြတ်မုနိရုပ်ရှင်တော်သို့ သွားရဦးမည်ဟု ပြောဆိုရာ ဦးပေါ်ဆန်းက ဒီခရီးတွေကို ဒီလောက်မြန်မြန်ဆန်ဆန်သွားလို့ရပါသလားဟု မေးမြန်းရာ ထိုပုဂ္ဂိုလ်က -

"ကျွန်ုပ်သွားလိုရာကို ချက်ချင်းရောက်အောင်သွားလို့ရပါတယ်"

ထိုပုဂ္ဂိုလ်ကပင် ဦးပေါ်ဆန်းအား-

"ဒီဘုရားနဲ့ပတ်သက်ပြီး ဘာများ ထူးခြားမှုရှိပါသေးသလဲ"

ဟု မေးရာ ဦးပေါ်ဆန်းက -

"ဘာမှထူးခြားမှုမရှိသေးပါ"

ဟု ဦးပေါ်ဆန်းက ပြန်လည်ပြောကြားရာတွင် ပုဂ္ဂိုလ်က -

"ထူးခြားလာပါလိမ့်မယ်။ လိုရာဆုတောင်းပြီး အဓိဋ္ဌာန်ပြုပါ။ ခုလာမယ့် တော်သလင်းလကွယ်နေ့မှာ တစ်ညလုံး ဆိုင်ဖွင့်ထားပါ။ လျှပ်စစ်မီးများအားလုံး ပိတ်ထားပြီး ဆီမီးခွက်ထွန်းထားပါ။ ပုဂ္ဂိုလ်ထူးကြွရောက်လာပြီး ထူးခြားပါလိမ့်မယ်"

ဟု ပြောပြီးနောက် ထပြန်သွားခဲ့သည်။ လကွယ်နေ့ရောက်သောအခါ ဇောမိဆရာတော်ကြီး မှာကြားခဲ့သော စကားကို သတိရရှိပြီး ဆိုင်လည်းပိတ် မီးလည်းမထွန်းတော့ပါ။

၁၅ - ၁၀ - ၂၀၁၅ရက်နေ့ နံနက် (၈) နာရီခန့်တွင် လူတစ်ဦးသည် -

"ဘိုးတော်ကြွလာတယ်ဟေ့"

ဆိုပြီးဝင်လာခဲ့သည်။

ထိုသူသည် လည်ပင်းတွင်ပုတီးဆွဲထား၍ လက်တွင် တောင်ဝှေးကိုင်ထားပြီး -

"ငါဘိုးတော်က ရွှေတိဂုံဘုရားမှာ နေတာ အနှစ်ခုနစ်ရာကျော်ပြီ။ အခု ပုသိမ်ရွှေမုဋ္ဌောနဲ့ မော်တင်စွန်းကိုသွား ရဦးမယ်။ ပုဂံမင်းလက်ထက်ကတည်း က လျှောက်လည်သွားနေရတာ မနား ဘူး။ ခု ဧရာဝတီတိုင်းမှာ သာသနာပေ လို့လာတာ ဘယ်သူတွေဘာဖြစ်ချင်လဲ ပြော ငါဘိုးတော်"

ဟု (၂)ကြိမ်ပြောပြီး ကိုပေါ်ဆန်း ၏ဇနီးအား -

"ကဲ - သမီး၊ အဘပြန်ဦးမယ်"

ဟု ပြောကြားပြီးထွက်သွားသည်။

၁၆ - ၁၀ - ၂၀၁၅ ရက်နေ့သည် ဘုရားဖူးလာကြသူများ နည်းပါသည်။ ၁၉-၁၀-၂၀၁၅ရက်နေ့တွင် ဇောမိဆ တော်ကြီးထံ အဖြစ်အပျက်လျှော ထားရာ ဆရာတော်ကြီးက-

"အညိုရောင်ဝတ်စုံနဲ့လာတဲ့သူ လူဝိဇ္ဇာ၊ သူက လူမကြည်ညိုအောင် ဖန်တီးပြီးလာတာ။ နောက်လာတဲ့သူ တကယ့် ဘိုးတော်။ အဲဒီဘိုးတော် ဒီဘုရား ရှေ့ဆက်ပြီး ဘာလုပ်ရမယ် ပြောကြားမယ်ပေါ့။ သူရဲ့စကာ နားထောင်ရမှာ။ ခုတော့ လမ်းကြော နည်းနည်းလွဲသွားတယ်။ မပူနဲ့ ပြန် လိမ့်မယ်။ ဒကာကြီးကို ဘယ်သူ့စကား နားမထောင်နဲ့လို့ပြောရတာ အကြော ရှိလို့။ ကြည်ညိုလွန်ကဲပြီး မအိပ် ပုတီးစိပ်ရင် မလိုလားအပ်တဲ့ ပုဂ္ဂိုလ် ဝင်လာပြီးနှောင့်ယှက်ဒုက္ခပေးရင် ကြီး ရှုံးသွပ်သွားမှာစိုးလို့။ နောက် တွေရောက်လာရင် သူတို့ရဲ့စ



www.burmeseclassic.com

www.burmeseclassic.com

နားထောင်ပြီး ဘုန်းကြီးကိုလာလျှောက်တင်"

ဟု ဆရာတော်ကြီးက မိန့်ကြားခဲ့ပါသည်။

ဦးပေါ်ဆန်း ၁၇-၁၀-၂၀၁၅ ရက် စနေနေ့တွင် အိပ်ရာဝင်အိပ်မက်အရ အညိုရောင်ဝတ်နှာခေါင်းအကျည်းတန်သောပုဂ္ဂိုလ်ပေါ်ပေါက်လာပြီး -

"မင်းကို အစုံပြောပြပြီးပြီ၊ လမ်းကြောင်းလွဲနေတယ်။ ဒါကြောင့် အိမ်မဲမြို့က တကောဆရာတော်ထံ ဩဝါဒခံယူပြီး ဆက်လက် ဆောင်ရွက်ပေါ့"

ဟု အိပ်မက်ထဲတွင် ကြားသိခဲ့ရသည်။

ဤသို့ဖြင့် ဦးပေါ်ဆန်း၊ ဒေါ်နီလာတို့ အိမ်မဲသို့ ဆိုင်ကယ်ဖြင့်ရောက်လာကြသည်။ ထိုစဉ်တွင် ဆရာတော်သည် ရန်ကုန်သို့ ခရီးသွားသဖြင့် မတွေ့ခဲ့ရပါ။ ၁၉-၁၀-၂၀၁၅ရက်နေ့တွင် ဇနီးမောင်နှံ ရောက်ရှိခဲ့ရာ ဆရာတော်နှင့်တွေ့ရှိပြီး အကျိုးအကြောင်းအစုံကို လျှောက်ထားပြီး ဓာတ်ပုံဖြင့်ပြသခဲ့ပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကြီးကြပ်မှုဖြင့် အလှူငွေပေါင်း သိန်း (၅၀) ခန့် ရရှိနေပြီ ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးပုံတူကိုလည်း ဗောဓိဆရာတော်ကြီးထံ အပ်နှံထားပါကြောင်း၊ ယခုလာရသည်မှာ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို အမိန့်ရှိပါရန် လာရောက်ရခြင်းဖြစ်ပါကြောင်း ဦးပေါ်ဆန်းက လျှောက်ထားခဲ့ပါသည်။

ဆရာတော်ကြီးက ဓာတ်ပုံကို ကြည့်ရှုဖူးမြော်ပြီး -

"ဒီကိစ္စက လွယ်လွယ်လေးပါ။ ဘုရားတည်ပေးရမယ်။ သင်္ဘောပုံတည်ဆောက်ပြီး သင်္ဘောပေါ်မှာ ကျိုက်ထီးရိုးပုံတော်တူစေတီတည်ထားပြီး ဒီကတော်တူကို ဌာပနာ၊ ထီးတော်တင်၊ ရေစက်ချ၊ အောင်မြေနင်းလိုက်ရင် ဒကာကြီးတို့ရွာ လျှမ်းလျှမ်းတောက်ဖြစ်သွားလိမ့်မယ်"

ဟု မိန့်ကြားရာ ဦးပေါ်ဆန်းအိပ်မက်မက်ခဲ့ပုံနှင့် တူညီနေသဖြင့် ဦးပေါ်ဆန်းက အိပ်မက်ထပ်မံလျှောက်တင်ရာ ဆရာတော်ကြီးက -

"ဝိဇ္ဇာအကြောင်းကော မပါဘူးလား"

ဟုမေးရာ ဦးပေါ်ဆန်း ပို၍အံ့ဩပြီး ဆရာတော်အား အကြောင်းစုံလျှောက်ထား တောင်းပန်လိုက်ပါသည်။ ထိုအခါ ဆရာတော်ကြီးက -

"ဒါတွေ ထားလိုက်တော့။ ဗောဓိဆရာတော်ကို အပ်ထားတဲ့အတွက် ဘုရားတည်ရမယ့်ပုံစံကို လျှောက်တင်ပါ ဆရာတော်ကြီး ဦးဆောင်မယ်ဆိုရင် တကောဆရာတော်ကလည်း ကူညီပါလိမ့်မယ်"

ဟု သွားလျှောက်ရန် မိန့်ကြားခဲ့ပါသည်။

ဤသို့ဖြင့် ဦးပေါ်ဆန်း ပြန်လာခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ပြောပြခဲ့ပြီး ဗောဓိဆရာတော်အား ဆက်လက်လျှောက်ထားရာ ဆရာတော်က ခွင့်ပြုပေးပြီး -

"ငါလည်း အင်းမဆရာတော်ကြီးရဲ့တပည့်ရင်း၊ တကောဆရာတော်လည်း တပည့်ရင်းပဲ။ ဒါပေမယ့် သူက ဝိဇ္ဇာလိုတရဆရာတော်။ သူဦးစီးရင် အကုန်အလုံးစုံပြီးပြီလို့သာမှတ်ပေတော့။ ဆရာတော် ခွင့်ပြုပါတယ်။ လိုတာရှိရင် ကူညီပေးမယ် သွားပြီးလျှောက်ပါ"

ဟု မိန့်ကြားခဲ့သည်။

ဦးပေါ်ဆန်းသည် ကိစ္စအားလုံးကို တောင်ညိုဆရာတော်ဘုရားကြီးထံ လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက ဝမ်းသာမိပါကြောင်း၊ ဗောဓိဆရာတော်ကိုလည်း မငြိုငြင်စေပါနှင့်၊ ဆရာတော်ကျေနပ်ခွင့်ပြုမှ ဆောင်ရွက်ပါဟု မှာကြားခဲ့သည်။ ဤသို့ဖြင့် အိမ်မဲမြို့သို့ သွားရောက် လျှောက်ထားရာ ဆရာတော်သည် ဝမ်းသာပီတိဖြစ်ပြီး -

"အခု သီတင်းကျွတ်လဆန်း (၈) ရက်နေ့ နံနက် (၄) နာရီ အရောက်ကြွခဲ့မယ်။ ရွာက လူကြီးတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေပါခေါ်ထားပေး အရင်ဦးဆုံး ဒကာကြီးအိမ်ကဘုရားကိုဖူးမယ်။ နောက်သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ စကားပြောမယ်။ ပြီးရင် ဘုရားတည်ရမယ့်နေရာကိုသွားမယ်။ နေရာရှာမယ်။ ခု ဆရာတော်ရဲ့အာရုံမှာ မြင်ရတာ ဒကာကြီးရဲ့အိမ်ရဲ့အရှေ့ဘက်မှာ‌ဓမ္မာရုံ ဒါမှမဟုတ် သာသနိကအဆောက်အအုံရှိလိမ့်မယ်။ ကိုင်းတော၊ မြက်တောရှိမယ်၊ မြစ်ရှိရမယ်။ မြစ်မရှိရင်တောင် တစ်ချိန်က မြစ်ဖြစ်ခဲ့တဲ့နေရာဖြစ်ခဲ့မယ်။ ဘာကြောင့်လဲဆိုတော့ သင်္ဘောနစ်မြုပ်ထားလို့။သင်္ဘောထဲမှာ ဘုရားဆံတော်ပါတယ်။ အဲဒါကြောင့် အခုချိန်အထိအစောင့်ရှိနေလို့။ အစောင့်ပုဂ္ဂိုလ်က နေရာပြပေးလိမ့်မယ်။ ဒါကြောင့် အရုဏ်အချိန်မီအောင်ရောက်ရမယ်။ ဒါကြောင့် ဒကာကြီးရဲ့ အိမ်ကို မနက် (၄) နာရီထက် နောက်မကျဘဲ ရောက်ဖို့လိုတယ်။ ဒါကြောင့် သက်ဆိုင်ရာတွေကို ကြိုတင်ခေါ်ထားပါ"

ဟု မိန့်ကြားသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအား အကြောင်းစုံပြောပြရာ အုပ်ချုပ်ရေးမှူးက -

"ဒီကိစ္စက တို့ရွာနဲ့ဆိုင်တယ်။ ရွာအကျိုးရှိဖို့ကိစ္စအတွက် ငါတာဝန်ယူတယ်။ မင်းအိမ်ကိုလာတဲ့သူတွေကို ဖိတ်ပါ။ ကျန်တဲ့သူတွေကိုငါ ဖိတ်ပေးမယ်။ ရွာ ဖွံ့/ထောက်ဥက္ကဋ္ဌကိုလည်းဖိတ်။ကျန်တဲ့ကိစ္စငါဖိတ်မယ်။ ငါမင်းဆီကို(၂)နာရီလောက်ကတည်းကလာမယ်"

ဟု ပြောပြီး ဦးကျော်ဝင်း တိုက်ပုံဝတ်ဆင်လာပြီး ရောက်ရှိလာခဲ့သည်။

ဦးကျော်ဝင်းရောက်ရှိလာသည်နှင့် ဘုရားဝတ်ပြုသည်။

"(၃)နာရီခွဲရင် မင်း ငါ့ကို ရှိခိုးတာ လာရပ်ခိုင်းပါ၊ သတိပေးပါ"

ဟု ပြောပါသည်။

တကောဆရာတော်သည် (၃း၃၀) နာရီတွင် ဦးပေါ်ဆန်းအိမ်ရှေ့သို့ ကြွရောက်လာခဲ့လေရာ ဦးကျော်ဝင်းက ဦးဆောင်ကြိုဆိုပြီး ဆရာတော်ကြီး ကားပေါ်မှဆင်း၍ ဦးပေါ်ဆန်း၏ အိမ်ထဲသို့ကြွရောက်ပြီး ဦးစွာ ကျိုက်ထီးရိုးပုံတူကို ဖူးမြော်ကန်တော့ပြီး ဘုရားဖူးများကို တွေ့ဆုံပါသည်။

ထို့နောက် ဆရာတော်က -

"အမိန့်ရှိမယ်။ တယ်လီဖုန်းနဲ့အသံဖမ်းထား။ ပုဂ္ဂိုလ်တွေပြောတဲ့အတိုင်း ဆရာတော်အမိန့်ချမယ်။ အမိန့်ပယ်တဲ့သူ အန္တရာယ်ရှိမယ်"

ဟူ၍ မိန့်ကြားပြီးနောက် ဦးကျော်ဝင်းက မိုးကုတ်ရိပ်သာအနီး သာသနာ့မြေဂရန်ကျပြီးသားနေရာကို ပြသပေးမှါသည်။ ဘုန်းကြီးကျောင်းဝင်းအတွင်းကိုလည်းပြပေးပါသည်။ ရွာသားအများစု ကျောင်းဝင်းအတွင်းမှာ ဘုရားတည်ဖို့ ဆန္ဒရှိကြပါတယ်ဟု လျှောက်ထားရာ ဆရာတော်က -

"ဘုန်းကြီးကျောင်းဆိုရင် ဘယ်ကျောင်းမှမရဘူး။ ရိပ်သာရှိတဲ့နေရာကို သွားကြည့်မယ်။ ဆရာတော်စကားတစ်ခွန်းပဲပြောတယ်"

ဟုပြောပြီး သွားကြည့်ကြသည်။

ရောက်ရှိသည့်နေရာတွင် ဆရာတော်က -

"ခုပဲ ပုဂ္ဂိုလ်ကပြောတယ်။ ဆရာတော်တည်ထားခဲ့တဲ့သင်္ဘောတွေထက် ပိုကြီးပြီးတည်ပေးရမယ်။ အရှေ့အရပ်ကို လှည့်ရမယ်။ အတွင်းလှေကားပါရမယ်။ အပိတ်မတည်ရဘူး။ အရင်စဉ်းစားထား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာတစ်မျိုး။ ခုတော့ အာစီးနဲ့လုပ်ရမယ်။ အကောင်းဆုံးနဲ့ အသပ္ပာယ်ဆုံး တည်ရမယ်။ ငွေလည်း သိန်း (၃၀၀) လောက်ကုန်မယ်။ နောက်ပိုင်းစည်ကားလာမယ်"


ဟု မိန့်ဆိုပြီး ရိပ်သာရှိရာသို့ ထွက်ခွာလာခဲ့ရာ နံနက် (၄း၁၅) နာရီတွင် ရောက်ရှိကြသည်။

ဆရာတော်က နေရာအကျယ်အဝန်းကို မေးမြန်းပြီး စေတီတည်ထားရန် နေရာသတ်မှတ်ပြီး ရပ်ကျေးအုပ်ချုပ်ရေးမှူးဦးကျော်ဝင်းအား သာသနာ့အလံများကို စိုက်ထူစေခဲ့ပါသည်။ ဤနေရာသည် ဗဟိုချက်ဖြစ်ပြီး နောက်ထပ် သာသနာ့အလံ(၉)လံစိုက်ခိုင်းပြီး အလံတိုင်များ လုံးဝမလဲစေရန် မိန့်ကြားပါသည်။ သဘော်ပုံတည်ပြီးလျှင် စေတီအရံ(၃၁) ဆူ သုံးဆယ့်တစ်ဘုံ ကိုယ်စားပြုတည်ရမည်ဟု မိန့်ပါသည်။

တည်ထားမှုအစီအစဉ်၊ စေတီတော်ရန်ပုံငွေအစီအစဉ်၊ ငွေကောက်ခံရန်အစီအစဉ်၊ ဦးပေါ်ဆန်းအိမ်မှပုံတော်ကို ဘုရားတည်မည့်နေရာသို့ ယူဆောင်လာပြီးဗတ်ရွတ်ရန်၊ အညိုရောင်ဝတ်စုံဝတ်ဆင်ပြီးမှ အဝန်းအဝိုင်းထဲဝင်ရန်၊ အလှူခံရရှိငွေဖြင့် ပရိသတ်ကို ထမင်းမကျွေးရန်၊ ဝေယျာဝစ္စအတွက် သီးခြားအလှူခံရန်၊ ဘုရားတည်ထားရန် အလှူခံရရှိငွေကို ဘုရားအတွက် သီးခြားအသုံးပြုရန်၊ ဘုရားဖူးလာပရိသတ်ကို ဧည့်ခံနိုင်ရန် စီစဉ်ဆောင်ရွက်ရန် မှာကြားပြီး နတ်တော်လပြည့်ကျော် ၉ ရက်နေ့တွင် ဘုရားတည်မည်ဟု မိန့်ကြားပြီး ဆရာတော် ရန်ကုန်မြို့သို့ကြွသွားခဲ့သည်။

အထက်ပိုင်းရပ်ကွက်နေ ကိုဝင်းကျော်မိသားစုက မော်တော်ယာဉ်အလှူပေးသဖြင့် ဦးပေါ်ဆန်းမိသားစု ရပ်ကွက်အုပ်ချုပ်ရေးမှူးရိပ်သာအကျိုးဆောင်များ၊ မိတ်ဆွေများနှင့်အတူ အိမ်မဲ တကောဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြရာ ယာယီကျောင်းဆောင်အတွင်း ပူဇော်ထားသော ဘုရားဓာတ်တော်အားနှင့် အခြားသော ဓာတ်တော်များကို ဦးပေါ်ဆန်းတို့အဖွဲ့ ထူးခြားစွာတွေ့ခဲ့ရသည်။ ယင်းဓာတ်တော်များသည် မော်လမြိုင်မြို့မှ ပင့်ဆောင်လာခဲ့ပြီး အိမ်မဲမြို့တွင် ဓာတ်တော်တိုက်ဆောက်လုပ် အပူဇော်ခံထားသည်ဟု သိရှိရ၏။

၇-၁၁-၂၀၁၅ ရက်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ညွှန်ကြားသဖြင့် ဦးပေါ်ဆန်း၊ ရိပ်သာအတွင်းရေးမှူးတို့



တကောဆရာတော်ထံသွားပြီး ဆရာတော်၏ခွင့်ပြုချက်နှင့် လိုအပ်ချက်မှန်သမျှ ရွာကဖြည့်ဆည်းဆောင်ရွက်တင်ပြလျှောက်ထားခဲ့ပြီး ဆရာတော်မှလိုအပ်တာတွေဖြည့်ဆည်းပေးမည်ဟု မိန့်ကြားခဲ့ပါသည်။

ဤသို့ဖြင့် ရိပ်သာအတွင်းရေးမှူး ဦးပေါ်ဆန်း၊ ဇနီး၊ သားတို့ (၄) ဦး ဆရာတော်ထံရောက်ရှိပြီး ဘုရားတည်ရန် ဗိနိုင်းဒီဇိုင်းပုံစံ၊ အသုံးစရိတ်ကိစ္စများကို ပြောကြားလျှောက်ထားရာ ဆရာတော်ကြီးက မိန့်ကြားခဲ့ပါသည်။

ဤသို့ဖြင့် ၅-၁၂-၂၀၁၅ ရက်နေ့တွင် ဦးပေါ်ဆန်း၏နေအိမ်မှ ကျိုက်ထီးရိုးပုံတူစေတီကို ရွာဦးကျောင်းဆရာတော် ဦးစန္ဒိမာ ဦးဆောင်ကာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် တည်တော်မူခဲ့ရာ ၁၈-၈-၂၀၁၅ ရက်နေ့မှ ၅-၁၂-၂၀၁၅ ရက်နေ့အထိ အလှူခံရရှိငွေ ငါးဆယ့်ရှစ်သိန်းသုံးသောင်းလေးထောင် ရရှိခဲ့ပါသည်။ အရံစေတီ (၃၁) ဆူအတွက်လည်း ရိပ်သာအတွင်းရေးမှူးထံတွင် လှူဒါန်းရရှိခဲ့ပါသည်။

ဤသို့ဖြင့် ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၁၈-၈-၂၀၁၅နေ့သည် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာတွင် ဗုဒ္ဓဘာသာသမိုင်းတွင်ခဲ့သည့်နေ့ဖြစ်ခဲ့ရပါသည်။

ဦးပေါ်ဆန်းနှင့်ဒေါ်နီလာတို့သည် ဟိန္ဒူဘာသာဝင်များဖြစ်ကြပြီး ဦးပေါ်ဆန်း အိမ်ထောင်ကျပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့သော်လည်း မိရိုးဖလာဝါဒကိုလည်းလက်ခံခဲ့ပါသည်။ အိမ်ထောင်ကျသည့်နှစ်တွင် ကျိုက်ထီးရိုးဆံတော်ရှင်စေတီသို့ သွားရောက်ဖူးမြော်ပြီး သားသမီး (၂)ယောက်ရယူလိုခြင်း စီးပွားတိုးတက်ရပါလိုခြင်းများကို ဆုတောင်းခဲ့ပြီး (၁၈) ခေါက်တိတိ ရောက်ရှိခဲ့ပါသည်။ ကျိုက်ထီးရိုးဆံတော်ရှင်သို့ ရောက်ရှိခဲ့ရာမှ မှန်ကျောင်းဆောင်ပုံတူကို ဝယ်ယူပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

နေ့စဉ် သီတဂူဆရာတော်၏ တရား၊ ပရိတ်၊ ပဋ္ဌာန်း၊ အနေကဇာတင်တရားတော်အခွေများကို (၃) နာရီကြားနာယူပါသည်။

ကျွန်ုပ် ဆားမလောက်ကျေးရွာသို့ ၉-၆-၁၇ ရက်နေ့က ရောက်ရှိသွားခဲ့ပြီး ဆားမလောက်ကျေးရွာ ဓမ္မာရုံအကျိုးဆောင် ဦးလှမြင့်၏ လမ်းညွှန်ချက်အရ ဦးပေါ်ဆန်းဆိုင်သို့ရောက်ရှိခဲ့ပြီး ဦးပေါ်ဆန်း၏ တွေ့ဆုံပြောကြားချက်များအရ ဤကဲ့သို့ ရေးသား တင်ပြလိုက်ပါသည်။

ကျွန်ုပ်နှင့် တွေ့ဆုံခဲ့ပြီးသောနေ့ ၁၁-၆-၁၇ မှ နောက် (၅) ရက်အကြာတွင် ညောင်တုန်းမြို့ လမ်းမတော်လမ်းနှင့် (၂၉)လမ်းထောင့်သို့ ပြောင်းရွှေ့နေထိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အခွင့်အခါတို့ ကြုံကြိုက်ခဲ့ပါက ရန်ကုန်-ညောင်တုန်းမော်တော်ကားလမ်း ဆားမလောက်ကျေးရွာသို့ မရောက်မီ ဆားမလောက်ကျေးရွာ ညောင်ပင်သာရွာအနီး မော်တော်ကားလမ်း၏ နံဘေးနှင့် ကဲ့ကြိုဝမြစ်(ပန်းလှိုင်မြစ်)၏အကြားတွင်တည်ရှိပါသော -

သဘော်ဦးပိုင်းပေါ် တည်ထားဆားမလောက်ရွာမှ ကျိုက်ထီးရိုးဘုရားသို့ ဝင်ရောက် ဖူးမြော်နိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

စိုးရာဇာကျော်

www.burmeseclassic.com

www.burmeseclassic.com

အခါသုံးပါးဟူသည် -

၁။ အစားအစာစားသောက်နေသည့် အခါ၊

၂။ အိပ်ရာမှနိုးစအခါ၊

၃။ ခရီးပန်းလာသည့် ခရီးရောက် မဆိုက်အခါတို့ ဖြစ်ပါသည်။

အစားအစာစားသောက်ခြင်းသည် သတ္တဝါတို့အတွက် အရေးအပါဆုံး အလုပ်ဖြစ်သည်။ သတ္တဝါတို့သည် အစာရေစာဖြင့် အသက်ရှင်နေရခြင်း ဖြစ်သည်။ အများအားဖြင့် သတ္တဝါတို့ သည် အစားအစာစားသောက်သည့် အခါ စားနေသောအစားအစာအပေါ် စိတ်ဝင်စားလျက်ရှိသည်။ ဆာလောင် မွတ်သိပ်နေသည့်အချိန်၊ ခံတွင်းတွေ့နေ သည့်အချိန်တို့တွင် ပို၍စိတ်ဝင်စားနေ တတ်ပါသည်။

ထိုအခါမျိုးတွင် သူ့ကို မနှစ်မြို့ ဖွယ်စကား၊ မနှစ်မြို့ဖွယ်အပြုအမူမျိုးကို ပြောဆိုပြုမူမိပါက လေးစားသူကိုလည်း ရန်ပြန်လုပ်တတ်ပါသည်။ ချစ်ခင်သူကို လည်း ရန်မူတတ်ပါသည်။

မိဘကို ရိုသေသော သားသမီးပင် လျှင် မလေးမစားပြန်ပြောတတ်ပါသည်။ သခင်ကို အလွန်ချစ်ခင်သော တိရစ္ဆာန် ပင်လျှင် ရန်ပြန်လုပ်တတ်ပါသည်။

အားရပါးရအစာစားနေသည့် မိမိ အား အလွန်ချစ်ခင်သောခွေးကို အစာ စားခြင်းကို အနှောင့်အယှက်ဖြစ်သည့် အပြုအမူ (အစားအစာကို ဆွဲယူခြင်း၊ သူ့ကိုစားနေရာမှ တွန်းဖယ်ခြင်း စသည့် အပြုအမူမျိုး) ပြုလုပ်ပါက မိမိအား ပြန် ကိုက်တတ်ပါသည်။

ဤအကြောင်းနှင့် ပတ်သက်ပြီး ကျွန်တော်ငယ်စဉ်က ကြုံတွေ့ခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။

ကျွန်တော်(၁၀)နှစ်သားသာသာ မြန်မာနိုင်ငံကို ဂျပန်များသိမ်းပိုက်ထား ချိန် ဖြစ်ပါသည်။ ကမ္ဘာကျော် ရက်စက် ကြမ်းကြုတ်သူကြီးမှုကြီးတစ်ခုဖြစ်သော သံဖြူဇရပ်ရထားလမ်းဟု အမည်တွင် သော ယိုးဒယား(ထိုင်း)-မြန်မာရထား လမ်းကို ဂျပန်တို့ဖောက်လုပ်ခဲ့ပါသည်။ ထို့အတွက် အလုပ်သမားငှားပါသည်။ ရက်စက်ကြမ်းကြုတ်သော ဖက်ဆစ် ဂျပန်လက်အောက်ဝယ် အလုပ်မလုပ်လို ခြင်းနှင့် ငှက်ဖျားထူပြောသည့်နေရာဖြစ် ခြင်းတို့ကြောင့် လူငှား၍မရပါ။ ထိုအခါ ဖက်ဆစ်တို့က မရအရ ဖမ်းဆီးခေါ် ဆောင်ကြပါသည်။ ဤသည်ကို ချွေးတပ် ဆွဲသည်ဟုခေါ်ကြပါသည်။

ကျွန်တော်တို့ဒေသတွင် အရွယ် ရောက်ပြီးသူ ယောက်ျားမှန်သမျှ ထွက် ပြေးပုန်းရှောင်ရပါသည်။ ကျွန်တော်တို့ အိမ်တွင် အဖေ ဦးဖိုးထွန်းနှင့် အဖေ့ညီ ဦးမောင်ညွန့်တို့ရှိပါသည်။ နံနက်မိုးလင်း သည်နှင့် ကျွန်တော်တို့ခြံအရှေ့ဘက် စားကျက်တောကြီးထဲသို့ သွားရောက် ပုန်းအောင်းနေရပါသည်။ အနီးအပါးရွာ များအားလုံးကလည်း လာရောက် ပုန်းအောင်းကြပါသည်။

ဂျပန်များက ရွာထဲဝင်လာ၍ ယောက်ျားမတွေ့သောအခါ သောင်း ကျန်းပါတော့သည်။ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ သူကြီးများကို ပါးရိုက်ပါ သည်။ ရွာသားများ အလွန်စိတ်ဆင်းရဲ ပြီး နည်းလမ်းရှာကြပါသည်။

နောက်ဆုံးအကြံရသည်မှာ ဂျပန် နှင့်ညှိပြီး လစဉ် ရွာလူဦးရေအလိုက် ချွေးတပ်သားအချိုးကျငှားရမ်းပေးရန် ဖြစ်ပါသည်။ ရွာမှလူငယ်များကလည်း လူကြီးများကို သနားသဖြင့် လိုက်ရန် ကတိပေးကြပါသည်။

ဂျပန်များက စာရင်းစစ်ပြီး လက်ခံ ကြပါသည်။ အပ်ပြီးလျှင် လည်သူများ က လည်သလို ထွက်ပြေးကြပါသည်။ မော်လမြိုင်မှ စခန်းသို့ကားဖြင့်တင်သွား စဉ်လည်း ခုန်ချထွက်ပြေးကြပါသည်။ လွတ်သူလွတ်၊ ပြန်မိသူမိဖြစ်ပါသည်။ စခန်းမှလည်း လစ်လျှင်လစ်သလို ထွက်ပြေးကြပါသည်။ လုပ်ငန်းခွင်တွင် ငှက်ဖျားမိပြီး သေသူလည်းများပါသည်။ မည်သို့ပင်ဖြစ်စေ ရွာတွင်တော့ အလုပ် ပျက်အကိုင်ပျက် ထွက်ပြေးပုန်းရှောင်ရ သည့်ဘဝကလွတ်သွားပြီး အေးအေး ဆေးဆေးလုပ်ကိုင်ရပါသည်။

ထိုသို့ရှိနေစဉ် တစ်နေ့ နံနက်စာ စားချိန် (၁၀) နာရီခွဲခန့်လောက်တွင် ကျွန်တော်တို့သားအဖ နံနက်စာစားပြီး နောက် အဖေက -

"ငါ ကိုစိန်မောင်တို့အိမ်မှာ ထွန်ခြစ် သွားငှားဦးမယ်"

ဆိုပြီး ထွက်သွားပါသည်။

# ချောင်းဆုံအနန်းသွင်
## အခါသုံးပါး စကားဆင်ခြင်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်းလိုက်မယ်ဆိုပြီး ကျွန်တော်ကနောက်မှလိုက်သွားပါသည်။ ရောက်သောအခါ ဘကြီးစိန်မောင်တို့က စားပြီးပါတူပြီး သူ့သား ကိုသာအောင် တစ်ယောက်သာစားနေ၏။ ကိုသာအောင်က (၂၅) နှစ်ခန့်ရှိပြီး မိဘကို အလွန်ရိုသေသူဖြစ်ပါသည်။

ကျွန်တော်တို့ရောက်ချိန်မှာတော့ မည်သည့်အကြောင်းကြောင့်မသိ ဘကြီး ဦးစိန်မောင်က ကိုသာအောင်ကို ဆူပူကြိမ်းမောင်းနေပါသည်။ ကိုသာအောင်က ထမင်းစားလျက် မျက်ရည်ဖြိုင်ဖြိုင်ကျနေပါသည်။ ကျွန်တော်တို့မထိုင်ရသေးမီ ရုတ်တရက် ကိုသာအောင်က -

"ထမင်းတစ်လုတ်ကို မျက်ရည်မျက်ခွက်နဲ့စားရတဲ့အိမ်မှာမနေတော့ဘူး"

ဆိုပြီး ထမင်းဝိုင်းပါ ဆွဲမှောက်ပြီး ထွက်သွားပါသည်။

ဦးစိန်မောင် မှင်တက်မိပြီးကြောင်နေပါသည်။ သူ့အမေ ဒေါ်ငွေက မောင်သာအောင်၊ မောင်သာအောင်ဆိုပြီး လိုက်ခေါ်ပါသည်။

ဦးစိန်မောင်က -

"လိုက်မခေါ်နဲ့၊ ထားလိုက်။ သင်း ဘယ်သွားစရာရှိလို့လဲ။ ပြန်လာမှာပေါ့"

ဟု ဟန့်တားသည်။ ပြီးတော့ အဖေ့ကိုကြည့်ပြီး-

"ဖိုးထွန်း ဘာကိစ္စလဲ"

ဟု မေးပါသည်။

အဖေက ထွန်ခြစ်ငှားလိုကြောင်း ပြောတော့ -

'အိမ်အောက်မှာရှိတယ်။ ယူသွား"

ဟု ဆိုပါသည်။

အဖေက ထွန်ခြစ်ယူပြီး ပြန်ခဲ့ပါသည်။

"စားတုန်းသောက်တုန်း ဆူပူကြိမ်းမောင်းတာမကောင်းဘူး။ ငါလည်း မကြိုက်ဘူး"

ဟု အဖေက လမ်းတွင်ပြောပါသည်။

ကိုသာအောင်လုံးဝပြန်မလာတော့ပါ။ သူ့သဘောဖြင့်သူ သံဖြူဇရပ် ချွေးတပ်စခန်းသို့ လိုက်သွားသည်။ ရွာမှပြန်လာသည့်သူများ၏ ပြောပြချက်အရ ကိုသာအောင် ငှက်ဖျားမိပြီး ထိုငှက်ဖျားရောဂါဖြင့်ပင် ကွယ်လွန်သွားပါသည်။

ထိုသတင်းကြားပြီးနောက် ဒေါ်ငွေ ပူဆွေးသောကစိတ္တဇဖြင့် (၁)နှစ်ခန့်တွင် ကွယ်လွန်သွားပါသည်။

ဦးစိန်မောင်က နောက်ထပ် (၁၀) နှစ်ခန့် အသက်ရှင်နေသေးသော်လည်း သူ့မျက်နှာမှာအမြဲညှိုးနေပြီး တစ်ခါမျှ ရွှင်ပျရိုပ်ပေါ်မလာတော့ပါ။

အစာစားနေတုန်း ဆူပူကြိမ်းမောင်းခြင်းသည် အခန့်မသင့်သော် ဤမျှအထိဆိုးကျိုးကိုဖြစ်စေပါသည်။

နောက်အခါတစ်ပါးကတော့ အိပ်ရာမှနိုးစအခါဖြစ်ပါသည်။ အိပ်ပျော်သွားခြင်းသည် သေသွားခြင်းနှင့်တူသည်ဟု ဆိုပါသည်။ သို့ဖြစ်က အိပ်ရာမှနိုးလာခြင်းသည် မွေးဖွားခြင်း (ဝါ) ဘဝသစ်ကို စခြင်းအခါဖြစ်ပါသည်။ဘဝသစ်ကိုစချိန်တွင် မင်္ဂလာရှိသောအကြားအမြင်တို့ကိုသာ ကြားမြင်သင့်ပါသည်။ မနှစ်မြို့ဖွယ် မကြားချင်မမြင်ချင်သော အကြားအမြင်များကို ကြားရသော် စိတ်ဆိုးတတ်ပါသည်။

ကျွန်တော် လူပျိုဘဝက သူငယ်ချင်းတစ်ယောက်၏အိမ်တွင် ထမင်းလခပေးစားပါသည်။ တစ်နေ့ သူငယ်ချင်းသည် တစ်နေရာမှပြန်လာပြီး အိပ်ရာမှနိုးဝဖြစ်သော သူ့အဖေအား နာရေးသတင်းတစ်ခုကိုပြောပါသည်။

ထိုအခါ သူ့အဖေက -

"မင်းမြဲမြဲမှတ်ထား၊ အိပ်ရာမှနိုးစဖြစ်သူကို ဘယ်တော့မှမကောင်းသတင်းမပြောနဲ့။ အိပ်ရာကနိုးစအချိန်ဆိုတာ မင်္ဂလာယူတဲ့အချိန်၊ အမင်္ဂလာစကားမပြောရဘူး"

ဟု ဆိုဆုံးမပါသည်။

သတိပြုဖွယ် ဖြစ်ပါသည်။

နောက်အခါတစ်ပါးကတော့-

ခရီးပန်းလာသူ၏ ခရီးရောက်မဆိုက်အခါဖြစ်ပါသည်။ ကျွန်တော်အသက် (၅၀) ခန့်က မုတ်လကုန်ပိုင်းတစ်မနက်မှာ တောင်ဥက္ကလာရှိ အစ်ကိုဝမ်းကွဲတော်သူ ကိုခင်မောင်၏အိမ်သို့ ကိစ္စတစ်ခုဖြင့် သွားပါသည်။ မတွေ့ကြသည်မှာ (၁၀) နှစ်ကျော်ကြာပြီဖြစ်၍ ကိစ္စပြီးသော်လည်း စကားလက်ဆုံကျနေပြီး နံနက်စာပါ စားလိုက်ပါသည်။ နေမင်းက မီးခိုးထွက်လုမတတ်ပူလောင်တောက်ပနေပါသည်။

ကျွန်တော်တို့ ထမင်းစားပြီးချိန် (၁၁) နာရီခန့်တွင် သူ့သား တင်မောင်ထွန်း အပြင်မှပြန်လာပါသည်။ ဦးထုပ်သာဆောင်းထားသဖြင့် အပူဒဏ်အတော်ခံခဲ့ရပုံရပါသည်။ မျက်နှာနီရဲပြီး ချွေးတွေရွှဲနေပါသည်။ တင်မောင်ထွန်း အိမ်ပေါ်တက်သည်နှင့် ကိုခင်မောင်က-

"ရခဲ့သလား"

ဟု မေးပါသည်။

"ဦးပါကြီးမရှိဘူး၊ မန္တလေးသွားတယ်"

ဟု တင်မောင်ထွန်းက ပြန်ဖြေတော့-

"အသုံးမကျတဲ့အကောင်၊ ငါပြောတာနဲ့ မင်းမသွားဘဲ (၂) နာရီလောက် အချိန်ဖြုန်းနေတယ်"

ဟု ကိုခင်မောင်က ဆူပူကြိမ်းမောင်းလိုက်သည်။

တင်မောင်ထွန်းက-

"စကားကိုဆုံးအောင်နားမထောင်ဘဲ ဘာလို့အရင်အပြစ်တင်တာလဲ။ သူက မိုးမလင်းခင်ထသွားတာ၊ ပြန်လာတော့ ဆက်ဆက်လာပေးမယ်။ (၃)ရက်ပဲကြာမယ်လို့ မှာသွားတယ်"

ဟု မျက်နှာထားတင်းတင်းဖြင့် ပြန်ပြောပါသည်။

ကိုခင်မောင်က သူ့သားထံမှ မကြားစဖူးလေသံ၊ မမြင်စဖူး မျက်နှာထားကြောင့် ဒေါသထွက်ပြီး -

"မင်းကလား ငါ့ကို"

ဟု ဆိုပြီး ထပါသည်။

ကျွန်တော်က -

"အစ်ကို၊ နေဦး"

ဟု ဆိုပြီး သူ့လက်ကိုဆွဲထားလိုက်ပါသည်။

ပြီးတော့ တင်မောင်ထွန်းအား -

"သား၊ ရေတစ်ခွက်ဝဝသောက်လိုက်။ နေပူထဲကပြန်လာရင် ရေအေးသောက်ရတယ်။ ဒါမှ အပူမဝင်မှာ။ ပြီးတော့ ချက်ချင်း အကျႌမချွတ်နဲ့။ ချွေးတိတ်အောင်ခဏနေပြီးမှ အဝတ်အစားလဲ၊ ချွေးစိုအကျႌနဲ့လည်းမနေနဲ့"

ဟု ပြောပြီး ကိုခင်မောင်အား -

"အစ်ကို၊ ကျွန်တော်တို့စကားပြန်ဆက်ရအောင်"

ဟု ပြောပါသည်။

ကိုခင်မောင်က ပညာတတ် အမြော်အမြင်ရှိသူဖြစ်ပါသည်။ သူမှားမှန်း ချက်ချင်းသိပါသည်။ ထို့ကြောင့် ကျွန်တော်တို့ပြောလက်စကားဆက်ပြောကြပါသည်။ သူတို့မှာလည်း စကားဆက်ပြောစရာမလိုတော့ပါ။

ထို့ကြောင့် -

အစားအစာစားနေသူ၊ အိပ်ရာမှနိုးစသူနှင့် ခရီးပန်းလာပြီး ခရီးရောက်မဆိုက်သူများကို စကားပြောရာတွင် သတိထားဆင်ခြင်ပြီးပြောသင့်ပါသည်။

ချောင်းဆုံးဒုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



(မော၇)

# မောင်ပွင့်ဘုကျော်

## ကောင်းကျိုးချမ်းသာအဖြာဖြာကို ဖြစ်စေသော သက်တောင့်ဂါထာ

တစ်ညမှာ ကျွန်တော် အိပ်ရာဝင်ခါနီး အိမ်သာတက်ပါတယ်။ အခင်းကြီးသွားပြီလို့ ရေချဖို့ထရပ်လိုက်တဲ့အချိန်မှာ မျက်လုံးပြူးသွားပါတယ်။ အိမ်သာအိုးထဲမှာ သွေးရောင်နီရဲနေပါတယ်။ ကျွန်တော်က လိပ်ခေါင်းရောဂါအခံရှိတဲ့အတွက် စအိုဝမှာ အနာဖြစ်လို့လားဆိုပြီး အိမ်သာသုံးစက္ကူနဲ့ပွတ်ကြည့်တော့လည်း သွေးစသွေးနမတွေ့ပါ။ အတော်ထိတ်လန့်သွားပါတယ်။ အိပ်ရာဝင်တော့ အနားက ဇနီးသည်ကို ဘာမှမပြောသေးပါ။ တစ်ယောက်တည်းကိုယ့်အနေအထားကို ပြန်စဉ်းစားကြည့်ပါတယ်။ အစာအိမ်အတွင်းက သွေးယိုရအောင် အစားအသောက်လည်းမမှား၊ ဗိုက်အောင့်ဗိုက်နာတာလည်းမရှိပါ။ အူလမ်းကြောင်းမှာ အနာဖြစ်နေရင်တော့ အစာအိမ်မှန်ပြောင်းကြည့်တာတို့၊ အသားစနမူနာယူတာတို့လုပ်ရတော့မယ်။ ရောဂါကြီးရင်တော့ ဒုက္ခပဲလို့တွေးကြောက်ပြီး တော်ရုံနဲ့အိပ်မပျော်ပါ။

ဒီအတိုင်းဆိုရင်တော့ တစ်ညလုံးအိပ်ပျော်မှာမဟုတ်ဘူးလို့ တွေးမိပြီး ဂါထာတစ်ပုဒ်ကို သတိရလိုက်ပါတယ်။ ပက်လက်အံနေအထားနဲ့ လက်ဝါးနှစ်ဖက်ကို ဗိုက်ပေါ်အသာမှောက်တင်ပြီး အသက်မှန်မှန်ရှူရင်း အဲဒီဂါထာကို စိတ်ထဲမှာ ရွတ်လည်းရွတ်၊ ဂါထာရဲ့အနက်အဓိပ္ပာယ်ကိုလည်း အခေါက်အခေါက်အခါခါဆင်ခြင်ပါတယ်။ ဘယ်အချိန်အိပ်ပျော်သွားမှန်းမသိပါ။

မနက်အိပ်ရာကထတော့ ခါတိုင်းလိုပဲ ရေသန့်ဘူးတစ်ဝက်လောက် ရေကိုအဝသောက်ပါတယ်။ ခဏအကြာမှာ အိပ်သာတက်ချင်လာလို့ ရင်တထိတ်ထိတ်နဲ့အိမ်သာထဲဝင်ပါတယ်။ အိမ်သာတက်ပြီးလို့ ကြည့်လိုက်တော့ လုံးဝသွေးမပါတော့ပါ။ စိတ်ထဲမှာ အလုံးကြီးကျသွားသလို သက်သာရာရသွားပါတယ်။ နောက်ထပ် (၁၀) ရက်လောက်ကြာတဲ့အထိလည်း လုံးဝသွေးမပါတော့ပါ။

'အဋ္ဌာနမေတံ . . .' အစချီတဲ့ ဒီဂါထာကို လူသိများသလို ဗုဒ္ဓဘာသာဝင်အတော်များများလည်း အလွတ်ရကြပါတယ်။ တချို့က ဂါထာကို ရွတ်တတ်ပေမယ့် အနက်အဓိပ္ပာယ်မသိကြပါ။ ပါဠိတော်တွေကို ရွတ်ဖတ်ရာမှာ အရေးကြီးတာ လေးချက်ရှိပါတယ်

၁။ စိတ်ထဲမှာယုံယုံကြည်ကြည်နဲ့အလေးအနက်ထားရွတ်ပွားရပါမယ်။

www.burmeseclassic.com

၂။ ပုဒ်ပါဠိအသံထွက်မှန်အောင် ရွတ်ဖတ်ရပါမယ်။
၃။ ပါဠိတော်ကို ရွတ်ဖတ်နေရင်း အနက်အဓိပ္ပာယ်ကိုဆင်ခြင်ရပါမယ်။
၄။ ဝတ်တစ်ခုထားပြီး အချိန်မှန်ရွတ်ဖို့ သတိရတိုင်း ရွတ်နေဖို့လိုပါတယ်။

စာရေးသူတွေအနေနဲ့လည်း ပါဠိတော်တွေကို ရေးသားတင်ပြရာမှာ အနက်အဓိပ္ပာယ်နဲ့တကွ ဖော်ပြစေလိုပါတယ်။ ဒါမှသာ စာဖတ်သူတွေအနေနဲ့ ကောင်းမှန်းသိလို့ ရွတ်တော့ရွတ်နေတာပဲ၊ ဘာမှန်းတော့မသိဆိုတဲ့အဖြစ်မှလွတ်ကင်းကြပါမယ်။ ဒီဂါထာကို သဗ္ဗသိဒ္ဓိဂါထာခေါ် အန္တရာယ်ကင်းဂါထာလို့ ခေါ်ပါတယ်။

(သဗ္ဗ-အလုံးစုံ+သိဒ္ဓိ-ပြီးစီးအောင်မြင်ခြင်း)

တချို့စာအုပ်မှာတော့ 'အကာမန္တန်တော်ကြီး' လို့ဖော်ပြပါတယ်။ ဘေးရန်အန္တရာယ်အသွယ်သွယ်မကျရောက်အောင် ကာကွယ်ပေးတယ်လို့ဆိုလိုရင်း ဖြစ်ပါတယ်။

ဒီဂါထာတော်ဟာ ပိဋကတ်သုံးပုံ၊ ဝိနည်းပါဠိတော်၊ စူဠဝဂ္ဂပါဠိတော်မှာ ဖော်ပြပါရှိတဲ့ မြတ်စွာဘုရားရှင်ရဲ့ နှုတ်တော်ထွက် ဓမ္မစက်ဂါထာတော် ဖြစ်ပါတယ်။ ဒီဂါထာတော်ကို စွမ်းနိုင်သလောက် အခေါက်အရေအတွက် သတ်မှတ်ပြီး နေ့စဉ်ပုံမှန်ရွတ်ပွားဆင်ခြင်ခြင်းဖြင့် ရန်သူအနှောင့်အယှက်အမျိုးမျိုးမှ ကင်းလွတ်ကြောင်း၊ အလုပ်အကိုင်နဲ့ပတ်သက်ပြီး အခက်အခဲတွေကိုကျော်လွှားလွတ်မြောက်ခဲ့ရကြောင်းကိုယ်တွေ့ကြုံသူအများအပြားရှိပါတယ်။

ပါဠိလိုရွတ်ဖတ်မှုအခက်အခဲရှိသူတွေအတွက် အသံထွက်တွေကို ကွင်းစကွင်းပိတ်နဲ့ဖတ်ပြထားတယ်။ 'ရကောက်' ကို အသံထွက်တဲ့အခါ 'ယပက်လက်' အသံမထွက်စေဘဲ အင်္ဂလိပ်အက္ခရာ 'R' လို၊ 'ထာဝရ' က 'ရ' လို လျှာလိပ်သံနဲ့ အသံထွက်ရပါမယ်။

**□ သဗ္ဗသိဒ္ဓိဂါထာခေါ်**
**အန္တရာယ်ကင်းဂါထာတော်**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
(အတ်ထာနမေတံ ဘိတ်ခဝေ အနဝ ကာသော)
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
(ယံ ပရူပက်ကမေန တထာဂတံ ဇီဝိတာ့ ဝေါရောပေယ)
အနူပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
(အနူပက်ကမေန ဘိတ်ခဝေ တထာ ကတာ ပရိနိတ်ဘာယန်တိ)
* ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
(အေတေန သစ်စဝစ်ဇေန သွတ်ထိ မေ ဟောတု သပ်ဘဒါ)

**ဂါထာတော်အနက်**

ဘိက္ခဝေ - ချစ်သားရဟန်းတို့။ ယံ - အကြင်အကြောင်းကြောင့်။ ပရူပက္ကမေန - သူတစ်ပါးတို့၏ လုံ့လပယောဂဖြင့်၊ တထာဂတံ- သင်တို့ဆရာ ငါဘုရားကို၊ ဇီဝိတာ - ရုပ်နာမ်နှစ်ထွေ မြွက်ဖော်အသက်တော်မှ။ ဝေါရောပေယျ-ခွင်းကာပျက်ခြွေချသတ်လေရာ၏။

ဧတံ - ဤသို့ ရုပ်နာမ်ပျက်ယွင်းချသတ်နိုင်ခြင်းသည်၊ အဋ္ဌာနံ - အကြောင်းခြင်းရာ မဟုတ်သည်သာတည်း။

ဘိက္ခဝေ-ငါဘုရားကိုစောင့်ရှောက်နေပြား အို-ချစ်သားတို့။ တထာဂတာ - ရှေးရှေးအတူကြွလာတော်မူကြကုန်သော မြတ်စွာဘုရားတို့သည် အနူပက္ကမေန- သူတစ်ပါးတို့ လက်နက်လုံ့လပယောဂတို့ လုံးဝမရှိဘဲနဲ့သာလျှင်၊ ပရိနိဗ္ဗာယန္တိ- နိဗ္ဗာန်စံကိန်းငြိမ်းအေးတော်မူကြပေကုန်၏။

* ဧတေန သစ္စဝဇ္ဇေန - ဤသို့ ထုတ်ပြန် ဟုတ်မှန်သောစကားကို မြွက်ကြားရပေသောကြောင့်၊ မေ - ချမ်းသာလိုလား တပည့်တော်အား၊ သဗ္ဗဒါ - နေ့ရောညဥ့်ပါ အခါခပ်သိမ်း။ သောတ္ထိ- လက်နက်ပယောဂ ကင်းစင်ပ၍ ဘေးရန်ကင်းကွာ ချမ်းသာခြင်းသုခအဝဝနှင့် ပြည့်စုံခြင်းသည်။ ဟောတု - မုချမသွေ ဖြစ်ပါစေသတည်း။

ကြယ်ပွင့် (*) ပြထားတဲ့အပိုဒ်ကို ထည့်မဆိုဘဲ အထက်ကဂါထာကို နှလုံးသွင်းရွတ်ဆိုရုံဖြင့် ကိစ္စအဝဝပြီးစီးနိုင်ပါတယ်။ အဲဒီအပိုဒ်က မိမိလိုလားတဲ့ဆန္ဒကို သစ္စာပြုခြင်း ဖြစ်ပါတယ်။ သစ္စာပြုခြင်းကိုလည်း မိမိလိုလားသလို ပြောင်းလဲရွတ်ဆိုနိုင်ကြပါတယ်။ ဥပမာအားဖြင့် အနာရောဂါကင်းရှင်းလိုလျှင် -

ဧတေန သစ္စဝဇ္ဇေန နိရောဂါ ဟောန္တု သဗ္ဗဒါ။
(အေတေန သစ်စဝစ်ဇေန နိရောဂါ ဟွန်တု သပ်ဘဒါ)

ဤမှန်သောသစ္စာစကားကြောင့် ခပ်သိမ်းသောရောဂါတို့မှ ကင်းဝေးရပါလို၏။

ခရီးသွားလာရာမှာ ဘေးရန်ကင်းရှင်းလိုလျှင် -

ဧတေန သစ္စဝဇ္ဇေန ဂမနံ မေ သမိဇ္ဈတု။
(အေတေန သစ်စဝစ်ဇေန ဂမနံ မေ သမိတ်ဇတု)

ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ ခရီးသွားလာခြင်းသည် အစစအဆင်ပြေချောမွေ့ပါစေသတည်း။

ဗုဒ္ဓဘာသာဝင်အများသိကြပြီးဖြစ်တဲ့အတိုင်း ရှင်ဒေဝဒတ်ဟာ ဘုရားရှင်ကို အကြိမ်ကြိမ်အခါခါ သေကြောင်းကြံစည်တာနဲ့ပတ်သက်ပြီး ဘုရားရှင်က ဒီပါဠိတော်ကို မြွက်ကြားတော်မူခြင်းဖြစ်ပါတယ်။

ဒီကနေ့အချိန်မှာ သတင်းစာတွေမှာရော ရေဒီယိုနဲ့ရုပ်မြင်သံကြားတွေမှာပါ ယာဉ်မတော်တဆဖြစ်မှုတွေကြောင့် ကိုယ်လက်အင်္ဂါထိခိုက်ကြတာတွေ၊အသက်ဆုံးရှုံးကြတာတွေကို နေ့စဉ်နဲ့အမျှ တွေ့မြင်ကြားသိနေကြရပါတယ်။ ဒါကြောင့် ခရီးသွားလာတဲ့အခါတိုင်း အဋ္ဌာနမေတံဂါထာတော်ကြီးကို မမေ့မလျော့ရွတ်ပွားဆင်ခြင်ခြင်းဖြင့် ဘေးရန်အပေါင်းမှ ကင်းဝေးနိုင်ကြပါတယ်။

မိသားစုကိစ္စမပြေလည်တာတွေ အလုပ်အကိုင်မှာ အခက်အခဲအနှောင့်အယှက်တွေကြောင့် အဆင်မပြေမှုတွေ ကြုံတွေ့တဲ့အခါတိုင်းလည်း ဒီဂါထာတော်ကြီးကို ယုံယုံကြည်ကြည်နဲ့ရွတ်ပွားခြင်းဖြင့် ဘေးရန်အပေါင်းမှ ကင်းဝေးနိုင်ကြပါတယ်။

မိသားစုကိစ္စမပြေလည်တာတွေ အလုပ်အကိုင်မှာ အခက်အခဲအနှောင့်အယှက်တွေကြောင့် အဆင်မပြေမှုတွေ ကြုံတွေ့တဲ့အခါတိုင်းလည်း ဒီဂါထာတော်ကြီးကို ယုံယုံကြည်ကြည်နဲ့ရွတ်ပွားခြင်းဖြင့် အစစအရာရာ အဆင်ပြေလာပါလိမ့်မယ်။ နောက်ဆုံးအပိုဒ်ကို ပါဠိလိုမဟုတ်ဘဲ မိမိဆန္ဒရှိတဲ့အတိုင်း သစ္စာပြုရွတ်ဆို ဆုတောင်းနိုင်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ပါတယ်။

အသိမှန်ရှိ
ကိုယ်ရောစိတ်ပါချမ်းသာကြပါစေ

မောင်ပွင့်ဉာဏ်(မြေ…)



www.burmeseclassic.com

www.burmeseclassic.com


# အညာဘုရားပွဲနှင့် အဝေးကြည့် အနီးကြည့်

ဦးစန္ဒိမာ(စလင်း)

တစ်ခုသောနံနက်ခင်း မိမိကျောင်း ဝိုင်းရှေ့စကြံလမ်းမပေါ်တွင် လမ်းလျှောက်အပြီး တံခါးဝမှ ကျောင်းအပြင်ဘက် လယ်ကွင်းပြင်ကြီးဆီသို့လှမ်းကြည့်လိုက်ရာ ပလတ်စတစ်အိတ်ခွံများ၊ စပါးခွံများ၊ ဝါးခြမ်းစများ၊ ကျွတ်ကျွတ်အိတ်ခွံများ၊ အဝတ်စုတ်များ၊ စာရွက်စုတ်များ၊ ပီနံအိတ်ခွံများ၊ အမှိုက်သရိုက်များစွာ ပွစာကြဲရှုပ်ထွေးနေသော မြင်ကွင်းကျယ်ကြီးကို မြင်လိုက်ရပါတော့သည်။

သြော် - မကြာမီ နှစ်လလောက်အတွင်းက ဒီနေရာဒီမြင်ကွင်းကျယ်ကြီးသည်ကား စလင်းမြို့ ကုသိနာရုံပွဲတော်ကြီးဖြစ်တည်စည်ကားခဲ့ပါကလား။ ဈေးဆိုင်များ၊ ဈေးရောင်းသူ၊ ဈေးဝယ်သူ၊ ပွဲကြည့်သူ၊ ဆက်ကပ်ကြည့်သူ၊ ချားစီးသူ၊ ရဟတ်စီးသူများနှင့် [illegible]ကားများ၊ ဆိုင်ကားများ၊ စက်ဘီးများ၊ ထော်လာဂျီများ၊ သုံးဘီးဆိုင်ကယ်များ၊ ခြေကျင်လျှောက်သူ၊ တွေဝေသူ၊ ငေးမောသူ၊ သွက်လက်သူ၊ နှေးကွေးသူ၊ တစ်ယောက်တည်းလျှောက်သူ၊ လူအများစုနှင့်လျှောက်သူ၊ တုဏှိဘာဝေဆိတ်ဆိတ်လျှောက်သူ လက်ပံပင်ဆက်ရက်ကျဆူညံသူအရောင်စုံ အသွေးစုံ အတွေးစုံ အမြင်စုံ ရင်ခုန်စည်ကားခဲ့သော ဤနေရာကား ယခုအခါ ကျီးနှင့်ဖုတ်ဖုတ် ဝတ်လစ်စလစ်ဟင်းတလင်းပြင်ကြီးငြိမ်သက်တိတ်ဆိတ်နေပါတော့သည်တကား။

ဤသို့လျှင် အတိတ်နှင့် ပစ္စုပ္ပန် အနံ့အလျား၊ အပါးအထူ၊ အပူအအေး၊ အနေးအလျင်၊ အဝင်အထွက်၊ အတက်အဆင်း၊ အလင်းအမှောင်၊ အရှောင်အတိမ်း၊ ယိမ်းထိုးလှုပ်ရှား၊ ဖြစ်ချင်းပျက်ခြင်းများ၊ ရွေ့လျားဆင်းကဲ့ အတွေးစိတ်ထဲ တဝဲလည်လည်ဆက်စပ်မြင်ယောင်လာပါတော့သည်။



စာရေးသူကျောင်း၏မြောက်ဘက်တွင် စလင်း-ဆိပ်ဖြူ-စလင်း-မင်းဘူး ပေတစ်ရာလမ်းမကြီးတည်ရှိပါ၏။ ယင်းလမ်းကြီး၏မြောက်ဘက်တွင် ကွင်းပြင်ကြီးရှိလေသည်။ ပေတစ်ရာလမ်းမကြီးပေါ်သို့ ယာဉ်မျိုးစုံ၊ လူမျိုးစုံ နေ့ညမပြတ်သွားလာမပျက်ရှိပါသည်။ ကျောင်းခေါင်းရင်းတွင် လယ်ကွင်းတွေရှိပါ၏။ စာရေးသူ၏ကျောင်းအနောက်ဘက်တွင် ရွှေမန်းဇာတ်ရုံကြီးတည်ရှိပြီး အနောက်မြောက်တစ်ခေါက်တွင် ပုထိုးဖြူရပ်ကွက် မြင်တင်ရပ်ကွက်နှင့် ကုသိနာရုံဘုရား၊ ယင်းဘုရားဆောင်ဘက် လမ်းသာခြားလျက် ရွှေမြင်တင်ဘုရား၊ ရွှေမြင်တင်ကျောင်းတည်ရှိ၏။ ကုသိနာရုံဘုရားမြောက်ဘက်တွင် မှန်ကင်းကျောင်း ကုသိနာရုံဘုရား၏ အရှေ့ဘက်တွင် လယ်ကွင်းပြင်ကြီးရှိသည်။ ၎င်းလယ်ကွင်းပြင်ကြီးသည်ကား စာရေးသူနှင့် အနီးကပ်ဆုံး ကျောင်းမြောက်ဘက်မှာတည်ရှိပါ၏။ စာရေးသူကျောင်းအရှေ့မြောက်တစ်ခေါ်သာသာလောက်မှာတော့ အထွေထွေအုပ်ချုပ်ရေးရုံး (ရုံးပေါင်းစုံ) ၎င်းနှင့်ကပ်လျက် မြောက်ဘက်အရပ်၌ ရဲစခန်း၊ ကျောင်းနှင့်မျက်စောင်းထိုးတွင် ရွှေကြာငုံရပ်ကွက်ရှိနေပါသည်။

ပြောချင်သည်က စာရေးသူ၏ ကျောင်းသည် မြို့ပြနှင့်လည်းနီး၊ လယ်

www.burmeseclassic.com

ကွင်းပြင်နှင့်လည်း မဝေးဘူးဆိုတာပါပဲ။ ကျေးလက်၊ မြို့ပြ နှစ်ခုစလုံးခံစားရပါ၏။ သည်လယ်ကွင်းပြင်ကြီးဆိုတာကလည်း ရသနှစ်မျိုးခံစားလို့ရပါသည်။ စပါးစိုက်ပျိုးချိန်တွင် ကျေးလက်အဖြစ်မြင်တွေ့ရပြီး စပါးတွေ၊ ကုလားပဲတွေရိတ်သိမ်းပြီးချိန် သင်္ကြန်ကျလိုက်သည်နှင့် အညာဘုရားပွဲခေါ် ကုသိနာရုံဘုရားပွဲကြီးအဖြစ် သက်ဝင်လှုပ်ရှားစည်ကားလာပါတော့သည်။

တစ်ခါတစ်ခါ သင်္ကြန်မတိုင်မီ၊ တစ်ခါတစ်ခါ သင်္ကြန်ပြီးစမှာ ပွဲတော်ကြီးအတွက် ဆိုင်ခန်းတွေဆောက်နေပါပြီ။ တချို့ဈေးသည်တွေက တန်ခူးလဆန်းတာနှင့် ကုသိနာရုံပွဲတော်ကိုရောက်လာလေ့ရှိ၏။ အထူးသဖြင့် ရေခဲမုန့်သည်တချို့ သုံးဘီးဆိုင်ကယ်နှင့် အနီးနားရွာတွေ လှည့်ရောင်းလေ့ရှိ၏။ သူတို့က မိုးရွာရွာ နေပူပူ ထီးအကြီးကြီးမိုးထားပါသည်။ ပွဲတော်တွင်းမှာရောင်းချသည့် မြို့ခံကြို့ရည်ဆိုင်ကတော့ တပို့တွဲလလောက်ကတည်းကတည်းခင်းရောင်းချလေ့ရှိပါသည်။ မြို့ခံ တောင်း၊ စကောဆန်ခါရောင်းသူနှင့် တခြားမြို့မှ ချပွဲဈေးသည်၊ စတီး၊ ဒန်အိုး၊ ပန်းကန်၊ ပန်းကန်ပြားရောင်းသည့်ဆိုင် စသည်များတစ်ဆိုင်ပြီးတစ်ဆိုင် ရှေ့ဆင့်နောက်ဆင့်ရောက်လာပြီး ပွဲတော်ရနံ့ ပွဲတော်ဥပမိပြင် လှုပ်ရှားလာပါတော့သည်။

တချို့ နတ်မောက်ပွဲ၊ တချို့ တောင်တွင်းပွဲ၊ တချို့ ကျောင်းတော်ရာပွဲ၊ တချို့ ပွင့်ဖြူလက်ခုတ်ပွဲ၊ တချို့ရွှေစက်တော်ပွဲ၊ တချို့ဇန်းမော်ပွဲ ပွဲတော်အသီးသီးမှစလင်းကုသိနာရုံပွဲကူးလာရောင်းချကြပါ၏။ ပွဲတော်ဆိုင်ခန်းများဆောက်လိုက်သည်နှင့် မြို့ထဲကလူတွေလမ်းလျှောက်ရင်း၊ စက်ဘီးစီးရင်း၊ ဆိုင်ကယ်စီးရင်း၊ တချို့ကားနှင့် ပွဲတော်၏ဖြစ်တည်မှုအစကို ကြိုဆိုထောက်လှမ်းခံစားကြည့်ရှုကြသော (၁၂)ပွဲဈေးသည်လေးတွေတစ်ဆိုင်စနှစ်ဆိုင်စရောက်လာသည်နှင့် မြင်သွားသူတချို့ကသတင်းပါးကြသည်။ ပွဲတော်ဆိုင်တချို့ ရောက်လာပြီဖြစ်ကြောင်း၊ ပွဲတော်စတင်တော့ဖြစ်မည်ဖြစ်ကြောင်း ပွဲတော်ရပ်လုံးကို ပုံဖော်လျက် မျှော်လင့်ကမ်းဆင့်ကြပါတော့သည်။


ကဆုန်လဆန်းသည်နှင့် ပွဲဈေးဆိုင်ခန်းတွေ စုံသလောက်ရောက်လာကြပါပြီ။ မြို့ခံတွေနှင့်ခင်မင်ရင်းနှီးသည့် ပွဲဈေးသည်တွေ မြင်ရကြားရလူကသတင်းပေးကြရာ ကြားလိုက်သည်နှင့် အိမ်မှာချက်သည့် ထမင်းဟင်း ချိုင့်ထဲထည့်လာပြီး -

"ဒီနေ့မချက်နဲ့။ မောပန်းလာတာကျပ်တို့ယူလာတဲ့ထမင်းဟင်းပဲစားကြပါ။ ဘာမှအားမနာနဲ့၊ လိုတာလည်းလာယူ"

ဟု နွေးနွေးထွေးထွေးညှော်ခံကြိုဆိုတာတွေလည်းရှိသည်။ တချို့ ကားထိုးရပ်လိုက်သည်နှင့် မြို့ခံမိတ်ဆွေတွေရှိပြီး ပစ္စည်းတွေကူသယ်ကူချသောက်ရေပေး၊ လက်ဖက်သုပ်ကျွေး၊ သန့်ရှင်းရေးလုပ်ပေးတာတွေလည်းရှိသည်။ စာရေးသူကျောင်းရှေ့ ညောင်မှတ်ဆိတ်ပင်ကြီးအောက်ရောက်လာသည့် ဦးဘို - ဒေါ်အုန်းမြ (ရေခဲမုန့်ဆိုင်)၊ ကိုတရုတ်ကြီး-မသိန်းသိန်း(ဝက်သားတုတ်ထိုးဆိုင်) မောင်စိုးအိမ္မွေး (သားရေအိတ်ဆိုင်)











www.burmeseclassic.com

www.burmeseclassic.com














မောင်ညွှန့်သိန်း - စန်းစန်လှ (သားရေအိတ်ဆိုင်) တွေကတော့ ညောင်ပင်ရိပ် အေးမြတာ၊ အရိပ်ရတာကြောင့်ကို အပျော်ကြီးပျော်နေတော့ -

"တပည့်တော် တောင်တွင်းပွဲမှာ ပူလွန်းလို့၊ လက်ဖက်ရည်နဲ့ မုန့်ကလည်း မကောင်းလွန်းလို့ တို့တော့စလင်းရောက်ရင် ညောင်ပင်အောက် အေးအေးလူလူ နေရတော့မှာ။ လက်ဖက်ရည်ကောင်း မုန့်ဟင်းခါးကောင်းစားရတော့မှာဆိုပြီး တွေးပျော်နေတော့တာပဲ ဘုရား"

ဦးဘိုက သည်စကားအမြဲပြောလေ့ရှိပါသည်။ သူကလူရိုး။ တည့်တိုးပြောတတ်သူ။ စာတအားဖတ်သူ၊ ဖတ်သမျှမှတ်မိသူဖြစ်၍ စကားအမြဲပြောဖြစ်ကြသည်။

"စလင်းရောက်တာနဲ့ ကိုယ့်အိမ်ကိုယ့်ယာရောက်သလို လုံခြုံစိတ်ချသွားတော့တာပဲ"

ညွှန့်သိန်းတို့ ညီအစ်ကိုတစ်တွေလည်း ဤသို့ဤနှယ်ပြောလေ့ရှိပါ၏။ စာရေးသူပွဲမကြည့်ပေမယ့် ရွှေမန်းဇာတ်ရုံက ဆိုင်းသံဗုံသံ သီချင်းဆိုသံတွေဆူညံလျက် အိပ်လို့မရပါ။ ပြဇာတ်ထဲက သေနတ်ဖောက်သံကြားရလျှင် လန့်လန့်နိုးလိုက်သေးသည်။ ရွာတွေက စက်ဘီး၊ ဆိုင်ကယ်တွေ ကျောင်းဝိုင်းထဲလာထားရာ သွားစရာလမ်းပင်အနိုင်နိုင် ရှုပ်ယှက်ခတ်နေ၏။ ညပွဲကြည့်မည့်သူတွေကို ပြောရသည်။ မနက်လင်းမှ ဆိုင်ကယ်လာယူဖို့၊ ညည၌နက်သန်းခေါင်တံခါးဖွင့်မပေးနိုင်ကြောင်း ဤသို့ အပေးအယူလုပ်ရသည်။

ကုသိနာရုံဘုရားပွဲတော်ကြီးသည်ကား နှစ်လနီးပါးရှည်ကြာစွာခင်းကျင်းလေ့ရှိပါ၏။ ပွဲတော်တုန်းက ဆူညံလှုပ်ရှားကာရွှေ့လျားလှုပ်ခတ်နေသလောက် ပွဲတော်ကြီးပြီးသွားသည်နှင့် ငြိမ်သက်လျော့ကျ တိတ်ဆိတ်သွားပါတော့သည်။ ယခုဆိုလျှင် ပွဲတော်ကွင်းမှာ လယ်ကွင်းအဖြစ် အမှိုက်သရိုက်ခဲကျိုးများဖြင့် ရှုပ်ပွနေပါတော့သည်။ မကြာမီ ထွန်ကြယက်ကြ စိုက်ကြပျိုးကြပေဦးတော့မည်။ သည်လိုနှင့် သံသရာလည်နေပါဦးမည်။ သက်ရှိလူတွေကရော ဘာထူးသေးလဲ။ စိုတစ်လှည့်ခြောက်တစ်ခါ နာတစ်မျိုးသာတစ်ခင်း လင်းတစ်ချက်မှောင်တစ်ချိန် ငြိမ်တစ်ချက် လှုပ်တစ်လီ ဘယ်မှာတည်မည်မတည်မည်ဆိုတာ ရှိလိမ့်အံ့နည်း။ ထိုနေ့က ထိုမြင်ကွင်းမှသည် အတိတ်ပစ္စုပ္ပန်၊ အနံ့အလျား၊ အခါးအချို၊ အငိုအရယ်၊ အကျယ်အကျဉ်း၊ အတင်းအလျော့၊ အပေါ့အလေး၊ အတွေးစများရှည်လျားပျံ့နှံ့ ရင်နှင့်မဆံ့အောင် ချည်နှောင်ရစ်ပတ် တစ်ခန်းမရပ်နိုင်ဘဲ အစွန်တွတ္တထဲစွန်းထင်းလင်းလက်နေပါတော့သည်။

ဦးစန္ဒိမာ(စလင်း)



www.burmeseclassic.com

www.burmeseclassic.com



ဆိုဆို(ရွှေကံကူ)

မပြီးသေးသောပန်းချီကားတစ်ချပ် (သို့)

ရွှေကံကူမိသားစုမှ ဒုတိယမြောက် တည်ထားကိုးကွယ်မည့်

# ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ဆုတောင်းပြည့်စေတီတော်

(ယခင်လမှအဆက်)

အပြင်တွင် တိုက်ပွဲသည် အပြင်းထန်ဆုံးနှင့် အဆိုးဆုံးအခြေအနေသို့ ဆိုက်ရောက်၍နေပါသည်။ တစ်ဖက်ရန်သူသည် အနားခံ၍ ရင်ဆိုင်တိုက်ခိုက်ခြင်းမပြု။ လူအားနှင့် လေးမြားကိုသာ အသုံးပြုနေ၍ တိုက်ပွဲမှာ တစ်ဖက်သတ်ဆန်နေပါသည်။ နောက်ဆုံး ကျွန်တော်တို့၏လူများတွင် မြားအစင်းပေါင်းများစွာ ထိမှန်၍ ကျဆုံးကုန်ပါတော့သည်။ မြားအစင်းပေါင်းတစ်ရာချိန်ရွယ်ထားသောရန်သူစက်ဝိုင်းသည် တဖြည်းဖြည်းနီးကပ်



www.burmeseclassic.com

www.burmeseclassic.com

လာကာ ကျဉ်းမြောင်း၍လာ၏။ အချို့က သစ်ပင်များပေါ် မှတက်၍ချိန်ရွယ်ထားပါ၏။

"သခင်ကြီး၊ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါ။ ကျေးဇူးပြုပြီး လက်နက်ချအဖမ်းခံပါ။ သခင်ကြီးတို့ လှူပ်လိုက်တာနဲ့မြားအစင်းပေါင်းများစွာဟာ သခင်ကြီးတို့အားလုံးရဲ့ခန္ဓာကိုယ်ထဲကို ထိုးဖောက်သွားပါလိမ့်မယ်။ ရာဇသွေးဟာ မြေမကျကောင်းပါဘူး။ အမျိုးဂုဏ်ဇာတိဂုဏ်ကိုထိန်းသိမ်းရန်အတွက် ဆင်ခြင်တော်မူပါဘုရား"

ခမည်းတော်သည် အားမတန်၍ မာန်လျှော့ရပေပြီ။ ကျွန်တော်နှင့် မယ်တော်၊ အစ်မတော်များဘက်သို့ လှည့်ကာ -

"ကဲ - ဘာမှမတတ်နိုင်တော့ဘူး၊ လက်နက်ချလိုက်ကြတော့"

ဟု အမိန့်ပေးတော်မူပြီး ခမည်းတော်သည် အနီးတွင်ရှိသော ပေါင်လုံးခန့်ရှိ အင်ပင်ပျိုကို ဆောင်ဓားဖြင့် ပစ်ပေါက်ကာ လက်နက်ချလိုက်ပါ၏။ ဓားသည် အင်ပင်ကိုထုတ်ချင်းခတ်သွားပြီး တုန်ခါ၍နေပါသည်။ ကျွန်တော်တို့၏ ဆောင်ဓားများကို ရန်သူတို့၏လက်ဝယ်သို့မရောက်ရှိလို၍ ကျောက်တုံးကြီး၏ အောက်ခြေကြားသို့ ထိုးသွင်းလိုက်၏။ ကျောက်ဆောင်ကြီးသည် ရှေးနည်းတူ နှစ်ခြမ်းကွဲသွားပြီး ကျွန်တော်တို့၏ ဓားများကိုထည့်ပြီးလျှင် ပြန်လည်ပိတ်သွားပါသည်။

ဤအချိန်တွင် ကျွန်တော်သည် မိမိအတွက် မည်သို့မျှခံစားရခြင်းမရှိသော်လည်း တစ်ချိန်က ရွှေပေါ် မြတင်နေထိုင်ခဲ့ကြပြီး မျက်လုံးနှင့်ပင်မော့မကြည့်ဝံ့သူ ဘာမဟုတ်သော ကျွန်ကောင်များက တရားခံကဲ့သို့ လေးမြားဖြင့်ချိန်ရွယ်၍ အမိန့်ပေးခြင်းကို လိုက်နာခံယူနေရသဖြင့် ရင်နာလွန်းလှပါ၏။ မိန်းမသားများသာမပါရှိပါက သေချင်သေပါစေ ဆယ်သက်တစ်သက်မျှတော့လဲလိုက်ချင်ပါ၏။

ကျွန်တော်တို့ကို ခိုင်မာသော နှောင်ကြိုးများဖြင့် တင်းရင်းခိုင်ခံ့စွာ လက်ပြန်ချည်တုပ်စေပါ၏။ ထို့နောက် ကျွန်တော်တို့၏ အဆောင်အယောင်များကို ဖြုတ်ယူကြပါသည်။ ကြီးမားလှသော ရင်ခတ်ပင်ကြီးဆီသို့ ခေါ် ဆောင်သွားပြီး ထိုအပင်ကို ကျောပေးအနေအထားဖြင့် ထပ်မံ၍ သစ်ပင်နှင့် တုပ်နှောင်ပြန်ပါ၏။ ထို့နောက် ဝါးခြောက်များ၊ ကျွန်တော်တို့စုထားသောထင်းများ၊ ကိုင်းခြောက်များကို ကျွန်တော်တို့နံဘေးတွင် စုပုံစေပါသည်။ ထင်းများအတော်ကြီးစုပုံပြီးသောအခါ မီးတုတ်များကိုရှို့၍ နေရာအနှံ့သို့ ပစ်ထည့်လိုက်ပါသည်။ တစ်ခဏအတွင်း မီးပုံကြီးသည် အရှိန်





www.burmeseclassic.com

www.burmeseclassic.com

အဟုန်ပြင်းစွာ တောက်လောင်၍လာသဖြင့် ပြင်းထန်လှသော ပူပြင်းလောင်မြိုက်ခြင်းနှင့်အတူ နာကျင်ခြင်းဝေဒနာတို့ကို ခံစားကြရပါ၏။ မည်သို့မျှ ဥပမာပြု ဖော်ပြနိုင်စွမ်းခြင်းငှာမပြုနိုင်သော ဝေဒနာတို့သည် ဆိုးဝါးသည်ထက်ဆိုးဝါး၍လာနေသော်လည်း ကျွန်တော်တို့သည် ရာဇက္ကန္ဓြေကိုဆည်လျက် အော်ဟစ်ညည်းညူရုန်းကန်ခြင်းမပြုကြဘဲ အံကြိတ်၍သာနေခဲ့ကြပါ၏။

မီး၏အပူဒဏ်ကြောင့် ကျွန်တော်တို့သည် အေးမြသော မြစ်ရေပြင်ကျယ်ကြီးကို တမ်းတကာ ထိုရေထဲသို့ ခုန်ချလျက်နေလိုသောဆန္ဒတို့ဖြစ်ပေါ်၍လာမိပါ၏။ ဝေဒနာ၏ အဆိုးဆုံး၊ အမြင့်ဆုံးအချိန်သို့ရောက်ရှိပြီးနောက်တွင် သတိတရားတို့ပျောက်ကွယ်သွားပြီး ပူလောင်ခြင်းတို့ပျောက်ကာ အေးမြ၍သွားပါသည်။ ထို့နောက် နားထဲတွင် ရေသံများကြားလာရ၍ မျက်စိဖွင့်ကြည့်မိရာ အံ့သြဝမ်းသာမဆုံးဖြစ်ရပါ၏။ ကျွန်တော်တို့မိသားစုအားလုံး ရေအောက်သို့ရောက်နေကြခြင်း ဖြစ်ပါသည်။

အစသော် အိပ်မက်ဟုထင်မိသေးသည်။ သို့သော် အိပ်မက်မဟုတ်ပါ။ ထူးတော့ထူးဆန်းပါ၏။ ကျွန်တော်တို့သည် ရေအောက်သို့ ရောက်နေသော်လည်း ရေနစ်မွန်းမှုမရှိ အသက်ရှူ၍ရနေပြီး ကျွန်တော်တို့၏ဆံပင်နှင့် အင်္ကျီအဝတ်အစားတို့တွင် ရေစွတ်စိုမှုမရှိပါ။ ရေ၏ဖိအားကိုလည်းမခံစားရ။ ရေ၏အေးမြသောအရသာကိုသာခံစားရရှိနေခြင်း ဖြစ်ပါသည်။ မိသားစုအားလုံး ပျော်ရွှင်နေကြပါ၏။

"ခမည်းတော်တို့ဟာ လူ့ဘဝမှ စုတေလာခဲ့ကြပြီ။ အခုလူမဟုတ်ကြတော့ဘူး၊ နဂါးဘဝကိုရောက်ရှိနေကြပြီ။ အထက်နတ်မင်းကြီးတွေကဆင့်ခေါ်နေလို့ ခမည်းတော်သွားလိုက်ဦးမယ်"

ဟု ဆိုကာ အဝေးသို့ထွက်ခွာ၍ ပျောက်ကွယ်သွားပါသည်။

"မယ်တော်၊ သားတော်တို့ အုန်းတကူးတောင်ပေါ်ကိုသွားကြည့်ရအောင်"

"ကောင်းသားပဲ သားတော်"

"ဟုတ်တယ်၊ အစ်မတော်တို့လည်း သွားချင်တယ်"

ဟု ဆိုကြပါသည်။

ကျွန်တော်တို့ ယခုရောက်နေသောနေရာသည် မည်သည့်နေရာမှန်း မသိသကဲ့သို့ ဤနေရာမှ မှန်းဆလျှင်လည်း အုန်းတကူးတောင်သည် မည်မျှဝေး၍ မည်သည့်အရပ်မျက်နှာဘက်တွင်ရှိသည်ဟူ၍ မသိနိုင်သော်လည်း ကျွန်တော်တို့၏စိတ်မှ ရည်မှန်းထားရာ အုန်းတကူးတောင်တော်ဆီသို့ လေတွင်ပျံသွားကာ တစ်ခဏအတွင်း ရောက်ရှိသွားခဲ့ပါသည်။

ထိုတောင်ပေါ်တွင် အိမ်တော်ထိန်း၊ အကြီးတော်ချုပ်၊ စစ်ကဲကြီးနှင့် စစ်သည်အားလုံးတို့က ကျွန်တော်တို့ကို စောင့်ကြိုလျက်ရှိကြပါသည်။ ၎င်းတို့သည် ဒေါသဖြင့်ကွယ်လွန်ခဲ့ကြ၍ သိုက်စောင့်ဘီလူးကြီးများဖြစ်နေကြသည်ဟု အလိုလိုသိရှိနေသော်လည်း ကျွန်တော်တို့အမြင်တွင်မူ ပကတိလူအသွင်အတိုင်းသာ တွေ့မြင်ရပါသည်။

"သခင်ကြီး၊ သခင်လေးနဲ့ သခင်မလေးတို့ကို ဂါရဝပြုပါတယ်"

ဟု ဆိုကာ အရိုအသေပြုကြပါသည်။ တောင်ပေါ်တွင် ကျွန်တော်တို့၏ တဲများမရှိတော့။ ကျွန်တော်တို့အတွက် လှပသောတိုက်ခန်းနှင့် သပ္ပာယ်လှသော ရွှေဆင်းတုဖြင့် ဘုရားခန်းကြီး ပါဝင်သော လှပဆန်းကြယ်၍ကြီးမားထည်ဝါလှသည့်အဆောက်အအုံကြီးပေါ်ပေါက်၍နေသည်ကို တွေ့ရှိရသည်။ ကျွန်တော်တို့သည် တောင်စောင်းသို့သွား၍ ရွာဘက်ကိုလှမ်းကြည့်မိသည်။ ပြောင်းလဲ၍နေသည်ကို တွေ့ရ၏။ ကျွန်တော်တို့ကို မီးရှို့သတ်ခဲ့သော ရင်ခတ်ပင်ကြီးမှာ အရာပင်မကျန်ရှိတော့သော်လည်း ထိုနေရာတွင် မြက်သော်မျှကောင်းကောင်း ပေါက်ရောက်နိုင်ခြင်းမရှိဘဲ တလင်းပြောင်ဖြစ်နေပါသည်။ ကျွန်တော်တို့သည် ဘာမှကြာမြင့်လိုက်သည်ဟုမထင်ရသော အချိန်တိုကလေးအတွင်းမှာပင် လူ့ဘုံ၌ နှစ်ပေါင်းများစွာ ကုန်ဆုံးလွန်မြောက်သွားပြီဖြစ်ကြောင်း သတိပြုမိလိုက်ပါသည်။

ခဏကြာလျှင် ဖခမည်းတော် ပြန်လည်ကြွမြန်းရောက်ရှိတော်မူလာ၍ ကျွန်တော်တို့အားလုံး ဖူးမြော်ခစားလိုက်ကြပါသည်။

"ငါကိုယ်တော်ဟာ ဒီအုန်းတကူးတောင်မှာ ငါကိုယ်တော်တို့ လူ့ဘဝမှ မစုတေလာမီ လှူဒါန်းခဲ့တဲ့ ရတနာတွေကို စောင့်ရှောက်ဖို့ သိုက်ချုပ်ဖြစ်ရပြီ။ အားလုံးဟာ လူ့ဘဝတုန်းက ရာထူးများအတိုင်းနေထိုင်ခစားကြစေ"

"မှန်လှပါ၊ သင့်မြတ်တော်မူလှကြောင်းပါ အရှင်ဘုရား"

ထိုအချိန်မှစ၍ ကျွန်တော်တို့သည် သိုက်နန်းရှင်နဂါးများဘဝသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရှိရပါတော့သည်။ ကျွန်တော်တို့သိုက်နန်း၏နောက်တွင် ဥယျာဉ်ကြီးတစ်ခုရှိ၍ ထိုဥယျာဉ်ကြီးထဲတွင် လှပမွှေးပျံ့လျက်ရှိသော ပန်းမျိုးစုံတို့ ဝေဆာစွာ ပွင့်လန်းလျက်ရှိပါသည်။ စိမ်းမြသောမြက်ခင်းပြင်သည်လည်း လှပလွန်းလှ၍ လိပ်ပြာမျိုးစုံနှင့် ပျားပိတုန်းတို့ ဟိုသည်ပျံဝဲလျက်ရှိကြပါသည်။ ထိုဥယျာဉ်၏ အလယ်တွင်ကန်ပေါင်ကို လှပဆန်းကြယ်စွာ တန်ဆာဆင်ထားသော ကြာမျိုးငါးပါးနှင့်ပြည့်စုံသောရေကန်တော်ကြီးလည်းရှိပါသည်။ ကျွန်တော်တို့သည် ထိုကန်အတွင်းသို့ဆင်း၍ ပျော်ရွှင်စွာရေကစားနိုင်ပြီး ထိုကန်သည် သမုဒ္ဒရာနှင့်ဆက်သွယ်သော ဥမင်ရှိ၍ ထိုမှတစ်ဆင့် နဂါးပြည်သို့သွားရောက်နိုင်ပါသည်။ နဂါးပြည်၌လည်း ကျွန်တော်တို့၏ စည်းစိမ်အဆောင်အယောင်များနှင့်တကွ အခြွေအရံများစွာရှိပါသည်။ နဂါးပြည်တွင် စည်းစိမ်ချမ်းသာဖြင့်နေထိုင်ကြရပြီး တစ်နေ့မပြတ်တော့ သိုက်နန်းသို့လာရောက်၍ ကြည့်ရှုစစ်ဆေးကာ သိုက်နန်းတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရခြင်း၊ ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ပွားခြင်းတို့ကို သတ်မှတ်ထားရှိသည့် အချိန်အတိုင်းအတာပြည့်မီအောင်ဆောင်ရွက်ကြရပါသည်။အဓိဋ္ဌာန်ပျက်ကွက်စေခြင်း မရှိရပါ။ တစ်နေ့တာအတွက် အဓိဋ္ဌာန်တာဝန်တို့ပြီးဆုံးသွားလျှင် နဂါးပြည်သို့ သွားရောက်၍ ရရှိထားသည့် စည်းစိမ်များကို နတ်တို့ကဲ့သို့ ခံစားနိုင်ပါသည်။ ကျွန်တော်တို့တွင် အခြွေအရံ အခအယေ မောင်းမမိသံမြောက်မြားစွာရရှိထား၍ အားလုံးကိုပင် မှတ်မိသိရှိနိုင်ခြင်းမရှိပါ။

ကျွန်တော်တို့သည် နတ်စည်းစိမ်မျှ ချမ်းသာသောသုခများကို ခံစားစံစားနေကြရသော်လည်း သိုက်နန်းသို့ရောက်ရှိသည့်အခါတိုင်း ပကတိ လူ့လောကရေမြေတောတောင်မြင်ကွင်းများကို မြင်တွေ့နေကြရရာ လူ့ဘဝတွင် တွေ့ကြုံဖြစ်ပျက်ခဲ့ရသော နာကြည်းကြေကွဲဖွယ်ရာတို့ကို ပြန်လည်မြင်ယောင်မိကြ၍ စိတ်နှလုံးမပျော်ရွှင်နိုင်ဘဲဝမ်းနည်းပူဆွေးလျက်ရှိကြရပါသည်။ ကျွန်တော့်တွင် ကျွန်တော့်မိသားစုနှင့် ထပ်တူထပ်မျှခံစားရခြင်းအပြင် စောရတနာနွယ်ကိုမေ့ပျောက်၍မရနိုင်သဖြင့် အချိန်တိုင်း သတိရနေ နေမိပါ၏။ လူ့လောကတွင် နှစ်ပေါင်း

www.burmeseclassic.com

များစွာကုန်လွန်သွားပြီဖြစ်၍ စောရတနာနွယ်သည် မည်သည့်ဘုံဘဝ၊ မည်သည့်အမျိုးဇာတ်တွင် ရောက်ရှိ၍နေလေပြီနည်းမသိနိုင်ပါ။ ထို့ကြောင့် ကျွန်တော်တို့မိသားစုသည် ပျော်ရွှင်လန်းဆန်းမှုမရှိဘဲ အစဉ်ညှိုးနွမ်းလျက် စိတ်ထောင်းကိုယ်ကြေဖြစ်၍နေကြရပါ၏။

ထို့ကြောင့် ကျွန်တော်တို့မိသားစု၏ဖြစ်အင်ကို မကြည့်ရက်နိုင်သော မြန်မာနိုင်ငံတာဝန်ခံသိုက်ချုပ်ဘိုးဘိုးကြီးက အထက်နတ်မင်းကြီးများ၏ သဘောထားကိုရယူလျက် ကျွန်တော်တို့မိသားစုနှင့် ယက္ခကြီး (၃၀) ဦးတို့ကို တံတားဦးမြို့နယ် တောင်တစ်လုံးသိုက်သို့ ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်စေပါသည်။ ထိုတောင်တစ်လုံးသိုက်နန်းရှင်များတို့ကို ကျွန်တော်တို့နေရာ အုန်းတကူးသို့ စေလွှတ်ပါသည်။ ရတနာပစ္စည်းများကို မပြောင်းရွှေ့ပါ။ သိုက်နန်းရှင်များကိုသာ နေရာချင်းလဲလှယ်ပေးခြင်း ဖြစ်သည်။ တောင်တစ်လုံးတောင်သည် အရှေ့၊ အနောက် သွယ်တန်းလျက်ရှိသော တောင်မဲညိုတောင်တန်း၊ မိုးစပ်တောင်တောင်ကြီးများ၏အရှေ့ထိပ်တွင် တစ်လုံးတည်းထီးတည်းတည်ရှိ၍ မြင့်မားမတ်စောက်လှကာ ပေတစ်ထောင်ကျော်မြင့်မား၍ အပူပိုင်းဒေသဖြစ်သော်လည်း သစ်ခွပင်များပင် ပေါက်ရောက်လျက်ရှိပါသည်။ ကျွန်တော်တို့သည် မြေပေါ်သိုက်နန်းသာ ပြောင်းလဲသွားသော်လည်း ရေအောက်နဂါးစည်းစိမ်မှာမူ နေရာဌာနပြောင်းလဲသွားခြင်း မရှိပါ။ ယခင်နေရာ၊ ယခင်စည်းစိမ်အတိုင်းသာဖြစ်ပါ၏။ ထူးဆန်းသည့်မှာ ကျွန်တော်တို့သည် နဂါးပြည်တွင် အခြွေအရံများစွာဖြင့် နေထိုင်စံစားကြရသော်လည်း သိုက်နန်းသို့ သွားရောက်ရသောအခါ နဂါးအခြွေအရံတို့ လိုက်လာခွင့်မရှိ၊ လိုက်ပါ၍မရသောကြောင့် ဘုရားဝေယျာဝစ္စများကို ကျွန်တော်နှင့် အစ်မတော်နှစ်ပါးတို့ ကိုယ်တိုင်ဆောင်ရွက်ကြရပါသည်။

တောင်တစ်လုံးသိုက်သို့ရောက်ရှိသာကြသောအခါ ရေ၊ မြေ၊ သစ်ပင်တော်ဝန်းကျင်အသစ်တို့ကြောင့် အတိတ်ဘဝအကြောင်းအရာတို့ကို တဖြည်းဖြည်းမေ့ပျောက်၍လာနိုင်ကြပြီဖြစ်ကာ ရွှင်လန်းလန်းဖြစ်လာကြပြီဖြစ်သော်လည်း ကျွန်တော့်တွင်မူ စောရတနာနွယ်ကို မနေ့တစ်နေ့ကကဲ့သို့ပင် မေ့မရနိုင်ဘဲ သတိရတမ်းတနေမိပါ၏။ ကျွန်တော်သည် အချိန်တိုင်း ထိုအကြောင်းကိုသာ တွေးတောလျက် ကြာလေဆိုးလေဖြစ်ကာ ညှိုးနွမ်းလျက်ရှိပါသည်။ ထိုအချိန်၌ လူ့သက်တမ်းအားဖြင့် နှစ်ပေါင်း (၄၀၀) မျှကြာမြင့်ခဲ့ပြီဖြစ်သည်။ နောက်ဆုံးတွင် ကျွန်တော်သည် မည်သို့မျှ ဖြေဆည်မရနိုင်သဖြင့် (၃၁) ဘုံလောကအလယ်၌ တွေ့လိုတွေ့ငြားရှာဖွေကြည့်ရန် လူ့ပြည် လူ့ဌာနသို့ သွားရောက်လိုပါကြောင်း ခမည်းတော်အား လျှောက်ထားပန်ကြားမိပါတော့သည်။

ထိုအခါ ခမည်းတော်မှ -

"အခုသိုက်ဘဝမှာကျတော့ ခမည်းတော်တို့ရဲ့အထက်မှာ အဆင့်ဆင့်အုပ်ချုပ်မှုတွေရှိတယ်။လူ့ပြည်တုန်းကဆိုရင်တော့ ခမည်းတော်ရဲ့သဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်လို့ရတာပေါ့။ လူ့ပြည်မှာလည်း ဥပဒေစည်းကမ်းတွေရှိသလို သိုက်လောကမှာလည်းရှိတာပဲ။ သိုက်ချုပ်တွေဟာ လူ့ပြည်သွားခွင့်မရှိဘူး။ အဲဒါကြောင့် သိုက်ချုပ်ဘိုးတော်နဲ့သိုက်ချုပ်မယ်တော်ဖြစ်တဲ့ ခမည်းတော်၊ မယ်တော်တို့ဟာ လူ့ပြည်ကိုမသွားရဘူး။ သိုက်နန်းတစ်ခုမှ တစ်ချိန်မှာ တစ်ယောက်သာလျှင်သွားခွင့်ရှိတယ်။ နှစ်ဦးပြိုင်သွားခွင့်မပြုဘူး။ တစ်ခါ လူ့ပြည်ကိုသွားခွင့်ဟာ ကြီးစဉ်ငယ်လိုက်အတိုင်းသာ ချသွားပေးမှာဖြစ်တယ်။ တစ်ခုတော့ရှိတယ်၊ အလှည့်ကျသူက မိမိအစား လူ့ပြည်ကိုသွားလိုသူကို ခွင့်ပြုပါတယ်လို့ကိုယ်တိုင်လျှောက်ထားပေးရင်တော့ သွားလို့ရနိုင်ပါတယ် သားတော်"

ထိုအခါ ကျွန်တော်သည် အစ်မတော်ကြီးကို အားကိုးတကြီးကြည့်မိလေ၏။ အစ်မတော်တို့သည် အစဉ်သဖြင့် ကျွန်တော့်အပေါ်တွင် မေတ္တာတရားကြီးမားသူများဖြစ်ကာ အလိုလိုက်အကြိုက်ဆောင်မြဲဖြစ်ကြ၍ ကျွန်တော်၏ ပူပင်သောကများကိုလည်း မကြည့်ရက်ကြသည်ဖြစ်ရာ -

"ခမည်းတော်၊ သမီးတော်လျှောက်ထား တောင်းပန်ပါရစေဘုရား။ သမီးတော်၏ လူ့ပြည်သွားခွင့်ကို ကျေနပ်ကြည်ဖြူစွာနှင့် မောင်တော်လေးကို လွှဲပြောင်းပေးအပ်ပါတယ် ဘုရား"

"ဒါဆိုလည်း သားတော်က အငယ်ဆုံးဆိုတော့ သူ့အလှည့်မရောက်သေးဘူး။ ဒုတိယအလှည့်ကျတဲ့ သမီးတော်ငယ်ရဲ့ဆန္ဒကို လျှောက်ထားတင်ပြပေးရလိမ့်မယ်"

ကျွန်တော်သည် အစ်မတော်ငယ်ကို အားကိုးတကြီးကြည့်မိပြန်ပါသည်။

အစ်မတော်ငယ်သည်လည်း အစ်မတော်ကြီးနည်းတူ ကျေနပ်စွာ ခွင့်ပြုပေးပြန်ပါသည်။ ထိုကိစ္စကို နယ်ပိုင်သိုက်ချုပ်ထံသို့ သွားရောက်တင်ပြရာ ဤသို့ပြေလည်စွာ ညှိနှိုင်းခဲ့ပြီးကြပြီးဆိုလျှင် လူ့ပြည်သို့ သွားရောက်ခွင့်ပြုပါမည်။ သို့သော် လူ့ပြည်သို့ မသွားရောက်မီ အချက်နှစ်ချက်ကို သစ္စာဆိုသွားရမည်။ လူ့ပြည်သို့ရောက်လျှင် သိုက်ကြိုးမဖြတ်ရ။ အိမ်ထောင်မပြုရ။ အိမ်ထောင်ပြုခဲ့သည်ရှိသော် အိမ်ထောင်ရေးသည် မတည်မြဲ။ သေကွဲသော် လည်းကောင်း၊ ရှင်ကွဲသော် လည်းကောင်း ကွဲရမည်။ ထိုသို့ သေကွဲ၊ ရှင်ကွဲမဖြစ်ဘဲ အတူပေါင်းသင်းနေထိုင်ရလျှင်လည်း စီးပွားရေး၊ လူမှုရေးအဆင်မပြေမှုများနှင့် ပင်ပန်းကြီးစွာ၊ ပူပင်သောကများစွာနှင့် ဘဝတစ်သက်တာ ကုန်လွန်ရပေမည်။ ထိုစည်းကမ်းကို လိုက်နာရမည်။ နိဗ္ဗာန်ရောက်ကြောင်းတရားများကိုအားမထုတ်ရ။ ထိုသို့ပြုလုပ်လျှင် လူ့ပြည်မှ ချက်ချင်းပြန်ခေါ်မည်။ ထိုသို့မပြုလျှင် လူတို့၏သက်တမ်းစေ့အထိ လူ့ပြည်တွင်ထားရှိမည်ဟူ၍ စည်းကမ်းကိုပြောပြကာ သစ္စာတိုင်ပေး၍နောက်မှလိုက်ဆိုစေပါသည်။ ထို့နောက်တွင် ကျွန်တော်တို့သည် နဂါးပြည်သို့ပြန်ခဲ့ကြပါသည်။

ကျွန်တော်၏အိပ်ဆောင်အတွင်းရှိ သလွန်တော်ကို အဆန်းတကြယ်ဖြင့် အလှပဆုံးဖြစ်အောင် ဆိုင်ရာအခြွေအရံမိန်းကလေးများမှ ပြင်ဆင်လျက်ရှိကြပါသည်။ ပန်းမွှေးရာ၊ ပန်းမျက်နှာကြက်တို့ကိုပြုလုပ်ကြပြီး မြပန်းအိုးကြီးများဖြင့် နဂါးပြည်တွင်သာရှိသော အလှဆုံးပန်းတို့ကို ထိုးစိုက်ကြပါသည်။ ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့က ကျွန်တော့်ကို မှာတမ်းခြွေ၍မဆုံးနိုင်အောင်ရှိနေ၏။ ကျွန်တော် လူ့ပြည်သို့သွားရောက်စဉ်ကာလ၌ ကျွန်တော်၏ ရုပ်ကလာပ်က ဤသလွန်ပေါ်မှာပင်မပျောက်မပျက်တည်ရှိနေပေလိမ့်မည်။ ကျွန်တော်မှ သိုက်ကြိုးဖြတ်လိုက်လျှင် လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားများကျင့်ကြံပွားများ အားထုတ်၍ တစ်မဂ်တစ်ဖိုလ်ရရှိသွားခဲ့လျှင်သော် လည်းကောင်း ရုပ်ကလာပ်သည် ကွယ်ပျောက်သွားပေလိမ့်မည်။ ဤနေရာတွင် ကျွန်တော်၏ ရုပ်ကလာပ်ရှိနေသေးသရွေ့ ကျွန်တော်သည် တစ်နေ့တွင် ဤသိုက်နန်းသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကာ ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com

၍လာမည်ဖြစ်ပါသည်။

"မောင်လေးတော်၊ မင်းဟာ လူ့ပြည်ကိုရောက်သွားလျှင် အစ်မတော်တို့ကို မေ့သွားလိမ့်မယ်။ အဲဒီအခါကျရင် အစ်မတော်တို့က လာပြီးသတိပေးမယ်နော်။ တဖြည်းဖြည်းနဲ့ပြန်ပြီးသတိရလာလိမ့်မယ်။ အဲဒီအခါကျရင် မောင်လေးတော်က သာသနာပြုလုပ်ငန်းတွေ၊ ကောင်းမှုကုသိုလ်တွေ လုပ်ကိုင်ဆောင်ရွက်ပြီး ခမည်းတော်၊ မယ်တော်၊ အစ်မတော်တို့အတွက်၊ ပြီးတော့ သိုက်နန်းရှင်တွေအတွက်၊ ပြီးတော့ (၃၁) ဘုံသားအားလုံးတွေအတွက် အမျှပေးဝေပေးပါ"

"ကောင်းပါပြီ အစ်မတော်တို့။ မောင်လေးတော် အမြဲတမ်း မှတ်မှတ်ရရနဲ့ အမျှကုသိုလ်ပေးဝေပေးပါ့မယ်။ တကယ်တော့လည်း အခုလို မောင်လေးတော် လူ့ပြည်ကို သွားခွင့်ရရှိခဲ့တာဟာ အစ်မတော်တို့ရဲ့ညာတာမှုနဲ့ကျေးဇူးတွေကြောင့်ပါ"

မကြာမီ ကျွန်တော်သည် သိုက်ဘဝမှစုတေရတော့မည်ဖြစ်သောကြောင့် ခမည်းတော်၊ မယ်တော်တို့နှင့် အစ်မတော်တို့ကို ကန်တော့လိုက်ပါသည်။ ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့မှာ မျက်ရည်ဝဲလျက်ရှိ၏။ ထို့နောက် အစ်မတော်တို့ကို နှုတ်ဆက် ကန်တော့လိုက်ပြန်ပါသည်။ တကယ်တော့ ကျွန်တော်မတရားပါ။ လူ့ပြည်သို့သွားရောက်ခြင်းကို ကျွန်တော့်မိသားစုအားလုံးမှ ဆန္ဒမရှိကြပါ။ ကျွန်တော် စိတ်ချမ်းသာစေရန် လိုက်လျောပေးကြခြင်း ဖြစ်ပါသည်။ သိုက်နဂါးဘဝသည်ကား ဘေးကင်းရန်ကွာလျက် ချမ်းသာခြင်းအတိရှိပါ၏။ လူ့ဘဝ၊ လူ့လောကသို့တိုးဝင်ရမည်မှာ မျက်ကန်းတစ္ဆေမကြောက် စမ်းတဝါးဝါးရှိလှပါသည်။ အနာဂတ်ကို ကြိုမမြင်နိုင်သောကြောင့် ဆင်းရဲဒုက္ခနှင့် ဘေးအန္တရာယ်တို့ တွေ့ကြုံရမည်မှာသေချာလှပါ၏။ ကျွန်တော် ရှာဖွေမည့် စောရတနာနွယ်ကတော့ဖြင့် ဘယ်ဘဝ၊ ဘယ်အခြေအနေ၊ ဘယ်ဆီရောက်နေမှန်းမသိ။

နှစ်ပေါင်းများစွာက သမုဒ္ဒရာအတွင်းသို့ ကျပျောက်သွားသော အပ်တစ်စင်းအား ရေငုပ်ရှာသူကဲ့သို့ အကျိုးရလဒ်နှင့် ပေးဆပ်ရခြင်းမှာ မထိုက်တန်လှမှန်းသိပါသည်။ သို့သော် ကျွန်တော်သည် စောရတနာနွယ်အား ပေးဆပ်ခြင်းများစွာဖြင့် စွန့်စားကာ ရှာဖွေကြည့်ရန် နောက်မဆုတ်သောသန္နိဋ္ဌာန်ကိုချခဲ့မိပါပြီတည်း။ အပြောကျယ်သော လူ့လောကပင်လယ်ကြီးအတွင်းသို့ အရဲစွန့်ကာ သက်ဆင်းခဲ့ပြီဖြစ်ပါ၏။

လူ့ဘဝ၌ ကံအကြောင်းကောင်း၍ သူနှင့် ကျွန်တော်တို့ သက်တူရွယ်တူ ပြန်လည် ဆုံတွေ့ခွင့်ရသည်ဆိုပါစို့။ သူ့ကို ကျွန်တော် မှတ်မိပါမည်လား၊ ကျွန်တော်ကမှတ်မိလျှင်လည်း သူက ကျွန်တော့်ကို မှတ်မိပါမည်လား။ ပြီးခဲ့သော အတိတ်ဘဝက ကျွန်တော် သူ့ကို မေတ္တာကမ်းလှမ်းရန်စီစဉ်နေဆဲကွယ်လွန်ခြင်းဖြစ်ရာ သူ့ရဲ့မေတ္တာကို မရရှိခဲ့။ သူ့ရဲ့သဘောထားကို မသိရှိခဲ့ရ။ ယခုဘဝတွင်ကော သူသည် ကျွန်တော့်ကို မေတ္တာရှိနိုင်ပါမည်လား။ မျှော်လင့်အားတို့ လျော့နည်းရပါ၏။

ကျွန်တော်သည် အတွေးစတို့ကို ဖြတ်၍ သလွန်တော်ပေါ် သို့တက်ရောက်လိုက်ပြီး ပက်လက်အနေအထားလှဲအိပ်လိုက်သည်။ အစ်မတော်တို့သည် ရွှေအနားကွပ်သော တတ္တီပါခြုံထည်ကြီးကို ကျွန်တော့်ကိုယ်ပေါ် သို့လွှမ်းခြုံပေးလိုက်ကြပါသည်။ မယ်တော်သည် ကျွန်တော့်မျက်နှာပေါ် သို့ ပန်းရောင်ပဝါကလေး အုပ်ပေးလိုက်ပါသည်။

တစ်ခဏအတွင်းပင် ကျွန်တော်၏သတိတရားတို့ တဖြည်းဖြည်းပျောက်ကွယ်သွားပြီး တစ်ဆက်တည်းမှာပင် မျက်စိထဲ၌ နေသာချိန်တွင် မျက်စိမှိတ်ထားပြီးကြည့်သောအခါ မျက်ခွံကိုဖောက်၍လာသော အလင်းများကြောင့် နီနီရဲရဲကြီးကိုသာ မြင်တွေ့နေရသကဲ့သို့ဖြစ်ပါ၏။ အမှန်မှာ ကျွန်တော်သည် တောင်တစ်လုံးရွာနှင့် (၇) မိုင်ခန့်ဝေးသော မြိုင်သာယာအရှေ့ရွာရှိ ပြည်ကြီးတရုတ်ကြီး၏ မြန်မာဇနီး ဒေါ်ဖွားဆုံ၏ ဝမ်းကြာတိုက်အတွင်းသို့ ရောက်ရှိကာ ပဋိသန္ဓေစွဲကပ်ရခြင်း ဖြစ်ပါသည်။

ဝမ်းတွင်း၌ရှိစဉ်၊ မွေးကင်းစအချိန်၊ နို့စို့အရွယ်ကာလများကား ဝေဝါးထွေပြားလျက် ဘာကိုမှမမှတ်မိပါ။ တဖြည်းဖြည်း လူမှန်းသိတတ်စအရွယ်မှသာ ကျွန်တော်၏ဘဝကို သိရှိပါတော့သည်။ ကျွန်တော်၏ ဖခင်ကြီးသည် မြန်မာစကားမပြောတတ်ပါ။ မိုဟိန်ကုမ္ပဏီနှင့်အတူ မြန်မာနိုင်ငံသို့ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရပါသည်။ ကျွန်တော့်မိခင် ဒေါ်ဖွားဆုံမှာ ပခုက္ကူ ပခန်းကြီးသူ ဖြစ်ပါသည်။ မြိုင်သာယာရှိ ဆွေမျိုးများထံ အလည်အပတ် ရောက်ရှိလာခိုက် ဦးကွမ်စိနှင့် အကြောင်းပါခြင်းဖြစ်၏။ ကျွန်တော်သည် အငယ်ဆုံးသား ဖြစ်ပါသည်။ ကိုဖိုးစံ၊ ကိုဖိုးဝင်း၊ ကိုညီငယ်၊ မမြအုံ၊ မမြရုံတို့သည် ကျွန်တော်၏ အစ်ကို၊ အစ်မများ ဖြစ်ကြပါသည်။ ကျွန်တော့်ဖခင်နှင့် မိခင်မှာ သားအဖမျှ အသက်ချင်းကွာလှသည်။ ဖခင်၏ဇာတိ တရုတ်ပြည် ရှန်ဟိုင်းမြို့တွင် မယားကြီးနှင့်သားသမီးများရှိပြီး စာအဆက်အသွယ်မပြတ်သည့်အပြင် အနည်းဆုံး တစ်နှစ်လျှင် တစ်ခေါက်မှ (၃)ခေါက်ခန့်အထိ တရုတ်ပြည်သို့ပြန်လေ့ရှိပါသည်။ တစ်ဖက်တွင် ကုမ္ပဏီဝန်ထမ်းလုပ်ရင်း နေအိမ်တွင် အထည်အလိပ်ဆိုင်ကြီးဖွင့်ထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် စီးပွားရေးချောင်လည်၍ ထိုခေတ်က အရင်းရှင်မြေရှင်ယာရှင်စနစ်ဖြစ်ရာ အထက်တန်းလွှာလူတန်းစားများတွင် ဝင်ဆံ့နိုင်ခဲ့ပါသည်။

ဤသို့ဖြင့် ဖခင်အသက် (၇၀) အရွယ်၊ ကျွန်တော် (၁၂) အရွယ်ခန့်တွင် တရုတ်ပြည်မှ အဖေ၏သားနှစ်ယောက် ရောက်လာကြပြီး ၎င်းတို့အပြန်တွင် အဖေသည် ခါတိုင်းကဲ့သို့ပင် အလည်အပတ်သဘောမျိုးဖြင့် တရုတ်ပြည်သို့ လိုက်သွားခဲ့ရာ သေဆုံး၍လား၊ သားသမီးများမှ ပြန်မလွှတ်၍လား မသိပါ။ ထိုအချိန်မှစ၍ အဖေ့ကို ကျွန် တော်တို့ ထပ်မံ မတွေ့ရှိရတော့ပါ။

တစ်နှစ်ခန့်အကြာတွင် တရုတ်ပြည်မှ စာတစ်စောင်ရောက်လာသဖြင့် ဖတ်တတ်သူများကိုပြကြည့်ရာ (ထိုအချိန်က ဒုတိယကမ္ဘာစစ်မတိုင်မီတွင် ပြည်ကြီးတရုတ်လူမျိုးများနှင့် အိန္ဒိယနွယ်ဖွားနိုင်ငံခြားသားတို့သည် မြိုင်သာယာ၌ ဦးနှစ်ဆယ်ခန့် နေထိုင်သွားခဲ့ကြ၏။) ဤစာကို မန္တလေးမြို့ရှိ မိုဟိန်ကုမ္ပဏီရုံးခွဲသို့ သွားရောက်ပြသရမည်ဟုပြောသဖြင့် အမေသည် မန္တလေးသို့ သွားရောက်ပြသခဲ့ရာ ငွေအမြောက်အမြားရရှိခဲ့ပါသည်။ ကျွန်တော့်ဖခင်၏ရှေ့နေမှတစ်ဆင့် ဖခင်သေတမ်းစာကို ကုမ္ပဏီသို့ပေးပို့စေရန် ထိုစာရောက်ရှိလာကြောင်းသိရှိရပါသည်။

သို့သော် အမေသည် ရိုးအ‌ပြီး သားသမီးများကိုလည်း မဆုံးမနိုင်ပါ။ ထို့ကြောင့် ကျွန်တော့်အစ်ကိုများသည် အရက်သမား၊ ထန်းရည်သမား၊ ဖဲသမားများသာဖြစ်ကုန်ကြ၍ ကျွန်တော်သည်လည်း တံငါနားနီးတံငါဆိုသလို ငယ်ငယ်ရွယ်ရွယ်ဖြင့် ထန်းရည်သမား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့ရပြီး မောင်ပေါ ဟူသော ကျွန်တော့် အမည်အစား တာလီပေါ ဟူ၍ အမည်တွင်ခဲ့ရပါတော့သည်။ ကျွန်တော်တို့သည် နံ့ကောင်များကဲ့သို့ ရှိပြီးသား စည်းစိမ်များကို လွယ်လွယ်ပင်ထိုင်၍ ဖြုန်းကြရာ နှစ်အနည်းငယ်အတွင်းမှာပင် ဖခင်ကြီးထားရစ်ခဲ့သောဉစ္စာပစ္စည်းတို့ ပြုတ်ပြုတ်ပြုန်းကာ ကုန်းကောက်စရာမရှိတော့အောင် ဆင်းရဲမွဲတေလာခဲ့ကြရပါသည်။

မိခင်ကြီးသည်လည်း သားဆိုးများ၏နှိပ်စက်မှုကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ခဲ့ရကာ အရွယ်ငယ်ငယ်နှင့် အိုစာ၍သွားခဲ့ပါသည်။ အစ်မများလည်း မောင်များက မူးရူးသောက်စားဆိုးပေလျက်ရှိကြရာ အိမ်တွင်းရေးမသာယာသဖြင့် ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ပြုသွားကြပြီး မကြာမီ အမေသည်လည်း ကွယ်လွန်သွားခဲ့ရပါသည်။ ထိုအခါ ကျွန်တော်တို့ ငမူးညီအစ်ကိုတစ်သိုက်သာ ကျန်ရစ်ခဲ့ရပါတော့၏။ နောက်ပိုင်းတွင် စားရေးပင်ခက်ခဲလာသဖြင့် ပင်ပန်းဆင်းရဲစွာဖြင့် ကြုံရာကျပန်းအလုပ်တို့ကို ဝင်ရောက် လုပ်ကိုင်ကြရပါတော့သည်။ ကျွန်တော်တို့ညီအစ်ကိုများထဲတွင် ကျွန်တော်သည် တရုတ်ပုံအပေါက်ဆုံးဖြစ်၍ တရုတ်လူမျိုးများက ချစ်ခင်ကူညီကြသဖြင့် အနေအစားချောင်ပါသေး၏။

ရွာတွင် ကံဆိုးသောမိန်းကလေးများလည်းရှိ၍ ကျွန်တော်တို့ညီအစ်ကိုတွေကို ကြိုက်နှစ်သက်သူများ ပေါ်ပေါက်ခဲ့ရာ နောက်ဆုံးတွင် ညီအစ်ကိုတစ်တွေ အစဉ်အတိုင်း အိမ်ထောင်ကျကုန်ကြပါသည်။ ၎င်းတို့လည်း အိမ်ထောင်ကျပြီးနောက် အရွယ်လည်းရလာကြပြီးဖြစ်ရာ ကောင်းကောင်းမွန်မွန်မှုပြင် နေထိုင်သွားကြသဖြင့် ဘဝတွင် ပြည့်ပြည့်စုံစုံနှင့် သက်သောင့်သက်သာနေထိုင်သွားနိုင်ကြပါ၏။ ကျွန်တော်သည်း အိမ်နီးချင်းဖြစ်သော မဝိုင်းချိဟူသည့် မိန်းကလေးနှင့် အိမ်ထောင်ကျခဲ့သည်။ မဝိုင်းချိသည် ငယ်စဉ် မီးတွင်းအည်းမှာပင် မိခင် ကွယ်လွန်သွားသဖြင့် ဆွေမျိုးများမှ ဝိုင်းဝန်းချီပိုးထိန်းကျောင်းခဲ့ရသဖြင့် မဝိုင်းချိဟု အမည်တွင်ခဲ့ရပါသည်။ ရုပ်ကလေးလည်းလှ၍ သဘောကောင်းလှသောကြောင့် ကျွန်တော်သည် သနားရာမှ မေတ္တာသက်ဝင်သွားခြင်း ဖြစ်ပါသည်။ ကျွန်တော့်တွင် မောင်ကံတင်၊ မောင့်ကံအေး၊ မကောင်း ဟူသော သားသမီးသုံးယောက်ထွန်းကားပြီး မဝိုင်းချိသည် အငယ်ဆုံးသမီးကလေး မကောင်း နို့စို့အရွယ်မှာပင် ကွယ်လွန်သွား၍ နောက်အိမ်ထောင်ပြုပြန်ရာ မတင်ရွှေ ဟူသော သမီးကလေးတစ်ယောက်မွေးပြီး ကွယ်လွန်သွားခဲ့ပါသည်။

ကျွန်တော်သည် ထိုစဉ်က ငွေကြေးမချောင်လည်သော်လည်း ဝါသနာပါရှိသဖြင့် မြင်းကလေးတစ်ကောင်မွေးထားခဲ့ပါသေးသည်။ ဘာသာရေးနှင့် အလှမ်းဝေးပြီး ထန်းရည်ကို ကြိုက်နှစ်သက်စွာ သောက်သုံးခဲ့ပါသည်။ သို့ဖြင့် ကျွန်တော်သည် အသက် (၆၀) တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရပါသည်။

အချိန်မခြားပါ။ ကျွန်တော်သည် သိုက်နန်းသို့ပြန်လည်ရောက်ရှိသွားပြီး သလွန်တော်ပေါ်မှ ပြန်လည်နိုးထလာခဲ့ပါသည်။ ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့သည် ဝန်းရံလျက် စိုးရိမ်စွာ စောင့်ကြည့်နေကြသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် သိုက်ဘဝပြန်ရောက်မှ စောရတနာနွယ်ကို သတိရလာမိ၏။ ကျွန်တော် လူ့ဘဝတွင်ရောက်ရှိခဲ့စဉ်က အဘယ်ကြောင့် စောရတနာနွယ်ကို မေ့လျော့၍နေခဲ့ရပါသနည်း။ ရှာဖွေရန်မေ့လျော့၍နေခဲ့ရပါသနည်း။ လူ့ဘဝကိုသွားရောက်ခဲ့ရသည့်အချိန်တို့ကို နှမြောမိပါ၏။

"ဟော-သားတော်သတိရလာပြီ"

"မောင်လေးတော်သတိရလာပြီ"

ဟု ဆိုကာ ဝမ်းသာနေကြသော်လည်း ကျွန်တော်သည် မပျော်ရွှင်ဘဲ ဖြစ်နေပါ၏။

"မောင်လေးတော်၊ လူ့ဘဝဆိုတာ သိုက်ဘဝနှင့်စာရင် ဘယ်လောက်ပင်ပန်းဆင်းရဲတယ်ဆိုတာ သိခဲ့ပြီမဟုတ်လား။ ပြီးတော့ တစ်ဘဝကနေ တစ်ဘဝကို ကူးပြောင်းရင် မေ့ပင်အောက်ကို ဖြတ်ရတယ်လေ။ ဘဝသစ်ကိုရောက်သွားရင် ဘဝအဟောင်းကဟာတွေကို မေ့သွားကြရတယ်။ ဒါကြောင့်လည်း သံသရာကို လူတွေမကြောက်ကြတာပေါ့"

ဟု အစ်မတော်များမှ ပြောပြကြပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ပြန်ရောက်လာသောကြောင့် မိသားစုပြန်လည်စုံညီသွားပြီဖြစ်ရာ စိုစိုပြည်ပြည်ဖြစ်သွားပြီး ခမည်းတော်၊ မယ်တော်တို့လည်း စိတ်ချလက်ချ ဂုဏ်တော်ပွားခြင်း၊ ပုတီးစိပ်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ကြပါတော့သည်။

ကျွန်တော် ရောက်ရှိပြီး မကြာမီ တစ်နေ့တွင် ခမည်းတော်သည် မိသားစုအတွင်း အရေးတကြီး ညီလာခံတစ်ခုကျင်းပပြုလုပ်ပါသည်။

"ခမည်းတော်တို့ဟာ ကိုယ့်သိုက်ကို စွန့်ခဲ့ရတာကြာပြီ။ ကိုယ့်သိုက်ကို ကိုယ့်ဘာသာစောင့်ရှောက်ရတာပဲ စိတ်ချလက်ချရှိတော်မူတာမို့ အုန်းတကူးကို ပြန်ကြစို့။ အဲဒါ သားတော်၊ သမီးတော်တို့ရဲ့ဆန္ဒကိုစိတ်ထဲရှိတဲ့အတိုင်းလျှောက်ထားကြစေ"

အမှန်ဆိုလျှင် ကျွန်တော်သည် အုန်းတကူးသို့ ပြန်ချင်ပါသည်။ ရတနာပစ္စည်းများအတွက်လည်း စိတ်ချနိုင်သကဲ့သို့ စောရတနာနွယ်၏ ပုံတူပန်းချီကားကြီးကိုလည်း စိတ်မချသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့မောင်တော်၊ အစ်မတော်တို့သုံးဦးတို့သည် တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်များစွာဖြင့် ကြည့်ရှုလိုက်ကြပြီး ပြိုင်တူပင် -

"သင့်မြတ်တော်မူလှကြောင်းပါ ခမည်းတော်ဘုရား"

ဟုလျှောက်တင်လိုက်ကြပါသည်။

မကြာမီ ကရဝိက်ဖောင်တော်ကြီး ဆိုက်ရောက်လာပါသည်။ အရံလှေအဖြစ် လွန်းကြင်လှေကြီး (၃) စင်းလည်း ပါဝင်ပါသည်။ လှေကြီးများပေါ်တွင် အောင်စည်အောင်မောင်းများလည်းပါဝင်၍ စောင်းညှင်းပတ်သာ တူရိယာများနှင့် လှေတော်သံ သီဆိုမည့် ယိမ်းအဖွဲ့သားများလည်းပါဝင်ပါသည်။ လှေတော်သားများ စုံလင်လှပါသည်။ ကျွန်တော်တို့ နဂါးပြည်သည် ရေအောက်မှာပင်ရှိသော်လည်း ကုန်းမြေများနှင့် တောတောင်များရှိပြီး ချောင်း၊ မြောင်း၊ အင်းအိုင်၊ ရေကန်သာများ သီးခြားရှိပါသေး၏။ ကျွန်တော်တို့သည် ဧရာဝတီကဲ့သို့ မြစ်ကြီးအတိုင်း ဖောင်များ၊ လှေများဖြင့် ထွက်လာခဲ့ကြရသည်မှာ ပျော်မွေ့ဖွယ်ကောင်းလှပြီး သာယာလှပသဖြင့် ကျွန်တော်သည်ပင် ပျော်ရွှင်ကြည်နူးမှုများ ခံစားလာရပါသည်။ ဖောင်ဦးထိပ်တွင် လေတဟူးဟူးတိုက်ခတ်လျက်ရှိရာ အေးမြမှုနှင့်အတူ ကြည့်၍မဝနိုင်သော မြစ်ကမ်းနံဘေးမှ တောတောင်ရေမြေသဘာဝရှုမျှော်ခင်းတို့ကို ငေးမျှော်ရင်း ဤခရီးတွင် စောရတနာနွယ်သာ အတူပါလာလျှင် မည်မျှအထိ ဝမ်းမြောက်မိလေမည်လဲဟု တွေးမိပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဖြင့် အချိန်အတော်ကြာသွားသောအခါ ကျွန်တော်တို့၏ သိုက်နန်းရှိရာ အုန်းတကူးတောင်တော်သို့ ရောက်ရှိ၍လာခဲ့ပါသည်။ ကျွန်တော်တို့သည် နှစ်ပေါင်းများစွာ ခွဲခွာခဲ့ရသော ဇာတိရွာသို့ ပြန်လည်ရောက်ရှိလာသကဲ့သို့ခံစားရကာ ပျော်ရွှင်မိကြပါ၏။ သို့သော် ဤနေရာ၊ ဤမြင်ကွင်းများကို မြင်တွေ့ရသောအခါ အတိတ်၏ကြေကွဲဖွယ်အရိပ်ဆိုးတို့ကိုလည်း ပြန်လည်မြင်ယောင်လာမိသဖြင့် ဝမ်းနည်းကြေကွဲလို့လာရပြန်ပါ၏။ ကျွန်တော်တို့သည် အနှစ်နှစ်အလလက ကွဲကွာနေခဲ့ရသော သိုက်နန်းတွင်းမှ ရွှေဆင်းတုရုပ်ပွားတော်ကို ဖူးမြော်ကြည်ညို၍မဆုံးနိုင်အောင် ဖြစ်ကာ ပူဇော်ကန်တော့လိုက်ကြပါ၏။ ထို့နောက် ဘုရားပန်းများ၊ သစ်သီးပွဲ၊ သောက်တော်ရေ နံ့သာတိုင်တို့ကို အသစ်ပြန်လည်ပူဇော်ကြပြီး ပုတီးစိပ်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ကို ပြုလုပ်လိုက်ကြပါသည်။ ထို့နောက် ကျွန်တော်သည် ပကတိကမ္ဘာမြေပေါ်သို့ တတ်ရောက်လိုက်ပြီး တောင်တော်ပေါ်နှင့် အုန်းတကူးရွာကိုကြည့်မိသည်။ ဘုန်းတော်ကြီးကျောင်းနှင့် ရွာပါတော်တော်ခပ်ဝေးဝေးသို့ပြောင်းရွှေ့ထားသည်ကို တွေ့ရပါသည်။ ဤဒေသတွင် လူတို့အရောက်အပေါက်များလာ၍ သစ်၊ ဝါးခုတ်သူများ ပေါများလာခြင်းကြောင့်ဖြစ်မည်။ ယခင်က နေပြောက်မထိုးနိုင်လောက်အောင် ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိသော သစ်တောဝါးတောကြီးတို့မရှိတော့ပြီ။ သစ်ပင်ငယ်၊ ဝါးပင်ငယ်များသာ ခပ်ကျဲကျဲတွေ့ရှိရပါတော့၏။

ဤတောတောင်တွင်သာ သိုက်စောင့်များ၏ စောင့်ရှောက်မှုကြောင့် နတ်ကြီးသည်ဟုဆိုကာ လူများ မခုတ်ဝံ့၍ သစ်ပင်ဝါးပင်များဤမျှကျန်ရှိနေခြင်းဖြစ်ကြောင်း သိရပါသည်။ မီးသွေးဖုတ်သူ၊ တောင်ယာလုပ်သူတို့ ပေါများလာသဖြင့် ဤမျှ တောတောင်တို့ ပြုန်းလွယ်ခြင်းဖြစ်ပေလိမ့်မည်။ နဂိုက ရှမ်း၊ ကဒူးတိုင်းရင်းသားများသာ နေထိုင်ကြသော အုန်းတကူးရွာကလေးတွင် ယခု မြန်မာလူမျိုးအနည်းငယ်တို့ ရောက်ရှိ နေထိုင်လျက်ရှိသည်ကိုလည်း တွေ့ရပါသည်။

ကျွန်တော်တို့စော်ဘွားမိသားစုမှ မစုတေမီက ဤတောင်တော်၏ အမြင့်ဆုံးအပိုင်း အနောက်တောင်ထောင့်တွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ရန် ရည်ရွယ်၍ ကျောက်ခဲများစုပုံထားသော နေရာကလေးတွင် မြက်များနှင့် ချုံနွယ်များ ပေါက်ရောက်လျက်ရှိနေပေပြီ။

ထိုသို့ဖြင့် ကျွန်တော်တို့သည် အုန်းတကူးသို့ ပြန်လည်ရောက်ရှိ၍လာခဲ့သောအချိန်တို့သည်ပင် ကြာညောင်း၍လာခဲ့ပြန်ပါ၏။ သိုက်နန်းတွင် နေထိုင်ရခြင်း၊ နဂါးပြည်တွင် ပျော်မွေ့ရခြင်းတို့သည် အေးချမ်းသာယာ၍ စိတ်ကျေနပ်စရာကောင်းလှသည်။ ကျွန်တော်တို့၏စည်းစိမ်များကိုပင် အားကျသူတို့များလှပါသည်။ သို့သော် ကျွန်တော်တို့၏ သိုက်နဂါးဘဝမှာ စားဝတ်နေရေး၊ တိုင်းရေးပြည်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးမှအစ မည်သည့်အရေးကိစ္စမျှ လုပ်ကိုင်ဆောင်ရွက်စရာ၊ ပူပန်ကြောင့်ကြစရာများမရှိသဖြင့် အချိန်ပိုများစွာရရှိနေပါသည်။ စည်းစိမ်များကို ခံစားလိုသူအဖို့မူ ကောင်းလှပါသည်။ သို့သော် ကျွန်တော်သည် ရယူပိုင်ဆိုင်နိုင်ခွင့်နောက်ထား တစ်ခဏတာမျှ တစ်ကြိမ်သာတွေ့မြင်ခဲ့ဖူးပြီး စကားသော်မှ ခပ်ဟဟပြောဆိုခွင့်မရရှိခဲ့သောသူမအား သတိရတမ်းတ၍လာမိပြန်ပါ၏။ ထိုအခါ လူ့ဘဝသို့ပြန်လည်သွားရောက်လိုသောချင်ခြင်းသည် ပေါ်ပေါက်၍လာပြန်ပါသည်။

ကျွန်တော်သည် လူ့ဘဝမှ ပြန်ရောက်လာသည်မှာ ဘာမှမကြာသေး။ ယခုတစ်ဖန် လူ့ဘဝသို့ ပြန်လည်သွားရောက်လိုသည်မှာ လွန်လှသည်ဟု ကိုယ့်ဘာသာလည်း သိရှိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ထိုဆန္ဒကို ခမည်းတော်၊ မယ်တော်နှင့် အစ်မများကို ပြောမပြတော့ဘဲ ရင်ထဲမှာသာ သိုသိပ်၍ သိမ်းဆည်းထားရှိပြီး ဟန်ဆောင်ဖုံးကွယ်၍နေလာခဲ့ပါသည်။ သို့သော် ကျွန်တော်သည် ပျော်ရွှင်ရယ်မောခြင်းဟူ၍မရှိတော့လောက်အောင် တစ်ကိုယ်တည်း ငေးမှိုင်၍နေခဲ့ပါ၏။ ကျွန်တော်သည် လူ့ဘဝသို့ သွားရောက်ခဲ့သော်လည်း စောရတနာနွယ်အား မတွေ့ရှိခဲ့ဘဲ ပြန်လာရသောကြောင့် ဘဝင်မကျဘဲ မကျေမချမ်းနိုင်အောင်ဖြစ်နေမိပါသည်။ အကယ်၍ အစ်မတော်တို့က သာ အိပ်မက်ဖြင့်သော် လည်းကောင်း လာရောက် ဆက်သွယ်၍ ကျွန်တော့်ဘဝအကြောင်းကို သိစေခဲ့မည်ဆိုပါက ကျွန်တော်သည် စောရတနာနွယ်ကို ပြန်လည်သတိရလာမည်ဖြစ်ကာ ရှာဖွေခဲ့မိပေလိမ့်မည်။ ဤသို့ဆိုလျှင် အစ်မတော်တို့ကိုသာ အပြစ်တင်ရပေတော့မည်။

"အစ်မတော်တို့၊ ကျွန်တော်မျိုး လူ့ပြည်မှာရှိစဉ်က ဘာလို့မဆက်သွယ်ခဲ့ကြတာလဲ ဘုရား"

"ဆက်သွယ်ပါသော်ကော မောင်လေးတော်ရယ်။ အဲဒီတုန်းက မောင်လေးတော်မှာက ဘုရား၊ တရားမရှိ မူးယစ် သောက်စားလို့နေလေတော့ မောင်လေးတော်ရဲ့ဝိညာဉ်အရောင်အဝါဟာ မတောက်ပနိုင်ဘဲရှိနေတော်မူတယ်။ ဒါကြောင့် အိပ်မက်အကြိမ်ကြိမ်ပေးပေမယ့်လည်း မရနိုင်အောင်ရှိတယ်"

ဟု မိန့်တော်မူကြပါသည်။

ထိုသို့ဖြင့် အချိန်တို့ ဆက်လက်ကုန်လွန်ခဲ့ကြပြန်ပါသည်။ ကျွန်တော်သည် သိုက်နန်းတွင် ငြီးငွေ့သည်ထက် ငြီးငွေ့၍လာနေမိပါသည်။ နောက်ဆုံးတွင် ကျွန်တော် လူ့ပြည်သို့ ယခုတစ်ဖန် တစ်ဘဝဖြင့် ထပ်မံသွားရောက်လိုပါသေးကြောင်း မယ်တော်ထံသွားရောက်ခစား၍ တောင်းပန်လျှောက်ထားမိပြန်ပါသည်။

မယ်တော်သည် -

"ပြန်ရောက်သည်မှ မကြာသေးသဖြင့် ခမည်းတော်၊ မယ်တော်နှင့်အစ်မတော်တို့မှာ အလွမ်းသော်မှ မပြေနိုင်ကြသေးပါ။ ပြန်မသွားပါနှင့်ဦး။ သည်းခံစောင့်ဆိုင်းပေးပါဦး"

ဟု ဆိုသဖြင့် ကျွန်တော်သည် အောင့်အည်း၍နေရပြန်ပါသည်။ ကျွန်တော်မှ ဖွင့်ထပ်လျှောက်တင်ပြန်လျှင်လည်း ကျွန်တော်သည် မိသားစုမေတ္တာတရားကို ဥပေက္ခာထား၍ သံယောဇဉ်နည်းပါးသည်ဟု ထင်မြင်ယူဆသွားမည်ကိုလည်း စိုးရွံ့မိပါသည်။ ထို့ကြောင့် ခပ်ဆိတ်ဆိတ်နေရပြန်ပါ၏။

အတန်ကြာသော် ဥယျာဉ်အတွင်း၌ အစ်မတော်တို့နှင့်လှည့်လည်သွားလာနေကြရင်း -

"အစ်မတော်တို့ကို လျှောက်ထားစရာရှိလို့ လျှောက်တင်ပါရစေ"

"မောင်လေးတော် လျှောက်တင်မည့်အကြောင်းအရာကို အစ်မတော်တို့ သိရှိပြီးသားဖြစ်ပါတယ်။ လူ့ပြည်ကိုသွားချင်တယ်လို့ လျှောက်တင်မှာမဟုတ်လား"

ဟု ဆိုကြပါသည်။

"မှန်လှပါ အစ်မတော်တို့၊ မောင်လေးတော်မှာ ဖြစ်ပေါ်နေတဲ့ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com

ဟာ အဲဒါပါပဲ။ ဒီတစ်ခါ မကျေနပ်ပွဲနွဲလိုက်ချင်ပါသေးတယ်။ အစ်မတော်တို့ ခမည်းတော်၊ မယ်တော်တို့ကို ကူညီဝိုင်းဝန်းလို့ လျှောက်တင်ပေးတော်မူကြပါဘုရား"

ကျွန်တော်သည် ဝမ်းနည်းအားလျော့သံဖြင့် တိုးညင်းစွာ လျှောက်ထားလိုက်လျှင် အစ်မတော်တို့ စိတ်မကောင်းဖြစ်သွားကြပြီး -

"ဒီကိစ္စ အစ်မတော်တို့တာဝန်ထားပါ။ ခမည်းတော်၊ မယ်တော်တို့ကိုရအောင်လျှောက်တင်ပေးပါ့မယ်"

ဟု ဆိုသဖြင့် ကျွန်တော်တစ်ဆင့် စိတ်အေးသွားခဲ့ရပါသည်။

မကြာမီ ခမည်းတော်မှ အခေါ်တော်ရှိသဖြင့် ဝင်ရောက် ခစားရပါသည်။

"သားတော်၊ လူ့ပြည်ကို တစ်ဖန်သွားရောက်တော်မူလိုသေးတယ်ဆိုတာ အမှန်ပဲလား"

"မှန်လှပါ၊အမှန်ပင်ဖြစ်ကြောင်းပါ ဘုရား"

ဟု ပြန်လည်လျှောက်ထားလျှင်-

"အိမ်း. . . သားတော်က သိုက်နန်းမှာမပျော်မွေ့လေတော့လည်း ဟုတ်မှာပါလေ။ ကဲကဲ- ဒါဆို စိတ်အေးလက်အေးသာနေပါ။ အချိန်ကောင်းအခါကောင်းရက်ကောင်းသာ ရွေးထားပေတော့၊ စီစဉ်ပေးမယ်"

ဟု မိန့်ကြားတော်မူသဖြင့် ကျွန်တော်သည် မဖော်ပြတတ်အောင် ဝမ်းသာ ပျော်ရွှင်၍ သွားပါသည်။

ယခင်တစ်ခေါက် လူ့ပြည်သွားရောက်စဉ်ကကဲ့သို့ပင် ကျွန်တော်သည် သလွန်ထက်သို့ တက်ရောက်ကာ လဲလျောင်းလိုက်ပါသည်။ ခဏကြာလျှင် ကျွန်တော်သည် အိပ်ပျော်၍ သွားသကဲ့သို့ အသိတရားတို့ကွယ်ပျောက်သွားပြီး နောက်တွင် မိခင်၏ဝမ်းရေကို မြင်တွေ့နေရသဖြင့် မျက်စိထဲတွင် အနီရောင်တို့သာလွှမ်း၍နေပါ၏။

❑

"ဟော - ဆရာနိုးလာပြီ၊ ဆရာနိုးလာပြီ"

ကျွန်တော်သည် ယခုမှ အိမ်မက်မှနိုးထလာသကဲ့သို့ ဖြစ်နေပါသည်။ ကျွန်တော့်နံဘေးတွင် အိမ်ဖြူ တင်တင်ဦး၊ စန္ဒာဝင်းတို့ရှိနေကြပါ၏။ ကလေးများသည် ခပ်လှမ်းလှမ်းတွင် ဆူညံစွာဆော့ကစား၍နေကြပါ၏။ အချိန်အားဖြင့် တစ်နာရီခန့်တော့ ကြာမြင့်လိမ့်မည်ဖြစ်ပါသည်။

"ဆရာ အခုနအိပ်မက်တွေမက်နေတယ်ထင်တယ်။ ဆရာ့ရဲ့မျက်နှာအမူအရာဟာ အမြဲတမ်း ပြောင်းလဲနေပြီး ဘာတွေပြောနေမှန်းလဲမသိဘူး။ ပါးစပ်ကလည်းတလှုပ်လှုပ်နှင့်"

ကျွန်တော်သည် ထူးဆန်းအံ့ဩမဆုံးနိုင်သော ကျွန်တော်၏ ဘဝဇာတ်ကြောင်းများကို အိပ်မက်အသွင်ဖြင့် ပြန်လည်တွေ့မြင်ရသောအခါ စိတ်ထဲတွင် အမည်မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်ခံစားရကာ လေးလံထိုင်းမှိုင်း၍ နေပါ၏။ ယုံရမည်လား မဝေခွဲတတ်နိုင်ပါ။

"ဆရာအိပ်ပျော်နေတုန်း ထူးဆန်းတာတစ်ခုရှိသေးတယ်။ ဟိုတစ်ခေါက်တုန်းကလာတဲ့လိပ်ပြာလေးလေ ဆရာ့ခေါင်းထက်မှာဝဲပျံနေတယ်။ နဖူးပေါ်နားလိုက်ပျံလိုက်နှင့်"

တင်တင်ဦးမှ ပြောပါသည်။

"ကဲ - အချိန်တောင်တော်တော်လင့်သွားပြီ ပြန်ကြစို့။ ကျောင်းသားတွေကို ခေါ်လိုက်တော့"

အရင်တစ်ခေါက်တုန်းကကဲ့သို့ပင် ကျွန်တော်တို့သည် ဇကျောက်စေတီကိုရှိခိုးကန်တော့ကြပြီး အမျှအတန်းပေးဝေကာ တောင်ပေါ်မှဆင်းခဲ့ကြပါသည်။ စိတ်ထဲတွင် မရွှင်ပျ။ အတွေးတို့သည်လည်း မတင်မကျ။ ကျွန်တော်သည် မမျှော်လင့်ဘဲ အတိတ်ဘဝဟောင်းကို ပြန်လည်သိရှိရပြီးနောက်တွင် ကျွန်တော့်အတွေးထဲ၌ အတိတ်ဘဝ၏ အသေးစိတ်အဖြစ်အပျက်တို့ကို ပြန်လည်ကာ မြင်ယောင်လာပါ၏။ အစ်မတော်တို့သည် ကျွန်တော်၏ အတိတ်ဘဝဆက်ကို ပြန်လည်ဖော်ထုတ် ပြသလိုက်ပြီဖြစ်သည်။ စောရတနာနွယ်၏ပန်းချီကားကိုလည်းကောင်း၊ စောရတနာနွယ်၏ရုပ်သွင်ကို လည်းကောင်း ပြက်ပြက်ထင်ထင်ပြန်လည် မြင်ယောင်၍ လာမိပါသည်။

"ဆရာ၊ ဒီတစ်ခါ တောင်ပေါ်က ဆင်းလာပြီး လန်းလန်းဆန်းဆန်းမရှိသလိုဘဲ"

ဟု ကိုမြင့်ဦးမှ ကျွန်တော့်ကို မသိမသာအကဲခတ်ပြီးပြောပါသည်။

"ကျွန်တော် တောင်ပေါ်မှာ အိပ်ပျော်သွားလို့ ခေါင်းတွေအုံပြီး မကြည်မသာဖြစ်နေလို့ပါ"

ဟု ပြောလိုက်ပါသည်။

ထိုသို့ဖြင့် နောက်တစ်နေ့တွင် ကျွန်တော် စဉ့်ကိုင်သို့ ပြန်ခဲ့ပါတော့သည်။

ကျွန်တော်၏အတိတ်ဘဝဇာတ်ကြောင်းတို့သည် ယုံရန်ခက်ခက်အိပ်မက်ဆန်လှသော်လည်း ယခုမျက်မှောက်ဘဝ ကျွန်တော်၏ အဖြစ်အပျက်များကို ပြန်လည် ဆင်ခြင် သုံးသပ်မိပါသည်။ ကျွန်တော်သည် ဤအတိုင်းဆိုလျှင် ဦးပေါ်ဘဝစုတေသောအခါ သိုက်နန်းသို့ ပြန်ရောက်သွားသည်။ ကျွန်တော်သည် ဦးပေါ်၏သမီးမကောင်း (အမေကောင်း)၏သားဖြစ်နေပြန်သဖြင့် အမေကောင်းတစ်ယောက်တည်းကပင် ပထမတစ်ဘဝ၌ ကျွန်တော့်ကိုအဖေတော်ရပြီး နောက်တစ်ဖန် ယခုဒုတိယတစ်ဘဝ၌ ကျွန်တော့်ကိုပင် သားပြန်တော်ရပါသည်။ ဘဝသံသရာသည်ကား ဆန်းကြယ်လှပါ၏။ ရှုပ်ထွေးလွန်းလှပါ၏။ ကျွန်တော်သည် (၁၂) နှစ်သာ ကွာခြားပြီး လူ့ဘဝသို့ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ပါ၏။

ကျွန်တော့်အဘိုးကို သိမီလိုက်သူများမှ ကျွန်တော် ကလေးဘဝတွင် 'ဘပေါ်နဲ့တူတယ်'၊ 'အုန်းပေါ်နဲ့တူတယ်' ဟု ပြောဆိုခံခဲ့ရခြင်းများကိုလည်းကောင်း၊ 'မင်းက အိပ်ရင် အဖေ့လိုပဲ ကိုယ့်လက်ကိုယ်ခေါင်းအုံးပြီး ဘေးတစောင်းလေးအိပ်တတ်တယ်' ဟု အမေက ပြောခဲ့ခြင်းများကို ပြန်လည် သတိရမိပါသည်။

ဤဘဝတွင် ထူးခြားသည်ဟုပြောရပါမည်။ ကျွန်တော်သည် ခုနစ်နှစ်သားအရွယ်တွင် သဒ္ဒါရသဘောတရားများကို သံဝေဂဉာဏ်များဖြစ်ပေါ်လာခဲ့ဖူးပါ၏။(ထိုအကြောင်းအရာတို့သည် ရှည်လျားလှပါ၍ 'နေရင့်၍မကြွေမီ' ဝတ္ထုတွင် သီးခြားဖော်ပြထားသည်။) ကျွန်တော်သည် လူချစ်လူခင်ပေါ်များလှပါ၏။ ကျွန်တော့်အား တွေ့မြင်သူအပေါင်းမှ ကျွန်တော့်ကို ဦးစားပေးဆက်ဆံကြသဖြင့် မျက်နှာပွင့်လန်းပါ၏။ ကျွန်တော်သည် မြင်းစီး၊ သိုင်းပညာ၊ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ခြင်းတို့ ဝါသနာထုံ၏။ ကဗျာစာပေ၊ ဂီတနှင့် ပန်းချီတို့ကို သင်ကြား လေ့ကျင့်တတ်မြောက်၏။

ဘာရယ်မှန်းမသိပါ။ ကျွန်တော် (၇) တန်း၊ (၈) တန်းအရွယ်ကပေါ်ထွက်ခဲ့သော စိုင်းထီးဆိုင်၏ 'တစ်ယောက်ရှိတယ်' သီချင်းကို နားထောင်မိပြီးသည့်နောက်တွင် လောကတစ်နေရာ၌ ကျွန်တော်နှင့်ရေစက်ဆုံမည့်မိန်းကလေးသို့မဟုတ် ကျွန်တော်၏ စိတ်အစဉ်ကို လွှမ်းမိုးနိုင်မည့် မိန်းကလေးသည် အမြဲ

www.burmeseclassic.com

မြတ်ဆုံး၊ အလှဆုံး၊ အသန့်စင်ဆုံးအဖြစ်နှင့် တွေ့ရှိရလိမ့်မည်ဟု ယုံကြည်နေမိခြင်းများလည်း ဖြစ်ပေါ်နေခဲ့ပါသည်။

ကျွန်တော် အုန်းတကူးသို့ ရောက်ရှိပုံမှာလည်း ဆန်းကြယ်လှ၏။ မရောက်ဘူးသောအရပ်၊ အသိမိတ်ဆွေမရှိသောအရပ်၊ မည်သူ့မျှစေလွှတ်ခြင်း လမ်းညွှန်ခြင်းမရှိဘဲရောက်သွားရခြင်း ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်စိတ်လေ၍ ခြေဦးတည့်ရာထွက်လာခဲ့မိခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မြို့ရွာများစွာရှိနေပါလျက် မရည်ရွယ်ပါဘဲ ဤအုန်းတကူးရွာကလေးသို့ ရောက်ရှိသွားရပုံ၊ (၄) နှစ်မျှနေထိုင်ခဲ့ရပုံတို့မှာ ရုတ်တရက်ကြည့်လျှင် မထူးဆန်းဟုဆိုသော်လည်း ဆန်းကြယ်နေသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ ကျွန်တော်သည် ထိုရွာကလေးမှမပြန်ချင်လောက်အောင် ပျော်မွေ့လျက်ရှိပုံ၊ တစ်ရွာလုံးမှ ချစ်ခင်လေးစားကြပုံတို့သည်လည်းကောင်း၊ ကျွန်တော့်တွင် မြေနှင့်ပတ်သက်သောအိပ်မက်တို့ အကြိမ်ကြိမ်မြင်မက်ပုံ၊ မြေများကိုထူးဆန်းစွာဖြင့် မကြာခဏတွေ့ရှိရပုံ စသည်တို့သည်ကား သာမန်မဟုတ်နိုင်တော့ပြီဖြစ်ကြောင်း ယခုမှပင် နားလည်သိရှိရပါတော့သည်။ဒီဘဝတွင်တော့ ကျွန်တော်သည် ငယ်ရွယ်စဉ်မှစ၍ နူးညံ့သိမ်မွေ့ကာ ဘုရားတရားလိုက်စားခဲ့သူဖြစ်၍ အစ်မတော်တို့မှ လာရောက်ဆက်သွယ်နိုင်ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် မမျှော်လင့်ပါဘဲ ကျွန်တော်၏အတိတ်ဘဝဇာတ်ကြောင်းတို့ကို ပြက်ပြက်ထင်ထင် သိမြင်လိုက်ရသောအခါ အံ့သြခြင်းနှင့်အတူ သံသရာကြီးကို ကြောက်ရွံ့တုန်လှုပ်မိပါသည်။ အဖန်ဖန်အထပ်ထပ် လှည့်ပတ်၍နေ့ရသောသံသရာချားရဟတ်ကြီးသည်ကား ပျင်းရိငြီးငွေ့ဖွယ်ကောင်းလေစွတကား။

စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့၊ လ၊ နှစ်တို့သည်ကား လျှပ်ပြက်သကဲ့သို့ မြန်ဆန်လွန်းလှပါ၏။ ဤလောကတွင် အချိန်၏လျင်မြန်နှုန်းအား လိုက်၍မီနိုင်သောအရာဟူ၍မရှိပါပြီ။ ကျွန်တော်တို့၏ဘဝတစ်ခုဖြစ်တည်မှု ဟူသည်မှာလည်း အချိန်၏ တိုက်စားဝါးမျိုမှုအောက်၌ အိပ်မက်ပမာ တစ်ခဏနှင့် လွင့်ပျက်ရပါ၏။ တစ်ဘဝဝိညာဉ်ချုပ်သည်နှင့် စက္ကန့်မခြားဘဲ ဘ ဝတစ်ခုဖြစ်တည်ရပြန်၏။ တစ်ဖန် အသစ်ဖြစ်တည်လိုက်ရသောဘဝသည်လည်း ဘာမှမကြာလိုက်၊ တစ်ခဏနှင့် ပြီးဆုံးချုပ်ပျောက်ရပြန်၏။ စဉ်းစားကြည့်လျှင် ဘာမှပျော်စရာမရှိ အနှစ်သာရမရှိ ပျင်းရိငြီးငွေ့ဖွယ် စိတ်ပျက်ဖွယ်ကောင်းလှပါ၏။

ကျွန်တော်သည် အနှစ်(၄၀)လုံးလုံး ဘာကိုမှမသိရှိခဲ့ဘဲ နေထိုင်လာခဲ့ရာမှ ရွှေကြက်ယက်တွင် သက်န်းဝတ်ရန် အကြောင်းပေါ်ပေါက်ပြီး ထူးဆန်းသောအိပ်မက်များနှင့်ပကတိဖြစ်ရပ်တို့အပေါ်တွင်အမှီပြု၍ ပုဂံခေတ်မှဘဝတစ်ခုကို သိရှိခဲ့ရပြန်ပြီး ယခုတစ်ဖန် အုန်းတကူးသို့မမျှော်လင့်ဘဲရောက်ရှိသွားပြီးနောက် အိပ်မက်များနှင့် ပကတိဖြစ်ရပ်များကို အခြေပြုကာ စော်ဘွားခေတ်မှ ဘဝတစ်ခုကို သိရှိလိုက်ရပြန်ပါသည်။ ဤအကြောင်းအရာတို့သည် ကျွန်တော်ကိုယ်တိုင်ပင် ယုံရန်ခက်ခဲလှသဖြင့် မယုံတစ်ဝက်ယုံတစ်ဝက်ပင်ရှိနေသေးသည်မှာ အမှန်ဖြစ်သော်လည်း ထိုအဖြစ်အပျက်တို့တွင် လစ်ဟာကွက်မရှိထောင့်စေ့လှပြီး ယုတ္တိကျနေပြန်သဖြင့် အံ့သြမိပါ၏။ အတိတ်ဘဝအကြောင်းအရာများနှင့်ကျွန်တော့်လက်ရှိယခုဘဝအဖြစ်အပျက်တို့သည်လည်း အချိတ်အဆက်မိကာ သဘာဝကျလှပါ၏။

ပုဂံခေတ်တွင် မိဖုရားကို အလုခံခဲ့ရသော်လည်း ပြန်လည်ပေါင်းဆုံနိုင်ခဲ့၏။ စော်ဘွားခေတ်တွင် တစ်ခဏသာ တွေ့မြင်ရပြီး တစ်ဘဝတာ ဝေးကွာခဲ့ရပြန်ပါ၏။ လူ့ဘဝသို့ တစ်ခါရောက်ရှိစဉ် ဘဝဟောင်းမှ အကြောင်းအရာတို့ကို ဘာမှပြန်လည်မသိရှိဘဲ ယောင်ချာချာဖြင့် တစ်ဘဝကုန်ဆုံးခဲ့ရ၏။ ယခုဘဝ၌ လူ့ပြည်သို့ ဒုတိယမ္ပိ ပြန်လည်ရောက်ရှိခဲ့သောအခါတွင်လည်း ဘာမှမသိဘဲ အချိန်တို့ ကုန်ဆုံးခဲ့ရပြန်ပြီး အကြောင်းအားလျော်စွာဖြင့် လူ့သက်တမ်းတစ်ဝက်မျှရောက်ရှိသောအချိန်တွင်မှ မိမိဘဝဇာတ်ကြောင်းတို့ကို ပြန်လည်သိရှိခွင့်ရရှိလိုက်ပါ၏။ ထိုအခါတွင် ကလေးဘဝမှစ၍ ဘာမှန်းမသိဘဲ စိတ်အစဉ်ကို ထင်ဟပ်စိုးမိနေခဲ့သော မသိစိတ်မှ စေ့ဆော်ချက်တို့၏ အဓိပ္ပာယ်ကို နားလည်ရှင်းလင်းသွားပါတော့၏။

တကယ်တော့ ကျွန်တော်သည် မိန်းကလေးတစ်ယောက်အပေါ် အစွဲအလန်းကြီးခဲ့မိ၍ မိုက်မဲလှစွာတန်ဖိုးရှိလှသော၊ ရခဲလှသော လူ့ဘဝ၏အချိန်တို့ကို အချည်းနှီးပေးဆပ်ပစ်ခဲ့၏။ ဖြုန်းတီးပစ်ခဲ့၏။ ဘယ်ဆီဘယ်ဝယ် ဘယ်ဘဝရယ်လို့ရောက်၍နေမှန်းမသိရှာဘဲ မိုက်ရူးရဲဆန်လှစွာ ဘဝကိုစတေးနေခဲ့မိပါ၏။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့သည် တောထဲသို့ ပျော်ပွဲစားအလည်အပတ်ထွက်ကာ မူးယစ်သောက်စားကြ၏။ ဇနီးကြင်ရာရှိသော မင်းသားတို့သည် ဇနီးကြင်ရာတို့ကို ခေါ်ယူလာခဲ့ပြီး ဇနီးကြင်ရာမရှိသူများက ပြည့်တန်ဆာများကို ခေါ်ယူခဲ့ကြသည်။ မင်းသားတို့ ပျော်ပါးပြီး အိပ်မောကျနေစဉ် ပြည့်တန်ဆာသည် အဝတ်အစားနှင့်ရွှေငွေများ တိတ်တဆိတ်ခိုးဝှက်ယူငင်ပြီး ထွက်ပြေးသွားသည်။ မင်းသားတို့အိပ်မောကျနေရာမှ နိုးထလာပြီး ထိုအကြောင်းကိုသိရှိကြလျှင် ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် တောတွင်းသို့ လှည့်လည်လိုက်ရှာကြလျှင် မြတ်စွာဘုရားရှင်နှင့် တွေ့ဆုံကြသည်။

"ချစ်သားတို့၊ မည်သည့် ဥစ္စာပစ္စည်းပျောက်ဆုံး၍ ဤမျှအရေးတကြီး လိုက်လံရှာဖွေ၍နေရပါသနည်း"

ဟု မေးတော်မူလျှင် -

"တပည့်တော်တို့သည် မိန်းမပျောက်၍ရှာနေကြခြင်း ဖြစ်ပါသည်"

ထိုသို့ ဖြေကြားကြလျှင် မြတ်စွာဘုရားသခင်မှ -

"အသင်ချစ်သားတို့သည် ပျောက်ဆုံးနေသော မိန်းကလေးကိုလိုက်ရှာ၍ တွေ့သည်ထားဦး၊ ဘာအကျိုးရှိပါမည်နည်း။ လောကတွင် မိမိကိုယ်ကိုပင် မိမိပြန်လည်တွေ့ရှိအောင် ရှာဖွေနိုင်မှသာလျှင် အကျိုးများပေလိမ့်မည်"

ဟု အစချီ၍ ၎င်းတို့၏စရိုက်နှင့်ကိုက်ညီသောဒေသနာတော်တို့ကို ဟောကြားတော်မူလျှင် မင်းသားများအားလုံး သစ္စာတရားကို တွေ့မြင်သွားပြီးနောက် ကျွတ်တမ်းဝင်သွားကြရသည်ဟု သိရှိဖူးပါသည်။

ယခု ကျွန်တော်လည်း ထိုနည်းနှင်နှင် ဘဝတစ်ခုတွင်ပေါင်းသင်းနေထိုင်ခဲ့ဖူးခြင်းပင်မရှိခဲ့သော မိန်းကလေးတစ်ဦးကို သံယောဇဉ်အမျှင်တန်းလျက်စွဲလမ်းခဲ့မိခြင်းကြောင့် ဘဝများခြားသွားသည့်တိုင် ဖွဲကြီးကြီးဖြင့်ရှာဖွေနေခဲ့မိသည်မှာ အကျိုးမရှိနိုင်ပါ။ ရှာဖွေတွေ့ခဲ့လျှင်လည်း သံ ယောဇဉ်တရားထပ်မံပွားများလျက် သံသရာတစ်လျှောက်တွင် အပူမီးများဆက်လက်တောက်လောင်ရန် အကြောင်းတရားများသာ ဖြစ်ပေလိမ့်မည်။

ထိုအခါ မိမိသည် ဘာလုပ်သင့်ပါသနည်း။ ဘဒ္ဒညီနောင် (၃၀) အား ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်မှဆုံးမသော မေးခွန်းဖြင့်ပင် ကိုယ့်ကိုယ်ကိုယ် ပြန်လည်မေးခွန်းထုတ်ရပေတော့မည်။ မှန်ပါသည်။ ပကတိပင်လယ်သမုဒ္ဒရာထက် အဆရာထောင်ကျယ်ပြောလှသော လောကသမုဒ်ပြင်ဝယ် အနှိုင်းမဲ့ကျယ်ဝန်းလှသော (၃၁) ဘုံအတွင်း၌ ဘယ်ဘဝ ဘယ်အခြေရောက်နေမှန်းမသိနိုင်သော စောရတနာနွယ်အား ရှာဖွေနေခြင်းသည် ဘဒ္ဒဝဂ္ဂီမင်းသားတို့ တောအုပ်ငယ်တစ်ခုအတွင်း ရှောင်ပုန်းနေသောမိန်းမတစ်ယောက်ကို ရှာဖွေနေကြသည်ထက် ပို၍မိုက်မဲလှမှန်း ကျွန်တော်နားလည်လာမိပါချေပြီ။

"မက်ရင်မောရတယ်။ တွယ်တာရင် နှောင်တည်းခံရတယ်။ သံယောဇဉ်ဆိုတာ အပူမီးပဲ။ ဒီသမုဒယတွေကို သာယာမှုရယ်လို့ ခင်တွယ်နေကြရလို့ သံသရာကြီးထဲမှာ ဘုရားတွေဘယ်နှဆူနဲ့တွေ့တွေ့ မလွတ်မြောက်နိုင်ကြဘဲ ဒုက္ခတောထဲမှာဝဲလည်နေကြတာပေါ့"

ဟု မယ်တော်ကြီး၏ ဆုံးမစကားတို့ကို ပြန်လည်ကြားယောင်မိပါသည်။

ကျွန်တော်သည် အစ်မတော်တို့၏ ဘဝဆက်ဖော်ထားပေးမှုကြောင့် လွန်ခဲ့သောအတိတ်ဘဝမှ အကြောင်းအရာများကို အသေးစိတ် ပြန်လည်မှတ်မိနေပြီဖြစ်ရာ ပကတိ စောရတနာနွယ်ကို လည်းကောင်း၊ ပန်းချီကားထဲမှ စောရတနာနွယ်ကို လည်းကောင်း ပြက်ပြက်ထင်ထင် ပြန်လည်မြင်ယောင်နေမိပြီ ဖြစ်ပါသည်။ ယခုလက်ရှိဘဝ၌ စောရတနာနွယ်ဖြစ်နိုင်ခြေအများဆုံးရှိသော၊ စောရတနာနွယ်နှင့်တူလှသော မိန်းကလေးတစ်ဦးကို တွေ့ရှိနေပြီ ဖြစ်ပါသည်။ ဖြစ်နိုင်ပါသည်။ ကျွန်တော်ကိုယ်တိုင်သည်ပင် အတိတ်ဘဝ ကျမိုင်းလေး စဝ်ခွန်နောင်၏ရုပ်သွင်နှင့် ယခုဘဝရုပ်သွင်မှာ သိပ်ပြီးမကွာခြားလှသောကြောင့် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်တော် မည်သို့ဝေခွဲဆုံးဖြတ်ရပါမည်နည်း။ ဖြစ်သင့်သော၊ ယုတ္တိတန်သောသဘောနောက်သို့သာ လိုက်ရပေတော့မည်။ ကျွန်တော်သည် သိက်ဘဝမိသားစုထံ အိမ်ထောင်မပြုပါဟု သစ္စာဆိုထားခဲ့ပါသည်။ ယခုမျက်မှောက်ဘဝတွင်လည်း လူများစွာ၏ လေးစားခြင်းကိုခံယူနေရသော ဘုရားဒါယကာအဖြစ်ကိုလည်း ရောက်ရှိနေပြန်သေး၏။

စောရတနာနွယ် တစ်ဖြစ်လဲမိန်းကလေးသည်လည်း ကျွန်တော်ကဲ့သို့ သိက်မှလာသူဟုတ်ချင်မှဟုတ်မည်ဖြစ်၍ အတိတ်ဘဝကို ပြန်လည်အမှတ်ရသိရှိချင်မှသိရှိနိုင်ပေလိမ့်မည်။ အကယ်၍ အကြောင်းအားလျော်စွာ ကျွန်တော့်အား ပြန်လည်အမှတ်ရလာခဲ့လျှင်သော်မှ ကျွန်တော်သည် ရှင်မဟာရဋ္ဌသာရကဲ့သို့ 'နှမလက်လျှော့ နေလေတော့' ဟု စိတ်မကောင်းခြင်းကြီးစွာဖြင့် ဆိုရပေတော့မည်။

ကျွန်တော်၏အတိတ်ဘဝလာရာအရပ်သည် ကျွန်တော်တွေးထင်သကဲ့သို့ မှန်ကန်ပါသည် ဟူသော သက်သေပြချက်တစ်ခုသည်ကား ကျွန်တော်သည် ကျွန်တော်ကိုးကွယ်သော ရုပ်ပွားတော်မြတ်အား ရွှေသားပလ္လင်တော်၊ ရွှေသားထီး၊ ငွေသားထီး၊ ရွှေသားပန်းခိုင်၊ ငွေသားပန်းခိုင်၊ ရွှေသားခေါင်းလောင်း၊ ငွေသားခေါင်းလောင်း၊ ရွှေသားယပ်တောင်၊ ငွေသားယပ်တောင်၊ ရွှေသားသပိတ်၊ ရွှေသားသပိတ်ချေ၊ ငွေသားဖလားတို့အပြင် မြောက်မြားလှစွာသော ရွှေငွေကျောက်သံပတ္တမြားလက်ဝတ်ရတနာတို့ဖြင့် ပူဇော်ခွင့်ရရှိနေသည်မှာ တော်ရုံပါရမီရှိသူအတွက် မဖြစ်နိုင်သောကိစ္စတစ်ခုပင်ဖြစ်ပါ၏။

ယခုအချိန်၌ ကျွန်တော်၏တပည့်များနှင့် တပည့်မကလေးများစွာတို့သည် အိမ်ထောင်သည်များဘဝသို့ ရောက်ရှိသွားကြပြီဖြစ်ကာ ကြမ်းတမ်းသောလောကဓံကို ဖြတ်ကျော်နေကြရသူများဖြစ်၍ အသက်မကြီးသေးသော်လည်း အိုစာ၍နေကြပေပြီ။

ကျွန်တော်သည်ကား အုန်းတကူးသို့ ပုံမှန်သွားရောက်နေမြဲပင်ရှိပါသည်။ ကျွန်တော့်တပည့်များ၏ကိုယ်စား ၎င်းတို့၏သားသမီးများဖြင့် တောင်ပေါ်ကို တက်နေရ၍ 'တို့ဆရာကတော့ဟေ့ - နည်းနည်းဝလာပြီး အသားတွေပိုဖြူလာတာကလွဲလို့ တို့ရွာကိုစရောက်လာတုန်းကအတိုင်းပဲ' ဟု ဒေါ်ကြည်တင်မှ ပြောဖူးပါသည်။

အုန်းတကူးမြေသည်ကား ကျွန်တော့်အဖို့ ဘယ်သောအခါမှ ရိုးနိုင်မည်မဟုတ်ပါဟု. . .။

တကယ်တော့ လူ့ဘဝဟူသည်မှာ တံလျှပ်သဖွယ်၊ အိပ်မက်သဖွယ်၊ သက်တံသဖွယ် လက်ဆုပ်လက်ကိုင် ပြသ၍မရသောအရာတို့ပင်ဖြစ်ပါပေ၏။ ထိုသို့မရေရာသောဘဝတို့၏ အတွင်းမှာမှ ဖြစ်ပေါ်နေသော အိပ်မက်ပမာ ထူးခြားဆန်းကြယ်သောအဖြစ်တို့သည်ကား ပို၍ပင်ယုံနိုင်စရာမရှိပါ။ သို့သော် ယုံကြည်ရန်ရှိသော အကြောင်းအရာတို့သည် တိုက်ဆိုက်မှုမဟုတ်ဘဲ ထပ်ကာထပ်ကာ ဖြစ်ပေါ်လာသောအခါတွင်တော့ ယုံကြည်ရပါတော့သည်။ လက်ခံရပါတော့သည်။

ထို့ကြောင့် ကျွန်တော်၏ များစွာသော သံသရာဘဝအထွေထွေအတွင်းမှ ထင်ရှားသိသာစွာ ထူးခြားသော အကြောင်းအရာတို့ပေါ်ပေါက်ခဲ့ရသော ပုဂံဘဝတစ်ခုအတွက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်တောင်ခြေတော်ပေါ်တွင် ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင် တြိဖလစေတီတော်ကြီးကို ခမ်းနားခံ့ထည်စွာ တည်ထားခဲ့ရာ ၈ - ၆ - ၂၀၁၆ ရက်နေ့တွင် အောင်မြင်စွာ ပြီးစီးခဲ့၍ ထီးတော်တင်လှူကာ ပူဇော်နိုင်ခဲ့ပြီ ဖြစ်သည်။ ယခုလည်း ထူးခြားသောအကြောင်းအရာတို့ဖြင့် ရှမ်းစော်ဘွားများခေတ်ဘဝတစ်ခုကို ပြန်လည်သိရှိခွင့်ရရှိလိုက်ပြီးဖြစ်ပါ၍ စာရေးသူတို့ ထိုဘဝကတည်ထားရန် အစပျိုးခဲ့သော စေတီတော်ကို ပြီးစီးအောင် တည်ထားရန်ဆန္ဒဖြစ်ပေါ်ခဲ့ပါသည်။ ကျွန်တော်၏ ပုဂံဘဝအကြောင်းဆက်တို့သည် မှန်ကန်သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုစေတီတော်တွင် ရှားပါးလှသော မြတ်ဗုဒ္ဓ၏ ဆံတော်ရှင်၊ ဗုဒ္ဓ၏စွယ်တော်ပွားနှင့် ပြဒါးရှင်တို့ကို ဌာပနာသွင်းပူဇော်နိုင်ခဲ့ပြီး စေတီတော်ကိုလည်း ရွှေသက်န်းအစစ်ပူဇော်နိုင်ခဲ့သည်။ စေတီတော်ထီးတင်ပွဲတွင်လည်း ရွှေ (၅) ကျပ်သားကို ရွှေပြား (၂၃) ပြားသွန်း၍ စေတီတော်အောင်ပွဲအထိမ်းအမှတ်အဖြစ် ကြဲချနိုင်ခဲ့သည်။

ထိုစေတီတော်အား ခမ်းနားစွာတည်ထားနိုင်ပြီး ထီးတော်တင်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ခြင်းမှာ အတိတ်ဘဝအကြောင်းဆက်တို့မှန်ကန်ခဲ့သောကြောင့်ဟု ယူဆနိုင်ပါသည်။ ထိုစေတီတော် အစမှအဆုံးတိုင် ကုန်ကျငွေမှာ ကျပ်သိန်း(၁၀၀၀)ကျော်ဖြစ်ပါသည်။ထိုပမာဏသည် ကျွန်တော့်ဘဝအဖို့ရာတွင် အိပ်မက်မျှပင် မမက်နိုင်သော၊ မမက်ဝံ့သောများပြားလှသော ငွေကြေးပင်ဖြစ်သော်လည်း မပင်မပန်းအောင်မြင်ပြီးစီးသွားခဲ့ပါသည်။

ယခုတည်ထားရန်ရည်ရွယ်သော အုန်းတကူးတောင်ပေါ်မှ ဘုရားသည်လည်း စာရေးသူ၏ အတိတ်ဘဝအကြောင်းဆက်တို့ မှန်ကန်မည်ဆိုပါက ထူးထူးခြားခြားခံ့ထည်သပ္ပာယ်လှသော



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်တစ်ဆူ ပေါ်ထွန်းလာမည် ဖြစ်ပေသည်။ ထိုသို့ တည်ထားနိုင်ခြင်း ရှိ မရှိ မသိနိုင်သေးသော်လည်း ထူးခြားမှုတို့ကတော့ စတင်ကြုံတွေ့နေရပြီး ဖြစ်ပေါ်၍နေပြီ ဖြစ်ပါ၏။ ၂၀၁၆ ခုနှစ် (၅) လပိုင်းတွင် ရွှေကြက်ယက်တောင်ပေါ်တွင် တည်ထားသော စေတီတော်တွင် ဌာပနာထည့်သွင်းပူဇော်ခဲ့သော ဆံတော်ရှင်နှင့်ခွဲခြား၍မရသောဆံတော်ရှင်တစ်ဆူကို ထားဝယ်မြို့မှ ရှီးရှီးက လှူဒါန်း၏။ တစ်ဖန် နိုင်ငံတော်ဗဟိုသံဃနာယကဥက္ကဋ္ဌဗန်းမော်ဆရာတော်ဘုရားကြီးထံမှပင် စွယ်တော်ပွား(တရုတ်ပြည်စွယ်တော်) တစ်ဆူ ထပ်မံပူဇော်ခွင့် ရရှိပြန်၏။ ရွှေကြက်ယက်တောင်ပေါ်မှ စေတီတော်တွင်လည်း ဗန်းမော်ဆရာတော်ဘုရားကြီးမှပင် ချီးမြှင့်တော်မူခဲ့သော စွယ်တော်ပွား (သီရိလင်္ကာစွယ်တော်) ကို ဌာပနာခဲ့ခြင်း ဖြစ်သည်။

ရခဲလှသော ဗုဒ္ဓ၏ဆံတော်ရှင်နှင့် စွယ်တော်ပွားတို့ထပ်မံရရှိခဲ့သော်လည်း ပြဒါးရှင်ကိုမူ ထပ်မံရရှိနိုင်မည် မဟုတ်ဟု ထင်မှတ်မိပါသည်။ သို့သော် ထူးခြားလှပါသည်။ ရွှေကံကူတြိဖလစေတီတော် ထီးတော်မတင်လှူမီ ၇-၆-၂၀၁၆ ရက်နေ့ ညနေတွင် ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ သောကြာနံ၊ ဗိုလ်ပြည့်၊ ဗိုလ်အောင်စွာစေတီတော်များနှင့် ရွှေကံကူတြိဖလစေတီတော်အား ထီးတော်တင်ရန်ရထားပျံကြိုးဆိုင်းသော စေတီတော်နှစ်ဆူတို့ကို ပွဲများဖြင့်ပူဇော်ခြင်းပြုရာ ပထမဦးဆုံး ရွှေကြက်ယက်စေတီတော်ကြီးကို ပွဲလှူဒါန်းစဉ်မှာပင် ပြဒါးရှင်တစ်လုံးကျရောက်လာပြီး မယ်တော်ကြီး ရရှိလိုက်သည်။ ထိုသို့ဖြင့် ကျွန်တော်အုန်းတကူးတောင်တော်တွင် တည်ထားမည့်စေတီတော်တွင်လည်း ရွှေကြက်ယက်တောင်တော်တွင် တည်ထား ကိုးကွယ်ပြီးစီးခဲ့သော စေတီတော်ကဲ့သို့ပင် ဆံတော်ရှင်၊ စွယ်တော်ရှင်နှင့် ပြဒါးရှင်တို့ စုံညီစွာရောက်ရှိခဲ့ပြီဖြစ်ပြန်ပါ၏။

ထို့ကြောင့် တည်ထားသောအခါတွင်လည်း အစစအရာရာ အဆင်ပြေချောမွေ့ပြီး အကောင်းဆုံး၊ အမြတ်ဆုံး ပူဇော်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ရှေ့တွင်ဆိုခဲ့သည့်အတိုင်း ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်တို့ မနားတမ်းကြွမြန်းတော်မူရသော ၂၀၀၆ ခုနှစ် နောက်ပိုင်း ကျွန်တော် အုန်းတကူးသို့ မရောက်ဖြစ်ခဲ့တော့ပါ။ ၂၀၁၂ ခုတွင်မှ တပည့်လေး အောင်နေလင်း ကားနှင့် တစ်ကြိမ်၊ တပည့်လေး မင်းမင်းထွန်း ကားနှင့်တစ်ကြိမ် ပြန်လည်ရောက်ဖြစ်ခဲ့သည်။ နေ့ချင်းပြန်သာသွားနိုင်တော့သည်ဖြစ်၍ အုန်းတကူးတောင်ပေါ်သို့ မရောက်ဖြစ်ဘဲ ကျွန်တော်နေထိုင်ခဲ့သောဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရှိ ရန်အောင်မြင်စေတီတော်မှပင် ပွဲလှူ၍ အစ်မတော်တို့ကို အမျှအတန်းပေးဝေပြီး မေတ္တာပို့သနိုင်ခဲ့သည်။

ထိုအချိန်တွင် ကျွန်တော့်အား သံယောဇဉ်ကြီးလှသည့် ဆရာတော် ဦးသုမင်္ဂလမှာ ပျံလွန်တော်မူပြီးခါစဖြစ်နေပြီး စာရေးသူနှင့်လည်း သိကျွမ်းပြီးသော ဝါးဖြူတောင်ဦးပဥ္စင်းလေး ကျောင်းထိုင်ဆရာတော်ဖြစ်နေပါသည်။ ၂၀၁၃ ခုနှစ်တွင် ကိုသန်းအောင်၊ မခင်စိုးသူ (K.T.A ဆောက်လုပ်ရေး) မိသားစုမှ SURF ကား လှူဒါန်းလိုက်ပြန်ရာ ထိုကားနှင့်လည်း အုန်းတကူးသို့ ငါးလတစ်ကြိမ်ခန့်ရောက်ဖြစ်ပြန်ပြီး မကြာမီ ကားရှိသော တပည့်များလည်းရောက်ရှိလာပြီး ကားမရှိသောတပည့်များလည်း ကားများပိုင်ဆိုင်လာခဲ့ကြရာ ကျွန်တော်တို့ အိမ်မှ ကားနှင့် (၃) ခေါက်ခန့်သာ သွားရောက်ခဲ့ပြီးနောက် တပည့်များ၏ကားအလဲအလှယ်ဖြင့် အုန်းတကူးသို့ မကြာမကြာ ရောက်ဖြစ်ပါတော့သည်။

၂၀၁၅ ခုနှစ်၊ ၁၂ လပိုင်းတွင် ရွှေကြက်ယက်တောင်ပေါ်တွင် ရွှေကံကူတြိဖလစေတီတော်ပန္နက်တင်ပြီးသော အခါ၌လည်း ကျွန်တော် အုန်းတကူးသို့ ရောက်ရှိသွားပြန်ပြီး ဦးပဥ္စင်းလေးနှင့် ရွာသူရွာသားများအား ကျွန်တော်ဘုရားတည်နေသောအကြောင်းနှင့် ယခုတည်သောဘုရားပြီးစီးလျှင် အုန်းတကူးတောင်ပေါ်တွင် စေတီတော်တစ်ဆူတည်ထားရန် အဓိဋ္ဌာန်ပြုထားကြောင်း အသိပေးလိုက်ရာ ဦးပဥ္စင်းလေးသည် ဝမ်းသာအားရဖြင့် -

“ဝမ်းသာလိုက်တာ ဆရာ၊ ဆရာတော်ကြီးပျံလွန်တော်မူခါနီးမှာ ငါ့တပည့် ငါ့ရဲ့အဓိကဆန္ဒကတော့ တောင်ပေါ်မှာ ဘုရားတည်ချင်တာပဲ။ ဒါပေမယ့် ငါ့အနေနဲ့ မလုပ်နိုင်တော့ဘူး။ မင်းဖြစ်အောင်လုပ်ပေးပါ။ဖြစ်အောင်တည်ပါလို့မှာသွားတယ်။ဦးပဥ္စင်းအင်အားနဲ့ကျတော့မတည်နိုင်ဘူး။ အခုဆရာကတည်မယ်ဆိုတော့ ဦးပဥ္စင်းလည်း တာဝန်ကျေသလို ဆရာတော်ကြီးရဲ့ဆန္ဒလည်းပြည့်သွားတာပေါ့။ ဆရာဘုရားတည်တဲ့အခါ လုပ်အားပေးကအစ ဦးပဥ္စင်းတို့ရွာကဝိုင်းပေးပါ့မယ်”

ဟု ဆိုပါသည်။

အနီးတွင်ရှိသော ဦးကျော်ကလည်း -

“ဆရာတော်ကြီးပျံလွန်တော်မူပြီး (၃) လအကြာမှာ ထူးထူးခြားခြား ဆရာတော်ကြီးကိုအိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ဆရာတော်ကြီး ရွာထဲက ဆွမ်းခံအပြန် ရွာထိပ်မှာဆုံတာနဲ့ ဆရာတော်ကြီးကို ထိုင်ပြီးရှိခိုးလိုက်တယ်။ ဆရာတော်ကြီးက မျက်စိလည်း အကောင်းပကတိဖြစ်နေပြီး ကျန်းမာဖျတ်လတ်ပေါ့ပါးနေတယ်။ ဒကာကြီး အခု ကျုပ်က ကျောင်းမှာမနေတော့ဘူး၊ တောင်ပေါ်မှာပဲနေတော့တာ။ ကျုပ်ကိုတွေ့ချင်ရင် တောင်ပေါ်မှာရှိတယ်လို့ မိန့်သွားတယ် ဆရာရေ”

ဟု ပြောပါသည်။

ဤသို့ဆိုလျှင် စဉ်းစားစရာအကြောင်းတစ်ခုပေါ် ပေါက်လာပြန်ပေပြီ။ ဆရာတော်ကြီးသည် ဘုရားတည်ရန် စိတ်စွဲသွား၍ တောင်ပေါ်သို့ ရောက်ရှိနေခြင်းလော၊ သို့မဟုတ် ကျွန်တော် ဘုရားတည်မည်ကို သိရှိနေ၍ တောင်ပေါ်သို့ ကြိုတင်ရောက်ရှိနေခြင်းလော၊ ထိုထက်ပို၍တွေးမည်ဆိုပါက ဆရာတော်ကြီးသည် ကျွန်တော်တို့ အတိတ်ဘဝက အုန်းတကူးသို့ရောက်ရှိလာစဉ် ကိုးကွယ်ခဲ့သော ဆရာတော်ကြီး ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်ကြီးသည် ကျွန်တော့်ကို တွေ့တွေ့ချင်းပင် ရင်းနှီး ချစ်ခင်လေးစားစွာ ဆက်ဆံခဲ့သောကြောင့် ဖြစ်ပါသည်။

ထို့နောက် ကျွန်တော်တို့ အုန်းတကူးအထက် တစ်မိုင်မျှသာဝေးသော နည်းပညာတပ်သို့ သွားရောက်ခဲ့ပါသည်။ ကိုကျော်စွာဝင့်သည် ဒုတိယဗိုလ်မှူးကြီးဖြစ်နေပြီး ယူနီဖောင်းအပြည့်အစုံဖြင့် တပ်ပေါက်ဂိတ်ဝမှ ကြိုဆိုလျက်ရှိပါသည်။ ကိုကျော်စွာဝင့်သည် ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ ရာထူးတိုးမြှင့်ရောက်ရှိနေပြီဖြစ်သော်လည်း လူငယ်ပုံစံ မပျောက်သေးပါ။

ဝမ်းပန်းတသာ နှုတ်ဆက်ပြီးလျှင် တပ်တွင်း ၎င်း၏နေအိမ်သို့ ကျွန်တော်တို့ကို ခေါ်ဆောင်သွားပါသည်။ ၂၀၀၈ ခုနှစ်က ကျွန်တော် ရုပ်ရှင်တော်မြတ်နှင့်အတူ ဗိုလ်မှူးကြီးသောင်းရွှေ အန်တီနန်း (ဒေါ်နန်းခင်အုန်း)တို့ နေအိမ်သို့(၂)ကြိမ် ရောက်ရှိဖူး၏။ ယခု ကိုကျော်စွာဝင့် နေအိမ်မှာလည်း ယခင် အဘ ဗိုလ်မှူးကြီးသောင်းရွှေ အန်တီနန်းတို့နေခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

နေအိမ်နှင့် တစ်တန်းတည်းတွင်ရှိနေပြီး ထိုနေရာကို ဖြတ်ကျော်ရပါသေးသည်။ ထိုအခါ ကျွန်တော်သည် အဘ(ကွယ်လွန်သွားရှာပြီ)ကို လည်းကောင်း၊ အန်တီနန်း (ယခု နေပြည်တော်တွင် ရောက်ရှိနေ) တို့ကိုအမှတ်ရလာမိပါသည်။ နှစ်အနည်းငယ်သော အချိန်ကာလအတွင်းမှာပင် သက်ရှိ သက်မဲ့အရာဝတ္ထုတို့၏ ပြောင်းလဲမှုတို့သည်ကား ကြီးမားများပြားလှသည်ဟု ထင်မိပါ၏။

ကိုကျော်စွာဝင်ကိုလည်း အုန်းတကူးတောင်ပေါ် ကျွန်တော် ဘုရားတည်ဦးမည်ဖြစ်ကြောင်းပြောပြရာ -

"ဆရာဘိုဘို၊ ကောင်းတယ်ဗျာ။ အုန်းတကူးဘုန်းကြီးကျောင်းအုတ်တံတိုင်းတွေကိုလည်း ကျွန်တော်တို့ တပ်တွေကပဲ လုပ်အား၊ ငွေအားပါဝင်ပြီးလုပ်ခဲ့ကြတာပဲ။ ဆရာဘိုဘိုဘုရားတည်တဲ့အခါမှာလည်း ကျွန်တော်တို့တပ်တွေအားလုံးကသိုလ်ပါဝင်ပါ့မယ်။ ကျွန်တော်တို့လည်း ပါရမီဖြည့်ရတာပေါ့"

ဟု ပြောပါသည်။

ဤသို့ဆိုလျှင် အုန်းတကူးတောင်ပေါ်၌ ဘုရားတည်သောအခါတွင် အခက်အခဲကြုံတွေ့စရာရှိမည်မဟုတ်တော့ပါ။

သို့သော် လူ့ဘဝ ဟူသည်မှာ အနတ္တသဘောမျှသာဖြစ်ပါ၍ ကျွန်တော်ဤဘုရားကိုတည်ထားရန် မည်မျှပင်ဆန္ဒပြင်းပြသော်လည်း အောင်မြင်စွာတည်ထားနိုင်ရေးမှာမူ အကြောင်းများစွာညီညွတ်တိုက်ဆိုင်ရန် လိုအပ်ပါသည်။ ကျွန်တော့်တွင် ဤတောင်ပေါ်၌ ဘုရားဒါယကာဖြစ်ထိုက်သော ကံ၊ ပါရမီပါရှိမှသာ အောင်မြင်နိုင်မည်ဖြစ်ပေသည်။

အုန်းတကူးသို့ နေ့ချင်းပြန်သွားရောက်ပြီး တောင်ပေါ်သို့တက်ရေးမှာလည်း မလွယ်ကူပါ။ သို့သော် တကယ်တမ်း ဘုရားတည်မည်ဆိုလျှင်တော့ တောင်ပေါ်သို့ အကြိမ်ကြိမ်အခါခါတက်ရောက်ရတော့မည်ဖြစ်ပေရာ တကယ်ဘုရားတည်မည့်နေရာသို့ တက်ရောက်အဓိဋ္ဌာန်ပြုရန် လိုအပ်သည်ဖြစ်၍ ၂-၈-၂၀၁၆ ရက်နေ့တွင် ကျွန်တော်၏ တပည့်များ (စဉ့်ကိုင်၊ မန္တလေးမြို့များမှ) နှင့် အုန်းတကူးတောင်ပေါ်သို့ တက်ရောက်ခဲ့ကြပါသည်။ စေတီကျောက်ပုံတွင် ပွဲ (၅) ပွဲ လှူဒါန်း၍ ဤနေရာဤဌာနတွင် အတိတ်ဘဝ ပဋ္ဌာန်းဆက် အကြောင်းဆက်တို့ပါရှိခဲ့ပါလျှင် ဤနေရာတွင် စေတီတော်တစ်ဆူအောင်မြင်ပြီးမြောက်စွာ တည်ထားနိုင်ပါစေဟု အဓိဋ္ဌာန်ပြုပါသည်။

ထူးခြားမှုမှာ ကျွန်တော်တို့ကားများကို ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရပ်ထားခဲ့ကြပြီး တောင်ခြေသို့ ထွက်လာခဲ့ကြသည်အထိ ရာသီဥတုကြည်လင်လျက်ရှိနေရာမှ တောင်ခြေသို့ရောက်ရှိသည်နှင့် မသည်းမဖွဲသော မိုးအနည်းငယ်ရွာသွန်းပါသည်။ တောင်ပေါ်သို့ရောက်ရှိသောအခါ မိုးတိတ်သွား၏။ ကျွန်တော်တို့အဖွဲ့မှာ (၁၂)ယောက်ဖြစ်ပြီး လမ်းပြ ကိုရင်လေးနှစ်ပါးနှင့် ကျောင်းသား (၃) ယောက် ပါဝင်ပါသည်။ (၁၀) နှစ်တာအတွင်း အုန်းတကူးတောင်ပေါ်တွင် ထူးထူးခြားခြားပြောင်းလဲမှုမရှိပါ။ တောင်ပေါ်တွင်တောင်စောင်းတောင်ခြေများ၌ မျှစ်နှင့်အင်ဥတို့ပေါ်များပြီး တောင်ဆိတ်ဖြူပင်များလည်းရှိလေရာ ကျွန်တော်တို့ ဟိုအရင်ဘဝ နေထိုင်စဉ်ကဆိုလျှင် ယခုထက်ပင် ပေါ်များဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် ဤနေရာကို ပုန်းခိုရန်ရွေးချယ်ခဲ့ခြင်း ဖြစ်ပေမည်။ ရင်ခတ်ပန်းပင်တို့လည်းတွေ့ရပြီး ပွင့်ချိန်ကျော်လွန်သွား၍ အသီးများသီးနေသည်ကို တွေ့ရပါသည်။

ကျွန်တော်တို့ တောင်ပေါ်သို့ ရောက်ရှိချိန်ကတည်းက လိပ်ပြာလေးများနှင့် ပျားများသည် ကျောက်ပုံစေတီကိုဝဲပတ်လျက်ရှိကြပါသည်။ ကျွန်တော်တို့ တောင်ပေါ်တွင် အတန်ကြာသည်အထိဆုတောင်းခြင်းများလည်းပြုသည်။ စေတီနှင့် တောင်ကုန်းအနှံ့တွင် နံ့သာတိုင်များ ထွန်းညှိသည်။ လိပ်ပြာနှင့် ပျားတို့သည် မီးခိုးကြောက်သော သတ္တဝါများဖြစ်ပါလျက် ထောင်းထောင်းထနေသော အမွှေးတိုင်မီးခိုးများအကြားတွင် လှည့်ပတ်ဝေ့ဝဲ၍နေသည်မှာ ထူးခြားလှပါ၏။ အဘယ်ကြောင့်ဆိုသော် အမွှေးတိုင်မီးခိုးသည် ဆေးလိပ်မီးခိုးထက်ပြင်းသောကြောင့် ဖြစ်သည်။ ထို့နောက် ကျွန်တော်တို့ကို အတိတ်ဘဝက မီးရှို့ကွပ်မျက်ခဲ့သည်ဟုယူဆရသောနေရာတွင် နံ့သာတိုင်များထွန်းညှိရာ ထူးခြားမှုကို ဤသို့တွေ့ရှိရသည်။ ကျောက်တုံးကြီးအခြေတွင် မီးသွေးအတိပြီးသော သစ်ငုတ်ကို တွေ့ရသည်။ လွန်ခဲ့သော (၁၀) နှစ်ခန့်က ကျွန်တော် ဤနေရာသို့ အကြိမ်ကြိမ် ရောက်ဖူးခဲ့ပါသည်။ ဤနေရာတွင် သစ်ပင်လည်းမရှိ သစ်ငုတ်လည်းမရှိပါ။ မီးသွေးသစ်ငုတ်မှာကြီးမားပြီး ယခုနှစ် နွေရာသီ သို့မဟုတ် မိုးဦးကျလောက်ကမှ လောင်ကျွမ်းထားသကဲ့သို့ သစ်လွင်လျက်ရှိနေသည်မှာ ဆန်းကြယ်လှပါသည်။ ထိုသစ်ငုတ်ကြီးသည် ကျွန်တော်တို့ကို မီးရှို့ကွပ်မျက်ရာ၌ ချည်နှောင်ခဲ့သော ရင်ခတ်ပန်းပင်ကြီး၏ သစ်ငုတ်ဖြစ်ပေလိမ့်မည်။

ထိုမြေတလင်းကိုပတ်၍ တပည့်ကလေး မောင်သီဟနိုင်ကို အမွှေးတိုင်များ ထွန်းညှိစေရာ တစ်နေရာတွင် မောင်သီဟနိုင်သည် လက်မောင်းလုံးခန့်လုံးပတ်နှင့် အရှည်တစ်ထောင်ထွာခန့်ရှိသော ထိပ်နှစ်ဖက်မီးကျွမ်းထားသည့် ထင်းတုံးပေါ်တွင်ထိုင်မိရာ မီးလောင်ကျွမ်းထားသည်မှာ ကြာမြင့်လှပြီဖြစ်သော ထိုထင်းချောင်းမှ အပူငွေ့များကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဤနေရာတွင် ပြာစပြာန၊ မီးသွေးအစအန၊ မီးလောင်ရာမတွေ့ရှိရဘဲ ဤထင်းစရောက်ရှိနေသည်မှာလည်း ထူးခြားလှပါသည်။ ထိုအချိန်က မိုးရွာပြီးစဖြစ်ပြီး တောင်ပေါ်တွင် နေမထွက်နိုင်ဘဲရှိသည့်အပြင် အေးမြနေသည်ဖြစ်၍ ဤထင်းစယောင်းကြီး ပူနွေးနေသည်မှာ ပို၍ထူးဆန်းလှပါသည်။

တောင်ပေါ်မှ အမျှအတန်းဝေဝေပြီးပြန်ဆင်းလာသောအခါတွင်လည်း မိုးရွာပြန်ပါသေးသည်။ တောင်ခြေသို့ရောက်သောအခါ မိုးလင်းသွားသည်။ အုန်းတကူးတောင်သည် အလာတွင်လည်း မိုးနှင့်ဆီးကြိုနှုတ်ဆက်သကဲ့သို့ အပြန်တွင်လည်း မိုးနှင့်ခွဲခွာနှုတ်ဆက်ခြင်းလော သို့မဟုတ် တောင်တော်သခင်မသည် ကျွန်တော့်အား သတိရတမ်းတနေ၍ လွမ်းမိုးမျက်ရည်တို့ဖြင့် ကြိုဆိုခြင်းလောဟု မှတ်ယူရမလိုဖြစ်ပါသည်။

တကယ်တော့ ကျွန်တော်သည် ၂၀၁၈ ခုနှစ်မှ ဘုရားတည်မည်ဖြစ်၍ တောင်ပေါ်သို့တက်ရန် အချိန်ကာလအားဖြင့်ဆိုရလျှင် စောလွန်းနေသေး၍ လည်းကောင်း၊ မိုးရာသီဖြစ်နေ၍ လမ်းများစိုစွတ်နေသောကြောင့်လည်းကောင်း၊ တစ်ဖန် ယခင်က အုန်းတကူးတောင်ပေါ်တွင် မြွေမရှိသော်လည်း ယခု အုန်းတကူးတောင်ပေါ်တွင် မြွေများရောက်ရှိနေပြီဖြစ်သောကြောင့် လည်းကောင်း ကျွန်တော် တောင်ပေါ်သို့ မတက်လိုသေးခြင်း ဖြစ်ပါသည်။

ယခု တောင်ပေါ်တွင် မြွေများရောက်ရှိနေခြင်းမှာ ဤသို့ဖြစ်ပါသည်။ လွန်ခဲ့သော (၂) နှစ်ခန့် (၂၀၁၄ ခုနှစ်) ကဖြစ်ပါသည်။ တစ်ညတွင် သပိတ်ကျင်



www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်မှ တာဝန်ရှိသူတစ်ဦး အိပ်မက် မြင်မက်သည်။

အိပ်မက်ထဲတွင် -

"ငါက အုန်းတကူးတောင်ပေါ်မှာ နေတယ်။ မနက်ဖြန် ငါ့အမျိုးတွေလာ လိမ့်မယ်၊ ငါ့ဆီကို လိုက်ပို့ပေး။ ငါခိုင်းတာကိုလုပ်ရင် ငါကစောင့်ရှောက်မယ်၊ ငါခိုင်းတာကိုမလုပ်ရင် ငါ့အကြောင်းသိစေရမယ်"

ဟု အမျိုးသမီးတစ်ဦးက ပြော၏။

မနက်မိုးလင်းသောအခါ တာဝန်ရှိသူသည် အိပ်မက်ကို နားမလည်နိုင်အောင်ဖြစ်ရပြီး ခြိမ်းခြောက်မှုခံရသောကြောင့်လည်း ကြောက်ရွံ့တုန်လှုပ်လျက် ထိတ်လန့်နေမိသည်။ အုန်းတကူးတောင်ပေါ်တွင်လည်း မည်သူမျှမနေပါ။ ထို့ပြင် မည်သည့်အမျိုးများ ဘယ်ကလာ၍ ဘယ်ကိုလိုက်ပို့ရပါမည်နည်း။ ဉာဏ်မမီနိုင်သဖြင့် စိတ်များရှုပ်ထွေးနေစဉ်ကျလျက်ရှိစဉ် ရုံးပေါက်ဝသို့ ရှမ်းခမောက်ဆောင်းထားသော မိန်းကလေးတစ်ဦး ရောက်ရှိလာသည်။

"ဗိုလ်ကြီး၊ အစိမ်းရောင်(၁၂)ဘီးကားကြီး အခု တွင်းငယ်ကထွက်လာနေပြီ။ အဲဒီကားထဲမှာ မြွေတွေပါတယ်။ အဲဒါလာပြီးသတင်းပို့တာပါ"

ဟု ပြောပြီးထွက်ခွာသွားသည်။

ရှမ်းခမောက်ကို စိုက်ဆောင်းထား၍ မျက်နှာကိုကောင်းစွာမမြင်ရပါ။ ရှမ်းသံဝဲနေ၍ ရှမ်းမလေးတစ်ဦး ဖြစ်နိုင်ပါသည်။ ကိုယ်ဟန်သွယ်လျ၍ ချောမောလှပမည်ဟု ခန့်မှန်းရပါသည်။

ထိုအခါမှ တာဝန်ရှိသူလည်း ညက အိပ်မက်ကို နားလည်သွားပြီး ချက်ချင်းပင် လူစု၍ဂိတ်သို့သွားကြ၏။ ၎င်းတို့ ဂိတ်သို့ရောက်ရှိစဉ်မှာပင် အစိမ်းရောင် (၁၂) ဘီးကားကြီး ဆိုက်ရောက်လာ၏။ ထိုအခါ ရပ်တန့်ပြီးရှာဖွေကြရာ မီးသွေးအိတ်များနှင့်ဝါးထင်းများအောက်မှ မြွေသေတ္တာများကို ရှာဖွေတွေ့ရှိရပါသည်။ ကုန်သည်က တောင်းတောင်းပန်ပန်နှင့် သိန်း(၃၀)အထိပေးပြီး လွှတ်ပေးရန် အသနားခံပါသေး၏။ သို့သော် မြွေသေတ္တာများကို ဖမ်းဆီးလိုက်ပါသည်။ ထို့နောက် တာဝန်ရှိသူသည် မြွေများကို ဖမ်းဆီးရမိသော်လည်း ဤမြွေများကို မိမိအနေဖြင့် စီရင်ပိုင်ခွင့်မရှိပါ။ အထက်ရုံးသို့ သတင်းပို့အကြောင်းကြားရပါသည်။ ထိုအခါ အထက်ရုံးအရာရှိမှ ဤမြွေများကို တော်ရာနေရာတွင် လွှတ်လိုက်ပါဟု ညွှန်ကြားပါသည်။ ထိုအခါ ဝမ်းသာသွား၏။ ထို့နောက် တာဝန်ရှိသူသည် ငွေကြေးအကုန်အကျခံ၍ မြွေသေတ္တာ(၄၅)လုံးကို အုန်းတကူးတောင်ပေါ်သို့သယ်ဆောင်သွားပြီး တောင်ပေါ်တွင် မြွေများကိုလွှတ်ပေးခဲ့ပါသည်။ ထို့ကြောင့် အုန်းတကူးတောင်ပေါ်တွင် မြွေမျိုးစုံအကောင်ပေါင်းများစွာရောက်ရှိနေခြင်း ဖြစ်၏။ သို့သော် ကျွန်တော်တို့ တောင်ပေါ်၌ မြွေတစ်ကောင်မျှ မတွေ့ခဲ့ကြရပါ။ ကျွန်တော် မြွေများကို မတွေ့လို၍ တောင်တော်ပိုင် အဖေကြီး၊ အမေကြီးနှင့်အစ်မတော်တို့မှ ဖုံးကွယ်ပေးထားခြင်းလည်း ဖြစ်နိုင်ပါသည်။

ထူးသည်ကတော့ အံ့မှန်ပင်ဖြစ်ပါ၏။ သို့သော် ကျွန်တော်တို့သည် ကျွန်တော်တို့ဖြတ်သန်းခဲ့သော သံသရာခရီးရှည်ကြီး၌ မရေတွက်နိုင်သောဘဝအထွေထွေကို ဖြတ်သန်းခဲ့ကြပေပြီ။ ထိုသို့ များပြားလှသော ဘဝအထွေထွေအတွင်းမှ ပြန်လည်သိရှိခွင့်ရရှိသော ဘဝနှစ်ခုသာရှိပါ၏။ ကျွန်တော်သည် ယခုဘဝမှာပင် လက်ရှိလူတို့၏ သက်တမ်းထက်ဝက်ကျော်ကို ကုန်လွန်ဖြတ်သန်းခဲ့ပြီဖြစ်ပါ၏။ ဤဘဝအချိန်သက်တမ်းတို့ ကျော်လွန်သွားလျှင် ဘဝတစ်ခုကို ထပ်မံရရှိဦးမည် ဖြစ်ပါ၏။ ထိုအခါ ကျွန်တော်သည် ယခု ရွှေကံကူဘုရားဒါယကာဘဝကို ပြန်လည်သတိရနိုင်ပါဦးမည်လား မပြောတတ်ပါ။ အကြောင်းသင့်၍ ပြန်လည်အမှတ်ရခွင့်ရှိလျှင် ဤအကြောင်းတို့ကိုလည်း ယခုကဲ့သို့ ပြန်လည်မှတ်တမ်းတင်ဦးမည်သာဖြစ်ပါ၏။ ထိုအခါ လူတို့က ယုံကြည်လက်ခံကြပါမည်လား။ ကျွန်တော်သည် အတိတ်ဘဝက ရွှေကံကူဘုရားဒါယကာ ဆရာဘိုဘိုပါ။ ရွှေကြက်ယက်တောင်ပေါ်နှင့် အုန်းတကူးတောင်ပေါ်မှာ ဘုရားတည်ခဲ့ပါတယ်ဟုဆိုလျှင် လူတို့ ယုံကြည်နိုင်ပါမည်လား။ စိတ်ကူးယဉ်ပြီးပြောနေတာပါဟု ဆိုကြလေမည်လား. . .။

ကျွန်တော်သည် ရှမ်းစော်ဘွားဘဝတွင် စောရတနာနွယ်၏ ပန်းချီကားကို ပြီးဆုံးအောင်မရေးဆွဲလိုက်ရသေး၍ ထိုပန်းချီကားသည် မပြီးသေးသောပန်းချီကားတစ်ချပ်အဖြစ်သာ ယခုထက်တိုင်ရှိနေပါသေး၏။ ထို့အတူ ကျွန်တော်၏ ဘဝသံသရာဇာတ်ကြောင်းတို့သည်လည်း ဘဝဇာတ်တို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ရှိမှ ပြီးဆုံးမည်သာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်အပါအဝင်လူသားအားလုံးတို့သည်လည်း မပြီးဆုံးသေးသောပန်းချီကားချပ်များသာဖြစ်ပါသည်။ လူတို့သည် လည်းကောင်း၊ ကျွန်တော်သည် လည်းကောင်း ကိုယ့်ဘဝကိုယ့်ပန်းချီကားကို ပြီးဆုံးအောင် ရေးဆွဲလိုပါက သံသရာဝဋ်မှ လွတ်မြောက်နိုင်မှ၊ သံသရာမှ ထွက်မြောက်နိုင်မှသာ သံသရာမှ ထွက်မြောက်သွားပြီး ဘဝဇာတ်သို့ ချုပ်ငြိမ်းသွားမှသာ မိမိတို့၏ ဘဝသံသရာပန်းချီကားကြီးပြီးဆုံးခြင်း ပြီးစီးခြင်းသို့ ရောက်ရှိကြမည်ဟု အသိတရားတစ်ခု ရရှိလိုက်ပါသတည်း။

သို့သော် ကျွန်တော်သည် မမျှော်လင့်ပါဘဲ ကျွန်တော်၏ အတိတ်ဘဝဇာတ်ကြောင်းတို့ကို ပြက်ပြက်ထင်ထင်သိမြင်လိုက်ရသောအခါ အံ့ဩခြင်းနှင့်အတူ သံသရာကြီးကို ကြောက်ရွံ့တုန်လှုပ်မိပါ၏။ အဖန်ဖန်အထပ်ထပ်လှည့်ပတ်၍နေရသော သံသရာချားရဟတ်ကြီးသည်ကား ပျင်းရိငြီးငွေ့ဖွယ်ကောင်းလေစွတကား။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်သည် အုန်းတကူးတောင်ပေါ်တွင် တောင်တော်သခင်မကို အကြောင်းပြု၍ တောင်ပိုင်အဖေကြီး၊ အမေကြီး၊ အစ်မတော်တို့နှင့် အခြားသော အစောင့်အရှောက်ပုဂ္ဂိုလ်များ၊ သတ္တဝါဝေနေယျ အားလုံးတို့အတွက် ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်တို့ကို ဌာပနာသွင်းပူဇော်ပြီး ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းလှသော စေတီတော်တစ်ဆူ တည်ထားရန် ကြိုးပမ်းအားထုတ်ရဦးမည်ဖြစ်ပါ၏။

(သတ္တဝါဝေနေယျအားလုံး ဗုဒ္ဓသာသနာအရိပ်အောက်ရောက်ရှိကြပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများရရှိပါစေဟု ဆန္ဒပြုပါသည်။

ယုံကြည်သူများအတွက် ဖြစ်ရပ်မှန်ဟု ဝန်ခံပါ၏။ တကယ့်ဘဝအနေအထားမှာ ဤအတိုင်းပင် ဖြစ်ပါသည်။ မယုံလိုသူများအတွက်မူ စိတ်ကူးယဉ်မှုသာဟု ဆိုပါရစေ။ အုန်းတကူးတောင်တော်အား သွားရောက်ကြည့်ရှုလေ့လာလိုပါက မန္တလေးမြို့ သဘော်တန်းကားဝင်း (သီရိမန္တလာ) မှ တကောင်းကားကိုစီးသွားလျှင် ၇ မိုင်တွင် သပိတ်ကျင်းလမ်းမှ ခွဲထွက်ခဲ့ပါက ၃ မိုင်၊ ၅ ဖာလုံတွင် အုန်းတကူးရွာသို့ ရောက်ရှိမည်ဖြစ်ပါ၏။ အုန်းတကူးရွာသူရွာသားများနှင့် တပည့်များအား အစဉ်သတိရအောက်မေ့စွာဖြင့်. . .

(ဆက်ရန်)

ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဖိုး(မော်ကျွန်း)

# လူပျိုဘုရားရှိသလား

တစ်နေ့သ၌ စာရေးသူ၏မေးဖြစ်သူက -

"လူပျိုဘုရားမရှိဘူးဆိုတာ ဟုတ်သလား ဘဘ။ ဘုရားအလောင်းတော်တွေဟာ ဘာဖြစ်လို့အိမ်ထောင်ပြုပြီးမှ တောထွက်ရတာလဲ ဘဘ"

ဟု မေးလာပါတယ်။

စာရေးသူလည်း လေ့လာဖတ်ရှုအားသော စာပေဗဟုသုတများကို အခြေခံပြီး မြေးဖြစ်သူအား ရှင်းလင်းပြောကြားခဲ့ပါတယ်။

"ဗောဓိကုက္ကို ညောင်ထိုထို လူပျိုဘုရားမရှိငြားလို့ ဆိုရိုးစကားရှိပါတယ်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဆိုတာ ဒီကမ္ဘာမှာ ပွင့်ထွန်းခဲ့ကြပါတယ်။ အခြားသော ကမ္ဘာတွင် ပွင့်ရိုးထုံးစံမရှိပါ။ ပွင့်တော်မူပြီးသော ဘုရားရှင်အပေါင်းဟာ ဂင်္ဂါမြစ်ရှိ သဲမှုန်အရေအတွက်ထက်များပြားကြောင်း 'အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ ဇိနာ' လို့ သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာမှာပါရှိပါတယ်။ နောင်တွင်လည်း မရေမတွက်နိုင်အောင်ပွင့်တော်မူကြမှာဖြစ်ပါတယ်။ ပွင့်ပြီး ပွင့်ဆဲ ပွင့်လတ္တံ့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်အားလုံးမှာ လူပျိုဘုရားတစ်ဆူမှ မပါဝင်ပါ။ ပစ္စေကဗုဒ္ဓဘုရားရှင်များကတော့ အိမ်ထောင်ကျပြီးမှ တောထွက်တဲ့ဘုရားရှိသလို ငယ်စဉ်ကတည်းက တောထွက်တဲ့လူပျိုဘုရားလည်းရှိကြပါတယ်။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်များထဲမှ လူပျိုဘုရားမရှိခြင်းနဲ့ပတ်သက်ပြီး ကျမ်းဂန်များစွာ တိုက်ရိုက်ဖော်ပြထားခြင်းမရှိတဲ့အတွက် ဒေသနာတော်နှင့်တိုက်ဆိုင်ကာ ကြောင်းကျိုးဆက်စပ်ပြီး သုံးသပ်မယ်ဆိုရင် လူပျိုဘုရားမရှိခြင်းအကြောင်းများကို တွေ့နိုင်ပါတယ်။

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး စီစဉ်ရေးသားတော်မူခဲ့တဲ့ 'မဟာဗုဒ္ဓဝင်' မှာ ဘုရားရှင်နှစ်ကျိပ်လေးဆူရဲ့ ခမည်းတော်၊ မယ်တော်အမည်၊ မိဖုရားနှင့် သားတော်အမည်၊ ဗောဓိပင်အမည် စသည်ဖြင့် အပြည့်အစုံ ဖော်ပြထားပါတယ်။ ဘုရားရှင်နှစ်ကျိပ်ရှစ်ဆူအနက် ဂေါတမမြတ်စွာဘုရား အလောင်းတော်ဘဝ ပါရမီဖြည့်စဉ် ဖူးတွေ့ခဲ့ရတဲ့ဘုရားရှင်က နှစ်ကျိပ်လေးဆူဖြစ်ပါတယ်။ ကျန်လေးဆူကတော့ ဗျာဒိတ်စပေးတဲ့ ဒီပင်္ကရာဘုရားရှေ့က အရင်ပွင့်ခဲ့တဲ့ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာဘုရားသုံးဆူနဲ့ ဂေါတမဘုရားရှင်တို့ဖြစ်ပါတယ်။ ဧကန်မုချ ဘုရားဖြစ်လိမ့်မယ်လို့ တရားဝင်ဗျာဒိတ်တော်ရရှိပြီးနောက်ပိုင်း ဘုရားရှင်တွေရဲ့ အကြောင်းကိုသာ ပြန်လည်ဟောကြားခဲ့တာမို့ ဗျာဒိတ်မခံခဲ့တဲ့ ရှေ့ဘုရားသုံးဆူဖြစ်တဲ့ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာသုံးဆူရဲ့ အချက်



www.burmeseclassic.com

www.burmeseclassic.com

အလက်၊ ကိုယ်ရေးမှတ်တမ်းများမရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မဟာဗုဒ္ဓဝင်မှာလည်း ဖော်ပြထားခြင်းမရှိပါ။ ဒီလိုမှတ်တမ်းမဖော်ပြထားတဲ့အတွက် လူပျိုဘုရားသုံးဆူရှိတယ်လို့ယူဆရင် မှားယွင်းမှာဖြစ်ပါတယ်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တိုင်းရဲ့တူညီတဲ့ ဖြစ်မြဲဓမ္မတာများထဲမှာ တစ်ဦးတည်းသော သားတော်ဖွားမြင်တဲ့နေ့မှာ နိမိတ်ကြီးလေးပါးမြင်ပြီး တောထွက်ကြတယ်ဆိုတဲ့အချက် ပါဝင်ပါတယ်။ သားတော်ရှိတဲ့အတွက် မိဖုရားရှိတယ်။ လူပျိုမဟုတ်ဘူးဆိုတာထင်ရှားပါတယ်။ သားတော်မမွေးဘဲ သမီးတော်မွေးတဲ့ဘုရားမရှိသလို သားသမီးတွေအများကြီးမွေးတဲ့ဘုရားလည်းမရှိပါ။

ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားမှာ ကိုယ်ရေးအချက်အလက် ပြည့်ပြည့်စုံစုံရှိပါတယ်။ သက္ကတိုင်း ကပိလဝတ်မြို့မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့ မယ်တော် မဟာမာယာဒေဝီတို့က မွေးဖွားခဲ့ကြောင်း၊ ကြင်ရာတော်ယသော်ဓရာနဲ့ သက်တော် (၁၆) နှစ်မှာ လက်ထပ်ခဲ့ကာ (၁၃) နှစ်နန်းစံခဲ့ပြီး (၂၉)နှစ်အရွယ်မှာ တောထွက်ခဲ့ကြောင်း အချက်အလက် အခိုင်အမာရှိပါတယ်။

ဒီလိုမှ ကိုယ်ရေးအချက်အလက် မပြည့်စုံရင် အဲဒီအချိန်က ကိုးကွယ်နေကြတဲ့ နတ်ဗြဟ္မာနဲ့ရောထွေးစေနိုင်ပြီး ဗုဒ္ဓကို လူသားတစ်ဦးအဖြစ် မမြင်ကြတော့ဘဲ နတ်ဗြဟ္မာအဖြစ် ထင်မှတ်စေနိုင်ပါတယ်။ နတ်ဗြဟ္မာမို့ တန်ခိုးကြီးမှာပေါ့၊ ဖန်ဆင်းနိုင်မှာပေါ့၊ ဟောကြားနိုင်မှာပေါ့ဟု ဗုဒ္ဓရဲ့ဂုဏ်တော်တွေကိုလျှော့တွက်ပြီး အထင်လွဲနိုင်သလို မလေးမစားနဲ့ ယုံကြည်မှုလျော့ပါးသွားနိုင်ပါတယ်။ အကယ်၍ ဗုဒ္ဓဟာ လူပျိုဘုရားဖြစ်ခဲ့ရင် ဗြဟ္မာမို့ အိမ်ထောင်မပြုတာလို့လည်း အထင်လွဲစေနိုင်ပါတယ်။ ဗုဒ္ဓဟာ လူသားတစ်ဦးဖြစ်လို့ အိမ်ထောင်ပြုခဲ့တာ၊ သားတစ်ယောက်တောင်မွေးဖွားခဲ့တာလို့ လူသားအစစ်ဖြစ်ကြောင်း သံသယကင်းသွားတဲ့အတွက် ဗုဒ္ဓရဲ့စွမ်းရည်၊ တန်ခိုးရှိန်စော် ဂုဏ်တော်တွေကို အထင်ကြီးလေးစားသလို ဗုဒ္ဓဟောကြားသော တရားတော်အပေါ်တွင်လည်း ယုံကြည်သဒ္ဓါပိုစေနိုင်ပါတယ်။

လောကရေးရာမှာဖြစ်စေ၊ ဓမ္မရေးရာမှာဖြစ်စေ လူအများအားထားယုံကြည်ထိုက်တဲ့သူဆိုတာ စွန့်လွှတ်နိုင်စွမ်းရှိသူ၊ စွန့်လွှတ်ရဲတဲ့သတ္တိအားကောင်းသူ၊ စွန့်လွှတ်မှုအားကြီးသူဖြစ်ရပါမယ်။ လူသာမက နတ်ဗြဟ္မာအပေါင်းကပါ အားထားယုံကြည် ကိုးကွယ်မှုကို ခံယူရမယ့် ဘုရားရှင်ဆိုတော့ စွန့်လွှတ်မှုဂုဏ်စံနမူနာကြီးမားဖို့လိုပါတယ်။ စွန့်လွှတ်မှုဂုဏ်ကြီးမားဖို့ဆိုတာ ပြည့်စုံမှုဂုဏ်ကြီးမားမှဖြစ်နိုင်တာပါ။ ပြည့်စုံမှုမကြီးကျယ်ရင် စွန့်လွှတ်နိုင်လိုက်တာလို့ပြောလို့မရပါဘူး။ ဒါကြောင့် ဘုရားဖြစ်မယ့်ဘဝမှာ လူပျိုမဖြစ်သင့်ဘဲ ဇနီးမယားသားစီးပွားနဲ့ အပြည့်အစုံရှိခြင်းဟာ စွန့်လွှတ်မှုဂုဏ်အတွက် မရှိမဖြစ်လိုအပ်ချက်ပါ။ စွန့်လွှတ်ခြင်းအတွက်အထိပ်စံချိန်ကို ပြသနိုင်ဖို့အတွက် ဘုရားအလောင်းတော်မှာ သားမယားရှိတာဟာ အင်မတန်သဘာဝကျပါတယ်။

ဘုရားဖြစ်ရန်အတွက် ဘဝပေါင်းများစွာ ပါရမီဆယ်ပါးကို ဖြည့်ကျင့်တဲ့နေရာမှာ လွန်စွာအရေးပါတဲ့ နေက္ခမ္မပါရမီဆိုတာ ကာမဂုဏ်အာရုံထဲကနေ ရုန်းထွက်ပြီး တရားအာရုံနဲ့မွေ့လျော်နိုင်ဖို့ မြို့ရွာကိုကျောခိုင်းပြီး တောတောင်ရိပ်မှာခိုလှုံခြင်း ဖြစ်ပါတယ်။ ပါရမီဆယ်ပါးအပြားသုံးဆယ်ဆိုတဲ့အတိုင်း ပါရမီတစ်ပါးစီမှာ မူလပါရမီ၊ ဥပပါရမီနဲ့ ပရမတ္ထပါရမီဆိုပြီး သုံးပါးစီပါရှိပါတယ်။ မူလပါရမီဆိုတာ ရိုးရိုးပါရမီဖြစ်ပါတယ်။ တွယ်တာစွဲမက်စရာ ကာမဂုဏ်အာရုံအနှောင်အဖွဲ့တွေ အထူးအထွေမရှိဘဲ စွန့်လွှတ်တောထွက်တာကို ရိုးရိုးနေက္ခမ္မပါရမီလို့ ခေါ်ပါတယ်။ လွယ်ကူစွာ စွန့်လွှတ်နိုင်လေ့ရှိပါတယ်။

ကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းကို စွန့်လွှတ်ခြင်းနဲ့အလားတူ မိဘဆွေမျိုးညီအစ်ကိုမောင်နှမ၊ အိုးအိမ်တိုက်တာစတဲ့ ပိုင်ဆိုင်မှုတွေကို စွန့်လွှတ်တာကို ဥပပါရမီ (ဝါ) အင်္ဂါစွန့်နေက္ခမ္မပါရမီလို့ ခေါ်ဆိုပါတယ်။ ကိုယ့်အသက်နဲ့ထပ်တူ ချစ်ခင်ရတဲ့ ဇနီးမယား၊ သမီးသားကိုစွန့်လွှတ်ရတာ အင်မတန်ခက်ခဲလှပါတယ်။ ဒီအပြင် ဘုရားအလောင်းတော်တိုင်း အင်္ဂါစွန့်နေက္ခမ္မပါရမီသာမက အသက်စွန့်နေက္ခမ္မပါရမီလို့ခေါ်တဲ့ ပရမတ္ထနေက္ခမ္မပါရမီကိုလည်း မဖြစ်မနေဖြည့်ကျင့်ကြရပါသေးတယ်။ ဒီလိုပါရမီတွေ ပြည့်စုံစွာ ဖြည့်ကျင့်နိုင်ရေးအတွက် စွန့်စရာ သားမယားရှိရမှာ ဖြစ်ပါတယ်။ ထီးနန်းစည်းစိမ်နဲ့တကွ သားမယားကို စွန့်လွှတ်ပြီး တောထွက်တယ်ဆိုတာ ဘုရားအလောင်းတော်တိုင်း ပြုမြဲဓမ္မတာဖြစ်ပါတယ်။ ဒါကလည်း လူပျိုဘုရားမရှိခြင်းရဲ့ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ မင်းစည်းစိမ်နှင့်တကွ ကာမဂုဏ်ချမ်းသာကို ထူးကဲစွာခံစားရင်း သက်တော် (၂၉) နှစ်မှာ သံဝေဂဉာဏ်များရင့်သန်ခဲ့ပါတယ်။ ကာမဂုဏ်စည်းစိမ်ကိုခံစားရင်းနဲ့ သံသရာမှ မလွတ်မြောက်နိုင်ကြောင်း မြင်သိခဲ့တယ်။ ဒါကြောင့် မင်းစည်းစိမ်ချမ်းသာကို စွန့်လွှတ်ပြီး အလွန်ပင်ပန်းဆင်းရဲလှသော ဒုက္ကရစရိယအကျင့်ကို ကျင့်ခဲ့ပါတယ်။ ဒါပေမယ့် တရားထူးတရားမြတ်ကို မသိမြင်ခဲ့ပါဘူး။ ဒါကြောင့် ဒုက္ကရစရိယအကျင့်ကိုလည်း စွန့်လွှတ်ခဲ့ပါတယ်။ ဒါကြောင့် ဓမ္မစကြာတရားတော်မှာ အစွန်းနှစ်ဖက်ဖြစ်တဲ့ ကာမဂုဏ်ချမ်းသာကို ငြိကပ်စွာခံစားတဲ့လမ်းနဲ့ ခန္ဓာကိုယ်ဆင်းရဲအောင်ညှဉ်းဆဲပြီးကျင့်တဲ့လမ်းနှစ်လမ်းကိုရှောင်ကြဉ်ပြီး မလျော့မတင်းစောင်းကြိုးညှင်းသည့်ပမာ မဇ္ဈိမပဋိပဒါ အလယ်လမ်းကနေ လျှောက်လှမ်းရမယ်လို့ ဟောကြားခဲ့ခြင်း ဖြစ်ပါတယ်။

တကယ်လို့သာ သိဒ္ဓတ္ထမင်းသားဟာ လူပျိုကြီးဘဝနဲ့ ရဟန်းပြုပြီး ဘုရားဖြစ်ခဲ့မယ်ဆိုရင် 'ကာမဂုဏ်ချမ်းသာကိုကိုယ်တိုင်မခံစားဖူးလို့ အပြစ်တင်ရှုတ်ချနေတာ၊ ကာမဂုဏ်ချမ်းသာရဲ့ အကောင်းအဆိုးကို ဘယ်လောက်နားလည်လို့လဲ' ဆိုပြီး ဉာဏ်နဲ့သူတွေ၊ မာတ်ခဲ့ည်းသူတွေက ထောက်ပြဝေဖန်စရာရှိလာနိုင်ပါတယ်။ အဲဒီလိုအပြစ်ပြောပြီး မယုံကြည်သူတွေအတွက် တရားထူးတရားမြတ်လက်လွှတ်ဆုံးရှုံးသွားနိုင်ပါတယ်။ ကြင်ရာတော်မိဖုရားနဲ့ ထီးနန်းစည်းစိမ်ကို ခံစားပြီးမှ တောထွက်လာခဲ့တာဆိုတော့ 'ဩော် - ကာမဂုဏ်စည်းစိမ်ကို အထွတ်အထိပ်ရောက်အောင် သူခံစားခဲ့ပြီးပြီ၊ ကာမဂုဏ်စည်းစိမ်ရဲ့အပြစ်ကို တကယ်မြင်လို့သာ တောထွက်ခဲ့တာပေါ့၊ ကာမဂုဏ်ချမ်းသာကိုခံစားတဲ့အလုပ်နဲ့ သံသရာကမလွတ်နိုင်ဘူးဆိုတာ သူ တကယ်သိလို့သာ စွန့်လွှတ်ခဲ့တာပေါ့' ... မြတ်စွာဘုရားရဲ့ စကားတော်ကို ပို ယုံကြည်လာမှာဖြစ်ပါတယ်။ ဒီအချက်က လည်း လူပျိုဘုရားမရှိခြင်းရဲ့အကြောင်း တစ်ချက်ဖြစ်ပါတယ်။

မြတ်စွာဘုရားတို့သည် ပြောရင်ပြောတဲ့အတိုင်းလုပ်ပြီး လုပ်ရင်လုပ်တဲ့ အတိုင်းပြောတဲ့ဝါဒကို လက်ကိုင်ထားကျင့်သုံးပါလားလို့ ကျေနပ်နိုင်တဲ့အပြ

www.burmeseclassic.com

ဆရာဦးစိန်လှိုင်

# မြန်မာ့ရှေးဟောင်းလူမှုရေးပညာရပ်များ

**ဝေဒါသာကုအင်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ဘု | ဘု | | | |
| | | ဓိ | ကု | ကု | ဓိ | | |
| | ယ | သာ | ဒ | ဒ | သာ | ယ | |
| ဝေ | ဒါ | သာ | ကု | ကု | သာ | ဒါ | ဝေ |

**ဝေဒါသာကုဂါထာပြန်**

ဝေဒါသာကု၊ ကုသာဒါဝေ၊
ဒါယသာဒ၊ ဒသာယဒါ
သာသာဓိကု၊ ကုဓိသာသာ
ကုဒကုဘု၊ ဘုကုဒကု။

၁။ ရန်သူတို့သည် ဝေးရာအရပ်သို့ လျင်စွာပြေးစေကုန်သတည်း။

၂။ မကောင်းသောသူတို့သည် မိမိ အလိုလို အကြံအစည်ပျက်၍ ပျောက်စေကုန်သတည်း။

၃။ ဒါနစေတနာကြောင့် အခြံအရံ ပွားစေသတည်း။

၄။ ဆယ်ပါးသော ရန်သူတို့သည် ကုသိုလ်ဆယ်ပါး တန်ခိုးအားကြောင့် ပျောက်စေကုန်သော်။

၅။ မက်မောခြင်းဖြစ်သောသူတို့နှင့် ရှည်မြင့်စွာမပေါင်းဖော်ရသည်။ ဖြစ်စေကုန်သတည်း။

၆။ အမျက်ဒေါသကြီးသောသူတို့ကို ဆုံးမဩဝါဒပေးသဖြင့်သာအောင် စေသတည်း။

၇။ သူတော်ကောင်းတို့နှင့် မပြတ်ဖြစ် လေရာ သံသရာအဆက်ဆက်၌ ပေါင်းဖော်ရပါစေသတည်း။

၈။ စက်ဆုပ်ရွံရှာမကောင်းသောသူ တို့နှင့်ဖြစ်လေရာရာအရပ်၌ အခါ ခပ်သိမ်းမတွေ့ရပါစေသတည်း။

**ဤဂါထာကိုရွတ်ဖတ်ရန်**

နေ့နေ့ညညတစ်လရွတ်ပါ။ ပညာ

---

နိဗ္ဗာန်ချမ်းသာဆိုတာ ကာမဂုဏ်ချမ်းသာထက် အဆပေါင်းများစွာမနှိုင်းယှဉ်သာအောင် သာလွန်ကောင်းမြတ်မှာပဲလို့ မှန်းဆကြည်ညိုခွင့်လည်း ရရှိမှာဖြစ်ပါတယ်။

မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာနဲ့ ဖီလာဖြစ်တဲ့ ကာမဂုဏ်ချမ်းသာဟာ အရိယာတို့ရဲ့မျက်လုံးနဲ့ကြည့်ရင်မကောင်းဘူး၊ ယုတ်ညံ့တယ်လို့ဆိုရပေမယ့် ကံမျက်လုံးနဲ့ကြည့်ရင်တော့ ကာမဂုဏ်ချမ်းသာဆိုတာ ကုသိုလ်ကောင်းမှုဘုန်းကံရှိသူမှ ခံစားရတာပါ။ ကုသိုလ်ဘုန်းကံကြီးရင်ကြီးသလောက် အဆင့်မြင့်မြင့်ခံစားနိုင်ပါတယ်။ ဘုရားအလောင်းတော်ဟာ သတ္တဝါအားလုံးပြုထားတဲ့ ကုသိုလ်ကောင်းမှုအားလုံးပေါင်းထက် အဆပေါင်းများစွာ သာလွန်လှတဲ့ ကုသိုလ်ကောင်းမှုတွေကိုပြုခဲ့တာမို့ အဆင့်အမြင့်ဆုံး၊ အထက်တန်းအကျဆုံး ကာမဂုဏ်ချမ်းသာကို ခံစားနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ လောကလူသားအားလုံးထဲမှာ လူရည်လူသွေးအပြည့်ဝဆုံး လူသားတစ်ဦးအဖြစ် ပြိုင်စံရှားခဲ့ရပါတယ်။ အဲဒီလိုကုသိုလ်ဘုန်းကံအရာမှာ ဟာကွက်မရှိ ပြည့်စုံစေခဲ့ခြင်းက လူပျိုဘုရားမရှိခြင်းရဲ့အကြောင်းတစ်ချက်ဖြပ်ပါတယ်။

ဗုဒ္ဓဘုရားရှင်ဟာ မလေးအသခေ်ျနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံးဖြစ်လေရာ ဘဝပေါင်းများစွာမှ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို မဆုတ်မနစ်သောဇွဲလုံ့လဝီရိယနဲ့ ဖြည့်ကျင့်ခဲ့ရတာ အလွန်ပင်ပန်းဆင်းရဲခဲ့ပါတယ်။ သံသရာခရီးမှ မလွတ်မြောက်သေးခင် အလောင်းတော် နောက်ဆုံးဘဝမှာ ခေတ္တခဏ အနားယူအပန်းဖြေသည့်ပမာ လောကီစည်းစိမ်တို့ကိုခံစားခဲ့တယ်လို့ နားလည်ပေးနိုင်ပါတယ်။

ယနေ့ခေတ် သာသနာ့ဘောင်ထဲမှာရှိကြတဲ့ ဘုန်းကြီးများထဲမှာ တောထွက်ဘုန်းကြီးထက် ငယ်ဖြူဘုန်းကြီးက ပိုပြီး ကြည်ညိုစရာကောင်းတယ်ဆိုရပေမယ့် ဘုရားရှင်များထဲမှာတော့ ငယ်ဖြူဆရာ (ဝါ) လူပျိုဘုရားရှိခဲ့ရင်တောင် ကြည်ညိုဦးခိုက်ရာမှာ လေးနက်မှုမရှိဘဲ တစ်ခုခုလိုအပ်နေသလို ခံစားရမယ်ထင်ပါတယ်။ လောကရဲ့အထွတ်အထိပ် ပုဂ္ဂိုလ်ဆိုတာ လိုကွက်ဟာကွက်မရှိသူဖြစ်သင့်ပါတယ်။

ကမ္ဘာ့နိုင်ငံအချို့မှာ လူပျိုသမ္မတ၊ လူပျိုဝန်ကြီးချုပ် စသည်ဖြင့် နိုင်ငံအကြီးအကဲတွေ ရှားရှားပါးပါးရှိကြပါတယ်။ ဘယ်လောက်ပဲ အရည်အချင်းရှိပါစေ၊ ပြည်သူပြည်သားတွေအနေနဲ့ အားကိုးရတာပြည့်ဝမှုမရှိဘဲ အားတစ်မျိုးလိုနေသလို ခံစားကြရမှာပါ။ တိုင်းပြည်ရဲ့အကြီးအကဲဆိုတာ အိမ်ထောင်ရှင်အကြီးအကဲတစ်ဦးဖြစ်မှ ပိုပြီးသဘာဝကျသလိုဖြစ်ပါတယ်။

သို့အတွက် လူပျိုဘုရားမရှိရခြင်းအကြောင်းနှင့်ပတ်သက်လို့ -

လူသားစစ်စစ်ဖြစ်ကြောင်း ပြသနိုင်ခြင်း၊

နေက္ခမ္မပါရမီဖြည့်ကျင့်ကြောင်း ပြသနိုင်ခြင်း၊

ကာမဂုဏ်ခံစားတဲ့လမ်းဟာ နိဗ္ဗာန်မရောက်စေနိုင်တဲ့ အစွန်းလမ်းဖြစ်ကြောင်းပြသနိုင်ခြင်း၊

ကုသိုလ်ဘုန်းကံ ဟာကွက်မရှိအောင်ပြည့်စုံကြောင်းပြသနိုင်ခြင်း ဆိုတဲ့အချက်များကြောင့်ဖြစ်ကြောင်း မေးဖြစ်သူအား အကျဉ်းချုပ်၍ ဖြေကြားခဲ့သည်များကို လူငယ်လူရွယ်များ ဗဟုသုတတိုးပွားစေရန်ရည်သန်ပြီး ပြန်လည်ဖောက်သည်ချလိုက်ရပါတယ်။ ဆက်လက်ပြီး မိမိတို့၏ စိန္တာမယဉာဏ်ဖြင့် ချဲ့ထွင်စဉ်းစားကာ မြတ်ဗုဒ္ဓ၏ဂုဏ်တော်အနန္တကို အလေးထားကြည်ညို ပူဇော်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတယ်။

ချစ်ပို့(မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးအာဏာကြီး၏။ ခရီးသွားလျှင် မှိမိသွားမည့်အရပ်မျက်နှာကိုလှည့်ရွတ်ပါ။ ဘေးအန္တရာယ်အားလုံးငြိမ်း၏။ အိမ်၏လေးမျက်နှာတွင် ကျောက်ခဲရှစ်လုံးကို (၇) အုပ်စီ ဂါထာရွတ်၍ မြှုပ်ပါက ရောဂါဘယကင်း အန္တရာယ်ကင်း သူခိုးမဝင်နိုင်ပေ။

အိမ်လေးထောင့်ကို ခေါချုပ်(၄)ချုပ်၊ တစ်ချုပ်(၇)ခါရွတ်ပစ်။ ရန်သူများမချဉ်းကပ်နိုင်။ မြွေကိုက်လျှင် ရေကို (၇) အုပ်စုတ်၍ နတ်စင်သစ်ပင်တွင်လေ။ နံ့သာဆီရေမန်းမှုတ်၍ ကိုယ်တွင်လိမ်းသော် ကျက်သရေတတ်၏။ သဲကို (၇) အုပ်မန်း၍ ဝန်းကျင်တွင်ပက်ပါမူ ရန်သူများအည့်ခံ၏။ ဂါထာကို (၁၈)အုပ်ရွတ်၍ဆောင်လျှင် မင်းစိုးချစ်ခင်၏။ စပါး၊ လယ်မြေယာမြေများကိုရွတ်ဖျန်းပါက သီးနှံအထွက်ပိုမိုကောင်းစေ၏။ ကွမ်းကိုမန်းစားလျှင် သဗ္ဗသျှိကောင်း၏၊ ဆေးဝါးများကိုမန်းတိုက်သော် ထက်မြက်၏၊ ရေကို (၇)ခါမန်း၍ ရေထိုင်ချိုးလျှင် ရောဂါပျောက်၏။ စျေးဆိုင်တွင် တိုင်၌ လေးဖက်ကပ်လျှင် အမှောင့်မဝင်၊ အရောင်းတွင်၏။

ထွက်စေလိုသော် ထွက်စေလိုသော ပစ္စည်းနံကို အရင်းကခံ၍ အဖျားကရန်နှင့်တွဲသောအသားဖြင့် ရန်အခါဝယ်၊ ၎င်း၏ဆပွတ်နံသင့်အတိုင်း အချက်စေ့ရိုက်ပါ။

၁။ တနင်္ဂနွေနံပစ္စည်းထွက်လိုလျှင် မည်သည့်နေ့မှာမဆို တနင်္ဂနွေ၏ရန်ဘက်၊ အင်္ဂါအခါတွင် ရောင်းမည့်ပစ္စည်းအပေါ်၌ အထွက်စမဖြစ်သော (ဩ) အက္ခရာရေးပြီး ၎င်းပစ္စည်းမြန်မြန်ရောင်း၍ထွက်ပါစေဟု ရိုက်ချက်တိုင်းဆို၍ ဩဇာ ကိုင်းနှင့်အရှေ့တောင်အရပ်ကို မျက်နှာမူပြီး (တနင်္ဂနွေနံ၏ဆပွတ်၊ခြောက်ခုမြောက်) သောကြာဂြိုဟ်သက်အရ ရောင်းမည့် တနင်္ဂနွေနံကို (၂၁) ချက်ရိုက်ပြီးလျှင် ဩဇာကိုင်းကိုရောင်းမည့်ပစ္စည်းပေါ်မှတင်ထားပါ။

၂။ တနင်္လာနံပစ္စည်း အရောင်းထွက်လိုလျှင် မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော ကြာသပတေးအခါတွင် ရောင်းမည့်ပစ္စည်းအပေါ်မှာ အထွက်ဖြစ်သော (င) အက္ခရာရေးပြီး မြန်မြန်ရောင်း၍ထွက်ပါစေဟုဆို၍ အနောက်

ရိုက်သောပစ္စည်းကို ရောင်းမည့်ကုန်ပေါ်မှာတင်ထားပါ။

၄။ ဗုဒ္ဓဟူးနံ ရွှေ၊ လှေ၊ လှည်း စသည့်ပစ္စည်းများ အရောင်းထွက်လိုပါလျှင် မည်သည့်နေ့တွင်မဆို ရန်ဘက်ဖြစ်သော ဗုဒ္ဓဟူးအခါ၌ ၎င်းပစ္စည်းများအပေါ်တွင် အထွက်ဖြစ်သော (ဝ)အက္ခရာကိုရေး၍ အနောက်မြောက်ထောင့်အရပ်ကိုမျက်နှာမူပြီးလျှင် ရွှေ စသည်တို့ မြန်မြန်ရောင်းထွက်ပါစေဟု ရိုက်မည့်အချက်တိုင်းဆိုပြီး ဝါးယားကိုင်းနှင့် ဆပွတ်ဂြိုဟ်သက်အရ (၁၅) ချက် ရိုက်ပြီးလျှင် ဝါးယားတိုင်ကိုရောင်းမည့် ကုန်ပစ္စည်းပေါ်မှာ တင်ထားပါ။

၅။ ကြာသပတေးနံ ဖက်၊ ပြောင်းဖူး၊ ပဲ၊ မြေပဲ စသည့်ပစ္စည်းများရောင်းထွက်လိုပါက မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော တနင်္လာအခါ၌ ၎င်းပစ္စည်းများအပေါ်တွင် အထွက်ဖြစ်သည့် (မ) အက္ခရာရေးပြီး အရှေ့အရပ်သို့ မျက်နှာမူလျက် ၎င်းကြာသပတေးနံပစ္စည်းများ မြန်မြန်ရောင်းချထွက်ပါစေဟု ရိုက်ချက်တိုင်းဆိုပြီး မန်ကျည်းကိုင်းနှင့်ဆပွတ်ဂြိုဟ်သက်အရ (၈) ချက်ရိုက်ပြီး မန်ကျည်းကိုင်းကိုရောင်းမည့်ပစ္စည်းပေါ်မှာ တင်ထားပါ။

၆။ သောကြာနံ သံ၊ သစ်၊ သွပ် စသည့်တို့အရောင်းထွက်လိုသော် မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော စနေအခါ၌ ၎င်းပစ္စည်းများအပေါ်တွင် အထွက်အက္ခရာဖြစ်သော (ဠ) အက္ခရာကို ရေး၍ အနောက်တောင်ထောင့်သို့ မျက်နှာမူလျက် သံ စသည်တို့ မြန်မြန်ရောင်းရပါစေ၊ ထွက်ပါစေဟု အချက်တိုင်းဆိုပြီးလျှင် သနပ်ကိုင်းနှင့် ဆပွတ်ဂြိုဟ်သက်အရ (၁၇) ချက်ရိုက်ပြီး သနပ်ကိုင်းကို ရောင်းမည့်ကုန်ပေါ်မှာတင်ထားပါ။

၇။ စနေနံ ထီး၊ ဓား၊ ဖိနပ် စသည်တို့အရောင်းထွက်လိုပါက မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော သောကြာအခါ၌ ၎င်းပစ္စည်းများအပေါ်တွင် အထွက်ဖြစ်သော (န)အက္ခရာကိုရေးပါ။ ရေးပြီးလျှင် မြောက်အရပ်သို့ မျက်နှာမူလျက် ထီး စသော စနေနံပစ္စည်းများမြန်မြန်ရောင်းရပါစေဟု အချက်တိုင်းဆိုပြီး ဒဟတ်ကိုင်းနှင့် ဆပွတ်ဂြိုဟ်သက်အရ (၁၉) ချက်ရိုက်၍ ဒဟတ်ကိုင်းကိုရောင်းမည့်ပစ္စည်းပေါ်မှာတင်ထားပါ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

## ရှင်မောဂ္ဂလာန်သရဘူဂါထာ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | တု | တု | | | |
| | | မိ | သု | သု | မိ | | |
| | ယ | သာ | စာ | စာ | သာ | ယ | |
| ယ | ညာ | သာ | ဏု | ဏု | သာ | ညာ | ယ |

❏ယညာသာဏု၊ ဏုသာညာယ၊ ညာယသာစ၊ စာသာယညာ၊ သာသာမိသု၊ သုမိသာသာ၊ ကုစာသုတု၊ တုသုစာဏု။

ဤဂါထာဖြင့် ပေါက်ပေါက်၊ လက်ဖက်၊ ကွမ်းယာမန်း၍ အိမ်ကရသစ်ပင်ကို ပူဇော်လေ။ သစ်ပင်စောင့်နတ်သည်လည်းမပြတ်လိုက်၍မ၏။ ရန်ခပ်သိမ်းပျောက်လွင့်စေ၍ ဆီဖယောင်းကို (၇) ခါမန်း၍သွား။ ဣဋ္ဌိသျှိရာဇသျှိကောင်း၏။

### ❏ဘာပစ္စည်းရောင်းမလဲ

❏ထွက်စုံလိုလျှင် ရန်နှင့်ဆင်ဆပင်-ကိုင်းနှင့်ရိုက်။ အရင်းနံတူ ဖျားရန်သူ ကြံယူအသင့်လိုက်။

မည်သည့်ပစ္စည်းမဆို အရောင်း

အရပ်ကိုမျက်နှာမူလျက် ကင်ပွန်းကိုင်းနှင့် (တနင်္လာနံ၏ဆပွတ်၊ ခြောက်ခုမြောက်) စနေနံ၏ဂြိုဟ်သက် (၁၀) အရ ရောင်းမည့်တနင်္လာပစ္စည်းကို (၁၀)ချက်ရိုက်ပြီး ကင်ပွန်းကိုင်းကို ပစ္စည်းပေါ်မှာ တင်ထားပါ။

၃။ အင်္ဂါနံ စက်၊ ဆီ၊ ဆေး စသည့်ပစ္စည်းများရောင်းထွက်လိုပါက မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော တနင်္ဂနွေအခါ၌ ၎င်းပစ္စည်းများအပေါ်မှာ အထွက်ဖြစ်သော (ည)အက္ခရာကို ရေး၍ အရှေ့မြောက်ထောင့်သို့ မျက်နှာမူပြီး စက် စသည်တို့ မြန်မြန်ရောင်း၍ထွက်ပါစေဟု အချက်တိုင်းဆိုပြီးလျှင် ဆန်အိတ်ငယ်နှင့်ဖြစ်စေ၊ စိမ်းစားဥနှင့်ဖြစ်စေ၊ တနင်္ဂနွေ၏ဂြိုဟ်သက်အရ (၆) ချက်ရိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းနယ်မြေဆိုတော့ လူတော်တော်များများက အလုပ်ခွင်လူမှုရေးအဆင်ပြေချင်ကြတာများတယ်။ပြီးတော့ အလုပ်ခွင်ကနေ လစာအပြည့်ယူသူများ နိုင်ငံက ပညာသင်စရိတ်နဲ့ ကျောင်းတက်၊ နိုင်ငံခြားကိုပညာသင်ထွက်ချင်ကြတာပါ။ ဝန်ထမ်းလောကက လူငယ်တော်တော်များများ နိုင်ငံခြားသွား ဘွဲ့လွန်တက်ဒေါက်တာဘွဲ့ယူဆိုတဲ့လူတွေများတော့ နိုင်ငံခြားသွားဖို့ရာ အားယူနေကြတာများပါတယ်။ အဲဒီအတွက်ကို ယတြာတောင်းကြပါတယ်။

ယတြာဆိုလို့ ယတြာနဲ့ ပတ်သက်နေတဲ့ ဗေဒင်အကြောင်းကို ပြောချင်ပါတယ်။ ဗေဒင်ဆိုတာ ရှေးစာဆိုတွေပြောကြသလို ဗေဒဝိဇ္ဇာဆိုတဲ့အတိုင်း လူတွေရဲ့ကံက အဆိုး၊ အကောင်းတွေကိုဖတ်တဲ့ ဝိဇ္ဇာပညာရပ်တစ်ခုပါ။ ဗေဒင်ကို အကြောင်းပြုပြီးတော့ မကောင်းတဲ့ကံကြမ္မာတွေကို ကောင်းတဲ့ကံဖြစ်လာစေဖို့ ယတြာဆိုတာကို ဖန်တီးထားခဲ့ကြတာပါ။ (ခြွင်းချက် - ဘုရား၊ ရဟန္တာတွေ တောင်ရှောင်မရတဲ့ ဝဋ်နာကံနာကိုမဆိုလိုပါ။ ဝဋ်ကြွေးရှိက မည်သည့်အကာအကွယ်မျှမည်သည့်ယတြာမျှလုပ်၍မရပါ။)

ဝဋ်နာကံနာမဟုတ်တဲ့ သာမန်ပုဂ္ဂိုလ်တွေအတွက် ဒီသာပါမောက္ခကြီးကသေမည်ဟု အတိအကျတွက်ချက်၍ထားသောကျောင်းသားကို မိဘရပ်ထံပြန်၍လွှတ်ရာ ၎င်းကျောင်းသားက လမ်းခရီးတွင် စိတ်ကောင်းစေတနာကောင်းနှင့် ပြုလုပ်ခဲ့သော တံတားခင်းခြင်း၊ ညောင်ထောက်ခြင်း၊ ငါးလွှတ်ခြင်းစသည့် ကုသိုလ်ကောင်းမှုတို့ကြောင့် သေကံမရောက်သက်မပျောက်ဘဲ မိဘရပ်ထံမှ ကျောင်းသို့ပြန်ရောက်လာသည်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသော ယတြာအပြင် အခြားသော ယတြာတစ်ခုမှာ မန္တန်ဝိဇ္ဇာပညာရပ်ပါ။ ဗေဒဝိဇ္ဇာနဲ့ အဖြေရှာ၍ရထားသောကံဇာတာအခိုက်အညံ့များ၊အခက်အခဲများအန္တရာယ်များကို ဘုရားတရားသံဃာစတဲ့ရတနာသုံးပါးနှင့် စပ်လျဉ်းသော ပရိတ်တွေ၊ မန္တန်တွေ၊အန္တရာယ်ကင်းဂါထာတော်ကို ရွတ်ဆိုသော ၎င်းမန္တန်ဝိဇ္ဇာပညာရပ်ဖြင့် ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ ရာဟုဂြိုဟ်သက်ရောက်နေသောပုဂ္ဂိုလ်တစ်ဦးတွင် မြင်အပ်မမြင်အပ်သော အန္တောင့်အယှက်ရှိတယ်လို့ တွေ့ထားပါက ၎င်းပုဂ္ဂိုလ်အား ပရိတ်များ၊ အန္တရာယ်ကင်းဂါထာတော်များကို ရွတ်ဖတ်စေခြင်းဖြင့် အန္တောင့်အယှက်အခက်အခဲများကို ကျော်လွှားလွတ်မြောက်စေပါတယ်။ မန္တန်ဝိဇ္ဇာဆိုပေမယ့်လည်း ဘုရားဟောခဲ့တဲ့တရားတော်တွေ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေနဲ့ မကင်းပါဘူး။ အနာနဲ့ဆေးတွေ့ဖို့ပဲလိုပါတယ်။

ဒါကြောင့် တချို့ကနေရာပြောင်းချင်လို့၊ တချို့က နေရာမပြောင်းချင်လို့၊ တချို့ကနေရာမြဲချင်လို့၊ တချို့ကအကြီးအကဲမျက်လို့ စတဲ့အကြောင်းအမျိုးမျိုးတို့ကြောင့် ယတြာတောင်းကြပါတယ်။

# မနင်းဆီ

(ရေးသင်း-နေပြည်တော်)

# ဝန်ထမ်းများအပြောင်းအရွှေ့နှင့် ဇလွန်ပြည်တော်ပြန်ဂါထာ



ပြီးတော့ မိသားစုထဲကတစ်ယောက်ယောက်အဝေးကိုထွက်သွားတာကို ပြန်လာစေချင်လို့ပဲဖြစ်ဖြစ် ယတြာတောင်းတဲ့သူတွေရှိခဲ့ပါတယ်။

အဲဒီအခါထိုင်းမှာ ကျွန်မပေးလေ့ရှိတာက ဇလွန်ပြည်တော်ပြန်ဂါထာပါပဲ။ တချို့ကပြောကြပါတယ်။ ဇလွန်ပြည်တော်ပြန်ဂါထာရွတ်ရင် နိုင်ငံခြားမသွားရဘူးတို့၊ အရပ်ပြန်ရတယ်ဆိုတာတို့စတဲ့ စိုးရိမ်စိတ်တွေနဲ့ ပြန်မေးလေ့ရှိကြပါတယ်။

ပိုဆိုးတာက လက်ရှိနေရာကနေ မပြောင်းချင်တဲ့လူတွေပေါ့။ တစ်ရွေး

www.burmeseclassic.com

မပြောင်းသူဟောင်းမဖြစ်ဆိုတဲ့မှုကိုသုံးပြီး ဝန်ထမ်းလုပ်၊ သူများအရပ်ပြောင်း၊ ရောက်တဲ့နေရာမှာ အဆင်ပြေလို့အထိုင်ကျနေတော့ ဆက်ပြီးနောက်တစ်နေရာကို ထပ်မပြောင်းချင်ပါဘူးဆို ပြည်တော်ပြန်ဂါထာရွတ်ရမယ်ဆိုတော့ အရပ်ပြန်သွားရမှာကြောက်တဲ့သူတွေက ဒီဆရာမပေးတဲ့ယတြာကဘယ်လိုလဲပေါ့။မျက်လုံးပြူးမျက်ဆန်ပြူးကုန်ကြတာပေါ့။ အဲလိုပုဂ္ဂိုလ်တွေနဲ့ ပြည်တော်ပြန်ဆိုတဲ့ စကားလုံးနဲ့က ဆန့်ကျင်ဘက်ဖြစ်နေပါတယ်။

လူတော်များများက ဇလွန်ပြည်တော်ပြန်ဘုရားကြီးရဲ့သမိုင်းနောက်ခံကို သိကြပါတယ်။ မသိသူတွေအတွက် ဇလွန်ပြည်တော်ပြန်ဘုရားကြီးရဲ့သမိုင်းအကြမ်းဖျဉ်းကိုပြောရရင် ဇလွန်ရုပ်ပွားတော်ကြီးကို နိုင်ငံရပ်ခြားသို့ပင့်ဆောင်ခြင်းမျိုးမဟုတ်ဘဲ အင်္ဂလိပ်တို့က သာမန်ကြေးထည်ပစ္စည်းတစ်ခုလိုမျိုး သယ်ယူသွားကြပြီး လက်နက်ခဲယမ်းလုပ်ရန်ကြေးသွန်းအရည်ကျိုဖျက်ဆီးကြသော်လည်း အရည်ကျိုလို့မရဘဲ ခေါင်းကိုက်ရောဂါစွဲကပ်နေတဲ့ဘုရင်မကြီးကို ရောဂါပျောက်ချင်ရင် ၎င်းဆင်းတုတော်ကို မူရင်းဒေသကိုပြန်ပို့မှသာ ခံစားနေရတဲ့ခေါင်းကိုက်ရောဂါပျောက်ကင်းမယ်လို့ အိပ်မက်ပေးတဲ့အတွက် ဘုရင်မကြီးလည်း ကြောက်လန့်ပြီး မြန်မာပြည်ကို ပြန်ပို့ခဲ့ရတာလေ။ ဒါကြောင့် ဇလွန်ရုပ်ပွားတော်ကြီးက မိမိနှင့်မအပ်စပ်သောအရပ်ဒေသတွင် သီတင်းသုံးတော်မမူဘဲ ဗုဒ္ဓသာသနာထွန်းကားသော မြန်မာပြည်ကို ပြန်ကြွလာခြင်း။

ပြီးတော့ ရခိုင်တွင် မဟာမြတ်မုနိကိုယ်တော်ကြီးကို (ရွှေနှင့်ကြေးအခြားသောငွေ၊ ခဲ၊ ဘော်တို့ရောစပ်ထားသော ပဉ္စလောဟာကို) သွန်းလုပ်ရာကပိုနေသောပဉ္စလောဟာများကို ပြန်လည်သွန်းလောင်းထားသော ရုပ်ပွားတော်ကြီးဖြစ်ခြင်း၊ တစ်နည်းအားဖြင့် မဟာမြတ်မုနိကိုယ်တော်ကြီးနှင့် ဆက်စပ်နေသော ဖွားဖက်တော်ဆင်းတုဖြစ်ခြင်း၊ တောတွင်းမှ ဆင်ရိုင်းတွေပင်လာရောက်ဖူးမြော်ကြခြင်း စတဲ့တန်ခိုးတော်တွေနဲ့ပြည့်စုံတော်မူသောဘုရားကိုယ်တော်မြတ်ကြီးဖြစ်ခြင်း စတဲ့ ဂုဏ်ပုဒ်တွေနဲ့ပြည့်စုံနေပါတယ်။

လွန်ခဲ့သော(၁၀)နှစ်ခန့်က မြန်မာ့အလင်းသထင်းစာတွင် စာရေးသူကိုယ်တိုင်ဖတ်ခဲ့ရသော ပဲခူးရိုးမပေါ်မှ ဆင်အထီးအမတစ်စုံ၊ ဆင်ပေါက်တစ်ကောင်၊ ဆင်ထိန်းတစ်ကောင်တို့စုစုပေါင်း တောဆင်ရိုင်းငလေးကောင် ဇလွန်ပြည်တော်ပြန်ဘုရားကို လာဖူးကြတဲ့အကြောင်းပါ။ ၎င်းဆင်များသည် ဇလွန်မြို့ ဝါးတန်းရပ်ထိရောက်လာကြပြီး ဘုရားကိုဦးတိုက်ကြကြောင်း လူတွေကို ပေ (၂၀) လောက် အထိအကပ်ခံကြောင်း၊ သစ်တောထိန်းသိမ်းရေးအဖွဲ့မှလိုက်ကြည့်ကြရာတွင် ဘုရားကန်တော့ပြီး ပြန်လည်ထွက်ခွာသွားကြကြောင်း။

လမ်းခရီးတွင်လည်း သူကြီးစုဘုရားနားတွင်နားနေကာ ဘုရားကန်တော့ပြီး ဧရာဝတီမြစ်ကိုကူးကာ ရိုးမတောထဲပြန်ဝင်သွားကြကြောင်းတွေနဲ့ တောဆင်ရိုင်းတွေဖြစ်သော်လည်း အသွားအပြန်လမ်းတစ်လျှောက်အတွင်း မည်သည့်စိုက်ခင်းကိုမျှ ဖျက်ဆီးခြင်းမရှိဘဲ လူတွေကိုအန္တရာယ်မပြုဘဲ အေးအေးဆေးဆေးဘုရားဖူးပြီးပြန်သွားကြတယ်ဆိုတဲ့သတင်းကိုဖတ်ပြီး လူတွေ၊ တိရစ္ဆာန်တွေ (၃၀) ဘုံသားတွေရဲ့ဆုတောင်းတွေ၊ ပဌာန်းဆက်တွေကို စဉ်းစားမိပြီး အံ့ဩမိပါတယ်။

ဒီဆင်ရိုင်းတွေက ပြီးခဲ့တဲ့ဘဝက ဇလွန်ပြည်တော်ပြန်ဘုရားကြီးနဲ့ဘယ်လိုပတ်သက်ခဲ့တဲ့ပုဂ္ဂိုလ်တွေပါလိမ့်။ ဘယ်လိုဆုကိုတောင်းပြီး ဆင်ဘဝကိုရောက်နေကြတာလဲ စတဲ့အတွေးတွေကိုတွေးမိပါတယ်။ ဇလွန်ပြည်တော်ပြန်ဘုရားကြီးရဲ့တန်ခိုးကိုလည်း အံ့ဩမိကြည်ညိုမိပါတယ်။

ပြည်တော်ပြန်ခြင်း ဆိုတာထက် ဇလွန်ပြည်တော်ပြန်ကိုယ်တော်ကြီးသည် ဗုဒ္ဓဘာသာထွန်းကားသော၊ မိမိနှင့်အပ်စပ်သော၊ သဟဇာတဖြစ်သောအရပ်ဒေသတွင် သီတင်းသုံးတော်မူခြင်းဖြစ်ပါတယ်။

ရုပ်ပွားတော်ကြီး၏စမ္ဘာကျတွင်ပါသောဂါထာတော်မှာ -

**□ ဇလွန်ပြည်တော်ပြန်**
**စမ္ဘာကျဂါထာတော်ကြီး**

ဣတိပိ ပိဋကတ္တယံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ၊ သတ္တဗောဇ္ဈင်္ဂေါ၊ အဋ္ဌင်္ဂကောမဂ္ဂေါ စတုပဋ္ဌာနံ၊ သဗ္ဗသဿာနွေ၊ သဟဿ သူရိယော။
ဩောင်း နမော မေတ္တာနံ၊ ရာဇဘာယံ၊ စောရဘာယံ၊ ဥဒကဘာယံ၊ အဂ္ဂိဘာယံ၊ သတ္တဘာယံ၊ သဗ္ဗဘာယံ၊ ဇယောဇယ တု မင်္ဂလံ။

အနိစ္စံ သဉ်တံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ ပဏ္ဍိတာ ခမန္တိ။

ဩောင်း နမော မေတ္တာနံ၊ ရာဇဘာယံ၊ စောရဘာယံ၊ ဥဒကဘာယံ၊ အဂ္ဂိဘာယံ၊ သတ္တဘာယံ၊ သဗ္ဗဘာယံ၊ ဇယောဇယ တု မင်္ဂလံ -

ဆိုတဲ့အပိုဒ်မှာ အဓိပ္ပာယ်က-
ရာဇဘာယံ - မင်းဘေး
စောရဘာယံ - ခိုးသူဘေး
ဥဒကဘာယံ - ရေဘေး
အဂ္ဂိဘာယံ - မီးဘေး
သတ္တဘာယံ - သူများလှံ့လကြောင့် သေရသောဘေး
သဗ္ဗဘာယံ ဇယောဇယတုမင်္ဂလံ - ခပ်သိမ်းသောဘေးတို့ကိုအောင်မြင်ရပါလို၏ ဆိုတဲ့ အဓိပ္ပာယ်ပါ။

ဝန်ထမ်းတိုင်း ကိုယ့်အထက်လူကြီးအကြီးအကဲနဲ့ပတ်သက်လာရင် အပြုံခြင်ခံရမှာ၊ အကြီးအကဲမျက်မှာ ကြောက်တတ်ကြပါတယ်။ လူကြီးမျက်နေရင်ပဲဖြစ်ဖြစ်၊ ရာဇဘာယံ မင်းဘေးကလွတ်စေခြင်းဆိုတဲ့အချက်တစ်ခုတည်းနဲ့တင် ဇလွန်ပြည်တော်ပြန်ဂါထာကိုရွတ်သင့်နေပါပြီ။ ဝန်ထမ်းမဟုတ်တဲ့သူတွေရောရွတ်လို့မရဘူးလားလို့မေးစရာရှိပါတယ်။ ခပ်သိမ်းသောဘေးတို့မှ လွတ်စေတယ်ဆိုမှတော့ (၇)ရက်သားသမီးအကုန်ရွတ်လို့ရပါတယ်။ လူတိုင်းရွတ်သင့်ပါတယ်။

ဒီဂါထာကို ရွတ်ဖတ်ခြင်းအားဖြင့် ဇလွန်ပြည်တော်ပြန်ဘုရားကိုယ်တော်ကြီးရဲ့ရာဇဝင်လိုပဲ ဝန်ထမ်းတိုင်း၊ လူတိုင်းနေရာအပြောင်းအရွှေ့အတွက်ပဲဖြစ်ဖြစ်၊ မပြောင်းချင်ရင်ပဲဖြစ်ဖြစ် ဘယ်နေရာရောက်ရောက် မိမိနဲ့သဟဇာတဖြစ်မယ့်၊ အဆင်ပြေမယ့်၊ လိုက်လျောညီထွေဖြစ်မယ့်နေရာမှာနေရတယ်လို့ ရှေးလူကြီးတွေက အယူရှိကြပါတယ်။

ဇလွန်ပြည်တော်ပြန်ဘုရားကြီးရဲ့ရာဇဝင်အကြမ်းဖျင်းနဲ့ ဇလွန်ပြည်တော်ပြန်ဂါထာရဲ့အဓိပ္ပာယ်တစ်ပိုင်းတစ်စကိုတွေ့ရခြင်းအားဖြင့် စာရှုသူတို့နားလည်သဘောပေါက်လောက်ကြပါပြီ။ ယုံယုံကြည်ကြည်နဲ့ ရွတ်ဆိုနိုင်ကြပါစေ၊ အကောင်းဆုံးဗုဒ္ဓယတြာကိုပေးလိုက်ပါတယ်။

မနှင်းဆီ-ရေဆင်း
(နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းသမိုင်းဝင် ရတနာတန်ဆောင်သိမ်တော်ကျောက်စာ


(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)
ဦးဉာဏ်ဇော်



ဗောဓိကုန်းဘုရား



ဗောဓိကုန်းစေတီနှင့် ဓမ္မာသိမ်ဘုရားသိမ်




ဗောဓိကုန်းစေတီ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်ဒေသသည် သယံဇာတပေါကြွယ်ဝသည့်အပြင် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားပြီး စေတီပုထိုးဘုရားကျောင်းကန်များဖြင့် အလွန်တင့်တယ်သည့်ဒေသတစ်ခု ဖြစ်သည်။ တန်ခိုးကြီးလှသော ရှေးဟောင်းသမိုင်းဝင် ရှင်ကိုးရှင်ဘုရားများမှာ အထူးထင်ရှားလှပေသည်။ ထားဝယ်မြို့မှ (၁၀) မိုင်အကွာ ထားဝယ်-မြိတ်အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိသော သင်းကျွန်းရွာသည် ထားဝယ်ဒေသရှိ အခြားကျေးရွာများနည်းတူ ဘာသာသာသနာထွန်းကားစည်ပင်သော ရွာကြီးတစ်ရွာဖြစ်ပေသည်။ ထိုသင်းကျွန်းရွာကြီး၌ ဘာသာခြားလူမျိုးခြားများမရှိဘဲ ဗုဒ္ဓဘာသာဝင်များသာ သီးသန့်နေထိုင်ကြသည်။ အစ္စလာမ်ဘာသာဝင်များနှင့် အိမ်ထောင်ပြု၍ ထားဝယ်မြို့သို့ ပြောင်းရွှေ့သွားကြသော အမျိုးသမီးနှစ်ဦး၊ သုံးဦးတော့ရှိသည်။ ထိုသင်းကျွန်းရွာကြီး၌ ရှေးဟောင်းစေတီပုထိုးများစွာကိုတွေ့မြင်ဖူးတွေ့နေကြရသည်။ စေတီပုထိုးများ ရွာနှင့်မမျှအောင်များပြားလွန်းနေသဖြင့် ထူးခြားသော နောက်ခံသမိုင်းကြောင်းများရှိနေမည်မှာ သေချာလှပေသည်။ ထိုများစွာသော စေတီပုထိုးများတွင် ပြန်လည် ပြုပြင်ထိန်းသိမ်းထားသဖြင့် တင့်တယ်စွာ အပူဇော်ခံလျက်ရှိသောစေတီတော်များမှာ လင်းတတောင်စေတီ သို့မဟုတ် လမ်းလှတောင်စေတီ၊ ရာဇမာရ်အောင်စေတီနှင့် ဗောဓိကုန်းစေတီတော်တို့ဖြစ်သည်။ ထိုစေတီတော်သုံးဆူအနက် သမိုင်းအထောက်အထားခိုင်မာစွာတည်ရှိနေသော ဗောဓိကုန်းစေတီတော်အကြောင်းကို တင်ပြလိုပေသည်။ ထိုစေတီတော်ဝင်းအတွင်း တည်ရှိနေသော ရတနာတန်ဆောင်သိမ်တော်ကျောက်စာအရ စေတီတော်၏ သမိုင်းကို အတိအကျသိရှိရခြင်း ဖြစ်သည်။ တစ်ဆင့်ပြန်လည်ဖောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ရတနာတန်ဆောင်သိမ်တော်



ရတနာတန်ဆောင်သိမ်တော်

ချသည်ကို လေ့လာရခြင်းထက် မူရင်းသမိုင်းကို လေ့လာရခြင်းက ပိုလေးနက်သည်ဟု ယူဆသဖြင့် စေတီတော်၏သမိုင်းကို ဖော်ပြလျက်ရှိသော ရတနာတန်ဆောင်သိမ်တော်ကျောက်စာမူရင်းကို ဖော်ပြပေးလိုက်ပါသည်။ ထိုရတနာတန်ဆောင်သိမ်တော်ကျောက်စာတွင် ရတနာပုံမင်းနေပြည်အကြောင်း၊ နေပြည်တော်မှကြွလာသော သာသနာပြုဆရာတော်နှစ်ပါးအကြောင်း၊ ထိုခေတ်အခါက ထားဝယ်ဒေသ၏ သာသနာရေးအခြေအနေနှင့် စေတီတော်သိမ်တော်သမိုင်းများကို လေ့လာတွေ့ရှိကြမည်ဖြစ်သည်။

**တနင်္သာရီတိုင်းဒေသကြီး**
**သရက်ချောင်းမြို့နယ်**
**သင်းကျွန်းရွာအနောက်တောင်**
**ဇောဓိကုန်းဘုရားဝင်းရှိ**
**ရတနာတန်ဆောင်သိမ်တော်ကျောက်စာ**

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မဟာဇေယကရော ဒေဋ္ဌော၊ မဟာဇေယဓဇံ ဓရော။



ရတနာတန်ဆောင်သိမ်ကျောက်စာ

ယထိစ္ဆိတံ ယတိန္ဒံ ကံ၊ တိဋ္ဌယံ တိဋ္ဌတံ ဋ္ဌပံ။

(ပထျာဝတ္တဂါထာ)

မဟာဇေယကရော၊ ကြီးမြတ်သော အောင်ခြင်းကိုပြုတတ်ထသော၊ မဟာဏာယ၊ ကြီးမြတ်သောအာဏာတော်ဖြင့်။ ဋ္ဌပံ ဋ္ဌပန္တော၊ နှံခြင်းကြောင့်၊ မဟာဇေယဓဇံ၊ ကြီးမြတ်သော အောင်တမ်းခွန်ကို။ ဓရော၊ ဆောင်ထသော၊ အယံသိမာ၊ ရတနာတန်းဆောင်အမည်ရှိသော ဤသိမ်မြတ်သည်၊ ယတိန္ဒံ၊ သိက္ခာသုမ္ဘိကို အလိုရှိကုန်သော ရဟန်းသူမွန်တို့၏။ ယထိစ္ဆိတံ သွေးချိုအပ်သော။ ကံသုခံ၊ လောကီလောကုတ္တရာ ချမ်းသာနှစ်ပါးကို၊ သတတံ၊ အမြဲ၊ ဒေန္တော၊ ပေးလျက်၊ တိဋ္ဌ၊ သာသနာငါးထောင် တည်အောင်ပတ်လုံး။ ခေါ ကောင်းကင်နိုက်။ ရဝိန္ဒုဝ နေလကဲ့သို့။ တိဋ္ဌတံ-တိဋ္ဌတု၊ တည်စေ သတည်း။

လောကသုံးတိုက်နိုက် ပရိုဗ်မ နေ့ ရသေ့ဝိဇ္ဇာ နရာမရူ ထက်ဝန်းလုံ ညွှန်ကြားသူမရှိ ပကတိကိုယ်တော်တိုင် သာ သုခပဋိပဒါ သစ္စာလေးအင် သိမြင်တော်မူသဖြင့် ဇမ္ဗူဒိပ အမွန်စ ဝိသယစက္ကဝါ အနန္တာရုံ ဥသုံခပ နိုင်းဘက်ကင်းသော သနင်းဥက္ကဋ္ဌ သမ္မာ သမ္ဗုဒ္ဓ အပဋိပုဂ္ဂလ အနုတ္တရ မာရ မမ္မာဘိစက္ကဝတ် ထွင့်ခေါင်ဖျား ဘုရား ရှင်တော်သည် သုံးဘော်ဝဋ္ဋ ဘဝသံသ နိုက် အဝိဇ္ဇာပြီးထူ အိပ်ပျော်သူ

www.burmeseclassic.com

ကိုယ်တူထနိုး နှိုးတော်မူအံ့သောငှါ ကရုဏာပုဗ္ဗင်္ဂမ မူလပဏီဓိ ရှိတော်မူရင်း အတိုင်း ကောဏ္ဍည သုဘဒ္ဒစဆုံး ဗိုလ်လုံးလူနတ် ပရိသတ်တို့အား တရားစည်ကြီး ဆော်တီးခတ်နှိုး နိုးစေပြီးသော် ဘုရားကိုယ်ထင် မမြင်ရလိုက် အိပ်ငိုက်သတ္တဝါ လူဗိုလ်ပါတို့အား ဝိပဿနာ မိုးသော် (သောက်) ထမြော် (မြောက်) လွယ်မျိုး နိုးစေခြင်းငှါ ဒေသနာလျှင် ယထာနုလောမ စသည်ပိုင်းခြား ဟောကြားတော်မူခဲ့သတည်း။

ဤသို့လျှင်တည်း နိရင်္ဂဏ သဒ္ဓမ္မစက် မင်းဆက်စည်လာ သာသနဒါယကာ မဟာဝင်ဆင့် ချီးမြော် (မြှောက်) ပင့်၍ စည်ပွင့်ထွန်းလင်းရာ သာသနာတော် (၂၃၉၆) နှစ်တိုင် ရော်(ရောက်) လတ်သော် ကုန်းဘောင်အဋ္ဌမ နေဝံသ ဇာတ် ကျွန်လုံးလျှပ်သော လောကမဏိ စူဠာစေတီတော်ဒါယကာ အမရပူရ ဒုတိယမြို့တည် ခမည်းတော်မင်းတရား ၏ ရွှေနန်းနွယ်နတ် သားတော်မြတ်တမူ ဖြစ်ထသော သမုဒြာကျွန်းပေါ် မမြော် တုလွတ် နေနတ်နာထ သဗ္ဗဘုမ္မဖြစ်တော်မူသော မင်းခေါင်မင်းဖျား မင်းတုံးမင်း မင်းတရားသည် မြတ်စွာဘုရား သာသနာတော်ကို ပြုစုထော် (ထောက်) ပင့် ချီးမြှင့်ခြင်းနှင့်တကွ ဘေးလောင်းဘိုးနတ် အသံဘိနွဇာတ် နွယ်နတ်မပြား ခမည်းတော်ဘုရား နောင်တော်မင်းတရားတို့၏ ရိုက်ရာအမွေ ထီးနန်းမြေကို သက္ကရာဇ် (၁၂၁၄) ခု တပေါင်းလဆန်း (၁၁) ရက် ၅တေးနေ့ အတုမရှိသောမင်းအဖြစ်သို့ ရော်(ရောက်)တော်မူ၍ ခမည်းတော်မင်းတရား၏ ပတ္တမြားမျက်ရှု သည်းဦးရင်သွေးဖြစ်တော်မူသော ရမိပုည သမ္ဘာရအစုံ မြေထုရေထု ရနိုင်းပြိုင် မနိုင်းနိုင်သော ပင်တိုင်နန်းနတ် မြတ်သော တောင်ညာဒေဝီ ဘုရားကြီးနှင့်တကွ မုဒ္ဒါရေစင် ဥတင်တော်ချက် ပြဟ္မာဆက်၍ စက္ကဝါပတ်ကုန်း မင်းဆုံးတမွတ် အထွဋ်တိုင်တော်မူသတည်း။

ယင်းသို့ သဗ္ဗဘုမ္မ မင်းတုံးမင်းမင်းတရား တောင်ညာဒေဝီ မိဘုရားကြီးတို့ ဘုန်းအားစိုးကာ သာသနာတော်ကို ချီးမြော်(မြှောက်)တော်မူသောအကြိုက် နသ်ာရီနယ် ဓားဝယ်မြို့တိုင်းနိုက် သတင်းသုံးနေတော်မူသော ဆရာတော် ဘုရားကြီး ဦးသာရမဥ္ဇူသာသည် (၃၂) သောသော လက္ခဏာကြီး၊ (၈၀) သော လက္ခဏာငယ်တို့နိုက် အလွန်ကျွမ်းကြင်သော သဘောသတ္တိရှိသည်အလျော် (အလျောက်) မိမိတို့အထံသို့ ပရိယတ်ကို သင်အံ့အားထုတ်လို၍ ရော်(ရောက်) လာကုန်သော အသင်းသားသူငယ် အပေါင်းတို့တွင် ကညွှန်ဇာတိ မောင်ရွှေဆင် အမည်ရှိသော ကိုးနှစ်အရွယ် ဤသူငယ်သည် မသွယ်မရုတ် အဟုတ်မှန်စွာ မြတ်စွာသုံးလု သဗ္ဗညုမမ္ဗခန် သုံးတန်သော ပိဋကတ်ကို အဋ္ဌကထာစုံ ငြိကာငုံ၍ ဆောင်လိမ့်မည် ပရိသတ်လေးပါး လူတလွှားလည်း မမှားစင်စစ် မှီခိုရာဖြစ်ပေမည်ဟု မုချဆတ်ဆတ် လက္ခဏာကို အကုန်ဖတ်ပြီး ဂေါစာသက္ကရာဇ် (၁၂၀၂) ခု သာသနာတော် (၂၃၈၄) ခု သက္ကရာဇ်ကိန်း ဆိုက်ရော် (ရောက်) သောအခါ သာသနာတော် ထွန်းလင်းတော်(တောက်)ပရာ မဟာရာဇဌာနီ မင်းနေပြည်ကြီးသို့ ဆန်တက်သွားလာကြသတည်း။

ထိုသို့ဆန်တက်သွားလာပြီးနောက် သုံးနှစ်ခန်းရာသီ အားထုတ်သည့် ပိဋကတ်ကို အာယုချင့်ထော် (ထောက်) ဆဲ့နှစ်နှစ်ရော်(ရောက်)လတ်သော် သုခမ္မ အလယ် မင်းပွဲသဘင်နိုက် မကြော် (ကြောက်) မရွံ့ ရစ္ဆမ်းသတ္တိ ခြင်္သေ့မင်း၏ ရဲရင့်ခြင်းရှိသကဲ့သို့ မတွယ်မငြိ အံ့ဖွယ် ရှစ်ပါးရှိသော ကရဝိက်ငှက်မင်း၏အသံ ကဲ့သို့ သာယာစွာသောအသံဖြင့် သုံးသွယ်သောပိဋကတ်ကို ပဋ္ဌမပြန်ဆိုတော်မူသတည်း။

ထိုသို့ ပဋ္ဌမပြန်ဆိုတော်မူသော အခါ သူတကာတို့နှင့်မတူသော သုံးသွယ်သောပိဋကတ်တော်ကို ဆောင်စွမ်းနိုင်သော ဂုဏ်လေးသွယ်သောပရိသတ် အလယ်နိုက် ရဲရင့်သောဂုဏ်၊ ငယ်ရွယ်နုထွားသောဂုဏ်၊ အဆင်းအင်္ဂါလက္ခဏာဂုဏ်၊ သာယာကြည်လင်သန့်ရှင်း သောသဒ္ဒဂုဏ်အပေါင်းတို့ကို စုံလင်စွာမြင်ကြကုန်သော ဗိုလ်လုံးလူနတ် လေးသွယ်သော ပရိသတ်အပေါင်းတို့သည် သား၏ ချစ်ခင် ရင်နှစ်သွင်သို့ ဝမ်းတွင်နှစ်လို့ မချို့မေတ္တာ စေတနာဇော တက်ပျော်ဝိထိ ပီတိစိမ့်စိမ့် ကြောခြင်ငြိမ့်မျှ နှစ်သိမ့်ဝမ်းသာ ဖြစ်လေရာကား ရင်ခတ်လက်တီး အံ့ချီးမစဲ ဝတ်လဲတန်းဆာ ဆင်ဝတ်လှာသော ပုတီးလက်ကော် (ကောက်) လည်ရွဲနပန် ပန်းမှန်ပုဆိုး ရွှေကြိုးပဝါ အဖြာဖြာသော တန်ဆာတို့ကို ကြဲမြော် (မြှောက်) ပူဇော်ကြသော ကောင်းချီးဘိသိက် မင်္ဂလာအသံသည် အိမ်တော်နန်းတော် မြို့တော်တလျော် (လျှောက်) တောင်မြော်(မြောက်)ဒိသာ အရပ်ဆယ်မျက်နှာတို့နိုက် လွှမ်းမိုးပျံ့နှံ့ ကျော်စောလေသတည်း။

ထိုရောအခါ တောင်ညာဒေဝီ နန်းမတော်မိဖုရားကြီးသည် ကောင်းချီး ဘိသိက် မင်္ဂလာအသံကို ကြားကာမျှနိုက် အလွန်တရာနှစ်သက်ခြင်းဖြစ်လေ ရကား ရွှေနန်းတော်ပေါ်နိုက် ပင့်ခေါ်၍ ပဋ္ဌမပြန်ဆိုစေရာ ငါးသွယ်သောဂုဏ် အပေါင်းတို့ကို တွေ့မြင်သောခဏနိုက်လည်း အထူးအားဖြင့် အလွန်တရာ နှစ်သက်မြတ်နိုး သဒ္ဓါကြည်ညိုတော်မူသည်ဖြစ်၍ နှလုံးသည်းပွတ်ကိုထုတ်၍ လှူလိုသောစိတ်ဖြစ်လေရကား အလွန်နှစ်သက်စုံမက်အပ်သော မင်းပွဲသဘင်နိုက်သာ ဝတ်ဆင်တော်မူသော အဖိုးတသိန်းထိုက်သော နန်းစည်ရွှေပဝါကို လွှမ်းအုပ်၍ ပူဇော်ခြင်း ရကျပုဆိုးအမျိုးမျိုးအလာ ပဝါအင်းကျီတို့ကိုကား မရေတွက်နိုင် ချီးမြော်(မြှောက်) ပူဇော်လေသတည်း။

ထိုသို့ အလီလီသော (ဒုတိယ စာမျက်နှာ) လာဘ်ပူဇော်သက္ကာတို့ကို ခံယူစေတော်မူပြီး တိပိဋကရေ ပဋ္ဌမကျော် စာတော်ပြန်ဘွဲ့အမည်ကိုခံရသော သူငယ်မောင်ရွှေဆင်ကို ပဋ္ဌမပြန်ရှင်တော်ပြုလတ်ပြီး ညေပုညလက္ခဏာဂုဏ် ဓမ္မဝိစယဂုဏ် ပုံ၍မော်(မောက်) ရကား အရှင်နန်းမတော်မိဖုရားကြီး အလွန်တရာ မြတ်နိုးတနာ သဒ္ဓါကြည်ညိုတော်မူသဖြင့် ရွှေနန်းတော်ပေါ်နိုက် ဆွမ်းခံဝတ်အမြဲပြုစေခြင်း မိဖုရားကြီးကိုယ်တိုင် ရွှေအိုးမှဖြစ်သော ဆွမ်းဘောဇည်တို့ကို အမြဲလုပ်ကျွေးခြင်း ပစ္စည်းလေးပါး အဦးထား၍ လာဘသက္ကာရကို ခံယူခြင်းနိုက် မငြိမငြင် မတောင့်မတ ကြောင့်ကြမဲ့ဖြစ်စေခြင်းရဟန်းတော်ပြုသည်နေ့နိုက်လည်း မိဖုရားကြီးကိုယ်တိုင်ထွက်၍ ချီးမြော် (မြှောက်)ခြင်း ဤသို့ စသော အဂ္ဂမဟေသီမိဖုရားကြီး ချီးမြော် (မြှောက်) ပူဇော်ခြင်းတို့ဖြင့် ထီးမင်းသုံးဆက်တိုင်တိုင် ခံယူတော်မူ၍ မဟာရာဇဌာနီ မင်းနေပြည်တော်ကြီးနိုက် မွေ့လျော်တော်မူသရွေ့ ရဟန်းတော် သိက္ခာ ဝါတော် ၆ နှစ် သတင်းသုံးနေတော်မူသတည်း။

ထိုသို့ သိက္ခာတော် ၆-နှစ်ကျော် ရော်(ရောက်)လတ်သော် ဆွေတော်မျိုးတော် မယ်တော် ခမည်းတော်တို့နှင့် တကွ တိုင်းနိုင်ငံပြည်သူပြည်သား လေးပါးသောပရိသတ်အပေါင်းတို့ကို တရားရေစေတိုက်ကျွေးလိုသော အာသီသဖြစ်ရကား

www.burmeseclassic.com

သာသနာတော် (၂၄၀၁) ခု ကောဇာ (၁၂၁၉) ခု ရောဲ(ရောက်)လတ် မိဖုရားကြီးနှင့်တကွ မင်းကြီးဗိုလ်ချုပ် စစ်ကဲနားခံ အစရှိသော အလုံးစုံသောသူတို့၏ လာဘသက္ကာရအပေါင်းတို့ကိုမငဲ့မကွက် လွတ်လွတ်စွန့်ပြစ်တော်မူပြီး၍ အရှင်သာရမဉ္ဇူသာ ဆရာကျေးဇူးနှင့်တကွ အရှင်ကုန္ဓဝံသမထေရ်သည် တနင်္သာရီနယ် ပင်လယ်ကမ်းမို့ ဓားဝယ်မြို့သို့ စုန်ဆင်းကြွရောဲ(ရောက်)လာသတည်း။

ထိုသို့ ကြွရောဲ(ရောက်)လာသော မထေရ်နှစ်ဦးတို့သည် သိက္ခာကာမ သာသနဝ္တာယဟိတေသိလဇ္ဇီထေရ်ချည်းဖြစ်သည်နှင့်အညီ ဓားဝယ်မြို့နယ် လေးသွယ်သော ပရိသတ်အပေါင်းတို့ကို ဓမ္မာဓမ္မမဂ်လမ်းပြသဖြင့် တရားစည်ကြီးတီးတော်မူသတည်း။ ထိုသို့ တီးတော်မူရာ နှစ်ကောဇာသည် (၁၂၂၈) ခု၊ သာသနာကိန်း (၂၄၁၀) ခုသို့ ရောဲ (ရောက်) လတ်သော် ဆယ်ပါးသော အဓမ္မကမ္မဥဗ္ဗိနယဝါဒီ ဝဇ္ဇီတိုင်းသားရဟန်းများကို တရားသဖြင့် နှိမ်နင်း၍ သာသနာတော်ကို ထွန်းလင်းတောက်ပစေသော အရှင်မဟာယသမထေရ်ကဲ့သို့ ဓားဝယ်မြို့သူရှင်လူရဟန်းတို့၏ မသင့်မလျော် မတော်မအပ်မလျှော်(လျောက်)ပတ်သောရွှေငွေကို ခံခြင်း လှူခြင်းကြောင့်ဖြစ်သော အဓိကရုဏ်းကို သုတ်သင်ရှင်းလင်း၍ သာသနာတော်ကို ထွန်းလင်းတောပစေသတည်း။

ထိုသို့ သာသနာတော်ကို တော(တောက်)ပစေ၍ ဓားဝယ်မြို့သူ ရှင်လူရဟန်းမှစ၍ များစွာသော ပရိသတ်အပေါင်းတို့အား တရားရေစ တိုက်ကျွေးဝေင အဆုံးအမပေးတော်မူပြီးမှ ကျေးဇူးရှင် ဆရာကြီး ဦးသာရမဉ္ဇူသာသည် တက်သစ်သောနေဝန်းသည် ဝင်မြဲ ဓမ္မတာဖြစ်သကဲ့သို့ တေဘူမ္မက သင်္ခါရတရားကို မလွန်နိုင်ရကား သာသနာတော် (၂၄၂၄) ခု ကောဇာ (၁၂၄၂) ခု ပဌမဝါဆိုလပြည့်ကျော် ၇-ရက် ၂-လ်ာ နေ့ ကုလားနာရီ ၂-ချက်တီးကျော်အချိန်တွင် ဤပစ္ဆိမပွန်ဘဝကို လွန်တော်မူသတည်း။

ထိုသို့လွန်တော်သည်မှသည့်နောဲ(နောက်) ပါဠိအဋ္ဌကထာ ဋီကာအနုဗဟုသုတ ဗလသတ္တိ စွမ်းအားရှိသော သဒ္ဒိဝိဟာရိကဇေဋ္ဌကဖြစ်တော်မူသော အရှင်ကုန္ဓဝံသမထေရ်သည် မပြတ်စည်ကာ ဆင်းသက်လာ၍ ပရိသတ်လေးပါးတို့ကို ဓမ္မာဓမ္မ မဂ်လမ်းပြသဖြင့် တရားရေစတိုက်ကျွေးဆက်ခံတော်မူသတည်း။

ထိုသို့ တိုက်ကျွေးဆက်ခံသည်အကြိုက် သာသနာတော် (၂၄၂၉) ခု ကောဇာ (၁၂၄၇)ခုနှစ်ရောဲ(ရောက်)လတ်ရကား ဓားဝယ်မြို့ သင်းကျွန်းရွာနေဟိတေသိတ လောကဓမ္မ သုတနည်းနာ ပညာကာမ ယုတ္တဝါဒီ သုဒ္ဓကာရီ သီလသိက္ခာ သမ္မာတရား လွန်တည်ကြား၍ ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့နှင့်ပြည့်စုံသော ကုဋမ္ဗိက ဥပါသကီ ဒါယကာမကြီးမယ်ဦးသည် ဂိမဘောဇဂပြု၍ သပ္ပုရိသူပနိဿယ သဒ္ဓါသီလ စသည် ငါးအင်စုံလင်ညီညွတ်ကုန်သော သားသမီးအပေါင်းတို့နှင့် ညီညွတ်တိုင်ပင်၍ သီရိအမော် ပြည်ကျော်နိဗ္ဗူ ကူးခတ်ယူမည်စိတ်ရွယ်ခြီသော သမ္မာဆန္ဒ အမြိုက်ပွင့်ထူး မဂ်ဖိုလ်ဦးကို ဆွတ်ခူးမည်ကြံ၍ စိတ်ယူသန်သော သမ္မာဆန္ဒ ဗလဝဥဿာဟ ဝါယာမရှိကြ၍ စေတီတော်ကြီး ဘုရားကြီးကို တည်ပြီးအောင်ရာ ထိုမြေချာပရဝုဏ်နှိုက် အလျားပေ (၁၀၀) အနံ ပေ (၁၀၀) မြေချိန်ကေ၃-စိတ် ၈ ဖိုင် မြေအရပ်နှိုက် ဘုရားရင်နှစ်သားတော်စစ်တမူဖြစ်တော်မူသော ရဟန်းထေရ်မွန် သီလဝံပုဂ္ဂိုလ်တို့အား မိုယ်းလေအစ ဒုက္ခအပေါင်း ဓမြပြောင်း၍ ချမ်းသောယာ ဥပုသ်ပဝါရဏာ စသောကံကြီးကံငယ်ရွက်ဆောင်ရန် ဝိသုံဂါမရွာ စားအသနားခံပြီးလျှင် ရှပ်ရှင်တော်ပွားကိုယ်စားဆင်းတု ကြီးကျယ်စွာပြုပြီးမှ တည်ထားမူ ပူဇော်ရန် ဝေဇယန်အသွင် သိမ်ပြသာဒ်ထူဆင်၍ လှူဒါအင်အမှုကို ပြုလိုသည်အကြောင်း အရှင်ကောင်းတို့ ကြည်နူးဘွယ်ရာ ဝိနည်းလာမယုတ်ဥဿာဟအားထုတ်၍ သမုတ်တော်မူပါ ခွင့်တောင်းပန်ခံလှာသော ဂဟဋ္ဌကံကို ဝန်ခံတော်မူပြီးလျှင် သိဿာနုသိဿာ သံဃပရိပရတို့အား ဥပုသ်ပဝါရဏာ စသော ကမ္မာကမ္မဖြင့် ဒုက္ကရမဖြစ်စေခြင်းငှါ သိမသမ္မုတိကံကို မူလိုရကား အလျား ၂၄ - တောင် အနံအတောင် ၂၀ အပြောရှိသော သိမပထဗျာစည်မျက်နှာ သဏ္ဌာန် ပြုသန်စီမံရာကျမ်းဂန်နှင့်အညီ ညောင်စောင်းပမာဏ စိုက်ချသတ်မှတ်ပြီးလတ်သော် ဝိနယဝိဓာန သဒ္ဒဂတိနှိုက် ဂရုပဒေသ နယပဒေသအရိုးကျလျက် ဗျတ္တိပဋိဗလရှိကုန်သော ဂိုဏ်းဆရာကြီး ဦးကုန္ဓဝံသမထေရ်တို့ အမှူးပါမောက္ခပြုကုန်သော တစ်စုံတရာ သိက္ခာသာ ဇိဝနှိုက် စောဒနာခံရခြင်းမရှိ ပကတိစင်ကြယ်ကုန်သော အတိရေက တိံသထိဝင်သယ်ာတော်တို့သည် တညောင်စောင်းတညောင်စောင်းနှိုက် စတုဝဂ်သယ်ာတည်၍ သာသနာတော် (၂၄၂၉) ခု ကောဇာ (၁၂၄၇) ခု တပေါင်းလပြည့်ကျော် ၁၀-ရက်နေ့ကစ၍ ၁၂-ရက်နေ့တိုင် အကြိမ်ပေါင်းသဖြင့် အဝိပ္ပဝါသသိမသမ္မုဟနကံကို ပြုတော်မူလတ်ပြီးရင်းတပေါင်းလပြည့်ကျော် ၁၄-ရက်နေ့ သုနက္ခတ္တ သုမင်္ဂလအခါ သိမ်အဝန်းနိမိတ်အတွင်း ဒိသာဝိဒိသာ ရှစ်မျက်နှာအရပ်တို့နှိုက် သုံးကြိမ်တိုင်တိုင် နိမိတ္တပဂ ဥဒကနိမိတ်ကိုကြားပြီးမှ နိမိတ်အတွင်း သိမ်အဝန်းအလယ်နှိုက်တကြိမ်စိုရင်သမုတ်တော်မူကုန်၍ နေတက်(၁၁)ဘွား တဖိလာ ကုလားကိုးနာရီကျော်အချိန်နှိုက် သာသနာတော်စောင့်နတ်စတုလောကပါလာ သမ္မာဒေဝနတ်တို့ကောင်းချီးတပြိုက်ကြွေးကြော်ကုန်လျှက်မဟာရတနာတန်ဆောင်အမည်ရှိသောဤသိမ်တော်ကြီးသည် ပြီးစီး အောင်မြင်ခြင်းသို့ ရောဲ(ရောက်)သတဉ်း။

ယင်းသို့ ပြီးစီးအောင်မြင်ခြင်းသို့ ရောဲ(ရောက်)သော ဓမ္မဝိနယကို အတွင်းအာပ ဂရုဂထပြု၍ မှူးတော်မူကုန်သော ထိုသို့ဘဘောရှိသော ဂိုဏ်းဆရာကြီး အရှင်ဦးကုန္ဓဝံသမထေရ်တို့သမုတ်တော်မူအပ်သောမဟာရတနာတန်ဆောင်သိမ်တော်နှိုက် နာနာဒေသ နာနာစာရင်နှလုံးတသင်းကင်းစေခြင်းငှါ ကျောက်စာမော်ကွန်းထိုးမှတ်ရသတည်း။

သက္ကရာဇ် (၁၂၄၈) ခု နှောင်းတန်ခူးလဆန်း ၄-ရက် ခရစ်ရန် သက္ကရာဇ် ၁၈၈၇-ခု မတ်လ ၂၇-ရက် ၁-နေ့ နေ့ ၂-ချက်တီးကျော် တနာရီအချိန်တွင် အင်ဖနီရာ ရုံးစာရေးကြီး မောင်ရွှေဖြိုး ကြီးကြပ်ထုလုပ်၍ပြီးသည်။

အလှူရှင်များ

ဖိုးနဲ့တာ - ဖွားဦး၊ ဦးစီဘန်၊ ဦးစီမြိုင်၊ ဦးရွှေရန်၊ ဒေါ်မန်းမြေ၊ ဒေါ်မန်းဆိုင်၊ ဒေါ်မြ။

၁၈-၀၁-၂၀၀၉ နေ့တွင် အရှင်ရက္ခိတ၊ အရှင်ဝရဉာနတို့၏ အကူအညီဖြင့် အရှင်ဉာနော ကူးယူသည်။

မူရင်းသတ်ပုံအတိုင်း ဖြစ်သည်။

ဦးဉာဏ်ဇော်

(သာမဏေကျော်၊ ဓမ္မာစရိယ

M.A



www.burmeseclassic.com

www.burmeseclassic.com

# စွမ်းထက်နောင်
# လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုများ

လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အကြောင်းအရင်းများစွာရှိပါသည်။ ကမ္ဘာကြီး၏ လေထုအတွင်းသို့ အလွန်သေးငယ်သော အမှုန်အမွှားများ၊ ဇီဝမော်လီကျူးများ၊ အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများရောက်ရှိခြင်းကြောင့် လူအများ ရောဂါများဖြစ်ပွား၍သေဆုံးရခြင်း၊ ဇီဝသက်ရှိများပျက်စီးခြင်း၊ အစားအစာ ကောက်ပဲသီးနှံများပျက်စီးခြင်း စသည့် သဘာဝအရင်းအမြစ်များပျက်စီးဆုံးရှုံးခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းများကို ဖြစ်စေပါသည်။

ကမ္ဘာ့လေထုအတွင်း၌ သဘာဝအရင်းအမြစ်ဖြစ်သော ဓာတ်ငွေ့များ ဖြစ်ပေါ်နေမှုသည် ကမ္ဘာမြေကြီးနှင့် ကမ္ဘာမြေကြီးပေါ်ရှိသတ္တဝါများ အသက်ရှင်သန်ရပ်တည်မှုကို များစွာအထောက်အပံ့ဖြစ်စေပါသည်။ သို့သော်လည်း သဘာဝလေထုကို ညစ်ညမ်းမှုကြောင့် မြေပြင်အထက် (၁၀)မှ(၆၀)ကီလိုမီတာကြားရှိ လေထုစထရဲတိုစဖီးယားအိုဇုန်းလွှာသည် ပါးလွှာပေါက်ပျက်ကုန်ခန်းပျက်စီးစေပါသည်။ ထိုသို့ အိုဇုန်းလွှာပျက်စီးမှုကြောင့် လူအများ၏ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုဖြစ်စေကြောင်း သဘာဝပတ်ဝန်းကျင်ဗေဒပညာရှင်များ သိရှိသတိပြုမိခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် (Blacksmith institute World's Worstpolluted Places) အစီရင်ခံစာအရ မြို့ပြလေ၏ အရည်အသွေးညစ်ညမ်းမှုနှင့် နေအိမ်အတွင်း လေထုညစ်ညမ်းမှုများသည် ကမ္ဘာကြီး၏ အလွန်ဆိုးဝါးသော အဆိပ်သင့်မှုပြဿနာဖြစ်ကြောင်းကို သိရှိရပါသည်။ ၂၀၀၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ၂၀၁၂ ခုနှစ်၌ ကမ္ဘာတစ်ဝန်းတွင် လေထုညစ်ညမ်းမှုကြောင့် လူပေါင်း(၇)သန်းခန့် သေဆုံးခဲ့ကြောင်း ဖော်ပြထားပါသည်။


ကမ္ဘာ့ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးခြင်းနှင့်အတူ လူသားများ၏ကျန်းမာရေး ကိုထိခိုက်စေသည့်အရာဝတ္ထုများ လေထုထဲတွင် ပါဝင်ရောက်ရှိခြင်းကို လေထုညစ်ညမ်းမှုဟု ယေဘုယျသတ်မှတ်နိုင်ပါသည်။လေထုကိုညစ်ညမ်းစေသော အရာဝတ္ထုများသည် သေးငယ်သည့် အစိုင်အခဲအမှုန်အမွှား၊ အရည်နှင့် ဓာတ်ငွေ့များအသွင်သဏ္ဌာန်(၃)မျိုးဖြင့် ပါဝင်နေတတ်ပါသည်။ လေထုညစ်ညမ်းမှုကိုဖြစ်စေသည့်အရာဝတ္ထုများ လေထဲတွင် ပါဝင်ဖြစ်ပေါ်ရခြင်းမှာ သဘာဝအလျောက်ဖြစ်ပေါ်ခြင်းနှင့်လူအများ၏ပြုမူဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်တတ်ခြင်း ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကို အဆင့် (၂) ဆင့်ခွဲခြားနိုင်ပါသည်။တိုက်ရိုက်ညစ်ညမ်းစေခြင်းနှင့် ထပ်ဆင့်သွယ်ဝိုက်၍ဖြစ်ပေါ်လာသည့်ညစ်ညမ်းစေခြင်းတို့ဖြစ်ပါသည်။ အဓိကလေထုတိုက်ရိုက်ညစ်ညမ်းမှုဖြစ်ပေါ်ရခြင်းမှာ စက်ရုံ အလုပ်ရုံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှထုတ်လုပ်မှုလုပ်ငန်းဖြစ်စဉ်အရထွက်ပေါ်တတ်သည့် လောင်စာများလောင်ကျွမ်း၍ထွက်ပေါ်လာသည့် ပြာ၊ မီးခိုးများ၊ မော်တော်ယာဉ်အင်ဂျင်မှထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၊ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိလာသည့် ဆာလာဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကြောင့်ဖြစ်၏။ ထပ်ဆင့်သွယ်ဝိုက်၍ ညစ်ညမ်းမှုသည် အဓိကတိုက်ရိုက်ဖြစ်ပေါ်သည့် ညစ်ညမ်းမှုမှ တစ်ဆင့်ဆင့်ကဲဓာတ်ပြုပြီး ဖြစ်ပေါ်လာခြင်းကိုခေါ်သည်။ ကမ္ဘာမြေကြီးအထက်မှ အိုဇုန်းလွှာပျက်စီးခြင်းသည် ဆင့်ကဲညစ်ညမ်းမှုဖြစ်ပါသည်။

အချို့လေထုညစ်ညမ်းမှုများသည် အထက်ပါတိုက်ရိုက်နှင့်ဆင့်ကဲညစ်ညမ်းမှုများ(၂)မျိုးစလုံးကို ဖြစ်ပေါ်စေပါသည်။ လူအများ၏ လုပ်ဆောင်မှုတွေကြောင့် ထွက်ပေါ်သည့်အဓိကလေထုညစ်ညမ်းမှုများကို ဖြစ်ပေါ်စေသောအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ ဆာလဖာအောက်ဆိုက် (Sulphur Oxides)**

ဆာလဖာအောက်ဆိုက်သည် အမှုန်အမွှားအသွင်သဏ္ဌာန်အဖြစ် ဖြစ်ပေါ်တတ်၏။ စက်ရုံအလုပ်ရုံများနှင့် ယာဉ်များတွင်အသုံးပြုသည့် ကျောက်မီးသွေး



www.burmeseclassic.com

နှင့်ရေနံထွက်ပစ္စည်းများလောင်ကျွမ်းရာမှထွက်ရှိသည့် မီးခိုးတွင် ကန့်ဓာတ်ပါဝင်သည်။ ထိုလောင်စာများလောင်ကျွမ်းရာမှ ဆာလဖာအောက်ဆိုက်ထွက်ပေါ်လာခြင်း ဖြစ်၏။ ဆာလဖာအောက်ဆိုက်များသည် အောက်စီဂျင်နှင့် ရေတို့ဖြင့် ပေါင်းစပ်မိရာမှ ကန့်ငရဲမီးဆာဖြူရစ်အက်စစ်ဖြစ်ပေါ်လာပြီး အက်စစ်မိုးရွာသွန်းခြင်းကို ဖြစ်ပေါ်စေပါသည်။

$SO_x + O_2 = SO_2 \quad SO_2 + H_2O = H_2SO_4$

လောင်စာများကို စွမ်းအင်အဖြစ် အသုံးချရာမှ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု ဖြစ်၏။

**၂။ နိုက်ထရိုဂျင်အောက်ဆိုက် ($NO_x$)**

အမှုန်အမွှားများအဖြစ် မြင့်သောအပူချိန်တွင် နိုက်ထရိုဂျင်အောက်ဆိုက်သည်ဖြစ်ပေါ်တတ်၏။ မိုးတိမ်တောင်များတွင် လျှပ်စစ်ဓာတ်ဖြစ်ပေါ်မှု၊ တွန်းကန်ပြိုကွဲမှုများကြောင့် လျှပ်စီး၊ မိုးကြိုးများဖြစ်ပေါ်သည့်အခါ ထွက်ပေါ်လာသည့် လေထုညစ်ညမ်းမှုကို အများဆုံးဖြစ်စေသော အဆိပ်ဓာတ်ငွေ့ ဖြစ်၏။ နီညိုရောင်အဆိပ်ဓာတ်ငွေ့ဖြစ်ပြီး ခါးသောအရသာရှိ၏။

**၃။ ကာဗွန်မိုနောက်ဆိုက် (CO)**

အရောင်၊ အနံ့၊ အရသာမရှိသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့နေရာယူပါက အောက်စီဂျင်ဓာတ်ငွေ့ကို ဆုံးရှုံးစေပြီး အသက်ရှူမရသောဓာတ်ငွေ့ဖြစ်၏။ ထိုဓာတ်ငွေ့သည် ကောင်းမွန်စွာလောင်ကျွမ်းခြင်းမရှိသည့် သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ထင်းမှထွက်ရှိသည့်ဓာတ်ငွေ့၊ ယာဉ်များမှထွက်သောအိပ်ဇောမီးခိုးငွေ့များဖြစ်၏။ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ ရှူရှိုက်ရပါက အသက်ရှူမရတော့ဘဲ သေဆုံးနိုင်ပါသည်။

**၄။ အငွေ့ပျံအော်ဂဲနစ်ဓာတ်ပေါင်းများ (Volatic Organic Compounds)**

အထက်ပါဓာတ်ငွေ့များသည် ပြင်ပလေထုတွင်ပါဝင်၍ လေထုညစ်ညမ်းမှုဖြစ်စေသည်။ ဥပမာ မီသိမ်းဓာတ်ငွေ့ဖြစ်၏။ ၎င်းသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဖြစ်ပြီး ကမ္ဘာကြီးကို ပူနွေးစေ၏။ အခြားဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့များလည်း ဖန်လုံအိမ်အာနိသင်ဖြစ်၍ လေထုကို ညစ်ညမ်းစေပါသည်။ ထိုဓာတ်ငွေ့များသည် သွေးကင်ဆာများအပါအဝင် ကင်ဆာရောဂါများကို ဖြစ်စေပါသည်။

**၅။ အမှုန်အမွှားများ(Particulates)**

အလွန်သေးငယ်သောအမှုန်အမွှားများသည် အစိုင်အခဲ၊ အရည်၊ ဓာတ်ငွေ့များအသွင်သဏ္ဌာန် (၃) မျိုးအဖြစ်တွေ့ရ၍ သဘာဝအလျောက်ဖြစ်ပေါ်တတ်၏။ အမှုန်အမွှားသည် မုန်တိုင်း၊ သဲမုန်တိုင်းဖြစ်ပေါ်ခြင်း၊ သစ်တောနှင့် လယ်ကွင်း၊ မြက်ခင်းများမီးလောင်ခြင်း၊ လောင်စာဆီအများအသုံးပြုမှုစွမ်းအင်စီမံကိန်းများ၊ စက်ရုံများ၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိတတ်သည့် လေထုညစ်ညမ်းမှု၏ (၁၀) ရာခိုင်နှုန်းမှာ လူများကြောင့်ဖြစ်ကြောင်းသိရှိရပါသည်။

အမှုန်အမွှားများလေထုအတွင်းပါဝင်ရောက်ရှိခြင်းသည် လူများ၏ကျန်းမာရေးကိုထိခိုက်စေပြီး နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာရောဂါများဖြစ်ပွားနိုင်ပြီး ဖရီးရီဒီကယ်များဖြစ်ပေါ်မှု၊ သွေးလွှတ်ကြောရောဂါဖြစ်ပွားမှုများသည် အမှုန်အမွှားများနှင့် ဆက်စပ်နေသည်။ လေထဲမှ အောက်ဆီဂျင်ကို အဆုတ်မှတစ်ဆင့် နှလုံးသို့ပို့ပေးရာတွင် အောက်ဆီဂျင်ရှူသွင်းခြင်းနှင့်အတူ အမှုန်အမွှားများပါဝင်သွားသဖြင့် အောက်ဆီဂျင်ပမာဏလျော့နည်းမှုကြောင့် သွေးလွှတ်ကြောရောဂါဖြစ်ပွားရပါသည်။

**၆။ အဆိပ်ဖြစ်စေသောသတ္တုများ ခဲ-ပြဒါး စသည်တို့၏ဒြပ်ပေါင်းများ (Toxic Metals)**

သတ္တုများ၊ ခဲ၊ ပြဒါး စသည်တို့၏ ဒြပ်ပေါင်းများသည် လေထုအတွင်းရောက်ရှိခြင်းမှာ စက်မှုလုပ်ငန်းများတွင်အသုံးပြုသည့်သုတ်ဆေးမှုတ်ဆေးများလုပ်ငန်းများနှင့် လေထုညစ်ညမ်းမှုများကိုဖြစ်စေသော သတ္တုလုပ်ငန်းများကြောင့် ဖြစ်ပါသည်။

**၇။ ကလိုရိုဖလိုရိုကာဗွန် အိုဇုန်းလွှာကိုပျက်စီးစေသည့်ဓာတ်ငွေ့များ (CFCS)**

ဖော်ပြပါ ဓာတ်ငွေ့များသည် လေအေးပေးစက်(AirCon)၊ ရေခဲသေတ္တာ စသည်များမှထွက်ရှိပြီး အခြားဓာတ်ငွေ့များနှင့်ပေါင်းစပ်၍ အိုဇုန်းလွှာကိုပျက်စီးစေပါသည်။ အိုဇုန်းလွှာပျက်စီးခြင်းသည် နေမှ ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာပေါ်သို့ တိုက်ရိုက်ကျရောက်စေသဖြင့် အရေပြားကင်ဆာ၊ မျက်စိရောဂါများ ဖြစ်ပွားနိုင်ပြီး အပင်များကိုပါ ပျက်စီးစေပါသည်။

**၉။ အမိုးနီးယား Ammonia ($NH_3$)**

စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိပါသည်။ ဓာတ်ငွေ့အသွင်သဏ္ဌာန်ရှိပြီး အနံ့အသက် (Pungent) ရှိပါသည်။ ဓာတ်မြေဩဇာအဖြစ်နှင့်ဆေးဝါးလုပ်ငန်းများတွင် အသုံးပြုပြီး အန္တရာယ်ရှိ၏။ အမိုးနီးယားသည် နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်၊ ဆာလဖာတို့ဖြင့်ဓာတ်ပြုနိုင်၏။

**၁၀။ အနံ့ဆိုးများ**

မိလ္လာအညစ်အကြေးများ၊ စက်ရုံအလုပ်ရုံများမှထွက်သောအညစ်အကြေးများ၊ အမှိုက်သရိုက်အညစ်အကြေး(Garbage) မှထွက်သော အနံ့ဆိုးများသည် လေထုအတွင်းရောက်ရှိပြီး လေထုညစ်ညမ်းစေပါသည်။

**၁၁။ ရေဒီယိုသတ္တိကြွပစ္စည်းများ (Radioactive Pollutants)**

နျူကလီးယားစမ်းသပ်ဖောက်ခွဲမှု၊ နျူကလီးယားဓာတ်ပေါင်းဖိုမှယိုထွက်ခြင်း၊ စစ်လက်နက်ပစ္စည်းများအသုံးပြုမှု၊ ဓာတ်ရောင်ခြည်သင့်မှုများကြောင့် ရေဒီယိုသတ္တိကြွပစ္စည်းများ လေထုအတွင်းဖြစ်ပေါ်စေပါသည်။ သဘာဝအလျောက်လည်း ဖြစ်ပေါ်တတ်သည့် ရောင်ခြည်သင့်မှုများဖြစ်ပါသည်။ ထို့အပြင် အဆိပ်ဓာတ်ငွေ့၊ ပိုးမွှား၊ ဓာတုလက်နက်များထုတ်လုပ်မှုကြောင့်လည်း လေထုညစ်ညမ်းစေပါသည်။

**ထပ်ဆင့်ညစ်ညမ်းမှုများ (Secondary Pollutants)**

ထပ်ဆင့်ညစ်ညမ်းမှုများ (Secondary Pollutants) တိုက်ရိုက်ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်သည့် ဓာတ်ငွေ့များ၊ ဒြပ်ပေါင်းများ၊ ဓာတုပစ္စည်းများ၏ မြူမီးခိုးများမှတစ်ဆင့်ဖြစ်ပေါ်ခြင်းဖြစ်သည်။ မြူမီးခိုးများသည် လေထုညစ်ညမ်းမှုကို ဖြစ်စေပါသည်။ မီးသွေးများများစွာလောင်ကျွမ်းသည့်ဒေသများတွင် မီးခိုးနှင့် ရေများပေါင်းစပ်ပြီး ဆာလဖာဒိုင်အောက်ဆိုက်ကို ဖြစ်ပေါ်စေပါသည်။ မြူမီးခိုးများသည် မီးသွေးများ၊ ထင်းများလောင်ကျွမ်းခြင်းများသာမက ယာဉ်များ၊ စက်ရုံအလုပ်ရုံများမှထွက်ရှိပြီး လေထုညစ်ညမ်းစေပါသည်။ နေမှ ခရမ်းလွန်ရောင်ခြည်နှင့်ပေါင်းစပ်ပြီး ထပ်ဆင့်ညစ်ညမ်းမှုဖြစ်စေပါသည်။ မြူမီးခိုးများသည် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုများ



www.burmeseclassic.com

www.burmeseclassic.com

အဓိကနှင့် သွယ်ဝိုက်ထပ်ဆင့်မှုများနှစ်မျိုးစလုံးကိုဖြစ်စေပါသည်။


**ကမ္ဘာ့မြေကြီး၏ အိုဇုန်းလွှာ (Ground Level Ozone)**

ကမ္ဘာမြေကြီး၏အိုဇုန်းလွှာသည် နိုက်ထရိုဂျင်အောက်ဆိုက် $NO_x$ အသွင်သဏ္ဌာန်ဖြင့်ဖွဲ့စည်းဖြစ်ပေါ်မှုသည် လေထု၏အဓိကပြောင်းလဲမှု ဖြစ်၏။ ဓာတုပစ္စည်းများဓာတ်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့လေထုလွှာသည် နေ့ရောညပါ ပြောင်းလဲနေကြ၍ သဘာဝမဟုတ်သည့် လူများ၏ ဖန်တီးလုပ်ဆောင်မှုကြောင့် လေထုညစ်ညမ်းစေသည့်အရာဝတ္ထုများသည် လေထုထဲတွင်ပါဝင်မြင့်တက်လျက်ရှိနေကြ၏။လောင်စာများစွာလောင်ကျွမ်းမှုများကြောင့် မီးခိုးမြူများဖြစ်ပေါ်လာကြ၏။

နိုက်ထရိုဂျင်ဖွဲ့စည်းမှုဖြစ်စဉ်အရ (Peroxyacelyl nitrate)အောက်ဇီနစ်ဓာတ်ပေါင်းများသည် ဓာတုပစ္စည်းများနှင့်ဇီဝပစ္စည်းများထွက်ပေါ်မှုကြောင့် သဘာဝပတ်ဝန်းကျင်အတွင်းသို့ ရောက်ရှိတတ်ပါသည်။

လေထုညစ်ညမ်းမှုဖြစ်ရခြင်းအကြောင်းအရင်း (၂) ခုရှိပြီး သဘာဝကြောင့်ဖြစ်ပေါ်မှုနှင့် လူများလုပ်ဆောင်မှုများ ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုဖြစ်ပေါ်ရခြင်းမှာ နေရာဒေသနှင့်လူများ၏ပြုမူလုပ်ဆောင်ချက်များအပေါ်တွင်မူတည်ပါသည်။

လူများလုပ်ဆောင်ချက်များ Anthropogenic (Man-Made) Sources လောင်စာအမျိုးမျိုးလောင်ကျွမ်းမှုအပေါ်မူတည်၍ ထွက်ရှိပါသည်။ မီးခိုးထွက်စေသည့်အပင်များလောင်ကျွမ်းမှုများ၊ စက်ရုံများမှ ထုတ်လုပ်မှုကြောင့်ဖြစ်ပေါ်ခြင်း၊ အမှိုက်များမီးရှို့ခြင်း၊ မီးဖိုကြီးများလောင်စာများကိုအသုံးပြု၍ အပူပေးခြင်းလုပ်ငန်းများ၊ မတိုးတက်မဖွံ့ဖြိုးသေးသည့်ဆင်းရဲသည့်နိုင်ငံများတွင် ရိုးရာတောင်ယာမီးရှို့သည့်လုပ်ငန်း၊ ထင်း၊ မီးသွေး၊ သစ်တောများမှ ထွက်ရှိသည့်ကောက်ရိုးမြက်ခြောက်နှင့်တိရစ္ဆာန်မစင်များကို အသုံးပြုမှုများအပြင် မော်တော်ယာဉ်များမှထွက်ရှိ၊ သင်္ဘောနှင့် လေယာဉ်ပျံများမှထွက်ရှိခြင်း၊ အမှုန်အမွှားစသည့်ဓာတုပစ္စည်းများကြောင့် လေထုညစ်ညမ်းရပါသည်။ တောမီးနှင့်စိုက်ပျိုးရေးလုပ်ငန်းများမှ မီးရှို့ခြင်းနှင့် အမှုန်အမွှားလွင့်ပျံ့ခြင်းကိုထိန်းချုပ်ရန် တောတောင်



များပျက်စီးမှုမရှိစေရန် ထိန်းသိမ်းခြင်း၊ အသစ်စိုက်ပျိုးခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထိန်းချုပ်ရေးအတွက် သဘာဝအလျောက်တောမီးလောင်ကျွမ်းမှုမရှိစေရန် ပြုပြင်ဆောင်ရွက်ခြင်း၊ လောင်ကျွမ်းခဲ့သည့်နေရာများတွင် အစားထိုးစိုက်ပျိုးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးရပါမည်။

**အခိုးအငွေ့များ (Fume)**

သတ္တုဆေးမှုတ်ခြင်း၊ သုတ်ခြင်းလုပ်ငန်းများမှအခိုးအငွေ့များ၊ အလှကုန်ပစ္စည်းစပရေးဖျန်းဆေးများ၊ အရောင်တင်ဆီများနှင့် ပိုးသတ်ဆေးအရည်အငွေ့များ၊ အခြားအရည်များမှအငွေ့များထွက်ပေါ်တတ်ပါသည်။ စွန့်ပစ်ပစ္စည်းများစုပုံနေမှုကြောင့်လည်း မီးသိမ်းဓာတ်ငွေ့များ ဖြစ်ပေါ်တတ်ပါသည်။ မီးသိမ်းဓာတ်ငွေ့များသည် မီးလောင်နိုင်သည့်လေနှင့်ပေါင်းစပ်ပြီး ပေါက်ကွဲမှုကိုဖြစ်ပေါ်စေနိုင်ပါသည်။ အလုပ်တိုက်အခန်းများအတွင်း၌ အောက်ဆီဂျင်ကိုဖယ်ရှားနေရာယူတတ်၍ လေထဲရှိ အောက်ဆီဂျင်ပမာဏကို (၁၉.၅)ရာခိုင်နှုန်းအောက်အထိလျော့ချပစ်နိုင်ပါသည်။ လေထုအတွင်း အောက်ဆီဂျင်ပုံမှန်ပါဝင်မှုမှာ (၂၀.၈) ရာခိုင်နှုန်းရှိပါသည်။

**သဘာဝကြောင့်ဖြစ်ပေါ်မှု**

စိုက်ပျိုးမှုမရှိသည့်မြေများမှဖုန်မှုန့်သဲမှုန်များဖြစ်ပေါ်မှုနှင့်မီးသိမ်းဓာတ်ငွေ့၊ တိရစ္ဆာန်မစင်များမှ ထွက်ပေါ်လာမှု ရေဒီယိုသတ္တိကြွမှုကြောင့် ဓာတ်ငွေ့များဖြစ်ပေါ်မှုကြောင့် ကမ္ဘာ့မြေကြီးလေထုမျက်နှာပြင်ပျက်စီးစေပါသည်။ ကမ္ဘာမြေကြီးလေထုမျက်နှာပြင်ပျက်စီးခြင်းများသည် လူသားများကျန်းမာရေးကိုထိခိုက်စေပါသည်။ ဓာတ်ငွေ့များသည် သဘာဝအလျောက်လည်းဖြစ်ပေါ်တတ်ပါသည်။ အဆောက်အအုံများထူထပ်ခြင်း၊ လေဝင်လေထွက်နှင့်အလင်းရောင်မလုံလောက်မှု အထူးသဖြင့် မြေညီထပ်တွင်နေထိုင်သည့်လူများသည် ဆေးလိပ်အငွေ့များ၊ မီးခိုးငွေ့၊ ဓာတ်ငွေ့များတို့ကြောင့် အဆုတ်ရောဂါဖြစ်ပွားရသည်။

သစ်တောများမီးလောင်ကျွမ်းမှုကြောင့် ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့နှင့်မီးခိုးငွေ့များဖြစ်ပေါ်ခြင်း၊ ဟင်းသီးဟင်းရွက်တောင်ယာစိုက်ပျိုးရန် တောင်ယာမီးရှို့ခြင်းကြောင့် ဓာတ်ငွေ့များနှင့် မီးခိုးငွေ့များထွက်ရှိခြင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ကန့်ဓာတ်၊ ကလိုရင်းပြာများလွင့်ပျံ့မှု မီးခိုးများ၊ စက်ရုံ အလုပ်ရုံများမှထွက်ရှိခြင်းနှင့် လူဦးရေထူထပ်ခြင်းစသည်များသည် လေထုကိုညစ်ညမ်းစေသည့်အကြောင်းရင်းများ ဖြစ်ပါသည်။

**လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှုများ**

လေထုညစ်ညမ်းမှုကြောင့် လူအများ၏ကျန်းမာရေးအခြေအနေများကိုထိခိုက်မှုမှာ အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေပြင်ခြင်း၊ ချောင်းဆိုးပန်းနာဖြစ်ပွားခြင်း၊ အဆုတ်ကင်ဆာရောဂါများဖြစ်နိုင်ပါသည်။

ရောဂါလက္ခဏာများမှာ အသက်ရှူရှိုက်ရခက်ခဲခြင်း၊ လေရှူရှိုက်ရစဉ်အသံမြည်အောင်ရှူရှိုက်ရခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်ပါသည်။ လေ၏အရည်အသွေးညံ့ဖျင်းမှုကြောင့် အထက်ပါရောဂါများဖြစ်၍ သေဆုံးမှုများဖြစ်ပေါ်လျက်ရှိပါသည်။ အများအားဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ရခြင်းမှာ အမှုန်အမွှားများ၊ အိုဇုန်းဓာတ်ငွေ့၊ နိုက်ထရိုဂျင်အောက်ဆိုက်နှင့်ဆာလဖာဒိုက်အောက်ဆိုက်ဓာတ်ငွေ့များ ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်စနိုင်ငံများ၏ အသက်(၅)နှစ်အောက်ကလေးများလေထုညစ်ညမ်းမှုကြောင့်သေဆုံးရခြင်းမှာ အိမ်တွင်းလေထုပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပါသည်။

၂၀၀၃၊ ဒီဇင်ဘာလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက တရုတ်ပြည်တွင် နှစ်စဉ်လူပေါင်း (၅) သိန်းခန့်သေဆုံးခဲ့ရကြောင်း ထုတ်ပြန်ထားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။လေထုညစ်ညမ်းမှုကြောင့်(၇)သန်းကျော်လူများသည် သက်တမ်းမစေ့မီ သေဆုံးချိန်မတိုင်မီ စောစီးစွာသေဆုံးခဲ့ကြရကြောင်း တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် အများဆုံးဖြစ်၏။

ထိုရောဂါများကြောင့် ဆေးဝါးကုသမှုမြင့်လာခြင်း၊ ဆေးရုံဆေးခန်းများတွင် လူအများများပြားလာခြင်း၊ အသေစောခြင်း၊ အရွယ်မတိုင်မီသေဆုံးခြင်းဖြစ်ပေါ်နေပါသည်။ လေထုညစ်ညမ်းမှုကြောင့် မသန့်ရှင်းသောလေများသည် ခန္ဓာ[illegible]၏ အဓိကဖြစ်သည့် အသက်ရှူလမ်းကြောင်းစနစ်နှင့် နှလုံးသွေးကြောများနှင့်ဆိုင်သောစနစ်တို့ကို ထိခိုက်စေခြင်းဖြစ်ပါသည်။

လေထုညစ်ညမ်းမှုများသည် ဓာတုအမျိုးအစား၊ ပါဝင်မှုအနည်းအများပြင်းထန်မှုအချိန်ကြာမြင့်မှုပေါ် မူတည်၏။ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလတွင် WHO ကျန်းမာရေးအဖွဲ့အစည်းမှ ထုတ်ပြန်ထားသည်မှာ လူများသေဆုံးရမှုများသည် အဆုတ်ရောင်ရမ်းနာဖြစ်ပြီး မော်တော်ယာဉ်များမှထွက်သောဓာတ်ငွေ့များကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ လေထုညစ်ညမ်းမှုသည် လူအများ၏သက်တမ်းကိုတိုစေပြီး ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးလေဖောပ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာရောဂါ၊ အဆုတ်ရောဂါများဖြင့် သေဆုံးရကြောင်း သုတေသနပြုမှုအရ သိရှိရပါသည်။

အမေရိကန်နိုင်ငံသည် ဒီဇယ်အင်ဂျင်၏မီးခိုးထွက်မှုကို ပပျောက်စေရန် စက်မှုလုပ်ငန်းဆိုင်ရာအတတ်ပညာများနှင့် ပြုပြင်ပြောင်းလဲရုံဖြင့် စောစီးစွာသေဆုံးရသူအရေအတွက် (၁၂၀၀၀)၊ နှလုံးလေဖောပ်ခြင်း (၁၅၀၀၀)၊ ပန်းနာရင်ကျပ်ရောဂါသည် (၆၀၀၀)၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည်များ (၈၉၀၀) လျော့နည်းသွားကြောင်းဖော်ပြထားပါသည်။ အိုဇုန်းလွှာပျက်စီးခြင်းလျော့နည်းသွားမှုကြောင့် လူပေါင်း (၅၁၀၀) စောစီးစွာ သေဆုံးခြင်းမှကင်းဝေးခဲ့ကြောင်း ဆိုပါသည်။ လူပေါင်း (၂၆၀၀၀) ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားခြင်းနှင့် လူပေါင်းတစ်သန်းခန့် လေထုညစ်ညမ်းမှုကြောင့် ရောဂါရပြီး သေချိန်မတိုင်မီ (၁၄) နှစ်ခန့် စောစီးစွာသေဆုံးခဲ့ရခြင်းသည် ဒီဇယ်ဓာတ်ငွေ့မီးခိုးများကြောင့်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

၂၀၀၇ ခုနှစ်လေ့လာချက်အရ လေထုညစ်ညမ်းမှုကြောင့် • စောစီးစွာသေဆုံးရမှုသည် (၁၂) ရာခိုင်နှုန်းမှ (၁၄) ရာနှုန်းအထိ တိုးမြင့်ခဲ့ကြောင်းနှင့် ဆေးလိပ်သောက်ခြင်း၊ မီးခိုးငွေ့များရှူရှိုက်ရခြင်းကြောင့် လူဦးရေထူထပ်သောနေရာများတွင် နေထိုင်ရသည့် လူများသည် ရောဂါပိုမိုရရှိစေကြောင်းသိရှိရပါသည်။

လေထုညစ်ညမ်းသောမော်တော်ယာဉ်များထူထပ်သည့်နေရာတွင်နေထိုင်ရသူများနှင့် ညစ်ညမ်းသည့်လေကိုအချိန်ကြာမြင့်စွာရှူရှိုက်နေရခြင်းကြောင့် အဆုတ်ကင်ဆာရောဂါသည်(၁၅)ရာခိုင်နှုန်းမှ (၂၀) ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်းသိရှိရပါသည်။ ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုကြောင့် ကလေးငယ်များကိုပါ ထိခိုက်စေပါသည်။ ကလေးငယ်များအတွက် ညစ်ညမ်းစေသောအရာများမှာ အိုဇုန်းဓာတ်ငွေ့အမှုန်အမွှားများ၊ ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ကာဗွန်မိုနောဆိုက်နှင့် ခဲများဖြစ်ပါသည်။ စက်ရုံအလုပ်ရုံများမှစက်မှုလုပ်ငန်းသုံးအရည်များယိုစိမ့်မှုကြောင့် လူပေါင်း (၂၅၀၀၀) သေဆုံးခဲ့ပြီး လူပေါင်း (၆) သိန်း ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရပါသည်။

၂၀၁၄ ခုနှစ်မှာ University of Rochester Medical Center မှသုတေသနပညာရှင်များမှ လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုသည် ဦးနှောက်ကိုပျက်စီးစေကာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအားနည်းသည့်ရောဂါ (Autism) စိတ်ကစဉ့်ကလျားရောဂါ (Schizophernia) များကိုပါဖြစ်ပွားစေကြောင်းတွေ့ရှိရပါသည်။ အချိန်တိုအတွင်းမှတ်ဉာဏ်များလေ့လာမှုအရည်အသွေးများကိုပျောက်ဆုံးစေကြောင်း တွေ့ရှိရပါသည်။ ဦးနှောက်ဆဲလ်များကို ပျက်စီးစေခြင်း၊ အာရုံကြောများပျက်စီးစေခြင်းစသည့်အပြင် ကျား-မများ၏ သဘာဝအရင်းအမြစ်များ၊ ကာမဆန္ဒများကိုလည်း လျော့နည်းစေကြောင်းဆိုထားပါသည်။

**လျော့နည်းရန်ဆောင်ရွက်မှု**

ကြိုတင်ကာကွယ်မှုနည်းစနစ်မှာ အစိုးရဥပဒေများပြဋ္ဌာန်းခြင်းနှင့် စက်ရုံအလုပ်ရုံများနှင့် လူတစ်ဦးချင်းစီကလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိအစိုးရများက လေထုညစ်ညမ်းမှုကိုလေ့လာစောင့်ကြည့်တိုင်းတာခြင်း၊ သဘာဝအရင်းအမြစ်များထိခိုက်ပျက်စီးမှုများအပေါ် အလေးထား ဆန့်ကျင်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

လေထုညစ်ညမ်းမှုကို ထိန်းသိမ်းနိုင်သည့်နည်းပညာများရှိပါသည်။ သယ်ယူပို့ဆောင်ရေးတွင်အသုံးပြုသည့်ယာဉ်များကိုလျော့နည်းစေခြင်း၊ ကိုယ်ပိုင်ကားများအစား ဘတ်(စ်)ကား၊ ရထားများအသုံးပြုစေခြင်း၊ စွမ်းအင်လောင်စာများကို မီးခိုးမထွက်ရန် အသုံးချခြင်း၊ လျှပ်စစ်ယာဉ်များအသုံးပြုခြင်း၊ အမှုန်အမွှားများဖယ်ရှားခြင်း၊ စုပ်ယူခြင်း၊ ထိန်းချုပ်ခြင်း၊ လေစစ်ကိရိယာများတပ်ဆင်ခြင်း၊ လေမှုတ်စက်များတပ်ဆင်ခြင်း၊ လေသန့်စက်များတပ်ဆင်ခြင်း၊ ရေဖြင့်အမှုန်အမွှားများဖယ်ရှားခြင်း၊ မီးခိုးများကိုလေထဲပျံ့လွင့်ခြင်းမရှိစေရန် ထိန်းချုပ်ခြင်း၊ ရေထဲသို့ဖြတ်သန်းစေခြင်းတို့ဖြင့် လေထုညစ်ညမ်းမှုများကိုလျှော့ချနိုင်ပါသည်။

လူသားများနှင့် သတ္တဝါများအသက်ရှင်ရပ်တည်ရေးအတွက် သန့်ရှင်းလတ်ဆတ်သည့်လေရှူရှိုက်ရန်လိုအပ်ပါသည်။ရှူရှိုက်ရသည့်လေသည် ညစ်ညမ်းသည့်လေမဖြစ်စေရပါ။လေထုညစ်ညမ်းမှုသည် လူသားများ၏ ကျန်းမာရေးကိုအလွန်ထိခိုက်စေသည့်အဓိကပြဿနာဖြစ်ပါသည်။လေထုညစ်ညမ်းမှုကိုဖြေရှင်းရမည့်ကိစ္စပြဿနာများသည် ကြီးမားကျယ်ပြန့်ပါသည်။ လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာ အကောင်းဆုံးကာကွယ်ရာရောက်ပါကြောင်း ရေးသားအပ်ပါသည်။

စွမ်းထက်နောင်

ကိုးကား

အင်တာနက်


www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ ချမ်းသာကြောင်းတရားမှန်ကိုရှာရာမှာ လမ်းမှားတွေလိုက်မိပြီး နောက်ဆုံး အပြင်ထန်းဆုံး လမ်းမှားမှာ ကျင့်စဉ်အမှားကြောင့်သေလုမတတ်ဖြစ်ခဲ့ရတဲ့ အလောင်းတော်ဟာ ကျင့်စဉ်အမှန်ကိုတွေ့သွားကြောင်းပြောမယ်

ဦးအုန်းစိန်က စကားဝိုင်းစလျှင်စချင်း အထက်ပါအတိုင်း ပြောပါသည်။

ဦးအုန်းရွှေက -

"အဲဒါကို နောက်မှနာပါရစေ၊ အရင်ဆုံးစပြောခဲ့တဲ့ သဘာဝဓမ္မဆိုတာကို ပြန်ပြောပြပါဦး။ ပြောခဲ့တာကြာပြီဖြစ်လို့ ငါမေ့သွားပြီ"

ဦးအုန်းစိန် -

"အေး- ဒီအရွယ်တွေက ဒီလိုပဲ။ ငယ်စဉ်ကအကြောင်းကို ပြန်သတိရနိုင်ပေမယ့် မနေ့ကအကြောင်းကိုတော့မေ့သွားတတ်တယ်။ ငါပြန်ပြောပြမယ်။ ဒါပေမယ့် အရင်ပြောခဲ့တာနဲ့ တစ်ထပ်တည်းကျမှာတော့ မဟုတ်တော့ဘူး။ သဘောကတော့ အတူတူပဲ"

"အေး - ဘယ်လိုပဲဖြစ်ဖြစ်ပြောပါကွာ"

"သဘာဝဓမ္မ ဆိုတာ သတ္တဝါမဟုတ်ဘူး။ ပြုလုပ်ဖန်တီးထားတာမဟုတ်ဘူး။ သူ့သဘောသူဆောင်ပြီးဖြစ်တည်နေတာကို ပြောတာ။ သက်ရှိသက်မဲ့အားလုံးပါတာပေါ့။ အမည်နာမတွေကို အမျိုးမျိုးပေးထားကြတာ ရေတွက်လို့မကုန်ဘူး။ ဒါပေမယ့် အားလုံးခြုံလိုက်နှစ်မျိုးပဲရှိတယ်။ အဲဒါက ရုပ်နဲ့နာမ်ပဲ။ ရုပ်ဆိုတာ အစိုင်အခဲသဘော၊ ထိလို့ရတယ် မသိဘူး။ နာမ်ဆိုတာ သိချင်းသဘော၊ မထိဘူး။ နာမ်ကို စိတ်နဲ့ စေတသိက်ဆိုပြီး နှစ်မျိုးခွဲတယ်။ ဒီတော့ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်ဆိုပြီး သုံးမျိုးရတယ်။ အဲဒါက လောကမှာဖြစ်နေတဲ့ အဖြစ်တရား။ သဘာဝအတိုင်းဖြစ်တာမှန်သမျှ အကုန်ပျက်ကြတာချည်းပဲ။ အဲဒီလောကနယ်ပယ်က လွတ်မြောက်ပြီးရှိနေတဲ့ မပျက်တရားက နိဗ္ဗာန်ပဲ။ အဲဒီတော့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုပြီး အားလုံးပေါင်းလေးမျိုးရတယ်။ အဲ့တာကို ပရမတ္ထတရား (၄) ပါးလို့ခေါ်တယ်။ မဖောက်ပြန်တဲ့တရားတွေဖြစ်လို့ ပရမတ်လို့ခေါ်တာ။ နာမည်အမျိုးမျိုးပေးထားတာတွေဟာ ဖောက်ပြန်ပြောင်းလဲတတ်လို့ ပညတ်လို့ ခေါ်တာ။ အဲဒီပရမတ်နဲ့ ပညတ်အကြောင်းကို ငါအကျယ်တဝင့်ရှင်းခဲ့ပြီးပြီ"

ဦးအုန်းရွှေ-

"အေး - အဲဒါကိုတော့ သတိရတယ် ပြန်မပြောနဲ့တော့။ စောစောက ပြောခဲ့တဲ့ အလောင်းတော် လမ်းမှန်တွေ့တဲ့အကြောင်းကို ဆက်ပြောပါ"

"အလောင်းတော်ဟာ ပြင်းထန်တဲ့၊ ကိုယ်ကိုညှဉ်းပန်းနှိပ်စက်တဲ့အကျင့်ကြောင့်လဲသွားတော့ ပဉ္စဝဂ္ဂီငါးဦးတို့ဟာ အလောင်းတော်ဟာ ဘုရားမဖြစ်နိုင်တော့ဘူးလို့ ဆုံးဖြတ်ပြီး အလောင်းတော်ကိုစွန့်ပြီး မိဂဒါဝုန်တောဘက်ကို ထွက်သွားခဲ့ကြတယ်။

အဲဒီမှာ အလောင်းတော်ဟာ ပြန်ဆင်ခြင်တယ်။ 'ဒီအကျင့်ဟာ မှန်တဲ့အကျင့်မဟုတ်ဘူးလို့' စဉ်းစားမိတယ်"

"ပဉ္စသိခဆိုတဲ့ , နတ်သားက လျှော့လွန်း၊ တင်းလွန်း၊ မလျှော့မတင်းဆိုတဲ့ စောင်းကြိုးသုံးချောင်းကို တီးပြပြီး အကြံပေးလို့ အမှန်ကိုသိသွားတယ်လို့ ဆိုတာဟုတ်သလား"

"ငါ့ဆရာတွေက အဲဒါကိုလက်မခံကြဘူး။ အရပ်စကားလို့ ယူဆကြတယ်။ ဒုက္ကရစရိယာကျင့်ရတာ ဘုရားအလောင်းတကာတို့ရဲ့နိယာမပဲလို့ဆိုတယ်။ တစ်ဖက်က ကာမဂုဏ်ချမ်းသာကို အစွမ်းကုန်ခံစားခဲ့ရပြီးပြီဆိုရင် တစ်ဖက်က ကိုယ်ကိုညှဉ်းပန်းနှိပ်စက်တဲ့အကျင့်လည်းကျင့်ရ



# ချောင်းဆုံအုန်းသွင်

## သဘာဝဓမ္မ

## မလျှော့မတင်း စောင်းကြိုးညှင်းသို့

မှာပေါ့။ ဒါမှ အစွန်းနှစ်ဖက်ကို ကိုယ်တိုင်တွေ့ရှိတော့မှာပေါ့။ ဒါမှမဟုတ်ရင် သူတစ်ပါးအပြော နဲ့ သိတာဖြစ်မှာပေါ့။ မြတ်စွာဘုရားက 'ငါဟောတဲ့တရားတွေဟာ ကိုယ်တိုင်သိရှိပြီးမှ ဟောတာ။ ပြောသံနဲ့ဟောတာ မဟုတ်ဘူး' လို့ မိန့်ကြားတော်မူတယ်။သဘာဝတရားအစစ်အမှန်ကို အားလုံးကိုယ်တိုင်သိရှိလို့ သဗ္ဗညုတဉာဏ်လို့ ခေါ်တာ။ အဲဒီတော့ အလယ်အလတ်လမ်းစဉ်ဆိုတာ နတ်သားက ကြိုးသုံးချောင်းစောင်းတီးပြပြီးတော့ မလျှော့မတင်း စောင်းကြိုးညှင်းသို့ဆိုပြီး သတိပေးလို့သိရတာမဟုတ်ဘူး။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ဝါ့ိုင်ဆင်ခြင်သုံးသပ်ပြီး ကိုယ်ကိုညှဉ်းဆဲတာ ကိုယ့်အားဆုတ်ယုတ်တယ်။ ကိုယ်အားဆုတ်ယုတ်ရင် ဉာဏ်အားပါဆုတ်ယုတ်ပြီး တရားထူးတရားမြတ်ကိုရမှာ မဟုတ်ဘူးလို့ စဉ်းစားမိတယ်။ တစ်ဆက်တည်း ငယ်စဉ်က အာနာပါနကမ္မဋ္ဌာန်းနဲ့ ပထမစျာန်ရဖူးတာကို ပြန်သတိရတယ်။

အလောင်းတော် လသားလောက်မှာ ခမည်းတော်က လယ်ထွန်မင်္ဂလာသွားတော့ သူ့ကိုပါခေါ်သွားတယ်။ သူ့ကို သပြေပင်အောင်မှာ သိပ်ထားပြီး မေ့ထားတယ်။ နေမွန်းလွဲမှ သတိရပြီးလာကြည့်တော့ သပြေပင်ရိပ်က မပြောင်းတဲ့အပြင် အလောင်းတော်ကလည်း ကောင်းကင်ထက်မှာ တင်ပလ္လင်ခွေထိုင်နေတာကို မြင်တော့ ခမည်းတော်က သူ့ကို ဒုတိယအကြိမ်အဖြစ် ရှိခိုးတယ်။ အဲဒါကို အလောင်းတော်က ပြန်သတိရတယ်"

"ပထမအကြိမ်က ဘယ်တုံးကလဲ"

"အလောင်းတော် ရက်သားလောက်အရမှာပဲ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကိုးကွယ်တဲ့ ကာလဒေဝီလဆိုတဲ့ ဘရသေ့ဟာ အလောင်းတော်ရဲ့သတင်းကိုကြားတော့ နန်းတော်ကိုကြွလာတယ်။ ဒီတော့ မင်းကြီးက အလောင်းတော်ကို လက်အုပ်ချီပြီး ရသေ့ကို ရှိခိုးစေတယ်။ အဲဒီမှာ အလောင်းတော်ဟာ ရုတ်တရက် ရသေ့ရဲ့ဦးခေါင်းပေါ် ကိုပျံတက်ပြီး ခြေစုံရပ်နေလိုက်တယ်။ အဲဒီမှာ ရသေ့ရော မင်းကြီးပါ လက်အုပ်ချီမိုးပြီး ရှိခိုးကြတယ်။ အဲဒါ ပထမအကြိမ်ပဲ။

လူသားတွေရဲ့ဘဝမှာ ဉာဏ်ရည်ဉာဏ်သွေးအလိုက် ရှစ်မျိုးခွဲထားတယ်။ လူစဉ်မမီတဲ့ဒုက္ခိတကို မထည့်တော့ဘူး။ အဲဒီဉာဏ်ရည်ဉာဏ်သွေးဆိုတာ ကံအလျောက်ရလာတဲ့ ပဋိသန္ဓေပါ 'စိတ်' ပဲ။ အဲဒီစိတ်ကို 'မဟာဝိပါက်စိတ်' လို့ခေါ်တယ်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုအလိုက် အဆင့် (၁) ကနေ (၈) အထိ ခွဲထားတယ်။ ထိပ်ဆုံးဆိုတဲ့အဆင့် (၁)နဲ့ ဘုရားအလောင်းများ ပဋိသန္ဓေယူတယ်။ အဲဒီ (၁) မှာ ရှင်သာရိပုတ္တရာတို့လည်း ပါမှာပေါ့။ ဒါပေမယ့် ဘုရားအလောင်းကတော့ ထိပ်ဆုံးပဲ။

အဲဒီလို ဉာဏ်ရည်ဉာဏ်သွေးရှိတဲ့လူက သူတစ်ပါးပြောဖို့မလိုဘူး။ အလိုလိုသိတယ်။ ဒါကြောင့် အလယ်အလတ်လမ်းစဉ်ကို ကိုယ်တိုင်ဆင်ခြင်မိတာပဲ။ ကိုယ်အားပြည့်မှ ဉာဏ်အားပြည့်မယ်လို့ စဉ်းစားမိတဲ့အတိုင်း ဆွမ်းခံပြီး အင်အားပြည့်အောင်စားသောက်တယ်။ တစ်ဖက်ကလည်း အာနာပါနကမ္မဋ္ဌာန်းကိုကြိုးပမ်းအားထုတ်တယ်။ပဉ္စဝဂ္ဂီငါးဦးတို့မရှိတော့တဲ့အတွက်လည်း တစ်ကိုယ်တည်း လွတ်လပ်စွာ အားထုတ်ရတဲ့အတွက် တရားတက်လာတာပေါ့။ အဲဒီလိုနဲ့ မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လဆန်း ၁၄ ရက်နေ့ညကို ရောက်လာတယ်။ အဲဒီညမှာ အိပ်မက်ကောင်းမြင်မက်တဲ့အတွက် မနက်မိုးလင်း ကဆုန်လပြည့်နေ့မှာ 'ဒီနေ့တော့ တရားထူးတရားမြတ် ဧကန်ရတော့မှာပဲ' လို့တွေးပြီး ဥရုဝေလတောအုပ်အနီးရှိ သေနနိဂုံးအမည်ရှိရွာကြီးအနားကို ထွက်ခဲ့တယ်။

အဲဒီရွာကြီးနားမှာ ကြီးမားတဲ့ ညောင်တစ်ပင်ရှိတယ်။ အလောင်းတော်ဟာ အဲဒီညောင်ပင်ကြီးအောက်မှာထိုင်ပြီး တရားရှုမှတ်နေလိုက်တယ်။

အဲဒီရွာကြီးမှာ သုဇာတာအမည်ရှိတဲ့သူဌေးသမီးရှိတယ်။ သုဇာတာဟာ အရွယ်ရောက်လာတော့ တစ်ခုသောကဆုန်လပြည့်နေ့မှာ ဒီညောင်ပင်ကြီးဆီလာပြီး နို့ထမင်းနဲ့ ညောင်ရုက္ခစိုးကို ပ,သတယ်။ ပြီးတော့ 'အရှင်ရုက္ခစိုးမင်းကြီး၊ ကျွန်မဟာ အခါသင့်တဲ့အချိန်မှာ အမျိုးကောင်းသားနဲ့ထိမ်းမြားရပြီး သားဦးရတနာဖွားမြင်ရပါလို၏။ တောင်းတဲ့ဆုနဲ့ပြည့်စုံပါက နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း သင့်အား နို့ထမင်းနဲ့ ပ,သပါမယ်' လို့ ဆုတောင်းတယ်။ တောင်းတဲ့ဆုအတိုင်းပြည့်စုံတဲ့အတွက် သားဦးရတနာကိုဖွားမြင်ပြီးနောက် ရုက္ခစိုးမင်းကို အထူးနို့ထမင်းနဲ့ ပ,သမယ်ဆိုပြီး စီစဉ်တယ်။

စီစဉ်ပုံက -

နွားမတစ်ထောင်ကို နွယ်ချိုတောမှာလွှတ်ပြီးကျောင်းစေတယ်။ နွားမ (၅၀၀) ကို နို့ညှစ်ပြီး ကျန်တဲ့(၅၀၀)ကို တိုက်တယ်။ ကဆုန်လဆန်း ၁၄ ရက်နေ့ကို တစ်ကောင်တည်းကျန်တဲ့အနေနဲ့ (၅၀၀) ကို (၂၅၀) က (၁၂၅) ကို အစဉ်သဖြင့် တိုက်သွားတယ်။

တစ်ဖက်ကလည်း သလေးစပါးစိုက်တယ်။ စပါးကို ရေနဲ့မစိုက်ဘဲ နွားနို့နဲ့စိုက်တယ်။ ကဆုန်လဆန်း ၁၄ ရက်နေ့မှာ နို့အဆီအနှစ်တွေစုနေတဲ့ တစ်ကောင်တည်းကျန်တဲ့နွားမဆီက နို့ကိုညှစ်ယူပြီး နွားနို့နဲ့ စိုက်ထားတဲ့ သလေးဆန်နဲ့ အဲဒီညမှာ နို့ထမင်းချက်တယ်။ (ယာဂုဆွမ်း) အဲဒီမှာ နတ်သိကြားတွေကလည်းလာပြီး နတ်ဩဇာတွေထည့်ကြတယ်။ဘယ်လောက်အဆီအနှစ်တွေစုနေမလဲဆိုတာ စဉ်းစားကြည့်ပေါ့။ ဒါကြောင့် ဒါကိုစားပြီး (၄၉) ရက် အစားမစားဘဲနေနိုင်တာပေါ့။

ကဆုန်လပြည့်နေ့မနက်မှာ သုဇာတာသူဌေးသမီးဟာ ပညောင်ပင်ကို ရှင်းဖို့အတွက် အစေခံမကိုလွှတ်လိုက်တယ်။ အစေခံဟာ ပညောင်ပင်ကို ရှင်းဖို့လာတော့ ညောင်ပင်အောက်မှာ တင့်တယ်စွာထိုင်နေသတဲ့ အလောင်းတော်ကိုမြင်တော့ ဝမ်းသာအားရနဲ့ အမြန်ရှင်းပြီး အိမ်ကိုပြန်ပြေးတယ်။ အိမ်ရောက်တော့ အစေခံမက -

'အရှင့်သမီး ဒီနေ့ နို့ဆွမ်းကို အထူးချက်လုပ်ထားလို့ ရုက္ခစိုးမင်းဟာ ညောင်ပင်အောက်မှာ ကိုယ်ထင်ပြပြီး ထိုင်နေတယ်'

လို့ အားရပါးရ ပြန်ပြောတယ်။

သုဇာတာလည်း ဝမ်းသာအားရနဲ့ အမြန်အဝတ်အစားလဲပြီး နို့ဆွမ်းကို တစ်သိန်းတန်ရွှေခွက်နဲ့ထည့်ပြီး ညောင်ပင်ဆီကို အမြန်ပြေးတယ်။ အလောင်းတော်ကိုတွေ့တော့ -

'အရှင်ရုက္ခစိုးမင်း၊ ကျွန်ုပ်တောင်းတဲ့ဆုနဲ့ပြည့်အောင် ဖြည့်ဆည်းပေးတဲ့အတွက် အထူးကျေးဇူးတင်တဲ့အနေနဲ့ အထူးချက်လုပ်ထားတဲ့ နို့ထမင်း (ယာဂုဆွမ်း) ကို ရွှေခွက်နဲ့တကွပ,သပါတယ်'

ဆိုပြီး အလောင်းတော်လက်ထဲ ရွှေခွက်ကို ကပ်လှူလိုက်တယ်။

အလောင်းတော်ဟာ သုဇာတာလှူတဲ့ ယာဂုဆွမ်းကို အကုန်ဘုဉ်းပေးပြီး ရွှေခွက်ကိုယူလျက် နေရဥ္ဇရာမြစ်ကို ထွက်ခဲ့တယ်။ ရောက်တော့ 'ဘုရားဖြစ်မှာ ဧကန်မှန်ရင် ဒီရွှေခွက်ဟာ ရေဆန်မျောပြီးနစ်မြုပ်ပါစေသတည်း' လို့ ပြောပြီး အဓိဋ္ဌာန်ပြုပြီးမျှောတယ်။ ရွှေခွက်ဟာ ရေဆန်မျောပြီး နစ်မြုပ်ကာ ရှေးဘုရားသုံးဆူတို့ရဲ့ရွှေခွက်ပေါ်မှာထပ်တယ်။ ရွှေခွက်စောင့်တဲ့ ကာလနဂါးဟာ ဘုရားပွင့်မယ်ဆိုတာသိလို့ ဝမ်းသာပြီး ဂါထာတစ်ထောင်နဲ့ ဥဒါန်းကျူးတယ်။

အလောင်းတော်ဟာ နေ့ခင်းပိုင်းမှာ အဲဒီဥရုဝေလတောမှာ နေ့သန့်တော်မူပြီး ညနေပိုင်းမှာ ဂယာဘက်ကို ထွက်ခဲ့တယ်။

ဟဲ - ဒီနေ့တော့ဒီလောက်နဲ့နားဦးစို့။

ချောင်းဆုံအုန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com


မိုးတွေက အလွန်ရွာ၍ လုပ်ငန်းသိမ်းကာ တည်းခိုရန် ယာယီဆောက်ထားသော တဲတန်းလျားကြီးကိုပြန်ကြရသည်။ ယာယီတဲတန်းလျားက လမ်းမကြီးနံဘေးမှနေ၍ဆင်းကာ အတွင်းထဲသို့ဝင်ကြရသည်။ လူအယောက်(၂၀)ခန့်နေကြသော တဲတန်းလျားတွင် အဆင့်အတန်းမခွဲဘဲ တစ်ပြေးတည်းအိပ်ကြ၏။တန်းလျားလေးက ထန်းလက်မိုးထားပြီး မြေကြီးနှင့်နှစ်တောင်ခန့်အမြင့်တွင် ဝါးများခင်းကာ ထိုဝါးခင်းများပေါ်တွင် သုံးထပ်သားပြားများ ထပ်ခင်းထားသည်။ မျက်နှာချင်းဆိုင်ဆောက်ထားသော တန်းလျားကြားတွင် လူသွားလမ်းလေးလုပ်ထားပြီး တံခါးမရှိ ဟင်းလင်းပြင်ပါပဲ။ အဆင့်အတန်းမခွဲဘဲ တစ်ပြေးညီအိပ်ကြသည်ဆိုသော်လည်း မန်နေဂျာကိုတော့ တန်းလျားပေါ်ထိပ်ဆုံးဘက်တွင် ပိတ်ကန့်လန့်ကာချကာ အခန်းလေးလိုဖွဲ့ပေးထားပါသည်။

ပစ္စည်းများ၊ ဆိုင်းများကို ဝါးကြမ်းခင်းအောက် ထိုးထည့်ထားကာ ကိုယ်ဝတ်ဆင်သည့်အဝတ်အိတ်များ ခေါင်းရင်းတွင်ထားကြသည်။ သေတ္တာများကိုတော့ သံကြိုးပတ်ခတ်ထားကာ တိုင်နှင့်တွဲချည်ထားရသည်။ အလုပ်ရှိရာသွားနေကြရ၍ တစ်ခါတလေ အစောင့်ပဲကျန်ခဲ့တတ်သည်။ အကာအရံရှိသော်လည်း တံခါးမရှိ၍ မိုးရွာသည့်အခါ မိုးပက်၊ လေတိုက်သည့်အခါ လေဝင်သဖြင့် တဲတန်းလျားလေးက မိုးမလုံလေမလုံပါပေ။ ထန်းလက်မိုးမို့ မိုးရွာလျှင် မိုးကယိုသေးသည်။ မိုးလေကောင်းစင်နေချိန်တွင်ပင် လေကတဟူးဟူးတိုက်တတ်သည်။ ထိုနေရာလေးကာ တံတားဦးမြို့နှင့် ငါးမိုင်ခန့်အကွာတွင်ရှိသော နေရာလေး ဖြစ်ပေသည်။

# ဇော်မိုးသွင်(ရန်ကုန်)

# ထိုတော ထိုမြေ ကျွန်တော်တို့တစ်တွေနှင့်

တဲတန်းလျားဆောက်ထားသည့်နေရာမှ မော့ကြည့်လိုက်လျှင် တောင်ပေါ်တွင် စေတီတော်တစ်ဆူကိုဖူးတွေ့ရပေသည်။ ထိုစေတီကား ရွှေတောင်တော်စေတီ ဖြစ်ပါသည်။ ရွှေတောင်တော်စေတီကား စခန်းနှင့်ကပ်နေသည်။ ရောက်စတွင် သုံးစရာ ရေမရှိ၊ မီးမရှိ



ရွှေတောင်တော်စေတီ






ရွှေတောင်တော်ခြေရင်းမှ လွမ်းစေတီ




ဂူကြီးသုံးလုံးမှ ရှေးဟောင်းဘုရား



ဂူကြီးသုံးလုံးမှ ရှေးဟောင်းဘုရား



ဂူကြီးသုံးလုံးမှ ပြိုပျက်နေသည့် ဂူထစ်နေရာ



ဂူကြီးသုံးလုံးမှ ကျောက်စာ



www.burmeseclassic.com

www.burmeseclassic.com


ရွှေတောင်တော်သို့တက်သည့်အုတ်လှေကား


ရွှေတောင်တော်ပေါ်မှမြင်ရသည့်ပတ်ဝန်းကျင်ရှုခင်း


ဂူကြီးသုံးလုံးမှ မပြိုပျက်သေးသည့် ဂူတစ်လုံး

သော်လည်း ရွှေတောင်တော်ဆရာတော်၏ မေတ္တာစေတနာထားမှု၊ ကူညီမှုဖြင့် ရေမီးတို့ရရှိခဲ့ရသည်။ ရေကို ကန်ပေါင်ပေါ်သို့တက်မချိုးစေဘဲ တောင်အောက်သို့ ပိုက်ဖြင့်သွယ်ကာ သုံးစွဲခွင့်ကို ဆရာတော်ကပေးပါသည်။ ရေကန်ရေကို ဘုရားရှိရာတောင်တော်ပေါ်သို့ သံဃာတော်များသာသုံးရပြီး တောင်ပေါ်တွင် လူများရေချိုးခွင့်၊ သုံးစွဲခွင့်မပြုပါ။

ညနေဘက်အားသည့်အချိန်များတွင် တောင်ပေါ်သို့ ဘုရားတက်ဖူးရန် တောင်တက်လမ်းရှိရာဘက် မြေလမ်းကလေးမှ လမ်းလျှောက်သွားရသည်။ တောင်ခြေအထိ ကားနှင့်သွား၍ရသော်လည်း သိပ်မဝေး၍ ပတ်ဝန်းကျင်ကိုလည်း လေ့လာနိုင်ရန် တောင်ခြေကို လမ်းလျှောက်ကြပါသည်။

တောင်ခြေရောက်တော့ လွှမ်းစေတီကို စတင်ဖူးရသည်။ ၁၃၄၄ ခု၊ သက်တော် (၇၆) နှစ် သိက္ခာတော် (၅၆)ဝါအရတွင် ဘဝနတ်ထံပျံလွန်တော်မူသော တံတားဦးမြို့နယ် စကားအင်းရွာကျောင်းသစ်ကျောင်းဆရာတော်ဖြစ်တော်မူသော ဦးအိန္ဒက၏အရိုးအိုးစေတီတော်ကို လွှမ်းစေတီအဖြစ်တည်ထားကြလေသည်။ စေတီတော်လေးကား ညနေခင်းရှုခင်းအောက်တွင် တောင်တော်ခြေရင်း၌ တည်ရှိနေသည်။ လွှမ်းစေတီဘေးတွင် တောင်ပေါ်တက်သည့်အုတ်လှေကားကို မြင်ရသည်။လွှမ်းစေတီနှင့်အုတ်လှေကားကား ညနေဆည်းဆာအောက်တွင် လွှမ်းဖွယ်ရာပါပင်။

လွှမ်းစေတီဘေး တောင်တက်လမ်းအုတ်လှေကားကို မော့ကြည့်ကြရာ ရှေးဟောင်းလှေကားလေးအဖြစ် တွေ့ရှိရသည်။ အုတ်လှေကားလေးအတိုင်း


ဂူကြီးတစ်လုံး၏အောက်ခြေ ရှေးအုတ်များ

တောင်ပေါ်တက်လာခဲ့ကြရာ တောင်ပေါ်ရောက်တော့ စေတီတော်ကြီးကို ဖူးတွေ့ကြရသည်။ ရွှေတောင်တော်စေတီတော်တွင် သိုက်ဆက်တွေရှိသည်ဟု ဆိုကြသော်လည်း ကျွန်တော်တို့အဖွဲ့အနေနှင့်တော့ ဘာထူးခြားမှုမှမရှိပါပေ။ တောင်တော်ပေါ်သို့ ရောက်သည့်အခါ ဘုရားရင်ပြင်တော်ပေါ် တံမြက်စည်းလှည်းနေသည့် ဦးလေးကြီးတစ်ယောက်နှင့်တွေ့ကာ ဘုရားသမိုင်းကိုမေးမိသော်လည်း ကျောက်စာရှိသည်ဆို၍ သွားကြည့်ခဲ့ကြပါသည်။ ကျောက်စာကိုဖတ်ကြည့်ကြရာ နေဝင်ခါနီးဖြစ်၍ သစ်ပင်အရိပ်ကြီးများအုပ်မိုးနေသဖြင့် ကောင်းစွာဖတ်မရ။ မမြင်ရ၍ စခန်းရောက်မှ ကွန်ပျူတာ လက်တော့(ပ်)ထဲသွင်းကာ ဖတ်ကြည့်နိုင်ရန်အတွက် ကင်မရာဖြင့်ဓာတ်ပုံရိုက်ခဲ့ပါသည်။

တောင်တော်ပေါ်တက်သည့်အချိန်က နောက်ကျခဲ့ပြီး မှောင်စပျိုးမှ ကျောက်စာကို ဓာတ်ပုံရိုက်ရသဖြင့် သဲကွဲစွာဖတ်မရဘဲဖြစ်ခဲ့၏။ လက်ဒေ နှင့်ကူးခဲ့ပါကလည်း အချိန်တော်တော် ကြာအောင် ကူးယူရမည်ဖြစ်သည်။ ကျောက်စာချပ်ကား ဟိုဘက်ဒီဘက် နှစ်မျက်နှာဖြစ်သည်။ ကျောက်စာပုံမှာ ကောင်းစွာမပေါ်တော့သည်ကို ပုံများကို ကွန်ပျူတာထဲထည့်ကြည့်မှ သိရတော့သည်။ ဓာတ်ပုံပြန်မရိုက်ဖြစ်တော့ပါပေ။

သစ်ပင်အောက်တွင် ထိုင်ကာ တောင်တော်ပေါ်မှာတွေ့သည့် ဦးလေးကြီးနှင့်စကားပြောဖြစ်ကြသည်။

"ဒီနေရာက ဘေးမဲ့နယ်မြေ အရင်တုန်းကတည်းက တိရစ္ဆာန်လေးတွေကို ဘေးမဲ့ပေးထားတဲ့နေရာ။ ဖမ်းဆီးခွင့်၊ သတ်ဖြတ်ခွင့်မရှိဘူး။ တိရစ္ဆာန်လေးတွေကိုသတ်မိကြရင် ဘေးတွေ့တော့တာပဲ။ ခုခေတ်လူတွေက ကိုယ့်ရဲ့တစ်ဝမ်းဝ ဖို့အတွက် လာဖမ်းကြ သတ်ဖြတ်ပြီး ရောင်းစားကြနဲ့ ငှက်လေးတို့ဆီလည်း ယုန်လေးတွေကိုသတ်ပြီးလာလာရောင်း ကြတယ်မဟုတ်လား။ ကိုယ်သတ်တာ မဟုတ်လို့ ငရဲမကြီးဘူးဆိုပြီး ဝယ်မစား ကြနဲ့။ ဝယ်သူရှိလို့ သတ်သူရှိလာတာ အရင်ကဆို ဘယ်သူမှမဝယ်ရဲ၊ မစားရဲ ကြတော့ သတ်ရောင်းတဲ့လူလည်းမရှိဘူး ပေါ့။ ကိုယ့်ကြောင့် သူတို့လေးတွေသေ ကြရသလိုဖြစ်နေတာပေါ့။ ယုန်ဆိုတဲ့ အမျိုးက သိပ်အသည်းငယ်တာ။ ပိုက် တန်းလန်းလေးနဲ့ပဲဖမ်းဖမ်း၊ ခြောက်လှန့် ပြီးပဲဖမ်းဖမ်း လန့်ပြီးသေတတ်ကြတာ။

ပြီးတော့ ကျိန်စာတွေလည်းထား ခဲ့ကြတော့ ကျိန်စာတွေကလည်းကြောက် စရာကောင်းတယ်။ ငှက်တို့တွေ ဒီနား ဘုရားတွေကိုလိုက်ဖူးရင် ပေါ့ပေါ့ဆ မဖူးကြနဲ့။ ကျိန်စာတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ခဲ့ကြပါ။ သူတို့ကျိန်စာတွေက သူတို့လှူထားတဲ့ဘုရားတို့၊ ဘုရားပစ္စည်းတို့ကို ယူခဲ့ဖျက်ဆီးခဲ့ရင် နောင်ပွင့်မယ့်ဘုရားအဆူဆူအဆက်ဆက်ချွတ်သော်မှ မကျွတ်ပါစေနဲ့လို့ ကျိန်စာတိုက်ခဲ့ကြတာ။ ဘဝအဆက်ဆက်နဲ့ချီပြီးကိုတိုက်ခဲ့တဲ့၊ ကျိန်ခဲ့တဲ့ ကျိန်စာတွေမို့ ကြောက်စရာကောင်းတာပေါ့"

ရွှေတောင်တော်စေတီပေါ်တွင် တွေ့ရှိခဲ့ရသည့်ဦးလေးကြီးက ထိုနေရာ၌ အလုပ်လာလုပ်နေကြသော ကျွန်တော်တို့အဖွဲ့ကိုပြောပြသည်။ အလုပ်နားသည့်နေ့များတွင် အနီးအနားရှေးဟောင်းဘုရားများကို ဆိုင်ကယ်နှင့်လိုက်ဖူးနေကြဖြစ်၍ ကျိန်စာကျောက်စာများကို သေချာမဖတ်ခဲ့မိကြဘဲ ဦးလေးကြီးပြောပြမှ ရှင်းသွားခဲ့ပါသည်။

"အပေါ်သွားတာကအစ ဘုရားဘက်ကို လှည့်မသွားနဲ့နော်။ အဝတ်အစိုနဲ့လည်း တောင်တော်ပေါ်က မဆင်းရဘူးတဲ့။ တောင်တော်က နတ်ကြီးတယ်။ ဥစ္စာစောင့်သိုက်တွေလည်း ရှိတယ်။ စကားလည်းမများစေနဲ့လို့ ဆရာတော်က မှာခိုင်းထားတယ်။ လူငယ်ဆိုတော့ ပြောများဆိုများဖြစ်မှာစိုးလို့နေမှာ"

ကျွန်တော်တို့ကို ဆရာတော်က မှာသည့်စကားကို ဦးလေးကြီးက ပြန်ပြောပြသည်။ စေတီတော်ကြီး၏ တန်ဆောင်းတစ်ခုအတွင်းတွင် ယခင်ဆရာတော်ဘုရားကြီးတစ်ပါး၏ ရုပ်တုတော်နှင့် ဘုရားများကို ဖူးတွေ့ရသည်။ စေတီတော်ကိုတစ်ပတ်ပတ်ကြည့်ရာတွင် အုတ်ရေလှောင်ကန်ကြီးကို တွေ့ရှိကြရသည်။ သစ်ပင်သစ်ကိုင်းများက အုတ်ရေလှောင်ကန်ကြီးပေါ်တွင်မိုး၍အုပ်ဆိုင်းနေသည်။ ကန်အတွင်း ရေဆင်းခပ်နိုင်ရန်လုပ်ထားသော အုတ်လှေကားကိုလည်း တွေ့ရှိကြရပါ၏။ အုတ်ရေကန်ကြီးအနီး အုပ်ဆိုင်းနေသော မန်ကျည်းပင်ကြီးအောက်တွင် သိကြားနှင့် ဖြဟ္မာရုပ်တုများကို တွေ့ရှိရသည်။ မန်ကျည်းပင်ကြီးက အုပ်ကောင်းကာ အောက်သို့ ကျနေသည်။

"ဒီနေရာတွေက အစက တောင်ပူစာလေးတွေ၊တောင်ကုန်းလေးတွေပေါ့။ တောင်သမန်အင်းကိုဖြတ်ပြီး လမ်းဖောက်တဲ့အခါ မြေလိုချင်လို့ မြေဖို့ဖို့ ကော်ကြီးတွေနဲ့ တောင်လေးတွေဆီက မြေကိုတူးယူရာကနေ ကန်တို့မြေချိုင့်တို့ ဖြစ်သွားတာ အစက တကယ့်ကိုတော သစ်ပင်တွေတောင်ကုန်းတွေနဲ့။ အခုမြင်နေရတဲ့နေရာမှာ သာသနာ့အလံစိုက်ထူထားတာ တွေ့လား။ အဲဒီနေရာက မြေတွေကိုမယူဖို့ သာသနာ့နယ်မြေအဖြစ် သာသနာ့အလံစိုက်ထူထားတာ"

"သူတို့သိသမျှ အကြောင်းကိုပြောပြတော့ စေတီလေးရှိရာနေရာ တောင်ကုန်းလေးကို မျှော်ကြည့်မိသည်။ စေတီတောင်ခြေရင်းအထိ မြေများတူးထားသည်။ စေတီလေးက ကုန်းမြင့်တောင်ကမ်းပါးတွင် တည်ရှိနေသည်။

"အခုမြင်နေရတဲ့ ကမ်းပါးပေါ်က စေတီဆီကနေ ညဘက်မှာ မီးကလေးတွေဆင်းလာမြင်ကြရတယ်။ ဘတ်ဖိုးမောင်းသမားတွေကတော့ ဥစ္စာစောင့်တွေလို့ ပြောကြတာပဲ။ ဒီနေရာမှာ ညဘက်ကြီး ဘယ်က မီးကလေးငယ်ငယ်ရွှယ်ရွှယ်ကလာကြမှာလဲ။ လပြည့်ညမှာ ဘုရားရှိတဲ့ဘက် တောင်ကမ်းပါးယံကနေ ဆင်းလာကြတာမြင်ရတော့ စက်သမားတွေကလန့်ကြတာပေါ့"

ထိုကမ်းပါးအမြင့်ကြီးမှ မီးကလေးတွေ ဘယ်လိုများဆင်းလာသည် မသိ။ လန့်မည်ဆိုလန့်စရာပါပဲ။

"မီးကလေး ချောချောမြင်တာတောင် လန့်ကြတာလား။ သရဲတစ္ဆေမှ မဟုတ်တာကို"

"လန့်ကြတာပေါ့။ ဒီနေရာဘေးမှာ တောနေရာကို ကျိန်စာရှိတယ်။ လူနေလို့မရဘူး။ အစကလူတွေမနေဘူး။ အခုလုပ်ကွက်တွေရှိလို့သာ လူတွေရောက်လာပြီး ယာယီနေကြတာ။ လူတွေအမြဲနေလို့မရအောင်ကို ရေမထွက်အောင်လုပ်ထားတာ။ ရေတွင်းတူးလို့လည်းမရဘူး။ ဒီနယ်မြေမှာ အစကတည်းကရှိတဲ့ ရေတွင်းကပဲ ရေကြည်ရေသန့်ထွက်တာ။ အဲဒီရေထွက်တဲ့ ရေတွင်းနားကပ်ပြီး ရေတွင်းတူးတာတောင် အတောင်ငါးဆယ်ကျော်လည်း ရေမထွက်ဘူး။ ဘယ်လောက်နက်နက်တူးတူး ရေကို မထွက်တာတဲ့"

ရေမရှိလျှင် လူနေ၍မရ။ လူမရှိစေချင်၍ရေမထွက်စေသော်လည်း ယခုတော့ လူများရောက်ရှိလာကာ ရေသန့်ဘူးများ ဝယ်သောက်၍ လည်းကောင်း၊ ဆရာတော်ထံ တောင်းပန်၍ ရေသွယ်ခွင့် မီးသွယ်ခွင့်တောင်း၍လည်းကောင်း လုပ်ငန်းအောင်မြင်ရန် လုပ်ကိုင်ဆောင်ရွက်နေကြသည်။

ရွှေတောင်တော်ဆရာတော်ဘုရားကြီးသည် တောင်အောက်တွင် ဘာတွေဖြစ်ပျက်နေသည်ကို မသိသော်လည်း သက်ဆိုင်ရာ တောင်စောင့်နတ် တောင်တော်ရှင်များက ဆရာတော်ဘုရားကြီးထံ အိပ်မက်ပေးကြလေသည်။ တောင်လေးများကိုဖြို၍ မြေတူးမြေယူကြရာမှ ရှေးဟောင်းပစ္စည်းများ ထွက်ပေါ်လာသည်။ ထိုပစ္စည်းများမှာ ရှေးဟောင်းဘီးများ၊ ဆေးတံ၊ မြေအိုးမြေခွက်များနှင့် အခြားပစ္စည်းအတော်များများတို့ဖြစ်ရာ ထိုသို့ ရရှိထားသော ရှေးဟောင်းပစ္စည်းများကိုပြန်ပေးရန် ရွှေတောင်တော် ဆရာတော်ဘုရားထံမှတစ်ဆင့် အိပ်မက်ဖြင့် လျှောက်ထား တောင်းဆိုကြလေသည်။ ဆရာတော်မှ အိပ်မက်အရ အကျိုးအကြောင်းပြောပြကာ ပြန်ထားစေသည်ဟု သိရှိခဲ့ရပါသည်။

ထိုတောင်ကုန်းနေရာလေးများကား ယခင်က ဘုရားစေတီဟောင်းများရှိရာနေရာလေးများလည်း ဖြစ်နိုင်လေသည်။ ယခုမြင်ရသော ရှုခင်းများထဲတွင် တောင်ကုန်းလေးများပေါ်မှ စေတီအတော်များများကို ဖူးတွေ့ခဲ့ရသည်။ ယခင်က တောကြီးဖြစ်ပြီး လူသံမကြားရသော်လည်း ယခုအခါမှာ စက်ကြီးသံ၊ လူသံတွေကြားကြရ၍၊ တောင်တော်ပေါ်ကကြည့်လျှင် လမ်းမီးတွေလည်း ထိန်နေ၍ တောနှင့်မတူတော့ပါပေ။ တရားရှာသောသူများက လူနားနီးနီးနေထိုင်လိုခြင်း မရှိကြပါပေ။ တောကလည်း တောနှင့်တူမှ ကျေးငှက်သံတို့ဖြင့် သာယာမည်ဖြစ်ပြီး တရားရှာသူတို့အဖို့လည်း တိတ်ဆိတ်ငြိမ်သက်မှ အနှောင့်အယှက်ကင်း၍ သမာဓိရမည်ဖြစ်ပါသည်။ တောင်ပေါ်မှနေ၍ ညနေဆည်းဆာ ရှုခင်းကိုကြည့်ကြရင်းမှ ဆရာတော်အား ဝင်ရောက်ဖူးကြပါသည်။

စေတီတော်ကြီး၏ သမိုင်းကို သေချာမသိခဲ့ကြရပါ။

ဆရာတော်ဘုရားက -

"သီရိမင်္ဂလာသောကမင်းကြီးရဲ့စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်ထဲမှာပါတာတော့ သေချာတယ်။ နောင်ကို အနော်ရထာမင်းက ပြန်လည်ပြုပြင်တာလောက်ပဲသိတယ်"

ဟု မိန့်ကြားပါသည်။

စေတီကုန်းတော်ပေါ်မှနေ အဝေးမှ ရှုခင်းများကို အချိန်အတော်ကြာအောင်ကြည့်ခဲ့ကြပြီးမှ ရွှေတောင်တော်စေတီကုန်းတော်ပေါ်မှဆင်းခဲ့ကြရာတွင် တောင်ပေါ်လှေကားထစ်များမှ ပတ်ဝန်းကျင်ကို မျှော်ကြည့်ရာ လမ်းမီးများ ထိန်ထိန်လင်းအောင် ထွန်းထားသော



www.burmeseclassic.com

www.burmeseclassic.com

လမ်းမကြီးကို တောင်တော်ပေါ်မှ လှမ်းမြင်ကြရသည်။ မှောင်စပျိုးသောအချိန် တောင်တော်ပေါ်မှဆင်းခဲ့၍ ရှေ့ကို သိပ်မမြင်ရပါပေ။

❑

ကျွန်တော်တို့အဖွဲ့သည် မိုးသည်းသည်းထဲမှာပဲ ရေတံလျှောက်နှင့်ခံထားသော တိုင်ကီထဲမှရေကိုချိုးကြရသည်။ ထိုနေရာက ရေရှား၍ မိုးရွာလျှင် မိုးရေကိုလည်း မှုသုံးကြသည်။ မီးကြိုးများကို ဓာတ်တိုင်မှသွယ်တန်းကာ မီးရအောင်လုပ်ထား၍ ညဘက်အမှောင်ထဲမနေကြရပေ။ မိုးထဲရေချိုးနေကြစဉ် လက်မလောက်တုတ်ကာ တစ်ထွာကျော်ခန့်ရှည်လျားသော ကင်းခြေများနီနီကြီးက ရေတိုင်ကီအောက်မှ ထွက်လာကာ ရေချိုးရန်လုပ်ထားသည့်အုတ်ခုံပေါ်သို့တက်လာခဲ့သည်။ မောင်ချစ်ညိုက ကင်းခြေများကြီးကိုသတ်ဖို့ သံတုံးကိုကောက်ကိုင်လိုက်သည်။ လက်မြှောက်လိုက်စဉ်မှာပဲ အလင်းရောင်တန်းကြီးကိုမြင်ကာ လက်ထဲမှ သံတုံးလည်းလွတ်ကျသွားပြီး အတူတူရေချိုးနေသည့် ကိုသက်ဦးရော သူပါလွင့်ထွက်သွားကာ မြေပေါ်သို့လဲကျခဲ့ပါသည်။

အခန်းထဲရှိ တဲတန်းလျားထဲတွင် ဘရေကာတပ်ဆင်ထားပြီး အားသွင်းပလပ်ခုံက ခြင်ထောင်နှင့်အုပ်နေသည်။ အခန်းထဲမှ မီးခိုးလုံးကြီးတက်လာကာ ပလပ်ခုံလည်းမည်းသွားကာ ခြင်ထောင်လည်း မီးကျွမ်းသလိုမည်းကာ ပေါက်သွားပါသည်။ လူများဖြစ်သည့်နေရာနှင့်ဝေး၍ဘာမှမဖြစ်ကြပါပေ။ အပြင်မှ ရေချိုးနေသည့် နှစ်ယောက်သာ လွင့်စဉ်သွား၍အနည်းငယ်ပေါက်ပြဲခဲ့ကြသည်။

ရွှေတောင်တော်ပေါ်မှနေ၍ ထိုတဲတန်းလျားမှ မီးခိုးလုံးကြီးများတက်လာသည်ကို မြင်ရသည့် ရွာခံလူများက ပြောကြသည်။

"မင်းတို့မှို အဲဒီနေရာမှာမကြောက်မလန့်နေနိုင်တာ။ အဲဒီနေရာကို တမာပင်တန်းလို့ခေါ်တာ။ သရဲသိပ်ခြောက်လို့ ဘယ်သူမှမှောင်ရင်မသွားရဲကြဘူး။ နေ့လယ်နေ့ခင်းလည်း လူအသွားအလာသိပ်မရှိဘူး။ ဆရာတော်ကျောင်းကသာ ဆွမ်းခံကြွတာတို့၊ ရွာဘက်လာတာတို့ လုပ်မှသာ အသွားအလာရှိတာ"

သူတို့ပြောသလို သရဲခြောက်မခံရသော်လည်း တမာပင်တွေတစ်တန်းကြီးကို ညဘက်လရောင်အောက်တွင် တွေ့



တော့ နည်းနည်းတော့လန့်မိသည်။

ဖမ်းမိထား၍ ဝါးလုံးတန်းတွင်ချိတ်ထားသည့် လှောင်အိမ်လေးထဲထည့်ထားသည့် ဇီးကွက်ငှက်လေးက လှောင်အိမ်ကျဉ်းကျဉ်းလေးထဲကနေထွက်လာသော်လည်း ကြိုးချည်ထား၍ မပျံနိုင်ပါပေ။ ဝါးလုံးပေါ်တွင် လမ်းလျှောက်နေသည်။

"ဇီးကွက်လေးကို သူ့ကို ဖမ်းမိတဲ့နေရာက သစ်ခေါင်းထဲပြန်ထားလိုက်ကြပါကွာ။ သူများကို ချုပ်နှောင်ထားရင် ကိုယ်လည်း ချုပ်နှောင်ခံရတတ်တယ်။ ဝဋ်လည်တတ်တယ်။ ရွှေတောင်တော်ခြေတော်ရင်းနားက မန်ကျည်းပင်ကြီးက သစ်ခေါင်းမှာသူတို့တွေနေကြတာ"

ဇီးကွက်လေးက နေ့ဘက်တွင်ငြိမ်နေသော်လည်း ညဘက်ကျလျှင် ပျံသန်းဖို့ကြိုးစားတတ်သည်။ သူ့အသိုက်လား သူ့နေရာလားမသိကြသော်လည်း သစ်ပင်အောက်ကျနေ၍ သူ့ကိုကောက်တွေ့ခဲ့သည့်သစ်ခေါင်းရှိရာအပင်ကို တွယ်တက်ကာ ပြန်ထားလိုက်ကြသည်။

"ဒီနယ်မြေမှာ ဘယ်အကောင်ကိုမှသတ်ဖို့မကြိုးစားနဲ့၊ နတ်ကြီးတယ်။ သတ်တာဖြတ်တာတွေလည်းမကြိုက်ဘူး"

ဟု ဆိုကြပါသည်။ သရဲခြောက်သည်လှန့်ကြသည်ဟု ကြားဖူးသည့်လူတိုင်းက ပြောကြသော်လည်း ပြောင်းစရာနေရာက မလွယ်ပါပေ။

ထိုနေရာ ပတ်ဝန်းကျင်တွင် ရှေးဟောင်းဘုရားများမြောက်မြားစွာတည်ရှိပြီး ဂူကြီးသုံးလုံး စသည့် ရှေးဟောင်းဘုရားတွေမှာ တချို့လည်း ပြိုပျက်နေကြပါသည်။ ဂူကြီးသုံးလုံးကျောက်စာတွင် တစ်ဂူစီ၏အမည်နှင့်သမိုင်းကြောင်းကို တိတိကျကျမသိရပါပေ။ သို့သော်လည်း ပင်းယခေတ်ကို တည်ထောင်ခဲ့သော သီဟသူမင်းသည် မြန်မာနှစ် ၆၇၄ တွင် ဂူကြီးတစ်လုံးကိုတည်ခဲ့သည်ဟု ဆိုထားရာ ယခု တောင်ဘက်ဆုံးဂူဟု ယူဆရပါသည်။ ဂူကြီးသုံးလုံးအနီးတွင်တွေ့ရသော ကျောက်စာတစ်ချပ်၌ ဥဇနာမင်းက မြန်မာနှစ် ၇၀၂ ခုနှစ်တွင် ဂူတစ်ခုတည်ခဲ့ကြောင်းကို ဖော်ပြထားသည်။ သို့သော် ဂူကြီးသုံးလုံးအနက်မည်သည့်ဂူဖြစ်ကြောင်းကိုမူ မသိရပေ။ မူရင်းကျောက်စာကို ဂူကြီးသုံးလုံးအနက် အလယ်ဂူ၏ အနောက်မြောက်ထောင့်တွင် လေ့လာနိုင်ပါသည်။ တံတားဦးမှနေ၍ ကျွန်တော်တို့ပြောင်းလာသည့်နေရာသို့ အလုပ်လာလုပ်သော လူများကို ဂူကြီးသုံးလုံး၏ ယခုအခြေအနေကို မေးကြည့်မိရာ သူတို့မရောက်ဖူးဘူးဟု ပြော ကြပါသည်။

ကျွန်တော်တို့ကတော့ ရောက်လေရာနေရာမှ ရှေးဟောင်းဘုရားများကို ဖူးခွင့်ရခဲ့၍ ကံကောင်းရပါသည်။ ပုဂံဘုရားစသည့်ရှေးဟောင်းဘုရားများနှင့်ပတ်သက်သည့်ဘုရားသမိုင်းတွေကို စိတ်ဝင်စား၍လည်း ရောက်သည့်နေရာများတွင် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ခြင်း၊ ဘုရားသမိုင်းစာအုပ်များဝယ်ခဲ့ခြင်းတို့ပြုလုပ်ခဲ့သော်လည်း တံတားဦးအနီးမှ ဘုရားများကား လာဖူးသူလှူသူကင်းရှင်းကာ ဘုရားသမိုင်းစာအုပ်များ ရောင်းချသူများလည်း မရှိကြပါ။

ဘုရားကျောင်းကန်အနီးမှ ရရှိသောပစ္စည်းများသည် ရှေးဟောင်းဘုရားစေတီများမှ ပစ္စည်း များဖြစ်ပါက တန်ဖိုးကြီးမြင့်မည်ဖြစ်သလို ဘုရားပစ္စည်းကိုပြစ်မှားသည်နှင့် အတူတူပင်ဖြစ်ပါသည်။ ရှေးဟောင်းပစ္စည်းဆိုသည်မှာ အကျိုးအပဲ့လေးကအစတန်ဖိုးရှိပါသည်၊ ဘုရားပစ္စည်းကျောင်းပစ္စည်းဆိုသည်မှာ မယူကောင်းဟုသိထား၍ စိတ်နှင့်ပင် မပြစ်မှားမိသလို မြေများကို သယ်ယူကြသည့်အခါ ကျွန်တော်တို့အဖွဲ့က ဘာမှ လည်းမတွေ့ကြရ၍ စိတ်ချမ်းသာရပါသည်။

၂၀၁၁ ခုနှစ်လောက်က ထိုနေရာလေးတွင်နေခဲ့ကြရသည်ကို မမေ့နိုင်ကြပါ။ ဆိုက်သိမ်းသည့်အခါမှသာ ထိုနေရာလေးကပြောင်းခဲ့ကြပါသည်။ ထိုတောထိုမြေထိုနေရာလေးနှင့် ကျွန်တော်တို့ တစ်တွေ ရေစက်ရှိက ပြန်ရောက်ကြဦးမည် ဖြစ်ပါသည်။

စောမိသွင်(ရန်ကုန်)



www.burmeseclassic.com

www.burmeseclassic.com

ရဲရဲထွန်း(ဟသာ်တ)

# ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးစီရင်တော်မူသော မိုးကမ္မဝါစာတမ်း



ရှေးအခါက မုံရွာဒေသတွင် မိုးအလွန်ခေါင်နေသည်ဟု ဆရာတော်ဘုရားကြီး ကြားသိတော်မူသဖြင့် ဝါဆိုလပြည့် စနေနေ့တွင် မိုးပရိတ်တော်ကြီး ရွတ်ကြရန်အစီအစဉ်ကို မုံရွာမြို့ လယ်တီတိုက်တွင် စီစဉ်ခဲ့ကြသည်။

အဆိုပါနေ့ကိုရောက်လျှင် မြို့ရွာနေလူအများက မိုးနတ်ပူဇော်ပသကြမည်ဖြစ်သဖြင့် အောက်ပါအတိုင်း စီစဉ်ကြကုန်၏။

ပသပူဇော်ရန်မှာ -

၁။ သက်သတ်မပါသော ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာ၊ အုန်း၊ ငှက်ပျော၊ ဆေး၊ ကွမ်း၊ လက်ဖက်၊ သစ်သီးဝလံ၊ ပန်းမန်များ စုံလင်စွာဖြင့် ပွဲ (၇) ပွဲပြုလုပ်ရမည်။ (တစ်ပွဲမှာ ဘုရားပူဇော်ရန်သည်။)

၂။ တစ်ပွဲမှာ 'သီတဝလာဟကနတ်' များ ပူဇော်ရန်။

၃။ တစ်ပွဲမှာ 'ဥဏှဝလာဟကနတ်' များ ပူဇော်ရန်။

၄။ တစ်ပွဲမှာ 'အဗ္ဘဝလာဟက'နတ်များပူဇော်ရန်။

၅။ တစ်ပွဲမှာ 'ဝါတဝလာဟကနတ်' များ ပူဇော်ရန်။

၆။ တစ်ပွဲမှာ 'ဝဿဝလာဟကနတ်များ' ပူဇော်ရန်။

၇။ တစ်ပွဲမှာ 'ပဇ္ဇုန္နနတ်များပူဇော်ရန်' တို့ဖြစ်သည်။

ပွဲတိုင်း အမည်ကမ္ပည်းရေးထိုးပြီး ဘုရားရှေ့တော်တွင် ခင်းကျင်းကြပြီးလျှင် ထိုနတ်များကို ပင့်ခေါ်ကြရပါမည်။

ပင့်ခေါ်မှာ -

"အို . . . မိုး၏ဆိုင်ရာ ဝလာဟကနတ်၊ ပဇ္ဇုန္နနတ်မိုးရပ်ပျော်ပါး နတ်မင်းများတို့ အကျွန်ုပ်တို့က ပင့်ခေါ်ကြပါကုန်သည်။ ညီညာဖြဖြလာရောက်ကြပါကုန်လော။ အကျွန်ုပ်တို့က ပသပူဇော်ကြကုန်သော ပူဇော်သကာများကိုလည်း ကြည်ဖြူစွာ ခံယူသုံးဆောင်ကြပါကုန်လော။ ရဟန်းသံဃာတော်များရွတ်ဖတ်သော မိုးပရိတ်တော်ကြီးများကိုလည်း ရိုသေစွာနာယူကြပါကုန်လော။ လယ်ယာချောင်းကန်တင့်ဖြိုးလျှံအောင် မိုးများကိုလည်း အရေထန်စွာရွာစေကြပါကုန်လော"

ဟူ၍ အသံကျယ်စွာနှင့် ဤစာကို သုံးခေါက်ရွတ်ဖတ်ကြရမည်။ ၎င်းနောက် ညနေ (၆) နာရီအချိန်ကျမှ ထိုပူဇော်သကာပွဲများစုပေါင်း၍ လယ်တီတောရှိ အမနုဿများကိုပါ ကျွေးမွေးကြရမည်။

▫ မိုးပရိတ်ရွတ်ရန်စီမံချက်

လယ်တီတိုက်ရှိ သံဃာတော်များမှာလည်း ထိုနေ့၌ ဆွမ်းခံမသွားကြမူ၍ ကျောင်းတိုက်တွင်သာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကို ပြီးစီးကြစေရမည်။ တိုက်တွင်းရှိ ရဟန်းတော်သံဃာတော်များသည်တိုက်လယ်ရှိအုတ်ကျောင်းကြီးပေါ်၌ အကုန်စည်းဝေး၍ နံနက် (၈) နာရီတစ်ကြိမ်၊ နေ့လယ် (၁၂) နာရီတစ်ကြိမ်၊ ညနေ (၄) နာရီတစ်ကြိမ် မိုးပရိတ်တော်ကြီး ရွတ်ဖတ်ကြရမည်။

ရွတ်ဖတ်ကြပုံမှာ -

ဩကာသ ဩကာသ ဩကာသ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တရှိသော မဟာဩကာသကြီးနှင့် ဘုရားရှိခိုးကြပြီးလျှင် ဝိပဿီ ဗုဒ္ဓေါ ဘဂဝါ' မှစ၍ ခုနစ်ဆူစက်ပရိတ်တော်ကြီး၊ နှစ်ကျိပ်ရှစ်ဆူစက်ပရိတ်တော်ကြီးများကို ညီညာစွာရွတ်ဆိုကြပြီး 'အဌဝီသတိ သမ္ဗုဒ္ဓါ' ရှိသောဂါထာနှစ်ပုဒ်ကို 'ပုရတ္ထိမာယ ဒိသာယ' စသည်ဆို၍ 'ဥပရိမာယဒိသာယ' အထိ အရပ်ကိုးမျက်နှာ စေ့အောင် ရွတ်ဆိုရမည်။

ထို့နောက် 'ပုနာပရံ ယဒါဟောမိ' အစရှိသော ငါးရံ့မင်းပရိတ်တော်ကြီးကို အခေါက်ပေါင်း (၃၀) စေ့အောင်ရွတ်ဆိုကြရမည်။ နံနက်အကြိမ်(၃၀)၊ နေ့လယ် (၃၀)၊ ညနေ အကြိမ် (၃၀) အခေါက်ပေါင်း (၉၀) ရ၏။ မိုးသည် နှစ်ရက်၊ သုံးရက်အတွင်း ဧကန်ရွာလိမ့်မည်။

ဝါဆိုလပြည့်နေ့ မိုးပရိတ်ကြီးရွတ်ပြီးနောက် တန်ဆောင်မုန်းလပြည့်နေ့တိုင် မိုးလအတွင်းမှာ စနေနေ့တို့၌ ညဝတ်တက်ကြသောအခါ အခေါက် (၃၀) ကျ ရွတ်ကြရမည်။ ကြွင်းနေ့တို့၌ တစ်ညလျှင် (၃) ခေါက်ကျရွတ်ကြရမည်။

ကဆုန်လ၊ နယုန်လတို့မှာ မိုးကြီးစွာခေါင်၍နေခဲ့လျှင်လည်း ထိုနည်းတူ ရွတ်ကြကုန်ရမည်။ မိုးသည် လုံလောက်စွာ ရွာသွန်းသောအခါ၌ ငါးရံ့မင်းပရိတ်ရွတ်မှုကိုချန်လှပ်၍ ကြွင်းသောပရိတ်များကိုသာရွတ်ကြရမည်။

ငါးရံ့မင်းပရိတ်မှာ 'စရိယပိဋက' ပါဠိတော်တွင်ရှိလေ၏။ ပရိတ်ရွတ်သောအခါ၌ အညီညာလိုလှ၏။ စာကိုဖတ်၍ တိုင်ပြီးရွတ်ကြလျှင် ညီညာတတ်၏။ ပရိတ်ရွတ်ရာမှာ ရှင်သာမဏေများမပါစေရ။ ပရိတ်မရွတ်မီတစ်ရက်က ညီညာအောင်ညှိထားကြရမည်။

(မိုးကမ္မဝါစာတမ်းကြီးရွတ်ဖတ်ပြီးသည့်နောက် နှစ်ရက်၊ သုံးရက်လွန်သောအခါ မိုးရွာလျှင်ရွာကြောင်း၊ မရွာလျှင် မရွာကြောင်း ဆရာတော်ထံသို့ စာနှင့်လျှောက်ကြားရမည်။)

ဤသည်ကား မုံရွာမြို့ လယ်တီတိုက်ကြီးတွင် မိုးပရိတ်ရွတ်ရန် စီမံချက်ကြီးပင် ဖြစ်သည်။ အမှန်တကယ် မိုးများရွာသွန်းခဲ့ကြောင်း မှတ်တမ်းများအရသိရပါသည်။ ဝါဆိုလပြည့်နေ့တွင် မိုးပရိတ်ပွဲကြီးပြုလုပ်ကြသည့်အတွက် လပြည့်ကျော် ၁ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းကြောင်း။ ထို့နောက် နှစ်ရက်၊ သုံးရက်နေ့များတွင် နှစ်ဆတိုး၍ ရွာသွန်းကြောင်း၊ မုံရွာမြို့နယ်တစ်ဝန်းလုံးတွင် မိုးဦးစိုက်ပျိုးသော အသီးအပင်တို့အောင်မြင်ဖြစ်ထွန်းကြသည်ဟု ဆရာတော်ကြီးထံ မုံရွာမြို့က ပေးပို့သော လျှောက်လွှာကိုတွေ့မြင်ရ၍ ဆရာတော်ဘုရားကြီးမှာ အလွန်ဝမ်းမြောက်ဝမ်းသာရှိကြောင်း လယ်တီဆရာတော်ဘုရားကြီးပြုစုတော်မူသောရောဂန္တရဒီပနီကျမ်း၌ ထည့်သွင်းဖော်ပြထားသည်ကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

ကျွန်ုပ်တို့ ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ပုရိတ်တော်တို့မှာ သီလစင်ကြယ်ခြင်း၊ ဗုဒ္ဓဘုရားရှင်၏ တရားဓမ္မစစ်မှန်ခြင်းတို့ကြောင့် ယခုကဲ့သို့ တန်ခိုးထက်မြက်ပြီး သမ္မာဒေဝနတ်ကောင်း နတ်မြတ်တို့က စောင့်ရှောက်ခဲ့ခြင်းဖြစ်မည်မှာ ယုံမှားသံသယဖြစ်ရန် မရှိပါ။ လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် စီရင်ခဲ့သော မိုးကမ္မဝါပရိတ်တန်ခိုးကြောင့် မိုးမှာလက်တွေ့ရွာသွန်းခဲ့ကြောင်း အတိအကျဖော်ပြထားသည်ကို တွေ့ရှိရပါသည်။


သို့ဖြစ်၍ သီလစင်ကြယ်ပြီးဝိနည်းသိက္ခာစောင့်ထိန်းသော ရဟန်းသံဃာများ၏ ဘုန်းတန်ခိုးအစုံနှင့် ပရိတ်တော်များ၏ အစွမ်းထက်ပုံတို့ကို လေးမြတ်ယုံကြည်စွာဖြင့် မိမိတို့၏ သံသရာခရီးလမ်းသို့ ဖြောင့်တန်းစွာလျှောက်လှမ်းပါစေကြောင်းစေတနာကောင်းဖြင့် ရေးသားတင်ပြအပ်ပါသည်။

ရဲရဲထွန်း(ဟသာ်တ)



www.burmeseclassic.com

www.burmeseclassic.com



# ရဲဖြစ်တင် (အမျိုးသားစာပေဆုရ) ပရုဟိတတွဲလား

စာရေးဆရာ ဒေါင်းစိမ်းမောင်။

သူက ဝန်ထမ်းအလုပ်တစ်ဖက်နှင့် စာရေးသူဖြစ်သည်။ သို့နှင့် သူအလုပ်မှ ပင်စင်ယူရပြီဆိုသောအခါ ဝန်ထမ်းအိမ်ရာမှလည်းဆင်းပေးရပြီဆိုသောအခါ သူ့အတွက် အရေးအကြီးဆုံးပြဿနာက နေစရာထိုင်စရာအိမ်တစ်လုံးကို အမြန်ဆုံးရရှိရေးပင် ဖြစ်သည်။

သူ့မိသားစုတွင် သူ၊ သူ့မိန်းမနှင့် သူ့သမီးနှစ်ယောက် စုစုပေါင်းလေးယောက်ရှိသည်။ သမီးနှစ်ယောက်စလုံး ဘွဲ့ရပြီးပြီ။ လောလောဆယ်တွင် သမီးအကြီးမက ကွန်ပျူတာမိတ္တူဆိုင်တစ်ဆိုင်တွင် စာစီစာရိုက်အလုပ်ဝင်လုပ်နေပြီး အငယ်မကတော့ အထည်ချုပ်စက်ရုံတစ်ရုံမှာ။

သူက အသောက်အစားကင်းသည်။ အသုံးအဖြုန်းမရှိ။ ရသမျှလခနှင့် စာမူခများပါမကျန် မိန်းမလက်သို့အပ်သည်။ အိမ်ရှင်မကပင် ဝင်ငွေ (၃) ရပ်စလုံးကို ထိန်းချုပ်ကာ သုံးသင့်တာသုံး၊ စုသင့်တာစု စသည်ဖြင့် စီမံခန့်ခွဲသမှုပြုသည်။ ယခုအိမ်ရရှိရေးလုံးပန်းကြသောအခါ ယခင်စုထားဆောင်းထားသည့်ငွေကြေးတချို့၊ သူ၏လုပ်သက်ဆုမှရရှိသည့်ငွေကြေးတချို့၊ မိန်းမဘက်က အမွေရထားသည့် ကွမ်းခြံတစ်ခြံကို ရောင်းချလိုက်ရာမှရရှိလာသည့်ငွေကြေးတချို့၊ ၎င်းတို့ကိုပေါင်းစပ်ကာ သူတို့အိမ်လိုက်ရှာခဲ့ကြခြင်း ဖြစ်သည်။

အိမ်တွေ့ပြီ။ ဝယ်လည်းဝယ်ဖြစ်ခဲ့ပြီ။ ယုဇနအိမ်ရာမှ တိုက်ခန်းတစ်ခန်း။ အတိအကျဆိုရပါက ယုဇနအိမ်ရာ၊ အေဘလောက်၊ လမ်း (၄) လွှာမှ တိုက်ခန်းတစ်ခန်း။ တန်ဖိုးက သိန်း (၁၅၀) အတော်အသင့်ပြုပြင်ထားပြီး တစ်ခါတည်းတက်နေနိုင်သောတိုက်ခန်း။

ဝယ်ပြီးပြီးချင်းပင် သူတို့ပြောင်းရွှေ့ခဲ့ကြသည်။ သူက ဤအခန်းကို သဘောကျသည်။ အခန်းကထောင့်ခန်း။ ထို့ကြောင့် ဘီဘလောက်ဘက်က တိုက်တန်းတွေနှင့် တော်တော်အလှမ်းဝေးသည်။ အပြင်ဘက်က ရှုခင်းတချို့ကိုလည်း အတော်အတန်မျှော်ခွင့်ငေးခွင့်ရသည်။ ဤအချက်ကပင် စာရေးဆရာတစ်ယောက်၏ ဉာဏ်ကွန့်မြူးခွင့်ကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

အိမ်တော့ရပြီ။ တတ်နိုင်သည့်အင်အားက ဝန်နှင့်အားမျှတရုံဆိုတော့လည်း အိမ်ဝယ်လိုက်သည်နှင့် ရှိသမျှကုန်သွားပြီ။ ကိစ္စမရှိပါ။ မိသားစုရပ်တည်နိုင်ဖို့က သိပ်အကြောင်းကြီးမဟုတ်ပါ။ သမီးနှစ်ယောက်၏ဝင်ငွေ... သေးသည်။ သူ့ပင်စင်လစာရှိသေးသည်... ပြီးတော့ သူက မဂ္ဂဇင်းတိုက်တစ်ခုတွင် အယ်ဒီတာဝင်လုပ်ဦးမည်။ စာကိုပါကြိုး... စားပြီးရေးဦးမည်။ အဲသည်ကရသည့်... ဝင်ငွေကလည်း ပါဝင်အားဖြည့်ပေး... မည်။

အိမ်တက်သည့်နေ့တွင် မိသား... ပျော်ရွှင်နေမိကြသည်။ အထူးသဖြ... သမီးနှစ်ယောက်က အညံ့စားတိုက်ခန်း... ကလေးပင်ဖြစ်သော်ငြား ကိုယ်ပိုင်အိမ်... ကလေးနှင့် နေထိုင်ရခြင်းအပေါ် ပီ... ဖြစ်နေကြသည်။ ဝမ်းမြောက်နေ... သည်။ သူကိုယ်တိုင်တစ်သက်တစ်ကို... အိုးပိုင်အိမ်ပိုင်ဘဝသို့ ပထမဆုံးအကြိမ်... ရောက်ရှိရခြင်းအတွက် မဖြစ်ဘူးသော... ကိုယ်စိတ်လုံခြုံမှု၊ နွေးထွေးချမ်းမြ... အရသာတို့ကို ခံစားနေရပါလေသည်။

သို့နှင့် ထိုညက ညဉ့်နက်သည်...



www.burmeseclassic.com

www.burmeseclassic.com

အထိ သူစာရေးဖြစ်သွားသည်။ အပူ အပင်ကင်းကင်း စိတ်ရှင်းရှင်းနှင့် ရေးရခြင်းမို့ လက်သွက်လှသည်။ နောက်ထပ် တစ်ရက်၊ နှစ်ရက်လောက်ကူးသွားလိမ့်ဦးမည်ဟုထင်ခဲ့ရသော ဝတ္ထုတိုတစ်ပုဒ်၏ဇာတ်သိမ်းခန်းကို ညမှာပင် အပြီးရေးဖြစ်သွားသည်။

❑





www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြောင်းလာပြီးသုံးရက်မြောက်ည။

ထိုညတွင် သူနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခိုက် ရုတ်တရက် သူ့ကိုလူတစ်ယောက်က ရိုက်နှိုးလိုက်သလို ခံစားလိုက်ရသည်။ သူလန့်နိုးသွားသည်။ နိုးပြီးမှလည်း အဖြေမှန်ကို သိလိုက်ရသည်။ သူ့ကိုရိုက်နှိုးလိုက်သူက အခြားမဟုတ်ပါ။ အသံချဲ့စက်ပင် ဖြစ်သည်။ ဝုန်းခနဲ ထဖွင့်လိုက်သည့်အသံချဲ့စက်သံကြောင့် သူလန့်နိုးသွားရခြင်းဖြစ်သည်။

သူက ထထိုင်လိုက်ပြီး ဧည့်ခန်းဘက်လျှောက်ထွက်ခဲ့သည်။ ဖွင့်ထားသည့်ပြတင်းမှတစ်ဆင့် အပြင်ဘက်ကို ခေါင်းပြူကြည့်လိုက်မိသည်။ ဒီတော့မှ စူးဝါးပြင်းထန်သည့် အသံလှိုင်းတွေက သူ့နားထဲသို့ ပိုမိုရိုက်ခတ်လာခဲ့သည်။ လက်စသတ်တော့ မျက်နှာချင်းဆိုင် တိုက်ခန်းထိပ်ရှိ ဆွမ်းလောင်းဓမ္မာရုံဆီမှ ထွက်ပေါ်လာသည့် သီချင်းသံတွေကိုး။

သီချင်းက 'ဆွမ်းချက်ရန် ထတော်မူပါ့၊ ဘွဲ့ရှောသပ္ပုရိသအပေါင်း သူတော်ကောင်းတို့'သီချင်း။ အသံကကျယ်လွန်းပြီး စက်ကုန်ဖွင့်ထားသလား အောက်မေ့ရသည်။ ခပ်မြင့်မြင့် ယူကလစ်ပင်ပေါ်ရှိ လော်စပီကာနှစ်လုံးမှ အသားကုန်အော်ဟစ်နေသည်။ မျက်နှာချင်းဆိုင်တိုက်ခန်းတချို့၌ မီးရောင်များလင်းလက်လာသည်ကို တွေ့ရသည်။ ဆွမ်းချက်ရန်ပင် ထကြလေသလော၊ မိမိကဲ့သို့ အသံချဲ့စက်သံကြောင့် လန့်နိုးလာခြင်းပေလော မပြောတတ်ပေ။

နာရီကိုကြည့်လိုက်တော့ မနက် (၅) နာရီထိုးခါနီးလေပြီ။ မကြာမီ သူ့အိမ်ရှင်မကပါ အိပ်ရာနိုးလာသည်။ သမီးတွေအခန်းဘက်ကတော့ လှုပ်ရှားသံမကြားရ။ အသက်ကြီးလာသူတိုင်း ဆိတ်ငြိမ်မှုကို လိုလားမြဖြစ်သည်။ အအိပ်ဆတ်ပြီး ထစ်ခနဲရှိလန့်နိုးတတ်ကြမြဲ ဖြစ်သည်။ သည်အတိုင်းဆိုပါက မည်သူမျှပြန်အိပ်နိုင်တော့မည်မထင်။ သီချင်းတစ်ပုဒ်ပြီးသည်နှင့် နောက်ထပ်သီချင်းတွေကို ဆက်ဖွင့်လျက်ရှိသည်။ သီချင်းတွေကတော့ သာသနာဝင်သီချင်းတွေပါ။ သို့ငြား လိုလိုလားလားမရှိသံလို ငြူငြူစူစူဖြစ်နေချိန်မျိုးမှာ ကြားနာနေရသည်မို့ သီချင်းမှတစ်ဆင့် မည်သည့်နားအရသာကိုမျှ မခံစားရ။စိတ်ကိုသာလွှတ်ပေးလိုက်မည်ဆိုပါက ဤအသံတွေကြောင့် နားကြားပြင်းကတ်တာတွေ၊ စိတ်ဆိုးဒေါသတွေပါ ရောပါလာတော့မည်ထင်သည်။

သူသက်ပြင်းတစ်ချက်ကိုမှုတ်ထုတ်သည်။ သူ့ကိုယ်သူလည်း နှစ်သိမ့်ပြီး ဖြေတွေးတွေးလိုက်သည်။

"အေးလေ - ဥပုသ်နေ့ထင်ပါရဲ့။ ဒါကြောင့် နှိုးဆော်ပေးနေတာနေမှာပါ။ တစ်ပတ်ကို တစ်ခါလောက်တော့ဖွင့်ကြမှာပေါ့။ ကိုယ်လည်း ဗုဒ္ဓဘာသာပဲဟာ။ ဒါလောက်ကိုတော့ နားလည်ပေးနိုင်ရမှာပေါ့"

❑

မှားသွားပြီ။ ၊ အထင်နှင့်အမြင် ပါစင်အောင်လွဲသွားခဲ့ပြီ။

အသံချဲ့စက်က မနက်မိုးလင်းခါနီးလောက်မှာရပ်သွားသည်။ သူလက်ဖက်ရည်ဆိုင်ကပြန်လာပြီး စာထိုင်ရေးသည်။ ကနေ့ တိုက်ပိတ်ရက် ဖြစ်သည်။ ခရီးတွင်အောင် စာရေးမည်ဟုဆုံးဖြတ်ထားသည်။ တကယ်လည်း ရေးအားကောင်းကောင်းနှင့်ဆက်ရေးနေမိသည်။

သို့သော် မနက် (၉) နာရီလောက်ရောက်တော့ အဖျက်ကထပ်ဝင်လာပြန်သည်။ တခြားသူဟုတ်ပါရိုးလား။ ရန်သူတော် အသံချဲ့စက်ပဲပေါ့။ ဂီဂီဂေါ်ဂေါ် အသံတွေနှင့်အတူ ညှဉ်းပန်းရေးအစီအစဉ်ကို စတင်လာသည်။ သူအကြီးအကျယ် စိတ်ပျက်သွားသည်။ ကလောင်ကို ဒေါသဖြင့်ပစ်ချကာ ထိုင်ရာကထလိုက်သည်။ ပြတင်းဝမှသွားရပ်ကြည့်လိုက်သည်။

ဩ - သည်တစ်ခါတော့ အလှူခံလုပ်ငန်းကိုး။ ဓမ္မာရုံအပေါက်ဝ လမ်းဘေးမှာ စားပွဲကုလားထိုင်တွေပါချထားသည်။ စားပွဲပေါ်မှာ မြသပိတ်တွေ၊ ပန်းအိုးတွေ၊ ဖြတ်ပိုင်းစာအုပ်စွေတင်ထားသည်။ ကုလားထိုင်ပေါ်မှာတော့ လူကြီးနှစ်ယောက်ရှိနေပြီး တစ်ယောက်က ခေါင်းစွပ်နှင့် ခပ်ပိန်ပိန်၊ နောက်တစ်ယောက်က ခပ်ဝဝ၊ ထိပ်ပြောင်ပြောင်၊ တိုက်ပုံအင်္ကျီနှင့်။ သူတို့က မိုက်ကရိုဖုန်းကို တစ်လှည့်စီလက်ပြောင်းပြီး လေစွမ်းပြနေကြသည်။ လှူကြပါမည့်အကြောင်း၊ တန်းကြပါမည့်အကြောင်း၊ နိဗ္ဗာန်အကျိုးမျှော်ပြီး နှိုးဆော်ပေးရပါကြောင်း စသည် စသည်။

အလှူခံပုဂ္ဂိုလ်များ၏နောက်ဘက်တွင် ကြီးမားသောဆိုင်းဘုတ်ကြီးတစ်ခုကို တင်ထားသည်။ ဆိုင်းဘုတ်တွင် ဆောက်လုပ်ဆဲ နှစ်ထပ်အုတ်ကျောင်းတစ်ကျောင်း၏ပုံကို တွေ့မြင်ရသည်။ ဥပါသကာများက လောကမာန်အောင်ကျောင်းတိုက်ရှိ စာသင်ဆောင်အတွက် အလှူခံနေခြင်း ဖြစ်ကြောင်း၊ စာသင်ဆောင်မှာ ရာနှုန်းတစ်ဝက်ခန့်ပြီးစီးနေပြီဖြစ်ပါကြောင်း တစာစာကြေညာပေးနေသည်ကိုပါ ကြားနေရသည်။

ပြတင်းဝမှ စိတ်ပျက်စွာပြန်လှည့်လာခဲ့သည်။ လမ်းပေါ်မှအသံက တိုက်ခန်းထဲအထိ ဝင်ဟိန်းနေသည်။

မည်သို့မျှ စာပြန်ရေးနိုင်တော့မည်မဟုတ်။ အိပ်ရေးကိုလည်းဖျက်၊ စာရေးကိုလည်းဖျက်ခဲ့သည့် ထိုအသံများက စိတ်ထဲက နာနာကြည်းကြည်းပင်မုန်းတီးနေမိသည်။ ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း သူစိတ်ညစ်နေမိသည်။

တစ်အောင့်လောက်ကြာတော့ သူ တစ်စုံတစ်ခုကို သတိရလိုက်သည်။ မနေ့က တစ်လမ်းကျော်တွင် မြေညီတိုက်ခန်းတစ်ခုရှေ့၌ ဆက်တီတစ်စုံချထားသည်ကို တွေ့ခဲ့ရသည်။ ရောင်းမည်ဟု စာကပ်ထားသည်ကိုလည်း တွေ့ခဲ့သည်။ ထိုဆက်တီများကို မြင်မြင်ချင်း သဘောကျမိ၏။ ခပ်သင့်သင့်အဟောင်းဈေးဖြင့်ရပါက ဝယ်သင့်သည်ဟုတွေးမိသည်။ ယခု ထိုဆက်တီများကို ပြန်သတိရလိုက်မိခြင်း ဖြစ်သည်။

သူအောက်ကိုပြန်ဆင်းလာခဲ့၏။ ဆက်တီများကို ဈေးမေးကြည့်ဦးမည်ဟု စိတ်ကူးလာခဲ့သည်။ အောက်ရောက်ပြီး ခြေလှမ်း (၂၀) ခန့် လှမ်းမိရုံရှိသေး ကာတွန်းဆရာ တွံတေးဖိုးအောင်နှင့် ရင်ဆိုင်တိုးတော့သည်။ ဆံပင်ရှည်ရှည် ဗိုက်ပူပူနှင့် တွံတေးဖိုးအောင်က ကွမ်းသံဖြင့် လှမ်းနှုတ်ဆက်သည်။

"ဟော-ဆရာဒေါင်း။ ဘယ်သွားမလို့လဲဗျ"

"တစ်လမ်းကျော်သွားမလို့။ စာဆက်ရေးလို့ မရတော့တာနဲ့ ကလောင်ကိုချပြီးဆင်းလာခဲ့တာ"

"ဘာလို့ဆက်မရေးတာလဲ။ မိန်းမကပွမ်နေလို့လား"

"မဟုတ်ပါဘူးဗျာ။ မိန်းမကမပွမ်ပါဘူး။ ဟိုလူတွေကြောင့်ပါ"

ပြောပြီး နောက်လှည့်ကာ အလှူခံသမားတွေဘက် မေးငေါ့ပြလိုက်သည်။ အကြောင်းအရာကိုလည်း မကျေချမ်းပြောပြလိုက်မိသည်။

ဖိုးအောင်က တစ်ချက်ရယ်သည်။ ပြီးတော့ ကွမ်းသွေးကို ငုံ့ထွေးပြီး ပြန်ပြောသည်။

www.burmeseclassic.com

"ဩော်-ဒါလား၊ စည်းမဲ့ကမ်းမဲ့ သမားတွေပဲဗျ။ စည်းမဲ့ကမ်းမဲ့ပဲလုပ်မှာပေါ့။ ကျွန်တော်က ဒီမှာနေလာတာ (၅) နှစ်လောက်ရှိပြီ။ ကျွန်တော်ရောက်ခါစတုန်းက ဆရာ့လိုပဲခံခဲ့ရဖူးတယ်။ လမ်းထိပ်က ဓမ္မာရုံဆောက်လုပ်ရေးအတွက်ဆိုပြီးတော့ဗျာ အလှူခံလိုက်တာ နေ့ရောညရောပဲ။ ကာတွန်းလေးရေးလို့ကောင်းနေပြီဆိုရင် အဲဒီအသံတွေက လာတော့တာပဲ။ ဘာမှအလုပ်လုပ်လို့မရဘူး။ နောက်တော့ ကျွန်တော့်မှာ အိမ်ကိုပစ်ပြီး ဘုန်းကြီးကျောင်းထဲသွားအလုပ်လုပ်ရတဲ့အထိကိုဖြစ်ရရော"

"နို့ - သက်ဆိုင်ရာက ဒါတွေကို ထိန်းထိန်းသိမ်း ကြပ်ကြပ်မတ်မတ်မလုပ်ဘူးတဲ့လားဗျာ"

"လုပ်တာပေါ့ ဆရာရဲ့။ အများပြည်သူ နားခံသာမယ့်အဆင့်လောက်ပဲ ဖွင့်ရမြူရမယ်ဆိုတာ ပြောပြီးသားပဲ။ စည်းကမ်းချက်တွေလည်းထုတ်ပြီးသားပဲ။ ဒီလူတွေကကို ထုံပေပေလုပ်နေတာ။ တိုင်တဲ့သူကတိုင်လို့ အသံလျှော့ရမယ်ဆို ခဏလောက်ပဲလျှော့ပေးတယ်။ ပြီးရင် ပြန်တင်တာပဲ။ ပြန်ကဲတာပဲ။ ဒီလူတွေကလည်း ဘာသာရေးတို့ ပရဟိတအရေးတို့ဆိုတာတွေကို ဗန်းတင်ပြီး ရှုပ်ကဲနေတာဗျ။ ဒီအတွက်နဲ့ပဲ လူတွေကလည်း သူတို့ကိုမုန်းပေမယ့် ကြိတ်မှိတ်ပြီးသည်းခံနေကြရတာ"

"ပရဟိတပဲလုပ်လုပ်၊ သာရေးနာရေးပဲလုပ်လုပ် မျှမျှတတ တော်ရုံသင့်ရုံ ကောင်းတာပေါ့ဗျ။ ကျွန်တော်တို့ စာရေးဆရာတွေအပြင် လူမမာတွေ၊ သက်ကြီးရွယ်အိုတွေ၊ စာသင်သားတွေ ပတ်ဝန်းကျင်မှာရှိနေတာ ထောက်ထားဦးမှပေါ့။ ဒါထက် အရင်နေ့တွေက ဒီအသံတွေမကြားပါဘူးဗျာ။ ဒီနေ့မှစလုပ်ကြတာလား"

"အာ-ဘယ်ကဟုတ်ရမှာလဲဆရာ ခေါင်းကလဲ။ အဲဒီနားမှာ တဂေါ်ဂေါ်နဲ့ လုပ်နေတာကြာလှပေါ့။ ဒီရက်ပိုင်းတွေအတွင်း တခြားကိစ္စတစ်ခုခုကြောင့် သူ ရပ်ထားတာပါ။ ဒီနေ့ ဥပုသ်နေ့ဆိုတော့ ဆွမ်းလောင်းအသင်းက မနက်အစောကြီးထဖွင့်တယ်။ အဲလို မနက်အစောကြီး အကျယ်ကြီးထဖွင့်တာကိုတော့ ဆရာဥပုသ်နေ့တိုင်း ကြုံရလိမ့်မယ်။ ဟိုအလှူခံအဖွဲ့တော့ နေ့တိုင်းပဲ ဆရာ။ သူ မှာ နားရက်မရှိဘူး။ အော်တဲ့သူတွေကလည်း ကန်ထရိုက်ယူပြီးလုပ်နေလားအောက်မေ့ရတယ်၊ ဘယ်တော့မှအသံကျမသွားဘူး။ အမြဲတမ်းအထက်သံချည်းပဲ။ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့သုံးကြိမ်မှန်မှန်အော်လိမ့်မယ်။ အဲဒီလူတွေက အားလုံးအတူတူပဲ။ တစ်ဖွဲ့တည်းပဲ"

ကာတွန်းဆရာစကားက စာရေးဆရာကို ပိုမောသွားစေသည်။ သူအသံချဲ့စက်များဘက်သို့ လှမ်းကြည့်ရင်း -

"ဒီပုံစံကတော့ လုံးဝသဘောမကျဘူးဗျ။ ဒါ ပြဿနာကို မီးမွေးနေတာနဲ့ အတူတူပဲ။ ကျွန်တော့်လို စိတ်ညစ်နေတဲ့ သူကအများကြီးရှိလိမ့်မယ်။ ဘယ်အချိန်ပေါက်ကွဲကြမလဲမသိဘူး"

ဟု ပြန်ပြောမိသည်။

ကာတွန်းဆရာက -

"ဟုတ်တယ်၊ တစ်နေ့နေ့တော့ ပေါက်ကွဲဦးမှာ။ ကဲ - ဆရာ၊ ကျွန်တော် ဘီဘလောက်ဘက်သွားလိုက်ဦးမယ်။ ကိစ္စလေးရှိလို့"

ဟု ပြောကာ ကွမ်းသွေးကိုင့်ထွေးပြန်ပြီးနောက်ထွက်ခွာသွားသည်။ သူကလည်း မူလရည်ရွယ်ချက်အတိုင်းဆက်ထွက်လာခဲ့သည်။

❑

ထင်သည့်အတိုင်း အသံချဲ့စက်သမားများနှင့် ရပ်ကွက်လူထု ထိပ်တိုက်တိုးကြသည့်နေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသည်။

ဒီရက်မတိုင်ခင် တွံတေးဖိုးအောင်ပြောသည့်အတိုင်း ထိုကျူးကျော်ရေးသမားများ၏နှိပ်စက်မှုဒဏ်ကို သူအလူးအလဲခံစားနေခဲ့ရသည်။ ဤလူတွေက မနက် (၉) နာရီမှ (၁၂) နာရီလောက်အထိတစ်ကြိမ်၊ ညနေ (၂) နာရီမှ (၄) နာရီလောက်အထိ တစ်ကြိမ်၊ ည (၆) နာရီမှ (၈) နာရီလောက်အထိ တစ်ကြိမ်၊ တစ်နေ့ကို သုံးကြိမ်တိတိ အသံလွှင့်နေကြသည်။ သည်ကြားထဲ ဥပုသ်နေ့ဆိုပါက မနက်အစောကြီးဆွမ်းချက်ရန်အသံဖြင့် ရိုက်နှိုးကြပြန်သည်။ ကိုယ့်အိုးကိုယ့်အိမ်ရယ်လို့ အေးအေးဆေးဆေး အနားယူ အပန်းဖြေနိုင်ခြင်းမရှိသည့်အပြင် ကိုယ်ပိုင်အလုပ်လေးဖြစ်သည့် စာရေးခြင်းကိုပါ ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်သည့်အတွက် နေ့စဉ် စိတ်ညစ်နေရသည်။ ကြာတော့ အိမ်မှာနေချင်သည့်စိတ်ပင် ကုန်ခန်းလာသည်။ ရုံးဆင်းပြီး အိမ်ပြန်လာရမည့်အဖြစ်ကို ဝန်လေးနေမိသည်။ ကြာလျှင် သူ့အတွက် စိတ်ရောဂါပင်ရလာနိုင်လောက်သည်။

ထိုနေ့ကတော့ ရုံးပိတ်ရက်ဖြစ်သည်။ ရုံးပိတ်ရက်ဖြစ်သော်ငြား နေမြင့်အောင် အိပ်မနေနိုင်။ မနက်စောစောထပြီး စာရေးရသည်။ မနက် (၉) နာရီခန့်ဆိုလျှင် အဖျက်သမားတွေ အိမ်ထဲဝင်လာတော့မှာကိုသိထားသည်။ သူတို့ကို ရှောင်ပြီးစာရေးရခြင်း ဖြစ်သည်။

သို့နှင့် ကျေနပ်လောက်အောင် စာရေးပြီးသွားချိန် ဂီဂီဂေါ်ဂေါ်အသံတွေလည်း ရောက်လာစပြုချိန်တွင် သူလက်ဖက်ရည်ဆိုင်သို့ဆင်းခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း ,သတင်းစာဖတ်၊ ဂျာနယ်ဖတ်သည်။ ပြီးတော့မှ အိမ်သို့ပြန်လာခဲ့သည်။

ဤတွင် သူအိမ်နားရောက်ခါနီး မျက်နှာချင်းဆိုင် တိုက်ခန်းတစ်ခုရှေ့၌ လူတချို့စုရုံးစုရုံးဖြစ်နေကြသည်ကို တွေ့ရသည်။ အသံချဲ့စက်သံကတိတ်နေသည်။ အသံချဲ့စက်သံအစား ရန်ဖြစ်နေသံများကသာ ပျံ့လွင့်နေသည်။ အဖွဲ့နှစ်ဖွဲ့က အပြန်အလှန်အော်ဟစ်နေကြသည်။ ကြိမ်းမောင်းနေကြသည်။ အဖွဲ့နှစ်ဖွဲ့ဆိုသည်မှာ ဆွမ်းလောင်းဓမ္မာရုံရှေ့က အလှူခံသမားများနှင့် တိုက်တန်း၏ပထမထပ်အခန်းတစ်ခန်းမှ လူတချို့ကို ဆိုလိုသည်။ လမ်းပေါ်မှ လူတွေက တိုက်ခန်းပေါ် လက်ညှိုးတထိုးထိုးလုပ်ကာ ရန်တွေ့နေကြသလို၊ တိုက်ခန်းမှလူတွေကလည်း အောက်သို့တုံ့ပြန်အော်ဟစ်နေကြသည်။ ရန်ပွဲကို လမ်းသွားလမ်းလာတချို့က စောင်းငဲ့ကြည့်သွားကြသည်။ တချို့ကလည်း ရပ်ကြည့်နေကြသည်။ တဖြည်းဖြည်း ထိုနေရာတစ်ဝိုက်၌ လူအတော်များများစုရုံးမိလာသည်။

သူက အခြေအနေကိုစူးစမ်းနေမိသည်။ ဖြစ်စဉ်ကိုရိပ်မိသလိုလိုတော့ ရှိသည်။ သဲသဲကွဲကွဲတော့ အဖြေမရ။ သို့နှင့် မြေညီတွင်ဆိုင်ဖွင့်ရောင်းနေသည့် အဒေါ်ကြီးတစ်ယောက်ကိုပင် အကျိုးအကြောင်း မေးမြန်းရတော့သည်။

"ဘယ်လိုဖြစ်တာလဲဗျအစ်မကြီး၊ ဘယ်ကစဖြစ်တာတဲ့လဲ"

"ပထမထပ်က ကောင်လေးတစ်ယောက်က အလှူခံရုံကို အုတ်ခဲပိုင်းနဲ့ လှမ်းထုလိုက်လို့တဲ့ ဆရာရဲ့"

"ဟာ-ဟုတ်လား။ဘယ်လို့ထုတာတဲ့လဲ"

"ကျွန်မကြားတာကတော့ အဲဒီအခန်းမှာနေတဲ့ ကောင်လေးတွေက


www.burmeseclassic.com

www.burmeseclassic.com

ညပိုင်းအလုပ်ဆင်းရတဲ့ကောင်လေးတွေတဲ့။ အလုပ်ပြီးလို့ ပြန်လာပြီးအိပ်နေကြတုန်း အသံချဲ့စက်ဒဏ်ကိုမခံနိုင်ဖြစ်ကြရာက အုတ်ခဲပိုင်းနဲ့လှမ်းပစ်တာတဲ့ဆရာရဲ့"

"ဟုတ်လား၊ ဒဏ်ရာတွေဘာတွေရောရသွားသေးလား"

"လူတော့ထိခိုက်ဟန်မတူပါဘူး။ ပစ်တာတော့ သုံး၊ လေးချက်လောက်လှမ်းပစ်သံကြားတာပဲ"

ရန်ပွဲက ပိုမိုပြင်းထန်လာသည်။ နှစ်ဖက်အော်ဟစ်သံများက ပိုမိုကျယ်လောင်လာသည်။

အောက်ကလူတွေက -

"မင်းတို့က ဗုဒ္ဓဘာသာမဟုတ်လို့ တို့ကို စော်ကားတဲ့သဘောလား"

ဟု လှမ်းပြောနေတာ ကြားရသလို အပေါ်တိုက်ခန်းမှ -

"ဗုဒ္ဓဘာသာဟုတ်တာ၊ မဟုတ်တာမဆိုင်ဘူး။ ခင်ဗျားတို့ လူပါးဝတာကို မခံချင်လို့လုပ်တာ"

ဟု ပြန်ပြောလိုက်သံကိုပါ ကြားရသည်။

ထင်ရသည်မှာ တိုက်ခန်းမှလူတွေက တောင်ပေါ်သားများဖြစ်ဟန်တူသည်။ စကားသံခပ်ဝဲဝဲရှိသည်။ ဘာသာခြားကိုးကွယ်သူများဖြစ်ဟန်လည်းတူပါသည်။ ရန်ကုန်၌အလုပ်လုပ်ရင်း စုပေါင်းအခန်းငှားနေကြဟန်ရှိသည်။

ရန်ပွဲက ပြင်းထန်လာရုံမက ပိုမိုကျယ်ပြန့်လာသလိုလည်းရှိသည်။ ဤအနီးအနားတစ်ဝိုက်တွင်နေထိုင်ကြသူတချို့ထံမှအုတ်ခဲသမားဘက်ကထောက်ခံသည့်ပြောဆိုသံများကို ကြားလာရသည်။ မကြာမီ အောက်ကအဖွဲ့က ရပ်ကွက်ရုံးသို့ သွားတိုင်မည်ဟုဆိုကာတ ရှူးရှူးတရှဲရှဲနှင့်ထွက်သွားကြသည်။ ထိုအခါ တိုက်ခန်းထဲမှ အဖွဲ့ကလည်း တစ်ပါတည်း လိုက်ရှင်းမည်ဟုဆိုပြီး အောက်ဆင်း၍ နောက်ကလိုက်သွားကြသည်။ လမ်းအတွင်း နေထိုင်ကြသည့် ပရိသတ်အတော်များများကပါ စုရုံးပြီး လိုက်သွားကြသည်။ သည်တော့ စာရေးဆရာကပါ မနေနိုင်တော့ဘဲ နောက်ကကပ်လိုက်သွားမိတော့သည်။

ရုံးရောက်သောအခါ ရုံးပိတ်ရက်ဖြစ်သောကြောင့် ရုံး၌ လူရှင်းလျက်ရှိသည်။ အစောင့်က ရပ်ကွက်တာဝန်ခံတစ်ဦးကိုသွားခေါ်ပေးသည်။ ထိုတာဝန်ခံရှေ့မှာပင် ပြဿနာကို အထုပ်ဖြေကြသည်။ အလျှုခံအဖွဲ့က သူတို့တိုက်ခိုက်ခံရကြောင်း၊ ကံကောင်း၍သာ လူကို မထိမှန်ခြင်းဖြစ်ကြောင်း၊ မြသပိတ်နှင့် ဓာတ်ဘူးများကွဲကျေပျက်စီးသွားကြောင်း၊ ဤလုပ်ရပ်မှာ ရာဇဝတ်မှုမြောက်ရုံမက ဘာသာရေးစော်ကားမှုလည်းဖြစ်ကြောင်း ဒေါသတကြီးတိုင်တန်းသည်။

တစ်ဖက်အဖွဲ့မှ အသက်(၄၀)ခန့်လူတစ်ဦးက လေအေးအေးအသံခပ်ဝဲဝဲဖြင့်ပြန်လည်ရှင်းပြသည်။ သူတို့အဖွဲ့တွင် စုစုပေါင်း လူ (၈) ယောက်ရှိကြောင်း၊ အားလုံး ညပိုင်းအလုပ်ဆင်းရသူများဖြစ်ကြောင်း၊ ယနေ့မနက် အလုပ်မှပြန်လာရာတွင် ကောင်လေးတစ်ယောက်က ဖျားလာခဲ့ကြောင်း၊ ထိုကောင်လေးမှာ အဖျားဒဏ်ကိုခံနေရဆဲ အဆက်မပြတ်ကြားနေရသော အသံချဲ့စက်သံများကြောင့် ပိုပြီးရောဂါတိုးသလိုဖြစ်လာကြောင်း၊ ပထမတွင် အိပ်ရာထဲ၌လူးလိမ့်ညည်းညူရင်း ဆဲဆိုလျက်ရှိကြောင်း၊ ထို့နောက် စိတ်ကိုမထိန်းနိုင်တော့ဘဲ လက်ရောက်ကျူးလွန်မိသွားဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြသည်။

အလျှုခံသမားတွေက လက်မခံပါ။ အပြင်းအထန်ပင် တုံ့ပြန်သည်။ ဗုဒ္ဓဘာသာဆိုလျှင် ဤသို့လုပ်ဝံ့မည်မဟုတ်။ မိမိဘာသာမဟုတ်သောကြောင့် စော်ကားဝံ့ခြင်းဖြစ်သည်ဆိုသည့်အချက်ကို ထပ်ခါလဲလဲပြောဆိုကာ စွပ်စွဲနေသည်။ ဤတွင် ပရိသတ်ထဲမှ လူကြီးတစ်ယောက်က အသံကျယ်ကျယ်ဖြင့်ဝင်ပြောလိုက်လေရာ အားလုံးက ထိုလူကြီးဆီသို့ အာရုံစိုက်သွားမိကြသည်။ ထိုလူကြီးက အလျှုခံသမားကို လက်ညှိုးထိုးကာ -

"ခင်ဗျားတို့ ဘာမှမဟုတ်တန်းတရားတွေစွပ်စွဲမနေနဲ့။ ဒါဟာ ဘာသာရေးနဲ့ဘာမှမဆိုင်ဘူး။ ဘာမှမပတ်သတ်ဘူး။ ကျုပ်သာ ဒီကောင်လေးနေရာမှာဆိုရင် ကျုပ်လည်း ဒီလိုပဲလုပ်မိမှာပဲ။ ဖျားနေပါတယ်ဆိုမှ အသံနဲ့ပါ ထပ်ပြီး နှိပ်စက်လိုက်တော့ လူကို စိတ်ဖောက်သွားအောင်၊ စိတ်ပြောင်းသွားအောင် လုပ်လိုက်သလိုရှိတော့တာပေါ့ဗျ။ လူမှာ နားပဲဖြစ်ဖြစ်၊ မျက်စိပဲဖြစ်ဖြစ် ခံနိုင်ရည်အတိုင်းအတာဆိုတာရှိတယ်။ အဲဒါတွေ ခင်ဗျားတို့နားလည်သလား"

ထိုလူကြီး၏စကားကို နောက်ထပ် ဒုတိယမြောက် လူတစ်ယောက်က ဝင်ရောက် ထောက်ခံလိုက်သည်။

"ဒါတော့ ကျွန်တော်တို့လည်း ထောက်ခံတယ်။ ခင်ဗျားတို့အသံချဲ့စက်က လွန်ကိုလွန်လွန်းတယ်။ ရပ်ကွက်ထဲမှာ အသက်ကြီးတဲ့သူတွေ၊ နေမကောင်းတဲ့သူတွေ၊ အလုပ်သမားတွေ၊ ကျောင်းသားတွေရှိတယ်ဗျ။ ခင်ဗျားတို့ အသံချဲ့စက်က ဘယ်သူ့မှချမ်းသာမပေးဘူး။ အားလုံးကို အနှောင့်အယှက်ပေးတယ်။ ကျွန်တော်တို့က တိုင်ခဲ့ပေါင်းလည်းများပြီ။ ဘာမှအကြောင်းမထူးတာနဲ့ သည်း... နေခဲ့တာလည်းကြာပြီ"

"ကျုပ်တို့ အလကားလျှောက်... နေတာမဟုတ်ဘူး။ ကိုယ်ကျိုးလုပ်နေတာလည်းမဟုတ်ဘူး။ ပရဟိတဗျ၊ ပ... ဟိတ"

အလျှုခံမှလူကြီးကပြန်အော်သည်။

ထိုအခါ ပရိသတ်ထဲမှ ပထမဆုံး... ဝေဖန်လိုက်သူ ပုဂ္ဂိုလ်ကြီးကပင် -

"ဘာပရဟိတလဲ။ ပရဟိတ... အရေချုံပြမလာနဲ့။ ကိုယ်ကျိုးမဲ့လုပ်လုပ်... ပရဟိတပဲလုပ်လုပ် စည်းမဲ့ကမ်းမဲ့လုပ်လို့ ရသလား။ ဒါ ဥပဒေမဲ့တိုင်းပြည်မဟုတ်... ဘူး။ ပြောရရင် ခင်ဗျားတို့လုပ်ပေါက်က... သာသနာတော်အတွက်အကျိုးဆောင်... မကျဘဲ ပြည်သူတွေသဒ္ဓါပျက်စီးအောင် ဖျက်ဆီးနေတာနဲ့တောင် ပိုတူနေသေး... တယ် နားလည်ရဲ့လား။ အခု လူတွေ... ဘယ်လိုဖြစ်နေကြသလဲဆိုတော့ ခင်ဗျား... တို့ဖွင့်လိုက်တဲ့တရားတွေကို ဘယ်သူ... မနာချင်ကြတော့ဘူး။ သီချင်းတွေ... လည်း ဘယ်သူမှနားမထောင်ချင်ကြ... တော့ဘူး။ မုန်းနေကုန်ကြပြီ။ နားကြား... ပြင်းကတ်နေကုန်ကြပြီ။ ဘာကြောင့်ဒီ... ဖြစ်သွားသလဲဆိုတော့ ထပ်ခါတလဲလဲ... ဒါတွေကိုချည်းပဲ စူးစူးဝါးဝါး ကျယ်ကျယ်... လောင်လောင်ကြီး အမြဲတမ်းကြားနေ... လို့ မုန်းကြတာ။ အသံနဲ့နှိပ်စက်တာ... မခံနိုင်လို့မုန်းကြတာ။ အဲသလို အကြည်... ညိုတန်အောင်၊ သဒ္ဓါတရားပျက်အောင် ခင်ဗျားတို့လုပ်နေတာ"

ထိုလူကြီးမှာ စိတ်မြန်လက်မြန်... သမား၊ ဘွင်းဘွင်းရှင်းရှင်းသမားဖြစ်ဟန်... တူသည်။ မှန်သည့်ဘက်က ရည်တည်ပြီး... ဝင်ပြောရဲသည့်ထိုလူကြီးကို စာရေးဆရာ... က ကျိတ်၍ချီးကျူးလိုက်မိသည်။ ထို့ပြင်... အသံချဲ့စက်မုန်းတီးရေးသမားအချို့က... ပါ ထိုလူကြီး၏ပြောစကားကို တီးတိုး... ထောက်ခံပြောဆိုနေကြသည်။ အသံချဲ့... စက်သမားတွေကတော့ တင်းမာပြီး... မှုန်ကုပ်သောမျက်နှာထားများနှင့်ရှိနေကြ... သည်။

ယင်းအခိုက် ရပ်ကွက်တာဝန်ခံ... ၏ စကားသံထွက်ပေါ်လာသည်။

"ကိုင်းကိုင်း - ဟုတ်ပြီ၊ ဟုတ်ပြီ...

www.burmeseclassic.com

# ချစ်မုန်းခင်(ကြို့ပင်ကောက်-လယ်တော်)
# ငှက်ဖျားရောဂါနှင့်အဟောရောဂါဝေဒနာ လက်တွေ့ပျောက်ကင်းစေရာ



ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ရာ လူသားတိုင်းသည် ကျန်းမာ၍ အသက်ရှည်စွာ နေထိုင်လိုကြသည်။ သို့ပါသောကြောင့်လည်း အနာရောဂါကင်းရှင်းရေးအတွက် အလေးဂရုပြုတာ နေထိုင်စားသောက်ကြပါသည်။ မကျန်းမာမှ ကျန်းမာရေး၏ တန်ဖိုးကိုသိကြသည်။

လူသားတိုင်းတွင် ကျန်းမာရေးသည် အဓိကဖြစ်ပြီး ကျန်းမာရေးသည် နံပါတ် (၁) ဖြစ်သည်။ ကျန်းမာရေးသည် နံပါတ် (၁) ဖြစ်လျှင် နံပါတ် (၁) ၏ နောက်တွင် ရွှေငွေစည်းစိမ်ကျောက်သံပတ္တမြားအိုးအိမ်တိုက်တာဟူသောသုညများတပ်လျှင် တပ်ချင်သလောက်တပ်ပါ။ ကျန်းမာရေးသည် ရှေ့ဆုံးက တစ်ဖြစ်နေလျှင် တန်ဖိုးသည် မြင့်သထက်မြင့်သွားလေသည်။

ကျန်းမာရေးသည် ရှေ့ဆုံးက သုညဖြစ်နေလျှင် နောက်မှ ရွှေငွေစည်းစိမ်ကျောက်သံပတ္တမြားအိုးအိမ်တိုက်တာဟူသော (၁) ဂဏန်းတို့တပ်ခဲ့သော် တန်ဖိုးရှိတော့မည် မဟုတ်ပါ။ သို့ပါသောကြောင့် လူသားတိုင်းသည် ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိဖြင့် နေထိုင်ကြပြီး ကျန်းမာမှသာလျှင် မိမိ တိုင်းပြည်နှင့်လူမျိုးအတွက် နိုင်ငံ့တာဝန်အား တစ်ဖက်တစ်လမ်းမှ အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ပါဝင်ကူညီထမ်းရွက်ခွင့်ရမည်ဖြစ်သလို လောကုတ္တရာအကျိုးစီးပွားများကိုလည်း ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်မည် ဖြစ်လေသည်။

လူသားများအား ကျန်းမာရေးကဏ္ဍဘက်တွင် အများအားဖြင့် ဒုက္ခပေးနေလျက်ရှိသော ငှက်ဖျားရောဂါ

---

အားလုံးကျွန်တော်နားလည်ပြီ။နားလည်တဲ့အတိုင်းလည်း တတ်နိုင်သလောက်ကျွန်တော်ဖြေရှင်းပေးမယ်။ ပထမဆုံးလွှန်ကျူးတဲ့သူက ခင်ဗျားတို့အသံချဲ့စက်သမားတွေပဲဆိုတာ ပေါ်လွင်နေပြီ။ ဒါက အခုမှ ပြောတဲ့စကားမဟုတ်ဘူး။ ကျွန်တော်တို့ရပ်ကွက်တာဝန်ရှိသူတွေက ခင်ဗျားတို့ကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ အရင်ကတည်းကပြောခဲ့ဖူးပေါင်းများပြီ။ ဒါပေမယ့် ခင်ဗျားတို့ အသံချဲ့စက်သမားတွေက ဘယ်သူ့မှမလိုက်နာကြဘူး။ နောက်ဆုံးလမ်းတကာလှည့်ပြီး ဒီလိုက်ရောင်းတဲ့သူတွေ၊ ဈေးလိုက်ရောင်းတဲ့သူတွေကအစ ဟိုလေးငါးထပ်လောက်ကလူတွေကိုတောင် နားကွဲစေလောက်တဲ့အသံတွေနဲ့ တအားအော်ပြီး အလုပ်လုပ်နေကြတယ်။ ကျွန်တော်တို့အတားရပ် တားတဲ့အချိန်လေးလောက်ပဲ ခင်ဗျားတို့ဆင်ခြင်တယ်။ ကျွန်တော်တို့ကလည်းရှိတဲ့ဝန်ထမ်းက နည်းနည်း၊ လုပ်ရတဲ့အလုပ်ကများများ ဆိုတော့ အားလုံးအတွက် အခါခပ်သိမ်းလိုက်ထိန်းပေးနိုင်ဘူး။ တော်ရုံတန်ရုံလုပ်ကြပေါ့ဗျာ။ မနက်အစောကြီးအများအိပ်စက်နေတဲ့အချိန်မှာ ထအော်နေမယ့်အစား ညဦးပိုင်းကတည်းက ကြိုပြီးနှိုးဆော်ပေးထားလို့မရဘူးလား။ ဒီအတိုင်းပဲ အလှူခံတဲ့နေရာမှာလည်း ဟိုးကိုက်ငါးရာ၊ တစ်ထောင်လောက်ကနေကြားရအောင် တအားဖွင့်နေမယ့်အစား ကိုယ့်ရှေ့ရောက်လာတဲ့လမ်းသွားလမ်းလာတွေကြားသာရုံလောက်တင် အေးအေးသက်သာဖွင့်ပြီးအလှူခံရင် မရပေဘူးလား။ ဒါဆိုရပ်ကွက်လူထုကလည်း ကျေနပ်တယ်။ ဒီချိုချိုအေးအေးအသံလေးတွေကိုကြားရတဲ့ပရိသတ်အပေါင်းကလည်း သဒ္ဓါစိတ်၊ ကြည်နူးစိတ်တွေဖြစ်ပေါ်လာတာပေါ့။

အခုခင်ဗျားတို့အဖွဲ့နှစ်ဖွဲ့စလုံးမှာ အပြစ်ရှိနေပြီ။ အုတ်ခဲနဲ့ထုတဲ့သူတွေလည်း အပြစ်ရှိတယ်။ ဒီလိုတုံ့ပြန်ပုံမျိုးက တရားမဝင်ဘူး။ သွေးထွက်သံယိုမှုသာဖြစ်ခဲ့ရင် အမှုကပိုတောင်ကြီးသွားနိုင်တယ်။ ဒီတော့ အရေးယူရမယ်ဆိုရင် နှစ်ဖက်စလုံးကို အရေးယူရမှာပဲ။ ခင်ဗျားတို့အသံချဲ့စက်သမားတွေလည်း အရင်ကအကြိမ်ကြိမ်သတိပေးပြီးဖြစ်ပါလျက် ထပ်စည်းဖောက်တဲ့အတွက် ဥပဒေအတိုင်းလုပ်ရုံပဲရှိတော့တယ်။

တစ်ခုပဲရှိတယ်။ ခင်ဗျားတို့အချင်းချင်းကျေအေးချင်ရင် ဒီမှာတင် ခံဝန်ချက်တွေ လက်မှတ်ထိုးသွားကြ။ အသံချဲ့စက်သမားတွေက နောက်ကို ခုလိုမဆင်မခြင်မလုပ်တော့ပါဘူးဆိုပြီး ခံဝန်ချက်ပေးရမှာဖြစ်သလို ဟိုဘက်ကလည်း ပျက်စီးဆုံးရှုံးသွားတဲ့ အလှူခံပစ္စည်းတွေအတွက် ပြန်လျော်ပါမယ်ဆိုပြီး ကတိပြုပေး။ အဲဒါ ခင်ဗျားတို့စဉ်းစားကြ”

ရပ်ကွက်တာဝန်ခံ၏ စကားကအတော်သမာသမတ်ရှိသည်။ ဟိုအဖွဲ့နှစ်ဖွဲ့စလုံးကလည်း အခြေအနေကိုရိပ်စားမိသွားကြသည်။ အမှုကျယ်လာ၊ ကြီးလာမှာကို ကြောက်တတ်ကြသူများပီပီ ကြာကြာမစဉ်းစားတော့ဘဲ ကတိပြုလိုက်ကြသည်။ကြားခံပရိသတ်ကလည်း ကျေနပ်သွားကြသည်။ ယင်းနောက် အသီးသီး လူစုခွဲလိုက်ကြသည်။ စာရေးဆရာက ပေါ့ပါးစွာဖြင့် အိမ်သို့ပြန်လာခဲ့သည်။

အရေးတော်ပုံတစ်ခုတော့ ပြီးစီးသွားချေပြီ။ မိမိလုပ်အားဟူ၍ ဘာမှမပါလိုက်ရဘဲ ပြီးစီးသွားသော ထိုအရေးတော်ပုံအတွက် ကျေးဇူးတင်ထိုက်သူများကို ကျိတ်၍ကျေးဇူးတင်နေမိသည်။

ဒါက ယာယီပဲလား၊ ခဏပဲလား။ အမြဲတမ်းပဲဖြစ်သွားမလား။ ဒါတော့ လူမသိ။ လတ်တလော အသံချဲ့စက်ကြီးဖြုတ်ပြီး ခပ်သေးသေးဆောင်းဘောက်တစ်လုံးနှင့်သာ ခရီးဆက်နေကြသည်။ စာရေးဆရာက ကျေးဇူးရှင်များကိုကြည့်ကာ စိတ်လည်းချမ်းမြေ့၊ လူလည်း အဆင်ပြေဆိုသလိုဖြစ်နေမိရသည်သာ။

ခြမြတ်တင်(အမျိုးသားစာပေဆု)

www.burmeseclassic.com

ဝေဒနာအား ခံစားနေရသော ငှက်ဖျားရောဂါဝေဒနာရှင်များအတွက် ငှက်ဖျားရောဂါဝေဒနာ ပျောက်ကင်းစေသော ဆေးနည်းတစ်နည်းအား တင်ပြလိုပေသည်။

❑

စာရေးသူ၏ ခြံဝင်းအတွင်း ကန်ပေါင်ပေါ်တွင် အုန်းပင်များ စိုက်ပျိုးထားလျက်ရှိရာ စာဘူးတောင်ငှက်လေးများသည် မိုးဦးကျစအခါကာလတွင် အုန်းပင်များပေါ်သို့ လာရောက်အသိုက်ဖွဲ့ကြသည်။ ဝါလကင်းလွတ်၍ သီတင်းကျွတ်သောအခါ စာဘူးတောင်ငှက်ကလေးများသည် သားငယ်လေးများပေါက်ဖွားပြီး အဝေးသို့ပြန်သွားကြလေသည်။

တစ်နေ့သောအခါ စာရေးသူထံသို့ ဦးစိုးမြင့်ရောက်ရှိလာပြီး ဦးစိုးမြင့်မှ စာရေးသူအား အုန်းပင်ပေါ်မှ စာဘူးတောင်ငှက်သိုက်အဟောင်းလာတောင်းပါသည်။ စာရေးသူမှ ဘာလုပ်ဖို့လဲဟု မေးရာ ဆေးကျိုဖို့ဟုပြောသဖြင့် ယူသွားပါဟုပြောရာ ဦးစိုးမြင့်သည် နောက်မပါလာသော ကြွက်နီအား အုန်းပင်ပေါ်သို့တက်ခိုင်းပြီး စာဘူးတောင်ငှက်သိုက်တစ်ခုအားယူသွားပါသည်။

❑

နှစ်လခန့်ကြာသောအခါ ဦးစိုးမြင့်နှင့်ဆွမ်းကျွေးအလှူတစ်ခုတွင် ဆုံကြရာ စာရေးသူမှ ဦးစိုးမြင့်အား စာဘူးတောင်ငှက်သိုက်ဆေးအကြောင်းမေးရာ ဦးစိုးမြင့်မှပြောပြသည်မှာ -

ရွာတောင်ပိုင်းမှ ဝင်းငွေသည် သုံးဆယ်မြို့အရှေ့ဘက် ပဲခူးရိုးမတောထဲသို့သွားရောက်ပြီး ချောင်းထဲတွင် အဖွဲ့ဝင်လူငယ်တစ်သိုက်နှင့် ရွှေကျင်လျက်ရှိကြရာ သုံးဆယ်မြို့အရှေ့ပဲခူးရိုးမတောသည် စိမ့်စမ်းကနိုင်သစ်ပင်ကြီးများနှင့် တောအုပ်ထူထပ်သောကြောင့် အင်မတန်မှ အအေးပိုသောနေရာဖြစ်သည်။ ဝင်းငွေသည် (၂) လခန့်ကြာသောအခါ ဗိုက်ပူနံကားနှင့် ငှက်ဖျားရောဂါဝေဒနာစွဲကပ်လာပြီး ရွာတွင် ဆရာမျိုးစုံနှင့် ကုသပါသော်လည်း မပျောက်ကင်းဘဲရှိနေသည်။



(စကားချပ် - ထိုစဉ်က ဆိုရိုးစကားတစ်ခုပေါ်ခဲ့သည်မှာ သေချင်ရင် စိန်မစားနဲ့ ရွှေကျင်သွားဟူသောစကားသည် အတော်ပင်ခေတ်စားခဲ့သည်။)

တစ်နေ့သောအခါ အညာဒေသမှ တောလက်ကျေးရွာများသို့ အထမ်းဖြင့် ဆေးမျိုးစုံ၊ တိရစ္ဆာန်တို့၏ အရိုး၊ အစွယ်များ၊ အဆောင်များ လိုက်လံရောင်းချနေသော ရှမ်းဆရာကြီးတစ်ယောက်သည် ရွာသို့ရောက်ရှိလာပြီး ဝင်းငွေ၏ ငှက်ဖျားရောဂါအား သိရှိရသဖြင့် စာဘူးတောင်ငှက်သိုက်အား ဆေးအဖြစ် ကျိုတိုက်သွားရာ ဝင်းငွေမှာ ငှက်ဖျားရောဂါများကင်းရှင်းသွားပြီး ယခုအခါ လူမှာ ဝဖြိုးစိုပြည်နေလျက်ရှိသည်။

**❑ဆေးနည်း -**

စာဘူးတောင်အဖိုငှက်သိုက်တစ်ခုအား (အဖိုသိုက် ဆိုသည်မှာ ပုခက်နှင့်တူသည်) ရေစင်ကြယ်စွာဆေးကြောပြီး မတ်ခွက်ဖြင့် ရေသုံးခွက်ထည့်၍ သုံးခွက်တစ်ခွက်တင်ကျို၍ သောက်သုံးစေခြင်းဖြစ်ပါသည်။

မှတ်ချက် - ထိုဆေးပြုတ်ရည်သည် မည်သည့်အခါးနှင့်မျှမတူဘဲခါးသည်ဟု ဆေးသောက်သူ ဝင်းငွေမှ ပြောပြပါသည်။ ပျောက်ချင်ဇောဖြင့် သောက်ရာ ထိုဆေးပြုတ်ရည်သောက်ပြီးသောအခါ ငှက်ဖျားမှာလည်း ယနေ့ထိတိုင်မဖျားတော့ကြောင်းဆိုပါသည်။

**❑အဖောရောဂါပျောက်ဆေး**

အဖောရောဂါသည်များအတွက် ခံစားနေရသောရောဂါဝေဒနာမှပျောက်ကင်းစေရန် လက်တွေ့ဆေးသောက်၍ ပျောက်ကင်းသွားသော အဖောရောဂါဝေဒနာအတွက်ဆေးနည်းတစ်လက်အား ဆက်လက်တင်ပြပါမည်။

တစ်နေ့သောအခါ စာရေးသူထံသို့ ဦးစိုးတင့်ရောက်ရှိလာပြီး စာရေးသူ၏ခြံထဲတွင်စိုက်ပျိုးထားသော တစောင်းလက်ပတ်ပင်အား လာရောက်တောင်းသဖြင့် စာရေးသူသည် သန်မာသော တစောင်းလက်ပတ်ပင်တစ်ပင်အားနုတ်ပေးလိုက်သည်။

ဦးစိုးတင့်မှ -

"အစ်မလည်းကုသိုလ်ရပါတယ်။ ကျွန်တော်လည်း ကုသိုလ်ရပါတယ်။ လမ်းထဲက ဦးငွေစိုးဖောနေလို့ဆေးတိုက်ဖို့ပါ"

ဟုပြောဆိုပြီး ပြန်သွားလေသည်။

နောက်တစ်လခန့်ကြာသောအခါ ဦးတင်စိုးနှင့်ဦးငွေစိုးသည် အိမ်သို့ရောက်ရှိလာပြီး ဦးငွေစိုးလက်ထဲတွင် ကိတ်မုန့်တစ်လုံး၊ နို့ဆီတစ်ဘူးနှင့်ကော်ဖီမစ်ထုပ်များထည့်ထားသော ကွတ်ကွတ်အိတ်တစ်လုံးကိုဆွဲလျက်-

"အစ်မကို လာပြီးကန်တော့တာပါ"

ပြောရာ စာရေးသူမှ အကျိုးအကြောင်းမေးသောအခါ ဦးငွေစိုးမှ -

"ကျွန်တော့်မှာ အဖောရောဂါဖြစ်နေတာ (၂)လလောက်ရှိပါပြီ။ကန်တော့ပါအစ်မရယ်။ ဆီးလည်းကောင်းကောင်းမသွားဘူး။ အဲဒါ ဦးစိုးတင့်သိသွားပြီး ဆေးတိုက်လို့ အခုတော့ ကျွန်တော်ကောင်းသွားပါပြီ"

ဟု ပြောရာ -

"အဲဒီလိုဆို ဦးငွေစိုးလို အဖောရောဂါဝေဒနာခံစားနေရသူတွေအတွက် ဆေးနည်းလေးပြောပြပါလား"

ဦးစိုးတင့်မှ ပြောပြသည်မှာ တစောင်းလက်ပပ်အရွက်တစ်လက်အား ရေစင်ကြယ်စွာဆေးကြောပြီး ဘေးမှဆူးလေးများအား ဓားဖြင့်သပ်ပြီး ထက်ခြမ်းခွဲ၍ အလယ်အနှစ်သားများအား ဇွန်းဖြင့်ခြစ်ယူကာ သကြားအနေတော်ဖြင့် ဖျော်ရည်လုပ်ပြီး ထိုဖျော်ရည်ထဲသို့ သံပုရာသီးတစ်လုံးညှစ်ထည့်ပြီးသောက်ပါ။

နံနက်တစ်ခွက်၊ ညတစ်ခွက် (၃) ရက်ဆက်တိုက်သောက်သောအခါ ဦးငွေစိုးတွင် ခံစားနေရသော အဖောရောဂါဝေဒနာမှပျောက်ကင်းသွားကြောင်း ပြောပြပါသည်။

ကတိသစ္စာ တည်သောခါတွင် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏ဟု ဆိုရိုးစကားရှိလေရာ သစ်ပင်သစ်မြစ်၊ သစ်ဥ၊ သစ်ဖုတို့သည် သူ့နေရာနှင့်သူ့ဆေးဖက်ဝင်လျက်ရှိကြောင်း၊ ငှက်ဖျားရောဂါဝေဒနာခံစားနေရသူများနှင့် ကျောက်ကပ်မကောင်း၍ အဖောရောဂါဝေဒနာခံစားနေရသော ဝေဒနာရှင်များအတွက် လိုလျှင်ကြံဆ နည်းလမ်းရစေရန် သူရဲမဂ္ဂဇင်းမှ ဖော်ပြလိုက်ရပါသည်။

ချစ်မုန့်
(ကြို့ပင်ကောက်-လှိုင်)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## သံဃံသရဏံဂစ္ဆာမိ

"ဒီနေ့သံဃာ့ဂုဏ်အကြောင်းပြောရအောင်။ ဘုရားနဲ့ တရားလိုပဲ ဂုဏ်တော်အနန္တထဲက အကျဉ်းချုပ်ပြီး ကိုးပါးထုတ်ထားတယ်။

အဲဒါတွေက -

၁။ မြတ်စွာဘုရားညွှန်ကြားထားတဲ့အတိုင်း ကောင်းမွန်စွာကျင့်ခြင်း၊

၂။ ဖြောင့်မတ်စွာကျင့်ခြင်း၊

၃။ မှန်ကန်စွာကျင့်ခြင်း၊

၄။ လျော်ကန်သင့်မြတ်စွာကျင့်ခြင်း။

၅။ ဒကာဒကာမများရဲ့ပူဇော်ခြင်း၊

၆။ ဧည့်သည်အတွက် စီမံထားတဲ့အရာကို အလှူခံထိုက်ခြင်း။

၇။ တမလွန်ဘဝအတွက် ရည်မှန်းပြီးပူဇော်တာကို အလှူခံထိုက်ခြင်း။

၈။ လက်အုပ်ချီပြီး ရှိခိုးခြင်းကို ခံထိုက်ခြင်း။

၉။ ကောင်းမှုပြုရာလယ်မြေကောင်းသဖွယ်ဖြစ်ခြင်းတို့ဖြစ်တယ်။

ဒါကိုပဲရှင်းမယ်ဆိုရင် အများကြီးထွက်လာမယ်။ နောက်တော့ ခင်ဗျားတဖြည်းဖြည်းသိလာမယ်။ သံဃာတော်တွေရှိနေလို့ ဘုရားနဲ့ တရားဟာရှိနေတာ။ သံဃာတော်တွေကွယ်ရင် ဘုရားနဲ့တရားလည်းကွယ်ပြီ။ သံဃာတော်တွေကွယ်တယ်ဆိုတာ ဘုရားဟောထားတဲ့တရားကို အမှန်အတိုင်း မသင်ယူမကျင့်သုံးဘူး။ ချမှတ်ထားတဲ့ဝိနည်းစည်းကမ်းကို မလိုက်နာဘူးဆိုရင် ရဟန်းဘယ်လောက်များနေပါစေ သံဃာကွယ်ပြီပဲ။

အခုလည်း ဗုဒ္ဓဘာသာအမည်ခံတဲ့ရဟန်းတွေ အများကြီးရှိပေမယ့် စောစောကပြောခဲ့တဲ့တရားနဲ့ ဝိနည်းကို တစ်သဝေမတိမ်းလိုက်နာတဲ့ ထေရဝါဒသံဃာဆိုတာ အနည်းစုဖြစ်နေတယ်။ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ ဒီ(၅)နိုင်ငံမှာပဲ ထေရဝါဒသာသနာထွန်းကားတော့တယ်။ ဒီထဲမှာ မြန်မာနိုင်ငံက အထွန်းကားဆုံးပဲ။"

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးနောက် သုံးလလောက်အကြာမှာ ပထမသင်္ဂါယနာတင်ခဲ့တယ်။ ရှင်မဟာကဿပအမှူးပြုပြီး ရဟန္တာငါးရာနဲ့ ဘုရားဟောထားတဲ့တရားနဲ့ဝိနည်းတွေကို မှတ်တမ်းတင်ခြင်းပဲ။ အဲဒီမှာ စည်းကမ်းချက် (၃)ချက်ချမှတ်လိုက်တယ်။

အဲဒါတွေက -

၁။ ဘုရားဟောထားတဲ့တရားနဲ့ဝိနည်းတွေကိုတစ်လုံးတစ်ပါဒမျှထုတ်နုတ်ပယ်ဖျက်ခြင်းမပြုရဘူး။

၂။ တစ်လုံးတစ်ပါဒမျှ ဖြည့်စွက်





www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်းခြင်းမပြုရဘူး။

၃။ တစ်လုံးတစ်ပါဒမျှ ပြင်ဆင်ခြင်း မပြုရဘူး။

အဲဒါကို ထေရဝါဒသံဃာတွေက ဒီနေ့ထိ အတိအကျလိုက်နာတယ်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်တစ်ရာကျော်အကြာမှာ ဝေသာလီပြည်ကရဟန်းတချို့ဟာ ဘုရားဟောထားတဲ့ ဝိနည်းတော်ထဲက အချက် (၁၀) ချက်ကိုပြင်ဆင်လိုက်ကြတယ်။ အဲဒီမှာ ထေရဝါဒမဟုတ်တဲ့သံဃာစပေါ်တာပဲ။

အဲဒီမှာ အရှင်မဟာယသမထေရ်အမှူးပြုပြီး ရဟန္တာ (၇၀၀) နဲ့ သင်္ဂါယနာတင်ကြတယ်။ ဖောက်ဖျက်တဲ့ ရဟန်းတွေကိုလည်း နှင်ထုတ်လိုက်တယ်။ နောက်နှစ်ပေါင်း (၁၃၀) အကြာ သာသနာနှစ် (၂၃၀) မှာ တတိယအကြိမ် သင်္ဂါယနာတင်ရပြန်တယ်။ အဲဒီမှာ ဘုရားဟောအတိုင်း မလိုက်နာတဲ့ ရဟန်းတွေက အဆမတန်များသွားပြီ။ သူတို့က သူတို့ကိုယ်သူတို့ မဟာယာန (မြင့်မြတ်တဲ့ဂိုဏ်း) လို့ အမည်ပေးပြီး ထေရဝါဒကိုတော့ ဟီနယာန (နိမ့်ကျတဲ့ဂိုဏ်း) လို့ အမည်ပေးထားတယ်။ သူတို့အဆိုက ထေရဝါဒတွေဟာ ရိုးရိုးရဟန်းအဖြစ်နဲ့ နိဗ္ဗာန်ဝင်ဖို့ အားထုတ်ကြပြီး သူတို့က ဘုရားအဖြစ်နဲ့ နိဗ္ဗာန်ဝင်ဖို့ အားထုတ်ကြတယ်လို့ဆိုတယ်။

သူတို့က ဘုရားအလောင်းတွေလို့ဆိုပြီး လူအထင်ကြီးအောင် အင်း၊ အိုင်၊ မန္တန် စတဲ့ ဂန္ဓာရီအတတ်တွေကို လေ့လာတယ်။ ဒကာ၊ ဒကာမတွေနဲ့ ရောရောနှောနှောနေတယ်။ တချို့ဇာတ်စင်ပေါ်တက်ပြီးဒကာမနဲ့တွဲကလိုက်သေးတယ်။ ဒကာမတွေကို ပန်းအစရှိတဲ့လက်ဆောင်တွေပေးပြီး စည်းရုံးတယ်။ သူတို့ကို ကိုးကွယ်သူလည်းများတယ်။ အဲဒီအချိန်မှာ ဂိုဏ်းပေါင်း (၁၈) ဂိုဏ်းအထိကွဲနေပြီ။ အခြားဒိဋ္ဌိဂိုဏ်းတွေကလည်း အများကြီးပဲ။

အဲဒီသာသနာနှစ် ၂၃၀မှာ အိန္ဒိယနိုင်ငံမှာ သီရိဓမ္မာသောကမင်းကြီးစိုးစံနေတယ်။ သူ့ဖခင်ဘုရင်လက်ထက်က အဝတ်မဝတ်တဲ့ဒိဋ္ဌိတွေကို ကိုးကွယ်တယ်။ နေ့စဉ် သောင်းနဲ့ချီတဲ့ဒိဋ္ဌိတွေကို နန်းတော်မှာထမင်းကျွေးတယ်။ မင်းကြီးက သဘောမတွေ့ပေမယ့် အစဉ်လာမပျက် ဆက်ကိုးကွယ်တယ်။ နောက် ထေရဝါဒသာမဏေတစ်ပါးဖြစ်တဲ့၊ သူ့တူလည်းတော်တဲ့ နိဂြောဓသာမဏေနဲ့ တွေ့ပြီး ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ကိုးကွယ်တယ်။ ဒိဋ္ဌိတွေကို အလာမခံတော့ဘူး။ မင်းကြီးက ထေရဝါဒဗုဒ္ဓဘာသာကို အလွန်ကြည်ညိုပြီး လှူဒါန်းတော့ ထေရဝါဒနဲ့အသွင်ချင်းတူတဲ့၊ ထေရဝါဒက သူတို့ကို တန္တရလို့ခေါ်တဲ့ မဟာယာနတွေက ရောနှောပြီး ပူးကပ်လာတယ်။ ထေရဝါဒတွေက သူတို့နဲ့ မဆက်ဆံဘူး။ အဲဒီမှာ အဓိကရုဏ်းတွေဖြစ်လာတယ်။ မင်းကြီးက အမတ်တစ်ယောက်ကို ပြေငြိမ်းအောင်လုပ်ဖို့ တာဝန်ပေးလိုက်တယ်။ အမတ်ကမသင့်တဲ့ရဟန်းတွေကို ပေါင်းခိုင်းတယ်။ မဟာယနကပေါင်းတယ်။ ထေရဝါဒက အဲဒီသီလမရှိတဲ့ရဟန်းတွေနဲ့ မပေါင်းဘူး။ မပေါင်းတဲ့ရဟန်းကို အမတ်က သတ်ပစ်တယ်။ ထေရဝါဒရဟန်းတွေအတော်သေကုန်တယ်။

အဲဒီမှာ မင်းကြီးရဲ့ညီတော်တိဿမထေရ်ကလည်း ထေရဝါဒရဟန်းဖြစ်နေတယ်။ သူကလည်းမပေါင်းဘူး။ သူ့ကျတော့ အမတ်က မသတ်ရဲတာနဲ့ ဘုရင်ကို သွားလျှောက်တယ်။ အဲဒီတော့မှ မင်းကြီးက အကြီးအကျယ်တုန်လှုပ်သွားပြီး ဒီပြဿနာကိုဖြေရှင်းဖို့ ထေရဝါဒဂိုဏ်းခေါင်းဆောင်ဖြစ်တဲ့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို လျှောက်ထားတိုင်ပင်တယ်။

ရှေးဦးစွာ ဗုဒ္ဓရဲ့ အခြေခံဝါဒကို မေးပြီး အတုနဲ့ အစစ်ကိုမေးတယ်။ အမှန်မဖြစ်နိုင်သူကို အဝတ်လဲပြီး အလုပ်ကြမ်းခိုင်းတယ်။ ဒီသတင်းကြားတော့ မဟာယနအများစုဟာ ထွက်ပြေးကုန်ကြတယ်။ အဲဒီနောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို အမှူးပြုပြီး ရဟန္တာ (၅၀၀) နဲ့ တတိယသင်္ဂါယနာတင်တယ်။

သီရိဓမ္မာသောကမင်းကြီးနတ်ရွာစံတော့ ညီ၊ သား၊ သမီးတို့ဟာ သာသနာ့ဘောင်ရောက်နေကြတော့ မြေးက နန်းတက်လာတယ်။ သူ့ကိုးကွယ်ရင်းဒိဋ္ဌိတွေကိုကိုးကွယ်တယ်။ မဟာယာနတွေလည်း ပြန်ရောက်လာကြတယ်။ အဲဒီမှာ ထေရဝါဒတွေထွက်ပြေးကြရတယ်။အဲဒီအချိန်ကစတင်ပြီး မဇ္ဈိမဒေသမှာ ထေရဝါဒသာသနာလုံးဝကွယ်သွားတယ်။ သီဟိုဠ်မှာသွားပြီးထွန်းကားတယ်။ ဒါပေမယ့် နှစ်ပေါင်း (၁၄၀) လောက်ကြာပြန်တော့ သီဟိုဠ် (သီရိလင်္ကာ) မှာ နန်းတက်လာတဲ့ဘုရင်ဟာ လူမှုရေးဖောက်ပြန်တဲ့အတွက် (၁၂) နှစ်မိုးခေါင်တယ်။ လူတွေငတ်ကြတယ်။ လူတွေလှုဖွယ်ရာမရတဲ့ ရဟန်းတွေက အရင်ငတ်တယ်။ အဲဒီမှာ သူပုန်တွေကလည်း သောင်းကျန်းတယ်။ လူအများ အိန္ဒိယကိုထွက်ပြေးကြတယ်။

ဒီအချိန်မှာ သံဃာ့ခေါင်းဆောင်က သံဃာမဟာရာဇာမထေရ်ပဲ။ ရဟန်းတွေက အိန္ဒိယဘက်ကိုရှောင်ဖို့ပြောတော့ မထေရ်ကြီးက သီဟိုဠ်မှာသာသနာကွယ်သွားမှာစိုးလို့ သည်းခံပြီးနေကြဖို့ ဖျောင်းဖျတယ်။

အစာမစားရတော့ ဆာလောင်တာကိုပြေအောင်ဆိုပြီး သဲကိုစုပုံ... လောင်းပြီး အဲဒီပေါ်မှာ ဗိုက်မှောက်အိပ်ပြီးစာအံကြတယ်။ ဘယ်လောက်ကြည်ညိုဖို့ကောင်းသလဲ။ မြတ်စွာဘုရားမပွင့်မီကတည်းက အိန္ဒိယမှာ စာပေအရေးအသားရှိတယ်။ ဒါပေမယ့် မြတ်စွာဘုရားရဲ့ တရားတော်ကို နှုတ်တက်ပဲသင်အံကြတယ်။ တရားတော်ဟာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုပြီး သုံးမျိုးကွဲတယ်။ သုတ်နဲ့ ဝိနည်းက အကြောင်းပေါ်လာမှ ဟော... ပညတ်ရတာ။ အဘိဓမ္မာကိုတော့ ဘုရားပွင့်ပြီး (၄၉) ရက်အတွင်းမှာပဲ ဆင်ခြင်... နှလုံးသွင်းပြီး ကျမ်း (၇) ကျမ်းဆင်... တယ်။ အဲဒီမှာမာတိကာဆွဲပုံ၊ အခန်း... ပုံစတာတွေဟာ အခုခေတ်အပြည့်စုံဆုံး... စနစ်အကျဆုံးဆိုတဲ့ စာအုပ်တွေထက်... စနစ်ကျတယ်။

သံဃာ့မဟာရာဇာမထေရ်ကြီးဟာ... မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေ... ဉာဏ်ကြီးတဲ့ရဟန္တာတွေက နှုတ်တက်... ဆောင်နိုင်ပေမယ့် နောင်အခါ ဉာဏ်... တဲ့ရဟန်းတွေလက်ထက်ရင် နှုတ်တက်... အာဂုံဆောင်နိုင်မှာ မဟုတ်တော့ဘူး... ပြီးတော့ အခုလိုငတ်မွတ်တဲ့အချိန်မျိုး... တွေ့ရင်ပိုဆိုးမယ်။ ဒါကြောင့် စာပေ... ရေးမှတ်ပြီးထားသင့်တယ်လို့ စဉ်းစား... တော်မူတယ်။

ဒါနဲ့ သာသနာနှစ် ၄၅၀ မှာ သံဃာ့... မဟာရာဇာမထေရ်အမှူးပြုပြီး ရဟန္တာ (၅၀၀) နဲ့ စတုတ္ထသင်္ဂါယနာတင်ပြီး... တရားတော်များကို ပေထက်အက္ခရာ... တင်ခဲ့ကြတယ်။

စောစောကပြောခဲ့တဲ့ ရုပ်မှုန်တို့... ဖြစ်ပျက်ပုံနဲ့ လူသားတို့အမိဝမ်းတွင်း... ပဋိသန္ဓေနေပြီး တိုးတက်ဖြစ်ပေါ်လာ... တို့ဟာ နောက်ပိုင်းကျမှ သိပ္ပံပညာ... တွေတွေ့ရှိတာမို့လို့ အချို့အနောက်တိုင်း... က ပုဂ္ဂိုလ်များက ဒါဟာ ဘုရား... မဖြစ်နိုင်ဘူး။ နောက်မှထပ်ထည့်... တာဖြစ်မယ်လို့ ဝေဖန်ပြောဆိုကြ... ထေရဝါဒရဟန်းတော်တွေဟာ...



www.burmeseclassic.com

www.burmeseclassic.com

### ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

## မတရားသက်သေများကို နှုတ်ပိတ်အာစေးထည့်နည်း

မြန်မာလူမျိုးတို့တွင် ဆိုရိုးစကားရှိခဲ့သည်။ အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရ ဆိုသောစကားရှိခဲ့သည်။ တရားတဘောင်မှုခင်းများနှင့် တွေ့ကြုံဖြစ်ပေါ်လာခဲ့သော် တရားရုံးများတွင် တရားလို၊ တရားခံ နှစ်ဦးနှစ်ဖက် အမှုကိုဆိုင်ကြရသည်။ တရားလို၊ တရားခံ နှစ်ဖက်ရှိရာ မှန်ကန်သောဘက်နှင့် မမှန်ကန်သောဘက်မှ သက်သေများပါလာတတ်သည်။

၎င်းကိစ္စရပ်များတွင် မှန်ကန်သောဘက်မှ ပုဂ္ဂိုလ်များ၊ မမှန်ကန်သောဘက်မှ ပုဂ္ဂိုလ်များ၊ နှစ်ဦးနှစ်ဖက်ပုဂ္ဂိုလ်များသည် မိမိတို့ဘက်မှအနိုင်ရအောင် အမှုတွင် အထောက်အထားသက်သေများကို တရားရုံးသို့တင်ပြကြ၏။

မမှန်ကန်သောဘက်မှ မတရားသက်သေများကို နည်းအမျိုးမျိုးများဖြင့် စည်းရုံးပြီး တရားရုံးတော်များ၌ တရားသက်သေထွက်ဆိုချက်များကြောင့် မှန်ကန်မျှတသောတရားသောဘက်မှပုဂ္ဂိုလ်များသည် အမှုရှုံးခဲ့ကြရသည်များလည်း ရှိခဲ့ဖူးသည်။

ထိုသို့သော မတရားသက်သေများ နှုတ်မှထွက်ဆိုမည့်စကားများမပြောနိုင်အောင် အာစေးထည့် နှုတ်ပိတ်စေသော ပညာရပ်တစ်ခုရှိသည်။

မိုင်းကိုင်စက္ကူအရွက်ကြီးကြီးတစ်ရွက်မှာ 'ဥုံ စာယတိုင်' စာကို စာလုံးကြီးကြီးရေးပြီး ၎င်းစာလုံးများ၏အောက်မှ မိမိအလိုရှိရာစာရေးပါ။

မိမိတို့နှင့် တရားတဘောင်ဖြစ်နေသူဘက်မှ သက်သေများ၏ အမည်များကိုရေး၍ ဥပမာ 'မောင်ဖြူ-မညိုတို့ကို ဘာမှမပြောနိုင်အောင် နှုတ်ပိတ်အာစေးထည့်ပေးပါ' ဟု ရေးပြီးလျှင် မိမိအိမ်၏ တံစက်မြိတ်အပြင်ဘက်တွင် အမွှေးတိုင်ထွန်း၍ -

'လမိုင်းပေါင်းချုပ်ကို ပူဇော်ပါသည်။ ထိုစာရွက်မှာပါသော မောင်ဖြူ နှုတ်မဟနိုင်အောင်အာစေးထည့်ပေးပါ။

နှုတ်မှ စကားများမထွက်အောင် လမိုင်းပေါင်းချုပ်ကြီးက အာစေးထည့်ပေးပါ'

ဟုပြောဆိုပြီး ထိုစာရွက်ကိုပြာချပါ။ ထို့နောက် ကောက်ညှင်းနှီဆီဘူး(၃)ဘူးကိုပေါင်း၍ ထိုစာရွက်ပြာနှင့်နယ်ပါ။

ပြာနှင့်နယ်ထားသော ကောက်ညှင်းပေါင်းကို 'ဥုံ စာယတိုင်' ဟု (၃၇) ခေါက်ရွတ်ပြီး ကောက်ညှင်းပေါင်းကို (၃) ပုံခွဲပါ။

တစ်ပုံကို ခွေးကျွေးပါ။
တစ်ပုံကို နွားကျွေးပါ။
တစ်ပုံကို နဂါးကျွေးပါ။ နဂါးကျွေးပါဆိုသည်မှာ မြစ်ထဲသို့ နဂါးကိုဖိတ်ခေါ်ကျွေးပါ။ နွားကျွေးလျှင် စိတ်ရှည်ရှည်ထားကျွေးပါ။

> **ဥုံ စာယတိုင်**
> မောင်ဖြူနှင့်မညိုတို့
> ဘာမှမပြောနိုင်အောင်
> နှုတ်ပိတ်အာစေးထည့်ပေးပါ။

**နမူနာပုံစံ**

အမှုအခင်းပြဿနာများကြောင့် သောကပူပင်၊ စိတ်မရွှင်သော၊ မှန်ကန်သောပုဂ္ဂိုလ်များ၊ တရားသောဘက်မှ ပုဂ္ဂိုလ်များ၊ ငွေကြေးမတတ်နိုင်မည့်သူများ၊ မှန်မှန်ကန်ကန် တရားဥပဒေကို လေးစားလိုက်နာကြသူများအတွက် စေတနာ၊ ကရုဏာ၊ မေတ္တာများဖြင့် ရေးသားဖော်ပြလိုက်ပါသည်။

ခုနစ်ရက်သားသမီးများ
မသူတော်များဘေးမှကင်းဝေးကြပါစေ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

ဟောတရားကိုမဖြည့်၊ မဖြုတ်၊ မပြင်ရဆိုတဲ့အချက်သုံးချက်ကို အတိအကျလိုက်နာကြတယ်။ အခုပြောခဲ့တဲ့သူတို့ယုံတူးဆိုတဲ့အချက်တွေဟာ သင်္ဂါယနာ (၆) ကြိမ်စလုံးမှာပါခဲ့တယ်။ ရှေးကစာပေနဲ့မတင်လို့ လက်ဆုပ်လက်ကိုင်မပြနိုင်ပေမယ့် စတုတ္ထအကြိမ်တင်တဲ့ပေထက်အက္ခရာမှာ အတိအလင်းပါတယ်။ အဲဒါ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀၀) ကျော်ပဲ။ သိပ္ပံပညာထွန်းကားတဲ့အချိန်မဟုတ်သေးလို့ အဲဒီအချိန်မှာထပ်ထည့်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး။

ထေရဝါဒသံဃာတွေဟာ အတိုက်အခိုက်အနှောင့်အယှက်အခက်အခဲအမျိုးမျိုးကြားက ဘုရားဟောတရားတွေကို အခုလို မပျောက်မပျက်တည်ရှိအောင် ထိန်းထားနိုင်တဲ့ ဂုဏ်ကျေးဇူးဟာ နည်းတာမဟုတ်ဘူး။ အလွန်ကြည်ညိုထိုက်တယ်။ တကယ်လို့ သူတို့မှာ ဒီလိုအရည်အချင်းမရှိဘူးဆိုရင် အခုအချိန်မှာ ကျွန်တော်တို့ဟာ မြတ်စွာဘုရားရဲ့တရားတော်တွေကို အစစ်အမှန်တိုင်းသိရမှာမဟုတ်တော့ဘူး။ ပိဋကတ်သုံးပုံကို စာအုပ်ရိုက်ထားတာ လူတစ်ယောက်ထမ်းနိုင်တဲ့အနေအထားပဲရှိတယ်။ မဟာယာနတွေမှာ ပိဋကတ်သုံးပုံဆိုတာ လှည်းကိုးစီးတိုက်စာလောက်ရှိတယ်။ အဲဒါ သူတို့အယူအဆတွေထပ်ဖြည့်ထည့်ထားလို့ပဲ။

ထေရဝါဒ သံဃာတော်တွေဟာ သံဃာ့ဂုဏ်တော်ကိုးပါးမှာပါတဲ့အတိုင်း မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း မှန်မှန်ကန်ကန် ကျင့်ကြံအားထုတ်လို့ သူတို့တွေဟာ လူတို့ရဲ့ကိုးကွယ်ဆည်းကပ် ပူဇော်ခြင်းကိုခံထိုက်ခြင်းဖြစ်တယ်။ ပြီးတော့ မြတ်သောပုဂ္ဂိုလ်များကိုလှူဒါန်းရခြင်းဟာ အတိုင်းမသိ အကျိုးကြီးတဲ့အတွက် သူတို့ကို အနည်းငယ်မျှလှူရုံနဲ့ အကျိုးကျေးဇူးအနန္တရရှိတယ်။ ဘာနဲ့တူသလဲဆိုတော့ အလွန်တရာမြေဩဇာကောင်းတဲ့မြေမှာ သီးပင်စိုက်ရသလိုပဲ။ ဒါကြောင့် သံဃာတော်တွေဟာ ကောင်းမှုတည်းဟူသော မျိုးစေ့ရဲ့စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်တယ်လို့ဆိုတာ။ ပြီးတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဟောကြားပေးပြီး လူတွေကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ဆောင်ကြဉ်းပေးနိုင်လို့ အားကိုးထိုက်သူ၊ ကိုးကွယ်ထိုက်သူအမှန်ဖြစ်တယ်။ ဒီအချက်ကို ခင်ဗျားယုံကြည်လက်ခံတယ်ဆိုရင် သံဃံ သရဏံ ဂစ္ဆာမိလို့ သံဃာသရဏဂုံကိုဆောက်တည်လိုက်ပါ"

"သံဃံ သရဏံ ဂစ္ဆာမိ"

ဟု ဦးထွန်းက ကျွန်တော့်စကားအဆုံးတွင် အားရပါးရ ဆောက်တည်လိုက်ပါသည်။

ချောင်းဆုံအုန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တာအတွက် စားသောက်စရာကို နံနက်ဈေးဝယ်ထွက်သောအခါတိုင်း ဖိုးအောင်၏ဇနီး ဒေါ်အေးအေးသည် လူတွေစားသောက်ရန်အပြင် ကြောင်တွေစားသောက်ရန် ကြောင်စာငါးသေတ္တာငါး (၂၀၀) ဖိုး ဝယ်ယူရသေးသည်။

မွေးမြူထားသော ကြောင်များသည် ငါးသေတ္တာငါးဟင်းနှင့် နယ်ထားသောထမင်းကို ကြိုက်နှစ်သက်စွာစားကြသည်။ တခြားသားငါးနှင့် ကျွေးတာကိုပင် မစားကြတော့ပေ။ နေ့စဉ် အစားအစာကို အချိန်မှန်ဝလင်အောင် စားသောက်ကြပြီးနောက် ဟိုနားတစ်ကောင် ဒီနားတစ်ကောင် အိပ်ကြလေသည်။

'ငအော်' ဟု နာမည်ရထားသော ကြောင်ထီးကလေးတစ်ကောင်သည် အသက် (၂) နှစ်ကျော်ရှိလာခဲ့ပြီ။ အစားအစာကောင်းကောင်းစားရသဖြင့် ဝဖြိုးနေသည်။ ရာသီဥတုအနည်းငယ်အေးလျှင် ထိုင်နေသော ဖိုးအောင်၏ ရင်ခွင်ထဲကို တိုးဝင်အိပ်လေ့ရှိသည်။ ထိုသို့ အိပ်ခွင့်မရလျှင်လည်း စိတ်ကောက်တတ်သေး၏။

"ကြွက်ကိုတော့ မိအောင်မဖမ်းဘူး။ ငအော်ကြောင်ပျင်း၊ လူပေါ်ကိုတက်အိပ်ချင်တာပဲ မင်းသိတယ်"

တိရစ္ဆာန်တစ်ကောင်မျှသာဖြစ်သော ကြောင်ကလေးငအော်သည် ဖိုးအောင်ပြောသော လူစကားကို ဘယ်လိုလုပ်နားလည်နိုင်မည်နည်း။ သို့သော် နောက်တစ်နေ့နံနက်စောစောတွင် ထူးဆန်းစွာဖြစ်ရပ်တစ်ခုဖြစ်ပေါ်ခဲ့သည်။

ငအော်သည် မြေကြွက်ကြီးတစ်ကောင်ကို ကိုက်သတ်လာခဲ့ပြီး ဖိုးအောင်စာရေးလေ့ရှိသောနေရာမှာချထားသည့်အပြင် သူစားထားသောနံနက်စာအစားအစာတွေကိုပါ အန်ချထားသေးရာ ဖိုးအောင်မှာ စောစောစီးစီးမရွံမရှာ သန့်ရှင်းရေးလုပ်ရလေသည်။

"အေးပေါ့ကွာ၊ လုပ်ထားဦးပေါ့"

ဟုသာ ဖိုးအောင်ပြောနိုင်လေသည်။

"ညောင်. . . ညောင်"

တံခါး၏အထက်ဘက်ဖြစ်သော မိမိဦးခေါင်းထက်မှ ကြောင်အော်သံကြောင့် ဒေါ်အေးအေး မော့ကြည့်လိုက်မိသည်။

"ဩော်-ညောင်ညောင်လား၊ နင်ရောက်နေတာကိုး။ လာလာ-ဆင်းလာခဲ့ ထမင်းစားရအောင်"

ကြောင်များကို အစာကျွေးနေသော ဒေါ်အေးအေးသည် နောက်ထပ်ပန်းကန်တစ်ချပ်ရှာပြီး ညှော်သည့်ကြောင်မကြီး ညောင်ညောင်အတွက် ကြောင်တစ်ကောင်စာကို အပိုစီစဉ်ရပြန်သည်။

လူကိုစကားပြန်မပြောတတ်သည့်အပ လူစကားကို အတော်နားလည်သော ကြောင်မကြီးညောင်ညောင်သည် အစာစားရန် တံခါးအထက်မှ အောက်ကိုဆင်းလာခဲ့သည်။ ညောင်ညောင်အောက်ကိုရောက်သည်နှင့် မမျှော်လင့်သောပြဿနာဝင်လာသည်။ အခြားကြောင်များက ပြဿနာမလုပ်သော်လည်း 'မဲလုံး' ဟု နာမည်ရသောကြောင်မက ခွီးဟုအသံပေးပြီး ညောင်ညောင်ကို ရန်လုပ်တော့သည်။

အမေဖြစ်သူ ကြောင်မကြီး ညောင်ညောင်က လက်ရှိအချိန်တွင် တစ်မိမ်းတစ်ရပ်ဖြစ်နေပြီး သမီးမဲလုံးက အိမ်ခံဖြစ်နေရာ ညောင်ညောင်က အလျှော့ပေးပြီး လေ့ကားအတိုင်းဆင်းပြေးသွားခဲ့ရှာသည်။ သူမအစာမစားသွားရ၍ အားလုံးစိတ်မကောင်းကြပေ။

"မဲလုံးမကလည်းကွာ ကိုယ့်အမေကို အဲဒီလိုရန်မလုပ်ရဘူး။ နင်က တိရစ္ဆာန်ဖြစ်နေတော့ ငရဲကြီးလိမ့်မယ်။ ပြောနေလည်း နားလည်မှာမဟုတ်ဘူး။ ပြောလို့ခက်ပါတယ်။ နောက်ကို နင့်အမေညောင်ညောင် ဗိုက်ဆာလို့ အစာလာတောင်းစားရင် အခုလို ရန်မလုပ်ရဘူးနော်။ မဲမဲက လီမှာပါကွယ်။ တကယ်တော့ နင်တို့အမေ ညောင်ညောင်က ဝမ်းနဲ့လွယ်ပြီး နင်တို့ကိုမွေးခဲ့ရတာ။ ပြီးတော့ နို့ချိုတိုက်ကျွေးခဲ့တဲ့ကျေးဇူးကကြီးမားလှတယ်။ နို့စို့ရင်း နင်တို့မောင်နှမ ကိုက်ဖြတ်ထားလို့ နို့သီးသုံးလုံးတောင်ပြတ်နေတယ် ကြားလား။ ပြောတဲ့စကားနားထောင်ရမယ်နော်"

ဒေါ်အေးအေးက ကြောင်မ မဲလုံး၏ဦးခေါင်းကိုပွတ်ပေးရင်း လူတစ်ယောက်ကို ပြောပြသလို ပြောနေသည်။ ကြောင်မ မဲလုံးက နားလည်သည့်အလား မော်ကြည့်ရင်း မျက်လုံးကို မှိတ်လိုက်သည်။ အမြီးဖျားလေးက လှုပ်ယမ်းနေသဖြင့် နားလည်ကြောင်း အမူအရာဖြင့် ပြနေသလားထင်ရလေသည်။

နောက်တစ်နေ့ နံနက်စာကျွေးချိန်၌လည်း ညောင်ညောင်ရောက်လာပြန်ရာ မဲလုံးက သူ့အမေကို တစ်ချက်သာလှမ်းကြည့်ပြီးရန်မလုပ်တော့၍ ညောင်ညောင် အစာစားခွင့်ရသွား၏။ ကြောင်မကြီးသည် ထိုနေ့မှစတင်၍ သူမ နေထိုင်ရာအိမ်ကို လုံးဝမပြန်တော့ပေ။ ဖိုးအောင်တို့အိမ်မှာ နေထိုင်လေသည်။

"ညောင်ညောင်၊ နင့်မှာက ကိုယ်ဝန်ရှိနေပြန်တာကိုး။ နို့သီးက သုံးလုံးတောင် မရှိတော့ဘဲနဲ့ ကလေးမွေးပြီးရင် ဘယ်လို လုပ် နို့တိုက်ပေးမလဲ





www.burmeseclassic.com

www.burmeseclassic.com

မှာ့။ ခက်ထိုက်တာနော်။ ငါကပဲ နင့် ကလေးတွေ နို့မှုန့်ဖျော်တိုက်ရနဲ့ ဒုက္ခ ပိုဦးတော့မယ်"

"မအေးရယ် ကြောင်မကြီးပြန် လာနေချင်ရင်လည်း နေပါစေကွာ။ သူ့ နေရာဟောင်းကို ပြန်လာတာပဲ။ သူမှာ အခွင့်အရေးရှိပါတယ်။ ကြောင်တစ် ကောင်စာမို့ကျွေးရလို့ ကိုယ်တို့ပိုဆင်းရဲ မသွားနိုင်ပါဘူး။ ကလေးပြန်လာမွေးချင် တာနဲ့တူပါတယ်။ သူရဋ္ဌမဂ္ဂဇင်းစာအုပ် ထဲမှာ စာရေးဆရာနေအောင်လင်း (စလေ) ရဲ့ ဆောင်းပါးထဲမှာရေးထား တာ တခြားအိမ်ကနေ ရောက်လာတဲ့ ကြောင်ကို မွေးထားသင့်တယ်။ လာဘ် ကောင်းတာမို့ စီးပွားတက်တက်တယ်တဲ့"

"ကျုပ်က ညောင်ညောင်ကို လက်မခံချင်လို့ပြောနေတာ မဟုတ်ပါ ဘူး။ ညောင်ညောင်က သိပ်လိမ္မာလို့ ချစ်လည်းချစ်ပါတယ်တော်။ သူ့ကျေးဇူး တွေလည်းရှိပါတယ်။ ကြွက်အလွန် သောင်းကျန်းတဲ့ ကျုပ်တို့အိမ်ကို ကြွက် ရှင်းပေးခဲ့တာသူပဲလေ"

"ညည်းပြောတာ အမှန်တရားပဲ။ ကြောင်မကြီးမွေးပေးမယ့် ကြောင်ပေါက် လေးတွေကို မြူစုဖို့ ကြိုတင်ပြင်ဆင်ထား ပေတော့ သမိုင်းပေးတာဝန်လို့ သဘော ထားလိုက် မအေး၊ ပြီးတော့ အလွန် ကုသိုလ်ရပါတယ်"

၂

တစ်ချိန်တုန်းက ကြွက်အလွန် သောင်းကျန်းသော ဖိုးအောင်တို့နေအိမ် သည် ညအခါ ကြွက်များ ပျော်ပါး၍ ဝုန်းဒိုင်းကြဲနေသဖြင့် လူတွေအိပ်ပျက် ကြရသည်။ လူတွေနိုးလျှင် ခဏတာ ငြိမ်သွားပေ ရှိသည်။ မြေကြီးမှာနေထိုင် သည့် မြေကြွက်ကြီးများပင်လျှင် အစာ ရှာစားပေါ်များပြီး ဘေးအန္တရာယ်ကင်း ရှင်းမှန်းသိသောအခါ လူတစ်ယောက်၏ ခါးလောက်မြင့်သော ဖိုးအောင်တို့ သွပ် မိုးပျဉ်ထောင်အိမ်ကလေး၏ ကြမ်းပြင် ပေါ်ရောက်အောင်တက်ကာ နေထိုင် ပျော်ပါးခဲ့ကြ၏။

ထို့ကြောင့် အိမ်ဝင်းအတွင်းမှ ဖြတ်သွားသော ကြောင်တစ်ကောင်ကို ဒေါ်အေးအေးက ငါးကြော်တစ်ကောင် ကျွေးပြီး စည်းရုံးလိုက်၏။ 'ငါးကြော်တွေ့ သို့မှမိုက် ကြောင်မိုက်' ဟူသောစကား ပုံပင်ရှိလေသည်။ ထို့ကြောင့်လည်း ထူးကဲသော ငါးကြော်အရသာကြောင့် ဖိုးအောင်တို့နေအိမ်မှ မခွာနိုင်တော့ပေ။ အိမ်ကိုရောက်လာသော ကြောင်သည် ကြောင်မဖြစ်နေ၏။ မူလက သူ့နာမည် က မည်သို့ရှိစေကာမူ ညောင်ညောင်ဟု အမည်ပေးလိုက်ရာ သူ့နာမည်ကို သူမ ကောင်းစွာသိရှိ၏။

ကြောင်မ ညောင်ညောင်သည် အချိန်တန်လာသောအခါ ကြောင် ကလေးများ မွေးလာသည်။ ကြောင် ပေါက်တာ (၄) ကောင် (ကြောင်ခုတင်) ဖြစ်သဖြင့် သူတို့ကုသိုလ်ကံ ပိုမိုကောင်း သွားသည်။ 'ကြောင်ခုတင်က စီးပွား တက်တတ်သည်' ဟု ယုံကြည်မှုကြောင့်

(ဘီ-အေ)

# အောင်ဆန်းလင်း

## ကြောင်မကြီး၏ဘဝဇာတ်သိမ်း





www.burmeseclassic.com

www.burmeseclassic.com

ညောင်ညောင်တို့မိသားစုမှာ မျက်နှာပိုပွင့်ခဲ့လေသည်။ (ထိုအချိန်ကာလက ဖိုးအောင်၏ သားငယ်က စင်ကာပူမှာ ရောက်ရှိပြီး ဝင်ငွေကောင်း၍ ငွေကြေးများစွာပို့ပေးနိုင်ခဲ့သည်။)

ကြောင်ဟူသည်ကား တိရစ္ဆာန်သာဖြစ်၏။ လူကဲ့သို့ အသိဉာဏ်မရှိနိုင်ပေ။ ညရောက်လာလျှင် ကြောင်မကြီး ညောင်ညောင်သည် သူမမွေးထားသော ကြောင်ပေါက်ကလေးများကို စိတ်မချချေ။ တခြားအိမ်မှရောက်လာတတ်လေ့ရှိသော ကြောင်ကြီးများ၏ ဘေးအန္တရာယ်ကို ကြောက်ရွံ့၍ ကြောင်ကလေးများကို ကိုက်ချီပြီး လုံခြုံမည်ထင်ရာနေရာများကို သယ်ဆောင်သွားလေ့ရှိ၏။ အိမ်ကဘုရားကျောင်းဆောင်ပေါ်ကို သူ့ကလေးများ သယ်ဆောင်သွားတာကို ဖိုးအောင် မကြိုက်ပေ။ တစ်ကြိမ်နှစ်ကြိမ်မှ သုံးကြိမ်ရှိလာတော့ သည်းခံနိုင်စွမ်းမရှိလေသဖြင့် နောင်ကြဉ်အောင် ဆုံးမဖို့လိုလာသည်။

တိရစ္ဆာန်ကို အကြောက်တရားရှိအောင်လုပ်ရန်နည်းလမ်းသာ တစ်ခုတည်းသောဆုံးမနည်းဟုသဘောပေါက်၍ ဘုရားကျောင်းဆောင်ပေါ် ကလေးတွေကိုတစ်ကြိမ်တင်လျှင် ညောင်ညောင်တစ်ချက် အရိုက်ခံရသည်။ သူမကိုရိုက်သဖြင့် ညောင်ညောင်သည် ဖိုးအောင်ကို ကြောက်လည်းကြောက်၊ မုန်းလည်းမုန်းလေသည်။ ကာလကြာသော်လည်း ကြောက်ရွံ့မုန်းတီးဆဲဖြစ်ကြောင်း သူမ၏ မျက်လုံးအကြည့်က အဖြေပေး၏။

ညောင်ညောင်သည် ကလေးများကို နို့တိုက်ရာတွင် သူ့ကလေးတွေက နို့စို့ရင်း နို့သီးကို ကိုက်ဖြတ်သဖြင့် နို့သီးခေါင်းသုံးလုံး ပြတ်သွားသည်။ နောက်တစ်ကြိမ်သားမွေးလျှင် ကလေးနို့တိုက်ဖို့ မလွယ်တော့၍ သနွှေတားဆေးကို ဖိုးအောင်၏သား ဆရာဝန်က စတင်ထိုးပေးရလေသည်။ သနွှေတားဆေးသည် တစ်ကြိမ်ထိုးလျှင် (၃) လသာ အကာအကွယ်ပေးနိုင်လေသည်။

ကြောင်ကလေးများ တဖြည်းဖြည်းကြီးပြင်းလာကြပြီးနောက်ပိုင်းတွင် သူ့သမီးမဲလုံးကို ညောင်ညောင်သည် မကြာမကြာလိုက်ကိုက်သဖြင့် မဲလုံးမှာ ဗီရိုအောက် ဝင်ပုန်းနေရလေ့ရှိသည်။ မဲလုံးကိုကိုက်တိုင်း 'ဟဲ့-ညောင်ညောင် မလုပ်နဲ့လေ။ ကိုယ့်မွေးထားတဲ့ ကိုယ့်သမီးကို ဘာလို့ကိုက်ရတာလဲ' ဟုဆိုရင်း အမေဖြစ်သူ ကြောင်မကိုသာ မာန်မဲရလေသည်။

မိမိကို မာန်မဲခံရပါများလာသောအခါ သခင်များကို ညောင်ညောင်သည် အထင်လွဲအမြင်စောင်းလာဟန်တူ၏။ အစားအစာကို ကောင်းစွာစားနေရသော်လည်း ဤအိမ်က သခင်များက သူမကို မျက်နှာသာမပေးတော့ပြီဟု ထင်မှတ်သွားသောအခါ ကြောင်မကြီးသည် ဖိုးအောင်တို့အိမ်မှ ထွက်ခွာသွားလေတော့သည်။ အဝေးမှ သူမကို မြင်တွေ့၍ 'ညောင်ညောင်ရေ' ဟု ခေါ်လိုက်လျှင် လှည့်ကြည့်လေ့ရှိတတ်၏။ သို့သော် ပြန်လာပြီး ယခင်ကလိုနေထိုင်ခြင်းကား မပြုတော့ပေ။ ဖိုးအောင်တို့အိမ်မှာ ညောင်ညောင်မွေးပေးထားခဲ့သော ကြောင်ပေါက်လေးကောင် ကျန်ရစ်ခဲ့သဖြင့် သူမပြန်မလာလျှင်လည်း အကြောင်းမဟုတ်တော့ပေ။ သူမအပေါ်မှာကား သံယောဇဉ်ရှိနေဆဲဖြစ်ပါသည်။ စင်စစ် ကြောင်မကြီး ညောင်ညောင်အားကိုးရာ ပထမသခင်များနေအိမ်ကို ပြန်လည်ရောက်ရှိသွားတာဟု ထင်ပါသည်။

ညောင်ညောင်ပြန်သွားပြီးနောက်ပိုင်း ကြောင်လေးကောင်အနက် ငပိန်နာမည်ရသော ကြောင်ထီးလေးတစ်ကောင်သည် အသက် (၉) လအရွယ်တွင် ရောဂါဖြင့် သေဆုံးခဲ့၍ ငအော်၊ ဖြူလုံး၊ မဲလုံး ဟုကြောင်သုံးကောင်သာ ကျန်ရစ်၏။

နောက်ပိုင်းတွင် (၁) နှစ်ကျော်လောက်ကြာသည်အထိ ညောင်ညောင်ကို လုံးဝမမြင်မတွေ့ရတော့ပေ။ မြောက်ဥက္ကလာပမြို့၏လူနေရပ်ကွက်များသည့် အိမ်ခြေအပြည့်ဖြစ်သဖြင့် တစ်အိမ်နှင့်တစ်အိမ် ပူးကပ်ဆောက်လုပ်နေထိုင်ကြရာ ကြောင်သားစားတတ်သူ တစ်စုံတစ်ဦး၏သတ်ဖြတ်စားသောက်ခြင်းခံရသလားဟုလည်းထင်မိ၏။ညောင်ညောင်ကိုကား ဖိုးအောင်တို့မိသားစုက စကားစပ်မိလျှင် ပြောနေကြဆဲ သတိရနေဆဲသာ ဖြစ်ပါသည်။

ယခုတော့ ညောင်ညောင်သည် လုံးဝမမျှော်လင့်ချိန်တွင် မထင်မှတ်ဘဲ ပြန်လည်ရောက်ရှိလာခဲ့၍ အိမ်သားများအားလုံးဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ ဒုတိယအကြိမ်မြောက် လွှယ်ထားရသော ကိုယ်ဝန်ကို ညောင်ညောင်သည် ဖိုးအောင်တို့နေအိမ်ကို ပြန်လာမွေးမှ အစစအဆင်ပြေမည်ဟု ယူဆဟန်တူပါသည်။ ပထမအကြိမ် သားမွေးစဉ်က အိမ်ရှင်သခင်များ ကောင်းစွာစောင့်ရှောက်ခဲ့ပုံကို မှတ်ထားမိပုံရသည်။ ကောင်းလေစွဟုသာ ဆိုရပေလိမ့်မည်။ ဒေါ်အေးအေးသည် မိမိထိုင်နေရာအနီးတွင်ဝပ်နေသော ညောင်ညောင်၏ ဦးခေါင်းကိုပွတ်နေရင်းမှ -

"ညည်းဆုံးဖြတ်တာ မှန်ကန်ပါတယ် ညောင်ညောင်မလေးရယ်။ တို့အိမ်မှာ စိတ်ချလက်ချသာကလေးမွေးပေဦးတော့။ ညည်းမှာ နို့သီးတွေမရှိတော့လို့ နို့မတိုက်နိုင်ရင်လည်း စိတ်ပူမနေနဲ့။ ညည်းရဲ့ကလေးတွေကို မေမေကြီးက နို့မှုန့်ဖျော်ပြီးတိုက်ပေးပါ့မယ်ကွယ်"

ဒေါ်အေးအေးပြောနေသော လူ့စကားကို ကြောင်မကြီးက နားလည်နိုင်စွမ်းမရှိသော်လည်း ကျေနပ်နေသည့် မျက်နှာနှင့် သခင်ကို မော်ကြည့်နေပုံက ထူးခြားလှသည်။

မိခင်ညောင်ညောင်ကို တခြားသားသမီးက ရန်မပြုသော်လည်း သမီးမဲလုံးက ရန်လုပ်သဖြင့် သခင်များက မဲလုံးကို မာန်မဲထားရာ နောက်ပိုင်းရက်များတွင် သိပ်ရန်မလုပ်တော့ပေ။ သို့သော် တစ်ချိန်တုန်းက ဤအိမ်ကြီးပေါ်မှာ သွားလိုရာသွား၊ နေချင်သလိုနေခဲ့သည့်အပြင် သခင်တို့အိပ်ရာမှာပင် အိပ်ချင်လျှင် တက်အိပ်ခဲ့ရဖူးသော်လည်း ယခုအခါမှာမူကား နောက်ဖေးမီးဖိုချောင်မှအဆင်း ဖိနပ်ချွတ်နေရာလေးမှာသာ နေခွင့်ရတော့သည်။

ထိုနေရာမှာ ကြောင်များအစာကျွေးသောနေရာနှင့်လည်း တစ်ဆက်တည်းဖြစ်သည်။ အစာစားချိန်တွင် ဤနေရာတွင် ကြောင်များအားလုံးဆုံမိသော်လည်း အစာကျွေးသည့်သခင်က အနီးကပ်ရှိနေ၍ မသင့်မြတ်သည့် ကြောင်အချင်းချင်းလည်း မာန်မဖီဝံ့ကြပေ။

ဖိုးအောင် အိမ်သာဘက်ကိုဆင်းလျှင် တံခါးပေါက်အတက်အဆင်းမှာ အိပ်နေသော ညောင်ညောင်ကို တွေ့မြင်ရမြဲဖြစ်လေသည်။ သူမသည် ယခင်ကာလတုန်းက ဘုရားကျောင်းဆောင်ပေါ်တက်လျှင် ရိုက်လေ့ရှိသော ဖိုးအောင်ကို ဦးခေါင်းထောင်၍ စိတ်မချစွာ လိုက်လံကြည့်နေဆဲ ဖြစ်၏။ ကြောင်မကြီး၏သံသယကို ချေဖျက်နိုင်ရန် အကြံဖြင့် အိမ်သာအတက်အဆင်းသွားတိုင်း သူမ၏ဦးခေါင်းကိုပွတ်ပေးရင်း -

"ညောင်ညောင်မ၊ တို့အိမ်ကို ညည်းတကယ်ပြန်လာပြီပေါ့နော်

www.burmeseclassic.com

ဟု နှုတ်ဆက်ပေးရသည်။

သမီးမဲလုံးက အမေညောင်ညောင်ကို ရန်မလုပ်တော့သော်လည်း စားချိန်မှအပ အခြားအချိန်မှာ ဝေးဝေးသွားနေလေ့ရှိသည်။ မသင့်မြတ်ကြသော အမေနှင့်သမီးသည် အိမ်ရှေ့ပိုင်းနှင့်နောက်ပိုင်း နယ်မြေခွဲခြားပေးလိုက်သလိုပင်ဖြစ်သွားသည်။ အိမ်နောက်ပိုင်းမှ နေရာကျဉ်းလေးမှာ အကန့်အသတ်ဖြင့် သိမ်ငယ်စွာနေရသော ကြောင်မကြီးညောင်ညောင်ကိုသာ သနားကရုဏာသက်စရာဖြစ်နေလေသည်။

တစ်နေ့ညနေပိုင်းတွင် ဒေါ်အေးအေးမှ -

"ညောင်ညောင် ကျန်းမာရေးမကောင်းဘူး။ ကိုယ်ဝန်ရှိနေရတဲ့အထဲမှာ အဖြူတွေဆင်းနေတယ်။ ဆေးခန်းသွားပြဖို့လိုတယ်။ နံနက်လင်းကတည်းက ကျုပ်စိတ်တွေကလေးနေလိုက်တာ တစ်နေကုန်ပါပဲ"

ညောင်ညောင်ကိုသယ်ဆောင်ပြီး ဆေးခန်းကို တစ်ခါမျှမသွားဘူးသေးပေ။ ကြောင်တွေကို မကြာခဏဆေးခန်းကို သွားပြရလေ့ရှိရာ ကိုယ်နေထိုင်ရာအပြင်ရောက်သည်နှင့် ကြောင်များသည် အလွန်ကြောက်ရွံ့အားငယ်ပြီး အော်နေလေ့ရှိသည်မှာ ထုံးစံဖြစ်သည်။ ကြောင်ဆေးကုရန် ဆိုက်ကားငှားပြီးသွားတိုင်းများသောအားဖြင့် ဖိုးအောင်ကသာ သွားပေးရလေ့ရှိသော်လည်း ဖိုးအောင်က ညောင်ညောင်က ကြောက်ရွံ့ခြင်းကြောင့် သူမချစ်သော ဒေါ်အေးအေး နှင့်သွားစေလျှင် ပိုမိုအဆင်ချောနိုင်သည် ဆင်၍ သွားစေလိုက်ရာ ပြင်လို့မရအောင် မှားယွင်းသွားကြောင်း နောင်မှ သိရှိရလေသည်။

ညောင်ညောင်ကို တိ-ကုဆရာဝန်က စစ်ဆေးကြည့်ရှုပြီးနောက် ဝမ်းဗိုက်ထဲတွင် သန္ဓေသားသေဆုံးခြင်းဖြစ်ကြောင်း သိရလေသည်။ ထို့ကြောင့် သားအိမ်ပွင့်ဆေးထိုးပေးမည်ဟုပြောပြီး အပ်တာပြင်ဆင်နေ၏။ ထိုအချိန်တွင် ဒေါ်အေးအေးက ထူးခြားစွာတောင်းဆိုစကားပြော၏။

"ဆရာ သားအိမ်ပွင့်ဆေးကိုမထိုးဘဲ ကြောင်မကြီးကို ဗိုက်ခွဲပြီး သန္ဓေသားအသေကို ထုတ်ပေးပါလား"

'မျက်ဖြူဆိုက်လေ သမားကြိုက်လေ' ဟု စကားအဆိုရှိ၏။ ကာယကံရှင်က ထွေထွေများများစွာတောင်းဆိုမှုက ဆရာဝန်အဖို့ သဘောတွေ့စေမှာ အမှန်ဖြစ်သည်။



ဆေးတစ်လုံးထိုးလျှင် ဆရာသည် ငွေနှစ်ထောင်သာရပေလိမ့်မည်။ ကြောင်မကြီးကို ဝမ်းဗိုက်ခွဲစိတ်ပေးရလျှင် ငွေတစ်သောင်းနှစ်ထောင် ဖြစ်သည်။ ထို့ကြောင့် ငွေတစ်သောင်းကွာခြားမှုရှိလေသည်။

ဆရာဝန်လည်း ငွေရသလိုသဖြင့် ဆေးခန်းဖွင့်စီးပွားရှာနေခြင်း ဖြစ်ပေသည်။ သူသည် ငွေတစ်သောင်းပိုရမည့်ကိစ္စကို ရွေးချယ်လိုက်ခြင်းကို မည်သို့အပြစ်တင်စကားဆို၍ ရနိုင်အံ့နည်း။ မည်သူမပြု မိမိမှုသာတည်း။ ညနေစောင်းမှာ ဆေးခန်းကိုထွက်သွားရာ ည (၆) နာရီကျော်တွင် ကြောင်နှင့်လူ ပြန်ရောက်ရှိလာလေသည်။

မေ့ဆေးမပြယ်သေးသဖြင့် ခြင်းတောင်းအတွင်း၌ သွေးသံတရဲရဲနှင့် ငြိမ်သက်နေသော ကြောင်မကြီးညောင်ညောင်ကို ရုတ်တရက်မြင်တွေ့ရလေရာ ဖိုးအောင်၏နှုတ်မှ 'ဟာခနဲ' အံ့ဩသွားရုံမှအပ ဘာမှမတတ်နိုင်တော့ပေ။ ပြန်ပြင်လို့မရတော့အောင် အခြေအနေတွေက လွန်သွားခဲ့ကြလေပြီ။

ထိုည (၈) နာရီကျော်တွင် မေ့ဆေးပြယ်ပြီး ညောင်ညောင်သည် လူးလွန့်လာသေးသော်လည်း ည (၉)နာရီကျော်အချိန်တွင် သွေးလွန်၍ သေဆုံးသွားလေတော့၏။ အကယ်၍ ကြောင်ကို ဆေးကုသရန်အတွက် ဖိုးအောင်သာ သွားရောက်ခဲ့မိက ယခုကဲ့သို့ ခွဲစိတ်ကုသပေးရန် တောင်းဆိုမှာမဟုတ်တာ အသေအချာဖြစ်သည်။

"ဘယ်တတ်နိုင်မှာလဲ မအေးရယ်။ တရားသဘောနဲ့သာဖြေသိမ့်ရတော့မှာပေါ့။ ညည်းကလည်း ကောင်းမယ်ထင်လို့ တောင်းဆိုပြီး လုပ်ခိုင်းမိခဲ့တာပဲ။ ကိုယ့်စေတနာက ဝေဒနာသာမကဘူး။ သူ့အသက်ကို အသေသတ်လိုက်သလိုဖြစ်သွားခဲ့ရတယ်။ တကယ်တော့ နေ့စေ့ကံကုန်လို့ပြောနိုင်ပါတယ်။ ညောင်ညောင်ဟာ သူ့အသက်သေချိန်ကျလို့ အခြေအနေအရပ်ရပ်က အကြောင်းတိုက်ဆိုင်လာပြီး သူ့သချႋုင်းရှိတဲ့ ကိုယ်တို့အိမ်ကို အရောက်ပြန်လာခဲ့မိတာလို့ပြောရတော့မှာပေါ့လေ"

မှားယွင်းသော မိမိလုပ်ရပ်ကြောင့် အလွန်စိတ်ထိခိုက်ကြေကွဲနေသူ ဒေါ်အေးအေးကို ဖိုးအောင်က တရားချရင်း ဖျောင်းဖျစကားဆိုရလေသည်။ နောက်တစ်နေ့နံနက်ခင်းတွင် အိမ်နောက်ဘက်ပေါက်ပန်းဖြူပင်အောက်တွင် မြေကျင်းကို ဖိုးအောင်က အသင့်တူးပေးရသည်။ ထိုနေရာသည် အသက် (၉) လအရွယ်တွင် ရောဂါဖြင့်သေဆုံးခဲ့သူ (ကြောင်မကြီးညောင်ညောင်၏သား) ငပိန်၏ ဘေးကပ်လျက်နေရာ ဖြစ်သည်။

အဝတ်ဖြင့်ပတ်ထားသောကြောင်မကြီးညောင်ညောင်၏သက်မဲ့ခန္ဓာကိုယ်ကို ဒေါ်အေးအေးက နောက်ဆုံးအနေဖြင့် ထွေးပွေ့ယူဆောင်လာရင်း မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်သည်။

နံနက်မိုးလင်းချိန်မှာ ကြောင်များသည် ဆာလောင်သဖြင့် နေ့စဉ် အစာကျွေးလေ့ရှိသူ၏နောက်သို့ တကောက်ကောက်လိုက်လေ့ရှိတတ်တာကို ကြောင်မွေးမြူထားသူတိုင်း တွေ့ကြုံရလေ့ရှိတတ်ပါသည်။ ထူးခြားစွာပင် (အဟိတ်တိရစ္ဆာန်ပင်ဖြစ်သော်လည်း) ကြောင်မကြီးသေဆုံး၍ မြေမြှုပ်နှံသောနေ့နံနက်၌ ကြောင်စာကျွေးလေ့ရှိသူဒေါ်အေးအေး နောက်ကို ဖြူလုံး၊ မဲလုံးနှင့် ငအောင်ဟူသော သားသမီးများမလိုက်ကြသလို နံနက်စာကိုလည်း လုံးဝမစားသောက်ခဲ့ကြပေ။ သူတို့အမေ ကြောင်မကြီးသေဆုံးကြောင်းသိရှိနေ၍ ဝမ်းနည်းနေကြတာကြောင့် အစာကို မစားသောက်ကြတာလားဆိုသည်မှာ စဉ်းစားရခက်ခဲဘိလေသည်တကား။

ကြောင်မကြီးညောင်ညောင် ဘဝဆက်တိုင်း ယခုဘဝကြုံတွေ့ရသလို အဖြစ်ဆိုးမျိုးမှ လွတ်မြောက်အောင် ရှောင်လွှဲနိုင်ပြီး ကောင်းရာသုဂတိလားပါစေ။

သဗ္ဗေသတ္တာကမ္မသကာ

အောင်ဆန်းလင်း(ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com



(မိုးကုတ်)
# ရွှေပြည်စိုး
## မိုင်းရှူးရတနာမြေက အိမ်သာကျင်းပေါင်းရတနာသိုက်များ

□ **အသွင်တူတဲ့မြို့နှစ်မြို့**

မိုင်းရှူးရတနာမြေအစည်ကားဆုံးအချိန်ဟာ ၁၉၉၁ခုနှစ်လောက်ကနေပြီး ၁၉၉၉ခုနှစ်အထိလောက်ပါ။ အဲဒီအချိန်အထိ ကျွန်တော် မိုးကုတ်မှာ ကျောက်တူးနေဆဲပါ။ မိုင်းရှူးသတင်းတွေကတော့ မစားရဝခမန်းကြားနေရပါတယ်။

၂၀၀၀ ပြည့်နှစ် လွတ်လပ်ရေးအကြိုနေ့မှာ ပြင်းထန်တဲ့ပေါက်ကွဲမှုကြီးခဲတောင်မှာဖြစ်ခဲ့တာကြောင့် အတော်များများ သေကျေပျက်စီးခဲ့ရကြောင်း သတင်းတွေကြားရပါတယ်။ မိုးကုတ်ဘီးတောင်ရပ်ကွက်မှ မောင်နှမတစ်တွေလည်းပါသွားကြောင်းကြားရကာ မကြာမီမှာပဲ ကျောက်ဖျာရွာကနေ မိုးကုတ်ကိုပြောင်းသွားပြီး မိုးကုတ်ကနေ မိုင်းရှူးမှာသွားလာနေကြတဲ့ ဦးကုလားတို့အုပ်စုလည်း ပြန်ရောက်လာကြပါတယ်။ သူ ကျောက်ဖျာ လာလည်ရင်း ပေါက်ကွဲမှုသတင်းတွေ ပြောပြပါတယ်။ အဲဒီမှာ လူတွေလန့်ဖျပ်ပြီး အချို့ပြန်ကုန်ကြကြောင်း ပြောပြပါတယ်။ သူတို့လည်း ကြောက်လို့ပြန်လာကြတာပါ။

လွတ်လပ်ရေးပွဲတော်ကြီးအတွက် ပျော်ပွဲရွှင်ပွဲလုပ်တဲ့အနေနဲ့ ရဟတ်ယာဉ်ကွင်းမှာ အငြိမ့်ပွဲကနေတုန်းအချိန်မှာ အရှေ့ဘက်ကျောက်မျက်လုပ်ကွက်တွေပြည့်နေတဲ့ခဲတောင်ကြီးက ပေါက်ကွဲခြင်းပါပဲ။ နှစ်ကြိမ်ကြိမ်တိုင်တိုင်ပေါက်ကွဲခဲ့တာပါ။ ဒါကို သိမီလိုက်သူ၊ ကိုယ်တိုင်ကြုံရသူတွေအများအပြားရှိခဲ့ကြပါတယ်။

ကျွန်တော်ကတော့ ၂၀၀၀ ပြည့်နှစ် သင်္ကြန်အပြီး (ဧပြီလ) ကျမှ မိုင်းရှူးကိုရောက်တာပါ။ ပထမအောက်မိုင်းရှူးလို့ခေါ်တဲ့ မိုင်းရှူးမြို့လေးကို ရောက်ပါတယ်။ မိုင်းရှူးမြို့ကနေ ကျောက်တွင်းတွေရှိရာ မိုင်းရှူးရတနာမြေကို ဆက်တက်ရပါတယ်။ (၁၇) မိုင် ဝေးပါတယ်။ အောက်မိုင်းရှူးမြို့ကနေ မိုင်းရှူးရတနာမြေကို လှမ်းမြင်နေရပေမယ့် အမြင့်နီးခရီးဝေးတဲ့တောင်ဆိုတဲ့အတိုင်း ကွေ့ကွေ့ကောက်ကောက် (၁၇) မိုင်သွားရခြင်းပါ။

ရောက်သွားတော့ကာ စည်လိုက်ချက်တော့ လမ်းတွေမှာ လူတွေကြိတ်ကြိတ်တိုး စည်ကားနေလိုက်တာ ဘုရားပွဲထက်တောင် သာပါတယ်။ အဲဒီအချိန်က ကျဉ်းမြောင်းတဲ့တောင်ပေါ်မှာ လူဦးရေ (၆) သိန်းခန့်ရှိတယ်ဆိုတာကိုး။ ဒီတော့ မစည်နေနိုင်မလားဗျာ။ လမ်းတွေမှာ လူအပြည့်သွားလာနေတာပါ။

တကယ်တော့ မိုင်းရှူးဟာ တောင်အောက်မှာ တစ်မြို့၊ တောင်ပေါ်မှာ တစ်မြို့ဖြစ်ပြီး စွယ်တော်ရွက်လို နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသလိုပါပဲ။ သူလည်း နှစ်မြို့ပေါင်းမှ တစ်မြို့ဖြစ်ရတဲ့ မိုင်းရှူးမြို့ပါပဲ။ အဲဒီမှာတော့ တောင်ပေါ်နဲ့ တောင်အောက်လို့ခေါ်ကြတယ်။ မိုင်းရှူးမြို့ဝန်းကျင်ဟာ တောင်ပေါ်ဒေသပေမယ့် ပြန့်မြေဖြစ်တာကြောင့် လယ်ယာစိုက်ပျိုးရေးတွေနဲ့ အဆင်ပြေတဲ့ဒေသပါ။ စပါး၊ မြေပဲ စတဲ့ အခြေခံစားကုန်တွေထွက်ပါတယ်။

ကျွန်တော်တို့ မိုးကုတ်မှာလည်း နှစ်မြို့ပေါင်းမှတစ်မြို့ဖြစ်တာပါ။ မိုးကုတ်ကို အရှေ့ပိုင်းလို့ခေါ်တယ်။ ကျပ်ပြင်ကို အနောက်ပိုင်းလို့ခေါ်ပါတယ်။ မိုးကုတ်လည်း မြို့ပါပဲ။ ကျပ်ပြင်လည်း မြို့ပါပဲ။ ဒါပေမယ့် နှစ်မြို့ပေါင်းပါမှ မိုးကုတ်မြို့ဆိုတာဖြစ်ရတာပါ။ သို့သော်လည်း မိုင်းရှူးလို ပြန့်မြေမရှိတာမို့ စိုက်ပျိုးရေးကို အခြေခံလို့မရပါဘူး။ ဒါက မိုးကုတ်နဲ့မိုင်းရှူးဟာ စွယ်တော်ရွက်လိုမြို့တွေဖြစ်ပြီး အသွင်တူတယ်လို့ဆိုရမှာပါပဲ။

□ **ကျောက်ခိုးကြတဲ့ခလေ့**

မိုင်းရှူးပတ္တမြားဟာ ကျောက်နီပတ္တမြားအမာဆင့် သက်သက်သာထွက်ရှိပြီး အပြာရောင်နီလာနဲ့ အညှိရောင်စိမ်းမထွက်ပါဘူး။ လယ်သီးရည်လို့ခေါ်တဲ့ မဥ္စူရည်ဟာ အဆင့်အမြင့်ဆုံးအရည်



www.burmeseclassic.com

www.burmeseclassic.com

အသေွးပါ။ မိုင်းရှူးမှာကျတော့ လယ်သီး ရည်ဆိုရင် အရည်လွန်ကာ မန်ကျည်းစေ့ လို မည်းညိုညိုဖြစ်နေတတ်ပါတယ်။ ကျောက်ကြည့်ခာတ်မီးနဲ့ထိုးကြည့်လိုက် လို့ကတော့ အရည်က ယိုစီးကျမတတ် နီရဲပျစ်ခဲနေတတ်ပါတယ်။ အဲဒီမန်ကျည်း စေ့ရောင်ပေါက်နေတဲ့ ကျောက်ဟာ မြေ ကျောက်ရောခဲကျောက်ပါ အဆင့်အမြင့် ဆုံးပါ။

မိုင်းရှူးမှာ ခဲကျောက်က ပထမ တန်းပါ။ မြေကျောက်နဲ့လူးကျောက်ကျ တော့ ခဲကျောက်လောက်ဈေးမရပါဘူး။ အဲဒါကို မိုင်းရှူးရတနာမြေမှာ လုပ်ကိုင် နေကြတဲ့ ကျင်းသမားတိုင်းက သိကြပါ တယ်။ ဒါက အလုပ်ကနေသင်သွား တာပါ။

ကျွန်တော်တို့မိုးကုတ်မှာကျတော့ တွင်းလုပ်ရင် ကတိသစ္စာရှိကြရတယ်။ ရိုးသားဖြောင့်မတ်ကြရတယ်။ မိုးကုတ် သားတွေဆိုတာ မိုင်းရှူးမှာ သုံးပုံတစ်ပုံ လောက်ရှိနေကြတာ၊ ဒါပေမယ့် မိုးကုတ် သားအများစုဟာ မိုင်းရှူးမှာကျတော့ ကိုယ်ကျင့်တရားတွေပျက်ကုန်ကြတာများ တယ်။

ဘာလို့လဲဆိုတော့ မိုင်းရှူးရတနာ မြေမှာ ကျောက်ခိုးကြတာ ထုံးစံလိုဖြစ် နေကြတာကိုး။ ကျောက်ကလည်း မိုးကုတ် ထက် အဆများစွာပေါပါတယ်။ အဲဒီ အခါမှာ အခွင့်အရေးလည်းရကြပါတယ်။ ရတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ ခိုးကြတာ အဆန်းမဟုတ်တော့ပါဘူး။ အဲဒီခိုးကျောက်ကို ဘတ်ကျောက်လို့ ခေါ်ကြပါတယ်။

ခိုးပြီဆိုရင် တစ်ခါတည်း ထိထိမိမိ ရအောင် အရွယ်ကြီးကြီးအရည်မည်း မည်းကိုတွေ့မှ ရအောင်ခိုးကြတာပါ။ ကုမ္ပဏီရဲ့လူယုံဖြစ်တဲ့ အင်ချက်တာဝန် ကျေတဲ့လူဆိုတာကလည်း အမြဲတမ်း မျက်စိဖွင့်ပြီး ကြည့်မနေနိုင်ပါဘူး။ လစ် ချိန်ဟာချိန်ဆိုတာရှိလေတော့ ခိုးလိုသူ ဟာ အခွင့်ကိုစောင့်နေမြဲပါ။ အချို့လည်း အဲဒီအင်ချက်နဲ့ တည့်အောင်ပေါင်းပြီး စပ်တူခိုးကြတာတွေလည်းရှိတယ်။

ပတ္တမြားဆိုတာက ကျောက်စိမ်း လုံးတွေလိုအကြီးကြီးတွေမှမဟုတ်တာ။ လက်ညှိုးလုံး၊ လက်မလုံးအရွယ်ဆိုရင်ပဲ ကြီးလှပါပြီ။ ဒီတော့ ခိုးရတာဖွက်ရတာ လွယ်တာပေါ့။

ယမ်းပေါက်တွေအများကြီးဖောက် ပြီး မိုင်းနဲ့ခွဲလိုက်ရင် စကျင်ကျောက်သား ဖြူဖြူတွေအများကြီးကွဲကြေလွင့်စဉ်လာ တယ်။ အတုံးကြီးတွေကို တူနဲ့ရိုက်ခွဲရ တယ်။ ကျောက်သားဖြူဖြူမှာ ပတ္တမြား မည်းမည်းတွေကပ်နေတော့ အမြင်အား ဖြင့် ထင်ပေါ်ပါတယ်။ မီးဆလိုက်တွေ ထိုးထားတော့ မြင်ကွင်းကရှင်းနေတာပါ။ ခဲတွေအိတ်ထဲထည့်ပြီး အပေါ်ကိုတင်ရ ခြင်းပါ။

ကျင်းဆရာတွေ၊ ကျင်းသားတွေ ဟာ အလုပ်ကို ပုံမှန်လုပ်နေကြပေမယ့် သူတို့ရဲ့မျက်စိတွေက သိမ်းငှက်လိုစူးရှ ကြပါတယ်။ အခွင့်ကိုစောင့်ကြပါတယ်။ အဖြူမှာအမည်းစက်စွန်းသလို ထင်ပေါ် လွန်းတဲ့ကျောက်ကို မြင်လိုက်တာနဲ့ ကောင်း၊ မကောင်း အနီးစပ်ဆုံး ခန့်မှန်း နိုင်စွမ်းရှိကြတယ်။ ကြီးလည်းကြီးမယ်။ ကောင်းလည်းကောင်းမယ်ဆိုရင်တော့ ဒီကျောက်ကိုရအောင် ဘယ်လိုဘတ်ရ မလဲဆိုတာသာ ခေါင်းထဲဝင်လာတတ် တာပါ။

ဒါကလည်း လူတိုင်းလို့မဆိုလိုပါ ဘူး။ ဖြူစင်ရိုးသားသူဆိုတာ ရှိတော့ရှိ မယ် ရှားမယ်ဆိုတာမျိုးပါပဲ။ ငွေဆိုတာ သည်းခြေကြိုက်ပါ။ ငွေကိုမရချင်သူဆို တာမရှိပါဘူး။ သို့သော်လည်း စင်ကြယ် သောရခြင်းနဲ့ မစင်ကြယ်သောရခြင်းဆို



www.burmeseclassic.com

www.burmeseclassic.com

တဲ့အဲဒီနှစ်မျိုးမှာ အချို့ကစင်ကြယ်သော ရခြင်းနဲ့သာ ရသမျှရောင့်ရဲတင်းတိမ်တတ်သူတွေရှိကြပါတယ်။ အဲဒီလူမျိုးတွေကို အထက်ကကြည့်တာနဲ့သိတယ်။ ဒီတော့ အဲဒီလူတွေဟာ ဖက်စပ်လူယုံတွေဖြစ်လာပြီး ရာထူးတိုးကာ အင်ချုတ်တာဝန်တိုးတက်ခန့်ထားခြင်းခံရပါတယ်။ လခစားကနေ အစုစားဘဝကို တိုးတက်လာခြင်းပါ။ အင်ချုတ်ဆိုတာ တွင်းအောက်ထဲမှာရော အပေါ်မှာစက်ကြိတ်တဲ့နေရာ၊ ကျောက်ရွေးတဲ့နေရာတွေမှာ ကျောက်မခိုးနိုင်အောင် မျက်စိဒေါက်ထောက်ပြီး စောင့်ကြည့်ရတဲ့တာဝန်ပါ။

လူယုံသတ်မှသေတယ်ဆိုတဲ့စကားအတိုင်း ယုံကြည်လို့ တွင်းအောက်ထဲမှာ ကျောက်မခိုးနိုင်အောင်လို့ စောင့်ကြည့်အုပ်ချုပ်ရတဲ့ အင်ချုတ်တာဝန်ပေးကာမှ တွင်းဆရာတွေ၊တွင်းသားတွေနဲ့ပေါင်းပြီး စိတ်တိုင်းကျ ကျောက်ခိုးကြတဲ့အင်ချုတ်တွေလည်း အများအပြားရှိကြပါတယ်။

လူအများဟာ ဘာကြောင့်သစ္စာမဲ့ကြရသလဲဆိုရင် အဖိတ်နေ့ညနေနဲ့ ဥပုသ်နေ့တစ်ရက်လုံး မြို့ထဲမှာ စိတ်တိုင်းကျပျော်ချင်လို့ပါ။ အပျော်အပါးမှန်သမျှကြိုက်တတ်ရာအကုန်ရနိုင်ပြီး နတ်စည်းစိမ်ကိုခံစားဖို့ဆိုရာမှာ ငွေများများပါမှ ရနိုင်တာလေ။ အဲဒါကြောင့် ကျောက်ခိုးကြတာပါ။

ဘတ်ကျောက်တွေဝယ်ချင်ကြတဲ့ လောပန်ခေါ် ကျောက်ကုန်သည်တွေကလည်း လည်တဆန့်ဆန့်နဲ့ မိမိတို့ဆီ ဘတ်ကျောက်လာရောင်းပေမယ့် တွင်းသမားတွေကို မျှော်ရတာပါ။ အဲဒီလို ဘတ်ကျောက်ဆိုတာမျိုးက ပုန်းလျှိုးကွယ်လျှိုးရောင်းရတာဆိုတော့ ဈေးပေါပေါနဲ့ ပေါချောင်ကောင်းရတတ်ကြပါတယ်။ တွင်းသမားဆိုတာက အကြမ်းအားဖြင့် သိန်းကျောက်သန်းကျောက်ဆိုတာလောက်သာသိကြတာပါ။ ဘယ်နှသိန်းတန်တယ်၊ ဘယ်နှသန်းတန်တယ်ဆိုတာအထိတော့ မသိကြပါဘူး။ ကျောက်ဈေးအမှန်ကို ကျောက်ကုန်သည်တွေကသာသိကြတာပါ။ ဒီတော့ ဘတ်ကျောက်ကို ကျောက်ကုန်သည်တိုင်းက မျှော်လင့်ကြတာပါပဲ။ လူဆိုတာက လောဘသားတွေလေ။

▫ ဖင်ကုန်းချောင်းဆိုး

ဖက်စပ်တိုင်းမှာ ဥပုသ်နေ့တိုင်း တွင်းသားတွေနဲ့ အင်ချုတ်မ၊ ခဲရွေးမတွေအတွက် အသုံးအဆောင်ဖြစ်တဲ့ ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေးတွေဝေပေးတယ်။ ယောက်ျားတွေအတွက် ခပေါင်းစီးကရက် သို့မဟုတ် ဂျိုးသိန်းဆေးပေါ့လိပ်ကြိုက်ရာယူစနစ်နဲ့ဝေတယ်။ မိန်းကလေးတွေအတွက်ကျတော့ တစ်ရှုးလိပ်တွေဝေပေးတယ်။

အဲဒီမှာ ကျင်းဆရာ၊ ကျင်းသားအများစုဟာ ဂျိုးသိန်းဆေးပေါ့လိပ်ကိုယူကြတယ်။ ဆေးလိပ်မသောက်တတ်သူတွေကလည်း ရောင်းစားဖို့ယူကြတာပါပဲ။

ဘာကြောင့် ဂျိုးသိန်းဆေးပေါ့လိပ်ကိုယူကြသလဲဆိုတော့ ဂျိုးသိန်းက ကျောက်ခိုးဖို့ရာမှာ အများကြီးအထောက်အကူပြုလို့ပါပဲ။ ဂျိုးသိန်းဆေးပေါ့လိပ်မှာ အလိပ်တိုင်း ပလတ်စတစ်အကြည်လေးတွေပတ်ထားတော့ အဲဒီပလတ်စတစ်လေးနဲ့ အသေအချာထုပ်ပြီး အိမ်သာသွားသလိုလိုနဲ့ ကွယ်ရာမှာ ဖင်ထဲထိုးထည့်တာရယ်လုပ်ရတာကြောင့် တွင်းဆင်းတဲ့တွင်းသားတွေ မက်မောတဲ့ဆေးလိပ်ပါ။

မိုင်းရှူးတောင်ပေါ်မှာ အသုံးပြုကြတဲ့ ဒုတိယနေရာရတာက ရွှေပြည်စိုးဆေးလိပ်ပါ။ အဲဒီဆေးလိပ်အမည်က ကျွန်တော်နဲ့အမည်တူနေတော့ သဘောကျပါတယ်။ ရွှေပြည်စိုးဆိုတဲ့ ဆေးလိပ်ဖြန့်တဲ့ကားကြီးတွေ တောင်ကြီးလမ်းမှာတွေ့တတ်တာကြောင့် ရွှေပြည်စိုးဆေးလိပ်ကို တောင်ကြီးကထုတ်တယ်လို့ယူဆရပါတယ်။ ဂျိုးသိန်းက ပဲခူးကထုတ်တာပါ။ မိုင်းရှူးရတနာမြေမှာတော့ နံပါတ်(၁) နေရာရထားတဲ့ဆေးလိပ်ပါ။

ဘတ်ကျောက်လို့ခေါ်ကြတဲ့ ခိုးကျောက်လက်ထဲရောက်ပြီဆိုတာနဲ့ အဲဒီလူဟာ ဒီကျောက်ကို အင်ချုတ်မမြင်အောင်အပေါ် ရောက်တာနဲ့ စစ်ဆေးတာမို့ လုံခြုံစွာဖွက်လို့ရအောင် မိမိနဲ့တစ်ပါတည်းယူဆောင်နိုင်အောင်ကြံစည်ရတော့တာပါ။

ကျောက်က ချောမွတ်ပြီး လုံးနေမယ်ဆိုရင် ပါးစပ်ထဲပစ်ထည့်ပြီး မျိုချလိုက်လို့ရတယ်။ ဒါဆို အစာအိမ်ထဲရောက်သွားတာမို့ ဖင်ကုန်းချောင်းဆိုး ဘယ်လိုစစ်စစ် ရှာမတွေ့နိုင်တော့ပါဘူး။ ဂျိုးသိန်းပလတ်စတစ်နဲ့အတောင့်လေးဖြစ်အောင်ထုပ်ပြီး စအိုထဲထိုးထည့်မယ်ဆိုရင်တော့ သူက ဖင်ကုန်းပြီး ချောင်းဆိုးရင် စူထွက်လာတတ်တယ်။ ဟိုးအထဲကိုရောက်အောင် ထိုးထည့်မှ တော်ရုံကျတာပါ။ ဒါဆိုလွတ်တတ်ပါတယ်။

အချို့ဆို ဖင်ကုန်းချောင်းဆိုးလုပ်တာနဲ့ ပလတ်စတစ်အစလေးပေါ်လာတတ်တာမို့ အဲဒီပလတ်စတစ်စလေးဆွဲထုတ်လိုက်တာနဲ့ ကျောက်ဒိုးမိကြသူတွေလည်း အများအပြားပါ။

ခဲရွေးမတွေကျတော့ အင်ချုတ်မအငိုက်ကို လေ့နေရတာပါ။ နည်းနည်းလစ်လိုက်တာနဲ့ ကျောက်ကိုပေါင်ကြားထဲ ကောက်ထည့်လိုက်ပြီး မသိမသာခြေထောက်နဲ့မိန်းမကိုယ်ထဲဖိသွင်းကြတာပါပဲ။ အလေ့အကျင့်ရထားတော့ အလွန်လျင်ကြပါတယ်။ အလွန်ပါးနပ်တဲ့ အင်ချုတ်မတွေတောင်မှ ဝါရင့်ခဲရွေးမတွေ ကျောက်ဒိုးပြီးပါသွားတာ သိနိုင်စွမ်းမရှိကြပါဘူး။

ခဲရွေးမကို အချို့ကုမ္ပဏီက အမြင်ကခေါ်တယ်။ မနက် (၆) နာရီက စရွေးတယ်။ ညနေ (၄) နာရီပြန်လွှတ်ရတယ်။ အချို့က ခဲရွေးမကို ကုမ္ပဏီမှာပဲမွေးထားတယ်။ အဲဒီတော့ အင်ချုတ်မနဲ့ ခဲရွေးမကို သီးခြားစီ မရင်းနှီးအောင်ခွဲထားရတာ။ ဒါပေမယ့် အပေးအယူတွေမှုတကုန်ကြတာများတယ်။ သူတို့ကြောက်တာက စီစီတီဗွီပါ။ ထောင့်စုံက ပုံတွေကိုမန်နေဂျာချုပ်ကထိုင်ကြည့်နေတာကြောင့် အတော်လေးကိုပိပိရိရိခိုးမှရကြတာပါ။ မသင်္ကာတာတွေ့ရလို့ကတော့ ရုံးခန်းကိုခေါ်ပြီးသားပဲ။

အဲဒီလို ဝိသမလောဘတွေနဲ့ ရသမျှ လခ၊ အစုတွေကို မတင်းတိမ်နိုင်ပဲခိုးကြတာကြောင့် မှဆိုးစိုင်သင်ဆိုတာလို ဖင်ကုန်းခေါင်းဆိုးတွေပေါ်လာခြင်းပါ။

စည်းကမ်းချက်ထုတ်ထားရာမှာ မန်နေဂျာဖြစ်နေပါစေ တွင်းကတက်လာရင် ကုမ္ပဏီလုံခြုံရေးစစ်ဆေးတာကိုကြည်ဖြူစွာလက်ခံရမယ်ဆိုတဲ့စည်းကမ်းပါတယ်။ ကျွန်တော်ဟာ မန်နေဂျာချုပ်ဖြစ်တာကြောင့် တွင်းအခြေအနေကိုမကြာမကြာဆင်းကြည့်ရပါတယ်။ အဲဒီမှာ ဘော်ဒီဂတ်အဖြစ် ကျင်းချုပ်နှစ်ဦးရံပြီးလိုက်ပါလေ့ရှိတယ်။ ပြီးတော့ သူတို့ကလိုက်ပြလေ့ရှိတယ်။ ပြန်တက်တဲ့အခါတိုင်း ကျင်းချုပ်တွေကိုသာ ဖင်ကုန်းချောင်းဆိုးလုပ်ခိုင်းပါတယ်။ ကျွန်တော်ကိုတော့ဖြင့် ယုံကြည်စိတ်ချပြီးသားမို့ တစ်ခါမှ ဖင်ကုန်းချောင်းဆိုးမလုပ်ခိုင်းပါဘူး။

တွင်းကတက်လာတာနဲ့တစ်ပြိုင်နက် တွင်းဝမှာပဲတက်လာသူဟာ အဝတ်တွေအကုန်ချွတ်ရပါတယ်။ အဝတ်တွေကို တစ်ဦးကစစ်ဆေးတယ်။ တစ်ဦးက လူကိုစစ်ဆေးတယ်။ ဦးစွာ ပါးစပ်ဟပြရတယ်။လျှာထုတ်ပြရတယ်။ ဦးခေါင်းအ



www.burmeseclassic.com

www.burmeseclassic.com

လက်နဲ့လိုက်စမ်းတယ်။ ချိုင်းအောက်မြင်အောင် လက်ကိုမြှောက်ပြရတယ်။ ယောကျ်ားအင်္ကျီကိုလည်း မြှောက်ပြပြုပြလုပ်ရတယ်။ သူ့ဆီမှာလည်းဖွက်လို့ရတာပဲလေ။ ကျောက်ကောင်းဆိုတာဆီးစေ့လောက်ဆိုရင်ပဲ တန်ဖိုးကကြီးလှပြီ။ ပြီးတာနဲ့ ဖင်ကုန်းပြီးဖြဲပြကာချောင်းခပ်နာနာလေးဆိုးပြရပါတယ်။ ချောင်းသာသာလေးဆိုးရင် ဝါးခြမ်းပြားစာမိမှာလေ။ အဲဒီတော့ အားနဲ့မာန်နဲ့အဟမ်းအဟုမ်းနဲ့ဆိုးပြရတာ။ကျင်းတက်လို့ကတော့ အဟမ်းသံတွေဆူညံနေတာပါပဲ။ အဲဒီမှာ ကံမကောင်းတဲ့လူကျတော့ ခိုးပြီးဖင်ခေါင်းထဲထိုးထည့်လာတဲ့ပလတ်စတစ်စက နေရာရွေ့ပြီး စအိုဝအနီးမှာရောက်နေတယ်ဆိုရင် စစ်ဆေးတဲ့ ကုမ္ပဏီအင်ချတ်က ဆွဲထုတ်ခိုင်းတော့တာပါပဲ။ ဒါဆို အဲဒီကောင် အီပြီသာမှတ်ပေတော့။ ခြောက်ပေါက်ထဲဆွဲထည့်ထားလိုက်တော့တာပါ။ နောက်ပြီးငါးဖယ်တေအတေခံရတတ်တာပါပဲ။

မိန်းကလေးတွေကျတော့ ခဲရွေးမရော၊ အင်ချတ်တွေပါကုမ္ပဏီအင်ချတ်မတွေက စစ်ဆေးခန်းမှာ စိတ်တိုင်းကျစစ်ဆေးပါတယ်။ အင်ချတ်မတွေကလက်အိတ်တွေစွပ်ပြီး စစ်ဆေးကြတာပါ။ မိတဲ့သူတွေလည်း မကြာခဏဆိုပါတော့ မိတာနဲ့ ခြောက်ပေါက်ထဲဆွဲထည့်ထားလိုက်တော့တာပါပဲ။ ဘာမှတော့မဖြစ်ပါဘူး။ အလုပ်ပြုတ်၊ အရှက်ကွဲ၊နာမည်ပျက်ပေါ့လေ။ မိန်းကလေးဆိုတော့ သက်သာပါတယ်။ ယောကျ်ားဆိုဆောင်ကျသွားတာတွေတောင်ရှိတယ်။

**□ ခိုးကျောက်ထုတ်တဲ့နေရာ**

ယောကျ်ားရော မိန်းမပါ ခိုးလာတဲ့ကျောက်ကို လူအလွန်စည်ကားတဲ့သူနေဆောင်တွေမှာထုတ်လို့မရပါဘူး။ ဘယ်မှာသွားထုတ်ကြရသလဲဆိုတော့ အညစ်အကြေးစွန့်တဲ့ အိမ်သာမှာပါ။ အိမ်သာဆိုလို့ အလုပ်သမားအိမ်သာဆိုတာ ရေလောင်းအိမ်သာလုံးဝမရှိဘူး။ ဘတ်တုတ်ထိုင်ကျင်းအိမ်သာတွေချည်းပါပဲ။ လောပန်မန်နေဂျာအိမ်သာလောက်သာ ပလတ်စတစ်ခွက်ရေလောင်းအိမ်သာရှိတာပါ။ ဘာလို့လဲဆိုတော့ ရေကစ်ပီပါတစ်ထောင်လေ။ ဒါတောင်လိုသလိုင်းရတာမဟုတ်ဘူး။ ချက်ပြုတ်ရေနဲ့ နေ့ရေတောင် အနိုင်နိုင်ပါ။ ချိုးရေမှန်သမျှကို အောက်က ကန်နဲ့ခံထားပြီး ခဲကြိတ်ရာ၊ ကျောက်ရွေးရာမှာ ပြန်သုံးရတာပါ။ ဘယ်လိုသုံးသုံး ကန်ထဲပြန်ကျတဲ့စနစ်နဲ့ ရေကိုချွေတာကြရတဲ့အခါ ရေလောင်းအိမ်သာဆိုတာ လှမ်းဝေးလွန်းလှပါတယ်။

ယောကျ်ားတွေက အများအားဖြင့် အညစ်အကြေးကို တုတ်ခနော်င်းနဲ့ ဖြေရှင်းကြတယ်။ မိန်းကလေးတွေကျတော့ စက္ကူနဲ့ပါ။ သူတို့က စက္ကူခွဲတမ်းအမြဲရတာကိုး။ ပြီးတော့ ကျင်းဆရာ၊ ကျင်းသား၊ အင်ချတ်မ၊ ခဲရွေးမ၊ စားဖိုမဆိုတဲ့ ဖက်စပ်အလုပ်သမားအများစုဟာ မြန်မာနိုင်ငံအရပ်ရပ် တောခြေကတက်လာကြတဲ့လူတွေများပါတယ်။ ဒီတော့ အညစ်အကြေးကို တောခလေ့တောစရိုက်အတိုင်း ဖြေရှင်းကြတာပါပဲ။ ဖက်စပ်ကျောက်တွင်းဆိုတာ သစ်တွေဝါးတွေအမြဲသုံးရတော့ကာ ဝါးတိုဝါးစပေါလှပါတယ်။ဒီတော့ တုတ်ခနော်င်းအလွန်ပေါပါတယ်။

သူတို့တွေဟာ ဘတ်ကျောက်ပါလာခဲ့ပြီဆိုရင် အိမ်သာထဲမှာထိုင်ပြီးရအောင် ထုတ်ကြရတာပါ။ အချို့ကံဆိုးတဲ့လူတွေကျတော့ ခြေချော်လက်ချော်ဖြစ်ကာ ခိုးလာတဲ့ကျောက် အိမ်သာထဲကျသွားတာတွေ အများအပြားရှိခဲ့ကြပါတယ်။ အိမ်သာကျင်းလောက်တဖွားဖွားထဲ ကျသွားတဲ့ကျောက်ဆိုတာ ဘယ်လိုနည်းနဲ့မှ ပြန်လည်ဆယ်ယူနိုင်စွမ်းမရှိပါဘူး။ ဒီလိုပဲ လူမသိသူမသိ နှမြောစိတ်နဲ့ကြိတ်ပြီးပူဆွေးကြရမှာပါ။ ဒါမျိုးဆိုတာက ပြောလို့လည်းဖြစ်တဲ့အမျိုးမဟုတ်ဘူးလေ။ ပြောလိုက်ရင် ကိုယ့်သေတွင်းကိုယ်တူးတာနဲ့အတူတူပဲလေ။ ဒီတော့စိတ်ထဲကြိတ်ခဲပြီး တငွေ့ငွေ့နဲ့ပေါ့။ စဉ်းစားကြည့်၊ မျက်စိဒေါက်ထောက်ကြည့်နေတဲ့ကြားကနေ သက်စွန့်ကြိုးပမ်းအသည်းအသန် ကြံဖန်ခိုးခဲ့ရတာ။ စစ်ဆေးတဲ့နေရာတွေက ဖြတ်ကျော်လာခဲ့ပြီးကာမှ ခုလိုအိမ်သာထဲ ပြုတ်ကျသွားရတယ်ဆိုတော့ ပါးစပ်နားရောက်ကာမှပြုတ်ကျသွားတဲ့အစားအစာလိုပေါ့လေ တကယ့်ကိုအခံရခက်ကြမှာပါ။ ဒီအဖြစ်ဟာ သူတို့တစ်သက် မေ့ရက်မှာမဟုတ်ဘူး။ လျှပ်တစ်ပြက်အတွင်းမှာရအောင်ယူခဲ့ရတာဆိုတော့ ဒီကျောက်ရဲ့တန်ဖိုးကိုအတိအကျမသိနိုင်ပါဘူး။ သောင်းကျောက်လား၊ သိန်းကျောက်လား၊ သန်းကျောက်လားနဲ့ မပြတ်မသား လားပေါင်းများစွာတွေးပြီး လွတ်သွားတဲ့ငါးကြီးနေကြမှာမလွဲပါပဲ။

အဲဒီအခါ မိုင်းရှူးပတ္တမြားရတနာတွေဟာ မိခင်အောင်းအိမ်ဖြစ်တဲ့ စကျင်ကျောက်ထဲမှာသာမကပဲ ဖက်စပ်တွေရဲ့အိမ်သာကျင်းတွေထဲမှာပါ စုဝေးရောက်ရှိနေတော့တာပါပဲ။

**□ မစင်နံ့ထောင်းနေတဲ့လမ်းများ**

ဖက်စပ်တွေဆိုတာ အလုပ်သမားတွေသာ ပြင်ပကိုထွက်ခွင့်မရတာပါ။ တာဝန်ရှိတဲ့လူတွေကတော့ ဖက်စပ်လည်ပတ်ရာမှာ လိုအပ်တာတွေဖြည့်ဆည်းဖို့ အပြင်ကို မနားတမ်းထွက်နေရတာပါ။ ကျွန်တော်ကလည်း မန်နေဂျာချုပ်ဖြစ်တော့ကာ ဖက်စပ်ရဲ့များပြားလှတဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့အပြင်ကို မကြာမကြာထွက်နေရပါတယ်။

အဲဒီလိုထွက်နေရတဲ့အခါ မြို့ထဲလမ်းတွေမှာ မစင်နံ့တွေထောင်းထောင်းထနေတာ မကြာမကြာတွေ့ရတတ်ပါတယ်။ လမ်းသွားလမ်းလာတွေ တထွီထွီနဲ့ နှာခေါင်းပိတ်သွားလာနေကြတာအများအပြားတွေ့ရတယ်။ ဘယ်ကနံတာလဲ။ လမ်းဘေး ဝဲ၊ ယာအိမ်တွေကလားဆိုပြီး သတိထားကြည့်တော့ကာ တစ်နေရာတည်းနံတာမဟုတ်ဘဲ တစ်လမ်းလုံးနံနေတာတွေ့တော့မှ လမ်းပေါ်ကြည့်တဲ့အခါ စိုစွတ်တဲ့ရေစက်တွေကနံနေမှန်းသိရပါတယ်။ ဒါဟာ မိလ္လာကားကကျကျန်ရစ်တဲ့မစင်ရည်တွေဆိုတာ သိရပါတော့တယ်။ အတော်စုတ်ပဲ့ပါတယ်ဗျာ။ တစ်မြို့လုံးကို နံဟောင်နေတာပါပဲ။

အဲဒီအနံ့တွေက နေပြင်းပြင်းနှစ်ရက်လောက်ပူမှပျောက်သွားတာ။ မြို့ပြတွေမှာ မိလ္လာစုပ်တဲ့ကားတွေရှိတယ်။ အိမ်သာတွေပြည့်ရင် ရေနဲ့ထိုးဖျော်ပြီးစုပ်ပေးတာပါ။ ဒါပေမယ့် အဲဒီမိလ္လာကားတွေက ရေစည်ကားလို အလုံပိတ်ဆိုတော့မနံပါဘူး။ မိုင်းရှူးတောင်ပေါ်မှာကျတော့ အိမ်သာကို ရေနဲ့စုပ်ယူတာမဟုတ်ဘူး။ တွင်းသားတွေခိုးလာတဲ့ကျောက်တွေ မတော်တဆ ချော်ကျသွားတာတွေကို မစင်ထဲကနေ ပြန်လည်ဆေးကြောယူဖို့ အိမ်သာကျင်းဟောင်းတွေကို ပြင်ပက ပိုက်ဆံတတ်နိုင်တဲ့လောပန်တွေကဝယ်ယူပြီး အလုပ်သမားတွေငှားကာ အိတ်တွေထဲထည့်ပြီး ရေရှိရာကို ထော်လာဂျီတွေနဲ့ သယ်ယူကြတာပါ။ အဲဒီလို သယ်ယူရာမှာ မစင်အိတ်တွေစီထပ်ထားတော့ အရည်တွေတစက်စက်ကျပြီး တစ်မြို့လုံးနံစော်နေတာပါ။ အဲဒီမစင်ဟောင်းတွေကို စိတ်ရှည်လက်ရှည်ဆေးပြီး ပတ္တမြားတွေရှာရမှာမို့ ရေပေါများတဲ့မိုင်းရှူးရတနာမြေတောင်တန်းကြီးအောက်ဘက်စမ်းချောင်းတွေမှာသွားဆေးရတာပါ။ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လွဲမရှောင်သာဘဲ မဖြတ်မဖြစ်တဲ့မြို့ထဲက ဖြတ်ရခြင်းပါပဲ။ သယ်တာက ထော်လာဂျီကြီးတွေနဲ့ သယ်ခြင်းပါ။

❑ **ခေတ်စားလာတဲ့ အိမ်သာကျင်းဟောင်း**

အဲဒီမှာ တစ်ယောက်ကစ တစ်ရာဆိုတာလိုပေါ့လေ။ မိုင်းရှူးရတနာမြေခဲတောင်ကျောက်မျက်ထုတ်လုပ်ရေး ဖက်စပ်တွေက အိမ်သာကျင်းဟောင်းတွေဟာ ရတနာတွေအစုလိုက်အပုံလိုက်ရှိတယ်ဆိုတဲ့သတင်းစကားကချဲ့ကားထွက်လာပြီး အိမ်သာကျင်းဟောင်းတွေကို ဝယ်မယ့်လောပန်အငယ်စားတွေပေါ်များလာပါတယ်။ သတင်းတွေကလည်း ကျောက်လောကမှာ သွားရည်ယိုစရာတွေထွက်ပေါ်နေပါတယ်။

ဘယ်လုပ်ကွက်မှာ အိမ်သာကျင်းဟောင်းတစ်ကျင်းကို သိန်းနှစ်ရာပေးတာ လောပန်က မရောင်းဘူးတဲ့။ အဲဒီအိမ်သာကို လောပန်ကဖော်ပြီးပြန်ဆေးတာ သိန်းထောင်ချီပြီးရသွားတယ်ဆိုပဲ။

အိမ်သာကျင်းတစ်ခုလုံး မဆိုထားနဲ့။ တစ်ယောက်ကနေကျသွားတဲ့ ကျောက်ကိုက သိန်းရာချီတန်နိုင်တာ တစ်ကျင်းလုံးဆိုတော့ ဝယ်ရရင် ကိုက်တာပေါ့ကွာ။

ဟိုဖက်စပ်ဆိုရင် ကျောက်အရမ်းကျတာ။ အဲဒီဖက်စပ်ကသာ အိမ်သာကျင်းဟောင်းရောင်းရင် သိန်းဘယ်လောက်နဲ့ဝယ်ရဲတယ်။ ငါ့သူငယ်ချင်းတစ်ယောက် အိမ်သာကျင်းဟောင်းတစ်ခုဝယ်လိုက်ရတာ ဒီကောင်အတော်မတ်သွားတယ်။ ဒီကောင် ခု လောပန်ကြီးတောင်ဖြစ်နေပြီ။

တို့နဲ့ ရင်းနှီးတဲ့ လောပန်ကြီးကတော့ အမှိုက်ထဲက ရွှေဆိုပြီး အိမ်သာကျင်းဟောင်းတွေရောင်းတာ သိန်းပေါင်းအတော်များများကိုကိုက်သွားတယ်။ ဝယ်တဲ့ကောင်တွေတော့ ကိုက်၊ မကိုက်မသိဘူး စတဲ့ ကောလာဟလသတင်းတွေကလည်း ရေပန်းစားလျက်ရှိသလို ဆယ်စုနှစ်တစ်ခုမျှအောင်းထားခဲ့တဲ့ အိမ်သာကျင်းဟောင်းတွေကလည်း ဈေးကောင်းလျက်ရှိနေပါတယ်။ ကျောက်ထွက်အားကောင်းတဲ့လုပ်ကွက်ဖြစ်လေ ဈေးကြီးလေပါပဲ။ အမှန်တကယ်လည်း အဲဒီအိမ်သာတွေထဲက အနည်းနဲ့အများဆိုတာလိုပါလေ့ရှိပါတယ်။ စည်းကမ်းတင်းကျပ်တဲ့တွင်းတွေဆိုရင် ပိုပြီးကျောက်ပါလေ့ရှိကြောင်း သတင်းစကားတွေကြားနေရပါတယ်။

❑ **ဝမ်းထဲမျိုချထားတဲ့ကျောက်**

ခိုးလိုရတဲ့ကျောက်က လုံးပြီးချောမွတ်နေမယ်ဆိုရင် ပါးစပ်ထဲပစ်ထည့်ပြီးတံတွေးနဲ့လိမ်းကာမျိုချလေ့ရှိကြတယ်။ အဲဒါကျတော့ စစ်ဆေးတဲ့နေရာတွေကနေ အလွယ်တကူလွတ်ကြလေ့ရှိတယ်။

အဲ - ကံမကောင်းလို့ ပါးစပ်ထဲပစ်ထည့်တာစောင့်နေတဲ့ အင်ချုတ်မြင်သွားရင် ဒါမှမဟုတ် သင်္ကာမကင်းဖြစ်ခဲ့မယ်ဆိုရင် အဲဒီကောင်ကို ခြောက်ပေါက်ထိပ်တုံးထဲထည့်ပြီး ဝမ်းချူတော့တာပဲ။ တစ်ခါချုတယ်၊ ထွက်မလာရင် နှစ်ခါချုတယ်။ နှစ်ခါနဲ့မထွက်ရင် သုံးခါချုတာပဲ။ စိတ်ရှည်လက်ရှည်ကို စောင့်ဆိုင်းပြီးချုတာပါ။ ဒီတော့ ဗိုက်ထဲရောက်နေတဲ့ကျောက်ကြာကြာတောင့်မခံနိုင်ဘဲ မစင်နဲ့ ရောထွေးပြီးပါလာတော့တာပဲ။

ဝမ်းချူလို့ဝမ်းတွေထွက်လာရင် အောက်က ပိုင်းဇကာနဲ့ခံထားပြီး အဲဒီဇကာထဲက ဝမ်းတွေကို အဲဒီကောင်က ဆေးပေးရတာပါ။ သူတို့က ထိုင်ကြည့်နေတာပါ။ မိလို့ကတော့ မချောင်လှပါဘူး။ အလုပ်ပြုတ်ပြီး အချုပ်ထောင်ကျခံရတယ်။

ပိရိသေသပ်လို့ မမိဘူးဆိုပြန်ရင်လည်း အဲဒီဝမ်းထဲက ကျောက်ကို ဝမ်းသွားတိုင်း အောက်ကပလတ်စတစ်နဲ့ခံကာ လက်ကို ပလတ်စတစ်အိတ်စွပ်ပြီး လိုက်စမ်းရတာပါ။ တစ်ခါသွားတစ်ခါရှာပါမလား၊ နှစ်ခါသွားထပ်ရှာပါမလား။ သုံးခါသွား အထပ်ထပ်ရှာ ပါမလာနဲ့ အချို့လည်း စိတ်ဓာတ်ကျကာ ဆက်မရှာဘဲမေ့မေ့ပျောက်ပျောက်နေကာ စိတ်လျှော့လိုက်သူတွေလည်းရှိတယ်။ အချို့လည်းပြန်ရ အချို့လည်းမရနဲ့ပေါ့လေ အမျိုးမျိုးရှိကြပေမယ့်ပေါ့။

ဝမ်းထဲရောက်သွားတဲ့ ကျောက်ဟာ ပထမအစာအိမ်ထဲမှာအောင်းနေမယ်။ အစာတွေကြေညက်ပြီး စွန့်ထုတ်ဖို့ အူလမ်းကြောင်းထဲကို သွားမယ်။ အဲဒီကျောက်လည်း အစာဟောင်းတွေနဲ့ရောပါသွားမယ်။ အူလမ်းကြောင်းကနေ စွန့်ထုတ်လို့ ဝမ်းသွားမှ ကျောက်ကပါလာမှာကိုး။ ဝမ်းကချုပ်နေမယ်ဆိုရင် နောက်နေ့မှာ သွားချင်မှသွားမှာ၊ ခန္ဓာကိုယ်ဆိုတာက ကိုယ်က အစိုးရတာမှမဟုတ်တာ။ သူ့ဟာသူဖြစ်ချင်ရာဖြစ်နေတာကိုး။

ဒီတော့ အဲ့ဒီမျိုချကြတဲ့ယောကျာ်း၊ မိန်းမတွေလည်း အများအပြားရှိတော့ ကာ မစင်ထဲရောထွေးပါသွားတာတွေ လည်း အများအပြားရှိပုံရပါတယ်။ အဲဒါ ကြောင့် မစင်တွင်းဟောင်းတွေခေတ်စား နေတာပေါ့။

ဝမ်းထဲမျိုချလို့ရတဲ့ကျောက်ဆိုက တည်းက ဖန်ဂေါ်လီလုံးလို လုံးချော နေမှမျိုချလို့ရတာ။ အများအားဖြင့် လုံးချော နေရင် ကျောက်စစ်ကျောက်ကောင်းတွေ ကများတာကိုး။ ဒါဆို တစ်ပွင့်တည်းနဲ့ သိန်းပေါင်းရာထောင်ချီရနိုင်ပေသပေါ့ မိုင်းရှူးရတနာမြေမှာ မစင်နံ့တထောင်း ထောင်းနဲ့ အိမ်သာကျင်းဟောင်းတွေ ခေတ်စားနေလိုက်တာ သူ့ထက်ငါအပြိုင် အဆိုင်လို့ဆိုရမှာပါပဲ။

❑ **ကူးစက်လာတဲ့ရောဂါ**

ကျွန်တော် ဦးစီးနေရတာ နာမည်ကျော် (၃၆၁) နားက ကားလမ်း သာခြားတဲ့ (၃၈၃) လုပ်ကွက်ပါ။ (၃၆၁) က ကုန်းကမူပေါ်မှာဖြစ်ပြီး ကျွန်တော် တို့ဖက်စပ်က အရှေ့ဘက်အနိမ့်ပိုင်း တောင်စောင်းပေါ်မှာပါ။ ဒါတောင် ... (၈၀၀) ကျော် နက်ပါတယ်။ နှစ်တောင် ပတ်လည်ကျင်းဟာ အောက်ကို ငုံ့ကြည့် ရင် ဆယ်ပြားစေ့သဏ္ဌာန် အလင်းစက် လေးပဲမြင်ရတာ။ အောက်ကနေအပေါ် ကိုမော့ကြည့်ရင်လည်း ဆယ်ပြား သဏ္ဌာန်အလင်းစက်လေးပဲမြင်ရတာ အတော်နက်ပါတယ်။ တွင်းအခြေအနေ ကို မကြာမကြာဆင်းကြည့်နေရ ... ကာ ဘယ်နားဘာရှိတယ်ဆိုတာသိ... ပါတယ်။ အောက်ထဲမှာကျတော့ (၃၆၁) တစ်ဆက်တည်းဆိုတာလိုပါပဲ။ ဟိုဘက် ဒီဘက်အကုန်မြင်နေရတာပါ။ အ... ခဲဒေါက်ဆိုတာ မရှိသလောက်ပါဘဲ။

(၃) လကျော်ကျော်လောက်... ကြည့်တဲ့အခါ ကျောက်ထွက်အား... ပါးမှုကြောင့် အရှုံးပေါ်နိုင်တာနဲ့ ... နားလိုက်ပါတယ်။ အဲဒီမှာ အင်ချုတ်... လုံခြုံရေးတွေ၊ တွင်းဆရာတွေ၊ ... သားတွေ၊ စက်ဆရာတွေ၊ အင်ခု... တွေ၊ စားဖိုမတွေ လူပေါင်းတစ်ရာ... နှစ်ရာနီးပါးအလုပ်ပြုတ်ကုန်ကြပါ... အပြင်ကနေခဲလာရွှေကြတဲ့ ခဲရွှေ... လည်း အလုပ်ပြုတ်ကုန်ကြပါ... နေရာသစ်မှာ အလုပ်ပြန်ရှာကြ... ပါ။ အလွန်စည်ကားစွာ လည်ပတ်နေ... ဖက်စပ်ကြီးနားလိုက်တဲ့အခါ လူသံ ... သံ၊ ခဲရွှေးသံတွေတိတ်ဆိတ်ပြီး ... ကပ်ကပ်ကြီးဖြစ်သွားတော့ ပျင်း... ကြီးပါပဲ။

ကျွန်တော်နဲ့အတူ လက်ထော... မန်နေဂျာနှစ်ဦး၊ အင်ချုတ်နှစ်ဦး၊ ...



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦး၊ လုံခြုံရေးနှစ်ဦးသာ ကျန်ရစ်ပါတယ်။ မန်နေဂျာနှစ်ဦးက လောပန်ယောက်ဖ အားယုံနဲ့ တရုတ်ပြည်ကနေလာလုပ်တဲ့ အားထောင်ပါ။

မှတ်မှတ်ရရ အဲဒီနှစ်က ၂၀၀၄ ခုနှစ်ပါ။ တစ်နေ့မှာ ဖက်စပ်အပြင်လမ်းဘေးမှာ ဂိတ်ထိုးတဲ့ ဆိုင်ကယ်တက္ကစီသမားတစ်ဦး ကျွန်တော်တို့ဆီရောက်လာကာ အိမ်သာကျင်းဟောင်းတွေဝယ်ပြီးဆေးကြတဲ့လူတွေ ဘယ်သူဖြင့်အကြီးအကျယ်ထောသွားကြောင်း၊ ဘယ်သူဖြင့်အရင်းသာပြန်ရကြောင်း စသည်ဖြင့်ပေါလေ မြို့ထဲက အိမ်သာကျင်းဟောင်းသတင်းတွေသွားရည်ယိုစဖွယ်ပြောပြပါတယ်။ ကျွန်တော်တို့က ဖက်စပ်ထဲမှာသာနေကြသူတွေဆိုတော့ သူတို့လောက်ထဲထဲဝင်ဝင်မသိကြတာ အမှန်ပါ။

တကယ်တော့ အဲဒီဆိုင်ကယ်သမားဟာ မိုင်းရှူးခဲကြောတွေ ပေါ်စဦးခေတ်တုန်းက ကျွန်တော်တို့ဖက်စပ်မှာလုပ်သွားခဲ့ဖူးသူပါ။ အဲဒီတော့ ဒီလူက ဒီတွင်းအကြောင်းကို အူမချေးခါးကအစ သိနေတာပါ။ ကျွန်တော်တို့က အဲဒီဖက်စပ်ကို ခုမှလုပ်ဖူးကြတာပါ။ သူကအိမ်သာတွေအကြောင်းပဲ ရောင်းပေးပြီးပြောပြနေတာပါ။

ယောကျ်ားအိမ်သာနဲ့ မိန်းမအိမ်သာမှာ ယောကျ်ားအိမ်သာကကျောက်ပိုရကြတယ်။ အဲဒီတော့ ယောကျ်ားအိမ်သာနဲ့ မိန်းမအိမ်သာဈေးမတူဘူး။ ယောကျ်ားအိမ်သာက ဈေးကြီးကြီးပေးပြီး ဝယ်ကြရတယ်။

"မန်နေဂျာတို့လည်း အလုပ်မရှိအကိုင်မရှိ အလကားနေမယ့်အစား အိမ်သာကျင်းဟောင်းတူးဆေးကြပါလား၊ ဝေးဝေးသွားရှာနေစရာမလိုဘူး။ မန်နေဂျာတို့ ဖက်စပ်ထဲမှာပဲရှိနေတယ်"

လို့ ဆိုတော့ အားလုံးက စိတ်ဝင်စားတယ်။

"မင်းကလည်းကွာ၊ အဲဒီအိမ်သာကျင်းဟောင်း ဘယ်နားမှာဆိုတာ ငါတို့ကို လိုက်ပြလေ"

ဆိုတော့ ခဲရွှေးဆောင်ကြီးရဲ့နောက်ကြောချောက်ဇာမ်းပါးဆက်ကို လက်ညှိုးထိုးပြပြီးပြောပါတယ်။

"ဒီအိမ်သာတွေက အရင်အိမ်သာတွေပြည့်ကုန်လို့ နောက်မှပြန်ဆောက်တာ၊ အရင်အိမ်သာဟောင်းတွေက အဲဒီခဲပစ်စာပုံကြီးအောက်ရောက်နေတာကြာပြီ။ ဘာလဲ မန်နေဂျာကစိတ်ဝင်စားလို့လား"

လို့မေးတော့ -

"အေး- ငါစိတ်ဝင်စားတယ်။ မင်းအပြောကောင်းတာနဲ့ ငါလုပ်ချင်တာလုပ်ပြီ"

အားယုံကပြောတော့ ဆိုင်ကယ်ဆရာက အဲဒီအိမ်သာကျင်းကို လွမ်းစဖွယ်ဖြစ်အောင် ပြောပြပြန်ပါတယ်။

"အဲဒီယောကျ်ားအိမ်သာကျင်းထဲမှာ တွင်းဆရာတစ်ဦး ဘတ်ပြီးဝမ်းဗိုက်ထဲမျိုချခဲ့တဲ့ကျောက်ပါသွားခဲ့တယ်ဗျ။ ကျောက်ကဘယ်လိုရှာလို့မှမရတာ။ အဲဒီကျင်းဆရာက သူဘတ်လာတဲ့ ကျောက်ကို လွမ်းနေရှာတယ်။ ကျွန်တော်တို့က အတူတူလုပ်တာဆိုတော့ ပြောပြလို့သိနေတာပေါ့ဗျာ။ ကျောက်က လက်သန်းဖျားလောက်ရှိပြီး လုံးပြီးချောနေတာပဲတဲ့ဗျ။ အဲဒီကောင် ဒီကျောက်ကို တသသပြောနေပုံထောက်ရင်တော့ ကျောက်ကအတော်ကောင်းပုံရှိတယ်။ အဲဒီအိမ်သာကျင်းဟောင်းတွေ့ရင် အဲဒီကျောက်ရပြီပေါ့ဗျာ။ ခုခတ်ဈေးနဲ့ဆိုရင် သူဌေးမဖြစ်ချင်ဘူးဆိုလည်းနေလို့မရဘူး။ သူဌေးဖြစ်ကိုဖြစ်ရမယ်ဗျာ။ ခုချိန်ဟာ မန်နေဂျာတို့အတွက် အခွင့်အရေးပဲ။ ကိုယ့်ဖက်စပ်နဲ့ကိုယ်ဆိုတော့ အထူးရှာဝယ်စရာမလိုတော့ဘူးပေါ့။ ဒါတောင် ကျွန်တော်သိတဲ့ဟာကို ပြောပြတာ။ မသိတဲ့ဟာတွေလည်းရှိဦးမှာပါ။ သူဌေးဖြစ်ချင်ရင်ဟောဒီတစ်ဝိုက်ပြန်ရှာဗျာ"

လို့ သိုက်စာညွှန်းပါတယ်။

အဲဒီမှာ အားယုံက ကျွန်တော့်ကို ငဲ့ကြည့်ပြီးမေးပါတယ်။

"ဘယ်လိုလဲ ဦးလေးတူးမလား"

"အေးကွာ၊ တူးကြည့်ကြတာပေါ့"

လို့ ဆိုလိုက်ပါတယ်။

အမှန်တော့ အိမ်သာကျင်းဟောင်းရောဂါဟာ ကျွန်တော်တို့ဆီကို ကူးစက်ပြန့်သွားခဲ့ပါပြီ။

□ တွေ့ပြီ

စကားဆိုတာ တစ်စိတ်ကိုတစ်အိတ်လုပ်ပြောပြီးကားတတ်ကြောင်း ကျွန်တော်သဘောပေါက်ပါတယ်။ ဒါပေမယ့် ဆန္ဒပြင်းပြနေတဲ့ အားယုံကိုငဲ့လို့လက်ခံလိုက်ခြင်းပါ။ အားယုံဟာ အသက် (၂၀) ကျော်စ လူငယ်တစ်ဦးပါ။ ကျွန်တော်နဲ့အတွဲညီတဲ့ လူငယ်ပါ။ လူချောလူဖြောင့်တစ်ဦးဖြစ်ပါတယ်။ ကျွန်တော်နဲ့အားယုံဟာ သူ့ရဲ့ဒီတီဆိုင်ကယ်ကြီးနဲ့ အလုပ်မရှိတော့ကာ တစ်မြို့လုံးပတ်မွှေ့နေကြချိန်ပါ။ အိမ်သာကျင်းဟောင်းတူးမယ်ဆိုတော့ ခြေမြင့်သွားတာပေါ့လေ။

ဒါနဲ့ နောက်နေ့မှာ အားယုံက နေ့စားအလုပ်သမား (၅) ဦးခေါ်လာပါတယ်။ အဲဒီလူတွေက ကျွန်တော်တို့ဖက်စပ်နားလိုက်တာကြောင့် အလုပ်လက်မဲ့ဖြစ်သွားတဲ့ ကျင်းဆရာ၊ ကျင်းသားတွေပါ။ ရင်းနှီးပြီးသားတွေဆိုတော့ပြောစရာမလိုပါဘူး။

ခဲပစ်စာပုံကြီးကို အောက်ခြေကစပြီးသိမ်းရတာပါ။ အောက်ခြေကသိမ်းလိုက် အထက်ကပြိုကျလိုက်နဲ့ ခရီးကတယ်မတွင်ပါဘူး။ နေရာမရွှေ့နိုင်ဘူးဖြစ်နေပါတယ်။

အဲဒီမှာ ကျွန်တော့်တပည့်ဖြစ်တဲ့ အင်ချတ် ကိုကယား ရောက်လာပါတယ်။ သူက ဒီတွင်းမှာ မှော်ကြာပါ။ ကျွန်တော်ဆိုတာက ကနန်းကျင်းကနေပြောင်းလာတာ မကြာသေးပါဘူး။ ကိုကယားက ထိုင်ကြည့်နေရင်း -

"ဩော် . . . မှတ်မိပြီ မှတ်မိပြီ၊ အိမ်သာကျင်းပြည့်လို့ ခဲစာတွေဖို့လိုက်တဲ့ကျင်းမဟုတ်လား။ ယောကျ်ားအိမ်သာလေ ဟုတ်တယ်မဟုတ်လား"

လို့ မေးတာကြောင့် -

"အေးလေကွာ၊ အဲဒီကျင်းဟောင်းကို ရှာနေတာလေကွာ"

ဆိုတော့ -

"အဲဒီအိမ်သာဖို့တော့မယ်ဆိုတော့ ကျင်းဟောင်းကို ကျွန်တော်က မိုးကာနီပြာစနဲ့အုပ်ထားလိုက်တာဗျ ဟုတ်တယ်။ အခုလက်ရှိအိမ်သာရဲ့ရှေ့တည့်တည့်မှာဆိုတော့ ခုယူထားတာ အမှန်ပဲ။ မိုးကာနီပြာစတွေ့ရင် အဲဒီကျင်းဟောင်းတွေ့ပြီပဲဗျ။ ဒီအိမ်သာဖို့တာ သုံးလေးနှစ်ရှိပြီ"

လို့ တိကျတဲ့သိုက်စာအညွှန်းကို ထပ်ရပြန်တာကြောင့် အားတက်သရောရှိရပြန်ပါတယ်။ နေရာယူထားတာကတော့ အမှန်အကန်ဖြစ်နေပါပြီ။

ခဲစာပုံကအတော်မြင့်တာကြောင့် အောက်ခြေကယူလိုက် အထက်က ပြိုကျလိုက်တာနဲ့ အတော်နဲ့ရှေ့မရောက်နိုင်ပါဘူး။ သို့သော်လည်း တရွေ့ရွေ့လုပ်နေတဲ့အခါ အထက်က လိုက်အားလျော့လာပါတယ်။ ဒီလိုနဲ့ တစ်ရက်ပြီးတစ်ရက်ကုန်လာခဲ့ပါတယ်။ ရှေ့ကို တဖြည်းဖြည်းတိုးနိုင်ခဲ့ပါတယ်။

(၄) ရက်မြောက်နေ့ နံနက်ပိုင်းမှာတော့ အင်ချတ် ကိုကယားရဲ့ သိုက်စာအညွှန်းအတိုင်း မိုးကာနီပြာစကို စတင်တွေ့ရှိပါတယ်။ အချိန်ပြည့်ထိုင်စောင့်ကြည့်နေတဲ့ ကျွန်တော်နဲ့ အားယုံတို့ ပြုံးပျော်နိုင်ကြပါပြီ။ ပထမအဆင့်အနေနဲ့ အောင်မြင်မှုရပြီလို့ ဆိုရမှာပါ။




www.burmeseclassic.com

www.burmeseclassic.com

**□ ကြောက်သွားသော အလုပ်သမားများ**

ဟုတ်ပါတယ်။ ကိုကယားပြောသလို မိုးကာနီပြာမှာ အပြာဘက်ကနေ မျက်နှာပြုပြီး အုပ်ထားတာပါ။ အဲဒီမိုးကာပြာပြာပေါ်က ခဲတွေကုန်အောင် အတော်လုပ်ရပါတယ်။ နေ့လယ် ထမင်းစားပြီး ပြန်လုပ်တဲ့အခါမှာတော့ မိုးကာဝန်းကျင်က ခဲတွေပြောင်စင်ခဲ့ပါပြီ။

ပြောင်တယ်ဆိုရင်ပဲ မိုးကာကြီးကို လူ (၅) ယောက်အားနဲ့ ဆွဲလှန်လိုက်တဲ့အခါမှာတော့ မစင်နံ့ကထောင်းခနဲအစွမ်းပြပါတော့တယ်။ အဲဒီမှာ အားလုံးဟင်ခနဲဟာခနဲ ဖြစ်ကုန်ကြတယ်။

ဘာပြုလို့လဲဆိုတော့ လွန်ခဲ့တဲ့သုံးလေးနှစ်က ဖို့ထားတဲ့မစင်တွေဟာ မနေ့တစ်နေ့က စွန့်ထားတဲ့မစင်လို ဝါထိန်နေပြီး အနံ့ကလည်း ချေးစိမ်းနံ့လုံးဝမပြယ်သေးလို့ပါပဲ။ တကယ့်အသစ်စက်စက်မစင်တွေအတိုင်းပါပဲဗျာ။ လေလုံမိုးလုံအထက်က ကျောက်ဖြုန်းတွေရဲ့ဖိအားကြောင့် အရောင်းအဆင်းအနံ့လုံးဝမပြောင်းလဲဘဲ ရေခဲတိုက်ထဲထည့်ထားသလိုဖြစ်နေပုံရှိပါတယ်။ လတ်လတ်ဆတ်ဆတ်ပါ။

အသီးစုံတော့ချို၊ ချေး(ချီး)စုံတော့ ညှီဆိုတဲ့စကား တက်တက်စင်မှားနေပါရော့လားဗျာ။ ညှီဖို့ထင်ထား နန္ဒင်းကတောင် အဘခေါ်ရလောက်အောင် ဝါထိန်နေတာဗျို့။ နေကပူပူ၊အနံ့ကပြင်းပြင်းနဲ့လုပ်တဲ့ကောင်တွေလည်း တံတွေးတထွီထွီနဲ့ တယ်မချောင်လှပါဘူး။

"ကဲ-အိမ်သာကျင်းပေါင်းတော့တွေ့ပြီ။ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

လို့ အားယုံကိုမေးပါတယ်။

"အေးကွာ၊ အချိန်က အစောကြီးရှိသေးတာဆိုတော့ ဂိုဒေါင်ထဲမှာ ဆာလာအိတ်ခွံတွေရှိတယ်။ သွားယူကြကွာ အဲဒီဟာတွေကျုံးထည့်ပြီးစီထားပေါ့ကွာ"

လို့ ခိုင်းပါတယ်။

အိတ်ခွံတွေယူလာပြီး တစ်ယောက်က အိတ်ကိုင်ပြီး တစ်ယောက်က ဂေါ်ပြားနဲ့ ကော်ထည့်တဲ့အခါ ထင်သလောက်မလွယ်တာကိုတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်သာတက်ပြီး သန့်စင်ရာမှာ တုတ်ခနောင်းတွေသုံးထားတာကြောင့် တုတ်ခနောင်းတွေနဲ့ရှုတ်ယှက်ခတ်နေ လို့ပါပဲ။

အဲဒီမှာ အားယုံက -

"မင်းတို့ကွာ ချေးများရွှံ့စရာမှ မဟုတ်တာ ထမင်းဟင်းကနေဖြစ်တာပဲ။ အဲဒီချေးတုတ်ခနောင်းတွေကို လက်ကိုပလပ်စတစ်အိတ်စွပ်ပြီး ရွေးပစ်မှကော်ထည့်လို့ရမှာပေါ့ကွ။ ချေးပဲကွာ ဆေးပစ်ရင်ပြောင်တဲ့ဟာ"

ဆိုပြီး ညွှန်ကြားပါတယ်။

သူ့ဆန်စားတော့ ရဲရတယ်ဆိုတာလိုပေါ့။ လွဲမရှောင်သာတော့ကာ လက်ကို ပလတ်စတစ်အိတ်စွပ်ပြီး များပြားရှုပ်ထွေးနေတဲ့ တုတ်ခနောင်းတွေဆွဲထုတ်ပြီး အဝေးကိုပစ်ရပါတယ်။ ပြီးမှ ကော်ထည့်ကာ မစင်အိတ်တွေစီတန်းပြီး ပုံပါတယ်။ တုတ်ခနောင်းတွေဆွဲထုတ်လိုက်၊ တစ်ဦးကော်ထည့်လိုက်နဲ့ အဲဒီနေ့မှာ အိတ်(၅၀)လောက်ရပါတယ်။ တကယ်ဗျာ နံချက်ကတော့ ကမ်းကုန်ပါပဲ။

သူတို့ကို နေ့စားခလည်းပေးပြီးရော နောက်နေ့ကျရင် ဘယ်လောက်ပေးပေး မလုပ်တော့ဘူးဆိုတဲ့အကြောင်းပြောသွားကြပါတယ်။ ဟုတ်ပါတယ် အဲဒီကောင်တွေဆီက မစင်နံ့တွေနံနေပါတယ်။ ငြင်းမယ်ဆိုရင်လည်း ငြင်းလောက်စရာပါပဲ။ ဒီအလုပ်က သာမန်အလုပ်မှမဟုတ်တာ။

ဒါနဲ့ ကိုယ့်ကိုယ်ကိုလည်း မသိကာနဲ့အင်္ကျီကို နမ်းကြည့်လိုက်တော့ ဖွံခနဲနေပါတယ်။ ဟုတ်ပါတယ် အင်္ကျီတွေ၊ ဘောင်းဘီတွေက မစင်နံ့တွေစုပ်ယူထားတာကြောင့် လုပ်တဲ့သူတွေသာမကပဲ ဘေးကနေထိုင်ကြည့်နေတဲ့ ကျွန်တော်တို့ပါ အနံ့တွေကူးစက်ကုန်တာပါ။

"ဟော့-အားယုံတို့ရဲ့အဝတ်တွေပါ နံကုန်ပြီကွ"

ဆိုတော့ အားယုံက သူ့အင်္ကျီစကို နမ်းကြည့်ကာ -

"အေးကွာ ဟုတ်တယ်ဟေ့ ရေကို အသေအချာချိုးမှရမှာ"

ဆိုပြီး အဝတ်တွေချွတ်ကာ လျှော်ဖွပ်ဖို့ စားဖိုမတွေဆီပို့ပေးလိုက်ပါတယ်။ နောက်နေ့မှာ အဲဒီအုပ်စုအမှန်တကယ်ပေါ်မလာတော့ပါဘူး။

**□ ဈေးကြီးတဲ့ဖိုးဝိုးလ်များ**

"အားယုံရေ တို့အလုပ်က ဒီအတိုင်းဆို ဖိုးဝိုးလ်တွေ ခေါ်မှရမယ်ထင်တယ်"

"ဒီကောင်တွေခေါ်ရင် ဈေးကြီးမှာ ဦးလေးရ"

"ဘာတတ်နိုင်မှာလဲကွာ၊ အလုပ်ကစပြီးပြီဆိုတော့ ပြီးအောင်တော့လုပ်ရတော့မှာပေါ့။ ကြိုးလည်းခေါ်ရတော့မှာပဲ။ ဒါမျိုးအလုပ်က သူတို့မှလုပ်နိုင်မှာ။ ကျန်တဲ့လူတွေဆိုတာက နေ့တွက်ဘယ်လောက်ပေးပေးလုပ်ကြမှာ မဟုတ်ဘူး"

"ကဲ - ဒါဆို အဲဒီကောင်တွေသွားခေါ်လိုက်တော့မယ်"

ဆိုပြီး ဆိုင်ကယ်နဲ့တောင်အောက်ကို ဆင်းသွားပါတယ်။ မိုင်းရှူးရာ... မြေမှာ ဖိုးသမားတွေကို ဖိုးဝိုးလ်... ခေါ်ကြပါတယ်။ သူတို့ကလည်း ... မရောက်နိုင်တဲ့နေရာတွေကို ကုန်ပစ္စည်း... ထမ်းပို့ရာမှာ ဖိုးဝိုးလ်ကားတွေ... အလွန်အားကိုးရတာပါ။ ဆေးချပြီး... အထမ်းအပိုးအလွန်သန်ကြပါတယ်။ နေ့စဉ် တွင်းသုံးသစ်ဝါးတွေ၊ စားကုန်... သောက်ကုန်တွေဝယ်နေရတဲ့အခါ ... တို့နဲ့လုံးဝမကင်းနိုင်ပါဘူး။ ခိုင်းစရာ... စရာရှိရင် သူတို့ကိုအားကိုးရတာပါ။ ... လည်း သူတို့ကို အခေါ်လွှတ်လိုက်... ပြီ။ သူတို့တွေ အများဆုံးနေထိုင်ကျ... စားရာနေရာက သစ်ကွင်းနဲ့မဏိရတနာ... ဈေးကြီးဝန်းကျင်ပါ။ ခဲတောင်က... အောက်ကို ဆင်းသွားရင် အနီးဆုံး... သစ်ကွင်းပါ။ နာရီဝက်ကျော်ကျော်... တဲ့အခါ အားယုံပြန်ရောက်လာပါတ... ဖိုးဝိုးလ် (၃) ဦးကို အငှားဆိုင်ကယ်တွေ... တင်ခေါ်လာပါတယ်။

ဒီကောင်တွေအားလုံးကို ကျွန်တော်... က မျက်မှန်းတန်းမိပြီးသားပါ။ ဘာ... လဲဆိုတော့ လိုအပ်ရင် တစ်လျှောက်... ခေါ်ခိုင်းနေရတာကိုး။ ခုလည်း မျက်... တန်းစီနေတဲ့ကောင်တွေပါ။

"ဦးလေးရေ ဒီကောင်တွေကို ... ကောင်တွေရဲ့ နှစ်ဆပေးငှားခဲ့ရတာ... အဲဒါကြောင့် (၃) ယောက်ပဲ ခေါ်... တော့တယ်"

"(၃) ယောက်လည်း နိုင်ပါတယ်... ကွာ။ အလွန်ပင်ပန်းတဲ့အလုပ်မှမဟုတ်... တာ"

"ဒီကောင်တွေကို အရင်... ထမင်းကျွေးရမယ်။ ပြီးရင် သူတို့ ဆေး... ဦးမယ်။ ဆေးချပြီးမှလုပ်ကြမှာ"

"အေးလေ၊ ဒါက သူတို့ထုံးစံ... နေတာကိုး။ ဘာတတ်နိုင်မှာလဲ"

လို့ပြောပြီး ထမင်းကျွေး... တယ်။ ထမင်းစားပြီးတော့ ခဲရှေ့... ထဲမှာ ဆေးချကြပါတယ်။ ပြီးမှ အ... ဆင်းတာပါ။ ကျွန်တော်တို့နှစ်ယော... ကတော့ ချေးနံ့တထောင်းထောင်း... မှာ ထိုင်ပြီးစောင့်ခိုင်းကြရတာပေါ့။ ... တွေကတော့ မရွံ့မရှာနဲ့ အေး... ဆေးဆေးပဲ ကျုံးထည့်နေကြပါ... တံတွေးတစ်ချက်မထွေးဘူး။ ... ထဲ ရွံ့တွေလိုသဘောထား... အတော်အံ့သြဖို့ကောင်းတဲ့ကောင်...

www.burmeseclassic.com

ပါပဲ။ ဒီလိုနဲ့ တစ်နေ့ကုန်ပါတယ်။ နောက်နေ့ကိုယ့်ဟာကိုယ်လာခဲ့ဖို့ အသေအချာမှာပေမယ့် တစ်ဦးမှပေါ်မလာတာကြောင့် အားယုံကဆိုင်ကယ်နဲ့ဆင်းခေါ်ပြန်ပါတယ်။ မနေ့ကကောင်တွေပါမလာပဲ နောက်ထပ်အသစ်တွေပါလာပါတယ်။ ထုံးစံအတိုင်း သူတို့စိတ်တိုင်းကျကားရှုပြီးမှအလုပ်ဆင်းတာပါ။ အပြန်မှာညစာလည်းထုပ်ပေးရစမြဲပါ။ ဘယ်လိုမှာသော်လည်း နောက်တစ်ခါပြန်မလာတော့ပါဘူး။ ဒီလိုနဲ့သွားခေါ်ရပြန်တာပါပဲ။ (၃) ရက် မြောက်ကျူးတဲ့အခါမှာတော့ ကျင်းအောက်ခြေပေါက်ကာ မစင်တွေ ကုန်သွားခဲ့ပါပြီ။ အိတ်ပေါင်း (၄၀၀)ကျော်ရလိုက်ပါတယ်။ သိပ်မနည်းလှပါဘူး။

**□ ကိုယ်တိုင်ကိုယ်ကျွဲရပြီ**

ကျွန်တော်တို့ဖက်စပ်ရဲ့ အရှေ့ဘက်မှာ နက်ရှိုင်းတဲ့ချောက်ကမ်းပါးကြီးရှိနေပါတယ်။ တောင်ဘက်၊ မြောက်ဘက်နဲ့ အနောက်ဘက်တွေမှာ ဖက်စပ်တွေ တန်းစီနေတာပါ။ ခဲတောင်ကုန်းကုန်းတန်းကြီးရဲ့အရှေ့ဘက်ခြမ်းဆင်ခြေလျှောမှာ ကျွန်တော်တို့ဖက်စပ်တည်နေခြင်းပါ။ ကျွန်တော်တို့အုပ်စု အိမ်သာကျင်းဟောင်းထဲက မစင်တွေကျူးနေကတည်းက မကောင်းတဲ့အနံ့အသက်တွေဟာ ဝန်းကျင်မှာလွင့်ပျံ့နေပါပြီ။ လေသင့်လေ ဆိုးလေဆိုရမှာပါ။

နေ့စဉ် ဖိုးဝိုးလ်တွေကို အားယုံကဆင်းခေါ် ရစမြဲပါ။ ခုချိန်မှာ အိတ်တွေကို ခဲရွှေးဆောင်ထဲမှာရှိတဲ့ ခဲကြိတ်တဲ့စက်ရေကန်ထဲထည့်ပြီး မွှေနှောက်ကာဆေးရတော့မှာပါ။

အိမ်သာကျင်းဟောင်းဝယ်သူမှန်သမျှ ဘယ်ဖက်စပ်ကမှ သူတို့ဖက်စပ်ထဲအဆေးမခံပါဘူး။ လွတ်ရာကျွတ်ရာတောင်ခြေက စမ်းချောင်းတွေမှာ ထော်လာဂျီနဲ့တင်ပြီး သွားဆေးကြရတာပါ။ ဒါမှ ဖက်စပ်တွေ အနံ့သက်သာမှာပါ။

ကျွန်တော်တို့ကတော့ အလုပ်မရှိတဲ့လူတွေဆိုတော့ ကိုယ့်ဖက်စပ်၊ ကိုယ်သဘောနဲ့ကိုယ်ဆိုပြီး ဖက်စပ်ထဲမှာပဲဆေးကြမှာပါ။ အဲဒါကြောင့် ရေကားကြီးနှစ်စီးဝယ်ပြီး ကန်ထဲလှောင်ထားပြီးပါပြီ။ ဆေးမည့်စက်ရေကန်ထဲ မစင်အိတ်တွေ သွန်ထည့်ပြီး မွှေဆေးရုံပါပဲ။

ဒါပေမယ့် ခက်တာက မစင်အိတ်ပုံကြီးကို ဆေးမည့်နေရာ သယ်ဖို့တာဝန်တရှိနေပြန်ပါတယ်။ အောက်ချောက်ထဲကနေ အပေါ်ခဲရွှေးဆောင်စက်ကြိတ်တဲ့နေရာကိုသယ်ရမှာဆိုတော့ မော့တက်ကြီးပါ၊ မချောင်လှပါဘူး။

ဒီမစင်အိတ်တွေရဖို့ ခက်ခက်ခဲခဲလုပ်ထားရခြင်းပါ။ ဈေးတုတ်ခနောင်းတွေ ဖယ်ရ၊ စီဒီဘောင်းဘီစုတ်တွေဖယ်ရနဲ့ အလွန်ရှုပ်တာပါ။ စီဒီဘောင်းဘီတိုအစုတ်တွေ အတော်များတော့ကာ ဒီကောင်တွေ တုတ်မပါတော့ ဝတ်ထားတဲ့ဘောင်းဘီတိုနဲ့ ကိစ္စရှင်းခဲ့ပုံရှိပါတယ်။ ဒါကြောင့် ရောင်စုံအတွင်းခံဘောင်းဘီတိုတွေ အိမ်သာထဲမှာရှိနေခြင်းဖြစ်မှာပါ။ မမှတ်မိပေမယ့် ဘောင်းဘီတိုပေါင်းနှစ်ဆယ်လောက်တော့ရှိမယ်ထင်ပါတယ်။

အိတ်ပုံကြီးကြည့်ပြီး မျှော်လင့်ချက်ရောင်ခြည်နဲ့ စိတ်ကူးယဉ်လို့တော့ကောင်းပြီပေါ့ဗျာ။ သို့သော်လည်း အိတ်ပုံကြီးသယ်ဖို့ ဖိုးသမားသွားခေါ်တဲ့အခါကျတော့ ရှားရှားပါးပါး တစ်ယောက်ပဲရလာတယ်ဗျ။ အဲဒါမှ အခက်ပါပဲ။ ဒီတော့ အိတ်ပုံကြီးဆေးမယ့်နေရာရောက်ဖို့အရေး ကျွန်တော်နဲ့ အားယုံပါ မစင်အိတ်တွေ ဝင်ထမ်းရတော့တာပါပဲ။ တော်သေးတယ်၊ အခြားဖက်စပ်ကမစင်တွင်းတွေလို အရည်တစက်စက်နဲ့ကျမနေလို့ပေါ့။ ကျများကျနေလို့ကတော့ ထမင်းတောင်စားဝင်မယ်မထင်ဘူး။ လောဘစိတ်နဲ့ဆိုတော့ မရွံ့ရှာနိုင်ဘဲ ကိုယ်တိုင်ဝင်ကြဲရတော့တာပါ။

စိတ်ထဲကလည်း အဲဒီကောင်တွေကို အမနာပစိတ်နဲ့ ကျိန်ဆဲနေမိသမျှတကယ်ဗျာ ကြေးကြီးလည်းပေးရ၊ ထမင်းလည်းကျွေးရ၊ သူတို့ဆန္ဒရှိသလို နားလိုကနား၊ စားလိုကစား၊ ရှုလိုကရှု အခွင့်အရေးပေးထားတာတောင် တစ်ခါလာပြီးရင် နောက်တစ်ခါခေါ်မရတော့ဘူးဗျ။ နှစ်ထပ်ကွမ်းလာသူဆိုတာ လုံးဝမရှိခဲ့ဘူး။ တစ်ကြိမ်တည်းနဲ့ကိုလန်ထွက်ကုန်တာ။

ဟော - ခုတော့ ကိုယ်တော်ချောတွေခေါ်လို့မရတာကြောင့် ကြွရောက်လာတဲ့ ကိုယ်တော်ချောလေးနဲ့ အတူတူကျွန်တော်နဲ့အားယုံပါ တံတွေးတပျစ်ပျစ်နဲ့ မစင်အိတ်တွေဝင်ထမ်းနေရပါသကော။ အိတ်(၄၀၀)ကျော်ဆိုတာ နည်းမှတ်လို့။ သူများကိုခိုင်းရင်သာ အရိပ်ထဲကနေ သက်သက်သာသာရှိတာ။ ကိုယ်တိုင်နွှဲရတဲ့အခါမှာတော့ အတက်ကြီးမို့ ချွေးတဒီးဒီးနဲ့ဆိုပါတော့ဗျာ။ ဒီနေ့ကတော့ ကံမကောင်းဆုံးနေ့ပါဘဲ။ သူများခိုင်းခဲ့သမျှ ကိုယ်တိုင်လုပ်ကြည့်မှ သိသဗျ။ ဝဋ်လည်တယ်ထင်တာပါပဲ။ ပိုက်ဆံကုန်သက်သာပေမယ့် လူမသက်သာပါဘူး။

ဖိုးသမားနဲ့တန်းတူလုပ်ရတဲ့နေ့ပါ။

**□ ဒုက္ခရောက်ရတဲ့ ဖက်စပ်တွေ**

နောက်နေ့မှာတော့ လူ(၃)ယောက်စံချိန်မီရလာခဲ့ပါတယ်။ ဝမ်းသာလိုက်တာ အရမ်းပါပဲ။ အဲဒီအထဲမှာ အခြားကောင်တွေနဲ့မတူဘဲ သန့်ပြန့်နေတဲ့ကောင်လေးတစ်ဦးပါလာပါတယ်။ လူပုံလည်းချောပါတယ်။ ဒါနဲ့မေးကြည့်တော့ သူ့မှာ မိန်းမနဲ့ ကလေးနှစ်ယောက်ရှိကြောင်းသိရတယ်။ ဒါပေမယ့် သူလည်းဆေးစွဲနေတဲ့ကောင်လေးပါပဲ။ ဖိုးဝိုးလ်တွေနဲ့ဘဝတူပါ။ သူက ပေတူးမနေဘူး။ ကြိုးသိုင်းမထားဘူး။ သန့်သန့်ပြန့်ပြန့်နေတယ်။ ဒါပဲကွာတာပါ။ ကြိုးကကုန်ထမ်းရာမှာသုံးတဲ့နဖူးသိုင်းကြိုးပါ။ အဲဒါကိုစလွယ်လို့ခေါ်ကြတယ်။

ပထမအိတ်တစ်ရာကျော်ကျော်အုတ်ကန်ထဲလောင်းထည့်ခိုင်းပြီး ရေဖွင့်ထည့်ကာ ပေါက်ပြားနဲ့စဉ်းခိုင်းပါတယ်။ ကန်ကကျယ်တော့ လူ(၃)ဦးဆံ့ပါတယ်။ ဒီလိုစဉ်းလိုက်တော့ကာ တုတ်ခနောင်းအတိုအစတွေ ပေါ်ထွက်လာပါတယ်။ အဲဒါတွေကိုယူပစ်ခိုင်းရပါတယ်။

ခက်တာက အလွယ်တကူကြေကုန်မယ်ထင်တဲ့ စေးပိုင်နေတဲ့မစင်တွေဟာ မကြေဘဲ အတုံးလိုက်အလုံးလိုက်တင်းခံနေကြတာပါပဲ။ စေးရင်ပေါက်ပြားမှာ ကပ်ကပ်ပါလာတတ်တယ်။

အဲဒီမှာ အားယုံက -

"ဟေ့ကောင်တွေ၊ အဲဒီမကြေတဲ့အတုံးတွေကို လက်နဲ့ချေလေကွာ။ ကျောက်က အဲဒီအတုံးထဲပါသွားရင် ဘယ်လိုလုပ်မလဲ။ မင်းတို့ကွာ၊ လုပ်မှတော့ စိတ်ပါလက်ပါလုပ်ကြပါကွ"

လို့ပြောမှ လက်နဲ့ခြေကြပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ခဲရွှေးဆောင်နဲ့စည်းရိုးသာခြားတဲ့ မြောက်ဖက်ကဖက်စပ်က မိန်းမဆောင်က တံခါးရွက်တွေဆောင့်ပိတ်သံကြားလို့ ကြည့်လိုက်တော့ အင်ချတ်မတစ်ဦးဟာ တံခါးတွေလိုက်ပိတ်နေတာ မြင်ရပါတယ်။ ဒီမှာမွှေနေတာဆိုတော့ အနီးရှိဖက်စပ်တွေဘယ်လောက်နံ့လိုက်လေမလဲဆိုတဲ့အသိကဝင်လာပါတယ်။ သို့သော်လည်း လုပ်မိပြီဆိုတော့ ဘာဆိုဘာမှမတတ်နိုင်ပါဘူး။ ဒီအနံ့တွေကြောင့် အနီးဝန်းကျင်ကဖက်စပ်တွေ ဒုက္ခရောက်ကြမယ်ဆိုတာတော့ သိနေပါတယ်။ ကျွန်တော်တို့ကတော့ နေ့စဉ်ကြုံတွေ့နေလို့ ယဉ်ပါးနေပါပြီ။

သို့သော်လည်း ဘယ်ဖက်စပ်ကမှ



www.burmeseclassic.com

www.burmeseclassic.com

လာရောက် ပြောဆိုတာမတွေ့ရပါဘူး။ ကျွန်တော်နဲ့ဆိုတာက မန်နေဂျာအချင်းချင်းတွေဆိုတော့ ခင်မင်ရင်းနှီးနေကြတာပါ။

**သိုက်စာအရ ကျောက်ပေလော**

ရေစပ်စပ်နဲ့မွှေလိုက်၊ ရေထပ်ထည့်ပြီး အပေါ်ကိုတက်လာတဲ့ အရည်တွေခပ်ထုတ်လိုက်နဲ့ လုပ်ရတော့ ထင်သလောက်မလွယ်လှပါဘူး။ အရည်ဝါညစ်ညစ်တွေခပ်ထုတ်လိုက်တာနဲ့အရည်တွေ တဝေါဝေါစီးဆင်းကာ အနံ့တွေလှိုင်ထွက်နေတာပါ။

ကျွန်တော်တို့မိုးကုတ်မှာ ကျောက်ပြဿဒ်၊ သူရိန်တောင်၊ ဦးဖိုးစိန်၊ မြိုင်ကြီး လုပ်ကွက်က ဂရိတ်ဖြုန်းတွေဟာ အဈေးပိုင်ဆုံးပါ။ ဖြုန်းစဉ်းရင် အနည်းဆုံး (၅) ကြိမ်လောက်စဉ်းမှ သဲဖြစ်ပါတယ်။ သဲဖြစ်ရင် လူတွေလည်း ရွှံ့တွေပေကျံကာ ကျွဲဖြစ်နေပါပြီ။

အခု ကျွန်တော်တို့ဆေးနေတဲ့ ချေးဖြုန်းကတော့ အဲဒီမြိုင်ကြီးဂရိတ်ဖြုန်းထက်ဆိုးပါတယ်။ လက်နဲ့ခြေမှုကြေတာပါ။ တစ်တုံးစီလိုက်ချေနေရတော့ ခရီးကတယ်မတွင်ပါဘူး။ ခေါ်ထားတဲ့ ဖိုးသမားတွေကလည်း ဇိမ်သမားတွေပါ။ တရွှေ့ရွှေ့တအိအိလုပ်ကြတာပါ။ စိတ်မရှည်ပေမယ့်လုပ်ပေးနေတာကိုပဲကျေးဇူးတင်ရတာပါ။ ဒီတော့ စကားမာမာ မပြောရဲဘဲ ချော့မော့ပြောဆိုပြီး ခိုင်းရတာပါ။

အထပ်ထပ်အခါခါစဉ်း၊ အထပ်ထပ်အခါခါ ရေတွေခပ်ထုတ်ပြီးပါမှ ညနေစောင်းမှာ သဲနှစ်စကာစာလောက် ရပါတယ်။ သဲဆိုလို့ ကျောက်စရစ်အနည်းငယ်နဲ့ မစင်ဖက်တွေကို သဲလို့ခေါ်ရတာပါ။

အဲဒီသဲကို ဝိုင်းဇကာမှာ ထည့်ပြီး ပီပါပြတ်မှာ ရေထည့်ပြီး လှည့်ရပါတယ်။ ဖိုးသမားတွေဆိုတာက တွင်းလောကမှာ ကျင်လည်ခဲ့ပြီးသားတွေဆိုတော့ စကာလှည့်လည်းကျွမ်းပါတယ်။ သဲစစ်ပြီး စကာကို ဂွမ်းခနဲနေအောင် မှောက်ထည့်ပြီး ပြန်လှန်လိုက်တယ်ဆိုရင်ပဲ လက်သန်းလုံးဖျားလောက်ရှိတဲ့ ကျောက်တစ်ပွင့် ဘွားခနဲပေါ်လာပါတယ်။

မြင်လိုက်တယ်ဆိုရင်ပဲ ဝမ်းသာစရာကျောက်မဟုတ်မှန်း သိလိုက်ပါတယ်။ ဒါပေမယ့် အရည်မှည်းနေတာရယ် လက်သန်းလုံးအဖျားလောက်ရှိတာရယ် လုံးချောနေတာရယ်က သိုက်စာအညွှန်းနဲ့ ညီနေတာပါ။ ဒီကျောက်များလေလားလို့တောင် ထင်မိပါတယ်။

အားယုံက ဆက်ခနဲကောက်ကြည့်ပြီး -

"ကျောက်က အာပလာကြီးပါကွာ။ တစ်ပြားမှတောင်မတန်ဘူး"

လို့ပြောပြီး ကျွန်တော့်ဆီပေးပါတယ်။ ကျောက်က အညံ့ဆုံးအမျိုးအစား ပိန်းသားပိတ်ပိတ်နဲ့ တောင်ပေါ်အခေါ် အာပလာကျောက်ပါ။ အာပလာဆိုတာ အလကားသုံးစားမရတဲ့ကျောက်မျိုးပါ။ ကျောက်လို့ခေါ်ရုံသာ ခေါ်နိုင်ပြီး ညံ့တဲ့နေရာမှာ ပထမရတဲ့ကျောက်မျိုးပါ။ ဒီကျောက်မျိုးက နောက်လိုက်အမြီးပိုင်းထည့်လို့တောင် မတင့်တယ်တဲ့ ကျောက်မျိုးဆိုပါတော့ ကျွန်တော်လည်း ကိုင်ကြည့်ပြီး -

"တွင်းဆရာက အိမ်သာထဲပါသွားလို့ အမြဲတမ်းလွမ်းနေရတယ်ဆိုတဲ့ ကျောက်သာ ဒီကျောက်ဆိုရင်တော့ တို့တွေချက်ကုတ်နေရုံပဲ"

လို့ပြောပြီး ကျောက်ကိုမြင်သာတဲ့ နေရာမှာ တင်ထားလိုက်ပြီး နောက်တစ်စကာကို မျှော်ရပြန်ပါတယ်။ နောက်တစ်စကာမှောက်တဲ့အခါမှာတော့ နှမ်းစေ့ထက်နည်းနည်းကြီးတဲ့ ကျောက်လေးနှစ်ပွင့်ပါလာပြန်ပါတယ်။ အာပလာကျောက်လေးတွေပါပဲ။ တစ်ပြားမှမတန်ပါဘူး။ ဒီလိုနဲ့ ပထမဆုံးဆေးတဲ့နေ့ ပြီးဆုံးခဲ့ပါတယ်။

ကျင်းဆရာလွမ်းနေတာ ဒီကျောက်မဖြစ်ပါစေနဲ့လို့ပဲ ရင်ထဲမှာ ကျိတ်ပြီး ဆုတောင်းနေရပါတယ်။ ပိုက်ဆံက အတော်ကုန်နေပြီလေ။ သူများတွေလို ထော်လာဂျီငှားပြီး မြို့အောက်က စမ်းချောင်းမှာသွားဆေးရမယ်ဆိုရင် ဘယ်ဖ်သက်သာမှာလဲ။ ကုန်လိုက်မယ့်အမျိုး။

**□ မိုးကုတ်က အိမ်သာကျင်းဟောင်းတွေ**

နံစော်နေတဲ့အဝတ်တွေချွတ်ပြီး စိမ်ပြေနပြေ ဆပ်ပြာအထပ်ထပ်တိုက်ပြီး ရေချိုးနေမိတယ်။ ဒါမှ အဝတ်နဲ့အရေပြားတွေက စုပ်ယူထားတဲ့ မစင်နံ့တွေပြောင်မှာပါ။

အဲဒီမှာ ဘာကိုသတိရလဲဆိုတော့ မိုးကုတ်ပတ္တမြားမြေက အိမ်သာကျင်းဟောင်းရတနာသိုက်တွေကိုပါပဲ။ မိုးကုတ်အနောက်ပိုင်းကျောက်ပြဿဒ်ဝန်းကျင်ကလုပ်ကွက်တွေဟာ သူ့နာမည်နဲ့သူ အများအပြားရှိခဲ့ကြတာပါ။

အဲဒီလုပ်ကွက်တွေထဲမှာ မန်ဆော့ပင်(မှန်သော့ပင်)လုပ်ကွက်နဲ့ ရေငုတ်ကြီး (အရည်ငုတ်ကြီး) လုပ်ကွက်တွေဟာ ဟိုးရှေးတုန်းက ရွာဟောင်းတွေပါ။ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းကုန်တဲ့အခါ ရွာဖုန်းဆိုးတွေအဖြစ် ကျန်ရစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးစခေတ်မှာ လူတွေဟာ လူတွေမနေတော့တဲ့ ရွာဟောင်းတွေကို ရေတင်ပြီးမျှောတိုက်ကြတဲ့အခါတော့ မှန်သော့ပင်လုပ်ကွက်ဟာ ကျောက်ရည်ကျောက်သားကောင်းတာကြောင့် အလွန်နာမည်ကြီးတဲ့ လုပ်ကွက်ဖြစ်သွားခဲ့ပါတယ်။ မှန်သော့ပင်ချောင်းတစ်လျှောက်မှာ တွင်းတွေတန်းစီနေပါတယ်။

ရွာဆိုးကုန်းပေါ် တိုက်ကြတဲ့လူတွေမှာ အိမ်သာကျင်းဟောင်းတွေ တွေ့ကြလေ့ရှိပါတယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာကြာပြီဖြစ်တဲ့အတွက် မြေနီကျင်းတွေမှာ မြေမည်းတွေဝင်ပြီး ပြည့်နေကြတာပဲ တွေ့ကြရပါတယ်။

ကံကောင်းတဲ့ ကျောက်ပြဿဒ် အနောက်ရွာက ပေါလ်တစ်ဦးကတော့ အိမ်သာထဲပစ်ထည့်ထားတဲ့ မြေအိုးတစ်လုံးကိုတွေ့ရပြီး အထဲမှာ ကျောက်မျက်ရတနာတွေနဲ့ လက်ဝတ်ရတနာတွေကို တွေ့ရတော့တာပါ။ အဲဒီ ပေါလ် တစ်သက်လုံးချမ်းသာသွားခဲ့ပါတယ်။ ရတနာထိုက်တဲ့သူပေကိုး။

အဲဒီမှန်သော့ပင်ရွာဟောင်းမှာ ရွာရဲ့ရုပ်ကြွင်းအဖြစ် အုတ်ရိုးတွေ၊ စေတီပျက်တွေ လုံးဝမတွေ့ရတာကြောင့် ဒီရွာဟာ နှစ်ရှည်လများတည်တဲ့ ရွာမဟုတ်ဘဲ ခေတ္တခဏသာတည်ခဲ့တဲ့ရွာလို့ ဆိုနိုင်ပါတယ်။

ရွာရှိ ချမ်းသာတဲ့အိမ်ဟာ သူ့ဓားပြရန်ကြောက်တာကြောင့် သူ့ရဲ့ရတနာအိုးကို အိမ်သာကျင်းထဲပစ်ထည့်ပြီး အလွတ်ပြေးဟန်တူပါတယ်။ သူ့ရတနာအိုးကို ပြန်လည်ဖော်ယူနိုင်ခြင်း မရှိတာကလည်း အကြောင်းအမျိုးမျိုးကြောင့် ဖြစ်မှာပါ။ ကျောက်ကြီးရောဂါ သို့မဟုတ် ပလိပ်ရောဂါ၊ ဝမ်းရောဂါနဲ့ သေကုန်သလား။ ဘယ်သူ့ကိုမှမပြောပြ မမှာကြားရမီမှာဘဲ ရတနာဖွက်ခဲ့သူဟာ သေလေသလား သို့မဟုတ် တစ်မိသားစုလုံး အသတ်ခံရလေသလား၊ တစ်ပြည် တစ်ရွာများပြောင်းကုန်သလားဆိုတာတော့ ဘယ်သူမှသိနိုင်မယ်မထင်ပါဘူး။

ပြီးတော့ ရေငုပ်ကြီးရွာဟောင်း ဒီရွာက မြန်မာဘုရင်လက်ထက် မိုးကုတ်-သပိတ်ကျင်းလှည်းလမ်းပေါ်မှာ တည်ခဲ့ကာ ရွာရဲ့ရုပ်ကြွင်းအဖြစ် စေတီဟောင်း စောင်းတန်းအုတ်ရိုးတွေ၊ ရေကန်တွေ၊ သီးပင်စားပင်ကြီးတွေ၊ အုတ်ကွင်းတွေ

www.burmeseclassic.com

ရစ်ပါတယ်။ ဒီတော့ ဒီရွာဟာရှေးတုန်းက လှည်းတွေစခန်းချရာ စည်ကားတဲ့ ရွာကြီးဖြစ်ခဲ့ဟန်တူပါတယ်။

ဟိုးရှေးတုန်းကတည်းက လုပ်ခဲ့ကြရပုံရှိပါတယ်။ လွတ်လပ်ရေးရပြီး လိုင်စင်ခေတ်မှာ သူဌေးတစ်ဦးက မျှောတိုက်ခဲ့ပါတယ်။ တော်လှန်ရေးအစိုးရခေတ်မှာ မိုးကုတ်ပတ္တမြားမြေ ပြည်သူပိုင်သိမ်းတော့ တောကြီးပြန်ဖြစ်သွားပြန်ပါတယ်။ (၈၈) အရေးအခင်းအပြီးမှာ လိုင်စင်တွေပြန်ချပေးတော့ မန္တလေး ရွှေလင်းယုန်ကုမ္ပဏီပိုင်ရှင် သူဌေးဦးမြင့်ခိုင်က သိုက်စာအရ တောကြီးမျက်မည်းကို ဖက်စပ်ဆွဲကာ ကျောက်ပြဿဒ်သားတွေအားကိုးနဲ့လုပ်တော့တာပါပဲ။

အဲဒီလိုလုပ်တော့ မျှောဆိုတာ ရေရှိမှလုပ်လို့ရတာပါ။ ဖက်စပ်ရေမြောင်းကို ကိုင်ပြီး ဖက်စပ်ရဲ့အောက်ဘက်မှာ ရှေးဟောင်းရွာပျက်ကြီးကို ကျောက်ပြဿဒ်သားတွေ ကိုယ်ရကိုယ်ယူစနစ်နဲ့ မျှောဝိုင်းတိုက်ကြပါတယ်။ ပေါ်လံကိုပေးစရာလုံးဝမလိုတဲ့အပြင် ပေါ်လံက နေ့လယ်စာထမင်းပါလာသမျှကိုကျွေးပါသေးတယ်။ ဒီအထိသဘောကောင်းတဲ့အနာထပိဏ်လိုလူပါ။ စိတ်ရင်းအင်မတန်ကောင်းပါတယ်။

အဲဒီလို ရွာဟောင်းကြီးကို မျှောတိုက်ကြတဲ့အခါ ရှေးဟောင်းပစ္စည်းတွေ ရကြတယ်။ အရည်လွန်နီလာတွေလည်း ပေါပါတယ်။ တစ်ဦးဆိုရင် အိမ်သာကျင်းဟောင်းကိုတွေ့ပြီး အိမ်သာထဲမှာ ကျောက်တွေလောင်းထည့်ထားတာ ကြောင့် နေ့စဉ် နီလာတွေအိတ်နဲ့ထမ်းပြန်ရတယ်လို့ ကြားရပါတယ်။ ထမ်းပြန်လို့ကုန်မှ လူတွေသိကြတယ်လို့ဆိုပါတယ်။ ဒါပေမယ့် အရည်မည်းပြီးငုတ်တာကြောင့် အော်သာအော်တယ်။ ကလေးက မထွားဘူးဆိုတာလို များသာများကာ တန်ဖိုးကသိပ်မရှိပါဘူး။

အဲဒီသတင်းတွေကြားတော့ ကျွန်တော်လည်း ကျွန်တော့်အဖွဲ့နဲ့ ရေငုတ်ကြီးကို ရောက်သွားခဲ့ပါတယ်။ လက်ဖက်ပင်ကြီးတွေ၊ ပိန္နဲပင်ကြီးတွေ များစွာတွေ့ရပါတယ်။ သူဌေးဦးမြင့်ခိုင်ဟာ ကျွန်တော့်စာဖတ်ပရိသတ်ဖြစ်နေတာကိုတွေ့ရပြီး ဝမ်းမြောက်ဝမ်းသာခင်မင်ရတာပဲ မှတ်ပါတယ်။ တွင်းကစရိတ်လောက်ပဲရတာပါ။ ဒါက ရှေးဟောင်းအိမ်သာ ရတနာသိုက်အကြောင်းပါ။

■ မေတ္တာပို့ကုန်ကြပြီ

ရေမိုးချိုးပြီး ညနေစာစားအပြီးမှာတော့ လမ်းဘေး ကုန်းထိပ်ပေါ်က စားသောက်ဆိုင်မှာ ကျွန်တော်နဲ့အားယုံတို့သွားလည်ကြပါတယ်။ တရုတ်မရဲ့ စားသောက်ဆိုင်ပါ။

အဲဒီမှာ တရုတ်မက -

"အားယုံ၊ နင်တို့ဖက်စပ်က အိမ်သာတွေဆေးတာ ငါတို့ဆီအထိ နံတယ်ဟဲ့။ လေများတွေ့လိုက်လို့ကတော့ လူကိုကော့ထွက်သွားအောင်နံတာ၊ အနံ့က အတော့်ကိုဆိုးပါတယ်ဟာ။ နင်တို့နားကဖက်စပ်တွေ ထမင်းတောင်မစားနိုင်အောင်နံကြသတဲ့။ အချို့ဆို အန်တောင်အန်တယ်ဆိုပဲ။ လမ်းသွားလမ်းလာတွေဆိုရင် အဲဒီအနံ့စက်ကွင်းက လွတ်အောင်ပြေးကြရတယ်ဆိုပဲ။ နင်တို့ဟာကြီးက မပြီးသေးဘူးလားဟယ်။ ပြီးတော့ နင်တို့ကောမနံကြဘူးလား"

လို့ မေးပါတယ်။

အားယုံက -

"အေးကွာ လောဘနဲ့ဆိုတော့ နံရမှန်းတောင် မသိပါဘူးကွာ"

လို့ ရယ်မောပြီးပြန်ပြောပါတယ်။

"အေး-နင်တို့ကရယ်နေ။ အားလုံးက နင်တို့ကို မေတ္တာပို့ဖို့နေကြတာ။ ဘယ်လိုလဲ ကျောက်ကောရှိရဲ့လား"

"သိပါဘူးကွာ၊ ဆိုင်ကယ်ဆရာ အညွှန်းကောင်းတာနဲ့ တို့လည်းလုပ်လိုက်မိတာ ကျောက်ရမရတော့မသိဘူး။ လူတွေကတော့ ချေးနံ့ထောင်းနေတာပဲကွ"

လို့ပြောတော့ တရုတ်မက သဘောကျပြီး ရယ်နေပါတယ်။ တရုတ်မက (၄၀) ကျော်ကျော်ရှိပါပြီ။ သူ့ရဲ့ မပျောက်တဲ့အနာပျောက်အောင်ကုပေးထားတော့ ကျွန်တော်နဲ့လည်း ရင်းနှီးနေပါပြီ။ တစ်ခါတစ်ရံ အခြားဖက်စပ်က မန်နေဂျာများပါ ဒီမှာစုဝေးမိကြပါတယ်။ စားကြသောက်ကြ စကားဖောင်ကြနဲ့ ရင်းနှီးခွင့်ရကြတာပါ။ (၁၆၁) က မန်နေဂျာ လောတာက မိုးကုတ်ကပါ။ ဒီတော့ ပိုရင်းနှီးပါတယ်။

ကျွန်တော်တို့နှစ်ယောက် အလုပ်မရှိတာနဲ့ မက်လောက်ဖွယ် သိုက်စာအညွှန်းကြောင့် လုပ်လိုက်ကြတာ တကယ်တန်းကျတော့ အများရဲ့အမနာပမေတ္တာပို့ခြင်းကို ကောင်းကောင်းကြီးခံနေရပါပြီ။ သူများဖက်စပ်မှ (၁၀) ပေသွပ်ကြီးတွေထောင်ပြီးကာထားလို့သာ အများကဘာမှဝင်မပြောတာပါ။ အဲဒီလိုမဟုတ်ရင် ခဲမိုးများရွာမလားမပြောတတ်ပါဘူး။ (ဖက်စပ်တိုင်း သွပ်တွေနဲ့အလုံကာထားတာပါ။)

■ မျှော်လင့်တဲ့အရာ

ရှိတဲ့အိတ်ပုံကို အိပဲ့အိပဲ့နဲ့လုပ်နေလိုက်ကြတာ ဆေးတာချည်း (၆) ရက်ကြာသွားတယ်။ စကားမှောက်လိုက်တိုင်း ဘာတွေပါတယ်မှတ်လဲ။ ငရုတ်စေ့တွေ ခရမ်းချဉ်စေ့တွေ၊ ငရုတ်သီးဖတ်တွေ အဲဒါတွေပဲအမြဲတွေ့ရတယ်။ အောင်မာ အဲဒီဟာတွေက မဆွေ့မမြည့်နဲ့ခံနိုင်ရည်ရှိကြသဗျ။ ကျောက်ကတော့ စုစုပေါင်းပါမှ နှမ်းစေ့လောက် ကျောက်နီလေးနှစ်ပွင့်သာထပ်ရပါတယ်။

ခပ်ကြီးကြီးအာပလာက တစ်ပွင့်၊ အမှုန်အညာအာပလာကလေးပွင့် စုစုပေါင်း (၅) ပွင့်သာရပါတယ်။ အဲဒီမှာ အားယုံက ကျောက်တွေကိုကြည့်ပြီး ညည်းပါတယ်။

"ကြည့်ပါဦးကွာ ကျောက်တဲ့။ တစ်ပြားမှတောင်မတန်ဘူး။ ဆိုင်ကယ်ဆရာလွမ်းလောက်အောင်ပြောသွားတာ ဒီကျောက်ပဲကွ။ ခိုးတဲ့လူဆိုတော့ ခပ်ကြောက်ကြောက်နဲ့ အသေအချာမကြည့်ဘဲ ဗိုက်ထဲအတင်းမျိုချခဲ့တာနေမှာ။ ဒီကျောက်ကို ပြန်ရရင်လည်း တစ်ပြားမှရမှာမဟုတ်ဘူး။ ဒီကောင်က ဒီကျောက်ပြန်မရတော့ လွမ်းနေမှာပေါ့။ အကောင်းလို့ထင်မှာကိုး။ ပြန်မရတော့ ဒီကောင်လွမ်းချိန်ရတယ်။ ကံကောင်းတယ်။ ကံမကောင်းတာက မင်းနဲ့ ငါပဲဦးလေးရ။ ပိုက်ဆံတွေလည်းကုန်၊ ချေးစော်တွေလည်းနံ၊ အိတ်ခွံတွေပါအဆစ်ပါသွားလိုက်သေးတယ်"

ဟုတ်ပါ့ဗျာ၊ အိတ်ခွံတွေက အကောင်းတွေလေ၊ မစင်တွေထည့်ထားတော့ သုံးလို့မရတော့ဘူးပေါ့။ အဲဒါတွေ ရေလျှော်ပြီး ပြန်ရောင်းစားဖို့ ဖိုးသမားတွေအကုန်သယ်သွားကြလေရဲ့။ အိတ်ခွံက အရမ်းဈေးကောင်းတာပါ။

အဲဒီကျောက်လေးတွေကို လမ်းမှာရှိတဲ့ ကုန်သည်တွေဆီသွားပြကြည့်တော့ တစ်ပြားမှမပေးကြပါဘူး။ အကြိုက်လိုတယ်ဆိုပြီးပြန်ပေးကြတယ်။ ဒီတော့ အားယုံက သွားရော့ဟာ ဆိုပြီး အရှေ့ဘက်ချောက်ထဲပစ်ထည့်လိုက်ပါတော့တယ်။ ဒီလိုနဲ့ အိမ်သာကျင်းဟောင်း ရတနာသိုက်တူးဖော်ခြင်းကိစ္စပြီးဆုံးသွားခဲ့ပါတယ်။ တကယ့်ကို မေ့ရက်စရာမရှိတဲ့ အဖြစ်အပျက်ပါ။

ချမ်းမြေ့ကြပါစေ

အားယုံသို့သတိရလျက်

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်တွင် နရပတိစည်သူမင်းကြီး၏ ဆရာတော်ဖြစ်သော ဥတ္တရဇီဝမဟာထေရ်မြတ်သည် တပည့်သံဃာများနှင့် သိန်းယိုကျွန်း (သီဟိုဠ်ကျွန်း)သို့ကြွတော်မူခဲ့ရာတွင် ပုသိမ်မြို့ဇာတိဖြစ်သော ဆပဒသာမဏေသည်လည်း လိုက်ပါတော်မူခဲ့သည်။ ဥတ္တရဇီဝမထေရ်သည် သိန်းယိုကျွန်း၌ သီတင်းသုံးနေထိုင်တော်မူကြသောမဟာထေရ်များနှင့် တရားစကား နှီးနှောဆွေးနွေးသည်။ သံဃာအနွယ်တော်များကို မိန့်ကြားတော်မူခဲ့ကြသည်။ ဥတ္တရဇီဝမထေရ်မြတ်သည် သိန်းယိုကျွန်းမှ သုဝဏ္ဏဘူမိသို့ သာသနာပြုရန် ကြွရောက်တော်မူလာခဲ့ကြသော ရှင်သောဏမထေရ်နှင့် ဥတ္တရမထေရ်မြတ်တို့၏တပည့်သံဃာတော်အနွယ်စဉ်ဖြစ်ကြောင်း သိရှိတော်မူခဲ့ပြီးနောက်တွင် ဥတ္တရဇီဝမထေရ်မြတ်နှင့်အတူ လိုက်ပါလာခဲ့သော ဆပဒသာမဏေကိုလည်း ပဉ္စင်းခံစေခဲ့သည်။

ရှင်ဆပဒသည် သိန်းယိုကျွန်း (သီဟိုဠ်) တွင် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆယ်ဝါတိုင်တိုင်သင်ကြားတတ်မြောက်ခဲ့ပြီးနောက် သိန်းယိုကျွန်း (သီဟိုဠ်ကျွန်း) ၌ သီတင်းသုံးနေတော်မူကြသော ရှင်သီဝလိမထေရ်၊ ရှင်တာလိန္ဒမထေရ်၊ ရှင်အာနန္ဒာမထေရ်၊ ရှင်ရာဟုလာမထေရ်မြတ်လေးပါးနှင့် အတူ သင်္ဘောဖြင့် ပုသိမ်မြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့ပါသည်။ မြန်မာသက္ကရာဇ် ၅၅၃ ခုနှစ်တွင် ဆပဒယမထေရ်နှင့် မထေရ်မြတ်လေးပါးတို့သည် ပုသိမ်မြို့သို့ရောက်ရှိခဲ့သည်။ ဝါတွင်းကာလနီးကပ်ချိန်ဖြစ်သောကြောင့် ပုသိမ်မြို့၏ တောင်ဘက်အရပ်၌ တံတိုင်းမီးတားနှင့်တကွ သူဌေးသူကြွယ်တို့က ကျောင်းဆောက်လှူဒါန်းခဲ့သောကြောင့် ဝါဆိုတော်မူသည်။ ဝါကျွတ်လျှင် ပဝါ

## လှမြင့်

(ရန်ကုန်အက္ခရာသိုလ်)

# ပုဂံခေတ် နရပတိစည်သူမင်းလက်ထက် ပဉ္စမသံဃာဂိုဏ်း(သီဟိုဠ်ဂိုဏ်း)ကို တည်ထောင်ခဲ့သော ဆပဒမထေရ်



ရဟန်းပြု၍ပုဂံနေပြည်တော်သို့ကြွရောက်တော်မူခဲ့သည်။ ပုဂံနေပြည်တော်သို့ မရောက်မီ လမ်းခရီးတွင် ပုဂံနေပြည်တော်၌ သီတင်းသုံးနေတော်မူသော ဆရာတော်ဥတ္တရာဇီဝမထေရ် ပျံလွန်တော်မူခဲ့သည်။

ရှင်ဆပဒမထေရ်သည် ပုဂံနေပြည်တော်သို့ရောက်ရှိတော်မူလျှင် မိမိနှင့် အတူ ကြွမြန်းလာသော မထေရ်လေးပါးကို -

"သခင်တို့၊ ငါတို့ဆရာဖြစ်သော ဥတ္တရာဇီဝမထေရ်မြတ်သည် သိန်းယိုကျွန်း

www.burmeseclassic.com

(သီဟိုဠ်ကျွန်း)သို့ရောက်၍ သိန်းယိုတွင် သံဃာတော်မြတ်တို့နှင့် တစ်သားတည်း အတူ သံဃကံကိုဆောင်ခဲ့သည်။ ယခု ငါတို့လည်း သိန်းယိုကျွန်းတွင် ငါတို့ဆရာ ဖြစ်သော ဥတ္တရာဇီဝမထေရ်ကဲ့သို့ပင် သံဃကံကိုဆောင်ခဲ့ကြသည်။ ထို့ကြောင့် ပုဂံသားရဟန်းတော်များနှင့် သံဃကံကို အတူမဆောင်လိုပြီ"

ဟု မိန့်ကြားတော်မူခဲ့ပြီး သိန်းယို (သီဟိုဠ်)က ကြွရောက်လာသော ဆပဒ မထေရ်မြတ်အမှူးရှိသည့် သံဃာငါးပါး သည် တသီးတခြားကံဆောင်၍ ပုဂံတွင် သီဟိုဠ်သာသနာဂိုဏ်းသစ်ကို ထူထောင် ခဲ့သည်။

နရပတိစည်သူမင်းသည် ဆပဒ မထေရ် အမှူးပြုသော သိန်းယို(သီဟိုဠ်) မထေရ်မြတ်ငါးပါးကို အလွန်ကြည်ညို တော်မူခဲ့သည်။ ဧရာဝတီမြစ်၌ လှေဖောင် ဖွဲ့စေပြီးလျှင် များစွာသောသာမဏေတို့ ကို ဆပဒမထေရ်မြတ်ထံ၌ ပဥ္စင်းခံစေ သည်။ ဆပဒမထေရ်သည် ပုဂံနေပြည် တော်၌ ဆပဒစေတီတော်ကိုတည်ထား ကိုးကွယ်ခဲ့သည်။ ထို့ကြောင့် ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်၌ အရှင် အရဟံမထေရ်မြတ်၏အနွယ်ဝင်ပုဂံသား ရဟန်းသံဃာတော်များကို ပုရိမသံဃာ ဟူ၍ လည်းကောင်း၊ သိန်းယိုကျွန်း (သီဟိုဠ်)ရှင်ဆပဒမထေရ်မြတ်၏အနွယ် ဝင် ရဟန်းသံဃာတော်များတို့ကို ပစ္ဆိမ သံဃာ ဟူ၍လည်းကောင်း ပုဂံသားတို့ ပူဇော်ကိုးကွယ်ခဲ့ကြသည်။

ပုဂံနေပြည်တော်တွင် နရပတိ စည်သူမင်းကြီးလက်ထက်၌ သိန်းယို (သီဟိုဠ်)သာသနာဝင် ရှင်ဆပဒမထေရ်၊ ရှင်သီဝလိမထေရ်၊ ရှင်တာလိန္ဒမထေရ်၊ ရှင်အာနန္ဒာမထေရ် ရှင်ရာဟုလာမထေရ် ငါးပါး သီတင်းသုံး နေထိုင်ခဲ့ကြရာမှ ရှင်ရာဟုလာမထေရ်သည် မလ္လာယု ကျွန်းသို့ကြွတော်မူပြီးလျှင် လူထွက်ကာ အိမ်ရာထူထောင်ခဲ့၏။ ရှင်ဆပဒမထေရ် မြတ်သည် နရပတိစည်သူမင်းလက်ထက် တွင် ပျံလွန်တော်မူခဲ့သည်။ ထို့ကြောင့် သီဝလိမထေရ်၊ တာမလိမထေရ်နှင့် အာနန္ဒာမထေရ်သုံးပါးတို့သည် ပုဂံတွင် ငှက်ကတ်ကျမ်းဂန်များပို့ချ၍ သာသနာ တော်ကို ထွန်းပစေခဲ့သည်။

ပုဂံနရပတိစည်သူမင်းကြီးသည် သိန်းယိုကျွန်း(သီဟိုဠ်)မထေရ်မြတ်သုံး ပါးကို အထူးကြည်ညိုသဒ္ဓါတော်မူသော ကြောင့် ဆင်ပေါက်တစ်စီးစီလှူတော်မူ သည်။ ထိုသို့လှူတော်မူသောဆင်ကို ရှင်သီဝလိမထေရ်နှင့် ရှင်တာမလိန္ဒ မထေရ်တို့သည် တောတွင်ဘေးမဲ့လွှတ် တော်မူသည်။ ရှင်အာနန္ဒာမထေရ်သည် သိန်းယိုကျွန်းရှိ ကိဥ္စပုရမြို့တွင်နေထိုင် သောဆွေမျိုးများထံသို့ မိမိ၏ဆင်ပေါက် ကို ပုသိမ်မြို့မှတစ်ဆင့် သင်္ဘော၊လှေဖြင့် ပို့ဆောင်ခဲ့သည်။ ထိုအကြောင်းကို ရှင်သီဝလိမထေရ်နှင့် ရှင်တာမလိန္ဒ မထေရ်တို့ ကြားသိလျှင် -

"ငါတို့မူကား တရားမင်းကြီးလှူ သောဆင်ကို ချမ်းသာစေခြင်းငှာ တော သို့လွှတ်၏။ ငါ့ရှင်မူကား ထိုဆင်ကို ဆင်းရဲစေခြင်းငှာ ဆွေမျိုးများအားပေးခဲ့ ၏။ သင်၏အမူအကျင့်သည် တရားနှင့် မလျော်ကပ်ပတ်"

ဟူ၍ မိန့်ကြားတော်မူ၏။

ထိုအခါ ရှင်အာနန္ဒာမထေရ်က သမ္ဗုဒ္ဓဘုရားသခင် ဟောတော်မူသော တရားတော်၌ ဉာတကာနုဂ္ဂဟ်ဟော ဟူသောပါဠိတော်ရှိ၏ဟူ၍ မိန့်တော်မူ ၏။ ထို့ကြောင့် ရှင်သီဝလိမထေရ် နှင့် ရှင်တာမလိန္ဒမထေရ်နှစ်ပါးတို့သည် ရှင်အာနန္ဒာမထေရ်နှင့်အတူ သံဃကံ အတူမဆောင်ခဲ့တော့ချေ။

ထို့နောက် ကာလရှည်စွာကြာ လာချိန်တွင် တာမလိန္ဒမထေရ်သည် ဗဟုသုတ၊ ဗျတ္တိဗလရှိသောတပည့်တို့ အား ချီးမြှောက်လိုသောငှာ ဆည်းကပ် ကိုးကွယ်ကြကုန်သော မှူးမတ်၊ သူဌေး သူကြွယ်တို့အား -

"ဒါယကာတို့၊ အကြားအမြင်များ ၍ ဗျတ္တိဗလနှင့်ပြည့်စုံသော ရဟန်း သံဃာများ၌ ပစ္စည်းလေးပါးပြည့်စုံမှသာ လျှင် ပရိယတ္တိ၊ ပရိပတ္တိဖြည့်ဆောင်ခြင်း ငှာ တတ်နိုင်ကြကုန်၏။ ပစ္စည်းလေးပါး မပြည့်စုံလျှင် ပရိယတ္တိ၊ ပဋိပတ္တိမပြည့်စုံ နိုင်ရာဟူ၍ ဝစီဝိညတ်ဖြင့် ပစ္စည်းလေပါး တို့ကို ဖြစ်စေသတည်း"

ဟု မိန့်ကြားတော်မူ၏။

ထိုအကြောင်းကို ရှင်သီဝလိ မထေရ်ကြားသိတော်မူလျှင် ရှင်တာမ လိန္ဒမထေရ်အား -

"မြတ်စွာဘုရားသည် ဝစီဝိညတ် ကြောင့်ဖြစ်သောပစ္စည်းကို စက်ဆုပ်ရွံရှာ တော်မူသည်။ ထိုသို့ ငါ့ရှင်သည် ဝစီ ဝိညတ်ဖြင့် ပစ္စည်းလေးပါးတို့ကို အဘယ် ကြောင့်ဖြစ်စေဘိသနည်း။ ငါ့ရှင်၏ အမူ အကျင့်သည် မလျော်ကပ်ပတ်"

ဟူ၍ မိန့်တော်မူ၏။

ရှင်တာမလိန္ဒမထေရ်က -

"မြတ်စွာဘုရားလည်း မိမိကိုယ်ဖို့ သာရည်၍ ဝစီဝိညတ်ပြု၍ရအပ်သော ပစ္စည်းတို့ကို စက်ဆုပ်ရွံရှာတော်မူသည်။ ငါတစ်မူကား ကိုယ့်ဖို့ကိုမခံပါ။ ဗဟုသုတ၊ ဗျတ္တိဗလရှိကုန်သော တပည့်တို့အား ပစ္စည်းလေးပါးပြည့်စုံမှသာ ပရိယတ္တိ၊ ပဋိပတ္တိကိုဖြည့်စွမ်းနိုင်၍ သာသနာတော် ပြန့်ပွားစည်ပင်လတ္တံ့ဟု နှလုံးသွင်း၍ တိုက်တွန်းအပ်ပါ၏"

ဟူ၍ မိန့်ကြားသည်။

ရှင်သီဝလိမထေရ်မြတ်က -

"ငါ့ရှင်သည် အကယ်၍ ဆိုသည့် စကားကိုမယူလို။ အတိုင်းသာကျင့်ဘိ လျှင် အသီးအခြားသံဃကံကိုပြုအံ့"

ဟူ၍ တသီးတခြားနေတော်မူ၏။

ထို့ကြောင့် ပုဂံခေတ် နရပတိစည် သူမင်းလက်ထက်တွင် သုဓမ္မပုရမြို့ သုဝဏ္ဏဘုမ္မိအရပ်မှလာ၍ သာသနာ တော်ကိုဆောင်ရွက်ကုန်သော ရှင်အရဟံ အနွယ်သံဃာလည်းတစ်စုနှင့် အရှင် ဆပဒ မထေရ်အနွယ် သိန်းယို (သီဟိုဠ်) သာသနာဝင် သံဃာလည်းတစ်စုဟူ၍ သံဃာဂိုဏ်းအစုနှစ်စု ပေါ်ပေါက်လာခဲ့ သည်။ အရှင်အရဟံအနွယ် သံဃာတော် များကို ပုရိမသံဃာဟူ၍ ခေါ်ဆိုကြ၏။ အရှင်ဆပဒအနွယ် သီဟိုဠ်သံဃာတော် များကို ပစ္ဆိမသံဃာဟူ၍ ခေါ်ဆိုကြ၏။

ပစ္ဆိမသံဃာအနွယ်ဝင် သီဟိုဠ် သံဃာတော်များအစု၌ထပ်မံ၍ ရှင်သီဝလိ မထေရ်အနွယ် သံဃာအစု၊ အရှင်တာ မလိန္ဒမထေရ်အနွယ်သံဃာအစု၊ ရှင်အာ နန္ဒာမထေရ်အနွယ်သံဃာအစုဟူ၍ သုံးစု ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ပုဂံ နရပတိစည်သူမင်းကြီးလက်ထက်တွင် သံဃာတော်ဂိုဏ်းအစုလေးစုပေါ်ပေါက် လာခဲ့သည်။

ပစ္ဆိမသံဃာအနွယ်ဝင် မဟာ ထေရ်သုံးပါးတွင် အရှင်သီဝလိမထေရ် နှင့် ရှင်တာမလိန္ဒမထေရ်နှစ်ပါးတို့သည် သက်တော်ရှည်သမျှ သာသနာတော်ကို ထွန်းတောက်ပစေ၍ ကံအလျောက် ခန္ဓာစွန့်ကုန်၏။ အရှင်အာနန္ဒာမထေရ် သည် (၅၄)နှစ်ပတ်လုံး ပုဂံနေပြည်တော် တွင် သာသနာတော်ကို ရွက်ဆောင်၍ သက္ကရာဇ် ၅၉၆ ခုနှစ်၌ ကံအလျောက် ခန္ဓာစွန့်တော်မူခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)


ကျမ်းကိုး -

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးဆက်ထွန်းလင်း (အာယုဝေဒ) ၇၉

## ဝိဇ္ဇာဝရမြန်မာ့အင်္ဂရတ်ပညာ

### ❑ နဂါးခေါင်းလော၊ နဂါးအမြီးလော

ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်ရင်ပြင်ပေါ်၌ ယခင်တွေ့ရလေ့ရှိသော ကျန်စစ်သားလုံ့ထောက်သောနေရာ၊ မြေပြင်ပေါ်မှ စိန်ဖူးတော်ကို ဖူး၍ရသော ရေချိန်ခွက်၊ အဖေထက်သားတစ်လကြီးရုပ်တုများအပြင် ယခုအခါ နဂါးစာကျွေး၍ရသော နဂါးခေါင်းတစ်ခုကို ထူးခြားစွာတွေ့ရပါသည်။ နဂါးစာရောင်းသူများက နဂါးပေါ်သည်ဟုဆိုကြပါသည်။

ထိုအခါ ထိုနဂါးခေါင်း၏ရာဇဝင်နှင့်ပတ်သက်ပြီးစုံစမ်းကြည့်ရာ အခြားသော နဂါးဇာတ်လမ်းများကို မတွေ့ရဘဲ တန့်ကြည်တောင်စွယ်တော်ရှင်နှင့်ပတ်သက်သော ကျောက်နဂါးကြီး၏ အတ္ထုပ္ပတ္တိကိုသာတွေ့ရ၏။ ထိုအတ္ထုပ္ပတ္တိအရသာဆိုပါမူ ရွှေစည်းခုံစွယ်တော်ရှင်၌ နဂါးနှင့်ပတ်သက်ပြီးပေါ်မည်ဆိုလျှင် အမြီးသာပေါ်ရပါမည်။ ယခုအခါ ခေါင်းပေါ်သဖြင့် အတော်ပင်ခက်ခဲရှုပ်ထွေးမှုဖြစ်ရပါတော့သည်။

မိမိတို့သည် ထိုကိစ္စကို စဉ်းစားရင်း ရွှေစည်းခုံစွယ်တော်ရှင်မှ ထွက်ခွာပြီး တန့်ကြည်တောင်စွယ်တော်ရှင်သို့ သွားရန် ဖူးဘုရားဆိပ်သို့ဆင်းခဲ့ပါသည်။ သိပ်မကြာမီပင် စက်လှေရသဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကူးခဲ့ပါသည်။ နာရီဝက်ကျော်ကျော်ခန့်မောင်းပြီးသောအခါတွင်မှ တစ်ဖက်ကမ်းသို့ရောက်ရှိပြီး ထိုကားတစ်ဆင့်စီးရပါသည်။ မိနစ်နှစ်ဆယ်ခန့်စီးပြီးနောက် တောင်ပေါ်အထိ ကားကို မောင်းတက်၍ရပါသည်။

ထို့နောက် တန့်ကြည်တောင်စွယ်တော်ရှင်တွင် စွယ်တော်လေးဆူအဓိဋ္ဌာန်ကို ဝင်ပါသည်။ အဓိဋ္ဌာန်ပြီးသောအခါ အရှေ့မြောက်ဘက်စောင်းတန်းမှ ဆင်းသွားကြည့်ရာ လှူသွားလမ်းပေါ်၌ပင် နဂါးကိုယ်လုံးပေါ်ရှိ အကြေးကွက်များပေါ်နေသည်ကိုတွေ့ရ၏။ ထိုမှတစ်ဖန်ဆက်သွားပြန်ရာ အရှေ့တောင်ဘက်ဦးကျွန်းဂူအတွင်း ကျောက်နဂါးကိုယ်လုံးကြီးကိုတွေ့ရခြင်း၊ ထို့ပြင် တန့်ကြည်



www.burmeseclassic.com

www.burmeseclassic.com

တောင်တော်၏ ဇရိယာအတွင်းနေရာများစွာတို့၌ နဂါးအကြေးကွက်များကို တွေ့ရှိရ၏။ ထိုမှဆက်သွားသောအခါ နဂါးမင်းကြီး၏ခေါင်းအဖျားပေါ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုနဂါးမင်းခေါင်းနှင့် ကိုယ်လုံးအစိတ်အပိုင်းအနည်းငယ်ပေါ်နေသောနေရာတွင် ရေကန်တစ်ခုထား၏။ ရေများလည်းပြည့်နေ၏။ ကန်ပေါင်ပေါ်တွင် နဂါးစာအဖြစ် နွားနို့နှင့်ပေါက်ပေါက်တို့ကို ခွက်ဗန်းထဲတွင်ထည့်ပြီးကျွေးထားကြသည်ကို တွေ့ရ၏။ ထိုသို့ နဂါးမင်းအား ဒါနပြုရသဖြင့် ရရှိနိုင်သောအကျိုးတရားများအဖြစ် (၁) အဆိပ်ရှိသောသတ္တဝါများဘေးမှကင်းဝေးခြင်း၊ (၂) ဆွေမျိုးဉာတိ ဇနီးမောင်နှံများ မကွဲမပြားတစ်သားတည်းရှိခြင်း၊ (၃)လာဘ်လာဘပေါများခြင်း၊ (၄) ကျောက်သံပတ္တမြားရတနာများပွင့်လင်းခြင်း၊ (၅)ဆာလောင်မွတ်သိပ်မှုကင်းဝေးခြင်း စသည့်အကျိုးများကို ရရှိနိုင်မည်ဟု ဆိုပါသည်။

အဆိုပါ တန့်ကြည်တောင်စွယ်တော်ရှင်သမိုင်းနှင့် ရွှေစည်းခုံစွယ်တော်ရှင်သမိုင်းတို့သည် ဆက်စပ်နေကြ၏။ ဆက်စပ်ရသည့်အကြောင်းမှာ အထက်ပါနဂါးမင်းကြောင့်ပင် ဖြစ်၏။ ဤတောင်တော်မြတ်ကို တန့်ကြည်တောင်ဟုခေါ်ရခြင်းအကြောင်းမှာ မြတ်စွာဘုရားရှင်သည် ညီတော်အာနန္ဒာကို နောက်တော်ပါးမှခေါ်ဆောင်ပြီး ဟိရညကတောင်ထွတ်ဗွေပထဗျာ၌ ခြေတော်အစုံကိုရပ်တန့်ကြည့်ပြီး ပေါက္ကံပြည်ကြီးပေါ်ထွန်းလာမည့်အကြောင်းကိုဗျာဒိတ်ပေးတော်မူသဖြင့် ထိုကိုအစွဲပြုပြီး တန့်ကြည်တောင်ဟုခေါ်ခြင်းဖြစ်၏။ ထိုတန့်ကြည်တောင်ပေါ်ရှိ ကျောက်နဂါးကြီး၏ ဇာတ်လမ်းမှာ ဤသို့ဖြစ်၏။

ရွှေစည်းခုံစွယ်တော်ရှင်ဘုရားကိုတည်ထားကိုးကွယ်အောင်မြင်ပြီးနောက် ဘောဂဝတီနဂါးပြည်မှ နဂါးတို့သည် သူတို့၏လုပ်အားဒါနကြောင့် အောင်မြင်ပြီးစီးမှုကို ဝမ်းသာပီတိဖြစ်လိုသဖြင့် ပတ္တမြားလည်ဆွဲကိုဆွဲပြီး လူအသွင်ယူကာ တစုတဝေးတည်း ဘုရားဖူးလာကြလေ၏။ ထိုအဖွဲ့တွင် ဘောဂဝတီပြည်၏ဘုရင်နဂါးမင်းကြီးလည်းပါ၏။

သူတို့သည် ဘုရားသို့ရောက်ရှိပြီးနောက် ရွှေစည်းခုံစွယ်တော်ရှင်အားဝမ်းမြောက်ဝမ်းသာပူဇော်ကန်တော့ကြလေ၏။ ထို့နောက် ပြန်ရန်အတွက်ပြင်ဆင်ကြပြီးနောက် ရွှေစည်းခုံစောင့်နတ်မင်းဘိုးဘိုးကြီးထံ ဝင်ရောက်နှုတ်ဆက် ကြ၏။ ထိုအခါ ဘိုးဘိုးကြီးသည် ရွှင်ပျမှုမရှိဘဲ သောကရောက်နေသည့်အဖြစ်ကိုမြင်ရသဖြင့် ဖြစ်ကြောင်းကုန်စင်ကို သူတို့အားပြောပြပေးပါရန်နှင့် သူတို့ ကူညီနိုင်



www.burmeseclassic.com

ပါက ကူညီပေးမည်ဖြစ်ကြောင်းလည်း ပြောဆိုအားပေးကြ၏။

ထိုအခါ ဘိုးဘိုးကြီးက တန့်ကြည်တောင်စွယ်တော်ရှင်ဖြစ်တော်မူသော ဗုဒ္ဓ၏ဓာတ်တော်မွေတော်တို့သည် လူသူမနီးတောကြီးမျက်မည်းထဲတွင် ထားရှိပူဇော်ထားရသောကြောင့် ရတက်မအေးရကြောင်း၊ တစ်ချိန်ချိန်တွင် မသမာလူများကြောင့် ဗုဒ္ဓဓာတ်တော်မွေတော်များ ပျောက်ဆုံးတိမ်းပါးသွားမည်ကိုတွေးမိ၍ စိုးရိမ်ပူပန်သောကရောက်ရပါကြောင်း၊ ထို့အတွက် သူစောင့်ရှောက်နေရသည့် ရွှေစည်းခုံစွယ်တော်ရှင်သို့ ပင့်ဆောင်ပြီး တပေါင်းတည်းစောင့်ရှောက်လိုကြောင်း၊ သို့သော် ထိုသို့ စွယ်တော်သွားပင့်ရန်လည်းမစွမ်းနိုင်သဖြင့် ပို၍သောကရောက်ပြီး မှိုင်တွေနေရခြင်းဖြစ်ကြောင်းပြောပြသဖြင့် နဂါးတို့ကလည်း ဤအတွက်ဆိုဘိုးဘိုးကြီးမစိုးရိမ်ပါလင့်။ ကျွန်ုပ်တို့၏ဘုရင်နဂါးမင်းကိုသာ တာဝန်ပေးပါက ဤကိစ္စကို တစ်ခဏအတွင်းပြီးစီးအောင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အတွက် သောကဖြစ်စရာမလိုပါရန် ပြောဆိုကြ၏။ ထိုအခါ ရွှေစည်းခုံဘိုးဘိုးကြီးလည်း နဂါးမင်းကြီးအား စွယ်တော်ရှင်ကို ပင့်ဆောင်ပေးပါရန် တာဝန်ပေးလိုက်တော့၏။

ထိုသို့ တာဝန်ပေးပြီးသောအခါတွင်မှ ဘိုးဘိုးကြီးသည် တစ်စုံတစ်ခုကိုတွေးမိပြီး မျက်နှာမသာမယာဖြစ်ပြန်လေ၏။

ထိုအခါ နဂါးတို့က -

"အသင်ဘိုးဘိုးကြီး၊ စွယ်တော်ရှင်ကိုရအောင်ပင့်ပေးပါမည်ဟု ကတိပေးပြီးသော်လည်း အဘယ်အတွက်ကြောင့်များမျက်နှာမသာမယာဆက်ဖြစ်နေရပါသနည်း"

ဟု ထပ်မံမေးမြန်းကြရာ ဘိုးဘိုးကြီးလည်း အကြံအိုက်သည့်ပုံဟန်ဖြင့် ချီတုံချတုံဖြစ်နေပြီး နောက်ဆုံး မေးလွန်းမကမေးသောအခါတွင်မှ -

"ကျွန်ုပ်သည် သင်နဂါးမင်းအား တာဝန်ပေးပြီးမှ တစ်စုံတစ်ရာကိုစဉ်းစားမိပြန်သဖြင့် သောကတစ်ရပ်ထပ်မံဖြစ်လာရပြန်သည်ကို မကွယ်မထောက်ပြောလိုပါတယ်"

"ပွင့်ပွင့်လင်းလင်းသာ ပြောပါ ဘိုးဘိုးကြီး။ ကျွန်ုပ်ကိုလည်း အကြောင်းခြင်းရာကို ဂဃနဏသိမှ အကောင်းဆုံးကူညီနိုင်မှာ ဖြစ်ပါတယ်"

"ဒီလိုပါ၊ ဘောဂဝတီတိုင်းဌာနီမှာနေကြကုန်သော သင်ရေနတ်နဂါးတို့ဟာ အလွန်ပင်တန်ခိုးကြီးဒိပါဒ်များကြီးကြပါပေတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့စွယ်တော်ကို တာဝန်ပေးချက်အရ သွားပင့်ပြီး ရရှိလာလျှင် သင်တို့သည် ကျွန်ုပ်ထံသို့ပြန်မလာဘဲ ဘောဂဝတီပြည်သို့ ပင့်ဆောင်သွားလျှင်ခက်ရချေရဲ့တွေးမိပြီး အခုလိုသောကပွားရခြင်းဖြစ်ပါတယ်"

ဟု ဆိုလေ၏။

ထိုအခါတွင်မှ နဂါးမင်းလည်း ဘိုးဘိုးကြီး၏အတွေးကို သဘောပေါက်သွားပြီး -

"အသင်နတ်မင်းဘိုးဘိုးကြီး၊ သင်သည် ကျွန်ုပ်တို့နဂါးများအပေါ် သံသယဝင်နေပေတယ်။ ဒီသံသယပျောက်ပြီး အသင်စိတ်ချယုံကြည်နိုင်ပါရန် ကျွန်ုပ်သက်သေခံထားခဲ့ပါမည်။ စွယ်တော်ရှင်အား ယခုပင် ပင့်ဆောင်ပေးပါမည်။ ဗုဒ္ဓ၏သရီရဓာတ်တော်ရှိတော်မူမည့်နေရာကိုသာ ညွှန်ပြပေးတော်မူပါ"

ဟု ဆိုလိုက်ရာ ဘိုးဘိုးကြီးကလည်း-

"စိတ်ချရလောက်တဲ့ သက်သေထားခဲ့မယ်ဆိုရင် နေရာကို အတိအကျပြပါမယ်"

ဟု ဆိုလိုက်ရာ နဂါးမင်းက -

"ကောင်းပါပြီ ဘိုးဘိုးကြီး။ ကျွန်ုပ်တို့နဂါးမျိုးဆိုတာ ခန္ဓာကိုယ်အလွန်ပင်အင်မတန်မှ ရှည်လျားလှပါတယ်။ အဲဒါကြောင့် ကျွန်ုပ်ရဲ့ခန္ဓာကိုယ်အမြီးပိုင်းကို အသင် နတ်မင်းဘိုးဘိုးကြီးရဲ့ရှေ့မှောက်မှာထားခဲ့ပါမယ်။ ကျွန်ုပ်အမြီးမပျောက်သရွေ့ အသင့်ထံပြန်လာပါမည်။ အဲဒီအမြီးကိုသာ သက်သေအဖြစ်ကြည့်ထားနိုင်ပါတယ်"

ဟု လိုက်လျောစွာဆိုလေ၏။

ထိုအခါတွင်မှ ရွှေစည်းခုံဘိုးဘိုးကြီး၏မျက်နှာလည်း ပြုံးယောင်သန်းလာပြီးနောက် -

"ဒီမယ် နဂါးမင်း၊ ဒီကနေ ဟိုးအနောက်တောင်ထောင့်ကိုကြည့်လိုက်ပါ။ အဲဒီမှာတောင်တန်းညို့ညို့ကိုတွေ့လား"

"ဟုတ်ကဲ့ - တွေ့ပါတယ်"

"အဲဒါတန့်ကြည်တောင်စွယ်တော်ရှင် ဓာတ်တော်မွေတော်ကိန်းဝပ်စံပယ်နေတော်မူတဲ့နေရာပါပဲ"

"ကောင်းပါပြီ နတ်မင်း"

ဟု ဆိုပြီးနောက် နဂါးမင်းလည်း မြေတွင်းသို့လျှိုးဝင်၍သွားလေ၏။ သူ၏အမြီးကိုကား ရွှေစည်းခုံဘုရားရင်ပြင်တော်ပေါ်၌ထားခဲ့လေ၏။ ထို့နောက် နဂါးမင်းသည် တန့်ကြည်တောင်စွယ်တော်ရှင်နှင့်တည့်လောက်ပြီဟုသိရသည့်နေရာသို့အရောက်တွင် ဦးခေါင်းကိုဖော်ကြည့်လိုက်၏။ သို့သော် ယခုအခါတွင်ကား နဂါးမင်း၏ တွက်ကိန်းသည် မဖြစ်စဖူး ထူးကဲစွာပင် လွဲချော်သွားခဲ့၏။ အဘယ်ကြောင့်ဆိုသော် တန့်ကြည်တောင်စွယ်တော်ရှင်၏ အနောက်ဘက်ရှစ်လံမျှကွာသောနေရာ၌သွား၍ပေါ်သောကြောင့် ဖြစ်၏။ ထိုအခါတွင်မှ နဂါးမင်းလည်း အကြံရကျပ်သွားတော့၏။ နဂါးမင်း ထိုသို့ဖြစ်ရခြင်းမှာ အနော်ရထာမင်း၏သစ္စာအဓိဋ္ဌာန်ကြောင့်ဖြစ်၏။

ထိုသစ္စာမှာ -

"ငါတည်ထားကိုးကွယ်တော်မူသော တန့်ကြည်တောင်စွယ်တော်ရှင် မြတ်စွာဘုရားအား ငါကဲ့သို့ပင် လှူဒါန်းပူဇော်မည်၊ စောင့်ရှောက်မည်ဆိုပါလျှင် စကြာရတနာဆိုက်ရောက်ပါစေ။ ဘုန်းတန်ခိုးအာနိသင်ကြီးမြင့်ပါစေ။ ငါကဲ့သို့ပင် သမ္မာသမ္ဗောဓိဆုကို ပန်ဆင်နိုင်ပါစေ၊ စွယ်တော်ရှင်မြတ်စွာဘုရားအားမလှူဒါန်းမပေးကမ်းဘဲ နှောင့်ယှက်ဖျက်ဆီးခြင်းပြုခဲ့သော် လူဖြစ်သော် လူနူ၊ လူရူး၊ လူငမွဲဖြစ်ပါစေ။ သံသရာသစ်ငုတ်ဖြစ်ပါစေ၊ ငရဲသစ်ငုတ်ဖြစ်ပါစေဟု နှစ်ချက်သော သစ္စာဓိဋ္ဌာန်နှစ်ချက်ဖြင့် အဖွင့်တစ်ခုအပိတ်တစ်ခုပြုခဲ့၏။ အမှန်ကား ပထမအချက်သည် သစ္စာဆိုခြင်းဖြစ်ပြီး ဒုတိယအချက်သည် ကျိန်စာ (ဖောက်ဖျက်မှုအတွက်) ပြုခြင်းပင် ဖြစ်၏။ ထို့ကြောင့် ကျိန်ဆိုမှုပြုခြင်းကို ဗုဒ္ဓနည်းကျမဟုတ်ဟုဆိုရန် မဖြစ်နိုင်ပေ။ ဗုဒ္ဓဝါဒသည် ဗြဟ္မစိုရ်ဝါဒကိုလက်ကိုင်ထားခြင်း မေတ္တာရှေ့သွားပြုခြင်းဆိုသော်လည်း မိမိတို့၏ဘာသာ၊ သာသနာကိစ္စ၊ နိုင်ငံအရေး၊ အမျိုးသားအရေးကိစ္စတို့၌ ကျိန်စာအပါအဝင် ကာကွယ်ရေးစနစ်နည်းနာမှန်သမျှ သင့်လျော်သလို အသုံးပြုရမည်သာဖြစ်သည်။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်ပင် ဤသဘောတရားကို လိုအပ်ပါက ကျင့်သုံးတော်မူကြောင်း အောင်ခြင်းရှစ်ပါးဆိုင်ရာသာဓကအချို့တွင် အထင်အရှားတွေ့နိုင်ပါသည်။

အနော်ရထာမင်းသည် ဤသစ္စာနှင့် ဤကျိန်စာကို ခပ်ပေါ့ပေါ့ပြုခဲ့ခြင်း မဟုတ်ပေ။ ထိုသို့မဟုတ်ကြောင်းကို သူ၏ ထူးခြားသော ရေစက်သွန်းချ



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေကိုကြည့်လျှင်သိနိုင်ပါသည်။ (၆၀) တန်ရှိသောရေတို့ကို (၉) တန်ရှိသောမီးတို့ဖြင့် ရေများပွက်ပွက်ဆူအောင်ကျိုချက်၏။ မည်မျှအထိခန်းအောင်ကျိုချက်ပါသနည်းဟူမူ မင်းကြီး၏ရေစက်ခွက်ရွှေခရားတစ်လုံးစာမျှသာကျန်အောင်ကျို၏။ ထိုအခါတွင်မှ ထိုရေပူ ရေဆူ ရေပွက်တို့ကို ရွှေခရားထဲထည့်ပြီး လောလောချင်းပင် သုံးဆယ့်တစ်ဘုံသို့ အမျှအတန်းပေးဝေပြီး ရေစက်သွန်းချတော်မူ၏။ တစ်ပြိုင်နက်တည်းပင် သစ္စာကိုပြုတော်မူ၏။

ထိုသို့ ရေစက်ချသည်နှင့်တစ်ပြိုင်နက် မဟာပထဝီမြေကြီးသည် သွက်သွက်ခါအောင်တုန်လှုပ်ချောက်ချားလေတော့၏။ ဤတုန်လှုပ်မှုသည် အထက်ဗြဟ္မာဘုံနှစ်ဆယ်သို့တိုင်လေ၏။ ထိုအခါ ဗြဟ္မာမင်းလည်း သိကြားမင်းနှင့်တကွ တန့်ကြည်တောင်စွယ်တော်ရှင်စောင့်နတ်မင်းတို့အား ခေါ်ယူ၍ ဤဘုရားကို သာသနာငါးထောင်တည်ကြာအောင် စောင့်ရှောက်လောဟု အမိန့်ရှိလေ၏။ ထို့ကြောင့် တန့်ကြည်တောင်နတ်မင်းဘိုးဘိုးကြီးလည်း ဘုရားဖူးများအားကျား၊ ဆင် စသည့် ဘေးအန္တရာယ်များ၊ အခြားသောလူဆိုးသူခိုးအန္တရာယ်များကင်းအောင် တစ်နေ့သုံးကြိမ်လှည့်လည်စောင့်ရှောက်၏။ ထိုဘုရားစောင့်နတ်မင်းဘိုးဘိုးကြီးလှည့်လည်သောအခိုက်နှင့် နဂါးမင်းခေါင်းပေါ်သောအခိုက်ကြုံလေ၏။ ထိုအခါ တန့်ကြည်တောင်ဘိုးဘိုးကြီး အလွန်ပင်စိုးရိမ်စွာသောအမူအရာဖြင့် -

"အသင်ဘောဂဝတီနဂါးမင်း၊ သင်ယခုလိုလာခြင်းဟာ ကျွန်ုပ်၏ဘုရားဖူးများကို ဘေးအန္တရာယ်တစ်စုံတစ်ရာပြုလုပ်ရန်သော်လည်းကောင်း၊ မသမာမှုတစ်ခုခုလုပ်ရန်သော် လည်းကောင်း လာရောက်ခြင်းလော"

ဟု စစ်ဆေးမေးမြန်းလေ၏။

ထိုအခါ နဂါးမင်းလည်း မကွယ်မထောက်သာဘဲ အမှန်အတိုင်းပင် အစစ်ဆေးခံခဲ့၏။

"ကျွန်ုပ်လာခြင်းမှာ ဘုရားဖူးများကို ဘေးအန္တရာယ်ပြုလိုခြင်း၊ မသမာသောနည်းများပြုလိုခြင်းအတွက်မဟုတ်ပါ။ စွယ်တော်ရှင်အား သဒ္ဓါကြည်ညိုသဖြင့်ပင့်ဆောင်ရန်လာခြင်းသာအမှန်တကယ်အကြောင်းအရင်းဖြစ်လေတယ်"

ဟု ဆိုသော်လည်း ဘိုးဘိုးကြီးက ယုံကြည်မှုမရှိဘဲ သံသဝင်ကာ -



"ငါမယုံကြည်နိုင်၊ မဟုတ်မမှန်သောစကားကို မဆိုပါနှင့်။ သင့်မှာ အခြားသောအကြောင်းရှိပါမည်"

ဟု ဆိုပြီးနောက် -

"သင့်အား ဒဏ်ခတ်မှရပေတော့မည်"

ဟု ဆိုကာ သူ၏နတ်သိုင်းဖြင့် ရိုက်မည်ပြုပြီး ကြိမ်းမောင်းတော့၏။

ထိုအခါတွင် နဂါးမင်းက -

"သည်းခံပါ ဘိုးဘိုး၊ ကျွန်ုပ်သည် အသင်ယုံကြည်စေရန် အဘယ်သို့ပြုရပါမည်နည်း"

ဟု ခေတ္တမျှ စဉ်းစားလိုက်ပြီးနောက်-

"ကျွန်ုပ်သစ္စာပြုပါမည်။ ထိုအခါတွင် သင်လည်းကျေနပ်မည်ဟုထင်ပါသည်"

ဟု ဆိုကာ နဂါးမင်းသည် သစ္စာပြု၏။

"ဘုရားတပည့်တော် နဂါးမင်း (နာဂရာဇာ) သည် ဤမှန်သောသစ္စာစကားကိုဆိုငြားပါအံ့။ တပည့်တော်သည် ဤတန့်ကြည်တောင်စွယ်တော်ရှင်ဘုရားအား လာရောက်ဖူးမြော်ကြကုန်သောပုဂ္ဂိုလ်တို့အား ဘေးအန္တရာယ်ပြုရအောင် လာရောက်ခြင်းမဟုတ်ပါဘုရား။မသမာသောနည်းဖြင့်လာရောက်ခြင်းလည်းမဟုတ်ပါဘုရား။ စွယ်တော်မြတ်ကြီးအား သဒ္ဓါတရားကြည်ညို၍ လာရောက်ခြင်းအမှန်တကယ်ဖြစ်ပါသည်ဘုရား။ ထိုသစ္စာစကားမှန်ကန်ပါမူ စွယ်တော်ရှင် မြတ်စွာဘုရားအား သာသနာငါးထောင်တည်အောင် စောင့်ရှောက်ရပါလို၏။ ဘုရားတပည့်တော်၏ ခန္ဓာကိုယ်ဖြင့် (၇) ပတ်ရစ်ပတ်၍ ဖရိုဖရဲပြိုကွဲကျမသွားအောင် စောင့်ရှောက်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ရပါလို၏"

ဟု သစ္စာပြုလိုက်၏။

ထိုအခါ ဘုရားစောင့်ဘိုးဘိုးနတ်မင်းက -

"သင်နဂါးမင်း၏ သစ္စာအတိုင်းတည်စေ"

ဟု ဆိုလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် နဂါးမင်းလည်း မလှုပ်မယှက်ငြိမ်သက်သွားလေတော့၏။ ထိုအခါ ဘောဂဝတီနဂါးပြည်တစ်ခုလုံး တုန်လှုပ်ချောက်ချားခြင်းကြီးစွာဖြစ်လေတော့၏။ ထိုထူးခြားမှုကြောင့် နဂါးပြည်မှ နဂါးများသည် စိတ်ပူပြီး ပတ္တမြားလည်ဆွဲကိုဆွဲကာ နဂါးမင်းထံသို့ ကောင်းကင်မှတစ်မျိုး မြေလျှိုး၍တစ်သွယ်လာကြ၏။ သို့သော် နဂါးမင်း၏ သာသနာငါးထောင်တည်အောင်စောင့်ပါမည်ဆိုသောသစ္စာစကားကြောင့် နဂါးပြည်သို့လည်း ပြန်၍မရတော့ပေ။ နဂါးမင်းသည် သူ့သစ္စာအတိုင်းသာစောင့်မည်ဖြစ်ကြောင်းဆိုပြီး နဂါးတို့အား ပြန်လွှတ်လိုက်၏။ သို့သော် နဂါးမင်း၏ သမီးတော်များဖြစ်သော မယ်စန္ဒီနှင့် မယ်နန္ဒီတို့သည် ဖခင် နဂါးမင်းအား ဒီအတိုင်းမထားခဲ့နိုင်ဘဲ သစ္စာပြုကြပြန်၏။ ထိုသစ္စာမှာလည်း ဖခင်ဖြစ်သူ နေရေးထိုင်ရေးအဆင်ပြေရေးနှင့် အဆင်ပြေအောင်ပြုသူများလည်း ကောင်းကျိုးရစေရန်ဖြစ်၏။

သူတို့၏သစ္စာမှာ -

"ဘုရားတပည့်တော်မတို့ဖခမည်းတော်သည် ရေနတ်နဂါးမျိုးဖြစ်ပါသည်။ ရေကိုပင် မြတ်နိုးပါသည်။ ရေကိုပင် နှစ်သက်ပါသည်။ ယခုကုန်းခေါင်ခေါင်တောင်အထွတ်မှာ ချိုးရေ၊ သောက်ရေ ပေါများပါစေခြင်းအကျိုးငှာ ခမည်းတော် နဂါးမင်းကြီးအား ရေဒါန၊ ငွေဒါန၊ အာဟာရဒါနပြုကြသည့် (၇) ရက်သားသမီးတစ်စုတို့သည် သီတာရေတမျှအေးမြကြပါစေ။ ပန်းကဲ့သို့ လန်းဖြာကျန်းမာကြပါစေ။ ဤရေ၌ အကြားမရှိ သကဲ့သို့ နှစ်ဦးသားဇနီးမောင်နှံများဖြစ်ပါမူ မကွဲမပြားတစ်သားတည်းတည်ပါစေ။ ဆွေမျိုးညာစုမောင်နှမတို့သည် မကွဲမပြားတစ်သားတည်းတည်ပါစေ။ ရတနာ (၇) ပါးမှန်သမျှ န ဂါးတို့ပိုင်ကြသဖြင့် ပတ်သက်လှူဒါန်းလာကြသော (၇)ရက်သားသမီးအပေါင်းတို့အား တစ်လအတွင်း၊ တစ်ဘဝအတွင်းတွင် နဂါးမင်းကြီးက ဆောင်နှင်းပေးတော်မူပါ"

ဟု သစ္စာပြုခဲ့ကြ၏။

ဤသစ္စာများသည် သာသနာငါးထောင်တိုင်အောင်တည်ကြမည်ဖြစ်၏။ အထက်ပါအကြောင်းအဖြစ်အပျက်များကိုကြည့်ခြင်းဖြင့် ကျောက်နဂါးကြီး၏ အမြီးသည် ရွှေစည်းခုံစွယ်တော်ရှင်၌



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ရမည်ဖြစ်ကာ ဦးခေါင်းက ဧရာဝတီမြစ်ကိုဖြတ်ကာ တန့်ကြည်တောင်စွယ်တော်ရှင်၏အနောက်ဘက် (၈) လံအကွာတွင်ပေါ်ခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ရွှေစည်းခုံရင်ပြင်တွင် နဂါးခေါင်းသည် ယခင်အခါများက မတွေ့ရဘဲ ယခုအခါတွင်မှပေါ်ခြင်းသည် သမိုင်းဖြစ်ရပ်များနှင့်ကွဲလွဲပြီး မလိုလားအပ်သော ရှုပ်ထွေးမှုပြဿနာများကိုလည်း သွားရောက်ဖိတ်ခေါ်ရာကျမည်ဟုယူဆမိ ပါတော့၏။

တန့်ကြည်တောင်မှပြန်လာပြီးနောက် ဧရာဝတီမြစ်ကို ဖူးဘုရားဆိပ်ကမ်းမှပြန်ကူးလာပြီး လောကနန္ဒာစွယ်တော်ရှင်သို့ သွားရောက်ဖူးမြော် အမိဋ္ဌာန်ဝင်ခဲ့ပါသည်။ ဤစွယ်တော်လေးဆူအမိဋ္ဌာန်တွင် အထက်ဖော်ပြပါ တူရွင်းတောင်စွယ်တော်ရှင်၊ ရွှေစည်းခုံစွယ်တော်ရှင်၊ တန့်ကြည်တောင်စွယ်တော်ရှင်တို့သည် ဉာဏ်တော်သာ ကွာခြားကြမည်ဖြစ်ပြီး ကျန်ပုံတော်ဟန်တို့သည် တစ်ပုံစံတည်းတူကြပြီး လောကနန္ဒာစွယ်တော်ရှင်သာ တစ်မူထူးခြားပြီး ပုံသဏ္ဌာန်ကွဲပြားနေ၏။ တိုက်ဆိုင်စွာပင် မကြာသေးမီက ဖြစ်ပွားခဲ့သော ပုဂံငလျင်ကြောင့် စေတီတော်ကြီး၏အထက်ပိုင်းနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်များမြေခခဲ့ရ၏။ ပြန်လည်ပြင်ဆင်ရေးအတွက် အတော်ပင် အားထုတ်နေကြသည်ကို တွေ့မြင်ရ၏။ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ ထိုသို့သော ယခင်က ထီးထီးမားမားကြီးရှိခဲ့ပြီး ယခုအခါ အပြိုအပျက်များအကြားမှ ဖူးမြင်ရသောအခါ အထူးပင်ထိခိုက်ကြေကွဲရ၏။ မိမိ၏ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ဆုံးရှုံးပျက်စီးသွားသည့်သဖွယ် စူးနစ်စွာခံစားရ၏။ ထို့ကြောင့်လည်း စေတီတော်ကြီး အမြန်ပြင်ဆင်ပြီးစီးအောင်မြင်ရေးအတွက်သာမက ဤသို့သောဗုဒ္ဓယဉ်ကျေးမှုတည်ရာရှေးဟောင်းဇုန်မှန်သမျှတွင် ငလျင်ဘေးများကင်းဝေးပါစေကြောင်း အကြိမ်ကြိမ်အထပ်ထပ်ဆုတောင်းခြင်းကိုသာ တွင်တွင်ပြုမိနေပါတော့သည်။

လောကနန္ဒာစွယ်တော်ရှင်မှထွက်လာခဲ့ပြီးနောက် ညှိုးချုံးသောစိတ်နှလုံးကြောင့် နေ့လယ်စာကိုပင် ကောင်းစွာမစားသောက်နိုင်တော့ပေ။ စိတ်ထိခိုက်မှုကြောင့် ထမင်းကောင်းစွာမစားနိုင်ဘဲ ခပ်မြန်မြန်ပင်ထမင်းစားခြင်းကိုရပ်နားပြီး အပေ့ါအပါးသွားရန်အလို့ငှာ ထိုထမင်းဆိုင်နောက်ဘက်သို့ထွက်ခဲ့၏။ ဤတွင်မှပို၍ဆိုးတော့၏။ ထိုဆိုင်၏အပေါ့အလေးစွန့်ရန်သတ်မှတ်ထားသောနေရာ၏ ပေအနည်းငယ်မျှ ကွာဝေးသောနေရာတွင် ရှေးဟောင်းပုဂံခေတ် ဘုရားကြီးတစ်ဆူကို ညှိုးငယ်စွာပင်ဖူးတွေ့လိုက်ရသောကြောင့် ဖြစ်၏။ မျက်စိများပင်ပြာဝေသွားမတတ်ဖြစ်ခဲ့ရ၏။ မိမိ၏ရင်ဝသို့ အရှိန်အဟုန်ဖြင့်ပြေးဝင်လာသောအရာတစ်စုံဖြင့်ဆောင့်မိခံရသောခံစားမှုမျိုးပါ ခံစားလိုက်ရသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် အပေါ့ပင်မစွန့်တော့ဘဲပြန်ထွက်လာခဲ့ပြီး ထိုဧရိယာဘေးပတ်ဝန်းကိုပါ လမ်းလျှောက်ပြီးလိုက်ကြည့်မိတော့၏။ ထိုအခါတွင်မှ လားလား - အခြားသောခြံကွက်များ၊ ဝိုင်းများမှ မလှမ်းမကမ်းများတွင်လည်း ထိုကဲ့သို့ ပုဂံဘုရားစေတီပေါင်းများစွာကို ဖူးတွေ့ရသဖြင့် ကြီးစွာသောစိတ်မကောင်းခြင်းသည် ထပ်ဆင့်ဖြစ်ပေါ်လာရတော့၏။

စိတ်ထဲတွင်လည်း အတော်ပင်ခံပြင်းမိတော့၏။ ဒီပုဂံဒေသမှ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် နေစရာဒီလောက်တောင် ရှားသလားဟူသည့် မေးခွန်းက ချက်ချင်းဆိုသလိုပင် ထွက်လာ၏။ တစ်ဆက်တည်းမှာပင် သူတို့ရဲ့ မြေပိုင်ဆိုင်မှုအထောက်အထားအရရော ဘာရှိနိုင်မလဲ။ မြေစာရင်းတို့၊ အိုးအိမ်တို့၊ စည်ပင်တို့ကကော ဤအတိုင်းပင် အထောက်အထားပိုင်ဆိုင်မှုထုတ်ပေးထားသလားစသည့် မေးခွန်းပေါင်းများစွာ ထွက်လာတော့၏။

မည်သို့ပင်ဖြစ်စေကာမူ တည်ရှိမှုနှင့်တွက်လျှင် ပုဂံစေတီပုထိုးများ၏ သက်တမ်းသည် နှစ်ပေါင်းထောင်ချီရှိပြီ ဖြစ်၏။ နေထိုင်သူတို့၏သက်တမ်းကား ဆယ်စုနှစ်အနည်းငယ်မျှသာရှိမည်ဖြစ်၏။ ထိုအခြေအနေကို မြင်တွေ့ရသည်မှာ အတော်ပင် စိတ်မသက်မသာဖြစ်၏။လူတွေက ဘုရားဝတ္တကမြေပရဝုဏ်ကို အတင်းဝင်ရောက်ခြံခတ်ကျူးကျော်သိမ်းပိုက်ခံထားရသကဲ့သို့ ဖြစ်နေ၏။ ထိုအခြေအနေကို ဘုရားကသော်လည်းကောင်း၊ ဘုရားစောင့်နတ်မင်းဘိုးဘိုးတို့က လည်းကောင်း ကျေနပ်လက်ခံမှုမပြုလိုကြသည်မှာ သေချာ၏။ အထက်ဖော်ပြပါ အနော်ရထာမင်း နဂါးမင်းတို့၏သစ္စာပြုခြင်း၊ ကျိန်စာများထားခဲ့ခြင်းတို့သည် ဗုဒ္ဓဝါဒကျင့်သုံးသော်လည်း မရှိမဖြစ် လိုအပ်သည်ဟူသော အထင်သို့ရောက်စေပါသည်။ ဘုရားတစ်ဆူတစ်ဆူစီကိုတည်ခဲ့သောဘုရားဒါယကာများ၏ဆန္ဒမှာ မိမိတည်သည့်ဘုရားကို ဗုဒ္ဓဘာသာထွန်းကားနေသရွေ့ တည်ရှိစေလိုသော ဆန္ဒရှိကြမည်သာ ဖြစ်၏။

ယခုကား သာသနာ ငါးထောင် မဆိုထားဘိဦး သာသနာနှစ်ထောင့်ငါးရာကျော်ရုံရှိသေးသည်။ဗုဒ္ဓဝါဒကိုးကွယ်မှုကလည်း အရှိန်အဟုန်ကောင်းဆဲပင် ရှိပါသေးသည်။ ထိုအခြေအနေမျိုးတွင်ပင် မိမိတို့ကိုးကွယ်သောဘာသာတရားနှင့်အထိမ်းအမှတ်သင်္ကေတတို့ကိုမတရားပြုချင်သလိုပြုနေခြင်း၊ ပမာမခန့်ပြုခြင်း အဂါရဝပြုခြင်းတို့ကို မည်သို့မျှကြည့်မနေနိုင်ပေ။ သက်ဆိုင်ရာတာဝန်ရှိသူတို့ အနေဖြင့်လည်း ထိုကိစ္စကို အရေးတယူပြုသင့်၏။ စဉ်းစားဆောင်ရွက်သင့်၏။

အကယ်အထိကရ ဗုဒ္ဓသာသနာ့နယ်မြေတွင် ဇိမ်ခံဟိုတယ်၊ စားသောက်ဆိုင်များ၊ ကေတီဗွီများတည်ရှိနေခြင်း အရက်သေစာ ဘီယာ၊ ဝိုင်များ ရောင်းချခြင်း၊ စားသောက်ခြင်း၊ နိုက်ကလပ်များဖွင့်လှစ်ခြင်း၊ သရုပ်ပျက်နှင့် အဂါရဝပြုသောဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်း စသည်တို့ကို တင်းကျပ်သော၊ တိကျသောကန့်သတ်ဇုန်များ ပိုင်းခြားလုပ်ကိုင်စေသင့်ပါသည်။

သို့မဟုတ်ပါက ယခုအခြေအနေကို မြင်ရုံမျှနှင့်ပင် ဤတိုင်းပြည်နိုင်ငံ၌ တရားဥပဒေစိုးမိုးမှုသည် များစွာလျော့နေကြောင်းကောက်ချက်ချနိုင်သည့်အခြင်းကို လှစ်ဟပြနေသကဲ့သို့သာရှိပါတော့မည်။

ရွှေလဆက်ဖတ်ပါ

ဆရာဦးဆက်ထွန်းသင်
(အာသ...)


www.burmeseclassic.com

# အောင်သာကျော်

# နမ့်မှားခရုချောင်းက အောင်မြေမှန်ရာ ဘုံဘုရားသာသနာ့နယ်မြေ

မြန်မာနိုင်ငံတွင် ဝိဇ္ဇာလမ်းလျှောက် လှမ်းသွားခဲ့ကြသည့် သူတော်စင်သူမြတ်လောင်းတို့ များစွာပေါ်ထွန်းခဲ့သည်။ အကျင့်စရဏပြည့်ဝရလေအောင်ကျင့်ကြံ ဖြည့်စည်းကြကာ သာသနာပြု သတ္တဝါကယ်လုပ်ငန်းများကို ဆောင်ရွက်လေ့ရှိခဲ့ကြသည်။ သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ မြောက်မြားစွာရှိခဲ့ကြသည့်အထဲတွင် ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်ခေါ် အဘဘိုးမင်းခေါင်သည် သိဒ္ဓိမဟိဒ္ဓိထိပ်ခေါင်အဖြစ်ထင်ရှားခဲ့ပါသည်။ အဘဘိုးမင်းခေါင်သည် ပုပ္ပားနယ်တစ်လွှားတွင်စတင်ကာ အောင်လမ်းအဆင့်ဆင့်လျှောက်လှမ်းရင်း မြန်မာပြည်အနှံ့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့လေသည်။

လွန်ခဲ့သည့်လအတွင်းက ရေဖော်ရေးဖက်တစ်ဦးဖြစ်သူ ဆရာမောင်ထည်ဝါ (ပျော်ဘွယ်) နှင့်အတူ မြစ်ကြီးနားဘက်သို့ ခရီးထွက်ဖြစ်ခဲ့သည်။ စာရေးသူသည် လွန်ခဲ့သည့် နှစ်(၂၉)ခန့်က ဌာနဆိုင်ရာတာဝန်ဖြင့် မြစ်ကြီးနားသို့သွားခွင့်ကြုံခဲ့ရာ မဟိဒ္ဓိထိပ်ခေါင်အဖြစ် ကျော်ကြားသည့် အဘဘိုးမင်းခေါင် သာသနာပြုလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ကာတည်ထားခဲ့သည့် နမ့်မှားဘုံဘုရားသို့ရောက်ခဲ့ပြီး 'မြူခိုးရစ်မှောင် နဂါးရစ်တောင်မှအဘဘိုးမင်းခေါင်၏ကွင်းဆက်များ' ခေါင်းစီးဖြင့် ဆောင်းပါးအဖြစ် ရေးသားခဲ့ဖူးသည်။ ယခုသွားဖြစ်သည်မှာလည်း ပွင့်ထွန်းဝေစည်နေပြီဖြစ်သော နမ့်မှားဘုံဘုရားဝန်းကျင်သို့တစ်ခေါက် အရောက်သွားလိုစိတ် ပြင်းပြမိသောကြောင့် အရောက်သွားမည်ဖြစ်ခြင်းပင်ဖြစ်၏။ ဆရာမောင်ထည်ဝါ(ပျော်ဘွယ်)ကလည်း ဒေသန္တရဗဟုသုတရှာလိုရင်း



ကျောင်းတော်ကြီး



ကျောင်းတော်ကြီးနှင့်စေတီတော်



စေတီတော်

www.burmeseclassic.com



နဂါးရုံဆင်းတုတော်



တန်ဆောင်းတော်တွင်း ဆင်းတုတော်



အောင်မြေတွင်း စေတီတော်များ



ရင်ပြင်ပေါ်ရှိ ကျောက်စာ



ကျောက်စာ



ရင်ပြင်တော်ရှိ ကျောက်စာများ



အောင်တံခွန်တိုင်



အောင်တံခွန်တိုင်



သာသနိကအောင်မြေတွင်း တံခွန်တိုင်

ဆန္ဒဖြင့် အဖော်အဖြစ်လိုက်ပေးခြင်းပင် ဖြစ်ပါသည်။

မန္တလေးဘူတာမှ ရထားစထွက်ကတည်းက ရှုခင်းမြင်ကွင်းတို့က မြေပြန့်ဒေသနှင့် ကွာခြားမှုရှိနေသည်။ အချိန်ကြာလာသည်နှင့်အမျှ တောင်တက် တောင်ဆင်းလမ်းတို့က အာရုံကိုဖမ်းစားလျက်သားရှိနေသည်။ ရထားသည် တောင်တက်လမ်းနေရာလေးတချို့သို့ ရောက်လာသည်တွင် ရထားအရှိန်က နှေးကျသွားသည် ရထားခေါင်းမှတွန်းကန်ရုန်းတက်နေသည့်စက်သံကလွင့်ပျံ လျက်ရှိနေစဉ်မှာပင် စာရေးသူဖတ်မှတ် ထားသမျှ၊ ရှေးမီလူကြီးသူမများပြော ထားခဲ့သမျှ အချက်အလက်အစိတ်အ ပိုင်းများက အသိအာရုံထဲသို့ ဝင်ရောက် လှုပ်ခတ်နေတော့၏။ အဘဘိုးမင်းခေါ် မဟိဒ္ဓိသိဒ္ဓိစွမ်းမကားပြသွားခဲ့ပုံ ပုံရိပ်တေ



www.burmeseclassic.com

www.burmeseclassic.com

က လက်တွေ့ကြုံတွေ့နေမိရဘိအလား ခံစားမိဖြစ်သည်။ အဘဘိုးမင်းခေါင်သည် မြစ်ကြီးနား နမ္မားခရုချောင်း၌ သာသနာ့ပွင့်ထွန်းမှုဆိုင်ရာခေတ်အလုပ်ကိုပြုလုပ်ရန် ကြိုးပမ်းနေစဉ်ကာလတွင် မဟိဒ္ဓိသိဒ္ဓိစွမ်းပကားများ ပြသခဲ့သည်။ မှတ်မှတ်ရရ တိုက်ဆိုင်ခံစားမိရသည်က ရထားနှင့်ပတ်သက်နေခြင်းပင်ဖြစ်သည်။ ထိုစဉ်က မန္တလေးမှ မြစ်ကြီးနားသို့ထွက်လာသည့်လူစီးရထားခေါင်းတွဲလမ်းချော်ကျသွားရာနေရာသို့ ရောက်လာပြီး တုတ်ငယ်တစ်ချောင်းကို ကောက်ကိုင်ကာ ရထားခေါင်းတွဲအား နွားတစ်ကောင်ကိုမောင်းသကဲ့သို့ -

"ဟေ့-ရထားကြီး မင်းလမ်းပေါ် မင်းပြန်တက်စမ်း"

ဟု မိန့်လိုက်ရာ ရထားကြီးသည် မူလသံလမ်းပေါ်သို့ပြန်တက်သွားခဲ့သည်။

အတွေးတို့က အဘဘိုးမင်းခေါင်၏ သိဒ္ဓိစကားများစွမ်းအင်ထက်မြက်ပုံတို့ဆီရောက်ရှိကာ မှုဒိတာပွားနေမိဖြစ်သည်။ သိဒ္ဓိမဟိဒ္ဓိတန်ခိုးစွမ်းပကားအမျိုးမျိုးရှိနေကြောင်းနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓမိန့်တော်မူခဲ့ဖူးသည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် ကေဝဋ္ဋသူကြွယ်သားကို -

၁။ ဖန်ဆင်းခြင်းတန်ခိုး၊
၂။ အတပ်ဟောတန်ခိုး၊
၃။ ဆုံးမခြင်းတန်ခိုး

ဟူ၍ (၃) မျိုးရှိကြောင်း ဖန်ဆင်းသည်ဆိုရာတွင် တစ်ယောက်တည်းမှ ကိုယ်ပွားအများဖန်ဆင်းခြင်း အများကြီးက တစ်ယောက်တည်းဖြစ်အောင် ဖန်ဆင်းခြင်း ကိုယ်ပျောက်စေခြင်း နံရံကိုဖောက်ထွင်းဝင်ရောက်နိုင်ခြင်း၊ မိုးပျံမြေလျှိုးနိုင်ခြင်း၊ ရေပေါ်တွင်လမ်းလျှောက်နိုင်ခြင်း ငှက်ပျောရွက်ပေါ်တွင်အိပ်ပြနိုင်ခြင်းတို့ဖြစ်သည်။ အတပ်ဟောတန်ခိုးတွင် ရှေ့ဖြစ်နောက်ဖြစ်၊ ရှေ့ဘဝနောက်ဘဝများ သာမက စိတ်ထဲတွင်ကြံစည်နေသည်တို့ကိုပင်သိရှိနိုင်သော စိန္တာမဏိအတတ်ဟုသာဖြစ်သည်။ ဆုံးမသွန်သင်ခြင်းတန်ခိုးဆိုသည်မှာ သာသနာတော်အတွင်း ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကို ဒီလိုမကြံနှင့် ဒီလိုကြံ၊ ဒီတရားကိုဆောင် ဒီတရားကိုရှောင် စသည်ဖြင့် ဆုံးမခြင်းမျိုး ဖြစ်သည်။ တန်ခိုး (၃) မျိုးတွင် ဆုံးမခြင်းတန်ခိုးသည် သာသနာတော်နှင့် အပ်စပ်သည်။ ဖန်ဆင်းခြင်းနှင့်အတတ်ဟောခြင်းတို့သည် ဂန္ဓာရီဝိဇ္ဇာအတတ်များသာဖြစ်ပေသည်ဟုပင်။

အဘဘိုးမင်းခေါင်သည် ကချင်ပြည်နယ် နမ္မားခရုချောင်းဒေသကို မြန်မာနှစ် ၁၂၈၀ပြည့်နှစ်က ရောက်ရှိကာ မဟိဒ္ဓိသိဒ္ဓိစွမ်းပကားဖြင့် သာသနာပြုသတ္တဝါကယ်လုပ်ငန်းများဆောင်ရွက်ရန် ရောက်နေခဲ့ခြင်းပင် ဖြစ်သည်။ ထိုကာလက အဘဘိုးမင်းခေါင် ဝိဇ္ဇာအတတ်စွမ်းပကားများ ထုတ်ဖော်ပြသကာ သာသနာပြုလုပ်ငန်းများလုပ်ဆောင်ခဲ့သည်။နမ္မားဆိုသည်က မြို့လေးတစ်မြို့ဖြစ်ပြီး ခရုချောင်းမှရွာလေးတစ်ရွာ ကပ်တည်ရှိနေသဖြင့် နမ္မားခရုချောင်းဟု အမည်တွင်နေခဲ့ခြင်း ဖြစ်သည်။ အဘဘိုးမင်းခေါင်သည် နမ္မားခရုချောင်းရှိ ခရုချောင်းရွာတွင် နေထိုင်ကြသည့် ဘိုးဆယ်နှင့် အဘွားမှုံတို့၏ အိမ်နှင့် ဒေါ်စန်းတို့၏အိမ်များတွင် လှည့်လည်နေထိုင်ခဲ့သည်။ ထို့အပြင် ခရုချောင်းရွာကျောင်းတွင်တည်ရှိသည့် ထည်ထည်ဝါဝါမရှိလှသော သက်ငယ်မိုး၊ ထရံကာဇရပ်ပေါ်တွင်လည်းနေလေ့ရှိပြီး အဘဘိုးမင်းခေါင်ခရီးသွားတိုင်း 'ဧည့်လာဇရပ် လူမပြတ်စေနဲ့' ဟုမှာရင်း အဘွားမှုံအား ဇရပ်စောင့် စခန်းစောင့်အဖြစ်ထားလေ့ရှိသည်။

'ခရုချောင်းရွာတွင် နေထိုင်ကြသူများထဲမှ ငါးပါးသီလမလုံခြုံသူများအား အဘဘိုးမင်းခေါင်က ခရုဆန်ကျွတ်တွေ ဟု ပြောဆိုလေ့ရှိသည်။

အဘဘိုးမင်းခေါင်က -

"ငါးဖမ်းတာ ခရုပဲရတယ်"

ဟုလည်း ပြောတတ်ပါသည်။ ငါးဖမ်းတာဟုဆိုသည်က ငါးပါးသီလမြဲသောသူများကို ရည်ညွှန်းပြောဆိုခြင်းဟု သိရသည်။ ထိုစဉ်က ခရုချောင်းရွာလေးသည် သူတော်ကောင်းသူမြတ်လောင်းများ၊ သူရဲကောင်းများဝင်ထွက်သွားလာရာ ရွာလေးတစ်ရွာပင်ဖြစ်ခဲ့သည်။ အဘဘိုးမင်းခေါင် ခရုချောင်းသို့ရောက်မလာမီက ဗြိတိသျှအားတော်လှန်ခဲ့သည့် သူရဲကောင်းများဖြစ်ကြသည့် ဘိုးညိန်းနှင့် ဆရာခန့်တို့ရောက်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် တုတ်ပြိုးဓားပြိုး အပြိုးတိုင်ကာယသိဒ္ဓိအောင်မြင်ခဲ့ကြသူများပင်ဖြစ်သည်။ ဗြိတိသျှစစ်ပုလိပ်များက ဆုငွေထုတ်ကာ အကြိမ်ကြိမ်ကြိုးစားဖမ်းဆီးကြပါသော်လည်း ဖမ်းမမိဘဲရှိနေခဲ့သည်။ သူရဲကောင်းများ ကိုယ်ပျောက်သည်ဟုပင် ဗြိတိသျှစစ်ပုလိပ်တို့က ဆိုစမှတ်ပြုကြသည်။

ထိုသို့ တော်လှန်ရေးကာလဆင်နွှဲနေရင်းကပင် ဘိုးညိန်းနှင့် ဆရာခန့်တို့သည် ဘူးဘုရားကို တည်ခဲ့ကြသည်။ 'ဘူးဘုရားထူးခြား ဘီလူးမစား'ဟုတွင်ခဲ့သည်။ ပုဂံခေတ်ဦးတွင် ရန်အောင်သည့် အထိမ်းအမှတ်အဖြစ် ပျူစောထီးမင်းတည်ခဲ့သော ဧရာဝတီမြစ်ကမ်းအနီးက ဘူးဘုရားပုံစံတူတည်ခဲ့ခြင်းပင်ဖြစ်သည်။ ခရုကျောင်းရွာနှင့် ခရုချောင်းဘုန်းကြီးကျောင်းကြားမှ ဖြတ်သန်းသွားသော မီးရထားလမ်းဘေးတွင် ဉာဏ်တော်အမြင့် (၉) တောင်ပြည့်အဖြစ် တည်ထားခဲ့ကြသည်။

ဘူးဘုရားတွင် ဘိုးညိန်းပြောခဲ့သည်က -

"ငါတို့ထက်စွမ်းတဲ့ ဘိုးတော်ကြီးလာလိမ့်မယ်"

ဟုပင် ဖြစ်သည်။

ဘိုးညိန်းနှင့် ဆရာခန့်တို့ ရွာမှထွက်ခွာသွားပြီးသည့်နောက်တွင် နမ္မားခရုချောင်းသို့ အဘအောင်မင်းခေါင်ရောက်လာခဲ့တော့သည်။ အဘဘိုးမင်းခေါင်သည် နမ္မားခရုချောင်းတွင်နေထိုင်ရင်း ကချင်ပြည်နယ် စစ်ကိုင်းတိုင်းဒေသများဘက်သို့လည်း ခရီးလှည့်လည်လေ့ရှိခဲ့သည်။ ထိုခရီးစဉ်အတွင်း မဟိဒ္ဓိသိဒ္ဓိစွမ်းပကားများ ထုတ်ဖော်ပြသရင်း သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ရွှေလီနယ် မိုးမှောင်ကျ တောင်သေလာချောင်တွင်ရှိနေခဲ့စဉ်က စတီးဘရားသားသစ်ထုတ်လုပ်ရေးကုမ္ပဏီပိုင် ကျွန်းလုံးကြီးဖြင့် သိဒ္ဓိမဟိဒ္ဓိစွမ်းပကားတို့ ထုတ်ဖော်ပြခဲ့သည်။ ကျွန်းလုံးကြီးကများစွာ ကြီးမားကာ အံ့ဖွယ်ဖြစ်နေသည့်အတွက် လန်ဒန်မြို့တွင် ပြပွဲပြုလုပ်ရန် ဗြိတိသျှတို့က စီစဉ်ထားခဲ့ကြသည်။ ကျွန်းလုံးကြီး မြစ်ကွေ့တွင် ပိတ်ဆို့ရပ်တန့်နေသဖြင့် ကုမ္ပဏီမှ အင်ဂျင်နီယာများအခက်ကြုံတွေ့နေကြရသကဲ့သို့ မြစ်အတွင်း သင်္ဘောများ၊ လှေများသွားရေးလာရေး အခက်တွေ့နေရသည်။

ထိုအချိန်ကာလမှာပင် အဘဘိုးမင်းခေါင်သည် ကြိမ်လုံးတစ်လုံးကိုင်ရင်း မြစ်ကမ်းဆီသို့ရောက်လာတော့သည်။ အင်ဂျင်နီယာတွေ၊ လူတွေအများကြီးဝိုင်းအုံကြည့်နေသည့်ကြားမှပင် အဘဘိုးမင်းခေါင်က ကြိမ်လုံးကိုဝင့်လိုက်ရင်း-

"ဟဲ့-သစ်လုံးကြီး ဒီနေရာမှာမနေနဲ့တော့။ ကဲ - သွားတော့၊ သွားတော့"

ထိုသို့ မောင်းနှင်လိုက်သည်နှင့် မြစ်ကြောင်းအတွင်း ရှောခနဲလိမ့်ဝင်သွားရာ အဘဘိုးမင်းခေါင်သည် သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com

ကြီးအပေါ် ခွစီးနေရင်း မြစ်ကြောင်းအထက်ဆန်ပြလိုက်၊ အောက်ဘက်ကို စုန်ပြလိုက်ဖြင့် သုံး၊ လေးကြိမ်မျှ အစွမ်းပြနေလေရာ မြစ်ကမ်းတစ်ဖက်တစ်ချက်ဆီမှ လူအများအံ့အားတသင့်ဖြစ်နေကြရသည်။ ထိုသို့ စွမ်းပကားပြသပြီးသည်နှင့် အဘဘိုးမင်းခေါင်နှင့် သစ်လုံးကြီးမှာ ရေအောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားခဲ့သည်။

တစ်လခန့်အကြာတွင်မှ မြစ်ကြီးနားမြို့အထက်နားတွင် သစ်လုံးကြီးကို ပြန်တွေ့ရသည်။ ဗြိတိသျှတို့ မည်သို့မျှ သယ်ဆောင်မရလိုက်သော ထိုသစ်လုံးကြီးကို ရေဆန်ကျွန်းမြတ်အဖြစ် အသိအမှတ်ပြုကြကာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအဖြစ် ထုဆစ်ကိုးကွယ်သမှုပြုနိုင်ခဲ့ကြသည်။ ထို့အပြင် အခြားသော အံ့ဖွယ်သိဒ္ဓိမဟိဒ္ဓိစွမ်းပကားများကို ဖော်ထုတ်ပြသရင် နမ္မာခရုချောင်းတွင် အဘဘိုးမင်းခေါင်သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဘိုးညိန်းနှင့်ဆရာခန့်တို့သည် ဗြိတိသျှအစိုးရအုပ်စိုးစဉ်ကာလအတွင်းမှာပင် ဘူးဘုရားကိုတည်ထားခဲ့ကြသည်။ ပုဂံခေတ်ဦးတွင် ရန်အောင်သည့် အထိမ်းအမှတ်အဖြစ်တည်ခဲ့သည့် ဘူးဘုရားပုံစံကိုတုမှီးကာ 'ဘူးဘုရားထူးခြား၊ ဘီးလူးမစား' ဆိုသည့် အတိတ်နိမိတ်ဆောင်ယူကာ တည်ထားခဲ့ကြခြင်းပင် ဖြစ်သည်။ အဘဘိုးမင်းခေါင် နမ္မာခရုချောင်းတွင် သာသနာပြုရင်း ဘူးဘုရားကိုလည်း ပြန်လည်မွမ်းမံသမှုပြုကာ တည်ထားခဲ့ပြန်သည်။

အဘဘိုးမင်းခေါင်နှင့် ရက္ခန်းစင်တောင်ဆရာတော်ဘုရားကြီးဦးစီးသော ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးသည် မြန်မာနိုင်ငံ ဗြိတိသျှတို့လက်အောက်ကျရောက်နေချိန်ကာလအတွင်း ကြေညာစာတမ်းတစ်စောင်ထုတ်ဝေခဲ့သည်။

ထိုစာတမ်းမှာ -

'ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်၊ ငယ်သာငယ် ကယ်ဆယ်မဲ့ဘုရား၊ ဓာတ်ကောလီ သုံးဆယ်ကူးအောင်ကွယ် ဖူးကြအများ' ဟူ၍ပင်ဖြစ်ပါသည်။ ထိုစာတမ်းအရပင် မြန်မာနိုင်ငံအနှံ့အပြား ကိုးတောင်ပြည့်ဓာတ်ပေါင်းစုစေတီတော်များ ပွင့်ထွန်းဖြစ်တည်လာခဲ့ရသည်။ အဘအောင်မင်းခေါင်သည် မရပ်မနား သာသနာ့အလင်းရောင်ဓာတ်ကို ဖွင့်လိုက်လေရာ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး(၈၀)ကျော်နှင့် ကျေးရွာပေါင်း (၄၀၀၀) ကျော်တို့တွင် ကိုးနဝင်းစေတီ



တော်များ ပွင့်ထွန်းခဲ့ခြင်းပင် ဖြစ်သည်။ အချို့မြို့အချို့ရွာတို့တွင် နှစ်ဆူပွင့်ထွန်းပေါ်ပေါက်ခဲ့သည်လည်းရှိ၏။ နမ္မာခရုချောင်းထွင်တည်သည့် ဘူးဘုရားအား အဘဘိုးမင်းခေါင်ရွှေသက်န်းဆက်ကပ်လှူဒါန်းခဲ့သည်ဟုသိရပါသည်။

နမ္မာခရုချောင်းက ဘူးဘုရားသည် မြစ်ကြီးနားရထားလမ်းအနီးရှိ တောင်ကုန်းမြင့်လေးပေါ်တွင် တည်နေလေရာ မီးရထားပေါ်မှလှမ်း၍ဖူးနိုင်ကြသည်။ မီးရထားပေါ်ကဆင်းကတည်းကပင် နယ်မြေကျွမ်းကျင်မှုရှိသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်) က ရှေ့မှဦးဆောင်သွားနေခဲ့ရာ သူ့နောက်မှခြေလှမ်းခပ်သွက်သွက်လိုက်နေမိဖြစ်သည်။ လေနုအေးတို့ ဖြတ်သန်းတိုက်ခတ်နေမှုကြောင့် ချမ်းစိမ့်စိမ့်ရသကို ခံစားနေရသည်။ အဝေးဆီမှ လွင့်ပျံ့လာသည့် ဆည်းလည်းသံတို့က လောကမေ့တေးသွားတစ်ပုဒ်ကို တီးခတ်နေသည့်အလား ခံစားရသည်။ စေတီတော်တည်ရာကုန်းမြင့်သည် သာသနိကအဆောက်အအုံများ စေတီတော်တံခွန်တိုင်နှင့် ခံ့ညားထည်ဝါလှသည့်ကျောင်းတော်ကြီးတစ်ခုပါ ပေါ်ထွန်းလျက်ရှိနေသည်ကို တွေ့ရသည်။ဟိုးယခင်ကာလရောက်ခဲ့စဉ်တုန်းကနှင့်မတူတော့။ သာသနာ့ရောင်ဝါထွန်းလင်းတောက်ပလို့နေပြီကို ဖူးတွေ့ရသည်။ များစွာဝမ်းမြောက်ပီတိဖြစ်မိရသည်။ အဘဘိုးမင်းခေါင်၏ အောင်ဓာတ်ကိန်းရာသာသနာ့နယ်မြေတိုးတက်ပွင့်ထွန်းနေသည်ကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

စည်ပင် ပိုးဖြိုးလျက်ရှိသည့် နမ္မာခရုချောင်း ဘူးဘုရားတည်ရာ သာသနာ့အောင်မြေသည် သိဒ္ဓိမဟိဒ္ဓိထူးများရှင် အဘဘိုးမင်းခေါင်၏အောင်ဓာတ်များကိန်းနေသည့်အောင်မြေမှန်... နေရာတစ်နေရာပင်ဖြစ်သည်။ ဝိဇ္ဇာလမ်း... လျှောက်လှမ်းရန် ကျင့်ကြံကြိုးပမ်းအား... ထုတ်နေကြသည့် သူတော်စင်သူ... လောင်းအပေါင်းတို့ စဉ်ဆက်မ... လာရောက်ကာ အဓိဋ္ဌာန်ဝင်လေ့... သည်။

တိတ်ဆိတ် ငြိမ်သက်နေသည့် သာသနာ့အောင်မြေအတွင်းလှည့်လည် ဖူးမြော်ကြည်ညိုနေမိစဉ်မှာပင် အဘ ဘိုးမင်းခေါင် ဆုံးမမှာကြားထားခဲ့သည့် ဆုံးမစကားစာသားတို့က စာရေးသူ... နှလုံးအိမ်တွင်းသို့ တိုးဝင်လှုပ်ခတ်နေ... ဖြစ်တော့သည်။

❑ လုပ်တိုင်းမဖြစ် စိတ်မညစ်နှင့်၊ လုပ်တိုင်းသာဖြစ်နေပါက ဘယ်မှာ အနှ... ရှိမည်နည်း။

❑ *ပြောတိုင်းမရ ဒေါမသနှင့်၊ ကိုယ်ပြောတိုင်းသာရနေပါက ဘယ်မှာ အနတ္တရှိမည်နည်း။*

❑ *ကြံတိုင်းမမြောက် စိတ်မဖောက်နှင့်။ ကြံစည်တိုင်းသာ ပြီးမြောက်ပါက ဘယ်မှာ အနတ္တရှိမည်နည်း။*

❑ *ဆင်းရဲကြုံမူ မညည်းညူနှင့်၊ ချမ်းသာချည်းသာကြုံနေပါက ဘယ်မှာ ဒုက္ခရှိမည်နည်း။*

❑ *အာရုံဟူသမျှ မတောင့်တနှင့်၊ အာရုံတိုင်းသာ တောင့်တပါက ဘယ်မှာ လောဘဆုံးမည်နည်း။*

❑ *အရာရာမျိုး စိတ်မဆိုးနှင့်၊ နေရာတိုင်းသာစိတ်ဆိုးပါက ဘယ်မှာ ဒေါသဆုံးမည်နည်း။*

❑ *အသိဉာဏ်မလိုက် သင်မမိုက်နှင့်။ မိုက်နေပါက ဘယ်မှာမောဟဆုံးမည်နည်း။*

❑ *ဗုဒ္ဓတရား မေ့မထားနှင့်။ ဆုံးမတိုင်းသာ ကျင့်ကြံပါက ဘယ်မှာ နိဗ္ဗာန်ဝေးမည်နည်း။*

ဟူသည့် စာသားများပင် ဖြစ်ပါသည်။


ဝိဇ္ဇာလမ်းကိုလျှောက်လှမ်းနိုင်ရန် ကြိုးပမ်းကျင့်ကြံပွားများနေသူတို့ တစ်ခါတစ်ခေါက်အရောက်သွားကာ အဓိဋ္ဌာန်ဝင်သင့်၊ အောင်ဓာတ် ခိုလှုံသင့်သည့် အောင်မြေတစ်နေရာဖြစ်ပါသဖြင့် ဓေ... သားတင်ပြရခြင်း ဖြစ်ပါသည်။

အောင်မြေမှန်ရာ...
ရောက်ခွင့်ကြုံနိုင်ကြပါစေ...

**အောင်သာကျော်**

www.burmeseclassic.com

www.burmeseclassic.com



# ဇမ္ဗူရတနာအရှင်ကုန္တက

## စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်ရှိ ကြက်သွန်ခင်းဆရာတော်၏ ကြည်ညိုဖွယ်ရာဂုဏ်ရည်များ (၄)

**(ညောင်ရမ်းခေတ်နှောင်း ကုန်းဘောင်ခေတ်ဦး)**

စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် ပေါ်တော်မူ ရှေးဟောင်းဘုရားစေတီ၊ သိမ်တော်ကြီးတို့အနီးတွင် ကြက်သွန်ခင်း ရွှေကျောင်းဟု ခေါ်ဝေါ်သော ရှေးဟောင်း သမိုင်းဝင်အုတ်ကျောင်းတော်ရာဟောင်း ကြီးရှိပါသည်။ ရှေးယခင်က လေးထောင့် စတုရန်းပုံအုတ်တံတိုင်းကြီး၏ အလယ် ဗဟိုတွင် တောင်၊ မြောက်၊ အနောက် ဟူ၍ လှေကားသုံးစင်းရာရှိခဲ့ပြီး သဘာဝ ရာသီဥတုဒဏ်၊ ကမ္ဘာစစ်ဒဏ်တို့ကြောင့် ၎င်းကျောင်းတော်ကြီးမှာ အုတ်ခဲအုတ်ပုံ အစအနများသာ ကျန်ရှိပေတော့သည်။ ၎င်းအုတ်ပုံတို့မှာလည်း မသမာသူတို့၏ ယူငင်သုံးစွဲမှုကြောင့် လက်ရာအစအန မျှပင် မကျန်တော့ခြင်းဖြစ်ကြောင်းကြား သိရပါသည်။ လေးထောင့်တံတိုင်းအုတ် ကျောင်းကြီးမှာမူ ခံ့ညားဝင့်ထည်စွာ ကျန်ရှိနေပါသေးသည်။

ယခု ရေးသားလိုသည်မှာ ယင်း ကျောင်းတော်ကြီးတွင်သီတင်းသုံးတော်မူ ခဲ့ဖူးသော ညောင်ရမ်းခေတ်နှောင်း ကုန်းဘောင်ခေတ်ဦးက ထင်ရှားကျော် ကြားတော်မူခဲ့ဖူးသော ကြက်သွန်ခင်း ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များပင်ဖြစ်ပါသည်။ ကြက်သွန် ခင်းဆရာတော်ကြီးကို ၁၀၅၅၊ အေဒီ ၁၆၉၃ ခု ညောင်ရမ်းခေတ် မင်းရဲကျော် ထင်မင်းတရားကြီးလက်ထက်တော်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကြက်သွန်ခင်းရွာ၌ဖွားမြင်တော်မူခဲ့သည်။ နေ့နံတော်မှာ တနင်္လာသား ဖြစ်သည်။ သာမဏေဖြစ်စဉ်အခါက ဘွဲ့တော်မှာ အရှင်ပုဏ္ဏဖြစ်ပြီး ရဟန်းပြုသောအခါ အရှင်ပါသံသ ဟူသောဘွဲ့တော်ကို ခံယူ တော်မူပေသည်။ ဟံသာဝတီရောက် မင်းတရားကြီးဆက်ကပ်သော သိရိမဟာ ဂုဏာဒိပါသံသမဟာဓမ္မရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူပေ သည်။ ဦးစွာပထမ ရတနာပူရ အင်းဝမြို့ တော်အနောက်မျက်နှာရှိ ကြက်သွန်ခင်း ကျောင်းတော်တွင် သီတင်းသုံးတော်မူပြီး ၁၁၂၅ ခု၊ အေဒီ ၁၇၆၃ ခု သက်တော် (၇၀) ပြည့်နှစ်တွင် ကုန်းဘောင်ခေတ် ဒိပဲယင်းမင်းတရားကြီး စစ်ကိုင်းမြို့ကို မဟာဇေယျပူရမြို့ နန်းသစ်တည်ကာ စံမြန်းတော်မူချိန်တွင် စစ်ကိုင်းမင်းဝ

www.burmeseclassic.com

တောင်တန်းများဆီသို့ တောဝင်တော်မူကာ သီတင်းသုံးတော်မူခဲ့ပေသည်။ တောဝင်တော်မူသော ကြက်သွန်ခင်းဆရာတော်ကြီး သီတင်းသုံးတော်မူရန်အတွက် မြေဒူးမင်းခေါ် ဆင်ဖြူရှင်မင်းတရား (ကုန်းဘောင်ခေတ်) က စစ်ကိုင်းမြို့အရှေ့မြောက်ယွန်းတောင်ဖီလာနှင့် မင်းဝံတောင်တို့၏ အနောက်ဘက်တွင် တောရသုံးထပ်ဇေတဝန်ကျောင်းတော်ကို ၁၁၃၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် အေဒီ ၁၇၆၇ ခုနှစ်၊ မေလ ၂ ရက် ကြာသပတေးနေ့တွင် ဆောက်လုပ်လှူဒါန်းတော်မူခဲ့လေသည်။ ၎င်းကျောင်းတော်မှာ အထက်တွင်ဖော်ပြခဲ့သော ကျောင်းတော်ရာပင် ဖြစ်သည်။ ထို့ပြင် ၎င်းဆင်ဖြူရှင်မင်းတရားသည်ပင် ၁၁၃၂ခု၊ ကဆုန်လဆန်း ၂ ရက်၊ အေဒီ ၁၇၇၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်တွင် စစ်ကိုင်းကောင်းမှုတော်ရှေ့တွင် တောရဇေတဝန်ရွှေကျောင်းတော် ဆောက်လုပ်လှူဒါန်းတော်မူပြန်ပါသည်။

သို့သော် ကြက်သွန်ခင်းဆရာတော်ဘုရားကြီးသည် ထိုမင်းတရားဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးများတွင် သီတင်းသုံးတော်မမူဘဲ အရညကင်စုတင်ကို ဆောက်တည်တော်မူ၍ တောတောင်ဂူလိုဏ်တို့၌သာ လှည့်လည်သီတင်းသုံးတော်မူပါသည်။ ဆရာတော်သည် ပိဋကတ်ကျမ်းဂန်များကိုလည်း လေ့လာတတ်ကျွမ်းတော်မူပြီး မင်းဧကရာဇ်ကိုးကွယ်ကြည်ညိုမှုခံရသည့် မင်းဆရာတော်ဖြစ်သော်လည်း စာရေးတံဆွမ်း၊ ပင့်ဖိတ်ဆွမ်း၊ သာရေး၊ နာရေးဆွမ်းစသော အပိုအလျှံဖြစ်သော အတိရေကလာဘ်လာဘကို လက်ခံသာယာမှု မရှိပယ်မြစ်တော်မူကာ ပိဏ္ဍပတ်ဆွမ်းခံဝတ်ဖြင့်သာမျှတရောင့်ရဲတော်မူပါသည်။ သက်တော်ရွယ်တော်ကြီးရင့်အိုမင်းသည့်တိုင်အောင် ကိုယ်တော်နှင့် အလုပ်အကျွေးသီတင်းသည် သူတော်ဝတ်လူတစ်ယောက်မျှလောက်ရုံသာ ခံယူတော်မူပေသည်။

ကျောင်း၊ ကန်၊ ဇရပ်၊ ပစ္စည်းလာဘ်လာဘတို့၌ မက်မောတွယ်တာမှုမရှိ သန္တုဋ္ဌိတရားဖြင့် ခြိုးခြံချွေတာတော်မူပါသည်။ ရတနာသိင်္ခမြို့တည်နန်းတည်အလောင်းမင်းတရားကြီးကပင်လျှင် အတုလဆရာတော်မှာ ပစ္စုပ္ပန်ဖို့၊ ပစ္စုပ္ပန်လောကီဆရာတော်ဖြစ်သည်။ ပလိုင်းဆရာတော်၊ ကြက်သွန်ခင်းဆရာတော်၊ စရစ်ဆရာတော်တို့မှာ သံသရာဖို့၊ သံသရာအတွက် ကိုးကွယ်သည့် လောကုတ္တရာဆရာတော်ဖြစ်ကြောင်းကို မိန့်ကြားတော်မူခဲ့ဖူးပေသည်။ ကြက်သွန်ခင်းဆရာတော်ကြီးသည် ဆရာတော်အများနှင့် နန်းတော်ကိစ္စတစ်ခုဖြင့် ပြန်ကြွတော်မူစဉ်က တပည့်စရစ်သာသနာပိုင်ဆရာတော်က -

"တပည့်တော်ကျောင်းမှာ ဆွမ်းဘုဉ်းပေးတော်မူပါ"

ဟု လျှောက်ထားရာတွင် ဓမ္မိယလဒ္ဓ ဖြစ်ခဲ့သော မင်းဆရာဆွမ်းမျိုးကို မသုံးဆောင်လိုသဖြင့် -

"ရှင်ဘုရင် ဝန်ကြီးအိမ်မှာ ထမင်းစားသည်ဟု နင့်ကိုဘယ်သူကပြောသနည်း"

ဟု မိန့်ကြားတော်မူကာ ရှောင်လွှဲပယ်ရှားတော်မူခဲ့ပေသည်။

အခါတစ်ပါး မန်လည်ဆရာတော်က -

"ကိုယ်တော်အရှင်တောရနေတော်မူရာတွင် မည်သည့်တရားကို အားထုတ်ပါသနည်း"

ဟု မေးမြန်းတော်မူရာ ကြက်သွန်ခင်းဆရာတော်က -

"ဘုရား၏တရားကို အားထုတ်သည်"

ဟု ဖြေကြားတော်မူသည်တွင် -

"ဘုရား၏တရားကို အားထုတ်တော်မူသည်ကို မျက်မြင်အားဖြင့် သိရပါပြီ။ ဘုရားတရားအများရှိရာတွင် မည်သည့်တရားကို အထူးအားထုတ်ပါသနည်း။ ကိုယ်တော်အရှင်အားထုတ်တော်မူသည့်တရားအထူးကို နည်းနာခံယူ၍ အားထုတ်လိုပါသောကြောင့် မေးမြန်းခြင်း ဖြစ်ပါသည်ဘုရား"

ဟု ထပ်မံလျှောက်ထားရာ -

"ပုတတ်တွင်းဝင်လျှင် ဖြောင့်ပြီး ခွေးမြီးကောက်ကို ကျည်စွပ်လျှင် ဖြောင့်မြဖြစ်၍ မည်သည့်တရားကို အထူးစွဲမြဲစွာအားထုတ်သည်ဟူ၍မရှိကြောင်း၊ ကြွ၏ဦးခေါင်း ချိုတစ်ချောင်းပမာ အဖော်မပါဘဲ တစ်ဦးတည်းဧကစာကျင့်သုံးလျက်၊ တောရနေထိုင်လျက် ကာယဝိဝေကယူခြင်းသည် ကုသိုလ်တရားကို တိုးပွားစေတတ်သည်ဟူသော ဘုရားရှင်၏အဆုံးအမအတိုင်း တောတောင်အတွင်း တစ်ပါးတည်းသီတင်းသုံးလျက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်ခြင်းဟူသော တရားဓမ္မကို ကျင့်သုံးသည်"

ဟူ၍ နည်းယူဖွယ်ရာမိန့်ကြားတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် နှုတ်ထွက်စကားကြမ်းတမ်းခက်မာလှသော်လည်း အတွင်းအဇ္ဈတ္တစိတ်နှလုံးတော်မှာမူကား အလွန်နူးညံ့သိမ်မွေ့တော်မူလှပေသည်။ ဆိုဆုံးမစရာပေါ်ပေါက်လာလျှင်လည်း မင်းဧကရာဇ်အုပ်ချုပ်သူလူတန်းစားများကိုပင်ငဲ့ကွက်ခြင်းမရှိ တိုက်ရိုက်ဆိုဆုံးမတတ်ပေသည်။ နှုတ်ထွက်ကြမ်းသော်လည်း အတွင်းစိတ်ဓာတ်တွင် နူးညံ့သော မိဘ၊ ဆရာသမား စသော ပုဂ္ဂိုလ်တို့၏ ဝစီကံသည် ဖရုသဝါစာမဖြစ်ကြောင်း အဋ္ဌသာလိနီအဋ္ဌကထာကြီး၌ လာရှိပါသည်။

တစ်ခါက စစ်ကိုင်းမြို့နေ ရဟန်းတစ်ပါးသည် များပြားလှစွာသော ဆွမ်းဟင်းလျာများကို တပည့်တပန်းများ၏ သယ်ပိုးထမ်းခိုင်းယူရလောက်အောင် ခံယူလာသည်ကို ကြက်သွန်ခင်းဆရာတော်ကြီးနှင့် ပက်ပင်းကြုံ၍ ဆရာတော်ကြီးက -

"ငါ့ရှင်၏ဇနီးမယား ကျန်းမာရဲ့မဟုတ်လား"

ဟု ကိုယ်တစ်ဦးတည်းသာမက သားမယားတို့ကိုပါ ရှာဖွေကျွေးမွေးနေရလေဟန် ကြံဖန်၍ နှိပ်ကွပ်ဆုံးမတော်မူခဲ့ပေသည်။

ထိုစဉ်က သာသနာပိုင်ဖြစ်သော စရစ်ဆရာတော်မှာ ကြက်သွန်ခင်းဆရာတော်ကြီး၏တပည့်တစ်ဦးဖြစ်ရာ ထိုစရစ်ဆရာတော်သည် ပထမကျော်ဖြစ်၍ ထိုပထမပြန် ပြန်ဆိုပွဲတွင် ပထမကျော်ရရှိပါက မင်းဧကရာဇ်တို့၏ ဦးစားပေးမှုကို ခံယူရလေ့ရှိသဖြင့် ကျောင်းတိုက်အသီးသီးရှိ ကျောင်းထိုင်ဆရာတော်များမှာ မင်းဧကရာဇ်တို့၏ မျက်နှာသာပေးမှုကို ခံယူလိုကြသဖြင့် မိမိတို့၏တိုက်တာဂုဏ်သိက္ခာတက်စေဖို့ ပထမကျော်ဖြစ်စေရန်အတွက် ဥာဏ်ကောင်းပြီး စာတော်သည့်တပည့်များကို အပြိုင်အဆိုင်မွေးလျက် သူ့တပည့်ကိုယ့်တပည့် ဂုဏ်ပြိုင်ကြသဖြင့် တစ်ကျောင်းနှင့်တစ်ကျောင်း တစ်တိုက်နှင့်တစ်တိုက် သင့်မြတ်ခြင်းမရှိကြပေ။

ထိုပထမပြန်စာမေးပွဲကို ကြက်သွန်ခင်းဆရာတော်ကြီးက-

"စရစ်၊ နင်တို့လက်ဝှေ့ပွဲမပြီးသေးဘူးလား"

ဟုမေးမြန်းတော်မူခဲ့သည်။

ထိုကဲ့သို့သော ပြဿနာမျိုး ကြက်သွန်ခင်းဆရာတော်ကြီး...

www.burmeseclassic.com

ကုန်းဘောင်ခေတ်လယ်ပိုင်း ဘကြီးတော် မင်းလက်ထက်တွင် ပထမကျော်လုပ္ပဲ အဖြစ်ပေါ်ပေါက်ခဲ့၍ ဆရာတော်ဦးဗုဒ် ကိုယ်တိုင် ဖြေရှင်းခဲ့ဖူးပေသည်။ စရစ် သာသနာပိုင်ဆရာတော်ပျံလွန်တော်မူ သဖြင့် တူတော်ဖြစ်သော ရှင်သာပုံကို မင်းဧကရာဇ်က သာသနာပိုင်ခန့်လျှင် ရှင်သာပုံလည်း စိတ်ပျိုကိုယ်နုဖြစ်၍ ဝါသနာအလျောက် သိုင်းကျိုင်းကိုင် လျက်ဆွမ်းခံဝင်သည်ကို ကြက်သွန်ခင်း ဆရာတော်ကြီးနှင့်ခရီးရင်ဆိုင်တွေ့သော် ဆရာတော်က -

"သာပုံ၊ ဒီနှင်တံ (သိုင်းကိုဆိုလို သည်) နှင့် နင့်ကိုလူကြောက်လိမ့်မည် ထင်သလော။ ကြောက်စေလိုလျှင် အမြောက်(သပိတ်)ကိုဆောင်"

ဟု သိုင်းကို နှင်တံ၊ သပိတ်ကို အမြောက်ဆန်ပမာ ခိုင်းနှိုင်း၍ ပကာ သနကို မမက်မောဖို့ ပကတိသပိတ်ကို ပိုက်လျက် သလုံးမြင်းခေါင်းဖြင့်လှည့်လည် ၍ရသော ဓမ္မိယလဒ္ဓဆွမ်းခံဆွမ်းကိုသာ သုံးဆောင်ဖို့ ဆုံးမတော်မူခဲ့လေသည်။

ထိုမထေရ်လည်း အရှက်ရ၍ ဝန်ချတောင်းပန်လာ၏။ များမကြာမီ လည်း ပျံလွန်တော်မူခဲ့ပေသည်။

ကြက်သွန်ခင်းဆရာတော်ကြီးသည် အတင်နွယ်အတင်ဂိုဏ်းဖြစ်၍ ကုလား ဘရင်ဂျီတို့ဆောင်းသောဦးထုပ်ကဲ့သို့ ဦးထုပ်ဒေါက်ခြာကိုဆောင်းလျက် ပခုံး ပေါ်တွင် ဒုကုဋ်သင်္ကန်းငယ်ကိုတင်ကာ လက်ကတော့ထိုးပြီး အလျားနှစ်တောင် ခန့်၊ အနံလက်ရှစ်သစ်ခန့် အဝတ်ငယ် ဖြင့် ရင်ကိုဖွဲ့စည်းပြီး သွားလာနေထိုင် တော်မူပါသည်။ မှန်ပါသည်။ ကုလား ဖေင်ကာ တောင်ငူတွင် အုပ်ချုပ်စဉ်အခါ က ၎င်းတို့ကက်သလစ်ဘာသာဝင်များ ဆောင်းသော ဦးထုပ်ကိုဆောင်းသော သံဃာတော်တို့အား အလေးပေး ကိုးကွယ်ရာမှစ၍ ဦးထုပ်ဆောင်းဂိုဏ်း ပေါ်ပေါက်လာခြင်း ဖြစ်သည်။ တချို့ ကလည်း အင်းဝခေတ်တွင် ဘုရင်မင်း ခေါင်၏ငယ်ဆရာ ပင်လယ်ကျေးသံဃ ရာဇာသည် ဦးထုပ်ဆောင်းကြောင်းဆို အားသဖြင့် အင်းဝခေတ်ကတည်းက ပေါ်ပေါက်လာခဲ့ကြောင်းလည်းဆိုကြပါ သေးသည်။ ဒုကုဋ်တင်ရင်စည်းတရပတ် ကိုင်ဆောင်မှုသည် တောင်ငူခေတ်မင်း တရား ရွှေထီးလက်ထက်တွင် ယိုးဒယား ပြည်မှ သံဃာတော်တို့၏ အမူအကျင့် ကို လိုက်နာကျင့်သုံးရာမှ စတင်ပေါ် ပေါက်ခဲ့ကြောင်းဆိုကြပါသည်။ ထိုင်း ယိုးဒယားသံဃာတော်များ ယခုအထိ လိုက်နာကျင့်သုံးနေထိုင်ဆဲပင်ဖြစ်သည်။ ညောင်ရမ်းမင်း(၁၀)ဆက်ရှိသည့်အနက် စနေမင်းခေါ် မာရ်အောင်ရတနာစေတီ တော်ဒါယကာမင်းတရားလက်ထက်တွင် အတင်ဂိုဏ်း၊ အရုံဂိုဏ်း ဟူ၍ နှစ်မျိုး ကွဲပြားပေါ်ပေါက်ခဲ့ပေသည်။ အတင် ဂိုဏ်းတွင် သာမဏေတို့သည် မြို့ရွာ အတွင်းဝင်သောအခါ ဦးထုပ်ဒေါက်ခြာ ဆောင်းလျက် လှည်းဘီးစက်ဝိုင်းကဲ့သို့ အဝန်းအဝိုင်းပြုလျက် ဝါးတံသေးသေး ကိုခွဲ၍ညှပ်ထားသော တရပတ် (တာလ ပတ္တ) အသုံးအဆောင်များကို ဆောင်း ကာ ပခုံးပေါ်တွင် ဒုကုဋ်သင်္ကန်းငယ်ကို တင်လျက် လက်ကတော့ထိုးပြီး အလျား နှစ်တောင်ခန့်၊ အနံလက်ရှစ်သစ်ခန့် အဝတ်ငယ်ဖြင့် ရင်ကိုဖွဲ့စည်းလျက်သွား ကြလာကြလေသည်။ ထိုအတင်ဂိုဏ်း ကိုပင် လက်ဝဲကျော်သူ ကိုးကွယ်သည့် အောက်ချင်းတွင်းခရိုင် ယင်းမာပင် ခရိုင်ခွဲ ဆားလင်းကြီးမြို့နယ်ရှိ ဗန့်ကျီ (၁၀) တိုက်အဝင် တုံရွာ၌ သီတင်းသုံး သည့် ရှင်ဂုဏာဘိလင်္ကာရမှ စတင်၍ ကွဲပြားလာသည့်အတွက် ရွာကိုအစွဲပြု၍ တုံဂိုဏ်းဟူ၍လည်း ခေါ်ဝေါ်ကြသေး သည်။

ထိုတွင် ဂါမဝါသီခေါ် ရွာနေဂိုဏ်း အရညဝါသီ (ခ) မဟာဝနဝါသီခေါ် တောနေဂိုဏ်းဟူ၍ ဂိုဏ်းနှစ်မျိုးရှိရာ တောနေဂိုဏ်းမှ ဒုကုဋ်တင်ရင်စည်း ဦးထုပ်ဒေါက်ခြာဆောင်း တရပတ်ကိုင် အတင်ဂိုဏ်းခွဲထွက်ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထိုအတင်ဂိုဏ်းသံဃာများ သည် အဝတ်အရုံဆိုင်ရာချွတ်ယွင်းသည် မှလွဲ၍ ကြွင်းသောကျင့်ဝတ်ဝိနည်းတို့ကို လေးစားလိုက်နာသော သီလဝန္တပုဂ္ဂိုလ် များသာဖြစ်ကြသည်။ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက်တော်က မူ အရုံဘက်မှကျော်အောင်စံထားဆရာ တော်နှင့် အတင်ဘက်မှကြက်သွန်ခင်း ဆရာတော်တို့ အောင်မြေရွှေဘုံဝိနည်း မိုရ်ဆရာတော်ရှေ့တွင် မိမိတို့ဆိုင်ရာ ဂိုဏ်းဂဏဘက်က ပဓာနရှေ့ဆောင်ပြု လျက် အတင်၊ အရုံဆိုင်ရာ ဓမ္မ၊ အဓမ္မ ကျမ်းဂန်ပြလျက် အချေအတင်ဆိုကြရာ ဝိနည်းမိုရ်ဆရာတော်သည်ပင် ပြီးပြီး ပြတ်ပြတ် မဆုံးဖြတ်နိုင်ခဲ့ကြောင်း သာသနာလင်္ကာရစာတမ်းကဲ့သို့သော စာတမ်းအချို့တွင် မှတ်တမ်းတင်ထားခဲ့ ပေသည်။ တစ်ဖန် ကြက်သွန်ခင်းဆရာ တော်ကြီးသည် ၎င်း၏တပည့်တစ်ပါးဖြစ် သော တိလောကဂုရုဆရာတော်အား သာမဏေတစ်ပါးနှင့် ပထမပါရာဇိက (ပထမမှု) လွန်ကျူးသည်ဟု စွပ်စွဲခံရစဉ် ကလည်း သံဃာအလယ်တွင် စစ်ကြော ဖြေရှင်းကာ အပြစ်မရှိကြောင်းပြတ်သား စွာ ဆုံးဖြတ်ပေးတော်မူခဲ့ပါသည်။ ဆရာ တော်ကြီးသည် မွန်ဘုရင် ဗညားဒလနှင့် အလောင်းမင်းတရားကြီးတို့စစ်ပွဲဆင်နွှဲ နေစဉ်ကလည်း တောင်ဘီလူးဆရာ တော်နှင့်အတူ မွန်ဘုရင် ဗညားဒလ၏ စာသဝဏ်လွှာကို အလောင်းမင်းတရား ကြီးထံပို့သပြီး ငြိမ်းချမ်းရေးတမန်အဖြစ် ဆောင်ရွက်တော်မူခဲ့ဖူး၏။ ကြက်သွန် ခင်းဆရာတော်ကြီးကား တောတောင် များအတွင်း တစ်ဦးတည်းဧကစာနေ တော်မူလျက် တရားဓမ္မကိုကျင့်ကြံပွားများ တော်မူခဲ့ပါသည်။ ကျမ်းဂန်ပြုစုတော်မူခဲ့ သည်ဟူ၍ကား မထင်ရှားပါ။ ၁၁၃၇၊ အေဒီ ၁၇၇၆ ခုနှစ် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက်တော် အတွင်း သက်တော် (၈၃) နှစ်အဝင် ဝါတော် (၆၃) ဝါတွင် ပျံလွန်တော်မူခဲ့ပါ သည်။

တစ်ပါးတည်း တောရနေထိုင် ကျင့်သုံးတော်မူခဲ့သော ကြက်သွန်ခင်း ဆရာတော်ကြီး၏ ကျောင်းတော်ရာ ဟောင်းကြီးအား လာရောက်လေ့လာ ကြည့်ညိုလိုပါက စစ်ကိုင်းမြို့ ရွှေမင်းဝံ ရပ်ကွက်မှ စက်မှုဇုန်သို့သွားသည့် တောင်မြောက်လမ်းနံဘေးရှိ လမ်းညွှန် ဆိုင်းဘုတ်မှ ရှေ့တည့်တည့်အတိုင်း လာခဲ့ပါက ပေါ်တော်မူဘုရားစေတီ များသို့ ရောက်ရှိပါမည်။ ထိုပေါ်တော်မူ ရှေးဟောင်းစေတီဝတ္တကနယ်မြေအတွင်း ရှိ သိမ်တော်ကြီး၏ မြောက်ဘက်တွင် ထီးထီးမားမား တည်ရှိနေပါကြောင်း တိုက်တွန်းညွှန်ပြအပ်ပါသည်။

ဓမ္မရတနာအရှင်ဣန္ဒက


**ကျမ်းညွှန်း -**

၁။ သာသနာလင်္ကာရစာတမ်း
၂။ သီလဝိသောဓနီကျမ်း
၃။ မုံရွေးမှတ်စု
၄။ ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး ဒုတိယတွဲ
၅။ ကဝိလက္ခဏာ(၃)ကျမ်းတွဲ
၆။ တွင်းသင်းရာဇဝင်သစ်တတိယတွဲ
၇။ ဝံသဒီပနီ
၈။ သာသနဝံသစာတမ်း



www.burmeseclassic.com

www.burmeseclassic.com



# တွန်းတောက်

## အဘချစ်နှင့်
## တောနက်ထဲက ဝေါင်း၊ လူနီ

စမ်းရေကိုနင်းမိ၍ အေးစိမ့်သွားသည်။ စမ်းရေကို ဖြတ်သန်းသွားလာနေကျဖြစ်သော်လည်း မပြောင်းလဲသော အအေးဓာတ်သည် ဆင်ဦးစီး (ဆင်ပိုင်ရှင်) ကိုချစ်၏ ကျောထဲရင်ထဲတိုင် အောင်ပင် စိမ့်ခနဲဖြစ်သွားစေသည်။

မြေပျော့သောနေရာအချို့တွင် တောဝက်ခြေရာ၊ ဆတ်ခြေရာ၊ ချေခြေရာများကို တွေ့နေရသည်။ ရံခါ ကျားခြေရာပြူပြူကြီးများကိုလည်း တွေ့ရတတ်သည်။ ခြေရာနှင့်တကွ သားရဲသားကောင်များမှာ ဆင်ဦးစီးဘဝမှ ဆင်ပိုင်ရှင်ဖြစ်လာခဲ့သော ကိုချစ်အဖို့ မဆန်းတော့ပေ။ တွေ့နေမြင်နေကျသာဖြစ်သည်။ သားရဲသားကောင်များနှင့် တိုက်ခိုက်သတ်ပုတ်ရသည်လည်းရှိသည်။

ယခုလည်း ဆင်ကောက်ရန်သွားနေသောကြောင့် ကိုချစ်၏လက်စွဲတော်များဖြစ်သော တစ်တောင်ကျော်အရှည်ရှိသည့် ဆင်စီးဓားမြှောင်ကြီးနှင့် နှစ်လုံးပြူးသေနတ်ကြီးက ပါလာမြဲဖြစ်သည်။

ကိုချစ်၏ဆင်များက ဆင်ယဉ်ဖြစ်၍ နေရာတိုင်း ချွန်းသုံးရန်မလိုပေ။ ဆင်ဆိုးများကို ထိန်းကျောင်းရာ၌သာ ချွန်းကို အဓိကထားသုံးကြရသည်။ ဆင်ယဉ်ဖြစ်သော်လည်း လိုအပ်လျှင် ချွန်းကိုသုံးသောအခါလည်းရှိသည်။

ယခုတော့ ဆင်ကောက်သွားချိန်ဖြစ်၍ ဓားမြှောင်ကြီးကိုသာယူလာသည်။ ထို့နောက် နှစ်လုံးပြူး ပါသင့်သည်။ သား[illegible] သားကောင်များနှင့်တိုး၍ ရန်ပြု၍ [illegible] မရလျှင်ရှင်းမည်။ ဆင်ကောက်ပြီးအပြ[illegible] သားကောင်များနှင့်တိုးလျှင်လည်း [illegible] စားအဖြစ် ပစ်သတ်ယူမည်။

ကိုချစ် ပတ်ဝန်းကျင်တောတော[illegible] များကို နားမျက်စိစွင့်ပြီး ဆင်ခြေရာ[illegible] အတိုင်းလျှောက်လိုက်နေသည်။ တော[illegible] သောဆင်ခြေရာသည် ထင်ရှား[illegible] ကြောင့် အထူးတလည်ဂရုစိုက်ပြီး[illegible] ရန်မလိုပေ။ ထို့ကြောင့်လည်း အ[illegible] မထင် သားရဲသားကောင်ကြီးများ[illegible] မည်စိုး၍ ပတ်ဝန်းကျင်ကိုသာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



စွင့်ပြီး မှန်မှန်နှင့်မြန်မြန်ဆက်လျှောက်နေသည်။

ယခုအခါ နွေလယ်ရာသီဖြစ်၍ ဆင်များကို အလုပ်မခိုင်းဘဲ အနားပေးထားသည်။ ဆင်များကို ကုန်းတစ်ပိုင်းရေတစ်ပိုင်းဟုဆိုရမည်။ ဆင်များမှာ ကုန်းသတ္တဝါဖြစ်သော်လည်း ရေကြိုက် (အအေးကြိုက်)သည်။ အပူဒဏ်ကို မခံနိုင်ကြပေ။ ထို့ကြောင့် တပေါင်းလဆုတ်စသည်မှ မိုးရေပေါက်သည်အထိ အလုပ်ခိုင်းဘဲ အနားပေးကာ အပူလျော့သောတောနက်ထဲ၌ ဆင်ကျောင်းစခန်းဖွင့်ထားကြရသည်။

ကိုချစ်ဆင်ခြေရာအတိုင်း တောင်ဆွယ်တစ်ခုကို လျှောက်တက်ခဲ့သည်။ ထို့နောက် ကုန်းကမူအတိုင်းဆက်လျှောက်သည်။ တောကနက်သည်ထက်နက်လာသည်။ ပဲခူးရိုးမကြီး၏ တကယ့်တောတစ်နေရာဖြစ်သည်။

လူသူမရောက်နိုင်လောက်အောင် တောနက်ထဲသို့ရောက်လာ၍ သစ်ပင်ကြီးများက ခက်မများဖြင့် အုပ်မိုးလျက်ရှိသည်။ ထို့ကြောင့် နေပြောက်မျှပင်မထိုးပေ။

www.burmeseclassic.com

www.burmeseclassic.com

ကိုချစ် ဆင်ခြေရာများကို အာရုံစိုက်ပြီး လှမ်းလျှောက်နေရင်း လူလိုလို အရိပ်သဏ္ဍာန်လေးများကိုမြင်လိုက်ရ၍ ခြေတုံ့သွားသည်။ ထို့နောက် အကွယ်တစ်ခုကိုပြေးကပ်ပြီးကြည့်သည်။ သုံးနှစ်သားခန့်အရွယ်လူပုများ ဖြစ်လေသည်။ ထို့ကြောင့် ကိုချစ် အလွန်အမင်း အံ့သြသွားရသည်။

ထို့နောက် လူလား၊ မျောက်လား၊ သရဲများလား အသေချာကြည့်သည်။ သေနတ်ကိုလည်းအသင့်ပြင်ထားသည်။ ဤမျှနက်သော တောထဲ၌ လူကလေးများတော့ မဖြစ်နိုင်ပေ။ ဆင်ကျောင်းသမားများ၊ ရိုးကျော်မုဆိုးများမှတစ်ပါး ဤနေရာသို့တစ်စုံတစ်ယောက်မရောက်နိုင်။

အသေချာကြည့်မိမှ လူမဟုတ်ပေ။ လူနှင့်တူသောသတ္တဝါတစ်မျိုးဖြစ်သည်။ သုံးနှစ်သားကလေးအရွယ်ခန့်ရှိပြီး အားလုံးဆယ့်နှစ်ကောင်ဖြစ်သည်။ ထိုအထဲမှ အမွေးထူများဖြင့် အနီစပ်စပ်လည်း နှစ်ကောင်ပါသည်။ နီစပ်စပ်နှစ်ကောင်က မျောက်နှင့်ပိုတူသည်။ အားလုံး ကလေးများကဲ့သို့ ဆော့ကစားနေကြသည်။ လူကိုရန်ပြုမည့်ရုပ်လက္ခဏာမျိုးလည်းမဟုတ်ပေ။ လူနှင့်တူသော သတ္တဝါမျိုးဖြစ်၍ ကိုက်ခဲတတ်မည့်သဘောလည်း မရှိပေ။ လူကိုရန်ပြုနိုင်မည်ဟုမထင်သောကြောင့် ကိုချစ်သည် ထိုးချိန်ထားသောနှစ်လုံးပြူးကို မြေမှာထောက်ပြီး လူတူကောင်လေးများအား အသေချာ အကဲခတ်ပြီးကြည့်သည်။

တကယ့်လူကလေးများစုပေါင်းပြီး ဆော့ကစားနေကြသည်နှင့်တူလေသည်။ တစ်ကောင်နှင့်တစ်ကောင်တို့လိုက်၊ စလိုက်၊ ပုတ်ခတ်လိုက်၊ ဝိုင်းကြီးပတ်လည်ပြေးလိုက်၊ သူတို့အချင်းအော်ပြောနေကြသည်မှာလည်း ငှက်သံနှင့်တူသောလူစကားမျိုးဖြစ်သည်။

ပြေးလွှားဆော့ကစားနေကြရင်း အချင်းချင်းတိုးတိုက်မိ၍ တစ်ကောင်လဲကျသွားသည်။ ထိုအကောင် ချက်ချင်းပြန်မထနိုင်ပေ။ မြေပြင်တွင် လူးလိမ့်သကဲ့သို့ဖြစ်နေသည်။ ထို့ကြောင့် ထိခိုက်ဒဏ်ရာများရသွား၍ နာကျင်သွား၍ပင် ပြန်မထနိုင်လေသလားဟု ကိုချစ်အကဲခတ်ကြည့်သည်။

သို့သော်လည်း ကိုချစ်ထင်သလိုမဟုတ်ပေ။နီစပ်စပ်အကောင်တစ်ကောင်က သစ်ကိုင်းတစ်ကိုင်းကို မေးထိုးပြလိုက်ရာ လဲကျနေသောအကောင်သည် သစ်ကိုင်းကိုဆွဲပြီး အကောင်းအတိုင်းပြန်ထကာ ဝိုင်းထဲသို့ပြန်ဝင်လာသည်။

ပြေးလွှားခြင်း၊ ပုတ်ခတ်ခြင်း၊ တွန်းတိုက်ခြင်း စသော ကစားနည်းများကို တစ်မျိုးပြီးတစ်မျိုးအပြောင်းအလဲပြုလုပ်ရန် နီစပ်စပ်အကောင်ကသာ အမိန့်ပေးနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် သူတို့အထဲတွင် နီစပ်စပ်အကောင်သည်သည် ဆရာကြီးဖြစ်ဟန်တူသည်။ လူနှင့်တူသောကြောင့်ပင် လူကလေးများလို ဆော့ကစားကြခြင်းဖြစ်ပေမည်။

စက်ဝိုင်းပုံစံမျိုးကစားနေကြသည်မှာ ပိုပြီးပင်ကြည့်၍ကောင်းသည်။ အဝိုင်းကိုကျုံ့လိုက်၊ ချဲ့လိုက်၊ လခြမ်းသဏ္ဍာန်လုပ်လိုက်နှင့်အတော်ကလေးပင် ကြည့်ကောင်းသည်။ နီစပ်စပ်တစ်ကောင်က အမိန့်ပေးလိုက်တိုင်း ကစားနည်းပြောင်းလဲသွားသည်ကိုလည်း ကိုချစ်သတိပြုမိသည်။ ထို့ကြောင့် သူတို့အထဲတွင် နီစပ်စပ်နှစ်ကောင်သည် ဆရာကြီး (အုပ်ထိန်းသူများ) ဖြစ်မည်မှာ သေချာသည်။

ကိုချစ်သည် အကောင်လေးများ ဆော့စကားနေကြသည်ကိုကြည့်နေရင်း ဗိုက်ဆာ၍ နာရီကြည့်လိုက်ရာ နေ့လယ် (၂)နာရီရှိနေပြီ။ ထို့ကြောင့် ထမင်းထုပ်ကိုဖွင့်စားပြီး ဘူးထဲကရေကို သောက်သည်။ ထို့နောက် စဉ်းစားသည်။

သည်အကောင်လေးများထဲမှ နှစ်ကောင်လောက်ကို ပြေးဖမ်းလျှင်နိုင်မှာလား။ လူကိုများပြန်လည်တိုက်ခိုက်မှာလား။ မတိုက်ခိုက်လျှင်လည်း တောနေသတ္တဝါလေးများဖြစ်၍ အပြေးသန်သောကြောင့် လက်ရဖမ်း၍ရနိုင်မည်လား။ သေနတ်နှင့်ပစ်သတ်ပြီး ယူသွားလျှင်ကောင်းမလား။ မည်သို့သော အမျိုးအနွယ်အကောင်ဆိုတာကို ကိုချစ်သိချင်နေသည်။ အသက်ရှင်လျက်ကို ဖမ်း၍မရလည်း အသေကောင်ကို သိတတ်သူများအားပြလျှင် ဘာကောင်ဟုပြောပြနိုင်သူရှိလေမလား။ သည်အကောင်လေးများသည် လူမဟုတ်နိုင်သလို သရဲတစ္ဆေများလည်းဖြစ်မည်မထင်ပေ။ လူတူသတ္တဝါလေးများသာဖြစ်မည်ဟုထင်သည်။

ထို့ကြောင့် လူတူသတ္တဝါမျိုးလား၊ သရဲမိစ္ဆာမျိုးလားဟု ကိုချစ်ကွဲပြားခြားနားစွာသိချင်နေသည်။ ငယ်စဉ်ကပင် တောထဲတွင်ကျင်လည်နေလာခဲ့ဖူးသော ကိုချစ်သည် ဤသတ္တဝါလေးများကို တစ်ကြိမ်တစ်ခါမျှ မတွေ့၊ မမြင်ဘူးပေ။ ထူးဆန်းလွန်းသည်။

ကိုချစ်သည် အချိန်မည်မျှကြာအောင် စိတ်ဝင်စားစွာဖြင့် သတ္တဝါလေးများအား ကြည့်နေမိသည်မသိ။ သတိပြုမိသောအခါ နေလုံးပျောက်နေလေပြီ။

"ဟာ . . . သွားပြီ"

ကိုချစ်နှုတ်မှ တိုးတိုးပြောလိုက်မိသည်။ ထို့နောက် ကိုချစ်တစ်အောင့်ကြာအောင် ငေးကာတွေနေမိသည်။ ငါဘာကြောင့်များ ဒီလောက်ကြာအောင် အဲဒီအကောင်လေးများကို စိုက်ကြည့်မိပါလိမ့်။ အချိန်ကုန်၍ပင်ကုန်မှန်းမသိလိုက်။ ထူးဆန်းလေခြင်း။

သည်အကောင်ကလေးများကပင် ငါ့စိတ်ကိုလှည့်စားထားကြလေသလား။ သည်အကောင်လေးများအား စိုက်ကြည့်နေမိ၍ပင် အခြားမမြင်မသိစေနိုင်သော တောစောင့်နတ် စသည်များကပင် ငါ့စိတ်ကိုလှည့်စားလိုက်ကြ၍လား။ ထို့ကြောင့်ပင် အချိန်ကုန်၍ကုန်မှန်းမသိဖြစ်သွားလေသလား။

သို့သော်လည်း နေလုံးပျောက်နေပြီဖြစ်၍ ကြာကြာစားနေချိန်မရပေ။ ဆင်နောက်သို့ လိုက်နိုင်ဖွယ်မရှိသလို စခန်းသို့ ပြန်နိုင်ဖွယ်လည်းမရှိတော့။ ထို့ကြောင့် လက်ကျန်ထမင်းကြမ်းကိုစားပြီး ရေဘူးထဲကရေကိုသောက်ကာတ... အိပ်၍ အဆင်ပြေမည့်သစ်ပင်ကြီးတစ်ပင်ကိုသာ ကြည့်ရှုရှာဖွေရလေသည်။

ထိုအခိုက်မှာပင် အကောင်လေးများသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေသည်။ ကိုချစ် ဘာမ... ဂရုမစိုက်နိုင်တော့။ နွယ်ပင်များရစ်ပတ်နေသည့် သုံးခွဆုံသစ်ပင်ကြီးတစ်ပင်ကိ... တက်လိုက်လေသည်။ ကိုချစ် သစ်ပင်... ပေါ်ရောက်သည်နှင့် အမှောင်ကျလေ... သည်။ တစ်ဆက်တည်းပင် လပြည့်ညအ... လဖြူဝန်းကြီးလည်း အရှေ့ဘက်သစ်ဆိုင်... တို့အကြားမှထွက်ပြူ၍လာလေသည်။

လူသူကင်းသောတောနက်ထဲတွင်... ဖြစ်နေ၍ သတိကြီးစွာထားရမည်။ သရဲ... မိစ္ဆာ၊ ဘီလူး စသူတို့၏ လှည့်စားဖမ်း... ခြင်းကိုခံရနိုင်သလို သားရဲတိရစ္ဆာန်များ... ၏ ရန်ကိုလည်းကြောက်ရသည်။ ကျား... သစ်၊ ကျား၊ ခြသေ့ စသော သားရဲများ... သည် သစ်ပင်ပေါ်ကို ကောင်းစွာတက်... နိုင်ကြသည်။ ထို့နောက် စပါးကြီး စပါး... စသောမြွေကြီးများ၏အန္တရာယ် အိပ်ပျော်... ကျနေခိုက်၌ ထိုထိုအန္တရာယ်များနှင့်... ရင်မဆိုင်ရဟု မပြောနိုင်ပေ။

ကိုချစ်သည် အတောင်နှစ်ဆ... ခန့်မြင့်သည့်ချုံနွယ်များရစ်ပတ်နေသော... သစ်ခွဆုံကြီးတွင်ထိုင်လိုက်သည်...





www.burmeseclassic.com

www.burmeseclassic.com

ချုံများလည်း ရစ်ပတ်နေ၍ အဆင်ပြေသည်။ အိပ်ပျော်နေလျှင် အမှတ်မဲ့ပြုတ်ကျဖွယ်မရှိပေ။ ဗိုက်ဆာလျှင် ရေကိုသောက်သည်။ထမင်းကျန်သုံးလေးလုတ်မျှသာစားရ၍ ဝမ်းမာတ်ကိုမငြိမ်းနိုင်ပေ။ ရေကအလုံအလောက်ပါနေ၍တော်သေးသည်။ ထို့ကြောင့် သည်ညအဖို့ ဝမ်းမာတ်ကိုရေနှင့်ငြိမ်းသတ်ရုံသာ။

ထို့နောက် ကိုချစ်သည် နောက်ကျူနေမိသောစိတ်ကိုငြိမ်အောင်ထားလိုက်သည်။ ထို့နောက် ပြုမြဲအတိုင်း ဘုရား၊ တရား၊ သံဃာ စသည့် ရတနာမြတ်သုံးပါးတို့အား သုံးပါးတို့အား အာရုံပြုကာ လက်အုပ်ချီလိုက်သည်။ မေတ္တာပို့ အမျှဝေသည်။

ပြီးမှ စိတ်ကိုငြိမ်အောင်ထားပြီး အမှောင်ကိုထွင်း၍ မြင်နိုင်သမျှဟိုဟိုဒီဒီကြည့်သည်။ တစ်အောင့်အကြာတွင် နွေရာသီဖြစ်သော်လည်း တောနက်ထဲ၏သဘောအလျောက် နှင်းလိုက်လာသည်။ ညလေသွေ့လာ၏။ ထို့ကြောင့် အအေးလည်း ပိုလာသည်။ နှင်းစိုသော သစ်ရွက်လေးများသည် ညလေနှင့်အတူ လရောင်အောက်တွင်လက်လက်ခတ်နေကြသည်။

ညနက်ပိုင်းသို့ရောက်လျှင် သည်ထက် ပိုအေးလာနိုင်သည်။ ယခုပင် အရစ်ရစ်ဖြင့် အအေးဓာတ်ထိကပ်လာနေသည်ကို သတိပြုမိသည်။ သို့သော်လည်း တောနေတောသွားတောသားဖြစ်သည့် ကိုချစ်အဖို့ ဤမျှသော ရာသီဥတု၏အအေးဒဏ်ကိုမှုရန်မရှိပေ။ ဖြစ်သလို မိုးအလင်းအိပ်လိုက်ရုံသာ။

❑

"ငေါင်း ငေါင်း ခြေတစ်ချောင်း မစားကောင်း"

ကိုချစ်ဖျတ်ခနဲလန့်နိုးသွားသည်။ ထူးသံလိုလိုအသံလေးများကို ကြားလိုက်သည်။ ဘယ်ကမှန်းတော့ မသိလိုက်ပေ။ ထို့ကြောင့် ကိုချစ်အနည်းငယ်မျက်လုံးကျယ်သွားသည်။

ကြားလိုက်သည်မှာ လူသံအတိုင်းဖြစ်သည်။ လူသီချင်းဆိုသံမျိုးလိုလိုဖြစ်သည်။ သို့သော်လည်း ဤမျှနက်သော တောကြီးမျက်မည်း၌ လူသူမရှိနိုင်၍ လူသံဖြစ်နိုင်ပါ့မလား။

နာ်နာဘာဝတို့၏ အသံပေလား။ သင်းခွေချပ်တို့သည်ပင် လူသံကဲ့သို့ အော်ကြလေသလား။ သင်းခွေချပ်တို့သည်လည်း လူသံလိုအော်တတ်ကြသည်။

သို့တည်းမဟုတ် အခြားကိုချစ်တို့မသိနိုင်သော တောသတ္တဝါတစ်ကောင်ကောင်ကပင် အော်လိုက်သောအသံပေလား။

"ငေါင်း ငေါင်း ခြေတစ်ချောင်း မစားကောင်း. . ."

"ငေါင်း ငေါင်း ခြေတစ်ချောင်း မစားကောင်း. . ."

"ဟာ"

ယခုအကြိမ်မှကြည့်လိုက်ရာ နေ့လယ်မှ မိုးချုပ်သည်အထိ မြင်တွေ့လိုက်ရသော သတ္တဝါကောင်လေးများ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သစ်ရွက်များ၏အကြားမှ ကွက်တိကွက်ကျားယိုကျနေသော လရောင်အောက်တွင် သတ္တဝါကောင်လေးများ ဆော့ကစားနေကြလေသည်။

သူတို့၏အော်မြူးနေကြသည်မှာလည်း လူများ၏သီချင်းသံအတိုင်းဖြစ်သည်။ လူများကဲ့သို့ပင် သီချင်းဆိုပြီး ကခုန်နေကြခြင်းဖြစ်ပေမည်။ နေ့ခင်းနေ့လယ်က ကခုန်နေကြသည့်အတိုင်းပင်ဖြစ်သည်။ အရပ်က ကလေးများဝိုင်းကြီးပတ်လည်ဆော့ကစားကြသည်နှင့်တူသည်။

"ငေါင်း ငေါင်း ခြေတစ်ချောင်း မစားကောင်း"

ဟူသောသီချင်းကိုလည်း ခဏခဏဆိုကြသည်။ ထိုသို့ သုံးလေးကြိမ်အော်လိုက်ပြီးနောက် 'ငေါင်းသူလူမသိ' ဟူသောအသံကိုလည်း ဆက်ကာကြားရသည်။ ဤသည်ပင် သူတို့၏ဆိုနေကျ သီချင်းဖြစ်ဖွယ်ရှိသည်။ သစ်တောကြီးထဲတွင်ဖြစ်သော်လည်း သူတို့ ကခုန်နေကြသည့်နေရာတွင် လရောင်ပိုများသည်။ ထို့ကြောင့်ပင် သည်နေရာမှာလာကစား



ရင်း သီဆိုကနေကြခြင်း ဖြစ်မည်ထင်သည်။သည်အကောင်တလေးများသည် ညပင်မအိပ်ကြလေသလား။ ကျားသစ်၊ ဝက်ဝံများကပင် မကိုက်၊ မစားကြလေသလား စသည်ဖြင့် ကိုချစ်တွေးမိသည်။

လဲကျလျှင်ပင် ချက်ချင်း ပြန်မထနိုင်သည်ကို မြင်လိုက်ဖူး၍ ထွက်ပြေးတိမ်းရှောင်ရန်တတ်နိုင်မည်မဟုတ်သောကြောင့် ကျား၊ ကျားသစ်၊ ဝက်ဝံများသာ ကိုက်သတ်စားသောက်လျှင် မျိုးတုံးနိုင်သည်။

ရုပ်နာမ်ရှိသောသတ္တဝါတိုင်းသည် မအိပ်မစားဘဲမနေနိုင်သောကြောင့် နေ့ကလည်းမအိပ်၊ ယခုလည်း ဆော့ကစားနေကြ၍ ညနက်ပိုင်းမှာသာ အိပ်စက်အနားယူကြလေသလားဟုလည်း ကိုချစ်ဖြည့်တွေးမိသည်။

ထို့နောက် တစ်အောင့်အကြာတွင် သတ္တဝါကောင်လေးအချို့ထွက်ပျောက်သွားကြပြီး နှစ်ကောင်တည်းသာကျန်နေခဲ့သည်။ ကျန်သော နှစ်ကောင်ကို အသေချာကြည့်လိုက်ရာ နီစပ်စပ်အကောင်လေးများဖြစ်နေကြလေသည်။

ထိုနှစ်ကောင်သည် သတ္တဝါလေးအားလုံးတို့၏ ဦးစီးဆရာများသာဖြစ်နိုင်၍ အဘယ်ကြောင့် အပေါင်းအဖော်များနည်းတူ လိုက်မသွားကြပါလိမ့်။ အကြောင်းတစ်ခုခုရှိ၍ပင် ကျန်နေခဲ့ကြလေသလား။

ထိုနှစ်ကောင်သည် သစ်ကိုင်းနှစ်ကိုင်းကိုကိုင်ပြီး ထိုင်လိုက်၊ ထလိုက်လုပ်နေကြသည်။ သီချင်းမဆိုကြဘဲ မြေပြင်ကိုသာ တုတ်ဖြင့်ခြစ်နေကြလေသည်။ ထို့နောက် ထိုနီစပ်စပ်နှစ်ကောင်လည်း ထွက်သွားကြပြန်သည်။ သူတို့ အိပ်တန်းရှိရာကို ထွက်ပြေးကြခြင်းဖြစ်ပေမည်။

ကိုချစ်သက်မတစ်ချက်ကိုချလိုက်သည်။ ထို့နောက် လက်ပတ်နာရီကိုကြည့်လိုက်ရာ ည (၁၁) နာရီရှိနေပြီ။ အချိန်ကမနည်းတော့။

❑

ဆင်ဦးစီးများ မနက်စာချက်ပြုတ်နေကြသံကိုကြားနေရသည်။ ကိုချစ်မထသေးပေ။ တောနက်ထဲ၌ သူတွေ့ကြုံခဲ့ရသော လူပုသတ္တဝါကလေးများ၏အကြောင်းကို တစ်ယောက်တည်းကျိတ်ပြီး စဉ်းစားနေသည်။

မနေ့က ကိုချစ် သစ်ခွကြားတွင် အိပ်ပျော်ရင်း မနက်စောစောနိုးလာသည်နှင့် တောင်ခြေက သူစီးသောဆင်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်ကြီးအောင်ဘွား၏ခလောက်သံကို ကြားရ၍ သစ်ခွကြားမှဆင်းကာ အောင်ဘွားကိုတက်စီးပြီး စခန်းသို့ပြန်လာခဲ့သည်။ အောင်ဘွားလည်း တောထဲ အစာရှာစားရင်း တစ်ပတ်လည်ကာ ကိုချစ် သစ်ခွအပေါ်တက်အိပ်နေသည့် တောင်ခြေသို့ရောက်လာ၍ဟန်ကျသွားသည်။ တောထဲလိုက်ရှာပြီးကောက်ရန် မလိုတော့။

ကိုချစ် စခန်းသို့ပြန်ရောက်ပြီးနောက်လည်း တစ်ဦးတစ်ယောက်ကိုမျှ သူတောထဲ၌ထူးဆန်းသောသတ္တဝါလေးများတွေ့ခဲ့ရသည့်အကြောင်းကိုပြောမပြပေ။ မျက်စိလည်ပြီး တောထဲမှာ တစ်ညအိပ်နေခဲ့သည်ဟုသာပြောပြလိုက်သည်။

ဆင်ဦးစီးစသော တောလုပ်သားများအဖို့ တောထဲတွင် မျက်စိလည်တတ်သည်မှာ အဆန်းမဟုတ်တော့။ ထို့ကြောင့် ဘယ်သူမှလည်းအထူးအဆန်းလုပ်ကာ မေးမြန်းခြင်းမပြုကြတော့။

ကိုချစ်က ထိုအကောင်လေးများထဲမှ အဝါတစ်ကောင်နှင့် အနီတစ်ကောင်မျှကို လက်ရဖမ်းယူချင်နေသည်။ ထူးဆန်းလွန်းသောကြောင့်လည်း ဖမ်းချင်၊ လိုချင်စိတ်အားကြီးနေသည်။ လက်ရဖမ်းကာ ကိုယ်တိုင်ကြည့်ရှုစမ်းသပ်ပြီး ဘာကောင်များဖြစ်သည်ကို သိချင်နေသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ကိုမျှ ပြောပြခြင်း၊ ဖွင့်ဟတိုင်ပင်ခြင်းမပြုသေးဘဲ တစ်ယောက်တည်းကျိတ်ပြီး စဉ်းစားနေသည်။

ဆင်ဦးစီးများချက်ပြုတ်ပြီးနောက် ကိုချစ်အား မနက်စာစားသောက်ရန် နှိုးသော်လည်း မထူးဘဲနေ၍ -

"ဒီကောင် တောထဲမှာ တစ်ည မျက်စိလည်နေခဲ့ရလို့ အိပ်ရေးပျက်ပြီး အတော်လေးပင်ပန်းလာတာနဲ့တူတယ်"

ဟု ပြောပြီး သူတို့မနက်စာစားသောက်ကာ ဆင်ကောက်ရန် တောထဲသို့ဝင်သွားကြသည်။

သို့မှ ကိုချစ် အိပ်ရာမှထသည်။ မနက်စာစားသောက်ပြီးနောက် ထမင်းထုပ်ထုပ်ကာ တောထဲသို့ပြန်ဝင်လာခဲ့သည်။အကောင်လေးများကို မည်သို့ဖမ်းလျှင် အဆင်ပြေမည်ကိုလည်း တစ်လမ်းလုံး စဉ်းစားလာသည်။ ထိုနေရာကို အလွယ်တကူမှတ်မိစေရန်နှင့် လမ်းမမှားစေရန် ဆင်ပေါ်ကပင် သစ်ကိုင်းများကို ဓားထစ်ထားခဲ့၍ အကောင်လေးများအား တွေ့ခဲ့သောနေရာကို စောစီးစွာ ရောက်လာခဲ့သည်။ ကိုချစ်ရောက်လာချိန်၌ အကောင်ကလေးများလည်း မရှိကြသေးပေ။ အကောင်လေးများဆော့ကစားကြသည့်နေရာတစ်ဝိုက်ကို ဝါးရွက်များခင်းထားလိုက်ပြီးနောက် ကိုချစ်ချုံထူသည့်နေရာတစ်ခုထဲသို့ ဝင်လိုက်သည်။ ပါလာသော ထမင်းထုပ်ကိုလည်းဖြေစားသည်။

မနက်(၁၁)နာရီရှိနေပြီ။အကောင်ကလေးများ ရောက်မလာကြသေးပေ။ ထို့နောက် ကိုချစ် သစ်ငုတ်ကိုကျောမှီပြီး အိပ်ပျော်သွားသည်။ ဖျတ်ခနဲပြန်နိုးလာ၍ ကြည့်လိုက်ရာ (၁၂)နာရီ။ ထို့နောက် ကိုချစ် အိပ်ပျော်သွားပြန်သည်။ ကိုချစ်လည်း ပင်ပန်းနေ၍ တစ်နာရီအိပ်ပျော်သွားလိုက်၊ နာရီဝက်အိပ်ပျော်သွားလိုက်၊ ပြန်နိုးလာလိုက်နှင့် ညနေစောင်းသို့ ရောက်လာခဲ့သည်။ အကောင်ကလေးများ ပေါ်မလာကြသေးပေ။

ထို့ကြောင့် နေရာပြောင်းသွားကြလေပြီလားဟု ကိုချစ်တွေးသည်။ နေရာပြောင်းသွားကြ၍ပင်မလာကြသလား။ သည်နေ့သည် သူတို့အစာရှာစားသောရက်၊ နားရက်တစ်ခုခုပင်ဖြစ်လေသလားဟုလည်း ကိုချစ် သံသယဝင်လာမိသည်။

နေသည်ပင် အတော်လေးစောင်းနေလေပြီ။ ထို့ကြောင့်အကောင်ကလေးများ မလာလောက်တော့ဘူးဟု ယူဆရသည်မတတ်နိုင်တော့။

ကိုချစ် လက်လျှော့ကာ စခန်းသို့ပြန်ရန် ဟန်ပြင်နေခိုက် ရှေ့နှင့်နောက်တွင် အနီလေးတစ်ကောင်စီနေလျက် အတန်းလိုက်လာနေကြသောအကောင်လေးများကို တွေ့လိုက်ရ၏။ ထို့ကြောင့် ကိုချစ်ဝမ်းသာသွားသည်။

ထို့နောက် လိုရမည်ရ သေနတ်ကို ကျည်ဖြည့်ပြီးမောင်းထိုးထားလိုက်သည်။ ထို့နောက် အသေအချာကြည့်သည်။ အနီးဆုံးကြည့်ခွင့်ရ၍လည်း ယခင်နေ့ကထက် အဆင်ပြေသည်။

အဝါရောင်(၁၀)ကောင်သည် သူ့အတွဲနှင့်သူဖြစ်ဟန်တူသည်။ (၅)ကောင်တွင် ကလေးများကို ကျောပိုးပြီးပါလာကြသည်။ ကလေးများကို ကျောပိုးထားကြသည်မှာ အမများသာဖြစ်မည်ဟုထင်သည်။

ထို့နောက် ရှေ့ဆုံးမှပါလာသော လူနီလေးက တုတ်တံတစ်ခုကိုလေထဲသို့ မြှောက်၍ စက်ဝိုင်းသဏ္ဍာန်လုပ်ပြီး ဆော့ကစားရင်းကခုန်ကြ၏။ ထို့နောက် တစ်ဖန် ဝိုင်းလိုက်ယိမ်းလိုက်လုပ်ကာ ကခုန်ကြသည်။ အချက်ကျကျဆိုဘိသို့ ကခုန်ဆော့ကစားနေကြရင်း [illegible]ရောင် တစ်ကောင် ဝါးရွက်ကို တက်နင်းမိရာ ခြေချော်ပြီးလိမ့်သွားလေ၏။ ထို့ကြောင့် နီစပ်စပ်အကောင်လေးက လက်ကိုကမ်းပေး၍ ဆွဲထူလိုက်မှပြန်ထလာပြီး ဝိုင်းထဲသို့ဝင်နိုင်သည်။

နောက်ဆုံးမှပါလာသော နီစပ်စပ်ကောင်လေးက ဝါးရွက်များရှိနေသည့် နေရာသို့မသွားကြရန် တားမြစ်နေသည်။ ထို့ကြောင့် အဝါကောင်လေးများဝါးရွက်ရှိသည့်နေရာသို့ မသွားကြတော့ပေ။ ထို့နောက် ထိုလူနီလေးကပင် ဝါးရွက်များကို တစ်ရွက်ချင်းကောက်ယူကာ အဝေးသို့သယ်ပစ်နေလေသည်။

ယခုမှ ကိုချစ် စူးစမ်းပြီး အသေချာကြည့်မိသည်။ အဝါကောင်လေးများမှာ ဒူးဆစ်မပါကြပေ။ အနီကောင်လေးများမှာသာ လူတို့ကဲ့သို့ ဒူးဆစ်ပါသည်ကို တွေ့ရသည်။ အဝါကောင်လေးများမှာ ဒူးဆစ်မပါ၍ လဲကျလျှင် ချက်ချင်း ပြန်မထနိုင်ခြင်း ဖြစ်ပေမည်။

ထို့နောက် ကုန်ခဲ့သည့်ညက -

"ဝေါင်း ဝေါင်း ခြေတစ်ချောင်း မစားကောင်း"

ဟု သီချင်းဆိုပြီး ကခုန်ကြသည်ကို ပြန်စဉ်းစားမိသည်။ ဝေါင်း ဟူသည်မှာ ခြေထောက်တစ်ချောင်းဟု ကြားရသည်။

ဝေါင်းများမှာ ခြေထောက်တစ်ချောင်းတည်းဖြင့်ခုန်ဆွခုန်ဆွသွားသည်။ နှုတ်သီးပါသော အကောင်မျိုးဖြစ်သည်။ နားလျှင် အပင်မှာ နှုတ်သီးကိုထိုးစိုက်ပြီး နားသည်။ ရန်သူများနှင့်တွေ့၍ ပြေးသောအခါမျိုးတွင် နှစ်ကောင်လည်းခွ[illegible] တွဲဖက်ပြီးမှ -

"ဝေါင်း ဝေါင်း ခြေထောက်တစ်ချောင်း မစားကောင်း"

ဟု အော်၍သာ ပြေးကြသည်[illegible] ဆိုကြသည်။ အပြေးသန်သည်။ လေ[illegible] သို့ လျှင်မြန်သည်လည်းသိရသည်။

ယခု ဝေါင်းဟုအော်သည်မှာ [illegible] သော်လည်း ခြေထောက်တစ်ချောင်း မဟုတ်ပေ။ နှစ်ချောင်းဖြစ်ပြီး ဒူးဆစ်မ[illegible] သည်မျှသာထူးသည်။ ဒူးဆစ်မပါ၍ ခြေထောက်တစ်ဖြောင့်တည်းဖြစ်နေသောကြောင့်သာ လဲကျလျှင် ချက်ချင်း ပြန်မထနိုင်ခြင်း ဖြစ်ပေမည်။

မည်သို့ပင်ဆိုစေ ဤအကောင်လေးများ ဝေါင်းဖြစ်သည်မှာ သေချာသည်။ သူတို့ကိုယ် ဝေါင်းဟု ပီပီသ[illegible] အော်သည်ကို ကြားရမြင်ရ၍ သိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖွယ်မရှိတော့ပေ။ ယခင်က ငေါ်င်းဟု ကြားဖူးရုံမျှသာရှိသည်။ ယခု ကိုချစ် ကိုယ်တိုင်မြင်တွေ့နေရပြီ။

တစ်ကောင်နှင့်တစ်ကောင်ရန်ဖြစ်ခြင်း၊ သတ်ပုတ်ကိုက်ခဲခြင်းလည်း မရှိကြပေ။ ဆော့ကစားခြင်း၊ ကခုန်ခြင်း၊ သီဆိုခြင်းဖြင့် ပျော်ရွှင်မြူးထူးနေကြသည်။ သီချင်းဆိုရာတွင်လည်း လူသံနှင့် အလွန်တူသည်။ လူကလေးများနှင့် တထပ်တည်းတူပြီး တစ်ကိုယ်လုံးအမွေးထူများဖုံးအုပ်နေသည်မျှသာထူးသည်။ လူလေးများနှင့်တူသောကြောင့် သနားစရာလည်းကောင်းသည်။လူကလေးများနည်းတူ ဆော့ကစားတတ်၍ ချစ်စရာလေးများလည်း ဖြစ်သည်။

ကိုချစ်သည် အကောင်လေးများအား စိုက်ကြည့်နေရင်း အိမ်မှာကျန်နေခဲ့ သူ့သားသမီးများအား အမှတ်ရသည်။ ထို့နောက် တူ၊ တူမလေးများ။ ကိုချစ်မှာသည်အရွယ် သားသမီး၊ တူ၊ တူမလေးများရှိသည်။ သည်အကောင်လေးများနည်းတူပင် ဖူပင်ခြင်းကင်းမဲ့စွာဖြင့် ပေါင်းပြီး ဆော့ကစားကြသည်။ သီဆိုကခုန်ကြ၏။ စားအတူသွားအတူဆိုတိသို့ပင် ချစ်ချစ်ခင်ခင်ရှိကြသည်။

ကိုချစ် တွေးရင်းက ကိုယ်ချင်းစာစိတ်ဖြင့် သားသမီး၊ တူ၊ တူမများနှင့် အစားထိုးနှိုင်းယှဉ်ကြည့်ကာ အကောင်လေးများအား သနားလာမိသည်။ အကောင်လေးများ၏ အချင်းချင်းသီဆိုမြူးထူးကြည်နူးနေသည်ကိုကြည့်ပြီးလည်း သားသမီး၊ တူ၊ တူမလေးများနည်းတူ သနားစိတ်၊ ကိုယ်ချင်းစိတ်များဝင်လာမိသည်။ ထို့ကြောင့် ဖမ်းလိုစိတ်လည်းမရှိတော့ပေ။

ထို့နောက် ကိုချစ်သည် ဆင်သမားဖြစ်သည့်အလျောက် သားသတ်၊ ငါးသတ်စသော အမဲလိုက်ခြင်းနှင့်လည်း ကောင်းပေ။ အမဲလိုက်ခြင်းမှာလည်း ချေ၊ သမင်၊ ရှဉ့်၊ မျောက်စသော သားသတ္တဝါလေးများအား ရက်စက်ရာရောက်သည်။

သူတို့ဘာသာ လွတ်လပ်စွာကျင်လည်ကျက်စားနေကြသည်ကိုသတ်ဖြတ်ခြင်းဖြင့် သူတို့လေးများအသက်သေကြရသလို သားတကွဲလင်တဖြာဆိုသို့ဖြစ်ကြရပေလိမ့်မည်။ ကြီးစွာသော ဒုက္ခရောက်သွားသောကစသည်လည်းဖြစ်ကြရပေလိမ့်မည်။

ကိုချစ် စသော သတ်သူများအဖို့လည်း ဝဋ်၊ ငရဲထူပြောပေလိမ့်မည်။ ဘက်ရှိဘဝကို စွန့်လွှတ်ပြီးသောအခါ၌



တနင့်တပိုးထမ်းပြီး အောက်လမ်းမှပြန်ကြရပေလိမ့်မည်။

လူဟူသည် အကောင်းလုပ်ရန် မွေးဖွားခြင်းဖြစ်သည်။ စာမေးပွဲဖြေဆိုရန် လေ့ကျင့်ခန်းသွင်းထားသည့် ကျောင်းသူကျောင်းလေးများနှင့်တူသည်။ လေ့ကျင့်ခန်းမပြုလုပ်လျှင် စာမေးပွဲကျမည်။

စာမေးပွဲကျလျှင် ကုန်ထမ်း၊ ဈေးရောင်းစား၍ရသေးသည်။ ဘဝစာမေးပွဲကျလျှင် အဖတ်ဆယ်၍ပင်ရနိုင်ဖွယ်မရှိတော့ပေ။ အနက်ကြီးသို့ သက်ဆင်းရမည်သာ ဖြစ်လေသည်။

ကိုချစ်သည် ထိုကဲ့သို့ တွေးတောတွေဝေကာ စဉ်းစားရင်း အကောင်လေးများအား ဖမ်းဆီးမည့်အစီအစဉ်ကို ရုတ်သိမ်းလိုက်သည်။ ထို့နောက် သားသတ်၊ ငါးသတ် စသော အမဲလိုက်ခြင်း၊ အမဲသတ်ခြင်းကိစ္စကိုလည်း အပြီးတိုင် စွန့်လွှတ်ကာ အမဲလိုက်လက်နက်များကိုလည်း ထိုနေရာမှာပင် ရိုက်ချိုးပြီး ထိုအနားမှထွက်လာခဲ့လေသည်။

(စာကြွင်း - အဘချစ်သည် ကျွန်တော့်အဖေ၏အစ်ကိုရင်းဖြစ်သည်။ အဘချစ်မှာ ဆင်ဦးစီးမှ ဆင်များပိုင်ရှင်ဖြစ်လာ၍ တောတောင်ထဲမှာကျင်လည်ရသည်ကများသည်။ တောတောင်အတွေ့အကြုံစုံသည်။ ကျွန်တော်ရေးခဲ့သောစာအတော်များများမှာ အဘချစ်အကြောင်းပါသည်။ သည်အကြောင်းကိုလည်း ကျွန်တော်ငယ်စဉ်က အိပ်ရာဝင်ပုံပြင်အဖြစ် အကြိမ်ကြိမ်ပြောပြခဲ့ဖူးသည်။

ထို့ကြောင့် လူနီလေးနှင့်တောဝက်ကြီးအကြောင်းကို ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရပြီးနောက် သည်အကြောင်းကို အဘချစ်နှင့် ပြန်ဆွေးနွေးဖူးသည်ကို ဤသို့ တင်ပြဦးမည်။

ငေါ်င်းများသည် တောနက်ထဲမှာသာနေသည်။ မုဆိုး စသော တောနက်ထဲတွင် ကျင်လည်ဖူးသူအချို့ မြင်ဖူးကြ၏။ အမွေးထူများဖုံးအုပ်ထား၍ အဝေးကမြင်ဖူးရုံဖြင့် အထီး၊ အမခွဲခြား၍ မရနိုင်ပေ။ ကလေးများအား ကုန်းပိုးထားကြသည်မှာ အမမဟုတ်ဘဲ အထီးများသာဖြစ်သည်။

သူတို့အော်သံ(သီချင်းဆိုကြသံ)မှာ လူသီချင်းကို ငှက်သံနှင့်ဆိုသကဲ့သို့တူသည်။ 'ငေါ်င်းငေါ်င်း ခြေတစ်ချောင်း မစားကောင်း' ဟု အော်ကြသံမှာ အမများဖြစ်ပြီး ထိုသို့ သုံး၊လေးကြိမ်အော်ပြီးနောက် 'ငေါ်င်းသူ လူမသိ'ဟု အော်ခြင်းမှာ အထီးများဖြစ်သည်။

အဝါရောင်အကောင်ကလေးများသာ ငေါ်င်းဖြစ်ပြီး အနီရောင်လေးများမှာ မှင်စာ (ကလေးတစ္ဆေ) များကဲ့သို့ အနည်းငယ်မျှ ကမ္ဘာဇာတ်ခွဲတန်ခိုးရှိသည့် သရဲအနွယ်ဝင်များဖြစ်သည်။ တောနက်ထဲ၌ အုပ်စုနှင့်နေထိုင်ကြသော သတ္တဝါများအားလိုက်ပါပြီး ထိန်းကျောင်းစောင့်ရှောက်ပေးလေ့ရှိကြသည်။

ငေါ်င်းများမှာ မျောက်များနှင့်ဆင်တူသော်လည်း မျောက်များလို သစ်ပင်ပေါ်မှာမနေတတ်ကြပေ။ သစ်ပင်ခေါင်း၊ ကျောက်ဂူစသည်များမှာ စုံတွဲငါးတွဲမျှသာ နေထိုင်ကြသည်။ (၂၀) မှ (၂၅)နှစ်အထိ အသက်ရှည်ကြသည်။

တချို့တောမုဆိုးများ ငေါ်င်းတို့၏ကစားကွင်းကိုတွေ့လျှင် အုပ်စုဖွဲ့ပြီး ငေါ်င်းများ ခြေချော်လဲကျအောင် ဝါးရွက်များခင်းကာ ချောင်းမြောင်းသတ်ဖြတ်စားသောက်ကြသည်။ မလဲလျှင်လည်း လိုက်၍မမီနိုင်ပေ။ ဒူးဆစ်မပါသော်လည်း ငှက်များပျံသည့်နီးပါးအပြေးမြန်၏။ အသား၏အရသာက မျောက်သားနှင့်ဆင်တူသည် စသည်ဖြင့် ဤဇာတ်ကြောင်းကို ပြောပြခဲ့ဖူးသော အဘချစ်သည် ကျွန်တော်အသက် (၄၀) တွင် တောင်ငူ၏အနောက်ဘက် ပဲခူးရိုးမတောင်ခြေ တဘက်ကွေ့ရွာလေးမှာပင် ကွယ်လွန်သည်။ အဘချစ်မှာ ကွယ်လွန်ချိန်တွင် အသက် (၈၆) နှစ် ဖြစ်သည်။


ဤစာစုကိုလည်း သွားလေသူ အဘချစ် (ဘကြီးချစ်) အား အောက်မေ့လွမ်းဆွတ်အမှတ်ရစွာဖြင့်ပင် ရေးသားလိုက်ရပါကြောင်း။

ထွန်းဇော်



www.burmeseclassic.com

www.burmeseclassic.com



(ကာတွံပါဖိနပ်စီး ရှေ့ထီးဆောင်း)

△ ကြံ့ရတနာ-ဆရာဖေယျာလင်း

# နတ်ဒေဝီမယ်တော်များနှင့် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ

## (ဒေဝီ ၇ ပါး၊ ဒေဝီ ၉ ပါး၊ ဒေဝီ ၁၂ ပါး)

□ ဒေဝီ(၇)ပါးမှော်သွင်းနည်း

ဒေဝီ(၇)ပါးမှော်ဝင်ဂါထာများ

၁။ သူရဿတီဒေဝီ မေ မာတာစ၊ သူရဿတီဒေဝီ အနုကမ္ပံ၊ ဥပ္ပဇ္ဇာနံ၊ လာဘန္တိမေ သူရဿတီဒေဝီ။

၂။ ဂဟာပတီဒေဝီ မေ မာတာစ၊ ဂဟာပတီဒေဝီ အနုကမ္ပံ၊ ဥပ္ပဇ္ဇာနံ၊ လာဘန္တိမေ၊ ဂဟာပတီဒေဝီ။

၃။ စန္ဒာဒေဝီ မေ မာတာစ၊ အနုကမ္ပံ၊ ဥပ္ပဇ္ဇာနံ၊ လာဘန္တိမေ၊ စန္ဒာဒေဝီ။

၄။ စန္ဒီဒေဝီ မေ မာတာစ၊ စန္ဒီဒေဝီ၊ အနုကမ္ပံ၊ ဥပ္ပဇ္ဇာနံ၊ လာဘန္တိမေ၊ စန္ဒီဒေဝီ။

၅။ မိန္ဒာဒေဝီ မေမာတာစ၊ မိန္ဒာဒေဝီ၊ အနုကမ္ပံ၊ ဥပ္ပဇ္ဇာနံ၊ လာဘန္တိမေ၊ မိန္ဒာဒေဝီ။

၆။ ကွန္ဒာဒေဝီ မေ မာတာစ၊ ကွန္ဒာဒေဝီ၊ အနုကမ္ပံ၊ ဥပ္ပဇ္ဇာနံ၊ လာဘန္တိမေ၊ ကွန္ဒာဒေဝီ။

၇။ သူရိယာဒေဝီ မေ မာတာစ၊ သူရိယာဒေဝီ၊ အနုကမ္ပံ၊ ဥပ္ပဇ္ဇာနံ၊ လာဘန္တိမေ၊ သူရိယာဒေဝီ။

ထိုအထက်ဖော်ပြပါ ဒေဝီခုနစ်ပါး မှော်ဂါထာကို ပေရွက်တစ်ရွက်လျှင် တစ်ဂါထာရေးပြီးလျှင် မီးရှို့ပြာပြုပြီး နံ့သာငါးပါးရည်နှင့်ဖျော်၍ ၎င်းဂါထာတို့နှင့် (၁၇)အုပ်စုတ်ပြီးလျှင် မိမိလိုရာဆုတောင်းလျက် ခုနစ်ရက်သောက်။ ငါးပါးသီလမြဲစေ၊ နှမသားချင်းစာနာ၊ ကာမေသုကိုရှောင်သော် သျှိ (၃) ပါး ပြီး၏။ လူနတ်ချစ်ခင်ပေ၏။ မျက်နှာပွင့်လန်းလည်း အခြွေအရံပေ၏။ လာဘ်လာဘ အပေါများစေ၏။

□ ဒေဝီခုနစ်ပါးဆေး

ဤ ဒေဝီခုနစ်ပါး ဆေးနည်းမှာ ဝိသေသထူးခြားသော ဆေးနည်းတစ်နည်း ဖြစ်သည်။ အကြောင်းမူ၍ ဒေဝီခုနစ်ပါးဆေးအား စီရင်ရာတွင် ဆေးအမယ်ခုနစ်မျိုးကို ခုနစ်နေ့သမီးတို့ကို ကြိတ်သွေးယူစေသောကြောင့် ဖြစ်ပေသည်။ ဆေးနည်းကား-

၁။ တနင်္ဂနွေနေ့တွင် တနင်္ဂနွေသမီးကို အကျော်အားသွေးစေရမည်။

၂။ တနင်္လာနေ့တွင် တနင်္လာသမီးကို ကရမက်အားသွေးစေရမည်။

၃။ အင်္ဂါနေ့တွင် အင်္ဂါသမီးကို စမွှာကိုသွေးစေရမည်။

၄။ ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဟူးသမီးကို ပန်းရင်းအားသွေးစေရမည်။

၅။ ကြာသပတေးနေ့တွင် ကြာသပတေးသမီးကို နံ့သာဖြူသွေးစေရမည်။

၆။ သောကြာနေ့တွင် သောကြာသမီးကို ပဲနံ့သာအားသွေးစေရမည်။

၇။ စနေနေ့တွင် စနေသမီးကို နံ့သာနီအားသွေးစေရမည်။

အထက်ပါ ဆေးရည်တို့ရသောအခါ ယင်းဆေးရည်တွင် ပျိုကညာခုနစ်ယောက်ပန်သောပန်း၊ ယင်းတို့လိမ်းသော သနပ်ခါးတို့ကို ရောစပ်ရမည်။ ပြီးလျှင် ယင်းတို့ကို- မင်းမဟာဂီရိတင်သော အုန်းသီးမှအုန်းရည်ဖြင့် ဒေဝီခုနစ်ပါးပွဲရှေ့တွင် ကြိတ်ရမည်။ ဆေးကြိတ်သောကာလ ဒေဝီခုနစ်ပါးပင့်၍ ဆေးကျူးရန် မန္တန်ကား -

'အမိပြာဖြူ ဆင်မညိုသည့် မိုး... ခုမူမြန်စွာ၊ ကွမ်းယာလက်ဖက်၊ ကာ... စမွှာအဖြာဖြာနှင့်၊ နံ့သာဆီမွှေး၊ ... ပေး၍၊ မနှေးခုသာ ပင့်ခေါ်ပါသည်... ဒေဝါမည်ရ မင်းနာဂနှင့်၊ ပဥ္စသိင်္ဂ၊ ... ရက္ခမိဟု၊ စန္ဒီစန္ဒာအဖြာဖြာနှင့်၊ ... နှမ၊ မယ်ဝဏ္ဏာပါ၊ ခေါ်ကြသိင်္ဂီ၊ ကိန္န... ပိဋကတ်သုံးပုံ၊ အလုံးစုံ၊ အာဂုံ... ထူးမြတ်သည့်ဒေဝါ၊ နတ်များစွာတို့ ... စွာမနှေး၊ သိကြားမြေးကို၊ အေး... ရင်ရင်၊ ပျော်ကြောင်းငယ်ဆင်... အေးရင်သံပြိုင်ကျူး၏လေး၊ ကျူး... ကျူးလေ၊ ဆေးမြတ်ဆွေ၊ ကျ... တေဇ တုံး၏လေး၊ စက်ပါတော့ ... တော်ငယ်လေ တောင်ကျော်မြို့ ... နှင့် ဆေးမွန်ကိုပျော်ကြောင်းလွှဲ၊ သိ... တမည်လက်ဆောင်ခံ၊ စန္ဒာရင်... သိကြားမြေးကို၊ ရွှေပုခက်ကယ်နှင့် ... ၏လေး။ တပါးတဲ့နတ်သခင်၊ ... စင်မြိုင်နှစ်ဦးကို၊ ထူးသိဒ္ဓိတင်၊ ... ငယ်တွင် ကျော်ထင်ပြည့်ဖြိုး၊ ဆေး... ဒေဝီမှုံထင်ကြီးပေတန်ခိုး'

ထိုမန္တန်နှင့် ဒေဝီ (၇) ပါး... ဆေးကျူးပြီးနောက် (ခုနစ်ခေါက်... ပါမည်) အောက်ပါမန္တန်နှင့် (၁၇) ... စုပ်ရပါမည်။

ဥုံ- သူရဿတီဒေဝီစ မေ... မာတာစ မေ သူရဿတီဒေဝီ အ... ဥပါဒါယလာဘံ ဒေဟိဒေဟိ။


ဆေးအသုံးကား ရာဇ... သျှိသုံးပါးအပြီးတိုင်၏။ အလွ... ကျယ်သဖြင့် ဉာဏ်ရှိသလိုသုံး...

ဤကား ဒေဝီ(၇)ပါးနှင့်...






www.burmeseclassic.com




(၁) သူရဿတီဒေဝီ




(၂) စန္ဒီဒေဝီ




(၃) ဓမ္မာဒေဝီ



(၄) ဂယာပတီဒေဝီ



(၅) မိန္ဒုရဒေဝီ



(၆) ဣန္ဒြာနုသီဒေဝီ

သည့်ဆေး၊ မှော်အစီအရင်များပါတည်း။ အကယ်စင်စစ် ဒေဝီ(၇)ပါးဆိုင်ရာဆေး၊ မှော်ဟုဖော်ပြထားသော်လည်း ဒေဝီ(၇) ပါးအစား သူရဿတီဒေဝီသာပါခြင်း၊ အချို့ဆေးစုတ်ဆေးကျူးဂါထာမန္တန်များ၊ ဒေဝီ (၇) ပါးအမည်စုံလင်သော အခြားအခြားသောဆေး၊ မှော်အစီအရင်များ စွာရှိသေးသော်လည်း ကျမ်းပြုစုနေခြင်း မဟုတ်ဘဲ ဆောင်းပါးစာမျှသာဖြစ်သော ကြောင့် ဤမျှလောက်သာ ဖော်ပြလိုက်ပါသည်။ ဤဆေး၊ မှော်အစီအရင်များ အပြင် ဒေဝီ (၇) ပါးနှင့်စပ်ဆိုင်သော ဒေဝီ(၇)ပါး ရုပ်စမအစီအရင်များလည်း ရှိပါသေးသည်။ သို့သော် ထိုဒေဝီ (၇)ပါးရုပ်စမများမှာ များသောအားဖြင့် ထွက်ရပ်လမ်းစဉ်သုံးများသာဖြစ်ကြောင်း



(၇) ဟီရနုသီဒေဝီ

တွေ့ရပါသည်။ သို့ဖြစ်ရာ ထွက်ရပ်လမ်းစဉ်သုံး ရုပ်စမများစွာရှိသည့်အနက်မှ မဟာပဋ္ဌာန်ထွက်ရပ်လမ်းမှ ဒေဝီ (၇) ပါး ရုပ်စမများကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။ (ဤဒေဝီ (၇)ပါးရုပ်စမများကို ဦးအောင် (မဟာပဋ္ဌာန်) ရေးသားသည့် မဟာပဋ္ဌာန်ကျမ်းမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။)

ယခုအခါ ဒေဝီ (၇) ပါးဟု ဂန္ဓာရီဝိဇ္ဇာမယပညာနယ်တွင် တွင်ကျယ်စွာ အသုံးပြု ဆောင်ယူစီရင်နေသော ဒေဝီ (၇)ပါးတို့၏ အမည်နာမအမျိုးမျိုး၊ ဆေးအစီအရင်မှော်အစီအရင်တို့ကို တော်သင့်ပြည့်စုံစွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုကျွန်ုပ်ရေးသားခဲ့သော ဒေဝီခုနစ်ပါးတို့ အမျိုးအမည်နာမကွဲပြားပုံနှင့် ဒေဝီ(၇)ပါး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အုပ်စုတို့ကို လွယ်ကူစွာ ရှင်းလင်းစွာ ပြန်လည် လေ့လာ သိရှိနိုင်ကြစေရန် အလို့ငှာ ပြန်လည် နှိုင်းယှဉ် တင်ပြလိုက်ပါသည်။

**အုပ်စု (၁)**

၁။ မိန္ဒဒေဝီ
၂။ သင်္ကြာဒေဝီ
၃။ ကိန္နရာဒေဝီ
၄။ မဏိမေခလာဒေဝီ
၅။ ရုက္ခဒေဝီ
၆။ စန္ဒီဒေဝီ
၇။ စန္ဒာဒေဝီ

**အုပ်စု (၂)**

၁။ သူရဿတီဒေဝီ
၂။ ဂဟာပတိဒေဝီ
၃။ စန္ဒီဒေဝီ
၄။ စန္ဒာဒေဝီ
၅။ ဣန္ဒရာဒေဝီ
၆။ သီရိဒေဝီ
၇။ မိန္ဒရာဒေဝီ

**အုပ်စု (၃)**

၁။ သူရဿတီဒေဝီ
၂။ ဂဟာဂတိဒေဝီ
၃။ စန္ဒီဒေဝီ
၄။ စန္ဒာဒေဝီ
၅။ ဣန္ဒရာဒေဝီ
၆။ သီရိဒေဝီ
၇။ မိန္ဒရာဒေဝီ

**အုပ်စု (၄)**

၁။ သူရဿတီဒေဝီ
၂။ ဂဟာပတိဒေဝီ
၃။ စန္ဒာဒေဝီ
၄။ စန္ဒီဒေဝီ
၅။ မိန္ဒာဒေဝီ
၆။ ဣန္ဒာဒေဝီ
၇။ သူရိယာဒေဝီ

**အုပ်စု (၅)**

၁။ သူရဿတီဒေဝီ
၂။ စန္ဒီဒေဝီ
၃။ စန္ဒာဒေဝီ
၄။ ဂဟာပတိဒေဝီ
၅။ မိန္ဒရဒေဝီ
၆။ ဣရာနသီဒေဝီ
၇။ ဟိရနသီဒေဝီ

ဖော်ပြပါ ဒေဝီ(၇)ပါး အုပ်စု (၅)ခုမှာ ယခုအထိ ကျွန်ုပ်တင်ပြခဲ့သော ဒေဝီ(၇)ပါးဂါထာမန္တန်၊ ဆေးဝါး၊ မှော်အစီအရင်တို့မှ ဒေဝီ(၇)ပါးအမည်များဖြစ်ကြ၏။ ထိုအုပ်စုများကိုနှိုင်းယှဉ်ကြည့်ပါက ဒေဝီအမည်နာမများလည်း မတူညီ၊ အစဉ်နာမအရေးစာလုံးသတ်ပုံလည်း အချို့ဆင်တူသော်လည်း အချို့လွဲမှားနေခြင်း၊ ဒေဝီမယ်တော်ကြီးများအားလုံး ဦးစားပေးစီစဉ်ထားမှုများလည်း မတူနေခြင်းစသည့် ကွဲလွဲချက်များကို တွေ့ရပေမည်။ ဆင်တူပြီး အနည်းငယ်အခေါ်အဝေါ် ကွဲလွဲနေသည်ကို ဥပမာရှေးရှင်းလင်းရသည်ကိုတွေ့ရပေသည်။ ထိုအတူ မိန္ဒ - မိန္ဒရာ - မိန္ဒရဒေဝီဟူ၍လည်း ကွဲပြားနေသည်ကို တွေ့ရပြန်ပါသည်။ ဒေဝီခုနစ်ပါးတို့တွင် အများဆုံး အကျုံးဝင် အသုံးပြု စီရင်နေသော နတ်ဒေဝီမယ်တော်များကို လေ့လာကြည့်သောအခါ -

၁။ သူရဿတီဒေဝီ
၂။ စန္ဒီဒေဝီ
၃။ စန္ဒာဒေဝီ
၄။ ဣန္ဒရာဒေဝီ
၅။ ဂဟာပတိဒေဝီ
၆။ မိန္ဒရာဒေဝီ
၇။ သီရိဒေဝီ

တို့သည် ဒေဝီ (၇)ပါး ဂါထာမန္တန်၊ အင်းစမအစီအရင်၊ ဆေး၊ မှော်တို့တွင် အများဆုံး အကျုံးဝင်ထည့်သွင်းစီရင်ဆောင်ယူနေကြကြောင်းတွေ့ရပါသည်။ ကွဲပြားထူးခြားစွာတွေ့မြင်ရသော လူအများရင်းနှီးကျွမ်းဝင်မှုမရှိသလို အချို့ ပညာရှင်ပင် ထိတွေ့သိရှိမှုနည်းသော ဒေဝီမယ်တော်များမှာ -

၁။ သင်္ကြာဒေဝီ
၂။ ရုက္ခဒေဝီ
၃။ သူရိယာဒေဝီ
၄။ ဟိနရဒေဝီ
၅။ ဣန္ဒာဒေဝီ

တို့ဖြစ်ကြပြီး မဏိမေခလာဒေဝီပင်လျှင် အလွန်အသုံးနည်းကြောင်း တွေ့ရပါသည်။ သို့ဖြစ်ရာ ဒေဝီ (၇)ပါးဟု ခေါ်ဝေါ်နေကြရာတွင် ထိုဒေဝီ (၇)ပါးတို့နှင့် ပတ်သက်၍အခြေအနေပြောရမည်ဆိုပါက ပုဂံရာဇဝင်တုတ်ထမ်းငြင်းရသည်ဆိုသကဲ့သို့ ဆရာချင်း၊ ဂိုဏ်းချင်းငြင်းခုံကြရန်ရှိသကဲ့သို့ သူမှန်သည် ငါမှန်သည်ပြော၍ သုံးမည်မဟုတ်ပေ။ သို့သော် အားလုံးကား ရှေးပညာရှိ ကဝိအမော် ဂန္ဓာရီဝိဇ္ဇာမယပညာရှင်ကြီးများ စီရင်ဆောင်ယူခဲ့ကြသောနည်းဖြစ်သဖြင့် ပညာမှန်ကန်မှု၊ လုပ်ဆောင်သည့် နည်းစနစ်ကျမှု၊ ယုံကြည်မှု၊ သီလသမာဓိအားကောင်းမှုတို့ကို အခြေပြု၍ စီရင်ကြရသည်ချည်းဖြစ်သဖြင့် ထိုအချက်များနှင့် ပြည့်စုံလုံလောက်ကြလေပါက မည်သည့်နည်းပင်ဖြစ်စေ အောင်မြင်ပေါက်မြောက်ကြမည်သာဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ စာဖတ်သူတို့လည်း မိမိတို့နှစ်သက်ရာ ရွေးချယ်နိုင်ကြပါ သည်။

**၂။ ဒေဝီကိုးပါးဝင်နတ်ဒေဝီမယ်တော်များ**

ကျွန်ုပ်တို့သည် ဒေဝီ (၇)ပါး၊ ဒေဝီ (၉)ပါးဟူ၍ ခေါ်ဝေါ်နေကြရာ ထိုဒေဝီ (၉)ပါးဝင် နတ်ဒေဝီမယ်တော်များမှာလည်း ကွဲလွဲချက်များရှိနေသည်ကို တွေ့ရပြန်ပါသည်။ ဦးစွာ ကဝေသာရကျမ်းလာဒေဝီကျမ်း (၉) ပါးကို ဦးစွာဖော်ပြလိုပါသည်။ ထိုကဝေသာရကျမ်းတွင် ဒေဝီ (၉) ပါးကို ဒေဝီ (၉) ပါးအကြီး မန္တန်တော်ကြီးတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

**ဒေဝီ (၉)ပါးအကျူးမန္တန်တော်ကြီး**

နေဝန်းစကြာ၊ လှည့်လက်ရွှင်ပြုံး အာကာသလမ်း၊ ယုဂန်နန်းဝယ်၊ ပ[illegible] သန်းရစ်ခွေ၊ သုံးထွေဝိဓိ၊ ခရီးညီလှ[illegible] ကျွန်းရှိလေးမည်၊ နှစ်ထောင်တည်လ[illegible] ကျွန်းမြတ်ကျွန်းငယ်၊ ရှစ်သွယ်မှော[illegible] ဆိပ်၊ ရေနိမိတ်နှင့်၊ တောရိပ်တော[illegible] တည်၊ မြစ်ရှည်စောင့်တတ်၊ မလပ်က[illegible] ကျဉ်း၊ အိုင်အင်းနိမ့်ရှမ်း၊ တောင်က[illegible] တောခို၊ လူကိုချစ်စိတ်၊ အောင်နိမိတ်[illegible] ဘိသိက်ပေးတတ် နတ်မြတ်ပြ[illegible] ကမ္ဘာတည့်တည့်၊ စောင့်သည့်ဒေ[illegible] သာသနာတွင် မြို့စောင့်ကြပ်နေ[illegible] မစ္ဆန်တသီး၊ နတ်မင်းကြီးက စသ[illegible] မလတ်၊ မိုးရပ်ကောင်းကင်၊ ဘုန်းလ[illegible] ဘုန်းစည်၊ အပြည်ပြည်တည့်၊ တည်[illegible] ညာ၊ သမာဆန္ဒ၊ ပြုကြစမြဲ၊ နတ်ခပ်[illegible] စွဲလောမ့်တ်နေ၊ နတ်နန်းမြေက၊ မ[illegible] ဒေဝီ၊ ခုနစ်လီကို (အထက်တွင်ပြ[illegible] သော ဒေဝီ (၇) ပါးကို ဆိုလိုပါသည်[illegible] စဉ်စဉ်မပြတ်၊ ဆရာအပ်၍၊ ကပ်လ[illegible] ပြီ၊ ဒေဝီ (၉)ပါး၊ ယုဂန်ခါးနှိုက်၊ နေ[illegible] ပါးပြုသဒ်၊ စိုးလပ်ကိုယ်စီ၊ ဆောင်သ[illegible] က၊ ကြွချီခဲ့ပါ၊ မာတာညီမြဲ၊ ဟိရိန္ဒ[illegible] ဣရန္ဒသီ၊ ဟံချီနွဲ့ကိ၊ မဏိရောင်[illegible] မေခလာမှ၊ သီတခေါင်မှတ်၊ ဝီသူရ[illegible] ထူးမြတ်မာယာ၊ ဖြူပြာဒေဝီ၊ လာ[illegible] [illegible] အဆင်း၊ မိမင်းကိုးဖြာ၊ နတ်သ[illegible] ကိုယ်မှာရောက်စိမ့်၊ နှုတ်သံသို့မိ့လ[illegible] မိန့်ဆိုမကွာ၊ ကိုးကွယ်ပါသည်။ လိပ်ပြာ လျင်မြန်၊ ရောက်စေမှန်၏။ အပ်နှံယ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တောင်းဆုပေးမည်၊ ရန်ဘက်ကြုံလည်း၊ တမ့်မွှားမွှား၊ နတ်ဆေးများနှင့် တိုက်ကြား တွန်းကြုံ၊ အသံမကြား၊ ရန်သူများလည်း ပြေးသွားကြစေ၊ ကျက်သရေတိုး၊ ဆေး အကျိုးကို ဘိုးဘွားမိမင်း၊ ခပင်းတသုံ၊ အလှည့်ကုန်။ ။

ဤကား ကဝေသာရကျမ်းလာ ဒေဝီ(၉)ပါးအကျူးမန္တန်တော်ကြီးဖြစ်ပါ သည်။ ဤမန္တန်တော်ကြီး၌ဆိုထားသည့် ဒေဝီ(၉)ပါးဆိုသည်မှာ အထက်ဖော်ပြ ခဲ့သော ကဝေသာရကျမ်းလာ ဒေဝီ(၇)ပါး တွင် (မဟာဒေဝီ၊ ခုနစ်လီဟု ဆိုထား ပါသည်။) ဇာဂရီဒေဝီနှင့် ဗျာဂရီဒေဝီဟူ သော ဒေဝီနတ်နှစ်ပါးကို ပေါင်းလျက် (၉)ပါးဒေဝီ မဟေသီနတ်မယ်တော်များ ဟု ဆိုထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ ဤကဝေသာရကျမ်းလာ ဤ ဒေဝီ(၉)ပါးအကျူးမန္တန်တော်ကြီး အဆို အရ ဒေဝီ (၉) ပါးတို့မှာ အောက်ပါအ တိုင်းဖြစ်ကြောင်း တွေ့ရပါလေသည်။

**(၁) ကဝေသာရကျမ်းလာ ဒေဝီ (၉) ပါး**

၁။ မိန္ဒဒေဝီ
၂။ သင်္ကောဒေဝီ
၃။ မဏိမေခလာဒေဝီ
၄။ ကိန္နရာဒေဝီ
၅။ ရူက္ခဒေဝီ
၆။ စန္ဒီဒေဝီ
၇။ စန္ဒာဒေဝီ
၈။ ဇဂရီဒေဝီ (ဇာဂရီဒေဝီဟုလည်း ဆိုကြသည်)
၉။ ဗျာဂရီဒေဝီ

ဟူ၍ ဒေဝီ (၉) ပါးအဖြစ် တွေ့ မြင်ရလေသည်။

ဗျာဂရီဒေဝီကို ပျက်တရီဒေဝီ ဟုခေါ်သည်ကိုလည်း တွေ့ဖူးပါသည်။ ဒေဝီ(၇)ပါးမှာကဲ့သို့ပင် ဤဒေဝီ (၉)ပါး ဝင်မယ်တော်များ အမည်နာမ၊ ဦးစား ပေးအစီအစဉ်တို့မှာလည်း ဂိုဏ်း၊ သမား စဉ်အစီအရင်အမျိုးအစားအလိုက်ကွဲပြား နေကြပြန်ကြောင်း တွေ့ရပါသည်။ အထက်တွင် ဖော်ပြခဲ့သော ဒေဝီ(၉)ပါး မယ်တော်များအပြင် ဒေဝီ (၉) ပါး မော်သွင်းနည်းတစ်ခုအဝင်အပါ ဒေဝီ (၉)ပါးတို့ကိုလည်း ဖော်ပြလိုပါသည်။

**ဒေဝီ (၉) ပါးမော်ဝင် ဒေဝီမယ်တော်များ**

၁။ သူရဿတီဒေဝီ
၂။ ဂဟာပတိဒေဝီ
၃။ စန္ဒီဒေဝီ
၄။ စန္ဒာဒေဝီ
၅။ စိတြဒေဝီ
၆။ သီရိဒေဝီ
၇။ ကိန္နရာဒေဝီ
၈။ ဟိဝိဒေဝီ
၉။ ပဏ္ဏာဒေဝီ

ထို့အပြင် အခြားဒေဝီ (၉) ပါး အစီအရင်တစ်ခုတွင်ပါဝင်ကာ ဒေဝီ(၉) ပါးတို့လည်းရှိကြပါသေးသည်။

ယင်းတို့မှာ -

- **ဒေဝီကိုးပါးအစီအရင်ဝင်ဒေဝီမယ်တော်များ**

၁။ သူရဿတီဒေဝီ
၂။ သီရိဒေဝီ (အချို့က သီရိဒေဝီဟု အခေါ်များသည်)
၃။ မဏိမေခလာဒေဝီ
၄။ သုန္ဒရီဒေဝီ
၅။ စန္ဒီဒေဝီ
၆။ စန္ဒာဒေဝီ
၇။ ရုက္ခာဒေဝီ (အချို့က ရုက္ခဒေဝီဟု ဆိုသည်)
၈။ ဂဟာပတာဦဒေဝီ (အချို့က ဂဟာ ပတိဒေဝီဟုဆိုသည်)
၉။ မိန္ဒရာဒေဝီ

ဟူ၍ ဒေဝီ (၉)ပါးဖြစ်ကြပါသည်။

သို့ဖြစ်ရာ ဒေဝီ (၇) ပါးနှင့် အမျိုး မျိုးကွဲပြားနေသလို ဒေဝီ(၉)ပါးဝင်နတ် ဒေဝီမယ်တော်များမှာလည်း အမျိုးမျိုးကွဲ ပြားနေကြကြောင်း တွေ့ရလေသည်။

တစ်ဖန် သူရဿတီဒေဝီကိုးမော် ဆေးအစီအရင်တစ်ခု၌ တွေ့ရှိလေသော နတ်ဒေဝီမယ်တော် (၉) ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

- **သူရဿတီဒေဝီကိုးမော်ဆေးဝင်ဒေဝီ မယ်တော်များ**

၁။ သူရဿတီဒေဝီ
၂။ ဂဟာပတိဒေဝီ
၃။ စန္ဒီဒေဝီ
၄။ စန္ဒာဒေဝီ
၅။ ဣန္ဒာဒေဝီ
၆။ မိန္ဒရာဒေဝီ
၇။ ကိန္နရာဒေဝီ
၈။ ဣရံနသီဒေဝီ
၉။ မဏိမေခလာဒေဝီ

ဟူ၍ ဖြစ်ကြပါသည်။

သို့ဖြစ်ရာ ဒေဝီ (၇) ပါးနည်းတူ ဒေဝီ (၉) ပါးဝင် နတ်ဒေဝီမယ်တော်များ မှာလည်း တစ်ကျောင်းတစ်ဂါထာ၊ တစ် ရွာတစ်ပုဒ်ဆန်းဆိုသလို ဆောင်ယူစီရင် သော ဂိုဏ်း၊ သမားစဉ်၊ ပညာစဉ်အရ အမည်နာမ ဦးစားပေး အစီအစဉ်များ ကွဲပြားခြားနေကြကြောင်းတွေ့ရပြန်လေ ရာ ပိုမိုထင်ရှားသိသာစေရန် အထက်၌ ဖော်ပြခဲ့သည့်အစီအရင်အမျိုးအစားများ အတိုင်း အုပ်စုအစဉ်လိုက်ခွဲ၍ နှိုင်းယှဉ် တင်ပြလိုက်ပါသည်။

**အုပ်စု (၁)**

၁။ မိန္ဒဒေဝီ
၂။ သင်္ကောဒေဝီ
၃။ မဏိမေခလာဒေဝီ
၄။ ကိန္နရာဒေဝီ
၅။ ရုက္ခဒေဝီ
၆။ စန္ဒီဒေဝီ
၇။ စန္ဒာဒေဝီ
၈။ ဇဂရီဒေဝီ
၉။ ဗျာဂရီဒေဝီ

**အုပ်စု(၂)**

၁။ သူရဿတီဒေဝီ
၂။ ဂဟာပတိဒေဝီ
၃။ စန္ဒီဒေဝီ
၄။ စန္ဒာဒေဝီ
၅။ စိတြဒေဝီ
၆။ သီရိဒေဝီ
၇။ ကိန္နရာဒေဝီ
၈။ ဟိဝိဒေဝီ
၉။ ပဏ္ဏာဒေဝီ

**အုပ်စု(၃)**

၁။ သူရဿတီဒေဝီ
၂။ သီရိဒေဝီ
၃။ မဏိမေခလာဒေဝီ
၄။ သုန္ဒရီဒေဝီ
၅။ ဂဟာပတာနီဒေဝီ
၆။ စန္ဒီဒေဝီ
၇။ စန္ဒာဒေဝီ
၈။ ရုက္ခာဒေဝီ
၉။ မိန္ဒရာဒေဝီ

**အုပ်စု (၄)**

၁။ သူရဿတီဒေဝီ
၂။ ဂဟာပတိဒေဝီ
၃။ စန္ဒီဒေဝီ
၄။ စန္ဒာဒေဝီ
၅။ ဣန္ဒာဒေဝီ
၆။ မိန္ဒရာဒေဝီ
၇။ ကိန္နရာဒေဝီ
၈။ ဣရနသီဒေဝီ
၉။ မဏိမေခလာဒေဝီ

အထက်ဖော်ပြပါအတိုင်း နတ် ဒေဝီမယ်တော်ကိုးပါးတို့အား အုပ်စု (၄) စုခွဲ၍ နှိုင်းလေ့လာကြည့်သောအခါ-

၁။ သူရဿတီဒေဝီ၊ ဂဟာပတိ



www.burmeseclassic.com

www.burmeseclassic.com

ဒေဝီ၊ မဏိမေခလာဒေဝီ၊ စန္ဒီဒေဝီ၊ စန္ဒာဒေဝီ၊ ကိန္နရာဒေဝီ၊ သိရိဒေဝီ၊ ရုက္ခဒေဝီ၊ မိန္ဒရာဒေဝီ စသည့် ဒေဝီမယ်တော်များသည် ဒေဝီ (၉)ပါးအုပ်စုတို့၌ အများဆုံး အကျုံးဝင်ကြကြောင်း တွေ့ရှိရပါသည်။ ဒေဝီ (၇) ပါးတို့၌လည်း ပါဝင်ခဲ့သော ဒေဝီမယ်တော်များဖြစ်ကြပါသည်။

၂။ မိန္ဒဒေဝီ၊ သင်္ကေတာဒေဝီ၊ ဇဂရီဒေဝီ၊ ဗျာဂရီဒေဝီ၊ ဟိစိဒေဝီ၊ ပဏ္ဏဒေဝီ၊ ဣရုံနသီဒေဝီ၊ သုန္ဒရီဒေဝီ၊ ဣန္ဒာဒေဝီ စသော နတ်ဒေဝီများမှာမူ သက်ဆိုင်ရာ အုပ်စုများနှင့်သာပါဝင်ပြီး အခြားအုပ်စုများ၌မူ ပါဝင်ခြင်းမရှိဘဲ အကျုံးဝင်မှုနည်းပါးသောဒေဝီမယ်တော်များဖြစ်ကြပါသည်။

၃။ သို့သော် ထိုအချက် (၂) ပါ ဒေဝီမယ်တော်များအနက် မိန္ဒဒေဝီ၊ သင်္ကေတာဒေဝီ၊ ဣန္ဒာဒေဝီ၊ ဣရုံနသီဒေဝီ စသော ဒေဝီလေးပါးတို့သည် ရှေ့က ဖော်ပြခဲ့ပြီးဖြစ်သော ဒေဝီ (၇) ပါးတို့၌ ပါဝင်သော နတ်ဒေဝီမယ်တော်များဖြစ်ကြလေသည်။ သို့သော် ကျန်ဇဂရီဒေဝီ၊ ဗျာဂရီဒေဝီ၊ ဟိစိဒေဝီ၊ ပဏ္ဏဒေဝီ၊ စိတြဒေဝီ၊ သုန္ဒရီဒေဝီစသော ဒေဝီ (၆) ပါးတို့မှာမူ ဒေဝီ (၇) ပါးတို့၌ ပါဝင်ခြင်း မတွေ့ရှိရပဲ ယခုဒေဝီ (၉)ပါးအုပ်စုများ ဟုခေါ်သော ဒေဝီအုပ်စုများရှိသာ မိမိတို့သက်ဆိုင်ရာ အုပ်စုများတွင် သီးခြားစီပါဝင်လာကြကြောင်း တွေ့ရှိရပေသည်။

တစ်ခုဆိုရန်ရှိသည်ကား ထိုနတ်ဒေဝီမယ်တော် (၄)အုပ်စုအနက် အမှတ် (၃) နတ်ဒေဝီများအုပ်စုဝင် ဒေဝီ (၉)ပါးနှင့်ပတ်သက်၍ ကျမ်းပြုဆရာက ယင်းကျမ်းပါအုပ်စု (၃)ဝင် ဒေဝီ (၉)ပါးတို့၏ အမည်နာမစာလုံးပေါင်း သတ်ပုံကအစ ဦးစားပေး အစီအစဉ်အဆုံးအားလုံးကို ၎င်းတာဝန်ယူသည်ဟု ဆိုမိန့်ထားသည်ကို တွေ့ရပါသည်။ (မှတ်ချက် - ဆရာကြီးမော်စက်ရှင်ခေါ် ပထမံဆရာထင်ကျော် ရေးသားပြုစုခဲ့သော ဒေဝီကိုးပါးအစီအရင်တော်ကြီးကျမ်းစာအုပ်ကို ရည်ညွှန်းပါသည်)

**ဒေဝီကိုးပါးဆိုင်ရာအစီအရင်များ**

**၁။ ဒေဝီကိုးပါးမော်သွင်းခြင်း**

နေ့ကောင်းရက်မြတ်ရွေးချယ်ပြီး ဒေဝီ (၉)ပါးကိုရည်၍ ကန်တော့ပွဲ (၉)ပွဲ၊ ပန်းပန်ကာ အမွှေးနံ့သာ၊ မီးမအံသုံးအဆောင်ပစ္စည်းအသစ်များနှင့် ပြင်ဆင်ရမည်။

ထို့နောက် ဖော်ပြထားသော ဂါထာများပါ ဒေဝီ (၉)ပါး (၉)ဂါထာတို့ကို မိုင်းကိုင်စက္ကူတွင် ဂါထာများတစ်ပုဒ်စီ (၉)ပုဒ် (၉)ရွက်ရေးပြီး ထိုဂါထာစာရွက်ကို မီးစာပြုလုပ်ကာ ဖယောင်းတိုင်လုပ်ရမည်။ ထိုဖယောင်းတိုင်လုပ်ရန်မှာ ပျားဖယောင်းစင်စစ် ငါးကျပ်သားနှင့် ဖယောင်းတိုင်လုပ်၊ ဂါထာစာရွက်များကို သက်ဆိုင်ရာ ဒေဝီ (၉)ပါးဂါထာတို့နှင့် (၉) အုပ်စီစုတ်ရမည်။ ထို့နောက် ဖယောင်း (၉) တိုင်ကို မိမိမွေးနေ့ကစလို့ တစ်နေ့တစ်တိုင်ကျထွန်းပြီး ပြာကို အုန်းရည်နှင့်သောက်ရပါမည်။ ဤရက်များအတွင်း ဒေဝီ (၉) ပါးဂါထာကိုလည်း မပြတ်ရွတ်ရမည်။

**□ ဒေဝီ (၉) ပါးဂါထာများ**

၁။ ဦး သူရဿတီ ဒေဝီစ မေမာတာ၊ မာတာစ မေ သူရဿတီ ဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန်၊ လာဘံမေ ဒေးဟိတိ သူရဿတီ ဒေဝီ။

၂။ ဦး ဂဟပတိဒေဝီစ မေ မာတာ၊ မာတာမေစ ဂဟပတိဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံ မေ ဒေးဟိတိ ဂဟပတိဒေဝီ။

၃။ ဦး စန္ဒီ ဒေဝီစ မေမာတာ၊ မာတာမေစ စန္ဒီဒေဝီ၊ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံ မေဒေးဟိတိ စန္ဒီဒေဝီ။

၄။ ဦး စန္ဒာဒေဝီစ မေမာတာ၊ မာတာမေစ စန္ဒာဒေဝီ၊ အနုကမ္ပံဥပါဒါယ၊ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇနလာဘံ မေ ဒေးဟိတိ စန္ဒာဒေဝီ။

၅။ ဦး စိတြဒေဝီ စ မေ မာတာ၊ မာတာမေစ စိတြဒေဝီ၊ အနုကမ္ပံ ဥပါဒါယ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံ မေဒေးဟိတိ စိတြဒေဝီ။

၆။ ဦး သိရိဒေဝီစ မေ မာတာ၊ မာတာမေစ သိရိဒေဝီ၊ အနုကမ္ပံ ဥပါဒါယ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံမေ ဒေးဟိတိ သိရိဒေဝီ။

၇။ ဦး ကိန္နရာဒေဝီစ မေ မာတာ၊ မာတာမေ ကိန္နရာဒေဝီ၊ အနုကမ္ပံ ဥပါဒါယ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံ မေ ဒေးဟိတိကိန္နရာဒေဝီ။

၈။ ဦး ဟိစိဒေဝီစမေ မာတာ၊ မာတာစမေ ဟိစိဒေဝီ အနုကမ္ပံ ဥပါဒါယ၊ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇန လာဘံ ဒေးဟိတိ ဟိစိဒေဝီ။

၉။ ဦး ပဏ္ဏဒေဝီစမေ မာတာ၊ မာတာစမေ ပဏ္ဏဒေဝီ၊ အနုကမ္ပံ ဥပါဒါယ ဘဒ္ဒကပ္ပံ၊ ဥပ္ပဇ္ဇနလာဘံ ဒေးဟိတိ ပဏ္ဏဒေဝီ။

ဒေဝီမယ်တော်ဂါထာပြာများ... သောအခါ ထိုပြာကိုလည်း အောက်ပါ... မန္တန်နှင့် (၁၇) အုပ် စုပ်ပြီးမှသောက်ရ... မည်။

**□ ပြာမန်းမန္တန်**

ဦး နရာဒေဝါစ ပြဟ္မဏော၊ ရက္ခော... ဒေဝါစ ဂုရုဏော၊ ခေါသံခိပ္ပံ ပီယံမေ... နတ္ထံဝိရိယ သိန္နေဟံ။

ပြာကို (၁၇) အုပ်မန်းသောက်ရ... သကဲ့သို့ ရေသောက်လျှင်လည်းကောင်း... ရေချိုးလျှင်လည်းကောင်းမန်း၍သောက်... ရေချိုးခြင်းပြုရပါမည်။ (၉)ရက်စေ့သော်... နတ်ဒေဝီမယ်တော်(၉)ဖော်တို့ ရင်ဝယ်... သားကဲ့သို့မခြား ချစ်ခင်၍ အမြဲမပြတ်... စောင့်ရှောက်ပေလိမ့်မည်။ အကျိုးကား... အတိုင်းမသိ။

**□ အင်းအစီအရင်ဖြင့် ဒေဝီ (၉) ပါး မော်သွင်းခြင်း**

အထက်ပါအတိုင်း မပြုလိုပါက... အောက်တွင် ဖော်ပြထားသော လေး... ကွက်အင်းကို မိုင်းကိုင်စက္ကူတွင် ဒေဝီ... တစ်ပါးအတွက် (၉) ကွက်၊ (၉)ရက်စာ... ချပြီး အထက်ပါဒေဝီ (၃)ပါးဂါထာတို့နှင့်... စုတ်။ အင်းပြာကိုလည်း အထက်ပါ ပြာ... မန်းမန္တန်နှင့်ချပြီး တစ်နေ့ (၉)အင်း၊ (၉)... ရက်ထိသောက်ရပါမည်။ ရေသောက်... ရေချိုးလျှင်လည်း အထက်ပါပြာမန်း... မန္တန်နှင့် (၁၇)အုပ်မန်းပြီးမှ သောက်ခြင်း... ချိုးခြင်းပြုပါလေ။

**□ မော်သွင်းအင်း**

| | |
|---|---|
| က | စ |
| သ | ည |

ဤဒေဝီ (၉)ပါးမော်အစီအရင်... ဒေဝီများမှာ အထက်၌ ဖော်ပြခဲ့သော... အုပ်စု (၂) ပါ ဒေဝီ (၉)ပါးတို့ဖြစ်ကြ... သည်။

(ဆက်ရန်)

တို့ရတနာ-ဆရာဇေယျာ...

(ကဝိဒ္ဓိပိဋကပ်စီး ရွှေ...ဆောင်း)

www.burmeseclassic.com

www.burmeseclassic.com

# ကျားမွှန်ကျင် အားသန်ရမည်

**အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုး) ဖြစ်တတ်သူများမှာ-**



၁။ မေထုန်မှု လွန်ကဲသူများ၊
၂။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ၊
၃။ ကုန်ခန်းသွားသော သုက်၏ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူ များ၊
၄။ အပျော်အပါး လိုက်စားသူများ၊
၅။ သားကြောဖြတ်ထားသူများ၊
၆။ မြစ်ခြောက်နာ ရှိသူများ၊
၇။ အဆုတ်ရောဂါ ရှိသူများ၊
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊
၉။ ဆီးချို၊ သွေးချိုရောဂါ ရှိသူများ၊
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ၊
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြသော်လည်း အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါ ဝေဒနာခံစားရတဲ့ လက္ခဏာများ ကတော့

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း၊
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း၊
၄။ မောပန်းလွယ်ခြင်း၊
၅။ အစားအသောက် ပျက်ခြင်း၊
၆။ ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း၊
၇။ သတိမေ့လျော့တတ်ခြင်း
၈။ စကားမပီသခြင်း၊
၉။ စသံ၊ နသံ မကွဲပြားခြင်း၊
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီး ပြတ်တောက် ပြတ်တောက် သွားခြင်းစတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ဝေဒနာ လက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့ အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ ဓာတ် (၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

**ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ....**

၁။ ဝေးတစ်လုံးတက်ခြင်း၊
၂။ ကာမရာဂစိတ်ကုန်ခန်းခြင်း၊
၃။ သုက်လွှတ်မြန်ခြင်း၊
၄။ သလုံးသားများခြောက်ခြင်း၊
၅။ သလိပ်အုပ်စုခန်းခြောက်ခြင်း၊
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း၊
၇။ အားအင်ကုန်ခန်းခြင်း၊

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်းလက္ခဏာ(၁၁)ချက်ကို တွေ့ထိ ခံစားနေရပြီဆိုရင် မေ့လျော့ ပေါ့ဆမနေပါနဲ့။ 'ပြည်စိုး' အထူးကုတိုင်းရင်းဆေးခန်းကို အမြန် အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ-၁၂၇၄) နဲ့ ဆရာဦးစိုးမော် (တဆ-၂၆၁၁) တို့က အမျိုးသားအားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ) များအပြင် အခြားရောဂါများဖြစ်တဲ့

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါ များကို အကြောပညာ၊ ဆေးပညာဖြင့် နာဃလေးပါးနှင့်ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။


### တွေ့ဆုံဆက်သွယ်နိုင်သည့်လိပ်စာ

မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့်နှင့်
သား ဦးစိုးမော်
ပြည်စိုးအထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မုခ်
ကျိုက္ကဆံဘုရားဝင်း၊ သဃ်န်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09 31054631, 09 251031871**




www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ ခေါင်းစဉ်လေး ဖတ်လိုက်လျှင် သင်္ချိုင်းပို့မည့်နေ့တွင်မှ အသက်ပြန်ရှင်လာသူ၏အကြောင်းကို စာရေးသူ မာတ်ပုံမောင်မောင်အေးက ရေးသည်ဟု ဖတ်နိုင်သလို အသက်ပြန်ရှင်လာသူ မာတ်ပုံမောင်မောင်အေး ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်ပေရာ ဘယ်လိုလဲဟု တွေးစရာဖြစ်၏။

နှစ်ခုလုံးမှန်ပါသည်။ သင်္ချိုင်းပို့မည့်နေ့တွင်မှ အသက်ပြန်ရှင်လာသူ မာတ်ပုံမောင်မောင်အေးအကြောင်းကို (ဖြစ်ရပ်မှန်) မောင်မောင်အေးက ပြန်လည်ရေးသားခြင်း ဖြစ်ပါသည်။ ဤဖြစ်ရပ်သည် စိတ်ကူးဖြင့် ရေးသားခြင်းမဟုတ်ပါ။ တကယ်ပင် မာတ်ပုံမောင်မောင်အေး တစ်ယောက် မြွေကိုက်ခံရသောကြောင့် (၃) ရက်တိတိသေဆုံးသွားပြီး သုံးရက်မြောက်နေ့ မြေမြှုပ်မည့်နေ့တွင်အသက်ပြန်ရှင်လာခဲ့၏။ ဒုတိယတစ်ကြိမ်တွင် လက်ကို မြွေဟောက်ကိုက် (ပေါက်) ခံရသောကြောင့် သယ်န်းကျွန်း စံပြဆေးရုံကြီးတွင် (၃) ရက်ကုသမှုခံယူ၍ အသက်ရှင်ခဲ့ရပြန်၏။ ယနေ့ ဤ စာစုလေးရေးနေချိန်အထိ အသက် (၈၃) နှစ်ရှိပြီ မသေသေးပါ။

ကျွန်တော်သည် မြွေဆိုးပေါသော ကြေးစင်တောင်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတို့တွင် (၆)နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ဖူး၏။ ထိုစဉ်က မြွေပွေးပေါလှ၏။ ထို့ကြောင့် ခန္ဓသုတ်ပရိတ်တော်ကို နေ့စဉ်ရွတ်ဆိုပူဇော်၏။ တစ်နေ့တွင် ကြေးစင်တောင် အနောက်ဘက် တစ်မိုင်ခန့်အကွာ ရွှေပန်းခိုင်ရွာသို့ ထန်းရည်သောက်ရန် ဘူဒိုဇာမောင်းသူ ကိုတင်ရွှေနှင့်သွားကြ၏။ ထန်းရည်သောက်ပြီး စခန်းသို့ ပြန်ချိန်သည် ညမှောင်မှောင်ဖြစ်၏။ တစ်ယောက်ပခုံး တစ်ယောက်ဖက်၍ပြန်ခဲ့ကြရာ စိတ်ထဲ၌သံသယဖြစ်သောကြောင့် ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ရှေ့သို့ထိုးကြည့်ရာ လက်မောင်းလုံးခန့်ကြီးသောမြွေပွေးကြီးတစ်ကောင်သည် ကျွန်တော်တို့သွားမည့်လမ်းလယ်တွင် ခွေနေသည်ကိုတွေ့ရသည်။ မီးဖြင့်မကြည့်ဘဲ ဆက်လျှောက်ခဲ့သော် မတွေးရဲစရာပါ။

ကြေးနီသတ္တုသိုက်လေ့လာရှာဖွေရေးစီမံကိန်းများ ပြီးဆုံးသောအခါ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်သို့ရောက်ရှိခဲ့ရပြန်ပါသည်။ သပိတ်ကျင်းမြို့နယ်တွင် ဆယ်နှစ်နေခဲ့ရပါသည်။ ထို့ကြောင့်ပင် ကျွန်တော်၏ ကလောင်အမည်ခွဲတစ်ခုသည်ကား သပိတ်ကျင်း-ကျော်ကျော်ထွန်း ဟူသတည်း။ သပိတ်ကျင်းတွင် အနေကြာသောကြောင့် ကျွန်တော်တို့၏(ဘခရ)အဖွဲ့မှ ဘူမိဗေဒအရာရှိ အချို့နှင့် စက်မှုအဖွဲ့သားအချို့ သပိတ်ကျင်းသူ အပျိုချောများနှင့် ဖူးစာဆုံ၍ သပိတ်ကျင်းသားဖြစ်ကုန်သည်။ ကျွန်တော်ကအပျိုချောများနှင့်ဖူးစာမဆုံရဘဲ သပိတ်ကျင်းကိုချစ်သောကြောင့် သပိတ်ကျင်း-ကျော်ကျော်ထွန်းအမည်ခံယူလိုက်ခြင်းပါ။

ဤစာစုလေးဖတ်ရသော သပိတ်ကျင်းမှ သူရဇ္ဇမဂ္ဂဇင်းကြီးဖတ်သော ချစ်ပရိသတ်များ သပိတ်ကျင်း-ကျော်ကျော်ထွန်းဆိုတာ ဘယ်သူလဲဆိုသည့် သံသယများရှင်းလောက်ပါပြီ။

ဘခရအခြေစိုက်စခန်းကို သပိတ်ကျင်း-မိုးကုတ်ကားလမ်း မိုင်တိုင်(၅)၏ ဝန်းကျင်တွင် တည်ထားသောကြောင့် (၅) မိုင် ဘခရစခန်း ဟူ၍ ညွှန်မှူး ဦးအောင်သန်းက အမည်ပေးခဲ့၏။ သယံဇာတပေါများသော မြို့နယ်ဖြစ်သောကြောင့် ဘူမိဗေဒလေ့လာရေး လုပ်ငန်းများသည် အဖွဲ့ခွဲများထားကာ ဆောင်ရွက်ရ၏။ ၁၉၈၄-၈၆ ခန့်က သပိတ်ကျင်းလေးမိုင်ရွာအနီးတွင် ဖော့စဖိတ်သန့်စင်စက်ရုံတစ်ရုံနှင့် မန္တလေး-မိုးကုတ်လမ်း ဇရပ်ကွင်းရွာတောင်ဘက်တွင် ရွှေစက်ရုံတစ်ရုံတည်ဆောက်၏။ ရွှေစက်ရုံနေရာနှင့် အခြားအဆောက်အအုံများနေရာ Town Plan မြေပုံကို ကျွန်တော်ဦးဆောင်သောမြေတိုင်းအဖွဲ့က တိုင်းတာရေးဆွဲရ၏။

တစ်ပြိုင်တည်းပင် ရွှေစက်ရုံ စည်းဝေးခန်းမဝန်ထမ်းအိမ်ရာတို့လည်း တည်ဆောက်၏။ ကျွန်တော်တို့ဆာဗေယာများက စက်ရုံနှင့်ပေနှစ်ရာခန့်သာ ကွာသော ပိတောက်ရိပ်သာအဆောက်တွင်နေရ၏။ရွှေစက်ရုံနှင့်ပတ်သက်သော



www.burmeseclassic.com

www.burmeseclassic.com

အဝန်းအဝိုင်းတစ်ခုလုံးကို ပိတောက်မြိုင်ဟု အမည်ပေးထား၏။ အဝင်အထွက်ဂိတ်တွင် လုံခြုံရေးအစောင့် ဘိုးလွန်းဆိုသူ မုဆိုးဖြူသားကြီးရှိ၏။

ပိတောက်မြိုင်တွင် တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းအချို့တို့သည် ညနေအလုပ်သိမ်းချိန်တွင် ဇရပ်ကွင်းရွာသို့သွား၍ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ ဈေးဝယ်ခြင်းများလုပ်ကြ၏။ ည (၈) နာရီခန့်မှပိတောက်မြိုင်စခန်းသို့ ပြန်လေ့ရှိကြ၏။

၁၉၈၆ ခု၊ ပူပြင်းသော မေလ၏ ညတစ်ည (၈) နာရီခန့်တွင် ဇရပ်ကွင်းရွာ သိန်းကမ္ဘာလက်ဖက်ရည်ဆိုင်မှ ပြန်ခဲ့ကြသော ကျွန်တော်နှင့် လက်ထောက်ဆာဗေယာ မင်းမင်းထွန်းတို့သည် ပိတောက်မြိုင်စခန်းအဝင် လုံခြုံရေးဂိတ်ဝသို့ရောက်ခဲ့ကြ၏။ လဆန်းရက်ဖြစ်သောကြောင့် လခြမ်းလေးကလည်း အနောက်ဘက် ကောင်းကင်ယံတွင်သာလျက်ရှိ၏။ လခြမ်းလေးက ရှိသမျှအင်အားဖြင့် အလင်းရောင်ပေးလျက်ရှိသော်လည်း တိမ်မည်းညိုကိုလူဆိုးတို့က စိုးမိုးခြယ်လှယ်နေသည့်အတွက် လင်းတစ်ခါမှောင်တစ်လှည့်သာဖြစ်နေရှာပါသည်။ သို့အတွက် လမ်းပေါ်မှ အရာဝတ္ထုတို့ကို ကောင်းစွာမမြင်နိုင်ပေ။

ဂိတ်စောင့်တဲကလေးနားရောက်သောအခါ လုံခြုံရေးတာဝန်ကျ ဘိုးလွန်းနှစ်ပေါက်မြင်ရုံဖြင့် မြွေကိုက်လိုက်ပြီဟု နားလည်ကာ အဆိပ်များညှစ်ထုတ်ခြင်း၊ ဒဏ်ရာကို ရေဆေးခြင်းများလုပ်ကြပါသည်။

မင်းမင်းထွန်းကလည်း မော်တော်ယာဉ်တာဝန်ခံထံ သတင်းပို့၍ ကားတောင်းကာ ကျွန်တော့်ကို ချက်ချင်းပင် ဇရပ်ကွင်းပို့ပါသည်။ ဇရပ်ကွင်းတွင် ဒေါက်တာနေလမင်း၏ ဆေးခန်းရှိပါသည်။ ဒေါက်တာနေလမင်းက ဒဏ်ရာကို လိုအပ်သလို ဆောင်ရွက်ပြီး ဆေးတစ်လုံးထိုးပေးကာ ဒီမြွေသည် လူကိုသေစေတတ်သောမြွေပွေး၊ မြွေဟောက်မဟုတ်။ မသေနိုင်သော်လည်း အလွန်ဆိုးသော အဆိပ်ရှိမြွေစိမ်းအမျိုးထဲကဖြစ်နိုင်သည်ဟုပြောကာ ပြန်လွှတ်လိုက်ပါသည်။

**□ မြန်မြန်သေရန်အားထုတ်ခြင်း**

ဆေးထိုးပြီး စခန်းသို့ပြန်ရောက်ချိန်တွင် မြွေကိုက်ခံရသောဒဏ်ရာမှ နာကျင်ကိုက်ခဲလာပါသည်။ နာကျင်မှုဝေဒနာသည် တဖြည်းဖြည်းတိုး၍သာလာပါတော့သည်။ ယခင်ကတစ်စုံတစ်ခုဖြင့် ထိခိုက်ရှမိ၍ နာကျင်ပါသည်ဆိုသောဝေဒနာထက် အဆတစ်ရာနာသည်ဟု ပြောရပါမည်။ သက်သာလိုသက်သာငြား လက်နှစ်ဖက်ဖြင့် ခြေထောက်ကို ဆုပ်ကိုင်၍ မလိုက်၊ ချလိုက်ရှာမရအောင်ပင် နာကျင်လှပါသည်။

ဝေဒနာများမခံစားနိုင်တော့သဖြင့် သေသွားလျှင် ဝေဒနာပျောက်မည်ဟု လှုပ်လှုပ်ရှားရှားလုပ်လျှင် မြွေဆိပ်တက်သည်ဟု ကြားဖူးသဖြင့် မြွေဆိပ်တက်ပြီး မြန်မြန်သေစေရန် မည်သူမျှ မတားလိုက်နိုင်မီ ပိတောက်ရိပ်သာအဆောင်ထဲမှ အပြေးထွက်ခဲ့၏။

အဆောင်နှင့် ဆောက်လုပ်ဆဲရွှေစက်ရုံသည် ပေနှစ်ရာခန့်ဝေး၏။ အဆောင်မှစက်ရုံသို့ ဒုန်းစိုင်းပြေး၏။ စက်ရုံရောက်လျှင် အဆောင်သို့ ဒုန်းစိုင်းပြေး၏။ လူတွေက မပြေးရန်အော်ဟစ်ကြသော်လည်း လုံးဝနားမဝင်ဘဲ ပြေးမြဲပြေး၏။ ဆယ်ခေါက်ခန့်ပြေးအပြီး အဆောင်ရှေ့တွင် လဲကျ၏။ နာကျင်မှုဝေဒနာကား လုံးဝကိုမလျော့ဘဲ တိုး၍သာနာ၏။ လူတွေကပွေ့ချီ၍ အိပ်ရာပေါ်ပြန်တင်ပေးကြသည်။ သေမှာတစ်စက်ကလေးမျှမကြောက်အောင်ပင် နာကျင်မှုဝေဒနာက ဆိုးဝါးလှသည်။ နောက်ဆုံးလုပ်ရပ်အဖြစ် အိပ်ရာဘေးတွင်ရှိနေသော ရေနွေးများထည့်ထားသည့်ဓာတ်ဘူးကြီးကို အဖုံးဖွင့်၍ ဒဏ်ရာပေါ်သို့ ရေနွေးပူများလောင်းချလိုက်တော့၏။ အရေပြားကွာကျလောက်အောင်ပူသောရေနွေးပူပင်လျှင် မြွေကိုက်ဝေဒနာကို မကျော်လွှားနိုင်ပေ။

**□ ဓာတ်ပုံမောင်မောင်အေးသေပြီ**

ရေနွေးပူများလောင်းချပြီး မကြာ

# ဓာတ်ပုံမောင်မောင်အေး

## သင်္ချိုင်းပို့မည့်နေ့တွင်မှ အသက်ပြန်ရှင်လာသူ ဓာတ်ပုံမောင်မောင်အေး



က ကျွန်တော်တို့ကိုမြင်သွားပြီး -

"ဆရာမောင်မောင်အေးတို့ ပြန်လာကြပြီလား"

ဟု နှုတ်ဆက်လိုက်သဖြင့် ကျွန်တော်လည်း ဘိုးလွန်းဂိတ်တဲဘက်ခြေတစ်လှမ်းတိုးရင်း-

"ပြန်ခဲ့ပြီ ဘိုးလွန်းရေ"

ဟု တုံ့ပြန်လိုက်စဉ် ဂိတ်တဲဘက်ချလိုက်သောဘယ်ဘက်ခြေခုံတွင် တစ်စုံတစ်ခုစူးသလို နာကျင်သောဝေဒနာခံစားလိုက်ရပါသည်။ သို့ဖြင့် အဆောင်သို့အမြန်ပြန်ခဲ့ကာ ဝေဒနာခံစားရသောခြေခုံကိုကြည့်ရာ သွေးစို့နေသည့် ဒဏ်ရာလုပ်ပရ၏။ လုံးဝမသက်သာပါ။ အော်ညည်းနေရ၏။ ထိုစဉ်က အသက်အရွယ်အရ လည်းကောင်း၊ ယနေ့အသက်အရွယ်အရ လည်းကောင်း ထိုထိုနာကျင်သောဝေဒနာအတွက် ပြောစရာစကား



www.burmeseclassic.com

www.burmeseclassic.com

မီပင် ကျွန်တော်ဘာမှမသိတော့ချေ။ ပထမဆုံး သတိပြုမိသူက နမ္မတူမှ မင်းမင်းထွန်းဖြစ်၏။

"ဦးအောင်သန်းတို့ ဦးတင်ငွေတို့ ဆရာအေး အသက်မရှူတော့ဘူး။ စမ်းကြည့်ကြပါဦး"

ဟုဆိုသဖြင့်တတ်သလောက်မှတ်သလောက်စမ်းသပ်ကြ၏။

"ဟုတ်တယ်ကွ၊ နှလုံးခုန်သံလည်း မကြားတော့ဘူး"

ဟု ဆိုသူက ဆာဗေယာဦးတင်ငွေဖြစ်၏။ စက်မှုအဖွဲ့မှ အင်/ယာ ကိုစိုးမြင့် (မန္တလေး) က-

"ဟေ့ဟေ့ - အရမ်းမပြောကြနဲ့။ မြွေကိုက်ခံရသူအချို့ဟာ (၇) ရက်ကြာမှအသက်ပြန်ရှင်လာကြောင်း မနုစာရီဖြတ်ထုံးမှာငါဖတ်ဖူးတယ်"

ဟုဆို၏။

"ဒီတော့ အခြေအနေကို စောင့်ကြည့်ရင်း တို့တွေ ပိုကာဒေါင်းကြစို့"

ဟု ဆိုသဖြင့် အားလုံးသဘောတူကြ၏။ သုံးရက်လည်လို့မှမထူးခြားလျှင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြမည် ဖြစ်၏။ ယခုလို တောတွင်းမှာသေလျှင် အသုဘခေါင်းပင်မလုပ်တော့ဘဲ ဝါးကပ်တစ်ခုပေါ်တင်ကာ စောင်လေးတစ်ထည်လွှမ်း၍ တစ်နေရာရာတွင် မြေမြှုပ်လိုက်ကြ၏။ ကျွန်တော်ကိုယ်တွေ့မျက်မြင်ဖြစ်ပါသည်။ သရဏဂုံတင်မည့်ဘုန်းကြီးပင်မရှိပါ။ ဘုန်းကြီးကျောင်းရှိသော ရွာနှင့်နီးလျှင်တော့ သရဏဂုံတင်ပါသည်။

တစ်ခါတုန်းက ငါးမိုင်စခန်းတွင် ဝန်ထမ်းတစ်ယောက် ငှက်ဖျားဖြင့်သေ၏။ သူ့အသုဘအတွက် ကျောင်းဖြင့်နီး၍ ဘုန်းကြီးပင့်ကန်တော့ပွဲပြင်လုပ်ကြ၏။ ဘုန်းကြီးကြွလာခါနီး တစ်ယောက်က -

"ဟေ့ဟေ့ ဒီကောင်က ဗုဒ္ဓဘာသာမဟုတ်ဘူး။ (---) ဘာသာကွ"

"သူတို့ဘာသာဆရာပင့်မှဖြစ်မယ်"

ဆိုသဖြင့် အစီအစဉ်ပြောင်းရ၏။

ဤတွင် တစ်ယောက်က -

"ဒါဆိုရင် ဒီကန်တော့ပွဲနဲ့ကြွလာနေပြီဖြစ်တဲ့ ဘုန်းကြီးက ဘယ်လိုလုပ်ကြမလဲ"

ဆိုကြပြောကြဖြစ်ကုန်၏။ သေပြီးသူနှင့် တစ်ဆောင်တည်းအတူနေသူ သက်ကြီးဝန်ထမ်းတစ်ဦးလည်း အသည်းအသန်ဖျားနေရာမှ ထိုသို့ပြောကြဆိုကြဆဲမှာပင် အသက်ထွက်သွားတော့၏။ ထို့ကြောင့် ကန်တော့ပွဲနှင့် ဘုန်းကြီးသည် နောက်မှသေသော သက်ကြီးပိုင်းဝန်ထမ်းအတွက်ဖြစ်သွားသလို နောက်မှသေအရင်ချ ဆိုသော စကားအတိုင်း သက်ကြီးအသုဘက အရင်ချလိုက်ကြရ၏။ ထူးခြားသောဖြစ်ရပ်ကိုယ်တွေ့ပါ။

ဓာတ်ပုံမောင်မောင်အေးမြွေကိုက်ခံရ၍သေဆုံးခဲ့သော သုံးရက်မြောက်မနက်ဖြစ်၏။ အလောင်းအနီး ပိုကာဝိုင်းမှ မင်းမင်းထွန်းကပင် မျက်လုံးပြူးမျက်ဆံပြူးဖြစ်ကာ -

"ဟောဟော - အလောင်းကြီးလှုပ်လာပြီ။ အသက်ဝင်လာတာထင်တယ်"

အခြားတစ်ယောက်က -

"ဖုတ်ဝင်တာများလား"

ဆိုသောအသံများကို ကျွန်တော်ပီပီပြင်ပြင်ကြားလိုက်ရသဖြင့် မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ ကျွန်တော်၏အိပ်ရာဘေးမှပိုကာဝိုင်းတွင် ဆာဗေယာကိုအောင်သန်း၊ ကိုတင်ငွေ၊ မင်းမင်းထွန်း၊ ကိုစိုးမြင့်တို့ကို တွေ့ရ၏။ သို့ဖြင့်အိပ်ရာမှမထသေးဘဲ -

"ငါ မနေ့ညက အိပ်ပျော်သွားတာ၊ ခုမိုးလင်းမှပဲ တစ်ရေးနိုးတော့တယ်ကွ"

ဟု ဆိုလိုက်၏။

ထိုစကားကြောင့် သူတို့အားလုံးပင် အလွန်အံ့ဩသော မျက်နှာများဖြင့်-

"ဘယ်ကလာ မနေ့ညက ဟုတ်မလဲ။ ခုမနက်ပါဆိုရင် သုံးရက်ပြည့်ပြီ။ ညနေရောက်ရင် မြေမြှုပ်တော့မှာ"

ဟု ဆိုသောကြောင့် ကျွန်တော်လည်း ရုတ်ခနဲထထိုင်ရင်း -

"အမယ်လေး - ဘုရား ဘုရား ကံကောင်းလို့ပါလား"

ဟု ဆိုကာ ခေါင်းရင်းဘက်သို့ ရည်မှန်းရင်း ဦးသုံးကြိမ်ချလိုက်ရပါသတည်း။

## ၂ ဒုတိယအကြိမ်မြွေကိုက်ခံရပြန်ခြင်း

ဆာဗေယာဘဝဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ တောတောင်များကျင်လည်ခဲ့ရသော ကျွန်တော်သည် ၁၉၉၆ ခုနှစ်၊ ဩဂုတ်လတွင် မရောက်လိုသော အသက် (၆၀) ရောက်ရှိခဲ့သည့်အတွက် သက်ပြည့်ပင်စင်ယူခဲ့ရ၏။ ပင်စင်လစာလေးဖြင့် မိသားစုသုံးဦး၏ဘဝရပ်တည်ရေးမဖြစ်နိုင်ပေ။ထို့ကြောင့် ငယ်စဉ် ကျောင်းသားဘဝက ဆည်းပူးလေ့လာခဲ့သောဓာတ်ပုံပညာဖြင့် ဖန်တီးရတော့မည်ဟု ဆုံးဖြတ်ကာ -

'မောင်မောင်အေးကာလာဓာတ်ပုံ' ဟူသော ကိုယ်တိုင်ရေး ဆိုင်းဘုတ်လေးအိမ်ဝတွင်ချိတ်ဆွဲပြီး အိမ်ဆိုင်လေးဖွင့်လိုက်ပါသည်။ဆာယာမောင်မောင်အေးဘဝမှ ဓာတ်ပုံမောင်မောင်အေးဘဝပြောင်းပါသည်။ ရန်ကုန်တက္ကသိုလ်မှ ဓာတုဗေဒဖြင့် ဘွဲ့ရခဲ့သော ချစ်ဇနီးကိုလည်း အခြားအလုပ်မလုပ်စေဘဲ ဓာတ်ပုံပညာသင်ပေးပြီး ဓာတ်ပုံဆရာမလုပ်စေပါသည်။ ဓာတ်ပုံလုပ်ငန်းကြောင့်မိသားစုဘဝသာယာချမ်းမြေ့ခဲ့ရပါပြီ။

မိုးများသဲသဲမဲမဲရွာသွန်းနေသည့်ဇူလိုင်လ၏ နေ့တစ်နေ့ မနက်ခြောက်နာရီခန့်တွင် ဖလင်ဆေးနေဆဲ မီးပျက်သွား၏။ (ထိုစဉ်က ဒစ်ဂျစ်တယ်ကင်မရာများမပေါ်သေးပါ) ဖလင်အခြောက်ခံစက်သုံးမရတော့သဖြင့် မီးဖိုမှမီးသွေးမီးဖြင့် ဖလင်ခြောက်သွေ့အောင်လုပ်ရ၏။ မီးသွေးမီးဖိုနှင့်သင့်တင့်သောအကွာအဝေးမှ ဖလင်အစိုကို လက်ဖြင့်ကိုင်၍လှုပ်ရှားပေးနေရ၏။

မီးဖိုသည် နောက်ဘက်တံခါးပေါက်အနီးတွင်ချထားခြင်း ဖြစ်၏။ အချိန်က မနက်လင်းစခြောက်နာရီခန့်။ ထိုစဉ်မှာပင် ဖလင်ကိုင်၍ လှုပ်ရှားပေးနေသည့်ညာလက်ဆီသို့ အပြင်မှရုတ်တရက်ပြေးဝင်လာသော မြွေဟောက်ကြီးတစ်ကောင်ကပေါက်လိုက်သည်ကို မြင်သဖြင့် လက်ကိုရှောင်လိုက်သော်လည်း မလွတ်ဘဲ လက်ခလယ်ကိုထိသွား၏။ မြွေလည်းပေါက်လိုက်ပြီးမှ လူဖြစ်ကြောင်းသိ၍ ပြေးထွက်သွားတော့၏။

မြွေကိုက်သွားပြီဟု အော်လိုက်သဖြင့် ဇနီးတင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ရောက်လာပြီး ဒဏ်ရာအား ‌ေ ဆေးခြင်း၊ အဆိပ်များညှစ်ထုတ်ခြင်းပြု ကာ ဒဂုံမြို့သစ်မြောက်ပိုင်းဆေးရုံသို့ ရန်တွဲထွက်ရင်း လမ်းမရောက်သော် ကားငှားပါသည်။ မိုးလည်းရွာနေသဖြင့် ကားအလာနည်းသလို လာသည့်ကား တွေလည်း တစ်စီးမျှမအားပါ။ထို့ကြောင့် တစ်မိုင်ခန့်ဝေးသာဆေးရုံသို့ ခြေကျင်ပင် တွဲလျှောက်ရပါသည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆို သောစကားပုံကဲ့သို့ လမ်းတစ်ဝက်တွင် ဖိနပ်ပြတ်သွား၍ ခြေဗလာဖြင့် ဆေးရုံ ရောက်ခဲ့ရပါသည်။ အရေးပေါ်လူနာ ခန်းရောက်သော် ဆရာဝန်အိပ်ရာမထ သေးသဖြင့် ဆရာမကသွားနှိုးရပါသည်။ ဆရာဝန်ရောက်လာသော်လည်း ဆေး တွင် မြွေဆိပ်ဖြေဆေးမရှိကြောင်း ‌ေ ၍ သယ်န်းကျွန်းစံပြဆေးရုံသို့လွှ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါတော့ ကားငှား၍ ရသဖြင့် စံပြဆေးရုံသို့ အပြင်းမောင်းခဲ့ပါသည်။ ကျွန်တော်ကို ပွေ့ထားသော ဇနီးသည်၏ရင်ခွင်အတွင်းမှေးရင်း ခန္ဓသုတ်ပရိတ်တော်ရွတ်ဆို အာရုံပြုကာ -

"ကျွန်ုပ်သည် သိနားလည်သော အရွယ်မှစ၍ မြွေသတ္တဝါများကို သတ်ဖြတ်ခြင်းမပြုခဲ့ပါ။ မှန်သောစကားဖြစ်ပါ၏။ ဤမှန်သောသစ္စာစကားကြောင့် မြွေဆိပ်များ ပျက်ပြယ်ပျောက်ကင်းရပါလို၏"

ဟု သစ္စာပြုရင်း စံပြဆေးရုံရောက်ခဲ့ရ၏။ ချက်ချင်းပင် အရေးပေါ်အခန်းသွင်းကာ ကုသမှုများပြုကြပါသည်။

ကုသမှုများပြီးလျှင် မြွေကိုက်လူနာဆောင်ပို့ပါသည်။ တစ်ဆောင်လုံးမြွေကိုက်ခံရသောလူနာများကို ကြည့်ရင်း ငါလိုလူတွေအများကြီးပါလားဟု။ သုံးနာရီခြားတစ်ကြိမ် လာရောက်စစ်ဆေး၏။ ယခင်မြွေစိမ်းကိုက်ခံရစဉ်ကလို ဆိုးဝါးသောဝေဒနာများမခံစားရပါ။ ကျွန်တော်လည်း သတိပြု၍ အချိန်တိုင်း ခန္ဓသုတ်တော်ကို ပုတီးစိပ်နေပါသည်။

ယခင် မြွေစိမ်းကိုက်ခံရစဉ်က သုံးရက်ပြည့်၍ မြေမြှုပ်မည့်နေမှ အသက်ပြန်ရှင်ခဲ့ရ၏။ ယခု မြွေဟောက်ပေါက်ခံရသောအခါလည်း စံပြဆေးရုံကြီးတွင် ဆေးကုသမှု သုံးရက်ခံယူပြီး ဆေးရုံမှဆင်းခွင့်ရရှိခဲ့ခြင်းသည် ထူးခြားသော ဂမ္ဘီရဖြစ်ရပ်ဟုသာ ဆိုရပါမည်။

*မြွေအန္တရာယ်မှကင်းဝေးကြပါစေ*

**ခတ်ပုံမောင်မောင်အေး**

ဖြည့်စွက်ချက် - ၁၉၈၆ ခုနှစ်က မြွေစိမ်းအကိုက်ခံရသောအဆိပ်သည် ယနေ့တိုင် မကုန်ဆုံးသေးဘဲ အကိုက်ခံရသောဒဏ်ရာတစ်ဝိုက်နေရာများ၊အာရုံကြောများလုံးဝခံစားမှုမသိရှိတော့ဘဲ မကြာမကြာရောင်ကိုင်းလာသဖြင့် ပရုတ်ဆီနှင့် ဆရာခိုလိမ်းဆေးမပြတ်ဆောင်ထားရပါသည်။ ခြေထောက်တွင် ဖိနပ်ရှိသည်၊ မရှိသည်ကိုပင် မသိတော့သလိုထိုခြေထောက်တစ်ဖက်လည်း လေဖြတ်ခံထားရသူလို တရွတ်ဆွဲနေပါသည်။ နှစ်ပေါင်း သုံးဆယ်ကြာခဲ့သော်လည်း မြွေစိမ်း၏ အဆိပ်ဒဏ်ခံရခြင်းက မလွတ်သေးပါ။ ထို့ကြောင့် မြွေစိမ်းဆို၍ပေါ့ပေါ့တွေက်သင့်ကြောင်း ကိုယ်တွေ့ကြုံဖြစ်ရပ်မှန်အား သူရဇ္ဇမဂ္ဂဇင်းကြီးမှတစ်ဆင့် တင်ပြအပ်ပါကြောင်း။

# နေပြည်တော်ကျော်ကျော်စိုး

# ကြက်၊ဘဲတွေ အမွေးနုတ်လွယ်စေရန်

ပတ္တမြားအလုပ်လုပ်ကိုင်နေကြတဲ့ ကျွန်တော်တို့ မိုးကုတ်ဒေသမှာကျတော့ ခွေးနဲ့ကြောင်ကလွဲရင် ဘာအကောင်မှ မမွေးကြပါဘူး။ မြင့်မြတ်တဲ့ ပတ္တမြားအလုပ်လုပ်ကြရတော့ကာ အကုသိုလ်အလုပ်ကိုအထူးရှောင်ကြည်ကြပါတယ်။

ပုံသကူသားလို့ခေါ်တဲ့သူများလုပ်ရောင်းတဲ့ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ စတဲ့ အသားတွေကိုသာ ဝယ်စားကြတာပါ။ ကိုယ်တိုင်မွေးမြူသတ်ဖြတ်စားသူရယ်လို့ သိပ်မရှိပါဘူး။ ဒါက ဒေသခံ ရှမ်း၊ ပလောင်၊ ဗမာတွေကို ဆိုလိုခြင်းပါ။ လီဆူ စတဲ့ တိုင်းရင်းသားအချို့ကျတော့ ဒီအယူတွေမရှိကြပါဘူး။ ကိုယ်တိုင်မွေး၊ ကိုယ်တိုင်သတ်စားကြတာပါ။ သူတို့ကျတော့ ကြက်၊ ဝက်၊ ဘဲ၊ ငါး၊ ပျားပါ မကျန် အကုန်မွေးကြပါတယ်။ ဒေသခံတွေအနေနဲ့တော့ ကိုယ်တိုင်သတ်တာလုံးဝမရှိတာကြောင့် သူတို့မလုပ်ဖူးကြပါဘူး။ ဒီတော့ သိလည်းမသိကြတာများပါတယ်။

ကျွန်တော်တို့ ကျောက်ဖျာရွာမှာ ငယ်စဉ်ကတည်းက ဝက်သားစားပြီး ကြီးပြင်းခဲ့ပေမယ့် ဝက်ဆိုတာ ဘယ်လိုအကောင်လဲဆိုတာ မမြင်ဘူးသူတွေတောင်ရှိခဲ့ကြဖူးပါဘူး။ ဒါကလည်း ဒေသန္တရဗဟုသုတအလွန်နည်းပါးကြလို့ပါ။ ထားပါတော့။

အောက်ပြည်အောက်ရွာတွေမှာတော့ ကျေးလက်တွေမြို့ပြရဲ့ဆင်ခြေဖုံးတွေမှာ ကြက်၊ ဝက်၊ ဘဲတွေမွေးကြပါတယ်။ ဝက်ဆိုတာကျတော့ လိုင်စင်ရှိမှ သတ်ခွင့်ရောင်းခွင့်ရှိတာမို့ လိုင်စင်ရဝက်ဒိုင်တွေကို ရောင်းချပေးရတာပါ။ ကိုယ်တိုင်သတ်စားခွင့်မရှိပါဘူး။

ကြက်နဲ့ဘဲကျတော့ ရောင်းသင့်တာရောင်းကြတယ်။ စားသင့်တာကို စားကြပါတယ်။ ဒါက ထုံးစံပါ။ တောမလေ့တွေမှာ အိမ်ကို ဧည့်သည်လာတယ်ဆိုလို့ကတော့ ကိုယ်မွေးထားတဲ့ ကြက်ကိုရိုက်ချက်ကျွေးကြတာ ထုံးစံပါ။ အိမ်မွေးကြက်ဆိုတာကလည်း တောချက်လို့ခေါ်တဲ့ ကာလသားချက်ချက်စားရင် အလွန်ပဲအရသာရှိလှပါတယ်။ ပွဲရောင်းရောင်းမွေးမြူရေးကြက်နဲ့ တခြားစီပါပဲ။ အိမ်ကြက်ကဈေးလည်းကြီးပါတယ်။

ကြက်သတ်ပြီးတာနဲ့ ကြက်ကိုရေနွေးဖြောပြီးအမွေးနုတ်ရတာထုံးစံပါ။ ကြက်မွေးကနုတ်ရတာလွယ်ပြီးစင်ကြယ်အောင်နုတ်လို့ရပေမယ့် ဘဲကျတော့ အမွေးနုတွေ၊ အမွေးငုတ်လေးတွေများလွန်းတာကြောင့် တော်တော်နဲ့ အမွေးမပြောင်နိုင်ပါဘူး။ နုတ်ရတဲ့လူဟာ လက်နဲ့နုတ်မရတဲ့အမွေးနုတွေကို ဇာဂနာနဲ့တောင်နုတ်ကြရပါတယ်။အမွေးမပြောင်ပြန်ရင်လည်း စားတဲ့အခါ အမွေးတွေနဲ့မို့စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ ဒီတော့ကာ ဘဲတစ်ကောင် ဟင်းဖြစ်ဖို့အတော်ကြီးကို ဝီရိယစိုက်ထုတ်ရခြင်းပါပဲ။ နည်းမသိရင် အတော့်ကိုခက်တာပါ။ နည်းကို လူတိုင်းတော့သိမယ်မထင်ပါဘူး။

ကြက်မွေး၊ ဘဲမွေးတွေ အလွယ်တကူနုတ်လို့ရတဲ့နည်းရှိပါတယ်။ အဲဒါက ရေနွေးအိုးထဲကို ဖယောင်းတိုင်လက်နှစ်ဆစ်လောက်ထည့်ပေးရတာပါ။ အဲဒီဖယောင်းရည်ပူပူထဲကို ကြက်တွေ၊ ဘဲတွေကို စတိသဘောနှစ်ပြီးအမွေးနုတ်ရင် အမွေးတွေအလွယ်တကူကျွတ်ပါလာပါတယ်။ လက်နဲ့ပွတ်ချရင် အလိပ်လိုက်တောင်ထွက်တယ်လို့ဆိုပါတယ်။အလွန်အနုတ်ခက်တဲ့ ဘဲမွေးနုနုလေးတွေဟာလည်း အလိပ်လိုက်ကျွတ်ထွက်ကုန်တယ်လို့ဆိုပါတယ်။ အိမ်ရှင်မတွေအတွက် အလွန်လွယ်ကူပြီး အလွန်ကောင်းတဲ့နည်းပါ။ အကုသိုလ်ကို အားပေးတယ်မထင်ပါနဲ့။ လွဲမရှောင်သာတဲ့ လူ့လောကရဲ့အခက်အခဲတစ်ခုကို ကူညီခြင်းပါ။

(မေစပယ်စိုးနှင့် မဘုတ်တို့အား ကျေးဇူးတင်ပါသည်။)

*ချမ်းမြေ့ကြပါစေ*

**နေပြည်တော်ကျော်ကျော်စိုး**

www.burmeseclassic.com

www.burmeseclassic.com



## ▫ မဟာရာညတစ်ည

မဟာရာကုန်းဟု အထင်ကရ နာမည်ကြီးသော ဤမြင်ကွင်းကြီးပေါ်တွင် ရွေ့လျားနေသော အဖြူရောင် အရိပ်တစ်ခု။

မဟာရာညဟု ဆိုသည့်အတိုင်း လောကဓာတ်ကြီးတစ်ခုလုံး ပိန်းပိတ်အောင် အမှောင်ထုကြီးက ကြီးစိုးနေသည်ကို မဟာရာညတောင်ကုန်းကြီးမှာ ငြိမ်သက်စွာ လဲလျောင်း၍ခံနေရလေသည်။ ထိုသို့ လွန်စွာမှောင်မည်းနေသောအချိန်ကာလကြီးထဲတွင် တောင်ကုန်းပေါ်၌ အဖြူရောင်အရိပ်တစ်ခု ရွေ့လျားနေပုံမှာ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသောမြင်ကွင်းတစ်ခုဖြစ်နေလေသည်။ ထိုမြင်ကွင်းကို စိတ္တဇပန်းချီဖြင့် ပုံဖော်ရေးဆွဲမည်ဆိုလျှင် အဖိုးထိုက်တန်သော တန်းဝင်ပန်းချီကားတစ်ချပ်ဖြစ်ပေလိမ့်မည်။ ထိုမြင်ကွင်းကို တွေ့မြင်ခွင့်ရလိုက်သူတိုင်းသည် မေးခွန်းပေါင်းမြောက်မြားစွာကို မေးမိမှာအမှန်ပင်ဖြစ်လေတော့သည်။

အတိတ်က ဒဏ္ဍာရီမြို့တော်။

နှစ်ပေါင်းထောင်ပေါင်းများစွာကို ဖြတ်သန်းကျော်လွှားမလာမီအချိန်ကဆိုလျှင် လွန်စွာစည်ကားသော မြို့ကြီးတစ်မြို့ရှိခဲ့ဖူးပါသည်။ ထိုမြို့ကြီးသည် သူ့ခေတ်သူ့အခါက ထင်ရှားခဲ့သောမြို့ကြီးဖြစ်သည့်အတိုင်း ကုန်သွယ်ရေးတွင် အချက်အချာကျသဖြင့် ခရီးသွားခရီးလာများဖြင့် ပြည့်ကျပ်နေသောမြို့ကြီးဖြစ်မည်။

ငွေကြေးပြည့်စုံသူများအတွက် မိမိတို့အလိုရှိရာပစ္စည်းမျိုးစုံကို ရရှိနိုင်လေသည်။ အခင်းအကျင်းမျိုးစုံနှင့်ရှုမောဖွယ် ဗိသုကာလက်ရာများတို့ဖြင့်တည်ဆောက်ထားကြသည့်အဆောက်အအုံမျိုးစုံတို့သည် ရောက်ရှိလာကြသော ဧည့်သည်များကို ထပ်ခါထပ်ခါလာလည့်ပါဟု ဖိတ်ခေါ်သည့်အလား ရှုမောဖွယ်ကောင်းလှပါသည်။

ဖြောင့်ဖြူးနေသော လမ်းကြီးများဖြစ်သလို ဖြောင့်ဖြူး၍ သန့်ရှင်းနေသည့် လမ်းများဖြစ်ကြသည့်အတိုင်း ခရီးသွားလာသူ လူတန်းစားအသီးသီး အလွှာစုံတို့ကို စိတ်ရွှင်လန်းစေခဲ့သည်။ ထိုလမ်းမကြီးများပေါ်တွင် အရှေ့၊ အနောက် တောင်နှင့် မြောက်တို့ကို မျက်နှာမူ၍ သွားလာနေကြသည့်ခရီးသည်များထဲတွင် ထူးခြားသော လူရွယ်တစ်ယောက် သွားနေသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ဈေးကြီးနှင့်အလှမ်းဝေးသည့် လမ်းဘေးဝဲယာတို့တွင် ကြီးမားကျယ်ပြန့်သောကုန်တိုက်ကြီးများ၊ စားသောက်ဆိုင် များစွာတို့တွင် လူများ စည်ကားလျက်ရှိနေလေသည်။ လမ်းမကြီးပေါ်တွင်သွားလာနေကြသည့်ခရီးသွားထဲမှ အိတ်တစ်လုံးကို ကျောပိုးထားသော လူငယ်သည် ခြသေ့ရေဖြင့် ချုပ်ထားသောခြေနင်းကိုစီး၍ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းနေလေသည်။

ထိုလူငယ်သည် အရေးကြီးသောကိစ္စတစ်ခုဖြင့်သွားနေဟန်ရှိသည့်အမူအရာမှာ ခြသေ့ကဲ့သို့ရဲရင့်ပြီး ယောက်ျားပီသသည့်ရုပ်ဆင်းအင်္ဂါတို့နှင့်လည်း ပြည့်စုံသူဖြစ်သည်။ ကျန်းမာသန်စွမ်းမှုနှင့် စိတ်ခွန်အား အပြည့်ရှိသည့် သူရဲကောင်းတစ်ဦးကဲ့သို့ အထင်ရောက်စေသည်။မြင်လိုက်သူတိုင်း တစ်ကျော့ပြန်မကြည့်ဘဲမနေနိုင်ဖြစ်ကြရလေသည်။ စူးစမ်းသောမျက်လုံးများ ပတ်ဝန်းကျင်မှကြည့်နေကြသော်လည်း ဘာမထီစိတ်ဖြင့် ထိုလူငယ်မှာ တည်တည်ငြိမ်ငြိမ်လျှောက်လှမ်းနေဆဲဖြစ်သည်။

မြင်ရသူတိုင်းစိတ်တွင် သူဘယ်သူလဲ၊ ဘယ်သွားမှာလဲ စသည်ဖြင့် တွေးမိကြမည်မှာ မလွဲပင်ဖြစ်လေသည်။

## ▫ သစ္စာမြို့တော်

နှစ်ပေါင်းထောင်နှင့်ချီ၍ သက်တမ်းရင့်ရော်နေပြီဖြစ်သောမြို့အမည်မှာ သစ္စာမြို့တော်ဟု ထင်ရှားခဲ့သော မြို့ဖြစ်လေသည်။ လူရွယ်လျှောက်လှမ်းနေသည့် စနစ်တကျ တည်ဆောက်ထားသောမြို့ပင်ဖြစ်လေသည်။

သစ္စာမြို့တော်၏ ထူးခြားသည့်လက္ခဏာတို့မှာ မြို့တော်ဝန်အပါအဝင် သမာဓိအဖွဲ့ဝင်လေးဦးတို့ဖြင့် အုပ်ချုပ်ခဲ့ကြသည့်မြို့လည်း ဖြစ်လေသည်။ ထိုသစ္စာမြို့တော်တွင် နေထိုင်ကြသော မြို့သူမြို့သားအပေါင်းတို့သည် ကံငါးပါးကို လုံခြုံကြသူများဖြစ်သလို မေတ္တာခွန်အားကြီးမားကြသူများ နေ

www.burmeseclassic.com



# အောင်ထက်

(ရောအနောက်မြို့တော်)

## ဘဒ္ဒမာနိုင်ငံတော်သစ်နှင့် မြဲဝိမ်းရောင်မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ကြသောမြို့လည်း ဖြစ်သည်။ ထိုမြို့တွင် အုပ်ချုပ်သူ အကြီးအကဲများနှင့် အုပ်ချုပ်ခံလူတန်းစားဟု ခွဲခြားထားသော်လည်း တစ်ပြေးညီ ခံစားခွင့်ရှိကြလေသည်။ ပြစ်ဒဏ်ကျခံရာတွင်လည်း မျက်နှာကြီးငယ်မလိုက်ဘဲ တူညီသောပြစ်ဒဏ်ကိုခံကြရသည်ဟုအဆိုရှိခဲ့သောမြို့လည်းဖြစ်လေသည်။ ထိုမြို့တွင် လိမ်ညာသူမရှိ၊ ခိုးသူမရှိ၊ ခိုက်ရန်ဖြစ်ပွားမှုမရှိ၊ သေရည်သေရက်စားခြင်းနှင့် လောင်းကစားအပျော်အပါးမရှိ၊ အေးချမ်းသောမြို့တစ်မြို့ ဖြစ်လေသည်။

ထိုမြို့၏ တရားစီရင်ပုံထုံးတမ်းမှာ ထူးခြားသော ဝိသေသလက္ခဏာတို့ရှိနေပါ သည်။ စီရင်ဆုံးဖြတ်ပုံကို ဥပမာအနေဖြင့်ပြောရမည်ဆိုလျှင် လိမ်ညာ၍ပြောဆိုသည့်အတွက် ပြစ်ဒဏ်ပေးရာတွင် ထိုသူ၏လျှာကိုဖြတ်၏။ သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် ပြစ်ဒဏ်သည် ပစ္စည်းခိုးယူသူ၏လက်ကိုဖြတ်၏။ အနိုင်အထက်ပြုလုပ်၍ နှိပ်စက်ညှင်းပမ်းမှုခံရသူက တိုင်ကြားလျှင် ညှဉ်းပမ်းနှိပ်စက်သူအား ထောင်ဒဏ် အပြစ်ပေး၏။ ကြီးလေးသောပြစ်ဒဏ်များမှာ လူသတ်မှု၊ မုဒိမ်းမှုကျူးလွန်ခဲ့လျှင် သေဒဏ်အပြစ်ပေးခံရ၏။ သူများအိမ်ရာကို ကျူးကျော်ခဲ့လျှင် ယောက်ျားဖြစ်သူကို သေဒဏ်ပေး၍ မိန်းမဖြစ်သူကို ထောင်ဒဏ်ထိုက်သင့်စေသည်။ အမှုတွင် ပါဝင်နေသည့် မျက်မြင်သက်သေများ လိမ်ညာထွက်ဆိုပါက မျက်လုံးဖောက်ခြင်း၊ လျှာဖြတ်ခြင်း အမှုတို့ကိုခံကြရလေသည်။

အိမ်ထောင်ဦးစီးများသည် သက်ဦးဆံပိုင်အခွင့်အရေးကို ရရှိကြပါသည်။ ပြစ်မှုမှ သေဒဏ်ပေးခံရသည့်အပြစ်များကိုပင် သေဒဏ်မှကင်းလွတ်ခွင့်ပေးရန်နှင့် ရုတ်သိမ်းခွင့်ကို ဆောင်ရွက်နိုင်လေသည်။ အိမ်ထောင်ဦးစီးများ ထိုသို့ဆောင်ရွက်နိုင်သည့် အခွင့်အရေးသည် မိမိ၏သဘောဆန္ဒအရ တောင်းဆိုခွင့်ပြုထားသော်လည်း အကျင့်စာရိတ္တနှင့်ပတ်သက်သည့်ပြစ်မှုနှင့် ပြစ်ဒဏ်များကို အုပ်ချုပ်ရေးအဖွဲ့မှ ခွင့်ပြုပေးခြင်းအလျှင်းမရှိပါ။

မြို့ပေါ်တွင် ကောက်ရသော မည်သည့်ပစ္စည်းမဆို အုပ်ချုပ်ရေးအဖွဲ့သို့ ပို့အပ်ရပါသည်။ ပိုင်ရှင်လက်သို့ ပြန်လည်ပေးအပ်ရပါ၏။ ပစ္စည်းကောက်ရသူသည် အုပ်ချုပ်ရေးအဖွဲ့သို့ပေးအပ်ခြင်းမရှိခဲ့ပါက ခိုးမှုဖြင့်လက်ကိုဖြတ်ခံကြရ၏။ အုပ်ချုပ်ရေးအဖွဲ့တွင် ရောက်ရှိနေသည့်ပစ္စည်းများ ပိုင်ရှင်မပေါ်ပါက ထိုပစ္စည်းများကို အုပ်ချုပ်ရေးအဖွဲ့မှ ထုခွဲရောင်းချရန် စီမံရပါသည်။ ရရှိသောငွေကြေးများကို မြို့တော်၏အရပ်ရပ်သုံးစွဲရန် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလေသည်။ တစ်ခေတ်တစ်ခါဟုဆိုရလောက်အောင် ထူးခြားသောမြို့တစ်မြို့ဖြစ်ခဲ့ပါသည်။

### ❑ မဟာ့ရာတောင်ကုန်းကြီးပေါ်မှ ထူးခြားမှုများ

မဟာ့ရာတောင်ကုန်းကြီးပေါ်တွင် လွန်စွာလှပ၍အရည်များလဲ့ပြီးတောက်ပနေသော သစ္စာကျောက်ဟုခေါ်သော ကျောက်ပြာများရှိနေလေသည်။

ထိုသစ္စာကျောက်ပြာခဲကို (၃၁)လုံးကောက်ယူပြီးသောအခါ မဟာ့ရာတောင်ကုန်း၏အရှေ့မြောက်အရပ်ယွန်းယွန်းတွင်ရှိသောမေတ္တာလွင်ပြင်ကိုသွားရလေသည်။ကျယ်ပြန့်သော မေတ္တာလွင်ပြင်၏ အလယ်တည့်တည့်တွင် ကမ္ဘာပေါ်တွင် လွန်စွာမှ အရည်အသွေးကောင်းသောစိန်ပွင့်ကြီးများကဲ့သို့အရည်အသွေးဖြစ်တည်နေသည့် ကျောက်တိုင်ကြီးတစ်တိုင်တည်ရှိနေလေသည်။ ထိုစိန်တိုင်ကြီးသည် ရှစ်မြှောင့်သဏ္ဌာန်ပေါ်လွင်နေသည်။ အမြင့်မှာမူ ဆယ့်ရှစ်တောင်လောက်ရှိသကဲ့သို့ လုံးပတ်အကျယ်အဝန်းမှာလည်း ဆယ့်ရှစ်တောင်ဟုဆိုပါသည်။

ထိုစိန်တိုင်ကြီးကို ကောက်ယူလာခဲ့သည့် ကျောက်ပြာခဲသုံးဆယ့်တစ်လုံးဖြင့် အရပ်ရှစ်မျက်နှာလုံးကို ပစ်ပေါက်နိုင်သူသည် အံ့ဖွယ်ရာခွန်အားအသစ်တို့ကိုရစေသည်။ သာမန်လူ့သက်တမ်းတို့ထက်ပိုမိုရှည်စေ၏။ အတိုင်းအရှည်မဲ့သောခရီးတို့ကို ဆောလျင်စွာရောက်အောင်သွားနိုင်၏။ ဝေးလံခေါင်သီသောနေရာမှ အကြောင်းအရာတို့ကို ဖြစ်စေ ပိုပိုသိလိုသည့် အကြောင်းအရာနှင့်စကားတို့ကို ကြားနိုင်စွမ်း၏။

ရက်သုံးဆယ်ကာလတိုင်အောင် အစာရေစာစားသုံးခြင်းမပြုဘဲနေနိုင်၏။ အချုပ်ကိုပြောရလျှင် သိဒ္ဓိဆယ်ပါးကို အပြီးတိုင်ရစေနိုင်သည်ဟု ရှေးသားပုရပိုက်မှအဆိုရှိလေသည်။

ထိုသို့သိဒ္ဓိပေါက်ခဲ့သူသည် မည်၍မည်မျှရှိခဲ့သည်ဟုတော့ မည်သူတစ်ဦးတစ်ယောက်မျှမသိကြပါ။ လက်ဆင့်ကမ်းသယ်ယူလာခဲ့သည်။ ပါးစပ်စကား (ပုံပြင်) အရ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်ကြလေသည်။ တကယ်ကြိုးစားအားထုတ်သူများ အမှန်တကယ်ရှိမရှိ၊ မည်၍မည်မျှရှိသည် မရှိသည်ကို မည်သူမျှမသိရှိကြပေ။ မေတ္တာသစ္စာကို လုံခြုံကြသူများသာရရှိပါမည်ဟုလည်း ယုံကြည်၏။ ဘုန်းသမ္ဘာရှင်တို့အတွက်သာ အမှန်ပင်ဖြစ်လေသည်။ သစ္စာမဲ့သူများနှင့် တစ်ကိုယ်ကောင်းသမားများ မဟာ့ရာတောင်ကုန်းပေါ်တွင် အသက်ပေးသွားရသည့်အရေအတွက်သည် ရေတွက်၍ပင် ကုန်နိုင်မည်မထင်တော့ပါ။ များစွာပင်ရှိနေပြီ ဖြစ်ပါသည်။

မဟာ့ရာတောင်ကုန်းသည် အသားစားကြူးသည့်ဝံပုလွေများ၊ တောခွေးများ၊ ပြင်းထန်သောပင့်ကူကြီးများ၊ မြွေများအပြင် လွန်စွာကြောက်မက်ဖွယ်ကောင်းသော ကြီးမားလှသည့် မြွေကြီးများလည်းရှိနေလေ၏။ထိုအဖြစ်အပျက်တို့ကို စိတ်အားငယ်သူများနှင့် ကြောက်တတ်သူများမှာ ပြောသံကြားရုံဖြင့် ကျောချမ်းနေကြလေတော့သည်။

မေတ္တာနှင့် သစ္စာရှင်များမှာ မဟာ့ရာတောင်ကုန်းပေါ်သို့ရောက်ရှိချိန်မှစ၍ ကိုယ်တွင်းရှိမေတ္တာနှင့် သစ္စာအားတို့သည် သစ္စာကျောက်ခဲပြာ၏ အရောင်သိဒ္ဓိတို့ဖြင့် ပေါင်းစပ်သွားကြပြီး အေး[illegible] အန္တရာယ်ကင်းရှင်းသောလမ်းကို ဆလိုက်မီးမောင်းတို့ဖြင့် ထိုးပေးပြထားသကဲ့သို့ ထင်ရှားစွာမြင်တွေ့ရလေသည်။

အားကောင်းသောဆလိုက်မီးကြီးများဖြင့် လမ်းကိုပြထားသကဲ့သို့ တွေ့ရမြင်ရသည်ဟု အဆိုရှိ၏။ ပါရမီရှင်များကိုဆိုလျှင် ထိုညဦးအချိန်တွင်ပင် လွန်စွာအနံ့အရသာနှင့် ပြည့်စုံသော နတ်သုဒ္ဓာကဲ့သို့သောအစားအဟာရများဖြင့်လည်း လာရောက်၍ပြုစုကျွေးမွေးကြသည်ဟု လည်း အဆိုရှိ၏။ ထိုကဲ့သို့ လာရောက်ကျွေးမွေးပြုစုကြသူများမှာ နတ်ဒေဝတာများလား၊ ဝိဇ္ဇာများလား၊ တန်ခိုးရှင်များလားဟူ၍ မည်သူမည်ဝါများဖြစ်သည်ကို မသိရှိနိုင်ကြဟုဆို၏။

လွန်စွာမှနူးညံ့သိမ်မွေ့ကာ လွန်စွာဆန်းကြယ်သော ဂမ္ဘီရနယ်မြေလည်းဖြစ်နေသည်ကို ပဒုမာနိုင်ငံတော်ကြီး ပျက်သုဉ်းပြီးနောက် ပေါ်ပေါက်လာသော အာဏာတိက္ကမနယ်မြေကြီးဖြစ်၍ ဝိဇ္ဇာအာဏာတိက္ကမဂမ္ဘီရနိုင်ငံတော်ဟုပင် ဝိသေသပြုစုပြောဆိုနေကြပေသည်။

### ❑ အတိတ်ကာလက

ပဒုမာနိုင်ငံတော်ကြီးကြက်ပျံမကျစည်ကားအောင်ထူထောင်ခဲ့သည့်အချိန်က အလွန်တရာ ထူးခြားဆန်းကြယ်သော အတတ်ပညာရှင်များလည်းစုရာအရပ်ဖြစ်လေသည်။ လွန်စွာခန့်ငြားကြီးမားသော အနုပညာလက်ရာများ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်တည်ဆောက်ထားသည့် အဆန်းတကြယ်နှင့် တင့်တယ်လှပနေသောနိုင်ငံတော်လည်း ဖြစ်သည်။ စီးပွားဥစ္စာ ခနပေါကြွယ်ဝသော နိုင်ငံတော်လည်း ဖြစ်သည်။ နောင်တော်မင်းကို ညီတော်မှ ထီးနန်းလုခဲ့ရာမှစ၍ လွန်စွာနှမြောတသဖွယ်ဖြစ်သောပဒုမာနိုင်ငံတော်ကြီး အစိတ်စိတ်အမြွာမြွာ ပြိုကွဲရလေတော့သည်။

ပဒုမာနိုင်ငံတော်ကြီးပျက်သုဉ်းချိန်တွင် လသားအရွယ်ရှိသော သန့်စင်မင်းသားလေးကို သက်တော်ရှည်ပညာဓမ္မအမတ်ချုပ်ကြီးက သခင်နှစ်ပါးဆုံးပါးသွားသည့်အတွက် သန့်စင်ကိုယ်တော်လေးကို ရင်ခွင်ပိုက်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရလေတော့သည်။

အမတ်ချုပ်ကြီးသည် ပညာဓမ္မသည် အရှင်နှစ်ပါးတို့၏ဆရာဖြစ်သော သဗ္ဗသိဒ္ဓိဆရာဟု အမည်ရသည့် ဆရာရသေ့သီတင်းသုံးရာ မဟာမြိုင်နဝင်းတောင်တန်းသို့ ပြေးသွားကြခြင်း ဖြစ်သည်။ သဗ္ဗသိဒ္ဓိဆရာရသေ့ကလည်း အမတ်ချုပ်ကြီး ပညာဓမ္မနှင့် သန့်စင်မင်းသားလေးအား နွေးထွေးစွာကြိုဆိုခဲ့လေသည်။ သန့်စင်မင်းသားလေးနေထိုင်ရန် မေတ္တာစမ်းချောင်းဝန်းရံထားသော သစ္စာလိုဏ်ဂူတွင်နေစေခဲ့လေသည်။

အချိန်ကာလတို့မည်သည် မျှော်လင့်တော့တနေရလျှင် အလွန်ကြာမြင့်သည်ဟု အထင်ရှိလေ၏။ ကုန်လွန်သွားခဲ့သောအချိန်တို့ကို ပြန်လည်ကြည့်လျှင် မကြာသောတစ်ခဏကာလဟုပင် ထင်မှတ်ရလေသည်။

အချိန်တို့၏ ရွေ့လျားချိန်သည် သန့်စင်မင်းသားလေး၏ အသက် (၁၈) နှစ်ပြည့်မြောက်ခြင်းက သိသာနေပြီဖြစ်လေသည်။ မင်းသားလေးမှာ ငယ်စဉ်မှစ၍ သက်တော်ရွယ်တော် (၁၈) နှစ်ပြည့်မြောက်သည့်အချိန်အထိ စာပေပညာ၊ ဗေဒတ်ပညာ၊ ဆေးပညာအတတ်နှင့် ယောက်ျားမြတ်တို့တတ်အပ်သော (၁၈) ရပ်သောပညာရပ်တို့ကို အစုံအလင် ကျွမ်းကျင်လိမ္မာအောင် တတ်မြောက်နေလေပြီ။ သန့်စင်မင်းသားလေးကို သဗ္ဗသိဒ္ဓိဆရာရသေ့မှ အသက်အရွယ် ([illegible]) နှစ်ကပင် စတင်၍ မေတ္တာကျင့်စဉ်တို့ကို စတင်၍ ကဏ္ဍပိုင်းခြား၍ သင်ကြားခဲ့သည့်အတွက် လုံလောက်သော အကျင့်စရဏတို့ဖြင့် ပြည့်စုံနေသောယောက်ျားမြတ်တစ်ယောက် ဖြစ်နေလေသည်။

ယခုအချိန်တွင် သက်တော်ရွယ်တော်နုနေသည်ဆိုသော်လည်း (၁၈) နှစ်အရွယ်တွင်ပင် လွန်စွာတည်ငြိမ်၍ သီလ၊ သမာဓိ၊ ဉာဏ်ပညာနှင့် ခွန်အားဗလတည်းဟူသော ဗလခွန်အားတို့နှင့်လည်း ပြည့်စုံနေပြီး ဖြစ်လေသည်။ လောက၊ ဓမ္မနှစ်ဌာနလုံးကို မေတ္တာကိုသစ္စာမြင်ဖြင့် နားလည်နေပြီဖြစ်သော သန့်စင်ကိုယ်တော်လေးသည် တမလွန်သို့ထွက်ခွာသွားကြလေပြီဖြစ်သော ကျေးဇူးရှင်ခမည်းတော်နှင့် မယ်တော်တို့၏မိန့်မှာတော်မူထားသည့်အတိုင်း ပဒုမာနိုင်ငံတော်သစ်ကြီးကို ပြန်လည်စုစည်းပြီး တည်ဆောက်ရမည် ဖြစ်လေသည်။

နဂိုက မြို့ပြတည်ထောင်ခဲ့သော နန်းတော်နှင့်မြို့ပြနေရာ၏အရှေ့မြောက်အရပ်တွင်တည်ရှိနေသော မေတ္တာလွင်ပြင်နှင့် သစ္စာတောင်ကုန်း၌ နန်းတော်သစ်တည်၍ မြို့တော်အသစ်တည်ဆောက်ရမည် ဖြစ်လေသည်။ ပဒုမာနိုင်ငံတော်ကြီးပျက်သုဉ်းစဉ်အချိန်ကာလက တစ်ရပ်တစ်ကျေးသို့ ရောက်နေကြသော ပဒုမာပြည်သူပြည်သားများကို ပြန်လည် စုစည်းရမည်။

နောက်ပဒုမာနိုင်ငံကြီး၏ အရှင်သခင်အဖြစ် စိုးစံရမည်ဖြစ်လေသည်။

**□ အံ့ဖွယ်နိမိတ်ကြီးများ**

သဗ္ဗသိဒ္ဓိဆရာရသေ့၏ နက္ခတ်ပညာဖြင့် တွက်ချက်ထားခြင်း၊ ဂမ္ဘီရပညာနှင့် အာရုံနိမိတ်အသီးသီးတို့မှ သန့်စင်ကိုယ်တော်လေးသည် အသက် (၁၈) နှစ်ပြည့်သော လပြည့်နေ့တွင် မဟာမြိုင်နဝင်းတောင်တန်းကြီးတစ်ခုလုံး နေရာအလပ်မရှိ တောပန်းတို့အလုံးစုံပွင့်ကြမည်။ သီးနှံများလည်းသီးကြမည်။ မတွေ့ဘူးမမြင်ဘူးကြသောတောကောင်ကြီးများ၊ မြေတွင်းသတ္တဝါကြီးများ၊ ရေနေသတ္တဝါကြီးများတို့ထွက်လာကြပြီး ပျော်မြူးကြမည်။ ငှက်မျိုးစုံလည်း သံပြိုင်တေးဆိုကြပေလိမ့်မည်။ တောဘုရင်များဖြစ်ကြသော ကျားနှင့် ခြင်္သေ့တို့ပင် ယုန်သူငယ်နှင့် ချေငယ်တို့အားလုံး အတူတကွ ပေါင်းဖော်ကစားကြမည်။ တောလုံးကျွတ်ပင် ကရဝိက်၊ ကြိုးကြာ၊ ဥဒေါင်း၊ ငှက်ပါမကျန် တွန်သံပေး၍ မြူးပျော်စွာ တေးဆိုကာ ကခုန်ကြမည်ဖြစ်ပေသည်။

စာရေး၍ပင်မကုန်နိုင်သော အံ့ဖွယ်မျိုးစုံတို့ကိုပင် မြင်တွေ့ရပေမည်။ နဝင်းတောင်တန်းကြီး၏ ရှစ်လုံးမြောက်ဖြစ်သောတောင်ကြီး၏အဂ္ဂိထောင့် (အရှေ့တောင်ထောင့်အရပ်) မှ လွန်စွာအံ့ဩဖွယ်ကောင်းသော ရောင်စဉ်ခုနစ်ပါးတို့ဖြင့် မြေမှထွက်ပေါ်လာပြီး ကောင်းကင်သို့တိုင်အောင် တိုးထွက်၍ လင်းလက်လိမ့်မည်။ ထိုသို့ မြေမှထွက်လာသော ရောင်စဉ်ခုနစ်ပါး၏အရှေ့ဘက်အရပ်မှ ယခင်အခါများက တစ်ကြိမ်တစ်ခါမျှပင် မမြင်ဘူးမတွေ့ဘူးခဲ့သောလိုဏ်ဂူတော်ကြီးပေါ်လာလိမ့်မည်။

ထိုလိုဏ်ဂူတော်ကြီးအတွင်းတွင် ပတ္တမြားဘုရား၊ မြသားဘုရားနှင့် စိန်သားဘုရားသခင်တို့ ကိန်းဝပ်နေကြပါသည်။ အထူးထူးသောပန်းများ၊ သစ်သီးများ ကြည်ညိုဖွယ်ရာ ကပ်လှူပူဇော်ထားပုံကို တွေ့ရလိမ့်မည်။ ထိုလိုဏ်ဂူတော်တွင် အခန်းဖွဲ့စည်းပုံသုံးခန်းဖွဲ့စည်းထားပြီး လက်ယာဘက်အခန်းတွင် ရတနာကိုးမျိုးတို့ဖြင့် စီခြယ်၍ ရွှေချထားသည်။ ကိုးတောင်ပတ်လည်ပြည့်စေတီတော်ကြီးကိုးလုံးတည်ရှိလေသည်။ ထိုသေတ္တာများထဲ၌ ရွှေနှင့်ကျောက်မျက်ရတနာများ အပြည့်တည်ရှိလေသည်။ လက်ဝဲဘက်အခန်းတွင်မူ သုံးဆယ့်သုံးဆစ်အရှည်ရှိသော သန်လျက်တော်အရိုးတွင် နဝရတ်ကိုးသွယ်စီခြယ်ထားလေသည်။ ရွှေကလပ်ပေါ်တွင် တည်ရှိ၏။ ပတ္တမြားကျောက်စီ၍ထားသော သစ္စာဓားလွယ်တစ်ချောင်းလည်း ရွှေကလပ်ပေါ်တွင် သီးခြားတည်ရှိလေသည်။

ရွှေကလပ်ခံ၍ ရတနာစီခြယ်ထားသောရွှေလင်ပန်းပေါ်တွင် မင်းမြောက်တန်ဆာငါးပါးအစုံလိုက်ရှိနေမည် ဖြစ်ကြောင်းကို ဆရာရသေ့သိထားတော်မူပြီး ဖြစ်လေသည်။

**□ အံ့ဖွယ်ထူးဆန်းသောဖြစ်ရပ်များ**

အတာပေါင်းသော တပေါင်းလ၏ လပြည့်နေ့တွင် သဗ္ဗသိဒ္ဓိဆရာရသေ့၏ တွေးမြင်သိရှိထားခဲ့သည့် အတိုင်း နဝင်းတောင်တန်းတွင် အံ့ဖွယ်ထူးဆန်းမှုများအားလုံးဖြင့်ကြုံရလေပြီ။

သက်တော်ရှည် အမတ်ချုပ်ကြီး ပညာဓမ္မမှာလည်း သဗ္ဗသိဒ္ဓိဆရာရသေ့ညွှန်ကြားသည့်အတိုင်း အဓိဋ္ဌာန်စခန်းဝင်နေခဲ့ရာ ထိုနေ့သည် အဓိဋ္ဌာန်ပြည့်သောနှစ်၊ ပြည့်သောရက်ဖြစ်လေသည်။ သန့်စင်မင်းသားလေးမှာလည်း နောက်ဆုံးအကျင့်စခန်းတစ်ခုပြီးမြောက်အောင် မြင်သောနေ့လည်း ဖြစ်လေသည်။

အမတ်ချုပ်ကြီး ပညာဓမ္မ၏ ရင်တွင်းစကားသည် -

'ဪ- ပဒုမာနိုင်ငံတော်သစ်ကြီး ပြန်လည်ပေါ်ပေါက်လာတော့မည့်အရိပ်နိမိတ်ကောင်းများပါကလား'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပီတိစိတ်ဖြင့် ဝမ်းမြောက်စွာ စိတ်အစဉ်ဖြင့် ရေရွတ်နေမိလေတော့သည်။

သန့်စင်မင်းသားလေးမှာ မဟာသေွး၊ ရာဇသွေးဖြစ်သော်လည်း ခက်ထန်ခြင်းနှင့် မာန်မာနတို့ကင်းလေ၏။ စိတ်နှလုံးလွန်စွာပျော့ပျောင်းသူလည်းဖြစ်လေသည်။ သုံးလတွင်သာတစ်ကြိမ်မျှလောက်တွေ့ခွင့်ရသော အမတ်ချုပ်ကြီးပညာဓမ္မနှင့် ခြောက်လလောက်တွင် တစ်ကြိမ်လောက်သာ ဖူးတွေ့ခွင့်ရသော သဗ္ဗသိဒ္ဓိဆရာရသေ့ကို လွန်စွာပင် ဖူးတွေ့ချင်သော စိတ်ဆန္ဒများသည် မင်းသား၏ရင်ဝယ်ဖြစ်ပေါ်နေလေသည်။

ပြုသင့်သည့်ကိစ္စကို အချိန်စောင့်ဆိုင်းလိုသောဆန္ဒရှိသူမဟုတ်။ဆောလျင်စွာသာ ပြုလုပ်လိုသောစိတ်ရင်းရှိသူ သန့်စင်ကိုယ်တော်လေးသည် အဘိုးသက်တော်ရှည်အမတ်ချုပ်ကြီး ပညာဓမ္မထံသို့တွေ့ဆုံရန် သစ္စာလိုဏ်ဂူမှထွက်လာခဲ့ပါတော့သည်။

ထိုစဉ် -

"ဆရာတော်ကြွတော်မူပါဘုရား"

ဟု အမတ်ချုပ်ကြီး ဦးပညာဓမ္မသည် လွန်စွာ နှစ်လိုရှိကျိုးစွာဖြင့်ပင် လျှောက်၍ ကျောက်ဖျာထက်ပေါ်တွင် သစ်နက်သားရေအခင်းခင်းထားသည့် နေရာဆီသို့ သဗ္ဗသိဒ္ဓိဆရာရသေ့ကြွတော်မူလေသည်။

"သာဓု သာဓု သာဓု"

ဟု သာဓုခေါ်တော်မူပြီးတစ်ဆက်တည်း -

"အမတ်ချုပ်ကြီး မျှတတော်မူပါရဲ့လား"

ဟု မိန့်ကြားပြီး ကြီးစွာသောကရုဏာဖြင့်ထိုင်နေတော်မူလေ၏။

အမတ်ချုပ်ကြီးသည် ဦးခိုက်ကန်တော့လိုက်လေသည်။ လူပုဂ္ဂိုလ်နှစ်ဦးစလုံး စကားမဆိုဖြစ်ကြ။ တစ်ခဏအကြာမှပင် သဗ္ဗသိဒ္ဓိဆရာရသေ့က ဦးစွာပင်စကားစလေတော့သည်။

"အမတ်ချုပ်ကြီး၊ သားတော်သန့်စင်ကိုယ်တော်လေးလည်း အခုပင်ရောက်လာတော့မှာမို့ ရောက်လာတော့မှပဲ ရှေ့မှာဘာတွေဆက်လုပ်ကြမယ် ဆိုတာကိုပြောတော့မယ်"

ဟု မိန့်တော်မူ၍ ဆိုင်းငံ့တော်မူလေသည်။

သန့်စင်မင်းသားလေးရောက်လာပြီး သဗ္ဗသိဒ္ဓိဆရာရသေ့နှင့် အမတ်ချုပ်ကြီးဦးပညာဓမ္မတို့အား နဖူးမြေချခြေစုံဦးတိုက်ကန့်လိုက်ပါတော့သည်။

"ယခုသားတော်ထွက်လာတာက အဘိုးကို လွန်စွာမှတွေ့လို၍ ထွက်လာခဲ့တာပါဘုရား။ အဘိုးဆီရောက်မှ ဆရာတော်ဆီသို့လိုက်ပို့ပေးရန် အခွင့်ပန်တောင်းဆိုဖို့ ကြံရွယ်ချက်နဲ့လာခဲ့တာပါ။ အခုတော့ ဆရာတော်ရော အဘိုးပါ တစ်ပြိုင်တည်း ဖူးတွေ့ခွင့်ရသည့်အတွက် အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်းပါဘုရား"

ဟု မင်းသားက လျှောက်ထားလေသည်။

"ဆရာတော်ဘုရား၊ မင်းသားရဲ့ ရှေ့ဖြစ်ကိစ္စများကို အမိန့်ရှိတော်မူမည့်စကား အခုပင်မိန့်ကြားတော်မူပါဘုရား"

ဟု အမတ်ချုပ်ကြီးမှ လျှောက်တင်လေ၏။

"အိမ်း - ရှေးသားပုရပိုက်အလာ စကားအဆိုအမိန့်သည် သဗ္ဗမင်္ဂလာဟူသောမြတ်သောအခါဖြင့်ကြုံနေပြီဖြစ်တယ် ပြောရတာပ။ အံ့ဩထူးဆန်းဖွယ်ရာဖြစ်ရပ်တွေကို တချို့ကိုတော့ မျက်ဝါးထင်ထင်တွေ့မြင်ရပေပြီ။သုံးလောကသိဒ္ဓိရှင်အောင်မြင်ချမ်းသာလိုဏ်ဂူတော်ပေါ်ထွန်းမှုကို အမတ်ချုပ်ကြီးရော ကိုယ်တော်လေးပါ တစ်ပါတည်းလိုက်ခဲ့ကြပြီးကြည့်ကြရအောင်။ ယခုပင်သွားကြည့်ကြမည်"

ဟု ဆရာရသေ့က မိန့်ဆိုတော်မူ၍ ကြွတော်မူလေသည်။

လိုဏ်ဂူအတွင်းသို့ ရောက်ကြတော်မူသောအခါတွင် ရတနာရုပ်ပွားတော်သုံးဆူကို ရှိခိုးဦးတိုက်ကန်တော့လိုက်ကြပြီးနောက် လက်ယာဘက်ရတနာများထားရှိသော အခန်းကိုဝင်ရောက်၍ ဆရာတော်မှ ရတနာမျိုးစုံကိုပြသလေ၏။ ထိုရတနာတို့သည် ပဒုမာနိုင်ငံတော်သစ် တည်ဆောက်ရာတွင် သုံးစွဲရမည်ဖြစ်ပြီး သာသနာတော်စည်ပင်ပြန့်ပွားရေးနှင့် ပဒုမာနိုင်ငံတော်သစ်ကြီးဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာအောင်သုံးရမည်ဖြစ်ကြောင်းကို အမတ်ချုပ်ကြီးနှင့် မင်းသားအား ရှင်းလင်းပြောပြ၏။ ထိုအခန်းမှ လက်ဝဲဘက်အခန်းဆီသို့ ဆက်လက်သွားကြလေသည်။

လက်ဝဲဘက်အခန်းတွင်းတွင် မင်းမြောက်တန်ဆာငါးပါးတို့နှင့် လက်ဆွဲတော်ဓားတို့ကို ပြသလေသည်။ အမတ်ချုပ်ကြီး ဦးပညာဓမ္မသည် အသေးစိတ်ရှင်းလင်းပြနေချိန်တွင် ဆရာတော်သည် သန့်စင်မင်းသားလေးအား လေးတော်နှင့် ကိုးစင်းသောမြားတို့ကို ယူစေ၏။ လက်နက်အဖြစ် သခွားရောင်စိန်ပွင့်တစ်လုံးကို ဓားရိုး၏အဆုံးတွင် ရွှေကွပ်သော အခွေဖြင့်တပ်ဆင်ထားသော ဓားမြှောင်တစ်လက်ကိုပါ ယူစေပါသည်။

လေး၊ မြားနှင့် ဓားမြှောင်တို့၏ အစွမ်းသိဒ္ဓိတို့ကို အမတ်ချုပ်ကြီးဦးပညာဓမ္မမှထပ်မံရှင်းလင်း၍ပြောပြလေသည်။ သန့်စင်မင်းသားလေးသည် အမတ်ချုပ်ကြီး အဘိုးဦးပညာဓမ္မ၏ စီမံမှုများနှင့် ညွှန်ကြားအပ်သည်တို့ကို လိုက်နာမည် သားပြီး အတိအကျဆောင်ရွက်ပါမည် ဖြစ်ကြောင်း ကတိပြုပါလေတော့သည်။

"ကိုင်း - အမတ်ချုပ်ကြီး၊ သန့်စင်ကိုယ်တော်လေးရဲ့ရှေ့ဆက်လုပ်ကိုင်ရမည့်အမှုကိစ္စအဝဝတွေကို အမတ်ချုပ်ကြီးပဲ လိုက်ပါပို့ဆောင်ပြီး စီမံပေတော့"

ဟုဆိုပြီး ဆရာတော်သည် နေရာမှ ရုတ်ခြည်းကြွသွားတော်မူလေတော့သည်။ နှုတ်ဆက်ကန်တော့ချိန်ပင်မရလိုက်သဖြင့် မင်းသားလေးမှာ ဝမ်းနည်းသလို ခံစားနေရလေတော့သည်။

❑

"သမီးလေး၊ မယ်မယ်တို့ သမီးလေးရဲ့ခမည်းတော်ဆီ ဖူးမြော်ရန်သွားကြမယ်"

ဟု မယ်တော်ပုလဲဒေဝီက မြစိမ်းရောင်မင်းသမီးလေးကို သာယာချိုလွင်သောစကားဖြင့် ဆိုလိုက်ပါသည်။

"မှန်ပါ့ မယ်မယ်ဘုရား"

ဟု မြစိမ်းရောင်မင်းသမီးလေးက မယ်တော်ပုလဲဒေဝီကို လက်အုပ်ချီကာ ပြန်လည်လျှောက်ထား၍ သီဟဗလကိုယ်တော်ကြီးရှိရာသို့ ထွက်သွားကြလေတော့သည်။

## ▣ အတိတ်ပုံရိပ်

သီဟဗလအရှင်နှင့် ပုလဲဒေဝီတို့သည် လွန်လေသော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ဘဒုမာနိုင်ငံတော်၏ အိမ်ရှေ့စံအဖြစ် စိုးစံခဲ့ကြလေတော့သည်။ နောက်သံဝိဇ္ဇာတစ်ဦးနှင့် ပေါင်းဖက်မိသောအခါတွင် ပဒုမာနိုင်ငံတော်ကြီး၏ အလွန်တန်ဖိုးကြီးမားသောစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်လာလေတော့သည်။

လောဘကြီးသော သီဟဗလသည် တော်သည် နောင်တော်မဏိသူရကျော်ထင်ဘွဲ့ရတော်မူသော မင်းတရားကြီးနှင့် မိဖုရားတော်ဝဏ္ဏပဘာတို့ကို လုပ်ကြံတော်မူပြီး ထီးနန်းလုယူခဲ့သူဖြစ်သည်။ ထိုစဉ်အခါက မိဖုရားတော်ဝဏ္ဏပဘာတွင် လသားအရွယ် သန့်စင်မင်းသားလေး ဖွားမြင်ခဲ့ပြီး ဖြစ်သည်။ ရာဇမာန်ဘက်

www.burmeseclassic.com

နေသော သီဟဗလအရှင်သည် ကျူပင်ခုတ်ကျူငုတ်မကျန် သုတ်သင်ရှင်းလင်းခဲ့သော်လည်း နောင်တော် မဏိသူရ၏ရင်သွေးတော်အနှစ် သန့်စင်မင်းသားလေးကို သေစေအောင် မကြံဆောင်နိုင်၍ လွတ်မြောက်သွားခဲ့လေတော့သည်။

သီဟဗလအရှင်သည် ဘဒ္ဒမာနိုင်ငံတော်ကြီး၏အကြီးအကဲအဖြစ် နေရာယူ၍ ရာဇဘိသေက ဘိသိက်ခံယူတော်မူပြီး ပုလဲဒေဝီကို တောင်ညာစံထား၍ စိုးစံခဲ့လေသည်။ အချိန်တို့မှာ မကြာမြင့်လိုက်ပါချေ။ ပုလဲဒေဝီမိဖုရားကြီးမှ မြစိမ်းရောင်မင်းသမီးကို မျက်နှာမြင်ချိန်တွင် ဘဝ၏ အပြောင်းအလဲတို့ စတင်လေတော့သည်။

မဟိဒ္ဓိဆရာသခင်တို့၏ ချီးမြှောက်မှုဖြင့် ဝိဇ္ဇာများကြပ်မတ်စောင့်ရှောက်နေခဲ့သော ဘဒ္ဒမာနိုင်ငံတော်ကြီးမှာ အဖျက်ဝိဇ္ဇာများ၊ အောက်လိုင်းဝိဇ္ဇာများနှင့် သစ္စာမဲ့သူများထွန်းကားလာခဲ့မှုတို့ကြောင့် အလွန်တရာသာယာဝပြော၍ ကြက်ပျံမကျစည်ကားလှသော ဘဒ္ဒမာနိုင်ငံတော်ကြီးမှာ ကိုယ်ကျင့်သီလများချီးဖောက်လာကြသည့်အတွက် ယခင်က စောင့်ထိန်းခဲ့ကြသော မေတ္တာတရားများ ပျက်ပြားလာကြသည့်အတွက် အချင်းချင်းစိတ်ခမ်းကွဲလာကြပြီး မသင့်မမြတ်ရှိနေကြချိန်တွင် မိစ္ဆာရန်သူတို့၏ဝင်ရောက်တိုက်ခိုက်ခြင်း၊ လုယက်ဖျက်ဆီးခြင်းတို့ကိုခံရလေတော့သည်။

မည်သူမျှမထင်မှတ်ခဲ့သော ပဒုမာနိုင်ငံတော်ကြီးသည် တစပြင်ကြီးကဲ့သို့ ဖြစ်သွားလေတော့သည်။ အဆုံးသတ်တွင် လူသေလောင်းများပေါ်သို့ မီးခဲမိုး၊ ပြာပူမိုးတို့ဖြင့် ပဒုမာနိုင်ငံတော်ကြီးတစ်ခုလုံး ဖုံးလွှမ်း၍ ပျောက်ကွယ်ခဲ့ရလေတော့သည်။

လူနည်းစုများဖြစ်ကြသောအကျင့်သီလနှင့် ပြည့်စုံကြသည့် နိုင်ငံသူနိုင်ငံသားများမှာလည်း ခြေဦးတည့်ရာ အရပ်မျက်နှာကို ကိုယ်လွတ်ရုန်း၍ပြေးကြရလေတော့သည်။ မိမိတို့ရောက်ရှိရာနေရာဒေသအတွင်း အချင်းချင်းစုစည်းအိုင်ပင်ကြပြီး ကျေးရွာအဖြစ်ထူထောင်၍ ကောင်းစွာအသက်မွေးကာ နေထိုင်ကြလေတော့သည်။

အကျင့်သီလပျက်ပြားကြသူတို့မှာ ဒုမာမြေပေါ်တွင် ဓားဘေး၊ လှံဘေးတို့ဖြင့် သေဘေးကြုံခဲ့ရပြီး နောက်ဆုံး၌ မီးခဲမိုး၊ ပြာပူမိုးတို့၏ဝါးမျိုမှုတို့ကိုခံကြလေတော့သည်။

ကံကြွေးမကုန်ကြသေးသော ပုလဲဒေဝီအရှင်မတို့မှာ မြစိမ်းရောင်မင်းသမီးလေးကို ရင်ခွင်ပိုက်၍ သေဘေးမှလွတ်မြောက်အောင် ထွက်ပြေးတိမ်းရှောင်ခဲ့ကြရလေတော့သည်။

နောင်တဟူသည် နောင်မှရသည်ဆိုသည့်အတိုင်း ဘေးဒုက္ခကြုံလာခါမှ မိမိတို့ ကျူးလွန်ခဲ့ကြသည့်အပြစ်တို့ကို နောင်တကြီးစွာရ၍ လောင်ကျွမ်းနေရလေတော့သည်။ အရှင်နှစ်ပါးသည် သမီးတော်နှင့်အတူ ဘဝဇာတိကို မြှုပ်ထားလိုက်ပါတော့သည်။ သံဝေဂရသည့်အတိုင်း သစ်ခေါက်ဆိုးအဝတ်ကို ဝတ်၍ သူတော်ကောင်းတရားကို ကြိုးစားကာ အားထုတ်၍ နေခဲ့ကြလေတော့သည်။ အသိတရားနှင့်ကြိုးစားခဲ့ကြသည့်အတွက် အကျင့်စရဏတို့မှာ ပြောင်းလဲတိုးတက်လာခဲ့ပြီ ဖြစ်၏။ ယခုဆိုလျှင် တစ်ဆယ့်ရှစ်နှစ်ပင်ကျော်လွန်ခဲ့ပြီဖြစ် သည်။

ဟုတ်ပါသည်။ မြစိမ်းရောင်မင်းသမီးလေး၏အသက်ပင် (၁၈)နှစ်ပြည့်မြောက်နေပြီ ဖြစ်လေသည်။

**□ ကံမကုန်၍ပြန်ဆုံကြသည့်ပွဲ**

အရှင်နှစ်ပါးတို့သည် သမထအရာတွင် အတော်အတန်ပြည့်စုံနေပြီဖြစ်သလို တစ်စုံတစ်ရာပေါက်မြောက်ရရှိနေကြပြီ ဖြစ်သည်။ သမီးတော်မြစိမ်းရောင်မင်းသမီးတို့သည် အဘယကုမ္မာ ပညာရပ်များ၊ အခြေခံပညာရပ်များနှင့် စာပေတို့အပြင် အကျင့်စရဏတို့ကိုပါ သင်ပြပေးထားခဲ့သဖြင့် မင်းသမီးလေးမှာလည်း ဘဝထိန်းကျောင်းမှုကိုကောင်းစွာနိုင်နင်းလေပြီဖြစ်လေသည်။

ယူဇနာအားဖြင့် ကိုးထောင်အကျယ်အဝန်းရှိသော မဟာမြိုင်တောကြီး၏တစ်နေရာမှာနေထိုင်သော မဟာမြိုင်အလှဘုရင်မတစ်ပါးကို တွေ့မြင်ခွင့်ရမည်ဆိုလျှင် အဘယ်သို့ဖြစ်အံ့နည်း။ လှပ်ရှားမှုတိုင်းကိုကြည့်လျှင် အလှဘုရင်မကို နတ်သမီးတစ်ပါးဟုပင် ထင်မြင်မှားလောက်ပေလိမ့်မည်။ မြင်တွေ့ခွင့်ရသော ပုရိသများမှာ ရင်ဖိုလိုက်လှဲပြီး အရူးအမူးဖြစ်ကြပေလိမ့်မည်။ မြစိမ်းရောင်မင်းသမီး၏အလှသည် နတ်မိမယ်အသွင် ပြစ်မျိုးစင်သည့် အလှမျိုးဖြစ်၍ စာဖွဲ့လျှင်ပင်ကုန်အံ့မထင်ဟုဆိုရလောက်သောအလှပင် ဖြစ်လေသည်။ အလှတရားနှင့်ပြည့်စုံသလို စိတ်သဘောကလည်း နူးညံ့ပျော့ပျောင်း၏။ နှစ်လိုဖွယ်အပြုံးမျက်နှာလည်းရှိသူဖြစ်၍ ရာဂဘီလူးများဆိုလျှင် မြစိမ်းရောင်မင်းသမီးကို မြင်လိုက်ရပါက အရူးအမူး သေအံ့မူးမူး သဲလိုက်ရင်ဖိုအလှမျိုးပင်ဖြစ်သည်။ ထိုသို့ မြစိမ်းရောင်မင်းသမီး၏ ဘဝဆုတောင်းအထူးပင်ကောင်းခဲ့သူဖြစ်သည်။

နေနှင့်လ နှစ်ပါးအပြိုင်ထွန်းလင်းသကဲ့သို့ သန့်စင်မင်းသားနှင့်မြစိမ်းရောင်မင်းသမီးတို့၏ ဘဝရေစက်မှာလည်း လွန်စွာဆန်းပြားနေလေ၏။ ဘဝသံသရာ၏ဇာတ်ပွဲတွင် ဇာတ်ညွှန်းရေးထားသကဲ့သို့ မည်သူမျှမစွမ်းနိုင်သော စွမ်းအားကြီးတစ်ခုပင် ဖြစ်နေလေ၏။ သစ္စာသံလိုက်စက်ကွင်းနှင့် မေတ္တာကွန်ရက်တို့မှာ ဦးခေါင်းကျမြေမှာလည်း ဓမ္မတာဖြစ်နေလေတော့သည်။

**□ ဝက်ပါတောကို ကျော်ဖြတ်၍ မြကန်သို့ သွားပြီ**

အဘိုးပညာဓမ္မ၏ ခေါ်ဆောင်မှုနောက်မှ သန့်စင်ကိုယ်တော်လေးလိုက်သွားခဲ့ရလေပြီ။ သစ္စာလိုဏ်ဂူ၏အတွင်းဘက်တစ်နေရာမှ ယန္တရားဖြင့် စီမံထားအပ်သော ကျောက်တံခါးကို ဖွင့်၍ဝင်ရောက်သွားခဲ့ကြလေပြီ။ ထိုတံခါးဝအတွင်းသို့ ဝင်ရောက်လာခဲ့ကြသောအခါတွင် လိုဏ်ခေါင်းဖောက်ထားသဖြင့် ထိုလမ်းတွင် မှောင်မည်း၍ပင်မနေပါချေ။ နေအလင်းရောင်ကဲ့သို့ပင် လင်းထိန်နေလေသည်။ နံရံများတွင်ရှိနေကြသော ကျောက်မျက်တို့၏ အလင်းရောင်များသည် ကြည်လင်အေးမြနေပြီး မျက်စိအမြင်အားကိုပင် ပိုမိုကောင်းမွန်လာနေပါတော့သည်။ ထိုလိုဏ်မှထွက်လိုက်သည်နှင့် ဝက်ပါတောကို တွေ့ရလေတော့သည်။ အဘိုးပညာဓမ္မ ပြောပြသည်မှာ ဝက်ပါတောသည် ကိုးတောဟု ဆိုလေသည်။ ဝက်ပါ၏လမ်းမှန်ကိုသိ၍သာ ခရီးတွင်လေသည်။ ဝက်ပါ၏လမ်းမှန်ကို မသိ၍ လျှောက်လှမ်းနေရမည်ဆိုလျှင် (၉) နှစ်နှင့်ပင် ထိုဝက်ပါတောမှ ထွက်နိုင်ရန် ခက်ခဲသည်ဟု ဆိုပါသည်။ အသက်ကိုပါ စတေး၍သွားကြရမည်သာ ဖြစ်လေသည်။

ထိုတောကြီးများတွင် တန်ခိုးကြီးမားသောနတ်များ၊ မဟိဒ္ဓိပုဂ္ဂိုလ်ကြီးများ၊ သိဒ္ဓိရှင်များ၊ ဘုန်းကံကြီးမားကြသူများသာထိုက်တန်သော သရက်ကြီး၊ ဩဇာသီး၊ ကြာရိုးကြာစွယ်နှင့် ကြာနို့များတို့သည် စားသုံးကြသူများအတွက် မဟာသိဒ္ဓိနှင့်ပြည့်စုံသကဲ့သို့ သဗ္ဗသိဒ္ဓိဆေးတော်ကြီးကို စားရဘိသကဲ့သို့ အလုံးစုံထူးချွန်ထက်မြက်ကြလေ၏။

အဘိုးပညာဓမ္မ ကူညီညွှန်ပြ၍ သာသန့်စင်ကိုယ်တော်လေးမှာ သစ်သီး

www.burmeseclassic.com

နှင့်တကွ ကြာနို့တို့ကိုပါ စားသုံးရလေတော့သည်။

## ❑ မြကန်သို့ရောက်ပြီ

မြကန်၏ရေတို့မှာ စိမ်းလဲ့နေ၏။ ကြည်လင်နေ၍ ကန်အောက်ခြေအထိ ထုတ်ပေါက်မြင်ရလေ၏။ ထိုကန်ထဲတွင် ကူးလူးမြူးပျော်နေကြသော ရွှေငါး၊ ငွေငါးနှင့် ပတ္တမြားအသွေးအရောင်ရှိသော ပုစွန်ကြီးများတို့ကို တွေ့မြင်ရလေတော့သည်။ မြကန်ပတ်လည်ကို ရွှေတောင်၊ ငွေတောင်၊ စိန်တောင်၊ ပတ္တမြားတောင်တို့ဖြင့် အရပ်လေးမျက်နှာမှ ဝန်းရံထားလေ၏။ မြကန်ကို ဝန်းရံထားသော တောင်ကြီးများတွင်လည်း တောကြီးများဖြင့် စည်ပင်နေ၏။ တောပျော်သတ္တဝါအားလုံးတို့မှာလည်း ရွှေအဆင်းကဲ့သို့ တင့်တင့်တယ်တယ်ရှိကြလေ၏။ မေတ္တာနယ်မြေဖြစ်၍လည်း ယုန်သူငယ်နှင့် သမင်များပင်လျှင် တောဘုရင်များဖြစ်ကြသော ကျား၊ ခြင်္သေ့များနှင့် အကျွမ်းတဝင် မြူးထူးပျော်ပါးကစားနေကြလေ၏။ တကယ့်ကိုမေတ္တာနယ်မြေဖြစ်လေသည်။

## ❑ အံ့မခန်းဖြစ်ရပ်များ

အဘိုးပညာဓမ္မသည် သစ္စသိဒ္ဓိဆရာတော်မှ စီမံပေးလိုက်သော ဆေးသုံးလုံးပါ၏။ ထိုဆေးသုံးလုံးတို့မှာ ရွှေရောင်ဝင်းလက်နေသည်။ ဝါစေ့အရွယ်ပမာဏရှိသည်။ အဘိုးပညာဓမ္မသည် ကတ္တီပါအိတ်အတွင်းမှ ဆေးတစ်လုံးကို ထုတ်ယူလိုက်ပြီး ညာဘက်လက်ဖဝါးပေါ်တွင် တင်ထားလိုက်ပြီး တစ်စုံတစ်ခုသောဂါထာကို ရွတ်ဖတ်နေလေသည်။ နောက်မြကန်အလယ်ဆီသို့ လက်ထဲမှဆေးလုံးဖြင့်ပစ်ပေါက်လိုက်လေတော့သည်။ ရွှေရောင်ဆေးလုံးလေးသည် မြကန်အလယ်ရေပြင်ပေါ်သို့ ကျရောက်သွားသည်နှင့်တစ်ပြိုင်နက် တူရိယာငါးပါးတို့နှင့်ညှင်းသော နာပျော်ဖွယ်ရာ အသံတို့ သာသာယာယာပေါ်ထွက်လာလေ၏။ သံစဉ်များဆုံးသည်နှင့် ကန်လယ်တည့်တည့်မှနေ၍ ရေပန်းကြီးတစ်ခု အထက်ပေါ်သို့ ပန်းထွက်လာပါတော့သည်။ ထိုရေပန်းကြီးသည် အရောင်မျိုးစုံပါဝင်၍ ရှုမငြီးဖွယ်ဖြစ်လေသည်။ အမြင့်အရပ်မှာမူ အတောင်ကိုးဆယ်လောက်ရှိလေသည်။

ရေပန်းကြီး၏ထိပ်တွင် ရောင်စဉ်ခုနစ်ပါးဖြင့်အတိပြီးသော ထီးရွက်ကြီးဖွင့်ထားဘိသကဲ့သို့ရှိလေ၏။ ထိုအချိန်တွင်ပင် အဘိုးပညာဓမ္မသည် ဒုတိယရွှေရောင်ဆေးတစ်လုံးကိုပင် ထုတ်ယူလိုက်ပြီး ပထမဆေးလုံးကိုပြုလုပ်သည့်အတိုင်း စီမံလေ၏။ နောက်ဒုတိယရွှေရောင်ဆေးလုံးကို ရေပန်းခိုင်ကြီးဆီသို့ ပစ်ပေါက်လိုက်ပါတော့သည်။

ဒုတိယရွှေရောင်ဆေးလုံးကို ပစ်ပေါက်လိုက်သောအခါတွင် ထွက်ပေါ်နေခဲ့သော ရေပန်းခိုင်ကြီးသည် မူလကထွက်ပေါ်ခဲ့သောနေရာတွင် ပြန်လည်ငုပ်လျှိုးပြီး ပျောက်ကွယ်သွားပါလေတော့သည်။ ရေပန်းခိုင်ကြီးငုပ်လျှိုးနေချိန်တွင် ထိုနေရာမှ မရှိုးစည်ကြီးတီးလိုက်သကဲ့သို့ စည်ကြီး၏ တီးသံမြည်သံတို့ကြားရလေ၏။ စည်တီးသံနှင့်အတူ မြကန်လယ်မှရေပြင်တို့သည် ဝဲကတော့ကြီးအဖြစ်ထွက်ပေါ်လာလေတော့သည်။ ထိုဝဲကတော့ကြီးအရောင်မှာ ရွှေရောင်ဖြစ်နေပြီး မြကန်အလယ်တွင် ရွှေကတော့ကြီးထည့်ထားသည်နှင့်ပင် တူနေလေတော့သည်။

မြကန်ရေပြင်ကြီးမှာ လွန်စွာငြိမ်သက်သွားလေပြီ။ ကန်ရေပြင်တစ်ခုလုံး မလှုပ်ရှားကြတော့။ တစ်ခဏအကြာမှာ မူလက ဝဲကတော့ကြီးအလယ်မှ ရွှေရောင်အဆင်းရှိသော ရွှေမိကျောင်းကြီးတစ်ကောင်က ရုတ်တရက်ပင်ပေါ်လာလေတော့သည်။ ရွှေမိကျောင်းကြီး၏ မျက်လုံးအစုံတို့မှာ အရည်အသွေးလွန်စွာကောင်းသောပတ္တမြားကြီးကဲ့သို့ ရဲရဲတောက်နေလေ၏။

အဘိုးပညာဓမ္မ၏ဘေးတွင်ရှိနေသော မင်းသားလေးသည် အလွန်တရာ အံ့သြဖွယ်ဖြစ်ရပ်ဆန်းများကို မျက်မြင်ကိုယ်တွေ့ကြုံနေရသဖြင့် အသက်ရှူပင်မေ့လောက်အောင် မမှိတ်သောမျက်စိအစုံဖြင့် ကြည့်နေမိလေတော့သည်။

အဘိုးပညာဓမ္မသည် တည်ငြိမ်အေးဆေးစွာဖြင့် အထက်ကစီမံပြုလုပ်ခဲ့သည့်အတိုင်း တတိယမြောက်ရွှေရောင်ဆေးလုံးကိုစီမံပြီး ရွှေရောင်မိကျောင်းကြီးဆီသို့ပင် ပစ်ပေါက်လိုက်လေတော့သည်။တတိယမြောက်ရွှေရောင်ဆေးလုံးကန်လယ်တွင်ရှိသော ရွှေရောင်မိကျောင်းကြီးကို ထိလိုက်သည်နှင့် တစ်ပြိုင်တည်း နတ်စစ်သည်များ အောင်စည်အောင်မောင်းတီးခတ်သကဲ့သို့ ထူးခြားဆန်းပြားသောတီးလုံးသံများကို ကြားရလေတော့သည်။ ရွှေရောင်မိကျောင်းကြီးသည် အဘိုးပညာဓမ္မနှင့် သန့်စင်မင်းသားလေး ရပ်နေသည့် ကန်ပေါင်ဆီသို့ကူးခပ်လာပြီး မင်းသားလေး၏ ရှေ့တည့်တည့်တွင် ရပ်တန့်လေသည်။

ရွှေရောင်မိကျောင်းကြီး၏ဦးခေါင်းပိုင်းမှာ အရှည်အားဖြင့် ဆယ့်ရှစ်တောင်လောက်ရှိ၏။ တစ်ကောင်လုံး၏အရှည်မှာမူ အတောင်ကိုးဆယ်မျှရှည်လျား၍ လွန်စွာကြီးမားသော ရွှေမိကျောင်းကြီးဖြစ်လေသည်။ ရွှေမိကျောင်းကြီးသည် ကြီးမားသော ဦးခေါင်းပိုင်းကို မြကန်၏ကန်ပေါင်ပေါ်အရောက် မေးတင်ပေးလိုက်လေတော့သည်။

သန့်စင်ကိုယ်တော်ကလေးသည် ကြောက်ရွံ့ ထိတ်လန့်မှုကင်းစွာဖြင့် အလွန်ရဲရင့်တည်ကြည်သောကျြေမြင့် ရွှေမိကျောင်းကိုကြည့်နေလေ၏။ ထိုရွှေမိကျောင်းကြီးသည် မင်းသား၏ခြေအစုံကို ဦးတိုက်သည့်အလား ကန်ပေါင်ပေါ်သို့ မေးတင်ပြီးသောအခါတွင် ဆယ့်ရှစ်တောင်မျှအရပ်ရှိသော ဦးခေါင်းပိုင်းမှ ပါးစပ်ကို ဟ၍ဖွင့်ပေးလေတော့သည်။

ဟုတ်မှဟုတ်ပါလေစဟု အထင်ရောက်စေ၏။ ရွှေမိကျောင်းကြီး၏အာခံတွင်းတွင် ရတနာကိုးပါးဖြင့် စီခြယ်အပ်သော ရွှေကလပ်တစ်ခုရှိနေလေသည်။ ထိုရွှေကလပ်ပေါ်တွင် ရွှေသားပုရပိုက်တစ်ဆူကို မြင်တွေ့နေရလေ၏။ အဆိုပါ ရွှေသားအတိပြီးသော ပုရပိုက်တွင် စာမျက်နှာကိုးမျက်နှာဖြင့် ဖွဲ့စည်းထားဖြစ်လေသည်။ အဘိုးပညာဓမ္မလမ်းညွှန်ပေးထားသည့်အတိုင်း သန့်စင်မင်းသားသည် မိကျောင်းအာခံတွင်းသို့ ရဲရဲဝံ့ဝံ့ပင် ချင်းနင်းဝင်ရောက်သွားလေသည်။ ရွှေကလပ်ပေါ်တွင်တည်ရှိသော ရွှေပုရပိုက်ကိုဖွင့်လှပ်၍ ရွှေပုရပိုက်ပါစာများကို ဖတ်နေလိုက်ပါတော့သည်။ ထက်မြက်သော ဉာဏ်ရှိသည့် မင်းသားလေးသည် တစ်မျက်နှာတွင်ပါရှိသော စာကြောင်းရေကိုးကြောင်းကို သုံးခေါက်ဖတ်ခြင်းဖြင့် အလွတ်ရရှိသွားလေတော့၏။ ရွှေပုရပိုက်ကိုးမျက်နှာကို ချက်ချင်းအလုံးစုံမှတ်မိပြီး ချက်ချင်း အာဂုံဆောင်နိုင်ဖြစ်လေတော့သည်။

ရွှေပုရပိုက်ကိုစနစ်တကျပြန်လည်ချည်နှောင်ပြီး ရွှေကလပ်ပေါ်သို့နေသားတကျပြန်လည်ထားရှိလိုက်ပါတော့သည်။

ရွှေကလပ်ပေါ်သို့ ရွှေပုရပိုက်တင်ပြီးချိန်တွင် အောင်ပွဲရစစ်သူကြီးပမာ မိကျောင်းကြီးခံတွင်းမှ အေးဆေးစွာ ပြန်လည် ထွက်ခွာခဲ့ပါလေတော့သည်။ မင်းသားလေး မြကန်၏ကန်ပေါင်သို့ ရောက်သည်နှင့် မြကန်ကြီးမှာ အိုးထိန်းစက်ပမာ သွက်သွက်ခါအောင်လည်ပါတော့သည်။ မြကန်ကြီးလည်ပတ်နေရာမှ ရပ်ဆိုင်းသွားချိန်တွင် ရွှေမိကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးလည်း ဘယ်ရောက်သွားသည်ကိုပင် မသိလိုက်ရတော့ပါ။

❑

သန့်စင်မင်းသားကလေးသည် အကာလအချိန်တွင် မဟူရာတောင်ကုန်းပေါ်သို့တက်နေချိန်ဖြစ်၏။ သိဒ္ဓိရှင်များ၏စောင့်ရှောက်မှုဖြင့် လွန်စွာအဖိုးထိုက်သော စားကောင်းသောက်ဖွယ်တို့ကိုစားသောက်ရလေ၏။ မဟူရာတောင်ကုန်းမှာ သန္တာကျောက်ခဲပြာ (၃၁) လုံးကို စိတ်တိုင်းကျရယူနိုင်ပြီဖြစ်၍ မေတ္တာလွင်ပြင်ရှိ စိန်တိုင်ကြီးရှိရာသို့ ခရီးနှင်လေပြီ။ တစ်ခဏနှင့် စိန်တိုင်ကြီးရှိရာသို့ရောက်လေ၏။ စိန်တိုင်ကြီး၏ရှစ်မြောင့်ရှစ်နေရာတို့ကို သန္တာကျောက်ခဲပြာတို့ဖြင့် ထိရောက်စွာပစ်ပေါက်၍ အောင်ပွဲခံယူလိုက်ပါတော့သည်။ အဘိုးခမ္မာမှာကြားထားသည့်နှင့် ရွှေပုရပိုက်ပါ အဆိုအမိန့်များအတိုင်း လွယ်ကူစွာပစ်ပေါက်၍ အောင်ပွဲခံလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

မေတ္တာလွင်ပြင်တစ်ခုလုံးမှာ သန္တာကျောက်ခဲပြာ (၃၁)ကြိမ်ပစ်ပေါက်ပြီးသည်နှင့် နတ်တို့တီးခတ်သော နာပျော်ဖွယ်တီးသံမှုတ်သံတို့ကိုကြားရလေတော့သည်။ မေတ္တာလွင်ပြင်ကြီးတစ်ခုလုံးပေါ်သို့ အလွန်တရာ ကြည်လင်အေးမြပြီး လင်းထိန်ကာတောက်ပနေသောအရောင်တို့ဖြင့် လွှမ်းခြုံ၍နေပါတော့သည်။

အာဏာတိက္ကမနိုင်ငံတော်ကြီးမှ တာဝန်ရှိသူများနှင့် ပြည်သူပြည်သားများအားလုံး တစ်ဦးတစ်ယောက်မျှမသိလိုက်ရသော အကြောင်းတစ်ရပ်ဖြစ်လေ၏။ သန့်စင်မင်းသားလေး၏ ပထမတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လေပြီ။

ဒုတိယအစီအစဉ်သည် မာယာတောကိုသွားရမည်ဖြစ်သည်။ သန့်စင်မင်းသားသည် မေတ္တာလွင်ပြင်မှ အောင်မြင်မှုသရဖူကိုဆောင်းပြီး မာယာတောရှိရာသို့ တည်ငြိမ်အေးဆေးစွာ ဦးတည်၍သွားနေပါတော့သည်။

မြစိမ်းရောင်မင်းသမီးလေးသည် ဘဝ၏အကြွေးဟောင်းများပေးဆပ်၍ သင်ပုန်းချေနိုင်ရန်အတွက် မေတ္တာသံတမန်အဖြစ် ခရီးထွက်လာခဲ့လေသည်။ သို့နှင့် မာယာတောအတွင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့ပါတော့သည်။

မာယာဘောသည် အမည်နာမနှင့်လိုက်ဖက်သော၊တောကြီးဖြစ်လေသည်။ အသားစားပန်းပင်သစ်ပင်များ သွေးစုပ်နွယ်ပင်ကြီးများကြီးနှင့် နွယ်ရှင်များ၊ အသွေးရောအသားပါစားသောနွယ်ရှင်များနှင့် သစ်ပင်များ၊ ဆန်းပြားသော သတ္တဝါမျိုးစုံတို့ကျက်စားရာတောလည်းဖြစ်လေသည်။ အမျိုးမျိုးသောပန်းပင်၊ သစ်ပင်နွယ်ပင်များကဲ့သို့ အမျိုးမျိုးလှည့်ဖြားဖန်ဆင်းတတ်သော သူယောင်ဂမုန်းများလည်းရှိလေသည်။ ထိုအမျိုးမျိုးသောအပင်တို့နှင့် လူ၏အသားကို ထိမိရှမိလျှင်ဖြစ်စေ၊ စူးများစူးဝင်မိလျှင်ဖြစ်စေ၊ ခုနစ်ရက်အတွင်း မူလစိတ်ကင်းလွတ်၍ အထူးထူးထွေပြားလှသော စိတ်ဝေဒနာကို ခံစားရသည့် စိတ္တဇဒေါသဖြစ်စေသော စူးနက်ကြီးများကလည်း ပေါများလှ၏။

များပြားလှသောအန္တရာယ်ပေါင်းစုံလည်းဆုံသော မာယာတောကြီးလည်းဖြစ်လေသည်။ ထိုမာယာတောမှရရှိလာခဲ့သော ရောဂါတစ်စုံတစ်ရာကို ကုသနိုင်သူများမှာ ဝိဇ္ဇာပေါက်တတ်မြောက်ကြသောဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများမှတစ်ပါး အခြားမည်သူမျှကုသနိုင်ခြင်းအလျှင်းမရှိပေ။ လူသားများထဲတွင် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်ဆရာတော်ကြီးများသာ ကုစားနိုင်လေသည်။ ရှေးဘုန်းရှေးကံကြောင့် ပါရမီပြည့်စုံသော ပါရမီရှင်များကို သဗ္ဗသိဒ္ဓိဆရာတော်ကြီးများ၏သားတပည့်အဖြစ် ချီးမြှောက်လိုက်သော သန့်စင်မင်းသားလေးတို့သာ ထိုမာယာတောမှရရှိလာသော ထိုထိုရောဂါတို့ကို ပျောက်ကင်းအောင် ကုသနိုင်စွမ်းသော ပါရမီရှင်တစ်ယောက်ဖြစ်လေသည်။

❑ **မာယာတောမှာ**

ပင်ကိုပါရမီအားကောင်းမွန်သော မင်းသမီးသည် ကိုးဆောင်ပြည့်ခန်းမကြီးကိုပင် မီးမထွန်းရဘဲ လင်းထိန်နေသော အစွမ်းသိဒ္ဓိအထူးပင်ရှိလေသည်။ မင်းသမီးလေးသည် မာယာတော၏မြောက်ဘက်အရပ်မှ တောထဲသို့ ဝင်ရောက်လာခဲ့လေပြီ။ မာယာတောကြီး၏လှည့်စားမှုတို့ကြောင့် အလှတရားတို့ကိုကြည်နူးစွာဖြင့် ငေးမောကြည့်ရှုရင်း လျှောက်လှမ်းလာခဲ့ရာ တောကြီးအလယ်သို့ပင်ရောက်လာခဲ့ပြီ ဖြစ်သည်။ ထိုအချိန်တွင် နေ့ခင်းကြောင်တောင်မှာပင် မာယာတောတစ်တောလုံးကပင် မှောင်အတိကျသွားပါလေတော့သည်။

တစ်ချိန်ထဲမှာပင် လျှပ်စီးလျှပ်ပန်းများ၊ မိုးကြိုးမုန်တိုင်းများထက်ဝန်းကျင်တစ်ခုလုံး ထစ်ချုန်းပစ်ခက်နေလေပြီ။ ကိုးတောင်ပြည့်ခန်းမကြီးကိုပင် မီးမထွန်းရဘဲ အလင်းရောင်ဓာတ်ရှိသော မြစိမ်းရောင်မင်းသမီးလေးသည် ကိုယ့်လမ်းကိုသာ အာရုံစိုက်၍ လျှောက်လှမ်းနေဆဲဖြစ်လေသည်။

❑ **အလှည့်အပြောင်းတစ်ခု**

အမှောင်ကြီးထဲတွင် မိမိကိုယ်အလင်းရောင်ဖြင့် လျှောက်လှမ်းနေချိန်မှာပင် အမှတ်မထင် နွယ်ရှင်ပင်မှအနွယ်တစ်နွယ်သည် မင်းသမီး၏ခြေကို ဖမ်းဆွဲယူလေပြီ။ လိပ်ပြာတစ်ကောင်ကဲ့သို့ ပေါ့ပါးစွာ ခုန်လွှားရှောင်ရှား၍ အန္တရာယ်မှလွတ်မြောက်ရလေပြီ။ နွယ်ရှင်၏ရန်ကိုရှောင်လိုက်နိုင်သော်လည်း စူးနက်ပင်တစ်ပင်၏ စူးခြစ်ခြင်းကိုခံလိုက်ရလေတော့သည်။ ခုန်အရှောင်တွင် ဝဲဘက်ခြေချင်းဝတ်တွင် အပ်ဖျားတစ်ထောက်လောက် စူးနစ်ခြင်းကိုခံလိုက်ရလေတော့သည်။ စူးနက်၏စူးနစ်ခြင်းခံလိုက်ရသည့် မြစိမ်းရောင်မင်းသမီးမှာ ချက်ချင်း အသိအာရုံတို့ပျောက်မသွားအောင်လည်း မူလက ရှိသမျှအားတို့မရှိတော့ပါ။ ပျော့ခွေ၍အသွားတွင် အလစ်တွင်ချောင်းမြောင်းနေသောအောက်လိုင်းဝိဇ္ဇာတစ်ယောက်သည် ပျော့ခွေသွားသော မင်းသမီးကို မြင်လိုက်ရသည်နှင့်တိုက်ဆိုင်နေပါတော့သည်။

အောက်လိုင်းဝိဇ္ဇာသည် မာယာတောမှ နတ်ဆေးဂမုန်းတစ်မျိုးကို ရှာရန်ရောက်လာချိန်နှင့် ကြုံကြိုက်နေတော့သည်။ အောက်လိုင်းဝိဇ္ဇာသည် ရှာရန်လာသောနတ်ဆေးဂမုန်းဖြစ်သည့် ဒေဝီမဟာဂမုန်းကိုပင် ဆက်လက်မရှာတော့ဘဲ ချောမောလှပသော အလှနတ်သမီးတစ်ပါးကိုတွေ့ရသဖြင့် မုတ်ဆိတ်များဆွဲသောကိန်းဆိုက်ရောက်သွားလေတော့သည်။

ကံကြမ္မာတို့မည်သည် အမြဲတမ်းတည်မြဲမနေနိုင်သလို အမြဲတမ်းဆိုး၍လည်းမနေပါ။ အပြောင်းအလဲတို့မှာ မြစိမ်းရောင်မင်းသမီး၏ ကံကြမ္မာကို မည်သူမျှသိမြင်လာနိုင်မည်မဟုတ်ပါ။ သန့်စင်မင်းသားလေးသည် မာယာတော၏ အနောက်ဘက်အရပ်မှ ဝင်ရောက်လာခဲ့ရာ တောကြီးအလယ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။ မြစိမ်းရောင်မင်းသမီးကို အောက်လိုင်းဝိဇ္ဇာမှ ခေါ်ဆောင်သွားရန် ကြံရွယ်ချိန်တွင် သန့်စင်မင်းသား၏အသိအာရုံတွင် တစ်စုံတစ်ခု ပေါ်လာလေ၏။ အကြားအာရုံတစ်ခုလည်း ကြားလိုက်ရလေသည်။

"သားတော် မင်းရှေ့နားမှာ အတို



www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခရောက်နေတဲ့မင်းသမီးကို ကယ်ပါ”

ဟု ဖြစ်လေသည်။

မည်သူမည်ဝါက ညွှန်ကြားလိုက်သည်မသိသော်လည်း မင်းသားလေးသည် အချင်းဖြစ်နေရာဆီသို့ လေအဟုန်ဖြင့်ပြေးထွက်ခဲ့လေတော့သည်။

တွေ့ပါပြီ။

အောက်လိုင်းဝိဇ္ဇာသည် မင်းသမီးကိုပွေ့ချီပြီး အလွန်ပေါ့ပါးစွာဖြင့် ခုန်လွှား၍ ကောင်းကင်ခရီးသို့နှင်တော့မည့်အချိန် ဖြစ်လေသည်။ အောက်လိုင်းဝိဇ္ဇာသည် မြစိမ်းရောင်မင်းသမီးကိုပွေ့ချီ၍ လေအဟုန်ဖြင့် ကောင်းကင်သို့အတက် မင်းသားလေးမှာလည်း အလှမ်းကွာနေသည်ဖြစ်၍ အသင့်ပါလာသော မြားတစ်စင်းဖြင့် ပစ်ခွင်းလိုက်ရလေတော့သည်။

မင်းသားပစ်လွှတ်လိုက်သော မြားတံသည် အောက်လိုင်းဝိဇ္ဇာ၏ ညာဘက်ရင်အုံကို စူးဝင်ထိုးဖောက်သွားလေရာ ပွေ့ချီထားသော မြစိမ်းရောင်မင်းသမီးကို လွှတ်ချလိုက်ပြီး ကောင်းကင်ခရီးဖြင့် ထွက်ပြေးလေတော့သည်။

သတိလစ်မေ့မြောနေသော မြစိမ်းရောင်မင်းသမီးမြေပေါ် သို့မကျမီမှာပင် သန့်စင်မင်းသားသည် ငှက်တစ်ကောင်ကဲ့သို့ ပျံသန်းပြေးလွှား၍ ဖမ်းယူလိုက်ပါတော့သည်။ လျင်မြန်ပေါ့ပါးစွာ ပြေးသွား၍ မင်းသမီး၏ခန္ဓာကိုယ်ကို ပွေ့ချီဖမ်းယူနိုင်လိုက်ခြင်း ဖြစ်ပါသည်။

သန့်စင်မင်းသားသည် မြစိမ်းရောင်မင်းသမီး၏အခြေအနေကို စစ်ဆေးပြီးသည်နှင့် သဗ္ဗသိဒ္ဓိဆေးတော်ကြီးတစ်လုံးကို တိုက်ကျွေးလိုက်လေတော့သည်။ အန္တရာယ်ထူပြောလှသော ဤမာယာတောမှထွက်ခွာရန် မြစိမ်းရောင်မင်းသမီးကိုပွေ့ချီပြီး ခရီးဆက်ရလေတော့သည်။

## ▫ သုခတောမှ မေတ္တာလိုဏ်ဂူ

သန့်စင်မင်းသားသည် မြစိမ်းရောင်မင်းသမီးကို ပွေ့ချီပြီး ခရီးဖြင်းနှင်လာခဲ့ရာ သုခတောသို့ ရောက်လေပြီ။ သာယာသော ထိုတော၌နားနေရန် သင့်တော်မည့်နေရာကိုရှာဖွေရပါတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင် အဖိုးများစွာထိုက်တန်သောပန်းခင်းကြီးများတည်ရှိ၍ သာယာလှပသော လိုဏ်ဂူငယ်တစ်ခုကိုတွေ့လိုက်ပါပြီ။ ကောင်းမွန်သောမွှေးရနံ့များသည် ကုန်ခန်းနေသော ခွန်အားများကို ပြန်လည်တိုးပွားလာစေခဲ့ပါတော့သည်။

မွှေးပျံ့လျက်ရှိသော ပန်းရနံ့များကို တစ်ကြိမ်ရှူရှိုက်လိုက်တိုင်း ခွန်အားအသစ်အသစ်တို့ကို တိုးပွားလာနေသည်ဟုပင် အထင်ရောက်နေပါတော့သည်။ မင်းသားတို့ရောက်နေသောလိုဏ်ဂူသည် မေတ္တာလိုဏ်ဂူဟူ၍ မသိခဲ့ရှာပေ။ အတောင်သုံးဆယ်ခန့်အကျယ်အဝန်းရှိလိုဏ်ဂူထဲတွင် ကျောက်ခုတင်နှစ်လုံး၊ ကျောက်စားပွဲတစ်လုံး၊ ကျောက်ထိုင်ခုံခြောက်လုံးတို့ အသင့်ပင်ရှိလေသည်။ လိုဏ်ဂူ၏ အနောက်ဘက်တွင်ရှိသော ကျောက်ခုတင်ပေါ် သို့ မင်းသမီးလေးကို သာယာဖြည်းညင်းစွာ ချသိပ်ထားပြီး နောက်ထပ်တိုက်ကျွေးရန်အတွက် ဆေးပင်ဆေးမြစ်တို့ကို ရှာရန် မင်းသားလေး ထွက်ခွာသွားလေတော့သည်။

မေ့မြောနေသော မင်းသမီးလေးသည် သတိရလိုက်၊ ပြန်လည်မေ့မြောလိုက်နှင့်ပင် မူလအာသိစိတ်ကိုပင်ရောက်ရှိမလာတော့ပါချေ။ မင်းသားလေးတိုက်ကျွေးသော ဆေးစွမ်းသတ္တိများကြောင့်သာ ရှူးသွပ်ခြင်းဝေဒနာကို မခံစားရခြင်းပင် ဖြစ်သည်။ သို့သော် သတိလစ်နေဆဲပင်ဖြစ်သည်။ မင်းသားလေးသည် လိုအပ်သော ဆေးပင်ဆေးမြစ်တို့ကိုရှာ၍ထပ်မံတိုက်ကျွေးရပြန်လေတော့သည်။

ခုနစ်ရက်။

ခုနစ်ရက်လုံးလုံး မင်းသားလေးမှာ မိမိသွားလာရမည့်နေရာ၊ လုပ်ကိုင်ရမည့်မဟာတာဝန်တို့ကို မလုပ်ကိုင်နိုင်တော့။ မင်းသမီး၏အသက်ကိုကယ်တင်ရမည့်အရေးကိုသာ ဦးစားပေး၍နေရလေတော့သည်။ သန့်စင်မင်းသားလေး၏ သန့်ရှင်းသော မေတ္တာစေတနာသည် အံ့ဩဖွယ်ဖြစ်လေသည်။

မင်းသမီး၏အလှကိုပင် မရှုစားနိုင်ခဲ့။ နှမငယ်တစ်ဦး၏ချစ်ခြင်းဖြင့်သာ နေခဲ့လေသည်။

သတိရပြီ။

မြစိမ်းရောင်မင်းသမီးသတိရလာသောအချိန်တွင် မိမိအနားတွင်မတ်မတ်ရပ်လျက် ဖြူစင်သန့်ရှင်းသောအကြည့်ဖြင့် ကြည့်နေသော သန့်စင်မင်းသားကို တွေ့မြင်ရလေတော့သည်။ အံ့ဩဖွယ်ကောင်းသည်မှာ သတိကောင်းစွာရပြီးဖြစ်၍ မင်းသားကို မြင်တွေ့ရချိန်တွင် မင်းသမီး၏ စိတ်အစဉ်တွင် ထိတ်လန့်ကြောက်ရွံ့ခြင်းအလျင်းမရှိခဲ့ပါ။ နှစ်လိုပြီးယုံကြည်အားကိုးလိုသော စိတ်အစဉ်ဖြင့်သာ ကြည့်မြင်မိလေတော့သည်။

“သတိရလာပြီလား နှမတော်”

မင်းသားလေးက ချိုသာစွာဖြင့် နှုတ်ခွန်းဆက်လိုက်လေ၏။

“နွမ်းလျမှုအနည်းငယ်ရှိတာကလွဲ လို့ အားလုံးသတိတရဖြစ်ပြီး ကောင်းမွ ပါပြီ အရှင်”

ဟု မြစိမ်းရောင်မင်းသမီးမှ နူးညံ နှယ်သောလေသံဖြင့်ပြန်ပြောလိုက်လေ တော့သည်။

“နွမ်းလျမှုရှိနေမှာကတော့အမှန် နှမတော် ခုနစ်ရက်လုံးလုံး အစာအဟာ တစ်ခုကိုမှမမှီဝဲရတာဆိုတော့ ဣန္ဒြာသြ သဓဆေးတော်ကြီးရဲ့အစွမ်းသတ္တိကြောင့် သာ ယခုလောက် တောင့်တင်းနေတာပ နှမတော်”

ဟု သန့်စင်မင်းသားက ပြန်ပြော လိုက်လေတော့သည်။

ကုန်လွန်ခဲ့ပြီးဖြစ်သော ခုနစ်ရက် ကာလအဖြစ်အပျက်အလုံးစုံကို မင်းသမီး နှင့် မင်းသားတို့ ပြန်လည်ပြောပြကြ လေတော့သည်။ ထိုအချိန်အတွင်းမှာပင် အတိတ်ကပါလာသော မေတ္တာညှို့ကွင်း သို့ နှစ်ဦးစလုံး ဆွဲသွင်းခြင်းကိုခံလိုက်ကြ ရတော့သည်။

“ခွန်အားပြည့်လာသည့်တိုင် နှစ် ရက်သုံးရက်တော့ နားနေရလိမ့်ဦးမယ် နှမတော်။ ချက်ချင်း ခွန်အားပြည့်စေ တတ်သော ဩသဓသရက်နဲ့ ပတ္တမြား ငှက်ပျောသီးများကို နှမတော်အစဉ်သင့် စားဖြစ်အောင်ရှာဖွေထားတယ်။ စားသုံး လိုက်ပါဦး”

ဟု မင်းသားလေးမှ ပြောဆိုပြီး မင်းသမီး၏လက်ဝယ်သို့ သစ်သီးများကို ပေးအပ်လိုက်ပါတော့သည်။

မင်းသမီးသည် ခုနစ်ရက်လုံးလုံး အစာရေစာပြတ်ခဲ့သည်ကတစ်ကြောင်း၊ စူးနက်စူးဝင်၍ပြင်းထန်သောဝေဒနာကို ခံစားနေရသည်ကတစ်ကြောင်းတို့ကြောင့် မင်းသားလေးပေးထားသောသစ်သီးများကို မြင်လိုက်သည်နှင့် အလွန်ပင်ဆာလောင်လာလေတော့သည်။ ဆာဆာနှင့်ပင် သစ်သီးများကို အားပါးတရစားသုံးလိုက်လေ၏။ ခုနစ်ရက်ပတ်လုံး အစားအစာမစားရသည့်အတွက် အားပါးတရစားနေသော်လည်း ကြီးစွာသောဣန္ဒြေဖြင့်သာ စားနေလေတော့သည်။ သစ်သီးများကို စားရသောအခါတွင်မူ ထူးကဲသော အရသာရှိသည်ကတစ်ကြောင်း၊ ယခင်က တစ်ခါဖူးမျှ မြင်ဖူးခြင်း၊ စားရဖူးခြင်းမရှိသော သစ်သီးများဖြစ်သည်က တစ်ကြောင်း၊ ထူးထူးခြားခြားကောင်းမွန်သောအရသာတို့နှင့်ပြည့်စုံနေ၍ တစ်ခါ စားပြီးတိုင်းစားပြီးတိုင်း ခွန်အားအသစ် သစ်တို့ပြည့်လာနေသည်ဟု ထင်မှတ်ရ လေသည်၊ ခွန်အားအသစ်အသစ်ဖွံ့ဖြိ


အုဂ္ဂလုဒ္ဒိကစ္စင်း
၂၀၁၃ခုနှစ် အောက်တိုဘာလ အတွဲ(၁၅)အမှတ်(၁၀)

www.burmeseclassic.com

www.burmeseclassic.com

လာသည်နှင့် ကိုယ်ရောစိတ်ပါပေါ့ပါး လန်းဆန်း၍နေပါတော့သည်။

မင်းသားကိုစားသုံးရန်ပင်ဖိတ်ခေါ်ခြင်းမပြုမိခင်စားလိုက်မိသဖြင့် မင်းသမီးသည် မင်းသားလေးကို အားနာခြင်း၊ အရှက်ဒေါသဖြစ်ပွားမှုတို့ကြောင့် -

"မောင်တော်ကို ဦးစွာကျွေးမွေးပြုစုခြင်းမပြုမိဘဲ စာလောင်မှုကြောင့် ဝမ်းမီးတောက်နေတဲ့ဒဏ်ကိုပြေပျောက်နိုင်စေရန် နှမတော် ဦးစွာစားသုံးလိုက်မိတဲ့အတွက် ခွင့်လွှတ်တော်မူပါ မောင်တော်"

ဟု မင်းသမီးလေးက ရှက်စနိုးဖြင့် တောင်းပန်စကားဆိုလိုက်လေသည်။

မင်းသားလေးက -

"မောင်တော်မှာ ပြည့်စုံနေပြီဖြစ်ပါတယ်။ ယခုသစ်သီးစားပွဲတို့မှာလည်း နှမတော်အတွက်သာစီမံထားတဲ့သစ်သီးတွေပါ။ တွေးပြီးပူပန်ကြောင့်ကြခြင်းမရှိပါလင့် နှမတော်"

ဟု ဖျောင်းဖျ၍ ပြန်လည်ပြောလိုက်လေတော့သည်။

**□ ကတိကဝတ်ပြုလုပ်၍သစ္စာပြုကြပြီ**

ရာသီစက်ဝန်းကြီး လည်ပတ်လာခဲ့သည်မှာ နှစ်ပတ်လည်လာချိန်ပင် ဖြစ်သည်။ နှစ်ရာသီပြောင်း၍ ရွာပေါင်းတို့မြေခနေလေပြီ။ မိုးဦး၏ အေးမြသောမိုးရေပေါက်တို့ကလည်း လေအတိုက်တွင် ဖြန့်ဝေလိုက်သည်နှင့် အပြိုင်းပြိုင်းထနေသော ပင်စည်ရိုးတံများတွင် ပုရစ်ဖူးများအစို့လေးများထွက်လာနေကြပြီ။ ဖက်ဖူးရောင်ရွက်နုစိမ်းစိမ်းကလေးများကလည်း သာယာရှုမောဖွယ်တွေ့မြင်နေရလေသည်။ သဘာဝအလှပန်းချီကိုမြင်တွေ့ရသူအနေဖြင့် အဆွေးဓာတ်ခံမရှိသူပင်လျှင် စိတ်များဝေဝါးပျံ့လွင့်နေသောအချိန်ပင် ဖြစ်သည်။

သန့်စင်မင်းသားသည် ဘဒ္ဒမာနိုင်ငံတော်သစ်ကြီး ပြန်လည်တည်ဆောက်ရေးမဟာတာဝန်ကို ဆောင်ရွက်နေရသည်ဖြစ်၍ စိတ်မအားလူမအားနှင့် ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။ သဘာဝ၏ အလှတရားကို မရှုစားနိုင်ခဲ့သည်မှာ (၂) နှစ်ပင်ကျော်လွန်ခဲ့ပြီ ဖြစ်သည်။

မိုးဦးတွင်လျှပ်ပန်းလျှပ်နွယ်တို့ဖြင့် ကောင်းကင်တစ်ပြင်လုံး ရွှေခြည်ပန်းခြည်နွယ်များဖြင့် အလှဆင်ထားချိန်တွင် နန်းတော်နှင့် မြို့တော်တည်ဆောက်ရေးတွင် ချွေးအလိမ်းလိမ်းကျနေသည်တို့မှာ မိုးဖွဲ့မိုးသည်းတို့ဖြင့်အတူ ကိုယ်ပေါ်မှစီးပါသွားကြလေပြီ။

မတွေးသော်လည်းရေးရေးပေါ်နေသည့်အကြောင်းကို ပြန်ပြောင်း၍ မစဉ်းစားလိုပေ။ ဘဝ၏စေစားမှုအရ မေတ္တာလိုဏ်ဂူမှ ခွဲခွာခဲ့ရသည်ကိုပင် ယနေ့ထိ မှတ်မှတ်ထင်ထင်ရှိနေပါတော့သည်။

သန့်စင်မင်းသား၏မေတ္တာစေတနာနှင့် ဘုန်းကံတရားတို့ကြောင့် နတ်ဘုံနတ်နန်းတမျှ ကြီးမား၍ အနွယ်အခက်အချွန်အတက်တို့ဖြင့်လှပသောနန်းတော်ကြီးပြီးစီးလေပြီ။ နန်းမကြီးကို ဗဟိုပြု၍ လေးပြင်လေးရပ်တို့တွင် လူနေရပ်ကွက်များ၊ စီမံချထားပြီး မြို့တော်သစ်ကြီးတစ်ခုလုံးကို လွှမ်းခြုံ၍ ကြီးမားခိုင်ခံ့သောမြို့ရိုးကြီးကိုလည်း တည်ဆောက်နိုင်ခဲ့လေသည်။

မြို့ရိုးကြီးတွင် ပြအိုး၊ ပစွင်၊ သူရဲခိုစသည့်အင်္ဂါစုံလင်စွာဖြင့်တည်ဆောက်၍ ဖွင့်ခြင်း၊ ပိတ်ခြင်းပြုလုပ်နိုင်သောတံခါးမကြီးများကိုလည်း လေးမျက်နှာရှိတံခါးပေါက်ကြီးများဖြင့် ခံ့ညားထည်ဝါနေပါသည်။ မြို့ရိုး၏ အပြင်ဘက်တွင် တာတစ်ရာအကွာအဝေးရှိသောလွင်ပြင်နှင့် အလံ (၃၀) အနက်ရှိသော ရေကျုံးတော်ကြီးကိုလည်း နန်းပတ်လည်၊ မြို့တော်ပတ်လည်ကို ရေကျုံးဖြင့် ဝန်းရံထားသဖြင့်ရှုမငြီးဖွယ်တင့်တယ်နေသောမြို့တော်သစ်ကို တွေ့မြင်ရလေတော့၏။ တံခါးနှင့်တည့်တည့်တွင် ကျုံးတော်ကိုဖြတ်၍ သစ်သားတံခါးကြီးများဖြင့် ကူးဖြတ်ထားလေသည်။

နန်းတော်၏ပတ်လည်တွင် နန်းဦးဘုရား၊ ထို့နောက် ပိဋကတ်တော်တိုက်၊ တရားစီရင်ဆုံးဖြတ်ရာ လွှတ်တော်အဆောက်အအုံ၊ ညီလာခံသဘင်ဆင်ယင်ကျင်းပရာ ညီလာခံခန်းမကြီးများဖြင့် အရှေ့ဘက်အရပ်မှအစပြု၍ တောင်ဘက်ထိအောင် စနစ်တကျ အဆောက်အအုံများဖွဲ့စည်းထားခြင်း၊ အနောက်မျက်နှာတွင် မင်းချင်းလုလင်တို့နေစေရန် အဆောင်များ၊ စာရေးစာချီအဆောင်များ၊ မြောက်ဘက်အရပ်တွင်မူ မှူးကြီးမတ်ကြီးများ၊ စစ်သေနာပတိများနှင့် ပညာရှိအမတ်ကြီးများနေရန်အဆောက်အအုံများစွာတို့ကို စည်းကမ်းတကျတည်ဆောက်ထားလေသည်။

နန်းမဆောင်၏ အနောက်ဘက်ကပ်လျက်နန်းဆောင်တွင် မိဖုရားခေါင်ကြီးနှင့်မောင်းမများနေစေရန် စီမံထားလေသည်။ ထိုနန်းဖွဲ့စည်းပုံ၏တောင်ဘက်ရင်ပြင်တွင် နိုင်ငံတော်လုံခြုံရေးအတွက်တာဝန်ယူရသော ရဲမက်များ၏နေရာဌာနဖြစ်သလို စစ်ရေးပြကွင်းကြီးအဖြစ်ထားရှိလေသည်။

ဘဒ္ဒမာနိုင်ငံတော်သစ်ကြီး၏ အဆောက်အအုံများ ပြီးမြောက်အောင်ဆောင်ရွက်ပြီးချိန်တွင် သန့်စင်မင်းသား၏သက်တော်သည် (၂၃) နှစ်အရွယ်သို့ ရောက်နေပြီဖြစ်သည်။

ဘိုးပညာဓမ္မ၏ အဆိုအမိန့်အရ ရွှေ့ရောက်လာတော့မည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ပဒ္ဒမာနိုင်ငံတော်သစ်ကြီး၏အကြီးအကဲအဖြစ် တည်မြောက်ရမည့်အခမ်းအနားကို ကျင်းပရမည်ဟု ဆိုလေသည်။

ပဒ္ဒမာနိုင်ငံတော်သစ်၏ အကြီးအကဲအဖြစ်တည်မြောက်ချိန်တွင် ပဒ္ဒမာနိုင်ငံတော်သစ်ကြီး၏ ပြည်သူပြည်သားတစ်ရပ်လုံးမှ တင်မြှောက်ပြီးသည်နှင့် ရက်ပေါင်းတစ်ရာအတွင်း ရာဇာဘိသေကဘိသိက်သွန်းလောင်း၍ ဘဒ္ဒမာနိုင်ငံတော်သစ်ကြီး၏ ဧကရာဇ်အဖြစ် နန်းတက်၍စိုးစံရမည် ဖြစ်သည်။

ဘဒ္ဒမာနိုင်ငံတော်သစ်ကြီး၏နန်းတက်ပွဲတွင် ရှေးအမင်းမင်းတို့၏ထုံးတမ်းနည်းလမ်းများအတိုင်း တောင်ညာစ်အဂ္ဂမဟေသီတစ်ပါးကို ရွှေလက်တော်ဆွဲ၍ နန်းတက်ရမည်ဖြစ်သည်။

သန့်စင်မင်းသားသည် မဟာတာဝန်ကြီးများကို သတ်မှတ်ထားသည့်ကာလအတွင်း အောင်မြင်ပြီးမြောက်အောင်ဆောင်ရွက်နေရသည်က တစ်ကြောင်း၊ ရွှေလက်တော်ဆွဲ၍ နန်းတက်ပွဲသို့တက်ရောက်ရမည့်ကြင်ရာတော်ဟူ၍ အလျှင်းမရှိ၊ မင်းသားလေးကိုယ်တိုင်ကလည်း ကြင်ရာတော်အတွက် ချစ်သူသက်ထားမရှိခဲ့ပါချေ။

အဘိုးပညာဓမ္မ၏ အစီအမံဖြင့် အတိုင်းတိုင်းအပြည်ပြည်မှ မင်းနှင့်မိဖုရားများ၊ နာမည်ကျော်ကြားသောပညာရှိကြီးများကို မင်းသား၏နန်းတက်ပွဲသို့ တက်ရောက်ကြပါရန် စာချွန်လွှာများပေးပို့၍ ဖိတ်ကြားထားပြီးလည်း ဖြစ်လေသည်။

**□ ကံချင်းဆက်သည့်မေတ္တာပွဲ**

နန်းတက်ပွဲကျင်းပရန် အချိန်ကာလအားဖြင့် (၄၅) ရက်သာလိုပါတော့သည်။ နန်းတွင်းသူနန်းတွင်းသားများနှင့် ပြည်သူပြည်သားများအားလုံး ပျော်ရွှင်စွာဖြင့် ပျားပန်းခပ်မျှအလုပ်များနေကြသောအချိန်ဖြစ်သည်။ ဟိုးရှေးအခါများက သန့်စင်မင်းသားလေး၏ခမည်းတော်မယ်တော်များနှင့် အကျွမ်းတဝင်ဖြစ်ခဲ့ကြသောဧည့်သည်တော်များ၊ခရီးလွန်

www.burmeseclassic.com

တရာဝေးကွာသောတိုင်းနိုင်ငံများမှ ဧည့်သည်တော်များလည်း တဖွဲဖွဲရောက်ရှိလာနေကြပြီ ဖြစ်သည်။

တစ်နေ့သော နံနက်ခင်းတွင် အဘိုးပညာဓမ္မသည် နန်းမဆောင်၏ အလယ်ပစ္စယံတွင်ရှိသော သလွန်ထိုင်ခုံပေါ်တွင်ထိုင်နေလေသည်။ အဘိုးပညာဓမ္မ၏ဘေးတွင်မူ မင်းသားလေးထိုင်နေလေသည်။ ထိုအချိန်တွင် သဗ္ဗသိဒ္ဓိဆရာတော်ကြွ၍လာလေတော့သည်။ ဆရာတော်အား နေရာစီမံပေးပြီး ခြေစုံဦးတိုက်၍ကန်တော့လိုက်ပါတော့သည်။ လုံးဝတွေဝေခြင်းမရှိဘဲ ကြီးစွာသောက္ကန္ဓေဖြင့် သစ်ခေါက်ဆိုးဝတ်ထားသည့် ပုဂ္ဂိုလ်နှစ်ဦး၏နောက်မှ ကပ်လျက် ဒေဝီတစ်ပါးမျှလှပသော မိန်းမပျိုတစ်ဦးကိုလည်း တွေ့လိုက်ရလေတော့သည်။

သဗ္ဗသိဒ္ဓိဆရာတော်၏ ရှေ့သို့ အရောက်သွားပြီး နဖူးမြေချကန်တော့လိုက်ကြပါတော့သည်။

သန့်စင်မင်းသားလေးကမူ ယခုရောက်ရှိလာသော သူတော်စင် နှစ်ယောက်တွင် နတ်ဒေဝီတစ်ပါးကိုမည်သူမည်ဝါဖြစ်သည်ဟု မသိပါချေ။

သဗ္ဗသိဒ္ဓိဆရာတော်၏လက်ယာဘက်ဘေးနားတွင်ရှိနေသော အဘိုးပညာဓမ္မ၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပနေ၏။ အေးဆေးတည်ငြိမ်စွာ ပြုံးတော်မူလိုက်သည်။ မည်သူကမျှ စကားမဆိုကြပါ။ ငြိမ်သက်ခြင်းတို့ဖြင့် တည်ငြိမ်နေကြလေသည်။

သဗ္ဗသိဒ္ဓိဆရာတော်သည် တည်ငြိမ်နေခြင်းကို စတင်ချေဖျက်လိုက်ပြီး အောက်ပါအတိုင်း မိန့်တော်မူလိုက်လေသည်။

"ငါ့ရှင် ပညာဗလနှင့် ပုလဲဒေဝီတို့ ပါလား ကျန်းမာကြပါစ။ ဘာအရေးနှင့် ရောက်လာကြသနည်း"

ဟု မိန့်ကြားတော်မူလိုက်လေသည်။

"မှန်လှပါ ဆရာတော်ဘုရား။ တပည့်တော်တို့ အတိတ်က မိုက်မဲစွာ ကျူးလွန်ခဲ့မှုအတွက် အလုံးစုံခွင့်လွှတ်ပေးတော်မူပါရန် လျှောက်တင်ပါသည် ဘုရား။ တပည့်တော်တို့လည်း မပြောပလောက်သောအသိတရားနှင့်ဘာတိသံဝေဂတို့ရပြီးဖြစ်၍ သစ်ခေါက်ဆိုးအဝတ်နှင့် သူတော်အကျင့်ကိုကျင့်နေကြပါပြီဘုရား"

"အကျွန်ုပ်တို့၏နှစ်ပါးစုံရင်သွေးဖြစ်သော မြစိမ်းရောင်သမီးတော်လေး ဘဝရှေ့ရေးနှင့်တပည့်တော်တို့၏သံသရာဘေးမှကြွေးမြီများကိုကျေစေရန် ရာဇဘဏ္ဍာအဖြစ် သမီးကညာကို တင်ဆက်ပါသည်ဘုရား။ ခွင့်လွှတ်ပေးတော်မူပါမည့်အကြောင်း ရိုသေစွာလျှောက်ထားဝံ့ပါတော့သည် ဘုရား"

ဟု သီဟဗလကိုယ်တော်မှနောင်တကြီးစွာဖြင့် ဝမ်းပန်းတနည်းဖြစ်ခဲ့သည့် အကြောင်းတို့ကို မျက်ရည်တွင်တွင်စီးကျရင်း ပြန်ပြောင်းပြောပြနေရသည်ဖြစ်၍ ဆို့နင့်စွာ လျှောက်ထားလိုက်ခြင်းဖြစ်လေသည်။

သန့်စင်မင်းသားလေးသည် ဆရာတော်နှင့် ပညာဗလအရှင်တို့ လျှောက်နေသည့်ဇာတ်ကြောင်းတို့ကို မသိနားမလည်ဖြစ်၍ က္ကန္ဓေဖြင့်နေတော်မူလေသည်။

မြစိမ်းရောင်မင်းသမီးလေးသည် သန့်စင်မင်းသားလေးကို တွေ့မြင်လိုက်ချိန်တွင် မိမိ၏အသက်သခင်ကျေးဇူးရှင်ဖြစ်၍ မိတ်ဆက်စကားဆိုချိန်မှာ ဖခင်ပြောဆိုသည့်စကားများကို အေးဆေးစွာနားထောင်နေသည့်ကြည်ညိုလေးစားဖွယ်ရာပုဂ္ဂိုလ်ကြီးများရှေ့တွင် မဖွယ်မရာပြုလုပ်သည်ဟု အထင်မရှိစေလို၍ ရင်ထဲမှစကားတို့ကို ပြောချင်သော်လည်း မျက်လွှာချ၍နေလိုက်ရလေတော့သည်။

သန့်စင်မင်းသားလေးသည် နတ်ဒေဝီတစ်ပါးကဲ့သို့ ချောမောလှပသည့် မြစိမ်းရောင်မင်းသမီးကိုမြင်တွေ့လိုက်ရသောအချိန်တွင် ရင်ထဲလှိုက်ဖိုမဆိုစလောက်တော့ဖြစ်သွား၏။ သို့သော်လည်း ကောင်းစွာမှတ်မိခြင်းမရှိပေ။

ထိုနေရာတွင် တစုတစည်းရှိနေကြသော လူသားချောက်ယောက်တွင် တစ်ဦးနှင့်တစ်ဦး အတွေးအကြံချင်းမတူညီကြချေ။ ကိုယ့်အတွေးနှင့်ကိုယ်သာ လွှမ်းမိုးမှုကိုခံနေကြရလေတော့သည်။

သီဟဗလအရှင်မှ ဒုတိယအကြိမ်မြောက် ထပ်မံလျှောက်တင်လိုက်လေတော့သည်။

ထိုအခါမှ သဗ္ဗသိဒ္ဓိဆရာတော်သည် ကောင်းစွာနှုမော်သုံးကြိမ်တိုင်အောင် သာဓုခေါ်လေတော့သည်။

မေတ္တာတရားနှင့် သစ္စာစကားတို့ကို နှစ်သက်ကြသူများဖြစ်သည့်အတိုင်း ကုန်လွန်သွားခဲ့သော နှစ် (၂၀) ကျော် အရိပ်အမည်းကြီးဖြစ်သည့် ငွေစန္ဒာလမင်းကို ရာဟုအမှောင်ဖြင့် ဖုံးကွယ်ထားလိုက်ရာမှ ဖျို့အန်ထုတ်လိုက်သည့် အလားကဲ့သို့ မေတ္တာအေးမြခြင်းဖြင့် လင်းထိန်သွားပါတော့သည်။

သဗ္ဗသိဒ္ဓိဆရာတော်သည် အဘိုးပညာဓမ္မ၊ သီဟဗလအရှင်နှစ်ပါးနှင့် သန့်စင်မင်းသားတို့အား တရားဓမ္မတို့ကို ဟောပြောပြသ၍ မေတ္တာရေအေးတို... ကျွေးပြီးချိန်တွင် မဟာမြိုင်တောရပ်... သို့ ချက်ချင်းပင် ကြွသွားတော်မူ... သည်။

နန်းတက်ပွဲမင်္ဂလာအခမ်းအနား... ကျင်းပရန် ခုနစ်ရက်အလိုတွင် ပြုံးပ... တရာဝေဝေဆာဆာဖြင့် သီဟဗလအရှ... နှင့် ပုလဲဒေဝီသခင်မတို့သည် ရင်သွေး... တော်အနှစ် သမီးတော်မင်းသမီးမြစိမ်း... ရောင်မင်းသမီးကို အဘိုးပညာဓမ္မ... အပ်နှံ၍ ပြန်ကြလေသည်။

နန်းတက်အောင်ပွဲခြိမ့်ခြိမ့်သဲ... ပြည်သူအပေါင်းမှာလည်း တို့များအ... သန့်စင်မင်းတရားကြီးနှင့် မိဖုရားကြီး... မြစိမ်းရောင်ဒေဝီတို့ သက်တော်ရာကျော်... ရှည်ပါစေဟု ကြွေးကြော်ဆုတောင်း... သောအသံတို့မှာ မိုးလုံးထက်ညံ ပျံ့လွှ... သွားလေတော့သည်။

နန်းတက်မင်္ဂလာအခမ်းအနားပြီး... သွားသည်နှင့် သားတော်သန့်စင်မင်းသား... နှင့် မြစိမ်းရောင်သမီးတော်တို့အား ဆုံး... ဟောကြားပြီး နန်းရပ်က ထွက်ခွာသွား... လေတော့သည်။

အရှင်နှစ်ပါးသည် တားလို့လည်း... မရ၊ စိတ်တိုင်းကျအောင်မပြုစုလိုက်ရ... စိတ်မကောင်းဖြစ်ရလေတော့၏။ မြော... ဘက်အရပ်မှ ညှို့မှိုင်းနေသောတောအု... ကြီးနှင့် တောင်ပြာတန်းကြီး၏ထိပ်တွင်... နှင်းဖြူဖွေးဖွေးများဖြင့် သရဖူဆောင်းနေ... သောမြင်ကွင်းသည် အလွမ်းကိုပိုစေခဲ့... ပါတော့သည်။

လေအဝှေ့တွင် မြစိမ်းရောင်မင်း... သမီး၏မျက်နှာပေါ်တွင် ခြုံထားသော... ဇာခြည်ပဝါ ပါးပါးလွင့်ပါ၍အသွားတွင်... မြစိမ်းရောင်မင်းသမီး၏ ဝါဝင်းနေသော... အလှရုပ်သွင်ကို မင်းသားလေး စေ့စေ့... တွေ့မြင်လိုက်ရချိန်တွင် -

"အရှင်နှစ်ပါး သက်တော်ရာ... ကျော်ရှည်ပါစေ"

"အရှင်နှစ်ပါး သက်တော်ရာ... ကျော်ရှည်ပါစေ"

"အရှင်နှစ်ပါး သက်တော်ရာ... ကျော်ရှည်ပါစေ"

ဟု နန်းတွင်းသူနန်းတွင်းသားများ... နှင့် ပြည်သူပြည်သားများ၏ဆုတောင်း... စကားများတို့ဖြင့် အရှင်နှစ်ပါး၏မေတ္တာ... သက်ဝင်မှုကို ဆင့်ကာဆင့်ကာ ဖုံးကွယ်... လိုက်ပါတော့သည်။

အောင်သက်...

(ဧရာအနောက်မြို့တော်...




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွက် စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်




၁-၁၀-၂၀၁၇ နေ့ဇာတာခွင် ၁၁-၁၀-၂၀၁၇ နေ့ဇာတာခွင် ၂၁-၁၀-၂၀၁၇ နေ့ဇာတာခွင်

ပထမဆယ်ရက်တာကာလတွင် ရွှေဈေးကွက်ရုတ်တရက်မြောက်တတ်တတ်မည်။ ငွေကြေးဈေးကွက်အတက်အကျပုံမှန်မဟုတ် ကြမ်းတမ်းနေမည်။ ကျောက်မျက်ဈေးကွက်မငြိမ်။ ကျဈေးမိတတ်မည်။ စတော့ရှယ်ယာဈေးကွက်မှုမမှန်သော်လည်း တက်ဈေးမိတတ်မည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းအတက်အကျမငြိမ်သော်လည်း အမြင့်ဈေးရှိသည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဈေးကွက်မတည်ငြိမ်သော်လည်း တက်ဈေးမိမည်။ အလှအပနှင့်ဖက်ရှင်ဆိုင်ရာ အနုပညာ၊ ဟိုတယ်နှင့်ခရီး၊ သယ်ယူပို့ဆောင်ယာဉ်ရောင်းဝယ်ရေးသိပ်မကောင်း။ အောက်ဈေးတွေတက်မည်။ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာဈေးကွက်ဈေးမြောက်နေမည်။ ဆောက်လုပ်ရေးပစ္စည်းငြိမ်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေဈေးကွက်တို့တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ စိုက်ပျိုးမွေးမြူရေးဈေးကွက်တက်ဈေးမိသော်လည်း ရေလုပ်ငန်းဈေးကွက်လှုပ်ခတ်မှုများနေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်လှုပ်ခတ်မှုများ၍ အမြင့်ဈေးရှိသည်။ ငွေကြေးဈေးကွက်တက်ဈေးကျဈေးရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက်ငြိမ်နေမည်။ စတော့ရှယ်ယာဈေးကွက်ပုံမှန်မဟုတ်သေး။ သစ်နှင့်စက်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးမြောက်နေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ အနုပညာ၊ ဟိုတယ်နှင့်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ရောင်းဝယ်ရေးဈေးကွက်ငြိမ်နေမည်။ ဖုန်းနှင့်ဆက်သွယ်ရေး၊ မီဒီယာနှင့်စာနယ်ဇင်းဈေးကွက်ဈေးငြိမ်သလိုလိုနှင့် ထောင်တက်တတ်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာဈေးကွက်တို့လှုပ်ခတ်နေသော်လည်း ကုန်မာနှင့်ဆောက်လုပ်ရေးပစ္စည်းများငြိမ်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းဈေးကွက်အမြင့်ဈေးမျှော်၍မရသေး။စိုက်ပျိုးမွေးမြူရေးနှင့်ရေလုပ်ငန်းတို့ ဈေးကွက်မကောင်း။

တတိယတာဆယ်ရက်ကာလတွင် ရွှေဈေးကွက်မငြိမ်သက်ဖြစ်သော်လည်း ထောင်တက်နေဦးမည်။ ငွေကြေးဈေးကွက်တည်ငြိမ်နေမည်။ ကျောက်မျက်ဈေးကွက်တက်ဈေးရှိသည်။ စတော့ရှယ်ယာဈေးကွက်သိပ်မကောင်းသေး။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းတက်ဈေးရှိသည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဈေးကွက်လှုပ်ခတ်မှုနည်းနေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်နှင့်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ရောင်းဝယ်ရေး အမြင့်ဈေးနှင့်တွေ့မည်။ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်သိပ်မကောင်းသော်လည်း အိမ်ခြံမြေဈေးကွက်မျှော်လင့်ချက်ရှိလာမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာဈေးကွက်မငြိမ်သက်သော်လည်း ဆောက်လုပ်ရေးပစ္စည်းဈေးကွက်ထိုင်းမှိုင်းနေမည်။ စိုက်ပျိုး၊ မွေးမြူရေးဈေးကွက်ရော ရေလုပ်ငန်းဈေးကွက်ပါ ထုံထိုင်းနေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ရေနံ့သာ-ခင်လေး
## စမတောင်ကိုရောက်ခဲ့စဉ်က

ဗိုလ်တာရာရေးသည့် စမတောင်အကြောင်းဝတ္ထုနှစ်အုပ်စလုံးကို စိတ်ဝင်စားမိပါသည်။ အဲဒီစာအုပ်ဖတ်ပြီးတော့ စမတောင်ကိုလည်း ရောက်ဖူးချင်မိပါသည်။ ဖြစ်နိုင်လျှင် ပုဂ္ဂိုလ်ထူးတွေနှင့်လည်း တွေ့ချင်ပါသည်။ အဖေနွဲ့၊ အဖေလှူ၊ အဖေရှင် စတဲ့ပုဂ္ဂိုလ်တွေကိုလည်း စိတ်ဝင်စားပါသည်။ အဲဒီလိုပုဂ္ဂိုလ်ထူးကြီးတွေနှင့်လည်း တွေ့ချင်ပါသည်။ စမတောင်မှာ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများလာရောက်ကြကြောင်း ၎င်းစာအုပ်မှာဖတ်ရပါသည်။

ဗိုလ်တာရာရေးတဲ့စာအုပ်တွေထဲမှာ စမတောင်က သက်သတ်လွတ်နယ်မြေတစ်ခုဖြစ်ပြီး အသားတွေစားဖို့ယူသွားလျှင် တောင်ပေါ်ကိုမရောက်ဘဲ မျက်စိလည်ပြီး ဒီနေရာဒီလမ်းပဲအကြိမ်ကြိမ်ပြန်ရောက်နေတတ်ကြောင်း သိရပါသည်။ သမီးရည်းစားစုံတွဲတွေအမြင်မတော်အောင်သွားလာရင်လည်း မျက်စိလည်လမ်းမှားနေတတ်ကြောင်း သိရပါသည်။ အင်မတန်နတ်ကြီးသည့်တောင်ဟုပြောရမည်ဖြစ်ပါသည်။ ကျွန်မတို့သွားဖြစ်တော့ သက်သတ်လွတ်လက်ဖက်သုပ်၊ မြေပဲဆားလှော်၊ အာလူးကြော်နှင့် လိမ္မော်သီးတွေ ယူသွားခဲ့ပါသည်။

စမတောင်ကို ရောက်ဖြစ်ခဲ့ပုံကတော့ မထူးဆန်းပေ။ မရောက်ဘူးသည့် အရပ်ဒေသတစ်ခုကို ရောက်ဖူးချင်တဲ့ဆန္ဒရယ်၊ ကျွန်မအားလပ်နေတဲ့အချိန်တွေဖြုန်းဖို့ရယ်၊ စိတ်တူကိုယ်တူသွားချင်တဲ့အဖော်တွေရယ်ရှိခဲ့တာကြောင့်ပါ။

ကျွန်မအားလုပ်နေတဲ့အချိန်တွေဖြုန်းဖို့ဆိုတော့ အရင်က ကျွန်မ မအားလပ်ပါဘူး။ အလုပ်ရှိပါတယ်။ ဌာနတစ်ခုမှာ မန်နေဂျာလုပ်ပါတယ်။ ဒါပေမယ့် မတရားစွပ်စွဲပြောဆိုတာကို ခေါင်းငုံ့မခံတတ်တဲ့ကျွန်မအဖို့ အထက်လူကြီးကို ကျွန်မပြန်အော်ပြန်ပြောမိလိုက်ပါတယ်။ ခါးထောက်ပြီးလက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ ပြန်ပြောလိုက်မိပါတယ်။ ကြည်ညိုစရာ အထင်ကြီးစရာလည်းမရှိလို့ ဂရုမစိုက်ပါဘူး။ သိက္ခာရှိရှိတည်တည်တံ့တံ့မနေတဲ့အတွက်ကြောင့်ပါ။ကျွန်မက သူ့အကြောင်းကို ခဝတ၊ မဝတရုံးကို သွားပြောပါတယ်ဆိုပြီး မဟုတ်မမှန်စွပ်စွဲခံရတာပါ။ ကျွန်မ အဲဒီအဘိုးကြီးနဲ့ပတ်သက်ပြီး ဘယ်လူကြီး၊ ဘယ်ရုံးမှလည်း မပြောမိပါဘူး။ ကျွန်မက သူများအတင်းအဖျင်းပြောတာ အပိုအလုပ်တွေမို့ အိမ်နီးချင်းအိမ်တောင်မှမလည်တတ်ပါဘူး။ တခြားလူတွေပြောကြတာဖြစ်ပါလိမ့်မယ်။ အခြောက်တိုက် ကျွန်မကိုလာပြီးစွပ်စွဲတော့ စိတ်တိုတိုနဲ့တစ်ရုံးလုံးကြားအောင် ရန်တွေ့ပစ်လိုက်တာအရှက်ရသွားတယ်ထင်ပါတယ်။ သူက မြန်မာတစ်ပြည်လုံးမှာ ရွှေတံဆိပ်ဆုရလာတဲ့သူတဲ့။သူ့ကို ဘယ်သူမှပြန်မပြောရဲခဲ့ဘူးတဲ့။ အနာပေါ်တုတ်ကျသွားတယ်ထင်ပါတယ်။

ကျွန်မကလည်း မဟုတ်မခံဆတ်ဆတ်လန်ပဲ။ ကိုယ်မှန်တယ်ထင်ရင် ဘယ်သူ့မှမကြောက်ဘူး။ ကျွန်မကို မဟုတ်မမှန်တာတွေနဲ့ လုပ်ကြံပြီး တိုင်စာပို့ခံခဲ့ရပါတယ်။ တိုင်စာကလည်း ရယ်စရာကြီးပဲ။ အဲဒီအဘိုးကြီးလက်မှတ်ထိုးပြီး ဆုံးဖြတ်ချက်ချထားတဲ့ အကြောင်းအရာတွေကို ဥပက္ခာပြုပြီး ကျွန်မက ကျွန်မသဘောနဲ့ ဆုံးဖြတ်ချက်မရှိဘဲလုပ်ခဲ့ပါတယ်ဆိုပြီး စွပ်စွဲချက်တွေနဲ့ပေါ့။ ကျွန်မက ထင်ရာလုပ်တတ်တယ်။ သူမသိရပါဘူးပေါ့။ လုပ်ကြံတဲ့တိုင်စာနဲ့ အတိုင်ခံခဲ့ရပါတယ်။

ပညာရှိသတိဖြစ်ခဲတဲ့။ ကျွန်မလုပ်ခဲ့သမျှအလုပ်တွေမှာ သူ့လက်မှတ်ထိုးထားတာတွေချည်းပဲမို့ သူသိပြီးသားဖြစ်တာကြောင့် နောက်ဆုံးမှာ ကျွန်မကို စွပ်စွဲထားတဲ့စွဲချက်တွေကို စုံစမ်းစစ်ဆေးရေးအဖွဲ့လာစစ်တော့ အဲဒီအဘိုးကြီးပဲ တစ်ခုပြီးတစ်ခုသူကိုယ်တိုင်ပြန်ဖြေရှင်းပေးခဲ့ရတယ်။ သူ့ရှုံးသူပြန်ပတ်နေပြီလေ။ ကျွန်မ မတွေ့ဘူးပါ။ ကျွန်မကိုတိုင်တဲ့သူက စွဲချက်တွေကို သူကိုယ်တိုင်ပြန်ဖြေရှင်းနေရတယ်ဆိုပါပဲ။

တိုင်းအဆင့်ပုဂ္ဂိုလ်တွေက မြို့နယ်မှ မန်နေဂျာတစ်ဦးကိုခန့်ထားတုန်းက ဝန်ကြီးဌာနရဲ့အသိအမှတ်အတည်ပြုပြီးမှ ခန့်ထားခဲ့ပေမယ့် ပြုတ်စေချင်တဲ့စေတနာအားကြီးတာကြောင့် အလုပ်ဖြုတ်စာကို ဘယ်အပြစ်၊ ဘယ်အမှု၊ ဘယ်ပုဒ်မကြောင့်ဆိုတာမပါဘဲ အလုပ်ဖြုတ်စာပေးခဲ့ပါတယ်။ ပထမ ယာယီ (၃) လတာဝန်က ရပ်စဲလိုက်တယ်တဲ့။ ဒီကြားထဲ DE, PE စုံစမ်းစစ်ဆေးရေးလုံးဝမရှိဘဲနဲ့ (၃) လပြည့်တော့ အပြီးတာဝန်ရပ်စဲသည်လိုက်တဲ့။ မင်းမဲ့တိုင်းပြည်စရိုက်အတိုင်းပဲ။ မြေနိမ့်ရာလှံစိုက်ချင်ကြတယ်လေ။ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းဥပဒေတွေ မျက်ကွယ်ပြုကြတယ်။

တရားရုံးတွေမှာ တရားခံတွေကို ပြစ်ဒဏ်ချမှတ်တဲ့အခါ ခိုးမှု၊ ရိုက်မှု၊ လုယက်မှု၊ လူသတ်မှုစသည်ဖြင့် ပုဒ်မဘယ်လောက်ဖြင့်ဆိုပြီး သတ်မှတ်ချက်ရှိပါတယ်။ ကျွန်မကိုအလုပ်ဖြုတ်တာ ဘာပြစ်မှု၊ ဘယ်ပုဒ်မ ဆိုတဲ့သတ်မှတ်ချက် ဥပဒေမရှိဘူး။ ဥပဒေကို လက်တစ်လုံးခြားလုပ်တတ်တဲ့ မန်နေဂျာကြီးအဆင့်





www.burmeseclassic.com

www.burmeseclassic.com

ကို စုံစမ်းစစ်ဆေးရေးမရှိဘဲ လုပ်ခဲ့တဲ့ အထက်လူကြီးတွေကို ကျွန်မအကြောင်း ကောင်းကောင်းသိစေခဲ့ပါတယ်။

အထက်အဖွဲ့အစည်းအဆင့်ဆင့်ကို ကျွန်မမှာအပြစ်မရှိဘဲ မတရားခံရတဲ့ အကြောင်းကို အသိပေးစာပို့လိုက်ပါတယ်။ နိုင်ငံတော်ရဲ့အကြီးဆုံးနီးပါးရှိတဲ့ VIP ပုဂ္ဂိုလ်ကြီးတစ်ဦးကိုလည်း အသိပေး တင်ပြလိုက်ပါတယ်။ ဌာနဆိုင်ရာဝန်ကြီး၊ ညွှန်ချုပ်၊ ညွှန်မှူးတွေ အလုပ်ရှုပ်ကုန်တာပေါ့။ ရုံးချုပ်ရောက်နေတဲ့ ကျွန်မရဲ့ဆရာ ညွှန်မှူးတစ်ဦးကတော့ ကျွန်မက မဟုတ်မခံသူဖြစ်ကြောင်း ချီးမွမ်းခန်းထုတ်ပြောခဲ့ပါတယ်။

ချဉ်ပေါင်ဟင်းဖြစ်နေတဲ့ ကျွန်မဘဝက ဝက်သားဟင်း၊ ကြက်သားဟင်းတွေနဲ့လဲရဲပါတယ်။ ဘာလို့မလဲရဲရမှာလဲ။ ကျွန်မအပြစ်လုပ်ထားတာ ဘာမှမရှိဘူး။ ငွေရေးကြေးရေးလည်းကင်းတယ်။ လုပ်ငန်းပိုင်းလည်း စေ့စေ့စပ်စပ်နှင့် မလိုအောင်လုပ်ခဲ့တယ်။ ကျွန်မကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး ဖယ်ရှားဖို့ကြံတာ အံ့ပါရဲ့။

ကိုယ့်မျက်ချေးတော့ ကိုယ်မမြင်ဘဲ သူများမျက်ချေးပဲမြင်တဲ့ လူကြီးတော့ ကျွန်မတို့အဖွဲ့က ဝိုင်းဆော်ပြီပေါ့။ ရုံးချုပ်ကစစ်ဆေးရေးလာတော့ ကောင်မလေးက အားလုံး Clear ပဲတဲ့။ ဒါကြောင့် မဟုတ်မခံမို့ ရဲရဲဝံ့ဝံ့ပြန်ချေရဲတာပေါ့တဲ့။

အထက်လူကြီးအချို့ စစ်ဆေးရေးအဖွဲ့စစ်ပြီးတော့ သူတို့ပြန်ပတ်မှာ ကြောက်တော့ ယတြာချေဖို့ ဗေဒင်ဆရာနာမည်ကြီးအိမ်ကိုလိုက်ပို့ခိုင်းတယ်တဲ့အံ့ပါရဲ့။ ကိုယ့်အလှည့်ကျတော့ ပြူးပြာကုန်ပြီလေ။

ကျွန်မရဲ့ ဝန်ထမ်းတွေကိုလည်း နင်တို့ဒီသက်သေကို မဖျက်ဆီးမဖျောက်ပစ်ရဘူးနော်၊ အရေးကြီးတယ်။ ငါ တောင်းတဲ့အခါပြနိုင်ဖို့ သိမ်းဆည်းရမယ်ဆိုတော့ ကျွန်မကိုချစ်သောဝန်ထမ်းများက (၃) နှစ်နီးပါးရှိတာတောင် မဖျောက်ပစ်ဘူး။ ဗီရိုထဲမှာသိမ်းထားကြတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့လာတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီသက်သေတွေကို ထုတ်ပြတယ်။ ကျွန်မရဲ့တင်ပြမှု၊ ကြီးကြပ်ကွက်ကဲမှု မလျော့ပါဘူးဆိုတာပြောပြတယ်။ကျွန်မ အနိုင်ရတယ်။ အလုပ်ပြန်ဝင်ခဲ့ရတယ်။ အပြစ်မရှိကြောင်းထင်ရှားလို့ စွပ်စွဲချက်တွေနဲ့မငြိစွန်းလို့ မူလအလုပ်ကိုပြန်ရခဲ့တယ်။ ကျွန်မကိုပြန်ပြီးခန့်စာပြန်ထွက်ပေးဖို့ အမျိုးမျိုးညစ်ပတ်ခံရသေးတယ်။ ကျွန်မအလုပ်ပြန်ဝင်မှာကို မလိုလားသူတွေပေ့ါ။ နောက်ထပ် ကျွန်မတို့ပြုတ်နေတုန်းမှာ အစားထိုးခန့်ထားပြီးလို့ နေရာမရှိဘူးတဲ့။ နောက်ပြီး ကျွန်မကိုပြန်ခန့်ဖို့ ဘတ်ဂျက်မရှိဘူးတဲ့။ ရုံးချုပ်က နောက်ဆုံးဘဏ္ဍာရေးရှင်းတမ်းယူပြီးတော့ လူကြီးနှစ်ယောက်ကို လာတွေ့ခိုင်းပါတယ်။ ဘဏ္ဍာရေးရှင်းတမ်းကလည်း လိမ်လို့ညာလို့မရဘူးလေ။ ရုံးချုပ်က လူကြီးတွေက ညည်းနဲ့မတည့်ဘူးလားတဲ့။ ကျွန်မတို့နေရာကို လာဘ်စားပြီးအစားထိုးခန့်ထားလို့နေရာမရှိဘူးတဲ့။ ကျွန်မက အပြစ်မရှိကြောင်းထင်ရှားလို့ မူလအလုပ်ပြန်ဝင်ရမယ့်သူလေ။ ကျွန်မကို ကန့်ကွက်ရဲကြတယ်။ ကျွန်မက သန့်သန့်ရှင်းရှင်းပဲ အလုပ်လုပ်ချင်တယ်။ ကျွန်မကို ဒေသပါတီနဲ့တိုင်းကောင်စီကသဘောတူခန့်ပေးခဲ့ပါ။ အထက်က မှာကြားထားတာမို့ အလုပ်လုပ်ရာမှာ ပစ္စည်း၊ ငွေကြေးကင်းအောင်နေခဲ့တယ်၊ လုပ်ခဲ့တယ်။ အဲဒါကြောင့် စားကြောဝါးကြောတွေနဲ့လက်တွဲလို့မရခဲ့ဘူး။ ဒါကြောင့် ကျွန်မကိုရှင်းထုတ်နေကြတာလေ။

ကျွန်မ အပြစ်မရှိဘဲ မူလအလုပ်ပြန်ဝင်ရတာကို ကျွန်အလုပ်ပြန်ဝင်ရင် 'ဘက်ပေး'မပေးဘူးတဲ့။ မပေးလည်းမယူဘူးပေ့ါ။ သိက္ခာရှိရှိ အလုပ်ပြန်ဝင်ရတာတော်ပြီပေ့ါ။ ကျွန်မအပေါ်မှာ ညစ်ပတ်တဲ့လူကြီးတွေလည်းဆုံးကုန်ကြပါပြီ။ လူ့လောကကြီးမှာ မရှိကြတော့ပါဘူး။

ကျွန်မအလုပ်ပြုတ်နေတုန်းက စမတောင်မှာ ဦးပဥ္စင်းလေးနဲ့ ဆရာတော်ကို ကျွန်မ မတရားသဖြင့် အလုပ်ဖြုတ်ခံရကြောင်းလျှောက်တော့ ဦးပဥ္စင်းလေးနဲ့ ဆရာတော်က အာရုံခံကြည့်ပြီး -

"ဒကာမကြီးမပူနဲ့။ အလုပ်ပြန်ရမှာ"

လို့ မိန့်ခဲ့ပါတယ်။ မတရားသဖြင့် လုပ်တာကို ပုဂ္ဂိုလ်တွေကကြည့်မနေဘူးတဲ့။

အမှန်တကယ်လည်း ၁၉၉၄ ခုနှစ်ထဲမှာ အလုပ်ပြန်ရခဲ့တယ်။ စမတောင်က ဦးပဥ္စင်းတွေပြောပြတာမှန်ပါတယ်။ သူတို့ကို ပုဂ္ဂိုလ်တွေက ပြောပြတာဖြစ်ပါလိမ့်မယ်။ ဒီလိုနဲ့ပဲ ကျွန်မ မူလအလုပ်ကိုပြန်ဝင်ခဲ့ရပါတယ်။

❑

ကျွန်မစမတောင်ကိုရောက်ဖြစ်ခဲ့ပုံကတော့ ဗိုလ်တာရာရှိစဉ်ကပင် ရင်းနှီးကျွမ်းဝင်နေသော ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာမ မကြူ၏ဦးလေး၊ ရန်ကုန်မြို့ (၂၉) လမ်းမှာနေသော ဦးတင်ငွေ ဆိုသူက စမတောင်ကို မကြာခဏရောက်ဖူးခဲ့သည့်အတွက် ကျွန်မတို့နှစ်ယောက်နှင့်အတူ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးမှ ပျဉ်းမနား၊ လယ်ဝေးသို့ မီးရထားဖြင့်လာခဲ့ကြပါသည်။

လယ်ဝေးမှတစ်ဆင့် ကားဖြင့် သာဝတ္ထိသို့သွားခဲ့ကြပါသည်။ သာဝတ္ထိရောက်တော့ လှည်းငှားတာမရပါ။အစိုးရစပါးဒိုင်သို့ စပါးလာသွင်းကြသောလှည်းကြုံများဖြင့် စမတောင်ခြေသို့သွားခဲ့ရပါသည်။ သာဝတ္ထိမြို့ထဲက ကုန်စုံဆိုင်တစ်ဆိုင်မှာ ဖယောင်းတိုင်၊ အမွှေးတိုင်၊ စားစရာများကို ဝယ်ခဲ့ပါသည်။ လှည်းကြုံမှာ စမတောင်ခြေအနီးမှရွာကိုပဲရောက်မည်ဖြစ်ရာ အဲဒီရွာမှ ခြေကျင်ဆက်သွားလျှင် စမတောင်အခြေသို့ ရောက်မည်ဖြစ်ကြောင်းပြောပြပါသည်။ လှည်းကြုံလိုက်ခဲ့သောရွာသို့ မမှောင်ခင်ရောက်ပါသည်။ လှည်းပေါ်မှပစ္စည်းချပြီး လှည်းသမားညွှန်ပြသည့်အတိုင်း စမတောင်ခြေသို့ရောက်အောင် ခြေကျင်လျှောက်ကြရပါသည်။ ကျွန်မတွင် စားစရာနှင့် လှူဖွယ်များထည့်လာသောလက်ဆွဲခြင်းတစ်ဖက်၊ အိတ်တစ်ဖက်မို့ လှည်းလမ်းတစ်လျှောက် သဲတောတွင် ယက်ကန်ယက်ကန်ဖြစ်နေပါသည်။

အဲဒီတုန်းက ကားလမ်းလည်းမရှိပါ။ အခုတော့ ရှိ၊ မရှိ မသိပါ။ မရောက်ဖြစ်တာကြာပြီလေ။ အဲဒီတစ်ခေါက်ပဲရောက်ဖူးခဲ့တာမို့ပါ။ ၁၉၉၃ ခုနှစ်ကပေ့ါ။ စိတ်ထဲမှာလည်း စမတောင်လာရတာ ဒုက္ခရောက်လိုက်တာလို့ အောက်မေ့မိပါသည်။ နားထဲတွင် 'သမီးရယ် သုခမလာခင် ဒုက္ခဆိုတာ ကြုံတွေ့ရစမြဲပါ' တဲ့။ ဘယ်လိုပုဂ္ဂိုလ်ကမိန့်နေသလဲတော့ မသိပါ။ တစ်ခါတစ်ရံ ကျွန်မကြားချင်လျှင်ကြားပြီး မြင်ချင်လျှင်မြင်ပါသည်။အမြဲအကြားအမြင်တော့ မရတတ်ပါ။ အမြဲရဖို့ဆုမတောင်းမိပါ။ ကျွန်မသူငယ်ချင်းတစ်ယောက်ကတော့ ဘယ်သူ့ပဲဖြစ်ဖြစ်

ဓာတ်ပုံပြရင်ပဲဖြစ်ဖြစ် ပဋ္ဌာန်းဆက်ပြော ပြနိုင်သည်။ သူ့ယောက်ျားက ကောင်း လေးတစ်ယောက်နှင့် မြသလွန်ဘုရားမှာ ရှိခိုးနေတာတောင် မြင်နိုင်သည်။ သူ့ ယောက်ျားဆိုလျှင် မျက်လုံးပြူးသွားသည် တဲ့။ ကွယ်ရာမှာ မလုပ်ရဲတော့ဘူးတဲ့ ကျွန်မရဲ့သူငယ်ချင်းက ဘယ်သူ့ဖြစ်ဖြစ် ပါးစပ်ဖွာလွန်းလို့ အကြားအမြင်ဓာတ် အပိတ်ခံရသည်ဟု သိရပါသည်။

လူတစ်ယောက်ကျတော့ ကိုယ် နှင့်လည်း မသိ။ လမ်းဖြတ်သွားသည့် လူ တစ်ဦးသည် နောက်သုံးရက်ရှိလျှင် ကား တိုက်သေလိမ့်မည်ဟု သိနေရာ သုံးရက် ရှိတော့ အဲဒီလူ ကားတိုက်ပြီးသေသွား ကြောင်း၊ အမြင်ဓာတ်ကိုမလိုချင်တော့ ပါဘူးဆိုပြီးပြန်အပ်သည်ဟု ကြားဖူးပါ သည်။ ဒါကြောင့် ကျွန်မလည်း သူများ အကြောင်းတွေ မသိချင်ပါ။ စိတ်ရှုပ်ပါ သည်။ သူများအပူတွေ၊ သောကတွေက ကိုယ့်ကိုကူးစက်တတ်ပါသည်။ဒါကြောင့် အကြားအမြင်ဓာတ်ကို ဘာမှမသိချင်ခဲ့ တာပါ။ တချို့မှာ ဟောပြောစားနိုင်တဲ့ အဆင့်တွေ၊ ဘုရားဒကာ၊ ကျောင်းဒကာ တွေဖြစ်နေကြပါပြီ။ ကျွန်မတော့ သူတို့ အလှူထဲမှာ တစ်သောင်းလောက်ပဲလှူ နိုင်ပါသေးသည်။ သူတို့တန်ဆောင်း ဆောက်နေတယ်၊ ဘုရားတည်နေတယ် ဆိုလျှင် တစ်သောင်းစီပဲထည့်ဖြစ်သည်။

❑

စမတောင်မှာ အဲဒီအချိန်က ကား လမ်းလုံးဝမရှိပါ။ ကားလမ်းဖောက်ခါ လမ်းကြမ်းပဲရှိသည်။ ဒါတောင် မိုးကုတ် က လော်ပန်တွေက မဟာမြတ်မုနိကြေး သွန်းကိုယ်တော်ကြီးကို လမ်းကြမ်းဖောက် ပြီး တောင်ပေါ်သို့ ပင့်ဆောင်ချိန်ဖြစ်နေ လို့ ကားလမ်းကြမ်းဖြစ်နေတာပါ။လော်ပန် ကြီးတပည့်များက ဒုလ္လဘဝတ်ပြီး ကုသိုလ်ရေးများဆောင်ရွက်ကြပါသည်။ ဝတ်ချင်လွန်းလို့တဲ့။ ဒုလ္လဘဝတ်ပြီးတော့ အလုပ်လုပ်ကြပါသည်။ သူတို့က ကျောက် အကြောင်းလည်း နားလည်ကြပါသည်။ ကျွန်မတို့အိမ်မှာ မိုးကုတ်က ကျောက် ကုန်သည်တွေလာတည်းတတ်ကြလို့ကျွန်မ လည်း နည်းနည်းပါးပါးနားလည်ပါသည်။

အဲဒီစမတောင်ပေါ်မှာ အဲဒီဒုလ္လဘ ဦးပဥ္စင်းတွေက အရင်ရောက်သူများဖြစ် ကြပြီး သိသမျှ ကျွန်မတို့ကို လိုက်ရှင်းပြ ပေးပါသည်။ ကျွန်မတို့ စမတောင်ပေါ် ကို နေဝင်ချိန်ရောက်သွားပြီး မကြူ၏ ဦးလေးဦးတင်ငွေက စမတောင်နှင့်ရင်း

www.burmeseclassic.com

နေသူမို့ ကျွန်မတို့တိုက်ဇရပ်တစ်ဆောင်တွင် တည်းခွင့်ရကြပါသည်။ တောင်ပေါ်ရှိဘုန်းကြီးကျောင်းတွင် လှူဖွယ်များကပ်လှူပါသည်။ လိမ္မော်သီး၊ မြေပဲဆားလှော်၊ မြေပဲလိပ်၊ အာလူးကြော်ထုပ်များဖြစ်ပါသည်။ သက်သတ်လွတ်အစားအစာများပဲယူလာခဲ့ပါသည်။ စမတောင်တွင် တည်းခိုဆောင်၊ အိပ်ဆောင်နှင့် ထမင်းစားသည့်အဆောင်တွင် လျှပ်စစ်မီးရှိပါသည်။ စမတောင်စေတီတော်တွင် လျှပ်စစ်မီးမပူဇော်ရပါ။ စေတီတော်တွင်လျှပ်စစ်မီးမရှိပါ။ နံနက်ပိုင်းတွင် အမွှေးတိုင်၊ အလင်းတိုင်တို့ဖြင့် ပုဂ္ဂိုလ်ရုပ်တုများကိုမပူဇော်ရပါ။

စမတောင်စေတီပေါ်က လေယာဉ်တောင်မဖြတ်ရပါ။ ဖြတ်မိလျှင် ချက်ချင်းမီးလောင်ပျက်ကျသည်အထိ တန်ခိုးကြီးသည်ဟု သိရပါသည်။ ညစာကို ထမင်းချက်ဆောင်တွင် သက်သတ်လွတ်ဟင်း၊ ထမင်းဖြင့်စားကြရပါသည်။ တောင်ပေါ်တွင် လက်နှိပ်ဓာတ်မီးဆောင်ထားရပါသည်။ ထမင်းစားပြီး ခေတ္တအနားယူကြပြီး ဦးတင်ငွေမှ ဦးဆောင်ကာ စမတောင်စေတီတွင် အမွှေးတိုင်၊ဖယောင်းတိုင်နှင့်ပူဇော်ပြီး ဘုရားရှိခိုး၊ မေတ္တာသုတ်ရွတ်ပြီး တရားထိုင်ကြပါသည်။ ကျွန်မနှင့် ဦးတင်ငွေမှာ စနေသားသမီးများဖြစ်ကြသဖြင့် စနေထောင့်မှာ ဘုရားရှိခိုးကြပါသည်။ မကြူက တနင်္လာသမီးဖြစ်လို့ အရှေ့ဘက်မှာ ဘုရားရှိခိုး၊ တရားထိုင်ပါသည်။ ညချမ်းချိန်ခါတွင် ဘုရားပေါ်မှာမှောင်မည်းနေပါသည်။

ကျွန်မနှင့် ဦးတင်ငွေမှာ စနေထောင့်တွင် အတူတရားထိုင်ရ၍ အားရှိပါသည်။ ကျွန်မက မှောင်မည်းနေလျှင် အရမ်းကြောက်တတ်ပါသည်။ယခုတော့ ကြောက်လန့်စိတ်မရှိပါ။ ဘုရားပေါ်တွင် ကျွန်မတို့ထွန်းညှိပူဇော်သည့် ဖယောင်းတိုင်မီးမှအပ အလင်းရောင်မရှိပါ။ ကောင်းကင်မှ ကြယ်ကလေးများနှင့် လရောင်ရေးရေးပဲရှိသည်။ စနေထောင့်တွင် ကျွန်မဘုရားရှိခိုးရန် ပိုက်ဆံအိတ်၊ ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်တို့ မချခင် စေတီတော်အင်္ဂတေခုံပေါ်တွင် ဘာမှမရှိပါ။ ကျွန်မ ဖယောင်းတိုင် (၁၁) တိုင်အား မီးထွန်းညှိပူဇော်ပါသည်။ အမွှေးတိုင်လည်း ထွန်းညှိပူဇော်ပါသည်။ ဤဆီမီး (၁၁) တိုင် မီးငြိမ်းသည့်အချိန်မှစ၍ ဘုရားတပည့်တော်ဘဝတွင် မီး (၁၁) မီးငြိမ်းသောဘဝကို ရပါလို၏ဟု ဆုတောင်းမိပါသည်။ မေတ္တာသုတ်တော်ရွတ်ဖတ်ပြီး ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့ကို မြတ်စွာဘုရားအား လှူဒါန်းပြီး တစ်အာရုံခန့် တရားထိုင်ကြပါသည်။

ဖယောင်းတိုင်မီးမငြိမ်းသေး၍ အလင်းဓာတ်ကို မျက်စိမှိတ်ထားသော်လည်းမြင်နေရပါသည်။ ဖယောင်းတိုင်မီးများငြိမ်းသွားသောအခါ မျက်စိရှေ့တွင် မှောင်အတိကျသွားပါသည်။ တရားထိုင်လို့ကောင်းနေတုန်းမို့ ဝင်လေ၊ ထွက်လေကိုမှတ်မိနေပါသည်။ အာရုံထဲတွင် လိုဏ်ဂူကြီးလိုလိုထဲသို့ ရောက်သွားပြီး ရှင်ဘုရင်ဝတ်စုံဝတ်ထားတဲ့ ဘုရင်ကြီးနှင့် တွေ့ပါသည်။ ရှင်ဘုရင်ကြီးက ဂူကြီးထဲမှာ လာပုန်းနေတာလားမသိပါ။ ငယ်ကျွန်နည်းနည်းပါးပါးလည်း တွေ့မိပါသည်။ ဘာတွေမှန်းမသိပါ။ အရှေ့ဘက်မှာ တရားထိုင်နေသည့် မကြူထံမှ လှုပ်ရှားသည့်အသံများကြားရ၍ ကျွန်မလည်း တရားဖြုတ်လိုက်ပါသည်။ နောက် ကျွန်မရဲ့ပိုက်ဆံအိတ်၊ ဓာတ်မီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်ထုပ်များနှင့် မီးခြစ်တို့ကို သိမ်းဆည်းရန်ကောက်ယူလိုက်ပါသည်။ အားလုံးကောက်ယူပြီး စားတော်ပဲလေးတစ်စေ့ကိုတွေ့ရပါသည်။ ဪ - စတိုးဆိုင်မှာ ဖယောင်းတိုင်၊ အမွှေးတိုင်ဝယ်စဉ်က စားတော်ပဲစေ့လေးညပ်ပြီးပါလာတာလားမသိပါ။ ကျွန်မကောက်ယူပြီး ကြည့်မိပါသည်။ ဓာတ်မီးနှင့်ထိုးကြည့်လိုက်ပါသည်။ စားတော်ပဲစေ့မဟုတ်ပါ။ စားတော်ပဲစေ့လောက်ရှိသော ပဒ္မကာဏီသီးဥ သို့မဟုတ် မျှောက်ဥကဲ့သို့ ဥလေးတစ်ဥဖြစ်နေပါသည်။ လက်သည်းနှင့် ဆိတ်ကြည့်တော့ အရည်ရွှမ်းနေသော ဥကလေးဖြစ်ပါသည်။ ဒါနှင့် ပိုက်ဆံအိတ်ရဲ့အတွင်းထဲက အိတ်ကလေးထဲကို မှတ်မှတ်ရရထည့်လိုက်ပါသည်။ဘာမှန်းမသိလို့ပါ။

ကျွန်မတို့ ရေနံချောင်းအိမ်မှာ ပဒ္မကာဏီသီးပင်လည်း စိုက်ဖူးခဲ့ပါသည်။ မျှောက်ဥပင်လည်း စိုက်ဖူးခဲ့ပါသည်။ နွယ်ပေါ်က အသီးအလုံးလေးကို သဲထဲစိုက်ရင် အညှောက်ထွက်ပါသည်။ ဥကြီးလာပါသည်။ အိမ်ပြန်ရောက်တော့ ထိုပဒ္မကာဏီသီးဥလိုလိုဥလေးကို ပန်းအိုးသေးသေးတစ်အိုးတွင် သောင်သဲမြေသန့်သန့်ထည့်ကာ ထိုဥကလေးကို အညှောက်ထွက်နိုး၊အမြစ်ထွက်နိုးနိုးဖြင့် ရေအမြဲလောင်းပေးပါသည်။ တစ်လလောက်ရှိတော့ အမြစ်ထွက်ပြီလားလို့ ဖော်ကြည့်မိပါသည်။ အမြစ်လည်းမထွက်၊ အညှောက်လည်းမထွက်၊ ပုပ်ရိခြောက်သွေ့လည်းမသွားဘဲ နဂိုစားတော်ပဲလုံးလောက်ဥအစိုလေး ဖြစ်ပါသည်။ ဒါနှင့်ပဲ ထပ်ပြီး မြေကြီးထဲတွင်ပြန်မြှုပ်ထားလိုက်ပါသည်။ နေ့စဉ် ရေလောင်းပေးပါသည်။

သုံးလလောက်ရှိသောအခါ ထပ်ဖော်ကြည့်မိပါသည်။ နဂိုအတိုင်းပါပဲ။ မြေကြီးထဲတွင်ထပ်ပြီးမြှုပ်ထားလိုက်ပါသည်။ နောက်ငါးလလောက်ကြာတော့ ထပ်ပြီးဖော်ကြည့်မိပြန်ရာ နဂိုအတိုင်းအမြစ်မထွက်၊ အညှောက်မပေါက်သေးပါ။ ခြောက်သွေ့လည်းမသွားခဲ့ပါပေ။ ဖေဖေပြောသည့်စကားကိုသွားပြီးတော့ အမှတ်ရမိပါသည်။ ငါ့သမီးက မျှောက်ကို သစ်ပင်စိုက်ခိုင်းသလိုဖြစ်နေပြီတဲ့။ မျှောက်ကအမြစ်ထွက်ပြီလားလို့ သစ်ပင်ကိုနုတ်နုတ်ကြည့်တတ်လို့ပါပဲ။

ခြောက်လလောက်ကြာလာတော့ ထပ်မံဖော်ကြည့်မိပြန်ပါသည်။ အမြစ်မထွက်၊ အညှောက်မပေါက်ဘဲ ခြောက်သွားခြင်း၊ ပုပ်ရိခြင်းမရှိသော ပန်းဥကလေးကို စိတ်ထဲမှာ ငါစားစေချင်လို့ပေးတာပဲဆိုပြီး ပါးစပ်ထဲမျိုချပြီး ရေနှင့်သောက်ပစ်လိုက်မိပါသည်။ ခြောက်လလောက်ရှိသော်လည်း အညှောက်မထွက်၊ အမြစ်မထွက်သောပန်းဥကလေးမှာ စမတောင်ပေါ်မှာ ဇော်ဂျီများဆေးကြိတ်ပြီး ပိုသော ပန်းဥကလေးကို ကျွန်မစားရန်ပေးခြင်းဖြစ်ကြောင်း၊ နောင်မှာ ဆရာကြီးတစ်ဦးမှပြောကြားခဲ့ပါသည်။ ကျွန်မရေနှင့်မျိုချလိုက်တာမှန်ပါသည်။ ဝိဇ္ဇာတွေပေးတဲ့ပန်းဥကိုစားလို့ အရွယ်တင်တာ လားမပြောတတ်တော့ပါ။ အချို့က ကျွန်မအသက်ပြောပြလိုက်လျှင် အဲဒီလောက်မထင်ရဘူးဟု ပြောကြသည်။ ကျွန်မအသက်က (၇၀) တစ်နှစ်လျော့လေ။ အဘွားကြီးပေါ့နော်။

စမတောင်ပေါ်၌ရှိသောဘုန်းကြီးကျောင်းတွင် တောင်တွင်းကြီးမြို့မှ ဦးပဉ္စင်းလေးနှင့် ခင်မင်ရင်းနှီးခဲ့ပါသည်။ ဦးပဉ္စင်းလေးမျက်နှာတွင် မှဲ့သုံးလုံးမှာ နဖူးအလယ်တွင်တစ်လုံး၊ ပါးနှစ်ဖက်အလယ်တွင် တစ်လုံးစီ၊ မှဲ့သုံးလုံးမှာ မျက်နှာပြင်တွင် တြိဂံပုံဖြစ်နေသဖြင့် မှတ်မိလွယ်ပါသည်။ နောင်တွင် ကျွန်မတို့ မကွေးမြို့ကအိမ်ကို အလည်ကြွလာသဖြင့် ဆွမ်းကပ်လိုက်ရပါသေးသည်။ သက်သတ်လွတ်ဆွမ်းဟင်းသာဖြစ်သဖြင့် အပန်းမကြီးပါ။ အာလူးကြော်၊ မြေပဲဆန်ကြော်၊ လက်ဖက်သုပ်ဆိုလျှင် ရပြီလေ။ အိမ်မှာရှိတာလေးနှင့် အလွယ်ကူ

www.burmeseclassic.com

ဆွမ်းကပ်နိုင်ပါသည်။

အဲဒီဦးပဥ္စင်းလေးကလည်း ငယ်သေးတော့ ကျွန်မတို့နှင့်အဖွဲ့ကျပါသည်။ စမတောင်အကြောင်းအထူးအဆန်းများကိုပြောပြခဲ့ပါသည်။ နားထောင်လို့လည်းကောင်းပါသည်။

စမတောင်ပေါ်တွင် ထိုအချိန်က ထမင်းစားဆောင်၊ မွှာရုံလေးတစ်ဆောင်ရှိပါသည်။ တန်ခူးလ သင်္ကြန်ရက်တွင် ပုဂ္ဂိုလ်များကို ဒံပေါက်ဆွမ်း (သက်သတ်လွတ်) နှင့် လိမ္မော်ရည်ပုလင်းများဖွင့်ပြီး စားပွဲများပေါ်တွင် ဖွန်း၊ ခက်ရင်းများနှင့်အတူတင်ထားပြီး ထိုမွှာရုံအဆောင်ကို အပြင်မှာ သော့ခတ်ထားလိုက်ပြီး ပုဂ္ဂိုလ်တွေကို ဆွမ်းကပ်လှူပါသည်။ အထဲတွင် ဖွန်းသံ၊ခက်ရင်းသံများကြားရပြီး အချို့ဒံပေါက်ပန်းကန်များမှာကုန်နေပြီး လိမ္မော်ရည်ပုလင်းများမှာလည်း တစ်ဝက်ကျန်ပုလင်းကပ်အကျန်များနှင့်တွေ့ရပြီး ပုဂ္ဂိုလ်များကိုတော့ မမြင်ရဘူးဟု ဆိုရပါသည်။

တန်ခူးလနှစ်ဆန်း ၁ ရက်နေ့တွင် နေ့လယ် (၂) နာရီမှ (၃) နာရီအတွင်း စမတောင်ပေါ်တွင် လူတွေလိုပဲ ပိုးဖဲကတ္တီပါ၊ ရွှေခြေချင်း၊ ဒေါင်းဘယက်၊ ရွှေတွေစိန်တွေပြိုးပြိုးပြက်ပြက်ဝတ်ဆင်လာသူများမှာ လူတွေမဟုတ်ကြပါ။ ကျတ်များဖြစ်ကြောင်းသိရှိရပါသည်။ ကျတ်တွေနှင့်တွေ့ရအောင် သင်္ကြန်ရက်များအတွင်း စမတောင်ကိုလာခဲ့ပါလို့ ဦးပဥ္စင်းလေးက ဖိတ်ခေါ်ပါသည်။ ကျွန်မထပ်ပြီးမသွားဖြစ်ခဲ့ပါ။

ထိုတောင်တွင်းကြီးမှ ဦးပဥ္စင်းလေးသည် စမကျပ်တန်ရွက်လေးကို စမအစီအရင်လုပ်ပြီး ကျွန်မအားပေးပါသည်။အန္တရာယ်ကင်းရန်၊လာဘ်ကောင်းရန်ဟုထင်ပါသည်။

စမတောင်ပေါ်တွင် ထိုအခါက မြက်ခင်းစိမ်းစိမ်းထဲတွင် မြေစာမြက်ပင်များက ရွှေဝါရောင်စမများအဖြစ် အက္ခရာစမများပေါ်နေ၍ ထိုကုန်းမြေပေါ်တွင် ဘုရားတည်မည်ဟု သိရပါသည်။ ကျွန်မလိုက်ပြီး ထိုစမများကိုဖတ်ကြည့်ရာ စဗေဝအပြင် ဗျည်း (၃၃) လုံးပါ အက္ခရာများအဖြစ် ရွှေဝါရောင်မြက်များက ဖော်ပြနေပါသည်။ က၊ ခ၊ ဂ၊ ဃ၊ င၊ လ၊ ဝ၊ သ၊ အပုံသဏ္ဍာန်တို့မှာ ထင်ထင်ရှားရှားတွေ့ရပါသည်။ မိုးကုတ်က လော်ပန်ကြီးတပည့် ဒုလ္လဘဦးပဥ္စင်းလေးတွေကလိုက်ပြသခြင်း ဖြစ်ပါသည်။ အဲဒီနေရာမှာ ဘုရားတည်ဖြစ်၊ မတည်ဖြစ်တော့ ကျွန်မ မသိတော့ပါ။

စမတောင်ပေါ်မှာ ဗိုလ်တာရာ ရေးသောစာအုပ်တွင် သစ်ရွက်များမှာ စမရွက်များပေါ်သည်ဟု သိရပါသည်။ သို့သော်လည်း စမတောင်ပေါ်လာသူများက မလာဖူးသူများကို စမရွက်များအား ရောင်းစားကြသည့်အတွက် စမတောင်ပေါ်တွင် စမသစ်ရွက်များမတွေ့ခဲ့ရပါ။ စမရွက်များကို တွေ့ချင်လျှင် ခပ်ဝေးဝေးတောထဲမှာပဲ တွေ့ရကြောင်း သိရပါသည်။ (၁) မိုင်လောက်ဝေးဝေးသွားမှတွေ့ရသည်ဟု သိရပါသည်။ ကျွန်မတို့ကလည်း မရှိဘူးဆိုတာကိုမှ မြင်ချင်တွေ့ချင်မိပါသည်။ စမရွက်က (၁)မိုင်လောက်ဝေးတဲ့တောထဲမှာရှိတယ်တဲ့။ ဝါးစမရွက်တွေလည်းပေါ်တယ်တဲ့။ လွှဆွဲတဲ့သစ်ခုတ်သမားတွေက ပြောပါသည်။ ကျွန်မတို့ စမရွက်တွေကိုတွေ့မြင်လိုကြပါသည်။

❑

နောက်တစ်နေ့တော့ တောထဲကို လွှဆွဲသွားမည့်အဖွဲ့၊ သစ်ခုတ်သွားမည့်အဖွဲ့နောက်ကို လိုက်သွားလျှင် ဝါးစမရွက်တွေတွေ့ရမယ်လို့ ဦးပဥ္စင်းတွေကပြောတော့ ကျွန်မရယ်၊ မကြူရယ်၊ ဦးလေးတင်ငွေရယ် လွှဆွဲတဲ့အဖွဲ့နှင့် မနက် (၇)နာရီလောက်မှာလိုက်သွားကြပါသည်။ လမ်းတစ်လျှောက် စမ်းချောင်းလေးလို စီးဆင်းနေတာလည်း တွေ့ပါတယ်။ ဒဟတ်ပင်လို၊ ညောင်ပင်လို သစ်ရွက်ခြောက်တွေမှာ အက္ခရာတွေတွေ့ပါသည်။ စမသစ်ရွက်တွေလို့ပဲထင်ပါသည်။ အဲဒီသစ်ရွက်ခြောက်တွေကို ကောက်လာပြီး ပိုက်ဆံအိတ်ထဲထည့်လာခဲ့ပါသည်။

တစ်နေရာရောက်တော့ လွှဆွဲအဖွဲ့က တောနက်လာတော့မယ်၊ မလိုက်ကြနဲ့တော့တဲ့။ ဒီရေတံခွန်နားမှာ ဝါးစမရွက်တွေရှိတယ်တဲ့။ ဒီကနေပြီး ပြန်ကြတော့တဲ့။ အဲဒီလိုပြောပြီး သူတို့က ဓားတွေ၊ ငါးမန်းလွှတွေ၊ ကြိုးခွေတွေထမ်းပြီးတော့ တောင်ကုန်းပေါ်တက်သွားပြီး တောထဲဝင်သွားကြပါသည်။

ကျွန်မတို့လည်း တောစပ်တောင်ကုန်းအစတွင် ဆက်မသွားတော့ဘဲ ရေအိုင်၊ ရေတံခွန်လိုလိုတွေ့ပြီး အားရပါးရ မျက်နှာသစ်၊ ခြေဆေး၊ လက်ဆေးနှင့် ရေတံခွန်ကကျလာတဲ့ရေကို လက်ခုပ်နှင့်ယူပြီး သောက်လိုက်ကြပါသည်။ ဝါးပင်တွေက ဝါးရွက်တွေမှာ စမအက္ခရာတွေပေါ်နေတဲ့အရွက်တွေကို အားရပါးရရွေးကြပါသည်။ မျက်နှာသစ်၊ ခြေဆေး၊ လက်ဆေးလုပ်တဲ့ ရေအိုင်အစပ်နားကသဲပေါ်မှာ တောင်ကုန်းပေါ်မှ အပင်က ကြွေကျတာလားမသိပါ။အပင်ကိုမမြင်ရပါ။ ပန်းရင့်ရောင်ပြောင်ချောချော အလုံးကြီးတစ်လုံး။ အလယ်တွင် အက်ကွဲပြီး အတွင်းမှာ အမွှေးရှုပ်ရှုပ်တွေရှိပါသည်။ အမွှေးတွေနှင့်ကပ်နေသည့်အသားက စိမ်းစားဥလို ဖြူဖြူအရောင်ကိုတွေ့ရပြီး ဘာသီးကြီးလဲမသိပေ။

မကြူ နင်ယူခဲ့ဆိုပြီး ပေးလိုက်ပါသည်။ အသီးအနေထားမှာ သဖန်းသီးနှင့်တူသည်။ ကျွန်မတို့သိသောဖန်ခါးသီးမှာ ကွမ်းသီးလုံးသာသာရှိပြီး အပြင်က အစိမ်းရောင်၊ အထဲက ပန်းရောင်။ အမွှေးရှုပ်ရှုပ်အစေ့လေးများရှိပြီး စားလို့ရပါသည်။ ယခုအသီးသည် ထိုသဖန်းသီးနှင့် ခပ်ဆင်ဆင်တူပြီး အလယ်သားမှာ အဖြူရောင်၊ အမွှေးရှုပ်ရှုပ်အစေ့လေးများရှိပြီး အပြင်ဘက်အခွံမှာ ပန်းရောင်ရင့်ရင့်ဖြစ်ပါသည်။ အဲဒါလည်း ပုဂ္ဂိုလ်တွေစားဖို့ပေးတာလားမသိပါ။ နောင်တွင် အဲဒီအသီးကြီးကို ဆင်သဖန်းသီးဟုသိရပြီး မကြူက ထိုသဖန်းသီးအလယ်အမွှေးရှုပ်ရှုပ်ထဲတွင် ပုရွက်ဆိတ်ခေါင်းကြီးအနီကြီးများရှိပြီး သူ့လက်ကို အကိုက်ခံရ၍ လွှင့်ပစ်ခဲ့သည်ဟုဆိုပါသည်။ ပုရွက်ဆိတ်နီကြီးတွေဝင်နေသည်ဆိုတော့ အသီး၏အရသာမှာချိုပုံရပါသည်။

ဩော် - ဆင်သဖန်းသီးကြီးကိုစားကြည့်ရမှာလို့ စဉ်းစားရင်း ပြန်ကောက်ရအောင်ကလည်း အဝေးကြီးမှာကျန်ခဲ့ပြီဖြစ်သည်။ ခရီးပန်းလာတော့ သူတို့နောက်မှ ဖြည်းဖြည်းလိုက်လာမိသည်။ (၁) မိုင်ခရီးအသွားအပြန်လမ်းလျှောက်ရတာ (၂) မိုင်လောက်ရှိတာမို့ ပင်ပန်းလှပါသည်။ ထမင်းစားချိန်တောင်လွန်နေပြီလေ။

အပြန်ခရီးမှာ စမတောင်နှင့်နီးလာတော့ သစ်ပင်အောက်မှာကျနေတဲ့ အလုံးလေးက သဖန်းသီးအငယ်လေး အစိမ်းရောင်လေးပါ။ အပေါ်က အပင်ကို မော့ကြည့်လိုက်တော့ သဖန်းပင်မဟုတ်ပါ။ ဒဟတ်ပင်လိုလိုအပင်မျိုးပါ။ သဖန်းပင်ကို မြင်ဖူးပါသည်။ ကျွန်မ ထိုအပင်နားကဖြတ်လာတာ (၄၊ ၅)လှမ်းလောက်လွန်လာပြီးမှ စောစောကသဖန်းသီးလေးကို စိတ်ဝင်စားမိပြီး ပြန်လှည့်၍ကောက်ယူမိပြီး ပိုက်ဆံအိတ်ထဲထည့်လာမိပါသည်။ ကျောင်းဆောင်ပေါ် ပြန်

www.burmeseclassic.com

ရောက်တော့ ထမင်းစားကြပါသည်။ ထမင်းစားပြီး စောစောက သဖန်းသီး လေးကို ထုတ်ယူကြည့်ကာ ရေဆေး၍ အလယ်မှထက်ခြမ်းခွဲကာ အမွေးရှုပ်ရှုပ် ကိုဖယ်၍ ဝါးစားပစ်လိုက်မိပါသည်။ တောထဲမှာတွေ့ခဲ့ရတဲ့ ဆင်သဖန်းသီး ကြီးလည်းမစားလိုက်ရတော့ ဒီသဖန်း သီးလေးလည်း စားဖို့ပေးတာလားလို့ စားပစ်မိပါတော့သည်။ ဘာကြောင့် သဖန်းသီးကိုစားဖို့ပေးရတာပါလိမ့်လို့ လည်း တွေးတောနေမိ၏။ ဘာကြောင့် များ သဖန်းပင်မဟုတ်တဲ့အပင်အောက် မှာ သဖန်းသီးလေးကို တွေ့ရတာပါလိမ့်။ ကျွန်မအတွေးများက ဉာဏ်မမီပါ။

မနက်ဖြန်ဆိုလျှင် ကျွန်မတို့ စမ တောင်ကပြန်ကြတော့မည်ဖြစ်ပါသည်။ စမတောင်ပေါ်မှာ ကမ္ဘောဇကျောင်းဆို တာရှိပါသည်။ အဲဒီကျောင်းကဆရာ တော်လည်းဖူးပြီး လှူဖွယ်တွေကပ်ခဲ့ပါ သည်။ အဲဒီဆရာတော်က လက်ဓမောင်း၊ လက်ဖျံနှစ်ဖက်လုံးမှာရော နောက်ကျော ရင်ဘတ်တို့မှာပါ စမတွေ၊ အင်းတွေထိုး ထားပါသည်။ ဆရာတော်မှာ စာရင်းစစ် ဌာနမှပင်စင်စားဖြစ်ပြီး ပဲခူးမြို့မှလာရောက် ၍ ကျောင်းထိုင်နေသူ ဖြစ်ပါသည်။ ကမ္ဘောဇကျောင်းသည် အကျင့်စရဏ မမှန်လျှင် ထိုကျောင်းပေါ်တွင်နေ၍မရ ကြောင်းသိရပါသည်။ ဆရာတော်ကြီး က မနက်ဖြန် ပဲခူးမြို့ကိုပြန်ကြွစရာရှိ သည်ဟု ပြောပါသည်။ ကျွန်မတို့လည်း ရန်ကုန်ပြန်မှာမို့ တောင်ခြေက လမ်းမ ပေါ်အရောက် (၁)နာရီခွဲလောက်သွားရ ပြီး မန္တလေးမှလာသောခရီးသည်ကားကို တား၍ စီးရန်ဖြစ်ပါသည်။ မနက်(၃)နာရီ လောက်တွင် ပြန်ဖို့ပြင်ဆင်ပြီး ကမ္ဘောဇ ကျောင်းမှ ဘုန်းဘုန်းကိုနှိုးလိုက်ပါသည်။ ဘုန်းဘုန်းက ပဲခူးကိုပြန်မှာလို့ပြောသည့် အတွက် နှိုးခြင်းဖြစ်ပါသည်။

အားလုံး သွားဖို့အဆင်သင့်ဖြစ် တော့ ဘုန်းဘုန်းကို လိုက်ပို့တဲ့ ရသေ့ လေးက ဘုန်းဘုန်းရဲ့ ဆေးဆိုးရန်ယူ လာတဲ့ သက်န်းအိတ်ကြီးကကြီးလွန်းပြီး ရသေ့လေးရဲ့ထမ်းပိုးဖြင့်ထမ်းရသည်မှာ အလေးချိန် မညီမျှသဖြင့် ထမ်းပိုးမှာ လန်လန်ကျနေပါသည်။ ဘုန်းဘုန်းက ဒကာမကြီးအိတ်ကိုပေးလိုက်ဆိုသဖြင့် ကျွန်မအိတ်နှင့်နှစ်ဖက်ထမ်းတော့အဆင် ပြေသွားပါသည်။ ကျွန်မလည်း ရသေ့ လေးကို ကန်တော့၊ ကန်တော့ဟု ပြော လိုက်ရပါသည်။ ခြေကျင်အလာတုန်းက လိုမပင်ပန်းတော့ပါ။သက်သက်သာသာ ပဲ လမ်းလျှောက်သွားရပါသည်။

တာလမ်းပေါ်ကို (၄) နာရီခွဲ လောက်ရောက်ပါသည်။ ကားက(၅)နာရီ လောက်မှာ ရောက်လာပါသည်။ ကား ပေါ်တွင် နေရာအဆင်သင့် ထိုင်ခုံများရ ပါသည်။ ဆရာတော်နှင့်ကျွန်မတို့မှာ ရှေ့ ခုံနောက်ခုံဖြစ်ပါသည်။ ဆရာတော်က ကျွန်မနှင့်အတူလာသူများကို တစ်ချက် ကြည့်ပြီး သူတို့အိပ်ငိုက်နေတုန်းမှာ -

"ဒကာမကြီးအတွက် ညက ဘုန်းဘုန်းထိုးထားတာ လက်ခံ"

ဆိုပြီး လက်ဖွဲ့ကြိုးလေးကို လက် နှင့်ဆုပ်ပြီးပေးပါသည်။ ကျွန်မလည်း လက်ခံပြီးဆလင်းဘတ်အိတ်ထဲသို့ထည့် လိုက်ပါသည်။ မည်သူမျှမသိလိုက်ပါ။ ကျွန်မအရမ်းဝမ်းသာမိပါသည်။ ကျွန်မ က ဘုန်းဘုန်းသက်ဖွဲ့ထိုးထားတတ်မှန်း မသိခဲ့ပါ။ ကျွန်မလက်ဖွဲ့လိုချင်သည်ဟု လည်း မတောင်းဆိုခဲ့ပါ။ ဘုန်းဘုန်း ကျောင်းကိုရောက်ခဲ့စဉ်က ကျွန်မတွေ့ကြုံ ခံစားရသမျှကိုတော့ လျှောက်ထားမိပါ သည်။

ဆရာတော်အား တပည့်တော် အမှားလုံးဝမရှိဘဲ မတရားသဖြင့် အလုပ် ဖြုတ်ခံရကြောင်း၊ တပည့်တော်မှာ အတိုက်ခိုက်၊ မနာလိုသူပေါ်များကြောင်း လျှောက်ထားခဲ့မိပါသည်။ အဲဒီတုန်းက ငါအတိုက်အခိုက်တွေကင်းတဲ့လက်ဖွဲ့ထိုး ပေးမယ်လို့လည်း ကျွန်မအားပြောကြား ခြင်းမရှိခဲ့ပါ။ ယခု ကားပေါ်ရောက်မှ သူများတွေမသိအောင် ညက ဒကာမကြီး အတွက်ဆိုပြီး လက်ဖွဲ့ထိုးထားတာကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။

မနေ့ညနေက တောထဲကပြန် လာတော့ တောင်ပေါ်ထမင်းချက်တဲ့ နေရာမှာ စဉ့်အိုးကြီးတွေထဲမှာ ရေနည်း နေတာတွေလို့ ရေလိုမှာပဲဆိုပြီး မကြူ နှင့် ကျွန်မတို့ ရေကုသိုလ်ယူဖို့ တောင် အောက်က ရေကန်မှရေဆွဲပြီး အပေါ် စဉ့်အိုးကြီးထဲ ထမင်းဟင်းချက်ဖို့ထည့် ပေးကြပါသည်။ စမတောင်ပေါ်နှင့် တောင်အောက်အုတ်ရေကန်မှာ အတော် ဝေးပါသည်။ တောင်အလယ်လောက် တွင် ရေဆွဲလာရာမှ ခဏနားပြီး တောင် အောက်သို့ ငုံ့ကြည့်မိပါသည်။ တောင် အလယ်နှင့်အညီ မြေပြင်မှာပေါက်နေ သော ကျွန်းဖိုပင်ကြီးမှာ အင်မတန် ဖြောင့်မတ်ပြီး ရှည်လျားမြင့်မားပါသည်။ ထိုကျွန်းဖိုပင်မှ ရုက္ခစိုးကြီးသည် ကျွန်မ ကို သူ၏ပုံရိပ်ကိုပြသပါသည်။ ရုက္ခစိုး ကြီးသည် အဖြူရောင်ဝတ်စုံရှိသော်လည်း အရွယ်မှာ အစိမ်းကြော်ထဲထည့်ကြော် သည့် ပဲပိုးတီနှင့်တူသော အစွယ်ပုပုလုံး လုံးဖြူဖြူလေးနှင့်ဖြစ်ကြောင်းတွေ့ရပါ သည်။ ကျွန်မအဆောင်ထဲမှာအိပ်နေ တုန်း အာရုံထဲမှာ တွေ့မြင်ရတာဖြစ်ပါ သည်။ အဲဒီတုန်းက ဘယ်သူမှန်းမသိ ခဲ့ပါ။

ရန်ကုန်-မန္တလေးခရီးသည်ကား မှာ နံနက်စောစော လက်ဖက်ရည် သောက်ရန် ဆိုင်တစ်ဆိုင်ရှေ့တွင်ရပ်နား ပါသည်။ ကျွန်မသည် ဆရာတော်အား နံနက်စာကပ်လှူပါသည်။

ဘုန်းဘုန်းအား စွယ်ဖြူဖြူပုပုလုံး လုံးနှင့်ပုဂ္ဂိုလ်ကိုမြင်တွေ့ခဲ့ရတဲ့အကြောင်း လျှောက်ထားတော့ ကျွန်းဖိုပင်ကြီးက ရုက္ခစိုးကြီးတောင်ပိုင်ကြီးဖြစ်တဲ့အကြောင်း ပြောပြပါတယ်။ တောထဲမှာစမရွှက်တွေ မြင်အောင်သူလိုက်ပြကြောင်း၊ ကျွန်မကို စမတောင်လာဖြစ်အောင်လည်း ဒီတောင် ပိုင်ကြီးကပင် ခေါ်ယူကြောင်းသိရပါ သည်။ ဘုန်းဘုန်းက ဒကာမကြီးလည်း မူလအလုပ်ကိုပြန်လည်ရလိမ့်မယ်တဲ့။ မကောင်းတဲ့သူက မကောင်းသလိုပဲ သူ့ ဟာနဲ့သူသွားပါလိမ့်တဲ့။ ဦးပဥ္စင်းနေတဲ့ ကမ္ဘောဇကျောင်းဟာ ဘယ်သူမှမနေရဲ ဘူတဲ့။ အကျင့်စရဏမမှန်ရင် တောင် ပေါ်ကနေလို့မရဘူးဒကာမကြီးတဲ့။

ကျွန်မတို့မပြန်ခင်က ခတ်ပေါင်း စုဘုရားဘက်ကိုရောက်ပါသည်။ ဦးတင် ငွေက ဗိုလ်တာရာကို ဝတ်ဖြူစင်ကြယ် နှင့်ပုဂ္ဂိုလ်ထူးအဖြစ် တရားထိုင်နေတာ ကို တွေ့မြင်ခဲ့ရကြောင်း ပြောပြပါတယ်။ ဗိုလ်တာရာမှာ ကွယ်လွန်သွားပြီဖြစ်ပါ တယ်။ သို့သော်လည်း ဦးတင်ငွေနှင့် အပြန်အလှန်စကားပြောဖြစ်ကြပါတယ်။ တစ်ချိန်က စစ်ဗိုလ်၊ ဗိုလ်မှူးတာရာသည် ပဲခူးရိုးမတောထဲမှာ တပ်စွဲထားစဉ်က အားလပ်တဲ့အချိန်မှာ မုဆိုးလိုက်၊ တော ပစ်၊ သမင်ပစ်လုပ်ခဲ့တဲ့ ဗိုလ်မှူးတာရာ ဟာ စိတ်ဝင်စားစရာကောင်းလှပါသည်။ တောထဲမှာ တောကောင်လိုက်ရင်းနှင့် ရသေ့တွေ၊ ပုဂ္ဂိုလ်ထူးတွေနှင့်တွေ့ခဲ့ရပြီး အကျွတ်တရားရရှိကာ ဘာသာရေးကို လိုက်စားလာခဲ့ပြီး အလှူအတန်းတွေ လည်း ဒီစမတောင်မှာလာပြီးလုပ်ခဲ့ ကြောင်း၊ စမတောင်မှာ နာမည်ကြီးပြီး ပုဂ္ဂိုလ်ထူးတွေ၊ဝိဇ္ဇာဇော်ဂျီတွေရှိကြောင်း ဦးတင်ငွေမှပြောပြခဲ့သည်။ ဗိုလ်တာရာ ဟာ သူကွယ်လွန်တော့ ဒီမစတောင်မှာ သူတော်စင်ပုဂ္ဂိုလ်ပြန်ဖြစ်နေပြီး တရား အားထုတ်နေတာ တွေ့ရကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)

သခွားသီးကို တစ်နှစ်ပတ်လုံး တွေ့ရှိနိုင်ပေမယ့် ယခုလို မိုးဦးကျရာသီကာလများမှာတော့ မိုးသခွားသီးအကြီးမျိုးအလုံးလှလှကြီးများ သီးသန့်စိုက်ပျိုးထွက်ရှိသည့်ရာသီ ဖြစ်ပါသည်။

၎င်းကို သခွားသီးဆလပ်သုပ်အတွက် အဓိကထားပြီး စီမံပြုလုပ်ပြီး စားသုံးကြပါသည်။ သခွားသီးအကြီးမျိုးမှာ ရေဓာတ်နှင့်အမျှင်ဓာတ် ပါဝင်နှုန်းရာနှုန်းပြည့်ပါဝင်ဖွဲ့စည်းထားပြီး ၎င်းတွင်ပါဝင်နေသော သဘာဝဒြပ်ပေါင်းများသည် ခန္ဓာကိုယ်တွင်းမှာရှိသည့်အဆီနှင့်အညစ်အကြေးအဆိပ်အတောက်ဓာတ်များကို ဆီးနှင့်ဝမ်းတို့မှတစ်ဆင့်သယ်ယူပြီး ခန္ဓာကိုယ်ပြင်ပသို့ သန့်စင်စွန့်ထုတ်ပေးစေသည့်အစွမ်းသတ္တိထူးရှိပါသည်။

ကိုယ်တွင်းအေးစေပြီး အပူငြိမ်းစေပါသည်။ သခွားသီးမှာ ခန္ဓာကိုယ်အတွက် အကျိုးပြုကျန်းမာစေတဲ့ ဆေးဖက်ဝင်အရေးကြီး ဒြပ်ပေါင်းများနှင့် သတ္တုဓာတ်များကတော့ -

၁။ ပိုတက်စီယမ်၊
၂။ ဆိုဒီယမ်၊
၃။ ကယ်လစီယမ်၊
၄။ မဂ္ဂနီစီယမ်၊
၅။ သံဓာတ်၊
၆။ ဖော့စဖရပ်စ်
၇။ ဆာလ်ဖာ
၈။ ဆီလီကာ
၉။ ကလိုရင်း
၁၀။ အမျှင်ဓာတ်တို့ ပါဝင်ဖွဲ့စည်းထားပါသည်။

ထိုသတ္တုဓာတ်ဆားများထဲတွင် ခန္ဓာကိုယ်တွင်းသွေးနီဥဆဲလ်များအတွက် အရေးပါသောပိုတက်စီယမ်ဓာတ်သည် (၄၁. ၂) ရာခိုင်နှုန်း ပါဝင်နေခြင်းဟာ သခွားသီး၏ ထူးခြားစွမ်းရည်ဖြစ်သဖြင့် ပိုတက်ဆီယမ်ဓာတ် လျော့နည်းခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် နှလုံးခုန်နှုန်းမမှန်ခြင်းနှင့် အာရုံကြောအားနည်းခြင်းရောဂါလက္ခဏာများအတွက် သဘာဝပိုတက်ဆီယမ်ဓာတ်ပြန်လည်ဖြည့်တင်းပေးစေနိုင်သော အစွမ်းထက် သီးနှံမျိုးဖြစ်ပါသည်။

ဆီးနှင့် ကျောက်ကပ်ရောဂါများအတွက်လည်း သခွားသီးသည် သဘာဝဆီးရှင်ဆေး၊ကျောက်ကပ်ကိုသန့်စင်ပေးနိုင်တဲ့သီးနှံလည်း ဖြစ်ပါသည်။

ပြောပြပါသည်။

ဗိုလ်တာရာဟာ သူရေးတဲ့ဝတ္ထုတွေထဲမှာ မုဆိုးတောပစ်ထွက်တာတွေ ရေးတာများပါသည်။ ကျွန်မငယ်ငယ်က မေမေ မဂ္ဂဇင်းတွေထဲကဖတ်ပြီးပြန်ပြောပြလို့သိရတာဖြစ်ပါသည်။

စမတောင်အကြောင်းရေးတဲ့စာအုပ်နှစ်အုပ်ကတော့ တကယ်စိတ်ဝင်စားစရာကောင်းလှသည်။ စာအုပ်အငှားဆိုင်တွေမှာ ရှားပါးစာအုပ်အဖြစ်နှင့်တွေ့ရမှာပါ။ ကျွန်မကိုလည်း မိတ်ဆွေတစ်ယောက်ကဖတ်ကြည့်ဖို့ လာပေးတာနှင့်ဖတ်ဖြစ်ခဲ့တာပါ။ ဖတ်ပြီးတော့ လျှို့ဝှက်နက်နဲဂမ္ဘီရဆန်တဲ့တောင်တော်အကြောင်းကို ရောက်ဖူးမှ ကိုယ်တိုင်တွေ့ကြုံရတဲ့အကြောင်းကို သိရှိရအောင်ဝေမျှဖော်ပြလိုက်ရပါသည်။ ကံကောင်းလျှင် ပုဂ္ဂိုလ်ထူးတွေနှင့်လည်း တွေ့ကြုံနိုင်ပါသည်။ သူတို့ပေးတဲ့ပစ္စည်း၊ ကျွေးတဲ့သစ်သီးတွေကိုလည်း ရရှိမှာဖြစ်ပါသည်။ ယခု လယ်ဝေးမြို့နယ် သာဝတ္ထိမြို့အနီးမှာရှိတဲ့ စမတောင်တော်ဟာ နေပြည်တော်နှင့်လည်း နီးနီးလေးမို့

သွားလို့ လွယ်ကူမှာပါ။

ဒီဘက်ခေတ်မှာ ကျွန်မ မရောက်ဖြစ်သေးပါ။ ထပ်ပြီးရောက်ချင်မိပါသေးသည်။ ကျွန်မတွေ့ခဲ့ရတဲ့ တောထဲကရေတံခွန်နားကတွေ့ခဲ့ရတဲ့ ဆင်သဖန်းသီးအကြောင်းကိုလည်း သိရှိတဲ့သူတွေပြောပြစေချင်ပါသည်။ ကျွန်မ တစ်ခါမှ မတွေ့ခဲ့ဘူးတဲ့အတွက် ဘယ်လိုအပင်မျိုးကသီးပါလိမ့်။ အလုံးအရွယ်အစားမှာ အုန်းနို့ညစ်ဖို့ခွာထားတဲ့ အုန်းသီးခွံလုံးလောက်နီးပါးရှိပြီး ပန်းရင့်ရောင်အခွံပြောင်ချောမှာ အသားက စိမ်းစားဥအသားလိုဖြူပြီး အလယ်မှာအမွှေးရှုပ်ရှုပ်ရှိပါတယ်။ အမြင့်ကကျပြီး အလယ်ကွဲနေလို့ အထဲက အသားနှင့်အမွှေးတွေကိုမြင်နေရတာပါ။ ကျွန်မပြောပြတဲ့ပုံသဏ္ဌာန်နဲ့ အသီးကို ဦးလေးကြီးတစ်ယောက်က ဆင်သဖန်းသီးလို့ ခေါ်ကြောင်း ပြောပြပါတယ်။ တကယ်ဆင်သဖန်းသီးက ကျွန်မပြောပြတဲ့အလုံးနဲ့တူပါသလား။ တကယ်ဆင်တွေစားတဲ့သဖန်းသီးလား၊ စားကောင်းပါသလား။ အရသာဘယ်လိုရှိပါသလဲ။ ဘယ်လိုအသုံးဝင်ပါသလဲ။ ဘယ်နေရာတွေမှာပေါက်ပါသလဲ။ ကျွန်မတစ်သက်မှာဒီအသီးမျိုးကို ဒီတစ်ခါပဲတွေ့ဖူးပြီးနောက်ထပ် မတွေ့ဘူး၊ မမြင်ဘူးလို့ထူးဆန်းတဲ့အသီးလို့ထင်လို့ပါ။ ဒီခေတ်သစ်သီးဆိုင်တွေမှာရောင်းတဲ့အသီးတွေထဲက နဂါးမောက်သီးအရောင်နဲ့တူပြီး နဂါးမောက်သီးလိုအခွံကအထပ်ထပ်မဟုတ်ပါ။ ပန်းသီးလိုပြောင်ချောပါ။

သင်ကော တွေ့ဖူးလား။ အဲဒီအသီးအကြောင်းသိချင်ပါတယ်။ သိတဲ့သူများ သုရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် ဖော်ပြပေးကြပါ။

ကျွန်မစမတောင်တော်ကိုရောက်ခဲ့စဉ်က စားတော်ပဲလုံးလောက် ပန်းသီးလေးရယ်၊ ဆင်သဖန်းသီးကြီးရယ်၊ သဖန်းသီးလေးရယ်၊ စမသစ်ရွက်ရယ်၊ စမကျပ်တန်လေးရယ်၊ အန္တရာယ်ကင်းပြီး အတိုက်အခိုက်တွေကိုကာကွယ်နိုင်တဲ့ လက်ဖွဲ့ကြိုးလေးရယ်ရရှိခဲ့ကြောင်းကို ဖော်ပြလိုက်ရပါသည်။

ရေနံ့သာ-ခင်



www.burmeseclassic.com


www.burmeseclassic.com

ဒါ့ပြင် သခွားသီးရဲ့ အစွမ်းသတ္တိများမှာ အစာခြေဖျက်မှုကို အားပေးပြီးဆီး၊ ဝမ်းကိုမှန်ကန်၍ သွေးတွင်းကိုလက်ထစရောအဆီဆိုးဓာတ် (LDL) ပမာဏကို လျော့နည်းစေပြီး သွေးလည်ပတ်မှုစနစ်ကို ထိန်းသိမ်းပေးနိုင်သည့်အတွက် သွေးပေါင်ချိန်ဖိအားမြင့်ခြင်းကိုလည်း လျော့ချပေးနိုင်ကြောင်း သုတေသနတွေ့ရှိထားပါသည်။

Uric Acid များ၍ဖြစ်ပေါ်စေသော ဂေါက်ရောဂါရှင်များအတွက် သခွားသီးတွင် အက်စစ်ဓာတ်ကိုပြေစေသည့်သတ္တို (၆၄.၀၅) ရာခိုင်နှုန်း ပါဝင်နေသောကြောင့်၊ အယ်ကာလီဂုဏ်သတ္တိမြင့်မားခြင်းကြောင့် သခွားသီးကို မုန်လာဥနီသို့မဟုတ် အာလူးတို့နှင့် ပေါင်းစပ်၍ဖျော်ရည်ပြုလုပ်ပြီး သောက်သုံးပေးလျှင် အလွန်အကျိုးများပါသည်။

ယခုနောက်ဆုံးသုတေသနတွေ့ရှိချက်များအရ သခွားသီးတွင် ကင်ဆာရောဂါကို တွန်းလှန်ဆန့်ကျင်ကာကွယ်ပေးနိုင်သည့် Secoisolariciresunol, Lariciresinol နှင့် Pinoresinolဒြပ်ပေါင်းများစွာပါဝင်နေကြခြင်းကြောင့် ကင်ဆာရောဂါဆိုးများဖြစ်ကြသော ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ စသည့် ကင်ဆာရောဂါများကို သက်သာစေနိုင်ပါသည်။

သခွားသီးကို နွေရာသီစိုက်သည့် သခွားသီးနှင့် မိုးရာသီမှာစိုက်သည့် မိုးသခွားနှစ်မျိုးစလုံးမှာပါဝင်သည့်အစွမ်းအာနိသင်တူညီပါသည်။ ထို့ကြောင့် တစ်နှစ်ပတ်လုံး ရာသီမရွေး အလွယ်တကူရရှိပြီး ဈေးနှုန်းတန်ဖိုးချိုသာပြီး ဆေးဖက်ဝင်ကာ အစွမ်းထက်လှသော သခွားသီးကို ခန္ဓာကိုယ်အတွင်း အဆီပိုများကျဆင်းပြီး အညစ်အကြေးအဆိပ်အတောက်များ သန့်စင်စေရန်အတွက် ရာသီပေါ် သခွားသီးဆလတ်သုပ်ကို မိသားစုထမင်းဝိုင်းတွင် ပြုလုပ်၍ စားသုံးကြမည်ဆိုလျှင် မိသားစုတစ်စုလုံး၏ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထူးကျေးဇူးပြုစေပါသည်။



**ခန္ဓာကိုယ်အတွင်း**
**အဆီပိုများကျဆင်းပြီး**
**အညစ်အကြေးအဆိပ်အတောက်များ**
**သန့်စင်စေရန်အတွက်**
**ရာသီပေါ်သခွားသီးဆလတ်သုပ်**
**ပြုလုပ်စားသုံးနည်း**

**ပြုလုပ်နည်း**

၁။ ပုစွန်ဘော့ချိတ်ကြီး (၁၅) ကျပ်သား (ပုစွန်ခြောက်ကိုလည်းသုံးနိုင်ပါသည်)
၂။ မိုးသခွားသီးကြီး(၁)တစ်လုံး၊
၃။ ငရုတ်သီးစိမ်း(၂၀)တောင့်၊
၄။ သံပရာသီး (၁) လုံး/ (၂) လုံးခန့်၊
၅။ ပင်စိမ်းရွက် (၁) စည်း၊
၆။ ငရုတ်ကောင်း (၁၅) လုံး၊
၇။ ကြက်သွန်နီကြော် (၂) ဇွန်း၊

ပုစွန်များကို သန့်စင်ဆေးကြောအခွံချွတ်ပြီး ဆားသင့်ရုံထည့်၍ရေစပ်ကျင်းလေးထည့်ပြီးပြုတ်ကာ မညတ်တညက်ထောင်းပါ။ ငရုတ်သီးစိမ်းကို မီးနှင့် အနည်းငယ်လှော်ပါ။

ပြီးလျှင် ငရုတ်ကောင်း (၁၅) စေ့နှင့်ရော၍ စလုံးစခုကြိတ်ထားပြီး အသင့်ပြင်ထားပါ။ သခွားသီးကို အလယ်မှထက်ခြမ်းခွဲကာ အလယ်အူတိုင်နဲ့ အစေ့များကို ဖယ်ရှားပြီး ရေဆေးသန့်စင်ပြီး ဇလုံတစ်လုံးထဲသို့ သခွားသီးများကို ခြစ်ထည့်ပါ။ အသင့်ပြင်ထားသည့်ပုစွန်လှော်ထောင်း၊ ငရုတ်သီးစိမ်း၊ ငရုတ်ကောင်းကြိတ်ပြီးသားများထည့်၍ ဟင်းခတ်အရသာမှုန့်နှင့် ဆားတို့ကို အရသာသင့်အောင်ထည့်ပြီး သံပရာရည်ဆမ်း၊ ပင်စိမ်းရွက်တို့ကိုထည့်ပြီး အသာဖွဖွလေးနယ်ပေးပါ။ အပေါ်မှ ကြက်သွန်နီကြော်ဖြူးပေးလိုက်လျှင် အလွန်အနံ့အရသာနှင့်ပြည့်စုံသော ဆေးဖက်ဝင်ဟင်းလျာ သခွားသီးဆလတ်သုပ်ကို သုံးဆောင်နိုင်ပါပြီ။



၎င်းဟင်းလျာကို မိသားစုထမင်းဝိုင်းတွင် ဟင်းစပ်အတွဲအနေဖြင့် မြိန်ရှက်စွာစားသုံးနိုင်ကြသလို ကျန်းမာရေးဓာတ်စာ Diet အနေဖြင့်လည်း စားသုံးမည်ဆိုလျှင် နံနက်၊ ည ထမင်းစားမည့်အချိန် ထမင်းကိုလုံးဝမစားဘဲ သခွားသီးဆလတ်သုပ်ကိုသာ ထမင်းလွတ်တစ်ရက်ခြား၊ နှစ်ရက်ခြား တစ်ပတ်လျှင်(၃)ကြိမ်ခန့် Diet အနေနှင့် စားသုံးပေးပါက သင်၏ခန္ဓာကိုယ်တွင်းအဆီပိုများကျဆင်းသွားပြီး ကိုယ်တွင်းရှိ အညစ်အကြေးအဆိပ်အတောက်များကင်းစင်၍ ခန္ဓာကိုယ်မှအနံ့ဆိုးများလည်း ပျောက်ကင်းစေပြီး ပေါ့ပါးလန်းဆန်း၍ ကျန်းမာလာသည်ကို တွေ့သိရပေမည်။

မှတ်ချက် - ဤသို့ Diet အနေဖြင့် ထမင်းလွတ်စားသုံးသည့်အခါမှာ ငရုတ်ကောင်းကို (၁၄)၊ (၁၅) လုံးခန့်ထည့်၍ စားပေးပါက ဗိုက်နာ၊ ဝမ်းပျက်၊ ဝမ်းရစ်ခြင်းကိုမဖြစ်ပေါ်အောင်ကာကွယ်ပေးပါသည်။

*သတ္တဝါများ*
*စားသမျှအားဖြစ်၍*
*ကျန်းမာရွှင်လန်းကြပါစေ*

ရွှေနဝင်း(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

# သူတော်အိုဝ်

(မေမွှသုတေသီ)

## သရုပါတံခါး သိစရာများ



ညောင်ဦးမြို့မှ ပုဂံသို့ လမ်းမကြီးအတိုင်းလာရာ ပုဂံမြို့အရှေ့ဘက် မြို့ရိုး၏ဗဟိုဖြစ်သော အုတ်နံ့ရံအပေါက်ဝကြီးသည် ယခုအခါ တဗလာ (ခေါ်) သရပါတံခါးပင် ဖြစ်ပါသည်။

(၁)

တမ္ပဝတီမြို့၌ မင်းပေါင်း(၂၂)ဆက်မြောက်ဖြစ်သော ခဲလူးမင်း နတ်ပြည်စံလျှင် ညီတော် ပျဉ်ပြားမင်း အထွတ်အမြတ်သို့ရောက်တော်မူ၏။

ပျဉ်ပြားမင်းသည် တမ္ပဝတီမြို့၌ (၃) နှစ်စံတော်မူပြီးနောက် တမ္ပဝတီမြို့မှ ရွှေ့ပြောင်း၍ အနောက်မြောက် တာတစ်ထောင်ကွာ မြစ်ကမ်းထိပ် နဂါးဆိုင်ရွာတွင် အုတ်မြို့ရိုး၊ ကျုံး (၃) တန်ပတ်ရံကာ လျက် တင့်တယ်ဖွယ်ရာ မြို့အင်္ဂါနှင့်ညီညွတ်စွာ ပုပ္ပားစောရဟန်း ခဆပဥ္စဖြိုးကြွင်း ၂၁၁ ခု၊ ပြာသိုလဆန်း ၆ ရက်၊ ကြာသပတေးနေ့ (၂) ချက်တီးကျော် (၇) ဖဝါး (၁) ဗီဇနာတွင် စတုဋ္ဌမြောက်ယခု 'သရပါတံခါး' ရှိသော 'ပုဂံမြို့' ကို တည်ထောင်တော်မူလေသည်။

(၁)

ပထမတည် အရိမဒ္ဒနာမြို့၊ ဒုတိယတည် သီရိပစ္စယာမြို့၊ တတိယတည် တမ္ပဝတီမြို့တို့သည် အုတ်ရိုးမဟုတ်။ သစ်တပ်မြို့နှင့် လက္ခဏာတူ၏ဟု အချို့ ပညာရှိများကယူဆကြ၏။ မြို့ပတ်လည် ဝန်းကျင်တွင် ကျောက်ခဲ၊ ကျောက်တန်းများအထင်အရှားရှိသေး၏။

စတုတ္ထမြောက် ပျဉ်ပြားမင်းတည်သော ယခုပုဂံမြို့သည် တံခါး (၁၂) ရပ် အစောင့်နတ်များနှင့်တကွ တည်ဆောက်ထား၏။

ထိုတံခါး (၁၂) ရပ်အနက် အရှေ့မျက်နှာ အလယ်ဗဟိုတံခါးဖြစ်သော သရပါတံခါးတစ်ခုသာလျှင် ထင်ထင်ရှားရှားရှိသေး၏။ အခြားတံခါးတို့မှာ အမည်နှင့် အရာမျှသာကျန်တော့၏။

အရှေ့မျက်နှာမြို့ရိုးရှိ သရဝတ်တံခါး၊ သရပါတံခါး၊ သရဖတံခါးဟူသောအမည်များကို ရှေးမင်းနှစ်တိုက်ရာတွင် သုံးလေ့များသော မြားပစ်နည်း၏အမည်များကို ယူ၍မှည့်ခေါ်

www.burmeseclassic.com

ထားရှိ၏။

စတ္တာလီသနီပါတ် သရဘင်္ဂဇာတ်၌ သရဝသမြားမိုးရွာအောင်ပစ်ခြင်း၊ သရပါသာဒပြာသာဒ်ကဲ့သို့ရှိအောင်ပစ်ခြင်း၊ သရပါကာရတံတိုင်းကာသကဲ့သို့ရှိအောင်ပစ်ခြင်း၊ သရဗေမိမြားချင်းမှန်အောင်ပစ်ခြင်း စသည်ဖြင့် မြားပစ်ပုံ (၁၂) မျိုးရှိလာ၏။

ထိုမြားပစ်ပုံအမည်များဖြစ်သော-

၁။ သရဝသမှ သရဝတ်တံခါး၊

၂။ သရပါသာဒ သို့မဟုတ် သရပါကာရမှ သရပါတံခါး၊

၃။ သရဗေမိမှ သရဗေတံခါး၊

ဟူသောအမည်များကို မှည့်ခေါ်ထားကြသည်ဟု ပညာရှိများ မှတ်တမ်းတင်ထားခဲ့ကြသည်။

(၃)

ယခု ပုဂံမြို့၏အရှေ့၊ တောင်၊ မြောက် (၃) ဌာနတို့၌ မြို့ရိုး၊ မြို့ပေါက်တံခါးရာများရှိသေးသော်လည်း အနောက်မျက်နှာ၌မူကား မြို့ရိုးမြို့ရာတံခါးရာများ မရှိတော့ချေ။

သို့သော်လည်း တောင်မှမြောက်သို့ -

မကြည်သာတံခါး၊
မင်္ဂလာတံဆိပ်တံခါး၊
သာစည်တံခါး

ဟူသော အမည်များကို ယနေ့တိုင် ခေါ်ဝေါ်သုံးစွဲနေကြသေး၏။

ယခုအခါ မြို့ရိုးမရှိစေကာမူ တံခါးအမည်များရှိသည်ကို ထောက်ရှုသော် မဉ္ဇပြားမင်းတည်စဉ်က မြို့ရိုးရှိသည်ဟု ယူဆသင့်သည်။

အဘယ်ကြောင့်ဆိုသော် ပုဂံမြို့ပျက်စီးပြီးနောက် အထက်၌ နန်းစံကြသောမင်းတို့သည် ရွှေစည်းခုံဘုရားသို့ အဖူးအမြော်ကြွတော်မူသောအခါ မင်္ဂလာတံဆိပ်တံခါးမှ ဘုရားဖူးသွားကြောင်း ရှေးသူဟောင်းတို့၏ စကားအစဉ်ကို ယနေ့တိုင်ပင် ပြောဆိုယုံကြည်ကြ၏။

(၄)

## ▫ တံခါးအမည်နှင့် တံခါးစောင့်နတ်အမည်များ

(အရှေ့မျက်နှာ)

၁။ သရဗေတံခါး ရွှေပသင်နတ်။
၂။ သရပါတံခါး နတ်မောင်နှမ။
၃။ သရဝတ်တံခါး ဖက်မသင်နတ်။

(တောင်မျက်နှာ)

၁။ ကလေးတံခါး ငါးဆွဲသင်နတ်။
၂။ မတောင့်တတံခါး ဝိရူပက္ခနတ်။
၃။ ဝင်းမနားတံခါး ငနွယ်သင်နတ်။

(အနောက်မျက်နှာ)

၁။ မကြည်သာတံခါး မြင်းဖြူရှင်နတ်။
၂။ မင်္ဂလာတံဆိပ်တံခါး ဝိရူဠ္ဍကနတ်။
၃။ သာစည်တံခါး ဇမ္ဗူတမွတ်နတ်။

(မြောက်မျက်နှာ)

၁။ ညောင်ဖြူပင်တံခါး ဇမ္ဗူရုက္ခနတ်။
၂။ ငါမြီးခတ်တံခါး ကုဝေရနတ်။
၃။ သာတန်းတံခါး ဇမ္ဗူတံဆောင်နတ် တို့ ဖြစ်ကြ၏။

ဝင်းမနားကို ဝမ်းမနာ ဟူ၍လည်းကောင်း၊ သာတန်းကို သာခက်တံခါး ဟူ၍ လည်းကောင်း အချို့မှုကွဲရှိသေး၏။

## ▫ လောကနန္ဒာဘုရား

ပုဂံမှ သီရိပစ္စယာရွာသို့လာသော လမ်းမကြီးအတိုင်း တောင်ဘက်သို့ဆက်၍သွားသော် (၂ မိုင်၊ ၆ ဖာလုံ) ခရီးအကွာတွင် သီရိပစ္စယာရွာကိုတွေ့ရမည်။ ထိုရွာ၏ တောင်ဘက်ကမ်းနဖူးတွင် လောကနန္ဒာစေတီကိုဖူးမြော်နိုင်ပါမည်။

အနော်ရထာမင်းကြီးသည် သီဟိုဠ်မှပင့်လာသော စွယ်တော်ကို တောင်းပန်တော်မူရာ တစ်ဆူပွားလေလျှင် ဆင်ဖြူတော်သို့တင်၍ စွယ်တော်ကိန်းဝပ်တော်မူလိုရာ၌ ဝပ်စေသော်ဟု အမိန့်ရှိပြုတော်မူ၏။

ဆင်ဖြူတော်သည် ရောဝတီမြစ်ကိုကူး၍ တန့်ကြည့်တောင်ထိပ်၌ဝပ်၏။ ထိုတောင်ထိပ်တွင် စေတီတစ်ဆူတည်ထားတော်မူသည်။

ဒုတိယအကြိမ် -

တစ်ဖန် တောင်းပန်လတ်သော် စွယ်တော်တစ်ဆူပွားပြန်၏။

ယခင်နည်းတူ -

ဆင်ဖြူတော်ပေါ်တင်၍လွှတ်ပြန်၏။ ပုဂံမြို့အရှေ့ တုံ့ဝပ်တောင်ထိပ်၌ ဝပ်၏။ တုံ့ဝပ်တောင်စေတီကို တည်ပြန်သည်။

ယခုအခါ တူရွင်းတောင်ဟူ၍ လည်းကောင်း၊ တဝင်းတောင်ဟူ၍ လည်းကောင်း ခေါ်ကြ၏။

နောက်တစ်ကြိမ် -

တောင်းပန်သဖြင့် စွယ်တော်တစ်ဆူပွားပြန်၏။

ယခင်နည်းတူ -

ဆင်ဖြူတော်ပေါ်တင်၍လွှတ်ပြန်၏။ ဆင်ဖြူတော်သည် ပျက်တောင်ထိပ်၌ဝပ်၏။ ထိုအရပ်၌ စေတီတစ်ဆူတည်ထားပြန်သည်။

ထိုနှစ်ပင် စွယ်တော်ပွား (၄) ဆူကို ဌာပနာ၍ စေတီ (၄) ဆူ အပြီးတည်တော်မူ၏။ ပျက်တောင်ကား ကျောက်ဆည်နယ်တွင်ရှိသည်။

ထိုအချိန်က ရွှေစည်းခုံစေတီကား ပစ္စယံ (၃) ဆင့်မျှသာ ပြီးသေး၏။

## ▫ လောကနန္ဒာဘုရားဘွဲ့

*လက်ဒီပ၊ ကျွန်းသီဟိုဠ်၊*
*ကြွမြန်းစွယ်တော်။*
*တောင်းပန်ညွတ်တွား၊*
*ဓာတ်တော်ပွား၊ အများရှိပူဇော်။*
*အနော်ရထာ၊ ဓောဖရဏာ၊*
*စောစွာဖြန်းဖြန်းဖျော်။*
*ဆင်ဖြူတော်မြတ်၊ စွယ်တော်ဓာတ်၊*
*ကိန်းဝပ် ကျောက်ကုန်းပေါ်။*
*မိဌာန်ဆုညွှတ်၊ ဆင်ဖြူလွှတ်၊*
*တုပ်ဝပ်ပချေသော်။*
*ဒေသထိုရပ်၊ ဂူထွင့်မြတ်၊*
*တည်လတ် သာစုခေါ်။*
*လောကနန္ဒာ၊ ဘွဲ့သညာ၊*
*ကမ္ဘာဟိုးဟိုးကျော်။*

(၅)

ဘဒ္ဒေးသိန်းလွင်ဆီကနေ ဆရာဦးမြတ်သွင်ရေးသည့် 'ပုဂံမြို့ရှိထင်ရှားကြီးကျယ်သော ဘုရားကြီး (၂၇) ဆူ၏ သမိုင်းနှင့် ဘုရားဖူးလမ်းညွှန်' စာအုပ်ကို ဖတ်ကောင်းကောင်းနှင့်ဖတ်ရင်း စဉ်းစားရင်း၊ ဝမ်းသာကြည်နူးရင်း မည်မျှကြာသည်မသိ။ သတိထားမိတော့ တစ်အိမ်လုံး တိတ်ဆိတ်နေပြီ။ လက်ကနာရီကို ကြည့်လိုက်တော့ ည (၁၁) နာရီထိုးပြီး မိနစ် (၂၀) ရှိပြီမို့ ကျန်သည့် ပုဂံဘုရားသမိုင်းတွေကို မနက်ဖြန်မှဆက်ဖတ်မည်ဟု စိတ်ဆုံးဖြတ်လိုက်ပါသည်။

စာအုပ်လေးကို စာရေးစားပွဲခုံပေါ်မှာတင်ထားပြီး မီးချောင်းခလုတ်ကိုပိတ်လိုက်ပါသည်။

ဖော်ပြတဲ့အကြောင်းအရာတွေက ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေသိသင့်သိထိုက်သည့်အကြောင်းတွေမို့ ယနေ့မျိုးဆက်သစ်လူငယ်များဖတ်ရှုပြီး အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်ကြစေရန် စေတနာရှေ့ထားကာ မျှဝေပေးလိုက်ပါသည်။

သူတော်အိမ်(မွေ့သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

# ကျော်ဝင်း
(ရန်ကုန်တက္ကသိုလ်)

## မိနယဲ့ဗ်၏ဒိုင်ယာရီထဲက (၃)
## ပါတော်မူပြီးစ မြန်မာနိုင်ငံအခြေအနေ



၁၇၊ ဇန်နဝါရီ။

ယနေ့သည် တနင်္လာနေ့ဖြစ်သည်။ ရက်သတ္တတစ်ပတ်လုံးသည် အကျိုးမရှိစွာဖြင့် စတင်ခဲ့သည်။ နံနက်ပိုင်းတွင် သရေခေတ္တရာသို့ စတင်ထွက်ခွာသည်။ သို့ရာတွင် ပြည်မြို့ဟောင်းကို ရှာမတွေ့ပါ။

မောင်နုသည် ကျွန်ုပ်အား တောတွင်းသို့ဦးဆောင်ခေါ်ဆောင်သွားသည်။ ကျွန်ုပ်တို့သည် တစ်နာရီကျော်ကြာလှည့်လည်သွားလာခဲ့သည်။ မြို့ဟောင်း၏ အပျက်အစီးတစ်ခုကိုမှမတွေ့ဘဲ ပြန်လာခဲ့ရသည်။

ထို့နောက်တွင် ဈေးသို့ ရောက်သွားခဲ့သည်။ ဈေးတွင်လည်း ,,အလိုရှိသောပစ္စည်းမတွေ့ခဲ့ပါ။ ဈေးတွင်ရှိသောပစ္စည်းများသည် ဥရောပတိုက်ကပြုလုပ်သောပစ္စည်းများသာဖြစ်သည်။ ဗြိတိသျှလုပ်ပစ္စည်းများကိုပင် တွေ့ရှိရသည်။ ဒေသတွင် ပစ္စည်းများဖြစ်သော ယွန်းသေတ္တာ အစရှိသည့် ပစ္စည်းများသည် ပြည်မြို့က မထွက်ရှိဘဲ ပုဂံမြို့ကထုတ်လုပ်သောပစ္စည်းသာဖြစ်သည်။

ပြည်မြို့သည် ဧရာဝတီမြစ်ကမ်းတွင်တည်ရှိသောမြို့ ဖြစ်သည်။ ကလပ်တစ်ခုရှိသည်။ ဗြိတိသျှတို့သည် ကလပ်ကဲ့သို့သော အဖွဲ့အစည်းမျိုးလိုအပ်သည်။ ၎င်းတို့၏ဇာတိမြေကို သတိရနေရန်အတွက် ဖြစ်သည်။

နံနက်ခင်းများတွင် ပြည်မြို့သည် အလွန်အေးသည်။ ရန်ကုန်မြို့ကဲ့သို့ ပူလည်းမပူ၊ ခြင်လည်းမကိုက်ပေ။

(၇) နာရီတွင် မူဝံသင်္ဘောရှိရာသို့ ... သင်္ဘောမှ ပထမတန်းအခန်းများသည် သံက်သောင့်သက်သာရှိသည့်ပြင် ကျယ်လည်းကျယ်ဝန်းသည်။

ဘာဏ်ဂလိုများမှာမူ လွန်စွာညစ်ပတ်သည့်အပြင် ကုန်ကျစရိတ်များလည်း များသည်။ တစ်ညတာအတွင်း အိပ်ရာခင်းဖိုး (၁) ရူပီး ကုန်ကျသည်။ အိပ်ရာခင်းမှာ အခင်းတစ်ခုသာပါရှိပြီး အိပ်ရာဖုံးပင်မပါရှိပါ။ အစားအသောက်မှာ မကောင်းသည့်အပြင် ဈေးကြီးလှသည်။ ညစာမှာ ရူပီး (၁/၈) ကုန်ကျပြီး နံနက်စာမှာ (၁) ရူပီးကုန်ကျသည်။

ခရီးမထွက်ခွာမီ ညနေပိုင်းတွင် ကျွန်ုပ် သုံးထပ်ကျောင်းသို့သွားရောက်သည်။ ဆရာတော်သည် ကျွန်ုပ်အား ကြင်နာစွာဖြင့် နှုတ်ဆက်သည်။

ကျွန်ုပ်က ဆရာတော်အား ကျောင်းနေသံဃာမည်မျှရှိသလဲဟုမေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် သံဃာ(၁၃)ပါး သီတင်းသုံးနေလျက်ရှိသည်။

ဆရာတော်၏ရှေ့တွင် ကျွန်ုပ်ထိုင်နေစဉ် ဆရာတော်သည် တစ်ချိန်လုံး တစ်စုံတရာကို ရွတ်ဆိုနေပြီး ပုတီးစိပ်လျက်ရှိသည်ကို သတိပြုမိသည်။ ဆရာတော်၏ ကျောင်းတွင် သီဟိုဠ်ကျွန်းမှ ရဟန်းတစ်ပါးရောက်ရှိနေသည်။ ကျွန်ုပ်က သီဟိုဠ်ရဟန်းအား သုဘူတိနှင့် သုမင်္ဂလာတို့အကြောင်းကို ကြားမိပါသလားဟု မေးမြန်းသည်။ ထိုရဟန်းက ၎င်းနာမည်များကို ကြားသိပါကြောင်း၊ ဆင်မလားမှ အိန္ဒိယမင်းသားတစ်ပါးက သုဘူတိအား ဗုဒ္ဓကျမ်းစာအမြောက်အမြားကို လှူဒါန်းဖူးပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ သီဟိုဠ်ရဟန်းတော်သည် ပထဝီဝင်ဗဟုသုတနည်းပါးကြောင်း၊ သီဟိုဠ်နိုင်ငံသားများအား ပထဝီပညာ၊ သာသနာရေးပထဝီသော်မှ သင်ကြားပေးခဲ့ခြင်းရှိပါရဲ့လားဟု မီနယဲဗ်က မေးခွန်းထုတ်ခဲ့သည်။

၁၉၊ ဇန်နဝါရီ။

မူဝံသင်္ဘောပေါ်သို့ ရောက်နေသည်။ ဧရာဝတီမြစ်ကြောင်းအတိုင်း ရှက်လွှင့်ခဲ့သည်။ နှစ်လိုဖွယ်သော မြင်ကွင်းကိုမြင်ခဲ့ရသည်။ မြစ်ကမ်းများသည် တချို့နေရာတွင် မြေပြန့်၊ တချို့နေရာတွင် တောင်တန်းများ၊ ထန်းပင်များနှင့် ထန်းပင်များအလယ်တွင် ထုံးသုတ်ထားသောစေတီများကိုမြင်တွေ့ရသည်။ ဧရာဝတီမြစ်တွင် များပြားလှသော လှေသင်္ဘောများအစုန်အဆန်သွားလာနေကြသည်။

မြစ်ပြင်တွင် လေပြင်းထန်သဖြင့် ကျွန်ုပ်၏ အပူပိုင်းဝတ်စုံဝတ်ဆင်ထားသည်ကို လဲလှယ်ရန်လိုအပ်မည်ဟု စဉ်းစားမိသည်။

ခရီးလမ်းတစ်လျှောက် မြင်ကွင်းသည်စာဖွဲ့လောက်အောင်လှပနေသည်။ ခရီးဆက်လေ မြင်ကွင်းသည် ပို၍ပသာဒဖြစ်လေသည်ဟု ဆိုရမည်ဖြစ်သည်။ ကောင်းကင်သည် ကြည်လင်ပြီး ချမ်းစိမ့်စိမ့်ဖြစ်လာသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် ဗော်လ်ဂါမြစ်သို့ရောက်နေသည်ဟုခံစားရသည်။ ကျေးရွာများသည် ရုရှားလူမျိုးများ၏ ကျေးရွာများနှင့်တူသည်။ ဘုရားထီးများသည် ရှေးရိုးခရစ်ယာန်ကျောင်းတွင် ရွှေချထားသော အမိုးလုံးများနှင့်တူသည်။ ဧရာဝတီမြစ်မှာ ခံ့ညားထည်ဝါလှသည်။ သင်္ဘောလုံးများသည် ညင်သာလှသည်။

၂၀၊ ဇန်နဝါရီ။

မီးသင်္ဘောသည် သရက်မြို့တွင် ကျောက်ချရပ်နားသည်။ နာရီဝက်ခန့်ရပ်နားသည်။ လွန်စွာ ပူပြင်းလှသည်။ မီးသင်္ဘောရှိရှေ့တွင်ရှိသောဖောင်တွင် မြန်မာအမျိုးသမီးများရေချိုးနေကြသည်။ ကူလီများသည် သစ်လုံးများကို သင်္ဘောဆီသို့သယ်ဆောင်နေကြသည်။နေသည် ပူပြင်းလှသည်။ မီးသင်္ဘောသည် ရပ်နားနေရာမှ အဆန်ခရီးအတွက် ထွက်ခွာခဲ့သည်။

လေအေးတိုက်သဖြင့် နေသာထိုင်သာရှိလာပြန်သည်။ မြစ်ကမ်းနှစ်ဖက်တွင် ထန်းတောများ၊ ငှက်ပျောတောများကို မြင်တွေ့ရသည်။ ကျေးရွာများတွင် စေတီများကို ဖူးတွေ့ရသည်။ ထုံးသုတ်ထားစေတီများတွင် အမိုးအခုံးငယ်များကိုရွှေချထားသည်။ မြစ်ကမ်းနှစ်ဖက်စလုံးတွင် များလှစွာသော စေတီများနှင့် ဘုန်းတော်ကြီးကျောင်းကိုမြင်တွေ့ရ၏။

တစ်နေ့လုံး ခရီးဆက်ခဲ့ရာ ညနေပိုင်းတွင် မင်းလှမြို့၌ ရပ်နားသည်။ မင်းလှမြို့တွင် ညအိပ်မည်ဖြစ်သည်။

သင်္ဘောကပ္ပတိန်သည် ဒုတိယဘင်္ဂါလီတပ်ရင်းမှ တပ်ရင်းမှူးကို ညစာဖြင့် ဧည့်ခံသည်။ သူတို့သည် ဓားပြများအကြောင်း ဆွေးနွေးနေကြ၏။ သို့ရာတွင် မင်းလှမြို့တွင် ရန်ကုန်မြို့ကဲ့သို့ ဓားပြများအကြောင်း မသိရပါ။ မင်းလှမြို့တွင် ဓားပြဦးရေ (၁၅၀) ထက်မပိုပေ။ ၎င်းတို့သည် ဧရာဝတီမြစ်ကမ်းတစ်လျှောက် တပ်သားအစုအဖွဲ့ငယ်များဖြင့် ဖြန့်ကြက်လုပ်ရှားလျက်ရှိသည်။ ဗိုလ်မှူးကြီးတစ်ဦး၏အဆိုအရ ဓားပြများရဲတင်းရခြင်းမှာ ဗြိတိသျှတို့၏ အမြော်အမြင်နည်းပါးမှုကြောင့်ဖြစ်ကြောင်းသိရှိရသည်။

ဆွေးနွေးသည့် အကြောင်းအရာများတွင် ပြီးခဲ့သောစစ်ပွဲ (တတိယအင်္ဂလိပ်-မြန်မာစစ်) အတွင်း မင်းလှတိုက်ပွဲအကြောင်းလည်း ပါဝင်သည်။ ထိုစဉ်က မဒရပ်တပ်ရင်းများ၏အပြုအမူသည် အရှက်ရစေခဲ့သည်။

နံနက် (၆) နာရီတွင် မီးသင်္ဘောသည် ကျောက်ဆူးနုတ်ပြီး မင်းလှမြို့မှ ခရီးဆက်လက်ထွက်ခွာသည်။ မနေ့ကကဲ့သို့ပင် ချမ်းအေးလှသည်။ ဧရာဝတီမြစ်သည် ပို၍ရေတိမ်လာသည်။ မနေ့ကမြင်ကွင်းကဲ့သို့ပင် မြစ်ကမ်းနှစ်ဖက်စလုံး၏မြင်ကွင်းများကို မြင်တွေ့ခဲ့ရပြန်သည်။ စေတီများ၏ရွှေထီးများ၊ အိမ်ငယ်လေးများနှင့် များပြားလှစွာသော အပူပိုင်းဒေသစိုက်ခင်းများကိုလည်း တွေ့မြင်ရ၏။ ပတ်ဝန်းကျင်ကိုကြည့်ပါက အနောက်တိုင်းသားများ အဘယ်ကြောင့် ဤဒေသအထိရောက်လာကြသည်ဆိုသည့်အချက်ကိုသဘောပေါက်နိုင်သည်။ ဤဒေသတွင် ရွှေတွင်းများရှိနိုင်သည်။

၂၁၊ ဇန်နဝါရီ။

ယမန်နေ့နံနက် (၆) နာရီတွင် မင်းလှမှ ထွက်ခွာလာသည်။ (၁၁) နာရီတွင် ရေနံချောင်းတွင် ကျောက်ချရပ်နားသည်။ ဤနေရာမှ မြင်ကွင်းသည် ယခင်က မြင်ခဲ့ရသော အခြားဒေသများ၏ မြင်ကွင်းနှင့်စာလျှင် ထူးထူးခြားခြား မလှပပါ။

ရေနံချောင်းတွင် (၁၀)မိနစ်ခန့်ရပ်နားသည်။ ထို့နောက်တွင် (၂) နာရီ၌ ဆင်ဖြူကျွန်းသို့ရောက်ရှိပြီး ငါးမိနစ်ခန့် ရပ်နားသည်။

မီးသင်္ဘောသည် တစ်ချိန်လုံးနိမ့်သော မြစ်ကမ်းပါးများနှင့် ရေတိမ်များကို ဖြတ်ကျော်ကြီး ခုတ်မောင်းလျက်ရှိသည်။ ညနေ(၅)နာရီတွင် လက်ဝဲဘက်မြစ်ကမ်းတွင် တောင်တန်းများကို မြင်တွေ့ရသည်။ ယမန်နေ့က ခရီးလမ်းတစ်လျှောက်လုံးတွင် မြစ်ကမ်းနှင့်နှစ်ဖက်စလုံး၌ စေတီများနှင့် ကျေးရွာများ ရွာသိမ်ရွာငယ်များနှင့် စိုက်ခင်းများကို တွေ့ရသည်။

တစ်နာရီအတွင်းအရှေ့ဘက်ကမ်းတွင် ရေစကြိုမြို့ကို အဝေးမှလှမ်းမြင်နေရသည်။

စေတီများ၊ ဂူများ၏လှသောမြင်ကွင်းကို လပြည့်နေ့တွင် ဖူးတွေ့ရသည်။ အမှန်တကယ်ပင် ရင်သပ်ရှုမောဖွယ်ကောင်းလှသည်။

မှောင်မိုက်သော ညအချိန်တွင် ညောင်ဦးသို့ရောက်ပြီး ကျောက်ချရပ်နားသည်။ မီးသင်္ဘောသည် ညအိပ်ရပ်နားမည် ဖြစ်သည်။

နံနက်တွင် ကျောက်ဆူးနုတ်ပြီး ဆက်လက်ခရီးဆက်သည်။ ပခုက္ကူမြို့တွင် ခေတ္တရပ်နားသည်။ လမ်းခရီးတွင် လူသတ်ကားစင်ကိုတွေ့ရသည်။

*ဆက်လက်ဖော်ပြပါမည်*

**ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)**

Ref -

1.P.Minayeff, Travels in and Diaries of India and Burma, Calcutta.



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့၌ စာရေးသူသည် ပန်းချီစိုင်းလားရှိုး၏ ရုပ်ပြဘက်ဂရောင်းအား ရေးဆွဲနေခိုက် (ယနေ့အချိန်တွင် ပန်းချီ စိုင်းလားရှိုး မရှိတော့ပါ။ ကွယ်လွန်သွားခဲ့ပေပြီ။) အိမ်ရှေ့တံခါးမကြီးအပေါက်ဝကြမ်းပြင်တွင် မိသားစုဝင်များထိုင်၍ စကားပြောဆိုနေကြလေသည်။

သူတို့၏ စကားဦးတည်ရာအကြောင်းကို အလုပ်ထဲအာရုံရောက်နေသဖြင့် စာရေးသူမှာ အစပိုင်း၌ သတိမထားမိခဲ့။ သို့တိုင် ဟောင်ဖွာဟောင်ဖွာအသံများက မကြာခဏ နားကိုလာပြီးခလုတ်တိုက်နေသဖြင့် အလုပ်လုပ်ရင်း အထူးတလည် စိတ်မဝင်စားလင့်ကစား နားတောစွင့်မိသွားခဲ့ပေပြီ။ သူတို့ပြောစကားက -

"မောင်လေးတို့က အိမ်ရှင်မလာသေးလို့ အိမ်ပေါ်တက်ထိုင်စောင့်နေတာ။ အဲဒါနဲ့ နည်းနည်းမှောင်လာလို့ ဖယောင်းတိုင်မီးထွန်းပြီး နှစ်ယောက်သားထိုင်နေကြတာ"

ညီဖြစ်သူစကားက သူ၏ညားခါစဇနီးကို ရည်ညွှန်းပြောဆိုနေကြောင်း စာရေးသူသိ၏။ သို့သော်ငြားလည်း သမားရိုးကျစကားဟု မှတ်ချက်ပြုလျက် စိတ်ဝင်စားမှုနည်းပါးစွာနှင့် နားတောထောင်ဖြစ်လေသည်။

"အဲဒီမှာ ဖယောင်းတိုင်မီးက လေမတိုက်ဘဲနဲ့ တစ်ယောက်ယောက်က မှုတ်လိုက်သလိုမျိုး ဖျတ်ခနဲငြိမ်းသွားတယ်။ မောင်လေးက ဘာဖြစ်တာလဲဟ ဆိုပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိတော့ သူကလည်း သူမမှုတ်ဘူးဆိုတဲ့အမူအရာနဲ့ ခေါင်းခါပြတယ်"

ညီဖြစ်သူအောင်မိုးမြင့်၏ခပ်ဆန်းဆန်းစကားကြောင့် ဘာရယ်မဟုတ် စိတ်ဝင်စားမှုတော့ပိုသွား၏။ သို့သော် ယင်းအချိန်အထိ ညီ၏စကားသံများက နားထဲသို့ ဝင်တစ်ချက်မဝင်တစ်ချက်ဖြင့် သာရှိနေသေးသည်။

"အဲဒါနဲ့ မောင်လေးမှာပါတဲ့မီးခြစ်နဲ့ဖယောင်းတိုင်ကိုတင်ထွန်းလိုက်တယ်။ မီးပြန်လင်းလာတဲ့အချိန်မှာ ဘာရယ်မဟုတ်ပါဘူး လေ့လာတဲ့သဘောနဲ့ အိမ်ရဲ့အတွင်းပိုင်းကိုကြည့်ဖြစ်သွားတယ်"

ထိုစကားကြောင့် ညီမအကြီးက သူသိချင်တာကို အောင့်မထားနိုင်သည့်အလား ဖြတ်မေးသံကြားလိုက်ရ၏။

"နင်တို့က ဘာဖြစ်လို့ အိမ်ထဲဝင်ထိုင်နေကြတာလဲ"

"မောင်လေးတို့က နို့မို့ဆို မဝင်ဖြစ်ပါဘူး။ ဘေးအိမ်ကလူက သူ့ဆီမှာအိမ်သော့ရှိတယ်။ ဖွင့်ပြီးဝင်ကြည့်ချင်တယ်ဆိုရင် ဝင်ကြည့်တဲ့။ တော်ကြာဆို အိမ်ရှင်ပြန်လာတော့မှာဆိုတာနဲ့ ဝင်ထိုင်ဖြစ်တာ"

"ဪ"

စာရေးသူ၏စိတ်ထဲ မည်သည့်အကြောင်းများကြောင့် သည်လောက်စကားကြောရှည်နေရတာလဲ ဟူသောသိချင်စိတ်ဝင်လာသဖြင့် ၎င်းအချိန်ကျမှ အလေးထားနားစွင့်ကြည့်မိလေသည်။ ညီဖြစ်သူကလည်း ဆက်၍ -

"အဲဒီအချိန်မှာ ဖယောင်းတိုင်မီးကို လူတစ်ယောက်က မှုတ်လိုက်တဲ့ပုံစံမျိုးထပ်ဖြစ်တာပေါ့။ ပထမတစ်ခါ မီးငြိမ်းသွားတုန်းက လေတိုက်လို့လားဘာလားညာလားနဲ့ သံသယဝင်ခဲ့တာကိုး။ အဲဒါကြောင့် မီးထပ်ထွန်းပြီး သတိနဲ့စောင့်ကြည့်နေတာလေ"

စာရေးသူမှာ ဤစကားကြောင့် စိတ်ဝင်စားမှုပိုကဲလာကာ အားစိုက်နားထောင်ဖြစ်လေသည်။ လက်ကတော့ ပုံဆွဲမပျက်။

"အဲဒီလိုလည်းဖြစ်သွားပြီးရော မောင်လေး ခေါင်းတွေကြီးလာတယ်။ ကြက်သီးတွေထလိုက်တာလည်း ပြောမနေနဲ့တော့ တစ်ကိုယ်လုံးပဲ။ သူ့ကိုလှမ်းကြည့်လိုက်တော့လည်း မျက်လုံးလေးကလယ်ကလယ်နဲ့ မောင်လေးကို ပြန်ကြည့်နေတယ်။ အဲဒီလိုဖြစ်နေတုန်း မီးဖိုချောင်ဘက်က ဆံပင်ဖားလျားချထားတဲ့ မိန်းမပုံသဏ္ဌာန်အရိပ်ကို လှစ်ခနဲမြင်လိုက်ရတယ်။ ဘယ်ရမလဲ မောင်လေးတို့လည်း ကြောက်ကြောက်နဲ့ အ မြန်ဆင်းလာခဲ့ကြတာ"

"ဟုတ်တယ်၊ ကျွန်မလည်း အဲဒီအတိုင်းပဲ"

ညီ၏မိန်းမကလည်း မဆိုင်းမတွပင် ဝင်ရောက်ထောက်ခံတာ ကြားလိုက်ရသည့်အပြင် ညီဖြစ်သူကလည်း တစ်ဆက်တည်းပြော၏

"အိမ်အပြင်ရောက်တာနဲ့ ... အိမ်ကလူကိုသော့ပြန်ပေးပြီး ကျွန် ... တို့ကိစ္စရှိလို့ အိမ်ရှင်အလာကို မ ... နိုင်တော့ဘူး ပြန်တော့မယ်။ နော ... တစ်ခေါက်တော့ လာကြည့်မယ် ... ကြည့်ကောင်းအောင်ပြောပြီး တစ် ... တည်းသုတ်ခြေတင်လာကြတာ"

အောင်မိုးမြင့်၏စကားက ... တင်မရပ်။ စာရေးသူစိတ်ကို ဖမ်း ... မည့်စကားလုံးအသစ်ထွက်လာပြန်သည် ...

"နောက်ပိုင်းကြားရတဲ့သတင်း ... အဲဒီအိမ်မှာ အမျိုးသမီးတစ်ယော ... ကလေးမမွေးနိုင်လို့ ဆုံးသွားဖူးတယ် ... တာပဲ"

"ဟုတ်လား"

တစ်ချိန်လုံးငြိမ်ပြီးနားထောင် ... သော ညီမငယ်၏အသံက တအံ့ ... နိုင်လှ၏။ ပြီးလျှင် မှတ်ချက်စကား ...

"အဲဒါဖြစ်နိုင်တယ်။ မီးနေ ... ဆိုတော့ အစိမ်းသေလေ၊ ခြေ ...



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကပွဲ

## မယုံစိတ်ကြောင့် ခံရခြင်း

နေမှာပေါ့"

တစ်ဖန် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုသံ။

"စွဲလမ်းမကျွတ်မလွတ်တာလား မသိဘူးနော်"

"ဟုတ်လိမ့်မယ်"

သူတို့၏ စကားသံအဆုံး၌ကား စာရေးသူတစ်ယောက်တည်းကျိတ်ပြုံးမိချေ၏။ အဘယ်ကြောင့်ဆိုသော် မဖြစ်နိုင်ဘူးဟူ၍ ကောက်ချက်ချမိသောကြောင့်လည်း ဖြစ်၏။ သို့ဖြစ်ရာ ဘက်ဂရောင်းပန်းချီဆွဲခြင်းကိုရပ်လျက် ကျော

ခိုင်းထားသော သူတို့စကားဝိုင်းရှိရာဘက်သို့ လှည့်ကာ မျက်နှာမူလိုက်လေသည်။ အကြောင်းမူ သရဲအကြောင်းဟူသော အသိက မထိမဲ့မြင်နားထောင်နေသည့် စာရေးသူ၏စိတ်ကို ပုတ်နှိုးလိုက်ခြင်းကြောင့်ဖြစ်ပေသည်။

နောက်တစ်ကြောင်းမှာ စာရေးသူက သရဲကြောက်တတ်သူ မဟုတ်ပေ။ ၎င်းအချိန်မတိုင်ခင် ရုပ်ကွက်၌ ဆယ်အိမ်မှူးတာဝန်ယူခဲ့စဉ် ရပ်ကွက်ရုံး၌ ညအချိန်တာဝန်ကျခဲ့ဖူး၏။ ညဥ့် (၁၂) နာရီခန့်တွင် ရာအိမ်မှူးက ရုံးတွင်ဆောင်ပုဒ်လေးများရေးပြီးကပ်ရန် ပန်းချီဆရာဖြစ်သော စာရေးသူကို အကြံပြုသဖြင့် မိနစ်နှစ်ဆယ်သာသာ လမ်းလျှောက်ရသော စာရေးသူအိမ်ကို ထိန်ထိန်သာနေသည့် လရောင်အောက်မှပြန်၍ လိုအပ်မည့် စာရွက်၊ မင်၊ စုတ်တံများယူခဲ့ဖူးလေသည်။

အေးချမ်းသောလရောင်နှင့်တိတ်ဆိတ်ငြိမ်သက်သောညဥ့်မြင်ကွင်းအခြေအနေကိုကြည့်ပြီး အတော်ပင် သဘောကျမိခဲ့၏။ သရဲဟူသောအသိပင် ခေါင်းထဲတွင်မရှိ။ ဤသို့ကြောင့် သရဲခြောက်၍ ပြန်ပြေးလာသည့် ညီဖြစ်သူကို သူ့ရဲဘောကြောင်လှချေလားဟူသော အမြင်ဖြင့်ပြုံးလိုက်ခြင်းဖြစ်ပေသည်။ သို့ဖြစ်၍လည်း ညီဖြစ်သူကို သေချာအောင်ပြန်မေးမိသည်။

"နေပါဦးကွ၊ မင်းတို့အထင်မှားတာလားကွာ"

"ဟာ - မဟုတ်ဘူး ကိုလေးရ၊ ညီလေးတို့လည်း မကြောက်တတ်ပါဘူး။ အခုဟာက တကယ်"

ညီဖြစ်သူက စာရေးသူကို မယုံရန်ကောဟူသည့်မျက်လုံး၊ မျက်နှာပေးဖြင့်ကြည့်ကာ ခိုင်လုံကြောင်းသက်သေထူ၏။ စာရေးသူကလည်းမရ။

"မင်းတို့စိတ်ထင်လို့များလားကွာ။ ငါတော့ သိပ်မယုံဘူး။ ဖယောင်းတိုင်ဖြီး



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းသွားတာကလည်း လေတိုက်လို့ပဲ ဖြစ်မှာပါ"

စာရေးသူ၏အထွန့်အကွန့်ကို ညီ ဖြစ်သူကလည်း လက်မခံ။

"မဟုတ်ဘူး ကိုလေးရ၊ တကယ် ဖြစ်တာ"

ဟု ခါးခါးသီးသီးငြင်းပယ်၏။ ထို စကားကြောင့် စာရေးသူမှာမချင့်မရဲစိတ် များဖြစ်ပေါ်လျက် မဟုတ်နိုင်ပါဘူးဟူ သည့်ထင်မြင်ချက်က မခံချင်စိတ်ကို ပွက်ပွက်ထစေကာ စိန်ခေါ်သလိုမျိုး ပြောဖြစ်လေသည်။

"အေးကွာ၊ ငါဖြင့် ဒီလိုမျိုးကိုတွေ့ ချင်နေတာ"

မယုံကြည်မှုထုထည်အထူနှင့်အတူ လက်တွေ့ကြုံချင်လှသောဆန္ဒများက စကားလုံးတိုင်းကို အဆင်အခြင်မဲ့စေ၏။ စာရေးသူ၏ ဤသို့ တစ်ယူသန်စကား များကြောင့် ညီမအကြီးက ညီမငယ်၏ ခေါင်းမှသန်းများကို ရှာဖွေပေးနေရင်း စာရေးသူကိုမကြည့်ဘဲ ဖြစ်နိုင်ခြေရှိပုံကို မယုတ်မလွန်ဝင်ထောက်ပြောရှာ၏။

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့ ကိုလေးရ။ မှောင်ကလည်းမှောင်နေ တာ"

"တော်ပါ သက်လှိုင်ရာ ဟင်းဟင်း ဟင်း. . ."

စာရေးသူက မယုံနိုင်ဘူးဆိုသော သဘောဖြင့် လှောင်ပြောင်သလိုမျိုး ရယ်မောကာ ပြန်ပြောဖြစ်လိုက်သည်။ အားလုံး စောဒကတော့မတက်ကြပေ။ သို့တစေ စကားဝိုင်းမှာခေတ္တတိတ်ဆိတ် သွားကြ၏။ ညီဖြစ်သူတို့ ကြုံဆုံလာ သောအဖြစ်ကို ကိုယ်စီအတွေးများဖြင့် သုံးသပ်နေပုံလည်းရပေ၏။ တစ်အောင့် ကြာလျှင် ညီဖြစ်သူ၏အဖြေကို ဘဝင် မကျသေး။ စာရေးသူ သေချာလိုသည့် သဘောဖြင့်ထပ်မေးဖြစ်ပြန်သည်။

"ဟေ့ကောင်၊ မင်းဥစ္စာကတကယ် ပဲဟုတ်လို့လားကွာ"

"ဟာ - ဟုတ်ပါတယ်ဆို ကိုလေး ကလည်း၊ ညီလေးလည်းကြောက်တတ် တာမှမဟုတ်တာ။ အခုကိစ္စက တကယ် ကိုကြုံလာတာ။ အမလေး - ပြောရင်း တောင်ကြက်သီးထလာတယ်"

ညီဖြစ်သူက အထက်ပါအတိုင်း ကျိန်းသေကြောင်း ထပ်လောင်းပြော လျက် ရယ်မောလိုက်လျှင် ကျန်သည့် သူများကလည်း ရယ်ကြလေသည်။

အမှန်ဆိုလျှင် သူတို့စကားကိုမယုံ သော စာရေးသူကိုတုံ့ပြန်လှောင်သံဆို ချေက မှားမည်မထင်ချေ။ သို့ပေမယ့် စာရေးသူမှာ သူတို့၏ရယ်သံတွေကို ဂရု မစိုက်အား။ မယုံကြည်မှုအားကြီးစွာနှင့် ညီဖြစ်သူ၏ ဖြစ်အင်ကို ဖြစ်နိုင်လောက် သည့်ရှုထောင့်မှလိုက်ပြီး ဘက်စုံသုံးသပ် ကြည့်နေမိသည်။ စိတ်၌ငါသာကြုံလိုက် ချင်စမ်းပါဘိဟူသောလက်တွေ့ဆန်သည့် အတွေးများက ခန္ဓာကိုယ်အနှံ့အပြား မင်းမူနေလေတော့သည်။

သို့ဖြင့် ရက်များမကြာမီ စာရေးသူ လည်း ၎င်းကိစ္စကိုမေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပေပြီ။

ဤနေရာ၌ စာဖတ်ပရိသတ်ကြီး အား စာရေးသူ၏ အလုပ်လုပ်ပုံကို အနည်းငယ် ရှင်းပြရန်လိုပေသည်။ သို့မှသာ စာရေးသူ လက်ဖက်ရည်သွား သောက်ရာမှကြုံတွေ့ရမည့်အဖြစ်အပျက် ကိုနားလည်ပေလိမ့်မည်။ ဖတ်၍လည်း ပိုကောင်းစေနိုင်၏။

ယင်းအချိန်က ရုပ်ပြရေးဆွဲခြင်း အလုပ်လုပ်ရာ၌ နေ့ဘက်တွင် လူမှုရေး ရာတစ်ခုမဟုတ်တစ်ခု ကြုံကြိုက်တတ် သောကြောင့် အလုပ်ပျက်အချိန်အစား ပြန်ဖြည့်ချိန်အဖြစ် ညဥ့်တစ်နာရီနှစ်နာရီ အထိ ရေးဆွဲရပေသည်။

နိစ္စဓူဝအမြဲဖြစ်နေရကား ညစဥ့် လိုလို ကိုးနာရီ၊ ကိုးနာရီခွဲအချိန်တွင် နေပူပူမိုးရွာရွာ လက်ဖက်ရည်ဆိုင်ထွက် သောအလေ့က အားကစားသမားတစ် ယောက် အချိန်မှန်လေ့ကျင့်မှုပြုနေဘိ သကဲ့သို့ဖြစ်လျက်ရှိရာ ထိုအကျင့်ကြောင့် ပင် အောက်တွင်ဖော်ပြမည့် စိတ်ဝင်စား ဖွယ်ကောင်းသော အဖြစ်အပျက်ကို ရင်ဆိုင်ကြုံဆုံရခြင်းဖြစ်ပေတော့သည်။

❏

မှတ်မှတ်ရရ မိုးဦးကျခါစအချိန်။ စာရေးသူတို့မိသားစု ညစာထမင်းစားပြီး ချိန် ညဦးပိုင်း (၇) နာရီခန့်မှာ မိုးသည် အားကောင်းသန်ရွာခဲ့ပြီး (၉)နာရီအလွန် တွင်တိတ်သွားခဲ့၏။ ယင်းအချိန်နှင့်အတူ အကျင့်ပါနေသော စာရေးသူ၏မျက်လုံး များက စပ်ဖျဉ်းဖျဉ်းဖြစ်လာ၏။လက်ဖက် ရည်ဆိုင်ကိုသွားဖို့ အချိန်တန်နေပြီဖြစ် ကြောင်း မျက်လုံးကတိုက်တွန်းနေဘိ သကဲ့သို့ပင်။ သို့ဖြစ်လေရာ ဆွဲလက်စ ဘက်ဂရောင်းစာရွက်ကို ဒီအတိုင်းထား လိုက်ပြီး (၉) နာရီခွဲခန့်အချိန်တွင် အိမ်မှ ထွက်ဖြစ်ခဲ့လေသည်။

အုံ့ဆိုင်းနေသောမိုးက ရွာနိုင်ခြေ မမြင်သောကြောင့် ထီးကိုလည်းမယူခဲ့။ အေးစိမ့်စိမ့်စိုစိုစွတ်စွတ်ရာသီဥတုကြား မှပင် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်မိ၏။ မိုးသည်းထန်စွာသွန်းခဲ့မှုကြောင့် ထော်ပိုင် လမ်းပေါ်ရှိ အုတ်ခဲများက ရွှံ့နွံများကင်း ၍ ပြောင်းစင်နေပေပြီ။ (ယနေ့လို ကွန်ကရစ်မခင်းရသေး။) မိုးဦးကျဖြစ်၍ လည်း မြေသားတွေက ချက်ချင်းခြောက် သွေ့ကာ အချို့သောနေရာများ၌ကား ရေအိုင်ငယ်များဖြစ်လျက် ကျန်ရစ်ခဲ့ကြ လေသည်။

ဤမြင်ကွင်းနှင့်အတူ အေးစိမ့် သောရာသီဥတုပယောဂကြောင့် လမ်း ပေါ်တွင် လူသွားလူလာမရှိသလောက် ဖြစ်နေ၏။ တချို့အိမ်တွေဆိုလျှင် အိပ် ရန်ပြင်နေကြောင်း ခြင်ထောင်ထောင်နေ ခြင်းက သက်သေခံနေကြသည်။ သို့ဖြင့် ထော်ပိုင်လမ်းရှိ ထိုင်နေကျ လက်ဖက် ရည်ဆိုင်ကိုရောက်လျှင် လက်ဖက်ရည် တစ်ခွက်မှာကာ စဉ်းစားခန်းဝင်မိပြန် သည်။ အကြောင်းမှာ အလုပ်အမြန်ပြီး မည်သို့အားစိုက်ရေးရလျှင်ကောင်းမည် နည်းဟူ၍ပင်။

ထိုသို့တွေးလျက် လာချသွားသော လက်ဖက်ရည်ကိုသောက်ရင်း ဆိုင်ကို မျက်လုံးစကားကြည့်မိတော့ ယခင် ယခင်ညတွေလောက် လူသိပ်မရှိကြောင်း တွေ့ရလေသည်။ ပြီးလျှင် ဆိုင်တွင်ပြသ နေသော ပရီးမီးယားလိဂ်ဘောလုံးပွဲကို စိတ်မပါတပါဖြင့်လှမ်းကြည့်မိ၏။

ထိုအတွင်း တောင်ဥက္ကလာမှ ရုံး ရုံးခါ လာရောက် လည်ပတ်တတ်သော သူငယ်ချင်းဖြစ်သူ၏ သားက စားပွဲတွင် ဝင်ထိုင်လျက် စာရေးသူကို စကားပြော ဖော်ပြုနေသောကြောင့် စာရေးသူမှာ အလုပ်ပြီးဖို့အရေး ကိုယ့်အပူနှင့်ကိုယ် ဖြစ်နေလင့်ကစား အားနာနာဖြင့်ပင် လက်ခံစကားပြောနေရ၏။ယင်းကြောင့် အချိန်က စာရေးသူသတ်မှတ်သည့် အချိန်ထက် အနည်းငယ်လင့်သွား၏။ စိတ်ကတော့ပြန်ချင်နေပြီ။

ဤသို့စကားပြောနေရင်း စိုတ်စိ ဖတ်ဖြင့် အမှောင်ထဲပြန်ရမည့်အရေး တွေးကာ အနည်းငယ်တော့လန့်နေမိ၏။ ထိုသို့ကြောက်စိတ်ဝင်ခြင်းမှာ အကြောင်း ရှိ၏။ ထော်ပိုင်လမ်းနှင့် အောင်ဇေယျ လမ်းဆုံရာ အနောက်မြောက်အိမ်ထောင့် ကွက်တွင် ကနဦးနေထိုင်သွားသူသည် မြွေကိုက်ခံရပြီးသေဆုံးကာ ခြောက်သည် ဟု ကောလာဟလလူအများပြောသံ ကြားဖူးသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ အပြန်၌အဖော်ရှ



www.burmeseclassic.com

www.burmeseclassic.com

ငြား အထည်ချုပ်စက်ရုံတွေမှ အလုပ်ဆင်းသူများကိုစောင့်မျှော်ရင်း စကားကို အလိုက်သင့်ပြောနေရခြင်းလည်းဖြစ်၏။ ပုံဆွဲရမည့်အလုပ်ကလည်း မဲတင်းလျက်ရှိလေရာ အချိန်ကြာလာသည်နှင့်အမျှ စာရေးသူမှာ ဖင်တကြွကြွရှိနေပေတော့သည်။

သည့်ထက်အချိန်နှောင်းသွားလျှင် အလုပ်မပြီးနိုင်ဟူသောသောကစိတ်ဖြင့် ဆယ်နာရီခွဲကျော်ကျော်ခန့်လောက်တွင် စကားစဖြတ်၍ လက်ဖက်ရည်ဖိုးရှင်းကာ ဧည့်သည်ကောင်လေးကို နှုတ်ဆက် ပြီး ဇွတ်ပင်ထပြန်လာခဲ့လေသည်။ ၎င်းအချိန်ကရောင်းသော အိတ်စဖို့ဒူးယားစီကရက်တစ်လိပ်ကို မီးညှိကာ သောက်လာလိုက်သေး၏။ အရေးထဲ ဆေးလိပ်က ဖင်ကျပ်နေ၍ဖွာမကောင်းမှုကြောင့် ဒေါသဝင်မိ၏။

သို့ဖြင့် ဆိုင်မှထွက်၍ အပြန်လမ်းကို မျှော်ကြည့်လိုက်လျှင် မှောင်ကြီးမည်းမည်းသာမြင်တွေ့ရသဖြင့် ကြောက်စိတ်ဝင်မိလင့်ကစား အရဲစွန့်ကာ လမ်းကို တော့လျှောက်လာမိပေသည်။ အိမ်တိုင်းနီးပါး မိုးအေးအေးဖြင့်ကွေးနေကြသောကြောင့် လမ်းတွင် လူရိပ်လူယောင်တောင် မမြင်ရပေ။ အုံ့ဆိုင်းနေသောမိုးသားများနှင့် လမ်းမီးမရှိသောအဖြစ်က လက်ရှိအနေအထားကို ပို၍ မည်းမှောင်စေ၏။ ထိုအခြေအနေဖြင့် စာရေးသူမှာ တစ်ယောက်တည်း။

မိုးနံ့ပါသော လေပြည်ကြမ်းကြမ်းကို စိတ်ရှိတိုင်းခပ်ပြင်းပြင်းရှူလျက် အားတင်းကာ မှန်မှန်ပင်လျှောက်လာမိသည်။ အလင်းမှ ရုတ်ခြည်းထလာသော မျက်စိအမြင်က အမှောင်ကိုချက်ချင်းကျင့်သားမရ။ ဤသို့ကြောင့် အမှောင်သည် လိုသည်ထက်ပို၍ ပိန်းပိတ်အောင်မှောင်နေလေတော့သည်။ဤအမြင်တွေကြောင့်လည်း စာရေးသူစိတ်၌ အနည်းငယ်ကြောက်စိတ်ဝင်နေကြောင်း ဝန်ခံရပေမည်။

ယင်းသို့လျှောက်လာရင်း ထော်ပိုင်လမ်းနှင့် အောင်စိုးမိုးလမ်းဆုံရာ အရှေ့တောင်ထောင့်ရှိ အသုပ်ဆိုင်လေးရှိရာ မနီးမဝေးအရောက်တွင် ဆိုင်အတွင်းမှ တီးတိုးပြောဆိုနေသောစကားသံသဲ့သဲ့ကို အတိုင်းသားကြားလိုက်ရ၏။ စိတ်၌ သမီးရည်းစားစုံတွဲတွတ်ထိုးနေသည်ဟုထင်မိလေသည်။ ဤသို့ကောက်ချက်ချမိခြင်းမှာ ရံဖန်ရံခါ စုံတွဲများလာရောက်စကားပြောတတ်သောကြောင့်ဖြစ်၏။

စာရေးသူသည် အဆိုပါစကားသံကြားရမှုကြောင့် လူရှိတာပဲဟူသော အမှတ်ဖြင့် အားတက်သွားကာ ခပ်ရဲရဲခပ်သွက်သွက်လျှောက်လာခဲ့မိသည်။ ဆိုင်ရှေ့ရောက်သော် စူးစမ်းချင်သည့်စိတ်ကန္နီးဆွလာသဖြင့် ဖျတ်ခနဲကြည့်ဖြစ်သွားသည်။ အကြည့်၏အဆုံး ရင်သည် ထိတ်ခနဲဖြစ်သွား၏။ အဘယ်ကြောင့်ဆိုသော် အသုပ်ဆိုင်လေးထဲတွင် မည်သူမျှမရှိကြောင်းကို မပီဝိုးတဝါး အမှောင်ထဲမှာတွေ့လိုက်ရသောကြောင့်ဖြစ်ပေသည်။

စောစောက စကားသံသဲ့သဲ့ကြား၍ အားတက်လာမိသောရဲစိတ်များသည် ချောတိုင်တက်သည့် လူတစ်ယောက် ဝါးတိုင်ထိပ်မှအောက်ကို ရှောခနဲပြုတ်ကျသွားဘိသကဲ့သို့ တစ်ဟုန်ထိုးကျဆင်းသွားလေတော့သည်။ သို့လင့်ကစား ၎င်းစိတ်ကို အမြန်ထိန်းချုပ်ပြီး လမ်းဆက်လျှောက်လိုက်၏။ လေး၊ ငါးလှမ်းအရောက် လမ်းဆုံအလယ်တည့်တည့် အသုပ်ဆိုင်လေးအလွန်၌ အေးစိမ့်သော လေပြည်တစ်ချက်က ခန္ဓာကိုယ်ကိုတိုးမိလိုက်ချိန်တွင် ခေါင်းသည် ဖျင်းခနဲဖြစ်ကာ အနည်းငယ်ကြီးသွားကြောင်းသိလိုက်၏။

ယင်းအသိသည် စာရေးသူ၏စိတ်ကို တပင်တပန်းဖြစ်အောင်ဆောင်ကြဉ်းသွားနိုင်ခဲ့လေပြီ။ တဖျတ်ဖျတ်တုန်ယင်သွားသောစိတ်က အားတင်းထားသည့် ရဲစိတ်ကို အရောင်းမှေးမှိန်အောင်လုပ်လိုက်ဘိသကဲ့သို့ပင်။ သို့သော် မာန်ထည့်ပြီး ဆက်လျှောက်၏။ စာရေးသူ လက်ရှိရောက်နေရာလမ်းမှ အိမ်ဘက်သို့သွားရာလမ်းအထိ အုတ်ခဲကောင်းများနှင့် အုတ်ခဲကျိုးများရောကာ ပြောက်သောက်ခင်းထား၏။ သုံးပေခန့် အကျယ်ရှိ၏။ ထိုလမ်းသည် အမှောင်ကြောင့် ကောင်းစွာမမြင်ရပေ။

ဤသို့ကြောင့် အုတ်ခဲလမ်းပေါ်ရောက်အောင် ခြေဦးကိုမှန်းဆပြီး ဦးတည်လျှောက်ဖြစ်ခဲ့သည်။ သို့တိုင် လိုရာမရောက်။ မြွေကိုက်ခံရ၍သေဆုံးသွားသောသူ၏အိမ်ဘက်ရှိရာသို့သာ ခြေက အလိုလိုဆင်းသွားလေ၏။ သတိထားလျှောက်နေရင်းမှ ယင်းသို့ဖြစ်ရခြင်းကို တွေးပြီး စိတ်ထဲစနိုးစနောင့်ဖြစ်နေ၏။ သို့ဖြစ်ရာ သတိကိုပို၍ဖြစ်စေလျက် အုတ်ခဲလမ်းပေါ်နင်းမိအောင် ခြေဦးကို ကြိုးစားတည့်၏။ လျှောက်၏။

ထိုသို့ အားစိုက်ပြုပါလျက်လည်း ခြေထောက်နှင့် မြက်ပင်များ ထပ်မံထိတွေ့ခြင်းကိုခံရပြန်၏။ စိတ်ထဲ ငါတော့ ရေမြောင်းရှိရာကိုသွားနေပြန်ပြီဟု သိလိုက်ချိန်ခဏ တစ်မုဟုတ်ချင်းဆိုသလို ခေတ္တငြိမ်သက်နေသော ကြောက်စိတ်က တွန်းထိုးရုန်းကန်ထွက်လာပြန်၏။ ရင်သည် ဒုန်းခနဲဒိန်းခနဲ။

ယင်းကြောင့် အသက်ကိုပြင်းပြင်းရှူ၍ သတိအားထပ်မံတိုးချဲ့တည်ဆောက်လိုက်ကာ နောက်တစ်ကြိမ် အုတ်ခဲလမ်းပေါ်ရောက်အောင်တွက်ဆပြီးလျှောက်ရပြန်သည်။

စက္ကန့်ပိုင်းအတွင်း စာရေးသူ၏စိတ်ကို အံ့အားအသင့်စေဆုံးအရာမှာ ခြေထောက်အား တစ်စုံတစ်ရာက အသာလေးဆွဲယူသွားသကဲ့သို့ ခံစားရခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ခြေမျက်စိအထိရှည်သောမြက်ခင်းကို နင်းမိသွားပြန်သည်။ မြက်ခင်းကို ထိတွေ့လိုက်လျှင် မြောင်းနှင့်အတော်ပင်နီးစပ်နေကြောင်း စာရေးသူကသိနေပေပြီ။နိစ္စဓူဝဖြတ်သန်းသွားလာနေသဖြင့် အသိစိတ်ကမှတ်မိနေပြီဟုဆိုရမည်ပင်။ ဆက်လျှောက်သွားလျှင် မြောင်းထဲသာကျသွားပေလိမ့်မည်။ ၎င်းနေရာသည် မြွေကိုက်ခံရ၍ သေဆုံးသွားသောသူ၏အိမ်ဘေးရှိရေမြောင်း။

တစ်မူထူးခြားနေသောအဖြစ်သနစ်ကို စိတ်၌အံ့ဩခြင်းကြီးစွာဖြစ်နေမိ၏။ ကိုယ့်ကိုယ်ကိုယ်လည်း မယုံကြည်နိုင်စွာ အရေးတကြီးပြန်မေးနေမိပေပြီ။ ငါ ဒီည ဘယ်လိုဖြစ်ပြီး လမ်းဘေးကို ဆင်းဆင်းသွားရတာလဲ ဟူ၍။

တစ်ဖန် အလိုမကျသောစိတ်၊ ဒေါသစိတ်တစ်ဝက်စီဖြင့် ဒီလောက်တောင်ဖြစ်လှတာဆိုပြီး ခြေဦးကိုသိသိသာသာပင် ကြိုးစားရွှေ့လိုက်သည်။ မှန်သည်ဟုဆိုရပေမည်။ ခြေဦးက တန်းတန်းမတ်မတ်ပင် အုတ်ခဲလမ်းပေါ်ရောက်သွား၏။

ဤအခြေအနေကြောင့် စာရေးသူ၏ ဝမ်းသာစိတ်မှာ ဆိုဖွယ်ရာမရှိ။ အကြောင်းမူ သရဲခြောက်သည်ဟုဆိုသော နာမည်ကြီးနေသည့်ထောင့်အိမ်ကို ဦးတည်နေသောခြေလှမ်းများလမ်းကြောင်းလွဲသွား၍ပင်။

မိုးသက်နံ့နှင့်အတူ အေးစိမ့်သော အထိအတွေ့၊ တိတ်ဆိတ်နေသည့်ပတ်ဝန်းကျင်အနေအထားကို ဂရုပြုမိရင်း အမှောင်ထဲမှာ စမ်းတဝါးဝါးဖြင့် ဆက်လျှောက်နေမိသည်။ သည်ကြားထဲ စာရေး



www.burmeseclassic.com

www.burmeseclassic.com

သူ့အိမ်ကိုသွားရာလမ်းဝထိပ်ကို မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့် လှမ်းကြည့်လိုက်သေး၏။

ထိုအခါ လမ်း၏အလွန် ပေ (၈၀) ခန့်ရှိ ဗီဒီယိုရုံအရှေ့မှထွန်းထားသော နီကြင်ကြင်မီးအလင်းရောင်က စာရေးသူ၏လမ်းထိပ်ဝနှင့် ထော်ပိုင်လမ်းတွင်ခင်းထားသည့်အုတ်ခဲများပေါ် သို့ လက်လှမ်းမမီတမီဖြင့်ဖြာကျနေပုံမှာ စာဖတ်သူများ ထင်သာမြင်သာစေရန်ရေးပြရမည်ဆိုလျှင် နိုင်ငံခြားဗီဒီယိုသရဲကားတွေထဲကရှုတင်တွေအတိုင်း လွန်စွာချောက်ချားစရာကောင်းနေပေတော့သည်။

ထို့ပြင် မိုးကြောင့်မခြောက်သေးသော အချို့အုတ်ခဲပေါ် ရှိရေရောင်ပြန်များက မှိုင်းတိုင်းတိုင်းမြင်နေရသည်မှာ ပို၍ပင်အားငယ်စိတ်ဝင်ဖြစ်၏။ သို့သော် ငြားလည်း တစ်ဖက်ကမီးအလင်းကြောင့် အားတက်သလိုတော့ဖြစ်မိပြန်ပါသည်။ လွန်ဆွဲနေသောစိတ်များ တစ်ခဏချင်း ဖြစ်ပေါ် နေသည်ကို စာဖတ်သူများခံစားသာကြည့်။ ၎င်းအချိန်အထိ ရှေ့နောက်ဝဲယာလူသူကင်းကင်းပင်ရှိနေ၏။

တစ်ဖန် မိုးလေအေးကလည်း တစိမ့်စိမ့်တိုက်နေလေရာ မှောင်၍တိတ်ဆိတ်သောအနေအထားနှင့်လွန်စွာပနံရလျက် စိတ်ကိုအလိုလိုသိမ်ငယ်စေပြန်သည်။ မှိန်ပျပျမြင်နေရသော အုတ်ခဲလမ်းပေါ် လျှောက်လာရင်း လမ်းထိပ်ကိုရောက်ဖို့ ဆယ်ပေခန့်အလို မည်သို့ဖြစ်သည်မသိ စိတ်ကထင့်လျက် နောက်ကျောမလုံစွာ လာရာလမ်းကို စောင်းငဲ့ကြည့်ဖြစ်၏။ ကြည့်မိသွားလျှင် နီကြင်ကြင်မီးမှိန်ရောင်ဖြင့်မြင်ရသော စိုဖတ်ဖတ်ဝန်းကျင်သည် စာရေးသူ၏များစွာအားတင်းထားသောစိတ်ကို ယိုင်နဲ့စေပြန်သည်။ ထို့ကြောင့် ကမန်းကတန်းပင် လျော့တိလျော့ရဲဖြစ်သွားသောရဲစိတ်ကို မြေတောင်မြှောက်ပေးရန်အလို့ငှာ ခေါင်းကိုဆတ်ခနဲပြန်လှည့်ဖြစ်၏။

သို့တိုင် စာရေးသူ၏ခြေကိုမြက်ခင်းဆီသို့ဆွဲငင်ယူခံရသည့်နေရာလောက်မှအာရုံခံစားမှုဖြင့်သာသိနိုင်သောအရာတစ်ခုက အလွန်လျင်မြန်သောအဟုန်ဖြင့် ချဉ်းကပ်လာနေကြောင်း စိတ်ကသိလျက် ထင့်ခနဲဖြစ်သွား၏။ ၎င်းအခြေ!ဤနေမှမွေးဖွားပေးလိုက်သော တုန်ယင်ထိတ်လန့်သည့်စိတ်သည် နားကြောစိမ့်အောင် စီးဆင်းလာလျက် အားတင်းထားသည့်စိတ်မှာ ပူဖောင်းကိုလေလျှော့လိုက်ဘိသကဲ့သို့ ရှုံ့ခနဲဖြစ်ကာကြောက်စိတ်မှုကား ငယ်ထိပ်အထိ တက်ဆောင့်လေတော့သည်။

ထိုဖြစ်အင်နှင့်အတူ လမ်းထိပ်ကိုအရောက် တစ်စုံတစ်ရာသည် ခန္ဓာကိုယ်တွင်းသို့ အတင်းဝင်ရောက်ရန် (သို့) ပူးကပ်ရန်အလို့ငှာ ထက်သောလှံ့လဖြင့် အားစိုက်ပြုနေကြောင်း သိခြင်းနှင့်အတူ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထလျက် ခေါင်းနားပန်းကြီးသွား၏။ လျှာသည် ပုံမှန်အနေအထားမှ သိသိသာသာ ဗလုံးဗထွေးဖြစ်သွားကြောင်း ထင်ရှားစွာခံစားသိရှိပြန်သည်။ ခန္ဓာကိုယ်ရှိ အသားစိုင်များလည်း အကုန်တုန်ခါကုန်၏။

ဤသို့ လျှပ်တစ်ပြက်ဖြစ်သွားခြင်းကြောင့် ငါ့ကိုပူးကပ်ရန် ကြိုးစားနေပြီဟူသောအသိက ချက်ချင်းဝင်၏။ ယင်းအချိန်ကျမှ အိပ်ရာဝင်၊ အိပ်ရာထအမြဲရွတ်ဆိုသော ဘုရားဂုဏ်တော်နှင့် ဓာရဏပရိတ်ကိုရွတ်ဖို့ သတိရလျက် အလျင်အမြန်ရွတ်မိလေသည်။ ဖုတ်ပူမီးတိုက် တရမန်းကြမ်း။

အချိန်တိုလေးအတွင်း တစ်စုံတစ်ရာသည် စာရေးသူ၏စိတ်ကို အတင်းတွန်းဖယ်နေကြောင်း အထင်ကရခံစားသိပြန်၏။ ဥပမာပြရလျှင် ထိုင်ခုံတစ်လုံးကိုနှစ်ယောက်လုထိုင်သည့်အခါ တင်ပါးတစ်ခြမ်းစီထိုင်မိကြပြီး တစ်ဦးကတစ်ဦးကို ခါးစောင်းဖြင့် တွန်းဖယ်နေသည့်အလားပင်ဖြစ်သည်။

ထိုအတွင်းအသိစိတ်သည် လွတ်ချင်ချင်ဖြစ်၍နေပေပြီ။သို့ဖြစ်၍ အတတ်နိုင်ဆုံး သတိမလွတ်အောင်အာရုံစူးစိုက်လိုက်ပြီး အားကိုးရာပရိတ်တော်ကို စဉ်ဆက်မပြတ်ရွတ်နေလေတော့သည်။ ယင်းသို့ရွတ်ဖတ်နေပေမယ့်လည်း အစမှအဆုံးထိရွတ်၍ရသည်မဟုတ် အစပိုင်းလောက်သာ အိုးနင်းခွက်နင်းပုံစံဖြင့် ချာလည်ပတ်လည်နေခြင်းသာ။

ထွက်ပေါ် နေသော စာရေးသူ၏ အသံလည်း လေဖြတ်ထားသူအသံကဲ့သို့ ဝူးဝူးဝါးဝါး။ ဤသို့ဤနှယ်ဖြစ်နေစဉ် အိမ်ကိုအမြန်ပြေးသွားလျှင်ကောင်းမလားဟူသောအတွေးကလည်း ကြော်ငြာဝင်လာသေး၏။ သို့တစေ စိတ်ထဲမှာ သရဲခြောက်ခံရ၍ပြေးခဲ့လျှင် အနောက်မှတွန်းလှဲပါက အသေပဲဆိုသော ကြားဖူးနားဝရှိသည့်စကား တားဆီးလိုက်သဖြင့် ထိုအကြံအထမမြောက်။

စာရေးသူဖြစ်နေသောနေရာနှင့် အိမ်သည် အလွန်ဆုံးဝေးမှ ပေ(၄၀)ခန့်။ အနီးကလေး။ သို့သော် စိတ်ကအဝေးကြီးထင်နေ၏။ တစ်ဖန် ခြေကိုလည်း မနည်းသယ်နေရသလို တစ်ဖက်ကလည်း စာရေးသူ၏ အတွင်းစိတ်ကို အတင်းတွန်းဖယ်နေရာယူဖို့ ကြိုးစားနေကြောင်းတို့၍သိနေရကား သတိကိုတစ်ချက်လေးမှအလွတ်မပေးဘဲ ခြေကိုအားယူ၍လျှောက်နေရလေသည်။

ထို့ကြောင့် ခြေသည် အသွက်လှမ်း၍မရ။ ယိုင်လဲမသွားအောင်သာ ကြိုးစားလျှောက်နေရ၏။ ဤအချိန် ချော်လဲသွားမည်ကို လုံးဝမလိုလား။ အဘယ်ကြောင့်ဆိုသော် လဲကျ၍တစ်ခုခုဖြစ်သွားခဲ့လျှင် အခက် ဟူသော စိုးရိမ်စိတ်ကမှုလီရစ်သလို တင်းကျပ်မှုပေးနေသောကြောင့် ဖြစ်ပေသည်။

ယင်းသို့လျှောက်ရင်း ဘေးဝဲယာမျက်စိကစားကြည့်တော့ စာရေးသူ၏ညာဘက်ခြမ်းအိမ်တွင် မီးထွန်းထားသလို လူတစ်ယောက်မအိပ်သေးကြောင်းတွေ့ရ၏။ စိတ်၌ ၎င်းခြံဝင်းအတွင်းဝင်ပြီး အကျိုးအကြောင်းပြောလျှင်ကောင်းမလားဟု တဒင်္ဂအားတက်စိတ်ဖြင့်စဉ်းစားလိုက်သေး၏။ ပြီးမှ မထူးပါဘူး။ အိမ်နှင့်လည်းဝေးတော့တာမဟုတ်တာဆိုသောဆုံးဖြတ်ချက်ကြောင့် လမ်းကို ဆက်လျှောက်မိပြန်သည်။

ထိုသို့ဖြစ်နေဆဲ သတိလွတ်ထွက်မသွားအောင် ပရိတ်တော်ကိုလည်း အဆက်မပြတ်ရွတ်နေ၏။အိမ်ကိုရောက်လိုဇောစိတ်ကလည်း တားဆီး၍မရ ပြောက်သောက်ရွတ်နေသော ပရိတ်စာသားများနှင့်အသိစိတ်လွတ်မသွားအောင် အားစိုက်နေရသည်မှာ စာရေးသူအဖို့ သက်စွန့်ဆံဖျားလုပ်ဆောင်နေရဘိသကဲ့သို့ ခံစားရလေသည်။

ထိုအခိုက် အလွန်ထူးဆန်းသော •အဖြစ်အပျက်ကို သတိထားမိသွား၏။ ၎င်းမှာ စာရေးသူ၏စိတ်သည် ခန္ဓာကိုယ်ပြင်ပအဝေးသို့ လွင့်မျောရောက်ရှိနေသလိုခံစားသိလိုက်ရခြင်းပင်။ ယင်းစိတ်သာလွတ်ထွက်သွားပါက ငါသည် ဘာမှသိတော့မည်မဟုတ်ဟုသိ၍ တုန်လှုပ်စိတ်နှင့်အတူ ပရိတ်တော်ကို ရွတ်နေသည်ထက်ပို၍ အားစိုက်ကာ ကသောကမျောရွတ်ဆိုမိပြန်သည်။

တစ်ခဏအတွင်း ပရိတ်တော်၏ ထောင်းလမောင်းကြေအောင်ရွတ်လိုက်၍လားမသိ။ ခန္ဓာကိုယ်ပြင်ပအဝေး ရောက်လုရောက်ခင်ဖြစ်နေသော အသိစိတ်သည် ခန္ဓာကိုယ်နှင့်တစ်သားတည်း (ဝါ) နဂိုအတိုင်းဖြစ်သွားပုံကို ထင်ထင်ရှားရှားခံစားသိလိုက်ရလေသည်။

ထိုသို့ဖြစ်သွားသည်နှင့် တစ်ဖန်တည်း အသိစိတ်ကို တွန်းဖယ်နေ...



www.burmeseclassic.com

www.burmeseclassic.com

စားနေသော တစ်စုံတစ်ရာ၏အားသည်လည်း ဖြည်းဖြည်းချင်းဖြေလျော့သွား၏။ ချက်ချင်းသိပြန်၏။ ထို့ကြောင့် အတော်ပင်အားတက်မိလေသည်။

သူတစ်ပြန်ကိုယ်တစ်ပြန်ဖြစ်နေသောအရေးကြီးသည့်အချိန်ဖြစ်နေသည့်တိုင် စီးကရက်ကို လက်မှာညှပ်ထားဆဲ။ ဖွာသောက်ရန် သတိရဖို့မရှိကြောင်း စာဖတ်သူများသိပါလိမ့်မည်။ အမှန်ဆိုသော် ဆေးလိပ်ကို ထိုအချိန်ကျမှ စိတ်ထဲဝင်လာခြင်း ဖြစ်သည်။

ဋ္ဌင်းအချိန် အိမ်နှင့်လည်းနီးလာခြင်းကြောင့်လှမ်းပြီးအသံပြုလိုက်လျှင်ကောင်းမလားဟူသောစိတ်ကူးကလည်း ဆတ်ကော့လတ်ကော့ပေါ်လာသေး၏။ သို့တိုင် ထိုအကြံလည်းက မဖြစ်နိုင်။ အကြောင်းမူ စာရေးသူ၏လျှာသည် တုံ့ဆိုင်းဆိုင်းဖြစ်လျက် လျှာလိပ်နေသကဲ့သို့ပင်ရှိနေသေးကြောင်း ကောင်းကောင်းသတိထားမိ၍ဖြစ်သည်။

ခြေလှမ်းမမှားအောင်သာဂရုစိုက်၍ အိမ်ရှေ့အရောက်လျှောက်ခဲ့၏။ ပြီးလျှင် ခြံဝင်းအတွင်းသို့ ဖြည်းညင်းစွာလှမ်းဝင်လိုက်သည်။ အားကိုးသမှုပြုသောစိတ်နှင့် မျှော်လင့်တကြီးအိမ်တံခါးမကို ကြည့်လိုက်သောအခါ မိသားစုဝင်များသည် ရာသီဥတုအစွမ်းကြောင့်လားမသိ တံခါးပိတ်၍ ခြင်ထောင်များချကာ အိပ်ရာထဲဝင်နေကြချေပြီ။

သို့ဖြစ်၍ ပိုမိုသတိရှိခြင်းနှင့်အတူ လှမ်းဝင်၏။ သုံး၊ လေးလှမ်းအရောက် ခြေတစ်ဖက်က ရုတ်ခြည်းချော်သွား၏။ ထိန်းထားသောဟန်ချက်လည်းပျက်သွား၏။ ယင်းအခြေအနေကြောင့် ထိတ်လန့်စိတ်နှင့်အပြိုင် ကိုယ်ကိုယိုင်လဲမသွားအောင် သတိထားထိန်းမတ်လိုက်စဉ် လက်ကြားတွင်ညှပ်ထားသောစီးကရက်က ခပ်လှမ်းလှမ်းကို လွင့်စဉ်ထွက်သွားလေသည်။

ထို့ကြောင့် သတိကိုလွတ်ထွက်မသွားအောင် အာရုံထားရင်း ရေကပြင်ပေါ် လှမ်းတက်လိုက်၏။ အိမ်တံခါးအဝ၌မတ်တတ်ရပ်၏။ အတွင်းကိုလက်နှိုက်၍ တံခါးချက်ကိုဖွင့်၏။ (သတိကို ပို၍ဂရုစိုက်ဖြစ်ခြင်းမှာ တံစက်မြိတ်အဝင်တွင် နာနာဘာဝများက ဖြုန်းဒိုင်းဝင်ပူးတတ်သည်ဆိုသော ငယ်စဉ်ကကြားဖူးသည့်စကားကြောင့်လည်းပါ၏။)

တံခါးပွင့်သွားသည်နှင့် အိမ်ထဲကို ဖြည်းဖြည်းချင်းလှမ်းဝင်ဖြစ်သလို အမေ့ကိုလည်းနှိုးမိ၏။ စာရေးသူ၏စကားသံမည်သို့ထွက်သည်မသိ အမေနှင့်ဒေါ်လေး ဖြစ်သူမှာ ဗျာဗျာသလဲပင် အိပ်ရာမှထလာကြသည်။

စာရေးသူပုံစံကို နှစ်ယောက်သားကြည့်ပြီး အိမ်ဦးခန်းရှိ ခြင်ထောင်နှစ်ခု၏ကြိုးစများကို ဗရုတ်သုတ်ခဖြင့် ခပ်သွက်သွက်ဖြုတ်ကြ၏။ အရေးထဲ ထဘီကျွတ်၍ပြင်ဝတ်သူဝတ်၊ ဆံပင်ပြေလျော့၍ ဆံထုံးပြန်ထုံးသူကထုံးဖြင့် ယောက်ယက်ခတ်နေကြသည်။ (အမေတို့အမြင်တွင် စာရေးသူမှာ ဘယ်လိုပုံ ဖြစ်နေသည်မသိ။)

ပြီးလျှင်ဘာဖြစ်လာသလဲဟူသော မေးခွန်းအမူအရာများဖြင့် ကြည့်ကာ စိုးရိမ်နေကြောင်းတွေ့ရလေသည်။ ခြေမကိုင်မိလက်မကိုင်မိလည်းဖြစ်နေကြ၏။

ဋ္ဌင်းအချိန်အထိ စာရေးသူ၏ အသားစိုင်များမှာ အတော်ပင်တုန်တုန်ယင်ယင်ဖြစ်နေကြောင်း အမှတ်ထားမိသည်။ သို့ဖြစ်၍ စိတ်ကို တည်ငြိမ်စွာထားပြီး ဘုရားကျောင်းဆောင်ရှေ့မှာ ဝတ်ပြုလိုက်သည်။ ဓာရဏာပရိတ်တော်ကိုလည်း ဖြည်းဖြည်းနှင့်မှန်မှန်ရွတ်ဆိုနေမိသည်။

အမေနှင့် ဒေါ်လေးကလည်း ဘုရားကျောင်းဆောင်ပေါ်ရှိရေဆူဆရာတော်၏ရေမန်းကိုယူပြီး ဦးခေါင်းမှစ၍ ကိုယ်လုံးအထိပွတ်သပ်ပြုလုပ်ပေးကြ၏။ နှုတ်ကလည်းပွစိပွစိဖြင့်။ (ဘာတွေရွတ်ဆိုနေသည်မသိ။)

ဘုရားရှိခိုးပြီးချိန်အထိ တစ်ကိုယ်လုံးတုန်ယင်လှိုင်းထနေသည်။ ခန္ဓာကိုယ်အားအင်များကုန်ခန်းသွားသကဲ့သို့နုံးဖတ်စွာဖြစ်နေ၏။ (အလုပ်ပင်ပန်း၍အားကုန်သွားသလိုမဟုတ်ပေ။ ထိုခံစားချက်ကို ပြည့်စုံစွာ ရေးသားဖော်ပြရန် မလွယ်ပေ။) စကားလည်းတော်တော်နှင့်မပြောနိုင်။ ကြောင်တောင်တောင်ဖြင့်ငေးနေမိသေး၏။ ထိုအတွင်း ကိုယ့်အခြေအနေကိုလည်း ပြန်လည်သုံးသပ်နေမိသည်။ မကြာခင် တစ်အိမ်သားလုံးနိုးလာကြကာ ထထိုင်သူထိုင်၊ အပေါ့သွားသူကသွား၊ အိပ်မှုန်စုံမွှားဖြင့်ကြည့်သူကကြည့်ဖြင့် စာရေးသူအဖြစ်ကို သိချင်စိတ်ကဲနေကြလေသည်။

စာရေးသူလည်း အတန်ကြာမှ စကားပြောနိုင်၏။ ယင်းအချိန်တွင် လျှာသည် ပုံမှန်စကားသံထွက်လာနိုင်ပြီဖြစ်သည့်တိုင် ပကတိအတိုင်း ပြောဆိုနိုင်ခြင်းမရှိသေး။

ငါးမိနစ်၊ ဆယ်မိနစ်ခန့်တွင် ဟိုလူတစ်ပေါက်သည်လူတစ်ပေါက် မေးလာသောမေးခွန်းများကို ဖြည်းလေးစွာ ပြန်ဖြေရင်း လိပ်ပတ်လည်အောင်ရှင်းပြရလေသည်။ အားလုံးစိတ်ဝင်တစားနားထောင်နေကြ၏။ အတော်ကြာတော့ အမေမှတ -

"ငါက နင့်ရဲ့အသံကို (ဘုရားစာရွတ်သည့်အသံ)အိပ်ရာထဲကကြားတယ်။ ဒါပေမယ့် တစ်ယောက်ယောက်နဲ့စကားပြောလာတာယ်ထင်လို့"

ဟု ပြောလိုက်ခြင်းကြောင့် အံ့သြနဘာန်းပင်ဖြစ်မိ၏။ အကြောင်းမှာ ဘုရားစာရွတ်ဆိုလာသောအသံကို အမေက တစ်မျိုးကြားသည်မှာ ထူးဆန်းနေသောကြောင့် ဖြစ်ပေသည်။

သို့ဖြင့် အဆိုပါကိစ္စဖြစ်ပွားပြီးနောက်ရက်များတွင် ညီ၊ ညီမများက စာရေးသူကို ဝိုင်းကလိကြ၏။

"ကိုလေးက မယုံဘူးလို့ပြောတာကိုး အဲဒါလက်တွေ့ပြတာ ဟင်း ဟင်း ဟင်း"

"ကိုလေးလည်း အဲဒီလိုထိသွားမှ မှတ်မှာ ခစ် ခစ် ခစ်"

သူတို့၏ ကျီစယ်စကားများက သရဲမကြောက်သော စာရေးသူကို မချိသွားဖြဲရယ်ကျဲကျဲဖြစ်စေ၏။ သို့တိုင် မခံချင်စိတ်တော့ရှိနေသေးတာပင်။ ဇနီးဖြစ်သူ မိခိုင်ကလည်း အခွင့်သာတုန်းဝင်နှိပ်၏။

"အစကတော့ အောင်မိုးမြင့်တို့ကြုံတာကိုမယုံဘူး။ ဘာဖြစ်သလေးညာဖြစ်သလေးနဲ့။ အခုတော့ကြုံပြီလေ ဝမ်းသာလိုက်တာ ဟီး ဟီး ဟီး"

စာရေးသူမှာ သူတို့တွေ၏ထိုးနှက်စကားများကို မတတ်သာ၍ အောင့်အည်းသည်းခံနေရပေပြီ။ မချိပြုံးလေးတော့ သာသာပြုံးဖြစ်၏။ ဒေါ်လေးကလည်း မှတ်ချက်ပြုလေသည်။

"သရဲကို မယုံဘူးလို့မပြောရဘူး။ လောင်းကြေးစားကြေးနဲ့လည်းမလုပ်ရဘူး။ တကယ်ကြုံတတ်တယ်။ အဲဒါတွေမှတ်ထားကြ။ အခုပဲကြည့်လေ။ မယုံတဲ့နင်ပဲ အခုလက်တွေ့ကြုံတာ မဟုတ်လား"

မည်သို့ပင်ဖြစ်စေ အထက်ပါကိစ္စကြုံခဲ့ပြီးသည့်နောက်ပိုင်း သရဲမကြောက်တတ်သော စာရေးသူအဖို့ တော်ရုံတန်ရုံညဉ့်နက်ပြီဆိုလျှင် တစ်ယောက်တည်း အပြင်ထွက်ဖို့ အတော်ပင် စဉ်းစားနေရလေတော့သတည်း။

နတ် မာတာပိတာ ကယိရာ

သောက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

# တင်အောင်(စက်မှုတက္ကသိုလ်)

# ညောင်လန်းကုန်းဆရာတော်ဘုရားကြီး

## ထံမှတ်တာရ

ဟံသာဝတီခရိုင် သုံးခွမြို့အပိုင် ညောင်လန်းကုန်းရွာတွင် လွန်ခဲ့သော နှစ်ပေါင်း (၅၀) လောက်က ထူးဆန်းသောအဖြစ်အပျက်များဖြစ်ခဲ့ဖူးလေ၏။ တအံ့တဩ သတင်းထူးများဖြစ်သဖြင့် လူပရိသတ်ဘုရားဖူးတို့ အလွန်စည်ကားခဲ့ဖူးလေသည်။

❑ **နံရံပေါ်တွင် ဒေါင်းရုပ်များပေါ်နေခြင်း အံ့ဖွယ်**

အကြောင်းရင်းမှာ ညောင်လန်းကုန်းရွာရှိ ပတ္တမြားစေတီတော်ကြီး၌ ဓာတ်တော်မွေတော်များ ကွန့်မြူးသည်ဟူသောသတင်းမှာ ပျံ့နှံ့သွားခဲ့လေသည်။

ထိုမျှမကသေး၊ ဘုရားကြီးအား မည်သူက ရွှေချသွားသည်မသိ ရွှေများ တပြောင်ပြောင်တလက်လက် နေ့ချင်းညချင်းအရောင်ထိန်လင်းနေသည်ဟူသော သတင်းထူးမှာလည်း အလွန်ထူးနေပေသည်။

ရင်းပြင် သတ္တဌာနရုပ်ပွားတော်များလည်း လျှပ်တစ်ပြက်ရွှေချသွားခဲ့သည်ဟူသော သတင်းထူးများကလည်း ထပ်ဆင့်၍လာနေသေးသည်။

ထိုမျှသာမကသေး၊ ညောင်လန်းကုန်းဆရာတော်ကြီးကိုယ်တော်တိုင်က ကြိုက်နှစ်သက်၍ တံဆိပ်ခတ်နှိပ်ထားသည့်ဒေါင်းရုပ်များမှာလည်း နံရံအင်္ဂတေများပေါ်တွင်ထင်းထင်းကြီးပေါ်နေသည်ဟူသောသတင်းကလည်း ပျံ့နှံ့လျက်ရှိလေသည်။

❑ **သူရိယအယ်ဒီတာဦးချစ်ဆွေ၏ကြိုးစားမှု**

ထို့ကြောင့်ပင်လျှင် ဆရာတော်ကြီး၏တပည့် သူရိယသတင်းစာ အယ်ဒီတာဦးချစ်ဆွေသည် ညောင်လန်းကုန်းရွာဇာတိဖြစ်သည့်အားလျော်စွာ မိမိကိုးကွယ်သောဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို မိမိကိုယ်တိုင်ပင် အသေအချာမသိသဖြင့် ကမန်းကတန်း လိုက်လံစုဆောင်းခဲ့ရပေသည်။ သို့ဖြင့် ညောင်လန်းကုန်းဆရာတော်ကြီး၏ မဟာထေရုပ္ပတ္တိ



ကထာပေါ်ထွက်လာခဲ့ရပေသည်။

❑ **ပထမကျော်ဦးကြီးဖေ၏ ကြည်ညိုမှု**

ညောင်လန်းကုန်းဆရာတော်ကြီးနှင့်စပ်လျဉ်း၍ ပထမကျော်မဟာပညာဗလဘွဲ့ရ သာသနာရေးဌာန ညွှန်ကြားရေးဝန်ဦးကြီးဖေကလည်း အလွန်စိတ်ဝင်စားသဖြင့် သူရိယသတင်းစာမှ အယ်ဒီတာဦးချစ်ဆွေသည် ဆရာတော်ကြီး၏ မဟာရုပ်ပုံလွှာကို မရမကရှာဖွေခဲ့ရသည်။ ညောင်လန်းကုန်းဆရာတော်ကြီး ရေးသားတော်မူသော ဝဇီရာဝုကျမ်းသည် သာသနာတော်အတွက် အလွန်အဖိုးတန်သော ကျမ်းတစ်ကျမ်းဖြစ်ကြောင်း ပထမကျော်ဦးကြီးဖေကိုယ်တိုင်က တသသပြောဆိုနေခဲ့သဖြင့် ညောင်လန်းကုန်းရွာဇာတိဖြစ်သောဦးချစ်ဆွေသည် များစွာဂုဏ်ယူမိခဲ့လေသည်။

ဦးချစ်ဆွေနှင့်ဦးကြီးဖေတို့တွေ့ဆုံခဲ့သည်မှာ ၁၃၁၄ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် ဖြစ်သည်။ ညောင်လန်းကုန်းရွာတွင် ဖြစ်ရပ်ဆန်းများဖြစ်ပွားခဲ့သောနှစ်မှာ ၁၃၂၉ ခုနှစ်ဖြစ်လေသည်။ သူရိယသတင်းစာ အယ်ဒီတာဦးချစ်ဆွေကောင်းမှုကြောင့် ညောင်လန်းကုန်း ပတ္တမြားစေတီဆရာတော်ကြီး အရှင်နေမိန္ဒမထေရ်၏ ထေရုပ္ပတ္တိကထာကို သိခွင့်ရရှိခဲ့ပါသည်။

သူရိယသတင်းစာ အယ်ဒီတာ ဦးချစ်ဆွေနှင့် စာရေးသူ၏ဖခင် စာ[ရေး] ဆရာကြီးဦးရန်အောင်တို့သည် အလွ[န်] ပင် ခင်မင်ရင်းနှီးကြသည့်အလျော[က်] ညောင်လန်းကုန်းဆရာတော်နှင့်ပတ်သ[က်] ၍ အဖေ့ထံ သူရိယသတင်းစာအယ်ဒီတာ ဦးချစ်ဆွေရေးပေးခဲ့သောစာကို ဂုဏ်ထူး မှတ်တမ်းတင်လိုသဖြင့် ဖော်ပြပါမည်။

ညောင်လန်းကုန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိကိုစူးစမ်းရှာဖွေရန်အတွ[က်] ဆရာတော်ကြီး၏တပည့်ကြီးများဖြစ်[ကြ] သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အသီးသီ[း] တို့ထံသို့ ချဉ်းကပ်၍ မေးမြန်းလာ[ခဲ့] တစ်လုံးစနှစ်လုံးစသာသိရှိပြီး ဦးချစ်ဆွေ[သိ] လိုချင်သည့် အရေးကြီးသောအချ[က်] အလက်များကို မသိရှိရသည့်အတွ[က်] မွေးမြေရပ်ခြားရှိ ပုဂ္ဂိုလ်အသီးသီးတို့[ထံ] စာဖြင့်လှမ်း၍မေးမြန်းပြန်ရာ လိုချင်တာ များ မရရှိပြန်သောကြောင့် ဆရာတော်ကြီး၏မွေးရပ်မြေဖြစ်သော ပခုက္ကူခရိုင် ရေစကြိုမြို့အပိုင် ခံစပ်တောရွာ[သို့] လူလွှတ်၍ စုံစမ်းခိုင်းရာမှ ရရှိလာသ[ည့်] အချက်အလက်များကို အခြေခံ[ကာ] ဦးချစ်ဆွေကိုယ်တိုင်သိရှိထားသော အချ[က်] အလက်များကိုစုပေါင်း၍ ညောင်လ[န်း] ကုန်းဆရာတော်ကြီး၏ထေရုပ္ပတ္တိကထာ ကို ဖော်ပြလိုက်ရပါကြောင်း အယ်ဒီတာ ဦးချစ်ဆွေ စာတွေငါတွေ့ ရေးသားထား လေသည်။

❑ **ဇာတိရပ်ရွာမိဘတို့ကို ခြေရာကောက်ခြင်း**

ညောင်လန်းကုန်းဆရာတော်ကြီး အလောင်းအလျာကို အေဒီ ၁၈၇၃ခုနှ[စ်] ဇွန် ၂၈ ရက်၊ (ကောဇာနှစ် ၁၂၃၃ ခုနှ[စ်] ဝါဆိုလဆန်း ၄ ရက်) စနေနေ့နံနက် (၉) နာရီတွင် ပခုက္ကူခရိုင် ရေစကြိုမြို့ အပိုင် ခံတပ်တောရွာတွင် အဖ ဦး[...] ကျော်၊ အမိ ဒေါ်မိန်းကလေးတို့မှမွေးဖွား သည့် တတိယမြောက် သားရတနာဖြ[စ်] လေသည်။

ဦးရန်ကျော်နှင့်ဒေါ်မိန်းကလေး ဇနီးမောင်နှံမှ သားသမီး (၇) ယေ[ာက်]



www.burmeseclassic.com

www.burmeseclassic.com

ထွန်းကားလာရာ ကြီးစဉ်ငယ်လိုက် ရေတွက်သည်ရှိသော် မောင်ထွန်းမောင်၊ မကာ၊ မောင်ထွန်းဝါ (ဆရာတော်လောင်းလျာ)၊ မစာ၊ မောင်သာဗျော၊ မညာနှင့် မကြာတို့ ဖြစ်ကြလေသည်။ ထိုညီအစ်ကိုမောင်နှမ (၇) ယောက်တို့အနက် တတိယမြောက်ကလေးငယ်ကို စနေသားဖြစ်ခြင်းကြောင့် မောင်ထွန်းဝါဟု အမည်ပေးလိုက်ကြလေသည်။

မောင်ထွန်းဝါ (၉) နှစ်အရွယ်တွင် ရှင်သာမဏေပြုပေးလေရာ စနေသားဖြစ်ခြင်းကြောင့် ရှင်နေမိန္ဒဟု ဘွဲ့အမည်ပေးလိုက်လေသည်။ ရှင်မဖြစ်မီကပင် ဆယ်စောင်တွဲတစ်အုပ်လုံးနှင့် လိင်ဒက်ဒေသဓိယမှအစ ခန္ဓကဝတ်(၁၄)ပါးတို့ကိုပါ တတ်ကျွမ်းနေပြီဖြစ်သောကြောင့် ရှင်သာမဏေဖြစ်လာသည့်အခါတွင် နေ့ဝါ၊ ညဝါများကိုပါ ဆက်လက်၍ကြိုးစားအားထုတ်လိုက်လေရာ ရဟန်းဘဝသို့ မရောက်မီ သဒ္ဒါကြီးရှစ်စောင်၊ ရူပသိဒ္ဓိ၊ သင်္ဂြိုဟ်၊ ဋီကာကျော်တို့မှအစ ဝိနည်းလေးစောင်နှင့်တကွ တခ်ါအဋ္ဌကထာကိုပါ သင်ယူပြီးသားဖြစ်သွားလေသည်။

ရှင်နေမိန္ဒသည် ရှင်သာမဏေဘဝကပင် ဝိနည်းတော်ကို အလွန်လေးစားပြီး စာပေသင်ယူရာတွင် ဝိနည်းပိဋကတ်ကိုသာ အလွန်စိတ်ဝင်စားစွာဖြင့် သင်ယူလေ့ရှိကာ နိုက်နိုက်ချွတ်ချွတ် ကြံစည်စိတ်ကူးတတ်လေသည်။

မိမိ၏ မွေးရပ်မြေကျောင်းမှာပင် တောင်ဦးကျေးရွာမှ တောင်သူကြီး ဦးပေါ်သစ်၊ ဒေါ်ခင်သစ်တို့က ရဟန်းဒါယကာပြုလုပ်၍ ရဟန်းဘဝသို့ရောက်ရှိလေရာ ဘွဲ့အမည်မှာလည်း ရှင်ဘွဲ့တော်အတိုင်း ဦးနေမိန္ဒဟုပင်ဆက်လက်၍ ဘွဲ့ပေးလိုက်လေသည်။

ရဟန်းတစ်ဝါဆိုပြီးသည်အထိ မိမိနေရင်းဇာတိ ရဟန်းဖြစ်လေရာ ကျောင်းမှာပင်သီတင်းသုံးနေထိုင်ပြီးမှ နောက်နှစ်တွင် တောင်ဦး၊ မြေလှ၊ ခံစပ်တောကျေးရွာ (၃) ရွာ၏အလယ်ဗဟိုတွင် တောရကျောင်းတစ်ကျောင်းဆောက်လုပ်စေပြီး ထိုတောရကျောင်းတွင် အဖော်မမှီး တစ်ကိုယ်တည်း ဧကစာရီတရားကျင့်တော်မူရင်း တစ်ဝါဆိုတော်မူလေသည်။

❑ **ရေစကြိုဂူဖြူဆရာတော်ကြီး၏တပည့်**

ရှင်နေမိန္ဒသည် ဝိနည်းတရားတော်ကို လေးစားတော်မူရာတွင် အလွန်ထင်ပေါ်ကျော်ကြားလှသည့် ရေစကြိုမြို့အနီးရှိ ဂူဖြူတောရကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေထိုင်တော်မူသော မင်းတုန်းမင်းတရားကြီး၏လက်ထက်တွင် စာချွန်တော်ရ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယကုက္ကုစ္စဖြစ်တော်မူသော တခ်ါအဋ္ဌကထာတစ်ကျမ်းလုံးကိုနှုတ်လွှတ်ပို့ချတော်မူနိုင်သော ဂူဖြူတောရဆရာတော်ကြီး ဦးမေဓာအထံမှောက်သို့ ကြွလာကာ ဝိနည်းပိဋကတ်အဖြာဖြာတို့ကို နေ့မနား ညမအား သင်ကြားတော်မူလေသည်။

❑ **ရွှေကျင်ဂိုဏ်းဝင်**

ထိုဂူဖြူတောရကျောင်းသို့ရောက်သည့်အချိန်မှစ၍ သုဓမ္မာဂိုဏ်းဝင်ထေရ်အရှင်အဖြစ်မှ ရွှေကျင်နိကာယဂိုဏ်းဝင် မထေရ်အရှင်မြတ်သို့ ရောက်ရှိ၍လာတော်မူရာ ပျံလွန်တော်မူသည့်အချိန် အထိပင် ဖြစ်သည်။

ဂူဖြူတောရဆရာတော်ကြီးသည် ဝိနည်း၊ ပိဋကတ်တို့ကိုပို့ချရာတွင် စာပေပုရပိုက်တို့ကို ကိုင်တွယ်လေ့မရှိဘဲ အလွတ်သာပို့ချတော်မူလေ့ရှိခြင်း၊ နှုတ်အာဂုံဆောင်တော်မူလေ့ရှိခြင်း၊ ဝိနည်းအဆုံးအဖြတ်ကို ရဲရဲဝံ့ဝံ့မတွန့်မတိုပြောဆိုဆုံးဖြတ်တော်မူလေ့ရှိခြင်း၊ တစ်ထပ်တည်းသောဆွမ်းကိုသာဘုဉ်းပေးတော်မူလေ့ရှိခြင်း၊ အမြဲမပြတ်နိစ္စဘတ်ဆွမ်းကို ခံယူတော်မူလေ့ရှိခြင်း၊ခေါင်းခေါင်းပါးပါးဘုဉ်းပေးတော်မူလေ့ရှိခြင်း၊ မအီမသာ မကျန်းမာ၍နေစေကာမူ တစ်နေ့လျှင် သုံးကြိမ်တိတိ ဘုရားကို ပူဇော်ဝတ်ပြုလေ့ရှိခြင်း၊ တောရကျောင်းတွင်သာ သီတင်းသုံးနေတော်မူလေ့ရှိခြင်း စသော အင်္ဂါရပ်တို့ကြောင့် အထက်အောက်တစ်ခွင်ထင်ပေါ်ကျော်ကြားသောဆရာတော်ကြီးတစ်ပါးဖြစ်လေသည်။

ထိုကဲ့သို့ ကျော်ကြားတော်မူသော ဂူဖြူတောရဆရာတော်ဘုရားကြီး၏အထံတွင် စာပေပိဋကတ်တို့ကို သင်ယူပြီးနောက် ပခုက္ကူမြို့ ကျောက်မိချောင်းကျောင်းဆရာတော်ထံတွင် ပိဋကတ်တော်များကို ဆက်လက်၍ သင်ယူပြန်လေသည်။

❑ **ရန်ကုန် ဗဟန်းရွှေကျင်တိုက်သို့ရောက်ရှိခြင်းအမှတ်တရ**

ထို့နောက်တွင်မှ အောက်ပြည်အောက်ရွာသို့ အညာဆန်သင်္ဘောကြီးဖြင့်စုန်ဆင်းလာပြီး ပြည်မြို့အရောက်တွင် ပြည်မြို့ရှိတောရကျောင်း၌ တစ်ဝါဆိုတော်မူကာ ပရိယတ်ရော ပဋိပတ်ပါ သင်ယူလေ့လာတော်မူပြီးမှ ရန်ကုန်မြို့သို့ စုန်ဆင်းလာကာ ဗဟန်းရပ်ရှိ ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးတွင် နှစ်ဝါတိတိ ဝါဆိုသွားလေသည်။

❑ **ကျိုက်လတ်မြို့ ရွှေကျင်သာသနာပိုင်ထံ စာသင်ကြားခဲ့ခြင်း**

ရွှေကျင်သာသနာပိုင်ကြီးသီတင်းသုံးရာ ကျိုက်လတ်မြို့ရှိ ပဒ္ဓမာရုံကျောင်းတိုက်ကြီးသို့ကြွတော်မူ၍ ရွှေကျင်သာသနာပိုင်ကြီး၏အထံမှောက်တွင် ဝိနည်း၊ ပိဋကတ်တော်တို့ကို အဆုံးအဖြတ်အမျိုးမျိုး၊ အကိုးအကားအစုံစုံ၊ အယူအဆအဖုံဖုံတို့အား တိတိကျကျ မိမိရရဖြစ်အောင် သင်ယူတော်မူပြန်လေရာ နှစ်ဝါတိတိကြာရှိခဲ့ပြန်လေသည်။

ကျိုက်လတ်မြို့ရှိ ပဒ္ဓမာရုံကျောင်းတိုက်ကြီးတွင် ရွှေကျင်သာသနာပိုင်ကြီး၏အထံတော်မှောက်၌ နည်းနာနိဿယတို့ကို ခံယူနေစဉ်မှာပင် ဟံသာဝတီခရိုင် သုံးခွမြို့အပိုင် ဥက္ကံရွာတွင်ရှိသော ဘုရားကြီးကျောင်းတိုက်မှဆရာတော်ကြီးက ဂဏဝါစကစာချဘုန်းတော်ကြီးအဖြစ် အလိုရှိသည်ကတစ်ကြောင်း၊ ဝိနည်းသိက္ခာပုဒ်တော်တွင် ရှိသေလေးစားစွာဖြင့် လိုက်နာကျင့်သုံးတော်မူသည်ဟု ကြားသိတော်မူရသည်ကတစ်ကြောင်းတို့ကြောင့် ပင့်ဖိတ်ခေါ် ယူတော်မူသဖြင့် ဘုရားကြီးဆရာတော်ကြီးအားမလွန်ဆန်ဝံ့သည့်အတွက် ဥက္ကံရွာရှိ ဘုန်းကြီးကျောင်းတိုက်သို့ ရောက်ရှိတော်မူခဲ့ရလေ သည်။

ထိုဘုရားကြီးကျောင်းတိုက်တွင် တပည့်သံဃာတော်အများတို့အား စာပေပို့ချပေးလေရာ (၄) ဝါတိတိကြာသွားတော်မူလေသည်။ ဦးနေမိန္ဒအရှင်သည် ဆရာတော်ဘဝသို့မရောက်မီ တစ်ဆယ့်ခြောက်ဝါတိတိ မြို့ရွာအသီးသီးကျောင်းတိုက်အသီးသီးတို့တွင် လှည့်လည်ကာ သီတင်းသုံးတော်မူပြီး စာပေသင်ကြားခြင်းနှင့် စာပေပို့ချခြင်းအမှုတို့ကိုပြုတော်မူနေစဉ်မှာပင် ဘုရားကြီးဆရာတော်၏ အမိန့်တော်အရ ဘုန်းတော်ကြီးဦးနေမိန္ဒမှာ ညောင်လန်းကုန်းရွာကြီးသို့ကြွတော်မူခဲ့ရရှာလေသည်။

❑ **ညောင်လန်းကုန်းဆရာတော်ဟူ၍ ဘွဲ့အသစ်ရတော်မူခြင်း**

စာချဘုန်းတော်ကြီးဦးနေမိန္ဒသည် ညောင်လန်းကုန်းသို့ ရောက်ရှိတော်မူပြီးနောက် စာချဘုန်းတော်ကြီးဟူသော အမည်ပျောက်ပြီး ညောင်လန်းကုန်းဆရာတော်ဟူသော အမည်တော်တွင်လာပြီး ရွာနီးချုပ်စပ်မှစ၍ တစ်နေ့ထက်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ထင်ပေါ်ကျော်ကြား၍လာလေသည်။

ညောင်လန်းကုန်းဆရာတော်ကြီးသည် သာသနာတော်အတွက်ဆိုလျှင် အသက်ပင်သေသေဆိုသော လုံ့လဝီရိယတော်ဖြင့် ရဟန်းဝါမရမီကတစ်ကြိမ်၊ ရဟန်းဝါနှစ်ဝါအရတွင် တစ်ကြိမ်နှင့် နှစ်ဆယ့်လေးဝါအရတွင် တစ်ကြိမ် ပေါင်း သုံးကြိမ်တိတိ အသက်နှင့်ခန္ဓာကိုယ်ပါ ဘုရားရှင်ထံတွင်ရေစက်သွန်းချ၍ လှူဒါန်းထားကြောင်းကို တွေ့ရှိရလေသည်။

## ❑ ဝဇီရာဝုဓကျမ်းကြီးကိုပြုစုခဲ့ခြင်း

ထိုသို့လှူဒါန်းထားပြီးသားဖြစ်သည့်အတွက် ကိုယ်တော်တိုင်ရေးသားထားသော ဝဇီရာဝုဓကျမ်းကြီးကို ပထမအကြိမ်အဖြစ် စာအုပ်ရေ (၄၃၂၀)တိတိ ရိုက်နှိပ်၍ မြန်မာပြည်အနှံ့အပြားသို့ လှူဒါန်းဝေငှလိုက်လေသည်။ ထိုကဲ့သို့ ဝဇီရာဝုဓကျမ်းကြီးကို အေဒီ ၁၉၀၉ ခုနှစ်၊ (၁၂၇၁ ခုနှစ်) တွင်ရိုက်နှိပ်၍ လှူဒါန်းဝေငှခဲ့ကြောင်း သိရပါသည်။

အားရတင်းတိမ်ခြင်းရှိတော်မမူသေးဘဲ အေဒီ ၁၉၂၀ ပြည့်နှစ် (၁၂၈၂ ခုနှစ်) တွင် ကမ္ဘာ့ပြုပြင်ပြဟ္မစိုဟာရအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ကာ ထိုအသင်းကြီးတွင် အုပ်ချုပ်မှုအသင်းလူကြီးများခန့်ထားပုံ၊ အသင်းသားများလိုက်နာရန် ကျင့်ဝတ်သီလ(၁၀)ပါးနှင့် နုတ်ငုံဆောင်ရန် ကျင့်ဝတ်(၁၀)ပါး စကေပိုဒ်နှင့် အသင်းသားတို့ ဆောင်ရွက်ရန် စည်းမျဉ်းဥပဒေစသည်တို့အပြင် အထွေထွေသော အခန်းကဏ္ဍအသီးသီးတို့ကို ဖော်ပြရန်အတွက် 'ကမ္ဘာ့ပြုပြင်ပြဟ္မစိုဟာရအသင်းကြီးဥပဒေ' ဟူသော စာအုပ်ကို ရေးသားတော်မူကာ စာအုပ်ရိုက်နှိပ်အကြိမ်ပေါင်း (၇) ကြိမ်၊ စာအုပ်ရေပေါင်း (၁၀၀၀၀) ကျော်ကို လှူဒါန်းဝေငှတော်မူပြန်လေသည်။

## ❑ ဘုန်းကြီးကျောင်းတွင် ထူးဆန်းသောဖြစ်ရပ်ဖြစ်ပွားခြင်း။ ယောကျ်ားဘဝမှ မိန်းမဘဝသို့လည်းကောင်း၊ မိန်းမဘဝမှ ယောကျ်ားဘဝသို့ လည်းကောင်း တစ်ဖန်ပြောင်းသောဖြစ်ရပ်ဆန်း

အေဒီ ၁၉၁၈ ခုနှစ် (၁၂၈၀ ပြည့်နှစ် ဝါခေါင်၊ တော်သလင်းလ) တို့၌ ဆရာဘုန်းကြီးကျောင်းပေါ်ကျောင်းတွင်၌ အသက် (၂၀) ခန့်ရှိ ပဉ္စင်းအဖြစ်သို့တက်မည့်ဆဲဆဲ ရဟန်းလောင်းရှင်သာမဏေသည် ဘဝမခြားဘဲ တစ်ဘဝတည်း၌ ပုမ္ဘာဝကွယ်ပျောက်၍ ဣတ္ထိဘဝသို့ရောက်သွားခြင်းသည် နိုင်ငံနှင့်တကွ ထင်ရှားလေ၏။ ထိုဣတ္ထိဘဝသို့ရောက်သွားသော်လည်း (၈) လ၊ (၉)လခန့်အတွင်း၌ပင် ပကတိမူလရင်းပုမ္ဘာဝသို့ ပြန်ရောက်၍ ယခုခင်ပွန်းမနှင့်တကွ အထင်အရှားရှိလေသည်။

တစ်ဘဝတည်း၌ ဖြစ်နိုင်ခဲလှစွာသောဘဝတစ်ခုမှဘဝတစ်ခုသို့ပြောင်းလဲ၍ပြခြင်းကို သိဆဲခဏ၌ပင် ဘုန်းကြီး၏စိတ်သဘောအထင်အရမှာ ထိုသူ၏အမှုဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ပုဗ္ဗနိမိတ်ထူးတစ်ခုဟု မှတ်လိုက်သည်မှာ ဤသို့တည်း။ သတ္တလောကကမ္ဘာကြီးသည် တစ်ဘဝတည်း၌ ဓာတ်သဘောတစ်ခုမှတစ်ခုသို့ ပြောင်းလဲဖို့ အကြောင်းပုဗ္ဗနိမိတ်ကြီးတစ်ခုဖြစ်ပေါ်စေသည်ဟု စွဲယူမှတ်ထားလိုက်သည်မှာ အမှန်တည်း။

ညောင်လန်းကုန်းဆရာတော်သည် တောထွက်တော်မူလိုသဖြင့် စစ်ကိုင်းတောင်သို့ကြွတော်မူကာ ဣစ္ဆာသယချောင်တွင် တစ်ဝါပတ်လုံး သီတင်းသုံးတော်မူသည်။ ထို့နောက် ညောင်လန်းကုန်းရွာသို့ ပြန်ကြွတော်မူရာက ထိုရွာမှာပင် ဝါကပ်တော်မူလေသည်။

## ❑ နေမင်းဆရာတော်၊ လမင်းဆရာတော် နေလနှစ်ပါး

အေဒီ ၁၉၂၀ ပြည့်နှစ် (၁၂၈၂ ခုနှစ်) ညောင်လန်းကုန်းရွာ ပတ္တမြားစေတီတိုက်ကြီးတွင် တစ်ဝါဆို၏။

နောက်နှစ်တွင် ကျွန်းတောင်ဆရာတော်ကြီး ကြွလာတော်မူသဖြင့် ထိုကျွန်းတောင်ဆရာတော်ကြီးနှင့်လိုက်သွားကာ ထိုကျွန်းတောင်မှာပင် တရားဘာဝနာပွားများတော်မူရင်း တစ်ဝါကပ်တော်မူလေသည်။ တောထွက်၍ တရားအားထုတ်ရန် အကြံတော်ဖြစ်လာသဖြင့် သထုံခရိုင် ကျိုက်ထိုမြို့အပိုင်တွင်တည်ရှိသော ရက်ကန်းသည်မတောင်သို့ကြွသွားတော်မူရာ ထိုတောင်တွင်တစ်ဝါဆိုတော်မူလေသည်။

ရက်ကန်းသည်မတောင်နှင့်ယှဉ်လျက်ရှိသောတောင်ကို ဝေပုလ္လတောင်ဟု ခေါ်သည်။ ထိုဝေပုလ္လတောင်တွင် ဆရာတော်ကြီးဦးကောသလ္လသီတင်းသုံးတော်မူကာ တရားဘာဝနာများပွားများနေလေသည်။ ညောင်လန်းကုန်းဆရာတော်ကြီး၏ဘွဲ့တော်မှာ ဦးနေမိန္ဒဖြစ်၍ စနေသား၏ အထိမ်းအမှတ်အဖြစ် နေမင်းအမှတ်ပြုကာ ဘုန်းဘုရားကြီးဦးကောသလ္လမှာ တနင်္လာသားဖြစ်၍ လမင်းအမှတ်ပြုလျက် ထိုဆရာတော်နှစ်ပါးကို နေလနှစ်ပါးဟု အသိအမှတ်ပြု၍ထားကာ ကိုးကွယ်ဆည်းကပ်ကြလေသည်။

ညောင်လန်းကုန်းဆရာတော်ကြီးသည် ၁၂၈၆ ခုနှစ်တွင် ပတ္တမြားစေတီကျောင်းတိုက်သို့ ပြန်၍ကြွလာတော်မူပြီးနောက် တစ်ဝါဆိုတော်မူပြီးမှ ဝေဠုအပိုင် လောကဓာတ်ကွင်းတွင်နေထိုင်သော သူဌေးကြီးဦးမိုးနှင့် ဒေါ်မယ်ဆင်တို့၏ပင့်လျှောက်ချက်အရ တစ်ဝါသွား၍ ချီးမြှောက်တော်မူပြန်လေသည်၊

## ❑ ပတ္တမြားစေတီတော်ကြီးကို ကျောက်သားဖြင့်တည်တော်မူခြင်း

အေဒီ ၁၉၂၇ ခုနှစ် (၁၂၈၈ ခုနှစ်) တွင် ဆရာတော်ကြီးသည် မိမိကိုယ်တော်တိုင် ပတ္တမြားစေတီတော်ကြီးကောင်းတော်တိုက်ကြီးနှင့် သတ္တဌာနခုနစ်ဌာနတို့ကို ပြုပြင်ဖန်တီးတည်ဆောက်၍ ပြီးစီးလေသည်။ ဆရာတော်ကြီးသည် နံနက်မိုးသောက်လျှင် ပတ္တမြားစေတီကောင်းတော်တိုက်ကြီး၊ သတ္တဌာနနှင့် ဇောတိပင်တို့ကို နေ့စဉ်နှင့်အမျှ တံမြက်လှည်းခြင်း၊ ဘေးရန်အသီးသီးတို့မှစောင့်ရှောက်ခြင်းစသော ဗုဒ္ဓဝေယျာဝစ္စတို့ကို ပြုလုပ်ရုံမျှမက မိမိ၏ပြုဖွယ်ကိစ္စဖြစ်သော တရားဘာဝနာတို့ကို ပြုလုပ်လေ့ရှိပါသည်။

## ❑ (၂၄) နာရီကို အသုံးပြုနည်း

တစ်နေ့လျှင် (၂၄) နာရီရှိသည့်အနက် တစ်နာရီမျှလောက်ပင် ကျိန်းစက်တော်မူခြင်းရှိတော်မမူဘဲ ညဉ့်နက်သန်းခေါင်မှစတင်၍ နံနက်မိုးသောက်လင်းရောင်ခြည်ရောက်ချိန်အထိ ကိုယ်အဝတ်တို့ကိုပြုတော်မူပြီးမှ နံနက်ပိုင်းဘုဉ်းအချိုအချဉ်ပွဲများလောက်ကိုသာ ဘုဉ်းပေးတော်မူလေသည်။

## ❑ ဆွမ်းကို၊ သက်သတ်လွတ်ဆွမ်း ဟင်းရွက်စိမ်းသက်သက်ဘုဉ်းပေးခြင်း

ဆွမ်းကိုမူ နေ့ဆွမ်းတစ်ထပ်တည်းကိုသာဘုဉ်းပေးတော်မူလေသည်။ ဆွမ်းဘုဉ်းပေးတော်မူရာတွင် အသက်သတ်လွတ်ဆွမ်းကိုသာဘုဉ်းပေးတော်မူလေရာ တစ်ခါတစ်ရံတွင် ဆွမ်းချည်းသက်သက်ကိုသာဘုဉ်းပေးတော်မူပြီး တစ်ခါတစ်ရံတွင်လည်း ဟင်းရွက်စိမ်းသက်သက်နှင့် တစ်ခါတစ်ရံတွင် အသီးအနှံသက်သက်ကိုသာ ဘုဉ်းပေးတော်မူလေ့ရှိလေသည်။ ထိုသို့ ဟင်းရွက်စိမ်းများ



www.burmeseclassic.com

www.burmeseclassic.com

သာဘုဉ်းပေးတော်မူသည်ကို မြင်ကြရသော တပည့်အပေါင်းတို့သည် စိတ်မကောင်းကြခြင်းဖြင့် စုတ်တသပ်သပ်ဖြစ်ကြရလေသည်။

**□ သမံတလင်းပေါ်မှာကျိန်းစက်**

ဆရာတော်ကြီးသည် ကျန်းကျန်းမာမာရှိတော်မူပြီး ကျိန်းစက်တော်မူရာတွင်လည်း ညဉ့်ဦးယံတွင် ဘုရားပုထိုးရှိခိုးပြီး၍ တပည့်အပေါင်းတို့၏ အနင်းအနှိပ်ခံတော်မူရင်း ဆုံးမစကားပြောကြားနေရာမှ တစ်ခဏမျှလောက်သာ အိပ်ပျော်သွားလေ့ရှိပြီး နိုပ်နယ်ဝတ်ဖြည့်၍ပေးနေစဉ်မှာပင် ပြန်လည်၍နိုးလာကာ ထိုညအဖို့ ကျိန်းစက်ခြင်းကိစ္စပြီးဆုံးခြင်းသို့ ရောက်ရှိတော်မူလေသည်။ ကျန်အချိန်များတွင် မူ ဗုဒ္ဓဝေယျာဝစ္စနှင့် တရားဘာဝနာပွားများခြင်းဖြင့် တစ်ညပတ်လုံးအချိန်တွေ ကုန်ဆုံးတော်မူလေသည်။

ထိုသို့ ကျိန်းစက်တော်မူရာတွင် ပြင်ဆင်ထားသည့်အိပ်ရာမှာ ခုတင်ကြီးပေါ်မှာလား၊ ကွပ်ပျစ်ပေါ်မှာလား၊ ဝိဝေကတိုက်သစ်ကြီးပေါ်မှာလား၊ သိမ်တိုက်အတွင်းမှာလား၊ ကော်ဇောကြီးများအပေါ်မှာလား မဟုတ်ပါချေ။

သိမ်တိုက်နှင့် ဝိဝေကတိုက်သစ်ကြီးအကြားရှိ သမံတလင်းပေါ်တွင် သားရေနယ်ကိုခင်းကာ ကျိန်းစက်ခြင်းမျှသာဖြစ်ပါသည်။ အချို့အချဉ်ဘုဉ်းပေးလည်းထိုနေရာ၊ ဆွမ်းဘုဉ်းပေးလည်းထိုနေရာ၊ လူအများ၏ ပူဇော်ကန်တော့ခံလည်း ထိုနေရာမှာပင်ဖြစ်လေရာ ဘုဉ်းပေးလည်းလည်းထိုနေရာ၊ ကျိန်းလည်းထိုနေရာမှာပင်ဖြစ်လေတော့သည်။

**□ ခြိုးခြံသည့်အကျင့်များ**

ဆရာတော်ကြီးဆံပင်မှာ တစ်လတွင်တစ်ခါသာပယ်တော်မူလေ့ရှိလေရာ ရေချိုးခြင်းကိစ္စကိုလည်း (၇) ရက်မှ တစ်ကြိမ်သာ ရေချိုးလေ့ရှိလေသည်။ သင်္ကန်းတော်များမှာလည်း ရေချိုးသည့်အခါကျမှသာလျှင် လဲလှယ်လေ့ရှိတော်မူသောကြောင့် သင်္ကန်းများတွင် သန်းမကြီးများကပ်၍နေခြင်း၊ အချို့သောနေရာများတို့တွင် ချုပ်ရိုးများပြုတ်နေခြင်း၊ သင်္ကန်းအသားများစုတ်ပြဲနေခြင်းတို့ဖြစ်နေလေသည်။

လက်နှင့်အလုပ်ကလည်း မပြတ်ချေ။ ဘုရားဝင်း၊ မာတ်တော်တိုက်ဝင်း၊ သတ္တဌာနဝင်းတို့၌ အုတ်ခဲများကိုထုရိုက်



နေခြင်းကြောင့် သင်္ကန်းတော်တွင် ဖုန်အလိမ်းလိမ်းကပ်နေလေသည်။

မိမိဝတ်သည့်သင်္ကန်းကို မိမိကိုယ်တိုင် ပိန္နဲရည်ဖြင့်ဆိုးခြင်း၊ သင်္ကန်းကို လျှော်ဖွပ်ရာတွင် မိမိကိုယ်တိုင် လိတ်ထိုး၍ လျှော်ဖွပ်လေသည်။

လက်ဖဝါးတော်များမှာ အုတ်ခဲများကို ထုရိုက်ရသည့်ဒဏ်ချက်ကြောင့် ကွဲအက်နေခြင်း စသောရေး၍ မကုန်နိုင်လောက်သော ခြိုးခြံသည့်အကျင့်ရှိသည့် ဆရာတော်ကြီးဖြစ်တော်မူလေသည်။

**□ ကောင်းကင်ခရီးရှာန်ယာဉ်စီး**

ထိုကဲ့သို့သော အကျင့်သိက္ခာတော်တို့ကြောင့် ရပ်ဝေး၊ရပ်နီးအသီးသီးတို့တွင် ဆရာတော်ကြီးသည် ကောင်းကင်ခရီးကို ဈာန်ယာဉ်စီးကာ ကြွသွားတော်မူသည်ကို ဖူးလိုက်ရသူများလည်းရှိလေသည်။

ဥက္ကံရွာသည် ညောင်လန်းကုန်းရွာမှ (၁၂) မိုင်ခန့်ဝေးကွာလေရာ ထိုမျှလောက်ဝေးကွာသည့်အရပ်ကိုပင် နာရီဝက်အတွင်း ကြွရောက်လာတော်မူလေသည်။

**□ ကေလာသတောင်မှာ အရိပ်ပေါ်**

ကေလာသတောင်တော်ထိပ်တွင်ရှိ နတ်ရေကန်တွင် ဆရာတော်ကြီးနှင့် တကွ ပဋ္ဌာန်းများစေတီတော်ကြီး၏ အရိပ်တော်များပေါ်နေကြောင်းကို ရသေ့တစ်ဦးလာ၍ လျှောက်ထားလေသည်။

**□ ဟိမဝန္တာမကြွခင်**

ဟိမဝန္တာ တောင်သေလာသို့မကြာခဏ ခုပင်ကြွမည်။ ခုမှလာမဖူးပါက နောင်ခါတွင်မူ ဖူးချင်သူလည်း ဘယ်နည်းနှင့်မျှ မဖူးရနိုင်၍ များလှသောင်းသောင်း လူအပေါင်းတို့သည် ပူဇော်ဖူးမြော်လာကြလေ၏။

**□ ညအခါ နတ်၊ ပြိတ္တာတို့ကို တရားဟော**

သန်းခေါင်ကျော်ပြီး တစ်ချက်တီးမှအစပြုကာ ရောက်လာသမျှသော နတ်ဒေဝါနှင့် ပြိတ္တာတို့အား တရားရေအေးအမြိုက်ဆေးကို ဟောကြားမိန့်မြွက်ပြီး ဓမ္မစက်သံနာခံကြရသည်ဟူ၍လည်းကောင်း၊ အမျိုးမျိုးသော တန်ခိုးတေဇော်အာနုဘော်တို့သည် မကြာမကြာဖြစ်ပေါ်လာတတ်လေသည်။

**□ နွတ်ခမ်းမွေးဆရာတော်၊ ကျောက်ဝိုင်းဆရာတော်၊ သာယာဝတီဦးဥေယျ**

ဆရာတော်ကြီး၏ ဩဝါဒအရ နိုင်ငံကျော် ဓမ္မကထိကများဖြစ်တော်မူကြသော ဟိုချိန်အခါက အလွန်ပင် ထင်ပေါ်ကျော်ကြားလှတော်မူသည့် မြဝတီဆရာတော်၊ နှုတ်ခမ်းမွေးဆရာတော် အမည်တွင်သည့် ညောင်ချောင်းဆရာတော်၊ မရမ်းချိုဆရာတော်၊ သာယာဝတီဦးဥေယျ၊ တောင်ငူဦးကုဏ္ဍလ၊ ကျောက်ဝိုင်းဦးကုန္တက၊ နှစ်ကျိပ်ရှစ်ဆူ ဦးဉာဏိက၊ သခွပ်ကုန်းဦးလက္ခဏ၊ ဦးသုဇာတအစရှိသော ဓမ္မကထိက အကျော်အမော်တို့အား တိုက်စံကျောင်း၊ ဓမ္မာရုံကြီးနှင့် နတ်လမ်းပါမကျန် စီမံကာ ဆောက်လုပ်လှူဒါန်းထားသည့် ဘုရားဒါယကာကြီးဦးပွင့်ဖြိုး၊ ဒေါ်စိုးတို့၏ ကိုယ်ပိုင်စီးသည့်မော်တော်ကားဖြင့် လှည်းလမ်းမကြောင်းတွင် ခဲခဲယဉ်းယဉ်းမောင်းကာပင့်ဆောင်လာပြီး ဆရာတော်ကြီး၏ တရားပွဲကြီးများ ကျင်းပစေလေရာ အခြားအခြားသော ရုံပွဲတွေ၊ အလွတ်ပွဲတွေပါသည့် တရားပွဲကြီးများထက် အသွင်တစ်မျိုးထူးခြားပြီး လှည်းတပ်ကြီးများပင် ကြောက်ခမန်းလိလိရှိအောင် တရားနာပရိသတ်များ စည်ကားလှသည်ကို တွေ့ရှိရလေသည်။

နှုတ်ခမ်းမွေးဆရာတော်မှာ အုဂ်ဖိုရ်ဆရာတော်ဘုရားနှင့် သီဟိုဠ်စွယ်တော်ဖူးရာပါသွားပြီးနောက် သီဟိုဠ်စာပေလေ့လာ၍ မြန်မာပြည်တွင် သာသနာပြုရာ ဘီးလင်းခရိုင် ဇုတ်သုတ်ရွာ ကေလာသတောင်ထိပ်တွင် သောဏ္ဍာယကျောက်စာကြီးကိုစိုက်ထူခဲ့သော ရဟန်းထူး ဖြစ်ပေသည်။ လယ်တီဆရာတော်ဘုရားနှင့်တွေ့ဆုံခန်းကိုလည်း ထိုခေတ်က လူများစွာ စိတ်ဝင်စားကြပါသည်။ ထိုဆရာတော်မှာ မော်ကျွန်းမြို့နယ် သံကြိုးရွာတွင် ခန္ဓာဝန်ချတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

**□ ဇမ္ဗူဒီပစေတီတည်တော်မူခြင်း**

ဘုရားတည်ခြင်းကို အလွန်ပင်ယိုလားနှစ်သက်တော်မူသောဆရာတော်ကြီးသည် အေဒီ ၁၉၃၁ ခုနှစ် (၁၂၉၃ ခုနှစ်) တွင် ပတ္တမြားစေတီတော်ကြီး၏ အရှေ့မြောက်ယွန်းယွန်းအရပ်၌ ဇမ္ဗူဒီပစေတီ ဟူသောဘွဲ့တော်ဖြင့် ကိုးနဝင်းစေတီတော်တစ်ဆူကို တည်ထားကိုးကွယ်တော်မူပြန်လေသည်။

ညောင်လန်းကုန်းဆရာတော်ကြီးသည် ရဟန်းဖြစ်စမှစ၍ ရပ်ရွာမြို့နယ်အသီးသီးတို့တွင် စာသင်သားအဖြစ်ဖြင့်လည်းကောင်း၊ စာချဘုန်းကြီးအဖြစ်ဖြင့်လည်းကောင်း၊ ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့်လည်းကောင်း လှည့်လည်၍ ဝါကပ်တော်မူခဲ့ရုံမျှမက ဆရာတော်ကြီးဖြစ်ပြီးသည့်နောက်တွင်လည်း ဘုရားတည်သည့်ကိစ္စ၊ တောထွက်တော်မူသည့်ကိစ္စ၊ ဒါယကာတို့၏ ပင့်လျှောက်ချက်အရ ကြွရောက်ချီးမြှင့်ရသည့်ကိစ္စစသော အကြောင်းအမျိုးမျိုးတို့ကြောင့် ဝါတော် (၃၀) အတွင်း ဒေသအသီးသီးသို့ကြွရောက်၍ သီတင်းသုံးတော်မူပြီးမှ (၄၅) ဝါမြောက်မတိုင်မီ ကြားကာလ၌ ဥက္ကံတွင် တစ်ဝါသွား၍ဆိုဖူးသည်မှအပ ညောင်လန်းကုန်းရွာကြီးမှာပင် သီတင်းသုံးကာ ဝါကပ်တော်မူလေသည်။

**□ ကောင်းမှုတော်များ**

ညောင်လန်းကုန်းဆရာတော်ကြီးရှိစဉ်အခါက ညောင်လန်းကုန်းရွာ ပတ္တမြားစေတီကျောင်းတိုက်ကြီးတွင် လှူဒါန်းထားကြသော သာသနိကအဆောက်အအုံများမှာ စုပေါင်းအလှူတော်အဖြစ်ဖြင့် (၁) ပတ္တမြားစေတီ၊ (၂) ဇမ္ဗူဒီပစေတီ၊ (၃) ဓာတ်တော်တိုက်ကြီး၊ (၄) သတ္တဌာန (၇)ခန်းနှင့် ပလ္လင်တော်၊ (၅) ဘုရားရှိခိုးကျောင်းကြီး၊ (၆) ဆွမ်းစားကျောင်းတို့ဖြစ်ပါသည်။တစ်ဦးတည်းသောဒါယကာများ၏ အလှူပစ္စည်းများမှာ -

(၁) ဘုရားဒါယကာကြီး ဦးရွှေဘဲ၊ ဒေါ်အင်းတို့လှူဒါန်းသော ဂန္ဓကုဋိတိုက်နှင့် အာရုံခံတန်ဆောင်းကြီး။

(၂) တစ်ခန်းလျှင် သံဃာတော် (၂)ပါး သီတင်းသုံးနိုင်သည့်အခန်းပေါင်း (၉)ခန်းပါရှိသော ဂူကြီးတစ်ဂူ။

(၃) သံဃာတော်အပါး (၂၀) သီတင်းသုံးနိုင်သည့် စကြီကျောင်းကြီးတစ်ဆောင်။

(၄) ဦးကျော်ဝဲ၊ ဒေါ်နှင်းအေးတို့လှူဒါန်းသော သိမ်တိုက်ကြီးနှင့် အာရုံခံနတ်လမ်းမကြီးတစ်ဆောင်။

(၅) ဦးဘိုးကြီး၊ ဒေါ်မဲတို့လှူဒါန်းသော သစ်သားဖြင့်ဆောက်လုပ်ထားသည့် သိမ်ကြီးတစ်ဆောင်။

(၆) ထိုသိမ်ကြီးမှာ လေပွေမွှေ၍ ပျက်စီးသွားသဖြင့် ထိုနေရာတွင် ဦးဘာစော၊ ဒေါ်ခင်နှင့် ဦးဘိုးမြိုင်၊ ဒေါ်နှင်းအုံတို့က ဆောက်လုပ်လှူဒါန်းသည့် သိမ်တိုက်ကြီးတစ်တိုက်။

(၇) ဦးသာဇံ၊ ဒေါ်ဖျိုင်းတို့လှူဒါန်းသော ပြဿဒ်ကျောင်းကြီးတစ်ဆောင်၊ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတစ်တိုက်။

(၈) ဝိဝေကတိုက်သစ်ကြီးတစ်တိုက်နှင့်တွဲလျက် နတ်လမ်းမကြီးအပြင် ခြသေ့်ကြီးနှစ်ကောင်။

(၉) ဦးကြာဖူး၊ ဒေါ်စိုးတို့လှူဒါန်းသော အုတ်တိုက်စံကျောင်း၊ ဓမ္မာရုံကြီးနှင့် နတ်လမ်း။

(၁၀) ဒေါ်ငွေခင်က အလှူငွေ (၃၀၀၀) မတည်ကာ လိုသမျှ အများကစိုက်၍လှူဒါန်းသောဘုရားဝင်း၊ ကျောင်းဝင်းများနှင့် ရပ်ရွာကိုပါ လျှပ်စစ်မီးထွန်းပေးနိုင်သော အင်ဂျင်စက်ကြီးတစ်လုံး။

(၁၁) ကျောင်းတိုက်ကြီးတစ်တိုက်လုံးသုံးနိုင်အောင် ရေတိုင်ကီကြီးဆောက်လုပ်ပြီး ကျောင်းတိုင်းသို့ ရေပိုက်များသွယ်တန်းထားကာ ရေလှည့်တင်နိုင်သောရေစက်ကြီးကို ဦးသာလွန်းက လှူဒါန်းထားသည့်ပြင် သောက်ရေကန်၊ သုံးရေကန်၊ ငါးကန်များကိုပါ စုံစုံစေ့စေ့လှူဒါန်းထားကြသည်။

**□ ဆရာတော်ကြီး၏ နောက်ဆုံးအချိန်**

သက်တော် (၆၅) နှစ်သို့ကူးတော့မည့်ဆဲဆဲ ဝါဆိုလတွင် ထိုနေ့အဖို့ ဆွမ်းဘုဉ်းပေးရာ၌ ဖိန်းတိန်းတိန်းလေးလံ၍လာသော်လည်း အာဂန္တုရောဂါဟုပင် မှတ်ထင်ကာ ပေါ့ပေါ့ပင်နေလိုက်ပြီးနောက် ညချမ်းချိန်ခါသို့ ရောက်ပြန်တော့လည်း ခါတိုင်း ကျိန်းစက်နေကျ သမံတလင်းပေါ်မှာပင် ခန္ဓာကိုယ်ကြီးမှာ လေးလံ၍လာကာ လက်ယာဘက်ကိုယ်တစ်ခြမ်းမှာ လေဖြတ်၍သွားရှာလေတော့သည်။

**□ ဝေဒနာကိုသည်းခံခြင်း**

နံနက်အရုဏ်တက်ချိန်တွင် ချီချဉ်ပွဲဆက်ကပ်ရန်လာသော ကျောင်းသားလေးရောက်လာမှ ဆရာတော်ကြီးထတော်မမူနိုင်ကြောင်းသိရသော ကျောင်းသားလေးမှာ ကျောင်းတိုက်ကြီးဘက်သို့ ပြေးကာ ဆရာတော်ကြီးမထနိုင်တော့ကြောင်းပြောပြတော့မှ တပည့်အများစုဝေးရောက်လာကြပြီး သမားတော်ခေါ်ကာကုသလေရာ အနှိပ်ပါမှဟန်ကျမည်ဆိုပြန်သဖြင့် အနှိပ်သမားတော်... တစ်လ (၃၀)ဖြင့်ငှားရမ်းကာ ကုသကြ... မျှမက ခမတ်ဆရာတော်ကြီးအားပင့်... ကာ ညောင်လန်းကုန်းဆရာတော်ကြီး၏ ဇာတာကို စစ်ဆေးတော်မူစေရာ ဆရာ... တော်ကြီး၏ဇာတာတော်မှာ စန်းပြတ်လွန်းပြတ်၊ ကြွင်းနဝင်းပါပြတ်နေပြီဖြစ်... သည့်အတွက် တပည့်အပေါင်းတို့၏ ဝတ္တရားအရ ပင်ပန်းမှုမရှိရလေအောင်... သာ ပြုစုတော်မူကြပါ။ ဆရာတော်ကြီး၏ ဇီဝရုပ်ဟာ အလွန်ဆုံး ရှစ်လကျော်... ကိုးလသာခံတော်မူမည်ဖြစ်ကြောင်းအမိန့်... ရှိလေသည်။

ဆရာတော်ကြီးသည် အေဒီ... ၁၉၃၈ ခုနှစ် (၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလ...) တွင် ခန္ဓာဝန်ချတော်မူခဲ့လေသည်။

ဤဆောင်းပါးဖြင့် ညောင်လန်း... ကုန်းဆရာတော်ဘုရားကြီးနှင့် အဒေ... ဦးရန်အောင့်တို့အား ဦးခိုက်လျက်၊

တင်အောင် (စက်မှုတက္ကသိုလ်)

**ကျမ်းကိုး -**

၁။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ... တောရဆရာတော် အရှင်ပဏ္ဍိ... ထေရ် စီစဉ်ရေးသားအပ်သော... (ရွှေကျင်နိကာယသာသနာဝင်... ဒုတိယအကြိမ်၊ ၁၉၈၈ ခုနှစ်)

၂။ ဟံသာဝတီခရိုင် သုံးခွမြို့နယ်... ညောင်လန်းကုန်းရွာ၊ ပတ္တမြား... စေတီတော်သမိုင်းနှင့်ညောင်လန်း... ကုန်းဆရာတော်ဘုရားကြီးအော... ပုဂ္ဂိုလ်ကထာ၊ ဘီ၊ အီး၊ တိ... တိုက်၊ ရန်ကုန်မြို့။ (ပြုစုသူ သူရိယသတင်းစာအ... တာချစ်ဆွေ)

၃။ ကျိုက်ထီးဆောင်းငြိမ်ကာပေါင်း... (မောင်ပန်းမွှေး ပြုစုသည်)

၄။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်း... များ ပထမတွဲ (မောင်ပန်းမွှေး... သည်။)

၅။ သာသနာ့တန်ဆောင်ဆရာတော်... ကြီးများနှင့် အံ့မခန်းဖြစ်ရပ်... များ (တင်အောင်သွင်) (တိုးထက် စီစဉ်၍ ရန်အောင်... စာပေမှထုတ်ဝေသည်။)



www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား။ "ခင်းကွန်း တိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"ရဲ့ လက္ခဏာ ပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက် ရှုယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန် ဝင်ပြီးမှ စေတီတော်ရဲ့ ဖောင်းရစ် ပေါ်တင်ပြီး ဟောစာတမ်း ရေးခဲ့သည်။ ဆရာတော် ဘုရားကြီးရဲ့ ပျံလွန် တော်မူမယ့်ကာလ ၊ လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၃၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော် ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါ ဝေဒနာခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ... သဝေဒမဂ္ဂဇင်း အမှတ်(၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇- ... တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာ ချမ်းမင်း အခုမြန်မာ ပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေး တယ်။ သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်း သွားမေး ... ကွက်တိ မှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။အဲဒီတုန်းက ကျွန်တော်ဟာ သာမန် ... ရောင်း အဝယ် သမားလေး တစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာ ချမ်းမင်းက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော်မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာတစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး ... ရတနာဆိုင်ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်း စကားပါး ... ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီ လ၊ စာမျက်နှာ - ၁၅၃)



**ဆရာချမ်းမင်း(LL.B)**

**သိပ္ပံလက္ခဏာနှင့် နက္ခတ္တဗေဒ**

**အမှတ်တရရဲ့ အမှတ်တရ** - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တကရှိအိတိုစံ** ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာလာရောက် ဆွေးနွေးသွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ်(၅၇)၊ ဇူလိုင်၊ ၂၀၀၂ စာမျက်နှာ-၁၃၂-၁၃၃-၁၃၄-၁၃၅)

"ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(Itti Balanoora)** ဆိုတဲ့ နာမည်ကြီး အဆိုတော် ... ရေးဆရာ ပရိုဂျူဆာကို ဟောပြောခဲ့ ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ ... ဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစား ရမယ့်အကြောင်း၊ ကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေ ကြောင့် ကျွန်တော့်ကို ... လေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ ... ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ - ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်-၂၈၈၊ စာမျက်နှာ - ၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

**လက္ခဏာပညာဖြင့် အကူအညီပေး [illegible] လက္ခဏာ အမှတ်(၂)**
**မကြာမီ ထွက်ရှိလာမည်ဖြစ်သည်**

**... ညွှန်-ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း(တတိယမြောက် ဘယ်ဘက် လမ်းသွယ် -ရွှေခတ္တာလမ်း)- ... ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)**
**ဖုန်း-09 8516520**

www.burmeseclassic.com

"ဟယ် - မောင်မောင်သန်းပါလား"

"ဟုတ်ကဲ့ - အစ်မ"

"နင့်ဆရာအိပ်နေတယ်"

"ဟုတ်ကဲ့ - ရတယ် အစ်မ၊ ကျွန်တော်ထိုင်နေပါ့မယ်"

ဆရာ့အိမ်ရှေ့သို့အရောက် ဆရာကတော်နှင့် လှေကားဝတွင်ဆုံခြင်း ဖြစ်၏။ ဆရာကတော်သည် အပြင်သို့ တစ်ခုခုသွားဝယ်ရန်ထွက်မည့်ပုံပေါ်၏။

ကျွန်ုပ်က -

"ကျွန်တော် ဘာလုပ်ပေးရမလဲ အစ်မ"

ဟု မေးသောအခါ -

"ရတယ် - ထိုင်သာနေ။ အစ်မ ဟာအစ်မသွားဝယ်မယ်"

ဟုပြောရင်း ထွက်သွား၏။

ကျွန်ုပ်လည်း ဆရာနှင့် ခပ်လှမ်းလှမ်းတွင် တိတ်ဆိတ်စွာထိုင်နေလိုက်ပါသည်။

ဆရာသည် မျက်နှာပေါ် ပဝါစစည်းထားသလိုမျိုးတင်ထားရင်း အိပ်ပျော်နေ၏။

နာရီဝက်ခန့်ကြာသော် -

ဆရာနိုးလာပါသည်။ ဆရာနိုးလာပြီး ပဝါစဖယ်၍ ဘေးဘယ်ညာကြည့်ရင်း ညင်သာစွာထထိုင်လိုက်၏။

"မင်းဒီနေ့ဘာလဲ၊ ဈေးမထွက်ဘူးလား"

"ဟုတ်ကဲ့ - ဆရာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်. . . . ဆရာ့ဆီလာချင်လို့ပါ ဆရာ"

"ဩော်"

ဘာမှဆက်မပြောတော့။ ထသွားပြီး မျက်နှာသစ်၊ ပလုတ်ကျင်းပြီးမှ ပြန်လာထိုင်၏။ ဆရာနိုးပြီဖြစ်၍ ကျွန်ုပ်လည်း ဆရာ့သားများဆီမှ ချိုင့်တောင်းပြီး လက်ဖက်ရည်ဆိုင်သို့ ဒုန်းပြေးလေတော့၏။

"ကြို့ဝယ်ထားရင် အေးသွားမှာစိုးလို့ပါ ဆရာ"

"အေး"

ကိုင်းဖန်ခွက်ကြီးကိုကိုင်၍ လက်ဖက်ရည်တစ်ကျိုက်မော့သောက်လိုက်ရင်း ခေါင်းညိတ်၏။ ဆရာ့မျက်လုံးသည် ဆေးလိပ်ခွက်ဆီ ရောက်သွားလေရာ ကျွန်ုပ်က လမင်းဆေးပေါ့လိပ်မီးညှိပြီး ခါစကို ဆရာ့ဘက်လှည့်ကာ ဆေးလိပ်ခွက်နှုတ်ခမ်းဆီတင်လိုက်ရင်း မီးခြစ်လေးကို အဆင်သင့်ချထားလိုက်၏။

"မင်းဘာကိစ္စရှိလဲ"

လမင်းဆေးပေါ့လိပ်ကို မီးညှိဖွာလိုက်ပြီး ကျွန်ုပ်ကိုမေးရင်း စိုက်ကြည့်နေ၏။

"ကျွန်တော်. . ကျွန်တော် ဆရာ့ရဲ့ခွင့်ပြုချက်လာယူတာပါ ဆရာ"

"ဘာခွင့်ပြုချက်လဲ"

"ကျွန်တော်. . . ကျွန်တော်. . . ပေဒင်ဟောခွင့်ပါ။ ဆရာခွင့်ပြုမလားလို့ပါ"

"အေးလေ - မင်း ခုလည်းဟောနေတာပဲလေ။ ဟောနေတာပဲ အရှိန်လေးတော်တော်ရလာပြီ။ မင်းပဲပြောတာလေ၊ အထည်ရောင်းရင်းနဲ့လည်းဟောတယ်ဆို။ ငါ့ရှေ့မှာလည်းဟောနေတာပဲ"

"ဟုတ်ကဲ့"

"အေးလေ - အဲဒါ ဘာထူးလို့လဲ"

"ခုဟာက ဟို. . . ပိုက်ဆံနဲ့ ပိုက်ဆံယူပြီး ဟို-အဲသလို အခကြေးငွေနဲ့ဟောမလားလို့ပါ ဆရာ"



"ဩော်. . မင်းက လေကိုတရားဝင်ရောင်းတော့မယ်ပေါ့"

ဆရာပြောရင်းရယ်နေလေ၏။ ကျွန်ုပ်လည်း ရယ်နေလိုက်ပါသည်။ ဆရာ့စကားကို သဘောကျ၍ ကျွန်ုပ်ရယ်နေလိုက်ပါသည်။

"ဈေး. . . မရောင်းတော့ဘဲ ဟောတော့မလားလို့ပါ ဆရာ"

"တစ်ခုခုအမိအရရှိအောင်လုပ်၊ လုပ်မယ်ဆို ဖြစ်အောင်လုပ်နိုင်မှဖြစ်မှာ။ ဈေးမရောင်းဘဲတော့မနေနဲ့ဦးလေ၊ ဒီရက်ထဲတော့ရောင်းနေလိုက်ဦး။ မင်းကို ငါပြောစရာတွေရှိတယ်။ အဲဒါတွေ မင်းသေချာအာရုံစိုက်နားထောင်ပြီး မင်းလိုက်နာနိုင်မယ်ဆိုရင် မင်းဈေးမရောင်းနဲ့တော့၊ ဟောတော့"

ကျွန်ုပ်ဒိတ်ခနဲ ဖြစ်သွား၏။ မကြားဘူးသောစကား ဖြစ်၏။ 'မင်းလိုက်နာနိုင်မယ်ဆိုရင်' ဟူသောစကားကြောင့် ရင်ဖိုသွား၏။ ဘာများလဲမသိဘူးဟု တွေးနေမိ၏။ ဆရာ့ကိုပြန်မမေးရဲ၍ သာ ငြိမ်နေပြီး ဆရာ့ကိုသာ ကြည့်နေလိုက်ပါသည်။

"ဘာလဲ - မင်းအမေကော ပြောပြီလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"အေးလေ - သူ့ခမျာ မင်းကို ဖြစ်စေချင်လွန်းလို့ မင်းလက်ကိုဆွဲပြီး ငါ့ဆီလာအပ်ခဲ့တာပဲ။ ဖြစ်စေချင်ရှာမှာပေါ့ မအေပဲ"

လမင်းဆေးပေါ့လိပ်ကိုဆက်ဖွာရင်း အေးစက်စက်ဖြစ်စပြုနေပုံရသော လက်ဖက်ရည်လက်ကျန်များကို အကုန်မော့သောက်ပါတော့သည်။

"တစ်ခုခုကို ဇောက်ချလုပ်တော့မယ်ဆိုရင် ယုံကြည်ချက်ရှိရတယ်ကွ။ ယုံကြည်ချက်ကို မင်းအရင်ဆုံးတည်ဆောက်ရလိမ့်မယ်။ မင်းကိုယ်မင်းမှမယုံကြည်ရင် မင်းဆီလာမေးမယ့်သူက မင်းကို ဘယ်လိုယုံရတော့မလဲ မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"နေရာတကာ နှိုသက်ခံစို့လို့မဖြစ်ဘူး။ ထစ်ခနဲဆို ငါ့လာမေးလို့မဖြစ်ဘူး။ မင်းဟောပြီဆိုရင် မေးသူနဲ့မင်းနဲ့ မျက်နှာချင်းဆိုင် ထိပ်တိုက်တွေ့ရတော့မှာ။ ခဏနေပါဦးဗျာ၊ ကျွန်တော့်ဆရာဆီ ပြေးမေးလိုက်ပါဦးမယ်ဆိုလို့မရဘူး"

ကျွန်ုပ်ရယ်ရင်းခေါင်းညိတ်လိုက်ပါသည်။ ဆရာပြောနေသည်ကို ခပ်လှမ်းလှမ်းမှနားထောင်နေကြသော ဆရာ့သားလေးများက ကျွန်ုပ်ကိုကြည့်ရင်း ရယ်ကြ၏။ ကျွန်ုပ်က သူတို့ဘက်လှည့်ရယ်မပြရဲပါ။ဆရာကြည့်နေ၍ဖြစ်သည်။

"ဒီနေ့ အငါးနေ့မို့လား"

"ဟုတ်ကဲ့"

"မင်း သန်ဘက်ခါ လာခဲ့လေ။ ဒီနှစ်ရက်တော့ ဈေးထွက်လိုက်ဦး။ မင်းခုပြန်ရင် ဈေးထွက်ဖို့မီတယ်မို့လား"

"ဟုတ်ကဲ့"

"အေး - သွားထွက်"

ဆရာ့ကို ဦးသုံးကြိမ်ကန်တော့ပြီး အလျှင်အမြန်ဆင်းလာလိုက်ပါသည်။ ဆရာတစ်ခုခုခိုင်းပြီဆိုလျှင် ပြန်မပြောရဲပါ။ ဆင်ခြေဆင်လက်မပေးရဲပါ။ ဆရာ့စကားပြီးသည်နှင့် ဘာလုပ်ရမည်ကို ကြံတွေးထားပြီး ချက်ချင်းထလုပ်ရသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။

လမ်းတွင် အစ်မနှင့်တွေ့၏။

"ဟဲ့ - ဘယ်လိုဖြစ်ရပြန်တာလဲ။ ချက်ချင်းကြီးပဲပြန်တော့မလို့လား"

ဟု အစ်မက မေး၏။

ကျွန်ုပ်က -

"ဟုတ်ကဲ့ အစ်မ၊ ဆရာက ဈေးထွက်ခိုင်းလို့"

ဟု တစ်ခွန်းသာပြောပြီး သုတ်ခြေတင်ရပါတော့သည်။

"လူလေး"

"ဗျာ - အမေ"

"နင့်ဟာ စကောစကကြီးပါလား။ ဈေးထွက်ဦးမလို့လား ကတိုက်ကရိုက်နဲ့"

"အင်း. . . ဒီအချိန်ကြီးကျမှတော့ မထွက်တော့ဘူးလေ အမေ။ ရောက်သွားရင်ပဲမှောင်လောက်ပြီ။ ခင်းမှာသိမ်းမှာနဲ့ ရောင်းချိန်မရှိတော့ဘူး"

ကျွန်ုပ်လည်း အမေ့အားပြောရင်း တောင်ကြည့်မြောက်ကြည့်လိုက်ကြည့်နေလိုက်၏။

"အမေ - ဦးလေးကိုတင်မောင်ရော"

"ပြန်သွားပြီလေ သား။ သူတို့က အမေ့ဆီလာရင်တည်းခဲ့ပါတယ်။ နေ့ချင်းပြန်ကြတာများတယ်။ ဟိုးတုန်းထဲက သားငယ်ငယ်လေးထဲက အဲဒီအတိုင်းပဲ။ ခုလည်း သူကိစ္စတွေပါလာသေးတယ်။ ပြောသွားတယ်၊ တူကြီးပြန်လာရင်ပြောလိုက်၊ ကြာအင်းမှာလာဟော၊ ဦးလေးတို့လိုတာအကုန်လုပ်ပေးမယ်လို့ပြောသွားတယ်လို့ဆိုပြီး ပြောသွားသေးရဲ့"

ကျွန်ုပ်ရယ်နေလိုက်၏။

"သားအခုဘယ်ကပြန်လာတာလဲ။ ဘာမပြောညာမပြော ဘယ်ထသွားလို့သွားမှန်းမသိဘူး။ ပြန်လာနိုးပြန်လာနိုးနဲ့ တင်မောင်ကလည်တဆန့်ဆန့်နဲ့"

"ဆရာ့ဆီသွားတာ အမေ"

"ဩော် - တွေ့ခဲ့လား"

"ဟုတ်ကဲ့ - အမေ့ကိုကြည့်ပြီး သားစိတ်မကောင်းဘူး။ အမေ သားကို အရမ်းဖြစ်စေချင်တာ သားသိပါတယ်။ သားကို ဆရာတစ်ဆူဖြစ်စေ့ချင်တဲ့အမေ့အတွက် သား ဆရာ့ဆီသွားတာ"

"ဩော်. . . မသိပါဘူး။ ဖြုန်းခနဲဆိုတော့"

"ဆရာက သားကိုပြောလိုက်တယ်။ လုပ်မယ်ဆိုရင်တော့ ဖြစ်အောင်လုပ်နိုင်မှဖြစ်မယ်တဲ့။ ဈေးမရောင်းဘဲတော့ မနေနဲ့ဦးတဲ့။ တစ်ခုခုကိုဇောက်ချလုပ်တော့မယ်ဆိုရင် ယုံကြည်ချက်ရှိရမယ်တဲ့။ ဒီနှစ်ရက်ဈေးထွက်ပြီး ကြာသပတေးနေ့လာခဲ့တဲ့"

"ဩော် - အေးလေ၊ ဆရာဘာလုပ်ပေးမလဲမှမသိတာ"

"သား - ဟောဖို့ကြိုးစားနေပြီ အမေ"

"ဒါဆို အမေလည်း ဆရာ့အမေဖြစ်ပြီပေါ့"

မျက်နှာလေးမော့ မေးလေးရှေ့ထိုးပြီး ပြုံးရင်းပြောလိုက်သောအမေ၊ ဇရာထောင်းနေပြီဖြစ်သော်လည်း အသံမှာ နုပျိုနေသည်ဟု ကျွန်ုပ် ခံစားရ၏။

အမူအရာလေးမှာ ချစ်စရာကောင်းလှ၏။

"ဟောမှာပါ၊ သားဟောတော့မှာ"

"အမေလည်း ကြာအင်းထိအောင်သွားပြီးကြွားမယ်၊ တွေ့လား - ငါ့သားက ဆရာဟော့ဆိုပြီး"

လက်မလေးထောင်ရင်း ရယ်နေ၏။ ကျွန်ုပ်ကပါလိုက်ရယ်နေမိ၏။

"ဘဝတစ်ခုကနေ ဘဝတစ်ခုကို အခြေအနေတစ်ခုကနေ အခြေအနေတစ်ခုကို ပြောင်းယူတော့မယ်ဆိုရင် ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့စိတ်က သူ့အလိုလို ဝင်လာတယ်နော် အမေ"

"ဒါက သားက တွေးလွန်းလို့ပါ။ သားဟောမှာက သားသင်ထားတတ်ထားပြီးသားပညာတွေပဲ၊ အဆန်းမှမဟုတ်ဘဲ။ ခက်တာက ငါ့သားက ငယ်ငယ်လေးတုန်းက လူသိပ်ကြောက်တာပဲ။ ချောင်လေးထဲမှာ ငြိမ်ပြီးဆော့နေတတ်တယ်။ ဧည့်သည်လာရင် ချောင်ထဲရောက်သွားရော။ ဟော - ကြီးလာတော့လည်း ကရာတေးသင်တန်းတွေဖွင့်၊ လက်ဝှေ့တွေထိုးနဲ့ ဒီလိုပဲ။ လူဟာ အမြဲအားငယ်နေတတ်လို့မဖြစ်ဘူး။ နင့်အဖေနဲ့အမေနဲ့ကွဲတော့ အမေဆို ဘာမှလုပ်ဖူးတာမဟုတ်ဘူး။ သားတို့သိတယ်မို့လား အမေအားမငယ်ခဲ့ဘူး"

"ဟုတ်ကဲ့ - သိပါတယ်"

"ငါ့သားလေးနဲ့ ငါ့သမီးလေးကို ရအောင်ရှာကျွေးခဲ့တယ်။ အမေအားငယ်နေရင် ငါ့သားတို့ သူများခြေကြိုခြေကြားရောက်သွားမှာပေါ့။ ဒီလိုပဲပေါ့ သားရဲ့၊ ဘဝဆိုတာ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့စိတ်ဝင်နေလို့ကတော့ ငါ့သားဘာမှဖြစ်မှာမဟုတ်ဘူး။ ကိုယ်လုပ်ရမှာကိုသာလုပ်၊ ဆရာ့ကိုသေချာပြောပြ၊ ဆရာခိုင်းသလိုလုပ်။ သားသူများတွေကိုလုပ်ပေးနေတာ အောင်မြင်နေကြတာပဲ။ ကုသိုလ်ဘယ်လောက်ရတယ်မှတ်လဲ။ ဆရာတစ်ဆူဖြစ်ဖို့လွယ်မှတ်လို့၊ ဘယ်လောက်ကွေ့နေရလဲ"

ကျွန်ုပ် တွေးနေပါပြီ။

အင်း. . . အဖေအလုပ်နားလိုက်ချိန်ကစပြီး တို့မိသားစုလေးရဲ့ဘဝ ပြောင်းလဲသွားခဲ့ရတယ်။ ငါ့အမေဟာ ရေခဲရေသည်ဘဝကိုရောက်သွားတယ်။ ပြီးတော့ ကုန်စိမ်းသည်ဘဝ၊ ညသန်းခေါင်ဆို ငါ့အမေဟာ လက်ထဲမှာ ဓားမြှောင်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားပြီ ငါ့ကိုဖက်ထားရင်း ကီလီမှာ ကုန်စိမ်းကြိုခဲ့ရရှာတယ်။ မိန်းမသားဖြစ်ပါရက်နဲ့ အမူးသမားယောကျ်ားကြီးတွေ

www.burmeseclassic.com

ကြားမှာ ဓားတစ်ချောင်းနဲ့ ဘဝကို ရဲရဲဖြတ်သန်းခဲ့ရရှာတယ်။ သားလေးကို လက်ဆွဲပြီး လောကဓံတရားကို ကြံ့ကြံ့ခံခဲ့တယ်။ နန္ဒဝန်ဈေးဝ ကုန်စိမ်းတန်းလေးဟာ ငါတို့သားအမိဘဝဖြတ်သန်းခဲ့ရတဲ့နေရာလေးပဲ။ နှစ်တွေသာကြာလာတယ်၊ တို့သားအမိ ဘာမှဖြစ်မလာဘူး။ ငါ့အမေကြိုးစားသလောက် မအောင်မြင်ခဲ့ရှာဘူး။ အသုပ်ရောင်းတယ်။ ငါ့အမေအသုပ်သည်ဘဝနဲ့ ဒီတိုင်းပဲ။ မုန့်ဟင်းခါးသည်ဘဝနဲ့ နှစ်တွေကြာခဲ့ပြန်တယ်။ မအောင်မြင်ခဲ့ပြန်ဘူး။ အုန်းသီးရောင်းတယ်၊ ဘာမှဖြစ်မလာဘူး။ ငါ့အမေခမျာ ဒီအလုပ်တွေရဲ့ ဒဏ်တွေပိပြီး ဇရာဘက်ကိုယိုင်သွားတာပဲရှိတယ်။

ငါရော -

ငါ့အမေကို ငါကူလုပ်ပေးရင်းပေးရင်း ငါအရွယ်ရောက်လာတဲ့အချိန်ကစပြီး ငါ လက်မှတ်မှောင်ခိုလည်းလုပ်ခဲ့ပြီးသွားပြီ။ လူမိုက်တွေနဲ့ပေါင်းပြီး လူမိုက်လုပ်ရင်း ငါ့အမေကို လုပ်ကျွေးခဲ့ပြီးသွားပြီ။ ငါ့အမေနဲ့အတူ မှောင်ခိုဈေးကွက်မှာ လိုင်းကြီးတို့ဖော့ခရစ်တို့လည်းရောင်းခဲ့ဖူးပြီးသွားပြီ၊ ကားဘက်ထရီထိုးထည့်တဲ့ ခဲဆန်ကာလုပ်ပြီးတော့လည်း ငါ့အမေကို လုပ်ကျွေးပြီးသွားပြီ။ ဆေးလိပ်ခုံထောင်ပြီးတော့လည်း ကြိုးစားပြီးသွားပြီ။ အထည်သည်ဘဝနဲ့ စိန်ဂွန်းဈေးမှာလည်း ကျင်လည်ခဲ့ရပြီးပြီ။ ခုလည်း လမ်းဘေးဈေးသည်ကြီးဘဝနဲ့ ငါ့အမေကို ငါလုပ်ကျွေးနေတာပဲ၊ ဘာမှဖြစ်မလာဘူး. . .။ ဒီတော့ ငါ့အမေပြောသလို ငါသာ ဆရာတစ်ဆူဖြစ်သွားပြီဆိုရင်. . . အင်း. . .

❑

"မင်း မင်းကိုယ်မင်းယုံရဲ့လား"

"ဟုတ်ကဲ့ - ယုံပါတယ် ဆရာ"

"ဒါဖြင့် ဟောတော့မယ်ပေါ့"

ကျွန်ုပ်ရယ်နေလိုက်၏။

"ဘယ့်နှယ် - မင်းကိုယ်မင်းယုံတယ်ဆို ပြောတော့ရယ်နေပါလား"

"ဟောမယ် ဆရာ"

"ဟောမယ် - ဟုတ်ပြီ။ ဒါဆို မင်းကိုယ်မင်း ဗေဒင်ဟောနေတဲ့ဆရာတစ်ဆူပါလားဆိုတာ အရင်ဦးဆုံးမြင်လာအောင်ကြည့်"

"ဗျာ"

"မင်းကိုယ်မင်းစိတ်ကူးပြီးတော့ပုံဖော်၊ ငါဆရာတစ်ဆူဖြစ်နေပြီဆိုတဲ့ပုံဖော်။ မင်းဆရာဆိုတာ မင်းကိုယ်မင်းမြင်အောင်ကြည့်၊ မင်းကိုယ်မင်းပြန်လက်ခံနိုင်လာအောင်စိတ်ကူးပုံဖော်။ မင်းကိုယ်မင်းမှလက်မခံနိုင်ရင် မင်းကို ဘယ်သူမှလက်ခံမှာမဟုတ်ဘူး။ ဒါဖြင့် ဟုတ်ပြီ၊ မင်းဘဝကို . စပြီးတစ်ဆစ်ချိုးပြောင်းဖို့အတွက်၊ ဈေးသည်ကနေ ဆရာတစ်ဆူဖြစ်လာဖို့အတွက် မင်းဘာလုပ်နိုင်လဲ၊ ဘာတွေလုပ်ပြီးပြီလဲ။ မင်းကိုယ်မင်းဖြည့်ပြီးပြီလား။ ဖြည့်မှ မင်းသူများကိုပေးနိုင်မှာလေ။ မင်းကိုယ်မင်းဖြည့်မထားနိုင်ဘဲနဲ့ မင်း သူများကိုဘာသွားပေးမလဲ။ ဒါကြောင့် ဘာတွေလုပ်ပြီးပြီလဲ"

ကျွန်ုပ် တွေဝေနေ၏။

"ငါပြောနေတာက မင်းစိတ်အားငယ်ဖို့မဟုတ်ဘူး။ မင်းကို စိတ်ခွန်အားတွေပေးနေတာ။ ငေါင်မနေနဲ့"

"ဟုတ်ကဲ့"

"ကဲပါ - ငါပဲပြောလိုက်ပါ့မယ်။ မင်းအခုနီးစပ်ရာလူတွေကိုဟောနေတာမဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"ငါ့ရှေ့မှာတောင် မင်းဟောနိုင်တယ်လေ"

"ဟုတ်ကဲ့"

"ဒါဖြင့် မင်းတတ်သင့်သလောက်တတ်မထားလို့လား"

"တတ်ထားပါတယ် ဆရာ"

"အေးလေ - ငါတတ်ထားတယ်၊ ငါဖြစ်အောင်လုပ်မယ်ဆိုတာ ဖြစ်နေရမှာပေါ့ဟဲ့ငွားရဲ့။ ဘာတွေလုပ်ပြီးပြီလဲ ငါကမေးတယ်၊ ခွေးအကြီးလှည်းနင်းတာကျနေတာပဲ ငေါင်လို့"

ပြောရင်းနှင့် လမင်းဆေးပေါ့လိပ်မှပြာဟောင်းများကို ဆေးလိပ်ခွက်နှင့်ထိပြီး ခြွေနေ၏။ ပြီးမှ မီးခြစ်ခြစ်ပြီးဆေးလိပ်ညှိရင်း တစ်နေရာသို့လှမ်းကြည့်နေ၏။

"ကောင်းပြီလေ - ငါခွင့်ပြုတယ်။ မင်းဟောပေတော့"

ဆရာ့မျက်နှာအား ဆတ်ခနဲလှမ်းကြည့်လိုက်၏။ အမေက ဆရာတစ်ဆူဖြစ်စေချင်သည်၊ ဆရာကဟောခိုင်း၏။ ပြီးပြီဟု တွေးရင်း ဝမ်းသာလွန်းလို့ ရင်တဖိုဖိုဖြစ်နေ၏။

"ဒါပေမယ့် မင်းဒီတိုင်းတော့ဟောလို့မရဘူး။ မင်းကို ငါ စကားတွေပြောရတော့မယ်။ ဘာလို့လဲဆိုတော့ မင်းဟာ ငါ့ဆီက အင်္ဂဝိဇ္ဇာပညာတွေသင်ထားတာမို့လို့ပဲ။ ဒီတော့ မင်းလုံးဝမလုပ်ရမှာတွေ ငါပြောမယ်။ မင်း အမှုအခင်းလုံးဝဓာတ်မရိုက်ရဘူး။ ငါပြောတာကြားလား"

"ဟုတ်ကဲ့"

"အေး - အမှုအခင်းကိုဓာတ်ရိုက်ဖို့ မင်းကိုငါခွင့်မပြုဘူး။ မင်းမလုပ်ရဘူး။ ဘာဖို့လဲ. . . အမှုအခင်းဖြစ်တယ်ဆိုတာ ဆိုကြပါစို့ကွာ၊ လူတစ်ယောက်ဟာ သူ့မိသားစုကိုရှာကျွေးဖို့ ဓားပြတိုက်ရောဆိုပါတော့၊ ဒီလူကိုမိရော။ အဲဒီမှာ ဒီလူရဲ့မိသားစုဝင်တစ်ယောက်ယောက်က မင်းဆီလာရော။ ဆရာရယ် ကျွန်မယောက်ျားကိုလွတ်အောင်လုပ်ပေးပါဆိုပြီးပြောမယ်။ မင်းကလွတ်အောင်လုပ်ပေးဖို့စဉ်းစားပြီဆိုရင် အဲဒီထက် အရင်မင်းစဉ်းစားရမှာက သူက သူများပစ္စည်းကို မတရားသွားလုပ်တယ်။ ဒါဖြင့် အဲဒီမတရားမှုအတွက် သူပြန်ပေးဆပ်ရတာမဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒါကို မင်းက သူ့ကိုလွတ်အောင်လုပ်ပေးမယ်ဆိုတော့ မင်းရောတရားပါ့မလား"

ကျွန်ုပ် တွေဝေသွား၏။ အဖြေများထုတ်ကြည့်နေ၏။

"မင်းစဉ်းစားလေ၊ တရားပါ့မလား"

"ကျွန်တော် မတရားပါဘူး ဆရာ"

"ဒါပေါ့။ သူက သူများပစ္စည်းကို မတရားလုပ်ထားတာလေ။ သူပြန်ပြီးတန်ရာတန်ကြေးပေးဆပ်ရတာဒါမဆန်းဘူး။ သူလုပ်ထားတဲ့အပြစ်ကို ဘာဖြစ်လဲ. . ."

"သူပြန်ပေးဆပ်ရတာပါ ဆရာ"

"အေး - အဲဒါပဲ၊ မင်းသဘောပေါက်သွားပြီ။ ဟုတ်ပြီ ထပ်ပြောမယ်။ လူတစ်ယောက်ဟာ လူတစ်ယောက်ကိုရိုက်လိုက်တယ်ဆိုပါစို့ကွာ။ ရိုက်လိုက်တဲ့ကောင် အမှုဖြစ်ရော၊ ဖမ်းခံရရော။ သူ့အသိုင်းအဝိုင်းက မင်းဆီမှာ သူ့အတွက်ဓာတ်လာရိုက်မယ်တဲ့ကွာ၊ မင်းစဉ်းစားတရားပါ့မလား။ သူက သူများကိုရိုက်လိုက်တဲ့ကောင်လေ"

"မတရားပါဘူး"

"အေး - ပြီးတော့ ငါပြောမယ်။ ပြဿနာတစ်ခုဖြစ်ပြီဆိုရင် သူကလည်း သူမှန်တယ်ပြောမှာပဲ။ တစ်ဖက်ကလည်း သူမှန်တယ်ပြောမှာပဲ။ ဘယ်သူမှ ကျွန်တော်မှားပါတယ်ပြောမှာမဟုတ်ဘူး။ မင်းကလည်း ဘယ်သူမှားတယ်၊မှန်တယ် သိမှာမဟုတ်ဘူး။ လာပြောတဲ့လူပေါ်မူတည်ပြီးမင်းလုပ်ရမှာလေ။ ဒီတော့ တစ်စုံတစ်ယောက်ကြောင့် တစ်စုံတစ်ယောက်ကို မတရားမှုလုပ်လိုက်မိရင် မင်းအတွက် သက်ရောက်မှုတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတတ်တယ်။ ဒါကို မင်းခံနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် အမှုအခင်းကိစ္စတွေရှောင်ခိုင်းနေတာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ငါပြောနေတာက မင်းအကုသိုလ်ရှယ်ယာမပါအောင်ပြောနေတာ မင်းလိုက်နာရမယ်"

"ဟုတ်ကဲ့ - လိုက်နာပါ့မယ်"

"မကောင်းတာလုပ်တဲ့သူအတွက် တရားဥပဒေဆိုတာ သူ့ဟာသူရှိပြီးသား။ သူမကောင်းတာလုပ်ရင် သူပြန်ပေးဆပ်ရမှာပဲ။ မဟုတ်ဘူးလား ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းက သူ့ကိုလုပ်ပေးဖို့အတွက် မင်းမှာ သူ့အပြစ်ဒဏ်ကိုချေဖျက်ပေးနိုင်လောက်တဲ့အထိ အစွမ်းသတ္တိမရှိဘူး။ ငါပြောတာ ရှင်းလား"

"ဟုတ်ကဲ့ - ရှင်းပါတယ်"

"ဒီတော့ မကောင်းမှုအားများတဲ့ကိစ္စကို သွားပြီးထိလိုက်ကိုင်လိုက်တာနဲ့ အဲဒီအပူဟာ မင်းဆီကိုကူးလာပြီသာမှတ်တော့။ ဘာလို့လဲဆိုတော့ မင်းဟာကောင်းကင်ထပ်ပုံနိုင်လောက်အောင်လည်း အစွမ်းမရှိဘူး။ မြေလျှိုးမိုးပျံနိုင်လောက်အောင်လည်း အစွမ်းမရှိဘူး။ သာမန်လူပဲ။ ဒါကြောင့် လူတို့မှာဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း အပူဆိုတာကူးလာမှာပဲ။ ဒါကြောင့် ရှင်းတယ်နော်"

"ဟုတ်ကဲ့"

"ဒီလိုကိစ္စတွေကို ဓာတ်ရိုက်ပေးတဲ့သူတွေရှိကြပါတယ်၊ အများကြီးပဲ။ ငါပြောတာ မင်းတစ်ယောက်တည်းအတွက်ပြောတာ၊ မင်းမလုပ်ရဘူးလို့ဘဲ ငါပြောတာ။ ဒီလိုကိစ္စဖြစ်လာရင် ဒီကိစ္စတွေကိုလုပ်ပေးကြတဲ့သူတွေဆီသွားကြလိမ့်မယ်။ မင်းသာမလုပ်ရဘူး"

"ဟုတ်ကဲ့ပါ"

"လုပ်ပေးနိုင်စွမ်းတဲ့ အစွမ်းသတ္တိရှိတဲ့လူတွေကလုပ်ပေးလိမ့်မယ်။ မင်းကဘာအစွမ်းသတ္တိမှမရှိတော့ ငါ့တပည့်အဖြစ် ငါက မင်းအတွက် ခုလိုတားရပြုရပြီပေါ့ကွာ"

"ဟုတ်ကဲ့ - ကျွန်တော်လိုက်နာပါ့မယ် ဆရာ"

"ဒါဖြင့်-ဟုတ်ပြီ၊ အမှုအခင်းကိစ္စဆိုလိုက်တာနဲ့ ကျွန်တော် အဲဒီလိုကိစ္စမျိုးတွေမလုပ်တတ်ပါဘူးခင်ဗျာလို့ မင်းပြောရမယ်။ ဒါဆို လုံလောက်ပြီ"

"ပြောပါ့မယ် ဆရာ"

(ဆရာ၏စကားအမိန့်ကိုမလိုက်နာခြင်းမဟုတ်ပါ။ အလွန်မကင်းရာမကင်းကြောင်းမိတ်ဆွေများနှင့် ပတ်သက်ပြီး အမှုအခင်းများအတွက် ဓာတ်ရိုက်ပေးခဲ့ဖူး၏။

ဆရာပြောထားသည့် အတိုင်း တန်ပြန်သက်ရောက်မှုရောက်လာရာ ကျွန်ုပ်မှာ သတိကြီးစွာထား၍ ရှောင်ရှားခဲ့ရ၏။

ရာဟုနှင့် စနေ ပူးမှည့်ထားသူတစ်ယောက်အား နွားရိုးနှင့်ဓာတ်ရိုက်လိုက်ရာ ထင်မထားသောပြဿနာတစ်ခု ဝုန်းခနဲဝင်လာပါသည်။ ပြဿနာမှာ ကျွန်ုပ်ထံသို့ တိုက်ရိုက်ရောက်လာ၏။ အလွန်ကံကောင်းလွန်း၍ ဘာမှမဖြစ်ခဲ့ပါ။ အောင်မြင်နိုင်ခဲ့ပါသည်။ ထိုကိစ္စကို လုပ်ခိုင်းခဲ့သော အစ်ကိုလိုနေသူအား ပြောပြလေရာ -

"ဒါက မင်းကိစ္စနဲ့မင်းလေ၊ မင်းလုပ်လို့မင်းဖြစ်တာပဲ။ငါလုပ်တာမှမဟုတ်ဘဲ"

ဟု ခါးသီးစွာ လွှဲဖယ်သွား၏။ ကျွန်ုပ်မှာ အံ့ဩလွန်း၍ ဒီလူမှဟုတ်ပါ့မလားဟူသောစိတ်နှင့် သေချာကြည့်နေခဲ့မိပါသည်။ စကားပင်ဘာပြောရမှန်း မသိခဲ့ပါ။

တစ်ခါ -

လူတစ်ယောက်သည် အလွန်ဒုက္ခရောက်နေရကြောင်း ငိုယို၍ပြောလာရာ ကျွန်ုပ်ကလည်း ခင်မင်ရင်းစွဲရှိသည်နှင့် ဓာတ်ရိုက်ပေးလိုက်မိ၏။ ဘာမှမဖြစ်တန်ကောင်းဟုလည်း တွေးနေမိ၏။

မကြာပါ။

ထိုလူနှင့်ဆန့်ကျင်ဘက်ဖြစ်သောလူတစ်စုမှ ကျွန်ုပ်အား ဓားတဝင့်ဝင့်နှင့် စောင့်ပါတော့သည်။ သွားနေကျနေရာဖြစ်သော်လည်း မထင်မှတ်သောကိစ္စကြောင့် လမ်းလျှောက်၍ပင်မရ။ လမ်းပျောက်သလိုခံစားနေရ၏။ နီးရာလူတစ်ယောက်ကို ချဉ်းကပ်အကူအညီတောင်းပြီး သူ့အိမ်ဘေးကြားမှခဲရာခဲဆစ်ထွက်ပြီး နောက်ဖေးလမ်းကြားမှရှောင်ကွင်းထွက်လာခဲ့ရ၏။ ဓားတဝင့်ဝင့်အုပ်စုနှင့်သာရင်ဆိုင်ခဲ့ရပါလျှင် (၃)မိနစ်ပင်မကြာလောက်ပါ။ ဇီဝိန်ကြွေပြီးတစစီဖြစ်သွားနိုင်၏။

မေ့မေ့ပျောက်ပျောက်ရှိလောက်မှ ကျွန်ုပ်အား ကယ်ထုတ်ပေးခဲ့သူအားသွားရောက်တွေ့ဆုံပြီး လက်ဆောင်များနှင့် ရိုသေစွာထိုင်ကန်တော့ခဲ့မိပါသည်။

လူတစ်ယောက်ကို အမှုအခင်းကိစ္စ ဓာတ်ရိုက်ပေးခဲ့စဉ်ကလည်း မထင်မှတ်ဘဲဖျားပါတော့သည်။

အကြိမ်ကြိမ်ဖြစ်ပြီးသောအခါ 'တစ်စုံတစ်ယောက်ကြောင့် တစ်စုံတ ယောက်ကို မတရားမှုလုပ်လိုက်မိရင် မင်းအတွက် သက်ရောက်မှုတစ်ခုခု ရောက်လာတတ်တယ်။ ဒါကို မင်းခံနိုင် မှာမဟုတ်ဘူး။ မင်းမှာ သူ့အပြစ်ဒဏ် ချေဖျက်ပေးနိုင်လောက်တဲ့အထိ အစွမ်း သတ္တိမရှိဘူး။' အဲဒီအပူဟာ မင်းဆီ ကူးလာပြီသာမှတ်တော့' ဟူသောစကား အဆိုအမိန့်ကို အကြိမ်ကြိမ်အထပ်ထပ် ပြန်ကြားယောင်ပြီး ဆရာ့စကား မလွန်ဆန်ရဲတော့ပါ။ ပုဂ္ဂိုလ်ရေးကြည့်ပြီး ဘာမှမလုပ်ရဲတော့ပါ။

ထို့ကြောင့် အမှုအခင်းကိစ္စမ သမျှ လုံးဝမလုပ်တော့ခြင်းဖြစ်ပါသည်။ ဆရာ့စကားကို မြေဝယ်မကျနားထောင် ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာသည် ကျွန်ုပ်အကြောင်း အသိဆုံးဖြစ်၏။

တပည့်ကို အလွန်သံယောဇဉ်ကြီး ၏။

သူကိုယ်တိုင် တပည့်ကို ကရာဇ ပညာတိုက်ကွက်များသင်ကြားပြသ ခဲ့သည့် ကရာတေးဆရာကြီးဖြစ်သော် လည်း တပည့်ကို ရန်မဖြစ်ခိုင်းခဲ့ အကုသိုလ်များစေသောအကြောင်းတ များကို လုံးဝခွင့်မပြုခဲ့။ ယခုလည်း မကျွမ်းမကျင် မနိုင်မနင်းဖြစ်နိုင်မည်ထ သည့်ကိစ္စကိုတားခဲ့၏။

ဆရာတားခြင်းသည် ကျွန်ုပ်တစ် ယောက်တည်းအတွက်သာ ဖြစ်၏၊

မည်သူနှင့်မျှမဆိုင်ပါ။

သူ၏တပည့်ရင်းဖြစ်၍ သူတား ခြင်းသာဖြစ်ပါသည်။

ကျွန်ုပ်အတွက်သာ စိတ်ပူ၍တာ မြစ်ခဲ့ခြင်း ဖြစ်ပါသည်၊

ကျွန်ုပ်ကလည်း ဆရာသခ ကျေးဇူးရှင်၏စကားကို မြေဝယ်မကျန ထောင်သည့်အနေနှင့် ယနေ့ယခုအ အထိ မည်သည့်အမှုအခင်းကိစ္စကိ လုံးဝမလုပ်တော့ပါ။)

"နောက်တစ်ခု မင်းသူများချစ်ခြ လုံးဝမခွဲရဘူး။ ငါခွင့်မပြုဘူး"

ကျွန်ုပ်သည် ဆရာ့မျက်နှာအား သေချာစိုက်ကြည့်နေလိုက်၏။ စော မတက်ရဲပါ။ ဆင်ခြေမပေးရဲပါ။

"လူတစ်ဖက်သားရဲ့ ရင်ထဲ ထိခိုက်ကြေကွဲသွားစေနိုင်တဲ့ကိစ္စဖြစ် မင်းမလုပ်ရဘူး။ မင်းအများကြီးသင် တယ်။ ချစ်ခြင်းခွဲတာ ငါ့ကိုပြောပြ ဘာနဲ့ခွဲမလဲ"

"ရန်ဓာတ်နဲ့ခွဲရင်ရပါတယ် ဆ"

"ပြီးတော့ကော"



www.burmeseclassic.com

www.burmeseclassic.com

"အိုးကွဲတစ်ခုခုနဲ့ခွဲရင်လည်းရပါတယ်"

"အေး - ဆက်ပြော"

"စတုရန်းဂြိုဟ်နဲ့ အခိုက်ဂြိုဟ်ပေါင်းပြီး ဓာတ်ရိုက်ရင်လည်းကွဲပါတယ်"

"ဟုတ်ပြီ ပြော"

"စောလှလှဆန်နဲ့ခွဲရင်လည်းရပါတယ် ဆရာ"

"ဒီပြင်ခွဲနည်းတွေ မင်းအများကြီးသင်ထားတာပဲ။ ငါအများကြီးသင်ပေးခဲ့တာပဲ။ ဟုတ်ပြီ - မင်း ဘယ်လောက်ပဲခွဲနိုင်ခွဲနိုင် မင်းဆီကိုသက်ရောက်လာမယ့် တန်ပြန်သက်ရောက်မှုကို မင်းခံနိုင်မှာမဟုတ်ဘူး။ နားလည်လား"

"ဟုတ်ကဲ့"

"အေး - ဒီတော့ မင်း သူများချစ်ခြင်းမခွဲရဘူး။ ငါပြောတာ မင်းအတွက်ပြောတယ်ဆိုတာ မင်းသဘောပေါက်လား"

"ဟုတ်ကဲ့ - ပေါက်ပါတယ်ဆရာ"

"မင်းက ဆိုကြပါစို့ကွာ၊ မင်းအခု 'သုံးကျပ်'နဲ့စဟောမယ်ဆိုပါတော့။မင်းဆီကို ချစ်ခြင်းခွဲချင်တဲ့သူတစ်ယောက်လာမယ်၊ သူကပြောမယ်။ ကျွန်မသားလေးကို ဟိုမိန်းမက ဆေးနဲ့လုပ်ထားတာဆိုပြီးပြောမယ်။ သူတို့မကြိုက်ရင်၊ သဘောမတူရင် ဒါ ဆေးနဲ့လုပ်ထားတာဖြစ်သွားတော့တာပဲ။ ဘာဆေးလဲ မင်းသိလား၊ သိနိုင်မလား"

"မသိနိုင်ပါဘူး"

"အေး - ဘာဆေးလဲ။ ကိုဒါနင်လား၊ အေပီစီလား မင်းလည်းမသိဘူး၊ ပြောတဲ့လူလည်းမသိဘူး။ ထစ်ခနဲဆိုတာနဲ့ ဆေးနဲ့လုပ်တယ်ပဲ။ မြင်ရတာလည်းမဟုတ်ဘူး။ မမြင်နိုင်တာကိုပြောတော့၊အကောင်အထည်မပြနိုင်တာတွေကိုပြောတော့ တကယ်ပဲဟုတ်တော့မလိုလို။ တကယ်တမ်းကျတော့ ဘယ်သူမှမသိဘူး၊ မမြင်ဘူး။ ဒါက လမ်းကြောင်းတစ်ကြောင်းသွားတယ်။ သိနိုင်မြင်နိုင်စွမ်းတဲ့ပုဂ္ဂိုလ်တွေက သိနိုင်မြင်နိုင်လို့ သူတစ်ဖက်သား မထိခိုက်အောင် ကုသပေးတာတစ်မျိုး၊ မင်းက သူတို့လို မသိနိုင်မြင်နိုင်ဘူး"

"ဟုတ်ကဲ့"

"မသိဘဲနဲ့ ဟိုကပြောတာနဲ့ ဒီဘက်ကိုဓာတ်ရိုက်လိုက်ရော၊ မင်း သူတို့ချစ်ခြင်းကိုခွဲလိုက်လို့ ကွဲသွားမယ့် တစ်ဖက်သားက မင်းရန်သူမဟုတ်ဘူး"

"ဟုတ်ကဲ့"

"အေး - ကိုယ်နဲ့ဘာမှရန်ငြိုးရန်စသည်းမရှိဘဲနဲ့ သူတို့ချစ်ခြင်းကိုမင်းခွဲလိုက်လို့ သူများချစ်ခြင်းကွဲသွားရင် မင်းလည်း အကုသိုလ်ရှယ်ယာပါပြီသာမှတ်တော့။ မင်းကြည့်စမ်း၊ မင်းဟောလို့ရမယ့်ပိုက်ဆံလေးသုံးကျပ်နဲ့ ရမယ့်အကုသိုလ်နဲ့ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့"

"သုံးရာရလည်းမလုပ်နဲ့၊ သုံးထောင်ရလည်းမလုပ်နဲ့။ ပြန်လာမယ့်သက်ရောက်မှုကို မင်းခံနိုင်မှာမဟုတ်ဘူး။ လာမှာလာမှာ။ ကျွန်မသမီးကို ဟိုကောင်လေးက ဆေးနဲ့လုပ်ထားတယ်ဆိုလည်းမလုပ်နဲ့။ ကျွန်တော့်သမီးကို ကောင်လေးဘက်က ဆေးနဲ့လုပ်ထားတယ်ဆိုလည်းမလုပ်နဲ့။ ဆေးနဲ့လုပ်ထားတယ်ဆိုတာကိုသိရင်လည်း မင်းမလုပ်ရဘူး။ အဓိကကတော့ မင်းသူများချစ်ခြင်းမခွဲရဘူး"

ကျွန်ုပ် ငေးကြည့်နေမိ၏။ ခေါင်းမညိတ်မိ။

"မင်းဘာတွေစဉ်းစားနေလဲ။ ဘာလဲ - သူများတွေခွဲကြတာတွေရှိတယ်ဆိုပြီး ဆင်ခြေပေးချင်လို့လား။ ရှိမယ်လေ၊ ရှိကြတာပဲ။ အဲဒါ မင်းနဲ့မဆိုင်ဘူး။ သူတို့အလုပ် သူတို့လုပ်တာ။ မင်းက မင်းအလုပ်မင်းလုပ်။ မင်းအလုပ်က ငါသတ်မှတ်ထားတဲ့စည်းကမ်းအတိုင်းလုပ်ရမယ့်အလုပ်။ ငါပြောတဲ့စည်းကမ်းကိုထိန်းရမှာ မင်းအလုပ်"

"ဟုတ်ကဲ့ပါ ဆရာ၊ လိုက်နာပါ့မယ် ဆရာ"

ဆရာသည် -

တပည့်အား အကုသိုလ်ကင်းအောင် အလွန်သတ်မှတ်ညွှန်ကြားခဲ့၏။ ကိုယ်နှင့်ရန်သူမဟုတ်သောသူနှစ်ယောက်၏ချစ်ခြင်းအားလုံးဝမခွဲရန် စည်းကမ်းသတ်မှတ်ခဲ့၏။

အခြားမည်သူနှင့်မျှမဆိုင်ပါ။

ကျွန်ုပ်တစ်ဦးတည်းနှင့်သာဆိုင်ပါသည်။ ကျွန်ုပ်ကိုသာလျှင် တားမြစ်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်ကလည်း မည်မျှလုပ်တတ်စေကာမူ ငါ့ဆရာသည် ရှေ့ရေးကိုကြိုမြင်၏။ အမြော်အမြင်ကြီး၏။ ငါအလွန်ဉာဏ်နုံ့နည်းသည်ကိုလည်း ဆရာအသိဆုံးဖြစ်၏။ ငါ့အတွက် အကုသိုလ်ကင်းနိုင်သမျှကင်းအောင် လမ်းညွှန်ပြသဆိုဆုံးမသောကျေးဇူးရှင် ဖြစ်၏။

ဆရာမည်သူ့ကိုမျှတားသည်မတွေ့ပါ။

သူကိုယ်တိုင်ပင်လျှင် လက်တွေ့ပြစီရင်ပြခဲ့သည်များကို ကျွန်ုပ်အပါအဝင် ဆရာ့တပည့်များအကြိမ်ကြိမ်မြင်ဖူးတွေ့ဖူးကြုံဖူးခဲ့ကြ၏။ အစီအရင်များပြုလုပ်လျှင် မြန်လိုက်သည့်ဖြစ်ခြင်း။

သို့သော် တစ်နေ့လျှင် နာရီပေါင်းများစွာ ဆူးခုံကြီးပေါ်တွင် ငြိမ်ငြိမ်သက်သက်ထိုင်ခဲ့သောစွမ်းအားများ၊ အချိန်ပြည့်နီးပါး မန္တန်ရွတ်နေခြင်းများ၊ မကြာခဏ အဓိဋ္ဌာန်ကြီးများဝင်ခြင်းများတို့မှာ ကျွန်ုပ်၏ဉာဏ်နှင့်ကြည့်၍မမီပါ။ ဆရာပြောသည့် တန်ပြန်သက်ရောက်မှုများ ဆရာ့ထံရောက်မလာနိုင်သည်မှာ ဤအကျင့်ကြီးများကြောင့်လေလား ကျွန်ုပ်မသိပါ။ ရောက်လာလျှင်လည်း အရှိန်များလျော့ကျပြီး ထိခိုက်မှုမရှိတော့ခြင်းမှာ ဤအကျင့်ကြီးများကြောင့်လေလား ကျွန်ုပ်ဉာဏ်မမီပါ။

ဆရာတားမြစ်သည့်နေ့မှစ၍ ယနေ့ထိ မည်သူ့ချစ်ခြင်းကိုမျှမခွဲတော့ပါ။ စိတ်ပင်မကူးတော့ပါ။

ချစ်ခြင်းဟူသည် အမျိုးမျိုးရှိ၏။

ချစ်သူတို့၏ချစ်ခြင်းကိုမခွဲသလို မိသားစုချစ်ခြင်းကိုလည်းမခွဲပါ။သားအမိချစ်ခြင်း၊ သားအဖချစ်ခြင်း၊ ညီအစ်ကိုမောင်နှမချစ်ခြင်း၊ ဆရာတပည့်ချစ်ခြင်း၊ မိတ်ဆွေအချင်းချင်း၏ချစ်ခြင်း မည်သည့်ချစ်ခြင်းကိုမျှလုံးဝမခွဲပါ။

ဆရာ၏စကားအမိန့်အတိုင်း ချစ်ခြင်းကိုခွဲဖို့လာကြပြီဆိုလျှင် ကျွန်တော်မလုပ်တတ်လို့ပါခင်ဗျာဟု လေးလေးစားစား တောင်းပန်ရပါသည်။ အချို့ မယုံကြပါ။

မဖြစ်နိုင်ဘူး၊ ဒီထက်မက ကြီးမားတာကြီးတွေကိုတောင် ဓာတ်ရိုက်နိုင်သေးတာ၊ ဓာတ်ရိုက်မပေးချင်လို့ဖြစ်မယ်ဟု ပြောသူကပြောသွားကြ၏။ မည်မျှပြောပြော ဆရာ့အမိန့်ကို မလွန်ဆန်ရဲပါ။ ကျွန်ုပ်ကပြုံးသာနေလိုက်ပါသည်။

ဆရာသခင်ပြောပြသည့်အကုသိုလ်များ၊ ဝဋ်ကြွေးများပြန်ပေးဆပ်ရပုံများကို ကျွန်ုပ် ယခုထိ နားထဲမှမထွက်ပါ။

မည်မျှပင်လုပ်တတ်လုပ်တတ် ဆရာသခင်တားမြစ်သည့်အကြောင်းကိစ္စမှန်သမျှ လုံးဝမလုပ်ရဲပါ။

တစ်ခါတစ်ခါ မခံချင်အောင်ပြောကြသည်လည်းရှိ၏။

ဟင်း-ဆရာလုပ်နေပြီးဒါလောက်မှမလုပ်တတ်ရင်လည်း ဆရာလုပ်မနေနဲ့တော့။ ဘာအားကိုးလို့ရလဲ။ ဒီကိစ္စလေးတောင်မလုပ်နိုင်ဘူးဆိုတော့ဟူ၍တစ်မျိုး-

အဲဒါဆို ဆရာက ဘာလုပ်တတ်လဲ။ ဒီလိုပြဿနာက လူတော်တော်များများ အသာလေးလုပ်နိုင်တာ၊ ကျွန်တော်တို့က ဆရာ့ကိုအားကိုးလို့၊ ခင်လို့လာတာဟူ၍တစ်ဖုံ -

www.burmeseclassic.com

ဒီကောင်နဲ့ ကျွန်မသမီးနဲ့ကွဲသွားပြီဆိုတာနဲ့ ဆရာ့ကို ဆယ်သိန်းပုံကန်တော့မယ်ဟူ၍တစ်သွယ် -

ဆရာ အဲဒါဆို ဘယ်သူ့ဆီသွား၊ သူက အဲဒီခွဲတာတွေ အရမ်းနိုင်နင်းတာ၊ ဆရာ သူ့ဆီမှာသွားသင်လိုက်ပါလား။ ဒါမှ ဆရာလည်းလုပ်တတ်အောင်ဟူ၍ အမျိုးမျိုးအဖုံဖုံပြောကြ၏။

တချို့များဆို -

ကျွန်မသမီးလေးက အဲဒီကောင် ဆေးခတ်တာမိပြီးကတည်းက ပုတီးလည်း မစိပ်တော့ဘူး။ တရားလည်းမထိုင်တော့ဘူး။ လှူတာတန်းတာလည်းမလုပ်တော့ဘူး။ ဒီလိုမြင့်မြတ်တဲ့ကိစ္စတွေကို ဆရာ ပြန်လုပ်ပေးလို့ သမီး စိတ်ပြန်လည်လာရင် ဆရာရမယ့်ကုသိုလ်ကြီးက အမလေး နည်းတာမဟုတ်ဘူး ဟူ၍ပြောကြသူများလည်း မနည်းပါ။

မည်မျှပြောပြော၊ ပြောချင်သလောက်ပြော ကျွန်ုပ်ပြုံးနေလိုက်ပါသည်။ဆရာ့စကားအတိုင်းတည်အောင်နေပါသည်။ ဆရာ့စကားကို မလွန်ဆန်ရဲပါ။ ဆရာသည် ရှေ့ရှေးကိုကြိုမြင်တတ်သူပီပီ ကျွန်ုပ်အတွက်ပြောခဲ့ခြင်း ဖြစ်၏။ ကျွန်ုပ်လို ခပ်ထုံပေပေအေးအေးနေတတ်သူကိုစိတ်မချ၍ ပြောခဲ့ခြင်း ဖြစ်၏။

"မင်း သူများချစ်ခြင်းကိုခွဲရင် မင်းချစ်ခြင်းဖြစ်လာတဲ့အခါ ခွဲတဲ့လူပေါ်လာမှာပဲ။ မင်းလည်းကွဲမှာပဲ။ မင်း သူများမိသားစုချစ်ခြင်းကိုခွဲရင် မင်းနဲ့မင်းအမေ၊ မင်းညီမချစ်ခြင်းတွေကို ခွဲမယ့်လူပေါ်လာမှာပဲ။ မင်းသူများမိတ်ဆွေတွေရဲ့ ချစ်ခြင်းကိုခွဲရင် မင်းလည်း မင်းမိတ်ဆွေတွေနဲ့ကွဲမှာပဲ။ ကြားကခွဲတဲ့သူပေါ်လာမှာပဲ။ ရှင်းတယ်၊ လောကကြီးက တရားပါတယ်ကွ။ ပေးဆပ်ရမှာချည်းပဲ မှတ်ထား။ ငါက မင်းကို တော်တော်သံယောဇဉ်ဖြစ်မိတော့ မင်းအတွက်စိတ်ပူလို့ ငါပြောနေရတာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးကြီးပါတယ် ဆရာ"

"နောက်တစ်ခု"

ဆရာသည် လမင်းဆေးပေါ့လိပ်အသစ်တစ်လိပ်ကို ဆေးလိပ်ခွက်ထဲမှ နှိုက်၍ ဆေးလိပ်ဖင်စီခံကို လက်ညှိုးလေးနှင့်ခြစ်နေ၏။ ပြီးမှ ပါးစပ်တွင်တပ်လိုက်သည်နှင့် ကျွန်ုပ်က ဓာတ်မီးခြစ်ကို မီးညှိပြီး ဆေးလိပ်နားတိုးပြီးသား အဆင်သင့်။

မီးခိုးများတလိပ်လိပ်ဖြစ်နေသည်ကို ဆရာကြည့်နေပုံရ၏။ ဘာမှမပြောငြိမ်နေ၏။ ဆေးလိပ်ကိုသာတွင်တွင်ဖွာနေ၏။

"မင်း. . ."

စကားစလိုက်သည်နှင့် ကျွန်ုပ် ငြိမ်သက်စွာ နားထောင်နေလိုက်ပါသည်။

"သူများအခြေပြုတ်အောင်မလုပ်ရဘူး"

"ဗျာ"

"မင်းမရှင်းလောက်ဘူး၊ ငါပြောမယ်၊ မင်းဆီကိုအိမ်ရှင်အိမ်ငှားပြဿနာမျိုးတွေလာကြလိမ့်မယ်။ အိမ်ငှားကဖယ်မပေးလို့ အိမ်ရှင်က မင်းဆီလာပြီး ဓာတ်ရိုက်တဲ့အခါ မင်းက ဟိုတစ်ဖက်သားကို အိမ်ကဆင်းအောင်လုပ်ရတော့မှာလေ"

"ဟုတ်ကဲ့"

"ငါ ခဏခဏပြောသလိုပေါ့။ သူတို့ဟာ မင်းရဲ့ရန်သူလား"

"မဟုတ်ပါဘူး"

"မင်းဆီရောက်လာသူရဲ့စကားကြောင့် မင်း သူတို့ကို အဲဒီအိမ်ကနေဖယ်ပစ်ရတော့မှာမဟုတ်ဘူးလား ဟုတ်လား"

"ဟုတ်ကဲ့ - ဟုတ်ပါတယ်"

"မင်းရမှာ သုံးကျပ်လေ၊ အဲဒီသုံးကျပ်နဲ့ အကုသိုလ်ကြီးနဲ့ မင်းလဲရမှာ။ သဘောပေါက်လား"

"ပေါက်ပါတယ်"

"မင်းလုပ်လိုက်မယ့်လူဟာ တရားနဲ့မွေ့လျော်တဲ့သူဆိုရင် မင်းပိုခံရပြီသာမှတ်တော့။ သူက ဘုရားရှိခိုး၊ ပုတီးစိပ်မယ်။ လှူမယ်တန်းမယ်၊ ရွတ်ဖတ်မယ်၊ မေတ္တာပို့အမျှဝေမယ်။ ဒီလိုလူမျိုးကို အဲဒီအိမ်ကနေဆင်းရအောင် မင်းကဓာတ်ရိုက်လိုက်ရော၊ အဲဒီလူရဲ့ကုသိုလ်ကို နေ့တိုင်း သာခုခေါ်ပြီး အဲဒီလူရဲ့မေတ္တာကို ခံယူနေကြတဲ့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေ၊ အိမ်စောင့်နတ်တွေက မင်းကိုငြိုးရော၊ မင်းကြောင့် ဒီလိုဖြစ်နေတာဆိုပြီး၊ ကဲ - မင်းကောင်းပါဦးမလား"

ဆရာပြောမှ ကျွန်ုပ်လန့်သွား၏။ မဆင်မခြင်လုပ်ခဲ့မှုသည်များကိုပြန်သတိရလာ၏။ ဘယ်လိုမှရှာမရဖွေမရဖြစ်ခြင်း၊ ရန်များခြင်းသည် ဤသည့်အကြောင်းများကြောင့်လားဟု တွေးနေမိ၏။

"ငါပြောတာသဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ - ပေါက်ပါတယ်ဆရာ"

"အေး - ငါတားတာတွေမလုပ်ရဘူး"

"မလုပ်ပါဘူး ဆရာ"

"လူတစ်ယောက်နဲ့တစ်ယောက်နဲ့ အချင်းများကြပြီဆိုရင် တစ်ယောက်စကားကြောင့် တစ်ယောက်ကိုနှိမ်တာမျိုး မင်းမလုပ်ရဘူး"

"ဟုတ်ကဲ့"

"ဟိုတစ်ဖက်က မင်းရန်သူမဟုတ်ဘူး။ မင်းအခြောက်တိုက်အကုသိုလ်မတက်စေနဲ့။ ဒါမင်းနဲ့ပဲဆိုင်တယ်"

"ဟုတ်ကဲ့"

"လာပြောတဲ့သူကတော့ သူမှန်တယ်ပဲပြောမှာပဲ။ ဟိုတစ်ဖက်သားက သူ့ကိုမတရားလုပ်တယ်ပဲပြောမှာပဲ။ မင်းယုံလာအောင်ပြောမှာပဲ။ ဒါပေမယ့် မင်းမလုပ်ရဘူး။ မှားမှားမှန်မှန်မလုပ်ရဘူး၊ လူတစ်ဖက်သားကို ပညာနဲ့နှိမ်တာ မင်းလုပ်ကိုမလုပ်ရဘူး"

"ဟုတ်ကဲ့ - လိုက်နာပါ့မယ် ဆရာ"

"ကြွေးတောင်းမရတဲ့သူက မင်းဆီလာမယ်။ ဟိုလူက ပိုက်ဆံတွေယူပြီး သူ့ကြွေးတွေပြန်မဆပ်ဘူးဆိုတာနဲ့ ဘာလုပ်လိုက်မယ်ညာလုပ်လိုက်မယ်မလုပ်ရဘူး။ ကြွေးမပေးတဲ့သူကို ပညာနဲ့သွားဖိလိုက်ရင် အဲဒီလူပိုပြီးရှာလို့ဖွေလို့မရဖြစ်သွားမယ်။ နှံနှိမ်သလိုဖြစ်သွားမယ်။ ဒါဆို သူ့ဆီကနေ ဟိုကြွေးရှင်လည်း ငွေမမျှော်နဲ့တော့။ ကံနိမ့်သလိုဖြစ်သွားရင် ဘာလုပ်လုပ်အဆင်မပြေတော့ဘူး။ ကြွေးပေး[illegible]မယ့်လူကို ဘာလုပ်ရမလဲ"

"ကောင်းလာအောင်၊ ပေးချင်လာအောင်လုပ်ရမှာပါ"

"မေတ္တာနဲ့ယှဉ်တဲ့ပေးချင်လာစေတဲ့နည်းတွေကိုပဲလုပ်ရမှာမဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"ဒါမှ သူလည်းရှာလို့ဖွေလို့အဆင်ပြေမှာပေါ့။ သူရှာလို့ဖွေလို့ရမှလည်း အကြွေးတွေသူပြန်ဆပ်နိုင်တော့မှာပေါ့။ ပေးချင်လာဖို့ကျတော့ မေတ္တာနဲ့ယှဉ်တာဖါလာပြီ"

"ဟုတ်ကဲ့"

"သဘာဝတွေရှိတယ်။ သဘာဝတွေကို မင်း ခုချိန်ကစပြီး အများကြီးလေ့လာရတော့မယ်။ သင်ယူရတော့မယ်။ သဘာဝတရားကြီးဆီက မင်းသင်ယူရမှာတွေဟာ မကုန်နိုင်ဘူး။ ဒါတွေဟာ ပညာတွေပဲ။ မင်း ခုချိန်မှာတော့ ငါပြောတာ သဘောပေါက်ဦးမှာမဟုတ်ဘူး။ တဖြည်းဖြည်းသိလာလိမ့်မယ်၊ ငါက မင်းကို လက်လေးနှစ်ဖက်ဆွဲပြီး ကလေးတွေလမ်းလျှောက်ခိုင်းသလို မ[illegible]နိုင်ပေ့ရပ်နိုင်ပေ့မလုပ်တော့ဘူး၊ လွှတ်ပေးလိုက်တော့မှာ။ မင်းခြေထောက်[illegible] မင်းရပ်ပြီး မင်းလမ်းကိုမင်းလျှောက်[illegible]တော့မှာ။ ငါကလမ်းပဲပြလိုက်မှာ[illegible] လျှောက်ရမှာကမင်း။ လျှောက်မှလ[illegible] မင်းရောက်မှာ။ မင်းခြေဖျား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထောက်မယ်မကြံနဲ့။ ခြေဖျားထောက်တာနဲ့ မင်းဟာ ဟန်ချက်ပျက်ပြီး မတည်မငြိမ်ဖြစ်သွားမယ်"

ကျွန်ုပ် နားမလည်ပါ။ ဆရာဘာတွေပြောနေမှန်းကို သိသလိုမသိသလိုဖြစ်နေပါသည်။ သို့သော် တည်ငြိမ်ရင့်ကျက်စွာပြောနေသော ဆရာသခင်၏အဆိုအမိန့်များကို ကျွန်ုပ်ရအောင်လိုက်မှတ်နေရပါသည်။

"မင်းကိုငါပြောဖူးတယ်ခဏခဏ၊ မှတ်မိလား။ မြစ်ဆိုတာ သူ့ရေကို သူမသောက်ဘူး။ သစ်ပင်များဟာ သူတို့အသီးကို သူတို့မစားဘူး။ ပညာရှိရဲ့ဥစ္စာဆိုတာ အဲသလိုပဲ။ သူများအတွက်ပဲဖြစ်ရမယ်။ မင်းဟာ တစ်နေ့ကျရင် ပညာရှင်ဖြစ်မလာဘူးလို့မပြောနိုင်ဘူး။ ဒီတော့ ခုထဲကစပြီး မင်းဆည်းပူးလေ့လာခဲ့တဲ့ သင်အံလေ့ကျင့်ခဲ့တဲ့ ဇွဲနပဲကြီးကြီးနဲ့ ဒုက္ခမျိုးစုံခံပြီးသင်ယူခဲ့တဲ့ မင်းသိထားသမျှတတ်ထားသမျှ လေ့လာထားသမျှ ပညာတွေဟာ သူများအတွက်ပဲဖြစ်နေရမယ်။ ဖြစ်နေအောင်လည်း မင်းအချိန်ရှိတိုင်း ကြိုးစားနေရမယ်။ ငါပြောတာရှင်းလား"

"ဟုတ်ကဲ့ - ရှင်းပါတယ် ဆရာ"

"အေး - ကြိုးစားရမယ်။ ဒီနေရာမှာ စိတ်ဓာတ်လိုတယ်။ ဘာစိတ်ဓာတ်လဲ၊ ကိုယ့်ကိုယ်ကိုယ်နိုင်နင်းဖို့စိတ်ဓာတ်လိုတယ်။ သူများကိုနိုင်ဖို့ထက် ကိုယ့်ကိုယ်ကိုယ်နိုင်ဖို့ စိတ်အားတွေလိုတယ်။ ငါပြောတာရှင်းလား"

"ဟုတ်ကဲ့ - ရှင်းပါတယ်"

"မင်းကို လူတိုင်းနဲ့သဟဇာတဖြစ်အောင် ငါရေလိုကျင့်ခိုင်းခဲ့တယ်။ရေဟာ ဝိုင်းတဲ့ခွက်ထဲရောက်ရင်အဝိုင်းပဲ။ လေးထောင့်ခွက်ထဲရောက်ရင်လေးထောင့်ပဲ။ ဘယ်နေရာရောက်ရောက် ရောက်တဲ့နေရာရဲ့ပုံစံအတိုင်း အံဝင်ခွင်ကျရှိတယ်။ ဘယ်သူနဲ့တွေ့တွေ့ ဘယ်နေရာရောက်ရောက် မဆန့်ကျင်ဘဲ ဝင်ဆံ့အောင်နေခိုင်းခဲ့တာမှတ်မိလား"

"မှတ်မိပါတယ် ဆရာ"

"မင်းကို ငါ ရေရဲ့သတ္တိအတိုင်းနေခိုင်းခဲ့တယ်။ အပျော့ဆုံးဟာ ဘာဖြစ်လဲ"

"အမာဆုံးကိုထိုးဖောက်နိုင်တယ်၊ ကြေမွသွားစေတယ်"

"အေး - ဟုတ်ပြီ၊ ဒါကြောင့် ငါ ရေလိုကျင့်ခိုင်းခဲ့တယ် ဟုတ်တယ်နော်"

"ဟုတ်ကဲ့ပါ"

"ကောင်းပြီ - ငါပြောတာတွေ မှတ်မိတယ်နော်။ လူတစ်ဖက်သားကို ပညာနဲ့နှိပ်စက်တာ၊ နှိမ့်တာလုံးဝမလုပ်ရဘူး ငါခွင့်မပြုဘူး။ နောက်တစ်ခု ငါပြောမယ်၊ အလိုဆိုတာပြည့်လား"

"ဗျာ"

"အလိုဆိုတာပြည့်လားလို့"

ကျွန်ုပ် နားဝေတိမ်တောင်ဖြစ်သွား၏။ ဖြေလိုက်လျှင်လည်း မှားသွားမည်စိုး၍ မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ကြည့်နေလိုက်ပါသည်။

"မင်း ငါ့ဆီမှာပညာသင်တယ်။ ငါက ဆပွတ်ခန်းတွေသင်လိုက်တယ်။ မင်းမှတ်သားတယ်။ နောက်နှစ်လသုံးလကြာတော့ ငါက ဘြိရုန်းသတ္တိတွေသင်တယ်။ မင်းမှတ်သားတယ်။ ဟော - နောက်လေးငါးလကြာတော့ စောလုလှေ့ဆန်သင်တယ်။ မင်းဟျာဟျာသလဲလိုက်မမှတ်ဘူးလား"

"မှတ်ပါတယ် ဆရာ၊ ဟုတ်ပါတယ်"

"မင်းဆပွတ်ခန်းတစ်ခုတည်းနဲ့ ကျွန်တော်ပြည့်စုံပါပြီဆရာလို့ ငါ့ကိုပြောလား"

"မပြောပါဘူး"

"အေး - အဲဒါပဲ။ တစ်ခုသင်ပြီးရင် ထပ်ထပ်သင်မလာချင်ဘူးလား"

"သင်လာချင်ပါတယ် ဆရာ"

"ဒီလိုပဲ - အိမ်တစ်လုံးသေးသေးလေးပိုင်တဲ့သူက ကြီးကြီးလိုချင်မှာပဲ။ အိမ်ကြီးကြီးပိုင်တဲ့အခါ နောက်တစ်လုံးထပ်ပိုင်ချင်မှာပဲ။ ကားတစ်စီးပိုင်ရင် နောက်တစ်စီးထပ်ပိုင်ချင်မှာပဲ။ ဝင်ငွေကောင်းနေရင် ထပ်ကောင်းချင်မှာပဲ။ ပြည့်လား အလိုဆိုတာ"

"မပြည့်ပါဘူး ဆရာ"

"မပြည့်ဘူး မှန်တယ်၊ အလိုဆိုတဲ့ သဘောက စဖြစ်လာခါစက သေးသေးလေးပဲ။ အဲဒီအလိုဟာ တဖြည်းဖြည်းများလာရင် လိုချင်စိတ်တွေဖြစ်ချင်စိတ်တွေများလာရင် စိတ်မောလာမယ်။ အပူတွေပါလာမယ်။ကြောင့်ကြစိတ်တောင့်တစိတ်တွေများလာမယ်။ စိတ်ဖိစီးမှုတွေများလာမယ်။ စိတ်မငြိမ်ရင် ရုပ်လည်းမငြိမ်တော့ဘူး။ အလိုပြည့်ပါတယ်ဆိုတာတောင် နောက်ထပ် အလိုပြည့်ချင်စိတ်ဆိုတာ ဖြစ်လာတာပဲ။ အလိုမပြည့်ရင် အလိုပြည့်တဲ့သူတွေကိုကြည့်မရတော့ဘူး။ ဒါ မကောင်းတဲ့စိတ်ဘဲ။ ဒီစိတ်မျိုးမဖြစ်ပေါ်စေရဘူး မှတ်ထား"

"ဟုတ်ကဲ့ - လိုက်နာပါ့မယ် ဆရာ"

"ဒီစိတ်မမွေးရဘူး။ သူများကို ဝန်တိုစိတ်မရှိရဘူး။ ရောင့်ရဲနိုင်အောင် ကျင့်ရမယ်။ မင်းကို ငါ ရောင့်ရဲတဲ့အကျင့်တွေနဲ့အစပျိုးပေးခဲ့ပြီး ကျင့်ခိုင်းခဲ့ပြီးပြီ။ ဒီပညာတွေသင်ပေးခဲ့တယ် ဟုတ်တယ်နော်"

"ဟုတ်ကဲ့ပါ"

"ဟုတ်ရင် မင်းဟာ မင်းပေါတော့မယ့် မင်းယူရမယ့် သုံးကျပ်ကလွဲရင် သိန်းတစ်ရာတန်အိမ်ကြီးရောင်းထွက်အောင်ပဲလုပ်ပေးနိုင်ပေးနိုင်၊ သိန်းနှစ်ရာတန်တိုက်ကြီးပဲ ရောင်းထွက်အောင်လုပ်ပေးနိုင်လုပ်ပေးနိုင် ငါလုပ်ပေးနိုင်တယ်ဆိုတဲ့စိတ်နဲ့ ပိုက်ဆံထပ်မတောင်းရဘူး။ ဓာတ်ရိုက်တဲ့အတွက်ငွေထပ်မတောင်းရဘူး။ မင်းသတ်မှတ်ထားတဲ့ သုံးကျပ်ပဲ မင်းယူရမယ်။ ကြားလား ငါပြောတာ"

"ဟုတ်ကဲ့ - ကြားပါတယ် ဆရာ"

"သူဟာသူ မင်းလုပ်ပေးလိုက်လို့ လေယာဉ်ပျံကြီးပဲရောင်းထွက်ထွက်၊ သင်္ဘောကြီးပဲရောင်းထွက်ထွက် မင်းထပ်တောင်းစရာမလိုဘူး။ မင်းယူရမှာ မင်းသတ်မှတ်ထားတဲ့သုံးကျပ်ပဲ။ ဘယ်လောက်တန်ဖိုးကြီးတဲ့ကိစ္စကြီးတွေကို မင်းလုပ်နိုင်လုပ်နိုင် သုံးကျပ်ပဲ။ မင်းရဲ့စိတ်စေတနာက သူ့အပေါ်မှာ အောင်မြင်သွားစေချင်တဲ့စိတ် မေတ္တာတရားထားနေရမယ်။ သူ့ကိစ္စအောင်မြင်ပါစေဆိုတဲ့ မေတ္တာထားနေရမယ်"

"ဟုတ်ကဲ့"

"ဒီလိုမေတ္တာထားနေပြီဆိုရင် မင်းကောင်းတာလုပ်နေတာမဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"အေး - ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရမယ်။ အရေးကြီးတာ ကိုယ့်ကိုယ်ကိုယ် အမြဲထိန်းသိမ်းရမယ်၊ ရောင့်ရဲရမယ်။ ခုချိန်ကစပြီး ကျော်စောထင်ရှားမှုနောက်ကို မလိုက်ရဘူး၊ ရောင့်ရဲနေရမယ်"

"ဟုတ်ကဲ့ - ဆရာ"

"ဟုတ်ပြီ - ဒီနေ့အဖို့ နားတော့။ ရှေ့တစ်ပတ် ကြာသပတေးနေ့ကို မင်းထပ်လာခဲ့"

"ဟုတ်ကဲ့"

"ငါဆက်ပြောမယ်"

"ဟုတ်ကဲ့ - ဆရာ"

နှုတ်ဆိတ်ငြိမ်သက်စွာဖြင့် ခပ်လှမ်းလှမ်းရှိ ပြာလဲ့လဲ့ကောင်းကင်ပြင်ကြီးဆီသို့ ဆရာကြည့်နေ၏။ ဘာဆိုတာတစ်ခွန်းမှမဟတော့။

(ဆက်ရန်)

ဆရာဦးမောင်မောင်[illegible]
(ရင်ကိုအေးမြ[illegible]သား)

www.burmeseclassic.com

# ယောနကဘိုးတော်

## အလောင်းမင်းတရားဦးအောင်ဇေယျ နိမိတ်အတိတ်ထူး

မြန်မာလူမျိုးတို့သည် အတိတ်နိမိတ်ကို ယုံကြည်ကြသည်။ သုံးစွဲကြသည်။ လက်ခံမှတ်သားလုပ်ဆောင်တတ်ကြသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်ကပင် အတိတ်နိမိတ်ထူးများကို ကျင့်သုံးလိုက်နာခဲ့ကြသည်။ မြတ်စွာဘုရားမဖြစ်မီ သူအို၊ သူနာ၊ သူသေ၊ ရဟန်းအတိတ်နိမိတ်ကိုမြင်၍ တောထွက်ကာ မြတ်သောအကျင့်ကို လုပ်ဆောင်ခဲ့သဖြင့် ဘုရားစင်စစ်ကေန်ဖြစ်ပေါ်လာခဲ့သည်။ အတိတ်နိမိတ်ထူးများ၏ စွမ်းဆောင်ရည်များသည် လူလောကထဲတွင်ရှိနေဆဲဖြစ်သည်။

အလောင်းမင်းတရား ဦးအောင်ဇေယျမဇာပေါ်ထွန်းမီ အတိတ်တခေ…င်နိမိတ်ဆောင်ခဲ့ကြသည်။ 'ရန်ကြီးအောင်ကုန်းဘောင်သပါလို့ ငါးမည်ရပြည်ရွှေဘို ဘေးရန်ကပြို၊ မုဆိုးဘို ရန်ဖြိုတဲ့သိခ်ဘိုးတော်ဒေသ' ဟူ၍ သိုက်စာလက်ာကျခဲ့သည်။ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ရန်အလုံးစုံကို အောင်မြင်ပြီးသော် -

၁။ မုဆိုးဘို
၂။ ရွှေဘို
၃။ ရန်ကြီးအောင်
၄။ ကုန်းဘောင်
၅။ ရတနာသိခ်

ဟူသော အမည်ငါးမျိုးဖြင့် ကျော်ကြားထင်ရှားခဲ့သည်။

ရှေးသူဟောင်းတို့က မြန်မာနိုင်ငံမှာ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းတွင် တည်ရှိနေသောကြောင့် ဩဘာနိမိတ်ထွန်းသည်ဟု ယူဆကြသည်။ ဇမ္ဗူဒိပ်နိမိတ်အတိတ်ကောင်းပွားများရာအရပ်ဟု သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့်



www.burmeseclassic.com

အယူတော်မင်္ဂလာပညာရှင်များပွင့်ထွန်းပေါ်ပေါက်ခဲ့သည်။ ပတ်ဝန်းကျင်မှာ ထူးခြားချက်သဘာဝတရားကို လေ့လာသုံးသပ်သောပညာရပ် ဖြစ်လေသည်။ အတိတ်ကောက်ခြင်း၊ နိမိတ်ဖတ်ခြင်းသည် မြန်မာတို့၏ လောကီပညာရပ်နယ်ပယ်တွင်မူ အရေးပါအရာရောက်လျက်ရှိကြသည်။

လူတို့သည် မိမိတို့ယုံကြည်ရာရာ အဖြာဖြာအရပ်ရပ်မှ လိုလျှင်ကြံဆနည်းလမ်းရခဲ့သောအကြောင်းခြင်းအရာများဖြစ်သည်။ အတိတ်သည် အခက်အခဲတစ်ခု နောင်တစ်ခါဖြစ်ဖို့ရှိသောအကြောင်းအရာကို အသိသတိပေးခြင်း ဖြစ်သည်။ နိမိတ်သည် မကြာခင်ဖြစ်မည့်ကိစ္စရပ်များကိုဟောပြလမ်းညွှန်လျက်ရှိသည်။ နိမိတ်ဟောပညာရှင်က ပညာဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်ဆုံးဖြတ်ပေးရသောအကြောင်းရပ်ဖြစ်သည်။ အမှန်စင်စစ် အတိတ်တဘောင်သည် နိမိတ်ဆောင်ခြင်းပင် ဖြစ်သည်။

အတိတ်နိမိတ်တို့သည် အကောင်အထည်၊ ဝတ္ထုပစ္စည်း၊ ပုံသဏ္ဍာန်ဖြစ်စဉ်ဖြစ်ရပ်ကို ပြသကြသည်။ ခြားနားကွဲပြားမှုမှာ အတိတ်ကိုအဖြေထုတ်ရာတွင် ကာလသုံးပါးဖြင့် ညှိနှိုင်းသုံးသပ်ကြရ၏။ သမိုင်းကို အကိုးအကားအထောက်အပြုရသည်။ အသံ၊ ရုပ်၊ လှုပ်ရှားမှုပုံရိပ်အကြောင်းအရာတို့ ပါဝင်ထည့်သွင်းကြရသည်။ တစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ အစုအဖွဲ့ လူများစုအနေနှင့်လည်းကောင်း ပတ်သက်ဆက်နွယ်နေတတ်ပါသည်။

တစ်ခါတစ်ရံတွင်မူ ယေဘုယျအားဖြင့် တစ်ဦးတစ်ယောက်အတွက် ဖြစ်ပေါ်နေတတ်၏။ အတိတ်တဘောင်ထက် နိမိတ်ဆောင်မှုက အဓိကပင်မသော့ချက်ကြသည်။ အယူတော်မင်္ဂလာကျမ်းများ၊ အတိတ်နိမိတ်ကောက်ပညာရပ်ဆိုင်ရာ စာပေများ ပြန့်ပွားထွန်းကားခဲ့သည်။ အတိတ်တဘောင်နိမိတ်ဆောင်မှုများကို ပုဂံခေတ်မှတိုင် ယနေ့ပြည်သူလူထုအတွင်းဝယ် စိမ့်ဝင်ပြန့်ပွားလျက်ရှိသည်။ ကုန်းဘောင်ခေတ်တွင် မြန်မာမင်းများသာမက ပြည်သူလူထုကပါ စိတ်ဝင်စားမှုရှိနေခဲ့သည်။ နေပြည်တော်နေပြည်သူတို့သည် ကျေးလက်နေပြည်သူတို့ထက် အယူတော်မင်္ဂလာပညာရပ်ကို အားကိုးအားထားပြုကြသည်။ လယ်သမားတို့ကသည်း လယ်ထွန်ရာ၊ ပျိုးနုတ်ရာ၊ ကောက်စိုက်ရာတို့တွင် အယူတော်မင်္ဂလာဖြစ်တည်မှုကို ယူဆောင်ကျင့်သုံး



ကြသည်။ 'ဆီကို ရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ' ဆိုသော လင်္ကာစကားများဖြင့် ဖြန့်ကြက်လုပ်ဆောင်ကြသည်။

ကုန်းဘောင်ခေတ် မြန်မာဘုရင်မင်းမြတ်များကိုယ်တိုင် တိုင်းရေးပြည်ရေးတို့တွင် အဓိကထားလုပ်ဆောင်လာကြသည်။ နန်းတော်တည်ဆောက်ခြင်း၊ မုဒ္ဓါဘိသေကခံယူခြင်း၊ မင်္ဂလာမင်းခမ်းတော်ကျင်းပခြင်း၊ စစ်ချီစစ်တက်များတွင် အဆောင်လက်ဖွဲ့ ဂါထာမန္တရားများကို လက်ခံကျင့်သုံးခဲ့ကြသည်။ လောကီလူမှုပညာရပ်များတွင် ကုန်းဘောင်ခေတ်တွင် ယခင်အခါကာလကထက်တိုးတက်ဖွံ့ဖြိုးစည်ပင်ခဲ့သည်။ သမိုင်းဖြစ်ရပ်အတော်များများတွင် အတိတ်နိမိတ်အယူတော်မင်္ဂလာပညာရပ်ကို လက်တွေ့ကျင့်သုံးလျက်ရှိကြသည်။ စစ်ဘက်ရေးရာကိစ္စရပ်များတွင် မြန်မာအတိတ်နိမိတ်ပညာရပ်သည် အလေးသာခဲ့ကြသည်။

ပုဂံခေတ် ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးသူရဲကောင်းပဲခူးဥသာသို့စစ်ကူပို့ရာတွင် သူရဲကောင်းလေးဦး ဦးဆောင်ကာချီတက်လာခြင်းကို အတိတ်နိမိတ်တဘောင်များ ဆင်ဖွဲ့ကာစစ်သည် (၄၀၀၀၀) တပ်မကြီးစေလွှတ်လိုက်သည်ဟု အယူတော်မင်္ဂလာအခါကျမ်းရင့်ခဲ့သည်။ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲတွင် လူအင်အားအဆမတန်များပြားနေသော ရန်သူကိုအနည်းငယ်သောအင်အားစစ်သည်ဖြင့် ဖောင်ဖျက်တိုက်ပွဲအောင်မြင်ခဲ့လေ၏။ ဤသည်မှာ မြန်မာစစ်မှုရေးရာအဖြာဖြာတို့တွင် အတိတ်တဘောင်နိမိတ်ဆောင်မှုကို သာဓကပြုကြရပါသည်။

ကုန်းဘောင်ခေတ် အလောင်းမင်းတရား ဦးအောင်ဇေယျ နန်းမတက်မီအချိန် မြန်မာပုံရိပ်လွှာတွင် နိုင်ငံရေးမတည်ငြိမ်မှုကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ပြိုလဲကျဆင်းလျက်ရှိနေခဲ့သည်။ အလောင်းမင်းတရားဦး အောင်ဇေယျနန်းတက်ပြီးချိန်တွင် နိုင်ငံတော်အတွင်း စည်းရုံးရေးစစ်ပွဲများကို နေ့မအားညမနား ဆောင်ရွက်ခဲ့သည်။

ကုန်းဘောင်ခေတ် မြန်မာမင်းများလက်ထက်အချိန်ကာလတွင် ပြည်တွင်း၊ ပြည်ပ နိုင်ငံတော်ကာကွယ်ရေးသည် စစ်ရေးစည်းရုံးမှုသည် အရေးကြီးလှပေသည်။ စစ်ရေးစွမ်းရည်ထက်မြက်သော ကျန်စစ်သား၊ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလခေတ်တွင် တိုင်းပြည်အားကောင်းမောင်းသန်ခဲ့ကြသည်။

ကုန်းဘောင်ခေတ် အလောင်းမင်းတရားဦးအောင်ဇေယျသည် ၁၇၁၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ဦးအောင်ဇေယျမွေးဖွားစဉ်အချိန်ကာလတွင် တော်လည်းခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေကြီးကွဲအက်ခြင်း၊ ဥပ္ပါတ်ပျံခြင်း၊ အတိတ်နိမိတ်ထူးများ ပေါ်ပေါက်ခဲ့လေသည်။ ထို့ကြောင့် အယူတော်မင်္ဂလာပညာရှင်တို့က ဘုန်းသမ္ဘာကြီးမြတ်မည့်သူဖြစ်ကြောင်း နိမိတ်ဖတ်ကြားခဲ့သည်။ အသက် (၂၂) နှစ်အရွယ်သို့ ရောက်ရှိသောအခါတွင် အလောင်းမင်းတရားဦးအောင်ဇေယျအိပ်ပျော်နေစဉ် လက်ရုံးတော်မှ မီးတောက်သည်ဟု အိပ်မက်မြင်ခဲ့လေသည်။ ထိုအိပ်မက်ကို ပညာရှင်များက တိုင်းပြည်ကို အုပ်ချုပ်မင်းလုပ်မည့် မင်းသားတစ်ပါး ဧကန်မုချဖြစ်မည်ဟု ဟောကိန်းနိမိတ်ဖတ်ခဲ့ကြလေသည်။

အတိတ်နိမိတ်ထူးများတို့ကြောင့် အလောင်းမင်းတရားကြီးဦးအောင်ဇေယျစိတ်ဓာတ်မှာ ပို၍ခိုင်မာတည်ကြည်လာခဲ့သည်။ အလောင်းမင်းတရားဦးအောင်ဇေယျသည် ၁၇၅၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကုန်းဘောင်မင်းပထမဆုံးဆက်အဖြစ်ခံယူကာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည်။ အလောင်းမင်းတရားဦးအောင်ဇေယျ နန်းစံနှစ် (၈) နှစ်အတွင်း ပြည်တွင်း၊ ပြည်ပ စည်းရုံးရေးစစ်ပွဲများဆင်နွှဲခဲ့ရသည်။ စည်းရုံးရေးစစ်ပွဲများတွင် စစ်ချီတက်သည့်အခါ လောကီပညာဖြစ်သည့် အတိတ်နိမိတ်များ ကောက်ယူခြင်းဖြင့် မိမိတပ်မတော်ကို စိတ်ဓာတ်ခိုင်မာစေခဲ့သည်။

အလောင်းမင်းတရားဦးအောင်



www.burmeseclassic.com

www.burmeseclassic.com

# တိုင်းရင်းဆေးခန်းသုံး ၂

# ဈာနသုံးဆေးများအကြောင်းသိကောင်းစရာ

## ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)



ဒီတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးအစီအစဉ်မှာ တင်ပြဆွေးနွေးမယ့်သူကတော့ တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနဦးစီးအရာရှိ (ဖွံ့ဖြိုးရေး)ဖြစ်တဲ့ ဒေါ်နေနေနိုင်ရည်ပဲ ဖြစ်ပါတယ်ရှင်/ခင်ဗျာ။ ဆရာမတင်ပြမယ့်အကြောင်းအရာကတော့ ချောင်းဆိုးရောဂါနှင့်တိုင်းရင်းဆေးပညာအကြောင်းပဲဖြစ်ပါတယ်။

မေး။ ။ဆရာမရှင့်/ခင်ဗျာ။ အခုလိုဆောင်းဦးပေါက်ရာသီမှာ လူတွေချောင်းဆိုးတာကို တွေ့ရများပါတယ်။ ဘာကြောင့် ဒီလိုရာသီမျိုးမှာအဖြစ်များတယ်ဆိုတာကို ပြောပြပေးပါဦးရှင့်/ခင်ဗျာ။

ဖြေ။ ။ ဟုတ်ကဲ့ပါ။ ဆောင်းဦးပေါက်အခါနဲ့ မိုးဦးကျအခါမှာ ချောင်းဆိုးရောဂါဖြစ်ပွားတတ်ပါတယ်။ တိုင်းရင်းဆေးပညာအလိုအရ 'ကာသောရာသီချောင်း'လို့ခေါ်ပါတယ်။ ပူတဲ့ရာသီကနေ စွတ်စိုပူနွေးတဲ့ရာသီအကူး၊ စွတ်စိုပူနွေးတဲ့ရာသီက အေးတဲ့ရာသီအကူး၊ အေးတဲ့ရာသီက ပူတဲ့ရာသီအကူး ဥတုအကူးအပြောင်းကာလတွေမှာ အပူနဲ့ အအေးအားပြိုင်တဲ့အတွက် ဖြစ်ပါတယ်။ အဲဒီအချိန်တွေမှာ ရာသီနဲ့လိုက်အောင် မနေတတ်မစားတတ်ဘဲ ရာသီကိုဆန့်ကျင်မိရင် ချောင်းဆိုးခြင်းကိုဖြစ်စေတတ်ပါတယ်။ ရာသီချောင်းအများစုကတော့ ဆောင်းလယ်၊ မိုးလယ်၊ နွေလယ်ဆိုတဲ့ ရာသီမှန်တဲ့အချိန်ရောက်သွားတဲ့အခါ မည်မည်ရရဆေးမလိုဘဲ ပျောက်ကင်းသွားတတ်ပါတယ်။ အာဂန္တုကသာမဟုတ်ဘဲ ရာသီ

ဇေယျ အောက်မြန်မာနိုင်ငံသို့ စည်းရုံးရေးစစ်ပွဲများဆင်နွှဲရာတွင် အောင်မြင်မှုရနိုင်၊ မရနိုင်ကိုလည်း ကိုယ်တော်တိုင် နိမိတ်ကောက်ယူခဲ့သည်။ ၁၇၅၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသ ဟံသာဝတီမွန်တို့အား သစ္စာခံစေရန်အတွက် ဟံသာဝတီသို့စစ်ချီတက်ရာတွင် မွန်တို့နှင့်တွေ့ပြီး တိုက်ခိုက်ရန် ပြင်ဆင်ခဲ့သည်။ အတိတ်နိမိတ်အချိန်အခါကိုစောင့်ကြည့်နေစဉ် အထက်ကောင်းကင်ယံ၌ သိမ်းငှက်နှင့်စွန်တို့ တစ်ကောင်နှင့်တစ်ကောင်ထိုးသတ်ကိုက်ဖြတ်နေမှုကို နိမိတ်အဖြစ် တွေ့ရသည်။ ထိုအချိန်မှာပင် နှစ်ဖက်စစ်တပ်ကြီးသည် စစ်တိုက်ခြင်းမပြုသေးဘဲ စောင့်ဆိုင်း ကြည့်ရှုနေကြသည်။ သိမ်းငှက်နှင့်စွန်တိုက်ပွဲတွင် စွန်သည် အရေးနိမ့်၍ အလောင်းမင်းတရားကြီးခြေတော်ရင်းသို့ထိုးကျလေသည်။ ထိုသောအခါ သမယဝယ် အလောင်းမင်းတရားကြီးတပ်တော်သားတို့က ဓား၊ လှံတို့နှင့် ဝိုင်းဝန်းထိုးသတ်ကြလေသည်။

ထိုအတိတ်နိမိတ်ထူးကိုကြည့်၍ အလောင်းမင်းတရားဦးအောင်ဇေယျက သိမ်းသည် ငါ၏ အမှတ်အသားဖြစ်၍ စွန်သည် တလိုင်းတို့၏အမှတ်အသားဖြစ်သည်။ သိမ်းသည် စွန်ကိုနှိမ်နင်းနိုင်သကဲ့သို့ ငါလည်း ရန်သူအပေါင်းတို့ကိုတိုက်ခိုက်နှိမ်နင်းနိုင်မည်ဟု မိန့်ကြားပြီး တိုက်ပွဲဝင်ကြသည်။ စစ်မောင်းသံကြားသံပေးအောင်သံကြွေး၍ ကိုယ်တော်တိုင်ခေါင်းဆောင်ကွပ်ကဲလျက် မွန်ရန်သူတို့ကို ဝင်ရောက်တိုက်ခိုက်ရာအောင်မြင်ခဲ့သည်။ သိမ်းငှက်နှင့် စွန်တိုက်ပွဲသည် အလောင်းမင်းတရားကြီးဦးအောင်ဇေယျတိုက်ခိုက်နေသည့် စစ်ပွဲအနိုင်အရှုံးကိုဖော်ပြသည့် နိမိတ်ကောင်း ဖြစ်သည်။ ထိုနိမိတ်ရလဒ်ကောင်းပြချက်သည် စစ်သည်များအား စိတ်ဓာတ်ရေးရာကို ပိုမိုကြံခိုင်ခဲ့သည်။ စစ်ပွဲအောင်မြင်စေသောအတိတ်နိမိတ်ဆောင်မှုပင်ဖြစ်တော့၏။

၁၇၅၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင်လည်း မြောင်းမြမြို့ ညောင်ပင်ရိပ်တွင် ပန်းပင်စိုက်ထားသော ရွှေမြူတာရေပြည့်အိုးကိုကိုင်တော်မူလျက်ပင် -

"မိမိသည် သာသနာတော်ကိုပြုထိုက်သူမှန်ပါက မိမိအောင်စေ။ တစ်ပါးရန်သူက သာသနာကိုပြုထိုက်သူမှန်ပါက တစ်ပါးသူအောင်စေ"

ဟု အဓိဋ္ဌာန်သစ္စာပြုပြီး ရေချမ်းကို သွန်းလောင်းတော်မူလေသည်။ မြေပြင်သို့ ရေစင်ရေချမ်းရောက်သည်နှင့် တစ်ပြိုင်နက် လေဆန်ခြင်း၊ မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်း၊ ကျေးငှက်ပြုခြင်း စသောအတိတ်နိမိတ်ထူး ဖြစ်ပေါ်စေသည်။ ထင်ဟပ်ဖြစ်ပေါ်လာသော အတိတ်ထူးနိမိတ်ထူးမြတ်ကိုကြည့်၍ အလောင်းမင်းတရားဦးအောင်ဇေယျက ငါအောင်တော်မူမည်ဟု မိန့်တော်မူအောင်သံကျူးလေသည်။ ထို့နောက် ဗိုလ်မှူးတပ်မှူးတို့ကို ရေတပ်၊ ကြည်းတပ်တို့ဖြင့် စစ်ခင်းတိုက်စေရာ ကျောက်မြောင်းအရှေ့ဘက် သီလစ္စာအနီးတွင် ဟံသာဝတီတပ်များကို အောင်မြင်လေသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ ကုန်းဘောင်ခေတ်လောကီပညာရပ်တွင် အတိတ်နိမိတ်သည် အဖိုးအထားဆုံး၊ အရာအရောက်ဆုံးဖြစ်လေသည်။ ယနေ့တိုင် ပြည်သူလူထုတို့၏ လူနေမှုဘဝဖြစ်စဉ်အတော်များများတွင် အတိတ်နိမိတ်တို့မှာ အရေးပါအရာရောက်နေဆဲပင်ဖြစ်လေသည်။ ကုန်းဘောင်ခေတ် ဦးအောင်ဇေယျမင်းတရားကြီး၏အတိတ်နိမိတ်ထူးများကား ထူးဆန်းအံ့သြဖွယ်ရာဖြစ်ရပ်များ ဖြစ်ပါသည်။

*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

*ယောနကဘိုးတော*

ကျမ်းကိုး -

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်စာစောင်ကားပန်းတို့လန်းရာမြေ အတွဲ (၁) အမှတ် (၃) စာ-၁၁၂



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘဲဆိုတဲ့ ခေါင်းဆိုးရောဂါတွေလည်းရှိပါသေးတယ်။ ဟောမန်ရာသီခေါင်းကလေးကို အမှတ်မထင် ပေါ့ပေါ့ဆဆထားမိလို့ ရာသီခေါင်းဘဝက အန္တရာယ်ခေါင်းဘဝကို ကူးစက်လာတတ်တာလည်းရှိပါတယ်။ ဆောင်းဦးပေါက်မှာဖြစ်တဲ့ခေါင်းဆိုးရောဂါကတော့ အအေးမိလို့၊ အအေးပတ်ဖွဲ့ပြီး အပူငုပ်သွားလို့ အဖြစ်များပါတယ်။ တစ်နည်းဆိုရရင်တော့ မိုးဥတုကပါလာတဲ့ဝါယောအပုပ်ဓာတ်နဲ့ဆောင်းဥတုကရောက်လာတဲ့ ပထဝီ၊ အာပေါဆောင်တဲ့ သည်းခြေဓာတ်တို့ အားပြိုင်လို့ဖြစ်တာပါ။ ဆောင်းဥတုအကြိုက်ဆေးဝါးဓာတ်စာတွေပေးပြီးကုသရင် အလွယ်နဲ့ပျောက်ပါတယ်။ ဥတုရဲ့ စိုးမိုးရာသီအားကြီးတဲ့ဓာတ်ဘက်ကိုလိုက်ပြီးကူးရပါတယ်။ အဲဒါကြောင့် ဆောင်းဥတုအကြိုက် ပထဝီ၊ အာပေါစာ အချိုအဆိမ့်ကိုကျွေးနိုင်ပါတယ်။သာမန်အားဖြင့် အချိုစားရင် ခေါင်းပိုဆိုးတယ်လို့ ယူဆထားတတ်ကြပေမယ့် ဒီလိုကာလမှာဖြစ်တဲ့ရာသီခေါင်းမျိုးကျတော့ အချိုပေးလို့ရပါတယ်။ အချိုဆိုရာမှာလည်း အသန့်ဆုံးအချိုဖြစ်တဲ့ ပျားရည်နဲ့အထူးသင့်လျော်ပါတယ်။

ဖြေ။ ။ ဟုတ်ကဲ့ပါ၊ ခေါင်းဆိုးခါစမှာ ပျားရည်တစ်ဆ၊ သံပရာရည်တစ်ဆ၊ တောအရက်တစ်ဆရောပြီးတော့ တစ်ခါသောက်ရင် လက်ဖက်ရည်ဇွန်းတစ်ဇွန်း တစ်နေ့သုံးကြိမ်သောက်ပေးရင် ချက်ချင်းလိုလိုခေါင်းဆိုးပျောက်သွားပါလိမ့်မယ်။ ဒီအချိန်မျိုးမှာ ဝါယောဓာတ်ကိုအားပေးတဲ့ အခါးနဲ့ အငန်ကိုလျှော့ရပါတယ်။

အပူကိုရှောင်ပြီး အဖန်နဲ့ အအေးကို စားရပါတယ်။ ဖီးကြမ်းငှက်ပျောသီးပျော့ပျော့မီးဖုတ်စားရပါတယ်။ကင်ပွန်းချဉ်ရွက်ကိုပြုတ်သောက်ရင်လည်းရပါတယ်။ ခေါင်းဆိုးတိုင်း ချို၊ ဆိမ့်၊ ဖန်တွေရှောင်ရမယ်ဆိုပြီး တရားသေမှတ်မထားသင့်ပါဘူး။ ခေါင်းဆိုးသာမကနှာပါစေးနေပြီဆိုရင်တော့ နနွင်းမှုန့်စစ်စစ်ကို ရေနဲ့ဆူအောင်ကျိုပြီးရေနွေးမှိုင်းခံပေးရှူပေးရပါတယ်။ နှာတံကို ရေနံဆီဒါမှမဟုတ် ပရုတ်ဆီလိမ်းပေးရပါတယ်။ နှာတံကို ကြပ်ထုပ်ထိုးပေးရင်းလည်းကောင်းပါတယ်။ နောက်တစ်နည်းကတော့ မန်ကျည်းမှည့်ရှစ်ပဲသား၊ ဆားလေးပဲသားကို ရေဟင်းစားဇွန်းနှစ်ဇွန်းနဲ့ဖျော်ပြီး မကြာမကြာရှူပေးပါ။ ခေါင်းခြောက်ဆိုးနေရင်တော့ ဇဝက်သာတစ်ကျပ်သား၊ ကွမ်းရွက်စိုတစ်ကျပ်သားကို ရေသင့်ရုံနဲ့ သုံးခွက်တစ်ခွက်တင်ကျိုပြီး သောက်ပါ။ ဒါမှမဟုတ် ကသော့ရွက်သတ္တုရည်ကိုဆားသင့်ရုံထည့်ပြီးသောက်ပါ။ သလိပ်ကပ်ပြီးလည်ချောင်းနာနေရင် ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ ခေါက်စားပါ။ ပင်စိမ်းရွက်အခြောက်ရှစ်ပဲသားကို သကြားလက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ ရေတစ်ဖန်ခွက်စာနဲ့ငါးမိနစ်ကျိုပါ။ အရည်စစ်ယူပြီးလေးကြိမ်ခွဲသောက်ပါ။ တံတွေးမျိုလို့မရအောင် လည်ချောင်းနာနေရင် ဒန့်သလွန်မြစ်ကိုသွေး ရေနဲ့လိုသလိုစပ်ပြီး ငုံပေးရပါတယ်။ လည်ပင်းတစ်ဝိုက်ကိုလည်း ခပ်ပျစ်ပျစ်သွေးလိမ်းရပါတယ်။

မေး။ ။ဆရာမရှင်/ခင်ဗျာ ခေါင်းဆိုးရောဂါအတွက် တိုင်းရင်းဆေးခန်းသုံးဆေးနဲ့ကောဘယ်လိုကုသလဲရှင်/ခင်ဗျာ။

ဖြေ ။ ။ ဆေးအနေနဲ့ကတော့ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁) သေမှပုတိကမလင်ချဉ်ဆေးနဲ့ ဆေးအမှတ် (၂) လေမျိုး (၈၀) ဆေးနှစ်မျိုးဆတူစပ်ပြီး မကြာမကြာလျက်ပေးပါ။ တရှိုက်ရှိုက်နဲ့ရင်ကျပ်နေရင်တော့ ၎င်းဆေးနှစ်မျိုးစပ်ထားတဲ့ ဆေးတစ်ပဲသားကို မုရားကြီးရွက်ပြုတ်ရည်နဲ့ သောက်ပါ။ တစ်နေ့ကို လေး၊ ငါးကြိမ်သောက်နိုင်ပါတယ်။ တအုံ့နွေးနွေးနဲ့အဖျားလေးပါတွဲလာရင်တော့ ဆေးအမှတ်(၁၆)အပူငြိမ်းသွေးဆေးကို ကွမ်းရွက်ပြုတ်ရည်ပူပူနဲ့ သောက်ပါ။ ခေါင်းဆိုးရလွန်းလို့ ရင်ဘတ်တွေပါအောင့်နေရင်တော့ မရိုးရွက်ကိုမီးကင်ပြီး အောင့်တဲ့နေရာမှာကပ်ပေးပါ။ ရေကျက်အေးများများသောက်ပေးပါတယ်။ မိုးဦးကျချိန်မှာတော့ နွေဘက်ကပါလာတဲ့အပူကြောင့် အပူခေါင်းတွေဆိုးတတ်ပါတယ်။ ပူတဲ့အစာဆေးတွေရှောင်ပြီး အေးသက်စာတွေစားသင့်ပါတယ်။ ၎င်းအပြင် အဖျားလေးပါတွဲနေရင်တော့ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၂၅) မတဲမြင့်မိုရ်ကုန်းဆေးကို ကွမ်းရွက်ပြုတ်ရည်နဲ့သောက်ပါ။

မေး။ ။ဆရာမရှင့်/ခင်ဗျာ၊ ခေါင်းဆိုးရောဂါအားလုံးအတွက် သောက်နိုင်တဲ့ဆေးကိုလည်း ပြောပြပေးပါဦးရှင်/ခင်ဗျာ။

ဖြေ။ ။ရှိပါတယ်။ မုန်ညင်းဥ၊ ကွမ်းရွက်၊ ကျပ်ခိုး၊ နနွင်းလေးမျိုး ဆတူအမှုန့်ပြုပြီးစပ်ထားပါ ရာသီဆေးလို့ခေါ်ပါတယ်။ ရာသီဆေးကို ချင်း၊ ထန်းလျက်ပြုတ်ရည်နဲ့သောက်ပါ။ ဆေးအနေနဲ့ တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် (၁) မက်လင်ချဉ်ဆေးနဲ့ ဆေးအမှတ် (၂) လေးမျိုးရှစ်ဆယ်ဆေးတို့ကို လျက်ဆေးအဖြစ်မကြာမကြာလျက်ပေးပါ။

မေး။ ။ဆရာမရှင်/ခင်ဗျာ၊ ရှောင်သင့်တဲ့အစာတွေနဲ့ စားသင့်တဲ့အစာတွေကိုလည်း ပြောပြပေးပါရှင်/ခင်ဗျာ။

ဖြေ။ ။ စားသင့်တာကတော့ ဥသျှစ်ရွက်၊ ရှောက်ရွက်၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက်တို့ကိုစားသင့်ပါတယ်။ မြင်းခွာရွက်သတ္တုရည်နဲ့ပျားရည်စပ်ပြီး သောက်သင့်သလို ကြက်သွန်ဖြူနိုင်နိုင်နဲ့ မြင်းခွာရွက်ဟင်းခါးလည်း သောက်နိုင်ပါတယ်။ ရှောင်သင့်တဲ့အစာတွေကတော့ မိုးဥတုဆိုရင် အပူစာတွေရှောင်မယ်။ အမဲသား၊ ကြက်သား၊ မျှစ်၊ တညင်းသီး၊ ငရုတ်သီး၊ မဆလာ၊ ငရုတ်ကောင်း စတဲ့အစာတွေဖြစ်ပါတယ်။ ငါးအမျိုးမျိုးနဲ့ ဘူးသီး၊ ပုံလုံသီး၊ မုန်လာဥ၊ မုန်လာရွက်နဲ့ ကန်ကလာတို့ကို စားသင့်ပါတယ်။

တကယ်တော့ ခေါင်းဆိုးရောဂါလို့အမည်မှည့်ခေါ် လေ့ရှိပေမယ့် တကယ်တော့ ခေါင်းဆိုးခြင်းဟာ ရောဂါလက္ခဏာတစ်ရပ်သာဖြစ်ပါတယ်။ လည်ချောင်း၊ အဆုတ်နဲ့ လေပြွန်တွေမှာ ရောဂါတစ်စုံတစ်ရာဖြစ်ရင် နှလုံးရောဂါဖြစ်ရင် ခေါင်းဆိုးခြင်းပါ ဖြစ်ပေါ်တတ်ပါတယ်။ တုပ်ကွေးဖျား၊ အအေးမိဖျား၊ ဝက်သက်ဖျား၊ ဆေးလိပ်အသောက်လွန်တဲ့အခါ၊ သန်ထတဲ့အခါ ခေါင်းဟာ သလိပ်မရဘဲ ခေါင်းခြောက်ကြီးဆိုးတတ်ပါတယ်။ အဆုတ်ရောင်ပန်းနာနဲ့တွဲဖြစ်တဲ့ ခေါင်းဆိုးရောဂါကတော့ အနည်းနဲ့အများဆိုသလို သလိပ်ပါတတ်ပါတယ်။ ခေါင်းဆိုးလို့ဟက်လိုက်တဲ့အခါ သလိပ်ပါမက သွေးပါပါလာရင်တော့ တီဘီအဆုတ်နာ၊ အဆုတ်ကင်ဆာ၊ အဆုတ်အအေးမိရောဂါ၊ နှလုံးရောဂါနဲ့ သန်ကောင်တွေ သိပ်များနေလို့ဖြစ်ပါတယ်။ရောဂါအရင်းအမြစ်ကို ဖော်ထုတ်ကုသဖို့ အရေးကြီးပါတယ်။ မိမိမှာ၊ ကလေးမှာ တော်တော်နဲ့ခေါင်းဆိုးရောဂါမပျောက်ခဲ့ရင် ပေါ့ပေါ့မနေပါနဲ့။ နီးစပ်ရာ တိုင်းရင်းသမားတော်၊ ဆရာဝန်၊ ဆေးခန်း၊ ဆေးရုံသို့သွားပြီးတော့ စမ်းသပ်စစ်ဆေးသင့်ပါတယ်။ ထို့ကြောင့် ခေါင်းဆိုးရောဂါအပါအဝင် ဘယ်ရောဂါဖြစ်ဖြစ် နှုတ်နှမ်းမှာကုသကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ဒေါ်နေနေနိုင်ညွှေ
(တိုင်းရင်းဆေးပညာ)



www.burmeseclassic.com

www.burmeseclassic.com

နွေရောက်ပြီလေ။

၂၀၁၇ ခု၊ ဧပြီလ မိုးလေဝသဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်၏ သတိပေးချက်ထွက်ပေါ်လာခဲ့ပြီ။ အချို့ပညာရှင် မိုးလေဝသခန့်မှန်းချက်တို့သည်ကား ဒက်ထိမှန်ကန်လေ့ရှိသည်။ ယခု ၂၀၁၇ ခု၊ မေလတွင် ၂၀၀၈ ခုနှစ် နာဂစ်ကဲ့သို့သော မုန်တိုင်းမျိုးဝင်လာနိုင်ကြောင်း သတိပေးလာ၏။ ၂၀၀၈ ခုနှစ်၊ မေလ အလွန်ပြင်းထန်သောမုန်တိုင်းကြီး တိုက်ခတ်မည်ဟူသော မိုးလေဝသခန့်မှန်းသတင်းကို BBC, VOA တို့မှ ထုတ်လွှင့်ခဲ့သည်။ ထိုမုန်တိုင်းကြောင့် လူအရေအတွက်သိန်းချီ၊ လူနေအိမ်နှင့်အဆောက်အအုံတို့ သိန်းချီပျက်စီးဆုံးရှုံးပျောက်ကွယ်ခဲ့ရပါသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြီးကား ကြောက်ခမန်းလိလိပါတကား။

၂၀၁၇ ခုနှစ်တွင် ဖြစ်ပေါ်လာမည့်မုန်တိုင်းသည်လည်း ဆိုးဆိုးဝါးဝါး ပြင်းထန်နိုင်၍ အထူးသတိထားကြရန် ဒေါက်တာဦးထွန်းလွင်က DVB မှ သတိပေးနှိုးဆော်လျက်ရှိပါသည်။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်း၏ ခါးသီးသောအတွေ့အကြုံကို လူတို့မေ့သယောင်ယောင်ဖြစ်နေကုန်ကြပြီ။ လူတို့သည် ခလုတ်ထိမှ အမိတသူများဖြစ်ကြကုန်၏။ လူတို့၏ အကျင့်စရိုက်တစ်ခုလိုဖြစ်နေကြသည်။ ယနေ့ခေတ်အခြေအနေသည် သဘာဝဘေးဒဏ်ကြီးက လူတို့ကို တိုက်ခိုက်နေကြလေပြီ။ လူတို့အလူးအလဲခံနေကြရကုန်၏။ မုန်တိုင်းဖြစ်ပေါ်နေသည်ကို လက်နက်ဖြင့်တိုက်ခိုက်၍မရပါ။ မုန်တိုင်းကိုဟန့်တားနိုင်ရန်၊ ထိန်းသိမ်းရန်မှာ သစ်ပင်စိုက်ပျိုးကြခြင်းဖြင့်သာ ကာကွယ်တားဆီးနိုင်ပါ၏။

မသမာသူတို့က သစ်ခိုးထုတ်ရန်သာလုံ့လပြုလျက်ရှိကြကုန်၏။မိမိအသက်ဘယ်ကထွက်ရမည်ကိုမစဉ်းစား။သဘာဝဘေးဒဏ်ကိုပြက်ရယ်ပြုနိုင်သောအများအကျိုးပြုမည့်သစ်ပင်ပေါင်းမြောက်မြားစွာ အလုံးအရင်းစိုက်ပျိုးကြရန် လိုအပ်နေပါလေ၏။ ယခုမူကား သစ်ခိုးထုတ်ရန်ကိုသာ ထပ်တလဲလဲစဉ်းစားနေကြသည်။ သစ်ပင်စိုက်ပျိုးရန် လုံးဝဂရုမပြုအကုသိုလ်သားကောင်တို့၏မဆင်မခြင်လုပ်ရပ်က လူကောင်းတို့အပေါ် များစွာရိုက်ခတ်စေတော့သည်။ လူယုတ်တို့၏ စိတ်ညှို့ပယ်ဖျောက်စေချင်မိသည်။အဖြူဆုံးစိတ်ကောင်းမွေးကာ အားလုံးစုပေါင်းလက်တွဲ၍ ကောင်းရာကောင်းကျိုးသယ်ပိုးဆောင်ရွက်စေချင်ပါဘိ။

သစ်ပင်များစုပေါင်းစိုက်ပျိုးခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကိုတွန်းလှန်ကာကွယ်ကြပါစို့။

ယနေ့ မိုးလေဝသဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင် မိုးလေဝသသတိပေးချက်ကို ဂရုမထား၍မရပါ။ အထူးသတိပြုသင့်သည်။



# အောင်မြင့်ထွန်း (မသုံးလုံး)

## ၂၀၀၈ နာဂစ်အတွေ့အကြုံဘဝအဖုံဖုံ

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ မိုးလေဝသသတင်းကြေညာချက်ကို ကြားသိလိုက်ရပြီးသည်နှင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် လူသားတို့အမျိုးမျိုးအဖုံဖုံဒုက္ခကြုံကြိုက်ခဲ့ရပုံတို့ကို ကျွန်ုပ်အာရုံတွင် တရေးရေး ပြန်လည်မြင်ယောင်လာမိပါတော့သည်။

၁ ကျွန်ုပ်မိသားစုအတွေ့အကြုံ

၂၀၀၈ ခုနှစ် မေလတွင် မုန်တိုင်းတိုက်ခတ်မည်ဟု ရေဒီယိုမှ ကြေညာထားသည်။ မိုးဦးကျတွင် လေမုန်တိုင်းတိုက်လေ့ရှိပါသည်။ ကျွန်ုပ်သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် နေထိုင်သူ ဖြစ်ပါသည်။ မုန်တိုင်းတိုက်ခတ်သည့်အခါတိုင်း လေပြင်းများကျ၊ မိုးကြီးသည်းထန်စွာရွာချလေ့ရှိပါသည်။ သစ်ပင်ကြီးများလဲပြိုကုန်သည်။ အများအားဖြင့် ရေသောက်မြစ်မရှိသော ကုက္ကိုပင်ကြီးများလဲလေ့ရှိ၏။ ကလေးဘဝက ပျော်များပင်ပျော်လိုက်သေးသည်။ လေတဝှီးဝှီးထဲမှာ မိုးရေချိုး၊ ဘောလုံးကန်ခဲ့ဖူးပါ၏။ မြောင်းမြမြို့သူမြို့သားတို့လည်း အလုပ်အကိုင်မပျက် အသွားအလာမပျက်ကြကုန်။

၂၀၀၈ ခုနှစ် နွေလရာသီ။

မေလ ၂ ရက်။ မိုးကောင်းကင်ကြည်လင်သာယာနေပါသည်။ရုံးဝန်ထမ်းများ အေးအေးစွာ ရုံးတက်သည်။ ဆန်စက်၊ ရေခဲစက်အလုပ်ဆင်းသူဆင်း၊ ဈေးရောင်းသူရောင်း၊ ဆိုက်ကားဆရာတို့သည်လည်း ရာသီဥတုသာယာနေလေရာ ဆိုက်ကားဆွဲကောင်းနေကြပါသည်။ မြောင်းမြမြို့ထဲမှာ ပျားပန်းခပ်မျှလှုပ်ရှားသွားလာနေကြကုန်၏။ မြောင်းမြမြို့သည် နေထိုင်၍ကောင်းသော စည်ကားလှပသည့်မြို့ဖြစ်ချေ၏။ မြို့သူမြို့သားတို့သည် မေလတွင် မုန်တိုင်းတိုက်ခြည်ကိုပင် သတိမထားကြပါ။ ရာသီဥတုကလည်း သာယာလျက်ပါ။

ညနေပိုင်း (၃) နာရီခန့်လောက်တွင် လေပွေလိုလိုလေပြင်းလိုလိုတိုက်ခတ်



www.burmeseclassic.com

www.burmeseclassic.com

လာသော်လည်း ရောင်းဝယ်မပျက်ကြ။ ခဏတာတိုက်ခတ်လာသောလေဟုသာ ထင်မြင်လျက်ရှိကြကုန်၏။ အသွားအလာမပျက်ခဲ့။ကျွန်ုပ်၏သမီး ခင်သန္တာအောင်သည် (xxx) ဆေးဆိုင်တွင် အလုပ်လုပ်၏။ ဆေးဆိုင်မှ (၆)နာရီခန့်တွင် ဆိုင်သိမ်းအလုပ်ပြန်ခဲ့၏။ အိမ်သို့ရောက်သောအခါ ကျွန်ုပ်အား ရယ်ရယ်မောမောဖြင့် ဤသို့ပြောပြသည်မှာ -

"ဖေကြီးရာ၊ လေတွေကလည်းတိုက်၊ မိုးပေါက်လေးတွေကျလာတုန်း လေပြင်းတိုးလို့ ထီးကိုင်းတွေဆိုတာ လွင့်ကုန်တော့တာပဲသိလား။ ခမောက်တွေလည်းလေထဲလွင့်၊ အမှိုက်သရိုက်တွေလည်း ပလူပျံနေတော့တာပဲ။ မုန်တိုင်းတိုက်တာလားမသိဘူးနော်"

"တိုက်နိုင်တာပေါ့ သမီးရယ်၊ သွားသွား အဝတ်စိုတွေအမြန်လဲလိုက်"

ကျွန်ုပ်တို့မိသားစု မုန်တိုင်းတိုက်တော့မည်ကို မသိကြလေကုန်။ လေပြင်းကျနေသဖြင့် ကျွန်ုပ်တို့သားသမီးသားအဖသုံးယောက် စောစီးစွာ ညစာသုံးဆောင်လိုက်ကြပါ၏။

သားငယ်ပြည့်ဖြိုးအောင်က -

"မိုးကလည်းအေးလိုက်တာ ဖေဖေရေ၊ ဒီညတော့ အိပ်ကောင်းမှာပဲ"

"အေးကွ"

သားငယ်၏ စကားကို ကျွန်ုပ်ထောက်ခံပေးလိုက်ပါသည်။မိုးအေးလျှင် အိပ်လို့ကောင်းသည် မဟုတ်ပါလား။ ဖေဖေ၊ မေမေတို့ရှိစဉ်အချိန်က ညဦးယံတွင် မိုးဖွားလေးများသဲသဲမဲမဲကျလာပါက မိုးအေးအေးနှင့် အိပ်ကောင်းမည်ကို ရည်ရွယ်၍ 'ဒီညတော့သတိထားကြကွ၊ မိုးစိမ့်စိမ့်နဲ့ ခိုးသိမ့်သိမ့်ဆိုတဲ့ ရှေးလူကြီးစကားရှိသကွ' ဟု မိုးအေးအေးမှာ သူခိုးပူတတ်သည်ကို သတိပေးလေ့ရှိ၏။

ကျွန်ုပ်တို့ ထမင်းစားပြီးသွားသောကြောင့် ဗိုက်ပြည့်တင်း၍လည်းကောင်း၊ မိုးအေးသည်ကတစ်ကြောင်းတို့ကြောင့် ကျွန်ုပ်တို့ အသီးသီးအိပ်ရာကိုယ်စီဝင်ကြလေ၏။ကျွန်ုပ်အိပ်သည့်နေရာက ဘုရားကျောင်းဆောင်ရှေ့တွင်ဖြစ်လေသည်။ မိုးအေးအေးနှင့် ကျွန်ုပ်အိပ်မောကျနေစဉ် -

"ဖေကြီး၊ ဖေကြီး"

"ဟင် - ဘာလဲ သမီး"

ကျွန်ုပ်၏အနီးသို့ သမီးနှင့်သားရောက်ရှိနေ၏။

"လေပြင်းတွေတအားတိုက်နေတယ်။ သမီးတို့ကြောက်လို့"

မိုးရွာသံနှင့်လေတိုက်သံကြီးကားအုန်းအုန်းဝေါဝေါဝေါနှင့် ပြင်းထန်သောဆူညံသံကြီးက ကြောက်ဖွယ်လိလိပါတကား။ လောကတစ်ခွင်လုံးဝုန်းဒိုင်းကြလျက် လေပြင်းဝှေ့တိုက်နေသံမှာ စူးစူးရှရှရှိလှ၏။ အင်မတန်မှ ကြောက်စရာကောင်းလှပါတော့၏။ သူတို့မောင်နှမကြောက်မည်ဆိုလည်း ကြောက်စရာပါ။ ည (၁၀) နာရီခန့်တွင် ပြင်းထန်သောနာဂစ်မုန်တိုင်းကြီး တိုက်ခတ်လေပြီ။ မောင်နှမနှစ်ယောက် အပေါ်ထပ်မှာမနေရဲတော့ဘဲ ကျွန်ုပ်ကို ဝဲယာညှပ်ကာ ခေါင်းလေးများပုနေကြတော့သည်။

"သားကြောက်တယ်"

"သားရဲ့၊ ဘာကြောက်စရာရှိလဲကွ၊ ဘုရားစာရွတ်စမ်းကွာ။ မုန်တိုင်းစဲသွားလိမ့်မယ်"

ကျွန်ုပ်သည် သားငယ်ကိုလည်း အားပေးလျက် ရင်ခုန်စိတ်လှုပ်ရှားနေစဉ်-

"အုန်း"

"ဟော - ဖေကြီး၊ သစ်ကိုင်းတော့ကျိုးပြီ။ မိုးမလင်းခင် ဆင်းကောက်ကြမယ်နော်"

"အေး - သမီး"

ဟိုတုန်းက လေပြင်းတိုက်ခဲ့စဉ်က သစ်ကိုင်းကျိုးကျဖူး၏။ မိုးစင်စင်လင်းမှ အေးဆေးကောက်ရန်စီစဉ်ခဲ့၏။သို့သော် တစ်ပါးသူက လက်ဦးမှုရယူသွားခဲ့ပါ၏။ ဤသည်ကိုရည်ညွှန်း၍ သမီးကပြောနေခြင်းဖြစ်ပါ၏။ သည်တစ်ခါတော့ ဘယ်ရမလဲ။ ကိုယ်ကိုယ်တိုင်ရယူရန် ဝီရိယထားမှုဖြစ်တော့မည်။

"အုန်း"

လာပြန်ချေပြီ။ နောက်တစ်ကိုင်း။

"ဟော - ကျိုးကျပြန်ပြီနောက်တစ်ကိုင်း၊ စောစောထမှပဲဖြစ်တော့မယ် ဖေကြီးရေ"

"သမီးရေ လေမိုးထန်နေတယ်၊ ဘုရားစာရွတ်"

"ဟုတ်ကဲ့"

ကျွန်ုပ်သည် သရဏဂုံဂါထာရွတ်ရင်း သမီးကိုပါ သတိပေးလိုက်သည်။ သားငယ်လေးက သမ္ဗုဒ္ဓေဂါထာရသည့်အတွက် ပါးစပ်ကလေးတလှုပ်လှုပ်နှင့် ရွတ်နေသည်။ သမီးက ၂၄-ပစ္စည်းနှင့် ပရိတ်တော်များကိုပါ ရွတ်လျက်ရှိသည်။ ညဥ့်သန်းခေါင်ယံလွန်သော် မုန်တိုင်းအားလျော့နည်းလာ၏။ ဘုရားစာရွတ်ရင်း ကျွန်ုပ်တို့သားအဖသုံးယောက် တစ်ဖန်ပြန်လည်၍ အိပ်ပျော်သွားကြပြန်

သည်။ အမှန်ပင် စောစီးစွာအိပ်ရာမှနိုးထလာသူကား သမီးခင်သန္တာအောင်ဖြစ်သည်။ ဟိုတစ်ခါ စိန်ပန်းဝါကိုင်းကျိုးမရ လိုက်၍ ယခုအခါ အထူးသတိထားနေသူပါ။

"ကိုင်းကျိုးသွားကောက်ကြမယ် ဖေကြီး"

မိုးမလင်းသေးပါ။ မှောင်ရီဝေဆဲ လေမိုးငြိမ်သက်နေပြီ။ အရုဏ်ကျင်း မလင်းတလင်း သစ်ကိုင်းကျိုးတော့မြင် နိုင်လောက်ပါ၏။ လျှပ်စစ်မီးများပျက်နေ သည်။ ဒီဇယ်ရေနံဆီမီးခွက်ထွန်းညှိပြီး အိမ်တံခါးမကြီးသော့ကိုဖွင့်သည်။ သား ငယ်လေးပြည့်ဖြိုးအောင်က အိပ်မောကျ ဆဲ။ ကျွန်ုပ်တို့သားအဖနှစ်ယောက် အိမ် ရှေ့လှေကားခုံမှဆင်းလိုက်သည်။ သစ် ရွက်ကြွေတို့ကိုနင်းမိကြလေ၏။ စိတ်အော နေသူ သမီးက အလောတကြီးဖြင့် ကျွန်ုပ် ရှေ့ကသွား၏။ သမီးခြေလှမ်းတုံ့သွား ကာ အထိတ်တလန့်ဖြင့်-

"အောင်မယ်လေး - ဖေကြီးရေ"

"ဘာ ဘာတွေ့လို့လဲ သမီး"

"သစ်ကိုင်းမဟုတ်ဘူး"

"ဘာလဲ သမီးရဲ့"

"ပိတောက်ပင်ကြီးလဲသွားတာ ဖေကြီး"

"ဟာ. . ."

ကျွန်ုပ်အံ့အားသင့်ရလေပြီကော လေပြင်းမုန်တိုင်းကြောင့် ကျွန်ုပ်ခံ... အပင်ကြီးငယ်တို့ တစ်ခါဖူးမျှလဲပြိ... မရှိခဲ့ဘူးပါ။ ယခု နာဂစ်မုန်တိုင်းသ... ပိတောက်ပင်ကြီးလဲကျရသည့်မုန်တိုင်း အရှိန်ကား မသေးပါ။ ကျွန်ုပ် ဘုရား... မိပါသည်။

"နောက်တစ်ကိုင်းရှာပါဦး သမီး"

"ဟိုမှာလေ ဖေကြီး၊ ဒါလည်း သစ်ကိုင်းမဟုတ်ဘူး။ မန်ကျည်းပင်... လဲနေတာ ဘုရား ဘုရား"

ခရိုင်ဆရာဝန်၏ အိမ်အနောက်... မန်ကျည်းပင်ကြီးနှစ်ပင်အနက် တစ်... လဲကျနေသည်။ ဒီလိုမျိုးမကြုံဘူးသ... သမီးခင်သန္တာအောင်သည်လည်း ဘု... တရလေပြီကော။ ကျွန်ုပ်၏နေအိမ်သ... ကုန်းအမြင့်တွင်ရှိ၏။ နှစ်ထပ်ခနီ... ကာအိမ်ဖြစ်၏။ အထိအခိုက်လုံး... ပါ။ ကျွန်ုပ်နေအိမ်ခေါင်းရင်းဘက်... သည် တစ်ထပ်အိမ်၊ အိမ်နိမ့်ခနီ... ကာ ခေါင်းချပ်များပြုတ်ထွက်... ဟောင်းလောင်းဖြစ်နေရှာသည်။ ကျွန်... နေအိမ်၏ခြေရင်းဘက်ရှိ အိမ်ကြ... မြေနိမ့်ပိုင်းတွင်ဆောက်ထားသော...



www.burmeseclassic.com

www.burmeseclassic.com

ပင် (၃)ခန်း သွပ်မိုးပျဉ်ကာနှစ်ထပ်အိမ်ကြီးမှ သွပ်ပြားအချပ် (၂၀) ခန့်တို့မှာ လေနှင့်အတူ ဘယ်ဆီဘယ်ဝယ်သို့လွင့်ပါသွားလေသနည်း။

ကျွန်ုပ်အိမ်ခြေရင်းရှိ ပိတောက်ပင်ကြီးပေါ်မှ ကိုင်းကြီးတစ်ကိုင်းနှင့် ဝါးနက်ရုံကြီးသည် ကျွန်ုပ်ရေတွင်းပေါ်၌ နေရာယူထားကြလေကုန်၏။ သူတို့သည်လည်း ကျွန်ုပ်နေအိမ်ကို မထိပါ။

၂၀၀၈ ခုနှစ် နာဂစ်တိုက်ခတ်တုန်းက သားလတ် နိုင်လင်းအောင်သည် ဖျာပုံမြို့ (×××) ဌာနတွင် တာဝန်ကျနေလေရကား မိုးရေနှင့်မုန်တိုင်းဒဏ်ကို ကြုံကြုံခံအန်တုရင်ဆိုင်ခဲ့ရကြောင်းနောင်မှသည်းထိပ်ရင်ဖိုဖြစ်ရပ်များ ကြားသိရပါသည်။

ဤကဲ့သို့ ပြင်းထန်ဆိုးရွားသော မုန်တိုင်းကြီးမျိုးကို ကျွန်ုပ်၏တစ်သက်တွင် ဤတစ်ခါသာကြုံဖူးတော့သည်။ ကတ္တရာလမ်းမကြီးပေါ်တွင်လည်း သစ်ပင်ကြီးများ အလဲလဲအပြိုပြိုဖြင့် မြင်မကောင်းချေ။ မုန်တိုင်းပြီးမှ သတင်းဆိုးကြားရသည်မှာ မြောင်းမြမြို့နယ်အတွင်း ရှိရွာအချို့တွင် လူ(၄)ယောက်ခန့် မုန်တိုင်းကြောင့်သေဆုံးရသည်။ အိမ်မြေအပျက်အစီးစာရင်းကတော့ ကြားမကောင်းချေ။ ကျွန်ုပ်တို့သားအဖ (၃) ယောက်တို့သည် ဗုဒ္ဓမြတ်စွာ၏ဂါထာတော်များကို ယုံယုံကြည်ကြည်နှင့် လေးလေးစားစားရွတ်ဆိုခဲ့ကြကုန်၏။ ဘုရားတရား၏ ဂုဏ်တော်အနန္တတို့ကြောင့် ကပ်ဆိုးဘေးဆိုးကြီးမှ လွတ်မြောက်ခဲ့ရပါ၏။

လူသော်လည်းကောင်း၊ နေအိမ်သော်လည်းကောင်း ထိခိုက်မှုမရှိပါ။

**❑ မိုးလေဝသမုန်တိုင်းသတင်းသတိပြုကြ**

ယနေ့ခေတ် မုန်တိုင်းတိုက်ခတ်မှုသည် ယခင်က မြန်မာနိုင်ငံတွင် သစ်တောကြီးများဖုံးလွှမ်းခဲ့စဉ်ကနှင့် လုံးဝမတူတော့ပါ။ လေထုကို ကာကွယ်နိုင်သော စိမ်းညို့သောသစ်တောကြီးများ၊ ဝါးတောကြီးများနှင့် အပင်မှန်သမျှတို့ကို မသမာသူ ဝိသမလောဘသားကောင်တို့၏ ခြယ်လှယ်ချင်တိုင်းခြယ်လှယ်၊ ဒိုးလိုမွှေရေလိုနှောက်၊ ကျူပင်ခုတ် ကျူငုတ်ပါမကျန် ရှင်းလင်းလိုက်ကြပြီ ဖြစ်၏။ ထို့ကြောင့် ကမ္ဘာကြီးအိုဇုန်းလွှာပေါက်ကာ အပူရှိန်လွန်ကဲလာခဲ့သည်။ အပူရှိန်လွန်ကဲ၍ မူလက စိုထိုင်းသောလေထုသည် အပူကြောင့် ပေါ့ပါးသောလေများအဖြစ်သို့ ပြောင်းလဲသွားချေသည်။

ဆောက်တည်ရာမဲ့ ရွေ့လျားနိုင်သော လေခိုးလေငွေ့တို့သည် လေသရမ်းများဖြစ်သွားကြလေကုန်၏။

သစ်တောကြီးများထူထပ်စဉ်အခါက သစ်ပင်သစ်တောကြီးတို့သည် အစိမ်းဓာတ်ဖြင့် လေထုကိုထိန်းသိမ်းကာကွယ်နိုင်ခဲ့ကြပါသည်။ ယခုအခါ ရန်သူကို တံခါးဖွင့်ထားပေးသကဲ့သို့ ဝင်ချင်တိုင်းဝင်ထွက်ချင်သလိုထွက် အတားဆီးမဲ့သွားလေရာ သာမန်မုန်တိုင်းမျိုးမဟုတ်တော့ပါ။ ဘီလူးသရဲစီးသောမုန်တိုင်းကြီးမျိုးသာဝင်လာတော့မည် ဖြစ်ပါသည်။ ထို့ကြောင့် လူတို့သည် မုန်တိုင်းဆိုလျှင် အထူးသတိထားကြကာ ရှောင်ကြရပေတော့မည်။

မြန်မာနိုင်ငံသူနိုင်ငံသားတို့ မိုးလေဝသသတင်းကို အစဉ်မပြတ် ဂရုတစိုက်နားထောင်ပေးကြပါကုန်လော့။ ဂရုမမူ အလေးမထားခဲ့မှုတို့ကြောင့် နာဂစ်မုန်တိုင်းကြီးက အသက်အိုးအိမ်စည်းစိမ်အမြောက်အမြားကို ကြောက်ခမန်းလိလိဝါးမျိုခဲ့ပြီးပါပြီ။ နာဂစ်မုန်တိုင်းကြီးဝါးမျိုခဲ့သော တုန်လှုပ်ချောက်ချားဖွယ်အဖြစ်အပျက်များစွာထဲမှ ကျွန်ုပ်ဖတ်ဖူးသည့် လူမှုကွန်ရက်စာမျက်နှာပေါ်မှာတင်ထားသည့် Post တစ်ခုကို ကျွန်ုပ်မှတ်မိသရွေ့ ပြန်လည်တင်ပြပါအံ့။

ရင်နင့်ကြေကွဲဖွယ်မိသားတစ်စုဖြစ်ရပ်ကိုဖတ်ရှုကြရပြီး မိုးလေဝသနှင့်ဇလဗေဒမှ အရေးတကြီးမုန်တိုင်းသတိပေးချက်တို့ကို အလေးအနက်နားထောင်ကြကာ ဂရုပြုရှောင်ရှားနိုင်ကြစေရေးစေတနာထား တင်ပြအပ်ပါ၏။

**❑ မုန်တိုင်းသတင်းကြားသော်လည်း**

"ဝှိန် . . . ဝှိန် . . . ဖုန်း"

ကျွန်တော်မှတ်မိသည်။ ဒီအသံက ကျွန်တော်တို့ပိုက်တန်းရဲ့ ဝါးဖောင်သမား ကိုဘိလေးမောင်းသော ပင်လယ်ကောင်အသေးလေး။ ကျွန်တော်တို့ပိုက်တန်းက ပင်လယ်ကောင်အားလုံး(၁၁)စီးရှိသည်။

(ပင်လယ်ကောင် - ရေစီးကြမ်းသောပင်လယ်ရေမျက်နှာပြင်ကိုအလွယ်တကူဖြတ်မောင်းနိုင်ရန် လက်သမားဆရာများက ရေခွင်းအားကောင်းအောင် အထူးတည်ဆောက်ထားသော လှေအကြီးစားကို မြင်းကောင်ရေများသောဂျပန်အင်ဂျင်တပ်ထားသည့်ပင်လယ်တွင်သာမောင်းသောရေယာဉ်)

ဒီသဘော်ဆယ့်တစ်စင်းရဲ့အင်ဂျင်အသံကို ကျွန်တော် တစ်ရေးနိုးတောင်အလွတ်ရသည်။အင်ဂျင်တစ်ခါကိုင်လျှင်တော့ တစ်ခါပြန်မှတ်ရလေသည်။

"ကိုကြီးတင်စိုး၊ ကိုကြီးတင်စိုး"

ကျွန်တော် ထင်သည့်အတိုင်း ကိုဘိလေး သဘော်လှေကြီးကို ကသောကမျောချည်ပြီး အိမ်ပေါ် ပြေးတက်လာသည်က ထူးခြားနေသည်။

"ကိုကြီးတင်စိုး၊ ကျွန်တော် ကြိမ်ချောင်းက သတင်းရခဲ့တယ်ဗျ။ BBC က မုန်တိုင်းသတင်းကြေညာတယ်တဲ့"

"ခဏခဏကြေညာနေတာကိုများ ဆန်းလုပ်လို့"

အဖေကြီးက ကိုဘိလေးစကားကို အလေးမထားဘဲ ရုပ်ရှင်မင်းသားမင်းကို ပါဝင်သော စက္ကူမဂ္ဂဇင်းအခွေကို အကြည့်မပျက် ဆက်ကြည့်နေလေ၏။ အဖေတင်မဟုတ်၊ သုံးထပ်ကုန်းရွာပိုက်တန်းတစ်တန်းလုံးကို ဒီမုန်တိုင်းသတင်းလိုက်ပြောလျှင်တောင် ဘယ်သူကမျှ အရေးတယူ စကားပြန်ပြောလိမ့်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် မုန်တိုင်းကျရင် ကျွန်တော်တို့ပျော်ကြသည်။ အကြောင်းက ယနေ့မုန်တိုင်းကျလျှင် နောက်သုံးရက်ဆို ငါး၊ ပုစွန်ပိုဆင်းသောကြောင့်ဖြစ်သည်။

"မဟုတ်ဘူး အစ်ကိုကြီး၊ ဒီတစ်ခါမုန်တိုင်းက နာဂစ်ဆိုလားဘာလားမသိဘူးဗျ။ တော်တော်ပြင်းတယ်လို့ပြောတယ်နော"

"အလကားပါကွာ၊ အဲဒီ BBC က မဟုတ်လည်းပြော၊ ဟုတ်လည်းပြော"

အဖေက ရိုးအီနေသောမုန်တိုင်းသတင်းအပေါ် စိတ်မဝင်စားမှုကြောင့် ကိုဘိလေး ဘာမှဆက်မပြောတော့ချေ။ ကျွန်တော်တို့နှင့်အတူ အခွေဝင်ကြည့်နေပါတော့သည်။ ကိုဘိလေးက မျှင်ထောင်တဲ့ပင်လယ်ဝါးဖောင်သမား။ အဖေတို့က ပိုက်တန်းမှာ ပိုက်ထောင်၊ ရွှံကောက်။ သူတို့ဝါးဖောင်တွေ မြစ်ရေစီးကြောင်းလွဲလို့ ဖောင်တန်းအနောက်တန်းကိုရွှေ့ပြီးရောက်ရှိလာခြင်းဖြစ်လေသည်။ နှစ်နှစ်ကျော်တော့ အနောက်ပိုက်တန်းက အဖေနှင့် သောက်ဖော်သောက်ဖက်ဖြစ်ပြီး ညီအစ်ကိုလို ခင်မင်သွားကြလေ၏။ ပြီးတော့ သူက ရေငုပ်ကျွမ်းကျင်တော့ ကျွန်တော်တို့ပိုက်တန်းပိုက်ချက်နှစ်ဆယ်ကျော်ကို ကနက်ကျွတ်လျှင်အမြဲငုပ်ပေးနေသူ၊ ရေငုပ်ကျွမ်းကျင်သူဖြစ်၏။

ဟိုဘက်ကမ်းနှင့်သည်ဘက်ကမ်း (၁.၈) ကီလိုမီတာရှိတဲ့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ဘိုကလေးမြို့နယ် ကြိမ်ချောင်းမြစ်ရဲ့ အနောက်ဟာ ခန့်မှန်းခြေအနက်(ဝ. ၁/ ဝ. ၂)ကီလိုမီတာလောက်ရှိပေလိမ့်မည်။ သို့သော် နာနတ်ပိုင်တစ်လုံးတိုက်လျှင် အပေါင်းအသင်းကဏ္ဍအနေနှင့် ကိုဘိလေးက ထိုမြစ်ထဲသို့ ခါးကြိုးချည်ဆင်းပြီးကနက်တည်ပေးပါသည်။ ထို့ကြောင့် ပိုက်တန်းတစ်တန်းလုံးက သူ့ကိုချစ်ကြသည်။

ထူးထူးခြားခြား ဒီနေ့မှ အမေကလည်း ပဲနီလေးရေပွကြော်၊ တောမြက်၊ ငရုတ်သီးစိမ်းငါးပိချက်ချက်ပါသည်။ ကျွန်တော်တို့မိသားစုက (၄)ယောက်ပဲရှိသည်။ အဖေက ဦးတင်စိုး၊ အမေက ဒေါ်ထွေးကြည်၊ ကျွန်တော်က ဇော်မိုးထက်နှင့် ညီမလေးချယ်ရီစိုး။ ကျွန်တော်သိတတ်စအရွယ်ကတည်းက အဖေက လုံးဝပဲမစား။ ထို့ကြောင့် အမေလည်း တစ်ခါမျှ ပဲဟင်းမချက်ပေ။ ပြီးတော့ အဖေနှင့် ကျွန်တော် တူတာတစ်ချက်က သားအဖနှစ်ယောက်စလုံး ငရုပ်သီးအစပ်မစား။ အဖေက အစပ်စားလျှင် လည်ချောင်းထဲကပူသည်။ ကျွန်တော်လည်း အဖေနည်းတူမစားနိုင်။ ထို့ကြောင့် အမေက ကျွန်တော်နှင့် အဖေ့အတွက် ဟင်းဘာချက်ချက် အဖြူထည်ဟင်းတစ်ခွက်ပါစမြဲ။

သို့ပေမယ့် ဒီညနေ အမေက ထူးခြားစွာ ပဲနှင့် ငရုတ်သီးစိမ်းငါးပိချက်ချက်နေသည်။

**□ မထင်မှတ်သော လေမုန်တိုင်းကြီး**

"ဝေါ ဝေါ ဝေါ"

ညနေ (၃) နာရီထိုးခါနီးတွင် လေတဝေါဝေါတိုက်လာသည်။ ကျွန်တော်ပျော်သည်။ ဟုတ်သည်လေ။ ထိုနှစ် မေလသည် အလွန်ပူပြင်းခဲ့သည်။ လေတိုက်လာသည့်အတွက် နေသာထိုင်သာရှိပါသည်။ ခဏအကြာ လေသည်ပိုကြမ်းလာ၏။ ထင်းစင်ခေါင်မိုးပေါ် လှန်းထားသော ငါးခွေးလျှာငါးခြောက်ဗန်းများလွင့်ကုန်သည်။ ကိစ္စမရှိပါ။ ဒီလိုမျိုး ခဏခဏဖြစ်နေကျ။ လေနည်းနည်းကြမ်းပြီဆို ငါးခြောက်ဗန်းတွေ ကျွမ်းထိုးမှောက်ခုံဖြစ်တော့သည်။ ကျွန်တော်တို့မောင်နှမနှစ်ယောက် အမေနှင့်ဝိုင်းကူပြီး လိုက်ကောက်ပေးနေကျ။ ပျော်ဖို့အလွန်ကောင်းပါသည်။

"အဖေကြီးရေ ရှင့်တီဗွီပိတ်လိုက်ပါတော့လား။ တစ်မနက်လုံးထိုင်ကြည့်နေတာကို အလုပ်ပျက်တယ်"

အဖေက မသိကျိုးကျွံပြုပြီး တီဗွီဆက်ကြည့်နေပါသည်။

"ဝုန်း ဝုန်း"

မြစ်ထဲကရေလှိုင်းများရုတ်တရက်ထကြီးပြီး ကမ်းနံဘေးကိုပြင်းထန်စွာရိုက်ခတ်တော့၏။ မြစ်ကမ်းဘေးက ရွှံစင်ရော အိမ်ရောဆောက်ထားတဲ့ ကျွန်တော်တို့အိမ်ပေါ်ကို ရေစက်များစဉ်လာပါတော့သည်။ အဖေက တွေခနဲ တစ်ချက်စဉ်းစားနေပါသည်။ အိမ်ရှေ့တံတားပေါ် သို့ မဆိုင်းမတွလျှောက်လှမ်းသွားလိုက်သည်။ မျက်မှောင်ကြုတ်၍ မြစ်ထဲသို့ကြည့်လိုက်၏။ ခဏအကြာမှာတော့ -

"ဇော်မိုးထက်၊ တီဗွီပိတ်လိုက်တော့ သား"

"မထွေးကြည် ဒီကိုလာကြည့်စမ်း"

"ဘာလဲ၊ ဘာဖြစ်လို့လဲတော့်"

အမေက မေးလည်းမေးရင်း ဟင်းချက်ရင်းတန်းလန်းကနေ အဖေကြီးဆီကို လျှောက်သွားလေ၏။ အမေရောက်ရှိလေသော် -

"မနက်က ရေဘယ်နှနာရီကျတာလဲ"

"ဆယ့်တစ်နာရီလေ"

"အခု သုံးနာရီမို့လား"

"အင်း - ဟုတ်တယ်"

အမေက အိမ်ထဲကတိုင်ကပ်နာရီကို လှည့်ကြည့်ရင်းပြောလိုက်သည်။

"ဒါဆိုရင်တော့ တစ်ခုခုလွဲနေပြီကွ။ ရေကကျတာ ခြောက်နာရီမကြာဘဲ လေးနာရီအတွင်းမှာပြန်တက်လာတယ်။ မင်း မြစ်ထဲကိုကြည့်လိုက်စမ်းပါဦး"

"ဟင်"

"ဟာ - ဘယ်လိုဖြစ်တာလဲ။ ရေကကျနေရင်းက ချက်ချင်းပြန်လှန်တက်လာတယ်"

ပင်လယ်ဖျံ ကိုဘိလေးပါ တအံ့တသြဖြစ်ရပါ၏။ ဟုတ်ပါသည်၊ တကယ်တော့ ဘယ်အရပ်ဒေသမဆို ရေတက် (၉) နာရီ၊ ရေကျ (၆) နာရီပဲရှိသည်။ အတက်အကျ (၄)ကြိမ်ဆိုလျှင် တစ်ရက်ဖြစ်ပါသည်။ အခုက ရုတ်တရက် (၄) နာရီအတွင်းဖြစ် ရေက ရေဆန်ကိုပြန်လှန်တက်လာသောအခါ အားလုံးပါးစပ်အဟောင်းသားနှင့် အံ့သြနေကြသည်။

"ဟေ့ကောင် ဘိလေး၊ ဟိုးမှာကြည့်စမ်း၊ စင်ရော်တွေ တစ်အုပ်ကြီး။ ဒါပင်လယ်ကတက်လာတဲ့အကောင်တွေကွ။ နည်းတဲ့အကောင်ကြီးတွေ မဟုတ်ဘူး"

"ဟုတ်တယ် အစ်ကိုကြီးတင်စိုး၊ ပုံမှန်ဆို ကျွန်တော်တို့ဘက်မှာ အကောင်နွေးတွေနဲ့ အမတွေပဲရှိတာ။ အခုက အကောင်ကြီးတွေဆိုတော့ ဒါ ပင်လယ်မှာ မုန်တိုင်းအကြီးအကျယ်ကျမယ့်လက္ခဏာပဲ"

ကိုဘိလေးစကားဆုံးတာနှင့် အဖေက နောက်ဖေးပိုက်စင်ဘေးမှာထားတဲ့ ရေပေါ်ပေါ်တဲ့ဘော့သီးအနက်တွေဆီကို တန်းသွားတော့သည်။ ထို့နောက် ဘော့သီးအလုံးသုံးဆယ်လောက်ရှိသော အတွဲကိုအိမ်ပေါ် ယူလာပါသည်။ တံ[illegible] ကြိုးအကြီးခွေကို တစ်လံလောက်စီဖြတ်ကြိုးသေးဖြစ်အောင် မွှေထုတ်ပါသည်။ အဖေ့လုပ်ရပ်ကို ကျွန်တော်နားမလည်နိုင်။ သို့သော်လည်း ကျွန်တော် ဘာမှ မမေးဘဲ ကြည့်နေလိုက်ပါသည်။

"မထွေးကြည်"

"ရှင်"

"သားနဲ့သမီးကို ထမင်းကျွေးထား[illegible]"

"အခုမှ သုံးနာရီရှိသေးတာ[illegible] ဘာဖြစ်လို့တုံး"

"ကျွေးမှသာကျွေးထားစမ်းပါကွာ"

အမေက ပြောလည်းပြော၊ ဘော့သီးတွေဖြုတ်ပြီး ငါးလုံးတစ်တွဲတွဲကာ[illegible] ကြိုးနှင့် အခိုင်အမာတစ်ခုချင်းတွဲနေ[illegible] တော့သည်။ အချိန်က သုံးနာရီကျော်[illegible] သာရှိသေးသည့်အတွက် ကျွန်တော်ဗိုက်[illegible] မဆာပါ။ ကျွန်တော် ထမင်းမစားပါ။ ညီမလေးကတော့ အမေနယ်ပေးတဲ့ ငရုတ်သီးစိမ်းချက်အရည်ပါးပါးလေးရယ်၊ ပဲနီလေးရေပွကြော်ရယ်၊ တောကြက်သား[illegible] နှင့် တစ်ယောက်တည်းထိုင်စားနေ[illegible] ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်လာသည်[illegible] မသိ၊ ကျွန်တော်တစ်ခါမှမလုပ်ဘူးသော အလုပ်ကိုလုပ်မိသည်။

"ညီမလေး၊ ကိုကို့ကို ထမင်း[illegible] လုတ်လောက်ခွံ့"

ဟုတ်ပါသည်။ ကျွန်တော်သည် ညီမလေးကို တစ်ခါမျှထမင်းမခွံ့[illegible] ဘူးပါ။ အခုလိုမျိုး ငရုတ်သီးစိမ်းနှင့်[illegible] ဝေးသေး။ အခုတော့ သူစားနေတာ[illegible] ကြည့်ပြီး စားချင်လာသည်။ ကျွန်[illegible] ညီမလေးထံ တောင်းဆိုသည်[illegible] အာသာဆန္ဒဖြစ်ပေါ်လာခဲ့၏။ ညီမ[illegible] ကလည်း အထူးအဆန်းဖြစ်ပြီး ကျွန်[illegible] ကိုမော့ကြည့်လာ၏။ ထိုခဏအတွင်း[illegible] ကျွန်တော့်ရင်ထဲ ဘယ်လိုကြီးမှန်း[illegible] ကတုန်ကယင်နိုင်လှသည်။

"အင့် - ပါးစပ်ဟလေ ကို[illegible]"

"အင်း - နောက်တစ်လ[illegible]"

www.burmeseclassic.com

"အင့် - ရော့"

ညီမလေးခွံ့တဲ့ထမင်းသုံးလုတ်ကို ကျွန်တော် ပလုတ်ပလောင်းစားပြီး သူ့ခေါင်းကဆံပင်တွေကို ပွတ်သပ်ကျီစယ်နေမိသည်။ ညီမလေးက ကျွန်တော်ကို မျက်စောင်းထိုးပြီး-

"ကိုကိုနော် ညီမလေးအစားကျွေးတော့စားပြီး ကိုကို့အစားကျွေးရင်လည်း ညီမလေးကိုကျွေးရမယ်နော်"

အဖေက ငါးလုံးတစ်ခိုင်ဘော့သီးတွဲငါးတွဲကို ကြိုးတွေနှင့်အခိုင်အမာချည်ထားပြီး တစ်ခိုင်ချင်းဆီမှာ ကြိုးစတစ်ခုစီထုတ်ထားပါသည်။ ဒီတော့မှ 'သြော်-ဒါ မုန်တိုင်းကျပြီး ရေတက်လာရင် ရေမနစ်ဖို့အတွက် ဘော့သီးတစ်ယောက်တစ်ခိုင်ပါလား' ဟု မတွေးရဲတွေးရဲတွေးလိုက်မိသည်။ သို့သော်လည်း ဒါက မဖြစ်နိုင်ပါ။ အရင်လည်း မုန်တိုင်းကကျနေကျပါ။ မုန်တိုင်းကျလျှင် အပြင်းထန်ဆုံး အိမ်ခေါင်မိုးနည်းနည်းလန်ရုံပေါ့။ ရေက အိမ်ပေါ်ကို တစ်ခါမျှမတက်ခဲ့ပါ။ ဒါဆိုရင် ဘော့သီးတွေဘာလုပ်ရမတုံး။ ကလေးပီပီ ကိုယ့်အတွေးနှင့်ကိုယ် အဖေ့ကိုတော့ ဘာမှမပြော။ အသာလေးနေလိုက်ပါ၏။

သို့သော် -

"ဝေါ ဝေါ ဝေါ"

ရုတ်တရက် နေပူကျဲတဲကြီး မိုးသီးမိုးပေါက်ကြီးများကျလာတော့သည်။

"ဝူး ဝူး ဝူး"

မိုးတင်မဟုတ် လေပါပြင်းလာ၏။ မိနစ် (၂၀) အတွင်း ကောင်းကင်ကြီးသည် မည်းညစ်စွာအုံ့မှိုင်းသွားသည်။ ရုတ်တရက် မယုံနိုင်စရာ မြစ်ရေတစ်ရှိန်ထိုးတက်လာခဲ့၏။ သောင်ပေါ်နေတဲ့ မြစ်ဆိပ်ကနေ အိမ်ရှေ့တံတားတစ်ဝက်နီးပါးအထိကို လျှင်မြန်သောအဟုန်မြင့်တက်လာသောဒီရေသည် ရေကန်ထဲရေမောင်းထည့်နေသည့်ပမာအလား။ သို့သော် ကိစ္စမရှိ။ သူ့ဘာသာ အချိန်တန်လျှင် ပြန်ကျသွားမှာပါ။ အခုဟာက မိုးရိပ်ကြောင့် ရေပါတစ်ခါတည်းတက်လာတာဖြစ်ပါလိမ့်မည်။

သို့သော် -

"ဝုန်း ဖြောင်း"

အသံကြားရာကမ်းနားကို လှမ်းကြည့်လိုက်သော် စာစာပိုင်းက ကိုဘိလေးမောင်းလာသည့် ပင်လယ်ကောင်လှိုင်းပုတ်ဒဏ်ကြောင့် တံတားကိုပြေးဆောင့်တော့၏။ တံတားအောက်ခြေတိုင်နှစ်တိုင်ကျိုးလေသည်။

**၁ မုန်တိုင်းရန်ကာကွယ်ရန် လျှပ်တစ်ပြက်ပြင်ဆင်**

"ဟာ"

အားလုံး အာမေဋိတ်သံဖြင့် အံ့အားသင့်ကုန်ကြ၏။ အမေ့ကိုကြည့်လိုက်သောအခါ အမေ့မှာ မျက်လုံးအဝိုင်းသားနှင့်။ အချိန်က (၅)နာရီထိုးလေပြီ။ ရေများက မျက်စိအောက်တွင် တဖြည်းဖြည်းချင်း အသက်ဝင်လျက်။ တံတားကနေ ရေစင်အောက်ဖျားစွဲလာသည်။ ရေစင်ကနေ အိမ်ခါးပန်းသို့ ရောက်လာ၏။ မိနစ်ပိုင်းအတွင်း အမှောင်ကြီးစိုးလာသည်။ ပြီးတော့ အမေက ဘယ်သူကိုမျှ ဘာမှမပြောတော့ဘဲ ဗီရိုကိုပြေးဖွင့်သည်။ သူ့ရဲ့လက်ဝတ်တန်ဆာတွေကိုတစ်ခုမကျန်ထုတ်ဝတ်လိုက်၏။ ပြီး တန်ဖိုးရှိပစ္စည်းများ၊ စာရွက်စာတမ်းများကို သေတ္တာထဲထည့်၏။

ညီမလေးနှင့် ကျွန်တော့်ကိုချမ်းမည်စိုး၍ အနွေးထည်ဝတ်ခိုင်းသည်။ ထို့နောက် မနေ့ကမှ အဖေ မြို့ကဝယ်လာသည့် ရှစ်တန်းပုံနှိပ်စာအုပ်တွေကို သေတ္တာတစ်လုံးတွင်ထည့်နေပြန်သည်။ အဖေကတော့ ကြပ်ကြပ်တည်းတည်း စဉ်းစားနေပုံဖြင့် ငြိမ်သက်နေ၏။ အမေက ဗီရိုထဲကအကုန်ထုတ်၊ ဟိုဟာကောက် ဒီဟာကောက်နှင့်သေတ္တာထဲသူထည့်ချင်ရာထည့်နေပါသည်။

အမေက အဖေ့ကို ပြောလိုက်သည်။

"ဖေကြီးတို့ ဒီသေတ္တာကို နောက်ဖေးထင်းစင်ဆီကိုပို့ရအောင်"

အဖေက အမေ့ကိုဘာမှမပြောဘဲ သေတ္တာကို အမေတစ်ဖက်သူတစ်ဖက်ဆွဲပြီး နောက်ဖေးထင်းစင်ဆီသို့ထွက်သွားကြသည်။ ထို့နောက် အဖေက နောက်တစ်ခေါက် ပြန်ထွက်လာပြီး ကိုဘိလေးကို -

"ဘိလေး၊ လာဦး"

ကိုဘိလေး အဖေခေါ်ရာနောက်ကို လိုက်သွားသည်။ ပြန်လာသောအခါ အနောက်ထင်းစင်ဆီက ထင်းအိတ်တစ်ယောက်တစ်အိတ်စီထမ်းလာကြ၏။ ရေဒူးခေါင်းမြုပ်နှင့် မိုးထန်လေထန်ထဲကို ထင်းအိတ်တွေဘာကြောင့်သယ်နေသလဲမသိသောကြောင့် ကျွန်တော်နှင့် ညီမလေးက အိမ်ထောင့်တစ်နေရာက နေကုပ်ကုပ်လေးထိုင်ကြည့်နေကြသည်။ ဒီလိုနှင့် အမေရယ်၊ အဖေရယ်၊ ကိုဘိလေးရယ်တို့ကြောင့် အိမ်ပေါ် ထင်းအိတ်တွေ တော်တော်များများရောက်လာပါတော့သည်။ သူတို့ကိုယ်မှာလည်း စိုစိုရွှဲလို့။ အမေ့ကိုကြည့်လိုက်သောအခါ အမေမျက်နှာမကောင်းချေ။ ကျွန်တော်တို့ကို ဘာမှလည်းမပြော။ သူ့ရေစိုဝတ်ကို အဝတ်ခြောက်တွေနှင့်စိတ်မပါလက်မပါလဲဝတ်နေလေသည်။

ကိုဘိလေးနှင့်အဖေတို့သည် အိမ်ပေါ်တွင် မတ်တတ်ရပ်လျက် ပတ်ဝန်းကျင်ကိုကြည့်လိုက်၊ မြစ်ထဲကိုကြည့်လိုက်နှင့် သူတို့မျက်နှာတွေအေးစက်တည်ငြိမ်နေကြ၏။ ဒီလိုနှင့် ရေက ကျွန်တော်တို့ ခြေဖျားတွေထိထိလာနေသဖြင့် ကျွန်တော်တို့မောင်နှမမတ်တတ်ရပ်လိုက်ကြ၏။ အိမ်ရှေ့က ပင်လယ်လမ်ပင်တွေနှင့် အိမ်ရဲ့အကာအရံတွေကြောင့် အိမ်ထဲမှာ ရေလှိုင်းကြက်ခွပ်လောက်သာရှိသော်ငြား မြစ်ထဲမှာလှိုင်းဘယ်လောက်ကြီးနေမလဲ ဆိုသည်ကို မြစ်ကမ်းနံဘေးနေထိုင်ကြသည့် ကျွန်တော် တွေးယူလို့ရပါသည်။ ခြေဖဝါးကနေ ခြေသလုံး၊ ခြေသလုံးကနေ ဒူးဆစ်အထိတက်လာသောအခါ အဖေနှင့် ကိုဘိလေးတို့က ဗီရိုကြီးကို ဆွဲလှဲလိုက်ပါသည်။ အမေ၊ ကျွန်တော်နှင့် ညီမလေးတို့ကို ဗီရိုပေါ် သို့တက်ခိုင်းပါသည်။အသင့်လုပ်ထားသောဘော့သီးခိုင်တွေကို အဖေက ကြိုးနှင့် ခါးတွေကို လိုက်ချည်ပေးလိုက်သည်။

အဖေက တည်ငြိမ်စွာဖြင့် -

"သားရော သမီးရော အဖေကြီးပြောတာကိုသေချာနားထောင်။ တကယ်လို့ ရေတက်လာလို့ရှိရင် ဒီဘော့သီးကြိုးကို ခါးကနေမဖြုတ်လိုက်နဲ့နော် ကြားလား"

"ဟာ - အဖေကြီးကလည်း ညီမလေးရော သားရော ရေကူးတတ်တာပဲကို ဘာဖြစ်လို့လဲ"

"အဲဒါတွေမပြောနဲ့၊ အဖေပြောသလို ကြိုးကိုသာမဖြုတ်ပစ်လိုက်နဲ့ ကြားလား"

အဖေက ပြောလည်းပြော ကျွန်တော်တို့ခါးမှာချည်ထားတဲ့ဘော့သီးကြိုးတွေကို သေချာခိုင်ခံ့အောင် ထပ်ပြီးချည်လိုက်ပါ၏။

ထို့နောက် အမေ့ကို -

"အမေကြီးချမ်းနေပြီလား၊ မင်းတောရှောက်ဆေးစိမ်ကို အဖေကြီးသေတ္တာထဲထည့်လိုက်ပါတယ်ကွ"

ဟုတ်ပါသည်။ အမေက လေငန်းရောဂါရထားသည့်အတွက် အချမ်းမခံနိုင်ချေ။ ချမ်းလျှင် လေငန်းထတတ်သောကြောင့် တောရှောက်သီးကို



www.burmeseclassic.com

www.burmeseclassic.com

အရက်နှင့်စိမ်ထားနှပ်ထားသည့်ဆေးကို ခန္ဓာကိုယ်မှာလူးပေးရသည်။ အမေက တော့ အဖေ့ကိုဘာမှမပြောဘဲဒီအတိုင်း ကြည့်နေပါသည်။ကျွန်တော်တို့မောင်နှမ ကို လက်နှင့်သိုင်းဖက်ပြီး ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်ပါသည်။ ကျွန်တော်တို့ ခါးက ဘော့သီးကြီးများသည် လှိုင်းကြက် ခွပ်လေးတွေကြောင့် တလှုပ်လှုပ်နှင့်။ ကျွန်တော်တို့တက်ထိုင်နေသောဗီရိုကြီး မြုပ်သွားသောအခါ ထင်းအိတ်နှစ်အိတ် ကို အဖေနှင့်ကိုဘိလေးတို့က ထပ်လိုက် ၏။

ကျွန်တော်တို့ကို ထင်းအိတ် အပေါ်တက်ခိုင်းရင်း အဖေနှင့်ကိုဘိ လေးလည်း ဘော့သီးတွေကို သူတို့ခါး မှာ ချည်လိုက်ကြသည်။ စောစောက တင်ထားသောထင်းအိတ်နှစ်အိတ်မြုပ် ပြန်၏။ ထိုအခါမှ ကျွန်တော်ကြောက်ရ ကောင်းမှန်းသိလာပါတော့သည်။ ယခု ဖြစ်နေပုံသည် သာမန်ဖြစ်ရိုးဖြစ်စဉ်မ ဟုတ်တော့ချေ။ ရေတက်တိုင်း ထင်း အိတ်တွေထပ်ထပ်တင်ရင်း ကျွန်တော် တို့မိသားစု တဖြည်းဖြည်း အိမ်ခေါင်နှင့် နီးကပ်လာပါတော့သည်။

"ဝုန်း ဝုန်း ဝူး"

လေနှင့်မိုးနှင့်ကတော့ သနားသဖြင့် နည်းနည်းလေးမျှရပ်မသွားချေ။ ပို၍သာ တိုးလာပါတော့သည်။ အဖေကြီးက အမှောင်ထဲမှာ ဓာတ်မီးတဝင်းဝင်းနှင့် အလုပ်ရှုပ်နေပါသည်။ လက်ထဲမှာဓား နှင့် အိမ်ခေါင်ပေါ်ကိုတွယ်တက်သွားပြီး ကြိမ်နှီးဖြင့်တုပ်ထားသောခနိများကိုခုတ် ဖြတ်လိုက်၏။ အိမ်ခေါင်ပွင့်သွားသော် အဖေကြီးက ကျွန်တော်၊ အမေနှင့် ညီမ လေးကိုရေမွန်းမည်စိုး၍ ထုပ်တန်းပေါ် ခြေထောက်နင်းစေပြီး အပေါ်သို့ခေါင်း ပြူထွက်စေလိုက်သည်။ သို့သော် မရ။ ပြင်းထန်သောလေနှင့်အတူကျလာသည့် မိုးစက်တွေက ကျောက်စရစ်ခဲနှင့်ပစ်နေ သလို မြစ်ရေလှိုင်းကပါ တဝုန်းဝုန်းရိုက် တာကြောင့် ဘယ်လိုမှခေါင်းပြူထွက်၍ မရချေ။ အိမ်အတွင်းထဲမှာလည်း ရေ ပြည့်နေလေပြီ။ အသက်ရှူလို့မရတော့ သောကြောင့် အဖေက အမေနှင့် ညီမ လေးကို ဘယ်တစ်ဖက်ညာတစ်ဖက်ကိုင် ပြီး ခေါင်မိုးပေါ်တိုးထွက်လိုက်ရသည်။

အမေက ကျွန်တော့်လက်ကိုကျစ် နေအောင်ဆုပ်ကိုင်ထားရင်း-

"သား မကြောက်နဲ့နော်၊ ပြီးရင် ရေတွေပြန်ကျသွားမှာ"

## □ မိသားစုဇိုပွဲ

လှိုင်းပုတ်ဒဏ်ကြောင့် ခန္ဓာကိုယ် ယိမ်းထိုးနေရင်းကြားကနေ အမေက ကျွန်တော့်ကို သူ့ရင်ခွင်ထဲဆွဲသွင်းလျက် နှစ်သိမ့်ပေးသည်။ ကျွန်တော့်ခေါင်းကို နမ်းရင်း လေသံလားရှိုက်သံလားမသဲ မကွဲအသံကို ကျွန်တော်ကြားလိုက်ရ သည်။ကျွန်တော်လည်း ဘာကြောင့်မှန်း မသိ ဝမ်းနည်းလာပါတော့သည်။ အမေ ကျွန်တော့်ခေါင်းကို တစ်ခါမှမနမ်းဘူးပါ။ ကျွန်တော့်ကို ကျစ်နေအောင်ဖက်ထား ပြန်သည်။ ညီမလေးနှင့် ကျွန်တော် က အသက်တစ်နှစ်ပဲကွာသည့်အတွက် အစောကြီးနို့ပြတ်ခဲ့ရသည့်ကျွန်တော်သည် အခုအချိန်မှာ အမေ့ရဲ့နို့ချိုနှစ်လုံးကြား တွင် မျက်နှာအပ်ရင်း ဝမ်းနည်းစွာမျက် ရည်ကျနေမိသည်။

အမေ့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်း နှင့်ထိစပ်နေသောကျွန်တော့်အသားများ နွေးထွေးမှုကိုခံစားနေရပါသည်။ အမေ က ညီမလေး၏လက်ကို လှမ်းဆွဲလိုက် သည်။ အဖေက လှိုင်းဒဏ်ကြောင့် ဟန် ချက်မညီဘဲ လွတ်ထွက်သွားမည်စိုး၍ ခွင့်မပြု။ အခုမှ ကျွန်တော်သတိထား လိုက်မိသည်။ အဖေက ကျွန်တော်တို့ သားအမိသားအဖသုံးယောက်စလုံးကို ဖက်ထားသည်။ ဒီလောက်လေးနှင့် လှိုင်း ရိုက်ချက်တွေကို အဖေကြီးဘယ်လိုထိန်း ထားသလဲ ကျွန်တော်တွေး၍မရချေ။

"သမီးလေး"

အမေ့ရဲ့အသံက ဟန်မဆောင်နိုင် ဘဲ ငိုသံပါသွားသည်။

"အမေ၊ သမီးကြောက်တယ်"

ညီမလေးက ငိုပြီးပြောလိုက် သည်။ ကျွန်တော်တို့သားအမိတွေ ဇာတ် တိုက်ထားသလို သံပြိုင်ငိုမိကြလေ၏။ အမှောင်ထဲက အမေ့မျက်နှာမှာ လျှပ်စီး တစ်ချက်လက်တိုင်း မချိတင်ကဲ အံကြိတ် လျက်ရှိသည်ကို အထင်းသားမြင်တွေ့ နေရပါ၏။ သို့သော် နာဂစ်ကြီးက ကျွန်တော်တို့မိသားစုကို အလွမ်းသယ်ဖို့ အချိန်ကြာကြာမပေးပါ။

"ဝုန်း"

အသံတစ်ခုကို ပြင်းထန်စွာနားထဲ ကြားလိုက်ရပြီး အရာအားလုံး မှောင် အတိကျသွားလေ၏။ ဘာဆိုဘာမှမသိ တော့။ ထိုသည့်တစ်ခဏကို ကျွန်တော် ယနေ့ထိတိုင် အာရုံထဲဖော်မရ။ခဏချင်း လောကကြီးတိတ်ဆိတ်ပြီး အချိန်တွေ ရပ်တန့်သွားသလို ဘာဆိုဘာမှမသိ လိုက်သော ထိုတစ်ခဏ။ လောက၏

ကောက်ကျစ်စဉ်းလဲမှုဒဏ်ကုန်သွားလို့ များ အမှောင်ပြကွက်ချလိုက်လေသ လား။ ကျွန်တော် သတိရလာတော့ ပါးစပ်ထဲ ဆားငန်ရေတွေပြည့်နေသည်။ ကျွန်တော် ရေမွန်းကာ အသက်ရှူဖို့ ကြိုး စားရင်း ပါးစပ်ထဲက ဆားငန်ရေများ ထွေးထုတ်နေရသည်။

ကျွန်တော် ရေထဲကိုယ်ဖော့ပြီး ဘော့သီးကြီးကိုအဆုံးထိဆွဲယူသောအခါ အလွန်လေးလံစွာဆွဲနေရသည်ကို သတိ ပြုမိသည်။ ပေါ့ပါးသောဘော့သီးများ သည် ရေပေါ်ကိုရှောရှောရှူရှူပါမလာ ဘဲလေးနေသောကြောင့် ကျွန်တော့်ခန္ဓာ ကိုယ်သာ ဘော့သီးနောက်ကိုပါသွားပါ တော့သည်။ အနားရောက်သွားတော့ သိလိုက်ရသည်မှာ ဘော့သီးတစ်ခုခုနှင့် ငြိနေပြီဆိုတာသေချာသည်။ ကျွန်တော် လက်နှင့်လိုက်ပတ်စမ်းကြည့်သော် ကြိုး တစ်ချောင်း၊ ကျွန်တော် ဝမ်းသာသွား သည်။ လေတွေမိုးတွေတအုန်းအုန်းနဲ့ နေ၍ မှောင်မိုက်သောပတ်ဝန်းကျင်ကို မမြင်ရသော်လည်း ဒီဘော့သီးခိုင်နှင့်လာ ငြိနေသောကြိုးသည် ကျွန်တော်တို့ မိသားစုဝင်များထဲက တစ်ဦးဦးဖြစ်ရပေ လိမ့်မည်။ ဘော့သီးအရေအတွက်က များနေပါ၏။

ဘယ်သူလဲ။

အဖေလား။အမေလား။ညီမလေး လား။

## □ အမေ ကျွန်တော်တို့ကိုခွဲခွာသွားသော ၂၀၀၇၊ မေ ၂ ရက်

ကျွန်တော်အော်ခေါ်လိုက်ရင်းက နေ ဘော့သီးကြိုးစကို လက်ဖြင့်ထိမ်း လိုက်သောအခါ ကြိုးက ရေထဲသို့စိုက် ဝင်နေသည်။ ကျွန်တော် စိုးရိမ်စွာဖြင့် အလျှင်အမြန်ဆွဲတင်လိုက်သည်။ လက် စမ်းမိသောအခါ အမေဖြစ်နေပါသည်။ ကျွန်တော်ကိုယ်ကိုဖော့၊ ဘော့သီးနှင့် ကြားတင်းစေပြီး အမေ့ကို ရေမမွန်း အောင် ဆွဲတင်လိုက်ပါသည်။ အမေက မလှုပ်မယှက်ဖြင့် ခေါင်းငိုက်စိုက်ကျနေ ပါပကော။

"အမေ၊ အမေ"

"အမေ၊ အမေ"

ကျွန်တော် ဝမ်းနည်းတုန်လှုပ်စွာ ဖြင့် အကြိမ်ကြိမ်အခါခါ အသံခြစ်ခေါ် ရင်း အမေ့ကိုရှိုသမျှအားအင်ဖြင့် လှုပ်ယမ်း နေမိပါ၏။ အမေက တုတ်တုတ်မှ မလုပ်လေ ကျွန်တော်အော်ခေါ်သော မိုးရေထဲမှာ အမေနှင့်ကျွန်တော် ခေါ်



ချစ်ဦးညို
၂၀၁၃ခုနှစ် အောက်တိုဘာလ အတွဲ(၁၇)အမှတ်(၁၀)

www.burmeseclassic.com

www.burmeseclassic.com

တွေကျောကုန်းတွေပေါ်သို့ မိုးသီးတွေက အရှိန်ပြင်းစွာကျလာသလို စပ်ဖျဉ်းဖျဉ်း နေအောင်နာလှပါ၏။ တစ်ခါတစ်ရံ ရေထဲမျောပါလာသောသစ်သားချောင်းများက လှိုင်းနှင့်အတူ ကျွန်တော်တို့ကို ရိုက်လျက်ရှိသည်။ ဤသို့ဖြင့် ကံကောင်းထောက်မစွာ အဟုန်ပြင်းသောလေသည် တစ်ဝက်လောက်ငြိမ်သွားသည်ဟု ထင်သည်။ ပတ်ဝန်းကျင်မှ ငိုသံ၊ အော်ဟစ်အကူအညီတောင်းခံသံများကြားနေရသည်။ ကျွန်တော်လည်း အဖေ့ကို သတိရပြီး အော်ခေါ်လိုက်သည်။ ကျွန်တော့်ငိုသံပါနဲ့ အော်ခေါ်နေတာကို အဖေကြားပြီး -

"သားလား ဇော်မိုးထက်လား"

"ဟုတ်တယ် အဖေကြီး၊ အမေလည်း ဒီမှာ"

"အေး - အဖေလာပြီ"

ကျွန်တော်တို့သားအမိအနားကို အဖေကူးလာပါသည်။ အမေ့ခါးကိုသိုင်း၍ ပွေ့ချီလိုက်ပြီး အဖေကအော်ခေါ်သည်။ အမေလုံးဝကိုမလှုပ်တော့ပါ။ အဖေကအမေ့ရင်ဘတ်ကိုစမ်း နှာခေါင်းကိုစမ်းကြည့်နေပါသည်။ အံကြိတ်လျက် အမေ့နာမည်ကို အကြိမ်ကြိမ်ခေါ်၏။ ကျွန်တော်သည် အမေ့အန္တေးထည်စကိုင်ပြီး အဖေနှင့်အတူ ဝိုင်းကူမပေးသည်။

"သားမင်းဘာဖြစ်သွားသေးသလဲ၊ မင်းအမေကိုဘယ်လိုတွေ့လဲ။ မင်းညီမ အသံရောကြားလား"

"သားကဘာမှမဖြစ်ဘူး။ အမေ့ကိုတွေ့တာက အမေ့ဘောသီးကြီးနဲ့ သားဘော့သီးကြီးလိမ်ပြီးငြိနေလို့။ ညီမလေးအသံတော့မကြားဘူး ဖေကြီး"

"ဘာ - မင်းအမေကြီးနဲ့မင်းကြီးနဲ့ ငြိနေတယ်ဟုတ်လား"

အဖေ ပြောပြောဆိုဆို ကျွန်တော့်ဘော့သီးနှင့် အမေ့ဘော့သီးငြိနေတာကို လက်နှင့်စမ်းကြည့်နေသည်။ ပြီးတော့ အမေ့ကိုတစ်ချက်ကြည့်ပြီး -

"မဖြစ်ဘူး၊ ဖြုတ်မှဖြစ်မယ်"

ဆိုကာ အမေ့ဘော့သီးကြီးကို အလျင်စလိုဖြုတ်ပါတော့သည်။ အဖေ ဖြုတ်လို့မပြီးခင်မှာ အရပ်ရှစ်မျက်နှာက လေတို့သည် အသံမျိုးစုံဖြင့်ထပ်ပြီးတိုက်[illegible]ပြန်၏။ လှိုင်းနှင့် အက်စစ်လို ပြ[illegible]ယန်သောမိုးသီးတို့သည် နောက်တစ်ကြိမ် ကျွန်တော်တို့ကို နှိပ်စက်ရန် တစ်စခန်းထလာပြန်တော့၏။ ကြိုးက ဘယ်လောက်အထိလိမ်ပတ်နေသည်မသိ၊ အဖေက တော်တော် ကြိုးကြိုးစားစား ဖြုတ်နေရသည်။

"သား၊ မင်း ဘော့သီးကို ဘယ်တော့မှမလွှတ်လိုက်နဲ့နော်"

ဟု ကျွန်တော့်ကိုသတိပေးသည်။ သို့သော် ကြိုးဖြုတ်လို့မပြီးခင်မှာ ပြင်းထန်သောလှိုင်းကြီးတစ်လုံး ကျွန်တော်တို့သားအမိသားအဖသုံးယောက်ဆီကျလာပါတော့သည်။

"ဝုန်း"

ဒုတိယအကြိမ် ကျွန်တော့်အာရုံထဲ လောကကြီးကိုပြန်ပြီး အမှောင်ထုဆင်းသက်သွားပြန်လေ၏။ အမှောင်တိုက်ကြီး ကျွန်တော့်ကိုယ်ပေါ် အချိန်မည်မျှကြာသည်အထိဖုံးလွှမ်းသွားလေသနည်း။ ကျွန်တော်သတိရသောအခါ ကျွန်တော်၏ခန္ဓာကိုယ်သည် ဒိုက်ပုံကြားထဲဝယ် ရောက်ရှိလျက်နေသည်။ အမှောင်ကြောင့် ပတ်ဝန်းကျင်မြင်ကွင်းတို့သည် မသဲကွဲ။ ကျွန်တော့်ခါးကိုစမ်းကြည့်သောအခါ ဘော့သီးကြီးကရှိနေပါသည်။

## ❑ မှန်တိုင်းစဲလေသော်

ဘော့သီးကြီးကိုစမ်းရင်း အမေ့ကို ဖျတ်ခနဲ သတိရလိုက်သည်။

"အမေ"

အမေ ဘယ်ရောက်သွားသည်လဲ။ ကြိုးပြတ်သွားတာလား သို့မဟုတ် အဖေ့ကြိုးနဲ့ပါသွားတာလား။ ကျွန်တော်တွေးရင်း လျှပ်စီးလက်ချိန် ဘေးဘီသို့ဝေ့ဝဲကြည့်လိုက်သောအခါ လှစ်ခနဲလှစ်ခနဲ မည်းမည်းမည်းမည်းနှင့်မြင်လိုက်ရသောအရာတွေ။ဘာတွေမှန်းမသိရသည့်အတွက် နောက်ထပ်တစ်ကြိမ် လျှပ်စီးလက်ချိန်တွင်သေသေချာချာကြည့်မိသော် ဘေးဘီမှအရာများမှာ သစ်ပင်များဖြစ်နေ၏။ ထိုအခါမှ ရေစီးအားက ဒီလောက်ထိမြန်နေသည်ကို သတိထားမိသည်။ မယုတ်မလွန်ပြောရမည်ဆိုလျှင် ထိုအချိန် ရေစီးအားအလျဉ်သည် အခု ရန်ကုန်မြို့ပတ်ရထားအလျင်ထက်မများလျှင်တောင် လျော့မည်မထင်ပါ။ နာရီအတော်များများကြာလာပြီးနောက် ရေစီးအားအတန်ငယ်လျော့လာသည်။

လေတွေမိုးတွေကလည်းစဲလာသည်။ ခဏကြာသောအခါ ကျွန်တော့်ရှေ့တည့်တည့်မှာ လျှပ်စီးအလင်းရောင်နှင့်အတူ သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်သည်နှင့် ထိုသစ်ပင်ပေါ်သို့တက်ပြီးနေခဲ့ရန် ကျွန်တော် ဆုံးဖြတ်လိုက်၏။ ရေစီးဖြင့် ဆက်လက်လိုက်သွားပါက အိမ်နှင့် အတော်ဝေးကွာသွားနိုင်သည်။ ကျွန်တော် သစ်ပင်ပင်စည်ကိုလှမ်းဖက်လိုက်ချိန်မှာ ရေစီးအားကိုလျော့တွက်မိခဲ့သည့်ကျွန်တော် သစ်ပင်ပင်စည်မဖက်မိဘဲ လွတ်ထွက်သွားလေ၏။ သို့သော် ကံကောင်းထောက်မစွာ အဖေချည်ပေးလိုက်သော ဘော့သီးကြီးသည် သစ်ပင်ကိုင်းနှင့်ငြိတော့သည်။ ကျွန်တော် အမှိုက်ပုံးပေါ်ကလွတ်၍ သစ်ပင်ပေါ် ကျန်ခဲ့သည်။

တုန်လှုပ်ချောက်ချားစွာဖြင့် သစ်ပင်ပေါ်မှာ ကျွန်တော်မိုးလင်းသည်အထိစောင့်နေလိုက်ပါ၏။ ဤသို့ဖြင့် တဖြည်းဖြည်းချင်း မိုးလင်းလာခဲ့သည်။ ရေတွေအားလုံးငြိမ်သွား၏။ မိုးရေစက်တို့သည် တစ်ပေါက်မျှမကျတော့ပါ။ လေသည်လည်း ငြိမ်သွားလေပြီ။ ရေက တစ်ရစ်ပြီးတစ်ရစ် ပင်စည်ကနေကျလာသည်။ ကျွန်တော်လည်း ရေကျလိုက်လျှောဆင်းလိုက် အလိုက်သင့်ဆင်းလာနိုင်ခဲ့သည်။ မိုးစင်စင်လင်းသောအခါ သစ်ပင်ခြေရင်းသို့ ကျွန်တော်ရောက်လေ၏။ ဘေးပတ်ဝန်းကျင်ကြည့်လိုက်သော် ကျွန်တော် ခြံစပ်ကြီးတစ်ခုမှာ ရောက်နေသည်။ ဘေးမှာ လယ်ကွင်းတွေရှိသည်။ ကောင်းကင်ကြီးမှာနေခြည်နုနုထွေးဖြင့် မနေ့ကတော့ သူမဟုတ်သလိုလို အဖြူရောင်မိုးသားများဖြင့် လင်းလျက်ရှိနေပါ၏။ သစ်ပင်များလဲပြိုနေကြသည်။ ကွင်းထဲမှာ ကျွဲများသေနေ၏။ ဝက်သေများကိုလည်းတွေ့ရသည်။ ဆိတ်များလည်း သေဆုံးလျက်။ ငါးအကြီးကြီးတွေ ဗိုက်အဖွေးသားဖြင့်သေနေရှာသည်။ မြွေသေကောင်များ၊ ဘဲများ၊ မန်ဒါလီများတို့သည်လည်း သေဆုံးကုန်ကြသည် ။ပြီးတော့ လယ်ကန်သင်းပေါင်တွေပေါ်မှာ ယောကျ်ား၊ မိန်းမ သေဆုံးသူတွေမနည်းမနောပါတကား။ ကျွန်တော်သည် လှပသော ကောင်းကင်နှင့်အတူ ဝမ်းနည်းဖွယ်မြေပြင်ကို သွေးပျက်မခန်း အချိန်အကြာကြီးမှင်တက်စွာကြည့်နေစဉ် -

"ဗွမ်း. . . ဗွမ်း. . . . ဗွမ်း . . . "

အထက်ပါအသံကြောင့် ရုတ်တရက်ထိတ်လန့်သွား၏။ ကျွန်တော် လှစ်ခနဲ နောက်သို့လှည့်ကြည့်လိုက်သော် အစ်ကိုကြီးနှစ်ယောက်နှင့် ဦးကြီးတစ်ယောက်။

"ကောင်လေး၊ မင်းလည်း ရေစီးနဲ့ပါလာတာလား"

www.burmeseclassic.com

"ဟုတ်ကဲ့"

သူတို့ကိုပြန်ပြောလိုက်မှ ကျွန်တော့်ရင်ဘတ်ထဲ အော်ဂလီဆန်လေလေတွေပျို့တက်လာသည်။ ကျွန်တော်အန်ချင်လာ၏။ ပျို့တက်လာသည်ကိုမထိန်းနိုင်တော့ပါ။ကျွန်တော်အန်ချလိုက်ပါတော့သည်။ ပင်လယ်ဆားငန်ရည်နှင့် အမှိုက်စလေးများထွက်ကျလာသည်။

"ရေတွေဗိုက်ထဲဝင်သွားတာဖြစ်မယ်"

ဦးလေးကြီးက ပြောလည်းပြောရင်း ကျွန်တော့်ရင်ဘတ်နှင့်ကျောကို ဖိပေးနေ၏။ ကျွန်တော် အန်၍ပြီးသော် -

"သူငယ်လေး၊ မင်းက ဘယ်ကလဲကွယ့်"

"သားက သုံးထပ်ကုန်းက ဦးဦး"

"အေး - ဒါဆို ဦးတို့နဲ့လိုက်ခဲ့၊ ဦးတို့က ကြိမ်ချောင်းကိုပြန်မှာ"

**❑ အဖေ့ရဲ့ဘဝကျွန်တော်၊ ကျွန်တော့်ရဲ့ဘဝအဖေ**

ကျွန်တော်လည်း မဆိုင်းမတွအဖော်တွေ့သည်နှင့် လိုက်လာခဲ့လေသည်။ အာဟာရပြတ်တောက်ကာ ကျွန်တော်တို့အားလုံး အားအင်ချည့်နဲ့နေကြသည်။ ရေငန်များဖြစ်နေသောကြောင့် ရေလည်းမသောက်ရပါ။ ဈေးဆိုင်ပျက်များမှမျောလာသောမုန့်များ ရေငန်ဝင်မုန့်များဖြစ်နေ၍ မစားကြရချေ။ ကျွန်တော်တို့ (၂) ရက်တိတိ ခရီးပြင်းလျှောက်ခဲ့ကြပြီး ကြိမ်ချောင်းသို့ရောက်လာကြပါတော့၏။ ကြိမ်ချောင်းသို့ရောက်သောအခါ အမှတ်မထင်ကျွန်တော်တို့ရွာက ကိုကျော်ထွန်းက ကျွန်တော့်လက်ကို အပြေးလာဆွဲသည်။

"ဟေ့ကောင်လေး၊ မင်းကို မင်းအဖေ လိုက်ရှာနေတယ်"

"ဟာ - ဟုတ်လား၊ ဘယ်ဘယ်မှာလဲဗျ ဦးကျော်ထွန်း"

"ဟိုးကစည်ပိုင်းအစိမ်းပေါ်မှာထိုင်နေတာ မင်းအဖေပဲ"

ကျွန်တော် အလွန်အမင်းဝမ်းသာမိပါတော့သည်။ နာဂစ်မုန်တိုင်းကြီးမှာ မသေသောသူများသည် ရေထဲမျောလာသောသေသူများ၏ တွေ့ရာအဝတ်များကို ချွတ်ယူဝတ်ဆင်ထားကြပါသည်။ ဝမ်းဟောင်းလောင်းဖြင့် အတုံးအရုံးလဲကာ အနားယူနေကြသူတို့မှာ စိတ်ပျက်အားငယ်နေကြကာ မှိုင်တွေလျက်ငေးငေးငိုင်ငိုင်။ အချို့ကား သွေးရူးသွေးတန်းအော်ဟစ်ပြေးလွှားနေကြပါသည်။ကိုယ့်မိသားစုကို လိုက်လံရှာဖွေနေကြသူများ စုံလင်နေကာ ကမ္ဘာပျက်သလိုဖြစ်၍နေပါ၏။

ကျွန်တော်သည် အဖေကြီးဆီသို့ ပြေးသွားပြီး-

"အဖေကြီး"

ကျွန်တော့်ရဲ့အားရဝမ်းသာခေါ်လိုက်သံကြောင့် အဖေက ငေးမှိုင်တွေဝေနေရာက အသက်ဝင်လှုပ်ရှားလာသည်။ အဖေသည် စည်ပိုင်းပေါ် မှခုန်ချကာ ကျွန်တော့်ထံပြေးလာ၏။ ကျွန်တော်ကို ထွေးပွေ့၏။ လွတ်ထွက်သွားမည်ကိုစိုးရိမ်သည့်အလား မလွှတ်တမ်းတင်းကြပ်စွာ ဖက်ထားပါတော့သည်။ ကျွန်တော့်ပါးပြင် နဖူးတွေကို အငမ်းမရနမ်းရှုတ်နေတော့သည်။ ကျွန်တော့်တစ်သက်တစ်ခါမှမမြင်ဘူးသော အဖေ့မျက်ရည်တို့သည် ဆည်ကျိုးသည့်အလား တသွင်သွင်စီးဆင်းလာပါသည်။ အဖေက ကျွန်တော့်ကို သူ့ရင်ဘတ်ထဲကနေခွာကြည့်လိုက်၊ ပျောက်သွားမည်စိုး၍ပြန်ဖက်လိုက်နှင့် နှုတ်ဖျားမှ စကားတစ်ခွန်းမဆိုသာဖြစ်နေရှာပါသည်။

အဖေသည် ကျွန်တော့်ကို အားရပါးရဖက်ထားပြီးမှ -

"သားလေးရယ်၊ အဖေ မင်းကိုပါဆုံးရှုံးရပြီထင်နေတာ တော်သေးတာပေါ့ကွာ"

အဖေ့အသံများ တုန်ယင်နေပါသည်။ ဆို့နင့်ကြေကွဲလျက်ရှိနေပါ၏။

"အမေနဲ့ညီမလေးရော ဖေကြီး"

ကျွန်တော်က မဝံ့မရဲဖြင့် အဖေ့ကို မေးလိုက်သည်။ အဖေ နှုတ်ဆိတ်နေ၏။ မဖြေပါ။ ကျွန်တော့်ကိုသာ သူ့ရင်ခွင်ထဲဆွဲသွင်းပြီး အကြာကြီးငြိမ်နေပါသည်။ ကျွန်တော် အဖေ့ရင်ဘတ်ကိုတွန်းပြီး-

"အမေနဲ့ ညီမလေးကောလို့ ဖေကြီး"

အဖေသည် စိတ်လှုပ်ရှားနေသည်ကို တည်ငြိမ်စွာစုစည်းလိုက်ပြီး -

"သား၊ အဖေကြီးပြောတာကို သေသေချာချာနားထောင်စမ်း"

"ဟုတ်ကဲ့ ဖေကြီး"

"ညီမလေးကတော့ အသက်ရှင်နိုင်သေးတယ်။ မင်းအမေကတော့ အဖေတို့တွေ့ကတည်းက အသက်မရှိတော့ဘူး။ ဒါပေမယ့် အသက်ရှင်ချင်လည်းရှင်နိုင်တယ်။ အဖေကြီးတို့အားမလျှော့ဘဲရှာကြတာပေါ့ သား"

အဖေကြီးက သူ့စကားအရှိန်လွှန်သွားမှန်းသိပြီး ပြန်ထိန်းလိုက်ပါ၏။ ဒါပေမယ့် ကျွန်တော် သိနေပြီပဲ။ တစ်ကိုယ်လုံးတွင် ခွန်အားတွေလျော့ဆင်းလာပြီး လောကကြီးတစ်ခုလုံး အဓိပ္ပာယ်မဲ့တော့ပါ။ ဖြစ်နိုင်လျှင် ကျွန်တော်သည် အငွေ့သဖွယ် ပျောက်ကွယ်ချင်သည်။ အရှုပ်ကြီးပြတ်နှင့် ကျွန်တော် အဖေ့ရင်ခွင်ထဲတိုးဝင်ပြီး အဖေ့ခါးကို မလွှတ်တမ်းဖက်ထားလိုက်ပါ၏။ ကျွန်တော့်မျက်ရည်များ အဖေ့ရင်ဘတ်ကြီးကို စိုရွှဲစေပါတော့သည်။ အဖေ့ရင်ဘတ်ကြီးကသာ မျက်နှာအပ်ထားလိုက်တော့သည်။ အပြင်လောကကြီးကို ကျွန်တော်မကြည့်ရဲပါ။

တဖြည်းဖြည်း နေကစောင်းလာခဲ့ပြီ။

"သားလေးရယ်"

အဖေ့ရဲ့ ဆို့နစ်ကြေကွဲတဲ့အသံက ခဏခဏကြားနေရပါသည်။ နေရောင်သည်ပင် လျော့ရဲရဲဖြင့်အရောင်ဖျော့လာခဲ့ပါသည်။ အဖေကျောပေးထားသောမြစ်ပြင်ကြီးကို ကျွန်တော်မရဲတရဲကြည့်မိသည်။ ကြာကြာကြည့်လေ ရှုပ်ရှင်အနှေးပြကွက်တွေလို အမေ့ရဲ့အပြုံး ကျွန်တော်တို့မောင်နှမတွေကျောင်းဆင်းတာကိုနွေးထွေးစွာစောင့်ကြိုနေပုံ၊ ခဏခဏရန်ဖြစ်ပြီး ပြန်ချစ်ကြတဲ့ညီမလေးရဲ့ နှုတ်ခမ်းစူဆိုးနွဲ့ပုံလေးတွေ ကျွန်တော့်မျက်ဝန်းထဲမှာ ဝေဝေဝါးဝါးပေါ်လာပါသည်။

အဖေက ကျွန်တော့်ကို သူ့ရင်ခွင်ထဲမှ ဆွဲခွာလိုက်ပြီး ကျွန်တော့်ပခုံးကို အသက်ပါပါကိုင်ညှစ်လျက် -

"သား အဖေကြီးမှာဘဝတစ်ခုရှိသေးတယ်၊ အဲဒါ သားပဲ။ သားမှာလည်း ဘဝတစ်ခုရှိသေးတယ်၊ အဲဒါ အဖေကြီးပဲ။ လောကမှာ ဆွေမျိုးရင်းချာဆိုလို့ အဖေကြီးနဲ့သားပါပဲ လူလေးရယ်"

ကျွန်တော် မြစ်ပြင်ကြီးကိုမကြည့်ရဲပါ။ နောက်တစ်ကြိမ် နှုံးချိစွာ အဖေ့ရင်ခွင်ထဲကို ကျွန်တော်လဲပြိုကျသွားသည်။ ကျွန်တော့်လို ဘယ်သူတွေများ အမေကို ချစ်မဝခင် လက်လွှတ်ဆုံးရှုံးခဲ့ကြလေမလဲ။ မတွေးရဲမတွေးဝံ့တော့ပါပြီလေ။


သုခိအတ္တာနံပရိဟရန္တု

အောင်မြင့်ထွန်း (မသိုးသိုး)



www.burmeseclassic.com

www.burmeseclassic.com



# စစ်ကြည့် (စလင်း)

## တန်ခိုးကြီးပေ သမ္မာန်ဇွဲ

အချိန်ကား ၁၉၇၀ ပြည့်နှစ်၊ စနေနေ့။

"ဆရာစစ်ကြည့်၊ တပ်ရေးဗိုလ်ကြီး က ခဏလာပါတဲ့"

တပ်ရေးဗိုလ်ကြီးရုံးအကူတပ်သား ထောင်ဇမုန် (နောင်တွင် တပ်ကြပ်မှ အရာရှိဖြစ်သွားသည်) က မိမိကို မိမိ၏ ဆက်သွယ်ရေးရုံးခန်းသို့ လာရောက်ခေါ်သည်။ ယူနီဖောင်းကို သပ်ရပ်အောင် ပြုပြင်လိုက်ပြီး တပ်ရေးဗိုလ်ကြီးရုံးခန်းသို့ထွက်လာခဲ့သည်။ တပ်ရေးဗိုလ်ကြီးသည် သူ၏အခန်း၌ စားပွဲတွင်အလုပ်ရှုပ်နေပုံရသည်။ မိမိသည် တပ်ရေးဗိုလ်ကြီးအား သတိဆွဲအလေးပြုလိုက်ပြီး -

"ဗိုလ်ကြီး၊ ကျွန်တော်ရောက်ပါပြီ"

တပ်ရေးဗိုလ်ကြီးသည် မိမိကိုမော့ကြည့်ကာ -

"လာ - ဆရာစစ်ကြည် ထိုင်ပါ"

မိမိက သူ့စားပွဲရှေ့ကုလားထိုင်တွင်ထိုင်လိုက်ရင်း သူပြောလာမည့် စကားကို နားစွင့်လိုက်သည်။

"ဒီလို ဆရာစစ်ကြီးရေ၊ ရှေ့တန်းဗိုလ်မှူးကြင်မောင်စစ်ကြောင်းက ဆက်သွယ်ရေးစက်သုံးဖို့ ဘက်ထရီအားကုန်နေလို့။ အဲဒါ ခင်ဗျားတပ်ခွဲ (၁) စံပြစခန်းကိုသွားပို့ဖို့စီစဉ်လိုက်ပါ။ ကျွန်တော်ထောက်ပို့က TE-11ကားတစ်စီးစီစဉ်ပေးမယ်။ လိုအပ်သာတော့ ခင်ဗျားပဲဆက်လုပ်ပေတော့"

"ဟုတ်ကဲ့ - ဗိုလ်ကြီး၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

မိမိသည် မိမိရုံးခန်းရှိရာသို့ပြန်လာပြီး ဆသရစစ်သည်လူပျိုများနေထိုင်ရာ အဆောင်သို့တယ်လီဖုန်းလှမ်းဆက်လိုက်သည်။

အိတ်ချိန်းတာဝန်ကျ တင်မြင့် (ဒုတပ်ကြပ်) ကို စကားပြောဖို့ ခေါ်ခိုင်းလိုက်သည်။

မကြာမတင် -

"ဟဲလို တင်မြင့်ပါ ပြောပါ"

မိမိက -

"ဟေ့- တင်မြင့်ရေ၊ ဗိုလ်မှူးကြင်မောင် ရှေ့တန်းလှုပ်ရှားစစ်ကြောင်းက ဘက်ထရီကုန်နေပြီတဲ့။ အဲဒါ အားပြည့်ဘက်ထရီ (၁၀) လုံးပြင်ထား။ မင်းနဲ့ (၃) ယောက်ခေါ်သွား။ မကြာခင်ထောက်ပို့က TE-11ကားလာလိမ့်မယ်။ ကြားလား"

တင်မြင့်က -

"အေး - ကြားပြီ၊ ငါ အခုပို့ဖို့စီစဉ်မယ်"

မိမိသည် စနေနေ့ဖို့ ရုံးနေ့တစ်ဝက်ပိတ်သည်။ ဒါကြောင့် စက်ခန်းရုံးတွင် မိနစ်(၂၀)ခန့်ထိုင်နေပြီး (၁၂) နာရီထိုးပြီမို့ တာဝန်ကျရဲဘော်အား -

"ဟေ့ - ငါပြန်တော့မယ်။ စက်ကို အချိန်မှန်မှန်ဖွင့်ပေး။ အကြောင်းထူးရင် အိတ်ချိန်းကိုဖုန်းဆက်ပြီး ငါ့ကိုသတင်းပို့ခိုင်း"

တာဝန်ကျရဲဘော်က -

"ဟုတ်ကဲ့ - ဆရာ"

မိမိသည် တပ်ရင်းရုံးမှ အိမ်သို့ပြန်လာခဲ့သည်။

မိမိရဲဘော်များနေထိုင်ရာ လူပျို ဆောင်မှာ မိမိအိမ်ပြန်ရာလမ်းဘေးတွင်ရှိ၍ ဆရာတင်မြင့်တို့ဘယ်လိုလုပ်နေပြီလဲသိအောင် သူတို့ရှိရာသို့ လှည့်ဝင်ခဲ့သည်။ အားပြည့်ဘက်ထရီအိုးများလည်း ပြင်ပြီးပြီ။ အစောင့်လိုက်မည့် တပ်သားစိုးမြင့်(ဂျီ-၃)၊ တပ်သားလှသန်း(ဂျီ-၃)၊ တပ်သားသန်းထွေး (ကာဘိုင်) တို့ကို ကိုင်ဆောင်ပြီး အိကွင်းမက်ကိုယ်စီနှင့်တွေ့ရသည်။ သူတို့သည် ခြေလျင်ဆက်သွယ်ရေးတပ်သားများဖြစ်သော်လည်း ဆက်သွယ်ရေးသင်တန်းမတက်မီ တိုက်ခိုက်ရေးတပ်ခွဲများတွင် တာဝန်ထမ်းဆောင်ခဲ့သူများမို့ အတွေ့အကြုံရှိကြသည်။

ဆရာတင်မြင့်က အပေါ်ကစစ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို အပ်နှင့်ချုပ်နေသည်။ မိမိကိုမြင်တော့ စပ်ဖြဲဖြဲနှင့် -

"အရေးထဲကွာ၊ ဘောင်းဘီက



www.burmeseclassic.com

www.burmeseclassic.com

ဖင်ပြုလို့ချုပ်နေရတယ်၊ ခဏပါ မကြာပါဘူး"

မိမိက -

"ဒီကောင်ကွာ"

ဟု သူ့ကို မကျေမနပ်နှင့်ကြည့်လိုက်သည်။ သူနှင့် မိမိမှာ စစ်သက်မကွာပါ။ မိမိသည် ကိုယ်ပိုင်အမှတ် (၂၁၁) ကစပြီး သူက (၂၁၂) ဖြစ်သည်။ မိမိက တပ်ကြပ်၊ သူက ဒုတပ်ကြပ်ဖြစ်ပြီး မိမိကတပ်စုတပ်ကြပ်ကြီးတာဝန်ယူထားရသည်။ တပ်စုမှူးမရှိသည့်အတွက် ဆသရတပ်စုကို မိမိကပင် ကွပ်ကဲရသည်။ မကြာမတင် ဆသရလူပို့ဆောင်သို့ ထောက်ပို့မှ TE-11 ကားကြီးရောက်ရှိလာပြီးပွမ်ပွမ်ဟုအချက်ပေးလိုက်သည်။ စိတ်မြန်လက်မြန်ရှိသော မိမိက -

"ဟေ့ - တင်မြင့်၊ မင်းကာဘိုင်နဲ့ ကျည်တွဲတစ်တွဲပေးလိုက်။ ငါလိုက်သွားမယ်"

"ဟာ - ပြီးတော့မှာပါကွာ။ ငါပဲ လိုက်သွားပါ့မယ်"

"တော်ကွာ ပေး၊ ပေး မင်းကာဘိုင်"

တင်မြင့်က မိမိစိတ်တိုနေသည်ကို သိ၍ ဆက်မပြောတော့ဘဲ ချုပ်လက်စဘောင်းဘီကို ခဏအောက်ချပြီး သူ့ကာဘိုင်နှင့် ကျည်ခါးပတ်တစ်တွဲကို ယူပေးသည်။ မိမိသည် ကျည်ခါးပတ်ကို ခါးမှာ ပတ်လိုက်သည်။ ကျည်ခါးပတ်တွင် အပိုကျည် (၁၂၀)တောင့်နှင့် (၁၅)တောင့်ဝင်ကျည်ကတ် (၃) ခုပါသည်။

"ဟေ့ကောင်တွေ ဘက်ထရီ ကားပေါ်တင်သွားမယ်"

သူတို့အားလုံး TE-11 ကားပေါ်သို့တက်ကြသည်။

တပ်သားသန်းထွေးက -

"ဆရာ၊ ကျွန်တော်လည်း ရှေ့က ဆရာနဲ့အတူလာစီးရမလား"

မိမိက တင်မြင့်ကို စိတ်တိုနေ၍ -

"ကွာ အရေးထဲ နောက်ကစီး"

အမှန်မှာ TE-11ကားကြီး၏ရှေ့ခန်းသည် အကျယ်ကြီးပါ။ လူသုံးယောက်ချောင်ချောင်ချိချိစီးလို့ရသည်။ အားလုံးကားပေါ်တက်ပြီးသည်နှင့် မိမိသည် ကားရှေ့ခန်းတွင် ဝင်ထိုင်ကာ ကားဒရိုင်ဘာကို -

"စံပြစခန်းကိုသွားမယ် မောင်း"

ဟု ပြောလိုက်သည်။

မိမိတပ်ရင်းရှိရာ ကွမ်းလုံနှင့် စံပြစခန်းမှာ မိုင် (၂၀) ခန့်သာကွာဝေး၍ ကားလမ်းပေါ်တ[illegible] ကြီး သည် ကွမ်းလုံကြီးတံတားပေါ် ဖြတ်ကျော်ပြီး။ မြို့ကိုလွန်၍ ဟိုပန်သို့သွားရာ ကားလမ်းပေါ်သို့ရောက်သည်နှင့် မိမိက သူတို့ကို -

"ဟေ့ - အားလုံးကျည်ထိုးကြ"

ဟု ပြောရင်း မိမိလည်း ကာဘိုင်မောင်းတင်ချိတ်ကို နောက်သို့ဆွဲရင်း လွှတ်ချလိုက်သည်။ မောင်းတံနှင့်အတူ ကျည်တစ်တောင့်သည် ပြောင်းရင်းထဲကိုဝင်သွားသည်။ လုံခြုံရေးခလုတ်ကို ပိတ်ထားလိုက်သည်။ ပွိုင့်-၃၀ ကာဘိုင်မှာ အမေရိကန်လုပ်ဖြစ်ပြီး တစ်တောင့်ချင်းနှင့်အတွဲလိုက်ပစ်ခတ်၍ရသည်။ မိမိကားခေါင်းနောက်ကျောပေါ်မှ သန်းထွေးတို့လည်း သေနတ်များကို ကျည်ထိုးကြသည်။ ဂျီ-၃သေနတ်သည် မောင်းတင်တံကို နောက်လှန်ဆွဲ၍ ချိုင့်ထဲကိုချိတ်ပြီးမှ လက်ဝါးစောင်းဖြင့် ဖြောင်းခနဲ လက်နှင့်ရိုက်ချရသည်။ (7.62) ကျည်ဖြင့်ပစ်ခတ်ရပြီး တစ်တောင့်ချင်း သို့မဟုတ် အတွဲလိုက်ပစ်ခတ်၍ရသည်။ ထိချက်ပြင်းပြီး သေနတ်သံကလည်း အတော်ပင်ကျယ်သည်။ သူတို့သည် ကားရှေ့ခေါင်မိုးပေါ်တွင် သေနတ်များတင်၍ ဘေးဘယ်ညာကို သတိနှင့်ကြည့်ရင်း လိုက်ပါလာကြသည်။ နာရီဝက်ကျော် ကားမောင်းလာပြီး ဟိုပန်သွားကူတို့ဆိပ်ကိုကျော်လာခဲ့ပြီ။ မိမိသည် တပ်ရင်းမှစထွက်ကတည်းက ရှေ့တူရူကိုကြည့်ပြီး စိတ်တွင်းမှ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို စူးစူးစိုက်စိုက် (၉)ခေါက်ရွတ်ဆိုလိုက်သည်။ ဒါမိမိတပ်တွင်နေစဉ်အတွင်း ခရီးထွက်တော့မည်ဆိုတိုင်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုသွားမည့်ဘက်ကို မျက်နှာမူကာ စိတ်ထဲမှ (၉) ခေါက် ရွတ်ဆိုနေကျ ဖြစ်သည်။ TE-11 ကားကြီးသည် တရိပ်ရိပ်ဖြင့်ပြေးနေသည်။ ဟိုပန်ကူးတို့ဆိပ်မှ စံပြလမ်းဘက်သို့ ဆက်လက်သွားနေသည်။

သည်နေ့ကား ဈေးနေ့ဖြစ်သည်။ သို့သော် ဈေးက အစောကြီးပြီးသဖြင့် (၁၀) နာရီလောက်တွင် ဈေးကွဲသွားသည်။ ငါးရက်တစ်ဈေးဖြစ်သည်။ ကားလမ်းပေါ်တွင်-လူသွားလူလာများမတွေ့ရ။ TE-11 ကားကြီးသည် အရှိန်ဖြင့်နိမ့်ဆင်းသွားသည်။ ကားလမ်းအနိမ့်ပိုင်းတွင် သံကူကွန်ကရစ်တံတားတစ်ခုရှိသည်။ တံတားမှာ ပေ (၂၀) ခန့်ရှည်သည်။ တစ်ဖက်သို့မော့တက်မည်ဖြစ်သည်။ သို့ကြောင့် ဒရိုင်ဘာက အရှိန်ဖြင့် ဆင်း[illegible] ကြီးသည် တံတားပေါ်ကို ဝေါခနဲဖြတ် ကျော်လိုက်သည်။

"အိန်း"

ကျယ်လောင်သော ပေါက်ကွဲသံ[illegible] ကြီး မြည်ဟိန်းသွားသည်။ မီးခိုးများ[illegible] မည်းမှောင်သွားသည်။ မိမိတို့ကား မှိုင်[illegible] ထဲမိသည်။

"တောက်. . . တောက် . . . . တောက်"

"ဒက်. . . ဒက်. . . ဒက်"

ကားလမ်းညာဘက် တောင်က[illegible] ပေါ်မှ လက်နက်ငယ်အတွဲလိုက်ပစ်ခတ်[illegible] သံများထွက်ပေါ်လာသည်။

မိမိက -

"နေရာယူ"

ဟု အော်ဟစ်လိုက်ရင်း ကား[illegible] တံခါးကိုဖွင့်၍ ကားလမ်းဘယ်ဘက်စောင်း[illegible] သို့ခုန်ချပြီး မြေနိမ့်ရာ၊ အကာအကွယ်[illegible] ရာသို့ လှိမ့်နေရာယူလိုက်သည်။ လက်[illegible] ထဲမှ ကာဘိုင်သေနတ်မောင်းထိန်းကိုဖွင့်၍ သေနတ်သံများထွက်ပေါ်လာရာနေရာ[illegible] သို့ချိန်ပြီး တစ်တောင့်ချင်း (၅) ချက်ခန့် ပစ်လိုက်သည်။

"ဖန်း ဖန်း ဖန်း ဖန်း ဖန်း"

ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးများဖြင့် ပိတ်မှောင်နေသည်။ မိမိလည်း မိုင်းပေါက်ကွဲသံကြောင့် နားအတော်[illegible] သွားသည်။ ကားကြီးသည် နောက်သို့ စက်မသေဘဲ တဒီးဒီးအော်ပြီး ချောင်း[illegible] ချောက်အတွင်းသို့ နောက်ပြန်လိမ့်ဆင်းသွားသည်။

"တောက် တောက် တောက်"

"ဒက် ဒက် ဒက်"

ညာဘက်တောင်ကုန်းပေါ်မှနေ၍ လက်နက်ငယ်ပစ်သံများဆက်ကြားနေရသည်။ သူတို့ပစ်သောကျည်များက မိ[illegible] ခေါင်းပေါ်က လေချွန်သံပေး၍ ဖြတ်[illegible] သန်းနေကြသည်။မိမိနောက်ဘက် ကိုက် (၂၀) ခန့်အကွာမှ G-3 သေနတ်သံထွက်ပေါ်လာသည်။ နောက်သို့လှည့်ကြည့်လိုက်တော့ တပ်သားလှသန်းက တောင်ကုန်းပေါ်ကို ပြန်လည်ပစ်ခတ်ခြင်း[illegible] တပ်သားသန်းထွေးကလည်း ကာဘိုင်သေနတ်ဖြင့်တဖန်းဖန်းပစ်ခတ်နေသည်။ မိမိက တပ်သားလှသန်းကို -

"အတွဲလိုက်မပစ်နဲ့ တစ်တောင့်ချင်း လေး၊ ငါးချက်ပစ်"

တပ်သားလှသန်းက ဒူးထောက်အနေအထားဖြင့် ညာဘက်တောင်ကုန်းပေါ်သို့တစ်တောင့်ချင်းပစ်ခတ်နေသည်[illegible] [illegible]ကြာတော့ တောင်ကုန်းပေါ်[illegible] အပစ်ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိက -

"ဟေ့ - လှသန်း၊ ရှေ့တက်ခဲ့။ သန်းထွေး မင်းကနောက်မှာနေ"

တပ်သားလှသန်း ရှေ့ကိုတက်လာသည်။ မိမိက သူ့ကို မိမိညာဘက်ကမူတွင် နေရာယူစေ၍ -

"ဟေ့ မမြင်ရင် မပစ်နဲ့၊ မြင်မှပစ်"

ခဏကြာသော် မည်းမှောင်နေသော မီးခိုးများတစ်စစပျက်ပြယ်သွားသည်။ မိမိ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ရန်သူ၏ပစ်ခတ်သံများလည်း မကြားရတော့။ မိမိက တပ်သားလှသန်းကို ရှေ့တူရူဆီသို့ စောင့်ကြည့်စေပြီး တပ်သား သန်းထွေးကို -

"သန်းထွေး၊ စိုးမြင့်နဲ့ကားသမားကော"

သန်းထွေးက -

"မတွေ့ဘူး ဆရာ"

ကားကြီးသည် ချောက်အတွင်းသို့ ဖင်ပိုင်းကကျနေပြီး ကားခေါင်းက လမ်းပေါ်ကို မေးတင်နေသည်။ မိမိက နေရာယူထားရာမှထကာ ကားနား သတိဖြင့် ကပ်သွား၏။ ကားလမ်းပေါ်တွင် တံတားကြီးမရှိတော့ပါ။ ထိုးထိုးထောင်ထောင် သံပေါင်တန်းများသာကျန်ပါတော့သည်။

"သန်းထွေး၊ ကားပေါ်တက်ကြည့်စမ်း ဘာတွေ့လဲ"

သန်းထွေးက ကားပေါ်တက်ကြည့်ရာ ကားအလယ် ကြမ်းပြင်တွင် စကောဝိုင်းခန့်အပေါက်ကြီးတစ်ပေါက်ဖြစ်နေသည်ကိုတွေ့ရသည်။ သွေးကွက်များကိုတော့ မတွေ့ရ။

"အင်း"

လူကိုတော့ မထိနိုင်။ မိမိက ကားရှေ့ခန်းကိုစစ်ဆေးကြည့်ရာ မိမိနှင့်ကားဒရိုင်ဘာထိုင်သောကြားအလယ် ကူရှင်ထိုင်ခုံတွင် လက်သီးဆုပ်လောက်တွင် အပေါက်ကြီးတစ်ပေါက်ကိုတွေ့ရသည်။ အကယ်၍ တပ်သားသန်းထွေးသာ မိမိနှင့်ကားသမားကြားအလယ်တွင်ထိုင်လိုက်ပါက မတွေးဝံ့တော့။ သန်းထွေးကား စိုးမြင့်နှင့် ကားသမားကို အော်ခေါ်သည်။

"ဟေ့ - စိုးမြင့်၊ ကားဆရာထွက်ခဲ့ကြဟေ့၊ ဒီကိုလာ"

အော်ခေါ်သော်လည်းထွက်မလာ။ မိမိတို့သုံးဦးသာရှိသည်။ အနီးအနားကို ရှာဖွေကြည့်သော်လည်း မည်သူ့ကိုမျှ မတွေ့ရ။

သည်တွင် သန်းထွေးက -

"ဆရာ၊ ဆရာ ကျွန်တော်တို့နောက်ဘက်က လူ (၁၅) ယောက်လောက်တက်လာနေတယ်။ ယူနီဖောင်းက ဝါဝါတွေ"

မိမိကနောက်ကြောင်းကိုပြန်ကြည့်လိုက်တော့ လားလား-ကားလမ်းအတိုင်း ခပ်ဝါဝါယူနီဖောင်းဝတ် (၁၅) ယောက်လောက် မိမိတို့ထံလာနေသည်။

အင်း - ဗကပတော့မဟုတ်နိုင်။ ဗကပတို့သည် ယူနီဖောင်းအစိမ်းနှင့် ဦးထုပ်တွင် ကြယ်နီတပ်ဆင်ထားသည်။ မိမိတို့မှာ ဂျီ-၃(၁)လက်၊ ကာဘိုင်(၂)လက်။ သူတို့က (၁၅)ယောက်လောက်ရှိ၏။ လှသန်းကို လမ်းဘယ်ဘက်ခြမ်း၊ သန်းထွေးကို လမ်းညာဘက်၊ မိမိကအလယ်။ သုံးယောက်သား မြေကမူများတွင် နေရာယူထားသည်။ ကာဘိုင်ကျည်ကပ်များကို ကျည်များအပြည့်ပြန်ဖြည့်သည်။ မောင်းထိန်းခလုတ်ကို တစ်တောင့်ချင်းမှ အတွဲလိုက်ခလုတ်ကိုတွန်းတင်လိုက်သည်။ လူသာအသေခံမည်။ နာမည်ကတော့ အသေမခံတော့။

"ဟေ့ကောင်တွေ နည်းနည်းဝေးသေးတယ်။ ကိုက်(၄၀)လောက်ဝင်လာမှ ပစ်မယ်။ ငါစပစ်မှ မင်းတို့လိုက်ပစ် ကြားလား"

တပ်သားသန်းထွေးနှင့် လှသန်းတို့က -

"ဟုတ်ကဲ့ဆရာ စိတ်ချပါ"

သုံးယောက်သား မိမိထံတက်လာသူများဆီသို့ သေနတ်များကို မောင်းထိန်းခလုတ်များဖွင့်ပြီး အပြည့်ခလုတ်ပေါ်သို့ လက်ညှိုးများတင်ကာစောင့်နေကြသည်။ သည်လက်ညှိုးတွေကွေးညွတ်လိုက်လျှင် သေမင်းတမန်ထိပ်ဖူးများသည် သူတို့ဆီသို့ အပြေးအလွှားတိုးဝှေ့သွားကြမည်။ မိမိတို့လည်း အသက်ရှင်ဖို့မလွယ်။ ငါ့နာမည်၊ ငါ့တပ်ရင်း သိက္ခာမခံနိုင်။ အဆုံးစွန်အထိတိုက်ပွဲဝင်သွားမည်။ ဒါ မိမိဆုံးဖြတ်ချက်။

သည်အချိန်တွင် တပ်သားလှသန်းက -

"ဆရာ၊ ဆရာ ကျွန်တော်တို့နောက်မှာလည်း စိမ်းစိမ်းတွေလာနေပြန်ပြီ"

မိမိက နောက်ရင်းဘက်သို့လှည့်ကြည့်လိုက်ရာ တောင်စောင်းပေါ်တွင် ယူနီဖောင်းစိမ်းစိမ်းဝတ်များ မိမိတို့ရှိရာသို့ အပြေးတက်ဖြင့်လာနေကြသည်။ မကြာမတင် သူတို့ဆီက -

"ဆရာစစ်ကြည်၊ ကျွန်တော်တို့ လာပြီ။ တပ်ခွဲ (၁) က"

ရှေ့တန်းစခန်းတွင်တပ်စွဲထားသော မိမိတို့တပ် တပ်ခွဲ (၁) က စစ်ကူများလာပါပြီ။

မိမိက -

"အေး - ငါတို့ ဒီမှာရှိတယ်ဟေ့၊ လာ လာ"

သည်တွင် မိမိရှေ့နားတွင် နေရာယူထားသော တပ်သားသန်းထွေးကလည်း -

"ဆရာ၊ ဆရာ ကျွန်တော်တို့ဆီလာနေတာ ရဲတွေဆရာ"

မိမိတို့သုံးဦးလုံးနေရာယူထားရာမှ ထရပ်၍ လူလုံးပြလိုက်သည်။ တပ်ခွဲ (၁) မှ တပ်စုတပ်ကြပ်ဦးစီးပြီး တပ်စိတ် (၂) စိတ်ရောက်လာသည်။

သူက -

"ဆရာစစ်ကြည်၊ဘာဖြစ်သေးလဲ"

မိမိက -

"ဘာမှတော့မဖြစ်ဘူး။ ကားမိုင်းမိပြီး တောင်ကုန်းပေါ်ကနေ ရန်သူက တစ်ကတ်လောက်စီပစ်တယ်။ တပ်သားစိုးမြင့်နဲ့ ကားသမားတော့ ပျောက်နေတယ်။ ကားပေါ်မှာ သွေးကွက်တော့ မတွေ့ဘူး"

မကြာမီ စစ်ကူရဲများရောက်လာပြီး သူတို့နှင့်အတူ မိမိရဲဘော် တပ်သားစိုးမြင့်နှင့် ကားသမားပါလာသည်။ သူတို့က မိမိတို့ကား မိုင်းနင်းမိသည်နှင့် သေပြီဟုထင်ပြီး နတ်တိမ်ချောင်းထဲသို့ ခုန်ချကာ အောက်သို့စုန်သွားခြင်းဖြစ်သည်။

အားလုံးပိုင်းပြီးဖြစ်စဉ်အနေအထားကို စစ်ဆေးကြည့်ရာ မိမိတို့ကားဖြင့်ဖြတ်သန်းခဲ့သော တံတားမှာ မိုင်းဒဏ်ကြောင့် လုံးဝမရှိတော့ပါ။ ကားကြမ်းပြင်အလယ်တွင် စကောဝိုင်းလောက်အပေါက်ကြီးနှင့် မိမိနှင့် ကားသမားထိုင်ရာ ကားရှေ့ခန်းအလယ်တွင် လယ်သီးဆုပ်ခန့်အပေါက်ကြီး။ ကားမိုင်းထိ၍ မိမိတို့ကားပေါ်မှခုန်ချစဉ် ရန်သူက တောင်ကုန်းပေါ်မှ ကျည်ကတ်တစ်ကတ်စီလောက်ပစ်သည်။ မိမိတို့က ပြန်လည်ပစ်တော့ မသေမှန်းသိ၍ ကားလမ်းပေါ်ဆင်းမလာရဲ။

ကဲ - သာမှမသေ အဘယ်မှာလျှင် သေပါအံ့နည်း။ မိမိသိလိုက်သည်။ မိမိယုံကြည်စွာရွတ်ဆိုခဲ့သောသမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး၏အံ့မခန်းအစွမ်းမှတစ်ပါး အခြားဘာရှိတော့အံ့နည်း။ မိမိက စိတ်ထဲမှယုံကြည်စွာရွတ်ဆိုပူဇော်လိုက်သည်။

တန်ခိုးကြီးပေ သမ္ဗုဒ္ဓေ။

စစ်ကြည် (စဝင်း)




www.burmeseclassic.com

www.burmeseclassic.com

# အဏ္ဏဝါလှိုင်း

## အဘအောင်မင်းရှင်၏ (၈) နှုတ်ဆက်ခေါင်းလောင်းသံ



▫ နိဒါန်း

အဘအောင်မင်းခေါင်သည် အဘအောင်မင်းရှင်အမည်ဖြင့် လူ့ပြည်သို့ ပြန်ဝင်လာ၏။ သားသမီးအသစ်များ၊ ပဋ္ဌာန်းဆက်သာသနာဆက်ရှိကြသူများနှင့်သာသနာပြုနေ၏။ ထိုအကြောင်းကို သိသူရှိသလို မသိသူတွေလည်းရှိ၏။ ယုံသူရှိသလို မယုံကြည်သူတွေလည်း ရှိ၏။ ယုံခြင်း၊ မယုံခြင်းက အဘနှင့် မဆိုင်။ အဘသည် လူ့ဘဝတိုတိုလေးထဲသို့ ခေတ္တခဏတိုးဝင်ရောက်လာပြီး သူပြုရမည့်တာဝန်တွေကိုပြုနေ၏။ ယခုအခါ တာဝန်ပြီးဆုံး၍ လူ့ပြည်လူ့ဌာနမှ ဝိဇ္ဇာပြည်သို့ပြန်ကြွတော့မည့်နိမိတ်ပေး ခေါင်းလောင်းပင်ထိုးနေလေပြီ။

▫ ဦးဝေကြီးမှသတိပေးခြင်း

"ဟလို"

"ဟုတ်ကဲ့ - ဘယ်သူပါလဲ"

"ဦးဝေကြီးပါ၊ ဆရာ အဏ္ဏဝါလှိုင်းလား"

"ဟုတ်ပါတယ်၊ ဦးဝေကြီးပြောပါ"

"ဟုတ်ကဲ့၊ အဘဆေးရုံတင်ထားရတယ်။ ဆေးရုံမှာ ခင်ဗျားသွားလိုက်ပါဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ သွားလိုက်ပါ့မယ်။ အခုလို ဖုန်းဆက်ပြောတဲ့အတွက် ကျေးဇူးပါ"

"ဟုတ်ကဲ့ - အရေးကြီးလို့ပါ။ ဒီလောက်ဆို ဆရာသဘောပေါက်ပါတယ်နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဖုန်းချသွား၏။

လူလည်း ဘာလုပ်ရမှန်းမသိ တွေဝေငေးမောနေ၏။ အဘဟုသိလိုက်ရသဖြင့် မျက်ရည်တွေစီးကျလာ၏။

မိမိဇနီးက -

"အစ်ကို အစ်ကို၊ ဘယ်က ဖုန်းဆက်တာလဲ"

"ဦးဝေကြီးဆက်တာပါ"

"ဘာတဲ့လဲ"

"အဘ ဆေးရုံတင်ထားရတယ်။ သတင်းသွားမေးဖို့ ဖုန်းဆက်တာ"

"ဘယ်ဆေးရုံမှာလဲ"

"(×××) ဆေးရုံမှာ"

"ဒါဆို အခုပဲသွားကြရအောင်"

"အေးအေး"

ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦးသည် ကားဖြင့် ဆေးရုံသို့သွားကြ၏။ 'အဘဘာဖြစ်တာလဲ၊ အဘက ဘာလို့ ဆေးရုံတက်ရတာလဲ' စသဖြင့် တွေးနေမိ၏။ ဦးဝေကြီးက အဘ၏ သားအရင်းဖြစ်၏။ ဝိဇ္ဇာဓာတ်ခံရှိပြီး ရှေ့နောက်ဆင်ခြင်တတ်သော လူကြီးပီသသူဖြစ်၏။ ဖုန်းဆက်တာအကြောင်းထူးရှိလို့ ဆက်တာပဲ။ ဘာဖြစ်နိုင်သလဲ။

ဦးဝေကြီးနှင့် မိတ္ထီလာပြည်တော်ဝင်ဘုရားထီးတင်စဉ်က ဆုံခဲ့ဖူး၏။ ထီးတင်ပွဲတွင် ငြမ်းအပေါ်မှထီးတင်ပေး၏။ မြေပြင်မှ ရထားပျံပေါ်သို့ ဦးလှအောင်မှ ထီးတင်ပေး၏။ မိမိနှင့် ဦးဝေကြီးမှာ ဘုရားငြမ်းပေါ်တွင်ဆုံခဲ့ခြင်း ဖြစ်၏။ ထီးမတင်မီ ကျွန်တော်တို့ လက်အုပ်ချီပြီး အာရုံပြုနေ၏။ အောက်မှ အဘ၏ လှုပ်ရှားမှုကို အပေါ်စီးမှစောင့်ကြည့်နေကြ ၏။

အဘသည် ရေမွှေးပုလင်းကိုအဖုံးချွတ်ပြီး ပက်ဖျန်းနေလေသည်။ အပေါ်ဆုံးမှနေသော ကျွန်တော့်၏နှာခေါင်းဝသို့ ရေမွှေးနံ့ရလေသည်။

"ဦးဝေကြီး၊ ရေမွှေးနံ့ရတယ်ဗျ"

"အေး - ကျွန်တော်လည်းရတယ်ဗျ။ အဘက ရထားပျံမှာ ရေမွှေးဖျန်းတာ ဘုရားပေါ်ရောက်လာတာ၊ ဓာတ်ခံရှိတဲ့သူတွေရကြတာပါ"

"ဪ"

"ဒီဘုရားမှာ အဘ သိဒ္ဓိတန်ခိုးပြလိမ့်မယ်"

"ဦးဝေကြီးက ကြိုသိနေတာလား"

"မယုံရင်စောင့်ကြည့်လေ"

အဘသည် ပြည်တော်ဝင်ဘုရားထီးတင်စဉ်က ဦးမျိုးအောင်ကိုခေါ်ပြီး ရထားပျံပေါ်သို့ တက်စေပြီး လူစီး၍ ထီးတင်လေသည်။ အဘခြုံသော ခြုံလွှာကြီးကို ဦးမျိုးအောင်အား ခြုံပေးလိုက်လေသည်။ သုံးပိဿာခန့်လေးသော ထီးတော်ကိုသာ ရထားပျံဖြင့်တင်လှူသော ထီးတင်အဖွဲ့မှာ ပိဿာ (၃၀) ခန့်ရှိသောလူတက်ထိုင်၍ တင်လှူနေသဖြင့် ပြုတ်ကျပျက်ကျမှာကို စိုးရိမ်နေစရာမှမဖြစ်ပါ။ နေချစ်ချစ်တောက်ပူနေသော တပေါင်းလတွင် နေ့ (၁) နာရီတိတိ ထီးတင်ခြင်း ဖြစ်၏။

ထီးတင်နေစဉ် ဘယ်ကရောက်လာသည်မသိ။ မိုးတိမ်တိုက်တစ်စုသည် ထီးတင်သောဘုရားကိုကွက်၍ မိုးရွာနေလေသည်။ ထီးတင်ပွဲပြီးမှ မိုးတိမ်သည် လေတိုက်ရာသို့ လွင့်မျောသွားလေသည်။

"ဆရာလှိုင်း"

"ဟုတ်ကဲ့"

"အဘသိဒ္ဓိတန်ခိုးကိုမြင်ပြီမဟုတ်လား"

"ဟုတ်ကဲ့ - ယုံပါပြီ။ ခင်ဗျားရဲ့ မနောအာရုံကိုလည်း အသိအမှတ်ပြုတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - ကျေးဇူးပါ"


ဦးဝေကြီးကို ကျွန်တော် လေးစားသွား၏။ အားကိုးအားထားပြုလေသည်။ ယခုလည်း ကျွန်ုပ်ထံ ဖုန်းဆက်၍ အကြောင်းကြားခြင်းသည် သာမန်တော့ မဟုတ်ပါ။ အဘကိုသွားကြည့်ပြီး 'ခင်ဗျားလုပ်သင့်တာတွေလုပ်ခဲ့ပါလို့' ပြောနေခြင်း ဖြစ်၏။

ဆေးရုံသို့ရောက်ပါပြီ။

တွေးလက်စ အတွေးအာရုံကို ဖြတ်ပြီး ဆေးရုံပေါ်သို့ အပြေးတက်လိုက်၏။ အဘအခန်းကိုရှာ၏။ (၃) လွှာ အခန်း (၃၀၃) ဖြစ်၏။ အခန်းကိုတွန်းဝင်ပြီး အခန်းထဲကိုဝင်လိုက်၏။

"အဘ"

နှုတ်မှတိုးတိုးလေးရေရွတ်ပြီးခေါ်လိုက်သည်။ ခုတင်ပေါ်တွင်မှေး၍အိပ်ပျော်နေသောအဘကို ဦးချကန်တော့ပြီး ငေးကြည့်နေမိ၏။ မျက်မှန်အထူကြီးအောက်မှ မျက်လုံးမှာမှေးနေ၏။ ကျယ်သောမဟာနဖူးမှာ ဆံစတွင် ဆံပင်အနက်များပြန်ပေါက်နေ၏။ မေးရိုးတွေထွက်နေပြီ။ (ပါးတွေ) ပိန်နေ၏။ ပြောင်တင်းနေသောဗိုက်ကြီးမှာ မို့တက်နေပြီး ဘောလုံးကြီးလိုလုံးနေ၏။ ပုလင်းများ



www.burmeseclassic.com

www.burmeseclassic.com

ချိတ်ထားပြီး ဆေးသွင်းနေ၏။ ခြေထောက်၊ ပေါင်တို့မှာ အရိုးပေါ် အရေတင်ဖြစ်နေ၏။ အဘကိုအနီးကပ်စောင့်ရှောက်သော အဘသားသမီးများက 'တိုးတိုး' ဟု အချက်ပြပြီး မိမိတို့အား လူနာစောင့်အခန်းသို့ ခေါ်သွားသည်။

"မငယ်"

"ဟုတ်ကဲ့ ဆရာ"

"အဘအခြေအနေက ဘယ်လိုလဲ"

"ဆရာရယ်. . ."

ရှေ့ဆက်မပြောနိုင်ကြ။ မျက်ရည်တွေစီးကျနေပြီး ဆို့နစ်နေလေ၏။ မိမိပင်ရင်တွေမှိုမောက်တက်လာပြီးနှာရည်ကြည်တွေထွက်ကျလာ၏။ မျက်ရည်တွေစီးကျလာလေတော့၏။

"မငိုပါနဲ့၊ အခြေအနေပြောပြပါဦး"

"ဆရာ၊ အဘ အခြေအနေက မကောင်းဘူး"

"ဗျာ"

"ဆရာဝန်တွေကပြောတယ်၊အဘကို ဆေးကုလို့မရတော့ဘူးတဲ့"

"အဘက ဘာရောဂါလဲ"

"အဘက အသည်းတစ်ခြမ်းမကောင်းဘူး၊ အသည်းကင်ဆာလို့ပြောတယ်"

"ဒါကြောင့် ဗိုက်ကြီးဖောင်းနေတာကိုး"

"ဟုတ်တယ်ဆရာ။ လူနာကိုပြန်ယူလို့လည်းရတယ်၊ ဆက်ကုလို့လည်းရတယ်"

"ဘာဖြစ်လို့လဲ"

"အဘအသက်ရှင်ဖို့ (၂)လပဲကျန်တော့တယ်လို့ပြောတယ်"

လူနာစောင့်သမီးများက ငိုယို၍ ပြန်ပြောနေခြင်း ဖြစ်၏။ မိမိလည်း သတင်းအမှန်ကိုသိလိုက်ရ၍ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ဦးဝေကြီး ဘာကြောင့်ဖုန်းဆက်တာလဲဆိုတာသိလိုက်ရ၏။ ဆရာဝန်တွေ၊ ပါရဂူတွေက လက်မြှောက်အရှုံးပေးနေသော အဘ၏ ရောဂါကို သိရှိစေလိုခြင်း၊ အဘကို ဝိဇ္ဇာလိုတားပေးလိုခြင်းကြောင့်လွှတ်ခြင်းဖြစ်မည်ဟု သဘောပေါက်လေသည်။

"မငယ်"

"ဟုတ်ကဲ့"

"မယ်ဘော်"

"အားမငယ်ကြနဲ့။ အဘက လူမဟုတ်ဘူး၊ ဝိဇ္ဇာဖြစ်တယ်။ ဝိဇ္ဇာလိုကုမှရတာ။ အဘကို ပညာရပ်က ဆရာဝန်



တွေ၊ သိပ္ပံပညာရှင်တွေလိုက်မမီဘူး။ ဘာမှမစိုးရိမ်ကြနဲ့၊ သူ့အကြောင်းသူ အသိဆုံးပဲ"

"ဆရာလာမှအားရှိသွားတယ်"

"အဘကို ဆရာဝန်ကုလို့မရဘူး၊ သူ့ဟာသူကုမှရမှာ"

"အေး - ဟုတ်တယ် ဆရာရယ်၊ အဘကိုပြောပေးပါဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ စိတ်ချပါ"

"အဘက သူ့တည်လက်စ ဘုရားတွေရှိနေသေးတယ်။ ဘုရားထီးတင်ပွဲတွေကျင်းပဖို့ရှိနေသေးတယ်။ အဘလုပ်ရမယ့်တာဝန်တွေ ကျန်နေသေးသရွေ့ ဒီအတိုင်းဖြစ်သွားမှာမဟုတ်ဘူး။"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျွန်ုပ်သည် လူနာစောင့်နေသော သားသမီးအရင်းများကို အားပေးစကားပြော၍ နှစ်သိမ့်နေရ၏။ မိမိကိုယ်တိုင် အဘကို မည်သို့တားရမည်နည်း။

"ဆရာ"

"ဟုတ်ကဲ့ မတင့်"

"အကြားအမြင်ဆရာမတွေ၊ဆရာတွေကို မေးထားတယ်။ အခုကုနေတဲ့ ပါရဂူကြီးရဲ့အစ်မက အတပ်ဟောတာ"

"အေး- ပြောပါဦး၊ ဘယ်လိုဟောတာလဲ"

"အဘက သူ့ရောဂါတွေကို သမာဓိတန်ခိုးနဲ့မသိအောင်ဖုံးထားတာ။ လူဆိုရင် အော်နေမှာပေါ့။ အဘမို့ ဘာရောဂါမှမရှိဘူးဆိုပြီး ဟန်ဆောင်နေတာ။ သားသမီးတွေကို မရိပ်မိအောင် လို့ ညာနေတာ"

"ဟုတ်ကဲ့"

"အဘကို မတားကြပါနဲ့တဲ့။ လူလမ်းသူလွှတ်လွှတ်လပ်လပ်သွားပါစေလို့ပဲ ပြောတယ်"

'ဒုက္ခပါပဲ။ မိမိကတားဖို့ စဉ်းစားနေတာ။ သူတို့က ကြိုသိနေသလိုပဲ၊ မတားပါနဲ့လို့တောင်ပိတ်ပင်နေကြတယ်၊ ဒါသွေးရိုးသားရိုးတော့ မဟုတ်ဘူး၊ အဖျက်ဝင်တာ။ ငါနားယောင်လို့ မဖြစ်ဘူး။ အဘကိုတားကိုတားရမယ်'

ကျွန်ုပ်သည် ဆေးရုံအပြင်သို့ထွက်လာပြီး အမျိုးမျိုးစဉ်းစားနေလေသည်၊ လူလိုဆိုလျှင် အဘသေဖို့အချိန်ပိုင်းသာ ကျန်တော့သည်။ ဆေးရုံမှဆင်းခွင့်ပေး ထားပြီ။ ဆေးရုံမှ လက်လျှော့ရသော လူနာသည် မျှော်လင့်ချက်မရှိတော့ပါ။ အသက်မသေခင် အိမ်သို့အမြန်ပြန်ယူ ရမည်မဟုတ်ပါလော။

ဤသို့ဆိုလျှင် အဘကိုချစ်သော နယ်မှ သားသမီးများ အဘ၏နောက် ဆုံးဖူးမြော်ခွင့်ကိုပေးသင့်၏။ ဖူးမြော် ကန်တော့ခွင့်ရကြလျှင် သူတို့ကျေနပ် နှစ်သက်ကြပါလိမ့်မည်။ ဆေးရုံမှ မိ... လာနှင့် အနယ်နယ်အရပ်ရပ်မှ အဘချစ် သော သားသမီးအရင်းအချာများကို ဖုန်းဆက်၍ အကြောင်းကြားလိုက်၏။ အဘကို လာရောက် ဖူးမြော်လိုပါက အချိန်မီလာဖူးကြဖို့ပြောလိုက်၏။ အဘ ကား ခုတင်ပေါ်တွင် အိပ်ပျော်နေဆဲ။ မိမိလည်း တွေဝေငေးမောနေဆဲပါ။

**❑ ဦးဝေကြီးအိမ်မှ ဆွေးနွေးပွဲ**

အဘ၏သားသမီးများ၊ ဦးဝေကြီး ကိုခင်သောသူများ ဦးဝေကြီးအိမ်သို့ ရောက်လာကြ၏။ အားလုံး လူစုံသော အခါ အဘအကြောင်းကို ဆွေးနွေးပြော ဆိုကြလေသည်။ ဦးဝေကြီးက အဘ၏ သားကြီးဟု ပြော၍ရ၏။ ဝိဇ္ဇာပညာ... အတော်လိုက်စားသဖြင့် ဝိဇ္ဇာအသိများ ပြည့်ဝနေသူ ဖြစ်ပါသည်။ အားလုံး... ချစ်ခင်လေးစားရသူ ဖြစ်၏။

"ဦးဝေကြီး"

"ဟုတ်ကဲ့"

"အဘအခြေအနေက အား... စရာမကောင်းဘူး။ နောက်ဆုံးအခြေ... အနေလိုဖြစ်နေတယ်"

"အဘကို ကယ်ပါဦး၊ ဘယ်... ကယ်ရင်ရမလဲ၊ စဉ်းစားကြပါဦး"

"ခင်ဗျားတို့က အဘကို လူ... အမြင်နဲ့ပြောတာ။ လူလိုဆိုရင် ခင်ဗျား... တို့ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ အဘက ဝိဇ္ဇာဖြစ်နေတယ်လေ။ ဝိဇ္ဇာ... အမြင်နဲ့မြင်မှ ပိုမှန်မယ်"

"လုပ်ပါဦး၊ ပြောပါဦး ဆရာ..."

"အဘက လူ့ပြည်လူ့ရွာ..."



www.burmeseclassic.com

www.burmeseclassic.com

ဝင်လာစဉ်ကလည်း သူ့ဆန္ဒအရ ပြန် မလာချင်ဘူး။ သူတင်မဟုတ်ဘူး၊ ဘယ် ဝိဇ္ဇာမှ ပြန်မလာချင်ကြဘူး။ ဒါဘာဖြစ် လို့လဲဆိုတော့ လူတွေဟာ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာ (၃) ပါး အားနည်း လာသလို လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာတရားတွေအားကြီးနေ လို့ပဲ"

ဦးဝေကြီးသည် သူ့ဝသီအတိုင်း တည့်မပြောပါ။ ဘေးသို့ သွယ်ဝိုက်၍ ကွေ့ပတ်ပြောနေလေသည်။

"ဟုတ်ကဲ့၊ ကြုံတုန်း လူ့ပြည်ပြန် လာဖြစ်ပုံလေး ပြောပြပါဦး"

"ဒီစကားတွေက အဘက ပြော လို့ သိရတာပါ။ ဒါကိုဖောက်သည်ပြန်ချ ရရင်. . ."

ခေတ္တခဏ နားနေ၏။ ရေနွေး ကြမ်းကိုသောက်ပြီး ပြောဖို့အရှိန်ယူနေ လေသည်။

"ဟုတ်ကဲ့ ဆရာဝေ၊ ဆက်ပြောပြ ပါဦး"

"အဘက ပြောတာတော့ မောင် ကံ မဲ(၃)ကြိမ်ပေါက်လို့ ပြန်ရောက်လာ တာလို့ ပြောတာပဲ"

"ဘယ်လိုမဲပေါက်တာလဲ"

"ဝိဇ္ဇာတွေ စုဝေးပြီး ဝိဇ္ဇာညီလာခံ ကြီးတစ်ခုကျင်းပတယ်။ ဒီညီလာခံမှာ အရေးပေါ် ကျင်းပတာ ဖြစ်တယ်။ ဘာ အရေးလဲဆိုတော့ လူ့ပြည်လူ့ဌာနကို ဝိဇ္ဇာတစ်ပါးပြန်လွှတ်ရမယ်"

"ဟုတ်ကဲ့ - စိတ်ဝင်စားစရာပဲ"

"ဝိဇ္ဇာညီလာခံမှာ အခြားကိစ္စတွေ လည်း ပါတာပေါ့။ တက်ရောက်တဲ့သူ တွေကတော့ အဘအောင်မင်းခေါင်၊ အဘရာကျော်၊ ယက္ကန်းစင်တောင်ဆရာ တော်၊ ရှင်မထီး စတဲ့ ပေါက်စရာ(၆၉)ပါး နဲ့ ဝိဇ္ဇာအစုံအညီတက်ရောက်ကြတယ်"

"ဆရာ၊ အဘဘိုးဘိုးအောင်တော့ မပါဘူးလား"

"ဒီအစည်းအဝေးမှာ အဘဘိုးဘိုး အောင်မပါဘူး။ ဘာလို့လဲဆိုတော့ အဘဘိုးဘိုးအောင်က ဂူထဲဝင်ပြီး ဂူ တ်ကျင့်နေပြီ၊ ဘယ်မှမကြွတော့ဘူး"

"ဟုတ်ကဲ့"

"ဝိဇ္ဇာညီလာခံက အဓိက လူ့ပြည် ကို ဝိဇ္ဇာတစ်ပါးပြန်လွှတ်ရမယ်။ ဘာလို့ ပြန်လွှတ်ရတာလဲဆိုတော့ ဗုဒ္ဓဘာသာ နေမှိန်ပျောက်ကွယ်မယ့်အကြောင်းတွေ ကြိုသိနေကြလို့ပဲ။ ဝိဇ္ဇာတွေဘက်က အပြင်စည်းကဝိုင်းရံပြီးစောင့်ရှောက်ကြ သော်လည်း လူတွေကြားထဲမှာ ထဲထဲ ဝင်ဝင် အတွင်းစည်းက စောင့်ရှောက်ဖို့ လိုတယ်လို့ ယူဆကြတယ်။ ဒါကြောင့် တစ်ပါးပါးတော့ မဖြစ်မနေပြန်လွှတ်ရ မယ်"

"ဝိဇ္ဇာညီလာခံကို ဘယ်မှာကျင်းပ တာလဲ"

"တောင်သမုဒ္ဒရာမှ ရှင်ဥပ္ပဂုတ္တ မထေရ်၊ သီတင်းသုံးရာ ကျောင်းဆောင် မှာကျင်းပတယ်။ နေရာယူကြတာလည်း ဝိဇ္ဇာအဆင့်အလိုက်နေရာယူကြရတယ်"

"ဒါနဲ့ ဥက္ကဋ္ဌဆရာတော်က ဘယ် သူလဲ"

"ဥက္ကဋ္ဌဆရာတော်ကတော့ ရှင် ဥပ္ပဂုတ္တမထေရ်က ဒီအစည်းအဝေးမှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တာဖြစ်တယ်"

"ဒီအစည်းအဝေးမှာ လူ့ပြည်ကို ပြန်ချင်တဲ့သူရှိရင် ပြန်လို့ရတယ်။ မိမိ ဆန္ဒအလျောက် တင်ပြပါလို့ ပြောတာ။ ဘယ်သူမှ ပြန်ချင်တယ်လို့ မပြောကြ ဘူး။ ဒါနဲ့ ဘယ်သူမှ မပြန်ချင်ရင် မဲနှိုက် ပြီးစေလွှတ်မယ်လို့ပြောတာ"

"ဟုတ်ကဲ့"

"တချို့က အားလုံး မဲနှိုက်မယ့် အစား စွမ်းအားကြီးတဲ့သူ၊ တန်ခိုးကြီးတဲ့ သူကို ဦးစားပေး ရွေးချယ်သင့်ကြောင်း အကြံပြုတယ်"

"ဟုတ်ကဲ့"

"တချို့ကျတော့ ဝိဇ္ဇာထဲက ဝါရင့် ဆရာတော်တစ်ပါးပါး စေလွှတ်သင့် ကြောင်း အကြံပြုတယ်"

"ဟုတ်ကဲ့"

"တချို့ကျတော့ ဝိဇ္ဇာတွေထဲက ဆုထူးပန်တဲ့ပုဂ္ဂိုလ်တွေကိုသာ စေလွှတ် သင့်ကြောင်း အကြံပြုတယ်။ ဥက္ကဋ္ဌ ဆရာတော်က ဒီကိစ္စ ဗုဒ္ဓဘာသာနဲ့သက် ဆိုင်ပြီး ပါရမီဖြည့်ကျင့်ရမည့် ဆုထူးပန် ပုဂ္ဂိုလ်တွေနဲ့သာ သက်ဆိုင်တယ်။ ဒါ ကြောင့် ဘုရားဆုပန်တဲ့ပုဂ္ဂိုလ်များကို သာ စေလွှတ်မယ်လို့ ဆုံးဖြတ်ချက်ချ တယ်"

"ဟုတ်ကဲ့"

"ဝိဇ္ဇာတွေထဲမှာ ဘုရားဆုပန်တဲ့ သူက (၄)ပါးပဲရှိတယ်။ ဒီထဲမှာ အဘ အောင်မင်းခေါင်ပါတယ်၊ အခြား(၃)ပါး တော့မသိဘူး"

"ဟုတ်ကဲ့"

"ဘုရားဆုပန်(၄)ပါးကို အတွင်း စည်းထဲကြွခဲ့ဖို့ ဖိတ်ခေါ်တယ်။ ဥက္ကဋ္ဌ ရှေ့ရောက်တော့ ဥက္ကဋ္ဌဆရာတော်က အတွင်းစည်းထဲသို့ အခြားသူများ မည် သူမျှမဝင်ရ။ အတွင်းစည်းထဲမှ ဖြစ်/ ပျက်သမျှ မမြင်ရမကြားစေရလို့ အမိန့် မှတ်တယ်။ အပြင်ဘက်မှာ အခြားဝိဇ္ဇာ တွေ ဝိုင်းရံပြီး စောင့်ကြပ်နေရာယူကြ ရတယ်။ ဥက္ကဋ္ဌဆရာတော်က ဘုရားဆု ပန်သူ(၄)ပါးထဲက မည်သူ လူ့ပြည်ပြန် ချင်သလဲလို့မေးတာ မည်သူမျှမနေချင် ကြောင်းပြောကြတယ်။ ဒါဆိုမဲနှိုက်မယ် မဲပေါက်တဲ့သူ ပြန်ရမယ်လို့ အမိန့်ချ တယ်။ မဲ(၄)လိပ်ကို နှိုက်စေတာ၊ အဘ အောင်မင်းခေါင်က (၃) ကြိမ်လုံး မဲ ပေါက်လို့ လူ့ပြည်ကိုပြန်ဝင်လာတာပဲ"

"လူ့ပြည်ကို ပြန်လာတော့ မြန်မာ ပြည်ကိုပဲ ပြန်လာတာလား"

"အဘပြောတာတော့ အနောက် နိုင်ငံတွေကပတ်ပြီးမှ တရုတ်ဘက်ကို ကူးလာတာလို့ ပြောတယ်။ ဥရောပနိုင်ငံ တွေဆိုတာကတော့ ရုရှား၊ ယူကရိန်း၊ အင်္ဂလန်၊ အီတလီနိုင်ငံတွေကို သွား တယ်။ အဏုမြူလက်နက်စက်ရုံတွေ ဝင် ကြည့်ခဲ့တယ်။ အဏုမြူစစ်မဖြစ်အောင် တားခဲ့တယ်လို့ ဆိုတယ်။ ပြီးမှ တရုတ် ပြည်၊ ကိုရီးယား စတဲ့ မဟာယာနဗုဒ္ဓ ဘာသာကိုလေ့လာခဲ့တယ်။ တရုတ်ပြည် ကနေတံစ်ဆင့် ကချင်ပြည်နယ်ကိုရောက် လာတာပေါ့"

"အဘက ကမ္ဘာပတ်တာဆိုတော့ ဗီဇာတွေဘာတွေလိုမှာပေါ့"

"အဘက လူလိုသွားတာမှမဟုတ် တာ။ ဝိဇ္ဇာလိုသွားတာဆိုတော့ တန်ခိုး နဲ့သွားတာပေါ့ကွာ"

"ဒါဆို မြန်မာပြည်ရောက်တော့ ဘယ်ခုနှစ်လောက်ရှိသလဲ"

"၁၉၇၆/၁၉၇၇ ခုနှစ်လောက်ဖြစ် မယ်။ မြန်မာပြည်ကို ပြန်ဝင်လာတာ ပထမဆုံးတွေ့ရတာက ဦးလှအောင်ပဲ။ သူက ထီးချိုင့်မှာနေတယ်။ သစ်တော ဌာနမှအလုပ်လုပ်တယ်။အဘက ပုဂ္ဂိုလ် ထူး ဆိုတာတော့ သိတယ်။ ဘယ်သူ ဘယ်ဝါလို တိတိကျကျမသိရဘူး"

"ဆက်ပြောပါဦး"

"ဆက်ပြောလို့မရတော့ဘူး"

"ဘာလို့လဲ"

"ဆက်ပြီးသိချင်ရင်တော့ ဆရာ အဏ္ဏဝါလှိုင်းရေးတဲ့ အဘအောင်မင်း ခေါင်၏အတ္ထုပ္ပတ္တိနဲ့ ဂန္ဓာရဂန္ဓာရီခရီး စဉ်စာအုပ်ကို ဝယ်ဖတ်ပေါ့"

"ဟာ - ဆရာဝေတော့ ကောင်း ခန်းရောက်မှ ဖြတ်ထားတော့တာပဲ"

"အခုငါတို့ဆွေးနွေးမှာက အဘ ပြည်တော်ဝင်တာကို ဆွေးနွေးမှာမဟုတ် ဘူး။ အခု အဘက ထွက်သွားတော့မှ



www.burmeseclassic.com

www.burmeseclassic.com

ဒါကို ဆွေးနွေးရမှာ"

"ဟုတ်ကဲ့ - ဆွေးနွေးတာပေါ့။ အဘက ဝိဇ္ဇာ ဆိုတော့ ဝိဇ္ဇာတွေက ပြန်ခေါ်နေပြီလား"

"ဟုတ်တယ် ပြန်ခေါ်နေပြီ"

"အဘက ဘုရား (၁၀၈) ပြည့်အောင် တည်ပေးမယ်လို့ ကတိပြုထားတယ်ဆို"

"ဒါက သန်လျင်မှာ အဘနေစဉ်က ဘုန်းကြီးတစ်ပါး ကြွလာတယ်။ တောင်ဝှေးတစ်ချောင်းလည်း ပါတယ်။ ယက္ကန်းစင်တောင်ဆရာတော် ချီးမြှင့်တဲ့ တောင်ဝှေးလို့ သိရတယ်။ အဘနဲ့တွေ့ချင်လို့ဆိုပြီး ရောက်လာတာပဲ။ တောင်ဝှေးထောက်ပြီး ယက္ကန်းစင်တောင်ဆရာတော်ကြွလာပြီး ဒကာကြီးဘုရား(၁၀၈) ပြည့်အောင် တည်ပေးပါလို့ ပြောတာ အဘကလည်း တည်ပေးပါမယ်လို့ကတိပြုတယ်"

"ဒါဆို အဘက အခု(၉၀)ဆူပဲ ရှိသေးတာမို့ ကျန်သေးတာပေါ့။ ဒါဆို အဘက ပြန်လို့မရသေးဘူးပေါ့"

"အဘက အခု တည်လက်စ ဘုရား(၃)ဆူ ရှိတယ်။ ထီးတင်ပြီးရင် အဆူ(၉၀)ပြည့်ပြီ။ အဆူ (၉၀)ပြည့်ရင် ဝိဇ္ဇာညီလာခံက ဆုံးဖြတ်ချက်အရ တာဝန်ကျေပြီလို့လည်းသိရတယ်။ ဒါကြောင့် အဘက ပြန်လို့လည်းရတယ်။ အဆူ (၁၀၈) ဆူပြည့်အောင် နေလို့လည်းရတယ်"

"ဒါဆို အဘကိုတားပေးပါဦး"

"အဘကိုတားပေးဖို့ဆိုတာ အဘရဲ့သားသမီးတွေထဲမှာ ဝိဇ္ဇာလိုသိတဲ့လူ အဘကို တားနိုင်မယ့်သူကိုရွေးရမှာ"

"ဟာ - ဆရာ အဏ္ဏဝါလှိုင်းကို ဖုန်းဆက်လိုက်။ သူက ဝိဇ္ဇာလိုင်းကျွမ်းတယ်"

"အမြန်လမ်း (၁၅) မိုင်က ထိုင်တော်မူဘုရားကြီးတည်တဲ့ ဦးပဥ္စင်းလေး အဘနဲ့ပဋ္ဌာန်းဆက်ရှိတယ်။ ဆရာတော်ကိုပင့်ပေးရင်ကောင်းမယ်"

"ပျဉ်းမနားက ဇော်မင်းကို ခေါ်ပေးပါ။ သူလည်း အဘသားပဲ။ သူက နောက်နောက်ပြောင်ပြောင်ပြောတတ်ပြီး အဘနဲ့ အကျွမ်းတဝင်ရှိတယ်"

"ကဲ - အားလုံးကို ဖုန်းဆက်ပြီး ပြောပေးပါမယ်။ ကျေနပ်ပြီလား"

"အေးဗျာ - အဘကိုတွေ့ရတာ ကျွန်တော်တို့ သိပ်ကံကောင်းတယ်။ အဘနဲ့အတူ ဘုရားတွေလည်းတည်ကြရတယ်။ ကျောင်းတွေလည်းဆောက်လုပ်ရတယ်။ ကုသိုလ်တွေတဝကြီးလုပ်ကြရတာ။ ဘာအန္တရာယ်မှမရှိဘူး။ အဘရဲ့မေတ္တာရိပ်ဟာ အတော်အေးချမ်းတာပဲ။ အခုလို ခွဲခွာရတော့မယ် ဆိုတော့ ကျွန်တော်တို့ ဘယ်လိုဖြေရမလဲဗျာ"

"ဟုတ်တယ်၊ အဘပြန်ကြွသွားမှာ ကျွန်တော်တို့ မလိုလားဘူး။ ကျွန်တော်တို့ အဘကို မခွဲနိုင်ဘူး"

"အေး - ခင်ဗျားတို့က ဝမ်းနည်းစကားဆိုတာ ပုပ္ပားက အဘထွက်သွားစဉ်ကလည်း အဘ သားသမီးအရင်းတွေ အခုလိုပဲ ငိုကြွေးပြီး ဝမ်းနည်းစွာ ခွဲခွာသွားကြတာပဲ။ ခွဲခွာသွားပြီး သူတို့ ပြန်မဆုံကြရတော့ဘူး။ အခု ဒုတိယမ္ဗိ ပြည်တော်ဝင်လာတော့ သူတို့မသိတော့ဘူး။ သူတို့ မယုံတော့ဘူး"

"ဟုတ်တယ်ဗျ၊ အရင်ဘဝက သားသမီးတွေ အခုအချိန်မှာ စည်းခြားထားလို့ ဒီကိုမလာကြတာ။ ပုပ္ပားအောင်မင်းခေါင်ကသတ်သတ်၊ ပြည်တော်ဝင်အောင်မင်းရှင်ကသတ်သတ် ဒီလိုဖြစ်သွားတာ။ ဒါကြောင့် အဘမှပြန်လာမှန်းမသိ၊ လူပြည်ရောက်နေမှန်းမသိဘူး။ ဟော - အခု ဒုတိယမ္ဗိ ပြန်ထွက်သွားတော့မယ်ဆိုတော့ မိအေးနှစ်ခါနာပေါ့"

"ဟုတ်တယ်၊ အလွန်ကံကောင်းလွန်းလို့ ခင်ဗျားတို့ကျွန်တော်တို့ပြန်တွေ့ရတာ။ အခုတွေ့ရတဲ့ သာဝကအသစ်တွေလည်း အဘပြန်ထွက်သွားရင် နောင်အဘကို ပြန်ဆုံနိုင်တော့ဘူး"

"ဘာလို့လဲ ဆရာ"

"အဘကမယ်ဘော်ကိုပြောတယ်။ ငါ ဒီခန္ဓာကြီးကိုသယ်ရတာ အတော်လေးတယ်။ သူ့ကိုပြန်ကောင်းအောင်လုပ်ရတာ အတော်ပင်ပန်းတယ်။ ငါ့အသက်(၃၀)အရွယ် ပြန်ဖြစ်အောင်လုပ်ရင်ကောင်းမလားဆိုပြီးမေးတာ"

"အဓိပ္ပာယ်ကဘာလဲ"

"အဘတို့က ဒီခန္ဓာကြီးထားခဲ့ပြီး နောင် (၃၀) အရွယ် ခန္ဓာအသစ်နဲ့ ပြန်ဝင်လာမယ်ပြောတာ။ ဒါတတိယဘဝကို ပြောတာ"

"မယ်ဘော်က ဘာပြန်ပြောသလဲ"

"မလုပ်ပါနဲ့ အဘရယ်၊ အဘထွက်သွားရင် သမီးတို့ ဘယ်လိုက်ရှာရမှန်း မသိဘူး။ သမီးတို့ကို မထားခဲ့ပါနဲ့လို့ပြောတာ"

"တော်သေးတာပေါ့"

"အေးအေး- ငါပြန်လာရင်လည်း မယ်ဘော် နင်အဖွားကြီးဖြစ်နေပြီ၊ ငါ့ကို ဘယ်မှတ်မိမှာလဲ"

"အဘက ထူးထူးဆန်းဆန်း စကားတွေ ပြောနေတာ၊ သားသမီးတွေ ရဲ့ဆန္ဒကို စမ်းသပ်နေတာ"

"ဟုတ်တယ် ငါတို့အဘသာ တစ်ချိန်ထွက်သွားရင် ငါတို့လည်း ပုပ္ပား အောင်မင်းခေါင်ရဲ့ သားသမီးတွေ ဖြစ်ကြမှာပဲ။ နောင်တစ်ချိန် ပြန်ဝင်လာ ရင်လည်း သိကြမှာမဟုတ်ဘူး၊ မှတ်မိ ကြမှာ မဟုတ်ဘူး"

"အေး-ဟုတ်တယ်၊ နောင်ဆိုတာ စိတ်မချရဘူး။ အခု ပစ္စုပ္ပန်ကာလ ငါတို့ပိုင်စိုးတာ။ ငါတို့မိတဲ့အဘကို ငါ နဲ့ခွဲမသွားဖို့ အားလုံးတားကြရအောင်"

"ဟုတ်တယ် - ကောင်းတယ်"

**□ ရွာသာကြီးကျောင်း**

ရွာသာကြီးသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် တည် ရှိ၏။ စီးပွားရေးတက္ကသိုလ် စိတ်ရော ကုဆေးရုံသွားလမ်းပေါ်တွင်တည်ရှိ၏ အဘသည် ရွာသာကြီးကျောင်းတွင် နေ ရင်း သာသနာပြုကိစ္စများ ဆောင်ရွက်နေ ၏။အဘနေထိုင်ရာကျောင်းတွင် ကျောင်း စောင့်နေသော ဦးကျော်၊ ဦးရွှေ ဦးတင့်နှင့် ရွာသာကြီးမှ အဘသားသမီး များ စုဝေးတိုင်ပင်ကြ၏။

"ဦးကျော်၊ ခင်ဗျားက အဘသား အရင်းပဲ။ ပြည်မှာကတည်းက အဘနဲ့ တွေ့ရတာ ခုထိ အဘနောက်လိုက်ပြီး ပါရမီတွေဖြည့်နေတာ။ အခု အဘ နောက်ဆုံးအခြေအနေရောက်နေတာ ခင်ဗျားမသိဘူးလား"

"ဆေးရုံတက်တိုင်း ဆရာဝန်တွေ ကို ဒီလိုပဲပြောတာပဲ"

"ဒါဆို အရင်က ဆေးရုံတက်တာ နဲ့ အခု ဆေးရုံတက်တာနဲ့ ဘာထူး ပြောပါဦး"

"နှလုံးရပ်မလိုဖြစ်ပြီး နှလုံးအော ကုနဲ့ ဆေးရုံတစ်ခါတက်ရတယ်။ ပြီး ရင် ဆေးဝိဇ္ဇာတွေလာပြီး ဆေးတိုက် သွားတယ်။ ဘာမှမဖြစ်ဘူး၊ ပြန်ဆင်း လာရတယ်။ တပည့်တွေက ကိုယ့်အဘ ရောဂါပျောက်စေချင်လို့ ထိုင်းနိုင်ငံ ခေါ်သွားတယ်၊ ဆေးကုသပေးတာ ရောဂါက မပျောက်ပါဘူး။ ဆေးဝိဇ္ဇာ တွေလာပြီးဆေးတိုက်မှပျောက်တာ"

"ဪ-ဒီလိုလား ၊ ဒါဆို ဒီတစ်ခါ ဆေးရုံတက်ရတာကဘာထူးလဲ"

"ဒီတစ်ခါ ဆေးရုံတက်ရတာ အသည်းရောဂါပါ။ ဒါကြောင့် ဗိုက်တွေ ဖောင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော့်ရေ ဒီတစ်ခါ ဆေးဝိဇ္ဇာတွေလာတွေ့သလား၊ အဘကို ဆေးတိုက်တာတွေ့သေးလား"

"ဒီတစ်ခါ ကျွန်တော် ဘာအာရုံမှ မရဘူးဗျ။ ဘာဆေးဝိဇ္ဇာမှလဲ မတွေ့ရဘူးဗျ"

"ဟာ-ဒုက္ခပါပဲ ၊ ဒီတစ်ခါဆို ငါတို့အဘ ထွက်သွားတော့မယ်နဲ့တူတယ်"

"ဟုတ်တယ်၊ ဆေးရုံစောင့်တဲ့အဖွဲ့တွေကလည်း ဖုန်းနဲ့ပြောတယ်။ အဘတကယ်လို့ ထွက်သွားရင် ကြိုကြိုတင်တင်လုပ်သင့်တာတွေလုပ်ထားကြလို့မှာတယ်"

"ဒါဆို အဘကို ဘယ်လိုသင်္ဂြိုဟ်မှာလဲ။ လူလိုတော့ သင်္ဂြိုဟ်လို့ မရဘူးနော်"

"ဝိဇ္ဇာတွေထွက်သွားရင် ခန္ဓာကိုယ်ထားခဲ့တယ်။ ဒီခန္ဓာကိုယ်ကို မီးမရှို့ရဘူး၊ မြေမမြှုပ်ရဘူး။ ဂူသွင်းသင်္ဂြိုဟ်ရတယ်လို့ သိရတယ်"

"ဟုတ်ပါပြီ။ ဂူသွင်းတာလည်း လက်ခံပါတယ်။ ဘယ်နားမှာ ဂူသွင်းမလဲ"

"အေး-ဟုတ်တယ်၊ ရပ်ထဲရွာထဲမှာ ဂူသွင်းရင် ရပ်ကွက်က လက်ခံမှာမဟုတ်ဘူး။ အရှင်ဆိုတာ လက်ခံပေမယ့် အသေဆိုရင် ရွာထဲတောင်အဝင်မခံဘူး"

"ဒါဆို အမြန်လမ်း (၁၅) မိုင်က အဘရော်ဘာခြံထဲမှာ ဂူသွင်းရင်ကော"

"အေး - ကောင်းတော့ကောင်းတယ်။ ငါတို့အဘကို ဒီလောက်ဝေးတဲ့နေရာမှာမထားချင်ဘူး။ နောက်တစ်ချက်က ရော်ဘာခြံနားကရွာရှိတယ်။ ရွာက ကန့်ကွက်နိုင်တယ်"

"ကိုင်း-ဒါဆို ငါတို့ရွာသာကြီးဟာ အဘရဲ့ ခြေတော်ပန်းကို ကျက်ချမှတ်ခဲ့တဲ့ အောင်မြေပဲ။ ငါတို့အဘထွက်သွားရင်လည်း ငါတို့အဘကို ရွာသာကြီးမှာပဲထားမယ်"

"အားလုံးလက်ခံပါတယ်၊ ဒါဆို ဘယ်နားမှာထားမှာလဲ"

"ရွာထဲမှာ မထားပါဘူး၊ ကျောင်းဝိုင်းထဲမှာပဲထားမယ်။ သင့်တော်တဲ့နေရာကို ကျောင်းထိုင်ဆရာတော်ကို လျှောက်မယ်"

"ကောင်းတယ်၊ ကိုရွှေဘက ဒီကိစ္စတာဝန်ယူပါ။ ဆရာတော်ကိုလျှောက်ပါ။ ဘာပဲလုပ်လုပ် ကြိုကြိုတင်တင်လုပ်တာ အကောင်းဆုံးပဲ"

ကျောင်းမှာကျန်ရှိတဲ့တပည့်သားသမီးများကလည်း အဘကို စိတ်ပူကြသလိုဖြစ်များဖြစ်ခဲ့ရင်ဆိုပြီး ကြိုတင်တွေးပူကြပါသည်။ ကြိုတင်တွေးပူသလို ကြိုတင်ပြင်ဆင်ကြခြင်း ဖြစ်ပါသည်။

**□ အဘ၏သမီးတော်များ**

အဘ၏ သားသမီးများထဲတွင် မငွေး၊ မယ်ဘော်တို့အပြင် အခြားသမီးများရှိကြ၏။ အဘဆေးရုံတက်သောအခါ ငွေအား၊ လူအား ဝိုင်းဝန်းကူညီကြသလို ဆေးရုံတွင် အနီးကပ် ညအိပ်စောင့်ကြပ်ပေးလေသည်။ ထိုင်းနိုင်ငံသွားလည်း သမီးတော်တွေ အနီးကပ်ပြုစုစောင့်ရှောက်ကြပါသည်။

"မသဇင်"

"ပြောလေ မငွေး"

"အဘနဲ့ပတ်သက်လို့ ဟောနိုင်တဲ့သူရှိရင်ကောင်းမယ်၊ ရှေ့ဘာဖြစ်မလဲဆိုတာ သိချင်တာ"

"လှိုင်သာယာမှာ အကြားအမြင်ဆရာ ရှိတယ်လေ"

"မသဇင်သိလား"

"သိပါတယ်၊ ကျွန်မရောက်ဖူးပါတယ်"

"ဒါဆို သွားမေးပေးပါနော်"

"ဟုတ်ကဲ့ - စိတ်ချ၊ သွားမေးပေးမယ်"

နောက်နေ့တွင် မသဇင်သည် ၎င်း၏ခင်ပွန်းနှင့်အတူ လှိုင်သာယာသို့ သွားကြ၏။ အကြားအမြင်ဆရာအိမ်ရောက်သောအခါ လူတွေအတော်ရှင်းနေ၏။ အိမ်ပေါ်တက်ပြီး ဆရာနှင့်တွေ့လေသည်။

"ဆရာ"

"ဟုတ်ကဲ့ ကြွပါခင်ဗျား"

"ကျွန်မတို့မေးစရာလေးရှိလို့ပါ"

"ဟုတ်ကဲ့ - ခဏနော်"

အကြားအမြင်ဆရာသည် ဘုရားကို မီးပူဇော်၏။ အမွှေးတိုင်ထွန်းညှိပူဇော်၏။ ဘုရားရှိခိုးပြီး ဆိုင်ရာပုဂ္ဂိုလ်များကိုပင့်နေလေသည်။

"ဟုတ်ကဲ့၊ ရပါပြီ မေးပါ"

"ဟုတ်ကဲ့ ကျွန်မတို့ ကိုးကွယ်တဲ့ အဘအောင်မင်းရှင် အခု ကျန်းမာရေးမကောင်းဘူး၊ ဆေးရုံတက်နေတယ်။ အဲဒါ အခြေအနေသိချင်တာ"

"သမီးတို့အဘက လူမဟုတ်ဘူး၊ ဝိဇ္ဇာတစ်ပါးပဲ။ သူ့တာဝန်တွေပြီးဆုံးလို့ သူပြန်တော့မယ်။ ဝိဇ္ဇာပြည်ပြန်မယ်လို့ သိရတယ်"

"အဘက ဘုရားတွေတည်တာ မပြီးသေးဘူး၊ အခုပြန်တော့မယ်ဆိုတော့ လုပ်လက်စတည်လက်စ ဘုရားတွေလည်း ရှိနေသေးတယ်"

"အဘက သူယူထားတဲ့တာဝန် အဆူရေကပြည့်နေတာကြာပြီ။ သူ့သားသမီးတွေငဲ့လို့ ဆက်တည်နေတာ။ အခု ဝိဇ္ဇာတွေကလည်း ပြန်ခေါ်နေတယ်ဆိုတော့ မတားပါနဲ့၊ လွတ်လွတ်လပ်လပ်သွားခွင့်ပြုလိုက်ပါ"

"ကျွန်မတို့က အစွမ်းကုန် ဆေးကုသပေးမှာပဲ။ အဘကို ဒီက ထွက်မသွားစေချင်ဘူး"

"အဘက ရောဂါကကျွမ်းနေပြီ၊ သားသမီးတွေသိမှာစိုးလို့ ဟန်ဆောင်နေတာ"

"လောလောဆယ်တားလို့မရဘူးလား"

"ဝိဇ္ဇာက အဆင့်မြင့်တယ်လေ။ သူ့ကို ငါတို့မတားနိုင်ဘူး၊ ယတြာလည်း လုပ်ပေးလို့မရဘူး။ သူဟာသူတားရင် တော့ရတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးပါ"

မသဇင်က အလှူငွေအား ဖလားထဲသို့ထည့်ပြီး ကျေးဇူးတင်ကြောင်းပြော၍ ပြန်လာကြ၏။

ဆေးရုံသို့ရောက်သောအခါ အကျိုးအကြောင်းပြန်လည်ဖောက်သည်ချလေသည်။

"မသဇင် ခုလိုသွားကြည့်ပေးတာ ကျေးဇူးပါပဲ။ ဒါပေမယ့် နောက်တစ်ယောက်လောက် ထပ်မေးချင်တာ"

"ပျဉ်းမနားမှာရှိတယ်လေ။ မငြိမ်းကို ဖုန်းဆက်ခိုင်းလိုက်"

"အေး - ဟုတ်သားပဲ၊ မငြိမ်းကို အကြားအမြင်ဆရာမထံ သွားမေးခိုင်းရမယ်"

ဆေးရုံမှ အဘသမီးများသည် တစ်ယောက်တည်း၏ ပြောစကားကို မယုံကြည်နိုင်သောကြောင့် ပျဉ်းမနားသို့ ဖုန်းဆက်၍ မေးခိုင်းပါသည်။ ပျဉ်းမနားမှ မငြိမ်းက အဘ၏ သမီးဖြစ်သူ၏ အကျိုးအကြောင်းသိရှိသူဖြစ်၏။ မငြိမ်းလည်း ပျဉ်းမနားမှ အကြားအမြင်ဆရာမထံသွားမေးလေသည်။

"ဆရာမ"

"လာလာ - မငြိမ်း"

"မေးစရာလေးရှိလို့လာခဲ့တာပါ"

"ဟုတ်ကဲ့ ထိုင်ပါဦး"

"အဘအောင်မင်းရှင်အကြောင်း သိချင်လို့"

"ဟုတ်ကဲ့၊ အဘက အခု ဆေးရုံမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော့်ရေ ဒီတစ်ခါ ဆေးဝိဇ္ဇာတွေလာတွေ့သလား၊ အဘကို ဆေးတိုက်တာတွေ့သေးလား"

"ဒီတစ်ခါ ကျွန်တော် ဘာအာရုံမှ မရဘူးဗျ။ ဘာဆေးဝိဇ္ဇာမှလဲ မတွေ့ရဘူးဗျ"

"ဟာ-ဒုက္ခပါပဲ ၊ ဒီတစ်ခါဆို ငါတို့အဘ ထွက်သွားတော့မယ်နဲ့တူတယ်"

"ဟုတ်တယ်၊ ဆေးရုံစောင့်တဲ့အဖွဲ့တွေကလည်း ဖုန်းနဲ့ပြောတယ်။ အဘတကယ်လို့ ထွက်သွားရင် ကြိုကြိုတင်တင်လုပ်သင့်တာတွေလုပ်ထားကြလို့မှာတယ်"

"ဒါဆို အဘကို ဘယ်လိုသင်္ဂြိုဟ်မှာလဲ။ လူလိုတော့ သင်္ဂြိုဟ်လို့ မရဘူးနော်"

"ဝိဇ္ဇာတွေထွက်သွားရင် ခန္ဓာကိုယ်ထားခဲ့တယ်။ ဒီခန္ဓာကိုယ်ကို မီးမရှို့ရဘူး၊ မြေမမြှုပ်ရဘူး။ ဂူသွင်းသင်္ဂြိုဟ်ရတယ်လို့ သိရတယ်"

"ဟုတ်ပါပြီ။ ဂူသွင်းတာလည်း လက်ခံပါတယ်။ ဘယ်နားမှာ ဂူသွင်းမလဲ"

"အေး-ဟုတ်တယ်၊ ရပ်ထဲရွာထဲမှာ ဂူသွင်းရင် ရပ်ကွက်က လက်ခံမှာမဟုတ်ဘူး။ အရှင်ဆိုတာ လက်ခံပေမယ့် အသေဆိုရင် ရွာထဲတောင်အဝင်မခံဘူး"

"ဒါဆို အမြန်လမ်း (၁၅) မိုင်က အဘရော်ဘာခြံထဲမှာ ဂူသွင်းရင်ကော"

"အေး - ကောင်းတော့ကောင်းတယ်။ ငါတို့အဘကို ဒီလောက်ဝေးတဲ့နေရာမှာမထားချင်ဘူး။ နောက်တစ်ချက်က ရော်ဘာခြံနားကရွာရှိတယ်။ ရွာက ကန့်ကွက်နိုင်တယ်"

"ကိုင်း-ဒါဆို ငါတို့ရွာသာကြီးဟာ အဘရဲ့ ခြေတော်ပန္နက်စရိုက်ခဲ့တဲ့ အောင်မြေပဲ။ ငါတို့အဘထွက်သွားရင်လည်း ငါတို့အဘကို ရွာသာကြီးမှာပဲထားမယ်"

"အားလုံးလက်ခံပါတယ်၊ ဒါဆို ဘယ်နားမှာထားမှာလဲ"

"ရွာထဲမှာ မထားပါဘူး၊ ကျောင်းဝိုင်းထဲမှာပဲထားမယ်။ သင့်တော်တဲ့နေရာကို ကျောင်းထိုင်ဆရာတော်ကို လျှောက်မယ်"

"ကောင်းတယ်၊ ကိုရွှေဘက ဒီကိစ္စတာဝန်ယူပါ။ ဆရာတော်ကိုလျှောက်ပါ။ ဘာပဲလုပ်လုပ် ကြိုကြိုတင်တင်လုပ်တာ အကောင်းဆုံးပဲ"

ကျောင်းမှာကျန်ရှိတဲ့တပည့်သားသမီးများကလည်း အဘကို စိတ်ပူကြသလိုဖြစ်များဖြစ်ခဲ့ရင်ဆိုပြီး ကြိုတင်တွေးပူကြပါသည်။ ကြိုတင်တွေးပူသလို ကြိုတင်ပြင်ဆင်ကြခြင်း ဖြစ်ပါသည်။

**□ အဘ၏သမီးတော်များ**

အဘ၏ သားသမီးများထဲတွင် မဌေး၊ မယ်ဘော်တို့အပြင် အခြားသမီးများရှိကြ၏။ အဘဆေးရုံတက်သောအခါ ငွေအား၊ လူအား ဝိုင်းဝန်းကူညီကြသလို ဆေးရုံတွင် အနီးကပ် ညအိပ်စောင့်ကြပ်ပေးလေသည်။ ထိုင်းနိုင်ငံသွားလည်း သမီးတော်တွေ အနီးကပ်ပြုစုစောင့်ရှောက်ကြပါသည်။

"မသဇင်"

"ပြောလေ မဌေး"

"အဘနဲ့ပတ်သက်လို့ ဟောနိုင်တဲ့သူရှိရင်ကောင်းမယ်၊ ရှေ့ဘာဖြစ်မလဲဆိုတာ သိချင်တာ"

"လှိုင်သာယာမှာ အကြားအမြင်ဆရာ ရှိတယ်လေ"

"မသဇင်သိလား"

"သိပါတယ်၊ ကျွန်မရောက်ဖူးပါတယ်"

"ဒါဆို သွားမေးပေးပါနော်"

"ဟုတ်ကဲ့ - စိတ်ချ၊ သွားမေးပေးမယ်"

နောက်နေ့တွင် မသဇင်သည် ၎င်း၏ခင်ပွန်းနှင့်အတူ လှိုင်သာယာသို့ သွားကြ၏။ အကြားအမြင်ဆရာအိမ်ရောက်သောအခါ လူတွေအတော်ရှင်းနေ၏။ အိမ်ပေါ်တက်ပြီး ဆရာနှင့်တွေ့လေသည်။

"ဆရာ"

"ဟုတ်ကဲ့ ကြွပါခင်ဗျား"

"ကျွန်မတို့မေးစရာလေးရှိလို့ပါ"

"ဟုတ်ကဲ့ - ခဏနော်"

အကြားအမြင်ဆရာသည် ဘုရားကို မီးပူဇော်၏။ အမွှေးတိုင်ထွန်းညှိပူဇော်၏။ ဘုရားရှိခိုးပြီး ဆိုင်ရာပုဂ္ဂိုလ်များကိုပင့်နေလေသည်။

"ဟုတ်ကဲ့၊ ရပါပြီ မေးပါ"

"ဟုတ်ကဲ့ ကျွန်မတို့ ကိုးကွယ်တဲ့ အဘအောင်မင်းရှင် အခု ကျန်းမာရေးမကောင်းဘူး၊ ဆေးရုံတက်နေတယ်။ အဲဒါ အခြေအနေသိချင်တာ"

"သမီးတို့အဘက လူမဟုတ်ဘူး၊ ဝိဇ္ဇာတစ်ပါးပဲ။ သူ့တာဝန်တွေပြီးဆုံးလို့ သူပြန်တော့မယ်။ ဝိဇ္ဇာပြည်ပြန်မယ်လို့ သိရတယ်"

"အဘက ဘုရားတွေတည်တာမပြီးသေးဘူး၊ အခုပြန်တော့မယ်ဆိုတော့ လုပ်လက်စတည်လက်စ ဘုရားတွေလည်း ရှိနေသေးတယ်"

"အဘက သူယူထားတဲ့တာဝန်အဆူရေကပြည့်နေတာကြာပြီ။ သူ့သားသမီးတွေငိုလို့ ဆက်တည်နေတာ။ အခု ဝိဇ္ဇာတွေကလည်း ပြန်ခေါ်နေတယ်ဆိုတော့ မတားပါနဲ့၊ လွတ်လွတ်လပ်လပ်သွားခွင့်ပြုလိုက်ပါ"

"ကျွန်မတို့က အစွမ်းကုန် ဆေးကုသပေးမှာပဲ။ အဘကို ဒီက ထွက်မသွားစေချင်ဘူး"

"အဘက ရောဂါကကျွမ်းနေပြီ၊ သားသမီးတွေသိမှာစိုးလို့ ဟန်ဆောင်နေတာ"

"လောလောဆယ်တားလို့မရဘူးလား"

"ဝိဇ္ဇာက အဆင့်မြင့်တယ်လေ။ သူ့ကို ငါတို့မတားနိုင်ဘူး၊ ယတြာလည်းလုပ်ပေးလို့မရဘူး။ သူ့ဟာသူတားရင်တော့ရတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးပါ"

မသဇင်က အလှူငွေအား ဖလားထဲသို့ထည့်ပြီး ကျေးဇူးတင်ကြောင်းပြော၍ ပြန်လာကြ၏။

ဆေးရုံသို့ရောက်သောအခါ အကျိုးအကြောင်းပြန်လည်ဖောက်သည်ချလေသည်။

"မသဇင် ခုလိုသွားကြည့်ပေးတာ ကျေးဇူးပါပဲ။ ဒါပေမယ့် နောက်တစ်ယောက်လောက် ထပ်မေးချင်တာ"

"ပျဉ်းမနားမှာရှိတယ်လေ။ မငြိမ်းကို ဖုန်းဆက်ခိုင်းလိုက်"

"အေး - ဟုတ်သားပဲ၊ မငြိမ်းကို အကြားအမြင်ဆရာမထံ သွားမေးခိုင်းရမယ်"

ဆေးရုံမှ အဘသမီးများသည် တစ်ယောက်တည်း၏ ပြောစကားကို မယုံကြည်နိုင်သောကြောင့် ပျဉ်းမနားသို့ ဖုန်းဆက်၍ မေးခိုင်းပါသည်။ ပျဉ်းမနားမှ မငြိမ်းက အဘ၏ သမီးဖြစ်သူ၏ အကျိုးအကြောင်းသိရှိသူဖြစ်၏။ မငြိမ်းလည်း ပျဉ်းမနားမှ အကြားအမြင်ဆရာမထံသွားမေးလေသည်။

"ဆရာမ"

"လာလာ - မငြိမ်း"

"မေးစရာလေးရှိလို့လာခဲ့တာပါ"

"ဟုတ်ကဲ့ ထိုင်ပါဦး"

"အဘအောင်မင်းရှင်အကြောင်း သိချင်လို့"

"ဟုတ်ကဲ့၊ အဘက အခု ဆေးရုံမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ဆေးရုံတင်ထားရတယ်"

"မငြိမ်းရေ၊ အဘက ဘုရားတည်တာ အဆူ(၉၀)ပြည့်ပြီလို့ သိရတယ်။ သူထမ်းဆောင်ရမယ့်တာဝန်တွေပြီးလို့ ပြန်ကြွတော့မယ်လို့သိရတယ်"

"အဘကို မသေစေချင်သေးဘူး အဘနဲ့သိရတာ သိပ်နောက်ကျတယ်။ ဒါကြောင့် အဘကို တားပေးပါလား"

"အဘကို တားလို့မရနိုင်ဘူး။ အဘကို ဆေးကုလို့လည်း မရနိုင်ဘူး။ ဘာလို့လဲဆိုတော့ ဝိဇ္ဇာတွေက တညီတညွတ်တည်း ဆုံးဖြတ်ကြတာ။ အဘ အသေအချာ ပြန်ကြွရတော့မှာ"

"ဘုရားဘုရား- ဖြစ်မှဖြစ်ရလေ"

"အဘကိုဆက်ပြီးအသက်ရှင်ချင်သေးတယ်ဆိုရင် အဘကို ဆေးဝိဇ္ဇာတွေကလည်း ဆေးမတိုက်ရတော့ဘူး။ ဒါကြောင့် ပိုလို့ခံစားရမှာပေါ့။ သူ့ကို လွတ်လွတ်လပ်လပ်ထွက်ခွာခွင့်ပေးလိုက်ပါ"

"ဖြစ်မှဖြစ်ရလေ"

မငြိမ်းသည် မျက်ရည်တွေစီးကျလာပြီး တရှုပ်ရှုပ်ဖြင့်ငိုကြွေးနေလေ၏။ 'အဘရယ် သမီးနဲ့တွေ့တာ ခုမှခဏလေးပဲရှိသေးတာ။ အဘက ပြန်ကြွသွားမယ်ဆိုတော့ သမီးဘယ်လိုလုပ်ရမှာလဲ။ အဘရယ်၊ သမီးကို သနားရင် ပြန်မကြွပါနဲ့လား' စသဖြင့် ရင်ထဲတွင် ဗလောင်ဆူပြီး ငိုနေမိ၏။ အတော်ငိုပြီးမှ အကြားအမြင်ဆရာမကိုနှုတ်ဆက်၍ပြန်လာ၏။ ညရောက်မှ ရန်ကုန်သို့ ဖုန်းဆက်လေသည်။ အိမ်မှအလုပ်များကိုပစ်ထားပြီး နောက်နေ့တွင် ရန်ကုန်သို့ဆင်းသွားလေသည်။ အဘဆေးရုံတက်သည့်နေရာတွင် အနီးကပ် ပြုစုလေတော့သည်။

## ၂ သားကြီးသြရသ

"အဘ၊ ဦးလှအောင်ရောက်ပါပြီ"

"ဟုတ်ကဲ့ - အဘ သားရောက်ပါပြီ"

"လှအောင်"

"ဟုတ်ကဲ့ - အဘ"

"မင်းကို ငါလုပ်ခိုင်းတာတွေ ကုန်ပြီးပြီလား"

"ဘာတွေလဲ အဘ"

"ငါတည်ခဲ့တဲ့ဘုရားတွေမှတ်တမ်းလုပ်ဖို့၊ ပြတိုက်လုပ်ပြီးထားဖို့ကိစ္စကိုပြောတာ"

"လုပ်နေပါတယ် အဘ"

"ငါပန္နက်ရိုက်ပြီး ထီးတင်ခဲ့တာ



ဘယ်နှဆူရှိပြီလဲ"

"ပန္နက်ရိုက်ပြီး ထီးတင်ပေးတာ စုစုပေါင်း (၈၇) ဆူပါ အဘ။ အခုလောလောဆယ် ပန္နက်ရိုက်ပြီး တည်နေတာ (၃) ဆူပါ အဘ"

"ဒီစာရင်းပါသလား"

"ပါပါတယ် အဘ၊ ဒီမှာ သားဖတ်ပြပါမယ်"

ဦးလှအောင်သည် အဘကိုယ်တိုင် ပန္နက်ရိုက်ပြီး ထီးတင်ခဲ့သော ဘုရားဘွဲ့များ၊ တင်လှူပူဇော်ခဲ့သည့်နေရာ၊ အလှူရှင်နှင့် ပန္နက်တင်သည့်နေ့ ထီးတင်သည့်နေ့များဖြင့် စနစ်တကျ မှတ်တမ်းပြုစုထားပြီးဖြစ်သည်။ ထိုမှတ်တမ်းကို ကွန်ပျူတာဖြင့်ရိုက်ပြီး စာစီထားပါသည်။ ထိုစာရွက်ကို အဘအားပေးအပ်လိုက်၏။

"လှအောင်"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ အဘ"

"ဒီစာရင်းအတိုင်း မှတ်တမ်းဓာတ်ပုံတွေနဲ့ ပြတိုက်မှာထားသလား"

"ဒီစာရင်းအတိုင်းပဲ ပြတိုက်မှာ ဓာတ်ပုံတွေနဲ့ စနစ်တကျပြသထားပါတယ် အဘ"

"မှတ်တမ်းမှတ်ရာဆိုတာ ပါးစပ်က မှတ်လို့မပြီးဘူး။ နှုတ်တစ်ရာ စာတစ်လုံးတဲ့။ ဒါကြောင့် စာနဲ့ဓာတ်ပုံအထောက်အထားနဲ့ တစ်နေရာတည်းမှာ စုစည်းမှတ်တမ်းပြုထားတာကောင်းပါတယ်"

"အဘက မှတ်တမ်းမှတ်ရာတွေနဲ့ စနစ်တကျထားခဲ့တာ အဘမှာ အကြံတစ်ခုရှိတယ်ထင်တယ်"

"အေး-ဟုတ်တယ်၊ ဝိဇ္ဇာအစည်းအဝေးက ငါ့ကို ဘုရားအဆူ(၉၀)ပြည့်ရင် တာဝန်ကျေပြီ၊ ပြန်လာလို့ရပြီလို့ ပြောတယ်။ ဒါကြောင့် သားသမီးတွေနဲ့ ဝိဇ္ဇာတွေနဲ့ ငြင်းလို့မရအောင် လုပ်ထားတာ"

"သားမရှင်းဘူး၊ ဘာတွေငြင်းနေ လို့လဲ"

"မင်းကလည်း အ,ပါကွာ၊ သား သမီးတွေက အဘကို မပြန်စေချင်ဘူး အဘ ဘုရားတည်တာ (၉၀)မပြည့်သေး ဘူးဆိုပြီးပြောမှာပေါ့။ မှတ်တမ်းမရှိရင် ငြင်းမှာပေါ့"

"ဒါဆို သားတို့က အဘကို တား လို့မရတော့ဘူးဖြစ်နေပြီ"

"လှအောင်"

"ဟုတ်ကဲ့ အဘ"

"ငါ့ကျန်းမာရေးမကောင်းဘူးဆိုပြီ ငါ့ကိုယ်စား ဘုရားပန္နက်ရိုက်ပေးတာ မင်းမဟုတ်လား"

"ဟုတ်တယ်လေ၊ အဘလာခိုင်း လို့ သားလုပ်ရတာပဲ"

"မင်းဘုရားတည်တတ်ပြီးမဟုတ် လား"

"သား အဘခိုင်းတာပဲ လုပ်တတ် တာ၊ သားသဘောသားဆန္ဒနဲ့ ဘာ မလုပ်တတ်ဘူး"

"မင်းကို ငါ ကချင်ပြည်နယ်မှာ စတွေ့ခဲ့တယ်။ ငါ ရန်ကုန်ကိုခေါ်လာ တယ်။ ရန်ကုန်ရောက်ပြီး ငါနဲ့အတူ သာသနာပြုတာ မင်းဘယ်မှပြောင်း မရဘူး မဟုတ်လား"

"ပြောင်းလို့မရအောင် အဘလုပ် ထားတာပဲမဟုတ်လား"

"မင်းကို ငါ သဘောကျတယ် ငါတာစန် ငါ့ကိစ္စတွေကို ထောင့်စေ့ လုပ်တတ်တယ်။ ခိုင်းရင် တစ်သ မတိမ်း လိုက်နာတယ်၊ မင်းရဲ့သီလ ခြံမှုကိုလည်း ငါသဘောကျတယ်"

"ဟုတ်ကဲ့ အဘ"

"ငါမရှိရင် ငါ့ကိုယ်စား တ သားတစ်ယောက် ရွေးချယ်ပြီးထား မယ်ဆိုရင် ငါမင်းပဲမြင်တယ်။ ငါ့ကို စား ငါ့တာဝန်တွေကို မင်းလုပ်ရမယ်"

"အဘ၊ သားက တိုင်းရင်းသား နော်။ စကားသိပ်မပြောတတ်ဘူး။ တွေကြားထဲမှာ သားဆက်ဆံရေး နေတော့ အဆင်ပြေပါ့မလား"

"အဓိကမကျပါဘူး။ အဓိက တာက လောကီပညာတတ်ရမယ်၊ လုပ်တာ မှန်သလား၊ မှားသလား သိ မယ်။ လုပ်သင့်သလား၊ မလုပ်သင့် လား သိရမယ်၊ မလုပ်သင့်တာကို ရင် မှားသွားမယ်၊ ငြင်လို့မရတဲ့အ ဆိုရင် ငါးပါးမှောက်ရော။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com

မင်းကို သမာဓိစခန်းကျင့်ခိုင်းတာပေါ့"

"အဘပြောတဲ့အတိုင်းကျင့်ပါတယ် အဘ"

"ဒါဆို မင်း ငါပြောတာကြားပြီလား"

"အခုပြောတာတော့ ကြားတာပေါ့ အဘ"

"ဟေ့ကောင်၊ အကြားဓာတ်ကို ပြောတာ။ အခုကပ်ပြောတာ ကြားတာကတော့ လူတိုင်းကြားတာပေါ့"

"တစ်ခါတစ်ရံ ကြားရပါတယ် အဘ"

"ဟုတ်ပြီ၊ အကြားဓာတ် ပီပြင်အောင် ကြိုးစား။ အကြားဓာတ်စခန်းအောင်မြင်ရင် မင်းကို ငါခိုင်းလို့ရပြီ၊ မင်းကို တာဝန်ပေးလို့ရပြီ"

"အဘ၊ သားမှာ ဘာမှမသိသေးဘူးနော်။ သား ဘာမှမတတ်သေးဘူးနော်"

"လှအောင်"

"ဟုတ်ကဲ့ အဘ"

"မင်းလက်ဝါးဖြန့်"

"ဟုတ်ကဲ့ အဘ"

အဘသည် ဦးလှအောင်ကိုလက်ဝါးချင်းရိုက်ပြီး သာသနာကိစ္စ၊ ဝိဇ္ဇာတို့၏ဓာတ်သဘာဝကိစ္စ၊ လောကီကိစ္စများကို အပ်နှင်းနေပါတော့သည်။ အဘကိုယ်တွင်းမှ အေးမြသော အအေးလှိုင်းတစ်ခုသည် ဦးလှအောင်၏လက်ဖဝါးထဲသို့ စီးဆင်းနေလေသည်။ လက်ဝါးထဲမှ တစ်ဆင့် လက်ဖျံအတိုင်း ခန္ဓာကိုယ်ထဲသို့ စီးဆင်းသွားလေသည်။ မျက်လုံးမှ အပူခိုးများ အပြင်သို့ ကန်ထွက်ကုန်၏။ ဆံပင်များထောင်လာပြီး လေတဟူးဟူးထွက်သွားသလိုမြင်သွား၏။ အဘ၏ဓာတ်များသည် ဦးလှအောင်၏ ခန္ဓာကိုယ်ထဲသို့ စီးမျောနေဆဲ၊ စီးဆင်းနေဆဲပင်။

မိမိခန္ဓာကိုယ်တစ်ခုလုံး အေးမြခြင်း၊ ချမ်းမြေ့ခြင်းခံစားမှုကို ခံစားနေရ၏။ သိနေသော အသိလေးပင် တစ်ချက်တစ်ချက် လွတ်ထွက်မတတ်ဖြစ်နေ၏။ များမကြာမီ လုံမှာ ပေါ့ပါး၍ ဖက်ရွက်လေးလို ဖြစ်သွား၏။ တရှုတ်သိုင်းကားထဲက အတွင်းအားပေးသလိုမျိုး စိတ်က မြင်ယောင်နေ၏။

"လှအောင်၊ မင်းစိတ်တွေ အပြင်ခေနဲ့"

အဘက သတိပေးမှ သတိပြန်ရ၏။ အဘ၏ မေတ္တာတရား၊ အဘ၏နှလုံးသား၊ အဘ၏ စေတနာတို့အား အာရုံပြု၍ လေးစားခြင်း၊ ကြည်ညိုခြင်းဖြစ်နေပါသည်။ အဘနှင့် အတူတကွ သာသနာပြုခဲ့ရပုံတို့ကို ပြန်လည် မြင်ယောင်နေပါသည်။ အဘခိုင်းသမျှ မညည်းမညူ လုပ်ပေး၏။ အဘငေါက်သမျှ ခေါင်းငုံ့ခံပြီး သည်းခံ၏။ ဘုရားသာသနာပြုလုပ်ငန်းများကို တစ်စတစ်စ လွှဲအပ်ပေးခဲ့ပုံများကို ပြန်လည် မြင်ယောင်ရင်း ဝမ်းသာမှုကြောင့် ပီတိဖြစ်ခဲ့ရပြန်သည်။ ပါးစပ်ကပြုံး၍ ပြုံးမိခဲ့ပြန်ရာ၏။

"လှအောင်၊စိတ်ငြိမ်အောင်ထား"

အဘက သတိပေးမှ မိမိစိတ်ကူးနေသည်ကို သတိရလေသည်။ အဘသည် မနောအာရုံပိုင်ဆိုင်သူ ဖြစ်၏။ မိမိစိတ်ကူးစိတ်သန်းများကို ဖောက်ထွင်းမြင်ရလေသည်။ အဘ၏သမာဓိမှာ အတော်ကောင်းတာပဲဟု ချီးကျူးနေမိ၏။ အဘကို မျက်လုံးဖွင့်ကြည့်ရာ အဘမှ ဝိဇ္ဇာများ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ နတ်ဒေဝါများအား အပ်နှင်းနေပါတော့သည်။

"လှအောင်"

"ဟုတ်ကဲ့ - အဘ"

"ငါ့ကိုဦးချကန်တော့လိုက်"

"ဟုတ်ကဲ့ အဘ"

ဦးလှအောင်သည် အဘကို ဦးချပြီး ကန်တော့လိုက်၏။

"လှအောင်"

"ဟုတ်ကဲ့ - အဘ"

"အခု ဝိဇ္ဇာမိုရ်ရဲတွေ ပုဂ္ဂိုလ်တွေ မင်းကိုစောင့်ရှောက်ခဲ့သူတွေ၊ နတ်ဒေဝါတွေ အကုန်ရောက်နေတယ်။ မင်း ဦးချကန်တော့လိုက်ဦး"

"ဟုတ်ကဲ့ အဘ"

ဦးလှအောင်သည် အဘခိုင်းသဖြင့် မိမိရှေ့မှနောက်ရှိနေသောပုဂ္ဂိုလ်အပေါင်းအား ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိပါက ခွင့်လွှတ်ပါရန် တောင်းပန်ဝန်ချကန်တော့လိုက်ပါ၏။

"လှအောင်"

"ဟုတ်ကဲ့ အဘ"

"အစစ ငါမင်းကိုစိတ်ချမယ်နော်၊ ငါမရှိတဲ့နောက် မင်း ငါ့တာဝန်တွေထမ်းဆောင်ပါ၊ ငါသွားတော့မယ်"

"အဘ၊ အဘ ဘယ်သွားမှာလဲ"

"ငါ ပြန်တော့မယ်လေ"

"အဘဘယ်ပြန်မှာလဲ"

"ငါ ဝိဇ္ဇာဌာနေ အလုံပြည်ကို ပြန်မယ်"

"အဘ. . . အဘ. . . အဘ"

❑

"ဟဲ့- အစ်ကို၊ ဘာတွေယောင်နေတာလဲ။ အစ်ကို၊ အစ်ကို ထလေ၊ ဘာတွေယောင်အော်နေတာလဲ"

"အင်း - ငါအိပ်မက်မက်နေတာကိုး"

"အဘလို့လည်း အော်နေတယ် အစ်ကို၊ ဘာလို့အော်တာလဲ"

"အေးကွာ - ငါ့အိပ်မက်ထဲမှာ အဘနဲ့ စကားပြောနေတာ"

ဦးလှအောင်သည် မျက်ရည်စများကိုသုတ်ပြီး မျက်နှာသစ်လိုက်၏။ အပေါ့အပါးသွားပြီး ဘုရားရှိခိုးလေတော့သည်။ ဘုရားရှိခိုးပြီး မိမိအိပ်မက်ကိုပြန်လည်မြင်ယောင်နေပါတော့သည်။ အိပ်မက်သည် အပြင်တွင် တကယ်မဖြစ်ပါစေနဲ့ဟု ဆုတောင်းနေမိ၏။ အဘသည် ဆေးရုံတက်၍ ဆေးကုသခံယူနေ၏။ အဘ ငါ့ကို လာပြောတာတွေက အဘပြန်ကြွဖို့ပဲ။ အဘကျန်းမာပါစေဟု ဆုတောင်းနေမိပါတော့သည်။

### ၁ အဘကိုချစ်သော ကျွန်တော်

ကျွန်ုပ်သည် အဘခုတင်ဘေးတွင် ထိုင်နေ၏။ အိပ်ပျော်နေသောအဘကို ကြည့်ပြီး မျက်ရည်တွေစီးကျနေလေသည်။ မျက်မှန်ထူထူကြီးနှစ်ချပ်ကြားမှ မှေးနေသော မျက်လုံး၊ ထူထဲသောမျက်ခုံး၊ ကျယ်သော မဟာနဖူးနှင့် ဆံစပ်တို့တွင်ပြန်ပေါက်နေသော ဆံပင်အနက်များဖြင့် မျက်နှာကို ပုံဖော်ထား၏။ ပါးနှစ်ဖက်မှာ မေးရိုးများထွက်နေပြီး ပိန်နေ၏။ လက်မောင်း၊ ပေါင်၊ ခြေသလုံးသားတို့မှာ အရိုးအကြောကို အရေပြားဖုံးထားသလို ပိန်လှီနေ၏။ တင်းပြောင်သော ဗိုက်ကြီးမှာ မို့၍ဖောင်းနေ၏။ ရောဂါဝေဒနာခံစားမှုကို သမာဓိဖြင့် အန်တုပြီးမှေး၍နေလေသည်။ အဘရုပ်ပုံလွှာကိုကြည့်ပြီး စိတ်မသက်မသာဖြစ်နေ၏။

ငါတို့ကိုးကွယ်သော ပြည်တော်ဝင် အဘအောင်မင်းရှင်သည် ဝိဇ္ဇာတစ်ပါး ဖြစ်သည်။ ပုပ္ပား ဒအောင်မင်းခေါင်ဘဝမှ ယခုအောင်မင်းရှင်ဘဝသို့ မည်သို့ကူးပြောင်းတာလဲဆိုတာမသိပါ။ ဝိဇ္ဇာတို့၏ အသိဉာဏ်ပညာများ၊ ဝိဇ္ဇာဂန္ဓာရီ အတတ်ပညာများ၏အရာသာ ဖြစ်၏။ မည်သို့မည်ပုံပြောင်းတာကို အဘပြန်မပြောပြပါ။ လူတွေလိုက်မမီသောပညာဖြစ်၍ လူတွေနှင့်မထိုက်သဖြင့် မပြောခြင်းဖြစ်၏။ ယခု အဘအောင်မင်းရှင်



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှ တာဝန်တွေပြီးဆုံး၍ ပြန်ကြွတော့မည်။ သိဒ္ဓိ၊ မဟိဒ္ဓိတန်ခိုးဖြင့် ခန္ဓာကိုယ်ကိုဖျောက်၍ တစ်ခါတည်း သယ်သွားမျိုးမလုပ်ကြပါ။ ခန္ဓာရှိပါက 'အနိစ္စခန္ဓာ'၊ 'ဒုက္ခခန္ဓာ'၊ 'အနတ္တခန္ဓာ'လို့ ဘုရားဟောနှင့်အညီ ခံစားရပေသည်။ ဝိဇ္ဇာတို့ အတတ်ပညာဖြင့် အသက်ရှည်အောင် ကျင့်ကြံနိုင်ကြသော်လည်း နောက်ဆုံးတွင် ခန္ဓာရှိသူ ဟူသမျှ ကြုံတွေ့ရမည့် ဒုက္ခတရားကိုကြုံခဲ့ရပြီ။ အဘ၏ ရုပ်ခန္ဓာကိုယ်ကြီးကို ဆေးဖြင့်ဆက်၍ အသက်ဆက်ပေးနေရ၏။ လူသားတို့ သဘောအရ နာရမည်၊ အိုရမည်၊ သေရပေမည်။ ဝေဒနာကို ခံစားရပေမည်။ ကျွန်ုပ်သည် အဘ၏ ခန္ဓာကိုကြည့်ပြီး ရုပရုပ်လက္ခဏာတို့၏ ချို့ယွင်းခြင်းသဘော၊ ပျက်စီးနေခြင်းသဘောကို ကြည့်ပြီး ဘုရားရှင်၏နောက်ဆုံး(၁၀)လ မြတ်ဗုဒ္ဓတရားကို ပြန်လည် မြင်ယောင်ကြားယောင်နေမိပါ၏။

မြတ်စွာဘုရားသည် ဝမ်းတော်လားပြီး ပရိနိဗ္ဗာန်ပြုရန် ကုသိနာရုံသို့ကြွ၏။ ရှင်အာနန္ဒာက ဘုရားရှင်အား ပြုစုစောင့်ရှောက်ရင်း အတူလိုက်ပါလာ၏။

"ချစ်သား အာနန္ဒာ၊ နှစ်ထပ်သင်္ကန်းကို နှစ်ခေါက်ခေါက်ပြီး ဒီသစ်ပင်အောက်မှာ ခင်းပေးစမ်းပါ။ ငါဘုရား ပင်ပန်းလွန်းလို့ ခေတ္တလဲလျောင်းဦးမယ်၊ ငါဘုရား ရေဆာတော်မူတယ် ရေသွားခပ်ပါဦး"

ရှင်အာနန္ဒာ မျက်ရည်တွေကျပြီး ဘုရားရှင်လဲလျောင်းရန် နှစ်ထပ်သင်္ကန်းကြီးကို ခေါက်ချိုးခေါက်ပြီးခင်းပေးတယ်။ ဘုရားကိုထူပေးပြီးလဲလျောင်းစေတယ်။ ဘုရားရှင် ခေတ္တနားနေစဉ် မြစ်ထဲသွားပြီး ရေသွားခပ်တယ်။ ရေခပ်ပြီး ဘုရားအားရေတိုက်ကျွေးတော်မူတယ်။ ဘုရားရှင်ရဲ့ရူပကာယကိုကြည့်ပြီး မျက်ရည်တွေ ဒလဟောစီးကျနေတာ။ ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်ဘုရား နောင်တော်ဘုရား၏ ရူပကာယသည် အရိုးအပေါ် အရေတင်ပြီး ပျက်စီးချို့ယွင်းနေပါလား။ လှည်းအိုကြီးကို ကြိုးတွေနဲ့ ချည်နှောင်ထားသလို ချို့ယွင်းနေပါ့လားဆိုပြီး ငိုကြွေးနေလေသည်။

ကျွန်ုပ်လည်း အဘကိုကြည့်ပြီး ငိုကြွေးနေမိ၏။ ဝမ်းနည်းနေမိ၏။ သိဒ္ဓိ မဟိဒ္ဓိတန်ခိုးရှိပါသော အဘ ခန္ဓာဒုက္ခကို ခံစားနေရပါလား။ ကျွန်ုပ်လည်း အဘအောင်မင်းရှင်နှင့်အတူ ၁၉၉၀ ပြည့်နှစ်မှစ၍ သားသမီးအဖြစ်ခံယူပြီး ပါရမီဖြည့်ခဲ့သည်။ ဘုရားတွေအတူတည်ခဲ့၏။ အဘ၏ သိဒ္ဓိအစွမ်းအား မိမိသိရှိခဲ့ရပုံများ၊ အဘစောင့်ရှောက်မှုကြောင့် သေကံမရောက်ခဲ့ပုံများ၊ အဘ ကျေးဇူးများကို အထူးအောက်မေ့၍နေမိပါသည်။ အဘကြောင့် ဘုရားဒကာအဖြစ်ခံယူနိုင်ခဲ့၏။ တပည့်အပေါင်း၏ အားကိုးရာ အဘအောင်မင်းရှင်သည် ယခုအခါ အိပ်ရာပေါ်တွင် လဲလျောင်း၍ ရောဂါဝေဒနာကို ခံစားနေရ၏။ အဘရယ်၊ ဒီဝေဒနာတွေ ဒီရောဂါတွေ အဘတို့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ကျော်လွှားလို့မရဘူးလား၊ ရောဂါတွေကို တန်ခိုးနဲ့ တားလို့မရဘူးလား။ အဘကိုကြည့်ပြီး စဉ်းစားရင်း မျက်ရည်တွေစီးကျလာပြန်သည်။

အဘသည် လူလား၊ ဝိဇ္ဇာလား။ အဘသည် လူသားစင်စစ်ဖြစ်ပါက ဆရာဝန်တွေ၊ ပါရဂူတွေက ပြောစကားအရ ကုသ၍မရနိုင်တော့ပါ။ အဘက လူမဟုတ်ပါ။ ဝိဇ္ဇာတစ်ပါးသာဖြစ်သည်။ ဝိဇ္ဇာဖြစ်ပါက ဝိဇ္ဇာလိုပြောမှ၊ ဝိဇ္ဇာလိုကုမှ ရမည်။ ဟုတ်တယ်၊ ငါစဉ်းစားကြည့်မိတယ်။ ဝိဇ္ဇာတစ်ပါးကို ငါတားခဲ့ဖူးတာ၊ ကြုံခဲ့ဖူးတာကို ငါသတိရပြီ။

၁၉၈၃ ခုနှစ်အချိန်ကာလက ဖြစ်၏။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ သဘော်ဆိပ်နားတွင် ဘုရားတစ်ဆူရှိ၏။ စကြာဘုရားဟုထင်၏။ ထိုဝန်မြစ်ကမ်းဘေးမှ စကြာဘုရားတွင် ပုသိမ်သို့ပြန်မည့် ဆရာတပည့်နှစ်ဦးသာ ရှိကြ၏။ အချိန်ကား ညနေခင်းအချိန်ဖြစ်၏။ ကျန်တပည့်များ အပြင်ထွက်နေသဖြင့် လူသူကင်း၍ငြိမ်နေ၏။ ဆရာ၏အမည်မှာ ဆရာစုဖြစ်ပြီး တပည့်၏အမည်မှာ စိုးမိုးထွန်း ဖြစ်၏။

"စိုးမိုးထွန်း"

"ဟုတ်ကဲ့"



"ငါ့ကိုစမ်းကြည့်ပါဦး"

"ဆရာ့ကိုယ်က ချစ်ချစ်တောက် ပူပူနေပါတယ်။ မျက်လုံးကလည်း နီရဲနေတာပဲ။ ဆရာ ဖျားနေပြီပဲ၊ တပည့်တော်ဆေးသွားဝယ်မယ်"

"ငါ့တပည့်လေး"

"ခင်ဗျာ"

"ငါ သေချင်တယ်၊ ငါသေလို့ရပြီလား"

"ဟိုက် - ဘုရား ဘုရား"

မျက်လုံးပြူးသွား၏။ မထင်မှတ်သောစကားကို ကြားရသဖြင့် လန့်သွား၏။

"ဆရာသေလို့မရသေးဘူး။ ဒီနေရာဟာ ဆရာသမား သေရမယ့်နေရာ မဟုတ်ဘူး"

"အေး - ငါသည် ဝိဇ္ဇာဖြစ်တယ်၊ ငါ့ကို ဝိဇ္ဇာတွေက လာခေါ်နေကြတယ်၊ ငါစကားကိုနားထောင်"

"မှန်ပါဘုရား၊ တပည့် နားထောင်နေပါတယ်"

"ငါ ခုန အလုံရောက်သွားတယ်"

"အလုံဆိုတာက ဘာလဲဆရာ"

"အလုံဆိုတာက ဝိဇ္ဇာတွေနေတဲ့မြို့ပဲကွယ့်။ အလုံရောက်တော့ ငါနေဖို့ အဆောင်လိုက်ရှာတာ အခန်းလွတ်က မရှိဘူး။ ဒါနဲ့ ဝိဇ္ဇာတစ်ပါးက လက်ညှိုးညွှန်လို့ တောင်ဘက်ယွန်းယွန်းကိုသွားရတယ်။ ရသေ့တစ်ပါးနဲ့တွေ့တယ်၊ ရသေ့ကြီးက ဆရာနေဖို့အဆောင်လိုက်ပြတယ်။ ဒါပေမယ့် နေလို့မရသေးဘူး"

"ဘာလို့လဲဆရာ"

"ဆရာ့ကို လူ့ပြည်ကို ပြန်သွားပါတဲ့။ ပြုရမယ့်တာဝန်တွေ ကျန်နေသေးတယ်။ ဒီတာဝန်တွေပြီးလို့ တပည့်တစ်ယောက်ကို တာဝန်လွှဲပေးပြီးမှ ပြန်လာပါလို့ပြောတာ။ ငါလည်း အခု လူ့ပြည်ကိုပြန်လာတာ ခွင့်ပန်ချင်လို့ပဲ"

"ဘာခွင့်လဲ ဆရာ"

"ငါ့တာဝန်တွေကို မင်းကိုအကုန်လွှဲပေးမယ်။ မင်းလက်ခံပါ ငါ့ကို သွားခွင့်ပြုပါ"

"ဆရာသမား၊ သတိထားပါဦး။ ဆရာသခင်ရဲ့တာဝန်တွေကျန်သေးတယ်လို့ ခုန မိန့်ကြားပါတယ်။ ဒါကြောင့်မို့ အခုမသေပါနဲ့ဦး။ အခုသွားလို့မရသေးပါ ဘုရား။ နောက် တပည့်လည်း ဆရာ့ထံမှ ဘာပညာမှမရသေးပါဘုရား"

"မင်းက ငါ့ကို လူ့ပြည်မှာ ဒုက္ခဆက်ခံစားစေချင်တာလား"

"ဆရာသမားက ဝိဇ္ဇာအတင်



www.burmeseclassic.com

www.burmeseclassic.com

ပညာတွေပြည့်စုံပြီမို့ ဘယ်အချိန်သွားသွားရပါတယ်ဘုရား။ တပည့်ကိုတော့ တစ်ယောက်တည်း ဒီအတိုင်းပစ်မထားပါနဲ့ ဘုရား။ တပည့်တော်နဲ့အတူ ဂိုဏ်းဝင်တပည့်တွေကို သနားသောအားဖြင့် အချိန်ဆိုင်းငံ့ပေးပါဦး"

"အေးအေး - ငါ့တပည့်ပြောတာလည်း အကျိုးအကြောင်း ဆီလျော်တယ်၊ သဘာဝလည်းကျတယ်။ ငါ့ရှင်ဆန္ဒပြည့်ဝပါပြီ"

"သာဓု သာဓု သာဓု"

ထိုအခါ ဆရာသမား၏ ရောဂါဝေဒနာမှာ ပိန်းကြာရွက်မှာတင်သော ရေလျှောကျသကဲ့သို့ ပကတိတည်ကြည်၍ ပြန်လည်ကောင်းမွန်သွားပါသည်။ ရောဂါတွေပျောက်ပြီး အသက်လုပွဲပြီးဆုံးသွားသောအခါမှ ကျန်သောတပည့်တွေ အသီးသီးရောက်ရှိလာကြလေ၏။ မကြာမီ ရန်ကုန်သင်္ဘောဆိုက်လာပြီဖြစ်၍ သင်္ဘောပေါ်သို့ တက်ရောက်နေရာယူကြ၏။ သင်္ဘောကြီးဖြင့် ပုသိမ်သို့ ထွက်လာကြပါသည်။

ယခုလည်း ဝိဇ္ဇာမိုရ် အဘအောင်မင်းရှင်နားတွင်ရှိနေပါသည်။ ဝိဇ္ဇာတို့၏ သဘောသဘာဝသည် များစွာဆန်းကြယ်လေသည်။ အဘကို ပြန်မကြွဖို့တားပေးမည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။ မကြာမီ အဘ အိပ်ရာနိုးလာပါတော့သည်။

"အဏ္ဏဝါလှိုင်းလား"

"ဟုတ်ပါတယ် အဘ"

"မြစ်ကျိုးဘုရားတည်တာ ပြီးပြီလား"

"ဟုတ်ကဲ့ အဘ၊ အကြမ်းထည်ပြီးပါပြီ အဘ။ ဒီမှာ မှတ်တမ်းဓာတ်ပုံပါတယ်၊ အဘကြည့်ပါဦး"

"အေးအေး- ဘုရားက ရွှေတိဂုံဘုရားပုံစံအတိုင်းပဲ အချိုးကျတယ်။ အခုထီးတင်လို့ရမလား"

"အခုတော့ ထီးတင်လို့မရသေးပါဘူးအဘ။ ဘုရားကို မချောရသေးဘူး၊ ဆေးမသုတ်ရသေးဘူး၊ မိုးရွာလာလို့ ဘုရားထိသွားတဲ့လမ်းကလည်းပျက်သွားပြီ အဘ"

"ငါထီးတင်သွားချင်တယ်"

"အခုအခြေအနေအရ အဘထီးတင်လို့ မဖြစ်နိုင်သေးဘူး။ လာမယ့်နှစ်နွေရောက်မှ ထီးတင်လို့ရမှာပါ အဘ"

"ဖျာပုံက ဘုရားအခြေအနေကော"

"ဖျာပုံက ဘုရားက အချောကိုင်ပြီးပြီ။ ရွှေဆေးချဖို့ရှိတယ်၊ အရံစေတီတွေတည်ဖို့ ကျန်သေးတယ်"

"အင်း - ဖျာပုံဘုရားကလည်း သွားရေးလာရေးခက်တယ်။ကျားအောင်ဘုရားအခြေအနေကော"

"ကျားအောင်ဘုရားတည်ဖို့က ဘိလပ်မြေအိတ်(၁၀၀၀)၊ အုတ်(၁)သိန်း၊ သဲကျင်း (၁၀၀)၊ ကျောက်စရစ် (၅၀) ကျင်း၊ သံချောင်းတန် (၅၀)၊ ပစ္စည်းအားလုံး ဘုန်းကြီးကျောင်းရောက်ပါပြီ အဘ၊ ပစ္စည်းတွေစုံပါပြီအဘ။ ဘုရားအဟောင်းကို ဖြိုချဖျက်နေရတာ ကြာနေတာပါ အဘ"

"ပန်းရန်ဆရာ၄ပေစီကော လူထပ်မထည့်ဘူးလား"

"ပေစီက ဖျာပုံဘုရားပြီးတော့ ကျားအောင်ကို ကူးလာပြီး လူအင်အား (၅၀)ထပ်ဖြည့်ထားပါပြီ အဘ၊ အမြန်ဆုံးအကောင်အထည်ဖော်မှာပါအဘ"

"အေးအေး- ကျားအောင်ဘုရားက ရဟန္တာကြီး ဦးကလျာဏ တည်ခဲ့တာ။ အဘကိုမှာခဲ့လို့ အဘက စောင့်ရှောက်ပေးရမှာ"

"ဘုရားတွေပြီးဖို့ သားတို့ ကြိုးစားဆောင်ရွက်နေပါတယ် အဘ။ အခက်အခဲတွေတော့ရှိပါတယ်အဘ။ အချိန်ကတော့ စောင့်ရမှာပါ အဘ။ ဘုရားတွေ တစ်ပြိုင်တည်းနေရတာ အင်တွေအားတွေဖြည့်ထားပါတယ် အဘ"

"အေးအေး - ကောင်းတယ် ကောင်းတယ်"

"အဘကော ကျန်းမာရေးကောင်းသလား"

"ငါ့ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပဲ"

အဘသည် ချိုပြုံးသောမျက်နှာဖြင့် လက်မထောင်ပြီး အားမာန်ပါသောစကားကို ပြောနေလေသည်။

"အဘကြည့်ရတာ မျက်နှာကလည်း ရွှင်ပြုံးနေတယ်။ ပကတိကြည်လင် လန်းဆန်းနေတယ်။ အဘမှာ ရောဂါရှိတယ်၊ ဝေဒနာခံစားနေရတယ်ဆိုတာ ဟုတ်ကောဟုတ်ပါ့မလားလို့တောင် ထင်နေမိတယ်။ လူနာစောင့် အဘသားသမီးတွေ ပြောတာနဲ့ အခုအဘကိုတွေ့ရတဲ့အခြေအနေကတခြားစီဘဲ"

"ဟဲ့ - သူတို့က ဘာပြောလို့လဲ"

"အဘသားသမီးတွေပြောတာက အဘရောဂါကို ဆရာဝန်တွေက ကုလို့မရတော့ဘူးလို့ ပြောတယ်"

"ငါ့ကိုပြောတာလား"

"ဟုတ်တယ်လေ၊ အဘရောဂါက လူလိုဆိုရင်တော့ ဂိတ်ဆုံးနေပြီ၊ ရောဂါကျွမ်းနေပြီ။ ဒါကြောင့်ကုသလို့မရတော့ဘူးလို့ပြောနေတာ"

"ဒီလိုပဲပြောကြတာပေါ့ကွာ"

"အဘရောဂါကို သူတို့လည်းကြိုးစားကုမယ်၊ အဘလည်း ကိုယ်တိုင်ကုမှရမှာ"

"ဘာပြောတယ်"

"အဘရောဂါကို အဘကိုယ်တိုင်ကုမှရမှာ။ အဘလည်း ဘုရားကိစ္စတွေကျန်နေသေးတယ် မဟုတ်လား အဘ။ သားဘုရားကိုထီးတင်ပေးဦးနော်။ အဘကိုယ်တိုင် ထီးတင်ပေးမှ သားကျေနပ်မှာ"

"မင်းလာရင် ငါ့ကိုပြောတော့မယ်ဆိုတာ ငါသိနေတယ်"

"အဘက ဝိဇ္ဇာပဲ၊ သားတို့က အဘရဲ့တောင်ဝှေးအဆင့်ပဲရှိတာ။ သားတို့ဆန္ဒပေါင်းစုံကို အဘပဲ 'တ'နေရတာ၊ အဘကိုပဲ အားကိုးနေရတာ၊ အဘရဲ့ မေတ္တာထီးရိပ်အောက်မှာ ခိုလှုံနေရတာပါ။ အဘ အခုလိုဖြစ်တော့ သားတို့ ဘာမှမတတ်နိုင်ဘူး။ အဘရောဂါ ပျောက်ဖို့ သားတို့တတ်နိုင်တာကတော့ ဆေးရုံတင်မယ်၊ ဆေးကုမယ်၊ ဒါပဲတတ်နိုင်တာ။ အခုဆရာဝန်တွေကုမရဘူးလို့ ပြောတဲ့ရောဂါတွေကိုတော့ အဘကိုယ်တိုင်ကုမှရမှာပါ"

"အေးအေး - ငါ့လည်း ကုပ့ါမယ်ကွာ"

"ဝမ်းသာလိုက်တာ အဘရယ်၊ သားတို့နဲ့အတူ ဘုရားတွေအများကြီးထီးတင်ဖို့ ကျန်သေးတယ်။ ကိုယ့်သားသမီးတွေ အစုံအလင်နဲ့ တပျော်တပါးထီးတင်ကြရအောင်နော်"

"မင်းက လူလည်ပဲ"

"သားကအမှန်ပြောတာပါအဘ"

"အေးအေး- မင်းတို့ စိတ်ချမ်းသာရမှာပါ"

"ဟုတ်ကဲ့ - အဘ၊ သား အဘအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါအဘ"

"ခွင့်လွှတ်ပါတယ် အေး၊ အေး"

(ဆက်ရန်)

အဏ္ဏဝါလှိုင်း
(ခေတ္တ-နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

# မင်းချမ်းမြေ့ (မှသိမ်)

## သွပ်သေတစ်ပဲ ရွှေတစ်လုည်း ဖမ်းတိုင်းမရ (၆) လွန်ခက်လှ၏

(သွပ်ဖမ်းဆရာ ကိုယ်တွေ့ကြုံခဲ့ရာ အံ့ဩဖွယ်ရာ ဓာတ်လမ်းဗမာ)



အဂ္ဂိရတ်ဝါသနာရှင် သုတေသီများ မိမိတို့မှာ စီမံဖမ်းချုပ်ထားကြတဲ့ သွပ်၊ ပြဒါး စသော မီးအတော်သင့်ခံနေပြီး ဓာတ်သေမဖြစ်သေးတဲ့ မနူးမနပ် စိမ်းဆတ်ဆတ်ဓာတ်များကို တစ်လုံးတစ်မီးတည်းနှင့် ဓာတ်သေအဖြစ်ရောက်ပြီး ကိုယ်လိုရာဓာတ်လမ်းများသို့ ဆက်လက်တက်လှမ်းနိုင်ကြရန်အတွက် အဓိက အားကိုးအားထား ပြုနိုင်တဲ့ '(၁၀)ပါး နဝင်းဆေး' ကိုသုံးပြီး ဓာတ်သေအဖြစ်ရောက်အောင်လုပ်နည်းစနစ်ကို တင်ပြပေးပါမည်။

ယခု ဆောင်းပါးအစမှာ တင်ပြခဲ့သော သွပ်၊ သွပ်ပြဒါး ရွှေဝါရောင်ရုတ်ခံနေတဲ့ ဓာတ်သားကိုမူတည်ပြီး စာရေးသူ လက်တွေ့လုပ်ဆောင်ခဲ့တဲ့နည်းစနစ် အရင်းခံအတိုင်း တင်ပြပေးသွားပါမည်။ ၎င်းကိုနည်းမှီ၍ ဝါသနာရှင်များကိုယ်လိုရာကို တက်လှမ်းနိုင်ကြပါသည်။

ဖမ်းမိထားတဲ့ ရွှေဝါရောင်ဓာတ်သား -

(၁) သွပ်ပြဒါးတွဲ (၁)ကျပ်သားထိုးရင် -

(၂) နဝင်းဆေးက (၁)ကျပ်၊ (၄) ပဲသားကိုယူပြီး -

(၃) လုံနံပါတ် (၅) တွင် ဆေး(... ပုံ(၁)ပုံကို အောက်ကခံပြီး -

၎င်းအပေါ်မှ ဓာတ်သားထည့်ပြီး... လျှင် ဓာတ်သားပေါ်ကနေ ကျန်နဝင်းဆေး(၃)ပုံ(၂)ပုံကိုသိပ်၍ထည့်ပါ။ (နဝင်းဆေးကို အမှုန့်ညက်အောင်ထောင်းပြီး... ထည့်ပါ။)

(၄) ပြီးရင် သေချာစွာ ဇော်သုံး... မ်ပြီး လုံကိုအခြောက်ခံထားပါ။ အား... အဆင်သင့်ဖြစ်ပြီဆိုရင် ဖိုခွင်အ... အထားမှာ အလယ်ကောင်တည့်တည့်...



www.burmeseclassic.com

www.burmeseclassic.com

မှာ လုံကိုစိုက်လိုက်လျှင် ၎င်းလုံ၏ဘေး ပတ်ပတ်လည်မှာ လက်သုံးလုံးခန့်နေရာ လွတ်ရှိနေရန် (မီးသွေးဖြည့်ရန်နေရာ ကျယ်ဝန်းရန်လိုပါသည်။)

ဒါမှ ကိုယ်ဖမ်းမည့် ဓာတ်သား (၁) ကျပ်သားကို နဝင်းဆေးနှင့်ချုပ်သတ် နေသည့်အချိန်မှာ လိုအပ်တဲ့ မီးချိန်မီး အားကို စံကိုက်မီးပေးနိုင်ရန်ဖြစ်ပါသည်။

အကယ်၍ ဖိုခွင်က လက်(၃)လုံး ပတ်လည်ထက်ပိုကျဉ်း၍နေလျှင်သော် လည်းကောင်း (သို့) ၎င်းထက်ပို၍ကျယ် နေမည်ဆိုခဲ့လျှင် ဓာတ်သတ်၊ဆေးကြိုက်၊ မီးမကိုက်ဘဲ ဓာတ်မသေ မြွေမရဖြစ် တတ်ပါသည်။

ဖိုခွင်အနေအထားက အသင့်ဖြစ် ပြီဆိုလျှင် သုံးစွဲမည့်လောင်စာမီးသွေးပိုင်း ကို တင်ပြပါမည်။

၎င်းနဝင်းဆေးနှင့်ဓာတ်သတ်တဲ့ လုပ်နည်းလမ်းစဉ်မှာ သုံးစွဲရမည့်မီးသွေး သည် 'ထမင်းချက်မီးသွေး၊ ခဝါမီးသွေး၊ နံပြားမီးသွေး' စတဲ့ တန်းမဝင် စံမကိုက် သည့်မီးသွေးအညံ့များကို လုံးဝသုံးစွဲလို့ မရပါ။

ပန်းပဲမီးသွေး၊ ပျဉ်းကတိုး၊ သပြေ၊ မဲဇလီ စသည့် အသားမှရသောမီးသွေး ကောင်းကိုသုံးရပါမည်။

အကြောင်းမှာ -

မီးသွေးအညံ့များသည် တစ်ချိန် လုံး မီးသွေးထပေါက်နေပြီး ပြာမှုန်ထွက် သွားပြီး လိုအပ်တဲ့မီးရှိန်မီးအားကိုမရဘဲ ထမင်းအိုးမနပ်သလိုဖြစ်ပြီး ဓာတ်ကို ဆေးအားနှင့်သေအောင်သတ်၍မရဖြစ် တတ်ပါသည်။

ဒီလုပ်နည်းစနစ်မှာ မီးသွေး ကောင်းကောင်းနှင့် ပထမမီးသွေး(၁)အုပ် မှာပင်ထည့်ထားတဲ့ နဝင်းဆေးများအား လုံးအရည်ပျော်စေပြီး ၎င်းနဝင်းဆေး မှာပါဝင်နေတဲ့ ပြဒါးဓာတ် 'အခိုးငွေ့ နဂါးငွေ့' များနှင့် ဓာတ်သားကို ရစ်ပတ် နှောင်ဖွဲ့ပြီးသေအောင်သတ်ရမည့်ဖြစ်စဉ် မို့ မီးသွေးကောင်းကောင်းကိုသုံးရန် အလွန်လိုအပ်လှပါသည်။

(ဆေးကောင်းပြီး လုပ်သလိုမဖြစ် ကြခြင်းမှာ မီးလိုအပ်ချက်ကြောင့်ဆိုတာ သိစေချင်ပါသည်။)

'ခြောက်သွေ့သည့်မီးသွေးဖြစ်ရန် လည်း လိုအပ်ပါသည်'။

မီးသွေးအပိုင်းပြီးတော့ မီးနေလုံ့ ထားအနေမှာ လုံကိုခါးတိုက်အနေထက် အောက်ကိုချထားပြီး နှာဝလေပေါက်နဲ့ လုံနှုတ်ခမ်းမှာ လုံအရှည်ရဲ့ (၄)ပုံ(၁)ပုံ အနေအထားချိန်၍ လုံကိုထည့်ထားပါ။ လုံပတ်လည်တွင် မီးသွေးကို အခဲညီညီ လေးများရွေးပြီး လုံနှုတ်ခမ်းနားအထိ သေချာစွာစီထည့်ပါ။

ပြီးရင် မီးစွဲပြီးနေတဲ့ မီးသွေးခဲကြီး ကြီး(၁)ခဲကို ဖိုနှာဝမှာတော့ထားပြီး အပေါ် က မီးသွေးခဲလက်တစ်ဆုပ်ခန့်အုပ်ထည့် ပြီး ဖိုကိုဆွဲပေးပါ။ မီးစပျိုးတဲ့ မီးသွေး တစ်ဆုပ်စာအကုန်လုံးမီးစွဲ၍မီးညီသွားပြီ ဆိုလျှင်-

ဖိုခွင်တစ်ဝက်အထိ မီးသွေးထပ် ဖြည့်ပြီးဆက်ဆွဲပါ။ ဖိုဆွဲတာကိုလုံးဝရပ် ပြီး မီးသွေးထည့်တာမျိုးမလုပ်ရပါ။ ဖိုဆွဲ နေရင်းနှင့်မီးသွေးဖြည့်ထည့်ပါ။ ၎င်းဖိုခွင် တစ်ဝက်ထည့်ထားတဲ့မီးသွေးများမီးညီ လာပြီဆိုမှ ဖိုခွင်အပြည့်မီးသွေးဖြည့်ထည့် ဖိုကိုမှန်မှန်ဆွဲ၍သွားပါ။

၎င်းနည်းအတိုင်း မီးသွေးများကျ သွားပြီး လုံထိပ်ပေါ်ခါနီးမှာ နောက်ထပ် မီးသွေးအသစ် (၁)အုပ်စာထပ်ဖြည့်ပြီး ဆက်ဆွဲပါ။ 'ဖိုကိုလုံးဝရပ်နားပြီး မီးသွေး ထည့်ခြင်းမလုပ်ရပါ'။

ဒုတိယ မီးသွေးကျသွားပြီဆိုလျှင်၊ (၁)ပေါက်ဖိုဆိုလျှင် ဖိုကြိုးဆွဲတာခဏရပ် ပြီး လုံကို (၉၀)ဒီဂရီလှည့်ပေးပါ။ စကြာ



ဖိုဆိုလျှင် လှည့်စရာမလိုပါ။

တတိယ မီးသွေး(၁)အုပ်ဖြည့်၍ ဆက်ဆွဲပြီး မီးသွေး (၃)အုပ်ကျပြီဆိုလျှင် လုံကို အပေါ်သို့ လက်(၁)လုံးခန့်ဆွဲတင် ပြီး မီးသွေးဖြည့်၍ဆက်ထိုးပါ။ ၎င်းနည်း အတိုင်း မီးသွေး (၁) အုပ်ကျလျှင် လုံ လက်(၁)လုံးခန့် ဆွဲတင်ပေးသွားခြင်းကို လုံခါးတိုက်အနေရောက်သည်အထိ နောက်ထပ် မီးသွေး (၄-၅)အုပ်ခန့်အထိ ထိုးသွားရပါသည်။

လုံခါးတိုက်အနေမှာ နောက်ထပ် မီးသွေး(၂)အုပ် ဆက်ထိုးပေးလိုက်မည် ဆိုလျှင် အစမှအဆုံးအထိ မီးသွေး(၉) အုပ်ကုန်ပြီဆိုလျှင် ဖိုကို အေးထားပြီး လုံကို အေးမှထုတ်ယူပါ။

ယခုတင်ပြခဲ့တဲ့ နည်းစဉ်အတိုင်း ဖိုထိုးသွားမည်ဆိုလျှင် မီးသွေး (၂) အုပ် နှင့် (၄)အုပ်အကြားမှာ မီးရောင်တွေ ဖြူပြာရောင်အခိုးများပါလာတတ်သည်။ ၎င်းသည် ဓာတ်ထွက်ခြင်းမဟုတ်ဘဲ နဝင်းဆေးမှာပါသည့်ဆေးခိုးများဖြစ်၍ ကြောက်စရာမလိုပါ။ လုံကိုအလိုချမ်းစေ ပြီး လုံခွဲကြည့်လိုက်လျှင် ဓာတ်သားက လုံအောက်ခြေမှာကပ်နေပြီး အပေါ် မျက်နှာပြင်မှာ ချော်ဆေးများမရှိဘဲ အနက်ရောင်ဓာတ်အကြွပ်အဆတ်ပိုင်း က အပေါ်မှာကပ်နေပြီး အောက်ပိုင်းက ဓာတ်သားကောင်းကတစ်ပိုင်းဖြစ်၍ တွဲ နေပါသည်။

၎င်းကို လုံရိုက်တံဖြင့် အသာရိုက် ထုတ်လိုက်လျှင် အပေါ်မှအကြွပ်အနက် အဆတ်အသား(၁)မတ်သားခန့်ကွာထွက် သွားပြီး အောက်ပိုင်းမှာ နီဝါရောင်ဓာတ် သား (၃) မတ်သားခန့် တင်ကျန်၍ ဓာတ်သေအဖြစ် ရရှိပါပြီ။

အပေါ်ယံကအနက်ရောင်အကြွပ် အဆတ်အသားများသည် ဓာတ်သားထဲ မှာရှိနေတဲ့ အညစ်အကြေးမလများနှင့် နဝင်းဆေးအငွေ့ကို ရစ်ပတ်နှောင်ဖွဲ့၍ ဖြစ်လာခြင်းဖြစ်ပါသည်။

ဒီအဆင့်မှာ ဓာတ်သေအဖြစ်သို့ရ ပြီဖြစ်သော်လည်း ဓာတ်သားအကြမ်း အဆင့်သာရှိပါသေးသည်။ အချောအ မောဓာတ်သားချောဖြစ်စေရန် အဆင့် (၂) ဆင့် ကျန်နေပါသေးသည်။

ရှေ့လတွင်
ဆက်လက်တင်ပြပေးပါမည်။

မင်းချမ်းမြေ့ (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

(ဂ)

၁၉၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်နေ့တွင် လန်ဒန်မြို့မှထုတ်ဝေသော လန်ဒန်တိုင်း(မ်)သတင်းစာကြီး၏မျက်နှာဖုံးတွင် ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့၊ ညနေ (၃) နာရီအချိန်ခန့်တွင် သမိုင်းအဆက်ဆက် တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူအား အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းရှိ 'ဧကရာဇ်တို့၏တောင်ကြား' ('The Vally of The King) ရှိ သင်္ချိုင်းဂူများအတွင်းမှ ရှာဖွေတွေ့ရှိခြင်း' ဟူသော စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသောသတင်းကို ဒေါ်ရော်သီအယ်ဒီဖတ်ရှုရသောအခါ တအံ့တသြဖြစ်ခဲ့ရတော့၏။

အဘယ်ကြောင့်ဆိုသော် ထိုသတင်းအား အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော နာမည်ကျော်သတင်းစာကြီးများဖြစ်သည့် ဒေးလီးတယ်လီဂရပ်(ဖ်)၊ ဒေးလီးအိတ်(စ်)ပရက်(စ်)နှင့် ဒေလီမိုင်ယား အပါအဝင် အခြားသတင်းစာကြီးများတွင် ဖော်ပြခဲ့ခြင်းမရှိသောကြောင့် ဖြစ်သည်။ လန်ဒန်တိုင်း(မ်)သတင်းစာကြီးမှာ အင်္ဂလန်နိုင်ငံတွင် ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးတစ်စောင် ဖြစ်သည်။ နိုင်ငံတကာမှ သတင်းမီဒီယာများက မျှော်ကြည့်ရသော သတင်းစာကြီးတစ်စောင်ဖြစ်၏။ တိကျမှန်ကန်သော သတင်းများကိုသာ ဖော်ပြလေ့ရှိသော သတင်းစာတစ်စောင်ဟု ကမ္ဘာ့နိုင်ငံအသီးသီးရှိ သတင်းစာဖတ်ပရိသတ်များက အသိအမှတ်ပြုထားသော ဝါရင့်သိက္ခာရှိသတင်းတစ်စောင် ဖြစ်သည်။

ထိုစဉ်က ဒေါ်ရော်သီအယ်ဒီမှာ အီဂျစ်နိုင်ငံတွင်ဖြစ်ပွားနေသော ဗြိတိသျှအစိုးရဆန့်ကျင်ရေးနိုင်ငံရေးသတင်းများကို စောင့်ကြည့်လေ့လာနေသောအချိန်ဖြစ်သည်။ ဤအချိန်တွင် လန်ဒန်တိုင်း(မ်)သတင်းစာကြီးက တူတမ်ခမွန်ဘုရင်ကလေး၏ တိမ်မြုပ်နေသော သင်္ချိုင်းဂူကြီးကို ရှာဖွေတွေ့ရှိရသည့်သတင်းအား ဓာတ်ပုံအထောက်အထားများနှင့် ဝေဝေဆာဆာဖော်ပြခဲ့သဖြင့် ထိုသတင်းကို ဒေါ်ရော်သီအယ်ဒီအဖို့ ဖန်တစ်ရာတေအောင် အကြိမ်ကြိမ်ဖတ်ရှုခဲ့မိ၏။

တိမ်မြုပ်နေသော တူတမ်ခမွန်ဘုရင်ကလေး၏သင်္ချိုင်းဂူအား ဗြိတိသျှအီဂျစ်ရှေးဟောင်းယဉ်ကျေးမှုလေ့လာရေးသမားများသည် ဆယ်နှစ်တိုင်တိုင်ရှာဖွေတူးဖော်ခဲ့ရခြင်းဖြစ်ရာ ထိုသတင်းမှာ ကမ္ဘာတစ်ဝန်းလုံးသို့ ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့သည်။ အီဂျစ်နိုင်ငံ

# လှမိုး(ပညာရေး)
# နိုင်းမြစ်ကမ်းမှလျှမ်းရိပ်သာ
## (အခန်းဆက်ဆောင်းပါး)





www.burmeseclassic.com

www.burmeseclassic.com



သမိုင်းနှင့်အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုကို အသက် (၇) နှစ်ရွယ်ကစ၍ တစိုက်မတ်မတ်လေ့လာခဲ့သူ ဒေါ်ရော်သီအယ်ဒီအဖို့ ယင်းသတင်းမှာ ထက်ကောင်းကင်မိုးပြာထက်မှ မိုးသားတိမ်လိပ်မရှိဘဲ ရုတ်တရက် မိုးကြိုးပစ်ချသကဲ့သို့ဖြစ်ခဲ့ရ၏။

မှန်ပါသည်။ အီဂျစ်နိုင်ငံ၏မင်းဆက်

www.burmeseclassic.com

www.burmeseclassic.com

များတွင် တူတမ်ခမွန်ဘုရင်ကလေးသည် အသက်အငယ်ဆုံး ဖာရိုဘုရင်တစ်ပါး ဖြစ်သည်။ အသက် (၉) နှစ်တွင် ဘုရင်ဖြစ်လာခဲ့သည်။ ထီးနန်းသက်ကိုးနှစ်သာ အုပ်စိုးစံမြန်းခဲ့သည်။ ခရစ်တော်မပေါ်မီ ၁၃၅၀ ပြည့်နှစ်၊ သက်တော် (၁၈) နှစ်အရွယ်တွင် အံ့ဩဖွယ်ကောင်းသော အကြောင်းအခြင်းအရာတစ်ခုကြောင့် ကံတော်ကုန်ခဲ့ရသည်။ (ယနေ့ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုသုတေသီများနှင့် ဆေးပညာရှင်များ၏သုတေသနပြချက်အရ ဘုရင်ကလေး အိပ်စက်နေစဉ် ဦးခေါင်းအား လေးလံသော တစ်စုံတစ်ရာပစ္စည်းတစ်ခုဖြင့် ထုရိုက်လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။)

ဤသို့သော အခြေခံအချက်အလက်များကြောင့် သမိုင်းသုတေသီအများသည် တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူအား (၁၀)နှစ်တိုင်တိုင် ရှာဖွေခဲ့ခြင်းဖြစ်သကဲ့သို့ ထိုလျှို့ဝှက်ဆန်းကြယ်သော ဘုရင်ကလေး၏ ဖြစ်စဉ်ကြောင့် ရုတ်ခြည်းထင်ပေါ်လာခဲ့ခြင်း ဖြစ်၏။ အီဂျစ်သမိုင်းပညာရှင်များ၊ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုကို စိတ်ဝင်စားသူများ၊ အီဂျစ်ရှေးဟောင်းအမွေအနှစ်များကို တစိုက်မတ်မတ်စုဆောင်းသူများအဖို့ တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူအား ရှာဖွေတွေ့ရှိခြင်းသည် ဗုံးတစ်လုံးပေါက်ကွဲသကဲ့သို့ အုတ်အော်သောင်းတင်းဖြစ်ခဲ့ရတော့သည်။

ထိုနည်းတူစွာပင် ဤသင်္ချိုင်းဂူဟောင်းအားရှာဖွေတူးဖော်မိခဲ့ကြသော ဗြိတိသျှလူမျိုးဖြစ်ပြီး အီဂျစ်ပြည်၏ သမိုင်း၊ အီဂျစ်လူမျိုးတို့၏ ဓလေ့ထုံးစံနှင့် ကိုးကွယ်မှုဘာသာတို့ကို ကျွမ်းကျင်နားလည်သူ ဟောင်ဝပ်ကာတာဆိုသော သမိုင်းသုတေသီသည် လည်းကောင်း၊ ဤတိမ်မြုပ်နေသော ဂူသင်္ချိုင်းရှာဖွေရေးတွင် အစစအရာရာ လူရောငွေလုံးငွေရင်းပါ ကျောထောက်နောက်ခံပြုပေးခဲ့သူ ဗြိတိသျှသူကောင်းမြို့စားကြီး ကာနာဗွန်သည် လည်းကောင်း လိုလားမျှော်လင့်ခြင်းမရှိကြပါဘဲနှင့် တစ်မုဟုတ်ချင်း တစ်ချိန်တည်းမှာပင် ဟိုးဟိုးကျော်ခဲ့ကြသည်။

မှန်ပါသည်။ လူတို့၏အသက်အိုးအိမ်စည်းစိမ်ချမ်းသာပေါင်းများစွာကိုသာမက လူသားတို့၏ယဉ်ကျေးမှုစာရိတ္တကိုပါ ယိုယွင်းပျက်စီးစေခဲ့သော ပထမကမ္ဘာစစ်မီးကြီးပြီးဆုံးချိန်နောက်ပိုင်းကာလမှစ၍ အီဂျစ်နိုင်ငံသမိုင်းအဆက်ဆက်စိုးမိုးအုပ်ချုပ်ခဲ့ကြသော ဖာရိုဘုရင်တို့၏ နားစက်ရာချိုင့်ဝှမ်း (The Valley of The Kings) ခေါ်ဒေသသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ သမိုင်းသုတေသနပညာရှင်များအတွက် အလွန့်အလွန်အထူးတလည်စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုတစ်ရပ်ဖြစ်ခဲ့သည်။ ဒေါ်ရော်သီအယ်ဒီအဖို့ ယင်းဒေသတွင် အီဂျစ်ပြည့်ရှင် ဖာရိုဘုရင်တို့၏ မံမီရုပ်အလောင်းတော်များနှင့် အတူတိမ်မြုပ်နေသော၊ လက်လှမ်းမမီခဲ့သော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ သမိုင်းအထောက်အကူပြုပစ္စည်းအများအပြားလည်း တိမ်မြုပ်နေသော သင်္ချိုင်းဂူများတွင်ရှိနိုင်သည့်အကြောင်းကို သူ့ငယ်ဆရာ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပညာရှင် ဒေါက်တာ ဝေါလေ့(စ်)ဘတ်(ဂျ်) က သူ့အား မကြာခဏပြောပြဖူးသဖြင့် သိရှိပြီးဖြစ်သည်သာမက အီဂျစ်နိုင်ငံသမိုင်းအား ဖတ်ရှုလေ့လာစဉ်ကလည်း တူတမ်ခမွန်ဘုရင်ကလေး၏ ထူးခြားဖြစ်စဉ်ကိုလည်း ဖတ်ရှုလေ့လာခဲ့ပြီး ဖြစ်၏။

အီဂျစ်နိုင်ငံအကြောင်း တစိုက်မတ်မတ်လေ့လာခဲ့ရသော ဒေါ်ရော်သီအယ်ဒီမှာ တူတမ်ခမွန်ဘုရင်ကလေး၏ တိမ်မြုပ်နေသောသင်္ချိုင်းဂူကိုတွေ့ရခြင်းသတင်းမှာ ထူးထူးခြားခြားတုန်လှုပ်ချောက်ချားခဲ့မိ၏။ ဤသတင်းနှင့်အတူ ကောလာဟလယုံတမ်းသတင်းမျိုးစုံကိုလည်း အခြားသတင်းစာကြီးများကဖော်ပြခဲ့ရာ သူ့အဖို့ အံ့ဖွယ်သူရဲဖြစ်ခဲ့ရသည်။

ဤသို့အတွင်း ယင်းသင်္ချိုင်းဂူဖွင့်ပွဲအား ကာတာနှင့် မြို့စားကြီးကာနာဗွန်းတို့သည် အီဂျစ်အစိုးရရှေးဟောင်းယဉ်ကျေးမှုဌာန၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲပြုလုပ်ခဲ့သည်ဟုဆိုသည်။ ပို၍ ယုံတမ်းကောလာဟလသတင်းများထွက်ပေါ်လာရန်ဖြစ်လာသောအချက်မှာ ယင်းသင်္ချိုင်းဂူဖွင့်ပွဲသို့ သတင်းမီဒီယာအများထဲမှ လန်ဒန်တိုင်း(မ်)သတင်းစာမှ သတင်းထောက် အာသာမာထန်ဆိုသူတစ်ဦးသာ တက်ရောက်ခွင့်ပြုခဲ့ရာ ကာတာနှင့် ကာနာဗွန်တို့သည် စာနယ်ဇင်းသမားများ၊ သတင်းမီဒီယာသမားများအား မထီမဲ့မြင်ပြုသကဲ့သို့၊ အခြေအနေကို ဖန်တီးသကဲ့သို့ဖြစ်၏။

ထူထပ်ခမွန်ဘုရင်ကလေး၏သင်္ချိုင်းဂူတွေ့ရှိရသည့် သတင်းထူးများကိုမူ လန်ဒန်တိုင်း(မ်)သတင်းစာက လက်ဝါးကြီးအုပ်ထားခဲ့သည်။ အီဂျစ်နိုင်ငံမှထုတ်ဝေသော ဒေသခံသတင်းစာများမှ သတင်းထောက်များ၊ အမေရိကန်ပြည်ထောင်စုရှိ သတင်းစာတိုက်ကြီးများမှ သတင်းအယ်ဒီတာနှင့် သတင်းထောက်များ၊ အခြားဥရောပတိုက်နိုင်ငံများမှ သတင်းစာကြီးများ၏ သတင်းထောက်များကိုလည်း တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူဖွင့်ပွဲအား တက်ရောက်စေခြင်းမပြုခဲ့။

သို့ဖြစ်၍ ယုံတမ်းကောလာဟလသတင်းများကျယ်ကျယ်ပြန့်ပြန့်ကြီးထွားလာသည်။ ဒေသခံသတင်းစာများကလည်း ထိုကောလာဟလသတင်းများကို အခြေခံ၍ ဖော်ပြကြသည်။ ဒေသခံသတင်းစာတစ်စောင်ကမူ တူတမ်ခမွန်ဘုရင်ကလေးသင်္ချိုင်းဂူအတွင်းမှတွေ့ရှိရသော ရတနာပစ္စည်းများနှင့် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများကို ကာတာနှင့်လော့ကာနာဗွန်တို့ကသိုဝှက်ထားပြီး လေယာဉ်ပျံငယ်ဖြင့် ခိုးထုတ်သည်ဟုဆိုသည်။ လေယာဉ်ငယ်သုံးစင်းသည် တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူရှိရာ ချိုင့်ဝှမ်းအနီးရှိ ယာတောများတွင်ဆင်းသက်သည်ကို အီဂျစ်လူမျိုးယာသမားများကတွေ့ရသည် ဟူသောသတင်း၊ တူတမ်ခမွန်ဘုရင်ကလေး၏ ဂူအတွင်းမှ တန်ဖိုးမဖြတ်နိုင်သော ရွှေငွေရတနာများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း(၅၀၀၀)ကျော်အနက် အချို့ကိုသာ သက်ဆိုင်ရာတာဝန်ရှိသူများအားပြသသည်ဟူသော သတင်းများလည်း တောမီးပမာပျံ့နှံ့လာခဲ့၏။

ဤတွေ့ရှိချက်များကို နိုင်ငံတကာမှ သတင်းမီဒီယာများနှင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးသူများက မှတ်တမ်းတင်ရုပ်ရှင်ရိုက်ကူးရန် ကမ်းလှမ်းခဲ့သော်လည်း ကာတာနှင့် လော့(ဒ်)ကာနာဗွန်တို့ကပယ်ချခဲ့သဖြင့် ကောလာဟလယုံတမ်းသတင်းများ ပိုမိုကြီးထွားလာခဲ့သည်။ ဤကဲ့သို့ နိုင်ငံတကာမှ တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူတွေ့ရှိမှုနှင့် ပတ်သက်၍ သံသယအမျိုးမျိုးဝင်နေချိန်တွင် မြို့စားကြီးလော့(ဒ်)ကာနာဗွန်သည် ဤတွေ့ရှိမှုနှင့်ပတ်သက်သော သတင်းမှန်သမျှ သတင်းများကို လန်ဒန်တိုင်း(မ်)သတင်းစာတစ်စောင်တည်းကသာ ရှေးဦးစွာသတင်းပေးပို့၍ ထည့်သွင်းရမည်ဟု စာချုပ်ချုပ်ဆိုသည်။

ထိုစာချုပ်အတွက် နိုင်ငံတကာ

www.burmeseclassic.com

သတင်းစာတိုက်များ၊ သတင်းမဂ္ဂဇင်းတိုက်များသတင်းကိုယ်စားလှယ်များက ပြင်းပြင်းထန်ထန် ကန့်ကွက်ဆန့်ကျင်သည့်ဂယက်ပြင်းထန်စွာရိုက်ခတ်လာခဲ့၏။ ကိုင်ရိုမြို့တော်ရှိ ရှေးဟောင်းအနုပညာပစ္စည်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ညွှန်ကြားရေးမှူးဖြစ်သူ လာကောကလည်း ထိုဂယက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်လာခဲ့သည်။ ဒေသခံသတင်းစာများကလည်း နိုင်ငံခြားသတင်းကိုယ်စားလှယ်များ၊ သတင်းထောက်များ၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ကန့်ကွက်မှုများ ဖြစ်ပွားလာခဲ့၏။

ဤဖြစ်ရပ်များထက် ပို၍ဆိုးစေသည်မှာ နိုင်ငံတကာမှ တူတမ်ခမွန်ဘုရင်ကလေး၏သင်္ချိုင်းဂူသို့ လာရောက်လေ့လာရန်ခရီးထွက်လာသူထောင်ပေါင်းများစွာအား တူတမ်ခမွန်ဘုရင်ကလေးသင်္ချိုင်းဂူအား ကြည့်ရှုခွင့်မပေးသဖြင့် ဆူဆူပူပူဖြစ်လာခဲ့သည်။

သင်္ချိုင်းဂူကိုလည်း ကာတာနှင့်မြို့စားကြီး လော့(ဒ်)ကာနာဗွန်တို့က ယာယီပိတ်ထားပြီး အစောင့်များချထားခဲ့၏။ သို့သော် အမေရိကန်ပြည်ထောင်စုရှိ နာမည်ကျော် မက်ထရိုပိုလီတန်ပြတိုက်ကြီးမှ တာဝန်ရှိသူများနှင့်ဆက်သွယ်၍ တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူအတွင်းမှ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများနှင့် မံမီရုပ်အလောင်းအား စနစ်တကျသိပ္ပံနည်းကျ စူးစမ်းလေ့လာရေးပြုလုပ်ရန် တိတ်တဆိတ်ဆောင်ရွက်နေသည်ဟူသောသတင်း ထွက်ပေါ်လာခဲ့သည်။

ကာတာနှင့် လော့ကာနဗွန်သည် မက်ထရိုပိုလတန်ပြတိုက်မှ အကူအညီခေါ်ထားသော ဓာတ်ပုံဆရာ ဟယ်ရီဘာတန်အား ဓာတ်ပုံကူးရန် အခန်းတစ်ခန်းပေးအပ်ထားပြီး တူတမ်ခမွန်ဘုရင်ကလေး၏ဂူအတွင်းတွေ့ရသောပစ္စည်းမှန်သမျှကို အီဂျစ်အစိုးရ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများ၏ သဘောတူညီမှုရယူခြင်းမရှိဘဲ ဓာတ်ပုံရိုက်ကူးခြင်း၊ မှတ်တမ်းတင်ခြင်းစသောလုပ်ငန်းများပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ဤသတင်းများကို အင်္ဂလန်နိုင်ငံအပါအဝင် နိုင်ငံတကာမှ သတင်းစာကြီးများက အကျယ်တဝင့် ရေးသားဖော်ပြခဲ့သဖြင့် ပွဲဆူခဲ့ရသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်မူ မြို့စားကြီးကာနဗွန် ဦးစီးဦးဆောင်သဘာပတိအဖြစ်ဖွဲ့စည်းထားသောအဖွဲ့ကြီးက တိမ်မြုပ်နေသော တူတမ်ခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူနှင့် ဘုရင်ကလေး၏ မံမီအလောင်းထားရာခန်းမဆောင်ကို လူသိရှင်ကြားဖွင့်လှစ်သည့် အခမ်းအနားကို ပြုလုပ်မည်ဟု စီစဉ်ခဲ့သည်။

သို့ဖြစ်၍ ယခင်က လူသိနည်းလှသော 'နိုင်းမြစ်ကမ်းရှိ ဘုရင်များ၏ ချိုင့်ဝှမ်း' ဟု ကင်ပွန်းတပ်ထားသော ဖာရိုဘုရင်များ၏သင်္ချိုင်းဂူများလှို့ဝှက်တည်ဆောက်ထားသည့်ဒေသသည် ကမ္ဘာ့နိုင်ငံအသီးသီးက အာရုံစိုက်ရာအရပ်ဒေသတစ်ခုဖြစ်ခဲ့သည်။ ထိုအချိန်တွင် ကိုင်ရိုမြို့တော်၌ မကြာသေးမီကာလက မှဖွင့်လှစ်ခဲ့သော ကြေးနန်းသတင်းဌာနသည် အထက်ဖော်ပြပါအခမ်းအနားနှင့်ပတ်သက်သောသတင်းအချက်အလက်အပြည့်အစုံကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ နေ့စဉ်ပို့လွှင့်ခဲ့ရာ ထိုသတင်းမှ ကမ္ဘာ့နိုင်ငံအသီးသီးမှထုတ်ဝေသော သတင်းစာကြီးများ၏ မျက်နှာဖုံးသတင်းဖြစ်ခဲ့သည်။

ကမ္ဘာ့လူကုံထံအသိုင်းအဝိုင်းမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ နာမည်ကြီးပုဂ္ဂိုလ်များ၊ ကျော်ကြားသော အနုပညာရှင်များ၊ အာရပ်ကမ္ဘာမှ လူသိများသော စူလတန်ဘုရင်များ၊ စော်ဘွားများ သီးသန့်ရွေးချယ်ဖိတ်ကြားထားသူ (၂၀)တို့အား တူတမ်ခမွန်ဘုရင်၏အသုံးအဆောင်ပစ္စည်းများနှင့်မံမီရုပ်အလောင်းတော်ကို လေ့လာကြည့်ရှုခွင့်ပေးခဲ့သည်။

ဤသို့ လူကုံထံအသိုင်းအဝိုင်းအားကြည့်ရှုခွင့်ပေးပြီး နောက်ပိုင်းနှစ်ရက်ကိုမူ ကမ္ဘာ့သတင်းမီဒီယာလောကမှသတင်းအယ်ဒီတာများနှင့်အထူးသတင်းထောက်များအား စနစ်တကျလေ့လာခွင့်ပြုခဲ့သည်။

ကမ္ဘာပေါ်တွင်စံနမူနာတင်လောက်အောင် သမိုင်းတစ်ကွက်အတွက် ကြီးစွာသော အကျိုးအမြတ်ထွက်ခဲ့သည့် ဤဖြစ်စဉ်ကြီးသည် လူတကာအတွက် နှစ်ထောင်းအားရဖြစ်စေခဲ့သည်။ အထူးသဖြင့် ဤဖြစ်စဉ်ကြီးကို တစိုက်မတ်မတ်စောင့်ကြည့်နားစွင့်ခဲ့ရသော ဒေါ်ရော်သီအယ်ဒီမှာ သူဖခင်တာဝန်ပေးထားသော ရုပ်ရှင်လုပ်ငန်းသစ်အတွက် လေ့လာရေးအစီအစဉ်များကိုကျောခိုင်း၍ ဤဘုရင်ကလေး သင်္ချိုင်းဂူတွေ့ရှိမှုကို အသေးစိတ်စောင့်လေ့လာခဲ့သည်။ ဤသတင်းများလှိုင်နေစဉ်တွင် အင်္ဂလန်နိုင်ငံမှထုတ်ဝေသောဒေးလီးမေ(လ်)သတင်းခေါင်းစီးကြီးတွင် ဆောင်းပါးရှင်တစ်ယောက်က အီဂျစ်နိုင်ငံမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ပြည်ပသို့ တရားမဝင်ခိုးထုတ်နေသည့် ဂိုဏ်းတစ်ဂိုဏ်းအကြောင်းနှင့် ထိုရှေးဟောင်းပစ္စည်းများကို တိတ်တဆိတ်ဝယ်ယူနေသောရှေးဟောင်းပစ္စည်းရောင်းချသူများနှင့် ရှေးဟောင်းပစ္စည်းစုဆောင်းကြသော လူကုံထံများအကြောင်း ရေးသားဖော်ပြခဲ့သည့် ဆောင်းပါးတစ်စောင်ပါဝင်လာခဲ့သည်။

ဤဆောင်းပါးရှင်ရေးသားသောဆောင်းပါးအား ထောက်ခံရေးသားထားသည့် ဆောင်းပါးတစ်စောင်ကိုမူ ဒေါ်ရော်သီအယ်ဒီသည် ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာတွင် ဖတ်ရှုခဲ့ရသည်။ ဤဆောင်းပါးကိုရေးသားသည့် ဆောင်းပါးရှင်မှာ အီဂျစ်အမျိုးသား ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုပညာရှင် ပါမောက္ခစလင်ဟူစိန်ဆိုသူ ဖြစ်သည်။ ပါမောက္ခဟူစိန်မှာနှယ်နှယ်ရရပုဂ္ဂိုလ်တစ်ဦးမဟုတ်ပေ။ အောက်(စ်)ဖို့(ဒ်)နှင့် ကင်းဘရစ်(ချ်)တက္ကသိုလ်တို့မှ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပညာရှင်များကိုယ်တိုင်ကလေးစားရသူတစ်ဦးဖြစ်သည်သာမက အမေရိကန်ပြည်ထောင်စုမှ အီဂျစ်သမိုင်းသုတေသီ ဂျိမ်း(စ်)ဘရက်(စ်)စတက်ကိုယ်တိုင် ချီးမွမ်းပြောဆိုခြင်းခံရသူဖြစ်၏။ ပါမောက္ခစလင်ဟူစိန်သည် အီဂျစ်နိုင်ငံ ဂီဆေးတွင်ရှိသော မဟာပိရမစ်ကြီး၏အနီးရှိ ဖာရိုဘုရင်တို့၏ သင်္ချိုင်းဂူများကို အီဂျစ်အစိုးရယဉ်ကျေးမှုဌာန၏တာဝန်ရှိသူများနှင့်ပူးပေါင်း၍ တူးဖော်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အမျိုးသားပြတိုက်ကြီးကို တည်ထောင်ရာတွင် ပြင်သစ်အမျိုးသားအီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပါရဂူများနှင့် ပူးတွဲဆောင်ရွက်ခဲ့သူလည်းဖြစ်၏။ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဘာသာရပ်ကို လက်တစ်ဆုံးနှိုက်တတ်မြောက်ကျွမ်းကျင်သူတစ်ယောက်ဟူ၍ သမိုင်းသုတေသီအများက ယူဆထားသူဖြစ်၏။

ပါမောက္ခစလင်ဟူစိန်ဆောင်းပါးတွင် အီဂျစ်အမျိုးသားတို့၏ ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုပစ္စည်းများကို အီဂျစ်နိုင်ငံမှဝိသမလောဘသားတို့သည် အမေရိကန်ပြည်ထောင်စု ပြင်သစ်နိုင်ငံ၊



www.burmeseclassic.com

www.burmeseclassic.com

ဂျာမနီနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့ရှိပြတိုက်ကြီးများနှင့် ရှေးဟောင်းပစ္စည်းရောင်းချသည့်ဆိုင်များ၊ ရှေးဟောင်းပစ္စည်းစုဆောင်းသူ လူကုံထံများထံ တိုက်တဆိတ် ရောင်းချလျက်ရှိသည်သာမက အီဂျစ်အမျိုးသားဒုစရိုက်သမားအချို့ကလည်း မံမီအလောင်းများ၏ အသားစများကိုစားသုံးခြင်းဖြင့် (၉၆) ပါးသောရောဂါဝေဒနာအမျိုးမျိုးကို ပျောက်ကင်းစေသည်ဟုဆိုကာ မံမီရုပ်အလောင်းများကိုရောင်းချကြပုံ၊ အီဂျစ်နိုင်ငံသို့လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်အများကလည်း အီဂျစ်နိုင်ငံသို့ရောက်သည့်နှင့် ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို အမှတ်တရအနေဖြင့် ဝယ်ယူကြပုံတို့ကို ရေးသားဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တော်ရှိ လူဗွားပြတိုက်ကြီး၊ ဂျာမနီနိုင်ငံ ဘာလင်မြို့မှ အမျိုးသားပြတိုက်နှင့် အမေရိကန်ပြည်ထောင်စုမှ ပြတိုက်အများသည် အီဂျစ်အမျိုးသားတို့၏ အမွေအနှစ်ဖြစ်သော ရှေးဟောင်းပစ္စည်းများနှင့် အီဂျစ်ရှေးဟောင်းကျူရိုးပုရပိုက်များကို ပြောင်ပြောင်တင်းတင်းဝယ်ယူစုဆောင်းခဲ့သည်ဟူ၍လည်း စလင်ဟူစိန်က အထောက်အထားသာကေ စုံစုံလင်လင်နှင့် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် အင်္ဂလန်နိုင်ငံသည် အီဂျစ်နိုင်ငံအား အထူးအကာအကွယ်ပေးရသော နိုင်ငံတစ်နိုင်ငံဖြစ်ရကား အီဂျစ်နိုင်ငံမှ အီဂျစ်လူမျိုးတို့၏ ရှေးဟောင်းပစ္စည်းများသမိုင်းမှတ်တမ်း၊ ကျူရိုးပုရပိုက်များ၊ ရှေးဟောင်းကျောက်စာတိုင်များကို အီဂျစ်အစိုးရ၏ သဘောတူညီချက်နှင့် ပြောင်ပြောင်တင်းတင်းယူဆောင်၍ လန်ဒန်မြို့ အမျိုးသားပြတိုက်တွင်ပြသထားခဲ့ကြောင်း၊ ထိုအီဂျစ်အမျိုးသားများ၏ အမွေအနှစ်ပစ္စည်းများသည် အီဂျစ်အမျိုးသားများသာ ပိုင်ဆိုင်သင့်သဖြင့် ထိုပစ္စည်းများကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အီဂျစ်အမျိုးသားပြတိုက်ကြီးသို့ ပြန်လည်ပေးပို့သင့်သည်ဟု စကားလုံးပြောင်ပြောင်ဖြင့် ရေးသားဖော်ပြခဲ့သည်။

ပါမောက္ခစလင်ဟူစိန်၏ဆောင်းပါးမှာ အနောက်နိုင်ငံအသီးသီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းစုဆောင်းသူများ၊ သမိုင်းသုတေသီများအတွင်း ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့သည်။ ဤဆောင်းပါးကိုဖတ်ရှုရသော ဒေါ်ရော်သီအယ်ဒီအဖို့ စိတ်ထိခိုက်ခဲ့သည်။ သူကိုယ်တိုင် ကျောင်းသူဘဝကပင် အီဂျစ်ရှေးဟောင်းပစ္စည်းများ တစိုက်မတ်မတ်စုဆောင်းလာခဲ့သည်။ သို့ဖြစ်၍ သူစုဆောင်းထားသော အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အမျိုးသားပြတိုက်ကြီးသို့ ပါမောက္ခစလင်ဟူစိန်ထံမှတစ်ဆင့် ပေးပို့လှူဒါန်းရန် စီစဉ်သည်။ ပါမောက္ခစလင်ဟူစိန်ထံသို့လည်း စာရေး၍ အဆက်အသွယ်ပြုခဲ့သည်။ ထိုအချိန်တွင် အီဂျစ်နိုင်ငံတွင် ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားနေသောအချိန်ဖြစ်သဖြင့် အင်္ဂလန်နိုင်ငံမှ စုံထောက်နှင့်ရဲအဖွဲ့ဝင်များသည် အင်္ဂလန်နိုင်ငံတွင် နေထိုင်သော အီဂျစ်အမျိုးသားများနှင့် အီဂျစ်နိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုအား သံယောဇဉ်ရှိသူများကို မျက်ခြည်မပြတ်စောင့်ကြည့်ခဲ့ကြသည်။ဤသို့စောင့်ကြည့်ခြင်းခံရသူများတွင် ဒေါ်ရော်သီအယ်ဒီမှာ ပါဝင်လာခဲ့သည်။ အီဂျစ်နိုင်ငံသို့ စာများပေးပို့သည်ကို စုံစမ်းတွေ့ရှိလာခဲ့ကြသည်သာမက ကိုင်ရိုအီဂျစ်အမျိုးသားတက္ကသိုလ်ကျောင်းတိုက်ကြီးသမိုင်းဌာနမှ ပါမောက္ခစလင်ဟူစိန်ထံ စာတိုက်မှ ပါဆယ်များပေးပို့သည်ဟူသော သတင်းအစအနများကို ပလိုင်းမောက်မြို့စာတိုက် အမှုထမ်းများထံမှ ရဲသတင်းပေးများက ရရှိခဲ့ကြသည်။

သို့ဖြစ်၍ ဒေါ်ရော်သီအယ်ဒီမှာ ပလိုင်းမောက်ရဲအဖွဲ့မှ မျက်ခြည်မပြတ်စောင့်ကြည့်ခြင်းခံရသူဖြစ်လာသည်။ သူ၏ကိုယ်ရေးရာဇဝင်များကိုလည်း ရဲနှင့်စုံထောက်တို့က စုံစမ်းထောက်လှမ်းခြင်းများပြုလာခဲ့ကြရာ ဒေါ်ရော်သီမှာ အီဂျစ်အမျိုးသားလှုပ်ရှားမှုများအား တစ်ဖက်တစ်လမ်းမှ အားပေးအားမြှောက်ပြုနေသည်ဟု ရဲနှင့်စုံထောက်များက သံသယရှိလာခဲ့သည်သာမက ပလိုင်းမောက်မြို့ရှိ ဒေါ်ရော်သီအယ်ဒီတို့အိမ်အား ရဲနှင့်စုံထောက်များကစောင့်ကြည့်ခဲ့ကြသည်။

တစ်ရက်တွင်မူ ပလိုင်းမောက်ရဲအဖွဲ့မှ ရဲအရာရှိတစ်ဦးနှင့် စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ စုံထောက်တစ်ယောက်သည် ပလိုင်းမောက်မြို့ရှိ မစ္စတာရှူဗင်အယ်ဒီနေအိမ်သို့လာရောက်ခဲ့ကြ၏။ မစ္စတာရှူဗင်အယ်ဒီမှာ ပလိုင်းမောက်မြို့မျက်နှာဖုံးလူကုံထံတစ်ဦးဖြစ်ရာ ရဲအရာရှိတစ်ဦးနှင့် စုံထောက်တစ်ဦးတို့ နေအိမ်သို့ လာရောက်၍ စုံစမ်းစစ်ဆေးခြင်းများပြုလုပ်သည်ဟူသော သတင်းပြန့်လာသည်။

ရဲနှင့် စုံထောက်တို့ကမူ ပါမောက္ခစလင်ဟူစိန်ထံပေးပို့သောပါဆယ်ထုပ်တွင် ပလိုင်းမောက်မြို့စာတိုက်တံဆိပ်များပါရှိရာမှ ဒေါ်ရော်သီအယ်ဒီ၏လိပ်စာကိုရရှိပါကြောင်း၊ ဤလိပ်စာအရ ဒေါ်ရော်သီအယ်ဒီကို လာရောက်စစ်ဆေးရခြင်းဖြစ်သည်ဟု ရှင်းပြကြသည်။ ဒေါ်ရော်သီအယ်ဒီကလည်း ပါမောက္ခစလင်ဟူစိန်ရေးသားသော သတင်းစာပါဆောင်းပါးကို ဖတ်ရှုမိရာမှ သူငယ်စဉ်ကျောင်းသူဘဝကတည်းကပင် တစိုက်မတ်မတ်စုဆောင်းထားရှိခဲ့သော အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုနှင့်ပတ်သက်သောပစ္စည်းများနှင့် အီဂျစ်လူမျိုးတို့၏ လက်ဖွဲ့အဆောင်ပစ္စည်းများ၊ အီဂျစ်ပြည် ကိုင်ရိုမြို့ရှိ အမျိုးသားပြတိုက်တွင်ထားရှိသင့်သည်ဟုယူဆ၍ ထိုပစ္စည်းများကို သေတ္တာငယ်တွင်ထည့်ကာ စာတိုက်မှ ပေးပို့ခြင်းသာဖြစ်သည်ဟု ရှင်းပြခဲ့သည်။

ရဲနှင့်စုံထောက်တို့ကမူ မစ္စတာရှူဗင်အယ်ဒီကို သူ၏သမီးဖြစ်သူ ဒေါ်ရော်သီအား အီဂျစ်အမျိုးသားများနှင့် တတ်နိုင်သလောက် ဆက်သွယ်ခြင်းမပြုစေရန်နှင့် အီဂျစ်အမျိုးသားတို့၏ ဗြိတိသျှဆန့်ကျင့်ရေးလှုပ်ရှားမှုများတွင်လည်း ပါဝင်ထောက်ခံခြင်းမပြုစေရန် သတိပေးပြောကြားခဲ့၏။ ဤဖြစ်ရပ်ကိုမူ ဒေါ်ရော်သီအယ်ဒီက ဂရုမပြုခဲ့သော်လည်း မိခင်ဖခင်ဖြစ်သူတို့ကမူ ဒေါ်ရော်သီအယ်ဒီ၏ အီဂျစ်နိုင်ငံနှင့် အီဂျစ်အမျိုးသားများအပေါ် သံယောဇဉ်တွယ်တာမှုအတွက် သောကဝေဒနာအဖြာဖြာကြုံလာခဲ့ရ၏။

၁၉၂၈ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်များသည် ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးအား ထူးထူးခြားခြားတုန်လှုပ်ခဲ့သော နှစ်အပိုင်းအခြားဟုဆိုရမည်ဖြစ်သည်။ လက်တင်အမေရိကနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့မှစတင်ခဲ့သည်ဟု အများက ယူဆထားသော ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြုံလာခဲ့ရသည်။ ထိုကပ်ဆိုးကြီးသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရိုက်ခတ်လာခဲ့သည်။ အထူးသဖြင့် ဗြိတိသျှတို့၏ နေမဝင်သောအင်ပါယာကြီးအတွင်းမှ ဖွံ့ဖြိုးတိုးတက်မှုမရှိသော နိုင်ငံငယ်အများမှ လူထုအဖို့ ထူးထူးခြားခြား ထိခိုက်လာခဲ့သည်။ စိုက်ပျိုးရေးအားထားရသောနိုင်ငံအများမှာ စီးပွားရေးအကျပ်အတည်းအများဆုံးကြုံတွေ့ရသဖြင့် နိုင်ငံရေးမငြိမ်မသက်မှုများပေါ်ပေါက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေးကပ်ဆိုက်လာခဲ့သဖြင့် အလုပ်လက်မဲ့ပြဿနာများလည်း ကြီးထွားလာခဲ့သည်။ အင်္ဂလန်နိုင်ငံမှနာမည်ကျော် သိပ္ပံဝတ္ထုရေးဆရာကြီး အိတ်(ခ်ျ)ဂျီဝယ်(လ်)ကလည်း ဗြိတိသျှအစိုးရသည် သူ၏ကိုလိုနီနိုင်ငံများအပေါ်ထားရှိသောဝါဒကို ပြောင်းလဲပြင်ဆင်ခြင်းမပြုပါက သမိုင်းအဆက်ဆက် နေမဝင်သောအင်ပါယာကြီးဟုကြွေးကြော်ထားသောအင်ပါယာကြီးသည် တစ်စချင်းပဲ့၍ထွက်မည်ဟု တင်ကြိုဟောကိန်းထုတ်ခဲ့ရာ သတင်းမီဒီယာအများက အိတ်(ခ်ျ)ဂျီဝယ်(လ်)၏ ဟောကိန်းကို ထောက်ခံရေးသားလာခဲ့သည်။

ဗြိတိသျှပါလီမန်အတွင်း ကိုလိုနီနိုင်ငံများအပေါ်ထားရှိသည့် ဗြိတိသျှအစိုးရ၏ နိုင်ငံခြားရေးဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်မှုများပြုခဲ့သည်။ အထူးသဖြင့် အီရစ်နိုင်ငံနှင့် အိန္ဒိယာလန်နိုင်ငံတို့တွင်ပေါ်ပေါက်လျက်ရှိသော ဗြိတိသျှအစိုးရဆန့်ကျင်သည့် ဆန္ဒပြမှုများမှာ တစ်နေ့တခြား ကြီးထွားလာခဲ့သည်။ လန်ဒန်မြို့ အခြေစိုက် အီရစ်နိုင်ငံလွတ်လပ်ရေးတောင်းဆိုနေကြသော ပညာတတ် အီရစ်လူငယ်များနှင့် အီရစ်နိုင်ငံသားတို့၏ လွတ်လပ်ရေးတောင်းဆိုမှုကို တရားမျှတသည်ဟု ယူဆထားသည့် ဗြိတိသျှလူမျိုးအများသည် အီရစ်နိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသင့်သည်ဟု တောင်းဆိုကြသည်။ ဤကဲ့သို့ အီရစ်လူငယ်များ၏ တောင်းဆိုမှုများကို တစိုက်မတ်မတ် ထောက်ခံခဲ့သူမှာ ဒေါ်ရော်သီအယ်ဒီဖြစ်၏။

လန်ဒန်တွင် သောင်တင်နေကြသော အီရစ်အမျိုးသားများ၊ လန်ဒန်အောက်(စ်)ဖို့(ဒ်)တက္ကသိုလ်နှင့် ကင်းဘရစ်(ချ်)တက္ကသိုလ်တို့တွင် ပညာဆည်းပူးနေကြသော အီရစ်လူငယ်များနှင့်အီရစ်နိုင်ငံ၏ လွတ်လပ်ရေးလှုပ်ရှားမှုကို ထောက်ခံသောအင်္ဂလိပ်လူမျိုးများသည် အီရစ်ဗြိတိသျှမိတ်ဆွေဖြစ်အသင်းကို တည်ထောင်ခဲ့ကြသည်။ ဤအသင်းကြီးမှ လစဉ် မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေခဲ့သည်။ ဒေါ်ရော်သီအယ်ဒီသည် ဤအီရစ်ဗြိတိသျှမိတ်ဆွေဖြစ်အသင်းမှ ထုတ်ဝေသော လစဉ်ထုတ်မဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ထိုမဂ္ဂဇင်းမှ အယ်ဒီတာအဖွဲ့ကလည်း ဒေါ်ရော်သီ၏ ဆောင်းပါးများကို ဖော်ပြပေးခဲ့ရာ ဒေါ်ရော်သီအယ်ဒီမှာ ဤမဂ္ဂဇင်းကြီး၏ ပင်တိုင်ဆောင်းပါးရှင်ဖြစ်လာခဲ့၏။ အီရစ်ဗြိတိသျှမိတ်ဆွေဖြစ်အသင်းတွင်လည်း ဒေါ်ရော်သီအယ်ဒီမှာ တက်ကြွသော အဝေးရောက်အမှုဆောင်တစ်ဦးဖြစ်လာသည်။ ပလိုင်းမောက်မြို့တွင်လည်း ဤအသင်းကြီးကို စိတ်ဝင်စားသူများအား အသင်းဝင်အဖြစ် ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်ခဲ့၏။

ပလိုင်းမောက်မြို့လေး၏မျက်နှာဖုံးဖြစ်သော ရုပ်ရှင်ရုံပိုင်ကြီးနှင့်စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်ဦးရွက်ဖြစ်နေသော မစ္စတာရှုဗင်အယ်ဒီအဖို့ သူ့အချစ်တော် တစ်ဦးတည်းသော သမီးအတွက် စိတ်ပျက်အားလျော့လာသည်။ ပလိုင်းမောက်ရဲအဖွဲ့နှင့် စုံထောက်တို့ကလည်း ဒေါ်ရော်သီအယ်ဒီသည် ဗြိတိသျှအစိုးရအား ဆန့်ကျင်သူအသိုင်းအဝန်းများနှင့် ရောထွေးယှက်တင်နေထိုင်ခဲ့သည်သာမက ဗြိတိသျှဆန့်ကျင်ရေးဝါဒကို ဖြန့်ဖြူးနေသူဟု ယူဆထားခဲ့၏။

(၉)

၁၉၃၁ ခုနှစ်ဦးတွင်မူ ဒေါ်ရော်သီအယ်ဒီအား လန်ဒန်မြို့အခြေစိုက် အီရစ်ဗြိတိသျှ မိတ်ဆွေဖြစ်အသင်းကြီးမှ အမှုဆောင်များက လန်ဒန်သို့ လာရောက်၍ အသင်းမှ ထုတ်ဝေသော မဂ္ဂဇင်းကြီး၏ အယ်ဒီတာ့အဖွဲ့ဝင်တစ်ယောက်အဖြစ်လည်းကောင်း၊ ဗြိတိသျှပါလီမန်နိုင်ငံရေးသတင်းထောက်အဖြစ်ပါ ပူးတွဲဆောင်ရွက်ပေးရန် ကမ်းလှမ်းခဲ့တော့သည်။ ဒေါ်ရော်သီအယ်ဒီအဖို့ ထိုအခွင့်အရေးမှာ စိုင်ကော်၍ချုံပေါ်သို့ရောက်စေသော အခွင့်အရေးတစ်ခုဟု ယူဆထားသည်။ အဘယ်ကြောင့်ဆိုသော် သူ့အဖို့ ဤတာဝန်များကို ဆောင်ရွက်ခြင်းဖြင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အီရစ်အမျိုးသားအဖြစ်ခံယူနိုင်ပြီး သူ့တစ်သက်တာတွင် တသသဖြစ်ခဲ့ရသော အဘိုက်ဒ်ိုးမြို့တော်ဟောင်းကြီးရှိ အိုဆီးရစ်နတ်ဘုရားကျောင်းအနီးတွင် အခြေချနေထိုင်နိုင်မည်ဟုလည်း မျှော်လင့်ထားခဲ့သည်။

သူ့အား ဘဝဟောင်းကချစ်သူ အွန်ဆက်တီဘုရင်ကြီးသည် သူနိုင်းမြစ်ကမ်းရှိ အိုဆီးရစ်နတ်ဘုရားကျောင်းသို့ လိုက်လာမည်ဟု မျှော်လင့်နေသည်ဟုလည်း ယုံကြည်ထား၏။ သို့ဖြစ်၍ လန်ဒန်မြို့ရှိ သူ့မိခင်၏ညီမတစ်ဝမ်းကွဲနှင့်သွားရောက်နေထိုင်ရန်နှင့် အီရစ်ဗြိတိသျှမိတ်ဆွေဖြစ်အသင်းမှ ကမ်းလှမ်းသောတာဝန်များကိုလက်ခံရန် ခွင့်ပြုနိုင်ရေးအတွက် မိခင်ကြီးထံခွင့်ပန်သည်။ မိခင်ဖြစ်သူ ကယ်ရိုလင်းအယ်ဒီကမူ အသက်(၂၇) နှစ်အရွယ် အပျိုကြီးတစ်ယောက်ဖြစ်လာသူ ဒေါ်ရော်သီအယ်ဒီအား သမီးငယ်လေးတစ်ယောက်ဟု ထင်မှတ်ဆဲဖြစ်သည်။

ဖခင်ဖြစ်သူ မစ္စတာရှုဗင်အယ်ဒီကမူ သမီးဖြစ်သူအား သင့်တော်သူဂုဏ်ရည်တူတစ်ဦးနှင့် အိမ်ထောင်ပြုစေပါက ဒေါ်ရော်သီအယ်ဒီ၏ ငယ်စဉ်ကအစွဲအလမ်းနှင့် လက်ရှိ မလိုလားအပ်သူများနှင့် ဆက်ဆံပေါင်းသင်းမှုများ ပပျောက်သွားပေလိမ့်မည်ဟု ယူဆထားရကား တစ်ဦးတည်းသော သမီးငယ်အတွက် သင့်တင့်သူတစ်ဦးနှင့်နီးစပ်ရန် စီမံခဲ့သည်။ ဒေါ်ရော်သီအား လက်ထပ်ရန်စိတ်ဝင်စားသူမှာ ဂုဏ်ရည်တူ လန်ဒန်တက္ကသိုလ်ကျောင်းထွက်ရဲအရာရှိတစ်ဦးဖြစ်သည်။ ထိုလူငယ်ကမူ ဒေါ်ရော်သီအား လက်ထပ်လိုသည်။ သို့သော် ဒေါ်ရော်သီအယ်ဒီကမူ ထိုရဲအရာရှိလူငယ်ဖြစ်သူ၏ အပြစ်အနာအဆာများကို ရှာဖွေတင်ပြကာ လက်ထပ်ရန် ငြင်းဆိုခဲ့၏။ ဒေါ်ရော်သီအယ်ဒီအား လက်ထပ်ရန် ကြိုးစားခဲ့သူတစ်ဦးမှာ ထိုစဉ်က ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဝန်ထမ်းတစ်ဦး ဖြစ်သည်။ ထိုသူမှာ အောက်(စ်)ဖို့(ဒ်)တက္ကသိုလ်ကျောင်းထွက် အိန္ဒိယပင်္ဂါဒီခံဝန်ထမ်းအိုင်စီအက်(စ်) တစ်ယောက်ဖြစ်သည်။

ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအားသိမ်းပိုက်သောအခါ အိန္ဒိယနိုင်ငံ၏ ပြည်နယ်ခွဲတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ အိန္ဒိယနိုင်ငံကိုမူ မြန်မာနိုင်ငံထက်စော၍သိမ်းပိုက်ခဲ့ရာ အထက်ဖော်ပြပါ အိုင်စီအက်(စ်)များက အုပ်ချုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံကိုလည်း အိန္ဒိယဘုရင်ခံချုပ်အုပ်ချုပ်၍ လက်အောက်ခံဒုတိယဘုရင်ခံက အုပ်ချုပ်သည်။ ထိုစဉ်ကာလက အင်္ဂလိပ်ပညာတတ်တို့သည် အိုင်စီအက်ရာထူးကို မက်မောကြသည်။ အင်္ဂလန်နိုင်ငံရှိ တက္ကသိုလ်ကြီးနှစ်ခုဖြစ်သော အောက်(စ်)ဖို့(ဒ်)နှင့် ကင်းဘရစ်(ချ်)တို့မှထွက်သူများသည် အိုင်စီအက်(စ်)ရာထူးရကြသည်။ သူတို့သည် ရာထူးလက်ခံရကြသည့်အခါ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ တိုင်းမင်းကြီးဖြစ်လာပြီး ကံကောင်းသူများအဖို့ အတွင်းဝန်ဖြစ်နိုင်သည်။ ထူးထူးခြားခြားကံကောင်းသူများကမူ ဘုရင်ခံရာထူးကိုရနိုင်ပြီး အငြိမ်းစားယူကြသောအခါတွင်လည်း ဂုဏ်ထူး



www.burmeseclassic.com

www.burmeseclassic.com

ကြီးများ၊ ဘွဲ့ထူးကြီးများရလေ့ရှိကြရာ ထိုအိုင်စီအက်(စ်)များကို 'မိုးကျရွှေကိုယ်' ဟု အများကခေါ်ကြသည်။

ဒေါ်ရော်သီအား လက်ထပ်လိုသော အိုင်စီအက်(စ်)တစ်ယောက်၏ ဖခင်ဖြစ်သူမှာလည်း ဒေါ်ရော်သီအယ်ဒီ၏ဖခင်နှင့် ခင်မင်ရင်းနှီးသူတစ်ဦးဖြစ်သည်။ ဒေါ်ရော်သီအယ်ဒီ၏ဖခင်ဖြစ်သူကလည်း ထိုအိုင်စီအက်(စ်)အရာရှိနှင့် ဒေါ်ရော်သီအယ်ဒီတို့ အကြောင်းပါခဲ့လျှင် ဗြိတိသျှဘုရင် အစိုးရပိုင် ကိုလိုနီနိုင်ငံတွင် အေးအေးဆေးဆေးနေထိုင်နိုင်ပြီး သူတသသစွဲလမ်းနေသောအင်္ဂလိပ်ပြည်သူဘဝနှင့် သူ့ကိုယ်သူ လူဝင်စားအင်္ဂလိပ်ရသေ့မဆိုသော အစွဲအလမ်းများ ပျောက်သွားမည်ဟု ယူဆထားသည်။ သူမကမူ ယင်းအိုင်စီအက်(စ်)အရာရှိကလေးနှင့် လက်ဆက်ရေးကို ငြင်းပယ်ခဲ့ပြန်သည်။

ဒေါ်ရော်သီသည် အင်္ဂလိပ်ဗြိတိသျှမိတ်ဆွေဖြစ်အသင်းမှ ထုတ်ဝေသော မဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးနှင့် ပါလီမန်တွင် နိုင်ငံရေးသတင်းထောက်အဖြစ် ပူးတွဲဆောင်ရွက်ရန် သူ့မိဘများကိုကျောခိုင်း၍ လန်ဒန်သို့ ထွက်လာခဲ့သည်။

လန်ဒန်တွင် သူမိခင်ဘက်မှ ဆွေမျိုးတော်စပ်သူတစ်ဦးအိမ်တွင် နေထိုင်ပြီး အင်္ဂလိပ်ဗြိတိသျှမိတ်ဆွေဖြစ်အသင်း၏ အချိန်ပြည့်အမှုဆောင်တစ်ဦးဖြစ်လာ၏။ အင်္ဂလိပ်နိုင်ငံမှ လန်ဒန်သို့လာရောက်ပညာဆည်းပူးကြသူများ၊ အကြောင်းအမျိုးမျိုးနှင့် လန်ဒန်တွင် သောင်တင်နေကြသူများ၊ အင်္ဂလန်တွင် နေထိုင်၍ ဗြိတိသျှအစိုးရဆန့်ကျင်ရေးဆောင်ရွက်နေသည့် အင်္ဂလိပ်အမျိုးသားများနှင့် လက်ပွန်းတတီးဖြစ်လာသည်။ ဗြိတိသျှအမျိုးသားများထဲမှ အင်္ဂလိပ်နိုင်ငံအပေါ် သံယောဇဉ်ရှိသူများ၊ အင်္ဂလိပ်ရှေးဟောင်းယဉ်ကျေးမှုကိုလေ့လာသူများနှင့်လည်း ခင်မင်လာခဲ့၏။

အထူးသဖြင့် ဒေါ်ရော်သီအယ်ဒီမှာ အရွယ်ဟိုင်းလာခဲ့သော်လည်း ချစ်မှုချစ်ရေးကို စိတ်မဝင်စား။ သူ့ဘဝဆက်သံသရာတွင် အတိတ်ဘဝက ငယ်ချစ်ဆွေဖြစ်ခဲ့ရသော ပထမမြောက် ဆက်တီဘုရင်ကြီးသာလျှင် သူ့အချစ်ကိုပိုင်ဆိုင်သူဖြစ်သည်။ ကံအကြောင်းတရား၏ လှည့်ဖြား၍ တွေ့ရကြုံရသည့် ချစ်သူများသည် သူ့ကိုယ်ခန္ဓာကို ယာယီအားဖြင့် ပိုင်ဆိုင်ကြမည်ဖြစ်သော်လည်း သူ့အသည်းလွှာမဟီကအချစ်ကိုမူ ပိုင်ဆိုင်ခြင်းမရှိနိုင်ဟု ယူဆထား၏။ အကြောင်းအမျိုးမျိုးကြောင့် သူ့ဘဝတွင် တွေ့ရဆုံရမည့်သူများ ရှိကောင်းရှိမည်ဖြစ်သည်။ သို့သော် သူ့အချစ်ကိုရယူခဲ့သော ပထမမြောက် ဆက်တီဘုရင်ကြီး၏ ဝိညာဉ်သည် အင်္ဂလိပ်နိုင်ငံမြစ်ကမ်းက စောင့်မျှော်နေသည်ဟု ထာဝစဉ်စွဲလမ်းမှတ်ယူထားခဲ့သည်။ သူ့အသက်(၂၇)နှစ်ပြည့်သည်အထိ မကြာခဏမြင်မက်ခဲ့သော်အိပ်မက်များတွင် ပထမမြောက်ဆက်တီဘုရင်ကြီးသည် အဘိုက်ဒိုးမြို့ဟောင်းကြီးရှိ အိုဆီးရစ်နတ်ဘုရားကျောင်းအနီး ပန်းခြံအတွင်းရှိ ကြာဖြူကြာနီများ ဖူးပွင့်လျက်ရှိသောရေကန်မှ သူ့အား စောင့်ကြိုလျက်ရှိသည်ဟု မြင်မက်လေ့ရှိသည်သာမက ကြာဖြူကြာနီပန်းများ၏ရနံ့၊ ညမွှေးပန်းများ၏ရနံ့ကို ပင်ရလာရာမှ အိပ်ရာမှလန့်နိုးတတ်သည်။

တစ်ခါတွင်မူ သူခေတ္တနေထိုင်သော ဂျာစင်တန်ပန်းခြံလမ်းရှိ နေအိမ်အိပ်ခန်းအတွင်းမှာပင် ထိုကြာဖြူကြာနီပန်းများ၏ရနံ့သင်းထုံလာသည်ဟုထင်မိသည်။ အချို့အိပ်မက်များတွင် နိုင်းမြစ်ကမ်းမှ ခရုစုတ်ငှက်တို့အသံ၊ အိုဆီရစ်နတ်ဘုရားကျောင်းမှ ခိုငှက်များ၏အသံကိုလည်း ကြားရသည်ဟုထင်သည်။ သူ့ငယ်ချစ်ဟောင်း ပထမမြောက် ဆက်တီဘုရင်ကြီးကမူ 'လာခဲ့ပါတော့ ငယ်ချစ်ဒေဝီ'ဟုပြောသောအသံကိုပင် ကြားယောင်မိသည်ဟု ဒေါ်ရော်သီအယ်ဒီက ထင်လာသည်။ သို့ဖြစ်၍ သူ့ဘဝဟောင်း



က အမိအင်္ဂလိပ်နိုင်ငံကို ဖြစ်သည့်နည်းဖြင့် သွားရောက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

အင်္ဂလိပ်အင်္ဂလိပ်မိတ်ဆွေဖြစ်အသင်း၏ အသင်းသူအသင်းသားများတွေ့ဆုံပွဲများ၊ ညစာစားပွဲများတွင် အင်္ဂလိပ်နိုင်ငံကိုင်ရိုမြို့မှ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ လာရောက်၍ ဗြိတိသျှလူမျိုးတို့၏ ပညာရေးစနစ်ကို လေ့လာနေသော အင်္ဂလိပ်အမျိုးသားကျောင်းဆရာလူငယ် အိုင်မင်အဗ္ဗဒူမာဂျစ်ဆိုသူနှင့် မကြာခဏဆုံမိသည်။ မာဂျစ်မှာ ကိုင်ရိုတက္ကသိုလ်ပညာရေးမဟာဌာနမှ ဘွဲ့လွန်ပညာရေးဘွဲ့တစ်ခုရရှိထားသူတစ်ဦး ဖြစ်သည်။ လန်ဒန်မြို့တွင် ခေတ္တနေထိုင်ပြီး လန်ဒန်မြို့တော်ရှိ အထက်တန်းကျောင်းများ၊ မူလတန်းကျောင်းများ၊ အလွတ်ပညာသင်ကျောင်းများသို့ သွားရောက်၍ ဗြိတိသျှလူမျိုးတို့၏ ပညာသင်ကြားမှုစနစ်တကျ လေ့လာနေသည် ဖြစ်၏။

မာဂျစ်၏မိဘများမှာ ကိုင်ရိုမြို့တွင် အတော်အသင့် ချမ်းသာကြွယ်ဝသောလူကုံထံများ ဖြစ်ကြသည်။ ခေတ်ပညာတတ်များလည်းဖြစ်ရကား သူတို့၏သားဖြစ်သူ မာဂျစ်၏ ယုံကြည်ချက်ခံယူချက်များကို ထောက်ခံအားပေးသည်။ လန်ဒန်မြို့တွင် ခေတ္တနေထိုင်၍ ဗြိတိသျှပညာရေးစနစ်ကို လေ့လာပြီး အင်္ဂလိပ်နိုင်ငံတွင် ခေတ်မီအလွတ်ပညာသင်ကျောင်းတစ်ကျောင်းဖွင့်ရန်ရည်ရွယ်ထားမှုကိုလည်း စိတ်ဝင်စားကြသည်။

မာဂျစ်သည် လန်ဒန်တွင် ခေတ္တနေထိုင်စဉ် အင်္ဂလိပ်ဗြိတိသျှ မိတ်ဆွေဖြစ်အသင်းမှ ထုတ်ဝေသောမဂ္ဂဇင်းတွင် အင်္ဂလိပ်လူမျိုးတို့၏ ဗြိတိသျှအမျိုးသားဆန့်ကျင်ရေးဆောင်းပါးများကို အားလျော်စွာ ရေးသားလေ့ရှိ၏။ မာဂျစ်သည် ထိုစဉ်က ဟိုက်ပတ်ပန်းခြံတွင် နေ့စဉ်ကျင်းပသော ဟောပြောပွဲများသို့ တက်ရောက်၍ အင်္ဂလိပ်လူမျိုးတို့၏ ဗြိတိသျှအစိုးရလက်အောက်မှ လွတ်လပ်ရေးကြိုးပမ်းမှုများအကြောင်း ဟောပြောသည်။

ဒေါ်ရော်သီအယ်ဒီမှာ ဟိုက်ပတ်ပန်းခြံတရားပွဲများအား တက်ရောက်လေ့ရှိရာ မာဂျစ်၏ နိုင်ငံရေးအယူအဆ၊ အတွေးအခေါ်တို့ကို လေ့လာခဲ့ရာမှ ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်လာသည်။ မာဂျစ်သည် ဗြိတိသျှပါလီမန်တွင် ပြည်သူကိုယ်စားလှယ်တော်များ၏ အင်္ဂလိပ်နိုင်ငံနှင့်

www.burmeseclassic.com

သက်သောဆွေးနွေးပွဲများ တက်ရောက်နားထောင်လေ့ရှိသည်။ ဒေါ်ရော်သီအယ်ဒီမှာလည်း ဗြိတိသျှပါလီမန်သို့သွားရောက်၍ ပြည်သူ့ကိုယ်စားလှယ်တော်များ၏ ဆွေးနွေးပွဲများသို့သွားရောက်၍ သတင်းယူခဲ့ရ၏။တစ်ခါတစ်ရံ ပြည်သူ့ကိုယ်စားလှယ်အချို့နှင့်တွေ့ဆုံ၍ ဆွေးနွေးခဲ့ရသည်။ ဤဆွေးနွေးပွဲများတွင်လည်း ဒေါ်ရော်သီနှင့်မာဂျစ်တို့သည် မကြာခဏ ရင်းရင်းနှီးနှီးစကားပြောခွင့်ရသည်။

ဒေါ်ရော်သီအယ်ဒီနှင့် မာဂျစ်တို့သည် မိမိတို့၏မိသားစုများအကြောင်းကိုပါ ပြောမိခဲ့ကြ၏။ မာဂျစ်တို့မိသားစုသည် ကိုင်ရိုမြို့တွင် လူသိများသောမိသားစုများသာဖြစ်သည်မက မြို့တော်တွင် သူတို့မိသားစုပိုင်အိမ်များ လက်ညှိုးထိုးမလွဲနိုင်ဟုပြောပြသည်။ ဒေါ်ရော်သီအယ်ဒီကလည်း သူ့မိသားစုအကြောင်း၊ သူငယ်စဉ် သုံးနှစ်သမီးဘဝက လှေကားကြီးပေါ်မှ လိမ့်ကျခဲ့သည့်အကြောင်း၊ အီဂျစ်နိုင်ငံ • အဘိုက်ဒိုးမြို့ဟောင်းရှိ အိုးဆီရစ်နတ်ဘုရားကျောင်းမှ ရသေ့မဘဝတရိရှက်ဝင်စားသူဖြစ်ကြောင်း၊ သူနှင့် ပထမမြောက် ဆက်တီဘုရင်ကြီးတို့၏ ချစ်မှုချစ်ရေးနှင့် သူ့မိခင်နှင့်ဖခင်များသည် ပထမမြောက် ဆက်တီဘုရင်ကြီးကိုယ်ထင်ပြသည်ကို တစ်ကြိမ်၊ နှစ်ကြိမ်တွေ့ခဲ့ရကြောင်းပြောပြသည်။ သူယနေ့အထိ အိမ်ထောင်ပြုရန် စိတ်မဝင်စားကြောင်း၊ သူ့အား လက်ထပ်ထိမ်းမြားသူများသည် အိမ်ထောင်သုခကိုရနိုင်မည်မဟုတ်ကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်းပြောပြခဲ့၏။

ဒေါ်ရော်သီအယ်ဒီနှင့် မာဂျစ်တို့သည် ဗြိတိသျှပါလီမန်သို့ မကြာခဏအတူသွားရောက်ခဲ့ကြ၍ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများ၏ စကားအခြေအတင်စစ်ထိုးပွဲများ၊ သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲများတွင်လည်း ရင်းရင်းနှီးနှီးတွေ့ကြရသည်။ တစ်ယောက်အကြောင်းတစ်ယောက်ကိုသာမက တစ်ဦးနှင့်တစ်ဦးဆွေမျိုးသားချင်းများ၏အကြောင်းကိုပင် အကဲခတ်မိကြ၏။

ဒေါ်ရော်သီ၏ မိခင်ဖြစ်သူကမူ မာဂျစ်သည် ဒေါ်ရော်သီအယ်ဒီအပေါ် စိတ်ဝင်စားနေသူ လူငယ်တစ်ယောက်ဖြစ်သည်ဟု ထင်မိသည်။ သို့သော် ဒေါ်ရော်သီအယ်ဒီမှာမူ မာဂျစ်အား သာမန်အမျိုးသားမိတ်ဆွေတစ်ဦးဟုမြင်ထားပုံရသော်လည်း ဒေါ်ရော်သီအယ်ဒီ အီဂျစ်နိုင်ငံသူတစ်ဦးအဖြစ် အသိအမှတ်ပြုခံနိုင်ရေးမှာ မာဂျစ်၏အကူအညီအများဆုံးလိုသည်ဟု ယူဆထားသည်။ မာဂျစ်ကမူ တစ်နေ့တွင် ဒေါ်ရော်သီအယ်ဒီသည် သူ့အပေါ် တိမ်းညွတ်လာပေလိမ့်မည်ဟု မျှော်လင့်ထားသည်။ ဒေါ်ရော်သီအယ်ဒီ ပြောပြသည့် ဘဝဟောင်းကချစ်သူဇာတ်လမ်းများကိုလည်း နားမဆံ့အောင် ကြားခဲ့ရသော်လည်း ပထမမြောက်ဆက်တီဘုရင်ကြီးကိုယ်ထင်ပြသည်ဆိုသောအချက်ကိုမူ မယုံကြည်။ ဒေါ်ရော်သီအယ်ဒီတို့မိသားစု ဆက်တီဘုရင်ကြီးကိုယ်ထင်ပြသည်ကို မျက်ဝါးထင်ထင်တွေ့ကြရသည်ဆိုသည်မှာ စိတ်အာရုံလွဲမှားခြင်း သို့မဟုတ် သူပြောကိုယ်ပြောကွယ်လွန်သူများ ကိုယ်ထင်ပြမှုယုံတမ်းစကားများ၏ တိမ်းညွတ်မှုကြောင့် အထင်အမြင်လွဲကြခြင်းဖြစ်တန်ရာသည်ဟု မှတ်ယူထား၏။

မာဂျစ်သည် သူ၏ ချစ်မှုချစ်ရေးအား ဒေါ်ရော်သီအယ်ဒီကို ဖွင့်မပြောသည့်တိုင်အောင် ဒေါ်ရော်သီအယ်ဒီက ရိပ်မိသည်။ သူသည် အသက် (၂၇) အရွယ် ရောက်လာခဲ့ပြီဖြစ်သော်လည်း အခြားအမျိုးသမီးငယ်များကဲ့သို့ စိတ်ကူးယဉ်အချစ်ခံစားမှုမရှိခဲ့။ သို့သော် ဆန့်ကျင်ဘက်လိင်တစ်ဦးနှင့် ရင်းရင်းနှီးနှီးနေရချိန်များလာသောအခါတွင်မူ သူ့ကိုယ်သူ မာဂျစ်အား တိမ်းညွတ်လာခဲ့သလောဟု ထင်မှတ်မိသည်။

၁၉၃၂ ခုနှစ်၊ အောက်တိုဘာလတွင်မူ မာဂျစ်သည် အီဂျစ်နိုင်ငံသို့ အပြီးအပိုင်ထွက်ခွာသွားခဲ့သည်။ ဒေါ်ရော်သီအယ်ဒီကိုမူ သူတို့နှစ်ယောက်စာအဆက်အသွယ်ပြုကြမည်ဟု၍လည်းကတိပြုခဲ့သည်။ မာဂျစ် အီဂျစ်နိုင်ငံသို့ ပြန်သွားစကမူ ဒေါ်ရော်သီအယ်ဒီအဖို့ ရင်းနှီးသောမိတ်ဆွေတစ်ဦးနှင့် ခွဲခွာရသကဲ့သို့ ခံစားလာခဲ့သည်။ ကုန်လွန်ခဲ့သောရက်များက သူ့အား မာဂျစ်သည် လက်ထပ်ခွင့်တောင်းခံပေလိမ့်မည်လောဟု မျှော်လင့်ထားသော်လည်း မာဂျစ်ကလက်ထပ်ခွင့်တောင်းခံခြင်းမပြုခဲ့။

ဒေါ်ရော်သီအယ်ဒီ၏မိခင်ဖြစ်သူသည် အီဂျစ်အမျိုးသား ကျောင်းဆရာ အိုင်မင်အဗ္ဗဒူမာဂျစ်နှင့် သမီးဖြစ်သူတို့၏ဆက်ဆံရေးသည် သာမန်မိတ်ဆွေအပေါင်းအသင်းများနှင့်မတူ ခင်မင်ရင်းနှီးလွန်းသည်ဟု သတိထားမိသော်လည်း သမီးဖြစ်သူမှာ သူ့ဘဝဟောင်းကချစ်သူ ပထမမြောက် ဆက်တီဘုရင်ကြီး၏ အချစ်ကိုသာ မျှော်လင့်ထားသူဖြစ်ရကား မာဂျစ်နှင့်ချစ်မှုချစ်ရေးဖြစ်နိုင်စရာမမြင်ဟု ထင်မှတ်ထား၏။ ဒေါ်ရော်သီအယ်ဒီမှာ ငယ်စဉ်ကပင် ခေါင်းမာသူတစ်ဦးဖြစ်ရာ အီဂျစ်နိုင်ငံသားတစ်ဦးနှင့် ဆက်ဆံရေးမှာ ရင်းနှီးလွန်းသဖြင့် ဆင်ဆင်ခြင်ခြင်နေရန် သတိပေးရမည်ဟု မထင်ဟုသိရှိထားရကား တစ်စုံတစ်ရာသတိပေးမှုမပြုခဲ့။ ဖခင်ဖြစ်သူကမူ ဒေါ်ရော်သီအယ်ဒီ၏ စိတ်သဘောသဘာဝကို နားလည်ထားသူဖြစ်သည်နှင့်လျော်ညီစွာ သမီးဖြစ်သူ၏ ချစ်မှုချစ်ရေးကိုမသိသည့်အလားဆက်ဆံခဲ့သည်။

မာဂျစ်ကမူ ကိုင်ရိုမှ ဒေါ်ရော်သီထံ စာမှန်မှန်ထည့်ခဲ့သည်။ သူ့စာများတွင် သူ ဒေါ်ရော်သီအား ချစ်ခင်စုံမက်နေသည့်အကြောင်း တစေ့တစောင်းပါလာလေ့ရှိသည်။ အသက် (၂၇)နှစ် ကျော်လာခဲ့ပြီဖြစ်သော ဒေါ်ရော်သီအယ်ဒီသည် စိတ်ကူးယဉ်အချစ်ရှိလာသည့် အပျိုဖြန်းတစ်ယောက်မဟုတ်သော်လည်း မာဂျစ်သည် တစ်နေ့တွင် လက်ထပ်ခွင့်တောင်းပေလိမ့်မည်ဟု မျှော်လင့်ထားသည်။ မာဂျစ်ထံမှ ပေးပို့သောစာများသည် တဖြည်းဖြည်းရက်စိပ်လာသည်။ ယခင်တုန်းက ပေးပို့သောစာများတွင် မာကြောင်းသာကြောင်းနှင့် အီဂျစ်အမျိုးသားလှုပ်ရှားမှုများအကြောင်း၊ အီဂျစ်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုအကြောင်းများသာပါဝင်ခဲ့သော်လည်း ယခုစာများတွင်မူ ဒေါ်ရော်သီအယ်ဒီအား ချစ်ခွင့်တောင်း၍ လက်ထပ်လိုသည့်သဘောထားပါဝင်သော အချက်အလက်များပါလာသည်။ ဒေါ်ရော်သီအယ်ဒီကမူ မာဂျစ်တောင်းဆိုသည့် လက်ထပ်ခွင့်ထက် အီဂျစ်နိုင်ငံသူတစ်ဦးအဖြစ်ခံယူ၍ အီဂျစ်နိုင်ငံတွင် နေထိုင်လိုသည်။ သူ့ဘဝဟောင်းကချစ်သူ ပထမမြောက် ဆက်တီဘုရင်ကြီးနှင့်တွေ့ရမည်ကိုသာ မျှော်လင့်ထားသည်။ မာဂျစ်သည် ယခုဘဝတွင်တွေ့ရသည့် ချစ်သူဟုဆိုရမည့် ချစ်သူဖြစ်သော်လည်း သူ၏နာမ်ခန္ဓာကိုယ်မှ ဆက်တီဘုရင်ကြီးကပိုင်ဆိုင်သည်ဟု မှတ်ယူထား၏။ သူယနေ့ဘဝ ခန္ဓာကိုယ်အား မာဂျစ်ကိုအပ်နှံခြင်းသည် သူ့အီဂျစ်ပြည်သူ့အဖြစ်ရရှိရေး၊ အီဂျစ်နိုင်ငံတွင် နေထိုင်ရေးနှင့် ဘဝဟောင်းကချစ်သူ ဆက်တီဘုရင်ကြီး၏ သင်္ချိုင်းဂူအား သွားရောက်၍ ဂါရဝပြုရေးကိုသာ စိတ်ဝင်စားသည်။

မာဂျစ်ထံမှမှန်မှန်လာသောစာများ



www.burmeseclassic.com

www.burmeseclassic.com

တွင် သူ့ဆွေမျိုးသားချင်းများအကြောင်း၊ ကိုင်ရိုမြို့၏လှပသောရှုခင်းများ၊ နိုင်းမြစ်၏ လွှမ်းမောတသဖွယ် သာယာတင့်တယ်မှုနှင့် အီဂျစ်တွင်မကြာခဏဖြစ်ပွားလျက်ရှိသော ဗြိတိသျှဆန့်ကျင်ရေးဆန္ဒပြမှုများနှင့် ယင်းဆန္ဒပြမှုများအား ဗြိတိသျှအာဏာပိုင်များက ပြင်းပြင်းထန်ထန် ဖိနှိပ်ချုပ်ချယ်မှုများ ပါဝင်လာသည်။ ထိုသတင်းများအပြင် မာဂျစ်အဖို့ ဒေါ်ရော်သီအယ်ဒီနှင့် ကင်းဝေးရသဖြင့် များစွာလွမ်းဆွတ်တမ်းတပူဆွေးရပုံနှင့် အတူ တစ်နေ့တွင် ဒေါ်ရော်သီအယ်ဒီ သူ့နောက်သို့လိုက်လာမည့်ရက်ကို လက်ဆစ်ချိုး၍ မျှော်တလင့်လင့်ဖြစ်ရပုံများ ပါဝင်လာသည်။ မာဂျစ်သည် တဖြည်းဖြည်းဖြင့် ဒေါ်ရော်သီအယ်ဒီအား သူ ချစ်ခင်စုံမက်သည့်အကြောင်း၊ သူတို့နှစ်ယောက်လက်တွဲ၍ မတူညီသော ကမ္ဘာနှစ်ခုတွင် ကြံ့ကြံ့ခိုင်ခိုင်လျှောက်လှမ်းကြရန်ကိုလည်း ရေးသားခဲ့သည်။ ပထမတွင် ဒေါ်ရော်သီအယ်ဒီအဖို့ စိတ်လှုပ်ရှားမှု မရှိခဲ့။ သို့သော် မိခင် အီဂျစ်နိုင်ငံသို့ သွားရောက်၍အတည်တကျနေထိုင်ရေးမှာ မာဂျစ်ကို လက်ထပ်ရပေလိမ့်မည်ဟု မှတ်ယူထား၏။

မာဂျစ် သူ့အား လက်ထပ်ခွင့်တောင်းသည့်ကိစ္စကို ဒေါ်ရော်သီအယ်ဒီသည် မိခင်ဖြစ်သူအား ဖွင့်ပြောပြခဲ့သည်။ မိခင်ဖြစ်သူ ကရော်လင်းအယ်ဒီကလည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဤအခြေအနေသို့ ရောက်ရှိလာပေလိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့ဖြစ်ရာ သမီးဖြစ်သူ၏ခေါင်းမာမှုကိုသိပြီးဖြစ်သော ကရော်လင်းအယ်ဒီသည် တစ်သက်တာ လက်တွဲရမည့်အရေးအား ပေါ့ပေါ့တန်တန် မဆုံးဖြတ်သင့်ကြောင်း၊ မာဂျစ်၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်သိက္ခာမှာ ငြင်းပယ်စရာမလိုသော လူငယ်တစ်ဦးဖြစ်သည်ဆိုစေကာမူ နောင်အခါ သူနှင့် ပတ်သက်ပြီး ဆက်ဆံရမည့် မာဂျစ်၏ ဆွေမျိုးသားချင်း၊ မိဘများ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းများကို ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ဒေါ်ရော်သီအယ်ဒီအဖို့ အသက်(၂၇)နှစ်အရွယ် စဉ်းစားဆင်ခြင်နိုင်သောသူတစ်ယောက်ဖြစ်သည်သာမက ခေတ်ပညာတတ်မြောက်သူတစ်ဦးလည်း ဖြစ်သဖြင့် မိမိတစ်သက်တာလက်တွဲရမည့် ခရီးဖော်ချစ်သူကို မိမိကိုယ်ပိုင်ဆုံးဖြတ်ဖြင့်သာဆုံးဖြတ်ရန် တိုက်တွန်းခဲ့သည်။ ဒေါ်ရော်သီအယ်ဒီ၏ပတ်ဝန်းကျင်နှင့်ကမ္ဘာသည် မာဂျစ်၏ပတ်ဝန်းကျင်နှင့်ကမ္ဘာနှင့်မတူညီသည်မှာထင်ရှားနေပေသည်။ ဒေါ်ရော်သီအယ်ဒီ၏ဖခင်ဖြစ်သူ မစ္စတာရှုပင်အယ်ဒီကမူ ဒေါ်ရော်သီအယ်ဒီသည် မာဂျစ်အား ချစ်သူလက်တွဲဖော်အဖြစ် ရွေးချယ်မည်ကို ခါးခါးသီးသီးဆန့်ကျင်ခဲ့သည်။ အရှေ့သည် အရှေ့၊ အနောက်သည်အနောက် မည်သည့်အရာမျှ ထပ်တူမညီနိုင်သော ယဉ်ကျေးမှုနှစ်ခုသည် မည်သည့်အခါမျှ မပေါင်းစပ်နိုင်၊ သို့ဖြစ်၍ သမီးဖြစ်သူနှင့် အီဂျစ်နိုင်ငံသားမာဂျစ်တို့ တည်ဆောက်မည့်အိမ်ထောင်ရေးသည် ခိုင်မြဲမည်မဟုတ်ဟုဆိုကာ ဒေါ်ရော်သီ၏ ချစ်မှုချစ်ရေးကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သည်။

ဒေါ်ရော်သီအယ်ဒီကမူ သူ့အရွယ်မိန်းကလေးတစ်ယောက်အတွက် ချစ်မှုချစ်ရေးအား ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသည်။ မိဘများအနေဖြင့် ဝင်ရောက် စွက်ဖက်ခွင့်မရှိ၊ ကိုယ်ပိုင်အတွေးအခေါ်နှင့် စဉ်းစားဆုံးဖြတ်ရမည့်သူ့အဖို့ ဘဝဟောင်းက မိခင် အီဂျစ်နိုင်ငံသို့ ရောက်ရှိရေးသာလျှင် အဓိကဟုယူဆထားသည်။ မာဂျစ်မိဘများကမူ မာဂျစ်၏သဘောတစ်ခုဟု သိထားခဲ့ပြီးဖြစ်ရကား မာဂျစ်၏လက်ထပ်ခွင့်ကို လက်ခံရန်နှင့် ဗြိတိသျှနိုင်ငံသူဘဝကိုစွန့်လွှတ်၍ အီဂျစ်နိုင်ငံသို့ထွက်ခွာရန် ဆုံးဖြတ်ချက်ချထားခဲ့သည်။

သူ့မိခင်နှင့်ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းအများကမူ သူနှင့် မာဂျစ်တို့၏ အိမ်ထောင်ရေးသည် လေထဲတိုက်အိမ်ဆောက်သော အိမ်ထောင်ရေးဖြစ်ရကား မည်သည့်နည်းနှင့်မျှ ခိုင်မာသည့်အိမ်ထောင်ရေးမဖြစ်နိုင်ဟု အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်ခဲ့ကြသည်။

ဒေါ်ရော်သီအယ်ဒီကမူ ဤကဲ့သို့ ချစ်မှုချစ်ရေးကိစ္စနှင့်ပတ်သက်၍ သောကဝေဒနာအဖြာဖြာ ခံစားနေရစဉ် သူ့ဘဝဟောင်းကချစ်သူ ပထမမြောက်ဆက်တီဘုရင်ကြီးအား အိပ်မက်များ မကြာခဏ မြင်မက်ခဲ့သည်။ ထိုအိပ်မက်များမှာ သူကျောင်းသူဘဝက မြင်မက်ခဲ့သော အိပ်မက်များတွင်မူ ဆက်တီဘုရင်ကြီးမှာ မံမီအလောင်းကြီးသဏ္ဍာန်ဖြင့်သာ အိပ်မက်မက်ခဲ့သည်။ ယခုမြင်မက်သော အိပ်မက်များတွင်မူ ဆက်တီဘုရင်ကြီးမှာ သူသက်ရှိထင်ရှားရှိခဲ့စဉ်ကအတိုင်း ဖြစ်နေသည်။ ဒေါ်ရော်သီအား အမြန်ဆုံး အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းရှိ အဘိုက်ဒိုး မြို့တော်ဟောင်းဆီသို့လာခဲ့လော့ဟုခေါ် နေသည်။

ထပ်တလဲလဲမြင်မက်သည့်အိပ်မက်များတွင် မြင်ရသည့်မြင်ကွင်း၊ ပထမမြောက်ဆက်တီဘုရင်ကြီး၏ရုပ်ဆင်းသဏ္ဍာန်၊ ဝတ်စားဆင်ယင်မှုများမှာ ထပ်တူဖြစ်နေသည်သာမက အိပ်မက်မြင်မက်နေရာမှ ရုတ်တရက်လန့်နိုးလာသည့်အခါတိုင်း ထူးဆန်းသော စူးရှမွှေးကြိုင်သည့်အနံ့တစ်မျိုးရသည်ဟု ဒေါ်ရော်သီက ထင်မှတ်သည်။ ပထမတွင် သူ့စိတ်အာရုံ၏လွဲမှားသောအထင်ဟုယူဆမိသော်လည်း ထိုအရှေ့တိုင်း၏ထူးခြားသောအမွှေးနံ့သာနံ့မှာ ရုတ်တရက် ပျောက်ကွယ်မသွား၊ အချိန်အတော်အသင့်ကြာမြင့်သည်အထိ စွဲကျန်ရစ်သည်ကိုတွေ့ရသဖြင့် သူ့စိတ်အထင်သက်သက်မဟုတ်သည်က သေချာနေတော့သည်ဟု ယူဆသည်။

သူ့အဒေါ်ဖြစ်သူနှင့် အိမ်ဖော်အများကမူ ဒေါ်ရော်သီအယ်ဒီ၏အိပ်ခန်းရှေ့တွင် ထူးဆန်းသော အီဂျစ်ဘုရင်များဝတ်ဆင်လေ့ရှိသောဝတ်စုံများဝတ်ဆင်ထားသော အီဂျစ်အမျိုးသားတစ်ဦးကို မကြာခဏမြင်ကြရသည်ဟု ဆိုသည်။ ဒေါ်ရော်သီအယ်ဒီကိုယ်တိုင် ယင်းအိပ်မက်များမြင်မက်သည့်အခါတိုင်း ပထမမြောက် ဆက်တီဘုရင်ကြီးက သူ့အား နှစ်ပေါင်းရာထောင်ချီ၍စောင့်ခဲ့ရကြောင်း၊ သို့ဖြစ်၍ ယခုဘဝတွင်မူ သူရှိရာသို့ ဆက်ဆက်လိုက်လာစေလိုကြောင်း၊ သူ့အဖို့ မျှော်တလင့်လင့်နှင့် ကုန်ဆုံးခဲ့ရသောနှစ်များ ကြာမြင့်ခဲ့သဖြင့် သူ့ရှိရာသို့လိုက်ပါလာခဲ့ပါတော့ သက်လှယ်ရယ်ဟုပြောသောအသံကိုပင် ကြားရသည်ဟု ထင်မှတ်မိသည်။ ပထမတွင်မူ သူ့စိတ်ဆန္ဒလိုရာသို့ဆွဲ၍ အကြားအာရုံ ထင်ခြင်းဖြစ်နိုင်သည်ဟု ယူဆမိသော်လည်း ထိုအသံကို ထူးဆန်းသောအိပ်မက်မြင်မက်များ မြင်မက်ပြီးသည့်အခါတိုင်း ကြားခဲ့သည်က သေချာနေသည်။

သို့ဖြစ်၍ သူ (၂၉) နှစ်ပြည့်သည့် ၁၉၃၃ ခု၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဒေါ်ရော်သီအယ်ဒီသည် အီဂျစ်အမျိုးသားကျောင်းဆရာနှင့်ပညာရေးသုတေသီ အိုင်မင်အဗ္ဗဒူမာဂျစ်အား လက်ထပ်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီး အီဂျစ်နိုင်ငံသို့ လိုက်သွားရန် စီစဉ်ခဲ့တော့၏။

(ဆက်ရန်)

လှမိုး(ပညာ



www.burmeseclassic.com

www.burmeseclassic.com



# မင်းရှိန်အောင်

## သုနာပရန္တတိုင်း တောင်စဉ်ခုနှစ်ခရိုင်ပြီးနောက်

(၁)

❑ သုနာပရန္တပထမသာသနာ

. . . ၂။ ဤငါတို့ သုနာပရန္တတိုင်း၊ သုပ္ပါဒကသဘောဆိပ်၊ ဝါဏိဇ္ဇဂါမရွာ၌ ဒါယကာ စူဠပုဏ်သည် သဒ္ဒါပဟုန်ထက်သန်သဖြင့် သရက္ခန်တန်ဆောင်း၊ နံ့သာကျောင်းကို နတ်ပေါင်းချီးမြှောက် ဆောက်လုပ်တည်ထား၍ ဘုရားသခင်ကို ကျောင်းတင်အလှူခံ၊ ကျိုးနွံ့ရှိသေစွာ ပင့်ဖိတ်ရာတွင် ဝါနှစ်ဆယ်ကျော်စ ပထမဗောဓိအလွန်၌၊ ထေရ်မွန်ရဟန္တာ၊ ငါးရာတစ်ပါးယုတ်၊ ဝိသုဒ္ဓိနတ်၊ တပည့်မြတ်တို့နှင့် ပြိုသဒ်ငါးရာယာဥ်သာညီးညီး၊ စကြာစီးရင်း၊ စောထီးထွက်ထား ဘုရားကြွလာတော်မူသတည်း. . . ။

❑ သုနာပရန္တဒုတိယသာသနာ

. . . ၃။ ဘုရားနိဗ္ဗာန်၊ စံလွန်သည်မှ၊ ၂၃၅ ခုနှစ်၊ သဂ္ဂရာဇ်သာသနာ၊ ရောက်သောခါလည်း၊ ဓမ္မသောကာ၊ နရသင်းကျစ်၊ ဇကရာဇ်မင်းမြတ်၏ဆရာ၊ အရှင်မဟာမောဂ္ဂလိပုတ္တိတိဿသည်၊ ဆဋ္ဌဘိညာ၊ ဝိဇ္ဇာမြောက်များ၊ ဂိုဏ်းသားလက်စောင်၊ တစ်ထောင်ကျမ်းတတ်၊ ရဟန်းမြတ်တို့နှင့် ညီညွတ်ဝါဒ၊ တတိယသခါယနာ၊ မိစ္ဆာသုတ်သင်၊ တင်တော်မူပြီးလျှင် ရဟန်းတော်ကြီးကိုးပါးကို ရပ်ခြားဒေသ၊ ကိုးဌာနကို၊ သံဒ္ဓမ္မစက်၊ ဖိုလ်မဂ်တရား၊ ပွားပစိမ့်ငှာ၊ သာသနာပြုချေ၊ လွှတ်စေတော်မူသည်အခါလည်း၊ ဤသုနာပရန္တတိုင်းသို့ ဂိုဏ်းပြည့်ရဟန္တာ၊ သံယာလေးပါးနှင့်တကွ၊ ဓမ္မရက္ခိတအမည်ရှိသော၊ ခီဏာသဝ၊ ဈာနလာဘီ၊ ဝသီမြောက်ပြီး၊ ရှမ်းခင်ကြီးတစ်ပါးသည်၊ မိုးဖျားပျံတက်၊ ကြွလာသက်၍၊ အဂ္ဂိခန္ဓူပမာ ဒေသနာသုတ္တန်ဖြင့်၊ နိဗ္ဗာန်အထွက်၊ ချေချွတ်တော်မူသည်တွင်၊ လူခုနစ်သောင်း၊ အပေါင်းများစွာ၊ သတ္တဝါတို့၊ ထိုခါကျွတ်ကုန်လေသည်. . .

ဤကား စလေဦးပုည၏ ဆွမ်းတော်ကြီးစာတမ်းမှ ကောက်နုတ်ချက်ပင် ဖြစ်သည်။ သုနာပရန္တ (တိုင်း) ကို အပရန္တ(တိုင်း)ဟုလည်းခေါ် သေးသည်။ အပရန္တသည် အနောက်ဘက်အစွန်းဟု ဆို၏။ သုနာပရန္တတိုင်းသည် သာသနာ့ဝင်တွင် ထင်ရှားသောဒေသတစ်ခုဖြစ်သည်။ တိတိပပပြောရလျှင် ပုဏ္ဏောဝါဒသုတ်လာ မဟာပုဏ္ဏသည် အပရန္တ၊ သုနာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမဒေသ သုပ္ပာကာရ (သုပ္ပာဒကာ) မြို့သား ဖြစ်သည်။ ထို့ပြင် တဝ သုနာပရပန္တတိုင်းတွင် သစ္စဗန္ဓရသေ့ ကိုးကွယ်ရန် လက်ဝဲစက်တော်ရာ (ခြေတော်ရာ)တစ်ဆူ၊နမ္မဒါနဂါးမင်းကိုးကွယ်ရန် လက်ဝဲစက်တော်ရာတစ်ဆူကို နမ္မဒါမြစ်ဝတွင်လည်းကောင်း ဘုရားရှင်ကိုယ်တော်တိုင်ချပေးထားတော်မူခဲ့သည်ဟု ဆိုထားသည်။

တစ်ခါ ဒုတိယဘုရားဖြူဆရာတော်ရှင်နန္ဒိယမထေရ်၏ ဝံသမေဒပကာသနီကျမ်းတွင် 'သီဟိုဠ်ကျွန်းသို့ သာသနာအရှည်တည်လတ္တံ့ကိုမျှော်ခေါ်၍ကြွတော်မူပေသည်မဟုတ်။ အပရန္တ၊ သုနာ

ပရန္တနှစ်မည်ရသော ငါတို့မြန်မာတိုင်းကိုလည်း နောင်သောအခါ သာသနာတော်အရှည်တည်လတ္တံ့သည်ကိုမြော်ခေါ် တော်မူ၍ ဝါတော်နှစ်ဆယ်ကျော်စ မဟာဗောဓိအလွန်တွင် နံ့သာကျောင်းတော်ဆောက်တော်မူသောအခါမှစ၍ ပြီးသည့်တိုင်အောင် သုံးကြိမ်မက အကြိမ်များစွာကြွတော်မူပေသည်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဤနေရာမှာ အထူးတလည် ဖော်ပြချင်သည်က အပရန္တတိုင်း (ခေါ်) သုနာပရန္တတိုင်း၏ တည်နေရာဒေသကို ညွှန်းဆိုလိုခြင်းပင် ဖြစ်၏။ အရှင်ဓမ္မစာရ (အစိုးရဓမ္မာစရိယ) ၏ ကျောင်းတော်ရာစေတီတော်သမိုင်းစာအုပ်ထဲတွင် 'သုနာပရန္တတိုင်းဟူသည်မှာ ဤကျောင်းတော်ရာဝန်းကျင်နှင့်တကွ လယ်ကိုင်း၊ စလေ၊ စလင်း၊ ကျမင်း၊ ဖောင်းလင်း စသည့်မြို့ကြီးတို့တည်ရာ ဧရာဝတီမြစ်အနောက်ဘက်၊ အနောက်ရိုးမ စသော တောင်စဉ်တောင်တန်းတို့၏ အရှေ့ဘက် သာယာညီညွတ်သောမြေအပြင်ရှိသောအရပ်ဒေသကြီးပင်ဖြစ်သည်' ဟု ဆိုထားခြင်းပင် ဖြစ်သည်။

တစ်ဖန် -

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်အရှေ့ ဘက်ကမ်းခြေကို မကွေးနယ်၊ အနောက်ဘက်ကမ်းခြေကို အပရန္တ၊ သုနာပရန္တလည်းဟူသော မင်းဘူးနယ်၊ ထိုနှစ်မည်ရတိုင်းသည် အပရန္တတိုင်းဟူက သုနာပရန္တတိုင်းပင် ဖြစ်၏။ သုနာပရန္တတိုင်းဟူသည် အပရန္တတိုင်းပင် ဖြစ်သည်. . .

ဟူ၍ ဦးတင်ရိုန်၏ ရွှေစက်တော်သမိုင်းကြီးစာအုပ်တွင်ဖော်ပြထားသည်။ ရှင်ဩဘာသဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်ထဲတွင်လည်း သုနာပရန္တတိုင်းကို လယ်ကိုင်း၊ ဖောင်းလင်း၊ ကလေး၊ သောင်သွပ် စသော ပြည်တို့တည်ရာဟူ၍ လည်းကောင်း ဧရာဝတီမြစ်လက်ယာဘက်ကမ်းရှိ နယ်ပယ်ဌာနများကိုခေါ် သည်၊ တစ်နည်း စကု၊ စလင်း၊ ဖောင်းလင်း စသောပြည်ကြီးတို့တည်ရာ ဧရာဝတီမြစ်အနောက်ဘက်၊ တောင်ဘက်အရပ်ဒေသများကိုခေါ် ဆိုသည်ဟု ပြဆိုထားသည်။

ဒေါက်တာတိုးလှ၏ 'ချင်းတွင်းမြစ်သာ မူးဧရာသုတေသနပြုစာတမ်း' တွင် 'တတိယမြန်မာနိုင်ငံတော်ကို အလောင်းမင်းတရားကြီးဟု အသိများသော ဦးအောင်ဇေယျ (၁၇၅၂-၁၇၆၀) က မုဆိုးဘိုကိုဗဟိုပြု၍ တစ်ဆယ့်ရှစ်ရာစုအလယ်တွင် ထူထောင်ခဲ့ပြန်ပါသည်။ ရတနာသိင်္ဃဟု တရားအဝင်အမည်တွင်သော မုဆိုးဘိုသည် သုနာပရန္တတိုင်းတွင် ပါဝင်ခဲ့သည်။ သုနာပရန္တတိုင်းသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသကို ခေါ် ဆိုခြင်းဖြစ်၍ ကုန်းဘောင်ခေတ်မတိုင်မီ ယင်း၏အကျယ်အဝန်း၊ အထက်ချင်းတွင်းမြစ်ညာ ကမ်းသောင်ထွတ်မှ ရွှေဘို၊ စစ်ကိုင်း၊ ပခန်း၊ လယ်ကိုင်း၊ စကု၊ စလင်းကိုဖြတ်၍ မင်းတုန်းတောင်စဉ်ခုနစ်ခရိုင်အထိ ကျယ်ပြန့်ခဲ့သည်' ဟု ရေးသား ဖော်ပြထားသည်ကို တွေ့ရှိရသည်။

စိတ်ဝင်စားစရာတစ်ခုက မှန်နန်းရာဇဝင် အပါအဝင် မြန်မာရာဇဝင်တချို့၌ ပုဂံပြည့်ရှင် ကျန်စစ်မင်းကြီးသည် သားတော် ဇေယျခေတ္တရာမင်းသားကို ဓညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်ကို ပေးသနားတော်မူသည်ဟူသော ဆိုထားချက်ပင်ဖြစ်သည်။ ဤနေရာမှာ မေးစရာကွေးစရာတစ်ခုဖြစ်လာသည်က ဓညဝတီဆိုသည်မှာ ရခိုင်ဘုရင်တို့ အုပ်စိုးသော ရခိုင်ပြည်ကို ရည်ညွှန်းလေသလော။ အဘယ်ကြောင့်ဆိုသော် ပုဂံပြည့်ရှင် ကျန်စစ်မင်းနှင့်ခေတ်ပြိုင် ရခိုင်ဘုရင်တို့၏ရခိုင်ပြည်သည် (ဝါ) ရခိုင်ဘုရင်တို့၏ မင်းနေပြည်သည် ဓညဝတီမြို့မဟုတ်တော့ဘဲ ပဉ္စာမြို့ဖြစ်နေသည့်အတွက် ဖြစ်၏။

သို့ဆိုလျှင် တောင်စဉ်ခုနစ်ခရိုင်ဟူသည်ကား အဘယ်နည်း။ တောင်စဉ်ခုနစ်ခရိုင်နှင့်ပတ်သက်၍ မှန်နန်းရာဇဝင်အပါအဝင် မြန်မာသမိုင်းမှတ်တမ်းများ၌တွေ့ရသလို ရခိုင်ရာဇဝင်မှတ်တမ်းများ၌လည်းရှိနေပါသည်။ ယနေ့ ရခိုင်ပြည်နယ် အမ်းမြို့နယ်တောင်ပိုင်းမှ ဂွမြို့နယ်ထိ ရခိုင်ကမ်းရိုးတန်းအရပ်ကို တောင်စဉ်ဒေသ တောင်စဉ်ကမ်းဟု ခေါ် ဆိုနေကြဆဲ ဖြစ်သည်။ တောင်စဉ်ဆိုသည်မှာ တောင်စဉ်တောင်ရိုးတို့နှင့် တည်ဖွဲ့ထားသောခရိုင်မှာ နယ်မြေအဝန်းအဝိုက်ဖြစ်သည်။ ရခိုင်ရိုးမတောင်တန်းကြီးထိပ်မှ မြစ်ဖျားခံစီးဆင်းလာသော ချောင်းကြီးမြစ်ငယ်များကို ဗဟိုပြု၍ တည်ဖွဲ့ထားသောဒေသများပင် ဖြစ်သည်။

ဝေဖန်စောကြောစရာတစ်ခုက တောစဉ်ခုနစ်ခရိုင်ဆိုသည်မှာ -

(၁) အမ်းခရိုင်၊
(၂) စနဲခရိုင်၊
(၃) မအီခရိုင်၊
(၄) လမူးခရိုင်၊
(၅) တန်းရွဲခရိုင် (တန်းလွဲ ခရိုင်)
(၆) တောင်ကုတ်ခရိုင်၊
(၇) သံတွဲ ခရိုင် (ခူးခရိုင်) ဟူ၍ -

ရခိုင်သမိုင်းသုတေသီ ဝတီထွန်း (ကျောက်ဖြူ) က ဆိုသလို ရခိုင်သမိုင်းသုတေသီ ဒွါရာဝတီ ရှင်ကုသလကလည်း မအီခရိုင်၊ လမူးခရိုင်၊ တန်းလွဲခရိုင်၊ တောင်ကုတ်ခရိုင်၊ သဒေးခရိုင်၊ သံတွဲခရိုင်၊ ကျိန္တလီခရိုင်တို့ဖြစ်ကြသည်ဟု ဆိုကြပြန်သည်။

စိတ်ဝင်စားစရာတစ်ခုမှာ ရခိုင်သမိုင်းသုတေသီ ဒွါရာဝတီရှင်ကုသလက တောင်စဉ်ခုနစ်ခရိုင်တွင်နှစ်မျိုးရှိကြောင်း ပထမအမျိုးမှာ အနောက်တောင်စဉ်ခုနစ်ခရိုင်ဖြစ်၏။ ဒုတိယတစ်မျိုးမှာ အရှေ့တောင်စဉ်ခုနစ်ခရိုင်ဟုဆိုကြောင်းဖော်ပြထားသည်ကိုတွေ့ရှိရသည်။ အနောက်တောင်စဉ်ခုနစ်ခရိုင်မှာ တခြားမဟုတ်၊ ခုနက ဝတီထွန်း (ကျောက်ဖြူ) နှင့် ဒွါရာဝတီ ရှင်ကုသလတို့ တင်ပြသော တောင်စဉ်ခုနစ်ခရိုင်ဒေသ ဖြစ်သည်။

အရှေ့တောင်စဉ်ခုနစ်ခရိုင်ကိုတော့ ဒွါရာဝတီရှင်ကုသက မင်းတုန်းမြို့၊ မင်းတပ်မြို့၊ တိုင်းတာမြို့၊ မြို့သစ်မြို့၊ ပတိန်းမြို့၊ ဖဲမြို့၊ နန်းတော်မြို့ကို ခေါ် ဝေါ် သည်ဟုဆို၏။ ယောနယ်သမိုင်းမှတ်တမ်းတစ်ခုတွင် ပန်းတိမ်းမြို့၊ ဖဲမြို့၊ တိုင်းတာမြို့၊ စေတုတ္တရာမြို့၊ စကုမြို့၊ လယ်ကိုင်းမြို့၊ သောင်လင်းမြို့တို့သည် (အရှေ့) တောင်စဉ်ခရိုင်ဒေသဖြစ်သည်ဟု ဆိုထားသည်။

မှတ်သားဖွယ်ရာကောင်းသည်က ဒွါရာဝတီရှင်ကုသလက အနောက်တောင်စဉ်ခရိုင်ကို ဒွါရာဝတီတောင်စဉ်ခုနစ်ခရိုင်ဟုခေါ် ဆိုလျက် အရှေ့တောင်စဉ်ခရိုင်ကို ဓညဝတီတောင်စဉ်ခုနစ်ခရိုင်ဟုခေါ် ဝေါ်ကြကြောင်းပြောထားပါသေးသည်။ ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်မှာ မှန်နန်းရာဇဝင်တွင် ဖော်ပြထားသော ကျန်စစ်မင်းကြီးက သား သားတော် ဇေယျခေတ္တရာမင်းသားကို ပေးသနားသည့် ဓညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်ဆိုသည်မှာ ယခုဆိုနေသော အရှေ့တောင်စဉ်ခရိုင် (ခေါ်) ဓညဝတီတောင်စဉ်ခရိုင်ဖြစ်နေမည်မှာ ဧကန်ဖြစ်သည်။ ပြီး - ဒေါက်တာတိုးလှ၏ သုတေသနစာတမ်းတွင် ပါရှိသော မင်းတုန်းတောင်စဉ်ခုနစ်ခရိုင်ဆိုသည်မှာ ယခုဆိုနေသော အရှေ့တောင်စဉ်ခုနစ်ခရိုင်ကိုပင် ရည်ညွှန်းသည်မှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မည်ထင်သည်။ ထိုတောင်စဉ်ခုနစ်ခရိုင်ကို မင်းတုန်းစားက အုပ်ချုပ်ရသည်ဆို၏။ နောက်မှတ်သားစရာတစ်ခုကား 'တောင်မှာ မထုံး၊ (မင်းတုံး)၊ မြောက်မှာ မုန်း' ဆိုထားရာ တောင်ဖက်မထုံး (မင်းတုံး) ချောင်းမှ မြောက်ဘက် မုန်းချောင်းအထိ နေရာဒေသကို အရှေ့တောင်စဉ်ခုနစ်ခရိုင်ဟုဆိုလိုလေသလား။

ဤနေရာမှာ မေးစရာ၊တွေးစရာရှိလာသည်မှာ ဤဓညဝတီတောင်စဉ်ခုနစ်ခရိုင် (ခေါ်) မင်းတုန်းတောင်စဉ်ခုနစ်ခရိုင် (ခေါ်) အရှေ့တောင်စဉ်ခုနစ်ခရိုင်သည် ရှေ့ကဆိုနေသော အပရန္တတိုင်း (ခေါ်) သုနာပရန္တတိုင်း၏ အဝန်းအဝိုင်းတွင်ကျရောက်နေသည်ဖြစ်ပေရာ တောင်စဉ်ခုနစ်ခရိုင်သည် သုနာပရန္တတိုင်းလော၊ သုနာပရန္တတိုင်းသည် တောင်စဉ်ခုနစ်ခရိုင်လော။

နောက်နှီးနွှယ်ပြောစရာတစ်ခုရှိနေပါသေးသည်။ မဇ္ဈိမဒေသမှ သုနအမည်ရှိသော မဟာသမတမင်းကြီး၏ သားကြီးဩရသဖြစ်သည့် ကရပေါ်မင်းသားသည် စစ်သည်ဗိုလ်ပါ အခြွေအရံများဖြင့် မြန်မာနိုင်ငံတွင်းသို့ တိုင်းသစ်ပြည်သစ်တည်ထောင်ရန် ဝင်ရောက်လာပြီး ဟန်းလင်းမြို့ကို စတင်တည်ထောင်၏။ ထို့နောက် ဧရာဝတီမြစ်အနောက်ဘက်အရပ်ဒေသကို တိုင်းသစ်ပြည်သစ်ဖန်တီးစိုးမိုးအုပ်ချုပ်ပြန်သည်။ ကရပေါ်မင်းကြီးသည် သူ့ဖခမည်းတော် သုနမင်းကြီးအမည်နာမကိုယူ၍ ဧရာဝတီမြစ်အနောက်ဘက်ဒေသက တိုင်းသစ်ပြည်သစ်ကို သုနပရန္တတိုင်းဟု အမည်ပေးလေသည် ဟူ၏။

မဇ္ဈိမဒေသ ရာဇ်ဂြိုဟ်ပြည်မှ ထွက်ပြေးလွတ်မြောက်လာသော ဇာလာမိကရာဇာ၊ ဥတိကရာဇာ၊ ကိစ္စနရာဇာ မင်းသားညီနောင်တို့သည် ဤမြန်မာနိုင်ငံအတွင်းကို ဝင်ရောက်ကာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းခြေဒေသတောင်ညို အရပ်မှာ သာသနာနှစ် ၇၃ ခုနှစ်တွင် အရိမဉ (ကလေးတောင်ညို) မြို့ကို တည်ထောင်ပြီး နောင်တော်ကြီး ဇာလာမိကရာဇာက မင်းပြုသည်။

တစ်ဆက်တည်းလိုလိုပင် ညီတော်ငယ် ကိစ္စနမင်းသားကို မနန်မြို့ (မဟာမြိုင်တောနေရာမှာ)ကို ထူထောင်၍စားစေကာ ညီတော်လတ် ဥသိကမင်းသားကိုလည်း မိုးညှင်းမြို့ (ယခု မိုးညှင်းမြို့) ကို ထူထောင်၍စားစေသည်။

ထို့ပြင်တဝ ဇာလာမိကမင်းကြီး၏ သားတော်ကြီး မဟာဝန္တရာဇာအား နွယ်ပတ်မြို့ကိုလည်းကောင်း၊ သားတော်လတ် မဟာနန္ဒရာဇာကို သူ့ရဲမြို့ (ယခု ထီးလင်းမြို့) ကို လည်းကောင်း၊ သားတော်ငယ် မဟာသမန္တရာဇာကို ခံတပ်မြို့ (ယခု ရှုံမြို့) ကို ထူထောင်စားစေသည်။ ထို့အတူ ယောမြို့ကို ရာဇာကောဌ၊ မင်းတပ်မြို့ကို ရာဇာသေန၊ ကရကတ္ထမြို့ကို ရာဇဝိန္ဒ၊ ကုရာမြို့ကို ကာလပတ္တ၊ ဩမြို့ကို ဇောတိရာဇာ၊ မိုင်းကိုင်းမြို့ကို နာဂသေန စသဖြင့် ထူထောင်ခဲ့ကြသေးသည်။

လိုရင်းပြောရလျှင် ဇာလာမိကမင်းကြီးထူထောင်သော တိုင်းပြည်ကို သုနာပရန္တတိုင်းတွင် ကျရောက်နေသော်လည်း ယောနကတိုင်းဟု အမည်ပေးခဲ့လေသည်။ ယောနကတိုင်းကို အရှေ့ဘက်တွင် တကောင်းပြည်၊ ဟန်းလင်းပြည်၊ တောင်ဘက်အရပ်တွင် မော်ဇာပြည်၊ ကမ်းယံပြည်၊ ရခိုင်ပြည်၊ မြောက်အရပ်တွင် အဂ္ဂဘတ်ပြည်၊ ကသည်းပြည်၊ ရှမ်းပြည်တို့ဝိုင်းရံခတ်နေသည်ဟု ဆိုထားပြန်လေသည်။

နောက် ထင်ရှားသော ပြောစရာတစ်ခုက သဃ်ဿရဋ္ဌတကောင်းပြည် ထီးနန်းလုပွဲတွင်ရှုံးနိမ့်ခဲ့ရသော ကံရာဇာကြီးမင်းသားသည် မိမိအလုံးအရင်းကိုယူ၍ ဧရာဝတီမြစ်ကို စုန်ဆင်းလျက် သလ္လာဝတီ (ချင်းတွင်း) မြစ်ကိုဆန်ခဲ့၍ ကလေးတောင်ညိုကို ရာဇဂြိုဟ်ဟု သမုတ်ကာ ခြောက်လဗိုလ်ဝင်ခံတော်မူသည်။ ထိုအခါ သုနာပရန် (သုနာပရန္တ)၊ ပျူ ကမ်းယံ၊ သက်တို့ကမင်းလျှာတောင်းသောကြောင့် သားတော်မုဒုစိတ္တကို ပျူတို့အရပ်မှာမင်းပြုစေပြီးလျှင် ကံရာဇာမင်းသည် ရခိုင်ရိုးမတောင်တန်းကိုဖြတ်ကျော်လျက် ရခိုင်ပြည်ထဲသို့ဝင်ရောက်သွားခဲ့ရာ ကစ္ဆပနဒီမြစ် (ကုလားတန်မြစ်) အရှေ့ဘက်၌ ကျောက်ပန်းတောင်းမြို့ကို ဓညဝတီပြည့်ရှင်မင်း မင်းငယ်ပျော့လှစည်သူ၊ မိဖုရားစောစစ်၏ သမီးတော်များဖြစ်ကြသော သုန္ဒရီနှင့်ဖွားတော်သွေးတို့နှင့်လက်ဆက်ပြီးထူထောင်လေသည်။ ယင်းနောက်ပိုင်းတွင် ဒုတိယဓညဝတီပြည်၊ ဒုတိယဓညဝတီခေတ်ကို ထူထောင်တော်မူလေသည်။

တစ်ဖန် မုဒုစိတ္တမင်း၏ အနွယ်တော် တမ္ဘူလပျူမင်းလက်ထက်တွင် ဓညဝတီပြည်က လာရောက်နှောင့်ယှက်သဖြင့် ပြည်ပျက်ကာ ထိုတမ္ဘူလပျူမင်း၏မိဖုရား နန်းခမ်းပျူမိဖုရားနှင့် နောက်လိုက်နောက်ပါတို့သည် သကျအင်းအရပ် (ပြည်မြို့အနီး ဧရာဝတီမြစ်အနောက်ဘက်ကမ်း) လာရောက် ခိုလှုံသည်။ ထိုသကျအင်းကို ကမ်းယံတို့က လာရောက်တိုက်ခိုက်သောအခါတွင် ပျူနှင့်ကမ်းယံတို့ ကြီးစွာစစ်ဖြစ်ခဲ့ရသည်။ ကမ်းယံတို့ ရှုံးနိမ့်၍ ပြေးခွာခဲ့ရသည်။ ကမ်းယံတို့နေရာသည်ကား ဒွါရာဝတီ သံတွဲမြို့နှင့် တောင်စဉ်ခရိုင်တို့တည်း။

သရေခေတ္တရာပြည်ပျက်ပြီးနောက် သက္ကရာဇ် ၁၆ ခုအရောက်တွင်လည်း ပျူ ကမ်းယံ၊ မြန်မာဟု အုပ်စုသုံးစုကွဲခဲ့သည်။ ပျူနှင့်ကမ်းယံတို့စစ်ဖြစ်ရာ ကမ်းယံတို့ရှုံးနိမ့်သဖြင့် ထိုအရပ်မှပြေးခဲ့ရသည်။ ပျူတို့တွင် အုပ်စုသုံးစုကွဲ၍ အချင်းချင်းစစ်ဖြစ်ကြပြန်ရာ တစ်စုက ကျပင်းကိုရသွားသည်။ တစ်စုတို့က သက်တို့နှင့်ပူးပေါင်းသွားသည်။ နောက်ထပ်တစ်စုက တောင်ညိုအရပ်သို့ရောက်သွားသည်။ သုံးနှစ်လွန်သော် မွန်တို့လာရောက်တိုက်သဖြင့်ပျက်သည်။ ထို့ကြောင့် ပန်းတောင်းသက်သာအရပ်ကို တည်ထောင်သည်။ သိပ်မကြာမီ ကမ်းယံတို့က လာတိုက်သဖြင့် ပန်းတောင်းသက်သာပျက်ပြီး မင်းတုန်းကို တည်ထောင်ပြန်သည်။ မင်းတုန်းမှာ သုံးနှစ်နေပြီးနောက် ယုန်လွှတ်ကျွန်းတွင် သမုဒ္ဒရာဇ်မင်းသည် တမ္ပဒီပပုဂံပြည်ကို စတင်တည်ထောင်လေသည်ဟူ၏။ ဆိုချင်သည်က သရေခေတ္တရာပျက်ပြီးနောက် ပျူတို့သည် (ကလေး)တောင်ညိုအရပ်၊ ပန်းတောင်းသက်သာအရပ်၊ မင်းတုန်းအရပ်တို့တွင် (ဝါ) သုနာပရန္တတိုင်းတွင် ခိုလှုံနေထိုင်ပြီးမှ တမ္ပဒီပပုဂံပြည်ကို တည်ထောင်ခဲ့ရသည်ပင် ဖြစ်သည်။

တကယ်တော့ သုနာပရန္တတိုင်း (ခေါ်) တောင်စဉ်ခုနစ်ခရိုင်နှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် ပြောစရာများစွာကျန်နေပါသေးသည်။ ပရိမ္မအကြောင်း၊ ကြောင်ဖြူအကြောင်း၊အမြင့်အကြောင်း၊ အနိမ့်အကြောင်း၊ ပခန်းကြီးအကြောင်း၊ ပခန်းငယ်အကြောင်း စသည်တို့အပြင် မန္တရ၊ တန္တရဆိုင်ရာ ဂန္ဓာရီပညာဆိုင်ရာ၊ လောကီပညာ၊ အရည်းကြီးဆိုင်ရာအကြောင်းတွေ၊ မစ္ဆာဂီရိအကြောင်း၊ ဖိုးဦးတောင်အကြောင်း၊ တန်ကြည့်တောင်အကြောင်းတွေ စသည် စသည်တို့ကျန်နေပါသေးသည်။ အခွင့်ရေးရလျှင်တော့ ကြုံကြိုက်လျှင်တော့ တင်ပြပါဦးမည်။

မင်းရှိန်အောင်

www.burmeseclassic.com

ဝိုင်(စမြင့်မြတ်)

# ဟိန်းဇေယျာ

## အဘဘိုးမင်းခေါင်

## အဘအယောင်ဆောင် ညှော်သရဲ



ဖုတ်ဝင်နေတယ်ဟု ပြောသံကြားရလျှင် ကလေး၊ လူကြီးအားလုံးက ချက်ချင်းသိကြလေသည်။ စိတ်အသိတွင် သေပြီးသည့်ခန္ဓာကိုယ်တွင် ပရလောကသားတစ်ဦးဦးဝင်ပူးကပ်သည်ကို နားလည်သည်။ ထို့ပြင် နာနာဘာဝင်ပူးကပ်သည်နှင့် မူလလူ၏စိတ်အလေ့အကျင့်နေပုံထိုင်ပုံများသည် အံ့ဩလောက်အောင်ပြောင်းလဲသွားသည်။ မကျန်းမာစဉ် အစားအသောက်မစားနိုင်သော်လည်း အသားကို ဦးစားပေးချက်ခိုင်းသည်။ ညသန်းခေါင်သန်းလွဲတွင် ဟင်းအိုးစားတတ်သည်။ တချို့သွေးစုပ်ဖုတ်ဝင်နေပါက လူနာသည် သူ့အသားနှင့်ထိကပ်နေရန် ကြံဆောင်တတ်သည်။ အမြဲတစေ အနင်းအနှိပ်ခံ၍ သွေးစုပ်တတ်သည်။ သူနှင့်ထိကပ်နေသူသည် ရက်ရှည်ကြာလာသည်နှင့်အမျှ သွေးအားနည်းကာ အသားရေဖြူဖပ်ဖြူရော်ဖြစ်လာလေသည်။ မိမိလူနာသေလောက်သည့်ဝေဒနာခံစားပြီးမှ အသက်မသေဘဲ တစ်ဖန်ပြန်၍ စားသောက်ထားသည်ကို တွေ့သည့်အခါ သင်္ကာမကင်းဖြစ်ရသည်။ နားလည်တတ်ကျွမ်းသော ဆရာများကို ပင့်ဖိတ်ပြီး ပြသရလေသည်။ လောကီအစီအရင်လုပ်ပေးသည့်အခါမှသာ အပဝင်သူသည် ထွက်သွားသည်နှင့် လူမမာသည် အရုပ်ကြိုးပြတ်ပုံကျကာ ကျန်ခဲ့သည်။ ထူခြားသည်မှာ မည်သည့်အချိန်က သေဆုံးခဲ့သည်မသိ။ ဖုတ်ထွက်သွားသည်နှင့် ခန္ဓာကိုယ်သည် ချက်ချင်းပွရောင်းလာခြင်းပင်တည်း။

ကျွန်တော် တွေ့ကြုံခဲ့ရသည်မှာ ဖုတ်ဝင်ခြင်း မဟုတ်ပေ။ စိတ်နယ်လွန်ဖြစ်စဉ်များနှင့် ပတ်သက်နေသည့် အဘဘိုးမင်းခေါင်အယောင်ဆောင်ကာ ဝင်ရောက်ပူးကပ်နေသည့်ဖြစ်ရပ်နှင့်ကြုံတွေ့ခဲ့ရပေသည်။ အဘကို ယုံကြည်ကိုးကွယ်သူများအဖို့ သတိပြုဆင်ခြင်နိုင်ရန် တင်ပြအပ်ပေသည်။

❑

လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်အချိန်တွင် ကျိုက္ကဆံမြင်းပြိုင်ကွင်း၏ အနောက်ဘက်တွင် မင်းလမ်းဈေးတစ်ဈေးရှိလေသည်။

မောင်မှတ်ကြီးဆိုသူသည် ဈေးသည်များ၏ကုန်စိမ်း၊ ကုန်ခြောက်များ သယ်ယူထမ်းပိုးခြင်းဖြင့် လည်းကောင်း၊ ဇနီးဖြစ်သူ မအေးသည် တို့စရာချဉ်ဖတ်ရောင်း၍ လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုကြလေသည်။ မနက်ငါးနာရီခွဲတွင် ဈေးသို့ ကုန်စိမ်းကားဝင်သည်နှင့် မောင်မှတ်ကြီး လုပ်ငန်းစဆင်းပြီး ခုနစ်နာရီခန့်တွင် ဈေးဆိုင်အသီးသီးတွင် ကုန်ပစ္စည်းရောက်ပြီးဖြစ်လေသည်။ မအေးသည်လည်း ဆိုင်ခင်းပြီးဖြစ်၍ မောင်မှတ်ကြီးဝယ်ပေးသော လက်ဖက်ရည်နှင့် အီကြာကွေးမှာ ဆိုင်ရှေ့ ထင်းရှူးပုံပေါ်မှာ အခန့်သင့်ပင်။ မောင်မှတ်ကြီးသည် နေ့စဉ် လုပ်ကိုင်နေကျအလုပ်များပြီးသည်နှင့် ဈေးထဲတွင် ဟိုဆိုင်ထိုင်ဒီဆိုင်ကူးနှင့် ကျပန်းအလုပ် လုပ်ပေးရလေသည်။

တစ်နေ့တွင် ကုန်ထမ်းပြီးခိုန် ဘုရားလေးဘက်သို့ လမ်းလျှောက်သွားချင်စိတ်ပေါ်လာလေသည်။ ကျိုက္ကဆံဘုရားလေးသည် အနောက်မြင်းပြိုင်ကွင်းလမ်းမကြီးဘေးတွင် တည်ရှိလေသည်။ စေတီမှာ ကြီးကြီးမားမားမဟုတ်သော်လည်း အရွယ်အစားမှာ စေတီငယ်မျှသာဖြစ်၍ သပ္ပာယ်ဖွယ်ရာပင်ဖြစ်ပေသည်။ စေတီဝန်းကျင်တွင် အမိုးအာဝါသကောင်းသော သစ်ပင်ကြီးများပေါက်ရောက်အုပ်ဆိုင်းနေသည်။ ဟိုးယခင်က မြင်းပြိုင်ပွဲများကျင်းပလေ့ရှိရာ ထိုနေရာတစ်ဝိုက်တွင် မြင်းနှင့်ပတ်သက်သူများနေထိုင်ခဲ့ကြသည်ဖြစ်ရာ အသျှင်အမည်အချို့တွင် ဂျော်ကီဘရင်လေးစသဖြင့် အမည်များကိုတွေ့ရသည်၊ ထို ဘုရားဝင်းအတွင်း ပုံးဆန်သံအခွံတစ်ခု ကို ယနေ့တိုင်တွေ့ရသည်။ ထိုပုံးဆန် တွင် 'ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်သို့ ပထမဆုံးကျရောက်သည့်ဗုံးဆန်



www.burmeseclassic.com

www.burmeseclassic.com





ဟု ရေးထိုးထားသည်ကို တွေ့နိုင်လေသည်။

မောင်မှတ်ကြီးရောက်ရှိချိန်တွင် ဘုရားရင်ပြင်တော်နေရာအနှံ့အပြား၌ အမိဋ္ဌာန်ပုတီးစိပ်သူများကို တွေ့ရသည်။ ကျိုက္ကဆံဘုရားလေးတွင် နံနက်၊ ည အချိန်အထိ အမိဋ္ဌာန်ဝင်သူများပုတီးလာစိပ်သူများလာကြသည်ဟုသာ ကြားသိရသော်လည်း စိတ်ဝင်စားမှုမရှိလှ။ အမိဋ္ဌာန်ဝင်၍ အောင်မြင်မှုရရှိသည်ဟု တခြားရပ်ကွက်၊ မြို့နယ်တို့တွင် လူသိများလာသော်လည်း မောင်မှတ်ကြီး မသိ၍မဟုတ်။ သိနေသော်လည်း ကိုယ်နှင့်မသက်ဆိုင်သလိုပင်။ မောင်မှတ်ကြီးသည် ကုန်ထမ်းပြီးပြီးချင်း လာရသဖြင့် အဝတ်အစားတို့မှာပေကျံနေသည်။ ထပ်ဝတ်ထားသောအကျီက ပခုံးနေရာတွင်ပြဲပေါက်နေသည်။ ဘုရားဝတ်ပြုနေသူများ၊ ပုတီးစိပ်နေသူများ၏နောက်မှနေ၍ ဘုရားကိုဝတ်ပြုသည်။ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည့် ဘုရားဖူးများက သူ့အနားတွင်မထိုင်။ ခပ်လှမ်းလှမ်းမှထိုင်ကာ ဘုရားဝတ်ပြုသည်ကို သတိပြုမိသည်။ 'ငါ့ကိုအရူးထင်နေတယ်' ဟုတွေးမိသည်။

စေတီညာဘက်တွင် အဘကိုးမြို့ရှင်နတ်နန်းရှိသည်။ နတ်နန်းရှေ့တွင် ငြိမ်သက်စွာတရားထိုင်နေသူများတွေ့ရသည်။ မောင်မှတ်ကြီးသည် အစွန်ဆုံးဘက်တွင် သူများနည်းတူထိုင်ကာ ငြိမ်သက်နေသည်။ ထိုင်သာထိုင်ရသည် ဘာကိုမှတ်ရမည်မသိ။ ဘာဂါထာကို ဆိုရမည်မသိ။ မျက်လုံးကိုစုံမှိတ်ထားလေသည်။ တွေးနေစဉ်မှာပင် ပုတီးစိပ်တာပဲကောင်းတယ်ဟုတွေးမိသဖြင့် ချိတ်ထားသောပုတီးများထဲမှ ပုတီးတစ်ကုံးကိုယူကာစိပ်လေတော့သည်။ အကျင့်မရှိသဖြင့် ခြေထောက်ကျဉ်လာပြီး ခါးတောင့်တင်းလာရာ ကြိတ်မှိတ်ပြီးထိုင်လေရာ မခံနိုင်တော့သည်တွင် မျက်လုံးဖွင့်ပြီး ခြေဆန့်ရန်ဟန်ပြင်လိုက်သည်။

"ဟိုက်"

မောင်မှတ်ကြီးနှုတ်မှအသံထွက်မိလေသည်။ မောင်မှတ်ကြီးရှေ့တွင် ခဲလုံးဖြင့်ဖိထားသော (၁၀၀) တန်တစ်ရွက်ကိုဘွားခနဲမြင်ရလေသည်။ ငွေစက္ကူကိုယူပြီး အိတ်ထဲထည့်လိုက်သည်။ သူ (၇) ရက်တိုင်တိုင် ဘုရားလေးတွင် ပုတီးစိပ်လေရာ နေ့စဉ် (၁၀၀) ရရှိလေသည်။ မည်သူလာပေးသည်ကို သိလိုသဖြင့် သတိဖြင့်စောင့်နေသော်လည်း သတိလစ်သွားသည်နှင့် ရာတန်တစ်ရွက်ရောက်ရှိပြီး ဖြစ်လေသည်။ မောင်မှတ်ကြီးသည် မည်သူ့ကိုမျှ အသိမပေးဘဲ ကုန်ထမ်းပြီးတိုင်း ဘုရားလေးသို့သွားကာ တရားထိုင်လေသည်။

## ❑ အကြားအမြင်ရပြီ

တစ်နေ့သော ညဦးပိုင်းအချိန်တွင် ဖြစ်လေသည်။ ဈေးသည် မလှဝင်းသည် မောင်မှတ်ကြီးအိမ်သို့ရောက်လာလေသည်။

မလှဝင်းက -

"မအေးရေ ငါမနက် သီရိမင်္ဂလာဈေးသွားမယ်။ မှာချင်တာမှာဝယ်ခဲ့မယ်"

မအေးက -

"အတော်ပဲ မုန်လာဥမှာလိုက်ချင်တယ်။ မုန်လာအစည်းငါးဆယ်၊ ကြောင်လျှာသီးအတောင့်အစိတ်လောက်ဝယ်ခဲ့ဟယ်"

ပြောရင်း မလှဝင်းကိုပေးရမည့်ငွေကိုတွက်ကာ ပိုက်ဆံကိုရေတွက်နေလေသည်။

မလှဝင်းက -

"ကိုမှတ်ကြီး၊ အခုဘုရားတရားအလုပ်တွေလုပ်နေတယ်ဆို"

ခင်မင်ရင်းစွဲဈေးသည်ချင်း၊ မိတ်ဆွေချင်းဖြစ်၍ ခပ်ထေ့ထေ့ပြောလိုက်သည်။ မောင်မှတ်ကြီးသည် မလှဝင်းကိုကြည့်ကာ နှုတ်မှလွှတ်ခနဲပြောလိုက်သည်။

"မလှဝင်း ခင်ဗျားမနက်ဖြန်ဈေးမှာ ခါးပိုက်နှိုက်ခံရလိမ့်မယ်"

"အမလေး မှတ်ကြီးရယ်၊ ခါးပိုက်နှိုက်များလောက်တော့ ဖျင်းတောင်ဖျင်းသေးတယ်"

မလှဝင်းသည် မျက်ခုံးပင့်ကာ ဟန်ပါပါ ပြန်ပြောလိုက်လေသည်။

မောင်မှတ်ကြီးက -

"မအေး၊ နင့်ပိုက်ဆံဆုံးလိမ့်မယ်နော်။ မယုံမရှိနဲ့"

"ရှင်သာ ရူးကြောင်ကြောင်လျှောက်ပြောနေတာ"

မအေး၏ တုံ့ပြန်ချက်ကို မောင်မှတ်ကြီး ခွန်းတုံ့မဆိုဘဲငြိမ်နေလိုက်ရလေသည်။

## ❑ ဟောချက်က ဒတ်ခနဲ

ဝေလီဝေလင်းအချိန်တွင် ကုန်စိမ်းကြိုသည့်ကားသည် မင်းလမ်းဈေးသို့ဝင်ရောက်လာလေသည်။မောင်မှတ်ကြီးလည်း ကုန်ထမ်းရန် ကားအနီးအရောက်တွင် မလှဝင်း၏အော်ပြောသောအသံကြောင့် အံ့သြသွားလေသည်။

"ကိုမှတ်ကြီး၊ ရှင်ပြောတဲ့အတိုင်းပဲတော့ ခါးပိုက်နှိုက်ခံရတာကုန်ပြီတော်။ အခု သူများဆီက ပိုက်ဆံချေးပြီးဝယ်ခဲ့ရတယ်"

မောင်မှတ်ကြီးလည်း -

"ငါ့ကို အဘိုးဘိုးမင်းခေါင်စောင့်ရှောက်ပြီး ဝင်စီးပူးကပ်ပြီ"

ဟု တွေးမိလေသည်။ အဘိုးဘိုးမင်းခေါင်ဖြစ်မည်ဟုလည်း တွေးထင်မိသည်မှာ လွန်ခဲ့သော (၃) ရက်ကအဖြစ်အပျက်ကြောင့်ဖြစ်ရလေသည်။

ဆရာစံတောင်ရပ်ကွက်၊ ဦးချစ်မောင်လမ်းမနှင့် အနောက်မြင်းမြိုင်ကွင်းလမ်းဆုံရာ ကြက်လျှာစွန်းနေရာတွင် ရတနာပန်းခြံတည်ရှိလေသည်။ ပန်းခြံအတွင်း ကြီးမားသော ခရေပင်ကြီးများရှိသည်။ ပန်းခြံအစွန်းဘက်တွင် လွန်စွာကြီးမားသော ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ညောင်ပင်ခြေရင်းပတ်လည်တွင် သစ်သားစင်များရှိပြီး ထိုစင်များပေါ်တွင် နတ်ကွန်းငယ်များအစီအရီရှိလေသည်။ ညနေစောင်း မှောင်သည့်အချိန်တွင် အမွှေးတိုင်၊ ဖယောင်းတိုင်မီးများ ပူဇော်ထားကြသည်။ အချို့လူများသည် မိမိတို့အမိဌာန်ဖြင့် ညောင်ရေအိုးပန်းများလဲလှယ်ခြင်း၊ သစ်သီးငှက်ပျောသီးဆက်ကပ်ခြင်းများပြုလေ့ရှိကြ၏။ သို့ရာတွင် ပူဇော်ပသပြီးလျှင် ပုတီးစိပ်ခြင်း၊ အမိဌာန်ပြုတရားထိုင်ခြင်းများပြုလုပ်သည်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ရချေ။ အနီးဝန်းကျင်မှလူများသည် ကျိုးပဲ့နေသော ဆင်းတုတော်ပုံများ၊ ပျက်စီးနေသော စေတီပုံတော်များ၊ မြင်းဖြူရုပ်များကို ညောင်ပင်ကြီးတွင်လာရောက်စွန့်ပစ်ထားကြသည်။

မကြာမီရက်ပိုင်းက မောင်မှတ်ကြီးသည် မီးပူဇော်သည့်အချိန်တွင် ညောင်ပင်ကြီးအနီး ခုံတန်းရှည်တွင်ထိုင်ကာ အပန်းဖြေနေလေသည်။ အလှူရှင်တစ်ဦးသည် အမွှေးတိုင်အတိုင် (၃၀)ခန့်ပူးချည်ပြီး မီးပူဇော်သွားခဲ့လေသည်။ မီးရှိန်မြင့်ပြီး လောင်ကျွမ်းနေသည်ကို မောင်မှတ်ကြီးသည် စိုးရိမ်မိကာ ညောင်ပင်ကြီးဆီသို့ သွားလေသည်။ အမွှေးတိုင်မီးတောက်ကိုငြိမ်းပြီး အမွှေးတိုင်များကို နေရာခွဲကာစိုက်ထားပေးလိုက်သည်။ ပြီးသည်နှင့် သူ့မျက်လုံးသည် တစ်နေရာကိုစူးစိုက်ကြည့်မိလေသည်။ တွေ့ရသည်မှာ မည်သူလာရောက်စွန့်ပစ်ထားသည်ကိုမသိရသော အရွယ်တစ်ထွာခန့် အဘဘိုးမင်းခေါင်ထိုင်လျက်ပုံတူရုပ်တုကို ဖြစ်လေသည်။ မောင်မှတ်ကြီးသည် ရုပ်တုကို တရိုတသေကိုင်တွယ်ကာ နှုတ်မှလည်း -

"အဘိုးခင်ဗျား၊ သားတော်ကြီးအိမ်မှာစံမြန်းပါ။ အဘိုးကိုပသပူဇော်ပါ့မယ်"

ပြောဆိုပြီး အိမ်သို့ယူသွားလေသည်။ ထိုစဉ်မှစပြီး မောင်မှတ်ကြီးသည် အိမ်ပေါ်တက်လာသည့်သူများကိုဟောပြောချင်သကဲ့သို့ဖြစ်ရလေသည်။ ငါပြောတာမှားရင် ဟူသောအတွေးကရှိနေသည်။ တခြားသူကိုဟောရသည်မှာ ပြဿနာမရှိ။ မအေးကိုတော့ သူကလန့်ရသည်။ မအေးက သူ့ရဲ့ထမင်းရှင်၊ ငယ်ကြောက်ဖြစ်နေသည်ကိုး။

မလှဝင်း ခါးပိုက်နှိုက်ခံရသည့်အကြောင်း ဈေးထဲတွင် ဟိုးလေးတကျော်ဖြစ်ရသည့်နည်းတူ ဘိုးတော်မှတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အမည်သညာလည်း အထင်အရှားဖြစ်သွားလေသည်။ မအေးသည်ပင် မောင်မှတ်ကြီးကို မရှိမသေမပြောဝံ့တော့။ သူ့ကိုယ်တွေ့ပဲ ဟောချက်မှန်နေသည်မှာမငြင်းနိုင်။ ယခုတော့ မောင်မှတ်ကြီးကုန်ထမ်းအလုပ်သမားမဟုတ်တော့။ အပေါ် ယောဂီ၊အောက်ယောဂီဝတ်စုံနှင့်ဖြစ်နေသည်။ခေါင်းရင်းဘက်တွင် အမြိုင့်သားထိုင်ကာ ဟောပြောလေသည်။ ရပ်ဝေးမှလူများပင်လာရောက်မေးမြန်းလေ့ရှိသည်။ ရေစင်ဖိုးတောင်းကာ ကန်တော့ပွဲအတွင်းရှိ ငှက်ပျောသီးများကြားတွင်ညှပ်ပေးထားသည်။ဟောခငွေကို သူမသုံးစွဲသည့်ပုံဟန်မျိုးဖြစ်သည်။ တစ်ရပ်ကွက်တည်းချင်းမိတ်ဆွေသူငယ်ချင်းများမှာမူ မောင်မှတ်ကြီးကို ယုံကြည်၍မရ။ အထင်ကြီးလို့မရ။

တစ်နေ့တွင် တစ်ရပ်ကွက်လုံးအံ့သြရသည့်အပြင် မောင်မှတ်ကြီးကိုယ်တိုင်ပင် သွေးနားထင်ရောက်ကာ ထွက်ရပ်ပေါက်သွားတော့မည့်အခြေအနေဖြစ်ပေါ်ခဲ့ရလေသည်။

မိုးရာသီနေ့တစ်နေ့ဖြစ်လေသည်။ မင်းလမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ဘိုးတော်မှတ်ကြီးသည် သူငယ်ချင်းဖြစ်သူ မောင်တင်ဝင်း အပါအဝင် ရပ်ကွက်လူကြီးအချို့နှင့် လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောနေကြလေသည်။ ဘိုးတော်မှတ်ကြီးနှင့် မောင်တင်ဝင်းတို့သည် တစ်ရပ်သားဖြစ်ပြီး အသက်မှာ မတိမ်းမယိမ်း (၃၀) ခန့်စီရှိကြသည်။ မောင်တင်ဝင်းသည် ရပ်ကွက်အတွင်း မီးကြိုးသွယ်ခြင်း၊ အိမ်မီးပြင်ခြင်းအလုပ်ဖြင့် ရှာဖွေစားသောက်ရသည်။ တစ်ဝိုင်းတည်းထိုင်သူ ရပ်ကွက်လူကြီးက မောင်တင်ဝင်းကို အလုပ်အပ်နေလေသည်။

"မောင်တင်ဝင်းရေ ညနေစောင်း မိုးမရွာရင် ဓာတ်တိုင်ကဓာတ်ကြိုးကို ကြည့်ပေးပါဦး။ ဦးလေးအိမ် မီးမလာလို့ကွ"

"ရပါတယ် ဦးလေးရာ၊ မိုးရွာလည်းလုပ်ပေးရမှာပဲ"

မောင်တင်ဝင်းက ပြန်ပြောလိုက်လေသည်။

မောင်တင်ဝင်းအတွက်သည် ညအရက်ဖိုးရရန် သေချာသွားလေသည်။ ဘိုးတော်မှတ်ကြီးသည် မောင်တင်ဝင်းကိုကြည့်ကာ အာရုံထဲတွင်မြင်သည့်အတိုင်း ပြောချလိုက်သည်။

"ဖိုးတင်ဝင်း ကြည့်လည်းလုပ်ဦးနော်။ မိုးရွာရင် ဓာတ်တိုင်ပေါ် မတက်နဲ့။ပြုတ်ကျပြီးဘဝပြောင်းဖို့မြင်နေတယ်"

မောင်တင်ဝင်းသည် ထိတ်လန့်တုန်လှုပ်ခြင်းမရှိပေ။ ဘိုးတော်မှတ်ကြီးကို အထင်သေးသောမျက်လုံးဖြင့်ကြည့်ပြီး -

"မုန့်တင်းခါးလာစားပေါ့ကွာ"

ရွတ်နောက်နောက်ပြောလိုက်ရာ တစ်ဝိုင်းလုံး ပြုံးမိကြလေသည်။

ထိုနေ့ည (၇) နာရီခန့်တွင် ဘိုးတော်မှတ်ကြီးဘုရားမီးပူဇော်နေစဉ် ဇနီးသည်မအေးသည် ဈေးသိမ်းပြီး အိမ်ပေါ် ရောက်သည်နှင့် -

"ကိုမှတ်ကြီး၊ ရှင့်သူငယ်ချင်း တင်ဝင်းလေ၊ ဓာတ်တိုင်ပေါ် ကပြုတ်ကျလို့ အခုဆေးရုံသွားပို့တယ်။ သေမလား၊ ရှင်မလားဆိုဘဲ"

"ဟေ - ဟုတ်လား"

ဘိုးတော်မှတ်ကြီးသည် အံ့သြထိတ်လန့်သွားရသည်။ အကြားအမြင်ရပြီဟုလည်း ဝမ်းသာသလိုဖြစ်သွားသည်။ အဘဘိုးမင်းခေါင်ရုပ်တုကိုလက်အုပ်ချီကာ -

"အဘိုးခင်ဗျား၊ သားတော်ကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ထူးဖြစ်အောင် ကူညီပါ"

ဆုတောင်းလေသည်။

ထိုနေ့မှစ၍ လူအချို့က ဘိုးတော်မှတ်ကြီးကို ရိုရိုသေသေဆက်ဆံကြရာ မောင်မှတ်ကြီးသည် စိတ်ကြီးဝင်လျက်ရှိလေသည်။ လူမြင်သူမြင်အထင်ကြီးရန် အတန်အလုံးအရွယ်ကြီးသော ပုတီးကိုလည်ပင်းတွင်သွယ်၍တစ်မျိုး၊ လက်တွင်ပတ်၍တစ်ဖုံ လူစည်ကားရာ လက်ဖက်ရည်ဆိုင်တွင် ထိုင်လေ့ရှိပေသည်။ နဂိုကပင် ဝိဇ္ဇာလောကီပညာရပ်များကို နားလည်လေ့လာခြင်းမရှိခဲ့၍လည်းကောင်း၊ သမာဓိအားချို့တဲ့ခဲ့၍ လည်းကောင်း စိတ်လွတ်ကိုယ်လွတ်ပြောချင်တာကိုပြော၍ လည်းကောင်း၊ သူ့ကိုယ်သူ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်သကဲ့သို့ နေထိုင်လေတော့ သည်။

**❑ အသေထွက်**

တစ်ညတွင် ဘိုးတော်မှတ်ကြီးသည် အိပ်မက်လိုလို တစ်စုံတစ်ယောက်၏ပြောသံကိုကြားရသည်။

"မင်းထွက်ဖို့အချိန်တန်ပြီ"

မောင်မှတ်ကြီးသည် ဝမ်းသာသွားသည်။ သူစောင့်မျှော်သည့်အချိန်အခါဖြစ်၍ အားတက်သရောပြန်မေးလိုက်သည်။

"ဘယ်လိုထွက်ရမှာလဲ"

"အသေထွက်ထွက်ရမှာပေါ့ကွ"

"ဘယ်လိုသေရမှာလဲ"

"ဆွဲကြိုးချသေပေါ့ကွ"

မှတ်ကြီးသည် ဆွဲကြိုးချသေရမည်ဆိုတော့ တွန့်ခနဲဖြစ်သွားလေသည်။

ဘိုးတော်မှတ်ကြီးသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်လည်း အလွန်ဖြစ်ချင်၊ သေပုံသေနည်းကလည်း ဆွဲကြိုးချသေရမည်ဖြစ်၍ လွန်မင်းစွာ စိတ်ဝေဒနာခံစားရလေသည်။ မောင်ဘိုးတော်မှတ်ကြီးသည် ထိုကဲ့သို့မသေရဲ။ သေလို့မဖြစ်မှန်းတော့သိသည်။ သည်လိုသေလျှင် အဖန်ငါးရာငါးကမ္ဘာဘဝပေါင်းများစွာခံရမည်ဟု ဆရာတော်များပြောသံကြားပြီးကတည်းက ဘိုးတော်မှတ်ကြီးက မပျော်နိုင်တမှိုင်မှိုင်တွေနေသည်။

အမူအရာစတင်ဟန်ပျက်လာသော မောင်မှတ်ကြီးကို ဇနီးသည်က သတိပြုမိလေသည်။

တွေ့သည့်လူများကို -

"ကျုပ်ကအသေထွက်ထွက်ရမယ်"

နှုတ်မှ တဖွဖွပြောသည်ကို ကြားသိရသောမိတ်ဆွေများက မအေးကို သတိပေးစကားပြောရသည်။ မအေးသည် ဈေးဝယ်သူတစ်ဦးနှင့် မိတ်ဆွေဖြစ်ကာ မောင်မှတ်ကြီးအကြောင်းစကားစပ်မိကြလေသည်။ ထိုမိန်းမ၏ခေါ်ဆောင်မှုကြောင့် တောင်ဥက္ကလာပရှိ အဘဘိုးမင်းခေါင် ဓာတ်စီးသော မောင်အောင်ဇော်ထံရောက်ရှိခဲ့ကြလေသည်။

❑

မောင်အောင်ဇော်သည် မအေးနှင့် အဖော်တစ်ဦး ရောက်ရှိကြသည့်နေ့လယ်မတိုင်မီကပင် အဘ၏အမိန့်ပေးသံကိုကြားခဲ့ရသည်။

အမိန့်ချသံက တိုတိုပြတ်ပြတ်ဖြစ်လေသည်။

"လိုက်သွားပြီး ဖြေရှင်းပေးလိုက်"

မောင်အောင်ဇော်သည် မအေးအိမ်ရောက်သည်နှင့် ဘုရားကျောင်းဆောင်အောက်တွင် ခန့်ခန့်ကြီးထိုင်ကာ သူ့ကို စိုက်ကြည့်နေသော ဘိုးတော်မှတ်ကြီးကို တွေ့ရလေသည်။

မောင်အောင်ဇော်သည် ဘုရားကျောင်းဆောင်အောက်တွင်ရှိ အဘဘိုးမင်းခေါင်ရုပ်တုကို ကြည့်လိုက်ရာ အရိပ်ဖြူတစ်ခုသည် ဖျတ်ခနဲ ရုပ်တုမှာ

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

# ဆီးချိုသွေးချိုကာကွယ်၍ အစာအိမ်ရောဂါပျောက်ကင်းကာ သွေးပွက်သွေးယားပျောက်စေသည့် နည်းလမ်းကောင်းတစ်လက်

ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါတို့သည် တစ်ခုနှင့်တစ်ခုသံကွင်းဆက်ဖြစ်ပေါ်တတ်သောရောဂါများ ဖြစ်ပါသည်။ အစာရှိလျှင်လည်းနာ၊ အစာမရှိလည်းနာ အစာကိုကောင်းစွာမခြေနိုင်ဘဲ အစာအိမ်အချဉ်ပေါက်ရောဂါသည်လည်း အသက်အန္တရာယ်အထိ ခြိမ်းခြောက်နိုင်သောရောဂါ ဖြစ်ပါသည်။

သွေးသားများမသန့်ရှင်းမစင်ကြယ်သဖြင့်လည်းကောင်း၊ မိမိနှင့်မသင့်သောအစားအစာစားမိသဖြင့်လည်းကောင်း၊ မသန့်သောရေချိုးမိသောက်မိလျှင်သော်လည်းကောင်း၊ မိမိနှင့်မသင့်သောအဝတ်အထည်ဝတ်မိလျှင်လည်းကောင်း၊ မိမိနှင့်မသင့်သော မိတ်ကပ်၊ ရေမွှေးနံ့များရှူမိလျှင်လည်းကောင်း သွေးယားသွေးပွက်ပြီး အင်ပျဉ်အဖုအပိမ့်များ (အလာဂျစ်ရောဂါ)ထွက်လာသည်များလည်းရှိတတ်ပါသည်။

အထက်ပါ ဆီးချို၊ သွေးချိုကိုလည်းကောင်း၊ အစာအိမ်ရောဂါကိုလည်းကောင်း၊ သွေးယားသွေးပွက်ရောဂါကို လည်းကောင်း လက်တွေ့ကာကွယ်ပျောက်ကင်းစေသည့် မြန်မာ့ရိုးရာဆေးနည်းတစ်လက် တင်ပြလိုပါသည်။ ဤဆေးနည်းတို့ကို စာရေးသူသိထားသည်မှာ ကြာပြီဖြစ်သော်လည်း လက်တွေ့အသုံးပြုသက်သာပျောက်ကင်းသူမတွေ့သေးသဖြင့် မရေးဖြစ်ခဲ့ပါ။

ယခု တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်ုပ်၏မိတ်ဆွေရွှေနေကြီး ဦးတင်ဝမ်းမှာ ဆီးချိုသွေးချိုသက်သာကျဆင်းခဲ့ပြီး အစားမရှောင်ရတော့သည်အထိပင် ဖြစ်ပါသည်။ ထိုနည်းလမ်းအတိုင်း သောက်သုံးခဲ့သည်မှာ (၅) လခန့်ရှိပြီဟု သိရပါသည်။ ဟိုယခင် ဆီးချို၊ သွေးချိုတက်နေစဉ်က အစားများစွာရှောင်ရသည့်အပြင် သာမန်အနည်းငယ်ထိခိုက်ပွန်းပဲ့ဒဏ်ရာရလျှင်ပင် တော်တော်နှင့်မပျောက်နိုင်ဖြစ်ခဲ့ရသည်ဟု ပြောပြပါသည်။ ရှေ့နေကြီး ဦးတင်ဝမ်း ပြုလုပ်သောက်သုံးသောဆေးနည်းမှာ -

အရွယ်တော် သဘော်သီးအစိမ်းတစ်လုံးခူးယူပြီး အညာထိပ်ဘက်မှလက်(၃)လုံးခန့် တိတိရိရိဓားဖြင့်ဖြတ်ပါ။ ထို့နောက် သဘော်သီးအတွင်းမှအူနှင့်အစေ့များ ဖယ်ထုတ်ပစ်ပါ။ ထို့နောက် သဘော်သီး၏အတွင်းထဲသို့ ရေနွေးဖြူဆူပွက်ပူပူကို လောင်းထည့်ပြီး ထိပ်ပိုင်းဖြတ်စနှင့် ပြန်ပိတ်ထားပါ။ မိနစ် (၂၀) ခန့်ရှိလျှင် ထိုရေနွေးဖြူကို သဘော်သီးအတွင်းမှ ရေခွက်ထဲသွန်ယူပြီး သောက်ပေးပါ။ ထိုသို့ သဘော်သီးတစ်လုံးလျှင် (၇) ကြိမ်မျှ အသုံးပြုကာသောက်သုံးပါ။ တစ်နေ့ သဘော်သီးအစိမ်းတစ်လုံးဖြစ်ပါသည်။ ထိုသို့ (၃) လမှ (၅) လထိ နေ့စဉ်သောက်သွားပါ။ ဆီးချိုသွေးချိုချိန်ကြည့်ပါ။ ရောဂါကျဆင်းသက်သာနေသည်ကို တွေ့ရပါမည်။ အစာအိမ်ရောဂါ၊ သွေးပွက်ရောဂါများ လက်တွေ့ပျောက်ကင်းသွားပါမည်။ အလွန်လွယ်ကူပြီး ထိရောက်သော နည်းလမ်းတစ်လက်ဖြစ်ပါသည်။ အစာအိမ်အချဉ်ပေါက်ခြင်းမှ ကာကွယ်ပြီး သွေးသားကို သန့်ရှင်းကြည်လင်စေသဖြင့် ရောဂါကင်းဝေးကျန်းမာခြင်းအပြည့်အဝရရှိစေပါသည်။

နတ်မောက်မင်းသန့်နိုင်

---

သွားသည်ကို ရိပ်ခနဲတွေ့ရလေသည်။ မောင်အောင်ဇော်သည် ဘိုးတော်မှတ်ကြီးနှင့်ယှဉ်ကာထိုင်လိုက်ရာ မောင်မှတ်ကြီးသည် မျက်နှာတစ်ချက်ပျက်ကာ အလိုလို မောင်အောင်ဇော်ရှေ့ မျက်နှာချင်းဆိုင်ထိုင်မိလေသည်။ မအေး၏အဖေသည် ကွမ်းယာများနှင့် ဆေးပြင်းလိပ်ကိုဝယ်ကာ ပန်းကန်ပြားပေါ်တွင်ထည့်ကာ မောင်အောင်ဇော်ရှေ့တွင် ချထားပေးသည်။ ဘိုးတော်မှတ်ကြီးလည်း ကြည့်နေလေ၏။ မောင်အောင်ဇော်သည် အဘဘိုးမင်းခေါင်ကို ပင့်ဖိတ်လေသည်။ အဘဘိုးမင်းခေါင် ပူးကပ်သည်နှင့် ကွမ်းကိုအဆက်မပြတ်ဝါးလေသည်။ ဆေးပြင်းလိပ်ကိုလည်း အားရပါးရဖွာလေသည်။ ဘိုးတော်မှတ်ကြီးလည်း တစ်ကိုယ်လုံးမာတ်စီးကာတုန်ယင်နေသည်။ မအေးနှင့်အဖေ၊ ကိုအောင်ဇော်နှင့် ပါလာသူတစ်ဦးတို့ကလည်း ငြိမ်သက်စွာကြည့်နေကြလေသည်။

အဘဘိုးမင်းခေါင်မာတ်စီးနေသော မောင်အောင်ဇော်က -

"အခုဝင်ကပ်နေတာဘယ်သူလဲ"

မောင်မှတ်ကြီးသည် အပြစ်ရှိသူပမာ အသံတုန်ယင်လျက် -

"ညောင်ပင်မှာနေတဲ့ သရဲကြီးပါ"

အဘ၏အသံက ဩဇာအာဏာပြည့်ဝသည်။

"မင်း သူတစ်ပါးကိုသေအောင် ဒုက္ခမပေးနဲ့ကွ။ မင်းနေရာမင်းပြန်။ ပူးခြင်းကပ်ခြင်းမလုပ်နဲ့။ ငါ့အယောင်မဆောင်နဲ့"

ပြောလိုက်ရာ -

"ဟုတ်ကဲ့ပါ အဘ"

မောင်မှတ်ကြီးသည် ဦးသုံးကြိမ်ချလေသည်။ အဘလည်းပြန်ကြွသွားသလို မောင်မှတ်ကြီးထံ ဝင်ပူးကပ်ခြင်းရပ်သွားလေသည်။ မောင်မှတ်ကြီးလည်း ကြောင်အမ်းအမ်းဖြစ်ကာ မောင်အောင်ဇော်ကို မေးလေရာ ရှင်းပြရလေသည်

မောင်မှတ်ကြီးက -

"ကျွန်တော်ဝင်ပူးရင် ကွမ်းမစားပါဘူး။ ဆေးလိပ်တောင်မသောက်ပါဘူး။ အဘိုးလို့ခေါ်တာပဲ"

သည်တွင် မောင်အောင်ဇော်က-

"ကျွန်တော့်ကို အဘဝင်ပူးရင် ကွမ်းစားတယ်၊ ဆေးလိပ်သောက်တယ် အခု ဒီကအစ်မတို့အမြင်ပဲလေ"

မောင်အောင်ဇော်သည် အဘ ရုပ်တုကို နံ့သာဖြူရည်ဖြင့်သန့်စင်ပေး မှာကြားခဲ့ပြီးပြန်ခဲ့လေသည်။ အဘ၏ အမိန့်အရ မည်သည့်အခကြေးငွေမျှ အလျှုခံယူခဲ့ခြင်းမရှိပေ။

အဘဘိုးမင်းခေါင်သည် မသေသင့်သည့် လူတစ်ယောက်၏အသက်ကို ကယ်တင်ခဲ့ပေသည်။ ဝဋ်မှာအမြဲ ငရဲမှာ အပ ဟူသည့်အချက်ကို မည်သူမျှလွန်ဆန်ခြင်းငှာမတတ်နိုင်ကြ။ ဘိုးတော်ဖြစ်ချင်လွန်းသော၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဖြစ်ချင်လွန်းသော မောင်မှတ်ကြီးတစ်ယောက်သည် ဥပါဒါန်အစွဲကြောင့် စိတ်ရောဂါကု (စိတ်ကျန်းမာရေး) ဆေးရုံတက်ခဲ့ရလေသည်။ အတော်ကြာ ပျောက်ကင်းသွားလေသည်။ ထိုရပ်ကွက်ရှိလက်ဖက်ရည်ဆိုင်များသို့လှည့်လည်ထိုင်တတ်သော မောင်မှတ်ကြီးကို ယနေ့တိုင်တွေ့မြင်နိုင်ပေသည်။

ဟိန်းဇေယျာ(စံမြင့်...)

www.burmeseclassic.com

# အာကာသ(သာစည်)
# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးထံဖူးမြော်အသွား ဥစ္စာစောင့်တို့လိုက်လာလေသလား

မဟာမြိုင်တောကြီးသို့သွားကာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား ဖူးမြော်စဉ်က ဆန်းကြယ်သောဖြစ်ရပ်တချို့နှင့် ကြုံကြိုက်ခဲ့ဖူးသည်။ သို့သော်လည်း သာမန်ကာလျှံကာမျှသာ သဘောထား၍ မေ့မေ့လျော့လျော့နေခဲ့ပါသည်။ ပုဂံ-ပုပ္ပားဘုရားဖူးသွားသောအခါကျမှ ပုဂ္ဂိုလ်တစ်ဦးနှင့် အမှတ်မထင်တွေ့ပြီး တွေးတောစဉ်းစားဖွယ်ရာ တသီကြီးဖြစ်လာပါလေသည်။

စာရေးသူတို့မိသားစုသည် ကိုယ်ပိုင်ကားလေးနှင့် ခရီးသွားတိုင်း စားသောက်ဖွယ်ရိက္ခာအပြည့်အစုံချက်ပြုတ်သုပ်နယ်ပြီး ထုပ်ပိုးယူဆောင်သွားလေ့ရှိသည်။ စားချိန်ရောက်သည့်အခါ လူသူတို့နှင့်မနီးမကမ်းနေရာ သစ်ပင်ရိပ်ကောင်းကောင်းရှာပြီး ယာဉ်ရပ်နားထမင်းစားလေ့ရှိပါသည်။

တစ်နေ့တွင် မြေးကလေးများရက်ရှည်ကျောင်းပိတ်သဖြင့် ပုဂံ-ပုပ္ပား-ဘုရားဖူးတစ်ညအိပ်ခရီးလိုက်ပို့ဖြစ်သည်။ သာစည်နယ်မှထွက်လာကတည်းကပင်တစ်ချိုးတည်းမောင်းလာရာ ကျောက်ပန်းတောင်းဝင်လာသည်အထိ ကားအင်ဂျင်အနားမပေးရသေး။ ရေဒီယိုမှ (၁၁) နာရီသတင်းပင် ကြေညာပြီဖြစ်၍


မဟာမြိုင်တောကြီးအတွင်းမှ မဟာမြိုင်ကျောင်းတော်


တန်ဆည်မှခေါ်လာသည့် နိုင်နဝကား


ဆရာတော်ဘုရားကြီးအား ရဟန်းများဝတ်ပြုနေစဉ်

ကလေးများဆာလောင်မွတ်သိပ်လောက်ချေပြီ။

ပုပ္ပားတောင်သို့အသွားတွင်ဝင်မည်ဆိုလျှင် တောင်ပေါ်တက်ပြုပြီး ခြေကုန်လက်ပန်းကျသဖြင့် ပုဂံ၌ဘုရားစုံအောင်မဖူးနိုင်ဘဲဖြစ်လိမ့်မည်။ အပြန်ကျမှဗျတ္တပန်းဆက်လမ်းအတိုင်းဝင်တော့မည်ဟု ဆုံးဖြတ်ထားသည်။ ထို့ကြောင့် ပုဂံ-ညောင်ဦးသို့သွားသော လမ်းအတိုင်းတောက်လျှောက်မောင်းလာခဲ့ပါသည်။

ကျောက်ပန်းတောင်းမြို့မှအထွက်လမ်း၏လက်ယာဘက်တွင် ယာဉ်ရပ်နားနေရာကကျယ်၊ အရိပ်အပင်များကလည်းကောင်းသဖြင့် ယာဉ်ကိုလမ်းဘေးချ၍ ရပ်နားလိုက်သည်။ သစ်ပင်ရိပ်တွင်အသင့်ယူလာသော ခေါက်ဖျာကိုခင်း၍ထမင်းချိုင့်ဖြေလျက်ဝိုင်းဖွဲ့စားကြသည်။ ထိုစဉ် လူတစ်ယောက်သည် တောချုံအုံကြားမှ ရုတ်တရက်ထွက်လာ၍ ကားလမ်းကိုဖြတ်ကူးပြီး စာရေးသူတို့ရှိရာဆီလာနေပါသည်။

ယာဉ်တစ်စီးလုံးတွင် လူကြီးဆို၍ စာရေးသူနှင့် ဇနီးဖြစ်သူသာပါရှိလေရာ တကယ်တမ်းကျ အားကိုးနည်းလှချေသည်။ အလိမ်အကောက်များ၍ ဖျားယောင်းသွေးဆောင်မှုထူပြောသော ဤ



www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်နတ်သမီးကို မှန်ဆလုံဖော်ထားပုံ



မဟာမြိုင်မင်းသမီး ဒေါ်ဝိသနီမယ်တော်



မဟာမြိုင်ကျောင်းပရိဝုဏ်ရှိ သာသနိကအဆောက်အအုံအချို့



ဝိသနီမယ်တော်နန်းရင်း

ခေတ်တွင် ယုံကြည်ရန် ခက်ခဲသဖြင့် သတိဝီရိယနှင့်နေလိုက်ပါသည်။

အသက်ငါးဆယ်ခန့်သာရှိဦးမည့် ယင်းလူသည် အသားညိုသည်မှလွဲ၍ သန့်သန့်ပြန့်ပြန့်ရှိသည်။ ပခုံးတစ်ဖက်ပေါ်တွင် ပုဆိုးခေါက်တင်ထားပြီး အင်္ကျီလက်ရှည်အဖြူမွဲယောင်းယောင်း၊ ပုဆိုးကွက်စိပ်ကိုဝတ်လျက် ဦးခေါင်း၌ ချည်တဘက်စင်းပေါင်းထားသည်။ နှုတ်ကလည်း တလှုပ်တုပ်တုပ်တတွတ်တွတ်ပြောလျက် ရပ်ထားသောယာဉ်ငယ်ဆီသွား၍ လက်ဖြင့်ပွတ်သပ်နေသည်။

ထိုသူသည် စာရေးသူတို့ကို အနှောင့်အယှက်မပေး၊ စောင်းငဲ့၍ပင်မကြည့်၊ တောင်းခံခြင်းလည်းမရှိဘဲ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေဟု ဆုမျှားတသီကြီးပေးလျက် တစ်ဖက်တောသို့ဆင်းဝင်သွားသည်။ ပုပ္ပားနယ်သည် ဝိဇ္ဇာမိုရ်များခိုမှီးနေထိုင်ရာဌာနဖြစ်သောကြောင့် သူတော်စင်တစ်ဦးဦးဖြစ်နေမည်လား၊ ပုဂ္ဂိုလ်ထူးလာရောက်စောင့်ရှောက်ခြင်းပင်လား စသည့် အတွေးများစီစဉ်ကာ ခေါင်းထဲတရေးရေးဝင်လာလေသည်။

စာရေးသူသည် ခဏာပန်းဖြင့်ယုံကြည်လေ့မရှိသဖြင့် ယင်းပုဂ္ဂိုလ်ကို ထမင်းစားမခေါ်ရ၊ အလှူငွေမထည့်ရ၊ ချေငံစွာပြောဆိုနှုတ်မဆက်လိုက်ရသဖြင့် နောင်တကြီးစွာရမိနေသည်။ ဤကဲ့သို့ကြုံကြိုက်သည့်အခါကျမှ တစ်ချိန်က မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား မဟာမြိုင်တောကြီးသို့သွား၍ဖူးစဉ်တုန်းကဖြစ်စဉ်တချို့ကို ပြန်လည်အောက်မေ့နေမိပါသည်။

စာရေးသူနေထိုင်ရာ သာစည်မြို့နယ်ရှိ ရွှေကျောင်းကုန်းတောင်သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကနဦးတောထွက်ရာဌာန ဖြစ်သည်။ ၁၃၄၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ရက်နေ့က ဆရာတော်ကြီးသည် ဖိုးသူကြီးသရက်တောဥယျာဉ်မှ ရွှေကျောင်းကုန်းတောင်ခြေတဲကျောင်းသို့ကြွရောက်လာသည်။ ၁၃၅၃ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်နေ့အထိ ယင်းတောင်ထက်၌ သီတင်းသုံးတော်မူခဲ့ရာ (၁၂) နှစ်အေးအေးခန့် ကြာမြင့်ခဲ့ပါသည်။

ရွှေကျောင်းကုန်းတောင်ပေါ်တွင် ပျူဆက်၊ ရှမ်းဆက်၊ ပုဂံဆက်တို့ကိုးကွယ်ခဲ့သော စေတီဟောင်းတစ်ဆူရှိသည်။ အုတ်ပုံမျှကျန်ရှိသောယင်းစေတီပျက်တွင် ဥစ္စာစောင့်၊ စေတီစောင့် စသည့် အစောင့်အရှောက်များရှိသည်ဟူ၍ တော်ရိလော်ရိနှင့် မသွားဝံ့ကြပေ။ ဆရာတော်ဘုရားကြီးသီတင်းသုံးတော်မူသောအခါကျမှ ဘုရားဟောင်းကိုပြုပြင်တည်ထားနိုင်ပြီး ရွှေကျောင်းကုန်းတောင်သာသနာလည်း ထွန်းလင်းတောက်ပလာခဲ့လေသည်။

ထိုစဉ်အခါက ဆရာတော်ဘုရားကြီး၏မေတ္တာရိပ်ကိုခိုလှုံလျက်ရှိကြသည့် ထိုထိုပုဂ္ဂိုလ်တို့အနက် ကျွတ်တမ်းဝင်




www.burmeseclassic.com



သံဃာတော်များ ဆွမ်းဘုဉ်းပေးချိန်အခါ လမ်းတွင် ဆွမ်းကပ်ရသည်



မဟာမြိုင်ကျောင်းဝန်းအတွင်း စာရေးသူတို့အမှတ်တရ



ခေါင်းနန်းယဋ္ဌင်ချော့ရဲ့ရှေ့တွင် စာရေးသူတို့အဖွဲ့မှ မိန်းကလေးများ

သကဲ့သို့ မကျွတ်မလွတ်သေးသူတို့လည်း ကျန်ပါလိမ့်ဦးမည်။ ယင်းတို့သည် ဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ်အား ငံ့မျှော်နေကြမည်ဖြစ်သလို ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ရန် ဆန္ဒပြင်းပြနေမည်ကလည်း အမှန်ပင် ဖြစ်ပါလေသည်။

□ ရွှေကျောင်းကုန်းတောင်သာသနာမြေမှ မဟာမြိုင်တောကြီးသို့

၂၀၁၂ ခု၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့။

ဆောင်းအကုန် နွေကူးကာလ လေရူးထသောအခါသမယဖြစ်၍ နံနက်စော ဆောင်းကြွင်းနွေဦးက ချမ်းအေးမှု ထူးလျက်ရှိသေးသည်။ စာရေးသူပါဝင်သော ခရီးသည် (၁၈) ဦး တင်ဆောင်ထားသည့်နှစ်ဆန်းယာဉ်သည် ရွှေကျောင်းကုန်းတောင်သာသနာပြု ဇဝင်းရွာခြေမှ နံနက်စော (၃)နာရီတွင် စတင်ထွက်လာကြသည်။ ခရိုင်ချင်းဆက် အမှတ် (၂) လမ်းအတိုင်း ဝမ်းတွင်းမြို့ဆီသို့ ဦးတည်လာရာ တစ်နာရီမျှကြာလျှင် မန္တလေးဘက်သွားသော ကတ္တရာခင်းလမ်းပေါ်သို့ရောက်ရှိလာပါသည်။

စာရေးသူတို့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ရှိ မဟာမြိုင်တောနက်ကြီးတွင် သီတင်းသုံးတော်မူလျက်ရှိသော မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား ဖူးမြော်ရန်ထွက်လာကြခြင်း ဖြစ်သည်။ မြစ်ငယ်တံတားအလွန်တွင် မန္တလေးမြို့အတွင်းမဝင်တော့ဘဲ လက်ဝဲဘက်သို့ချိုး၍ စစ်ကိုင်းလမ်းခွဲအတိုင်းလိုက်လာခဲ့သည်။ မုံရွာမြို့သို့ နံနက် (၁၁) နာရီခန့်တွင် ရောက်ရှိ၍ ထမင်းစားခေတ္တနားကြပါသည်။

ထိုမှခရီးဆက်ခဲ့ပြန်ရာ ဘုတလင်၊ ဒီပဲယင်း၊ ရေဦး စသောမြို့နယ်တို့ကို ဖြတ်သန်းပြီး တန့်ဆည်မြို့သို့ ညနေ (၅) နာရီတွင်ရောက်ရှိပါသည်။ ရှေ့ဆက်ရမည့်ခရီးကား ကတ္တရာခင်းလမ်းမဟုတ်တော့ဘဲ တောကိုဖြတ်၊ တောင်ကိုကျော်၍မိုင်ပေါင်းမြောက်မြားစွာသွားရဦးမည်။ ထို့ကြောင့် မြင့်မြတ်ကျော်စားသောက်ဆိုင်တွင် ညစာစား၍ ယင်း၌ ပြောဆိုပြီး တစ်ညတည်းခိုကြပါသည်။

ဖေဖော်ဝါရီ ၂၉ ရက်နေ့ နံနက် (၉) နာရီတွင် တန့်ဆည်မြို့မှ မဟာမြိုင်တောကြီးဆီသို့ ခရီးဆက်ခဲ့ကြပြန်သည်။ သစ်ထုတ်လုပ်ရေးမှ ယာဉ်ကြီးများသွားလာထားသည့်လမ်းဖြစ်၍ ချိုင့်ကျင်းများ ထူပြောပြီးကြမ်းတမ်းသည်ဟုသိရသည်။ အင်ဂျင်အားသေး၍ နိမ့်သောကားများ သွားလာရန် ခက်ခဲသည်ဟု ဆိုသဖြင့် နှစ်ဆန်းကားကို တန့်ဆည်တွင်ထားခဲ့ပြီး ဒိုင်နာကားတစ်စီးငှားလာခဲ့ကြသည်။

"နည်းနည်းနောက်ဆုတ်စီးကြပါဦးဟ၊ ရှေ့ကကျပ်လှတယ်"

ဟု ဖုန်အလိမ်းလိမ်းထနေသည့်ကြားက ရှေ့ပိုင်းတွင်ထိုင်သော ဦးစိန်သောင်းမှ နောက်သို့လှမ်းပြောသည်။ ထိုအခါ ခပ်ရှုန့်ရှုန့်လုပ်၍နောက်သို့ဆုတ်ကြရင်း ကိုဝင်းညွှန့်က -

www.burmeseclassic.com

"နောက်မှာလည်း ဆရာတော်ဘုရားကြီးကိုဖူးချင်လို့ ရွှေကျောင်းကုန်းတောင်ကလိုက်လာတဲ့ဥစ္စာစောင့်မလေးတွေပါသေးတယ်ဗျ"

ဟု ကချော်ကချွတ်ပြောလိုက်၏။

ယာဉ်ရှေ့ပိုင်းတွင် ဦးစိန်သောင်း၏ ဇနီးနှင့်သမီးတို့အပါအဝင် မိန်းကလေးလေးငါးယောက်ပါရှိသေးရာ ကိုဝင်းညွန့်ပြောလိုက်သောစကားကြောင့် မိန်းမသားတို့သဘာဝ ကြောက်ရွံ့ဟန်ဖြင့် နောက်သို့လှည့်ကြည့်ကြသည်။ စာရေးသူလည်း ထွေထွေပြားပြား အတွေးပွားသွားရာ ဥစ္စာစောင့်တွေကားကြုံတာနဲ့တကယ်များလိုက်လာကြရော့လားဟု အောက်မေ့မိလိုက်ပါသည်။

တောင်ပေါ်သို့စတင်တက်လာပြီးနောက် မဟာမြိုင်နတ်သမီးခေါ် ဗိဿနိုးမယ်တော်နန်းရှိရာရောက်လာပါသည်။ မဟာမြိုင်တောကြီးသို့ဝင်လျှင် မဟာမြိုင်နတ်သမီးကို ဦးတိုက်ခြင်း၊ အမွှေးနံ့သာများဆက်သခြင်းများ ပြုလုပ်ကြရသည်။ မဟာမြိုင်တောကြီးကား ကျယ်ဝန်းနက်ရှိုင်းသလောက် အံ့ဖွယ်ကောင်းသောဖြစ်စဉ်များကလည်း ရှိနေပါလေသည်။

**□ ဆန်းကြယ်ထူးခြားလျက်ရှိသောမဟာမြိုင်တော**


စာရေးသူနှင့်အတူ ကိုဝင်းညွန့်၊ ကိုအောင်နိုင်ဝင်း၊ တန့်ဆည်မှလိုက်ပါလာသော ရဟန်းသုံးပါးတို့သည် ဗိဿနိုးမယ်တော်နန်းမှ ထွက်လာကတည်းက ကားခေါင်မိုးပေါ်တွင်တက်၍စီးလာကြသည်။ အောက်တွင် ဖုန်မှုန်သည်က တစ်ကြောင်း၊ ကြည့်မကုန်ရှုမဝသော တောတောင်၏ သဘာဝအလှကို ရှုစားလိုခြင်းကတစ်ကြောင်းကြောင့်ဖြစ်သည်။ ဒိုင်နာကားသည် ကွေ့ကောက်သော ကမ်းပါးယံလျှိုချောက်လမ်းတွင် သစ်ကိုင်းဝါးကိုင်းများကိုရှောင်၍ ဆင်းချည်တစ်ခါ တက်ချည်တစ်လှည့်ဖြင့်ပြေးသွားနေ၏။

တောင်ထိပ်သို့ ရံဖန်ရံခါရောက်သည့်အခါ၌ တောင်စဉ်အထပ်ထပ်သော မဟာမြိုင်တောကြီးကိုမျက်စိမဆုံးနိုင်အောင် တစ်မျှော်တစ်ခေါ်မြင်နေရသည်။ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ အင်ကြင်း၊ အင်၊ သစ်ရာ၊ ကညင်နှင့် ဝါးတော အစရှိသော အဖိုးတန်သယံဇာတသစ်တောကြီး ဖြစ်သည်။ သက်တမ်းရင့်သစ်ပင်ကြီး တချို့တလေတွင် ပျားကြီးများအုံဖွဲ့၍ မြောက်မြားစွာစွဲနေကြရာ အဝေးမှပင်လှမ်းမြင်နေရပါသည်။


"အဲဒီပျားတွေက ဓာတ်ပုံရိုက်ရင် လိုက်တုပ်တတ်တယ်ဘဲ့"

ဟု ကိုဝင်းညွန့်က ပြောသဖြင့် ဓာတ်ပုံလည်းမရိုက်ရဲပေ။ ထိုစဉ် အတူကပ်ထိုင်လာသော ရဟန်းတစ်ပါးမှ -

"ဟုတ်တယ် ဒကာကြီး၊ ဦးပဉ္စင်းကြားဖူးတာ မဟာမြိုင်တောကလက်နက်ကိုင်အဖွဲ့အစည်း၊ သူခိုးဓားပြဆိုလက်မခံဘူး။ နတ်ပျားလာတုပ်တာပဲ။ ရိုးရိုးပျား



မဟာမြိုင်တောကြီးအတွင်းမှ မဟာမြိုင်ကျောင်းတော်



ခေါင်နန်းပထင်မျှော်စင်ကြီးကို အဝေးမှမြင်ရစဉ်



မဟာမြိုင်ကျောင်းဝန်းရှိ သာသနိကအဆောက်အအုံအချို့



www.burmeseclassic.com

www.burmeseclassic.com

တုပ်ရင် မသေပေမယ့် နတ်ပျားတုပ်ရင်တော့ ချက်ချင်းသေတာပဲတဲ့။ ရဟန်းဝတ်ဆိုရင်လည်း လေး၊ ငါးရက်ထက် ပိုပြီးလက်မခံဘူးလို့ပြောတယ်။ ရသေ့အဖြစ်နဲ့နေရင်တော့ လက်ခံတယ်တဲ့ဗျ။ ကျုပ်တို့လည်း မဟာဗောဓိမြိုင်ဆရာတော်ကြီးမေတ္တာဓာတ်ကို ကြည်ညိုတာနဲ့ လာဖူးကြတာ"

ဟု အစချီ၍ မဟာမြိုင်တောကြီးအကြောင်းကြားဖူးနားဝပြောပြပါသည်။

မဟာမြိုင်တောကြီးသည် သစ်တောဝါးတောများပိတ်ပိတ်သားပေါက်ရောက်လျက် တောရိုင်းတိရစ္ဆာန်အမြောက်အမြားခိုအောင်းကျက်စားရာဖြစ်သည်။ ရသေ့ရဟန်းတို့ တရားထူးရှာမှီးရာ အေးရိပ်သာဖြစ်သလို ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ ပျော်ပါးနေထိုင်ရာလည်း ဖြစ်သည်။ သို့သော်လည်း သူ့အပိုင်းနှင့်သူ သီးသန့်စီရှိကြပါသည်။

မဟာမြိုင်တောကြီး စိမ့်နန်းပိုင်းဟုခေါ်သည့် အရှေ့ပိုင်း၊ ခေါင်နန်းပိုင်းဆိုသည့် အလယ်ပိုင်းနှင့် သက်ကယ်ကျင်းအောင်ချမ်းသာနယ်အနောက်ပိုင်းဟူ၍ အပိုင်းကြီးသုံးပိုင်းရှိသည်။ တောင်ဘက်ကျသောအပိုင်းကို ပိုင်ဆိုင်သည့်နတ်တို့သည် ဗုဒ္ဓဘာသာတရားကြည်ညိုလေးစားကြသည်။ ရှေးကစ၍ ရဟန်းပုဂ္ဂိုလ်သူတော်စင်များ ဝင်ရောက် တရားအားထုတ်ကြရာ ယနေ့တိုင်ပင် ဖြစ်သည်။ ရဟန္တာအဖြစ် ပေါက်မြောက်သွားကြသည်လည်းရှိခဲ့သည်။

အလယ်ပိုင်းနှင့် မြောက်ပိုင်းနတ်များက ရဟန်းဝတ်ဆိုလျှင် အလွန်မုန်းတီးကြသည်။သူပိုင်သည့်တော၌ ရဟန်းဝတ်အားလက်ခံဖို့ မဆိုထားနှင့် ခရီး၌လာလျှင်ပင် အန္တရာယ်ပေးချင်သည်။ ထို့ကြောင့် ယာဉ်မောင်းသူတို့က ဘုန်းကြီးဝတ်ရုံများ၊ ကားခေါင်းခန်းကထား၍ မစီးတတ်ကြပေ။ ပရိတ်ရွတ်ခြင်း ၊ တစ်စုံတစ်ရာကြောင့် ဘုရားတခြင်းမပြုလုပ်ရ။ အယုတ္တအနတ္တဆဲဆိုမြည်တွန်မှုယင်းနတ်တို့က ကြိုက်နှစ်သက်သဖြင့် အကူအညီပေးကြသည်။

စာရေးသူလည်း ခရီးသည်ရဟန်းပြောပြသောအခါကျမှ ဖတ်ခဲ့ဖူးသည့် ဗိဿနိုးမယ်တော်နတ်၏အကြောင်းကတစေ့တစောင်းပေါ်လာပါသည်။ မဟာမြိုင်တောကို အစိုးရသော ဗိဿနိုးနတ်ကို မဟာမြိုင်နတ်သမီးဟုလည်း ခေါ်သည်။ ပန်ထွာဘုရင်မဖြစ်စဉ်တုန်းက



သဲချောင်းကိုဖြတ်ကျော်ရာတွင် ခြေကျင်ဆင်းလျှောက်ရစဉ်



သဲနစ်နေသောကားကို ဩဘာသံပေးလျက် တွန်းကြပုံ

ရဟန်းတုနှစ်ပါး၏လှည့်ဖြားမှုဖြင့် ဘဝစည်းစိမ်ပျက်သုဉ်းခဲ့ရသည်။ ထို့ကြောင့် ရဟန်းကိုမြင်လျှင်ဖြစ်စေ၊ ယောကျ်ားကမိန်းမကိုအနိုင်ကျင့်သည်တွေ့လျှင်ဖြစ်စေ အလွန်ရွံရှာမုန်းတီးသဖြင့် အနှောင့်အယှက်ပြုလေ့ရှိသည်။ ဗိဿနိုးမယ်တော်နတ်၏နောက်ခံသမိုင်းကား စိတ်ဝင်စားဖွယ်ကောင်းလှလေသည်။

## ❑ မဟာမြိုင်နတ်သမီးခေါ် ပျူနတ်သမီး ဗိဿနိုးမယ်တော်

သာသနာနှစ် ၁၀၁ ခုနှစ်တွင် သရေခေတ္တရာပြည်၌ ဒွတ္တဘောင်မင်းကြီး ထီးနန်းစိုးစံတော်မူ၏။ ပန်ထွာပြည်တွင်လည်း ဗိဿနိုးဘုရင်မသည် ထီးနန်းစိုးစံလျက်ရှိသဖြင့် ယင်းတို့နှစ်ဦး ထီးပြိုင်နန်းပြိုင်ဖြစ်ခဲ့ကြ၏။ ဒွတ္တဘောင်မင်းကြီးတွင် အစွမ်းထက်သော အရိန္ဒမာလှံတော်ရှိသကဲ့သို့ ဗိဿနိုးဘုရင်မထံတွင်လည်း စွမ်းအားကြီးသောစည်တော်ကြီးတစ်လုံးရှိ၏။

စည်တော်ကြီးမှာ စံကားသားကိုထွင်း၍ပုတ်သင်ရေဖြင့်ကြက်ထားသော စည်ကြီးဖြစ်၍ တန်ခိုးက္ကဒ္ဓိပါဒ်ထက်မြက်၏။ ယင်းစည်ကိုတီးခတ်သောအခါ စည်တော်သံကြားရာ အရပ်ဌာနတိုင်းမှလာရောက်၍ ဘုရင်မထံ အခွန်ဘဏ္ဍာဆက်သကြရ၏။ ဒွတ္တဘောင်မင်းကြီး၏အရိန္ဒမာလှံတော်သည်လည်း မင်းကြီးစေလွှတ်လိုက်သောအရပ်သို့ရောက်လျှင် ယင်းအရပ်မှ အခွန်ဘဏ္ဍာများချတ်ချင်းလာရောက်ဆက်သရသည့်တန်ခိုးရှိလေ၏။ သို့ဖြင့် ဒွတ္တဘောင်မင်းကြီးနှင့် ဗိဿနိုးဘုရင်မတို့မှာ ထီးပြိုင်နန်းပြိုင်ဖြစ်ရုံသာမကဘဲ ဘုန်းတန်ခိုးချင်းလည်း ယှဉ်ပြိုင်နေရလေသည်။

ဒွတ္တဘောင်မင်းကြီးသည် ဗိဿနိုးဘုရင်မ၏ စည်တော်ကြီးအကြောင်းကြားသိသောအခါ အမတ်နှစ်ဦးကိုခေါ်၍ စည်တော်ကြီးကို ဥပါယ်တံမျဉ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သွားရောက် ဖျက်ဆီးပစ်ရန် စေလွှတ်လိုက်၏။ အမတ်နှစ်ဦးလည်း ရဟန်းအသွင်ကိုဆောင်လျက် ပန်ထွာပြည်သို့ ရောက်လာ၍ ဗေဒင်ဟောပြောခြင်း၊ မာတ်ရိုက်မာတ်ဆင်ပြုလုပ်ခြင်း၊ ယတြာချေခြင်း၊ ဆေးဝါးကုသပေးခြင်းတို့ပြုလုပ်၏။ ထိုသတင်းကို ဘုရင်မကြားလျှင် နန်းတော်သို့ပင့်ခေါ်၍ ယင်း၏ ဇာတာကို စစ်ဆေးစေလေ၏။ ဟောပြောချက်များမှန်ကန်သဖြင့် ယုံကြည်သောကြောင့် ယင်းရဟန်းတုနှစ်ပါးကို နန်းဦး၌ကိုးကွယ်ထားရှိသည်။

တစ်နေ့သောအခါ ဘုရင်မကို ရဟန်းနှစ်ပါးက ဘုရင်မ၏ စည်တော်ကြီးကို ယခုအတိုင်းထက် လက်နှစ်သစ်လျှော့ဖြတ်၍သားရေအသစ်ထပ်မံကြက်လျှင် ယခုထက် အသံပိုမြည်ပြီး အခွန်ဘဏ္ဍာများလည်း ဆတက်ထမ်းပိုးတိုး၍ ရလိမ့်မည်ဟု လျှောက်ထားကြ၏။ ဘုရင်မလည်း ယုံကြည်အားရသဖြင့် ရဟန်းတို့ပြောသည့်အတိုင်း စည်တော်ကြီးကို ပြုပြင်စေလေ၏။ စည်တော်ကြီးအသံသည် ရှေးကထက်ပိုမိုမြည်ဟည်းလျက် အခွန်ဘဏ္ဍာများလည်းတိုးတက်များပြားစွာရရှိလာ၏။

ကာလအတန်ကြာသော် ရဟန်းတုနှစ်ပါးက ရှေးနည်းအတိုင်းပင် စည်ကြီးကို လက်နှစ်သစ်ထပ်လျှော့ရန်အကြံပေးပြန်၏။ လောဘလျှံနေသောဘုရင်မကလည်း ထပ်ပြီးလျှော့ခိုင်းစေ၏။ ဤတစ်ကြိမ်တွင် စည်တော်ကြီးပျက်စီးသွားပြီး ရဟန်းတုနှစ်ပါးလည်း သရေခေတ္တရာသို့ပြန်ပြေး၍ ဒွတ္တဘောင်မင်းကြီးထံ ဖြစ်ကြောင်းကုန်စင် သံတော်ဦးတင်ကြလေ၏။

ပန်ထွာဘုရင်မလည်း စည်တော်ကြီးပျက်စီးသွားကြောင်းကြားသိလျှင် စိတ်ဆိုးဒေါသဖြစ်လျက် စည်တော်ကြီးကို နန်းတော်ပေါ်မှ ကန်ချလိုက်၏။ ယင်းစည်တော်ကြီးလိမ့်ဆင်းသွားလေရာ တစ်လျှောက်လုံးလည်း ချောင်းဖြစ်သွားတော့၏။ ယင်းချောင်းကို ရှေးအခါက စည်တုံးလုံးချောင်းခေါ်ရာမှ ယခုအခါ စည်တစ်လုံးချောင်းဟုခေါ်ကြလေသည်။

ပန်ထွာဘုရင်မသည် ထိုစဉ်ကစ၍ ရဟန်းသုံးပါးကို ယုံကြည်ကိုးကွယ်ခြင်းမပြုတော့။ ဒွတ္တဘောင်မင်းကြီးမှ ပန်ထွာပြည်ကိုတိုက်ခိုက်ရာ ဘုရင်မစစ်ရှုံးသဖြင့် ဒွတ္တဘောင်မင်းကြီး၏ အနိုင်ကျင့်သိမ်းပိုက်ခြင်းကိုလည်းခံခဲ့ရ၏။



ဒွတ္တဘောင်မင်းကြီးအပေါ် အခဲမကျေနိုင်ရှာသော ပန်ထွာမိဖုရားသည် ဥပါယ်တံမျဉ်ဖြင့် နိမ့်ကျသောအရာဖြင့် စီရင်ဆက်သသည့်ပဝါကို မင်းကြီး၏ မျက်နှာတွင်သုတ်မိပြီး မွေးကတည်းက ပါလာသောမျက်ရှင်ကွယ်၏။ မင်းကြီးသည် စိတ်မချမ်းမြေ့တော်မူသည့်ကြားမှ ဇမ္ဗူဒိပ်ကျွန်းသို့ လှေဖြင့်တိုင်းခန်းလှည့်လည်ရင်း ရေထဲသို့ တံတွေးထွေးလိုက်မိ၏။ ဘုန်းတန်ခိုးမှေးမှိန်နေချိန်ဖြစ်သောမင်းကြီးအား နဂါးတို့အမျက်ထွက်ပြီး ရေအောက်သို့ဆွဲယူသွားရာ မင်းကြီးလည်း ဘဝနိဂုံးအဆုံးသတ်သွားခဲ့သည်။

ပန်ထွာမိဖုရားသည် နေရင်းတိုင်းပြည်သို့ပြန်၍ မူလအတိုင်း ဘုရင်မအဖြစ်ဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ပြန်၏။ အသက်ထက်ဆုံးနေ၍ ကွယ်လွန်သောအခါ မဟာမြိုင်တောတွင် မဟာမြိုင်နတ်သမီးခေါ် ဗိဿနိုးနတ်ဖြစ်၏။ ဘုရင်မဘဝက နာကြည်းခဲ့သော စွဲလမ်းစိတ်ကြောင့် ကြမ်းတမ်းသောအယူများ ကိန်းအောင်းလျက်ရှိနေလေသည်။

## ◻ သက်နဲ့ဝတ်ပါသဖြင့် သဲနစ်သည့်ထင်

စာရေးသူတို့ ဒိုင်နာယာဉ်သည် တောဂျင်စခန်းသို့ ရောက်ရှိရန် နီးကပ်လာသည်။ ယင်းသို့ရောက်မှ ယာဉ်ခေါင်းခန်းတွင်ပါသော ရဟန်းနှစ်ပါးအား နေ့ဆွမ်းကပ်ရန် စီစဉ်ထားသည်။ ရွှေကျောင်းကုန်းသာသနာမြေမှ ဗုလ္လဘ ရဟန်းတစ်ပါးနှင့် အလယ်ကန်ရွာကျောင်းဆရာတော်တစ်ပါးတို့ဖြစ်သည်။ ယခုအခါ တန့်ဆည်မှ ခရီးကြုံလိုက်ပါလာသော ရဟန်းသုံးပါးနှင့်ဆိုလျှင် သံဃာတော်ငါးပါးဖြစ်သည်။ တောဂျင်သို့မရောက်မီပင် ဆွမ်းဘုဉ်းပေးချိန်ကျော်လွန်သွားမည်စိုး၍ အရိပ်ကောင်းသောလမ်းဘေးချရပ်ကာ ဆွမ်းကပ်ကြပါသည်။

သံဃာတော်များအတွက် ဆွမ်းကိစ္စပြီးစီးသဖြင့် တောဂျင်တွင်မနားတော့ဘဲ ပျဉ်းကိုင်းသို့ရောက်မှ ထမင်းစားခေတ္တနားကြပါသည်။ ထိုမှထွက်လာပြီးမကြာမီတွင် ကျယ်ပြန့်သောသဲချောင်းကြီးကိုတွေ့ရသည်။သစ်ပင်ချုံပုတ်ပေါင်းများပေါက်ရောက်နေသောအဝှမ်းပိုင်းအပါဝင်ဆိုပါက မိုင်ဝက်ခန့်မျှကျယ်မည်ထင်ရသည်။ တပေါင်းလရာသီဖြစ်၍ ဖြစ်၍ ချောင်းအတွင်း၌ ရေမရှိသော်လည်း သဲများကား ဒူးဆစ်မြုပ်ခမန်းမျှ ထူထပ်လျက်ရှိနေသည်။

သံဃာတော်များမှအပယောက်ျား မိန်းမအားလုံးဆင်းလျှောက်ကြ၍ ယာဉ်ချည်းသက်သက်မောင်းစေသည်။ အမြီးနှင့်ပစ်မောင်းသည့် ဒိုင်နာယာဉ်သည် အစ၌ဟုတ်မလိုလိုနှင့် သဲချောင်းခလယ်တွင်နစ်တော့သည်။ ယောက်ျားသားများ ဝိုင်းဝန်းပြီးတွန်းလိုက်၊ တဝူးဝူးအော်မြည်၍ မီးခိုးထောင်းထောင်းထလျက်ရုန်းသွားလိုက်၊ ခဏကြာနစ်လိုက်နှင့် ယာဉ်လည်း ညော်နံ့ပင်ထွက်လာ၏။ ထို့အတူ တွန်းသူများလည်း ချွေးဒီးဒီးကျလျက် ခြေကုန်လက်ပန်းကျကုန်ကြသည်။

ထို့နောက် သံဃာတော်များကို ယာဉ်ပေါ်မှဆင်းစေ၍ သဲချောင်းအလယ်တွင်ရှိသော သစ်ပင်ရိပ်မှစောင့်ရန်စီစဉ်ရသည်။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကိုလည်းရည်မှန်းပြီးတိုင်တည်ကြရလေသည်။ သစ်ကိုင်းများခုတ်၍ခင်းသွားလိုက်၊ပြောသံပေးလျက်တွန်းလိုက်ကြနှင့်သဲနစ်ရာမှလွတ်မြောက်သွားခဲ့၏။

## ◻ ခေါင်နန်းပလ္လင်ကျောင်းတော်သို့

သဲချောင်းကြီးကို ကျော်လာပြီးနောက် ရွာဟူ၍ရှားပါးစွာတွေ့ရသည်။ သက်တယ်ကျင်းရွာသို့ရောက်လာသည်။ ယင်းမှထွက်လာပြီး ခဏမျှကြာလျှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ခေါင်နန်းပလ္လင်သို့သွားသည့်လမ်းခွဲကိုတွေ့ရလေသည်။ လက်ယာဘက်သို့သွားသော ယင်းလမ်းအတိုင်းလိုက်လာရာ မြင့်မားသောသစ်ပင်ကြီးများ၊ လမ်းပေါ်သို့ ညွှတ်ကိုင်းယှက်နွယ်နေသော ဝါးတောများကြားမှဖြည်းဖြည်းချင်းမောင်းလာရသည်။

မဟာမြိုင်တောကြီးသည် ခြေကျင်လျှောက်၍သွားလျှင် အရှေ့နှင့်အနောက်



www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်ကြာ၍ တောင်နှင့်မြောက် ကိုးရက်ကြာအောင်သွားရသည် ဆို၏။ ဤမျှကျယ်ဝန်းနက်ရှိုင်းသောတောကြီးတွင် ဆင်ရိုင်းနှင့် သားရဲတိရစ္ဆာန်များ ခိုအောင်း ကျက်စားကြသည်ဟုဆိုရာ ဆိုလောက်ပါသည်။ ရံဖန်ရံခါ၌ ဆရာတော်ဘုရားကြီးသီတင်းသုံးတော်မူသည့် ကျောင်းအနီးပင် ဆင်ရိုင်းများရောက်လာလေ့ရှိသည်။

၁၃၆၅ ခု၊ တန်ခူးလဆန်း ၈ ရက်၊ ညနေ (၄း၁၀) နာရီတွင် ခေါင်နန်းပလ္လင်ကျောင်းသို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးစတင်ရောက်ရှိသည်။ ဆရာတော်ကြီးကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင်-

'ကဆုန်လဆန်းတွင်ကား မိုးများအဆက်မပြတ် ရွာသွန်းနေခြင်းကြောင့် သစ်ကားများလည်း မလာကြတော့ပါ။ ပျားဖွပ်သမားများလည်းမလာကြတော့ပါ။ ထိုဒေသ၌ ကျန်ခဲ့သည်မှာ ငါနှင့်ကပ္ပိယနှစ်ဦးမျှသာ။ ထိုမှာတွင် တောဆင်ရိုင်းများကလည်း သောင်းကျန်းလာကြတော့သည်'

ဟု မှတ်တမ်းတင်ထားခဲ့သည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် မဟာမြိုင်တောကြီး၏တောကြမ်းပုံ၊ အမှားအယွင်းမခံပုံတို့ကို မူလကပင်သိထားတော်မူခဲ့၏။ သီလ၊သမာဓိ ပညာတို့ အထပ်ထပ်အခါခါ စင်ကြယ်အောင်ပွားများဆင်ခြင်ပြီးမှ ဤတောကြီးသို့ဝင်လာခြင်း ဖြစ်၏။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ကျင့်စဉ်ကို ယုံကြည်လာ၍ ရတနာသုံးပါးကို ကြည်ညိုလေးစားသည့်ဓာတ်ခံရှိသော မဟာမြိုင်နတ်သမီးသည် မနှောင့်ယှက်ရုံသာမက ကူညီစောင့်ရှောက်မှုပင်ပြုခဲ့လေသည်။

စာရေးသူတို့သည် ညနေ (၅)နာရီတွင် မဟာမြိုင်ကျောင်းတို့ရောက်ရှိလာ၏။ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူတို့၏ယာဉ်များကိုလည်း တွေ့ရသည်။ ဝန်းကျင်တစ်ခုလုံး၌ ပိတ်ပိတ်သားရှိသောတောကြီးက အုပ်မိုးလျက်ရှိသည်။ ဆရာတော်ဘုရားကြီးသီတင်းသုံးတော်မူသော ခေါင်နန်းပလ္လင်ကျောင်းမှာတောင်ထွတ်ပေါ်တွင်ဖြစ်၍ ဖူးမြော်ရန်လာရောက်သူတို့အား အောက်ကျောင်းများ၌ နေရာချထားပေးပါသည်။

## ❑ ဥစ္စာစောင့်တွေပြင်ဆင်ပေးသောဆွမ်းပွဲလော

မတ်လ ၁ ရက်နေ့နံနက်စောစော အရုဏ်တက်ချိန်တွင် စာရေးသူတို့အဖွဲ့မှ မိန်းကလေးများသည် အသင့်ပါလာသော ဆွမ်းဆန်သစ်သီးဝလံတို့ဖြင့် ဆွမ်းဘောဇဉ်တို့ကို ကြော်ချက်နေကြသည်။ အခြားအဖွဲ့မှဖြစ်ဟန်တူသည့် ဝေယျာဝစ္စဆောင်ရွက်လိုစိတ်ရှိသော ရုပ်ရည်သန့်သန့်ပြန့်ပြန့်နှင့် မိန်းကလေးနှစ်ဦးလည်း ကူညီဆောင်ရွက်ပေးလျက်ရှိနေသည်။ တစ်ဦးချင်းစီ ကိုယ်တိုင်ကိုယ်ကျ လောင်းလှူနိုင်ရန် ဆွမ်းပွဲများကိုပြင်ဆင်ပေးထားလေသည်။

မည်သည့်အကြောင်းပြချက်ရှိသည်ဖြစ်စေ မဟာမြိုင်ကျောင်းတွင် တစ်ညအိပ်သာနေခွင့်ရှိရာ ဆရာတော်ဘုရားကြီးအား ဆွမ်းလောင်းလှူဖူးမြော်ပြီးလျှင် လှည့်ပြန်ကြရ၏။ နံနက် (၉) နာရီတွင် ရုံးစုရုံးစုနှင့်ဖြစ်ကုန်သဖြင့် ဆရာတော်ဘုရားကြီး ဆွမ်းခံကြွလာကြောင်း သိလိုက်ရသည်။ ထိုစဉ် သာဝကတစ်ဦးမှ ကြေးစည်တချွင်ချွင်ထုနှက်လိုက်ရာ မျောက်အူသံ၊ တောကြက်တောငှက်တွန်ကျူးသံတို့သည် တစ်တောလုံးတစ်တောင်လုံးသို့ပဲ့တင်ထပ်သွားစေသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် တစ်ဦးချင်းစီမှလောင်းလှူ၍ ခြေခံပေါ် လက်တင်ဝတ်ချခြင်းကို ခံယူတော်မူသည်။ သာဝကများမှ သပိတ်ထဲမှဆွမ်းများကို တောက်လျှောက်လှယ်ယူနေရသည်။လောင်းလှူပူဇော်သူပရိသတ်ကား လေးငါးရာခန့် စီတန်းငုံ့မျှော်လျက်ရှိကြသည်။ နံနက် (၁၀) နာရီထိုးချိန်ကျမှ လောင်းလှူပွဲပြီးစီး၍ ဆရာတော်ဘုရားကြီးလည်း ခေါင်နန်းပလ္လင်ကျောင်းတော်သို့ကြွမြန်းသွားတော်မူလေ သည်။

ယမန်နေ့က ရောက်လာသူများ မကြာမီ မဟာမြိုင်ကျောင်းမှ ပြန်လည်ထွက်ခွာကြတော့မည်။ ယာဉ်အသီးသီးပေါ်တွင် အထုပ်အပိုးကိုယ်စီနှင့် နေရာယူနေကြချေပြီ။ တချို့ဆိုတလိမ့်လိမ့်လိမ့်ကာ ထွက်ခွာနေကြသည်။ ဆရာတော်ဘုရားကြီးထံ မှန်းမြော်၍ အချို့က ဣရိယာပုတ်အမျိုးမျိုးဖြင့် လက်အုပ်ချီလျက်ကန်တော့နေကြသည်။

စာရေးသူတို့ယာဉ်လည်း လူစုံနေသဖြင့် ထွက်ခွာရန်အသင့်အနေထားဖြစ်နေသည်။ တန့်ဆည်မှပေါ်လာသော ယာဉ်မောင်းသူက အနီးရှိသစ်ပင်ရိပ်တွင် မိုးတိုးမတ်တတ်ရပ်လျက် တစ်စုံတစ်ဦးအလာကိုစောင့်မျှော်နေပုံရသည်။ အခြားသောယာဉ်များ အလျှိုလျှိုသွားကုန်ကြပြီဖြစ်၍ မရိုးမရွဖြစ်လာဟန်လည်းတူသည်။ 'ကားဆရာတက်တော့လေ လူစုံနေပြီ'ဟု ကားပေါ်မှလှမ်းပြောယူရသည်။

ထိုအခါ ယာဉ်မောင်းသူက -

"အဲ - မနက်က ဆွမ်းချက်တဲ့ထဲက ကောင်မလေးနှစ်ယောက်ထွက်မလာသေးတာနဲ့စောင့်နေနတာ။ ခုလေးတင် ပျာယီးပျာယာနဲ့ ကျောင်းထဲဝင်သွားသေး"

ဟု ပြောရင်း ကျောင်းဘက်သို့ လှမ်းကြည့်နေသည်။

ကိုဝင်းညွန့်က -

"ဒီပြင်အဖွဲ့ကလာပြီးလုပ်ကူတဲ့ ကလေးမလေးတွေဖြစ်မှာပေါ့"

ဟုဆိုရာ ယာဉ်မောင်းသူလည်း -

"မသိပါဘူး။ ခင်ဗျားတို့လူများလားလို့"

ဟု ပြောကာ ကားပေါ်တက်ပြီး စက်နှိုး၍ ထွက်လာခဲ့ပါသည်။

ဒိုင်နာယာဉ်သည် လွမ်းဆွတ်ဖွယ်ရာကောင်းသောမဟာမြိုင်ကျောင်းတော်ကြီးကို ကျောခိုင်းလျက် တရိပ်ရိပ်တလိမ့်လိမ့်ထွက်ခွာလာသည်။ ယာဉ်ပေါ်တွင် ပါသူတို့ကား စကားစမြည်မပြောဆိုဘဲ ငြိမ်ချက်သားကောင်းနေကြရာ အတွေးကိုယ်စီရှိနေကြဟန်တူပါသည်။ ရံဖန်ရံခါ မလုံမလဲဖြစ်လာဟန်ဖြင့် တရွေ့ရွေ့လုပ်၍ တကြိတ်ကြိတ်ရှေ့တိုးနေကြလေသည်။

မဟာမြိုင်တောကြီးကို ပရိယာယ်ဝေဝုစ်များ၍သည်းညည်းမခံသောတောအဖြစ်ဖြင့်လူတိုင်းလိုလိုသိထားကြသည်။ ပန်ထွာဘုရင်မသည် အကောက်ကြံသူတို့အပေါ် နာကြည်းအမုန်းပွားစွဲလမ်းစိတ်များဖြင့် သေလွန်ပြီးနောက် မဟာမြိုင်တောတွင် မဟာမြိုင်နတ်သမီးခေါ် ဗိဿနိုးမယ်တော် ဟူ၍ဖြစ်ရသည်။ ထိုအတူ သာစည်ရွှေကျောင်းကုန်းတောင်ပေါ်မှ ရှေးအဆက်ဆက် ကိုးကွယ်ခဲ့သောစေတီတွင်လည်း တစ်စုံတစ်ရာသောဥပါဒါန်အာရုံကြောင့် မကျွတ်မလွတ်သေးသူတို့ရှိနိုင်ပါသည်။

ထို့ကြောင့် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားဖူးမြော်ရန် ရွှေကျောင်းကုန်းတော်မှ မသိမမြင်နိုင်သူများ စာရေးသူတို့ကားဖြင့်လိုက်ပါမလာဟု မပြောနိုင်ပါချေ။

အာကာသ (သာစည်)

www.burmeseclassic.com

"သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျ သုခိတ၊ ဒုက္ခိတ သတ္တဝါများအားလုံး ကြားကြားသမျှ အမျှအမျှအမျှယူတော်မူကြပါကုန်တော် သာဓု သာဓု သာဓု"

ကျွန်ုပ်သည် တစ်ဖက်တိုက်ခန်းမှ အဘွားအို၏ ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံသောအမျှဝေသံကိုကြားရသဖြင့် အိပ်ရာထက်မှပင် သာဓုသုံးကြိမ်ကို အာရုံပြု၍ခေါ် ဆိုလိုက်ပြီး နံနက်ခင်းကို မင်္ဂလာရှိစွာဖြင့်နိုးထကာ အိပ်ခန်း၏ အရှေ့ဘက်ရှိ ဝရန်တာရှိရာဆီသို့ထွက်လာခဲ့ပါသည်။ ဝရန်တာသို့ရောက်သောအခါ အရှေ့အရပ်ရှိ မိုးကုပ်စက်ဝိုင်းကြီးအား ရပ်၍ငေးကြည့်နေမိသည်။

ဤသို့ ကြည့်မိလိုက်သောအခါ အရှေ့လောကဓာတ်ဆီမှ သူရိယနေမင်းသည် ကမ္ဘာမြေတစ်ခွင်ပေါ်သို့ အမှောင်ကိုခွင်း၍ အလင်းရောင်များဖြင့် အစားထိုးကာ တဖြည်းဖြည်းချင်း နေရာယူနေသည်ကို တွေ့မြင်နေရပါသည်။ ထိုအချိန်၌ အရှေ့အရပ်ရှိ မိုးကုပ်စက်ဝိုင်းကြီး၏ အထက်ကောင်းကင်ယံတွင်ပုစွန်ဆီရောင်များဖြင့် လှပသောမြင်ကွင်းကြောင့် ပြီးပြည့်စုံသော သဘာဝမြင်ကွင်းကြီးသည် ကျွန်ုပ်၏အမြင်အာရုံမှတစ်ဆင့် ကျွန်ုပ်စိတ်အစဉ်ကို လန်းဆန်းတက်ကြွစေပြီး အားအင်များအဖြစ် ပြောင်းလဲကာ ဝင်ရောက်ခဲ့ပါတော့သည်။

ဝရန်တာ၌ ခဏတာမျှကြည့်ရှုပြီးနောက် ကျွန်ုပ်သည် ရေချိုးလိုက်ကာ ခန္ဓာကိုယ်တစ်ခုလုံးကို သန့်ရှင်းစင်ကြယ်အောင်ပြုလုပ်လိုက်ပြီး ဘုရားသောက်တော်ရေလဲလှယ်ခြင်း၊ ဘုရားဆီမီးပူဇော်ခြင်း၊ ဘုရားဆွမ်းတော်ကပ်ခြင်းများကို နိစ္စဓူဝထုံးစံအတိုင်း သုံးလောကထွတ်ထား အတုမရှိ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား စိတ်ဝယ်ရည်မှန်းကာ ဆက်ကပ်လှူဒါန်းလိုက်ပါသည်။ ထိုသို့ ဘုရားဝေယျာဝစ္စများပြုလုပ်ဆောင်ရွက်ပြီးသည်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ဦး နံနက်စာအဆာပြေကို အတူတကွစားသုံးလိုက်ပါသည်။ အတူတကွစားသောက်ကြရင်းဖြင့် စကားစမြည်ပြောကြသောအခါ ယနေ့ နံနက်စာ အဆာပြေစားသုံးပြီးသည်နှင့် နေအိမ်မှ အလုပ်ရှိရာဆီသို့ စတင်၍ထွက်ခွာကြလျှင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးကို အရင်ဆုံး ဝင်ရောက်ဖူးမြော်ကြမည်၊ ထိုမှ ဘုရားဖူးပြီးအပြန် အလုပ်ရှိရာသို့သွားမည်ဟု နှစ်ဦးသား အတူတကွဆုံးဖြတ်လိုက်ပါသည်။

ထိုသို့ဆုံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် တစ်ဆက်တည်း၌ပင် လွန်ခဲ့သော (၃) လခန့်က ကျွန်ုပ်ကိုယ်တိုင် ဆရာတော်တစ်ပါးကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ တစ်ဖက်ကမ်း ပန်းတောင်း - တောင်ကုတ်သွား ကားလမ်းမပေါ်ရှိ 'မြစိမ်းတောင် ငါးမျက်နှာဘုရား' ကို ပို့ဆောင်ပေးမည်ဟု ကတိပေးထားခဲ့ဖူးပါသည်။ ထိုပေးထားသောကတိကို မပျက်ကွက်စေရန်အတွက် မနက်ဖြန် နံနက်စောစော၌ပင် ပို့ဆောင်ပေးလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချကာ ကျွန်ုပ်သည် ကတိပေးထားခဲ့ဖူးသောဆရာတော်အား ချက်ချင်းပင် ဖုန်းဖြင့်ဆက်သွယ်လိုက်ကာ ကြိုတင်အသိပေးလိုက်ပါသည်။

ဤသို့ နံနက်စာအဆာပြေစားသုံးကြပြီးသည်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံသည် နေအိမ်မှ ရွှေတိဂုံဘုရားရှိရာသို့ ကားဖြင့်ထွက်လာခဲ့ကာ ဘုရား၏ မြောက်ဘက်မုခ်၌ ကားပါကင်ထိုး၍ ဓာတ်လှေကားဖြင့် ဘုရားရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့ပါသည်။ ထို့နောက် ဓာတ်လှေကားမှထွက်၍ ရွှေတိဂုံဘုရားရင်ပြင်ပေါ်ရှိ ကန်တော့ပွဲအရောင်းဆိုင်တွင် ကန်တော့ပွဲမှာယူခဲ့ကာ အောင်မြေနေရာ၌ပင် သာသနာပွဲအား ဆက်ကပ်လှူဒါန်းကာ (၃၁) ဘုံသားများအတွက်ဆုတောင်းမေတ္တာများပို့သလိုက်ပါသည်။ ဆက်လက်၍ အောင်မြေနေရာမှထပြီး အဘအောင်မင်းခေါင်ကြီးကို ကန်တော့ပွဲဆက်ကပ်လှူဒါန်းရန်အတွက် ဝိဇ္ဇာတန်ဆောင်းရှိရာဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့ပါသည်။ ဝိဇ္ဇာတန်ဆောင်းအပြင်ဘက်အဝင်ဝသို့ရောက်သောအခါ အဘအောင်မင်းခေါင်ကြီး၏ရုပ်တုအရှေ့တည့်တည့်ကန်တော့ပွဲဆက်ကပ်လှူဒါန်းမည့်နေရာ၌ ပင်နီတိုက်ပုံနှင့် ချည်ပုဆိုးအကွက်ကြီးဝတ်ဆင်ထားသောလူကြီးတစ်ဦးထိုင်၍ သစ္စာတိုင်တည်ကာ အမျှအတန်းပေးဝေရန် ရွတ်ဖတ်သရဇ္ဈာယ်နေသဖြင့် ဝိဇ္ဇာတန်ဆောင်း၏အပြင်ဘက်၌ ခေတ္တစောင့်ဆိုင်းလိုက်ပါသည်။

ဤကဲ့သို့ ဝိဇ္ဇာတန်ဆောင်းအပြင်ဘက်အဝင်ဝတွင် စောင့်ဆိုင်းနေရင်းဖြင့် ထိုလူကြီး၏ သစ္စာဆိုပြီး အမျှဝေပုံကို ကျွန်ုပ် ဤကဲ့သို့ ကြားလိုက်ရပါသည်။

"သုံးဆယ့်တစ်ဘုံကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါများအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ ဘေးဘယာတွေဝေးကွာ၍ တရားစစ်တရားမှန်ကို နည်းလမ်းမှန်ကန်စွာဖြင့် ကျင့်ကြံကြိုးစားအားထုတ်၍ပေါက်ပေါက်မြောက်မြောက် ကျင့်ကြံအားထုတ်ကာ သူတော်စင်လမ်း ထွက်ရပ်စခန်းသို့ တက်လှမ်းနိုင်ကြပါစေ။

ကျွန်ုပ်သည် ယခုအချိန် ယခုအခါမှစ၍ မှန်ကန်သောသစ္စာတိုင်တည်မှု ပြုလုပ်ပါမည်။ ကျွန်ုပ်တိုင်တည်သောသစ္စာမှန်ကန်မှုရှိခဲ့ပါက ကျွန်ုပ်ပြုလုပ်ထားသောအဓိဋ္ဌာန်ပါရမီ၏အောင်မြင်မှုရရှိသော ကောင်းမှုကုသိုလ်အဖို့ဘာဂတို့ကို အမျှပေးဝေလိုက်သော ကျွန်ုပ်၏ အသံသည် (၃၁) ဘုံသို့ ပျံ့နှံ့ရောက်ရှိ၍ ၎င်းတို့နေထိုင်





www.burmeseclassic.com

www.burmeseclassic.com

စံမြန်းရာ ဘုံဗိမာန်တို့မှပင် အားလုံး ကြားသိရှိကြ၍ ကျွန်ုပ်နှင့်အတူတကွ သာဓုခေါ် ဆိုနိုင်သော (၃၁) ဘုံသား အားလုံးတို့သည် ကျွန်ုပ်ကဲ့သို့ ထပ်တူ ထပ်မျှရရှိ၍ ခံစားစံစားနိုင်ကြပါစေ သတည်း။

ကျွန်ုပ်သည် လူမှန်းသိတတ်သည့် အရွယ်မှစ၍ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည်စွာကိုး ကွယ်ခဲ့ပြီး ဘုရားအစစ်ဘုရားအမှန်၊ တရားအစစ်တရားအမှန်၊ သံဃာအစစ် သံဃာအမှန်ဟူသောစိတ်ထားဖြင့် ရိုသေ ရှိခိုးလက်စုံမိုးကာ ယနေ့အထိဝတ်မပျက် ခဲ့ပါ။

ကျွန်ုပ်ယုံကြည်ကိုးစားအားထားရာ အနန္တောအနန္တငါးပါးနှင့်တကွ ဆရာသခင် သူတော်စင်ပုဂ္ဂိုလ်ကြီးများကို ကျွန်ုပ် အမိဋ္ဌာန်ဝင်သည့်အခါသမယက ကတိ ခံယူခဲ့သော ကတိသစ္စာစကားများနှင့် ကျင့်ကြံကြိုးစားအားထုတ်မှုမှန်သမျှတို့ ကို ယနေ့ယခု ဤရက်၊ ဤအချိန်၊ ဤ နာရီပိုင်းအထိ ပြစ်မှားကျူးလွန်စည်း ဖောက်ဖျက်မှုများမရှိခဲ့ပါ။ ထို့အပြင် အနည်းငယ်သော မြူမှုန်မျှပမာဏ လောက်ပင် သီလကို ကျူးလွန်ဖောက် ဖျက်ခြင်းအာရုံများပင် လုံးဝမရှိခဲ့ပါဟု အကျွန်ုပ်သည် မှန်ကန်သော သစ္စာကို ရဲရဲဝံ့ဝံ့ တိုင်တည်မှုပြုလုပ်ပါ၏။

ဤမှန်ကန်သောသစ္စာစကားများ ကိုလည်း အတုမရှိကုန်သော ငါးသိန်း တစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော သဗ္ဗညုတမြတ်ဘုရား ရှင်တို့အား လည်းကောင်း၊ ခြောက်ပါး သောဂုဏ်တော်တို့နှင့် ပြည့်စုံတန်ဆာ ဆင်ကြကုန်သော တရားတော်၊ ကိုးပါး သောဂုဏ်တော်တို့ဖြင့် ပြည့်စုံတန်ဆာ ဆင်ကြကုန်သော သံဃာတော်တို့နှင့် တကွ အထက်ထွက်ရပ်ပေါက်သူတော် စင်ကြီးများ၊ သူတော်ကောင်းကြီးများ၊ သိဒ္ဓိရှင်မဟိဒ္ဓိရှင်ကြီးများ၊ တရားဓမ္မ ကျင့်သုံးကြသည့် ဆရာသခင်ကျေးဇူးရှင် ကြီးများနှင့် ဝိဇ္ဇာရှစ်သောင်း ရသေ့ရှစ် သောင်း သိဒ္ဓိမြောက်ပုဂ္ဂိုလ်အားလုံးတို့ အား လည်းကောင်း၊ ဤလောကကြီး ကို စောင့်ရှောက်ကြကုန်သော နတ် မင်းကြီးလေးပါးနှင့်တကွ သိကြားမင်း၊ ဗြဟ္မာမင်း၊ နတ်ဝိဇ္ဇာများ၊ မြေမှာစောင့် ကြပ် နတ်ကောင်းနတ်မြတ်တို့နှင့်တကွ သိကြားသာသနာကို စောင့်ရှောက်ကြ ကုန်သော နတ်ဒေဝါများအားလုံးတို့ သည် ကျွန်ုပ်၏သစ္စာစကားကို ထင်ရှား စွာ သက်သေအရာ၌ထားကာ မကွာ မသွေတည်နေကြပါစေကုန်သတည်း။

အကယ်၍ ကျွန်ုပ်တိုင် တည်သော သစ္စာစကားသည် မှန်ကန်မှုမရှိဘဲ တိမ်းစောင်း လွဲချော်ခဲ့ပါက ကျွန်ုပ်၏ အမိက ရည်မှန်းချက် ဆုတောင်းဖြစ်သော






www.burmeseclassic.com

www.burmeseclassic.com

'ဆုကြီးပန်' သည် ယခုတစ်ခဏအတွင်း၌ပင်ပျက်ပြုန်းကာ ကျွန်ုပ်၏ရုပ်ခန္ဓာကိုယ်ကြီးသည် ချက်ချင်းပင် ဗုန်းဗုန်းလဲကျကာ မဟာအဝီစိငရဲ၌ ကျရောက်ပါစေသတည်း။

အကယ်၍ ယခု ကျွန်ုပ်တိုင်တည်သော သစ္စာစကားအားလုံးတို့သည် သေးငယ်သောမြူမှုန်မျှပင် မရွဲ့မစောင်းဘဲ အလုံးစုံမှန်ကန်မှုရှိခဲ့သော် မိုးနဲ့မြေထု၊ သိကြားဗြဟ္မာနတ်ဒေဝါအားလုံးတို့သည် သက်သေအရာ၌ထားရှိပြီးသားဖြစ်ပါသောကြောင့် ထင်ရှားစွာဖြင့် ပြသပေးတော်မူပါစေသတည်း။

ကုသိုလ် အမျှ အမျှ အမျှ ယူတော်မူကြပါကုန်တော်။ သာဓု သာဓု သာဓု"

ဟု ထိုပုဂ္ဂိုလ်ကြီးမှ သာဓုသုံးကြိမ်ခေါ်ဆိုလိုက်သောအခါ ဝိဇ္ဇာတန်ဆောင်းအပြင်ဘက်၏အထက်ကောင်းကင်ပေါ်တွင် အရပ်လေးမျက်နှာမှ မိုးသားမိုးတိမ်များ ချက်ချင်းပင် အလိမ့်လိုက်အလိမ့်လိုက်တက်လာကာ မိုးများအုံ့မှိုင်းလာပြီး လျှပ်စီးများလင်းလက်ကာ -

"ဝေါ. . . ဝရော. . . ဂျိမ်း. . . ဂျိမ်း"

ဆိုသော လေတိုက်ခတ်သံနှင့်အတူ မိုးကြိုးပစ်သံများထွက်ပေါ်လာသဖြင့် ဘုရားရင်ပြင်တော်တစ်ခုလုံး သိမ့်ခနဲတုန်သွားကာ နောင်တော်ကြီးစေတီအနီးရှိသစ်ပင်မှ ငှက်ပေါင်းစုံတို့သည် ၎င်းတို့၏အသံများကို အော်ဟစ်မြည်တွန်ကာ ဝရောဆိုသော လေတိုက်ခတ်သံကြီးနှင့်အတူ ဝုန်းခနဲ ချက်ချင်းထပြန်ကြသဖြင့် သစ်ပင်များလှုပ်ခါသွားပြီး ဘယ်ညာယိမ်းနွဲ့သွားသောအသံအားလုံးတို့သည် သစ္စာစကားကို ထောက်ခံသည့်အနေဖြင့် ကောင်းချီးပေးသည့်အလားကြောက်မက်ဖွယ်ရာအသံမျိုးစုံနှင့်အရပ်လေးမျက်နှာမှ လေပြင်းတိုက်ခတ်သံများအတူရော၍ တစ်ချိန်တည်း တစ်ပြိုင်တည်းသံပြိုင်ထွက်ပေါ်လာပါတော့သည်။

ထိုအချိန်တွင် ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံးသည် ကြက်သီးများတဖြန်းဖြန်းထလာကာ ကျွန်ုပ်၏မျက်နှာသည် အထက်ကောင်းကင်ပေါ်သို့မော့ကြည့်မိ၍ ကျွန်ုပ်၏နှုတ်မှ အလိုလိုသာဓုသုံးကြိမ်လိုက်ဆိုပြီးသားဖြစ်သွားပါတော့သည်။

ထိုသို့ သာဓုသုံးကြိမ်ခေါ်ဆိုလိုက်ပြီးသည်နှင့် အထက်မိုးကောင်းကင်၌ ရောင်စုံအလင်းရောင်များ ပြိုးပြိုးပြက်ပြက်ဝင်းဝင်းလက်လက်နှင့်အရောင်များထွက်နေသည်ကို ကျွန်ုပ်တို့ဇနီးမောင်နှံ နှစ်ဦးစလုံး မြင်တွေ့လိုက်ရ၏။ ထိုမြင်ကွင်းကို ကျွန်ုပ်တို့နှစ်ဦးသည် ခေတ္တခဏငေးမောကာကြည့်နေမိသည်။တစ်အောင့်အကြာ၌ အဘဘိုးတော်အောင်မင်းခေါင်ကြီးကို ကန်တော့ပွဲဆက်ကပ်လှူဒါန်းရန်ရှိသည်ကို ပြန်လည်သတိရမိ၍ အထက်ကောင်းကင်မှ မြင်ကွင်းများအားလုံးကို ဥပေက္ခာပြုလိုက်ပြီး အဘအောင်မင်းခေါင်ကြီးရုပ်တုရှိရာနေရာသို့ ပြန်လည်၍ကြည့်မိလိုက်သောအခါ သစ္စာတိုင်တည်၍ အမျှပေးဝေနေသော ပင်နီတိုက်ပုံအကျီနှင့် ချည်ပုဆိုးအကြမ်းကွက်ကြီးဝတ်ဆင်ထားသောလူကြီးအားမတွေ့ရတော့ပါ။ ထိုအဖြစ်အပျက်များကြောင့် ကျွန်ုပ်လည်း တွေဝေသွားကာ -

"ဒီပုဂ္ဂိုလ်ကြီး ဘယ်အချိန်ကများ ဝိဇ္ဇာတန်ဆောင်းအပြင်ဘက်ကိုထွက်သွားလဲမသိဘူး"

ဟု နှုတ်မှရေရွတ်မိသောအခါ ဇနီးဖြစ်သူကလည်း ခေါင်းညိတ်ကာ ထောက်ခံလိုက်ပါသည်။ ဆက်လက်၍ ကျွန်ုပ်တို့ဇနီးမောင်နှံလည်း မူလပထမ ရည်ရွယ်ချက်အတိုင်း အဘအောင်မင်းခေါင်ကြီး၏ရုပ်တုအရှေ့ဆီသို့သွားကာ ဖြူစင်သောသဒ္ဓါဖြင့် ကန်တော့ပွဲကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုကိစ္စများ ဆောင်ရွက်ပြီးသည်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံသည် ဝိဇ္ဇာတန်ဆောင်းမှ ပြန်လည်၍ထွက်ခွာလာကာ နောင်တော်ကြီးစေတီရှိရာဆီသို့ လမ်းလျှောက်၍ ထွက်ခွာလာခဲ့ပါသည်။ ထိုကဲ့သို့ နောင်တော်ကြီးစေတီဘက်သို့ ကျွန်ုပ်တို့ဇနီးမောင်နှံထွက်လာခဲ့မိသည့်အကြောင်းက 'ပြောင်တိုက် တိုက်ပြောင် သူတော်စင်ကြီး' နှင့်တွေ့ဆုံရန် အကျိုးဖြစ်လာပါတော့သည်။

ဤသို့ နောင်တော်ကြီးစေတီဘက်သို့ နှစ်ဦးသား လမ်းလျှောက်လာစဉ် ကျွန်ုပ်တို့၏အနောက်ဘက်မှကပ်လျက်လိုက်ပါလာသောခြေသံကိုကြားရသဖြင့် ကျွန်ုပ်သည် အနောက်ဘက်သို့ လှည့်ကြည့်မိလိုက်သည်။ ထိုသို့လှည့်ကြည့်လိုက်သောအခါ တွေ့လိုက်ရသည့်မြင်ကွင်းမှာ ယောဂီခပ်နွမ်းနွမ်းအကျီ၊ ယောဂီခပ်နွမ်းနွမ်းပုဆိုးယောဂီတဘက်အဟောင်းကြီးကို ဦးခေါင်းပေါ်တွင် ပေါင်းထားကာ ထိပ်အဝ၌ သာသနာ့အလံငယ်လေးများထိုးထိုးထောင်ထောင်ထွက်နေသောယောဂီလွယ်အိတ်အကြီးကြီးကိုလွယ်ထားလျက် အရပ်ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားကောင်းပီသလှသည့်လူကြီးတစ်ယောက်ဖြစ်နေသည်ကိုတွေ့ရပါသည်။ ထိုလူကြီးမှလည်း ကျွန်ုပ်ကို စူးစူးစိုက်စိုက်ပြန်၍ကြည့်ပါသည်။ ထိုအခါ ကျွန်ုပ်နှင့် ထိုလူကြီးတို့သည် အကြည့်ချင်း မျက်လုံးချင်းဆုံမိလျက်သားဖြစ်ဖြစ်သွားပါသည်၊ ထူးခြားနေသည်မှာ ထိုလူကြီးနှင့်မျက်လုံးချင်းဆုံမိကြသောအခါ သူ၏မျက်လုံးအကြည့်က ကျွန်ုပ်၏မျက်လုံးမှတစ်ဆင့်ကိုယ်ခန္ဓာတစ်ခုလုံးကို စိမ့်ခနဲအေး၍တုန်ခါသွားစေပါသည်။ ဤသို့တွေ့ဆုံမိကြသောအခါ ထိုလူကြီးသည် ကျွန်ုပ်အား ပြုံးပြပါသည်။ သူ၏အပြုံးကို ကျွန်ုပ်သည် ဦးခေါင်းကို ရှေ့သို့ပြန်လှည့်၍ ဥပေက္ခာပြုလိုက်ပါသည်။

ထိုကဲ့သို့ မသိသလို ကျွန်ုပ်ရှောင်လွှဲရခြင်းမှာ ဤလောကကြီး၌ ဝိဇ္ဇာလိုလိုဘိုးတော်လိုလို ဂန္ဓာရီပုဂ္ဂိုလ်ကြီးလိုလိုဖြင့် ဘာသာရေးကို ခုတုံးလုပ်၍ ဝိဇ္ဇာအတု၊ဘိုးတော်အတုအယောင်များကဲ့သို့ လုပ်စားနေသူဟု ကျွန်ုပ်၏စိတ်ထဲမှ သံသယရှိနေသောကြောင့်ဖြစ်ပါသည်၊ 'အတုကတစ်ထောင် အယောင်ဆောင်ကတစ်သိန်း အပလိန်းအနန္တ' ဟူသောစကားရှိပါသည်။ အစစ်ကား မရှိဘူးလားဟုမေးလျှင် ထွက်ရပ်ပေါက်သူတော်စင်ဝိဇ္ဇာများ အမှန်တကယ်ရှိပါသည်၊ သို့သော် လူတိုင်းတွေ့နိုင်ဖို့ အင်မတန်ခဲယဉ်းသောကြောင့်ဖြစ်သည်။ ဒီအချက်အလက် အကြောင်းအရင်းတွေကြောင့် ကျွန်ုပ်သည် ဒီပုဂ္ဂိုလ်ကြီးကို -

'ဒီပုတ်ထဲကဒီပဲဝဲ၊ ဒီပုဂ္ဂိုလ်ကြီး ငါ့ကို ဇွတ်အတင်းဝင်ရောပြီးအလှူခံရင် ခက်မယ်။ ငါကလည်း သဒ္ဓါမပေါက်ဘူးဆိုတော့ အင်း - စောစောစီးစီး နှစ်ဦးသား ဘုရားရင်ပြင်ပေါ်မှာအချေအတင်စကားများကြတော့မယ်။ မဖြစ်ဘူး မဖြစ်ဘူး ငါရှောင်မှပဲ'

ဟု စိတ်ထဲမှတွေး၍ ဆုံးဖြတ်ချက်ချလိုက်လေသည်။

ဤပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်ကြိတင်၍ တွက်ဆထားသည့်အတိုင်းပင် ကျွန်ုပ်တို့ဇနီးမောင်နှံ လမ်းလျှောက်နေသည်ကိုကျော်တက်သွားပြီး လှည့်ကြည့်လှည့်ကြည့်ဖြင့် မျက်နှာကို ပြုံးဖြီးဖြီးကြီးလုပ်၍နေပါသည်။ ကျွန်ုပ်ကလည်း စိတ်ထဲမှနေ၍ -

'ငါ့ဆီက ပိုက်ဆံကို အလှူခံဖို့အတွက် ဒီလူကြီး ဇာတ်လမ်းစနေပြီ'

ဟုတွေးမိသဖြင့် မသိချင်ယော



www.burmeseclassic.com

www.burmeseclassic.com

ဆောင်နေလိုက်ပါသည်။

သို့သော် ထိုလူကြီးကား မရ။ ကျွန်ုပ်တို့ဇနီးမောင်နှံကို ကျော်တက်လမ်းလျှောက်သွားလိုက်၊ ကျွန်ုပ်တို့ရှိရာသို့ နောက်ပြန်လှည့်လာလိုက်၊ ကျွန်ုပ်တို့၏ မျက်နှာကိုကြည့်လိုက်၊ ပြုံးပြသွားလိုက်၊ အရှေ့ကိုကျော်တက်၍ ပြန်သွားလိုက် စသည်ဖြင့် သုံးလေးကြိမ်ပြုလုပ်နေပါသည်။ ထိုအပြုအမူများကြောင့် ကျွန်ုပ်၏စိတ်ထဲမှာလည်း -

'ဘယ်လိုလုပ်ရပ့ါမလဲ ခက်တော့ ခက်နေပြီ။မလှုဘူးဗျာလို့ပြောပြီး မောင်းထုတ်ဖို့ကျတော့ ဒီလူကြီးက ငါ့အဖေအရွယ်လောက်ရှိတယ်။ ငါငရဲကြီးလိမ့်မယ်။ အင်း - ဒီတော့ ဒီကိစ္စကိုဘယ်လိုဖြေရှင်းရင်ကောင်းမလဲ'

ဟု တွေးနေစဉ်မှာပင် ထိုလူကြီးသည် ကျွန်ုပ်၏အရှေ့တည့်တည့်ကို ပြန်လျှောက်လာပြီး ကျွန်ုပ်၏မျက်နှာကို အနီးကပ် သေသေချာချာကြည့်၍ -

"ဒီမယ် လူလေး၊ လူလေး အဘအပေါ်ကို ကိုယ့်စိတ်အထင်တိုင်းမဟုတ်တမ်းတရားတွေကို လျှောက်တွေးနေတာလဲ။ သူတော်စင်သူတော်ကောင်းကြီးတွေဆိုတာ မပြစ်မှားကောင်းဘူးကွယ့်။ လူလေးစိတ်ထဲကနေပြီး တွေးထင်နေသလိုမျိုးလည်း အဘက မင်းတို့ကို စကားအတင်းဝင်ရောပြီး အလှူခံမယ့်ပုဂ္ဂိုလ်မျိုးလည်းမဟုတ်ရပါဘူးကွယ်။ အဘက ဒီရွှေတိဂုံဘုရားမှာ မုခ်လေးမုခ်အမိဌာန်လာဝင်နေတာပါ။မင်းရဲ့အတွေးတွေ ဘေးမချော်နဲ့။ အားလုံးကို ဝါးလုံးချေးသုတ်ပြီးမယမ်းရဘူး လူလေးရေ ဟား ဟား ဟား ဟား"

ဟု ရယ်ပြီးပြောလိုက်ရာ တစ်ပြိုင်တည်းဆိုသလိုပင် ကျွန်ုပ်သည် ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းပြီး ဦးခေါင်းမှခြေဖျားအထိ ကြက်သီးမွေးညင်းများ ထသွားပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်စိတ်ထဲမှ သူ့အကြောင်းတွေးနေခြင်းကို ဒီလူကြီးကသိရှိနေသဖြင့် သာမန်လူကြီးမဖြစ်နိုင်။ တရားအမှန်တကယ်ကျင့်ကြံအားထုတ်နေသည့် မဟာဂန္ဓာရီပုဂ္ဂိုလ်ကြီးပဲဖြစ်ရမည်ဟု ကျွန်ုပ်ချက်ချင်းပင် တွေးမိလိုက်သည်နှင့် တစ်ပြိုင်နက် သူတော်စင်ကြီးကား မနောကံဖြင့် စော်ကားမိလိုက်သဖြင့် ပြန်လည်တောင်းပန်မည်ဟုဆုံးဖြတ်ချက်ချကာ -

"အဘ ကျွန်တော်မသိလို့ ကိုယ်ထင်ရာလျှောက်တွေးပြီး ရိုင်းပျစွာပြုမူမိတာကို ခွင့်လွှတ်ပါ"

ဟု လက်အုပ်ချီ၍ တောင်းပန်လိုက်ပါသည်။

ထိုအခါ သူတော်စင်ကြီးမှ -

"အေးကွာ၊ အဘစိတ်မဆိုးပါဘူး မသိလို့ပဲဟာ။ အဲ - နောက်ကိုတော့ ဒါမျိုးမဖြစ်စေနဲ့ ကြားသလား။ ဝါဝါမြင်တိုင်း ရွှေမထင်နဲ့ဆိုသလို လူတိုင်းကိုလည်း အထင်မသေးနဲ့ကွယ့်။ နောက်ပြီး လူလေးကို စကားလက်ဆောင်ပေးလိုက်မယ်။ စီးပွားရေးနယ်ပယ်တွေမှာ အတူတကွပေါင်းစပ်ပြီး လုပ်ကိုင်ဆောင်ရွက်တော့မယ်ဆိုရင် ကိုယ်နဲ့ အတူတကွလက်တွဲပြီးတော့ လုပ်ကိုင်ဆောင်ရွက်ရမယ့်လူဟာ ရိုးသားမှုရှိဖို့က အရေးအကြီးဆုံးပဲ။ အဲဒီရိုးသားမှုဆိုတဲ့စကားလုံးကလည်း တန်ဖိုးအရမ်းကြီးတဲ့အရာဖြစ်လို့ တန်ဖိုးမရှိတဲ့လူတွေဆီက ဘယ်တော့မှ မမျှော်လင့်နဲ့ ကြားလား လူလေး။ အေး အေး - မင်းကိုခွင့်လွှတ်ပါတယ်ကွာ၊ ခွင့်လွှတ်ပါတယ်"

ဟုပြောပြီး ကျွန်ုပ်တို့ဇနီးမောင်နှံအား မျက်နှာကိုထပ်ကြည့်ပြီး ဆက်ပြောသည်မှာ-

"အေး - မင်းတို့လင်မယားက ပြောင်တိုက် တိုက်ပြောင် လင်မယားကွ။ မင်းတို့ကို မနာလိုတဲ့လူတွေကတိုက်မယ်၊ တိုက်တော့ ပြောင်မယ်၊ ပြောင်တော့ ထပ်တိုက်မယ်။ ဟော - တိုက်တော့ ထပ်ပြီးပြောင်မယ်။ ဆိုလိုချင်တာကကွာ အလုပ်အကိုင် စီးပွားရေးတွေ ကြီးပွားတိုးတက်အောင်မြင်လာရင် မနာလိုတဲ့စိတ်နဲ့ ဘေးပယောဂအတိုက်အခိုက်တွေ ဝင်လာပြီး နည်းမျိုးစုံနဲ့ မင်းတို့ကိုတိုက်ခိုက်မယ်။ အဲဒီလိုမျိုး ဘယ်ပေါင်းစုံက တိုက်ခိုက်ကြတော့ မင်းတို့လင်မယားက ပိုပြီးတော့ စီးပွားရေးတွေတိုးတက်အောင်မြင်ပြီး ပြောင်ပြောင်ရောင်ရောင်နေရမယ်။ အဲဒီလိုဆိုတော့ မင်းတို့နှစ်ယောက်က ပြောင်တိုက် တိုက်ပြောင် လင်မယားပေါ့ကွာ ဟား ဟား ဟား ဟား ဟုတ်တယ်မှတ်လားဟေ့"

ဟု ရယ်ပြီးပြောပါသည်။ ထိုမှ တစ်ဆက်တည်းမှာပင် တည်ကြည်လေးနက်သောအကြည့်ဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံကို စူးစူးစိုက်စိုက်ကြီး ထပ်မံကြည့်၍ -

"မင်းတို့ဇနီးမောင်နှံ ပြည်ကိုရောက်မယ်။ ပြီးတော့ ရေလယ်ကောင်ရောက်ရင် ရေလယ်ကောင်မှာ နဂါးစာကျွေး ကြားသလား"

ဟု ပြောဆိုမိန့်ကြားပြီးသည်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံကို ကျောခိုင်း၍ ထွက်ခွာသွားကာ -

"ကမ္ဘာသူကမ္ဘာသားများနှင့်စကြဝဠာအတွင်းရှိကြကုန်သောသတ္တဝါဟူသမျှ ဘေးရန်အန္တရာယ်ရန်စွယ်အသွယ်သွယ်မှ ကင်းလွတ်ကြပါစေ။ အပူတရားများကင်းပျောက်၍ အအေးတရားများ ရရှိကြပါစေ၊ ဒုက္ခတရားများကင်းပျောက်၍ သုခတရားများရရှိကြပါစေ၊ အယုတ်တရားများကင်းပျောက်၍အမြတ်တရားများရရှိကြပါစေ၊ အမိုက်မှောင်တရားများကင်းပျောက်၍ အလင်းရောင်တရားများရရှိကြပါစေ"

စသည်ဖြင့် ပီပီသသ ကြည်ကြည်လင်လင် လေးလေးနက်နက် မေတ္တာများပို့သကာ ထွက်ခွာသွားပါတော့၏။ ထူးခြားနေသည်မှာ ဤပုဂ္ဂိုလ်ကြီး၏ မေတ္တာပို့သသောအသံများသည် နောင်တော်ကြီးစေတီပတ်ဝန်းကျင်တစ်ဝိုက်တွင် အင်မတန် နားထောင်ကောင်း၍ နားဝင်ချိုလှသော ပွဲတင်သံများအဖြစ်ပြောင်းလဲကာ ဝန်းကျင်တစ်ခုလုံးကို သိသိသာသာကြီး ဖုံးလွှမ်းသွားပါတော့သည်။

ကျွန်ုပ်တို့ဇနီးမောင်နှံလည်း အံ့ဩခြင်း၊ ထူးဆန်းခြင်းများစွာတို့ဖြင့် ကျန်ရစ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတော်စင်ကြီးသည် ကျွန်ုပ်၏မျက်လုံးကိုစိုက်ကြည့်ရုံနှင့် ကျွန်ုပ်တို့စီစဉ်ထားသောကိစ္စအားလုံးကို သိမြင်နေသောကြောင့် ဖြစ်ပါသည်။ ထပ်မံ၍ တင်ပြရသော် မနက်ဖြန်နံနက်စောစော၌ ဆရာတော်တစ်ပါးကို ပြည်မြို့တစ်ဖက်ကမ်း ပန်းတောင်း-တောင်ကုတ်သွားကားလမ်းမကြီးဘေးရှိ 'မြစိမ်းတောင် ငါးမျက်နှာဘုရား' ကို ပို့ဆောင်ပေးရမည် ဖြစ်ပါသည်။ ထိုသို့ပို့ဆောင်ပေးရာ၌ ပြည်မြို့မှ ပန်းတောင်းမြို့သို့သွားရန် ဧရာဝတီမြစ်ကူးတံတားဖြစ်သော နဝဒေးတံတားကို ဖြတ်ကျော်သွားရမည် ဖြစ်ပါသည်။ ဤကိစ္စကိုပင် သူတော်စင်ကြီးသည် ကြိုတင်၍ သိရှိနေပါသည်။ ထို့ကြောင့် ရေလယ်ကောင်ရောက်ရင် နဂါးစာကျွေးဟု မှာကြားသွားခြင်းဖြစ်ပါသည်။ ဤပုဂ္ဂိုလ်ကြီးပြောကြားသွားသောစကားရပ်များအနက် ထူးထူးခြားခြား ပိုမိုအံ့ဩရသည့်စကားမှာ ကျွန်ုပ်တို့ဇနီးမောင်နှံကို လူအတော်များများကတွေ့လျှင် မင်းတို့က မောင်နှမလားဟု မေးတတ်ကြပါသည်။ သို့သော် ဤပုဂ္ဂိုလ်ကြီးက မျက်နှာမြင်

www.burmeseclassic.com

လိုက်သည်နှင့် မင်းတို့လင်မယားဟုပြော၍ အံ့ဩမိပါသည်။ ထို့နောက် ကျွန်ုပ်တို့လည်း ရွှေတိဂုံဘုရားမှ လုပ်ငန်းခွင်ရှိရာဆီသို့ ပြန်လာခဲ့ပါသည်။

ဤသို့ဖြင့် နောက်တစ်နေ့နံနက် စောစော (၅) နာရီထိုးသောအခါ ကတိပေးထားခဲ့ဖူးသော ဆရာတော်ကိုပင့်၍ ကျွန်ုပ်၏ကားဖြင့်ပင် ပြည်မြို့သို့ ခရီးထွက်ခဲ့ကြပါသည်။ လမ်းခရီးတစ်လျှောက်တွင်လည်း အစိမ်းရောင်လယ်ကွင်းများနှင့် စပါးခင်းများကို ဖြတ်သန်းမောင်းနှင်ရသဖြင့် လေကောင်းလေသန့်များရရှိပြီး စိတ်ပင်ပန်းမှုများပြေပျောက်၍ လန်းဆန်းကြည်နူးမိပါသည်။ထိုကဲ့သို့တစ်မြို့ဝင်တစ်မြို့ထွက် အချိန်(၅)နာရီကျော်လောက် ကားမောင်းလာပြီးသောအခါ ပြည်မြို့မှကြိုဆိုပါ၏ဆိုသောမြို့အဝင်ဆိုင်းဘုတ်ကို တွေ့မြင်လိုက်ရပါတော့သည်။ မြို့အဝင်ဆိုင်းဘုတ်တွေ့ရှိပြီး (၁၀) မိနစ်ခန့် ကားမောင်းလိုက်သောအခါ ပြည်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ပြည်မြို့သို့ရောက်သောအခါ ဆက်လက်၍ ရောဝတီမြစ်ကူးတံတား နဝဒေးတံတားကြီးပေါ်မှ ကားဖြတ်ကျော်မောင်းနှင်မိသောအခါ ရွှေတိဂုံဘုရားမှ သူတော်စင်ကြီးပြောကြားခဲ့သော ရေလယ်ကောင်ရောက်ရင် နဂါးစာကျွေး ဟူသောစကားကို နှစ်ဦးသားပြန်လည်သတိရမိကြပါသည်။

ထိုအကြောင်းကိစ္စကို နှစ်ဦးသားပြန်လည်ပြောဖြစ်ကြပြီး မြစိမ်းတောင်ငါးမျက်နှာဘုရားအပြန်ကျမှပဲ နဂါးစာကျွေးတော့မည်ဟု ဆုံးဖြတ်လိုက်ကာဆက်လက် ထွက်ခွာလာခဲ့ပါသည်။ ဤသို့ဖြင့် နဝဒေးတံတားကျော်လွန်လာသောအခါ 'ပန်းတောင်းမြို့မှကြိုဆိုပါ၏' ဟူသောဆိုင်းဘုတ်ကြီးစိုက်ထူထားသည့် လမ်းဆုံလမ်းခွနေရာသို့ ရောက်ရှိလာပါသည်။ ထိုမှဆက်လက်၍ တပ်မ (၉၂) စစ်တပ်ကြီးကို ကျော်လွန်လာသောအခါ ပန်းတောင်း - တောင်ကုတ်သွားကားလမ်းမကြီး၏ ညာဘက်ခြမ်းတွင် တည်ရှိသော 'မြစိမ်းတောင် ငါးမျက်နှာဘုရား' မုခ်ဦးကြီးကို တွေ့ရှိရသဖြင့် ကားကိုချိုးကွေ့လိုက်ကာ ရပ်တန့်လိုက်ပါသည်။

ထို့နောက် မြစိမ်းတောင်ငါးမျက်နှာဘုရားကို ပို့ဆောင်ပေးမည်ဟု ကတိပြုထားသောဆရာတော်အား တောင်ပေါ်သို့ပင့်ဖိတ်၍ အတူတကွ မြစိမ်းတောင်ပေါ်သို့ စောင်းတန်းလှေကားမှတက်ခဲ့ကြပါသည်။မြစိမ်းတောင်ပေါ်သို့ရောက်ရှိသောအခါ ဆရာတော်သည် တနင်္ဂနွေထောင့်ရှိရာဆီသို့ ဆက်လက်လျှောက်လှမ်းလာပြီး တနင်္ဂနွေထောင့်တွင်ရှိသော ဘုရားဆင်းတုတော်နှင့် ဂြိုဟ်တိုင်တို့ကို ရေသပ္ပာယ်ပြီးသည်နှင့် မဟာပလ္လင်ထိုင်ကာ ကမ္မဋ္ဌာန်းတရား အားထုတ်နေပါသည်။ ထိုသို့ ဆရာတော်မှ ကမ္မဋ္ဌာန်းတရားအားထုတ်နေသဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံလည်း အချိန်အနည်းငယ်ရသောကြောင့် မြ စိမ်းတောင်ပေါ်မှနေ၍ ပတ်ဝန်းကျင်ဒေသရှုမြင်ကွင်းများကို လှေ့လာကြည့်ရှုခံစားကြပါသည်။

ထိုသို့ မြစိမ်းတောင်ပေါ်မှနေ၍ ဟိုးအဝေးတစ်နေရာသို့ လှမ်းမျှော်ကာ ကြည့်မိလိုက်သောအခါ အလွန်ပင်လွှမ်းမောဖွယ်ကောင်းသော စိမ်းညို့ညို့ အုံ့မှိုင်းမှိုင်း တောင်စွယ်တောင်တန်းကြီးများသည် ကောင်းကင်ပေါ်ရှိ တိမ်နွယ်တိမ်တိုက်တို့ကိုတိုးဝင်ကာ ဖောက်ထွက်နေသည့် သာယာလှပသောမြင်ကွင်းကို တွေ့မြင်ရပါသည်။ ထိုသဘာဝအလှအပမြင်ကွင်းများကို ကြည့်ရှုခံစားနေရင်းဖြင့်ပင် ယခု ကျွန်ုပ်တို့ရောက်ရှိနေသော မြစိမ်းတောင်၏ တောင်တော်သခင်မဖြစ်သည့် မမြစိမ်း၏ ကျွန်ုပ်တို့ငယ်စဉ်အခါက လူကြီးများပြောပြခဲ့ဖူးသော ဝမ်းနည်းဖွယ်ဇာတ်လမ်းအကြောင်းကို ပြန်လည်သတိရမိသဖြင့် စိတ်မကောင်းဖြစ်မိပါသည်။ ထိုအကြောင်းအရာများကို စဉ်းစားမိသဖြင့် ကျွန်ုပ်သည် ဤမြစိမ်းတောင်ပေါ်မှပင် တောင်တော်သခင်မမမြစိမ်းအား ဖြူစင်သောမေတ္တာဖြူစင်သောစေတနာအမှန်တို့ဖြင့် နှုတ်မှဖွင့်ဟ၍ -

"ကျွန်ုပ်သည် ဘဝတစ်လျှောက်လုံးတွင် အလှူအတန်းဒါနများစွာပြုလုပ်လှူဒါန်းခဲ့ပါသည်။ဤအလှူအတန်းဒါနကုသိုလ်အားလုံးတို့ကို တောင်တော်သခင်မ မမြစိမ်းအား ကောင်းမွန်သောဘုံဘဝ၊ ချမ်းသာသောသုခမျိုးစုံစံစားပြီး မကြောင့်မကြ မတောင့်မတဘဲ ယခုသာသနာတော်နှင့် ကြုံကြိုက်သောအခါတွင် ကျွတ်တမ်းလွတ်တမ်းဝင်နိုင်စေရန်အတွက်ရည်မှန်း၍ ဖြူစင်သောစိတ်စေတနာအမှန်ဖြင့် ကျွန်ုပ်ပြုပြုသမျှ ဒါန၏ကောင်းမှုကုသိုလ်အစုစုတို့ကို တောင်တောင်သခင်မ မမြစိမ်းတစ်ယောက်ရောက်ရာဘုံဘဝ ကြားရာအရပ်တို့မှ သာဓုခေါ် ဆိုနိုင်ပါစေသတည်း။ ကုသိုလ်အမျှအမျှအမျှယူတော်မူကြပါကုန်တော်"

ဟု ကျွန်ုပ်မှ အမျှအတန်းပေးဝေလိုက်သောအခါ ကျွန်ုပ်တို့နှစ်ဦး၏ နောက်ကျောဘက်ဆီမှ -

"သာဓု၊ သာဓု၊ သာဓု"

ဟူသော သာဓုသုံးကြိမ်ခေါ်သံထွက်ပေါ်လာပါသည်။ ထိုသာဓုခေါ်သံကြားလိုက်ရသည်နှင့်တစ်ပြိုင်နက်ပင် ဘာကြောင့်မှန်းမသိ ကြက်သီးများဖြန်းဖြန်းထသွားသဖြင့် အသံထွက်ပေါ်လာရာ နောက်ကျောဘက်ဆီသို့လှည့်ကြည့်မိလိုက်သောအခါတွင် အစိမ်းရောင်ထိုင်မသိမ်းအင်္ကျီနှင့် အဖြူအရစ်ပါချိတ်ထဘီအစိမ်းရောင်ဝမ်းဆက်ဝတ်ဆင်ထားသော ဆံပင်အရှည်နှင့်အမျိုးတစ်ဦးကိုတွေ့ရှိလိုက်ရပါတော့သည်။ ဤကဲ့သို့ ထိုအမျိုးသမီးကိုတွေ့ရှိလိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ခန္ဓာကိုယ်သည် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် တောင့်တောင့်ကြီးဖြစ်သွားပါတော့သည်။ ဤအခြေအနေအရပ်ရပ်ကို အံ့ဩတ်သွား၍လားမသိ ထိုအမျိုးသမီးမှ ချက်ချင်းပင် ကျွန်ုပ်တို့ဇနီးမောင်နှံကို -

"အမလေးတော် - တကတဲမှာပဲ ဖြစ်နေလိုက်ကြတာ မလှုပ်မယှက်နဲ့ ကျောက်ရုပ်တွေလိုပဲ။ မကြောက်ပါနဲ့ ငါ့မောင်နဲ့ ငါ့ညီမရယ်။ အစ်မက ဒီငါးမျက်နှာဘုရားရဲ့ အနီးပတ်ဝန်းကျင်မှာနေတာပါ။ ခုလည်း အစ်မက ဒီဘုရားကိုလာဖူးရင်းနဲ့ ရင်ပြင်တော်ပေါ်ကနေ ဘုရားကို လက်ယာရစ်ပူဇော်နေတုန်း မောင်လေးရဲ့အမျှအတန်းပေးဝေလိုက်တဲ့အသံကိုကြားလိုက်ရတော့ အစ်မလည်း ကြုံကြိုက်တုန်း သာဓုခေါ်မှပဲဆိုပြီး သာဓုသုံးကြိမ်လိုက်ခေါ်ပြီးတော့ ကုသိုလ်ယူလိုက်တာပါ။ အစ်မလည်း မင်းတို့လိုပဲ ဘုရားလာဖူးတဲ့ဧည့်သည်ပါပဲကွယ်"

ဟုပြောနေတုန်းရှိသေး ထိုအမျိုးသမီး၏အနောက်ဘက်ခပ်လှမ်းလှမ်းပိတ်ဖြူစင်ကြယ်ကို အပေါ်အောက်ဝတ်ဆင်ထားကာ ပုတီးကိုလည်ပင်း၌ဆွဲထားပြီး သျှောင်တစောင်းထုံးထားသော အဘိုးကြီးတစ်ဦးက -

"သမီးရေ အဘတို့ပြန်ကြမယ်ဟေ့။ ဒီလိုမျိုးသိပ်ကြာကြာနေလို့မဖြစ်ဘူးကွယ့်"

ဟု လှမ်းအော်ပြောကာ ကျွန်ုပ်တို့သုံးဦးရှိရာဆီသို့ လျှောက်လှမ်းလာပါသည်။ ကျွန်ုပ်တို့၏အနီးသို့ ထိုပုဂ္ဂိုလ်ကြီးရောက်ရှိလာသောအခါ -

"ဩော် - ခုနတုန်းက အမျှအတ



www.burmeseclassic.com

www.burmeseclassic.com

ပေးဝေလိုက်တာ ငါ့မြေးတို့ထင်တယ်"

"ဟုတ်ပါတယ် အဘ"

"အေးအေး - ကောင်းတယ်ကွယ် ကောင်းတယ်။ အခုလိုမျိုး မိမိတို့ပြုလုပ်ဆောင်ရွက်ဖူးခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘာဂတွေကို (၃၁) ဘုံမှာ ကျင်လည်နေကြတဲ့ ဝေနေယျသတ္တဝါတွေကို မေတ္တာစိတ်အပြည့်နဲ့အမျှအတန်းပေးဝေတယ်ဆိုတာ အလွန်ကောင်းမွန်ပြီး မွန်မြတ်တဲ့လုပ်ရပ်ဆိုတာကို သေသေချာချာမှတ်သားထားပါ ငါ့မြေး"

"ဟုတ်ကဲ့ပါ - အဘ၊ ဟုတ်ကဲ့ပါ"

"ကဲ- ငါ့မြေးတို့ပြုလုပ်ဆောင်ရွက်ခဲ့တဲ့ ကုသိုလ်ကောင်းမှုအစုစုတို့ရဲ့ အမျှအတန်းပေးဝေမှုကို အဘလည်း သာဓုခေါ်တယ်ဟေ့ သာဓုသာဓုသာဓု. . .။ ကဲ - ငါ့မြေးတို့ရေ အဘတို့လည်း အချိန်သိပ်မရတော့လို့ သွားတော့မယ်ကွယ်"

ဟု ပြောပြီးသည်နှင့် တစ်ဆက်တည်းဆိုသလိုပင် -

"လာ - သမီးရေ အဘတို့ပြန်ကြမယ်ဟေ့။ အခုလိုမျိုးသိပ်ကြာကြာနေလို့မဖြစ်ဘူးကွယ့်"

ဟု ပြောကာ လှည့်ထွက်သွားသဖြင့် ကျွန်ုပ်တို့နှစ်ဦး၏အနားတွင်ရပ်နေသော အစိမ်းရောင်ဝမ်းဆက်နှင့် အမျိုးသမီးကြီးသည် ကျွန်ုပ်တို့ဇနီးမောင်နှံကို -

"ကဲ -အခုလိုမျိုးသာဓုခေါ်လိုက်ရတဲ့အတွက် မောင်လေးတို့နှစ်ယောက်စလုံးကို အစ်မအနေနဲ့ အရမ်းကိုကျေးဇူးတင်ပါတယ်ရှင်၊ ကဲ - အစ်မသွားပြီနော်"

ဟု နှုတ်ဆက်ကာ ကျွန်ုပ်တို့၏အနီးမှထွက်ခွာသွားပါတော့သည်။

ထူးခြားနေသည်မှာ ထိုအမျိုးသမီးထွက်ခွာသွားသည်နှင့် ပန်းပေါင်းစုံမွှေးရနံ့တို့သည် ဘုရားရင်ပြင်တော်တစ်ခုလုံး မွှေးကြိုင်သွားပါတော့သည်။ ကျွန်ုပ်တို့ဇနီးမောင်နှံလည်း ကျွန်ုပ်တို့အနီးအနားမှ ထွက်ခွာသွားကြသော ဝတ်ဖြူစင်ကြယ်အဘိုးကြီးနှင့် အစိမ်းရောင်ဝမ်းဆက် ဝတ်ဆင်ထားသော အမျိုးသမီးကြီးတို့အား ငေးကြည့်နေမိတ် နောက်ကျောဘက်ဆီမှ ကျွန်ုပ်၏ ဇနီးကို လက်ဖြင့်ပုတ်ကာ -

"ဒကာကြီး၊ ဒကာကြီး ဟေ့ . . . ဒကာကြီး"

ဟုခေါ်လိုက်သဖြင့် အနောက်သို့ လှည့်ကြည့်မိသောအခါ-

"ဪ - ဟုတ်ကဲ့ အဲ့ - မှန်ပါ့ ဘုရား။ အရှင်ဘုရား ဘုရားဝတ်ပြုပြီး တရားထိုင်လို့ပြီးပြီလား ဘုရား"

"ပြီးပြီ ဒကာကြီး ပြီးပြီ။ ဒါနဲ့နေပါဦး၊ စောစောတုန်းက ဒကာကြီးတို့နှစ်ယောက် ဘယ်သူနဲ့စကားပြောနေကြတာတုန်း။ ဘုန်းကြီးခေါ်နေတာကို မကြားသလိုမသိသလိုမျိုးဘဲ လှည့်တောင်မကြည့်ကြဘူး"

ဟုပြောလိုက်သောအခါ ကျွန်ုပ်သည် အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်မိလိုက်သဖြင့် -

"ဘာမှမဟုတ်ပါဘူး ဘုရား"

ဟုသာ ပါးနပ်စွာဖြင့် လျှောက်ထားလိုက်ပါသည်။ ကျွန်ုပ်မှ ထိုသို့ပြောလိုက်သောအခါ ဆရာတော်မှ ဆက်လက်၍-

"ဒီငါးမျက်နှာဘုရားက ထူးခြားတယ် ဒကာကြီး၊ အရမ်းထူးခြားတယ်။ အခု ဒီစာရားရင်ပြင်ပေါ်မှာ ဘုန်းကြီးတို့သုံးဦးကလွဲပြီး ဘယ်သူမှမရှိဘဲနဲ့ ဘုရားရင်ပြင်တော်တစ်ခုလုံးမွှေးကြိုင်နေတာ သတိထားမိလား ဒကာကြီး"

"မှန်ပါ့ ဘုရား၊ တပည့်တော်လည်း သတိထားမိပါတယ် ဘုရား"

ဟု ပြန်လည် လျှောက်ထားပြီးသည်နှင့် ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများနှင့်အတူ မြစိမ်းတောင်ငါးမျက်နှာဘုရားမှ ပြန်လည်ထွက်ခွာခဲ့ပါတော့သည်။

ဤသို့ဖြင့် မြစိမ်းတောင်မှအပြန်ခရီးတွင် ရွာတစ်ရွာ၌ ကားကိုခေတ္တရပ်၍ ဧရာဝတီမြစ်အလယ်ကောင်၌ နဂါးစာကျွေးရန်အတွက် ကြက်ဥပေါက်ပေါက်နှင့် နွားနို့များကိုဝယ်ယူခဲ့ပါသည်။ ဈေးဝယ်ပြီးသည်နှင့် ထိုရွာမှ ပြန်လည်ထွက်ခွာလာရာ မကြာမီအချိန်တွင် ဧရာဝတီမြစ်ကူးတံတား နဝဒေးတံတားထိပ်သို့ ရောက်ရှိလာပါသည်။ နဝဒေးတံတားထိပ်တွင် ကားကိုရပ်လိုက်ပြီး တံတားလုံခြုံရေးတာဝန်ထမ်းဆောင်နေသော တာဝန်ကျရဲတပ်သားတစ်ဦးကို ကျွန်ုပ်မှ -

"ဟေ့-ညီလေး၊ အစ်ကိုတို့တံတားအလယ်ကိုရောက်ရင် ကားကိုခဏလေး ရပ်မယ် ရမလား။ ဘာအတွက်လဲဆိုတော့ အစ်ကိုတို့ ရေလယ်ကောင်မှာ နဂါးစာကျွေးမလို့ပါ။ အဲဒါ အဆင်ပြေနိုင်မလား"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ အခုလိုမျိုး ပွင့်ပွင့်လင်းလင်းမေးတာ အရမ်းကောင်းပါတယ်။ စိတ်တော့မရှိပါနဲ့၊ တံတားလုံခြုံရေးတာဝန်အရ တံတားပေါ်မှာ ကားရပ်ခွင့်မရှိပါဘူးခင်ဗျား"

ဟု ရည်မွန်စွာ ပြန်လည်ဖြေကြားပါသည်။

ထိုအချိန်တွင် ကျွန်ုပ်၏စိတ်ထဲ၌-

'ဟိုက်- ပြဿနာပဲ၊ အခုမှခက်ပြီ။ အင်း - မဖြစ်တော့လည်း ဖြစ်သလိုလုပ်ရတော့မှာပေါ့။ နောက်ပြဿနာနောက်မှပဲ ကြည့်ရှင်းတော့မယ်'

ဟု စိတ်ထဲမှပင် ဆုံးဖြတ်ချက်ချလိုက်ကာ-

"အေးအေး - ကျေးဇူးပဲ ညီလေး"

ဟုပြောကာ တံတားထိပ်မှထွက်ခွာလာခဲ့ပါသည်။ ထိုအချိန်ကျမှ ကားပေါ်တွင်လိုက်ပါလာသော ကျွန်ုပ်၏ဇနီးက စတင်၍ပြောပါတော့သည်။

"ကဲ- ကိုယ်တော်ချောရေ ဘယ်လိုလုပ်ကြမလဲ။ ဘယ်လိုဆောင်ရွက်မယ်လို့ စိတ်ကူးထားသလဲ။ အမိန့်လေးဘာလေးရှိပါဦး"

"ဒီလိုကွာ၊ ငါတို့ ဘာပဲဖြစ်ဖြစ် နောက်ပြဿနာနောက်မှကြည့်ရှင်းမယ်။ တံတားရဲ့အလယ် ရေအလယ်ကောင်ကို ရောက်ရင် ကားကိုခဏရပ်မယ်။ ကားစက်ကိုတော့ အဆင်သင့်နှိုးထားမယ်။ အကယ်၍ တံတားရဲ့အလယ်မှာ နဂါးစာကျွေးနေတုန်း တံတားထိပ်ကရဲဘော်လေးကမြင်ပြီးလှမ်းအော်ရင် နဂါးစာကျွေးပြီးတာနဲ့ ချက်ချင်းပဲ ကားပေါ်မြန်မြန်ပြန်တက်ပြီး မောင်းပြေးမယ်ကွာ"

ဟု ဇနီးဖြစ်သူအား အစီအစဉ်ကို ပြောပြလိုက်သောအခါ တစ်ချိန်လုံး ဘာစကားမှမပြောဘဲ တရားမေ့မျှားကိုသာ ရွတ်ဖတ်သရဇ္ဈာယ် လိုက်ပါလာသောဆရာတော်က -

"ဒကာကြီး၊ သိပ်လည်းအတင့်မရဲနဲ့ဦး။ တော်ကြာ ပြဿနာတက်နေဦးမယ်"

"မှန်ပါ့ ဘုရား၊ ဘာမှမစိုးရိမ်ပါနဲ့ ဘုရား၊ တပည့်တော် မီးစဉ်ကြည့်ကပါ့မယ်ဘုရား"

ဟု ပြန်လည်လျှောက်ထားလိုက်သောအခါ ဆရာတော်မှ ဆက်လက်မိန့်ကြားခြင်းမပြုတော့ဘဲ မျက်စိမှိတ်ကာ တရားမေ့မျှားကို ပြန်လည်၍ ရွတ်ဖတ်သရဇ္ဈာယ်နေပါသည်။ ဤသို့စကားပြောနေရင်းဖြင့်ပင် ကျွန်ုပ်တို့၏ကားလေးသည် ရေလယ်ကောင်သို့ရောက်ရှိလာသဖြင့် ကျွန်ုပ်တို့ဇနီးမောင်နှံလည်း နဂါးစာကျွေးရန် ကားပေါ်မှ မြန်မြန်ဆင်းလိုက်ကြပါသည်။ ထိုသို့တံတားပေါ်သို့ရောက်သောအခါ တံတားပေါ်မှနေ၍ နဂါးစာကျွေးရန် ရေမျက်နှာပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

သို့ ငုံ့ကြည့်လိုက်သောအခါ ထူးဆန်းစွာဖြင့် ရေမျက်နှာပြင်သည် ရေအောက်မှ အထက်ရေမျက်နှာပြင်ပေါ်သို့ ရေများ ဆူပွက်၍တက်လာပါတော့သည်။ ထိုမြင်ကွင်းအဖြစ်အပျက်များကို မြင်တွေ့လိုက်ရသောအခါ ဇနီးဖြစ်သူမှ ကျွန်ုပ်အား လက်ညှိုးထိုးပြကာ -

"ဟာ - အစ်ကိုရေ ကြည့်လိုက်ပါဦး။ ဟိုမှာတွေ့တယ်မှတ်လား၊ ရေအောက်ကနေပြီး ရေမျက်နှာပြင်ပေါ်ကို ရေတွေဆူပွက်လာတာ ထူးဆန်းလိုက်တာနော်"

"အေး - ဟုတ်တယ်ကွ။ ဒါဆိုရင် အဲဒီရေဆူနေတဲ့နေရာကိုပဲ။ ပေါက်ပေါက်၊ ကြက်ဥနဲ့နွားနို့တွေကိုပစ်ချလိုက်ပြီး နဂါးစာကျွေးလိုက်တော့ကွာ"

ဆိုပြီး ကျွန်ုပ်မှပြောလိုက်သောအခါ ကျွန်ုပ်၏ဇနီးဖြစ်သူမှ နွားနို့ ပေါက်ပေါက်နှင့် ကြက်ဥကိုခွဲကာ တံတားပေါ်မှနေ၍ ရေပြင်ပေါ်သို့ပစ်ချလိုက်သည်နှင့်တစ်ပြိုင်နက် တံတားထိပ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသောတာဝန်ကျရဲဘော်လေးက -

"ဟာ - ဟေ့ဟေ့ ဟေ့လူတွေ ဘာလုပ်နေတာလဲ၊ တံတားပေါ်မှာကား ရပ်လို့မရဘူးလို့ ပြောထားတယ်လေ။ နားမလည်ဘူးလားကွ"

ဟု အော်ဟစ်ပြောသံကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့ ဇနီးမောင်နှံသည် အပြေးအလွှားဖြင့် ကားပေါ်သို့ အမြန်ပြန်တက်ကာ ကားမောင်းထွက်ခဲ့ပါတော့သည်။ ကားပေါ်သို့ရောက်ရှိကြသောအခါ ယခုအဖြစ်အပျက်အကြောင်းအရာများကို ပြန်ပြောဖြစ်ကြပြီး တဝါးဝါးတဟားဟားဖြင့် ရယ်မောမိကြပါသည်။ ထိုအချိန်ကျမှ ကားပေါ်တွင် တရားမွေ့များ ရွတ်ဖတ်သရဇ္ဈာယ်ကာ မျက်စိမှိတ်၍လိုက်ပါလာသောဆရာတော်မှ -

"ဒကာကြီးကတော့လေ၊ လုပ်မယ်ဆိုရင် ဖြစ်ချင်တာဖြစ်ပလေ့စေ ဇွတ်ကိုလုပ်တော့တာပဲ"

ဟု ကျွန်ုပ်အား မှတ်ချက်ပေးပါသည်။ ဆက်လက်၍ ကျွန်ုပ်တို့လည်း ပြည်မြို့ရှိ ရွှေဆံတော်ဘုရားဖူးရန်အတွက် ဆက်လက် ထွက်ခွာလာခဲ့ပါသည်။ ဘုရားသို့ရောက်သောအခါတွင် ဓာတ်လှေကားဖြင့်ပင် ဘုရားရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့ပါသည်။ ရင်ပြင်ပေါ်သို့ရောက်သောအခါ ရွှေဆံတော်ဘုရားကို ဖူးမြော်ကြည်ညိုကာ ကန်တော့လိုက်ကြပါသည်။ ကျွန်ုပ်တို့ဇနီးမောင်နှံ ဘုရားရှိခိုးပြီးသွား၍ ဆရာတော်အား ကြည့်လိုက်သောအခါ ဆရာတော်သည် ငြိမ်သက်စွာဖြင့် တရားအားထုတ်နေသဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် ရင်ပြင်တော်ပေါ်မှပင် ဘုရားကို လက်ယာရစ်ပူဇော်ရန် ထွက်ခွာလာခဲ့ပါသည်။

ထိုသို့ ရင်ပြင်တော်ပေါ်တွင် လမ်းလျှောက်ပြီး လက်ယာရစ်ပူဇော်နေစဉ် တစ်နေရာသို့အရောက်တွင် စကားပြောနေသောအသံကိုကြားလိုက်ရပြီး ထိုစကားပြောနေသောအသံရှင်ကိုသိနေသလိုမျိုး ခံစားမိပါသည်။ကျွန်ုပ်တို့ကြားနေရသောစကားသံသည် မကျယ်လွန်းမတိုးလွန်း ဩဇာသံပါပြီး ပီပီသသကြီးကိုကြားနေရပါသည်။ ဤသို့နားထောင်နေစဉ် ခဏအကြာမှာတော့ ထိုအသံရှင်ကိုကျွန်ုပ်တို့ ဇနီးမောင်နှံသိတိထားမိလိုက်ကြပါတော့သည်။

ထိုအခါ ကျွန်ုပ်မှ ဇနီးဖြစ်သူကို-

"ဒီစကားပြောနေတဲ့အသံရှင်ကို မှတ်မိလား"

"အင်း- ဒီအသံကိုတော့ ရင်းရင်းနှီးနှီး တွေ့ဆုံဖူးသလိုမျိုး ခံစားမိတယ်"

"အေး- ဟုတ်တယ်၊ အစ်ကိုလည်း အဲဒီလိုပဲ ခံစားမိတယ်။ လာကွာ - အဲဒီ စကားပြောနေတဲ့နေရာကို သွားရှာရအောင်"

ဟုပြောကာ အနီးအနားပတ်ဝန်းကျင်ကိုရှာဖွေလိုက်သောအခါ အသံလာရာ စကားပြောနေသောနေရာသို့ တွေ့ရှိလိုက်ရပါသည်။ ကျွန်ုပ်တွေ့ရှိလိုက်ရသော ထိုနေရာသည် ဘုရားရင်ပြင်ထက် တစ်ဆင့်နိမ့်သောနေရာဖြစ်ပြီး အပင်ကြီးတစ်ပင်၏ အောက်ခြေတွင်ရှိသော ကွပ်ပျစ်အဝိုင်းကြီး၌ စကားပြောနေကြခြင်း ဖြစ်ပါသည်။ စကားပြောနေကြသူများမှာ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးကတစ်ဦး၊ ပင်နီတိုက်ပုံနှင့် ပုဆိုးအကွက်ကြီးဝတ်ဆင်ထားသောပုဂ္ဂိုလ်ကြီးတစ်ဦးနှင့်ယောဂီအပေါ်အောက်ဝတ်ဆင်ထားသော ဦးခေါင်းပေါ်တွင် ယောဂီတဘက်ပေါင်းထားသော ရွှေတိဂုံဘုရားတွင် ကျွန်ုပ်တို့နှင့်တွေ့ဆုံခဲ့သည့် ရေလယ်ကောင်မှာ နဂါးစာကျွေးခိုင်းသော ပြောင်တိုက် တိုက်ပြောင် သူတော်စင်ကြီး အပါအဝင် ပုဂ္ဂိုလ်ကြီးသုံးဦးတို့ဝိုင်းဖွဲ့ကာ စကားပြောနေကြသည်ကို တွေ့မြင်လိုက်ရပါသည်။

ထူးဆန်းနေသည်မှာ ထိုပုဂ္ဂိုလ်ကြီးသုံးဦး စကားထိုင်ပြောနေကြသော်လည်း အခြားပုဂ္ဂိုလ်ကြီးနှစ်ဦး၏စကားပြောသံများကိုမကြားရဘဲ ကျွန်ုပ်တို့ဇနီးမောင်နှံနှင့် ရွှေတိဂုံဘုရားတွင် တွေ့ဆုံခဲ့သောပုဂ္ဂိုလ်ကြီး၏ စကားသံကိုသာ ကြားနေရခြင်းဖြစ်ပါသည်။ ထပ်မံ၍ ပိ၍အံ့ဩရခြင်းမှာ ထိုသူတော်စင်ပုဂ္ဂိုလ်ကြီးသုံးဦးနှင့် ကျွန်ုပ်တို့ဇနီးမောင်နှံ ရောက်ရှိနေသောနေရာသည် တော်တော်လေးကို အလှမ်းကွာဝေးပါသည်။ သာမန်လေသံနှုန်းဖြင့် စကားပြောလျှင် လုံးဝကိုမကြားနိုင်ပါ။ စကားကိုအော်ဟစ်ကာ အကျယ်ကြီးလှမ်းအော်ပြောမှသာ အနည်းငယ်မျှ တိုးတိုးလေးကြားရမည် ဖြစ်ပါသည်။ ယခုမှာမူ တိုးတိုးနှင့် ညင်ညင်သာသာပြောနေသော သူ၏ စကားသံကို အနီးကပ်နားထောင်နေရ သည့်အလား ကြားနေရခြင်းပင် ဖြစ်ပါ သည်။ ထို့ကြောင့် စကားသံကြားနေရ သော စကားပြောနေသောပုဂ္ဂိုလ်ကြီး သည် သာမန်ပုဂ္ဂိုလ်ကြီး ဘယ်လိုမှမဖြစ် နိုင်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဇနီးမောင်နှံသည် စကားပြောနေသောသူတော်စင်ကြီးထံ သို့သွားရန် ဆုံးဖြတ်ချက်ချလိုက်သဖြင့် သွားရမည့်လမ်းကြောင်းကို ရှာဖွေလိုက် ပါသည်။

ထိုသို့ရှာဖွေလိုက်သောအခါတွင် လှေကားထစ်တစ်ခုမှနေ၍ အောက်သို့ ဆင်းရမည့်အနေအထားကိုတွေ့ရှိရပြီး ထိုလှေကားသည် အတက်ရောအဆင်း ပါ တစ်ခုတည်းအသုံးပြုရသောလှေကား ဖြစ်ကြောင်းကို ကျွန်ုပ်တို့အဝေးမှနေ၍ မြင်တွေ့လိုက်ရပါသည်။ ထို့နောက် ကျွန်ုပ်တို့ဇနီးမောင်နှံသည် လှေကား ရာဆီသို့ ထွက်ခွာလာခဲ့ပါသည်။ လမ်း လျှောက်ချိန် (၂) မိနစ်ခန့်ကြာမည်ထင် ပါသည်။ လှေကားထိပ်သို့ရောက်၍ လှေကားထိပ်မှ အောက်သို့ဆင်းလိုက် သောအခါ ခုနကလေးမှ စကားပြော ကြသော သူတော်စင်ပုဂ္ဂိုလ်ကြီးသုံးဦး ကို လျှပ်တစ်ပြက်မျက်စိတစ်မှိတ်အ အတွင်း၌ပင် လုံးဝကိုမတွေ့ရတော့ဘဲ အားလုံး မြင်ကွင်းမှ ပျောက်ကွယ်သွား ပါတော့သည်။

သတ္တဝါမှန်သရွေ့ တရားတွေ့ အေးငြိမ်းချမ်းသာရှိကြပါစေ။

ဗုဒ္ဓမြတ်စွာသာသနာ
ရောင်ဝါနေသို့လင်းစေသော်

အဘဝ (သာသနာ့အလင်းဆော်



www.burmeseclassic.com

www.burmeseclassic.com



# ဦးကိုကိုကြီး

(စစ်ဆေးရေး)၊ ကစဝ(၁၂)၊ ထုံးဆို

## (၉)မျိုးသောမွေးနက္ခတ်

စာရေးသူသည် ၁၉၈၈ ခုနှစ်၊ ဧပြီလက စာရေးသူ၏မိဘပမာလေးစားရပါသော ပန်းတောင်းမြို့နယ် တုံးကင်းအုပ်စု တုံးကင်းရွာသစ်ရှိ ဆရာဦးဘိုးရွှေထံသို့ ဗေဒင်မေးမြန်းရန် သွားရောက်ခဲ့ပါသည်။

ထိုစဉ်က စာရေးသူတို့ဒေသတွင် ဆိုင်ကယ်များမရှိကြသေးပေ။ထို့ကြောင့် စက်ဘီးဖြင့်အိမ်မှထွက်ခဲ့ရပါသည်။

ဆရာဦးဘိုးရွှေထံသို့သွားရာတွင် မတော့ လွယ်လွယ်နှင့်မရောက်ပါ။ စာရေးသူနေထိုင်ရာ (ကစလ) နယ်မြေမှနေ၍ ရွာထောင်ချင်းရွာ၊ ပေပင်ကုန်းရွာ၊ တုံးကင်းချင်းရွာတို့အား ကျော်ဖြတ်ပြီးမှသာ တုံးကင်းရွာသစ်ဆီသို့ ရောက်ရှိခဲ့ရပါ သည်။

ဆရာဦးဘိုးရွှေမှာ ဗိန္ဒောဆေးဆရာတစ်ဦးဖြစ်ပြီး မမာမကျန်းသူများအား လိုက်လံ ကုသပေးရင်း ဗေဒင်ပါ ဟောကြားပေးသလို ပယောဂဝေဒနာရှင်များတွေ့ပါကလည်း နိုင်နင်းစွာ ကုသနိုင်သောဆရာတစ်ဦး ဖြစ်ပါသည်။

ဆရာဦးဘိုးရွှေ၏ အိမ်ရှေ့သို့ ရောက်သည်နှင့် စက်ဘီးကိုရပ်ထားပြီး အိမ်ခြံဝင်းအတွင်းသို့ဝင်လိုက်ပြီး -

"ဆရာ၊ ဆရာ"

ဟု လှမ်းခေါ်လိုက်ပါသည်။

ဆရာ၏အိမ်မှာ သုံးပင်အိမ်လေးဖြစ်ပါသည်။ ဆရာတစ်ဦးဖြစ်သော်လည်း ထည်ထည်ဝါဝါမရှိလှ။ ရိုးသားသော တောသားတစ်ဦးဖြစ်ကာ တစ်ဦးတည်းသာနေထိုင်သူ ဖြစ်ပါသည်။

စာရေးသူ၏ အော်ခေါ်သံကြားသဖြင့် အိမ်ပေါက်ဝသို့ ဆရာဦးဘိုးရွှေထွက်လာပြီး စာရေးသူအား -

"ဟာ-ကိုကိုကြီးပါလား၊ လာကွာ အိမ်ပေါ်တက်ကွ။ မင်း ဆရာ့ဆီလာပြီဆိုရင်တော့ ကိစ္စတစ်ခုခုတော့ရှိပြီထင်တယ်"

ဟု ပြုံးပြုံးရွှင်ရွှင်ဖော်ဖော်ရွေရွေဖြင့် စာရေးသူအားပြောဆို၍ နှုတ်ဆက်စကားဆိုပါသည်။

စာရေးသူလည်း -

"ဟုတ်ပါတယ် ဆရာရေ ကိစ္စပေါ်မှာပဲ ဆရာ့ဆီကိုလာရတော့တယ်"

ဟုပြန်လည်ပြောဆိုရင်း အိမ်ပေါ်သို့လှမ်းတက်လိုက်ပါသည်။

ဆရာဦးဘိုးရွှေ၏ အိမ်ပေါ်သို့ ရောက်သည်နှင့် အသင့်ခင်းထားသော သင်ဖြူးပေါ်တွင် ထိုင်ချလိုက်ပါသည်။

စာရေးသူစက်ဘီးနင်းလာ၍ ချွေးများထွက်နေမှန်းသိသဖြင့် ဆရာမှ ယပ်တောင်တစ်ချောင်းအား စာရေးသူကို လှမ်းပေးလိုက်ပါသည်။

ဆရာဦးဘိုးရွှေမှ ပေးလာသော ယပ်တောင်ကို ဖျတ်ဖျတ်ခတ်ရင်း စာရေးသူစကားမပြောနိုင်ဘဲ အမောဖြေနေလိုက်ပါသည်။

www.burmeseclassic.com

ခဏအကြာတွင် ဆရာဦးဘိုးရွှေမှ ရေနွေးကြမ်းအိုးနှင့် အကြမ်းပန်းကန် နှစ်ခွက်ကို စာရေးသူရှေ့သို့ချပေးရင်း စာရေးသူထိုင်နေသောနေရာ၏ခေါင်းရင်းဘက်တွင် ဝင်ရောက်ထိုင်ကာ -

"ကဲကဲ မောမောနဲ့ ရေနွေးကြမ်းလေးသောက်လိုက်ဦးကွ"

ဟု ပြောဆိုရင်း အကြမ်းပန်းကန် နှစ်ခွက်ထဲသို့ ရေနွေးကြမ်းများထည့်ပေးနေပါသည်။

စာရေးသူသည် တစ်နှစ်တစ်ခါ ဆရာ့ထံလာရောက်၍ ဗေဒင်မေး၏။ ဆရာပေးလိုက်သော ယတြာများဆောင်ရွက်ခြင်းတို့ကို ယုံယုံကြည်ကြည်ပြုလုပ်နေသူ ဖြစ်ပါသည်။

ယခုလည်း အလုပ်သစ်တစ်ခုလုပ်စရာရှိ၍ ဆရာ၏ အကြံဉာဏ်တောင်းရန်လာခဲ့ခြင်း ဖြစ်ပါသည်။

ဆရာဦးဘိုးရွှေသည် ဘုရားကျောင်းအောက်ရှိ စားပွဲလေးပေါ်မှ ကျောက်သင်ပုံးတစ်ချပ်နှင့် ကျောက်တံတစ်ချောင်းကို လှမ်းယူလိုက်ပြီး စာရေးသူအား မွေးသက္ကရာဇ်နှင့် မွေးလ၊ မွေးရက်၊ မွေးနေ့တို့ကိုမေးကာ တွက်ချက်ပါလေသည်။

ပြီးနောက် -

"ကိုကိုကြီးရေ မင်းရဲ့မွေးနက္ခတ်က ဘီလူးနက္ခတ်ပဲကွ"

ဟု စတင်ဟောပါလေသည်။ ဆက်လက်ပြီး -

"မွေးနက္ခတ်ကို ပြောရတာက အကြောင်းရှိတယ်။ လူတွေဟာ မွေးနက္ခတ်ရဲ့သဘောသဘာဝအတိုင်း အကျင့်စရိုက်တွေမလွဲမသွေရှိကြတယ်ကွ။ အဲဒီအကျင့်စရိုက်ကို ကာယကံရှင်သိထားတော့ မိမိမှာ မကောင်းစရိုက်တွေရှိနေရင် ပြုပြင်နိုင်အောင်၊ ကောင်းတဲ့စရိုက်ပါတော့လည်း ကောင်းသည်ထက်ကောင်းအောင်လုပ်နိုင်အောင် သိထားသင့်တဲ့ မွေးနက္ခတ်ပဲ။ ပေါ့တန်တန်တော့မထင်နဲ့"

ဟု ပြောဆိုပါလေသည်။

ထို့ကြောင့် စာရေးသူမှပင် -

"ဆရာ၊ ဘီလူးနက္ခတ်ရဲ့အကျင့်စရိုက်သဘောသဘာဝတို့က ဘယ်လိုများရှိလဲ"

ဟု ဆရာဦးဘိုးရွှေအား သိလိုသဖြင့်မေးကြည့်ရာ ဆရာဦးဘိုးရွှေ၏ ပြန်ဖြေသည့် ဟောကြားချက်တို့မှာ စာရေးသူ၏ အကျင့်စရိုက်တွေနှင့် တစ်ထပ်တည်းကျနေသဖြင့် တော်တော့်ကို သဘောကျသွားမိပါသည်။

သို့အတွက်ကြောင့် စာရေးသူမှပင် -

"ဒီမွေးနက္ခတ်ကိုကျွန်တော်ကြားဖူးတာက လူနက္ခတ်၊ နတ်နက္ခတ်၊ ဘီလူးနက္ခတ်ဆိုပြီး သုံးမျိုးရှိတယ်မဟုတ်လားဆရာ"

ဟု မေးမြန်းလိုက်ရာ ဆရာဦးဘိုးရွှေမှ -

"လူသိများကြတာတော့ သုံးမျိုးကွ။ ဆရာနားလည်တတ်ကျွမ်းထားတာက (၉) မျိုးရှိတယ်။ လူတိုင်းလည်းမသိကြဘူး။ ဆရာလည်း ဆရာ့ရဲ့ဆရာဆီက သင်ယူရခဲ့တာပါ။ ရှေးနှစ်ပေါင်းများစွာထဲကရှိခဲ့တဲ့ နန်းတွင်းသုံးမွေးနက္ခတ်တွက်ချက်တဲ့ပညာရပ်ပဲကွ"

ဟု ပြောပြပါသည်။

စာရေးသူလည်း စိတ်ဝင်စားသဖြင့် -

"ဟဲဟဲ-ဒီပညာရပ်တော့သဘောကျလိုက်တာ ဆရာရယ်။ ကျွန်တော့်ကို သင်ပေးပါလား ဆရာ"

ဟု ပြောကြည့်ရာ -

"မင်းက အစိုးရဝန်ထမ်းတစ်ဦးပဲကွာ မလိုပါဘူး။ ဆရာက ဟောစားနေတဲ့ဗေဒင်ဆရာမို့သာ ဆောင်ထားရတာပါ"

ဟု ပြန်ဖြေလေသည်။

ဒီလိုနှင့် စာရေးသူနှင့် ဆရာဦးဘိုးရွှေတို့ မပေးဘူး ပေးပါဖြင့် တစ်ယောက်နှင့်တစ်ယောက် အခြေအတင်ပြောဆိုကြရင်း နောက်ဆုံးမတော့ ဆရာဦးဘိုးရွှေမှ စာရေးသူအား သားသမီးသဖွယ် သံယောဇဉ်ရှိလွန်းသဖြင့် မပေးချင်ပေးချင်ဖြင့် သင်ကြားပေးခဲ့သောကြောင့် ရရှိခဲ့ပါလေတော့သည်။

ထိုရရှိခဲ့သော မွေးနက္ခတ်တွက်ချက်နည်းပညာရပ်သည် စာရေးသူ၏ မှတ်စုစာအုပ်ထဲတွင် နှစ် (၃၀) နီးပါးကြာမြင့်စွာ သိမ်းဆည်းထားခဲ့ရာမှ ယခုတော့ဖြင့် စာဖတ်ပရိသတ်များ၏အသိစိတ်ထဲသို့ ဤသိသင့်သိထိုက်ပါသော ပညာရပ်တစ်ခုအား ဗဟုသုတတစ်ခုအနေဖြင့်ပညာဒါနပြုလုပ်ရပါလေသည်။

**□ မွေးနက္ခတ်တွက်ချက်ပုံ**

ပထမဆုံး မွေးနက္ခတ်သိလိုသူ၏ တိကျမှန်ကန်သော မွေးလ၊ မွေးရက်၊ မွေးနေ့တို့အား သိရှိရန် လိုအပ်ပါမည်။ မှားယွင်းသော မွေးလ၊ မွေးရက်၊ မွေးနေ့ဖြစ်နေပါက မှားယွင်းသောအဖြေသာလျှင် ထွက်ပေါ်လာပါလိမ့်မည်။ (မွေးသက္ကရာဇ်သိစရာမလိုပါ။)

စာရှုသူများ ရှင်းလင်းစွာနားလည်သဘောပေါက်စေရန် ဥပမာပေး၍ ရှင်းလင်းတင်ပြရမည်ဆိုပါလျှင် ဝါခေါင်လဆန်း ၁၂ ရက်၊ အင်္ဂါသားကို တွက်ချက်ပြပါမည်။

(မြန်မာလထဲမှ ဘယ်လမှာပဲမွေးပါစေ ကဆုန်လမှသာစတင်၍ရေတွက်ရမည်ဖြစ်ပါသည်။)

ထို့အတွက်ကြောင့် ဝါခေါင်လဖွားကို ရေတွက်မည်ဆိုပါလျှင် ကဆုန်၊ နယုန်၊ ဝါဆိုထိရေတွက်ရသောကြောင့် (၃) လ ရေတွက်ရသည့်အတွက် (၃) ဂဏန်း ရပါမည်။ (မွေးလဖြစ်သည့် ဝါခေါင်လကိုထည့်သွင်းမရေတွက်ရ။)

ရေတွက်၍ရရှိသော (၃) ဂဏန်းကို (၂)ဖြင့်မြှောက်ရပါမည်။ (မည်သည့်လတွင် ဖွားမြင်သူဖြစ်ပါစေ (လ) ကို ရေတွက်၍ရရှိသည့်ဂဏန်းအား (၂) ဖြင့်ပုံသေမြှောက်ရမည်။)

(၃)ကို (၂) ဖြင့်မြှောက်သော် (၆) ရပါမည်။ ထို (၆) ဂဏန်းကို မွေးရက်လဆန်း (၁၂) ရက်ဖြစ်သောကြောင့် (၁၂) ဖြင့်ပေါင်းရပါမည်။

(၆) နှင့် (၁၂) ပေါင်းလိုက်လျှင် (၁၈) ရပါသည်။

(၁၈) ဂဏန်းသည် ဝါခေါင်လဆန်း (၁၂) ရက်၊ အင်္ဂါသား၏'ပုံသေနက္ခတ်'ဖြစ်ပေသည်။

ဤနေရာတွင် ဝါခေါင်လဆန်းမဟုတ်ဘဲ ဝါခေါင်လဆုတ်ဖြစ်နေခဲ့ပါလျှင် ပထမတွက်ချက်ရရှိထားသည့် မွေးနက္ခတ် (၁၈) ဂဏန်းအား (၁၅) နှင့်ထပ်ပေါင်းပေးရမည်ဖြစ်ပါသည်။

(၁၈) နှင့် (၁၅) ပေါင်းလိုက်ပါက (၃၃) ရရှိမည်ဖြစ်ပါသည်။

ပေါင်း၍ရသော (၃၃) ဂဏန်းသည် (၂၇) ထက်ကျော်လွန်နေသဖြင့် (၂၇) နှင့်ထပ်မံစားပေးရပါမည်။

(၂၇) ထက် မကျော်လွန်ခဲ့ပါက ထပ်မံစားစရာမလိုတော့ဘဲ (၁၅) နှင့် ပေါင်း၍ရလိုက်သောဂဏန်းကိုသာလျှင် 'ပုံသေမွေးနက္ခတ်' ဖြစ်သွားမည် ဖြစ်ပါသည်။

(၃၃) ကို (၂၇)ဖြင့်စားလိုက်သည့်အခါ အကြွင်းသည် (၆) ဂဏန်းဖြစ်ပါသဖြင့် ထိုလဆုတ်သားမား၏ ပုံသေမွေးနက္ခတ်ဂဏန်းသည် (၆) သာလျှင် ဖြစ်ပေတော့သည်။

ထို့ကြောင့် စာရှုသူများအနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မွေးလ၊ လဆုတ်သမားမှန်သမျှတို့ကို အထက်ဖော်ပြပါ တွက်ချက်ထားသည့် နည်းအတိုင်း ပုံသေတွက်ချက်ရမည်ဖြစ်ပါသည်။

ပုံသေမွေးနက္ခတ်ဂဏန်းကို ရရှိသွားပြီဆိုသည်နှင့် နေ့သားသမီးအလိုက် သူတို့ကို နောက်ထပ်ပုံသေဂဏန်းများကို 'အပိုင်'ထပ်ပေးရပါမည်။

၁။ တနင်္ဂနွေသားသမီးများဖြစ်ပါက (၁၆) ဂဏန်းကို အပိုင်ထပ်ပေးပါ။
၂။ တနင်္လာသားသမီးများ ဖြစ်ပါက (၂၀)ဂဏန်းကို အပိုင်ထပ်ပေးပါ။
၃။ အင်္ဂါသားသမီးများ ဖြစ်ပါက (၂၃) ဂဏန်းကို အပိုင်ထပ်ပေးပါ။
၄။ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါက (၀) ဂဏန်းကို အပိုင်ထပ်ပေးပါ။
၅။ ကြာသပတေးသားသမီးများ ဖြစ်ပါက (၄) ဂဏန်းကို အပိုင်ထပ်ပေးပါ။
၆။ သောကြာသားသမီးများ ဖြစ်ပါက (၈) ဂဏန်းကို အပိုင်ထပ်ပေးပါ။
၇။ စနေသားသမီးများဖြစ်ပါက (၁၂) ဂဏန်းကို အပိုင်ထပ်ပေးပါ။

ထိုသို့အပိုင်ပေးပြီးသည်နှင့် မဟာဘုတ်တိုင်ပုံစံမျိုးထူရပါမည်။

ထူပြီးပါက တနင်္ဂနွေထောင့်စ၍ အင်္ဂါသားဖြစ်သည့်အတွက် အင်္ဂါသား၏အပိုင်ဂဏန်း (၂၃) ကို တစ်၊ နှစ်၊ သုံး၊လေးအစဉ်လိုက်ချပြထားသည့်မဟာဘုတ်တိုင်ပုံစံ(၁)ပုံစံအတိုင်း သောကြာထောင့်ထိရောက်အောင် (၂၃) ဂဏန်းကို စရေး၍ ဂဏန်းစဉ်အတိုင်းရေးသားသွားရပါမည်။ မဟာဘုတ်တိုင် ပုံစံ (၁) ရေးဆွဲပြသထားရခြင်းသည် မဟာဘုတ်တိုင်ပုံစံ(၃)အား ဂဏန်းများ ထည့်သွင်းသောအခါ တစ်၊ နှစ်၊ သုံး၊ လေးကဲ့သို့ ဂဏန်းများအစဉ်လိုက်သွားပုံစံမျိုးထည့်သွင်းသွားတတ်စေရန် ဖြစ်ပါသည်။

မဟာဘုတ်တိုင်ပုံစံ (၃)ကို ကြည့်ပြီးဂဏန်းများကိုရေးသွင်းပါ။ ရေးသွင်းပြီးသည်နှင့် အင်္ဂါသား (လဆန်း) ၏မွေးနက္ခတ်ဂဏန်း (၁၈) သည် မည်သည့်ထောင့်တွင်ရှိနေသည်ကို ရှာကြည့်လိုက်သည့်အခါ ရာဟုထောင့်တွင်ရှိနေသည်ကို တွေ့ရပါမည်။

(ဂဏန်းများရေးသွင်းရာမှာလည်း (၂၇) ဂဏန်းထိရောက်ပြီဆိုပါက (၂၇) ဂဏန်းကို မရေးရဘဲ (၀) သုညဟုသာ ရေးသားရပါမည်။

(၀) ကိုရေးပြီးသွားပါလျှင် တစ်၊ နှစ်၊ သုံး၊ လေးဂဏန်းများကိုသာ ဂဏန်း

**နေ့နံထောင့်တိုင်ပုံ**

| | | |
|---|---|---|
| တနင်္ဂနွေ ထောင့် | တနင်္လာ ထောင့် | အင်္ဂါ ထောင့် |
| သောကြာ ထောင့် | | ဗုဒ္ဓဟူး ထောင့် |
| ရာဟု ထောင့် | ကြာသပတေး ထောင့် | စနေ ထောင့် |

**မဟာဘုတ်တိုင်ပုံစံ (၁)**

| | | |
|---|---|---|
| ၃ ၂ ၁ | ၄ ၅ ၆ | ၈ ၉ ၁၀ |
| ၂၅ ၂၆ ၂၇ | ၇ ၂၈ ၁၄ ၂၁ | ၁၃ ၁၂ ၁၁ |
| ၂၄ ၂၃ ၂၂ | ၂၀ ၁၉ ၁၈ | ၁၅ ၁၆ ၁၇ |

**မဟာဘုတ်တိုင်ပုံစံ (၂)**

| | | |
|---|---|---|
| သူခိုး နက္ခတ် | သူဌေး နက္ခတ် | ဆင်းရဲ နက္ခတ် |
| အမတ် နက္ခတ် | ခပတ် နက္ခတ် | မင်း နက္ခတ် |
| ဘီလူး နက္ခတ် | ဒေဝီ နက္ခတ် | သူသတ် နက္ခတ် |

**မဟာဘုတ်တိုင်ပုံစံ (၃)**

| | | |
|---|---|---|
| ၂၅ ၂၄ ၂၃ | ၂၆ ၂၇/၀ ၁ | ၃ ၄ ၅ |
| ၂၀×၂၁ | ၂ ၂၂ ၉ ၁၆ | ၈ ၇ ၆ |
| ၁၇ ၁၈ ၁၉ | ၁၅ ၁၄ ၁၃ | ၁၀ ၁၁ ၁၂ |

စဉ်လိုက် ရေးသွင်းသွားပါ။

(၂၀) ဂဏန်းထိရောက်သွားလျှင်တော့ (၂၁) ဂဏန်းကိုတန်းမရေးရသေးဘဲ (×) ကြက်ခြေတစ်ချက်ခတ်လိုက်ပါ။ ပြီးမှသာ (၂၁) ဂဏန်းကိုဆက်ရေးပါ။ မှန်၊ မမှန်ကို ဂဏန်းများထည့်သွင်းထားသည့် မဟာဘုတ်တိုင်ပုံစံ (၃) အား သေသေချာချာကြည့်ပါ။

အင်္ဂါသား (လဆန်း) ၏ မွေးနက္ခတ် (၁၈) ဂဏန်းသည် ရာဟုထောင့်တွင်ရှိနေသည့်အတွက် ရာဟုထောင့်တွင် မည်သည့်နက္ခတ်ရှိနေသလဲဆိုသည်ကို မဟာဘုတ်တိုင်ပုံစံ (၂) ကြည့်လိုက်ပါလျှင် 'ဘီလူးနက္ခတ်'ကိုတွေ့ရမည်ဖြစ်သောကြောင့် (လဆန်း) မွေးနက္ခတ် (၁၈) ဂဏန်း အင်္ဂါသားသည် ဘီလူးနက္ခတ်ဖြစ်သည်မှာ အမှန်ပင် ဖြစ်ပေ၏။

အင်္ဂါသား (လဆုတ်) မွေးနက္ခတ်ဆိုရပါလျှင် မွေးနက္ခတ်ဂဏန်းမှာ (၆) ဂဏန်းဖြစ်သည့်အတွက် (၆) ဂဏန်းသည် ဗုဒ္ဓဟူးထောင့်တွင်ရှိနေသဖြင့် ဗုဒ္ဓဟူးထောင့်သည် 'မင်းနက္ခတ်'ရှိနေသောနေရာဖြစ်သဖြင့် မွေးနက္ခတ် (လဆုတ်) ဂဏန်းသမားသည် မင်းနက္ခတ်ဖြစ်မည်မှာအမှန်ပင် ဖြစ်ပေသည်။

မွေးနက္ခတ်တွက်ချက်ပုံကို သိရှိပြီးသည့်နောက်တွင် နက္ခတ်တစ်ခုချင်းဆီ၏အကျင့်စရိုက်လက္ခဏာများအားလည်း သိရှိဖို့ရန်လိုအပ်မည် ဖြစ်ပါသည်။

သို့အတွက်ကြောင့် အောက်တွင် ရေးသားဖော်ပြထားသည်ကိုဆက်လက်ဖတ်ရှုမှတ်သားကြပါရန်။

## ▫ နက္ခတ်တစ်ခုချင်း၏ အကျင့်စရိုက်လက္ခဏာများ

**ဘီလူးနက္ခတ်**သည် အပြောအဆို၊ နှုတ်အမူအရာ၊ ကိုယ်အမူရာကြမ်းတမ်းသလို အစားအသောက်တွင်လည်း အစ



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းအသောက်ကြမ်းဖြစ်ပါ၏။ ဘာတဲ့ ပြောဆိုလျှင် သတ်ချင်ဖြတ်ချင်စိတ်ရှိသူ ဖြစ်ပါ၏။ အစားစားရာတွင် တိရစ္ဆာန်၏ အူတို့အသည်းတို့အဆုတ်စသည့် ဝမ်းတွင်းကလီစာများကို နှစ်သက်သည်။ အတွင်းစိတ်ကြမ်းတမ်းသူဖြစ်သော်လည်း ရုပ်ကတော့ သာမန်ရုပ်မျိုးသာဖြစ်သည်။

**ဒေဝီနက္ခတ်**သည် ငြိမ်းငြိမ်းချမ်းချမ်းနေလိုသောလူစားမျိုး ဖြစ်ပါ၏။ ခွင့်လွှတ်တတ်ခြင်း၊ အနစ်နာခံတတ်ခြင်း သည်းခံတတ်ခြင်း စသည်တို့ကို ခံယူထားသူဖြစ်ပါ၏။

စိုးရိမ်မှုကြောက်ရွံ့မှုတို့ရှိတတ်ပါ၏။ သို့သော် ဒေါသပေါက်ကွဲလာပါက ထိန်းမရဖြစ်တတ်ပါ၏။ စိတ်အပြောင်းအလဲမြန်သလို ဆုံးဖြတ်ချက်မပြတ်သားတတ်ပါ။

**သူသတ်နက္ခတ်** - ကြောက်ခြင်း၊ လန့်ခြင်းမရှိသူဖြစ်သည်။ ပြောစရာရှိလာခဲ့လျှင် အားမနာတမ်းပြောဆိုတတ်သူဖြစ်သည်။ ရန်ဖြစ်လာပြီဆိုလျှင်လည်း ထိုးကြိတ်ခြင်း၊ ရိုက်ပစ်ခြင်း၊ သတ်ဖြတ်ပစ်ခြင်းစိတ်ရှိသူ ဖြစ်သည်။

**အမတ်နက္ခတ်**-အတ္တကြီးသူဖြစ်၍ ပေါင်းသင်း၍သိပ်မကောင်းသူဖြစ်သည်။ ကောက်ကျစ်တတ်သောသူ ဖြစ်သည်။ သူ၏ စိတ်သဘောအား ဖြုန်းစားကြီး အကဲခတ်ရန်ခက်သည်။ သူ၏စိတ်က လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလိုလုပ်တတ်ပြီး သာလျှင်ပေါင်းပြီး ညာလို့ရလျှင်စားသူဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အဆင်မပြေအောင် ရန်တိုက်ပေးတတ်သူဖြစ်သည်။ မှားခြင်း၊ မှန်ခြင်းတို့ကို သိသော်လည်း၊ သူ၏အကျိုးကိုသာ ရှေ့တမ်းတင်သူဖြစ်သည်။

**ခတ်နက္ခတ်**- သူတော်စင်သူတော်ကောင်းနက္ခတ်ဖြစ်ပါသည်။ နက္ခတ်ထဲတွင် အမြင့်မြတ်ဆုံးသောနက္ခတ် ဖြစ်ပါသည်။ ရှားပါးသောနက္ခတ် ဖြစ်ပါသည်။ အကျင့်၊ သီလ၊ သိက္ခာပြည့်စုံသောနက္ခတ်ဟုဆိုရမှာ ဖြစ်ပါသည်။

**မင်းနက္ခတ်**- မင်းဆိုသည်မှာ ဘုရင်ဖြစ်သည့်အတွက် နေရာတိုင်းလိုလိုတွင် အမိန့်ပေးခြင်း၊ ညွှန်ကြားပေးခြင်းများပြုလုပ်၍ ကိုယ်ကမလုပ်ဘဲ သူတစ်ပါးတို့ကိုသာခိုင်းစေတတ်သူဖြစ်သည်။ စကားပြောခြင်း၊ သွားလာနေထိုင်ခြင်းတို့တွင်လည်း လူကမည်မျှပင်နိမ့်ကျပါစေ အထက်စီးမှပြောဆိုနေထိုင်တတ်သည်။

**သူခိုးနက္ခတ်** - နက္ခတ်နှင့်အညီ ခိုးချင်သောစိတ်ဖြစ်ပေါ်နေပါသည်။ လူချမ်းသာသော်လည်း နက္ခတ်ကြောင့် နည်းနည်းလေးခိုးရမှ စိတ်ချမ်းသာသူဖြစ်သည်။ စကားအရာမှာလည်း မလိမ့်တစ်ပတ်ပြောတတ်၏။ မျက်စိများကလည်း ဂနာမငြိမ်၊ ဥစ္စာပစ္စည်းကိုသာမက ထမင်း၊ ဟင်းတို့ကိုခိုးစားတတ်လေသည်။

**သူဌေးနက္ခတ်**-သူဌေးဖြစ်ကိုဖြစ်ရမည်ဟု မဆိုနိုင်သော်လည်း ဆင်းရဲမယ့်သူတစ်ယောက်မဖြစ်နိုင်ဟု သေချာပေါက်ပြော၍ရပါသည်။ စီးပွားကို အေးအေးရှာရုံနှင့် အဆင်ပြေခြင်း၊ အသက်မွေးခြင်းတို့ကိုပြုနိုင်သူ ဖြစ်ပါသည်။ ကံအားလျော်စွာ သူဌေးလည်း ဖြစ်သွားနိုင်သူဖြစ်ပါသည်။

**ဆင်းရဲနက္ခတ်** - ပင်ပင်ပန်းပန်းရှာဖွေစားရသူ ဖြစ်ပါသည်။ မိမိကိုယ်တိုင်လုပ်ကိုင်ရမှကျေနပ်သူ ဖြစ်ပါသည်၊ မဆင်းရဲဘဲ စီးပွားရေးအဆင်ပြေလျှင်တောင် ခက်ခက်ခဲခဲ ရုံးကန်လှုပ်ရှားရှာဖွေလုပ်ကိုင်နေရမယ့်သူ ဖြစ်သည်။

၁၁၈

၇ နှင့်စား | ၁၃၁၇၊ အင်္ဂါသား

၇

၆၁

၅၆

၅၇


၅၆

၁ ကြွင်း

မဟာဘုတ်တိုင်

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

ဘင်္ဂအိမ်မှစ၍လှည့်လည်ပုံ




ဤနေရာတွင် အနည်းငယ်မျှရှင်းပြလိုသည်မှာ နက္ခတ်များသည် ဆိုးသောနက္ခတ်၊ ကောင်းသောနက္ခတ်များရှိနေကြသည်ဖြစ်၍ ပုံတွင်ပြထားသည့်မဟာဘုတ်တိုင်တွင် အဖွားခွင်များကို ပုံသေချထားမှုရှိသည်ဖြစ်ရာ မဟာဘုတ်တိုင်ရှိ မရဏ၊ ဘင်္ဂ၊ ပုတိဖွားများဖြစ်ပါက ဆိုခဲ့သောနက္ခတ်ဖွားဖြစ်ခဲ့လျှင် အဆိုးဘက်ကိုအများဆုံးဖြစ်နိုင်သူများ ဖြစ်နိုင်ကြပြီး အဓိပတိ၊ အထွန်း၊ သိုက်၊ ရာဇဖွားများဖြစ်ပါက အဆိုးနက္ခတ်ဖွားဖြစ်သည့်တိုင် လွတ်လွတ်ကျွတ်ကျွတ်ဆိုးသွားမည့်လူများမဖြစ်နိုင်ပါ။

မိမိဘာဖွားလဲသိရန်အတွက် မိမိရဲ့မွေးသက္ကရာဇ်ကိုတည်၊ (၇) နှင့်စား၍ အကြွင်းကို ဘင်္ဂအိမ်မှစ၍ အောင်၊ လဲ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲဆိုပြီးချသွားရပါမည်။

အင်္ဂါသားဖြစ်သောကြောင့် အင်္ဂါဂဏန်း (၃) သည် သိုက်အိမ်တွင်ရှိသည့်အတွက် သိုက်ဖွားဖြစ်ပေသည်။

(၂) ကြွင်းပါက တနင်္လာနံကြီးမှစ၍ ကြီး၊ ပွဲ၊ အောင်၊ လဲ၊ ထူ၊ စစ်၊ သူ ဟူ၍ချပြီး မိမိမွေးနေ့သည် ဘယ်အိမ်မှာရှိသလဲကြည့်ကာ အဖွားဇာတာကိုသိရှိနိုင်ပါသည်။

မွေးနက္ခတ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်း မိမိဉာဏ်ရှိသလို တိုးချဲ့၍ ထပ်တိုးဖွင့်ဆိုနိုင်ပါသည်။

ပန်းတောင်းမြို့နယ် တုံးကင်းအုပ်စု၊ တုံးကင်းရွာသစ်မှ ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာဦးဘိုးရွှေအား ဤစာစုဖြင့် ဂါရဝပြုအပ်ပါသည်။

သူရဿမဂ္ဂဇင်းကြီးနှင့်တကွ စာဖတ်ပရိသတ်များအား အစဉ်လေးစားတန်ဖိုးထားလျက်။


ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံး...



www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်မင်းသန့်နိုင်
# ပျဉ်းတော်သိမ်မှ
# ဆံကေသာအလှ



'ပိတုန်းရောင် ကေသာကြော့' ဟု ဆံပင်၏ကောင်းပုံ၊ လှပုံ၊ ကျက်သရေရှိပုံကို တင်စားပါသည်။ မိန်းမမှာ ဆံထုံး၊ ယောကျ်ားမှာ လက်ရုန်းဟုလည်း ဆိုရိုးစကားရှိပါသည်။

ဆံကိုလည်း မယှဉ်နဲ့၊ ကံကိုလည်း မယှဉ်နဲ့ဟုလည်းကောင်း၊ ဆံပင်ညှံ့သူ၊ ဆံပင်ကြပ်ါးကျွတ်သူများကို 'ဆံထုံးတော်ကြီးတမာသီး' ဟု ဦးပုညစပ်ဆိုခဲ့ပါသည်။

ဆံပင်နှင့်ပတ်သက်၍ ဖွဲ့ဆိုထားသော စာကဗျာတွေ ပြောမဆုံးပေါင်တောသုံးတောင်ရှိပါသည်။

ထိုဆံပင်၊ ကျွန်ုပ်တို့၏ ဦးခေါင်းထက်တွင် နေရာမှန်ယူထားသောဆံပင်နှင့်ပတ်သက်၍ နက်မှောင်သန်စွမ်း၊ ဆံလုံးတုတ်၊ ပျော့ပျော့ပျောင်းပျောင်းနှင့် ဆံပင်သားထူထူလေး မည်သူမဆိုလိုချင်ကြသည်ပင် ဖြစ်ပါသည်။

သို့သော် ဆံကိုလည်းမယှဉ်နဲ့၊ ကံကိုလည်းမယှဉ်နဲ့ ဟူသည့် စကားလိုဖြစ်ချင်တိုင်းမဖြစ်ရပါ။ တစ်ခုရှိသည်မှာ ကံဆိုသည်မှာ ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ကောက်ယူနိုင်ရာ မိမိ၏ပြုပြင်စီမံပြုလုပ်မှုဖြင့် ဆံပင်ကိုကောင်းအောင်၊ ကောင်းသည်ထက်ကောင်းအောင်၊ တင့်တယ်သည်ထက် ပိုမိုတင့်တယ်ကျက်သရေရှိအောင် စီမံပြုလုပ်နိုင်ပါသည်။ ထိုသို့ စီမံပြုလုပ်ပုံကို ယခုမှတ်စုရေးထုတ်တင်ပြလိုက်ပါသည်။

ဆံပင်နှင့်ပတ်သက်၍ ဆေးဖက်အသုံးညွှန်း ဆိုသောစကားပုံကို ကြားဖူး၊ သိဖူးသူ နည်းပါးမည်ထင်ပါသည်။

ထိုစကားပုံမှာ-

'ပျဉ်းတော်သိမ် တစ်ခက်၊ ဆံပင်တစ်သက်' ဟူ၍ပင်။

(တမာတစ်ခက်၊ သွားတစ်သက်ကဲ့သို့ပင်)

အထက်ပါ ပျဉ်းတော်သိမ်အကိုင်းအခက်တစ်ခုရှိလျှင်ပင် တစ်သက်လုံးဆံပင်ကျွတ်၊ ဆံပင်ကျဲပါး၊ ဆံပင်ဖြူမဖြစ်တော့ဘူးဟု ကျွန်ုပ်၏အဘိုး မြန်မာဆေးဆရာကြီးဦးမင်းခန့်မှ ပြောပြခဲ့ခြင်းဖြစ်ပါသည်။

## ၂ ပျဉ်းတော်သိမ်ဖြင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း

ပျဉ်းတော်သိမ်အရွက်လက်တွင်းတစ်ဆုပ်ခူးယူပြီး ဖုန်ကင်းအောင် ရေဖြင့်စင်ကြယ်စွာဆေးပါ။ ထို့နောက် ကြိတ်ခြေပြီး ရေနှင့်အရည်ပျစ်ပျစ်ရအောင်ကျိုပါ။ သင့်တင့်အောင် ဒိန်ချဉ်အရည်ထည့်ရောမွှေပြီး အေးတဲ့အချိန်မှ ဦးခေါင်းအရေပြားထိသည်အထိပွတ်လိမ်းပေးပါ။ နာရီဝက်ခန့်ရှိတော့မှ ခေါင်းလျှော်လိုက်ပါ။ တစ်ပတ်တစ်ကြိမ် ငါးပတ်လောက် ထိုသို့ပြုလုပ်ခေါင်းလျှော်ပေးပါ။ ဆံပင်များ အံဖွယ်ရှည်ထွက်လာပြီး ဆံပင်အရောင်နက်မှောင်ပြောင်လက်နေပါလိမ့်မည်။

## ၃ ဆံပင်ကျွတ်ကင်းသန်မာခြင်းနှင့်ဆံပင်ပေါက်စေသော ပျဉ်းတော်သိမ်

ဆံပင်ကျွတ်ခြင်းရပ်၍ ဆံပင်များပြန်ပေါက်သော၊ ပေါက်လာသောဆံပင်ဆံလုံးတုတ်သန်မာပြီးပျော့ပျောင်းနူးညံ့စေရန် ပျဉ်းတော်သိမ်က အစွမ်းထက်ပါသည်။ ပြုလုပ်ပုံမှာ ပျဉ်းတော်သိမ်ရွက်လက်တွင်းတစ်ဆုပ်ကို ခေါင်းလိမ်းရိုးရိုးအုန်းဆီ (၂၀) သားနဲ့ ဆူပွက်အောင်ကျိုလိုက်ပြီး အအေးခံထားလိုက်ပါ။ အေးသွားပြီဆိုမှ ဆီကြည်ကို စစ်ယူထားပါ။ ၎င်းဆီကို ဦးရေပြားထိအောင် စိုရွှဲအောင်လိမ်းထားပြီး (၁) နာရီလောက်ကြာမှ ခေါင်းလျှော်ပေးလိုက်ပါ။ ထိုသို့ နှစ်ရက်ခြားတစ်ကြိမ်လိမ်းပေး၊ ခေါင်းလျှော်ပေးခြင်းဖြင့် ဆံပင်အထူးနက်မှောင်သန်စွမ်းပြီး ဆံပင်ဖြူခြင်းမှ အကာအကွယ်ပေးမှာ ဖြစ်ပါတယ်။

## ၂ ဆံပင်အတွက် ပျဉ်းတော်သိမ်သောက်ဆေး

ဆံပင်အတွက်များစွာ အထောက်အကူပြုစေတဲ့ ပျဉ်းတော်သိမ်သောက်ဆေး တင်ပြလိုက်ချင်ပါသေးသည်။

ရောဂါတစ်ခုခုကြောင့် ဆေးပြင်းတွေစားပြီး ရောဂါပျောက်တဲ့အခါမှာ ဘေးထွက်ဆိုးကျိုးအဖြစ် ဆံပင်များကျွတ်ကုန်သည်ကို တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူး၊ သိဖူးမည်ထင်ပါသည်။ ထိုသို့ဖြစ်ခြင်းမှ ကာကွယ်ပေးပြီး ဆံပင်ပြန်ပေါက်သန်မာစေတဲ့ ပျဉ်းတော်သိမ်သောက်ဆေး ဖော်စပ်ပုံတင်ပြအပ်ပါသည်။

ပျဉ်းတော်သိမ်ရွက်လက်တွင်းတစ်ဆုပ်ခူးယူပြီး ရေမတ်ခွက် (၃) ခွက်နဲ့ (၁) ခွက်ကျန်သည်အထိ ပြုတ်ကျိုပါ။ ပြီးလျှင် သံပရာသီးတစ်လုံးအရည်ညှစ်ထည့်။ သကြားလက်ဖက်စားတစ်ဇွန်းထည့်မွှေပြီး သောက်ပေးပါ။ အစာအိမ်လမ်းကြောင်းနှင့် အစာခြေစနစ် အထူးကောင်းမွန်စေပြီး ဆံကေသာပြဿနာတိုင်းအတွက် အထူးပင်အထောက်အကူဖြစ်စေပါသည်။ (ပျဉ်းတော်သိမ်ကိုအချို့က မသိဘူးဟုဆိုပါသည်။ ပုံနှင့်တကွဖော်ပြလိုက်ပါသည်။ ပဲချဉ်ဟင်း၊ ပဲသီးစုံဟင်းမှာ ဟင်းခတ်အမွှေးအကြိုင်အတွက် အမြစ်ထည့်သွင်းပြီး အများဆုံးအသုံးပြုပါတယ်ခင်ဗျား။)

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် ငယ်ရွယ်စဉ်က မမြင်ရသည့်အရာတွေအပေါ် သိပ်ပြီး အလေးအနက်ထား ယုံကြည်လေ့မရှိခဲ့ပါ။ အသက်လေးလည်းရလာ၊ အတွေ့အကြုံတွေကများ၊ ကိုယ်တွေ့ကြုံလာရသောအခါမှ လူတွေဟာ မကြုံသေးလို့ မယုံသေးကြတာပဲဟုဆင်ခြင်နိုင်ခဲ့သည်။

ကိုယ်တိုင် ပရလောကသားတွေနှင့် ကြုံတွေ့ခဲ့ရသည့်အကြောင်းအရာများအား အခါအားလျော်စွာ ရေးသားခဲ့ပါသည်။

တချို့ အကြောင်းအရာ အဖြစ်အပျက်များမှာ ဘုရားဂုဏ်တော်ပွားများရခြင်းအကျိုး၊ လှူဒါန်းရခြင်းအကျိုးလို့ပဲ ယုံကြည်အောက်မေ့ခဲ့ရသည်များဖြစ်သည်။

ကျွန်မတို့မိသားစု ရန်ကုန်တွင်နေထိုင်စဉ်ကာလက ကျွန်မသည် ညစဉ်ညတိုင်းနှင့် မနက်စောစောတိုင်းမှာ ပရိတ်ကြီး (၁၁) သုတ်ရွတ်ခြင်း၊ သမ္ဗုဒ္ဓေရွတ်ခြင်း၊ ပဋ္ဌာန်း-၂၄ပစ္စည်းရွတ်ခြင်းဖြင့် ဘုရားအားပူဇော်ပြီး အမျှအတန်းပေးဝေလေ့ရှိပါသည်။

ဘုရားပန်းများဝေဝေဆာဆာနှင့် ဆီမီး၊ အမွှေးတိုင် ထွန်းညှိပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီးကပ်လှူပူဇော်ခြင်းဖြင့် ဘုရားတရားမြဲခဲ့ပါသည်။

တစ်ခါကဆိုလျှင် ဘုရားရှိခိုးအပြီး အမျှအတန်းဝေနေစဉ်မှာပင် အမွှေးနံ့များ ကြိုင်လှိုင်စွာရှူရှိုက်ရလေသည်။

ဤအမွှေးနံ့မျိုးအား ဤတစ်ခါရဖူးလေရာ မည်သည့်ပန်း၏ အမွှေးရနံ့ဟု ခွဲခြားမရ။ အင်မတန်ထူးကဲစွာမွှေးလှပေသည်။

ထို့အပြင် ထူးဆန်းစွာ နောက်တစ်ခါကြုံတွေ့ရသည်မှာ အရေးအခင်းကာလအလွန် စစ်အုပ်ချုပ်ရေးကာလအတွင်းအချိန်က ဖြစ်သည်။

ကျွန်မသည် မိတ္ထီလာသို့ အရေးတကြီးကိစ္စဖြင့်သွားရန်အကြောင်းပေါ်လာသည်။ ကျွန်မ၏အမျိုးသားအား အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ ကားလက်မှတ်ဖြတ်ခိုင်းခဲ့သည်။

ကျွန်မလည်း အလုပ်ကရှုပ်ရှုပ်၊ ပျာယီးပျာယာနှင့် ညနေတွင် အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ထွက်လာခဲ့ရာ လွယ်နေကျ စလင်းဘတ်ထဲတွင် မှတ်ပုံတင်ပါမလာခဲ့ပေ။

အဝေးပြေးကားများ ရန်ကုန်မှအထွက် မှောင်ရီပျိုးအချိန်လောက်တွင် ကားများအားရပ်တန့်ခိုင်းပြီး မှတ်ပုံတင်စစ်ဆေးကြပါတော့သည်။

ခရီးသည်တင်အဝေးပြေးကားများအားလုံး ရပ်တန့်ထားပြီး တစ်စီးပြီးတစ်စီး စေ့စေ့စပ်စပ် စစ်ဆေးနေကြသည်။

ကျွန်မမှာ သိလျှင်သိချင်း ရင်ကိုဒိန်းခနဲဖြစ်သွားပါသည်။ အတော်လေးစိတ်ညစ်သွားရလေသည်။

အထောက်အထားမပြည့်စုံသည့်သူများ ကားပေါ်မှဆင်းနေခဲ့ကြရသည်ကိုလည်း တွေ့ရသည်။

နောက်ပြီး ယခုအချိန်အခါနှင့် ကျွန်မဝတ်လာသည့် အဝတ်အစားအရောင်ကိုကြည့်ပါဦး။ ပင်နီရောင်ဝမ်းဆက်။ ကြိုက်ချင်ဦးဟဲ့ ပင်နီရောင်ဟု ကိုယ့်ဘာသာကျိန်ဆဲမိသည်။ သေဟဲ့ဟုလည်း ရင်ထဲမှာ ညည်းတွားကာ လူကတော့ဖြင့် တုတ်တုတ်မျှမလှုပ်မိတော့ပေ။

ကျွန်မ မနက်ဖြန်မနက်တွင် ရောက်ပါမည်ဟု မိတ္ထီလာသို့အကြောင်းကြားထားပြီးပြီ။ ဤခရီးဖင့်နွဲ့ခဲ့ပါက အတော်လေးစိတ်ညစ်ရပေမည်။

ခဏမှာပင် ကျွန်မစီးနင်းလာသည့်ကားအား စတင်စစ်ဆေးပါတော့သည်။

ကျွန်မ၏ထိုင်ခုံနံပါတ်မှာ အလယ်လမ်းဘေးတွင်ဖြစ်သည်။ ကျွန်မထိုင်ခုံနားမရောက်ခင် ခုံနံပါတ်မှာ ခရီးသည်တစ်ဦးအား မှတ်ပုံတင်ထဲမှရုပ်နှင့်အပြင်ရုပ်အား တိုက်ဆိုင်စစ်ဆေးရင်း အငြင်းပွားနေကြသည်။

ကျွန်မ၏နှလုံးခုန်သံမှာ တဒိန်းဒိန်းနှင့် ဘင်ခရာတီးဝိုင်းအလားပင်။

လူစေ့တက်စေ့ ခုံစေ့စစ်ဆေးနေရာ ကျွန်မလွတ်ဖို့ လမ်းမမြင်ပါ။

ရင်တထိတ်ထိတ်နှင့်ထိုင်နေသည့် ကျွန်မဘေးနားသို့ လာရပ်သည့် အချိန်တွင် ကျွန်မပါးစပ်မှာ အာစေးထည့်ထားသလိုဖြစ်နေပါသည်။

ကျွန်မ၏ ဘေးအတွင်းခုံခရီးသည်မှ မှတ်ပုံတင်လှမ်း၍ ပေးလိုက်ပါသည်။ကျွန်မ၏ ဘေးတွင်ရပ်၍ ထိုမှတ်ပုံတင်အား သေချာစိုက်ကြည့်လိုက်၊ ခရီးသည်အားကြည့်လိုက်လုပ်ကာ ကျေနပ်လောက်အောင် မေးမြန်းပြီးမှ မှတ်ပုံတင်ပြန်ပေး၍ ရှေ့ဆုံးသို့ဆက်ထွက်သွားသည်။


ဘုရားဘုရား - ကျွန်မအသက် ရှူမိသည်မထင်ပေ။ ကျွန်မကို ကျော် သွား၊ မေ့သွား၍လည်း ဝမ်းမသာ သေးပါ။ ရှေ့ခုံများစစ်ဆေးပြီးလျှင် ကျွန်မအနားမှဖြတ်၍ ကားပေါ်မှပြန် ဆင်းရမည်ဖြစ်သည်။

ပြန်အဆင်းတွင် ကံမကောင်း သတိရ၍ စစ်နိုင်သေးသည်။ သို့သော် ကံကောင်းလှစွာဖြင့် ယူနီဖောင်း များ ကျွန်မခုံဘေးမှဖြတ်၍ ကားပေါ်မှ ပြန်ဆင်းသွားကြလေသည်။

ကားထွက်လာမှပင် ကျွန်မ သ ပြင်းချ၍ အသက်ရှူနိုင်တော့သည်။

ဘေးခုံမှလူအား ကျွန်မ ဝမ်း အားရပြောမိသည်။





www.burmeseclassic.com

"ကျွန်မ ကျွန်မမှာ မှတ်ပုံတင်မပါလာဘူး။ အဲဒါ လုံးဝစစ်ဆေးမသွားဘူး"

ဟု ကတုန်ကယင်အသံကထွက်လာသည်။

"အမလေးဗျာ - ဝတ်ထားတာကကြောင့် ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟု မထင်လေသနည်း။

၂၄-ပစ္စည်းရွှတ်ခြင်းအကျိုးတရားပေလား။ သမ္ဗုဒ္ဓေ၏အစွမ်းပေလော။ ပရိတ်ကြီး(၁၁)သုတ်၏ အကျိုးပေလော။

နှင့်တကွ ပုတီးစိပ်သည့်အကျင့်ရလာခဲ့သည်။ ပုတီးစိပ်သည်မှာ အတန်ကြာသော် ကျွန်မမိသားစု၏ ရှေ့ဖြစ်မည့်အကြောင်းအရာများအား အိပ်မက်အားဖြင့် ကြိုတင်သိမြင်ခြင်း၊ ရုတ်တရက်ဖျတ်ခနဲ အတွေးပေါ်ခြင်းတို့ဖြင့် ကြိုတင်သိမြင်ခြင်းတို့ရှိခဲ့လေသည်။

ဘန်ကောက်တွင်နေသည့်ကျွန်မသမီးအလတ်မမှာ ကျွန်မသဘောမတူဘဲ အိမ်ထောင်ပြုသဖြင့် ဥပေက္ခာပြုထားခဲ့သည်။

တစ်ညသ၌ အိပ်မက်ထဲတွင် ကျွန်မ

# မေ (တာချီလိတ်)

# ဘုရားနှင့်တရားနှင့် ကျွန်မ၏အတွေ့အကြုံများ



လည်း ပင်နီရောင်ဝမ်းဆက်"

ကားပေါ်မှခရီးသည်များ ကျွန်မအားဝိုင်းကြည့်ကြပြီး တစ်ယောက်တစ်ပေါက် တဟားဟားနှင့်ရယ်ပွဲဖွဲ့ခဲ့ကြလေသည်။

ကျွန်မလည်း ရင်တုန်တာလေးပျောက်မှတွေးပြီး အံ့ဩရသေးသည်။ စစ်ဆေးသူများသည် ကျွန်မကို နည်းနည်းလေးမျှ စောင်းငဲ့ကြည့်မသွားပေ။ ကျွန်မအနားမှာရပ်ပြီး အတွင်းခုံမှလူအား လှမ်း၍စစ်ဆေးသော်လည်း ကျွန်မကို အဘယ်ကျွန်မကတော့ ထိုသို့ပင်ယုံကြည်မိသည်။

ထို့ဖြင့် ငယ်စဉ်ဘဝက လမ်းပေါ်မှာ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ခဲ့သည့်အကျိုးတရားကြောင့် ခရီးလမ်းပန်းချောမွေ့သာယာခြင်းလည်းဖြစ်နိုင်ပါသေးသည်။ အထောက်အပံ့ဖြစ်ကောင်းဖြစ်နိုင်ပါသေးသည်။

ထို့နောက် ကျွန်မသည် ဘုရားဂုဏ်တော်ကိုးပါးအား အနက်အဓိပ္ပာယ်၏သမီးလတ်အား ကိုယ်ဝန်အရင့်အမာကြီးဖြင့်တွေ့ရကာ တစ်ဆက်တည်း မွေးလာသည့်ကလေးမှာ ယောက်ျားလေးဖြစ်သည်ဟု မြင်တွေ့ရသည်။ ကျွန်မက ကလေးအား နို့တိုက်လျက်ရှိပြီး သမီးလတ်မှာ အလုပ်သွားမည်လိုလို ကျောင်းသွားမည်လိုလိုဖြင့် မြင်မက်လေသည်။

ထိုအိပ်မက်မြင်မက်ပြီး ရက်ပိုင်းအတွင်း သမီးလတ်ထံမှဖုန်းဆက်လာ၍ သူမှာကိုယ်ဝန်ရှိနေကြောင်းသိရပါသော

www.burmeseclassic.com

သည်။ ကျွန်မလည်း မြည်တွန်တောက်တီး၍ ဖုန်းချလိုက်ပါသည်။

မီးဖွားခါနီးတွင် ဘန်ကောက်သို့ လိုက်လာရန်ခေါ်သော်လည်း ကျွန်မ မသွားခဲ့ပေ။

ဘန်ကောက်ဆေးရုံကြီးတွင် သားယောကျ်ားလေးအား မီးဖွားပြီးစမှာပင် နေပြည်တော်နှင့် တောင်ကြီးမှ သမီးလတ်၏အလုပ်ခန့်စာရောက်ရှိလာလေသည်။

သမီးလတ်က တောင်ကြီးသူနာပြုနှင့် သားဖွားသင်တန်းတက်ရောက်ထားပြီးသူဖြစ်သည်။ သင်တန်းဆင်းပြီး သုံးနှစ်ကြာမှ အလုပ်ခန့်စာရောက်ရှိလာခြင်းဖြစ်ပြီး အမြန်အလုပ်ဝင်ရန်လည်း လောဆော်ထားသည်။

ကလေးမီးဖွားပြီး တစ်လအကြာတွင် ဘန်ကောက်မှပြန်လာ၍ ကလေးကျွန်မလက်ထဲထည့်ပြီး တောင်ကြီးသို့ အစိုးရအလုပ်ဝင်ရန် သမီးလတ်ထွက်သွားခဲ့သည်။

ကလေးအား နို့မှုန့်တိုက်သော်လည်း သနားသဖြင့် ကျွန်မ၏နို့အားငုံ၍ စို့၍ အိပ်စေခဲ့ပါသည်။

'ဩော် - အိပ်မက်ထဲကအတိုင်း ဖြစ်နေပါပေါ့လား'

ဟု ကျွန်မ တွေးမိပါသည်။

ထို့ပြင် ကော့သောင်းတွင်ရောက်ရှိနေသည့် သားဖြစ်သူ၏စိတ်ပူပန်မှုအား အိပ်မက်ထဲတွင်တွေ့ရပြီး ရက်ပိုင်းအတွင်း သားဆီမှဖုန်းဝင်လာခဲ့သည်။

ဤသို့ ဂုဏ်တော်ကို အရဟံဟု နှုတ်မှရွတ်ဆိုပြီး ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော မြတ်စွာဘုရားဟု စိတ်ထဲမှရွတ်ဆို၍ ပုတီးတစ်လုံးချသည်။ တစ်နေ့လျှင် ဂုဏ်တော်ကိုးပါးလုံးစိပ်ခဲ့ပါသည်။

အချို့အကြောင်းအရာများအား အိပ်မက်ဖြင့်မဟုတ်မူဘဲ စိတ်မှဖျတ်ခနဲ သိမြင်ခြင်းရှိခဲ့ပါသည်။ မယုံကြည်ပါလျှင် ကိုယ်တိုင် လက်တွေ့ စမ်းသပ်နိုင်ပါသည်။

ထိုတစ်နေ့က ကျွန်မဈေးမှအပြန် မောမောဖြင့် အိမ်ရှေ့ခန်း ဒရင်းဘတ်ပေါ်တွင်လှဲ၍ တီဗွီကြည့်နေခဲ့ပါသည်။

တီဗွီကြည့်နေရင်းမှ အလိုလို နောက်ဖေးမီးဖိုချောင်သို့လှမ်းအကြည့် အလူမီနီယမ်ကြောင်အိမ်မီးလောင်နေသလိုမျိုး စိတ်မှာမြင်ယောင်နေပါသည်။

နောက် အလိုလိုပင် နောက်ဖေးဘက်သို့ထ၍သွားခဲ့ရာ ကြောင်အိမ်ပေါ်တွင် လျှပ်စစ်ရေနွေးအိုးတည်ထားသည်မှာ အချိန်ကြာမြင့်သဖြင့် ရေခန်းပြီး လျှပ်စစ်ရေနွေးအိုးတစ်ခုလုံးလောင်ကျွမ်းထားသည့်အပြင် ရေနွေးအိုးဖင်ရာအဝိုင်းအတိုင်း ကြောင်အိမ်အပေါ်ထပ်အား လောင်ကျွမ်းမည်းတူးနေပေပြီ။ အမြန်ပင် ပလပ်ပေါက်မှ ရေနွေးအိုးကြိုးအား ဖြုတ်ချလိုက်ရသည်။

သမီးငယ်နှင်းကေခိုင်မှာ ကော်ဖီသောက်ရန်အတွက် ရေနွေးကျိုထားကာ အိပ်ရာပေါ်တက် ဖုန်းဆော့ရင်း အိပ်ပျော်နေလေသည်။ ဘေးတိုက်ခန်းတွေမှ အညှော်နံ့ရနေကြဖြစ်သဖြင့် မီးလောင်ညှော်နံ့ရလျှင်လည်း ကျွန်မထဖြစ်မည်မဟုတ်ပေ။

အလိုလိုကိုထသွားမိရက်သားဖြစ်သွားခြင်းဖြစ်သည်။

နောက်တစ်ခါ နမ့်စန်မြို့ရှိ သမီးဆီသို့ အလည်သွားစဉ်ကဖြစ်သည်။သမီးဆေးခန်းရှေ့တွင် အလံတိုင်ရှိလေသည်။ သမီး၏ယောကျ်ားဖြစ်သူ မောင်ရန်ပိုင်မှ မြန်မာနိုင်ငံအလံမှာ ဟောင်းနွမ်းနေသဖြင့် အလံအသစ်ဝယ်လာခဲ့လေသည်။ညနေမိုးချုပ်တွင် အလံအဟောင်းကိုဖြုတ်ချ၍ အသစ်တပ်ဆင်ခဲ့သည်။ ညမှောင်မှောင်ထဲတွင် ဆေးခန်းရှေ့သို့ ကျွန်မဖြတ်အသွား 'အလံကဘာဖြစ်တာလဲမသိဘူး' စိတ်ထဲမှာဖြစ်ပေါ်လျက် -

"ဟဲ့ - အလံကဘာဖြစ်တာလဲ၊ ပြနေတာလား"

ဟု လွှတ်ခနဲပြောမိသည်။

သမက်ဖြစ်သူက -

"ဘာမှမဖြစ်ပါဘူးအမေရဲ့။အသစ်ကြီးကို"

ဟု ဆိုပြီး ဓာတ်မီးနှင့်ထိုးကြည့်ရာ အလံအားအထက်အောက်မှားတပ်ထားကြောင်းသိရ လေသည်။ ဘုရားမ,ပေလို့။

"အမလေး တော်ပါသေးရဲ့ဟယ်၊ ညမိုးချုပ်ချုပ်တပ်တာဆိုတော့ မမှားကောင်းတဲ့ဟာကို"

ဤအဖြစ်က တစ်ခါ။

တစ်ခါကတော့ဖြင့် တာချီလိတ်မြို့ ပါလျံဘုန်းကြီးကျောင်းတွင် ပဋ္ဌာန်းခံပွဲ၊ သိမ်ဆင်းဆွမ်းလောင်းပွဲသို့သွားခဲ့စဉ်က ဖြစ်သည်။ သိမ်ဆင်းလောင်းမည့် ကော်ဖီမစ်ထုပ်များအား ဆိုင်ကယ်ရှေ့ခြင်းထဲသို့ထည့်ပြီး ဝမ်ကောင်းဈေးမှ ကျွန်မတစ်ယောက်တည်း ဆိုင်ကယ်ဖြင့် လာခဲ့သည်။

တံတား(၂)အလွန်တွင် ဆိုင်ကယ်ဦးထုပ်မဆောင်းသည့် ဆိုင်ကယ်များအား ဖမ်းလေ့ရှိမှန်းသိထားပါလျက်နှင့် ကျွန်မသတိမရခဲ့။ လူတွေများ ကိုယ့်အသက်အန္တရာယ်မဖြစ်အောင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းချင်ကြသည့်သူများထဲတွင် အဲဒီတုန်းက ကျွန်မသည်လည်း တစ်ယောက်အပါအဝင်ဖြစ်လေသည်။ ယခုအခါမတော့ လမ်းတို၊ လမ်းရှည် ဘယ်သွားသွားဆိုင်ကယ်စီးဦးထုပ်ဆောင်းသည့်အကျင့်ရှိနေခဲ့ပါပြီ။

တာချီလိတ်မြို့တွင် ယာဉ်ထိန်းရဲနှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသည့်သူများ လိုက်တမ်းပြေးတမ်းကစားနေဘိသကဲ့သို့ပင်။

ဦးထုပ်ဖမ်းနေပြီဟေ့ဆိုသည်နှင့် လမ်းကြိုလမ်းကြားမှ ကွေ့ပတ်ရှောင်မောင်းကြလေသည်။ တာချီလတ်သူ တာချီလိတ်သားချင်းလည်း ထိုအချိန်တွင် အင်မတန်ချစ်ခင်စည်းလုံးကြလေသည်။ ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်မောင်းလာသူအားတွေ့လျှင် ခေါင်းကိုပုတ်ပြကာ 'ဦးထုပ် ဦးထုပ်' ဟုအော်ဟစ်သတိပေးကြလေသည်။ ဒါဆိုသိပြီ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသည့်ဆိုင်ကယ်အားဖမ်း၍ ဒဏ်ရိုက်နေပြီဟု။

အဲဒီလို စည်းလုံးချစ်ခင်ကြသည့်လူတွေထဲမှာ ကျွန်မက ထိပ်ဆုံးမှပါနေသည်။

ယခုနောက်ပိုင်းတွင်မတော့ဖြင့် အတွေးတစ်မျိုးဝင်လာပါသည်။ ငါဟာ စည်းကမ်းမရှိတဲ့သူတွေကို ကူညီရမှာလား။ စည်းကမ်းထိန်းသိမ်းနေတဲ့သူတွေကို ကူညီရမှာလားဆိုတဲ့အတွေးမျိုးပါ။

ဒါကြောင့် ကျွန်မအနေနှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းလာသည့်သူများကို အဖမ်းမခံရဖို့အတွက် မပြောတော့ဘူးဟုတော့ ဆုံးဖြတ်ထားပါသည်။

အဲဒီတုန်းက သိမ်ဆင်းလောင်းအသွားမှာ တံတား (၂) ကိုအဖြတ်တွင် ဆိုင်ကယ်အသွားအလာတွေ အတော်ရှင်းနေသည်။ တံတား(၂)အလွန် ဦးထုပ်ဖမ်းနေကျနေရာတွင် ဆိုင်ကယ်များ တသီတတန်းကြီးရပ်ထားတာတွေ့ရသဖြင့် ဘာများရှိလို့ပါလိမ့်ဆိုသည့်အတွေးနှင့် ဆိုင်ကယ်ကို ဖြည်းဖြည်းလေးမောင်း၍ အကြည့်တွင် သတိတစ်ချက်ဝင်လာပါသည်။

"ဟာ - ဒါဆိုင်ကယ်ဦးထုပ်မပါလို့ ဖမ်းနေတာပဲ"

ဆိုင်ကယ်ကို အမြန်မောင်းထွက်ရင်း သတိရမိသည်မှာ ကျွန်မမျက်စိတွင် လူတွေကို တစ်ယောက်မှမမြင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်တွေကိုသာ မြင်နေရပါသည်။

ကျွန်မနားထဲတွင် ဘာအသံမှလည်းမကြားရပါ။ မော်တော်ပီကယ်ယာဉ်ထိန်းရဲ အဖမ်းခံရသည့်ဆိုင်ကယ်ပိုင်ရှင်များ တစ်ယောက်မှမမြင်ပါ။သတိဝင်လာမှ ကျွန်မ ကြောက်လန့်ပြီး ရင်တွေတုန်လာသည်။

အဲဒီနေရာကိုအဖြတ်တွင် ကျွန်မ အိပ်မက်ထဲမှာလိုလိုဖြစ်နေခဲ့ပါသည်။ ဆိုင်ကယ်ကို ဖြည်းဖြည်းလေးမောင်း၍ အဖမ်းခံရသည့်ဆိုင်ကယ်များကို ကျွန်မကြည့်နေခဲ့စဉ်က ဆိုင်ကယ်သံ၊ လူသံ၊ ဘာအသံမှမကြားရဘဲ အိပ်မက်ထဲလွင့်မျောနေသလိုမျိုးဖြစ်နေခဲ့သည်။

ဘုရားကြီးကျောင်းဝင်းသို့ရောက်သောအခါ ဘယ်သူ့တိုမှ စကားမပြောနိုင်ဘဲ သိမ်ဆင်းလောင်းဖို့စောင့်ရင်း ထိုင်နေမိသည်။

သိမ်ဆင်းလောင်းပြီးချိန်တွင်မှ ဆိုင်ကယ်စီးဦးထုပ်မဆောင်း၍ အဖမ်းခံရသည့်သူများမှာ သိမ်ဆင်းလောင်းအမီမရောက်လာနိုင်သဖြင့် အတော်များများအဖမ်းခံလိုက်ရကြောင်း သိရပါတော့သည်။ ကျွန်မနောက်မှလိုက်လာသည့် သူငယ်ချင်းများလည်း အဖမ်းခံရကြောင်းသိရသည်။

ဆိုင်ကယ်ဖမ်းပွဲကြီးအလယ်မှနေ ကျွန်မဘယ်လိုလွတ်မြောက်လာခဲ့ရသည်ကို သူများတွေအားပြောပြလျှင်လည်း ယုံချင်မှယုံကြမှာမို့ မပြောပြခဲ့တော့ပါ။

ယခုတော့ ကျွန်မသည် စည်းနှင့်ကမ်းနှင့် ဦးထုပ်နှင့် အသားတကျရှိနေခဲ့ပါပြီ။

နောက်ပြီး ဘုရားဂုဏ်တော်တွေကို ယုံကြည်စွာဖြင့် အန္တရာယ်ရှိသည့် သမ်းခရီးများကိုလည်း ရဲရဲဝံ့ဝံ့သွားရဲသာရဲရှိခဲ့လေသည်။

တာချီလိတ်မြို့ပေါ်မှ တောင်ပေါ်မိုင်းဟဲသို့ ဆိုင်ကယ်တက္ကစီငှားသွားလျှင် တက္ကစီခ ဘတ် (၅၀၀) ရှိလေသည်။ ကျွန်မ၏သမီးငယ်တာဝန်ကျရာ စာသင်ကျောင်းမှာ မိုင်းဟဲအုပ်စု ကာနကျေးရွာကြီးရှေ့နားရှိ နားမွန်ကျောင်းဖြစ်သည်။

အဲဒီခရီးတောင်ပေါ်လမ်းကြမ်းကြီးကို သမီးအား သနားသဖြင့် သောကြာနေ့ ညနေသွားခေါ်၊ တနင်္လာနေ့ နက် ကျောင်းတက်အမီ ပြန်ပို့ရလေသည်။

ယောကျ်ားသားလည်း အားကိုးစရာမရှိ။ ဆိုင်ကယ်တက္ကစီနှင့် ပြန်လာ သွားလုပ်ရအောင်လည်း မဖြစ်ပေ။ သမီးရသည့် ကျောင်းဆရာလခက ကျပ်တစ်သိန်းခွဲဖြစ်လေရာ တက္ကစီခ ဘတ် (၅၀၀) လည်း မတတ်နိုင်ပေ။

စီးနိုင်လျှင်လည်း ဒီတောင်ပေါ်လမ်းခရီးကြီးမှာ တက္ကစီသမားနှင့်သမီးပျိုလေးအား စိတ်ချလက်ချမထည့်နိုင်ပါ။ ထို့ကြောင့် ကျွန်မပဲလိုက်ပို့ရလေသည်။

တောင်တက်၊ တောင်ဆင်းလမ်းခရီးကြမ်းသည့်အပြင် တောင်ပေါ်လူပြတ်သည့်နေရာတွင် ဆိုင်ကယ်ကိုလိုချင်၍သော်လည်းကောင်း၊ လူကို အဓမ္မကျင့်ခံရဖို့သော်လည်းကောင်း အန္တရာယ်ကြုံတွေ့ရနိုင်သည်။

သို့သော်လည်း ဖုန်းလိုင်းမမိသည့်အပြင် မြန်မာစကားမတတ်သည့် လားဟူ၊ ရှမ်းတိုင်းရင်းသားများကြားတွင် သမီးအား သနားသဖြင့် တစ်ပတ်တွင် စနေ၊ တနင်္ဂနွေ နှစ်ရက်တော့ဖြင့် မြို့ပေါ်သို့ ရောက်အောင်ခေါ် ရန် ကျွန်မအားထုတ်ရလေသည်။

ဒါလည်း မိုးတွင်းဆို လမ်းချော်သဖြင့် သားအမိနှစ်ယောက် မိုးတွင်းတစ်တွင်းလုံး အဆက်အသွယ်ပြတ်ကြရသည်။

ထို့ကြောင့် မိုးမရွာဘဲ နေသာသည့်ရက်များမှာ ကျွန်မ စွန့်စား၍ ဆိုင်ကယ်ဖြင့် တောင်ပေါ်တက်ရသည်။

'မတတ်နိုင်ဘူး၊ ငါ့မှာဖြစ်ဖို့ကံပါလာရင်ဖြစ်မှာပဲ။ နောက်ပြီး ငါ့မှာအားကိုးစရာသမ္ဗုဒ္ဓေရှိတယ်။ ၂၄-ပစ္စည်းရှိတယ်။ ဘာကြောက်စရာလိုလဲ'

ဆိုတဲ့ အတွေးနှင့် အားတင်းခဲ့ရသည်။

တာချီလိတ်၊ ဝမ်မိုင်မှ ထွက်ပြီဆိုတာနှင့် သမ္ဗုဒ္ဓေစရွတ်သည်။ ဘုရား၊ တရားတော့ အတော်မြဲရတဲ့လမ်းပဲဟု ကျွန်မဘာသာတွေးပြီးပြုံးရသေးသည်။

သောကြာနေ့ သမီးအားသွားခေါ်လျှင် အသွားတွင် ကျွန်မတစ်ယောက်တည်း။ နောက် တနင်္လာနေ့ သမီးအားပို့ပြီးအပြန်တွင် တစ်ယောက်တည်းပြန်ရလေသည်။ ဆိုင်ကယ်ဘီးပေါက်ခြင်း၊ ပျက်ခြင်းမရှိခဲ့သဖြင့် အဲဒီဒုက္ခတော့မခံခဲ့ရပါ။



တောင်အတက်ကိုမကြောက်ပေမယ့် အဆင်းဆိုလျှင် ကျွန်မကြောက်တတ်သည်။ အဲဒီအချိန်အခါတုန်းက ကျောက်လိုဏ်ဂူအတက်ကို ဂီယာနံပါတ်ဝမ်းနှင့်တက်ရပါသည်။ အဆင်းဆိုလျှင် ဇောက်ထိုးကြီးဖြစ်သဖြင့် ကျွန်မ အဲဒီနေရာကို ဆိုင်ကယ်မောင်းရန် ကြောက်နေတတ်သည်။

ယခုတော့ ကျောက်မီးသွေးထုတ်သည့်ကုမ္ပဏီမှ အတက်အားဖြို့ချထားသဖြင့် တော်သေးသည်။

တာချီလိတ်၊ ဝမ်မိုင်၊ ယန်းခေါင်၊ ပန်စလိ၊ ပန်ကူ၊ ကျောက်လိုဏ်ဂူ၊ ပန်နယ၊ ပန်လိုင်၊ ပန်ချီဟဲ၊ ကာန၊ နမ်မွဲ၊ နားမွန်းဟူ၍ ရှမ်းရွာ၊ ပလောင်ရွာ၊ လားဟူရွာများရှိကြလေသည်။

တချို့ရွာများမှာ ရွာလယ်မှ ဆိုင်ကယ်ဖြတ်မောင်းသွားရသော်လည်း ရွာနာမည်မသိပေ။ နားမွန်း၊ လားဟူရွာမှာ တာချီလိတ် မိုင်းဟဲအုပ်စုနယ်မြေအဆုံးဖြစ်ပြီး မိုင်းဖြတ်မြို့နယ်အစတွင် ရှိလေ သည်။

ဤတွင် တိုက်ဆိုင်လေစွ၊ တိုက်ဆိုင်လေစွလို့ ကျွန်မ မြည်တမ်းမိရသည့် အဖြစ်ရှိခဲ့လေသည်။

လွန်ခဲ့သောငါးနှစ်က သမီး ဆယ်တန်းတက်နေစဉ်တွင် ကျွန်မ ဤတောင်ပေါ်သို့ ဘုရားတည်၊ လုပ်အားပေးလိုက်ခဲ့ဖူးသည်။

ရွာသူကြီးတစ်ယောက်၏အိပ်မက်အလိုအရ တာချီလိတ်မြို့မှ ရှမ်းတိုင်းရင်းသားတစ်ဦးအားရှာဖွေ၍ ဘုရားတည်ခြင်း ဖြစ်လေသည်။

ကျွန်မက ထိုရှမ်းတိုင်းရင်းသားနှင့်ပတ်သက်ရာပတ်သက်ကြောင်းအသိုင်းအဝိုင်းမှတစ်ဆင့် ဘုရားစတည်ခါစက လုပ်အားပေးတစ်ကြိမ်လိုက်ပါခဲ့ဖူးသည်။

ထိုအချိန်က ဤလမ်းကြောသည် လမ်းကြမ်းကြီးဖြစ်လေသည်။ ချောင်းများမှာလည်း တံတားမရှိပေ။ ချောင်းရေပြင်အား ကားဖြတ်မောင်းစဉ် ကျွန်မကတော့ အလွန်သဘောကျခဲ့သည်။ ယခုတော့ ချောင်းများကို တံတားအားလုံးထိုးပြီးသွားပေပြီ။

ဘုရားမှ လုပ်အားပေးပြီးအပြန်

www.burmeseclassic.com

www.burmeseclassic.com

လမ်းပေါ်တွင် ကားတစ်စီးဗွက်နစ်နေ၍ ကျွန်မတို့ကား နောက်ပြန်လှည့်၍ ဘုရားပေါ်မှာ ညအိပ်ခဲ့ရလေသည်။

အဲဒီတစ်ခေါက်သာ ရောက်ဖူးခဲ့သဖြင့် ဘုရားတည်တာ ဘယ်နားကရွာမှန်းမသိခဲ့ပေ။ တောင်ပေါ်လမ်းကို မရောက်ဘူးခဲ့သဖြင့် ကျွန်မတို့ အထူးအဆန်းဖြစ်နေခဲ့သည်။ ဘုရားမှာစတည်ခါစဖြစ်သဖြင့် ကျွန်မတတ်နိုင်သလောက် အလှူငွေထည့်ဝင်ခဲ့သေးသည်။

ထို့နောက် သမီးဆယ်တန်းအောင်၊ ပညာရေးကောလိပ်တက်ပြီး တာဝန်ကျရာရွာသို့ ပထမဆုံး ကျွန်မလိုက်ပို့စဉ်အခါက 'အမေ ဒီတောင်ပေါ်မှာ ဘုရားတည်တာ လုပ်အားလာပေးခဲ့ဖူးတယ်။ ဘယ်ရွာလဲတော့မသိဘူး။ တစ်ရွာလုံး ဗုဒ္ဓဘာသာဖြစ်ကုန်တာတဲ့။ ဒီရွာရှေ့ ဘယ်လောက်ဝေးလဲမသိဘူး' လို့ ပြောမိခဲ့ပါသေးသည်။

ကျောင်းသို့ တာဝန်ကျကျချင်း တကယ်တာဝန်ကျရာ နားမွန်းကျောင်းသို့ မလာရောက်ရသေးပါ။ ပန်ချီဟဲ (အမက) ကာန(မူလွန်)၊ နားမွန်း(အမက) ကျောင်း၊ ဤစာသင်ကျောင်းသုံးကျောင်းကတစ်ဆက်တည်းဖြစ်ရာ ဆရာ၊ဆရာမလိုအပ်သည့်ကျောင်းတွင် လိုအပ်ချက်အရနေပေးရလေရာ သမီး နှင်းကေခိုင်မှာ နားမွန်းကျောင်းကို တာဝန်ကျခြင်းဖြစ်သော်လည်း ဆရာလိုအပ်ချက်အရ ကာနကျောင်းတွင်နေပေးခဲ့ရသေးသည်။

တာချီလိတ်မြို့ပေါ်နှင့် မြို့အနီး အနားလမ်းပန်းသာသည့်စာသင်ကျောင်းများတွင် ဆရာ၊ဆရာမလုံလောက်သည် ထက်ကျော်လွန်နေသော်လည်း ဤတောင်ပေါ်ကျောင်းများတွင် ဆရာ၊ ဆရာမ လုံလောက်မှုမရှိပေ။

တချို့ ဆရာ၊ ဆရာမများမှာ ဤတောင်ပေါ်ကျောင်းများသို့ လအနည်းငယ်နေပြီးသည်နှင့် မြို့အနီးအနား လမ်းပန်းသာသည့်ကျောင်းများသို့ပြောင်းရွှေ့သွားကြလေသည်။ ဒါကတော့ဖြင့် သူ့ပိုင်ရာဆိုင်ရာပေမို့ ပြောရန်အကြောင်းမရှိသော်လည်း ကျန်ခဲ့သည့် ဆရာမတစ်ယောက်တည်း ဟိုဘက်အတန်းပြေးလိုက်ဒီဘက်အတန်းပြေးလိုက်နှင့် ဘာသာစုံသင်ရလေရာ ကြာတော့ စိတ်မာတ်ကျလာလေသည်။

တောင်ပေါ်လမ်းကကြမ်းသဖြင့်လည်းကောင်း၊ မြန်မာစကားမတတ်သည့် လားဟူ၊ ရှမ်း၊ ပလောင်ကလေးများအားသင်ရသဖြင့် လည်းကောင်း၊ လစာမှာလည်း ဒီလစာပဲဖြစ်သဖြင့်လည်းကောင်း၊ ဆန်ပေးသော်လည်း ကောက်ညှင်းဆန်ဆန်စေးများသာ ဖြစ်သဖြင့် လည်းကောင်း၊ သမီးနှင့်အတူတူ တာဝန်ကျခဲ့သည့် ဆရာမများအားလုံး မြို့ပေါ်၊ မြို့အနီး လမ်းသာသည့်နေရာကျောင်းများသို့ ပြောင်းသွားခဲ့ကြသော်လည်း ကျွန်မနှင့် သမီးတော့ဖြင့် ဤတောင်ပေါ်လမ်းကိုသွားနေရဆဲကျန်ရစ်ရလေသည်။

သမီးနှင်းကေခိုင်မှာ ပညာရေးမှူးတစ်ယောက်ကို အသည်းအသန် အဖေတော်ချင်သည်ဟုဆိုသောအခါ ဩော်-ငါ့အပြစ် ငါ့အပြစ်။ လေတပ်သားကိုယူမိတော့ သေလည်းသေရော တပ်ပြင်မောင်းထုတ်ခံခဲ့ရတာ။ ခုလို သမီးဆယ်တန်းအောင်ဖို့ ပညာရေးကောလိပ်တက်နိုင်ဖို့ကိုတောင် အသည်းအသန်ကြိုးစားခဲ့ရတာ။ အမေမုဆိုးမကလည်း အထုပ်မရှိရုပ်မရှိလေတော့ ဒီဘဝတော့ ငါ့သမီးရေ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ မှတ်ရန်သာရှိလေသည်။

ယခုဆိုလျှင် သမီးဤတောင်ပေါ်တွင်တာဝန်ကျသည်မှာ (၂)နှစ်ပြည့်ပြီ။

တစ်ခါတလေတော့ ကျွန်မ ညည်းညူမိလေသည်။

"ဘယ်ဘဝကရေစက်ပါနေလဲမသိပါဘူးနော်။ ဒီတောင်ပေါ်ကို ဆိုင်ကယ်မောင်းရတဲ့ဒုက္ခထက် ကားတစ်စီးဖြတ်သွားရင် ဖုန်လုံးထဲပိတ်မိနေတဲ့ဒုက္ခ၊ မိုးတွင်း လမ်းချော်လို့ ဆိုင်ကယ်ကိုတွန်း၊ တစ်ကိုယ်လုံး ရွှံ့အလိမ်းလိမ်းဖုန်အလိမ်းလိမ်းနဲ့ဘဝ ဘယ်တော့များမှလွတ်ပါ့မလဲနော်"

"အမေ ဒီတောင်ပေါ်မှာ ဘုရားလာတည်လို့ ရေစက်ပါလာတာဖြစ်မှာပေါ့"

ဟု သမီးက ဟာသလုပ်လေသည်။

ဤသို့ဖြင့် ကာန(မူလွန်) ကျောင်းမှ နားမွန်း (အမက) သို့ သမီးပြန်လာရသည်။ နားမွန်းကျောင်းတွင် ဆရာဆရာမတစ်ယောက်မှမရှိသဖြင့် ပြန်လာရခြင်းဖြစ်လေသည်။ ကျောင်းမှာ သမီးတစ်ယောက်တည်းရှိသဖြင့် ကျွန်မမှာ အလုပ်ပျက်အကိုင်ပျက်နှင့်လိုက်နေပေးရလေသည်။

သောကြာနေ့ ညနေကျောင်းဆင်းပြီးမှ တာချီလိတ်သို့ပြန်လာရပြီး တနင်္လာနေ့ မနက်ခြောက်နာရီတွင်ထ၍ တာချီလိတ်မှ နားမွန်းကျောင်းသို့ ကျောင်းမတက်မီ အရောက်ပြန်သည်။

နားမွန်း (အမက) မှာ ဖွင့်ခါစဖြ သဖြင့် ကေဂျီနှင့် ပထမတန်း၊ ဒုတိယ တန်းသာရှိလေ၏။ တစ်နှစ်ကိုတစ်တန်း တိုး၍သင်မည်ဖြစ်သည်။ ဤသုံးခန်း အား သမီးတစ်ယောက်တည်း အပြေ အလွှားသင်နေရလေသည်။ ဤကျော င် တွင် နာမည်ပဲရှိပြီး လူမရှိသည့်ဆရာ များရှိနေသဖြင့် အထက်ကလည်းသိသူ သိပြီး မသိသူမသိကြဟန်တူပါသည်။

ကြားက ငထွားခါးနာ၊ ကျွန်ဝယ် ရာအဆစ်ပါ ဆိုသလို ကျွန်မက ကေဂျီ ခန်းအားဝင်ထိန်းပေးလိုက်၊ ကကြီးခေ ခိုင်း၊ ခခွေးရေးခိုင်းနှင့် အမှတ်ထိုင်ခြ ပေးနေရသည်။ လပတ်စာမေးပွဲဖြေလျှ စာမေးပွဲခန်းစောင့်ရသေးသည်။

ကျောင်းဝိုင်းထဲ အမှိုက်လှည် အမှိုက်ပုံးသွန်၊ သောက်ရေထည့် ကျွ ပင်လုပ်သည်။ ဖိနပ်မပါဘဲ ကျောင်းလာ သည့်လားဟူကလေးတချို့အား ပေါ ပဲပဲဖိနပ်ဝယ်ပေးရသေးသည်။ အဝ အစားတွေမှာလည်း ပေတူးညစ်ပတ် နှင့် ကျောင်းလာကြသေးသည်။

"အေး - ငါကလည်းမချမ်းသာ နင်တို့ကို ဆပ်ပြာမှုန့်ဝယ်ပေးရမှာလား အဝတ်လျှော်ပေးရမှာလား။ စိတ်များ လည်းညစ်ပါရဲ့"

ကျွန်မစကားလည်း နားလည် ဟန်မတူ။ ဒီအတိုင်းကြောင်ကြည့်နေ ကြသည်။ သူတို့ ဆရာမနှင့်တော့ ဟု လို့ပါပဲ။ ကျောင်းက ရေအုတ်ကန်တွင် နီးစပ်ရာကလေးများကိုတော့ သမီး သူလည်းရေချိုးရင်း၊ ကလေးများကို ရေ ချိုးစေသည်။

နောက်များမှ ကာန(မူလွန် ဆရာတစ်ယောက် ကေဂျီအတွက်ပို့ပေး သော်လည်း ဆရာမမဟုတ်ဘဲ ဆရာဖြ သဖြင့် ကျွန်မမှာ ဆက်၍လိုက်နေပေး ရသည်။

ကေဂျီတန်းအတွက် ဆရာရော လာသဖြင့် ကျွန်မအားလပ်သွားသည် စာဖတ်ရတာလည်း မျက်စိအားနည် ညောင်းညာလာသည့်အခါတွင် တစ် နားမွန်းကျောင်းနောက်ရှိချောင်းထဲ ပျင်းပျင်းဖြင့် ကျွန်မတစ်ယောက်တည် ဆင်းလာခဲ့သည်။

ကျွန်မတို့ရောက်ခါစက ဤချောင်း ထဲတွင် ရွှေတူးသူများရှိခဲ့သော်လည် ယခုမရှိတော့ပေ။ ပြန်သွားကြသ သူတို့ဆောက်ခဲ့သည့် တဲအိမ်များ ကျန်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တဲအိမ်များထဲဝင်ကြည့်ပြီး ချောင်းထဲသို့ဆင်းလာကာ လျှောက်သွားနေမိသည်။

ချောင်း၏ဟိုဘက်တွင် လယ်ကွင်းများ၊ ကျောက်တောင်များ တောင်အထပ်ထပ်တို့ရှိနေသည်။ ချောင်းဟိုဘက်သည်ဘက်ကိုကူးရန်အတွက် လက်ရန်းမပါသည့်ဝါးတံတားညွတ်ပက်ညွတ်ပက်ပေါ်သို့ ကျွန်မလျှောက်လာခဲ့ရာ တံတားထိပ်ရောက်ခါနီးတွင် ဝါးတစ်လုံးနှစ်လုံးသာအကျဲကြီးခင်းထားသဖြင့် မတ်တတ်မသွားရဲဘဲ ကလေးကလားနှင့် လေးဖက်ထောက်ကူးခဲ့ရသည်။

တောင်ပေါ်သားတောင်ပေါ်သူများ၊ ထင်းပလိုင်း၊ စပါးပလိုင်းများနှင့် ဤတံတားပေါ်သွားနေကြသည်မှာ အံ့သြပေစွ။ နောက်ပြီး ဆိုင်ကယ်နှင့် စပါးအိတ်တင်၍ ဖြတ်မောင်းသေးသည်မှာ ဂျက်ကီချန်းထက်သာသွားပေပြီ။ ကျွမ်းကျင်ရာလိမ္မာပေစွ။

ရွာထဲသွားလည်လျှင် သူ့စကားကိုယ်မသိ၊ ကိုယ့်စကားသူမသိ သနားပါ၏ဖြစ်နေသည်။

တံတားထိပ်ရောက်မှပြန်ထကာ လူသွားလမ်းကလေးအတိုင်း ချုံပုတ်တွေကြား အတော်လေးလျှောက်လာခဲ့ပြီး ဘယ်ဘက်သို့လှမ်း၍အကြည့် ခပ်လှမ်းလှမ်း တောင်ပေါ်တွင်တည်ထားသည့် ဘုရားဖြူဖြူလေးအားသပ္ပာယ်စွာဖူးတွေ့ရလေသည်။

သေချာပါပြီ။ ဒီဘုရားဖြူဖြူကား ကျွန်မလုပ်အားပေးလာခဲ့ဖူးသည့်ဘုရားဖြစ်ဖို့များပါသည်။ ဒီတောင်ပေါ်မှာ ခရစ်ယာန်တွေများသဖြင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေသာများသည်။ နားမွန်းစာသင်ကျောင်းထဲတွင်လည်း နှစ်ခြင်းဘုရားရှိခိုးကျောင်းရှိသည်။

ဒီရွာတွေကို ရောက်ခါစက မေးကြည့်ဖူးသော်လည်း မြန်မာစကားမတတ်သည့်သူကများ၊ တတ်သည့်သူကလည်း မရေလည်သဖြင့် ဆက်မမေးကြည့်ခြင်းဖြစ်သည်။

နားမွန်းကျောင်းနှင့် ဘာမှမဝေးပါလား။

ညနေ ကျောင်းဆင်းသည်နှင့် ကျွန်မတို့သားအမိရယ်၊ ဆရာရယ် ဘုရားဖြူဖြူလေးဆီသို့ ဆိုင်ကယ်နှင့်ထွက်လာခဲ့ကြသည်။ နားမွန်းရွာက တာချီလိတ်မြို့နယ်အဆုံး၊ ဘုရားဖြူဖြူလေးက မိုင်းဖြတ်နယ်အစထဲသို့ရောက်သွားပါသည်။



ခဏကလေးနှင့် ရောက်သွားပါသည်။ လွန်ခဲ့သည့် ငါးနှစ်က လမ်းများမှာ ယခုလိုမကောင်းသည့်အပြင် လမ်းဘေးအဆောက်အအုံများလည်းမရှိပေ။

တောင်ပေါ်ကို ဆိုင်ကယ်စတက်လျှင်ပဲ ကျွန်မမှတ်မိသွားပါသည်။

"ဟယ် - သေချာတာပေါ့၊ အမေတို့ လုပ်အားပေးလာခဲ့တဲ့ဘုရား"

ဘုရားကုန်းပေါ်မှလှမ်းကြည့်လျှင် ရွာတစ်ရွာနှင့် စာသင်ကျောင်းကို မြင်ရသည်။ တစ်ရွာလုံး ဗုဒ္ဓဘာသာသို့ ကူးပြောင်းသွားသည်ဟု သိရသည်။ အဲဒီတုန်းကတော့ ကျွန်မတတ်နိုင်သလောက် ဘုရားတည်ဖို့ အလှူငွေထည့်ဝင်ခဲ့သေးသည်။

ကျွန်မတအံ့တသြဖြစ်မိပါသည်။ ဘုရားလာတည်စဉ်အခါက ဒီလမ်းဒီခရီး၊ ဒီတောင်လမ်းကြမ်းကြီးသို့ ကျွန်မလာရောက်နေထိုင်ရမည်ဟု နည်းနည်းမျှမထင်မိခဲ့ပါ။

ဤမျှ သမီး၏စာသင်ကျောင်းနှင့် နီးနီးကပ်ကပ်ရှိလိမ့်မည်ဟုမထင်မိခဲ့ပေ။ တိုက်ဆိုင်လှချေလား။

တိုက်ဆိုင်မှုတွေကဖြင့် သူများတွေအတွက် အံ့သြစရာဟုတ်ချင်မှဟုတ်မည်။

ဒီလိုပဲ ဘုရားစေတီနှင့်ပတ်သက်က သမီးလတ် ဖူးကေခိုင်နှင့်လည်း တိုက်တိုက်ဆိုင်ဆိုင်အဖြစ်တစ်ခုရှိခဲ့၏။

လွန်ခဲ့သည့် ငါးနှစ်ခန့်ကပင် ကျွန်မသည် တာချီလိတ်မှ တောင်ကြီးသို့ အရေးတကြီးကိစ္စရှိသဖြင့် ကားဖြင့်လာခဲ့သည်။ ကားပေါ်တွင် ကားဒရိုင်ဘာနှင့် ကျွန်မသာပါရှိပြီး အဖော်ကားမှာလည်း တစ်ယောက်တည်းဖြစ်သည်။

ကျွန်မတို့ကားရှေ့မှ ဒရိုင်ဘာတစ်ဦးသာပါရှိသည့်ကားအားမောင်းစေပြီး ကျွန်မတို့ကားက နောက်မှမောင်းသည်။ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နားမရောက်ခင်မှာ ရှေ့မှမောင်းသည့်ကားမှဘယ်ဘက်နောက်ဘီးတစ်လုံးသည် လုံးဝကျွတ်ထွက်သွားပြီး လမ်းဘေးအလှူခံတဲနားသို့ လိမ့်ဆင်းသွားလေသည်။ ကားမှာ တိမ်းမှောက်ခြင်းမရှိဘဲ ရပ်လိုက်၍တော်ပါသေးသည်။ ကားသမားနှစ်ယောက် ကားဘီးတပ်နေကြစဉ် ကျွန်မလည်းအလှူခံတဲနားတွင်သွား၍ ထိုင်နေသည်။ အလှူခံခွက်ချထားသော်လည်း အလှူခံသည့် ဦးပဥ္စင်းမှာ ကျောင်းမော်သို့ ဆွမ်းစားပြန်ကြွသွားဟန်တူပါသည်။

အလှူခံတဲမှ မော့ကြည့်လျှင် တောင်ပေါ်တွင် ဘုရားစေတီတစ်ဆူနှင့် ဘုန်းကြီးကျောင်းအား တွေ့ရသည်။ ဦးပဥ္စင်းမရှိသော်လည်း အလှူခံခွက်ထဲသို့ ကျွန်မနှစ်ထောင်ထည့်ခဲ့ပြီး တောင်ပေါ်ရှိ ဘုရားအားလှမ်း၍ရှိခိုးခဲ့ပါသည်။ ကားဘီးလဲပြီးလျှင် ကျွန်မတို့ ဆက်ထွက်လာခဲ့ပါသည်။ အဲဒီတုန်းက အဲဒီနေရာကို ကျွန်မမှတ်မှတ်ထင်ထင်ရှိနေခဲ့ပါသည်။

ငါးနှစ်ကြာပြီးမှ သမီးလတ်တာဝန်ကျရာသို့ အလည်လိုက်လာခဲ့ရာ သမီးတာဝန်ကျရာဆေးခန်းနှင့် ကျွန်မတို့ ကားဘီးလဲခဲ့သည့်နေရာအလှူခံတဲလေးနှင့်ဘုရားမှာ အနီးလေးပင်ဖြစ်ကြောင်း တွေ့ရလေသည်။

သူများတွေအတွက် မထူးဆန်းပေမယ့် ကျွန်မအတွက်တော့ တိုက်ဆိုင်မှုကို အံ့သြခဲ့ရပါသည်။

ကျွန်မ၏ ဘုရားနှင့်တရားနှင့် ဂုဏ်တော်များနှင့် တိုက်တိုက်ဆိုင်ဆိုင်အဖြစ်အပျက်များပင်ဖြစ်တော့သည်။

သံသရာမှာ ဘဝတွေများလွန်းလှသဖြင့် မရောက်ဘူးသည့်နေရာ၊ မဖြစ်ဘူးမပျက်ဘူးသည့် အဖြစ်အပျက်များလည်းမရှိတော့တဲ့အပြင် မဖြစ်ဘူးသည့်ဘဝမရှိလေခြင်းကို ဆင်ခြင်မိလျှင်တော့ဖြင့် ဘာမှလည်းမထူးဆန်းတော့ပါ။ ဘာကိုမှလည်း အံ့သြစရာမရှိနိုင်ပေဘူး မဟုတ်ပါလားဟု ဆင်ခြင်နှလုံးသွင်းမိပါတော့သည်။

ဒီသံသရာကိုခပ်တိုတိုဖြစ်ချင်လျှင်ဖြင့် ဝိပဿနာစခန်းသာလျှင်နောက်ဆုံးအားကိုးစရာအဖြစ် ကျွန်မသိမြင်အားထုတ်ရပါတော့သည်။

နောက်ဆုံးစခန်းသို့ မရောက်မီ ပစ္စုပ္ပန်ဘဝမှာ အခြေလှစေဖို့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကိုလည်း ရွတ်ဆိုပွားများကြစေချင်ပါသတည်း။

မေ (တာချီလိတ်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အသက် (၂၀) မပြည့်သေးတဲ့အရွယ်လောက်က မာနဆိုတာကို သိပ်နားမလည်ခဲ့ဘူး။ သိတော့သိတယ်။ မြင်ဖူးတယ်။ ကြားဖူးတယ်။ ကြုံလည်းကြုံခဲ့ဖူးတယ်။ ဒါပေမယ့် သေသေချာချာနားမလည်ဘူး။ ရွှေငွေဥစ္စာမနေစည်းစိမ်ကြွယ်ဝကြတဲ့သူဌေးတွေမာနကြီးကြတယ်၊ ပညာတတ်တွေမာနကြီးတတ်ကြတယ်၊ ရာထူးဂုဏ်ရှိန်မြင့်မားသူတွေမာနကြီးလေ့ရှိတယ်၊ ဆွေကြီးမျိုးကြီးတွေဆွေဂုဏ်မျိုးဂုဏ်နဲ့မာနကြီးကြတယ်၊ လှလွန်းသူတွေ အလှမာန်ဝင့်ဂုဏ်တင့်ပြီး မာနကြီးကြတယ် စသဖြင့် မာနကြီးသူတွေကို မြင်ဖူးတွေ့ဖူးတယ်။ ကြားဖူးကြုံဖူးခဲ့တယ်။ ဒါပေမယ့် မာနဆိုတာကို သိပ်သဘောမပေါက် နားမလည်ဘူး။ မာနဆိုတာ မကောင်းဘူးဆိုတာလောက်တော့သိတယ်။ မာနရှိသူ၊မာနကြီးသူတွေကို လူတွေကမနှစ်သက်ကြဘူး။

ကျွန်တော်အသက်အရွယ်လေးရလူကြီးဖြစ်လာတော့ ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်စဉ်းစားကြည့်တယ်။ ငါ့မှာမာနဆိုတာရှိသလား၊ ငါမာနထားဖူးသလား၊ မာနကြီးဖူးသလား ပြန်စဉ်းစားကြည့်တယ်။ အဖြေက ကျွန်တော့်မှာ မာနမရှိဘူး။ မာနမထားဖူးဘူး၊ မာနမကြီးဘူး။ မာနထားစရာ မာနရှိစရာအကြောင်းတွေက ကျွန်တော့်မှာမရှိဘူး။ ကျွန်တော့်မှာ ရွှေငွေဥစ္စာမနေအင်အားမချမ်းသာဘူး။ ကျွန်တော်ငယ်ငယ်ကတည်းက ငယ်သူငယ်ချင်းတွေက ကျွန်တော့်ကို အနိစ္စလို့ခေါ်ကြတယ်။ ဘယ်သွားသွား ဘာစားစား ဘာပဲလုပ်လုပ် ကျွန်တော်က ငါ့မှာ ပိုက်ဆံမရှိဘူးကွ အဲဒီလိုအမြဲပြောလေ့ရှိတယ်။ နှစ်တွေလည်းကြာခဲ့တယ်။ ဒီတော့ သူငယ်ချင်းတွေက ကျွန်တော့်ကို နာမည်ရင်းမခေါ်ကြတော့ဘဲ အနိစ္စလို့ ခေါ်ကြတော့တယ်။ အနိစ္စဆိုတာ အမြဲမရှိလို့ အဓိပ္ပာယ်ရတယ်မဟုတ်လား။

ပင်စင်စားအသက်အရွယ်ကြီးရင့်တဲ့အရွယ်ရောက်သည့်ထိ ကျွန်တော်ဆင်းရဲနေတယ်။ အနိစ္စအမြဲမရှိဖြစ်နေတယ်။ ဒီတော့ မာနမရှိဘူး။ ပညာမာနထားရအောင်ကလည်း ဘွဲ့လေးတစ်ဘွဲ့တောင်မရဘူး။ ပညာမရှိဘူး။ ဒီတော့ ပညာမာနမရှိဘူး။ မိဘဘိုးဘွားဆိုတာကလည်း သာမန်လက်လုပ်လက်စားလူလတ်တန်းစားထဲကမို့ ဆွေကြီးမျိုးကြီးလည်းမဟုတ်ပြန်တော့ ဆွေဂုဏ်မျိုးဂုဏ်နဲ့မာနထားလို့မရပါဘူး။ ရာထူးဂုဏ်ရှိန်နဲ့မာနကြီးရအောင်လည်း ကျွန်တော့်မှာ ဘာရာထူးဂုဏ်ထူးမှ မရှိဘူး။ အနည်းဆုံး နာမည်နောက်မှာ တစ်ခုခုလေးတပ်ရလောက်အောင်တောင် ဘာမှမရှိဘူး။ ဦး××× (အရန်မီးသတ်)၊ ဦး××× (ညစောင့်/ ဒရမ်ဝမ်) ဆိုတာလောက်တောင်တပ်စရာမရှိတော့ မာနက မရှိပြန်ဘူးပေါ့။ အောင်မြင် ကျော်ကြားတာလည်း မရှိ။ ရုပ်ရည်ကလည်း သာမန်ဥပဓိရုပ် ရှိသင့်တာထက် ညံ့သေးဆိုတော့ ဒီရုပ်ရည်နဲ့ကလည်း မာနမရှိပါဘူး။ ဒီတော့ ကျွန်တော့်မှာ မာနမရှိဘူးလို့ထင်ခဲ့ပါတယ်။




တစ်နေ့ ကျွန်တော် အိမ်ရှေ့မှာ ထိုင်နေတုန်း သူတောင်းစားတစ်ယောက် လာတောင်းတယ်။ ကျွန်တော်ရဲ့အိတ်ထဲ ရှိတာ ကျွန်တော်တတ်နိုင်တာ (၅၀)ကျပ်တန်တစ်ရွက် သူ့ခွက်ထဲ ထည့်လိုက်တယ်။ သူတောင်းစားက ကျွန်တော့်ကိုတစ်ချက်မော့ကြည့်တယ်။ ပြီးတော့ သူ့ခွက်ထဲက ကျွန်တော့် (၅၀) တန်ကိုယူပြီး အိမ်ရှေ့ကအုတ်ခုံပေါ် တင်ပြီးထွက်သွားတယ်။ ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်သွားတယ်။ သဘောကတော့ (၅၀) တန်လောက်ကို သူတောင်းစားက မယူဘူးဆိုတဲ့သဘော။ ဒီခေတ်မှာက အနိမ့်ဆုံး မြန်မာ့ငွေကြေး(၅၀)ကျပ်တန်ဖြစ်ပါတယ်။ သူတောင်းစားခွက်ထဲမှာ (၁၀၀) တန်၊ (၂၀၀) တန်နဲ့ (၅၀၀) ကျပ်တန်တွေ တွေ့လိုက်မိတယ်။ ဩော် - မာနကြီးလှချေလား သူတောင်းစားရယ်လို့ တွေးလိုက်မိတယ်။ သူတောင်းစားမှာလည်း မာနနဲ့ပါလား။

နောက်တစ်မျိုး ကြုံရဖူးပါသေးတယ်။ ကျွန်တော်တို့ရပ်ကွက်ထဲက အိမ်သာကျင်းလိုက်တူးတဲ့သူ။ ကျွန်တော်တို့အထက်အညာ မြေလတ်ဒေသမှာက မြေကျယ်ကျယ်တွေပိုင်ကြရှိကြတယ်။ ခြံဝိုင်းနဲ့နေကြလေ့ရှိတယ်။ အိမ်ဆောက်ရင်လည်း တစ်ထပ်အိမ်၊တစ်ထပ်တိုက်ဆောက်ကြတာများတယ်။ မြေလွတ်မြေကျယ်ကျယ်ရှိတော့ အိမ်သာတွေ အိမ်နဲ့ခပ်ဝေးဝေး ကျင်းတူးပြီးသုံး တယ်။ ပြည့်လာတဲ့အခါ နောက် နေရာပြောင်းတူးတယ်။ အိမ်ခြေ(၂၀၀ ကျော်လောက်ရှိတဲ့ရပ်ကွက်မှာ အိမ် ကျင်းတူးတဲ့သူက တစ်ဦး၊ နှစ်ဦးရှိ မို့ ကြိုတင်ဘုတ်ကင်လုပ်ကြရတ ကျွန်တော့်အိမ်က အိမ်သာကျင်းပြ တော့မှာမို့ အိမ်သာကျင်းတူးတဲ့ မောင်ကို တိုင်ပင်ဆွေးနွေးဈေး ပြောကြည့်တယ်။ ဒါပေမယ့် တ အိမ်သာကျင်းတူးဖြစ်တော့ ကိုပေ



www.burmeseclassic.com

www.burmeseclassic.com



# ရေနံ့သာအောင်ချမ်းဇော်

မရေးချ နသတ် မာန်

တူးဖြစ်တယ်။ နှစ်အတော်ကြာတော့ အိမ်သာကျင်းပြည့်လုဖြစ်လာခဲ့တယ်။ နောက်တစ်ကြိမ် အိမ်သာကျင်းတူးရတော့မယ်။

ဒါကြောင့် ကိုမြမောင်ဆီ အိမ်သာကျင်းတူးဖို့ သွားဆွေးနွေးတယ်။ ကိုမြမောင်က ကျွန်တော့်ကို လက်ခံစကားမပြောဘူး။ မဆွေးနွေးနိုင်ဘူးတဲ့။ ဘာကြောင့်လဲလို့မေးတော့ ဟိုတစ်ခါက အိမ်သာကျင်းတူးဖို့ သူနဲ့လာဆွေးနွေးစကားပြောပြီးမှ အခြားလူနဲ့ အိမ်သာကျင်းတူးတဲ့အတွက် ကျွန်တော့်ကို သူလက်မခံနိုင်တော့ဘူးတဲ့။ မာနကြီးလှချည်လားကိုမြမောင်ရယ်၊ အိမ်သာကျင်း



www.burmeseclassic.com

www.burmeseclassic.com

တူးတဲ့လုပ်ငန်းဆိုတာ အနိမ့်ဆုံးအောက်ဆုံးအလုပ်ပါ။ ဒီအလုပ်နဲ့အသက်မွေးဝမ်းကျောင်းတဲ့သူကတောင် မာနကြီးကြီးထားတာတွေ့ရတော့ ကျွန်တော်အံ့ဩမိတယ်။ ပိုပြီးအံ့ဩခဲ့ရတာက အများကြီး ဆင်းရဲနိမ့်ပါးတဲ့သူတောင်းစားကတောင် မာနထားတာတွေ့ရတော့ ကျွန်တော် မာနဆိုတာကို ပိုပြီးစိတ်ဝင်စားလာခဲ့တယ်။

ခုနှစ်အတိအကျတော့ မမှတ်မိတော့ဘူး။ ပြည်မြို့ နဝဒေးဧရာဝတီမြစ်ကူးတံတားကြီး စပြီးဖွင့်ပွဲကျင်းပတဲ့ညမှာ ကျွန်တော် နဝဒေးဧရာဝတီမြစ်ကူးတံတားကြီးပေါ်(၃)တန်ကားကြီးမောင်းပြီး ဖြတ်သန်းခဲ့ဖူးတယ်။ (၃) တန်ကားကြီးပေါ်မှာ ဘိလပ်မြေအိတ်(၃၀) (တစ်တန်ခွဲ) နဲ့ သစ်တိုသစ်စတွေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းတွေ၊ ဆောက်လုပ်ရေးအလုပ်သမားတွေရဲ့ပစ္စည်းတွေ ကားနဲ့အပြည့်ပဲ။ ကားအမိုးဖွင့်ထားပြီး အမိုးကိုင်းတွေတော့ရှိတယ်။ အလုပ်သမား (၁၅) ယောက်က ပစ္စည်းတွေပေါ်တက်ထိုင်အမိုးကိုင်းတွေကိုင်ပြီးလိုက်ကြတယ်။ ခရီးစဉ်က ရန်ကုန်ကနေပြည်၊ ပြည်ကနေ ရခိုင်ပြည်နယ် တောင်ကုတ်၊ သံတွဲ၊ ရိုးမကိုဖြတ်မောင်းရမယ့်ခရီးပါ။ ငယ်စဉ်က ကျောင်းစာတွေထဲမှာ တောင်ကုတ်တောင်ကြားလမ်းဆိုတာ မှတ်သားခဲ့ရဖူးတယ်။ အခုကျွန်တော်တစ်ကြိမ်တစ်ခါမှမရောက်ဘူး၊ မသွားဘူး၊ မမောင်းဘူးတဲ့ တောင်ကုတ်တောင်ကြား ရိုးမဖြတ်ကျော်ခရီးပါ။ ကားက (၃) တန်ကားကြီးကုန်က (၃) တန်လောက်ပါတယ်။ လူ (၁၅) ယောက်တင်ထားတယ်။ မိုးကဖွဲဖွဲလေးရွာနေတယ်။ အချိန်က ပြည်ကထွက်တော့ မှောင်ရီဖျိုးညဦးယံအချိန်။

တကယ်တော့ (၃) တန်ကုန်ကားကြီးကို ဒီတစ်ကြိမ်ပထမဆုံးကုန်တွေနဲ့ ခရီးဝေးမောင်းဖူးခြင်းပါ။ နံပါတ်အနီအငှားယာဉ်မောင်းလိုင်စင်ရဖို့ ရန်ကုန်တောင်ဥက္ကလာမြင်သာကညနမှာ ယာဉ်မောင်းဝင်ဖြေစဉ်က (၃) တန်ကားအလွတ်ကြီးကို တစ်ကြိမ်မောင်းခဲ့ဖူးတယ်။ ယာဉ်မောင်းသက် (၁၀) နှစ်ရှိရင် နံပါတ်နီတက္ကစီယာဉ်မောင်းလိုင်စင်ဝင်ဖြေခွင့်ရှိလို့ ဖြေခဲ့ဖူးတယ်။ (၃) တန်ကားလွတ်ကြီးမောင်းဖူးတယ်။ အောင်မြင်ခဲ့တယ်။ ရန်ကုန်ဆေးရုံကြီးမှာ အေအိုင်ဒီအက်ရှောဂါ ရှိ၊ မရှိသွေးစစ်ရသေးတယ်။ ဒါလည်းအောင်တယ်။ ဒီလိုနဲ့ ယာဉ်မောင်းလိုင်စင်အနီရထားခဲ့တယ်။

ဒါပေမယ့် ကားကြီးမောင်းတဲ့အတွေ့အကြုံမရှိခဲ့ဘူး။ ကျွန်တော်ဝါသနာပါလို့ ရန်ကုန်မှာ ကားမောင်းသင်ခဲ့တယ်။ ၁၉၇၅ ခုနှစ် ယာဉ်မောင်းလိုင်စင်ရခဲ့တယ်။ လေးဘီးကား ဘီ (၃၆၀/ ဘီ ၆၀၀) ကားလေးတွေနဲ့ စလွန်းကားငယ်လေးတွေ မောင်းဖူးတယ်။ စင်ကာပူမှာ အလုပ်သွားလုပ်စဉ်က စင်ကာပူယာဉ်မောင်းလိုင်စင်ရခဲ့လို့ စင်ကာပူမှာလည်း (၄) နှစ်လောက် ကားမောင်းဖူးတယ်။ ကားလေးတွေနဲ့ အလွန်ဆုံး (၁) တန် (၂) တန်ကားလေးတွေ မောင်းဖူးတဲ့အတွေ့အကြုံရှိတယ်။(၃)တန်နဲ့အထက်ကားကြီးတွေ၊ ကုန်ကားကြီးတွေမောင်းဖူးတဲ့ အတွေ့အကြုံလုံးဝမရှိပါဘူး။

ကျွန်တော်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ ဘဝရဲ့အရေးပေါ်အခြေအနေအရ ယာဉ်မောင်းဝင်လုပ်ကိုင်ခဲ့တယ်။ ကျွန်တော့်ကို (၃) တန်ကားကြီး မောင်းဖို့တာဝန်ပေးတယ်။ ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးထားတယ်။ ယာဉ်မောင်းလိုင်စင်သက်တမ်းကလည်း ရင့်နေပြီ။ ကားပေါင်းစုံလည်း နေရာဖန်ဒေသစုံမောင်းဖူးတယ်။ လိုင်စင်အနီလည်းရထားတယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးထားတယ်။ ယုံကြည်ထားတယ်။ ကုမ္ပဏီမန်နေဂျာက ကျွန်တော်နဲ့အတူတူလိုက်ပါမယ့် အင်ဂျင်နီယာလေးကို မှာလိုက်တယ်။ ရန်ကုန်က ပြည်ကို ဒီဒရိုင်ဘာမောင်းမယ်။ ပြည်ရောက်ရင်တော့ ရခိုင်ရိုးမတောင်ကုတ်တောင်ကြားလမ်းမောင်းဖို့ အုပ်ရှစ်ပင်မှာ ဒရိုင်ဘာငှားပါလို့မှာလိုက်တယ်။ ကျွန်တော် (၃) တန်ကားကြီးကို ကုန်အပြည့်လူပြည့်နဲ့ ရန်ကုန်ကနေပြည်ကိုမောင်းခဲ့တယ်။ ဒီလမ်းက ကျွန်တော့်အဖို့မဆန်းဘူး။ လမ်းကလည်းသိပ်ကောင်းတယ်။ မြေပြန့်အတွေ့အကြုံလည်းများခဲ့ပြီ။

ပြည်ရောက်တော့ အင်ဂျင်နီယာလေးက ပြောတယ်။ မိုးလည်းချုပ်ပြီ အုတ်ရှစ်ပင်ရောက်ရင် ရိုးမမောင်းဖို့ ဒရိုင်ဘာငှားမယ်တဲ့။

ဒီစကားဟာ ကျွန်တော့်ရင်ကို သိမ့်သိမ့်တုန်အောင်ရိုက်ခတ်သွားတယ်။ ဒေါသထွက်သလိုလို ငါ့ကိုအထင်သေးတာပဲလို့တွေးမိပြန်တယ်။ ဒရိုင်ဘာက ဒရိုင်ဘာငှားပြီးမောင်းရမှာတဲ့လား။ ငါ့ကိုဘယ်လိုကောင်များထင်လို့လဲ။ ဒါ ငါ့ကိုစော်ကားတာပဲအတွေးတွေဝင်လာပြီး ဒရိုင်ဘာငှားစရာမလိုဘူး။ တောင်ကုတ်ကို ကျွန်တော်မောင်းမယ်ဆိုပြီး မောင်းပါတော့တယ်။ အင်ဂျင်နီယာလေးလည်း မပြောသာတဲ့အဆုံး ငြိမ်ပြီးလိုက်လာတယ်။ ကုန်ကားကြီးကို ကုန်အပြည့်လူအပြည့်နဲ့ အတွေ့အကြုံမရှိဘဲ မရောက်ဘူးတဲ့ခရီး၊ မမောင်းဘူးတဲ့ ရိုးမဖြတ်ကျော်လမ်းကို ညမှောင်မှောင် မိုးဖွဲဖွဲမှာ စမောင်းပါတော့တယ်။

လမ်းကကျဉ်း၊တောင်တက်တောင်ဆင်းတွေ အကွေ့တွေကများ၊ မျက်နှာချင်းဆိုင်က ကားကြီးတွေနဲ့ ရှောင်ရတိမ်းရတာကတစ်မျိုး၊ နောက်ကကျော်တက်ချင်လို့ လမ်းတောင်းကြတဲ့ကားတွေကတစ်သွယ်၊ တောင်ဆင်းတောင်တက်လမ်းတွေဆိုတာ ဂီယာအပြောင်းအလဲမြင်ရသလို လီဘာနင်းပုံနင်းနည်းကလည်း ပညာပါလှပါတယ်။ ခါတ်ဆီကားလေးတွေမောင်းရတာနဲ့ ဒီဇယ်ကားကြီးတွေမောင်းရတာ အယူအဆမောင်းဟန်တွေ မတူပါဘူး။ ဒါတွေကို ကျွန်တော်ဘာမှမသိဘူး။ ရန်ကုန်မြို့ကြီးမှာ မီးပွိုင့်နီရင်ရပ်၊ စိမ်းရင်မောင်းထွက်၊ နိုင်လွန်ကတ္တရာပေါ် လေလေးတချွန်ချွန်ပြုံးပြီးမောင်းရပေမယ့် ကုန်ကားကြီးတွေ ခရီးဝေးတောင်ဆင်းတောင်တက်တွေမှာ ကားသမားအချင်းချင်း နားလည်မှုတွေ၊ ဖေးမမှုတွေ၊ သည်းခံမှု ညှာတာမှုလက်တွဲခေါ်မှုတွေရှိတယ်။ ဒါတွေလည်း ကျွန်တော်မသိ။

တစ်တောင်ဆင်းတစ်တောင်တက် မိုးဖွဲဖွဲည တောင်ကုတ်ရိုးမလမ်းကိုမောင်းလာရင်း ကျွန်တော် ဇောချွေးတွေပြန်လာတယ်။ ရင်တွေတဒိန်းဒိန်းခုန်လာပါတော့တယ်။ အချို့တောင်တွေမတ်စောက်မြင့်မားလွန်းလို့ ကားကတစ်ဘီးချင်းသာလိမ့်ပါတော့တယ်။ မတော်လို့များနောက်ပြန်လျှောကျခဲ့ရင် ကျသွားမယ့်ချောက်က မတွေးဝံ့စရာ။ အဆင်းမှာကလည်း ဇောက်ထိုးကြီးဖြစ်နေလို့ နံပါတ်ဝမ်းဂီယာနဲ့ ဘရိတ်ကိုထိန်းပြီး တစ်လိမ့်ချင်းသာဆင်းရပါတယ်။

ကျွန်တော် နောင်တရပြီ။ ခရီးကဆယ်ပုံတစ်ပုံလောက်သာရှိသေးတယ်။ ကျွန်တော် ရှေ့ဆက်မောင်းရန် အတော်ကိုကြောက်နေပြီ။ ဒီလို တောထဲတောင်ထဲရောက်မှ ကျွမ်းကျင်တဲ့ ဒရိုင်ဘာငှားဖို့ဆိုတာလည်းမဖြစ်နိုင်တော့ဘူး။ ဒရိုင်ဘာငှားပါလို့လည်း ကျွန်တော်မပြောနိုင်တော့ဘူး။ အို -ဒရိုင်ဘာမောင်းရတော့မယ်ဆိုရင် ငါ့သိက္ခာတွေကျပြီပေါ့။ မိုက်ကမ်းကမ်းအတွေးဝင်လာတယ်။ အဆ-

www.burmeseclassic.com

ဖြစ်ချင်ရာဖြစ် အခုမှတော့မထူးတော့ဘူး။ ဖြစ်ချင်ရာဖြစ် မောင်းမယ်ကွာ။ တစ်ဖွတ်ထိုးအတွေးကဝင်လာပြန်တယ်။ နားပါဦးလားပြောပေမယ့် ကျွန်တော် လက်မခံ။ အမှန်တော့ ကြောက်ကြောက်နဲ့ လူစိတ်ပျောက်ပြီးမောင်းနေတာဖြစ်ပါတယ်။ တောင်ကြီးတွေကမတ်စောက်၊ ချောက်တွေကနက်၊ မိုးကဖွဲဖွဲ၊ ညကမှောင်မှောင် ရိုးမတောင်တန်းတောကြီးထဲမှာ ကျွန်တော် ဒီလိုနဲ့ တောင်ကုတ်မြို့ကို ဘယ်လိုဘယ်လိုရောက်သွားမှန်းမသိပါဘူး။ တောင်ကုတ်မြို့က ထမင်းဆိုင်တစ်ဆိုင်ရောက်မှ ကားရပ်လိုက်ပါတယ်။ လူတွေအားလုံးဆင်းပြီးကြပေမယ့် ကျွန်တော် ကားမောင်းနေတဲ့ထိုင်ခုံပေါ်ကဆင်းမရသေးပါဘူး။ တစ်ကိုယ်လုံးလည်းတဆတ်ဆတ်တုန်နေပါတယ်။ မျက်လုံးတွေလည်းပြာပြီး ဘာမှမမြင်ရဘူး။ ရင်တွေလည်းတဒိန်းဒိန်းခုန်နေဆဲပါပဲ။ ငါဘယ်လိုများမောင်းလာပါလိမ့်လို့ တွေးမရတော့ဘူး။ တစ်လမ်းလုံးမျက်တောင်မှခတ်ခဲ့ရဲ့လား။ တစ်ကိုယ်လုံး အကြောက်လွန်ပြီး တောင့်တောင့်ကြီးမောင်းလာတာမို့ ဖြန်းခနဲ အကြောတွေလျှော့မရဖြစ်နေတယ်။ အတော်ကြီးကြာမှ ကားပေါ်ကဆင်းနိုင်တယ်။ ဆင်းပြီးပြန်တော့ လမ်းလျှောက်လို့မရပြန်ဘူး။ စိတ်ကိုလျှော့၊ လေတွေတဝကြီးပြန်ရှူပြီး သက်ပြင်းချလိုက်မှ ထမင်းဆိုင်ထဲရောက်တော့တယ်။ ဘာမှလည်းစားမရဘူး။ လိုက်ပါလာသူတွေအားလုံးကပြောကြတယ်။ ကံကောင်းလို့ ဒီကိုရောက်တာ။သေကုန်ပြီထင်ထားကြတာတဲ့။ တောင်အောက်တောင်ဆင်းအကွေ့တွေမှာ နောက်ဘီးတစ်ဘီးက ချောက်ဘက်ကို ရောက်ရောက်သွားတယ်ဆိုကြတယ်။

ကားပေါ်ကလိုက်လာကြသူတွေအားလုံးမျက်လုံးစုံမှိတ်သရဏဂုံတင်ပြီးလိုက်ခဲ့ကြရတယ်ဆိုပဲ။ ဘာပဲဖြစ်ဖြစ်ရောက်အောင်မောင်းလာနိုင်လို့ ချီးကျူးကြပါတယ်။ တောင်ကုတ်မှာနားပြီး သံတွဲဆက်မောင်းတယ်။ ဒီခရီးကတော့ အဆင်ပြေတယ် မြေပြန့်။ သံတွဲရောက်တော့ ငပလီဘက်ကိုမောင်းခဲ့ရတယ်။ ငပလီဂေါက်ကွင်းပြုပြင်တည်ဆောက်ရေးဆိုတော့ ဂေါက်ကွင်းမှာ တည်းခိုနေထိုင်ကြမယ်။ ကျွန်တော်နဲ့ အင်ဂျင်နီယာလေးက ငပလီဟိုတယ်ဘက်မောင်းခဲ့ကြတယ်။ ကုမ္ပဏီက ကြိုတင်စီစဉ်မှာကြားလိုက်တဲ့တိုင်း ကျွန်တော်နဲ့ အင်ဂျင်နီယာလေးက ငပလီကမ်းခြေဟိုတယ်နဲ့ကပ်လျက် ရွှေဝါချိုင်စခန်းမှာတည်းခိုနေထိုင်ကြတယ်။ တစ်ချိန်သောကာလက သံတွဲ ငပလီရွှေဝါချိုင်စခန်းကြီးဆိုတာဟာ လူရည်ချွန်တွေလာရောက်အနားယူစခန်းချတဲ့ လူရည်ချွန်ရွှေဝါချိုင်စခန်းကြီးပါ။ အခုအခါမှာတော့ လူရည်ချွန်စီမံကိန်းကြီးလည်း ပျက်ခဲ့တာကြာတဲ့အပြင် ပညာရေးဌာနကနေ ဟိုတယ်နဲ့ခရီးသွားလာရေးကော်ပိုရေးရှင်း ငပလီဟိုတယ်က ပြောင်းလွှဲလက်ခံယူထားတဲ့စခန်းဖြစ်နေတယ်။

ငပလီမှာ မိုးဦးလေဦး ချေ့သည်ပါးတဲ့အချိန်မို့ ရွှေဝါချိုင်စခန်းကြီးတစ်ခုလုံးမှာ ကျွန်တော်နဲ့ မန်နေဂျာလေးနှစ်ယောက်တည်းပါ။ ပင်လယ်ကိုမျက်နှာမူထားတဲ့ အုန်းခြံမြို့ကြီးထဲကနှစ်ထပ်အဆောက်အအုံတန်းလျားကြီးပါပဲ။ သာယာတယ်။ လေကောင်းလေသန့်ရတယ်။လှိုင်းပုတ်သံတွေပဲကြားနေရတယ်။ ကျွန်တော် (၁) ညနဲ့ (၂) ရက်နီးပါးပင်ပန်းလာလို့ ရေချိုး၊ စားသောက်ပြီး အိပ်ပျော်သွားပါတယ်။ ကျွန်တော်တည်းခိုညအိပ်တဲ့ရွှေဝါချိုင်စခန်းတောင်ဘက်ကပ်ရက်မှာက ငပလီကမ်းခြေဟိုတယ်နဲ့အိပ်ဆောင်တွေ။ ကျွန်တော် ည (၁၀) နာရီလောက်မှာ အိပ်ပျော်ရာက ပြန်နိုးလာတယ်။ အားလုံးတိတ်ဆိတ်နေတယ်။ ညအမှောင်မှာ ပင်လယ်ပြာကြီးနဲ့ လှိုင်းဖြူဖြူကြီးတွေသာလှမ်းမြင်ရပြီးလှိုင်းပုတ်သံတွေပဲကြားရတယ်။ ကျွန်တော် ရွှေဝါချိုင်စခန်းအပေါ်ထပ်အိပ်ခန်းပြင်ဘက်ဝရန်တာထွက်ခဲ့တယ်။

ဩော် - မနေ့ညကတော့ သေလူပမာကြောက်လိုက်ရတာ၊ သက်စွန့်ဆံဖျားကားမောင်းလိုက်ရတာ။ လူစိတ်တောင်ပျောက်နေတယ်ထင်ပါရဲ့။ ဩော်-အခုတော့လည်းအေးချမ်းသာယာလိုက်တာ။ ငါဟာ အသူရကာယ်ဘုံဘဝများရောက်နေသလားလို့တွေးမိတယ်။ အုန်းတောကြီးအဆုံး ကောင်းကင်ပြာပြာ ပင်လယ်ပြာပြာကြီးကြည့်ပြီးငါအခုရောက်နေတာတည်းခိုနေတော ရွှေဝါချိုင်စခန်းကြီးပါလား။ ဒီစခန်းကြီးဟာ တစ်ချိန်က ငါကျောင်းသားဘဝမှာ လူရည်ချွန်စခန်းကြီးပေါ့။ ငါအင်မတန်မှလူရည်ချွန်ဖြစ်ချင်ခဲ့တယ်။ ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်မပြခင် လူရည်ချွန်တွေ ငပလီမဇင်လေဆိပ်ဖလယာဉ်နဲ့ ရောက်လာတာတွေ၊ ရွှေဝါချိုင်စခန်းမှာ တည်းခိုနေထိုင်တာတွေပြတယ်။ အဲဒီတုန်းက လူရည်ချွန်သိပ်ဖြစ်ချင်တာပဲ။ ရွှေဝါချိုင်စခန်းသိပ်ရောက်ဖူးချင်တာပဲ။ စိတ်ကသာ လူရည်ချွန်ဖြစ်ချင်တာ။ လုပ်တာတွေက ကျောင်းသားနဲ့တောင်မတူ စာမကြိုးစား။ အားကစားလည်းမလုပ်၊ ဗဟုသုတလည်းမရှာ၊ ကလေကချေနေခဲ့တော့ လူရည်ချွန်ဖြစ်ဖို့ဝေးစွကျောင်းထုတ်မခံခဲ့ရတာ ကံကောင်း။ ပေပေတေတေ အလေလိုက် ဟီးလေးဟားလေး အပျော်ကြူးပေါ့ပေါ့နေပေါ့ပေါ့စားနေခဲ့တာ။ ကမ္ဘာအေးလှူငယ်သင်တန်းကျောင်းတို့၊ သရက်ခလေးထောင်တို့အပို့မခံခဲ့ရတာ ကံကောင်းလို့တွေးမိပြန်တယ်။ အို - ဘာပဲဖြစ်ဖြစ်လေ ငါအခု သံတွဲ၊ ငပလီ၊ ရွှေဝါချိုင်လူရည်ချွန်စခန်းကြီးပေါ် ရောက်နေပြီ။ လူရည်ချွန်စခန်းမှာ ငါစားသောက်တည်းခိုနေပြီ။ ငါရောက်ချင်တဲ့နေရာရောက်ရပြီ။ဘာပဲဖြစ်ဖြစ် ဘယ်သူမှသိတာမဟုတ်ဘူး။ ငါလူရည်ချွန်ဖြစ်ပြီကွ။ အသက်လေးဆယ်ကျမှ ငါလူရည်ချွန်ဖြစ်တာကွ။ စိတ်ထဲက ကျိတ်ပြီးအော်လိုက်မိတယ်။ ကိုယ့်အဖြစ်ကိုလည်းပြန်တွေးပြီးပြုံးနေမိတယ်။ တကယ်တော့ သူရူးတစ်ယောက်ပမာ။

ငါ ဘာလို့ (၃) တန်ကားကြီးကိုကုန်တွေ၊ လူတွေအပြည့်နဲ့ တောင်ကုတ်ရိုးမလမ်းကြီးကို အတွေ့အကြုံမရှိဘဲသက်စွန့်ဆံဖျားမောင်းလာရတာလဲ။ ဘယ်သူက ဖွတ်အတင်းမောင်းခိုင်းလို့လဲ။ မတော်လို့များ တိမ်းမှောက်ခဲ့ရင် တစ်ယောက်မှအသက်ရှင်စရာမရှိဘူး။ ပစ္စည်းတွေလည်းဆုံးရှုံးမယ်။ ဒီလိုအဖြစ်ကို ဘယ်သူကမှသနားကရုဏာသက်ကြမှာမဟုတ်ဘူး။ ကားသမားဒရိုင်ဘာကိုပဲအပြစ်ပြောကြမယ်၊ ငါတော်တော်မိုက်တာပဲလားနော်။ မိုက်ရဲလို့မိုက်တတ်လို့မိုက်လိုက်တာလား။ မင်းကို ဒီခရီးဘယ်သူက ဖွတ်မောင်းခိုင်းတာလဲ။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ်မေးခွန်းထုတ်လိုက်တယ်။ ဖြစ်စဉ်အစအဆုံးကိုလည်း ခေါင်းအေးအေးစိတ်အေးအေးထားပြီး စဉ်းစားတယ်။ သိပါပြီ။ သိပါပြီ။ မာန မာန။ ကျွန်တော့်မှာ မာနမရှိဘူးထင်ထား ယုံကြည်ထားခဲ့တာ အခုမာနရှိနေမှန်းသိပြီ။ ပြည်ကနေ တောင်ကုတ်မောင်းဖို့ ဒရိုင်ဘာငှားပါဆိုတဲ့စကားအပေါ် ကျွန်တော်မာနထားမိတယ်။ ငါဟာဒရိုင်ဘာ၊ ဒရိုင်ဘာက မမောင်းတတ်မမောင်းရဲလို့ မကျွမ်းလို့ ဒရိုင်ဘာငှားရတယ်ဆိုတာကို ကျွန်တော်အဖြစ်မခံနိုင်ဘူး။ ဒီမာနကဘယ်ကပေါ်လာသလဲ။ တွေ့ပြီ။ ကျွန်တော့်မှာ ရွှေငွေဥစ္စာပစ္စည်း

www.burmeseclassic.com

မရှိဘူး၊ ပညာမရှိဘူး၊ ရာထူးဂုဏ်ရှိန်မရှိဘူး၊ ဆွေကြီးမျိုးကြီးလည်းမဟုတ်ဘူး၊ အောင်မြင်ကျော်ကြားသူလည်းမဟုတ်ဘူး၊ ရုပ်ရည်လှပတင့်တယ်ချောမွေ့သူလည်းမဟုတ်ဘူး၊ ဒါပေမယ့် မာနကရှိလာတယ်။

ဒီမာနဟာ ငါဆိုတာကနေပေါက်ဖွားလာတာဖြစ်တယ်။ ငါဆိုတဲ့သက္ကာယဒိဋ္ဌိငါအစွဲကြောင့်ပါလား။ ငါ့ကိုဘာထင်သလဲ။ ငါ့ကိုဘာကောင်မှတ်လဲ၊ ငါ့ကိုစော်ကားတာလား၊ ငါတတ်တယ်ငါသိတယ်။ ငါကျွမ်းတယ် ငါ ငါ ငါဆိုတဲ့ငါကြောင့်ဖြစ်ရတာပါလားဆိုတာတွေးမိလာတယ်။ ဒီတော့လည်း သူတောင်းစားမှာငါရှိရင် မာနရှိမှာပဲ၊ အိမ်သာကျင်းတူးသူမှာ ငါရှိရင် မာနရှိမှာပဲ။ ငါရှိသူတိုင်းမာနရှိကြပေမယ့် ငါလူရည်ချွန်ဖြစ်မှသိတော့တာပါလားလို့တွေးပြီးတစ်ယောက်တည်းပြုံးနေမိချိန် ဟိုအဝေးတစ်နေရာအသံချဲ့စက်က ပင်လယ်လေအဝေ့မှာသီချင်းသံ့သံ့ကြားရတယ်။ ဂီတလုလင်မောင်ကိုကိုရဲ့မာန်ဆိုတဲ့သီချင်းသံလေး။

*မာနတံခွန်xxxမိုးစွန်တိမ်ဖျားxxxကျော်ကာသွားသည့်xxxအနုပညာရှင်လောကမြေပြင်xxx ငါသာလျှင် ငါနဲ့နိုင်းပါလို့xxxငါမပါရင်လေxxxဩော်ဘယ်ခါမှမဖြစ်ပေဘူးxxxစနစ်အခြေကို xxxမလေ့လာxxxမေ့ကာပxxxလောကဓံအကြောင်းxxxနှောင်းခဲ့တဲ့ပညာရှင်တွေဂုဏ်သတင်းတွေxxxထုံသင်းဝေခဲ့တဲ့ငွေအသပြာxxxကုဋေကုဋာမရေရာလှပေမယ့် xxx မသေချာလှတဲ့ မှတ်တမ်းတွေ xxx မရေရာလှတဲ့ဇာတ်လမ်းတွေ xxx ဂုဏ်သတင်းပုံ့မွေးxxxဘယ်လိုပင်မွေးပေမယ့်xxxအနှေးနဲ့အမြန်xxx လောကဓံတရားရဲ့လှည့်စားသမျှတွေxxxအဆင်းအတက်xxxအနိမ့်အမြင့်xxxအဆင့်ဆင့်ဖြာဝေxxx တွေ့ရကြုံရမြဲ xxx မလွဲမွေတာပေxxxဒါတွေကိုသိရက်နဲ့လေ xxx အဆင်အခြင်တွေကင်းခဲ့ပေxxxတစ်နေ့တော့ အခြေမလှ မြေခမယ်လေxxxမင်းထက်တော်သာတာပေါ် လာဦးမလေxxx အစဉ်အမြဲသတိကိုစေ xxx ဘဝပေးကအစစမဟန်xxxမရေးချုန်သတ်မာန်xxxထန်ပြင်းတဲ့xxxxမုန်တိုင်းကိုလေxxxxတစ်နေ့ကျတော့တွေ့ရမလေxxx သဘာဝကို အစဉ်ထာဝရထင်နေxxxအနုပညာခယောင်းမြေ xxx အသစ်တွေပေါင်း xxx အကြောင်းဖွေကြည့်ပါ အဆွေ။*

ရေနံ့သာအောင်ချမ်းဇော်

# ထီ

**ဆရာဦးမောင်မောင်သန်း**
**(ရှင်ကိုအေးမြစေသား)**

(၇) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

စက်တင်ဘာလ ၅၊ ၁၂၊ ၁၆၊ ၂၆၊ ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို ပန်းအဖြူရောင်များ၊ ပေါက်ပေါက်များနဲ့ ပူဇော်ပြီး ပဋ္ဌာဝါရ ပဋ္ဌာန်းရွတ်ပူဇော်ပါ။ မရရင် ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသရွတ်ပူဇော်ပါ။ အခက်အခဲများရှိနေလျှင် ဗုဒ္ဓါဂုဏ်တော်ကို (၁၅) မိနစ်၊ နာရီဝက်ပုတီးစိပ်ပါ။ ငါးရက်ပြုလုပ်ပြီးမှ အားထုတ်ပြီးမှ ထီထိုးပါ။

အောက်တိုဘာလမှာ ၆၊ ၃၊ ၂၊ ၉ ဂဏန်းများနဲ့ ကံစပ်နေပါတယ်။

**တနင်္လာသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၇၊ ၂၈ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို ဆွမ်း(၃)ပွဲကပ်လှူပူဇော်ပြီး သရဏဂုံ-၃၀ကို ပုတီးစိပ်ပါ။ အချိန်မပေးနိုင်သူများက (၉) ကြိမ်ရွတ်ဆိုပူဇော်ပါ။ (၉) ရက်ပြည့်ပြီးရင် ထီထိုးၡရပါပြီ။

အောက်တိုဘာလမှာ ၆၊ ၅၊ ၄၊ ၈ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

**အင်္ဂါသားသမီးများ**

စက်တင်ဘာလ ၅၊ ၁၂၊ ၁၄၊ ၁၅၊ ၁၈၊ ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်ကို စံပယ်ပန်းတွေနဲ့ဝေနေအောင်ပူဇော်ပြီး သရဏဂုံကို ပုတီးစိပ်ပါ။ (၃) ရက်ပြည့်တိုင်း တစ်ခါထီထိုးဖို့ ရက်ရွေးထိုးပါ။ (၃) ကြိမ်ပြုလုပ်ပါ။

အောက်တိုဘာလမှာ ၆၊ ၃၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

**ဗုဒ္ဓဟူးသားသမီးများ**

စက်တင်ဘာလ ၆၊ ၁၂၊ ၁၅၊ ၁၆၊ ၂၁၊ ၂၃၊ ၃၀ ရက်များမှာ ထီထိုးပါ။

အားတဲ့ရက်တစ်ရက်ကိုရွေးပါ။ တစ်ရက်တည်း ဘုရား(၆)ဆူပြည့်အောင်သွားဖူးပါ။ ဘုရားတိုင်းမှာရှိတဲ့ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ပန်းပေါင်းစုံ (၅) မျိုးနဲ့ ဖယောင်းတိုင် (၅) တိုင်ထွန်း၊ သရဏဂုံသက်စေ့ရွတ်ပြီး ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလမှာ ၆၊ ၄၊ ၈၊ ၇၊ ၀ ဂဏန်းတွေ ကံစပ်နေပါတယ်။

**ကြာသပတေးသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၆၊ ၂၇ ရက်တွေမှာထီထိုးပါ။

ဘုရားရှင်ကို သပြေပန်းတွေဝေနေအောင်ပူဇော်ပါ။ သစ်သီးတွေအများကြီးနဲ့ သစ်သီးဆွမ်းကပ်လှူပါ။

အောက်တိုဘာလမှာ ၆၊ ၅၊ ၄၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

**သောကြာသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၈၊ ၂၈ ရက်တွေမှာ ထီထိုးပါ။

ကြာသပတေးနံ ဘွဲ့အမည်ရှိတဲ့ဘုရားကိုသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ စံပယ်ပန်းတွေဝေနေအောင်ပူဇော်ပြီး ဖယောင်းတိုင်(၃)တိုင်ထွန်းပါ။ သရဏဂုံကို ပုတီး (၃)ပတ်ရအောင်စိပ်ပါ။ ကြာသပတေးနံဘွဲ့ဘုရားမဟုတ်လျှင်လည်း ဘုရားတစ်ဆူဆူရဲ့ ကြာသပတေးထောင့်မှာပြုလုပ်ပါ။

အောက်တိုဘာလမှာ ၆၊ ၄၊ ၈၊ ၇ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

**စနေသားသမီးများ**

စက်တင်ဘာလ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၅၊ ၂၉ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း နေရာအနှံ့ ဘုရားစုံဖူးပါ။ ဖူးချင်တဲ့ဘုရားစေတီမှန်သမျှဖူးပါ။ လှူချင်တာမှန်သမျှလှူပါ။ အပြန်မှာထီထိုးပါ။

အောက်တိုဘာလမှာ ၅၊ ၄၊ ၈၊ ၂၊ ၉ ဂဏန်းတွေနဲ့ ကံစပ်နေပါတယ်။

ဒီလမှာ (၇) ရက်သားသမီးမည်သူမဆို ၁၂-၉-၂၀၁၇ အင်္ဂါနေ့မှာ ထီထိုးဖြစ်အောင်ထိုးကြပါ။

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပေါက်ပြီဆိုတာနဲ့လှူပါ။ မမေ့ပါနဲ့။

ဆရာဦးမောင်မောင်သန်း
(ရှင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် ဓနံလာဘံဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာရရှိခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။ ဤလတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်နှင့် နှစ်ကြိမ်ယှဉ်သည်။ ပထမအကြိမ်တွင် ၁-၁၀-၂၀၁၇နေ့ နံနက် (၇း၂၇) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ညဥ့် (၇း၂၇း၂၀) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်ကာ ၂-၁၀-၂၀၁၇ နေ့တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ ထွက်ခွာသည်။ ၁-၁၀-၂၀၁၇ နေ့ (၁၅း၁၆း၁၃) နာရီမှ (၁၇း၁၅း ၁၃) နာရီတွင် လင်္ဂသည် ဓနသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်၍ ၎င်းနေ့ (၂၁း၂၇း၄၇) နာရီမှ (၂၁း၄၄း၀၃) နာရီမှ (၂၁း၄၄း၀၃) နာရီတွင် မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည် ဖြစ်သည်။

ဒုတိယအကြိမ်တွင် ၂၈-၁၀-၂၀၁၇ နေ့ ညနေ (၄း၂၂) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ကို စတင်ဝင်ရောက်ပြီး ၂၉-၁၀-၂၀၁၇ နေ့နံနက် (၄း၂၂း၁၄) နာရီဝယ် စန်းသည် ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်နေမည်ဖြစ်ကာ ၎င်းနေ့ညနေ (၄း၂၂)နာရီ၌ ဓနသိဒ္ဓိနက္ခတ်မှစန်းသည် ထွက်ခွာမည် ဖြစ်သည်။ ၂၉-၁၀-၂၀၁၇ ရက်နေ့ (၁၃း၂၅း၀၅) နာရီမှ (၁၅း၂၅း၀၅) နာရီအတွင်း လင်္ဂသည် ဓနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည်ဖြစ်ပြီး ၂၈-၁၀-၂၀၁၇ ရက်နေ့ (၁၉း၃၉း၃၅) နာရီမှ (၁၉း၅၈း၅၁)နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည်ဖြစ်သည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၅း ၁၆း ၁၃ | ၁၇း ၁၅း ၁၃ | ၁ | ၂၁း ၂၇း ၄၇ | ၂၁း ၄၄း ၀၃ |
| ၂ | ၁၅း ၁၂း ၁၇ | ၁၇း ၁၁း ၁၇ | ၂ | ၂၁း ၂၃း ၅၁ | ၂၁း ၄၀း ၀၇ |
| ၃ | ၁၅း ၀၈း ၂၁ | ၁၇း ၀၇း ၂၁ | ၃ | ၂၁း ၁၉း ၅၅ | ၂၁း ၃၆း ၁၁ |
| ၄ | ၁၅း ၀၄း ၂၅ | ၁၇း ၀၃း ၂၅ | ၄ | ၂၁း ၁၅း ၅၉ | ၂၁း ၃၂း ၁၅ |
| ၅ | ၁၄း ၀၀း ၂၉ | ၁၆း ၅၉း ၂၉ | ၅ | ၂၁း ၁၂း ၀၃ | ၂၁း ၂၈း ၁၉ |
| ၆ | ၁၄း ၅၆း ၃၃ | ၁၆း ၅၅း ၃၃ | ၆ | ၂၁း ၀၈း ၀၇ | ၂၁း ၂၄း ၂၃ |
| ၇ | ၁၄း ၅၂း ၃၇ | ၁၆း ၅၁း ၃၇ | ၇ | ၂၁း ၀၄း ၁၁ | ၂၁း ၂၀း ၂၇ |
| ၈ | ၁၄း ၄၈း ၄၁ | ၁၆း ၄၇း ၄၁ | ၈ | ၂၁း ၀၀း ၁၅ | ၂၁း ၁၆း ၃၁ |
| ၉ | ၁၄း ၄၄း ၄၅ | ၁၆း ၄၃း ၄၅ | ၉ | ၂၀း ၅၆း ၁၉ | ၂၁း ၁၂း ၃၅ |
| ၁၀ | ၁၄း ၄၀း ၄၉ | ၁၆း ၃၉း ၄၉ | ၁၀ | ၂၀း ၅၂း ၂၃ | ၂၁း ၀၈း ၃၉ |
| ၁၁ | ၁၄း ၃၆း ၅၃ | ၁၆း ၃၅း ၅၃ | ၁၁ | ၂၀း ၄၈း ၂၇ | ၂၁း ၀၄း ၄၃ |
| ၁၂ | ၁၄း ၃၂း ၅၇ | ၁၆း ၃၁း ၅၇ | ၁၂ | ၂၀း ၄၄း ၃၁ | ၂၁း ၀၀း ၄၇ |
| ၁၃ | ၁၄း ၂၈း ၀၁ | ၁၆း ၂၈း ၀၁ | ၁၃ | ၂၀း ၄၀း ၃၅ | ၂၀း ၅၆း ၅၁ |
| ၁၄ | ၁၄း ၂၄း ၀၅ | ၁၆း ၂၄း ၀၅ | ၁၄ | ၂၀း ၃၆း ၃၉ | ၂၀း ၅၂း ၅၅ |
| ၁၅ | ၁၄း ၂၀း ၀၉ | ၁၆း ၂၀း ၀၉ | ၁၅ | ၂၀း ၃၂း ၄၃ | ၂၀း ၄၈း ၅၉ |
| ၁၆ | ၁၄း ၁၆း ၁၃ | ၁၆း ၁၆း ၁၃ | ၁၆ | ၂၀း ၂၈း ၄၇ | ၂၀း ၄၅း ၀၃ |
| ၁၇ | ၁၄း ၁၂း ၁၇ | ၁၆း ၁၂း ၁၇ | ၁၇ | ၂၀း ၂၄း ၅၁ | ၂၀း ၄၂း ၀၇ |
| ၁၈ | ၁၄း ၀၈း ၂၁ | ၁၆း ၀၈း ၂၁ | ၁၈ | ၂၀း ၂၀း ၅၅ | ၂၀း ၃၈း ၁၁ |
| ၁၉ | ၁၄း ၀၄း ၂၅ | ၁၆း ၀၄း ၂၅ | ၁၉ | ၂၀း ၁၄း ၅၉ | ၂၀း ၃၄း ၁၅ |
| ၂၀ | ၁၄း ၀၀း ၂၉ | ၁၆း ၀၀း ၂၉ | ၂၀ | ၂၀း ၁၁း ၀၃ | ၂၀း ၃၀း ၁၉ |
| ၂၁ | ၁၃း ၅၆း ၃၃ | ၁၅း ၅၆း ၃၃ | ၂၁ | ၂၀း ၀၇း ၀၇ | ၂၀း ၂၆း ၂၃ |
| ၂၂ | ၁၃း ၅၂း ၃၇ | ၁၅း ၅၂း ၃၇ | ၂၂ | ၂၀း ၀၃း ၁၁ | ၂၀း ၂၂း ၂၇ |
| ၂၃ | ၁၃း ၄၈း ၄၁ | ၁၅း ၄၈း ၄၁ | ၂၃ | ၁၉း ၅၉း ၁၅ | ၂၀း ၁၈း ၃၁ |
| ၂၄ | ၁၃း ၄၄း ၄၅ | ၁၅း ၄၄း ၄၅ | ၂၄ | ၁၉း ၅၅း ၁၉ | ၂၀း ၁၄း ၃၅ |
| ၂၅ | ၁၃း ၄၀း ၄၉ | ၁၅း ၄၀း ၄၉ | ၂၅ | ၁၉း ၅၁း ၂၃ | ၂၀း ၁၀း ၃၉ |
| ၂၆ | ၁၃း ၃၆း ၅၃ | ၁၅း ၃၆း ၅၃ | ၂၆ | ၁၉း ၄၇း ၂၇ | ၂၀း ၀၆း ၄၃ |
| ၂၇ | ၁၃း ၃၂း ၅၇ | ၁၅း ၃၂း ၅၇ | ၂၇ | ၁၉း ၄၃း ၃၁ | ၂၀း ၀၂း ၄၇ |
| ၂၈ | ၁၃း ၂၉း ၀၁ | ၁၅း ၂၉း ၀၁ | ၂၈ | ၁၉း ၃၉း ၃၅ | ၁၉း ၅၈း ၅၁ |
| ၂၉ | ၁၃း ၂၅း ၀၅ | ၁၅း ၂၅း ၀၅ | ၂၉ | ၁၉း ၃၅း ၃၉ | ၁၉း ၅၄း ၅၅ |
| ၃၀ | ၁၃း ၂၁း ၀၉ | ၁၅း ၂၁း ၀၉ | ၃၀၁၉း ၃၁း ၃၄ | ၁၉း ၅၀း ၅၉ | |
| ၃၁ | ၁၃း ၁၇း ၁၃ | ၁၅း ၁၇း ၁၃ | ၃၁ | ၁၉း ၂၇း ၄၇ | ၁၉း ၄၇း ၀၃ |



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသောအသံများကို သူ
းထဲကြားနေရသည်ဟု ထင်သည်။
ဒိပ်မက်လားဟု ပြန်တွေး၏။ အိပ်မက်
ဟုတ်၊ သူနိုးနေပြီ။ နားစွင့်ထား၏။
ခသက်ကို မှန်မှန်ရှူနေ၏။

အဖေ၏ဟောက်သံက ပိုကျယ်
သည်။ အမေ၏အသက်ရှူသံကိုတော့
ဲ့သဲ့မျှသာကြားရ၏။ အမေ၏အသက်
ျှသံနှင့်လုံးဝမတူ။ အဖေ၏ဟောက်သံ
လာက်လည်းမကျယ်၊ ဘာသံတွေပါလိမ့်
ု သူတွေးနေသည်။

ရှဲရှဲရှဲရှဲမြည်သံတွေက သူ့နားထဲ
ကျယ်လာသည်။ သူ့နားနှင့်အနီးဆုံး
ကြမ်းခင်းပြင်ကအသံသည် သူ့နားနှင့်
နီးသည်။ နောက်ခေါင်းရင်းကထရံကို
ွားတက်လာသံကြားရသည်။ သက်ရှိ
ပတ္တဝါတစ်ကောင်ခြေသံဟုထင်သည်။
းကိုပိုစွင့်မိ၏။

ခေါင်းမိုးပေါ်ကလည်း ဖြိုးဖြိုး
ဖြောက်ဖြောက်အသံတွေကို ကြားရပြန်
ည်။ အသံကြားရာဆီသို့ လှမ်းကြည့်မိ
၏။ အမှောင်ထဲတွင် ဘာမှမမြင်ရ။ ခြေ
င်းထရံထောင့်ဆီမှ ကြားရပြန်၏။
င်လယ်မှလှိုင်းအုသံများ ပဲ့တင်ပြန်သံ
ားဟု သူတွေးပြန်သည်။သူ့တစ်သက်

ကြားနေကျ ပင်လယ်မှလှိုင်းအုသံကို သူ့
နားစွဲသည်။ ပင်လယ်မှ လှိုင်းအုသံ
မဟုတ်။ စိတ်ထဲက ပင်လယ်လှိုင်းအုသံ
ကို ခွဲခြားသိနေသည်။ပင်လယ်ဘက်မှ
လည်း တရှဲရှဲမြည်လာသံများကိုကြားနေ
ရသလိုပင်။ အပြင်က အုန်းလက်လေ
တိုးသံများကိုလည်း အတိုင်းသားကြား
နေရ၏။ အုန်းလက်လေတိုးသံက သူ့
နားစည်ကိုလာရိုက်သံမဟုတ်။ အိမ်ထဲ
ကကြားနေရသောအသံသည် ဘာသံနှင့်
မှမတူ။ လှိုင်းအုသံမဟုတ်။ လေတိုးသံ
မဟုတ်။ စိတ်ထဲသက်ာယနမကောင်းတော့။
ကျောထဲကလည်းစိမ့်ချင်လာ၏။ မြွေပါး
ကင်းပါးအိမ်ပေါ်တက်လာလေသလား
ဟု စိုးရွံ့လာသည်။

အမှောင်ထဲတွင်ဘေးကိုလျှောက်
စမ်းကြည့်၏။ အဖေ့လက်ကို ဦးစွာစမ်းမိ
သည်။ အဖေ၊ အဖေဟုလှုပ်နှိုးခေါ်လိုက်
သည်။

"ဟင် . . . သား အောင်တိုင်"

ဤမျှနှင့် အဖေ့အသံတိတ်သွား
သည်။ ပြန်အိပ်ပျော်သွားပုံရသည်။

အဖေ၊ အဖေ ဟု ထပ်ခေါ်သည်။
လက်ကိုလည်း ခပ်ကြမ်းကြမ်းဆွဲလှုပ်
လိုက်မိသည်။ အဖေက သူ့လက်ကို
ရှုန်းဖယ်ပစ်လိုက်၏။ အိပ်ချင်မူးတူးသံ
ပေါ်လာသည်။

"ဘာလဲ ဒီကောင်"

"ဘာလဲမသိဘူးဗျ၊ အိမ်ထဲမှာရှဲရှဲ
ရှဲရှဲအသံတွေကြားနေရတယ်"

"လေတိုက်နေတာပဲ သားရယ်၊
သဲပွင့်တွေ ခေါင်မိုးပေါ်ကျသံနေမှာပေါ့။
အိပ် . . . အိပ်"

အမေပါနိုးလာ၍ ပြောလာ၏။

ဟုတ်မည်လားဟု ထင်ယောင်
လိုက်သည်။ တောင်ပင်လယ်တွင်
မုတ်သုန်လေအဝင်ကြမ်းနေ၏။ ကပ္ပလီ
ပင်လယ်ပြင်မှ လှိုင်းအုသံတို့ ပိုကျယ်လာ
သည်။သို့သော် အိမ်၏နေရာအနှံ့အပြား
မှ တရှဲရှဲမြည်နေသံကား ပျောက်မသွား၊
ပို၍သာကျယ်လာ၏။

အသက်ကိုမှန်မှန်ရှူ၏။ မျက်လုံး
ကိုမှိတ်ထားလိုက်သည်။ စောင်ကို လည်
ပင်းအထိ ဆွဲခြုံထားလိုက်သည်။ နားထဲ
တွင် ရှဲရှဲမြည်သံတွေက ပျောက်မသွား။

"အမေ့"

ရုတ်တရက်လန့်၍ အော်လိုက်မိ
သည်။ မျက်နှာပေါ် ရွရွတွားတက်လာ
သောအကောင်ကိုလည်း လက်နှင့်ကမန်း
ကတန်းရိုက်ချလိုက်မိသည်။ သူ့လက်



# မိုးကျော့
# နဒီကန္တာရမြို့တော်

သူရဋ္ဌမဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com

သည်  အဖေ၏ကိုယ်ပေါ်ကိုပါရိုက်မိသွားသည်။ လူးလိမ့်သံများနှင့် ကြမ်းခင်းတစ်ပြင်လုံး ကျိုးကျိုးကျည်ကျည်မြည်သွားသည်။

"ဘာလဲဟဲ့"

"ဒီကောင်လေးဟာလေ ကောင်းကောင်းအိပ်တာမဟုတ်ဘူး။ ဘာဖြစ်နေလဲ တောက်"

"ဘာကောင်မှန်းမသိဘူး အဖေ၊ မျက်နှာပေါ်လာတက်တယ်ဗျ။ကိုယ်ပေါ်လည်း စကြိုလာလျှောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကြုံကြုံဖန်ဖန်ကွာ၊ ဗလီးကဇာန်း နေမှာပေါ့"

အဖေက ဤမျှသာပြော၍ ငြိမ်အိပ်သွားပြန်၏။ လှုပ်ရှားသံပင်မကြားရတော့။ အိပ်၊ အိပ်ဟူသော အမေ့အသံက ပြန်ပေါ်လာသည်။

"မဟုတ်ဘူးဗျ၊ ရွှစ်ရွှစ်နဲ့"

"အိမ်ပင့်ကူလား၊ အိမ်မြှောင်လား"

"မဟုတ်ပါဘူးဆို အမေကလည်းဗျာ"

"ပင့်ကူရုပ်ရင် ယားတတ်တယ်သား၊ ယားလား"

"ဟင့်အင်း - မယားဘူး"

"ညကြီးမင်းကြီး စကားရှည်နေလိုက်ကြတာ အိပ်. . ."

အဖေ၏ စိတ်မရှည်သံ။

"မျက်နှာပေါ် လာလာတက်လို့ဗျ"

"ခေါင်းမြီးခြုံထားကွာ၊ တော်တော့ အိပ်"

အဖေကအော်ပြန်၏။

အမေပါ အသံတိတ်သွားသည်။

ခေါင်းမြီးခြုံ၍ သူမအိပ်တတ်။ ခေါင်းမြီးခြုံထားလျှင် အသက်ရှူမဝ၊ မွန်းကျပ်သည်။ ထို့ကြောင့် အိပ်၍မရ။ မျက်နှာပေါ် ရွှစ်ရွှစ်ချည်းတွေ့နေရ၏။ ခေါင်းမြီးခြုံလိုက်ပြန်ဖွင့်လိုက်လုပ်နေ၏။ အိမ်နေရာအနှံ့အပြားမှ ရှဲ့ရှဲ့မြည်သံတွေ ပိုကျယ်လာ၏။ အမေ၊အဖေတို့ကတော့ ခေါင်းမြီးခြုံ၍အိပ်တတ်ကြ၏။ အဖေ၏ ဟောက်သံကို ပြန်ကြားရသည်။ အမေ၏ အသက်ရှူသံကိုလည်းကြားရသည်။ ရှဲ့ရှဲ့မြည်လာသံကလည်း ပျောက်မသွား။

စောင်ကို ခေါင်းမြီးခြုံလိုက်သည်။ နားနှစ်ဖက်ကို လက်နှင့်ပိတ်ထား၏။ အသက်ကို မှန်မှန်ရှူသွင်းနေသည်။ မကြာမီ မှေးခနဲဖြစ်သွား၏။

❑

ပင်လယ်နားမှ လှိုင်းအူသံ၊ အပြင်က လေတိုးသံနှင့် အိမ်ထဲက ရှဲ့ရှဲ့မြည်သံထက်ပိုကျယ်သော အဖေ၏ဓာတ်မီးခြစ်ကျောက်ခတ်သံကို အနီးဆုံးကြားလိုက်ရသည်။

"တောက် - အရေးဆို ဒီမီးခြစ်ကလည်း ထွန်းလို့ကိုမတောက်ချင်ဘူး။ ဟဲ့ - အနီး ယမ်းမီးခြစ်ကောဟ"

"တော့်ခေါင်းရင်းကဝါးလုံးအောက် မတွေ့ဘူးလား"

ခေါင်းမြီးခြုံထဲက အိပ်မှုန်စုံမွှားနှင့် အမေပြော၏။

အောင်တိုင်ကအသံမကြားအောင် တစ်ချက်သမ်းပစ်လိုက်သည်။ ငြိမ်ပြီး နားစွင့်နေ၏။

"စလူဖက်နဲ့ထုပ်ထားပါပြောတယ်၊ ဒီအတိုင်းထားတယ်။ မှိုတက်ရင် ထွန်းမရဘူးဟ"

ယမ်းမီးခြစ်ကို စမ်းမိသွားသော အဖေက မြည်တွန်တောက်တီးလုပ်နေပြန်၏။

"ဘာဖြစ်နေတာလဲ၊ ဆေးတံရှာ မတွေ့ပြန်ဘူးလား"

"ဆေးတံသောက်မလို့ မဟုတ်ဘူးဟ"

"ဘာလဲ"

"ဘာကောင်တွေလဲမသိဘူး၊ ခုလုခုလုနဲ့ အိပ်ရာပေါ် . . ."

ရှဲခနဲမြည်သွားသံနှင့်အတူ ယမ်းညှော်နံ့သင်းသွား၏။

"မီးခွက်တွေ့လား"

"အေး အေး"

မီးလင်းလာ၏။

"ဟ - ငါ့သားပြောတာ ဟုတ်တာ "ဝင်ကစွပ်တွေဟ"

ခေါင်းမြီးခြုံကို ရုတ်ခနဲဖွင့်၍ အောင်တိုင်က အမေထက် ဦးစွာထထိုင်လိုက်သည်။ အမေက ခေါင်းထောင်ရုံသာရှိသေး၏။

"ဝင်ကစွပ်တွေဟုတ်လား"

"ဟုတ်ပါတယ်ဆို၊ အားကြီးပဲဟ၊ ဒီကောင်တွေ ဘယ်ကဘယ်လိုရောက်လာကြပါလိမ့်"

ရေနံဆီမီးခွက်ရောင်ကြောင့် ဝင်ကစွပ်ကောင်တွေက ချက်ချင်းငြိမ်ကုပ်သွားကြသည်။ တစ်ကောင်မှတုတ်တုတ်မလှုပ်ကြ။ အသေလိုငြိမ်နေကြ၏။

"ဟုတ်ပါ့တော် ကြည့်စမ်း၊ ကြည့်စမ်း ဒီအကောင်ဆို အပေါ်ခွံတောင်ပါမလာဘူး"

အမေက အမွေးစုတ်ဖွား ခြေကားရားလက်ကားရားနှင့် ဝင်ကစွပ်တစ်ကောင်ကို သူ့စောင်ပုံထဲကလှမ်းကောက်က ကြမ်းပေါက်မှ အိမ်အောက်သို့ပစ်ချလိုက်သည်။

သူ့အမေ လှမ်းကောက်ပစ်လိုက်သော ဝင်ကစွပ်ကောက်ကိုမြင်လိုက်ရ၍ အောင်တိုင် ကြက်သီးတဖြန်းဖြန်းထသွား၏။ နည်းနည်းနောနောအကောင်ကြီး မဟုတ်။ သူ့လက်သီးဆုပ်နီးနီးရှိ၏။

"စောစောက ကျုပ်သားမျက်နှာပေါ် လာတက်တာ သင်းတို့ကိုး"

မီးရောင်မြင်၍ သူ့စောင်ကြားထဲ ဝင်ပုန်းနေသော ခရုခွံဝတ်ဝင်ကစွပ်တစ်ကောင်ကို ကောက်ပစ်လိုက်ပြန်၏။

"ဟ - ခေါင်းအုံကြားထဲလည်း တစ်ကောင်ဟ"

"အဖေ့ကို ကျုပ်ပြောသား... မျက်နှာပေါ် လာတက်ပါတယ်ဆို"

"အေးကွ၊ ငါ့သားပြောတာဟုတ်တယ်။ ဒီကောင်တွေ ဘယ်ကဘယ်လို ရောက်လာကြပါလိမ့်"

"ရွာအောက်ဇီးချုံတောထဲကတက်လာကြတာနဲ့တူတယ်နော် အဖေ"

"အင်း - ရွာအောက်ဇီးချုံတောထဲ စံပန်းတောထဲနေတာ ဘယ်နှယ့် ဘယ်နှယ့် အိမ်ပေါ်ရောက်လာကြပါလိမ့်"

သူတို့သားအဖနှစ်ယောက်သာ စကားပြောနိုင်ကြ၏။ သူ့အမေက စကားပင် မပြောအား။ ဝင်ကစွပ်ကောင်တွေကိုသာ တစ်ကောင်ပြီးတစ်ကောင် ကောက်၍ ကြမ်းပေါက်ထဲကနေ အိမ်အောက်သို့ ပစ်ချနေသည်။ သို့သော် ဝင်ကစွပ်ကောင်တွေမှာ တစ်အိမ်လုံး ကောက်ပစ်၍ မကုန်နိုင်လောက်အောင် များနေ၏။

ခေါင်းအုံးစောင်ကြားနှင့်ဖျာကြား ထဲက ဝင်ကစွပ်အကြီးအသေးတွေကို အောင်တိုင်ကလည်း ရှာကောက်၍ ကြမ်းပေါက်က အောက်သို့ပစ်ချရသည်။

"ဟောဗျာ - ကြည့်စမ်းပါဦး၊ အိမ်ခေါင်မိုးအောက်မှာလည်း သင်းတို့က ပြည့်လို့ပါလား"

အဖေက ဆီမီးခွက်ကို မြှောက်ကြည့်၍ စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။

အဖေ့စကားကြောင့် အောင်တိုင်က အပေါ်ကိုမော့ကြည့်လိုက်သည်။

နံရံတန်းနှင့် လျောက်တန်းရက်မ တစ်လျှောက်တွင် ဝင်ကစွပ်ကောင်တွေ ကပြည့်နေ၏။ တချို့အကောင်တွေမှာ ကမန်းကတန်းလာကြရသလို သူတို့ ကိုယ်ပေါ်၌ အဝတ်အခွံပင်ပါမလာကြ။ ကိုယ်တုံးလုံးနှင့် လျောက်တန်းရက်မ များကို တအားဖက်တွယ်ထားကြ၏။

မီးရောင်မြင်၍ လှုပ်တော့မလှုပ်ရဲကြ။ အသေလိုငြိမ်နေကြ၏။ အခွံ အဝတ်ပါသောအကောင်များကမူ သူတို့၏ခြေလက်ကိုပင်မမြင်ရအောင် အခွံထဲ သွင်း၍ဝှက်ထားကြ၏။ အကြောင်းမသိ သူများသာဆိုလျှင် ခရုကောင်၊ ခေါင်း ကောင်ဟုသာ ထင်လေမည်။

ဤသည်မှာလည်း သူတို့၏ သဘာဝ ဖြစ်၏။ သူတို့၏မျက်စိသည် အလင်းကိုကြောက်၏။ထို့ကြောင့် ညကျမှ အစာရှာ၊ အဝတ်အခွံရှာထွက်တတ်ကြ၏။ ဤသည်ကိုပင် ရှေးလူကြီးတွေက အဝတ်မရှိသောဝင်ကစွပ်များသည် နေ့ခင်းမထွက်ရဲ ရှက်၍ပုန်းနေကြသည်။ ညမှထွက်ရဲသည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့အား အသက်ဇီဝကိုသာ မွေးဖွားပေးလိုက်သော သဘာဝဘုရားသခင်သည် အဝတ်အဆင်ကိုမူ ခြွင်းချန်ခဲ့၏။ အခြားတိရစ္ဆာန်များလို ရာသီဥတုဒဏ်ကိုကာကွယ်ရန် အဝတ်အဆင်တို့ကိုဖန်ဆင်းမပေးလိုက်။ ပင်လယ်ကမ်းခြေမှ ရရာကြုံရာ ခရုခွံ၊ ပေါင်းခွံ၊ ခုံးခွံ စသည့် သက်မဲ့အခွံတစ်ခုခုကိုရမှ ထိုအခွံထဲဝင်နေကြရ၏။ နောက်တော့ ထိုအခွံသည် သူတို့၏ကိုယ်ပိုင်အခွံဖြစ်သွား၏။ သို့သော် မကြာပါချေ။ သူတို့စဝင်စဉ်က သူတို့၏ကိုယ်ခန္ဓာမှာ တဖြည်းဖြည်းကြီးထွားလာရာ မူလစဝင်သောအခွံနှင့် သူတို့ကိုယ်သည် မဆံ့မတန်ဖြစ်လာပြန်၏။ ထိုအခါ သူနှင့်သင့်တော်မည့်အဝတ်အခွံတစ်ခုကို နောက်ထပ်ရှာကြရပြန်သည်။ သည်လိုနှင့် သူတို့မှာ တစ်ပတ်တစ်ခါ အဝတ်အခွံရှာရသောပြဿနာနှင့် အငှားခန္ဓာပြောင်းနေကြရလေသည်။

'သူတို့သည် တစ်နေ့ခင်းလုံး ပင်လယ်နားရှိ စံပန်းချုံ၊ ဆီးချုံများထဲဝင်ရောက် ခိုလှုံနေလေ့ရှိကြ၏။ လေရသောသစ်ပင်မြင့်ပေါ် တွားတက်ကာ လေခံ၍လည်း ငိုက်မျဉ်းနေတတ်ကြ၏။ ညကျလျှင် ချုံတောထဲကထွက်ကြ၏။ သဲသောင်ကို အုတ်လိုက်သင်းလိုက် ကျော်ဖြတ်ကာ ရေစပ်နားသို့ဆင်းကြ၏။ ဒီရေကျချိန်တွင် သန္တာကျောက်တန်းပေါ်ရှိ ခရုပေါင်းကောင်၊ ခုံးခွံ စသည့် ရေနေကျောက်တွယ်သတ္တဝါများတို့ကို လိုက်လံရှာဖွေကြသည်။ ပေါင်းခရု၊ ခုံးကောင်စသည်တို့မှာ သူတို့ရန်ကိုကြောက်၍ ရေနက်ထဲဆင်းပြေးပုန်းကြရ၏။ ရေနက်ထဲဆင်းရန်အချိန်မရလိုက်သော ခရုကောင်၊ ပေါင်းကောင်၊ ခုံးကောင်များမှာ ကျောက်ကြိုကျောက်ကြားထဲဝင်ပုန်းကြရ၏။

ဝင်ကစွပ်အုပ်နှင့်ပက်ပင်းတိုးမိသော သို့မဟုတ် အပြေးအပုန်းနောက်ကျသွားသော ခရုကောင်၊ ပေါင်းကောင်၊ ခုံးကောင်များမှာ ပထမ အကိုက်အသတ်ခံရမည်။ နောက် အစားခံရမည်။ ဤမျှနှင့် မပြီးသေး။ သူတို့၏သက်မဲ့ဖြစ်သွားသောအခွံကိုပါ ဝင်ကစွပ်ကောင်တို့၏ အခွံအဝတ်အဖြစ် ဝင်စွပ်ယူငင်သွားခြင်းကိုခံကြရမည်။

ထို့ကြောင့် သူတစ်ပါး၏အသက်ဇီဝကို သတ်ဖြတ်ကိုက်စားပြီး သူတစ်ပါး၏အခွံထဲဝင်နေကြရသောသူတို့မှာ အခွံနှင့်ကိုယ်ထည်သည် အံဝင်ခွင်ကျမရှိတတ်ကြ။ အကောင်ကကြီး၍ အခွံကသေးနေသလို အခွံကကြီးပြီး အကောင်ကသေးနေသည်လည်းရှိ၏။ ထို့ကြောင့်လည်း ဝင်ကစွပ်ကောင်တွေမှာ ကိုးရိုးကားရား ပုံမကျပန်းမကျဘဲလည်းရှိနေတတ်ကြသည်။

ဤသည်ကို ကမ်းရိုးတန်းနေလူများ၏ဆိုရိုးစကားက တစ်စုံတစ်ယောက်၏ အဝတ်အကျႌမတော်တရော် ကိုးရိုးကားရား ဖိုးရိုးဖားရားဖြစ်နေလျှင် 'ဝင်ကစွပ်လို ဘယ်သူ့အကျႌငှားဝတ်လာတာလဲ'ဟု သရော်လှောင်ပြောင်ခြင်းခံရတတ်သည်။

မီးရောင်မြင်၍ ဝင်ပုန်းနေကြသော်လည်း ကိုယ်ထည်ထက် အခွံကကြီးနေသော ဝင်ကစွပ်အချို့မှာ အခွံကြီးကို မသယ်နိုင်မထိန်းနိုင်ဖြစ်ကာ လျှောက်တန်းရက်မပေါ်ကတဖြုတ်ဖြုတ် ပြုတ်ကျနေကြသည်။ အခွံထက် ကိုယ်ခန္ဓာကကြီးနေသော အကောင်တွေမှာလည်း မလုံမလဲနှင့် ပုန်းစရာရှာနေကြ၏။

"ဒီကောင်တွေနဲ့တော့ ဒုက္ခပါပဲတော်"

အမေက ညည်းညည်းညူညူနှင့် ဝင်ကစွပ်အကောင်တွေကို တစ်ကောင်ပြီးတစ်ကောင်ကောက်ပစ်နေ၏။

"အေးကွ၊ ထူးထူးဆန်းဆန်း ဒီကောင်တွေ ဒီနေ့ညမှ ဘယ်ကဘယ်လိုရှာထဲ အိမ်ထဲရောက်လာကြပါလိမ့်"

အဖေက မီးခွက်မြှောက်ပြထား၏။ အမေက တုတ်တစ်ချောင်းနှင့် လျှောက်တန်းရက်မတွေပေါ် တွယ်ကပ်နေကြသော ဝင်ကစွပ်ကောင်များကို သိမ်းသပ်ချသည်။ အောက်ကျလာသော ဝင်ကစွပ်အကောင်တွေကို အောင်တိုင်က ကောက်ပစ်ရသည်။

တော်တော်နှင့် ကောက်ပစ်၍ မကုန်။ အိမ်၏ကြမ်းခင်းမှသည် တိုင်နံရံ ထုပ်လျှောက်ဒိုင်းမြားရက်မစသည့်နေရာအနှံ့ တွယ်ကပ်နေကြ၏။ ကောက်ပစ်၍ အိမ်အောက်ရောက်သွားသောအကောင်များသည် တစ်ဖန်ပြန်တက်လာကြပြန်၏။ ချောင်ကြိုချောင်ကြားမီးရောင်ကွယ်ရာသို့ တွားသွားပြီး အကြိုအကြားထဲ ဝင်ပုန်းနေကြပြန်၏။

အောင်တိုင်တို့သားအမိသားအဖ သုံးယောက်သည် တစ်ညလုံး ဝင်ကစွပ်ကောင်ကောက်ပစ်၍ သံသရာလည်နေကြသည်။

□

မိုးလင်းသွား၏။ နေခြည်၏ အလင်းရောင်ကြောင့် ဝင်ကစွပ်ကောင်တွေ အသွားအလာစဲသွားကြ၏။ရောက်ရာနေရာတွင်ပင် ငြိမ်ကုပ်နေကြသည်။ အသေလို မလှုပ်မခြောက်လုပ်နေကြ၏။

သားမိသားဖတွေ အိမ်ပြင်သို့ ထွက်လာကြသည်။

အိမ်ထဲ၌သာမဟုတ်၊ အိမ်ပြင်ကပိုက်တန်း၊ ထင်းပုံ၊ ငါးခြောက်လှမ်းစင်၊ အုန်းပင်၊ သစ်ပင်ချုံကြား စသည့် ဝန်းကျင်အနှံ့၌ ဝင်ကစွပ်ကောင် အကြီး၊ အသေး အရွယ်စုံ၊ အရောင်စုံတွေကို ဖက်တွယ်၍ တွေ့ကြရ၏။ အိမ်ခေါင်မိုးပေါ်မှာတော့ ဝင်ကစွပ်တစ်ကောင်တလေကိုမျှ မမြင်ကြရ။ တစ်ညလုံး လေနှင့်လွင့်ပါလာသော သဲပွင့်သဲလုံးလေးတွေသာ ထုတက်နေ၏။ အိမ်ခေါင်မိုးတစ်ခွင်တစ်ပြင်လုံး သဲသောင်ပြင်လို ဖွေးဖွေးထနေသည်။ လေပြင်းလေပြတ်ကား တစ်ချက်တစ်ချက်တိုက်ဆဲ။ ဝေါခနဲလာတိုက်သွားလိုက်။ မိနစ်ခြားပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နှင့် ပြတ်တောင်းပြတ်တောင်းတိုက်နေ၏။ ဤသည်ကို သူတို့ဆီက လေခါးပြတ်ဟုခေါ်ကြသည်။ပင်လယ်သဲပွင့်သဲလုံးလေးများထဲတွင် ဆားငန်ဓာတ်တွေပါသဖြင့် ခနိမိုးတွေတော့ ဆွေးကုန်တော့မှာပဲဟု အမေကညည်းသည်။

သားမိသားဖသုံးယောက် အိမ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကြ၏။

အိမ်နောက်ဘက်ရှိ လေကာကျောက်ဆောင်ကျောက်တန်းများအကြိုအကြားတွင် ဝင်ကစွပ်ကောင်တွေ သည်းသည်းလှုပ်နေကြ၏။ အိမ်ထဲမှာဆိုကောက်ပစ်မည့်သူမရှိသဖြင့် လွတ်လွတ်လပ်လပ် ရွာကြီးမြို့ကြီးတည်နေကြ၏။ အကြိုအကြား လေကွယ်ရာအရပ်၌ ပြည့်နေ၏။ အကောင်ငယ်များသည် ခြေချစရာပင်မရကြသဖြင့် ရွေ့ရွေ့တိုးခွေ့ကာ နေရာလုကြတုန်း။ အကြီးကောင်များ၏အခွံကိုယ်ပေါ်သို့လုယက်တက်ကာ တွယ်တက်နေကြ၏။ အိမ်နောက်ဘက်ရှိ လေကာကျောက်တုံးကြီးများ၌သာမဟုတ်။ တောင်ဘက်ရှိ ချုံပုတ်၌လည်းလာပြီး အိမ်နေအိမ်စားပြည့်နေကြသည်။

အိမ်ရှေ့ဘက် ဆီးချုံအစနားတွင် လူရိပ်မြင်သဖြင့် အမေက လှမ်းကြည့်၏။ အဖေကမူ ချက်ချင်းမြင်လိုက်ပုံရ၏။

"ဩ ဩ အစ်ကိုကြီး အကိုင်း"

ဟု လှမ်းခေါ်သည်။

'ဟေး' ဟု ထူးသံသာကြားရ၏။ ဆီးချုံကွယ်နေသဖြင့် လူကိုမမြင်ရ။

"ညတုန်းကဗျာ ပင်လယ်နားက ဝင်ကစွပ်အုပ် အိမ်ပေါ်တက်လာလို့ တစ်ညလုံးမအိပ်ကြရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့တစ်အိမ်တည်းမှမဟုတ်တာ၊ တစ်ရွာလုံးကအိမ်တွေလည်း မင်းတို့အိမ်လိုပဲ ဘယ်မှာအိပ်ကြရလို့တုံး။ တစ်ရွာလုံးအိမ်တွေမှာ ဝင်ကစွပ်တွေ ပြည့်လို့"

ဦးအကိုင်းက လှမ်းအော်ပြောသွားသည်။ ဦးအကိုင်းမှာ အောင်တိုင်တို့ ဘကြီးတော်ဖြစ်သည်။

ဦးအကိုင်းစကားကို သားမိသားဖ သုံးယောက် အံ့ဩသွားကြ၏။

"ဟေး - ဟုတ်လား အစ်ကိုကြီး"

အဖေက မေးသည်ကို -

"ဟုတ်တာပဲ"

ဟု ပြောသွား၏။

"ခုဘယ်သွားမှာလဲ အစ်ကိုကြီး"

"ငါ ရွာဖျားပိုင်ကို့ကွ"

အောင်တိုင်တို့သားအဖတွေလည်း အိမ်နီးချင်း၊ ခြံနီးချင်းတွေကို သွားလှည့်ကြည့်ကြ၏။ အိမ်တိုင်း ခြံဝင်းတိုင်းတွင် သုံးယောက်တစ်စု၊ လေးယောက်တစ်စု ညက ဝင်ကစွပ်တွေအကြောင်းပြောနေကြ၏။ အိမ်နီးနားချင်းအိမ်ရှင်မများလည်း ထမင်းချက်ရင်း တစ်ယောက်နှင့်တစ်ယောက် လှမ်းပြောနေကြ၏။ ညက ဝင်ကစွပ်တွေအကြောင်းပင်။

မိဘများကိုလိုက်၍ ကလေးသူငယ်များကလည်း ညက သူတို့မိဘများနှင့်အတူ ဝင်ကစွပ်တွေကို မည်သို့မည်ပုံ ကောက်ပစ်ခဲ့ကြရသည့်အကြောင်းကို ဂုဏ်ယူစွာပြောနေကြ၏။ သည်လိုနှင့် တစ်နေကုန်သွားသည်။

❑

"လူလေး အောင်တိုင်၊ နင် အဲဒီ လေကာကျောက်နား ဘာသွားလုပ်နေလဲဟဲ့၊ လေကတိုက်ပါဘိနဲ့"

သူ့အမေအသံကို ကြားသဖြင့် အောင်တိုင်က ပြန်အော်ပြောလိုက်၏။

"မနေ့က ဝင်ကစွပ်တွေကို သွားကြည့်နေတာ အမေ"

"တွေ့လား"

"တစ်ကောင်မှ မတွေ့တော့ဘူး။ ဘယ်ပြောင်းသွားကြလဲမသိဘူး"

သူ့အမေ၏နောက်ထပ်အသံကို မကြားရတော့။

လေကာကျောက်တုံးကြီးတွေအကြိုအကြား မနက်က မြို့ရွာတည်နေခဲ့ကြသော ဝင်ကစွပ်တွေကို အောင်တိုင် လိုက်ရှာကြည့်နေသည်။ တစ်ကောင်တလေမှ မတွေ့ရတော့။ ကျောက်တုံးကြားထဲကဆင်းသွားကြသောခြေရာတွေကိုသာ သဲပွင့်တွေပေါ် ရှုပ်ယှက်ခတ်၍ တွေ့ရ၏။ ရေတွက်မကုန်နိုင်လောက်အောင် များပြားသော ဝင်ကစွပ်ခြေရာများထဲတွင် အကောင်ကြီးကြီးများ၏ခြေရာများကို အောင်တိုင် လိုက်ကြည့်နေသည်။

ကျောက်ဆောင်ကျောက်တုံးတွေပေါ်မှ ညကဆင်းသွားကြသော ဝင်ကစွပ်အကောင်ကြီးများ၏ ခြေရာများသည် သဲပြင်ပေါ် ထင်းထင်းထင်ကျန်နေ၏။ မနိုင်မနင်းသယ်သွားကြရသော သူတို့အခွံကြီးများ၏ဖင်ရွှေ့ရာစွပ်ကြောင်းများသည် သိသိသာသာ ဖြူဖြောင့်နေ၏။ စွပ်ကြောင်းအတိုင်း အောင်တိုင်လိုက်ကြည့်နေမိသည်။ အိမ်ဝင်းများထဲမှသည် ခြံအစသို့ထွက်သွားရာတွေ တွေ့ရသည်။ ခြံအစမှသည် ရွာလယ်လမ်းကိုဖြတ်၍ ရွာပြင်ဆီသို့ ခြေရာတွေထင်နေသည်။

ရွာပြင်မှသည် တောင်ခြေဘက်သို့ ထွက်သွားကြပုံရသည်။ ခြေရာနှင့် ဖင်ရွှေ့တွားသွားရာများကို တွေ့နေရသည်။ ပင်လယ်ကမ်းစပ်ရှိ ဆီးချုံနှင့် စံပန်းချုံတောထဲတွင်နေလေ့နေထရှိကြသောဝင်ကစွပ်များသည် ပင်လယ်ဘက် စံပန်းတော၊ ဆီးတောဘက်ကို ပြန်လမ်းမတွေ့ရဘဲ တောင်ခြေဘက်သို့သာ ဘာကြောင့်ထွက်သွားကြပါလိမ့်ဟု အောင်တိုင် တွေးနေသည်။ အသိုက်ပြောင်းတောပြောင်းသွားကြသလားဟုလည်း တွေးမိ၏။ ဝင်ကစွပ်တွေ၏ဖင်ရွှေ့ရာ ခြေရာစွပ်ကြောင်းအတိုင်း ပြန်လျှောက်၍ အောင်တိုင် ရွာဘက်ကိုပြန်လာသည်။

နာမကျန်းဖြစ်နေ၍လား သို့မဟုတ် ကြီးမားသောသူ့ကိုယ်မှ ပေါင်းခွံကြီးကို မနိုင်မနင်းသယ်ဆောင်နေရ၍လားမသိ၊ စီးကြောင်းရေစပ်စပ်ထဲတွင် တရွတ်တိုက်ဆွဲသွားနေသောဝင်ကစွပ်ကြီးတစ်ကောင်ကို အပြန်လမ်း၌ သူတွေ့ရသည်။ ထိုဝင်ကစွပ်ကောင်ကြီးသည်လည်း မျှော်တော်ဦးတောင်ခြေဘက်ကို ဦးတည်သွားနေ၏။

အံ့ဩမိသည်။ နေရောင်ခြည်အလင်းကိုကြောက်သော၊ နေ့ခင်းနေ့လယ်တွင် ခရီးသွားလာလေ့မရှိကြသော ဤဝင်ကစွပ်ကြီးအသည် တစ်နေရာရာ၌ ဝင်ပုန်းမနေဘဲ အဘယ်ကြောင့် အရေးတကြီး နေ့ခင်းကြောင်တောင် ခရီးဆက်သွားနေပါလိမ့်။

ပေါင်းခွံချွန်ချွန်ကြီးကိုသယ်သွားနေသော ဝင်ကစွပ်ကောင်ကြီးကို အောင်တိုင် ဆတ်ခနဲကောက်ယူလိုက်၏။ ဝင်ကစွပ်ကြီးသည် အောင်တိုင်လက်ထဲရောက်သည်နှင့် သူ့ခြေလက်များကို ပေါင်းခွံကြီးထဲသွင်းထားလိုက်သည်။ ထိုအခါ ခရုဂျပ်ပိတ်လိုဖြစ်သွား၏။ အောင်တိုင်သည် ဝင်ကစွပ်ကောင်၏မျက်နှာဝနှင့် သူ့နှုတ်ခမ်းကိုတည့်ကာ လေချွန်လိုက်၏။ လေထိသံကြားသည်နှင့် ဝင်ကစွပ်ကြီးက အပြင်ဘက် ခေါင်းပြူထွက်လာသည်။ အိမ်နားက လေကာကျောက်ဆောင်တွင်ထားရန် ဟူသောရည်ရွယ်ချက်နှင့် အောင်တိုင်သည် ဝင်ကစွပ်ကောင်ကြီးမျက်နှာဝကို လေမှုတ်ရင်း အိမ်ဘက်ပြေးလာသည်။

ပေါင်းခွံထဲမှ ခေါင်းပြူထွက်လာသော ဝင်ကစွပ်ကောင်ကြီးသည် ရှုံ့ရှုံ့မြည်၍ပါလာ၏။ အောင်တိုင် နှုတ်ခမ်းနှင့် ဝင်ကစွပ်ကောင်နှုတ်ခမ်းထိသောအခါ ဝင်ကစွပ်ကောင်က အောင်တိုင်နှုတ်ခမ်းကိုညှပ်တော့၏။ အောင်တိုင်လန့်ပြီး ဝင်ကစွပ်ကောင်ကြီးကို လက်ထဲကလွှတ်ပစ်လိုက်၏။ သို့သော် သူ့နှုတ်ခမ်းကိုညှပ်ထားသောဝင်ကစွပ်ကောင်ကြီးက ချက်ချင်းပြုတ်ကျမသွား။ ဝင်ကစွပ်လက်မက အောင်တိုင်နှုတ်ခမ်းကို ကဏန်းညှပ်သလို သဲသဲမဲမဲညှပ်ထား၏၊ ထိတ်လန့်ပြီး ဆွဲဖြုတ်ပစ်လိုက်သည်၊ ပြုတ်တော့ပြုတ်သွား၏၊နှုတ်ခမ်းအောက်တစ်ခြမ်း ထုံကျဉ်သွားသည်။ ထိုအခါမှ ဝင်ကစွပ်ကောင်များ၏ အဆိပ်ရှိသည်ကို သတိရလိုက်၏။ ပို၍ပြီးလန့်သွားကာ ဝင်ကစွပ်ကောင်ကြီးကို လမ်းဘေးက ဆီးချုံထဲ စိတ်ပေါက်ပေါက်နှင့် လွှင့်ပေါက်ပစ်လိုက်သည်။ နေရာကောင်းကောင်းလေးတစ်နေရာမှာထားပေးမည်ဟုယူလာခါမှ သူ့နှုတ်ခမ်းကို နာနာကျင်ကျင်ဖြစ်အောင်ညှပ်၏။ ကျေးဇူးမသိတတ်သည့် အပိုတ်တိရစ္ဆာန်။

ထုံကျဉ်သွားသော နှုတ်ခမ်း… လက်ခုံနှင့်ပွတ်လိုက်၏။ သွေးပင်စို့လာသည်။ ဆီးချုံထဲဝင်ကောက်ပြီး ကျော… ခဲနှင့်ထုသတ်ချင်စိတ်ပင်ပေါက်သွားသည်၊ သို့သော် လေပြင်းတိုက်လာ၍ ဝင်က… ကြီးကို မကျေမနပ်နှင့်ပင် အိမ်ဘက်… လာရသည်။

"ဒီလောက်လေပြင်းကျနေတာ… ဘယ်တွေလျှောက်သွားနေလဲ"

ဟု အမေက ဆီးဆိုသည်။ အ… သိလျှင် ဆူမှာစိုး၍ ဝင်ကစွပ်က သူ့… ခမ်းကိုညှပ်လိုက်သည့်အကြောင်း … သူမပြော။ တုကျိုဘာဝေလုပ်ကာ … ထဲဝင်လာ၏။

အမေပြောတာမှန်သည်။လေပြ… ကျနေသည်။ ဝင်းထဲကအုန်းပင်အ… ခါးညွတ်ယမ်းခါနေသည်။ပင်လယ်… မှ လှိုင်းအူသံပိုကျယ်လာ၏။

"ထမင်းစားကြမယ်တော့"



www.burmeseclassic.com

www.burmeseclassic.com

ဟု အမေအော်လိုက်သောအခါ အဖေ အိမ်ထဲဝင်လာ၏။

မနက်စာစားနေကြသဖြင့် လေကြောင်းပြောင်းသွားသည်ကို သတိမထားမိလိုက်ကြ။ လေကာကျောက်တုံးကြီးနှစ်လုံးကြားကဝင်လာသော လေရဟတ်လေပြတ်တစ်လုံးသည် အိမ်ကိုဝင်ဆောင့်သွား၏။ တစ်အိမ်လုံးသွက်သွက်ခါသွားသည်။ ပါးစပ်နားရောက်နေသော အောင်တိုင်၏ ထမင်းလုတ်ပင်သံပန်းကန်ပြားပေါ် လွတ်ကျသွားသည်။ ချမ်းသဖြင့် ကျောထဲကလည်းစိမ့်သွားမိ၏။

"လေပြင်းလိမ့်မယ်ထင်တယ်၊ တောင်ပင်လယ်ဘက် လေကြောင်းပြောင်းသွားပြီ"

အဖေက အိမ်ပြင်ကို တစ်ချက်လှမ်းကြည့်၍ပြော၏။

အောင်တိုင်တို့သားအမိတွေလည်း အပြင်ကိုငေးလိုက်မိကြသည်။ ကြည့်နေစဉ်မှာပင် နောက်ထပ် လေကြမ်းတစ်လုံးဝင်လာပြန်၏။အိမ်ရှေ့ကအဖီလေးပြုတ်ထွက်သွားသည်။ မိုးသီးမိုးပေါက်တွေလည်း ကြွေဆင်းလာ၏။

အဖေ ဦးစွာ ထမင်းဝိုင်းမှထသွားသည်။

စောစောကပြုတ်ထွက်သွားသော အဖီယပ်လေးကို သွားကောက်၏။ တောင်ပင်လယ်ဘက် ခါးထောက်ရပ်ကြည့်နေသည်။ အဖေ့မျက်နှာလှည့်လာသည်။

"စားကြလေ ဘာငေးနေကြတာလဲ လေရဟတ်. . ."

အဖေ့စကားမဆုံးလိုက်။ အိမ်နောက်ဘက်ရှိ လေကာကျောက်ဆောင်ကြီးနောက်မှ အုန်းပင်လဲကျသံကြားလိုက်ရသည်။ လဲကျလာသောအုန်းပင်သည် လေကာကျောက်တုံးပေါ် လာတင်နေသည်။ ခါးလယ်ကိုရိုက်ချိုးလိုက်သလိုဖြောင်းခနဲကျိုးကျသွား၏။ အပေါ်ပိုင်းက အိမ်ခေါင်မိုးပေါ် ဝုန်းခနဲလာကျ၏။ အမေကလန့်၍ထခုန်၏။ အောင်တိုင်ကကြောင်ငေးနေသည်။

အုန်းလက်နှစ်လက်နှင့် အုန်းခိုင်အသီးတစ်ပြွတ်က မီးဖိုပေါ် ကဖောက်ဝင်ကျလာသည်။ အုန်းလက်ထိုးကျနေရာမှ မိုးရေတွေအိမ်ထဲဒလဟောစီးဝင်လာ၏။ ကွမ်းသီးပင်ခင်းကြမ်းများ ချက်ချင်းရွဲရွဲစိုတုန်သည်။

သားမိနှစ်ယောက် ထမင်းပန်းကန်ကို တမန်းကတန်း လက်စသတ်လိုက်ကြသည်။

ကပ္ပလီပင်လယ်ပြင်မှလှိုင်းအူသံများ ပိုကျယ်လာသည်။ ခြံဝင်းထဲရှိ အုန်းပင်၊ ကွမ်းသီးပင်များအားလုံး ယိမ်းကနေကြသည်။ မိုးသားတိမ်လိပ်တို့က တလိပ်လိပ်တက်လာ၏။ လေပြင်းတိုက်ခတ်လာသည်။ လေခါးပြတ်တို့မလာတော့။ ကောင်းကင်လည်းကြည်လင်သွားသည်။ မိုးလည်းစဲသွားသည်။

စောစောက လေရဟတ်ကြောင့် ပြုတ်ကျသွားသော အဖီယပ်လေးကို အဖေကပြန်တပ်သည်။ မီးဖိုထဲတိုးဝင်နေသော အုန်းလက်နှစ်လက်ကို အမေက ဓားနှင့်ခုတ်ဖြတ်သည်။ အုန်းလက်နှစ်လက်ကို တစ်လက်စီထမ်း၍ အောင်တိုင်က ခြံပြင်ကို နှစ်ခေါက်သွားပစ်လိုက်ရသည်။

အမေကအုန်းသီးခိုင်ကိုဆက်ခုတ်၍ မီးဖိုဆောင်၌ပင်ထား၏။ မီးဖိုဆောင်အမိုးပေါ် ပိလဲကျနေသော အုန်းပင်ကို အဖေ လှမ်းကြည့်နေ၏။ ခုတ်ဖြတ်ရှင်းလင်းရန်အကြံထုတ်နေပုံရ၏။ လောလောဆယ်တော့ ဘာမှမလုပ်သေး။ အိမ်ပြင်ထွက်၍ တောင်ပင်လယ်ဘက် ခါးထောက်ကြည့်နေသည်။

မွန်းတိမ်းစတွင် လေပြတ်တစ်သုတ်ဖြူးလာပြန်၏။ မနက်ပိုင်းကလိုလေခါးပြတ်လုံးဝမလာတော့။ လေတိုက်နှုန်းက ညင်သာဖြူးဖြူး။ အုန်းလက်စိမ်းစိမ်းတွေက စတင်လှုပ်ခတ်လာကြသည်။

လေပြည်ကတစ်ဆင့် တစ်စတစ်စ ပိုပြင်းလာပြန်၏။ မိုးသားတိမ်တိုက်မည်းမည်းများ တောင်ပင်လယ်ဘက်မှ တရိပ်ရိပ်ပြေးလာနေသည်။ ကပ္ပလီပင်လယ်ပြင်မှ လှိုင်းအူသံများက ပိုကျယ်လာသည်။ ကောင်းကင်သည် ချက်ချင်းမည်းမည်းမှောင်လာ၏။ မိုးရိပ်များနိမ့်ဆင်းလာသည်။ မိုးဖွဲမိုးဖျင်းတို့ တဖြောက်ဖြောက်ကြွေကျလာ၏။ လေပြင်းတိုက်ခက်ပြန်လေပြီ။အုန်းပင်တို့ဆောက်တည်ရာမဲ့ ယိမ်းကနေကြ၏။ အုန်းလက်များပေါ် အသိုက်ရှည်ရှည်ဆွဲထားကြသော စာငှက်တို့ အထိတ်တလန့် အော်မြည်ညည်းတွားနေကြသည်။ လေကပြင်းသထက်ပြင်းလာ၏။

"မုန်တိုင်းကြီးကျလိမ့်မယ်။ မိုးစနေလေ ရာဟုတဲ့၊ လေကာကျောက်ဆောင်နိမ်တဲ့အိမ်သားတွေ လေကာကျောက်ဆောင်ကြီးကြီးရှိတဲ့အိမ်တွေကို ပြောင်းနေကြ။ မြို့သတင်းပြည်သတင်းထုတယ်။ ငါ့ကို လေနတ်သားက စေတမန်လိုက်ပြီ။ မုန်တိုင်းကြီးတိုက်မယ်၊ လျှင်ကြီးလှုပ်မယ်။ ကြီးသူဖင်ခေါင်းထဲငယ်သူဝင်ပုန်းမှ လွတ်မတဲ့ဟဲ့နော်. . .ဒူး. . . ဒူး. . .ဟူး. . .ဟူး. . ."

"အရေးထဲ ဒီအရူးကတစ်မှောင့်တော်"

ဟု အမေက စိတ်မနှံ့သော ဦးရွှေဗန်ကို လှမ်းဆဲသည်။

ဦးရွှေဗန်သည် မိုးထဲလေထဲတွင် အိမ်ရှေ့ခြံဘက်ကအော်ပြေးသွား၏။ သူသည် မိုးထဲလေထဲတွင် ဤသို့ပင် တစ်ရွာလုံးလျှောက်အော်နေလိမ့်မည်ထင်သည်။

အဖေကမူ ကြားနေကျ အရူးစကားကို ပြုံးရုံသာပြုံး၏။ အထက်ပါစကားမှာ မိုးလေပြင်းတိုင်း နှစ်စဉ် သူလျှောက်အော်နေကျစကားဖြစ်၏။

ဦးရွှေဗန်ကြီးအော်ဟစ်သွားသလိုလေတိုက်နှုန်းက ပိုပြင်းလာလေ၏။ တဝေါဝေါမြည်လာသော လေတိုက်နေသံထဲတွင် တရွှီရွှီမြည်လာသော လေညည်းသံကြီးကိုပါကြားလာရသည်။ အခြေအနေမှာ ချောက်ချားဖွယ်ရာဖြစ်လာသည်။ လေရဟတ်လုံးအသံမှာ မကောင်းဆိုးဝါးတစ်ကောင်ကောင်အော်မြည်လာသံနှင့်ပင်တူလာ၏။

အနောက်ဘက်၌သာ လေကာကျောက်ကြီးကြီးရှိသော သူတို့အိမ်မှာ အနောက်တောင်လေ၏ တိုက်ခတ်မှု၏ဒဏ်ကို လှလှကြီးခံနေရ၏။ တစ်အိမ်လုံးသိမ့်သိမ့်တုန်ခါနေ၏။ လေလုံးကြီးပြင်းပြင်းဝင်ဆောင့်လာတိုင်း တစ်အိမ်လုံးပြိုပျက်လွင့်စဉ်သွားလေမလားဟု စိုးရိမ်လာကြသည်။

အကွယ်အကာမဲ့နေသောသစ်ပင်အုန်းပင်များတဝုန်းဝုန်းလဲကုန်ကြသည်။ လေကာနောက်ခံမရှိသောအုန်းပင်ငယ်များနှင့် ချုပုတ်သစ်ပင်ငယ်များ မြေတွင်ပြားပြားဝပ်နေကြသည်။ လေကအဆက်မပြတ် တိုက်ခတ်ဖိထားသဖြင့် ခေါင်းပင်မဖော်နိုင်ကြတော့။

ပင်လယ်နားကနေ ကမ်းမြှောင်ဒေသသားပီပီ လေပြင်းတိုက်ခတ်မှုကိုများစွာတုန်လှုပ်မှုမရှိကြသော အမေ၊ အဖေတို့၏မျက်နှာမှာ ယခုတော့ စိုးရိမ်ကြောင့်ကြမှုအရိပ်ထင်လာ၏။ အနောက်တောင်လေထဲတွင် လဲပြိုကျသွားသော ပင့်လယ်ကပွိုးနှင့် အုန်းတစ်ပင်စီတို့၏ နှုန်းထားအတိုင်း မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှုအရေးအကြောင်းတွေတစ်ကြောင်းပြီးတစ်ကြောင်း တိုးတိုးလာတော့၏။

"ဦးကြီးရှိန်တို့အိမ်ကို ခဏရွှေ့နေကြရင်ကော"

အဖေ၏မျက်နှာကို အေးစက်စွာကြည့်၍ အမေကဆို၏။

"ခဏကြည့်နေပါဦး အနိုင်း



www.burmeseclassic.com

www.burmeseclassic.com

အမေ၏ ရွှေ့ပြောင်းစကားကို အဖေက ဆိုင်းငံ့ထားသည်။

အောင်တိုင်က သူ့အမေ၏စကားကို နာယူစေချင်သည်။

ဦးကြီးရှိန်တို့အိမ်မှာ လေကာကျောက်တုံးသုံးဖက်ရှိ၏။ အရှေ့တောင်နှင့် အနောက်ဘက်ရှိ လေကာကျောက်တုံးကြီးတွေကလည်း ကြီးမားမြင့်မတ်သည်။ အနောက်ဘက်နှင့်တောင်ဘက်ရှိ သဘာဝကျောက်ထရံကြီးများဆိုလျှင် အိမ်ထက်ပင်မြင့်သည်။ လေဒဏ်ကို ကောင်းစွာခံနိုင်သည်။ ရွာတည်စကပင် အိမ်ခြံဟောင်းဖြစ်သဖြင့် နေရာကောင်း ရတတ်သည်။

အောင်တိုင်တို့ရွာသည် တည်စက အိမ်ဆို၍ လေးငါးအိမ်သာရှိသည်ဟုသိရ၏။ ဦးကြီးရှိန်တို့အိမ်အပါအဝင် ထိုအိမ်လေးငါးလုံးသည် လေကာကျောက်တုံးကျောက်ထရံတွေရှိသဖြင့် လေပြင်းဒဏ်ခံနိုင်သောအိမ်များ ဖြစ်သည်။ အောင်တိုင်တို့အိမ်လို နောက်မှတိုးလာသောအိမ်များမှာကား လေခံ၊ လေကာကျောက်တုံးကျောက်ဆောင်တွေမရှိကြ။ နောက်ပိုင်းတွင် ရသလို လေကာ၊ လေခံကျောက်တုံးတွေကိုမှီပြီး ဆောက်ထားကြသောအိမ်များသာ။

လေပြင်းများတိုက်ခတ်လာခြင်းက လျော့နည်းအားပျော့သွားခြင်းမရှိ။ ပို၍သာပြင်းလာ၏။ ခြံထဲတွင် ပင်မြင့်အုန်းဆို၍ တစ်ပင်မှမကျန်တော့။ အားလုံးလဲကုန်ကြလေပြီ။

"ကဲ- ဦးကြီးရှိန်တို့အိမ်ကို ရွှေ့ကြမယ်"

အဖေ၏စကားကြောင့် အထုပ်အပိုးပြင်ကြ၏။

"လိုလိုမယ်မယ် ဆန်လည်းယူဦးအနိုး။ ဦးကြီးရှိန်တို့အိမ်မှာ လေမစဲရင် ညနေစာထမင်းချက်စားကြရမှာ"

အချိန်မှာ ညနေ လေးနာရီခန့်ပင်ရှိနေပြီ။ ထို့ကြောင့် အဖေကပြော၏။ အမေကား တိတ်ဆိတ်စွာပင် အထုပ်အပိုးပြင်နေသည်။ ဒန်အိုးတစ်လုံးထဲ ဆန်ထည့်ကာ အဖေကဆွဲကိုင်၏။ အောင်တိုင်၏လက်ကို အမေကဆွဲသည်။

ဦးကြီးရှိန်တို့အိမ်မှာ ရွာလယ်ပိုင်းဖြစ်သဖြင့် ခြေလှမ်းနှစ်ရာကျော်သာဝေး၏။ အဖေ ခမောက်ဆောင်း၍ ရှေ့က ထွက်သည်။

အပြင်လေက အရမ်းကြမ်းနေသည်။ မတ်တတ်ရပ်လျှောက်၍မရ။ လေကွယ်အောင် ခါးကိုင်း၍ ပြေးလျှောက်ကြရ၏။ လေပြင်းသည် မကျိုးနိုင်မလဲနိုင်သောသစ်ပင်များမှ အရွက်ဟူသမျှကို သပ်ချတိုက်ခိုက်ယူသွားသည်။ မိုးစက်မိုးပေါက်တွေကြားထဲ၌ ပလူပျံနေကြသည်။

"ဦးလေးကြီးရှိန်"

"ဦးလေးကြီးရှိန်"

ခြံဝအရောက်မှာ အမေက လှမ်းခေါ်၏။

"ဟေး. . . ဟေ ဝေ. . . ဝေ လာကြလာကြ ဒီမှာလေကွယ်သေးတယ်"

ဦးကြီးရှိန်၏အော်ပြောလိုက်သံ မဆုံးမီမှာပင် အိမ်ဘေးက လေကာကျောက်တုံးနား ပြေးကပ်ကြသည်။ယင်းမှတစ်ဆင့် အိမ်ထဲပြေးဝင်ကြ၏။

သားမိသားဖသုံးယောက်မှာ ယခုမှ သက်မချနိုင်ကြတော့သည်။

❑

ဦးကြီးရှိန်တို့အိမ်တွင် အောင်တိုင်တို့မိသားစုထက် စောစွာရောက်နှင့်နေကြသော ဦးကြာရောင်တို့မိသားစုနှင့် ဦးအောင်ဗတို့မိသားစုကိုလည်း တွေ့ရ၏။ သူတို့မှာ စောစောကပင် ရောက်နှင့်နေကြသူများဖြစ်သဖြင့် အေးအေးဆေးဆေးပင်။ အဝတ်တွေပင် စိုရွှဲခဲ့ကြပုံမရ။ တစ်နေ့ညက ဝင်ကစွပ်ကောင်တွေ ရွာထဲဝင်သွားခဲ့ကြသည့်အကြောင်း အထူးအဆန်းလို စုပြောနေကြသည်။

ကျောက်ဆောင်ကျောက်လုံးကြီးတွေ သုံးဖက်ကာရံထားသော ဦးကြီးရှိန်တို့အိမ်မှာ လေတိုက်သက်သာနေသည်။ ခြံထဲတွင် သစ်ပင်အုန်းပင်တွေသာ တဝုန်းဝုန်း လဲပြိုကျနေသော်လည်း အိမ်ကြီးကား နည်းနည်းပင်ယိမ်းယိုင်လှုပ်ရှားမှုမရှိ။ ပကတိ ရေမလှုပ်ကြာမလှုပ် တည်ငြိမ်နေ၏။ အောင်တိုင်စိတ်ထဲကမူ အလွန်လုံခြုံသော ကျောက်ဂူကြီးတစ်ခုထဲရောက်နေသလို ခံစားမိ၏။လေတိုက်ခံလာရ၍ အေးစက်လာသောသူ့ကိုယ်သည် ခဏချင်းနွေးထွေးသွားသလိုပင်။

အမျိုးသမီးများက ညစာထမင်းကို အေးအေးလူလူပင်ချက်နေကြ၏။ ကမ်းရိုးတန်းနေသူများပီပီ လေပြင်းကျနေသည်မှာ သူတို့အတွက်များစွာမဆန်းပေ။ အောင်တိုင့်အမေလည်း အိမ်ကယူလာသောဒန်အိုးနှင့် ထမင်းဝင်ချက်၏။ အလာတုန်းက- မိုးဖွဲင်းတွေကျလာ၍ စိုထိုင်းထိုင်းဖြစ်လာသောအင်္ကျီကို အောင်တိုင်က ချွတ်၍မီးကင်၏။ အင်္ကျီခြောက်သွား၍ ဘောင်းဘီကို မီးကင်ရန်လုပ်သောအခါ ဦးကြာရောင်သမီးတွေ ဘက်လှည့်ကြည့်၏။ သူ့အဝတ်တွေပါ မီးကင်နေသောအမေက ချက်ချင်းရိပ်မိ၏။

"အမယ်လေး. . လေး၊ အရေးထဲ ဖြစ်နေလိုက်တာ။ ကလေးပဲတော် ချွတ်စမ်း။ ဟားဟား - သူ့ကိုယ်သူလူပျိုပေါက်ကြီးကျနေတာပဲ"

ပြောလည်းပြော၊ ဆွဲလည်းဆွဲနှင့် အောင်တိုင်၏ဘောင်းဘီကို ချက်ချင်းဆွဲချွတ်ပစ်လိုက်၏။ အောင်တိုင်ကသူ့ကိုယ်ကို အင်္ကျီနှင့်ပတ်ထားလိုက်သည်။

"အမေကလည်းဗျာ၊ရှက်လို့မဟုတ်ဘူး၊ ချမ်းလို့ဗျ"

ဟု တမင်ပြောလိုက်ရသည်။

လေကာကျောက်တုံးကြီးပေါ်တွင် မတ်တတ်ရပ်လှမ်းကြည့်နေကြသော ဦးကြီးရှိန်နှင့် မင်းယောက်ျားများက အောင်တိုင်တို့သားအမိဘက် တစ်ချက်လှမ်းကြည့်ကြသည်။ အဖေကတော့ ပြုံးနေ၏။

"ထမင်းကျတ်ရင် ကလေးတွေကို ကျွေးထားနှင့်ကြ။ လေတိုက်တာ ခါတိုင်းနှစ်တွေနဲ့မတူဘူး။ သိပ်ပြင်းလာတယ် မုန်တိုင်းကြီးကျလိမ့်မယ်ထင်တယ်"

မုန်တိုင်းကြီးကျလိမ့်မည်ဟူသော ဦးကြီးရှိန်၏စကားကြောင့် အောင်တိုင်သည် စောစောက ဦးရွှေဗန်အော်ပြော သွားသောစကားကို သတိရလိုက်သဖြင့်-

"အမေ"

"ဘာလဲ"

"ဦးရွှေဗန်ကလည်း ပြောသွားတယ်နော်"

အောင်တိုင်စကားကို မိန်းမကြီးများက ဝိုင်းရယ်ကြသည်။

"နင်ကဘယ်သူ့ဖင်ခေါင်းထဲဝင်မှန်းမယ်မှန်းထားလဲ"

အောင်တိုင်ရှက်သွား၍ ဘာမှ မပြောတော့။ သူ့အမေလက်ထဲက ဘောင်းဘီကိုလုပြေးကာ ဦးကြီးရှိန်နှင့် အဖေတို့အနားပြေးသွားသည်။

"တွေ့တယ်မှတ်လား ကိုရင်ကြီး ဒီဇိဝဇိုးငှက်တွေ တောင်ပင်လယ်မှာ... ကြတော့ဘူးဆိုရင် မုချမုန်တိုင်းကြီးကျမယ့်လက္ခဏာပဲဗျ။ ဒီကောင်တွေ... တော်တော်တန်တန်လေနဲ့ ပင်လယ်... ခွာတဲ့ကောင်တွေမဟုတ်ဘူး"

ကောင်းကင်ပေါ် ပျံဝဲရောက်... ကြသောဇိဝဇိုးငှက်တွေကိုလှမ်းကြည့်... ဆလုံကြီးဦးကြာရောင်က ဦးကြီးရှိန်... ပြောသည်။

"အေးဗျ၊ ကျုပ်လည်း အဲဒါ... စားနေတာပဲ။ ပင်လယ်ထဲမှာ... ကျောက်ဆောင်ကျောက်တောင်ကြီး...

www.burmeseclassic.com

ရှိတာပဲ။ ပင်လယ်ထဲကကျောက်ကျွန်းတွေပေါ် ဒီကောင်တွေဘာလို့လေမခိုကြဘဲ ကုန်းပေါ် . . . "

"အဲဒါက ဒီလိုဗျ၊ ဇီဝဖိုးငှက်တွေဟာ တိမ်ညွန့်ကိုပဲစားတော့ ခုလို လေပြင်းတိုက်ချိန်မှာ သူတို့အတွက် မိုးပေါ် တိမ်ညွန့်တိမ်စွယ်တွေကပိုများနေလို့ ပျံစားနေကြတာဖြစ်မယ်။ ကျုပ်တို့အဘိုးကပြောဖူးတယ်။ ဇီဝဖိုးငှက်တွေဟာ အဲလို တိမ်ညွန့်တိမ်စွယ်တွေကိုစားလို့ အသက်တစ်ထောင်ရှည်ကြတာတဲ့။ ဟုတ်မယ်လေ၊ ဒီကောင်တွေအန်ဖတ်ငှက်သိုက်ဟာ ဘယ်လောက်အားဆေးဖြစ်တယ်ဆိုတာ ကိုရင်ကြီးသိပါတယ်။ ဒီကောင်တွေဟာ မိုးပေါ်မှာဘယ်လောက်ပဲပျံနေပျံနေ အတောင်ညောင်းတယ်လို့ကိုမရှိဘူးဆိုပါလား။ အသိုက်လုပ်တဲ့အချိန်ကလွဲရင် ကျောက်ဆောင်သစ်ပင်ပေါ်လည်းဘယ်တော့မှမနားဘူးတဲ့။ နေ့ရောညရော မိုးပေါ်မှာပဲပျံပြီး တိမ်ညွန့်ကိုစားနေကြတာ"

ဦးအောင်ဗ၏ လှတတ်လုပ်ပြောစကားကို ဆလုံကြီးဦးကြာရောင်နှင့် အဖေတို့မှာ ပြုံး၍သာငြိမ်နေကြ၏။ အမှန်တကယ်ဆိုလျှင် ဦးကြာရောင်နှင့် အဖေတို့မှာ နွေလရောက်တိုင်း ပင်လယ်ထဲရှိ ကျောက်တောင်ကျောက်ကျွန်းပေါ် သွားပြီး ငှက်သိုက်ခွာနေကြ၊ ဇီဝဖိုးငှက်များအကြောင်းကို ဦးအောင်ဗထက် ပိုသိနေကြသူချည်းဖြစ်၏။

"ဝေး . . . ဦးကြီးရှိန်"

အသံကို ချက်ချင်းမှတ်မိလိုက်သဖြင့် -

"ဒီအရှူးက"

ဟု ဦးကြီးရှိန်ညည်း၏။

"ဗျိုး ဦးကြီးရှိန်",

ခြံဝမှထပ်ခေါ်ပြန်၏။

"ဗျိုး - ဦးရွှေဇန်ကြီး"

နေမရတော့သဖြင့် ဦးကြီးရှိန်က ထပ်ထူးရ၏။

"ခင်ဗျား မြို့သတင်းပြည်သတင်း ကြားပြီးပလား"

ဦးကြီးရှိန်က အရယ်တစ်ဝက်နှင့် 'ကြားပြီးပြီ၊ ကြားပြီးပါပြီ' ဟု လှမ်းပြောလိုက်သည်။

"အဲဒါဆိုလည်းပြီးရော၊ ကျုပ်က ကိုရင်ကြီးမေ့လျော့ခေါင်းကျန်ရှိတတ်လို့ လာသတိပေးတာ။ မဝင်တော့ဘူး၊ ကျုပ်တာဝန်ရှိသေးတယ်၊ သွားမယ်၊ ကျောက်မောင်နှမရဲ့စေတမန်ကကျုပ်မှာပါတယ်။ ဩော် - ဒါနဲ့ ဒီကအုန်းသီးတစ်ခိုင်ခုတ်သွားမယ်နော်"

"ယူသွားပါဗျာ ယူသွားပါ"

ဦးကြီးရှိန်က ပြုံးပြုံးပြတ်ပြတ်သဘော လှမ်းပြောလိုက်၏။ လေကာကျောက်လုံးကြီးတွေကကွယ်နေသဖြင့် ဦးရွှေဇန်ကို ဘယ်သူမှမမြင်ကြ။ အသံသာကြားနေရ၏။

"ဟေး . . ဒီဘက်ပိုင်းက ရပ်သူရွာသား လူအများတို့လေး . . ၊ မုန်တိုင်းကြီးထမယ်၊ လျှော်ကြီးလှုပ်မယ်။ မိုးစနေလေရာဟုတဲ့လေး။ လေကာကျောက်ဆောင်နိမ့်တဲ့အိမ်သားတွေ ကျောက်ဆောင်မြင့်တဲ့အိမ်တွေကိုပြောင်းရွှေ့ကြ။ မြို့သတင်းပြည်သတင်းထူးတယ်။ ငါကို လေနတ်သားက စေတမန်လိုက်ပြီ။ မုန်တိုင်းကြီးထမယ်၊ လျှော်ကြီးလှုပ်မယ်၊ ကြီးသူဖင်ခေါင်းထဲငယ်သူဝင်ပုန်းမှလွတ်မတဲ့ဟဲ့နော် ဒူ . . . ဒူ"

အုန်းခိုင်ထမ်း၍ အော်ပြေးသွားသော ဦးရွှေဇန်၏ရုပ်ကို အသံကြားရုံနှင့် လူတိုင်းမျက်စိထဲမြင်လိုက်ကြလေသည်။

❑

လေက အဆမတန်ပြင်းဆဲ။ လေကြောင်းပြောင်းလိုက်လာသော မုန်တိုင်းကြောင့် ဦးကြီးရှိန်တို့အိမ်ပင် ယိမ်းလှုပ်စပြုလာ၏။ လေကာကျောက်တုံးကြီးများကြားထဲကဝင်လာသော လေကြမ်းကြီးသည် တစ်ချက်တစ်ချက် အိမ်ကိုလာရိုက်ခတ်နေ၏။ ကပွလီပင်လယ်ပြင်မှ လှိုင်းအူသံတို့မှာ အဆက်မပြတ်တစ်ချိန်ထက်တစ်ချိန် ပိုများလာသည်။ ဦးရွှေဇန်ပြောသွားသလို မုန်တိုင်းကြီးတိုက်နေလေပြီ။

ရွာအနောက်ဖျားမှ ဆူဆူညံညံလူအော်သံတွေကို ကြားလာရ၏။ ဦးကြီးရှိန်တို့မိသားစုနှင့်တကွ လေလာခိုနေသူအားလုံး နားစွင့်လိုက်ကြသည်။

"လှိုင်းလုံးကြီးတွေ ရွာထဲကိုအရမ်းတက်လာနေပြီဟေ့။ ရွာအောက်က ရေသူမကျောက်တန်းတစ်တန်းလုံးမြုပ်သွားပြီ။ မျှော်ဦးတောင်ပေါ်ကိုအမြန်ပြေးကြ။ မလိကျွန်းကြားတွေထဲ လှိုင်းလုံးကြီးတွေလိမ့်ဝင်လာနေပြီ။ မြန်မြန်ပြေးကြပါ၊ မြန် . . . "

ဆလုံကြီးဦးဂျလားနှင့် မိသားစုသည် အထုပ်အပိုးတွေဆွဲကာ မျှော်ဦးတောင်ခြေဘက်ပြေးရင်း အော်ဟစ်သွားကြသည်။

သူတို့မိသားစုမှာ ပင်လယ်နှင့်အနီးဆုံးတွင်နေကြသူတွေမို့ ဦးစွာမြင်၍ ပြေးလာကြပုံရသည်။ သူတို့မိသားစုနောက်တွင် ပင်လယ်နားနေနောက်ထပ် မိသားစုသုံးလေးစုလည်း ပြေးလိုက်သွားကြ၏။

ဦးကြီးရှိန်တို့အိမ်ရှိအားလုံးတို့မှာ ချက်ချင်း ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။ ရမိရရာ ကိုင်မိကိုင်ရာတွေဆွဲကိုင်ကြ၏။ ကလေးဆွဲသူကဆွဲ၊ အထုပ်ဆွဲသူကဆွဲနှင့် ယောက်ယက်ခတ်သွားကြသည်။ ကလေးငိုသံ၊ လူကြီးတွေအော်ငေါက်သံ၊ တစ်ယောက်တစ်ပေါက်ပြောသံတွေနှင့် ချက်ချင်း တစ်အိမ်လုံး ဆူညံပွက်လောရိုက်သွားသည်။ အောင်တိုင်သည် ကြောက်ကြောက်နှင့် - အမေ့လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထား၏။

"လှိုင်းလုံးကြီးတွေ ရွာထဲပြေးဝင်လာနေကြပြီ။ ပြေးကြ၊ ပြေးပြေးကြ၊ မျှော်ဦးတောင်ပေါ်ကို ပြေးကြ၊ ပြေးပြေးကြ"

ပဿူကြီးထော်လ၏အသံအဆုံးမှာ အောင်တိုင်တို့မိသားစုသည် ဦးကြီးရှိန်၏အိမ်ထဲမှ ထွက်ပြေးလာကြရသည်။ တစ်ယောက်နှင့်တစ်ယောက် လက်တွဲထားကြရ၏။ မိသားစုတစ်စုနှင့်တစ်စုကမူ မည်သူ့ကိုမျှ ဂရုမစိုက်နိုင်ကြတော့။ ပင်လယ်မှပြေးတက်လာသော လှိုင်းလုံးအစွန်အဖျားရေသည် ခြေရင်းကိုရောက်လာပြီ။ လှည့်ကြည့်ရန်ပင် သတိမရနိုင်ကြတော့။ ကလေးငိုသံ၊ မိန်းမတွေအော်ငိုကြသံ၊ လှိုင်းလုံးကြီးတွေအော်လိုက်လာသံတို့မှာသောသောဝေါဝေါညံလာသည်။ သူတို့ရွာကမ္ဘာကားပျက်လေပြီ။

"ရော့ - နင်ဒီအထုပ်ပဲယူအနိုင်း၊ ပေးပေး သားကို ငါပေး"

အမေ လက်ဆွဲ၍ ပြေးနေသော ငါ်အောင်တိုင်ကို အဖေက ကောက်ချီလိုက်၏။

ဤအချိန်တွင် မိမိ၏မိသားစုကလွဲလျှင် မည်သူ့ကို မည်သူမျှဂရုမစိုက်နိုင်ကြတော့။ လေတိုက်သံ၊ လှိုင်းလုံးကြီးတွေအော်လာသံ၊ လူအော်သံတွေနှင့် တစ်ရွာလုံးမှာ ငရဲပွက်သကဲ့သို့ ဆူညံနေသည်။ မိုးထဲလေထဲတွင် ချမ်းရအေးရမှန်းပင် မည်သူမျှသတိမရနိုင်ကြ။ အသက်လု၍ပြေးနေကြရ၏။

အောင်တိုင်တို့မိသားစုသုံးယောက် ချက်ချင်း ရွာအစသို့ရောက်လာကြ၏။ စောစောကမူ ဦးကြီးရှိန်တို့အိမ်တွင် လေခိုနေခဲ့ကြသော ဦးကြီးရှိန်တို့မိသားစုနှင့် ဦးအောင်ဗ၊ ဦးကြာရောင်၊ ဒေါ်မိုင်းမတို့မိသားစုတွေလည်း ဘယ်မှာဘယ်မှာကျန်ခဲ့ကြသည်မသိ။ နောက်ကိုပင် တစ်ချက်လှည့်မကြည့်နိုင်ခဲ့ကြ။ ထိုအား

www.burmeseclassic.com

ဒုန်းစိုင်းပြေးလာကြရ၏။

သည်ကြားထဲ မိုးသံ၊ လေသံ၊ လှိုင်းသံ၊ လူအော်သံကြားထဲ အရှေးကြီး ရွှေဇန်၏အသံကိုကြားရပြန်သည်။

"ရွာကဘယ်မှထွက်မပြေးကြပါနဲ့၊ ရွာ ရွာက ဘယ်မှထွက်မပြေးကြပါနဲ့။ လေကာကျောက်ကြီးတွေပေါ် တက်နေကြ၊ ကျုပ်သွားကြည့်လာပြီ။ ရွာကို ရေမမြုပ်နိုင်ပါဘူး။ ရွာထဲကို ရေက ဒူး ဒူးလောက်ပဲရောက်သေးတာ။ ခင်ဗျားတို့မိတ်ဆွေဝင်ကစွပ်ကောင်တွေနောက် လိုက်မသွားကြပါနဲ့။ အားလုံး သူတို့လိုကျိန်စာမိကုန်လိမ့်မယ်။ ပစ္စည်းတွေကုန်လို့ သူတို့လို ကိုယ်ဝတ်တောင်မကျန်ဖြစ်ကုန်ကြပါလိမ့်မယ်။ ကိုယ့်ရွာကိုကိုယ်ချစ်ကြပါ။ ပင်လယ်ရေက ရွာထဲမှာ ဒူးလောက်ပဲရှိပါသေးတယ်။ ရွာကို ရေမမြုပ်နိုင်ပါဘူး။ ကျုပ် ရွာမှာရှိပါတယ်။ ရွာကထွက်မပြေးကြပါနဲ့။ ရွာကထွက်မပြေးကြပါနဲ့။ ရွာ ရွာကို နတ်စောင့်စောင့်. . ."

"ဟဲ့ အရှေးကြီး၊ ဘာတွေလျှောက်အော်နေတာလဲ။ ခင်ဗျားသာ ရွာမှာသေဖို့နေလိုက်။ လှိုင်းလုံးကြီးတွေ ငှက်ရဲကျောက်ဆောင်တောင်ကျော်လာနေပြီ။ ခင်ဗျားဘာကြည့်လာတာလဲ။ ဘာ ဘာ နတ်စောင့်. . ."

"ငါ ကျောက်ဆောင်ကြီးပေါ်က ပင်လယ်ကိုကြည့်လာတာကွ။ တောင်ပင်လယ်ကလာတဲ့လှိုင်း ဘာကြောက်စရာရှိလဲ၊ မလိကျွန်းတွေကိုတိုက်လိမ့်မပေ့ါ။ တို့အတွင်းပိုင်း ပုလဲကျွန်းတွေနဲ့ဘာဆိုင်လဲ"

ရွာသားကြီးတစ်ယောက်အော်ဆဲသည်ကို ဦးရွှေဇန်ကလည်း ပြန်အော်၏။ ပင်လယ်ကိုသူသွားကြည့်ခဲ့သည်ဟုလည်း ဆို၏။

"ဘာဆိုင်လဲတဲ့ ဟင်း - တောက်၊ ခင့်ဗျားအဖေကြီးမဆိုင်လို့ ခုပဲ ရေကပေါင်လယ်ရောက်လာပြီ၊ရေသူမကျောက်တန်းနဲ့ငှက်ရဲကျောက်ဆောင်တွေတောင် မြင်သေးရဲ့လား။ လူတွေသေကုန်အောင် အရှူးစကားမပြောနဲ့။ ခု ရွာရေမြုပ်တော့မယ်သိလား"

"ဘယ်တော့မှ ငါတို့ရွာ ရေမမြုပ်စေရဘူး ငါပြောရဲတယ်။ ပင်လယ်မိတ်ဆွေတွေက ငါ့ကိုဘာမှမပြောခဲ့ကြဘူး။ တကယ်သာ ရွာရေမြုပ်မယ်ဆို သူတို့က ငါ့ကို. . ."

"ဘာ - ပင်လယ်ကမိတ်ဆွေ"

"ဝင်ကစွပ်ကောင်တွေကိုပြောတာကွ"

"ငါ. . . တောက်၊ ရိုက်မိလိမ့်မယ်နော်"

"ဟဲ့ - နင်ကပါ အရှူးနဲ့ဘက်ပြိုင်ပြောနေရလား။ ငါတယ်နော် မပြောလိုက်ချင်ဘူး။ ရေကခါးရောက်လာတော့မယ်။ ဒီမှာဖြင့် ကလေးတစ်ဖက်နဲ့ အရေးထဲ"

ဦးရွှေဇန်နှင့် အငြင်းအခုံလုပ်နေကြသော ရွာသားကြီးကို သူ့ဇနီးသည်ကဆဲတော့မှ -

"ခင်ဗျားသာ ရေနစ်သေဖို့ ရွာမှာနေလိုက်"

ဟုပြောပြီး ရွာသားကြီး သူ့မိန်းမနောက်ပြေးလိုက်သွား၏။ အရှူးကြီးကလည်း ယခုထိ -

"အေး- ငါက ရွာမှာ အုန်းသီးစားပြီးနေမယ်။ မင်းတို့သာ ထမင်းငတ်သေဖို့ပြေးကြ၊ သဲချောင်းရောက်ရင် အကုန်သေကုန်လိမ့်မယ်။ မင်းတို့သေဖို့သွားကြ"

အောင်တိုင်တို့သားမိသားဖတွေ ရွာပြင်ရောက်လာကြသည်ထိ လေထဲမိုးထဲ အရှူးကြီး၏အော်ဟစ်နေသံကိုကြားနေရသေးသည်။

"မပြေးကြနဲ့ ရွာကဘယ်မှထွက်မပြေးကြပါနဲ့။ ကျုပ်တို့ရွာ ရေမမြုပ်နိုင်ပါဘူး။ ကျောက်မောင်နှမနတ်က လှိုင်းလုံးကြီးတွေကိုတားပေးနေတယ်။ ပြန်လာကြ ပြန်လာကြ"

❑

အော်ဟစ်ကျန်နေရစ်သော ဦးရွှေဇန်ကြီး၏အော်သံနှင့်အတူ ပင်လယ်ဘက်မှပြင်းပြင်းထန်ထန်ဆူညံပြေးတက်လာနေသော လှိုင်းလုံးကြီးတွေကြားထဲ ရွာသူရွာသားများ၏ ကယ်ပါကူပါအော်ဟစ်လိုက်ကြသံတွေမှာလည်း ဘဝင်လျှံနေသည်။

နေဝင်သွားပြီ။ မိုးမှောင်ကျလာသလို မိုးကလည်းသည်းလာ၏။လေပြင်းမုန်တိုင်းကလည်း အားမပျော့မသွား။ ပို၍သာ၍သာထန်လာသည်။ သဘာဝသတ္တဝါရကပ်ကြီးသည် သူတို့ရွာကို မညှာမတာရိုက်ခတ်လာသည်။

အောင်တိုင်သည် သူ့အဖေလည်ပင်းကို အမှောင်ထဲ၌ တင်းတင်းဖက်ထား၏။ အမေ့သည် ပြေးရင်းလွှားရင်း တအီအီတသဲ့သဲ့ရှိုက်ငိုလာ၏။ အဖေကမူ အမေ့လက်တစ်ဖက်ကိုဆွဲလျက်။

တောင်ပင်လယ်ဘက်မှအော်ဟစ်ပြေးတက်လာကြသောလှိုင်းလုံးကြီးများသည် သူတို့ရွာကို စိစိညက်ညက်ကြေအောင် ရိုက်ပုတ်တိုက်ခတ်၍ နစ်မြုပ်နေ၏။ ဤသည်နှင့်အားမရသေး။ ရွာကထွက်ပြေးလာကြသူတွေကို သဲချောင်းထဲကစောင့်၍ ပတ်ဆီးတိုက်ခိုက်နေပြန်သည်။

နွေဆိုလျှင် ရေစပ်စပ်မျှသာရှိသောသဲချောင်းထဲတွင် ယခုအခါ ရေတွေက ဒူးလောက်ပေါင်လောက်မှသည် လူကြီးခါးလောက်ရောက်လာသည်။ ရွာပေါ် ကျော်တက်လာသော လှိုင်းဖျားရေဖျားသည် သဲချောင်းထဲရောက်လာသည်။ သဲချောင်းဝမှလှိုင်းလုံးကြီးတွေမှာလည်း တစ်လုံးပြီးတစ်လုံး လှိမ့်ဝင်လာနေ၏။ သဲချောင်းဝကဝင်လာသောလှိုင်းလုံးကြီးများ၏မြည်ဟည်းလာသံမှာ နားကွဲမတတ်ဆူညံလာသည်။ ထိုလှိုင်းလုံးကြီးများသည် သဲချောင်းကိုဖြတ်ကူးနေကြသော ရွာသူရွာသား၊ ကလေးသူငယ်များကို သေတွင်းသို့ပို့နေကြသလိုပင်။

ရွာသူရွာသားတွေအနေမှာလည်း ဤသဲချောင်းကိုမကူးမဖြတ်ဘဲနှင့် မျော်ဦးတောင်ခြေကို ဘယ်လိုမှမရောက်နိုင်ကြ။ ထို့ကြောင့် အသက်စွန့်၍ ကူးပြေးနေကြရ၏။ သူ့ကိုငါမစိုက်နိုင်၊ ငါ့ကိုသူမစိုက်နိုင်နှင့် ဟိုဘက်ကမ်းရောက်ရေးသာ အဓိကဖြစ်သည်။

"နင်ကလည်း ငိုမနေစမ်းပါနဲ့၊ တနင်္ဂါရီသားကွ အားရှိတယ်။ ပေး သဲချောင်းကိုကူးမယ်၊ ဒီရေကိုမကြောက်ဘူးကွ။ ငါဆလုံကွ။ ပသျှူးကွ၊ ရေမှာနေတဲ့လူတွေက ရေနဲ့မသေဘူး မသေဘူး။ လာစမ်းပါ"

အဖေက သွေးရူးသွေးတန်းနှင့် အော်ဟစ်ကာ အားမာန်အပြည့်နှင့် သဲချောင်းကိုဖြတ်ကူးနေ၏။ အဖေ့ပတ်ဝန်းကျင်တွင်လည်း အမျိုးမျိုးအော်ဟစ်အားပေးကာ သဲချောင်းကိုဖြတ်ကူးနေသူတွေက အများကြီးပင်။ အမှောင်ထဲတွင် မည်သူမည်ဟု ခွဲခြားမသိနိုင်သော်လည်း မည်းမည်းအရိပ်ပုံများနှင့် ကူးပြေးနေကြသူတွေက အများကြီးပင်။ အဖေ့နောက်တွင် အမေက လက်မလွှတ်တမ်းပါလာသည်။

သဲချောင်းဝမှ ပတ်ဆီးပြေးတိုက်လာသောလှိုင်းလုံးကြီးများထဲတွင် လဲသူလဲ၊ မျောသူမျော၊ နစ်သူနစ်၊ အော်သူအော်၊ ငိုသူငိုနှင့် သဲချောင်းထဲတွင် တစ်ရွာသားလုံး ကမ္ဘာပျက်နေကြသည်။

သဲချောင်းဝမှ အော်ဟစ်ပြေးတက်လာသောလှိုင်းလုံးကြီးတစ်လုံးသည် အောင်တိုင်တို့မိသားစုကို တည့်တည့်မတ်မတ် လာရိုက်သွားသည်။ ဘယ်လိုမှရပ်တည်မရကြတော့ဘဲ ဗိုင်းဗိုင်းလဲသွားကြ၏။ အောင်တိုင်သည် အဖေ့လည်ပင်းကို ကြောက်ကြောက်နှင့်တအားဖက်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်ထဲ ဆားငန်ရေနှင့် သဲမှုန်သဲပွင့်တွေပြည့်သွား၏။ ရေမွန်း၍ အသက်ရှူရန် သတိမရလိုက်။ လှိုင်းလုံးကြီးသည် မိသားစုကို ကျော်သွားပြီး သူတို့ရှေ့ကကူးခပ်နေသူများကို ရိုက်ပုတ်သွားသည်။

အဖေ ကုန်းထသည်။ အဖေ့ခါးမှ ဘောင်းဘီကို နောက်ကဆွဲလိုက်လာသောအမေလည်း ရေထဲတွင်ရပ်မိပြီးသားဖြစ်သွား၏။ မိသားစုတစ်ရှာလုံး စကူးကြစဉ်က ဒူးလောက်၊ ပေါင်လယ်လောက်သောရှိသောရေသည် ယခုအခါ ခါးလောက်၊ ရင်တစ်ဝက်လျှောက်နက်သွားပြီ။ အောင်တိုင်က ဝေါခနဲတစ်ချက်လန့်ငိုသည်။ အဖေက အံကိုတဂျစ်ဂျစ်ကြိတ်ကာ အမေ့ကိုပါဆွဲပြီးကူးပြေးနေ၏။

"သား သား ဖက်ထား၊ အဖေ့ကိုဖက်ထား၊ မကြောက်နဲ့ ဘာ ဘာမှမဖြစ်ဘူး မကြောက်နဲ့"

ဘာမှမကြောက်နဲ့ဟု ဆိုသော်လည်း အဖေ၏အသံက တုန်ခိုက်နေသည်။ အမေကမူ တုန်ခိုက်၍ စကားပင်မပြောနိုင်တော့။ မျက်စိထဲ ဆားငန်ရေနှင့် သဲမှုန်တွေဝင်သွားသဖြင့် မျက်လုံးပင် ဖွင့်မရတော့။

ကလေး၊ လူကြီးတွေ အော်ဟစ်ငိုယိုကြသံနှင့် လေတိုက်သံ၊ လှိုင်းသံတို့မှာ နားထဲ ဆူညံနေသည်။ သဲချောင်းဝက တဝေါဝေါ တသောသော အော်မြည်တက်လာနေသောလှိုင်းလုံးကြီးများသည် အဆက်မပြတ်တိုက်ခတ်ရိုက်လာသည်။ အကြိမ်ကြိမ်လဲပြိုကျပြီး အကြိမ်ကြိမ်ပြန်ထရင်း သဲချောင်းအလယ်ရေရိုးကိုကျော်လာကြလေသည်။ ပင်လယ်ကမ်းစပ် သဲချောင်းသည် ပကတိအားဖြင့် အပြန့်မကျယ်သော်လည်း ယခု ရေလှိုင်းလုံးကြီးတွေလွှမ်းထားသဖြင့် ကမ်းမမြင် လမ်းမမြင်ဖြစ်နေသည်။ ရေရိုးကိုကျော်လာ၍ ကမ်းဘက်ကိုရောက်လာပြီဟု ထင်ရသော်လည်း သဲကျွံနေ၏။ အမေ၊ အဖေတို့မှာ ခြေနုတ်ခြေလှမ်းမမြန်နိုင်ကြတော့။ ကိုယ်ပေါ်ကို ကျော်တက်တိုက်သွားသောလှိုင်းလုံးကြီးတွေအောက်တွင် ရေမွန်းပြီး အသက်ရှူရပ်သွားကြပလားထင်လိုက်သည်။ အဖေ့လည်ပင်းကိုတင်းတင်းဖက်ပြီးပါလာသောအောင်တိုင်ပင် ရေမွန်း၍ သတိမရတစ်ချက် ရတစ်ချက်ဖြစ်လာ၏။ အဆုတ်ထဲရော ဗိုက်ထဲရော ဆားငန်ရေနှင့်သဲတွေပြည့်သွားပြီထင်လိုက်သည်။ ချမ်း၍ ခိုက်ခိုက်တုန်လာ၏။

ဤတစ်ခါလာရိုက်လိုက်သောလှိုင်းလုံးကြီးသည် သူ၏တစ်ကိုယ်လုံးကို စိစိညက်ညက်ခြေဖျက်ပစ်လိုက်ပြီဟုသိလိုက်ရသည်။ မိုးပေါ်မြှောက်ခေါ်တင်ဆောင်သွားပြီးမှ အမြင့်ကြီးက တအားပစ်ချလိုက်သည်။ အားလုံးကစဉ့်ကလျားဖရိုဖရဲလွင့်စဉ်ထွက်သွားကြသည်။ တွယ်ဖက်ထားသော အဖေ၏ လည်ပင်းမှ သူ့လက်လွတ်ထွက်သွားလေပြီ။ သား . . . သား ဟူသော အမေ၏မချိတင်ကဲအော်လိုက်သံကိုတော့ နားထဲကြားလိုက်ရသလိုပင်။

"သား. . . သား. . အနိုင်း. . . အနိုင်း အနိုင်း"

အဖေ၏ သွေးရူးသွေးတန်းအော်ခေါ်သံက တိခနဲပြတ်၍ ပျောက်သွား၏။ ပြန်ထူးရန် ပါးစပ်ကိုဖွင့်မရ။ လှိုင်းလုံးကြီးများသွန်သည် သူ့ပါးစပ်ကို တရစပ်လာပိတ်သွားကြသည်။

"သားရေ သား၊ လူလေး အောင်အောင်တိုင်၊ အနိုင်း. . . အနိုင်း လူ. . "

မုန်တိုင်းလှိုင်းလုံးကြီးများကြားထဲ ကမ္ဘာပျက်နေသော်လည်း သားဇောကပ်နေသောအမေ၏အသံသည် ဝေး၍ဝေး၍ ကျန်ခဲ့လေပြီ။ အားကိုးမဲ့လေပြီးဟူသော ကြောက်ရွံ့ထိတ်လန့်စိတ်နှင့် ချက်ချင်း သတိလစ်မတတ်ဖြစ်သွားသည်။ သူ့ကိုယ်သည် ဂွမ်းဝါဖတ်လိုပေ့ါပါး၍ မိုးပေါ်ပျံတက်သွားလိုက် ဝဲပျံကျလာလိုက် ရေပေါ်ဖော့၍မျောပါလိုက်နှင့်ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်သွားသည်။

❑

သတိရသည်နှင့် စမ်းမိစမ်းရာကိုင်မိကိုင်ရာ လှမ်းဆွဲမိသည်။ လက်ဖဝါးကို ဆူးစူးမှန်းသိလိုက်သည်။ သို့သော် ရုတ်တရက် လွှတ်မပစ်ရဲ။ လှိုင်းလုံးကြီးတွေနှင့်လွင့်ပါသွားမှာ ကြောက်နေမိသည်။ လှိုင်းလုံးကြီးတွေ အော်မြည်သံနှင့် မုန်တိုင်းတိုက်ခတ်သံက မစဲသေး။ မိုးပေါက်တို့သည် သူ့ကိုယ်ပေါ်သို့ တဝေါဝေါ သွန်ကျနေဆဲ။အမှောင်ထဲတွင် တလက်လက်တောက်နေသော မိုးပေါက်မိုးစက်တို့ကိုမြင်နေရ၏။ ချုံပုတ်တောအုပ်ဟုထင်ရသော အရိပ်မည်းမည်းများကမူ မပီဝိုးတဝါးသာ။

"အ အဖေ၊ အို အဖေ အဖေ အဖေ အဖေ ငရဲ"

ကြောက်ရွံ့လာ၏။ အဖေ့ကိုအော်ခေါ်မိသည်။ မိုးသံလေသံကလွှဲ၍ ဘာသံမှမကြားရ။ သူအော်ခေါ်မိသော အသံကိုပင် သူ့နားထဲက ကျယ်ကျယ်မကြားရ။ ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေသည့်အပြင် အာခြောက်ကာ အသံက ပီပီသသမထွက်တော့။ သို့သော် အမေ့ကိုအော်ခေါ်သည်။

"အမေ အမေရယ် အမေ"

နားထဲမှာ မိမိအော်သံနှင့် မိမိအူနေသည်။ လူသံဆို၍လည်း လုံးဝမကြားရ။ ချုံပုတ်တွေကို လေတိုးသံနှင့်ချုံပုတ်ပေါ် မိုးသီးမိုးပေါက်တို့တဖြောက်ဖြောက်ကျသံကိုသာကြားနေရသည်။ သူသည် သဲချောင်းထဲ၌မဟုတ်တော့။ ချုံပုတ်သစ်ပင်တွေကိုတိုးကျဲတဲပေါက်နေသော ကုန်းတန်းတစ်ခုပေါ်ရောက်နေမှန်းသတိရသည်။

မိုးရွာနေသော်လည်း သူ့ခြေထောက်သည် ရေထဲနစ်မနေ။ သဲပွင့်ကျောက်စရစ်တွေနှင့် သစ်ကိုင်းပင်ခြောက်တွေကိုသာနင်းမိနေကြောင်းကို သတိပြုမိသည်။ ကိုင်ဆုပ်ထားမိသော ဆူးကိုင်းတစ်ခုကို ချက်ချင်းလက်လွှတ်လိုက်သည်။ နားစွင့်၍ အမေအဖေတို့ကို ထပ်ခေါ်၏။ အမေ၊ အဖေတို့ကိုအော်ခေါ်ရင်း အမှောင်ထဲတွင် ရိုးတိုးရိပ်တိပ်မြင်နေရသော မည်းမည်းမြင့်မြင့်တောင်ကုန်းတစ်ခုဘက်စမ်းသွားနေမိ၏။ မုန်တိုင်းစတိုက်၍ရွာကထွက်ပြေးကြစဉ်တွင် မျှော်ဦးတောင်ပေါ်ပြေးကြရမည်ဟူသော လူကြီးများ၏စကားကို သတိရ၍ ဖြစ်သည်။

"အဖေ အိုး အိုး အဖေ အဖေ"

ရုတ်တရက် လန့်သွားသည်။ မိမိခေါ်သံကို မိမိပြန်ကြားတာလားထင်မိလိုက်သည်။ ပဲ့တင်လာသံတော့မဖြစ်နိုင်ကြောင်း သူသိ၏။ ပဲ့တင်သံပြန်ပေးတတ်သော တောင်ကြား၊ ကျောက်လှိုင်းများကိုလည်း အနီးဝန်းကျင်တွင်မမြင်မိ။ သရဲတစ္ဆေခြောက်တာလား။ အောင်တိုင်ကြောက်သွားသဖြင့် အမေ၊ အဖေတို့ကို အော်မခေါ်ဝံ့၊ အော်မခေါ်ရဲဖြစ်သွားသည်။ အသံလာရာဘက်ကိုလည်း နားစွင့်ထားမိသည်။ ခြေလှမ်းကလည်းရှေ့မတိုးရဲတော့။

"အို-အို အဖေ အဖေ အဖေရေ"

အသံကို နီးသွားလိုက်၊ ဝေးသွားလိုက်လား၊ တိုးသွားလိုက်ကျယ်လာလိုက်လား ကြားနေရသည်။ အမှောင်ထဲတွင် ရွှေ့ရွှေ့သွားနေသော သူ့ခြေလှမ်းက ရပ်သွားသည်။ အဖေ၊ အဖေဟု အော်ခေါ်နေသံမှာ သူ့ရှေ့ ချုံပုတ်နားကဖြစ်၏။ ငါ့အသံငါပြန်ကြားတာမဖြစ်နိုင်ဟုထင်မိသည်။ ထို့ကြောင့် ဤတစ်ခါ အဖေကိုမခေါ်တော့ဘဲ အမေ့ကိုခေါ်ကြည့်သည်။

www.burmeseclassic.com

"အမေ အမေရေ အို အမေ"

"အို - ဟင်း အင့်၊ အဖေ အဖေရယ်"

ချမ်း၍ခိုက်ခိုက်တုန်နေသည့်ကြားက အောင်တိုင်အံ့သြသွားမိသည်။အဖေအဖေဟုခေါ်နေသံမှာ သူ့ရှေ့နားကဖြစ်သည်။ပီပီသသလည်းကြားလိုက်ရသည်။ သူ့အသံကိုပြန်ကြားရသည်မဟုတ်။ သူက အမေကိုသာခေါ်၏။ သူ့ရှေ့ ချုံပုတ်ထဲကအသံက အဖေကိုခေါ်သည်။ မိမိလိုပင် မိဘနှင့်ကွဲသွားသူတစ်ယောက်ဟူသောအတွေး အောင်တိုင်အတွေးထဲချက်ချင်းပြေးရောက်လာ၏။ သေချာအောင် သူကသူ့အမေကိုဆပ်ခေါ်ကြည့်သည်။

"အမေ အို အမေနိုင်း. . ."

"အဖေ အဖေ အမ်းကူး အမ်းကူးရေ"

အောင်တိုင် အတိုင်းမသိဝမ်းသာသွား၏။ အမှောင်ထဲတွင်သူတစ်ယောက်တည်းမဟုတ်။ တအားတက်သွားသည်။ သူက အမေတစ်လှည့် အဖေတစ်လှည့်အော်ခေါ်၍ အဖေတစ်ဦးကိုသာ အော်ခေါ်နေသူဘက်သို့အားကုန်ပြေးလျှောက်လာသလို အဖေတစ်ယောက်တည်းကိုသာအော်ခေါ်နေသူလည်း လူသံကြားရာကို အားကိုးတကြီးလာနေသည်ကို အောင်တိုင် ကြားနေရသည်။

အမေ၊ အမေတို့ကိုအော်ခေါ်လာနေကြရင်း အမှောင်ထဲတွင် အရိပ်မြင်ကြရ၏။ ချုံပုတ်နားတစ်ခုတွင် မျက်နှာချင်းဆိုင်ဆုံမိကြသည်။ တစ်ယောက်လက်တစ်ယောက်စမ်း၍ ကိုင်မိလိုက်ကြ၏။ တစ်ကိုယ်လုံးအေးစက်နေသော အောင်တိုင်သည် ရုတ်ခြည်းနွေးထွေးသွားသလို ခံစားလိုက်ရ၏။

"နင် နင် ဘယ်သူလဲဟင်၊ လူ လူနော်"

"လူပါ၊ ငါ ငါမေသူ နင်ကော"

အောင်တိုင်၏ ကတုန်ကယင်ကြီးနှင့်မေးသံကို ကောင်မလေးကလည်း မေးရိုက်သံခိုက်ခိုက်နှင့် ဝမ်းသာအဲလဲပြန်ဖြေ၏။

"ငါ အောင်တိုင်၊ သဲတန်းရေပြောက"

အင်းဟု သက်ပြင်းတစ်ချက်ရှိုက်လိုက်သံကို ကြားလိုက်ရ၏။ ဝေါခနဲတစ်ချက်အသံထွက်ငိုသည်။ အောင်တိုင်လက်ကို အားကိုးတကြီးနှင့် မြဲမြဲဆုပ်ထား၏။

အောင်တိုင်က ဆက်မေး၏။

"နင် နင်ကော ဘယ်ကလဲ"

"ငါ ငါလည်း သဲတန်းရေနီက၊ နင်နဲ့ငါနဲ့ တစ်ရွာတည်းပါ"

ကောင်မလေးက တရစပ်စကားကို အားကိုးတကြီးဆိုသည်လားမသိ။

ကောင်မလေးပြောတာမှန်သည်။ သူတို့သဲတန်းမှာ ရေနီ၊ ရေပြာဟု အပိုင်းနှစ်ပိုင်းရှိသည်။ ရေနီက သဲတန်းရွာအဖျားပိုင်း၊ ရေပြာကအဝပိုင်း။ သို့သော်တစ်ပိုင်းနှင့်တစ်ပိုင်း မရောက်ဘူးကြ။ တစ်ယောက်နှင့်တစ်ယောက် မသိကြ။ ယနေ့ မုန်တိုင်းကြီးညမှ နဖူးတွေ့ဒူးတွေ့ တိုက်တိုက်ဆိုင်ဆိုင် အမှောင်ထဲမှာတွေ့မိကြသည်။

"နင် ငါ့သိလား"

"ဟင့်အင်း - ငါမသိ"

သူ့ကိုလည်း အောင်တိုင်မသိ။

"နင့်အမေကော"

အဖေကိုသာ တစာစာခေါ်ပြီး အမေကိုမခေါ်၍ အောင်တိုင်ကမေး၏။

"အမေသေပြီ"

"သေပြီ"

"အင်း"

"လှိုင်းနဲ့ပါသွားလို့ သေပြီ"

"မဟုတ်ဘူး၊ သေတာကြာပြီ"

ဤတစ်ခါ အောင်တိုင် သက်ပြင်းချမိသည်။ သူသည် စောစောက အဖေတစ်ယောက်တည်းကိုသာ ခေါ်၏။ အောင်တိုင်လို အဖေတစ်လှည့်၊ အမေတစ်လှည့်မခေါ်။ သူ့မှာ ခေါ်စရာ အဖေသာရှိတော့သည်။

"နင့်အဖေဘယ်သူလဲ"

"ဦးအလျှောင်"

"ဆလုံလား"

"မဟုတ်ဘူး"

"ပသျှူး"

"မဟုတ်ဘူး"

"တရုတ်"

"ဩော်. . ."

အောင်တိုင် တစ်ချက်ညည်းလိုက်၏။

"ငါ့အဖေကို နင်သိလား"

"ပြောသံကြားဖူးတယ်။ နင့် နင့်အဖေက ဘိန်း. . . အဲ. ."

မေးမိပြီးမှ အားနာသလိုဖြစ်သွားသည်။ ကောင်မလေးကလည်း ဘာမှပြန်မပြော။ သူ့လက်ကိုသာ တင်းတင်းဆုပ်လာ၏။

"ငါ့အဖေက အောင်သိုက်၊ ထားဝယ်သား၊ အမေက အနိုင်း ဆလုံလေ"

"ငါ့အမေလည်း ဆလုံပဲ"

"သေပြီးဆို"

"အေး - သေတာကြာပြီ"

"ခု နင့်အဖေ လှိုင်းနဲ့ပါသွားလား"

"အေး"

"ငါ့အဖေ၊ အမေတို့လည်း လှိုင်းကြီးနဲ့ပါသွားတယ်"

"သူတို့သေကြပြီးလား"

အောင်တိုင် ချက်ချင်း ရင်ထဲဆို့သွားသည်။ လှိုင်းကြီးနှင့်ပါသွားသော အမေအဖေတို့ကို သေပလား သူလည်းမသိ။ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာသည်။ တစ်ချက်ရှိုက်ငိုလိုက်မိသည်။ ကောင်မလေးကလည်း တသိမ့်သိမ့်ရှိုက်ငိုနေ၏။ အမှောင်ထဲမှာ လက်ချင်းတော့ မဖြုတ်မိကြ။

"ငါတို့ဘယ်. . . ဘယ်လိုလုပ်ကြမလဲ"

ကောင်မလေးအမေးကို အောင်တိုင် မဖြေတတ်။ ဘာလုပ်ရမှန်းမသိ။ မိုးကလည်းမစဲသေး။ လေကတည်းတိုက်တုန်း။

"ဟင်- ငါတို့ဘယ်လိုလုပ်ကြမလဲ၊ ငါသိပ်ချမ်းနေတယ်"

ကောင်မလေးက သူ့လက်ကိုကိုင်လှုပ်၍မေး၏။

"ငါလည်းမသိဘူး၊ တို့ဒီမှာနေရင် ပိုချမ်းမယ်။ ရှေ့က ချုံတောလား ကျောက်ဆောင်ကြီးတွေလား၊ မည်းမည်းမြင်ရတယ်။ အဲဒီသွားကြရအောင် လာ"

အောင်တိုင်က လက်ဆွဲခေါ်လိုက်၏။ ကောင်မလေးက အသင့်ပါလာသည်။ ချုံပုတ်လား၊ ကျောက်ဆောင်လားမသိ။ မဲမဲသဲသဲအရိပ်လိုမြင်ရာသို့ ပြေးလျှောက်လာကြ၏။ မိုးပေါက်တွေကိုယ်ပေါ်ကျသည်မှာ ဆူးနှင့်ထိုးသလို နာကျင်မိသည်။ ကောင်မလေးက အမှောင်ထဲမှာ တစ်ခါနှစ်ခါလုတ်တိုက်၍လဲ၏။ လက်ချင်းဆုပ်ကိုင်ထားကြသဖြင့် ကောင်မလေးလဲတော့ သူပါလဲတော့မလိုဖြစ်သွားသည်။ အောင်တိုင်က အတင်းဆွဲပြေးလာ၏။

"လှိုင်းလုံးကြီးတွေတော့ သဲချောင်းဘက်မှာ မမြင်ရတော့ဘူးနော်"

"အင်း- လှိုင်း လှိုင်းအော်သံလည်း မကြားရတော့ဘူး။ လေတိုက်လည်း မပြင်းတော့ဘူး။ မုန်တိုင်းစဲတော့မယ်"

ကောင်မလေးက ရှိုက်ငိုပြန်သည်။

"မငိုနဲ့ဟာ၊ တို့မသေတော့ဘူး၊ မုန်တိုင်းလည်းစဲသွားပြီ"

အောင်တိုင်က လူတတ်ကြီးလုပ်၍ပြော၏။

"ငါ. . . ငါ ထမင်းဆာတယ်"

"ညက နင်မစားခဲ့ရဘူးလား"

"ထမင်းစားနေတုန်း လှိုင်းလုံးဝင်



www.burmeseclassic.com

www.burmeseclassic.com

လာလို့ ဘာမှမစားခဲ့ရဘူး။ ထမင်းအိုးပန်းကန်တွေအကုန် လှိုင်းနဲ့ပါသွားတယ်"

ကောင်မလေးနှင့်စာလျှင် ညနေက ထမင်းစားခဲ့ကြသည်ကို အောင်တိုင်မှတ်မိသည်။ ဦးကြီးရှိန်တို့အိမ်မှာ။ သို့သော် ဘယ်နှရက်ကြာသွားပြီလဲတော့ မသိ။ မနေ့ညနေကလား ကြာပြီလားတွေးမရ၊ အိပ်မက်မြင်သလိုဖြစ်နေ၏။

သူတို့ စောစောကမြင်ရသည်မှာ ကျောက်လုံးကြီးမှန်းသိသာ၏။ ကျောက်လုံးကြီးအနားရောက်သည်နှင့် နွေးသွားသည်။ ကျောက်လုံးကြီးအပေါ်တွင်အခိုးအငွေ့တွေ တရိပ်ရိပ်တက်နေသည်။ အမှောင်ထဲ၌ပင် မြင်နေရ၏။

"ဒီဘက်လာဟာ၊ ဒီမှာလေကွယ်တယ်။ မိုးပေါက်လည်းမကျဘူး"

အောင်တိုင်က ကောင်မလေးလက်ကိုဆွဲပြီး ကျောက်စွန်းအောက်တစ်ခုထဲ ဝင်ကပ်လိုက်၏။

"ကျောက်လုံးကြီးက ပူနေတယ်ဟ"

ကျောက်လုံးကြီးကိုစမ်းမိသဖြင့် ကောင်မလေးက အော်လိုက်၏။

ကောင်မလေးက ပြောသဖြင့် အောင်တိုင်လည်း စမ်းကြည့်၏။ မှန်သည်။ ကျောက်လုံးကြီးက ပူနွေးနေ၏။ ဤတစ်ခါ ဘယ်လိုကဘယ်လိုပြုတ်သွားသည်မသိလိုက်။ နှစ်ယောက်စလုံးလက်က ကျောက်တုံးကြီးကို လက်နှစ်ဖက်နှင့်စမ်းမိပြီးသားဖြစ်သွားကြ၏။

"ဟုတ်တယ်ဟ၊ တို့ဟန်ကျပြီ။ ကျောကုန်းနဲ့ကျောက်လုံးကြီးကိုကပ်ထားရအောင်၊ နွေးနေတယ် မဟုတ်လား"

စကားမဆုံးမီပင် ရှိန်ရှိန်ရှိန်ရှိန်အပူငွေ့ပြန်နေသောကျောက်လုံးကြီးနံရံကို အောင်တိုင်က ကျောကပ်မိပြီးသားဖြစ်သွားသည်။

"ဒီ ဒီဘက်ကပိုပူတယ်၊ လောင်မလားတောင်မသိ"

ကောင်မလေးပြောသောဘက်ကို အောင်တိုင်က လှမ်းစမ်းကြည့်လိုက်၏။ ကောင်မလေးပြောသလောက်တော့ မဟုတ်။ သို့သော် အောင်တိုင်ကျောကပ်ထားသောဘက်ထက် နွေးထွေးသည်မှာတော့ အမှန်ပင်။

"ဟုတ်တယ်နော်၊ ဒီဘက်ကပိုနွေးတယ်"

ကောင်မလေးက အောင်တိုင်လက်ကိုလှမ်းကိုင်ပြီးပြော၏။

"အင်း - ဟုတ်တယ်"

အောင်တိုင်က ကောင်မလေးဘက်ပိုတိုးပြီး ဘေးချင်းကပ် ပေါင်ချင်းယှဉ်ခြေလိမ်ချိတ်ထားလိုက်ကြသည်။

ကောင်မလေးကိုယ်က ပိုနွေးသလိုပင်။ ကျောက်လုံးကြီး၏အပူရှိန်ကြောင့် သူ့ကိုယ်လည်း ပိုနွေးလာသည်။

"ငါ့အမ်းကူတော့ သေပြီးထင်တယ်"

ကောင်မလေးကပြောပြီး တအိအိ ငိုရှိုက်လာပြန်သည်။ ကောင်မလေးငိုတော့ အောင်တိုင်လည်း ငိုချင်လာသည်။ ကောင်မလေးစကားက အောင်တိုင်ရင်ထဲဆို့သွားသည်။ သူ့အမေ၊အဖေတို့လည်း သေသွားကြပြီဟု ထင်လိုက်သည်။

"ထွက်ပြီး အမေ၊အဖေတို့ကိုအော်ခေါ်ကြည့်ရင် ကောင်းမလားမသိဘူးဟ။ အဖေကရေကူးသိပ်တော်တာ။ ပင်လယ်ထဲမှာ အကြာကြီးနေနိုင်တယ်တဲ့။ လိပ်ထိုးငါးဖမ်းလည်းတော်တယ်။ ငှက်သိုက်လည်းရှာနိုင်တယ်။ အဖေတော့ သေမှာမဟုတ်ဘူး။ အမေကလည်း ဆလုံအမေ့ကိုမွေးတာတောင် ရေထဲကလှေပေါ်မှာမွေးတာတဲ့။ ငါ့အဖေက အဲဒါကြောင့် တစ်ခါတစ်ခါ ရေသူမလို့ပြောပြီး အမေ့ကိုစတတ်တယ်။ ဒါဆို ငါ့အမေလည်း သေမှာမဟုတ်ဘူး"

"အကျႌတွေရေစိုနေရင်ပိုချမ်းမယ်။ အကျႌခြောက်သွားအောင် ကျောက်လုံးနဲ့ကပ်ထားမယ်။ နင်လည်းအကျႌချွတ်ပြီး ကျောက်လုံးနဲ့ကပ်ထား၊ ခြောက်သွားလိမ့်မယ်"

အောင်တိုင်စကားကို ကောင်မလေးက စိတ်ဝင်စားပုံမရ။ သူကဘယ်လိုတွေးပြီး ဘယ်လိုစိတ်ကူးပေါက်သွားသည်မသိ။ အောင်တိုင်နှင့် နံဘေးချင်းကပ်နေရာကခွာသွား၏။ သူက အကျႌချွတ်ပြီး သူ့အကျႌကို ကျောက်လုံးကြီးနံရံ၌ ကပ်ထားလိုက်ပြီဟု သိလိုက်သည်။

ကောင်မလေး၏ စကားကြောင့် အောင်တိုင်က အကျႌကို အပေါ်ဆွဲတင်၍ ရင်ဘတ်ကိုကပ်ကြည့်၏။ အမှန်ပင် ပိုနွေးသည်။ ချက်ချင်း အကျႌကိုချွတ်ပြီး ကျောက်လုံးကြီးနံရံ၌ ကပ်ထားလိုက်သည်။ အမှောင်ထဲတွင်ဖြစ်သော်လည်း ရှစ်နှစ်ကိုးနှစ်အရွယ်မို့ ဘောင်းဘီချွတ်ရမှာ ရှက်ရွံ့သလိုဖြစ်နေသည်။ ကောင်မလေးမှာတော့ အတွင်းခံဘောင်းဘီမပါ။ အရပ်ထုံးစံအတိုင်း အကျႌရှည်ဂါဝန်သာဝတ်လာပုံရသည်။ ထို့ကြောင့်လည်း သူက လွယ်လွယ်ပင် သူ့အကျႌကိုချွတ်ပြီး ကျောက်လုံးကြီးနံရံ၌ ကပ်ထားလိုက်ပုံရသည်။

ဘောင်းဘီချွတ်ရမှာဝန်လေးနေသောအောင်တိုင်က ကောင်မလေးဘက်သေသေချာချာကြည့်၏။ အရိပ်သာမြင်ရသည်။ သဲသဲကွဲကွဲမရှိ။ ထိုအခါမှ အောင်တိုင်သည် သူ့ဘောင်းဘီကိုချွတ်ပြီး ကောင်မလေးအကြံပေးသလို ကျောက်လုံးကြီးနံရံကိုကပ်ထားလိုက်၏။

ကောင်မလေးက အမှောင်ထဲတွင် လူချင်းကွဲသွားကြမှာစိုး၍လား မသိ။ အောင်တိုင်နားကပ်လာပြီးဖက်လိုက်၏။

"နွေးတယ်နော်၊ ငါ့အကျႌတော့ ခြောက်တော့မယ်"

ဟု ပြောသည်။ နှစ်ယောက်စလုံး ကျောက်လုံးကြီးကိုကျောကပ်ပြီး ခဏစကားပြတ်သွားကြ၏။

"မိုးရွာကြီးထဲ ကျောက်လုံးကြီးကတော့ နွေးနေတာပဲ"

"အေး - နင့်ကိုယ်ကလည်း နွေးနေတာပဲ"

"နင့်ကိုယ်လည်းနွေးတာပဲ"

ကျောက်လုံးကြီးကိုကျောကပ်ထားကြသဖြင့် အမှန်လည်း နှစ်ယောက်စလုံးနွေးလာသည်။

"ကျောက်လုံးကြီးက ဘာလို့နွေးနေတာလဲမသိဘူးနော်"

ကောင်မလေးက သူ့ကိုမေးသလိုနှင့် ပြောပြန်သည်။

"ငါဘယ်သိမလဲ"

အမှန်က ဤနေရာကို လှိုင်းရေတို့တက်ခဲ့ပုံမရ။ မိုးဦးလေဦးကျတွင် ကျောက်တောင်ကြီးတွေ အခိုးအငွေ့ထွက်သည်ကိုတော့ သူမြင်ဖူးသည်။ သူ့အဖေကိုလည်း မေးကြည့်ဖူးသည်။ သူ့အဖေက တစ်နွေလုံးပူထားသောကျောက်တောင်ကြီးများသည် မိုးရွာ၍ရေစိုသောအခါ အခိုးအငွေ့တွေထွက်ပြီး အပူပြန်တတ်သည်ဟု သူ့အဖေပြောဖူးသည်ကို သတိရ၏။ သို့သော် စိတ်ထဲမှာ အမေ၊အဖေတို့ကိုသတိရသဖြင့် ကောင်မလေးကိုမပြောမိလိုက်။ အောင်တိုင်စိတ်ထဲမှာ အိပ်မက်လား။ တကယ်လားဟု ခုထိဝေခွဲမရသလိုဖြစ်နေသည်။ သူနှင့်စာလျှင် ကောင်မလေးက သတိပိုကောင်းသည်။ သူ့အကြံဉာဏ်ကြောင့် ကိုယ်လည်းနွေး၊ ဘောင်းဘီအကျႌလည်း ခြောက်နိုင်သည်။ နွေးနွေးထွေးထွေးဖြစ်သွား၍လားမသိ။ ကြောက်စိတ်လည်း မရှိတော့။ ကောင်မလေးနှင့်သူ စကားမပြောမိကြတော့။ တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး ကျောက်တုံးကြီးနံရံကို ကျောကပ်ကာ ငိုက်မျဉ်းလာရာမှ အိပ်ပျော်သွားကြသည်။

(ဆက်ရန်)

ဗိုးကျော့



www.burmeseclassic.com

www.burmeseclassic.com

# (ဇီးကုန်း) မင်းသန့်ကျော်
# အိပ်မက်လေလား ပုံပြင်လား



**နီဒါန်း**

လွန်ခဲ့သော နှစ်ပေါင်း (၃၀) ခန့်က ဖြစ်၏။

ကျွန်ုပ် ဇီးကုန်းလက်ထောက်တိုင်းကုန်သွယ်/လယ်ယာ၌တာဝန်ထမ်းဆောင်နေစဉ် တစ်ခုသောနေ့၌ ရုံးကိစ္စဖြင့် ရန်ကုန်ရုံးချုပ်သို့သွားရပါသည်။ ကျွန်ုပ်နှင့်အတူလိုက်ပါသူမှာ ကိုခင်မောင်လတ် ခေါ် ဝန်ထမ်းတစ်ဦး ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ရန်ကုန်သို့သွားရာတွင် ပြည့်စုံတည်းခိုခန်း၌ တည်းခိုလေ့ရှိပါသည်။ ပြည့်စုံတည်းခိုခန်းသည် ထိုစဉ်က ဂုဏ်ရုပ်ရှင်ရုံအနီးတွင်ရှိပြီး (၄)ထပ်ရှိပါသည်။

ပြည့်စုံတည်းခိုခန်းသို့ လှေကားမှ အတက်အဆင်းပြုရသောအခါ (၄)ထပ်သို့တက်ရဆင်းရသဖြင့် မသက်သာလှပါ။ ကျွန်ုပ်ရုံးချုပ်သို့လာသည်မှာ ဇီးကုန်းလက်ထောက်တိုင်းရှိ ကုန်ဝယ်ဒိုင်ကြိတ်ခွဲစက်သိုလှောင်ရုံနှင့် မြို့နယ်ရုံးများအတွက်အသုံးပြုရန်ပုံစံများ၊ စာရေးကိရိယာများကို လာရောက်ထုတ်ယူရန် ဖြစ်ပါသည်။

ထိုပစ္စည်းများကို တစ်ကြိမ်ထုတ်လျှင် ဂုန်နီအိတ်နှင့် အလုံး (၄၀၊၅၀)ခန့် ထုတ်ရသဖြင့် ပစ္စည်းများထည့်ရန် အိတ်ခွံများကို တစ်ပါတည်းယူလာရရာ တည်းခိုခန်းသို့ ထိုအိတ်ခွံထုပ်များဖြင့် တက်ရဆင်းရပါသည်။ အိတ်ခွံများကိုယူဆောင်ပြီး ရုံးချုပ်သို့သွားရာတွင် မောလာသဖြင့် (၃၃) လမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်ဝင်၍ လက်ဖက်ရည်သောက်ကြပါသည်။

ထိုစဉ် လွန်ခဲ့သောနှစ်ပေါင်း (၅၀) ခန့်က ကျွန်ုပ်ဆရာဖြစ်ခဲ့သော ဆရာဦးသီဟနှင့် လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံရပါသည်။ ထိုစဉ်က ကျွန်ုပ်တို့သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မြို့ကလေးတစ်မြို့တွင် တာဝန်ကျစဉ်က ဆရာဦးသီဟက ဒေသတာဝန်ခံအဖြစ် လည်းကောင်း၊ ကျွန်ုပ်က ဒုတိယစာရေးအဖြစ် လည်းကောင်း ကြုံဆုံကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်က ဆရာဦးသီဟကို မြင်လျှင်မြင်ချင်းမှတ်မိကာ -

"ဆရာဦးသီဟ ဟုတ်ပါတယ်နော်။ ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာလွိုင်ကော်ကိုပြောင်းသွားကတည်းက ကျွန်တော်နဲ့အဆက်အသွယ်ပြတ်သွား တာလေ။ ဆရာ့ကို ဒီတစ်သက်မှာ ပြန်မတွေ့ရတော့ဘူးလို့ထင်ထားတာ"

ဆရာသည်လည်း ကျွန်ုပ်အား မှတ်မိပုံရပါသည်။ သူသည် ပင်စင်ယူပြီးပုံရ၏။ ဆရာ့ပုံသည် စိတ်ချမ်းသာလက်ချမ်းသာနေပုံရပါသည်။

"ဟာ - ဟေ့ကောင်၊ မင်း အခု ဘယ်မှာလဲ"

"ကျွန်တော် ဇီးကုန်းလက်ထောက်တိုင်းမှာ တာဝန်ကျတယ် ဆရာ။ အခု လုပ်ငန်းဌာနအားလုံးအတွက် ပုံစံနဲ့ စာရေးကိရိယာတွေလာထုတ်တာပါ"

"အေးကွာ၊ မင်းကိုတွေ့လိုက်ရတော့ တို့တွေ ဟိုတုန်းက အတူနေခဲ့တာတွေ သတိရတယ်"

"ကျွန်တော်လည်း သိပ်သတိရတာပဲဆရာ၊ စိုးအောင်ကို စောင်းတီးသင်ပေးတာ ဆရာမှတ်မိသေးလား"

"မှတ်မိတာပေါ့ကွာ၊ ဒါနဲ့စိုးအောင်ကော ဘယ်ရောက်နေသလဲ"

"စိုးအောင်က မကွေးတိုင်း...
ပြောင်းရတယ် ဆရာ"

"အေးကွာ၊ စောင်းတီးကောဆ...
သင်ဖြစ်သေးလားမသိဘူး"

"မသင်ဖြစ်တော့ဘူးလို့ကြားတယ်...
စောင်းကိုမြင်ရင် သူ့ကောင်မလေး...
သိပ်သတိရတယ်တဲ့"

"အေးကွာ၊ စိတ်မကောင်းစရာပဲ"

"ကျွန်တော်နဲ့ စိုးအောင်ရ...
ဟသ်ာတကို စပါးသွားပို့တုန်းက ရေ...
ပိုင်ဦးရှင်ကြီးရုပ်ရှင်ဇာတ်ကားရိုက်...
တယ်ထင်ပြီး လူတွေဝိုင်းလာလို့ မနည်း...
ရှောင်ပြေးလာရတာ မှတ်မိသေးလား"

"ဟုတ်လား"

"ဒါနဲ့ ဆရာ့ကို ဖွင့်ဟဝန်ခံစ...
တစ်ခုရှိသေးတယ်"

"အမယ် - တယ်ဆိုတဲ့စာပါလာ...
ဘာများပါလိမ့်"

"ဆရာ တစ်ခုသောနေ့က ရန်...
ရုံးချုပ်ကို စပါးနမူနာသွားပြတယ်...
ကျွန်တော်နဲ့ စိုးအောင် ကျိတ်ကွ...
သွားခဲ့တယ်ဆရာ။ အဲဒါ ဆရာ့ကို...
ပြန်မပြောခဲ့ဘူး။ ဘယ်သူ့ကိုမှ...



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူးဆရာ။ အဲဒါအခု ဆရာ့ကိုပြောပြချင်တယ်"

"မင်းတို့ရုံးနောက်ကျနေဦးမယ်"

ကျွန်ုပ်က လက်မှနာရီကိုကြည့်ပြီး

"ခုမှ (၈)နာရီရှိသေးတယ်ဆရာ၊ ဆရာ့ကိုပြောပြဖို့အချိန်ရပါတယ်"

ကျွန်ုပ်သည် ထိုအချိန်ကဖြစ်ပျက်ခဲ့ပြီး မည်သူ့ကိုမျှပြောမပြရသေးသော အကြောင်းအရာကို ဆရာဦးသီဟအား

www.burmeseclassic.com

www.burmeseclassic.com

ပြောပြပါသည်။ ထိုအကြောင်းအရာမှာ လျှို့ဝှက်ဆန်းကြယ်ပြီး စိတ်ဝင်စားစရာကောင်းလှ၍ စာဖတ်ပရိသတ်သို့ မျှဝေခံစားလိုက်ပါသည်။

(၁)

အချိန်မှာ ၁၉၆၅ - ၁၉၆၆ ခုနှစ်ခန့် ကျွန်ုပ်အသက် (၂၀)အရွယ်ကဖြစ်ပါသည်။

ကျွန်ုပ်တာဝန်ကျသည့် မြို့နယ်ကလေးမှာ ဧရာဝတီမြစ်ကမ်းပါးတွင်တည်ရှိပြီး သွားရေးလာရေးလမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် သွားရောက်လိုသူမရှိဘဲဖြစ်နေရာမှ ကျွန်ုပ်နှင့် ကျွန်ုပ်၏ သူငယ်ချင်း စိုးအောင်တို့သည် သွားရောက်လိုကြောင်း ကိုယ်တိုင်စာရင်းပေးကာ အထက်လူကြီးမှ သွားရောက်ခွင့်ပြုလိုက်သဖြင့် သူငယ်ချင်းနှစ်ယောက် ထိုမြို့ကလေးသို့ ထွက်ခွာလာခဲ့ကြပါသည်။

ကျွန်ုပ်တို့သူငယ်ချင်းနှစ်ဦးသည် လူပျိုလူလွတ်များဖြစ်၍ နောက်ဆံတင်းစရာမလိုဘဲ ထွက်ခွာလာခဲ့ကြပါသည်။

ကျွန်ုပ်တို့ရောက်ပြီး (၂) ရက်ခန့်ကြာသောအခါ ထိုမြို့ကလေးတွင် ဒေသတာဝန်ခံ(မြို့နယ်မန်နေဂျာ)တာဝန်ထမ်းဆောင်ရန်အတွက် ရန်ကုန်ရုံးချုပ်မှ ဦးသီဟ (ခေါ်) မန်နေဂျာတစ်ဦး ညနေသင်္ဘောဖြင့်ပါလာမည်ဖြစ်ကြောင်းသတင်းရရှိပါသည်။

ကျွန်ုပ်နှင့် ဝန်ထမ်းများသည် သင်္ဘောဆိပ်သို့သွား၍ ညနေ (၅) နာရီတွင်ဆိုက်သောသင်္ဘောကို ကြိုဆိုကြပါသည်။ သင်္ဘောဆိုက်လာသောအခါ အထက်တန်းအခန်းမှ ဆရာဦးသီဟဟုယူဆရသူတစ်ဦးသည် လက်ထဲတွင် စောင်းကောက်ကြီးကို ကတ္တီပါအိတ်ဖြင့်စွပ်လျက် လက်ဖြင့်ပိုက်ကာ ဆင်းလာပါသည်။ စောင်းကောက်ကို ညာလက်ဖြင့်ပိုက်ထားခြင်းဖြစ်ပြီး ဘယ်ဘက်လက်မှ သားရေအိတ်တစ်လုံးနှင့် အခြားအိတ်တစ်လုံးကိုဆွဲလာပါသည်။ ထိုအခြားအိတ်တွင် စောင်းကောက်ကိုတင်ထားရန်အတွက် အောက်ခံခုံကို ထည့်ယူလာကြောင်း နောင်တွင်သိရပါသည်။

ကျွန်ုပ်တို့သည် သင်္ဘောပေါ်တက်၍ ဆရာဦးသီဟထံသွားကာ ပစ္စည်းများကို ကူညီသယ်ပိုးကြပါသည်။

"ဆရာဦးသီဟဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ဗျာ၊ ဒါနဲ့ မင်းတို့က"

"ကျွန်တော်တို့က ရုံးကဝန်ထမ်းတွေပါ။ ဆရာ့လက်ထဲက စောင်းလား၊ ကျွန်တော်ယူခဲ့မယ် ဆရာ"

"ဟာ - နေပါစေ။ စောင်းကို ကိုယ်တိုင်ပဲပိုက်လာပါမယ်"

ကျွန်ုပ်တို့သည် သင်္ဘောပေါ်မှ ဆင်းကာ မြို့ထဲသို့လျှောက်လာကြပါသည်။ ဆရာဦးသီဟသည် မြို့ကလေးကိုကြည့်၍ -

"မြို့ကလေးက သာယာသားပဲနော်"

"ဟုတ်ကဲ့၊ သွားရေးလာရေးတော့ ခက်တယ် ဆရာ"

"ဒီလိုပေါ့လေ၊ ဝန်ထမ်းဆိုတာ ကျရာနေရာမှာ တာဝန်ထမ်းဆောင်ရမှာပဲ"

ဆရာဦးသီဟကို ကျွန်ုပ်တို့တည်းခိုသောအိမ်သို့ ခေါ်လာပါသည်။

အိမ်ပိုင်ရှင်မှာ ဒေါ်သောင်းဖြစ်ပြီး ခင်ပွန်းမရှိတော့ပါ။ သူမတွင် သားကလေးနှစ်ဦးရှိပါသည်။ အကြီးကို မောင်တင်အောင်ဟုခေါ်ပြီး အငယ်ကို မောင်ဝင်းကြည်ဟု ခေါ်ပါသည်။

သူတို့မိသားစုသည် ကျွန်ုပ်တို့အပေါ်တွင် အိမ်ငှားများဟု သဘောမထားဘဲ မိသားစုသဖွယ် နွေးထွေးစွာဆက်ဆံ ကြပါသည်။

ဆရာဦးသီဟနှင့် ကျွန်ုပ်တို့သူငယ်ချင်းနှစ်ဦးသည် ဒေါ်ခင်လှထမင်းဆိုင်တွင် ထမင်းလခပေးပြီးစားကြပါသည်။ ဒေါ်ခင်လှသည် ထိုစဉ်က မြို့မသူကြီးတာဝန်လည်း ယူရပါသည်။

ထမင်းတစ်နပ်လျှင် (၇၅) ပြားကျကာ တစ်ခါစားလျှင် စာအုပ်ထဲ၌ လက်မှတ်တစ်ချက်ထိုးရသည်။ လကုန်၍ လစာထုတ်ပြီးသောအခါတွင်မှ လက်မှတ်များကိုရေတွက်ကာ ထမင်းလခရှင်းရပါသည်။

ဆရာဦးသီဟသည် အိမ်သို့ရောက်လျှင်ရောက်ချင်း သူ့စောင်းကောက်ကြီးကိုထားစရာနေရာရှာ၏။ နောက်မှ ဘုရားခန်းတွင် ဗီရိုအမြင့်တစ်လုံးကိုတွေ့ရာ ထိုဗီရိုပေါ်တွင် အောက်မှ သစ်သားခုံကိုထားကာ သစ်သားခုံပေါ်တွင် စောင်းကောက်ကို အမြတ်တနိုးတင်ထားလိုက်ပါသည်။

ညစာစားပြီးသောအခါ ကျွန်ုပ်တို့သည် အိမ်ရှေ့၌ချထားသော ကွပ်ပျစ်ကြီးပေါ်၌ထိုင်ကာ ရေနွေးကြမ်းသောက်ကြပါသည်။

ဆရာဦးသီဟသည် ဗီရိုပေါ်တွင်တင်ထားသော စောင်းကောက်ကိုယူလာကာ တီးတော့မည့်ဟန်ဖြင့် စောင်းကြိုးများကို တို့ထိနေပါသည်။ ထို့နောက် ဆရာသည် စောင်းကိုမတီးသေးဘဲ ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်နေပါသည်။

ကျွန်ုပ်သည် စောင်းကို လူကိုယ်တိုင်တီးခတ်သည်ကို ယခင်ကမမြင်ဘူးသည်နှင့် အသေအချာစိုက်ကြည့်နေပါသည်။

လသာရက်ဖြစ်၍ ပတ်ဝန်းကျင်တွင် လရောင်များဖြာကျနေပါသည်။

လမ်းပေါ်မှသွားလာနေသူများသည် ခြံတွင်း၌ စောင်းကောက်ကြီးကို ပိုက်၍ထိုင်နေသည်ကို အထူးအဆန်းသဖွယ် ကြည့်ရှုသွားကြပါသည်။

အချို့က ပြောသွားသေးသည်။

"စောင်းတီးဖို့က တော်တော်ခက်တယ်ကွ။ တီးတတ်ရင်တော့ တကယ်နားထောင်လို့ကောင်းမှာပဲ"

ဆရာဦးသီဟသည် စောင်းကောက်အကြောင်းကို ကျွန်ုပ်တို့အား ရှင်းပြပါသည်။

"တကယ်တော့ စောင်းက မြန်မာလူမျိုးတွေ အမြတ်တနိုးထားတဲ့တူရိယာတစ်မျိုးပဲ။ 'မြေမသက်ငှက်လည်းမဟုတ်၊ ရင်ဝယ်ထား သားလည်းမဟုတ်၊ မုတ်ဆိတ်ဖွား ကုလားလည်းမဟုတ်' ဆိုတာ စောင်းကိုဝှက်တဲ့စကားထာပဲ။ အခြေခံဖြစ်တဲ့ သင်ရိုးပိုင်းမှာ တံတျာ၊ သီတာ သာယာ၊ ဝေဘာဆိုတဲ့ ကြိုးသီချင်းတွေရှိတယ်။ တံတျာကစပြီးသင်ရတယ်"

ထိုအခါ စိုးအောင်က စိတ်ဝင်စားသွားပြီး-

"ဆရာ ကျွန်တော်တို့ကို စောင်းတီးပြပါလား"

"အေး - တီးမလို့ပါပဲ။ သဘင်အသက် (၇)ရက်လို့ဆိုတယ်မဟုတ်လား မပြတ်လေ့ကျင့်နေမှ"

ဆရာဦးသီဟသည် စောင်းကို ရင်ဝယ်ပိုက်၍ ညာလက်၏ လက်မ၊ လက်ညှိုးတို့ဖြင့် စောင်းကြိုးကလေးများကို တီးခတ်ပါတော့သည်။

ဆရာတီးပြသည်မှာ ထူးမခြားနားပတ်ပျိုးဖြစ်ပါသည်။

ဆရာဦးသီဟ၏စောင်းသံသည် သာယာနာပျော်ဖွယ်ကောင်းလှသဖြင့် ကျွန်ုပ်နှင့်စိုးအောင်မှာ မျက်စိများမှိတ်၍ ငြိမ်သက်စွာ နားထောင်နေကြပါသည်။

သီချင်းတစ်ဝက်ခန့်ကြာ၍ ကျွန်ုပ် မျက်စိဖွင့်ကြည့်လိုက်သောအခါ အိမ်



www.burmeseclassic.com

www.burmeseclassic.com

မန်ကျည်းပင်အောက်တွင် မိန်းမပျိုနှစ်ဦး ရပ်နေသည်ကို မြင်ရပါသည်။

ထိုအချိန်တွင် နှင်းများကျရောက်နေပြီး မိန်းမပျိုများကို သဲသဲကွဲကွဲမမြင်ရပါ။ ခေတ်ဟောင်းမှ အဝတ်အစားများနှင့်ဖြစ်ပြီး တစ်ယောက်သည် ဆံပင်ကို ချထားရာ သူမ၏ဆံပင်များသည် ဒူးဆစ်လောက်အထိရှည်ကြောင်း မြင်ရပါသည်။ ကျန်တစ်ယောက်သည် ဆံပင်ကို တစ်ပတ်လျှိုထုံးထားပါသည်။

မိန်းမပျိုလေးများသည် စောင်းသံကို နားထောင်ကောင်းသည့်ဟန်ဖြင့် ကျွန်ုပ်တို့ဘက်သို့လှည့်ကာ စောင်းသံကို အာရုံစိုက်နားထောင်နေကြသည်ကိုတွေ့ရပါသည်။

ကျွန်ုပ်က စိုးအောင့်ကိုလက်ကုတ်၍ မိန်းမပျိုလေးများကိုပြလိုက်ပါသည်။

စိုးအောင် မျက်လုံးပွင့်လာပြီး အိမ်ရှေ့သို့ ကြည့်လေသည်။

"ဟုတ်တယ်ကွ၊ ကောင်မလေးနှစ်ယောက်ပဲ"

စိုးအောင်က ထိုသို့ပြောပြီးနောက် ဆရာဦးသီဟ၏ သီချင်းလည်း ပြီးဆုံးသွားပါသည်။ မိန်းမပျိုနှစ်ယောက်လည်း ပျောက်ကွယ်သွားပါသည်။

ဆရာဦးသီဟက သီချင်းပြီးဆုံးသွား၍ စောင်းတီးရပ်လိုက်ပါသည်။

"ဘာလဲ၊ ဘာကိုမြင်ရတာလဲ"

"ဆရာစောင်းတီးနေတော့ ကောင်မလေးနှစ်ယောက် ဆရာ၊ အိမ်ရှေ့မန်ကျည်းပင်အောက်မှာရပ်ပြီးနားထောင်နေတာကိုတွေ့ရလို့ပါ"

"စောင်းသံကသာယာတော့ ကြားရသူအပေါင်းဟာမနေနိုင်ဘဲ နားထောင်ချင်လို့ စောင်းသံရှိရာကိုလာကြရတယ်။ အခုလည်း နားထောင်ချင်လို့လာတာလားမှမသိတာ"

"ဟာ - ဆရာကလည်း အိမ်ရှေ့မှာတံခါးပိတ်ထားတာ ဘယ်ကနေလာတာလဲ"

"ဒါဆိုရင် ဥစ္စာစောင့်မလေးတွေ လူယောင်ဖန်ဆင်းပြီးလာတာလို့ဆိုချင်တာလား ဟား ဟား ဟား"

ဆရာဦးသီဟက ကျွန်ုပ်တို့ပြောသည်ကို မယုံသလိုဟာသလုပ်ပစ်လိုက်သော်လည်း ကျွန်ုပ်တို့မှာသေသေချာချာမြင်လိုက်ရသဖြင့် စိတ်ထဲအောင့်သက်သက်ကြီးဖြစ်သွားပါသည်။

(၂)

ဆရာဦးသီဟသည် နောက်နေ့များတွင်လည်း ညတိုင်း အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်တွင်ထိုင်ကာ စောင်းတီးလေသည်။ သီချင်းများမထပ်ရလေအောင် တစ်ညတစ်ပုဒ်ပြောင်း၍တီးပြပါသည်။ လမ်းသွားလမ်းလာများသည် စောင်းသံကိုကြားရသဖြင့် စိတ်ဝင်စားကာ ခြံဝင်းအပြင်ဘက်မှရပ်၍ နားထောင်ကြပါသည်။ သီချင်းပြီးဆုံး၍ စောင်းတီးရပ်လိုက်တော့မှ မိမိတို့လိုရာခရီးကို ဆက်သွားကြပါသည်။

လမ်းသွားတစ်ဦးက -


"စောင်းသံက အဝေးကနားထောင်ရင် ပိုကောင်းတယ်ကွ။ အနီးကနားထောင်ရင် တိုးတယ်လို့ထင်ရပေမယ့် အဝေးကဆိုရင် ပိုပြီးကြည်လင်ပြတ်သားတယ်။ ငါတော့ နက်ဖြန်ညလည်း လာပြီးနားထောင်ဦးမယ်၊ တို့မြို့မှာ ကြားရခဲတယ်ကွ"

ထိုညတွင်လည်း ကျွန်ုပ်သည် မန်ကျည်းပင်အောက်တွင် မတ်တတ်ရပ်၍နားထောင်နေသောမိန်းမပျိုလေးများကို မြင်ရပြန်ပါသည်။ သူမတို့သည် ကျွန်ုပ်တို့ကို စိတ်ဝင်စားဟန်မပြဘဲ စောင်းသံကိုသာ အာရုံစိုက်နားထောင်နေပုံပေါ်ပါသည်။

ဆရာဦးသီဟသည် စောင်းကိုသာ အာရုံစိုက်၍တီးနေသဖြင့် မိန်းမပျိုလေးများကို မြင်ပုံမရပါ။

နောက်တစ်နေ့တွင် ထမင်းစားထွက်ကြသောအခါ ထုံးစံအတိုင်း ဒေါ်ခင်လှဆိုင့်တွင် စားကြပါသည်။ ဆရာဦးသီဟသည် ထမင်းစားမြန်သည်ကတစ်ကြောင်း၊ ရုံးတွင် အလုပ်များလုပ်ရန်ရှိနေသေး၍တစ်ကြောင်း ခပ်သုတ်သုတ်စားပြီး ရုံးသို့ပြန်သွားပါသည်။

ကျွန်ုပ်နှင့် စိုးအောင်တို့သည် ထမင်းစား၍မပြီးကြသေးဘဲ ဆက်စားနေကြစဉ် စိုးအောင်သည် တစ်စုံတစ်ရာကိုသတိရပြီး ထမင်းဆိုင်ရှင်ဒေါ်ခင်လှအား -



"အဒေါ် အဒေါ် ကျွန်တော်တို့ ညဘက်တွေမှာ အိမ်ရှေ့ကွပ်ပျစ်မှာထိုင်ရင်း ဆရာဦးသီဟစောင်းတီးတော့ ကောင်မလေးနှစ်ယောက် အိမ်ရှေ့က မန်ကျည်းပင်အောက်မှာလာပြီးနားထောင်တာကိုတွေ့ရတယ်။ ညတိုင်းလိုပဲ အဒေါ်"

ဒေါ်ခင်လှသည် စိုးအောင်ကို ကြည့်ကာပြုံးပြီး-

"နင်တို့ကိုကြိုက်လို့နေမှာပေါ့ဟဲ့"

"ဟာ - အဒေါ်ကလည်း မဟုတ်တာ။ ကျွန်တော်သိချင်တာက ကျွန်တော်တို့နေတဲ့အိမ်ရဲ့အနီးအနားမှာမိန်းကလေးတွေရှိသလား သိချင်လို့ပါ"

"ငါသိသလောက်တော့ ကောင်လေးတွေပဲရှိပါတယ်၊ ကောင်မလေးတွေ မရှိပါဘူး"

ထိုအခါ ကျွန်ုပ်က -

"ကျွန်တော်တို့အိမ်ရှေ့ဘက်က တံခါးကိုပိတ်ထားတာပဲ။ မန်ကျည်းပင်က ခြံအထဲမှာလေ။ သူတို့ဘယ်လိုဝင်လာတာလဲလို့ တွေးမရဘူး"

"ဒါဆို ဆန်းသားပဲ၊ ဒေါ်သောင်းများ တံခါးဖွင့်ပေးသလား"

"မဖွင့်ပေးဘူးအဒေါ် ကျွန်တော်သိတယ်။ အဲဒီအချိန်ဆိုရင် ဒေါ်သောင်းက ပုတီးစိပ်နေရော။ သူ့သားနှစ်ယောက်ကလည်း အဲဒီအချိန်ဆို အိမ်လည်နေကြတာ"

ဒေါ်ခင်လှသည် အနည်းငယ်စဉ်းစားပြီးနောက် ပြောသင့်မပြောသင့် ချိန်ဆနေပါသည်။ နောက်မှ စိတ်ကိုပိုင်းဖြတ်လိုက်ကာ ပြောပြပါသည်။

"မင်းတို့အိမ်နဲ့ နှစ်လမ်းကျော်လောက်မှာ ကျတ်ကွင်းကြီးဆိုတာရှိတယ်။ (၅) ဧကလောက်ကျယ်တယ်။ အဲဒါ အစက လယ်ကွက်တွေပဲ။ အခုတော့ အဲဒီလယ်တွေက ဘာမှစိုက်ပျိုးလို့မရဘူး။ ကျတ်တွေနေတဲ့နေရာဆိုပြီး ဘေးမဲ့ပေးထားကြတာ။ ကျတ်တွေဟာ လူယောင်ဖန်ဆင်းပြီး လူတွေထဲကိုလာတယ်လို့ကြားဖူးတယ်။ တစ်ခါ ဈေးထဲမှာလည်းတွေ့ဖူးတဲ့လူက တွေ့ဖူးတယ်။ အဲဒီကျတ်ကွင်းကိုရောက်ဖူးတဲ့လူလည်းရှိတယ်"

"အဲဒီကျတ်ကွင်းကိုသွားလို့ရလား အဒေါ်"

"ရတယ်လို့ပြောတယ်"

"သွားရင်ကျတ်တွေကိုမြင်ရလား"

"ဒီတိုင်းတော့ ဘယ်မြင်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com

(၃) လမ်းထဲမှာ ဆရာကြီးတစ်ယောက်ရှိတယ် သိပ်စွမ်းတယ်။ ဆရာကြီးရဲ့ဆေးတောင့်နဲ့ မျက်စိကိုကွင်းလိုက်ရင် မြင်ရတယ်လို့ပြောတယ်"

ကျွန်ုပ်တို့သည် ထမင်းကိုပြီးအောင်စားပြီး ရုံးသို့ပြန်လာခဲ့ကြပါသည်။ ရုံးတွင် ဗိုင်မှူးတစ်ယောက်သည် စပါးနမူနာတစ်ထုပ်ကိုဖြန့်ကာ ဆရာဦးသီဟကိုပြနေပါသည်။

"ဒီနေ့လာရောင်းတဲ့ စပါးထဲမှာ ကျော်ဇေယျဆိုတဲ့စပါးမျိုးသစ်တစ်မျိုးပါလာတယ်ဆရာ။ တစ်ခါမှမဝယ်ဘူးတဲ့ စပါးပဲ။ ဒါ စပါးနမူနာပါ ဆရာ။ အဲဒါ ဧည့်မထဈေးပေးရမလား၊ ငစိန်ဈေးပေးရမလားဆိုတာမသိလို့ ဆရာ့ကိုတင်ပြတာပါ"

ဆရာဦးသီဟသည် စပါးနမူနာကို စစ်ဆေးကြည့်ရှုပြီး -

"စပါးကတော့ ဧည့်မထမျိုးနဲ့ဆင်တာပဲ။ လောလောဆယ် ငစိန်ဈေးပေးထားနှင့်ပါ။ စပါးကို သတ်သတ်ခွဲပုံပါ။ ရုံးချုပ်ကိုသွားပြီး တင်ပြရမယ်။ ရုံးချုပ်က ဧည့်မထဈေးပေးလို့ပြောရင် ထပ်ပေးနိုင်အောင် လယ်သမားကိုရှင်းပြထားပါ"

"ဟုတ်ကဲ့ - ဆရာ"

ဗိုင်မှူးပြန်သွားသည့်အခါ ဆရာဦးသီဟက -

"ငါ ရန်ကုန်ကို ခဏသွားဦးမယ်။ ဒီစပါးကို ဘယ်ဈေးပေးရမလဲဆိုတာ လူကြီးတွေကို ကိုယ်တိုင်သွားတင်ပြလိုက်မယ်။ စပါးနမူနာပါယူသွားရမယ်"

"ဘယ်တော့သွားမလဲ ဆရာ"

"နက်ဖြန်မနက်သင်္ဘောနဲ့သွားမယ်လေ"

(၃)

နောက်တစ်နေ့ညနေပိုင်း၌ ရန်ကုန်တွင်ရောက်နေသော ဆရာဦးသီဟထံမှ ကြေးနန်းရရှိပါသည်။ ကြေးနန်းတွင် ကျော်ဇေယျစပါးကို ဧည့်မထဈေးပေးဝယ်ရန် ဖော်ပြထားပါသည်။ ထိုကြေးနန်းတွင် ဆရာသည် သူ့ဇနီးဆေးရုံတက်နေရ၍ ချက်ချင်းမပြန်နိုင်ကြောင်း၊ ခွင့်သုံးရက်တင်ထားကြောင်း ပါရှိပါသည်။ (ဆရာဦးသီဟ၏ဇနီးသည် ထိုစဉ်က ဟိုတယ်နှင့်ခရီးသွားလာရေးကော်ပိုရေးရှင်းတွင် တာဝန်ထမ်းဆောင်နေသည်ဟု ထင်ပါသည်။)

ကျော်ဇေယျစပါးကို ဧည့်မထဈေးပေးဝယ်ရန် ဗိုင်မှူးများသို့ ဆက်လက်ညွှန်ကြားလိုက်ပါသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့မြို့နယ်မှ ဟင်္သာတမြို့သို့ စပါးများပေးပို့နေသည့်အချိန်ဖြစ်ရာ ကျွန်ုပ်နှင့်စိုးအောင်သည် ဟင်္သာတသို့ စပါးပို့သည့် စက်လှေနှင့်လိုက်သွားပြီး ဟင်္သာတွင် လည်ပတ်ရန် စီစဉ်ထားပါသည်။

ထိုသို့စီစဉ်ထားကြောင်းကို ပြီးခဲ့သောညကပင် ဆရာဦးသီဟသို့တင်ပြပြီး လိုက်ပါခွင့်ပြုရန် ခွင့်တောင်းထားပြီးဖြစ်ပါသည်။ ဆရာက လိုက်သွားရန်ခွင့်ပြုပါသည်။

စိုးအောင်က -

"ဆရာ၊ ကျွန်တော်တို့ဟင်္သာတကိုသွားရင် ဆရာ့စောင်းကြီးယူသွားပါရစေဆရာ။ ကျွန်တော်တို့ ဟိုမှာ အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့ပါ"

"အင်း - ယူသွားလေ၊ သေသေချာချာကိုင်နော်"

ထို့ကြောင့် ကျွန်ုပ်နှင့် စိုးအောင်သည် ဆရာဦးသီဟ ရန်ကုန်သွားသောနေ့တွင် နံနက် (၁၀) နာရီခန့်၌ စပါးပို့သည့်စက်လှေဖြင့် ဆရာဦးသီဟ၏ စောင်းကြီးကို စိုးအောင်ကပိုက်ကာ ဟင်္သာတသို့ လိုက်ပါလာခဲ့ကြပါသည်။

စိုးအောင် စောင်းကြီးပိုက်လာသည်ကို လူအများက တအံ့တသြကြည့်ကြပါသည်။ ထို့နောက် သူတို့ချင်းတီးတိုးတီးတိုးနှင့် တစ်စုံတစ်ရာပြောနေကြပါသည်။

ဟင်္သာတသို့ ရောက်သောအခါ စပါးများကို သက်ဆိုင်ရာသို့ပေးအပ်ပြီး ကျွန်ုပ်တို့သည် လမ်းမတော်လမ်းအတိုင်း စောင်းကြီးပိုက်ကာ လျှောက်လာကြပါသည်။

ကျွန်ုပ်သည် ဟင်္သာတရောက်ခိုက် စာအုပ်ဝယ်လိုစိတ်ဖြစ်သည်နှင့် ရွှေမောင်းစာအုပ်ဆိုင်သို့ဝင်ကာ နဝဒေးရတုပေါင်းချုပ်စာအုပ်ကို ဝယ်ယူပါသည်။

စာအုပ်ဆိုင်မှ အရောင်းဝန်ထမ်းက စိုးအောင်ကိုကြည့်ပြီး -

"စောင်းကြီးနဲ့ ကြည့်လို့ကောင်းလိုက်တာဗျာ။ ဒါကဘယ်ကိုသွားကြမှာလဲ"

"ဟင်္သာတကိုအလည်လာတာပါ"

လမ်းတွင်လည်း လူကြီးများ၊ ကလေးများက စိုးအောင်နှင့်စောင်းကြီးကိုကြည့်ပြီး တစ်ယောက်က -

"ရန်ကုန်ကရုပ်ရှင်ရိုက်တဲ့အဖွဲ့တွေရောက်နေတယ်ထင်တယ်။ စောင်းကြီးနဲ့ဆိုတော့ ရေနံပိုင်ဦးရှင်ကြီးဇာတ်ကားရိုက်မလို့ဖြစ်ရမယ်"

အခြားတစ်ယောက်က -

"မဟုတ်မှလွဲရော အဲဒီဇာတ်ကားထဲကမင်းသားနဲ့တူတယ်။ စောင်းကြီးပိုက်ထားတာ ကြည့်ကောင်းလိုက်တာဟယ်"

ထိုအခါ ပထမပြောသူက -

"ရေနံပိုင်ဦးရှင်ကြီးဇာတ်ကားရိုက်ရင် ဒီကိုဘယ်လာမလဲ၊ မိန်းမလှကျွန်းရှိတဲ့နေရာကိုသွားမှာပေါ့နော်"

ကျွန်ုပ်တို့နှစ်ဦးသည် ခပ်တည်တည်ဖြင့်လမ်းလျှောက်လာရာ ဓာတ်ပုံဆိုင်သို့မရောက်မီတွင် လူကြီးများ ကလေးများ တစ်စတစ်စများပြားလာကာ ကျွန်ုပ်တို့အား ရုပ်ရှင်သမားများထင်ပြီး နောက်မှလိုက်လာကြပါသည်။

စိုးအောင်သည် စောင်းကြီးပိုက်ထားရာ လူအများဝိုင်းဝန်းကြည့်ရှုသဖြင့် ရှက်လာပုံရပါသည်။

"ရော့ - စောင်းကို မင်းတစ်လှည့်ပိုက်ဦး"

ကျွန်ုပ်က စိုးအောင်ထံမှစောင်း[illegible] ယူကာပိုက်လာပါသည်။ သို့သော် လူကြီးများ၊ ကလေးများက နောက်မှလိုက်[illegible] လိုက်နေကြ၍ ကံအားလျော်စွာတွေ့[illegible] သော ဓာတ်ပုံဆိုင်တစ်ဆိုင်အတွင်း[illegible] နှစ်ယောက်သား အမြန်ဝင်လိုက်ကြ[illegible] သည်။

(၄)

နောက်နေ့သည် တနင်္ဂနွေနေ့[illegible] ၍ ရုံးပိတ်လေသည်။

စိုးအောင်က ကျွန်ုပ်ကိုပြော[illegible]

"ဟေ့ကောင်၊ ငါစဉ်းစား[illegible] တယ်။ တို့အိမ်ကိုလာပြီး စောင်းသံ[illegible] ထောင်တဲ့ကောင်မလေးနှစ်ယောက်[illegible] လူတော့မဖြစ်နိုင်ဘူးကွ"

"သေချာတာပေါ့၊ ဒါ[illegible] ဒေါ်ခင်လှကြီးက ကျွတ်ကွင်းအကြော[illegible] တို့ကိုပြောပြတာပေါ့"

"ကောင်မလေးတွေက တ[illegible] ချောတယ်နော်"

"ဟေ့ကောင်၊ သတိထား[illegible] ကျွတ်တွေဖြစ်နေဦးမယ်"

"ဖြစ်ဖြစ်ကွာ၊ ငါတော့ သူ[illegible] ထပ်တွေ့ချင်သေးတယ်"

"ဒါဆိုလည်း တို့ ဒီနေ့အား[illegible] လေ။ သူတို့ရှိတဲ့ကျွတ်ကွင်းကိုသွား[illegible] တာပေါ့"

"အေး - သွားကြမယ်။ ဒေါ်[illegible] ပြောတာ (၃)လမ်းကဆရာကြီး[illegible] တောင့်ရဖို့ကရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"နားလည်အောင်ပြောပြီး အကူအညီတောင်းတာပေါ့ကွာ"

ကျွန်ုပ်တို့သည် ကျတ်ကွင်းရှိသည်ဆိုသောဘက်သို့ ထွက်လာခဲ့ကြလေသည်။ လမ်းတွင် (၃)လမ်းကိုဖြတ်သွားရ၏။ (၃)လမ်းအတွင်းဝင်လိုက်သောအခါ သိပ်ဝေးဝေးမလျှောက်လိုက်ရ၊ 'ဦးဒိဗ္ဗ ဆေးဆရာကြီး' ဟူသော ဆိုင်းဘုတ်ဆွဲထားသည့်အိမ်ကြီးတစ်လုံးကိုတွေ့ရသည်နှင့် ကျွန်ုပ်တို့သည် အိမ်အတွင်းဝင်လိုက်ကြပါသည်။

အိမ်ထဲတွင် ဆရာကြီးကို အခန့်သင့်ပင်တွေ့ရပါသည်။

ဆရာကြီးနှင့် တွေ့သောအခါ ကျွန်ုပ်တို့က အကျိုးအကြောင်းရှင်းပြပြီး ဆရာကြီးထံမှ မျက်ကွင်းဆေးတောင့်ကို လိုချင်ပါကြောင်း ပြောပြလိုက်ကြပါသည်။

ဆရာကြီးက-

"ဒီဆေးတောင့်ကို လူတိုင်းကို မပေးဘူးကွ။ မင်းတို့ကြည့်ရတာ ရိုးသားပုံပေါက်ပါတယ်။ ဒီတော့ ဆေးတောင့်ကို ငါပေးလိုက်မယ်။ မင်းတို့အလိုရှိတဲ့ နေရာရောက်ရင် မျက်စိကိုကွင်းပေးလိုက်။ ကိစ္စပြီးရင် မျက်နှာသစ်ပြီး ငါ့ဆေးတောင့်ကိုပြန်လာပေး ဟုတ်ပြီလား"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာကြီး"

ဆရာကြီးသည် ခေါင်းရင်းတွင်ထားသော ဆေးဗီရိုထဲမှ ဆေးတောင့်တစ်ခုကို စက္ကူနှင့်ထုပ်ကာ ကျွန်ုပ်တို့အားပေးလိုက်ပါသည်။

ကျွန်ုပ်တို့လည်း ဆရာကြီးအား ငွေအနည်းငယ်ကန်တော့ပြီး ဆေးတောင့်ကိုယူလာကြပါသည်။

ကျွန်ုပ်တို့သည် ဆက်လက်လျှောက်လာကြရာ မြို့ပြင်တွင် မည်သည့်သီးပင်စားပင်မျှစိုက်ပျိုးထားခြင်းမရှိဘဲ နှန်းဆိုးမြေကြီးဖြစ်နေသောကွင်းပြင်ကြီးတစ်ခုကိုတွေ့ရပါသည်။

"အဲဒါ ကျတ်ကွင်းဖြစ်ရမယ်"

ကျွန်ုပ်တို့သည် လမ်းဘေးတွင်တွေ့ရသော သောက်ရေအိုးစင်မှ ရေအနည်းငယ်ကို လက်ဝါးထဲထည့်ကာ ဆေးတောင့်ကိုသွေးပြီး မျက်စိတွင်ကွင်းလိုက်ကြပါသည်။

မျက်စိဖွင့်လိုက်သောအခါ ရှေ့တွင် ကွင်းပြင်ကြီးကိုမတွေ့ရတော့ပါ။ ရွာကလေးတစ်ရွာနှင့် ထိုရွာထဲသို့သွားသော လမ်းကလေးကို တွေ့ရပါတော့သည်။ သို့နှင့် ကျွန်ုပ်တို့သည် လမ်းလေးအတိုင်းလိုက်ပြီး ရွာတွင်းသို့ဝင်လိုက်ကြပါသည်။

လမ်းကလေးဘေးတွင် တဲအိမ်လေးများကို လည်းကောင်း၊ ရေတွင်းတွင် ရေခပ်နေကြသူများကို လည်းကောင်း၊ ပြေးလွှားဆော့ကစားနေကြသောကလေးများကို လည်းကောင်း တွေ့ရပါသည်။

ရေတွင်းအနီးသို့ရောက်ကြသောအခါ ရေခပ်နေသူများထဲမှ မိန်းမပျိုကလေးတစ်ဦးသည် ကျွန်ုပ်တို့ကိုမှတ်မိသွားကာ နှုတ်ဆက်ပါသည်။

"ဟိုစောင်းတီးတဲ့အိမ်ကအစ်ကိုတွေမဟုတ်လား။ ညီမတို့အိမ်က ဟိုရှေ့နားမှာပါ။ ဘယ်လိုရောက်လာကြသလဲ။ ကဲလေ - နောက်မှပြောပါ။ ညီမတို့အိမ်ကို လိုက်ခဲ့ကြပါ"

မိန်းမပျိုလေးနှစ်ယောက်က ရေအိုးရွက်ကာ ရှေ့မှသွားကြပြီး ကျွန်ုပ်တို့က နောက်မှလိုက်လာကြပါသည်။

သူမတို့သည် ရွာလမ်းကြားရှိအိမ်တစ်အိမ်သို့ ကျွန်ုပ်တို့အား ခေါ်ဆောင်သွားကြပါသည်။ အိမ်ထဲရောက်သောအခါ အဘိုးကြီးတစ်ယောက်နှင့်အဘွားကြီးတစ်ယောက်ကို တွေ့ရပါသည်။ အဘိုးကြီးသည် ဆေးတံကြီးသောက်ရင်း ရေနွေးကြမ်းတစ်အိုးကို ရှေ့တွင်ချထိုင်နေပြီး အဘွားကြီးမှာ စကောတစ်ချပ်ဖြင့် ဆန်များပြာနေသည်ကို တွေ့ရပါသည်။

"ဒီမှာထိုင်ပါရှင်၊ ဟောဒါ ညီမတို့ရဲ့ အဘိုးနဲ့အဘွားပါ။ ညီမတို့မိဘတွေကမရှိတော့ပါဘူး။ ဘိုးဘိုးနဲ့ ဘွားဘွားဒါ သမီးတို့ ညဘက်မှာစောင်းသံသွားနားထောင်တဲ့အိမ်ကပါ"

ကျွန်ုပ်တို့ကို မိတ်ဆက်ပေးပြီးနောက် တစ်ယောက်က ရေနွေးကြမ်းနှင့်မုန့်များကိုယူလာပြီး ကျွန်ုပ်တို့အား ဧည့်ခံပါသည်။

ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးကြည့်ကာ သူတို့တည်ခင်းသော ရေနွေးကြမ်းနှင့်မုန့်များကို မစားမသောက်ရန် တစ်ဦးကိုတစ်ဦး သတိပေးနေသကဲ့သို့ဖြစ်ပါသည်။

"ညီမတို့ကျွေးတာကို ရဲရဲသာစားပါ၊ ဘာမှမဖြစ်စေရပါဘူး"

သူမတို့သည် ကျွန်ုပ်တို့မျက်နှာကို ကြည့်ပြီး -

"ဪ-သိပြီ ဟိုဆရာကြီးရဲ့ဆေးတောင့်ကိုသွေးပြီး မျက်စိမှာကွင်းလာတာကိုး။ ဒါကြောင့် ဘယ်လိုလုပ်ရောက်လာတာလဲဆိုတာတွေးပြီး အံ့ဩနေတာ"

"ညီမတို့က ညီအစ်မတွေလား"

ဟုတ်ပါတယ်၊ အမြွှာညီအစ်မပါ"

စိုးအောင်ကမေးသည်ကို တစ်ဦးက ဖြေလိုက်ပါသည်။

သူမတို့နှစ်ဦးသည် ကျွန်ုပ်တို့အိမ်တွင် စောင်းသံလာရောက်နားထောင်စဉ်က တွေ့ရသည့်အတိုင်း တစ်ဦးက ဆံပင်အရှည်ကြီးနှင့်ဖြစ်ပြီး တစ်ဦးက ဆံပင်ကို တစ်ပတ်လျှိုထုံးထားပါသည်။

ကျွန်ုပ်တို့သည် သူမတို့အိမ်အတွင်းကြည့်ရှုရာ အိမ်ဦးခန်းတွင်စင်ခပ်မြင့်မြင့်တစ်ခုပေါ်၌ စောင်းကောက်ကြီးတစ်ခုကို အောက်ခံခုံနှင့် အကျအနတင်ထားသည်ကို တွေ့ရပါသည်။

"ညီမတို့က ဂီတကိုတော်တော်ဝါသနာပါတယ်နော်"

"ဟုတ်ပါတယ်၊ အစ်ကိုတို့ဆရာရဲ့စောင်းသံကလည်း ဘယ်လောက်သာယာသလဲဆို ဒီကတောင်ခပ်သဲ့သဲ့ကြားရပါတယ်။ အဲဒါနားထောင်ကောင်းလွန်းလို့ အစ်ကိုတို့အိမ်အထိလိုက်လာခဲ့တာပါ"

နောက်တစ်ဦးက -

"ညီမတို့က ဂီတကို ဘာလို့ အဲဒီလောက်တောင်စွဲလမ်းသလဲဆို ညီမတို့ဖခင်က စောင်းဆရာလေ။ အဖေက ရန်ကုန်ကပါ။ စောင်းတီးတော်တော်ကောင်းတယ်။ ညီမတို့ရွာကိုအလည်လာရောင်းရင်း ညီမတို့အမေနဲ့တွေ့ပြီး အကြောင်းပါကြတာပါ။ အဲဒါကြောင့် အဖေရဲ့စောင်းကောက်ကြီးကို အမြတ်တနိုးသိမ်းထားပြီး နေ့တိုင်း ဖုန်တွေသုတ်ပေးပါတယ်"

"ညီမတို့အဖေက ဘာလို့ဆုံးသွားတာလဲ"

"တစ်နေ့မှာ မသူတော်တွေက အဖေ့ကိုလှည့်စားပြီး တောထဲကိုခေါ်သွားတယ်။ တောထဲခေါ်သွားပြီး အစဖျောက်ပစ်လိုက်ကြတယ်။ အမေက ဒီသတင်းကိုကြားကြားချင်းပဲ သတိမေ့သွားရာက သတိပြန်လည်မလာတော့ဘဲ အသက်ပါဆုံးရှုံးခဲ့ရတယ်"

"ဖြစ်မှဖြစ်ရလေဗျာ"

"ခေါ်သွားတဲ့လူတွေက အဖေနဲ့ကျောင်းတော်ကရန်စလို့တော့ ပြောသံကြားဖူးပါတယ်။ အသေးစိတ်ကိုတော့ မသိပါဘူး။ စောင်းကိုမြင်တော့ အဖေ့ကို သတိရတယ်။ စောင်းသံကြားရတော့ ပိုပြီးသတိရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သူမတို့အဘိုးက -

"ဒီလိုပါကွယ်၊ သူတို့ရဲ့အမေ ဘိုးဘိုးရဲ့သမီးကို လူတစ်ယောက်က တစ်ဖက်သတ်ကြိုက်နေတယ်။ သူကတော့ ခေါ်သွားတဲ့လူတွေရဲ့ ခေါင်းဆောင်ပေါ့။ သူနဲ့မပေးစားဘဲ ဘိုးဘိုးကသမီးနှစ်သက်နေတဲ့ စောင်းဆရာလေးနဲ့ပေးစားလိုက်တော့ ရန်ငြိုးထားပြီး ဒီလောက်လူမဆန်တဲ့အလုပ်ကိုလုပ်တာပါ။ ဒါတွေကို သမီးတို့စိတ်မကောင်းမှာစိုးလို့ မပြောခဲ့တာပါ"

"ညီမတို့အဖေဆုံးတော့ ညီမတို့က ဘယ်နှနှစ်ရှိပြီလဲ"

အဘိုးက -

"ငါးနှစ်သမီးပဲရှိသေးတယ်။ သူတို့လေးတွေ လူလားမြောက်လာတဲ့အထိ အဘိုးနဲ့အဘွားကပဲ စောင့်ရှောက်ခဲ့ရတယ်ကွယ်"

ကျွန်ုပ်နှင့်စိုးအောင်သည် အမွှာညီအစ်မနှစ်ယောက်ကို သနားကြင်နာစွာကြည့်နေမိပါသည်။ သူတို့လေးတွေသည် အဖေနှင့်အမေအကြောင်းကို ပြန်လည်စဉ်းစားမိသောကြောင့်ဖြစ်မည်ထင်သည်၊ မျက်ရည်ကလေးများဝဲနေကြ၏။

စိုးအောင်သည် စကားဖြတ်လိုက်ကာ-

"ကဲ - ကျွန်တော်တို့လည်း ပြန်လိုက်ပါဦးမယ်။ကြားရတာစိတ်မကောင်းပါဘူး။ ကျွန်တော်တို့လည်း ဂီတကိုမြတ်နိုးပါတယ်။ ဒီကပြန်ရင်လည်း ဆရာ့ဆီမှာ စောင်းတီးသင်ပါဦးမယ်။ ကျွန်တော်ကိုယ်တိုင်စောင်းတီးရင်လည်း လာပြီးအားပေးကြဦးနော်"

စိုးအောင်က ထိုသို့ပြောလိုက်သောအခါ ညီအစ်မနှစ်ယောက်စလုံးသည် ဝမ်းသာအားရစွာနှင့် -

"သင်ပါရှင် သင်ပါ။ စောင်းတီးစပြီးသင်ကတည်းက ညီမတို့လာပြီးအားပေးပါမယ်"

စိုးအောင်၏မျက်နှာသည် မှိုရသလိုဝင်းပသွားပြီး -

"ကဲ - တို့လည်းပြန်ကြရအောင်၊ နေတောင်အတော်မြင့်နေလောက်ပြီ"

"နောက်ကိုလည်း အချိန်မရွေးလာလည်ပါနော်"

ထို့နောက် ကျွန်ုပ်တို့သည် သူမတို့နှစ်ယောက်နှင့် အဘိုးအဘွားတို့ကို နှုတ်ဆက်ကာ ပြန်လာခဲ့ကြပါသည်။ သူမတို့သည် ကျွန်ုပ်တို့အား လမ်းထိပ်ရောက်သည်အထိလိုက်ပို့ပါသည်။



ကျွန်ုပ်တို့လမ်းထိပ်သို့ရောက်သောအခါ ဆံပင်အရှည်ကြီးနှင့်မိန်းမပျိုက စိုးအောင်ကို ရွှန်းရွှန်းစားစားကြည့်ကာ-

"အစ်ကို၊ စောင်းတီးဆက်ဆက်သင်နော်၊ ညီမတို့လာပြီးအားပေးမယ်"

"သင်မယ် ညီမ စိတ်ချ၊ ကဲ-သွားပြီနော်"

ကျွန်ုပ်တို့သည် ကျတ်ကွင်းမှထွက်လာကြပြီး အနီးတွင်ရှိသော သောက်ရေအိုးစင်မှရေဖြင့်မျက်နှာသစ်လိုက်ပါသည်။ ထိုအခါ ကျတ်ကွင်းထဲရှိ လမ်းကလေးကို လည်းကောင်း၊ တဲအိမ်လေးများကို လည်းကောင်း၊ ရေခပ်နေသူများကို လည်းတောင်း ဆော့ကစားနေသော ကလေးများကို လည်းကောင်း မမြင်ရတော့ပါ။ လုံးဝပျောက်ကွယ်သွားပြီး ကျတ်ကွင်းလွင်ပြင်ကြီးကိုသာ မြင်ရပါတော့သည်။

ကျွန်ုပ်တို့သည် အပြန်လမ်းတွင် ဆရာဦးဒိဗ္ဗထံဝင်၍ ဆေးတောင့်ကလေးကို ပြန်လည်ပေးအပ်ခဲ့ပါသည်။

(၅)

နောက်တစ်နေ့တွင် ဆရာဦးသီဟ ရန်ကုန်မှပြန်ရောက်ပါသည်။

နေ့ဘက်တွင် ရုံးလုပ်ငန်းများဆောင်ရွက်ပြီး ညဘက် အားလပ်ချိန်ရောက်သောအခါ ထုံးစံအတိုင်း အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင်ထိုင်ကာ ရေနွေးကြမ်းသောက်ကြပါသည်။ ဆရာဦးသီဟက စောင်းကိုပိုက်ထားပါသည်။

စိုးအောင်က -

"ဆရာ၊ ကျွန်တော်စောင်းအတီးသင်ချင်လို့ပါ။ ဆရာသင်ပေးပါနော်"

"အေးလေ၊ အခွင့်သာတုန်းသင်ချင်ရင်လည်းသင်ပေါ့။ ငါသင်ပေးပါမယ်"

"ဟုတ်ကဲ့ - ဆရာ"

"ဆရာအစကပြောခဲ့သလို ထံတျာတေးရှင်ကစပြီး သင်ရတယ်။ ထံတျာ၊ သီတာ၊ ဝေဘာ၊ သာယာကြိုး သီချင်းတွေရှိတယ်။ ထံတျာကစပြီးသင်ရမယ်။ ပြီးတော့မှ အဆင့်ဆင့်တက်သွားမယ်။ ပထမ ငါထိုင်သလိုထိုင်"

ဆရာသည် စောင်းတီးလျှင်ထိုင်ပုံထိုင်နည်းကိုထိုင်ပြပါသည်။ ဆရာသည် တင်ပျဉ်ခွေထိုင်ကာ ဘယ်ဘက်ခြေဖဝါးကို ညာဘက်ခြေသလုံးပေါ်တွင် ပက်လက်တင်ထားလေသည်။ထို့နောက်တော့ စောင်းကိုညာဘက်ပေါင်ပေါ်တွင် ကန့်လန့်ဖြတ်တင်စေသည်။ စိုးအောင်ကိုလည်း ဤပုံစံအတိုင်းထိုင်စေလေသည်။

ထို့နောက် စိုးအောင်ထံ စောင်းကိုပေး၍ပိုက်ထားစေပြီးမှ စိုးအောင်၏ ညာဘက်လက်ကိုဆွဲယူကာ လက်မထိပ်နှင့်လက်ညှိုးထိပ်များတွင် စောင်းကြိုးနှင့်ထိရမည့်နေရာများကို မင်ဖြင့် စက်ဝိုင်းကလေးများ ဝိုင်းပေးလေသည်။

ထို့နောက် ထံတျာတေးရှင်ကို စသင်ပါတော့သည်။

ဆရာသည် စိုးအောင်လက်ချောင်းများကိုကိုင်ကာ တီးကွက်များကို ပြသပါသည်။

ထိုအခါ တံတျာတေးရှင်ကြီးသီချင်းသည် သာယာနာပျော်ဖွယ်ထွက်ပေါ်လာပါသည်။

ကျွန်ုပ်သည် တစ်စုံတစ်ခုကိုသတိရသဖြင့် အိမ်ရှေ့သို့ကြည့်လိုက်ရာ မန်ကျည်းပင်အောက်တွင်ရပ်နေသော အမွှာညီအစ်မနှစ်ဦးကိုမြင်ရပါသည်။

ဆရာဦးသီဟနှင့် စိုးအောင်သည် စောင်းကို အာရုံစိုက်နေကြသဖြင့် အေးပတ်ဝန်းကျင်ကိုအာရုံမရောက်ဘဲ အမွှာညီအစ်မကိုလည်း မြင်ပုံမရပါ။

ဆရာသည် တီးတွက်များကို ကြိမ်၊ (၃)ကြိမ်မျှတီးပြပြီးသောအခါ ကိုဆန့်လိုက်ပြီး သမ်းဝါးကာ -

"ငါတော့အိပ်တော့မယ်ကွာ"

ဆရာ အိပ်ရာထဲဝင်သွားသော အခါ စိုးအောင်က ဆက်လက်တီး နေပါသည်။ ကျွန်ုပ်က စိုးအောင်အား လာနေကျညီအစ်မရောက်နေကြောင်း ပြောလိုက်ရာ စိုးအောင်က စောင်း ခြင်းကို ရပ်တန့်ကာ နေရာမှထသွား

www.burmeseclassic.com

မိန်းမပျိုလေးများနှင့် စကားပြောနေပါသည်။

ခဏကြာသောအခါ သူမတို့သည် ကျွန်ုပ်ကိုလှမ်းကြည့်ပြီး လက်ပြကာ စိုးအောင်ကို နှုတ်ဆက်ပြီး ပြန်သွားကြပါသည်။

စိုးအောင်က ကျွန်ုပ်အနားသို့ ရောက်လာပြီး -

"ဟော့ - ငါနာမည်တွေသိခဲ့ရပြီ။ ဆံပင်ရှည်ရှည်နဲ့ကောင်မလေးနာမည်က စံပယ်တဲ့။ နောက်တစ်ယောက်က ခရေတဲ့။ နှစ်ယောက်စလုံးက လှလည်းလှတယ်၊ ချစ်ဖို့လည်းကောင်းတယ်"

"အေး- သတိထားနော်စိုးအောင်၊ အဲဒီနှစ်ယောက်စလုံးဟာ လူမဟုတ်ဘူး"

"ငါသိပါတယ်ကွာ၊ တစ်နေ့မှာ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ်သွားကြရမယ့်သူတွေချည်းပါ"

(၆)

နောက်တစ်နေ့တွင် ကျွန်ုပ်ကို ဇီးကုန်းရုံးမှခေါ်သဖြင့် စာရင်းများလုပ်ရန်သွားရပါသည်။ နေ့ချင်းမပြန်နိုင်ပါ။ ဇီးကုန်းတွင် ညအိပ်ရပါသည်။

ကျွန်ုပ် ညအိပ်ခရီးသွားနေစဉ် စိုးအောင်သည် ဆရာဦးသီဟမသိဘဲ ညနေရုံးဆင်းချိန်တွင် ကျတ်ကွင်းရှိ စံပယ်နှင့်ခရေတို့ထံသွားခဲ့ကြောင်း ကျွန်ုပ်ပြန်လာသောအခါ ပြောပြပါသည်။

သူပြောပြသည့်အတိုင်းပြန်ပြောရသော်-

ညနေ ရုံးဆင်းချိန်တွင် စိုးအောင်သည် တစ်ဦးတည်း ကျတ်ကွင်းသို့သွားခဲ့လေသည်။ ပထမတစ်ခေါက်သွားစဉ်ကအတိုင်း ဆရာဦးဒိပ္ပထံမှ ဆေးတောင့်ကိုယူခဲ့ပြီး ကျတ်ကွင်းအနီးသို့ရောက်သောအခါ ဆေးတောင့်ကိုသွေးပြီး မျက်စိကိုကွင်းလိုက်ရာ ကျတ်ကွင်းရှိနေအိမ်များ၊ သွားလာလှုပ်ရှားနေသောလူများကို မြင်ရလေသည်။

စိုးအောင် ကျတ်ကွင်းရွာထဲရောက်လာ၍ ယခင်ရောက်ဖူးသော စံပယ်တို့အိမ်သို့ တန်းသွားလေသသည်။ စံပယ်သည် ပန်းများကိုသီကုံးနေသည်ကိုတွေ့ရလေသည်။

စံပယ်သည် စိုးအောင်ကို တွေ့သောအခါ -

"ဟယ်- အစ်ကိုပါလား၊ ဟိုအစ်ကိုတစ်ယောက်ကော မပါဘူးလား"

"ခရီးသွားတယ် ညီမ၊ ဒါနဲ့ ညီမလေး ခရေတစ်ယောက်ကော မမြင်ပါလား။အဘိုးနဲ့အဘွားတို့ကောဘယ်သွားသလဲ"

"ဘယ်သူမှမရှိကြဘူး အစ်ကို၊ ညီမတစ်ယောက်တည်းကျန်ခဲ့တာ။ မြစ်လယ်ကောင်မှာရှိတဲ့စေတီကလေးကိုသွားကြတယ်။ ဒီနေ့ အဖေနဲ့အမေကွယ်လွန်တာ (၁၃)နှစ်ပြည့်တယ်လေ။ အဲဒါ ဘုရားမှာသွားပြီး ကုသိုလ်ကောင်းမှုပြုကြတာ"

"ညီမက ဘာလို့လိုက်မသွားတာလဲ"

"ခုပဲသွားတော့မလို့ အစ်ကို၊ ညီမက အဖေအမြတ်တနိုးထားတဲ့စောင်းကို ယူသွားရမှာ။ ပန်းတွေသီလို့မပြီးသေးလို့၊ ပြီးတော့ စောင်းကြိုးတစ်ကြိုးကိုပြန်ပြီးတပ်နေရသေးတယ်။ ခုနပဲ စောင်းကြိုးတပ်လို့ပြီးသွားတယ်။ သူတို့ကိုအရင်သွားနှင့်ခိုင်းလိုက်တာ။ စေတီက သိပ်မဝေးပါဘူးအစ်ကို။ ညီမတစ်ယောက်တည်း သွားတတ်ပါတယ်။ အစ်ကိုလိုက်ခဲ့ပါလား"

"ကောင်းသားပဲ၊ အစ်ကိုက စောင်းကိုပိုက်ခဲ့မယ်"

စိုးအောင်နှင့်စံပယ်တို့သည် လှေတစ်စင်းနှင့် မြစ်ထဲတွင် လှော်သွားကြရာ စိုးအောင်က စောင်းကိုပိုက်လျက်လည်းကောင်း၊ စံပယ်က လှေလှော်တက်ကို ကိုင်ကာ လှော်လျက်လည်းကောင်း မြစ်လယ်ရှိပေါ်ထွန်းနေသော ကျွန်းကလေးပေါ်ရှိ စေတီကလေးဆီသို့ ဦးတည်လာကြလေသည်။

မြစ်ရေပြင်ပေးတွင် လေကလေး တဖြူးဖြူးနှင့် မိမိက ချစ်နေရသော ကောင်မလေးလှော်သည့်လှေပေါ်တွင် လိုက်ပါရသည်မှာ မည်သည့်ပျော်ရွှင်မှုနှင့်မှမလဲနိုင်ကြောင်း စိုးေ.ာင်ကပြောပါသည်။

စေတီကလေးရှိသောကျွန်းဆီသို့ ရောက်သောအခါ လှေကို ကမ်းကပ်၍ ကမ်းပေါ်သို့တက်ကြပြီး စေတီကလေးရှိရာသို့ လာခဲ့ကြလေသည်။စေတီကလေးသို့ရောက်သောအခါ အဘိုး၊ အဘွားနှင့် ခရေတို့ကိုမတွေ့ရပါ။ သူတို့ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ကပ်လှူထားသော သပြေပန်းများကိုသာ တွေ့ရလေသည်။

စိုးအောင်တို့သည် စေတီကလေးကို ဝတ်ဖြည့်ကြပါသည်။ ထို့နောက် စံပယ်သီကုံးလာသောပန်းများကို ကပ်လှူကြပါသည်။ ထို့နောက် စံပယ်သည် ကွယ်လွန်ပြီးသော အဖေနှင့်အမေတို့ကို ရည်စူးကာ အဖေနှင့်အမေတို့ ကောင်းရာသုဂတိသို့ရောက်ပါစေကြောင်း ဆုတောင်းပါသည်။

စံပယ်သည် အဖေ အမြတ်တနိုးထားခဲ့သောစောင်းကို ခုံကလေးပေါ်တွင်တင်ထားကာ နှုတ်မှ တစ်စုံတစ်ရာ ပြောဆိုနေပါသည်။

"သမီးက အဖေ့လို စောင်းမတီးတတ်လို့ တီးမပြနိုင်ပါဘူးအဖေ၊ အဲဒါကို တော့ ခွင့်လွှတ်ပေးပါ"

ထိုခဏတွင် သာယာဆွတ်ပျံ့ဖွယ်ကောင်းသော စောင်းသံကလေးသည် ထွက်ပေါ်လာပါသည်။ စံပယ်သည် အံ့ဩသွားကာ -

"အဖေတီးနေကျသီချင်းကလေးပဲ"

"အစ်ကိုလည်း စောင်းသံကိုသတိပြုမိပါတယ်။ အစ်ကိုက အခုမှစပြီးသင်ခါစဖြစ်လို့ သီချင်းနာမည်တော့မသိပါဘူး"

"စံပယ်သိတယ်အစ်ကို၊ အဲဒါ ချစ်သမျှကိုပတ်ပျိုးပဲ"

စိုးအောင်သည် စောင်းသံကိုနားထောင်ကာ စိတ်ထဲတွင် ဝမ်းနည်းသလိုလိုခံစားရလေသည်။

"ဒါနဲ့ အဘိုး၊ အဘွားနဲ့ ခရေတို့ကော"

"ဪ- အစ်ကို့ကိုပြောရဦးမယ်။ ညီမတို့ လက်ရှိနေရာကပြောင်းရတော့မယ်။ မနေ့က မြို့ပေါ်က ဌာနဆိုင်ရာလူကြီးတွေရောက်လာပြီး အမိန့်ပြန်တမ်းဖတ်သွားတယ်"

"ဟင် - ဘယ်လိုတဲ့လဲ"

"ကျတ်ကွင်းနေရာမှာ စပါးတွေစိုက်မှာဖြစ်တဲ့အတွက် ကျတ်ကွင်းမှာနေထိုင်သူအားလုံး (၃)ရက်အတွင်း ကျတ်ကွင်းက ပြောင်းရွှေ့ရမယ်တဲ့"

"ဒါနဲ့ စံပယ်တို့က ပြောင်းပေးရမှာလား"

"ဟုတ်တယ်၊ မြို့ကိုစီမံအုပ်ချုပ်နေတဲ့အကြီးအကဲတွေရဲ့အမိန့်ပဲ အစ်ကို၊ ညီမတို့နာခံရမှာပေါ့"

"စံပယ်တို့က ဘယ်နေရာကို ပြောင်းကြမှာလဲ"

"မြစ်ရဲ့တစ်ဖက်ကမ်းဖြစ်လိမ့်မယ် အစ်ကို။ အဘိုး၊ အဘွားနဲ့ ခရေတို့က ပြောင်းရမယ့်နေရာကိုသွားကြည့်ကြတာ၊ အဘိုးက ဒီရွာမှာလူကြီးလေ။ အဘိုးစီမံတာကို အားလုံးနာခံရတယ်"

စိုးအောင်နှင့် စံပယ်သည် စကားမပြောနိုင်ဘဲ တိတ်ဆိတ်သွားပါသည်။

"ကဲ - မှောင်လည်းမှောင်တော့မယ် အစ်ကို၊ ပြန်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com

စိုးအောင်နှင့် စံပယ်သည် လာလမ်းအတိုင်း လှေကလေးလှော်ကာပြန်လာကြလေသည်။

"အစ်ကိုတော့ ဘယ်လိုပြောရမှန်းကိုမသိတော့ဘူး။ တွေ့တာမှ မကြာသေးဘူး၊ ခွဲခွာရတော့မယ်။ အစ်ကိုတော့ စံပယ်ကိုလွမ်းနေမှာပဲ"

"စံပယ်လည်း အစ်ကို့လိုပါပဲ အစ်ကို"

"တွေ့ချင်ရင် ဘယ်နေရာကိုလာရမယ်လို့ အတိအကျသိရရင်လည်း ကောင်းသား"

"ညီမတို့နေရမယ့်နေရာအတိအကျသိရရင် လာပြောပါမယ်အစ်ကို မပူပါနဲ့"

နေမင်းကြီးသည် အနောက်ဘက်ရှိတောင်ဆွယ်များကြားသို့ ဝင်တော့မည်ဖြစ်ပါသည်။ မြစ်ပြင်တွင် နေမင်းကြီးမှ ဖြာကျနေသော နီနီဝါဝါအလင်းရောင်ကလေးများဖြင့် လှပနေပါသည်။ မြစ်ပြင်သည် လှိုင်းကြက်ခွပ်ကလေးများထကာ စိုးအောင်နှင့် စံပယ်တို့ကို ကျီစယ်နေပါသည်။

အိမ်သို့ရောက်သောအခါ အဘိုး၊ အဘွားနှင့် ခရေတို့ကိုတွေ့ရပါသည်။

"ဟင်- အဘိုးတို့ကရောက်နှင့်နေတယ်"

"သူငယ်လေးလည်းပါလာတာကိုး၊ အဘိုးတို့က ဟိုဘက်ကလှည့်ပြန်လာလို့ အရင်ရောက်နှင့်နေတာပါ"

"ပြောင်းရမယ့်နေရာကိုတွေ့ခဲ့ပြီလား"

"အင်း - တွေ့ပြီဆိုပါတော့သမီးရယ်၊ ဒါပေမယ့် ဒီနေရာလိုတော့ မသာယာဘူး။ ဟိုမှာ ရွာသစ်စတည်ရမယ်။ အင်း - မြို့ပေါ်ကအုပ်ချုပ်သူတွေရဲ့ အမိန့်ဆိုတော့ မလွန်ဆန်နိုင်ဘူးကွယ်"

စိုးအောင်သည် စိတ်မကောင်းစွာနှင့်ပင် စံပယ်ကို နှုတ်ဆက်ကာပြန်လာခဲ့လေသည်။

(၇)

နောက်တစ်နေ့တွင် ကျွန်ုပ်လည်း ဇီးကုန်းမှပြန်ရောက်လာပါသည်။ညတွင် ထုံးစံအတိုင်း အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်၌ထိုင်ကာ စောင်းတီးကြပါသည်။

ထိုညတွင် မြို့ပေါ်မှ ဌာနဆိုင်ရာလူကြီးတစ်ဦး ရာထူးတိုး၍ပြောင်းရွှေ့ရသဖြင့် မိတ်ဆုံညစာစားပွဲပြုလုပ်ရာ ဆရာဦးသီဟ သွားရောက်ရပါသည်။

ကျွန်ုပ်နှင့် စိုးအောင်တို့သည် စိုးအောင်သင်ပြီးသွားသော ထံတျာသီတာကြိုးသီချင်းများကို စိုးအောင်ကတီး၍ ကျွန်ုပ်က ဘေးမှနားထောင်နေစဉ် စံပယ်နှင့် ခရေတို့ ညီအစ်မရောက်လာပါ သည်။

သူတို့သည် ဆရာဦးသီဟမရှိသဖြင့် ကျွန်ုပ်တို့ထိုင်နေသောနေရာသို့လာထိုင်ကြပါသည်။

စံပယ်က -

"ညီမတို့နက်ဖြန်ကျရင် ပြောင်းရတော့မယ် အစ်ကို"

စိုးအောင်သည် မျက်နှာမကောင်းချေ။

"အေးလေ၊ မပြောင်းလို့မှမဖြစ်ဘဲ ပြောင်းကြပေါ့။ အစ်ကိုတော့ ညီမတို့ကို အမြဲသတိရနေတော့မှာပဲ"

စံပယ်သည် ခေါင်းကလေးငုံ့ကာ-

"စံပယ်လည်း ဒီလိုပါပဲ အစ်ကို"

စိုးအောင်က စံပယ်လက်ကလေးကိုကိုင်လိုက်ပါသည်။

ကျွန်ုပ်နှင့် ခရေက သူတို့ကိုမမြင်သလိုနေလိုက်ပြီး အခြားအကြောင်းအရာတစ်ခုကို ပြောဆိုနေလိုက်ပါသည်။

စိုးအောင်က -

"သတိရတဲ့အခါ အစ်ကိုစောင်းသံပေးလိုက်မယ်။ အဲဒီအခါကျ လာဖြစ်အောင်လာခဲ့နော်"

ထိုအချိန်တွင် ဆရာဦးသီဟပြန်ရောက်လာသဖြင့် ကျွန်ုပ်က တံခါးသွားဖွင့်ပေးလိုက်ပါသည်။

ဆရာဦးသီဟသည် ကျွန်ုပ်တို့ကို စကားမပြောတော့ဘဲ အိမ်ပေါ်သို့တန်း၍တက်သွားကာ အိပ်ရာဝင်သွားပါတော့သည်။

ကျွန်ုပ်သည် ကွပ်ပျစ်ဆီသို့ကြည့်လိုက်ရာ စံပယ်နှင့် ခရေတို့ကို မမြင်ရတော့ပါ။ စိုးအောင်တစ်ယောက်တည်း ငူငူကြီးထိုင်နေသည်ကို မြင်ရပါသည်။

(၈)

နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် စိုးအောင်တို့သည် ကျတ်ကွင်းသို့သွားကြပါသည်။ မျက်စိကိုဆေးဖြင့်ကွင်း၍သွားရာ အားလုံးကိုမြင်ရပါသည်။

ရွာထဲရှိ လူကြီး၊ ကလေး၊ မိန်းမ အားလုံးသည် တစ်ဦးကိုတစ်ဦးအော်ဟစ်ခေါ်ဝေါ်ကာ လှည်းများပေါ်တွင်ပစ္စည်းများတင်၍ ပြောင်းရွှေ့နေကြသည်ကို မြင်ရပါသည်။ လူကြီးတစ်ဦးက အော်ပြောနေလေသည်။

"ပစ္စည်းတွေကို လှည်းပေါ်အကုန်တင်ပေှာ့၊ တစ်ခုမှမကျန်စေနဲ့။ မြစ်ဆိပ်ရောက်တော့မှ လှေပေါ်ပြောင်းတင်ပြီး ဟိုဘက်ကမ်းကိုသွားရမှာ"

ပစ္စည်းများကို လှည်းများပေါ်တင်ပြီး လူများက ခြေကျင်လျှောက်ကာ နေရာသစ်သို့ ပြောင်းရွှေ့သွားကြခြင်းကို ကျွန်ုပ်နှင့် စိုးအောင်တို့ စိတ်မကောင်းစွာဖြင့် ရပ်ကြည့်နေမိပါတော့သည်။

ထိုလူအုပ်ထဲတွင် စံပယ်နှင့်ခရေတို့ညီအစ်မပါဝင်မည်မှာ မလွဲပါ။

"ညီမတို့ရေ သွားကြပေဦးတော့၊ ကံမကုန်ရင်တော့ ပြန်ဆုံကြသေးတာပေါ့ကွာ"

ကျွန်ုပ်သည် စိုးအောင်ကိုကြည့်လိုက်ရာ မျက်လုံးများနီရဲနေပြီး မျက်ရည်များဝဲနေကြောင်း တွေ့ရပါသည်။

ကျွန်ုပ်သည် စိုးအောင်ပခုံးကိုဖက်ကာ -

"လာပါ သူငယ်ချင်းရယ်၊ မင်းပြောသလို ကံမကုန်ရင် ပြန်ဆုံကြရဦးမှာပါ။ လာပါ ပြန်ကြပါစို့ကွာ"

ထိုညကစ၍ စိုးအောင်သည် စောင်းတီးဆက်မသင်တော့ပါ။

ရသမျှကြိုးသီချင်းကလေးဖြင့် ရပ်ထားလိုက်ပါတော့သည်။

သူသည် ညစဉ်ညတိုင်း အိမ်ရှေ့ကွပ်ပျစ်၌ ထွက်ထိုင်ကာ တစ်စုံတစ်ယောက်ကို မျှော်လင့်နေသကဲ့သို့ ငေးငေးငူငူကြီးဖြစ်နေပါတော့သည်။

ဆရာဦးသီဟသည် များမကြာမီ ရန်ကုန်ရုံးချုပ်သို့ ပြန်လည်ပြောင်းရွှေ့သွားပါတော့သည်။

❑

ထိုစဉ်ကဖြစ်ပျက်ခဲ့သောအဖြစ်အပျက်တို့မှာ အမှန်တကယ်ဖြစ်ပျက်ခဲ့ခြင်းဖြစ်သော်လည်း အိပ်မက်လိုလိုပုံပြင်လိုလိုဖြစ်နေသဖြင့် အိပ်မက်လေလား ပုံပြင်လားဟု ခေါင်းစဉ်တပ်ကာ စာဖတ်ပရိသတ်ကြီးသို့ မျှဝေခံစားတင်ပြလိုက်ရပါတော့သည်။

မင်းသန့်ကျော် (ဇီးကုန်း)

(အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင် ကွယ်လွန်သည့် (၃၀-၁၁-၆၉) ညက မဟာပိန္နဲတွင် ဒုတိယညအဖြစ် ကပြစဉ် (ဦး) မောင်ဆန်းဝင်းကပြခဲ့သော 'အိပ်မက်လေလား ပုံပြင်လား' ပြဇာတ်အမည်ကို ဤဝတ္ထုခေါင်းစဉ်အဖြစ် ရယူထားပါသည်။)

www.burmeseclassic.com

# မြောက်ဦးခေတ်လယ်
## (၁၄)
# ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

ဖန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ပုံ (၆၆)



ထုတ္တနံ့သိမ်ပုထိုးတော်ကြီးအတွက် လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ၊ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၃၅)မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၄၇)လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၈၁) စင်တီမီတာခန့်၊ အကျယ်(၄၀)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် ပါးစပ်ပီပြင်မှုမတွေ့ရှိရတော့ပေ။ ရင်အုပ်ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၆၆) ပုံဆွဲဒီဇိုင်းလက်ရာ၏ ဗောင်းတော်မှာ နှစ်ဆင့်တွေ့ရှိရပြီး အပေါ်ဆင့်တွင် လုံးချော၍ အောက်ခြေတွင် ပွင့်ဖတ်ငယ်များသဏ္ဌာန်အရာသာ တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်လက်ရာ၌ ထင်ရှားမှုမရှိတော့ဘဲ ရေးရေးလေးသာတွေ့ရှိရပါတော့သည်။ အပေါ်ဆင့်အောက်မှ ဒုတိယအဆင့်ကို ဗောင်းတော်၏ အနားသတ်ဖောင်းလုံးအဖြစ် ဖောင်းဆင့်တစ်ဆင့်ခံထားသည်ကိုတွေ့ရှိရပါသည်။ဘောင်းတော်ဖွဲ့စည်း ပုံအရ ဤဗောင်းတော်ပုံစံမျိုးကို ကိုယ်ရံကြီး ဗောင်းတော်ပုံစံမျိုးဖြစ်သည်ဟု သိရှိရပါသည်။ မျက်နှာလုံးဝန်းပြီး နားနှစ်ဖက်တွင် နားတောင်းပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးအားကောင်းပြီး မျက်လုံးသွယ်ကာ နှာခေါင်းများပွကားသည်ကို တွေ့ရှိရပါသည်။ ပါးစပ်မှာ ပြုံးယောင်သန်းနေပါ၏။

လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ ညာဘက်လက်ကို အောက်သို့ချ၍ ကြွေကြာတစ်စကိုင်ထားသည်ကိုတွေ့ရှိရသည်။ ဘယ်ဘက်လက်ကို တံတောင်ဆစ်မှကွေး၍ လက်ဖျား ရင်ဘတ်တွင်ကပ်ကာ ပန်းဖူးတစ်ဖူး ပခုံးတော်တင်၍ ကိုင်ထားသည်ကိုတွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ကြီးပတ်ထားပြီး ခါးပတ်ကြီးကိုကျော့၍ ကြွေကြာနှစ်စကို ထက်အောက်[illegible]၍ချထားပါသည်။ ပုဆိုးကို ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားပါသည်။ ပုဆိုး (ဒယော) ထပ်ကို ရှေ့တွင်ဖော်ထားပါ၏။ ခြေဖျားနှစ်ဖက်ကို ဘယ်ဘက်သို့လှည့်၍ ရပ်နေသည့်အနေအထားကို တွေ့ရှိရပါသည်။ ဗောင်းတော်ဖွဲ့စည်းပုံအရ ဤအရုပ်ဒီဇိုင်း၏ဝတ်ဆင်ထုံးဖွဲ့မှုကို ကိုယ်ရံကြီးဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းပုံစံလက်ရာတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။ ဝတ်ဆင်ပုံမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ပုံဆွဲ (၆၇) ပုံဆွဲဒီဇိုင်းလက်ရာသည်လည်း ထုတ္တနံ့သိမ်ပုထိုးတော်ကြီးအတွက်လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ၊ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၃၆) မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၇၈) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာအမြင့် (၈၇)စင်တီမီတာခန့်၊ အကျယ် (၃၅)စင်တီမီတာခန့်နှင့် အထူ(၁၆)စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် ဗောင်းတော်ချော၍ အရာရေးရေးလေးသာ တွေ့ရှိရပါသည်။ မျက်ခုံးပေါ်လွင်လှပြီး ဒူးခေါင်းအထက် ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ ပုံ (၆၇) ဒီဇိုင်းလက်ရာ၏ ဗောင်းတော်ဖွဲ့စည်းပုံမှာ အထက်သို့ လုံးချောစွာတက်သောပြီး နှစ်ထပ်ပွင့်ဖတ်များဖြင့် ဝိုင်းရံဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ နှစ်ထပ်ပွင့်ဖတ်များ အောက်တွင် အနားသတ်ဖောင်းနှစ်ဆင့်

ပုံ (၆၇)



www.burmeseclassic.com

ခံ၍ ဖောင်းနှစ်ဆင့်အကြားတွင် ရွဲလုံးကလေးများဖြင့်ပတ်၍ အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

မျက်ခုံးနှစ်ဖက်မှာ စင်ရော်တောင်ပံခတ်သည့်အနေအထားမျိုး တွေ့ရှိရပြီး မျက်လုံးသွယ်ကာ အထက်မျက်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။နှာခေါင်းများပွ၍ ပါးစပ်တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ ညာဘက်လက်ကိုကွေး၍ လက်ဖျားရင်ဘတ်တွင် အပ်ကာ ကြာဖူးတစ်ဖူး ပခုံးပေါ်တင်၍ ကိုင်ဆောင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကိုချ၍ ဒူးနားတွင်ကပ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပတ်ကာ ခါးပတ်ပေါ်မှ ကွက်ကြိုးနှစ်ဆင့်ချထားသည်ကိုတွေ့ရှိရပါသည်။ ခြေထောက်နှစ်ဖက်ကိုကား၍ ပုဆိုးကို ခြေမျက်စိထိရောက်အောင် ဝတ်ဆင်ထားပါသည်။ ခြေဖျားနှစ်ဖက်ကို လက်ဝဲ၊ လက်ယာဘေးထုတ်၍ ဦးခေါင်းကို ဘယ်ဘက်သို့စောင်းကာ ရပ်နေသည့်အနေအထားမျိုး တွေ့ရှိရပါသည်။ ဗောင်းတော်ဖွဲ့စည်းပုံအရ ဤပုံဆွဲ (၆၇) ဒီဇိုင်းလက်ရာကို အတွင်းဝန်

ပုံ (၆၈)



လက်ယာအမတ်၏ ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။ ဗောင်းတော်ဖွဲ့စည်းပုံမှာ အနုလက်ရာမြောက်ပြီး ဝတ်ဆင်ပုံမှာတော့ ရိုးရှင်းလှသည်ကိုတွေ့ရှိရပါသည်။

ပုံဆွဲဒီဇိုင်းလက်ရာ (၆၈) သည်လည်း ထုတ္တနိ့သိမ်ပုထိုးတော်ကြီးအထွက်လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၃၇) မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၇၈)လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၈၈) စင်တီမီတာခန့်၊ အကျယ် (၃၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် မျက်ခုံးချောနေပြီး လက်ကောက်အရာသာတွေ့ရှိရပါသည်။ ဒူးခေါင်းလောက်တွင်လည်း ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ဤပုံဆွဲ (၆၈) အမျိုးသမီးဒီဇိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်လေးဆင့်တွေ့ရှိရပြီး အပေါ်ဆုံးအဆင့်တွင် လက်ဝဲ၊ လက်ယာ၌ အဖျားစွန်းတစ်ဖက်တစ်စွန်းကိုချထားပါသည်။ ထိုအဆင့်အောက်၌ အဆင့်သုံးဆင့်တွင် တစ်ဆင့်ထက်တစ်ဆင့် ပို၍ပို၍ကျယ်သည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာလုံးဝန်းပြီး နားနှစ်ဖက်စလုံးတွင် နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်လုံးနှစ်ဖက်သွယ်ပြီး နှာခေါင်းပွကာ ပါးစပ်တည်ငြိမ်နေပါ၏။ လည်ပင်းတွင် အရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်တွင် တဘက်စတင်ထားပြီး အစွန်းနှစ်ဖက်ကို နောက်ကျောလက်ဝဲ၊ လက်ယာတွင် ပြန့်ကားစွာချထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှကုတ်ကာ လက်ဖျားအပေါ်ထောင်ထားပါသည်။ ထောင်ထားသည့်လက်ဖျားတွင် ပန်းဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရပါသည်။

ညာဘက်လက်ကိုလည်း အောက်သို့ချ၍ လက်မနှင့် လက်သန်းကိုဆန့်ထားသည်။ လက်ကောက်ဝတ်နှစ်ဖက်စလုံးတွင် လက်ကောက်တစ်ဖက်ငါးကွင်းစီဝတ်ဆင်ထားပါသည်။ အင်္ကျီကို ညာဘက်၌ တင်ပါးဖုံးအောင် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို ဘယ်ဘက်နားတွင် အင်္ကျီထပ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစနှစ်စကို ဘယ်ဘက်ပေါင်ပေါ်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီကိုလည်း ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားပါသည်။ ထဘီအခေါက်ထပ်ကို ရှေ့တွင်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်စလုံးကို ဘယ်ဘက်သို့လှည့်၍ ရပ်နေသည်ကို တွေ့ရှိရပါသည်။ ဆံထုံးဖွဲ့စည်းပုံအရ ဤအမျိုးသမီး ဆံထုံးဖွဲ့စည်းပုံကို သုံးပတ်ခွေဆံထုံးဖွဲ့စည်းပုံဖြစ်သည်ဟု ခေါ်ကြသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၆၈) အမျိုးသမီးဝတ်ဆင်ထုံးဖွဲ့ပုံမှာ အတွင်းဝန်လက်ယာကတော်ဝတ်ဆင်ထုံးဖွဲ့ပုံဖြစ်သည်ဟု သိရှိရပါသည်။



ပုံ (၆၉)

ပုံဆွဲ (၆၉) ဒီဇိုင်းလက်ရာသည် ထုတ္တနိ့သိမ်ပုထိုးတော်ကြီးအထွက်လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၃၈) မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၇၉) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၈၀) စင်တီမီတာခန့်၊ အကျယ် (၃၇)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၆) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဗောင်းတော်ချော၍ အရာသာတွေ့ရှိရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မျက်ခုံးပေါ်လွင်ပြီး ခါးကျောက် ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ဘောင်းတော်ဖွဲ့စည်းပုံမှာ အပေါ်လုံးချောချွန်ပြီး နှစ်ထပ်ပွင့်ဖတ်၊ ကြားညှပ်ပွင့်ဖတ်များဖြင့် အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘောင်းတော်၏အောက်နားအရစ်ကို ဖောင်းလုံးဖြင့် အနားသတ်ထားပြီး ဖောင်းလုံးပေါ်တွင် အရစ်များဖော်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်လုံးသွယ်၍ နှာခေါင်းအောက်ပိုင်းပွကားနေသည်ကို တွေ့ရှိရပါသည်။ ပါးစပ်မှာ တည်ငြိမ်လှသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ဘောင်းတော်အနုစိတ်လက်ရာမြောက်လှပါသည်။

ပခုံးနှစ်ဖက်တွင် တဘက်ပတ်ထားပြီး တဘက်စအဖျားနှစ်ဖက်ကို လက်ဝဲ၊လက်ယာနောက်ကျောဘက်တွင် ဖြန့်ကားချထားသည်ကိုတွေ့ရှိရပါသည်။ ညာဘက်လက်ကို တံတောင်ဆစ်မှ ကွေးထောင်၍ လက်ဖျားတွင် ကြာဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရ၏။ ဘယ်ဘက်လက်ကိုလည်း တံတောင်ဆစ်မှကုတ်၍ ရင်ဘတ်တွင်ကပ်ကာ ကြာဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ပတ်ထားပါ၏။ ခါးပတ်ကိုကျော့၍ ဣန္ဒြေကာပြားကို နှစ်ပြားဖြန့်ကား၍ချထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးကို ခြေမျက်စိနားထိချဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်ကို ညာဘက်သို့လှည့်၍ ခြေထောက်ကားကာ ရပ်နေသည်ကို တွေ့ရှိရပါသည်။ ဦးခေါင်းကို ဘယ်ဘက်သို့ စောင်းထားသည်ကို တွေ့ရှိရပါသည်။ ဘောင်းတော်ဖွဲ့စည်းပုံအရ ဤပုံဆွဲ(၆၉) ဒီဇိုင်းလက်ရာကို ဝင်းစားမီးကာအမတ်ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာဖြစ်သည်ဟု သိရှိရပါသည်။

ပုံဆွဲ (၇၀) ဒီဇိုင်းလက်ရာသည်လည်း ထုကွန့်သိမ်ပုထိုးတော်ကြီးအထွက်လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ၊ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၃၉) မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမှန် ...ယ် (၇၉)လက်ယာဘက်တွင် တွေ့ရှိနိုင်...ါသည်။မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၅) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၂) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာ၌ ဆံထုံးအောက်ပိုင်းချောနေသည်ကို တွေ့ရှိရပါသည်။မျက်နှာလည်းချောနေပါ၏။ လက်ကောက်အရာသာ တွေ့ရှိရပါသည်။ တင်ပါးအောက်ကျောက်ဆက်လည်း အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၇၀)ဒီဇိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်လေးဆင့်တွေ့ရှိရပြီး အထက်ဆုံးအဆင့်တွင် လက်ဝဲ၊ လက်ယာ၌ ဆံဖျားစွန်းတစ်ဖက်တစ်စွန်းချထားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်က ပိုကျယ်ပြီး ဒုတိယအဆင့်ထက် တတိယအဆင့်ကျဉ်းသည်ကိုတွေ့ရှိရပါသည်။ စတုတ္ထအဆင့်မှာ တတိယအဆင့်ထက်ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ ဤဆံထုံးပုံစံမျိုးကို မုတ္တာရွေးဆံထုံးထုံးပုံဟုခေါ်ဆိုကြသည်ကို သိရှိရပါသည်။ မျက်နှာမှာ လုံးဝန်းပြီး နားနှစ်ဖက်ကားကာ နားတောင်းဝန်းကြီးနှစ်ဖက်ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ အင်္ကျီအထက်ရစ်ကို လည်ပင်းအောက်တွင် ရစ်၍ဖော်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကိုပူးကာ ဘယ်ဘက်သို့ထုတ်၍ ပန်းတစ်ပွင့်ကိုင်ကာ ဘုရားပူဇော်ကန်တော့နေဟန် တွေ့ရှိရပါသည်။ ပူးထားသော လက်နှစ်ဖက်စလုံးတွင် လက်ကောက်တစ်ဖက်ငါးကွင်းစီဝတ်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ တဘက်စတစ်ဖက်ကိုလည်း ဘယ်ဘက်တံတောင်ဆစ်အောက်တွင်ဖြန့်ကားစွာချထားသည်ကို တွေ့ရှိရပါသည်။အင်္ကျီအောက်နားစကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်ပေါ်တွင် ခါးကြိုးစနှစ်စကို ချထားပါ၏။ ခါးကြိုးစနှစ်စစလုံး၏အဖျားကို ပန်းဖူးသဏ္ဌာန်ပုံဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဒူးအထက်ပိုင်းတွင် ထဘီအခေါက်ထပ်ကို ဖော်ထားပါ၏။ ထဘီအောက်နားစကို ခြေချင်းဝတ်အောက်ရောက်အောင်အထိချဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကော့ထောက်ကာ ဒူးနှစ်ဖက်ကို ဘယ်ဘက်သို့လှည့်၍ထိုင်နေသည်ကို တွေ့ရှိရ၏။ ထိုင်နေသည့်အနေအထားမှာ ဘုရားကို ပန်းပူဇော်ကန်တော့နေဟန် တွေ့ရှိရပါသည်။ ဤအမျိုးသမီးဝတ်ဆင်ထုံးဖွဲ့ပုံမှာ ရိုးသလိုလိုနှင့် ဆံထုံးဖွဲ့စည်းပုံဆန်းနေသည်ကို တွေ့ရှိရပါသည်။ ဤဆံထုံးမျိုးကို မုတ္တာရွေးဆံထုံးအမျိုးအစားဟု ခေါ်ဆိုကြသည်ကို တွေ့ရှိရပါသည်။ ဤပုံဆွဲ (၇၀) ဒီဇိုင်းလက်ရာအမျိုးသမီး၏ ဝတ်ဆင်ထုံးဖွဲ့မှုမှာ ဝင်းစားမီးကာ အမတ်ကတော်၏ ဝတ်ဆင်ထုံးဖွဲ့မှုပင်ဖြစ်သည်ဟု သိရှိရပါသည်။ အထက်ဖော်ပြပါ ပုံဆွဲဒီဇိုင်းလက်ရာများ၏ ဝတ်ဆင်ထုံးဖွဲ့မှုမှာ မြောက်ဦးခေတ်လယ်ရခိုင်တို့၏ ဝတ်ဆင်ထုံးဖွဲ့မှုကို ဖော်ပြနေသော ဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။

ပုံ (၇၀)



*အနန္တောအနန္တငါးပါးကို*
*ထာဝရ*
*ဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)



www.burmeseclassic.com

www.burmeseclassic.com

# ဝ(ဥပဒေ)ငစိုးထွန်း
# ညဉ့်ဆိုး

ညဉ့်ဆိုးဆိုတာ သက်ရှိလူသားတွေမှာတွေ့ရတတ်သလို သက်မဲ့ပစ္စည်းတွေမှာလည်း တွေ့ရတတ်ပါတယ်။ သက်ရှိညဉ့်ဆိုးရှိသူကို ရှောင်ရှားရတာလွယ်သလောက် သက်မဲ့ညဉ့်ဆိုးကတော့ ဘယ်အချိန်ဖောက်မှန်းမသိတာကြောင့် ရှောင်ရှားဖို့မလွယ်ကူပါဘူး။ စက်ပစ္စည်းဖောက်လာပြီဆိုရင် ဖောက်ပြီးမှ လူသားကသိလိုက်ရတာကြောင့် လူသားအနေနှင့် အန္တရာယ်နဲ့ ရင်ဆိုင်တိုးကြတာကများပါတယ်။

ကျွန်တော်က လေသေနတ်ညဉ့်ဆိုးအကြောင်းကို သူရဋ္ဌမှာဖော်ပြပြီးပါပြီ။ အခုတင်ပြမယ့် ညဉ့်ဆိုးကတော့ မော်တော်ဆိုင်ကယ်ညဉ့်ဆိုးအကြောင်းကို ဖော်ပြပေးမှာပါ။ ကိုယ်တိုင်ကြုံခဲ့တာတော့ မဟုတ်ပါဘူး။ ကျွန်တော့် သူငယ်ချင်း ထောင်မှူးကြီး ကိုခင်မောင်ဝင်း မိတ်ဆက်ပေးလို့ ဆိုင်ကယ်ညဉ့်ဆိုးပိုင်ရှင် မောင်ကျော်မိုးနဲ့ သိခဲ့ခြင်းပါပဲ။

မောင်ကျော်မိုးက ယာဉ်တိုက်မှုဖြစ်ပြီး ထောင်ဒဏ် (၃)လကျခဲ့ပါတယ်။ ကျွန်တော် သူ့ကိုသွားတွေ့တဲ့နေ့က မောင်ကျော်မိုးထွက်ခွင့်ရတဲ့နေ့ပါပဲ။ ဒီလူငယ်လေးက ပိတ်ရက်တွေရှိနေလို့ (၂) ရက်စောပြီး ထွက်ခွင့်ရတယ်လေ။ ဒါကြောင့် မောင်ကျော်မိုး လွတ်မယ့်ရက်ကို သူ့အိမ်သားတွေမသိလိုက်လို့ ဘယ်သူမှမလာကြဘူး။ ကျွန်တော်က မနက်စာ လက်ဖက်ရည်နဲ့ မုန့်ကျွေးပြီး ကျွန်တော်သိချင်တာကို စလိုက်တယ်။

"ထောင်မှူးကြီးကိုခင်မောင်ဝင်းက မင်းဆိုင်ကယ်တော်တော်ဆိုးတယ်လို့ပြောတယ်ကွ။ အဲဒီမင်းဆိုင်ကယ်အကြောင်း သိချင်လို့မင်းကိုလာတွေ့တာပါ။ စားရင်းသောက်ရင်း ဆိုင်ကယ်အကြောင်းပြောပါဦး"


"ကျွန်တော့်ဆိုင်ကယ်က စက်ပိုင်းဆိုင်ရာတွေအကုန်ကောင်းတယ်။ ခက်တာက ညဉ့်ဆိုးရှိတယ်ဆိုတာ စီးကြည့်တော့မှ လက်တွေ့ကြုံခဲ့တာဗျ။ ဝယ်ပြီး (၃) ရက်လောက်ပဲ ကြာလိမ့်မယ်။ ကျွန်တော်က ပုသိမ်ချောင်းသာလမ်းကို မောင်းလာတယ်။ တစ်လမ်းလုံး ယာဉ်ရှင်းနေတာပဲ။ ကျွန်တော့်ရှေ့ ပေ (၁၀၀) ကျော်လောက်မှာတော့ ဆိုင်ကယ်နှစ်စီး ဘေးချင်းယှဉ်ပြီးမောင်းနေတယ်။ ရှောပြားရွာအနားရောက်တော့ တစ်ဖက်ကိုချိုးပြီးကွေ့သွားတယ်လေ။ ရှေ့မှာ ဘာယာဉ်မှမရှိတော့ ကျွန်တော်လည်း စိတ်လွတ်ကိုယ်လွတ်မောင်းလာတာပေါ့။

အဲဒီအချိန်မှာ ရှေ့ဆိုင်ကယ်နှစ်စီးထဲက ဆိုင်ကယ်တစ်စီး ဖြုန်းစားကြီးပြန်ထွက်လာတယ်။ လုစ်ခနဲရောက်လာတဲ့ဆိုင်ကယ်ဆိုတော့ ဘယ်လိုမှရှောင်ချိန်မရလိုက်ဘူး။ ဆိုင်ကယ်ဘေးမှာက ကုက္ကိုပင်ကြီးရှိနေတယ်။ ဆိုင်ကယ်နဲ့ ကုက္ကိုပင်ဘယ်ဟာကိုတိုက်မလဲ ကျွန်တော်က ရွေးချယ်ရတော့မယ်။ ကုက္ကိုပင်ကြီးသာတိုက်လို့ကတော့ အသေနဲ့အကျိုးပဲ။ အဲဒီတော့ ရှေ့ကဆိုင်ကယ်နောက်ဘီးလောက်ချိန်ပြီးခေါင်းတည့်ပေးလိုက်ရတာပေါ့။

အရှိန်ဘယ်လောက်ပြင်းသလဲဆိုရင် ကျွန်တော့်ရှေ့ကဆိုင်ကယ်နောက်ဘီးပြုတ်ထွက်သွားတယ်။ အဲဒီဆိုင်ကယ်ကလူလည်း ချုံထဲကိုလွင့်သွားတာပေါ့။ ဒါပေမယ့် ကျွန်တော့်ဆိုင်ကယ် ဘာမှမဖြစ်ဘူး။ ကျွန်တော်လည်း ကွဲပြဲမသွားဘူး။ ပွန်းပဲ့ဒဏ်ရာတွေကတော့ တစ်ကိုယ်လုံးပဲ။

ကျွန်တော်ရှေ့က ဆိုင်ကယ်ကိုလည်းပြင်ပေး၊ ဒီလူ့ကိုလည်း ဆေးခန်းပို့နဲ့ ကျေနပ်အောင်လုပ်လိုက်လို့ အမှုတော့မဖြစ်ဘူး။ ကျွန်တော်က ဒီကိစ္စကြီးမှာ ဆိုင်ကယ်ညဉ့်ဆိုးတယ်လို့မသိသေးဘူးဗျ။ မတော်တဆဖြစ်တာလို့ပဲထင်တာပေါ့။ ဒီလိုနဲ့ ဆိုင်ကယ်ကိုဆက်စီးနေတယ်။

ဒုတိယအကြိမ်ဘယ်မှာဖြစ်သလဲဆိုရင် ပုသိမ်ချောင်းသာသွားတဲ့လမ်းက ဥတိုထံတားမှာကြုံပြန်တယ်။ အဲဒီနေ့က သင်္ကြန်ကျတဲ့နေ့။ ကလေးတွေက ရေတွေပက်နေတယ်။ ဖြစ်တာက ဥတို





www.burmeseclassic.com

www.burmeseclassic.com

တံတားကို ပုသိမ်ဘက်ကနေချောင်းသာသွားတဲ့ အသွားလမ်းဘက်မှာဖြစ်တာပါ။ ဆိုင်ကယ်စီးဦးထုပ်တော့ပါတယ်။ မျက်မှန်တော့မပါဘူး။ ကျွန်တော်က သူငယ်ချင်းတွေနဲ့ ကျောက်မောင်နှမမှာ ဆုံဖို့ထွက်လာတာပါ။ သင်္ကြန်တွင်းမှာကဲ မယ်ပေါ့။

ရေပက်တဲ့ကလေးတွေက တံတားပေါ်အတက်မှာ မျက်နှာကိုစွတ်လည်း ပက်လိုက်ရော ဆားငန်ရေတွေနဲ့ပက်တာဆိုတော့ မျက်စိတွေစပ်ကုန်တာပေါ့။ မျက်စိဖွင့်လို့မရချိန်မှာ ဆိုင်ကယ်ဂိုက်ယမ်းသွားတယ်။ ကျွန်တော့်ဆိုင်ကယ်ဂိုက်ရှေ့မှာ လူ(၃)ရပ်ကျော်နက်တဲ့ကမ်းပါးကြီး။ ကျွန်တော့်ဆိုင်ကယ်က ချောက်ထဲကိုဆင်းသွားတယ်။ ကြည့်နေသူတွေက တစ်ပတ်ကျွမ်းလည်သွားတယ်လို့ပြောကြတယ် ဦးလေးရဲ့။ ကျွန်တော်က မသေချင်သေးတာလား မသိဘူး။ မြေကြီးနဲ့ထိချိန်မှာ ဆိုင်ကယ်ဘီးနှစ်ဘီးစလုံး ဟန်ချက်ညီညီ မြေကြီးနဲ့ထိလိုက်တာပါ။ ကျွန်တော်က ဆိုင်ကယ်ပေါ်မှာ ထိုင်လျက်ပဲ။

မြေကြီးနဲ့ဆိုင်ကယ်ထိပြီး အရှိန်ကြောင့် ကျွန်တော်ပြန်မြောက်သွားချိန်မှာ တစ်လောကလုံးကို သတိမရတော့ပါဘူး။ ကျွန်တော်က ချောင်းသာဆေးရုံပေါ်ရောက်မှ သတိပြန်ရတာပါ။ ညာလက်မောင်းမှာ ကွဲပြဲသွားတဲ့ဒဏ်ရာနဲ့ နားရွက်စုတ်သွားတယ်။ ဦးထုပ်ဆောင်းထားလို့ ခေါင်းကိုမထိဘူး။ ကြီးကြီးကျယ်ကျယ်အရိုးကျိုးတာအက်တာတွေ မဖြစ်လို့ တော်သေးတယ်။ ဆိုင်ကယ်ကတော့ နောက်ဖောက်နှစ်ခုလဲလိုက်ရတယ်။

အခုလို ဆိုင်ကယ်ကျွမ်းပြန်ကျချိန်မှာ ကျွန်တော့်စိတ်က ဥတိုတံတားမှာ မရှိတော့ဘူး။ ကျွန်တော်သွားချင်တဲ့ ကျောက်မောင်နှမကမ်းခြေကိုရောက်နေတယ်။ သူငယ်ချင်းတွေနဲ့ ဝေးလေးဝါးလားလုပ်လိုက်၊ ဆားငန်ရေတွေနဲ့ပက်လိုက်နဲ့ တော်တော်လေးပျော်နေတာ။ နောက် လူကြီးတစ်ယောက်က မင်းပြန်တော့ဆိုတာနဲ့ ဒီကောင်တွေနဲ့ဝေးရာကို လွင့်သွားတယ်။ မှောင်မည်းနေလို့ ဘာမှမမြင်ရဘူး။ မျက်စိဖွင့်လိုက်တော့မှ ချောင်းသာဆေးရုံမှာတက်နေမှန်းသိလိုက်တာပါ။

ဒီကောင်တွေ ဆေးရုံကိုလိုက်လာတော့ ကျွန်တော်က သူတို့ ကျောက်မောင်နှမမှာဝတ်တဲ့ အဝတ်အစားတွေ၊ ရေပက်ကြပုံတွေပြောပြတော့ အံ့ဩနေတယ်။ လူ့စိတ်ဟာ သိပ်ဆန်းကြယ်တာပဲဦးရဲ့။ ကျွန်တော်သာ ဥတိုတံတားမှာ သေသွားရင် ဥတိုတံတားမှာ ဝိညာဉ်ရှိမှာမဟုတ်ဘူး။ ကျောက်မောင်နှမကနေ ဘယ်ကိုသွားမလဲတော့မသိဘူး။ ဟုတ်တယ်နော်။

ကျွန်တော်က ဒီဆိုင်ကယ်ညာဉ်ဆိုးတာကို ဒီလောက်ကြုံခဲ့တာတောင် ပထမတော့ တိုက်ဆိုင်လို့ဖြစ်တာလို့ထင်တာပေါ့။ တတိယအကြိမ်ကြုံတာက တော်တော်လေးကိုသေလမ်းနီးပါတယ်။ ကျွန်တော်က ပုသိမ်ကနေ ချောင်းသာကို ည(၈)နာရီလောက်မောင်းလာတယ်။ ညဘက်ဆိုရင် ဆင်တွေထွက်တာကို အသိသား။ ကိစ္စရှိတော့လည်း ကြောက်ကြောက်နဲ့ထွက်လာလိုက်တာပါပဲ။ အခုလိုစိုးရိမ်နေတုန်း တောင်အကွေ့မှာ ဆင်ကြီးတစ်ကောင်နဲ့ ပက်ပင်းတိုးပါလေရော။ အနီးကပ်တွေ့လိုက်ရတော့ ဆိုင်ကယ်ပြန်ပြီးကွေ့ဖို့ အချိန်မရှိတော့ဘူး။ ဒီတော့ ဆိုင်ကယ်ပေါ်ကဆင်းပြီး နောက်ကြောင်းပြန်ပြီးပြေးရတာပေါ့။ ဒီကောင်ကြီးက တော်တော်ပါးတဲ့အကောင်ပဲ။ တုံးလုံးလဲနေတဲ့ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ အိတ်ဇောပိုက်ကအပေါ်ရောက်နေတယ်။ ဒါကြောင့် အိတ်ဇောပိုက်ရှိတဲ့ နောက်ပိုင်းကိုမနင်းဘူး။ ရှေ့ဘီးနဲ့ ဒူးကာတွေနင်းလိုက်တာ မုန့်လေပွေကိုလူတက်နင်းနေသလိုပါပဲ။

နင်းပြီးတာနဲ့ ကျွန်တော့်နောက်ကို အော်ပြီးပြေးလိုက်လာတယ်။ ပြေးစရာလမ်းက တစ်လမ်းတည်းရယ်။ ဘေးမှာက ချောက်ကမ်းပါး။ ကျွန်တော်က ရှေ့ကိုဆက်ပြေးရင် ဒီကောင်ကြီးမီလာမယ်ဆိုတာ သိနေတယ်လေ။ ဒါကြောင့် ချောက်ကမ်းပါးကို သတိနဲ့ဆင်းလိုက်တယ်။ ဒီကောင်ကြီးရောက်လာတော့ ကျွန်တော်က လူတစ်ရပ်ကျော်ဆင်းလို့ပြီးပါပြီ။ ဒီကောင် ချောက်ကိုမဆင်းရဲလို့ အကျယ်ကြီးအော်ပြီး ရှေ့ကိုဆက်သွားတယ်ဗျ။ တော်သေးတာပေါ့။

ကျွန်တော်ရဲ့ဆိုင်ကယ်ကိုသွားကြည့်တော့ ရှေ့ဘီးက ရစရာမရှိတော့ဘူး။ ဒူးကာတွေဆိုတာလည်း အစိတ်စိတ်အမွှာမွှာနဲ့။ ဘယ်လိုလုပ်ရမှန်းမသိအောင် စိတ်အိုက်လိုက်တာ ဦးလေးရာ။ ဖြစ်တဲ့အချိန်က ည(၈)နာရီလောက်။ ဒီထက်ညဥ့်နက်လာရင် ခွေးအတွေမလာဘူးလို့ ဘယ်လာအာမခံရဲမှာလဲ။ တွေးလေကြောက်လေနဲ့ ကျွန်တော်ဆိုတာ ချွေးတွေတောင်ပြန်လာတယ်။ ကံအားလျော်စွာ ပုသိမ်ကနေ ချောင်းသာသွားတဲ့ ဒိုင်နာတစ်စီးက ရောက်လာပြီး အကူအညီပေးလို့ ချောင်းသာကို (၉)နာရီလောက်မှာရောက်ပါတယ်။

ကျွန်တော်က (၃)ကြိမ်ကြုံလိုက်တော့မှ ဒီဆိုင်ကယ်ကို တော်တော်လေးလန့်လာတာ။ ဆက်ပြီးမစီးသင့်တော့ဘူးလို့ဆုံးဖြတ်ပြီး ဆိုင်ကယ်ဆိုင်မှာ ကျကျနနပြင်လိုက်တယ်။ အားလုံးပြင်ပြီးတော့ မရောင်းခင် ဘုရားကိုတက်ဦးမယ်စိတ်ကူးပြီး မော်တော်ပီကယ်ရုံးရှေ့မှာရပ်ပြီး ရွှေမုဋ္ဌောဘုရားပေါ်ကိုတက်တယ်လေ။ ဘုရားကလည်းပြန်ဆင်းရော ဆိုင်ကယ်ကို စက်နှိုးတယ်ဦးလေးရဲ့။ ကျွန်တော့်အကျင့်က စက်နှိုးရင် လီဗာကိုတင်တဲ့ အလေ့ရှိပါတယ်။ မမောင်းခင် ပုံမှန်ဖြစ်အောင် အလုပ်လုပ်တဲ့သဘောပါပဲ။

ဒီတစ်ကြိမ်ထူးသွားတာက လီဗာလည်းတင်ရော ဆိုင်ကယ်က မထင်မှတ်ဘဲ ဝေါခနဲပြေးထွက်သွားတယ်။ ဘရိတ်နင်းချိန်တောင်မရဘဲ ရှေ့ဘက်က ကလေးချီထားတဲ့မိန်းမကြီးကိုတည့်တည့်ကြီးတိုးတော့တာပါပဲ။ မိန်းမကြီးက လက်ကျိုးသွားတယ်။ ချီထားတဲ့ ကလေးက ကျောက်ခဲနဲ့ဆောင့်မိပြီး ခေါင်းကွဲသွားတယ်။

ဘယ်လိုဖြစ်ပြီး ဂီယာမထိုးဘဲ ပြေးထွက်ရတာလဲလို့ ကျွန်တော်တောင် ဦးနှောက်ခြောက်သွားတယ်။ ကျွန်တော် ရပ်ရင် အမြဲတမ်းဖရီးလုပ်ထားတယ် ဦးလေးရဲ့။ သော့ဖွင့်ပြီးစစ်လိုက်တော့ ဘယ်အကောင်ခြေဆော့ပြီး နံပါတ်ဝမ်းကိုနင်းထားသလဲမသိဘူး။ ဒါကြောင့် ဆိုင်ကယ်က ဆောင့်ပြီးထွက်တာကိုး။ ဒီကိစ္စမှာ ကျွန်တော်က မော်တော်ပီကယ်ရုံးရှေ့မှာဖြစ်တော့ ဖုံးလို့ဖိလို့မရတော့ဘူး။ ပုဒ်မ (၃၃၈) နဲ့ ထောင် (၃)လကျတော့တာပေါ့။ အခုတော့ ကျွန်တော် ထောင်ထဲရောက်နေချိန်မှာ သူငယ်ချင်းကရောင်းပေးလို့ ထွက်သွားပါပြီ။

ကျွန်တော်အထဲရောက်နေချိန်မှာ ဆိုင်ကယ်ဉာဉ်ဆိုးမဆိုး စမ်းသပ်တဲ့နည်းကို အထဲကအစ်ကိုကြီးက နည်းလမ်းပေးလိုက်တယ်။ သူပေးတဲ့နည်းက ပထမဆုံးဝယ်မယ့်ဆိုင်ကယ်ကို ဆီတွေထုတ်လိုက်ပြီးတာနဲ့ ဝယ်မယ့်သူက ဆီကုန်အောင်စီးရမယ်။ ဆီကုန်လို့ စက်ရပ်ရင် ကြည့်လိုက်။ ဓာတ်ဆီရောင်းတဲ့ဆိုင်ရှေ့ဆိုရင် ဒီကောင် ဉာဉ်ကောင်းတာသေချာသွားပြီ။ စိတ်ချလက်ချဝယ်တဲ့။ ဒီတစ်ခါဝယ်ရင် အဲဒီလိုလုပ်ကြည့်ဦးမယ်"

ကျွန်တော်နဲ့ မောင်ကျော်မိုးက တော်တော်လေးစကားပြောဖြစ်ခဲ့ပါတယ်။ သူနေတာက တောင်သုံးလုံးရွာမှာပါ။ လိုအပ်တဲ့လမ်းစရိတ်ပေးလိုက်လို့ တက္ကစီစီးပြီး နေရပ်ကိုပြန်သွားပါပြီ။ ကျွန်တော်က ဒီလိုဉာဉ်ဆိုးတဲ့အကြောင်း သိပ်ပြီးဘဝင်မကျလှဘူး။ ဒါကြောင့် စာပေဗဟုသုတပြည့်စုံတဲ့ ညောင်ပင်သာဆရာတော်ကြီးကို ဒီကိစ္စမေးကြည့်ပါတယ်။ အဲဒီကိစ္စကို ဆရာတော်က စိတ်ရှည်ရှည်ရှင်းပြလိုက်တဲ့အချက်ဟာ မှတ်သားဖို့ အကောင်းဆုံးဖြစ်တာကြောင့် တစ်ဆင့်ပြန်ပြီး ပြောပြချင်ပါတယ်။

"ဒီလိုရှိတယ် ဒကာရဲ့၊ စက်ပစ္စည်းဖြစ်လို့ အသက်မှမရှိတာ၊ ဉာဉ်ဆိုးတာ ဟုတ်ရဲ့လား။ လူတွေပေါ့ပေါ့ဆဆကိုင်တွယ်လို့ဖြစ်တာလားလို့ ထင်စရာပါပဲ။ တကယ်တော့ စက်ပစ္စည်းဉာဉ်ဆိုးတာ လူနဲ့မဆိုင်ပါဘူး။ သူ့ရဲ့သဘာဝအရဆိုးနေတာပါ။ သစ်သားတွေ၊ အုတ်တွေ၊ သွပ်ပြားတွေပုံထားချိန်မှာ အိမ်မဖြစ်သေးဘူး။လက်သမားဆရာတွေဆောက်လို့ပြီးချိန်လည်း အိမ်လို့မသတ်မှတ်သေးဘူး။ အိမ်ရှင်က အိမ်တက်မင်္ဂလာကျင်းပပြီး ပရိသတ်ကို အကျွေးအမွေးနဲ့ဧည့်ခံတဲ့နေ့ရောက်မှ ဒီအဆောက်အအုံကို အိမ်လို့သတ်မှတ်လိုက်ကြတယ်မဟုတ်လား။

အဲဒီသတ်မှတ်တဲ့နေ့ဟာ ဘာနက္ခတ်လဲ၊ ဘယ်စန်းနဲ့မွေးဖွားလာသလဲဆိုတာကိုဆန်းစစ်ကြရပါမယ်။ ဒါကြောင့် အိမ်တက်မင်္ဂလာလုပ်တဲ့နေ့ဟာ အရေးကြီးပါတယ်။ နေ့ကောင်းရက်သာရွေးရတယ်ဆိုတာ ဒီကိစ္စကြီးပါပဲ။ ကိုယ်တိုင်မရွေးချယ်တတ်ရင် နားလည်တဲ့ဗေဒင်ဆရာတွေကိုမေးပြီးလုပ်ရင် အမှားနည်းတာပေါ့။

ဒီလိုပဲ ဆိုင်ကယ်တစ်စီးဟာ ဘီးတွေ၊ စမုတ်တွေ၊ အင်ဂျင်တွေ၊ ဘက်ထရီတွေ၊ ကိုယ်ထည်ကြီးတွေမပေါင်းဆုံခင်မှာ ဆိုင်ကယ်လို့မခေါ်သေးပါဘူး။ စက်ဆရာက အားလုံးကိုတပ်ဆင်လိုက်တော့မှ ဆိုင်ကယ်တစ်စီးဆိုတာဖြစ်လာတာပါ။ အဲဒီဆိုင်ကယ်ဖြစ်လာတဲ့နေ့တွေ အချိန်တွေဟာ နက္ခတ်ကောင်းတာနဲ့ကြုံရင် ဉာဉ်ကောင်းတယ်၊ နက္ခတ်မကောင်းတာနဲ့ကြုံရင် ဉာဉ်ဆိုးတယ်ဆိုတာ ဖြစ်လာတာပေါ့။

ဒါကြောင့် တို့နိုင်ငံတော်ကြီးကို အင်္ဂလိပ်တွေက ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် (၄း၂၀) မှာ လွတ်လပ်ရေးပေးခဲ့တယ် မဟုတ်လား။ အနီးစပ်ဆုံး လူတိုင်းသိတဲ့ဂဏန်းကတော့ နံနက် (၄း၂၀) ဆိုတဲ့အချိန်ပဲ။ အခုအသုံးပြုနေတဲ့ဥပဒေစာအုပ်ထဲမှာ ပုဒ်မ (၄၂၀) ဆိုတာ ကောင်းတဲ့ပုဒ်မလား၊ မကောင်းတဲ့ပုဒ်မလား ဒကာကြီး စဉ်းစားကြည့်ရင် သိပါလိမ့်မယ်"

ဆရာတော်ရှင်းပြတော့မှ ခေါင်းထဲမှာမရှင်းတဲ့အချက်တွေလင်းသွားပါတယ်။ ဒါကြောင့် ဆိုင်ကယ်တစ်စီးကို ဘယ်ရက်မှာမွေးဖွားပေးလိုက်ကြောင်း မသိတဲ့ ဝယ်သူအနေနဲ့ ဉာဉ်ကောင်းမကောင်းကို မောင်ကျော်မိုးစမ်းသပ်တဲ့နည်းကို သုံးကြည့်သင့်ပါတယ်။ ဓာတ်ဆီဖင်ကပ်လေးထည့်ပြီး လျှောက်စီးကြည့်မယ်။ ရပ်တဲ့နေရာက ဓာတ်ဆီဆိုင်ရှေ့ဆိုရင် ယေဘုယျ ဉာဉ်ကောင်းတဲ့ဆိုင်ကယ်လို့သတ်မှတ်လို့ရပြီပေါ့။ လက်တွေ့စမ်းသပ်ပြီး ဝယ်စီးကြည့်လိုက်ပါ။ ကောင်းကျိုးတွေဝေဖြာနေတာကို တွေ့ရပါလိမ့်မယ်။

စိုးထွန်း (ဥာဏ)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ ဧအောက်တိုဘာလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ရက် | စန်းယှဉ် နက္ခတ် | အမြင် အကန်း | နက္ခတ် ပြောင်းချိန် | စတ် ဥပါဒ် | ဝင်ထွက် ခပါဒ် |
|---|---|---|---|---|---|
| ၁ | သရဝဏ် | ၂ မြင် | ၂၀း၁၂း၃၈ | ဥပါဒ် | ထွက် |
| | ဓနသိဒ္ဓ | ၁ ကန်း | | မိတ္တု | ထွက် |
| ၂ | ဓနသိဒ္ဓ | ၁ ကန်း | ၂၁း၅၁း၂၆ | လာဘ | ဝင် |
| | သတဘိသျှ | ၂ မြင် | | သိဒ္ဓိ | ဝင် |
| ၃ | သတဘိသျှ | ၂ မြင် | ၂၂း၄၅း၃၁ | မိတ္တု | ထွက် |
| | ပြုဗ္ဗဘဒြပိုဒ် | ၂ ကန်း | | ကာဏ | ထွက် |
| ၄ | ပြုဗ္ဗဘဒြပိုဒ် | ၂ ကန်း | ၂၃း၁၁း၁၁ | သိဒ္ဓိ | ဝင် |
| | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | | ဝရ | ခပါဒ် |
| ၅ | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | ၂၂း၄၉း၁၀ | ကာဏ | ထွက် |
| | ရေဝတီ | ၁ ကန်း | | အမြိတ္တ | ဝင် |
| ၆ | ရေဝတီ | ၁ ကန်း | ၂၂း၂၅း၃၄ | ဝရ | ခပါဒ် |
| | အသဝနီ | ၁ ကန်း | | ဥပါဒ် | ထွက် |
| ၇ | အသဝနီ | ၁ ကန်း | ၂၁း၄၀း၁၉ | အမြိတ္တ | ဝင် |
| | ဘရဏီ | ၂ မြင် | | လာဘ | ဝင် |
| ၈ | ဘရဏီ | ၂ မြင် | ၂၀း၁၅း၀၀ | ဥပါဒ် | ထွက် |
| | ကြတ္တိကာ | ၂ ကန်း | | မိတ္တု | ထွက် |
| ၉ | ကြတ္တိကာ | ၂ ကန်း | ၁၈း၄၅း၀၀ | လာဘ | ဝင် |
| | ရောဟဏီ | ၂ မြင် | | သိဒ္ဓိ | ဝင် |
| ၁၀ | ရောဟဏီ | ၂ မြင် | ၁၇း၁၅း၀၀ | မိတ္တု | ထွက် |
| | မိဂသီ | ၁ ကန်း | | ကာဏ | ထွက် |
| ၁၁ | မိဂသီ | ၁ ကန်း | ၁၅း၃၀း၂၈ | သိဒ္ဓိ | ဝင် |
| | အဒြ | ၂ မြင် | | ဝရ | ခပါဒ် |
| ၁၂ | အဒြ | ၂ မြင် | ၁၃း၃၉း၄၂ | ကာဏ | ထွက် |
| | ပုန္နဖုသျှ | ၂ ကန်း | | အမြိတ္တ | ဝင် |
| ၁၃ | ပုန္နဖုသျှ | ၂ ကန်း | ၁၂း၂၂း၃၀ | ဝရ | ခပါဒ် |
| | ဖုသျှ | ၂ ကန်း | | ဥပါဒ် | ထွက် |
| ၁၄ | ဖုသျှ | ၂ ကန်း | ၁၁း၁၃း၃၃ | အမြိတ္တ | ဝင် |
| | အသလိဿ | ၁ ကန်း | | လာဘ | ဝင် |
| ၁၅ | အသလိဿ | ၁ ကန်း | ၁၀း၁၇း၀၉ | ဥပါဒ် | ထွက် |
| | မာဃ | ၁ ကန်း | | မိတ္တု | ထွက် |
| ၁၆ | မာဃ | ၁ ကန်း | ၀၉း၁၇း၂၅ | လာဘ | ဝင် |
| | ပြုဗ္ဗဖလဂုနီ | ၂ မြင် | | သိဒ္ဓိ | ဝင် |
| ၁၇ | ပြုဗ္ဗဖလဂုနီ | ၂ မြင် | ၀၈း၄၈း၀၀ | မိတ္တု | ထွက် |
| | ဥတ္တရဖလဂုနီ | ၂ ကန်း | | ကာဏ | ထွက် |
| ၁၈ | ဥတ္တရဖလဂုနီ | ၂ ကန်း | ၀၈း၅၆း၅၇ | သိဒ္ဓိ | ဝင် |
| | ဟဿတ | ၂ မြင် | | ဝရ | ခပါဒ် |
| ၁၉ | ဟဿတ | ၂ မြင် | ၀၉း၀၆း၁၂ | ကာဏ | ထွက် |
| | စိတြ | ၁ ကန်း | | အမြိတ္တ | ဝင် |
| ၂၀ | စိတြ | ၁ ကန်း | ၁၀း၃၁း၃၅ | ဝရ | ခပါဒ် |
| | သွာတိ | ၂ မြင် | | ဥပါဒ် | ထွက် |
| ၂၁ | သွာတိ | ၂ မြင် | ၁၂း၀၀း၀၀ | အမြိတ္တ | ဝင် |
| | ဝိသာခါ | ၂ ကန်း | | လာဘ | ဝင် |
| ၂၂ | ဝိသာခါ | ၂ ကန်း | ၁၃း၅၇း၄၉ | ဥပါဒ် | ထွက် |
| | အနုရာဓ | ၂ ကန်း | | မိတ္တု | ထွက် |
| ၂၃ | အနုရာဓ | ၂ ကန်း | ၁၆း၀၈း၄၄ | လာဘ | ဝင် |
| | ဇေဋ္ဌ | ၁ ကန်း | | သိဒ္ဓိ | ဝင် |
| ၂၄ | ဇေဋ္ဌ | ၁ ကန်း | ၁၈း၄၀း၀၀ | မိတ္တု | ထွက် |
| | မူလ | ၁ ကန်း | | ကာဏ | ထွက် |
| ၂၅ | မူလ | ၁ ကန်း | ၂၁း၂၁း၀၀ | သိဒ္ဓိ | ဝင် |
| | ပြုဗ္ဗာသာဠ် | ၂ မြင် | | ဝရ | ခပါဒ် |
| ၂၆ | ပြုဗ္ဗာသာဠ် | ၂ မြင် | ၁၇း၂၀း၀၀ | ကာဏ | ထွက် |
| | အဘိဇိ | × | | အမြိတ္တ | ဝင် |
| ၂၇ | အဘိဇိ | × | ၀၆း၃၂၄၄ | ဝရ | ခပါဒ် |
| | ဥတ္တရာသာဠ် | ၂ ကန်း | | ဥပါဒ် | ထွက် |
| ၂၈ | ဥတ္တရာသာဠ် | ၂ ကန်း | ၀၂၀၈း၃၄ | အမြိတ္တ | ဝင် |
| | သရဝဏ် | ၂ မြင် | | လာဘ | ဝင် |
| ၂၉ | သရဝဏ် | ၂ မြင် | ၀၃း၅၁း၂၆ | ဥပါဒ် | ထွက် |
| | ဓနသိဒ္ဓ | ၁ ကန်း | | မိတ္တု | ထွက် |
| ၃၀ | ဓနသိဒ္ဓ | ၁ ကန်း | ၀၅း၂၈း၂၅ | လာဘ | ဝင် |
| | သတဘိသျှ | ၂ မြင် | | သိဒ္ဓိ | ဝင် |
| ၃၁ | သတဘိသျှ | ၂ မြင် | ၀၆း၃၀း၃၁ | မိတ္တု | ထွက် |
| | ပြုဗ္ဗဘဒြပိုဒ် | ၂ ကန်း | | ကာဏ | ထွက် |

ဤဇယားတွင် -
ပြုဗ္ဗာသာဠ်နက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠ်နက္ခတ် အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟုယူကာ တွက်ထားပါသည်။

၆-၁၀-၂၀၁၇၊ သောကြာနေ့ နံနက် ၀၁း၃၀း၀၀ နာရီတွင်လပြည့်ပြီး ၂၀-၁၀-၂၀၁၇၊ သောကြာနေ့ နံနက် ၀၁း၃၇း၃၈ နာရီတွင် လကွယ်သည်။


အသုံးတည့်နိုင်ကြပါစေ

ဦးအောင်စောလှိုင် (ပညာဓိ)



www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

# ကပ္ပိယကြီးဦးကြာရိုးနှင့် ဂမ္ဘီရနတ်သမီးရုပ်တု

ငှက်ပျောတောချောင်းသည် တောင်ကျချောင်းများမှ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာသောရေများကြောင့် ပေါင်းလန်ထနေသည်။ ပေတစ်ရာခန့်ကျယ်သောချောင်းရေပြင်သည် တဟဲဟဲအော်မြည်ရင်း ဘီးလင်းမြစ်ထဲသို့ ဝါးလုံးထိုးစီးဆင်းနေသည်။ ချောင်းနံဘေးရှိ ငှက်ပျောတောရွာလေးသည် ထူထပ်လှသောကွမ်းသီးပင်များကြားတွင် သဲသဲမဲမဲရွာနေသော မုတ်သုံမိုးအားအန်တုနေပါသည်။ ငှက်ပျောတောဘုန်းကြီးကျောင်း၏သစ်သားဇရပ်ကလေးတစ်ဆောင်အတွင်းမှာတော့ ကပ္ပိယကြီးဦးကြာရိုးနှင့် တပည့်ကျော်ငါးစင်ရိုင်းတို့ ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသည်။

"ဆရာ့ကိစ္စက သေချာပ့ါမလား ဆရာ"

"ငါ့အဘိုးမသေခင် ငါ့ကိုသေသေချာချာမှာသွားတာကွ"

တပည့်ကျော် ငါးစင်ရိုင်းသည် သူ၏ ငါးစင်ရိုင်းနှုတ်ခမ်းမွေးကဲ့သို့ဖြစ်နေသော နှုတ်ခမ်းမွေးတိုစစအား ပွတ်သပ်ရင်း စဉ်းစားခန်းထုတ်နေပါသည်။ သူသည် ကပ္ပိယကြီးဦးကြာရိုး၏အစွမ်းအစကိုလည်း ယုံကြည်သူတစ်ဦးဖြစ်သည်။ ကပ္ပိယကြီးဦးကြာရိုးသည် ကျိုက်ထိုနယ်တစ်ကြောတွင် နာမည်ကြီးသူတစ်ဦးဖြစ်သည်။ ကျိုက်ထို ဆိပ္ပူးတောင်တောရကဂမ္ဘီရဆရာကြီး ဦးကြာရိုးဟော့ဆိုလျှင် ကလေးကအစ လမ်းဘေးခွေးအဆုံး မသိသူမရှိ။ ကရင်အဘိုးကြီးဖြစ်ပြီး ပယောဂ၊ စုန်းတိုက်၊ နတ်တိုက်၊ အမှောင့်အစွဲအကပ်နိုင်နင်းသည်ဟု ကျော်ကြားနေသူမဟုတ်ပါလား။

"ဆရာရယ်၊ ကျွန်တော်တို့ အဲဒီပစ္စည်းကိုသွားမတူးဘဲ ငှက်ပျောတောချောင်းကိုကျော်ပြီး ပလွေးတောင်ကြားထဲမှာ ရွှေသွားတူးတာကမှ ရွှေရချင်ရဦးမှာ"

"မင်း ငါ့ကိုမယုံလို့လား။ ရွှေသွားတူးရအောင်က ဘယ်မှာလဲ အရင်းအနှီး။ ပြီးတော့ လိုင်းကြေးကလည်းပေးရဦးမယ်။ ငါလည်း ရွှေတူးတာကိုနားမလည်ဘူး။ အခန့်မသင့်ရင် ဟိုကောင်တွေကျည်ဆန်က ဗိုက်ထဲတစ်ပြုံကြီးရောက်ပြီး ကိစ္စချောသွားဦးမှာ"

"သစ်သူဌေးမန်းသာထိုက ဘာဖြ...လို့ သူ့အဖေရဲ့ပစ္စည်းကို သူ့အဖေအုတ်ဂူထဲမြှုပ်ထားရတာလဲ"

"ဂျပန်ကိုကြောက်လို့ပေါ့ကွ။ ဂျပန်...တွေစစ်ဆုတ်တော့ ငါတို့ဒီနယ်တစ်ကြော...ကလမ်းကြောင်းကျနေတယ်။ ယိုးဒယား...ဘက်ကိုပြေးကြတာ။ လမ်းတစ်လျှောက်...တွေ့သမျှရွာတွေကိုဝင်မွှေသွားကြတာ။ ငါ့အဘိုးက သစ်သူဌေးမန်းသာထို...လူယုံတပည့်ဆိုတော့ ဒီကိစ္စကိုသိ...တယ်"

"ဆရာ၊ မန်းသာထိုက အုတ်ဂူထဲ...မှာ ဘာပစ္စည်းတွေမြှုပ်သွားတာလဲ"

"သူပိုင်တဲ့ရွှေဒင်္ဂါးတွေနဲ့ ထူးဆန်း...တဲ့ရွှေနတ်သမီးရုပ်တု"

"မန်းသာထိုက ဘာဖြစ်လို့...လောက်တန်ဖိုးကြီးတဲ့ပစ္စည်းတွေကို...မသွားတာလဲ"

"ခေတ်ပျက်နေတာကွ၊ ဓားပြ...ရန်ကကြောက်ရသေးတယ်။ ပိုဆိုး...က မန်းသာထိုဟာ ဗိုလ်ချုပ်...ဆန်းတို့ဘီအိုင်အေတပ်တွေဝင်လာ...က ကူညီခဲ့ဖူးတော့ ဂျပန်တွေက...



www.burmeseclassic.com

www.burmeseclassic.com



သိနေတယ်လေ။ နောက်တော့ မြန်မာ့လွတ်လပ်ရေးတပ်မတော်က ဂျပန်ကို ပြန်ချတော့ စစ်ဆုတ်ပြီးပြေးလာတဲ့ဂျပန်တွေက မန်းသာထိုကိုတွေ့ရင် ဘယ်အလွတ်ပေးတော့မလဲ။ အဲဒါကြောင့် ပစ္စည်းတွေကိုမြှုပ်ပြီး သူလူယုံ ငါ့အဘိုးနဲ့ ထွက်ပြေးကြတာပေါ့"

"ဒီသူဌေးကြီးက စစ်ကြီးပြီးသွားတော့ ပြန်မရှာဘူးလား"

"မန်းသာထိုရဲ့မိသားစုက ဘီးလင်းမြစ်ဝ ကော့ကဒွတ်ဆိုတဲ့ ကရင်ရွာလေးမှာ သွားပုန်းနေကြတာ။ သူတို့လည်း ဂျပန်တွေပြေးအပြီး အင်္ဂလိပ်တွေပြန်အဝင်မှာ ဘီးလင်းမြစ်ကြောင်းအတိုင်း ဘောက်တူလှေလေးနဲ့ ပစ္စည်းတွေမြှုပ်ထားတဲ့ ဘီးလင်းမြစ်မြောက်စူးစူးက ဖအိုးထဆိုတဲ့ ရွာရဲ့သချိုင်းကိုအသွားမှာ ဓားပြတွေက သစ်သူဌေးမှန်းသိလို့ လှေကိုဓားပြတိုက်တာ လက်လွန်ပြီး မန်းသာထိုသေသွားရှာတယ်။ ငါ့အဘိုးကတော့ ပခုံးမှာ ဓားဒဏ်ရာတစ်ချက်ရတယ်။ လှေပေါ်က ခုန်ချပြီး ရေစီးနဲ့မျောလာရင်း ကော့ကဒွတ်ရွာနားမှာ သောင်သွားတင်နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ငါ့အဘွားဖြစ်လာမယ့် နော်မူထူးလာတွေ့လို့ ကယ်ထားရင်း ညားသွားကြတာ။ နောက်တော့ ကျိုက်ထိုကိုပြောင်းလာကြရင်း ငါတို့ကိုမွေးတာ။ အဘိုးက မသေခင် ငါ့ကို သေသေချာချာမှာသွားတာ။ ဒါပေမယ့် အဲဒီနယ်က အရမ်းကြမ်းတယ်။ ယိုးဒယားကိုသွားရင် တစ်ရက်ခရီးပဲ။ ယွန်းစလင်းမြစ်ကို ဖြတ်လိုက်တာနဲ့ ဟိုဘက်ရှမ်းတွေဘက်ကိုရောက်ပြီ။ ငါက ရွှေဒင်္ဂါးတွေကို မမက်ပါဘူးကွာ။ ရရင် မင်းပဲအကုန်ယူပါ ငါးစင်ရိုင်းရယ်"

"ဟင် - ဒါဆို ဆရာက ဘာကို မက်မောနေတာလဲ"

"အဲဒီအုတ်ဂူထဲမှာ ရွှေဒင်္ဂါးတွေနဲ့အတူ ရွှေနတ်သမီးရုပ်တုတစ်ခုပါမြှုပ်ထားတယ်လို့ အဘိုးကပြောတယ်။ ရွှေသားအတိနဲ့လုပ်ထားတာ။ သထုံဘုရင် မနူဟာမင်းရဲ့သမီးတော်တစ်ပါးရုပ်တုလို့ ပြောတာပဲ။ သထုံခေတ်ဆိုတော့ ဂမ္ဘီရအစီအရင်တွေနဲ့ထုလုပ်ထားတာပေါ့ကွာ"

"ဆရာ မန်းသာထိုက အဲဒီအရုပ်ကို ဘယ်လိုရလာတာလဲ"

"မန်းသာထိုက သစ်သူဌေးပဲ။ မော်လမြိုင်က သစ်သူဌေးဦးနာအောက်တို့နဲ့အပြိုင် အင်္ဂလိပ်အစိုးရဆီမှာ သစ်ကွက်တွေလေလံဆွဲပြီးသစ်ခုတ်လာတာ။ သထုံဘက်ကတောထဲမှာ သူ့တပည့်တွေ သစ်ခုတ်ရင်း တောထဲက နတ်ကွန်းပျက်အောက်က မြေတိုက်ထဲကရလာတာလို့ ပြောတယ်။ ရှေးဟောင်းမှန်စာတွေရေးထိုးတာတွေ့ရလို့ မနူဟာမင်းဆက်ကလို့ သိရတာ"

"ဆရာ့ဟာက အမြင့်ကြီးပါလား။ မလွယ်ဘူးထင်တယ်"

"တန်ဖိုးရှိတဲ့အရာဆိုတာ လွယ်လွယ်နဲ့ဘယ်ရမလဲကွာ။ ရလာလို့ကတော့ မဲဆောက်ဘက်ကသူဌေးနဲ့ဆက်သွယ်လိုက်ရင် ဆယ်သက်ထိုင်စားပဲ"

ကပ္ပိယကြီးဦးကြာရိုးပြောစကားကြောင့် ငစင်ရိုင်း၏နှုတ်ခမ်းမွေးများသည် မစင်နံ့ရသည့်ငါးစင်ရိုင်းနှုတ်ခမ်းမွေးများကဲ့သို့ ကော့ထောင်တက်လာပါတော့သည်။ သူ့အတွေးထဲတွင် ရွှေဒင်္ဂါးများနှင့်အတူ ကျိုက်ထီးရိုးတောင်ခြေကင်ပွန်းစခန်းမှ ယိုမျိုးစုံရောင်းသည့်ဆိုင်မှ နန်းမူ၏ မျက်နှာချောချောလေးအား ပြေးမြင်မိ၏။ နန်းမူအား သူချစ်ရေးဆိုသောနေ့က နန်းမူပြောစကားများအား ကြားယောင်မိတော့သည်။

'ကိုငစင်ရိုင်းကို တွေ့တဲ့အချိန်ကစပြီး ငါးစင်ရိုင်းတို့၊ ငါးထွေ၊ ငါးတန်တို့ဆိုတဲ့ နှုတ်ခမ်းမွေးပါတဲ့ငါးတွေကိုရွံလို့ မစားတော့ပါ' တဲ့။

ဘယ်လောက်ရက်စက်တဲ့နန်းမူလဲ။ ဒီမိန်းကလေးကို ရွှေဒင်္ဂါးတွေပြလိုက်လို့ကတော့ ကိုကိုငစင်ရိုင်းဆိုပြီး ရင်ခွင်ထဲပြေးဝင်လာမှာမြင်မိတော့သည်။

ဆရာကြီး ဦးကြာရိုးနှင့်အတူ ဘီးလင်းမြစ်ဖျား ကရင်ပြည်နယ်ထဲက တောတောင်ကြားထဲကို စွန့်စားပြီးလိုက်သွားတော့မည်။ နန်းမူရေ ရွှေဒင်္ဂါးတွေရလာလို့ကတော့ နင်မလွယ်ဘူးမှတ်။

❑

ကပ္ပိယကြီး ဦးကြာရိုးတို့ ဆရာတပည့်နှစ်ယောက်၏ ဘောက်တူလှေလေးသည် ငှက်ပျောတောချောင်းမှတစ်ဆင့် ဘီးလင်းမြစ်ထဲဝင်ရောက်လာကြသည်။ မြစ်မြောက်ဘက်သို့ဆန်တက်လာရသဖြင့် ရေဆန်ခရီးဖြစ်နေ၍ ခရီးက သိပ်မတွင်။ ကရင်ပြည်နယ်၏ ထူးကျောက်တောင်တန်းများကြားမှ စီးဆင်းလာသောဘီးလင်းမြစ်သည် တောင်ကျချောင်းများကြောင့် ရေအရောင်က နောက်ကျိနေပါသည်။ဘီးလင်းမြစ်သည် မြစ်ဟုဆိုသော်လည်း ချောင်းကြီးသာသာရှိပြီး မြစ်ကမ်းနဖူးထက် လယ်ကွင်းများက ရေဖွေးဖွေးနှင့်ပြည့်နေသည်။ ဦးကြာရိုးတို့နှစ်ယောက်၏ပုံသဏ္ဌာန်မှာ ချောင်းထဲမှာ ငါးရှာနေကြသော တံငါသည်များလိုရုပ်ဖျက်ထားရသည်။ ဒေသခံလက်နက်ကိုင်တွေနှင့်တွေ့လျှင် ကရင်အချင်းချင်းမို့ ပြဿနာမရှိလှသော်လည်း တပ်မတော်စစ်ကြောင်းများနှင့် တွေ့မိလျှင် ချောင်းထဲငါးရှာနေရသည့် တံငါတွေပါဟုပြောဖို့ ပိုက်ကွန်စုတ်တစ်စုံ ငါးမျှားတံတွေနှင့် ရသလောက်ငါးလေးတွေကို ငစင်ရိုင်းချောင်းထဲမှာ ဖမ်းခိုင်းထားရသည်။

ဦးကြာရိုး၏အိတ်ကပ်ထဲမှာတော့ ပလတ်စတစ်နှင့်ပတ်ထားသည့် မိုင်းကိုင်စက္ကူတွင် ခဲတံဖြင့်ရေးဆွဲထားသော ဘီးလင်းချောင်းဖျား ဖအိုးထရွာအနီးသချိုင်းပျက်ထဲမှ မန်းသာထို၏အဖေ မန်းရွှေလူ၏အုတ်ဂူမြေပုံလေးရှိနေသည်။ ဦးကြာရိုး၏အဘိုးသည် ထိုဒေသ၏မြေပုံလေးအား မှတ်မှတ်ရရဆွဲထားရှာသည်။

"ဆရာ ကျွန်တော်တို့ဖအိုးထရွာကိုရောက်ဖို့ ဘယ်နှရက်လောက်သွားရမှာလဲ"

"သုံးရက်လောက်တော့ ဆန်တက်ရလိမ့်မယ်"

"ဆရာရယ်၊ ကုန်းပေါ်ကနေ ဆိုင်ကယ်နဲ့သွားလို့မရဘူးလား"

"မင်းကို ဘယ်သူက ဆိုင်ကယ်နဲ့လိုက်ပို့မှာလဲ။ ကားလမ်းမရှိဘူး။ တပ်က အကြမ်းထိုးထားတဲ့ဗျူဟာလမ်းတွေပဲရှိတယ်။ ဒီလမ်းတွေကလည်း မိုးတွင်းဆိုပျက်ပြီ။ ကျိုက်ထိုကင်ပွန်းချောင်းရွာနဲ့ ငှက်ပျောတောသွားတဲ့လမ်းတောင် မိုးတွင်းဆိုကောင်းလို့လား"

"ကျွန်တော် လှေလှော်ရတာ လက်တွေညောင်းလာပြီ"

"ဒါဆို မင်းကမ်းပေါ်တက်ပြီး လမ်းလျှောက်လေ။ မိုင်းနင်းမိလို့ကတော့ တစ်စစီဖြစ်သွားမှာပဲ"

ညနေစောင်းတော့ ဘီးလင်းချောင်းအရှေ့ ကမ်းနဖူးမှာတည်ရှိနေသော ထီးခအမည်ရှိရွာလေးသို့ ရောက်လာခဲ့သည်။ တိုင်းရင်းသားအချင်းချင်းဖြစ်နေ၍ ရွာသားများက ရှာရှာဖွေဖွေ စပ်စုမနေကြ။ လှေဆိပ်မှာဆိုက်ကပ်ပြီး ထမင်းဟင်းချက်၍ စားသောက်ပြီး လှေဆိပ်ရှိ တဲလေးမှာပဲအိပ်လိုက်ကြသည်။

❑

"ရပ်၊ ဟိုလှေဘယ်သွားမလို့လဲ။ ကမ်းကိုကပ်လာခဲ့"

ဘီးလင်းချောင်းအနောက်ဘက်ကမ်းနဖူး၌ တပ်စွဲထားသော တပ်မတော်ကင်းစခန်းတစ်ခုမှ ဦးကြာရိုးတို့လှေအား အမိန့်ပေးနေသည်။

"ကျုပ်တို့ချောင်းထဲမှာငါးရှာနေတဲ့ ထီးခရွာသားတွေပါ ဗိုလ်ကြီးတို့"

စစ်သားများက သူတို့လှေအား သေသေချာချာကြည့်နေကြသည်။ လှေပေါ်မှာ ငါးဖမ်းပိုက်ကွန်များ၊ စားအိုးစားခွက်များနှင့် ဖမ်းမိထားသောငါးအချို့အား မြင်တွေ့ရသောကြောင့် တပ်မတော်သားများက အမြင်ရှင်းသွားသည်။

တပ်ကြပ်ကြီးတစ်ယောက်က -

"ငါးလေးဘာလေးမပါဘူးလား ဖထီး"

"ပါပါတယ် ဆရာကြီး၊ ချက်စားမလို့လား။ ယူလေ"

ဦးကြာရိုးက ငါးသုံးလေးကောင်အား ကြိုးဖြင့်သီ၍ စခန်းပေါ်တက်ပေးသည်။ စစ်သားတစ်ယောက်က -

"လှေဦးက ပလတ်စတစ်ပုံးထဲ ဘာတွေထည့်ထားတာလဲဗျ"

"ကောက်ညှင်းချက်အရက်ပါ။ကျုပ်တပည့်က သောက်တတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဖထီး ဒါဆို နည်းနည်းလောက် မျှခဲ့ပါလား။ ကျုပ်တို့အရက်ပြတ်နေပြီ"

"ရပါတယ်လေ၊ လုပ်ပေးရမှာပေါ့ ဝေ့"

ဦးကြာရိုးက ပုလင်းလွတ်နှစ်ပုလင်းထဲသို့ ကောက်ညှင်းမီးတောက်အရက်များထည့်ပေးလိုက်သောအခါ စစ်သားများပျော်သွားကြသည်။တပ်ကြပ်ကြီးက သတိပေးသည်။

"ဖထီးရေ မိုင်းကွင်းတွေလည်း သတိထားဦး။ ကြည့်ပြီးတော့သွား"

"ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ကျုပ်တို့သွားပြီ"

သူတို့တွေ တပ်မတော်ကင်းစခန်းမှ လွတ်ကင်းလာကြသည်။

ဘီးလင်းချောင်းသည် ကျဉ်းသထက်ကျဉ်းလာသည်။ တောင်ကြားများမှကွေ့ကောက်၍ ရေအလျဉ်မှာတငြိမ့်ငြိမ့်စီးဆင်းနေ၏။ ဖအိုးထရွာသို့မရောက်မီ ဆယ်မိုင်ခန့်အနီးတွင် ချောင်းကမ်းပါးမှ လူတစ်စုကို တွေ့လိုက်ရသည်။ သူတို့လှေအား လက်ပြ၍ခေါ်နေသည်။ ဦးကြာရိုး သေသေချာချာကြည့်လိုက်တော့ တိုင်းရင်းသားလက်နက်ကိုင်များဖြစ်နေသည်။ သူတို့က ကရင်လိုလှမ်းအော်ပြောနေသည်။ ဦးကြာရိုးကလည်း ကရင်လိုပြန်အော်ပြော၏။

"နင်တို့ဘယ်သွားမလို့လဲ"

"ငါတို့ ဖအိုးထက စောဖထိုအိမ်ကိုသွားမလို့ကွ"

"နင်တို့လှေမှာငါးပါသေးလား"

"ပါတယ်၊ ငါလာပေးမယ်"

ကိုယ့်လူမျိုးအချင်းချင်းဖြစ်သဖြင့် ဘာပြဿနာမှမဖြစ်။ ကရင်စစ်သားတစ်ယောက်က ဦးကြာရိုးကို သေသေချာချာကြည့်ပြီး -

"ကျုပ်ဖထီးကိုသိတယ်။ကျိုက်ထိုဆိတ်ဖူးတောင်ကဦးကြာရိုးမဟုတ်လား"

"ဟေ - ကျုပ်ကိုဘယ်လိုလုပ်သိတာလဲ"

"ဦးကြာရိုးကမမှတ်မိပေမယ့် ကျုပ်က ရင်းရင်းနှီးနှီးသိပါတယ်။ နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်"

"အေးအေးဆေးဆေးသာသွားပါ၊ ဒီနယ်မြေက ကျုပ်တို့နယ်မြေ"

သူတို့ယုံကြည်သွားကြ၍ ဦးကြာရိုးတို့လည်း လှေကို အမြန်လှော်ခပ်လာကြသည်။

ညနေစောင်းတော့ သူတို့ ဖအိုးထရွာထိပ်သို့ရောက်လာကြသည်။ ဖအိုးထရွာသည် အိမ်ခြေသုံးရာခန့်ရှိသည့် ရွာကြီးဖြစ်သည်။ ရွာသူရွာသားများကား ခြံစိုက်စားကြသည်။ ဥယျာဉ်ခြံသမားများဖြစ်သည်။ ဒူးရင်း၊ မင်းကွတ်၊ ကွမ်းခြံကြီးများကဟီးထနေ၏။ သူတို့ရွာထဲမှ မေးစမ်းသွားရင်း စောဖထိုအိမ်သို့ရောက်သွားကြသည်။

"ဟာ-ဦးကြာရိုးပါလား၊ ဘယ်လိုလုပ်ရောက်လာတာလဲ။ လာလာ-အိမ်ပေါ်တက်"

"ကိစ္စရှိလို့လာတာပဲ စောဖထို"

"အေး - ကျုပ် ဘာကူညီရမလဲ။ ပွင့်ပွင့်လင်းလင်းပြော"

"မင်းတို့ရွာမြောက်ဘက်တောထဲမှာ သချိုင်းဟောင်းကြီးရှိတယ် မဟုတ်လား"

"ရှိတယ်လေ၊ ရွာကမသုံးတာ ဂျပန်ခေတ်ပြီးကတည်းကပဲ။ တောတောင်တော်တော်ထူနေပြီ။ နောက်ပြီးတော့ တောကြမ်းတယ်ဗျ၊ အခြောက်အလှန့်လည်းပေါတော့ နွားကျောင်းသားတွေတောင် နေ့လယ်နေ့ခင်းဘက် မသွားရဲကြဘူး။ ဘာလဲ၊ ဦးကြာရိုး အဲဒီနေရာမှာ သိုက်တူးမလို့လား။ ကြည့်လုပ် ဦးနော် တော်ရုံသတ္တိနဲ့တော့မရဘူး"

"မင်းလည်း ငါ့အကြောင်းသိပါတယ်။ ဒီနယ်က မင်းနယ်ဆိုတော့ နယ်ခံမင်းပါမှဖြစ်မယ်။ ရလာရင် မင်းမနစ်နာစေရဘူး။ မင်းတစ်သက်ထိုင်စားပဲ"

"ဦးကြာရိုးသေချာလို့လား။ ကျုပ်က ဒီရွာမှာမွေး၊ ဒီရွာမှာကြီးလာတာ။ ဒီသချိုင်းပျက်နဲ့ပတ်သက်ပြီး ဘာသတင်း၊ ဘာပုံပြင်မှမကြားဖူးခဲ့ပါဘူး"

"စောဖထိုရာ၊ ငါကလည်း မသေချာဘဲနဲ့လုပ်ပ့ါမလား။ မင်းပါမလား မပါဘူးလားဆိုတာသာပြော"

"ဦးကြာရိုးအစွမ်းသတ္တိကိုတော့ ကျုပ်ယုံပါတယ်။ ရလာရင် ကျုပ်ဘဝတကယ်ချမ်းသာမှာလား"

"မင်း ဒီရွာမှာမနေနဲ့တော့၊ ငါတို့ ကျိုက်ထိုမှာတိုက်လာဝယ်နေ"

"ကောင်းပြီ၊ စိန်လိုက်လေ။ ဘယ်နေ့စကြမှာလဲ"

"မနက်ဖြန်ညနေဝင်ရီတရော"

❑

နေလုံးကြီးသည် ဖအိုးထရွာအနောက်ဘက်ရှိ တောင်တန်းကြီးပေါ်၌ မေးတင်၍နေလေပြီ။ ဦးကြာရိုးခေါင်းဆောင်၍ သုံးဦးသား ရွာအပြင်ဘက်ထွက်လာခဲ့ကြသည်။ ဖအိုးထရွာကြီးသည် တညင်းခြံ၊ ကွမ်းခြံများဖြင့် ညို့မှိုင်းအုပ်ဆိုင်း၍နေပါသည်။

"စောဖထို၊ မင်းပြောတာ ရှေ့က ညောင်ပင်ကြီးလား"

"ဟုတ်တယ် ဦးကြာရိုး၊ အဲဒီညောင်ပင်ကရုက္ခစိုး အရမ်းကြမ်းတယ်လို့ပြောကြတယ်"

ဦးကြာရိုးကား သူ၏ဆေးလွယ်အိတ်ကြီးအားလွယ်၍ လက်မှလည်း သုံးတောင်ခန့်အရှည်ရှိ ဆေးကြိမ်လုံးလိုလို တောင်ဝှေးတစ်ချောင်းကိုင်ထား၏။

ရွာသူရွာသားများကား တောထဲ လွှတ်ကျောင်းထားသော ကျွဲ၊ နွားများအား ပြန်မောင်းသွင်းကြလေ၏။ နေဝင်သွားပြီဖြစ်၍ အလင်းရောင်ပျပျသာမြင်ရတော့သည်။ ရွာပြင်မှာ မည်သူမျှမရှိကြတော့ပေ။ ညောင်ပင်ကြီးတွင် ရွာသားများက နတ်စင်တစ်ခုဆောက်လုပ်ထားကြသည်။

ဦးကြာရိုးက နတ်စင်မှာဖယောင်းတိုင်တစ်တိုင်ထွန်းညှိလိုက်၏။ ပြီးနောက် ညောင်ပင်ခြေရင်းမှာထိုင်ချလိုက်သည်။ တပည့်ကျော် ငါးစင်ရိုင်းနှင့် စောဖထိုတို့လည်း ဦးကြာရိုးအနီးတွင်ထိုင်လိုက်ကြသည်။ ဦးကြာရိုးက လွယ်အိတ်ထဲမှ ဝါးဆစ်ခွက်လေးထုတ်လိုက်ပြီး ပုလင်းထဲမှဆေးမှုန့်တချို့အား ခွက်ထဲထည့်၍ ရေဖြင့်ဖျော်သည်။ ထို့နောက် ဝါးစုတ်တံလေးဖြင့် ဆေးရည်အားတို့ပြီး ညောင်ပင်ကြီး၏ပင်စည်မှာ ဤသို့ရေးလိုက်သည်။

'အစွဲဟူသမျှ အကုန်ထ'

ရေးပြီးသောအခါ လက်ထဲမှကြိမ်လုံးဖြင့် ညောင်ပင်ကြီး၏ ပင်စည်အားရိုက်ရင်း နှုတ်မှလည်း အသံပြင်းပြင်းဖြင့် အမိန့်ပေးနေပါသည်။

"ညောင်ပင်စောင့်ရုက္ခစိုးအပြင် ဒီပတ်ဝန်းကျင်မှာရှိကြတဲ့အစွဲဟူသမျှ အကုန်ထ၊ ငါဆရာ ဦးကြာရိုးအမိန့်"

"ဟီ. . . ဟီ. . . ဟီ. . . ဝေါ ဝေါ. . . ဝေါ"

လေမတိုက်ပါဘဲနှင့် ညောင်ပင်ကြီးမှာ သွက်သွက်ခါယမ်း၍ [illegible] မြည်လာပါတော့သည်။

ငါးစင်ရိုင်းနှင့် [illegible] အံ့အားသင့်သွားကြပြီး ဦးကြာ[illegible] သို့ တိုးကပ်လာကြသည်။ [illegible] ကြောက်ရွံ့ပုံမရသော်လည်း [illegible] မှာ ကြောက်လန့်လာ[illegible] ပုဆိုးစအား ဆွဲထား[illegible]

"မကြောက်ပါနဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရှိုင်းရဲ့၊ ဒီဆေးကြိမ်လုံးနဲ့ညောင်ပင်မှာ ရေးလိုက်တဲ့ဆေးဟာ နှယ်နှယ်ရရ မဟုတ်ဘူးကွ"

"ဘာတွေမို့လို့လဲ ဆရာ"

"ဝါးပျံကိုခုတ်၊ လူသေကောင်မီးရှို့တဲ့အခါ တံစူးဝါးလုပ်၊ ပြီးတော့ လင်းတ အူရယ်၊ ခွေးနက်အူရယ်စွပ်၊ လင်းတတစ်ကောင်လုံးပြာချပြီး သစ်စေးသရိုးနဲ့ နယ်ပြီးဝါးပျံမှာမံ၊ ပြီးတော့ လမ်းဆုံလမ်းခွ နတ်စင်မှာ ဂါထာတစ်သိန်းပြည့်အောင် သိဒ္ဓိတင်ထားတဲ့ဆေးကြိမ်လုံးကွ။ တော်ရုံနတ်လောက်ကတော့ ငါ့ရှေ့ဒူးထောက်ပြီး ငါခိုင်းတာလုပ်ပေးရတယ်။ ညောင်ပင်မှာရေးလိုက်တဲ့ဆေးက ငါဖော်ထားတာ၊ မီး၊ တု၊ လင်း၊ ပြာလေ သီလား။ မီးနေထဘီ၊ မိန်းမရာသီသွေး၊ လင်းတပြာ၊ စဖိုလယ်ပြာတွေကိုစုပြီး ဆေးဖော်ထားတာ။ တံစူးဝါးစုတ်နဲ့ ညောင်ပင်မှာ ရေးလိုက်ရင် ပတ်ဝန်းကျင်မကောင်းဆိုးဝါးတွေ ဒီစာကို ငါမဖျက်မချင်း ငါခိုင်းတာလုပ်ပေးရရော ဟား ဟား ဟား"

ငါးစင်ရိုင်းသည် ကပ္ပိယကြီး ဦးကြာရိုးအားကြည့်ပြီး ကြောက်လည်းကြောက်၊ အထင်လည်းကြီးလာ၏။

"ကဲကဲ - ငါ့တပည့်တို့ သချိုင်းကုန်းပျက်ကိုသွားကြရအောင်။ သချိုင်းကုန်းဆိုတာ မဖဲဝါတို့အသိုင်းအဝန်းတွေ ကြီးစိုးတယ်ကွ။ ဒီတော့ ဒီတောဒီတောင်မှာရှိတဲ့မကောင်းဆိုးဝါးအကောင်တွေ အကုန်လုံး ငါ့အမိန့်နဲ့ခေါ်ပြီးချီတက်လာရင် သင်းမဖဲဝါဘာခံနိုင်မှာတုံး၊ အကုန်လုံးသချိုင်းကပြေးကြရမှာ"

သူတို့ သချိုင်းပျက်နားသို့ထွက်ခွာလာခဲ့ကြ၏။ နှစ်ပေါင်းများစွာ အသုံးမပြုကြတော့ဘဲ ပစ်ထားကြ၍ ရွာပြင်ဘက်တောအုပ်နှင့်ဆက်သွားပြီး သချိုင်းဟောင်းသည် ချုံနွယ်ပိတ်ပေါင်းသစ်ပင်ကြီးများဖြင့် ထူထပ်လွန်းလှသည်။ အလင်းရောင်ပျောက်သွားပြီဖြစ်သဖြင့် လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့်မနည်းလမ်းရှာ၍သွားကြရသည်။ သူတို့နောက် မလှမ်းမကမ်းမှလည်း လူသံတွေလိုလို ညည်းညူသံတွေလိုလိုအသံများတဟင်းဟင်းအသံများဖြင့် လူလုံးမကွဲဘဲ ရိုးတိုးရိပ်တိပ်လူရိပ်ကြီးများအားလည်းလှည့်ကြည့်လိုက်လျှင် တွေ့နေရ၏။

သို့ဖြင့် သူတို့သုံးယောက် ချုံများ ရှုပ်ထွေးနေသော အုတ်ဂူအကျိုးအပဲ့သုံး၊ လေးလုံးတည်ရှိရာ သချိုင်းစပ်သို့ရောက်လာကြသည်။ ဦးကြာရိုးသည် မြေပြင်သို့ သူ၏ ကြိမ်လုံးဖြင့် သုံး၊ လေးချက်ခပ်ပြင်းပြင်းရိုက်ချလိုက်သည်။

"အားလုံးဖယ်၊ လွတ်ရာကျွတ်ရာ ပြေးကြ။ မပြေးတဲ့အကောင် ငါ့ကြိမ်လုံး စာမိသွားမယ်"

ဦးကြာရိုးက သချိုင်းပျက်ရှိ အုတ်ဂူတစ်လုံးပေါ်တွင် ခြေတစ်ဖက်တင်၍ ခါးထောက်လိုက်ပြီး အသံပြင်းပြင်းဖြင့် အမိန့်ပေးလိုက်သည်။

"ငါးစင်ရိုင်းနဲ့ စောဖထို အုတ်ဂူတွေက ပျက်စီးနေပြီ။ များများမရှိပါဘူး။ မန်းရွှေလူဆိုတဲ့အုတ်ဂူကနည်းနည်းပိုကြီးတယ်။ နာမည်ကိုကျောက်ပြားပေါ်မှာ ထွင်းထားတာ သေသေချာချာရှာ"

ငါးစင်ရိုင်းနဲ့စောဖထိုတို့နှစ်ယောက် ချုံနွယ်များဖုံးအုပ်နေသောအုတ်ဂူပျက်များအား ဓားဖြင့်ခုတ်ရှင်း၍ အုတ်ဂူပေါ်မှ ကမ္ပည်းကျောက်ပြားအား ပွတ်သပ်ကြည့်ကြသည်။

"ဆရာ၊ ဂူတွေထဲမှာတော့ ဒီဂူက တော်တော်ကြီးတယ်။ ဒီတစ်ဂူတည်း ကျောက်ပြားကပ်ထားတာ၊ ဒါဖြစ်မယ် ထင်တယ်။ ကျောက်ပြားကထွင်းထားတဲ့အရာတွေတော့တွေ့တယ်"

"ဘယ်မှာလဲ ငါ့ပြစမ်း"

ဦးကြာရိုးက ထိုအုတ်ဂူအား မသက်သာသဖြင့် စောဖထိုဆီမှ ရေဘူးတောင်းပြီး ကမ္ပည်းကျောက်ပြားအား ရေဖြင့်ပွတ်ဆေးလိုက်သည်။ ထို့နောက် ဂူအနီးရှိ ရွှံ့ရည်နှင့်ကျောက်ပြားမျက်နှာပြင်အားပွတ်လိုက်သောအခါ ထွင်းထားသောကျောက်ပြားစာလုံးများထဲတွင် ရွှံ့ဝင်သွားသဖြင့် စာလုံးများ မသဲမကွဲပေါ်လာပါသည်။

မန်းရွှေလူ အသက် (၇၅) နှစ်။

"ဟုတ်ပြီ ဒီဂူပဲ။ ငါးစင်ရိုင်းနဲ့ စောဖထို အပေါ်ကအုတ်ခဲတွေကိုတူးပြီးဖယ်လိုက်"

သူတို့ အုတ်ဂူအားတူးဖော်နေစဉ်တွင် သချိုင်းပျက်အပြင်ဘက်တွင် ညည်းညူသံများ၊ ဟီးဟီးဟားဟားအသံများ၊ ကြောက်မက်ဖွယ်ရာအသံကြီးများ၊ မိန်းမကြီးတစ်ယောက်၏ စူးစူးဝါးဝါး အော်သံများကို ကြားနေရပါသည်။

ငါးစင်ရိုင်းနှင့်စောဖထိုတို့နှစ်ယောက်သည် ကပ္ပိယကြီးဦးကြာရိုး၏အစွမ်းကို ယုံသွားကြပြီး ရွှေဒင်္ဂါးများဟူသောအသိကြောင့် ကြောက်စိတ်မရှိတော့ဘဲ အုတ်ဂူအား အလျင်အမြန်တူးဖော်နေကြ၏။

"ဒုတ် ဒုတ် ခွမ်း၊ ဆရာကြီး အထဲမှာ သံသေတ္တာတစ်လုံးတွေ့ပြီ"

"ဟုတ်ပြီကွ၊ ငါ့တပည့်တွေ ပေါက်တူးနဲ့ကော်ပြီးမ,ထုတ်လိုက်"

အုတ်ဂူထဲတွင် မန်းရွှေလူ၏ အလောင်းကား အရိုးများပင်ဆွေးနေပါချေပြီ။ ဦးခေါင်းခွံနှင့်လက်ခြေတချို့အား မဆွေးဘဲကျန်နေ၏။ ဂူပေါ်သို့သံသေတ္တာအားတင်ပြီး တူးရွင်းငန်းပြားဖြင့် သံချေးတက်နေသောသော့အားထိုးခွဲလိုက်၏။ အဖုံးကသံချေးကြောင့်ကျပ်နေ၍ ကန့်လန့်ထုတ်ရသည်။ သေတ္တာပွင့်သွားသောအခါ -

"ဟာ - ရွှေတွေ"

ငါးစင်ရိုင်း၏အလန့်တကြားအော်သံ။ စောဖထို၏ဝမ်းသာအယ်လည်းဖြင့် ရွှေတွေဟုအော်သံမှ ရုတ်တရက်ထွက်လာ၏။ ဦးကြာရိုးက ရွှေဒင်္ဂါးပြားတွေကြားထဲမှ အဝတ်နှင့်ပတ်ထားသော တစ်ထွာကျော်ကျော်ခန့်ရုပ်တုလေးအား ဆွဲထုတ်လိုက်၏။ ပတ်ထားသောအဝတ်စမှာ ဆွေးမြည့်နေပါချေပြီ။ အဝတ်စသည် တစ်စစီကွာကျသွားပြီး မိန်းမရုပ်လေးပေါ်လာ၏။ မတ်တတ်ရပ်၍လက်ပိုက်နေသော မကိုင့်ဆောင်းထားသည့်အရုပ်လေးဖြစ်သည်။ ဦးကြာရိုးက လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သောအခါ ရွှေရောင်ဝင်းလက်နေသော မိန်းမပျိုလေးတစ်ယောက်၏ ရုပ်တုပုံဖြစ်နေပါသည်။ ဦးကြာရိုးက ရုပ်တုအား လက်ကိုင်ပဝါဖြင့်ပတ်ပြီးလွယ်အိတ်ထဲထည့်လိုက်သည်။ လွယ်အိတ်ကို စလွယ်သိုင်းလိုက်ပြီး ကိုယ်မှာသေသေချာချာချည်၏။

"ဟော့ကောင်တွေ ရွှေဒင်္ဂါးတွေကို အိတ်ထဲကို သေသေချာချာထည့်။ ပြီးရင် အုတ်ဂူကို အုတ်ခဲတွေပြန်ထည့်ပြီး မြေပြန်ဖို့ခဲ့မယ်။ မြန်မြန်လုပ်"

သူတို့တစ်တွေ ကိစ္စအားလုံးပြီး၍ သချိုင်းပျက်မှပြန်ထွက်လာကြသောအခါ ညသန်းခေါင်ကျော်နေပြီ ဖြစ်သည်။ လဆုတ်ရက် လရောင်သည် ယခုမှထွက်ပေါ်လာ၏။

ရွာဘက်သို့ ဦးတည်ထွက်လာကြစဉ်-

"ဟော့ကောင်တွေ ရပ်၊ မပြေးကြနဲ့"

ကျယ်လောင်သောအမိန့်ပေးသံများက သစ်ပင်တွေကြားမှ ထွက်ပေါ်လာပါသည်။ ပြီးနောက် ထိုလူအုပ်သည် သစ်ပင်အောက်မှထွက်လာကြသောအခါ လရောင်မှာမြင်လိုက်ရသည်က ပြောက်ကျားယူနီဖောင်းဝတ်များဖြင့် လက်နက်ကိုင်လူတစ်စုဖြစ်နေသည်။

"ငါးစင်ရိုင်း ပြေး ပြေး ချောင်း



www.burmeseclassic.com

www.burmeseclassic.com

လှေရှိရာကိုပြေး"

"ဒိုင်း . . . ဒိုင်း . . . ဒက် . . . ဒက် ဒက်"

"ရွှီ . . . ရွှီ"

"ဖျောက် . . . . ဖျောက် . . . ဖောက် . . . ဖောက်"

ကျည်ဆန်များက သူတို့ထံသို့ တရွှီရွှီမြည်ပြီးပြေးလာကြသည်။

သူတို့ အသက်စွန့်ပြီး ပြေးနေကြစဉ် သူတို့ရှေ့မှ အရိပ်မည်းကြီးတစ်ခုက အသံနက်ကြီးဖြင့် တဟီးဟီးရယ်ရင်း အော်ဟစ်ပြောဆိုနေပါသည်။

"ဟား ဟား ဟား ကြာရိုး နင်သေတော့မယ်။ ငါ နင်တို့ကိုသတ်လို့မရလို့ နင်တို့ကြောက်တဲ့အဖွဲ့ကို ငါသတင်းသွားပို့တာ။သေကြ အသေဆိုးနဲ့သေကြ၊ ငါ့သချိုင်းကို လာသိုက်တူးတဲ့ ကြာရိုးသေစမ်း"

ဦးကြာရိုးက ထိုအရိပ်မည်းကြီးအား လက်ထဲမှကြိမ်လုံးဖြင့်လှမ်းရိုက်ရင်း လှေရှိရာ ဘီးလင်းချောင်းစပ်သို့ ပြေးသည်။ နောက်မှအဖွဲ့ကလည်း သေနတ်များတဒိုင်းဒိုင်းပစ်ရင်းလိုက်နေသည်။

ရှေ့မှာ ဘီးလင်းချောင်းအားတွေ့ရပြီ ဖြစ်သည်။ ဦးကြာရိုး လှေပေါ်သို့ အမြန်တက်လိုက်သည်။ ငါးစင်ရိုင်းက လှေပေါ် အတက်ထမ်းလာသောရွှေဒင်္ဂါးအိတ်သည် ချောင်းထဲသို့ပြုတ်ကျသွားပါတော့သည်။

"ဟာ - ရေထဲကျသွားပြီ"

"ငါးစင်ရိုင်း လှေပေါ် အမြန်တက်၊ မင်းသေသွားလိမ့်မယ်"

ငါးစင်ရိုင်းလှေပေါ် ရောက်သည်နှင့် ဦးကြာရိုးသည် လှေကိုအမြန်လှော်၍ စုန်ဆင်းလာခဲ့ပါသည်။ စောဖထိုက ရေထဲကျသွားသော ရွှေဒင်္ဂါးအိတ်အား ရေငုပ်၍ဆယ်သည်။ ရေပေါ် သို့ပြန်ပေါ်လာသောအခါ -

"ဒိုင်း . . . ဒိုင်း . . . ဖောက် . . . ဖောက်"

"အား"

စောဖထို၏ အသံနက်ကြီးအား သူတို့နှစ်ယောက် ကြားလိုက်ရပါတော့သည်။

❑

လှေလေးသည် ဘီးလင်းချောင်းအတိုင်း စုန်ဆင်းလျက်ရှိသည်။ ဆရာတပည့်နှစ်ယောက် ကြောက်ကြောက်လန့်လန့်ဖြင့် အားသွန်၍လှော်နေကြခြင်းဖြစ်သည်။

"ဆရာ၊ စောဖထိုလည်း သေနတ်မှန်ပြီးသေပြီ။ ရွှေဒင်္ဂါးထုပ်လည်း ချောင်းထဲကျသွားပြီ။ ကျွန်တော်တို့ပြန်လှည့်ပြီး ရေထဲဆင်းငုပ်ပြီးရှာကြရင်ကောင်းမယ်"

"ငါတို့ပြန်သွားရင် အသတ်ခံရမှာပေါ့။ ရွှေဒင်္ဂါးထုပ် ရေထဲကျသွားလည်း ကိစ္စမရှိပါဘူးကွာ။ ငါ့မှာ ရွှေရုပ်တုပါလာပါတယ်"

"ဟင် - တော်သေးတာပေါ့ဆရာရယ်၊ ကျွန်တော်က ရွှေထုပ် ရေထဲကျသွားလို့ ကျွန်တော်ကြိုက်နေတဲ့ကောင်မလေးနဲ့ ဝေးရပြီထင်နေတာ"

"ငါးစင်ရိုင်း မင်းဟာလေ မယားတရူးပဲ"

ဦးကြာရိုး၏ အတွေးထဲမှာတော့ ထိုင်းမှဝယ်လက်လာခဲ့လျှင် ရွှေရုပ်တုလေးသည် ဗုဒ္ဓသိန်းထောင်ချီတန်နေပြီ မဟုတ်ပါလား။

"တောက်- ဝဲစားမဖဲဝါ သင်းငါ့ကိုကျော်လို့မရတော့ တောထဲကလက်နက်ကိုင်တွေကိုသွားချွန်တယ်"

"ဆရာ၊ မဖဲဝါက သချိုင်းကုန်းတွေနဲ့ ဘယ်လိုပတ်သက်နေတာလဲ။ သချိုင်းကုန်းတိုင်းမှာ သူကရှိနေတယ်"

"စတုမဟာရာဇ်နတ်မင်းကြီးတွေကတာဝန်ချထားတဲ့ အောက်ပြိတ္တာနတ်တွေပေါ့ကွာ။ ငါ့ကိုသူကငြိုးထားတယ်။ ကျိုက်ထိုသချိုင်းမှာတုန်းက ငါ့ကိုပေကတ်ကတ်လုပ်လို့ ငါ့ကြိမ်လုံးနဲ့ကျွေးထားတာကို သူကမှတ်ထားတယ်"

"ဩော် - ဆရာတို့ကဇာတ်လမ်းတွေနဲ့ကိုး"

သူတို့လှေကလေး လဂွန်းပျို့ရွာကျော်လာပြီး ဘီးလင်းမြစ်သည်လည်း လျှိုမြောင်တောင်ကြား သစ်တောကြီးများကြားမှ ကွေ့ပတ်စီးဆင်းရာတောနက်ထဲသို့ရောက်သောအခါ လှေသည် ရေစီးအရှိန်ကြောင့် ပို၍သွက်လာနေသည်။ စိမ်းညို့နေသောကေလာသတောင်တန်းကြီးသည် တောင်မှမြောက်သို့ သွယ်တန်းလျက်ရှိသည်။ တက်နေသည့် လှိုင်းကြက်ခွပ်များထနေသော မြစ်ပြင်ပေါ် သို့ဝဲဖြန့်လျက် တဖိတ်ဖိတ်တောက်နေပါသည်။

"ဆရာ၊ဆရာ ညာဘက်ကမ်းစပ် သစ်ပင်ကြီးအောက်မှာ အဘိုးကြီးတစ်ယောက်လှေကိုလက်ယပ်ခေါ် နေတယ်"

ပုဆိုးကွက်ကျား၊ တိုက်ပုံအင်္ကျီဝတ်ထားပြီး တဘက်ကြီးခေါင်းပေါင်းထားသော အဘိုးအိုတစ်ဦးသည် သူတို့လှေအား လက်ယပ်ခေါ် နေသည်။

"ရှုပ်ပါတယ်ကွာ၊ အရေးထဲ လှေကြုံစီးချင်နေသေးတယ်။ ကိုယ့်မှာလည်း ကိုယ့်ကိစ္စနဲ့ကိုယ် ဝင်ကပ်မနေနဲ့ ဆက်လှော်"

နှစ်ယောက်သား မြစ်လယ်မှဆက်လှော်ကြသည်။ အဘိုးကြီးရှိရာကမ်းသို့ ကပ်မပေးကြ။

ထိုအခါ အဘိုးကြီးသည် လက်ယပ်ခေါ် နေရာမှ ခါးထောက်လိုက်ပြီး သူတို့လှေအား စူးစိုက်ကြည့်နေ၏။ သူတို့လှေကပ်ပုံမပေါ် သောအခါ လှေအားကြိုးဖြင့်ဆွဲနေသည့်သဏ္ဌာန်လုပ်လာပါတော့သည်။

"ဆရာ၊ လှေက ရှေ့ကိုမသွားတော့ဘူး။ နောက်ပြန်သွားနေသလိုပဲ လုပ်ပါဦး"

ငါးစင်ရိုင်းက ကြောက်လန့်တကြားဆို၏။

ဦးကြာရိုး သတိထားမိလိုက်သည်။ သူ့လှေ နောက်ပြန်ဆွဲနေ၏။

"ဟဟ - ဘယ်လိုဖြစ်တာလဲ၊ နေပါဦး။ ဒီအဘိုးကြီးက ထူးတော့ထူးနေပြီ"

ဦးကြာရိုး ရိပ်မိလိုက်ပါသည်။ တောကြိုအုံကြားမှ အဘိုးကြီးသည် သာမန်လူတော့မဟုတ်နိုင်ပြီ။ သူ၏ လက်စွဲတော်ဆေးကြိမ်လုံးအား မြစ်ရေပြင်ပေါ် သို့ သုံး၊ လေးချက်ရိုက်ချလိုက်သည်။

"ဖြန်း . . . ဖြန်း . . . ဖြန်း ဖြောင်း . . ."

ဆေးကြိမ်လုံး ထက်ပိုင်းကျိုး၍ ဦးကြာရိုးလက်ထဲမှ ကြိမ်လုံးငုတ်တိုသာကျန်တော့သည်။

"ဟာ - သွားပြီ"

လှေသည် ရေစီးအားနောက်ပြန်ဆန်၍ အဘိုးကြီးရှိရာသို့ ပြောင်းပြန်ကြီးသွားနေ၏။

"ကြာရိုး ငါ့ဆီလာ၊ ကြာရိုး ငါ့ဆီလာ"

အဘိုးကြီးက လက်နှစ်ဖက်အား လေထဲမှာဆွဲခေါ် သလိုလုပ်ပြီး နှုတ်မှရေရွတ်နေသည်။

ဦးကြာရိုးနှင့် တပည့်ကျော် ငါးစင်ရိုင်းတို့၏အသိစိတ်မှာ မူးဝေနောက်ကျိလာပါသည်။ လှေမှာ ကမ်းစပ်သို့ ထိုးတင်သွားသည်။ ဦးကြာရိုးတို့နှစ်ယောက် စိတ်ညို့ခံထားရသောလူတွေကဲ့သို့ဖြစ်နေပြီး အဘိုးကြီးရှေ့မှာ ခြေစုံရပ်မိကြသည်။

"ငါ့နောက်လိုက်ခဲ့"

အဘိုးကြီးက တောအုပ်ကြားထဲ

www.burmeseclassic.com

သို့ဝင်သွားသောအခါ သူတို့နှစ်ယောက်သည် သံပတ်ပေးထားသောစက်ရုပ်များကဲ့သို့ တန်းတန်းမတ်မတ်လိုက်ပါသွားကြသည်။နှစ်ယောက်စလုံး စကားမပြောနိုင်ကြတော့။ ကေလာသတောင်တန်းကြားထဲရှိ တောအုပ်ကြီးအလယ်သို့ရောက်သောအခါ ထုံးကျောက်ဂူကြီးတစ်ခုရှေ့သို့ ရောက်သွားပါသည်။ ဂူရှေ့ချုံနွယ်ပိတ်ပေါင်းများရှုပ်ထွေးပြီး မြင့်မားလှသော သစ်ပင်ကြီးများအောက်တွင် နွယ်ပင်များပတ်တက်နေသည့်နတ်ကွန်းလိုလို၊ အုတ်တိုက်အပျက်ကြီးတစ်လုံးတွေ့လိုက်ရသည်။ အဘိုးကြီးသည် ကျောက်ဂူကြီးရှေ့ နတ်ကွန်းပျက်နားရောက်သော် ရပ်လိုက်ပြီး ဦးကြာရိုးတို့နှစ်ယောက်အားလှည့်ကြည့်လိုက်သည်။ အဘိုးကြီး၏စူးရှသောမျက်လုံးအကြည့်ဒဏ်အား သူတို့နှစ်ယောက်မခံနိုင်သဖြင့် ခေါင်းငုံ့၍ရပ်နေရသည်။

"ငကြာရိုး၊ မင်းယူလာတာ ဘာအရုပ်လဲသိလား"

"မသိပါဘူး"

ယခုမှ ဦးကြာရိုးစကားပြောနိုင်၏။ ငါးစင်ရိုင်းကတော့ အကြောက်လွန်၍ အထစ်အထစ်ဖြစ်နေသည်။

"အဲဒါ မန္တဟာဘုရင်မင်းကြီးရဲ့ သမီးတော်နတ်ရုပ်ပဲ။ ငါတို့မန္တဟာဘုရင်မင်းမျိုးတွေဟာ ပုဂံဘုရင်အနော်ရထာသထုံကိုသိမ်းပိုက်ပြီး မြို့ပျက်လို့ တောထဲကိုထွက်ပြေးကြရရင်း သေဆုံးကုန်ကြတော့ တောတောင်ထဲမှာ နတ်တွေဖြစ်နေကြတယ်။ မန္တဟာမင်းကြီးလည်း ပုဂံနေပြည်တော်မှာ နတ်ရွာစံတော့ ဒီတောဒီတောင်မှာပဲ တောင်စောင့်နတ်မင်းကြီးလာဖြစ်နေတယ်။ သုဝဏ္ဏဘုမ္မိသထုံပြည်ကြီးကို စတည်ခဲ့တဲ့ ဘုရင်ကြီးကအစ နောက်ဆုံးမင်းဆက် မန္တဟာမင်းကြီးအထိ ဆွေတော်မျိုးတော်တွေဟာ နတ်ရွာစံကွယ်လွန်ပြီးနောက် အားလုံး ဒီနယ်မြေ ကေလာသတောင်တန်း၊ ဝေပုလ္လတောင်တန်းတစ်လျှောက် တောင်ပိုင်နတ်ကြီးတွေ၊ တောစိုးနတ်ကြီးတွေဖြစ်နေကြတယ်။ ဘုရင်ကြီးတွေဟာ သူတို့ရဲ့ သမီးတော်၊ သားတော်တွေကို ရွှေသားအစစ်နဲ့ ရုပ်တုတွေထုခဲ့ပြီး ကျောက်လိုဏ်ဂူကြီးထဲမှာ နတ်ကွန်းတွေမှာထားခဲ့ကြတယ်။ ဘုရင်ကြီးတွေရဲ့ရုပ်တုတွေလည်း ဒီလိုဏ်ဂူကြီးထဲမှာရှိတယ်။ လူသူမနီးတဲ့တောထဲမှာ နတ်နန်းတွေဆောက်ပြီး ထွက်ပြေးတိမ်းရှောင်နေတဲ့ အနွယ်တော်တွေက ကိုးကွယ်ခဲ့ကြတယ်။ သစ်သူဌေး မန်းသာထိုက သစ်ခုတ်ရင်း နတ်ကွန်းပျက်ကနေယူသွားတာ။ သူဟာသူ အုတ်ဂူပျက်ထဲမှာရှိနေလို့ ငါတို့ဘာမှမလုပ်တာ မင်းကတူးပြီး ယိုးဒယားရှမ်းဘက်ကိုရောင်းစားမယ်ဆိုတော့ ငါတို့လက်မခံနိုင်ဘူး။ မင်း ကျောက်ဂူကြီးထဲမှာပြန်ထားပါ။ မထားရင် မင်းတို့နှစ်ယောက် သွေးစိမ်းရှင်ရှင်အန်ပြီး အသေဆိုးနဲ့သေရမယ်" -

လူလော၊ နတ်လောမသိရသည့် အဘိုးကြီး၏မာထန်သောအမိန့်ကြောင့် ကပ်ပိုယကြီးဦးကြာရိုးသည် ကြက်သီးမွေးညင်းထမတတ် ကြောက်ရွံ့၍လာခဲ့၏။ အဘိုးကြီး၏ တန်ခိုးအာဏာအောက်၌ သူဘယ်လိုမှလွန်ဆန်၍မရတော့။ သူ၏အစွမ်းသတ္တိများသည်လည်း ဘယ်ရောက်သွားသည် မသိရတော့ပါ။ အဘိုးကြီးသည် ဂူကြီးရှေ့ရှိ ကျောက်ဖျာကြီး၌ တင်ပျဉ်ခွေ၍ထိုင်ပြီး အမိန့်ပေးနေပါသည်။

"ဟုတ်ကဲ့-ကျွန်တော်တို့ပြန်ထားပါ့မယ် အဘိုး"

"ကျောက်ဂူထဲမှာသွားထား"

သူတို့နှစ်ယောက် ကျောက်ဂူထဲသို့ဝင်သွားပြီး အတန်ကြာလျှောက်သွားပြီးနောက် ကျောက်ဂူသည် မှောင်နေရာမှလင်းလာ၏။ ကျောက်ခက်ပန်းဆွဲများ၊ ကျောက်ခက်မိုးမျှော်များတို့ဖြင့် ကျောက်ဂူကြီးမှာ အေးစိမ့်နေ၏။ ဂူအဆုံး၌ရှိ ကျောက်ပလ္လင်ကြီးထက်တွင် ရွှေရောင်ဝင်းနေသည့်ရုပ်ပွားဆင်းတုတော်ကြီးတစ်ဆူ၏အောက်၌ နန်းဝတ်နန်းစားရှေးဘုရင်အဝတ်အစားများနှင့် ရွှေသားရုပ်တုများ၊ မင်းသား၊မင်းသမီးရွှေရုပ်တုများကို တွေ့လိုက်ရသည်။ ရုပ်တုတစ်နေရာ လစ်လပ်နေသောနေရာ၌ လွယ်အိတ်ထဲမှ ရွှေမင်းသမီးရုပ်တုလေးအားတင်ထားလိုက်ပြီးသော် စိတ်ထဲမှာအလွန်ကြောက်ရွံ့လာ၍ ဂူဝသို့အမြန်လှည့်ထွက်ခဲ့ကြ၏။

"ဝုန်း. . . ဂျလိမ်း. . . ဂျလိမ်း"

ဂူအတွင်းဘက်မှ ကျောက်တံခါးကြီးတစ်ချပ်သည်ရွေ့လာပြီး ဂူအတွင်းခန်းအား ပိတ်လိုက်သလိုဖြစ်သွား၏။ ဂူအတွင်းမှ အောင်မြင်သောအသံကြီးတစ်ခု ဟိန်းထွက်လာပါသည်။

"ဟား ဟား ဟား = ကြာရိုး မင်းအေးအေးဆေးဆေးပြန်။ မင်းတို့နှစ်ယောက်လမ်းစရိတ်ကို ဂူပြင်ဘက်ကျောက်ဖျာပေါ်မှာတင်ထားတယ်။ ယူသွားကြ"

သူတို့လည်း ပြေးထွက်လာကြပြီး အပြင်ဘက်ရောက်သည်နှင့် ၊ တောင်စောင်းပေါ်မှ ကျောက်လုံးကြီးတစ်လုံး လိမ့်ဆင်းလာပြီး ကျောက်ဂူဝကြီးအား ပိတ်သလိုဖြစ်သွား၏။

"ဝုန်း ဝုန်း ဂျလိမ်း"

"အောင်မလေးဗျ၊ ကျွန်တော်တို့ဆီကိုလိမ့်လာပါဦးမယ်"

ငါးစင်ရိုင်းမှာ ယခုမှပင် အသံထွက်နိုင်တော့သည်။

ဦးကြာရိုးသည် အဘိုးကြီးပြောသည့်စကားအား သတိရလိုက်သဖြင့် ကျောက်ဖျာကြီးသို့ ကြည့်လိုက်သောအခါ သစ်ပင်ကြီးများအကြားမှထိုးကျလာသော နေရောင်အောက်တွင် ရှေးဟောင်းရွှေဒင်္ဂါးပြားငါးပြားအား တွေ့လိုက်ရပါတော့သည်။ သူ အမြန်ပြေး၍ ရွှေဒင်္ဂါးပြားများအားလွယ်အိတ်ထဲထည့်ပြီး-

"ဟေ့ကောင် ငါးစင်ရိုင်း လေ့ဆီအမြန်ပြေး မြန်. . . မြန်"

တပည့်ကျော် ငါးစင်ရိုင်းက လှေကို အားစိုက်လှော်နေ၏။ ရှေ့ညာဘက်ကမ်းတွင် ငှက်ပျောတောချောင်းပေါက်အားတွေ့နေရပြီဖြစ်ပါသည်။ ဦးကြာရိုးကတော့ ရှေးသထုံခေတ်ရွှေဒင်္ဂါးပြားများအား လက်ဖြင့်ပွတ်သပ်၍ကြည့်နေသည်။

"ဆရာ၊ ဒီရွှေဒင်္ဂါးတွေ ဘယ်လောက်တန်သလဲဟင်"

"ရွှေအလေးချိန်ကပဲ တစ်ပြားကိုတစ်ကျပ်သားကျော်တယ်။ ရှေးဟောင်းပစ္စည်းဝယ်တဲ့သူဌေးကတော့ ,တစ်ပြားကို ဆယ်သိန်းလောက်တော့ရမယ်ထင်တယ်"

"ဆရာ၊ ကျွန်တော့်ကိုအကုန်ပေးမှာလား"

"မင်းနဲ့ ငါ နှစ်ယောက်လာတာ တစ်ယောက်တစ်ဝက်ပေါ့ကွ။ မင်းကလောဘကြီးတာပဲ"

"မဟုတ်ပါဘူး ဆရာရယ်၊ ရွာပြန်ရောက်ရင် မိန်းမယူမလို့ပါ"

"မင်းလည်း ဒါနဲ့ပဲသေမှာပဲ"

"ဆရာလည်း မိန်းမယူပြီး ကလေးတွေတစ်ပုံကြီးမွေးထားတာပဲ။ကျွန်တော်မှမိန်းမမရသေးတာ"

"ဟား ဟား ဟား ဟား"

ဆရာတပည့်နှစ်ယောက်၏ ရယ်မောသံသည် ဘီးလင်းမြစ်ပြင်သို့ ပျံ့နှံ့သွားပါတော့သည်။

သခင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဝိပဿနာတရားအလုပ်ကို စိုက်လိုက်မတ်တတ်လုပ်နေသည်မှာ ဆယ်ခုနှစ်တစ်ခုသို့ပင်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော်လည်း ဝိပဿနာတရားနှင့်ပတ်သက်၍ ကျွန်ုပ်ကိုယ်ကျွန်ုပ် မူကြိုအဆင့်သာရှိသေးသည်ဟု ခံယူထားပါသည်။ ကျွန်ုပ်သိသလောက်၊ ကျွန်ုပ်နားလည်သဘောပေါက်သလောက် မှတ်သားနာယူခဲ့သည့် ဝိပဿနာတရားကို အခြားသူများအား သိရှိစေလိုသောဆန္ဒများ ကျွန်ုပ်ရင်ထဲဖြစ်ခဲ့မိပါသည်။ တတ်လို့ဆရာလုပ်လိုသောဆန္ဒလုံးဝမရှိပါ။ အလှူတကာ့အလှူတွင် တရားအလှူကပိုပြီး အမြတ်ဆုံးဖြစ်ကြောင်း မှတ်သားနာယူခဲ့သဖြင့် ယခုကဲ့သို့ ဘာသာရေးဆောင်းပါးများကို မမွဒါနပြုရေးနေခြင်း ဖြစ်ပါသည်။

ဝိပဿနာအလုပ်ကို တကယ်လုပ်သည့်ယောဂီသည် လက်ရှိဘဝခန္ဓာကြီးကို မလိုချင်တော့၍ သံသရာမှလွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကိုရရှိလိုသောကြောင့် ကြိုးစားအားထုတ်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးအန္တိမရည်မှန်းချက်ကလည်း နိဗ္ဗာန်ကိုရရှိလိုခြင်းဖြစ်၍ နေ့စဉ် ဘုရားရှိခိုးတိုင်း နိဗ္ဗာန်မဂ်ဖိုလ်ကို ဘဝတိုတိုဖြင့်ရောက်ရပါလို၏ဟု ဆုတောင်းနေခြင်းပဲ မဟုတ်ပါလား။ ထို့ကြောင့် နိဗ္ဗာန်ဆိုသည်မှာ လူ၊ နတ်၊ ဗြဟ္မာတို့၏ အဆုံးလမ်းကြောင်း ဖြစ်ပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာနိဗ္ဗာန်၊ ရုပ်နာမ်ဓမ္မသင်္ခါရချုပ်ငြိမ်းရာနိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း

(အဿနိုက)

# မောင်မောင်အောင်မြင်း

## အဆုံးလမ်းကြောင်းနှင့်မဆုံးလမ်းကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ချုပ်ငြိမ်းရာနိဗ္ဗာန်ဟုဆိုပါသည်။ နိဗ္ဗာန်ကို ရောက်လိုသောပုဂ္ဂိုလ်သည် မဂ္ဂင်လမ်းကြောင်းမှ ဝိပဿနာအကျင့်ဖြင့် သွားမှသာလျှင် ရောက်နိုင်ကြောင်းကိုလည်း ဗုဒ္ဓက အတိအလင်း ဟောကြားတော်မူခဲ့ပြီး ဖြစ်ပါသည်။ ဒါန၊ သီလ၊ သီလလောက်နှင့် နိဗ္ဗာန်ကိုရောက်ရှိရန် မလွယ်ပါ။

လူတိုင်း ပုထုဇဉ်လူသားများဖြစ်ကြပါသည်။ သို့သော်လည်း အချိန်အခါ အလျောက် အသက်အရွယ်ရရှိလာသည့်အခါ အချို့က သံသရာမှလွတ်ကြောင်းတရားရှာပြီး ဝိပဿနာတရားကို ပွားများအားထုတ်ကြပါသည်။ ထိုပုဂ္ဂိုလ်တို့အား ကလျာဏပုထုဇဉ်ဟု ဆိုပါသည်။ တရားအားမထုတ်သည့်ပုဂ္ဂိုလ်များကိုတော့ အန္ဓပုထုဇဉ်ဟုဆိုပါသည်။ ထို့ကြောင့် ကလျာဏပုထုဇဉ်နှင့် အန္ဓပုထုဇဉ်တို့သည် သွားရာလမ်းကြောင်း မတူညီကြသလို လားရာလမ်းကြောင်းလည်း မတူညီနိုင်ကြပါ။ ကလျာဏပုထုဇဉ်က သုဂတိဘုံသို့ ရောက်နိုင်ပြီး အန္ဓပုထုဇဉ်ကတော့ အပါယ်ဘုံသို့ ကျရောက်နိုင်ပါသည်။ ဗုဒ္ဓကိုယ်တော်တိုင်ဟောကြားခဲ့သဖြင့် အလွန်မှကြောက်စရာကောင်းလှပါသည်။ အကုသိုလ်တွေများပြီး အပါယ်ဘုံသို့ကျရောက်သွားပါက ကံမကုန်သေးသမျှ နှစ်ပေါင်းများစွာ ငရဲကျခံနေရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓက လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံး ဆင်းရဲငြိမ်းရာနိဗ္ဗာန်ကို ရောက်စေလိုသောဆန္ဒတော်ဖြင့် ဓမ္မစကြာ တရားဦးကိုဟောကြားတော်မူခဲ့ခြင်းပဲ ဖြစ်ပါသည်။ ခန္ဓာရရှိနေသမျှ သတ္တဝါတွေမှာ ဆင်းရဲမငြိမ်းနိုင်သဖြင့် ခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာ(ဆင်းရဲခြင်းအမှန်) ဟု ဟောကြားထားခြင်း ဖြစ်ပါသည်။ အတိတ်က အဝိဇ္ဇာနှင့် တဏှာဦးစီးရရှိလာသော ခန္ဓာကြီးဖြစ်ကြောင်းကိုလည်း ဗုဒ္ဓက အတိအလင်းဟောကြားထားပါသည်။ ငြိမ်းအေးမှုဆိုသည့် သုခကို ခန္ဓာကိုယ်ကြီးမှာ အပ်ဖျားတစ်ထောက်စာပင်ရှာမတွေ့နိုင်ကြောင်း ဗုဒ္ဓ၏ ဟောပြောထားမှုကို ဝိပဿနာတရားအလုပ်ကို စိုက်လိုက်မတ်တတ်လုပ်သည့်ယောဂီမှသာလျှင် ဉာဏ်ဖြင့်ရှာဖွေတွေ့ရှိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် ဘဝခန္ဓာကြီးကို တွယ်တာနေကြပါသည်။ မြတ်နိုးနေကြပါသည်။ တန်ဖိုးထားနေကြပါသည်။ မိမိ၏ခန္ဓာကိုယ်ကြီးကိုပင် တွယ်တာလို့ အားမရနိုင်သေးပါ။ တခြားတစ်ပါးသူ၏ ခန္ဓာကိုယ်ကြီးကိုပါတွယ်တာမြတ်နိုးတန်ဖိုးထားနေကြသဖြင့် အိမ်ထောင်သက်မွေးပြုနေကြပြန်ပါသည်။ မွေးဖွားလာသည့်သားသမီးမြေးများကိုသာမက ဆွေမျိုးသားချင်းများကိုပါ တွယ်တာယနှစ်သက်သံယောဇဉ်ထားနေကြပြန်ပါသည်။ ထို့ကြောင့် ပုထုဇဉ်ဟာ အရှုပ်ထဲမှာ ပျော်နေကြသည်ဟု ဗုဒ္ဓကိုယ်တော်မြတ်ကြီး ဟောကြားထားခဲ့ကြောင်း တရားပွဲတစ်ခုတွင် မှတ်သားနာယူခဲ့မိပါသည်။

ထိုဟောကြားမှုကို နာယူနေသည့်အချိန် ဟုတ်မဟုတ်၊ မှန်မမှန် ကျွန်ုပ်ဉာဏ်ဖြင့် ဆင်ခြင်ကြည့်မိခဲ့ပါသည်။ မှန်ကန်နေကြောင်း တွေ့ခဲ့ရပါသည်။ ကျွန်ုပ်တို့သည် သားသမီးများနှင့်ပျော်နေကြသည်။ မြေး၊ မြစ်များနှင့်ပျော်နေကြသည်။ ရာထူးရာခံများနှင့်ပျော်နေကြသည်။ ပစ္စည်းဥစ္စာ၊ မော်တော်ကား၊ အိမ်တိုက်တာများနှင့် ပျော်နေကြသည်။ ဗုဒ္ဓစကားသည် တရားစကား။ တရားစကားသည် ဗုဒ္ဓစကား။ အများအယွင်း အပိုအလိုမရှိ တိကျမှန်ကန်နေကြောင်း ဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုခဲ့မိပါသည်။ ထို့ကြောင့် တချို့သောအဘိုးအဘွားများသည် ဥပုသ်မစောင့်နိုင်။ တရားရိပ်သာမသွားနိုင်။ ပုတီးချပြီး မြေးမ,နေကြသည်။ စိပ်ပုတီးပင် မစိပ်နိုင်ကြသဖြင့် အိမ်မှာရှိနေသည့်စိပ်ပုတီးကို တစ်နေရာရာမှာချိတ်ထားရဖြင့် ချိတ်ပုတီးဖြစ်နေပါသည်။

ကျွန်ုပ်ကိုယ်တိုင် တွေ့နေရသော တစ်ချိန်က အစိုးရလုပ်ငန်းနယ်ပယ်မှာ ဆုံခဲ့ရသည့် လုပ်ဖော်ကိုင်ဖက်ပင်စင်စား (၃) ဦးအကြောင်း အနည်းငယ် တင်ပြလိုပါသည်။ ကျွန်ုပ်က ထိုသူ(၃)ဦးထက် သုံးနှစ်စောပြီး အငြိမ်းစားယူခဲ့သည်။ ခွင့်ကြိုးလေးလခံစားနေစဉ်မှာပင် တရားစခန်းနှစ်ကြိမ်ရောက်ခဲ့သည်။ စက်ဝိုင်းဒေသနာတော်ကြီးကို တရားပြဆရာတော်များမှ တုတ်ထောက်ရှင်းပြခဲ့ကြပါသည်။ ဝိပဿနာတရားဖြင့်သာ နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြောင်းကိုလည်း ရှင်းလင်းဟောကြားခဲ့ပါသည်။ အလုပ်ခွင်မှ အနားယူပြီးမှ သစ္စာလေးပါးတရားကို စိတ်အေးချမ်းစွာ နာကြားခဲ့ရသဖြင့် ကျွန်ုပ်သည် ဝိပဿနာတရားအရသာကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့ရ၏။ ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သည့် တရားစာအုပ်ပေါင်း သုံးဆယ်ကျော်ကိုဖတ်လည်းဖတ်၊ စာဖြင့်မှတ်လည်းမှတ်ခဲ့ပါသည်။ အသက် (၆၀) ကျော်လာသဖြင့် လောဘ၊ ဒေါသ၊ မောဟတွေလည်းနည်းလာခဲ့သဖြ[င့်] မဂ္ဂင်လမ်းကြောင်းမှ မိမိဘဝ၏နေဝင်ချိန်ကို တန်ဖိုးရှိရှိ အသုံးချအဆုံးသတ်သွားမည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။ တရားစခန်းမှအိမ်ပြန်ရောက်သည့်အခါ နေအိမ်နှင့် မနီးမဝေးမှာရှိနေသည့် မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင်နေစဉ် ညနေတိုင်း အာစိဏ္ဏကံယောဂီများရှိကြောင်း သိရသဖြင့် ချက်ချင်း သွားရောက်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများကို နာရီဝက်ခန့် နာကြားရပြီး ကျန်နာရီဝက်ကို တရားရှုမှတ်ရပါသည်။ အာစိဏ္ဏကံယောဂီအကျိုးဆောင်အဖွဲ့၌လည်း ကျွန်ုပ်ဝင်ရောက်လုပ်ကိုင်လျက်ရှိပါသည်။

ထိုအကြောင်းအခြင်းအရာများကို ကျွန်ုပ်နှင့် လုပ်ဖော်ကိုင်ဖက်သုံးဦးကို ရှင်းပြပြီး အာစိဏ္ဏကံယောဂီအဖြစ် လာရောက်ရန်ခေါ်ခဲ့ပါသည်။ ထိုသုံး ဦးသည် တရားရိပ်သာများသို့ ယခင်က ဝင်ရောက်ခဲ့ဖူးသူများဖြစ်ကြသဖြင့် ကျွန်ုပ်နှင့်အတူ ဝိပဿနာတရားများကို ဆက်လက်အားထုတ်ရန် ခေါ်ခဲ့ပါသည်။ ပထမတော့ အချိန်မှန်မှန်လာရောက်သဖြင့် ထိုသူသုံးဦးကို ယောဂီအကျိုးဆောင်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဝင်စေပြီး ကုသိုလ်များရယူနိုင်ရန်ထည့်သွင်းခဲ့ပါသည်။ ထို (၃) ဦးအနက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့်အဝေးဆုံးပုဂ္ဂိုလ်က နေ့စဉ်လာရောက်ခဲ့သည့်အပြင် မကွေးမြသလွန်ဘုရားအနီးရှိ ရိပ်သာတရားစခန်းတစ်ခုတွင် ဝစီပိတ်တရားစခန်းကို (၁၀) ရက်သွားရောက်ခဲ့ပါသည်။ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့်နီးသည့်ပုဂ္ဂိုလ်နှစ်ဦးကတော့ ပျက်ကွက်မြဲပျက်ကွက်နေပါသည်။

ထိုသူနှစ်ဦး၏အိမ်သို့ မြို့ထဲ ဆိုင်ကယ်ဖြင့်သွားတိုင်း မကြာခဏကျွန်ုပ်ဝင်ရောက်လေ့ရှိပါသည်။ တစ်ဦးက သုံးနှစ်ခန့်ရှိနေသည့် မြေးလေးကိုထိန်းနေကြောင်းသိရသလို အခြားတစ်ဦးကလည်း လေးတန်းကျောင်းသားမြေးလေးနှင့် ဆယ်တန်းအောင်ပြီးသော မြေးမလေးကိုထိန်းကျောင်းနေရကြောင်း သိရှိရပါသည်။ ကျွန်ုပ် ထိုသူနှစ်ဦးကို အာစိဏ္ဏကံသို့လာရောက်ရန် မ[...] တွန်းတော့ပါ။ ထိုသူနှစ်ဦး၏ အသ[...]



www.burmeseclassic.com

www.burmeseclassic.com

သည် (၇၀) ဝန်းကျင်ရောက်နေပြီးဖြစ်ပါသည်။ ထိုသူနှစ်ဦး အာစိဏ္ဏကံကို မလာရောက်ဘဲ ပျက်ကွက်နေသည်မှာလည်း လေး၊ ငါးလခန့်ရှိနေပြီဖြစ်ပါသည်။ မိမိဘဝနေဝင် ချိန်ကိုပင် မေ့နေပြီလားဟု စိတ်ထဲတော့ အတွေးဝင်မိခဲ့ပါသည်။

ကျွန်ုပ်သည် တစ်ခါတစ်ရံ ဗုဒ္ဓ၏ သိဒ္ဓတ္ထမင်းသားဘဝ၊ ဘုရားအဖြစ်သို့ ရောက်ရန် ကျင့်တော်မူခဲ့သည့်ဘဝ၊ ဘုရားအဖြစ်သို့ရောက်ပြီးနောက် လူ့ပြည်၊ နတ်ပြည်တို့၌ မနားမနေ တရားများ ဟောကြားတော်မူခဲ့သည့်ဘဝ စသည်တို့ကို စဉ်းစားတွေးမိသည့်အခါ ဗုဒ္ဓအပေါ် ကြည်ညိုမဆုံးဖြစ်ခဲ့မိပါသည်။ သက်တော် (၂၉) နှစ်အရွယ် မင်းသားဘဝဖြင့် ဥယျာဉ်တော်သို့ထွက်ခဲ့ရာ၌ လမ်းခရီးတွင် သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတို့ကိုမြင်ပြီး သံဝေဂရယူခဲ့ပါသည်။ ထိုသက်တော် (၂၉) နှစ် အရွယ်ဆိုသည်က ဘဝတွင် ကာမဂုဏ်အာရုံတွေကို ခံစားစံစား၍ အကောင်းဆုံးအရွယ်ဖြစ်ပါသည်။ သို့သော် သံဝေဂဉာဏ်ကိုရရှိပြီး ထိုအသက်အရွယ်မှာ လူ့ဘဝလူ့လောကကိုငြီးငွေ့ပြီး သံသရာမှလွတ်မြောက်လိုခြင်း၊ သတ္တဝါတွေကိုလည်း ကယ်တင်လိုသော ကြီးမားသောဆန္ဒတော်ကြောင့် ဘယ်လိုပင် အတားအဆီးအစောင့်အရှောက်တွေထားသော်လည်း ယသော်ဓရာနှင့် သားတော်ရာဟုလာကိုထား၍ တောထွက်တော်မူခဲ့ပါသည်။ တောထဲ၌ (၆) နှစ်လုံးလုံး ပင်ပန်းကြီးစွာဖြင့် ဘုရားအဖြစ်သို့ရရှိရန် ကျင့်တော်မူခဲ့သည့်ဘဝကလည်း အံ့မခန်းလောက်အောင် ကျင့်တော်မူခဲ့ရပါသည်။ သက်တော် (၃၅) နှစ်မှာ ဘုရားအဖြစ်သို့ ရတော်မူပြီး ဓမ္မစကြာတရားဦးကိုဟောခဲ့ရာ ပဥ္စဝဂ္ဂီ (၅) ဦးတို့ တစ်ပါးပြီးတစ်ပါး သောတာပန်ရသွားခဲ့ကြပါသည်။

တစ်ဖန် ကျေးဇူးရှင် မယ်တော်မိနတ်သားကို ကျေးဇူးဆပ်လိုသောဆန္ဒဖြင့် နတ်ပြည်သို့ကြွရောက်တော်မူပြီး အဘိဓမ္မာတရားများကို ဝါတွင်းသုံးလတိတိ သွားရောက်ဟောကြားတော်မူခဲ့ပါသည်။ နတ်ပြည်၌ (၃) လတိတိ တရားဟောနေသော်လည်း ဆွမ်းဘုဉ်းပေးချိန်ရောက်လျှင်လူ့ပြည်သို့ကြွရောက်တော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးမှ နတ်ပြည်သို့ ပြန်လည် ကြွရောက်တော်မူကြောင်းလည်း သိရှိရသဖြင့် ဗုဒ္ဓအပေါ်ကြည်ညိုသဒ္ဓါစိတ်တွေက ကျွန်ုပ်၏ရင်ထဲမှာ မဖော်ပြနိုင်အောင်ဖြစ်ခဲ့မိပါသည်။

ဗုဒ္ဓ၏ လူ၊ နတ်၊ ဗြဟ္မာတို့အပေါ်ထားရှိသည့်မဟာကရုဏာတော်ကြောင့် ဗုဒ္ဓ၏သာသနာတော်သည် ယနေ့အချိန်အခါဆိုလျှင် နှစ်ပေါင်းနှစ်ထောင်ငါးရာကျော်အောင်ရပ်တည်နေခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓကိုကြည်ညိုမဆုံးဖြစ်ကြသည့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် နေ့စဉ် စားဦးစားဖျားဖြစ်သော ဆွမ်းဟင်း၊ ဆီမီး၊ ရေချမ်း၊ ပန်း၊ အမွှေးနံ့သာများ မပြတ်ပူဇော်နေကြသည့်အပြင် သစ်သီးနှင့်မုန့်မျိုးစုံတို့ကိုပါ ကပ်လှူပူဇော်နေကြခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ဆိုလျှင် မိတ်ဆွေအပေါင်းအသင်းပေးသည့် မုန့်၊ သစ်သီးများကို ဘုရားအား အရင်ဆုံးကပ်လှူပူဇော်ပြီးမှစားသုံးပါသည်။ လာရောက်ပေးကမ်းသူလည်း ကုသိုလ်ရ၊ မိမိလည်းကုသိုလ်ရသဖြင့် ထိုသို့ပြုလုပ်ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓ၏အကြောင်းအရာအကျဉ်းချုပ်ကို ဤမျှလောက်သိရပါလျှင် ဗုဒ္ဓ၏ လမ်းစဉ်သည် လူ၊ နတ်၊ ဗြဟ္မာအားလုံး နိဗ္ဗာန်ချမ်းသာသို့ရောက်ရှိရေးပင်ဖြစ်ပါသည်။ မဂ္ဂင်လမ်းဖြင့်သွားမှသာလျှင် နိဗ္ဗာန်ချမ်းသာသို့ ရောက်နိုင်ကြောင်းလည်း အတိအလင်း ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် မဂ္ဂင်လမ်းကြောင်းဆိုသည်မှာ ဝိပဿနာတရားပွားများကျင့်ကြံအားထုတ်ခြင်းသာလျှင် ဖြစ်ပါသည်။ ကျွန်ုပ်တို့အသက် (၆၀) ကျော်၊ (၇၀) ကျော် အဘိုးအဘွားများအနေဖြင့် ဗုဒ္ဓစကားကိုနားထောင်သင့်လှသည်ဟု ထင်မြင်ယူဆမိပါသည်။ ကျွန်ုပ်ပင်လျှင် အသက် (၆၀) ပြည့်၍ လုပ်ငန်းခွင်မှအငြိမ်းစားယူပြီး ဝိပဿနာတရားအလုပ်ကို စတင်လုပ်ကိုင်ခဲ့ရသဖြင့် နောက်ကျလေခြင်းဟုမချိတင်ကဲဖြစ်ခဲ့မိပါသည်။ တကယ်တော့ အသက် (၄၀) ကျော် (၅၀)လောက်ကတည်းက စတင်လုပ်ခဲ့ရမှာဟု နောင်တကြီးစွာရနေမိပါသည်။

ခန္ဓာဒုက္ခ မည်မျှကြီးကြောင်းကို ဝိပဿနာအလုပ်လုပ်သည့် ယောဂီမှသာလျှင် ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ပါသည်။ ဝိပဿနာတရားအလုပ်ကို မလုပ်သောပုထုဇဉ်သည် ရုပ်ကိုလည်း မသိ၊ နာမ်ကိုလည်းမသိနိုင်သလို ခန္ဓာငါးပါးကိုလည်း ကောင်းစွာသိမြင်နိုင်မည် မထင်ပါ။ ဒုက္ခကိုခန္ဓာကြီးကာကွယ်ထားသဖြင့် သာမန်ပုထုဇဉ်သည် ခန္ဓာဒုက္ခကို မမြင်နိုင်မသိနိုင်ပါ။ ဉာဏ်ဖြင့်ထိုးဖောက်ကြည့်နိုင်မှသာလျှင် ခန္ဓာ့ဒုက္ခလောက်ကြီးသည့်ဒုက္ခဘယ်မှာမှမရှိသည်ကို သိပါသည်။ ထိုအသိက ဝိပဿနာအားထုတ်သည့်ပုဂ္ဂိုလ်မှ ဉာဏ်နှင့်သိမြင်နိုင်စွမ်းရှိပါသည်။

ယခုဘဝ ဒါန၊ သီလလောက်ဖြင့် တင်းတိမ်ပြီ သေသွားလျှင် နတ်ပြည်သို့ ရောက်သွားနိုင်သော်လည်း နတ်သား၊ နတ်သမီးဘဝမှသေလျှင် လူ့ပြည်ပြန်ရောက်ပြီး လူ့ပြည်မှ သေလျှင် အပါယ်ဘုံသို့ ကျရောက်သွားသူတွေက များစွာရှိပါသည်။ ယခုလူ့ဘဝ၌ ဝိပဿနာတရားအလုပ်အားထုတ်သောပုဂ္ဂိုလ်သည် သောတာပန်တည်သွားပါက အပါယ်ဘုံသို့ လုံးဝမကျရောက်နိုင်တော့ပါ။ သုဂတိဘုံ၌သာနေရပြီး သေလျှင် နိဗ္ဗာန်ချမ်းသာသို့မလွဲမသွေရောက်နိုင်ကြောင်း ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားထားသဖြင့် အရွယ်ရနေပြီးသောအဘိုးအဘွားများအနေဖြင့် ဗုဒ္ဓ၏မှာကြားထားမှုများကို မိမိတို့၏ဘဝနေဝင်ချိန် လက်ကျန်သက်တမ်းလေးတွင် တန်ဖိုးရှိရှိ အသုံးချစေလိုသောဆန္ဒမှာ စာရေးသူ၏ ဖြူစင်သော ရင်တွင်းစေတနာမေတ္တာ ဖြစ်ပါသည်။ ဒါမှလည်း ကလျာဏပုထုဇဉ်ဖြစ်ပါမည်။ အန္ဓပုထုဇဉ်ဆိုလျှင်တော့ သွားရာလမ်းကြောင်းမကောင်းသလို လားရာလမ်းကြောင်းလည်း လုံးဝမကောင်းနိုင်ပါ။ ကလျာဏပုထုဇဉ်သာလျှင် ခန္ဓာကြီးကိုမုန်းအောင်၊ မလိုချင်အောင် အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်များနှင့် သတိရှိရှိ မပြတ်စောင့်ကြည့်နေတတ်ပါသည်။ ခန္ဓာကြီး၏အဆုံး၌ နိဗ္ဗာန်ရှိနေသည်ကိုလည်း ဉာဏ်ဖြင့်မြင်နေသူဖြစ်ပါသည်။

ထို့ကြောင့် အဆုံးလမ်းကြောင်းနှင့် မဆုံးလမ်းကြောင်းကို ရွေးချယ်နိုင်ကြပါစေ။ မရွေးချယ်နိုင်ကြလျှင်ဖြင့် ဆင်းရဲမငြိမ်းသည့် ဘဝသံသရာရေပြင်ကြီးမှာ မြုပ်လိုက်ပေါ်လိုက်၊ ပေါ်လိုက်၊ မြုပ်လိုက်နှင့် ကျွန်ုပ်တို့အားလုံး လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံနှင့် အပါယ်ဘုံတို့မှာ ဘဝပေါင်းများစွာ တစ်ဘဝပြီးတစ်ဘဝ ဘယ်နေရာမှာမှချမရနိုင်သည့် ခန္ဓာ့ဝန်ထုပ်ကြီးကို သွားလေရာ၊ လာလေရာမှာ ပင်ပန်းကြီးစွာဖြင့် သယ်ပိုးနေရမည်ပဲ မဟုတ်ပါလား။

မောင်မောင်အောင်မင်း(ဒဿနိက)

www.burmeseclassic.com

www.burmeseclassic.com

# နေ-လနှစ်ပါး ဘယ်ညာထားပြီး ကြီးပွားရေး စီးပွားရေးလုပ်ကြရအောင်

ဘုန်းခေါင်

ကျွန်ုပ်သည် ကောဇာသက္ကရာဇ် အတွင်း စန္ဒရမာသလတို့တွင် ကြရောက်မြဲဖြစ်သော ကိုးစနေတိုင်းတွင် သုံးလောကသခင် မြတ်စွာဘုရားရှင်အား တတ်စွမ်းသမျှသော ဝတ္ထုပစ္စည်း အစုစုတို့ဖြင့် ကပ်လှူမြဲဖြစ်ပါသည်။

ထိုကိုးစနေပွဲကို ကပ်လှူရာတွင် ကျွန်ုပ်ပူဇော်မြဲဖြစ်သော ကန်တော့ပွဲပုံစံ စနစ်ကို စာချစ်သူမိတ်ဆွေများအတွက် နှစ်သက်လျှင် အသုံးပြုနိုင်ရန် အောက်တွင်ရေးသားဖော်ပြပေးလိုက်ပါသည်။

ကိုးစနေတွင်ကပ်လှူရန် (ဘုရားရှင်အားကပ်လှူ) ရန် အောက်ပစ္စည်းများကို စုဆောင်းပြင်ဆင်ပြီး ကပ်လှူရပါမည်။

၁။ အုန်းသီးတစ်လုံး
၂။ ငှက်ပျောသုံးဖီး (ဖီးကြမ်းအစိမ်း)
၃။ ရွှေထီးတစ်လက် (ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာ၊ ယပ်၊ သာသနာ့အောင်လံ) အစုံလိုက်အဖြူရောင်။
၄။ မုန့်၊ သစ်သီး (ဆောင်ရွက်မည့်သူ၏ သဒ္ဓါအတိုင်း)
၅။ အောင်သပြေပန်း၊
၆။ ဖယောင်းတိုင်၊ အမွှေးတိုင်
၇။ သင်္ကန်း (သင်းပိုင်ဖြစ်စေ၊ ဧကသီဖြစ်စေ ကာယကံရှင်၏သဒ္ဓါတရားနှင့်အခြေအနေပေးသလို)

တင့်တယ်အောင် ပြင်ဆင်ပြီး ဘုရားရှင်အား ကပ်လှူရမည် ဖြစ်ပါသည်။ ပွဲကပ်လှူရာတွင် (၇) ရက်တိတိ အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

**□ ဆောင်ရွက်ရန်များ**

၁။ သာသနာတော်စောင့်နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့ ဖိတ်ကြားပါ။
၂။ ဝိဇ္ဇာလေးပါး၊ မဟိဒ္ဓိပုဂ္ဂိုလ်များ၊ ပေါက်ပညာ (၆၄) ရပ် ၂၄ ပေါက် မြောက်ခဲ့ကြသောပုဂ္ဂိုလ်များဖိတ်ကြားပါ။
၃။ လှူပွဲပစ္စည်းများကပ်လှူပါ။
၄။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုမွန်တောင်းခံခြင်းတို့ ပြုလုပ်ပါ။
၅။ အောက်ပါတို့ကို ရွတ်ဖတ်ပူဇော်ပါ။
(က) ဓမ္မစက္ကပ္ပဝတ္တနသုတ်၊
(ခ) ရတနသုတ်
(ဂ) မေတ္တာသုတ်
တို့ ရွတ်ဖတ်ပူဇော်ပါ။
၆။ ဝေနေယျအားလုံးတို့ကို မေတ္တာပေးဝေပါ။ ကုသိုလ်အမျှပေးပါ။
၇။ ဖိတ်ကြားထားသူများကိုပြန်ပို့ပါ။

ကျွန်ုပ်ဆောင်ရွက်သည့်အတိုင်း ဖော်ပြပေးလိုက်ပါသည်။

၁၃၇၉ ခု၊ နယုန်လဆန်း ၉ ရက် (၂၀၁၇ ခု၊ ဇွန်လ (၃) ရက်) သည် စနေနေ့အခါကြုံလာသည်ဖြစ်၍ ၉ ရက်၊ စနေနေ့မရောက်မီ ဒီနေ့ ၂၀၁၇ ခု၊ ဇွန်လ ၂ ရက်၊ သောကြာနေ့ကပင် စတင်ပြီး ကြိုတင်ပြင်ဆင်သင့်သောကိစ္စများကို စီမံထားလိုက်ရပါသည်။

နယုန်လဆန်း ၉ ရက်၊ စနေနေ့။

ကျွန်ုပ်နေထိုင်ရာအိမ်၏ မြောက်ဘက်တွင်တည်ရှိသော သီလရှင်၊ ရဟန်းသံဃာ၊ သာမဏေများနှင့် စခန်းဝင်ယောဂီများစုဝေးရာ မိုးကုတ်ရိပ်သာမှ နံနက်စက်နာရီ (၄) နာရီတွင် နိဗ္ဗာန်ဆော်ကြိုးခွေဖွင့်ပြီး ယောဂီများကို နှိုးမြဲဖြစ်ပါသည်။ (၂) ဖာလုံ၊ (၃) ဖာလုံ အဝေးလောက်မှနေပြီး အသံချဲ့စက်ဖြင့်ဖွင့်ထားသဖြင့် အတိုင်းတိုင်းကြားနေရပါသည်။

ကျွန်ုပ် အိပ်ရာကသပြီး ကိုယ်လက်သန့်စင်ပြီး ခန့်မှန်းတစ်မိုင်အဝေးလောက်ရောက်အောင် လမ်းလျှောက်ထွက်ပါသည်။ အသွားအပြန် (၂) မိုင်လောက်ရှိမည်ဖြစ်ပါသည်။

အိမ်ပြန်ရောက်တော့ ကော်ဖီပူပူတစ်ခွက်သောက်ပြီးသည်နှင့် နိစ္စဓူဝကျင့်ဝတ်နှင့်အဓိဋ္ဌာန်ကျင့်စဉ်အပြင် ယခုကိုးစနေပွဲကို အထူးကပ်လှူရသောကိစ္စများအတွက်ဆောင်ရွက်ရန် ဘုရားခန်းကိုဝင်ရပါတော့သည်။

ကျွန်ုပ်ဘုရားခန်းမှပြန်ထွက်လာချိန်တွင် တပည့်မောင်စောလှမြင့်နှင့် မောင်မောင်စိုးတို့အပြင် အဝေးမှတပည့်များလည်းရောက်နေကြသည်ကို တွေ့လိုက်ရပါတော့သည်။

မောင်မောင်စိုးဟုအမည်ရှိသော တပည့်သည် တပည့်များထဲတွင် တစ်မျိုးတစ်မည်ထူးခြားသူဖြစ်ပါသည်။ ၎င်းသည် မိဘတို့၏လက်ငုတ်လက်ရင်းဖြစ်သော တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေသူ ဖြစ်လေသည်။

ရတနာသုံးပါး၊ အနန္တငါးပါးကို အထူးရိုသေလေးစားသူဖြစ်သလို ဝိဇ္ဇာဓရဂမ္ဘီရပညာကိုလည်း နှစ်သက်လေသည်။ ယခုလို ကိုးစနေအခါကာလကြုံသည်နှင့်လည်း အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုကို လာရောက်တောင်းခံပြီး ပြီးမြောက်အောင် ဆောင်ရွက်သူတစ်ယောက်ဖြစ်လေသည်။

အချို့သောအဝေးမှလာရောက်ကြသည့် တပည့်များကဆိုလျှင် ကျွန်ုပ်တို့မြို့တွင် အထင်ကရ နှစ်စဉ်အမြဲ ရက်ရှည်ဈေးပွဲတော်ကြီးခင်း၍ ဇာတ်ပွဲပျော်ပွဲများတို့ဖြင့် ဆွမ်းချပွဲတော်ကြီးပြုလုပ်သည့် အလောင်းစည်သူမင်းကြီးတည်ထားခဲ့သော သီဟိုဠ်ရှင်ဘုရားပွဲတော်ကြီးကိုလာရင်း ကျွန်ုပ်ထံရောက်လာကြခြင်း ဖြစ်လေသည်။

စာချစ်သူမိတ်ဆွေများသိထားပြီးသည့်အတိုင်း အမြဲတမ်းအမေးအမြန်းထူသလို တောင်းရန်တတ်သော တပည့် မောင်စောလှမြင့်က သူ့ဝသီအတိုင်း စကားစပါလေတော့သည်။

"ဘိုးတော်၊ နယုန်လကိုးစနေပွဲမှာ ကျွန်တော်တို့အတွက် ကျင့်စဉ်တစ်ခု ပေးပါ။ နောက်လက်ဝဲလက်ယာနှစ်ဖွယ် အစွမ်းရှိတဲ့အဆောင်လည်း ချီးမြှင့်ပါ"


ဟု တောင်းဆိုလေသည်။

စုဝေးရောက်ရှိနေကြသောတပည့်များကပါ မောင်စောလှမြင့် ပြောစကား နောက်လိုက်ပါပြီး ကျွန်ုပ်ကို သူတို့ဆန္ဒ ပြောပြပြီး တောင်းဆိုကြလေတော့ သည်။ သို့နှင့်ပင် ကျွန်ုပ်သည် ကိုးစနေ အခါအတွက် အဓိဋ္ဌာန်ကျင့်စဉ်တစ်ခု ချီးမြှင့်လိုက်ပါသည်။ နောက်နှစ်ဖွယ် ထူးထူးခြား စမဖြစ်သော လရထား နေ ရထားစမကိုပေးရန် ကတိပြုလိုက်ရ တော့သည်။


ကျွန်ုပ်ကိုယ်တိုင် နှစ်ပေါင်း (၅၀) ခန့်လေ့လာခဲ့ရသော ဝိဇ္ဇာဓရဂမ္ဘီရပညာ နယ်မှ တွေ့ရသိရသည့်အင်းများ စမများ စွာထဲမှ ထူးထူးခြားခြားမှုကွဲများစွာတို့ တွေ့ကြုံရရှိခဲ့ပါသည်။ထိုတွေ့ကြုံရသော အင်းများ၊ စမများထဲမှ လွန်စွာအ ပေးသန်သော နေ + လရထား စမ ချီးမြှင့်မည်ဟု ကတိပေးလိုက်ခြင်း ဖြစ်

www.burmeseclassic.com

'လ'ရထားစမပုံ



'နေ'ရထားစမပုံ



သည်။

တပည့်များ၏အလိုကိုဖြည့်ဆည်းပေးလိုက်ရုံဖြင့်ကျွန်ုပ်၏စိတ်ဆန္ဒပြည့်ဝမှု မရှိသေးပါ။ အရပ်ရှစ်မျက်နှာမှာနေထိုင်ကြသော ခုနစ်နေ့သားခုနစ်နေ့သမီးများ အတွက် ပြည့်စုံကုံလုံကြသူများဖြစ်စေ၊ မပြည့်မစုံ ရပ်တည်ကြရသောသူများ အတွက်ဖြစ်စေ ပါရမီအထောက်အပံ့ အနေဖြင့် ရေးသားတင်ပြလိုသော စေတနာဖြင့် သူရဋ္ဌမဂ္ဂဇင်းကြီးမှတစ်ဆင့် ရေးသားတင်ပြ၍ ဆန္ဒတူ၍ညီမူကြသူများအသုံးပြုပြီး လောကီချမ်းသာနှင့် လောကုတ္တရာချမ်းသာ (၂) ဖြာသော အကျိုးကို ရရှိနိုင်ကြစေရန် ဖြစ်ပါသည်။

- လရထားစမသည် ကျွန်ုပ်တွေ့ဖူးသမျှထဲမှ အထူးခြားဆုံးစမလည်း ဖြစ်ပါသည်။ ထိုစမကိုဆောင်သူသည် အမိ၏မေတ္တာကို ထာဝရရရှိသကဲ့သို့မေတ္တာအေးရိပ်ကိုရရှိခြင်း။
- စီးပွားဥစ္စာရှာရန်တွင် အပြိုင်အဆိုင်ရှိသော်လည်း မေတ္တာဖြင့်အောင်နိုင်ခြင်း။
- မထင်မှတ်သော ငွေကြေးများဝင်ရောက်ခြင်းတို့နှင့်ကြုံမည်ဖြစ်သည်။ အရောင်းအဝယ်လုပ်ငန်းတွင် သိသိသာသာရောင်းဝယ်ကောင်းခြင်း။
- နေရထားစမသည် အတွဲလိုက်ဖြစ်သော်လည်း အစွမ်းသိဒ္ဓိမတူကွဲပြားပါသည်။ ထိုစမသည် အဖနှင့်တူသောခွန်အားကိုပေးစေသည်။
- စီးပွားရှာရာတွင် ရန်မာန်အားလုံးမှလွတ်ကင်းခြင်း။
- ရရှိသောစီးပွားဥစ္စာကို လုံခြုံခြင်း၊ ခိုင်မြဲခြင်း။
- ဩဇာအာဏာကြီးခြင်းတို့ဖြစ်မည်။
- ဝန်ထမ်းများဆိုလျှင် အထက်လူကြီးမှ ခင်မင်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များလေးစားခြင်း၊ ရာထူးဌာနန္တရကောင်းကိုရခြင်း စသည်တို့ ဖြစ်မည်။ အထက်တွင်ဖော်ပြခဲ့သည့် အကြောင်းတို့သည် အကျဉ်းမျှသာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ မိတ်ဆွေအနေဖြင့် ဆောင်ရွက်ရန် ပြုဖွယ်များပြီးစီးပါက ဆောင်ထားချိန်တွင် ပိုမိုပြီး အကြောင်းကောင်းပေါင်းများစွာဖြင့် ကိုယ်တွေ့ကြုံကြမည်ဟုသာ ဆိုချင်ပါသည်။

**- နေ၊ လရထားစမစီမံရပုံ**

- မဂ္ဂဇင်းတွင်ပါရှိသော စမပုံများကို မိမိနှစ်သက်သည့်အရွယ်အစားအတိုင်း မိတ္တူကူးပါ။
- စမ (၂) ပုံကို ကျောချင်းကပ်ပြီး ပလတ်စတစ်လောင်းပါ။

စမပုံများစီမံပြီးပါက အောက်ပါအတိုင်းဆောင်ရွက်ပါ။

၁။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်းနှင့်ဆုမွန်တောင်းခံပါ။

၂။ ရတနသုပရိတ်တော်ကို သနပ်ပြင်အောင် ဖြည်းဖြည်းချင်းအမှားကင်းအောင်ရွတ်ဆိုပူဇော်ပါ။ (မိတ်ဆွေအနေဖြင့် ရတနသုတ်ပရိတ်တော်ကို နှုတ်တိုက်ဖွဖွအာဂုံရနေပါစေ။ ပရိတ်စာအုပ်ကိုကြည့်ပြီး ရွတ်ဖတ်သင့်ကြောင်း အကြံပြုပါသည်။)

၃။ စတင်ဆောင်ရွက်ချိန်တွင် (၉) ရက်တိတိ မပျက်မကွက် ဆောင်ရွက်ပါမည်ဟု အဓိဋ္ဌာန်တင်ပါရန်။

ကျွန်ုပ်တို့ကိုးကွယ်အားထားသော ထေရဝါဒဗုဒ္ဓဘာသာသည် ပြောစရာမကျန်မရှိအောင် ပြည့်စုံပြီး ကြီးပွားချမ်းသာမှုကိုပေးပါသည်။ အမျိုးမျိုးသော အတွေးအမြင်များစွာ ရရှိနိုင်ပါသည်။ မိတ်ဆွေအနေဖြင့်လည်းဖြစ်နိုင်ပါသည်။ ယခုဖော်ပြထားသောစမများတွင်ပါဝင်နေသည့်ဗျည်းများကိုပင် စာတစ်လုံးဘုရားတစ်ဆူဟုအယူရှိကြသူရှိပါသည်။ မဟာယာနဂိုဏ်းမှုဟု ဝေဖန်သူလည်းရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့၏သုံးလောကသခင်ဖြစ်သော မြတ်စွာဘုရား၏ နှုတ်ထွက်စကားပရိတ်တော်များကို ထုံမွမ်းပူဇော်ခြင်းဖြင့် အမှန်ကို လျှောက်လှမ်းခြင်းသာဖြစ်ပါသည်။

မိတ်ဆွေနှစ်လိုပါက ဆောင်ရွက်နိုင်ရန်အတွက် စမပုံများကို သီးခြားဖော်ပြပေးထားပါသည်။

ဝိဇ္ဇာရောဂမ္ဘီရပညာသည် လွန်စွာခက်ခဲ၏။ သိမ်မွေ့၏၊ နက်ရှိုင်းလှပါ၏။ မည်မျှပင် ခပ်ယူသုံးစွဲသော်လည်း မကုန်နိုင်သော အလွန်အေးမြ၍ ခွန်အား၊ ဉာဏ်အားတိုးပွားစေသော ဣန္ဒြေသမဆေးကြီးနှင့်တူသော ပညာနို့ရည်မှာ သူတော်ကောင်းများ၊ သီလသမာဓိနှင့် ပြည့်စုံသူတို့၏ အရာသာဖြစ်ကြောင်း သိဒ္ဓိရာဇာဆရာအောင်၏ လက်ရေးမူကျမ်းတွင် ဖော်ပြထားသည်ကိုလည်း သုတအလို့ငှာ တင်ပြပေးလိုက်ပါသည်။

မိတ်ဆွေအနေဖြင့် ပြီးမြောက်အောင် ဆောင်ရွက်ခြင်းဖြင့် သင့်ဆန္ဒပြည့်ပါလိမ့်မည်။ လက်လျှော့သူသာ အရှုံးနှင့်ရင်ဆိုင်ရမည် ဖြစ်ပါသည်။

မိမိဆန္ဒအောင်မြင်ကြသူတိုင်း မိမိကို သွန်သင်ဆုံးမ ပညာပေးခဲ့ကြသော ဆရာများကို သဒ္ဓါပြဋ္ဌာန်းသလောက် ပူဇော်ကန်တော့ကြပါဟု မူလဆရာက မေတ္တာရပ်ခံထားသည်ကိုလည်း အသိပေးလိုက်ရပါတော့သည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ဘုန်းခေါင်

မှီငြမ်း -

သိဒ္ဓိရာဇာဆရာအောင်၏
လက်ရေးမူအင်းစမကျမ်း



www.burmeseclassic.com

www.burmeseclassic.com



သောက်နေထိုင်ကြသူများလည်း အများအပြား နေထိုင်လျက်ရှိကြလေ၏။

□ ကျောက်တူးသူများ

မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်မှသည် ယနေ့ထိတိုင် မိုးကုတ်ပတ္တမြားမြေ၌ ပတ္တမြား(ခေါ်) ကျောက်မျက်ရတနာများ တူးဖော်ရှာဖွေနေဆဲ ဖြစ်သည်။ ပတ္တမြားကို အခြေပြုလျက် လုပ်ကိုင်စား

ပတ္တမြားမြေ၏ အရင်းအမြစ်မှာ ကျောက်မျက်ကုန်ကြမ်းများရရှိရေးဖြစ်သည်။ ကျောက်မျက်ကုန်ကြမ်းရှိမှသာ ကျောက်ရောင်းဝယ်ခြင်း၊ ပွဲစားလုပ်ခြင်း ကျောက်သွေးခြင်း စသည်တို့ လုပ်ကိုင်၍ရပါသည်။ ထို့ကြောင့် အရင်းအမြစ်



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

# ပြကျောက် ၁၉

ကျသော ကျောက်မျက်ကုန်ကြမ်းရရှိရေးသည် ကျောက်တွင်းလုပ်မှသာ ထိုကျောက်တွင်းမှ ရရှိနိုင်ခြင်းဖြစ်ပေ၏။ ထို့ကြောင့်လည်း လူအများစုသည် ကျောက်တူးခြင်းဟုခေါ်သော တွင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

ကျောက်တူးသူအများစုသည် ဂမ္ဘီရဆန်လှသော ပြကျောက်ကို မြင်ဖူးကြသည်က များပါသည်။ လျှပ်တစ်ပြက်မြင်လိုက်ရသောကျောက်သည် မျက်စိထဲစွဲထင်သွားသော်လည်း တကယ်ရရန်မှု ခက်ခဲကြပါသည်။ မျက်စိထဲလျှပ်တစ်ပြက်အတွင်းမြင်လိုက်ရသဖြင့် ကျောက်ကြီးပါပြီဟူ၍ ဝမ်းသာရသော်လည်း အသေအချာဆေးကြည့်သော် ထိုခဏတာမြင်လိုက်ရသောကျောက်သည် ရှာ၍ မရတော့ပေ။ ထိုသို့သော ကျောက်သည် ပြကျောက်ပင် ဖြစ်သည်။

ရှာ၍မရသောအခါဝယ် မျက်စိကဖြစ်တာပါဟူ၍ ဖြေသိမ့်လိုက်ကြရပါသည်။ အများအားဖြင့် ရေများများဖြင့် မျှောတိုက်ကြရသော မိုးရာသီမျှောတွင်းများတွင် အတွေ့များကြလေ၏။ ရှံဖန်ရှံခါတွင်မူ လက်ထဲရောက်မှ ပျောက်သွားကြသည်များလည်းရှိတတ်ပါသည်။

ပတ္တမြားရတနာ ကျောက်ကြီးကျောက်ကောင်းတို့ဟူသည် နတ်ပစ္စည်းဖြစ်ရာ နတ်ပေးမှရလေ၏။ နတ်ကမပေးသော် မြင်သာမြင်ရ မကြင်ရ ဟူသောစကားကဲ့သို့ မြင်ရုံသာမြင်လိုက်ကြရပြီး လက်လွတ်ဆုံးရှုံးသွားသည်တို့ များစွာကြုံကြရပါသည်။

ရှေးဘုန်းရှေးကံရှိပါက မမြင်လျှင်မြင်အောင်၊ မရလျှင် ရအောင်ပြပေးတတ်လေ၏။ ရှေးဘုန်းရှေးကံမပါခဲ့သော် မြင်ဖူးသည်ရှိအောင် ပြရုံသာပြ၍ ပျောက်ကွယ်ကုန်သည်များမှာ အဆန်းမဟုတ်တော့ပါ။

အချို့ ကံမပါသူမှာ ကျောက်ကြီးကျောက်ကောင်းရသော်လည်း ပဲလှော်ရောင်းသလို ခပ်ပေါပေါရောင်းပေးတတ်ရာ ပေးကားပေး၏ မရ ဆိုသလိုဖြစ်ကာသူ့အတွက် ပြရုံသာပြသော ပြကျောက်ဖြစ်ရပြန်ပါသည်။ ထိုပြကျောက်ကားကျောက်ကုန်သည်အတွက်သာဖြစ်သော ပြကျောက်ဖြစ်ရာ အဆမတန် အမြတ်အစွန်းရလေ့ရှိ၏။

မိုးကုတ်အနောက်ပိုင်း ကျွန်ုပ်နေထိုင်ပြီး နှစ်ပေါင်း (၃၀)တိတိနေထိုင်ကာ ကျောက်မျက်တူးခဲ့သော ကျောက်ဖျာရွာလေး၌ ဦးဘမောင် ဟူသော မုဆိုးဖိုကြီးတစ်ဦးရှိခဲ့ဖူးပါသည်။ သူသည် တစ်ဦးတည်း ကျောက်ဖျာချောင်းရိုး၌ တွင်းလုပ်သူဖြစ်ရာ သူ၏ ပြကျောက်အတွေ့အကြုံများကလည်း တစ်မျိုးတစ်ဘာသာဖြစ်ပါသည်။

**၂ ဦးဘမောင်**

ဦးဘမောင်ကား သူကြီးဦးသာအောင်၊ ဒေါ်ထွန်းတို့၏ သားအကြီးဆုံးဖြစ်သည်။ ကျောက်ဖျာသူကြီး ဦးသာအောင်၌ ဦးဘမောင်၊ ဒေါ်စောမယ်၊ ဒေါ်စောချယ်၊ ဦးအေး၊ ဦးအောင်စိဟူ၍ သားသမီးငါးဦးထွန်းကားခဲ့ပါသည်။

၁၉၇၂ ခုနှစ်၌ ကျွန်ုပ်သည် ကျောက်တွင်းတူးရန် စတင်ရောက်ရှိစဉ်၌ ဦးဘမောင်သည် ညီမဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စောချယ်အိမ်၌ ထမင်းစားကာ အရှေ့ဘက်၌ ကပ်လျက်တည်ရှိသော ညီဖြစ်သူ ဦးအေးအိမ်၌ အိမ်ရှေ့ဧည့်ခန်းတွင် ခုတင်တစ်လုံးဖြင့်အိပ်ပါသည်။

ဦးဘမောင်သည် ငယ်စဉ်က အိမ်ထောင်ကျဖူးသည်ဟု ဆိုပါသည်။ တောခေတ်အရ ခေတ်မီဆေးဝါးများ မပေါ်သေးသဖြင့် သူ့ဇနီးသည် အရပ်လက်သည်ဖြင့်မွေးရာ မိခင်မှာ ဆုံးပါးသွားပြီး သမီးလေးမှာမူ အသက်ရှင်ကျန်ရစ်ပါ သည်။

ထိုသမီးလေးအား အလွန်ပင် တွယ်တာမြတ်နိုးသော ဦးဘမောင်သည် သူ့ဘဝ၌ သမီးလေးကိုသာ ပုံ၍ ချစ်ရပါသည်။ သို့သော်လည်း လှပတင့်တယ်သော သမီးလေးသည် အပျိုဖော်ဝင်စအရွယ်၌ သွေးမမှန်သောဝေဒနာဖြင့် ဆုံးပါးသွားခဲ့ပါတော့သည်။ ထိုအခါဝယ် သူ့ဘဝတစ်ခုလုံး ပြိုလဲသွားပြီဟု ခံစားရကာ ပတ်ဝန်းကျင်နှင့် ခပ်ကင်းကင်းနေထိုင်ပါတော့သည်။ ရပ်ကိစ္စရွာကိစ္စ၊ သာရေးနာရေး စသည်တို့ပင်မဝင်တော့ဘဲ တစ်ဦးတည်း ဆေးတံခဲကာ စဉ်းစားခန်းဝင်နေလေ့ရှိသည်။ အလွန်ရင်းနှီးပါမှ စကားအနည်းငယ်ပြောပါသည်။

အချိန်တန်လျှင် ညီမဖြစ်သူ ဒေါ်စောချယ်အိမ်၌ ထမင်းစား၏။ စားပြီးလျှင် သူ့ဖခင် သူကြီး၏နေအိမ်၊ လက်ရှိတွင်မူ ညီဖြစ်သူ ဦးအေး၊ ဒေါ်အုန်းလှိုင်အိမ်သို့ပြန်ကာ ခုတင်ပေါ်တွင်ထိုင်၍ သို့မဟုတ် လဲလျောင်း၍ ဆေးတံခဲနေလေ့ရှိသည်။ သို့သော် တွင်းသွားချိန်တန်ပါက မဝေးလှသော ကျောက်ဖျာချောင်းရိုးရှိ သူ့မျှောတွင်းလေးသို့သွားလေ့ရှိ၏။

ပတ္တမြားတူးဖော်ခြင်းတည်းဟူသော ကျောက်တွင်းလုပ်ငန်းသည် ကံသာ အဓိကကျ၍ ဉာဏ်နှင့် ဝီရိယပါ ပူးတွဲလုပ်ဆောင်ရသောလုပ်ငန်းဖြစ်သည်။ ကံမရှိက ဉာဏ်ရှိတိုင်းမွဲ ဟူသောစကားအတိုင်းပင် မည်မျှကျွမ်းကျင်ကာ ဉာဏ်သုံး၍ လုပ်နိုင်ကြသော်လည်း ကံမရှိသော် ထမင်းစားကျောက်တည်း ဟူသော အောက်ကျောက်မျှပင်ရရန်မလွယ်ကူပါ။ ကံကပေး၍ ကံကကျွေးမှသာစားရပါသည်။

ဘာမှမြင်ရသော မြေကြီးထဲက ရတနာကို အာသာငမ်းငမ်းရှာဖွေကြပါသော်လည်း ကံမသင့်၍ဘာမှမရခဲ့သော် လွန်စွာပင် ကြောက်ဖွယ်ကောင်းလှပါ



သည်။ ကျွန်ုပ်ပင်လျှင် အသက် (၄၀) ကျော်အရွယ်၌ တွင်းမှ တစ်နှစ်ပတ်လုံး လုပ်ခဲ့ရာ ငါးကျပ်မျှပင်လျှင်မဝင်သဖြင့် တွင်းသားတစ်သိုက်နှင့် ဒုက္ခရောက်ခဲ့ရဖူးပါသည်။

ကျောက်တွင်းလုပ်ငန်း ဟူသည် ရရမရရ ပုံမှန်အချိန်မှန်သွားရောက်လုပ်ကိုင်နေဖို့သာ အရေးကြီးပါသည်။ ထိုက်တဲ့တစ်နေ့ ရလိမ့်မည်ဟူ၍သာ စိတ်မှာပိုက်လျက် ဝီရိယရှိရှိလုပ်နေရပါသည်။

ဦးဘမောင်မှာလည်း ကျောက်ဖျာချောင်းရိုးတွင် တစ်နိုင်တစ်ပိုင် မျှောတွင်းကလေးရှိရာ အချိန်တန်လျှင် တွင်းသို့သွား၍ တွင်းဆင်းပါသည်။ ကျောက်ရခြင်းမရခြင်းထက် ပုံမှန်လှုပ်ရှားနေရသောအခါ ထမင်းစားကောင်းသလို ကျန်းမာရေးနှင့်လည်း ညီညွတ်ပါသည်။ တောခေတ်အတိုင်း ယောကျ်ားတို့သည် အသက် (၇၀)အထိ တွင်းဆင်းလေ့ရှိကြပါသည်။

ကျောက်ဖျာရွာမှ ဘိုးစိန်သည် အသက် (၈၀)နီးပါးအထိ တွင်းဆင်းခဲ့ဖူးပါသည်။ (၈၀) နီးသော် ဖျားနာကာ တစ်ခါတည်း သေဆုံးသွားခဲ့ပါသည်။ သေသည်အထိ တွင်းဆင်းသူဟု ဆိုရပါမည်။ ဘိုးစိန်လိုလူမျိုးကလည်း သူတစ်ယောက်သာပေါ် ဖူး၏။

**□ ကျောက်ကောင်းရခြင်း**

မိုးကုတ်သားပီပီ တစ်သက်လုံး တွင်းလုပ်ခဲ့သူ ဦးဘမောင်သည် မျှောတွင်းပညာတတ်ပြီးဖြစ်ရာ တစ်ယောက်တည်းဖြစ်သော်လည်း အခက်အခဲသိပ်မရှိပါ။ အမှန်သော် နှစ်ယောက်ဆိုက ပို၍ကောင်းပါသည်။တိုင်ပင်ဖော်တိုင်ပင်ဖက်လည်းရ၏။ လုပ်အားလည်း ပို၍ တွင်၏။ တစ်ဦးတည်းကံထက် နှစ်ဦးကံကပို၍ အားကောင်း၏။ သို့သော် ဦးဘမောင်သည် ဘယ်သူနှင့်မှ မဆက်နွယ်လိုပါ။ တစ်ဦးတည်း အထီးကျန်စွာနေလာခဲ့သည်မှာ ထုသားပေသားကျနေပြီဖြစ်သည်။ သူ့ဘဝတွင် အများနှင့်စကားဖောင်ဖွဲ့ခြင်းကင်းခဲ့သည်မှာ ကြာပြီဖြစ်ရာ ဘယ်သူ့ကိုမှ ဘာမှပြောလိုစိတ်မရှိပေ။ ညီမဖြစ်သူက အစ်ကိုကြီးအဖရာထား၍ ကြည်ဖြူစွာ ကျွေးမွေးစောင့်ရှောက်နေသည်ဖြစ်ရာ ပူပင်ခြင်းကြောင့်ကြခြင်းလည်းကင်းသူ ဖြစ်သည်။

လူတစ်ရပ်နီးပါးရှိသော ချောင်းအဟောင်းတော၌ မျှောတိုက်နေသော ဦးဘမောင်သည် တစ်လလျှင် လေးမှန်မျှဆေးပါသည်။ ချောင်းရိုးသည် ကျောက်ပါးသောလုပ်ကွက် ဖြစ်သည်။ သူများအထပ်ထပ်လုပ်ကာပစ်ထားသော အဟောင်းတို့ကို မျှောတိုက်ရသည်ဖြစ်ရာ ကျောက်မှာ ရှားပါးလှပါသည်။

အချိန်သည် တော်လှန်ရေးအစိုးရမှ ကျောက်တွင်းများ ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်း ပြည်သူပိုင်ပစ္စည်းအား ခိုးတွင်းအဖြစ်ခိုး၍လုပ်ကြသောခေတ်ဖြစ်သည်။ ကျောက်တွင်းလုပ်ငန်းမှတစ်ပါး အခြားလုပ်စရာရှိသောလူတို့သည် ဥပဒေကိုမျက်ကွယ်ပြုကာ ခိုး၍လုပ်ကိုင်ကြရပါသည်။

ဦးဘမောင်သည် ယနေ့ တွင်းဆေးမည်ဖြစ်ရာ မနေ့ကပင် မျှောခွက်ထဲ ကျောက်ဖြုန်းများကုန်စင်အောင်ကော ထားခဲ့ပြီးဖြစ်သည်။ မြောင်းမြီးလည်း လှန်ထားပြီးသားဖြစ်ကာ ဆေးရန် အသင့်ရှိနေပါသည်။

တွင်းတောရောက်သည်နှင့် တွင်းတဲသေးသေးလေးထဲထိုင်ကာ ဆေးတံ တစ်ဆုံဖွာလိုက်ပါသည်။ ပြီးမှ ဆေးတံ ကိုခဲကာ ချောင်းသို့သွား၍ ချောင်းအား ခဲလုံးကြီးများဖြင့်ပိတ်ကာ ရေကို မြောင်းထဲသို့ ဆေး၍ရရုံမျှသောရေ ချိန်ဆ၍ထည့်လိုက်ပါသည်။ ခဏနှင့်ပင် ရေသည် မျှောခွက်ထဲသို့ တဝေါဝေါ လေ၏။

ပေါက်ပြားနှင့် ခေါက်ဆန်ခါ ဖွက်ထားသောချုံထဲမှ ဆွဲထုတ်ကာ ကျစလုတ်ဆီသွားပါသည်။ ရေ ကြောင့် စလုတ်သည် တဗွက်ဗွက် လျက်ရှိရာ ပေါက်ပြားမွှေကာ ထိန်းလျက် မုန့်တို့ကို ဦးစွာထုတ် လိုက်သည်။ ပြီးမှ ဖင်ခုတန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com

ကာ ဆန်ခါစ၍ထိုးပါသည်။ ဆန်ခါထိုးလိုက်၊ ခလောက်လိုက်၊ ကြည့်လိုက်၊ ကျောက်ဖြုန်းများ စောကူထဲထည့်လိုက်၊ စောကူပြည့်ပါက ကျောက်စည်ထဲသွန်လိုက်နှင့် ထုံးစံအတိုင်းလုပ်နေရပါသည်။ ဆန်ခါထိုးပြီး၍ စလုတ်ကျင်းချောင်သွားပါက အပေါ်မှ သဲများဆွဲချရပါသည်။ စလုတ်မပြည့်တပြည့်တွင် ဆန်ခါဆင်း၍ ခေါက်ရပြန်ပါသည်။ ထိုသို့အကြိမ်ကြိမ် ဆန်ခါခေါက်ပြီး၍ သဲစစ်များရသော် သဲကျုံးရပါသည်။

စောကူထဲသို့ သဲများတစ်ဆုပ်ပြီးတစ်ဆုပ်ပက်ထည့်နေသောအခါ ကျောက်ကြီးကျောက်ကောင်း ပါ၊ မပါ စူးစိုက်သောမျက်လုံးတို့ဖြင့် ကြည့်ရပါသည်။ ကျောက်မြင်ပါက ကောင်းကောင်း၊ မကောင်းကောင်း စလုတ်ဦး၌ ထောင်၍ စိုက်ထားသော ကျောက်ပေါက်ထဲသို့ ကောက်ထည့်ရပါသည်။

သဲသည် ချောင်းသဲဖြစ်ခြင်း၊ အဟောင်းသဲဖြစ်ခြင်းတို့ကြောင့် ကျောက်မာရှာ၊ မုပဆစ်တို့ဖြင့် မည်း၍နေပါသည်။ မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြသော တွင်းသမားတို့သည် မျှော်လင့်ခြင်းကြီးစွာ ကျောက်ကြီးကျောက်ကောင်းကို အစဉ်ထာဝရ မျှော်လင့်ကြပါသည်။ သို့သော် လွယ်ကူသည်တော့မဟုတ်ပါ။ ကျောက်ကြီးကျောက်ကောင်းဟူသည် ရခဲပါဘိခြင်း၊ အလွန်သေးငယ်သော အမှုန်အညာလေးများသာ တစ်ခါတစ်ရံ တွေ့ရတတ်ပါသည်။

သို့နှင့်ပင် သဲသည် တစ်ဝက်မျှကုန်သွားပါသည်။ စုစုပေါင်း (၈)စလုတ်မျှ ကျုံးရမြဲဖြစ်ရာ ယခု သဲငါးစလုတ်ကျုံးပြီးပြီဖြစ်သည်။ (၆)စလုတ်မြောက်ကျုံး၍ ဆန်ခါခေါက်ရာ ရဲခနဲမြင်လိုက်သဖြင့် လက်ကို ဘရိတ်ထိန်းကာ ရဲရဲနီနေသော ကျောက်ကိုကောက်ကာ လျှပ်တစ်ပြက်နေပဏ္ဏာတွင် ထောင်ကြည့်လိုက်၏။

ရချင်တာကိုရပြီဖြစ်၍ ရင်ထဲတွင် ကြည်နူးနေပါသည်။ နေပဏ္ဏာ၌ ဖန်ဂေါ်လီလို လုံးဝန်းချောမွတ်နေသော ပတ္တမြားအစစ်သည် ရဲရဲတောက်နေလေ၏။ အရွယ်အားဖြင့် (၆)ကာရက်ခန့်ရှိမည်ဖြစ်ရာ အပြစ်စင်၊ ဂေါ်စင်၊ အရည်ပြည့်ပတ္တမြားဖြစ်၍ တန်ဖိုးကြီးပတ္တမြားတစ်ပွင့်ဖြစ်ကြောင်း ချက်ချင်းသိပါသည်။

သို့ကြောင့် ထိုတန်ဖိုးကြီးကျောက်အား ကျောက်ပေါက်ထဲသို့မထည့်ဘဲ ပါးစပ်ထဲသို့ထည့်ကာ ငုံထားလိုက်ပါသည်။ ကျောက်စစ်ကျောက်ကောင်းတို့သည် သိဒ္ဓိရှိရာ မိမိနှင့်မထိုက်ပါက ပျံထွက်သွားတတ်ကြောင်း သိထားပြီးဖြစ်သည်။ ထိုအခါ ထိုသိဒ္ဓိရှိပတ္တမြားသည် တံတွေးနှင့်ထိပါက ပျံထွက်သွားနိုင်စွမ်းမရှိတော့ပေ။ ရသူသာထိုက်လေ၏။

ကျောက်ကြီးကျောက်ကောင်းကို ငုံကာလုပ်နေရသဖြင့် ဦးဘမောင်သည် စိတ်လက်ပေါ့ပါးကာ မောရမှန်းပင်မသိချေ။ အားတို့လည်း အလိုလိုပြည့်လျှက်ရှိချေ၏။

□ ဝမ်းဗိုက်ထဲသို့

မြောင်းထဲမှသဲများအား စလုတ်ဆီသို့ဆွဲချရာဝယ် ဦးစွာ မြောင်းအခံပေါက်အောင် ဆွဲလှန်ရ၏။ ထိုအခါ ကျစ်နေသောသဲတို့ရွှသွားပြီး သက်သာလွယ်ကူစွာ ဆွဲချ၍ရပါသည်။

ပါးစပ်ထဲတွင် ကျောက်ငုံထားပါမှ အလိုက်ကန်းဆိုးမသိသောလည်ချောင်းကလည်း ယားတားတားဖြစ်လာကာ ချောင်းဟန့်ချင်လာ၏။ သို့ကြောင့် ပါးစပ်ကိုစေ့ကာ ကျိတ်၍ချောင်းဟန့်ရ၏။ သို့သော် အာသာကမပြေဖြစ်လာသဖြင့် ခါးဆန့်ကာ ချောင်းဟန့်လိုက်ပြီး တံတွေးပြန်မျိုအချတွင် ငုံထားသော လုံးဝန်းသည့်ပတ္တမြားသည် တံတွေးနှင့်အတူ မေ့လျော့ကာ ပါသွားလေတော့၏။ လည်ချောင်းတစ်လျှောက် မာကျောလုံးဝန်းသောပတ္တမြားဆင်းသွားသည့် အထိအတွေ့ကို မိမိရရသိလိုက်လေ၏။

"ဟင်"

အလွန်ပင် အံ့ဩထိတ်လန့်သွားခဲ့ပါသည်။ မည်သို့မှမျှော်လင့်မထားသော အရာသည် အမှတ်မထင်ကြုံလိုက်ရပြီဖြစ်သည်။ ပတ္တမြားကား အစာအိမ်အတွင်းသို့ လျှောဆင်းသွားခဲ့လေပြီ။ ဆင်းနိုင်အောင်ကလည်း လုံးဝန်းချောမွတ်နေသည်မဟုတ်ပါလား။

ချောင်းကျောက်ဟူသည် ရနိုင်ခဲသော်လည်း ရခဲ့ပါက လုံးဝန်းချောမွတ်ကာ အလွန်လှပကြပါသည်။ အရည်အသားပြောစရာမလိုအောင် ကောင်းတတ်ကြပါသည်။

ဦးဘမောင်သည် စိတ်ဓာတ်အကျကြီးပြန်ကျသွားခဲ့ပါသည်။ ဝမ်းဗိုက်ထဲကကျောက်ကို ပြန်ရအောင် ဘယ်လိုလုပ်ရပါ့ဟူ၍လည်း တွေးနေခဲ့ပါသည်။ သူသည် ဤကျောက်အား သူ့ညီမကိုရောင်းခိုင်းကာ အချို့အဝက်ကို ကျွေးကျေးဇူးဆပ်၍ အချို့အဝက်အား အလှူတစ်ခုပြု၍လှူမည်ဟု ရည်မှန်းထားခဲ့ခြင်းဖြစ်သည်။

သို့သော် သူ့စိတ်ကူးတို့သည် မသေချာ မရေရာတော့ပေ။ ဝမ်းဗိုက်ထဲကကျောက်ကို ပြန်လည်ရယူရန် ကြိုးစားရှာဖွေရပါဦးမည်။ ရမည်၊ မရမည်မှာ သေချာမှုမရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ပတ္တမြားတို့၏သဘောတရား၊ မာယာပရိယာယ်ကို သိပြီး၍ဖြစ်သည်။ စိတ်မချ၍ ငုံထားလိုက်ပါမှ ဗိုက်ထဲသို့ဝင်သွားရခြင်းမှာလည်း ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲသာဖြစ်ချေ၏။ သူ့တစ်သက် လုံးဝမျှော်လင့်မထားသော အဖြစ်သာဖြစ်လေ၏။

□ ပတ္တမြားရာပုံတော်

'တောသားချေးကြောက် မြို့သားရွှံ့ကြောက်' ဟူသောစကားပုံရှိပါသည်။ တောနေလူတန်းစား တောသားတို့သည် အမှန်ပင် ချေးကိုကြောက်ကြပါသည်။ ထိုခေတ်ထိုအခါ၌ ကျောက်ဖျာရွာတွင် ရေသုံးအိမ်သာဟူ၍ လုံးဝမရှိပေ။ ဘုန်းတော်ကြီးကျောင်း ကုဋီအိမ်တစ်လုံးသာလျှင် ရေသုံးအိမ်သာရှိလေ၏။ အညစ်အကြေးအား တုတ်၊ စက္ကူတို့ဖြင့် ဖြေရှင်းသောခေတ်ကာလဖြစ်သည်။

ဦးဘမောင်သည် ထိုနေ့ဆေးရာ၌ ဆယ်ကျောက်မျှသာရရာ မရောင်းသေးဘဲ စုထားလိုက်လေ၏။ ရသောကျောက်ကြီးသည် ကိုယ်နှင့်မကွာ ဝမ်းထဲ၌ရှိနေသော်လည်း ထိုကျောက်အား လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိရေးအတွက် မည်သို့ကြံရမှန်းမသိအောင်ဖြစ်နေရလေ၏။

ထိုကျောက်၏ထွက်လာရာလမ်းကြောင်းသည် မစင် (ခေါ်) ချေးထဲ၌သာရှာရမည်ဖြစ်ရာ မစင်ဟူသည် ဦးဘမောင်အဖို့ သေမလောက်ရွံ့ရှာလေ၏။ မစင်ကိုကြောက်လွန်းသဖြင့် သူ့တစ်သက်တွင် စက္ကူပင်မသုံးရဲခဲ့ပါ။ အမှန်သော် ရွံတတ်လွန်းခြင်းပင်ဖြစ်သည်။ တောသားအများစုမှာ ဤသို့ နှင်နှင်သာရှိကြပါသည်။

'ကြုံကြုံဖန်ဖန်ကွာ ကျောက်ကလည်း ဗိုက်ထဲမှဝင်သွားရတယ်လို့' ဟု ဦးဘမောင် စိတ်မကောင်းခြင်းကြီးစွာ တွေးမိပါသည်။ မည်သို့ရှိစေ တစ်သက်မှာ တစ်ခါသာရသော ကျောက်အား လက်လွှတ်ခံ၍မရပါ။ မည်မျှရွံ့ပါစေ ရအောင်ရှာမည်ဟု ဆုံးဖြတ်ထားပါသည်။ ထို့ကြောင့် ဝမ်းထဲမှအညစ်အကြေးနှင့်အတူ ရောနှောထွက်လာမည့်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်အားရှာဖွေရန် မိမိ၏မစင်သည် လွှန်စွာအရေးပါကြောင်းသိထားရာ အမှတ်တမဲ့ အိမ်သာထဲ၌ မစင်မစွန့်မိစေရန် သတိကြီးစွာထားလျက် လူသူကင်းဝေးရာ ရွာပြင်တောထဲ၌စွန့်၍ အသေးစိတ်ရှာဖွေရန် ဆုံးဖြတ်ထားပါသည်။

မိမိသည် မနက်အိပ်ရာမှထလျှင် ဦးစွာအိမ်သာတက်၏။ ပြီးမှ မျက်နှာသစ်ကာ ညီဖြစ်သူ ဦးအေးနှင့် အိမ်ရှေ့ဇည့်ခံမီးဖိုတွင် ရေနွေးသောက်လေ့ရှိသည်။ နံနက် (၈) နာရီတွင် ထုံးစံအတိုင်း နံနက်စာစားကာ တွင်းသွားလေ့ရှိသည်။

နောက်နေ့နံနက် မိုးလင်းသည်နှင့် အိမ်၏မြောက်ဘက် ခြံထဲ၌တည်ထားသောအိမ်သာသို့မသွားဘဲ ရွာတောင်ဘက် တောထဲသွားသောထွက်ပေါက်မှ ထွက်ကာ ရွာပြင်၌တည်ရှိသော လက်ဖက်ခြံ၏အောက်ဘက်စောင်း မမြင်ကွယ်ရာသို့သွားကာ အခင်းကြီးသွားလေ၏။ ဤလက်ဖက်ခြံသည် သူ့ညီအငယ်ဆုံး ဦးအောင်စည်၏လက်ဖက်ခြံဖြစ်ပါသည်။

အခင်းကြီးအခင်းငယ်သွားပြီးသော် ထုံးစံအတိုင်း တုတ်ခနောင်းဖြင့် အညစ်အကြေးကိုဖြေရှင်းပြီးသောအခါ ထိုမစင်ပုံအက်သို့မျက်နှာမူကာ ဗိုက်ထဲလျှောဆင်းသွားသောပတ္တမြားမြင်ရလိုမြင်ရငြား အသေအချာကြည့်မိလေ၏။ နီသောအရောင်ဟူ၍ ငရုတ်သီးခြောက်ဖတ်သာ မြင်ရသဖြင့် စိတ်ညစ်မိလေ၏။

'ဖွီ - နံလိုက်သည့်ဖြစ်ခြင်း၊ အင်းလေ မစင်ပဲ။ အညစ်အကြေးဆိုတော့ နံပေမပေါ့'

ဟု နှလုံးသွင်းကာ ထိုမစင်ပုံအား လက်ဖြင့်မွှေ၍ရှာရန် ဆုံးဖြတ်ကာ သူ့ညီမဒေါ်ချယ် ကုန်စုံဆိုင်မှယူထားသော ပလတ်စတစ်အိတ်ကို လက်ကိုစွပ်လိုက်လေ၏။

ပြီးမှ ချေးပုံအား နည်းနည်းခြင်းယူ၍ လက်ဖြင့်ညှစ်ကာ ကျောက်ကိုရှာရလေ၏။ စေးပိုင်ပိုင်နေသဖြင့် ကပ်၍နေလေရာ အတော်ပင် ဒုက္ခရောက်ရလေ၏။

'အွီ ဝေါ့၊ အောင်မလေးလေးလေး ဒုက္ခ ဒုက္ခ အွီ ဝေါ့'

မစင်ကို အလွန်ကြောက်ရှာသော ဦးဘမောင်သည် ပတ္တမြားရတနာတည်းဟူသောဇောကြောင့် မရွံ့မရှာ လက်ဖြင့်ဖျစ်ညှစ်ကာ ရှာဖွေနေရပါသော်လည်း အန်ချင်စိတ်ကာ တားမရအောင်ရှိလေ၏။

'ဘြော် ဒုက္ခ ဒုက္ခ ကျောက်ကလေးတစ်ပွင့်ရပါတယ်။ ငါ့မှာ ဒုက္ခရောက်လိုက်တာ။ အောင်မလေး နံလိုက်တာကလည်းလွန်ရော'

ဟုတွေးကာ တံတွေးကို အားပါးတရထွေးပစ်လိုက်၏။

"ထွီ. . . ဖွီး"

ထိုသို့ မစင်များအား ပယ်ပယ်နယ်နယ် ဖျစ်ညှစ်ရှာဖွေပါသော်လည်း မာသောအရာဟူ၍ ဘာမှမတွေ့ပါ။ မစင်တစ်ပုံလုံး ဖရိုဖရဲဖြစ်သွားလေ၏။ ထိုအခါကျမှ စွပ်ထားသောပလတ်စတစ်အိတ်ကိုချွတ်ကာ မစင်ပုံကို ကျောခိုင်းလိုက်တော့၏။ စိတ်ဓာတ်အကျကြီးကျကာ ရွာဘက် ပြန်တက်ခဲ့ပါသည်။ သို့နှင့် ပထမနေ့ ရှာပုံတော်ပြီးသွား၏။

သို့နှင့်ပင် ဒုတိယနေ့ ပတ္တမြားရှာပုံတော်ဖွင့်ရန် ဦးအောင်စည်လက်ဖက်ခြံတစ်နေရာ လူကွယ်ရာသို့ရောက်ခဲ့ပြန်ပါသည်။ ချေးပုံကို ထောင်းလမောင်းကြေအောင်ရှာဖွေပါသော်လည်း ပတ္တမြားအစအနပင် မမြင်ရပါ။

ထို့နောက် တတိယနေ့ ပတ္တမြားရှာပုံတော်။

စတုတ္ထနေ့ပတ္တမြားရှာပုံတော်။

ပဉ္စမနေ့ပတ္တမြားရှာပုံတော်ဟူ၍ ငါးရက်တိုင်တိုင် ရှာဖွေပါသော်လည်း လုံးဝမတွေ့ရသောအခါ ဂေါ်လီလုံး၊ ရွှေးလုံးကဲ့သသို့ ချောမွတ်လုံးဝန်းသော ပတ္တမြားအစစ်သည် မိမိအား မြင်ဖူးအောင်ပြသသော ပြကျောက်သာဖြစ်ရပေမည်ဟု အသိဝင်ကာ ခြောက်ရက်မြောက်နေ့တွင် ရှာဖွေခြင်းမပြုတော့ပေ။

'အတော်ဒုက္ခပေးတဲ့ကျောက်ကွာ၊ ချေးကိုရွံ့တတ်ပါတယ်ဆိုမှ ချေးနဲ့ယဉ်ပါးအောင်လုပ်တဲ့ကျောက်ပဲ' ဟု တွေးမိပါသည်။ အဘယ့်ကြောင့်ဆိုသော် နောက်နေ့များ၌ ချေးကို အသေအချာကိုင်တွယ်ဖျစ်ညှစ်၍ ကျောက်ရှာပါသော်လည်း ပထမနေ့လောက် ရွံ့ရှာခြင်းမရှိတော့ဘဲ ချေးနှင့်ယဉ်ပါးသကဲ့သို့ ဖြစ်သွား၍ဖြစ်လေ၏။ ဤပြကျောက်ကိစ္စအား မည်သူ့ကိုမျှပြောမပြခဲ့ပါ။

## ဒသူ့ခေတ်နှင့်သူ

ခေတ်ဟူသည် တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲလာခဲ့ရာ လူတို့ဟူသည် ခေတ်ရေစီးကြောင်းနှင့်အတူ မျောပါလာကြရသည်မှာ ထုံးစံဖြစ်သည်။ ခေတ်ကို ဆန့်ကျင်မရပေ။ ထိုခေတ်နှင့်လိုက်လျောညီထွေနေကြရပေ၏။

ဦးဘမောင်တို့ကျောက်တူးသမားများသည်လည်း ပြည်သူပိုင်သိမ်းထားသောပတ္တမြားမြေတို့ကို ခိုးဝှက်တူးယူမှောင်ခိုတွင်းလုပ်ကြရပါသည်။ ထိုအခါ သူတို့သည် ရှေးမိဘဘိုးဘွားအစဉ်အဆက်မှ မမြင်ရသောမြေကြီးထဲမှ ပတ္တမြားကို ကံကိုယုံ၍ပုံအပ်ကာ တူးလာကြသည်မှာ ကာလအားဖြင့် ရှည်လျားခဲ့ပေပြီ။

ထိုမြေကြီးထဲ၌ရှိသည်၊ မရှိသည် အတပ်မသိသောပတ္တမြားကိုဖွေရှာခြင်းသည် အစဉ်အလာမပျက် လုပ်ကိုင်ခဲ့သော ပတ္တမြားတူးခြင်းလုပ်ငန်းလုပ်ခြင်းသည် နိုင်ငံတော်အစိုးရထံမှ ခိုးယူသည်ဟု သူတို့မသတ်မှတ်ကြပါ။ ဓမ္မိယလဒ္ဓစင်ကြယ်သောအားဖြင့်သာ ရှာဖွေသည်ဟု မှတ်ယူကြပါသည်။

သို့ကြောင့် မိုးကုတ်သားတိုင်းသည် လိပ်ပြာသန့်သန့်ဖြင့် မှောင်ခိုတွင်း (ခေါ်) ခိုးတွင်းကို လုပ်ကိုင်ကြလေ၏။ သို့သော် စိတ်အေးချမ်းသာလုပ်ကိုင်ကြရသည်တော့မဟုတ်ပါ။ ပတ္တမြားမြေအား ကာကွယ်စောင့်ရှောက်သောတာဝန်ရှိသူတို့ တွင်းဖမ်းရန်လာပါက ဖနောင့်တင်ပါး တစ်သားတည်းဖြစ်အောင် ပြေးကြရပါသည်။ ပြေး၍မလွတ်သော် ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့် ထောင်ကိုးလကျခံရပါသည်။ မိုးကုတ်ထောင်၌ (ယခုအကျဉ်းဦးစီးဌာန) ၌ တွင်းမှုဖြင့် ထောင်ကျသူတို့သည် အများအပြားရှိကြပါသည်။ အခြားပြစ်မှုမှာ နည်းပါးလှပါသည်။

ထိုခေတ်ထိုအခါသည် အိမ်တစ်အိမ်၌ တွင်းနှင့်ပတ်သက်သောပစ္စည်းများဖြစ်သည့် သံချောင်း၊ ပေါက်ပြားဆန်ခါ၊ စောကူ၊ တူကြီး၊ တူသေး၊ ဖောက်စို့၊ စက်သီး၊ စက်သီးကြိုး စသည်တို့ ရှာဖွေတွေ့ရှိခဲ့ပါက ထောင်ကိုးလကျခံနိုင်ရသလို ကျောက်သွေးသူတို့လက်ဝယ် ကျောက်သွေးသည့် ပစ္စည်းများ၊ ကျောက်အရောင်တင်သည့်ပစ္စည်းများ၊ ကျောက်ရိုင်း၊ ကျောက်ယဉ်များတွေ့ရှိပါကလည်း ထောင်ကိုးလကျခံရလေ၏။

မိုးကုတ်-ကျပ်ပြင်ကားလမ်းဘုရားသုံးဆူဂိတ်မှ မကြာမကြာဆိုသလို ကားပေါ်မှလူများအား ကျောက်ရှာလေ့ရှိရာ ကျောက်တွေ့ပါက ထောင်ကိုးလကျခံကြရပါသည်။ သို့တွက် ဘယ်နေရာမှာမချောင်သော်လည်း မိုးကုတ်ဟူသည် ကျောက်မျက်လုပ်ငန်းသာရှိသဖြင့် ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

ရေးအတွက် အကြောက်တရားနောက် မှာထားကာ လုပ်ကိုင်ကြရပါသည်။

ကျွန်ုပ်တို့ ကျောက်ဖျာသူကြီး ဦးထွန်းညိုက မကြာမကြာ သတိပေးတတ်၏။ 'မင်းတို့တွေ ညောင်သီးလည်း စားကြ၊ လေးသံလည်းနားထောင်ကြ' ဟူ၍ စေတနာဖြင့် သတိပေးလေ့ရှိပါသည်။

လူများပြားသောတွင်းတို့မှာမူ တစ်ယောက်ကို ကင်းအမြဲချထားလေ့ရှိသည်။ သို့ကြောင့် ကင်းကျသူသည် သစ်ပင်အမြင့်ပေါ် ကုန်းကမူအမြင့်ပေါ်မှ ဖမ်းဆီးသူတို့လာရာလမ်းကြောင်းကို စောင့်ကြည့်ရပါသည်။

အဝေး၌လာနေသည်ကိုမြင်သော် လက်ခေါက်မှုတ်၍ အချက်ပေးလိုက်သဖြင့် ပစ္စည်းများ အမြန်သိမ်းကာ အနီးရှိ တောထဲသို့ပြေးကာ ပုန်းရှောင်ရပါသည်။ ထိုသို့ဖြင့် အဆင့်ဆင့်သိကာ လွတ်ရာလမ်းကြောင်းသို့ အမြန်ဆုံးပြေးပုန်းကြရသည်မှာ ထုံးစံဖြစ်သည်။

ဦးဘမောင်မှာမူ တစ်ဦးတည်းမို့ ကင်းမရှိဘဲ အနီးရှိ တွင်းတို့၏အရိပ်အခြေကိုသာ အမြဲအကဲခတ်နေရပါသည်။ တွင်းသမားတို့ဟူသည် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသူဟူ၍ မရှိဘဲ အန္တရာယ်လာနေကြောင်း အော်ဟစ်၍ လက်ခေါက်မှုတ်၍ ဝါးကလတက်ခေါက်၍ တွင်းတောတစ်ရပ်ကွက်လုံးသိအောင် လုပ်ဆောင်ကြလေ့ရှိ၏။ သို့ကြောင့် တွင်းလုပ်သူတိုင်း သမင်ကဲ့သို့ အပြေးလျင်ကြလေ့ရှိသည်။ ချစ်ဖွယ်ဓလေ့ဟု ဆိုနိုင်ပါသည်။ မျှောလုပ်ငန်း၌ တန်ဖိုးကြီးပစ္စည်းမှာ တူကြီးနှင့် သံချောင်းဖြစ်ရာ ထိုနှစ်ခုကိုပါအောင်ယူပြေးကြရပါသည်။ တန်ဖိုးရှိသော သံချောင်း၊ တူတို့ ကျန်ခဲ့သော် ပစ္စည်းများ အသိမ်းခံရလေ့ရှိသည်။ ထို့ကြောင့် လူနှင့်တစ်ပါးတည်း ယူဆောင်ပြေးကြရပါသည်။

ကံမကောင်းအကြောင်းမလှသူတို့မှာမူ အလစ်အငိုက်ဖမ်းဆီးခြင်းခံရတတ်ပြီး ထောင်ကျခဲ့သော် ကျန်ရစ်သူတို့မှာ ချမ်းသာရာမရ အတိဒုက္ခရောက်ကြရပါတော့သည်။ ကိုးလဟူသည် နည်းနည်းနောနောအချိန်မဟုတ်ပေ။ မိုးကုတ်သားတို့သည် အချုပ်တို့၊ ထောင်တို့အား အလွန်ပင် ကြောက်ရွံ့ကြပါသည်။ လောကငရဲဟု ထင်ကြ၏။

## ❑ လှပလုံးဝန်းသောနီလာကြီး

ကျောက်နီပတ္တမြား၊ ကျောက်ပြာနီလာတို့သည် ကမ္ဘာ့မြေစာရင်းဝင် ထုံးပျော့မှ စတင်၍ ဖြစ်တည်ရပါသည်။ ထုံးပျော့မြေစေးသည် ကာလကြာသော် ထုံးမာအသွင်ပြောင်း၏။ ထုံးမာမှသည် စကျင်အသွင်ပြောင်း၏။ စကျင်ကျောက်မှသည် ကာလကြာမြင့်သော် ဓာတ်ပြုလျက် ကျောက်နီပတ္တမြား၊ ကျောက်ပြာနီလာများအသွင်ပြောင်းသွားကြခြင်းဖြစ်သည်။ စကျင်ကျောက်တိုင်း ပတ္တမြားအသွင်မပြောင်းကြပါ။ ပတ္တမြားတိုင်းကား စကျင်ကျောက်များသာဖြစ်ချေ၏။

ချောင်းဟူသည် စိမ့်စမ်းများကို အခြေပြုလျက် တောင်လျှိုမြောင်တို့မှ ချောင်းဖျားခံကာ ဖြစ်ပေါ်လာလေ့ရှိရာ ထိုချောင်းတစ်လျှောက်၌ ပတ္တမြားများ ဖြစ်ပေါ်လေ့ရှိသည်။ ပတ္တမြားမြေ၏ ချောင်းတိုင်း၌ ပတ္တမြားထွက်ပါသည်။ ဒေသခံတို့က ချောင်းကျောက်ဟုခေါ်ကြ၏။

ထိုချောင်းကျောက်တို့၏အားသာမှုများမှာ တောင်တို့မှထွက်သောပတ္တမြားတို့ထက် အရည်အသားချောမွတ်ကောင်းမွန်ခြင်း ဖြစ်သည်။ အကောင်းဆုံးပုံစံဖြစ်သော ပေါက်စီပုံစံ၊ ဂေါ်လီလုံးပုံစံတို့ဖြစ်ပြီး မြင်ရသူ လက်ကမချနိုင်အောင်လှပကြပါသည်။ ထို့ကြောင့် ချောင်းကျောက်ဟူသမျှ ဈေးကောင်းရကြလေ၏။

ဦးဘမောင်သည် ကျောက်နီပတ္တမြား ဝမ်းဗိုက်ထဲကျသွားခဲ့ရာမှ ပြန်ရှာ၍မရသောအခါ စိတ်ဓာတ်အကျကြီးကျ



လျက် ဝတ်ကျေတန်းကျေ စိတ်မပါ့တပါဖြင့် လုပ်နေခြင်းဖြစ်သည်။ ပတ္တမြားရှာသူမှန်သမျှလုပ်နေရမည်မှာ ကိုယ့်တာဝန်ဖြစ်သည်။ ရခြင်းမရခြင်းဟူသည်မှာကား ကံတရား၏အလုပ်သာ ဖြစ်လေသည်။ သို့ကြောင့် ဦးဘမောင်သည် ထုံးစံမပျက် ကျောက်ဖျာချောင်းရိုးရှိ မျှောတွင်းလေးသို့ ဝတ္တရားမပျက် လာရောက်လုပ်ကိုင်နေလေ့ရှိ၏။ တွင်းမဆင်းသော် ပျင်းရိဖွယ်ကြီးဖြစ်ပေ၏။

ပတ္တမြားလုပ်ကိုင်တူးဖော်သူများကား မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြခြင်းဖြစ်သည်။ မျှော်လင့်လို့ဖြင့်မဆုံးနိုင်တယ်ဟူသောစကားသည် မိုးကုတ်သားတို့အတွက်စကားဖြစ်သည်။

ယနေ့မွဲတေနေသော်လည်း နက်ဖြန်ကျောက်ကြီးရပါက သူဌေးအဖြစ်ချက်ချင်း ပြောင်းလဲနိုင်စွမ်းရှိသည်။ သို့ကြောင့် မွဲတေနေပါကလည်း အထင်သေး၍မရနိုင်စကောင်းပေ။ နောက်နေ့တွင် ထိုငမွဲသည် ကိုယ့်ထက်အဆများစွာသာသွားနိုင်လေ၏။ မိုးကုတ်ကားလူတို့အား မျက်လှည့်ပြလိုက်သကဲ့သို့ ဆန်းကြယ်သောအဖြစ်တို့ကို မြင်ဖူးခဲ့ကြလေ၏။

ပတ္တမြားကို စောင့်ရှောက်သော အရှင်သခင်တို့ကပေးခဲ့ပါမူ ကျောက်ဟူသည် အလွယ်တကူရတတ်ကြပေ၏။ သို့သော် ထိုပေးလာသောပတ္တမြားသည် မိမိနှင့်ထိုက်ရန်များစွာလိုအပ်လှပါသည်။ ပြသာပြ၍မရခဲ့ပါမူ လွန်စွာဝမ်းနည်းဖွယ်ကောင်းလှပေ၏။ ထိုသောကကို ဦးဘမောင် ကြိတ်၍ခံစားနေရရှာပါသည်။

ဦးဘမောင်သည် ထိုးချထားသောကျောက်ဖြုန်းများအား ပေါက်ပြားဖြင့်ဆွဲချကာ ခဲကြမ်းကြီးများအား ကျောက်စီပေး၏။ သေးငယ်သော ကျောက်ဖြုန်းများအား စောကူထကောက်ထည့်ကာ ဘေးဘယ်ညာ ကျောက်စီထဲ၌သွန်၏။

ကျောက်ဖြုန်းများကောက်ရာ၌ တစ်နေကုန် ခါးကုန်း၍သာကောက်ရပါသည်။ ငယ်စဉ်ကတည်းက အလေ့အကျင့်ရှိခဲ့ပြီး၍ ကျင့်သားရနေသဖြင့် ခံနိုင်ရည်ရှိသည်။ ဆွဲချလိုက်၊ ကောက်လိုက်၊ သွန်လိုက်၊ မြောင်းဝင်းထဲ သဲဝပ်နေစေရန်လည်း ကြာကြာတစ်ခါ မြောင်းမြှီးလှန်ပေးလိုက်၊ မျှောခွက်ရင်း၌ သဲလေးများ ဝပ်နေရန် မကြာမကြာလှန်ပေးလိုက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

စက်ရုပ်တစ်ရုပ်အလား ပုံမှန်လုပ်၍နေပါသည်။ စိတ်ထဲမှာမူ ကျောက်နီပတ္တမြားကြီးကိုသာ မြင်ယောင်ကာ ယူကျုံးမရ ခံစားနေရပါသည်။

ထိုသို့မည်းမှောင်နေသောကျောက်မာရှာကျောက်ခဲလုံးလုံးတို့ကို စိတ်ရှည်လက်ရှည်ကောက်နေစဉ်မှာပင် မျက်စိထဲသို့ ပြာခနဲလင်းလက်ကာ လှပလုံးဝန်းသော နီလာကြီးတစ်ပွင့်က ကျောက်မာရှာကျောက်ခဲလုံးလုံးတို့ကြားမှ ဘွားခနဲ ပေါ်ထွက်လာတော့၏။

"ဟင်"

ပါးစပ်က ဟင်ခနဲ အာမေဍိတ်သံထွက်သွားကာ လျှပ်တစ်ပြက်ကောက်ယူပြီး တံထွေးဖြင့် ဖွီး ဖွီး ဖွီး ဟူ၍ထွေးကာ ပါးစပ်ထဲမထည့်ရဲတော့ဘဲ ငုတ်တုတ်ထိုင်ကာ နေပဏ္ဏာဖြင့်ထောင်၍ကြည့်လိုက်သည်။

ကျောက်မှာ ခန့်မှန်းခြေ ကာရက်သုံးဆယ်ခန့်ရှိပြီး ချောမွတ်လုံးဝန်းနေကာ ဖန်သားမှန်သားငှက်ခါးရည်နီလာကြီးတစ်ပွင့်ဖြစ်နေလေ၏။ ရတောင့်ရခဲ ချောင်းကျောက်နီလာကြီးဖြစ်သည်။

ကျောက်စစ်ပတ္တမြားရပြီး နောက်သုံးလခန့်ကြာမှ ဤနီလာကြီးကိုရခြင်းဖြစ်ကာ လှိုက်လှဲစွာဝမ်းမြောက်ကြည်နူးခြင်းကို ခံစားနေရလေ၏။ ဘယ်အထိဝမ်းသာသနည်းဆိုသော် ကျောက်ကိုကိုင်ထားသောလက်တို့သည်ပင်လျှင် တုန်ယင်၍နေပါသည်။အိပ်မက်ပေလား ဟုပင်ထင်မှတ်မှားရလေ၏။ ဦးဘမောင်သူဌေးကလေးဖြစ်တော့မည် မဟုတ်ပါလား။

□ **အနီးကပ်အန္တရာယ်**

သို့သော် ဦးဘမောင်၏ ကံအလှည့်အပြောင်းသည် ရုတ်ခြည်းပေါ်ထွက်လာလေ၏။

"ဟိတ် - မလှုပ်နဲ့ ငြိမ်ငြိမ်နေ"

ဟူသော အမိန့်သံထွက်ပေါ်လာရာဆီမျှော်ဦးသို့ ဦးဘမောင်ကြည့်ပြီးသော် ကုလား ဟူသောအသိ ချက်ချင်းဝင်သည်နှင့် ကျောက်ကို မြဲမြဲဆုပ်ကိုင်ကာ မျှောခွက်ထဲမှ မြောင်းမြီးအတိုင်းစွတ်ပြေးကာ မြောင်းမြီးပေါ်ခုန်တက်လျက် အရှေ့ဘက်ချောင်းကမ်းပါးဘက်သို့ ဦးတည်ပြေးလေ၏။

မျှောဟောင်းများဖြတ်ပြေးရရာ မျှောခွက်ဘေးမြောင်းမြီးထဲ၌ သွန်ထားသောစလုံးစခုကျောက်ဖြုန်းပစ်စာတောတို့ကို ဖြတ်ပြေးရာ၌ ကျောက်တုံးကြီးတစ်ခုနှင့် ခလုတ်တိုက်မိပြီး ပစ်လဲလေတော့၏။ အရှိန်ဖြင့် ကြောက်အားလန့်အားပြေးလာရာ လဲချက်ကပြင်းထန်လှပေ၏။ လူမှာ ကျွမ်းပစ်ကာ လိမ့်ထွက်သွားလေ၏။

ညာဘက်လက်ထဲ၌ ဆုပ်ကိုင်လာသောနီလာပတ္တမြားကြီးသည် ရုတ်ခြည်းပင် လက်မှလွတ်ကာ လွင့်စဉ်ထွက်သွားလေ၏။ ထိုနီလာပတ္တမြားကိုကြည့်မနေအားဘဲ ဖမ်းဆီးသူတို့လက်မှ လွတ်စေရန် အလျင်အမြန်ထပြေးကာ တောထဲဝင်၍ အရှေ့ဘက်တောင်ထိပ်ဆီ တက်ပြေးရပါသည်။ နောက်သို့ပင် မကြည့်အားပါ။

တောင်ပေါ်အမြင့်မှ အပေါ်စီးကြည့်နေရာ ချောင်းရိုးတစ်လျှောက်၌ လုံထိန်းရဲငါးယောက် အောက်ဘက်ဆင်းသွားသည်ကို မြင်တွေ့ရပါသည်။ ဖမ်းမိသူတစ်ဦးတစ်ယောက်မှမပါပါ။ နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟုသတ်မှတ်ကာ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးကြရသည်မှာ တွင်းသမားတို့အဖို့ အဆန်းတော့မဟုတ်ပါ။ ရင်တို့တဒုန်းဒုန်းခုန်နေ၏။

လူတော့လွတ်ခဲ့ပါ၏။ သို့သော် မြတ်နိုးစွာ ကြည့်၍ပင်မဝသေးသော ပတ္တမြားနီလာကြီးကမူ ခလုတ်တံသင်းကြောင့် လက်မှလွတ်ထွက်ကာ ကျန်ရစ်ခဲ့လေပြီ။ ဘာ့ကြောင့် ကျောက်ကြီးကျောက်ကောင်းရပြီး ကြည့်နေချိန်ကျမှ ကုလားဟုခေါ်သောရဲတို့ ရောက်လာရပါသနည်း။ ဆိုးလွန်းလှသောကံပါပေတည်း။

"တောက်"

ဦးဘမောင်သည် ဒေါသဖြစ်ခဲ့သော်လည်း လက်ထဲရောက်ပြီးသောကျောက်သည် မိနစ်အနည်းငယ်အတွင်းမှာပင် လက်မှပြန်လွတ်သွားသဖြင့် မကျေမချမ်းဖြင့် တက်ခေါက်မိခြင်းဖြစ်သည်။ ဒီတစ်ခါလည်း ပြကျောက်များပေလောဟု မယုံမရဲတွေးမိသော်လည်း လဲကျတဲ့အနီးတစ်ဝိုက်မှာ ပြန်ရှာရင်တွေ့မှာပါဟု ဖြေသိမ့်ရပြန်ပါသည်။

လဲကျပြီး ကျောက်တုံးကျောက်ခဲတို့ဖြင့်တိုက်မိကာ စုတ်ပြဲကုန်မှန်းသိလေ၏။ တဖျဉ်းဖျဉ်းစပ်ကာ ခံစားနေရသောဒူး၊ တံတောင်တို့မှ ဒဏ်ရာများအားအဝတ်လှန်ကာ တံထွေးဖြင့်ထွေးပြီး လက်ဖြင့်ဖိနှိပ်ရလေ၏။ တဒိတ်ဒိတ်ခုန်နေသောရင်အစုံတို့က မငြိမ်သက်သေးပါ။ ချောင်းသည် ရေစီးသံမှတစ်ပါး ငြိမ်သက်၍နေလေ၏။ သူတို့က ကုလားဟုခေါ်သောရဲတို့သည် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ဦးဘမောင်သည် လက်မတင်ကလေးလွတ်မြောက်ရသူ ဖြစ်သည်။ အသက် (၆၀) ကျော်စပြုသော်လည်း နေ့စဉ် အလုပ်လုပ်ရင်း အလေ့အကျင့်ရှိနေသောလက်ခြေတို့က သန်မာနေဆဲရှိသည်။ သို့ကြောင့် လျှပ်တစ်ပြက်ပြေးထွက်ကာ လွတ်မြောက်အောင် ပြေးနိုင်ခဲ့ခြင်းဖြစ်သည်။ မိုးကုတ်ချောင်းတို့ကား ကျောက်တုံးကျောက်စိုင်တို့ဖြင့် အတိပြီးရာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ပါ။ ကြောက်သည့်ဇောနှင့်မို့သာ ထိုအခက်အခဲတို့ကို လွယ်ကူစွာ ကျော်လွှားနိုင်သော်လည်း ပုံမှန်အားဖြင့် ထိုချောင်းတစ်လျှောက်တွင် ပြေးနိုင်ရန်မလွယ်ကူပါ။ ထို့ကြောင့် အမ် (၁၆) ကိုယ်စီကိုင်ထားသောရဲတို့သည် တွင်းသမားအများစုကို လိုက်မမီခြင်း ဖြစ်သည်။

ရှေးလူဖြစ်သော လူကြီးတို့သည် အင်္ဂလိပ်ခေတ်က ကျောက်တွင်းမြေကိုစောင့်ရှောက်သော ပုလိပ် (ခေါ်)အိန္ဒိယကုလားတို့အား ပုလိပ်ဟု မခေါ်ကြပါ။ ပန်ချာပီကုလားပုလိပ်တို့အား ကုလားဟုခေါ်ခဲ့ရာမှ ကျောက်တွင်းဖမ်းသောရဲတို့ကိုလည်း ကုလားဟု ယခုထိတိုင်စွဲမြဲခေါ်နေခြင်းဖြစ်သည်။ နှုတ်ကျိုးနေခြင်းဖြစ်၏။

ဦးဘမောင်သည် ကံကောင်းထောက်မစွာ ရဲတို့လက်မှလွတ်ရသော်လည်း နီလာပတ္တမြားကြီးကမူ မျှောဟောင်းကျောက်ခဲပုံတိုက်ကြီးအတွင်းသို့ကျကာ ကျန်ရစ်ခဲ့ရှာ၏။ တစ်ခုကားကောင်း၏။ တစ်ခုကားမကောင်းပေ။

□ **ဒုတိယမြောက်ရှာပုံတော်**

ဦးဘမောင်သည် ကျောက်မှာချောင်းအရှေ့ဘက် ကုန်းစောင်းတောထဲမှ ချောင်းရိုးအခြေအနေကို အကဲခတ်သည်မှာ နာရီဝက်နီးပါးကြာခဲ့၏။ လူတို့အခြေအနေမကောင်း၍ လွတ်ရာကျွတ်ရာပြေးကုန်ကြသည်ဖြစ်ရာ ချောင်းမှာသည် လူတို့နှင့်ကင်းရှင်းကာ ရေစီးသံသာကြားနေရလေ၏။

'ကုလားတွေ ဒီချောင်းဆီပြန်လာမှာမဟုတ်တော့ဘူး' ဟု အတွေးပေါ်သဖြင့် ဦးဘမောင် ချောင်းထဲပြန်ဆင်းခဲ့လေ၏။ အရင်ကဆို အခြေအနေကောင်းပါက ချောင်းတစ်ခုလုံးအော်



www.burmeseclassic.com

www.burmeseclassic.com

သံ၊ လက်ခေါက်မှုတ်သံ၊ ဝါးကလတက်ခေါက်သံတို့ဖြင့် ကြိုတင်ကြားရသိရ၏။ ယခုသော် ဘာသံမှမကြားဘဲ ဘွားခနဲပေါ်လာခဲ့ရာ ကြိုတင်ပြင်ဆင်ချိန် လုံးဝမရတော့ဘဲ လူလွတ်အောင်ပင် မနည်းပြေးရလေ၏။ လူလွတ်သော်လည်း ပစ္စည်းကပျောက်သွားရာ ဦးဘမောင် လုံးဝမပျော်နိုင်ရှာပါ။ ဘဝတွင် ဤတစ်ကြိမ်သာ အနီးကပ် လက်တစ်ကမ်းပြေးဖူးခြင်းဖြစ်သည်။

အမှန်သော် ကျောက်ထိုင်ကြည့်နေခြင်း၊ မျှောထဲကျနေသောရေအသံဖုံးလွှမ်းခြင်းကြောင့်သာ အချက်ပေးသံတို့ မကြားခြင်းဖြစ်နိုင်လေ၏။ အန္တရာယ်ကင်းလောက်ပြီဟုယူဆကာ ဦးဘမောင်သည် ချောင်းရိုးထဲပြန်ဆင်းလာပြီး မိမိခလုတ်တိုက်ကာလဲခဲ့သော ခဲလုံးကြီးဝန်းကျင်၌ စေ့စေ့စပ်စပ်ထိုင်ကာ လွင့်စင်ထွက်သွားသော နီလာပတ္တမြားကြီးအား တရွေ့ရွေ့ထိုင်ကာ ရှာဖွေနေမိပါသည်။

'ကျောက်က ဒီဘက်ကဆုပ်ထားတာ၊ ဒီခဲကြီးကိုခလုတ်တိုက် ဒီလိုလဲတော့ ကျောက်က ဒီဘက်ကိုလွင့်သွားနိုင်တယ်' ဟု ဆုံးဖြတ်ကာ ထင်ရာဘက်သသို့ လိုက်ကြည့်ပြန်ပါသည်။ ခဲပုံကြီးသည် ခဲကြမ်းများပစ်ထားခြင်းဖြစ်ရာ ကျောက်ကျသွားနိုင်သောပမာဏရှိသည့် အပေါက်တို့ကလည်း မရေမတွက်နိုင်အောင်ရှိနေပါသည်။ ဒါကလည်း ဦးဘမောင်သိပါသည်။ ခဲကြမ်းပုံကြီးထဲ ကျောက်ရှာရန်ဆိုသည်မှာ လွယ်ကူသည်တော့မဟုတ်ပါ။

သို့ကြောင့် ကြီးမားသောခဲတို့ကို တစ်လုံးချင်းမကာ အဝေးသို့ပို့ပြီး ထိုဝန်းကျင်၌ရှာပါသည်။ သို့နှင့် တွင်းပြန်ချိန်ရောက်ကာ ပြန်ခဲ့ရလေ၏။ ကျောက်ကား ဘယ်ဆီရောက်၍ ဘယ်ဆီပေါက်သည်မသိပါ။ မောတာသာ အဖတ်တင်လေ၏။

'ဒီကျောက်ဟာလည်း ငါ့အတွက် ပြကျောက်ပဲဖြစ်နေမလား၊ မဟုတ်နိုင်ပါဘူး။ နောက်နေ့တွေ ခဲပုံကြီးရှင်းပြီးရှာရင်တွေ့နိုင်မှာပါ' ဟု ကိုယ့်ကိုယ်ကိုယ်အားပေးနေရလေ၏။

သူကျပျောက်သောနေရာသည် အခြားသောတွင်းတို့မှ မြင်နိုင်ခြင်းမရှိပါ။ သို့ကြောင့် နောက်နေ့များတွင်လည်း သူ၏ လုံးဝန်းသော နီလာပတ္တမြားကြီးအား ခဲများတစ်လုံးချင်းဖယ်၍ ရှာရပြန်ပါသည်။ လုံးဝမတွေ့ပါ။ ထိုဝန်းကျင်ရှိကျောက်လွင့်စဉ်သွားနိုင်သောနေရာကို သတ်မှတ်ကာ (၇)ရက်ကြာမျှရှာဖွေရာ ထိုဝန်းကျင် အတော်ပင် နှံ့စပ်သွားပါသည်။ လုံးဝမတွေ့တော့သဖြင့် ရှာဖွေခြင်းအလုပ်ရပ်နားကာ ဆင်းနေကျ မျှော ွင်းလေး၌သာဆင်းနေပါတော့သည်။ ဤဒုတိယကျောက်မှာလည်း ပြကျောက်စစ်စစ် ဖြစ်၍နေလေ၏။

ကံတစ်ခုကောင်းသည်မှာ ရဲတို့က သူ့သံချောင်းကို သိမ်းဆည်းမသွားဘဲ ထားခဲ့ပေးခြင်းဖြစ်သည်။ ဤသည်ပင် လျှင် သူ့အတွက် အကောင်းဟုဆိုရမည် ဖြစ်သည်။ သံချောင်း (ခေါ်) သံတိုင်သည် ဝယ်တိုင်းမကောင်းပါ။ သံသားမာကျောမှသာ သံချောင်းကောင်းဖြစ်ပါသည်။ သူ့သံချောင်းသည် (၃)တောင်မျှသာရှည်သော အဘိုးကြီးကိုင်သံချောင်းဖြစ်သည်။ သံသားကောင်းလှ၏။ ဝယ်စဉ်က အရှည်ကြီးဖြစ်သော်လည်း ကြာသော် သံချောင်းလည်းတို၊ လူလည်းအိုဟူသောစကားကဲ့သို့ လူလည်းအို၊ သံချောင်းလည်းတိုခဲ့ခြင်း ဖြစ်သည်။

ဦးဘမောင်၏ဘဝတွင် အသက်ကြီးကာမှ ပြကျောက်နှစ်ကြိမ်ကြုံခဲ့ဖူးလေ၏။ ပုံပြင်ပမာ မယုံချင်စရာများဖြစ်သည်။

သို့သော်. . .

ဒ မည်သူ့ကိုမျှပြောမပြခဲ့

ဦးဘမောင်သည် အလွန်အေး



ဆေးစွာနေထိုင်သော ဦးကြီးတစ်ဦးဖြစ်သည်။ သူ့ညီမငေါ် စောချယ်ယောကျ်ားမှာ မိုးကုတ်စည်ပင်သာယာရပ်ကွက်မှ ဦးသောင်းစိန်ဖြစ်သည်။ ဦးသောင်းစိန်ကိစ္စရှိ၍ မိုးကုတ်သို့သွားနေခဲ့သော် ကင်းစောင့်ရန် တာဝန်ကျပါက ဦးသောင်းစိန်ကိုယ်စား ဦးဘမောင်မှ လာရောက်စောင့်ပေးလေ့ရှိသည်။ ရွာ၌ ကင်းတံခါးသုံးရှိ၏။ ထိုကင်းတံခါးအနီး၌ ကင်းတဲလေးရှိ၏။ ထိုကင်းတဲ၌ နေ့စဉ်ပုံမှန် (၃)ယောက်စီ ကင်းစောင့်ကြရပါသည်။

စကားအလွန်နည်းသောဦးဘမောင်သည် ဆေးတံဖွာကာ သူများပြောခြင်းကိုသာ နားထောင်လေ့ရှိသည်။ တစ်နေ့သော် ဘာစိတ်ကူးပေါက်သည်မသိ။ သူ့ရင်ထဲ၌ နှစ်များစွာသိမ်းထားသော အထက်ပါပြကျောက်နှစ်ပွင့်အကြောင်းအား ကျွန်ုပ်နှင့် အိုက်မောင်အား ရင်ဖွင့်ပြောပြခဲ့ခြင်းဖြစ်သည်။ ပြောချင်ရာပြောလိုက်ရ၍ ဦးဘမောင်ရင်ထဲပေါ့သွားဟန်ရှိသည်။ သူသည် လုပ်ကြံကာ စိတ်ကူးယဉ်ပြောပြခြင်းဟုတ်ဟန် မတူပါ။ သူ့မျက်နှာသည် ပကတိပင်ရှိသည်။

ပြကျောက် ဟူသည် တွင်းတူးသူ မိုးကုတ်သားတို့၌ အများအပြားတွေ့ဖူး မြင်ဖူး ကြားဖူးကြပါသည်။ ဦးဘမောင်လည်း ကိုယ်တိုင်နှစ်ကြိမ်တိုင်တိုင်ကြုံရပါသော်လည်း ကံနည်းသဖြင့် ပြရုံပြကာ ပြန်လည် ကွယ်ပျောက်ကုန်ပါသည်။ အမှန်တကယ် ထိုက်သူတို့၏လက်ဝယ် ပြန်လည်ရောက်ရှိကာ ခံစားစံစားကြရပါမည်။

ဦးဘမောင်သည် အသက် (၇၀) ကျော်၌ ကွယ်လွန်ခဲ့သဖြင့် ကာလကြာမြင့်ခဲ့ပါပြီ။ အိုက်မောင်လည်း ကပိုင်ရွာသူနှင့် အိမ်ထောင်ကျကာ အသက်(၃၀) ကျော်ကျော်၌ပင် သံစူး၍ မေးခိုင်ရောဂါပိုးဝင်ကာ သေဆုံးခဲ့သည်မှာကြာပါပြီ။ အိုက်မောင်သည် ကျွန်ုပ်ထက် (၇) နှစ်ခန့်ငယ်ပါသည်။

ကျွန်ုပ်မှာမူ ဦးဘမောင်၏ ပြကျောက်ပုံပြင်များကိုကြားယောင်ကာ ဦးဘမောင်၏ ကျောက်ကြီးများကို မြင်ယောင်နေဆဲရှိလေ၏။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

အဖေသည် အကျွန်ုပ်အား ဗောဓိပက္ခာအင်းစီရင်နည်းအနုစိတ်ရှင်းပြ၏။

အင်းဆန်ထည့်ပြီး သိဒ္ဓိတင်ပြီးသား ငွေပြားကို ရေဖလားထဲကိုထည့်လိုက်။ ပြီးတာနဲ့ ထန်းပင်ပေါ်က ကျိုးမနားထန်းရွက်ကို (မြေမကျအောင်ယူထားသောထန်းရွက်၌) ဥုံသံထွေရဲရဲ သံမီးခဲသံခဲလည်းကြေ မီးလည်းသေ ဤကျေးဇူးတော်ကား အရှင်မျက်သောပြေစေသော ဆိုတဲ့ဂါထာကိုတစ်ကြောင်းတည်းတစ်ဆက်တည်းရေးပါ ထိုဂါထာဖြင့် (၇) အုပ်မန်း၍ မီးပြာချ။ ၎င်းပြာကို ရေဖလားထဲကို ထပ်၍ထည့်လိုက်ပါ။ ရေဖလားနှင့် မိမိမျက်နှာအပ်၍ သမ္ဗုဒ္ဓေ (၁၀၀၀) စုတ်တော့။ စိပ်ပုတီး (၁၀) ပတ်နီးပါး (ညနေ ၅ နာရီခန့်စလျှင် နံနက် (၄) နာရီခန့်ပြီး၏)

သမ္ဗုဒ္ဓေ (၁၀၀၀) မပြည့်ခင် မီးညိကဲ့သို့ကိစ္စအနှောင့်အယှက်ပေါ်လာပါစေ မရပ်မနားနှင့်။ ဒွေ့အောင်မြင်သောအခါ ရေမျက်နှာပြင်ပေါ် သို့ လက်ဖွဲ့ငွေပြားပေါ်လာလိမ့်မည်။ ထိုအခါ စိတ်ထဲ၌ ဝမ်းသာပျော်ရွှင်လာလိမ့်မည်။ စိတ်အင်အားတွေတိုးပွားလာမည်။ လောဘတွေပေါ်လာနိုင်တယ်။ ထိုအခါ ရေပေါ်၌ ပေါ်လာသော လက်ဖွဲ့ကို ချက်ချင်းမယူလိုက်နှင့်အဲဒါမှတ်ထားဟု ဆိုပါသည်။

အကျွန်ုပ်က -

"ဘာဖြစ်လို့ ချက်ချင်းမယူရတာလဲအဖေ"

ဟု အံ့အားသင့်စွာမေးမိ၏။

အဖေက -

"ငါ့သား ရုတ်တရက် ထူးခြားမှုကို

(ဆေးဂုဏ်)

# ပန်းချီတင်အောင်မိုး


## လက်ကွယ်နေ့နှင့် တစ္ဆေပြောသောပိယဆေး

(ဒုတိယပိုင်း)





www.burmeseclassic.com



ဦ - စတ္တာရော သတိပဋ္ဌာန တိဋ္ဌတု
ဦ - စတ္တာရော သမ္မပဋ္ဌာနတိဋ္ဌတု
ဦ - စတ္တာရော ဣဒ္ဓိပါဒါ တိဋ္ဌတု
ဦ - ပဉ္စဣန္ဒြိယာနိ တိဋ္ဌတု

ဝမ်းသာမသွားနဲ့။ အဲဒီအခါကျတော့မှ ဗောဓိပက္ခာအင်းဆန်ကို ထပ်ပြီးဦခံပြီး (၇) အုပ်ရွတ်ပြီး ယူရတာနော်မှတ်ထား"

ဦ ပဉ္စဗလာနိတိဋ္ဌတု၊
ဦ သတ္တဗောဇ္ဈင်္ဂါနိတိဋ္ဌတု၊
ဦ အဋ္ဌမဂ္ဂင်္ဂါနိတိဋ္ဌတု၊
ဦ နဝလောကုတ္တရာနိတိဋ္ဌတု။

ဤကဲ့သို့ ဖခင်ဖြစ်သော ဆရာကြီး ဦးထွန်းကြည်က ဗောဓိပက္ခာယ လက်ဖွဲ့အကြောင်းကို ပြည့်စုံစွာပြောပြ၏။ ထို့နောက် လိုအပ်သော စမ (၄)ခု အခြေပြုအစီရင်များပါ မကျန်အောင် ဖခင်၏ မေတ္တာဖြင့် ပေါင်းစပ်၍ စီရင်ပြုလုပ်ပေးမည်ဟု ပြောလေသည်။

အဖေကိုယ်တိုင်ပါဝင်ကူညီမှုများ ပေးမည်ဟုဆိုတဲ့အခါ အကျွန်ုပ်စိတ်အင်အားများ ပိုမို၍ပြည့်ဝလာလေ၏။ အဖေစကားအတိုင်း အကျွန်ုပ်နှင့် ဝါသနာတူဆရာများ၊ မိတ်ဆွေများထဲက သီလသမာဓိပညာရည်ပြည့်ဝသောဆရာ (၃) ဦး ရွေးချယ်ခဲ့ပါတယ်။

၁။ ဦးဒေါင်းကြည်
ကိုယ်ပိုင်စမ (သ-ဒ-ဋ္ဌ-လ)
၂။ မောင်အောင်ကိုကိုဖြိုး
ကိုယ်ပိုင်စမ (ဘ၊ စ၊ ဘ၊ ဃ)
၃။ ကိုအောင်မြင့်ဦး
ကိုယ်ပိုင်စမ (ည-ဖ-ရ-ဃ)

(နှစ်အမနှင့် ရက်စမ-ဇယားများနှင့်တကွ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအသုံးပြုပုံများကို နောင်အခါ၌ ရေးသားဖော်ပြပေးပါမည်။)

(ကိုယ်ပိုင်စမစီရင်နည်းကို နောင်အခါ၌ ရေးသားဖော်ပြပေးပါမည်)

အထက်ပါ ဆရာ (၃) ဦးကို တပို့တွဲလပြည့်နေ့၌ ချောက်မြို့နေ အကျွန်ုပ်အိမ်၌ အားလုံးတွေ့ဆုံရန်စီရင်ရလေသည်။

အကျွန်ုပ်တို့ အညာဒေသ တပို့တွဲလပြည့်နေ့က အအေးဓာတ်ရှိသေး၏။ ညချမ်းကာလ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ရေနွေးပွဲနှင့် လက်ဖက်ပွဲ၊ ဆရာ(၄)ဦး ဆွေးနွေးတိုင်ပင်ရမည့်အချိန်ဖြစ်တာမို့ အကျွန်ုပ် စကားလမ်းကြောင်းစလိုက်ပါသည်။

"ကဲ - ဦးဒေါင်းကြည်ရေ၊ ဆရာဒေါင်းက ကျွန်တော်တို့ထက် အသက်လည်းကြီး၊ ဝါလည်းကြီးတာမို့ အခုခရီးထွက်စီရင်ရမယ်။ ကိစ္စလေးအတွက် အကြံပေးပါဦးလားဗျာ"

ထိုအခါ တစ္ဆေသရဲများကို မြင်တွေ့ရသော နည်း (၃) မျိုးရှိကြောင်း ဦးဒေါင်းကြည်က ပြောပြလေ၏။

"ဒီလိုရှိတယ် ဆရာမိုးရေ၊ ပထမနည်းက ညောင်ပင်ကြီးအောက်တွင် ထပ်မံပြီးပေါက်လာတဲ့ ညောင်ပင်ငယ်လေးရဲ့အမြစ်က တစ္ဆေသရဲတွေကို မြင်နိုင်တယ်လေ။

မဟာစည်ဆရာတော်ဘုရားကြီး ရေးတဲ့ ရုပ်ပြဘုံဘဝဆိုတဲ့စာအုပ်လေးထဲမှာတောင်ပါသေးတာ။ နောက်တစ်မျိုးကတော့ ဆေးတော်ယူရတဲ့နည်းလမ်းပဲ။ ဘယ်စာအုပ်ထဲရှာရှာမရှိဘူး။ ကျွန်တော်တို့ အနောက်ယောထဲဆောထဲက လာတဲ့နည်းဗျာ။ 'ခွေးသီးရေ အရင်စ ချိုးဒတ္တံ့ အလယ်ခေါင် ယင်မင်ခေါင်မြောင်၍ချ ရွာကပ်သူ သိစေပါဟု လက်ာရွတ်ပြ၏။

အဓိပ္ပာယ် -

ခွေးသီးဟုဆိုတာ ခွေးအမ်ဘက်၊ ချိုးဒတ္တအလယ်ခေါင်ဆိုတာ ရွာအပြင်၌ တွေ့ရှိသော လူချိုးပုံအလယ်ဗဟိုအောက်ကမြေမှုန့်။

ယင်မရိုင်းဆိုတာ စိမ်းရွှေရောင်ယင်ကောင်ခေါင်းကြီးများ။

၎င်း (၃)ပါး စုပေါင်း၍ ကျိတ်ပြီး ညအခါ မျက်လုံးကိုကွင်းကြည့်။ ရွာထဲအိမ်ထဲ၌ နှောင့်ယှက်နေသောတစ္ဆေသရဲများကို မြင်တွေ့ရသောနည်း ဖြစ်၏။

အဲဒီဒုတိယနည်းက ကျွန်တော်ငယ်စဉ်က လက်တွေ့ကြုံခဲ့ရတာဗျာ ဆရာမိုးရ။ ကျွန်တော် (၁၅) နှစ်အရွယ်လောက်က ယောနယ်ကရွာတချို့ကို ကျွန်တော်ဆရာနဲ့ပယောဂဆေးကုသွားရတာပေါ့။ အခုလို မကောင်းတဲ့တစ္ဆေသရဲစုန်းမိစ္ဆာတွေကို သွားရှာဖွေနှိမ်နင်းဖို့ဆရာသွားတာ။ ကျွန်တော်ကပညာသင်နောက်လိုက်ဘဝ။ အဲဒီအချိန်ကရခဲ့တဲ့ပညာပါ၊

(ယောနယ်ပညာများကို နောင်အခါ၌ ရေးသားဖော်ပြပေးပါမည်။)

တတိယနည်းကတော့ -

ပုတ်သင်သည်းခြေ၊ ဖအိုင်းသည်းခြေ၊ နွားနက်သည်ခြေ၊ အိမ်မြှောင်အမြီး (၂) ခု အိမ်မြှောင်တစ်ကောင်လုံး ၎င်း၃တစ်လုံး အားလုံးပေါင်းစု၍ သားဦးစို့သောနို့ရေနှင့်ကြိတ်ပြီး မျက်စိကွင်းကြည့်။ တစ္ဆေ၊ ဟုန်း ဘုတ်မြင်တွေ့ရ၏။

ကျွန်တော့်အနေနဲ့တော့ အဲဒီလောက်ပဲသိတာဗျာ"

"ဆရာမိုးက ဗဟုသုတပြည့်စုံပါတယ်။ ညောင်ပင်ကြီးအောက်ကညောင်ပင်လေးကိုရှာဖွေနည်းနဲ့ အိမ်မြှောင်အမြီးနှစ်ခုကို အလွယ်တကူရအောင်ရှာနည်းလေးများရှိရင် ပြောပြပါဦး၊ ကျွန်ုပ်တို့မှတ်ရတာပေါ့"

ဟု စကားလမ်းကြောင်းကို ကျွန်ုပ်တို့သို့ တစ်ဖန်ပို့ပြန်လေ၏။

ထိုအခါ အကျွန်ုပ်က -

"ညောင်ပင်ကြီးအောက် ညောင်ပင်လေးမပေါက်တာက အကြောင်းအမျိုးမျိုးရှိတယ်ဗျာ။ ညောင်ပင်ကထွက်တဲ့ဓာတ်သဘောကြောင့်ပဲဖြစ်ဖြစ်၊ ရုက္ခစိုးနတ်က နုတ်ပစ်တာပဲဖြစ်ဖြစ် အမျိုးမျိုးအကြောင်းခံရှိနေတာ။ ဒါပေမယ့် မင်းကိုချည် (ရှင်းလောင်းလက်ပင်၌ ဘိသိတ်ဆရာကဆွဲပေးသောချည်) ရစ်ပတ်ပြီး ညောင်စေ့ချိုးကျ (ငှက်မစင်ထဲကမျိုးစေ့) နဲ့ ဖန်တီးပြီး စိုက်ရင်တော့ရတယ်လေ။ အဲဒါက ဓာတ်သဘောနဲ့။ နောက်ပြီး အိမ်မြှောင်ဖမ်းတာ။ အမြီးနှစ်ခုအိမ်မြှောင်ရှာတဲ့နည်းက ကျွန်တော်

| နေ့စမ | အက္ခရာ | လစမ | အက္ခရာ | လစမ | အက္ခရာ |
|---|---|---|---|---|---|
| တနင်္ဂနွေ | ဃ | တန်ခူး | ခ | တန်ဆောင်မုန်း | တ |
| တနင်္လာ | ဇ | ကဆုန် | ဃ | နတ်တော် | ဒ |
| အင်္ဂါ | ဋ္ဌ | နယုန် | စ | ပြာသို | န |
| ဗုဒ္ဓဟူး | တ | ဝါဆို | ဇ | တပို့တွဲ | ဖ |
| ကြာသပတေး | န | ဝါခေါင် | ည | တပေါင်း | ဘ |
| သောကြာ | အ | တော်သလင်း | ဋ္ဌ | | |
| စနေ | လ | သီတင်းကျွတ် | ပ | | |



www.burmeseclassic.com

www.burmeseclassic.com

တို့အညာဒေသ ခင်တန်းကုန်းရိုးသဲချောင်းစပ်နားတွေမှာပေါက်နေတဲ့နှပ်ချိုပင်ကို အသုံးပြုရတာ။ နှပ်ချိုပင်အစေ့ကို မီးခွက်ထဲထည့်ထွန်းရင် ပြာလဲ့လဲ့အရောင်ထွက်လာတယ်။ အနံ့ထွက်လာတယ်။ အဲဒီဓာတ်က အိမ်မြှောင်မှန်သမျှ ဆီမီးခွက်နားကို လာကြတာပေါ့။

အဲဒီအချိန်ကျတော့မှ မိမိကြိုက်တဲ့ အိမ်မြှောင်ကို အသာလေး ဖမ်းယူလိုက်တာပဲ။ ဒါကြောင့် သက်ရှိ၊သက်မဲ့ဩကာသလေးကဓာတ်သဘောတွေကို မူလဓာတ်၊ ဇီဝဓာတ်၊ ဓာတုဓာတ်ဆိုပြီး အမျိုးအစား (၃) ခုခွဲခြားထားတာလေ။ မူလဓာတ်က ကျန်ဓာတ် (၂) ပါးကိုဆွဲတာရှိတယ်။ တွန်းကန်တာရှိတယ်။ ဒါကြောင့် ဓာတ်တစ်ခုက စွမ်းအား (၄)ခုထွက်လာတယ်။ ဓာတ် (၃) မျိုးဆိုတော့ စွမ်းအား (၁၂) မျိုးပေါ့။ တစ် နည်းအားဖြင့် ဆက်သွယ်မှု (၁၂) မျိုးလေ"

ဤကဲ့သို့ အကျွန်ုပ်သည် စကားကို ရှည်လျားစွာပြောမိပါသည်။

အကျွန်ုပ်စကားဆုံးတဲ့အခါ ဆရာကိုအောင်မြင်ဦးကပဲ ဝင်၍ ပြောပါသည်။

"ဆရာမိုးရေ၊ ဒီခေတ်ကြီးထဲမှ လူတချို့က အထက်လမ်းဆရာနဲ့ အောက်လမ်းဆရာကို ခွဲခြားပြီးမသိဘူး။ အဲဒါကို နားလည်သဘောပေါက်အောင် ခွဲခြားပြပါဦး။ နောက်ပြီး တကယ့်ပယောဂမဟုတ်ဘဲနဲ့ ပယောဂဆိုပြီး ရိုက်နှက်နှိပ်စက်ကုသခံရတဲ့ အသိပညာမပြည့်စုံတဲ့သူတွေလည်းရှိနေတာဗျာ။ အဲဒီအကြောင်းလေးလည်း ရှင်းပါဦး"

အမေးရှိလျှင် အဖြေရှိရမည့်အချိန်။ ဆောင်းညချမ်း၏အအေးဓာတ်လည်း အနည်းငယ်ပိုလာ၏။ အကျွန်ုပ်ရေနွေး တစ်ခွက်သောက်ပြီး-

"ဆရာအောင်မြင်ဦးရေ၊ ဘုရားတရားသံဃာမိဘဆရာရတနာ(၃)ပါးကိုပြစ်မှားစော်ကားပြီး ယုတ်နိမ့်ကျတဲ့သွေး၊ ကြေး၊ အညစ်အကြေးပစ္စည်းတွေပေါင်းစပ်စီရင် ပြုလုပ်တာကို အောက်လမ်းပညာခေါ်တာပဲ။ ဥပမာ ဘုရားရုပ်ပွားတော်တွေ၊ တရားစာတွေကို အိပ်ရာအောက်နေရာထားပြီးစီရင်တာအောက်လမ်းပညာပဲ။ ကျွန်တော် ယောထဲက ရွာတစ်ရွာကို ပန်းချီကိုစွနဲ့ (၁) လလောက်ကြာကြာနေခဲ့ရတယ်။ အဲဒီရွာက ပီယစွမ်းတဲ့ဆရာကြီးတစ်ဦးဆီက နည်းလမ်းကောင်းရခဲ့တယ်။ တကယ့်စွမ်းတဲ့ပီယဆေးနည်းနော်။ ဒါပေမယ့် အဲဒါက အောက်လမ်းအစစ်။ ငရဲသိပ်ကြီးတာ။ ကျွန်တော်တို့ အထွတ်အမြတ်ထားပြီး ကိုးကွယ်တဲ့ ဗောဓိပက္ခာယအင်းနဲ့စီရင်တာ။ မိမိချစ်တဲ့သူရဲ့ခြေရာမြေကိုယူပြီး ဆီမီးခွက်လုပ်၊ ပြီးရင် ဗောဓိပက္ခာယအင်းစီရင်ပြီး မီးထွန်းရတာ။ မြင့်မြတ်တဲ့အရာနဲ့ နိမ့်ကျတဲ့အရာကိုပေါင်းစပ်ပြီး စွမ်းအားယူတာက အောက်လမ်းပညာပဲ။ တစ်ပွဲတိုးစွမ်းအားကောင်းပေမယ့် ဆင်းရဲဒုက္ခပဲဖြစ်စေတာ။ နောက်ပြီး တချို့ဆရာတွေက မိမိဘာသာ အထက်လမ်းဆရာဆိုပြီး ကျန်းမာရေးညံ့တဲ့လူနာတွေကို နှိပ်စက်တာ။ တချို့၊ သရဲ၊ စုန်းမဟုတ်ဘဲနဲ့ လိမ်ညာပြီး ကုသနေတာ။ အဲဒီဆရာနဲ့ လူနာရှင်တို့သေရင် ငရဲကျလိမ့်မယ်။ ကဝေသာရကျမ်းစီရင်ရေးသားတဲ့ အတုလဆရာတော်ခင်ကြီးဖျော် က တစ္ဆေ၊ စုန်းစား၊ မိစ္ဆာ နတ်ရဲစွဲလေသိရှိ အယူမရှိနဲ့။ ဓာတ်၏အခိုးလှုပ်ရှားတိုးသည် စိတ်ကရည်၍ နားမလည်ငြား ထိုသမားလည်း တရားမစောင့်၊ ယူမပြောင်းဘဲ အမှောင်ကြီးစွာ ပယောဂလို ကျွေးမွေးလိုက ထိုဆရာနှင့် လူနာရှင်က အပါယ်လား၏။ ပယောဂမဟုတ်ဘဲ မကုသင့်ဟု ဒွါဒသိမ်ကျမ်းက ပြဆိုထားတာပေါ့။

ဒါကြောင့်လည်း ဆရာတော်ခင်ကြီးဖျော်က နိဝါမြရှိန် ဒွါဒသိမ်ကမှသမျှကို ကျကျနနထောင် သမားယောင်တို့ ပေါက်ပြောင်မာတင် ဆဒ္ဒန်ဆင်သည် ဘုရင်နန်းစိုက် အဖိုးထိုက်သို့ လူ၌ထင်ပေါ် ကတိကျော်သာ ဒွါဒသိမ်ကိုသိနိုင်ရသည်၊ လူမိုက်နှင့်သာ မတန်ပါသည်၊ ကျမ်းမြတ်ဒွါဒသိမ်ဂုဏ်အရှိန်က စည်းစိမ်လိုရာ ပဒေသာဟု ရတနာမရှားကြံနိုင်ငြားက သမားခေါ်ခံ လူတိုင်းဉာဏ်နှင့် မတန်ဘူးဝေး ပညာမေးက ဘေးဥပါဒ်လာ ဤကျမ်းစာသည် ဝရဇိန်သွားနတ်စက်လာ၏"

ထိုအချိန်တွင် စကားဝိုင်းအတွင်းစကားနည်းပြီး မှတ်သားဉာဏ်ကောင်းလှသော မောင်အောင်ကိုကိုဖြိုးက -

"ဦးတင်အောင်မိုး၊ ကျွန်တော်တစ်ခုမေးပါရစေဗျာ၊ ကျွန်တော်တို့ လေ့လာနေတဲ့ ဂန္ဓာရီဝိဇ္ဇာ(၂) မျိုး ၁။ စူဠဂန္ဓာရီဖုတ်ကြီး (၄၈)၊ ကဝေ (၉၉) နှင့်တကွ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ စသော အောက်နတ်တို့ကို အစွဲပြု၍လုပ်သော ဆေးဝါး၊ ဂါထာ၊ မန္တန်၊ အင်းအိုင်၊ လက်ဖွဲ့၊ မှော်စသော အဆောင်အဖွဲ့ အစီအရင်များ၊ ၂။ မဟာဂန္ဓာရီ၊ သူရဿတီမယ်တော်ကြီးမှစ၍ ဒေဝီ (၁၂) ပါး၊ သိကြားဒေဝါ၊ ဝိဇ္ဇာဇော်ဂျီတပသီတို့ရဲ့ အစီအရင်များစတဲ့ လောကီပညာရပ်တို့ရဲ့ ကမ္မဇစွမ်းအားတွေက စီရင်တဲ့ဆရာရဲ့ သီလသမာဓိအပေါ် အဓိကကျပြီး စွမ်းတာလား။ ဆရာရဲ့စနစ်ကျတဲ့နည်းပညာဗဟုသုတပေါ် အဓိကကျပြီး စွမ်းတားလား။ ဥပမာ ညောင်ပင်လေးကိုဖန်တီးပြီးစိုက်တာမျိုးက နည်းပညာသက်သက်ဖြစ်နေတယ်လေ"

မောင်အောင်ကိုကိုဖြိုး စကားအဆုံးတွင် အကျွန်ုပ်တို့အိမ်အပေါက်ဝနားက ကြောက်မက်ဖွယ်ရယ်မောသံကြီး ထွက်ပေါ်လာလေ၏။

"ဟား ဟား ဟား တကယ့်လေးစားဖို့ကောင်းတဲ့ ဆရာစုတ်ဆရာညံ့တွေပဲ။ ဘာမှမဟုတ်တဲ့ပညာလေးတွေနဲ့ စကားကြီးစကားကျယ်တွေပြောနေတော့ ငါပညာပြတာပေါ့ကွာ"

စကားသံနှင့်အတူ အကျွန်ုပ်အိမ်ဝ၌ (၄) နှစ်အရွယ် ကလေးငယ်မလေး မမွေးကလျာရပ်နေ၏။ အချိန်ပိဿာ (၂၀) ခန့်လေးသော ကျောက်တုံးကြီးကို ခေါင်းပေါ်မ၍ လက်နှင့်မြှောက်ထားသည်။ ကျွန်ုပ်တို့ ဆရာ (၄)ဦးမှာ များစွာ တုန်လှုပ်ချောက်ချားသွားပါလေသည်။ မွေးကလျာ၏အသံနှင့် ရုပ်ရည်သည် အသက် (၇၀) ခန့်ရှိသော လူအိုတစ်ယောက်ကဲ့သို့ ထင်မှတ်ရ၏။

ထိုကလေးမလေးသည် အကျွန်ုပ်အိမ်အနီးက ဦးကျော်ကျော်၊ ဒေါ်ညွန့်အေးတို့၏သမီးထွေးလေး ဖြစ်၏။ ကဝေပညာရှင်တစ်ဦးက ပူးကပ်၍ အကျွန်ုပ်တို့အား ပညာလာ၍စမ်းခြင်းဖြစ်၏။

အကျွန်ုပ်က-

"ဟိတ် - အခုလာပြီး ပညာစမ်းတာက ဘာသဘောလဲကွာ။ မကျေနပ်တာများ ငါတို့အပေါ် ဘာတွေရှိနေတာလဲ ပြောပြပါ"

ဟုမေးလိုက်သောအခါ အကျွန်ုပ်မေးခွန်းအပြီး၌ အချိန်ပိဿာ (၂၀) ခန့်လေး၍ ကြီးမားသော ကျောက်တုံးကြီးကို အကျွန်ုပ်တို့ထိုင်နေသော ကွပ်ပျစ်ဆီသို့ ပစ်ပေါက်လိုက်လေတော့သည်။

"ဟိတ် - သတိထား"

"ဝုန်း. . ."

(ဆက်ရန်)

ပန်းချီတင်အောင်မိုး(ချောက်)



www.burmeseclassic.com


www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ တူရာသိပြောင်း

# မန္တိုင်းဇာတာဟောကိန်း

(၁၇-၁၀-၂၀၁၇) နေ့မှ (၁၆-၁၁-၂၀၁၇) နေ့အထိကာလ

မင်းရှိန်အောင်




၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် နေ့လယ် (၁း၁၈း၀၄) နာရီ အချိန်တွင် တနင်္ဂနွေဂြိုဟ်သည် ကန်ရာသီမှ တူရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် ကုံရာသီ (၆) ဒီဂရီ (၄၅) မိနစ်မှာ ပေါ်ထွက်လာသည်။ ၎င်းကို တူရာသီ စူဠသင်္ကြန်ဇာတာဟုလည်း ခေါ်ဆိုသေးသည်။

ဤဇာတာ၏ ထူးခြားချက်မှာ (၃) ဒီဂရီအတွင်း ပူးယှဉ်နေကြသော တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်တို့နှင့် သောကြာဂြိုဟ်တို့သည် ဂြိုဟ်ပြိုင်များဖြစ်ကြပြီးလျှင် အတွင်းပူးယှဉ် ဗုဒ္ဓဟူး၊ ကြာသပတေးဂြိုဟ်တို့နှင့် ယှဉ်တွဲနေသော တနင်္ဂနွေဂြိုဟ်သည် ယူရေနပ်ဂြိုဟ်နှင့် (၁၈၀) ဒီဂရီအမြင်ဖြင့် မြင်ထားသည်။ နောက်ထူးခြားချက်တစ်ခုမှာ ယူရေးနပ်ဂြိုဟ်က ရာဟုဂြိုဟ်ကို၊ ရာဟုဂြိုဟ်က စနေဂြိုဟ်ကို၊ စနေဂြိုဟ်က ယူရေနပ်ဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်ကိုယ်စီဖြင့် ဝိုင်းကြီးပတ်ပတ်မြင်ထားသည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် နယ်စပ်ရေးရာ၊ တိုင်းရင်းသားရေးရာ၊ တစ်ဖက်နိုင်ငံရေးရာတို့နှင့်ဆက်နွှယ်လျက် တစ်ဖက်သတ်စွပ်စွဲမှု၊ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှု၊ အကြမ်းဖက်မှုများကို မားတောင်ကိုကျော် မီးပင်လယ်ဖြတ်ရသလို ရင်ဆိုင်ရလိမ့်မည်။ အလုပ်သမား၊ လယ်သမားအပါအဝင် အခြေခံလူတန်းစားများ၏စားဝတ်နေရေးကိစ္စ၊ လုံခြုံရေးကိစ္စအတွက် တက်ကြွလှုပ်ရှားတောင်းဆိုမှုများ၊ အတိုက်အခံတို့၏ လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာမည်။

ငွေကြေးစီမံခန့်ခွဲရေး၊ ငွေကြေးဈေးကွက်၊ အာမခံနှင့် ချေးငွေ၊ အခွန်အကောက်၊ ဘဏ်လုပ်ငန်း၊ စီးပွားကူးသန်းကုန်သွယ်မှုနှင့်ပတ်သက်၍အကျဉ်းအကျပ်တွေ့ရမှုများ၊ ဘေးထွက်ဆိုးကျိုးများကို ကြုံရတတ်မည်။

မီဒီယာ၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်လျှင် တိုးတက်မှုရှိသော်လည်း အမှုအခင်းများဖြစ်ပေါ်မှုကား မလျော့ကျနိုင်သေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ဘာသာရေး၊ မီဒီယာလောကနှင့်ပတ်သက်၍ ထိပ်တိုက်တွေ့ ထိပါးမှုများရှိနေဦးမည်။

အဆိုပါကိစ္စတို့နှင့် ပတ်သက်၍ လွှတ်တော်၌ အစိုးရအဖွဲ့၌ အငြင်းပွားမှုများ၊ စွပ်စွဲပုတ်ခတ်မှုများ၊ စိန်ခေါ်မှုများကို ကြုံရလိမ့်မည်။ နိုင်ငံတကာသံတမန်အရေးနှင့် ယှက်နွှယ်လျက် ထိုသို့ဖြစ်ထွန်းလျှင် ပို၍သက်ရောက်မှုများရှိမည်။ အစိုးရအဖွဲ့ သို့မဟုတ် လွှတ်တော်နှင့် နီးနွှယ်နေသော ထိပ်သီးပုဂ္ဂိုလ် (အမျိုးသမီး) တစ်ဦးနှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်ရတတ်မည်။ သို့သော် အစိုးရအဖွဲ့သည် အချို့သောအောင်မြင်မှုကိုရလိမ့်မည်။

ရေကြောင်းဆိုင်ရာ၊ လေကြောင်းဆိုင်ရာ ခရီးသွားလာရေးယာဉ်များမတော်တဆဖြစ်တတ်မည်။ တိုင်းရင်းသားအရေး၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖြေရှင်းလေ ဖြေရှင်းစရာပိုတွေ့လေရှိမည်။ NGO အဖွဲ့၊ ပရဟိတအဖွဲ့၊ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ပုံမှန်မဟုတ်ဘဲ ပဉ္စမံတပ်သားဆန်ဆန်ပြုလုပ်လာကြလိမ့်မည်။ သူတို့ကြောင့်ပြဿနာတို့ရှည်ဖြစ်ပေါ်တတ်မည်။ နိုင်ငံတကာနှင့်ဆက်နွှယ်လျှင် ပိုဆိုးတတ်မည်။ ပထမမဏ္ဍိုင်နှင့် ဒုတိယမဏ္ဍိုင်တို့၌ စစ်ဘက်ရေးရာပါဝင်ပတ်သက်မှုပိုအားကောင်းလာမည်။

ရာသီဥတုပုံမှန်မဟုတ်၊ အပူဓာတ်ကြီးမည်။ မိုးကြီးမည်။ ရေကြီးမည်။ တောင်ပြို၊ မြေပြိုမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com



# စိုးမင်း
(မြောက်စည်း-ရွာသစ်)

## ဒုတိယအကြိမ်ရောက် ငရဲပြည်နှင့် စိတ်ချောက်ချားစရာများ

၂၀၀၄ ခုနှစ်၊ ဧပြီလ ပူပူနွေးနွေး အစိုးရအမှုထမ်းဘဝမှ အလုပ်ပြုတ်သွားပြီ စိတ်တွေထွေလို့ သောကပွေ့ရပြီ။ သားသမီး (၆) ယောက် နောင်ရေးမတွေးရဲစရာ ထမင်းနပ်မှန်ဖို့ အကြော်သည်ဘဝ ရုတ်ခြည်းပြောင်း အသက်ဆက်ရေး ရုံးကန်ရသည့်ဘဝရောက်နေချိန်ဖြစ်၏။

မိမိ၏စိတ် မေးခွန်းတွေမေး အကြိမ်ကြိမ် ဝန်ထမ်းဆိုတဲ့ ဘဝင်ရူးရောဂါတင်းခံနေတုန်းလား၊ လက်ကိုင်ထားတုန်းလား။ ဒီဘဝင်ရှိနေသရွေ့ ဒုက္ခပိုရောက်မှာအသေအချာ။ မင်းခယောကျ်ားလုပ်လျှင် ခြေသလုံးအိမ်တိုင်မှန်း အစကသိပြီးသားလေ။ ဒုက္ခရောက်တာမဟုတ်။ အရင်ကတည်းက နေရာဒေသ မိဝေးဖဝေး တစ်နယ်တစ်ကျေးဆင်းဆင်းရဲရဲဒုက္ခတွေနဲ့နေခဲ့ရပြီးသား။ စိတ်ကိုဖြေ ငစိုး၊ မင်း စိတ်မင်းဖြေ။

အစက မင်းမေ့နေပြီလား ဘိုးဘိုးအောင်နဲ့ မင်းကိုယ်တိုင် အပေးအယူလုပ်ခဲ့တာလေ။ မင်းကိုယ်၌က ဘိုးဘိုးကို ကတိပေးခဲ့တာမို့လား။

အလုပ်မပြုတ်ခင် (၃) လခန့်က အကြောင်း အတွေးများပေါ်လာလေ၏။ ဇနီးနှင့်ကလေးတွေ မြောက်စည်း



www.burmeseclassic.com

www.burmeseclassic.com

ရွာသစ်ကျောင်းထား၊ အိမ်ငှားလေး နေ၊ မိမိက မှန်တောအုတာ သီးခြားခွဲ ဝန် ထမ်းရင်း ညစဉ်ပုတီးမပျက်ပေ။ ညစဉ် ပုတီးစိပ်ရင်း ဘုရားမီးငြိမ်း၍ အခန်း မှောင်သွား၏။ ပုတီးပတ်ရေမပြည့်ခင် ရှေ့တည့်တည့်ထိန်လင်းနေသော အလင်း တန်းတစ်ခုမှ ဝလုံးသဏ္ဌာန်အလင်းထဲမှ ဝတ်ဖြူစင်ကြယ်တစ်ပါးတွေ့၍ စိပ်လက်စ ပုတီးချ၊ ကျစ်ကျစ်ဆုပ်လျက် စိတ်ထဲမှ

မေးမိလိုက်၏။

"ပထမံဘိုးဘိုးကြီးလား"

"အေး - ဟုတ်တယ်၊ လူလေးကို ပြောစရာရှိလို့လာတာ"

"ဟုတ်ကဲ့ ပြောပါ ဘိုးဘိုး"

"လူလေး နောင်သုံးလနေရင် ဒီ အလုပ်က အငြိမ်းစားရတော့မယ်။ သိစေ ချင်လို့ ဘိုးဘိုးသတိလာပေးတာ"

ဘိုးဘိုးစကားကြောင့် စိတ်များ တွေသွား၏။ ဘာအပြစ်နဲ့ပါလိမ့်။ အလုပ် နားရတော့မယ်ဆိုပါလား။ အရင်တန်း က အလုပ်ထွက်ချင်ကြောင်း ဘိုးဘိုးတို့ အား ပူဆာဖူးလေ၏။ ဒါကြောင့်များ လား သိချင်၍ မေးလိုက်၏။

"ဘိုးဘိုး ဘာအပြစ်ရှိလို့ နားရမှာ လဲ"


"အဲဒါတွေ မမေးနဲ့၊ ဆက်လုပ်ဦး မှာလား၊ အဖြုတ်ခံမှာလား ဖြေ"

စကားမည်သို့ပြန်ရမည်နည်း၊ အကြံ အိုက်ရင်း မေးရပြန်၏။

"ဒီအလုပ်ပြုတ်ရင် ကျွန်တော့် မိသားစု ထမင်းငတ်မှာဘိုးဘိုး။ ဖြစ်ပါ့ မလား"

"မငတ်ဘူး၊ ဆက်လုပ်ချင်သေး လား၊ အဖြုတ်ခံမှာလား၊ အချိန် (၃) လ ရှိသေးတယ်။ သေသေချာချာစဉ်းစား ထား။ ကဲ - ဘိုးဘိုးပြန်မယ်"

အလင်းများကွယ်၍ ဘုရားခန်းအ



www.burmeseclassic.com

www.burmeseclassic.com

မှောင်ကျသွား၏။ ကိုင်ထားသောပုတီး စေ့အပတ်ရည်ပြည့်အပြီး တစ်ယောက် တည်း အံ့ဩစိုးရိမ်နေ၏။ ယခင် အရေး ရှိတုန်းက ယခုပုံစံတိုင်း မိမိအား သတိ ပေးဖူးသည်။ ယခု ဒုတိယအကြိမ်အရေး ကြီးမှန်း ထင်ရှားနေလေ၏။ ဘိုးဘိုး၏ စကားသည် လွဲသည်မရှိ မိမိသည်သာ ဆုံးဖြတ်ချက်ခက်နေရ၏။

ယခင်နှစ်များစွာက ဘိုးဘိုးထံ အလုပ်ထွက်ချင်ကြောင်း (၃) ကြိမ်မက ပူဆာခဲ့ဖူးသည်။ ဒီတုန်းက ဘိုးဘိုးနှုတ်မှ 'ခုစောသေးတယ်။ ဒီအလုပ်ကတစ်သက် မလုပ်ရဘူး။ လူလေး အသက် (၄၀)ပြည့် ရင် အပြီးနားရမယ်'။ မှတ်မှတ်ရရသတိရ သေး၏။

ယခု အသက် (၄၀) ပြည့်ပြီ။ လွန် ခဲ့သော (၁၅) နှစ်ခန့်မှ ဘိုးဘိုး၏စကား များ ကွက်တိဝင်လာ၏။ တစ်ခါတလေ စိတ်ဖောက်လာလျှင် ဘိုးဘိုးအား ပွစိပွစိ ပူဆာတတ်သောမိမိအကျင့်မကောင်းပေ။ နေ့စဉ် ခိုးနေရ၍ သူခိုးဖြစ်နေရကြောင်း၊ ခိုးမှုကြောင့် မှသာဝါဒကံနေ့စဉ်ကျိုးနေရ ကြောင်း၊ သူခိုးဘဝကျွတ်ဖို့ အလုပ်ထွက် ချင်ကြောင်းပူဆာရခြင်း ဖြစ်ပေ၏။

ဒီအလုပ်လုပ်နေသရွေ့ မိမိခိုးနေ ရမည်။ မခိုးရလျှင် မိသားစုငတ်မည်။ ဘာမှခိုးစရာမရှိလျှင် အချိန်ရအောင်ခိုး မိသေး၏။ ယခုလည်း သူခိုးဘဝကျွတ် အောင် အဖြတ်ခံဖို့ စိတ်မှာတေးထား လိုက်၏။

ဒီကြားထဲ ဇနီးနှင့်ကလေးတွေရှိ ရာ မြောက်စည်းရွာသစ်အလည်လာရင်း ဇနီးအား တိုးတိုးတိတ်တိတ်သတိပေး လိုက်မိ၏။

"မိန်းမရေ ငါနောက်(၃) လဆိုရင် အလုပ်ပြုတ်တော့မယ်"

ဆိုတော့ ဇနီးက ဒေါသဖြင့်ပြန် အော်လေ၏။

"ကြံကြံစည်စည်တော်၊ ခင်ဗျားက ဘာအပြစ်ကြီးလို့ပြုတ်ရမှာလဲတော့်"

"ဒါတော့ ငါလည်းမသိဘူး။ ဘိုးဘိုး တစ်နေ့ကလာပြောသွားပြီ။ အဲဒါပိုက်ဆံ သုံးတာ စေ့စေ့စပ်စပ်သုံး၊ စုလို့ရတာစု ထားပေါ့ကွာ"

"ကျွန်မဆီပိုက်ဆံဘာရှိမှာလဲတော်။ ဒီမှာကလေးတွေနဲ့ ခြိုးခြံစားနေရတာ"

"အေးပါကွာ၊ ငါကသတိပေးတာ ပါ။ ကဲ - ငါပြန်တော့မယ်"

ထိုနေ့ ဇနီးသည်အား နှုတ်ဆက် ၍ တောဘူတာသို့ပြန်ခဲ့လေ၏။

ဘိုးဘိုး ပထမအကြိမ်သတိပေးတဲ့ ညနေ့စွဲအား ဒိုင်ယာရီတွင် မှတ်သား ထားလိုက်၏။ နောက်တစ်လပြည့်သော နေ့ ညသန်းခေါင်ယံ ပုတီးပြီး၍ မေတ္တာ ပို့လွှတ်နေစဉ် ရှေ့တည့်တည့် ဝလုံး သဏ္ဌာန်အလင်းရောင်ကြီးအတွင်းမှ ဘိုးဘိုးပေါ်လာကာ စပြောလေ၏။

"လူလေးစဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့-စဉ်းစားပြီးပြီဘိုးဘိုး။ အပြုတ်ခံလိုက်တော့မယ်"

"ဒီစကား လူလေးပြောတာနော်၊ ဘိုးဘိုးစကားမဟုတ်ဘူး"

"ဟုတ်ကဲ့ - ဘိုးဘိုး၊ ကျွန်တော် ကိုယ်တိုင် ဆုံးဖြတ်တာ ပြုတ်ပစေတော့ ဘိုးဘိုး"

"သေချာစဉ်းစားပြီးမှဖြေ၊ နောင် တစ်ချိန် ဘိုးဘိုးကြောင့်အပြစ်လာမတင် နဲ့"

"ဟုတ်ကဲ့-အပြစ်မတင်ဘူးဘိုးဘိုး"

"အေး-ဒါကမင်းစကားပဲ။ နောက် နှစ်လကျန်သေးတယ်။ အချိန်ရသေး တယ်။ လူလေးထပ်စဉ်းစား။ ကဲ-ဘိုးဘိုး ပြန်မယ်"

တစ်ခန်းလုံး အမှောင်ကျသွား၏။ ဒုတိယအကြိမ် သတိပေးခြင်းသည် မိမိ အား တကယ့်သားအရင်းကဲ့သို့ စေတနာ မှန်ဖြင့် စဉ်းစားစေချင်၍ဖြစ်လေ၏။ မိမိ က အပြုတ်ခံဖို့ကတိပေးလိုက်ပြီးမိမိစိတ် မိမိအကြိမ်ကြိမ်မေးကြည့်တော့ နောက် ဆံတင်းနေမှန်းသိ၏။

သားသမီး (၆) ယောက်စလုံး အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားတွေ။သူတို့ကိုကျောင်းဆက် မထားနိုင်မှာ အစိုးရိမ်ဆုံးဖြစ်လေ၏။ တရွေ့ရွေ့နှင့် နောက်တစ်လအကြာ သန်းခေါင်ယံ ပုတီးစိပ်၍ မေတ္တာဓာတ် လွှတ်ရင်း အလင်းရောင်များ ထိန်နေပြန် ၏။ ယခင်အတိုင်း ဝလုံးသဏ္ဌာန်အလင်း ထဲမှ ဘိုးဘိုးပေါ်လာ၏။

ဘိုးဘိုး၏ပုံသဏ္ဌာန်မှာ မိမိအရပ် နှင့်မကွာ။ ငါးပေကျော်ကျော်သာရှိ၏။ အပေါ်အောက်အဖြူရောင်အဝတ်အစား လက်ထဲတွင်တောင်ဝှေးတစ်ချောင်းကိုင် လျက် လည်ပင်းတွင် အနက်ရောင်ပုတီး တစ်ကုံး (အသေး) ဆီးဖြူသီးခန့် ပုတီး တစ်ကုံးဝတ်ဆင်ထား၏။ မျက်နှာမှာ ကြည်လင်လျက် အရောင်ထွက်နေသည့် ပမာ မျက်လုံးများ အံ့မခန်းစူးရှလှ၏။ မိမိအား စကားစတင်ပြောလာ၏။

"ကဲ - လူလေး ဘိုးဘိုးနောက်ဆုံး လာခြင်းပဲ။ နောက်ဆုံးအကြိမ်သတိလာ ပေးတာ စဉ်းစားပြီးမှဖြေ"

"ဟုတ်ကဲ့-စဉ်းစားပြီးပြီ ဘိုးဘိုး၊ အပြုတ်ခံတော့မယ်"

ဘိုးဘိုးမျက်မှောင်ကြုတ်သွားကာ-

"ဟေ့-စကားပြီးစလွယ်မပြောနဲ့ အချိန်တစ်လရှိသေးတယ်။ ရုန်းထွက်ဖို့ ရသေးတယ်ကွ"

"ဘိုးဘိုး ရုန်းထွက်ဖို့ ဘယ်လိုလုပ် မှာလဲ။ အချိန်မရှိတော့ဘူး"

"မင်းတို့ရုံကြီးရှိတယ်။အဲဒီရောက် အောင် တစ်ရက် နှစ်ရက်အတွင်း ခရီး ထွက်၊ ပြောင်းမိန့်ယူ၊ ထွက်။ လွတ်တယ် ဒါပြောတာကွ"

"ဘိုးဘိုးရဲ့စေတနာ ကျွန်တော်သိ ပါတယ်။ လက်လျှော့တော့မယ်ဘိုးဘိုး"

"လူလေး၊ ဒါမင်းဘဝအတွက် နောက်ဆုံးအခွင့်အရေး၊ သံသရာရှည် ချင်သေးတယ်ဆိုရင် ဆက်လုပ်၊ မရှည် ချင်တော့ဘူးဆိုရင် ဒီမှာအဆုံးသတ် အပြီးနားရမှာပဲ"

"ဘိုးဘိုးအလုပ်ပြုတ်ရင် ထောင် နန်းစံရဦးမှာလား"

"ဘိုးဘိုးပြောမယ်၊ နားထောင်။ သူတို့ဖြုတ်တာ ခံမှာလား။ လူလေးကိုယ် တိုင်ကိုယ့်အလုပ်ကိုဖြုတ်မှာလား ထောင် နန်းမရှိဘူး ဒါကိုရွေး"

"ဘိုးဘိုး ကျွန်တော်တစ်ယောက် တည်းပြုတ်မှာလား"

"လူလေးတစ်ယောက်တည်းမဟုတ် ဘူး။ များတယ်"

"ဒါဆို ကျွန်တော်တစ်ယောက် တည်းရုန်းထွက်တော့ဘယ်တရားပါ့မလဲ။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း တွေ အများကြီးရှိသေးတယ်။ သူတို့ကို မထားခဲ့နိုင်ဘူး"

"လူလေး ခုဘိုးဘိုးသတိပေးတာ လူလေးတစ်ယောက်တည်းပဲ။ တခြားဆွဲ မထည့်နဲ့"

"ဘိုးဘိုးက ထပ်ကာထပ်ကာမေး ရတာ အကြောင်းရှိတယ်ကွ။ နောင်တစ် ချိန် ဘိုးဘိုးတို့ကြောင့်လို့မင်းအပြစ်ဖို့မှာ သိတယ်။ သိလို့ လာသတိပေးတာ။ ကဲ- နောက်ဆုံးအကြိမ်၊ နောက်ဆုံးအခွင့် အရေး ဆက်လုပ်မှာလား၊ နားမှာလား"

မိမိသည် ဘိုးဘိုး၏ အကြိမ်ကြိမ် သတိပေးချက်အပေါ် မေတ္တာစေတနာ မည်မျှထားကြောင်းအပေါ် သိပါသည်။ သူခိုးဘဝ အဆုံးသတ်ချင်သူမို့ ကတိပေး လိုက်၏။

"မလုပ်တော့ဘူး။ ပြုတ်ရင်ဘိုးဘိုး တို့ပစ်ထားလို့မရဘူး"

"မပစ်ပါဘူး။ မေတ္တာမပျက်ပါဘူး ကွာ"

"ဘိုးဘိုး သတိလာပေးတာကို ကျွန်တော်ဝမ်းသာတယ်။ စိတ်ဖြေသာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကြုံသိတော့ စိတ်မပင်ပန်းတော့ဘူး။ ဒီအလုပ်က ဝင့်ကျွတ်ပြီလို့ မှတ်ယူထားတော့မယ်"

"အေးအေး - လူလေးရဲ့ဆုံးဖြတ်ချက်အတိုင်း ဒီလောက်ဝင့်ဆပ်ရရင်ကျေနပ်တော့၊ နားတာကောင်းတယ်။ ကဲ - ဘိုးဘိုးပြန်မယ်။ နောင် ဘိုးဘိုးကို မမေ့ပ်လေနဲ့"

"ဟုတ်ကဲ့ ဘိုးဘိုး"

အမှောင်ကျသွားသော ဘုရားခန်းအတွင်း အတွေးပင်လယ်မျောနေသည်မှာ မည်မျှကြာသွားသည်မသိတော့ပေ။ ကိုယ်ဖြစ်တဲ့ဒုက္ခအပေါ် အဓိကတရားခံက မိမိပင်။ ဒီအလုပ်လုပ်မိလို့ ဒီအပြစ်ဒဏ်ခံရတာ ရှင်းနေပါသည်။ နောက်တစ်လအကြာမှာတော့ မိမိနှင့်သူငယ်ချင်းများအလုပ်မှထုတ်ပယ်ခြင်းခံရလေ၏။

အများတကာမျက်လုံးတွေက မိမိတို့မိသားစုအပေါ် ဘီလူးသရဲသဘက်လို မမြင်ချင်ယောင်ဆောင်သူကတစ်ပုံကြီး။ ယခင်တပည့်ဟောင်းတွေတောင် အရေးမမူ၊ ချေးချင်လို့လားငှားချင်လို့လား။ မိမိမြင်သည်နှင့်ကျောပေးလေပြီ။ လူတကာတို့၏အပြောအကြည့်အပြုအမူတွေသည် မိမိအတွက် ဘဝသင်ခန်းစာတသီကြီးရလေ၏။

မိမိတစ်ယောက်တည်းကျိတ်၍ပြုံးရ၏။ သဘောကျလွန်း၍ဖြစ်၏။ မိမိသည် အလုပ်လက်မဲ့ဘဝရောက်သော်လည်း စိတ်အားမငယ်။ ဇနီးသည်က အရိပ်ကြီးတစ်ခုလို ကာမိုးပေးရှာ၏။ လိုင်စင်မဲ့ဆိုင်လေးဖြင့် အကြော်၊ မုန့်ဟင်းခါး၊ ထမင်းရောင်းလို့ ထမင်းအိုးတည်၊ မိသားစုတင်းတိမ်ရလေပြီ။

အလုပ်မရှိတော့ မိမိအတွက် ဘာသာရေးအချိန်တွေ ပိုထွက်လာလေပြီ။ ဘိုးဘိုး၏ ဝစကြာအင်းကစားရာမှ နောက်ဆုံးနေ့ညသန်းခေါင်အချိန်ရောက်လေပြီ။ ပုတီးပတ်ရေပြည့်သွားပြီ မေတ္တာဓာတ်မပို့လွှတ်မီ အိမ်အောက်ခဏဆင်းလိုက်၏။

လမင်း၏အလင်းဖြင့် လောကကြီးဝင်းထိန်နေ၏။ တပို့တွဲလ အဖိတ်နေ့နှင့်အညီ လမင်းသည် ပြည့်လုပြည့်ချင်ဝိုင်းနေလေပြီ။ မြောက်လေသင်းသင်းက နှင်းမှုန်များနှင့်အတူ မိမိမျက်နှာအား နှုတ်ဆက်ပြန်၏။

အထက်ကောင်းကင်ယံတွင် မိုးသားတိမ်လိပ်ကင်းစင်လှ၏။ ကြယ်စင်ပေါင်းစုံက လမင်းကြီးအား ဝိုင်းရံစားနေလေပြီ။ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်က မိမိအား သတိမမူကြပေ။ မေတ္တာဓာတ်ပို့လွှတ်ရမည်မို့ အိမ်ပေါ်ဘုရားခန်းရှေ့အလုပ်ပြန်ဝင်လိုက်၏။

အတန်ကြာ မေတ္တာဓာတ်ပို့လွှတ်ရင်း ခေတ္တလျှော့ပါးဆုတ်ယုတ်လာသည်မို့ အလုပ်သိမ်းလိုက်၏။

ထိုနေ့ကား ၂၀၀၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် အဖိတ်နေ့။ ညသန်းခေါင်အလယ်ယံ လမ္ဘန်းတည့်လုနီးပါးရှိချေ၏။ ဝတ်နေကျအပေါ်ဖြူအောက်ဖြူမချွတ်ချင်။ ဘုရားကျောင်းဆောင်နံဘေးခွာလျက် မေတ္တာပို့ရင်းညောင်းလှဲ အိပ်စဉ် မေး၍အိပ်ပျော်သွားလေ၏။

မျက်လုံးများတဆတ်ဆတ်ခုန်နေ၏။ ပတ်ဝန်းကျင်လင်းထိန်နေ၏။ အိပ်ရာထက်မှ ထထိုင်ကြည့်တော့ အံ့ဩနေ၏။ အိမ်ထဲလင်းနေသလို အပြင်ဘက်လည်းလင်းနေ၏။ အပြင်ဘက်မှအလင်းသည် ကပ်ထရံဖောက်၍မြင်ရသောအလင်းဖြစ်၏။ ထိုအလင်းထဲမှ အိမ်ရှေ့တည့်တည့် အသားမည်းမည်း၊ ပိန်ပိန်ရှည်ရှည်လူနှစ်ယောက်အား အထင်အရှားမြင်ရသလို သူတို့နောက် ပိန်းကောလှေတစင်းအားမြင်ရပြန်၏။

တစ်ဖန် သူတို့ထံမှ မျက်နှာလွှဲ၍ မိမိခြေရင်းမှ ဇနီးနှင့်သားသမီးခြောက်ယောက်မှာ တိတ်ဆိတ်စွာအိပ်ပျော်နေရှာ၏။ အလင်းသည် မီးသီး၊ မီးချောင်းလင်းသည့်ပုံမဟုတ်ပေ။ မိမိကြည့်သောအရာသည် ဆလိုက်မီးထိုးပေးသကဲ့သို့ အလင်းသာ။ ကပ်ထရံကြားမှဝင်လာသော လရောင်အလင်းတန်းများရှိသေး၏။

မိမိအိမ်သည် နှစ်ခန်းပတ်လည် ကပ်ကာကပ်မိုးမြေစိုက်အိမ်ကလေးဖြစ်၏။ တစ်တောင်ခန့်အမြင့် ဝါးကြမ်းခင်းအိမ်အတွင်း အခန်းကန့်ထားခြင်းမရှိပေ။ ဝင်ပေါက်တစ်ခုတည်းသာရှိသော ဟောင်းလောင်းအိမ်ကလေး ဖြစ်၏။ ကိုယ်ပိုင်မြေကွက်မဟုတ်ပေ။ တစ်ပါးသူ၏ မြေကွက်အားငှား၍နေခြင်း ဖြစ်၏။ အိမ်ခြံစည်းရိုးမရှိပေ။

ဘုရားကျောင်းဆောင်ရှေ့မှ ငုတ်တုတ်ထိုင်လျက် အိမ်ရှေ့မြေပြင်ရပ်နေသော တစိမ်းလူနှစ်ယောက်အားသေချာကြည့်သောအခါ မိမိအံ့အားသင့်သွား၏။ ကြက်သီးထသွားလေ၏။ ဒီလိုလူနှစ်ယောက်အား မိမိတွေ့ဖူးသည်။ ရင်းရင်းနှီးနှီးတွေ့ဖူးထား၍ ကြောက်စိတ်ပေါ်လေ၏။

သူတို့နှစ်ယောက်နှင့် မိမိသည် ဓာတ်မီးထိုးထားသကဲ့သို့ တစ်ဦးနှင့်တစ်ဦးကြည့်နေရာမှ သူတို့နှစ်ယောက်စလုံးသည် မိမိအား လက်ပြခေါ်လေ၏။ အိမ်ပေါ်မှအောက်ဆင်း။ တစ်ဖန် သူတို့နှင့်တစ်ပါတည်း လှေပေါ်တက်သွားကြရန် ခေါင်းလက်အချက်ပြခေါ်နေ၏။

သူတို့နှင့် ယခင် ဆုံဖူးထားစဉ်က မိမိအား ကူညီစောင့်ရှောက်သည်ကို သိထား၍ ဇနီးနှင့် ကလေးများအား တစ်ချက်ကြည့်ကာ အိမ်အောက်ဆင်း၍ လူစိမ်းနှစ်ယောက်နှင့် (၁၀) ပေခန့်အကွာ မျက်နှာချင်းဆိုင်လိုက်၏။

အိမ်အပြင်ရောက်သည်နှင့် မီးဆလိုက်အလင်းများမရှိတော့ပေ။ လမင်း၏အလင်းဖြင့် ထင်ရှားစွာမြင်ရလေ၏။ သူတို့နှစ်ယောက်အား တစ်ယောက်ပြီးတစ်ယောက် သေချာကြည့်သောအခါ ညီအစ်ကိုပမာ ရုပ်ဆင်တူလေ၏။

အရပ် (၆) ပေကျော်၏။ ပိန်ပိန်ရှည်ရှည်အသားမည်းလှ၏။ ပါးချောင်ကျ မျက်ကွင်းခွက်လျက် မျက်လုံးပြူးကြောင်ကြောင်။ နှာခေါင်း၊ ပါးစပ်တို့ အကျည်းမတန်လှချေ။ ခေါင်းပေါ်တွင် တစ်ထွာခန့် နွားဦးချိုနှစ်ချောင်းပါ အညိုရောင်သားရေသားဦးထုပ်ဆောင်းထား၏။ ညာဘက်လက်တွင် အရပ်နှင့်ညီသော ခရင်းခွတစ်ချောင်းစီအား မြေပြင်ထောက်ကိုင်ထား၏။

ကပ်ပယ်ဖုံး အညိုရောင်သားရေသား(အတွင်းခံ) အုပ်ဖုံးလျက် ကျန်ခန္ဓာကိုယ်များအဝတ်အစားမရှိပေ။ ဖိနပ်မပါ ခြေဗလာလုံးဖြစ်၏။ သူတို့နောက်ကြော်မှ ခဲရောင်ပိန်းကောလှေတစ်စင်းသည်ကား (၁၅)ပေခန့်ရှည်၍ လှေအတွင်းဘာပစ္စည်းမျှမရှိပေ။ သူတို့နှစ်ယောက်တွင် ကြွက်သားအဖုအထစ်များမရှိ၊ ပိန်ပိန်ရှည်ရှည်အရုပ်အမောင်းသာရှိလေ၏။

ထိုနှစ်ယောက်၏ မျက်နှာသည် စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းအမူအရာတစ်စုံတစ်ခုမျှမရှိ၊ မပြုံးမရယ် ခပ်တည်တည်မျက်နှာထားနှင့်ကြည့်လေ၏။ မိမိအား လှေပေါ်တက်ရန် ခေါင်းလက်အချက်ပြ တောင်းဆိုနေပြီ။

သူတို့ခေါ်ရာ လိုက်သင့်၊ မလိုက်သင့်စဉ်းစားဆဲပင်။ အဓိဋ္ဌာန်ပြီးလို့ မေတ္တာပို့ အမျှပေးတော့ ငရဲမင်းကြီးအား မေတ္တာပို့၍ အမျှပေးဝေခြင်းအား သီးသန့်ဓာတ်လွှတ်ခဲ့ရာ အလည်ခေါ်လျှင် လိုက်ချင်ကြောင်း ပါးစပ်မှဖွင့်ဟမိခဲ့၏။ သေချာသိလေ၏။ မိမိပါးစပ်ကြောင့် ယခုသူတို့လာခေါ်ပြီ ငြင်းဆန်၍မရနိုင်ပေ။ စိတ်အားရဲဆောင်ကာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်မည်ဟုပြောကာ သူတို့နှစ်ယောက်မှ မိမိအား လှေ၏အလယ်တည့်တည့် ထိုင်ရန်အချက်ပြလေ၏။

လျှော့ရဲရဲခေါင်းပေါင်းအဝတ်ဖြူ အား ကျစ်ကျစ်ပြန်ပေါင်း ပုဆိုးအားကျစ်ကျစ်ဝတ်၍ လှေ၏အလယ်တင်ပျဉ်ခွေ ထိုင်ကာ လှေ၏အနားတစ်ဖက်တစ်ချက် ကိုင်ထားစဉ် သူတို့သည် ရှေ့ထိပ်တစ်ယောက် နောက်ထိပ်တစ်ယောက် ထိုင်အပြီး လှေသည် အပေါ်သို့သိမ့်ခနဲဖြည်းညင်းစွာ ကြွတက်လာ၏။ ဝါးသုံးပြန်ခန့် အမြင့်တွင် ရှိခနဲအသံမြည်လျက် တောင်တည့်တည့်သို့ လေဟုန်ခွင်း၍ ပျံသန်းလေ၏။

အောက်မှ မိမိ၏ အိမ်ကလေးအားတစ်ချက်ငုံ့ကြည့်ရာ အရိပ်အယောင်ပင်မမြင်လိုက်ရပေ။ လှေသည် လေယာဉ်ပမာ မြေပြင်အမြင့်ဝါးသုံးလေပြန်မှ အလွန်မြန်သောအရှိန်ဖြင့် ပျံသန်းလေ၏။

နားထဲတွင် လေတိုးသံသာကြားရ၏။ မြင်ကွင်းတစ်ခုသည် မျက်စိတစ်မှိတ်အတွင်းသာမှတ်သားနိုင်လေ၏။ လမင်းသည် ထိန်ထိန်သာလျက် သစ်ပင်မျိုးစုံတို့၏ ထိပ်ဖျားအပေါ်ယံအား ငွေရောင်ခြယ်ထားသည့်ပမာ အလှဆင်ထားလေ၏။

မိမိ၏စိတ်၌ အံ့ဩမှုနှင့်ပြည့်နေ၏။ ဆောင်းလ၏ အအေးဒဏ်နှင့် လှေယာဉ်၏ လေတိုးဒဏ်သည် ခန္ဓာကိုယ်အား အေးခဲသွားနိုင်ပါလျက် ယခုခံစားရသော အအေးဒဏ်သည် သာမန်အအေးဓာတ်သာရှိလေ၏။ လေအေးအေးသင်းသင်းသာ ခန္ဓာကိုယ်ထိခတ်၏။ ဝတ်ထားသော ခေါင်းပေါင်းမှအစ ဖရိဖရဲမဖြစ်ပေ။ တစ်ခါတစ်ရံတွင် လှေ၏ အောက်ကိုယ်ထည်နှင့် သစ်ပင်ထိပ်ဖျားတို့တဖျတ်ဖျတ်ထိခတ်သံကြားရသေး၏။ မိမိ၏စိတ်သည် ကြောက်စိတ်ကင်းမဲ့ကလွတ်လပ်ပေ့ါပါးလျက်ရှိ၏။ အတွေးများနှင့် လိုက်ပါရင်း ယခင်တစ်ခေါက်ကြုံတွေ့ခဲ့ရသည့်အကြောင်း သတိရမိသေး၏။ ထိုစဉ်က မြင်တွေ့ရသော အဖြစ်အပျက်များသည် တစ်သက်တွင် တစ်ခါမျှမတွေ့မကြုံဖူးဘူးသေးပေ။ သွေးပျက်မတတ် ထိတ်လန့်ချောက်ချားခဲ့ရ၏။ မကြုံဘူးသေး၍မကြောက်မိသော်လည်း ကြုံဖူးသည့်အခါမှ မိမိ၏သတ္တိများအရည်ပျော်ခဲ့ရလေ၏။

ယခုအခါ အရင်လိုမဟုတ်ပေ။ တစ်ခါထိတွေ့ဖူးသော အတွေ့အကြုံရှိနေပြီ။ ထို့ကြောင့် မိမိ၏စိတ်သည် ကြည်လင်ပေ့ါပါးလန်းဆန်းလျက်ရှိ၏။ လရောင်အောက် ယာဉ်ပေါ်မှ မြင်ကွင်းသည် စိမ်းစိုနေသော သစ်တောအမျိုးမျိုးအား တစ်တောပြီးတစ်တောဖြတ်သန်းနေသည်ကို သိနေ၏။

ရှေ့မှ ကိုလူမည်းသည် မိမိအား နောက်ပြန်တစ်ချက်မကြည့်ပေ။ သူ့ကျောပြင်မည်းမည်းသည် လရောင်ဖြင့် ငွေရောင်ခြယ်ထားသည့်ပမာ ရှိလေ၏။ ငုံ့စောင်း၍ နောက်မှ ကိုလူမည်းအား အကဲခတ်ကြည့်သော် အကြည့်သက်သက်သာ။ မသိသလို ခပ်တည်တည်နေလေ၏။

ခေါင်းမော့ကြည့်တော့ လမင်းကဦးခေါင်းထိပ်နားရောက်လေပြီ။ ကြယ်တာရာများ အလှချင်းပြိုင်လျက်သာ ပီတိဖြစ်နေစဉ် အလင်းရောင်များ ရုတ်ခြည်းမှိန်သွား၏။ ကြက်သီးများထကြောက်စိတ်ဝင်ကာ ဟိုဟိုဒီဒီမျှော်ကြည့်သောအခါ နှလုံးခုန်မြန်၍ အသားများတုန်လာ၏။ ဒူးများတုန်နေ၏။

အပေါ်တည့်တည့်လမင်းမရှိတော့ပေ။ ကြယ်တာရာများ မတွေ့။ ဘယ်ရောက်သွားသည်မသိပေ။ နံနက်ဝေလီဝေလင်း လင်းလုလင်းဆဲ အမှောင်မကွဲသော ဟင်းလင်းပြင်ကြီးပေါ်မှာ လှေယာဉ်ဖြတ်သန်းနေလေ၏။ လှေယာဉ်သည် ဟင်းလင်းပြင်အပေါ် ဝါးတစ်ပြန်ခန့်မျှမှ ပျံသန်းနေ၏။ အောက်ခြေမှာ မိမိအထင် သဲသောင်ပြင်ကြီးသာတွေ့ရ၏။ သစ်ပင်ကြီးငယ်ချုံနွယ်ပိတ်ပေါင်းတစ်ခုမျှမမြင်ရပေ။ ထိုဟင်းလင်းပြင်ကြီးသည် အစအဆုံးမရှိကျယ်ပြန့်လှ၏။ မီးခိုးမှိုင်းသဏ္ဌာန် ဖုံးအုပ်ထားသကဲ့သို့တွေ့ရ၏။

မိမိခန္ဓာကိုယ် အအေးမိသကဲ့သို့ တုန်နေ၏။ ကြောက်စိတ်မပြယ်ပေ။ သဲသောင်ပြင်အပေါ်မှ ဖြတ်ကျော်ရင်း ရိတ်ခနဲအလင်းတစ်ခုတွေ့လာရ၍ စိတ်လှုပ်ရှားရပြန်၏။ လှေယာဉ်၏ရှေ့တည့်တည့် စက်ဝိုင်းခြမ်းတစ်ခုပမာ နံနက်နေထွက်စရောင်ခြည် အဝါ၊ အနီရောလျက် လှေဦးတည့်တည့် ဟိုးအဝေးအထိမြင်နေရ၏။

ထိုအလင်းရောင်သည် တစ်နေရာထဲတွင် လင်းနေသလို ကျန်လေးဖက်လေးလံ အပေါ်အောက်မှာအလင်းမရှိ။ မှိုင်းပျပျသာရှိလေ၏။ လှေယာဉ်သည် ထိုအလင်းရှိရာသို့ ဦးတည်မောင်းနေလေ၏။ တဖြည်းဖြည်းနှင့် ထိုအလင်းရောင်သည် လင်းသည်ထက် လင်းလာ၏။ မိမိမျက်စိသာမန်ဖြင့်မကြည့်နိုင်ပေ။ မျက်မှောင်ကြုတ်၍ကြည့်နေရ၏။

ထိုစဉ် လှေယာဉ်သည် အနည်းငယ် တုန်ခါလာ၍ သတိထားလိုက်၏။ လှေ၏တစ်ဖက်တစ်ချက်ကား လက်နှစ်ဖက်ဖြင့်မြဲမြံစွာကိုင်ရင်း ရှေ့တည့်တည့်ရှိ အလင်းရောင်ကြီးထဲသို့ ရိပ်ခနဲတိုးဝင်သွားတော့၏။

ခန္ဓာကိုယ်တစ်ခုလုံး နွေးခနဲခံစားလိုက်ရ၏။ တစ်ကိုယ်လုံးကြက်သီးများထ၍ ဦးခေါင်းပင်ပုသွားသလား ခံစားလိုက်ရ၏။

နွေးအခါ လေပူတိုက်သည့် အရသာ မိမိခန္ဓာကိုယ်ထိလေ၏။ မျက်စိနှစ်လုံးမှ ပေကလပ်ပေကလပ်နှင့် ကောင်းကောင်းမဖွင့်နိုင်။ ဖွင့်ရုံသာမေး၍ကြည့်လိုက်၏။ ကြာကြာမကြည့်နိုင်။ စူးရှလွန်းသည့်ဒဏ်ကြောင့် ဖြစ်၏။ တစ်ပြင်လုံးလင်းနေမှန်းသိ၏။

ထူးခြားသည်က လှေယာဉ်သည် ရှေ့တည့်တည့်သွားသည့်ပုံမဟုတ်တော့ဘဲ အောက်တည့်တည့်သို့ အလွန်မြန်သောနှုန်းဖြင့် ဆင်းနေမှန်းသိရပြန်၏။ ဤအရသာသည် လှေတုန်ခါမှုစဖြစ်သောအချိန်မှ စက္ကန့်ပိုင်းအကြာ စတင်ခံစားရခြင်း ဖြစ်၏။

မှိတ်ထားသောမျက်စိအား အားယူမေးကြည့်သောအခါ ကြည့်၍မြင်လာရ၏။ အလင်းပြင်ကြီးထဲရောက်နေခြင်းသိ၏။အဝါရောင်၊အဖြူရောင်ရောသော အလင်းပြင်ကြီး ဖြစ်၏။ အပေါ်ကြည့်လျှင်လည်း အလင်းပြင်၊ ဘေးဝဲယာတွင် အလင်းပြင်ရှေ့တည့်တည့်မှအောက်ပိုင်းအထိ အလင်းမြင်တစ်ခုတည်းသာရှိလေ၏။

• လှေယာဉ်သည် အောက်တည့်တည့်သို့ တည့်တည့်မတ်မတ်ဆင်းနေ၍ အလင်းထဲမှ လေပူနွေးသည် တစ်ကိုယ်လုံးအားထိရိုက်၏။ စိတ်သည် မိမိဌာနသို့ရောက်၍တွေးမိပြန်၏။ လာစဉ်က လမင်းကြီးနှင့် ကြယ်တာရာတွေ၊ သစ်ပင်သစ်တောတွေ၊ မြင်နေကျအရာဝတ္ထုတွေ ခုဘယ်ရောက်ကုန်သနည်း။ ဤနေရာသည် ဘယ်လိုနေရာနည်း။ လက်ညှိုးထိုးပြစရာ အရာဝတ္ထုမရှိ လေနှင့်အလင်းသာရှိ၏။

ရှူရှိုက်ရသောလေသည် ပူနွေး၍တစ်ပါးသာရှိ၏။ ဒီနေရာသည် သီးခြားကမ္ဘာတစ်ခုခုလားသာ တွေးမိလေ၏။ အောက်သို့ဆင်းလာသည်မှာ အချိန်မည်မျှကြာသည်မသိ၊ လှေယာဉ်သည် တဖြည်းဖြည်းနှင့်တသိမ့်သိမ့်တုံ့ဆိုင်းရင်း နွေးသွား၍ အောက်သို့ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လေရာ မျက်လုံးများဝိုင်းစက်သွား၏။

မိမိရောက်နေသောနေရာအောက်ပေ (၁၀၀၀၀)၊ (၁၅၀၀) ခန့်အကွာတွင် အနီရောင်သန်းပြင်ကျယ်ကြီးအားတွေ့လိုက်ရ၏။ ထိုနီနီအရောင်တို့အား တစိုက်မတ်မတ်ကြည့်ရင်းကြည့်ရင်းမှ လေယာဉ်နှင့် နီးသည်ထက်နီးလာသောအခါတွင် ထင်ထင်ရှားရှားမြင်လာရလေ၏။

အနီရောင်၊ အဝါရောင်ရောယှက်ထားသော အင်တိုင်းကုန်းမြေပမာ မြေပြင်ကျယ်ကြီးနှင့် တောင်ကုန်းကမူကြီးတစ်ခုအား အပေါ်မှကြည့်နေရင်းပင် လေယာဉ်သည် သိမ့်ခနဲရပ်တန့်သွားလေ၏။

လေယာဉ်သည် မြေပြင်ပေါ်ရောက်နေ၏။ မောနေသောစိတ်အား အခါခါသက်ပြင်းချ၍ အမောဖြေရလေ၏။ လေ့ပေါ်မှမထရဲသေးပေ။ ကိုလူမည်းနှစ်ယောက်က မြေပြင်တွင် အသင့်ရပ်စောင့်နေလေ၏။ လေ့ပေါ်မှ ပတ်ဝန်းကျင်အား အကဲခတ်ရာ မြေနီပြင်သည် အဆုံးအစမရှိကျယ်ပြန့်လှ၏။ တွင်းခွက်ချိုင့်မညီမညာတစ်ခုမှမတွေ့ရ။ ဟိုဟိုဒီဒီ မြက်ပင်ပေါက်ကလေးများကျိုးတိုးကျဲတဲတွေ့ရ၏။ စိမ်းမြနေသောမြက်ခင်းပြင်မတွေ့ရပေ။

မိမိလေ့သည် တောင်ကုန်းကမူကြီးအား ဘေးတိုက်အနေအထားရပ်ထားလေ၏။ ရှေ့တည့်တည့် ပေ(၁၀၀) ခန့်အကွာ တောင်ကုန်းကမူကြီးအောက်ဥမင်လိုဏ်ပေါက်သဏ္ဌာန်တံခါးကြီးနှစ်ချပ်ပိတ်ထား၏။

မိမိသည် ထိုအပေါက်ကြီးအား ငေးမောကြည့်နေစဉ် ကိုလူမည်းနှစ်ယောက်သည် ထိုအပေါက်ကြီးဆီသို့ သွားနေကြ၏။ ကပျာကယာ လေ့ပေါ်မှဆင်း၍ ရှေ့ဝဲယာသေချာကြည့်ပြန်၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည် နေ့ခင်းကဲ့သို့လင်းနေ၏။ အလင်းလာရာနေလုံးမရှိ။ နေရောင်မရှိ ကောင်းကင်တစ်ခုလုံး အလင်းပြင်ကြီးသာရှိလေ၏။

မြေပြင်ကျယ်ကြီးအတွင်း တောင်ကုန်းကမူကြီးမှလွဲ၍ ဘာမှမရှိပေ။ သစ်ပင်သစ်တောများ၊အဆောက်အအုံများမှအစ ဘာမှမရှိချေ။ ပူနွေးနွေးအရသာကနဂိုအတိုင်းခံစားရဆဲပင်။ ရှေ့တည့်တည့်ဥမင်အပေါက်အားငေးကြည့်လေတော့ အပေါက်ဝအနားဆီသို့ ကိုလူမည်းနှစ်ယောက်ကရောက်နေပြီ။ မိမိအားစောင့်ခေါ်နေ၏။ မိမိသည် လေ့၏အနီးတွင် ရပ်လျက် ဒူးများတဆတ်ဆတ်တုန်နေ၏။ ရှေ့သို့ခြေလှမ်းမတိုးရဲသလိုပင် ကြောက်မှန်းသိသာလှ၏။

ဥမင်ပေါက်သည် စက်ဝိုင်းခြမ်းတစ်ခုပမာ အမြင့်ဝါးတစ်ပြန်စာခန့်ရှိ၏။ လိုဏ်ဝအနားအား ပြင်ညီသော ကျောက်တုံးကြီးများနှင့် အနားသတ်ထား၏။ ထိုကျောက်တုံးပနားမှာ ရွှေညိုခြောက်များကပ်ထားသလို ပြောင်းနွမ်းနေ၏။

အနီရောင်တံခါးကြီးနှစ်ချပ်ဖြင့်ပိတ်ထား၏။ တံခါး၏တစ်ဖက်တစ်ချက် လက်ခုပ်တစ်ဖောင်ခန့်တွင် သံကွင်းတစ်ခုစီပုံစံမှာ တံခါးအား ဆွဲဖွင့်ရသည့်ပုံစံဖြစ်လေ၏။ တုန်နေသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်းတိုးလာရာက တံခါးအနီးရောက်လာတော့ တံခါးကြီးမှာ သံမဏိတံခါးကြီးဖြစ်လေ၏။ အနီရောင်ဆေးရောင်များမှာ တချို့ကွာကျနေလေ၏။

လိုဏ်ဝအပြင် တောင်ကုန်းကမူတစ်ခုလုံးသည် မြက်ပင်နုနုကျိုးတိုးကျဲတဲပေါက်၍ မြေနီနီသာတွေ့ရလေ၏။ တောင်ကုန်းကမူ၏ပုံစံမှာ မိုးပြဒယ်အိုးမှောက်ထားသည့်ပုံနှင့်တူ၏။

ကိုလူမည်းတို့ရှေ့မိမိရောက်သောအခါ အထဲဝင်ဖို့ လက်၊ ခေါင်းတို့ဖြင့် အချက်ပြလေ၏။ ထိုစဉ် ဂျိန်းခနဲ အသံကြီးကြားလိုက်ရ၍ တစ်ကိုယ်လုံးတုန်ခါသွား၏။ မိမိတို့သုံးယောက်သည် တံခါးဝရှေ့ရပ်သည်နှင့် တံခါးပွင့်လာခြင်းဖြစ်၏။ အတွင်းထဲကဖွင့်ပေးခြင်း ဖြစ်၏။ မိမိ၊ ကိုလူမည်းနှစ်ယောက်က တံခါးခေါက်သံသာ အသိပေးရ၏။

အထဲမှ ကိုလူမည်းတို့ပုံစံတူနှစ်ယောက်မှ အထဲဝင်ရန် ခေါင်းညိတ်ခေါ်လေ၏။ အတွင်းထဲသည် အနည်းငယ်မှောင်နေမှန်းသိနေ၏။ ကိုလူမည်းနှစ်ယောက်သည် ရှေ့မတိုးရဲသော မိမိအား တဖက်တစ်ချက်ကိုင်တွဲကာ အခန်းထဲသို့ဝင်လိုက်သည်နှင့် ဂျိန်းခနဲအသံထွက်ပေါ်လာ၏။ နောက်ပြန်ကြည့်တော့ တံခါးကြီးပြန်ပိတ်သွားလေ၏။

မိမိမှာ တံခါးအနီးရပ်လျက်သာ။ ကိုလူမည်းနှစ်ယောက်က ထွက်သွားလေပြီ။ ရင်တထိတ်ထိတ်ဖြင့် ကြောက်နေ၏။ စကားသံတိုးတိုးသံကြား၍ တစ်ခန်းလုံး တိတ်ဆိတ်နေ၏။ မိမိမှာ ခြေတစ်လှမ်းတိုးဖို့အတွက် အားမရှိသလို ဒူးများပင်တုန်၍ ချောင်နေပေ၏။ အသက်ရှူမြန်လျက်မောနေပြန်၏။ အားတင်းထားရသော်လည်း ခွေယိုင်မလဲသွားဖို့ သတိပေးနေရပြန်၏။

အခန်းကျယ်ကြီးတစ်ခုအတွင်းရောက်နေခြင်း ဖြစ်၏။ ဟိုဟိုဒီဒီကြည့်ရင် အံ့ဩနေ၏။ မြင်နေကျအရာဝတ္ထုများမဟုတ်၍ ထူးထူးဆန်းဆန်းကြည့်နေမိ၏။ ကြည့်ရင်းကြည့်ရင်းမှ စိတ်ကြည်လင်ကာ အားတက်လာ၏။ မြေအောက်လိုဏ်ထဲရှိ အခန်းကျယ်ကြီး ဖြစ်၏။ အောက်ခံမှာ သမံတလင်းအချောခင်းလျှင် ဘေးနံရံနှင့်အပေါ်မျက်နှာကြက်သည် အချောကိုင်၍ ရွှေရောင်တဝင်းဝင်းနှင့်တောက်ပနေ၏။ အပေါ်မျက်နှာကြက်အားကြည့်မိသည်နှင့် ဖျတ်ခနဲအတွေးတစ်ခုပေါ်လာ၏။ ယခင်တစ်ခေါက်ရောက်စဉ်က ဤမြေအောက်ခန်းမျိုးဖြစ်သော်လည်း မျက်နှာကြက်မှာကနုတ်ပန်းအလှခြယ်သထား၏။ ယခုမျက်နှာကြက်သည်ကား ပန်းအလှမပါ။ ပြောင်ထင်းထင်းသာဖြစ်၏။

ယခင်အခေါက်က နီဝါရောင်ရေကန်တစ်ခုသည် ဤနေရာ၌မရှိပေ။ သမံတလင်းပြင်တွင် ကျောက်ချောများနှင့် လေးထောင့်ကွက်ဆင်ထားလေ၏။ ထို့နောက် ငါးတောင်ခန့်အကွာ (၇) ပေခန့်မြင့်သော ဖန်ပေါင်းချောင်အုပ်ထားသော မီးတိုင်ပေါင်း (၃၀) တိတိရှိ၏။ သံမီးတိုင်လုံးပတ်သည် သာမန်ဝါးလုံးအတုတ်ခန့်မျှသာရှိပြီး ထိပ်တွင် တစ်ပေခန့်အဖြူရောင်ဖန်ပေါင်းချောင်းစွပ်လျက် မီးတောက်များငြိမ်၍လင်းနေ၏။

မိမိ၏ခြေလှမ်းများအားယူလှမ်းလျက် မီးတိုင်လင်းနေပုံအား သေချာကြည့်နေမိ၏။ မီးတောက်မီးစာမှာ ထင်ထင်ရှားရှားမမြင်ရပေ။ ထောင်စဆီထည့်သောနေရာမတွေ့ရပေ။ ဤမြေတိုက်ခန်းကြီးတစ်ခုလုံးသည် ထိုမီးတိုင်များ၏အလင်းဖြင့်လင်းနေခြင်း ဖြစ်၏။

မြောက်ဘက်ခြမ်းမီးတိုင်၏နောက် (၃) ပေခန့်အကွာ ကိုလူမည်းတို့ကဲ့သို့ပုံစံတူ ကိုလူမည်း(၁၀)ယောက်ခန့်သည် သံခက်ရင်းခွများထောက်ကိုင်လျက် ငြိမ်သက်စွာရပ်နေကြ၏။ သူတို့သည် မိမိအား အလေးမမူ မသိသလိုနေကြ၏။

ဤမြင်ကွင်းသည် မိမိအတွက် ထူးထူးခြားခြား အံ့ဩခြင်းမဖြစ်မိပေ။ ယခင်တစ်ခေါက် မိမိအားပညာပေးထား၍ဖြစ်၏။ ကြောက်စိတ်ရှိသော်လည်း ခြေလှမ်းများ တစ်လှမ်းချင်းတိုးကြည့်ရာမှ မြောက်ဘက်ခြမ်းသို့ရောက်တွင် မိမိအံ့ဩသွားလေ၏။

ဤနေရာမှ အခန်းထဲရှိလူအားလုံးအား မြင်ရသောကြောင့်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

မိမိပထမဆုံးဝင်ပေါက်မကြီး၏ဘယ်ဘက်နံဘေးအခန်းတစ်ခုရှိပြီး ထိုအခန်း၏နောက်ကျောတွင် ပလ္လင်တစ်ခုဖြင့်အသင့်ထိုင်နေသော ခေါင်းဆောင်အား တွေ့လိုက်ရ၏။

အခန်းကြီး၏အမြင့်သည် ဝါးတစ်ပြန့်ခန့်ရှိပြီး အလျားအတောင် (၇၀) ခန့်၊ အနံတောင် (၅၀) ခန့် ထောင့်မှန်စတုဂံပုံဖြစ်၍ ထောက်တိုင်ကြားခံတိုင်တစ်လုံးမျှမရှိပေ။ အနောက်ဘက်ထိပ်တွင် သာမန်တံခါးတစ်ခု မြောက်ဘက်ထိပ်အလယ်သာမန်တံခါးတစ်ခုနှင့် တောင်ဘက်မူလဝင်ပေါက်မကြီး တံခါးလေးပေါက်ရှိ၏။ အရှေ့ဘက်ထိပ်တွင် အနောက်ဘက်ထိပ်ကဲ့သို့အခန်းတစ်ခုရှိလေ၏။

ခြေလှမ်းများသည် လေးလံနေ၏။ ကြောက်ကြောက်နှင့်လှမ်းနေရ၍ဖြစ်၏။ ပလ္လင်ရှိရာ (၁၀) တောင်ခန့်အကွာမှ မျက်စောင်းထိုးရပ်ကြည့်နေ၏။ မိမိ၏နံဘေး (၄) တောင်ခန့်အကွာတွင် လူနှစ်ယောက်နှင့် စစ်ဆေးနေသောသူတစ်ယောက်၊ သုံးပေခန့်မြင့်သော ရွှေရောင်ပုလင်းပေါ်တွင် ခံ့ခံ့ညားညား ထောင်ထောင်မောင်းမောင်း လူပုဂ္ဂိုလ်အားတွေ့၍ အံ့ဩစွာငေးနေမိ၏။

ပလ္လင်သည် အမြင့် (၃) ပေရှိသော်လည်း အလှဆင်ထားသည့် ခြူးပန်းခြူးနွယ်များမရှိ ပြောင်ချောဖြစ်၏။ ပလ္လင်ထက်မှပုဂ္ဂိုလ်သည် တခြားသူတို့ထက် အဝတ်အစားနှင့်ရုပ်ရည်သာလွန်လှ၏။ မိမိထင် အခန်း၏ခေါင်းဆောင်သာထင်၏။ ထိုခေါင်းဆောင်ကြီးသည် မိမိအားတစ်ချက်လေးမျှငဲ့စောင်းမကြည့်ပေ။ သူ့ရှေ့ရှေ့တည့်တည့်မှသုံးဦးဆီသာ စူးစူးစိုက်စိုက်ကြည့်နေ၏။

တစ်ဖန် နံဘေးမှ လူသုံးဦးအား အကဲခတ်ကြည့်၏။ နှစ်ယောက်က လူပုံစံ အသက် (၄၀)ခန့်မျက်ကွင်းခွက်ခွက် ပါးချောင်ကျ၍ပိန်လှီနေ၏။ သူတို့အဝတ်အစားများဟောင်းနွမ်းလျက် တံချို့စုတ်နေ၏။ အရောင်အဆင်းမရှိချေ။ သူတို့နှစ်ယောက်သည် ဆောင့်ကြောင့်ထိုင်လျက် လက်နှစ်ဖက်အား ဒူးပေါ်တင်ထားကြ၏။

သူတို့နံဘေး မုဆိုးထိုင်ထိုင်လျက်ပုဂ္ဂိုလ်သည် စာရွက်တစ်ရွက်ချင်းလှန်၍ မေးနေ၏။ သူ၏ဘယ်လက်ပေါ်မှ အရှည်တစ်ထွာ၊ ဖြက်တစ်ထွာခန့်ရှိ ကတ်ထူဖုံးအဝါနှင့်စာအုပ်အား ညာလက်မှတစ်ရွက်ချင်းလှန်မေးနေ၏။ သူ့နံဘေးကပ်လျက်တွင် နောက်ထပ်ကတ်ထူဝါစာတစ်အုပ်ရှိသေး၏။

မိမိသည် စာအုပ်အား ငဲ့စောင်း၍ကြည့်လေရာ စာများများမတွေ့ပေ။ စာတစ်မျက်နှာလျှင် တစ်ကြောင်းနှစ်ကြောင်း၊ သုံးကြောင်းသည် အများဆုံးဖြစ်၏။ ပုံမှန်စာတစ်ကြောင်းသာများလေ၏။ စာမှာ ပါဠိပျက်စကားလုံးမျိုးဖြစ်၏။ မြန်မာစကားစစ်စစ်မဟုတ်ချေ။ ဆောင့်ကြောင့်ထိုင် လူနှစ်ယောက်ကျူးလွန်ခဲ့သော ပြစ်မှုများအား တစ်ခွန်းချင်းမေးနေခြင်း ဖြစ်၏။

ငယ်စဉ် ကလေးဘဝမှ ကျူးလွန်ခဲ့သောအပြစ်များပင်ပါလေ၏။ ယခုတရားခံနှစ်ယောက်အား စာအုပ်နှစ်အုပ်ကုန်သည်အထိ စစ်မေးမည်ဖြစ်လေ၏။ စစ်မေးသူ၏အသံသည် မာ၏။ မတ်ရပ်ထလျှင် (၆) ပေခန့်ရှိမည်။ အသားမည်းမည်း ပိန်ပိန်ရှည်ရှည် အဝါရောင်ပိုးစခပ်နွမ်းနွမ်းတွင်အင်္ကျီလက်ရှည်လက်စည်းအနားများပန်းပွင့်အလှဆင်ထား၏။ ပုဆိုးမှာ ရွှေအိုရောင်ပိုးစလုံးကြီးချိတ်အဖြူရောင်အလှဆင်ထား၏။ ခန့်မှန်းအသက်(၄၀)ခန့်အရွယ် မျက်ကွင်းခွက်၍ ပြူးနေလေ၏။ ဦးခေါင်းတွင်တစ်ထွာသာသာ အမည်းရောင်နွားဦးချိုနှစ်ချောင်းပါ သားရေဦးထုပ်ဆောင်းထား၏။

သူ့ထံမှ မျက်နှာလွှဲ၍ ပလ္လင်ပေါ်မှခေါင်းဆောင်ပုဂ္ဂိုလ်အား သေချာကြည့်လေမှ ချောမောလှပသောရုပ်သွင်ပေါ်လာ၏။ အသက် (၄၀) ခန့်မျှအရွယ် တောင့်တောင့်တင်းတင်း ခါးမတ်လျက်တင်ပျဉ်ခွေထိုင်နေ၏။ သူသည် မိမိကြည့်နေမှန်းသိသော်လည်း အလေးမမူ ရှေ့တည့်တည့်မှ တရားခံစစ်မေးသူသာ အကြည့်စွဲနေ၏။

သူ့မျက်နှာသည် မျက်ခုံးမွေးထူထူနှင့်နှာတံစင်းစင်းပေါ်လွင်၏။ နှုတ်ခမ်းပါးစပ်မှာ ကကြီးပုံဖြင့်ကြည့်ကောင်း၏။ အသားအရေမှာမည်းနေပါသော်လည်း အဆီပြန်သကဲ့သို့ဝင်းနေ၏။ ပါးချောင်မကျ၊ ပြည့်ဖြိုးသောမျက်နှာ၊ နဖူးပြင်မကျဉ်းမကျယ် နားရွက်နှစ်ဖက်အနည်းငယ်ကားနေ၏။

အထူးခြားဆုံးမှာ သူ၏မျက်လုံးတစ်စုံဖြစ်၏။ အပြာရောင်သန်းနှင့် စူးရှလှကြောင်း ခန့်မှန်းမိလေ၏။ ဦးခေါင်းထက်က ဦးထုပ်ကြီးသည် အများထက်အကြီးဆုံးဖြစ်လေ၏။ တစ်တောင်ခန့်ရှိသော နွားဦးချိုအနက်ရောင်နှင့် သားရေဦးထုပ်ကြီးဆောင်းထားလေ၏။

သူဝတ်သော အဝတ်အစားမှာရှမ်းစော်ဘွားများဝတ်သည့်ပုံစံတူလေ၏။ ရွှေအိုရောင်ပိုးစလက်ရှည်သည် တိုက်ပုံအင်္ကျီပမာ လက်အနားနှင့်ရင်စေ့နှစ်ဖက်တွင် အနီရောင်လိုင်းအတွင်းပန်းပွင့်များကအရောင်ထွက်နေ၏။

ပုဆိုးမှာ အင်္ကျီအရောင်ကဲ့သို့ အဖြူရောင်လိုင်းကြီးချိတ်ဖြင့်အလှဆင်ထား၏။ ထိုင်ရာမှထလျှင် အရပ်(၆)ပေကျော်ရှိနိုင်၏။ ခြေနင်းမပါ။ လက်ထဲတွင် ဘာမှကိုင်မထားပေ။

မိမိကြည့်နေသည်ကို ခေါင်းဆောင်မှ တစ်ချက်ဝေ့ကြည့်လိုက်ရာ မျက်လုံးချင်းဆုံ၍ မီးပွင့်သလို ခံစားလိုက်ရ၏။ မိမိမျက်လုံးများ မိုက်ခနဲပြာဝေသွား၏။ သူ့မျက်လုံးသည် အလွန်စူးရှလှ၏။ သူနှင့်ကြာကြာမကြည့်နိုင်။ ခေါင်းငုံ့၍ပွတ်နေရပြန်၏။ ဒီလိုစူးရှသောမျက်လုံးပိုင်ရှင်သည် သိဒ္ဓိရှင်မဟုတ်ဒ္ဓိရှင်တို့သာပိုင်ဆိုင်၏။ ယခုလည်း ခေါင်းဆောင်သည် မည်မျှသိဒ္ဓိရှိမှန်း မိမိဉာဏ်မမီပေ။

မျက်လုံးများပြန်ကြည်လာ၍ထပ်မံကြည့်တော့ အဆင်ပြေ၍ကြည်လင်၏။ ပလ္လင်ပေါ်မှခေါင်းဆောင်သည် မိမိအားသေချာကြည့်အပြီးတွင် သူ့မျက်နှာညှိုးသွားပြန်၏။ တစ်ဖန် တဖြည်းဖြည်းနှင့် ပြုံးယောင်သန်း၍ မိမိအားနှုတ်ခွန်းဆက်လေ၏။

"ဘာကိစ္စလဲ"

အသံကြောင့်ခန်းမကြီးဟည်းသွား၏။ သူ့အသံမျိုး လူတို့မပြောနိုင်ပေ။ အခန်းကြီးမှာတိတ်ဆိတ်နေသော်လည်း ရှေ့နားမှ မေးသူနှင့် တရားခံများမှာ တိုးတိုးအသံသာထွက်၏။ အမေးခံရသူ တရားခံနှစ်ယောက်မှ စကားမပြောပေ။ မေးသူ၏အသံသာကြားရလေ၏။

ခေါင်းဆောင်၏ အသံကြောင့် အခန်းတုန်သွားသလို မိမိလည်းတုန်သွား၏။ ဒူးခေါင်းနှစ်ဖက်တုန်၍ မေးရိုက်သကဲ့သို့ ကြောက်လှ၏။ အသံသည် သူမည်မျှအသက်ကြီးကြောင်း၊ မည်မျှဩဇာကြီးကြောင်း၊ အာဏာကြီးကြောင်း ဖော်ပြနေလေ၏။ တစ်ဖန်ညှိုးနေသောမျက်နှာမှ ပြုံးရောင်သန်းဖြင့်ပြောလိုက်အသံသည် သူကရုဏာမည်မျှကြီးကြောင်း ပေါ်လွင်လေ၏။

သူ့မျက်နှာကြည်လင်လှ၍ မိမိအားရှိလာ၏။ ကြောက်စိတ်လျော့ပါးခဲ့၏။ ကြောက်ကြောက်နှင့်ဖြေလိုက်မိ၏။

"ကျွန်တော်အလည်လာတာပါ"

သူ့မေးဖြေပြီးသည်မှ ခေါင်းတညိတ်ညိတ်နှင့် မိမိအားကြည့်နေလေ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com

အကြည့်သည် စူးစိုက်သောအကြည့် မဟုတ်၍သာ မိမိပြန်ကြည့်နိုင်ခြင်း ဖြစ်၏။ သူသည် ခေါင်းတညိတ်ညိတ်လုပ်နေသော်လည်း တစ်ချက်တစ်ချက်ညြိုးငယ်သွားပြန်၏။ သူဘာကြောင့်မျက်နှာညြိုးငယ်သွားသနည်း။ ဉာဏ်မမီ၍မသိပေ။ သူ့ထံမှ စကားစောင့်စားနေစဉ် မိမိအနီး ကိုလူမည်းနှစ်ယောက်ရောက်လာ၏။ သူတို့နှစ်ယောက်သည် ခေါင်းဆောင်အား ခေါင်းညိတ်အရိုအသေပြု၏။ ခေါင်းဆောင်သည် ကြည်လင်သောမျက်နှာဖြင့် အသံထွက်လာ၏။

"ကဲ - သူ့ကို အချိန်မီအောင်လိုက်ပြလိုက်ကြ"

ခေါင်းဆောင်သည် စကားဆုံးသည်နှင့် ပလ္လင်ရှေ့မှ မေးသူနှင့်တရားခံတို့အား စူးစိုက်ကြည့်နေ၏။ မိမိအနီးရောက်နေသော ကိုလူမည်းနှစ်ယောက်သည် မိမိ၏ဘယ်ညာလက်မောင်းနှစ်ဖက်အား တစ်ဖက်တစ်ချက်ဆုပ်ကိုင်သည်နှင့် ကြက်သီးဖြန်းသွားလေ၏။ သူတို့၏လက်များသည် အေးစက်လှ၍ဖြစ်၏။

ကိုလူမည်းနှစ်ယောက်သည် မိမိအားတွဲ၍ အရှေ့ဘက်ထိပ်အပေါက်ဆီသို့ခေါ်လာရာ မီးတိုင်အနီး ကိုလူမည်းတို့နှင့် အကြည့်ချင်းဆုံသေး၏။ အရှေ့ဘက်ထိပ်တံခါးအနီးတွင် အခန်းတစ်ခုသီးသန့်ပိတ်ထားလေ၏။ အပေါက်ဝရောက်တော့ တစ်ယောက်က တံခါးဖွင့်၍ သုံးဦးသားအပြင်ထွက်သည်နှင့် အနည်းငယ်မှောင်သွား၏။

လမ်းနှစ်သွယ်ရှိ၏။ အရှေ့တည့်တည့်တွင် ဥမင်လိုဏ်ကဲ့သို့မြင်ရ၏။ ညာဘက်ကပ်လျက်တွင် ကြောင်လိမ်လှေကားကဲ့သို့ ဝေ့ဝိုက်နေသောလမ်းရှိ၏။ မိမိသည် အားယူ၍ သူတို့အား ဥမင်လိုဏ်ဘက်သွားရန် ရုန်းကြည့်သော်မလှုပ်ပေ။ သူတို့သည် အားအလွန်သန်မှန်း ခုမှသိရ၏။

ကိုလူမည်းနှစ်ယောက်သည် ညာဘက်ကြောင်လိမ်လှေကားအတိုင်း မိမိအားတွဲ၍ခေါ်လာရာ လှေကားထစ်နှစ်ဆယ်ကျော်တွင် လေသာဆောင်ရှေ့သုံးဦးသားရပ်လိုက်၏။ မိမိငေးသွား၏။ မြင်ကွင်းကြောင့် အံ့အံ့သြသြကြည့်နေမိ၏။ ဒီမြင်ကွင်းမျိုး ဒီတစ်ခါသာကြုံဖူးသေ..ည်။

မိမိတို့သည် သုံးထပ်တိုက်ခန့်အမြင့်အပေါ်စီးမှ မြင်ကွင်းဖြစ်လေ၏။ မိမိတို့နေရာသည် အုတ်တံတိုင်းကြီး၏(ခန့်မှန်း)အနောက်တောင်ထောင့်အပေါ်မှ ကြည့်နေခြင်း ဖြစ်၏။ အုတ်တံတိုင်းအမြင့်သည် (၁၀) တောင်ခန့်၊ အရှေ့အနောက်အကျယ် ခန့်မှန်း မီတာ(၁၀၀) ခန့်၊ တောင်မြောက်သည် မီတာ (၂၀၀) ခန့်ကျယ်သော ထောင့်မှန်စတုဂံအုတ်တံတိုင်းဖြစ်၏။ ကွင်းပြင်ထဲတွင် ဧရာမဒယ်အိုးကြီးတစ်လုံးသည် အရည်များပွက်၍ အောက်မှမီးဖိုထား၏။

ဒယ်အိုးကြီးသည် မိမိတို့ရွာအလှူချက်သော မိုးပြဒယ်ကဲ့သို့ အမည်းရောင်ဖြစ်၏။ ဒယ်အိုးကြီးသည် ကွင်းအလယ်တည့်တည့်တွင်မဟုတ်ပေ။ တောင်ဘက်ယွန်းယွန်းတွင် ရှိ၏။ မြောက်ဘက်ခြမ်းသည် ပြင်ကျယ်လေ၏။

မိုးပြဒယ်အိုးသည် အကျယ် (ခန့်မှန်း) မီတာ (၇၅) ခန့်ကျယ်ဝန်း၍ ဖိုခုံလောက်ပေါ်မှ အုတ်တံတိုင်းအမြင့်ထက်ဒယ်အိုးအနားက တစ်ဝက်ကျော်ပိုမြင့်သေး၏။ ဖိုခုံလောက်ကျောက်ခဲကြီးသုံးလုံးအမြင့်မှာ (၁၀) ပေခန့်ရှိလေ၏။ မီးထိုးထားသော ထင်းတုံးအရွယ်မှာ သောက်ရေအိုးအရွယ်ခန့်ရှိ၏။ တစ်ဖက်တစ်ချက်ထင်းတုံးအရေအတွက်မှာ (၅) တုံးခန့် ပေါင်းလျှင် (၁၅)တုံးခန့်ရှိလေ၏။ မီးတောက်များသည် ဒယ်အိုးနှုတ်ခမ်းအနီးသို့ရောက်၏။

ကွင်းပြင်ကြီးထဲတွင် ကိုလူမည်းတို့ ပုံစံတူငါးယောက်မှာ ခက်ရင်းခွများကိုင်လျက် မီးဖိုအနီးရပ်နေကြ၏။ ကွင်းထဲတွင် မြက်စိမ်းနုနုအနည်းငယ်သာရှိ၍ မြောက်ဘက်ထိပ်အလယ်တည့်တည့်တွင် အနီရောင်သံတံခါးအား အဝေးမှမြင်နေရ၏။

ဒယ်အိုးအတွင်းမှပွက်ထနေသော အရည်များသည် ရေလား၊ ဆီလား မိမိမသိနိုင်။ အောက်မှ ကိုလူမည်းငါးယောက်သည် ဖိုခုံလောက်ထင်းတုံးအရွယ်နှင့်နှိုင်းလျှင် အတန်ငယ်သေးနေသည်ကိုတွေ့ရ၏။

မိမိတို့လေသာဆောင်မှ အပေါ်လျှာထိုးအမိုးရှိသေး၏။ အထက်ကောင်းကင်တွင် အဖြူရောင်အလင်းများသာနေ့ခင်းကဲ့သို့လင်းနေ၏။ တိုက်ခတ်သောလေသည် လေပူနွေးသာဖြစ်လေ၏။ ရှေ့တည့်တည့်သွားစရာမရှိချေ။ ရှေ့ခြေလှမ်း (၃) လှမ်းလွန်လျှင် ထိုကွင်းကြီးထဲသို့ပြုတ်ကျသေမည်ဖြစ်၏။

လေးဖက်လေးလံအုတ်တံတိုင်းကြီးသည် ထု (၃) ပေခန့်ရှိ၏။ တချို့ဘိလပ်များကွာ၍ တချို့အနီရောင်အသားများပေါ်နေ၏။ ဟောင်းနွမ်းနေသော အုတ်တံတိုင်းကြီး ဖြစ်သည်။ မိမိတို့နေရာမှ မြောက်တည့်တည့်သည် တံတိုင်းဘောင်တည့်တည့်ဖြစ်၍ထိုတံတိုင်း၏အနောက်ဘက်တွင် မည်းမည်းအမိုးများ တန်းစီနေ၏။ တောင်ဘက်၊အရှေ့ဘက်၊မြောက်ဘက်မြင်ကွင်းများ တံတိုင်းကာ၍ ဘာမှမမြင်ရပေ။ တောင်ဘက်ခြမ်းမှ အမိုးအစွန်း တစ်ခုနှစ်ခုသာပေါ်လေ၏။

ထိုင်စရာ ထိုင်ခုံမရှိ။ မိမိဘေးမှ ကိုလူမည်းနှစ်ယောက် တစ်ဖက်တစ်ချက်ရံထား၏။ ထိုစဉ် ဂျိန်းဟူသောအသံကြား၍ မျှော်ကြည့်ရာ ဟိုးအဝေးမှ မြောက်ဘက်တံခါးဖွင့်၍ လူများတန်းစီဝင်လာ၏။

ဒယ်အိုးကြီး၏ မြောက်ဘက်တွင် အောက်မှ အထက်သို့ ဆင်ခြင်လျှောအကျယ် (၃) ပေခန့် သစ်သားပြားအရှည်တစ်ခုသည် အလယ်မှ ထောက်ကန်လျက် ဦးမော့နေ၏။ သစ်သားထိပ်ဖျားသည် ဒယ်အိုးနှုတ်ခမ်းဝနှင့် အနည်းငယ်ပိုမြင့်၏။ ထောင်ပေးထားသောသစ်သားသည် (၄၅) ဒီဂရီအမြင့် ဆင်ခြေလျှောဖြစ်၏။

ရောက်ခါစ ဒယ်အိုးထဲမှအရည်သည် လှုပ်ခါစရှိသေးသည်။ ယခုလှိုင်းဂယက်များထလျက် အငွေ့တထောင်းထောင်းထနေလေ၏။ သံတံခါးကြီးပွင့်စတွင် ကိုလူမည်းနောက်ထပ်နှစ်ယောက်ခက်ရင်းခွများကိုင်လျက် လူတန်းကြီးအား အော်ငေါက်နေ၏။

လှေကားရင်းမှ စရပ်နေသောလူတန်းကြီးသည် မြောက်ဘက်ထိပ်တံခါးအထိ မဆုံးသေးပေ။ ကွင်းထဲရှိ လူတန်းကြီးသည် တစ်ယောက်ချင်း ပူးပူးကပ်ကပ်တန်းစီလျက် အသံတိတ်နေကြ၏။ အဝတ်အစားများ ဟောင်းနွမ်းနေ၏။ အသားမည်း၍ မျက်ကွင်းချောင်နေသူများ၊ ပိန်ခြောက်နေသော ယောကျာ်း၊ မိန်းမများဖြစ်ကြ၏။အားငယ်နေသည့်မျက်နှာ၊ ထိတ်လန့်နေသည်မျက်နှာများလေ၏။ သူတို့အား အနီးကပ် ကွပ်ကဲနေသောကိုလူမည်းနှစ်ယောက်မှာ အော်ဟစ်အလုပ်ရှုပ်နေ၏။ ကွင်းထဲတွင် ကိုလူမည်း (၇)ယောက်ရှိလေ၏။

မိမိသည် သူတို့ဘာလုပ်ကြမည်နည်းဟု အာရုံစူးစိုက်နေသောကြောင့် အသက်ရှူဖို့ပင်မေ့မတတ် နှလုံးခုန်မြန်နေပြန်၏။ ဒူးနှစ်ဖက်အလိုလိုတုန်နေပြန်၏။

ထိုစဉ် ကိုလူမည်းနှစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ဆုံးရှိနေသော အသက် (၅၀) ခန့် အမျိုးသားကြီးအား လက်နှင့်ညွှန်ပြ အချက်ပေးစေခိုင်းနေ၏။ ထိုလူကြီးမှ ခေါင်းယမ်းနေ၏။ အစောင့်သည် ဒေါသထွက်၍အော်နေပြန်၏။ ထိုလူကြီးက ခေါင်းယမ်းနေပြန်၏။

ဤတွင် မိမိသဘောပေါက်လေပြီ။ ဆင်ခြေလျှောပေါ်မှ ဒယ်အိုးထဲခုန်ချခိုင်းနေမှန်းအတပ်သိလိုက်၏။ မိမိစိတ်မကြည်လင်တော့ပေ။ ခုန်ချရမယ့် လူတန်းကြီးသည်ရာချီရာ မည်သို့စိတ်ကောင်းနိုင်တော့မည်နည်း။

နှစ်ကြိမ်အမိန့်ပေးထားပြီး ထိုလူကြီး ခေါင်းယမ်းဆဲပင်။ အစောင့်တစ်ယောက်က ခက်ရင်းခွဖြင့် တရွယ်ရွယ် အော်ဟစ်သော်လည်း ရှေ့ဆုံးလူက ဂရုမပြုပေ။ တောင်ပန်းတိုးလျှိုးသည့် မျက်နှာဖြင့် အသနားခံနေရခြင်းဖြစ်လေ၏။ အစောင့်နှစ်ယောက်သည် ကြာကြာသည်းမခံတော့ပေ။ ရုတ်တရက် ခက်ရင်းခွတစ်ချောင်းစီဖြင့် ထိုလူအားရှေ့နောက်ဆောင့်ထိုးလိုက်ကြ၏။ 'အား'ဆိုသောအသံတိုးတိုးကြားလိုက်၏။ သူ၏နောက်ကျော၊ ရင်ညွန့်တွင် သွေးများပွင့်ထွက်သွား၏။ အသားစမျှားစုတ်ပြတ်ကုန်၏။ ရှေ့ဒူးထောက်လျက်ကျနေသော်လည်း ချက်ချင်းအထခိုင်းပြန်၏။ ခက်ရင်းနှင့်ထိုးမည့်တကဲကဲပြင်နေလေ၏။ ဒူးများ ဟိုယိုင်ဒီယိုင်အားယူထသော အမျိုးသားမှာ သွေးများအလိမ်းလိမ်းပေနေပြီ။ သူ ငြင်းဆန်လျှင် ဆက်အထိုးခံရမည်။ သူ အပေါ်သို့တစ်ချက်ကြည့်ကာ အားယူပြေးတက်သော်လည်း ခြေလှမ်းငါးလှမ်းမျှသာ။ ဆင်ခြေလျှောပေါ်မှအောက်သို့ ပြုတ်ကျလေ၏။

ဒီအမျိုးသားအားအင်မရှိရှာတော့ပေ။ အပေါ်မတက်နိုင်သော ထိုလူမှာ အစောင့်နှစ်ယောက်မှ ခက်ရင်းခွများနှင့် ဆက်ကာဆက်ကာ ထိုးသတ်ကြလေ၏။ ဆွဲမည့်သူတစ်ဦးတလေမျှမရှိ။ လူတန်းကြီးသည် ငေး၍သာကြည့်နေရသည်။ ခက်ရင်းခွဒဏ်ရာကြောင့် တစ်ကိုယ်လုံး ရစရာမရှိတော့ပေ။ သွေးများနှင့်ပေပွနေတော့သည်။ လဲနေသောထိုလူအား အစောင့်နှစ်ယောက်မှလက်ကိုင်ဆွဲထုတ်လျက် လွှတ်ရာပစ်ထားလိုက်၏။ ထိုလူအား အဝေးမှသာမြင်ရ၍ သေသည်၊ ရှင်သည်လား မသိနိုင်ပေ။

မြင်ကွင်းအား အသက်အောင့်ကြည့်နေသောမိမိသည် ခဏတာကြောင်သွားလေ၏။ လဲနေသောသူသည် ခြေဆန့်လက်ဆန့်မရှိ မလှုပ်တော့ပေ။ ထိုသူအား သနားလှ၏။ မိမိရင်ထဲတွင်ဆို့နင့်နေ၏။ ထိုစဉ် နောက်ထပ်တစ်ယောက်အား အမိန့်ပေးအော်ဟစ်နေပြန်၏။

အမျိုးသားကြီးတစ်ယောက်၏ အလှည့်။ သူသည် ဟိုကြည့်ဒီကြည့်လုပ်နေ၏။ အစောင့်နှစ်ယောက်က ခက်ရင်းခွတပြင်ပြင်လုပ်နေစဉ် ခေါင်းညိတ်အပြီး လှစ်ခနဲ ဒယ်အိုးရှိရာဘက်ပတ်ပြေးလေရာ မီးဖိုအနီးမှ အစောင့်ငါးယောက်သည် ခက်ရင်းခွကိုယ်စီဖြင့် ဝိုင်းလိုက်ကြ၏။ ထိုလူသည် အပြေးသန်လှ၏။ ပတ်ပြေးနေ၏။ မမိသေးပေ။ ပြေးပေသည်။ ထွက်ပေါက်ကမရှိရာ နောက်ဆုံးအရှေ့တောင်ထောင့်တံတိုင်းထောင့်ကွေးတွင် ခက်ရင်းများနှင့် စုပြုံအထိုးခံရရှာ၏။ သွေးသံရဲရဲဖြင့် ထိုသူမလှုပ်တော့ပေ။ သူ့အားပစ်ထားလိုက်ကြ၏။

အစောင့်ငါးယောက်မှာ ထင်းတုံးများအနီး အသင့်ပြန်စောင့်နေကြပြန်၏။ ဤမြင်ကွင်းလည်း မိမိအသက်ရှူမှားလေ၏။ သနားလှ၍ မိမိဘာမှမတတ်နိုင်ရှာပေ။ တတိယမြောက်သည် ဆံပင်ဖားလျားနှင့် ပိုသီပတ်သီအဝတ်အစားဖြင့် အသက်(၅၀) ခန့်မိန်းမကြီး ဖြစ်၏။ အပေါ်ပြေးတက်ဖို့ အစောင့်နှစ်ယောက်က ကျောအားလက်ဖြင့်ဆောင့်တွန်းစေခိုင်းနေ၏။ ဘွားတော်ကြီးမှာ အပေါ်ကြည့်လိုက်၊ အစောင့်ကြည့်လိုက် စိုးရိမ်သောကဝင်နေရှာ၏။ မျက်ကွင်းညို၍ပြူးနေသော မျက်စိများက အသနားခံနေရှာ၏။

မိန်းမကြီးမှာ တုံ့ဆိုင်းနေသော်လည်း အစောင့်များက စိတ်မရှည်။ ခက်ရင်းခွဖြင့်ထိုးမည့်ဟန်တကဲကဲပြင်နေ၏။ ဘွားတော်ကြီးသည် ခေါင်းညိတ်ကတိပေးအပြီး ဆင်ခြေလျှောပေါ်သို့ တစ်ရှိန်ထိုးပြေးတက်သွားရာ လှေကားထိပ်အရောက်တွင် အရှိန်လွန်မည့်ဆဲဆဲ လက်ကားရားဖြင့်အရှိန်ထိန်းကာ ဟိုယိုင်ဒီယိုင်ဖြစ်နေ၏။ သူ့ရှေ့မှ ပွက်ပွက်ဆူနေသော ဒယ်အိုးကြီးသာရှိ၏။ ဒီအထဲကျလျှင် မတွေးရဲစရာ၊ ဘာဖြစ်သွားမည်ကို မသိနိုင်ပေ။

နောက်သို့ပြန်မဆင်း၊ ရှေ့သို့မတိုး ဟိုယိုင်ဒီယိုင်ဖြစ်နေသောဘွားတော်အား အောက်ကအစောင့်များက ဒေါသထွက်၍အော်နေ၏။ ဒယ်အိုးထဲ ခုန်ချဖို့ပြောနေခြင်း ဖြစ်လေ၏။ ဘွားတော်အား အစောင့်များက စိတ်မရှည်။ ထိုစဉ် တစ်ယောက်သောအစောင့်သည် လှစ်ခနဲ ပြေးတက်အလာ ဘွားတော်က အစောင့်အား မျက်လုံးလေးကလယ်လယ်ဖြင့် ကြည့်နေချိန် အစောင့်သည် ဘွားတော်၏ရင်ဘတ်အား လက်နှစ်ဖက်ဖြင့် အားကုန်တွန်းချလိုက်၏။

"ဝုန်း"

ဘွားတော် အိုးထဲကျ အသံများ မြည်ကာ ဖျဉ်း. . . ဖျဉ်း. . . ဖျဉ်းနှင့် အသံစက္ကန့်ပိုင်းအတွင်း အိုးထဲရှိအရည်များက စားသွား၏။ မိမိ၏ နားထဲတွင် ဘွားတော်၏ 'အား' ဆိုသောအသံပင် မကြားလိုက်ပေ။ အမှန်တကယ် ဘွားတော်လည်း အော်ချိန်မရှိပေ။ ဒယ်အိုးထဲမှ အရည်များ လှိုင်းထ၍ ပွက်ပွက်ဆူနေ၏။ အပေါ်သို့အငွေ့ထောင်းထောင်း ထွက်နေလေ၏။ ဆီတွေလား၊ ရေတွေလား ဝေခွဲမရ။ ဒီအရည်တွေထဲလိုက်တာနှင့် အသားတွေအရည်ပျော်သလို အစားခံရသလိုလို ဒီအထဲကျတာနှင့်ပြန်ပေါ်မလာ။ ငုပ်လျှိုးပျောက်ကွယ်သွား၏။ ဒယ်အိုးအတွင်းခုန်ချရမည့်လူတန်းသည် လျော့မသွားသေး။ မြောက်ဘက်တံတိုင်းတံခါးဝအထိတစ်ယောက်လျော့တိုင်း တစ်ယောက်တိုးလာ၏။ လူတန်းအား အကြမ်းဖျင်းရေတွက်လေသော် ရာကျော်လေ၏။ ကြည့်နေဆဲပင် ယောက်ျား၊ မိန်းမ တစ်ယောက်ပြီးတစ်ယောက် ဒယ်အိုးကြီးအတွင်း ခုန်ချနေကြ၏။

ခုန်မချရဲသူတွေက မြေပြင်အတိုင်း ပတ်ပြေး အစောင့်တွေက ဝိုင်းလိုက်၊ ခက်ရင်းခွတွေနှင့် ဆက်ကာဆက်ကာ ထိုး၊ သွေးသံရဲရဲဖြင့်လဲနေသူ ငါးဦးပင်ရှိလာပြီး သူတို့ခမျာ မည်မျှခံစားရမည်နည်း။ မိမိတွင် ကိုယ်ချင်းစာစိတ်အပြည့်ရှိ၏။ မိမိလည်း မကယ်တင်ရဲ။ မိမိပင် အလှည့်ကျသွားနိုင်သည်မို့ ငြိမ်ကုပ်နေရလေ၏။

သူတို့ဒုက္ခပင်လယ်ဝေနေလေပြီ။ တစ်ယောက်ပြီးတစ်ယောက် စတေးနေရပြီ။ သူတို့မှာ ဘာအပြစ်တွေလုပ်ခဲ့မိလို့ ဒီလိုခံစားရတာလဲ။ မိမိတွေးကြည့်သေး၏။ များလှသော သူတို့အပြစ် မိမိဉာဏ်တစ်စိဖြင့်မမြင်နိုင်ပေ။

အောင်သေအောင်သားစားသည့်ပမာ မိမိသည် အပေါ်စီးမှ မိန့်မိန့်ကြီး အကြည့်သည်မတရားလှပေ။ ဒီမြင်ကွင်း မိမိကြည့်လိုစိတ်မရှိတော့ပေ။ ဒီနေရာကခွာရမည်။ ဟုတ်တယ်၊ ငါသွားရမည် တွေးကာရှိသေး ကိုလူမည်းနှစ်ယောက်သည် မိမိ၏ဘယ်ညာလက်မောင်းနှစ်ဖ



www.burmeseclassic.com

www.burmeseclassic.com

အား သူတို့၏ အေးစက်စက်လက်နှင့် တွဲကိုင်ကာ လာလမ်းအတိုင်း လှေကားထစ်များမှ ပြန်ဆင်းလာခဲ့၏။

အောက်ရောက်သည်နှင့် အရင်ခန်းမကြီးတံခါးဝအရောက် စိတ်ကဉမင်လိုဏ်ပေါက်ထဲ ဝင်လိုစိတ်ရှိ၍ လှည့်အကြည့် အစောင့်များက အလိုက်သိ၏။ မိမိအား ဉမင်လိုဏ်အတွင်းတွဲခေါ်လာ၏။ ဉမင်မှာ အမြင့်ရှစ်ပေခန့်၊ အကျယ်ငါးပေခန့်သာရှိပြီး အလင်းရောင်တစ်ဝက်ခန့်ရှိ၏။ ဘယ်ကဘယ်လိုအလင်းလာသည် အဖြေမသိပေ။ ခြေလှမ်းသုံးဆယ်ခန့်လှမ်းအပြီး ညာဘက်မှ သံဝရန်တာတွေ့၍ ရပ်ကြည့်ရာ မိမိအံ့ဩသွား၏။ ကျပ်လုံးခန့်သံဝရံတာကာတိုက်ခန်းအတွင်း အသက်ကြီးကြီးအဘိုးကြီးခန့်မှန်း (၄၀) ကျော်တို့ ပုံစံအမျိုးမျိုးနှင့် ထိုင်နေ၍ မှင်တက်ငေးကြည့်နေ၏။

ရှေ့အကာသံဝရန်တာဘေးနောက်အုတ် အပေါ်မျက်နှာကြက်အထိ (၁၅) ပေခန့်မြင့်သော အုတ်တိုက်ခန်း ဖြစ်၏။ အခန်းသည် ပေ (၂၉) ပတ်လည်ခန့်ကျယ်၏။ အဖြူရောင်အပေါ်အောက် ခပ်နွမ်းနွမ်းဝတ်ဆင်ထားသော အဘိုးအိုကြီးများသည် မိမိအားပြုံးနေအောင် ကြည့်နေကြ၏။ အသားရေတွန့်ပါးချောင်ကျမျက်ကွင်းညို၍ မျက်လုံးပြူးကြောင်များဖြင့် တချို့ ရူးသလိုလိုပုံစံပေါက်နေ၏။ သတိထားကြည့်သော် အသက်ငယ်သူတစ်ယောက်မှမတွေ့ရဘဲ (၇၀)၊ (၈၀) အရွယ်အဘိုးကြီးများသာ ဖြစ်ကြ၏။

အခန်းသည် သိပ်မကျယ်သဖြင့် သူတို့လူနှင့်သူတို့ ခပ်ကျုံ့ကျုံ့သာနေရရှာ၏။ မိမိ၏အဘိုးအရွယ်များမို့ သနားလာ၏။ မိမိသည် သံဝရန်တာအားလက်နှင့်ကိုင်လိုက်စဉ် အခန်းထဲမှ အနီးဆုံးအဘိုးကြီးတစ်ဦးမှ ကောက်ခနဲထကာ မိမိလက်အား အုပ်ကိုင်စဉ် အေးခနဲခံစားလိုက်ရ၏။ ကြက်သီးထ၍ လက်အား ဝရန်တာမှလွှတ်ရ၏။

အစောင့် ကိုလူမည်းတို့လက်နှင့် အခန်းထဲက ဘိုးတော်လက် သူတို့လက်ဘာကြောင့်အေးတာလဲ။ စဉ်းစားသော်လည်း အဖြေမသိ။ အတွင်းမှအဘိုးအိုသည် လက်နှစ်ဖက်ဆန့်၍ အပြင်ထိ မိမိအား လှမ်းဆွဲနေ၍ ကြောက်စိတ်ဝင်ကာ နေ...်ဆုတ်ရ၏။

သူပါးစပ်က စကားပြောနေ၏။ ဘာတွေပြောနေမှန်းမသိကွဲပေ။ မိမိအား အကူအညီတောင်းခံမှန်း ရိပ်မိ၍ အကျိုးအကြောင်းမေးရန် ဟန်ပြင်လိုက်၏။ ထိုစဉ် သူ့အနီး နောက်ထပ်နှစ်ယောက်ထရပ်လာပြန်၏။ သူတို့သုံးယောက်သည် မိမိကိုသာကြည့်၍ ပွစိပွစိ ပြောနေလေ၏။

အစောင့်များက မိမိပြန်အပြောသာစောင့်သည်ထင်၏။ ပထမဆုံး အဘိုးအိုအား မိမိက စတင်မေးလိုက်မိ၏။

"အဘ နာမည်ဘယ်သူတုံး၊ ဘယ်အရပ်ကတုံး။ ကျွန်တော် ဘာကူပေးရမလဲ"

မိမိအား အဘအိုသည် အသံထွက်၍ပြောလေ၏။ သူ့အသံနှင့်သူ့စကားသည် မိမိနားမလည်။ ဘယ်လိုစကားလဲ၊ ဘယ်ခေတ်ကလဲ၊ ဗမာစကားလည်း မဟုတ်။ ခေါင်းဆောင်ကြီးပြောတဲ့စကားမျိုးလည်းမဆင်၊ အကြံအိုက်ရပြန်၏။

ဘိုးတော်သည် မိမိအားဆက်ကာဆက်ကာပြောနေ၏။ သူ့စကားများမိမိ တစ်လုံးမှနားမလည်။ သို့ဖြင့် နံဘေးရှိ အစောင့် ကိုလူမည်းနှစ်ယောက်အား အကူအညီတောင်းခံကြည့်မိ၏။

"ဒီမယ် ဆရာကြီးတို့၊ ဘကြီးပြောတာသိတယ်မဟုတ်လား။ ကျွန်တော့်ကို ပြောပေးပါဦး။ လုပ်ပါဗျ၊ ကူညီပါဦး"

မိမိသည် ကိုလူမည်းတို့အား အကူအညီတောင်းသော်လည်း အချည်းနှီးသာ။ သူတို့နှစ်ယောက်စလုံးက ခေါင်းယမ်းဖြေလေ၏။ သူတို့ကို အကူအညီတောင်းမိတာ မိမိအမှားပင်။ လာခေါ်တုန်းက အခုချိန်ထိ လက်ဟန်ခြေဟန် ခေါင်းညိတ် ခေါင်းခါလောက်တတ်တဲ့ ရွှေအကူတောင်းသကဲ့သို့ရှိတော့သည်။ စိတ်ကူးရှာတော့လည်း အဆင်မပြေ။ မိမိသည် သူတို့အား ဗမာစကားအတိုင်း နာမည်၊ လိပ်စာများ တတွတ်တွတ်မေးပါသည်။ သူတို့လည်း ပြန်ဖြေပါသည်။ စကားချင်းမတူ၍ နားမလည်ခဲ့ရပေ။

ပထမဆုံး အဘိုးအိုအပြင် ဘေးကနှစ်ယောက်ပါ မိမိအား စကားတွေပြောပြန်၏။ မိမိသည် သူတို့သုံးယောက်ကြည့်၍ မျက်ရည်ပင်ဝိုင်းနေပါပြီ။ သနားလွန်း၍ ဖြစ်ပါသည်။ ဗမာစကားမဟုတ်၍ သုံးဦးစလုံးအား မကူညီနိုင်ခဲ့ပါ။

ထူးခြားသည်မှာ ကျန်သော အဘိုးအိုများသည် ထိုင်ရာမှမထ။ တချို့ မသိသလို၊ တချို့က ရူးကြောင်ကြောင်နှင့်သာတွေ့ရ၏။ သနားလှ၍ ဤနေရာမှခွာရပေမည်။ရင်ထဲဆို့နင့်စွာဖြင့် အရှေ့အထိ လှမ်းအကြည့် ဤသို့ သံဝရန်တာအခန်းများတန်းစီနေ၏။ ရှေ့တိုးမည့်အပြု အစောင့်များက ကိုင်ထား၍တိုးမရ ပေ။ မိမိအား နောက်ကျောရှိအခန်းအားကြည့်ဖို့ဆွဲလှည့်စဉ် အံ့ဩသွားရပြန်၏။

အခန်းသည် အတော်တန်အလင်းရှိ၍ အတွင်းထဲမှ လူများအား ထင်ထင်ရှားရှားမြင်ရ၏။ အဘိုးကြီးများအခန်းနှင့်ပုံစံတူ၏။ ထူးခြားသည်က ယောက်ျားများမဟုတ်ဘဲ မိန်းမများသာ ဖြစ်လေ၏။ မိန်းမပုံစံများ နှစ်မျိုးနှစ်စား တွေ့ရလေ၏။ မိန်းမအားလုံးအစိတ်လောက်ရှိ၏။ အဝတ်ဖြူခပ်နွမ်းနွမ်း ဆံပင်ဖားလျားမျက်ကွင်းညိုညိုနှင့် မျက်စိများကပြူးသယောင် အသားမည်းမည်း အသက်သုံးလေးငါးဆယ်ဝန်းကျင်အမျိုးသမီးကငါးယောက်တည်းသာရှိ၍ နှစ်ဆယ်ခန့်မှာ နန်းဝတ်နန်းစားဆန်ဆန်အဝတ်အစားများနှင့် ဖြစ်၏။

မိမိသည် သံဝရန်တာထဲရှိ အဖြူဝတ်အမျိုးသမီး (၅) ဦးအား ဦးစွာကြည့်နေမိရာ သူတို့သည် ထိုင်ရာမှထ၍ မိမိရှေ့သို့ စုပြုံလာရပ်၏။ နှုတ်မှစကားတွေပြောနေကြ၏။ ထိုအမျိုးသမီးငါးယောက်သည် သေချာကြည့်လျှင် မိန်းမလတ်များသာ ဖြစ်၏။ စကားများစီကာပတ်ကုံးပြောနေ၍ မိမိအာရုံစိုက်နားထောင်နေရ၏။

ရှမ်း၊ ကချင်၊ ချင်း ရိုးရာစကားများလား တစ်လုံးနှစ်လုံးတော့ မိမိသိသေး၍ အာရုံစိုက်ကြည့်၏။ ဤစကားများ တစ်ခုမှမဟုတ်။ ခေါင်းရှုပ်လေပြီ။ ဘယ်ခေတ်ကစကားတွေလဲ။ ဉာဏ်မမီတော့ပေ။ မိမိရှေ့တည့်တည့်မှ အမျိုးသမီးသည် စိတ်တိုလာဟန်ပေါ်၏။ စကားများ အော်ငေါက်၍ ပြောပြနေ၏။ မိမိလည်း နားထောင်ပေးပါသည်။ သူ့စကားနားမလည်၍ လက်လျှော့ခဲ့ရပါသည်။

မိမိ သတိတစ်ချက်ထားမိ၏။ ဒီအမျိုးသမီးတွေနှင့် စကားပြောနေစဉ် တခြားမိန်းမများနှင့်မတူ တစ်မူထူးခြားနေ၏။ အသက် (၄၀) ခန့်မျှသာ ထင်ရသော အသားလတ်လတ်ရုပ်ရည်ပြေပြစ်သော အမျိုးသမီးသည် ခါးထောက်လျက် မိမိအား မကျေနပ်သည့်ဟန်ဖြင့် စိုက်ကြည့်နေမှန်းသိ၍ သူ့အား အရေးမှုလိုက်၏။ ဒီအခန်းထဲတွင် သူမသည် ရုပ်ရည်အသန့်ပြန့်ဆုံးဖြစ်နေ၏။ တခြားသူများကဲ့သို့ပါးချောင်မကျ။ မျက်ကွင်းလေးညိုသယောင်သာ။ ခြုံကြည့်လျှင် ပြေပြစ်လှသောအမျိုးသမီးဖြစ်လေ၏။ ကူ...ာ်



www.burmeseclassic.com

www.burmeseclassic.com

ဆံထုံးဖြင့် မိုင်းသမီးဝတ်ခါးတောင်အင်္ကျီလက်ရှည် အဖြူဖျော့ဖျော့ အနက်ရောင်လုံချည်တွင် အဖြူချိတ်လှိုင်းသဏ္ဍာန်။ ထင်ထင်ရှားရှားမှာ အထက်ဆင်သည် လက်တစ်ဝါးခန့်ရှိ၏။ လုံချည်၏ အနားသည် ဖနောင့်နောက် ရှစ်ပေခန့်ရှည်နိုင်၏။ သူ့လိုအဝတ်အစားပုံစံတူအမျိုးသမီးများမှာထိုင်လျက်သာ ကြည့်နေ၏။

သူတစ်ယောက်က မိမိအား အပြုံးရှိသကဲ့သို့ မျက်စောင်းထိုး ခါးထောက်အကြည့်သည် ဝေခွဲမရ။ ဆန်းကြယ်လှ၏။ သူ့အကြည့်သည် အကြောက်အလန့်ကင်းမဲ့နေ၏။ ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုသော သတ္တိရှင်ခဲတစ်ယောက်ပမာ။ သူက ရန်သူလို့ကြည့်သော်လည်း မိမိက အပြစ်မတင်မိပေ။ သူ့အားစကားပြောချင်၏။ မေးချင်၏။ သူ့အကူအညီတောင်းလျှင် ပေးချင်၍ ဖြစ်၏။ စိတ်ကဆောင်သော်လည်း စကားကဆွံ့နေပြန်၏။

ရှေ့မှ အမျိုးသမီးများ မျက်ရည်ဝိုင်း၍ မိမိရှေ့မှခွာ၍ မူလနေရာတွင် ပြန်ထိုင်ကာ မိမိအားငဲ့စောင်းကြည့်နေကြသည်မှာ ရင်ထဲဆို့နင့်ရလေ၏။ အခန်းထဲမှ တစ်ယောက်တည်း ခါးထောက်နေသော အမျိုးသမီးသည် မိဖုရားလား မင်းသမီးလား သူဌေးသမီးလား တစ်ခုခုပင်။ ရှေးတုန်းကသာသိ၏။ ဘယ်အချိန်အခါမှဆိုသည် မိမိဉာဏ်မမီပေ။ သူနှင့်စကားပြောချင်လာ၏။ သူ့အကြောင်းသိချင်၍ဖြစ်၏။ သူ့စကားပြောစေရန် မိမိက အရဲစွန့်ပြုံးပြလေရာ ပါးစပ်တစ်ခြမ်းကိုက်ပြလေ၏။ မိမိရှေ့ဆက်မပြုံးရဲတော့ပေ။ သူ့ပုံစံသည် မိမိအား အထင်မကြီးကြောင်း ပြသနေ၏။

အပေါ်အောက်ခေါင်းပေါင်းအဝတ်ဖြူနှင့် မိမိသည် ဒီနေရာလာစရာမရှိ။ လာကြွားတာလား၊ ဟန်ရေးပြတာလား၊ အထင်ကြီးအောင်လား၊ လူတွင်ကျယ်လာလုပ်တာလား။ ဒီအထဲလာမှတော့ နင်လည်း ခုလိုအတန်းအစားဆိုတာ မမေ့နဲ့။ တစ်နေ့ နင်လည်းရောက်မှာ သနားတယ်ဆိုသော အကြည့်ပေါင်းစုံဖြင့် နှိုးဆော်ပေးနေခြင်း ဖြစ်လေ၏။

ယခုထိ ခက်ထန်နေသော အမျိုးသမီးက သည်တစ်ခါသာတွေ့ဖူးသည်။ အံ့ဩလှပေစွ။ ဤနေရာမှ မျက်နှာလွှဲလိုက်၏။ စိတ်၌အတွေးပေါင်းစုံနေ၏။ ပျူခေတ်က ပျူမင်းသမီးတွေလား၊ ကုန်းဘောင်ခေတ် မိဖုရား မင်းသမီးတွေလား။ အဝတ်အစားသည် ယဉ်ကျေးမှုအားအပြည့်ထိန်းသိမ်းထားသောအဝတ်အစားဖြစ်လေ၏။ခန္ဓာကိုယ်ရွှေငွေလက်ဝတ်ရတနာများဝတ်ဆင်ထားလျှင် နီးစပ်နိုင်သော်လည်း ယခုတော့ဝေးပြီ။

အခန်းရှေ့မှ အစောင့်များနှင့်အတူ ပင်မအခန်းတံခါးရှေ့ရောက်လာပြန်၏။ တံခါးဖွင့်၍ အခန်းထဲဝင်ရာ မူလအတိုင်း ခေါင်းဆောင်ကြီးနှင့်ကျန်အစောင့်တရားခံများတွေ့ရ၏။ အစောင့်များသည် ခေါင်းဆောင်ဘက်ခေါ်မသွားတော့ဘဲ မြောက်ဘက်အလယ်တံခါးသို့ မိမိအားခေါ်လာ၏။ တံခါးဖွင့်၍ တစ်ဖက်ခန်းသို့ရောက်သည်နှင့်မည်းမှောင်သွား၏။ ဘာမှမမြင်ရတော့ပေ။ နောက်ကျောအနီးမှ တံခါးသည် အလိုလိုပိတ်သွား၏။ အစောင့်များ မိမိလက်အားလွှတ်ထား၍ ဘာမှသဲသဲကွဲကွဲမမြင်ရပေ။

လင်းနေသော အခန်းကြီးထဲမှ မှောင်မည်းနေသောအခန်းကြီးထဲရောက်နေခြင်း ဖြစ်၏။ အပေါ်အောက်ဘေးဝဲယာမှောင်မည်းနေရာမှ အလင်းဝါးဝါးပေါ်လာ၏။ မှုန်ဝါးဝါးမသဲကွဲပေ။ အလင်းသည် ပြာလဲ့လဲ့ဆလိုက်ထိုးထားသလို အနောက်မှ အရှေ့သို့ ရှပ်ရှင်မီးစက်အလင်းရောင်ပမာ မိမိသည် ထိုအလင်းလာရာ သေချာကြည့်လေရာ အလင်းမှာ လင်းသည်ထက်လင်းလာ၏။ ခရမ်းလွန်ရောင်ခြည်ပမာ လေးဖက်လေးလံအား သဲကွဲစွာမှုန်ဝါးဝါးဟုဆိုသော်လည်း စေ့စေ့ကြည့်လျှင် မြင်ကွင်းသည် ထင်ထင်ရှားရှားတွေ့ရ၏။

အလင်းလာရာလမ်းကြောင်းအား မော့၍ကြည့်ရာ သုံးထပ်တိုက်အမြင့်ခန်းမှထိုးပေးထားသော မီးဆလိုက်ပေါင်းဆယ်လုံးခန့်သည် ဘေးတိုက်ညီညာစွာစီတန်းလျက်ထွန်းပေးထား၏။မီးဆလိုက်အရောင်များသည် အဖြူရောင်၊ အဝါရောင်မဟုတ်ဘဲ ပုံစံတူခရမ်းလွန်ရောင်ခြည် ပြာလဲ့လဲ့ရောင်ခြည်သာဖြစ်သဖြင့် အံ့ဩမိ၏။

အလင်းပုံစံသည် လျှပ်စစ်မီးကဲ့သို့ လင်းနေသောကြောင့် စက်သံအားနားစွင့်မိရာ ဘာစက်သံမှမရှိ တိတ်ဆိတ်နေ၏။ မိမိအနားထဲတွင် အီ. . အီး. . အီးဟူသောလူညည်းသံတစ်ခါတစ်ခါကြား၍ ဟိုဟိုဒီဒီအမှတ်တမဲ့ရှာမိသေးသည်။ မတွေ့သေး၍ အာရုံလွှဲထား၏။ မိမိစိတ်ဝင်စားသောနေရာမှာ ဆလိုက်မီးများအောက်တည့်တည့်မှညီညာနေသော အုတ်တိုက်ခန်းများအားကြည့်နေရာ ထိုအုတ်တိုက်ခန်းအတွင်းမှ လှုပ်လှုပ်ရှားရှားမြင်ကွင်းအား စိတ်ဝင်စား၍ သွားကြည့်ချင်၏။

မိမိသည် ဝင်ပေါက်တံခါးရှေ့ခြေလှမ်းလေးငါးလှမ်းသာရောက်သေး၏။ ယခုဆလိုက်မီးထိုးသောနေရာနှင့် ဘောလုံးကွင်းတစ်ဝက် မီတာ (၅၀) ခန့်သွားရဦးမည်။ မိမိသွားကြည့်လိုစိတ်ဖြင့်ပြသည်နှင့် ဆလိုက်မီးများ အောက်ဘက်နိမ့်၍ထိုးပေးထားပြန်၏။ဆလိုက်အောက်မှ တိုက်ခန်းများအဝေးမှထင်ရှားစွာမြင်ရ၏။ ရေတွက်ကြည့်ရာ တိုက်ခန်းပေါင်း (၁၀) တိတိရှိ၏။

တိုက်ခန်းများမှာ ရှေ့တည့်တည့်သံဝရန်ထာများကပ်လျက်အတွင်းမှနေ မည်းမည်းသဏ္ဍာန်ရိုးတိုးရိပ်တိပ် အခန်းတိုင်းမြင်ရ၏။ ဘာမှသဲသဲကွဲကွဲမသိပေ။ အခန်းပေါင်း(၁၀)သည် တောင်မှမြောက်သို့ အခန်းအကျယ်နှင့်ကွက်တိ။ အစွန်ဆုံးအခန်းသည် အုတ်နံရံဖြစ်၏။

သွားဖို့ဟန်ပြင် ရှေ့သို့မတိုးရဲသေးပေ။ အစောင့်နှစ်ယောက်အားသွားကြည့်ချင်ကြောင်းပြောရာ သူတို့က ခေါင်းညိတ်ပြ၏။ သူတို့လိုက်မလားစောင့်ခေါ်တော့ ခေါင်းယမ်းပြ၏။ ပုံစံက ကိုယ့်ဟာကိုယ်သွားကြည့်ဆိုသည့်သဘောဖြစ်၏။ မိမိအားပင်လျော့လေ၏။ တစ်ယောက်တည်းမသွားရဲပေ။ သူတို့နှင့်သာသွားရဲပေမည်။

သွားရမည့်နေရာက မီတာ (၅၀) နီးပါး ဒူးများတုန်ခါနေ၏။ အသက်မှန်မှန်ရှူသော်လည်းမဝချင်။မော၍ကြောက်နေသည်။ ကလယ်ကလယ်လုပ်နေရာ အစောင့်များစိတ်မရှည်ထင်၏။ မိမိအားရင်ဘတ်ဆောင့်တွန်းလွှတ်၍ အကြည့်ခိုင်းပြန်၏။

သူတို့ကိုအားကိုး၍မရတော့ပေ။ မိမိရဲဆေးတင်လိုက်၏။ ခြေထောက်များတုန်နေသော်လည်း အားကုန်ကြိုးစား၍ ရှေ့တိုးလာခဲ့ရာ မီးရောင်သည် အပြာရောင်မှ တဖြည်းဖြည်းအဝါရောင်သန်းပေါ်၍ ထင်ထင်ရှားရှားမြင်ရ၏။

အုတ်တိုက်ခန်းနှင့် (၁၀) တောင်ခန့်အကွာ တုံ့ခနဲရပ်လိုက်၏။ အခန်းထဲမှ လှုပ်လှုပ်အရာသည် အကောင်တစ်ကောင်မှန်းသိ၏။ မီးဆလိုက်သည် ရှေ့တွင်သာအလင်းရှိ၍ တိုက်ခန်းများအားထင်ရှားစွာမလင်းသာပေ။ အမြင်သည်မသဲကွဲ မထင်ရှားပေ။ ရှေ့သို့ တစ်လှမ်းချင်းတိုး၍တိုး၍ကြည့်ရာက သံဝရန်တာနှင့်ငါးပေခန့်အကွာအရောက်တွင် ရှေ့မှ ဝေါင်း ဝေါင်း ဝေါင်း ဟူသောအသံများ





www.burmeseclassic.com

www.burmeseclassic.com

ပွက်ပွက်ညံသွား၏။

အမလေးတ, မျက်လုံးကျွတ်မထွက်ရုံတမယ် ဒုန်းပြန်ပြေးခဲ့ရသည်။ အစောင့်တွေရှေ့အမောပင်မပြေသေး။ မောဟိုက်နေ၏။ လက်နောက်ပြန်ထိုးလျက် အကောင်ကြီး အကောင်ကြီးတွေ ကြောက်စရာကြီးဟုသူတို့ပြောရာ သူတို့က မသိသလိုသာ မိမိ၏စကားရှိတယ်ဟုပင်မထင် အတော်နေနိုင်တဲ့လူတွေဟု အပြစ်တင်နေ၏။

အမောပြေစပင်ရှိသေး။ သူတို့က နောက်ထပ်တစ်ကြိမ် အကြည့်ခိုင်းပြန်၏။ မိမိက မသွားချင်ကြောင်း ပြောမရပေ။ သွားဖို့သာ လက်နှင့်တွန်း၍ အရဲစွန့်သွားရပြန်လေ၏။ အခန်းနှင့်နီးလာလေလေ မီးရောင်က ပိုလင်းလာလေခြေသံအား လုံခြုံစွာနင်းလာရင်း သံဝရန်တာရှေ့ ငါးပေခန့်အကွာမှ တိတ်ဆိတ်စွာကြည့်ရာ မျက်လုံးများပြူးကျယ်သွားရ၏။

အခန်းထဲမှ အကောင်သည် ခွေးနက်ကြီးဖြစ်၏။တစ်ခန်းလျှင်တစ်ကောင်သာရှိ၏။ အခန်း၏အမြင့်သည် (၁၀) ပေခန့်အကျယ် (၁၀)ကျော်ကျော် အုတ်ဖြင့် အခိုင်အခံ့။ ရှေ့ကသံဝရန်တာဖြစ်၏။

ခွေးကြီးသည် မိမိအားကြည့်နေရာ တစ်ကိုယ်လုံးကြက်သီးထနေ၏။ ဒီလောက်ကြီးတဲ့ခွေး ဒီတစ်ခါပဲမြင်ဖူးသေး၍ အံ့ဩနေ၏။ အသက်ရှူပင်မှားလေ၏။ တချို့က ဆောင့်ကြောင့်ထိုင်။ တချို့ကမတ်ရပ်လျက် နီရဲနေသောလျှာတန်းလန်းမှ သွားရည်များယိုကျနေ၏။ ခွေး၏လျှာသည် အရှည်တစ်တောင်ထက်မငယ်ပေ။ မျက်စိနှစ်လုံးမှာ နီရဲနေ၏။ အမွေးထူ၍ တစ်ကိုယ်လုံး အနက်ရောင်တွင် အရောင်ထွက်နေသေး၏။

နားရွက်နှစ်ဖက်မှာ အောက်သို့ပြုတ်ကျ၏။ ခွေးကောင်သည် ရှည်ရှည်သွယ်သွယ်၊ နှုတ်သီးအပိုင်းက သွယ်၍ရှည်၏။ ခွေးခေါင်းသည် နှစ်တောင်ခန့်ရှည်၏။ မိမိရှေ့က ခွေးကြီးသည်ပင်ထိုင်လက်ထောက်ထားရာ မိမိအရပ်နှင့်သူကပိုရှည်၏။ တစ်ဖက်ခန်းမှ ခွေးကြီးသည်မတ်ရပ်ထနေ၍ သူ့အရပ်နှင့်ကိုယ်လုံးအားမြင်ရာ အသည်းထိတ်စရာပင်။

ခွေးကြီးအရပ်သည် မိမိလက်ခုပ်တဖောင်။ လည်ပင်းတို့၍ နောက်ပိုင်းအဖွဲ့စည်းပုံသည် မြင်းကိုယ်လုံးနှင့်တစ်ပုံစံတည်းတူ၏။ မြင်းပုံစံတူသည့်အပိုင်းမှာ လည်ပင်းအောက်မှစတူခြင်းဖြစ်၏။ မြင်းခွာများမပါ။ ခွေးလက်ခြေများသာဖြစ်၏။ ခွေးနက်တစ်ကောင်လုံး၏အရွယ်(ခန့်မှန်း) မြိုင်မြင်းအကြီးစားအရွယ်ဖြစ်၏။

မိမိသည် တစ်ခန်းပြီးတစ်ခန်း လေးငါးခန်းကြည့်ပြီး၍ ကျေနပ်သွား၏။ အခန်းမှပြန်လှည့်အလာ စိတ်ထဲမှသံသယဝင်မိ၏။ ပထမအခေါက်စောစောကြည့်စဉ်က ဝေါင်းခနဲ အထဲမှ ဟန်ရေးပြခြိမ်းခြောက်၏။ လိပ်ပြာလွင့်မတတ်ထွက်ပြေးခဲ့ရသည်။ ဒုတိယအကြိမ် ကြောက်စိတ်အပြည့်နှင့်ပြန်ကြည့်တော့ ခွေးကြီးတွေကသားရေတများများကျလျက် မိမိအားပြူးလို့သာကြည့်နေ၏။ ရန်မူမကြပေ။ ဘာကြောင့်နည်း ဉာဏ်မမီ၍မသိပေ။

ခွေးတိုက်ခန်းမှ ကိုလူမည်းတို့ထံပြန်အလာ နားထဲတွင် အီ. . အီး. . အီဟူသော လူကြီးညည်းညူနေသံနှင့် စမ်းချောင်းသေးသေးမှ အဆက်မပြတ်ရေစီးသံအား နီးသည်ထက်နီးလာ၏။ အသံသည် မိမိတို့အနီးအနားမှကြားနေရ၏။ မှောင်နေသဖြင့် ဘာမှမသဲကွဲ။ ခွေးတိုက်ခန်းရှေ့မှအလင်းမျိုး မရှိတော့ပေ။

အပြာရောင်အလင်းတန်းသည် အနောက်ဘက်ထိပ်ခွေးတိုက်ခန်းအပေါ် တစ်ဆင့်မြင့်သည့်နေရာမှ မျဉ်းဖြောင့်သဏ္ဍာန်ထိုးပေးထား၍ မြေပြင်အောက်ပိုင်းများမှောင်နေ၏။ မိမိသည် ကိုလူမည်းတို့ထံရောက်၍ ပြန်ဖို့အချက်ပြရာ အစောင့်များက ခေါင်းယမ်း၍ သူတို့နှစ်ယောက်သည် မိမိနောက်ကျောသို့မေးငေါ့အကြည့်ခိုင်းနေ၏၊

သူတို့ပြရာလှည့်ကြည့်လိုက်တော့ အမှောင်အတွင်းမို့ မသဲကွဲ။ မိမိမျက်စိနှင့် တန်းတန်း ရှေ့ပေ (၄၀) ခန့်အကွာ ခြေမ၊ ခြေဖမိုး၊ ခြေဖနောင့်၊ ခြေဖနောင့်၊ ခြေမျက်စိများပါသော ခွေးတိုက်ဘက်လှည့်ထားသော ဘယ်ခြေဖဝါးတစ်ခုဖောင်းဖောင်းကားကားနှင့် ခြေဖမိုးသည် မိမိနဖူးခေါင်းအထိမြင့်၍ ပြူးနေအောင်ကြည့်နေမိ၏။

မိမိမျက်စိမှားသည်လား သေချာပြန်ကြည့်ရာ မမှားပေ။ ထူးဆန်းသည်က မြင်နေသောနေရာသည် ထင်ရှားသောအလင်းကရှိနေ၏။ နားထဲမှ ညည်းသံနှင့် စလွိစလွိဟူသော စမ်းချောင်းရေစီးသံသည် ကြားရဆဲပင် ဖြစ်၏။

ခြေဖမိုးမှ အလင်းသည် အပေါ်သို့ ဖြေးညင်းစွာတစ်ဆင့်ပြီးတစ်ဆင့်လင်းပြ၍ အသက်ရှူပင်မေ့နေ၏။ ခြေဖဝါးမှ ခြေသလုံးမော့၍ကြည့်ရင်းကြည့်ရင်း ကြောင်တောင်တောင်ပင် ဖြစ်နေ၏။ ထိုမှ ပေါင်၊ ခါး၊ လက်၊ မျက်နှာမြင်လိုက်သည့်နှင့် အမလေး - လူ. . . လူ . . . လူကြီး။

ဘယ်အချိန် ထွက်ပြေးမိသည်မသိ မိမိသည် အခန်းမကြီးတံခါးဝဆွဲဖွင့်နေရာ တံခါးမပွင့်ပေ။ မပွင့်၍ တံခါးအား တဒုန်းဒုန်းထုနေရင်း အစောင့်နှစ်ယောက်သည် မိမိလက်မောင်းတစ်ဖက်တစ်ချက်အား ဆုတ်ကိုင်ထားပြီးဖြစ်နေ၏။ မိမိသည် သတ္တိကုန်ရှုန်း၏။ မလှုပ်။ သူတို့သည် မိမိအား တစ်ဖက်စီကိုင်လျက် မ,ဆွဲဆွဲကာ စောစောမြင်ကွင်းအား ထပ်၍အကြည့်ခိုင်းနေ၏။ မိမိမကြည့်ရဲပေ။ နည်းတဲ့လူကြီးမဟုတ်။ ထန်းပင်တစ်ရပ်လောက်လူကြီးတစ်ကိုယ်လုံးသွေ့တွေဖုံး၍မကြည့်ဝံ့စရာ။ ဒူးနှစ်ဖက်အဆန်တွေချောင်နေ၏။ မကြည့်မချင်း မိမိအားအချက်ပေးနေ၏။

အရဲစွန့်ကြည့်ဖို့ရာသာရှိတော့၏။ တစ်ယောက်က မိမိကျောအား တွန်းပို့လိုက်၏။ နီးနီးကပ်ကပ်ကြည့်ခိုင်းခြင်းဖြစ်၏။ ရှိသမျှ သတ္တိနှင့် ကြိုးစားကြည့်ဖို့ရဲဆေးတင်လိုက်၏။ ဒီအချိန် ဆလိုက်မီးမောင်းရောင်ခြည်သည် အတော်ပြာ၍ ပိုလင်းလာ၏။ အခန်းကြီးတစ်ခုလုံးအား မှုန်ဝါးဝါးမြင်၍အံ့ဩသွားပြန်၏။

မိမိနောက်တွင် (၁၀) ပေခန့်အကွာမှ ကိုလူမည်းနှစ်ယောက်ရှိ၍ အားရှိသေး၏။ သူတို့အားကိုးနှင့်ကြည့်ရပေတော့မည်။ နားထဲမှစလွိ. . . စလွိအသံအားစရှာမိ၏။အပြာရောင်ခြည်အောက်မှ ငွေမင်ရောင်ရေစီးကြောင်းလေးသည် မိမိညာဘက် ငါးတောင်ခန့်အကွာမှစီးနေ၏။ ထိုရေအား စူးစိုက်ကြည့်သည့်အခါ အနီရောင်၊ အညိုရောင်ရောနေသောသွေးစီးကြောင်းဖြစ်၍ မျက်စိတစ်ဆုံးအကြည့်တွင် စောစောက လူကြီးအောက်မှ စတင်စီးကြောင်းသိရ၏။

အီး. အီ. အီအသံသည် တုန်ခါသံပင်ပါ၏။ အဆက်မပြတ်ညည်းနေခြင်းဖြစ်၏။ ထိုအချိန် ဆလိုက်မီးသည် ပြန့်သည်ထက်ပြန့်၍ အခန်းကြီးတစ်ခုလုံးအား ထင်ထင်ရှားရှားတွေ့ရတော့သည်။ အုတ်တံတိုင်းခတ်ထားသောအခန်းကြီးဖြစ်၏။ အရှေ့၊ အနောက် (ခန့် မှန်း) မီတာ (၁၀၀) ခန့် တောင်၊ မြောက်မီတာ (၆၀) ခန့်ရှိ၏။ အုတ်တံတိုင်းအမြင့်သည် ဘယ်မှာဆုံးသည် ရှာမရပေ။ အမြင့်ကြီးဖြစ်၏။ အပေါ်မော့ကြည့်လျှင် မှောင်မည်းနေ၍ မျက်နှာကြက်မတွေ့ပေ။ အရှေ့ဘက်ထိပ် အလယ်တည့်တည့် ဝင်ပေါက်ကြီးတစ်ခုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက် ဝင်ပေါက်မရှိ။ အနောက်ဘက် ခွေးလှောင်အုတ်တိုက်နှင့် မိမိတို့ဝင်ထွက်အပေါက်သေးတစ်ခုသာတွေ့ရ၏။

ထန်းပင်ခန့်မြင့်သော လူကြီးအား ရဲဆေးတင်၍ ကြည့်ရတော့၏။ ခြေဖမိုး၊ ခြေသလုံး၊ အဝတ်အစားမရှိ ပေါင်ရင်းတွင် စုတ်ပြဲနေသောအဝတ်မှာသွေးများ အလိမ်းလိမ်း၊ အပေါ်ခါးနှင့်ရင်ဘတ်များ သွေးအလိမ်းလိမ်းဖြင့် မမြင်ရက်စရာပင်။ လက်နှစ်ဖက်သည် ဘေးသို့ဆန့်ထား၏၊ ဦးခေါင်းနှင့်မျက်နှာမှာမြင်ရက်စရာမရှိတော့ပေ။

သူ့မျက်နှာမော့ကြည့်ရာက မိမိခေါင်းပေါင်းဖြူ ပြုတ်ကျ၍ ပြန်ကောက်ရလေ၏။ အားပါးပါး တကယ့်လူအကြီးကြီး ဒီလောက်ကြီးတဲ့လူရှိပါသေးလား။ သူ့မျက်လုံးနှစ်လုံးသည် အပြင်သို့ထွက်နေပြီ။ ပြုတ်မကျရုံတမည် ဆံပင်တွေက သွေးအလိမ်းလိမ်းနှင့်သေချာကြည့်တော့ ကျောလယ်လောက်ရှိ၏။ သူ့ခေါင်းပေါ်က ဘာကြီးလဲ။ တုတ်ခုခုတင်ထားတာလား။ လက်ဖဝါးနှစ်ခုရှေ့က ဘာကြီးလဲ မြင်ကွင်းမကွဲသေး။

မီးရောင်အနည်းငယ်ပိုလာ၍ထင်ရှားလာပြီး အလိုလေး ဘုရားဘုရား - ခေါင်းထိပ်တည့်တည့်မှာထိုးထားသော သံလုံးကြီးဖြစ်နေ၏၊ ထိုသံချွန်သည် ဦးခေါင်းထိပ်တည့်တည့်မှ စထိုး၍ လည်ပင်း ရင်ဘတ်မှတစ်ဆင့် အောက်စအိုမှ ဖောက်ထွက်လျက် မြေပြင်တွင်ထိနေ၏။ သံချွန်ထိုးထားသော ဦးခေါင်းထိပ်မှ သွေးများသည့် သူ့မျက်နှာမှအစပတ်ပတ်လည် အောက်သို့တစ်ဖန် စအိုမှ အောက်သို့ ထိုသွေးများက ရေစီးကြောင်းဖြစ်၍ စလို့စလို့အသံမြည်နေခြင်းဖြစ်၏။

ဆန့်ထားသော လက်နှစ်ဖက်မှာ ရိုးရိုးမဟုတ်ပေ။ ထိပ်မှအောက်ထိုးထားသော သံချွန်တစ်ချောင်းမှ ကန့်လန့်ဖြတ်ဖောက်ထိုးထားခြင်း ဖြစ်၏။ ဘယ်လက်ဖဝါးမှစဝင်၍ လက်ဖျံ၊ လက်မောင်း၊ ရင်ခေါင်းအတွင်းမှ ညာလက်ဖဝါးအထိ တစ်ဆက်တည်း တစ်ချောင်းသီးသန့်ထိုးထားလေ၏။

သူ့အပေါ် အထက်အောက်ဘေးတိုက် သံချွန်ဖြင့် တိုးလျှိုပေါက်ထိုးထားလေမှ မိန်းမကြီးဖြစ်နေမှန်းသိရတော့၏။ ဆံပင်နှင့် သူ့ရင်သားကြောင့် သိရလေ၏။ အစတွင် ယောကျ်ားကြီးဟု ထင်မိ၍ ဖြစ်၏။ ဒီလောက်ကန့်လန့်အထိုးခံထားရတဲ့ဒဏ်၊ သွေးအလိမ်းလိမ်းထွက်နေတဲ့ဒဏ်တွေနှင့် သူမည်မျှနာကျင်ရှာမည်နည်း။ အသံထွက်၍ ညည်းနိုင်ရှာသေးသည်က မိမိအံ့ဩရလေ၏။

သူ့ခန္ဓာကိုယ်ကြီးသည် အရပ်နှင့်ကိုက်အောင်ထွားသေး၏။ ထိုးထားသောသံချွန်အတုတ်မှာ(ခန့်မှန်း)သောက်ရေအိုးဖုက်လောက်ရှိ၏။ ထိုးထားသောသံချောင်းသည် ခန္ဓာကိုယ်အပြင်ဘက် အစနှင့်အဆုံးသာမြင်ရ၏။ ခန္ဓာကိုယ်သည် အလွန်ကြီးသဖြင့် သံချွန်မှာမပြောပလောက်သည့်လက်နက်သာဖြစ်လေ၏။

အထက်မှအောက်သို့ ထိုးထားသောသံချွန်သည် မြေပြင်ထဲမဝင်ပေ။ မြေပြင်နှင့် ထိလုထိချင်လွတ်နေ၏။

ထိုမိန်းမကြီးသည် ခန္ဓာကိုယ်အားဆန့်လျက်သာ သူ့ခန္ဓာကိုယ်မှအသားများ တစ်ကိုယ်လုံးတုန်နေရှာ၏။ သူမည်မျှနာရှာမည်နည်း။ မိမိမခံစားဖူးပေသည့်ကိုယ်ချင်းစာ၍ သနားမိ၏။ သူ့ဝေဒနာသူသာခံစားနိုင်ပေမည်။ရက်ရက်စက်စက်အနှိပ်စက်ခံနေရခြင်း ဖြစ်လေ ၏။

သူ့မျက်နှာ မိမိကြာကြာမကြည့်နိုင်။ ကြည့်လေ သနားလေ။ ရင်ထဲဆို့နင့်ရလေ၏။ မော့ကြည့်ရလွန်းတော့ ခေါင်းဇက်များပင် ပူထူနေ၏။ ထိုစဉ်ဆလိုက်မီးရောင်များ အရောင်ပြောင်းလာ၏။ ခွေးတိုက်အနီးကြည့်စဉ်က အလင်းမျိုးဖြစ်လာ၏၊

အခန်းတစ်ခုလုံးတွင် ခွေးတိုက်ရှေ့မြင်ကွင်းသည် အလင်းဆုံး ဖြစ်၏။ တိုက်ခန်းပေါင်း (၃၀) သည် ထင်ရှားစွာပေါ်နေစဉ် အစောင့်နှစ်ယောက်သည် မိမိ၏လက်မောင်း တစ်ဖက်စီကိုင်လျက်ဖြင့် ဆွဲခေါ်လာရာ မူလဝင်ပေါက်တံခါးအနီး သုံးယောက်သားပိတ်၍ရပ်ကြည့်နေ၏။

ထိုစဉ် ဂျိန်းဟူသောအသံ ဟိန်းထွက်သွား၍ အသံလာရာကြည့်သောအခါ ခွေးတိုက်ခန်းရှေ့မှ သံဝရန်တစတံခါးများသည် အခန်းတစ်ခုလုံးပွင့်သည်အထိ အထက်တက်သွား၏။ တံခါးများပွင့်သည်နှင့် အခန်းထဲမှ ခွေးမည်းကြီးများသည် တဝေါင်းဝေါင်းဖြင့် အသံပေးလျက် ဒုန်းစိုင်းထွက်ပြေးလာ၏။

သူတို့သည် မိန်းမကြီးဆီသို့တည့်တည့်ပြေးနေခြင်း ဖြစ်၏။ မိမိအသက်ရှူဖို့မေ့နေ၏။ အပြင်ဘက် ထင်ထင်ရှားရှားမြင်ရလေမှ ကြက်သီးထစရာဧရာမခွေးမည်းကြီးများ ဖြစ်လေ၏။ ခွေးအုပ်ကြီးနောက်တွင် ဖုန်များတထောင်းထောင်းထကျန်ခဲ့၏။ မီတာ (၅၀) ခန့်အကွာအဝေးအား သူတို့အမြန်နှုန်းဖြင့် စက္ကန့်ပိုင်းမျှသာကြာပေမည်။ သူတို့ဘာလုပ်ကြမည်နည်းတွေးရင်းကြည့်ရင်း မိန်းမကြီးရှေ့ရောက်သည်နှင့် အခန်းကြီးပွက်ပွက်ညံသွား၏။

ခွေးအားလုံးသည် မိန်းမကြီးအား တစစီကိုက်စားကြလေ၏။ ဖြည်းဖြည်းသက်သာကိုက်စားခြင်းမဟုတ်ပေ။ သူ့ထက်ငါ အလုအယက် စားခြင်းဖြစ်၏။ အကျယ်ဆုံးအသံမှာ အသားအားကိုက်၍ဆွဲသောအခါ ဖောင်းခနဲ ဖောင်းခနဲ မြည်လေ၏။ ခွေးများသည် တစ်နေရာတည်း စုပြုံကိုက်စားခြင်း မဟုတ်ပေ။ အောက်ပိုင်းအား ခွေးမည်း (၁၀) ကောင်ခန့်၊ အလယ်ပိုင်းအား ခွေးမည်း (၁၀) ကောင်ခန့်၊ အပေါ်ပိုင်းအား ခွေးမည်း (၁၀) ကောင်ခန့်မှ သူ့အပိုင်းနှင့်သူ ကိုက်စားကြခြင်းဖြစ်၏။ အောက်ဆုံးခွေးများသည် မထူးခြားသော်လည်း အလယ်ပိုင်းနှင့် အထက်ပိုင်းစားခွေးများက အံ့ဩရ၏။ လေထဲတွင် အရှိန်နှင့်ဝဲ၍ ကိုက်ဆွဲယမ်းလိုက်လျှင် အသားများပြုတ်ပါပွင့်ထွက်လျက် သွေးများပင်ပွင့်ထွက်၍ မြင်မကောင်းပေ။

ခွေးမည်း(၃၀)၏ ကိုက်စားခြင်းခံရသော ထိုမိန်းမကြီးမှာ အားဆိုသောအသံပင် မအော်နိုင်ရှာပေ။ တဖြောင်းဖြောင်း တဝေါင်းဝေါင်းနှင့် ဆူညံပွက်လောရိုက်နေ၏။ မိမိအသက်ရှူဖို့မေ့နေ၏။ ရက်စက်လှချေလား။ လုပ်ရက်ကြပါပေ။ နှိပ်စက်ကြပါပေကွယ်တို့ရယ်ဟု စိတ်မှ ညည်းမိလေ၏။

ကြည့်ရင်းကြည့်ရင်း မိမိမျက်ရည်များဝိုင်း၍ မျက်တောင်နှင့် ပြန်သိမ်းနေရ၏၊ သူ့အားသနားစိတ်သည် မိမိအသည်းနှလုံးပင် တုန်ခါစေ၏။ ဘယ်လိုအပြစ်တွေလုပ်ခဲ့မိလို့ ဒါလောက်ခံစားရတာလဲဟု အော်၍မေးလိုက်ချင်၏။ မျက်ရည်ဝိုင်းလို့ ငေးကြည့်ရင်းမှ သံချောင်းကြီးနှစ်ချောင်းတစ်ချောင်းပေါ်တစ်ချောင်း ပြုတ်ကျသံကြားလိုက်၏။

"ဒေါင်း. . ."

မျက်စိရှေ့မှ အမျိုးသမီးကြီးမရှိတော့ပေ။ ကန့်လန့်ထပ်နေသောသံချောင်းကြီးနှစ်ချောင်းသာကျန်တော့၏။ သွေးစီးကြောင်းပင်မကျန်တော့ပေ။ ခွေးများအားလုံးသည် သွေးတွေဗရပွနှင့်ပေပွလျက် အခန်းတွေဆီသို့ ကိုယ့်ကိုယ်စီ ပြန်နေကြ၏။ တစ်ကောင်နှင့်တစ်ကောင် ရန်လိုခြင်း၊ မာန်ဖီခြင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုက်ခြင်း မတွေ့ပေ။ သူတို့တာဝန်သည် အစားသက်သက်သာဟု စိတ်မှအတွေး ဝင်မိလေ၏။

ခွေးများသည် သူ့အခန်းကိုယ့်အခန်း ကိုယ်စီအထဲသို့ရောက်သည်နှင့် အတူ သံတံခါးများအလုံပိတ်သွား၏။ တဒင်္ဂအတွင်း မိမိပင် ကြောင်တောင်တောင်ဖြစ်သွား၏။ ကြောက်ရွံ့စိတ်ပေါ့သော်လည်း တစ်ကိုယ်လုံးရှိ အသားများ တုန်နေ၏။ထိုစဉ် ဆံလိုက်မီးရောင်သည် ဟိုအရှေ့ဘက်ထိပ်အား မြင်သာအောင် ပြ၍ ကြည့်လိုက်ရာ စောစောကကဲ့သို့ သံချွန်ကန့်လန့် အထက်အောက်ထိုးထားသော လူအကြီးကြီးတစ်ယောက် တလှုပ်လှုပ်နှင့် ရှေ့တိုးလာနေ၏။ အပေါက်က ဘယ်အချိန်ဝင်လာခဲ့သည် မိမိသတိမပြုမိပေ။

ကြည့်နေရင်းပင် မိမိတို့ အနီးမားမားမတ်မတ်ရပ်နေ၏။ သူ့ထံမှ ညည်းသံကြားရ၏။ သွေးချောင်စီးသံကြားရပြန်၏။ သေသေချာချာမော့ကြည့်ပြန်တော့ စောစောကအတိုင်း မိန်းမကြီးတစ်ယောက်ဖြစ်နေပြန်၏။ ဒီမိန်းမကြီးလည်း စောစောကမိန်းမကြီးလို ခွေးစာအကျွေးခံရဦးမည်။ သူလည်း မချိမဆံ့ခံရဦးမည်။

မကြည့်ရက်တော့ပေ။ ဒီကပြန်ဖို့ ဟန်ပြင်လိုက်၏။ ကိုလူမည်းတို့အား ပြောလိုက်မိ၏။

"တော်ပြီ တော်ပြီ၊ ကျွန်တော် မကြည့်တော့ဘူး အိမ်ပြန်ပို့ပေး"

အစောင့်များသည် မိမိအားတွဲ၍ ဝင်လာရာ တံခါးအားအသာဖွင့်၍အထဲ ဝင်လိုက်ရာ လင်းခနဲ မျက်စိကျိန်းသွား၏။ မူလစဝင်သည့်အခန်းသည် အတော်လင်း၏။ အမှောင်ခန်းမှ အလင်းခန်း ရုတ်ခြည်းဝင်သည့်အတွက် ခံစားရခြင်းဖြစ်၏။

မူလခန်းမကြီးသည် တိတ်ဆိတ်လျက်ရှိ၏၊ ပလ္လင်ပေါ်မှ အကြီးအကဲ မေးသူ တရားခံနှင့် မီးတိုင်အနီးမှ အစောင့်များအားလုံး နဂိုအတိုင်းဖြစ်၏။ အစောင့်နှစ်ယောက် မိမိအနားမှခွာသွား၏။ ပလ္လင်ပေါ်ရှိ အကြီးအကဲရှိရာသို့ လျှောက်လာရာ အတွေးက တစ်ဖက်ခန်းမှ အမျိုးသမီးကြီးမျက်နှာသာ သနား၍ပေါ်နေ၏။ ခေါင်းဆောင်ရှေ့ (၁၀) ပေခန့်အကွာမှ မျက်စောင်းထိုးရပ်ကြည့်နေမိ၏။

ခေါင်းဆောင်သည် မိမိအား အလေးမမူသေးပေ။ ရှေ့မှ မေးသူနှင့် တရားခံနှစ်ယောက်အား စူးစူးစိုက်စိုက် ကြည့်နေ၏။ ခေါင်းဆောင်၏မျက်နှာသည် ကြည်လင်လျက်ရှိလေ၏။ ခန့်ခန့်ညားညားချောမောလှပသောယောကျ်ားပီသသောရုပ်ရည်၊ကိုယ်လုံးပိုင်ရှင်ဖြစ်၏။ အပေါ် ကနွားချိုခေါင်းဆောင်းကြီးဖြုတ်လျှင် သာ၍လှပပေမည်။

တရားခံနှစ်ယောက်အား အဝါရောင်ကတ်ထူစာအုပ်နှစ်အုပ်စစ်မေးပြီးသွား၏။ တရားခံများသည် မေးသောမေးခွန်းအား ခေါင်းညိတ်ပြရုံသာရှိ၏။ ခေါင်းယမ်းသောအခါပင်မရှိပေ။ သူတို့ကျူးလွန်ခဲ့သော အပြစ်အား တစ်ခုချင်းမေးခြင်းဖြစ်၏။

သူတို့၏အဖြေအား ခေါင်းဆောင်သဘောကျ၍ ခေါင်းတညိတ်ညိတ်လုပ်နေ၏။ စစ်မေးသူနှင့် တရားခံများညိတ်နေကြ၏။ မိမိက မအူမလည်ရပ်ကြည့်နေ၏။ ခေါင်းဆောင်ထံမှ အသံထွက်ပေါ်လာ၏။ ခေါင်းဆောင်၏မျက်နှာ တည်ကြည်နေမှန်းသိသာ၏။

"ကဲ-မင်းတို့နှစ်ယောက်နောက်ဆုံးမေးမယ် မှန်မှန်ဖြေ"

ဒီစကားစသည်နှင့် မိမိစိတ်လှုပ်ရှားမိ၏။ အရင်တစ်ခေါက်က သူနောက်ဆုံးမေးခွန်းသည် ပညာသားပါသောမေးခွန်း ဒီမေးခွန်းကို စစ်ဆေးခံရတိုင်း ခေါင်းညိတ်သူမရှိ။ယခုလည်းနှစ်ယောက်အား မေးလေပြီ။ သူတို့ဘယ်လိုဖြေမည်နည်း အရင်တစ်ခေါက် ပါးစပ်မှထွက်မိဖူး၏။ ဒီတုန်းက ခေါင်းဆောင်အနည်းငယ်စိတ်ဆိုးသေး၏။ သူတို့အစား ကိုယ်စားဖြေချင်ပေမယ့် ဖြေခွင့်မရှိပေ။

"မင်းတို့ လူပြည်တုန်းက ငါ့ကို အမှုဘယ်နှခါဝေဖူးသလဲ"

တရားခံများငြိမ်နေပြီ။ မိမိစိတ်တွေ ပလူပျံနေပြီ။ စိတ်မှမအောင့်နိုင် တစ်ယောက်တည်းကျိတ်၍ပြောနေမိပြန်၏။ ဟေ့လူတွေဖြေလိုက်လေ။ ကျွန်တော်တို့ခဏခဏအမှုဝေဖူးပါတယ်လို့။ ဟေ့လူတွေဖြေလိုက်။ ခင်ဗျားတို့မဖြေရင် မသက်သာဘူးနော်။ မိမိသူတို့နှစ်ယောက်ကြည့်၊ ခေါင်းဆောင်ကြည့် ဂနာမငြိမ်။ ခေါင်းဆောင်သည် မိမိစိတ်မှ အကြံအကန်သိ၍ တစ်ချက်ကြည့်သတိပေးသေး၏။ တရားခံနှစ်ယောက်အဖြေကခေါင်းညိတ်ခေါင်းယမ်းမရှိ။ ဆိတ်ဆိတ်နေခြင်းဖြင့် အဖြေပေးပြီးသားပင်။ သွားပြီ ဒီလူတွေ အ,လှချေလား။

မိမိသည် သူတို့အပေါ် စိတ်တိုနေမိ၏။ အကယ်၍ အမှုဝေဖူးပါတယ်ဆိုရင် ခေါင်းဆောင်ရဲ့အပြစ်ပေးမှု လျှော့နိုင်သလို ကွင်းလုံးကျွ လွတ်ကင်းမည်လား အဖြေမသိ။ ခေါင်းဆောင်၏သက်ညှာမှုကို တိတိကျကျသိချင်၍ဖြစ်လေသည်။ ခေါင်းဆောင်မျက်နှာမှုန်နေသယောင် တရားခံအဖြေမကြိုက်၍ဖြစ်ပေ၏။

"ဒုတိယအကြိမ်ထပ်မေးမယ် မှန်မှန်ဖြေ။ လူ့ပြည်မှာတုန်းက ငါ့ကိုအမှု ဘယ်နှခါဝေဖူးသလဲ"

ခေါင်းဆောင်သည် ပလ္လင်ပေါ်မှ မှုန်တေတေကြည့်နေပြန်သည်။ ခေါင်းဆောင်ကြည့် တရားခံကြည့်နှင့် မိမိစိတ်ဗျာများနေ၏။ တရားခံနှစ်ယောက်က မသိသလို ငြိမ်ကုပ်နေ၏။ အားမရစရာ ဒီနှစ်ယောက်ဒီတိုင်းဆိုမလွယ်။ အတွယ်ခံရတော့မည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် အမှုဝေဖူးတယ်လို့ဖြေစေချင်၏။ သူတို့ထံမှ အသံထွက်မလာ။ ခေါင်းညိတ်ခေါင်းခါ အချက်မပြပေ။ သွားပြန်ပြီ။

တိတ်ဆိတ်နေသောအခန်း အသံဟိန်းထွက်လာလေ၏။ ခေါင်းဆောင်၏အသံပင်။

"ကဲ-နောက်ဆုံးမေးမယ် လူ့ပြည်တုန်းက ငါ့ကိုအမှုဝေဖူးသလား"

မိမိ အသားများပင် တုန်နေ၏။ ခေါင်းဆောင်အသံသည် စူးရှထက်လွန်း၏။ သူ့သည် အသံအား စိတ်လွတ်ကိုယ်လွတ်ပြောနေခြင်းမဟုတ်တန်ရာ သူ့တွင် မေတ္တာစိတ်အပြည့်ရှိမှန်း မိမိသိနေ၏။ သူ့ရှေ့မှတရားခံများအား ဒီမေးခွန်းမေးလေ့ရှိ၏။ မေးသည့်အခါတိုင်းအော်ငေါက်မမေးရှာပေ။ တကယ့်မေတ္တာစိတ်နှင့်မေးနေခြင်း ဖြစ်သည်။

တရားခံနှစ်ယောက်သည် ဆောင့်ကြောင့်ထိုင်ခေါင်းငုံ့လျက်သား ငြိမ်ချက်သားကောင်းလှ၏။ ခေါင်းဆောင်၏ စကားပင်ကြားနိုင်မည်မထင်။ သူတို့အား ကြည့်၍ သွားပြီ နင်တို့သွားပြီ။ ဟိုက သတ်ကြတော့မည်။ ဒါလောက်အတဲ့သူတွေ ခံကြပေရော့ဗျာ။

မိမိသည် သူတို့အား မကျေနပ်သည့်စိတ်ဖြင့် ပြောနေမိလေ၏။ ပလ္လင်ထက်က ခေါင်းဆောင်၏မျက်နှာညိုးနေမှန်းမိမိသိလေ၏။တရားခံနှစ်ယောက်အား ခေါင်းဆောင်မှ -

"ကဲ - ခေါ် သွားကြတော့"

ဟု ပြောလိုက်သည်နှင့် မီးတိုင်အနီးမှ ကိုလူမည်းလေးယောက်သည် လှစ်ခနဲ အနီးရောက်၍ တရားခံတစ်ဦးနှစ်ယောက်၏လက်မောင်းတစ်ဖက်ဆီအားကိုင်လျက် ဆွဲဆန့်လေ၏။ တရားခံများမှာ မလိုက်ချင်။ ပေတိပေကတ်လုပ်နေသေး၏။ အစောင့်များက နှစ်ယောက်အား တရွတ်တိုက် အရှေ့ဘက်ဆွဲခေါ် သွား၏။ မိမိ



www.burmeseclassic.com

www.burmeseclassic.com

တို့ထွက်ခဲ့သောအပေါက်မှ ခေါ်သွားကြလေ၏။ မိမိသည် ခေါင်းဆောင်၏ မျက်နှာကြည့်၍ အသနားခံသည့်မျက်နှာဖြင့် ကြည့်နေလေ၏။

ခေါင်းဆောင်သည် မိမိအားကြည့်လျက် ပြုံးယောင်သန်းလေ၏။ အပေါ်ဖြူအောက်ဖြူခေါင်းပေါင်းစဖိုသီဖတ်သီနှင့် ပေစုတ်စုတ်ပုံစံအားကြည့်၍ သဘောကျသည်လား မိမိဉာဏ်မမီ။ မိမိသည် ခေါင်းဆောင်အား အိမ်ပြန်ဖို့ပြောမည်။ ဒဏ်ပေးသောသူတို့အကြောင်း မေးဖို့တာစူနေ၏။ သတ္တိရှိ၍မဟုတ်ပေ။ ခေါင်းဆောင်အား မိမိကြောက်၏။ ရဲဆေးတင်မေးလိုက်မိ၏။

"ကျွန်တော်သိချင်တာ မေးပါရစေ"

ဆိုတော့ ခေါင်းဆောင်မှ ခေါင်းညိတ်ပြ၏။

"အရှေ့ဘက်အုတ်တံတိုင်းထဲက ဒယ်အိုးကြီးအကြောင်းသိချင်လို့ခင်ဗျ"

ခေါင်းတညိတ်ညိတ်ဖြင့်ဖြေလေ၏။

"အပြစ်မျိုးစုံ၊ တစ်ခုစီပြောလည်း ပြီးမှာမဟုတ်ဘူး။ မေးမနေနဲ့"

အလိုက်သိ ခေါင်းညိတ်ပြရ၏။ အပြစ်မျိုးစုံရှိလို့ခံရတာတဲ့။ နောက်ထပ်မေးခွန်းတစ်ခုပေါ်၍ ထပ်မေးရပြန်၏။

"အရှေ့ဘက် ဥမင်အခန်းထဲက အသက်ကြီးကြီးဘကြီးတွေအကြောင်း သိပါရစေ"

စကားဆုံးသည်နှင့် ကောက်ခနဲဖြေပါ၏။

"ဘုရားထက် ကြီးတဲ့သူတွေ၊ ဂေါပကတွေအကုန်ပဲ"

မိမိကြက်သီးဖြန်းဖြန်းထလေ၏။ ဘုရားလူကြီး ဂေါပကတွေအကြောင်း မိမိလည်း တိတိပပမသိပေ။ ဘုရားအကျိုးဆောင်လျှင် ကုသိုလ်ရမယ်မို့လား။ ယခုဘာအပြစ်တွေလုပ်မိလို့ပါလိမ့်။ ဉာဏ်မမီ၍ အတွေးဖြတ်လိုက်၏။ အမျိုးသမီးတွေအခန်းသတိရ၍ မေးမိပြန်၏။

"ဘကြီးတွေနဲ့ အခန်းကပ်လျက်က အမျိုးသမီးတွေအကြောင်းသိပါရစေ"

ခေါင်းဆောင်မျက်နှာ၏ကွက်ခနဲပျက်၍တင်းသွား၏။ မကျေနပ်သည့်ပုံပင်ပေါ်၏။ ဒေါသဖြင့်ပြောလေ၏။

"ကိုယ့်ရင်သွေးသတ်တဲ့ မိန်းမ၊ သန္ဓေသားဖျက်တဲ့မိန်းမတွေကွ"

အလိုလေး ဘုရားဘုရား ကိုယ့်ရင်သွေးသတ်တဲ့မိန်းမတွေဆိုပါလား။ ပြောလို့သာပြောရ၏။ တကယ့်တမ်းသတ်နေတဲ့မိန်းမတွေ တစ်ပုံကြီး။ ပုံစံအမျိုးမျိုးတွေ့နေရလေ၏။ ဒီအကြောင်းဆက်တွေးလျှင်ကောင်းခန်းပါမည်မထင်။ အတွေးရပ်ရ၏။ မြောက်ဘက်အခန်းထဲမှ သံချွန်နှင့်ထိုး၊ ခွေးစာကျွေးတဲ့မိန်းမတွေအကြောင်းနောက်ဆုံးမေးဖို့ဆုံးဖြတ်လိုက်၏။

"မြောက်ဘက်ခန်း မိန်းမကြီးတွေအကြောင်း သိပါရစေ"

ခေါင်းဆောင်မျက်နှာမကြည်လင်သေးပေ။ ခက်ထန်နေသေး၏။

"ဖောက်ပြန်တဲ့မိန်းမ၊ ကိုယ့်လင်သားကွယ်ရာ ဖောက်တဲ့မိန်းမတွေပဲ"

ရှေ့မဆက်တော့ဘဲ စကားရပ်ထား၏။ အရိပ်မြွက်သာသတိပေးလေ၏။ ကာမဖောက်ပြန်တဲ့မိန်းမ ဒီလိုအပြစ်တွေခံရပါလား။ မိမိ မြင်ရသော အခန်းများထဲမှ ကာမဖောက်သည့်ဒဏ်အပြစ်သည် ပြင်းထန်လှ၏။ ခေါင်းဆောင်သည် ရာဇဝတ်သားအား သက်သာသမျှသက်သာအောင်ဖွင့်ပေးလေ့ရှိ၏။ လုပ်ပိုင်ခွင့်အာဏာသူ့မှာအပြည့်ရှိ၏။

နောက်ဆုံးမေးခွန်းများသည် ရာဇဝတ်သားအတွက် အခွင့်အရေးပေးခြင်းဖြစ်၏။ သုံးကြိမ်သုံးခါမျှ သနားဂရုဏာသံဖြင့်မေးလေ့ရှိ၏။ ဒီအထဲ မိမိ၏မေးခွန်းများထဲမှ နောက်ဆုံးမေးခွန်းဖြေတော့ အသံကမာ၍မကြည်လင်ပေ။ ဒီအပြစ်သားအပေါ် သူမနှစ်မြို့သည်ထင်မိ၏။

ရှေ့ဆက် တခြားအခန်းများသို့ကြည့်မည်ဆိုလျှင် ခွင့်ပြုပေမည်လား။ မသိသေး။ မိမိစိတ်က ပြန်ချင်လှပြီ။ ကြောက်ပေသည့်အရဲစွန့်ပြောရပေတော့မည်။

"ကျွန်တော် အိမ်ပြန်ချင်ပြီ ပြန်ပို့ပေးပါ"

ခေါင်းဆောင်သည် မိမိစိတ်အကြံအား ကြိုသိသည်မို့ ပြုံး၍ခေါင်းတဆတ်ဆတ်လုပ်နေ၏။ သူသည် မိမိအားတစ်ခုမေးဖို့ ဟန်ပြင်နေ၏။ သူ့ထံမှ သာယာသောအသံထွက်လာ၏။

"မင်းက ကုသိုလ်စိတ်အမြဲရှိတာကိုးကွ။ မလှူတာကြာရင် တစ်ယောက်တည်း တော်ရာထွက်ငိုတဲ့ကောင်။ ခုမင်းကြီးစားတဲ့ဟာ အောင်တယ်။ မင်းပို့တဲ့ကုသိုလ်အမျှငါရတယ်။ မင်းခေါ်ခိုင်းလို့ လွှတ်လိုက်တာ ကျေနပ်ရဲ့လား"

ဆိုတော့ ဝမ်းသာလွန်း၍ ခေါင်းညိတ်ပြမိ၏။

"အေးအေး - ပြန်ချိန်တန်ပြီ။ နောင်လည်းလာခဲ့ဦးပေါ့ကွာ။ ဟေ့ - ဟိုရောက်ရင် ငါ့ကိုအမျှဝေဖို့မမေ့နဲ့နော်"

ဒီအခါတော့ မိမိပါးစပ်ကဖြေမိလေပြီ။

"ဟုတ်ကဲ့ - ကျွန်တော်ကြိုးစားပါ့မယ်။ အမျှလည်းဝေပါမယ်"

"ကဲကဲ - သူ့ကို အချိန်မီပြန်ပို့လိုက်ကြ"

မိမိစိတ်ပြောမပြတတ်အောင်ပင်ဝမ်းသာသွား၏။ ခေါင်းဆောင်အား ကြည့်၍ ကျေးဇူးတင်နေမိ၏။ ထိုစဉ်အနောက်ဘက်တံခါးမှ အမျိုးသားတရားခံနှစ်ယောက်အား အစောင့်နှစ်ယောက်မှ လက်မောင်းကိုင်လျက် တွဲခေါ်လာ၏။ ပလ္လင်ရှေ့ (၁၀) ပေခန့်အကွာ ဆောင့်ကြောင့်ထိုင်ခိုင်းထား၏။ စစ်မေးသူသည် စာအုပ်ကြီးနှစ်အုပ်ကိုင်လျက် သူတို့အနီးမှ မုဆိုးထိုင်ဖြင့်အသင့်ပြင်လေ၏။ ခေါင်းဆောင်သည် တရားခံများအား စူးစူးစိုက်စိုက်အာရုံစိုက်ထား၏။ မိမိအားမကြည့်တော့ပေ။

ဘယ်အချိန်ကရောက်နေမှန်းမသိသော ကိုလူမည်းနှစ်ယောက်က မိမိလက်မောင်းအားတွဲလျက် တောင်ဘက်အပေါက်ဝကြီးသို့ခေါ် အလာ အပေါက်ဝရောက်သည်နှင့်ဂျိန်းခနဲအသံမြည်ဟည်းကာ သံတံခါးကြီးပွင့်သွား၏။ အပြင်ဘက်ကအလင်းရောင်တွေ့သည်နှင့် မိမိပျော်ရွှင်သွား၏။

ခပ်ဝေးဝေးမှ ခဲရောင်ပိန်းကောလှေကလေးသည် လူသူကင်းမဲ့နေ၏။ မိမိတို့သုံးယောက်အပြင်ရောက်သည်နှင့် သံတံခါးကြီးအသံမြည်လျက် ပြန်ပိတ်သွား၏။ မိမိခြေလှမ်းများသည် အလာခြေလှမ်းနှင့်မတူ မြန်လှ၏။ လှေအနီးရောက်သည်နှင့် အလယ်တည့်တည့်သို့မပြောမဆိုဝင်ထိုင်လိုက်၏။

အစောင့်နှစ်ယောက်သည် ရှေ့ထိပ်တစ်ယောက်နောက်ထိပ်တစ်ယောက်ဝင်ထိုင်ကြ၏။ ရပ်ထားသောလှေသည် အရှေ့ခေါင်းလှည့်ထား၏။ တသိမ့်သိမ့်ဖြင့် လှေသည် အပေါ်မြင့်တက်လာကာ ဝဲနှစ်ပြန် အမြင့်တွင် လှေဦးသည် တောင်ဘက်သို့ တဖြည်းဖြည်းခေါင်းလှည့်ပျံသန်းသွား၏။ လှေယာဉ်သည် အထက်တည့်တည့်ပျံသန်းခြင်းမဟုတ်ပေ။ အပေါ်သို့လည်းတက်နေ၏။ ရှေ့သို့လည်းပြေးနေ၏။

အဝါရောင်ဟင်းလင်းပြင်ကြီးထဲတွင် လေတိုးအရှိန်သည် ပူနွေးလှ၏။ အလင်းရောင်သည် ပူ၍စူးနေသဖြင့် မျက်လုံးအား အကုန်မဖွင့်နိုင်ပေ။ ...



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်၊ အနာဂတ် ကုန်စျေးနှုန်းဟောမည့်အတတ်

## ထင်ကျော်ထွာ(ဂမ္ဘီရရွာစု)

ကာလီဒါသကို အများဆုံးရေးခဲ့သူမှာ ဆရာကြီးဦးလှဒင်နှင့် ပြန့်ပွားရေးသားသူကား စာရေးဆရာ အောင်မြတ်ဦး(လှိုင်သာယာ)ဖြစ်သည်။ ကာလီဒါသသည် အများအမြင်အရ သျှတ္တရစာဆိုဖြစ်သော်လည်း သဘာဝကို နားလည်သူဖြစ်သည်။ ကာလီဒါသ၏ သဘာဝသျှတ္တရစာစဉ်ကို လေ့လာခြင်းဖြင့် ပညာဗဟုသုတများစွာ ကြွယ်ဝစေသည်။ ကာလီဒါသစာစဉ်များမှ လူအားလုံးအတွက် မှတ်သားဖွယ်ကို ဤသို့ ဖော်ကျူးထားပါသည်။

ဘောဇဘုရင်ကား တိုင်းသူပြည်သားလူအများကို ရင်ဝယ်သားကဲ့သို့ တစ်မျိုး၊ ပညာရှိများကို လေးစားချီးမြှောက်ခြင်းတစ်ဖုံ အုပ်ချုပ်ဆက်ဆံ၏။ ညီလာခံသဘင်ဆင်ယင်ကျင်းပတိုင်း သုခမိန်များခြံရံလျက် အမေးပုစ္ဆာများ မေးမြန်းလေ့ရှိသည်။

တစ်ခုသော ညီလာခံသဘင်တွင် -

"အိုပညာရှိများ၊ လောကတွင် အကြီးဆုံးသောအရာသည် အဘယ်နည်း"

ထိုမေးခွန်းကိုထုတ်လေသော် -

ကာလီဒါသက လွတ်လပ်စွာဖြင့်-

"အရှင်မင်းမြတ်၊ လောကတွင် အကြီးဆုံးသောအရာသည် ကံတရားသာ ဖြစ်ပေ၏"

ထိုသို့ လျှောက်တင်လေသော် ဘောဇမင်းမှာ ကျေနပ်မှုမရှိပါပေ။ မိမိဘုရင်ဖြစ်ရခြင်းသည် ပညာအစွမ်း၊ သတ္တိအစွမ်းကြောင့်ဖြစ်သည်ဟု ခံယူထားသည်။ ကာလီဒါသအမတ်ဖြစ်ရသည်မှာ မိမိကြောင့်သာ ဖြစ်သည်။ သို့ကြောင့်ပင် ကာလီဒါသက ကံကြောင့် လျှောက်တင်သည်ကို မကျေနပ်ခြင်းဖြစ်ပါသည်။

ဘောဇမင်းမှ ဤသို့အမိန့်မှတ်ပါသည်။

"ခုချိန်မှစ၍ မောင်မင်းအား ငါ၏အမတ်ရာထူးရုတ်သိမ်းမည်။ နန်းတွင်းသို့ အဝင်အထွက်မပြုရ"

ဤသို့လျှင် စကားနိဒါန်းပျိုးကာ ကျွန်ုပ်လာရောက်ရှင်းလင်းဟောပြောခဲ့သောနေရာသည်ကား ဧရာဝတီမြစ်ကမ်းနံဘေး တစ်ခုသောရွာကြီး၏ ဘုန်းတော်ကြီးကျောင်းဝင်း ဇရပ်ဆောင်ကြီးတစ်ခုအပေါ်၌ဖြစ်သည်။ စာရှုသူများ လိပ်ပတ်လည်စိမ့်သောငှာ တင်ပြပါမည်။

အာဂန္တုကဘုန်းတော်ကြီးတစ်ပါးသည် ဤအရပ်သား ဤရွာသားဖြစ်၍ အလည်ရောက်ရှိလာခြင်းတွင် ကျွန်ုပ်မှာ ဆရာဘုန်းကြီးမှာ မကြာမီကာလတွင် အဟောအပြောလောကီအလုပ်တို့မှဖက် ဝိပဿနာတရားသက်သက်အားထုတ်ကျင့်ကြံတော့မည်ဖြစ်ပါ၍ သူ၏ဆွေစဉ်မျိုးဆက် တပည့်လက်သားအနွယ်ဖွားများပါမကျန် လောကီပညာအိတ်သွန်ဖာမှောက်နောက်ဆုံးပေးရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ကျွန်ုပ်အားလည်း သင်ကြားချိန်လေးပုံသုံးပုံမျှ ပို့ချရန်မိန့်မှာထားပါသည်။

---

သာကြည့်နိုင်၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည် အဖြူအဝါရောနေသော လေထုကြီးသာရှိ၏။

လေယာဉ်သည် အလွန်မြန်သောအရှိန်ဖြင့်သွားနေမှန်း အသိရှိနေ၏။ ခန္ဓာကိုယ်ပူနွေးရသာခံစားနေရသည်။ ယာဉ်ပေါ်မှ မိမိ၏စိတ်အတွေးနယ်ချဲ့မိပြန်၏။ အရင်တစ်ခေါက် အသွားလမ်း၊ အပြန်လမ်း။ ယခု ဒုတိယအခေါက် အသွားလမ်း၊ အပြန်လမ်းအပေါ် အခါခါတွေးမိ၏။ မိမိသွားသောခရီးအပေါ် ဤနေရာအား အဖြေရှာမိလေ၏။

ဤနေရာသည် မိမိတို့နေသော လူတို့ဌာနေကမ္ဘာတစ်ခုအောက်တည့်တည့် အလှမ်းကွာဝေးလှသော ဌာနေဖြစ်၏။ ယာဉ်ပျံသန်းပုံအားတွေးသော် မိမိတို့ကမ္ဘာတွင် တည့်တည့်ပျံသန်း၏။ ဒီကမ္ဘာမှ ထွက်ခါနီးတွင် အလင်းရောင်များ ပျောက်ကွယ်၏။ တစ်ဖန် ကမ္ဘာမှထွက်သည်နှင့် ယာဉ်သည် အောက်သို့သာတည့်တည့်အဆင်းရှိပြန်၏။

ယခုအပြန်လမ်း အထက်သို့သာတက်လေ၏။ သို့ကြောင့်ဤနေရာသည် ကမ္ဘာမြေပြင်အောက်မှရှိသော ဘုံဌာနများဖြစ်လေ၏။ မိမိတို့ကမ္ဘာကြီးသည် အတိုင်းအဆမဲ့လေထုကြီးမှ တွန်းကန်ထားသလို ပင့်ထားသလိုပင် အောက်မေ့မိ၏။

စဉ်းစားရင်းပင် လေယာဉ်အနည်းငယ်လှုပ်ခါသွားသည်နှင့်မှောင်မိုက်သွားပြန်၏။ ကောင်းကင်မော့ကြည့်တော့ ဖြူဖွေးနေသောလမင်းနှင့်ကြယ်တာရာတွေစီတန်းနေဆဲ။ မိမိတစ်ယောက်တည်း ဝမ်းသာပီတိဖြစ်နေ၏။ မိမိတို့နေရာရောက်လာပြီ။ အိမ်ရောက်တော့မည်။

တသိမ့်သိမ့်နှင့် လေယာဉ်အရှိန်လျှော့၍ အောက်သို့ဆင်းနေ၏။ မကြာမြေပြင်တွင် ငြိမ်သွား၏။ အစောင့်မှ အောက်ဆင်းဖို့အချက်ပြ၏။ လေ့ပေါ်မှ ဟိုဟိုကြည့်တော့ မိမိအံ့ဩသွား၏။ မိမိနေတဲ့အိမ်ဟောင်းလေးရှေ့ရောက်နေ၏။ လေ့ပေါ်မှဆင်းအပြီးတွင် လေယာဉ်သည် အပေါ်သို့တက်၍ ရှီးခနဲအပေါ်ပျံတက်ပြေးသွားလေ၏။ သူတို့အား နှုတ်ဆက်စကားပင်မပြောလိုက်ရတော့ပေ။ ထိုအချိန် နားထဲသို့အသံကြားလာ၏။

"တုံ. . . တုံ. . . တုံ"

"ဟော - ရွာဦးကျောင်းက တုံးခေါက်သံပါလား"

စိုးမင်း(မြောက်စည်း)

စာကြွင်း -

(၂၀၀၄ ခုနှစ်၊ တပို့တွဲလ အဖိတ်နေ့ည စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်အား ကြိုးစား၍ရေးပါသည်။ ဤစာစုတွင် ခေါင်းဆောင်ငရဲမင်းကြီးနှင့် စစ်မေးသူ သည်နှစ်ဦးသာ ငရဲစကား (သို့) ပါဠိပျက်စကားပြောကြ၏။ ထိုစဉ်က သူတို့နှစ်ယောက်စကားများသိခဲ့၏။ ပြန်မပြောတတ်ပါ။ မိမိက အစအဆုံး ဗမာစကားသာပြောပါသည်။ ကျန်အာဏာသားအစောင့်များ၊ တရားခံများ စကားမပြောပါ။ ခြေဟန်လက်ဟန်ခေါင်းညိတ်ခေါင်းခါသာပြုကြပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

အထက်ကဆိုခဲ့သလို ကာလီဒါသ အပေါ် ဘောဇမင်းမကျေနပ်ချက်တွင် ရပ်ဆိုင်းလိုက်ပြီး သင်ကြားနာယူကြကုန်သော ပရိသတ်တို့ တစ်ချက်ငေ့ဝိုက် အကဲခတ်လိုက်ပါသည်။ လူနှစ်ဆယ်ကျော် သင်ကြားနာယူသူထဲမှ အလယ်ကောင်တွင် လှုပ်လှုပ်ရွရွပြောချင်ဆိုချင်ပုံရသောလက္ခဏာကြောင့် အလိုက်သိစွာ ဤသို့ပြောလိုက်ပါသည်။

"ပြောကြပါ၊ ပြောကြပါ ကိုယ်ဆန္ဒရှိရာဘာများပြောချင်တာရှိနေပါသလဲ"

ဤသို့လျှင် သူတို့ကို ပြောဆိုခွင့်ခွင့်ပေးလိုက်မှ ခပ်ရွယ်ရွယ်တစ်ဦးကထပြောပါတော့သည်။

"ဟိုခေတ်ဟိုအခါ ကာလီဒါသပြောတာလည်း သူ့ဟာနဲ့သူမှန်မှာပါ။ ဒါပေမယ့်ဆရာရယ် ကျွန်တော်မြင်သလောက်နဲ့တိုင်းဆပြောရရင် အကြီးဆုံးအရာဟာ ကုန်ဈေးနှုန်းဖြစ်မှာပါ"

"ဝါးဟားဟားဟားဟား"

ထိုသို့ သင်ကြားနာယူသောတပည့်အများမှာ ဝိုင်းဝန်းရယ်မောကြပါသည်။

ကျွန်ုပ်မှ အလိုက်သင့်ပြောရပါသည်။

"မှန်ပါတယ်။ ခုလိုတစ်ယောက်ကထောက်ပြလိုက်တာ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အဖို့ ဒီနေ့ ဘယ်သင်ခန်းစာ သင်ကြားပေးရမယ်ဆိုတဲ့ အဖြေရသွားတာပေါ့ပဲ။ ဆရာဘုန်းကြီးကလည်းမှာလိုက်ပါတယ်။ သည်နေ့ကွာမင်းသင်ပြချင်တာထက် သူတို့လိုလားမယ့်ကိစ္စရပ်ပိုင်းသင်လိုက်ကွာပြောထားပါတယ်။ သည်တော့ စောစောကထောက်ပြခဲ့တဲ့ ကုန်ဈေးနှုန်းအပေါ မှညာသင်ကြားပို့ချပေးပါမယ်။

**ကုန်ဈေးနှုန်းဆိုတာက မနှစ်ကကုန်ဈေးနှုန်းနဲ့ သည်နှစ်ကုန်ဈေးနှုန်းပါ ပြောလို့ရတဲ့ လာမည့်တစ်နှစ်တွင်းကုန်ဈေးနှုန်းကာလနဲ့ပိုင်းခြားရရင် အတိတ်နဲ့အနာဂတ်ကုန်ဈေးနှုန်းအတတ်**ပညာဖြစ်ပါတယ်"

သိသင့်သည်ထင်၍ **ဤသို့**ပြောပြရပါသည်။

"လောကီပညာသင်ကြား... တပည့်အများ၊ အခြေခံကျကျနားလည်နေရမယ့်အချက်တစ်ခု ပြောပြချင်ပါတယ်။

ထိုအချက်က ကျွန်တော်လောကီပညာသင်ကြားခဲ့သော (၁၆) နှစ်သားမှယခု အသက် (၆၀) ပတ်ဝန်းကျင်တိုင်ဆုပ်ကိုင်ထားသော ဆောင်ပုဒ်ဖြစ်ပါတယ်။ 'ပုစ္ဆာမေးစဉ်အဖြေယှဉ်၊ သတိရှိစေချင်' ဖြစ်ပါတယ်။ လောကီပညာရပ်မှာ မေးလာတဲ့မေးခွန်းကို နိမိတ်အမြင်၊ အကြားနဲ့ပဲဟောဟော၊ ကိန်းဂဏန်းကောက်မှုတည်တွက်ချက်လို့ပဲပြောပြော ပုစ္ဆာမေးစဉ် အဖြေယှဉ်ပြီးပါနေပါတယ်။ ဒါကို သတိရှိနေဖို့ပါပဲ။ ဒါကို သက်သေပြဖို့ နိမိတ်အမြင်ဟောပြောမှုက ဖြစ်စဉ်တစ်ခုပြန်ပြောချင်ပါတယ်။ မတစ်လုံးကျောင်းကြီးပျော်(ဖျော်)၊ အယူတော်မင်္ဂလာဦးနိုးတို့ နောက်ပိုင်းတစ်ခေတ်မှာ ပေါ်ထွက်လာတဲ့ မတစ်လုံးကျောင်းဆရာရဲ့ အတွေ့အကြုံပါ။ မြို့တစ်မြို့ကို ရောက်လာပါတယ်။ သည်အခါ နာမည်ဟိတ်ကြီးတဲ့ဆရာကြီးရဲ့ပညာကိုသိရစေဖို့ ဝိုင်းအုံလိုက်လာတဲ့သူတွေနဲ့အတူ လက်ဖက်ရည်ဆိုင်ထဲကိုအရင်ဖိတ်လို့ရောက်လာပါတယ်။ ဆရာကြီးလည်းထိုင်ရော ပုဂ္ဂိုလ်တစ်ယောက်က ကောက်ကာငင်ကာ ပြောလာပါတယ်။

"ဆရာကြီး၊ ခင်ဗျား ရောက်လာလာချင်းပဲ ပညာစမ်းတယ်မထင်ပါနဲ့ ခင်ဗျား။ ကျွန်တော့်ရဲ့ ဟောဒီပိုက်ဆံအိတ်မှာ ပိုက်ဆံဘယ်လောက်ပါသလဲ ဆရာကြီး။ တွက်ဆိုရင် စာရေးမင်တံတစ်ချောင်းပါပါတယ်။ ဟောသည်မှာပါ ဆရာကြီး"

ပြောပြောဆိုဆိုနှင့် ဖောင်တိန်အသေးစားလေးတစ်ခု ထုတ်ပေးပြန်ပါတယ်။

ဤတွင် ဆရာကြီးမှ တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးမှ -

"မောင်ရင့်မှာ ငွေလေး (၁၂)ကျပ်ပဲရှိပါလားကွယ်"

ထိုအခါ ထိုသူမှပြောလိုက်သည်မှာ-

"ဆရာကြီးဟောချက်က တော်တော်နီးစပ်တာပါပဲ။ တကယ်တော့ (၁၁) ကျပ်ပဲပါတာပါ။ သည်မှာကြည့်လေ ဆယ်တန်ရွက်တစ်ရွက်နဲ့ ကျပ်တန်တစ်ရွက်ရယ်။ ဆယ့်တစ်ကျပ်တိတိပါ ဆရာကြီး"

ထိုအခါ ဆရာကြီးမှပြောလိုက်သည်မှာ -

"မောင်ရင် နမော်နမဲ့ မစေ့မစပ်နဲ့ ပြောရှော့မယ်။ သေချာသွားအောင် အိတ်ကို ခေါက်ချလိုက်ပါဦး"

သို့ပြောလိုက်မှပင် ထိုသူမှ ပိုက်ဆံအိတ်ကို ခုံပေါ်သို့ ခေါက်ချလိုက်ပါသည်။ ဒေါက်ခနဲအသံနှင့်အတူ ကျပ်စေ့တစ်စေ့ထွက်လာပါသည်။

ထိုအခါမှ -

"ဟာ - ဟုတ်သားပဲ၊ အိတ်စောင့်ကျပ်စေ့တစ်စေ့ထည့်ထားတော့ (၁၂) ကျပ်ဟာ အမှန်ပါပဲ ဆရာကြီး"

အစစ်အမှန်တွေ့ရှိသွားသော ပရိသတ်များထဲမှ တစ်ယောက်က ဆရာကြီးအား တောင်းပန်စကားနှင့်တောင်းဆိုပြန်ပါသည်။

"ဆရာကြီးခင်ဗျား မလေးမစားအကဲစမ်းသလိုဖြစ်သွားခဲ့ရင် ကျွန်တော်က တောင်းပန်ပါတယ်။ ဆရာကြီးနဲ့ကြုံကြိုက်တုန်းလေးမှာ အခုလို ပိုက်ဆံအိတ်ထဲက ငွေအတိအကျကို ဘယ်လိုကောက်ယူဟောပြောတယ်ဆိုတာသနားသဖြင့် ချီးမြှင့်ပညာပေးပါလို့ ပန်ကြားပါတယ်ဆရာကြီး"

ထိုအခါမှပင် ဆရာကြီးကရှင်းပြသည်မှာ ဤသို့ဖြစ်၏။ မေးခွန်းမေးချိန်တစ်ဆက်တည်းမှာပင် နိမိတ်အဖြစ် ဖောင်တိန်အသေးလေးကို ထုတ်ပြခြင်းက အဖြေယှဉ်လာခြင်း ဖြစ်ပါသည်။ ဖောင်တိန်မှာ လူအများသုံးရိုးသုံးစဉ်ဖောင်တိန်တွေထက် အလွန်တရာသေးငယ်သည်ကိုတွေ့ရပါသည်။ ဤသို့သေးငယ်လှသောပမာဏအရ ငွေသည်လည်း နည်းဖို့သာရှိပါသည်။ ထောင်ဂဏန်း၊ ရာဂဏန်းပင်မရှိနိုင်၊ ဆယ်ဂဏန်း၊ ခုဂဏန်းသာဖြစ်ရပါမည်။ နံကိုကောက်ကြည့်ပါ။ ဖောင်တိန်သည် ဖောင် - ၅နှင့် တိန် - ၇တို့ရပါသည်။ ဖောင်တိန်ဟု ပေါင်းရုန်းခေါ်ခြင်းကြောင့် (၅)နှင့် (၇)ကို ပေါင်းမှသာပြည့် စုံပါမည်။ (၁၂) သာရခြင်းကြောင့် ဆယ်ဂဏန်း၊ ခုဂဏန်းအရေအတွက်အရ ဆယ့်နှစ်ကျပ်ဟုဆိုရခြင်းဖြစ်ပါသည်ဟု ရှင်းပြလေသည်။

ထိုပိုက်ဆံအိတ်မှ ငွေကိစ္စပြီးသော် ဆရာကြီးရှေ့စားပွဲသို့ လူတစ်ယောက်ဝင်ရောက်လာပြန်သည်။ သူကပြောသည်မှာ -

"ဆရာကြီး၊ ကျွန်တော့်နာမည် တောက်ထိန်ပါ။ ဆရာကြီး ကျွန်တော် ဘာနေ့သားပါလဲ"

ထိုတောက်တိန် ဆိုသူပြောအပြီးမှာပင် လက်ဖက်ရည်ဆိုင်ရှေ့မှာ ပေါင်မုန့်ဟုအော်ရောင်းသော ကုလားကြီးက ပေါင်မုန့်ပုံးကို ထမ်း၍ဖြတ်သွားပါသည်။

ဆရာကြီးမှ မဆိုင်းမတွပင်ပြောလိုက်ပါသည်။

"လူလေး၊ မင်းက ကြာသပတေး

www.burmeseclassic.com

သွားပါကွာ။ ဘာတွေ လှည့်ပတ်နေတာလဲ"

ထိုအခါမှပင် တောက်ထိန်က ဟုတ်မှန်ကြောင်းပြောပြီး မည်သို့ကြာသပတေးသားမှန်းသိပုံကိုမေးပြန်သည်။ ထိုအခါမှပင်ဆရာကြီးက ဤသို့ဆိုပါသည်။

စနေသား ကုလားလူမျိုးတဲ့၊ တို့လောကီပညာမှာ ပရိယာယ်စကားရှိတယ်။ ဒါပေမယ့် မင်းမေးနေတုန်းပဲ အဲဒီစနေက ရောင်းတဲ့ကုန်ဟာ ပေါင်မုန့်လို့ခေါ်တဲ့ ကြာသပတေးသာဖြစ်တယ်။ တကယ်အစစ်အမှန်အဖြေဟာ စနေမဟုတ်ဘဲ ကြာသပတေးသာဖြစ်ရမှာပေါ့"

ဟု ရှင်းပြပါသည်။

မတစ်လုံးကျော်ဆရာကြီး၏နိမိတ်အမြင်ဖြင့် ဟောပြောပုံကြည့်လျှင် ပုစ္ဆာမေးစဉ် အဖြေယှဉ်ဆိုသလို ပြန်လည်ကောက်ယူဖော်ထုတ်နိုင်သည်။ တွက်ကိန်းဖြင့် တွက်ယူမည်ဆိုလျှင်လည်း မူတည်ရမည့် (ဂဏန်း) ရှိရပေမည်။

အတိတ်နှင့်အနာဂတ်ကုန်စျေးနှုန်းဟူသည် အနီးဆုံးအကွာအဝေးဖြင့် တိုင်းတာရသော မနှစ်ကကုန်စျေးနှုန်းနှင့် လာမည့်နှစ်ကုန်စျေးနှုန်းပင်ဖြစ်ပါသည်။ သို့ကြောင့်ပင် အတိတ်၊ အနာဂတ်ကုန်စျေးနှုန်းဟောမည့် အတတ်ပညာကို သင်ကြားနာယူလိုသော မရိသတ်သို့ သင်ကြားပြသပေးပါမည်။ လက်တွေ့တွက်နည်းဖြင့် သက်သေပြပါမည်။

အနီးကပ်ဆုံး ယခုရောက်ဆဲကာလဖြင့်ပြရသော် မနှစ်က ကုန်စျေးနှုန်းဆိုက ၁၃၇၈ ခုနှစ်က စျေးနှုန်းဖြစ်ပြီး လာမည့်နှစ်စျေးနှုန်းဆိုက ၁၃၇၉ ခုနှစ်တွင်ပေါက်မည့်စျေးနှုန်းသာ ဖြစ်ပါသည်။ ကုန်စျေးနှုန်းတွက်လိုသော် သိလိုသည့် အမည်ပေါက်ကုန်ပစ္စည်းအမျိုးအမည်ကို သက်ဆိုင်ရာတန်ဖိုးဂဏန်းများကို အရင်ရှာရပါမည်။ ထို့အတွက်မူ (ကုန်စျေးနှုန်းတွက်ဇယား) တို့ရှိပါသည်။ ထိုဇယားတွင် ကုန်ပစ္စည်းအမျိုးအမည်အတွက် အက္ခရာ (မြန်မာလို ဗျည်း ၃၃ လုံးအတွက် (၁၁) ကွက်ဇယား)ပင်ဖြစ်ပါသည်။ ဇယားကွက်ကြည့်ခြင်းဖြင့်-

က-ဋ္ဌ-ဗတို့၏တန်ဖိုးသည် (၉) ဖြစ်ပါသည်။

ဇ-ခ-သတို့၏တန်ဖိုးသည် (၆)ဖြစ်ပါသည်။

ထို့ကြောင့် ကြက်သွန်ဆိုလျှင် က-၉နှင့် သ-၆တို့ပေါင်း၍ (၁၅)ဖြစ်၏။

၁။ ဤသို့ဆိုလျှင် ကုန်ပစ္စည်း၏ကိန်းဂဏန်းတန်ဖိုးကို ဇယားကြည့်၍ အရင်ဆုံးရှာဖွေရပါမည်။ ကုန်ပစ္စည်းတန်ဖိုးကိုသိပြီးလျှင် -

၂။ ကုန် စျေးနှုန်းသိလိုသော - ကာလ(မြန်မာခုနှစ်)ကို ထပ်ပေါင်းရန်လိုပါသည်။

၃။ ထိုကုန်ပစ္စည်းတန်ဖိုးနှင့် (မြန်မာခုနှစ်) နှစ်ခုပေါင်းကို (၃) ဖြင့် မြှောက်ရပါမည်။

၄။ ထိုမြှောက်ပွားကိန်းကို (၉)ဖြင့်စားရပါမည်။

၅။ စား၍ရသောအကြွင်းတွင် အဖြေ (၃)မျိုးသာရှိပါသည်။
(၀) နှင့် (၆)၊ (၃)တို့သာ ကြွင်းပါမည်။
အဖြေကား -
(၀)ကြွင်းသော် အရှား၊ (၆)ကြွင်းသော် အပေါ၊ (၃) ကြွင်းသော် အလတ်ဖြစ်သည်။

**၁၃၅၇ခုနှစ် စပါးစျေးတွက်ပုံ**

၁။ စပါး = စ + ပ (စ = ၄ ပ = ၂၀)
၄ + ၂၀ = ၂၄
၂။ သိလိုသောခုနှစ် -
၁၃၅၈ + ၂၄ = ၁၃၈၂
၃။ ၁၃၈၂ × ၃ = ၄၁၄၆
၄။ ၄၁၄၆ ÷ ၉ = ၄၆၀ ရလဒ်
အကြွင်း (၆) ကြွင်း၍ -
၅။ ထိုနှစ်စပါးစျေး ကျ/စပါးပေါမည်။

**ရှေးလင်္ကာ**

ရောက်သောကာဇာတည်ပြီးက
လိုရာကိန်းကုန်နှော
(သုံး)တြင်းနှင့်မြှောက်
ထို့နောက် မှား (ကိုး)နဝင်းနဲ့စား
သုညအရှား 'ဆ' ကားအပေါ
တြိ(၃)သော် အလတ်အမြဲမှတ်

**ငါးချဉ်**

ငါး=၃ ချဉ်=၂
၃+၂=၅
မနှစ်က ၁၃၇၈
၁၃၈၃
× ၃
၉ | ၄၁၄၉
၄၆၁ အကြွင်း (၀)

**အုန်းဆီ**

အုန်း=၁၄ ဆီ=၅
၁၄+၅=၁၉
မနှစ်က ၁၃၇၈
၁၃၉၇
× ၃
၉ | ၄၁၉၁
၄၆၅ အကြွင်း (၆)

၁၃၇၈ တွင် ငါးချဉ် -အရှား
၁၃၇၉ တွင် ငါးချဉ် - မရှား/မပေါ အလတ်

၁၃၇၈ တွင် အုန်းဆီ- အပေါ
၁၃၇၉ တွင် အုန်းဆီ- အရှား

**(ကုန်ပစ္စည်းကိန်းတန်ဖိုးဇယား)**

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၉ | ၆ | ၁ | ၁၀ | ၃ | ၄ | ၅ | ၆ | ၇ | ၂၀ | ၁၄ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည | ဋ |
| ဋ္ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | န | ပ | ဖ |
| ဗ | ဘ | မ | ယ | ရ | လ | ဝ | သ | ဟ | ဠ | အ |

**လက်တွေ့တွက်နည်း**

၁၃၇၈ ခုနှစ် မနှစ်ကနှင့် ၁၃၇၉ ခုနှစ် လာမည့်နှစ် ကုန်စျေးနှုန်း ကုန်(၂) မျိုးဖြင့် တွက်ချက်ပြထားပါသည်။

၁၃၇၉ ခုနှစ်အတွက် ငါးချဉ်နှင့် အုန်းဆီကို ကိုယ်တိုင်တွက်ကြည့်နိုင်ပါသည်။

အတိတ်၊ အနာဂတ်ကုန်စျေးနှုန်း အတက်အကျတတ်သိသော သင်သည် လောကကောင်းကျိုးပြုနိုင်သောသူဖြစ်နိုင်ပါစေဟု ဆုတောင်းလျက်။

ထင်ကျော်စွာ (ကျိုက်ထိုစ)

www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

## ဝါးရင့်ကို နှီးဖြာကြမလား

မဖြစ်နိုင်၊မရနိုင်တာတွေကိုနှိုင်းပြီး ခွေးအိုကြီးလက်ပေးသင်သလို ဝါးရင့်ကြီး နှီးဖြာသလို ဆိုပြီးတော့ကာ သုံးနှုန်းလေ့ ရှိကြပါတယ်။

ဒါကို လက်တွေ့ကြုံလိုက်ရတာ ကျွန်တော်ရဲ့ မွေးမိတ်ဆွေ ကိုအောင်မြင့်ဆွေရဲ့သား ကိုအောင်မြတ်သူ - မဝင်းဝင်းလတ်တို့ရဲ့ ရှင်ပြုမင်္ဂလာမဏ္ဍပ်ထိုးကြတဲ့အခါမှာပါပဲ။

ရှင်ပြုမင်္ဂလာမဏ္ဍပ်မှာ ဘုရားကျောင်းဆောင်၊ ရှင်ဥပဇ္ဈာယ်ကျောင်းဆောင်၊ သံဃာစင်ရာဇမတ်၊ တံခွန်၊ ကုက္ကား၊ မုလေးပွား ဆိုတာတွေပါတယ်။ သံဃာစင်ထိုးပြီးရင် ရာဇမတ်တွေကာရတယ်။ တံခွန်ကုက္ကားတွေလွှားရတယ်။ ဘုရားကျောင်းဆောင်အလှဆင်ရတယ်။ ရှင်ဥပဇ္ဈာယ်ကျောင်းဆောင်အလှဆင်ရတယ်။ ဒါက မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ပါ။

ကျွန်တော့်အနေနဲ့ ရပ်မိရပ်ဖထဲ ထည့်ထားတော့ကာ တတ်သည့်ပညာ မနေသာဘဲ ရာဇမတ်ရက်ခြင်း၊ တံခွန်ကုက္ကားညှပ်ခြင်း၊ ဘုရားကျောင်းဆောင်အလှဆင်ခြင်း စတာတွေ အကုန်လုပ်ရပါတယ်။ ဒါတွေက ငယ်စဉ် မိုးကုတ်မှာနေကတည်းကလုပ်နေကျပါ။

အကြမ်းထည်ဖြစ်တဲ့ မဏ္ဍပ်ဆောက်တာတွေ၊ ရာဇမတ်အတွက် နှီးဖြာတာတွေ ကျန်လူတွေကလုပ်ကြပါတယ်။ အဲဒီမှာခက်တာက ဝါးနှီးပါ။ ရာဇမတ်ရက်ဖို့ အပြားကြီးနှစ်လွှာဖြာရာမှာ အဆင်ပြေကြပေမယ့် စည်းဖို့ စည်းနှီးဖြာရာမှာတော့ အဆင်မပြေကြပါဘူး။ စည်းနှီးကျတော့ ပါးလွှာပြီး လိမ်လို့ရအောင်ဖြာကြရတာကိုး။ အဲဒီအခါမှာ အခက်အခဲဖြစ်ကြရပါတယ်။ ဝါးရင့်တွေ နှီးဖြာကြတော့ကာ ရတဲ့ဟာရ၊ မရတဲ့ဟာမရနဲ့ အဆင်မပြေဖြစ်ကြရတာပါပဲ။ ဝါးရင့်ဟာ နှီးဖြာဖို့အလွန်ခက်ပါတယ်။

ဦးစွာ ရာဇမတ်ရက်ဖို့ပုံစံကို နှီးနဲ့တွဲချည်တဲ့အခါ နှီးတွေကလိမ်ရင် မာကျောကြွပ်ဆတ်ပြီးပြတ်ထွက်ကုန်တာကြောင့် အဆင်မပြေဖြစ်ရပါတယ်။ ပလတ်စတစ်ကြိုးတွေပေါ်ပေမယ့် ထုံးစံအတိုင်း နှီးနဲ့သာ ချည်နှောင်ခြင်းပါ။ ရိုးရာဓလေ့လေးတွေလို့ဆိုနိုင်ပါတယ်။ ဒါနဲ့ ဖြစ်သလို ချည်နှောင်ပြီး ရာဇမတ်တွေရက်ရတာပါပဲ။ ကျွန်တော်က ရက်ပေးတယ်။ ကျန်လူတွေက နှီးနဲ့လိုက်ချည်ပြီး ဘေးဆောင်တွေ အချောသတ်ပေးတယ်။ အဲဒီမှာ နှီးကို လူတိုင်းစိတ်ပျက်ကြပါတယ်။ စိတ်သွားတိုင်း ကိုယ်မပါလို့ လေ။ ချည်လိုက်အပိုင်းပိုင်းပြတ်လိုက်နဲ့ မနည်းကို စိတ်ရှည်ရှည်ထားပြီးတော့လုပ်ကြပါတယ်။ ဒီနေရာမှာ မြန်မာတို့ဓလေ့ ဝါးနှီးအကြောင်းကိုပြောချင်တာပါ။ ဦးစွာ ဆက်စပ်ပုံပြင်လေးကိုပြောပြချင်ပါတယ်။

မိသားစုတစ်ခုမှာ ဖခင်က သိမ်မွေ့ပေမယ့် မိခင်က နှုတ်ဝစီအလွန်ကြမ်းတမ်းပြီး လင်ကိုအနိုင်ယူတဲ့အကျင့်ရှိပါတယ်။ သူတို့မှာ မိခင်နဲ့စရိုက်အလွန်တူတဲ့သမီးလေးတစ်ဦးရှိတယ်။ ရွာထဲရှိလူပျိုကာလသားတွေဟာ သူမနားကို ဘယ်သူမှမကပ်ပါဘူး။ သူ့မိခင်လို ရိုင်းစိုင်းလွန်းလို့ပါ။

တစ်နေ့မှာတော့ အခြားဒေသက လူတစ်ယောက်ရောက်လာပြီး လှပတဲ့အဲဒီမိန်းမပျိုနဲ့ ချစ်ကျွမ်းဝင်ပါတယ်။ ဒါကိုသိတဲ့ဖခင်က အဲဒီလူကို -

"မောင်ရင် မောင်ရင်ဟာ ကျုပ်သမီးရဲ့ဒဏ်ကိုခံနိုင်မယ်မထင်ဘူး။ သူ့မိခင်လို စရိုက်အပြည့်ရှိတာကြောင့် မောင်ရင်လည်း ကျုပ်လိုစိတ်ဆင်းရဲရမှာစိုးလို့ ကြိုတင်သတိပေးတာပါ"

လို့ပြောပါတယ်။

အဲဒီမှာ လူငယ်က -

"ရပါတယ် ဦးရယ်၊ ကျွန်တော် ယဉ်ကျေးအောင်ဆုံးမနိုင်စွမ်းရှိပါတယ်"

လို့ပြောတဲ့အခါ ဖခင်ကြီးက -

"ဝါးရင့်ဆိုတာ နှီးဖြာလို့မရတော့ဘူးကွယ့်။ နှီးပျော့ပျောင်းကောင်းမွန်အောင် ဝါးနုကိုဖြာမှရတာကွယ့်"

လို့ ဝါးရင့်နဲ့နှိုင်းပြီးပြောပါတယ်။

အဲဒီမှာ လူငယ်က -

"ကျွန်တော် ဝါးရင့်ကို လိုတဲ့ပုံစံရအောင်နှီးဖြာနိုင်စွမ်းရှိပါတယ်"

လို့ပြောပြီး အမျိုးသမီးငယ်ကို လက်ထပ်လိုက်ပါတယ်။ လူတိုင်းက ဒီကောင်လေးတော့ ကောင်မလေးလက်အောက်ပြားပြားမှောက်တော့မှာပဲလို့ ထင်ကြေးပေးနေကြလေရဲ့။

မင်္ဂလာဆောင်ပြီးနောက်နေ့မှာပဲ လူငယ်ဟာ ဝက်တစ်ကောင်ကိုဝယ်ကာ အိမ်အောက်မှာချည်ထားပါတယ်။ အဲဒီမှာ လူငယ်က သူ့မိန်းမကို -

"ငါ အလုပ်ကိစ္စနဲ့ ခရီးသွားစရာရှိတယ်"

လို့ပြောပြီး လွယ်အိတ်လွယ်ကာ အိမ်ပေါ် မှဆင်းပြီး ချည်ထားတဲ့ဝက်ဆီ



www.burmeseclassic.com

www.burmeseclassic.com

ကိုသွားကာ ပြောပြန်ပါတယ်။

"ဟဲ့ဝက် နင့်ကို ငါဒီပုံစံအတိုင်း ထားခဲ့တာနော်။ ထားတဲ့အတိုင်းမနေလို့ကတော့ နင့်ငါ့အကြောင်းကောင်းကောင်းသိမယ်"

လို့ အမျှားကြားအောင် ကြိမ်းဝါးသွားလေရဲ့။

နောက်နေ့ လူငယ်ပြန်ရောက်လာတဲ့အခါ ထားခဲ့တဲ့နေရာမဟုတ်ဘဲ နေရာရွှေ့နေတာကိုတွေ့တာကြောင့် -

"ဟဲ့ဝက်၊ ငါမနေ့က နင့်ကိုထားခဲ့တာ ဒီနေရာမှာပါ။ ဘာလို့ အဲဒီနေရာရောက်နေတာလဲ။ငါ့စကားနားမထောင်တဲ့ဝက် သေပေတော့"

ဆိုပြီး လွယ်ထားတဲ့ ငှက်ကြီးတောင်ဓားနဲ့ ခုတ်ပိုင်းသတ်ဖြတ်လိုက်ပါတယ်။ လူငယ်ရဲ့ ကြမ်းတမ်းတဲ့အပြုအမူကိုမြင်ရတဲ့အခါ မိသားစုအားလုံး မလှုပ်ရဲကြပါဘူး။ သူတို့ထက်ကြမ်းပြတာကိုး။

နောက်နေ့မှာလည်း လူငယ်က ဆိတ်တစ်ကောင်ဝယ်လာကာ အိမ်အောက်မှာချည်ထားပြန်ပါတယ်။ သူ့မိန်းမကို ခရီးသွားစရာရှိတယ်လို့ပြောပြီး လွယ်အိတ်လွယ်ကာ ထွက်ပြန်ပါတယ်။ ဆိတ်ကိုလည်း ထားတဲ့နေရာမှာနေဖို့ သွားပြီးမှာကြားပြန်ပါတယ်။ နောက်နေ့ ပြန်လာတော့ နေရာရွှေ့နေတဲ့ဆိတ်ကိုလည်ဖြတ်ကာ သတ်ပစ်လိုက်ပြန်ပါတယ်။ အဲဒီမှာ အလွန်ဆိုးတဲ့ယောက္ခမနဲ့သမီးတို့လည်း မလှုပ်ရဲမပြောရဲကြပါဘူး။

တတိယနေ့မှာတော့ ဘာကောင်မှဝယ်မချည်တော့ဘဲ ခရီးသွားဖို့ပြင်ပါတယ်။ သွားခါနီးမှာ -

"မိန်းမ၊ သူများအိမ်လည်ပြီး အတင်းမပြောနဲ့၊ အိမ်မှာပဲနေ။ ငါအချိန်မရွေးရောက်လာမယ်။ ရောက်လာလို့ အိမ်မှာမတွေ့ရင် ငါဘယ်လိုလုပ်တယ်ဆိုတာ နင်သိတယ်နော်"

လို့ ပြောပြီး ခရီးထွက်သွားပါတယ်။

ကြောက်လွန်းတဲ့မိန်းမဟာ သူ့ယောကျ်ား တကယ်လုပ်တတ်မှန်းသိတာကြောင့် အိမ်တွေလည်ပြီး အတင်းပြောတဲ့အကျင့်၊ ရိုင်းစိုင်းတဲ့အကျင့်တွေ ဖျောက်ပစ်ရပါတော့တယ်။ ယောကျ်ားပြန်လာတဲ့အခါ ယဉ်ကျေးနေတဲ့သူ့မိန်းမကိုတွေ့ရပါတော့တယ်။

ဒီအခါ လူငယ်က သူ့ယောက္ခမကြီးကို -

"အဘ ကျွန်တော် ဝါးရင့်ကြီးကို ပျော့ပျောင်းတဲ့နှီးရအောင်ဖြာလိုက်ပါပြီ"

လို့ပြောသတဲ့။ သူ့နည်းသူ့ဟန်နဲ့ဟုတ်နေတဲ့ပုံပြင်လေးပါ။

ခုလည်း ဝါးရင့်ကြီးတွေနှီးဖြာပြီး ဟိုချည်ဒီချည်ချည်ကြတဲ့အခါမှာ နီးဟာ မာကျောကြွပ်ဆတ်နေတာကြောင့်အပိုင်းအပိုင်းပြတ်ထွက်နေပါတယ်။ အဲဒီမှာ စိတ်မရှည်တော့တာကြောင့် ကြွပ်ကြွပ်ကြိုးတွေ ကတ်ကြေးနဲ့ပိုင်းဖြတ်ကာချည်ကြရတော့တာပါပဲ။

ဒီနေရာမှာ ကျွန်တော် ဘယ်သူ့ကိုပြေးမြင်သလဲဆိုတော့ မိုးကုတ်အနောက်ပိုင်း ကျောက်ပြသဒ်ရွာက ဦးအောင်စိန်ကို ပြေးမြင်မိပါတယ်။ ကျောက်ပြသဒ်မှာ အောင်စိန်နှစ်စိန်ရှိပါတယ်။ တစ်ဦးက သရဲအောင်စိန်ပါ။ တစ်ဦးက ဂဒူးအောင်စိန်ပါ။

ကျွန်တော်တို့ငယ်ငယ်က ကျွန်တော်ရယ်၊ ကိုဘစိုးရယ် တွင်းလည်ရင်း မန်ဆော့ပင်ကျောက်တွင်းလုပ်ကွက်ရှိ ဂဒူးဦးအောင်စိန်ရဲ့တွင်းကို ရောက်ပါတယ်။ ဦးအောင်စိန်က ဝါးရင့်တွေခွဲပြီး စောကူကိုင်းတွေတပ်နေတာပါ။ စောကူကိုင်းဆိုတာ နှီးလိမ်ပြီးတပ်ရတာမို့ ဝါးရင့်နဲ့တပ်လို့မရပါဘူး။ ဝါးနုချိန်မှာ ကြိုတင်လိမ်ထားပြီး ကျပ်တင်ထားရတာပါ။ လိုရင် ရေစိမ်ပြီး နူးညံ့လာမှ စောကူကိုင်းတပ်ကြခြင်းပါ။

ဦးအောင်စိန်ကတော့ ဝါးရင့်ကို စောကူကိုင်းသပ်နေပါတယ်။

အဲဒီမှာ ကိုဘစိုးက -

"ကိုအောင်စိန် ခင်ဗျားဟာ ဝါးရင့်ကြီးနဲ့တပ်လို့ရပါ့မလား"

လို့ပြောပါတယ်။ဦးအောင်စိန်က-

"ဘစိုးရာ၊ မင်းစောင့်ကြည့်စမ်းပါကွ"

လို့ပြောပြီး စောကူကိုင်းရဲ့ နှီးလိမ်ရမယ့်နေရာကို မီးခပ်နွေးနွေးနဲ့ကင်ပါတယ်။ အနည်းငယ်ပူပြီဆိုမှ စောကူမှာ ကိုင်းတပ်ပြီး နှီးလိမ်ပါတော့တယ်။ အဲဒီမှာ နှီးကစိုပြီး ပျော့ပျောင်းနေကာ လိမ်သလိုရနေတာကို အထူးအဆန်းမြင်ရတော့တာပါ။ မီးရဲ့အပူငွေ့ကြောင့် မာကြောတဲ့နှီးဟာ ပျော့ပျောင်းခြင်းကို ပြောင်းလဲသွားခြင်းပါ။ အဲဒီနဲ့နောက်မှာတော့ တွင်းလုပ်ရာမှာ မရှိမဖြစ်တဲ့ စောကူတွေမှာ စောကူကိုင်းပြတ်ရင် မပူတော့ပါဘူး။ နှီးရာဝါးရုံက ဝါးခုတ်ပြီး စောကူကိုင်းအရင်သပ်ရပါတယ်။ ပြီးတာနဲ့ နှီးလိမ်မယ့်နေရာ မီးကင်ပြီးတပ်လိုက်တော့တာပါ။ သူ့ပညာနဲ့သူတော့အဟုတ်ပါပဲ။

မြန်မာနိုင်ငံမှာ အခုချိန်ထိ သက်ကယ်မိုးအိမ်ဆိုတာရှိသေးတယ်။ အဲဒီတော့ သက်ကယ်မိုးဖို့ရာ ထင်းဝါးနုချိန်တန်ဆောင်မုန်းလမှာ မိုးစည်းနှီးဆိုပြီး သက်ကယ်မိုးဖို့ နှီးတွေဖြာကာ မီးဖိုပေါ်ကျပ်တင်ထားကြရတယ်။ နွေရာသီ သက်ကယ်မိုးချိန်ကျမှ နှီးတွေကိုရေစိမ်ကာ သုံးကြလေ့ရှိတယ်။ သက်ကယ်ဆိုင်တွေမှာ ရောင်းလည်းရောင်းကြပါတယ်။ ဒါက နှီးကို ကြိုတစ်စုဆောင်းထားခြင်းပါ။

အလှုံတွေမှာကျတော့ ပေါ်ပင်လုပ်ရတာမို့ အဲဒီလိုမရှိဘဲ ကြုံရာဝါးဆိုင်က ဝါးရင့်တွေဝယ်ပြီး ရာဇမတ်ရက်ကြ၊ နှီးဖြာကြနဲ့လုပ်ကြရခြင်းပါ။ ဝါးရင့်ဆိုပေမယ့် နှီးဖြာလို့တော့ရကြပါတယ်။ သုံးလို့မရတာပါ။ လိမ်ရင် အလိမ်မခံဘဲ အပိုင်းပိုင်းပြတ်ထွက်ကုန်ခြင်းပါ။ဒီတော့ အခက်ကြုံရတာပါပဲ။

ဒီတော့ ဒီမာကျောကြွပ်ဆတ်နေတဲ့နှီးတွေကို ရေနွေးထဲ ခေတ္တစိမ်ထားလိုက်ရင် ပျော့ပျောင်းပြီး လိမ်လို့ကောင်းတဲ့နှီးတွေဖြစ်လာမှာ မလွဲပါဘူး။

ကျွန်တော်တို့ မြန်မာတွေဟာ အလှူရေစက် လက်နဲ့မကွာပြုကြတာ ထုံးစံပါပဲ။ ပွဲလင်းရာသီရောက်ပြီဆိုတာနဲ့ မိမိတို့ရဲ့သားရတနာ သမီးရတနာလေးတွေကို ရှင်သာမဏေပြုခြင်း၊ သီလရှင်ဝတ်ခြင်းဆိုတဲ့ အလှူတော်မင်္ဂလာကြီးတွေကိုပြုကြစမြဲပါ။

ဒီအခါမှာ မြန်မာ့မြန်မာ့ဓလေ့ ဘာသာရေးထုံးစံစဉ်လာအရ ဓမ္မာရုံထိုးခြင်း၊ ရာဇမတ်ကာခြင်း၊ ဘုရားစေတီတည်ဆောက်ခြင်း၊ အရှင်ဥပဂုတ္တကျောင်းဆောက်ခြင်း၊ တံခွန်ကုက္ကားစိုက်ထူခြင်းလုပ်ခြင်း စတာတွေမှာ နှီးရာဓလေ့အရ နှီးကိုသုံးနေဆဲရှိပါတယ်။

စောကူကိုင်းတပ်ရာမှာသာ နှီးကင်လို့အဆင်ပြေပေမယ့် မာကျောတဲ့နှီးတွေကျတော့ မီးကင်လို့မရနိုင်ပါဘူး။ နှီးတွေဖြာပြီးရင် ရေနွေးပူပူနဲ့စိမ်ပြီး စိမ်ကြိုက်သုံးပါ။ နှီးတွေဟာ လိုသလိုလိမ်လို့ရပြီး နူးညံ့ပျော့ပျောင်းနေတာကိုတွေ့ကြရပါလိမ့်မယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်နိုး



www.burmeseclassic.com

www.burmeseclassic.com

"ကိုစံကြည်. . . လာ-ကိုစံကြည်"

"ဆရာပြည့်. . . ဟုတ်"

"ထိုင်. . . စောစောစီးစီး"

"ဟုတ်တယ် ဆရာပြည့် တမင်လာတာ"

"ဟင်. . . ဘာကိတ်"

"ဟိုမှာလေ သားတော်မောင်အဆင်ပြေသွားလို့ လက်ဆောင်လက်ဆောင်"

ပုဆိုး. . .။အကွက်စိပ်စိပ်လေးနဲ့ အနီရောင်လေး၊ ကျွန်တော်ကြိုက်တဲ့အဆင်လေး. . .။ ကိုစံကြည် ကြည့်တော့လည်းပျော်လို့။ သူ့သားလေးက သင်္ဘောတက်သွားတာ နှစ်လ၊ သုံးလလောက်ပဲ ရှိမယ်ထင်တယ်။ ပြန်လာရတော့ မလိုလိုဘာလိုလိုဖြစ်နေလို့။ သူ့သားအတွက် ဆွဲယူပေးခဲ့ရတဲ့အကြွေးတွေတောင် မကျေသေးဘူး ဆိုပြီးလာသွားတာ တစ်လလောက်ပဲရှိဦးမယ်။ သူ့သားပို့တဲ့ငွေထဲကဖယ်ပြီး ရွှေတိဂုံဘုရားကြီးမှာ သူ့သားမွေးနံထောင့်ကနေ ငါးဖိုးပွဲနဲ့ ဘုရားရှင်ကို ပူဇော်ခိုင်းခဲ့တာ။ ပြီးတော့ ငါးထောင်၊ တစ်သောင်းလောက်ကို စာအိတ်ပေါ်မှာ သူ့သားနာမည်နဲ့ 'လှူပါသည်ဘုရား' လို့ရေးခိုင်းပြီး ရွှေတိဂုံဘုရားကြီးပေါ်မှာပဲ အသက်အရွယ်ကြီးတဲ့ သံဃာတော်တစ်ပါးပါးကို လှူခိုင်းခဲ့တာ။ ကောင်းပါတယ် ခုအဆင်ပြေတယ်ဆိုတော့. . .။

ပြေတာမှ တော်တော်ပြေသွားပြီလို့ပြောတယ်. . .။ဘယ်လိုပြေသွားတာလဲတော့မသိဘူး . . .။

"ဝမ်းသာတာပေါ့ ကိုစံကြည်ရာ. . .။ ကိုယ့်ညီလေးပြေတယ် ဆိုတာကြားတာ"

"ခု-ဆရာပြည့်ဆီ လာတာ အဲလိုထပ်လုပ်ရဦးမလား။ ဟို - ပွဲလှူတာတို့၊ သံဃာတော် လှူတာတို့"

"တစ်ကြိမ်တော့ ထပ်လှူလိုက်ပေါ့။ အောင်မြင်ပါပြီဆိုတဲ့ အောင်ပွဲအလှူပေါ့"

"အောင်ပွဲအလှူ. . .။ ဟား - ကောင်းလိုက်တာ။ လှူမယ်၊ ထပ်လှူမယ်"

ကိုစံကြည် ပျော်သွားပါတယ်။ မိဘဆိုတော့နော် သားသမီးအောင်မြင်တယ်ဆိုတော့ ပျော်သွားလိုက်တာမှ သူ့ကြည့်ပြီး ကျွန်တော်တောင်ပျော်တယ်။

"ဆရာပြည့်ဝတ်နော်၊ ညီလေးပါကုသိုလ်ရအောင်"

"ဒီလို အဆင်မျိုးဝတ်ချင်နေတာကြာပြီ။ ကိုစံကြည်ယူလာလို့ ကျေးဇူးတွေတင်နေတာဗျ"

"အယ် - ဆရာပြည့်ကတော့ လူတစ်ဖက်သားကို အားရှိအောင်၊ စိတ်ချမ်းသာအောင်၊ ဝမ်းသာအောင် သိပ်ပြောတတ်တာပဲ"

ကိုစံကြည် မျက်နှာကြီးပြုံးလို့။ ပြီးတော့ ရှေ့မှာချထားတဲ့ ပုဆိုးလေးကို ကိုင်လိုက်ပြီး ကျွန်တော့်လက်ထဲထပ်ထည့်လိုက်ပြန်ပါတယ်။ ကျွန်တော်လည်းယူလိုက်ပါတယ်။

ကိုစံကြည်ပျော်ပြီးပြန်သွားတော့ ကိုမောင်မောင်တို့သားအဖကိုသွားသတိရလိုက်မိပြန်တယ်။

ဒီလိုပဲ ဒီလိုပဲ. . .။ သူ့ကျတော့ သူ့က စက်ရုံမှာ အလုပ်လုပ်တာ။ ဟိုကကုမ္ပဏီကလူတွေလျှော့တော့ သူ့သားအလုပ်ပြုတ်တော့မှာပဲဆိုပြီး ကိုမောင်မောင် ကျွန်တော့်ဆီရောက်လာတယ်။ မျက်နှာကိုပျက်နေတာပဲ မျက်လုံးတောင်မျက်ရည်ဝေ့နေလားမသိဘူး။ သူ့သားကိစ္စတွေပြောပြတော့ အသံပါတုန်နေတယ်။ ကျွန်တော် သူ့စကားကိုဖြတ်ပြီး မပြောပါဘူး။ သူပြီးအောင်ပြောပြီးမှ -

"ဦးမောင်၊ အဲဒါဆို ပြီးခဲ့တဲ့လက သူ့ပို့ထားတဲ့ပိုက်ဆံရှိလား"

"ခု ပို့ထားတာ ဆယ့်လေးငါးရက်လောက်ပဲရှိဦးမယ်"

"ဘယ်လောက်ရှိလဲ"

"ငါးသိန်း"

"အဲဒါဆို ကျွန်တော်ပြောမယ်၊ နှစ်သောင်းလောက်ဖယ်လိုက်"

"နှစ်သောင်း၊ ရတယ်လေ ဖယ်မယ်"

"ဖယ်ပြီး ဘုရားမှာ ပွဲသွားလှူရမယ် ငါးဖိုးပွဲ။ ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ အကုန်ထည့်။ ပန်းတွေဘာတွေ"

"ဟုတ်ကဲ့ - အေးအေး"

"အဲဒီပွဲကို သူ့မွေးနံထောင့်မှာ လှူပေးရမယ်။ သူကဘာနေ့လဲ"

"စနေ"

"စနေထောင့်မှာ လှူပေးရမယ်။ ပြီးရင် ပွဲဖိုးအပြင် ပိုက်ဆံပိုနေလိမ့်မယ်"

"အင်း"

"အဲဒီပိုက်ဆံကို စာအိတ်လေးထဲထည့်။ သက်တော်ကြီးတဲ့ သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို ရိုရိုသေသေ လှူပေးလိုက်"

"ဪ အင်း - တခြားဘာယတြာတွေလုပ်ရဦးမလဲ"

"မလိုတော့ဘူး။ ခုပြောတာကို လုပ်လိုက်"

"လုပ်မယ်လေ"

ဦးမောင်သားလည်း ဒီလိုပဲ အဆင်ပြေသွားပါတယ်။ကုမ္ပဏီလူလျှော့တဲ့အထဲမှာ သူနဲ့သူ့သူငယ်ချင်းနှစ်ယောက် ပါမသွားဘူး။အလုပ်ဆက်ဆင်းနေကြရတယ်။ သူကတော့ မအားလို့လား မသိပါဘူး၊ တော်တော်လေး ကြာမှ လမ်းမှာတွေ့မှ ကျေးဇူးတင်စကားပြောတယ်. . .။ ဝမ်းသာတယ်အရမ်းပဲ။ ကိုယ်ကကုသိုလ်ဆက်ပေးလိုက်လို့ ဒီလို အောင်မြင်ကြတယ်ဆိုရင် ဘယ်လိုဝမ်းသာမှန်းမသိဘူး။

မနှစ်ကတော့ ဘကြီးအောင်ဇင်ရဲ့ မြေးလေး ခုလိုပဲ အလုပ်ဝင်ပြီးမကြာဘူး နှစ်လပဲရှိသေးတယ်။ မန်နေဂျာနဲ့စကားပြောအဆင်မပြေတာနဲ့ မန်နေဂျာက သူဌေးကို သွားပြောတယ်။ မန်နေဂျာက လူယုံဆိုတော့ ဘကြီးအောင်ဇင်



www.burmeseclassic.com

ကလည်း သူ့မြေးတော့အလုပ်ပြုတ်ပါပြီပေါ့။ သူက မလေးရှားမှာ အလုပ်ဝင်တာ။ ကုမ္ပဏီကလည်း လစာကောင်းတယ်။ ကံလေးကကောင်းချင်တော့ အလုပ်ရပြီး အလုပ်ဝင်ခါမှ ခုလိုဖြစ်ရတယ် . . .။


ဘကြီးအောင်ဇင်ဆို မျက်စိမျက်နှာပျက်နေတာပဲ။ တော်တော်ပျော်တတ်တဲ့ လူပျော်ကြီး။ သူ့မြေးနဲ့ကျမှ ပိုပြီး အိုစာသွားလိုက်တာမှ . . .။

"ဘကြီး၊ သူပြီးခဲ့တဲ့လက လစာပို့လား"

"ပို့ထားတယ်၊ ပိုက်ဆံရောက်လာတာ မကြာသေးဘူး"

"ဒါဆို အဲဒီပိုက်ဆံထဲက နှစ်သောင်းလောက်ဖယ်လိုက်"

# မင်းပြည့်
## ပြည့်စုံအောင် ကုသိုလ်ဆက်ခြင်းဖြင့်





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . နည်းနည်းတောင်ယူသုံးထားပြီးပြီ"

"ရတယ်၊ ကျန်သေးတယ်မို့လား"

"အေး - ကျန်သေးတယ်"

"ကျန်တဲ့ ပိုက်ဆံနဲ့ ရွှေတိဂုံဘုရားကြီးကိုသွား၊ ငါးဖီးပွဲတစ်ပွဲဝယ်ပြီး သူ့မွေးနံထောင့်မှာလှူပေးလိုက်။ လှူရင် သူ့အကျီ်ယူသွား၊ ပန်းပေါ်မှာ သဘက်တင်သလိုတင်လှူပေးလိုက်။ဘာနေ့သားလဲ"

"ဗုဒ္ဓဟူး"

"ဗုဒ္ဓဟူးသားလေး မောင်ဘယ်သူအတွက် ကုသိုလ်များဆက်ပေးပါတယ်ဘုရား. . . ဆိုပြီးလှူ။ ဒီတိုင်းမပြောနဲ့ ဘယ်နိုင်ငံ၊ ဘယ်ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ ဗုဒ္ဓဟူးသားလေး မောင်ဘယ်သူလို့ပြော. . ."

"သြော် - အေးပါ"

"ပြီးရင် ပိုတဲ့ပိုက်ဆံကို စာအိတ်လေးထဲထည့်၊ ဘုရားဖူးကြွလာတဲ့ အသက်အရွယ်ကြီးတဲ့သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို လှူပေးလိုက်။ အလှူရှင် ဗုဒ္ဓဟူးသားလေးကိုမေတ္တာပို့ပေးပါဘုရားဆိုပြီး နာမည်ပါလျှောက်လိုက်"

"သြော်. . ."

"အဲဒါ ခုအမြန်လှူလိုက်။ သူ့အလုပ်အဆင်ပြေသွားပြီ။ မန်နေဂျာကလည်း သူ့ကို အလုပ်ပြုတ်အောင်လုပ်လို့မရဘူး။ သူဌေးကလည်း ဘာမှမပြောဘူး။ ဆက်ပြီးအလုပ်ဝင်နေရပြီဆိုရင် တစ်လကြာတဲ့အခါ အောင်ပွဲအဖြစ် ခုနပုံစံအတိုင်း ထပ်လှူပေးလိုက်"

"သြော် - ကောင်းတယ်၊ လှူပေးမယ်။ အကျီ်ကဘာလုပ်ခဲ့ရမှာလဲ"

"ဘာမှမလုပ်ရဘူး။ ကိုယ်စားလုပ်ပေးရတာမို့ ပန်းပေါ်မှာ သူ့အကျီ်ကိုတင်ပြီးလှူပေးရတာ. . ."

"သြော် - သဘောပေါက်ပြီ"

"ပြီးရင် ပြန်ယူလာပြီး သူ့နေရာသူပြန်ထားပေါ့။ ဘုရားကို ပွဲအစုံအလင်နဲ့ ပူဇော်ပြီး ဘုရားဝတ်ပြုပြီး ဆယ့်ငါးမိနစ်လောက်ငြိမ်ငြိမ်သက်သက်နဲ့ ဘကြီးမြေးကို မေတ္တာပို့ပေးဦး"

"ဩ"

"မျက်လုံးမှိတ် ဘကြီးမြေး ဘုရားတန်ခိုးတော်ကြောင့် အန္တရာယ်ကင်းကင်းကျန်းကျန်းမာမာနဲ့ ဟိုမှာ အလုပ်ဆက်လုပ်နေပုံ၊ ပြုံးရွှင်နေပုံကို ဘကြီးအာရုံထဲမှာ အာရုံစူးစိုက်ပုံဖော်ပြီးထားရမယ်။ အဲဒီလိုပုံပေါ်လာရင် ဘကြီးမျက်နှာကရော ပြုံးနေမှာပဲ"

"ဒါပေါ့ ပြုံးနေမိမှာ. . ."

"အဲဒီအချိန်မှာ မေတ္တာစူးစူးစိုက်စိုက်ပို့ အကောင်းဆုံးပဲ။ ဟိုမှာ အဆင်ပြေသွားပြီသာမှတ်တော့"

ဘကြီးအောင်ဇင်ကို သတိမရတဲ့အချိန်ကျမှ ဘကြီးအောင်ဇင်ထပ်ရောက်လာပါတယ်။ နှစ်လကျော်လောက်မကချင်ဘူး။ ဖြီးလို့မျက်နှာက. . .။ ဟိုမှာ အဆင်ပြေသွားပြီ၊ အလုပ်ဆက်ဆင်းနေရပြီဆိုပြီး အားရပါးရကိုပြောတာ. . .။ သူ့ပါးစောင်ထဲမှာငုံထားတဲ့ကွမ်းကကွမ်းမှုန်တွေတောင် မျက်နှာကိုလှမ်းစဉ်သွားသလိုပဲ. . .။ အဘိုးကြီးဝမ်းတွေသာနေတဲ့ပုံ။ ဟာ. . . ဓာတ်ပုံတောင်ရိုက်ထားပြီး မလေးရှားက သူ့မြေးဆီလှမ်းပို့လိုက်ချင်တယ်. . .။

အားရဝမ်းသာပြောပြီးမှ လက်ထဲက ကျွတ်ကျွတ်အိတ်နဲ့ထုပ်ထားတဲ့အထုပ်လေးကို လှမ်းပေးတယ်။

"ဘယ်လိုမှမအောက်မေ့ပါနဲ့ သားလေးရယ်. . .။ အေး. . . ဆရာလေးရယ်. . .။ ဒါကဘကြီးရောမောင်လှရွှေကရောဆရာလေးကိုပေးတဲ့လက်ဆောင်ပါ. . ."

ထုံးစံအတိုင်း အောင်မြင်ပြီဆိုရင် နောက်တစ်ကြိမ် ထပ်လှူခိုင်းရပြန်ပါတယ်။ ဘကြီးက ဝမ်းသာအားရနဲ့ သုံးကြိမ်ပြည့်အောင်လှူမယ်လို့ အားရပါးရပြောသွားပါတယ်။ ဘကြီးပြန်သွားတော့မှ အထုပ်လေးကိုကြည့်လိုက်မိတယ်။ စပို့ရှပ်အကျီ်လက်တိုလှလှလေး။ ဝမ်းသာပါတယ်၊ ဘကြီးရဲ့မြေး ကိုလှရွှေကိုမေတ္တာပို့ပြီး စပို့ရှပ်လေးကို သတိတရဝတ်ဖြစ်ပါတယ်။

ဒီလိုကူညီခဲ့ရတဲ့သူတွေ မရေမတွက်နိုင်တော့ပါဘူး။ အဲဒီလို မိတ်ဆွေ



တွေထဲက ဒီဘက်နှစ်မှာ ကူညီခဲ့ရတဲ့သူတွေထဲက သတိတရရှိနေတဲ့သူတွေပါ။

သင်္ဘောတက်သွားတာပဲဖြစ်ဖြစ်၊ နိုင်ငံရပ်ခြားမှာသွားအလုပ်လုပ်နေကြတာပဲဖြစ်ဖြစ် လူတိုင်းမဟုတ်ပေမယ့် တော်တော်များများမှာ ခုလို အခက်အခဲတွေကြုံကြုံရလေ့ရှိပါတယ်။တချို့ဒီထက်တောင်ဆိုးတယ်။

အဲဒီလို အခက်အခဲကြုံပြီဆိုရင် အခုလိုပဲ ဘုရားပူဇော်ဖို့ အကြံပေးခဲ့တာများပါတယ်။ ရပ်ဝေးမှာ၊ အခက်အခဲဖြစ်နေချိန်မှာ ဘုရားပူဇော်တာအကောင်းဆုံးကုသိုလ်ပြုပေးခြင်းပါပဲ။ အောင်မြင်သွားကြတာချည်းပါပဲ. . .။ သူတို့ပို့ပေးထားတဲ့ပိုက်ဆံနဲ့ ကုသိုလ်ပြုပေးရတာဖြစ်ပါတယ်. . .။

ဘယ်သူကလုပ်ပေးပေးရတယ်ဆိုပေမယ့်. . . မိဘ၊ ဇနီး စတဲ့သူတွေလုပ်ပေးတာ အကောင်းဆုံး၊အထိရောက်ဆုံးပါပဲ။ ဘာလို့လဲဆိုတော့ သူ့ချွေးနဲ့စာကိုပွဲအစုံအလင်နဲ့ ဘုရားပူဇော်ပေးပြီးတာနဲ့ အာရုံပြု မေတ္တာပို့ရတာပါလို့ပါ။ ဒီပြင်တစ်မ်းဆိုရင်တော့ အဲဒီကိစ္စမှာမထိရောက်နိုင်တော့ပါဘူး။

ကြုံဖူးပါတယ်. . . ကုမ္ပဏီပိုင်ရှင်တစ်ယောက်ရဲ့သားတစ်ယောက် အဲလိုအခက်အခဲကြုံတုန်းက လာမေးသူကလည်း ကုမ္ပဏီပိုင်ရှင်ရဲ့တပည့်။ ပိုင်ရှင်ကလည်း. . . သူ့တပည့်တွေကို -

"အေးအေး. . . မင်းတို့ပဲကြည့်လုပ်လိုက်ကွာ" ဆိုပြီး ခပ်ပေါ့ပေါ့ပဲ။

အဲဒီတော့ အဲဒီကိစ္စက မအောင်မြင်ဘူး။ ဟိုမှာ ကုမ္ပဏီပိုင်ရှင်ရဲ့သားဟာ ဒုက္ခရောက်နေတာကရောက်နေတာပဲ။ နောက်ဆုံး မြန်မာပြည်ပြန်လာရတဲ့ဘဝဖြစ်သွားတယ်။

အဲလိုတော့ရှိတယ်၊ မဆိုမဆိုင်လူကလုပ်ပေးရင်တော့ သံယောဇဉ်ကွာနိုင်လို့ မထိရောက်နိုင်ပါဘူး။

သံယောဇဉ်ရှိတဲ့ပုဂ္ဂိုလ်တွေပြုလုပ်ပေးလို့ကတော့ ညှိနေတဲ့ကံကို ပြောင်းပြန်လှန်လိုက်သလို အောင်မြင်သွားကြတာများလို့ ပွဲလှူတာက ဘုရား၊ ရွတ်ဖတ်ပူဇော်တာကတရား၊ သံဃာတော်အရှင်သူမြတ်ကိုပါ ပူဇော်ရလို့ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထားရတဲ့အတွက် အောင်မြင်သွားကြတာဖြစ်ပါတယ်ဆိုတဲ့ ဝမ်းသာမှုလေးနဲ့ -

. . . တင်ပြရင်း ထပ်ပြီး ကြိုးစားပါဦးမယ်. . .။

မင်းပြည့်




www.burmeseclassic.com

www.burmeseclassic.com

## တင်ထွန်း(စက်မှု-၂)ငြိမ်း

# ကြက်သွန်ဖြူနှင့်ပျားရည်စစ်စစ်



ကြက်သွန်ဖြူသည် အလွန်အစွမ်းထက်မြက်သော မြန်မာ့တိုင်းရင်းဆေးတစ်မျိုးဖြစ်သလို ပျားရည်စစ်စစ်သည် ခန္ဓာကိုယ်အတွင်းရှိသည့်မီးကို တောက်လောင်စေ၍ အစားအစာများကိုလည်း အလွန်ကြေညက်စေပါသည်။ ကြက်သွန်ဖြူတွင် ပါဝင်သော ဓာတ်တစ်မျိုးက ခန္ဓာကိုယ်တွင်းရှိရောဂါဖြစ်ပွားစေတတ်သည့် ပိုးမွှားများကို သေကျေပျက်စီးစေတတ်ပြီး ခံတွင်းကိုလည်းမြိန်စေတတ်သည့်သဘောမျိုးလည်းရှိတတ်ပါသည်။ အထူးသဖြင့် အမျိုးသားများအတွက် အားအင်များကို တစ်မုဟုတ်ချင်းတိုးပွားစေတတ်ပြီး ကြက်သွန်ဖြူကို ဥတစ်လုံးကို သွားကြားထိုးသံဖြင့် အပေါက်လေးများဖြစ်အောင်ပြုလုပ်၍ ပျားရည်စစ်စစ်တွင် ရက်သတ္တပတ် (၂) ပတ်ခန့်စိမ်၍ လေလုံသောဖန်အိုးတစ်ခုတွင်ထည့်ထားပါ။

ထို့နောက် အိမ်ထောင်သည်အမျိုးသားများအတွက် တစ်ရက်လျှင် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတွင် တစ်ကြိမ်ခန့် ပျားရည်စစ်စစ်နှင့်စိမ်ထားသော ကြက်သွန်ဖြူဥတစ်လုံး(သို့မဟုတ်) နှစ်လုံးခန့် မှန်မှန်သောက်သုံးပေးပါက အိမ်ထောင်သည်အမျိုးသားများအတွက် ကာယသုခကိုပေးစွမ်းနိုင်တတ်ပါသည်။ အမျိုးသားများသာမကဘဲ အမျိုးသမီးများလည်း သုံးဆောင်နိုင်ပါသည်။အမျိုးသမီးများအတွက် ရနိုင်သည့် အကျိုးအာနိသင်များက ကျန်းမာဝဖြိုးစေတတ်ပြီး ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီများကို ကျဆင်းစေတတ်ပါသည်။ အမျိုးသမီးများအတွက် လစဉ်ဓမ္မတာကို မှန်စေတတ်ပြီး အဖြူဆင်းခြင်းများကိုလည်း ကာကွယ်ပေးတတ်ပါသည်။

ဥတုဘောဇနကျမ်းတွင် ပျားရည်နှင့်ကြက်သွန်ဖြူသည် လူတိုင်းအတွက် ကောင်းကျိုးကို ဖြစ်ထွန်းစေတတ်ပြီး ခန္ဓာကိုယ်ကျမ်းမာရေးအတွက် အလွန်စွမ်းထက်သော မြန်မာ့တိုင်းရင်းဆေးတစ်မျိုးဖြစ်ပါသည်။ ပြောမယုံ ကြုံမှသိဆိုသည့် မြန်မာ့စကားဆောင်ပုဒ်အတိုင်း အမျိုးသားများသာမက အမျိုးသမီးတို့ပါ ကြက်သွန်ဖြူနှင့် ပျားရည်စစ်စစ်ကို အထက်ဖော်ပြပါအတိုင်း မှန်မှန်သောက်သုံးကြပါက 'အာရောဂျံ ပရမံ လာဘံ' ဆိုသည့် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်ဆုနှင့် ပြည့်စုံနိုင်ကြမှာလည်း ဖြစ်ပါသည်။

ကြက်သွန်ဖြူနှင့်ပျားရည်စစ်စစ်သည် အမျိုးသားများအတွက် ခွန်အားကို အလွန်တိုးပွားစေတတ်ပြီး သားသမီးရတနာလိုချင်ကြသောအိမ်ထောင်သည်များအတွက် အထူးလိုအပ်သော မြန်မာ့တိုင်းရင်းဆေးတစ်မျိုးလည်းဖြစ်ပါသည်။ ကြက်သွန်ဖြူနှင့် ပျားရည်စစ်စစ်ကို သုံးစွဲကြသည့် မိဘနှစ်ပါးမှ မွေးဖွားလာကြသော သားသမီးတို့သည်လည်း ရောဂါဝေဒနာများကင်းစင်ကြ၍ ကျန်းမာခြင်း၏သုခများကို မလွဲမသွေခံစားကြရလိမ့်မှာဖြစ်ပါသည်။ စာရေးသူမှာလည်း ငယ်စဉ်ကာလကတည်းက ကြက်သွန်ဖြူနှင့် ပျားရည်ကို မကြာခဏသုံးစွဲခဲ့ခြင်းကြောင့် ယခုပစ္စုပ္ပန်ကာလမှာ မျက်မှန်တပ်ဆင်စရာ မလိုအပ်သလို ကျန်းမာရေးချို့တဲ့ခြင်းဘေးမှ ကင်းဝေးနေပါသည်။

မြန်မာတိုင်းရင်းဆေးများသည် ဓာတုပစ္စည်းများမပါဝင်ကြသည့်အတွက် လူတို့အား မည်သည့်ဘေးအန္တရာယ်ကိုမျှ မပေးတတ်သည့်သဘောရှိ၍ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသားများသာမက အမျိုးသမီးတို့ပါ သုံးစွဲသင့်သော မြန်မာ့တိုင်းရင်းဆေးတစ်မျိုး ဖြစ်ပါသည်။ အနောက်တိုင်းစကားဆောင်ပုဒ်တစ်ခု ရှိပါသည်။ 'မည်မျှပင်ငွေကြေးချမ်းသာကြွယ်ဝနေသော်လည်း ကျန်းမာရေးမကောင်းပါက မိမိပိုင်ဆိုင်သည့် ပစ္စည်းအားလုံးကို ဆုံးရှုံးကြရသလို ခံစားကြရမည်သာဖြစ်ပါသည်။'

စာရေးသူဝန်ထမ်းကာလက ရက်တစ်ရက်မှာ စာရေးသူတစ်ဌာနတည်းလုပ်ခဲ့သည့် ဝန်ထမ်းအမျိုးသမီးတစ်ဦးပြောကြားခဲ့သည့် စကားတစ်ခွန်းကြောင့် စာရေးသူ အလွန်အံ့အားသင့်ခဲ့ရပြီး စိတ်မကောင်းကြီးစွာလည်းဖြစ်ခဲ့ရသည်။ အဲဒီစကားက စာရေးသူနှင့်ဝန်ထမ်းဘဝက လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူ အမျိုးသမီးဝန်ထမ်းရဲ့ မိခင်သည် အလွန်ချမ်းသာကြွယ်ဝ၍ လူတိုင်းက သူမအား စိန်မမဟု ခေါ်ဆိုကြပါသည်။ ထိုအမျိုးသမီးသည် ခနဉစ္စာငွေကြေးချမ်းသာသော်လည်း သူမသေဆုံးခဲ့ရသည့်ကာလမှာ အစားအစာများမစားနိုင်ခဲ့၍ ငတ်မွတ်ပြီး သေဆုံးခဲ့ရပါသည်။

စာရေးသူအား ဝန်ထမ်းအမျိုးသမီးပြောကြားခဲ့သည်က -

"ကိုတင်ထွန်းရယ် ကျွန်မအမေက ချမ်းသာတာမှန်ခဲ့သော်လည်း နောက်ဆုံးကျတော့ အစားအစာငတ်ပြီးဆုံးခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မေမေဟာ လည်ချောင်းကင်ဆာဖြစ်နေတာကြောင့် အစားအစာမပြောနဲ့ နောက်ဆုံးရေတောင်မသောက်နိုင်ဘဲ ကွယ်လွန်ခဲ့ရတယ်"

"ခင်ဗျား စောစောက ကျွန်တော့်ကိုကြိုတင်ပြောကြားပါလား။လည်ချောင်းကင်ဆာဖြစ်ခါစမှာ သဘော်ရွက်ကို ကြိတ်ပြီး အရည်ဖြစ်အောင်ပြုလုပ်ပြီး နေ့စဉ်မှန်မှန်လေးသောက်သုံးပေးခဲ့ရင် ကင်ဆာဆဲလ်များပျောက်ကွယ်သွားပြီး ခုလိုအဖြစ်နဲ့ကြုံတွေ့နိုင်စရာအကြောင်း မရှိတော့ဘူး။ ခုတော့ နောက်ကျသွားတာပေါ့"

• ပြောပြရာ ထိုဝန်ထမ်းအမျိုးသမီးလည်း ချုံးပွဲချငိုပါတော့သည်။

နိဂုံးချုပ်အနေဖြင့် ရေးသားတင်ပြချင်သည်က မြန်မာ့တိုင်းရင်းဆေးများကို အထင်အမြင်မသေးကြပါနဲ့။ 'အနာသိလျှင် ဆေးရှိတတ်ပါသည်' ဆိုသည့် မြန်မာ့စကားဆောင်ပုဒ်အတိုင်း ရောဂါမဖြစ်ခင်က ကြိုတင်ကာကွယ်၍ သုံးစွဲနိုင်ပါက အကောင်းဆုံးသောနည်းလမ်းဖြစ်သော်လည်း ရောဂါဖြစ်ခါစမှာ ယုံကြည်မှုအပြည့်အဝ လက်တွေ့သုံးစွဲကြပါက မြန်မာ့တိုင်းရင်းဆေးတို့ရဲ့ အကျိုးအာနိသင်များကို လက်တွေ့ကျကျသိကြရမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

တင်ထွန်း (စက်မှု-၂၊ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com



# မနှင်းပွင့် (မြည)

## ထွက်ရပ်ပေါက် ဦးပဉ္စင်းလေးနှင့် သုံးဘဝမှ သီလရှင်ဆရာလေး မထေရီမာလာ

အင်ကြင်းမြောင်တောရဆိုသည်မှာ တစ်ချိန်က တောနက်သောနေရာတစ်ခုပင်ဖြစ်သည်။ သက္ကရာဇ်အနေဖြင့် ၁၂၀၀ ပြည့်နှစ်ဝန်းကျင်ကဆိုပါလျှင် အင်ကြင်းမြောင်တောရကျောင်းကြီးမှာပင် တရားရှုသည့် ကမ္မဋ္ဌာန်းကျောင်းဆောင်လေးများသည် နေရာတိုင်းမှာရှိပါသည်။ ထိုကမ္မဋ္ဌာန်းကျောင်းဆောင်လေးထဲမှာပင် တရားအထူးရရှိသွားသူများလည်း အများအပြားပင်တွေ့ရပါသည်။

ယခုအခါ ထိုအင်ကြင်းတောရကျောင်းသို့သွားမည်ဆိုပါက ကားလမ်းပေါက်နေပါပြီ။ ယခင်က တစ်ယောက်တည်းမသွားရဲပေ။ လှည်းလမ်းသာပေါက်သောနေရာတစ်ခုဖြစ်သည်။ ထိုနေရာတွင် တောင်ကွဲကြီးတစ်ခုမှ ဓားပြများက အမြဲလိုလိုတိုက်၍ အုပ်စုနှင့်သာသွားလာကြရသောနေရာပင်ဖြစ်သည်။

ထိုအင်ကြင်းမြောင်တောရကျောင်းတွင် ပထမဆုံးဆရာတော်ကြီးကို ပြည်မြို့သူပြည်မြို့သားများက ရဟန္တာဟု သမုတ်ခဲ့ကြသည်။ ထိုသို့ရဟန္တာဟု သမုတ်ခံရခြင်းကို ဆရာတော်ကြီးမှ အန္တရာယ်ကြီးတစ်ခုပိုက်ထားမိသလိုမျိုး ခံစားရသည်ဟု အနီးကပ်ပြုစုသူ တပည့်လက်သားများအား ပြောပြခဲ့ဖူးသည်ကိုလည်း မှတ်ထားခဲ့ရဖူးပါသည်။ တစ်နေ့ ထိုဆရာတော်ကြီးသည် ရွာထဲရှိ ရွာသူရွာသားများနှင့်သီလရှင်ဆရာလေးတို့ကို (၅) ပါးသီလ နေ့တိုင်းလိုလို သီလပေးတတ်၏။ အခါကြီးရက်ကြီးများမှာလည်း အလှူရှင်တို့သည် ထိုကျောင်းတော်ကြီးတွင် မပြတ်ကြပေ။ တောကနက်သော်လည်း စေတနာရှင်လူတို့၏ သဒ္ဓါတရားက လျော့မသွားပေ။ ဆရာတော်ကြီးအပေါ် ကြည်ညို၍ ပြည်မြို့ထဲကပင် အပင်ပန်းခံ လာရောက် လှူဒါန်းကြကုန်၏။

ထိုသို့သော ဆရာတော်ဘုရားကြီး၏လက်အောက်တွင် စာရေးသူအထက်က ခေါင်းစီးတင်ထားပါသော 'သုံးဘဝမှ ထွက်ရပ်ပေါက်ဦးပဉ္စင်းလေးနှင့်သီလရှင်ဆရာလေးမထေရီမာလာအကြောင်း' မှာ အထူးပင် စိတ်ဝင်စားဖို့ကောင်းလှပေသည်။ ထိုအကြောင်းအရာတို့ကို ယနေ့အထိ အင်ကြင်းမြောင်တောရတွင် သီတင်းသုံးတော်မူနေသော လက်ရှိကျောင်းထိုင်ဆရာတော်ကြီး ဦးဂါရဝကပင် ပြောပြခြင်းကို စာရေးသူမှတစ်ဆင့် မှတ်တမ်းတင် ပြန်လည်ဝေမျှခြင်းဖြစ်ပါသည်။

တစ်နေ့သောအခါ အင်ကြင်းမြောင်တောရရှိ အင်ကြင်းပင်ကြီးအောက်ကွပ်ပျစ်တွင် အသက်အားဖြင့် (၃၀)နီးပါးပင်ရှိလှသည့် ဦးပဉ္စင်းတစ်ပါးနှင့်နောက်မှကျောင်းသားဟုထင်ရသော လူငယ်တစ်ဦးတို့သည် ထိုအင်ကြင်းပင်ကြီးအောက်တွင်ထိုင်ကာ အမောဖြေနေကြသည်။ (မှတ်ချက် - ယနေ့ထက်တိုင် ထိုအင်ကြင်းပင်ကြီးရှိပါ၏။) ထိုစဉ် ၎င်းတို့အနားသို့ဖြတ်သွားသော ကျောင်းကပ္ပိယတစ်ဦးကို ထိုဦးပဉ္စင်းလေးမှ မေးလိုက်ပါသည်။

"ဒကာ၊ ဒီအင်ကြင်းမြောင်မှာ ကြံခင်းက လာရောက်တရားအားထုတ်နေတဲ့ မထေရီမာလာဆိုတဲ့ ဆရာလေးများရှိပါသလား"

ဟု မေးလိုက်၏။

ထိုအခါ မေးခံရသော ဒကာရွာသားက -

"ဩော်-ဆရာလေးမထေရီမာလာတော့ရှိပါတယ်။ ကြံခင်းကလားတော့ မသိပါဘူး ဦးပဉ္စင်း"

"အင်း - ဟုတ်ပါတယ် ဒကာ၊ အဲဒီ မထေရီမာလာပါပဲ"

ထိုသို့ပြောနေစဉ်အချိန်လေးမှာပင် ထေရီမာလာဆရာလေးမှာ မန်ကျည်းရွက်ခူးရန်ထွက်လာသောအချိန်နှင့်တိုက်ဆိုင်နေလေသည်။


"ဆရာလေး၊ ဒီမှာဧည့်သည်၊ ဆရာလေးကိုတွေ့ချင်လို့တဲ့"

ဆရာလေးထေရီမာလာမှာ -



www.burmeseclassic.com

www.burmeseclassic.com



"ဩော်-ဦးပဉ္ဇင်းကိုစွရှိလို့ပါလား။ တပည့်တော်က တစ်ခါမှဦးပဉ္ဇင်းကိုမမြင်ဘူးပါ။ ဘယ်အရပ်ကလာပါသလဲ"

ဟူ၍မေးလိုက်၏။

"အင်း - ဘဝကသုံးဘဝဆိုတော့လည်း ဘယ်မှတ်မိနိုင်တော့မလဲကွယ်"

"တင်ပါ ဦးပဉ္ဇင်းလေးဘုရား တင်ပါ တပည့်တော်ရဲ့အရင်ဘဝကို သိလို့များလားဘုရား"

ဟုလျှောက်တင်လိုက်၏။

"ဦးပဉ္ဇင်းနဲ့ ဆရာလေးက မောင်နှမ

www.burmeseclassic.com

www.burmeseclassic.com

တော်တယ်ကွယ့်။ ဟိုသုံးဘဝကပေါ့"

"ဆရာလေးက ညီမပါ၊ ဦးပဥ္စင်းအစ်ကိုပါ။ဟိုဘဝကတည်းက မောင်ပဥ္စင်းပါ။ ထွက်ရပ်ပေါက်အောင်မြင်ခဲ့ပြီ ယခုထိပါပဲ။ ခုလာတာက ညီမလေးကိုပထမကတော့ ကတိကဝတ်ပေးထားတာကြောင့်လေ။ ဘဝပြောင်းတိုင်း အစ်ကိုတော်ဦးပဥ္စင်းလာရောက်တွေ့ဆုံနေတာ ဒီဘဝဆိုရင်တော့ သုံးဘဝရောက်ပြီကွယ့်။

လွန်ခဲ့တဲ့ဘဝတွေမှာ အလောင်းတော်ကဿပဂူထဲက အလောင်းတော်အရှင်ဝင်ဖူးဖို့ကတိကဝတ်ပြုထားခဲ့တယ်။ ဆရာလေးဖူးရအောင် အလောင်းတော်ကဿပကို ခုပဲလိုက်ခဲ့ပါ ဆရာလေး"

ဟု ဦးပဥ္စင်းက ရှင်းပြတော်မူခဲ့သည်။

"ဦးပဥ္စင်းဘုရား၊ တပည့်တော် ဆရာတော်ဘုရားကြီးနဲ့ သီလရှင်အဖော်များကိုသွားပြောပါရစေ"

ဟု ပြောသောအခါတွင် -

"အလောင်းတော်ကဿပဖူးရအောင်ကိုတော့မပြောပါနဲ့။ ဆွေမျိုးတွေလာခေါ်လို့ ဘုရားဖူးရအောင် လာခေါ်လို့ လိုက်သွားတယ်ပြောပါ"

ဟု ဦးပဥ္စင်းမှပင် မှာလိုက်၏။

ထိုအခါ ဆရာလေးမှ -

"တင်ပါ့ဘုရား၊ တပည့်တော် ဘယ်သူ့ကိုမှမပြောပါဘူးဘုရား"

ဟု ပြောရင်း ကျောင်းဝင်းထဲ ဝင်သွားပါတော့သည်။ ဆရာလေးမှာ သုံးဘဝပြောင်းသော်လည်း ဦးပဥ္စင်းလေးမှာ ထိုအရွယ်အတိုင်းပင်ဖြစ်နေသည်။

ဆရာလေး ထေရီမာလာသည် ခပ်သွက်သွက်ပင် လိုအပ်သောပစ္စည်းပစ္စယများကိုထည့်သိုပြီး လိုက်လာပါတော့သည်။ ဦးပဥ္စင်းအားမှ မောင်ကျောင်းသားလေး၏အမည်မှာ မောင်ထွန်းအေးဟုခေါ်ကြောင်း ဆရာလေးသိရပါသည်။ ဦးပဥ္စင်းနှင့်လမ်းလျှောက်လိုက်လာရာ စိတ်ထဲ၌မြန်နေသည်ဟုပင်ထင်ရအောင်မြန်ဆန်လှသည်။ ဘယ်လိုကပင်ဘယ်လိုခဏလေးအတွင်းမှာပင် ပြည်မြို့ ဧရာဝတီမြစ်ဆိပ်သို့ ရောက်ရှိသွားသည်မသိပေ။ ထိုစဉ်မှာပင် ထွက်ခွာဆဲဆဲ အစဉ်သင့် မော်တော်ဘုတ်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။ ဆရာလေးသည် မနက်မိုးလင်းကတည်းက ဆွမ်းတစ်နပ်ကိုသာစားထားပြီး ဘာမှမစားရသေး၍ ဝမ်းထဲဆာလောင်လာတော့၏။ ဦးပဥ္စင်းမှ မွန်းမတည့်မီ ငှက်ပျောသီးကျွေး၍ သစ်သီးကိုသာ ဆွမ်းဘုဉ်းပေးပြီး မော်တော်ဘုတ်ပေါ်မှာပင် တစ်ရေးအိပ်ခဲ့ပေသည်။

သိပ်မကြာလှသော အချိန်လေးမှာပင် မောင်တော်ဘုတ်သည် ကမ်းတစ်ခုသို့ဆိုက်ကပ်သွားလေ၏။ထိုမော်တော်ဘုတ်မှဆင်းဆင်းချင်း သူ့လိုပင် ဆရာလေးနှစ်ပါး ဘေးမှပါလာလေသည်။ ဦးပဥ္စင်းမှ ခရီးလမ်းကြုံ၍ ဆရာလေးနှင့်အဖော်ရအောင် မိတ်ဆက်ပေး၏။ ဆရာလေးအိပ်ပျော်နေသောအချိန်တွင် မော်တော်ဘုတ်ထဲမှာပင် ဦးပဥ္စင်းနှင့် ရင်းနှီးသွားခြင်းပင်ဖြစ်ကြောင်း ပြောပြသည်။ ဆရာလေးမှ ဒါဟာ ပဋ္ဌာန်းဆက်ပါရမီရှိလို့သာ ကြုံရဆုံရကြောင်းကို ဘေးမှဆရာလေးနှစ်ပါးကို ပြောပြ၏။ ဆရာလေး (၂) ပါးက ဦးခေါင်းကိုစိုက်ထား၍ တစ်လမ်းလုံးဝစီပိတ်ကျင့်သကဲ့သို့ မည်သည့်စကားမျှမပြောပေ။ နှုတ်ကတော့ ဘုရားစာတစ်ခုခုအာရုံပြုရွတ်ဖတ်နေပုံရသည်။ ဆရာလေးက အခြေအနေကိုကြည့်ပြီး ဆရာလေးတို့ရဲ့ ဘွဲ့နာမည် ဘယ်လိုခေါ်ပါသလဲဘုရားဟု မေးလိုက်၏။ မဓမ္မာဥမ္မာနဲ့ မဓမ္မာသုန္ဒေသို့ခေါ်ကြောင်းပြောပြီး တိတ်ဆိတ်သွားခဲ့ပြန်သည်။

"တပည့်တော်ရဲ့ ဘွဲ့နာမည်က မထေရီမာလာပါ။ အင်ကြင်းမြောင်တောရကျောင်းကပါ"

ဟူ၍ ပြောပြလိုက်ပါသည်။

ဆရာလေးနှစ်ပါးက ပြိုင်တူခေါင်းညိတ် ပြုံးပြခဲ့သည်။ ခုဆို မော်တော်ဆိပ်မှ တောထဲတောင်ထဲသို့သွားနေရသည်မှာ မည်သည့်ခရီးသို့ရောက်နေသည်မသိပေ။ အလွန်ပင်ပန်းသည်ကို ဆရာလေးမထင်ရသည်ကပင် အံ့သြဖို့ကောင်းလှ၏။ ဆရာလေး(၂)ပါးကမူ သူတို့သွားချင်သော ရွှေမောင်းစေတီ၊ ငွေမောင်းစေတီသို့ ရောက်ရှိ၍လာခဲ့ပေသည်။ ထိုအခါ ဦးပဥ္စင်းလေးနှင့် ဆရာလေးကို နှုတ်ဆက်ပြီး ထိုစေတီရှိသော လမ်းချိုးထဲဝင်ကာ ကွယ်ပျောက်သွားတော့၏။

သူ့ကို နှုတ်ဆက်စဉ်က ထွက်ရပ်ပေါက်ဦးပဥ္စင်းလေးမှ ဆရာလေးများကို-

"ဆက်လက်ပြီးကျင့်ကြံအားထုတ်ပါ။ ဒီဘဝမှာပဲ ပေါက်မြောက်အောင်ကျင့်ကြံပါ။ အလောင်းတော်ကဿပဂူထဲဝင်ဖို့ ဆက်ပြီး ကြိုးစားပါ"

ဟု ပြောသံလည်းကြားလိုက်ရ၏။ ဆရာလေး (၂) ပါးကလည်း -

"ဦးပဥ္စင်း၊ တပည့်တော်တို့ကြိုးစားအားထုတ်ပါ့မယ် ဘုရား"

ဟု ထိုင်၍ရှိခိုးသွားသည်ကို ဆရာလေးမြင်တွေ့လိုက်၏။ ဆရာလေးထေရီကိုတော့ နှုတ်ဆက်မသွားပေ။ ဆရာလေးသည် ဆရာလေးနှစ်ပါးဖြစ်သော မဓမ္မာဥမ္မာနှင့် မဓမ္မာသုန္ဒေတို့ဝင်ပြီး ပျောက်သွားသော လမ်းလေးထဲသို့ မျက်စိတစ်ဆုံးပင်လိုက်ကြည့်ရင်း အံ့သြစွာ အတွေးနယ်ချဲ့နေတော့သည်။

အလောင်းတော်ကဿပကို အရင်ဘဝက ဆရာလေးဖူးတွေ့ခဲ့ရသည်မှာ မှန်လောက်ပေမည်။ ယခု ဒီဘဝတွင် အလောင်းတော်ကဿပမြင်မက်နေတာ ရက်အတော်ကြာခဲ့လေပြီ။ ခုလိုတောထဲတောင်ထဲသို့ ခြေရာထပ်အောင်သွားခဲ့ရသည်ဟု အိပ်မက်မြက်မက်ခဲ့သည်မှာ ခဏခဏပင်ဖြစ်၏။

အလောင်းတော်ကဿပကျောက်ဂူအဝင်ပေါက် ကျောက်ဖျာကိုလည်း လက်နှင့်ကိုင်ပြီး လိုဏ်ဂူကြီးအတွင်းသို့ ဝင်ကာ အလောင်းတော်ကို ဖူးတွေ့ရပုံကိုလည်း ဆရာလေးထေရီမာလာမှာ အမြဲလိုလို မြင်မက်ခဲ့၍ အလောင်းတော်နှင့် ပတ်သက်၍ မစိမ်းလှပေ။ ခုလိုမျိုး ကိုယ်တိုင် ကိုယ်တွေ့ဖူးရမည့်ဆိုတော့လည်း ပျော်စရာကောင်းလှပေ၏။

ခုထိ ဆရာလေးသည် ဆာသည်ဟူ၍မရှိပါ။ လမ်းတွင် ဦးပဥ္စင်းလေးမှ ဂမ္ဘီရငှက်ပျောသီးကို ဆာတိုင်းကျွေးခဲ့သည်။ တခြားဘာကိုမှမစားချင်လောက်အောင် ဗိုက်ထဲမှာပြည့်တင်းနေသည့် အဖြစ်ကမူ ထူးဆန်းမှုတစ်ရပ်ပင်ဖြစ်ကြောင်း ဆရာလေး သတိထားမိ၏။ ဒီညလွန်ပြီးလျှင် နောက်နေ့ မွန်းမတည့်မီအချိန်တွင် အလောင်းတော်ကဿပသို့ရောက်မည်ဖြစ်ကြောင်း ဦးပဥ္စင်းလေးမှ ပြောပြရှာပါသည်။

ထိုသို့ပြောပြီး ဦးပဥ္စင်းလေးက ဆရာလေးနေထိုင်ရာနေရာကိုပြပြီးစည်းချပေးလိုက်၏။ မြွေ၊ ကင်းတို့အပြင် ကျားရန်ကိုပါ မကြောက်ရန်ကိုလည်း ဦးပဥ္စင်းလေးမှအားပေး၏။ အပေါ့အလေးကိစ္စရှိပါက စည်း၏အပြင်ဘက်သို့ မသွားရန် အထဲမှာပင်ကိစ္စအားလုံးပြီးကြပါရန်လည်း မှာကြားပြန်သည်။

ဆရာလေးသည် မိန်းမသားပီပီ စိတ်ထဲမှာကြောက်တာတော့ အမှန်ပင်ဖြစ်၏။ သို့သော် ခုထိ တစ်စုံတစ်ရာဆို၍ ဘာမှအန္တရာယ်မကြုံသေးပေ။ စိတ်ထဲမှာလည်း ဦးပဥ္စင်းရှိနေ၍ အန္တရာယ်မဖြစ်နိုင်ဟု ယုံကြည်ခြင်းလည်းဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကြောက်စိတ်ကိုတိုးပွား၍ မလာတော့တာ အထူးအံ့သြဖို့ကောင်းနေပြန်သည်။

ဆရာလေး မည်မျှကြာကြာထိ အိပ်ပျော်၍သွားသည်မသိပေ။ နောက်တစ်နေ့မနက် နေမြင့်သည်အထိ ဆရာလေး အိပ်ရာမှမနိုးသေးပေ။

ဦးပဥ္စင်းနောက်မှ မောင်ကျောင်းသားမှ -

"ဆရာလေး၊ဆရာလေးခရီးထွက်တော့မယ်"

ဟု ပြောတော့မှ ကမန်းကတန်းထ၍ ပြုလုပ်စရာများကို ပြင်ဆင်ရတော့သည်။ ဆရာလေးတို့သည် တောအထပ်ထပ်တောင်အသွယ်သွယ်ဆက်လက်၍ ခရီးထွက်ကြပြန်ပါသည်။

မကြာမီ အချိန်ကာလအတွင်းမှာ သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိလှပါသော ဂူကြီးတစ်ခုလို တွေ့ရ၏။ သေချာကြည့်မိတော့ လိုဏ်ဂူကြီးဖြစ်နေတော့သည်။ ထိုလိုဏ်ဂူကြီး၏ ဘေးပတ်ဝန်းကျင်တွင် အင်မတန်မွှေးကြိုင်လန်းဆန်းပါသော သစ်ပင်ပန်းမန်တို့မှပွင့်ဖူးနေကြ၏။ ဆရာလေးသည် ပန်းတွေကိုကြည့်ရင်းပျော်သွား၏။ ဦးပဥ္စင်းက အလိုက်သိသွားနှင့် -

"ညီမတော် ထေရီမာလာရေ၊ ဘုရားပန်းတင်ဖို့ ပန်းတွေခူးလိုက်ပါဦး"

ဟူ၍ ပြောလိုက်၏။

ထိုအခါ ဆရာလေးမှာ ချက်ချင်းဆိုသလို ရောင်စုံပန်းများကို လိုက်ပြီးခူးပါတော့သည်။ လိုဏ်ဂူကြီး၏ထိပ်အဝတွင် အင်မတန်ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ်ကာပိတ်ထားပါသည်။

နောက်မှမောင်ကျောင်းသားလေးကလည်း လိုက်၍ ပန်းများကိုခူးပေးတာကြောင့် ဘုရားတင်ရန်အတွက် ပန်းများမှာ ပန်းမြို့တော်ကြီးသဖွယ် ပန်းတွေကတစ်ပုံကြီးဖြစ်နေတော့သည်။

ဦးပဥ္စင်းလေးမှ ၎င်းအိတ်ထဲမှပါလာသော သစ်သီးအချို့ကို ထုတ်ယူလိုက်ပြီး တောထဲမှခူး၍ရသော ငှက်ပျောဖတ်၊အင်ဖတ်များခင်း၍ လိုဏ်ဂူ၏ရှေ့တွင် အစဉ်လိုက်သေသပ်ရိုသေစွာချထားပြီး လိုဏ်ဂူကြီးကို မျက်စိမပိတ်ဘဲ စိုက်ကြည့်နေတာကို ဆရာလေးတွေ့လိုက်ရ၏။ နှုတ်မှလည်း အလောင်းတော်ကို အာရုံပြု၍ တတွတ်တွတ်ရွတ်ဖတ်နေသည်။ မကြာမီ လိုဏ်ဂူကြီးဆီမှ ဂျိမ်း. . . ဂျိမ်းဆိုသည့်အသံကြီးကို ကြားလိုက်ရ၏။ ဆရာလေးမှာ လန့်သွားပြီး လိုဏ်ဂူဝကိုကြည့်လိုက်သောအခါတွင် ဝတ်ဖြူစင်ကြယ်နှင့် လည်ပင်းမှာ အင်မတန်မှကြီးမားလှသော ပုတီးကြီးနှင့်အတူ လက်ထဲတွင် နက်မှောင်လှသောသက်န်းနက်တုတ်ကောက်ကို ကိုင်ထားလျက် မုတ်ဆိတ်ဖြူဖွေးဖွေးနှင့် အရိယာသူတော်စင်တစ်ပါးကို မြင်တွေ့လိုက်ရပါတော့သည်။

အချိန်မှာပင် ဝတ်ဖြူစင်ကြယ်ဘိုးဘိုးကြီးမှ -

"ကဲကဲ- လာကြ လာကြ။ ဖူးကြရမယ့်အချိန်က နေ့လယ်အထိပဲရကြတာ"

ဟု ပြောပြီး လိုဏ်ဂူထဲသို့ ပြန်၍ဝင်သွားပါတော့သည်။

ဆရာလေးတို့လည်း ပါလာသော သစ်သီးများကို အလောင်းတော်ကဿပအား ဆက်ကပ် လှူဒါန်းလိုက်ပါသည်။ အလောင်းတော်ထားရှိသော လိုဏ်ဂူထဲတွင် မှောင်မည်း၍မနေပေ။ အလင်းများဖြာထွက်နေပေသည်။ ထိုအလင်းများသည် မာကျူရီမီးမောင်းများထိုးထားသကဲ့သို့ပင် လင်းရောင်ဖြာဝေနေတော့သည်။

တကယ်တော့ မည်သည့်မာကျူရီမီးမှမဟုတ်ပေ။ ဝေပုလ္လတောင်က ပတ္တမြားတွေကို နတ်မင်းကြီးတွေကယူပြီး အလင်းရောင်ရအောင် ပူဇော်ထားခြင်းဖြစ်ကြောင်း ဦးပဥ္စင်းလေးမှရှင်းပြသည်။

ဇမ္ဗူသပြေသီးကိုလည်း သစ်သီးဆွမ်းတော်ကပ်ထားကြောင်း တွေ့ရပေသည်။ ဗန္ဓုရသရက်သီးကိုလည်း ကပ်လှူပူဇော်ထားရှိ၏။ ထိုဆွမ်း၊ သစ်သီးနံ့တို့သည် လိုဏ်ဂူတစ်ခုလုံးကို မွှေးကြိုင်ထုံလွှမ်းနေသည်။ ဦးပဥ္စင်းကလည်း သူယူလာသော ငှက်ပျောသီးတစ်ဖီးနှင့် အခြားသစ်သီးဆွမ်းတော်ကပ်ပြီး အားရပါးရပင် အလောင်းတော်အား ဖူးမြော်လိုက်ကြ၏။

တောထဲမှလျှောက်ခူးလာသော ကံ့ကော်ပန်း၊ သရဖီပန်း၊ သဇင်ပန်း၊ တောသဇင်၊ သစ်ခွပန်း၊ တောဒဟတ်ပန်း၊ ရွှေပန်းစုံ၊ ငွေပန်းစုံတို့ကို ဆရာလေးမှ အလောင်းတော်အား ဆက်ကပ်လှူဒါန်းလိုက်၏။ ထိုအလောင်းတော်အကြောင်းကိုပြောပြလိုပါသည်။ လိုဏ်ဂူတော်အဝင်ပေါက်က တောင်ဘက်မှာရှိပြီး လိုဏ်ဂူတော်အတွင်း အကျယ်အမြင့်က အတောင် (၉၀) စီ၊ အကျယ်က အတောင် (၉၀) အညီအမျှရှိသည်ဟု ဦးပဥ္စင်းလေးမှ ဆရာလေးတို့ကို ရှင်းပြပါသည်။ အခူးမြင်တွေ့ဖူးရပါသော အလောင်းတော်သည်ကား လိုဏ်ဂူအတွင်း အရှေ့ဘက်က အောက်ခံရွှေကျောက်ပြားပေါ်မှာရှိသော သလွန်ပေါ်တွင် စံတော်မူနေသည့် အနေအထားဖြစ်၏။

အလောင်းတော်၏ အရပ်တော်မှာမူ (၆) တောင်ခန့်ရှိတော်မူပါ၏။ အလောင်းတော်၏ ဆံတော်သည်ကား လက်လေးသစ်ခန့်ရှိပြီး ဦးခေါင်းတော်သည်ကား မြောက်ဘက်ကို ဦးခေါင်းပြုထားတော်မူပါ၏။ လက်ယာလက်သည်ကား အလောင်းတော်လဲလျောင်းရာဘေးအောက်တွင်ရှိပြီး လက်ဝဲလက်သည်ကား အပေါ်တွင်ရှိ၏။ အနောက်ဘက်ကို မျက်နှာမူပြီး တစောင်းအိပ်နေသလိုထင်ရ၏။ လိုဏ်ဂူဝက အလောင်းတော်၏ ခြေရင်းဘက်တွင်ဖြစ်ပါသည်။

ဆရာလေးသည် အလောင်းတော်ကို စိတ်ထဲနှလုံးသားထဲမှနှစ်၍ ဖူးနေသည်မှာ ဘယ်အချိန်ရှိသွားပြီလည်း မသိပေ။ ခုထိကို ဖူး၍မဝချင်သေးပေ။ ဖြစ်နိုင်ပါက ဒီလိုဏ်ဂူထဲတွင် အလောင်းတော်ကိုသာ စောင့်ရှောက်ဖို့ တာဝန်ကြီးတစ်ခုကိုသာယူထားလိုက်ချင်ပါတော့သည်။ အလောင်းတော်ကို ဆရာလေးဖူးလို့မဝပေ။ ကြည်ညို၍ဖြစ်ပေါ်လာသော ပီတိသောမနဿတို့သည် ဆရာလေးရင်ထဲတွင် ချမ်းမြေ့နေသည်ကို ဆရာလေးကိုယ်တွေ့သိနေရသည်။

ဦးပဥ္စင်း၏ရှင်းပြချက်အရ ဆရာလေးမှတ်သားထားသည့်အကြောင်းမှာ အလောင်းတော်၏ ဦးခေါင်းဘေးတစ်ဖက်တစ်ချက်တွင် ရွှေကလပ်ပေါ်မှ တဖိတ်ဖိတ်တောက်ပနေသောအရာတို့သည်ကား ရိုးရိုးကျောက်များမဟုတ်ပေ၊ ဂမ္ဘီရဆန်သောကျောက်များပင်ဖြစ်သည်။ အလောင်းတော်၏ဘေးတွင် စိန်တုံးကြီးသည် ကြက်ဥလောက်ရှိ၏။ ထို့ပြင် ပတ္တမြား၊ ဝေဿဝဏ်၊ ဂမ္ဘီရကျောက်၊ မသရဝဏ်ဂမ္ဘီရကျောက်များကို ရွှေကလပ်တစ်ခုစီတွင် ဤကျကျနနတန်းစီပြီး ပူဇော်ထားပါသည်။ ထိုကျောက်များ၏ အလင်းများသည်ကား ထူးဆန်းလှ၏။ အလင်းတန်းသည် ပူလောင်မှုလုံးဝမရှိပေ။ အေးချမ်းလှ၏။

ဆရာလေးသေချာကြည့်မိသည်က အလောင်းတော်၏ ဘေးနံဘက်(၄)ခု စလုံးတွင် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်[illegible] (၄) ယောက်မှ မတ်တတ်အနေအထား[illegible] အလောင်းတော်အား စောင့်[illegible] သည်ကို တွေ့ရ၏။ ဆရာလေး[illegible]

www.burmeseclassic.com

ရပ်ပေါက် မောင်ဦးပဥ္စင်းလေးသည်ကား အားရပါးရ ဖူးတွေ့နေ၏။

ဆရာလေးသည် ထိုသို့ဖူးတွေ့နေရင်းပင် အာရုံပြုပြီး တစ်ခုတည်းသော ဆုကို ဆုတောင်းနေမိသည်။ ထိုဆုသည်ကား သူလိုပင် လူအများသည် ထိုအလောင်းတော်ကဿပအား တစ်နေ့တွင် ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့နိုင်ကြပါစေ ဟူ၍ အများအကျိုးကိုကြည့်ပြီး ဆုတောင်းနေမိပါတော့သည်။ အလောင်းတော် လိုဏ်ဂူထဲမှာရှိကြောင်းကို ပုထုဇဉ်လူများလည်း သိရှိပြီး သူလိုပင်ဖူးမြင်ရပါစေဟူ၍ အဓိဋ္ဌာန်ပြုဆုတောင်းလိုက်၏။

(မှတ်ချက်-ဆရာလေးဆုတောင်းပြည့်၍လားမသိပေ။ အလောင်းတော်ကဿပဂူသည် ခဏခဏကျောက်ဖျာပွင့်သည်ဟု ခုနောက်ပိုင်းကြားလိုက်ရ၏။ စာရေးသူထင်နေမိသည်မှာ ဆရာလေးတို့အထဲဝင်ဖူးသည့် အလောင်းတော်ကဿပသည်ကား ယခု အလောင်းတော်ကဿပဟု စာရေးသူထင်မြင်မိပါသည်။)

အချိန်အတော်ကြာကြာအောင် ဆုတောင်းပြီးချိန်တွင် အလောင်းတော်၏ ဝတ်ဖြူစင်ကြယ် သူတော်စင်ဘိုးဘိုးကြီး (၄) ယောက်ထဲမှ အရှေ့တွင် နေရာယူနေသော ဘိုးဘိုးတစ်ယောက်မှ -

"ကဲကဲ - ဖူးရတာ တော်ပြီပေါ့ကွယ်။ အသင်တို့က ကံကောင်းကြပါတယ်"

"အချိန်တန်ပြီကွယ့်။ သွားကြပါတော့ကွယ်"

ဟု သတိပေးလာသော သူတော်စင်ကြီးကြောင့် ဆရာလေးသတိပြန်ဝင်လာပါတော့သည်။

"ဦးပဥ္စင်းရော ဆရာလေးပါ ဆုတွေတောင်းထားကြ၊ အဓိဋ္ဌာန်တွေထားကြအောင်မှာပါ"

ဟူ၍ ခြေရင်းဘက်မှ သူတော်စင်သို့ ဘိုးကြီးတစ်ယောက်မှ ဝင်ရောက်အားပေးပါသည်။

ထွက်ရပ်ပေါက်ဦးပဥ္စင်းလေးမှ-

"ကောင်းပါပြီ ဦးပဥ္စင်းတို့ပြန်ပါတော့မယ်"

ဟုပြောပြီး -

"ကဲ - ညီမတော်ဆရာလေးရေ ကဲကဲ - ပြန်ကြရအောင်နော်"

ဟူ၍ပြောပြီး အားလုံးအလောင်းတော်အား ထပ်ဖူးပြီး မတ်တတ်ရပ်ကာ လိုဏ်ဂူကြီး၏အပြင်ဘက်သို့ ထွက်သွားပါတော့သည်။

ဆရာလေးနှင့် ဦးပဥ္စင်းသည် လိုဏ်ဂူကြီး၏အပြင်ဘက်ရောက်သွားသည်နှင့်တစ်ပြိုင်တည်းမှာပင် ကျောက်ဖျာကြီးသည် မြည်ဟည်းလာပြီး လုံးဝပိတ်၍သွားပါတော့သည်။

ထိုအခါ ဆရာလေးသည်ကား ဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ရည်များတဖြိုင်ဖြိုင်ကျလာပါတော့သည်။ ထိုမျက်ရည်သည်ကား ဝမ်းသာ၍ကျသည့် မျက်ရည်လော၊ ဝမ်းနည်း၍ကျသည့် မျက်ရည်လော ထိုအချိန်က မဝေခွဲတတ်အောင် တစ်မျိုးကြီး ခံစားရသည်ဟု ဆရာလေးသည် အစဉ်အဆက် သူ၏မိတ်ဆွေများကိုပြောပြခဲ့ပါသည်။

မကြာမီအချိန်အတောအတွင်းမှာပင် ထွက်ရပ်ပေါက်ဦးပဥ္စင်းလေးသည် ကျောက်ဂူ၏အပြင်ဘက်တွင် ခဏထိုင်ပြီး အဓိဋ္ဌာန်တွေထပ်ပြုကာ တောထဲတောင်ထဲတွင်ရှိသော မြင်အပ်မမြင်အပ်ရှိကြကုန်သောပုဂ္ဂိုလ်များကို ဆုတောင်း၊ မေတ္တာပို့၊ အမျှဝေကာ သာဓုခေါ်ဆိုလိုက်၏။ ထိုအခါ တောထဲတောင်ထဲတွင် တော်လည်းသံကြီးတစ်ခုကြားလိုက်ရ၏။ ထိုတော်လည်းသံကြီးကြားပြီး မြေကြီးသည် တုန်လှုပ်သွားပါတော့သည်။ ဆရာလေးစိတ်ထင်မှာတော့ ထိုတော်လည်းသံကြီးမှာ တောထဲတောင်ထဲရှိ ပုဂ္ဂိုလ်ထူးများမှ အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်မည်ဟု ထင်မှတ်ထားလိုက်၏။

ဆရာလေးသည် ခုလိုဖူးလို့ အားနေသောအချိန်လေးတွင် သူသိချင်သမျှတို့ကို မေးမြန်းချင်လှ၍ ဦးပဥ္စင်းလေးကို မေးမြန်းကြည့်မိလိုက်၏။

"ဦးပဥ္စင်းဘုရား"

"ပြောပါ ဆရာလေး"

"တင်ပါ့၊ တပည့်တော်သိချင်တာလေး ပြောပြပေးပါလား"

ဟူ၍ပြောလိုက်ရာ ဦးပဥ္စင်းမှစိတ်ထဲအလိုလိုသိနေပုံရသည်။

"ဆရာလေးလိုချင်တာက ဒီတောင်ရဲ့အကြောင်းကို သိချင်လို့မဟုတ်လား"

ဟူ၍ပြောလိုက်ရာ ဆရာလေးမှာ ပါးစပ်အဟောင်းသားလေးနှင့် -

"ဟင်-ဘယ်လိုကြောင့်သိပါသလဲ ဦးပဥ္စင်း။ တပည့်တော်မေးချင်တာကို ဘုရား"

ဟု ဆရာလေးက အံ့ဩစွာမေးလိုက်၏။

"အို- ဒါတွေထားပါ။ ဦးပဥ္စင်းရှင်းပြပါ့မယ်"

"တကယ်တော့ ဒီအလောင်းတော်ကဿပတောင်ကို ဝေဘာရတောင်လို့ခေါ်ပါတယ်။ ဟိုအနောက်ဘက်စူးစူးက တောင်ကတော့ ဝေပုလ္လတောင်လို့ခေါ်တယ်ဆရာလေး။ နောက်ပြောပြရဦးမယ်။ အဲဒီဝေဘာရတောင်နဲ့ ဝေပုလ္လတောင်၊ ရာဇဂြိုဟ်ပြည်ကိုရံနေတဲ့ ပဏ္ဍဝတောင်၊ ဂိဇ္ဈတောင်၊ ဝေပုလ္လတောင်ဆိုတဲ့ တောင်ငါးလုံးမှာပါဝင်တဲ့ ဝေဘာရနဲ့ ဝေပုလ္လတောင်တွေဟာ စာအုပ်တွေမှာရေးနေတဲ့ စာရေးဆရာတွေရဲ့ မှန်းပြီးဖြစ်နိုင်ခြေကိုရေးနေကြတာကွယ်။ တကယ်တော့ အဲဒီတောင်တွေကို ဒီတောင်နှစ်လုံးရဲ့အမည်နာမကိုယူပြီး မှည့်ထားတာပေါ့။ ရာဇဂြိုဟ်ပြည်ကို ဝိုင်းရံနေတဲ့တောင် (၅) လုံးကို ဦးပဥ္စင်းရောက်ဖူးပါတယ်။ တကယ်လို့သာပေါ့ ကဿပအလောင်းတော်သာ ဝေဘာရတောင်စောင်းမှာရှိတယ်ဆိုရင် အဲဒီတောင်စောင်းမှာပဲရှိသင့်တယ်။ အခုတော့ အဲဒီတောင်မှာဘာမှမရှိဘူး။ ပထမသင်္ဂါယနာတင်တုန်းက ရာဇဂြိုဟ်ပြည် ဝေဘာရတောင်လိုဏ်ဂူဝမှာ ရှင်မဟာကဿပအမှူးပြုပြီး ပထမသင်္ဂါယနာတင်ခဲ့တယ်။ ရာဇဂြိုဟ်ပြည်မှာက ဝေပုလ္လတောင်၊ ဟိမဝန္တာမှာ ကေလာသတောင်၊ ကောင်းကင်မှာနေ၊ နက္ခတ်အပေါင်းမှာလ၊ မြစ်အပေါင်းမှာ သမုဒ္ဒရာဖြစ်တယ်ကွယ့်။

ဟိမဝန္တာမှာ ဝေပုလ္လတောင်ရှိမှန်းမသိတော့ ရာဇဂြိုဟ်ပြည်ကြီးအား ဝေပုလ္လကိုပဲမှန်းပြီး စာရေးဆရာတို့က ပြောကြတာ။ သူတို့က ဦးပဥ္စင်းတို့ကို ခန္ဓာမဖြစ်သေးလို့ ကမ္ဘာသိဒ္ဓိတန်ခိုးမရှိသေးတဲ့အခါ မှန်းပြောတာလက်ခံပါတယ်။ တကယ်တော့ ကေလာသတောင်ဆိုတာမဟုတ်ဘူးတဲ့။ ဝေပုလ္လတောင်ဆိုမှ မှန်ပါတယ်။ ကေလာသတောင်ဆိုတာ အနောတတ္တအိုင်ကိုရံနေတဲ့ တောင်ငါးလုံးမှာ တစ်လုံးအပါအဝင်ဖြစ်တယ်ကွယ့်။ အဲဒီတောင်ငါးလုံးမှာ သုဒဿနတောင်၊ ကာဠတောင်၊ ဂန္ဓမာတောင်ရယ်လို့ (၅) လုံးရှိတယ် ဆရာလေးရေ။ ပြီးမှဆက်ပြီးမှတ်သားပါ ဆရာလေး။ ထပ်ပြောပါဦးမယ်။ ပစ္စေကဗုဒ္ဓရှင် ကိန်းအောင်းမွေ့လျော်ရာဖြစ်တဲ့ ဂန္ဓမာဒနတောင်သာ အမြတ်ဆုံးဖြစ်တယ် ဆရာလေး။

သုဝဏ္ဏဘုမ္မိသထုံပြည်က ကေလာသတောင်ဟာလည်း ဒီတောင် (၅)

www.burmeseclassic.com

www.burmeseclassic.com

စနေတွန်း(မြစ်သား)

## တားဆီးမရအောင်သွားနေသော ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ဆေးနည်းကောင်းတစ်လက်

ကျွန်တော့်အမျိုးသမီးနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါဟာ ဘယ်ကမ္ဘာကမျှား မိတ်ဖက်ဖြစ်ခဲ့လေသလဲတော့ မသိပါဘူးဗျာ။ အစားလေးတစ်ချက်မှား လိုက်တာနဲ့တစ်ပြိုင်နက် ဝမ်းပျက်တဲ့ရောဂါကစတော့တာပါပဲ။

ကြည့်လေ - ဒီနေ့ဆို မိုးမလင်းခင်ထဲက အိပ်ရာကထပြီး အိမ်သာဆီပြေးသွားလိုက်၊ မကြာခင်ဆင်းလာလိုက်နဲ့ ဝမ်းပျက်တဲ့ရောဂါက ပညာပြနေပြီဆိုတာ ကျွန်တော်ရဲ့ဇနီးအခြေအနေကို ကြည့်ပြီး ကျွန်တော်ကသိလိုက်ပြီလေ။

ကျွန်တော်ဇနီးရဲ့အကျင့်က အစားအသောက်တစ်ခုကိုမြင်လိုက်ရင် ငါနဲ့တည့်ရဲ့လားဆိုတဲ့အသိထက်စားလိုက်ရရင် ကောင်းမှာပဲဆိုတဲ့အတွေးက အရင်ဖြစ်နေတာဆိုတော့ အစားအသောက်ကိုဆင်ခြင်ဖို့ထက် အစာကိုခုံမင်တဲ့စိတ်က လွှမ်းကဲနေတာမို့ စားပြီးလို့ရောဂါဖြစ်တော့မှာပဲ ဩော် - ငါနဲ့မတည့်ပါလားဆိုတဲ့ အသိကဝင်လာတတ်တာမျိုးလေ။

အသိဝင်ချိန်မှာဝမ်းပျက်ရောဂါက လက်ဦးမှုရသွားပြီဆိုတော့ ကျွန်တော့်ဇနီးဟာ ထုံးစံအတိုင်း သူအသုံးပြုနေကျ ဆေးမြီးတိုတိုအားကိုးရပြီလေ။ ထုံးစံအတိုင်း သူသောက်နေကျ ရေနွေးပူပူထဲကို သံပုရာသီးတစ်ခြမ်းကိုအရည်ညှစ်ပြီးတာနဲ့ အပေါ်ကနေအဖုံးအုပ်ထား။ ရေနွေးအေးပြီဆိုတာနဲ့ မော့သောက်ပေါ့။

တစ်ကြိမ်သောက်တယ်။ ဝမ်းက မရပ်ဘူး။ နောက်တစ်ကြိမ်နာရီခြားပြီး ထပ်သောက်တယ်။ ဒါပေမယ့် ဝမ်းက မရပ်ဘူး။ ဒီတော့ ကျွန်တော့်ဇနီးက ဆေးနည်းပြောင်းပြီး သူ့အတွက် မဟာဆေးနည်းရယ်လို့ အသိအမှတ်ပြုထားတဲ့ ဆေးမြီးတိုနဲ့ကုဖို့ ပြင်ဆင်ရပြန်တယ်။

မဟာဆေးနည်းဆိုတာက ပြီးခဲ့တဲ့ တစ်ကြိမ်ဝမ်းသွားတုန်းက အကြိမ် (၂၀) နီးပါးလောက်ရှိတာချိန်မှာ သွေးပေါင်တွေကျပြီး သတိလစ်မေ့မြောတော့ မယ့်ဆဲဆဲ ဆေးရုံကိုအမြန်ဆုံးသွားခဲ့လို့ ကံကောင်းထောက်မစွာနဲ့ အသက်ရှင်ခဲ့တုန်းက ရခဲ့တာလေ။

ဆေးရုံပေါ်မှာ စားဆေးတွေ ထိုးဆေးတွေနဲ့ကုသနေရင်းက ဝမ်းပျက်တဲ့

---

လုံးထဲက ကေလာသနာမည်ယူပြီး မှည့်ထားတာပါ ဆရာလေး"

ဟု ရှင်းပြီးခဲ့၍ ဆရာလေးမှာ ဆရာလေးမှာ စာအုပ်လေးနှင့်ရေးမှတ်တမ်းတင်ထားလိုက်သည်။ မျှားမကြာမီ အချိန်လေးမှာပင် ဆရာလေးနားမှ မသွားချင်သွားချင် နောက်ဆုံးအကြိမ် နှုတ်ဆက်ကာ ထွက်ခွာ၍သွားပါတော့သည်။

သိပ်မကြာလိုက်ပါ။ ဆရာလေးသည် သွားရင်းလာရင်း တောတောင်များကို ဖြတ်ကျော်ရသည်မှာ မြေကြီးများသည် ရှုံ့၍ဝင်သွားသလို မြင်တွေ့လိုက်ရ၏။ မကြာမီ အိပ်ချင်လာသလိုဖြစ်သွားပြန်သည်။ ထိုအချိန်လေးမှာပင် မြစ်ဆိပ်တစ်ခုသို့ရောက်ရှိပြီး မော်တော်တစ်စီး ဆိုက်ကပ်ထားသည်ကိုတွေ့ရ၏။ ထိုမော်တော်ပေါ်သို့ ဆရာလေးတို့ (၃) ယောက်တက်လိုက်မိပြီး မျှားမကြာမီ အိပ်ပျော်သွားပါတော့သည်။ အိပ်၍သွားသည်မှာ မည်မျှကြာသည်မသိ။

"ဆရာလေး ထ ထ။ ပြည်ကိုရောက်တော့မယ်"

ဟု မောင်ကျောင်းသားလေးနှိုးတော့မှ -

"ဩော် - အိပ်လိုက်တာ ခုမှနိုးတော့တယ်"

ဟုပြောရင်း -

"ဆရာလေး ကျောင်းရောက်ရင် ဘယ်သူမှမပြောနဲ့နော်။ ဆရာလေးရဲ့ အတွေ့အကြုံတွေကို ပြန်ပြောလို့ရှိရင် နောက်ဦးပဥ္စင်းတို့ မလာတော့ဘူး"

ဟူ၍ ဆရာလေးအား ကတိတောင်း၏။

ဆရာလေးမှ -

"တင်ပ့ါ ဦးပဥ္စင်း၊ မပြောပါဘူး စိတ်ချပါ"

ဟု ပြောရင်း အင်ကြင်းမြောင်ကျောင်းနားထိရောက်ရှိလာတော့သည်။ မမောမပန်းဘဲ ပြန်ရောက်လာပါသည်။ ဆရာလေးအံ့ဩနေတော့၏။ အင်ကြင်းမြောင်ပင်ကြီး၏ ကွပ်ပျစ်ပေါ်တွင် ဆရာလေး၏အထုပ်အပိုးများနှင့်အတူ ချထားပြီး ဦးပဥ္စင်းနှင့်ကျောင်းသားတို့သည် နှုတ်ဆက်၍ထွက်ခွာသွားပါတော့သည်။ ဆရာလေးသည်ကား ကျောင်းရောက်ပြီးသည်နှင့်မပြောဘဲမနေနိုင်ပေ။ သူ၏ ကျောင်းထိုင်ဆရာတော်ဘုရားကြီးကို အရင်ဆုံးပြောပြ၏။ ဆရာတော်ဘုရားကြီးမှ မိန့်တော်မူသည်မှာ -

"အိမ်း - ငါတို့တောင်မဖူးဖူးဘူး။ ဆရာလေးလူဖြစ်ရကျိုးနပ်ပါဘိကွယ်"

ဟူ၍ မိန့်တော်မူ၏။

ထိုဆရာတော်ဘုရားကြီးသည် နောင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားသော အင်ကြင်းမြောင်တောရဆရာတော်ကြီးပင် ဖြစ်ပါသည်။

ဆရာလေးသည်ကား သည်ဘဝမှာပင် သောတာပန်ဖြစ်သွားသည်ဟု သိသောသူများက ပြောပြသည်။ နောက် ဦးပဥ္စင်းလေးကလည်း ဒီဘဝ၏နောက်ဆုံးပင်ဖြစ်လိမ့်မည်ဖြစ်သည်။ ဆရာလေး ကွယ်လွန်သည်အထိကို ထွက်ရပ်ပေါက်ဦးပဥ္စင်းလေးသည် ရောက်ရှိမလာတော့ပေ။ သို့သော် ဆရာလေးတွေ့ကြုံခဲ့ရသော ထူးဆန်းသော ဖြစ်ရပ်ဆန်းကိုသည်ကား ယနေ့ထက်တိုင် အင်ကြင်းမြောင်တောရကျောင်းကြီးတွင် ပြောစမှတ်ဖြစ်နေသည်မှာကား တောရကျောင်းကြီးသို့ ရောက်ဖူးသူတိုင်း သိရပေလိမ့်မည်တကား။ မိမိသည်လည်း ဒီတစ်ခေါက် အင်ကြင်းမြောင်ရောက်ခိုက် တရားများကျင့်ကြံအားထုတ်တော်မူရင်း ထွက်ရပ်ပေါက်ဦးပဥ္စင်းလေးနှင့် သုံးဘဝ ဆရာလေး မထေရ်မာလာတို့ကို မေတ္တာပို့သနေမိပါတော့သည်။

မနှင်းပွင့်(ပြည်)



www.burmeseclassic.com

www.burmeseclassic.com

အကြိမ်က သိသိသာသာကြီးလျော့ကျမသွားဘဲဖြစ်နေချိန်မှာ ဆေးရုံပေါ်ကိုဈေးရောင်းလာတဲ့ဈေးသည်မလေးပေးတဲ့ဆေးနည်းကြောင့် ဝမ်းက သိသိသာသာကြီးရပ်သွားတာမို့ ကျွန်တော့်ဇနီးအနေနဲ့ အဲဒီဆေးနည်းကို ဝမ်းပျက်တိုင်းဖော်စပ်သောက်သလို တခြားသူတွေကိုလည်း ဒီဆေးနည်းလေးမျှဝေပေးနေကျဆိုတော့ သူ့အတွက်တော့ လက်တွေ့ပျောက်ကင်းခဲ့တဲ့ မဟာဆေးနည်းတစ်လက်ဖြစ်နေတာပေါ့လေ။

အဲဒီ ဆေးနည်းကတော့ ထူးထူးခြားခြားကြီးတော့ မဟုတ်ပါဘူး။ ရေနွေးကြမ်းခါးခါးကျဲကျဲတစ်ပန်းကန်ထဲကိုပျားရည်စစ်စစ်တစ်ဇွန်းလောင်းထည့်ပြီးသောက်ရတာပါပဲ။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်သောက်ပြီးရင် ဝမ်းပျက်တဲ့ရောဂါက ပျောက်သလောက်ဖြစ်သွားတာ။

ဒါပေမယ့် ဒီတစ်ခါတော့ သူ့မဟာဆေးနည်းက အဆက်မပြတ်သွားနေတဲ့ ကျွန်တော့်ဇနီးရဲ့ ဝမ်းပျက်ရောဂါကို ရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ မနက်အစောအဆာပြေအဖြစ်စားခဲ့တဲ့တို့ဟူးသုပ်နဲ့ နေ့ခင်းပိုင်းထမင်းစားအပြီးမှာစားလိုက်တဲ့သဘော်သီးမှည့်ကြောင့် ဖြစ်ပေါ်လာတဲ့ဝမ်းပျက်မှုက ထုံးစံအတိုင်း ကျွန်တော့်အမျိုးသမီးကို ဆေးရုံပို့ရတော့မယ့်အနေအထားကိုရောက်လာပြန်ပြီလေ။

အရင်တစ်ခါ ဆေးရုံတက်တုန်းက ဝမ်းသွားခါစမှာ ဆေးရုံကိုလာမပြဘဲနဲ့ အကြိမ်ရေများပြီး သတိလစ်ကာမှဆေးရုံလာရကောင်းလားဆိုပြီး ဆရာမတွေရဲ့ ကရုဏာဒေါသနဲ့ပြောဆိုကြိမ်းမောင်းခံခဲ့ရဖူးလေတော့ ဒီတစ်ခါ ဆေးရုံသွားဖို့ဆိုတာ ကျွန်တော်အနေနဲ့ မရဲတာအမှန်ပါဘဲ။ ကိုယ်ကအပြစ်ရှိနေတာကိုး။

ဒီတော့ ကျွန်တော့်အနေနဲ့ ကျွန်တော့်ဇနီးအတွက် အကြံကုန်ဂဠုန်ဆားချက်ဆိုသလိုဖြစ်နေဆဲမှာ တစ်ခါကကျွန်တော်ရေးမှတ်ထားဖူးခဲ့တဲ့ဆေးနည်းကို သတိရလိုက်မိပါတယ်။ ဒါနဲ့ နေ့စဉ်မှတ်တမ်းထဲမှာ မှတ်မှတ်ရရကူးထားတဲ့ဆေးနည်းကို ပြန်လှန်ပြီးကြည့်ရပါတော့တယ်။

ဆေးနည်းက တားဆီးမရအောင် ဝမ်းသွားနေလျှင် အသုံးပြုရန်လို့ ဆိုထားတာပါ။ ဆေးနည်းအဖြစ် အသုံးပြုဖော်စပ်ရမယ့်ဆေးနည်းကလည်း ထူးထူးထွေထွေမဟုတ်ဘဲ ကျွန်တော်တို့မီးဖိုချောင်မှာ အသုံးပြုနေတဲ့ပစ္စည်းကို ဆေးအဖြစ်သုံးရတာပါပဲ။

ဒီတော့ ကျွန်တော့်အနေနဲ့ အချိန်ဆိုင်းမနေတော့ဘဲ မီးဖိုချောင်ထဲဝင်ပြီး ဆေးနည်းမှာပါတဲ့အတိုင်း ဆေးအမယ်ပစ္စည်းကို ထုထောင်းရပါတော့တယ်။ ကျွန်တော်ထုထောင်းရတာက တခြားမဟုတ်ပါဘူး။ ဆီးဖြူသီး (၅) လုံးခန့်ကို ငရုတ်ဆုံထဲထည့်ပြီးတော့ညက်အောင်ထောင်းရတာပါပဲဆိုပါတော့ဗျာ။

ပြီးတာနဲ့ ဆီးဖြူသီးထောင်းကိုပန်းကန်တစ်လုံးထဲထည့်ထားရပါတယ်။ နောက်တစ်ခါ ချင်းတက်လက်နှစ်ဆစ်လောက်ကို ငရုတ်ဆုံထဲထည့်ပြီးထောင်းရပြန်ပါတယ်။ ထောင်းပြီးသား ချင်းကိုငရုတ်ဆုံထဲက ယူပြီးတာနဲ့ ပန်းကန်တစ်လုံးထဲကို ချင်းသတ္တုရည်ရအောင်ညှစ်ယူရပါတယ်။ ဒီမှာတင် ဆေးအဖြစ် အသုံးပြုဖို့ လိုအပ်တဲ့ ဆီးဖြူသီးထောင်းနဲ့ ချင်းရည်ကို ကျွန်တော်ရခဲ့ပြီလို့ပြောရမှာပါ။

ဆေးအမည်စုံတာနဲ့ အိပ်ရာထက်မှာလှဲနေတဲ့ ကျွန်တော်ဇနီးဆီယူသွားပြီးပထမဦးဆုံး ဆီးဖြူသီးတောင်းကို ဇနီးသည်ရဲ့ချက်ပတ်ပတ်လည်မှာ အုံပေးလိုက်ပါတယ်။ ပြီးတာနဲ့ ဆီးဖြူသီးထောင်းအုံထားတဲ့အပေါ်ကနေ အဝတ်ပတ်ပြီးစည်းပေးထားရပါတယ်။ အဝတ်စည်းပတ်ပေးပြီးတာနဲ့ အဲဒီအဝတ်ရဲ့အပေါ်ကနေ ဇနီးသည်ရဲ့ချက်ထဲကို စောစောကညှစ်ယူထားတဲ့ ချင်းရည်ကိုလောင်းပေးရပါတယ်။ ဒါက ဆေးနည်း အသုံးပြုပုံပါပဲ ခင်ဗျာ။

ကျွန်တော်ရဲ့တစ်ဆင့်ကူးယူမှတ်သားထားတဲ့ ဆေးနည်းနဲ့ ဆေးနည်းအသုံးပြုပုံက သည်မျှပါပဲ။ ဒီနည်းကိုပဲကျွန်တော်လက်တွေ့အသုံးပြုကြည့်တာပါဘဲ။ ထူးခြားမှုကိုပြောရရင် ယုံချင်မှယုံကြပါလိမ့်မယ်။ တစ်ခါတစ်ခါမှာကျွန်တော်တို့မြန်မာမှုနယ်ပယ်မှာ အသုံးပြုနေတဲ့ မြန်မာဆေးမြီးတိုတွေဟာ မဖော်ပြနိုင်လောက်အောင် အစွမ်းထက်တယ်ဆိုတာ ကိုယ်တွေ့ကြုံမှ ယုံရပါတော့တယ်။

ပြောရင် ယုံပါ့မလားမသိဘူး။ တစ်နေ့ခင်းလုံးလိုလို တားဆီးမရအောင်သွားနေတဲ့ ကျွန်တော့်ဇနီးရဲ့ ဝမ်းပျက်ရောဂါဟာ အထက်မှာဖော်ပြခဲ့တဲ့ဆေးနည်းကို အသုံးပြုပြီးနောက်ပိုင်းမှာ သိသိသာသာကြီး ရပ်ဆိုင်းသွားတာပါပဲ ခင်ဗျာ။

ဝမ်းကဘယ်လောက်အထိရပ်သွားလဲဆိုရင် နောက်နေ့တွေမှာ ပုံမှန်ဝမ်းသွားဖို့အတွက် ကျွန်တော့်ဇနီးသည်ခမျာကြိုးစားပြီး ညှစ်ယူရတဲ့အထိကိုဖြစ်ခဲ့တာပါ။ ကျွန်တော့်ဇနီးအနေနဲ့ ဝမ်းညှစ်ယူရတဲ့ဒုက္ခကို တစ်ပတ်လောက်တော့ခံလိုက်ရတာကိုကြည့်ရင်း ဒီဆေးနည်းဟာ ဝမ်းဒလဟောသွားနေတဲ့သူတွေအတွက် ဘယ်လောက်အထိအစွမ်းထွက်တယ်ဆိုတာ အထူးပြောစရာမလိုတော့ဘူးလို့ ထင်ပါတယ်ဗျာ။

တစ်ခုတော့ရှိတယ်။ ပထမအကြိမ်ကျွန်တော့်ဇနီး ဆေးရုံတက်ရတဲ့အထိ ဝမ်းသွားတုန်းက ရေနွေးကြမ်းနဲ့ပျားရည်က လက်တွေ့ပျောက်ခဲ့ပေမယ့် ဒီတစ်ခေါက်ဖြစ်တဲ့ ဝမ်းလျှောရောဂါမှာတော့ အဲဒီဆေးနည်းကို အသုံးပြုခဲ့ပေမယ့် ဝမ်းပျက်တဲ့ရောဂါက တုတ်တုတ်မှ မလှုပ်ဘဲ ကျောက်ရုပ်လိုငြိမ်ခံနေခဲ့တာဗျ။

ဒီတစ်ခါမှာ ဆီးဖြူသီးထောင်းနဲ့ ချင်းထောင်းရည်ကို အသုံးပြုမှ ဝမ်းပျက်တဲ့ရောဂါက တော့တာဆိုပြီး လက်မြှောက်သွားရတာကို ကျွန်တော်သတိပြုမိလိုက်တယ်ခင်ဗျ။ ဒီတော့ ဘာပဲပြောပြော မြန်မာဆေးမြီးတိုတိုင်းဟာ အစွမ်းထက်တာမှန်ပေမယ့် သူ့နေရာနဲ့သူတိုက်ဆိုင်မှသာလျှင် တစ်နည်းအားဖြင့် အနာနဲ့ဆေး တည့်အောင်ပေးမှသာလျှင် ရောဂါကပျောက်တယ်ဆိုတာ ကျွန်တော်သဘောပေါက်မိလိုက်ပါတယ် ခင်ဗျာ။

• ဒီတော့ တိုက်ဆိုင်ရင်တော့ သူရဿမဂ္ဂဇင်းကြီးရဲ့ စာရှုသူများအနေနှင့် လက်တွေ့သုံးကြည့်ရင် သိပါလိမ့်မယ်လို့ ပြောပါရစေခင်ဗျ။ အမှတ်မထင် စာစောင်တစ်ခုထဲက ကူးယူရရှိလိုက်တဲ့ ဆေးနည်းက ကျွန်တော့်ဇနီးရဲ့အသက်ကိုကယ်ခဲ့တာမို့ စေတနာနဲ့မျှဝေပေးလိုက်ရခြင်းပါပဲ ခင်ဗျား။

*အားလုံးကျန်းမာခြင်းသုခနဲ့*
*ပြည့်ဝကြပါစေ*

**စနေထွန်း (မြစ်သား)**



www.burmeseclassic.com

www.burmeseclassic.com

# မောင်လှိုင်သစ်(မိုးကုတ်)

# မိုးကုတ်ကျောက်မျက်လောကရဲ့ သဘာဝဆက်ဆံရေး (၃)

စာရေးသူ၏ 'မိုးကုတ်ကျောက်မျက်လောကရဲ့လူနဲ့သဘာဝဆက်ဆံရေး' ဟူသော ဆောင်းပါး(၂)ပုဒ်ကို ဤမဂ္ဂဇင်းကြီးတွင် ရေးသားခဲ့ပြီး ဖြစ်သည်။ ယခုဆောင်းပါးမှာ အမှတ် (၃) ဖြစ်သဖြင့် အဆုံးသတ်နောက်ဆုံးအပုဒ် ဖြစ်သည်။ တကယ်ဆိုရပါမူ ဆက်ဆံရေးများကို ဤသို့ ဆောင်းပါး (၃)ပုဒ်တည်းရေးရုံဖြင့် မလုံလောက်ပါပေ။ ပြည့်စုံသော သုတေသနပြုမှုနှင့်သာရေးရပါမူ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ပင်ရလောက်ပါ၏။ စာရေးသူ၏ ဉာဏ်အတိုင်းအတာမှာ ဤမျှလောက်သာစွမ်းဆောင်နိုင်သည်ဖြစ်ပေရာ စာဖတ်ရှုသူများအနေနှင့် ဤမျှလောက်နှင့်ပင် ခွင့်လွှတ်ကျေနပ်ကြပါဟု တောင်းပန်လိုပါသည်။

ဤဆောင်းပါး အမှတ် (၃) သည် ဖော်ပြပြီးခဲ့သော ဆောင်းပါးများနှင့် တစ်ဆက်တည်းဖြစ်သော်လည်း ကွာခြားမှုများကားရှိနေ၏။ အရင်ဆောင်းပါးများသည် ကျောက်မျက်အရိုင်းများ၏ သဘောသဘာဝ၊ ဖြစ်ပေါ်တည်ရှိနေပုံနှင့်ထုတ်လုပ်တူးဖော်ပုံနည်းနာများသာ ဖြစ်ကြပြီး ယခုဆောင်းပါးမှာ ကျောက်မျက်အရိုင်းများ အယဉ်အဖြစ်သို့ လွှဲပြောင်းပုံ၊ ပြုပြင်ပုံ၊ တန်ဖိုးအနိမ့်အမြင့်ဖြစ်ပေါ်လာပုံ အကြောင်းအရာများဖြစ်သောကြောင့်ပါတည်း။

အရိုင်းမှ အယဉ်သို့ ဆိုရာတွင် အရိုင်းနှင့်အယဉ်ဆိုသည့် ဝေါဟာရကို ပိုင်းခြားသိရှိရန်လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသည်။ အရိုင်းဆိုသည်မှာ မပြုမပြင်သဘာဝကပေးအပ်လာသော မူလအနေအထားများအတိုင်းရှိနေခြင်းကို ဆိုလိုပါသည်။ အယဉ်ဆိုသည်မှာ သဘာဝအရိုင်းကို လူသားမှသင့်လျော်သလို သင့်တင့်လျောက်ပတ်စွာ ပြုပြင်ဖန်တီးယူခြင်းကို ဆိုလိုပါသည်။ ဤဆောင်းပါးတွင်သုံးသော အရိုင်း၊အယဉ်သည် သက်မဲ့ဒြပ်ပစ္စည်းများအတွက်သာ ရည်ရွယ်ပါသည်။ သတ္တုရိုင်း၊ ရေနံရိုင်း၊ သစ်တောထွက်ပစ္စည်းရိုင်း စသည်များတို့ ဖြစ်ကြပါသည်။ နာမ်သက်ရှိသော လူ၊ နတ်ဘုံနတ်နွယ်များ၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်စသည်တို့ကို မဆိုလိုပါ။ထိုလောကသားများသည် နာမ်သတ်ပါခြင်းကြောင့် သူတို့၏အရိုင်း၊အယဉ်ကို စိတ်ပိုင်းဆိုင်ရာသဘောထားများဖြင့်သာ ခွဲခြားကြရမည်ဖြစ်ပါသည်။

ကျောက်မျက်ရတနာကမ္ဘာဘက်သို့ ဆက်ကြပါအံ့။

ကျောက်မျက်ရတနာအရိုင်းအပွင့်ကို ရရှိပြီဆိုကြပါစို့။ ပထမဦးစွာ ၎င်းကျောက်မျက်သည် မည်သည့်အမျိုးအစားဖြစ်သနည်းဟု သိရှိရန်လိုအပ်၏။ ကျောက်မျက်အမာလော၊ကျောက်မျက်အညံ့လော ဟူ၍ဖြစ်သည်။ ကျောက်မျက်အမာတွင် အမျိုးအစား (၄) မျိုးရှိပါသည်။


၁။ အနီပတ္တမြား၊

၂။ အပြာနီလာ၊


၃။ ဥဿဖရား၊

၄။ ကြက္ခနီလာ ဟူ၍ ဖြစ်သည်။

အမာကျောက်မျက်တွင် လေးမျိုးပြားသွားသော်လည်း တကယ်ကမူ (၂)မျိုးသာဖြစ်ပါ၏။ အနီပတ္တမြားနှင့် အပြာနီလာသည်သာ မူလဖြစ်ကြသည်။ ဥဿဖရားဆိုသည်မှာ အရည်မရှိသော တစ်နည်း အရောင်မရှိသော နီလာဖြူသာ ဖြစ်၏။ ကြက္ခနီလာမှာလည်း ပတ္တမြားနှင့် နီလာ ရောယှက်ပေါင်းစပ်ဖြစ်ပေါ်လာသော ကျောက်မျက် ဖြစ်သည်။ အနီများက ပတ္တမြားဘက်နွယ်သော ကြက္ခနီလာ၊ အပြာများက နီလာဘက်နွယ်သော ကြက္ခနီလာတို့သာ ဖြစ်ကြပါသည်။ အမာကျောက်မျက်လေးမျိုးတို့မှတစ်ပါး အခြားကျောက်မျက်မျိုးစုံကို အညံ့ကျောက်များ



နီလာတာပထား နီလာခေါ်ကြီး



အနီပတ္တမြားတာပထား အနီပတ္တမြားခေါ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အညံ့ကျောက်မျက်ဓါးရေတာပတော

ကျောက်ဆေးဆေးရာ (မောင်သူရကိုတိုး-ဆျပ်ပြင်)
(ကျောက်ဆေးခုံ၊ ကျောက်ဆေးညှပ်၊ ကျောက်တံများ)

ဟု ခေါ်ကြသည်။ အညံ့ကျောက်မျက် အမျိုးအစားကား များပြားလှတော့၏။ ကျောက်မျက်အားလုံးတွင် တန်ဖိုးကြီး ကျောက်၊ တန်ဖိုးနည်းကျောက် ဟူ၍ ခွဲခြားရှိနေကြသည်။ တန်ဖိုးအနည်း၊ အများသာ ကွာခြားမှုရှိနေကြပြီး လုံးဝ တန်ဖိုးမရှိသောကျောက်ဟူ၍ မရှိပါ။ အဘယ်ကြောင့်ဆိုမူ မိုးကုတ်မြို့နယ်ထွက် သဘာဝကျောက်မျိုးစုံတို့မှာ ရတနာ ထိုက်သောပစ္စည်းများချည်းဖြစ်ကြသော ကြောင့်ပါတည်း။ အချို့သောကျောက် မျက်များမှာ ထွက်ရှိမှုများပြားခြင်း၊ ခိုင်ခံ့မှုတာရှည်မခံခြင်း၊ အမြင်ပသာဒဆွဲဆောင် မှုအားနည်းခြင်းတို့ကြောင့်သာ တန်ဖိုး နည်းရခြင်း ဖြစ်ပါသည်။ အညံ့ကျောက် မျက်များထဲတွင် အညံ့ပန်းဟူသော ကျောက်မျက်တစ်မျိုးမှာ ကျောက်နီ ပတ္တမြားနီးပါးတန်ဖိုးရှိပြီး အခြားအညံ့ ကျောက်မျက်ရောင်စုံဖြူနက်ပြာဝါညိုစိမ်း စသည်တို့မှာ တန်ဖိုးနည်းပါးကြပါသည်။ ထို့အတူ စလင်းအညံ့ကျောက်မျက်များ တွင်လည်း စလင်းခရမ်း၊ စလင်းစိမ်းတို့ မှာ တန်ဖိုးကြီးမားကြပြီး စလင်းညို၊ စလင်းဝါ၊ စလင်းဖြူတို့မှာ တန်ဖိုးနည်းပါး ကြ၏။

ဖော်ပြပါ အကြောင်းအရာများ သည် အမျိုးအစားလိုက်တည်ရှိနေသော တန်ဖိုးများ၏ အကြောင်းအရာဖြစ်ပြီး ၎င်းတန်ဖိုးဖြတ်မှုအချက်အလက်များထဲ မှ တစ်စိတ်တစ်ဒေသသာ ဖြစ်ပါသည်။ အခြားသောအချက်အလက်များကိုလည်း ဖြည့်စွက်ရန်လိုပါသေးသည်။ ၎င်းတို့မှာ ကျောက်မျက်တစ်ပွင့်ကိုကောင်းမကောင်း အကဲဖြတ်ရာတွင် -

၁။ အမျိုးအစား၊
၂။ အရွယ်အစား၊
၃။ အပြစ်အနာအဆာ၊
၄။ အရောင်အသွေး(အရည်)
၅။ ကျောက်သား၏ ကျစ်လျစ်ခိုင်မာမှု
၆။ ကျောက်မျက်၏ ထွင်းဖောက်မြင် နိုင်မှုမမြင်နိုင်မှု (အလင်းပေါက်၊ အလင်းပိတ်)

တို့ ဖြစ်ကြပါသည်။

**▫ အမျိုးအစား**

မိုးကုတ်ကျောက်နယ်ပယ်ထဲတွင် ကျောက်မျက်အမျိုးပေါင်းမြောက်မြားစွာ ရှိနေကြသည်ဖြစ်ပေရာ တူးဖော်ထုတ် လုပ်ရေး၊ ရောင်းဝယ်ဖောက်ကားသူ၊ ဝတ်ဆင်ကြသူများတို့မှာ မိမိရရှိလာသည့် ကျောက်မျက်သည် မည်သည့်အမျိုး အစားဖြစ်ကြောင်းကို သိရှိရန်လိုအပ်ပါ သည်။ ဒေသခံများအတွက် အကြောင်း မဆန်းလှသော်လည်း အခြားဒေသမှလူ များအဖို့ အရေးကြီးလှ၏။ ကိုယ်တိုင် နားမလည်က သိရှိသူများနှင့် ညှိနှိုင်း တိုင်ပင်ရန် အထူးလိုအပ်ပါသည်။ သို့မဟုတ်ပါက ပေးလိုက်ရသော ငွေကြေး နှင့်မတန်သော ကျောက်မျက်တစ်ပွင့်ကို အလိမ်အညာများကြောင့်လည်းကောင်း၊ မသိရှိ၍ လည်းကောင်း နစ်နာဆုံးရှုံးမှု များကိုကြုံရနိုင်ပါသည်။ မိုးကုတ်ကျောက် တွင် အမျိုးအစားမှာ နှစ်မျိုးသာရှိပါ သည်။ အမာကျောက်မျက်နှင့် အညံ့ ကျောက်မျက် ဟူ၍ ဖြစ်သည်။ ၎င်းတို့ နှစ်မျိုးမှာ တန်ဖိုးကွာခြားလွန်းပါသည်။ ထို့ကြောင့် အမျိုးအစားကိုသိရှိရန် လိုအပ် သည်ဟုဆိုခဲ့ရပါသည်။

**▫ အရွယ်အစား**

မိုးကုတ်ကျောက်မျက်များ၏အရွယ် အစားမှာ အကြီး၊ အသေးမျိုးစုံရှိ၏။ မုန်ညင်းစေ့ခန့်မှသည် ပြောင်းဖူး၊ ဂုတ်ပျော ဖူးအရွယ်လောက်အထိရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံ၏ တွင်းထွက်ကျောက်မျက် များတွင် ကျောက်စိမ်းကျောက်မျက် ပါဝင်လျက်ရှိရာ ၎င်းကျောက်မျက်၏ အရည်အချင်းမှာ အလေးချိန်ကြီးမား ခြင်း၊ အရွယ်ပမာဏကြီးမားခြင်း ဖြစ် သည်။ တန်ချီ၍ လေးသလို လူတစ်ရပ်စာ မက မြင့်မားလှသည့်ကျောက်များလည်း ရှိကြပါသည်။ မိုးကုတ်ကျောက်မျက်



www.burmeseclassic.com

www.burmeseclassic.com

ရတနာများကား ထိုသို့ပမာဏကြီးမား၍ အလေးချိန်များသော ကျောက်ဟူ၍မရှိပါ။ အထူးသဖြင့် ကျောက်မျက်အမာမျိုးများတွင် ပန်းသီး၊ လိမ္မော်သီးခန့်ပင်ရှိဖို့ မလွယ်ပါ။ ရှိနေပါကလည်း အပြစ်အနာအဆာ စသည်များ လွတ်ကင်းခဲပါသည်။ သမိုင်းဝင်မိုးကုတ်ကျောက်မျက်များကို လေ့လာကြည့်ပါက (၁) ကျပ်သား၊ (၂) ကျပ်သားခန့်ထက် ကျော်လွန်သည်ကို မတွေ့ဘူးပါ။ အမာကျောက်မျက်များကို ရည်ညွှန်းပါသည်။ အညံ့ကျောက်မျက်များတွင်မူ ဖော်ပြခဲ့သည့်အတိုင်း ပြောင်းဖူး၊ ငှက်ပျောဖူးအရွယ် (၄) ပိဿာ၊ (၅) ပိဿာခန့်ထိရှိနေနိုင်ပါသည်။ အထူးသဖြင့် စလင်းကျောက်များသည် ထိုသို့ရှိနေနိုင်ပါသည်။ မိုးကုတ်ကျောက်မျက်များ၏ အလေးချိန်ကို ကာရက်ချိန်နှင့် စံပြုသုံးနှုန်းပါသည်။ ဒေသအခေါ် ကလပ်ဖြစ်ပါသည်။ ရှေ့သတ္တုတွင် ရွေး၊ ပဲ၊ မူး၊ မတ်၊ ကျပ် ဟူ၍ သုံးကြပြီး စိန်ကိုမူ ရတီဖြင့်သုံးပါသည်။ မိုးကုတ်ကျောက်မျက်က ကာရက်သည် (၁)ရတီသာသာရှိပါသည်။(၁၀)ကာရက် (၁၁) ရတီရှိသည်။

မိုးကုတ်ကျောက်မျက်များကို ကာရက်အလေးချိန်ဖြင့် စံထားပြီး သုံးနှုန်းလေ့ရှိရာ ကျောက်မျက် (၃) ပွင့်တွဲတွင် (၁)ကာရက်ရှိပါက သုံးလုံးတင်၊ ကျောက်မျက်(၂)ပွင့်တွဲတွင် (၁)ကာရက်ရှိပါက ငါးမူးတင်၊ကျောက်မျက် (၁)ပွင့်တွင် (၁) ကာရက်ရှိပါက ကာရက်တင်ဟုခေါ်ကြသည်။ (၁)ကာရက်ထက်အလေးချိန်ပို သွားသော ကျောက်မျက်များကိုမူ ပွင့်ကောက်များဟု ခေါ်ကြ၏။ သုံးလုံးတင်ထက်သေးငယ်သောကျောက်များကိုမူ လေးလုံးစီး၊ ငါးလုံးစီး စသည် ခေါ်ကြ၏။ အလွန်သေးငယ်သွားပါက ဘာဘူသေး၊ ကုလားသေးဟု ခေါ်ကြသည်။ သို့သော် တန်ဖိုးအတော်အတန်ရှိသော ပြောင်ခေါင်စိမ်းလိုဂေါ် ရာလိုမျိုးကျောက်များ၊ အညံ့ရောင်စုံကျောက်မျိုးများကို ငါးမူးတင်၊ ကာရက်တင် စသည်ဖြင့် ခေါ် ဝေါ်ကြပါသေးသည်။

**□ အပြစ်အနာအဆာ**

မိုးကုတ်ကျောက်မျက်မျိုးစုံတို့သည် သဘာဝ၏ အပူချိန်၊ ဖိအား၊ မြေလွှာရွေ့လျားလှုပ်ရှားမှုနှင့် ဓာတ်သဘာဝတို့ ပေါင်းစပ်ပြီး ဖြစ်ပေါ်လာကြပေရာ အပြစ်အနာအဆာများ၊ အမြှုပ်လေပူဖောင်းငယ်များ၊ ကွဲအက်ကြောင်းများ၊ အသားပွများ စသည်တို့ပါဝင်တတ်ကြသည်။ ဖော်ပြပါ ချို့ယွင်းချက်များကင်း၍ အရောင်အသွေးကလည်း စံမီပြီဆိုပါက ကျောက်ကောင်းတစ်ပွင့်၏အင်္ဂါနှင့် ပြည့်စုံသွားပြီဖြစ်သည်။ အရွယ်အစားကလည်း ကြီး၊ အပြစ်အနာအဆာကလည်း ကင်းပြီဆိုလျှင်မူ တန်ဖိုးကလည်း ကြီးသွားပေသည်။ အပြစ်အနာအဆာ မကင်းသော်လည်း အရွယ်ကြီးမားပါမူ အလုပ်သဘောအရ လုပ်သာကိုင်သာရှိကာ အစင်အကြယ်ဖြစ်လာအောင်ပြုပြင်ယူကြရ၏။ ဥပမာ (၁၀) ကာရက်ခန့်ရှိ ကျောက်မျက်တစ်ပွင့်တွင် အပြစ်အနာအဆာပါလာပါက ပြုပြင်၍ (၄)ကာရက်၊ (၅)ကာရက်ခန့်တင်အောင်သွေးနိုင်လျှင် တန်ဖိုးရှိပွင့်ကောက်ကျောက်ကို ရနိုင်ပါသည်။ အရိုင်း (၁၀) ကာရက်၊ အယဉ် (၁၀) ကာရက်ဟူ၍တော့ ဘယ်လိုနည်းနှင့်မျှ မဖြစ်နိုင်ပါ။ ကျောက်မျက်ကို အယဉ်ဖြစ်အောင်လုပ်ရာတွင် ပုံသဏ္ဌာန်ဖော်ရခြင်း၊ အကွက်ချရခြင်း၊ အရောင်တင်ရခြင်းများပါရှိလေရာ အလေးချိန်လျော့နည်းမှုကို ဘယ်လိုမှဟန့်တား၍ရမည်မဟုတ်ပါ။နည်းပါးအောင်လုပ်၍ရပါသည်။ အယဉ်အလေးချိန်များများတင်နိုင်ရန်မှာ အရိုင်းကျောက်မျက်၏ ပင်ကိုအနေအထားကောင်းမွန်မှု၊ မကောင်းမွန်မှုက အဆုံးအဖြတ်ပေးပါ သည်။

**□ အရောင်အသွေး(အရည်)**

ကျောက်မျက်အပွင့်၏တန်ဖိုးကို ဆုံးဖြတ်ကြရာတွင် အရောင်အသွေး (အရည်)ဆိုသည့်အပိုင်းက အရေးကြီးလှပါသည်။ မိုးကုတ်ကျောက်မျက်မျိုးစုံတို့သည် အရောင်အသွေးစုံသောကျောက်မျိုးစုံနှင့် ဖွဲ့စည်းထားကြ၏။ အဖြူ၊ အနက်၊ အနီ၊ အပြာ၊ အဝါ၊ ခရမ်း၊ အညို၊ အစိမ်း စသည်များ ဖြစ်ကြသည်။

ဤနေရာတွင် အမာကျောက်များကိုစံထား၍ ကျောက်ရည်အမျိုးမျိုးကို တင်ပြသွားပါဦးမည်။ ကျောက်နီပတ္တမြားတွင်ရှိသော ကျောက်ရည်အမျိုးအစားများကို အောက်ပါအတိုင်း ခွဲခြားထားသည်။

၁။ အရည်မဲ့ (အမာဖြူ)၊
၂။ အရည်ချို(လက်ကောက်စီ)၊
၃။ ပန်းရည်၊
၄။ ပန်းရည်တက်၊
၅။ အံရည်မှန်၊
၆။ အရည်မှန်တက်၊
၇။ အရည်ကူး၊
၈။ ဘုံဘိုင်ရည်၊
၉။ ဘုံဘိုင်ညွန့်၊
၁၀။ လည်သီး၊
၁၁။ အရည်ကြီး(ကုလားငို)

စသည်များ ဖြစ်ကြပါသည်။

စာရေးသူသည် ကျောက်မျက်များ၏အရောင်အသွေး (ကျောက်ရည်) များကို ဆေးရောင်များဖြင့် တင်ပြနိုင်ရန် ကြိုးစားကြည့်ဖူးပါသည်။ မရနိုင်မဖြစ်နိုင်ကြုံခဲ့ရဖူး၏။ ၎င်းကျောက်ရည်တို့ကို အမှန်အကန်သိရှိနိုင်ရန်မှာ လုပ်ငန်းအတွေ့အကြုံနှင့် မျက်စိရေနားရေဝတို့လိုအပ်ပါသည်။ မိုးကုတ်မြို့ကို ရောက်ဖူးရုံ၊ ကျောက်မျက်များကို ဆင်မြန်းဖူးရုံ၊ ကျောက်မျက်နှင့်ပတ်သက်သော စာပေဗဟုသုတရှိရုံနှင့်မရနိုင်ပါ။နှစ်ရှည်လများ အကျွမ်းတဝင်ဖြစ်ပြီးမှသာသိနိုင်သော အခြင်းအရာများဖြစ်ပါသည်။ မိုးကုတ်ဒေသသားချင်း၊ မိုးကုတ်ကျောက်မျက်လောကသားချင်း အချင်းချင်းပင်လျှင် တစ်ဦးနှင့်တစ်ဦးကျောက်ရည်အကဲဖြတ်ပုံကွာဟမှုလေးများရှိနေတတ်ပါသည်။ ဥပမာ ဘုံဘိုင်ရည်နှင့် ဘုံဘိုင်ညွန့်ရည်၊ ဘုံဘိုင်ညွန့်နှင့် လည်သီးရည်တို့၏ကွာဟမှုမှာ မသိသာလှပါပေ။ ထိုကွာဟမှုမှ တစ်ဆင့် ငွေကြေးတန်ဖိုးဖြတ်မှုများ ကွာဟသွားနိုင်ပါသည်။ ဆုံးဖြတ်သုံးသပ်မှုက အဓိကကျလှ၏။ ရောင်းသူကမှားလျှင် ရောင်းသူခံရပြီး ဝယ်သူကမှားလျှင် ဝယ်သူခံရပြီဖြစ်သည်။ သာဓကများစွာ ရှိခဲ့ကြဖူးပြီဖြစ်ပါသည်။ နီလာနှင့်အညံ့ကျောက်မျက်များတွင်လည်း ဤနည်းအတိုင်း အရည်အသွေးအဆင့်များရှိကြပြီး အခေါ် အဝေါ် များကတော့ တစ်ထပ်တည်းမကျပါ။ နီလာ၏ အကောင်းဆုံးအရည်ကို ကတ္တီပါရည်၊ ငှက်ခါးတောင်ရည်ဟုသုံးကြပါသည်။

**□ ကျောက်သား၏ကျစ်လျစ်ခိုင်မာမှု**

ကျောက်သား၏ကျစ်လျစ်ခိုင်မာမှုကို ဒေသအခေါ် မျိုးဟု ခေါ်ပါသည်။ မျိုးကောင်းသော ကျောက်မျက်တစ်ပွင့်၏ အရည်အချင်းမှာ ကျောက်သားဖွယ်ခြင်း၊ ပွခြင်း၊ ဆွေးမြည့်ခြင်းများကင်းရပါသည်။ ဤသို့ ကျောက်မျိုးကောင်းသော ကျောက်မျက်တစ်ပွင့်တွင် အရည်လှ၊ အပြစ်အနာအဆာကင်းပုံသဏ္ဌာန်အနေအထားကောင်း၊ အရွယ်အစားကြီးသည့် အင်္ဂါများ တွဲဖက်ပါလာပါက ကျောက်ကောင်းတစ်ပွင့်ဖြစ်တော့၏။တန်ဖိုးလည်း ကြီးမားသွားတော့၏။ (၃)ကာရက်အတင်

www.burmeseclassic.com

ကျောက်တစ်ပွင့်ပင်လျှင် သိန်းရာချီတန်သွားပြီဖြစ်၏။ အရွယ်အစားကို ခန့်မှန်းပြောရလျှင် စွန်တာနီပဲတစ်စေ့ထက် ပိုမကြီးပါ။

**□ ကျောက်မျက်တစ်ပွင့်၏ထွင်းဖောက်မြင်နိုင်မှု၊ မမြင်နိုင်မှု (အလင်းပေါက်၊ အလင်းပိတ်)**

မိုးကုတ်ကျောက်မျက်အရိုင်းအပွင့်အား အယဉ်အဖြစ်သို့ကူးပြောင်းရာတွင် ကူးပြောင်းနည်း (၃)နည်းရှိသည်။

ယင်းတို့မှာ -

၁။ တာပလာခေါ် အကွက်ချသွေးနည်း၊
၂။ လုံးချောခေါ် လုံးအောင်ချောအောင်သွေးနည်း၊
၃။ ဂေါ်ကြီးခေါ် ကျောက်မျက်အရိုင်းတွင်သဘာဝအတိုင်းပါရှိသည့်ကြိုးများပေါ် လွင်အောင်သွေးနည်းဟူ၍ ဖြစ်သည်။

ဖော်ပြပါများသည် ယေဘုယျသဘောဖြစ်ပြီး တာပလာကျောက်မျက်တွင် စိုက်ပြစ်များ၊ ရှပြစ်များများပါပါက အပြစ်စားဟူသောအမည်နှင့်အကွက်ချသွေးကြသကဲ့သို့ ဂေါ်များပါက ဂေါ်စားဟူ၍ အကွက်ချသွေးကြပါသည်။ အစစ်မဟုတ်ဘဲ အစားထိုးခြင်းဟု ယူဆနိုင်ပါသည်။

နည်းများဖြင့် ကျောက်မျက်ကို အယဉ်ပြုလုပ်ကြခြင်းကို ကျောက်သွေးခြင်းဟု ခေါ်ပါသည်။ ကျောက်မျက်၏ မူလအရိုင်းသဘာဝကို ပိုမိုလှပစေရန်၊ လက်ဝတ်ရတနာပစ္စည်း ပြုလုပ်နိုင်ရန် ရည်ရွယ်၍ပြုလုပ်ကြခြင်း ဖြစ်ပါသည်။ ယခုခေတ်တွင် သဘာဝအရိုင်းကို ဒီအတိုင်းထားခြင်းဖြင့်လည်း နှစ်သက်စရာဖြစ်သည်ဟူသော အယူအဆများရှိလာကြသည့်အတွက် အရိုင်းအတိုင်းရောင်းဝယ်ဖောက်ကားမှုများရှိလာနေကြပြီ ဖြစ်ပါသည်။ စာရေးသူ သတိထားမိသည့် ကျောက်မျက်နှင့်ပတ်သက်သော အပြောအဆို၊ အရေးအသားတို့တွင် မှားယွင်းမှုတစ်ခုပါဝင်နေခြင်းပင် ဖြစ်ပါသည်။

ယင်းမှာ မိုးကုတ်ကျောက်နီတစ်ပွင့်ကို နို့ရည်ထဲထည့်ပါက နို့ရည်မှာ နီရဲလာသည်ဆိုခြင်းနှင့် ဝါဂွမ်းနှင့်ဖုံးအုပ်လိုက်ပါက ဝါဂွမ်းများနီရဲလာခြင်း ဟူသောအချက် ဖြစ်ပါသည်။ လုံးဝမဖြစ်မဟုတ်ပါ။ အမှန်တကယ်မှာ ကျောက်နီအပွင့်သည် ကိုယ်ပိုင်အလင်းထုတ်လုပ်မှုမရှိပါ။ နေရောင်၊ မီးရောင်များရရှိမှသာ အရောင်ထွက်ပါသည်။ စိန်ကဲ့သို့ ညအမှောင်တွင် အလင်းမကွန့်မြူးနိုင်ပါ။ အကွက်ချသွေးထားသော မိုးကုတ်ကျောက်မျက်တစ်ပွင့်တွင်သာ အလင်းကို တုံ့ပြန်နိုင်ပါသည်။ ဤအကွက်ချသွေးနည်းမှာ အင်္ဂလိပ်ခေတ်ကယူလာသော အိန္ဒိယစိန်သွေးနည်း၏ရလဒ်ဖြစ်သည်။ အကွက်မပါသော လုံးချောဂေါ်ကြီးများသည် အလင်းတုံ့ပြန်မှုအားနည်းပါသည်။ လေ့လာမိသလောက်ဆိုရပါမူ ကုန်းဘောင်ခေတ်နန်းစဉ်ပစ္စည်းများများကို လုံးချောသွေးနည်းတိုင်းသွေးထားကြောင်း တွေ့ရသည်။ ဂေါ်ကြီးသွေးနည်းသည်လည်း အင်္ဂလိပ်နယ်ချဲ့ခေတ်ရောက်မှ ပေါ်ထွက်လာသောသွေးနည်းဖြစ်သည်။

ယခုအခါတွင် တာပလာအကွက်ချသွေးသော ပုံစံအမျိုးမျိုးရှိသော သွေးနည်းများပေါ် ပေါက်နေကြပါပြီ။

ယင်းတို့မှာ -

၁။ အဝိုင်းပုံ၊
၂။ ဘဲဥပုံ၊
၃။ ကူရှင်ပုံ၊
၄။ သခွားစေ့ပုံ၊
၅။ မိုးရေစက်ပုံ၊
၆။ စိန်ချွန်းပုံ၊
၇။ မြကွက်ပုံ၊
၈။ အာရှခနေပုံ
စသည်တို့ ဖြစ်ကြသည်။

ချောနှင့် ဂေါ်ကြီးမှာမူ အဝိုင်းပုံ၊ ဘဲဥပုံလောက်သာရှိပြီး ဂေါ်ကြိုးကို ကြိုးပေါ်လွင်လှပအောင် သွေးကြရ၏။ ဂေါ်ကြီးကျောက်တွင် ဂေါ်ဟူသော သဘာဝပစ္စည်းတစ်ခုပါသည်။ထမင်းရည်ကဲ့သို့ ပျစ်နှစ်သောအဖြူရောင်ရှိသည့်အရာ ဖြစ်သည်။ ဂေါ်ကြီးကျောက်မျက်၏ တစ်နေရာတွင် ကြယ်ဟူသောဂေါ်ဆုံရပ်တစ်ခုရှိသည်။ ထိုအရာပေါ်၌ ဖြတ်သန်းသွားသောကြိုး (၃) ချောင်းရှိသည်။ ယင်းကြိုးတို့သည် ဆုံမှတ်ကြယ်ကို ဖြတ်သန်းသွားကြရာ (၆)ကြိုးဖြစ်သွား၏။ မူလကြိုးသုံးချောင်းတို့ ဆုံမှတ်တစ်ခုကို ဖြတ်သန်းရာက ဖြာထွက်လာသောကြိုး (၆) ခေါင်းရှိ ကျောက်မျက်ကို ဂေါ်ကြီးကျောက်မျက်ဟု ခေါ်ဝေါ်ကြခြင်းသာဖြစ်ပါသည်။ အညံ့ကျောက်များတွင်လည်း ကြိုးများရှိတတ်သည်။ မျောကျောက်(ကြောင်ကျောက်)နှင့်သူယောင်ကျောက်တို့ဖြစ်သည်။ တချို့မှာ ဝမ်းလိုင်းခေါ် တစ်ကြိုးသာရှိပြီး တချို့မှာ လေးကြိုး၊ ခြောက်ကြိုးရှိတတ်သည်။

အထက်ပါ သွေးနည်းများထဲတွင် ခေတ်ကာလအလျောက် တီထွင်၍သွေးသောကျောက်မျက်သွေးနည်းများလည်း ရှိပါသေး၏။ မိုးရေစက်သွေးနည်း၊ ကူရှင်ပုံသွေးနည်း၊ အာရှခနေပုံသွေးနည်းများ ဖြစ်ကြပါသည်။ မိုးရေစက်ပုံသဏ္ဌာန်မှာ အရင်းဝိုင်း၍ အဖျားရှူးသွားခြင်း၊ ကူရှင်ပုံသဏ္ဌာန်မှာ လေးထောင့်ပုံတွင်ထောင့်ချိုးများကိုဝိုက်၍သွေးခြင်း၊ အာရှခနေပုံသဏ္ဌာန်မှာ အာရှခနေဘဏ်၏လိုဂိုတံဆိပ်ကို အတုယူ၍ တြိဂံပုံကို ထောင့်ချိုးများဝိုက်ယူထားခြင်းတို့ ဖြစ်ကြပါသည်။ ကျောက်အရိုင်း၏အနေအထားကိုကြည့်၍ ကနုတ်ပန်း၊ ပန်းသီး၊ သရက်သီး၊ စေတီ၊ လက်ဝါးကပ်တိုင် စသည့်ပုံများလည်းသွေးကြပါသည်။

**□ ကျောက်မျက်အရိုင်းမှအယဉ်သို့ပြောင်းလဲရာတွင် အသုံးပြုကြသော ကျောက်သွေးကရိယာတန်ဆာပလာများ**

မိုးကုတ်ကျောက်မျက်ရတနာများသည် သဘာဝတွင်းထွက်ပစ္စည်းများဖြစ်ကြလေရာ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အမျိုးအစားအမျိုးမျိုးအဖြစ် တွေ့ကြရပါသည်။ လူ့ယဉ်ကျေးမှုများ၏တိုးတက်လာမှုဖြစ်စဉ်အရ သဘာဝအရိုင်းပစ္စည်းများကို လူတို့အသုံးပြုနိုင်သော အယဉ်ပစ္စည်းအဖြစ်သို့ပြောင်းလဲခဲ့ကြသော သာဓကများမြောက်မြားစွာရှိခဲ့ပါသည်။ ဥပမာ သတ္တုရိုင်းများမှ လူသုံးကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းရိုင်းရာမှ လူသုံးကုန်ပစ္စည်းများ၊ ရေနံအရိုင်းမှ လူသုံးကုန်ပစ္စည်းများ စသည်တို့ဖြစ်ကြပါသည်။ ဤသို့ပြောင်းလဲကြရာ၌ လူနှင့်ကုန်ထုတ်ကိရိယာများတို့က အဓိကအခန်းမှပါဝင်နေပါသည်။ မိုးကုတ်ကျောက်မျက်လုပ်ငန်းတွင်လည်း အထက်ပါအချက်များပါဝင်နေရ၏။

ယင်းတို့မှာ -

၁။ ကျောက်သွေးသမား၊
၂။ ကျောက်သွေးခုံ၊
၃။ ကျောက်သွေးညှပ်၊
၄။ ကျောက်သွေးမှတ်၊
၅။ ကျောက်သွေးတံများ
ဖြစ်ကြပါသည်။

**□ ကျောက်သွေးခုံ**

ကျောက်မျက်အရိုင်းတစ်ပွင့်အား အယဉ်သို့ကူးပြောင်းရာတွင် ကျောက်သွေးသမားက အဓိကကျ၏။ ကျောက်သွေးသမား၏ ပညာရည်ဖြင့် ဆုံးဖြတ်သည့် ကျောက်မျက်၏တန်ဖိုးနှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကို နိမ့်စေ၊ မြင့်စေနိုင်၏။ ထို့ကြောင့် တန်ဖိုးရှိ ကျောက်မျက်တစ်ပွင့်ကို အယဉ်သို့ ပြောင်းလဲရာတွင် ဝါရင့်ကျွမ်းကျင့် ပညာရင့်သော ကျောက်သွေးဆရာကို အပ်နှံဖို့ အရေးကြီးသည်။

ရှေးခေတ်ကျောက်သွေးဆရာများသည် ကျောက်တစ်ပွင့်ကိုသွေးရာတွင် စက်ခုံကို အသုံးမပြုဘဲ လက်သွေးခုံကို အသုံးပြုကြ၏။ လက်သွေးခုံဆိုသည်မှာ စားပွဲငယ်တစ်ခု၊ မှတ်ပျဉ်တစ်ချပ်၊ ကျောက်သွေးညှပ်၊ ကျောက်တံအချို့ပါသော လက်မှုကိရိယာအစုအဝေးတစ်ခုသာ ဖြစ်သည်။ ကျောက်မျက်တစ်ပွင့်အား အယဉ်အဖြစ်သို့ ကူးပြောင်းရာတွင် ပထမဦးစွာ ပြုလုပ်ရသည့်အဆင့်မှာ ပုံလောင်းခြင်းပင် ဖြစ်၏။ အရိုင်းအနေအထားကိုကြည့်၍ ကျောက်ချိန်များများတင်စေရန် စဉ်းစားရသည်။ အဝိုင်း၊ လေးထောင့်၊ ဘဲဥပုံ မည်သည့်ပုံစံဖြင့်သွေးရမည်ကို အလေးပေးတွက်ဆရသည်။ ကနဦးတွင် အနည်းငယ်ကြမ်းသောမှတ်ဖြင့်တိုက်စားရ၏။တစ်ချက်ချင်း ဖြည်းညင်းစွာတိုက်စားရသည်။ မှတ်ကြမ်းလွန်းက ကျောက်မျက်ကြွေမွလွင့်စဉ်သွားတတ်သည်။ မှတ်ကြမ်းမှတ်နုများကိုသုံး၍ ပုံကြမ်းရပြီဆိုပါက အကွက်ချရသည်။ လောင်းစဉ်တွင် ဝါးကျောက်တံကိုသုံးပြီး အကွက်ချစဉ်တွင် သစ်သားကျောက်တံကိုသုံးရသည်။ ကျောက်မျက်အပေါ်မျက်နှာပြင် အကွက်ပေါင်း (၆၄) ကွက်အထိချရသည်။ အကွက်စုံချရခြင်း ဖြစ်သည်။ ရှစ်ကွက်၊ ရှာစုံ၊ မျက်ရိတ်စသည်တို့ဖြစ်သည်။ တန်ဖိုးနည်းအညံ့ကျောက်မျက်အချို့ကိုမူ အကွက်စုံချလေ့မရှိပါ။ ကျောက်မျက်၏ မျက်နှာပြင်အား အကွက်ချပြီးပါက ချွန်းပိုင်းကို အကွက်ချရသည်။ ကျောက်မျက်ကောင်းဖြစ်ပါက ဘာဘူကွက်များပါဝင်ရပါသည်။ အတော်အသင့်ကျောက်ဆိုက ပတ်ကွက်ချရာတွင် အကွက်အရေအတွက် အတိအကျမရှိပါ။ ကျောက်မျက်ပွင့်အား ကောင်းရန် ကျောက်မျက်၏ အရည်သွားလမ်းကိုကြည့်ပြီး သင့်လျော်သလိုချရသည်။ အမာကျောက်မျက်များသည် အရည်သွားလမ်းများပါရှိတတ်လေရာ ကျောက်သွေးဆရာ၏အဆုံးအဖြတ်သည် ကျောက်မျက်၏ အရည်ဟာမှု၊ အရည်ပြည့်မှုတို့ကို အဆုံးအဖြတ်ပေးသည်။ ကျောက်မျက်လုံးချောဂေါ်ကြီးများကို သွေးရာတွင် ပုံလောင်းအချောကိုင်ပြီး အရောင်တင်လိုက်ရုံဖြင့် ပြီးပြီဖြစ်ပါသည်။ ဂေါ်ကြီးကျောက်မျက်သွေးရာတွင် ကြယ်ထည့်ဖမ်းတတ်အောင် ကြိုးပမ်းရပါသည်။

တန်ဖိုးနည်းကျောက်မျက်များကို စက်ခုံနှင့်သွေးသော်လည်း သိန်းကျောက်၊ သန်းကျောက်များကိုမူ လက်ခုံနှင့်သွေးလေ့ ရှိကြပါသည်။ စက်ခုံနှင့်သွေးလျှင် စက်၏အရှိန်ကြောင့် မလိုလားအပ်သော ပြန်းတီးမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်သည်။ ယခုခေတ် မော်တာတပ်စက်ခုံနှင့်ဆိုပါက ပို၍ထိန်းရန် ခက်ခဲတတ်ပါသည်။

## ▫ ကျောက်သွေးညှပ်၊ ကျောက်သွေးမှတ်၊ ကျောက်သွေးတံများ

ကျောက်သွေးညှပ်မှာ (၂)မျိုးရှိပါသည်။ ကျွဲချိုနှင့်ပြုလုပ်ထားသောညှပ်၊ သံဖြင့်ပြုလုပ်ထားသောညှပ်များ ဟူ၍ ဖြစ်သည်။ ကျွဲချိုညှပ်မှာ မိုးကုတ်ရိုးရာညှပ်ဖြစ်ပြီး သံညှပ်မှာ မန္တလေးပြင်သစ်သမားများသုံးသောညှပ် ဖြစ်ပါသည်။ သို့သော် ၎င်းမန္တလေးညှပ်နှင့်လည်း မိုးကုတ်ကျောက်မျက်များကိုသွေးနိုင်ပါသည်။

ကျောက်သွေးမှတ်များမှာ အမျိုးမျိုးရှိပါသည်။ လောင်းမှတ်၊ ချောမှတ်၊ အရောင်တင်မှတ်တို့ ဖြစ်ကြပါသည်။ ရှေးယခင်ကာလကမူ သတ္တုမှတ်စာကို သွန်းပါတ်နှင့်သူအသုံးပြု၍ မှတ်ကြမ်း၊ မှတ်နု၊ မှတ်ချောများကို ချိတ်ဖြင့်ရောနှောဖော်စပ်အသုံးပြုကြသည်။ ယခုအခါတွင် စိန်မှတ်များ ပေါ်လာပြီဖြစ်သည့်အတွက် မှတ်ဖော်စပ်မှုနည်းပါးလာကြ၏။ အရောင်တင်ရာတွင်လည်း ယခင်က အရောင်တင်ဆေးအဖြစ် အင်ကြင်းကျောက်မှုန့်၊ သဘာဝကျောက်မျက်မှတ်စာမှုန့်တို့ကို အသုံးပြုခဲ့ကြသော်လည်း ယခုအခါတွင် နိုင်ငံခြားမှလာသော စိန်ဆီကို အသုံးပြုကြသည်။ စိန်ဆီမှာလည်း နံပါတ်မျိုးစုံရှိသောကြောင့် လောင်းချော၊ အရောင်တင်တို့တွင် သွန်းပါတ်နှင့်သူ အသုံးပြုရသည်။

ကျောက်မျက်များကိုလောင်းခြင်း၊ ချောခြင်း၊ အရောင်တင်ခြင်းများပြုကြရာတွင် အကူပစ္စည်းအဖြစ် ရေများ၊ အုန်းဆီများကို အသုံးပြုကြရပါသည်။ ကျောက်မျက်အညံ့များကို အရောင်တင်ရာတွင် ဖော်ပြခဲ့ပြီးသော အရောင်တင်ဆေးနှင့် ဆာဖြူရစ်အက်စစ်ကိုရော၍ အသုံးပြုရသည်။ အမာကျောက်မျက်များကို အရောင်တင်ရာတွင်မူ စိန်ဆီနှင့် အုန်းဆီကို ရောနှော၍တင်ရပါသည်။ အညံ့ကျောက်မျက်ကို အရောင်တင်ရာတွင် သံပျဉ်၊ ကြေးပျဉ်၊ ကျောက်ပျဉ်တို့နှင့်တင်နိုင်ပါသည်။ ကျောက်မှတ်ပျဉ်ကို သီပေါနယ်နှင့်ကသာမြို့နယ်တို့မှ ထွက်သော ကျောက်ခဲကို အသုံးပြုကြ၏။ အဝိုင်းပုံလိုးဖြတ်ပြီး စက်ခုံတွင်တပ်ဆင်ကြသည်။ အလွန်ပျော့သော ကျောက်မျက်အညံ့များကို သက္ကလတ်စ၊ ဝါးကြောစသည်များဖြင့် ပွတ်တိုက်အရောင်တင်ကြသည်။

ကျောက်သွေးတံများမှာလည်း သုံးမျိုးရှိသည်။ ဝါးကျောက်တံ၊ သစ်သားကျောက်တံ၊ သံကျောက်တံ ဟူ၍ဖြစ်သည်။ ဝါးကျောက်တံကို လောင်းခြင်း၊ ချောခြင်းတို့တွင်သုံးသည်။ သစ်သားကျောက်တံ၊ သံကျောက်တံတို့ကိုမူ အကွက်ချခြင်း၊ အရောင်တင်ခြင်းတို့တွင်သုံးပါသည်။ ကျောက်မျက်များကို လောင်း၊ အကွက်ချ၊ အရောင်တင်ရာတွင် ကျောက်တံဖျား၌တွယ်ကပ်နေစေရန် ထုံးဖယောင်းဟုခေါ်သော စေးကပ်နိုင်သည့်အရာနှင့်အသုံးပြုရ၏။

အထက်ဖော်ပြပါအကြောင်းအရာများသည် စာရေးသူ လက်လှမ်းမီ သိရှိသမျှကို စာဖတ်ရှုသူများ သိရှိနိုင်ရန် ရေးသား တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ပြီးပြည့်စုံမှုတော့ဖြစ်ပြီဟု မဆိုနိုင်ပါ။ စာရှုသူများ မိုးကုတ်ကျောက်မျက်နယ်နှင့် မိုးကုတ်ကျောက်မျက်အကြောင်းအရာများကို အတော်အသင့်သိသွားပြီဆိုပါက ရေးသားရကျိုးနပ်သွားပေသည်ဟု ယူဆပါသည်။ ဤဆောင်းပါးအပါအဝင် ယခင် အမှတ် (၁)၊(၂)ဆောင်းပါးများသည် မိုးကုတ်မြို့နယ်၏ မိုးကုတ်ကျောက်မျက်ရတနာလောကရဲ့ လူနဲ့သဘာဝဆက်ဆံရေးဟူသောအကြောင်းအရာများသာဖြစ်ကြပါသည်။ အကျိုးအကြောင်းတိုက်ဆိုင်လာပါက 'မိုးကုတ်ကျောက်မျက်လောကရဲ့ လူနဲ့လူချင်းဆက်ဆံရေး' ဟူသော အကြောင်းအရာများကို ရေးချင်ပါသေးသည်ဟု ကတိပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

မောင်လှိုင်သစ်(မိုးကုတ်)

(ဤဆောင်းပါးပါ ဓာတ်ပုံများကို အင်တာနက်မှ ကူးယူအသုံးပြုထားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ယခုလို -

မိုးတဝေါဝေါရွာနေသည့် ဝါခေါင်လရောက်လာပြီဆိုလျှင် -

ကျွန်ုပ်သတိတရရှိခဲ့သည်များကို တရိပ်ရိပ်ပြန်မြင်ယောင်လာ၏။

မေ့လို့လည်းရမည်မဟုတ်ပါ။

နှစ်ပေါင်းလေးဆယ်ပင်ကျော်ခဲ့ပါပြီ။

ဆရာသခင်ထံသို့ ဆရာအလွန်ရှိသေလွန်းသော ဘုန်းဘုန်းကြီးနှင့် ဆရာ၏ဆရာကြီးတို့ မကြာမကြာရောက်ရောက်လာကြလေ့ရှိ၏။

ဆရာကြီးတစ်ဦးတည်းလာတတ်သလို တစ်ခါတစ်ခါ ဘုန်းဘုန်းကြီးနှင့် ဆုံပြီးလာတတ်၏။ ဆရာ့အိမ်ရောက်သည်နှင့် ပညာအကြောင်း၊ ဓာတ်အကြောင်း၊ အင်္ဂရတ်အကြောင်းများ ဆွေးနွေးတိုင်ပင်ပြောဆိုကြလေ့ရှိ၏။

# ဆရာဦးဟောင်မောင်သန်း

(ရှမ်းရိုးမအေးမြ[illegible])

## ပညာသင်ကာလအတွေ့အကြုံများ



သူတို့ပြောကြသောပညာစကားများမှာ မြင့်မားလွန်း၍ ကျွန်ုပ်မှာ နားမလည်လွန်းသောကြောင့် မျက်နှာများကိုလိုက်လိုက်ကြည့်ပြီး ပြုံးလိုက်ရယ်လိုက်နှင့်သာ အချိန်ကုန်ရလေ့ရှိ၏။

ကျွန်ုပ်ကံကောင်းချင်သည့်အခါမျိုးတွင် ဤသို့ဆုံကြခိုက် ဆရာသခင်ထံသို့ တစ်ယောက်ယောက်များ လာမေးလိုက်ပြီဆိုသည်နှင့် ကိုယ့်အမြင်နှင့်ကိုယ် ဟောကြတော့၏။ ဟောကိန်းများမှာ မကြားဘူးသောပညာခန်းများဖြစ်လေရာ ကျွန်ုပ်မှာ နားထောင်ရင်း၊ ငေးကြည့်ရင်း အသက်ရှူရန်ကိုပင် မေ့နေတတ်၏။

ကျွန်ုပ်၏ အလုပ်များဖြစ်သည့် ရေနွေးအိုးချပေး၊ လက်ဖက်ရည်ပြေးဝယ်၊ ငွေပေး၊ ဆေးလိပ်ကွမ်းယာပြေးဝယ်၊ ထွေးခံချ၊ ထွေးခံသွန်၊ မျက်တောင်မခတ်ထိုင်စောင့်ကြည့်၍ လိုတာအကုန်ပြေးဝယ်စသည်များကို လုပ်သာလုပ်နေသည် နားက ဟောကိန်းများဆီမှာမရွေ့။

တစ်ခါတစ်ခါ ရောက်ချိန်မှပြန်ချိန်ထိ ဖိုရုံထဲဝင်ပြီး ဖိုဆွဲပေးရ၏။ ဤသို့ ဖိုဆွဲနေရလျှင် ဟောကိန်းများကိုအသေးစိတ်ကြားရ၏။

သူရဇ္ဇတိုင်ဟာ ဒါပဲဟုသင်ပြီး သောကြာတိုင်သင်ဖို့ ခြောက်လ၊ ခုနစ်လစောင့်ရသည့်အခါမျိုးတွင် ဟောကိန်းများမှာ ပြန်လှန်လေ့ကျင့်ခန်းဖြစ်၍နေပါတော့သည်။

ကျွန်ုပ်သည် -

ပညာကို အလွန်ချစ်လွန်းသူဖြစ်ရာ စားလည်းသည်စိတ်၊ အိပ်လည်းသည်စိတ်၊ သွားလည်းသည်စိတ်နှင့် အချိန်ကုန်၍ကုန်မှန်းမသိပါ။ ကြိုးစားနေရသည်ကိုပင် အလွန်ပျော်ရွှင်နေမိ၏။ အခက်အခဲများ၊ အထစ်အငေါ့များနှင့်ရင်ဆိုင်ရသည့်အခါတိုင်း စာမေးပွဲဖြေနေရသည်ဟု ကြံဖန်ဂုဏ်ယူ၏။ ဆရာသခင်၏အနီးတွင် နေထိုင်ခွင့်ရလျှင် အလွန်လုံခြုံ၏။

ဆရာသည် သူအလွန်ကြည်ညိုသောဘုန်းဘုန်းကြီးနှင့် သူ၏ဆရာတို့ ဆုံကြပြီဆိုလျှင် မျက်နှာမှာ ပြုံးနေတတ်၏။ အလွန်မြင်ရတွေ့ရခဲလှသောအပြုံးကိုမြင်ရ၏။

ထိုသို့ဆုံကြပြီဆိုလျှင် ပညာခန်းများတစ်မျိုးစီ၊ အမြင်တစ်မျိုးစီထွက်လာပါတော့၏။ မြင်ကြပုံချင်း မတူကြပါ။ ကိုယ့်အမြင်နှင့်ကိုယ်မြင်ကြခြင်းသာဖြစ်ပါသည်။ ကိုယ့်မြင်ပုံနှင့်ကိုယ်ဆုံးဖြတ်ပြီး အဖြေထုတ်ကြသည့်အခါ အဖြေမှာသွားတူနေသည်ကို အံ့ဘနန်းတွေ့ရလေ့ရှိ၏။

ဘုန်းဘုန်းမေးလျှင် တစ်ခွန်းတလေလျှောက်ခွင့်ရသလို၊ ဆရာကြီးမေးလျှင် တစ်ခွန်းတလေပြောခွင့်ရရုံမှလွဲပြီး ကျန်အချိန်များတွင် ကျွန်ုပ်စကားပြောခွင့်မရပါ။

ကိုယ့်အယူအဆနှင့်ကိုယ် ပညာခန်းများသုံးသပ်ကြပြီဆိုသည်နှင့် ကျွန်ုပ်မှာ သဘောကျလွန်း၍ ပြုံးနေရလေ့ရှိ၏။ ဘာများကြားရမလဲ၊ ဘာများကြားရမလဲဟူသော စိတ်တထိတ်ထိတ်နှင့် နားထောင်နေရသည်ကိုက ဘာနှင့်မှမလဲနိုင်သောပီတိဖြစ်၏။

ယနေ့သည် -

ဝါခေါင်မိုးဖြစ်၍လားမသိ -

သဲသဲမဲမဲကြီးကိုရွာနေ၏။

တိတ်ဆိတ်စွာလှုပ်ရှားနေကြသည့် ပတ်ဝန်းကျင်တွင် လူရိပ်တစ်ခု ရိပ်ခနဲမြင်လိုက်ပြီး ကျောခိုင်းရပ်ရင်း မိုးစိုနေသည့်ထီးကိုပိတ်ကာထောင်နေသည့်ပုဂ္ဂိုလ်အား ကြည့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထီးကိုထားပြီးမှ မျက်နှာလှည့်လာရာ ဆရာနှင်းကန်ပြောတတ်လျှင် စိတ်မဆိုးတတ်သော ကိုထွန်းစံ၊ ဆရာ့ကို အလွန်ခင်သော ကိုထွန်းစံ၊ ဆရာ့အိမ်နားလေးတွင်ပင်နေထိုင်သော အိမ်နီးနားချင်းကိုထွန်းစံ။

သူက နာရီပြင်သူဖြစ်၏။ နာရီပြင်ရင်းမှ အဆက်အသွယ်ကောင်းများနှင့် ခင်မင်ချိတ်ဆက်မိပြီး မြိတ်ကို စက်လှေနှင့် ကုန်ကူးနိုင်သည်ထိ အခြေအနေကောင်းလာ၏။ သူက စကားပြောလျှင် အတည်ပေါက်နှင့်နောက်တတ်သောကြောင့် ဆရာသခင်သည် သူ့ကို ဆူရငေါက်ရလေ့ရှိ၏။ ကိုထွန်းစံက ဆရာမည်မျှပြောပြော အပြုံးမပျက်။

ကိုထွန်းစံကသာ စကားဟောင်းဖွာဟောင်းဖွာပြောချင်ပြောမည် ဆရာသခင်က ပြုံးလိုက်၊တည်လိုက် စသောအမူအရာများ၊ ခေါင်းညိတ်၊ခေါင်းခါများနှင့်သာ ပြန်ပြောတတ်လေ့ရှိ၏။

အင်း - ခက်ပြီ၊ ကိုထွန်းစံလာတဲ့အချိန်က အာရုံတွေစူးစိုက်ပြီး အလုပ်ကိုယ်စီလုပ်နေကြတဲ့အချိန်ဖြစ်နေပြန်ပြီ။ သူကလည်း လာရင် အလိုက်သိသိနှင့် ငြိမ်နေသူမဟုတ်။ မလိုအပ်ဘဲ စကားပြောရင်ပြောသည်၊ ဟိုမေးဒီမေး စပ်စပ်စုစုမေးသည့်အခါမေးသည်။ ခက်ပြီဟု တွေး၍မှမဆုံးသေး -

ဘုန်းဘုန်းကြီးအနားသို့တိုးကပ်သွားပြီး ဦး(၃)ကြိမ် ဝတ်ပြုရင်း ခပ်တိုးတိုးနှင့်လျှောက်နေ၏။ ဘာမှန်းတော့မသိပါ။ ဆရာသခင်သည် ဖိုရုံထဲမှာ အလုပ်လုပ်နေရင်းမှ ကိုထွန်းစံကို တစ်ချက်လှမ်းကြည့်၏။

ဘုန်းဘုန်းသည် အိမ်ကြမ်းပြင်တွင်ထိုင်နေရာမှ ဘုရားဆောင်ရှေ့ရှိ ပက်လက်ကုလားထိုင်ပေါ် သွားထိုင်ရင်း လည်ပင်းမှ ဂမုန်းပေါင်းစုံပုတီးမည်းကြီးကိုဖြုတ်လိုက်၏။ ပြီးမှ တစ်လုံးချင်း အေးချမ်းစွာစိပ်နေ၏။ ကိုထွန်းစံကလည်း ဘုန်းဘုန်းဘာမိန့်မည်ကို စိတ်လောစွာ နားစွင့်နေဟန်နှင့် ရှေ့သို့ အနည်းငယ်ထပ်တိုးလိုက်ပြီး ဘုန်းဘုန်း၏မျက်နှာကိုသာ ငေးကြည့်နေ၏။

"အင်း - ဒကာကြီး၊ အခါအလိုအရ စီးပွားရေးအညွန့်ဂြိုဟ် ဗုဒ္ဓဟူးကို မီးခဲတွေမီးတောက်တွေညှပ်သတ်ကုန်ပါရောလား။ ဘာလို့လဲဆိုတော့ ဒီနေ့က သောကြာနေ့ နေ့ခင်း ဘောမအခါဖြစ်နေလို့ပဲ"

"တပည့်တော် နားမလည်ပါဘူးဘုရား"

"အေး - နားမလည်တော့လည်း ပြောရမှာပေါ့။ အပူတွေညှပ်ကုန်ပြီ။ မန္တကဂတိနဲ့ဟောလည်း အပူတွေညှပ်နေပြီ။ တေဇောတွေ ဒါလောက်ညှပ်သတ်ခံရတော့မှ မင်းစီးပွားတော့ဒုက္ခပဲ။ ညှပ်ခံနေရတဲ့အညွန့်ဂြိုဟ် ဗုဒ္ဓဟူးက ရေဂြိုဟ်လေကွယ်။ အင်း - ထိပြီ. . . မင်းအပူတွေ့တော့မယ်"

ကိုထွန်းစံ မျက်နှာကွက်ခနဲပျက်သွား၏။ကြည့်ရသည်မှာ သူ၏စီးပွားရေးကိစ္စကိုမေးလျှောက်ရန် အစချီလိုက်ပုံရ၏။ ဘုန်းဘုန်းမိန့်ပြီးသောအခါ ကိုထွန်းစံ၏မျက်နှာမှာ ဣန္ဒြေစတင်ပျက်စပြုလာ၏။ တောင်ကြည့်မြောက်ကြည့်ဖြစ်လာ၏။



ဝ - မီးတောက်

ရေ - ၄

၁ - မီးခဲ

၃ အင်္ဂါအခါ

၆

၂

၅



www.burmeseclassic.com

ကိုထွန်းစံကိုပြောလိုက်သောအခါ ဖြစ်ပါသည်။ ဘုန်းဘုန်းမိန့်လိုက်ပုံမှာ ဘာမှထူးထူးဆန်းဆန်းမပါပါ။ တိုင်စဉ်နှင့်ကြည့်လျှင်ပင် ရိုးစင်းလွန်းလှပါသည်။ သို့သော် ဤအရိုးစင်းဆုံးသည် လေးညှို့မှပစ်လွှတ်လိုက်သောမြားသို့နှယ် ကိုထွန်းစံ၏ရင်တွင်းသို့ ဖောက်ဝင်သွားတော့လေရာ. . .

ကိုထွန်းစံသည် မျက်နှာပျက်ပျက်နှင့်ပင် ဘုန်းဘုန်းနှင့်ခပ်လှမ်းလှမ်းရှိ ထန်းချောဖျာကြီးပေါ်တွင်ထိုင်နေသော ဆရာကြီးကိုလှမ်းကြည့်လိုက်၏။ ဆရာ့ထံ မကြာခဏလာနေကျဖြစ်၍ ဆရာကြီးကိုလည်း မျက်မှန်းတန်းမိနေလေရာ ကိုထွန်းစံ ပြုံးပြလိုက်၏။ သူ့အပြုံးမှာ အားကိုးရှာသည့်အပြုံးမှန်း မပြောဘဲသိနေ၏။

ဆရာကြီးထိုင်နေပုံမှာ ဘယ်ဒူးပေါ် ညာခြေတင်ပြီး ဟန်ပန်အပြည့်နှင့်ဖြစ်သောကြောင့် သိုင်းဆရာကြီးတစ်ဦးနှယ် ဝင့်ထည်လှ၏။

ဘယ်ဘက် လက်ဝါးပေါ်တွင် ဓာတ်လုံးတစ်လုံးကိုတင်ပြီး ညာဘက်လက်နှင့်ကိုင်ထားသော မှန်ဘီလူးကြီးနှင့်ကြည့်နေရာမှ ကိုထွန်းစံကို လှမ်းပြီးပြုံးကြည့်လိုက်၏။ ဆရာကြီးကြည့်နေသော ဓာတ်လုံးမှာ ဘုန်းဘုန်းကြီးပြောစကားအရ ဆေးဒါန်းလုံး ဖြစ်၏။

သက်ပြင်းမတိုမရှည်တစ်ခုကိုချလိုက်ရင်းမှ -

"ထွန်းစံ"

"ခင်ဗျာ ဆရာကြီး"

"အေး - ငါကလည်းမပြောပါဘူးလို့နေတာ၊ ဘာလို့လဲဆိုတော့ မပြောချင်လို့။ မင်းကလည်း ငါ့ဆီက ဘာသံထွက်လာမလဲဆိုတာကိုမျှော်နေပြန်တယ်၊ ငါသိတယ်။ ဒီတော့ ပြောတော့ပြောလိုက်ပါဦးမယ်။ မင်းဒီအိမ်ဝရောက်တော့ အိမ်ရှေ့နားမှာ ကျီးနှစ်ခါအော်တယ်။ အဲဒါကိုကခက်သွားတာကွယ့်။ ဘာလို့လဲဆိုတော့ ခွေးနှစ်ကောင်ကိုက်တဲ့နိမိတ်ဆိုရင်တော့ မင်းကျိန်းသေထိပေါက်မှာ၊ ငွေအစုလိုက်အပုံလိုက်ကိုဝင်မှာ ငါအခိုင်အမာပြောတယ်။ ခုတော့ကွယ် - ကျီးနှစ်ခါအော်တော့ အင်္ဂါအခါမှာ ဂဗ္ဗေပျက်ပြီ။ ဒီတော့ မင်း အားကိုးတကြီးနဲ့ ငါ့ကြည့်လို့ ငါပြောရမယ်ဆိုရင် မင်းပြောနေတုန်းမှာ မင်းစီးပွားတွေထိနေလောက်ပြီ။ တစ်ခုခုဖြစ်နေလောက်ပြီ။ ငါပြောမထွက်လို့ပြောမထွက်အောင်နေပါသေးတယ်။ မင်းကစလိုက်တာကိုး။



မင်းပြောစေချင်တဲ့အကြည့်ကိုငါသိတော့လည်း အင်း. . ."

ပြောရင်းနှင့် ဆေးပြင်းလိပ်တိုကြီးကို ဓာတ်မီးခြစ်ခြစ်၍ မျက်ခုံးရှုံ့ရင်းညှိနေ၏။

ကိုထွန်းစံမျက်နှာမှာ ဆရာကြီးဆီတွင်မရှိတော့။ အနီးရှိ ရေနွေးခရားအိုးမှ ရေနွေးကို အကြမ်းပန်းကန်လေးထဲငှဲ့ထည့်ရင်း ဘာမှမဖြစ်သလိုအမူအရာနှင့် အေးအေးဆေးဆေးဆက်ထိုင်သောက်နေ၏။ ကျွန်ုပ်သိပါသည်။ သူ့အမူအရာမှာ စိတ်လှုပ်ရှားမှုများကို မရရအောင်ချုပ်ထားပြီး ဘာမှမဖြစ်သလိုလုပ်နေမှန်း သိပါသည်။

သူ့အမူအရာကို ဆရာကြီးက ဆက်မကြည့်တော့။ ဆေးပြင်းလိပ်ကို ဆေးလိပ်ခွက်ပေါ်တင်ပြီး ဘယ်ဘက်လက်ဝါးပေါ်မှဓာတ်လုံးကို မှန်ဘီလူးကြီးနှင့် ဆက်ကြည့်နေ၏။

ဘုန်းဘုန်းကြီးက လက်ထဲမှ ဂမုန်းပုတီးအနက်ကြီးကို တစ်လုံးချင်းငြိမ်သက်စွာစိပ်ရင်း မျက်လုံးမှိတ်ထား၏။

ကျွန်ုပ်က ဆရာသခင်ခိုင်းထားသည့်အတိုင်း 'နာပြဒါး'တွဲရန် လေဖိုကို မီးသွေးထပ်အုပ်နေရင်းမှ အနီးရှိ ဆရာသခင်အား လှမ်းကြည့်လိုက်၏။ ဆရာ့ပုံမှာ သိုင်းမင်းသားဟန်ပေါက်နေ၏။ အနားများစုတ်နေသောဘောင်းဘီရှည်ကို ဒူးပေါ်သည်ထိ ဟန်ပါပါလိပ်ထား၏။

လုံးကို ဇော်မံမံနေရင်းမှ ကိုထွန်းစံကို မျက်နှာကြောတင်းတင်းနှင့် လှမ်းကြည့်နေသောကြောင့် ကျွန်ုပ်ပင်လျှင် မီးသွေးများကိုင်ထားရင်း စိတ်ဝင်တစားအကဲခတ်နေ၏။ ဆရာသခင်သည် ဘုန်းဘုန်းကြီးနှင့် သူ့ဆရာကြီးတို့ သူ့ထံကြွလာပြီဆိုလျှင် မျက်နှာစိမ်းလာ၍ လုံးဝမကြိုက်မှန်း ကျွန်ုပ်သိထား၏။ ကိုထွန်းစံ အလိုက်ကန်းဆိုးမသိ စကားလာပြောဖူး၍ ဆရာတစ်ခါအော်ခဲ့ဖူးပါသည်။ ကိုထွန်းစံက ရယ်ကြဲကြဲနှင့် အလွန်အသိရခက်၏။ ဆရာမည်မျှပြောပြော မျက်နှာပျက်သည်ကိုမတွေ့။

"ထွန်းစံ၊ မင်းတော်တော်အလိုက်ကန်းဆိုးမသိတဲ့ကောင်ဘဲ"

"ဟာ - ဆရာသမားကလည်း"

"ဆရာမသမားနဲ့ တို့ဒီမှာဘာလုပ်နေကြလဲ မင်းမျက်စိမပါဘူးလား"

"ပါပါတယ် ဆရာသမားရဲ့၊ ဒီမှာပြောနေကြတာတွေကိုစဉ်းစားနေတာပါ။ ဆရာကြီးကလည်း ကျီးအော်တာတွေ၊ ခွေးကိုက်တာတွေနဲ့ စုံနေတာပဲ။စက်လှေ့အခြေအနေလေးသိချင်လို့ အဲဒါ"

ကိုထွန်းစံစကားကြောင့် သူနှင့်နီးနီးတွင်ရှိသောဆရာကြီးသည် ခေါင်းကို (၄၅)ဒီဂရီခန့်စောင်းပြီး မျက်လုံးလှန်၍ လှမ်းကြည့်နေ၏။ ဒီကောင် ငါပြောတာနားမလည်ပါးမလည်နဲ့ ဘာတွေသွားပြောနေပြန်တယ်မသိဘူး။ ဟိုက စိတ်တိုတိုနဲ့လှမ်းပြောလိုက်ရင် ဒိထက်နာဦးမယ်ဟူသောအဓိပ္ပာယ်နှင့် ကိုထွန်းစံဆီမှမျက်လုံးကို ကျွန်ုပ်ထံရွှေ့လိုက်၊ ကျွန်ုပ်ထံမှ ဆရာ့ထံရွှေ့လိုက်၊ ဆရာ့ထံမှ ကိုထွန်းစံထံပြန်ရွှေ့လိုက်နှင့် ပြုံးယောင်ပြုံးတုံ့လုပ်ပြီးရွှေ့နေ၏။ သူမျက်လုံးရွှေ့ပုံမှာ ဂျပန်ဂျူဒိုဇာတ်ကားများထဲမှ ဂျူဒိုဆရာကြီး မျက်စိရွှေ့ပုံနှင့်တူနေသောကြောင့် ကျွန်ုပ်မှာ သဘောကျစွာပြုံးရင်းကြည့်နေလိုက်ပါသည်။

"မင်းကဘာလဲ ထွန်းစံ၊ ဘုန်းဘုန်းနဲ့ ငါ့ဆရာကြီးပြောတာကို အထင်သေးတာလား။ မဖြစ်နိုင်ဘူးဆိုပြီး တွေးနေတာလား။ ငွေရှိရင်ဘာမဆိုလုပ်လို့ဖြစ်ပါတယ်ဆိုတဲ့ပုံစံနဲ့ ပြုံးနေတာလား"

"ဟာဗျာ - ဆရာသမားကလည်း၊ ကိုယ့်ဟာကိုယ်ပြုံးတာတောင် မပြုံးရဲလောက်အောင်ဖြစ်နေပါလား"

"မသိဘူးလေ မင်းပုံစံက"

"ဆရာသမားကလည်း ဘုန်းဘုန်းနဲ့ ဆရာကြီးတို့ပြောတာ ရှင်းသလိုလို မရှင်းသလိုလိုနဲ့ဖြစ်နေတာလည်းပါတယ်။ ကျွန်တော်လာတုန်းကလည်း ဘာမှမကြားမိဘူးဆိုတော့ အဲဒါ ဘယ်လိုလဲပေါ့"

"ဩော် - အဲလိုလား။ ကဲ - ဒါဖြင့် ငါထပ်ပြောမယ်ကွာ။ ပြီးရင်တော့ မင်းအလိုက်သိပေးပါ။ တို့အလုပ် တို့လုပ်နေကြတာမို့ ဒီနေရာကနေ မင်းအမြန်ဆုံး

www.burmeseclassic.com

ပြန်လစ်ပေးပါ။ ဟော့ကောင် မော်မောင်သန်း"

"ဗျာ - ဆရာ"

"ဘာအခါလဲ"

"အင်္ဂါအခါပါ ဆရာ"

"အေး - သောကြာနေ့ အင်္ဂါအခါမှာ ဘာစီးပွားဖြစ်နိုင်မှာမို့လို့လဲ။ ဒါ ရှုတ်တရက်ရပ်ဆိုင်းခြင်းပဲ။ ကဲ - ထွန်းစံ သွားတော့။ မသွားဘဲပေတေတေကတ်တတ်တတ်လုပ်နေလို့ ငါထပ်ဟောရရင် မင်းပါထောင်ကျမယ့်အကြောင်းတွေ ငါပြောမိတော့မယ်"

ဆရာ၏ စကားဆုံးသည်နှင့် ကိုထွန်းစံသည် ရေနွေးငွဲ့မည့်ဟန်ပြုနေသောလက်ကို ကပျာကယာဆတ်ခနဲ ရုတ်လိုက်ပြီး ကျွန်ုပ်ကိုပြုံးပြကာ ခေါင်းညိတ်ရင်း ထပြန်သွားလေတော့၏။

ဘုန်းဘုန်းကြီး သက်တော် (၆၀) ကျော်မှာ (၆၀)ကျော်မှန်းမသိရလောက်အောင် နုပျိုလှ၏။ တရားရှုမှတ် ပုတီးစိပ်လွန်းသောကြောင့်လားမသိ ကြည့်ရသည်မှာ အေးချမ်းလှ၏။

ဆရာကြီးသည် (၆၀) ကျော်ခန့်ထင်ရသော်လည်း ဆရာသခင်ပြောစကားအရ (၇၀)ကျော်ဟုဆို၏။ သို့သော် ဆရာနှင့်အပြိုင် နုပျိုလှ၏။တစ်ခါတစ်ခါ မြေနီကုန်းမှ တောင်ဥက္ကလာအထိ ဆရာ့အိမ်ရှိရာသို့ လမ်းလျှောက်လျှောက်လာတတ်၏။ဆရာသခင်နှင့်စကားတပြောပြောလမ်းလျှောက်လျှင်လည်း တော်တော်ဝေးဝေးလျှောက်နိုင်၏။

ဘုန်းဘုန်းကြီးနှင့် ဆရာကြီးတို့သည် ဆရာ့အိမ်မှာဆုံလေ့ရှိကြ၏။ ဆုံသည့်အခါ အကြောင်းတစ်ခုပေါ်လာလျှင် ယခုလို ကြုံသလို တစ်ယောက်တစ်ပေါက်ဟောကြလေ့ရှိ၏။ ကိုယ့်အမြင်နှင့်ကိုယ်၊ ကိုယ့်အယူအဆနှင့်ကိုယ်ပြောတတ်ကြလေ့ရှိ၏။ ရှုထောင့်အမျိုးမျိုးမှ ကြည့်တတ်ကြသော်လည်း နောက်ဆုံးအဖြေသည် တစ်ခုထဲသာဖြစ်လေ့ရှိ၏။ ဆုံပြောကြသောဖြစ်ရပ်များသည်လည်းမလွဲကြ။ တစ်ဦးစီနှုတ်မှ မွဲတော့မယ်ဟော့ဟု ပြောလိုက်ကြပြီဆိုလျှင် ထိုလူသည် အတော်ကိုနာလန်မထူအောင် ဒုက္ခရောက်သွားလေ့ရှိ၏။ တစ်ဦးစီနှုတ်မှ မင်းချမ်းသာဖို့နိမိတ်တွေအကြောင်းတရားတွေတွေ့ရပြီဟော့ဟုဆိုကြလျှင် ထိုလူမှာ နေ့ချင်းညချင်း စီးပွားတရိပ်ရိပ်တက်လာတော့၏။ ထိပေါက်သလိုကိုဝင်လာတော့၏။

တစ်ဦးဟောလျှင် တစ်ဦးကအာရုံထားပြီး နားထောင်ခြင်း၊ ဝင်စွက်ခြင်း၊ ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ခေါင်းညိတ်ခြင်းလုံးဝမရှိ။ ကိုယ့်အမြင်နှင့်ကိုယ်ဟောကြလေ့ရှိ၏။ မည်သည့်အချိန်၊ မည်သည့်ကိစ္စမဆို ကိုယ့်အမြင်နှင့်ကိုယ်ဟောကြ၏။

အယူအဆမတူသူများဟုပြောရမလား၊ အယူအဆတူကြသူများဟုပြောရမလား ကျွန်ုပ်မပြောတတ်ပါ။

နိမိတ်နှင့်မြင်သူက နိမိတ်နှင့်ပြော၏။

တိုင်စဉ်နှင့်ကြည့်သူက တိုင်စဉ်ကိုအားပြု၏။

သူတို့အမြင်ကို သူတို့ယုံကြ၏။ ဘေးဘီကိုကြည့်ပြီး ဘယ့်နှယ် - ကျုပ်ပြောတာဖြစ်နိုင်လားဟူသော အဓိပ္ပာယ်ပါသည့်အကြည့်မျိုးလည်း မမြင်ဘူးပါချေ။

ကိုယ့်ဟာကိုယ်ပြောနေသည့်စကားအပေါ် ယုံကြည်လွန်းရကား မသိလျှင် သူတို့မျက်စိနှင့် တပ်အပ်မြင်နေဘိသည့်အလား ခိုင်ခိုင်မာမာ အားရပါးရပြောကြလေ့ရှိ၏။

တော်ရုံလူသည် သူတို့အနားတွင် ကြာကြာထိုင်ရဲမည်မဟုတ် -

မေးရဲမည်မဟုတ် -

ကြောက်စရာကောင်းသောဟောကိန်းဆိုလျှင် ကြားသည်နှင့် သွေးပျက်သွားနိုင်၏။

ယခုလည်း ကိုထွန်းစံကို ကိုယ့်အမြင်နှင့်ကိုယ်ဟောလိုက်ကြလေရာ ကိုထွန်းစံလာမေးသည့်နေ့က သူ၏ကုန်ပစ္စည်းများပါသော စက်လှေကြီးသည် မြစ်မှတက်အလာ လမ်းတွင် ဝမ်းဗိုက်ကွဲပြီးနစ်သွားကြောင်းကြားရမည့်တစ်ရက်အလိုတွင်ဖြစ်ပါသည်။

နောက်နေ့တွင် လူကြုံရောက်လာပြီးအကြောင်းစုံလာပြောပြသည့်အတွက် ကိုထွန်းစံကိုယ်တိုင် မြစ်ဘက်ဆင်းလိုက်သွားခဲ့ရပါသည်။ လေးသိန်းဖိုးခန့်ဆုံးရှုံးသွားခဲ့ပါသည်။

မြစ်မှပြန်လာပြီးချိန်မှစ၍ ကိုထွန်းစံသည် ဘုန်းဘုန်းကြီး၊ ဆရာကြီးနှင့် ဆရာတို့ဆုံကြပြီဆိုလျှင် အိမ်ဘက်သို့လှည့်တောင်မကြည့်တော့ပါ။ ဆရာ့ကိုပင်လျှင် စကားကောင်းကောင်းမပြောတော့ပါ။

ကိုထွန်းစံ ပြောင်းလဲသွားလောက်အောင် -

ဟောခဲ့ကြပုံများမှာ မတူညီကြသောအယူအဆများဖြစ်ကြပါသည်။

• ဘုန်းဘုန်းကြီးသည် -

အင်္ဂါအခါတွင် ထွန်းစံ ဟူသောစနေနံပညတ်ကို 'မန္ဒုကဂတိ'ဟောကိန်းနှင့်ကြည့်ပြီး တနင်္ဂနွေကိုထောက်ပြသွား၏။

ကျွန်ုပ်၏သာမန်အမြင်နှင့်ဆိုလျှင် စီးပွားရေးအညွှန်းဂြိုဟ် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေ 'အင်းဝ'ဖြစ်သည်ဟူသာ 'ရန်'သဘောကိုပြောဆိုမိမည်သာဖြစ်၏။ သည့်ထက်မပိုလောက်ပါ။

သို့သော် ဘုန်းဘုန်းကြီးသည် အလယ်ကစီးပွားရေးနှင့်ဆိုင်သော ဗုဒ္ဓဟူးဂြိုဟ်ကို 'အန္တော'ညှပ်သတ်ပြီဟုပြောခဲ့၏။

မူလအခါဖြစ်သော 'အင်္ဂါ'အခါ၏နံတော့စဉ်ကိန်းအရ ဘုရားရှင် ပရိနိဗ္ဗာန်စံချိန်ကို ယူဆသွားနိုင်သည်ဟုလည်း ကျွန်ုပ် ရိုးစင်းစွာမြင်ပါသည်။ အခြားပညာခွင်အယူအဆများကို ကျွန်ုပ်မမြင်တတ်ပါ။ ဘုန်းဘုန်းကြီးသည်လည်း နိမိတ်ကို အလွန်ကြည့်နိုင်စွမ်းလှ၏။ ကိုထွန်းစံကိစ္စအား အခြားမည်သည့်နိမိတ်၊ မည်သည့်အယူအဆများနှင့်ယူလိုက်မှန်း ကျွန်ုပ်ဉာဏ်မမီပါ။

• နဝင်းမှာရှိနေသည့် စနေကိုအကောင်းလုံးဝမဟောခဲ့ပါ။ ဒုက္ခရောက်မည့်အကြောင်းကိုသာ ထောက်ပြသွား၏။

ဤဟောကိန်းကိုကြည့်ရင်း ကျွန်ုပ်လည်း ယောင်ချာချာဖြစ်ခဲ့ရပါသည်။ နောက်နေ့ တွေ့သမျှအခါတိုင်း ကြုံရသည့် နဝင်းမှန်သမျှကို မျက်တောင်မခတ်စတမ်း ကြည့်ရပါတော့သည်။ ရဲရဲမဟောရဲတော့ပါ။

အညွှန်း-စီးပွား
၀ - မီးတောက်. . . ထွန်း၏
၄ - ရေ
၁ - မီးခဲ . . .

'မန္ဒုကဂတိ'ချိန်ခြင်း
(ဖားကဲ့သို့ခုန်သွားရာ
တစ်ခုကျော်)

အင်္ဂါအခါ - ၃
၆
၂
၅

ဘုန်းဘုန်းကြီးသုံးသပ်သွားခဲ့ပုံများကို တိုင်စဉ်နှင့်ပြသလိုက်ပါသည်။

ဆရာကြီးသည် -

www.burmeseclassic.com

အင်္ဂါအခါတွင် ကျီးနှစ်ခါအော်သည့်နိမိတ်ကိုကြားလိုက်ကြောင်းဆို၏။ အခိုက်နိမိတ်ကို ဆိုလိုက်ခြင်း ဖြစ်ပါသည်။

ထိုအခိုက်နိမိတ်အသံကြောင့် ဂဗ္ဗေ (ပထဝီ)ပျက်သည်ဟုအခိုင်အမာဆိုလိုက်ပြန်ပါသည်။

ဤအချိန်တွင် ခွေးနှစ်ကောင်ကိုက်သည့်နိမိတ်မြင်လျှင် ထီတောင်ပေါက်မည်ဟုပြောခဲ့၏။

၀
၄
၁
၃ **အင်္ဂါအခါ**
၆
ဂဗ္ဗေ → ၂ - **နိမိတ်-အသံကြား(ကျီးနှစ်ခါအော်)**
ပျက် → ၅

ကျီးနှစ်ခါအော်သံကြား၍ စီးပွားရေးထိခိုက်မှုကို နိမိတ်ယူဟောပြခဲ့ခြင်းအား တိုင်စဉ်နှင့်ပြသလိုက်ပါသည်။

တတိယမြောက် ဟောဆိုလိုက်သောဆရာသခင်သည် တိုင်စဉ်လည်းမကြည့်၊ နိမိတ်လည်းမကြည့်ခဲ့ပါ။ ဆရာကြည့်ခဲ့သည်မှာ သောကြာနေ့အင်္ဂါအခါသာလျှင်ဖြစ်၏။

သောကြာနေ့သည် ဘုရားရှင်ဖွားတော်မူသောနေ့ဖြစ်ပြီး အင်္ဂါနေ့မှာ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသောနေ့ဖြစ်၏။

ဖြစ်ခြင်းနှင့်ပျက်ခြင်း နှစ်ခုထဲကိုသာကြည့်ပြီး တစ်ခွန်းတည်းပြောလိုက်ခြင်းဖြစ်၏။ နေ့နှင့်အခါအပေါ် အလွန်ပညာသားပါစွာ သုံးသပ်ပြသွားခြင်း၊ ဟောပြသွားခြင်း ဖြစ်ပါသည်။

တိုင်စဉ်မပါဘာမပါနှင့် ဟောပြသွားခဲ့ခြင်းဖြစ်ပါသည်။

ဟောခဲ့သောနေ့သည် သောကြာနေ့ဖြစ်၏။

သောကြာနေ့၏ အခြေခံယူဆပုံမှာ မြတ်စွာဘုရားရှင် ဖွားတော်မူခြင်းဖြစ်၏။ လောကကိုကယ်တင်နိုင်သောအသစ်အသစ်တို့ ဖြစ်လာကြပြီဟု ဖွင့်ဆိုနိုင်၏။

သူရသင့်တယ်ငါရသင့်တယ်ဟူသော အင်အားပြိုင်သည့်အကြောင်းတရားများဖြစ်လာရပြီ ဖြစ်၏။

အောင်မြင်မှုရသော်လည်း ရုတ်တရက် ဝမ်းသာရပြီး ကပျာကယာဝမ်းနည်းရသောအဖြစ်မျိုးဖြစ်သွားသည့်သဘောရှိ၏။

သောကြာနေ့ဟူသောအကြောင်းတရားသည် အခြေခံအားဖြင့်ဆိုရလျှင် သောကြာနေ့တစ်နေ့လုံးကို အချိန်နှင့်အမျှ လွှမ်းမိုးထား၏။

အခါသည် အင်္ဂါအခါဖြစ်၏။

အင်္ဂါအချိန်တွင် ကိုထွန်းစံရောက်လာခြင်းဖြစ်၏။

အင်္ဂါအခါ၏သတ္တိကိုကြည့်လိုက်လျှင် -

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ အားလုံးရပ်ဆိုင်းသွားခြင်းသဘောဖြစ်ပါသည်။

ခွဲခွာခြင်းအကြောင်းတရားတွေဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ဖြစ်နေသောအကြောင်းတရားများချုပ်ငြိမ်းသွားပြီးသည်နှင့်တစ်ပြိုင်တည်း ဝမ်းနည်းကြေကွဲခြင်းဖြစ်ကြရသည်။

ထိုသို့သဘောရှိကြသော သောကြာနေ့ အင်္ဂါအခါကိုယှဉ်တွဲကြည့်လိုက်လျှင် အကြောင်းအရာများသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်နှစ်ခုဖြစ်နေကြပြီ ဖြစ်၏။

ဤသို့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်များကို သုံးသပ်ဆင်ခြင်ရပြီဆိုလျှင် မည်သည့်ကိစ္စ၊ မည်သည့်အကြောင်းကိုဆိုဆို ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်အတိုင်းကိုသာ နှလုံးသွင်း လက်ကိုင်ထား၍ ဟောရမည်သာဖြစ်၏။

ယခု ကိုထွန်းစံကိစ္စတွင် စနေသားသည် စနေနဝင်းနှင့် လာသော်လည်း အောင်မြင်နေသည်ဟု ဟော၍မရတော့ပါ။ နိမိတ်အကူများကိုလည်း သတိပြုပါ။ ဟောလျှင်လည်း မှားသွားနိုင်ပါသည်။ ဟောရတော့မည်ဆိုလျှင် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်နေခြင်းကိုသာ ဟောရတော့မည်ဖြစ်၏။

ဤသို့ မွေးနေ့နှင့် ပရိနိဗ္ဗာန်ပြုသည့်အခါမှာလာသော အကြောင်းတရားတစ်ခုတည်းကိုသုံးသပ်၍ ဟောရသော ဟောကွက်ကို တစ်ခွန်းတည်း၊တစ်ချက်တည်းထုတ်ရမည်ဆိုပါက 'ဖြစ်တာတွေပျက်နေခြင်း' ဟုသာ ဟောရတော့မည်ဖြစ်၏။

ဆရာသခင်သည် ကိုထွန်းစံအား ဖြစ်တာတွေပျက်နေခြင်းအကြောင်းတရားကို ရိုးစင်းစွာပြောခဲ့ခြင်းဖြစ်ပါသည်။

နေ့နှင့်အခါ၏အဖြစ်ကို ရိုးစင်းစွာကြည့်ပြီးသုံးသပ်ခဲ့ရုံမှလွဲလျှင် တိုင်စဉ်မပါတော့ပါ။တိုင်စဉ်မပါတော့ပြီဖြစ်၍ နဝင်းဂြိုဟ်၊ ပဥ္စပွတ်ဂြိုဟ်၊ အညွန့်ဂြိုဟ်၊ မူလဂြိုဟ်၊ မိတ်ဂြိုဟ်၊ ရန်ဂြိုဟ်၊ မာတ်ဂြိုဟ်များလည်း လုံးဝမပါတော့ပါ။

ဤသို့ -

ထူးဆန်းစွာမြင်ကြ၊ သုံးသပ်ကြပုံများမှာ အချိန်ပြည့်မတွေ့ခဲ့ရပါ။ ဆရာဘုန်းဘုန်းကြီးနှင့် ဆရာကြီးတို့ဆုံမှသာမြင်ရတွေ့ရလေ့ကြားရလေ့ရှိ၏။သို့သော် ဆုံကြတိုင်း ဤသို့ပြောလေ့သုံးသပ်လေ့မရှိကြပါ။ ရှိတော့ရှိပါသည်။ အချို့ကိစ္စများဆိုလျှင် ကျွန်ုပ် လုံးဝနားမလည်၍ဘာမှန်းမသိခဲ့ပါ။

"ဒါက မာတ်တွဲနဲ့ကြည့်ရင် သူဖြစ်တဲ့ပြဿနာကရှင်းနေတာပဲ"

"ထင်သားပဲ၊ ငယ်တဲ့ကလေးက ကြီးတဲ့ကလေးကို တီးထဲ့လိုက်တာ ဟိုကြီးတဲ့ကောင် ခေါင်းပေါက်ပြီး ငိုသွားထဲက ထင်သားပဲ"

"ကြာသပတေးနေ့ တနင်္လာအခါပါဆိုမှ ဒါလောက်တော့ရှိမယ်လို့ပြောခဲ့ပြီးသားလေဗျာ ရှုပ်မနေနဲ့။ ဖြစ်တယ် ပျက်တယ်"

ဤသို့သော သုံးသပ်ပုံများကို မကြာခဏကြားရသော်လည်း သူတို့အလုပ်သူတို့လုပ်ရင်းပြောနေကြသည်ဖြစ်၍ မည်သည့်အကြောင်းကိစ္စကို မည်သို့ပြောနေမှန်းမသိပါပေ။ နားထောင်၍ကောင်းနေသည်သာရှိ၏။ မဖော်နိုင်၍၊ မတွေးတတ်၍ ပညာရခဲ့ခြင်းလည်းမရှိခဲ့သည်မှာ အကြိမ်ကြိမ်။

အချို့ကိစ္စများမှာ ကျွန်ုပ်၏မျက်စိရှေ့တွင်ဖြစ်သည့်အခါ ယခု ကိုထွန်းစံကို ဟောသကဲ့သို့ ပညာရ၏။ အားရပါးရနိုင်လှ၏။

ပီတိလည်းဖြစ်ရ၏။

ဤပီတိသည် -

မည်သည့်အခါမျှ ပျောက်ပျက်သွားမည်မဟုတ်ပါ။

ဟောင်းလေသစ်လေ ဖြစ်၏။

ထို့ကြောင့် -

ဤပီတိဖြင့် ပီတိမျှဝေချင်လွန်း၍

မြန်မာ့ပညာရှင်ကြီးများ၏ ရိုးစင်းစွာသုံးသပ်ကြပုံကို လျှပ်တစ်ပြက်မြင်ခဲ့ကြားခဲ့၊ ပညာယူခဲ့ရဖူးသည့်အတိုင်း ပြန်လည်မျှဝေခံစားတင်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

❑

နှစ်ပေါင်းလေးဆယ်ပင်ကျော်ခဲ့ပါပြီ။

ယခုလို -

မိုးတဝေါဝေါရွာနေသည့် ဝါခေါင်လရောက်လာပြီဆိုလျှင် -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)

www.burmeseclassic.com

# ဆေးမဟာဂါကြံ့ဆစ်အရွက် ဆေးဖက်ဝင်ပုံ

အဏ္ဏဝါလှိုင်း

ဆေးရွက်မှာ (၂ ၁/၂" × ၁ ၁/၂") အရွယ်ရှည်မျောမျောအစိမ်းရောင်ဖြစ်၏။ အရွက်၏အလယ်တွင် အနက်ရောင် ဆိတ်ခွာပုံသဏ္ဍာန်အစက်များပါရှိ၏။ စားကြည့်သောအခါ ခါးခြင်း၊ ဖန်ခြင်း၊ နံခြင်းမရှိပါ။ အစိမ်းစား၍ရသည်။ ငါးပိရည်နှင့် တို့စရာလုပ်၍လည်း စားနိုင်၏။ ရေနှင့်ပြုတ်၍လည်း သောက်သုံးနိုင်၏။ ပြုတ်ပြီးသောအရွက်မှာ အတော်နူးညံ့နေပါသည်။ ဆေးရွက်၏အမည်ကို ဆေးမဟာဂါကြံ့ဆစ်ဟုခေါ်၏။ နေရာဒေသအလျောက်အမည်အမျိုးမျိုးရှိနိုင်ပါသည်။

ဆေးရွက်အကြောင်းနှင့်အသုံးဝင်ပုံကို လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်အရှေ့ဘက် ပိတောက်ချောင်းရပ်ကွက် (၃) လမ်းပေါ်ရှိ တြိရတနာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာလေး၏ပြောပြချက်အရသိရပါသည်။ ဆရာလေးမှာ ငယ်စဉ်က များစွာ ချူချာ၏။ သွားပိုးစား၍ သွားကိုက်သည့်ဝေဒနာကို ခံစားနေရ၏။ နီးစပ်ရာဆေးမြီးတိုနှင့် ကုသခဲ့ရာ ပျောက်သွားလိုက်၊ ပြန်ဖြစ်လိုက်နှင့်လုံးချာပတ်ချာဖြစ်နေလေ၏။ သွားများအခေါင်းပေါက်ဖြစ်ပြီး ကျန်ရစ်ခဲ့၏။ ကြာလာသောအခါ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ နှာခေါင်းမှအနံ့ဆိုးများထွက်ခြင်းဖြစ်ပြီး ထိပ်ကပ်နာဖြစ်ပွားပါလေတော့သည်။ ငွေကြေးမပြည့်စုံသဖြင့် ဆေးရုံဆေးခန်းတွင် စနစ်တကျကုသခြင်းမပြုနိုင်ပါ။ ထိပ်ကပ်နာရင့်လာသောအခါ အနံ့အာရုံများပျက်စီးပြီး ဘာအနံ့မှမရတော့ပါ။

ဆရာလေးမှာ ရခိုင်တိုင်းရင်းသူဖြစ်၏။ မောင်ဖြစ်သူ မြန်မာဆေးဆရာနှင့်တွေ့ပြီး ဖော်ပြပါဆေးရွက်နှင့်ကုသပေးသဖြင့် ရောဂါပျောက်သွားပါသည်။ ဆေးရွက်ကို နေ့စဉ် (၅)ရွက်စားရ၏။ ထမင်းစားလျှင်လည်း ငါးပိရည်၊ တို့စရာလုပ်၍စား၏။ ထုထောင်းပြီး နှာခေါင်းပေါ်နှင့် ပတ်လည်တွင် အုံပေးပါသည်။ လက်ဖက်ခြောက်အစား ဆေးရွက်ကိုကျိုသောက်ပါသည်။ ရေချိုးလျှင်လည်း ဆေးရွက်ပြုတ်ရည်နှင့်ချိုးပါသည်။ ထိပ်ကပ်နာမှာ သိသိသာသာသက်သာလာ၏။ အနံ့လည်းပြန်ရလာ၏။ (၁၅) ရက်ခန့်ကြာသောအခါ ထိပ်ကပ်နာရှိရောဂါပိုးများ နှာဘက်သို့ကူးပြောင်းထွက်ပြေးသွားသည်လားမသိ။ နှားမှာ ရွစိရွစိနှင့် အလွန်ယားလာ၏။ ဆေးရွက်ကိုအရည်ညှစ်ပြီး နှားထဲသို့လောင်းထည့်၏။ ပြန်သွန်ချ၏။ အရွက်တွင်ပါသော နဂါးစက်များက ထိပ်ကပ်နာရောဂါပိုးကို အပြီးတိုင် ချေမှုန်းတိုက်ထုတ်ပစ်ပါသည်။ တစ်လကြာသောအခါ ရောဂါအားလုံးကင်းစင်သွားပါသည်။

ဆရာလေးမှာ အသက်ရလာသောအခါ ဒူးနာရောဂါရလာပြန်ပါသည်။ ထိုင်၍မရ။ ကွေး၍မနေနိုင်။ ဒူးကြောတင်းပြီးပြုတ်ထွက်လုမတတ်ခံစားရ၏။ တချို့က ဒူးဆစ်အရွတ်ပေါက်နေသည်ဟု ဆို၏။ တရားမထိုင်နိုင်၊ ဘုရားမရှိခိုးနိုင် ငေးမှိုင်၍ဝေဒနာခံစားနေရ၏။ ဆေးရွက်ကို ထုထောင်းပြီး ဒူးဆစ်ပေါ်အုံပေးခြင်းဖြင့် (၁) ပတ်ခန့်ကြာသောအခါ ရောဂါပျောက်သွားပါသည်။

တစ်ခါက အင်းစိန်တွင် ကလေးတစ်ယောက် ဆိုင်ကယ်မှောက်ပြီး မီးလောင်မှုဖြစ်၏။ မီးလောင်ဒဏ်ရာကို ဆေးရွက်ထုထောင်းပြီး အုံပေးခြင်းဖြင့် ကုသပေးပါသည်။ (၁)ပေခန့်ကြာသောအခါ အနာရွတ်မကျန် ကင်းကင်းရှင်းရှင်းပျောက်သွားကြောင်း အုံဩဖွယ်သိရပါသည်။

မြောက်ဥက္ကလာပတွင် ထိုဆေးပင်မှာ အလွန်ပေါပါသည်။ ဆရာဆေးက ဆေးရွက်ခူးပြီး အခြောက်ခံ၏။ ပြာချပြီး ပုလင်းထဲထည့်၍ သိမ်းထား၏။ ဆေးရွက်ခူးစဉ် ဆရာလေးကဲ့သို့ လာခူးသောအမျိုးသမီးတစ်ဦးနှင့် ဆုံကြလေသည်။

ဆရာလေးဘာလို့ခူးတာလဲဟုမေး၏။ ဤအရွက်ကိုပြာချပြီး သွားကိုက်နာကိုသိပ်ပေးလျှင် ပျောက်ကြောင်းပြောပြ၏။ ထိုအမျိုးသမီးက ဒီဆေးရွက်က ငါးပြေမနှင့်ချက်စားလျှင် နှလုံးရောဂါပျောက်ကြောင်း ပြောပြပါသည်။ သူ၏မိခင်မှာ နှလုံးရောဂါသည်ဖြစ်ကြောင်း၊ နှလုံးအထူးကုနှင့် ကုသနေရကြောင်း၊ လူတစ်ယောက်က ဒီဆေးရွက်နဲ့ငါးပြေမနဲ့ ချက်စားပါ။ (၁)လကြာလျှင် ပျောက်မည်ဟုညွှန်ပါသည်။ မိမိအမေကား (၈) လခန့်ချက်စားရကြောင်း ပထမလမှာ (၈) ကြိမ်၊ နောက်လတွေ (၁)ကြိမ်စီလျှော့ပြီး (၈) လစားလိုက်သောအခါ နှလုံးရောဂါလုံးဝပျောက်သွားကြောင်း နှလုံးအထူးကုဆရာဝန်ပင် အံ့ဩသွားကြောင်းပြောပါသည်။



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းရွာမှ ဆရာတော်တစ်ပါး ရန်ကုန်မြို့သို့ ဆေးလာကုပါသည်။ ဆရာတော်၏ခါးအောက်ပိုင်းမှာ အပူတွေထွက်လာပြီး ခါးအပေါ်ပိုင်းမှာ အေးနေ၏။ အပူတွေထွက်လာပြီဆိုလျှင် ချွေးတွေထွက်လာကာ မောလာပြီး ဆွမ်းမစားနိုင်။ လုံးဝအိပ်လို့မရတော့ပါ။ ရန်ကုန်တွင် သမားတော်များနှင့်စမ်းသပ်ကုသပြီး ဆေး (၁) နှစ်စားဖို့ ညွှန်ကြားပါတယ်။ အင်္ဂလိပ်ဆေးများအား အားရပါးရစား၍ ကုသခဲ့သော်လည်း ရောဂါမသက်သာပါ။ တစ်နှစ်ပြည့်၍ ဒုတိယအကြိမ် လာရောက်ကုသပြန်သည်။ ခေတ်မီစက်ကိရိယာများနှင့် စမ်းသပ်စစ်ဆေးရာ ရောဂါရှာမတွေ့ဖြစ်နေပါသည်။ သီလရှင်ကျောင်းမှ ဆရာလေးနှင့် အမျိုးမကင်းပါ။ ဆရာလေးထံရောက်လာပြီး ဆရာလေးပြောသော ဆေးရွက်ဖြင့် ကုသပေးပါသည်။ ဆရာတော်၏ ပူနေသော အောက်ပိုင်းကို ဆေးရွက်များဖြင့် အချပ်လိုက်ကပ်ပြီး ပတ်တီးပိတ်စတို့ဖြင့် ပတ်ထားပါသည်။ ခန္ဓာကိုယ်မှ အပူနှင့်ရောဂါများကို ဆေးရွက်ကစုပ်ယူသဖြင့် ဆေးရွက်များခြောက်သွေ့လာ၏။ ထိုအခါ အသစ်လဲပြီး ကပ်ပေးပါသည်။ ရေသောက်ချင်ပါက ရေကိုမဘုဉ်းပေးဘဲ ဆေးရွက်ပြုတ်ရည်ကိုသာ ဘုဉ်းပေးစေပါသည်။ ဆွမ်းဘုန်းပေးပါက ဆေးရွက်ကိုရောနှောဘုဉ်းပေးစေပါသည်။ (၁၅) ရက်ခန့်ကြာသောအခါ ဆရာတော်၏ရောဂါမှာ ပိန်းကြာရွက်မှာ ရေမတင်သလို ရောဂါအားလုံးလျော့ကျပျောက်ကင်းစေခဲ့ပါသည်။

အတွေ့အကြုံအရ လက်တွေ့ပျောက်သောရောဂါများကိုသာ ဖော်ပြနိုင်ပါသည်။ အစွမ်းထက်လှသော ဤ **ဆေးမဟာဂါကြံ့ဆစ်ဆေးရွက်ဆေးပင်**ကို စနစ်တကျ သုတေသနပြုသင့်ပါသည်။

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

## ဦးအောင်မင်း

# နေ့စဉ်သုံး လက္ခဏာပညာ

**ဂျူးလီယက်စဘိုင်ယာ၏ ချိန်သားကိုက်စနစ်**

အသက်လမ်းကြောင်းပေါ်တွင် အစက်အပြောက်များ ပါရှိနေပါက ချိန်သားကိုက်စနစ်အတိုင်း နောက်ပြန်လှေ့လာပေးရမည်ဖြစ်သည်။ အသက်လမ်းကြောင်းအား နှစ်ပိုင်းပိုင်း ပထမအစိတ်အပိုင်းသည် အသက် (၂၀) အရွယ်ကာလအား ကိုယ်စားပြုသည်။ အခြားသောလမ်းကြောင်းများကိုလည်း အလားတူပိုင်းခြား၍ တွက်ချက်နိုင်မည်ဖြစ်သည်။

**ကံလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့အား ချိန်သားကိုက်စေခြင်း**

အသက်လမ်းကြောင်းအား စိတ်ကူးပုံဖော်လမ်းကြောင်းများဖြင့် ခွဲခြားပေးပါ။ ဘဝတစ်သက်တာအတွင်း အရေးကြီးသောအဖြစ်အပျက်များအား မည်သည့်အမှတ်လက္ခဏာက ကိုယ်စားပြုနေသည်ကို လေ့လာပေးပါ။ စနေဂြိုဟ်ခုံဆီသို့ ထောင်တက်နေသောလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ လုံးဝလိုက်ဖက်မှုမရှိသည်ကို သတိပြုပါ။

ကံလမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းအား ဖြတ်ချိန်၌ အသက် (၃၅) နှစ်အရွယ်ကာလကို ဖော်ပြပြီး နှလုံးလမ်းကြောင်းအား ဖြတ်သွားပါက အသက်(၄၅)နှစ်အရွယ်ကာလကိုဖော်ပြသည်။

**ကံလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ချိန်သားကိုက်ပုံပြသည့် ကာလအပိုင်းအခြားများ**

လက်ညှိုးအောက်ခြေ အလယ်ဗဟိုနေရာမှ စိတ်ကူးပုံဖော်လမ်းကြောင်းအား ဗုဒ္ဓဟူးဂြိုဟ်ခုံကိုယ်စားပြုလက်သန်းလက်ချောင်းအောက်ခြေအလယ ဗဟိုမှ ပုံဖော်လမ်းကြောင်းနှင့် လက်ဝါးပြင်အောက်ခြေအနီးဆုံ တွေ့ပေးပါ။ ကြာသပတေးဂြိုဟ်ခုံကိုယ်စားပြု လက်ညှိုးအောက်ခြေမှလာသော လမ်းကြောင်းသည် နှလုံးလမ်းကြောင်းအား အသက် (၁၀) နှစ်အရွယ်ကာလ၌ ဖြတ်သန်းသွားပြီး ဗုဒ္ဓဟူးဂြိုဟ်ခုံကိုယ်စားပြု လက်သန်းလက်ချောင်းအောက်ခြေအလယ်ဗဟိုမှလာသောလမ်းကြောင်းမှ နှလုံးလမ်းကြောင်းအား အသက် (၇၀) နှစ်အရွယ်၌ ဖြတ်သန်းသွားမည်ဖြစ်သည်။





**Figure 14**

**ကံလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ ချိန်သားကိုက်ပုံပြသည့် ကာလအပိုင်းအခြားများ**

**ပင်ကိုစရိုက်လက္ခဏာအားနားလည်ခြင်း**

မိမိ၏ ကံလမ်းကြောင်းတစ်သက်တာအတွင်း ကောင်းမွန်နေစေရန် မိမိကိုယ်တိုင်ကပင် လိုအပ်သလိုပြုပြင်ထိန်းချုပ်ပေးနိုင်သည်။ လက္ခဏာပညာရှုထောင့်အရ ကံလမ်းကြောင်းနှင့်ပင်ကိုစရိုက်လက္ခဏာတို့ဆက်စပ်လျက်ရှိကြသည်။ လက္ခဏာရှင်တို့အနေဖြင့် မကောင်းသော လက္ခဏာများအား ကွယ်ပျောက်စေပြီး ကောင်းသောလက္ခဏာများအား ရေရှည်ထိန်းသိမ်းထားနိုင်ရန် ကိုယ်တိုင်အားထုတ်ဖို့လိုအပ်သည်။

လက္ခဏာအရေးအကြောင်းတို့၏ သဘာဝအရ မိမိလုပ်ကိုင်ဆောင်ရွက်မှုများနှင့် ကျင့်ကြံအားထုတ်မှုတို့အပေါ် မူတည်၍ အမြဲတစေ အပြောင်းအလဲများရှိနေမည်ဖြစ်သည်။

လက္ခဏာရှင်အနေဖြင့် မိမိကြိုးစားအားထုတ်သမျှ အချည်းနှီးဖြစ်နိုင်သည့်အလုပ်များအား စိတ်ဝင်စားကြမည်မဟုတ်ပေ။

မည်သည့် လက်ဝါးပိုင်ရှင်မဆို ဘယ်သန်-ညာသန်မဟုတ်သည့် ကျန်လက်တစ်ဖက်မှ လက္ခဏာတည်ဆောက်ပုံအား သေချာစွာလေ့လာသင့်သည်။ အဆိုပါလက်ဝါးပြင်သည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ ပင်ကိုစရိုက်လက္ခဏာအမျိုးမျိုးကို ဖော်ပြသည်။

**လက်ဝါးပြင်နှင့်သက်ဆိုင်သောအမည်နှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ**

**အခြေခံကျသော (သို့) အနိမ့်စားဖြစ်သောလက်**

လက်ဝါးတည်ဆောက်ပုံ ကြီးမားကျယ်ပြန့်ပြီး အသားရေကြမ်းတမ်းသည့်ပြင် လက်ချောင်းများတိုတုတ်ပြီး ထိပ်ဖျား၌ လေးထောင့်ကျနေတ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ၎င်းပြင် လက်ဝါးပြင်ပါလမ်းကြောင်း အနည်းငယ်အဖြစ်သာတွေ့ရှိရသည်။

အဆိုပါလက်ဝါးပိုင်ရှင်သည် ခွန်အားဗလနှင့်ပြည့်စုံပြီး ကြမ်းတမ်းပင်ပန်းသောအလုပ်များအားလုပ်ရတတ်သည်။

**လက်တွေ့ကျခြင်းကို ဖော်ပြသောလက်**

လက်ဝါးပြင်ချောမွေ့ပြီး လေးထောင့်ကျတတ်သည်။ တစ်ခါတစ်ရံ ရှည်လျားသော ထောင့်မှန်စတုဂံပုံရှိပြီး တိုတောင်းသော လက်ချောင်းများပါရှိကာ လက်ချောင်းထိပ်ဖျား၌လေးထောင့်ကျနေတတ်သည်။ လမ်းကြောင်းများအနေဖြင့် အတွင်းနက်နက်ထင်ရှားလျက်ရှိ တတ်သည်။ အဆိုပါ လက်ဝါးပိုင်ရှင်သည် ရိုးသားဖြောင့်မတ်ပြီး ဆုံးဖြတ်ချက်ခိုင်မာတတ်သည် ။ အရာရာလက်တွေ့ကျကျပြောဆိုလုပ်ကိုင်တတ်ပြီး လက်တွေ့ကျမှသာ ယုံကြည်လက်ခံတတ်သူဖြစ်သည်။

**ထိပ်ဖျားကားသော (သို့) ဇွန်းပြားပုံစံရှိသောလက်**

လက်ချောင်းများထူထည်းတုတ်ခိုင်ပြီး ထောင့်မှန်စတုဂံပုံလက်ဝါးပြင်ပုံစံရှိတတ်သည်။ လက်ချောင်းများရှည်လျားပြီး ထိပ်ဖျားအားလုံးပြားနေတတ်သည်။ ထို့ပြင် လက်ဝါးပြင်ပါလမ်းကြောင်းများနက်ရှိုင်းထင်ရှားတတ်သည်။ အဆိုပါလက်ဝါးပိုင်ရှင်သည် လူမှုအသိုင်းအဝိုင်းအတွင်းဝင်ဆံ့ခြင်း၊ မိမိကိုယ်မိမိယုံကြည်စိတ်ရှိခြင်း တာဝန်သိခြင်းတို့ဖြင့် ဘဝခရီးအား ဖြတ်သန်းတတ်သူ ဖြစ်သည်။

**ကတော့ပုံရှိသောလက်**

လက်ဝါးပြင်ချောမွေ့ပြီး လက်ချောင်းများရှည်လျားကာ ထိပ်ဖျား၌ တြိဂံပုံချွန်နေကြသည်။၎င်းပြင်လက်ဝါးပြင်ပါလမ်းကြောင်းများများပြားရှုပ်ထွေးနေတတ်သည်။ အဆိုပါလက်ဝါးပိုင်ရှင်သည် ပင်ကိုအတွေးအခေါ်ရှိပြီး ချစ်ခင်သနားစိတ်ရှိသူ ဖြစ်သည်။ အရာရာပုံပေါ်အောင် စိတ်ကူးစဉ်းစားတတ်ပြီး လက်တွေ့ဖန်တီးနိုင်စွမ်းရှိသူဖြစ်သည်။

**ဒဿနဆန်သောလက်**

ဘဲဥပုံလက်ဝါးပြင်၌ ရှည်သောလက်ချောင်းများပါရှိတတ်သည်။ လက်ဝါးပြင်ပါအရေးအကြောင်းများ ထင်ရှားနက်ရှိုင်းသည်။ မိမိအရေးထက် အများအရေးကို ဦးစားပေးတတ်သည်။ ခွဲခြားဆိတ်ဖြာအဖြေရှာတတ်ပြီး သံတမန်နည်းလမ်းများ၌ ကျွမ်းကျင်သူဖြစ်သည်။

**အကြားအမြင်ပေါက်သူတို့၏လက်**

လက်ဝါးပြင်တည်ဆောက်ပုံ ပိန်သွယ်ရှည်လျားပြီး သေးသွယ်ပိန်ပါး၍ ရှည်လျားသော လက်ချောင်းများပါရှိတတ်သည်။ လက်ဝါးပြင်ပါလမ်းကြောင်းများ သာမန်လက်ဝါးပြင်တို့ထက် ပိုမိုများပြားတတ်ကြသည်။

အဆိုပါလက်ဝါးပိုင်ရှင်များအား ထိုးထွင်းဉာဏ်ကောင်းသူ၊ စိတ်ကူးကောင်းသူ၊ လျှို့ဝှက်နက်နဲမှုများကို နားလည်သူတို့အဖြစ် တွေ့ရတတ်သည်။ အကြားအမြင်ပေါက်၍ စိတ်နယ်လွန်ဖြစ်ရပ်များအား ပြောဆိုရှင်းပြနိုင်သူတို့၌ အထက်ပါလက်ဝါးပုံစံပါရှိကြသည်။

**လက်ဝါးတည်ဆောက်ပုံနှစ်မျိုးသုံးမျိုး ရောပြွမ်းပါဝင်နေသော လက်ပုံစံ**

လက်ဝါးတည်ဆောက်ပုံနှစ်မျိုး၊ သုံးမျိုးရောပြွမ်းပါဝင်နေသော လက်ပုံစံအား အနည်းစုအဖြစ်သာတွေ့ရှိရသည်။ အခြားသော လက်ဝါးပြင်များနှင့်မတူဘဲ ကွဲပြားခြားနားခြင်းကြောင့် ထူးခြားသော စရိုက်လက္ခဏာအဖြစ် ရင်းနှီးဖော်ရွေစွာ ဆက်ဆံတတ်သူ၊ ဘက်စုံကျွမ်းကျင်တတ်သူ၊ အားကိုးအားထားပြုနိုင်သူ၊ လူ့အသိုင်းအဝိုင်းအတွင်း လိုက်လျောညီထွေစွာဆက်ဆံတတ်သူအဖြစ် တွေ့ရတတ်သည်။

**ဓာတ်ကြီးလေးပါး ကိုယ်စားပြုလက်တည်ဆောက်ပုံများ**

လက်ဝါးတည်ဆောက်ပုံမှာ လေးထောင့်ကျပြီး လက်ချောင်းများတိုတောင်းတတ်သည်။ လက်ဝါးပြင်ပါလမ်းကြောင်းများ နည်းပါးပြီး ပါရှိသောလမ်းကြောင်းအားလုံး အတွင်းနက်၍ ထင်ရှားနေတတ်သည်။ မြေဓာတ်ကိုယ်စားပြုလက်များသည် သတိကြီးကြီးထားတတ်သူ၊ အားကိုးလောက်သူ၊ လက်တွေ့ကျကျလုပ်ကိုင်ဆောင်ရွက်တတ်သူများဖြစ်ကြောင်း ဖော်ပြသည်။ အဆိုပါ မြေဓာတ်ကိုယ်စားပြုလက်ပိုင်ရှင်များသည် မြေကြီးနှင့် ထိတွေ့ပတ်သက်ရသော အလုပ်များ၊ လက်ဖြင့်လုပ်ရသော အလုပ်များအား နှစ်သက်ပျော်ရွှင်စွာ လုပ်ကိုင်တတ်ကြသည်။ မြေဓာတ်ကိုယ်စားပြုလက်ပိုင်ရှင်အားလုံး အများအားဖြင့် သက်ရှည်ကျန်းမာခြင်းနှင့် ပြည့်စုံတတ်ကြသည်။

**လေဓာတ်ကိုယ်စားပြုလက်ပုံစံ**

လက်ဝါးတည်ဆောက်ပုံမှာ လေးထောင့်ကျပြီး လက်ချောင်းများရှည်လျားကြသည်။ အဆိုပါလက်ပိုင်ရှင်များသည် အရာရာ အသေးစိတ်တတ်ပြီး စဉ်းစားတွေးခေါ်မှု၌လေးနက်ကြသည်။ ထိုးထွင်းဉာဏ်ကောင်းသူများဖြစ်ပြီး သိလိုစိတ်များ ပြင်းပြတတ်ကြသည်။

လေဓာတ်ကိုယ်စားပြုလက်များသည် စိန်ခေါ်မှုပါသောအလုပ်များလုပ်ရခြင်း၊ ခရီးသွားခြင်း၊ ဆက်သွယ်ရေးရာကိစ္စများကျွမ်းကျင်ခြင်း၊ လွတ်လပ်စွာနေထိုင်ခြင်းတို့ကို နှစ်သက်တတ်ကြသည်။

**မီးဓာတ်ကိုယ်စားပြုသောလက်ပုံစံ**

ရှည်လျားသော ထောင့်မှန်စတုဂံ (သို့) ဘဲဥပုံရှိသော လက်ဝါးပုံစံဖြစ်သည်။ လက်ချောင်းများအနေဖြင့် တိုတောင်းစွာပါရှိကြသည်။ မီးဓာတ်ကိုယ်စားပြုလက်ပိုင်ရှင်များသည် စိတ်ကူးဉာဏ်ကောင်းခြင်း၊ ဘက်စုံကျွမ်းကျင်ခြင်း၊ စိတ်အားထက်သန်ခြင်း၊ လူအသိုင်းအဝိုင်းအတွင်းဝင်ဆံ့ခြင်းရှိတတ်သည်။

အဆိုပါ လက်ဝါးပိုင်ရှင်များသည် အလုပ်မျိုးစုံအား ပျော်ရွှင်စွာလုပ်ကိုင်တတ်ပြီး ပန်းချီကားချပ်ကြီးများအား ကြည့်ရှုရခြင်းကို နှစ်သက်တတ်သည်။

**ရေဓာတ်ကိုယ်စားပြုလက်ပုံစံ**

ရှည်လျားသော ထောင့်မှန်စတုဂံ (သို့) ဘဲဥပုံလက်ဝါးတည်ဆောက်ပုံကို ခေါ်ဆိုသည်။ ရေဓာတ်ကိုယ်စားပြုလက်ဝါးပိုင်ရှင်များသည် လက်ချောင်းများ ရှည်လျားစွာပါရှိတတ်ပြီး အနုပညာဆိုင်ရာအလုပ်များ၊ စိတ်ကူးပုံဖော်ရသည့်အလုပ်များအား နှစ်သက်စွာလုပ်ကိုင်တတ်ကြသည်။ ရေဓာတ်ကိုယ်စားပြုလက်ပိုင်ရှင်ဖြစ်ခြင်းကြောင့် ပန်းချီဆွဲခြင်း စိတ်ကူးအတိုင်း လက်တွေ့အကောင်အထည်ဖော်အောင် ဖန်တီးနိုင်စွမ်းရှိသူများအဖြစ် တွေ့ရတတ်သည်။

**သန်မာအားကောင်းသော လက်ချောင်းများ**

သန်မာအားကောင်းသောလက်ချောင်းများ ဟုတ်မဟုတ်စစ်ဆေးနိုင်ရန် လက်ချောင်းတစ်ချောင်းချင်းစီ၏ လက်ချောင်းဆစ်များအား သေချာစွာလေ့လာရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ချောင်းရိုးတို့၏ သဘာဝအ ရ အောက်ခြေအကျဆုံးလက်ချောင်းရိုး သည် အလယ်လက်ချောင်းရိုးထက် အနည်းငယ်ကြီးထွားရန် လိုအပ်ပြီး လက်ချောင်းထိပ်ဖျားရှိ အပေါ်ဆုံးလက် ချောင်းရိုးထက် အလယ်လက်ချောင်းရိုး က ပိုမိုကြီးထွားနေရမည်ဖြစ်သည်။ ယင်း မှာ အပေါ်ဆုံးမှ အောက်ခြေရောက် သည်အထိ အဆင့်တစ်ဆင့်စီအလိုက် အနည်းငယ်ကြီးနေရမည့် သဘာဝနိယာ မတစ်ခုပင်ဖြစ်သည်။




**Figure-15 လက်ချောင်းရိုးများပုံ**

**လက်သန်းနေရာအတွက်**

Tip (လက်ချောင်းရိုးထိပ်ဖျားပိုင်း-ပထမလက်ချောင်းရိုး)

Middle (အလယ်လက်ချောင်းရိုး)

Base (အောက်ခြေ-အောက်ဆုံးလက်ချောင်းရိုး)

**လက်ညှိုးနေရာအတွက်**

ပထမလက်ချောင်းရိုး (လက်ချောင်း ထိပ်ဖျားပိုင်း) စိတ်ဝိညာဉ်အား ရည်ညွှန်း သည်။

ဒုတိယလက်ချောင်းရိုး (အလယ်လက်ချောင်းရိုး) စိတ်အခြေအနေကို ဖော်ပြသည်။

တတိယလက်ချောင်းရိုး (အောက်ခြေလက်ချောင်းရိုး) ရုပ်ခန္ဓာအား ရည်ညွှန်းသည်။

**လက်မနေရာအတွက်**

ပထမလက်ချောင်းရိုး (လက်မထိပ်ဖျားပိုင်း) Rhea.

ဒုတိယလက်ချောင်းရိုး (လက်မအလယ်ပိုင်း) Athena.

တတိယလက်ချောင်းရိုး(လက်မအောက်ခြေပိုင်း) သောကြာဂြိုဟ်ခုံ

လက်ချောင်းများအား လေ့လာရာ၌ လက်ချောင်းထိပ်ဖျားပိုင်းသည် အလယ် (သို့) အောက်ခြေပိုင်းထက် ပိုမိုရှည်လျားမှုရှိ၊ မရှိ စစ်ဆေးပါ။

အကယ်၍ လက်ချောင်းထိပ်ဖျားပိုင်းရှည်လျားဖြစ်ပါက ထိုးသွင်းဉာဏ်ကောင်းသူဖြစ်ကြောင်း ရည်ညွှန်းပြီး အလယ်လက်ချောင်းရိုးသည် အောက်ခြေလက်ချောင်းရိုးထက် ရှည်လျားနေပါက သည်းခံနိုင်စွမ်းမြင့်မားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အောက်ခြေအကျဆုံးလက်ချောင်းရိုးသည် အလွန်ရှည်လျားနေပြီး ကျန်လက်ချောင်းရိုးနှစ်ခုနှင့်နှိုင်းယှဉ်ပါက ရှည်နေသည်ကို သိသာစွာတွေ့ရှိရပါက ရုပ်ပိုင်းဆိုင်ရာစွမ်းအင်အားကောင်းပြီး ငွေကြေးကိစ္စများ၌ စီမံခန့်ခွဲမှုကျွမ်းကျင်သူဖြစ်ကြောင်း ဖော်ပြသည်။ လက်မတည်ဆောက်ပုံရှည်လျားခြင်း (သို့) ဝတုတ်နေခြင်းရှိပါက အလိုဆန္ဒပြင်းထန်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။ အကယ်၍ လက်မသည် အခြားလက်ချောင်းများထက် ပိုမိုကြီးထွားနေပါက (သို့) လက်မသည် လက်ညှိုး၏ အလယ်လက်ချောင်းရိုးအထိရောက်နေပါက မည်သည့်လုပ်ငန်းတွင်မဆို ဩဇာအာဏာရှိသူဖြစ်ကြောင်း ဖော်ပြသည်။

လက်မထိပ်ဖျား ပထမဆုံးသောလက်ချောင်းရိုးသည် စိတ်တန်ခိုးရှိခြင်းကို ရည်ညွှန်းသည်။ တစ်ဖန် အလယ်လက်ချောင်းရိုးသည် စဉ်းစားတွေးခေါ်ဉာဏ်ရှိခြင်းကိုဖော်ပြပြီး တတိယမြောက်နှင့်နောက်ဆုံးလက်မလက်ချောင်းရိုးသည် သောကြာဂြိုဟ်ခုံပေါ်တွင်ရှိနေခြင်းကြောင့် ချစ်ခြင်းမေတ္တာများစွာ ရရှိသူဖြစ်ကြောင်း ဖော်ပြသည်။

ကြာသပတေးလက်ချောင်း(လက်ညှိုး) သည် ရှည်လျားပြီး စနေလက်ချောင်း(လက်ခလယ်)လက်သည်းခွံအထိရောက်ရှိနေပါက ခေါင်းဆောင်ကောင်းဖြစ်မည့်သူအဖြစ် ရည်ညွှန်းသည်။

အကယ်၍ လက်ညှိုး လက်ချောင်းဆီသို့ ကွေးဝင်နေခဲ့ပါက ကြံရည်ဖန်ရည်ကောင်းသူ၊ အခွင့်အလမ်းကောင်းများအား ကြံဖန်၍ရှာဖွေတတ်သူ၊ အဖွဲ့အစည်းနှင့်သဟဇာတဖြစ်စွာ လုပ်ကိုင်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ ကြာသပတေးလက်ချောင်း(လက်ညှိုး)သည် လက်ဝါးပြင်မှ ထူးကဲစွာ အပြင်သို့ယိုင်နေပါက ထူးခြားသောစရိုက်လက္ခဏာရှိသူ၊ ပြင်ပဗဟုသုတ၌ နှံ့စပ်သူဖြစ်သူဖြစ်ကြောင်း ဖော်ပြသည်။

စနေလက်ချောင်း (လက်ခလယ်)သည် ဘဏ္ဍာရေးကိစ္စများ၊ စီမံကွပ်ကဲရသည့် လုပ်ငန်းများ၌ စည်းစနစ်ကြီးသူဖြစ်ကြောင်း ဖော်ပြသည်။ တစ်ဖန် စနေလက်ချောင်းရှည်လျားခြင်းက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်၌ အောင်မြင်တတ်သူဖြစ်ကြောင်း ရည်ညွှန်းပြီး စနေလက်ချောင်းသည် အပိုလိုလက်ချောင်းသို့ ယိုင်နေခဲ့ပါက အများအား ကူညီဖေးမတတ်သူ၊ အလှူဒါနပြုတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

စနေလက်ချောင်း(လက်ခလယ်)သည် ကြာသပတေးလက်ချောင်း(လက်ညှိုး) ဘက်သို့ယိုင်နေပါက လွတ်လပ်စွာနေတတ်သူ၊ လုပ်ငန်းရှင်သူဌေးအဖြစ် စီးပွားတက်လာသူဖြစ်ကြောင်း ဖော်ပြသည်။

အပိုလိုလက်ချောင်း(လက်သူကြွယ်)



www.burmeseclassic.com

www.burmeseclassic.com

ရှည်လျားနေခဲ့ပါက ကောင်းသောအခြေအနေအရပ်ရပ်အား ရည်ညွှန်းသည်။ အထူးသဖြင့် အနုပညာရပ်နှင့်အလှအပခြယ်မှုန်းရသော လုပ်ငန်းများ၌ အကျိုးပေးတတ်သည်။

အကယ်၍ လက်သူကြွယ်သည် လက်ခလယ်ရှိရာသို့ယိုင်နေခဲ့ပါက စိတ်ဝင်စားမှုရှိသော လုပ်ငန်းတိုင်းအား အောင်မြင်အောင် အကောင်အထည်ဖော်နိုင်သူဖြစ်ပါမည်။ အကယ်၍ လက်သူကြွယ်သည် ဗုဒ္ဓဟူးလက်ချောင်း (လက်သန်း) ဆီသို့ ယိုင်နေပါက အနုပညာစွမ်းဆောင်ရည် ပြည့်ဝသူအဖြစ် ရည်ညွှန်းသည်။

လက်သန်းလက်ချောင်းရှည်လျားသူတို့အား စာရေးဆရာကောင်းများ၊ စကားပြောကောင်းသူများအဖြစ် တွေ့ရတတ်သည်။

အကယ်၍ လက်သန်းလက်ချောင်းတစ်ချောင်းသည် လက်ဝါးပြင်တွင် ထင်ရှားနေပါက စီးပွားရေးနှင့် ဆက်သွယ်ရေးရာကိစ္စများ၌ အောင်မြင်သည်အထိ ကျွမ်းကျင်သူများဖြစ်ပြီး လက်သန်းလက်ချောင်းဖြောင့်တန်းပြီး လက်သူကြွယ်ရှိရာဆီသို့ ယိုင်နေပါက စီးပွားရေး၊ ဘဏ္ဍာရေးရာကိစ္စများ၌ ကျွမ်းကျင်သူဖြစ်ကြောင်း ဖော်ပြသည်။

**အားကောင်းသော လမ်းကြောင်းများ**

နှလုံးလမ်းကြောင်းကွေးညွတ်ခြင်းသည် ကောင်းသောလက္ခဏာတစ်ခုဖြစ်သည်။ သို့သော်လည်း ဦးခေါင်းလမ်းကြောင်းအဆုံးသတ်နေရာများအပေါ်မူတည်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အပြောင်းအလဲ ရှိနေတတ်သည်။

အများအားဖြင့် လူအများစု၌ ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ချိတ်ဆက်ပူးတွဲလျက်အစပြုနေတတ်သည်။

အချို့သောဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းအောက်မှ စတင်ပြီး အသက်လမ်းကြောင်းအား ဖြတ်သွားတတ်သည်။ ယင်းမှာ အတိတ်ဘဝကတည်းက မိသားစုနှင့်နီးကပ်စွာ ရှိနေခဲ့ခြင်းသဘောကို ညွှန်ပြသည်။ အကယ်၍ နှလုံးလမ်းကြောင်းသည် ကွေးညွတ်သောဦးခေါင်းလမ်းကြောင်းနှင့်အထက်အောက် လိုက်ဖက်ညီစွာရှိနေပါက ကောင်းသောလက္ခဏာဖြစ်သည်။ အကယ်၍ ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်းတို့ ဖြောင့်တန်းနေခဲ့ပါက ရည်မှန်းချက်ကြီးကြီးနှင့် ခေါင်းမာမာ လုပ်ကိုင်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

အသက်လမ်းကြောင်းသည် လက်ညှိုး-လက်မအကြားမှ အများအားဖြင့် စတင်တတ်သည်။ အကယ်၍ အသက်လမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ (လက်ညှိုးအောက်ခြေ)မှစတင်ပါက လွတ်လပ်စွာနေတတ်ပြီး ဘဝတိုးတက်မှုလမ်းကြောင်းသစ်များရရှိသူ၊ အရာရာခေါင်းဆောင်နိုင်စွမ်းရှိသူအဖြစ် ဖော်ပြသည်။

အကယ်၍ အသက်လမ်းကြောင်းသည် ချောမွေ့စွာ ကွေးညွတ်နေပါက ဘဝအပြောင်းအလဲနှင့်အတူ စိန်ခေါ်မှုအသစ်များ ကြုံတွေ့ရမည်ဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ ကံလမ်းကြောင်းသည် လက်ခလယ်ရှိရာသို့ ထောင်တက်ဟန်ရှိသောလည်း နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့အား ဖြတ်သွားခြင်းမရှိပါက (သို့) အဖြတ်အတောက်နှင့် ကျွန်းပုံစံများမရှိပါက ကောင်းသောလက္ခဏာတစ်ရပ်ဖြစ်သည်။

တစ်ဖန် ကံလမ်းကြောင်းမှ လမ်းကြောင်းခွဲများစွာ ဖြာထွက်နေခဲ့ပါက အသက်မွေးဝမ်းကျောင်းအလုပ်တို့နှင့် မိသားစုအရေးတို့၌ ကြံ့ရည်ဖန်ရည်ကောင်းသူဖြစ်ကြောင်း ရည်ညွှန်းသည်။

ကျန်းမာရေးလမ်းကြောင်း (သို့) ဗုဒ္ဓဟူးဂြိုဟ်ခုံဆီသို့ ထောင်တက်နေသောလမ်းကြောင်းများပါရှိပါကလည်း ကောင်းသောလက္ခဏာဖြစ်သည်။ အပိုလိုဂြိုဟ်လမ်းကြောင်းနှင့် တနင်္ဂနွေဂြိုဟ်လမ်းကြောင်းတို့သည် ဘဝအောင်မြင်မှုအရပ်ရပ်အတွက် အထုံပါရမီကောင်းများရရှိထားခြင်းကိုဖော်ပြပြီး ကြာသပတေးဂြိုဟ်ခုံပေါ်ရှိ လမ်းကြောင်းများက အကြံပေးအရာရှိ၊ ခေါင်းဆောင်၊ ဝေဖန်ရေးသမားများအဖြစ် ရည်ညွှန်းသည်။

လက်ညှိုးအောက်ခြေ ကြာသပတေးဂြိုဟ်ခုံပေါ်ရှိ ဖြောင့်တန်းနေသော ရေပြင်ညီလမ်းကြောင်းများသည် အရာရာစိတ်ရှည်သည်းခံတတ်သူ၊ သူတစ်ပါးအပေါ် ကူညီစောင့်ရှောက်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။ အသက်လမ်းကြောင်းအဆုံးသတ်နေရာ လက်ဝါးပြင်အလည်တည့်တည့်တွင် လိပ်ပြာ (သို့) သဲနာရီ(ရေပြင်ညီ) ပုံစံတို့အား တွေ့ရပါက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အမျိုးမျိုးနှင့် အကျိုးပေးကောင်းသူဖြစ်ကြောင်းဖော်ပြသည်။

**လက်ဗွေရာများအား လေ့လာခြင်း**

လူတစ်ဦးချင်း၏ လက်ချောင်းထိပ်ဖျားတစ်ခုစီ၌ လက်ဗွေရာများပါရှိမြဲဖြစ်သည်။ လက်ချောင်းထိပ်ဖျားတစ်ခုစီ၌ လက်ဗွေရာများပါရှိသလို လက်ဝါး





Figure-16
Dermatoglyphs



www.burmeseclassic.com

www.burmeseclassic.com

ပြင်ပေါ်၌လည်း နေရာအမျိုးမျိုးအလိုက် ဗွေများပါရှိနေတတ်သည်။ ၎င်းဗွေများကို လက်ဗွေခရုပတ်များဟုခေါ်သည်။

လက်ဝါးပြင်ပေါ်ရှိနေရာအတော်များများ၌ လက်ဗွေခရုပတ်များ ပါရှိလေလေ ပိုမိုကောင်းမွန်လေဖြစ်သည်။

လက်ဗွေများအား လက်ချောင်းတစ်ချောင်းနှင့် တစ်ချောင်းကြားနေရာအောက်ခြေဘက်၌ တွေ့ရတတ်သည်။

အကယ်၍ လက်ဗွေများသည် ဘယ်သန် (သို့) ညာသန်လက်ပေါ်ရှိ အင်္ဂါဂြိုဟ်ခုံပေါ်တွင်ရှိနေပါက သူရသတ္တိရှိသူ၊ အတိုက်အခံမှန်သမျှအား ရင်ဆိုင်ဖြေရှင်းရဲသူ၊ စိန်ခေါ်မှုများအားကျော်လွှားနိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

လက်ညှိုးနှင့်လက်ခလယ်အကြားအောက်ခြေတွင်ရှိသော လက်ဗွေသည် သစ္စာရှိသူ၊ မိသားစုအပေါ် တွယ်တာသူ၊ တာဝန်သိစိတ်တာဝန်ယူကို စိတ်ရှိသူဖြစ်ကြောင်း ဖော်ပြသည်။

တစ်ဖန် လက်ခလယ်နှင့်လက်သူကြွယ်ကြားအောက်ခြေတွင် လက်ဗွေရှိနေပါက မြင့်မြတ်စိတ်ထားရှိသူ၊ တစ်ဖက်သားအပေါ် အနိုင်ယူလိုစိတ်မရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ လက်သူကြွယ်နှင့် လက်သန်းကြား အောက်ခြေတွင် လက်ဗွေရှိနေပါက ဟာသဉာဏ်ရှိသူ၊ ဇဝနဉာဏ်ရှိသူအဖြစ် ဖော်ပြသည်။ တစ်ဖန် သောကြာဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံပေါ်တွင် လက်ဗွေရှိနေပါက မောင်နှမရင်းချာတို့အပေါ်၌ သံယောဇဉ်ကြီးသူဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး တနင်္လာဂြိုဟ်ခုံပေါ်နှင့် အင်္ဂါဂြိုဟ်ခုံတို့အကြား ယူရေးနပ်စ်ဂြိုဟ်ခုံပေါ်တွင် လက်ဗွေရှိနေပါက တီထွင်ဉာဏ်ကောင်းသူဖြစ်ကြောင်း ဖော်ပြသည်။

**လက်ဗွေအမျိုးအစားနှင့်အမျိုးမျိုးသော ပုံသဏ္ဌာန်များ**

**မှိုဝခုံးပုံစံရှိလက်ဗွေ**

စိတ်ခံတတ်တက်ကြွခြင်း၊ စိတ်လိုက်မာန်ပါလုပ်တတ်ခြင်း ဖန်တီးနိုင်စွမ်းရှိခြင်း အောင်မြင်အောင်လုပ်ကိုင်နိုင်ခြင်းတို့ကို ဖော်ပြသည်။

**နွားမျက်လုံးပုံစံရှိလက်ဗွေ**

ဇဟိုတူစက်ဝိုင်းငယ်များ အထပ်ထပ်ပတ်ထားသည့်ပုံစံရှိသော လက်ဗွေမျိုးဖြစ်သည်။ လွတ်လပ်ခြင်း အရာရာခွဲခြမ်းစိတ်ဖြာတတ်ခြင်း၊ ရည်မှန်းချက်ကြီးခြင်း၊ ဖွဲ့-ခံနိုင်ရည်အားကောင်းခြင်းတို့ကို ရည်ညွှန်းသည်။

**ကြိုးကွင်းပုံလက်ဗွေ**

ခရုပတ်လက်ဗွေပုံစံပုံပျက်ခြင်း(သို့) မူလအနေအထားမှ ရှည်လျားလာပြီး ကြိုးကွင်းပုံစံဖြစ်နေသောလက်ဗွေအမျိုးအစားကို ဆိုလိုသည်။

ကြိုးကွင်းပုံလက်ဗွေပါရှိသူဖြစ်ပါက ကိုယ်ပိုင်အရည်အသွေးလက္ခဏာများ အားကောင်းခြင်း၊ အဘက်ဘက်မှကောင်းချီးပေးခံရသည့် အခြေအနေကိုယ်စားပြုသော လက်ဗွေအမျိုးအစားဖြစ်သည်။

**မှိုဝခုံး (၃)ခုအား ဖိခံလောက်ဆိုင်ထားသည့်ပုံစံရှိသော လက်ဗွေ**

မှိုဝခုံး(၃)ခုဆိုင့်နေသည့်ပုံစံ (သို့) အနားကွေး(၃)ခုက တြိဂံပုံဖြစ်နေသည့် လက်ဗွေပုံစံကို ဆိုလိုသည်။

အထက်ပါ လက်ဗွေသည် စိတ်ပိုင်းဆိုင်ရာနှင့်စိတ်နယ်လွန်ကိစ္စရပ်များ၌ ခွန်အားကြီးသူဖြစ်ကြောင်း ရည်ညွှန်းသည်။

ကြိုးကွင်းပုံလက်ဗွေအမျိုးမျိုးအား အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်သည်။

**အများဆုံးတွေ့ရတတ်သည့်/မြင်တွေ့နေကျဖြစ်သော ကြိုးကွင်းပုံလက်ဗွေ**

လက်ခလယ်နှင့်လက်သူကြွယ်ကြားအောက်ခြေဘက်၌တည်ရှိသည်။

အဆိုပါ လက်ဗွေသည် တာဝန်ယူတတ်သူ၊ အလုပ်ကြိုးစားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**သူရသတ္တိရှိခြင်းကိုဖော်ပြသော ကြိုးကွင်းပုံလက်ဗွေ**

အင်္ဂါ(အဖို)ဂြိုဟ်ခုံပေါ်၌ (သို့) လက်မနှင့်လက်ညှိုးကြားနေရာ၌ တည်ရှိသည်။

အဆိုပါ လက်ဗွေသည် သူရဲကောင်းအဖြစ်မွေးလာသူတို့၏ လက်ဗွေမျိုးပင်ဖြစ်သည်။

**ဟာသဉာဏ်ရှိခြင်းကိုယ်စားပြုသည့်လက်ဗွေ**

လက်သူကြွယ်နှင့် လက်သန်းတို့ကြားအောက်ခြေ၌ တည်ရှိနေတတ်ပြီး ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် အပိုလိုဂြိုဟ်ခုံတို့ဘက်သို့ စွေစောင်းကာဆင်းနေသည့်လက်ဗွေဖြစ်သည်။

သာမန်လူတို့နှင့်မတူသော ဟာသဉာဏ်ရှိသူဖြစ်ကြောင်း ၎င်းလက်ဗွေက ရည်ညွှန်းသည်။

**စိတ်ကူးစိတ်သန်းကောင်းခြင်း၊ အနုပညာရှာန်ဝင်ခြင်းကိုဖော်ပြသည့်လက်ဗွေ**

လက်ဝါးပြင်အောက်ခြေ လက်ကောက်ဝတ်နေရာမှ လက်ဝါးပြင်ပေါ်ရှိ နက်ပ်ကျွန်းဂြိုဟ်ခုံဆီသို့တက်နေသောလက်ဗွေကိုဆိုလိုသည်။ တစ်နည်းအားဖြင့် အဆိုပါ လက်ဗွေတည်နေရာသည် တနင်္လာဂြိုဟ်ခုံ၏အတွင်းဘက် အနားစွန်း၌ တည်ရှိသည်။ အဆိုပါ လက်ဗွေသည် ဖန်တီးနိုင်စွမ်းမြင့်မားခြင်း၊ စိတ်ခံစားမှုများအတိုင်း ပုံဖော်နိုင်ခြင်းသဘောကို ရည်ညွှန်းသည်။

**သတိရမှတ်မိခြင်း/မှတ်ဉာဏ်နှင့်ဆိုင်သော လက်ဗွေ**

လက်ဝါးပြင်အလယ်ကောင်၌(သို့မဟုတ်) ဦးခေါင်းလမ်းကြောင်းအောက်တည့်တည့်နေရာ၌ တည်ရှိသော လက်ဗွေဖြစ်သည်။ ၎င်းလက်ဗွေသည် အရာရာ အသေးစိတ်မှတ်မိတတ်ခြင်း၊ မှတ်ဉာဏ်ကောင်းခြင်းသဘောတို့ကို ရည်ညွှန်းသည်။ ၎င်းကို Loop of memory ဟု ခေါ်သည်။

Loop of recall လက်ဗွေသည် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့အကြား လက်သူကြွယ်၊ လက်သန်းတို့အကြားမှ အောက်တည့်တည့်ကျသောနေရာ၌ တည်ရှိသည်။

အဆိုပါ လက်ဗွေသည် သတိရမှတ်မိခြင်းသဘောများကို ရည်ညွှန်းသည်။

**ဂီတကိုဖော်ပြသော Loop of music လက်ဗွေနှင့်ကြိုးတပ်တူရိယာကိုဖော်ပြသည့် Loop of stringed music လက်ဗွေ**

လက်မအောက်ခြေသောကြာဂြိုဟ်ခုံပေါ်နှင့် လက်ကောက်ဝတ်နေရာအနီး၌ တည်ရှိသည်။ ဂီတပညာရပ်၌ အထူးပါရမီပါရှိသူဖြစ်ကြောင်း ဖော်ပြသည့် Loop of music လက်ဗွေ ဖြစ်သည်။ ကြိုးတပ်တူရိယာအား ကိုယ်စားပြုသည့် လက်ဗွေ Loop of stringed music သည် လက်မအောက်ခြေ သောကြာဂြိုဟ်ခုံ၏အလယ်ဗဟို၌ တည်ရှိသည်။ အဆိုပါ လက်ဗွေသည် ကြိုးတပ်တူရိယာများအား တီးခတ်နားထောင်ရခြင်းအပေါ် နှစ်ထောင်းအားရဖြစ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

ဦးအောင်မင်း



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိဌေး(လယ်တွင်း)

# "ဥနဲ့-ကျီးပေါင်း ကိုယ်ရောင်ပျောက်၏" ဆိုရာ၌...

ဥနဲ့-ကျီးပေါင်းကိုယ်ရောင်ပျောက်၏ဆိုတဲ့စကားကို လွန်ခဲ့တဲ့ (၁၀) နှစ် (၁၅) နှစ်လောက်က နွားကျောင်းရင်းပေါင်းပေါက်ရင်း တစ်ယောက်စကားတစ်ယောက်နားပြောကြဆိုကြပါတယ်။ ဥနဲ့(အုန်နဲ)အပင်ပေါ် ကျီးပေါင်းကိုင်းပေါက်ရင် ကိုယ်ရောင်ကိုယ်ဝါပျောက်တယ်လို့ ပြောကြပါတယ်။ ဥနဲ့ပင်ပေါ်ပေါက်တဲ့ကျီးပေါင်းကိုင်းသည် ညမှအလင်းရောင်ထွက်တဲ့ကိုင်းကိုရလေရင် ကိုယ်ရောင်ပျောက်တယ်လို့ ဆိုကြပါတယ်။ တချို့လည်း လိုက်ရှာကြပါတယ်။ နောက်တစ်နည်းက တပေါင်းလပြည့်ညမှာ အလင်းရောင်ထွက်တယ်လို့လည်း ကြားဖူးပါတယ်။ တန်ဆောင်မုန်းလပြည့်ညမှာလည်းထွက်တယ်လို့ ပြောကြပါတယ်။ အလင်းရောင်ထွက်တဲ့အကိုင်းကိုယူ၊ ခါးကိုထိုးလိုက်ရင် ကိုယ်ရောင်ကိုယ်ဝါပျောက်တယ်လို့ပြောကြပါတယ်။ တချို့ကျလည်း လိုက်ရှာကြပါတယ်။ နေ့ကို ဥနဲ့ပင်မှ ကျီးပေါင်းပေါက်မပေါက်၊ ညမှာ အလင်းရောင်ထွက်မထွက်၊ တချို့လည်း မြွေကြောက်ကင်းမကြောက် ယခုအချိန်အထိ တစ္ဆေမကြောက်၊ သရဲမကြောက်လိုက်ရှာကြတုန်းပါ။ ကိုယ်ရောင်ကိုယ်ဝါပျောက်ချင်တဲ့သူတို့ကတော့ ဇွဲမလျှော့ဘဲလိုက်ရှာနေဦးမှာပါ။ တကယ်တမ်းကျတော့ ရှေးဆရာကြီးများက ဥနဲ့ပင်အသုံးဝင်ပုံကို အတိုးချုံ့ပြီး (ဥနဲ့ကျီးပေါင်း ကိုယ်ရောင်ပျောက်၏) လို့ ရေးခဲ့ပါတယ်။ ဒါကို ကိုယ်ပျောက်လိုသူတို့က ဒီကိုင်းကိုရရင် လူစွမ်းကောင်းဖြစ်ပြီလို့ဆိုတဲ့အတွေးနဲ့ပေါ့။ (အယူတိမ်းတော့ နတ်စိမ်း) ဖြစ်တာပေါ့။

တကယ်တော့ ရှေးလူကြီးများက 'မသိသူကျော်သွား သိသူဖော်စား' လို့ စကားပုံစကားဝှက်နဲ့ ရေးခဲ့တာ ဖြစ်ပါတယ်။ ရှေးဆရာကြီးများ ရေးသားခဲ့သော (ဥနဲ့ကျီးပေါင်းကိုယ်ပျောက်၏) လို့ဆိုတဲ့အဓိပ္ပာယ်မှာ အရိုးပေါင်းတတ်တဲ့ရောဂါဝေဒနာရှင်များ၊ အကြောကျီးပေါင်းတက်တဲ့ ရောဂါဝေဒနာရှင်များ၊ ကိုယ်ရောင်ပြီးဝါနေတဲ့ရောဂါဝေဒနာရှင်များကို ကုသဖို့ဖြစ်ပါတယ်။

ရှေးဆရာကြီးများရေးသားခဲ့သောဆေးကျမ်းထဲမှာ ကိုယ်ရောင်တဲ့ရောဂါရှင်ကို နံနက်နေထွက်တဲ့အချိန်ကို ဥနဲ့ပင်ရဲ့အရှေ့ဘက်ထွက်တဲ့အမြစ်ကို တူးယူပြီး နေမထွက်မီ နွားမအနက်မရဲ့ကျင်ငယ်ရေကိုယူပြီး သုံးခွက်တစ်ခွက်တင်ကျိုချက်ပြီးကျင်ငယ်ရေနဲ့သွေးပြီးသောက်သုံးရပါတယ်။ လိမ်းလည်းလိမ်းပေးရပါတယ်။ မှတ်ချက် ဥနဲ့ပင်ကိုတူးတော့မယ်ဆိုရင်ကတော့ ပွဲထိုးရပါတယ်။ (အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး ဖယောင်းတိုင်သုံးတိုင်မှ ငါးတိုင်ထိထွန်းပြီး နံနက်နေထွက်တဲ့အချိန်ကို ဥနဲ့ပင်ကို တောင်းရပါတယ်။ အပင်စောင့်နတ်ကိုပါ သုံးကြိမ်ကန်တော့ရပါတယ်။ တောစောင့်တဲ့နတ်၊ တောင်စောင့်နတ်တွေကိုလည်းကန်တော့ရပါတယ်။ ဒါမှသာ ဆေးအစွမ်းထက်တယ်လို့ ရှေးဆရာကြီးများကပြောကြားခဲ့ပါတယ်။ တူးရမယ့် အပင်ကတော့ သုသာန်နဲ့ဝေးတဲ့အပင်ဖြစ်မယ်လို့ ဆိုခဲ့ပါတယ်။ မည်သည့်ဆေးပင်ဖြစ်ပါစေ သုသာန်နဲ့နီးတဲ့နေရာမှာမတူးရပါဘူးလို့ ဆရာကြီးများပြောကြပါတယ်။

ဥနဲ့ပင်ဟာ လူတို့အသုံးဝင်တဲ့ အပင်တစ်ပင်ဖြစ်ပါတယ်။ ရှေးလူကြီးသူမများက ဥနဲ့ပင်ရဲ့အရိုးကိုယူ၊ အခေါက်ခွာ၊ တောက်တောက်စဉ်း၊ အခြောက်လှန်း၊ ဆေးလိပ်လုပ်သောက်ကြပါတယ်။ ချောင်းဆိုးခြင်း၊ ပန်းနာရောဂါဖြစ်ခြင်းမရှိပါဘူး။ တချို့ရှေးလူကြီးများက ဥနဲ့ပင်ကို ဆေးရိုးပင်လို့ ခေါ်ကြပါတယ်။ ဆေးလိပ်သောက်တဲ့အထိမ်းအမှတ်ပေါ့။ တချို့ ဥနဲ့သားစစ်စစ်ဆေးလိပ်သောက်သူဆိုရင် နုပျိုတယ်လို့ ပြောကြပါတယ်။ အလုပ်ပင်ပန်းတဲ့အချိန်မှာ ဆေးလိပ်ကို အမောပြေဖွာလိုက်ရင် ပင်ပန်းနေတဲ့အရာတွေပျောက်သွားပါတယ်။ တောထဲတောင်ထဲသွားရင်းလာရင်း မြွေကင်းကိုက်လိုက်ရင်လည်း ဥနဲ့ပင်အရွက်ကိုညက်ညက်ခြေ၊ ကိုက်တဲ့အပေါက်ကိုအုံပေးရပါတယ်။ နွားနို့ကိုခဲမယ်ဆိုရင်လည်း ဥနဲ့အဖျားကိုင်းကိုယူ၊ အရွက်ကိုဖယ် မီးဖိုပေါ်တင်ထားတဲ့နွားနို့အိုးထဲကို မွှေလိုက်ရင် နွားနို့ခဲဖြစ်ပါတယ်။

မှတ်ချက် - နွားနို့နဲ့ ဥနဲ့ပင်နဲ့ပြုလုပ်တဲ့ဆေးရောမသောက်ရပါ။ ဝမ်းထဲရောက်ရင်ခဲသွားပါတယ်။ ဥနဲ့ပင်သည် သုံးတတ်ရင် ဆေးဖြစ်သလို မသုံးတတ်ရင်လည်း ဘေးဖြစ်ပါတယ်။ ဥနဲ့ပင်ဟာ လူတို့အတွက် ဆေးဖက်ဝင်တဲ့အပင်အမျိုးအစားထဲမှာပါတယ်။ တချို့ကျေးရွာတွေမှာရေတွင်းတူးမယ်ဆိုရင် ဆရာတွေပင့် လူကြီးသူမတွေခေါ် မြေခံကိုရွေး၊ ရက်ရာဇာရွေး၊ ဥနဲ့ပင်နားတူးရင် ရေချိုထွက်တယ်လို့ပြောကြပါတယ်။ ကျေးရွာတွေမှာ နွားများလည်ပင်းအနီးတစ်ဝိုက်မှာ ကျပ်စိထွက်လာရင် ဥနဲ့စေးနဲ့တို့ပေးလိုက်ရင် ထွက်လာတဲ့ကျပ်စိများပျောက်သွားပါတယ်။ ဥနဲ့ပင်ရဲ့အစွမ်းထက်ပုံကိုရေးရမယ်ဆိုရင် များပြားလွန်းလှပါတယ်။ အဓိကကတော့ ဥနဲ့ကျီးပေါင်း ကိုယ်ရောင်ပျောက်၏လို့ဆိုရိုးစကားပါပဲ။ ဒါကြောင့်မို့ ကျီးပေါင်းတက်တဲ့ဝေဒနာရှင်များ ကိုယ်ရောင်တဲ့ ဝေဒနာရှင်များ နားလည်တတ်ကျွမ်းတဲ့ ဆရာ ဆရာမများနဲ့တိုင်ပင်ပြီး ဆေးကုသခံဖို့ လိုအပ်ပါတယ်။

သိဒ္ဓိဌေး (လယ်တွင်း)





www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း
(ရှင်ဆိုဇအားမြို့ဝေသစ္စ)

## အလုပ်ကြန့်ကြာနေကြသူများအတွက် သုရင့်လက်ဆောင်

"ရပြီ ဆရာ"

"ဗျာ - ဘာရတာတုံး"

"ဘယ်ဗျာ - သုံးလတောင်ရှိပြီ ဟား"

ကျွန်ုပ်ကြည့်နေ၏။ ထိုသူ၏ စတိုင်မှာ နိုင်ငံခြားရုပ်ရှင်ကားများထဲမှ မင်းသားနှင့်တူသော်လည်း အရွယ်မှာ ခြောက်ဆယ်ခန့်ဖြစ်နေချေပြီ။ ဩော် - ဒီလူနှယ် ဒီအရွယ်ကျမှ ကလေးလိုချင် ရတယ်လို့ဟုတွေးရင်း သူ့ကိုယ်စား ကြိတ်ပြင်ပန်းနေ၏။ ခံစားနေမိ၏။ သူ့ကိုလည်း သနားနေ၏။ ဒီအသက် အရွယ်နဲ့ဆို ရှာရဖွေရပင်ပန်းရှာတော့မှာ ပဲဟု တွေးရင်း စိတ်မကောင်းဖြစ်နေ၏။

"ကျန်းမာရေးကောင်းတယ်ဆိုပေ မယ့် နည်းနည်းတော့တောင်ဖြစ်မြောက် ဖြစ်ပေ့ါဆရာရယ်၊ ဒါပြဿနာမရှိပါဘူး"

"အင်း"

"အရွယ်အရ ဒါလည်း ပြဿနာ မရှိပါဘူး"

အလွန်တက်ကြွနေ၏။ ကျန်းမာ ရေးအနည်းငယ်ဖြစ်ခြင်း အရွယ်ရှိခြင်း ကိုပင်ပြဿနာမရှိဟုဆို၏။ ကျွန်ုပ်လည်း သူ့အားရပါးရပြောနေသည်ကိုနားထောင် ပေးရင်းပြုံးနေလိုက်ပါသည်။

"ဘာလို့လဲဆိုတော့. . . ကျွန်တော် လုပ်ချင်တဲ့ကုမ္ပဏီမှာပဲ ရလိုက်လို့ပါ"

"ဗျာ - ဘယ်လို"

"ကျွန်တော်လာတုန်းကလေ အဲဒီ ကုမ္ပဏီကြီးက အတွေ့အကြုံရှိသူတွေ ကိုအလုပ်ခေါ်မယ်ပြောတယ်ဆရာဆိုပြီး ပြောခဲ့တာလေ။ နှစ်ခါလာခဲ့တာလေ။ ခု အဲဒီကုမ္ပဏီကြီးမှာပဲရတာ"

"နို - ဟိုဒင်း သုံးလတောင်ရှိပြီဆို တာက"

"အင်းလေ ဆရာရယ်၊ သူငယ်ချင်း တစ်ယောက်ရဲ့ အလုပ်ရပ်သွားတော့ ကျွန်တော်လည်း အလုပ်မရှိထိုင်နေရ တာ သုံးလတောင်ရှိသွားပြီ။ ကြာတော့ ရှိတာလေးထိုင်စားဘယ်ခံနိုင်တော့မလဲ။ ဆရာ့ဆီ ပထမတစ်ခါလာတော့ ဆရာ ကျွန်တော်အလုပ်ရပ်ရတော့မယ်ဆိုပြီး ပြောခဲ့တာလေ။နောက်တစ်ခါလာတော့ ခု ဒီကုမ္ပဏီကြီးက အလုပ်ခေါ်မယ်ခေါ် မယ်ဆိုပြီး ကြန့်ကြာနေလို့ လာခဲ့တာ သုံးလလောက်က"

"ဩော် - သဘောပေါက်သွားပြီ အင်း အင်း"

"ဆရာ ကျွန်တော့်ကို တစ်နေ့ထဲ ဘုရား(၆)ဆူသွားခိုင်းတယ်လေ။ ခြောက် ခါတောင်သွားခိုင်းတာ၊ တစ်ခါသွားရင် (၆) ဆူ"

"ဟုတ်လား၊ ဘုရားတိုင်းရဲ့ သောကြာထောင့်တွေမှာ သပြေတွေဝေ နေအောင် ပူဇော်ပြီး ရေကို အကြာကြီး သပ္ပာယ်ခိုင်းတာလား"

"အဲ-ဟုတ်ပ့ါဗျာ၊ ဆရာမှတ်မိလာ ပြီ၊ ကျေးဇူးတင်ပါတယ် ဆရာရယ်၊ လူတွေ ဒါလောက်များတဲ့ကြားက ကျွန်တော့်ကို မှတ်မိပေးလို့"

ကျွန်ုပ်က ပြုံးရင်း ခေါင်းညိတ်နေ လိုက်၏။ သူပျော်သွား၏။ အမှန်က တစ်နေ့ထဲ ဘုရား (၆) ဆူသွားဖူးခိုင်းပြီ ဆိုကတည်းက တနင်္ဂနွေသားသမီးဖြစ် မည်ကို ကျွန်ုပ်သိပြီးနေလေပြီ။ ဘုရား (၆) ဆူပြည့်အောင်သွား၊ သောကြာ ထောင့်တိုင်းမှာသပြေတွေဝေနေအောင် လှူ၊ ရေမသောက်မချင်းဖြည်းဖြည်းချင်း သပ္ပာယ်။ ပြီးမှ ရှိခိုး။ ဤတိုင်းဖြစ်၏။ ထို့ကြောင့် တန်းပြောလိုက်နိုင်ခြင်းဖြစ်ပါ သည်။ ဤတိုင်းဆို သူသည် တနင်္ဂနွေ သားဖြစ်နိုင်၏။ ခင်ဗျားတနင်္ဂနွေနော်ဟု ဆိုလိုက်ရပါမူ ဒီထက်ပို၍ဝမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဦးမည်၊ ဆရာမှတ်မိလိုက်တာကြည့်စမ်း ဟု လုပ်ဦးမည်ဖြစ်၏။

ကျွန်ုပ်က စီရင်ပုံကြောင့် အတပ်ပြောနိုင်သော်လည်း သူက သူ့ကိုမှတ်မိပေးလို့ကျေးဇူးတင်ပါတယ်ဟု ဆိုနေချေပြီ။ သူ့ဝမ်းသာမှုလေးကို ဖြည့်ဆည်းပေးသည့်အနေနှင့် ကျွန်ုပ်ငြိမ်နေလိုက်ပြီး ပြုံးနေလိုက်ရပါတော့သည်။

❑

"ဟာ-အစ်ကိုကြီး၊ မိုးတွေရွာလို့ဗျာ၊ အဖော်မပါဘူးလား"

"ကျွန်တော်ဒီပဲလေ ဆရာ"

"မဟုတ်ဘူး၊ အဖော်မပါဘူးလားလို့"

"သြော်-မပါဘူးဆရာ၊ တစ်ယောက်ထဲ"

မျက်မှန်က ထူလွန်း၍ ပုလင်းဖင်ကိုဖြတ်ကာတပ်ထားရသလားထင်ရ၏။ မျက်နှာမှာ ချိုလွန်းလှသောအစ်ကိုကြီးဖြစ်၏။ အသက် ခုနစ်ဆယ်ကျော်ရှစ်ဆယ်နီးပါး။

"ထိုင်ပါ ခင်ဗျ၊ အမောဖြေပါဦး၊ ရေသောက်မလား"

"ကျွန်တော် ချွဲထမှာစိုးလို့ လက်ဖက်ရည်မသောက်တော့ဘူး"

ကျွန်ုပ်က လက်မလေးကို ပါးစပ်နားထောင်ပြသော်လည်း သူက ရေဟုမကြားမှ နားအတော်လေးသောအစ်ကိုကြီးမှန်းသိသွားရပါသည်။ စိတ်ပင်မကောင်းပါ။ မိုးထဲရေထဲ လူကြီးတစ်ယောက်အနေနှင့် နားကလည်း မကောင်းလေရာ ယခုလို တစ်ဦးထဲမသွားသင့်ပါ။

"အစ်ကိုကြီး ဘာလိုလဲခင်ဗျ၊ ဘာလုပ်ပေးရမလဲ"

ပြုံးကြည့်ပြီး ဘာမှပြန်မပြော၊ ခေါင်းတဆတ်ဆတ်ညိတ်နေပြန်၏။

"ဘာလိုလဲခင်ဗျ"

"ဟိုတစ်လောကလေ ကျွန်တော့်မြေးမလေး သူလျှောက်ထားတဲ့အလုပ်ကြန့်ကြာနေလို့ဆိုပြီးလာတာ"

"ဟုတ်ကဲ့"

"ဆရာက သူ့ကို တစ်နေ့ထဲ ဘုရားသုံးဆူပြည့်အောင်သွားခိုင်းတယ်။ ဘုရားတိုင်းရဲ့အင်္ဂါထောင့်တွေမှာ စံပယ်ပန်း၊ ဇွန်ပန်း၊ ရရာအင်္ဂါနံပန်းတွေကို ဝေနေအောင်ပူဇော်ပြီး ဖယောင်းတိုင်(၈)တိုင်စီထွန်းခိုင်းခဲ့တာလေ"

"သြော်-သူကကြာသပတေးလား"

"မဟုတ်ဘူး၊ ရှစ်ခါလောက်သွားခိုင်းတယ်ဆိုလား"

"အင်းလေ - သူကြာသပတေးလား"

"ဟုတ်တယ်၊ ကြာနေတာလေ အလုပ်ကြန့်ကြာနေတာလေ"

စာရွက်လေးမှာ ကြာသပတေးသမီးလားဟု ရေးပြလိုက်၏။

"ဟာ - ဟုတ်တာပေါ့၊ ကြာသပတေး။ ကျွန်တော်က ဘဝင်ကခပ်မြင့်မြင့်ဖြစ်နေတာကြာပြီ၊ ခေါ်ရင်သိပ်မထူးချင်ဘူး။ မေးရင်သိပ်မပြောချင်ဘူး၊ မကြားလို့ ဟဲဟဲဟဲဟဲဟဲ"

ပြောရင်း ရယ်နေသော အစ်ကိုကြီးကိုကြည့်၍ ကျွန်ုပ်လည်း ရယ်နေလိုက်ပါသည်။ ရင်ထဲတွင် နင့်ခနဲနေအောင် ခံစားလိုက်ရ၏။ ဘဝကိုစိတ်ဓာတ်မကျ၊ ဘာမကျ ဟာသပြုလုပ်နိုင်သော စိတ်ဓာတ်ကို ကျွန်ုပ် အလွန်လေးစားသွားပါသည်။ သူ၏ရယ်သံများမှာ အားမာန်ပြည့်ဝလှ၏။

"အဲဒါ. . . အလုပ်ရသွားပြီ၊ လခလည်းမဆိုးဘူး ဆရာ"

"ဝမ်းသာပါတယ် ခင်ဗျ"

ခေါင်းပါညိတ်ပြရင်း ပြောလိုက်၍လားမသိ၊ ချက်ချင်းသိသွားပြီး သူပါခေါင်းညိတ်၏။

"အဲဒါ-ထပ်လာချင်သေးတယ်တဲ့၊ စာလေးရေးပေးလိုက်သေးတယ် ဒီမှာ"

စာလေးမှာ ဆရာခိုင်းသည့်အတိုင်းလုပ်တာ ခြောက်ခါအောင်မြင်ပြီးချိန်မှာ အလုပ်ရသွားပါပြီ။ လုပ်ခဲ့ရသည်မှာ တစ်ပတ်တစ်ခါဖြစ်၍ တစ်လခွဲရှိခဲ့ပါပြီ။ ရှစ်ခါမပြည့်သေး၍ ထပ်လုပ်ရမည်လား၊ ရပြီလားဆိုသည်ကို ဆရာပြောပြပေးပါဦးရှင့်ဟူ၍ ဖြစ်ပါသည်။

ကျွန်ုပ်လည်း စာရွက်အဖြူအလွတ်လေးပေါ်တွင် ရှစ်ခါပြည့်ဖို့နှစ်ပတ်ပဲလိုပါတော့သည်၊ ထပ်လုပ်ပါဟူ၍ ရေးပေးလိုက်ပါသည်။

"အစ်ကိုကြီး၊ ဟိုကလေးကိုပြန်ပေးလိုက်ပါ ခင်ဗျ"

စာရွက်ခေါက်ကို လှမ်းယူပြီး ကျွန်ုပ်ကို စိုက်ကြည့်နေပြန်၏။

"အဲဒါလေးပဲပေးလိုက်ပါ အစ်ကိုကြီး"

"ဘာပြန်ပြောလိုက်ရဦးမလဲ"

ကျွန်ုပ်က ခေါင်းခါပြလိုက်၏။

"သြော် - တော်သေးတယ်၊ အဲဒီလိုထပ်မလုပ်ရမှ။ ကလေးက ပိတ်ရက်ကျ သူ့အဝတ်အစားလေးတွေသူလျှော်ရသေးတယ်"

"မဟုတ်ဘူး၊ လုပ်ရဦးမယ်၊ နှစ်ပတ်ကျန်သေးတယ်၊ နှစ်ခါ၊ နှစ်ခါ"

"မပိတ်ဘူး၊ တစ်ရက်ပဲ တနင်္ဂနွေတစ်ရက်ပဲပိတ်တာ"

စာရွက်လေးတွင် ရှစ်ကြိမ်ပြည့်အောင်လုပ်ရမည်ဟု ရေးပြလိုက်မှ -

"သြော် - ဟုတ်ကဲ့ စိတ်မရှိနဲ့နော် ဆရာ။ ဒီဘဝင်မြင့်ရောဂါက ခက်နေတယ် ဟဲဟဲ"

ထပြန်သွားသော အစ်ကိုကြီးကို မျက်စိတစ်ဆုံး သေချာကြည့်နေလိုက်ပါသည်။ သက်ပြင်းမချတတ်၍သာ။ သက်ပြင်းများချတတ်ရင် တော်တော်ရှည်လျားသည့်သက်ပြင်းတစ်ခု ကျွန်ုပ်ဆီမှထွက်လာနိုင်၏။ အစ်ကိုကြီးကိုကြည့်၍ အလွန်စိတ်မကောင်းဖြစ်ကျန်ခဲ့ရပါသည်။

❑

"ဟော့ကောင် သူငယ်ချင်း"

"ဟာ - ဟော့ကောင် သန်းမောင်မင်း"

"အေး - ငါလည်းဒီဘက်မှန့်လာဝယ်တာ"

ငယ်သူငယ်ချင်းဖြစ်၏။ ကျွန်ုပ်က မောင်မောင်သန်း၊ သူက သန်းမောင်၊ သူငယ်ချင်းများက မောင်သန်းသန်းမောင်ဟု ကျွန်ုပ်တို့နှစ်ယောက်ကို အမြဲစတတ်နောက်တတ်၏။

"မင်းတူ အလုပ်ရသွားပြီ ငါ့သားလေ"

"အေး - ဝမ်းသာတယ်"

"သူ့ခမျာကွာ ဟိုအလုပ်လျှောက်လည်းမရ၊ ဒီအလုပ်လျှောက်လည်းမရ ကြန့်ကြာနေလိုက်တာမှ၊ ဒီတိုင်းထိုင်နေရတာ ငါးလလောက်ရှိနေပြီ။ အဲဒါ မင်းဆီကို သူ့အမေလာတာ"

"အေး - ဟုတ်တယ်၊ ငါတောင်မင်းနဲ့မဆုံဖြစ်တာကြာပြီ။ လွှတ်လိုက်ဦးလို့ ပြောလိုက်သေးတယ်"

"ခု - အဲဒါလေ၊ လာခြင်းကောင်းသောလာခြင်းပေါ့ကွာ။ မင်းတူ အလုပ်ရကြောင်းလာပြောရင်း တို့နှစ်ယောက်လည်းတွေ့ရ"

"အေး"

"မင်းတူခမျာလည်း မင်းလုပ်ခိုင်းလိုက်တာ ခုနစ်ကြိမ်လေကွာ၊ သွားလိုက်ရတဲ့ဘုရား တစ်နေ့ ခုနစ်ဆူ"

"စနေထောင့်တွေနဲ့တူတယ်"

"ဟာ-အတိအကျပဲ စနေထောင့်တွေ။ တစ်ရက်က ငါလိုက်သွားသေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဟုတ်တာပေါ့ စနေထောင့်တွေ စနေထောင့်တွေမှာ နှင်းဆီပန်းတွေနဲ့ ဖယောင်းတိုင် (၇) တိုင်စီ ပူဇော်ရတာ။ ရွတ်ဖတ်ပူဇော်တာက သူရတဲ့ဘုရားစာပဲရွတ်နေရတာ"

"ကလေးက တနင်္လာနေ့"

"အေး - ဟုတ်တယ်၊ အမယ် - မင်းမှတ်မိသားပဲ"

ပညာစဉ်အတိုင်း သိနေသည်ကို သူငယ်ချင်းက အထင်ကြီးသွားပြန်ပြီး ရယ်နေ၏။ ကျွန်ုပ်လည်း ရယ်နေလိုက်၏။

"တော်တော်လေးတော့ ပင်ပန်းတယ်ကွာ"

"မင်းကလည်း နှင်းဆီပန်းဖိုးနဲ့ ဖယောင်းတိုင်ဖိုးပဲကုန်တဲ့ဟာကို"

"အမယ် - ကားခကျတော့ မကုန်တာကျနေတာဘဲ"

ကျွန်ုပ်လည်း ရယ်ရင်းကြည့်နေလိုက်၏။ ငယ်သူငယ်ချင်းများဖြစ်၍ ပြောမနာဆိုမနာ။

❑

"ဟို - ပြီးခဲ့တဲ့ နှစ်လလောက်က လာသွားသေးလားလို့"

"ဟုတ်တယ် အဲဒီတုန်းက သမီး လာတာ"

"ခုရော"

"အလုပ်ရချင်လို့လေ ဘဘ"

"အေး - ရပြီလား"

"ရသွားပြီ ဘဘ"

"ဘဘက သမီးကို ပန်းပေါင်းစုံ ငါးမျိုးနဲ့ ပေါက်ပေါက်ပွင့်တွေ လှူခိုင်းတာလေ၊ တစ်နေ့ထဲ ဘုရားငါးဆူပြည့်အောင်သွားရတာ၊ ငါးကြိမ်လုပ်ခိုင်းထားတာလေ။ သမီးရတဲ့ဘုရားစာရွတ်ဆိုပြီး"

"ဟုတ်လား-သမီးကစနေလား"

"ဟုတ်ကဲ့ဘဘ၊ စနေပါ၊ ဘဘက ကြာသပတေးနံတွေ များများလှူခိုင်းတော့ သမီးက ပန်းကန်လေးတွေဝယ်သွားပြီး ပေါက်ပေါက်တွေထည့်လှူလိုက်တယ်။ ပန်းကန်ဆိုတော့ ရလား"

"ရတာပေါ့"

"အလုပ်ကတော့ရပြီ ဘဘ၊ ခေါ်မယ် ခေါ်မယ်ဆိုပြီး မခေါ်ဘဲကြာနေတဲ့ အလုပ်ပဲ လှမ်းခေါ်တာ"

"အေး - ဝမ်းသာလိုက်တာ"

"ဟာ - ဘဘ ခြေတိုလောက်အောင်သွားရတာ"

"အေးပါ"

"အဲဒါ ဘဘကို သမီးလာပြောတာ။ သမီး လေးကြိမ်မှာ အလုပ်ကခေါ်ပြီး အင်တာဗျူးတယ်၊ နောက်နေ့အလုပ်တန်းဆင်းရတာပဲ။ အလုပ်ဆင်းနေရတော့ တစ်ပတ်ကို တစ်ကြိမ်သွားခဲ့တာ။ မသွားဖြစ်တော့ဘဲ တစ်ကြိမ်ကျန်နေတယ်။ အဲဒါ ဟိုနေ့သွားမယ်ဒီနေ့သွားမယ်နဲ့ သမီးအလုပ်ကလည်း စနေနေ့ မပိတ်ဘူး။တနင်္ဂနွေနေ့မှပိတ်တာ။ အဲဒါကိုစဉ်းစားရင်း အခု လေးငါးပတ်ကျော်ခဲ့ပြီ။ တစ်ကြိမ်ကျန်နေတာ ဘယ်လိုထပ်လုပ်ရမလဲ။ ရပြီလား၊ ထပ်လုပ်ရဦးမှာလား။ ဘဘကိုလာပြောတာ"

"ထပ်ပြီးသွားလိုက်ပါ သမီး၊ ငါးကြိမ်မပြည့်ခင် အကျိုးထူးသွားပေမယ့် ငါးကြိမ်ပြည့်အောင်တော့သွားပါ။ စနေမပိတ်လည်းတနင်္ဂနွေသွားပါ။ ရပါတယ်။ ငါးကြိမ်တော့ပြည့်ပါစေ"

"ဩော် - ဟုတ်ကဲ့ပါ ဘဘ၊ အဲလိုသွားလို့ရရင် သမီးသွားပါ့မယ် ဘဘ၊ ဘဘကို ကျေးဇူးပါရှင်"

"အေးပါ အေးပါ သမီးအောင်မြင်ပါပြီ"

❑

"ကလင် ကလင် ကလင်"

"ပါးစပ်ကမြည်ပါကွ၊ မင်းကလည်း"

"အေးလေ-ပါးစပ်ကမြည်တာပဲ။ အိုး. . . မင်းအဘကြီး"

ဘက်ထရီစက်ဘီးကို ကိုင်ထားရင်း ပါးစပ်က ကလင်ကလင်အော်၍ ရပ်နေသော ဖိုးဇော်ကြီးအား လှမ်းကြည့်လိုက်၏။ ကျွန်ုပ်က ပဲပြုတ်ထွက်အဝယ် သူနှင့်တိုးနေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့နှစ်ယောက်ဆုံလျှင် ထုံးစံအတိုင်း လွတ်လွတ်လပ်လပ်နေကြပြောင်ကြမှန်း သိနေကြ၍ ဘေးနားမှအသိများ ပြုံးစိစိနှင့် လှမ်းကြည့်နေကြ၏။

"လာလေ - တက်"

"ဟဲဟဲ - ငါမင်းကိုယုံတယ်၊ ယုံတယ်။ ယုံလို့ငါ့ဟာငါခြေကျင်ပဲလျှောက်တော့မယ်၊ ပုဏ္ဏမီဈေးဘက်သွားမလို့"

"လိုက်မှာပေါ့ဟ"

"လိုက်ရင်မင်းစက်ဘီးထားခဲ့ လာ"

ထုံးစံအတိုင်း လမ်းထိပ်နားအိမ်ခြံထဲသို့ ခဏအပ်ခဲ့ပြီး ဘေးကပြေးလိုက်လာ၏။

"ငါ. . ."

"အေး-ခုမှပဲသဘောပေါက်သွားတယ်"

ကျွန်ုပ်ပြောလိုက်သည်နှင့် ဗိုလ်အောင်ဒင်ဂိုက်မျိုးခါးထောက်လိုက်ပြီး လည်စောင်း၍ကြည့်နေ၏။

"အကြောင်းပြောမလို့ကွာ"

"ပြော"

"မင်းဆီကို ငါခေါ်လာတဲ့ ဟို- တူလေးလိုနေတဲ့ ဆန်နီဆိုတဲ့ချာတိတ်လေ"

"အေး"

"အလုပ်ရသွားပြီကွ၊ ငါ့လာပြောတယ်။ မင်းကို သွားကန်တော့ချင်လို့တဲ့ လိုက်ခဲ့ပေးပါတဲ့"

"မလိုပါဘူးကွာ ကန်တော့စရာ၊ အလုပ်ရသွားရင်ပဲ ငါက ဝမ်းသာပေးရမှာပေါ့။ အေးအေး - ဝမ်းသာတယ်"

"သူ့ခမျာလည်း အီစိမ့်သွားတာပဲ။ တစ်နေ့ထဲ ဘုရားဆယ်ဆူပြည့်အောင် မင်းသွားခိုင်းတာ"

"ဩော် - အင်း - ဟုတ်တယ်"

"ဘုရားမှာ ဘာတဲ့ အင်္ဂါ အဲ - ဟုတ်ပါဘူး၊ တနင်္ဂနွေထောင့်မှာ အုန်းပန်းပွင့်နဲ့ ဖယောင်းတိုင် (၉) တိုင်ထွန်းပူဇော်ခိုင်းတာလေ"

"ဟုတ်တယ်၊ ဆယ်ကြိမ်လုပ်ရတာ တစ်နေ့ထဲ"

"ဟာ - ဟုတ်ပ၊ သူလည်းအီစိမ့်သွားတာပဲ"

"ဘုရားဆယ်ဆူလှည့်ဖူးတာပဲ အီစိမ့်ရတယ်လို့ကွာ။ ဒါလောက်များတဲ့ ကုသိုလ်တွေကိုများ"

"ဩော်-သူက ငယ်သေးတော့ ငါ ပါလိုက်ပေးရလို့ပါဟ"

"မင်းအီတာမို့လား"

ဖိုးဇော်ကြီးပြုံးနေ၏။

"သူ့ခမျာကွာ၊ အလုပ်လေးတွေ ဟိုလျှောက်ဒီလျှောက်နဲ့ ကြာလှပြီ ယောင်ချာချာဖြစ်နေတာ။ မင်းခေတ် ရိုက်လိုက်တာ သူလျှောက်ထားတဲ့ ကုမ္ပဏီကပဲ တစ်ခုကလှမ်းခေါ်တာ"

"အေး - ဘယ်လိုပဲရရပေါ့ကွာ၊ အလုပ်ကလှမ်းခေါ်ရင်ပြီးပြီပေါ့"

"မင်း ငါးရုပ်ကွက်ထဲက လူလေးလေးကို ခေတ်ရိုက်ပေးတုန်းက ငါသိတယ်လေ။ ငါနဲ့ မင်းဆီမှာဆုံတဲ့ကလေး"

"ဩော် - လူလေး ငါးထဲက"

"အေးလေ"

"သူ့ကျ တစ်နေ့ထဲ ဘုရား (၉)ဆူ သွားရတာနော်။ ဆန်နီလို ဆယ်ဆူမဟုတ်ဘူးငါမှတ်မိတယ်။ ဘာ-ကုံကော် ညွန့်တွေဝေနေအောင်လှူခိုင်းတာရယ်၊ ကျောက်ကျောတွေပန်းကန်ထဲထည့်ပြီး ဆွမ်းတော်တင်ခိုင်းတာရယ်။ တနင်္ဂနွေ ထောင့်တွေမှာလားမသိဘူး။ မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com

တယ်"

"ဟာ - မင်းဘာမှမဖြစ်သေးဘူး နော်၊ မှတ်မိနေသေးတယ်"

"အေး - အိုး . . . မင်းအဘကြီး ဘာဖြစ်ရမှာတုံး"

"ဩော် - ငါကမင်းကို ရှူးပြီး အရှူးကြီးလို သူများကမြင်ပြီး ငါ့သူငယ်ချင်းကို . . ."

"အိုကွာ တော်ပြီ၊ မလိုက်တော့ဘူး။ နင်ပြောမှ ပိုဆိုးနေပြီ"

"အေးအေး - အလကားစတာပါကွာ။ မင်းမှတ်ဉာဏ်ကောင်းတယ်။ ဟုတ်တယ် ငါလှူခိုင်းခဲ့တာ"

"သူ့ကျတော့ ကိုးဆူပဲနော်"

"အေး-မတူဘူးလေကွာ၊ သူ့နေ့နဲ့ ဆန်နီနေ့မတူဘူးလေ"

"ဩော် - သူ့နေ့နဲ့သူလုပ်ရတာပေါ့"

"ဟုတ်တယ်"

"ဒါဖြင့်ကွာ၊ မင်းနဲ့လည်းခင်တယ်၊ ငါနဲ့လည်းခင်တယ်။ စာတိုက်နားက မသင်းရဲ့သားလေး သိန်းအေးဆိုရင်ကော။ သူက ငါ့ကို ဈာနယ်တွေ၊ သတင်းစာတွေဝိုင်းကူသယ်ပေး၊ လုပ်ပေးနေတဲ့ ကလေးဆိုတော့ ငါလည်း သံယောဇဉ် . . ."

"အဲဒီကလေးက၊ မသင်းရဲ့သားက ဘာဖြစ်လို့လဲ"

"သူလည်း ဆပ်ပြာစက်ရုံတစ်ခုမှာ အလုပ်လျှောက်ထားတာ နေ့ခေါ်မယ် ညခေါ်မယ်နဲ့ကြာပြီ အလုပ်မရသေးဘူး"

"ငါလုပ်ပေးလိုက်မယ်လေ၊ လွှတ်လိုက်လေ။ လမ်းမကြီးမှာကျ မင်းမေးလို့။ ငါပြောမှာလည်း မဟုတ်ဘူး၊ ငါလည်း ပြောလေ့မရှိဘူး"

"သူတို့သားအမိက သိပ်အဆင်မပြေရှာဘူး"

"ငါတစ်ပြားမှမယူဘူး၊ အလကား လုပ်ပေးလိုက်မယ် မင်းသာလွှတ်လိုက်။ ဒီလို လမ်းမှာကျတော့ ငါပြောလေ့မရှိလို့"

နောက်နေ့ မသင်းတို့သားအမိ ရောက်လာပါသည်။

မသင်းသည် မျက်နှာလေးတစ်မျိုး ဖြစ်နေ၏။

ကျွန်ုပ်က အားရပါးရပြောသော်လည်း သူ့ခမျာ မျက်နှာလေးငယ်သလို ပြုံးသလိုနှင့်စကားသိပ်မပြော။

"ဟို - ဘယ်လိုခေါ် ရမလဲဟင်"

"ဘာကိုလဲ ခါတိုင်းလိုပဲ မောင်မောင် သန်းပေါ့ဟယ်၊ ဘာဖြစ်လို့လဲ"

မသင်းပြုံးလာ၏။ အားပါပါပြုံးလာ၏။

"ငါသိတယ်၊ နင့်သားလေး အကြောင်း ဖိုးဇော်ကြီးပြောလို့ ငါလုပ်ပေးချင်လို့ ငါပဲငါ့ဆီလွှတ်လို့ပြောလိုက်တာ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း ဆရာရယ်"

"ဘာတုံး၊ နင့်ဟာ သူငယ်ချင်းဆိုလည်း သူငယ်ချင်းလုပ်ပါ မသင်းရဲ့။ ငါ တောင်ကြောင်သွားတယ်"

မသင်း ခုမှအားရပါးရရယ်တော့၏။ သူ့သားလေးကပါလိုက်ရယ်၏။

"ကဲ - သား ဘဘပြောမယ်၊ မင်း တစ်နေ့ထဲဘုရားလေးဆူသွားရမယ်၊ ဘုရားရောက်ရင် ဗုဒ္ဓဟူးထောင့်မှာ ဘုရားကို ရေသပ္ပာယ်။ သွားလက်ညောင်းလာတဲ့ အထိသပ္ပာယ်၊ ရှိုရှိုသေသေသပ္ပာယ်။ ပါးစပ်က သားရတဲ့ဘုရားစာပဲရွတ်ပြီး သပ္ပာယ်"

"ဟုတ်ကဲ့"

"ပြီးတာနဲ့ ရွက်လှေတွေဝေဖြာနေ အောင်လှူလိုက်၊ အဲဒီထောင့်မှာပဲ ဘုရားလေးဆူလုံး အဲဒီအတိုင်းလုပ်ရမှာ။ သား မရှင်းတာပြန်မေး၊ ဘဘပြောမယ်"

"ဟုတ် - ရှင်းပါတယ် ဘဘ"

"သားလေးခါလုပ်ရမယ်၊ သား နာမည် သောကြာနံပါ ဘယ်သူ"

"သိန်းအေးပါ ဘဘ"

"အေး - မနေ့က ဖိုးဇော်ကြီးပြော တယ်။ သူက မင်းကို အလုပ်ရစေချင်တာ အရမ်းပဲ"

"ဟုတ်ကဲ့ - ဘဇော်ကြီးကို သားမနက်တိုင်းကူလုပ်ပေးနေတာ"

"သား၊ လေးခါလုပ်ရမယ်နော်၊ ဒီ သောကြာ၊ နောက်သောကြာ သောကြာတွေချည်းပဲလုပ်လည်းရတယ်၊ အဆင်မပြေရင်ပြောတဲ့ရက်လုပ်လည်းရတယ်၊ လေးခါတော့လုပ်ရမယ်"

"ဟုတ်ကဲ့ လုပ်ပါ့မယ် ဘဘ"

တစ်လမကြာလိုက်ပါ။

မောင်သိန်းအေးလေး အလုပ်ဝင် သွားပါပြီ။ သားအမိနှစ်ယောက်လာ ပြောသည့်နေ့က မသင်းမျက်လုံးမှာ မျက်ရည်စတွေနှင့်။

ကျွန်ုပ်ဝမ်းသာပါသည်။

"သားလေး မင်းအတွက် ငါ့ကို ပြောပေးတဲ့ ဘဇော်ကြီးကိုသာ မုန့်ဝယ် ကျွေးပြီးကန်တော့လိုက်။ ဘဘကို ဘာမှ ပေးစရာကန်တော့စရာမလိုဘူး"

ကျွန်ုပ်၏စကားကြောင့် ဖျတ်ခနဲ ကြည့်လိုက်သော မသင်း၏မျက်လုံးမှာ အံ့ဩနေသည့်အရိပ်များနှင့်ပြည့်နေပြီး ပါးစပ်အဟောင်းသားနှင့် အားယူရင်း . . .

"ကျေး . . . ဇူး . . . တင်ပါတယ် သူငယ်ချင်းရယ်"

❑

ဤလပေးချင်သော သူ့ရဇ္ဇ လက်ဆောင်ဖြစ်ပါသည်။

ဤသူ့ရဇ္ဇလက်ဆောင်သည် -

အလုပ်အတွက်စောင့်နေရသူများ၊ အလုပ်ကြန့်ကြာနေကြသူများ၊ အလုပ်ခေါ်မည်ဆိုပြီးဘာသံမှမကြားသေးသူများ၊ သဘော်တက်ရန်အားလုံးပြီးမှကြာရှည်စွာစောင့်နေရသူများ၊ အလုပ်များလျှောက်ထားရင်း မည်သည့်အလုပ်ကမျှမခေါ်သေး၍ ထိုင်စောင့်နေကြရသူများနှင့် သာဆိုင်ပါသည်။ အခြားကိစ္စများ အတွက် လုံးဝမပါပါ။

အလုပ်ကြန့်ကြာနေခြင်းအတွက် နှင့်သာဆိုင်ပါသည်။

စီရင်ပုံများ၊ ကုသိုလ်ပြုပုံများကို ဤသူ့ရဇ္ဇလက်ဆောင်တွင် ပြသခဲ့သော အကြောင်းလေးများက ပြောပြနေပါလိမ့်မည်။

မရှင်းသေးလျှင် တစ်ကြိမ်ထပ် ဖတ်ကြည့်ပါ။

အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့သားသမီးများ သည်သာ တစ်နေ့ထဲသွားရပါသည်။ အကြိမ်ကြိမ်သွားနေရ၍၊ တစ်ဆူပြီးတစ်ဆူ သွားနေရ၍၊ တစ်နေ့ထဲသွားနေရ၍ ပင်ပန်းလှသည်ဟု စိတ်ထင့်မသွားစေလိုပါ။

ခြေလှမ်းတိုင်းတွင် ကုသိုလ်များ စွာပါနေပါပြီ။

အောင်မြင်ခြင်းများစွာအတွက် ပေးဆပ်ရတော့မည်ဖြစ်၍ ပျော်ရွှင်ခြင်း၊ တက်ကြွခြင်းများစွာဖြင့် ပေးဆပ်ပါ။

ထိရောက်စွာ ပေးဆပ်လိုက်ရပြီ ဖြစ်၍ ထိရောက်စွာ ကောင်းကျိုးများပါတော့မည်။

လက်တွေ့သည် ယခုဖတ်နေခြင်းထက် ပိုမိုနက်ရှိုင်းစွာရင်ထဲရောက်သွားပါလိမ့်မည်ဟု မေတ္တာစကားဆိုရင်း -

အလုပ်အတွက်ကြန့်ကြာနေကြသူများ -

အောင်မြင်ကြပါစေသတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)

www.burmeseclassic.com

www.burmeseclassic.com



## ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ

# ကောင်းကျိုးပေးဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**အောက်တိုဘာလ ၁ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂ရက်၊တနင်္လာနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၃ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ဗေဒါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၅ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၆ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အပြာရောင်။အကျိုးပေးနေ့သား တနင်္ဂနွေ၊တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၇ ရက်၊စနေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၈ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၉ ရက်၊တနင်္လာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၀၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၀ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၀၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ မမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၂ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၃ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၄ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၅ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၆ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ(၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ(၉)ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၀ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၂ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၃ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၄ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၆ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၇ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၈ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၀၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၉ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၃၀ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၃၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရားသုံးဆူလှည့်၍ ပဋ္ဌာန်းရွတ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာ'နံ့တွဲ အမည်ပါသောဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။

**ကျန်းမာရေး** - နှမ်းပါးသော သက်ကြီးရွယ်အိုများကို ဆေးဝါး၊ အာဟာရ၊ ငွေကြေးလှူပါ။

**ထီကံကောင်းလိုသူများ** - ထီကားလေးများထဲမှ (၂ အစ၊ ၃ အဆုံး) ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃)ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစချီသော ဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်(၆)ညွန့်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာခဏရွတ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ'တွဲ အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်းများကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - စက်ပစ္စည်းများပျက်နေလျှင် ပြင်လိုက်ပါ။ ပြင်မရသောစက်ပစ္စည်းအဟောင်းများကို စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျိုး၊ ခွေးလေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာ အစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ ထီထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လုံး သောကြာနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၁)ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့တွဲ အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းကုသိုလ်များ မကြာမကြာပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်နှင့် အနီရောင်လေးများ ဝတ်မသွားပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး** - ဒုက္ခိတများကို ဆေး၊ ငွေကြေး၊ အာဟာရလှူပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္လာနံထီဆိုင်၊ ကြာသပတေးနံထီဆိုင်များတွင် (၆ အစ၊ ၆ အဆုံး) ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃)ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်တွင်းအလှဆင်ပစ္စည်းများ ဟောင်းနွမ်းနေပါက စွန့်ပစ်၍ အသစ်လဲလှယ်အလှဆင်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။ ကိုယ်ကလျှော့ပေးပါ။
**ကျန်းမာရေး** - ငှက်ကလေးများ အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ထီလှည်းလေးများထံတွင် (၄) ဂဏန်းများစွာပါအောင် ထီလက်မှတ်လေးများ နိုင်သလောက် ကံစမ်းထားလိုက်ပါ။ ထီပေါက်တတ်ပါသည်။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်၊ ဝတ္ထုငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အရဟံဂုဏ်တော်ကို ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ကြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သောဘုရားတစ်ဆူသို့ နေ့စဉ်သွား၍ တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်ယူ ကျီစားခြင်းမပြုပါနှင့်။ မခံချင်အောင် စနောက်ခြင်းမျိုးရှောင်ပါ။
**ကျန်းမာရေး** - စာကလေးလွတ်သောကုသိုလ်များပြုပါ။ စာကလေးအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်ကြီးများတွင် (၂ အစ၊ ၂ အဆုံး) မင်္ဂလာစုံတွဲ၊ (၁၀) စောင်တွဲများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-
ကြာသပတေးစ၍ ဗုဒ္ဓဟူးပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမို ရွတ်ဖတ်ကျင့်ကြံခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
မေဝိုင်း၊ ဖြိုးရှုံ၊ မြတ်ဝေး။

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

**ပြည်သိန်းကျော်**

www.burmeseclassic.com




## တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော ကိစ္စများအတွက် သောကြာနံ၊မည်ရှင်၊ သောကြာသားသမီးများနှင့် တိုင်ပင်ပြုလုပ်ပါ။ (၄) ဂဏန်း၊ (၈)ဂဏန်း အကျိုးမပေးပါ။ လူမျိုးခြားနှင့်ဆိုင်သောလုပ်ငန်းများ ပြန်လည်ဦးမော့လာမည်။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ မျှော်လင့်နေသော သတင်းကောင်းများ ကြားရပါတော့မည်။ စက်ပစ္စည်းဝင်မည်။ ယခုလအတွင်း လက်ဝတ်ရတနာဝင်လာလျှင် ပြဿနာတစ်စုံ တစ်ရာရှိတတ်၍ မဝင်ပါစေနှင့်ဦး။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာမည်။ လူမှုရေးအတိုက်အခံရန်များလျှင် နေ့စဉ် သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ ကျန်းမာရေးကောင်းပါမည်။ လွန်ကဲစွာ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများ ကောင်းနေသော်လည်း အပျော်အပါး၊ အသွားအလာလျှော့ပါ။ ဖွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုရရှိပါလိမ့်မည်။ ချစ်တတ်သူများအတွက် စကားနိုင်လုကြရင်း၊ ဖုန်းအကြာကြီးပြောရင်း ခဏခဏရန်ဖြစ်တတ်ပါသည်။ ငါးလေးများ၊ ငှက်ကလေး များကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ခြင်း ကုသိုလ်များပြုပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး ကုသိုလ်ကောင်းမှုတစ်ခုခု ပြုလုပ်ပါ။ အညစ်များလျှော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီဝါသနာရှင်များ ခရီးတစ်ခုခုသွားရင်း အပြန်တွင် ထီထိုးဖြစ်အောင် ထိုးလာခဲ့ပါ။ (၇) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

**ယတြာ ။ ။ လေထိထားသောရောဂါဝေဒနာရှင်များကိုကြုံတိုင်း ဆေး၊ ငွေ၊ အာဟာရလှူပါ။**

ရင်ကိုအေးမြစေသော

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း။ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ စကားပြောမလောပါနှင့်။ ခရီးသွားရန်စီစဉ်ပြီးမှ မသွားဖြစ်တော့ဘဲဖြစ်တတ်ပါသည်။ မလုပ်ဘဲပစ်ထားသည့်လုပ်ငန်းဟောင်းများ ပြန်လည်အကျိုးပေးနေမည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းများအတွက် ငွေကုန်ကျမှုများနေ၍ စိတ်ညစ်ရတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေမည်။ ဝင်ငွေကောင်းသလို အကုန်အကျများနေသောကာလဖြစ်ပါသည်။ ကျန်းမာရေးအတွက် ကိုယ်နှင့်မတည့်သောအစားအသောက်များရှောင်ပါ။ အစာကို လွန်ကဲစွာ အဆာမခံပါနှင့်။ အိပ်ရေးဝအောင်အိပ်ပါ။ ပညာရေးကံများကောင်းနေပါသည်။ သူငယ်ချင်းများကိုစာပြပေးရင်း၊ ကိုယ်တိုင်စာတွေပိုပြီးရလာတတ်ပါသည်။ ချစ်တတ်သူများအတွက် စကားပြောလွန်သွားခြင်း၊ မှားသွားခြင်းများရှိတတ်၍ သတိထားပြောဆိုရပါမည်။ စကားအခြေအတင်ဖြစ်လာလျှင် ကိုယ်ကလျှော့ပေးလိုက်ပါ။ ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာ အစာကျွေးပါ။ မွေးနေ့ရောက်တိုင်း သီလဆောက်တည်နေထိုင်ပြီး ကောင်းမှုကုသိုလ်တစ်ခုခုပြုပါ။ ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီထိုးမည်ဆိုပါက ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

**ယတြာ ။ ။ ခြေထောက်မကောင်းသူများကို ဆေး ငွေ၊ အာဟာရလှူပါ။**

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်၊ သောကြာသားသမီးများနှင့် တိုင်ပင်ပါ။ (၇)ဂဏန်းလုံးဝအကျိုးဂပေး၍ ရှောင်လိုက်ပါ။ လက်ဂတ်ရတနာဝင်လာလျှင် မမြဲသောကာလဖြစ်၍ မဝင်ပါစေနှင့်။ မဝယ်ပါနှင့်။ စိတ်ညစ်ရတတ်ပါသည်။ မိတ်ဆွေသစ်များ၊ ပတ်ဝန်းကျင်အသစ်များနှင့်တွေ့ဆုံပြီး စိတ်ပျော်ရွှင်ဖွယ်နေ့ရက်များရှိလာပါလိမ့်မည်။ ခရီးယာယီပေါ်မည်။ လုပ်ငန်းခွင်အတွင်းရှိနေသူများ၊ ပြဿနာဟောင်းများ၊ အလုပ်ကြွေးကျန်များ ပြန်ဖြေရှင်းနေရတတ်သည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး စိတ်အခန့်မသင့်မှုများရှိနေမည်။ စာကလေးများကို အစာကျွေးပါ။ ကျန်းမာရေးကောင်းနေစေရန် ဦးခေါင်းမူးဝေသည်အထိ အိပ်ရေးပျက်မခံပါနှင့်။ ဗိုက်နှင့်ပတ်သက်သောဝေဒနာမဖြစ်စေရန် အစာကိုအချိန်နှင့်စားပါ။ ပညာရေးကံများကောင်းနေပါသည်။ ညဉ့်နက်အောင်အိပ်ရေးပျက်ခံပြီး စာမကြည့်ပါနှင့်။ အချိန်ဇယားဆွဲပြီး ပုံမှန်စာကျက်ပါ။ အောင်မြင်ပါမည်။ ချစ်တတ်သူများ အနေအထိုင်ဆင်ခြင်ပါ။ ချစ်သူကသဝန်တို၍ စိတ်ညစ်ရတတ်ပါသည်။ ယခုလအတွင်း အိမ်ဆောက်ခြင်း၊ အိမ်ပြင်ခြင်းများပြုလုပ်ပါက အခက်အခဲများကြုံရတတ်၍ အချိန်ယူဆောင်ရွက်ပါ။ ထီဝါသနာရှင်များ အင်္ဂါနံထီဆိုင်၊ စက်ဘီး၊ ဆိုင်ကယ်တို့နှင့်ရောင်းသောထီဆိုင်များတွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ လက္ခဏာရှားပါးသူများကို ငွေ၊ အာဟာရဒါနပြုပါ။**

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၅)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ ငွေကြေးနှင့်ဆိုင်သောကံများလွဲချော်နေခြင်း၊ ကြန့်ကြာနေခြင်း၊ မလိုအပ်ဘဲ ကုန်ကျမှုများနေခြင်းများကြောင့် သောကများနေတတ်ပါသည်။ လာဘ်ပွင့်စေသောဂါထာများကို နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အဓိဋ္ဌာန်ပုတီးများစိပ်ခြင်း၊ ခွေးလေးများ၊ ငှက်ကလေးများ၊ ငါးလေးများကို မကြာမကြာအစာကျွေးခြင်းများဆောင်ရွက်ပါ။ လုပ်ငန်းများတိုးတက်အောင်မြင်လာပါမည်။ လုပ်ငန်းခွင်အတွင်းရှိသူများ ရာထူးတိုးမမျှော်လင့်ဘဲ စာရင်းပါလာမည်။ အိမ်တွင်းရေး စကားပြောချိုသာပါ။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး အလုပ်များကို အအိပ်ပျက်၊ အစားပျက်မလုပ်ပါနှင့်။ အိပ်ချိန်၊ စားချိန် သတိထားနားပါ။ ပညာရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အလည်အပတ်လျှော့ပါ။ အချိန်ဇယားနှင့်ထား၍ စာမှန်မှန်လုပ်ပါ။ အောင်မြင်မှုရရှိပါမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို ပဲကျွေးပါ။ ကိုယ့်ချစ်သူကို သူတစ်ပါးနှိုင်းယှဉ်ပြီး မခံချင်အောင်စကားများမပြောပါနှင့်။ ထီကံကောင်းနေပါသည်။ ဗုဒ္ဓဟူးနံထီဆိုင်၊ ထီလှည်း စသည်တို့တွင် (၇)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ မျက်စိဝေဒနာရှင်များကို ဆေး ငွေ၊ အာဟာရလှူပေးပါ။**





www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများရရှိပါလိမ့်မည်။ တစ်ကြိမ်တည်းနှင့်မပြီးနိုင်၍ နှစ်ကြိမ်၊ သုံးကြိမ် အကူအညီတောင်းရတတ်ပါသည်။ (၃) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ ငွေကြေးကံများကောင်းနေပါသည်။ အဘက်ဘက်မှ ငွေဝင်နေမည်။ခရီးယာယီမကြာခဏပေါ်မည်။ ဘုရားဖူးခရီး၊ ဆွေမျိုးသားချင်းတို့ထံ သွားရောက်လည်ပတ်သောခရီးစဉ်များ၊ အလှူအတန်းကိစ္စသွားရသောခရီးစဉ်များဖြစ်၍ ပျော်ရွှင်ကြည်နူးရပါမည်။ အလုပ်ကိစ္စများ တစ်ခုပြီးတစ်ခုဆက်နေမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် စာကလေးလွှတ်ခြင်း၊ စာကလေး အစာကျွေးခြင်း၊ အိမ်ထဲရှိ သုံး၍မရ၊ ပြင်၍မရသော စက်ပစ္စည်းအဟောင်းများ ရှာဖွေစွန့်ထုတ်ပစ်ခြင်းများ မမေ့မလျော့ဆောင်ရွက်ပါ။ ကျန်းမာရေးကောင်းနေပါမည်။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများကောင်းမည်။ သူငယ်ချင်းများနှင့် စုပေါင်းစာကျက်ရင်း စာတွေပိုပိုရနေပါမည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ မျက်နှာပွင့်လန်းနေ၍ ချစ်သူအပေါ် သစ္စာမပျက်ပါစေနှင့်။ မမျှော်လင့်ဘဲ မင်္ဂလာကိစ္စများ စီစဉ်ရတတ်သည်။ ထီဝါသနာရှင်များ ကားနှင့်ရောင်းသောထီသည်များထံတွင် (၂ အစ ၂ အဆုံး) (၆ အစ ၆ အဆုံး) ထီလက်မှတ်လေးများ နှစ်ဆိုင်ခွဲပြီးထိုးထားလိုက်ပါ။ ထီပေါက်တတ်ပါသည်။

**ယတြာ ။ ။ ဘုရားဂုဏ်တော်ကို အမိဗ္ဗာန်ပုတီးစိပ်ပါ။**

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများပေးပါလိမ့်မည်။ ဘာမဆို ဘာသာရေးကျင့်ကြံအားထုတ်မှုများဖြင့်သာ ပို၍ထိရောက်စွာ အောင်မြင်ပါလိမ့်မည်။ စကားပြောမလောပါနှင့်။ ကိုယ်ပြောသေသာစကားတစ်ခွန်းကြောင့် မိတ်ဆွေသူငယ်ချင်းများ အထင်မှားအမြင်မှားဖြစ်ပြီး မိတ်ပျက်တတ်ပါသည်။ အကုန်အကျများသောကာလဖြစ်နေတတ်သည်။ မလိုအပ်ဘဲ ကုန်ကျမှုမျိုးမရှိစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးနှစ်ပတ်၊ သုံးပတ်ရအောင်စိပ်ပါ။ ငွေဝင်စေသောဂါထာများ ရွတ်ဖတ်ပူဇော်ပါ။ ရေသတ္တဝါလေးများကို အစာကျွေးပါ။ လုပ်ငန်းခွင်အတွင်း စိတ်ကသိကအောက်ဖြစ်စရာကိစ္စများရှိနေတတ်ပါသည်။ စာကလေးများကို အစာကျွေးပါ။ စာကလေးလွှတ်သောကုသိုလ်များပြုပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာလာမည်။ ကျန်းမာရေးကောင်းမည်။ အစားစားချိန်မလွန်ပါစေနှင့်။ ဗိုက်အောင့်၊ ဗိုက်နာဖြစ်တတ်ပါသည်။ ပညာရေးကံများကောင်းနေသော်လည်း ကျက်ပြီးသားစာများ မေ့မေ့သွားတတ်၍ နေ့စဉ်ဖတ်မှတ်ပြီးသောစာအုပ်တစ်အုပ်စီ ခေါင်းအုံးအောက်ထားအိပ်ပါ။ ချစ်တတ်သူများ မျက်နှာမများပါနှင့်။ သစ္စာရှိပါ။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

**ယတြာ ။ ။ ဘုရားရှင်အား ဆွမ်းတော် (၃)ပွဲကပ်လှူပူဇော်ပါ။**

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များကို အကူအညီတောင်းပါ။ (၃) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အဘက်ဘက်ကငွေဝင်လာမည်။ လောင်းကစားကိစ္စများရှောင်ပါ။ လုပ်ငန်းကိုင်ငန်းများအောင်မြင်မှုရရှိမည်။ စက်ပစ္စည်းများပျက်တတ်၊ပျောက်တတ်၍ သတိထားပါ။ အိမ်မှာပဲဖြစ်စေ၊ လုပ်ငန်းခွင်အတွင်းမှာပဲဖြစ်စေ စကားများများမပြောပါနှင့်။ အမှားပါတတ်ပြီး စိတ်မကောင်းဖြစ်ရတတ်ပါသည်။ အပြောနှင့်မဟုတ် အလုပ်ဖြင့်သာသက်သေပြပါ။ ကျန်းမာရေးကောင်းပါမည်။ ကိုယ်နှင့်မတည့်သောအစားအသောက်များ သတိထားရှောင်လိုက်ပါ။ ပညာရေးအတွက် ဆရာကောင်းများနှင့်တွေ့၍ သင်ယူတတ်မြောက်ပြီး အောင်မြင်မှုပန်းတိုင်ရောက်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စန်းပွင့်နေပါသည်။ ကိုယ့်ချစ်သူအပေါ် သစ္စာရှိပါ။ စကားဖြင့် မလှည့်စားပါနှင့်။ ချစ်သူက သံသယဖြစ်သွားတတ်ပါသည်။ ခိုစာကျွေးပါ။ စာကလေးလွှတ်ပေးပါ။ စိတ်ချမ်းသာမှုရရှိလာပါလိမ့်မည်။ ထီဝါသနာရှင်များအတွက် ကြာသပတေးသားသမီး၊ ကြာသပတေးနာမည်ရှင်များနှင့် စပ်တူကံစမ်းနိုင်ပါသည်။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

**ယတြာ ။ ။ အသက်အရွယ်ကြီးသူများကို ဆေး၊ ငွေ လှူပေးပါ။**







www.burmeseclassic.com